
www.burmeseclassic.com

အတွဲ (၁၃) အမှတ် (၉)
၂၀၁၃ခုနှစ် စက်တင်ဘာလ

# ဆရာကြီး

မဂ္ဂဇင်း



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒိဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိံ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရ နုဘာဝေန၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပာ။ ။

BURMESE CLASSIC .com

# သုရဿတီ

မဂ္ဂဇင်း

အတွဲ (၁၃) အမှတ် (၉)
၂၀၁၃ ခုနှစ် စက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ





## ဘာသာရေးဆောင်းပါးများ


၅ တစ်ဖက်စီးနင်းသမား(ကဗျာ)
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဥဒေယျဓမ္မသာမိထေရ်)**
၆ ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
ရေးသားတော်မူသည့်
ပါရမီဘာဝကထာ-ပါရမီဖြစ်စကား(၇)
**မဟာဗောဓိမြိုင်ဆရာတော်**
**(ဝနဝါသီဥဒေယျဓမ္မသာမိထေရ်)**
၁၃ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး
အား ပူဇော်ခြင်း
**မြဝင်း(ဓဿန)**
၁၅ အင်္ဂုလိမာလသုတ်နှင့်
ကိုယ်တွေ့ဖြစ်ရပ်
**အောင်ကျော်ဦး(ဖလေး)**
၁၇ အံ့ဖွယ်ရောင်ခြည်တော်တို့ ထူးခြားစွာ
ကွန့်မြူးတော်မူသော ကျောက္ကာရွှေဂူနီ
မြတ်စွာဘုရားကြီး
**ညီညီထွန်း(မုရွာ)**
၂၂ အကျိုးညွှန်ရာအကန်းသွား
**ချောင်းဆုံအုန်းသွင်**
၂၇ ဆံတော်ရှင် ကျိုက်ထီးရိုးတောင်တော်
တောင်ပေါ် ကြီးကန်းပါးစပ်ဂူမှ ထူးထူး
ဆန်းဆန်းဖြစ်ရပ်ဆန်းများနှင့် ပဌာန်း
ဆက်ရှိသူများ ထူးထူးခြားခြား အကျိုး
များစေသည့်နဂါးဥ(၂)လုံး
**ကံဝင်း**

၃၆ ဓမ္မကျင့်စဉ်နှင့်ကျင့်စဉ်တန်ခိုး
**ညီအောင်**
၃၇ မြစ်သားမြို့ လောင်းတော်ဦးကျေးရွာက
ကြည်ညိုဖွယ်ရာ အိမ်မက်ရ ပေါ်တော်
မူရုပ်ပွားတော်များ
**စနေထွန်း(မြစ်သား)**
၄၇ မဟာလှသားပွင့်ထွန်းတော်မူရာ
မြေမြတ်မဟာဆီသို့ (၆)
**မောင်ပွင့်ဉာဏ်(မောရ)**
၅၇ သမိုင်းဝင် အသွင်တင့်သည့်
ရေးအနုလက်ရာစုံနှင့်ရတနာဘုံမြင့်
**ရွှေယဉ်လှိုင်း(စီးပွားရေးတက္ကသိုလ်)**
၇၀ နမောတဿဖြင့်ဘုရားရှိခိုးကြသူများ
**အသျှင်ဝါသဝ(ပဥ္စနိကာယ်)**
၇၄ ညီတော်အာနန္ဒာ၏
ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသိရိ**
၇၈ အဘအောင်မင်းခေါင်ကြီး၏
ကုသိုလ်တော် သာသနာ့အလင်းရောင်
ဥက္ကလာဦးစေတီ
**ရွှေစိုး**
၈၆ ပထမပိဋကခရီ ထွက်ရပ်ပေါက်လောကီ
ပညာနှင့် ကျေးဇူးရှင် စစ်ကွင်းဆရာ
တော် ဦးစန္ဒောဘာသ
**ပထမဆရာဦးအေးရွှေ**
၉၀ ပရိတ်တန်ခိုးအကျိုးအနန္တ
**ဦးနေဝင်း(လွန်ဆေး)**
၉၉ ပြည်မြို့ ရတနာမာန်အောင်တောရ
ကျေးဇူးတော်ရှင် ကမ္ဘာ့ရွှေရင်အေး
ဆရာတော်ဘုရားကြီး ဦးဝိဇ္ဇာဗလအား
ဖူးတွေ့ရစဉ်က
**ဘဦး(ရွှေတောင်)**
၁၁၀ သရဏဂုံတန်ခိုးအကျိုးအနန္တ
**ဉာဏ်နု**
၂၉၄ ကုသိုလ်ဗြဟ္မောဂါထာနှင့်
ဘိုးအောင်မင်းခေါင်မေတ္တာပို့
**အောင်(သိဒ္ဓိရာဇာ)နဝင်းမြို့တော်**


## သုတရသဆောင်းပါး


၄၆ ကျွန်ုပ်နှင့်မြွေ
**မြင့်ကျော်(မင်းတုန်း)**
၅၅ ကွယ်လွန်သူတို့အတွက်
ရည်စူးအလှူဒါနပြုမှု
**လှမြင့်(ရန်ကုန်တက္ကသိုလ်)**
၇၃ သုံးဆယ်မောင်းထောင်ဆရာတော်
မောင်းထောင်ဦးကျော်လှ
**တင်နိုင်တိုး**
၁၀၄ ပဌာန်းတရားကြောင့်
ဗုဒ္ဓဘာသာဝင်ဖြစ်လာသူ
**အောင်ရန်နိုင်(B.Sc)**
၁၁၅ ဆည်းဆာရိပ်သို့
တစ်ခေါက်ရောက်ခဲ့ရာဝယ်
**ဓာတ်ပုံ-မောင်မောင်အေး**
၁၁၉ အဆစ်ရောင်ရောဂါရှင်များအတွက်
ဆေးစွမ်းကောင်းတစ်လက်
**ရီရီငွေ**
၁၂၆ ပိန္နဲသီး အသီးတင်စေရန်နှင့်
အမြန်မှည့်စေရန်
**စုစန္ဒာအောင်(ကျောက်ပုံ)**
၁၃၉ မိုးကြိုးပြီးသော ဘွားချစ်တင်
**ဂျူးနီ(ကြို့ပင်ကောက်-လယ်တီ)**
၁၄၉ သီးပင်၊စားပင်၊အရိပ်ရပင်
သစ်ပင်စိုက်လျှင် ပြုလုပ်စေချင်
**နတ်မောက်မင်းချစ်နော်**
၁၆၃ တကယ့်အလန်ကွာတာမိန်း
**လှမ်းထက်**
၁၆၆ မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့
**မောင်သန်းဆွေ(ထားဝယ်)**
၁၈၂ ဆေးပေါင်းဆီပြုလုပ်နည်း
**နတ်မောက်မင်းချစ်နော်**
၁၈၄ ကျွန်မတို့အိမ်၏လာဘ်ကောင်း (ခ)
နဂျီ(နကျယ်)အိမ်လေးများ၏
နိမိတ်ကောင်းများ
**ကြည်ကြည်ကျော်(ရင်တွင်းမုံရိပ်)**
**ပျိုးမနား**
၂၁၈ လူဝင်စားပြဿနာ
**တိုးထက်**
၂၂၃ ဂမ္ဘီရရွှေစေတီ
**သာဝက(စေတော်ဝင်)**
၂၅၆ ဝိဇ္ဇာဗ္ဗာနီအလုံပြည်
**အဏ္ဏဝါလှိုင်း**
၂၆၀ အောင်သပြေပင်နှင့် ထူးဆန်းသော
**မဟာနွယ်(မန်းတက္ကသိုလ်)**
၂၈၁ ကမ္ဘာ့လျှို့ဝှက်ဆန်းကြယ်မှတ်တမ်း
**သက်လုံ**


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


ဦးတို့(၆)
ညာသီဟာဘိဝံသ
(တာယ်)
ရှာ အသက်ရှူကျပ်လျက်၊
သူမှာ အသက်ရှူရပ်လျက်
ထွန်း(စက်မှု-၂ ငြိမ်း)
အစားအစာရေချ
စိမ်းထွေး(ထားဝယ်)
ဒိုဒိုနီခေတ်
ဓအုပ်ကြီးတစ်ဦးမှတ်တမ်း
နောက်တံခါးမှူးမောင်မှူး
ရေးဆရာနှင့်မှတ်ဉာဏ်
ရွှာရှင်(ရွှေပြည်သာ)
ကမ်းမှဲ့သူလျှို
မိုး(ပညာရေး)

## သုရဿဝတ္ထုတို

သစ်ပုတ်ချောင်းမှလွမ်းပုံပြင်
သထုံ-ငယ်ငယ်
ဘဝန်ပေါ်မှာဝဲချာချာ
ခန်းမြိုင်လယ်-စိန်ဝင်း
ရကျွစိုးတို့၏အငြိုး
သန့်ဝင်
မွက်နှင့်လူခြောက်လေး
ကျော်မိုးလွင်(ဝါးခယ်မ)
သေချာပြန်ဒိုးကလေးနဲ့
ထုဝင်စားဖိုးထွေး
ထင်းထက်ကြယ်
ဝိဇ္ဇာဓိုရ်ဆရာတော်များနှင့်
အဝေးဆုံးခရီးသည် အမေမြန်နန်းနွယ်
နီထွန်း(ဥပဓေ)
နစ်ယောက်တစ်ဘဝ
ဝင်းထွန်းအောင်(မြင်းခြံ)
ဝတ်သာနန်းဆီသို့
နေဝန်းနီ
အာဇာနည်မိန်းမ
ရတနာအေဝီ
နာနာဘာဝနှင့်တွေ့ကြုံဖူးသူများ
နတ်မောက်မင်းသန့်နိုင်
ဆရာကြီးဦးသုခ၏ သေနတ်ပြီးတဲ့အဖေ
မောင်အောင်ဝင်းမန်း
သေကံမရောက်သက်မပျောက်
မြန်မာရှင်
စိုင်မသင်သောမုဆိုးများ
တင်နိုင်ဝင်း(ထမင်းရွှေမြို့)
ဘိုးတော်အောင်ခင်၊
မိုးကြိုးသွားမယ်တော်နှင့်
နစ်ဆတိုးကိုယ်တော်ကြီး
ညွန့်ဝေယျာ

၂၆၂ အကြွင်းမဲ့သောချစ်ခြင်းမေတ္တာ
သန္တာမြတ်သောင်း
၂၇၄ သိုက်ကြိုးပြတ်တဲ့ဖူးစာ
လှရှိန်အောင်
၂၈၆ အကျဉ်းထောင်လောကမှ
ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ
ဝိတာမြဦး
၂၉၈ ကာဝါကျူးမား
ငွေစိုး(ရွှေကြန့်မြေ)
၃၁၀ အခေါင်(၇)
ရွှေပြည်စိုး(မိုးကုတ်)
၃၂၂ ကျွန်ုပ်နှင့်
သုံးလောင်းပြိုင်ကျောက်ဖျာကြီး
ကိုတင်လှိုင်(မိတ္ထီလာ)
၃၃၄ ကလဲ့စား
မောင်မောင်သန်းထွန်း
၃၃၈ အငြိုးကြီးတဲ့ဝိညာဉ်ကလဲ့စား
သုခစုစ်
၃၅၂ ဘိုးဩဘာနှင့်
ဆေးပေါင်းရှာထွက်ခြင်း
မင်းဟိန်းထိဒ်
၃၆၆ အာဠာဝကအစွဲကို
ရေဒဏ်ပေး၍ချွတ်ခြင်း
မောင်သင်းထုံ(ကျောက်မဲ)

## သုရဿအခန်းဆက်ဝတ္ထုရှည်

၃၇၀ ဤလမ်းခရီးလွမ်းမပြီးနိုင်
ဗိုးကျော့
၃၈၆ နားချမ်းသာ
အောင်ကျော်

## သုရဿတိုင်းရင်းဆေး

၂၆ မီးယပ်အဖြူဆင်းခြင်းအတွက်
ဆေးတစ်လက်
စုစန္ဒာအောင်(ကျောက်ပုံ)
၃၅ ဒူလာသွေးဝမ်း ပျောက်စေချင်စမ်းသည်
ကျော်ဟိန်းထက်(ဥပဓေ)
၉၃ မြန်မာ့ရိုးရာ
ရှောက်တစ်လုံးတိုင်းရင်းဆေး
ကြည်ကြည်ကျော်(ရင်တွင်းမုံရိပ်)
ပျဉ်းမနား
၁၀၂ အစာအိမ်ရောဂါအတွက်
ဆေးတစ်လက်
ကိုကိုအောင်(အလုပ်သမား)
၁၂၇ လေငန်း၊ လေဖြတ်မဖြစ်စေရန်
ဆင်ခြင်ရှောင်ကြဉ်ရန်များ
ပေါက်ပေါက်(နတ်မောက်)








၁၈၉ သနပ်ခါးကို
ဆေးအဖြစ်အသုံးချနည်းများ
သစ္စါ(ဥပဓေ)
၂၄၇ မြွေပွေးသားနဲ့ အရေပြားရောဂါ
မိုးကုတ်ကျော်ကျော်စိုး
၂၆၆ တက်တတ်သည့်သူအတွက်
ခွေးတောက်ရွက်
ဖျာပုံ-မျိုးလှ
၂၇၉ ကျောက်ကပ်၌ ကျောက်တည်သော
ဝေဒနာ နည်းသိလျှင် မခက်ပါ
အောင်နိုင်စိုး(ဟသ်ာတ)
၂၉၆ သစ္စာလေးနက်ဆေးတစ်ခွက်
မဟာစက်ရှင်(လှိုင်ထင်)
၃၀၉ နနွင်းမှုန့်နှင့်ကြက်ဥတစ်လုံး ပူးတွဲသုံး
နေဝင်းဝင်း(လွန်ဆေး)
၃၅၆ မျက်စိဒဏ်တိမ်အတွက်
ဆေးတစ်လက်
ကိုဦး(မြေခြား)
၃၈၄ ဆေးစွမ်းထက်သော
သဘာဝကျောက်သွေး
အောင်ဘုန်းမြင့်(ကချင်မြေ)


BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## သုရဇ္ဇ ပညာရပ်


၉၄ ကောင်းကျိုးလျှံသည့်
ပြောင်းကိုးတန်မန္တန်နှင့်
ဂန္ဓာရီဝိဇ္ဇာမယပညာ
**ကြီးရတနာ-ဆရာဇေယျာလင်း**

၁၆၉ သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်း
စေမည့် ဖုန်းရွှေဇျူပဘာ(၁၆၈)နည်း
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၁၇၃ စိတ်စွမ်းအင်စုံထောက်များ
**မနော်သုတေသီ**

၁၇၅ အင်းကောင်းတစ်ကွက်နှင့်
စကြာပုံဆောင်အင်းများ(၂)
**ဆရာစော-အင်းတစ်ထောင်**

၁၈၆ ချစ်ခြင်းတရားနှင့်လက္ခဏာ
**ဆရာသိန်းသန်းအောင်**

၁၉၅ ရာသီခွင်အလိုက်ဘဝဖြစ်စဥ်များ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၂၀၇ မြင်ကွင်းထဲမှအမြင်များ
**ဆရာဦးမောင်မောင်သန်း၊**
**(ရင်ကိုအေးမြစေသား)**

၂၃၂ တိဗက်တို့၏ ထူးထွေဆန်းပြား
ရိုးရာဓလေ့များ
**ဝေမင်းဦး(စိတ်ပညာ)**

၂၆၇ လက်တွေ့အသုံးဝင်
နည်းသစ်ဂဏန်းဗေဒင်
**ဆရာထေမင်းခေါင်**

၃၀၅ တြိသီပေဟာသတ္တနာဂါ
ဝိဇ္ဇာမယပညာနယ်အလုံး
အသုံးမကျယ်သလော
**ကြီးရတနာ-ဆရာဇေယျာလင်း**

၃၂၇ ဝေသာဝဏ်၏
လျှို့ဝှက်နက်ရှိုင်းစွာသော
**ရှိန်းအောင်(ဂမ္ဘီရ)**

၃၄၃ အဌတရတနာသိုက်
**မောင်ကျောက်တိုင်**


## သုရဇ္ဇလက်တွေ့အသုံးချ


၁၀၆ တစ်နှစ်ပတ်လုံး ဘုရားလေးဆူနှင့်
ဓာတ်ကြီးလေးပါးခွင်ဖွဲ့ အလှူကျင့်စဉ်
**ဘုန်းခေါင်**

၁၄၃ ကျောက်ကပ်ပျက်ရောဂါအတွက်
ကျောက်ဖရုံသီးညှစ်ရည်ဆေးအစွမ်း
**စောငဝါ(ပျဥ်းမနား)**

၁၆၁ သဘာဝသိဒ္ဓိဝင် သစ်ဝင်ပင်
**ဓာတ်ဂုဏ်-မျိုးမြင့်အောင်**

၁၇၇ ရောဂါဝေဒနာပျောက်စေရန်
ဓာတ်ရိုက်နည်း
**မုဒိတာ(ကျိုက်ထော်)**

၂၀၁ သရက်ဓားထစ်
**ဦးသန်းစိုး(ချောင်းနက်)**

၂၁၂ မြန်မာ့ဘုန်းတော်ကြီးကျောင်းများမှ
ဂမ္ဘီရဆန်သော အုန်းမောင်းခေါက်နည်း
နှင့် အုန်းမောင်းပြုလုပ်ပုံများ
**ရသဂမ္ဘီရ-ကျော်ဝင်းအောင်**
**(ပြည်-ဆည်မြောင်း)**

၂၃၀ ကိုယ်တိုင်ပြုလုပ်နိုင်သည့်
ဆေးဖက်ဝင် ရဲယိုဖျော်ရည်
**စွမ်းထက်နောင်**

၂၃၆ ထီ
**ဆရာဦးမောင်မောင်သန်း၊**
**(ရင်ကိုအေးမြစေသား)**

၂၇၁ သာလိကာက အဘခေါ်ရမည်
**ဦးမင်းဇင်(ရွှေနဝင်း)**

၃၂၁ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ
လာစေလိုသော် အမြင်ဓာတ်ရိုက်နည်း
(မီးဓာတ်)
**မုဒိတာ(ကျိုက်ထော်)**

၃၃၀ အစားမတော်တစ်လုတ် အဆိပ်ထုပ်
သို့မဟုတ် ရာသီချိန်ခါမီ သတိပေး
တင်ပြချက်
**ဦးမင်းဇင်(ရွှေနဝင်း)**

၃၄၅ မြန်မာလူမျိုးများ ရေကို ဂမ္ဘီရဆန်စွာ
အသုံးပြုပုံ
**ရသဂမ္ဘီရ-ကျော်ဝင်းအောင်**
**(ပြည်-ဆည်မြောင်း)**

၃၇၉ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက်
နေ့သိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂမ္ဘီရ)**

၃၉၆ ၂၀၁၃ ခု၊ စက်တင်ဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ (B.Sc)**

၃၉၈ ရေခြားမြေခြားတွင်
အလုပ်လုပ်နေကြသူများ
အန္တရာယ်ကင်းစေဖို့
သုရဇ္ဇလက်ဆောင်
**ဆရာဦးမောင်မောင်သန်း၊**
**(ရင်ကိုအေးမြစေသား)**

၄၀၂ ၂၀၁၃ ခု၊ စက်တင်ဘာလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၄၀၅ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း၊**
**(ရင်ကိုအေးမြစေသား)**


BURMESE CLASSIC .com


**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွင့်
ဝေလွဲ့လွဲ့ထွဏ်း
အောင်ကျော်သန်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
**B.A (Law);L.L.B**
လွှတ်တော်ချုပ်ရှေ့နေ

ထုတ်ဝေသူ
ဦးအောင်မြတ်
(မြ-၀၄၃၂၉)
မျက်နှာဖုံးနှင့်
အတွင်းပန်းချီ
စိုးအောင်
သုရဇ္ဇစာလုံးဒီဇိုင်း
ကိုကျော်မင်းမောင်
အတွင်းဖလင်
color king
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးဝင်းအောင် (မြ-၀၅၁၃၀)
သန်းထိုက်ရတနာအော့ဖ်ဆက်

ဖြန့်ချိရေးမှူး
အောင်မြင့်သန်း
ကွန်ပြူတာစာစီ
စုစုလှိုင်၊ ဝေသဲဦး၊ ချမ်းမြေ့ကျော်
ရုံးအဖွဲ့
ခင်ထားဆင့်၊ အေးအေးစန်း

စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၃၀၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၃၈၈၇၁၈
တယ်လီဖုန်း/ဖက်စ်ကြော်ငြာ -၀၁- ၂၄၀၆၉၀

**မျှဝေထား**
**တစ်ဦးတည်း ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်၊
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကလေး**-ဂါနေဒီ၊ မီလျံနာ
**ပဲခူး**- သဇင်စာပေ
**ပသိမ်**-တာလေးမောင်၊ ရွှေမောင်း
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀

လက်ကားဈေးနှုန်း ( ၂၅၀၀ ) ကျပ်


www.burmeseclassic.com

## စမကျင့်စဉ် ၈/၁၁

ဤကျင့်စဉ်သည် မေတ္တာပရိတ်တော်ရွတ်ဖတ်၍
၃၁ဘုံရှိ သတ္တဝါများအားမေတ္တာပို့ခြင်းဖြစ်သည် ။

ဤကျင့်စဉ်၏ အဓိကအချက်မှာ . . .

၁ ။ တစ်နေ့လျှင် မေတ္တာသုတ်ပရိတ်တော်အား
၃၁-ခေါက် ရွတ်ရမည်။

၂ ။ ဤစမစာရွက်အား ဖယောင်းတိုင်တွင်ပတ်၍
မီးပူဇော်ရမည်။

၃ ။ မိမိ၏နေ့နံသင့်ပန်းအား ဂြိုလ်သက်အလိုက်
လှူဒါန်းရမည်။
ဥပမာ - တနင်္ဂနွေ (၆)ညွန့် (သို့) ပန်း ၆ဖူး

၄ ။ မိမိလိုသောဆုကိုတောင်းရမည်။

ှင်းလင်းချက်

အမှတ် (၃) မှ မိမိနံနေ့ပန်းကိုဖြစ်စေ (၇)နေ့ပန်းကို
ဖြစ်စေ အိမ်ရှိဘုရားဆောင်တွင် ဝေဝေဆာဆာ လှူဒါန်း
မည်။ အညွန့်ဖြစ်စေ, အဖူးဖြစ်စေ ရပါသည်။
သို့သော်အညွန့်နှင့်အဖူးရော၍ မထိုးပါနှင့်၊ ညှိုးပါက
ခမြန်ပြန်လဲပေးပါ။

တ်ချက် ။ ။ သွားနေရင်၊ ထိုင်နေရင်း၊ ရပ်နေရင်း၊
လျှာင်းနေရင်း မေတ္တာသုတ်အား ရွတ်ရမည်။ ပရိတ်
တ် (၃၁) ခေါက်လျှင် တကြိမ်သတ်မှတ်၍ မိမိ
ိုင်နိုင်သမျှ အကြိမ်များစွာ ပူဇော်နိုင်ပါသည်။ နံနက်
)ကြိမ် ည(၁)ကြိမ် ရွတ်ဖတ်ပါ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## တစ်ပက်စီးနှင်းသမား

- ဒီဠှို
  ရိပ်မိအောင် ပြောလိုက်မည်။
- ရှမ္မက်ထူ အယူသည်း
  သူချည်းပဲ ကောင်းစားလိုသည်။
  - နှစ်ဖက်ရပ် မဆံပြီ
  - သန့်ချေပြီ တစ်ဖက်သတ်။
- အရုပ်လှည့်
  ကပ်မိခြေလက်မြန်နှင့်
  မြေယက်လှန် အမှုသွားပေမို့
  သူ့စကားနားယောင်မှတ်
  ဘုရားညောင်ပတ်…။

( ၁၃၆၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်၊ ပင့်ပတ်တော်စခန်း )

ကျေးဇူးတော်ရှင်မဟာစောဒိပြိုင်းဆရာတော်ဘုရားကြီး

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်)

## ၉/မိုက်ရှူးရဲ ပွဲသွင်းပေးသော ဝီရိယ

**ဓမ္မေသက. . .**

ဝီရိယသည် စိတ်ရဲတင်းခြင်း၏ အမည်ပင် ဖြစ်ချေရာ-

သင်၏အခိဋ္ဌာန်အလွန်၊ ရွံ့နေသောစိတ်ကို ဤဝီရိယဖြင့်ပင် ရဲဆေးတင်ပေးရမည်။

ထိုစဉ်-

ကိုယ်ကိုကား အခိဋ္ဌာန်ချိန်မပျက်၊ ဆက်ခြင်းဖြင့် ဝီရိယက ဝင်ကူမည်။

စိတ်ကိုကား ဆင်နှာရှက် ဒူးတိုက်ပေးသော ကြောင့်ကြစိုက်ခြင်းဖြင့် ဝင်ကူမည်။

ယင်းကို ယာယိက ဝီရိယ၊ စေတသိက ဝီရိယ ဟူ၍ သမုတ်ရသည်။

**ဓမ္မေသက. . .**

ဆိုခဲ့ပြီး အခိဋ္ဌာန်ပါရမီသည်လည်းကောင်း၊ ဤဝီရိယပါရမီသည် လည်းကောင်း. . .

ထိုနှစ်မျိုးလုံးတို့သည် သင့်လက်ကိုင် ဗိုလ်နှင့်ဈာန်တို့က ဗိုလ်ညွှန့်နှင့်ဈာန်အတက်ပွဲများလည်း ဖြစ်နေကြသဖြင့် အတားကိုလည်း မကျော်ရဲ၊ မာရ်တပ်များ၏အပစ်အခတ်ကိုလည်း ခေါင်းမဖော်ရဲချိန် မော်တာ၊ အမြောက် စသည်အကူပစ်လက်နက်ကြီးများက ဝင်ရောက်ချေမှုန်းပေးနေကြရပါသည့်ပမာ။

စိတ်မည်းတူ ဖြူမလာသည့်အပြင် ပူ၍ပင် လာနေချိန်မျိုးများတွင် အကူဝင်ပေးနေကြရသော အကြီးစားအခိဋ္ဌာန်များ ဟူ၍ သင်မှတ်ပါလေ သို့မဟုတ် စိတ် မိုက်ရှူးရဲစိတ် မွေးပေးပြီးသွေးကို သံပတ်တင်းပေးသည့် ပါရမီဖြစ်အပြင်းစားလက်နက်ကြီးနှစ်လက်။

**ဓမ္မေသက. . .**

ဤဝီရိယပါရမီသည် တစ်ဖက်ဝိစိကိစ္ဆာ မာရ်တပ်မကြီး၏စိတ်ခါတ်စစ်ဆင်ရေးများကြောင့် မိမိစိတ် ဖြောင့်ဖြောင့်မသွားရဲ ဖြစ်နေသည်ကို ဗိန်းဗောင်းတီး၍ မောင်းနှင်ပေးခြင်းဖြစ်ရာ မိုက်ရှူးရဲလေးများ၏ ခါတ်ကြမ်းတိုက်ပွဲပမာ ဆင်၏။ သို့ကြောင့် မိုက်ရှူးရဲဆိုသော ထိုစကား-

ကာလသားလေးများသာ မဟုတ်၊ နေရာတကာ ပွဲထုတ်၍ရသည်။

စီးပွားရေးနယ်ပယ်၌ ထူးချွန်လိုသလား၊ ဤမိုက်ရှူးရဲစိတ် လက်သပ်မွေးကျွေးထား။

လောကီရေးနယ်ပယ် ခြယ်လှယ်လိုသလား၊ ဤမိုက်ရှူးရဲသွေး မွေးကျွေးထား။





www.burmeseclassic.com

www.burmeseclassic.com

ပါရမီနယ်ပယ် တွင်ကျယ်လိုသ
သား ဤမိုက်ရှုးရဲသွေး မွေးကျွေးထား။
စင်စစ် တစ်ဖက်၏အရှိ ကေန်
တော မသိ၊ အတည့်ကြည့်နိုင်ခွင့်လည်း
ရှိသေးချိန် ဤကာလအားလုံး ဤမိုက်
ရူး၏ ဝီရိယသုံးကား မသုံးမဖြစ်သော
ဘိုးအောက်ကျည်တစ်လုံး။

မေ့သက. . .

သင်၏ ပါရမီအခြေ ဤနယ်မြေ
သည် ဝိစိကိစ္ဆာနှင့် ဝီရိယ ဘတစ်ပြန်
ကျားတစ်ပြန် သတ်ပုတ်ကြရမည့်နေရာ
ပင်။ ထိုစဉ်-

ဝိစိကိစ္ဆာသည် အတားငါးပါးတွင်
တစ်ပါးအပါအဝင်ဖြင့် စစ်ဆင်မည်။


မာရ်စစ် တပ်မတွင်လည်း တစ်
တပ်အပါအဝင်ဖြင့် စစ်ပြင်မည်။

သံယောဇဉ် ကိလေသာတို့တွင်
လည်း တစ်ခွင်အဖြစ်ဖြင့် ခံစစ်ပြင်ထား

( ဝ န ဝါ သီ ဥ ယျ ာ ဓ မ္မ သ ၁ ဂ မိ ထေ ရ် )
ရေးသားတော်မူသည့်

# ပါရမီဘာဝကဏ္ဍာ ပါရမီပြဇာတ်စကား

၇



www.burmeseclassic.com

သည်။

သို့ကြောင့် ယင်းဝိစိကိစ္ဆာတား လေးဘို့ရ ဖစ်သူရဲကောင်း။

သင် ထိုဝိစိကိစ္ဆာကို မခန့်လေး စား မလုပ်နှင့်။

သင် ထိုဝိစိကိစ္ဆာကို ပေါ့သေး သေး မထင်လေနှင့်။

သင့်စိတ်အတွေးကြား သူ့လား သွင်းပေးထားနိုင်ခြင်းကပင် သူ့အစွမ်း။

**မေ့သက. . .**

သင်သည် လားနောက်၍ က မောက်ကမ ကလော့ကလန် ဖြစ်နေ သော သင့်စိတ်ကို-

ကိုယ်ဖြစ် ဝီရိယဖြင့်ကြိတ်၊ စိတ် ဖြစ် ဝီရိယဖြင့် ပြင်းပြင်းသိပ်ပေးလေ။

ကိုယ်တိုင်က ဝီရိယ၊ စိတ်တိုင်က ပါရမီ ဘယ်, ညာချိ၍ ပြည့်တည်ပေး လေ။

သတိလျှော့၍ စိတ်ဆော့လာ လျှင် ကြောင့်ကြထား၊ ဝီရိယက စိုက်ပေး ထားလိုက်။

အသိနည်း၍ စိတ်ပျင်းတွဲလာ လျှင် ကိုယ်တိုင်ဝီရိယက အားစိုက်ပေး။

စိတ်မငြိမ်လျှင် ဖိ၊ စိတ်ငြိမ်နေချိန် တွန်း၊ ဝီရိယဖြင့် အဓိဋ္ဌာန်ကို မွှန်းလေ။

**မေ့သက. . .**

သင် သည်သို့သာ ဝီရိယနှစ်မျိုး ရှေ့-နောက် ဘယ်-ညာမိုး၍ စိတ်ကိုပျိုး ထောင်ပေးနေလျှင်-

ထိုစိတ် စက္ကန့်မှ မိနစ်အထိ အ တွေးတိတ်သွားလိမ့်မည်။

ထိုစိတ် တစ်မိနစ်မှ ဆယ်ဂဏန်း အတွင်းထိ အတွေးတိတ်ဆိတ်သွားလိမ့် မည်။

ဆယ်မိနစ်အရောက်မဟုတ်၊ ငါး မိနစ်ကျော်ကျော်အထိ အတွေးတိတ် ဆိတ်သွားတော့လျှင်ပင်-

ကိုယ့်စိတ်နှင့်ကိုယ် နေခွင့်ရသော သုခ ထိုစိတ် ခံစားခွင့်ရသွားပြီ။


ကိုယ်မှဖြစ်သောသုခ၊ သူပေးလှူ ပေးသုခနှင့် မလဲနိုင်တော့ပြီ။

**မေ့သက. . .**

သင့်၌ ဝီရိယကူသဖြင့် အဓိဋ္ဌာန် လည်း အလံတလူလူဖြစ်၊

တစ်ဖန် အဓိဋ္ဌာန် နောက်က လိုက်သဖြင့် ဝီရိယကလည်း ရဲရဲတင်း တင်းတိုက်၊

သို့ကြောင့် သင့်စိတ်သင် အစိုး တရ ဖြစ်လာပေရော့မည်။



အစိုးတရဖြစ်လာသော သင့်စိတ် အမဲလိပ်များ အရိပ်မထိုး ဖြစ်လာပေ ရော့မည်။

ထိုအခါ-

သင့်အဓိဋ္ဌာန် အာရုံယူ၍ သင်လို သလို သစ္စာဆို၍ ရနိုင်ပြီ။

စိတ်တန်ခိုး၊ စိတ်သတ္တိ အာဏာ ရှိ ဖြစ်လာခြင်းကြောင့် သင်ဆိုသော သစ္စာ၌ သင်လိုသောအရာ အဆစ်ပါ လာနေချေပြီ။ သင့်သီလ၊ အဓိဋ္ဌာန်၊ ဝီရိ ယတို့ကြောင့် အဖြူရောင်ပြလာခြင်း ကြောင့်လည်း ဖြစ်နိုင်သည်။

**တယ်တော်တဲ့ ငါပေကိုး**

BURMESE CLASSIC .com

**မေ့သက. . .**

သင့်၌ ပါရမီဖြစ်အလုပ်ကလည်း ကိုးခုအထိ ပွဲထုတ်ခဲ့ပြီးပြီ။

သင် ကျော်ဖြတ်ခဲ့ရသော တပ်မ ကလည်း ခုနစ်ခုမြောက်ပင် ဖြစ်ခဲ့ပြီ။

ထိုအချိန် သင့်စိတ် အမည်းရိပ် ကင်းဆိတ်စပြုလာနေခြင်းကို မှီ၍တော့ အိမ်ရှင်တို့၏ကြည်ဖြူခြင်းကို ဦးစွာခံယူ ခွင့်ရတော့သည်။ ယင်းမှာ-

သူ လူမည်း မဟုတ်၊ လူဖြူပေပဲ။

သူ တို့အနှောင့်အယှက်ပေးမယ့် သူမဟုတ်၊ ကူညီမယ့်သူပေပဲ။

ဤမှတ်ချက်ချများဖြင့် သင့်အ ပေါ် အမျှော်ကြီး မျှော်လာကြခြင်းပင်။

**မေ့သက. . .**

သင့်မှာ လူချစ်တော့ တစ်ထုပ်မိ၊ နတ်ချစ်လျှင် တစ်အုပ်လုံး မိတတ်သည်။ သတိထား။

အကြောင်းမှာ အိမ်ရှင်ကောင်း ရောင်းပန်းလှ ဖြစ်လာသော သင့်အ တွက်-

သူတို့သည် ကောင်းသတင်း အ စားစား လူအုပ်ကြား သွင်းထားပေး တတ်ကြလိမ့်မည်။

သူတို့သည် သင့်ပုံတူလုပ် ဟိုနယ် ဒီနယ်သို့ သွားရောက် သရုပ်ဆောင်ပြ ပေးကြလိမ့်မည်။ ထိုအခါ-

ခြေထိုး လေးယောက် သင့်ထံ မှောက်သို့ အခစား ရောက်လာကြပေ ရော့မည်။ ယင်းကား-

လူရှုပ်ခြင်း၊ လာဘ်ပေါခြင်း၊ ကျော် စောခြင်း အခြွေအရံများလာခြင်းများ ပင်-

**မေ့သက. . .**

ထိုလေးမျိုးတို့သည် မာရ်မင်း၏ စေတမန်များ ဖြစ်ကြ၏။

မာရ်မင်းကြီး စေခိုင်းချက်အရ သင့်ထံမှောက် ဝင်ရောက်ခစားသူများ ဖြစ်ကြ၏။

ထိုလေးမျိုးတို့တွင် သင့်ခြေလှမ်း မမှန်၊ သင့်သွားလမ်းရှေ့က ခြေထိုးခံပြီး သင့်အား လဲကျသွားအောင် ပြုလုပ်ပေး ကြမည့် အမြောက်ကိုင်သမားများ ဖြစ် ကြ၏။ ထိုလေးမျိုးတို့တွင်-

က။ လူသားများကလည်း ကာမ လူသား၊ လိုလားခြင်းကို အရင်းတည်၍ သင့်၏ထံမှ ပျံ့လွင့်လာသော သတင်းသို့ ပြုဝင်လာကြသူများ ဖြစ်ကြ၏။

ထိုသူများထဲတွင်-

သင့်သီလဂုဏ်အာရုံပြု၍ ကြည်

www.burmeseclassic.com

www.burmeseclassic.com

ညီဘတ်သူများကား မဖြစ်စလောက် ဘာပါ၏။

သင့်အကျင့်အတုယူ၍ ကိုယ်တိုင် ထင် ကျင့်လိုသူများကလည်း မပြောမ လောက်။

ခ။ လာဘ်ကလည်း ကာမအသုံး အဆောင်များ။ ယနေ့ခေတ်၏ ကာမ အာရုံ ခံစားလိုသူများအတွက် အထိမိ ဆုံး အကောင်းဆုံး၊ အသက်သာဆုံးကို သာ သူထက်ငါ တီထွင်ထုတ်လုပ်ပေး ထားကြရာ ထိုလာဘ်ဖြင့် သင့်ထံလာ ဘပ်ရောက်သူများလည်း သူတို့အကြိုက် ဆုံး သူတို့နှစ်သက်အမြတ်နိုးဆုံးသော ပစ္စည်းများဖြင့် သင့်အား ပူဇော်ကြ၏။

ထိုစဉ်-

သင့်သန္တာန်ရှိ ကာမအနာဆွေး များက အဖေးတက် အမြေးယှက်မျှသာ ရှိသေးရာ ဆန်းသစ်သော ထိုလာဘ်တို့ ၏ အတို့အဆွကြောင့် သင့်အနာ ပြန် လည်ထလာပေရော့မည်။

ဂ။ ကျော်စောသတင်းကလည်း ကာမကျော်စောသတင်း၊ ကောလာဟ လသတင်းများသည် များသောအားဖြင့် ပုဂ္ဂိုလ်၏ အစွမ်းပြသတင်းကသာ များ ပြား၏။

ဘယ်မှာ ဘာက ဘယ်လိုကြီးတဲ့ . . . စသည်၊

ဘယ်မှာကျတော့ ဘာက ဘယ် လောက်အထိတောင် တွေ့ခဲ့ကြရသတဲ့ . . . စသည်။

တစ်ဖန် လာရောက်ခိုလှုံသူ အ ခြွေအရံများကလည်း ကာမအပျိုရံ၊ လူ ပျိုရံများ။

တစ်ဖွဲ့သုံး တစ်ထုံးသွင်း အစည်း အရုံးဝင် အသင်းဖြစ်ပေါ်လာတိုင်း-

အခွင့်အရေးမက် စိတ်ကလက်သူ များက ရှေ့တန်းတက် ထွက်လာလေ့ရှိ ကြ၏။

အဆန်းဖြစ် အသစ်ကြိုက်သူများ လည်း တစ်တပ်တစ်အား ပါဝင်လှုပ်ရှား လာတတ်ကြ၏။

တည်ငြိမ် ရင့်ကျက်သူများကား အခြေအနေအရပ်ရပ် အကဲဖြတ်ဆဲဖြစ် နေကြသဖြင့် ရုတ်တရက် တိုးဝင်မလာ တတ်ကြ။ လူအုပ်ထဲ ဖြဝင်လေ့လည်းမရှိ ကြ။ သို့ဖြစ်ရာ-

ပုဂ္ဂိုလ်တစ်ဦး၏ သမားဂုဏ်ပြ၊ ဤကောလာဟလသတင်း ပျံ့နှံ့ပွဲကျင်း ရာ၌လည်း ရှေ့တန်းမှ ဝင်လာနေကြ သော ထိုအခြွေအရံများသည်လည်း-

ပရိသတ်တော လာဘ်ကြော၌ သာ မေးတင်နေတတ်ကြသည်။

သူကျင့်သလို ငါလည်းကျင့်၊ သူ ပွင့်ရာနောက် ငါလည်းပဲ ဆင့်၍ ကူ လျှောက်မည်. . .

သည်လိုသော အခြွေအရံ တစ် ရာရောက် တစ်ယောက် ပါမလာတတ်။

သို့ကြောင့်-

**ဓမ္မေသက. . .**

ကျင့်ဆဲ၊ ဖြည့်ဆဲ၊ ထည့်ရဆဲသော သင့်ဆီ ချီ၍ လာနေကြသည့် လူအုပ်၊ လာဘ်ထုပ် ကျော်စောအရှုပ်နှင့် ထိုရံ ရွေတော် အဖက်လုပ် လာသူများသည် ကြားခံ ခြေထိုးများချည်း ဖြစ်သည်ကို သင်သတိပြုလေ။

လူရှုပ်၊ လာဘ်ပေါ၊ ကျော်စော၊ ခြွေရံ ဤလေးတန်၊ ကြားခံခြေထိုးများ။

အကျင့်ပေါက်ပြဲ၊ သွားလမ်းလွဲ၊ လဲကျတတ်သည် သတိထား။

**ဓမ္မေသက. . .**

သည်မှာတွင် သင်အမြောက်ကြီး သုံးလက်အကြောင်း ကောင်းကောင်း ကြီး လေ့လာထားဖို့ လိုပေသေး၏။

ယင်းမှာ. . .

၁။ လူအမြောက် - ထူးလာသော် တော်ကောက် ဘိသိက်မြောက် တတ်ကြသည်။

၂။ နတ်အမြောက်- လူဖြူလျှင် နတ် ချစ်၊ ပတ်ရစ် ရစ်၍ ပစ်မြောက် တတ်ကြသည်။

၃။ ဓာတ်အမြောက်- မိမိရှိ သိက္ခာ ဓာတ်၊ ဓမ္မဓာတ်ကလည်း မိမိ စိတ်ကို မြောက်ပေးတတ်သည်။

**ဓမ္မေသက. . .**

ဤအမြောက်သုံးလက် တစ်လက် တစ်လက်တို့ရှိ ကျည်သုံးတောင့်တို့က လည်း ပစ်မှတ်သို့ ချိန်ရွယ်ကာ အသင့် စောင့်နေကြပြန်သေးသည်။

ယင်းကား. . .

ပထမ- အာဏာ။ ဘာမဆို ပြောလို ရာပြော ဟောခနဲ ချက်ချင်း စီးဆင်းလာစေသည်။

ဒုတိယ- ငွေကြေးဓန။ အရှိန်ကြီးသ လောက် ဘုန်းပေါက် ဒီရေ များသို့ ရောက်လာနေကြ သည်။

တတိယ- မ။ ကြွေးမကင်းသော ယမင်း နတ်၊ အလိုတော်သွင်း၍ချဉ်း ကပ်လာချေပြီ။

ထိုစဉ်. . .

အမြောက်သမားများကား ကျည် သုံးတောင့် ကိုယ်စီကိုင်ဖြင့် သင့်အား ဝိုင်းပြီးသား ဖြစ်နေကြပြီ။

သင့်မှာကား 'တယ်ဟုတ်ပါလား' ဖြင့် အောင်ပွဲခံအလား ဝင့်ကြွားလာနေ ပြီ။

ဤသည်မှာ ရှစ်ခုမြောက် မာန မာရ်တပ်မကြီး သင့်သို့ ထိုးဖောက်ဝင် လာခြင်းပင်။

**ဓမ္မေသက. . .**

မာနသည် ပထမ အထင်ကြီးခြင်း၊ မြတ်နိုးခြင်းဖြင့် စိတ်ကို ရင်းသွင်းသည်။

သည့်နောက် မောက်မာခြင်း၊ ထောင်လွှားတက်ကြွခြင်းဖြင့် စိတ်ကို နင်းခြေမည်။

မာန်ဝင်လျှင် အမှန်မမြင်ရတတ်။ မာန်ထောင်လွှား၊ အမှားပင်တွေ့တတ် သေး၏။

**ဓမ္မေသက. . .**

သင်သည် အခြောက်ခံရတုန်းက ဥပေက္ခာ သုံးနိုင်ခဲ့သော်မှလည်း ဤ အမြှောက်ခံဘဝတွင်ကား ထိုဥပေက္ခာ လက်နက် အသွားမတော်တော့ပါ။

ထိုအခါ-

သောမန သဟဂုတ် ဒိဋ္ဌိဂတသမ္ပ ယုတ် အသင်္ခါရိကတို့ကသာ အလုပ်ဝင် ကြတော့ရာ-

အလိုကျ စိတ်ရွှင်၊ ငါ့စကား ငါ့ ဟာများဖြင့် ပွဲဝင်နေချေပြီ။

မည်သူကမျှ ဝင်လက်မတို့ရ၊ ကိုယ့်စိတ် ကိုယ့်ခန္ဓာဖြင့်ပင် ပွဲခံပြနေပြီ။

သည်နေရာ လက်ဖြောင့်တပ် သားနှင့်မိ၊ ကားခနဲ ကျည်ထိတော့မည်။

အာရုံနှင့်ငြိက ဓနကျည်ဆန်၊ ကာမဂုဏ်နှင့်ငြိက မ-ကျည်ဆန်။

ကိုယ့်ကိုယ်ကိုယ် ခင်မင်မှုအား ကြီးပါမူကား မာနကျည်ဆန်။

**ဓမ္မေသက. . .**

ထိုကျည်ဆန်များသည် မမှန်လျှင် မှန်တတ်၏။ မှန်နေက မမှန်တတ်။

သို့ကြောင့် သင့်၌ အာရုံမှန်၊ ပုံမှန်၊ ဂုဏ်မှန် ဖြစ်ဖို့ အရေးကြီးသည်။

**မာနထန် မာရ်တပ် ပတ်လည့်ဝိုင်း**

**ဓမ္မေသက. . .**

သင်၏ တစ်ချက်ဖောက် တစ် တောင့်ထိုး လက်နက်ကြောင့်-

တောစိုး အိမ်ရှင် တွင်းပြင် အ မှောင့် အားလုံးပင် ရောင့်မလာရဲကြပါ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သတိတစ်ချက် တစ်ဖက်အား ပျော့ကြောင့် စိတ်ကပ် မာရ်တပ်များပင် မသော့ရဲကြပါ။

ယခုသော် တစ်လုံးထိုး ဇောက်ထိုးလွယ် ပစ်ဖို့ပင်မချိန်ရွယ်တော့သော ကြောင့်-

မူလရှေ့ထွက် ကာမ-တဏှာတပ်မဟာကြီးမှသည် ဤမာနတိုင်အောင်သော တပ်မကြီးရှစ်တပ်တို့ကလည်း ရှစ်စပ်မလပ်အောင်ပင် ပိတ်ဆို့ထားလိုက်ကြပြီ။

သို့ကြောင့် ထိုသင့်ထံသို့ နောက်ထပ် မာရ်တပ်မဟာကြီးများ အသစ်ဝိုင်းရံလာကြရာ-

လာဘ်၊ ကျော်စောမှုကိုမှီ၍ မိစ္ဆာဉာဏ်ဖြန့်ခင်း ပရိသတ်စည်းရုံးသိမ်းသွင်းလာခြင်း။

လာဘ်၊ ကျော်စောမှု အကြောင်းပြု၍ ကိုယ့်ကိုယ်ကျမြှောက်၊ တစ်ဖက်ကျ ခေါက်ကိုင် ကိုင်ခြင်း။

ဤနှစ်တပ် မာနထန်ရာမှ သင့်စိတ်သို့ ကပ်လာကြပေရော့မည်။

ယင်းမှာ-

ကိုယ့်အတွက် ဆိုးသတင်းထွက်မည်ဆို ဖုံးဖုံးအုပ်အုပ်လုပ်၍ မြှုပ်ထားတတ်ပြီး. . .

ကိုယ့်အတွက် ကောင်းသတင်းထွက်မည်ဆို ကိုယ်ကလည်း တွင်တွင်ဖော်၊ အခြံအရံများကိုလည်း လူတွေ့တိုင်း ကြော်ငြာတတ်လာအောင် လှုံ့ဆော်ပေးနေခြင်းပင်။

တစ်ဖန်-

အကျင့်မှန်သဖြင့် ဆန်တက်လာကြသော အကျင့်တူ လူကွဲ ထက်-အောက်နေများ၊

အကျင့်မြင့်သဖြင့် ပွင့်တက်လာသော အကျင့်တူ မူကွဲ ထက်-အောက်နေများ။

ထိုသူတော်အချင်းချင်းတို့၏သီလ ဂုဏ်သတင်းများက အဆင့်ဆင့်ပွား မိမိနားအထိ ပေါက်ကြားလာသောအခါ-

သည်လူက အခုမှ သည်လို၊ အရင်ဆို သည်အတိုင်း မဟုတ်ဖြင့် နောက်ပြန်လှန် ငယ်စာရင်းထုတ်၊ ဤငယ်စာရင်းဖြင့်ပင် လက်ကျန်ပိတ်၍ နှိပ်ပြောပြောသည်လည်း ရှိ၏။

အင်း- အဝေးသာ အထင်ကြီးတာ၊ အနီးကျ ဟုတ်ချင်မှဟုတ်တာဖြင့်လည်း အဝေးကို အနီးဖြင့် ခုနှိမ်၊ အဝေး၊ အနီးဖြင့်ချိန်ကာ နှိမ်ပြောလည်း ပြောတတ်သေး၏။

ဤသို့ ဤနှယ် မဖွယ်သော ဝေဖန်ပုတ်ခတ်ခြင်း များစွာတို့ဖြင့်-

မင်းအလာ ယံတြာချေနည်းမျိုး ပမာ. . .

ကိုယ့်အောက်မှဆင့် ပွင့်လာသူများကိုလည်း ဖမ်းနှိမ်တတ်လာသည်၊

ကိုယ့်ထက်မှဝင့် ပွင့်နေသူများကိုလည်း လှမ်းနှိမ်တတ်လာသည်။

**ဓမ္မေသက. . .**

သင်၏ ကိုယ့်ကိုယ်ဆို မြှောက်တင်၊ တစ်ဖက်ဆို အောက်ချ ဤ (အတ္တုက္ကံသန- ပရဝမ္ဘ) အလုပ်တို့သည် သင့်မူလစိတ်ရင်းများကြောင့် မဟုတ်ကြပါ။

- ကိလေသာ သံယောဇဉ် နှစ်ခွင်ဝင်၊ မာန၏ လက်ချက်မျှသာ။
- ကိလေသာ သံယောဇဉ် နှစ်ခွင်ချိတ်၊ ဒိဋ္ဌိ၏ ဖိအားများသာ။
- ကိလေသာ သံယောဇဉ် နှစ်ခွင်ပါ၊ တဏှာ၏စစ်ချီသံများသာ။

**ဓမ္မေသက. . .**

ပညာခန်း ပန်းဝင်လုဆဲဆဲသော ဤနေရာ ဤစခန်းမှာပင်-

ထိုမာရ်တပ်မများက ရှန်းရင်းဆန်ခတ် ဝိုင်းဝန်းပိတ်ညှပ်နေဆဲ လက်ဖြောင့်တပ်သားထံမှ ပစ်လွှတ်လိုက်သော ကျည်တစ်တောင့်ကြောင့်-

အချို့ အောင့်မရ၊ ဒဏ်ရာဖြင့် သေပွဲဝင်သွားကြရရှာပြီ။

အချို့ ရုပ်ပြသာ ပွဲထိုင်ခိုင်း၊ အကျင့်ကား သချိုင်းပို့လိုက်ကြရရှာပြီ။

သည်နေရာ-

သင့်လက်ထဲရှိ ရဲတင်းသော ဝီရိယ၊ ဘယ်သောကာလမှ လက်ကမချလေနှင့်။

သင့်လက်ထဲရှိမှတ်ချက်ယူ သတိ၊ မည်သည့်ကာလမျှ ကင်းမလှည့်ဘဲ မနေစေနှင့်။

သင့်လက်ထဲရှိ ခြိမ်းစိတ် စိတ်ကြည့်ခြင်း အသိ၊ မည်သည့်ကာလမျှ မျက်စိမမှိတ်စေနှင့်။

မကြိုက်သူနှင့် ဆက်ဆံ သာမန်တာဝန်ပေး၊

အကြိုက်နှင့်ကူးလူး အထူးတာဝန်ချ။

အဆွဲရော အစွဲပါ အကြိုက်နှင့်ပူး၍ အတူတူ ဝင်လာတတ်ကြသောကြောင့်-

**ဓမ္မေသက. . .**

ပါရမီသည် နိမ့်ကျသွားသော စိတ်ကို မြှင့်တင်ပေးသော ကိရိယာ ဖြစ်၏။

စိတ် နိမ့်ကျသွားခြင်းကား ကိလေသာ သံယောဇဉ်များ နင်းချလိုက်ခြင်းကြောင့် ဖြစ်၏။

သို့ဆိုသော်-

ပါရမီဖြင့် သင့်စိတ်အဆင့် သင်မြှင့်တင်ပေးနေသည်နှင့် တစ်ပြိုင်နက် ထိုကိလေသာ သံယောဇဉ်တို့ကား သင့်အား ပြိုင်ဘက်အဖြစ် သတ်မှတ်ကြပေတော့မည်။ ပြိုင်ဘက်ဖြစ်နေလျှင် သင့်ကို ရန်ဘက်အသွင် သဘောထားမှာကလည်း ဧကန်ပင်။

ထိုအခါ-

ပါရမီလမ်းပေါ်သို့ သင်က စျာန်ယဉ်ပြင် ဗိုလ်တင်အသွား၊

သူတို့ကလည်း မိစ္ဆာမဂ္ဂင်ယဉ်စီးနင်း ဗိုလ်ရိုင်းများဖြင့် နင်းလိုက်ကြမည်။

အရိပ်သုံးပါး နားမလည်၍ သူငယ် ကျားစာဖြစ်ဘိသို့၊

အမြောက်သုံးပါး နားမလည်ပါက သင်လည်းပဲ မာရ်တပ်၏ဝါးဖတ်ဖြစ်မှာသေချာသည်။

မာရ်တပ် ပရိယာယ် အလွန်ကျယ်၊ ဉာဏ်ခြယ်နိုင်လွန်းမှ။

**၁၀/ချေးမည်းတို့အတွက် ခဝါဆိုင်၊ ပညာကသာ ပိုင်ပါသည်**

**ဓမ္မေသက. . .**

သစ်ပင်မှ ပုံတုံးအဖြစ် ဒါန၊ သီလ၊ နိက္ခမတို့က လှဲ၍ ဆစ်ချပေးခဲ့ပြီ။

ပုံတုံးမှ ပုံဖော်အဖြစ် ခန္တီ၊ သစ္စာ၊ မေတ္တာ၊ ဥပေက္ခာတို့က ပုံကြမ်း နုတ်ပေးထားခဲ့ပြီ။

ပုံကြမ်းမှ အချောကိုင်ကိုကား အဓိဋ္ဌာန်နှင့်ဝီရိယတို့က ထုပြပေးလိုက်ပြီးပြီ။

ယခု ပညာဖြင့် ဆေးသုံး မှုန်းခြယ်ဖို့သာ ကျန်တော့သည်။

**ဓမ္မေသက. . .**

သင့်အား ယခု ဖွင့်ပြဆဲသော ပါရမီတက်နည်းများသည်-

အရင်းခံ တဏှာကို ဖို့သတ် သတ်၍ စိတ်မည်းတူ ဖြူအောင်လုပ်နည်းပင် ဖြစ်ရာ. . .

သတိ၊ ဝီရိယ၊ အသိ လက်နက်များက-

တဏှာမြုပ်၍ သဒ္ဒါပုံ ပုံထုတ်မပေးနိုင်သေးသမျှ ပါရမီအပုံန် မြဲမြဲ

www.burmeseclassic.com

မှုနေဦးမည်သာ။

ပညာအလုပ် မလုပ်သမျှလည်း တဏှာလည်းမမြုပ်၊ သဒ္ဓါလည်း မလှုပ်၊ ပုံမဟုတ် ပတ်မဟုတ်သာ ရှိဦးမည်။

သို့ဖြစ်ရာ သင်သည်-

ဒါနပြုလည်း သတိရှေ့ပြေးထား သောပညာ၊ ပညာရှေ့ပြေးရှိသောသတိ ပါရမည်သာ။

သီလထိန်းလည်း သတိအထွတ် တင်ပညာ၊ ပညာအထွတ်ရှိ သတိ ရှိနေ ရမည်သာ။

သည့်အတူ-

တောကိုဝင် အာရုံမျှင် အလာ သတ် တဏှာကို ပ,လပ်ရာ၌ ဖြစ်စေ၊

ခန္ဓီမှနေ ဝီရိယအထိ အာရုံကိုဖိ ၍ တဏှာအငြိကို ရိပြတ် ပြတ်စေရာ၌ ဖြစ်စေ. . .

သတိ ပုဗ္ဗင်္ဂမာ ပညာ- သတိရှေ့ သွားရှိ ပညာလည်း နောက်က ဝင်ပေး ရမည်သာ။

ပညာ ပုဗ္ဗင်္ဂမာ သတိ- ပညာရှေ့ တရှိ သတိလည်း နောက်က အားဖြည့် ရမည်သာ။

ယင်းသည်-

ကောက်ပင်ကို ရိတ်ဖြတ်လိုရာ၌ ဘယ်လက်က ကောက်ပင်ကိုင်၊ ညာ လက်က တံစဉ်ကိုင်၍ ရိတ်ဖြတ်ပေး ဖော. . .

သတိက ရှေ့ကကိုင်ပေးထားက ညာက နောက်ကနေ ပ,လပ်ပေးမှ သာ၊

ပညာက ရှေ့ကနေ ပ,လပ်နေက သတိက နောက်မှနေ ကိုင်ပေးမှသာ။

ကိုယ်တွက်လိုသော ထိုတဏှာ သူတစ်ဖက် ကိုယ်ချင်းစာနာတတ်လာ ညည်း၊

ယုတ်ကျင့်ခိုသော ထိုတဏှာ အ မြဲအအေးတွေ့၊ ကြည်ညိုတတ်လာ ညည်း၊

**ခမ္မေသက. . .**

ပါရမီကို မင်းလမ်းလုပ်၍ မင်း အဖြစ် အားထုတ်နေသော ထိုသည့်သင် ဝီရိယ၊ သတိ သာမန်မျှသော ထိသိ၊ ကြည့်သိဖြင့် သင် မင်းဖြစ်ရန် မလုံ လောက်သေး။

အာရုံပုံ မည်သည့်တံခါးပေါက် မှနေ သင်နှင့်ဆုံဆုံ၊

အာရုံရှင် မည်သည့်နေရာ မည် သည့် အခြေပါဖြင့် တွေ့တွေ့-

အာရုံပုံမျှဖြစ်သော ဖရဲ၊ ပိန္နဲတို့ ပမာ ပုတ်ကြည့်ရုံဖြင့် အတွင်းရှိ တွင်းသိ ပြီး ဖြစ်စေရမည်။

အာရုံရှင်ဖြစ်နေက ဘူးသီး၊ ခရမ်း သီးများပမာ ခွဲစိတ်ကြည့်ဖြင့် အတွင်း ရှိ အစဉ်းသိ ဖြစ်စေရမည်။

**ခမ္မေသက. . .**

သို့ကြောင့်-

မာရ်တပ်ကြီး ဆယ်တပ်တို့၏အ လယ် သင် ကလယ် ကလယ် ဖြစ်နေ သော သည့်အချိန်ဝယ်. . .

သင်သည်-

သတိကို ထောက်လှမ်းရေးရာထူး ခန့်၍ ရှေ့ပြေးလွှတ်ပေးထားလိုက်ပါ။

ဉာဏ်ပညာကို ကတုတ်အဖြစ် ထားရှိ၍ သင့်စိတ်၊ ဉာဏ်အကြား ထား ပေးပါ။

သိက္ခာသုံးစုံကို လက်နက်အဖြစ် ပွဲထုတ်၍ အာရုံစဉ် ဝင်လာသမျှ သုတ် သင်ပါ။

ထိုစဉ်. . .

သူ တစ်ချက်ဝင်လျှင်-

သင်က သိက္ခာစဉ်တစ်ပတ်ပြည့် အောင် ဝှေ့ယမ်းပစ်ပေးပါ။

သူက အကြိုက်လိုက်သွင်းလျှင်-

သင်က အတွင်းထိန့်ကျ်၍ တိုက် ခိုက်ချေမှုန်းပါ။

သူက အမုန်းထား၍ ကြုံးဝါးနေ လျှင်-

သင်က သူ့ကို ကျေအေး၍ သူ့ရှိ ဒေါသကို ရေပက်ပေးလိုက်ပါ။

သူက အမှေ့ကောက်၍ သတိ ဖျောက်ဖျက်ပစ်နေလျှင်-

သင်က သတိကို နာနာဝှေ့၍ အ သိကို ရှေ့ရှေ့ပေးနေပါ။

**ခမ္မေသက. . .**

သင့်အစွဲ သင့်အတွေးမှီ၍ ဖြစ် သော မာရ်တပ် အတားများ ဘယ် လောက်ပင် များပြားနေစေ-

သင့်စိတ် မတွေးဖြစ်၊ မပြေးဖြစ် သူတို့ရစ်မလာနိုင်။

သင့်စိတ် ကြိုက်-မုန်း-မေ့ လေ့ ပစ်နိုင်ကလည်း သူတို့ရစ်မလာနိုင်။

သင့်စိတ် မတွေးလို၊ မပြေးလို သတိ - ပညာ သိက္ခာစုံ အကုန်စုစည်း ထားပါ။

သင့်စိတ်၌ ကြိုက်၊ မကြိုက် မသိ သုံးပါး မလိုက်စေလို၊ ထိုသုံးစုံ အကုန် စုစည်းထားပါ။

**ခမ္မေသက. . .**

အာရုံငါးပါးအပေါ် ခင်အားကြီး နေသူ၊ မာရ်အားလုံးက နေရာယူပြီးပြီ။

သူတစ်ပါးအပေါ် ခင်အားကြီးနေ သူ၊ မာရ်အားလုံးက အတူတူ။

ကိုယ့်အပေါ် ကိုယ် ခင်အားကြီး နေသူ၊ မာရ်အားလုံးက အတူတူ။

အိပ်စက်ခြင်း၌ ခင်အားကြီးနေ သူ၊ မာရ်အားလုံးက နေရာယူ။

ကာမ အတိုးအထပ်ရ နတ်ဘဝ ၌ ခင်အားကြီးနေသူ၊ မာရ်အားလုံးက ဝင်ရောက်ကူ။

ထို အခင် အမျှင်တန်းလာသော အခါ-

ခင်မင်မှုတဏှာများမှ အထင်ကြီး မှုတဏှာသို့ သင့်စိတ်ကိုလွှဲပို့လိုက်သည်။

အခင်ကြီးမှု၊ အထင်ကြီးမှုကား မြတ်နိုးမှုထဲ လွှဲပေးလိုက်သည်။

တစ်ဖန်-

မြတ်နိုးမှုက အားကိုးလိုမှုထဲ လွှဲပို့ လိုက်သောအခါတွင်ကား. . .

ထောင်လွှားထက်ကြွမှု မာနလည်း မနေသာတော့ပါ။

ငါပြီး ငါပိုင် ရှိလိုမှု ဒိဋ္ဌိလည်း မနေ သာတော့ပါ။

အကယ်တိတိ ပြိုင်ဘက်တွေ့နေ ခဲ့ပါမူ မကျေချမ်းစိတ်မှုနေ-

ကိုယ့်ထက်သာဆိုမနာလို ဣဿ လည်း ဝင်လာပေရော့မည်။

ကိုယ့်ထက်လှဆို သဝန်တို မစ္ဆရိ ယလည်း မဝင်မနေရ ဖြစ်လာမည်။

သည့်အတူ လက်သည်းဆိတ် လက်ထိပ်နာ မှအရ-

ဘာဖြစ်ဖြစ် မိုက်မောဟ စိတ် မည်းကြီးနှင့်တကွ ရှက်မနေသာတော့ ခြင်း၊ ကြောက်မနေသာတော့ခြင်း၊ လား အရွေ့ခံရခြင်း၊ ပူပုံ့ လန့်စင် ပြေးနေရ ခြင်း စသည့် စိတ်ရိုင်းများကိုပါ ဇာတ်ပို့ ဝင်လာကြတော့သည်။

**ခမ္မေသက. . .**

ထိုအားလုံးတို့၏ဇာစ်မြစ်မှာ ဗန်း ပြကို ဖမ်းဝယ်မိ၍ ရောင်းမှား၊ ဝယ်မှား ဖြစ်သွားခြင်းသာ။

ထိုအားလုံးတို့၏ တရားခံမှာ ပညာမဲ့ခြင်းသာ။

**ခမ္မေသက. . .**

သင်၏ရှေ့မတိုး နောက်ယို့ ဖြစ် လာနေသော ဤအချိန်ဝယ် သင်သည် အာရုံပုံကို ဖြစ်စေ၊ အာရုံရှင်ကို ဖြစ်စေ ခွာမြူး ပူးတွေ့၊ တွေ့လေတိုင်း ထိုးစစ် ဆင် တပ်မကြီးရှေ့က အသေခံတိုက်



www.burmeseclassic.com

www.burmeseclassic.com

ကင်းသည်-

စစ်လမ်းရှေ့ ဖိုးသူတော်တွေ့လည်း ပစ်ခတ် ချေမှုန်းပစ်လိုက်သည့်ပမာ၊

စစ်လမ်းရှေ့ မယ်သီလတွေ့လည်း သုတ်သင် ရှင်းလင်းပစ်လိုက်သည့်ပမာ. . .

သတိဖြင့် ရှုသတ်သတ်၊ အသိဖြင့် ဖို့သတ် သတ်ပစ်လေ။

တစ်ဖန်-

ထိုသည့်သင် အာရုံပုံပြကို ဖြစ်စေ၊ အာရုံရှင်ကို ဖြစ်စေ ညှို့ဆွဲ ချုပ်ခံရလေတိုင်းလည်း-

သဘာဝဓာတ်ခွဲခန်းကြီးကို တာဝန်ယူနေရသော ဓာတ်ခွဲမှူးကြီးသည် ခဲမဖြူအကြမ်းတုံးတွေ့လည်း မှန်ဘီလူးအဆင့်ဆင့်အောက် ထိုးသွင်း၊ အတွင်းထိုးဖောက်ချဉ်းသည့်ပမာ-

အဖြိုက်နက် အချပ်လိုက်တွေ့လည်း မှန်ဘီလူးအဆင့်ဆင့်ကပ်၊ အတွင်းထိ စမ်းသပ်ကြည့်သည့်ပမာ. . .

သတိဖြင့် အတွင်းထိ ဆင်းနှိုက်၊ အသိဖြင့် သရုပ်စုံ အကုန်လိုက်သိလေ။

**မေ့မွေ့သက. . .**

သင့်သည် သည်သို့သာ ဈာန်ကို ဉာဏ်ဘက်သွင်း၊ ဖိုလ်ကို အရည်အချင်း ဖြည့်ပေးနိုင်ပါမူ-

'ဇေယျာပုံ' အော်သံ ကြားတိုင်း သင် ခုံမင်တော့မည် မဟုတ်ချေ။

ဘာ့ကြောင့်မေး-

'ဇေယျာပုံ' ဆိုတာ နှမ်းဖတ်ချဉ်မှုန်း အတွင်းသိ ဖြစ်လာနေ၍ပင်။

တစ်ဖန်-

'မိုးစိုစီး' အော်သံကြားတိုင်းလည်း သင် ပါးမတောင်တော့ပါ။

ဘာ့ကြောင့်မေး-

'မိုးစိုစီး' ဆိုတာ ခုံဖိနပ်မှန်း အစဉ်းသိ သိလာနေတော့၍ပင်။

**မေ့မွေ့သက. . .**

တစ္ဆေသည် ကြောက်သူကိုသာ ခြောက်လှန့်တတ်၏။ မကြောက်သူဆို ခြောက်၍မရပမာ-

ညှို့ဓာတ်ပါသော အာရုံ၏ လာတိုက်ပြီး ဆွဲယူသွားသည်ကို သင် မသိမှသာ၊

ကိုယ့်ရှိဝေဒနာက အသေးအမွှားလေးများကို အကြီးစားကြီးထင်အောင် ချဲ့ပြနေသည်ကို သင်မသိမှသာ၊

ဝေဒနာနောက်နေ သညာက ပြီးပျောက် ကောက်ရအဖြစ် လှည့်စားနေသည်ကို သင် မသိမှသာ၊

သညာနောက်နေ ဝိညာဉ်က သူလိုသလိုဖြည့် အသိလုပ်ပေးနေသည်ကို သင် မသိမှသာ. . .

ကိလေသာ သံယောဇဉ်များကလည်း သင့်စိတ်ကပ် လှည့်ပတ်ခွင့်ရကြပါမည်။

အတားနှင့်မာရ်တပ်များကလည်း သင့်စိတ်ဖိ ကလိနိုင်ခွင့် ရကြပါသည်။

အကယ်တိတိ-

သင်သည် အထက်ကဆိုခဲ့ပြီးသောအတိုင်း ပါရမီအခံ ဉာဏ်တပ်ဆင်ပေးသောအားဖြင့်-

သတိနှင့်သတိ ဘယ်တောင်ပံ၊ ညာတောင်ပံဖြန့်၊

ဝီရိယပင်း သိက္ခာစုံ အရှိန်အဟုန်ဖြင့် အလယ်ကနေ နင်းတက် တက်နေသော်-

သင် မတွေးဖြစ်၊ သူတို့လည်း မဝင်ဖြစ်ကြတော့ပါ။

သင် လိုက်မပြေး၊ သူတို့လည်း မညစ်ဖြစ်ကြတော့ပါ။

ထိုအခါ ကြားပွဲစားကင်း အရင်းအတိုင်း ဝယ်ခွင့်ရလာပါပြီပမာ-

ဉာဏ်ဝင် ဈာန်ကလည်း ရှို့စရာရှိရှို့၊ ပို့စရာရှိပို့။ အပြင်မှအတွင်း၊ အတွင်းကနေ အတွင်းထိ ရှင်းလင်းသိ အသိသို့ ဖြည့်ပေးနေပါမည်။

ဉာဏ်တက်ဖိုလ်ကလည်း အယုံကဲ အရဲပြည့်၊ မှတ်, တည်, သိတို့ဖြင့် ပညတ်မြှုပ် ပရမတ်ပွဲထုတ်ပေးကြတော့ကာ. . .

သိစရာလည်း သိပြီးသား၊

ပယ်စရာလည်း ပယ်ပြီးသား၊

ကိုယ့်စိတ်ကိုယ်လည်းပိုင်ပြီးသား။

ဤ သားသုံးသားပါ ဖွားမြင်ပေးကြပါတော့မည်။

ပညာပါ သဒ္ဓါဖြစ်ဖို့ မခဲယဉ်း၊

သဒ္ဓါရှိ ပညာပြည့်ဖို့လည်း မခဲယဉ်း။

**မေ့မွေ့သက. . .**

ထိုသဒ္ဓါ အခြားကလာသည် မထင်လေနှင့်။

သင့်သွေး၊ သင့်အကြား၊ သင့်အတွေးတို့မှ ထဖြစ်နေသော တဏှာက သတိ၊ အသိတို့၏ အသင်အပြများကြောင့် သဒ္ဓါအမည် ခံယူလိုက်ခြင်းပင်။

ဤ သဒ္ဓါက ထိုးစစ်ပြီး မစမီ တပ်သားစုဆောင်းရေးတပ်ဖွဲ့၏တပ်မှူးနေရာဝင်ယူပေးကာ အားလုံးကိုစုစည်းပေးလိမ့်မည်။

ဤသဒ္ဓါက ထိုးစစ်ကြီး ဆင်နွှဲချိန်ကာလတွင် ထောက်ပို့တပ်ဖွဲ့၏တပ်မှူးနေရာဝင်ယူပေးကာ အားလုံးကို နောက်မှနေ ထောက်ပံ့ပို့ဆောင်ပေးလိမ့်မည်။

**မေ့မွေ့သက. . .**

သဒ္ဓါနှင့်ပညာ သူရှေ့ကလျှောက်၊ ငါက နောက်ကထောက်ဖြင့် လည်းကောင်း၊ ငါရှေ့ကရှိ သူနောက်ကဖြည့်ဖြင့် လည်းကောင်း အတွဲမိနေကြပါသော်-

သင့်ပါရမီလမ်း မတန်း မဖြောင့်စရာ မရှိတော့ပါ။

သင့်ပါရမီစခန်း ပန်းမဝင်စရာလည်း မရှိတော့ပါ။

အရေးကြီးသည်မှာ သင့်စိတ်ဓာတ် တောင့်တင်း ခိုင်မာနေဖို့သာ။

ဘယ်အရာမဆို အဆင့်တက်ပွဲမှန်သမျှ အခက်အခဲကြားကချည်းသာ။

ဘယ်အရာမဆို ရှေ့တန်းထွက်၊ ဆန့်ကျင်ဘက်နှင့် တွေ့ကြရသည်ချည်းသာ။

သို့ကြောင့်-

သင်၏စိတ်မည်းတူ အဖြူပြန်ဖြစ်အောင် ပြုကျင့်ပေးနေရသော ဤပါရမီလမ်း၊

နိမ့်ကျ ယုတ်ညံ့နေသော အဆင့်မှ မြင့်မြတ်ရာဘက် တက်နေသော ဤပါရမီလမ်း. . .

သင် ဝင်ရောက် ဖြည့်ကျင့်ခန်း၌လည်း-

ကိုယ်ကိုယ်တိုင် ကုလားဖန်ထိုး၊ ကိုယ်ကိုယ်တိုင် ကိုးဖဲချိုးယူမျိုး မဖြစ်နိုင်သည်ကို အတွေးအခေါ် အမြော်အမြင်ထားပေးကာ-

- ငါသည် အခက်ပေါ် ကျော်နိုင်ရမည်ဖြင့် စိတ်ဓာတ်ကိုအားဖြည့်ပေးထားပါ။
- ငါသည် အခက်အခဲမှန်သမျှ ကစားဖက်အဖြစ် သဘောထားမည်ဖြင့် အားမွေးပါ။
- ငါသည် အခက်ကပေးသော အတွေ့အကြုံများကိုရယူကာ ပညာရှိဂုဏ်ရယူမည်ဖြင့် အားမွေးပါ။

အားပြည့်၍ စိတ်တောင့်တင်း၊ အဖြောင့်တွင်း နင်းသလောက် အရာမြောက်မည်သာ။

( ဆက်လက်ဖော်ပြပါမည်။ )

မဟာဗောဓိမြိုင်ဆရာတော်

(ဝနဝါသီဥဩသျှမ္မေဘိုသာမိထေရ်)



www.burmeseclassic.com

www.burmeseclassic.com

တစ်ညနေခင်းတွင် မလာတာကြာပြီဖြစ်သော ကျွန်တော့်တပည့်တစ်ဦး ရောက်လာပါသည်။ ကျွန်တော့်တပည့် ထိုင်မိသည်နှင့် ကျွန်တော်က ဦးစွာ စကားစလိုက်ပါသည်။

"ပျောက်ချက်သား ကောင်းလှချေလား တပည့်ရဲ့"

"ပျောက်ချက်သားကောင်းဆိုသကြီန်မတိုင်မီကတည်းက မွေးရပ်မြေကို ပြန်သွားခဲ့တာပါ ဆရာ၊ သကြီန်ပြီးလို့ တစ်ပတ်လောက်ကြာမှ ပြန်လာခဲ့တာပါ"

"အတော်ကြာအောင် နေခဲ့သားပဲ"

"ရောက်သခိုက် နေဦးမှပဲ ဆိုပြီး နေခဲ့တာပါ ဆရာ။ စာဖတ်လိုက်၊ လည်လိုက်၊ သူငယ်ချင်းတွေနဲ့ စကားဝိုင်းဖွဲ့လိုက်နဲ့ အချိန်ကုန်မှန်းမသိ ကုန်သွားခဲ့ပါတယ် ဆရာ"

"စာဖတ်လိုက်နဲ့ ဆိုတော့ ဘာစာတွေဖတ်ခဲ့လဲ တပည့်ရဲ့"

"မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရဲ့ ကဗျာတွေကို ဖတ်ဖြစ်ခဲ့တယ်ဆရာ။ ကျွန်တော် ရွာကိုသွားစဉ်ကတည်းက မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးရဲ့ကဝိပန္နကထာရယ်၊ ကဗျာ့နန်းတော်ရယ်၊ ကဗျာ့ဘဏ်တိုက်ရယ် ကဗျာစာအုပ် (၃) အုပ်ကို ယူသွားခဲ့ပါတယ် ဆရာ"

"ဒါဆို မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရဲ့ကဗျာတွေ အတော်ဖတ်ဖြစ်ခဲ့တာပေါ့"

"အတော်များများ ဖတ်ဖြစ်ခဲ့ပါတယ် ဆရာ။ ဖတ်ဖြစ်ခဲ့တဲ့ ကဗျာတွေထဲက ကဗျာ့နန်းတော်စာအုပ်မှာပါတဲ့ ပိုးကိုက်မျိုးစေ့မှ ထဖြစ်သော အပင်များ ဆိုတဲ့ ကဗျာကတော့ ကျွန်တော့်စိတ်ထဲမှာ အမှတ်ထင် စွဲနေပါတယ် ဆရာ။ နောက်ပြီး အဲဒီကဗျာကိုဖတ်ပြီးတော့ သံဝေဂလည်း ဖြစ်မိတယ်ဆရာ။ ကဗျာကို ခဏခဏဖတ်လို့ အလွတ်တောင်ရနေပါပြီ ဆရာ"

"ဒါဆိုရင်လည်း ကဗျာကို ရွတ်ပြစမ်းပါ တပည့်ရယ်"

"ဟုတ်ကဲ့ပါ ဆရာ"

**ပိုးကိုက်မျိုးစေ့မှထဖြစ်သောအပင်များ**

- ငါ့ရှေ့မှာသေ များလူတွေ
  မြင်နေအတိုင်းသား။
  သို့တစေလည်း
  ငါသေဖို့ကျ တွေးမရ
  ငါက ပွဲကြည့်သမား။
- ငါ့ရှေ့မှာနာ များတကာ
  ငါ့မှာ အမြင်သား။
  မြင်နေပါလည်း
  ငါနာဖို့ကျ တွေးမရ
  ငါက ပွဲကြည့်သမား။
- ငါ့ရှေ့မှာအို များထိုထို
  အလိုလိုမြင်နေသား။
  မြင်တယ်သာဆို
  ငါအိုဖို့ကျ တွေးမရ
  ငါက ပွဲကြည့်သမား။
- ဤလူ့ဘဝ လာခွင့်ရရန်
  ပုညကံပင်၊ မျိုးချစဉ်က
  ဉာဏ်မြင်အသိ ထွင်းမထည့်ဘဲ
  သိရုံသာမြင် မှတ်မထင်နှင့်
  မြင်ရုံသာသိ
  မှတ်မရှိကြောင့်. . . ။
  မသိ အဝိဇ္ဇာ ငါ့ရှေ့လာ
  တွေ့ရာတွင်မေ့ မေ့ပစ်ခြင်း။



(မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီးအားပူဇော်ခြင်း)

## မြဝင်း(အဲသဲသန့)

## ငါက ပွဲကြည့်သမား



www.burmeseclassic.com

www.burmeseclassic.com

သူနှင့်လိုက်ပါ၊ မိုက်တဏှာ
ကြိုက်ရာနှင့်တွေ့ တွေ့ပေးခြင်း။

"တပည့် သံဝေဂဖြစ်မယ်ဆိုလည်း ဖြစ်လောက်ပါတယ်။ တပည့် သိတဲ့အတိုင်း အို၊ နာ၊ သေဆိုတဲ့ ဘေးကြီးသုံးပါးဟာ ဆရာတို့ မုချတွေ့ရမယ့် ဘေးကြီးတွေပါ။ တစ်နေ့မဟုတ် တစ်နေ့တွေ့ရမယ့် ဘေးကြီးတွေပါ။ ယနေ့လား မနက်ဖြန်လား ရက်မှန်မှန်မသိ ဆိုတာလို ဘယ်နေ့၊ ဘယ်ရက် တွေ့မယ်တော့ မပြောတတ်ဘူးပေါ့။

ဒါပေမယ့် ဆရာတို့တစ်တွေဟာ အဲဒီ ဘေးကြီးသုံးပါးကို အမေ့ကြီးမေ့ပြီး ကိုယ်နဲ့မဆိုင်သလို နေတတ်ကြတယ်။ တစ်နေ့ အဲဒီဘေးကြီးတွေဟာ ကိုယ့်ဆီရောက်လာမယ် ဆိုတာကို မတွေးမိကြဘူး"

"မတွေးချင်တာလည်း ဖြစ်မှာပါ ဆရာ"

"ဒါလည်း ဖြစ်နိုင်ပါတယ်။ ပြောရဦးမယ်၊ သကြန်ရက်က ဆရာ့မိတ်ဆွေတစ်ဦး ကွယ်လွန်သွားတယ်။ အသုဘကို လိုက်ပို့လိုသူတွေ လိုက်ပို့နိုင်အောင် ကွယ်လွန်သူရဲ့ ကျန်ရစ်သူမိသားစုက ကားတွေစီစဉ်ပေးထားတယ်။ အသုဘချခါနီးတော့ ဆရာလည်း သင့်ရာကားပေါ်ကို တက်လိုက်တယ်။ ကားပေါ်မှာ လူတစ်ယောက်စ၊ နှစ်ယောက်စပဲရှိသေးတယ်။ အသုဘချဖို့ ကြေးစည်လည်းတီးလိုက်ရော ကားပေါ်ကို လူတွေတက်လာကြတယ်။ တချို့ နေရာမရလို့ ပြန်ဆင်းသွားကြရတယ်။ တပည့်သိပါတယ်၊ သုသာန်က အတော်ဝေးပါတယ်။ နာရီဝက်ကျော်ကျော်လောက် မောင်းရတယ်။ ကားလည်းထွက်ရော ကားပေါ်မှာပါလာကြတဲ့သူတွေဟာ အခုမှတွေ့ကြရတဲ့လူတွေကို ရောက်တတ်ရာရာ ပြောကြတော့တာပဲ။ ကွယ်လွန်သူ အကြောင်းကိုတော့ မပြောကြဘူး။ ဒီလိုနဲ့ သုသာန်သာရောက်ရော အပြောက မရပ်ကြဘူး။ တချို့က ကားပေါ်က မဆင်းဘဲ ဆက်ပြောနေကြသေးတယ်။ ဒီလိုနဲ့ပဲပြန်ခဲ့ကြတယ်။ သေခြင်းတရားဟာ သူတို့နဲ့မဆိုင်သလို ပြန်ခဲ့ကြတယ်"

"ဒါကြောင့်မို့ မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးက-

'ငါ့ရှေ့မှာသေ များလူတွေ
မြင်နေအတိုင်းသား။
သို့တစေလည်း
ငါသေဖို့ကျ တွေးမရ။
ငါက ပွဲကြည့်သမား'
လို့ ရေးဖွဲ့ခဲ့တာပေါ့"

"မဟာဗောဓိမြိုင် ဆရာတော်ဘုရားကြီးရဲ့ကဗျာကိုကြားရတော့ ထွဋ်ခေါင်ဆရာတော်ဘုရားကြီးရဲ့ကမ္ဗဋ္ဌာန်းသံပေါက်ကို သတိရမိတယ်"

"ပြောပြပါဦး ဆရာ"

"ထွဋ်ခေါင်ဆရာတော်ဘုရားကြီးရဲ့ကမ္ဗဋ္ဌာန်းသံပေါက်က-

ဇာတိဇရာ၊ မရဏာ မကြာ နင်
တွေ့မည်။
မျက်တောင်တစ်ယှက်၊ လျှပ်တစ်
ပြက်၊ နင့်သက် သေလိမ့်မည်။
ဘယ်နှစ်, ဘယ်လ၊ ရောက်ပါမှ၊
ကာလမရွေးပြီ။
ကြီး, ငယ် မဟူ၊ ကိုယ့်ရွယ်တူ၊ ခုမူ
သေလှပြီ။
အမှန်သေရိုး၊ ထိုလူမျိုး၊ ကြောက်
စိုးရွံ့သင့်ပြီ။
မသွင်းနှလုံး၊ အထင်ရှုံး၊ ပျက်ပြုန်း
လှလေပြီ။
ခန္ဓာကြွေလျှော၊ ရှိပြန်သော၊ ပူ
ဇောလောင်လှပြီ။
သွားကျိုးဆံဖြူ၊ ရှိပြန်မူ၊ ဘယ်သူ
မကြောက်ပြီ"

"ကောင်းလိုက်တာ ဆရာရယ်"

"ထွဋ်ခေါင်ဆရာတော်ဘုရားကြီး မိန့်ကြားသလို တို့တစ်တွေဟာ အို, နာ, သေဘေးခရီးကြီးကို လျှောက်နေကြတာ။ သွားကျိုးတာနဲ့လည်း ကြုံရမယ်၊ ဆံဖြူတာနဲ့လည်း ကြုံရမယ်။ တပည့်မြင်တဲ့အတိုင်း ဆံရာတောင် ဆံတွေဖြူလာပြီ။ ဒါပေမယ့် ဆရာတို့ မကြောက်ကြဘူး။ နာလာမှ နာရော၊ သေခါမှသေရော ဆရာတို့ မကြောက်ကြဘူး။ ဒါကြောင့်လည်း သွားသွား၊ လာလာ၊ စားစားသောက်သောက် နေနိုင်ကြတာပေါ့"

"ကျွန်တော်တို့ ခုလို အို,နာ,သေဘေးကြီးသုံးပါးကို ကိုယ်နဲ့မဆိုင်သလို နေနိုင်ကြတာဟာ လူ့ဘဝမှာ မျိုးစေ့ချစဉ်ကတည်းက မောဟနဲ့ယှဉ်ပြီး မျိုးစေ့ချခဲ့လို့လို့ မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ဆိုထားပါတယ်။ ဆရာတော်ဘုရားကြီး မိန့်ဆိုထားတဲ့အတိုင်း ပြောရရင် 'ဉာဏ်မြင်အသိ၊ ထွင်းမထည့်' လို့ ဖြစ်ပါတယ်။ အဲဒီနေရာမှာ ဆရာတော်ဘုရားကြီး ရေးဖွဲ့ထားတာဟာ အင်မတန် မှတ်သားဖို့ကောင်းပါတယ်။ ကျွန်တော် ရွတ်ပြပါဦးမယ်။

ဉာဏ်မြင်အသိ၊ ထွင်းမထည့်ဘဲ
သိရုံသာမြင်၊ မှတ်မထင်နှင့်
မြင်ရုံသာသိ၊
မှတ်မရှိကြောင့် . . . တဲ့"

"အင်မတန်လေးနက်တဲ့စကားပါ တပည့်ရယ်။ ဆရာတော်ဘုရားကြီးက ကဗျာအရေးအဖွဲ့ အင်မတန် နိုင်နင်းပါတယ်။ ကဗျာအဖွဲ့ကလည်း လှတယ်၊ အဓိပ္ပာယ်ကလည်း လေးနက်တယ်။ ဉာဏ်သွင်းပြီး ဖတ်မှ သဘောပေါက်မယ့် အဖွဲ့တွေပါ။ ဉာဏ်မြင်အသိ ထွင်းမထည့်ဘဲ အမူမဲ့ အမှတ်မဲ့ နေခဲ့ကြလို့ တို့တစ်တွေဟာ အမေ့ကြီး မေ့ခဲ့ကြတာပေါ့"

"အဲဒါကို ဆရာတော်ဘုရားကြီးက-

မသိ အဝိဇ္ဇာ ငါ့ရှေ့လာ၊
တွေ့ရာတွင်မေ့ မေ့ပစ်ခြင်း၊
သူနှင့်လိုက်ပါ မိုက်တဏှာ
ကြိုက်ရာနှင့်တွေ့ တွေ့ပေးခြင်း
လို့ ဖွဲ့ခဲ့တာပေါ့ ဆရာ"

"ကြိုက်ရာနှင့်တွေ့ တွေ့ပေးတယ် ဆိုတော့ ကြိုက်လက်စ မဆုံးတော့ဘူးပေါ့။ ဒါကြောင့်မို့ ထွဋ်ခေါင်ဆရာတော်ဘုရားကြီးက-

တဏှာ၏နောက်၊ တကောက်
ကောက်၊ လိုက်ထောက်မသင့်ပြီ။
တဏှာမြစ်ဝ၊ ပင်လယ်ဝ၊ နစ်ကြ
လေကုန်ပြီ။
တဏှာလည်းပွား၊ ဒုက္ခများ၊
သွား၍မဆုံးပြီ။
တဏှာပို့တင်၊ ပယ်လေးခွင်၊
လျင်စွာ ရောက်လေပြီ။
သေမင်းနိုင်ငံ၊ အဖန်ဖန်၊
လိုက်ပြန်ရလေပြီလို့ ရေးဖွဲ့ခဲ့တာ
ပေါ့"

"ကျွန်တော် ရွာမှာရှိစဉ်ကတည်းက ဒီသဘောတွေကို အထိုက်အလျောက် မြင်ခဲ့ပါတယ်။ အခု ဆရာနဲ့ ဆွေးနွေးလိုက်ရတော့ ပိုမြင်လာတယ် ဆရာ"

"တပည့် အခုတစ်ခေါက် ရွာပြန်ရတာ ပြန်ရကျိုးနပ်ပါတယ်။ ဒီကဗျာတစ်ပုဒ်ကို မှတ်မှတ်ရရ နှလုံးသွင်းမိတာနဲ့ ရွာပြန်ရကျိုးနပ်ပါတယ်။ သာဓုပါဗျာ၊ သာဓု . . . သာဓု"

ထို့နောက် ကျွန်တော့်တပည့်သည် ကျွန်တော်ကို နှုတ်ဆက်ပြီး ပြန်သွားပါသည်။

မြဝင်း(ဒဂုံသန)

www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားရှင်ဂုဏ်တော်များ၊ ပရိတ်ကြီး (၁၁) သုတ်နှင့် ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ပူဇော် နှလုံးသွင်းသူတို့သည် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောအကျိုးကို ခံစားကြရစမြဲ ဖြစ်သည်ကို ဘာသာရေးမဂ္ဂဇင်း၊ စာစောင်များ၌ မကြာခဏ ဖတ်မှတ်ခဲ့ရပါသည်။ သို့ရာတွင် ယုံကြည်မှုသဒ္ဓါတရားတို့သည်ကား သာမန် ဗုဒ္ဓဘာသာဝင်တစ်ဦး၏ အဆင့်ထက်မပိုဟု ဝန်ခံရပါမည်။ သူရဿမဂ္ဂဇင်း၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အစရှိသည့် ဘာသာရေးမဂ္ဂဇင်းများတွင် မြန်မာ့ရိုးရာတိုင်းရင်းဆေးကုထုံးဖြင့် ရောဂါဘယများ သက်သာ ပျောက်ကင်းကြောင်းကို မကြာခဏ ဖတ်မှတ်ခဲ့ရပါသည်။ အလားတူပင် မြတ်စွာဘုရား၏ ဂုဏ်တော်၊ ပရိတ်တော်၊ ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ဖတ်ပူဇော်ခြင်းဖြင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးများကို ခံစားရသည်သာမက ရောဂါဘယများ ကင်းစင်သည်ကိုလည်း ဖတ်မှတ်ခဲ့ရပေသည်။ ရုပ်ဝတ္ထုပိုင်းတွင် တိုးတက်ဖွံ့ဖြိုးလာသော မျက်မှောက်ကာလကြီး၌ ဘာသာရေးမဂ္ဂဇင်းများသည် လူထုအကြား ပျံ့နှံ့မှုရှိရန် အထူးလိုအပ်သည်ဟု ထင်မြင်မိပါသည်။ ၎င်းကွက်လပ်ကို ဖြည့်ဆည်းပေးနေသော ဘာသာရေးမဂ္ဂဇင်းများ၏ အယ်ဒီတာအဖွဲ့များနှင့် ထုတ်ဝေသူများကို အထူးပင် ကျေးဇူးတင်မိပါသည်။ ထိုပုဂ္ဂိုလ်များသည် တစ်နည်းအားဖြင့် ဘာသာ သာသနာအကျိုးများကို သယ်ပိုးနေသူများအဖြစ် လည်းကောင်း၊ မိမိနိုင်ငံ ရေမြေ၏ နေရာအနှံ့အပြားတွင် တွေ့ရှိနိုင်သော ဆေးပင်မျိုးစုံ၏အကျိုးအာနိသင်ကို စာမျက်နှာများပေါ်မှ ပြည်သူအများသိရှိစေရန် ဖော်ထုတ်ပေးခြင်းဖြင့် လောကလူ့ဘောင်ကောင်းကျိုးကို တစ်ထောင့်တစ်နေရာမှ သယ်ပိုးနေသူများအဖြစ် ဂုဏ်ပြုအပ်ပေသည်။

✪

မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များ၊ ဂါထာတော်များ၊ ပရိတ်၊ ပဋ္ဌာန်း အစရှိသည်တို့၏ တန်ခိုးအာနိသင်များကို အချို့က ဟုတ်လိမ့်နိုးနိုးဖြင့် မယုံမရဲဖြစ်ကြသည်။ အချို့က အကြွင်းမဲ့ ယုံကြည်ကြသည်။ ၎င်းတို့ထဲတွင် ကျွန်တော်သည် ဟုတ်လိမ့်နိုးနိုးမှ အကြွင်းမဲ့ယုံကြည်သူတစ်ယောက် ဖြစ်လာသည်ကို ကျွန်တော်၏ကိုယ်တွေ့ဖြစ်ရပ်နှင့် တင်ပြပါမည်။

လွန်ခဲ့သော (၁၅) နှစ်ကျော်က ကျွန်တော်သည် ပြည်ပနိုင်ငံ စက်ရုံတစ်ရုံတွင် အလုပ်လုပ်စဉ်က Welding ဟုခေါ်သော ဂဟေဆက်ခြင်းကို နေ့စဉ်လိုလို လုပ်ရပါသည်။ လုပ်ငန်းခွင်ဝင်ပြီး (၆) လကျော်အထိ ပုံမှန် အလုပ်လုပ်နိုင်သော်လည်း (၆) လကျော်နောက်ပိုင်းတွင်း ညာဘက်တင်ပါးခွက်ထဲမှ စူး၍အောင့်သောဝေဒနာကို ခံစားလာရပါသည်။ တင်ပါးခွက်မှ စူးအောင့်လာလျှင် မကြာမီ ညာဘက်ခြေထောက်တစ်ဖက်လုံး ထုံကျဉ်လာပါတော့သည်။



(ဖလေး)

# အောင်ကျော်ဦး

## အင်္ဂုလိမာလသုတ်နှင့် ကိုယ်တွေ့ ဖြစ်ရပ်

www.burmeseclassic.com

မကြာမီတွင် ခြေထောက်တစ်ဖက်လုံး ခံစားမှုမဲ့သွားကာ သတိလက်လွတ် ခြေလှမ်းမိလျှင် ပစ်လဲကျသွားပါတော့၏။ ကျွန်တော့်အဖြစ်ကိုကြည့်ပြီး ညီဖြစ်သူကိုကျော်လွှင်စိုးနှင့် လုပ်ဖော်ကိုင်ဖက်များသည် အလွန်ပင် စိတ်မကောင်းဖြစ်လျက် ရှိနေကြသည်။ ညီဖြစ်သူမှာ လုပ်ငန်းကြီးကြပ်သူ (Supervisor) ဖြစ်၍ ကျွန်တော့်ကို ဂဟေဆော်ခြင်းလုပ်ငန်းအစား အခြား ထိုင်၍လုပ်ရသောအလုပ်များကို ပြောင်းလဲလုပ်ကိုင်စေပါသည်။ သို့ရာတွင် ထိုင်ရာမှ ရုတ်တရက်ထလိုက်လျှင် ခံစားမှုမဲ့သော ညာဘက်ခြေထောက်ကြောင့် လဲကျမသွားသည့်တိုင် လဲကျလုနီးပါး အကြိမ်ကြိမ် ဖြစ်ခဲ့ရပါသည်။ အဆိုးဆုံးမှာ ညာဘက်အိပ်လျှင် လူ (၆) ဦးနေအခန်းတစ်ခုတွင် စုပေါင်းအိပ်သည်ဖြစ်၍ လေအေးပေးစက်နှင့် အိပ်ရသဖြင့် အေးလာလျှင် တင်ပါးခွက်မှ ပို၍ နာကျင်ခြင်းပင် ဖြစ်ပါသည်။ အပူပိုင်းနိုင်ငံဖြစ်၍ လေအေးပေးစက်မဖွင့်လျှင်လည်း အိပ်၍မရကြပါ။ ကုမ္ပဏီပိုင်ဆေးခန်းနှင့် ပြင်ပဆေးခန်းများတွင် ပြသော်လည်း အလွန်ဆုံး သက်သာလျှင် သုံး၊ လေးရက်သာ ဖြစ်သည်။ သုံး၊ လေးရက်နောက်ပိုင်းတွင် ဝေဒနာသည် ပြန်ပေါ်လာစမြဲသာ ဖြစ်သည်။ ကျွန်တော် ဝေဒနာခံစားနေရသည်ကို စိတ်မချမ်းသာဖြစ်နေသော ညီဖြစ်သူက-

"အစ်ကိုကြီး၊ မြန်မာနိုင်ငံကိုပြန်လိုက်ပါလား။ ဒီမှာ ဆေးခန်းတွေလည်း စုံနေပြီ၊ ထူးထူးခြားခြား မသက်သာလာဘူး။ ကိုယ့်နိုင်ငံက တိုင်းရင်းဆေးကုထုံးနဲ့ဆိုရင် သက်သာသွားမယ်ထင်တယ်။ နောက်တစ်ခုက ဟိုမှာဆိုတော့ မိဘ၊ ညီအစ်ကိုမောင်နှမတွေနဲ့ဆိုတော့ ပိုပြီး စောင့်ရှောက်နိုင်ကြမယ်"

"အေးပါ ညီလေးရာ၊ မသက်သာတော့လည်း ပြန်ရမှာပေါ့။ ဒီကြားထဲ သက်သာလိုသက်သာငြား ခဏလောက်တော့ စောင့်ကြည့်ချင်သေးတယ်"

ညီဖြစ်သူ စိတ်ချမ်းသာအောင်သာပြောလိုက်ရသော်လည်း ကျွန်တော်၏စိတ်တွင် ပြည်တော် ပြန်သင့်၊ မပြန်သင့် လွန်ဆွဲလျက်ရှိပေသည်။ ဘာလုပ်ရမှန်း မသိတာနှင့်ပင် စာအုပ်ဟောင်းများကို မွှေနှောက်၍ ဖတ်နေမိတော့သည်။ တွေ့ပါလေပြီ။ မဂ္ဂဇင်းဟောင်းတစ်အုပ်တွင် ခန္ဓာကိုယ်အတွင်းမှဖြစ်ပွားသောရောဂါဝေဒနာများကို ပရိတ်ကြီး (၁၁) သုတ်မှ အင်္ဂုလိမာလသုတ်ကို ရွတ်ဖတ်ခြင်းဖြင့် ပျောက်ကင်းနိုင်ကြောင်း ရေးသားထားသည်ကို ဖတ်ရလေသည်။

*(မဂ္ဂဇင်းအမှတ်စဉ်၊ ဆရာတော်၏ဘွဲ့၊ ဆောင်းပါးရေးသားသူ၏အမည်နာမများကို အမှုမဲ့အမှတ်မဲ့နိုင်မှုကြောင့် မဖော်ပြနိုင်သည်ကို ခွင့်လွှတ်စေလိုပါသည်။)*

ဆရာတော်၏မိန့်ကြားချက်မှာ-

"အင်္ဂုလိမာလသုတ် ဆိုတာ ကိုယ်ဝန်ဆောင်အမျိုးသမီး မီးဖွားရလွယ်ကူစေဖို့ တစ်ခုတည်းအတွက်တင် မဟုတ်ပါဘူး၊ သဘောကတော့ ခန္ဓာကိုယ်အတွင်းမှာရှိတဲ့ ရောဂါဘယတွေကို အပြင်ရောက်အောင် ထုတ်ပယ်ခြင်းလို့လည်း မှတ်ထားပါ။ ယုံယုံကြည်ကြည်နဲ့ ရွတ်ဖတ်ပါ။ ခန္ဓာကိုယ်အတွင်းမှာ ကိန်းအောင်းနေတဲ့ ရောဂါတွေ အပြင်ကို ရောက်သွားပါလိမ့်မယ်။

အင်္ဂုလိမာလသုတ် ဆိုတာ ပရိတ်ကြီး (၁၁)သုတ်မှာ အတိုဆုံးပါပဲ။ ကျက်ရလွယ်ပါတယ်။ အဓိကကတော့ ယုံကြည်ကိုးစားမှုအပေါ် အခြေခံပြီး ခန္ဓာကိုယ်အတွင်းက ရောဂါဟာ အပြင်ကိုရောက်ပြီး ပျောက်ကင်းသွားလိမ့်မယ်ဆိုတာကို ယုံယုံကြည်ကြည်နဲ့ ရွတ်ကြပါ"

ဟု ရေးသားဖော်ပြထားပါသည်။

ဆောင်းပါးရှင် ဖော်ပြထားသော ဆရာတော်၏မိန့်ကြားချက်သည် ရောဂါပျောက်ချင်လွန်းသူ ကျွန်တော့်အတွက် ဆေးနည်းတစ်မျိုးဖြစ်ခဲ့ပါသည်။ နောက်ဆုံးအားကိုးရာ ကောက်ရိုးတစ်မျှင်လည်း ဖြစ်ပါသည်။ ပရိတ်ကြီးစာအုပ်သည်လည်း အရန်သင့်ရှိနေသည်ဖြစ်၍ ချက်ချင်းပင် ပါဠိစာသားများကို အလွတ်ရအောင် ကြိုးစားကျက်မှတ်တော့သည်။ အနက်ပြန်ထားခြင်းမရှိ၍ ခန္ဓာကိုယ်အတွင်းမှရောဂါဘယများ အပြင်သို့ထွက်သွားမည်ဟုနှလုံးသွင်းကာ သတိရသည့်အချိန်တိုင်းလိုလို ရွတ်ဆိုနေမိပါတော့သည်။ ကျွန်တော့်ယုံကြည်မှုနှင့် ပရိတ်တော်၏အစွမ်းကြောင့် (၅)ရက်ခန့်ကြာသောအခါ တင်ပါးခွက်အတွင်းမှ စူးအောင့်ခြင်းနှင့် ခြေတစ်ဖက်လုံး ထုံကျဉ်ခြင်း ဝေဒနာများသည် တဖြည်းဖြည်းလျော့ပါးလာသည်ကို သတိထားမိပါသည်။ လူမှာလည်း အလိုလိုပင် ဝမ်းသာစိတ်၊ ကြည်နူးစိတ်များကြောင့် ထမင်းစားချိန်နှင့် အိပ်ချိန်မှအပ အင်္ဂုလိမာလသုတ်ကိုသာ နှုတ်မှ အလိုလို ရွတ်ဆိုနေမိလျက်သား ဖြစ်နေပါတော့သည်။ (၁၀) ရက်ကျော်ခန့်တွင် တင်ပါးခွက်မှစူးအောင့်သည့်ဝေဒနာသည် သိသိသာသာပင် သက်သာလာသည်ကို တွေ့ရပေသည်။ ဝမ်းသာလိုက်သည်မှာ ဖော်မပြတတ်အောင်ပင် ဖြစ်သည်။ တစ်ချိန်လုံး ကျွန်တော်၏အခြေအနေကို အကဲခတ်နေသော ညီဖြစ်သူက-

"အစ်ကိုကြီးကြည့်ရတာ တော်တော်သက်သာလာတယ်နဲ့ တူတယ်။ လမ်းလျှောက်ရင် အရင်လိုမဟုတ်တော့သလိုဘဲ။ မနေ့က ဂဟေဆော်ပြီးတဲ့အချိန် ကြည့်လိုက်တော့လည်း အရင်လိုလဲကျမလိုဖြစ်မလားလို့ လှမ်းကြည့်နေတာ၊ ဘာမှမဖြစ်တော့ အံ့သြနေတာ။ ဘာဆေးနဲ့ သက်သာသွားတာလဲ"

"ဘုရားဆေးပေါ့ ညီလေးရာ"

"ဗျာ- ဘုရားဆေး၊ ဟုတ်လား"

"ဟုတ်တယ် ညီလေးရေ"

ဟု ဆိုကာ အင်္ဂုလိမာလသုတ်ကို ရွတ်ဖတ်ပူဇော်ခြင်းကြောင့် သက်သာလာပုံကို အစ၊ အဆုံး ရှင်းပြလိုက်လေသည်။

"ဒါကြောင့် အစ်ကိုကြီးကိုကြည့်လိုက်တိုင်း ဘယ်သူနဲ့မှ စကားသိပ်မပြောတော့ဘဲနဲ့ ပါးစပ်က လှုပ်စိလှုပ်စိနဲ့ လုပ်နေတာကိုး"

ဟုဆိုကာ ရယ်မောနေလေတော့သည်။

ထိုအချိန်မှ စတင်၍ မြတ်စွာဘုရားရှင်၏ပရိတ်တော်များအစွမ်းကို ဟုတ်နိုးနိုးအဆင့်မှ အကြွင်းမဲ့ ယုံကြည်သောသူတစ်ယောက် ဖြစ်လာပါတော့သည်။ တင်ပါးခွက်အတွင်းမှ စူးအောင့်သည့်ဝေဒနာနှင့် ခြေတစ်ဖက်လုံး ထုံကျဉ်သည့်ဝေဒနာများမှာလည်း ယနေ့ထိတိုင်ပြန်ပေါ်မလာတော့ပါ။ တစ်ဆင့်ကြား၊ တစ်ဆင့်သိမှ ကိုယ်တိုင်သိ၊ ကိုယ်တိုင်ကြုံအဆင့်ကြောင့် မြတ်စွာဘုရားရှင်ကို အကြိမ်ကြိမ် ဦးညွှတ် ရှိခိုးမိနေပါတော့သည်။

ယုံကြည်မှုအပေါ်တွင် အခြေခံသော ကိုယ်တွေ့ဖြစ်ရပ်သည် အားကိုးမှု ဟူ၍ ဖြစ်ပေါ်လာသောအခါ ဘုရား၊ တရား၊ သံဃာ ဟူသည့် ရတနာသုံးပါးသည် ဗုဒ္ဓဘာသာဝင်တိုင်း၏ ကိုးကွယ်ရာအစစ်အမှန်ဖြစ်သည် ဟူ၍ကား အသက်ထက်ဆုံး နားလည်ထားပါတော့သည်။

အောင်ကျော်ဦး(ဖလေး)

www.burmeseclassic.com

အံ့ဖွယ်ရောင်ခြည်တော်တို့
ထူးခြားစွာကွန့်မြူးတော်မူသော

# ကျောက္ကာရွှေဂူနီ မြတ်စွာဘုရားကြီး

(မုံရွာ)
ညီညီထွန်း



ရောင်ခြည်တော်ကွန့်မြူးခဲ့သော အံ့ဖွယ်ကိုးပါးနဲ့ ထင်ရှားတဲ့
ကျောက္ကာ ရွှေဂူနီဗုဒ္ဓရုပ်ပွားတော်မြတ်အား စာရေးသူ ရွှေသက်နိုးများ ကပ်လှူပူဇော်နေစဉ်

ကျောက္ကာရွှေဂူနီဘုရားကြီးရဲ့ဗုဒ္ဓပူဇနီယဘုရားပွဲတော် ဆွမ်းလောင်းလှူမျာ်ဖြစ်သော ၁-၆-၂၀၁၃၊ ကဆုန်လပြည့်ကျော် (၈) ရက်မှာ စေတီထီးတော်ကနေ ရောင်ခြည်တော်တွေကွန့်မြူးသွားကြောင်း သတင်းတစ်ရပ်ကို ၄-၆-၂၀၁၃ နေ့က ကြားသိလိုက်ရပါတယ်။ သတင်းကြားတယ်ဆိုရင်ပဲ စာရေးသူရဲ့အစ်ကိုဖြစ်သူဟာ ဂျာနယ်သတင်းထောက်ပီပီ အကျခိုင်လုံတဲ့သတင်းတစ်ပုဒ် ရရှိရန်အတွက် ကျောက္ကာရွာမှာနေထိုင်တဲ့ ဒေသခံ ကျေးရွာဥက္ကဋ္ဌထံသို့ ဖုန်းနဲ့ဆက်သွယ်မေးမြန်းပါတယ်။

ဖုန်းဆက်မေးမြန်း သိရှိရတာကတော့ ဗုဒ္ဓပူဇနီယ ဆွမ်းလောင်းပွဲကြီးရဲ့ အကြိုရက်ဖြစ်တဲ့ ၃၁-၅-၂၀၁၃၊ ကဆုန်လပြည့်ကျော် (၇) ရက်နေ့က ရွှေဂူနီစေတီရဲ့မြောက်ဘက် လိုဏ်ဂူတော်မုခ်ပေါက်အတွင်းက ရွှေစင်ရွှေသားတို့ဖြင့် ရွှေတုံးကြီးပမာဖူးတွေ့ရတဲ့ ဗုဒ္ဓရုပ်ပွားတော်မြတ်ရဲ့ဦးခေါင်းတော်ရှေ့ မျက်နှာတော်တစ်ဝိုက်မှာ ဆင်စွယ်ရောင်အဖြူတန်းဖြင့် ဆင်စွယ်သဏ္ဌာန် ရောင်ခြည်တော်ကွန့်မြူးတာကို ဘုရားဖူးလာရောက်သူများနှင့် ပွဲတော်လာဈေးသည်များ ကိုယ်တွေ့မျက်မြင် ဖူးတွေ့လိုက်ကြရကြောင်း၊ ဘုရားပွဲဆွမ်းလောင်းလှူမယ့် ၁-၆-၁၃၊ ကဆုန်လပြည့်ကျော် (၈)ရက်နေ့ မနက် (၈) နာရီခန့်တွင်လည်း စေတီတော်ကြီးအထက်ဘက်မိုးပေါ် ကနေ ဖြူဖွေးသောအလင်းတန်းကြီးဟာ ထီးတော်ပေါ်သို့ ထိုးစိုက်လျက် (၃၇) မိနစ် ကြာအောင် ရောင်ခြည်တော်ကွန့်မြူးခဲ့တာကို မျက်မြင်ဖူးတွေ့ဖို့ လာရောက်တဲ့ ဘုရားဖူးပရိသတ်တွေ များပြားခဲ့တာကြောင့် အုတ်အော်သောင်းတင်းဖြစ်ခဲ့ရတဲ့ အခြေအ



CCTV ကင်မရာဖြင့် မှတ်တမ်းတင်ရိုက်ကူးထားသော ရွှေဂူနီစေတီထီးတော်မြတ်အား
အဖြူရောင်အလင်းတန်းကြီး ထိုးစိုက်ကျရောက်နေပုံကို တွေ့မြင်ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



ရွှေဂူနီဗုဒ္ဓရုပ်ပွားတော်၏ ဦးခေါင်းတော်ရှေ့မျက်နှာတော်တစ်ဝိုက်တွင် အဖြူရောင်ဆင်စွယ်သဏ္ဍာန် ရောင်ခြည်တော် ကွန့်မြူးခဲ့ပုံကို တွေ့မြင်ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

နေ့အထိ ဖြစ်ခဲ့ရပါကြောင်း ပြန်လည်ပြောပြပါတယ်။

ဖုန်းသတင်းအရ ရွှေဂူနီဘုရားကြီးကနေ ရောင်ခြည်တော်များ ကွန့်မြူးတာဟာ ဟုတ်မှန်ကြောင်း သိလိုက်ရတော့ အစ်ကိုဖြစ်သူက သူ့ရဲ့ စာရေးဖော်ရေးဖက် မိတ်ဆွေသတင်းထောက်တစ်ဦးထံသို့ ဖုန်းနဲ့ထပ်မံဆက်သွယ်ပြီး အကျိုးအကြောင်း မေးမြန်းကြည့်တော့ ဘုရား ရောင်ခြည်တော် လွှတ်တာကို ကြားသိပြီးဖြစ်ကြောင်းနှင့် ဗုဒ္ဓရုပ်ပွားတော်ကနေ ဆင်စွယ်ပုံစံရောင်ခြည်တော်လွှတ်နေစဉ် ဘုရားဖူးတစ်ဦးက အမိအရ ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံ သူ့ထံတွင်ရရှိထားကြောင်း။ သတင်းနှင့်ဆောင်းပါးများရေးသားရာတွင် လိုအပ်မယ့် ဘုရားဓာတ်ပုံတော်ကို လာယူမယ်ဆိုရင် ကူညီဖို့အသင့်ရှိကြောင်း ပြန်ပြောပါတယ်။ ဒါနဲ့ အစ်ကိုဖြစ်သူကလည်း ချက်ချင်းဆိုသလိုပင် ဘုရားပုံတော်ရယူဖို့အတွက် မိတ်ဆွေသတင်းထောက်ထံသို့ ထွက်သွားပါတော့တယ်။ မကြာခင်မှာပင် အစ်ကိုဖြစ်သူ အိမ်ပြန်ရောက်တော့ စာရေးသူကို ရောင်ခြည်တော်ကွန့်မြူးနေတဲ့ဘုရားပုံတော်ကို ပြပါတယ်။ ဓာတ်ပုံထဲမှာက ဖြူဖွေးနေတဲ့ ဆင်စွယ်ပုံစံ ရောင်ခြည်တော် အလင်းတန်းကြီးဟာ ဗုဒ္ဓရုပ်ပွားတော်ရဲ့ရှေ့မျက်နှာတော်တစ်ဝိုက်ကို လွှမ်းခြုံထားတာကို ဖူးတွေ့ရတာပါ။

ရွှေဂူနီဗုဒ္ဓရုပ်ပွားတော်က ရောင်ခြည်တော်လွှတ်နေတဲ့ ဓာတ်ပုံတော်ကို ဖူးတွေ့လိုက်ရတော့ စာရေးသူလည်း အများပြည်သူတို့ကို ဆောင်းပါးရေးသားပြီး အသိပေးလိုတဲ့စိတ်ဆန္ဒ ဖြစ်ပေါ်လာရပါတယ်။ ဘုရားကြီး ရောင်ခြည်တော်ကွန့်မြူးတာနဲ့ပတ်သက်ပြီး သိလိုတဲ့အချက်အလက်များကို ဘုရားဂေါပကအဖွဲ့ထံ သွားရောက်မေးမြန်းရန်နှင့် ရောင်ခြည်တော်လွှတ်ကြောင်း အတည်ပြုချက်ရယူဖို့ လိုအပ်လာတာကြောင့် နောက်တစ်နေ့ ၅-၆-၂၀၁၃ ရက်နေ့ နေ့လယ်ပိုင်း တစ်နာရီခွဲမှာ ကျောက်ကာရွာရှိ ဆုတောင်းပြည့် ရွှေဂူနီဘုရားကြီးထံတော်ပါးဆီသို့ အရောက်သွားဖြစ်ပါတော့သည်။

စာရေးသူတို့ ရွှေဂူနီဘုရားကို ရောက်ရှိသွားတော့ ဗုဒ္ဓပူဇနီယဘုရားပွဲတော်နဲ့ တိုက်ဆိုင်နေတာကြောင့် ဈေးဆိုင်ခန်းများနှင့် ပွဲတော်လာ ဧည့်ပရိသတ်တို့ကို တွေ့မြင်ရပါသည်။ စာရေးသူတို့ညီအစ်ကိုလည်း ပွဲဈေးတန်းကို ဖြတ်လျှောက်လာရင်း ဘုရားကြီးရဲ့ အာရုံခံအတွင်းဘက်ကို ဝင်လိုက်ကြသည်။ ဦးစွာ ဂေါပကအဖွဲ့ကိုစုံစမ်းကြည့်တော့ ဂေါပကဥက္ကဋ္ဌက ကျောက်ကာရွာထဲရှိ နေအိမ်သို့ ခဏပြန်သွားကြောင်း သိရတဲ့အတွက် အစ်ကိုဖြစ်သူက လာရင်းကိစ္စကို ဖုန်းနဲ့ဆက်သွယ်အကူအညီတောင်းတော့ မကြာခင် ဘုရားသို့အရောက်လာမယ့်အတွက် ခဏစောင့်ရန် အကြောင်းပြန်ပါတယ်။ စာရေးသူတို့လည်း ဂေါပကဥက္ကဋ္ဌ ရောက်လာမယ့် အချိန်ကို စောင့်ရင်း အချိန်အနည်းငယ် ရတာကြောင့် ရွှေဂူနီ ဗုဒ္ဓရုပ်ပွားတော် ကိန်းဝပ်တော်မူရာ လိုဏ်ဂူတော်အတွင်းသို့ ဝင်ရောက်ပြီး ရုပ်ပွားတော် ကိန်းဝပ်တော်မူရာ လိုဏ်ဂူတော်အတွင်းသို့ ဝင်ရောက်ပြီး ရုပ်ပွားတော်အား ရွှေသင်္ကန်းများကပ်လှူပူဇော်ခြင်းနှင့် ဘုရားဝတ်ပြုခြင်းများကို ပြုလုပ်ဖြစ်ပါတယ်။

စာရေးသူတို့လည်း ဘုရားဝတ်ပြုပြီးနောက် လိုဏ်မုခ်အတွင်းရှိ ရုပ်ပွားတော်ကို ရွှေသင်္ကန်းကပ်လှူရာတွင် အကူအညီပေးပြီး ဗုဒ္ဓဝေယျာဝစ္စတွေကို ဆောင်ရွက်နေတဲ့ အကျိုးတော်ဆောင်တစ်ဦးနဲ့ စကားစမြည်ပြောရင်း ရုပ်ပွားတော်က ရောင်ခြည်လွှတ်တာနဲ့ ပတ်သက်ပြီး မေးမြန်းဖြစ်တယ်။ အဲဒီ ဘုရားအကျိုးတော်ဆောင် ဝေယျာဝစ္စဆောင်ရွက်နေသူ ပြောပြတာကတော့ ၃၁-၅-၂၀၁၃၊ ကဆုန်လပြည့်ကျော် (၇) ရက်နေ့ နေ့လယ်ပိုင်း (၂) နာရီလောက်မှာ ရုပ်ပွားတော်က ရောင်ခြည်တော်လွှတ်တာကို ဘုရားဖူးတွေနဲ့ ပွဲတော်လာ ဈေးသည်များ ဖူးတွေ့လိုက်ရပြီး အချို့က ဘုရားရောင်ခြည်လွှတ်တာကို ကင်မရာနဲ့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသွားနိုင်သူတွေရှိခဲ့ပါကြောင်း။ သူ့အနေနဲ့ ဘုရားမှာ တာဝန်ချိန်မရှိတာကြောင့် အိမ်ပြန်ရောက်နေတဲ့အတွက် ဘုရားရောင်ခြည်လွှတ်တာ မဖူးတွေ့လိုက်ရကြောင်း။ ဘုရားပွဲ ဆွမ်းလောင်းလှူမယ့် နောက်တစ်နေ့ ၁-၆-၂၀၁၃၊ ကဆုန်လပြည့်ကျော် (၈) ရက်နေ့မှာ စေတီရှိထီးတော်ပေါ်ကို အလင်းတန်းကြီး ထိုးစိုက်ဖြစ်ပေါ်လာမှုကိုတော့ သူ့အနေနဲ့ မျက်မြင်ကိုယ်တွေ့ ဖူးတွေ့လိုက်ရပါကြောင်း ရှင်းလင်းပြောပြပါတယ်။ သိလိုသမျှရှင်းပြပေးတဲ့ ဗုဒ္ဓဝေယျာဝစ္စဆောင်ရွက်နေသူကို ကျေးဇူးတင်စကားဆိုရင်း လိုဏ်မုခ်အတွင်းက ထွက်ခဲ့ကြတယ်။ အဲဒီနောက် စာရေးသူတို့ကို ဂေါပကအဖွဲ့ဝင်တစ်ဦးကဦးဆောင်ခေါ်ယူလျက် ဂေါပကရုံးခန်းရှိရာ သွားရောက်ကြပါတယ်။

ဂေါပကရုံးခန်းရောက်တော့ ဂေါပကဥက္ကဋ္ဌ ရောက်လာမယ့် အချိန်ကို ခဏစောင့်ရင်း အတူပါလာတဲ့ ဂေါပကအဖွဲ့ဝင်တစ်ဦးကို ဘုရားရောင်ခြည်တော်လွှတ်တာနဲ့ ပတ်သက်ပြီး ထပ်မံမေးမြန်းမိပြန်တယ်။ အဲဒီလို သိလိုတာကိုမေးကြည့်မိတော့ သူ့အနေနဲ့ စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်ကနေ ရောင်ခြည်တော်လွှတ်တာနှစ်မျိုးလုံးကို ကိုယ်တွေ့မကြုံလို့ မျက်မြင်မတွေ့လိုက်ရပါကြောင်း၊ ဘုရားကြီးမှာ အချိန်ပြည့်တပ်ဆင်ထားတဲ့ (CCTV) လုံခြုံရေးကင်မရာမှာအတွင်းမှာတော့ စေတီကနေ ရောင်ခြည်လွှတ်တာကို မှတ်တမ်းတင် ရိုက်ကူးထားနိုင်တဲ့အတွက် စေတီထီးတော်ပေါ် အလင်းတန်းကြီး ထိုးစိုက်လာတာကိုတော့ (CCTV) ကင်မရာမှာ ထင်ထင်ရှားရှား တွေ့မြင်ခဲ့ရပါကြောင်း၊ ရုပ်ပွားတော်မှ ရောင်ခြည်လွှတ်တာကိုတော့ (CCTV) ကင်မရာမှာ မှတ်တမ်းတင်ရိုက်ကူးထားခြင်းမရှိဘဲ ဘုရားဖူးအချို့ ကင်မရာနဲ့ဓာတ်ပုံရိုက်တဲ့အခါ ရုပ်ပွားတော် ရောင်ခြည်လွှတ်နေတဲ့ပုံတော်ကို ထူးခြားစွာ ရိုက်ကူး မှတ်တမ်းတင်နိုင်ခဲ့ပါကြောင်း၊ အရင်တစ်ခါတုန်းကလည်း ဘုရားဖူးလာသူတစ်ဦးက ရုပ်ပွားတော်အား ဒီဂျစ်တယ်ကင်မရာဖြင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးလိုက်ရာ ဘုရားရဲ့ မျက်လုံးတော်များ ပွင့်တော်မူလာတဲ့ ပုံတော်ကို ထူးခြားစွာတွေ့မြင်ခဲ့ရကြောင်း၊ အဲဒီ ဒီဂျစ်တယ်ကင်မရာအတွင်းက မျက်လုံးတော်ဖွင့်နေတဲ့ ရုပ်ပွားတော်ဓာတ်ပုံကို ကွန်ပျူတာထဲထည့်ပြီး ကြည့်တဲ့အခါ ဘုရားရဲ့မျက်လုံးတော် မပွင့်တော့တဲ့ဖြစ်စဉ်မျိုး ရှိခဲ့ဖူးပါကြောင်း၊ အဲဒီဖြစ်စဉ်ကဲ့သို့ပင် အခုလည်း (CCTV) ကင်မရာမှာ ရုပ်ပွားတော် ရောင်ခြည်လွှတ်တာ မဖြစ်ပေါ်တော့ဘဲ ဖူးမြော်ပူဇော်ထိုက်တဲ့ ဘုရားဖူးလာရောက်သူများကိုသာ မျက်ဝါးထင်ထင် တွေ့မြင်ရအောင် ဆန်းကြယ်လှတဲ့ ဆင်စွယ်ပုံစံ ရောင်ခြည်တော်ကို ထူးခြားစွာ ကွန့်မြူးတော်မူလိုက်ခြင်းဟာ ဘုရားကြီးရဲ့တန်ခိုးတော်ကြောင့်လို့ ယုံကြည်ရပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောပြပါတယ်။

စာရေးသူတို့ညီအစ်ကိုလည်း ဂေါပက အဖွဲ့ဝင်တစ်ဦးနဲ့ စကားလက်ဆုံပြောနေစဉ်မှာဘဲ ရွှေဂူနီဘုရားကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com

[illegible] ရောက်လာတဲ့ ရွှေ [illegible] ရောက်လာ [illegible] ပါ တယ်။ စာရေးသူတို့ ညီအစ်ကိုနှင့် ဘုရားဂေါပကလူကြီးများ မျက်နှာစုံညီ တွေ့ဆုံကြသခိုက်မှာ ဂေါပကဥက္ကဋ္ဌ ဦး ညှိစိန်အား ဘုရားရောင်ခြည်တော်လွှတ် တာနဲ့ပတ်သက်ပြီး အတည်ပြု ပြောပြ ပေးဖို့ တောင်းဆိုမိပါတယ်။ စာရေးသူ ရဲ့တောင်းဆိုမေးမြန်းမှုကို ရွှေဂူနီဘုရား ကြီးရဲ့ဂေါပကဥက္ကဋ္ဌဦးညှိစိန်က အခုလို စိတ်ရှည်လက်ရှည် သုံးသပ်ပြီး အတည် ပြု ပြောပြပေးပါတော့တယ်။

"ကျွန်တော်တို့အနေနဲ့ ဝိဝါဒတော့ မကွဲဘူးပေါ့။ ဘုရားကြီးထီးတော်ကို အ ရောင်တန်းကြီး ထိုးကျလာတဲ့အတွက် အများစုကတော့ ရောင်ခြည်တော်လို့ သတ်မှတ်ကြတာပေါ့။ အဲဒါမျိုးတွေ လည်းရှိတတ်ပါတယ်။ ရောင်ခြည်တန်း ကြီး ထီးတော်ပေါ်ထိုးကျတာ ဘုရားပွဲ ဆွမ်းလောင်းရက်ဖြစ်တဲ့ ကဆုန်လပြည့် ကျော် (၈)ရက်နေ့ မနက် (၈)နာရီမှာပါ။ ဆွမ်းလောင်းတာက (၁၁) နာရီလောက် မှာမှလောင်းနိုင်တာပါ။ ဘုရားဖူးကား တွေက ကျပ်နေတယ်။ အသွားအလာ ခက်ခဲတဲ့အတွက် (၁၁) နာရီလောက်မှ ဆွမ်းလောင်းပွဲ လုပ်ဖြစ်ပါတယ်။ ပင့် သံဃာ (၁၉၆) ပါးကို အနည်းဆုံး ဆွမ်း လောင်းသပိတ်က ကျပ်ငါးသောင်းက နေ ရှစ်သိန်း ခုနစ်သောင်းထိ မဲဖောက် လှူဒါန်းပေးပါတယ်။

အဘ ရွှေဂူနီဘုရားမှာ ဥက္ကဋ္ဌလုပ် လာတာ သက်တမ်း (၂၅) နှစ်အတွင်း မှာ ရောင်ခြည်တော်လွှတ်တာ ဒါ ပထမ ဦးဆုံးကြုံရတာပါ။ ကိုယ်တိုင်ကြုံတွေ့ရ တာကတော့ မဟုတ်ဘူးပေါ့။ အခြားသူ တွေ အုတ်အော်သောင်းတင်းဖြစ်ပြီး သိ ရတာတို့၊ (CCTV) ကင်မရာမှတ်တမ်း ထဲကနေ ဖူးရတာတို့ပေါ့ကွယ်။ စေတီ တော်ကြီးက မနက် (၈) နာရီကနေ (၈) နာရီ (၃၇)မိနစ်အထိ (၃၇) မိနစ် ကြာ အောင် စေတီထီးတော်ကနေ ရောင် ခြည်တော်လွှတ်တာပါ။ ရုပ်ပွားတော်က တော့ ကဆုန်လပြည့်ကျော် (၇)ရက်နေ့ နေ့လယ်ပိုင်း (၂)နာရီ (၁)မိနစ်ကနေ (၂)နာရီ (၅)မိနစ်အထိကြာ ရောင်ခြည် တော်လွှတ်တာကို (CCTV) ကင်မရာမှာ မပေါ်ဘဲ ဘုရားဖူးတွေရဲ့ကင်မရာမှာ ပေါ်လာတာပါ။ စေတီတော်ကြီးကို ပြီး ခဲ့တဲ့ ဝါခေါင်လကစပြီး ရွှေသင်္ကန်းအ သစ်ပြန်ကပ်ဖို့လုပ်ငန်းစခဲ့ကြတယ်။ ရွှေ သင်္ကန်းကပ်ဖို့ ပြင်ဆင်တွေဆင်ပြီး သစ်စေး ပြန်သုတ်၊ တစ်ခါ သစ်စေးသုတ်ပြီး သစ် စေးအိပ်အောင်ဆိုပြီး ဝါခေါင်လကနေ (၅)လကြာအထိ လုပ်ရပါတယ်။ တစ်ခါ သုတ်ပြီးရင် အိပ်အောင်လို့(၁)လလောက် အနည်းဆုံးထားရ၊ နောက်တစ်ရေ ပြန် သုတ်ရတာပဲ။ (၃)ကြိမ်သုတ်ရတာ၊ (၃) လကြာတာပေါ့။ အဲဒါပြီးမှ ရွှေခံဆိုပြီး သုတ်ရတာ။ ပြီးမှ ရွှေချရတာလေ။ အဲ ဒီလို ရွှေသင်္ကန်းကပ်လှူတာ ပြီးခဲ့တဲ့ ဝါ ခေါင်လက စ,ခဲ့တာ အခုနှစ် တန်ခူးလမှ ပြီးတော့တာပါ။ လူအင်အားကတော့ အများကြီးမသုံးဘဲ နည်းနည်းနဲ့လက်ရာ ကောင်းအောင် အချိန်ယူပြီး ဆောင်ရွက် ခဲ့ပါတယ်။

စေတီတော်ကြီးကို ကြေးပေါင် များခွဲပြီး (၉)လက်မကြေးပြားများတပ် ပြီး အဲဒီအပေါ်မှာသစ်စေးသုတ်ပြီး ရွှေချ ခဲ့ပါတယ်။ ရွှေသင်္ကန်းကပ်တဲ့နေရာမှာ စေတီကြီးရဲ့အုတ်သားပေါ်မှာ ရွှေမချ တော့ဘဲ လုံးပတ်တော်ပုံစံအတိုင်း ကြေး ပေါင်ခွဲပြီး ရေရှည်ခံအောင် ရွှေသင်္ကန်း ကပ်တာဖြစ်ပါတယ်။ အခြား ဘုရားကြီး တွေမှာလည်း ဒီနည်းပဲသုံးတဲ့အတွက် ရေရှည်ခံအောင် (၁၀) နှစ်တစ်ကြိမ် ရွှေ သင်္ကန်းကပ်လှူခဲ့တာ ဒီနှစ်ပါဆိုရင် (၂) ကြိမ် ရှိပြီလေ။ ဒီတစ်ခါ စေတီတော်ရွှေ သင်္ကန်းကပ်ဖို့ (၉)လက်မရွှေပြားပေါင်း (၅၅၈၂) ခု ရှိပါတယ်။ ဒီနှစ်ပိုင်း တန်ခူး လမှာ ရွှေသင်္ကန်းကပ်လှူလို့ စေတီ တော်ကြီး ရောင်တော်ဖွင့်လုပ်ငန်းတွေ ပြီးဆုံးတဲ့အခါ တစ်ဆက်တည်းဆိုသလို ဒီနှစ် ကဆုန်လမှာပဲ ဗုဒ္ဓပူဇနီယဘုရား ပွဲတော်ကျင်းပတဲ့ရက်နဲ့ တိုက်တိုက်ဆိုင် ဆိုင် ဘုရားက ရောင်ခြည်တော်တွေ လွှတ်ခဲ့တာကတော့ ထူးခြားတယ်လို့ ဆို ရတော့မှာပေါ့ကွယ်"

စာရေးသူတို့လည်း ရွှေဂူနီဘုရား ကြီးရဲ့ဂေါပကဥက္ကဋ္ဌ ဦးညှိစိန်ရဲ့ ဘုရား ရောင်ခြည်တော်လွှတ်ခြင်းနဲ့ ပတ်သက် ပြီး အတည်ပြုပြောပြမှုများကို အသံဖမ်း စက်ဖြင့် သွင်းယူမှတ်သားထားပါတယ်။ ဂေါပကဥက္ကဋ္ဌကြီးက ဘုရားရောင်ခြည် လွှတ်တဲ့အကြောင်းတွေအပြင် ရွှေဂူနီ ဘုရားကြီးကို ဘက်စုံဖွံ့ဖြိုးတိုးတက် အောင်ဆောင်ရွက်ထားမှုများကို အချိန် အတော်ကြာ ပြည့်ပြည့်စုံစုံ ပြောပြပေး တာကြောင့် ရွှေဂူနီစေတီ ပရဝဏ်ပတ် ဝန်းကျင်ရှိ သာသနိကအဆောက်အအုံ များရဲ့ ကြည်ညိုဖွယ်ရာ အဖြာဖြာတို့ကို သိရှိမှတ်သားခဲ့ရပါတော့တယ်။ ဘုရား ရောင်ခြည်တော်လွှတ်တာနဲ့ ပတ်သက် လို့ ဂေါပကဥက္ကဋ္ဌရဲ့အတည်ပြုချက် ရ ယူပြီးဖြစ်တာကြောင့် ဗုဒ္ဓပူဇာဆောင်းပါး ရေးသားတဲ့အခါ လိုအပ်မယ့်မှတ်တမ်း ဓာတ်ပုံရယူဖို့ ဂေါပကဥက္ကဋ္ဌထံ ထပ်မံ အကူအညီတောင်းမိပြန်တယ်။ ဂေါပက ဥက္ကဋ္ဌ ဦးညှိစိန်က စေတီတော်ကနေ ရောင်ခြည်တော်လွှတ်စဉ်က (CCTV) ကင်မရာက ရိုက်ကူးထားတဲ့ မှတ်တမ်း များရှိကြောင်း ပြောပြပါတယ်။ ဒီလိုနဲ့ပဲ လုံခြုံရေး(CCTV)ကင်မရာတပ်ဆင်ထား ရာ ကွန်ပျူတာခန်းတည်ရှိတဲ့ ဘုရား အာရုံခံကြီးဘက်ကို ဂေါပကလူကြီးများ ဦးဆောင်ပြီး စာရေးသူတို့ညီအစ်ကိုအား ခေါ်ဆောင်သွားပါတော့တယ်။ (CCTV) ကင်မရာတပ်ဆင်ထားရာအခန်းအတွင်း သို့ရောက်တော့ ဂေါပကအဖွဲ့ဝင်တစ်ဦး က ကွန်ပျူတာနဲ့ မှတ်တမ်းတင်ထားတဲ့ ရွှေဂူနီ စေတီတော်ကနေ ရောင်ခြည် တော်ကွန့်မြူးတော်မူပုံကို ဖွင့်ပြပါတော့ တယ်။

ကွန်ပျူတာ ဖွင့်လိုက်တယ်ဆိုရင် ပဲ ဦးစွာ ရွှေဂူနီစေတီတော်ရဲ့ ပကတိ ကိန်းဝပ်တော်မူနေတဲ့ပုံတော်ကို ဖူးတွေ့ ရတာပါ။ စေတီပုံတော်ကို ဖူးမြော်နေ ရင်းက ကွန်ပျူတာအထက်ထောင့်နေ ရာရှိ အချိန်နာရီကိုဖော်ပြတဲ့နေရာမှာ မနက် (၈)နာရီတိတိအချိန်ကို ရောက်ရှိ တဲ့အခါ စေတီထီးတော်ကို အထက် ဘက်ကနေ ထူးခြားတဲ့ အဖြူရောင်အ လင်းတန်းတစ်ခု ထိုးစိုက်လာတာကို တွေ့မြင်ရပါတော့တယ်။ အဲဒီလို ထီး တော်ကို အဖြူရောင်အလင်းတန်းကြီး ထိုးကျလာတာကို ရောင်ခြည်တော်လွှတ် တယ်ဆိုပြီး လူအများ အုတ်အော် သောင်းတင်း ဖြစ်ခဲ့ကြတာပါ။ စေတီ ထီးတော်နေရာမှာ အဖြူရောင်အလင်း တန်းကြီးဖြစ်ပေါ်နေတာကို ကြည့်နေ ရင်းက ကွန်ပျူတာအချိန်နာရီဖော်ပြတဲ့ နေရာမှာ (၈) နာရီ (၃၇) မိနစ်ကိုလည်း ရောက်ရော ရောင်ခြည်တော်လွှတ်နေ တဲ့ အဖြူရောင်အလင်းတန်းကြီးဟာ ဖျတ်ခနဲ ကွယ်ပျောက်သွားတာကို ကွန် ပျူတာဖန်သားပြင်ပေါ်မှာ ထင်ထင်ရှား ရှား တွေ့မြင်လိုက်ရပါတယ်။ ကွန်ပျူ တာကိုင်တွယ်နေတဲ့ ဂေါပကအဖွဲ့ဝင် တစ်ဦးကို နောက်တစ်ကြိမ် ထပ်မံဖွင့်ပြ ရန် အကူအညီတောင်းပြီး ထီးတော်ကို



www.burmeseclassic.com

www.burmeseclassic.com

အလင်းတန်းကျရောက်တာ အထင်ရှားဆုံးဖြစ်မယ့်အနေအထားမှာ ကွန်ပျူတာကိုခေါရပ်စေပြီး အစ်ကိုဖြစ်သူက ရောင်ခြည်တော်ကွန့်မြူးပုံကို ဒီဂျစ်တယ်တင်ရောဖြင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ပါတယ်။ အခုလို ကွန်ပျူတာထဲကနေ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးလိုက်ရခြင်းဟာ စာရေးသူအနေနဲ့ ဘုရားရောင်ခြည်တော်လွှတ်တာကို မျက်မြင်ကိုယ်တွေ့ ကြုံကြိုက်လိုက်ရပေမယ်လို့ ဂေါပကအဖွဲ့ဝင်တွေရဲ့ အတည်ပြုချက်တွေ၊ (CCTV) ကင်မရာက တိကျခိုင်လုံစွာ မှတ်တမ်းတင် ရိုက်ကူးထားမှုတွေ၊ မျက်မြင်ကိုယ်တွေ့ရှိသူများရဲ့ ဖွင့်ဟပြောပြမှုတွေကိုအခြေခံပြီး သံသယကင်းကင်း ရှင်းရှင်းနဲ့ ဘုရားရောင်ခြည်တော်လွှတ်ပုံကို အများပြည်သူတို့ ကြည်ညိုဖူးမြော်နိုင်စေဖို့ အထူးရည်ရွယ်လျက် အစ်ကိုဖြစ်သူအား မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးစေခဲ့ခြင်း ဖြစ်ပါတယ်။ စာရေးသူ သတ်ဝယ်မှာရှိနေတဲ့ ဗုဒ္ဓရုပ်ပွားတော် ရောင်ခြည်တော်လွှတ်တော်မူပုံနှင့် အခု ကွန်ပျူတာထဲက ရိုက်ကူးထားတဲ့ စေတီက ရောင်ခြည်တော် လွှတ်တော်မူပုံတို့ကို ဗုဒ္ဓပူဇာအဖြစ် ဆောင်းပါးရေးသားရာတွင် မှတ်တမ်းဓာတ်ပုံအဖြစ် အသုံးပြုနိုင်ကို ဂေါပကဥက္ကဋ္ဌဦးညိုစိန်ထံတောင်းဆိုကြည့်ရာ ကြည်ကြည်ဖြူဖြူ ခွင့်ပြုခဲ့ပါတယ်။

စာရေးသူတို့ ညီအစ်ကိုလည်း (CCTV) ကင်မရာဖြင့်မှတ်တမ်းတင်ထားတဲ့ စေတီရောင်ခြည်လွှတ်ပုံကို ဖူးမြော်မှတ်တမ်းတင်ပြီးနောက် ဂေါပကအဖွဲ့ဝင်များနဲ့အတူ ကွန်ပျူတာခန်းထဲမှထွက်ခဲ့ကြသည်။ အဲဒီနောက် စာရေးသူတို့ ညီအစ်ကိုအား ဂေါပကလူကြီးများက ဦးဆောင်ခေါ်ယူလျက် စေတီရင်ပြင်သို့ သွားရောက်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ထားတဲ့ စေတီပရဝုဏ်ဝန်းကျင်ရှိ သာသနိက အဆောက်အအုံများကို လိုက်လံရှင်းလင်း ပြသကြပါသည်။ စာရေးသူအနေနဲ့ ရွှေဂူနီစေတီအား တင့်တယ်သပ္ပာယ် ကြည်ညိုဖွယ်ဖြစ်အောင် အဘက်ဘက်က တတ်စွမ်းသမျှ ထောင့်စုံဘက်စုံ ဆောင်ရွက်ထားမှုများကို ကျေနပ်အားရလောက်အောင် တွေ့မြင်လိုက်ရတာကြောင့် ဂေါပကအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများရဲ့ ကြိုးပမ်းမှုများကိုရော တတ်စွမ်းသမျှ ပါဝင်ကူသိလ်ပြုခဲ့ကြတဲ့ အလှူရှင်တို့ရဲ့ ကောင်းမှုအဖို့ဘာဂတို့ကို သာဓု



အနုမော်ဒနာခေါ် ဆိုရင်း မုဒိတာတရားတွေ ပွားများမိပါတော့တယ်။ စေတီရင်ပြင် တစ်ပတ်လှည့်လည် လေ့လာကြည်ညိုပြီးနောက် ရွှေသင်္ကန်းကပ်လှူပြီး ရောင်တော်ဖွင့်ထားတဲ့ ရွှေဂူနီစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပါတယ်။ စေတီတော်မြတ်ကြီးကို ဖူးမြော်ရင်း ဘုရားကြီး ရောင်ခြည်တော်လွှတ်ခဲ့ခြင်းနဲ့ပတ်သက်ပြီး စာရေးသူကိုယ်တိုင် လေ့လာသိရှိခဲ့ရတဲ့ တိုက်ဆိုင်မှုတစ်ခုဟာ ထူးထူးခြားခြားရှိလှတာကြောင့် စာရှုသူတို့ သိရှိရအောင် တင်ပြပါဦးမယ်။

စာရေးသူ ကိုယ်တွေ့ ထူးခြားတဲ့ တိုက်ဆိုင်မှုဆိုတာကတော့ ရွှေဂူနီဗုဒ္ဓရုပ်ပွားတော်က ရောင်ခြည်တော်လွှတ်ခဲ့တဲ့နေ့ရက်ဟာ ကဆုန်လပြည့်ကျော် (၇) ရက်နေ့ဖြစ်ပြီး ရောင်ခြည်လွှတ်တဲ့အချိန်က နေ့လယ် (၂) နာရီတနေ စတင်လို့ (၅)မိနစ်ကြာမြင့်ခဲ့ပါတယ်။ အချိန်နာရီနှင့်မိနစ်တို့ကို ဖော်ပြတဲ့ (၂) နှင့် (၅) ကိန်းဂဏန်းနှစ်ခုကို ပေါင်းကြည့်လိုက်ရင် ရလဒ်က (၇) ဖြစ်နေပေရာ ရောင်ခြည်တော်လွှတ်တဲ့နေ့ရက် (၇) ဂဏန်းနဲ့ သွားတိုက်ဆိုင်နေပါတယ်။ တစ်ဖန် စေတီကြီးက ရောင်ခြည်တော်လွှတ်တဲ့ နေ့ရက်၊ အချိန်တွေ တိုက်ဆိုင်မှုကလည်း ပိုပြီး အံ့သြဖို့ကောင်းတာပါ။ စေတီက ရောင်ခြည်တော်လွှတ်တဲ့နေ့ရက်ဟာ ကဆုန်လပြည့်ကျော် (၈) ရက်နေ့ မနက် (၇) နာရီဖြစ်တဲ့အတွက် နေ့ရက်နဲ့ ရောင်ခြည်စလွှတ်ချိန်တို့ တိုက်ဆိုင်နေပါတယ်။ စေတီက ရောင်ခြည်စလွှတ်ချိန် (၈) နာရီနှင့် ရောင်ခြည်တော်လွှတ်ပြီးချိန် (၈) နာရီ (၃၇) မိနစ်တို့ကနေ (၈) ကိန်းဂဏန်းနှစ်လုံးနှင့် (၃၇) ကိန်းဂဏန်းတို့ကို ပေါင်းကြည့်လိုက်ပြန်တော့ (၈ + ၈ + ၃၇ = ၅၃) ရပါတယ်။ အဲဒီပေါင်းလဒ် (၅၃) ကို (၅) ဂဏန်းနဲ့ (၃) ဂဏန်းတို့ကို ပေါင်းကြည့်လိုက်တော့ ရလဒ်က (၈) ဂဏန်းပင်ပြန်ရတာကြောင့် ရောင်ခြည်လွှတ်တဲ့ ရက်ကလည်း (၈) ရက်၊ ရောင်ခြည်တော် စလွှတ်ချိန်ကလည်း (၈) နာရီ၊ နာရီ၊ မိနစ်တွေ အားလုံးပေါင်းကြည့်လို့ နောက်ဆုံးရလဒ်ကလည်း (၈) ကိန်းဂဏန်းဖြစ်နေရာ အားလုံး (၈) ကိန်းဂဏန်းတို့နဲ့ တိုက်ဆိုင်တူညီနေတာကို တအံ့တသြ လေ့လာသိရှိရပါတယ်။ ဘာကြောင့် ဘယ်လိုထူးခြားတဲ့တိုက်ဆိုင်မှုတွေ ဖြစ်လာရသလဲ ဆိုတာကိုတော့ စာရေးသူကိုယ်တိုင် ဉာဏ်လိုက်မမီတဲ့အတွက် တိကျတဲ့အဖြေရဖို့ဆိုတာ မလွယ်ကူလှပေမယ်လို့ ရောင်ခြည်လွှတ်တဲ့နေ့ရက်၊ ရောင်ခြည်တော်စလွှတ်တဲ့အချိန်နှင့် နာရီ၊ မိနစ်တွေရဲ့ ပေါင်းလဒ်တွေဟာ တစ်ထပ်တည်းတူညီနေတာကတော့ ထူးခြားပြီး အံ့သြဖို့ကောင်းတယ်လို့ ဆိုရတော့မှာပါ။ အဲဒီလို မကြုံစဖူး ထူးထူးကဲကဲ တိုက်ဆိုင်မှုတွေနဲ့ အံ့ဖွယ်ရောင်ခြည်တော်တွေ ကွန့်မြူးတော်မူခဲ့တဲ့ ကျောက္ကာရွာ သမိုင်းဝင်ဆုတောင်းပြည့် ရွှေဂူနီ မြတ်စွာဘုရားကြီးကို ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးရဲ့ဂုဏ်တော်များကို အာရုံပြုလျက် လက်ဆယ်ဖြာ ထိပ်မှာမိုးလို့ နှုတ်ဆက်ဂါရဝ ရှိခိုးပူဇော် ကန်တော့လိုက်ပါတော့တယ်။ အဲဒီနောက် စာရေးသူတို့ ညီအစ်ကိုလည်း လိုအပ်သမျှ အကူအညီပေးခဲ့ကြသော ရွှေဂူနီဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးညိုစိန်နှင့် ဂေါပကအဖွဲ့ဝင်များကို ကျေးဇူးတင်စကားဆိုရင်း ဂါရဝပြု နှုတ်ဆက်ခဲ့ကြပါတယ်။ ဂေါပကလူကြီးများကိုနှုတ်ဆက်ပြီး ဘုရားပွဲဈေးတန်းကိုဖြတ်လျှောက်ခဲ့ရင်း ကျောက္ကာဒေသထွက်ကုန် ယွန်းထည်ပစ္စည်းများ ရောင်းချတဲ့ဆိုင်ကနေ သစ်စေးသုတ်ဆန်ကောတစ်ချပ်ကို အိမ်အပြန်လက်ဆောင်အဖြစ်ဝယ်ယူခဲ့ပြီး ကျောက္ကာရွာလေးကို နှုတ်ဆက် ထွက်ခွာလာခဲ့ကြပါတော့တယ်။

ညီညီထွန်း(မုံရွာ)



www.burmeseclassic.com

www.burmeseclassic.com



အကျိုးညွှန်ရာ ကြန်းသွား
ချောင်းဆုံအုန်းသွင်

(၃)

ရုပ်ဟာ ထိလို့ပဲ ရတယ်။ သိလို့မရဘူး။ အထိပဲရှိတယ်၊ အသိမရှိဘူး။ နာမ်က သိလို့ပဲရတယ်၊ ထိလို့မရဘူး။ အသိပဲ ရှိတယ်၊ အထိမရှိဘူး ဆိုတာ ခဏခဏပြောခဲ့တာမို့ ကောင်းကောင်း မှတ်မိပါပြီ။

ပြီးခဲ့တဲ့အပတ်က ရုပ်-ရုပ်ချင်းထိ၊ နာမ်က အဆင့်လေးဆင့်နဲ့သိ၊ နောက်ဆုံးအဆင့်ဖြစ်တဲ့ စေ့ဆော် တိုက်တွန်းချက်ဖြင့် နာမ်က ရုပ်ကိုခိုင်း၊ (စေ့ဆော်တိုက်တွန်း) နာမ်ခိုင်းတိုင်း ရုပ်က လိုက်လုပ်၊ ပုညာဘိသင်္ခါရ-အပုညာဘိသင်္ခါရ တွေဖြစ်၊ ကုသိုလ်ရလိုက်၊ အကုသိုလ်ရလိုက်နဲ့ ကုသိုလ်က ဝဋ္ဋကုသိုလ် ဆိုရင် ဒီကုသိုလ်၊ အကုသိုလ်တရားတွေနဲ့ သံသရာမှာ ကရွတ်ခွေ ကင်းလျှောက်သလို ဘယ်တော့မှ ဆုံးခန်းမရောက်နိုင်ဘဲလည်နေကြတယ်လို့ ဒီလို သိခဲ့၊ ကောက်ချက်ချခဲ့ရပါတယ်။

နာမ်က ရုပ်မရှိဘဲ မရပ်တည်နိုင်သလို ရုပ်ကလည်း နာမ်မရှိရင် သစ်တုံး၊ ကျောက်တုံးနဲ့ ဘာမှမခြားပါဘူး။ ဒါကြောင့် နာမ်နဲ့ ရုပ်ဟာ တစ်ဦးအပေါ် တစ်ဦး မရှိမဖြစ် မှီခိုနေရပါတယ်။ ဒါကို ဝိပဿနာတရားပြဆရာများက 'ကျေးနဲ့ကြန်း' လို့ ဥပမာပေးကြပါတယ်။ ခြေကျိုးနေသူ(ချိုင်းထောက်တို့၊ တွန်းလှည်းတို့နဲ့ သွားနိုင်တာ အသာထား။ အဲဒါတွေကလည်း နေရာတိုင်း သွားလို့ရတာ မဟုတ်ပါဘူး။) ဟာ လမ်းသွားလို့မရသလို မျက်စိကန်းနေသူဟာလည်း လမ်းသွားလို့မရပါဘူး။ ဆူးငြောင့်ခလုတ်၊ ချောက်၊ ကမ်း၊ တောင်ကုန်း၊ မြေပြန့်၊ ရေတွင်း၊ ရေကန် စတာတွေကို မမြင်ရလို့ ရမ်းသွားရင် လိုရာမရောက်ဘဲ ဒုက္ခပဲရောက်မှာပေါ့။ တကယ်လို့ မျက်စိကန်းပြီး ခြေထောက်ကောင်းနေတဲ့ ကြန်းက မျက်စိကောင်းပြီး ခြေထောက်ကျိုးနေတဲ့ ကျေးကို ထမ်းပြီး ကျေးလမ်းညွှန်ရာသွားရင် သွားလိုရာခရီးကို ရောက်တော့မပေါ့။

ဒီလိုပဲ အသိသာရှိပြီး အကောင်အထည်မရှိလို့ ဘာမှလုပ်မရတဲ့နာမ်ဟာ အကောင်အထည်ရှိပြီး အသိမရှိလို့ ဘာမှလုပ်မရတဲ့ ရုပ်နဲ့ပေါင်းပြီး လုပ်မရတဲ့ နာမ်က သူ့အသိနဲ့ လုပ်လို့ရပေမယ့် အသိမရှိတဲ့ရုပ်ကို စိတ်တိုင်းကျ လိုရာ စေခိုင်းနိုင်တာပေါ့။

ဒါကြောင့် -

ကြန်းလမ်းညွှန်၊ ကျေးလမ်းသွား (ကြန်းညွှန်ရာ ကျေးသွား) လို့ ဆိုခြင်းဖြစ်ပါတယ်။ ဒါဆိုရင် ကျေးက ကြန်းကို ဘယ်လိုလမ်းမျိုး အညွှန်များသလဲ။

ဘယ်လိုလမ်းမျိုးအညွှန်များသလဲဆိုတာကို လေ့လာမယ်ဆိုရင် ကျွန်တော်တို့မှာ ကိုယ်ခံအဟောင်းတွေက ဘာတွေရှိပြီး အသစ်တွေက ဘာတွေဝင်လာမလဲ ဆိုတာကို အရင်လေ့လာဖို့လိုမယ် ထင်ပါတယ်။ ကျွန်တော်တို့ရဲ့ ပင်မအခံကြီးက ဘာလဲလို့လေ့လာမယ်ဆိုရင် အဝိဇ္ဇာ ဆိုတာကို တွေ့ရပါမယ်။ အဝိဇ္ဇာ ဆိုတာနဲ့ တဏှာပါပြီးသားလို့ မှတ်ရပါမယ်။ အဝိဇ္ဇာ ဆိုတာ မောဟပဲ။ မောဟ ဆိုတာ အမှန်အားလုံးကို အမှန်မှန်း မသိလို့ ပစ်ပယ်ပြီး အမှားအားလုံးကို အမှားမှန်း မသိလို့ မှီဝဲ၊ ဒါ မောဟပဲ။ တစ်နည်းပြောရရင် ပညာမဲ့ခြင်းပါပဲ။ ပညာ ဆိုတာ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြား (ခွဲခြား) ပြီး သိခြင်းပဲ။ တဏှာ ဆိုတာက လိုချင်တပ်မက်ခြင်းပဲ။တဏှာကို သစ္စာဖွဲ့ရင် သမုဒယသစ္စာပေါ့။ ဆင်းရဲ (ဒုက္ခ) ကို ဖြစ်စေတဲ့ အကြောင်းပေါ့။

ဆင်းရဲမယ့်အကြောင်းကို ဖြစ်စေမယ့် သမုဒယကို ဘာလို့လိုချင်ခဲ့သလဲ။ အဲဒါ ဆင်းရဲခြင်းရဲ့အကြောင်းပဲ။ ဆင်းရဲခြင်းကိုဖြစ်စေမယ့် အကြောင်းပဲ။ သူ့ကိုယူရင် ဆင်းရဲမယ်လို့ မသိခဲ့လို့ဘဲ။ ဘာလို့မသိသလဲ။ အဝိဇ္ဇာက အရင်းခံနေလို့။ 'သူ'ဆိုတာ ဘယ်သူလဲ။ သူ ဆိုတာ ဝိညာဏ်နာမ်ရုပ်ပဲ။ ဝိညာဏ်နာမ်ရုပ်ရရင် မွေးမယ်၊ မွေးရင် အိုမယ်၊ နာမယ်၊ သေမယ် ဆိုတဲ့ ဒုက္ခမျိုးစုံကို ခံရတော့မယ်ဆိုတာ မသိလို့။ အဝိဇ္ဇာကြောင့် မသိလို့ လိုချင်တဲ့ တဏှာဖြစ်ပြီး ရအောင်လုပ်ခဲ့လို့ ရတာ။

ဒီတော့ ဒီဘဝ လူလာဖြစ်ရတာ (လူမို့လို့ လူနဲ့ပဲ ပြောတာပါ) အတိုပြောရရင် ဟိုဘဝက ရအောင်လုပ်ခဲ့လို့ ဒီဘဝကိုရတာ။ ဟိုဘဝကိုရခဲ့တာက သူ့အရင်ဘဝက လုပ်ခဲ့လို့။ ဒီဘဝမှာ ထပ်လုပ်ရင် နောက်ဘဝ၊ နောက်ဘဝ ထပ်လုပ်ရင် နောက်ဘဝ။ ဒီလိုပဲ အတိတ်ကလည်း အဆက်ဆက်၊ အနာဂတ်မှာလည်း အဆက်ဆက်သွားနေမှာပဲ။ ဒါလောက်သိရင် တော်ပြီပေါ့။ အတိတ်ကို နောက်ဘဝထက် ပိုသိလို့ ဘာတွေထပ်ပြီး အကျိုးထူးလာမလဲ။ အတိတ်ဆိုတာ လွန်ခဲ့တဲ့၊ ပြီးခဲ့တဲ့ တစ်ဘဝကိုပဲ သိရင် တော့်မြို။

"ဒါကို ရဟန္တာတစ်ဆူလို့ ထင်ရှားခဲ့တဲ့ စွန်းလွန်းဆရာတော်ဘုရားကြီးက -

"မသိလို့ လိုချင်၊ လိုချင်တော့ စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com

တော့ ရရှိ၊ ရရှိတော့ ခံရ (ဒုက္ခ) ပေါ့"

လို့ အတိုချုံးပြီး ဟောပြခဲ့တယ်။

ကျွန်တော်တို့ဘဝအဆက်ဆက် ဒီလိုနဲ့ ရခဲ့ကြတာပေါ့။ အဲဒါကို သုတမယဉာဏ်နဲ့သိလို့ ဘာဝနာမယဉာဏ်၊ သဒ္ဒာဘူတဉာဏ် ရအောင် ကြိုးပမ်းကြတယ်။ ဒါပေမယ့် ကြိုးပမ်းမှုမပြည့်စုံသေးလို့ ခံနေရတဲ့ ကျွန်တော်တို့လို ယောဂီများအဖို့တော့ ဆက်ပြီး ကြိုးပမ်းသွားမယ်ဆိုရင် ပါရမီရင့်သထက်ရင့်၊ ပြည့်သထက်ပြည့်ပြီး နောက်ဆုံးတစ်နေ့နေ့မှာ ဒီဉာဏ်တွေရမှာ အမှန်ပဲ။

ပါရမီ ဆိုတာနဲ့ပတ်သက်ပြီး စွန်းလွန်းဆရာတော်ဘုရားကြီးကို ဒကာတစ်ယောက်က -

"အရှင်ဘုရား၊ ပါရမီဆိုတာ ဘာကိုခေါ်ပါသလဲ ဘုရား"

လို့ မေးလျှောက်ဖူးတယ်။

ဒီတော့ ဆရာတော်က -

"ဒကာကြီး၊ အခု ခွေးသားစားလား"

လို့ ပြန်မေးတယ်။

ဒကာက -

"မစားပါဘူး ဘုရား"

လို့ ပြန်လျှောက်တယ်။

ဆရာတော်က ထပ်ပြီး -

"ဝက်သားကော စားလား"

လို့ မေးပြန်တယ်။

ဒကာက-

"စားပါတယ် ဘုရား"

လို့ ပြန်လျှောက်တော့ ဆရာတော်က -

"ဒကာကြီး အရင်ဘဝက ခွေးသားမစားခဲ့လို့ အခု မစားတာ၊ အရင်ဘဝက ဝက်သားစားခဲ့လို့ အခုစားတာ။ အဲဒါ ပါရမီပဲ"

လို့ မိန့်ကြားတော်မူသတဲ့။

အဲဒါ ဆရာတော်ဘုရားရဲ့ထေရုပ္ပတ္တိစာအုပ်မှာ ပါတယ်။

ကျွန်တော်တို့ အခု ဝိပဿနာတရားကျင့်နေကြတာ အရင်ဘဝက ကျင့်ခဲ့လို့။ နောက်ဘဝလည်း ဆက်ကျင့်ဦးမှာပဲ။ ဒီတော့ ဒီဘဝပြည့်သူ ဒီဘဝရ၊ နောက်ဘဝတွေမှ ပြည့်မယ်သူတွေက နောက်ဘဝရပေါ့။ မလျှော့တမ်း ကြိုးစားရမှာပဲ။

ကျွန်တော်တို့ ဝိပဿနာယောဂီများ သိသင့်တဲ့အချက်မို့ ယခင်ဘဝမှ ယခုဘဝသို့ ရောက်ရှိလာပုံနဲ့ ကြီးပြင်းလာပုံကို အကျဉ်းချုံးပြီး တင်ပြပါဦးမယ်။ ယခင်ဘဝက ကျွန်တော်တို့ လူပဲဖြစ်ခဲ့တယ် ဆိုကြပါစို့။

အတိတ်ဘဝများက နောက်ဘဝများကို လိုက်ပါ အကျိုးပေးနိုင်မယ့် ကောင်းကံ, ဆိုးကံများ၊ ပစ္စုပ္ပန်ဘဝတွင် နောက်ဘဝများကို လိုက်ပါအကျိုးပေးနိုင်မယ့် ကောင်းကံ, ဆိုးကံများနဲ့အတူ သေခါနီး လူဟာ မိမိရောက်ရမယ့် နောက်ဘဝအတွက် နိမိတ်မြင်တယ်။ နိမိတ် (၃) ပါး ရှိတယ်။ အဲဒါတွေက-

၁။ ကံနိမိတ်၊

၂။ ကမ္မနိမိတ်၊

၃။ ဂတိနိမိတ်တို့ ဖြစ်တယ်။

ကံနိမိတ် ဆိုတာက မိမိအသက်ရှင်စဉ်က အများဆုံးလုပ်ထားတဲ့အလုပ်ကို ပြန်မြင်တာပဲ။ လူဟာ ဘာပဲလုပ်လုပ် လုပ်ဖန်များရင် ဥပါဒါန်ဖြစ်တာပဲ၊ စွဲလမ်းတာပဲ။ ကောင်းတာလုပ်ရင် ကောင်းတာကို စွဲတယ်၊ မကောင်းတာလုပ်ရင် မကောင်းတာကိုစွဲတယ်။ အမြဲမပြတ် တရားရှုမှတ်နေတဲ့သူဟာ တရားရှုမှတ်တာကိုစွဲတာပဲ။ ကြက်အရှင်တွေကို ခြင်းထဲထည့်ပြီး လာဝယ်သူ လက်ညှိုးညွှန်တဲ့အကောင်ကို ဆွဲထုတ်၊ လည်လှီးသတ်ရောင်းတဲ့အလုပ်ကို အများကြီးလုပ်ခဲ့သူဟာလည်း ကြက်လည်လှီးသတ်တာကို စွဲတာပဲ။

ဒီတော့ သေခါနီးအခါမှာ အဲဒါတွေကို ကံ-နိမိတ် အနေနဲ့ မြင်တယ်။ တရားမှတ်သူက 'တရားမှတ်နေတယ်' လို့ (အိပ်မက်လို) မြင်တယ်။ ကြက်သတ်သူက ကြက်လည်လှီးနေတယ်လို့ မြင်တယ်။ ကမ္မနိမိတ် ဆိုတာက ပြုလုပ်စဉ်က [illegible] တွေကို မြင်တာပေါ့။ တရားမှတ်သူက ဘုရားဆင်းတုတော်၊ ရုပ်ပွားတော်များ၊ ပန်း၊ ဆီမီး၊ ရေချမ်းများ စတာတွေကို မြင်တာပေါ့။ ကြက်သတ်သူက ကြက်လည်လှီးတဲ့အခါ သွေးခံတဲ့ခွက် စတာတွေကို မြင်တာပေါ့။ ဂတိနိမိတ် ဆိုတာက အခုသေပြီး နောက်ဖြစ်ရ၊ ရောက်ရမယ့်ဘုံဘဝကို မြင်တာ။ နတ်ပြည်ရောက်မယ့်သူက နတ်ဘုံနတ်နန်းပေါ့။ လူချမ်းသာဆီရောက်မယ့်သူက ကြီးကျယ်ခမ်းနားတဲ့ တိုက်တာ၊ လူချမ်းသာများ သုံးစွဲတဲ့ ပရိဘောဂတွေပေါ့။ ဆင်းရဲသားဆီရောက်မယ့်သူကလည်း သူရောက်ရမယ့်အဆင့်အတန်းအလိုက်ပေါ့။ ကျွဲ၊ နွားဖြစ်မယ့်သူက ကျွဲ၊ နွားရုပ်ပေါ့။ ငရဲကျမယ့်သူက ငရဲအိုး၊ ငရဲမီး၊ ငရဲသား စတာတွေပေါ့။

ဒါပေမယ့် တစ်ခါတစ်ရံ အကြောင်းကြောင်းကြောင့် အပြောင်းအလဲဖြစ်တတ်သေးတယ်။ အားလုံးကြားဖူးကြတဲ့ မုဆိုးကြီးဟာ သေခါနီးမှာ ကံနိမိတ်ဖြစ်တဲ့ အမဲလိုက်နေတာကို မြင်တယ်။ ကမ္မနိမိတ်ဖြစ်တဲ့ အမဲလိုက်ခွေးတွေ၊ လေး,မြားတွေကို မြင်တယ်။ ပါးစပ်ကလည်း ဗြာသံပေးပြီး အမဲလိုက်နေတယ်။ ဒါကို သားရဟန်းက အနားမှာ တရားဟောလို့ တရားသံကို အာရုံညွတ်ခိုက်သေတော့ နတ်ပြည်ရောက်သွားတယ်။ နောက် တစ်သက်လုံး ငါးဖမ်းလာတဲ့ တံငါဟာ သေခါနီးမှာ ရဟန်းတစ်ပါး ရောက်လာပြီး သရဏဂုံကို တိုင်ပေးတယ်။ အာရုံရောက်ပြီး လိုက်ဆိုတယ်။ သရဏဂုံသုံးပါး ဆောက်တည်အပြီးမှာပဲ သေလို့ နတ်ပြည်ရောက်သွားတယ်။

သူက ချက်ချင်းလာပြီး -

"အရှင်ဘုရား၊ တကယ်လို့ ငါးပါးသီလ ခံယူ ဆောက်တည်ပြီးတဲ့အထိ တပည့်တော်နေခဲ့ရရင် ဒီထက်မြင့်တဲ့ နတ်ပြည်ကို ရောက်ရမှာ"

လို့ လျှောက်သတဲ့။

ဒါက အဆိုးက အကောင်းဖြစ်သွားတာ။

တစ်ခါက ဆရာတော်ကြီးတစ်ပါးဟာ ရဟန်းတရားကို အပတ်တကုတ် ကြိုးပမ်းအားထုတ်ခဲ့ရာ ပျံလွန်တော်မူခါနီးကျတော့ နတ်ပြည်က နတ်သားတွေက သူတို့ဘုံကိုလိုက်ဖို့ အသီးသီးလာခေါ်ကြတယ်။ ဆရာတော်ကြီးက သူကြိုက်တဲ့ဘုံကို ရွေးလိုက်တယ်။ ပြီးတော့ သူ့ခဏသတိပြန်လည်လာတယ်။ ဒီအခါမှာ ဘေးက ဒကာ၊ ဒကာမတွေ [illegible] တည်၊ [illegible] ငါသေတာနဲ့ ကောင်းကင်က နတ်တို့ရဲ့တူရိယာသံ ကြားရမယ်"

လို့ မိန့်ကြားသတဲ့။

ပြီးတော့ ပြန်မေ့မြောသွားတယ်။

အဲဒီအချိန်မှာ ကျောင်းရှေ့ ကြံရုံကြီးထဲက ထူးထူးခြားခြားကြီးတဲ့ ကြံပင်ကြီးကို မျက်စိထဲ မြင်မိတယ်။ သွားလာနိုင်စဉ်က ဒီထူးထူးခြားခြားရှိလှတဲ့ ကြံပင်ကြီးကိုမြင်မိရာက သဘောကျပြီး မကြာခဏ သတိထားကြည့်၊ ပီတိဖြစ်မိသတဲ့။ မသိမသာ ဥပါဒါန်ဖြစ်သွားတာပေါ့။ အဲဒါက ဖြတ်ဝင်လာတယ်။ အာရုံထဲ အဲဒါလည်းဝင်လာရော စုတေစိတ်လည်းကျရော။ ဒီတော့ ဆရာတော်ကြီးဟာ အဲဒီကြံပင်ကြီးမှာ ကြံပိုးသွားဖြစ်သတဲ့။ နတ်ရထားနဲ့ နတ်တွေကလည်း ဘာလုပ်ရမှန်းမသိလို့ ခဏစောင့်ကြည့်နေကြသတဲ့။ ဒကာ၊ ဒကာမတွေကလည်း ဘယ်လိုဖြစ်တာပါလိမ့်ဆိုပြီး စိတ်မကောင်းဖြစ်နေကြသတဲ့။ ဘဝ



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်အရှိန်ကများတော့ ဆရာတော်ကြီးဟာ ကြံပိုးဖြစ်ပေမယ့် သတိမလစ်ဘူး။ သတိရတယ်။ သံဝေဂယူပြီး တရားနှလုံးသွင်းနေလိုက်တယ်။

အဲဒီအချိန်မှာ ဆရာတော်ကို ကြောက်လို့ အသာကြည့်နေခဲ့ရတဲ့ ကာပွိယဟာ ဆရာတော် ပျံတော်မူတော့ သူများတွေ လက်ဦးသွားမှာစိုးလို့ ဓားဆွဲပြီး အဲဒီကြံပင်ကို သွားခုတ်သတဲ့။ သံဝေဂရခိုက်၊ တရားနှလုံးသွင်းခိုက်ဖြစ်နေတဲ့ ကြံပိုးကြီးရဲ့ခါးအလယ်တည့်တည့်ကို ခုတ်မိပြီး ကြံပိုးကြီး သေရောတဲ့။ ဒီတော့မှ ကောင်းကင်က နတ်ဆိုင်းတူရိယာသံ ကြားရတော့သတဲ့။

နောက်တစ်ဦးကတော့ ကောသလမင်းကြီးရဲ့ မိဖုရား မလ္လိကာဒေဝီပဲ။ သူလည်း အင်မတန် ကုသိုလ်ကောင်းမှုပြုသူပဲ။ ဒါပေမယ့် မထင်မှတ်ဘဲ တစ်ကြိမ်မှာ မကောင်းမှုပြုလိုက်မိတယ်။ သူက အဲဒီမကောင်းမှုပေါ်မှာ ဥပါဒါန်နဲ့ ကုက္ကုစ္စ (နောင်တရ၊ ပူပန်ခြင်း) ဖြစ်ပြီး ခဏခဏသတိရ၊ နောင်တရနေတော့ တစ်ကျပ်သားက တစ်ပိဿာဖြစ်ပြီး သေတော့ ငရဲကျသွားတယ်။ ဒါပေမယ့် များပြားလှတဲ့ ကောင်းမှုတွေက သူ့ကို ပစ်မထားဘူး။ သူ့ကိုလိုက်ကယ်ကြတယ်။ လူ့သက်တမ်းနဲ့ (၇)ရက်၊ ငရဲသက်တမ်းနဲ့ဆိုရင် လျှပ်တစ်ပြက်စာလောက်ရှိမှာပေါ့။ အဲဒီလောက်နဲ့ပဲ သက်တမ်းမစေ့ဘဲ သေရီးကုံးစံမရှိတဲ့ ငရဲသားဟာ သေပြီး နတ်ပြည်ရောက်သွားတယ်။

ကြီးမား များပြားတဲ့ ကုသိုလ်ကံဟာ ပြုသူကို အများကြီး ကယ်မ,ပါတယ်။ အမိသတ်၊ အဖသတ် စတဲ့ ကြီးလေးတဲ့ ဂရုကံမဟုတ်ရင် ကယ်ပါတယ်။ ဂရုကံကိုတောင်မှ တတ်နိုင်သလောက် လျှော့လျှော့ပေါ့ပေါ့ဖြစ်အောင် ကယ်ပါသေးတယ်။ အဇာတသတ်မင်းဟာ ဖခင်လည်းဖြစ်၊ သောတာပန်အရိယာလည်းဖြစ်တဲ့ ဗိမ္ဗိသာရမင်းကို သတ်ခဲ့သူပဲ။ ဒါပေမယ့် မြတ်စွာဘုရားထံ ရောက်ပြီး သာမညဖလသုတ်ကို နာရပြီး ဘုရားကို အတုမရှိ ကြည်ညိုသူ ဖြစ်သွားပါတယ်။ ပထမသင်္ဂါယနာတင်တဲ့ ဒါယကာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကံကြီးထိုက်သူဟာ မုချမလွဲ အဝီစိငရဲပဲကျရမှာဖြစ်ပေမယ့် အဇာတသတ်ဟာ အဝီစိမကျပါဘူး။ အဝီစိထက်သက်သာတဲ့ အပေါ်ငရဲကိုပဲကျပါတယ်။

ဒါကြောင့် ငါဟာ သောတာပန် မဖြစ်သေးဘူး၊ ဂတိမမြဲသေးဘူး။ ဒါကြောင့် သေရင် အပါယ်ကျနိုင်တယ်ဆိုပြီး စိတ်ကို လုံးဝလျှော့မထားပါနဲ့။ ဂတိမမြဲသေးလို့ သေရင် အပါယ်ကျနိုင်သေးပေမယ့် ကုသိုလ်ကောင်းမှုများရင်လည်း အဲဒီ ကုသိုလ်ကောင်းမှုက အပါယ်ဘေးက ကယ်နိုင်သေးတယ်ဆိုတဲ့အသိနဲ့ ကောင်းမှုကိုသာများနိုင်သမျှ များအောင်ပြုကြပါ။ ကြွေဂေါ်လီလုံးလောက်ရှိတဲ့ ဆားခဲတစ်ခဲကို အကြမ်းပန်းကန်လုံးထဲထည့်၊ ပြီး - ရေပြည့်အောင်ထည့်၊ ဆားရဲ့အရသာဟာ လျှာဖျားနဲ့တောင် မတို့နိုင်အောင် ငန်ခါးနေလိမ့်မယ်။ တကယ်လို့ အဲဒီဆားခဲကို ရေအပြည့်နဲ့ အနက်(၁၀)ပေ၊ အကျယ် (၁) မိုင်ပတ်လည်လောက်ရှိတဲ့ ရေကန်ထဲချလိုက်ရင် အဲဒီဆားခဲဟာ ဘာသတ္တိမှပြနိုင်မှာမဟုတ်တော့ဘူး။ အကုသိုလ်ဟာလည်း အဲဒီလိုပဲ။ ကုသိုလ်များလွန်းရင် မနိုင်ပါဘူး။

ကျွန်တော်တို့ရဲ့ ရုပ်ရောနာမ်ရောဟာ ဥပါဒ်-ဌီ-ဘင် (ဖြစ်၊ တည်၊ ပျက်) နဲ့ မရပ်မနား ဖြစ်-ပျက်နေတယ်။ ရုပ်ခန္ဓာက မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်မှာ အကြိမ်ပေါင်း ကုဋေငါးထောင်၊ နာမ်ခန္ဓာက ရှစ်သောင်းငါးထောင် ဖြစ်-ပျက်နေတယ်လို့ မြတ်စွာဘုရားက အဘိဓာဉ်နဲ့ မြင်တော်မူတယ်လို့ ရှေ့က ကျွန်တော် ပြောခဲ့ဖူးတယ်။ ဒါကို ရှေးလူကြီးများက ကိန်းပြည့်ဖြည့်ပြီး ရုပ်၊ နာမ်နှစ်ဖြာ ဤခန္ဓာသည် မျက်တောင်တစ်ခတ်လျှပ်တစ်ပြက်[illegible] တစ်သိန်း ချုပ်ငြိမ်းတယ်လို့ ပြောခဲ့ကြပါတယ်။ ပျက်သွားတဲ့ ရုပ်၊ နာမ်ဟာ ဘယ်တော့မှ ပြန်မဖြစ်တော့ပါဘူး။ ဖြစ်တာက အစားထိုးဖြစ်တာပါ။ ပျက်လိုက်၊ အစားထိုးဖြစ်လိုက်ပဲပေါ့။

အဲဒါ ဘဝ၊ တစ်ဘဝက တစ်ဘဝ ကူးတာလည်း အဲဒီနှုန်းနဲ့ ကူးတာပါ။ ဟိုဘက်ဘဝက ဘင် ဆိုတာနဲ့ ဘင်ပြီးတာနဲ့ ဒီဘက်ဘဝ ဥပါဒ်ဖြစ်တာပဲ။ ကြားမှာ ဘာမှဖြစ်ချိန်မရပါဘူး။ ပြီးတော့ ဟိုဘက်ဘဝက ပျက်သွားတဲ့ ရုပ်ရော နာမ်ရောဟာ ဘယ်တော့မှ ပြန်မဖြစ်တော့တာမို့ ဒီဘက်ဘဝကို ဘာမှ ကူးမလာပါဘူး။ ဝိညာဉ်ကောင်၊ လိပ်ပြာကောင်အဖြစ်နဲ့ နောက်ဘဝကို ကူးတယ်။ ခန္ဓာအိမ်အသစ် ရှတ်တရက် ရှာမတွေ့သေးရင် လိပ်ပြာဟာ တဝဲလည်လည်ဖြစ်နေရတယ် ဆိုတာ သဿတဒိဋ္ဌိပဲ။ မိစ္ဆာဒိဋ္ဌိပဲ။ မှားယွင်းတဲ့အယူ၊ မှားယွင်းတဲ့အမြင်ပဲ။ အဲဒီအယူရှိသူဟာ တရားကျင့်လို့ မဂ်၊ ဖိုလ် မရနိုင်ဘူး။ မဂ်၊ ဖိုလ်ကို တားပါတယ်။ ဒါပေမယ့် သုဂတိဘုံကိုတော့ မတားဘူး။ အရင်ကဘဝဆိုတာမရှိဘူး။ သေရင်ဘာမှမဖြစ်တော့ဘူး။ နောက်ဘဝဆိုတာလည်းမရှိဘူး။ ဒါကြောင့် ကောင်းမှု၊ မကောင်းမှုပြုလို့ ကောင်းကျိုး၊ ဆိုးကျိုးရတယ်ဆိုတာလည်း မရှိဘူး။ စတဲ့ ကံ၊ ကံရဲ့အကျိုးကို ပယ်တဲ့- နိယတမိစ္ဆာဒိဋ္ဌိကျတော့ သုဂတိဘဝကိုပါ တားပါတယ်။ အပါယ်အကျိုးပေးပါတယ်။

ဟိုဘက်ဘဝမှ နိမိတ်တွေမြင်ပြီး စုတိစိတ်ဖြစ်ပြီး သေတာနဲ့ (ဘင်ကျတာနဲ့) ဒီဘက်ဘဝ မိခင်ရဲ့ဝမ်းမှာ ပဋိသန္ဓေစိတ် (ဥပါဒ်) ဖြစ်တာပဲ။ ရုပ်ရောနာမ်ပါ ဒီဘက်ဘဝကို မကူးဘူးဆိုရင် ဟိုဘက်ဘဝကလူနဲ့ ဒီဘက်ဘဝကလူ တခြားစီလား ဆိုတော့ မဟုတ်ဘူး။ အတူတူပဲလား ဆိုလည်း မဟုတ်ဘူး။ ရုပ်၊ နာမ် မဆက်ဘူး။ ကံဆက်တယ်။ ဘယ်လိုဆက်သလဲ ဆိုတာကို လွယ်ကူတဲ့ဥပမာပေးရရင်-

ဦးအုန်းစိန်ရဲ့သားဟာ နေပြည်တော်မှာ ဝန်ထမ်းလုပ်နေတယ် မဟုတ်လား။ သူက ဦးအုန်းစိန်ကို ငွေပို့သလား။

ဦးအုန်းစိန် - တစ်လတစ်သောင်း ပို့ပါတယ်။ ဘာနဲ့ပို့သလဲ။ စာတိုက်က တစ်ဆင့် ပို့ပါတယ်။ အဲ - ဟုတ်ပြီ။ စာတိုက်ကို ငွေသွားပို့တော့ ပထမ ငွေလွှဲပုံစံမှာ ငွေပို့သူအမည်လိပ်စာ၊ ငွေလက်ခံမယ့်သူ အမည်လိပ်စာ၊ ပို့မယ့်ငွေပမာဏ စတာတွေကို ဖြည့်ရတယ်။ ပြီးတော့ ပို့မယ့်ငွေနဲ့ ပို့ခငွေကို ဝန်ထမ်းကို ပေးရတယ်။ ခင်ဗျားသားက ငါးထောင်တန်နှစ်ရွက်ကို ခင်ဗျားထံပို့ဖို့ဆိုပြီး စာတိုက်ဝန်ထမ်းကို ပေးတယ်။ စာတိုက်ဝန်ထမ်းက ခင်ဗျားသားပေးတဲ့ငွေနဲ့၊ အဲဒီမတိုင်ခင်က ရထားတဲ့ငွေနဲ့၊ နောက်ထပ်ရတဲ့ငွေတွေပါ ရောပြီး အချိန်ကျတော့ တာဝန်ရှိသူကို အပ်တယ်။ တာဝန်ရှိသူက လုပ်ထုံးလုပ်နည်းအတိုင်း ဘဏ်အပ်တာတို့ စတာပေါ့။ လုပ်တယ်။ နောက် ပို့ရမယ့်ငွေတွေကို ပို့ရမယ့်လိပ်စာနဲ့ ပမာဏအတိုင်း (အရင်တုန်းကတော့ စာပို့ရထားနဲ့ဖြစ်စေ၊ လေယာဉ်ပျံနဲ့ ဖြစ်စေ ငွေပို့လွှာများကို ပို့ပေးတယ်။ အခုတော့ အီးမေး(လ်)တို့ဘာတို့နဲ့ ပို့မယ်ထင်ပါတယ်) ပို့ပေးလိုက်တယ်။ ဘာနဲ့ပဲပို့ပို့ အဲဒီမှာ ငွေမပါဘူး။ အချိန်ကျတော့ ခင်ဗျားသားပို့လိုက်တဲ့ငွေဆိုပြီး သက်ဆိုင်ရာစာတိုက်က ခင်ဗျားဆီ လာပို့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအခါမှာ ခင်ဗျားကိုပေးတဲ့ငွေဟာ တစ်သောင်းတန်၊ ငါးထောင်တန်၊ တစ်ထောင်တန်၊ ငါးရာတန် စတာတွေ ဖြစ်မယ်။ ဖြစ်ချင်တာဖြစ် ခင်ဗျား လက်ခံရရှိတဲ့ငွေဟာ ခင်ဗျားသား စာတိုက်ကို ပေးခဲ့တဲ့ငွေ မဟုတ်တာတော့ သေချာတယ်။ ဒါပေမယ့် ခင်ဗျားဟာ ခင်ဗျားရဲ့သား ပေးပို့လိုက်တဲ့ငွေပမာဏအတိုင်း အလျော့၊ မပိုဘဲ ရရှိတယ်။ အဲဒါကို လူ တစ်ယောက်ဘဝကူးတာနဲ့ အံချကြည့်ရအောင်။

ငွေ ဆိုတာက ဟိုဘဝကလူပဲ။ လုပ်ထုံးလုပ်နည်းအတိုင်း အားလုံးလုပ်တယ်ဆိုတာက ကံပဲ။ ပေးပို့သူကလည်း ကံပဲ။ ငွေလက်ခံသူက ဒီဘက်ဘဝက မိခင်ပဲ။ ဒါဆိုရင် ရှင်းပါတယ်။ ဟိုဘက်ဘဝက *ဒီဘက်ဘဝကို လူမကူးဘူး။ ကံ* ကူးတယ် ဆိုတာပေါ့။ ကံအလျောက် ဒီဘက်ဘဝမှာ မိခင်ဖြစ်မယ့် မိခင်လောင်းဟာ သူ့မှာ သန္ဓေမှီဖို့ လိုအပ်ချက်နဲ့ပြည့်စုံနေတယ်။ ဟိုဘက်ဘဝက စုတိစိတ် (ဘင်) ကျပြီးတာနဲ့ ကံအရှိန်ကြောင့် ဖြစ်လာတဲ့ စေတနာ၊ သင်္ခါရဆိုတဲ့ ကံရယ်၊ ရုပ်ကို ဖြစ်စေတတ်တဲ့ နာမ်ဆိုတဲ့ စိတ်ရယ်၊ အဲဒီ ကံနဲ့စိတ်ဟာ လက်ခံဖို့ အဆင်သင့်ဖြစ်နေတဲ့ မိခင်လောင်းရဲ့ သားအိမ်တွင်းမှာ လာပြီးစွဲတယ်။ ပဋိသန္ဓေစိတ် (ဥပါဒ်) ဖြစ်တယ်။ ဥပါဒ်မှာ ကံနဲ့စိတ်ပဲ ရှိသေးတယ်။ ဥပါဒ်ဖြစ်ပြီးတာနဲ့ အလွန်လျှင်လျှင်မြန်မြန် (ရှေ့တပြောခဲ့တဲ့နှုန်းအတိုင်း) ဌီကိုဆိုက်တယ်။

အဲဒီမှာ ပဋိသန္ဓေတည်ပြီပေါ့။ ကကလရည်ကြည် တည်ပြီပေါ့။ အဲဒီ ကကလရည်ကြည်ရဲ့ပမာဏကို တစ်ခါက စကားစပ်မိလို့ စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ်က သူမှတ်စုစာအုပ်ကို ထုတ်ပြတယ်။ မှတ်ထားပုံက (၁၆)နှစ် သမီးရဲ့ဆံပင်တစ်ချောင်းကိုယူ၊ မိန်းကလေးဆံပင်က ယောကျ်ားလေးရဲ့ဆံပင်ထက် ပိုသေးပြီး ပိုနူးညံ့တယ်။ မိန်းကလေးမှာလည်း (၁၆) နှစ်အရွယ်ဟာ အသေးဆုံး၊ အနူးညံ့ဆုံးပဲတဲ့။ အဲဒီဆံပင်ကို အကြိမ်တစ်ထောင်စစ်ထားတဲ့ အလွန်ကြည်တဲ့ ဆီကြည်ပေါ့။ ဆီထဲနှစ်၊ ပြီးတော့ အကြိမ်တစ်ထောင်ခါချ၊ ပြီးတော့ ဆံပင်မှာ ကပ်ကျန်နေတဲ့ဆီကို ညှစ်ယူ၊ အဲဒီရတဲ့ပမာဏဟာ ကကလရည်ကြည် စတည်တဲ့ ပမာဏပဲတဲ့။ ဒီတော့ မြင်ဖို့တောင် အလွန်ခဲယဉ်းတယ်ပေါ့။

အဲဒီကကလရည်ကြည်လေးကို ဌီခဏမှာ ဥဿာတေဇောက ထောက်ပံ့ သိမ်းဆည်းလိုက်တယ်။ မပုပ်မသိုးအောင်၊ ရင့်ကျက်အောင်၊ မပျက်စီးအောင်ပေါ့။ ဓာတ်ကြီး လေးပါး အကြောင်းပြောတုန်းက ဥဿာတေဇောအကြောင်း ကျွန်တော် ပြောခဲ့ပါတယ်။ သူ့ကို အသက်လို့တောင် တင်စား ပြောဆိုကြတယ်လို့လည်း ပြောခဲ့ပါတယ်။ သူ မထောက်ပံ့ရင် သန္ဓေသားဟာ မတည်နိုင်ပါဘူး။ ဒါကြောင့် အသက်လို့ ပြောတာပါ။ ကံနဲ့ စိတ် အထောက်အပံ့နဲ့ ဥပါဒ်လာတဲ့ သန္ဓေသားဟာ ဌီခဏမှာ ဥဿာတေဇောဆိုတဲ့ ဥတုရဲ့အထောက်အပံ့ကို ရရှိပါတယ်။ ဌီ ပြီးရင် ထုံးစံအတိုင်း ဘင်ကိုဆက်ပေါ့။ နောက် ဆက်ကာဆက်ကာ ပြောခဲ့တဲ့နှုန်းအတိုင်း ဥပါဒ်-ဌီ-ဘင် (ဖြစ်-တည်-ပျက်) နဲ့သွား*တော့တာပေါ့။ ပဋိသန္ဓေစိတ်ဟာလည်း* ပဋိသန္ဓေတည်ပြီးတာနဲ့ ဘဝင်စိတ် အဖြစ် ပြောင်းသွားတယ်။ သေတော့မှ စုတိစိတ်အဖြစ်ပြောင်းတယ်။

သန္ဓေသားလေးဟာ အချိန်တန်တော့ မိခင် စားသောက်သမျှကို ချက်ကြိုးကတစ်ဆင့် မှီဝဲစားသောက်နိုင်တဲ့ ကောဋ္ဌာသပေါ်ပြီး (အူ) စားသောက်ရတော့ အာဟာရရဲ့အထောက်အပံ့ကို ရရှိပါတယ်။ အဲဒီအခါမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ အထောက်အပံ့ (၄) မျိုးနဲ့ ပြည့်စုံသွားပါတယ်။ တစ်သက်လုံး အဲဒီ အထောက်အပံ့ (၄) ပါးနဲ့ ရှင်သန်သွားတာပဲ။ အဲဒီမှာ ကံနဲ့စိတ်ကြောင့် ဖြစ်ပေါ်လာတဲ့ရုပ်ကို ကမ္မဇရုပ်၊ စိတ္တဇရုပ်လို့ခေါ်ပြီး ဥတုရဲ့အထောက်အပံ့ကို ဥတုဇရုပ်လို့ ခေါ်ပါတယ်။ အာဟာရ အထောက်အပံ့ကို အာဟာရဇရုပ်လို့ ခေါ်ပါတယ်။

အဲဒါ ကျွန်တော်တို့ လူ့ဘဝကို စ,ရလာပုံအကျဉ်းပါပဲ။ ဒါကို ဆရာကြီး ဦးသန်းရဲ့ ဟောပြောချက်နဲ့ စွန်းလွန်း ဝိပဿနာ အမေး၊ အဖြေစာအုပ်က ကျွန်တော် နားလည်သလို ထုတ်နုတ်ပြီး တင်ပြတာ ဖြစ်ပါတယ်။ အခြား ဗဟုသုတတွေလည်း ပါသင့်သလောက် ပါသေးတယ်ပေါ့။

'အူဝဲ အူဝဲ' လို့အော်မှ 'မွေး' တာ မဟုတ်ပါဘူး။ ဆံဖြူ၊ သွားကျိုး၊ မျက်စိမှုန်၊ နားလေးမှ 'အို' တာ မဟုတ်ပါဘူး။ ထိပ်ပေါက်၊ ခေါင်းကွဲ၊ ဖျားနာမှ 'နာ' တာ မဟုတ်ပါဘူး။ အမယ်လေး- အဖေရဲ့၊ သမီးတို့ကို ပစ်သွားပြီလား အဖေရဲ့ လို့ ဆိုမှ 'သေ' တာ မဟုတ်ပါဘူး။ မွေး၊ အို၊ နာ၊ သေ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ ဆိုတာ ပညတ်အားဖြင့် ဦးဝင်း၊ ဦးအုန်းစိန်၊ ဦးဝင်းကြည်တို့ရဲ့ ဒီဘဝ တစ်ဘဝလို့ခေါ်တဲ့ ပဋိသန္ဓေစိတ်ကနေ စုတိစိတ်ကျတဲ့အထိမှာ ဖြစ်-ပျက်နေတဲ့ ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) တိုင်းမှာဖြစ်နေတာပဲ။ ဖြစ်၊ တည်၊ ပျက်က မွေး၊ အို၊ သေပေါ့။ နာက ဖြစ်မှာရော တည်မှာရော ပျက်မှာပါ ရှိတယ်။ အဲဒီ သုံးချက်စလုံးမှာ သုခဆိုတဲ့ ချမ်းသာ မပါဘူး။ ဒုက္ခ ဆိုတဲ့ ဆင်းရဲချည်းပဲ။ ဖြစ်၊ ပျက်က မမြဲ၊ အနိစ္စအစစ်။ အဲဒီ မမြဲခြင်းက ဆင်းရဲခြင်း ဒုက္ခအစစ်။ ရုပ်တရားနဲ့ နာမ်တရားက သင်္ခါရတရား၊ အဖြစ်တရား။ အဖြစ်တရားမို့ ပျက်တာပဲ။ ဖြစ်တာမှန်သမျှ အကုန်ပျက်ရမှာပဲ ဆိုတာ မြတ်စွာဘုရားရဲ့ နောက်ဆုံးစကားပဲ။ အဲဒါ သူ့သဘော (အဖြစ်*တရား)သူဆောင်နေတာပဲ။ ဒါကို ဘယ်* သူမှ ပြုပြင်လို့မရ၊ တားဆီးလို့ မရဘူး။ အဲဒါ အစိုးမရတာ အနတ္တအစစ်ပဲ။

ပန်းကန်ကွဲတာ၊ ကျောင်းမီးလောင်တာ၊ လူသေတာကို အနိစ္စလို့သိတာ လူပြိန်းအသိ။

ထိပ်ပေါက်တာ၊ ခေါင်းကွဲတာ၊ ခြေလက်ကျိုးတာ၊ ဖျားနာတာကို ဒုက္ခလို့သိတာ လူပြိန်းအသိ။

ဒီခန္ဓာကြီးဟာ ငါ့ခန္ဓာ မဟုတ်၊ အပုပ်ကောင်ကြီးလို့ ဆိုပြီး အဲဒါကို အနတ္တလို့သိတာ လူပြိန်းအသိလို့ သေကျွတောင် ဦးတိလောက ရေးတဲ့ 'ပဏ္ဍိတဝေဒနီယဒီပနီ' စာအုပ်မှာ ဖော်ပြထားတယ်။ ဆရာတော်ပြောတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတာ စောစောကပြောတဲ့ ဖြစ်၊ တည်၊ ပျက်မှာ မြင်တာကို ပြောတာ။ ရုပ်နဲ့ နာမ်ကို စရပြီး ယနေ့ထိနဲ့ နောက်သံသရာက မလွတ်မချင်း (၃၁) ဘုံမှာ ဘယ်ဘုံမှာ ဘယ်သတ္တဝါဖြစ်ဖြစ် ဒီအတိုင်း ဖြစ်၊ တည်၊ ပျက် (မွေး၊ အို၊ နာ၊ သေ) နဲ့ သွားနေမှာပဲ။ အဲဒါ ကျွန်တော်တို့ရထားတဲ့ အခြေခံ ဆင်းရဲပဲ။

ကျွန်တော်တို့ဟာ ကံရဲ့အရှိန်နဲ့ တစ်ဘဝပြီးတစ်ဘဝ သံသရာမှာ ကျင်လည်ခဲ့ရတယ်။ ဘယ်လောက်ကြာပြီလဲ။ ဘယ်သူမှမပြောနိုင်ဘူး။ မြတ်စွာဘုရားကလည်း သံသရာရဲ့အစကို ငါဘုရား မြင်တော်မမူလို့ မိန့်ခဲ့ကြောင်း စာထဲမှာလည်း ဖတ်ခဲ့ရတယ်။ တရားနာတဲ့ဆီမှာလည်း ကြားခဲ့ရတယ်။ ဒီတော့ ဗုဒ္ဓဘာသာကိုနှိမ်ချင်သူတွေက ဂေါတမဘုရားဟာ တရားအလုံးစုံကိုသိတယ်ဆိုပြီး သံသရာရဲ့အစကျတော့ မမြင်ဘူးလို့ ပြောကြတယ်။ ဒီနေရာမှာ ကျွန်တော် တွေးမိတာတစ်ခု ရှိတယ်။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့အတွေးပဲ၊ မှန်ချင်မှန်မယ်။ မြတ်စွာဘုရားက မြင်တော်မမူလို့ဘဲ ဟောခဲ့တယ်။ ကြည့်လို့မြင်တော်မမူလို့ မဟောခဲ့ဘူး။ ဒီတော့ -

ကျွန်တော် အခု စကားပြောနေတုန်း ကျွန်တော့်နောက်ကျောက လူတွေ ဖြတ်သွားကြတာ မနည်းတော့ဘူး။ ကျွန်တော် တစ်ယောက်မှ မမြင်ဘူး။ ဘာကြောင့်လဲဆိုတော့ ကြည့်မှမကြည့်ဘဲ။ ဘာကြောင့်မကြည့်လဲ။ စကားပြောပျက်၊ အချိန်ကုန်တာကလွဲပြီး ဘာမှအကျိုးမရှိလို့ဘဲ။ မြတ်စွာဘုရားဟာ အကျိုးမရှိတဲ့စကားကို ဘယ်တော့မှမပြောဘူး၊ အကျိုးမရှိတဲ့အလုပ်ကို ဘယ်တော့မှ မလုပ်ဘူး။ သံသရာရဲ့အစကို သိလို့ ဘာအကျိုးရှိမလဲ။ အတိတ် ဆိုတာ ပြီးခဲ့၊ လွန်ခဲ့ပြီ။ ဘာလုပ်ခဲ့လုပ်ခဲ့ ပြန်ပြင်လို့မရတော့ဘူး။ တကယ်လို့ သံသရာအစကိုရှာမယ်ဆိုရင် ဘယ်လိုအနေအထားရှိမယ် ဆိုတာကိုတော့ မြတ်စွာဘုရားက ပမာပေးထားတာ ရှိပါတယ်။

ခင်ဗျားတို့ကျွန်တော်တို့မှာ အမေဆိုတာရှိပါတယ်။ လူတိုင်းမှာရှိပါတယ်။ အဲဒီ အမေတွေမှာလည်း သူတို့ရဲ့အမေတွေ ဆိုတာ ရှိပါတယ်။ အဲဒီ အမေအဆက်ဆက်ကို လိုက်မယ်ဆိုရင်-

မြန်မာဆီးသီး (အလုံးသေး) အရွယ်လောက်ရှိတဲ့ ရွှံ့လုံးကလေးတွေကို အမေတစ်ဆက် တစ်လုံးကျနဲ့လိုက်ရင် ကမ္ဘာမှာရှိတဲ့မြေကြီးအကုန် ရွှံ့လုံးလုပ်လို့ ကုန်သွားတောင်မှ အမေရဲ့အစကို မတွေ့နိုင်သေးဘူးတဲ့။ တွေ့တော့ ဘာလုပ်မလဲ။ ကဲ - ဒီဘဝကိုပဲ ပြန်ပြောကြပါစို့။

စောစောက မွေးပြီးတဲ့အထိပြောခဲ့ပြီးပြီနော်။ ဘယ်လိုသန္ဓေတည်၊ ဘယ်လိုမွေးတာကိုပြောပြီးနောက် အဲဒီ ရုပ်နာမ်တို့ကို ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့က ပံ့ပိုးသွားတယ် ဆိုတာကိုလည်းပြောပြီးပြီနော်။ သေတဲ့အထိ ဒီ ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးက ထောက်ပံ့သွားတာပဲ။

စောစောပိုင်းက အကျိုးလမ်းညွှန်ငကန်းလမ်းလျှောက်၊ အကျိုးညွှန်ရာငကန်းသွား ဆိုတာကိုလည်း ပြောခဲ့တယ်။

ဒီနေရာမှာ ရုပ်တရားက ကံ၊ စိတ်၊ ဥတု၊ အာဟာရ ထောက်ပံ့မှုအကြောင်းတရားကြောင့် ရှင်သန်ရတဲ့ အကျိုးရုပ်၊ နာမ်က အတွင်းအာရုံခြောက်ပါးနဲ့ အပြင်အာရုံခြောက်ပါး တိုက်ခိုက်မှု တည်းဟူသော အကြောင်းတရားကြောင့် မြင်သိ၊ ကြားသိ၊ နံသိ၊ ရသာသိ၊ ထိသိ၊ ကြံတွေးသိ ဆိုတဲ့အကြောင်းတရားတွေ ပေါ်လာလို့ အကျိုးနာမ် (ရှေ့ကလည်း ပြောခဲ့ပြီးပြီ) လို့သိတာ၊ ကြောင်း-ကျိုးဆက်သိတာ ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်ပါတယ်။ တစ်ဖန်-

ရုပ်က ပူမှု၊ အေးမှု စတဲ့ ဖောက်ပြန်မှုကိစ္စတိုင်းမှာ နာမ်က ပူတယ်,အေးတယ် စသဖြင့် သိမှုကိစ္စတွေကို တစ်ခုမကျန် သိမ်းဆည်းပေးတယ်။ ရုပ်ကလည်း နာမ်ရဲ့အလိုကျ ထိုင်၊ ထ၊ ရွေ့လျား၊ သွားလာ၊ စားသောက် စတာတွေကို လုပ်ပေးတယ်။ အဲဒီလို ရုပ်နဲ့နာမ်တို့ အပြန်အလှန် ထောက်ပံ့သိမ်းဆည်းပေးတယ် ဆိုတာကို သိတာ ပစ္စယပရိဂ္ဂဟဉာဏ်ပဲ။

ရုပ်နဲ့နာမ်မှာ ရုပ်လုပ်တဲ့ အလုပ်ကို နာမ်မလုပ်ဘူး။ နာမ်လုပ်တဲ့အလုပ်ကို ရုပ်မလုပ်ဘူး။ ငကျိုးနဲ့ ငကန်းမှာ ငကျိုးက လမ်းညွှန်တဲ့အလုပ်ပဲ လုပ်တယ်။ လမ်းလျှောက်တဲ့အလုပ်ကို မလုပ်ဘူး။ ငကန်းကလည်း လမ်းလျှောက်တဲ့ အလုပ်ကိုပဲ လုပ်တယ်။ လမ်းညွှန်တဲ့ အလုပ်ကို မလုပ်ဘူး။ ဒါပေမယ့် နှစ်ယောက်သား အညွှန်နဲ့အသွား ဟန်ချက်ညီတော့ လမ်းသွားတဲ့အလုပ်တစ်ခု ပြီးမြောက်သွားတယ်။

ဒါကို -

"ဇာတ်ပွဲတစ်ပွဲမှာ ကသူက ဆိုင်းမတီးဘူး။ တီးသူက မကဘူး။ အတီးနဲ့အက စည်းကိုက်ဝါးကိုက် ဟန်ချက်ညီတော့ ကြည့်ကောင်းနားထောင်ကောင်းတယ်။ အောင်မြင်တဲ့ဇာတ်ပွဲ ဖြစ်သွားတယ်။ အဲဒီလိုပဲ ရုပ်နဲ့ နာမ်တို့ တစ်ဦးကို တစ်ဦး ထောက်ပံ့ သိမ်းဆည်းပေးတတ်တယ်လို့ သိတာ ပစ္စယပရိဂ္ဂဟဉာဏ်ပဲ။

ဒီအသိမရှိဘဲ ပစ္စယပရိဂ္ဂဟဉာဏ်မရဘဲ၊ မရှိဘဲ ဝိပဿနာတရား အားထုတ်လို့ ဝိပဿနာဉာဏ် (ဖြစ်ဖို့ခဲယဉ်းတယ်) မဖြစ်ဘူး"

လို့ သာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်ဟောတဲ့ တရားတစ်ပုဒ်မှာ နာရ၊ မှတ်သားရပါတယ်။ ဒါကြောင့် ဒါကို ဝိပဿနာတရားအားထုတ်သူများအတွက် သိထားရမယ့် အခြေခံအချက်အဖြစ် ဆွေးနွေးတင်ပြခြင်း ဖြစ်ပါတယ်။ ကဲ- ဒီနေ့တော့ ဒီမှာပဲ နားကြပါစို့။

မဂ်ရောက်၊ ဖိုလ်ပေါက် နိဗ္ဗာန်ရောက်အောင် ကြိုးပမ်းအားထုတ်နိုင်ကြပါစေ။

ယောဂီများ သာဓု၊ သာဓု၊ သာဓု။

ချောင်းဆုံအုန်းသွင်

# မီးယပ်အဖြူဆင်းခြင်းအတွက် ဆေးတစ်လက်

အမျိုးသမီးများအတွက် မီးယပ်အဖြူဆင်းခြင်းနဲ့ပတ်သက်တဲ့ ဆေးနည်းတစ်လက်ကို သူရဇ္ဇမဂ္ဂဇင်းကြီးမှ တစ်ဆင့် ကုသိုလ်ပြုလိုက်ချင်လို့ပါ။

မှတ်မှတ်ရရပြောရလျှင် ကျွန်မရဲ့သားကြီး မီးဖွားပြီး (၁) နှစ်ခန့်ရှိစဉ်ကစပြီး အဖြူဆင်းခဲ့ပါတယ်။ အတွေ့အကြုံရင့်သူဖြစ်တဲ့ မိခင်ဖြစ်သူက ကျွန်းပင်၏အခေါက်များကို ခွာယူ၍ ရေမတ်ခွက်တစ်လုံးစာနှင့် တစ်ညလုံး စိမ်ထားပြီး နံနက်မိုးလင်းတာနဲ့ သောက်ခိုင်းပါတယ်။ သုံးရက်လောက် ဆက်သောက်လိုက်တော့ မည်သည့်ဝေဒနာမျှ မခံစားရဘဲ အဖြူဆင်းခြင်း သက်သာသွားပါတယ်။ အတော်လွယ်သောဆေးနည်းမို့ အမျိုးသမီးတိုင်းသိကြမှာပဲလို့ စာရေးသူ ထင်မိခဲ့တယ်။ ဒါပေမယ့် အချို့သောအမျိုးသမီးများ မသိကြတာကို သတိထားမိလို့ အခုလိုရေးသားပြီး ကုသိုလ်ပြုလိုက်တာပါ။

ထို့ကြောင့်-

အမျိုးသမီးများ အဖြူဆင်းနေလျှင် ကျွန်းပင်၏အခေါက်ကို ခွာယူ၍ ရိုးရိုးရေအေး မတ်ခွက်တစ်လုံးစာနှင့် တစ်ညလုံး စိမ်ထားပြီး နံနက်မိုးလင်းမှာ သောက်ကြည့်လိုက်ပါ။ ငွေကြေးကုန်စရာမလိုဘဲ အဖြူဆင်းခြင်း လုံးဝရပ်တန့်သွားမှာ သေချာသလောက်ပါပဲ။

*အမျိုးသမီးတိုင်း မီးယပ်အဖြူဆင်းခြင်းနဲ့ ကင်းဝေးကြပါစေ*


စုစန္ဒာအောင်(ကျောက်ပုံ)

*အသက် (၈၈) နှစ်ရှိပြီဖြစ်တဲ့ မိခင်ကြီးအား ဤစာစုနှင့် ဂါရဝပြုလိုက်ပါတယ်ရှင်။*



www.burmeseclassic.com

www.burmeseclassic.com


မိုးနှင်းမှုန်တွေကြားမှ ကျိုက်ထီးရိုးဘုရား

# ဆံတော်ရှင်ကျိုက်ထီးရိုးတောင်တော်၊ တောင်ပေါ်ကျီးပါးစပ်ဂူမှ

**ကံဝင်း** ထူးထူးဆန်းဆန်းဖြစ်ရပ်ဆန်းများနှင့်


ပဌာန်းဆက်ရှိသူများ ထူးထူးခြားခြားအကျိုးများစေသည့်

# နဂါးဥ(၂)လုံး

၂၀၁၃ ခုနှစ်ဆန်းကာလ ဇန်နဝါရီ (၁၂) (၁၃) ရက်များက စာရေးသူနှင့် 'အောင်သီဟသစ္စာမိသားစု' အဖွဲ့သားများ ကျိုက်ထီးရိုးဘုရားကြီးသို့ သွားရောက်ဖူးမြော် (၂၄) ကြိမ်မြောက် ဆီမီး (၅၀၀၀)၊ ပန်းစေတီပွဲ ဆင်နွှဲပူဇော်ခဲ့ကြသည်။

ထိုစဉ်ကာလ ပန်းစေတီများ ပူဇော်ပြီးသောအခါ ပန်းစေတီအဖွဲ့သားများထဲမှ မထွေး၊ မတင့် (ရွှေပေါက်ကံ) တို့အုပ်စုလိုက် ပျောက်သွား၏။ မငွေးတို့အုပ်စုလည်းမတွေ့ဖြစ်နေ၍ မြောက်ဒဂုံအန်တီစန်းအထည်ဆိုင်အဖွဲ့မှ မနိုင်ကြီး


ကျီးပါးစပ်ဆိုသောနေရာ၊ ငွေအကြွေစေ့ပစ်သွင်းသောနေရာ



ကျီးပါးစပ်ဂူအတွင်းမှ ရုပ်ပွားမြတ်ဘုရား


ဆုတောင်းပြည့်သည်ဟု ဆိုကြသော ကျီးပါးစပ်ဂူမှ ဥ (၂) လုံး

www.burmeseclassic.com



ကျိုးပါးစပ်ဂူဝ အကြွေစေ့များ ပစ်သွင်းကြ



ကျိုးပါးစပ်ဂူအတွင်းမှ ပီဇွာစိုရ်ရုပ်



နဂါးမယ်တော်ပုံ



အနီကောင်မြင် ပီဇွာစိုရ်အသွင်



ရွှေနန်းကျောင်းနှင့် ပေါ်တင်ပုံတော်



ကျိုးပါးစပ်ခရီးထမ်းမှ ကျောက်နှစ်မြွာ

တို့ကို မေးကြည့်မှ အကြောင်းစုံသိရပါ တော့၏။

"ဆရာ့တပည့်မတွေ ကျိုးပါးစပ်ဂူ ကိုသွားတယ်။ ကျိုးပါးစပ်ဂူက ၃(၂)လုံး မှာ ဆုတောင်းကြမှာ။ မနှစ်က မငွေးတို့ အုပ်စုက ၃(၂)လုံးကိုကိုင်ပြီး ဆုတောင်း ခဲ့တာ ဈေးရောင်းကောင်းကြတယ်လို့



www.burmeseclassic.com

www.burmeseclassic.com

ပြောတယ်။ နောက်ပြီး သားသမီးရတနာ မွေ့န်းကားတဲ့ဇနီးမောင်နှံကလည်း ဝိဇ္ဇာ နိုင်နဲ့နဂါးမတို့ရှေ့က ဥ (၂) လုံးမှာ သား သမီးရတနာပေးပါ တောင်းတာ အလို ဆန္ဒပြည့်ဝလို့ဆိုပြီး အဲဒါ အုပ်စုလိုက် ကြီး ကျိုးပါးစပ်ဂူကို ချီတက်သွားကြ တယ်"

မနိုင်ကြီးပြောကြား ထူးခြားစကား များကြောင့် စာရေးသူလည်း လွန်စွာ စိတ်ဝင်စားသွားလျက် ပန်းစေတီကပ်လှူ ပြီးသည့်အချိန် သွားမည်ဟု စဉ်းစား ထားလေ၏။ ရွှေပေါက္ကံအုပ်စု တာဝန် ယူထားသော မဟာမြတ်မုနိ၊ ရွှေတိဂုံ၊ ကျိုက်ထီးရိုးပုံတူ ပန်းစေတီများ စော စောပြီးသွားပြီဖြစ်သော်လည်း သိန်းဇော် ထွန်းစာပေမှ သိန်းဇော်နှင့် မနုတ်ကိုကို ဇော်တို့ ဦးဆောင်သော (၃၁) လမ်းစာ ပေအုပ်စု တည်တော်မူသော ပုဂံဘုရား ပုံတူပန်းဘုရားများနှင့် ၂၄ ပစ္စည်းပဋ္ဌာန်း စေတီဝိုင်းပန်းစေတီများ မပြီးပြတ်သေး၍ ဦးဆောင်ဦးရွက်ပြုသူ စာရေးသူမှာ အ ပြင်ထွက်၍မဖြစ်သေး။ တင်မော်စာပေမှ ဝေထွးတို့အုပ်စုသာ လူပေါင်းများဖြစ် ၍ ရွှေစင်စာပေမှ မရွှေစင်တို့အုပ်စုက လူသစ်တွေများနေ၍ ခရီးမရောက်၊ ည နေစောင်းမှ ပြီးတော့၏။ ဒါတောင် မာန် ထက်ချီ ထုတ်လုပ်ရေးမှ ဒေါ်တင်တင် ဝင်းနှင့် ဒေါ်သန်းသန်းဝင်းတို့ပါ ဝိုင်းလို့ ပြီးသွား၏။ ကျိုးပါးစပ်သို့သွားရန် စီစဉ် ကြည့်တော့ အဆင်းတောက်လျှောက်၊ အတက်တောက်လျှောက်မို့ မိမိအရွယ် နှင့် တက်၊ ဆင်းလုပ်သော် (၃) နာရီခန့် ကြာမည်ဆို၍ အချိန်မပေးနိုင်တော့။ အ ဖွဲ့သူအဖွဲ့သားများသို့ ညနေစာအာဟာ ရဒါနအစီအစဉ်ကလည်း ကြီးကြပ်ပေးဖို့ တာဝန်ရှိတော့ ထိုစဉ်က ကျိုးပါးစပ်ဂူသို့ မရောက်ဖြစ်ခဲ့ပါ။

ဆီမီး (၅၀၀၀) ပန်းစေတီပွဲ အောင်မြင်စွာဆင်နွှဲ၍ ရန်ကုန်သို့ ပြန် ရောက်သည့်တိုင်အောင် စိတ်က ကျိုက် ထီးရိုးသို့ နောက်တစ်ခေါက် ပြန်တက် ရန် တာစူနေမိ၏။ တစ်နှစ် (၃) ခေါက် ရောက်ရမည် ဟူသော အမိဋ္ဌာန်က လည်းရှိတော့ သကြန်ပြီးလောက်မှတစ် ခေါက်တက်ရန် အစီအစဉ်ဆွဲထားလိုက် ၏။

၂၀၁၃ ခုနှစ်၊ မေလ (၁၂) ရက်၊ တနင်္ဂနွေနေ့မှာတော့ အထမြောက်ခဲ့ပါ ပြီ။ ရန်ကုန်မှာ နေတွေ အတော်ပူ၍ ခရမ်းလွန်ရောင်ခြည်သတိပေးချက်တွေ နဲ့။ အိမ်ထဲမှာ ကုပ်နေခဲ့တာ မိုးမလာ မီ ကျိုက်ထီးရိုးအဓိဋ္ဌာန်(၃)ခေါက်ပြည့် အောင်တက်မှ ဆိုပြီး အိမ်ကစောစော ထွက်၊ 'ဝင်း' ကျိုက်ထီးရိုးကားနဲ့ ဘုရား ဖူးထွက်ခဲ့၏။ နေ့ခင်း (၂) နာရီလောက် ကင်ပွန်းစခန်းရောက်တော့ သူရိယနေ မင်းက အစွမ်းမာန်ကုန် နေပူပြနေ၏။ ရန်ကုန်နှင့်မခြား ပူလှချေလား၊ တောင် ပေါ်တက် တောင်တက်ကားနှင့် တောင် ပေါ်သို့ ခရီးဆက်တော့ (၁၀)မိနစ်စခန်း နားအရောက်မှာ ပီတိတွေဖြာဝေခဲ့ရပါ တယ်။ အဲဒါကတော့ အပူတွေနဲ့ ခပ်နွမ်း နွမ်းဖြစ်နေရာမှ ရင်မှာအေးချမ်း လန်း ဆန်းသွားမှုကြောင့်ပါ။ တောတောင် တွေကို ဖြတ်သန်း တိုက်ခတ်လာသော လေနုအေးအေး လေကောင်းလေသန့် များက နှာဝသို့ အရှိန်ပြင်းပြင်းဝင်လာ လိုက်တဲ့ အရသာဟာ မခံစား မထိတွေ့ ရတာကြာလှပြီဖြစ်တာမို့ မိတ်ဟောင်း နှင့်ပြန်ပေါင်းရသလိုဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါရဲ့။

(၁၀) မိနစ်စခန်းမှ ရသေ့စောင်၊ ရသေ့တောင်မှ တောင်ပေါ် တောင် တက်ကား ဂိတ်ဆုံး။ ထိုမှ ခြသေ့်ကြီးနှစ် ကောင် စသည့် ခရီးလမ်းမှာ ပျော်ရွှင် စွာပေါ့ပါး ခြေလှမ်းများလှမ်းဖြီးအလာ ရွှေနန်းကျင်အဆောင်ကိုကျော်လွန် သိမ် တော်နားအရောက် ရွှေရောင်တဝင်းဝင်း နှင့် ကျိုက်ထီးရိုးဘုရားကြီးကို လှမ်းဖူး မြင်လိုက်ရတော့ ဝမ်းသာပီတိတွေ ငွမ်း ဆီထိသလိုမျိုး ဖြစ်ခဲ့ရပါသည်။

ကြိုတင် ဖုန်းဆက်ထားမှုကြောင့် စာရေးသူနှင့် လွန်စွာ ခင်မင်ကြသော ဂေါပကရုံးဝန်ထမ်း ဦးမြအောင်၊ ကို အောင်ခိုင်တို့က အလှူခံရွှေဆိုင်းရှေ့ ကနေ ဆီးကြိုနေကြ၏။ စာရေးသူအ တွက် အားလုံးစီစဉ်ထားပေးကြ၍ ဦးမြ အောင်တို့အုပ်စုကို ဝမ်းတွင်းကျိတ်ပြီး ကျေးဇူးတင်နေမိ၏။ ပါလာသောအိတ် ကို တည်းခိုရမည့် ဇည့်ဆောင်မှာ သွား ရောက်ထားပြီး ဆွေ့ဘုရား၊ မျိုးဘုရား ကျိုက်ထီးရိုးဘုရားကြီးထံ ဦးတည်သွား ၍ စေတီလုံးတော်ကြီးကို ဦးခေါင်းဖြင့် ထိကပ်ပြီး ဘုရားရှိခိုးပါတော့သည်။ တောင်ပေါင်း (၃၃)လုံး ဖြတ်သန်း တိုက် ခတ်လာသော လေနုအေးများအား ရှူ သွင်း၊ ဘုရားအာရုံပြုနေရခြင်းသည် လွန် စွာကောင်းလေစွ။ အာနာပါနကမ္မဋ္ဌာန်း တရားက ကျိုက်ထီးရိုးတောင် တောင် ပေါ်လေနှင့် လွန်စွာပနံရလှ၏။ ဝိပဿ နာတရားပွားများကြသော ယောဂီများ အဖို့ ကျိုက်ထီးရိုး တောင်တော်သည် လွန်စွာအကျိုးရှိလှလေ၏။ သို့မို့ကြောင့် လည်း ဆရာတော် အရှင်ဆေကိန္ဒနှင့် တပည့် ယောဂီများသည် ကျိုက်ထီးရိုး တောင်တော် တောင်ပေါ်တွင် မကြာ ခဏ တရားလာအားထုတ်ကြသည်ဟု သတင်းရပါ၏။ ညနေမှစ၍ ည (၇) နာရီသာသာထိ ဘုရားရှိခိုးပြီး အာနာ ပါန တဝရှူသွင်းပြီးနောက် စေတီတော် နားမှ ပြန်လည်ထွက်ခွာ ရင်ပြင်တော် ရောက်တော့ ဂေါပကဝန်ထမ်း ဧည့် ဆောင်တာဝန်ခံ ကိုမင်းထွေးနှင့် ဇင်မင်း ထွန်းတို့ စာရေးသူအနီးအပါး ရောက် လာကြပြီး-

"ဆရာကံကို စောင့်နေတာကြာ ပြီ။ ထမင်းဆာလှပြီ၊ လာလာ- ဧည့် ဆောင်မှာ အားလုံးပြင်ဆင်ပြီးပြီ"

ဟု ဆိုလျက် စာရေးသူကို လက် ဆွဲခေါ်ဆောင်သွားတော့၏။ အရံဟင်း လျာများအပါအဝင် ထမင်းပွဲမှာ မြိုင်ဆိုင် လှသည်ဖြစ်၍မေးကြည့်သောအခါ 'ကြူ ကြူဝင်း' ထမင်းဆိုင်မှ လာရောက်ပြင် ဆင် ဧည့်ခံကျွေးမွေးပါကြောင်း သိရ၏။ ထမင်းစားပြီး စကားစမြည်ပြောပြီးချိန် မှာ ည (၉) နာရီ ထိုးလေ၏။ ရင်ပြင် တော် တစ်ခေါက်ပြန်သွားတော့ စေတီ တော်တံခါး ပိတ်သွားခဲ့လေပြီ။ စေတီ တော်နှင့်အနီးဆုံး အာရုံခံရင်ပြင်မှ စေတီ တော်သို့ မမှိတ်မသုန် ဖူးနေမိ၏။ စေတီ တော်ထီးပါးသို့ မြူမှုန်များက တဖွဲဖွဲဝင် ရောက် ဦးတိုက်နေကြလေ၏။ တစ်ခါ တစ်ရံ မြူမှုန်တိမ်တိုက်ကြီးကြောင့် စေ တီတော်ကြီးပင် မြင်ကွင်းမှကွယ်ပျောက် ကာ ဖ ဖြည်းဖြည်း မြူမှုန်တွေပြယ်သွား မှ စေတီတော်ကြီးက ဘွားခနဲ ပြန်ပေါ် လာသည့်မြင်ကွင်းက ကြည်ညို၍ တစ် မျိုးကောင်းလှပါသည်။

ဘုရားရင်ပြင် အာရုံခံလွင်ပြင်တွင် ညဉ့်နက်လာသည်နှင့်အမျှ ဘုရားဖူးများ လည်း ကိုယ့်အဆောင်ကိုယ် ပြန်နားကုန် ကြပြီ ဖြစ်ပါသည်။ ညဉ့်နက်လာလေ လေ၊ ရင်ပြင်တော်မှာ ဘုရားအာရုံပြုရ သည်မှာ ပို၍ ကောင်းလေလေ ဖြစ်၏။ လူသံသူသံတိတ်ဆိတ်ပြီး ဘုရားဆည်း လည်းသံများ၊ ခေါင်းလောင်းသံများက ဘဝင်မှာအေးချမ်း စိတ်ရွှင်လန်းစေပါ သည်။ စာရှုသူများ ကျိုက်ထီးရိုးဘုရား ရောက်တဲ့အခါ သန်းခေါင်ယံအချိန်မှာ အာရုံခံရင်ပြင်တော်ထွင် ဘုရားဖူးကြည့်



www.burmeseclassic.com

www.burmeseclassic.com

ပါ၊ မြူနှင်းမှုန်တွေကြားမှ ရွှေရောင်တဝင်းဝင်းနှင့် ပေါ်ထွန်းတော်မူလာ မြင်ကွင်းမှာ ကြည်ညိုဖွယ်ရာအဖြာဖြာကို တွေ့မြင်ခံစားရပါမည်။ ထို့အပြင် အာနာပါန ဝင်လေသိ၊ ထွက်လေသိ မှတ်ကြည့်လိုက်ပါ။ တည်ငြိမ် အေးချမ်းခြင်းနှင့် အတူ လေနုအေးများကြောင့် စိတ်မှာ ကြည်လင်စွာဖြင့် အသင် တစ်ခါဖူးမှမရဘူးသော အရသာတစ်မျိုးကို ထူးထူးကဲကဲ ခံစားရပါလိမ့်မည်။ တရားအားထုတ်ခြင်းရဲ့အရသာ အပြည့်အဝလိုချင်ပါက ကျိုက်ထီးရိုးသွား၍ အဓိဋ္ဌာန်ဝင်ကြည့်ပါ၊ အသင် တကယ်ထူးပါလိမ့်မည်။

ညဉ့်သန်းခေါင်ကျော် (၁) နာရီလောက်မှာတော့ မိုးနှင်းလေးများ တဖွဲဖွဲကျလာ၏။ နှစ်နှစ်ခြိုက်ခြိုက် တရားအားထုတ်ရပြီမို့ နားနေဆောင်သို့ပြန်၍ တစ်ညတာ အိပ်စက်အနားယူလိုက်၏။

အိပ်ကောင်းကောင်းနှင့်အိပ်လိုက်တာ တစ်ရေးနိုးတော့အံ့သြမိပါရဲ့။ (၈) နာရီထိုးချေပြီ။ မျက်နှာသစ်၊ သွားတိုက်ပြီး အခန်းအပြင်ထွက်လိုက်တော့ အခန်းဝမှာ ဇင်မင်းထွန်းက အဆင်သင့် စောင့်နေ၏။

"ဆရာကံ မနေ့ကပြောထားတယ်လေ၊ ဒီနေ့မနက် ကျိုးပါးစပ်ဂူသွားမယ်ဆို။ အဲဒါ ကျွန်တော်လိုက်ပို့မလို့ စောင့်နေတာ"

ဇင်မင်းထွန်းပြောမှ သတိရတော့၏။ ကင်မရာနှင့် မှတ်တမ်းဖိုင်ပါသော လွယ်အိတ်ကိုလွယ်၊ ဇင်မင်းထွန်းနှင့် နှစ်ယောက်သား ကျိုးပါးစပ်ဂူသို့ ထွက်ခွာလာခဲ့၏။ နေဇာလွင် လက်ဖက်ရည်ဆိုင်ရောက်တော့ လက်ဖက်ရည်နှင့် ပဲနံပြားမှာစားကြသည်။ ကျိုးပါးစပ်ဂူခရီးတစ်လျှောက်သည် အဆင်းချည်းသက်သက်ဖြစ်၍ တဖြည်းဖြည်း တရွေ့ရွေ့ မိမိကိုယ်မိမိ ထိန်းပြီး ဆင်းရသည်။ ဒူးမကောင်း၍ သတိကြီးစွာဆင်းရ၏။ ခက်တာက ခရီးတစ်လျှောက် အဆင်းလမ်းတွင် လက်ကိုင်တန်းများမရှိခြင်းက အရွယ်ရလာသူနှင့် ဒူးမကောင်းသောသူများအတွက် ကြီးစွာသော အခက်အခဲကို ဖြစ်ပေါ်စေ၏။ ကျိုးပါးစပ်ဂူသွား အဆင်းလမ်းများတွင် လက်ရန်း လက်တန်း လှူသူတွေပေါ်လာပါစေဟု ဆုတောင်းနေမိ၏။

ဇင်မင်းထွန်း၏ ဖေးမ ကူညီမှုဖြင့် ကျိုးပါးစပ်ဂူဝဆီသို့ ချောချောမောမော ရောက်လာ၏။ ဘုရားဖူးများက အကြွေစေ့များလဲလှယ်ရာဌာနတွင် အကြွေများ




ကျိုးပါးစပ်လိုဏ်ဂူတော်



ကျိုးပါးစပ်ထဲ အကြွေစေ့ပစ်သွင်းသူတွေ




www.burmeseclassic.com

www.burmeseclassic.com


ထဲလှယ်ပြီး ကျီးပါးစပ်ကဲ့သို့ဟ,နေသော ကျောက်ဆောင်ပြား နှစ်ခုကြားသို့ အခြေစေ့များ ပစ်သွင်း လှူဒါန်းနေသည်ကို တွေ့ရ၏။ ကျီးပါးစပ်ဂူသို့ဝင်ရန် အသည့်ကျစောင့်ရ၏။ အတွင်း၌ သုံး, လေး ဦးသာဝင်၍ရ၏။ ဂူအတွင်းမှာ ဘုရား ရုပ်ပွားတော်နှစ်ဆူ ရှိ၏။ ဝိဇ္ဇာမိုရ်ပုံတူနှင့် နဂါးမယ်တော်ပုံတူ ရှိ၏။ ဝိဇ္ဇာမိုရ်နှင့် နဂါးမ မေတ္တာသက်ဝင် ချစ်ခင်ရာမှ ဂါးမတွင် သန္ဓေသားရပြီး ဥ (၂) လုံး ဖွားခဲ့၏။ ထို ဥ (၂) လုံးပေါ်တွင် ဆီမီးတိုင်တစ်တိုင်စီ ထွန်းညှိထားသည်ကိုတွေ့ရ၏။ ကျီးပါးစပ်ဂူသို့လာရောက်၍ဆုတောင်းသူများက ဝိဇ္ဇာမိုရ်ရှေ့တွင် သစ်သီးလှူကြ၏။ နဂါးမယ်တော်၏ရှေ့တွင် တစ်ခါသုံးဘူးကလေးဖြင့် နွားနို့လှူဒါန်းပြုကြသည်ကို တွေ့ရ၏။ ဥ (၂) လုံးတွင် ဖယောင်းတိုင်တစ်တိုင်စီ ထွန်းညှိပြီး သားသမီးမထွန်းကားသူများက ထို ဥ(၂)လုံးကိုကိုင်ပြီး သားသမီးဆုတောင်းကြ၏။ စီးပွားလိုချင်သူများက ရွှေဥ၊ ငွေဥ များများဥပေးပါရန် ဆုတောင်းကြ၏။ ဆုတောင်းပြည့်ပါက ကျိုက်ထီးရိုးဘုရားသို့ တစ်ခါပြန်ဖူးပြီး ကျီးပါးစပ်တစ်ခေါက်ပြန်ရောက်၍ နို့ သစ်သီးများ ကပ်လှူပါမည်ဟု ကတိပြုကြ၏။ တချို့ဆုတောင်းသူများက ဂူအတွင်း ဘုရားများသို့ ဦးစွာ နွားနို့၊ သစ်သီး ကပ်လှူပြီးမှ ဝိဇ္ဇာမိုရ်အား သစ်သီး၊ နဂါးမယ်တော်အား နွားနို့ ကပ်လှူဆုတောင်းကြသောအခါ ပဌာန်းဆက်ရှိကြကုန်သောသူတို့သည် ယခုပြုသောကုသိုလ်ကံကို အကြောင်းပြု၍ အကျိုးဖြစ်ထွန်းသွားကြသည်ဟု သိရ၏။ သားသမီး ဘယ်သို့မှ မရကြသောသူများ သားသမီးထွန်းကားကြ၏။ ဈေးရောင်းကောင်းလိုသူများ ဈေးရောင်းကောင်းကြ၏။ စီးပွားဥစ္စာလိုချင်သူများ ရွှေဥ၊ ငွေဥ ဥသကဲ့သို့ ရွှေဝင်၊ ငွေဝင်ကြလေ၏။

ထိုကျီးပါးစပ်ဂူအတွင်းမှ ဝေယျာဝစ္စဆောင်ရွက်ရသော ဦးဝင်းမြင့်အား တွေ့ဆုံ မေးမြန်းသောအခါတွင် တချို့ဘုရားဖူးများ ဆုတောင်းပြည့်ကြသည်ဟု သိရကြောင်း၊ တစ်ခေါက်ပြန်လာပြီး သစ်သီး, နို့ဆွမ်းများ ကပ်လှူကြတာကိုလည်းတွေ့ရကြောင်း စာရေးသူကိုပြောပြ၏။ စာရေးသူအား ကျီးပါးစပ်ဂူသို့ လိုက်ပို့သူ ဂေါပကဝန်ထမ်း ဇင်မင်းထွန်း၏ပြောကြားချက်အရ သိရှိရသည်မှာ သားရရ၊ သမီးရရ သားသမီး ထွန်းကားပါစေ ဆုတောင်းခဲ့ကြရင်း သမီးရတနာ ထွန်းကားသောအခါ တစ်ခေါက်ပြန်လာစဉ် ပြောကြားသွား စကားအရ ဆုတောင်းစဉ်က 'သားသမီးထွန်းကားခဲ့သော် ဆံတော်ရှင် ကျိုက်ထီးရိုးဘုရားသို့ တစ်ခေါက်ပြန်လာပြီးသကာလ ဦးစွာပထမ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ နံ့သာပူဇော်ပြီး ရွှေဆိုင်း (၁၀) ဆိုင်း အနည်းလေးထား ကပ်လှူပါမည် ဘုရား။ ဝိဇ္ဇာမိုရ်ကြီးကိုလည်း သစ်သီးများကပ်လှူ၊ နဂါးမယ်တော်ကိုလည်း နွားနို့လှူဒါန်း မွှေးသောပန်းများဖြင့် ဆက်သ,ပါမည်ကတိပြုပါသည်' ဟု ဆုတောင်းပြီး ဆုတောင်းပြည့်သောအခါ အထက်ပါအတိုင်း လာလှူသွားသည်ကို တွေ့ရပါကြောင်း ဂေါပကဝန်ထမ်းဇင်မင်းထွန်းမှ စာရေးသူကို သူသိသမျှပြောပြပါသည်။

*(စကားချပ်။ ။ ယခုတင်ပြခဲ့သော အကြောင်းအရာများသည် ကိုယ်တိုင် ကျီးပါးစပ်ဂူသို့ ကွင်းဆင်းလေ့လာ တွေ့ရှိသမျှ ရေးသားတင်ပြခဲ့ခြင်း ဖြစ်ပါသည်။ ကျီးပါးစပ်ဂူမှ နဂါးဥ(၂)လုံးနှင့် ပဋ္ဌာန်းဆက်ရှိသူများ အကျိုးများကြပုံ တင်ပြမှုသည် ဤတွင် နိဂုံးကမ္ပတ် အဆုံးသတ်ရန်သာ ရှိပါသည်။ သို့သော် ဝိဇ္ဇာမိုရ်နှင့် နဂါးမ မည်သို့တွေ့ဆုံကြပုံ၊ သန္ဓေသား ဥ(၂)လုံးပေါ် ထွန်းလာပုံ၊ ထို ဥ(၂)လုံးမှ မည်သူများ ပေါက်ဖွားလာပုံ စသည့် စသည့် ထူးဆန်းစိတ်ဝင်စားဖွယ် ဖြစ်ရပ်ဆန်းများကို စာရှုသူများသိလိုကြမှာ အမှန်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျီးပါးစပ်ဂူမှတ်တမ်း ဖြစ်ရပ်ဆန်းများကို စာရေးသူအနေဖြင့် စာပေဝန်တာ ကျေပွန်စွာဖြင့် မေတ္တာရှေ့ထား ကြိုးစားပြီး တစ်ဆက်တည်း တင်ပြအပ်ပါသည်။ စာရေးသူ)*



ကျီးပါးစပ်ဥ(၂)လုံးကိုင်ပြီး ဘာဆုတောင်းနေသနည်း၊



**ကျီးပါးစပ်ဂူသို့ ဝိဇ္ဇာမိုရ် ရောက်လာခြင်း**

လုံးတင်တောင်တန်းတစ်လျှောက် ဆေးမြစ်၊ ဆေးပင် လှည့်လည် အရှာထွက်ခဲ့သော ဝိဇ္ဇာမိုရ်သည် မမျှော်လင့်



www.burmeseclassic.com

www.burmeseclassic.com

ပါဘဲ မုဆိုးတောင်၌ တိဿရသေ့ကြီးအား ဖူးမြော်ခွင့်ရသည်ဖြစ်ရာ လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်လျက် တိဿရသေ့ကြီးထံတော်၌ တရားဓမ္မနည်းခံတပည့်ခံယူ၍ တိဿရသေ့ကြီး၏ အနီးဆုံးနေရာတွင်နားခိုနေထိုင်ရန် စိတ်ဆန္ဒဖြစ်ပေါ်လာပါသည်။ ရသေ့ကြီးထံပါးခွင့်ပန်ကြား၍ ရသေ့ကြီးနှင့်အနီးဆုံးနေရာ ရှာဖွေရာ နတ်ရေကန်နှင့်နီးသော ကျိုးကန်းပါးစပ်ဂူကိုမြင်တွေ့ရသဖြင့် ချိုးရေ၊ သုံးရေပါ အဆင်ပြေသော ကျိုးပါးစပ်ဂူတွင်နေထိုင်ရန် ဆုံးဖြတ်လိုက်လေတော့၏။

**ဖားမနှင့် နဂါးမ တွေ့ကြပုံ**

ကျိုက်ထီးရိုးသမိုင်းမှာ မပါမဖြစ် အဓိကနေရာမှာရှိခဲ့သော နဂါးမ၏အကြောင်းကိုလည်း ထည့်သွင်းတင်ပြပါမှ သမိုင်းက ပြည့်စုံလှမှာမို့ လူတို့ဌာနေသာသနာ့နယ်မြေသို့ နဂါးမရောက်လာပုံကား-

ဘောဂဝတီ တိုင်းဌာနီမှ နာဂဝတီအမည်ရှိသော နဂါးမသည် သူ၏ချစ်လင်ဖြစ်သော နဂါးကြီး သေဆုံးသွားသည့်နောက်တွင် နဂါးတိုင်းပြည်၌ စိတ်မပျော်ရွှင်၊ တစ်ကိုယ်တည်း နေရခြင်းမှာ ပျင်းရိဖွယ်အတိဖြစ်နေသဖြင့် ချစ်သူသစ်ကိုရှာဖွေ ကာမဖြင့်မွေ့လျော်ရန် နဂါးတိုင်းပြည်မှနေ၍ သမုဒ္ဒရာလှိုင်းစီး လိုက်ပါလာရင်း မမျှော်လင့်စွာ ပေါင်းလောင်းမြစ်အတွင်း စုန်ဆင်းပြီးသား ဖြစ်နေလေသည်။ ထိုမြစ်မှနေ၍ ကျောက်ထပ်ကြီး (ယခု ကျိုက်ထီးရိုးအနီး) ဥမင်လိုဏ်အတွင်း ဝင်လာခဲ့ရာ မကြာမတင်မှာပင် ကျောက်ထပ်ကြီးတောင်ခြေသို့ ရောက်လာခဲ့လေသည်။ ကျောက်ထပ်ကြီးတောင်ခြေ စမ်းချောင်းတစ်လျှောက်၌ ဖားများ နေထိုင်ကျက်စားကြသည်ဖြစ်ရာ နဂါးမသည် ဖားမကြီးတစ်ကောင်နှင့် ပက်ပင်းတိုး တွေ့ဆုံကြလေ၏။ ရာဇဝင်တွင် ဖားနှင့် နဂါးသည် ရန်သူများဖြစ်ကြရကာ ဖားသည် နဂါး၏အစာဖြစ်လေ၏။ သို့သော်လည်း ၎င်းဖားမကြီးကို နဂါးမ မြင်တွေ့သောအခါ ရှေးရှေးကအတူပြုခဲ့ဖူးသော ပုဗ္ဗေစ ရှေးကုသိုလ်ရေစက်ကြောင့် တစ်ဦးနှင့်တစ်ဦး ရန်သူအဖြစ်မမြင်ကြဘဲ မိတ်ဆွေရင်းကဲ့သို့ ချက်ချင်း ခင်မင်သွားကြလေ၏။ ကမ္ဘာ့ရန်သူ ဖားနှင့်နဂါး မိတ်ဆွေဖြစ်သောနေရာသည် ကျောက်ထပ်ကြီးနှင့် မနီးမဝေး ကိုက် (၃၀၀) အကွာကျောက်အင်ူအစွန်းတွင် ဖြစ်ပါသည်။ ထူးခြားသည်မှာ ထိုနေရာတွင် နဂါးသဏ္ဌာန်ကျောက်အစွန်း၊ ဖားသဏ္ဌာန်ကျောက်အစွန်းများ ဖြစ်ပေါ်နေပြီး ယခုအခါတွင် ထိုကျောက်အစွန်းနှစ်ခု၌ နဂါးဘုရား၊ ဖားဘုရား တည်ထားသည်ကို ဖူးမြင်နိုင်ကြမည် ဖြစ်ပါသည်။


နဂါးမနှင့် ဖားမ မိတ်ဆွေအဖြစ် ရင်းနှီးစွာနေထိုင်လာရင်းမှ တစ်နေ့သ၌ ဖားမသည် နဂါးမအား အဘယ်သို့သော အကြောင်းကြောင့် ဘောဂဝတီ နဂါးပြည်နှင့်ဝေးရာ ဤနေရာကို ရောက်လာပါသနည်းဟု မေးလေ၏။ ထိုအခါ နဂါးမသည် မှန်ရာမှန်ကြောင်း ကာမစည်းစိမ်အလို့ငှာ အဖော်သစ်ကိုရှာဖွေရင်း ရောက်ခဲ့ရပါကြောင်း ပြောပြလေ၏။ ဖားမသည် နဂါးမအကြောင်းကို ကြားရသောအခါ လွန်စွာအံ့သြခြင်းဖြစ်လေ၏။ ဖားမအား နဂါးမသည် ဤတော ဤတောင်တွင် အတူပျော်မွေ့ရန် အဖော်အလို့ငှာ ဘယ်အရပ်မှာ ရှိနိုင်သနည်းမေးရာ ဖားမသည် လွန်စွာအကျပ်ရိုက်လျက် တစ်ခုတော့ ရှိတယ်၊ ဤကနေ အနောက်တောင်သွားသော် ဂူအသီးသီးရှိကြောင်း၊ ထိုဂူများတွင် လူသားတချို့ နေထိုင်ကြသည်ဟု သိရှိရကြောင်း၊ ထိုဒေသသို့ သွားရောက်စုံစမ်းပါလေဟု ဖားမက အကြံပြုပါသဖြင့် နဂါးမသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိ၏။ အဘယ်ကြောင့်ဆိုသော် လူသားနှင့် အတူပေါင်းနိုင်သော အရည်အချင်း (တစ်နည်း) မိမိ၏ကာမဇိဒ္ဓိတန်ခိုးဖြင့် မိုးကျနတ်သမီးကဲ့သို့ ဖန်ဆင်းနိုင်သောကြောင့် လူသားနှင့်လည်း ကာမအလိုဆန္ဒ ဖြည့်စွမ်းနိုင်သူ ဖြစ်လေ၏။

*(ဦးချစ်ဆွေရေး ရှေးဟောင်းသမိုင်း၊ စာ/၂၀။)*

**ဝိဇ္ဇာမိုရ်နှင့် နဂါးမ တွေ့ဆုံ ပေါင်းသင်း**



ကျိုးပါးစပ်ဂူမှ ဝေယျာဝစ္စဆောင်ရွက်ရသော ဦးဝင်းမြင့် တွေ့ဆုံစဉ်



ကျိုးပါးစပ်ဂူအဝင်အဝ



www.burmeseclassic.com

www.burmeseclassic.com

**ဆက်ဆဲကြ**

ဤသို့နှင့်နှင့် နဂါးမသည် ဖားမညွန်ပြသည့် ဂူပေါ်သောအရပ်သို့ နတ်သမီးတမျှဖန်ဆင်း၍ အနောက်တောင်အရပ်သို့ခရီးဆက်ခဲ့ရာ ဖားမညွှန်သည့်အတိုင်းပင် ဂူများကို လှမ်းတွေ့ရ၏။ ထိုးကန်းဂူနားသို့ရောက်သော် အတွင်းသို့ချောင်းကြည့်လေ၏။ အတွင်း၌ ရုပ်ရည်ချောမော၍ အရွယ်တင့်တယ်သော ဝိဇ္ဇာမိုရ်လုလင်ကို မြင်တွေ့ပါတော့၏။ နဂါးမသည် ဝိဇ္ဇာမိုရ်လုလင်ကို တွေ့တွေ့ချင်း လွန်စွာ ချစ်ခင်သဘောကျသည်ဖြစ်ရာ ထိုလုလင်သည် ကာမဂုဏ်လိုလားသူ ဟုတ်၊ မဟုတ်ကို ဦးစွာစုံစမ်းမှဖြစ်ချေမည်ဟု စိတ်ကူးမိလေသည်။ ထိုသို့ ဂူအတွင်းချောင်းကြည့်နေရင်းမှ ဝိဇ္ဇာမိုရ်လုလင်သည် တစ်စုံတစ်ခုသောကိစ္စဖြင့် ဂူအပြင်သို့ ထွက်သွားလေ၏။ ဝိဇ္ဇာမိုရ်လုလင် အပြင်ထွက်သည်နှင့် နဂါးမသည် မိမိ၏တန်ခိုးဖြင့် ပန်းများစုရုံးစေပြီး ပန်းများရလာသောအခါ ဝိဇ္ဇာမိုရ်လုလင် အိပ်စက်ရာနေရာတွင် ပန်းများဖြန့်ခင်းလိုက်ပြီးသကာလ ဤလုလင်သည် ကာမဂုဏ်လိုလားသူမှန်ပါက ဤပန်းများပေါ်တွင် ပျော်မွေ့ပါစေ၊ အကယ်၍ ကာမဂုဏ်ကို မလိုသူဖြစ်ပါက ဖယ်ရှားပါစေဟု နှုတ်မှဆို၍ တစ်နေရာမှ ချောင်းကြည့်နေလေ၏။

ဝိဇ္ဇာမိုရ်လုလင်သည်လည်း အပြင်မှပြန်ရောက်သော် အမှုမဲ့ အမှတ်မဲ့ ပြန်လာကာ အိပ်ရာနေရာတွင် အညောင်းဆန့်နေရင်းမှ အိပ်ပျော်သွားလေ၏။ နဂါးမသည် ပျော်ရွှင်ဝမ်းမြောက်စွာဖြစ်ရကား ဝိဇ္ဇာမိုရ်လုလင်၏အခြေအနေကို အကဲခတ်နေလေ၏။ ဝိဇ္ဇာမိုရ်လုလင်သည် အိပ်ရာနိုးသောအခါ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ဝမ်းစာအလို့ငှာ သစ်သီး သစ်ဥ ဆွတ်ခူးရန် တောအတွင်းဝင်ရောက်သွားပြန်ပါ၏။ ထိုအခါ နဂါးမသည် ပြုမြဲဖြစ်သော ပန်းများ အိပ်ရာတွင် အသစ်ပြန်ခင်းခြင်း၊ သစ်သီး သစ်ဖုများဖြင့် တည်ခင်းထားခြင်းများပြုကာ မှလပုန်းနေသောနေရာမှပင်နေ၍ ဝိဇ္ဇာမိုရ်ပြန်အလာကို စောင့်ကြည့်နေပြန်၏။ ဝိဇ္ဇာမိုရ်လုလင် ပြန်ရောက်လာသောအခါ ဤတစ်ကြိမ်တွင်တော့ ဝိဇ္ဇာမိုရ်လုလင်သည် အခြေအနေကို အကဲခတ်မိသဖြင့် မည်သူများ လာရောက်၍ ဤသို့ ပြုရသနည်း၊ သည်အတိုင်းဆို ဘယ်သူဘယ်ဝါဖြစ်မည်ကို နောက်တစ်နေ့တွင် စောင့်ကြည့်မှဖြစ်မည်ဟုတွေးမိပါသဖြင့် ဝိဇ္ဇာမိုရ်လုလင်သည် ပြုမြဲတိုင်းပြုကာ တောအတွင်းသို့ အဝင်ပြုပြီး စောစီးစွာပြန်၍ ဂူအတွင်း တစ်ဖန်ပြန်၍ စောင့်ကြည့်နေတော့၏။

နဂါးမသည် ဝိဇ္ဇာမိုရ်လုလင် အပြင်သွားနေပြီဖြစ်၍ စိတ်ချလက်ချ ဂူအတွင်းဝင်ကာ ပြုမြဲအတိုင်း ပြုပြန်၏။ ထိုအခါ ဝိဇ္ဇာမိုရ်လုလင်သည် လွန်စွာလှပ နတ်သမီးတမျှ ချောမောလှသော နဂါးမကိုတွေ့ရာ လွန်စွာ ဝမ်းမြောက်စွာဖြင့် မြင်မြင်ချင်းပင် သူ့စိတ်ထဲမှာ ချစ်ခင်လာလေ၏။ ဝိဇ္ဇာမိုရ်ကလည်း ပြောနေ ကြာလှပါတယ်ဟုဆိုလျက် တစ်ခါတည်း ဂူအတွင်းဝင်လိုက်ရာ နဂါးမနှင့် ပက်ပင်းတိုးပြီးသကာလ အကြည့်ချင်းရယ်စုံ ရင်ခုန်နေမိပါတော့၏။ နတ်သမီးတမျှ လှပနေသော နဂါးမကို ဝိဇ္ဇာမိုရ်လုလင်က တွေ့တွေ့ချင်းပင်-

“အသင်ကား ဤမျှလှပနေသည်ကား လူသားတော့ မဖြစ်ဟန်၊ အသင် ဘယ်သူဘယ်ဝါ သိလိုပါသည်”

ဟု ဆိုသောအခါ နဂါးမသည် မိမိဇာတိရုပ်ကို မသိစေလိုသောအားဖြင့် လှည့်ဖြားကာ သူသည် ဤတောကိုစောင့်သော ရုက္ခစိုးနတ်မင်းကြီး၏သမီးတော်ဖြစ်ပါကြောင်း၊ ယခုလိုလာရောက်ရခြင်းကတော့ အမောင်လုလင်ကို မြင်ကတည်းက နေ၍ထိုင်၍မရအောင် ချစ်ကျွမ်းဝင်လိုပါသဖြင့် ယခုလို ပန်းမွေ့ရာခင်း အလုပ်ကျွေးပြုစုရခြင်းဖြစ်ကြောင်း ‘ငတ်မရှက်၊ ကြိုက်မရှက်’ ဆိုသကဲ့သို့ ပွင့်ပွင့်လင်းလင်းပြောလိုက်ရာ မညွှတ်ခင်ကပင် ဆွတ်ခူးလိုသော ဆန္ဒပြင်းပြသူ ဝိဇ္ဇာမိုရ်လုလင်သည်-

“ကောင်းလေစွ။ ငါ့အား အလုပ်အကျွေးပြုသူနှင့်တွေ့ရပြီဖြစ်၍ အတူတကွ ပေါင်းသင်းနေထိုင်ကြအံ့”

ဟု ဆိုကာ နှစ်ဦးသား သဘောတူ လက်ဆက်ပေါင်းသင်း နေထိုင်ကြပါလေတော့၏။ ဆက်ရက်တောင်ပံကျိုးနှင့် ကြောင်ခံတွင်းပျက် တွေ့ကြသည့်ပမာ ချစ်မိုးကြီးရွာပါလေတော့၏။

**နဂါးမအသွင် မျက်ဝါးထင်ထင် မြင်သောအခါ**

နဂါးမသည် ဝိဇ္ဇာမိုရ်နှင့် ချစ်ခင်ပေါင်းသင်းနေထိုင်ရင်းမှ ဝိဇ္ဇာမိုရ်လုလင်မသိအောင် လူအသွင်ဖန်ဆင်းရင်းဖြင့် သတိဖြင့် အမြဲနေထိုင်နေရလေသည်။ သတိလက်လွတ်နေခြင်း၊ အိပ်ပျော်ခြင်းများ ဖြစ်ပေါ်ပါက မူလနဂါးအသွင် ပြန်ရောက်တတ်ခြင်းကြောင့် ကောင်းစွာနှစ်ခြိုက်စွာမအိပ်ရ သတိဖြင့် နေထိုင်ရပါသည်။

*(စကားချပ် ။ ။ နဂါးတို့သည် သတိလက်လွတ် နေထိုင်ကြသောအခါနှင့် နဂါးအချင်းချင်း အမျိုးတူ ဇာတ်တူ မေထုန် သံဝါသ ပြုကြသောအခါမှာ မူလဇာတိရုပ်အတိုင်း ပေါ်မြဲဖြစ်လေ၏။ မူလသမိုင်းစာအုပ်၊ စာ/၂၃။)*

တစ်နေ့သ၌ အိပ်ရေးမဝ ကာလကြာလာပြီဖြစ်သဖြင့် နဂါးမသည် ဝိဇ္ဇာမိုရ်လုလင် တောထဲဝင်နေစဉ်တွင် အမှုမဲ့ အမှတ်မဲ့ သတိလက်လွတ် အိပ်ပျော်သွားပါတော့၏။ နဂါးမသည် ဘောဂဝတီတိုင်း၌ဒါနိက ကာလနဂါးအမျိုးနွယ်များဖြစ်ရကား တစ်နေကုန်အိပ်ပျော်နေလေ၏။ ဝိဇ္ဇာမိုရ်လုလင် နေစောင်း၍ ပြန်လာသည့်တိုင် အိပ်ရာမှမနိုး ဖြစ်နေ၏။ ဝိဇ္ဇာမိုရ်လုလင်သည်လည်း ရှာဖွေရလာ သစ်သီးသစ်ဥ၊ ဆေးမြစ်ဆေးဝါးများဖြင့် ပြန်လာရာ ဂူအတွင်းမှာ ထူးဆန်းစွာဖြင့် နဂါးခန္ဓာကိုယ်ကြီး ပြည့်ကျပ် ခွေနေသည်ကိုမြင်ရသဖြင့် မည်သို့သောအကြောင်းကြောင့် နဂါးကြီး ဂူအတွင်းဝင်ရောက်နေပေသနည်း။ သူ၏ချစ်ဇနီး ရုက္ခစိုးကြီးသမီး နတ်သမီးသည် အဘယ်သို့ဖြစ်ရ၍ မည်သည့်အကြောင်းကြောင့် ပျောက်ဆုံးနေသနည်း အတွေးများဖြင့် ဂူဝမှ အခြေအနေသုံးသပ်ကြည့်နေလေမိ၏။ အတန်ကြာသော် နဂါးမသည် အိပ်ရာမှ လန့်နိုးနိုးချင်း နဂါးအသွင် ဖျောက်၍ ချက်ချင်းပင် သတိပြန်ဝင်ပြီး နတ်သမီးအသွင် အမြန်ဖန်ဆင်းရင်း မူလပုံစံမပျက် ဂူအတွင်းမှာ နေလေ၏။ ထိုအခြင်းအရာကို ဝိဇ္ဇာမိုရ်လုလင်သည် မျက်ဝါးထင်ထင်မြင်မိလေရာ အမြော်အမြင်ရှိသူပီပီ ရုက္ခစိုးကြီးသမီး နတ်သမီးမဟုတ်တော့၊ နဂါးမသာဖြစ်ကြောင်း သိလာပါတော့၏။ ထိုအခါ ဝိဇ္ဇာမိုရ်လုလင်မှာ စိတ်လက်မကြည်သာ၊ ဝမ်းနည်းခြင်းများစွာဖြင့် ဂူအတွင်းဝင်ရောက်ကာ နဂါးမအား-

“ရှင်မ၏ရုပ်ဆင်း အသွင်သဏ္ဍာန် သရုပ်မှန်ကိုပါ သိပါပြီ ရှင်မ၊ ဟုတ်တိုင်းမှန်ရာ ဝန်ခံပါတော့”

ဟု ဆိုသောအခါ နဂါးမသည်လည်း-

“အသင်လုလင် ဒိဋ္ဌလက်တွေ့ တွေ့မြင်ရပြီမို့ မကွယ်မထောက် အမှန်



www.burmeseclassic.com

www.burmeseclassic.com

တိုင်းဆိုရရင်ဖြင့် နဂါးစင်စစ် ဧကန်ဖြစ်ပါ၏"

ဟု မှန်ရာမှန်ကြောင်း ဝိဇ္ဇာမိုရ်အား ဖွင့်ဟ ဝန်ခံလိုက်လေ၏။

ဝိဇ္ဇာမိုရ်လုလင်သည် နတ်သမီးတမျှ လွန်စွာလှပသောရုပ်ဝါဒကြောင့် လွန်စွာချစ်ခင် စွဲလမ်းနှစ်သက်နေသည်မှာ မှန်သော်လည်း နဂါးမမှန်း သိကတည်းက စိတ်ထဲမှာ မကြည်မသာဖြစ်နေရှာလေ၏။ သို့သော်လည်း မိမိ၏အတွင်းစိတ်ကို နဂါးမ မရိပ်မိစေရန် ဟန်ဆောင်ပြုံး ပြုံး၍သာ နေရလေ၏။ ရက်အတန်ကြာသောအခါ ဝိဇ္ဇာမိုရ်လုလင်သည် စဉ်းစားမိ၏။ မိမိအနေဖြင့် ဝိဇ္ဇာမိုရ်ကျင့်စဉ်လိုက်နေသူပီပီ နဂါးမနှင့် ပေါင်းဖက်ခြင်းကား မလျော်ကန်မှန်း စဉ်းစားမိ၏။ မိမိ၏ရည်မှန်းချက်ဖြစ်သော ဆေးဝါးဆိုင်ရာ သိဒ္ဓိလုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်ရမည့်တာဝန်သည်ကားလည်း ရှိသည်ဖြစ်ရာ သံယောဇဉ်မရင့်မီ စွန့်ခွာမှုသင့်မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ အမှန်တကယ်စွန့်ခွာကြေးဆိုပြန်သော်လည်း ဝိဇ္ဇာမိုရ်လုလင်သည် လှပကြော့ရှင်း အပြစ်ကင်းသော နတ်သမီးတမျှ လွန်စွာလှပသူ နဂါးမကို မစွန့်နိုင်ဖြစ်ရချေ၏။ သို့သော်လည်း အချိန်ကြာ ဆက်လက်ပေါင်းရန်လည်း မသင့်တော်တော့မည်မို့ ချစ်လျက်နှင့်ပင် ဝိဇ္ဇာမိုရ်သည် နဂါးမကို တိတ်တဆိတ်စွန့်ခွာသွားပါတော့၏။

နဂါးမသည်လည်း လင်တော်မောင် ပြန်ချိန်တန် မပြန်သောအခါ စိတ်မှာ ပူဆွေးခြင်းများစွာ ဖြစ်ပေါ်လျက် ဂူဝမှာ နွမ်းလျလျ စောင့်မျှော်နေသည်မှာ နံနက်မိုးသောက် အလင်းရောက်သည့်တိုင် ဖြစ်တော့၏။ တစ်နေကုန် အစာမစား၊ လင်တော်မောင်ပေါ်လာလေဦးစောင့်စားသော်လည်း မျှော်သူသာ မောရလေတော့၏။ နေဝင်ဖျိုးဖျအချိန်ရောက်သောအခါ အနီးအပါးတောတောင်များရှိရာ အရပ်လေးမျက်နှာသို့ မျက်နှာမူလျက် အသံတစာစာ ချစ်လင်အား အော်ခေါ်ပါသော်လည်း မည်သို့မျှ ထူးမလာသောအခါ အရပ်ကြီးပြတ်လဲကျလျက် မရှုနိုင်မကယ်နိုင် မျက်ရည်လည်ရွဲ ဝမ်းနည်းခြင်းများစွာဖြင့် ကြေကွဲနေရရှာပါသည်။ ဝိဇ္ဇာမိုရ်လုလင်သည်ကားလည်း ချစ်ခင်ကြင်နာလျက် ပေါင်းက ခက်သောဘဝမို့ ကြိတ်မှိတ်ခံစား သောကတွေများဖြင့် ဖြေမဆည်နိုင် အသည်းစိုင်တွေ ကြွေလုလုသည့်တိုင်ခံစား အချစ်မီးလျှံ ဝိုင်းရံနေသည့်အလား ပူဆွေးသောကရောက်နေရလေ၏။ ဖြေမဆည်နိုင် အခြေယိုင်၍ တမှိုင်မှိုင်နှင့် ဝေခွဲဆုံးဖြတ်ခက်နေရချိန်တွင် ဝိဇ္ဇာမိုရ်လုလင် သတိရလိုက်သည်က မုဆိုးတောင်မှာ သီတင်းသုံးသော တိဿရသေ့ကြီး ဖြစ်လေ၏။ ဝိဇ္ဇာမိုရ်လုလင်သည်လည်း တိဿရသေ့ကြီးထံပါးသို့အရောက်သွား၍ ဖြစ်ကြောင်းကုန်စင် လျှောက်ထားလိုက်လေ၏။ ရသေ့ကြီးက မီးတကာ့မီးတွင် ကိလေသာမီးသည် ပူလောင်လွန်းလှ၏။ ကိလေသာအပူငြိမ်းမှ အေးငြိမ်းချမ်းသာ ရနိုင်မည်ဟု ဆိုမိန့်သောအခါ ရင်ထဲက အစိုင်အခဲများ ရေတွင် ပျော်ဝင်သွားသကဲ့သို့ ပေါ့ပါးသွားသည်နှင့်အညီ တိဿရသေ့ကြီး၏ခြေတော်အစုံကို ဆယ်ဖြာကြာပဒုံဖြင့် ဦးတင်ကာ နဂါးမနှင့်ဝေးရာ တောနက်ကြီးတစ်နေရာသို့ ပြေးလွှားသွားရောက် ခြေရာဖျောက်သွားပါတော့၏။

**တစ်နေ့လာနိး မျှော်ကိုး**

နဂါးမသည် အစပထမ စဉ်းစားမိသည်က ဝိဇ္ဇာမိုရ်လုလင် လင်သားသည် သူမအား ပစ်ခွာသွားသည်ဟု မထင်မိ။ အကြောင်းတစ်စုံတစ်ရာတစ်ခုရှိ၍သာ သူမထံပါး မလာဩားဟု ထင်မိလေ၏။ သူ၏ချစ်လင် ဝိဇ္ဇာမိုရ်သည် သူမအား မည်မျှ စွဲလမ်းသည်ကို သူမသာ အသိဆုံးမို့ မျှော်လင့်ခြင်းများစွာ မျှော်နေမိပါတော့၏။ ရက်များကြာ၍ မလာသောအခါ နဂါးမသည် တိဿရသေ့ကြီးထံပါးသွား၍ ဝိဇ္ဇာမိုရ်လုလင်ပျောက်နေပါ၍ ရသေ့ကြီးထံ လာသွားပါသေးသလား မေးမြန်း လျှောက်ထားသောအခါ တိဿရသေ့ကြီးသည်လည်း အမှန်အတိုင်းပင် လာရောက်ကန်တော့သွားကြောင်း၊ မည်သည့်နေရာဒေသသွားမည် မပြောသွားကြောင်း မိန့်တော်မူသောအခါ နဂါးမသည် တိဿရသေ့ကြီးအား ကန်တော့ပြီးသကာလ အနီးအပါး တောတောင်များသို့ ပင်ပန်းကြီးစွာသွားရောက်ရှာဖွေပါသော်လည်း ချစ်လင်အား အရိပ်မျှပင်မတွေ့ရသဖြင့် ဖြေမဆည်နိုင် မျက်ရည်ဖြိုင်ဖြိုင်ကျလျက် နေရင်းဂူသို့ ပြန်လာခဲ့လေ၏။

ငါ၏ချစ်လင်သည် ငါ့အား ချစ်ခင်မြတ်နိုးပါလျက် အဘယ်ကြောင့်များ စွန့်ပစ်ခွာရသနည်း ဧသည်ဖြင့်အမျိုးမျိုးတွေးတောကာ ပူပင်မှုတို့သည် စိတ်နှလုံးကို ကြိမ်မီးအုံးသကဲ့သို့ ဆောက်တည်ရာမရ ကြေကွဲဝမ်းနည်းမှုများစွာ နေ့စဉ် ဖြစ်ပေါ်နေသောအခါ အားကိုးစရာဆို၍ ဘောဂဝတီ တိုင်းဌာနီပြန်ရန်သာရှိတော့၏။ သို့သော်လည်း ဝိဇ္ဇာမိုရ်လုလင်နှင့် အတူပျော်ပါး ကာယသံသဂ္ဂကြောင့် ရရှိလာပြီဖြစ်သော သားသန္ဓေက သာစည်မှိုင်းညို့ နဂါးမြို့သို့ ပါသွားပါခဲ့သော် မတော်အခက် အရှက်တော်ကွဲမည်မှာ သေချာပါသဖြင့် အခွင့်မသာတဲ့ ကြမ္မာ ကံတရားသာ ဖန်တီးရာ ဖြစ်ချေတော့၊ လူသားနှင့်ရလာ သန္ဓေသားကို နဂါးပြည်သို့ ယူဆောင်ရရိုး ထုံးစံ မလေ့မရှိတာမို့ ချစ်လင်တော်မောင် မျှော်ကိုးရင်း သန္ဓေသားရင့်အောင် ကျိုးကန်းဂူမှာစောင့်ခိုကာနေလေတော့၏။

သန္ဓေသားရင့်သန်လာသဖြင့် ကျိုးကန်းဂူတွင်းမှာပင် လင်တော်မောင် ဝိဇ္ဇာမိုရ်နှင့်အတူနေ ပန်းမွေ့ရာနေရာတွင်ပင် ဥ (၂) လုံး ဥချထားခဲ့ပြီးသကာလ လင်တော်မောင် ဝိဇ္ဇာမိုရ်လုလင်၏ အချစ်ရဲ့သင်္ကေတ ဥ (၂) လုံးကို မြင်ရလျှင် အမျက်တော်ပြေ ချစ်မိုးစွေပါအံ့တော့ဟူလျက် တောတောင်အထပ်ထပ် အနှံ့နှံ့ရှာဖွေ မတွေ့လေသောအခါ နဂါးမသည် ဝမ်းနည်းခြင်းများစွာဖြင့် သူမအနေဖြင့် တာဝန်ကျေခဲ့ပါပြီ။ ဒီဘဝ၊ ဒီမျှသာ ကံတရားကဖန်တီးခဲ့ပြီဟု မှတ်ယူကာ ညှိုးငယ်တမ်းတ လွမ်းဆွတ်ခြင်းများစွာဖြင့် ဘောဂဝတီ တိုင်းဌာနီသို့ လေးတွဲ့သောခြေလှမ်းဖြင့် ပြန်သွားပါတော့သတည်း။

**တိဿရသေ့ကြီးနှင့်**
**ကျိုးပါးစပ်ဂူမှ ဥ (၂) လုံး**

တစ်နေ့သောအခါ တိဿရသေ့ကြီးသည် မုဆိုးဘဝ တစ်ဖြစ်လဲ ဖိုးသူတော်ကြီးကိုအဖော်ပြု၍ လုံးတင်တောင်ဘက် လမ်းလျှောက်ထွက်လေ၏။ လုံးတင်တောင် ရောက်သောအခါ ကျိုးပါးစပ်ဂူမှ ဝိဇ္ဇာမိုရ်ဇနီးမောင်နှံကို အမှတ်ရသဖြင့် ကျိုးပါးစပ်ဂူသို့သွားကြရာ ကျိုးပါးစပ်ဂူမှာ လူသူကင်းမဲ့စွာ သစ်ရွက်အမှိုက်သရိုက်များဖြင့် ရှုပ်ပွနေလေ၏။ အတွင်းသို့ စူးစမ်းကြည့်သောအခါ မမျှော်လင့်စွာဘဲ ယခင် ဇင်းကျိုက်ကမ်းခြေ ဒိုက်သရောပုံကြီးတွင် တွေ့ခဲ့၊ ရခဲ့ဖူးသော ဥနှစ်လုံးနှင့်အရွယ်တူ၊ သဏ္ဍာန်တူ ဥနှစ်လုံးကို တွေ့ရှိခဲ့လေ၏။ တိဿရသေ့ကြီးသည် ထို ဥနှစ်လုံးကို ဉာဏ်



www.burmeseclassic.com

www.burmeseclassic.com

# ဒူလာသွေးဝမ်း ပျောက်စေချင်စမ်းသည့်

မြန်မာ့တိုင်းရင်းဆေးတွင် အစာလည်းဆေး၊ ဆေးလည်းအစာ ဟူသော စကားတစ်ရပ် ရှိသည်။ ထိုစကား မှန်ကန်ကြောင်းကို ကျွန်တော်၏မိတ်ဆွေ ကိုကောင်းမြက လက်တွေ့ပြလိုက်သည် ဟု ဆိုချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အကြောင်းကား ဤသို့တည်း။

မိတ်ဆွေ ကိုကောင်းမြမှာ လွန်ခဲ့သော (၂) နှစ်ခန့်ကတည်းက ဝမ်းသွားသည့်အခါ သွေးစ သွေးနလေးများ ပါနေပြီး လူမှာလည်း အားအင်ကုန်ခမ်းဖြစ်ခဲ့ရပါသည်။ တစ်နေ့တွင် ကျွန်တော့်အား တိုင်းရင်းဆေးဆရာတစ်ဦးထံ လိုက်ပို့ရန်ခေါ်သဖြင့် ဆိုင်ကယ်ဖြင့် ကူညီလိုက်ပို့ပေးခဲ့ရပါသည်။

ထိုဆရာကြီးမှာ တိုင်းရင်းမြန်မာ အငြိမ်းစား ဆေးဆရာကြီးတစ်ဦးဖြစ်ပြီး အသက်မှာ (၇၀) နီးပါး ရှိနေပြီ ဖြစ်ပါသည်။ ဆရာကြီး၏အမည်မှာ ဦးညွန့်ဟန် ဖြစ်ပါသည်။ ဆရာကြီး၏ပညာအမွေကို ၎င်း၏သား ဦးကြည်လင်းအား သင်ကြားပြသပေးထားပါသည်။ ထိုနေ့က ဆရာကြီး၏သား ဦးကြည်လင်းမှာ အိမ်တွင်မရှိဘဲ ဆေးလွယ်အိတ်နှင့်ဆေးသေတ္တာကို ယူသွားပြီး နယ်သို့ ဆေးကုထွက်သွားသည်ဟု သိရပါသည်။

ဆရာကြီးမှ ကျွန်တော့်မိတ်ဆွေ ကိုကောင်းမြအတွက် အသင့်ဖော်စပ်ပြီးဆေး မရှိသဖြင့် ဓာတ်စာဆေးနည်းကို ပြောပြလိုက်ပါသည်။ ဆရာကြီး ပြောပြလိုက်သည့် ဓာတ်စာဆေးနည်းအတိုင်း ကိုကောင်းမြမှာ သုံးရက်ဆက်တိုက် စားသုံးရာ ဒူလာသွေးဝမ်းရောဂါမှာ ယနေ့ထိပေါ် မလာတော့ဘဲ သက်သာပျောက်ကင်းသွားသဖြင့် ရေးသားတင်ပြလိုက်ပါသည်။ ထိုဓာတ်စာဆေးနည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ဈေးမှ လတ်ဆတ်သော ဆိတ်ဘောနှစ်လုံးကို ဝယ်ယူပါ။ ထို့နောက် ရေဖြင့် ပြောင်စင်စွာဆေး၍ ဓားထက်ထက်နှင့်မွှန်းပါ။ ပြီးလျှင် ပရဆေးဆိုင်မှ ဝယ်ယူထားသော ရှိန်းခိုကို ပျော့ပျစ်သွေး၍ ဆိတ်ဘောနှစ်လုံးကို နှံ့စပ်အောင်သုတ်ပါ။ ထို့နောက် တံစို့နှင့်ထိုး၍ မီးကျီးခဲရဲရဲ၌ ကျက်နပ်အောင်ကင်ပါ။ ကျက်နပ်ပြီဆိုမှ ဓားနှင့်ပါးပါးလှီးပြီး နှမ်းဆီ၊ ဆားတို့နှင့် တစ်ထိုင်တည်းကုန်အောင် စားပါ။ ထိုသို့ သုံးရက် စားသုံးခြင်းဖြင့် ဒူလာသွေးဝမ်း သက်သာပျောက်ကင်းစေပါသည်။

ကျော်ဟိန်းထက်(ဥပဒေ)

---

ဖြင့်သုံးသပ်ကြည့်သောအခါ ဝိဇ္ဇာမိုရ်နှင့် နဂါးမမှ ရည်ငံကြရင်းရလာသော သန္ဓေသားဥနှစ်လုံးဖြစ်ကြောင်း သိလာခဲ့၏။ ဝိဇ္ဇာမိုရ်နှင့် နဂါးမတို့သည် တကွဲတပြားဤဂူမှ ထွက်ခွာသွားသည်ကိုလည်း သုံးသပ်မိလေ၏။

ဤသို့ဖြင့် ထို ဥနှစ်လုံးကို ဖိုးသူတော်အား ယူဆောင်စေလျက် မုဆိုးတောင်ကျောင်းသခ်မ်းသို့ ပြန်လည်ကြွလာခဲ့လေ၏။ ကျောင်းသခ်မ်းသို့ရောက်သော် သေချာစွာ သိမ်းဆည်းထားလေ၏၊ နောက်တစ်နေ့၌ ဇင်းကျိုက်တောင်မှ ညီတော် သီဟရသေ့ ရောက်ရှိလာသောအခါတွင် အကျိုးအကြောင်းပြောပြပြီး ဥနှစ်လုံးမှ တစ်လုံးယူသွားရန် မိန့်ဆိုတော်မူသဖြင့် ညီတော် သီဟရသေ့သည် ဝမ်းမြောက်စွာ ဥတစ်လုံးယူပြီး ဇင်းကျိုက်တောင်သို့ ပြန်သွားလေတော့၏။

**ကျိုးပါးစပ်ဂူမှရသော ဥ (၂) လုံး မိန်းကလေးနှစ်ယောက်ပေါက်ဖွားမြင်ခြင်း**

မကြာမီအတွင်းတွင်ပင် ယခင်သိမ်းထားသောနဂါးဥကြီးမှ ရွှေချင့်စဖွယ်စင်ကြယ် သန့်ရှင်း၍ အဆင်းအသရေနှင့်ပြည့်စုံသော အဏ္ဏဇ သတို့သမီးငယ် ပေါက်ဖွားလေ၏။ ထိုသို့ တိဿရသေ့ကြီးသိမ်းထားသောဥမှ ပေါက်ဖွားသောနေ့၊ ပေါက်ဖွားသောအချိန်၌ပင် ညီတော် သီဟရသေ့ သိမ်းထားသော ဥမှလည်း နုထွားဖြူစင် အင်္ဂါစုံလင် မိန်းကလေး ပေါက်ဖွားလေ၏။ ထိုကလေးသူငယ်နှစ်ယောက်တို့လည်း ရုပ်ဆင်းသွင်ပြင် ကြန်အင်လက္ခဏာ များစွာတူညီကြလေကုန်၏။ ရသေ့ညီနောင်တို့လည်း မိမိတို့ဥမှ သူငယ်မလေးများ ပေါက်ဖွားကြောင်းကို အချင်းချင်းသိကြပြီးလျှင် သတို့သမီးငယ်များကို ယခင် ရရှိထားသော သားငယ်များနှင့် အတူတကွပင် အဓိဋ္ဌာန်ဖြင့်ရရှိသော လက်ညှိုးနို့ရည်တိုက်ကျွေး၍ ယုယပိုက်ထွေး မွေးမြူတော်မူကြလေသည်။

ထိုဥနှစ်လုံးအနက် တိဿရသေ့ကြီးထံပါး ဥတစ်လုံးဖြစ်သော အဏ္ဏဇ သူငယ်မလေးသည် ကျိုက်ထီးရိုးဘုရားသမိုင်းတွင် ပါဝင်ခဲ့သော ရွှေနန်းကျင်ဖြစ်လာ၍ ညီတော် သီဟရသေ့ကြီးထံမှ ကျန်ဥတစ်လုံး အဏ္ဏဇ သူငယ်မလေးသည် သုဝဏ္ဏဘူမိဘုရင် တိဿမမွေသီဟရာဇာမင်း၏ အဂ္ဂမဟေသီ နာဂသူဇာမိဖုရားကြီးဖြစ်ခဲ့ကြပါကြောင်း ကျိုးပါးစပ်ဂူမှ ထူးခြားဖြစ်ရပ်ဆန်းများကို လေ့လာမိသမျှ တင်ပြအပ်ပါသည်။

*စာရှုသူများ ကျိုက်ထီးရိုးဘုရားကြီးဖူးပြီး ထူးကြပါစေ*

*မေတ္တာများစွာဖြင့်*

ကံဝင်း


**ကျမ်းကိုး**

၁။ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော် ဂေါပကအဖွဲ့ထုတ် ကျိုက်ထီးရိုးသမိုင်းစာအုပ်
၂။ ဦးချစ်ဆွေရေး ဆံတော်ရှင်စေတီတော်မြတ်ကြီးသမိုင်း
၃။ မောင်ထွန်းလွင်ရေး ကျိုက်ထီးရိုးသမိုင်းမှုဟောင်း
၄။ အောင်သီဟရေး လိုရင်းတိုရှင်း ကျိုက်ထီးရိုးသမိုင်းအကျဉ်း
၅။ ကိုယ်တိုင် သွားရောက် လေ့လာမှုများ



www.burmeseclassic.com

www.burmeseclassic.com



# ညီအောင်

# ဓမ္မကျင့်စဉ်နှင့် သစ္စာတန်ခိုး

ကျွန်တော် အိမ်ထောင်ကျစက အဖြစ်အပျက်ကလေး ဖြစ်ပါသည်။ ဇနီး ဖြစ်သူက ဘာသာရေးသမားဖြစ်သည့် အားလျော်စွာ ကျွန်တော့်ကိုလည်း ဘာသာရေးလေးနက်စေရန် စည်းရုံးအကြံ ပေးမှုကြောင့် ကျွန်တော်သည်ပင် ဘာသာရေးသမားတစ်ယောက် ဖြစ်ခဲ့ရပေသည်။

မနက်ပိုင်း ပရိတ်ကြီး (၁၁) သုတ် အမြဲရွတ်ပြီး သမ္ဗုဒ္ဓေဂါထာတော်ကိုလည်း သက်စေ့ရွတ်တတ်သည်မှာ ကြာပြီဟု ဆိုရပါမည်။

ကျွန်တော်က ဌာနတစ်ခုတွင် စာရင်းထိန်းသိမ်းရသော စာရေးကြီး ဖြစ်ပါသည်။ ဖိုင်ဟောင်း၊ လယ်ဂျာဟောင်းနှင့် အရေးကြီးသော ညွှန်ကြားချက်စာရွက်စာတမ်းများကို သိမ်းဆည်းရသော အလုပ် လုပ်ခဲ့ရပါသည်။

တစ်ခါသော် မြို့နယ်စာရင်းစစ်ရုံးချုပ် နယ်လှည့်စစ်ဆေးရေးအဖွဲ့များ ဆုံ၍ ကျွန်တော်တို့ရုံးကို လာရောက်စစ်ပါသည်။ သူတို့တောင်းသော စရင်းဇယားများကို အခါမလင့် ကျွန်တော်က ရှာဖွေပေးနိုင်သဖြင့် စစ်ဆေးသူများ စိတ်ချမ်းသာကြပါသည်။

ဤသို့ဖြင့် စစ်ဆေးရေးအဖွဲ့ဝင်များ ကိုယ်စီ ကိုယ်စီ ပြန်သွားကြပါသည်။ တစ်နေ့တွင် ကျွန်တော့်အထက် အရာရှိက လိုအပ်သော လယ်ဂျာ (၇) အုပ် နှစ်ပတ်အတွင်း ရှာဖွေမတွေ့ခဲ့ပါလျှင် အထက်သို့တင်ပြမည်ဟုဆိုသဖြင့် ကျွန်တော်သည် စိတ်မကောင်းစွာ မျက်စိမျက်နှာပျက်လျက် ရှိပါသည်။ ဤစိတ်ဖြင့် အိမ်သို့ပြန်ခဲ့ရာ-

"ကိုအောင် မျက်နှာမကောင်းပါလား၊ ဘာဖြစ်လို့လဲဟင်။ ရုံးမှာအဆင်ပြေရဲ့လား"

ဇနီးသည်၏အမေးကို ကျွန်တော် အသေးစိတ် ပြောပြလိုက်ပါသည်။

"ဩော်-- ဒါလေးများ ကိုအောင်ရယ်. . . နှစ်ပတ်အချိန်ရပါသေးတယ်၊ မတိုင်ခင် အဆင်ပြေသွားမှာပါ။ ကျွန်မ ကူညီပါ့မယ်။ အချိန်လွန်နေပြီ၊ ကဲ- ထမင်းဆာနေတော့မယ်, စားလိုက်ပါဦး"

အလိုက်သိသောဇနီးသည်ကြောင့် ကျွန်တော် စိတ်ချမ်းသာစွာ ညစာကို စားလိုက်ပါသည်။

"ကိုအောင့်ကိစ္စ အခက်အခဲအတွက် သစ္စာဆိုရမယ် ကိုအောင်။ ကိုယ်လည်း ပရိတ်တော်တွေ အမြဲရွတ်နေတာပဲ၊ သမ္ဗုဒ္ဓေဂါထာတော်ကြီးကိုလည်း သက်စေ့ရွတ်ပါ။ အဆင်ပြေဖို့ သေချာသွားမှာပါ"

ဇနီးကလည်း ကျွန်တော့်ကို ရွတ်ဆိုသစ္စာဆိုခိုင်းသလို သူလည်း ဝိုင်းရွတ် မေတ္တာပို့ပေးပါသည်။ ဤသို့ဖြင့် အရက်တက်အချိန်များ ထကာ ဝတ်ပြုဆုတောင်းခဲ့ပါသည်။ ဤသို့ အာစိဏ္ဏကံကျင့်စဉ်ကြောင့် လည်းကောင်း၊ လယ်ဂျာစာအုပ်များ ပြန်မှတွေ့ပါ့မလား ဆိုသည့်စိုးရိမ်စိတ်အပြင် အိုဗာတိုင်ဆင်းရတဲ့အချိန်တွေကြောင့် ကျွန်တော့်ကို တွေ့သူတိုင်းက-

'ကိုအောင် ပိန်သွားတယ်နော်' စသည်ဖြင့် မှတ်ချက်ချသံတွေ များခဲ့တယ်။

တနင်္ဂနွေတစ်နေ့။ ထိုနေ့က ဥပုသ်နေ့ ဖြစ်သည်။ ကျွန်တော် ဥပုသ်ယူ၊ သီလစောင့်ပြီး တရားထိုင် ပုတီးစိပ် မေတ္တာပို့ကာ နေ့လယ်ခင်း တစ်ရေးတစ်မော အိပ်စက်အနားယူပြီး အိပ်ရာကနိုး၍ မနိုးတစ်ဝက်နိုးတစ်ဝက်အချိန်၌-

'စာအုပ်တွေ ကိုလှိုင် သိမ်းထားတယ်၊ သူ့ကိုမေးပါ'

အသံအောအောကြီးနှင့် တစ်ရေးနိုး ကျွန်တော့်နားထဲ ကြားလာသဖြင့် ကျွန်တော် ခေါင်းထောင်ထလာကာ အိမ်ရှေ့ခန်းရှိ ဇနီးသည်ကို လှမ်းမေးလိုက်ပါသည်။

"မိန်းမရေ- အိမ်ရှေ့ ဘယ်ကဧည့်သည်ရောက်နေသလဲကွ"

"မရောက်ပါဘူးရှင့်၊ ကျွန်မတို့သားအမိပဲ ရှိတာပါ"

"ဒီလိုဆို ငါ့နားထဲ လာပြောတဲ့အသံဟာ ပုဂ္ဂိုလ်တစ်ဦးဦးရဲ့အသံပဲကွ။ ငါ့လယ်ဂျာတွေကိစ္စ ငါသိရပြီကွ"

ဆိုကာ ဇနီးကို နှုတ်ဆက်ပြီး ကိုလှိုင်နေထိုင်ရာ တောင်ပိုင်းအိမ်သို့ စက်ဘီးကို အပြင်းကလေး နင်းလာမိပါသည်။ ထိုအချိန်တွင် ကိုလှိုင်တစ်ယောက် ဘုရားပန်းလဲနေတာ အခန့်သင့်တွေ့ရလို့ ကျွန်တော် ပျော်သွားမိပါသည်။

"ဟော့ ကိုလှိုင်ရေ ညီလေးကို မေးစရာရှိလို့ လာခဲ့တာ"

"ဘာအရေးကြီးသလဲ အစ်ကို၊ ကျွန်တော်သိတာ ဖြေပါ့မည်"

ကျွန်တော် စက်ဘီးပေါ်ကဆင်းလာပြီး-

"ဒီလိုကွ ညီရ၊ အစ်ကိုသိမ်းထားရမယ့် လယ်ဂျာ (၇) အုပ် ပျောက်ဆုံးနေတဲ့ကိစ္စပဲ ညီလေး။ ညီလေးသိရင် ပြောပြပါဦး"

"ဟုတ်တယ်လေ အစ်ကို့ လယ်ဂျာဟောင်း (၇) အုပ် ကျွန်တော် သိမ်းထားတယ်လေ။ ကျွန်တော့်အဖေ နာရေးအတွက် ခရီးထွက်နေလို့ အစ်ကိုနဲ့ မဆုံဖြစ်တာ၊ ဆောရီး အစ်ကိုရာ"

"ဟာ- ရပါတယ် ညီလေးရာ၊ ပြန်တွေ့တာပဲ ကျေးဇူးတင်လှပါပြီ"

ရုံးဖွင့်ရက်ဝယ် ကိုလှိုင် ပြန်အပ်သော လယ်ဂျာ (၇) အုပ်ကို ကျွန်တော့် အထက်အရာရှိကိုပြသရင်း ကျွန်တော့် ရင်ထဲ ပေါ့ပါးလွတ်လပ်သွားပါပြီ။

တကယ် အရေးကြုံလာတော့မှ ဗုဒ္ဓဓမ္မကျင့်စဉ်တွေရဲ့ ဂုဏ်ကျေးဇူးတွေကြောင့် လူ့ဘဝမှာ အပြစ်ကင်းလှစွာ နေထိုင်နိုင်ကြောင်းကို သိလေ၊ ကျေးဇူးတင် ကြည်ညိုစိတ်က ဘာသာတရားအပေါ် ပို၍ ပို၍ သက်ဝင်ယုံကြည်လေပင် ဖြစ်သည်။ ဤသို့ဖြင့် ကျွန်တော်သည် ယခုထိ ဘာသာရေးသမား ဖြစ်နေပါတော့သည်။

ညီအောင်



www.burmeseclassic.com


www.burmeseclassic.com



ငွေသားဖြင့် သွန်းလုပ်ထားသော
ငွေဆင်းတုတော်



ပနံတော်နှစ်ဖက်မှ
နဂါးရုပ်သဏ္ဍာန်ပါရှိနေသော ရုပ်ပွားတော်



ဉာဏ်တော်အမြင့်ဆုံးအဖြစ် ဖူးတွေ့ရသည့်
ကျောက်ဆင်းတုကိုယ်တော်ကြီး

လောင်းတော်ဦးကျေးရွာမှာ အိပ်မက်အရ ရှေးဟောင်းဘုရားစေတီပျက်ကြီးကို တူးဖော်ရာကနေ ရုပ်ပွားတော်များကိုရရှိခဲ့လို့ ဘုရားတည်နေတယ် ဆိုတဲ့သတင်းကို စာရေးသူအနေနဲ့ ကြားနေတာတော့ကြာပါပြီ။ မြို့ပေါ်က လူအချို့လည်း ဘုရားဖူးသွားကြတယ် ဆိုတာလည်း သိနေ၊ မြင်နေတာပါပဲ။ ဒါပေမယ့် အကြောင်းကမတိုက်ဆိုင်တော့ စာရေးသူအနေနဲ့ ပေါ်တော်မူဘုရားကို ဖူးချင်ပေမယ့် ဖူးခွင့်မကြုံခဲ့သေးဘူးလို့ဘဲ ပြောရမှာပါ။

တကယ်တမ်း ဖူးခွင့်ကြုံချင်တော့လည်း သူ့စရိတ်နဲ့သူ လာခေါ်တဲ့သူက စာရေးသူအိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်

စနေထွန်း(မြစ်သား)

## မြစ်သားမြို့ လောင်းတော်ဦးကျေးရွာက

# ကြည်ညိုဖွယ်ရာ အိပ်မက်ရ ပေါ်တော်မူရုပ်ပွားတော်များ



ချုံနွယ်များအား ရှင်းလင်းပြီးနောက် ပေါ်ထွက်လာသော စေတီကြီးအပုံ


www.burmeseclassic.com




တစ်ဆူတည်းသော ဖူးတွေ့ရသည့်
သစ်သားဆင်းတုတော်




ရဟန္တာရုပ်တု၊ ဧကိုဗေသာခါရုပ်တု၊ သိကြားရုပ်တု



ရွှေမျက်နှာတွင် ရုပ်ပွားတော်ပုံပါသော
ဆင်းတုတော်



ရွှေသားစစ်စစ်နှင့် ထုလုပ်ထားသော
ရွှေဆင်းတုတော်၏ အနီးကပ်ပုံ



နောက်ကျောဘက်မျက်နှာတွင်
စေတီတော်ပုံပါသော ဆင်းတုတော်

www.burmeseclassic.com

တူးဖော်ရရှိသော ကြေးဆင်းတုတော်များ




ကြီး ရောက်လာပါတယ်။ ဘုရားဖူးလာ ခါ သူက စာရေးသူနေထိုင်တဲ့ရပ်ကွက် ထဲမှာနေတဲ့ မျိုးသက် ဆိုတဲ့ ကလေးပါ။ ကလေးဆိုပေမယ့် သားနဲ့ မယားနဲ့ ဖြစ် နေသူပါ။ ဒါပေမယ့် စာရေးသူရဲ့အသက် အရွယ်နဲ့ကျတော့ သူက ကလေးလိုဖြစ် နေတော့ ကလေးလို့ပဲ သုံးနှုန်းလိုက်ရခြင်းပဲ ဖြစ်ပါတယ်။

ဘုရားဖူးသွားတဲ့နေ့က စာရေးသူနဲ့ မောင်မျိုးသက်က ဆိုင်ကယ်တစ်စီး၊ မြို့နယ်အရန်မီးသတ်က တပ်ခွဲမှူး သူရနှင့် သူ့အဖော်က ဆိုင်ကယ်တစ်စီးဆိုတော့ ဆိုင်ကယ် (၂)စီး၊ လူ (၄)ယောက် ဘုရားဖူးခရီးထွက်ဖြစ်ခဲ့ကြတာပေါ့။

ဘုရားဖူးခရီးဆိုလို့ မြို့နဲ့သိပ်ပြီး အလှမ်းဝေးတဲ့နေရာဒေသကို သွားနေတာ မဟုတ်ပါဘူး၊ တကယ်တမ်း ဆိုင်ကယ်နဲ့သွားရင် နာရီဝက်သာသာခန့် သာကြာတဲ့ ခရီးစဉ်ငယ်လေးပဲ ဖြစ်ပါတယ်။

စာရေးသူတို့ ဘုရားဖူးသွားမယ့်

တူးဖော်ရရှိသော ကျောက်ဆင်းတုတော်များ



www.burmeseclassic.com

နေရာက စာရေးသူတို့မြို့ရဲ့ အနောက်ယွန်းယွန်းမှာရှိတဲ့ လောင်းတော်ဦးဆိုတဲ့ ရွာလေးပါ။ လောင်းတော်ဦးကိုသွားတဲ့ အခါမှာ ပထမဦးဆုံး မြို့ရဲ့အနောက်တောင်ထောင့်မှာရှိတဲ့ ကြံတောကျေးရွာကိုအရင်ဖြတ်ရပါတယ်။ ကြံတောရွာကိုကျော်လိုက်တာနဲ့ ရွာအနောက်ဘက်ကနေ တောင်နဲ့မြောက်စီးနေတဲ့ စမာချောင်းပေါ်က တံတားကိုရောက်တယ်ဆိုရင်ပဲ လောင်းတော်ဦးဆီသွားမယ့် လမ်းကြီးကို ထင်းထင်းကြီးမြင်ရပြီပေါ့။

လောင်းတော်ဦးရွာသွားတဲ့လမ်းဟာ တစ်ချိန်တုန်းကတော့ လှည်းတစ်ခွင်သာသာလောက်ပဲကျယ်တဲ့ မြေသားလှည်းလမ်းပါ။ မိုးတွင်းဆိုရင် ရေမြုပ်နေတာမို့ သွားရေးလာရေးခက်ခဲတဲ့ လမ်းပါ။ အခုတော့ လောင်းတော်ဦးရွာသားဖြစ်ခဲ့ပြီး မြို့ပေါ်မှာ 'ကမ္ဘာကျော်' ဆိုတဲ့ ကုန်မျိုးစုံဆိုင်ကြီးဖွင့်ထားတဲ့ ဦးဆန်းဝင်းရဲ့ကောင်းမှုကြောင့် တစ်ချိန်က မြေသားလမ်းဟာ အခုတော့ ကျောက်ခင်းလမ်းဖြစ်နေပါပြီ။ လမ်းရဲ့အကျယ်ဆိုတာကလည်း တစ်ချိန်က လှည်းတစ်ခွင်သာသာရှိပေမယ့် ခုတော့ ကား(၂)စီးရှောင်လို့ရတဲ့ထိကို လမ်းမြေက ကျယ်ဝန်းနေပါပြီ။

စမာတံတားကိုကျော်လို့ (၁၅) မိနစ်သာသာလောက်သွားမိရင်ပဲ နွားကူးလေးကျေးရွာရဲ့ ရွာအဝင်လမ်းကို ရောက်နေပါပြီ။ နွားကူးလေးကျေးရွာကနေ ထပ်ဆင့်ပြီး ရှေ့ဆက်သွားလိုက်ရင်တော့ မကြာမတင်မှာဘဲ လောင်းတော်ဦးကျေးရွာရဲ့အရှေ့ထိပ်ကို ရောက်ပြီပေါ့။ ရွာရဲ့အရှေ့ထိပ်မှာ ဘုန်းတော်ကြီးကျောင်းရယ်၊ မူလတန်း စာသင်ကျောင်းတစ်ကျောင်းရယ်ရှိတာကို တွေ့ရပါတယ်။

အဲဒီ ကျောင်းနှစ်ကျောင်းရဲ့ အနောက်ဘက်က လှည်းလမ်းကြောင်းအတိုင်း ဆက်လိုက်သွားရင်းနဲ့ပဲ ပေါ်တော်မူဘုရားတည်နေတဲ့ ကုန်းတော်ကို တည့်တည့်မတ်မတ်ကြီး ဝင်တိုးတော့တာပါပဲ။ စာရေးသူတို့ ကုန်းတော်ပေါ် ရောက်ချိန်မှာတော့ အနယ်နယ်အရပ်ရပ်က ဘုရားဖူးလာကြသူတွေနဲ့ ရွာနီးချုပ်စပ်ကနေပြီး လုပ်အားဒါနလာပေးကြတဲ့ လုပ်အားပေးအဖွဲ့တွေနဲ့ ကုန်းတော်ကြီးတစ်ခုလုံးဟာ ပွဲတော်တစ်ခုလို စည်ကားနေပါပြီ။

ကုန်းတော်ပေါ်မှာတော့ တော်တော်လေး ကျယ်ဝန်းတဲ့ ဝါးမဏ္ဍပ်တစ်ဆောင်လည်း ထိုးထားပါသေးတယ်။ ဝါးမဏ္ဍပ်အတွင်းမှာ ထေရ်ကြီးဝါကြီး သံဃာတော်အရှင်မြတ်တို့ကို ဆွမ်းကပ်နေတာ မြင်ရပါတယ်။ မဏ္ဍပ်အရှေ့ဘက်ဘေးက ထနောင်းပင်ကြီးရဲ့အောက်မှာတော့ စားပွဲဝိုင်းတွေခင်းပြီး အငွေ့တထောင်းထောင်းထနေတဲ့ ထမင်းဟင်းပွဲတွေ ပြင်ထားတာ တွေ့ရပါတယ်။

ဘုရားဖူးလာသူများနဲ့ လုပ်အားဒါနပြုကြသူ အားလုံးကို အယုတ်၊ အလတ်၊ အမြတ်မရွေးဘဲ အာဟာရဒါနပြုတာလို့ သိရပါတယ်။ အာဟာရဒါန စေတနာရှင်၊ ကုသိုလ်ရှင်များအနေနဲ့ သူ့နေ့နဲ့သူ တာဝန်ယူပြီး ကုသိုလ်ပြုနေကြတဲ့ မှတ်တမ်းဇယားကို စာရေးကျောက်သင်ပုန်းပေါ်မှာ မှတ်တမ်းတင်ရေးသားပြီး ကြေညာထားတာကိုလည်း တွေ့နေပါသေးတယ်။

စာရေးသူတို့အဖွဲ့ကို မဏ္ဍပ်အ



ကြွေအိုးဓာတ်တော်ကြုတ်



ညောင်ပင်ခြေရင်းတွင် ညောင်ပင်ဆံပင်စည်မှတွက်၍နေသော ဆင်ရုပ်သဏ္ဌာန်ရှင်ပုံ



ဦးလှမော် (ဂေါပကလူကြီး)၊
ဦးဆန်းဝင်း (ဘုရားဒါယိကာ)၊
ဦးဆန်းထင်း (လောင်းတော်ဦးကျေးရွာ
အုပ်ချုပ်ရေးမှူး)



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှာထိုင်ပြီး နားနားနေနေနေဖို့ နွားလေးကျေးရွာအုပ်ချုပ်ရေးမှူး ဦးနေ...တ လာရောက်ပြီးပြောပါတယ်။ စာရေးသူတို့ မဏ္ဍပ်ထဲရောက်တော့ ဘုရားတည်တဲ့လုပ်ငန်းကို ဦးစီးဦးဆောင်လုပ်နေတဲ့ ဦးဆန်းဝင်းကိုလည်း လူပုဂ္ဂိုလ်အချို့နဲ့ စကားပြောနေတာ မြင်တွေ့လိုက်ရပါတယ်။

စာရေးသူအနေနဲ့ ဘုရားဖူးလာတယ်ဆိုတာက ဘုရားလည်းဖူးရင်း လိပ်ဥလည်းတူးရင်း ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ ဘုရားလည်းဖူးမယ်၊ အဆင်ပြေရင် ဘုရားနဲ့ပတ်သက်တဲ့ ဆောင်းပါးလေးတစ်ပုဒ်တော့ ရေးဖြစ်အောင်ရေးလိုက်ဦးမယ်ဆိုတဲ့ အတွေးနဲ့ပေါ့။ အခုတော့ ဦးဆန်းဝင်းကိုတွေ့နေရပြီ ဆိုတော့ စာရေးသူအနေနဲ့ ရေကန်အသင့်၊ ကြာအသင့် ဆိုသလိုပဲ အဆင်ချောသွားပြီလို့ ပြောရတော့မှာပါ။

စာရေးသူတို့အဖွဲ့က ဦးဆန်းဝင်း ထိုင်နေတဲ့စားပွဲဝိုင်းရှိရာကိုသွားပြီး ထိုင်လိုက်ကြပါတယ်။ ဦးဆန်းဝင်းက စာရေးသူတို့အဖွဲ့ကို ပြုံးပြုံးကြီးဆိုပါတယ်။ ဦးဆန်းဝင်းကြည့်ရတာ စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်နေပုံပါပဲ။ သူ့မျက်နှာက ပင်ပန်းမှုဒဏ်ကြောင့် နွမ်းနေတဲ့ပုံပေါက်နေပါတယ်။

စာရေးသူအနေနဲ့ ဦးဆန်းဝင်းအနေအထားကိုကြည့်ပြီး စာရေးသူသိချင်တာတွေကိုမေးဖို့ နှုတ်က နည်းနည်းတော့ တွန့်နေမိတာ အမှန်ပါပဲ။ ဦးဆန်းဝင်းကို အားနာတဲ့စိတ်နဲ့ပါ။ ဒါပေမယ့် ရောက်တုန်းရောက်ခိုက်မှာမှ ကိုယ်သိချင်တာတွေ ကာယကံရှင်ကို မမေးမိရင် အမှတ်နှင့်ပြင်ရှိဦးမလားဆိုတဲ့ ကိုယ့်ဘက်ကိုကိုယ်ယက်တဲ့အတွေးနဲ့ မေးဖြစ်အောင်မေးမယ်လို့ဆုံးဖြတ်လိုက်မိတယ်။

ဒီတစ်ကြိမ် ဒီနေရာကို ရောက်...မယ့် နောက်တစ်ကြိမ်ထပ်ရောက်ဖို့ဆိုတာ စာရေးသူအတွက် သိပ်ပြီးမသေချာလှဘူးလေ။ ဒီတော့ မေးစရာရှိတာကို မေးရတော့မှာပေါ့။

တကယ်တမ်း မေးဖြစ်ပြီဆိုတော့လည်း စာရေးသူထင်သလို သိပ်ပြီး အခက်အခဲမရှိလှပါဘူး။ ဦးဆန်းဝင်းဘက်က ...သိလိုလားလားနဲ့ကို စိတ်ရှည်လက်ရှည် ပြောပြပေးခဲ့လို့ပါ။ ဦးဆန်းဝင်းအနေနဲ့ ဘုရားတည်ဖြစ်ခဲ့ရတဲ့အကြောင်း ကနေပြီး ခုနောက်ဆုံးအခြေအနေထိ ...သူ ဘယ်လိုကြုံတွေ့ခဲ့ရတယ် ဆိုတာ ...တွင်းကျ ပြောပြခဲ့တာမို့ စာရေးသူအနေနဲ့ ဦးဆန်းဝင်းပြောခဲ့တာလေးတွေကို ဇာတ်လမ်းဆင်ပြီး အောက်ပါအတိုင်း ပြန်လည် ဖောက်သည်ချလိုက်ရပါတယ်။



သိုက်နန်းရှင်တို့စံရာ ညောင်ပင်ကြီး

**ဇာတ်လမ်းအစ အိပ်မက်က**

ညက ဦးဆန်းဝင်းတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ်မှာပဲ အိပ်မက်တစ်ခုကို မြင်မက်ခဲ့၏။ အိပ်မက်ထဲ၌ ဝတ်ဖြူစင်ကြယ်ဝတ်၍ လက်တစ်ဖက် ပုတီးကိုင်ပြီး လက်တစ်ဖက်က တောင်ဝှေးကိုကိုင်ထားသော ဘိုးတော်ကြီးတစ်ဦးက သူ့ခေါင်းရင်းမှနေ၍-

'လူလေး-မင်း သာသနာပြုရမယ့် အချိန်ရောက်ပြီ'

ဟု ပြောသွားခြင်း ဖြစ်၏။ သာသနာပြုတဲ့အလုပ်သည် မလွယ်ကူမှန်း ဦးဆန်းဝင်း သိပြီးဖြစ်၏။ အထူးသဖြင့် သူ့လို အိမ်မှုကိစ္စ၊ စီးပွားရေးလုပ်ငန်းကိစ္စများနှင့် လုံးထွေးယှက်တင်နေသူအဖို့ သာသနာပြုဖို့ မလွယ်ရေးချ မလွယ် ဆိုတာ ဦးဆန်းဝင်းအနေနှင့် အသေအချာ သဘောပေါက်ထား၏။

ဒီတော့ ဦးဆန်းဝင်းအနေနှင့်အိပ်မက်ထဲကဘိုးတော်ပြောသော စကားကို အလေးမထားမိဘဲ ပေါ့ပေါ့တန်တန် မေ့ဖမ့်လျော့လျော့နှင့်ပင် နေဖြစ်ခဲ့တော့၏။ သို့သော် ကိုယ်ပြောခဲ့သောစကားအပေါ် မမေ့မလျော့ဘဲရှိနေသည့် အိပ်မက်ထဲက ဘိုးတော်ကတော့ စိတ်ပျက်အားလျော့သွားဟန်မရှိဘဲ ဒုတိယအကြိမ် ဦးဆန်းဝင်းကို အိပ်မက်ပေးပြန်၏။

'လူလေး၊ အဘပြောတဲ့စကားကို အလေးအနက်ထားပြီး နားထောင်စမ်းပါ။ လူလေးအနေနဲ့ သာသနာပြုရမယ့် လုပ်ငန်းက လူလေးအတွက် မလွဲမသွေ ထမ်းဆောင်ရမယ့်တာဝန်နော်။ ပေါ့ပေါ့ဆဆ မေ့မေ့လျော့လျော့နေဖို့ စိတ်မကူးနဲ့ကွယ့်'

ဦးဆန်းဝင်း၏ရင်ဘတ်ထဲက အတွေးကို ဘိုးတော်အနေနှင့် ကြို၍ မြင်ပုံရှိဟန်တူ၏။ ဦးဆန်းဝင်းက ဘိုးတော်အား မရဲတရဲနှင့်မော့ကြည့်၍ သူ့ရင်ထဲဆန္ဒကို ပြောပြ၏။

'အဘခင်ဗျား၊ သာသနာပြုတယ်ဆိုတာ ငွေကြေးပြည့်စုံမှ လုပ်ကိုင်လို့ရတဲ့ကိစ္စမျိုးပါ။ ခုလောလောဆယ် သားမှာက ငွေကြေးအခက်အခဲရှိနေတာ ဆိုတော့ အဘပြောတဲ့ သာသနာပြုလုပ်ငန်းလုပ်ဖို့ ဆိုတာ သားအတွက် အင်မတန်မှလေးပင်တဲ့ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေလို့ပါ။ ဒါကြောင့်လည်း ဒီလုပ်ငန်းလုပ်ဖို့ တွန့်နေမိတာကို အဘအနေနဲ့ နားလည်ခွင့်လွှတ်ပေးစေချင်ပါတယ်'

ဦးဆန်းဝင်းစကားကိုကြားရသော ဘိုးတော်က သူ၏ဦးခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ပြုံးနေ၏။ သူ၏မျက်လုံးအစုံကလည်း ဦးဆန်းဝင်းအား သနားစရာကောင်းသော သတ္တဝါတစ်ကောင်နှယ် စူးစိုက်ပြီး ကြည့်နေ၏။

'လူလေးက ငွေရေးကြေးရေးအတွက်ပူနေတာကိုး။ မှတ်ထားကွ၊ သာသနာပြုလုပ်ငန်းမှာ သူ့ပဋ္ဌာန်းဆက်နဲ့သူရှိပြီးသားဆိုတာ မင်းမေ့မထားနဲ့။ အေး၊ မင်းတာဝန်က လုပ်ငန်းကိုဦးဆောင်ဖို့ပဲ'

'အေး- မင်း လုပ်ငန်းစပြီဆိုတာနဲ့ မင်းအတွက် လိုအပ်တဲ့ငွေကြေးတွေ ပဋ္ဌာန်းဆက်ရှိသူတွေက သူ့နည်းသူ့ဟန်နဲ့လာလှူကြလိမ့်မယ်။ မင်းအတွက်လုပ်ငန်းစဖို့အချိန်ကျတာနဲ့ မင်းလုပ်ရမယ့် လုပ်ငန်းရဲ့တည်နေရာကို အဘကိုယ်တိုင်ပြပေးမယ်၊ ဟုတ်ပြီလား။ ကဲ-အခုတော့ အဘသွားလိုက်ဦးမယ်'

ဦးဆန်းဝင်းမှ 'ဟုတ်ကဲ့'ဟု မပြောမီမှာပင် အဘဆိုသော ဘိုးတော်သည် ဦးဆန်းဝင်း၏မျက်စိရှေ့မှောက်မှ ရုတ်ခြည်းပင် ပျောက်ကွယ်သွား၏။

သည်လိုနှင့်ပင် နေ့ရက်တို့သည် တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးခဲ့၏။ ဦးဆန်းဝင်းတစ်ယောက် သည်နေ့မှ သူ့တောကို သွားချင်စိတ်ပေါက်နေသည်။ တောမှာက သခွားခင်းတွင် ပေါင်းသင်နေသောအလုပ်သမားတွေကို ကြည့်ခိုင်းရမည့်တာဝန်က သူ့မှာရှိနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com

တောရောက်သည်နှင့် အလုပ်သမားတွေ လုပ်ငန်းခွင်ဝင်နေသည်ကို သူမြင်တွေ့နေရ၏။ အလုပ်သမားခေါင်းကိုခေါ်၍ တစ်နေ့လုပ်ရမည့်လုပ်ငန်းကို စီစဉ်ညွှန်ကြားပေးလိုက်၏။ ဦးဆန်းဝင်းအနေနှင့် အခြား တာဟီရလုပ်ငန်းလည်း မရှိသည့်အတွက် လယ်ကန်သင်းမှာထိုင်ရင်း အလုပ်သမားတွေ အလုပ်လုပ်နေတာကိုကြည့်ရင်း အချိန်ဖြုန်းနေ၏။

တစ်အောင့်လောက်အကြာတွင် ဆီးသွားချင်စိတ်ရှိလာသည်နှင့် လယ်ကန်သင်း၏အနောက်ဘက်ယွန်းယွန်းရှိ ချုံစပ်ဆီသို့ ထသွားလိုက်သည်။ ချုံစပ်ရောက်၍ ဆီးသွားရန်ထိုင်ရင်းကပင် အမှတ်မထင် ၎င်း၏ရှေ့တည့်တည့်ရှိ သစ်ပင်ထက်သို့ မော့ကြည့်လိုက်၏။ သစ်ပင်ထက်ဆီမှနွယ်ပင်တစ်ပင်သည် မြေပြင်ဆီသို့ တွဲလောင်းကျနေသည်ကို မြင်နေ၏။

ဦးဆန်းဝင်းမှာ ဘာရယ်မဟုတ်၊ ဆီးမသွားဖြစ်သေးဘဲ သစ်ပင်ထက်ကို ကြည့်နေစဉ် စောစောကမြင်နေရသည့် နွယ်ပင်သည် လေမတိုက်ဘဲနှင့် ဟိုဟိုဒီဒီ ယိမ်းလာနေသည်ကို အမှတ်မထင် တွေ့မြင်လိုက်ရ၏။ ဟုတ်မှဟုတ်ရဲ့လားဟူသော အတွေးနှင့် သူမျက်လုံးကို လက်ဖမိုးနှင့် အခါခါပွတ်ရင်း ပြန်ကြည့်နေမိ၏။

တကယ်တော့ သူမျက်စိက အမြင်မှားနေတာမဟုတ်ဘဲ နွယ်ပင်ကိုက လေမတိုက်ဘဲ သူအလိုလို လှုပ်နေမှန်း သူ သိလိုက်၏။

"ဘာလဲဟ-နေ့ခင်းကြောင်တောင် သရဲခြောက်တာလား"

ဟု သူနှုတ်က အလိုလိုထွက်သွား၏။ ထိုစဉ်မှာပင် သူကျောပြင်ထက်မှာ အေးခနဲ ဖြစ်သွားပြီး ကြက်သီးတွေက တဖြန်းဖြန်းထသွားသဖြင့် ဦးဆန်းဝင်းတစ်ယောက် ထိုင်နေရာမှ ဝုန်းခနဲနေအောင် ကမန်းကတန်းကြီးထလိုက်မိ၏။

တကယ်တော့ ဦးဆန်းဝင်းအနေနှင့် သရဲ တစ္ဆေ မကြောက်တတ်မှန်း သူကိုယ်သူလည်း သိထား၏။ သို့သော် ရုတ်တရက်ဆိုတော့လည်း ဦးဆန်းဝင်းအနေနှင့် တကယ်ကိုလန့်သွားခြင်း ဖြစ်၏။ တကယ်တော့ ဒီတော ဒီမြေသည် တောကြမ်း မြေကြမ်းဖြစ်ပြီး အခြောက်အလှန့်ကြီးမားကြောင်း ဦးဆန်းဝင်း သိပြီး ဖြစ်၏။ အခုတော့ ဦးဆန်းဝင်းအဖို့ လက်တွေ့ကြုံရခြင်းဟု ဆိုရတော့မည် ဖြစ်၏။

ဦးဆန်းဝင်းအနေနှင့် ဤနေရာမှာ သူအတွက် ဆက်နေရန်မသင့်တော့မှန်း သူကိုယ်သူ သိလိုက်၏။ သို့နှင့် အခြားတစ်နေရာသို့ ထွက်လာခဲ့၏။ ပြီးလျှင် ခပ်လှမ်းလှမ်းရှိ သစ်ပင်ရိပ်အောက်သို့ ဝင်၍ထိုင်လိုက်၏။ ဦးဆန်းဝင်းအနေနှင့် စောစောက သူ့အဖြစ်ကို သူပြန်တွေးရင်း 'ငါ ဆိုတဲ့ကောင် တော်တော့ကို သူရဲဘောကြောင်တဲ့ကောင်ပါလား' ဟု စိတ်ထဲမှနေ၍ သူကိုယ်သူ အပြစ်တင်နေမိ၏။

ထိုစဉ်မှာပင် သူ၏နားနားသို့ လူတစ်ယောက်ယောက်ကပြောလိုက်သော စကားသံကို သူ ကောင်းကောင်းကြီး ကြားလိုက်ရ၏။ ရုတ်ခြည်းပင် သူ၏ ဘေးဘယ်,ညာကို လိုက်ကြည့်လိုက်၏။ သူ၏ဘေးတွင် လူမဆိုထားနှင့် ခွေးတစ်ကောင်ကြောင်တစ်မြီးမျှပင် မရှိ။ လူဆိုလို့ သူတစ်ယောက်တည်းသာ ရှိ၏။

ဦးဆန်းဝင်း၏စိတ်မှာ ရှုးချင်စိတ်ပေါက်လာ၏။ တကယ်တော့ သူ့အဖြစ်ကို ဘေးလူတစ်စုံတစ်ဦးကမြင်လျှင် ဒီလူတော့ စိတ်မမှန်တော့ဘူးဟုထင်မှာ သေချာ၏။ ဦးဆန်းဝင်းမှာ ငုံးဆူ လူမသိဆိုသလို သူ့အပူနှင့်သူ ခံစားနေရသူ ဖြစ်၏။

သူ့အဖြစ်ကို ဘေးလူများအား ပြောပြချင်နေ၏။ တကယ်တမ်း သူပြောပြန်တော့လည်း သူ့စကားကို မယုံသည့်အပြင် သူ့အား စိတ်မမှန်သူဟု ထင်မှာလည်း သူ့စိတ်ထဲမှာ စိုးရိမ်နေမိသည်။ တခြားလူ မဆိုထားနှင့်၊ သူနှင့်အနီးကပ်နေရသော သူ၏ဇနီးမယားကို ဖွင့်ပြောလိုက်မိစဉ်က သူ့မိန်းမထံက ကြားလိုက်ရသောစကားသံကြောင့် သူ့ရင်ထဲမှာ တော်တော်ကြီး ခံစားလိုက်ရသေး၏။

သူ့မိန်းမပြောသော စကားသံက သူ့နားထဲက အခုထိ မထွက်နိုင်လောက်အောင် ဖြစ်နေ၏။

'ကိုဆန်းဝင်း၊ ရှင်တော့ ခါတ်ကြောင်ကြောင်နေပြီ' တဲ့လေ။

တစ်ခါ တစ်ခါတော့လည်း သူ့ကိုယ်သူ သူ့မိန်းမပြောသလို တကယ်ပဲကြောင်နေလေပြီလားဟုပင် သူ့စိတ်ထဲက သံသယဝင်မိသေး၏။ အခုလည်း ကြည့်ဦးလေ၊ လူမမြင်ရဘဲနှင့် အသံကို သာကြားလိုက်ရသော သူ့အဖြစ်။ သူ့ကြားလိုက်ရသော အသံကလည်း အိပ်မက်ထဲမှာ မကြာခဏတွေ့ခဲ့ရသော ဘိုးတော်၏အသံဖြစ်မှန်း သူ သိနေ၏။

'ဒီတစ်ခါတော့ ဘိုးတော်က သူ့ကို အိပ်မက်နှင့်ပင် မဟုတ်တော့ဘဲ နေ့ခင်းကြောင်တောင်မှာ အသံနှင့်လာပြီးဆက်သွယ်နေပါရော့လား' ဟု တွေးရင်း ဦးဆန်းဝင်းတစ်ယောက် စိတ်ညစ်သွားမိ၏။ စောစောက သူ့နားထဲမှာကြားလိုက်ရသော စကားသံကို သူ ပြန်၍စဉ်းစားလိုက်၏။

'လူလေး၊ မင်းအနေနဲ့ သာသနာပြုရမယ့်နေရာကို အဘက အသေအချာပြပါလျက်နဲ့ မင်းက နမော်နမဲ့နိုင်ပြီး ထသွားတာကိုး' တဲ့။

ဦးဆန်းဝင်းခမျာ စဉ်းစားခန်းဝင်ရတော့၏။

'စောစောက ငါထိုင်တဲ့နေရာ၊ ငါ အပေါ့စွန့်မယ့်နေရာဟာ ငါ သာသနာပြုရမယ့်နေရာဆိုပါလား' ဆိုသော အတွေးက သူ့စိတ်ထဲမှာ တဝဲလည်လည်နဲ့ ပေါ်လာနေ၏။

ဦးဆန်းဝင်းမှာ မနေသာတော့ဘဲ 'ကဲ- ဖြစ်ချင်ရာဖြစ်တော့ကွာ' ဆိုသော ဆုံးဖြတ်ချက်နှင့်အတူ စောစောက သူ အပေါ့စွန့်ရန်ထိုင်လိုက်မိသည့် သစ်ပင်အောက်ဆီသို့ သူ့ခြေလှမ်းကို ဦးတည်ပြီး ထွက်လာခဲ့တော့၏။

စောစောကနေရာကိုရောက်သည်နှင့် ဦးဆန်းဝင်းက သူ၏ခြေလှမ်းကို ရပ်လိုက်၏။ အမှတ်မထင် သစ်ပင်ထက်က နွယ်ပင်ရှိရာဆီသို့ သူ့မျက်လုံးက ရောက်သွား၏။ အခုတော့လည်း နွယ်ပင်က သူ မဟုတ်သလို တုတ်တုတ်မျှပင် မလှုပ်၊ ကျောက်ရုပ်လို့ ဆိုရလောက်အောင်ပင် ငြိမ်သက်နေသည်ကို မြင်နေရ၏။

ဦးဆန်းဝင်း၏ရှေ့တည့်တည့်ရှိ ချုံကြီးမှာ ဝါးတစ်ရပ်ခန့်မြင့်သော နဘူးချုံတောကြီး ဖြစ်၏။ နဘူးချုံတောကြီးမှာ ပေတစ်ရာပတ်လည်ခန့်ရှိသော မြေပြင်ကို လူတို့မမြင်နိုင်အောင် ဖုံးလွှမ်းထားသလို ဖြစ်နေသည်ကို တွေ့နေရ၏။ ဦးဆန်းဝင်းအနေနှင့် နဖူးချုံကြီးအတွင်းသို့ ဝင်နိုင်မည့်အပေါက် တွေ့လိုတွေ့ငြားဖြင့် နဘူးချုံ၏ ပတ်ပတ်လည်ကို လိုက်ရှာသေး၏။

နဘူးချုံ၏အခြေအနေမှာ လူမဆိုထားနှင့်၊ တိရစ္ဆာန်တစ်ကောင်ပင် တိုးဝင်ဖို့ခက်လောက်အောင်ကို ပိတ်ဆို့နေ၏။ ဒီနေ့တော့ ဦးဆန်းဝင်းအဖို့ ဒီချုံကို တိုးဖို့ အချိန်မရှိတော့။ မနက်ဖြန်ဆိုရင်တော့ သူ့အနေနှင့် ချုံထဲကိုတိုးဝင်ဖို့ အချိန်လုံလောက်မည်ဟု စဉ်းစားရင်း အိမ်ပြန်ခဲ့တော့၏။

ဦးဆန်းဝင်းတစ်ယောက် နေ့ခင်း



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်ကြောင့် စိတ်မောလှမောဖြစ် ကာ စောစောစီးစီးပင် အိပ်ရာဝင်ခဲ့၏။ နှစ်ချိုက်ချိုက်နှင့် အိပ်ပျော်မည်ပြုစဉ် အိပ်မက်က ဝင်လာ၏။ အိပ်မက်ထဲတွင် ဘိုးတော်က သူ့ကို စကားတွေပြောချင် ဟန်ဖြင့် သူ့လက်ထဲတွင်ကိုင်ထားသော တောင်ဝှေးနှင့်ထိုးပြီး သူ့ကို နှိုးနေ၏။

'လူလေး- ထစမ်း၊ အဘ မင်းကို ပြောစရာတွေ ကျန်သေးတယ်'

ဦးဆန်းဝင်းမှာ အိပ်နေရာကနေ လူးလဲပြီး ထလိုက်ရ၏။ သူထထိုင်လိုက် ပြီးသည်နှင့် ဘိုးတော်က သူပြောလို သောစကားကို ဆက်ပြော၏။

'လူလေး၊ မင်း နေ့လယ်ကကြည့် တဲ့နေရာဟာ မင်းအတွက် သာသနာပြု ရမယ့် ဘူမိနက်သန် နေရာအမှန်ပဲကွ။ အေး- မင်းအနေနဲ့ မင်းသာသနာပြုရ မယ့်နေရာကိုသိပြီးရင် ဒီသာသနာ့နယ် မြေရဲ့ အကျယ်အဝန်း ပိုင်နက်ကိုလည်း သိတာဖို့ လိုလိမ့်မယ်ကွ။

မင်းရှေ့ တည့်တည့်ကို ကြည့် လိုက်စမ်း၊ ညောင်ပင်ကိုမြင်တယ်မဟုတ် လား။ အဲဒါ ဒီနယ်မြေရဲ့အစပ်ပဲကွ။ အနောက်ဘက်ကို ကြည့်လိုက်ဦး၊ ရေ မြောင်းကိုတွေ့တယ်မဟုတ်လား။ အဲဒါ တို့နယ်မြေရဲ့အစပ်ပဲ။ တောင်ဘက်ကို ကြည့်လိုက်၊ လမ်းတွေ့လိမ့်မယ်။ အဲဒါ နယ်စပ်ပဲ။ အရှေ့ဘက်ကိုကြည့်၊ မင်း လုပ်နေတဲ့ လယ်မြေအစပ်။ အဲဒါ သာ သနာ့နယ်မြေအဆုံးပဲ။

လောလောဆယ် ဒီနယ်မြေထဲ မှာရှိတဲ့မြေကို လူတချို့က သူတို့ပိုင်နယ် မြေသတ်မှတ်ပြီးအလုပ်လုပ်နေကြတယ်။ အဲဒီ မြေတွေကို အဘ ပြန်လိုချင်တယ်။ မင်း ရအောင်မြန်တောင်းပါ၊ ဟုတ်ပြီ လား။

အေး - အဲဒီ မြေကို ပြန်တောင်း တဲ့အခါမှာ သူတို့အိမ်ကိုသွားမတောင်း နဲ့။ မင်းရဲ့တောထဲမှာပဲခေါ်ပြီးတောင်း၊ ကြားလား။ လူလေး သိထားဖို့က၊ လူ လေးစိတ်ထဲမှာ စွဲစွဲမြဲမြဲ မှတ်ထားဖို့က ဒီမြေတွေ ပြန်ရဖို့အတွက် တောင်းရမှာ က လူလေးအလုပ်၊ အေး- ပေးတာ, မ ပေးတာက သူတို့အလုပ် ဆိုတာပဲကွ။

အေး- ကြုံတုန်းကြုံခိုက် အဘအ နေနဲ့ လူလေးသိအောင် ပြောခဲ့ဦးမယ်။ ဒီနေရာက နောင်မှာ သာသနာပွင့်လင်း ပြီး စည်ကားတိုးတက်လာမယ့်နေရာဆို တော့ သာသနာ့နယ်မြေထဲမှာ လိုအပ် နေသေးတဲ့ နဂါးကန်တွေ၊ သိုက်နန်းအ ဆောက်အအုံတွေလည်း သူပဋ္ဌာန်း ဆက်နဲ့သူ လာလှူပြီး တည်ဆောက်ကြ လိမ့်ဦးမယ်။

လူလေးအနေနဲ့ ဒီကနေ လှမ်း မြင်နေရတဲ့ညောင်ပင်ကြီးကို တွေ့တယ် မဟုတ်လား။ အဲဒီ ညောင်ပင်ကြီးဟာ ဒီနယ်မြေကိုစောင့်ရှောက်နေတဲ့ သိုက် နန်းရှင်တို့ရဲ့အပိုင်နယ်မြေပဲကွယ့်။ အဲဒီ သိုက်နန်းရှင်များက လူလေးရဲ့သာသနာ ပြုလုပ်ငန်းတွေ ချောချောမောမောနဲ့ အောင်မြင်အောင် ဝိုင်းပြီးအကျိုးဆောင် ပေးကြလိမ့်မယ်။ လူလေးကသာ နေ့စဉ်၊ ညစဉ် သူတို့တစ်တွေကိုမေတ္တာပို့ပေးပါ။ ပြုလုပ်သမျှ ကောင်းမှုမှန်သမျှအတွက် ကိုလည်း သူတို့တစ်တွေ သာဓုခေါ်နိုင် အောင်အမျှဝေပေးဖို့ မမေ့နဲ့ကွယ့်၊ ကြား လား။ မေတ္တာရှိရာ မေတ္တာလာတယ်လို့ ဆိုထား မဟုတ်လား၊ သူတို့တစ်တွေ လူ လေးကို စောင့်ရှောက်ပါလိမ့်မယ်။ ကဲ- ပြောစရာရှိတာတွေကိုတော့ အကုန်လုံး ပြောခဲ့ပြီပဲ၊ လူလေးအနေနဲ့ ကိုယ်လုပ်ရ မယ့်လုပ်ငန်းတွေကိုသာ အကောင်အ ထည်ပေါ်အောင် ဆောင်ရွက်ပေတော့'

ဘိုးတော်ကတော့ သူပြောလိုရာ ပြောပြီးသည်နှင့် ပျောက်ကွယ်သွားပြီ ဖြစ်၏။ ဦးဆန်းဝင်းမှာတော့ တာဝန်တွေ တစ်ပုံတစ်ပင်ကြီးနှင့်ပိ၍ ကျန်နေခဲ့ပြီဖြစ် တော့၏။ အခုမှတော့ ဦးဆန်းဝင်းအနေ နှင့် နောက်ဆုတ်၍မရနိုင်တော့။ နောက် ဆုတ်၍မရနိုင်တော့သည့်အတူတူ ရှေ့ တိုးဖို့ပဲ ကြိုးစားတော့ရမှာပါလား ဆို သော အတွေးကို တွေးရင်း ဦးဆန်းဝင်း တစ်ယောက် ဟင်းခနဲနေအောင် သက် ပြင်းရှည်ကြီးကို ချလိုက်မိတော့၏။

ဒီတွင် ဦးဆန်းဝင်းတစ်ယောက် သူ့ဇာတ်လမ်းကို တိခနဲ ရပ်ပစ်လိုက် သည်။ သူ့အဖြစ်အပျက် ဇာတ်လမ်းကို မနားတမ်း ပြောလိုက်ရ၍ ထင်ပါသည်၊ သူ့ပုံသဏ္ဌာန်မှာ စောစောကထက် ပို၍ နွမ်းနယ်နေသည့်ပုံ ဖြစ်နေ၏။ စကား များများပြောရ၍ အာခေါင်များလည်း ခြောက်သွားဟန်တူပါသည်။ ဦးဆန်း ဝင်းသည် သူ၏ရှေ့တည့်တည့်ရှိ စားပွဲ ခုံဝိုင်းထက်မှ သံဘူးအချိုရည်တစ်ဘူးကို ယူ၍ ဖောက်လိုက်ပြီး နှုတ်ခမ်းနှင့်တေ့ ကာ ဖြည်းဖြည်းချင်း စုပ်၍သောက်နေ ၏။

စာရေးသူအနေနှင့် အလိုက်သိစွာ နှင့်ပင် ဦးဆန်းဝင်း၏လှုပ်ရှားမှုကို အ နှောင့်အယှက်မပေးဘဲ ကြည့်နေလိုက်မိ သည်။ အတန်ကြာမှ ဦးဆန်းဝင်းအနေ နှင့် သူ၏ပြောလက်စ စကားကို ပြန်စ, ရန် အားယူနေသဖြင့် စာရေးသူက ဦး ဆန်းဝင်းအား-

"မောရင်လည်း နားပါဦးဗျာ၊ ဦး ဆန်းဝင်းကြည့်ရတာ သိပ်ပြီး နွမ်းနယ် နေတဲ့ပုံပဲဗျ၊ နားနားနေနေလေးနေလိုက် ပါဦးလား"

ဟု တိုက်တွန်းလိုက်ရသေးသည်။ ဦးဆန်းဝင်းက နွမ်းနယ်နေသည့်ကြားမှ အားယူ၍ပြုံးရင်း ပြော၏။

"ရပါတယ် အဘရ၊ ဟိုတစ်လော ပိုင်းလောက်က ဌာပနာတိုက်ထဲက ရုပ် ပွားတော်တွေကို ထုတ်ယူတဲ့အခါမှာ မ ထိမခိုက် မပျက်စီးအောင် ဂရုစိုက်လိုက် ရလို့ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်သွားတဲ့ ဒဏ်က အခုထိ ပြန်ပြီး နာလန်မထူချင် သလို ဖြစ်နေလို့ပါ။ လူကတော့ ကျန်း မာပါတယ်"

"အေးဗျာ၊ ဦးဆန်းဝင်းမှာ အိပ် မက်ထဲကဘိုးတော်ပေးခဲ့တဲ့ တာဝန်တွေ က များမှများဆိုတော့ စိတ်ရောလူပါ ပင်ပန်းသွားမှာပေါ့။ ဒါနဲ့ ဦးဆန်းဝင်းအ နေနဲ့ ဘိုးတော်ပြောတဲ့ မြေတွေ ပြန်ရဖို့ တောင်းတဲ့နေရာမှာ ချောချောမွေ့မွေ့ရော ဖြစ်ရဲ့လားဗျ။ ပြီးတော့ မြေအတွက် ပြန် ပေးဆပ်ရမယ့် ငွေကြေးကိစ္စကကော ဘယ်လိုများ အဆင်ပြေသွားတယ်ဆို တာ သိချင်သေးတယ်ဗျာ"

"ဟင်းဟင်းဟင်း- အဘပြောသ လိုပဲ၊ မြေတောင်းရမယ့်လုပ်ငန်း အဆင် ပြေပါ့မလားဆိုတဲ့စိတ်က ကျွန်တော့်ကို နေ့ရောညပါ နှိပ်စက်နေတာလေ အဘ ရဲ့။ အဘ စဉ်းစားကြည့်လေ။ ကျွန်တော် က ဘာကောင်မှမဟုတ်တာ၊ ဒါကိုပဲ ဒီ မြေတွေကိုရအောင်တောင်းရမယ် ဆို တော့ ဘယ်လိုလုပ်အဆင်ပြေနိုင်မှာလဲ။ ဒါပေမယ့် တာဝန်က ကိုယ့်ပခုံးပေါ် ပိနေ ပြီဆိုတော့ မလုပ်လို့ကလည်းမဖြစ်တော့ ဘူးလေ အဘရဲ့။

ဒါတောင် တစ်ပတ်၊ ဆယ်ရက် လောက်ထိစဉ်းစားနေတာနဲ့ လုပ်ငန်းကို မစ,နိုင်ခဲ့သေးဘူး။ နောက်ဆုံးတော့ မ ဖြစ်စေချင်ဘူးဆိုပြီး ကိုယ့်ဟာကို ကြံမိ ကြံရာပဲပေါ့ အဘရာ၊ အိပ်မက်ထဲက ဘိုးတော်ကိုလည်း မှန်းပြီးတိုင်တည်၊ ပြီး တော့ ဘိုးတော်ပြောခဲ့တဲ့ ညောင်ပင်ကြီး က မြင်အပ်,မမြင်အပ် သိုက်နန်းရှင်တွေ ကိုလှမ်းပြီး တိုင်တည်ရင်းပေါ့။

'ငါသည် ဤသာသနာပြုလုပ်ငန်း အား ငါ၏ကိုယ်ကျိုးမဖက်၊ အသက်ကို စွန့်ရသည့်တိုင် အောင်မြင်အောင် လုပ် ဆောင်မည့်သူ ဖြစ်၏။ ဤမှန်ကန်သော

www.burmeseclassic.com

www.burmeseclassic.com

သစ္စာစကားကြောင့် ဘိုးတော်ပေးအပ်ခဲ့သော တာဝန်မှန်သမျှကို ငါသည် ကျေပွန်အောင်ထမ်းဆောင်နိုင်တဲ့ကိုယ် ဖြစ်ရပါစေသား'

ဆိုပြီး အဓိဋ္ဌာန်ပြုခဲ့တယ်ပေါ့ အဘရာ။

နောက်တစ်နေ့မှာပဲ ဘိုးတော်ပြောတဲ့အတိုင်း ဒီပိုင်နက်ဃဲကမြေတွေမှာ လက်ရှိလုပ်နေတဲ့ မြေရှင်တွေကို ကျွန်တော့်ရဲ့တောကို ခဏလာဖို့ ဖိတ်ကြားလိုက်တယ်ပေါ့။ အမှန်ပြောရရင် ကျွန်တော်က လာမယ်မထင်တာ အမှန်ပဲ။ ဘာလို့လဲဆိုတော့ ကျွန်တော်ဖိတ်တဲ့အထဲမှာ ကျွန်တော်နဲ့မတည့်တဲ့လူတစ်ဦးကလည်း ပါသေးတာကိုး အဘရေ။

ဒီလိုနဲ့ပေါ့ အဘရာ၊ ကျွန်တော်လည်း သူတို့လာလိုလာငြားဆိုပြီး စောင့်နေတာပေါ့။ အဘရေ-ပြောရင်ယုံချင်မှယုံမှာဗျ၊ လာမယ်မထင်ဘူးလို့ ထင်ထားတဲ့ကြားက ကျွန်တော်နဲ့ မတည့်ပါဘူး၊ အဆင်မပြေပါဘူးဆိုတဲ့လူက ကျွန်တော်ဖိတ်ထားတဲ့လူတွေကို ဦးဆောင်ပြီးခေါ်လာတာကိုးဗျ။ လာကြတာကလည်း အားလုံး ပြုံးပြုံးရွှင်ရွှင်ပဲ အဘရေ။

ကျွန်တော်ကပျာပျာသလဲပဲ ထိုင်ရာကထပြီး သူတို့တစ်တွေကို ကြိုဆိုပေါ့။ ပြီးတော့ အဆင်သင့်တည်ထားတဲ့ ရေနွေးကြမ်းအိုးချပြီး ပါလာတဲ့ ထန်းလျက်ပန်းကန်နဲ့ဧည့်ခံရင်းပေါ့ အဘရာ၊ ထွေရာလေးပါးပြောကြဆိုကြပေါ့။ အတော်လေးနေမှ ကျွန်တော်ကစပြီး သူတို့ကိုခေါ်နေတဲ့အကြောင်းက ဒါကြောင့်ပါဆိုပြီး စောစောက အဘကိုပြောခဲ့တဲ့ စာတ်ပြားဟောင်းကိုပဲ ဖွင့်ပြရတယ် ဆိုပါတော့။

ကျွန်တော့်စကားဆုံးရင်ပဲ သူတို့တွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဘယ်သူက စပြောမလဲဆိုတဲ့သဘောနဲ့ တစ်ယောက်ကိုတစ်ယောက် အကဲခတ်နေကြတယ် အဘရဲ့။

အဘရေ - မယုံရင်လည်း ပုံပြင်လို့ပဲ မှတ်လိုက်တော့လို့ ပြောရတော့မလား မသိတော့ပါဘူး။ အင်မတန်ခက်ခဲလိမ့်မယ်လို့ ထင်ထားတဲ့ကိစ္စတစ်ခုက ထမင်းစား၊ ရေသောက်သလို ရှောရှောရှူရှူနဲ့ ပြီးသွားလိုက်ပုံက တကယ့်ကိုမယုံချင်စရာဘဲ။ ပိုအံ့ဩဖို့ကောင်းတာက ကျွန်တော်နဲ့သိပ်ပြီးအဆင်မပြေလှတဲ့လူကိုယ်တိုင်ရဲ့နှုတ်ကနေပြီး-

'မောင်ဆန်းဝင်းရေ-တို့လည်း မင်းလို ဗုဒ္ဓဘာသာဝင်တွေပါပဲ။ ဒါပေမယ့် မင်းလို အိုးပစ်အိမ်ပစ်နဲ့ ဒီလို သာသနာပြုမယ့်လုပ်ငန်းမှာ ဇောက်ချလုပ်နိုင်ဖို့ဆိုတာ တို့အဖို့တော့ ဘယ်လွယ်လိမ့်မတုံး၊ တို့ကိုယ်တိုင်မလုပ်နိုင်ပေမယ့် လုပ်နိုင်တဲ့မင်းလိုပုဂ္ဂိုလ်မျိုးရဲ့လုပ်ငန်းအတွက် ထိုက်သင့်တဲ့လှူဒါန်းမှုတော့ တို့တစ်တွေလုပ်နိုင်ပါသေးတယ်ကွာ။ ဒီတော့ မင်းရဲ့သာသနာ့ပြုလုပ်ငန်းအတွက် လိုအပ်တဲ့ဒီမြေကွက်တွေကို တို့တွေ ကျေကျေနပ်နပ်နဲ့လှူဒါန်းပါတယ်ကွာ'

လို့ ပြောပြီး ရက်ရက်ရောရောကို လှူသွားတာ အဘရဲ့။ ဘာပဲပြောပြော၊ ဒီလို ချောချောမောမောနဲ့ အောင်မြင်သွားတာဟာ ကျွန်တော့်ရဲ့အစွမ်းအစကြောင့် မဟုတ်ဘူး ဆိုတာတော့ ကျွန်တော် သိပါတယ် အဘရာ။ မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များရဲ့ ကူညီထောက်ပံ့မှုကြောင့်ဆိုတာ ကျွန်တော် ရဲရဲကြီးပြောချင်တာပါပဲ"

ဦးဆန်းဝင်းက သူ့လုပ်ငန်းတစ်ခုအောင်မြင်သွားမှုကို တကျက်ကျက်ကြွကြွ အားရပါးရနှင့်ပြောလိုက်ရ၍လား မသိ၊ စောစောပိုင်းက နွမ်းဖတ်၍နေသော သူ့မျက်နှာပြင်သည် ချက်ချင်းပင် သွေးရောင်များလွှမ်းလာပြီး လန်းဆန်းတက်ကြွလာသည်ကို တွေ့မြင်လိုက်ရသည်။

စာရေးသူက မဏ္ဍပ်၏အနောက်ဘက်ကပ်လျက်တွင် မြင်တွေ့နေရသော စေတီပျက်ကြီး၏အနေအထားကို ကြည့်ရင်း သိချင်တာကို မေးရသည်။

"ဒါနဲ့ ဦးဆန်းဝင်း၊ ဦးဆန်းဝင်းပြောခဲ့တုန်းက ဒီနေရာ အဲဒီစေတီပျက်ကြီးနေရာက ဝါးတစ်ပြန်လောက်မြင့်တဲ့ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ဖုံးအုပ်နေတာဆို။ အထဲကို ဘာမှမမြင်ရဘဲ ဦးဆန်းဝင်းတို့က မှန်းသန်းပြီး ဒီချုံတွေကိုရှင်းခဲ့ကြတာလား"

"မဟုတ်ဘူး အဘရ၊ ကျွန်တော်ကိုယ်တိုင် ချုံထဲကို ဝင်ရသလောက်ကို တိုးဝင်ပြီး ကြည့်ခဲ့တာ။ အထဲမှာ အုတ်ပုံလိုလို၊ အုတ်တံတိုင်းလိုလို မထင်မရှားမြင်ရတာနဲ့ ရွာကအလုပ်သမားတွေကို ငှားပြီးရှင်းလိုက်ရင်းက ခု အဘမြင်ရတဲ့အတိုင်း တွေ့ခဲ့ရတာပဲ"

"ကဲ-ဟုတ်ပါပြီ၊ ဒီစေတီပျက်ကြီးထဲက ရုပ်ပွားတော်တွေကို တူးဖော်ရရှိပုံကိုလည်း တစ်ဆက်တည်းပြောပြပါဦး"

စာရေးသူ၏ စကားကြောင့်ထင်သည်၊ ဦးဆန်းဝင်းက တစ်စုံတစ်ခုကို စဉ်းစားနေဟန်ပြုနေပုံရသဖြင့် စာရေးသူက အလိုက်တသိနှင့် သူ့အပြောကို စောင့်နေလိုက်ပါသည်။ အတန်ကြာမှ ဦးဆန်းဝင်းက စကားစ,သည်။

"အင်း-အဘရေ၊ ကျွန်တော်ပြန်ပြောရရင် အားလုံးဟာ မယုံချင်စရာတွေချည်းဖြစ်နေတော့ ကျွန်တော့်မှာ လူတိုင်းကို ပြောသင့်,မပြောသင့် အမြဲစဉ်းစားနေရသေးတာ အဘရ။ ဒါမျိုးကို ယုံတဲ့သူ၊ ဒါမျိုးကို အလေးအနက်ထားတတ်သူကိုပြောပြရတာ အကြောင်းမဟုတ်ပေမယ့် မယုံတဲ့လူကိုပြောမိရင် ကျွန်တော့်ကို အလိုလိုနေရင်း လူကြောင်ကြီးလို့ ကွယ်ရာမှာ ပြောကြဆိုကြ၊ ကဲ့ရဲ့ကြမှာ သေချာတယ် အဘရဲ့"

"ဦးဆန်းဝင်းပြောတာလည်း မှန်ပါတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော့်အတွက်ကတော့ ဦးဆန်းဝင်းရဲ့ဖြစ်ရပ်မှန်သမျှကိုလက်ခံယုံကြည်ထားသူဆိုတော့ ဦးဆန်းဝင်းအနေနဲ့ အရှိကို အရှိတိုင်းသာ လွတ်လွတ်လပ်လပ်ပြောဗျာ"

စာရေးသူအနေနှင့် တကယ်လည်း ဂမ္ဘီရဆန်သောဖြစ်ရပ်မှန်များကို လက်ခံယုံကြည်သူတစ်ဦးမို့ ဦးဆန်းဝင်း ပြောအားရှိအောင် တိုက်တွန်းရတော့သည်။

"ဒီလို အဘရေ- ဒီစေတီပျက်အုတ်ပုံကြီးတွေ့တော့ ငါတော့ စ,ပြီးမှတော့ နောက်မဆုတ်တော့ဘူး ဆိုတဲ့ စိတ်ဆုံးဖြတ်ချက်နဲ့ပေါ့ အဘရာ၊ စေတီပျက်ကြီးဘေးမှ သစ်ငုတ်မှန်သမျှကို အကုန်တူးထုတ်ပေါ့။ အဲ-စေတီပျက်ကြီးတစ်ဝိုက်ကိုအားလုံးရှင်းလင်းပြီး နောက်တစ်နေ့မှာ ကျွန်တော့်အနေနဲ့ ဒီကွင်းအတွင်းက ပိုင်ရာဆိုင်ရာပုဂ္ဂိုလ်များ၊ ပြီးတော့ ဘိုးတော် အပါအဝင် မြင်အပ်၊ မမြင်အပ်ပုဂ္ဂိုလ်များကို ပင့်ဖိတ်ပြီး ပွဲထိုးတင်မြှောက် ပ,သရတာပေါ့။ ဒါကတော့ ကိုယ့်ယုံကြည်မှုအရပေါ့ အဘရာ။ ပြီးတော့ ဌာပနာတိုက်အတွင်းမှာ လူအများ ကြည်ညိုသဒ္ဓါပွားနိုင်မယ့် ရုပ်ပွားတော်များ၊ ဆင်းတုတော်များနဲ့ အခြားသော ရွှေ ငွေ၊ ကျောက်သံပတ္တမြားများ ရှိခဲ့ရင်လည်း ဒီဘုရားကြီး ပြန်လည်ပြင်ဆင်ပြီးချိန်မှာ ထပ်မံပြီးဌာပနာနိုင်ဖို့အတွက် ဌာပနာတိုက်ရှိရာကို လွယ်လွယ်ကူကူနဲ့တွေ့ရအောင် ညွှန်ပြပါလို့ တိုင်တည်ခဲ့တယ်ဆိုပါတော့ အဘရာ။

အဲဒီနေ့ ညဘက် တစ်ညလုံးမှာတော့ ကျွန်တော့်အနေနဲ့ အဓိဋ္ဌာန်ပုတီးစိပ်ရင်းနဲ့ပဲမိုးလင်းခဲ့တယ်လို့ ပြောရတော့မှာပဲ။ နောက်တစ်နေ့ နံနက်ပိုင်းမှာ ကျွန်တော်ကိုးကွယ်တဲ့ဆရာရဲ့ အခါပေးတဲ့ အချိန်အတိုင်း လုပ်ငန်းကို စ,ခဲ့တယ်ဆို



www.burmeseclassic.com

www.burmeseclassic.com

ပါတော့။

လုပ်ငန်းစ,တယ်ဆိုတာက ဌာပနာတိုက်ရှိမယ့်နေရာကို ရှာပြီး မှန်းဆတူးရတာပါ။ ထူးခြားတာက အဲဒီလိုတူးဆွနေဆဲ တန်းလန်းမှာပဲ ကျွန်တော့်နားထဲမှာ 'တွေ့တော့မယ်၊ ဖြည်းဖြည်းတူးနိုင်း' ဆိုတဲ့ သတိပေးစကားကို ကြားနေရတာပဲ ဆိုပါတော့။

အဲဒီ စကားသံကြားတာနဲ့ ကျွန်တော်ကိုယ်တိုင် တူးဆွနေတဲ့အဖွဲ့ရှိရာကိုသွားပြီး ကြီးကြပ်ရတာပေါ့။ ထင်တဲ့အတိုင်းပါပဲ၊ သိပ်မကြာခင်မှာဘဲ ဆင်းတုတော်တွေကို တွေ့တော့တာပါပဲ"

စာရေးသူက သိလိုသမျှကို ထပ်မေးရပြန်၏။

"ဒါနဲ့ ဦးဆန်းဝင်းတို့ ဒီလို ရုပ်ပွားတော်တွေကို တွေ့ဖို့အတွက် ဘယ်နှနေရာလောက်များ တူးဖော်လိုက်ရသေးတုံး၊ ပြီးတော့ ဘာပစ္စည်းတွေရတယ်ဆိုတာကိုကော မှတ်တမ်းပြုထားသေးလားဗျာ"

"အင်း-နေရာကတော့ သုံးနေရာတူးခဲ့ရတာပဲ အဘရဲ့။ တူးဖော်လို့ရသမျှကတော့ ပထမ စတွေ့တဲ့နေရာက ရုပ်ပွားတော်ရဲ့ ပခုံးတစ်ဖက်တစ်ချက်မှာ နဂါးလိုလိုပုံသဏ္ဌာန်ပါရှိတဲ့ ရုပ်ပွားတော် (၂) ဆူ၊ ရွှေသားစစ်စစ်နဲ့ထုလုပ်ထားတဲ့ ရုပ်ပွားတော်တစ်ဆူနဲ့ ငွေသားနဲ့ထုလုပ်ထားတဲ့ ငွေဆင်းတုကတစ်ဆူ။ နောက် သိကြားလို့ထင်ရတဲ့ရုပ်တုက တစ်ခု၊ ပြီးတော့ ရဟန္တာရုပ်တုတစ်ဆူနဲ့မျက်နှာစာတစ်ဖက်မှာက ရုပ်ပွားတော်ပုံပါပြီး တစ်ဖက်မှာ စေတီတော်ပုံပါတဲ့ ရုပ်တုတစ်ဆူကို စပြီးရခဲ့တယ်ဆိုပါတော့။

အဲ- ဒုတိယရက်မှာတော့ ကြေးဆင်းတုတော် (၉) ဆူနဲ့ တတိယရက်မှာတော့ ကျောက်ဆင်းတုတော် (၈) ဆူ၊ သစ်သားဆင်းတုတော် တစ်ဆူအပြင် ဓာတ်တော်တွေပါရှိတဲ့ ဓာတ်တော်အုပ်၊ ကြွေပန်းအိုးကတစ်လုံးနဲ့ မြေသားဓာတ်တော်ကြုတ်အိုးတစ်လုံးကို ရခဲ့တာပါပဲ။

အဲဒီလိုရရှိခဲ့တဲ့ ရုပ်ပွားတော်များအားလုံးနဲ့ ပစ္စည်းအားလုံးကို အများပြည်သူအားလုံး ဖူးမြင်ကြည်ညိုရအောင် ဟိုစင်မြင့်ထက်မှာ အပူဇော်ခံထားပါတယ်။ အဘတို့လည်း မပြန်ခင်ဖူးသွားလိုက်ပါဦး၊ ရုပ်ပွားတော်အားလုံးကတော့ ဌာပနာတိုက်ထဲကရထားတဲ့အတိုင်းပဲ ဘာမှ သန့်စင်ရသေးဘဲနဲ့ အပူဇော်ခံထားတာပါ။ ရွှေသားဆင်းတုတော်ကတော့ နည်းနည်းပွတ်တိုက်ထားလို့ ရွှေရောင်ကသူ့ပကတိအတိုင်း ဝင်းလက်နေတာကို အဘဖူးတဲ့အခါ မြင်ပါလိမ့်မယ်"

စာရေးသူနှင့် ဦးဆန်းဝင်းတို့နှစ်ယောက် စကားကောင်းနေတုန်းမှာပင် နွားကူးလေးကျေးရွာဥက္ကဋ္ဌ ဦးနေဝင်းက ကျွန်တော်တို့အဖွဲ့ကို ထမင်းသုံးဆောင်ဖို့ လာခေါ်သည်။ စာရေးသူက လက်တွင်ပတ်ထားသော နာရီကို အမှတ်မထင်ကြည့်လိုက်တော့ နေ့လယ် (၁၁) နာရီတောင်ကျော်နေပါရောလား။

စာရေးသူတို့ ထမင်းဝိုင်းတွင်ထိုင်လိုက်သည်နှင့် ပျဉ်းတော်သိမ်ရွက် ခတ်ထည့်ထားသော သီးစုံချဉ်ရည်ရနံ့က စာရေးသူ၏နှာဝကို အတင်းတိုးဝင်လာနေသည်။ နီရဲအောင် ကြော်ထားသော ငါးခြောက်ထောင်းကြော်ကလည်း မြင်ရုံနှင့်ပင် စားချင့်စဖွယ် ဖြစ်နေ၏။ ဒါ့အပြင် တင်မကသေး ငါးပိဖိုထုပ်ကို ပါးပါးလှီး၍သုပ်ထားသော အချဉ်သုပ်၏ရနံ့ကလည်း စာရေးသူ၏ခံတွင်းမှ သွားရည်များယိုစီးလာအောင် မြှူဆွယ်နေသယောင် ရှိနေပါသည်။

ဒီထမင်း၊ ဒီဟင်းမျိုးက နေရာတိုင်းမှာ စားချင်တိုင်းစား၍မရနိုင်သော အစားအစာများ ဖြစ်၏။ အများအားဖြင့် စာရေးသူတို့ ဗုဒ္ဓဘာသာဝင်များအနေနှင့် ကျောင်းကန်ဘုရားများတွင် လှူဒါန်းသောပွဲများ၊ စတုဒိသာပွဲများ၌သာ စားရလေ့ရှိသော အစားအစာ ဖြစ်ပါသည်။ အယုတ်၊ အလတ်၊ အမြတ်မရွေး၊ လူမျိုးမရွေး, ဘာသာမရွေး စားနိုင်သော အစားအစာ ဖြစ်ပါ၏။ အညာဒေသ၏ ရိုးစင်းသော ထမင်းဟင်းလျာများသာ ဖြစ်သည်။

နေ့ခင်းပိုင်းတွင် ထမင်းစားနည်းလေ့ရှိသော စာရေးသူသည် ထမင်းတစ်ပန်းကန်မောက်မောက်ကို ကုန်အောင် စားနိုင်ခဲ့၏။ မောင်မျိုးသက်နှင့် မောင်သူရတို့ဘက်ကို ကြည့်လိုက်တော့ သူတို့လည်း ကိုယ့်လိုပင် ထမင်းကို မြိန်ရေရှက်ရေစားနေကြသည်ကို မြင်ရသည်။

ထမင်းစားသောက်လို့အပြီးတွင် မဏ္ဍပ်အတွင်း၌ အပူဇော်ခံထားသော ရုပ်ပွားတော်များကို ဝင်ရောက်ဖူးမြော်ကြပါသည်။ ရုပ်ပွားတော်များမှာ ရွှေဆင်းတုတစ်ဆူမှအပ ကျန်ရုပ်ပွားတော်အားလုံးမှာ ချေးရေတော် မသုံးရသေးသဖြင့် မည်းညစ်ညစ်အရောင်များနှင့်ပင် ဖူးမြင်ရပါသည်။

စာရေးသူအနေနှင့် ရုပ်ပွားတော်များအားမြင်၍ ဘယ်ခေတ်၊ ဘယ်ယဉ်ကျေးမှုကာလက ထုဆစ်ထားသော ရုပ်ပွားတော်များ ဖြစ်နိုင်သည်ကို မခန့်မှန်းတတ်ရိုးအမှန်ပင် ဖြစ်ပါသည်။ သို့သော် စာရေးသူတို့မြို့နယ်သည် တစ်ချိန်က ရှေးဘုရင်မင်းမြတ်များ စတည်းချရာနေရာအဖြစ် သိရှိထားသည့်အလျောက် ယခု ဖူးမြင်ရသော ရုပ်ပွားတော်များ ဖြစ်နိုင်သည်ဟု အကြမ်းဖျင်း ခန့်မှန်း၍ရပါသည်။

ရုပ်ပွားတော်များအား ပူဇော် ဖူးမြော်ပြီးသည်နှင့် အလှူခံဌာနသို့သွားပြီး အလှူငွေ အချို့ကိုလည်း ထည့်ဝင်လှူဒါန်းခဲ့ပါသေးသည်။ အလှူခံဌာန၏ရှေ့ ကျောက်သင်ပုန်းတွင် ညောင်ပင်ခြေရင်း၌ (၇) ရက်သားသမီးများကိုးကွယ်ရန် ဗြိုဟ်ပြေနံ့ပြေဘုရားတည်သော လုပ်ငန်းအတွက် လှူဒါန်းထားသော အလှူရှင်စာရင်းအားဖတ်ပြီး အလှူရေစက်လက်နဲ့မကွာ လှူဒါန်းလိုသော စာရေးသူတို့ ဗုဒ္ဓဘာသာဝင်များ၏ စိတ်ဓာတ်နှင့် စေတနာ သဒ္ဓါတရားကို လွန်စွာမှ အားရကျေနပ်ခဲ့ပါသည်။

အပြန်တွင် ဘုရားကုန်းတော်ပေါ်ရှိ ညောင်ပင်ကြီးရှိရာသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ပါသေးသည်။ ညောင်ပင်ကြီးက သက်တမ်းအားဖြင့် ရာကျော်မည်ထင်ပါသည်။ အပင်ကြီးက ကြီးမားသလောက် အမြင့်ကလည်း မိုးထိုးတော့မလားဟုအောက်မေ့ရသည်။ ညောင်ပင်ခြေရင်း၌ ညောင်ပင်မှထွက်ရှိနေသော ဂမ္ဘီရဆန်သည့် ဆင်ရုပ်ငယ်ပုံသဏ္ဌာန် ရုပ်လုံးတစ်ခုကို တွေ့မြင်ရသဖြင့် ဓာတ်ပုံမှတ်တမ်းတင်၍ ရယူခဲ့သည်။

ဤဘုရားကုန်းတော်တွင်း စေတီတော်ကြီးတည်ပြီးသည့်နောက် ၎င်းစေတီအရံလေးဆူနှင့် နဂါးကန်၊ နတ်နန်း၊ စောင်းတန်းနှင့် နတ်မင်းကြီးလေးပါး ရုပ်တုတို့ကို ပြုလုပ်အကောင်အထည်ဖော်ဦးမည်ဟုသိခဲ့ရသည်။ ဤဘုရားကြီးနှင့် ပဋ္ဌာန်းဆက်ရှိကြသော မြန်မာပြည်အတွင်းရှိ ရပ်ဝေး,ရပ်နီး ဗုဒ္ဓဘာသာဝင်များ အနေနှင့် ဤထူးခြားသော ဂမ္ဘီရဆန်သည့် ဘုရားကုန်းတော်ပေါ်ရှိ တည်ဆဲဘုရားစေတီကြီးနှင့် ကြည်ညိုဖွယ်ရာ ပေါ်တော်မူရုပ်ပွားတော်များအား လာရောက်ဖူးမြော်ရင်း လှူဒါန်းမှု ကုသိုလ်အစုစုကိုရယူနိုင်ပါရန် ရေးသားပူဇော်လိုက်ရပါသည်။

စနေထွန်း(မြစ်သား)



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်ုပ်နှင့်မြွေ

**မြင့်ကျော်(မင်းတုန်း)**

လွန်ခဲ့သော (၆) နှစ်ခန့်ကာလ-

မင်းတုန်းမြို့၏ အရှေ့မြောက်ဘက် စိုင်ဒိုးကျေးရွာအနီး တောင်ကြောတစ်နေရာမှာ ကျွန်ုပ်တို့မိသားစု တောင်သူလုပ်ငန်းလုပ်ကိုင်နေစဉ်. . .

တောင်ယာနှမ်းများ ရင့်မှည့်ချိန်ဖြစ်သောကြောင့် နှမ်းရိတ်နေတုန်းမှာ ကျွန်ုပ်၏မျက်စိထဲ၌ ဘာမှမမြင်ရတော့ဘဲ ဝေဝါးနေပြီး နားထဲမှလေများ အပြင်သို့ထွက်နေတဲ့အပြင် သိစိတ်လွတ်သလိုလို ဖြစ်သွားပါသည်။

ခဏကြာတော့ ခြေထောက်ကမရွေ့ချင်ဘဲ နှမ်းစ,ရိတ်ခဲ့သော ကျောဘက်သို့ခြေဦးလှည့်လိုက်မိစဉ်မှာပင်. .

တဲသို့ ခဏပြန်သွားသည့် ကျွန်ုပ်အပေါ် အလွန်ကောင်းသော ကျွေးဖခင်ဦးကင်းဖော် (ပထွေး) ရောက်ရှိလာ၍-

"သားငယ်-မသွားနဲ့။ ရပ်နေ၊ ရပ်နေ"

ဟု ဆိုကာ မျက်နှာမူထားရာအရပ်သို့ပြေးလာပြီးနောက် နီးရာဝါးလုံးဆွဲယူကာ တဗုန်းဗုန်းရိုက်တော့သည်။

ထိုအခါကျမှ ကျွန်ုပ် သတိပြန်ရလာကာ-

"ဦးကင်း၊ ဘာဖြစ်တာလဲ"

ဟု မေးလိုက်ရာ ၎င်းက-

"စပါးကြီးမြွေကွ၊ တော်တော်ကြီးတယ်။ မင်းကို သူ ညှို့ထားတာမြင်လိုက်လို့ လိုက်ရိုက်တာ မမီလိုက်လို့ နာသကွာ"

ဟု ဆိုကာ ကျွန်ုပ်နှင့်အတူ ခဏလာထိုင်နားပြီးနောက် မပြီးမပြတ်သေးသော နှမ်းခင်းအား သားအဖနှစ်ဦးတက်ညီလက်ညီ ရိတ်သိမ်းကြသည်။ အချိန်စေ့၍ အလုပ်သိမ်းပြီး တဲပြန်ရောက်သောအခါ ကျွန်ုပ်၏မိခင်အား ရင်သပ်ရှုမောဖွယ်အဖြစ်အပျက်ကို ပြန်ပြောပြလိုက်ပါတော့သည်။

ထိုအကြောင်းများဖြစ်ပြီးနောက်-

၂၀၁၁ ခုနှစ်၊ ဝါတွင်း၌ မင်းတုန်းမြို့ သမိုင်းဝင် ဘုရားကြီးသုံးဆူဝင်းအတွင်း၌ ဖွင့်လှစ်သင်ကြားသော အဘိဓမ္မာသင်တန်းအား တက်ရောက်ခဲ့စဉ် သင်တန်းပို့ချသူ ဆရာ ကောင်းစံသာ (မင်းတုန်း) မှ ၎င်း၏ဆွေမျိုးတစ်ဦး မြွေကိုက်၍သေဆုံးကြောင်း ပြောကြားပြီး မြွေနိုင်ဂါထာနှင့်အတူ အင်းချပ်အားသင်ကြားပေးခဲ့သောကြောင့် ဗဟုသုတဖြစ်စေရန်အလို့ငှာ ဖော်ပြပေးပါမည်။

### မြွေနိုင်ဂါထာ

နညတြ ဗောဇ္ဈာ တသာ၊
နာညတြိန္ဒြိ သံဝရာ။
နညတြ သဗ္ဗ နိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ။

**ဗောဇ္ဈာ**-ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရားမှ၊ **အညတြ**-ကြဉ်ထား၍၊ **ဣန္ဒြိယသံဝရာ**-ဣန္ဒြေစောင့်မှု သီလစုမှ၊ **အညတြ**-ကြဉ်ထား၍၊ **သဗ္ဗနိဿဂ္ဂါ**-သင်္ခါရတရားတို့၏ချုပ်ရာအမှန် မြတ်နိဗ္ဗာန်မှ၊ **အာ**

**မြွေနိုင်ဂါထာအင်း**

| | | | | | |
|---|---|---|---|---|---|
| | နာ | သာ | ဝ | နိ | |
| သော | သံ | ဗ္ဗ | ည | နာ | ရာ |
| သ | ပ | တ္ထိံ | ဿ | ပါ | တြ |
| ယ | ဂ္ဂါ | မိ | နံ | နာ | ည |
| တ | တြ | န္ဒြိ | ပ | ဗော | ဏိ |
| | သာ | ဇ္ဈ | ည | တြိ | |

**ညတြ**-ကြဉ်ထား၍၊ **ပါဏိနံ**-သတ္တဝါတို့၏၊ **သောတ္ထိံ**-ချမ်းသာခြင်းကို၊ **နပဿာမိ**-ငါဘုရားမြင်တော်မမူချေ'

ဟူ၍ ဖြစ်ပါသည်။

ပါဠိုကတော့ ဤမဂ္ဂဇင်းကြီးမှာ မကြာခဏဖော်ပြခံနေရလို့ စာရှုသူများ အလွတ်ရနေလောက်ပြီ ထင်ပါတယ်။

ဤဂါထာသည် စုန်းမယောဂ၊ နတ်ပယောဂပူးလျှင်လည်း (၉) ခေါက်ရွတ်ဆို၍ ရေမန်းကို အပူးခံရသူအားတိုက်လျှင် ပျောက်၏။ ခရီးဝေးမထွက်ခင် (၁၀၈) ခေါက်ရွတ်ပြီး ပါဠိနဲ့အင်းကိုသွားလေရာဆောင်၊ အန္တရာယ်ကင်း၏။

ထပ်ဆင့်၍ ဆရာက ဆောက်တည်ရမည့် အင်္ဂါ (၅) ပါးအား ပြောကြားပါသေးသည်။

ထို (၅) ချက်မှာ-

၁။ အချိန်ကြာမြင့်စွာ အမြဲမပြတ်ရွတ်ပါ။
၂။ ကြိမ်ဖန်များစွာရွတ်ပါ။
၃။ စိတ်တည်ငြိမ်စွာရွတ်ပါ။
၄။ ယုံကြည်စွာရွတ်ပါ။
၅။ အနက်အဓိပ္ပာယ်ကို သိနားလည်အောင် ကြိုးစားပြီး ရွတ်ပါ။

မြွေနိုင်ဂါထာမရွတ်ခင် (၅) ပါး၊ (၈) ပါး၊ (၉) ပါး၊ (၁၀) ပါး သီလများ ဆောက်တည်လျှင် ပိုမို၍ အစွမ်းထက်ပါသည်။

နိဂုံးချုပ်အနေနဲ့ ရေးသားလိုတာကတော့ ဤမြွေနိုင်ဂါထာကို ရွတ်ဆိုလျှင် မြွေနှင့်ပတ်သက်သော အသားများ ရာသက်ပန် မစားမသောက်ရပါကြောင်း ရေးသားရင်း ဤစာမူကို နိဂုံးကမွှတ် အဆုံးသတ်လိုက်ရပါတော့သတည်း။

မြင့်ကျော်(မင်းတုန်း)

www.burmeseclassic.com

www.burmeseclassic.com

...အလောင်းတော်မြတ်၏ မွေး... ရဲရဲတောက်စကားကြီး (၃)

အဂ္ဂေါ ဟမသ္မိ လောကဿ - ငါ ...လူသုံးပါးတွင် အမြတ်ဆုံး ဖြစ်၏။ ဇေဋ္ဌော ဟမသ္မိ လောကဿ - ငါ ...လူသုံးပါးတွင် အကြီးကဲဆုံး ဖြစ်...

သေဋ္ဌော ဟမသ္မိ လောကဿ - ငါ ...လူသုံးပါးတွင် အချီးမွမ်းအပ်ဆုံး ...

▌



သားတော်ရာဟုလာ ရှင်ပြုရာ နိဂြောဓာရုံကျောင်းနေရာ

မောင်ပွင့်ဉာဏ်(မောရ)


# မဟာလူသားပွင့်ထွန်းတော်မူရာ မြေမြတ်မဟာဆီသို့ ၆



လုမ္ဗိနီဥယျာဉ်အတွင်းမှ ကျောင်းအုတ်ခုံ အကြွင်းအကျန်များ


## လုမ္ဗိနီသို့

၂၁-၁၁-၁၂ ရက်နေ့ နေ့လယ် (၁၂) နာရီကျော်လောက်မှာ သာဝတ္ထိကနေ (၁၃၈)မိုင်ဝေးတဲ့ လုမ္ဗိနီကို ထွက်လာခဲ့ကြပါတယ်။ ညနေ (၆) နာရီထိုးခါနီးလောက်မှာ အိန္ဒိယ-နီပေါနယ်စပ်ဂိတ်ကို ရောက်ပါတယ်။ အဖွဲ့ခေါင်းဆောင်က ပတ်(စ်)ပို့တွေကို တံဆိပ်တုံးသွားထုနေတဲ့အချိန်မှာ အားလုံး ကားပေါ်မှာပဲ နေကြရပါတယ်။ အောက်ဆင်းပြီး ဟိုဟိုဒီဒီလျှောက်သွားလို့ အစစ်ဆေးခံရရင် ပတ်(စ်)ပို့မပြနိုင်တာနဲ့ဘဲ ပြဿနာတက်တတ်လို့ပါ။




လုမ္ဗိနီဥယျာဉ် (အသောကကျောက်တိုင်နှင့် ညောင်ပင်ကြားတွင် ရေကန်ကိုတွေ့နိုင်သည်)

www.burmeseclassic.com


ဘုရားရှင် ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်

အိန္ဒိယ-နီပေါ နယ်စပ်ဂိတ်မုခ်ဝဟာ သိပ်မကြီးပါ။ မုခ်ဝလေးထောင့်တိုင်နှစ်ဖက်စလုံးမှာ ဗုဒ္ဓဆင်းတုတော်ပုံ ရှိပါတယ်။ အိန္ဒိယနဲ့ နီပေါနိုင်ငံသားတွေဟာ ဒီဂိတ်ကိုဖြတ်တဲ့အခါ ပတ်(စ်)ပို့မလိုပါ။ နယ်စပ်ဂိတ်မှာ နယ်စပ်စောင့်စစ်သား လေး၊ ငါးယောက်နဲ့ စစ်သမီး(၂)ယောက်လောက်သာတွေ့ရပါတယ်။ ကုန်တင်ကားကြီးတွေကတော့ ဂိတ်နှစ်ဖက်လုံးမှာ တန်းစီနေကြပါတယ်။ အိန္ဒိယဘက်ခြမ်းမြို့ကို နောင်တန်ဝ (Na-utanwa) လို့ခေါ်ပြီး နီပေါနယ်စပ်မြို့ကိုတော့ ဆိုနောလီ (Sonauli) လို့ ခေါ်ပါတယ်။


ဗုဒ္ဓဖွားမြင်တော်မူရာနေရာပြ အထိမ်းအမှတ်ကျောက်တုံး

ဒီနယ်စပ်မြို့လေးဟာ ခေတ်မီအဆောက်အအုံတွေ၊ ဟိုတယ်၊ မိုတယ်၊ လမ်းဘေးဈေးဆိုင်ကြီးတွေနဲ့ စည်ကားနေတာ တွေ့ရပါတယ်။ နယ်စပ်ဂိတ်ကနေ အတော်မှောင်မှထွက်လာတာ (၁၅) ကီလိုမီတာ (၁၀ မိုင်) လောက်သာ ဝေးတဲ့ လုမ္ဗိနီ မြန်မာကျောင်းကို ည (၈) နာရီလောက်မှ ရောက်ပါတယ်။ လုမ္ဗိနီမြန်မာကျောင်းဆရာတော်ကို ည (၉) နာရီလောက်မှာ ဖူးကြရပါတယ်။ ဆရာတော်ရဲ့မိန့်ကြားချက်ကို အကျဉ်းတင်ပြပါမယ်။


နီပေါနိုင်ငံရှိ ကပိလဝတ္ထု (မြို့ဟောင်း) နေရာ

"အိန္ဒိယတစ်နိုင်ငံလုံးက မြန်မာဘုန်းတော်ကြီးကျောင်းတွေထဲမှာ ဒီလုမ္ဗိနီမြန်မာကျောင်းတစ်ကျောင်းတည်းသာလျှင် မြန်မာနိုင်ငံတော်အစိုးရပိုင်ဖြစ်ပါတယ်။ တစ်နည်းပြောရရင်တော့




www.burmeseclassic.com

www.burmeseclassic.com



ကပိလဝတ်ပြို့ရှိးတောင်း



နိဂြောဓာရုံကျောင်းနေရာသို့အဝင်ဝ



စေတီတောင်းနေရာကုန်းပေါ်မှ ဘာသာခြားတို့၏အဆောက်အအုံ

ဒီက ဒကာ၊ ဒကာမကြီးတို့ အပါအဝင် မြန်မာပြည်သူပြည်သားတွေ ပိုင်တဲ့ ကျောင်း ဖြစ်ပါတယ်။ ကျန်တဲ့ကျောင်းတွေက ပုဂ္ဂလိကပိုင်တွေပါ။ ဆရာတော်ကိုယ်တိုင် ဒီကျောင်းမှာ အမြဲသီတင်းသုံးရတာ မဟုတ်ဘဲ (၂) နှစ်တစ်ကြိမ် အလှည့်ကျ ကျောင်းထိုင်ကြရပါတယ်။

ဒီကျောင်းမှာက ခန်းမကျယ်ကြီးတွေဖြစ်လို့ ဧည့်သည် (၁၀) ယောက်၊ (၁၅) ယောက်စုပြီး တည်းခိုရပါတယ်။ တချို့လူတွေက ဘယ်လောက်များအခွင့်အရေးလိုချင်ကြသလဲဆိုရင် နှစ်ယောက်တစ်ခန်းတည်း ပါရစေတဲ့။ ထမင်းစားတဲ့အခါမှာလည်း မိသားစု သီးသန့်တစ်ဝိုင်းစားပါရစေတဲ့။ ခဏတစ်ဖြုတ်လေး တည်းရတာ၊ ကိုယ့်ခြင်ထောင်ချလိုက်ရင် ကိုယ့်အခန်းလို့ သဘောထားလိုက်ပေါ့။ တစ်ခရီးတည်းသွားတဲ့ အဖွဲ့သားတွေအားလုံးကို မိသားစုလို့ သဘောထားလိုက်ရင် ပြီးတာပါပဲ။ ဒီကျောင်းက ဝန်ထမ်းတွေဟာလည်း အစိုးရခန့် ဝန်ထမ်းတွေသာဖြစ်ပါတယ်။ တည်းခိုတဲ့ ဘုရားဖူးဧည့်သည်တွေများရင်များသလို သူတို့ခမျာ မနက်အစောကြီးထပြီး ချက်ပြုတ်ရ၊ ညဆိုရင်လည်း ဆေးကြောသိမ်းဆည်းပြီး ညဉ့်နက်မှအိပ်ရတာမို့ လိုအပ်တာများရှိရင် သည်းခံကြဖို့ ဆရာတော်က မေတ္တာရပ်ခံပါ တယ်"

ကျွန်တော်တို့ရောက်တဲ့ ၂၂-၁၁-၁၂ တစ်ရက်တည်းမှာတင် ဘုရားဖူးအဖွဲ့ (၆) ဖွဲ့က တည်းခိုတဲ့ဧည့်သည်ပေါင်း(၂၂၅)ယောက်ရှိပါတယ်။ တခြားကျောင်းတွေမှာ ထမင်းစားရင် ကိုယ့်ဗန်းကိုယ်ကိုင်ကာ တန်းစီပြီး ထမင်း၊ ဟင်းတွေ ယူရပါတယ်။ ဒီကျောင်းမှာတော့ စားပွဲမှာတင် ထမင်းဝိုင်းပြင်ပြီး ကျွေးပါတယ်။

အလျဉ်းသင့်လို့ ကျေးဇူးစကားဆိုရရင် ဘုရားဖူးတစ်ဖွဲ့လုံးရဲ့ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးတွေမှာ အဖွဲ့ခေါင်းဆောင်နဲ့ အကူတွေအပြင် မန္တလေးမြို့က ဘုရားဖူးအဖွဲ့ဝင် ကိုဇော် (ကိုအောင်မျိုးညွန့်) က မိမိအသိစိတ်မာတ်နဲ့မိမိ ခရီးစဉ်အစ,အဆုံး ကူညီစောင့်ရှောက်ပေးခဲ့ပါတယ်။ သူတို့တစ်တွေဟာ အဖွဲ့သားအားလုံး အဆင်ပြေပြေ စားသောက်နိုင်အောင် လိုလေသေးမရှိ ဆောင်ရွက်ပြီး နောက်ဆုံးမှ စားသောက်ကြပါတယ်။တစ်ခါတလေ ဟင်းမလောက်မငနဲ့ စားကြရပါတယ်။ နေရာတိုင်းမှာ အခုလို အတ္တထက် ပရကို ဦး




www.burmeseclassic.com

www.burmeseclassic.com



ဘုရားအလောင်းတော် ဖွားမြင်တော်မူပုံ ရုပ်ကြွ



လုမ္ဗိနီဥယျာဉ်အတွင်းရှိ ကမ္ဘာ့ငြိမ်းချမ်းရေးအထိမ်းအမှတ် မီးတိုင်



ဖွားတော်မူရာအထိမ်းအမှတ် အသောကကျောက်စာတိုင်၊ လုမ္ဗိနီ

စားပေးတဲ့သူတွေများလာရင် လောကကြီးဟာ ပိုပြီးစိတ်ချမ်းသာစရာကောင်းမှာ အမှန်ပါပဲ။ ကိုဇော် ဆိုရင် မိဘနှစ်ပါးကို ဗုဒ္ဓဂယာမရောက်ရောက်အောင် ဘုရားဖူးအတူခေါ်လာခဲ့လို့ လေးစားလောက်တဲ့ လူငယ်တစ်ယောက် ဖြစ်ပါတယ်။

**နီပေါနိုင်ငံ**

၂၂-၁၁-၁၂ မနက် (၇) နာရီလောက်မှာ လုမ္ဗိနီမြန်မာကျောင်းဆရာတော် လိုက်ပါပြီး ကပိလဝတ်နန်းတော်ဟောင်းနေရာကို ထွက်ခွာလာခဲ့ကြပါတယ်။ ကားပေါ်မှာ ဆရာတော်က နီပေါနိုင်ငံအကြောင်း သိမှတ်စရာတွေကို ပြောပြပါတယ်။ နိုင်ငံငယ်ပေမယ့် မှတ်သားစရာ၊ အတုယူစရာတွေရှိပါတယ်။

နီပေါနိုင်ငံဟာ ဧရိယာစတုရန်းမိုင်ပေါင်း (၅၆,၈၂၇) ရှိပြီး မြန်မာနိုင်ငံအကျယ်အဝန်းရဲ့ လေးပုံတစ်ပုံလောက်သာရှိပါတယ်။ မြို့တော်က ခတ္တမန္ဒုမြို့ပါ။ မြောက်ဘက်မှာ တရုတ်နိုင်ငံနဲ့ တောင်ဘက်မှာ အိန္ဒိယနိုင်ငံ၊ ဒီနှစ်နိုင်ငံကြားက ကုန်းတွင်းပိတ်နိုင်ငံ ဖြစ်ပါတယ်။ မြေမျက်နှာပြင်မျိုးစုံရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် မီတာ (၄၀၀) ကနေ မီတာ (၈၀၀၀) ကျော်အထိ ရှိပါတယ်။ အမြင့်ပေ (၂၉,၀၃၅) ရှိတဲ့ ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ဟာ နီပေါနိုင်ငံမှာရှိပါတယ်။

နီပေါနိုင်ငံဟာ စိုက်ပျိုးရေးကမဖြစ်ထွန်း၊ သဘာဝသယံဇာတလည်းမရှိ၊ စက်မှုလုပ်ငန်းကလည်း မထွန်းကားလို့ စီးပွားရေးအားဖြင့် နိမ့်ကျပါတယ်။ ထွက်ကုန်ဆိုလို့ တောင်တန်းကြီးတွေကနေရတဲ့ လမ်းခင်းကျောက်ပဲရှိပါတယ်။ သန်း (၃၀) လောက်ရှိတဲ့ လူဦးရေအတွက် စားစရာကို အိန္ဒိယနိုင်ငံက တင်သွင်းရပါတယ်။ အဓိက စီးပွားရေးက ခရီးသွားလုပ်ငန်းဖြစ်ပြီး တောင်တက်သမားတွေ၊ ကမ္ဘာလှည့်ခရီးသည်တွေနဲ့ ဘုရားဖူးခရီးသည်တွေဆီက ရတဲ့ဝင်ငွေအပေါ် အားထားနေရပါတယ်။ ကမ္ဘာမှာ ခရီးသွားလုပ်ငန်းကို မီးခိုးမထွက်ဘဲ ပိုက်ဆံရတဲ့လုပ်ငန်း (smokeless industry) လို့တောင် တင်စားကြပါတယ်။

နီပေါနိုင်ငံဟာ လျှပ်စစ်ဓာတ်အားကို ကိုယ်တိုင်မထုတ်လုပ်နိုင်ပါ။ နိုင်ငံရဲ့ တစ်ခုတည်းသောမြစ်ကြီးကို အိန္ဒိယ

www.burmeseclassic.com




ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်
(၁၉၀၉-၁၉၇၄)


နိုင်ငံကို ရောင်းထားပါတယ်။ အိန္ဒိယနိုင်ငံက အဲဒီမြစ်ကိုသုံးပြီး ထုတ်လုပ်တဲ့ လျှပ်စစ်ဓာတ်အားကို နီပေါနိုင်ငံက ပြန်ဝယ်သုံးရပါတယ်။ လောင်စာအနေနဲ့ မြန်မာနိုင်ငံက ဓာတ်ငွေ့ကို အိန္ဒိယနိုင်ငံကဝယ်ပြီး နီပေါနိုင်ငံကို ပြန်ရောင်းပါတယ်။ (ကျွန်တော်တို့လည်း ကိုယ့်နိုင်ငံကထွက်တဲ့ ဓာတ်ငွေ့ကို ထိုင်းနိုင်ငံကနေ ပြန်ဝယ်သုံးရပါတယ်။) နီပေါမှာ ဓာတ်ငွေ့နဲ့ပဲ ထမင်း၊ ဟင်းချက်ပါတယ်၊ ထင်းမသုံးပါ။ (သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတဲ့အနေနဲ့ အစိုးရက သစ်မပေးခုတ်ဘူးလို့ ထင်ပါတယ်။)

နီပေါနိုင်ငံမှာ တယ်လီဖုန်းဆင်းကတ်တစ်ကတ်ဟာ မြန်မာငွေ (၉၀၀) လောက်ပဲကျပါတယ်။ တစ်လကို မြန်မာငွေ (၆၀၀၀) လောက် ငွေသွင်းထားရင် အင်တာနက်ကို ကြိုက်သလောက်သုံး၊ ကြိုက်သလို ဒေါင်းလုတ်လုပ်လို့ ရပါတယ်။ ကြိုးဖုန်းရှိရင် ADSL လိုင်းဆက်ပြီး တစ်လကို မြန်မာငွေ (၁၆၀၀၀) သွင်းရင် အင်တာနက်ကို လိုင်းကြည်ကြည် သင်လင်နဲ့ မြန်မြန်ဆန်ဆန်သုံးလို့ရပါတယ်။ ဆက်သွယ်ရေးအနေနဲ့ပြောရရင် နီပေါနိုင်ငံဟာ အလွန်ကောင်းတယ်လို့ ဆိုရပါမယ်။ (ကျွန်တော်တို့နိုင်ငံက အဲဒီအဆင့်ကိုရောက်ဖို့ အတော်ကြာဦးမယ် ထင်ပါတယ်။)

နိုင်ငံခြားသား ခရီးသွားတွေနဲ့ ပြောတတ်ဆိုတတ်အောင် ကျောင်းတွေမှာ အင်္ဂလိပ်စာကို ထိထိရောက်ရောက် သင်တဲ့အတွက် နီပေါ (၅)တန်းကျောင်းသားတစ်ယောက်ဟာ အင်္ဂလိပ်စကားကို ကောင်းကောင်းပြောနိုင်တယ်လို့ ဆိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ဆီက ဘွဲ့ရတွေထက်သာတယ်လို့ ပြောရမှာဖြစ်ပါတယ်။ပညာရေးအဆင့်အတန်းမြင့်တယ်လို့ ဆိုပေမယ့် ကလေးသူငယ်



လောကမဟာစေတီ၊ လုမ္ဗိနီ၊ နီပေါနိုင်ငံ



မြန်မာနိုင်ငံတော်အစိုးရပိုင် လုမ္ဗိနီမြန်မာရွှေကျောင်း

(၅၀) ရာခိုင်နှုန်းလောက်ဟာ ကျောင်းမနေနိုင်ကြပါဘူး။ နိုင်ငံရဲ့ စာမတတ်သူဦးရေကလည်းမြင့်ပါတယ်။

နီပေါမှာ ဟိန္ဒူဘာသာကို အဓိကကိုးကွယ်ကြပါတယ်။ကမ္ဘာပေါ်မှာ ဟိန္ဒူနိုင်ငံပါလို့ ကြေညာခဲ့တဲ့ တစ်ခုတည်းသောနိုင်ငံလည်း ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်က (၁၀) ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်။ အဲဒီမှာလည်း တိဗက်မဟာယာနဗုဒ္ဓဘာသာနှစ်မျိုးနဲ့ ထေရဝါဒဗုဒ္ဓဘာသာတစ်မျိုး ပါဝင်ပါတယ်။ တိဗက်မဟာယာနဗုဒ္ဓဘာသာမှာ မိန်းမယူလို့မရတာနဲ့ မိန်းမယူလို့ရတာ ဆိုပြီး ဂိုဏ်းနှစ်မျိုးရှိပါတယ်။ ကျွန်တော့်စိတ်ထင် မိန်းမယူလို့ရတဲ့ဂိုဏ်းဝင်တွေက ပိုများမယ် ထင်တာပါပဲ။

## ဗုဒ္ဓဘာသာဝင်အားလုံးတို့၏ ကျေးဇူးရှင်ကြီးတစ်ဦး

ဆရာတော်က နီပေါနိုင်ငံအကြောင်း ပြောပြအပြီးမှာ လုမ္ဗိနီဒေသအကြောင်း ဆက်ပြောပြပါတယ်။ ဆရာတော်ရဲ့ ပြောကြားချက်နဲ့ ကျွန်တော် ဖတ်မှတ်ထားသမျှ ပေါင်းစပ်ပြီး တင်ပြသွားပါမယ်။ လုမ္ဗိနီဒေသ အခုလို သာသာယာယာနဲ့ ဖွံ့ဖြိုးတိုးတက်လာတာဟာ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရဲ့ ကျေးဇူးကြောင့် ဖြစ်ပါတယ်။ ၁၉၅၈ ခုနှစ်မှာ ဦးသန့် လုမ္ဗိနီကို ဘုရားဖူးလာတော့ ဒေသခံတွေဟာ ဘုရားကျောင်းကန်တွေကို ဖျက်ဆီးပြီး ဖြစ်သလို ဝင်ရောက် နေထိုင်ကာ အဲဒီနေရာက ဆင်းတုတော်တွေနဲ့ အုတ်ခဲတွေကိုခွာပြီးတော့ အိမ်ဆောက်လိုဆောက်၊ တဲတာခင်းလိုခင်း၊ နွားမွေး၊ ဆိတ်မွေး



www.burmeseclassic.com

www.burmeseclassic.com

လုပ်လို့ ဖရိုဖရဲနဲ့ ပျက်စီးနေတာ တွေ့ရတဲ့အခါ ဦးသန့်ဟာ စိတ်ထိခိုက်လွန်းလို့ မျက်ရည်တောင်ကျတယ်လို့ ဆိုပါတယ်။ ဒါနဲ့ ကုလသမဂ္ဂ ပြန်ရောက်တဲ့အခါ လုမ္ဗိနီဒေသဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Lumbini Development Project) ကို တင်ပါတယ်။

ကုလသမဂ္ဂမှာ အတည်ပြုချက်ရတဲ့အခါ နှစ်ရှည်စီမံချက် (master plan) ရေးဆွဲပြီး ၁၉၈၀ ပြည့်နှစ်မှာ စတင်ဆောင်ရွက်ပါတယ်။ ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့ရဲ့အကူအညီနဲ့ နီပေါအစိုးရက ဆောင်ရွက်ပေးလို့ ကျူးကျော်နေထိုင်သူတွေကို ဖယ်ရှားပြီး လိုအပ်တဲ့ ပြုပြင်ထိန်းသိမ်းမှုတွေလုပ်ပါတယ်။ လုမ္ဗိနီဒေသကို အလျား (၃)မိုင်၊ အနံ (၁)မိုင် သတ်မှတ်ပြီး တစ်မိုင်ပတ်လည် သုံးပိုင်းပိုင်းကာ အကွက်ချဆောင်ရွက်ပါတယ်။ အခုဆိုရင် ယူနက်စကိုရဲ့လက်အောက်မှာရှိတဲ့ လုမ္ဗိနီဒေသ ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့မှာ (၁၈) နိုင်ငံအထိ ပါဝင်လာပါတယ်။ တိဗက်ဒေသနဲ့ မြန်မာ၊ ထိုင်း၊ သီရိလင်္ကာ၊ တရုတ်၊ ဂျပန်၊ ကိုးရီးယား၊ ဘူတန် စတဲ့ နိုင်ငံတွေက ဘာသာရေး အဆောက်အအုံတွေကို လည်း မိမိတို့ရိုးရာ ဗိသုကာပုံစံတွေနဲ့ ဆောက်လုပ်ထားကြတာမို့ ကြည့်လိုက်တာနဲ့ ဘယ်နိုင်ငံက ဘုရားကျောင်းလဲ ဆိုတာ သိနိုင်ပါတယ်။

ကုလသမဂ္ဂမှာ ဦးသန့်ရဲ့ ဆောင်ရွက်ချက်နဲ့ပတ်သက်လို့ အင်္ဂလိပ်ဘာသာနဲ့ ဖော်ပြချက်တစ်ခုက ဒီလိုပါ။

*In 1967, then-United Nations Secretary-General U Thant, a Burmese Buddhist, initiated the search for Buddha's birthplace. He intended to make it a center for world peace. The government of Nepal, the Japan Buddhist Federation, which funded the dig, and the United Nations plan to turn the temple and surrounding gardens into a pilgrimage site and tourist attraction.*

*Microsoft Encarta Premium 2009*

၁၉၆၇ ခုနှစ်မှာ မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်တဲ့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဦးသန့်ဟာ ဗုဒ္ဓ ဖွားတော်မူရာအရပ်ကို ရှာဖွေဖို့ အရင်ဆုံး စတင် ကြိုးပမ်းခဲ့တယ်။ သူဟာ ဒီနေရာကို ကမ္ဘာ့ငြိမ်းချမ်းရေးရဲ့မဏ္ဍိုင်ဖြစ်ဖို့



ရည်ရွယ်ခဲ့ပါတယ်။ နီပေါနိုင်ငံ အစိုးရနဲ့ ဂျပန်ဗုဒ္ဓဘာသာဖောင်ဒေးရှင်းတို့က တူးဖော်မှု ကုန်ကျစရိတ်ကို ကျခံပြီး ကုလသမဂ္ဂပါပါဝင်ကာ (ဘုရားလောင်းဖွားတော်မူရာ) ကျောင်းဆောင်နဲ့ ပတ်ဝန်းကျင်ဥယျာဉ်များကို ဘုရားဖူးဒေသအဖြစ်နဲ့ ကမ္ဘာလှည့်ခရီးသည်များ လာရောက် လည်ပတ်ရာ ဌာနတစ်ခု ဖြစ်လာစေဖို့ စီမံကိန်း ရေးဆွဲခဲ့ကြပါတယ်။ ဒီစီမံကိန်းအရ ဆောင်ရွက်ခဲ့လို့ လုမ္ဗိနီဒေသဟာ အခု ကျွန်တော်တို့မျက်မြင် သာယာအေးချမ်းတဲ့ ဘုရားဖူးရာဒေသ တစ်ခုအဖြစ် ရောက်ရှိနေတာပဲ ဖြစ်ပါတယ်။

ဆရာတော်ဦးဩဘာသရဲ့ 'မဇ္ဈိမဒေသမြို့ရွာများမှ သမိုင်းရုပ်ကြွင်းပုံရိပ်လွှာများ' စာအုပ်မှာ -

*'မြန်မာနိုင်ငံ ဝန်ကြီးချုပ် ဦးနု ကြောင့် အိန္ဒိယ၌ ဗုဒ္ဓဘာသာဌာနများသည် သာသနာနှစ်ထောင့်ငါးရာပြည့် (၁၉၅၆) မှ စ၍ စည်ကားလာသော်လည်း နီပေါနိုင်ငံ လုမ္ဗိနီဌာနသည် ဒီမိုကရေစီအစိုးရ (၁၉၉၅) တည်ထောင်ပြီးမှ (ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်စီမံကိန်းကြောင့်) စည်ကားလာခြင်း ဖြစ်သည်။ လောက၏ အကြီးမြတ်ဆုံးပုဂ္ဂိုလ် မွေးဖွားရာနေရာ၌ ကမ္ဘာ့ကုလသမဂ္ဂ၏အကြီးဆုံးပုဂ္ဂိုလ်က စီမံကိန်းချ ဆောင်ရွက်ပေးခဲ့ခြင်းသည် ဂုဏ်မြောက်၍ လိုက်ဖက်ညီလှပါပေသည်။'*

လို့ ရေးသားထားပါတယ်။

လုမ္ဗိနီဒေသမှာ ၁၉၅၆ ခုနှစ်ကတည်းက ဆောက်လုပ်ထားတဲ့ ဦးသန့်ဓမ္မာရုံလည်းရှိပါတယ်။

## ကပိလဝတ်မြို့တော်ဟောင်းနေရာ

လုမ္ဗိနီကနေ အနောက်ဘက်(၁၅) မိုင်လောက်အကွာမှာ ကပိလဝတ်မြို့တော်ဟောင်းနေရာရှိပါတယ်။ ကပိလရသေ့က သူ့ရဲ့ကျောင်းနေရာမှာ မြို့တည်ဖို့ ခွင့်ပြုတဲ့အတွက် ကပိလဝတ္ထုလို့ ခေါ်ပါတယ်။ အဲဒီနေရာမှာ ကျွန်းတောတွေရှိလို့ ကျွန်းတောသူကျွန်းတောသားလို့ အဓိပ္ပာယ်ရတဲ့ 'သာကီယ' ကနေ 'သာကီဝင်' မျိုးလို့ ဖြစ်လာပါတယ်။ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား ငယ်စဉ်က နေထိုင်ခဲ့ပြီး အင်မတန်မှ ကြီးကျယ် ခမ်းနားခဲ့တဲ့ ကပိလဝတ်နန်းတော်ဟောင်းနေရာဟာ အခုတော့ ချုံနွယ်တွေ ပိတ်ဖုံးလို့ မြေပြင်မှာ အုတ်ခုံတွေလောက်သာကျန်ခဲ့တာဟာ အနိစ္စတရားရဲ့ပြယုဂ်ပဲဖြစ်ပါတော့တယ်။ နန်းတော်ဟောင်းရဲ့ အရှေ့ဘက်မှာ အတော် ရှည်လျား ထူထဲတဲ့ အုတ်ရိုးတံတိုင်းကို မြင်တွေ့ရပါတယ်။

ကပိလဝတ်မြို့တော်ဟောင်းနေရာကနေ နိဂြောဓာရုံ (Nigrodharama) ကျောင်းဟောင်းနေရာကို ထွက်ခွာခဲ့ကြပါတယ်။ ဘုရားရှင်ရဲ့ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ဆောက်လုပ် လှူဒါန်းခဲ့တာဖြစ်ပြီး သာသနာတော်မှာ ထင်ရှားတဲ့ အထင်ကရကျောင်းတော်ကြီး ဖြစ်ပါတယ်။ ကြွင်းကျန်တဲ့ အောက်ခြေကို အတော်ကြီးတဲ့ အုတ်ခုံကြီးအဖြစ် မြင်တွေ့ရပါတယ်။ ဒီကျောင်းဟောင်းနေရာကို ဝင်းခတ်ကာရံထိန်းသိမ်းထားပြီး ဝင်းအဝင်ဝမှာ စိုက်ထူထားတဲ့ ဆိုင်းဘုတ်အရ ဒီနေရာကို ၁၉၆၂ ခုနှစ်က တူးဖော်တဲ့အခါ အဆောက်အအုံထိပ်မှာ သျှိဝလိင်တိုင် စိုက်ထားတာတွေ့လို့ ဗုဒ္ဓသာသနိက အဆောက်အအုံနေရာကို ဟိန္ဒူတွေက ဝင်သိမ်းထားတာ ဖြစ်တယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် ဒီနေရာကို ဗုဒ္ဓဘာသာဝင်တွေက ရှိခိုးခြင်း မပြုပါဘူး။ ကျောင်းအဝင်ဝနားက စေတီဟောင်းနေရာတစ်ခုအပေါ်မှာလည်း ဘာသာခြားတွေရဲ့ ဝတ်ကျောင်းတော်လိုမျိုး အဆောက်အအုံတစ်ခု မြင်တွေ့ရပြန်တဲ့အတွက် ဒီနေရာကို လာရတာ အတော့်ကို စိတ်မကောင်းဖြစ်မိပါ၏။

## လုမ္ဗိနီသာမော အင်ကြင်းတောဆီ

နိဂြောဓာရုံကျောင်းနေရာကနေ အလောင်းတော် မွေးဖွားရာနေရာကို လာခဲ့ကြပါတယ်။ ဒီနေရာက မြန်မာရွေ

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းနဲ့ကပ်လျက်မို့ နောက်ဆုံးမှလာခဲ့တာ ဖြစ်ပါတယ်။ ယူနက်စကိုအစီအစဉ်နဲ့ အင်ကြင်းတောကို စိုက်ပျိုးထိန်းသိမ်းထားတာ တွေ့ရပါတယ်။ လုမ္ဗိနီဥယျာဉ်ထဲကို ဝင်ဝင်ချင်း (၂၄) နာရီ မီးပြတ် ထွန်းညှိထားတဲ့ ငြိမ်းချမ်းရေးမီးတိုင်ဆီရောက်ပါတယ်။ ဒီမီးတိုင်ကို နိုင်ငံတကာငြိမ်းချမ်းရေးနှစ်ဖြစ်တဲ့ ၁၉၈၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှာ လုမ္ဗိနီဒေသထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ နီပေါနိုင်ငံ အိမ်ရှေ့မင်းသားက ကိုယ်တိုင် ထွန်းညှိခဲ့တာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးမီးတိုင်ကနေ အသောကကျောက်စာတိုင်ဆီလာရာလမ်းမှာ အမှတ်တရပစ္စည်းရောင်းတဲ့ ဆိုင်တွေက လမ်းတစ်ဖက်တစ်ချက်မှာ စီတန်းလို့နေပါတယ်။ ဘုရားအလောင်း ဖွားမြင်တော်မူတဲ့နေရာ အမှတ်အသားပြကျောက် တုံးငယ်ကို အဆောက်အအုံတစ်ခုအတွင်းက တွင်းထဲမှာ မှန်ကာပြီးပြထားပါတယ်။ အဲဒီနေရာအပေါ်မှာ အလောင်းတော်ဖွားမြင်ပုံ ကျောက်ထွင်းရုပ်တုတစ်ခု ရှိပါတယ်။ မယ်တော်မာယာက အင်ကြင်းကိုင်းကို ကိုင်ထားပြီး ဘုရားအလောင်းက မယ်တော်ဘေးမှာ မတ်တတ်ရပ်လျက်ရှိပါတယ်။ အဲဒီကျောက်ရုပ်ထုကို ပွတ်တိုက် ဖျက်ဆီးထားလို့ ရုပ်လုံးပေါ်ရုံတစ်ခြမ်းသာကျန်ရှိပါတော့တယ်။ အဆောက်အအုံထဲကို ဖိနပ်ချွတ်ဝင်ရပြီး အထဲမှာ ဓာတ်ပုံပေးမရိုက်ပါ။ အစောင့်ရဲတွေက တုတ်ကိုင်ပြီး စောင့်ကြည့်နေပါတယ်။

အဆောက်အအုံအပြင်က အသောကကျောက်တိုင်ဟာ အသောကမင်းကြီး နန်းစံအနှစ် ၂၀ (ဘီစီ-၂၄၄) မှာ စိုက်ထူခဲ့တာ ဖြစ်ပါတယ်။ နဂိုကအမြင့်ပေ (၇၀) ရှိတယ်လို့ ခန့်မှန်းရပြီး လက်ရှိကျောက်တိုင်အကျိုးက (၁၆)ပေ၊ (၆) လက်မနဲ့ လုံးပတ်က (၇) ပေ၊ (၃) လက်မရှိပါတယ်။ မြေကြီးထဲကို (၁၀) ပေအနက်လောက် စိုက်ဝင်နေတယ်လို့ ဆိုပါတယ်။ ထိပ်ပိုင်းမှာ ကျောက်စာတိုင်ဟာ အက်ကွဲနေလို့ ကုသိနာရုံ ဆရာတော် ဦးစန္ဒြမဏိ (ပျံလွန်) က သံပြားနဲ့ပတ်ပြီး ကျောက်တိုင်ကိုလည်း သံတိုင်တွေနဲ့ ကာရံထားခဲ့ပါတယ်။

ကျောက်တိုင်မှာ ဗြဟ္မီအက္ခရာနဲ့ စာ (၅) ကြောင်း ရေးထိုးထားပါတယ်။ အဲဒီစာကြောင်းတွေရဲ့အဓိပ္ပာယ်က -

*'ဒေဝါနံပိယဒဿီမည်သော မင်းတရားကြီး (အသောက) သည် ဘိသိက်ခံတော်မူပြီး နှစ် (၂၀) အကြာတွင် ဗုဒ္ဓသကျမုနိ ဖွားတော်မူသော ဤနေရာသို့ ကိုယ်တိုင် ကြွရောက် ဖူးမြင် ကြည်ညိုတော်မူသည်။*

*ဤနေရာသည် မြတ်ဗုဒ္ဓဘုရားရှင်ကို ဖွားမြင်တော်မူသည်ဟု ပြသရန် အလို့ငှာ သိန္ဓောမြင်းရုပ်ထုလုပ်၍ ဤကျောက်စာတိုင် စိုက်ထူတော်မူသည်။*

*လုမ္ဗိနီဟုခေါ်တွင်သော ဤကျေးရွာကိုလည်း ဗုဒ္ဓဘုရားရှင် ဖွားမြင်တော်မူရာဖြစ်သောကြောင့် ဘာသာရေးဆိုင်ရာ ခိုင်ကြေးတို့မှ လွတ်ကင်းစေပြီး နှစ်ဖို့တစ်ဖို့သော မြေခွန်ကိုသာလျှင် ထမ်းဆောင်စေသည်။'*

ကျောက်တိုင်ထိပ်က မြင်းရုပ်ကိုတော့ ရှာမတွေ့ပါ။ ဒီကျောက်စာဟာ မြတ်ဗုဒ္ဓဖွားမြင်တော်မူရာဌာနကို အတိအကျ ညွှန်ပြနိုင်လို့ ဗုဒ္ဓဘာသာဝင်တွေအတွက် အင်မတန်ကို အရေးပါတဲ့ ကျောက်စာ ဖြစ်ပါတယ်။ အရင်က စာထဲမှာဖတ်ဖူးပေမယ့် အခုလို ကိုယ်တိုင်ကိုယ်ကျ လုမ္ဗိနီကို ရောက်လာရတဲ့အခါ 'ငါတို့ဘုရားဟာ ဒီကမ္ဘာမြေမှာ အမှန်တကယ် ပွင့်ထွန်းတော်မူသွားတဲ့ မဟာလူသားဘုရား' ဆိုတာကို ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ သိမှတ်လိုက်မိပါတယ်။



ကုသိနာရုံဆရာတော်ဘုရားကြီးနှင့် အဖွဲ့ခေါင်းဆောင် ဦးမြင့်သောင်း



စန္ဒြမဏိမြန်မာကျောင်း၊ ဆိုနောလီ၊ ယူပီပြည်နယ်၊ အိန္ဒိယ

**လုမ္ဗိနီရှုခင်း**

အေးမြတဲ့ ဆောင်းဦးကာလမှာ သန့်ရှင်းလတ်ဆတ်တဲ့လေကို ရှူရှိုက်ရင်း မြင်တွေ့ရတဲ့ လုမ္ဗိနီဥယျာဉ်ရဲ့ရှုခင်းဟာ အလွန်သာယာပါတယ်။ အသောကကျောက်တိုင်နဲ့ ဖွားတော်မူရာ အထိမ်းအမှတ်အဆောက်အအုံရဲ့ဘေးမှာ လေးထောင့်အုတ်ရေကန်တစ်ခု ရှိပါတယ်။ ဘုရားအလောင်းတော်ကို ဖွားမြင်တဲ့အချိန်မှာ ကောင်းကင်က ရေပူနှင့် ရေအေး စမ်းနှစ်သွယ် စီးဆင်းလာ




www.burmeseclassic.com

www.burmeseclassic.com




**အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံ နယ်စပ်ဒေသ**



**အိန္ဒိယ-နီပေါနယ်စပ်ဂိတ်**
**(အိန္ဒိယဘက်နှင့် နီပေါဘက်)**

ကာ မယ်တော်နဲ့ သားတော်တို့ ရေသပ္ပာယ်ပြီး သန့်ရှင်းစင်ကြယ် နွေးထွေးခဲ့ရပါတယ်။ အဲဒီရေတွေ စီးဆင်းလာမှုကြောင့် ဒီနေရာမှာ ရေကန်ငယ်တစ်ခုဖြစ်လာတယ်လို့ စာထဲမှာဖတ်ရပါတယ်။

ရေကန်ရဲ့ တခြားတစ်ဖက်မှာ အရိပ်အာဝါသ အလွန်ကောင်းတဲ့ ညောင်ပင်ကြီးတစ်ပင်ရှိပါတယ်။ ကျွန်တော်တို့ရောက်သွားတဲ့အချိန်မှာ သီရိလင်္ကာက ဘုရားဖူးအဖွဲ့တစ်ဖွဲ့ ဘုရားဝတ်ပြုပြီး တရားစာ ရွတ်ဖတ်နေပါတယ်။ တညီတညာတည်း ရွတ်ဆိုနေတဲ့ တရားသံဟာ သာယာနာပျော်ဖွယ်ကောင်းလို့ သေချာနားစိုက်ထောင်ကြည့်လိုက်တဲ့အခါ ကျွန်တော်တို့ ရွတ်ဆိုနေကျ ပါဠိတော်အတိုင်းဖြစ်ပြီး အသံထွက်အနည်းငယ် ကွဲလွဲနေတာပဲရှိပါတယ်။

လုမ္ဗိနီဒေသမှာ အသောကမင်းကြီး ကျောင်းဆောက်လုပ်လှူဒါန်းခဲ့တယ်ဆိုပေမယ့် ကျောင်းနေရာကို ရှာမတွေ့သေးပါ။ အခု တွေ့နေရတဲ့ အဆောက်အအုံ အုတ်ခုံတွေက အသောကခေတ်နောက်ပိုင်းမှ ဆောက်လုပ်ထားတဲ့ အဆောက်အအုံတွေရဲ့ အကြွင်းအကျန်တွေ ဖြစ်ပါတယ်။ ဗုဒ္ဓဂယာဘုရားဖူးသွားရင် နေရာတိုင်းမှာ အခုလို အဆောက်အအုံပျက်တွေကိုသာ မြင်တွေ့ရလို့ ဓမ္မစာရေးဆရာကြီးတစ်ယောက်က စိတ်ပျက်မိပြီး ရှေ့တောင်ဆက်မသွားချင်တော့ဘူးလို့ ရေးထားပါတယ်။ စိတ်ပျက်တယ်ဆိုတဲ့ အကုသိုလ်တရားမဖြစ်အောင် မမြဲတဲ့ သင်္ခါရတရားကို မြင်အောင်ကြည့်ပြီး သံဝေဂယူတာက ကုသိုလ်ပွားရာဖြစ်ပါလိမ့်မယ်။

**ကုသိနာရုံသို့**

လုမ္ဗိနီဥယျာဉ်ကနေ လောကာမဏိစူဠာစေတီ (ရွှေတိဂုံပုံတူ) ဘုရားဝင်းကိုဖြတ်ပြီး တည်းခိုရာ မြန်မာရွှေကျောင်းကို ပြန်ရောက်တော့ နေ့လယ် (၁၂း၃၀) နာရီလောက်ရှိပါပြီ။ နေ့လယ်စာစားသောက်ပြီး ခေတ္တနားကာ(၁း၃၀) နာရီမှ မြန်မာရွှေကျောင်းကနေ ထွက်ခဲ့ကြပါတယ်။ နီပေါ-အိန္ဒိယနယ်စပ်ကိုဖြတ်ပြီး နာရီဝက်လောက်အကြာမှာ ဆိုနောလီက ကျေးဇူးရှင် စန္ဒြမဏိ မြန်မာကျောင်းမှာ ခဏဝင်နားကြပါတယ်။ တချို့ မြန်မာဘုရားဖူးအဖွဲ့တွေက ဒီကျောင်းမှာတည်းခိုပြီး လုမ္ဗိနီကို ဆက်သွားကြပါတယ်။ လုမ္ဗိနီကနေ (၈၇) မိုင်ဝေးတဲ့ ကုသိနာရုံကို ညနေ (၆) နာရီလောက်မှာ ရောက်ပါတယ်။

**နှလုံးပျော့ပျောင်း သူတော်ကောင်း**

ကုသိနာရုံ မြန်မာကျောင်းမှာ ဘုရားဖူးတွေများလို့ (၄)ယောက်ခန်းကို (၆) ယောက်၊ (၅) ယောက်ခန်းကို (၇) ယောက် စသဖြင့် တည်းကြရပါတယ်။ ကျွန်တော်တို့ (၇)ယောက်အဖွဲ့တည်းတဲ့ (၅)ယောက်ခန်းမှာ ခုတင်၊ ခြင်ထောင်၊ စောင်က (၅) စုံပဲရှိလို့ ခုတင်တွေကို ဆက်တန်ဆက်ပြီး စီစဉ်ရပါတယ်။ ရာသီဥတုအေးလို့ ခြင်မရှိတာနဲ့ ခြင်ထောင်မထောင်ကြတော့ပါ။ ကျွန်တော်လည်း လွယ်အိတ်ကို ခြင်ထောင်တစ်လုံးနဲ့ပတ်ပြီး ခေါင်းအုံးလုပ်လိုက်ပါတယ်။

ည (၉) နာရီထိုးခါနီးလောက်မှာ ကုသိနာရုံဆရာတော်ကို သွားရောက်ဖူးမြော်ကန်တော့ကြတဲ့အခါ အမျိုးသားအဖွဲ့ဝင်တွေထဲမှာ အသက်အကြီးဆုံးဖြစ်တဲ့ ဦးသန်းထွတ်က ခရီးပန်းလို့ လိုက်မလာပါ။ ဒါကလည်း တည်းခိုတဲ့ကျောင်းတိုင်းမှာ ကျောင်းထိုင်ဆရာတော်ကို ဖူးမြော်ကန်တော့ပြီး ဩဝါဒခံယူ၊ တရားဓမ္မများနာယူကာ လှူဖွယ်ဝတ္ထုများနှင့် နဝကမ္မများ ဆက်ကပ် လှူဒါန်းကြတာဟာ ဘုရားဖူးရင်း ကုသိုလ်အထူးတွေလည်း ရကြတာမို့ ဝမ်းသာပီတိဖြစ်ကြရပါတယ်။ ကုသိနာရုံဆရာတော်ဘုရားကြီးဟာ သီတဂူဆရာတော်ဘုရားကြီး အရှင်ဉာဏိဿရနဲ့ ဘွဲ့အမည်တူရုံတင်မက မျက်နှာတော်ရော ကိုယ်လုံးကိုယ်ပေါက်ပါ အတော်တူပါတယ်။ ဘုရားဖူးအဖွဲ့သားများကို ဒကာရင်း၊ ဒကာမရင်းတွေလို ပြောဆိုဆက်ဆံလို့ ဆရာတော်ဘုရားကြီးရဲ့ မေတ္တာဓာတ်ကို အားလုံးခံစားကြရပါတယ်။

အခန်းပြန်ရောက်တော့ ဦးသန်းထွတ်က အိပ်မောကျနေပါပြီ။ သူအိပ်နေပုံကိုလည်း ကြည့်ပါဦး။ ခြင်ထောင်ကို စောင်လိုခြုံပြီး ကွေးကွေးလေးအိပ်နေရှာပါတယ်။ ကျွန်တော့်စိတ်ထဲမှာ -

'ဩော်-ဦးသန်းထွတ်ရယ်၊ စောင်တစ်ထည်ထည်ယူပြီး ခြုံလိုက်ရောပေါ့'

လို့ ပြောမိပါတယ်။

ဦးသန်းထွတ်ဟာ ဇာတိရပ်ရွာမှာ 'ဂေါတမ ရွှေတိဂုံစေတီတော်' ဘွဲ့တော်နဲ့ ၂၀၀၀ ပြည့်နှစ်က ဘုရားတည်ခဲ့တဲ့ ဘုရားဒကာတစ်ဦးဖြစ်တဲ့အပြင် ဝိပဿနာတရားပြဆရာတစ်ဦးလည်း ဖြစ်ပါတယ်။ (ဘုရားရဲ့ဉာဏ်တော်ဟာ ဥက္ကလာပမင်းကြီး စတင် တည်ထားစဉ်က ရွှေတိဂုံစေတီတော်ရဲ့ ဉာဏ်တော်အတိုင်း ၆၆ ပေ ရှိပါတယ်။)

"တရားသမား ဆိုတာ အပြောနဲ့ အလုပ်ညီရတယ်"

လို့ ဆရာတော်ကြီးများ ဆိုဆုံးမတာကို ဦးသန်းထွတ်က လက်တွေ့ပြလိုက်တာပဲ ဖြစ်ပါ၏။

မောင်ပွင့်ဉာဏ်(မြေ)



www.burmeseclassic.com

www.burmeseclassic.com



ကွယ်လွန်သူတို့အတွက် ရည်စူးအလှူဒါနပြုမှု
ရန်ကုန်တက္ကသိုလ်၊

လူ့ဘဝတစ်သက်တာတွင် ကောင်းမှုကုသိုလ်များ ပြုလုပ်နေခဲ့သော်လည်း ကွယ်လွန်ခါနီးအချိန်ပိုင်းလေး၌ ပစ္စည်းဥစ္စာ သံယောဇဉ်၊ သားသမီးနှင့် ဆွေမျိုးသံယောဇဉ်၊ အခြားသံယောဇဉ်တစ်ခုခုကို စွဲလမ်းမိခဲ့လျှင် မထင်မှတ်ဘဲ ပြိတ္တာဘုံ (တစ္ဆေ၊ သရဲ၊ ပြိတ္တာ) သို့ ရောက်ရှိသွားစေနိုင်ပါသည်။

လူသားတို့၏ ကွယ်လွန်သွားပြီးနောက် လားရာဂတိကို ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဤသို့ ဟောကြားတော်မူခဲ့သည်။

ပုထုဇဉ်သတ္တဝါတို့ ကွယ်လွန်သွားကြသည့်အခါတွင် -

၁။ နတ်ဘုံသို့ရောက်ရခြင်း (ဒေဝဂတိ)၊
၂။ လူ့ဘုံသို့ရောက်ရခြင်း (မနုဿဂတိ)၊
၃။ တိရစ္ဆာန်ဘုံသို့ရောက်ရခြင်း (တိရစ္ဆာနဂတိ)၊
၄။ ငရဲဘုံသို့ရောက်ရခြင်း (နိရယဂတိ)၊
၅။ ပြိတ္တာဘုံသို့ရောက်ရခြင်း (ပေတဂတိ)

ဟူသော လားရာဂတိ ငါးမျိုးရှိ၏။

မည်သည့်ဘုံဌာနသို့ ရောက်သွားသည်ကို ပုထုဇဉ်တို့ မသိနိုင်။ ဘုရား ရဟန္တာတို့သာလျှင် သိရှိနိုင်သည်။

ဤမျှ ရှည်လျားသော သံသရာဝယ် ဘဝပေါင်းမြောက်မြားစွာ ကျင်လည်နေရသောကြောင့် ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့နှင့် ကင်းလွတ်ရာဘုံဌာန ဟူ၍မရှိနိုင်။ ပြိတ္တာဘုံတွင်လည်း ဘဝအဆက်ဆက်က မိမိတို့နှင့် တော်စပ်ခဲ့ဖူးသော ဆွေမျိုးပြိတ္တာတို့ရှိသည်သာတည်း။

ချစ်သား အာနန္ဒာ၊ သတ္တဝါများ ကွယ်လွန်သွားကြသော် ငါဘုရား၏ လက်သည်းခွံပေါ်ရှိ မြေမှုန့်ပမာဏခန့်သည် သုဂတိဘုံ (လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံ) သို့ ရောက်ရှိကြပြီး မဟာပထဝီမြေကြီးရှိ မြေမှုန့်ပမာဏခန့်သည် ဒုဂ္ဂတိဘုံ (အပါယ်လေးဘုံ)သို့ ရောက်လေကြကုန်၏။

လူသတ္တဝါမှန်သမျှသည် မအိုချင်ကြဘဲ အိုကြရ၏။ မနာချင်ကြဘဲနာကြရ၏။ မသေချင်ကြဘဲသေကြရ၏။ ကွယ်လွန်သွားကြသော လူသားများအတွက် ကျန်ရစ်ခဲ့သော ဆွေမျိုးမိသားစုများက ကွယ်လွန်သူအား ရည်စူး၍ မှန်ကန် ထိရောက် အကျိုးရှိသော ရည်စူးအလှူကို ပြုလုပ်ပေးကြရမည် ဖြစ်၏။ ထိုသို့သော ရည်စူးအလှူသည် အဓိက အရေးပါသော ကောင်းမှုတစ်ရပ်ဖြစ်ကြောင်းကို-

'ခန္ဓာဝန်ထုပ်၊ အကောင်ပုပ်ကို၊ မြှုပ်နှံပြာချ၊ သုသာန်ကိစ္စ၊ ကြုံလာခါဝယ်၊ ကူညီသူသည်၊ မိတ်ကောင်းမည်၏'

ဟူ၍ လမ်းညွှန်ဆုံးမ ဆိုရိုးပြုခဲ့ကြသည်။

ကွယ်လွန်သွားသူသည် ကုသိုလ်ကံ အထိုက်အလျောက်ရှိခဲ့ငြားသော်လည်း သေခါနီးအချိန်တွင် စွဲလမ်းတပ်မက်မှု၊ လောဘတဏှာစိတ်ဖြင့် သေဆုံးသွားခဲ့လျှင် ပြိတ္တာဘုံသို့ ရောက်သွားတတ်သည်။ ထိုအခြေအနေမျိုးတွင် ကျန်ရစ်သူ မိသားစုဆွေမျိုးများက မှန်ကန် ထိရောက်သော ရည်စူးအလှူကို



www.burmeseclassic.com

www.burmeseclassic.com

စနစ်တကျ ပြုလုပ် အမျှပေးဝေ ပြုလုပ်ပေးနိုင်ခဲ့လျှင် ပြိတ္တာဘုံမှ ကျွတ်လွတ်၍ ကောင်းရာသုဂတိဘုံသို့ ရောက်စေနိုင်သည်။ ကွယ်လွန်သူအတွက် မှန်ကန် ထိရောက် အကျိုးများသော ရည်စူးအလှူကို စနစ်တကျ မပြုလုပ်နိုင်လျှင် 'ပေးကားပေး၏။ မရရှိ' ဟူသော ဆိုရိုးစကားကဲ့သို့ ပြိတ္တာဘုံမှ လွတ်မြောက်နိုင်ရန်၊ ကျွတ်လွတ်နိုင်ရန် မလွယ်ကူပေ။

ကွယ်လွန်သူအား ရည်စူး၍ ကျန်ရစ်သူ ဆွေမျိုးမိသားစုက ရည်စူးပြုလုပ်သော အလှူဒါနသည် -

ငရဲဘုံ၌ တည်သူအား ထိုဒါနသည် မရောက်နိုင်။ တိရစ္ဆာန်ဘုံ၌တည်သူအား ထိုဒါနသည် မရောက်နိုင်။ လူ့ဘုံ၌တည်သူအား ထိုဒါနသည် မရောက်နိုင်။ နတ်ဘုံ၌တည်သူအား ထိုဒါနသည် မရောက်နိုင်။ ပြိတ္တာဘုံ၌ တည်သူကိုသာ ထိုဒါနသည် ရောက်နိုင်သည်ဟူ၍ မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့သည်။

ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော တိရောကုဍ္ဍသုတ်တော်တွင် -

ဗိမ္ဗိသာရမင်းကြီးသည် အလှူကြီးများကို ပေးလှူခဲ့သော်လည်း ဆွေမျိုးပြိတ္တာများကို ရည်စူးသောအလှူကို မပြုလုပ်ခဲ့သည့်အတွက် ညအချိန်တွင် ပြိတ္တာတို့သည် အသံဆိုးကြီးများနှင့် ဟစ်အော် ခြောက်လှန့်မှုပြုခဲ့သည်ကို အကြောင်းပြု၍ ဘုရားရှင်သည် တိရောကုဍ္ဍသုတ်၌ -

ကွယ်လွန်ပြီးနောက် ပြိတ္တာဘုံသို့ ရောက်ရှိသွားကြသူတို့သည် မိမိတို့ အသက်ရှင်စဉ်က နေထိုင်ခဲ့သော အိမ်၊ အိမ်အပြင်ဘက်၊ လမ်းဆုံလမ်းခွ၊ အိမ်ခြံစပ်၊ တံခါးဝ စသည်တို့တွင် ရပ်တည်ကြကုန်၏။

ကျန်ရစ်သူတို့က ပူဆွေးငိုကြွေး တမ်းတခြင်းတို့ဖြင့် ထမင်း၊ အဖျော်စသည်တို့ကို ကျွေးမွေးပြုစုသော်လည်း ပြိတ္တာတို့သည် သူတို့၏ ကံအကြောင်းတရားကြောင့် မစားမသောက်နိုင်ပေ။ ကျန်ရစ်သော ဆွေမျိုးမိသားစုများက စားဖွယ်သောက်ဖွယ်တို့ဖြင့် လှူဒါန်းကြသော်လည်း ဆွေမျိုးပြိတ္တာများအတွက် ရည်စူးအမျှပေးဝေခြင်းမပြုလျှင် မရရှိ မခံစားနိုင်။ ဤအလှူဒါနတို့သည် ဆွေမျိုးပြိတ္တာများအတွက် ဖြစ်ပါစေ၊ ရရှိခံစားရပါစေ၊ ချမ်းသာကြပါစေ စသော မေတ္တာပို့ အမျှဝေ လှူဒါန်းမှသာလျှင် ခံစား စံစား ရနိုင်ခွင့်ရှိသည်။

ကွယ်လွန်သူအား ရည်စူး၍ ပေးလှူသောအလှူသည် သံဃာ၌ ကောင်းစွာတည်သည်ဖြစ်၍ ကြာမြင့်စွာ စီးပွားချမ်းသာဖြစ်စေခြင်းအကျိုးငှာ ထိုပြိတ္တာထံသို့ တစ်ခဏချင်း ဆိုက်ရောက်၏။ ပေးလှူသော ဆွေမျိုးတို့လည်း အကျိုးကြီးမြတ်၏။ ငါတို့၏ ဆွေမျိုးတို့သည် အသက်ရှည်ကြပါစေဟု ပြိတ္တာတို့ကလည်း ပြန်လည် ဆုတောင်းပတ္ထနာပြုနိုင်၏။ ပြိတ္တာတို့သည် လူ့ဘုံမှ ကျန်ရစ်သူ ဆွေမျိုးမိသားစုတို့၏ပေးဝေငှသော ကုသိုလ်ဖြင့်သာ မျှတရရှိမှုဖြစ်ရသည်။

ကုန်းမြင့်ရာအရပ်တွင် ရွာသော မိုးရေသည် နိမ့်ဝှမ်းရာအရပ်သို့ စီးဆင်းသွားသကဲ့သို့ လူ့ဘုံမှပေးဝေသော ကုသိုလ်အဖို့သည် ပြိတ္တာတို့ထံသို့ ဆိုက်ရောက်၏။

တမလွန်ဘဝသို့ ကူးပြောင်းသွားသူကို ရည်စူး၍ ပေးလှူခြင်း (ပေတဒါန) သည် ကျန်ရစ်သူဆွေမျိုးသားချင်းတို့၏ ပြုအပ်သောဝတ္တရား ဖြစ်သည်။ ဆွေမျိုး ပြိတ္တာတို့အတွက် မြတ်သော ပူဇော်ခြင်းကို ပြုအပ်သည်လည်း မည်၏။ ရဟန်းတို့အား ခွန်အားကို ပေးအပ်သည်လည်းမည်၏။ အလှူရှင်တို့အတွက် ကြီးမြတ်သော ကုသိုလ်ကို ပွားများခြင်းလည်းမည်၏ ဟူ၍ ဟောကြားတော်မူခဲ့သည်။

ပြိတ္တာဘုံသို့ရောက်ရှိသွားခဲ့လျှင် ဝတ်ရန်အဝတ်၊ စားရန်အစား၊ နေထိုင်ရန်နေရာ၊ သောက်ရန်ရေ စသည်တို့ မပြည့်စုံ။ လူအများ၏ အနီးအနားသို့လည်း ကပ်၍မရ။ အိမ်တွင်းခြံတွင်းမှလည်း မောင်းထုတ်ခံရသည်။ မိမိထက်ဝါရင့်နေသော ပြိတ္တာကြီးများ၏ အနိုင်ကျင့်ခြင်းကိုလည်းခံရတတ်သည်။ ထိုသို့ သောကြုံတွေ့ခံစားရသော ဒုက္ခမျိုးစုံကို ကျန်ရစ်ခဲ့သော ဆွေမျိုးမိသားစုထံ လာရောက်၍ ကယ်ကြပါဦး ဟူ၍လည်း မပြောနိုင်သောဘဝ ဖြစ်သည်။ ထိုအခြေအနေမျိုးတွင် ကျန်ရစ်သူ သားသမီး၊ ဆွေမျိုးမိသားစုများက ရက်လည်၊ တစ်လပြည့်၊ နှစ်လပြည့်၊ ခြောက်လပြည့်၊ တစ်နှစ်ပြည့် စသည်ဖြင့် နည်းစနစ်ကျကျ မှန်မှန်ကန်ကန် ကောင်းမှုကုသိုလ်များပြု၍ အမည်ထုတ်ဖော် ဖိတ်ခေါ်၊ သံဃာတော်များ လျှောက်ထား ပင့်ဖိတ်၍ အမျှပေးဝေ သာဓုခေါ်စေမှုများကို ပြုလုပ်ပေးခြင်းဖြင့် ပြိတ္တာဘဝမှ ကျွတ်လွတ်နိုင်ပေသည်။

သေသောသူ ကြာလျှင်မေ့ ဟူသော ဆိုရိုးစကားအတိုင်း ကျန်ရစ်သူ သားသမီး၊ ဆွေမျိုးမိသားစုများက ကွယ်လွန်သွားသူအား အချိန်ကြာလာသည်နှင့်အမျှမေ့ပစ်ခဲ့လျှင်၊ ကွယ်လွန်သူသည် ပြိတ္တာဘုံသို့ ရောက်နေခဲ့လျှင် ကျန်ရစ်ခဲ့သော ဆွေမျိုးသားချင်းများ အိုမင်း၍ ကွယ်လွန်သွားကြသည့်အချိန်တိုင်အောင် ပြိတ္တာဘုံဘဝမှ မကျွတ်လွတ်နိုင်ပေ။

ထို့ကြောင့် ကွယ်လွန်သူတို့အတွက် ရည်စူးအလှူပြုမှု၏ အလှူဒါနအကျိုးဆက်မှာ -

ကွယ်လွန်သူသည် မထင်မှတ်ဘဲ ပြိတ္တာဘုံသို့ရောက်ခဲ့လျှင် မြင့်မြတ်သော ဘုံဘဝသို့ ကူးပြောင်းရောက်ရှိသွားစေနိုင်ရန် လမ်းကြောင်းတည့်မတ်ပေးခြင်း၊ ကူညီပေးခြင်း အထောက်အပံ့ဖြစ်စေသည်။ သံသရာဘဝအဆက်ဆက်က ကော်စပ်ခဲ့ဖူးသော ဆွေမျိုးပြိတ္တာများအတွက် ကူညီ ဆောင်ရွက်ပေးခြင်း၊ သံသရာကြွေးဟောင်းပေးဆပ်ရာရောက်ခြင်းကိုလည်းဖြစ်စေသည်။

အလှူဒါနပြုသူတို့အတွက်လည်း ပစ္စုပ္ပန်၊ အနာဂတ် သံသရာအဆက်ဆက်တွင် ကောင်းကျိုးချမ်းသာကို မလွဲမသွေ ရရှိစေမည်ဖြစ်စေသည်။

ကွယ်လွန်သူအတွက် ရည်စူး၍ ဆွမ်း၊ ဆွမ်းဟင်း၊ ရေ၊ သပိတ်တို့ လှူဒါန်းလျှင် ကွယ်လွန်သူနှင့် လှူဒါန်းသူတို့အတွက် အစာရေစာ ပြည့်စုံစေ၍ အစားအသောက်ဆင်းရဲခြင်းဒုက္ခမှ လွတ်မြောက် ကင်းဝေးစေနိုင်သည်။ သင်္ကန်း လှူလျှင် အဝတ်တန်ဆာပြည့်စုံစေ၍ အဝတ်အစားဆင်းရဲခြင်းဒုက္ခမှ လွတ်မြောက်ကင်းဝေးစေနိုင်သည်။ ထီး၊ ယပ်တို့ကိုလှူလျှင် ပူပန်မှုငြိမ်းအေးစေပြီး အေးချမ်းမှု၊ မေတ္တာရိပ်ကို ပြည့်စုံစေနိုင်သည်။ ဖိနပ်၊ တောင်ဝှေးတို့ကို လှူဒါန်းလျှင် လိုရာခရီးကိုရောက်ရှိခြင်း ပြည့်စုံစေနိုင်သည်။ နေကထိုင်အခင်း၊ ဖျာ၊ ကျောင်း၊ ဇရပ်၊ သိမ်တို့ကို လှူဒါန်းလျှင် နားခိုရန်ဌာန ပြည့်စုံ၍ အနေအထိုင်ဆင်းရဲခြင်းဒုက္ခမှ ကင်းဝေးစေနိုင်သော အကျိုးတရားများကို ရရှိနိုင်မည် ဖြစ်သည်။

လှမြင့်(ရန်ကုန်တက္ကသိုလ်)

**ကျမ်းကိုး -**


*ကွယ်လွန်သူအတွက် ရည်စူး၍ အလှူဒါနပြုလုပ်နည်း*
(ပြည်ကျော်လွင်-ပညာဒေး)



www.burmeseclassic.com

www.burmeseclassic.com

နွေဦးရာသီပင် ဖြစ်သော်လည်း
မော်လမြိုင်မြို့ရှိ မြို့လယ်ကောင် တောင်
တန်းပေါ်၌ နံနက်စောစောမို့ နှင်းမှုန်တို့
က အေးမြနေပေသည်။ နွေနှင်းမှုန်တို့
၏အရသာကိုခံစားရင်း မော်လမြိုင်သူ၊
မော်လမြိုင်သားတို့၏ တစ်နေ့တာ ခွန်
အားကို တောင်ရိုးတန်းပေါ် လမ်း
လျှောက်လေ့ရှိသူများကတော့ ခံစားရရှိ
ကြပေသည်။ စာရေးသူလည်း မွေးရပ်
ဇာတိ မော်လမြိုင်တောင်ရိုးတန်းပေါ်သို့
နံနက်စောစော လမ်းလျှောက်လေ့ရှိပါ
သည်။ ယနေ့ မော်လမြိုင်သကြ္န်န် အ
ကြိုနေ့ (၁၅-၄-၂၀၁၃) တွင် ကျွန်မ၏
အစ်ကိုကြီးဖြစ်သူ ဒေါက်တာဖြိုးကိုကိုဇော်
နှင့် မော်လမြိုင် မြို့လယ်တောင်တန်း




# သမိုင်းဝင် အသွင်တင့်သည့် ရှေးအနုလက်ရာစုံနှင့် ရတနာဘုံမြင့်

ရွှေယဉ်လှိုင်း(စီးပွားရေးတက္ကသိုလ်)

ပေါ်သို့ လမ်းလျှောက်တက်လာကြ၏။ နှင်းမှုန်မှုန်ကြားမှ လှလိုက်တဲ့မော်လမြိုင် မြို့လေးလို့ ချီးမွမ်းမိပါသည်။ တောင်တန်းထိပ်ပေါ်မှ ကြည့်မိလေသော နေရာတိုင်းသည်လည်း ပန်းချီဆရာလက်မှိုင်ချရလောက်အောင်လှပနိုင်သော ပန်းချီကားချပ်များသာ ဖြစ်ပါသည်။


ရှုခင်းသာ (View Point) မှ သံလွင်မြစ်ဘက်သို့ မျက်နှာမူ၍ကြည့်လိုက်ပါလျှင် တသွင်သွင်စီးဆင်းနေသော သံ







www.burmeseclassic.com

www.burmeseclassic.com










လွင်မြစ်၏အနောက်ဘက်ကမ်း၌ ဘီလူး ကျွန်းကို လှမ်း၍တွေ့ရသည်။ ထိုကျွန်း ပေါ်ရှိ ပြာလဲ့လဲ့တောင်တန်းများနှင့် စိမ်း စိုလှပသော သစ်ပင်များကိုလည်း တွေ့ မြင်ရပါသည်။ ဘယ်ဘက်သို့လှမ်းကြည့် လိုက်ပါက မြို့စွန်ရပ်ကွက်ဖြစ်သော ကျောက်ဝဲဂူဘုရား ကုန်းတော်လေးကို လှမ်းတွေ့ရပါသည်။ ဘုရားကုန်းတော် လေးမှာ မြစ်ပြင်ထဲသို့ ဝေ့ဝိုက်ထိုးထွက် နေသော ကျွန်းကလေးအလား တွေ့မြင် ရမည် ဖြစ်ပါသည်။ ညာဘက်သို့ လှမ်း ကြည့်လိုက်လျှင် မော်လမြိုင်မြို့နှင့်မုတ္တမ မြို့ကို ဆက်သွယ်ထားသော သံလွင်မြစ် ကူးတံတားကိုလည်း လှပခံ့ညားစွာ တွေ့ မြင်ရပေသည်။ 'အိပ်မက်တံတား' ဟု လူသိများသော တံတားကြီးလည်း ဖြစ် ပါသည်။

သံလွင်မြစ်နှင့်အလျားလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com









ရှိနေသော နာဂဝီသတောင်တန်းနှင့် ထို တောင်တန်း၏အရှေ့နှင့် အနောက်တို့ တွင် တောတန်းလေးအလား ညို့ညို့ မှိုင်းမှိုင်းနှင့် လှချင်တိုင်းလှနေသောမြို့ လေးမှာ စာရေးသူ၏မွေးရပ်မြေ မော် လမြိုင်မြို့ပင် ဖြစ်ပါသည်။ ဤမြေဒေသ သည် တစ်ချိန်က လူသူအရောက်အ ပေါက် အလွန်နည်းပါးပြီး စိမ်းလန်းစို ပြည်သော ဥဒေါင်းတို့စံပျော်ရာ တော ကြီး မြိုင်ကြီးတစ်ခုသာ ဖြစ်ခဲ့ဖူးသည်ဟု ဆို၏။ ထိုသည်ကိုအကြောင်းပြု၍ မော ရ-ဒေါင်း၊ မြိုင်-တော၊ 'ဒေါင်းတွေပေါ တဲ့တော' ဟူသော အနက်အဓိပ္ပာယ် ကောက်ယူကာ 'မောရမြိုင်' ဟု ခေါ် တွင်လာသည်ဟုလည်း အဆိုရှိခဲ့သည်။ နဂါးတစ်ကောင် လဲလျောင်း တည်နေ ဟန်ရှိသဖြင့်လည်း နာဂဝီသ တောင် တန်းဟု ခေါ်ဆိုကြခြင်းလည်း ဖြစ်၏။

မြို့လယ်ကောင်တွင်ရှိ နာဂဝီသ တောင်တန်းပေါ်၌ရှိသော ကြည်ညိုဖွယ် ရာ ရွှေစေတီတော်များနှင့် ဆင်းတုတော် များကို ဖူးမြော်မဝနိုင်အောင် တည်ထား ခဲ့ကြပေသည်။ ဗုဒ္ဓဘာသာဝင် သူတော် ကောင်းတို့၏ကိုးကွယ်ရာ ဘုရားစေတီ









www.burmeseclassic.com

www.burmeseclassic.com

ဆင်းတုတော်များ၊ သံဃာတော်များသီတင်းသုံးရာ ကျောင်းတိုက်များနှင့် စာသင်တိုက်များကလည်း တောင်တန်းတစ်လျှောက် အလွှန်ပင် များပြားလှပေသည်။ နာဂဝီသတောင်တန်းသည်ကား ဘုရား၊ ကျောင်း၊ တန်ဆောင်း၊ ကန်၊ ဇရပ်များနှင့်ပြည့်စုံလှသော မော်လမြိုင်မြို့၏ သာသနာ့နယ်မြေပင် ဖြစ်သည်။ မြန်မာနိုင်ငံတစ်လွှားတွင် လူသိများလှသော ဦးဇိနစေတီတော်၊ ကျိုက်သလ္လံစေတီတော်နှင့် ဦးခန္တီဘုရားကြီး၊ မဟာမုနိဘုရားကြီးတို့မှာ နာဂဝီသတောင်တန်းပေါ်၌ပင် တည်ထားကိုးကွယ်လျက်ရှိပါသည်။

ဘုရားစေတီများဖူးမြော်ရင်း မော်လမြိုင်မြို့၏နွေဦးအလှကို ခံစားရင်းလမ်းလျှောက်လာရာမှ ကျွန်မ၏သားကြီး ဒေါက်တာ ဖြိုးကိုကိုဇော်မှ ကျွန်မကို မေးခွန်းတစ်ခုမေးပါသည်။

"မေမေ၊ သင်္ဂဇာဆရာတော်ကြီးကို ကြားဖူးသလား" တဲ့။




















www.burmeseclassic.com

www.burmeseclassic.com









"ကြားဖူးတာပေါ့ သားရယ်၊ မန္တ
နေပြည်တော်က မင်းဆရာတော်
ပေကျမ်းတတ်ဆရာတော်ကြီးပဲ"

ဟု ပြောရာ-

"သင်္ဂဇာဆရာတော်ကြီးက မော်
မြို့မှာ ပျံတော်မူသွားတာ။ ဆရာ
ချုပ်ကလာပ်ကို ဂူသွင်းပြီး အပေါ်
ဓာတ်တော်၊ မွေတော်တွေကို ဌာပ
စေတီတော်ကို အပေါ်မှာတည်
ကိုးကွယ်ခဲ့တာကို မေမေ သိသ
" တဲ့။

စာဖတ်ဝါသနာပါလှသော သား
ပြောပြ၍သာ သင်္ဂဇာစေတီတော်
ကြောင်းကို ယခုမှသိရပါသည်ဟု ဝန်
ပါသည်။ စာပေဖတ်ရှုခြင်းများသော
ကြီးကို ကျေးဇူးတင်ရသည်။ ကျွန်မ
သားကြီး လမ်းပြခေါ်ဆောင်မှုကြောင့်



www.burmeseclassic.com

www.burmeseclassic.com
















ကျိုက်သလွန်စေတီတော်၏ တောင်ဘက်လှေကားထစ်အနည်းငယ်ကို ဆင်းလာမိသော် ရင်ပြင်တော်၏ တစ်ဆင့်နိမ့်မြေပြင်တွင် တည်ရှိသော ရတနာဘုံမြင့်ကျောင်းတော်ကြီး၏ ပရဝုဏ်အတွင်း၌ တည်ထားကိုးကွယ်လျက်ရှိသော သင်္ဂဇာစေတီတော်အား ဖူးမြော်ရပါသည်။ စေတီတော်ရင်ပြင်၌ သင်္ဂဇာဆရာတော်ကြီး၏ထေရုပ္ပတ္တိကျောက်စာ (ထေရုပ္ပတ္တိကထာကျော်စာ) ကိုလည်း ထင်ရှားစွာတွေ့ရှိရပါသည်။


ထိုစေတီတော်ကြီး၏ရင်ပြင်တော်ရှေ့လှေကား၏တစ်ဖက်ခြမ်းတွင် ကောဇာနှစ် ၁၂၅၆ ခုနှစ်၊ ရတနာဘုံမြင့် သုမင်္ဂလပသာဒနီ သိမ်တော်ကြီးကိုလည်း တွေ့ရှိခဲ့ရပါသည်။ ထိုသိမ်တော်ကြီးမှာ စာဖတ်သူအများ ကိုးကွယ် သိရှိသော သာမညဆရာတော်ကြီး ၁၂၄၂ ခုနှစ်က ရဟန်းဘဝ စတင်ဝင်ရောက်ရာ သိမ်တော်ကြီး ဖြစ်သည်။ ထိုသုမင်္ဂလပသာဒီပနီသိမ်တော်ကြီးကို မန္တလေးနေပြည်

တော်မှ ဝဇီရာရာမဆရာတော်မှ တည်
ထားခဲ့ကြောင်း လေ့လာသိရှိရပါသည်
ထိုသိမ်တော်ကြီးမှာ နှစ်ပေါင်း (၁၂၀
နီးပါးရှိပြီးဖြစ်သော်လည်း ခိုင်ခံ့ထည်
စွာ တွေ့မြင်ရဆဲ ဖြစ်သည်။ အမြော်အ
မြင်ကြီးမားလှသော ရှေးဆရာတော်ကြီး
များ၏ သာသနာတည်တံ့အောင် တည်
ထားခဲ့မှုများကို ဦးခိုက်ပူဇော်မိရပါသ
ထူးဆန်းပေစွ၊ ရတနာပုံနေပြည်တော်မှ



www.burmeseclassic.com

www.burmeseclassic.com
















မင်းတုန်းမင်း ကိုးကွယ်သော ဘုရင်နန်းဦးဆရာတော်ကြီးများမှာ မော်လမြိုင်မြို့နှင့် အထင်ကရဆက်စပ်လျက် ရှိပါသည်။

စာရေးသူလည်း သားကြီးနှင့်အတူ ရတနာဘုံမြင့်ကျောင်းတိုက်သို့ဆက်လက်ဆင်းခဲ့မိပါသည်။ စေတနာကို အ



www.burmeseclassic.com

www.burmeseclassic.com






ရင်းခံကာ ဤစာကိုရေးရန် အကြောင်းကဖန်လာပေပြီ။ ရတနာ့ဘုံမြင့်ကျောင်းတိုက်သို့ရောက်သောအခါ ကျောင်းထိုင်ဆရာတော် ဦးတေဇောဘာသမှာ ကျန်းမာရေးမကောင်း၍ မွေးရပ်မြေဖြစ်သောကံဦးကျောင်းတိုက် ကံရွာ နွားထိုးကြီးမြို့သို့ ခေတ္တပြန်ကာ သီတင်းသုံးရင်း တရားအားထုတ်လျက်ရှိကြောင်း သိရှိရပါ










သည်။ စာရေးသူတို့ရောက်သွားချိန်တွင် ကျောင်းတိုက်ကြီးအား ခေတ္တစောင့်ရှောက်လျက်ရှိသော ဆရာတော်၏ခွင့်ပြုချက်အရ ရတနာ့ဘုံမြင့်ကျောင်းတိုက်နှင့် စိန်တုံးမိဖုရား (မင်းတုန်းမင်း၏မိဖုရား) ကုသိုလ်တော် ဘုရားဆောင်ကျောင်းတိုက်ကြီးကို အသေးစိတ် လေ့လာခွင့်ရခဲ့ပါသည်။

ရတနာ့ဘုံမြင့်ကျောင်း တည်ရှိရာ







နေရာမှာ နာဂဝီသတောင်တန်း၏ အလယ်ဗဟိုလောက်တွင် တည်ရှိပါသည်။ ဓမ္မဇေယျကျောင်း၊ တောင်ပေါက်ကျောင်းတို့နှင့် ဖိုခုံလောက်ဆိုင်သဖွယ် တည်ရှိပါသည်။ အောင်တော်မူကျောင်းနှင့်ဘေးချင်းကပ် တည်ရှိသည်။ အောင်တော်မူကျောင်းသို့ အတက်ကားလမ်းမှတက်လျှင် ရတနာ့ဘုံမြင့်ကျောင်းတိုက်သို့လည်း တစ်ဆက်တည်း ရောက်ရှိနိုင်ပါသည်။ တောင်ပေါက်ကျောင်းတိုက်ကြီးနှင့်ဘေးချင်းကပ်ရှိနေသောကျောင်း





www.burmeseclassic.com

www.burmeseclassic.com









မှာ သင်္ဂဇာဆရာတော်ကြီး မော်လမြိုင်မြို့တွင်သီတင်းသုံးကာ သာသနာပြု နေထိုင်ခဲ့သော မန်ကျည်းတော့ ကျောင်းတိုက်ကြီး ဖြစ်ပါသည်။ ကျောင်းတိုက်ကြီးသုံးတိုက် ဖိုခုံလောက်ဆိုင်နေရာလမ်းဆုံတွင် ရတနာဘုံမြင့်ကျောင်းသို့တက်ရန် လှေကားကို နှစ်ဖက်ဆုံတည်ထားကာ လှေကားအမိုးကို မင်းနေပြည်တော်ပြာသာဒ်များကဲ့သို့ မိုးထားသည်ကိုတွေ့ရပေသည်။ ရတနာဘုံမြင့်ကျောင်းတိုက်ကြီးကို လွန်ခဲ့သော (၁၂၈) နှစ်ကျော်က စိန်တုံးမိဖုရားကြီး (မင်းတုန်းမင်းကြီး၏မိဖုရား) က ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရှိခဲ့ရပါသည်။


သမိုင်းကို ပြန်ပြောင်းလှေ့လာရပါလျှင် မြန်မာနှစ် ၁၂၄၀ ပြည့်နှစ်က မန္တလေးရတနာပုံနေပြည်တော်ကြီးတွင် မင်းတုန်းမင်းတရားကြီး အသည်းအသန်နာမကျန်းဖြစ်ချိန်မှစ၍ တင်ပြရမည်ဖြစ်ပါသည်။ နန်းတွင်းအရေးတော်ပုံကြီးဖြစ်ပေါ်လာချိန်တွင် သီပေါမင်းအား နန်းတင်လိုကြသောသူများက ဘုရင့်သွေးသား မင်းညီမင်းသားမှန်သမျှတို့အား မင်းကြီးကတွေ့လိုကြောင်း အခေါ်တော်ဆင့်ကာ မင်းညီမင်းသားအားလုံးရောက်ရှိချိန်တွင် အဆောင်တော်တံခါးကိုပိတ်ကာ လည်မျိုကို တုတ်တိုနှင့်နှက်၍ ကွပ်မျက်လိုက်ကြသည်။ ထိုအချိန်တွင် စိန်တုံးမိဖုရားကြီး၏အိမ်တော် တံခါးရှေ့တွင် ‘ဝ’ ကွင်းကာ သတ်မည့်အချိန်ကို အကျယ်ချုပ်ဖြင့် စောင့်နေရချိန် ဖြစ်ပါသည်။ စိန်တုံးမိဖုရားကိုးကွယ်သော သင်္ဂဇာဆရာတော်ကြီးမှာ မိဖုရားကြီး၏အသက်ကို အလှူခံကာ မော်လမြိုင်သို့တိတ်တဆိတ် ခိုလှုံခဲ့ကြသည်။ ဆရာတော်နှင့်လိုက်ပါခဲ့သော စိန်တုံးမိဖုရား



www.burmeseclassic.com

www.burmeseclassic.com














ကြီးမှာ ယောက်ျားလေးအသွင် ဝတ်ဆင်ကာ လိုက်ပါခဲ့ရကြောင်းကို ကိုယ်ရံတော်ကြီးများ၏မျိုးနွယ်များမှ တစ်ဆင့်ကြားသိချက်အား စာပေများတွင်ဖတ်ရှုခဲ့ရသည်။ အချို့စာပေများတွင်မူ မြန်မာပြည်အောက်ပိုင်းတွင် အင်္ဂလိပ်များအုပ်ချုပ်လျက်ရှိသောကြောင့် သာသနာတော်ညှိုးနွမ်းမည့်အရေးကို တွေးပူကာ သင်္ဂဇာဆရာတော်ကြီးမှာ မော်လမြိုင်မြို့သို့ ကြွရောက်ပြီး နာဂစီသတောင်တန်းပေါ်ရှိ မန်ကျည်းတောကျောင်းတိုက်ကြီးတွင် သီတင်းသုံးကာ သာသနာပြုလျက်ရှိသည်။ နန်းတွင်းအရေးတော်ပုံပေါ်ပေါက်လာသော သတင်းကိုကြားသိရသောအခါတွင်မှ ရတနာပုံနေပြည်တော်သို့ကြွကာ စိန်တုံးမိဖုရား၏အသက်ကိုအလှူခံကာ မော်လမြိုင်မြို့သို့ ခေါ်ဆောင်လာကြောင်း ရေးသားထားကြပါသည်။

မော်လမြိုင်မြို့သို့ ရောက်ရှိလာသော စိန်တုံးမိဖုရားမှာ သင်္ဂဇာဆရာတော်ကြီး၏ကျေးဇူးတော်ကြောင့် အသက်မသေဘဲ လွတ်မြောက်ခဲ့ရသော်လည်း နန်းတွင်းအရေးတော်ပုံကြီး၏အတွေ့အကြုံများကို အလွန် ကြောက်ရွံ့ကာ သူစိမ်းများနှင့်အတွေ့မခံဘဲ အစဉ်မျက်နှာညှိုးငယ်နေတတ်၏။ မန်ကျည်းတောရွှေကျောင်းနှင့်မနီးမဝေး ကျိုက်သလွံစေတီတော်၏အရှေ့တောင်ထောင့်တောအုပ်ချိုင့်ဝှမ်းအတွင်းတွင် မိဖုရားကြီးဘဝကိုဇာတ်မြုပ်ကာ သီလရှင်ဝတ်ဖြင့် တရားအားထုတ်နေခဲ့သည်။ သင်္ဂဇာဆရာတော်ကြီးအား နေ့စဉ် ဆွမ်းကပ်လှူပို့ခဲ့သည်။ မိဖုရားကြီးနှင့်အတူ နေပြည်တော်မှ နောက်လိုက်နောက်ပါအချို့နှင့် အဖိုးတန် ရွှေ ငွေ၊ ကျောက်မျက်ရတနာများပြားစွာပါရှိလာကြောင်း သိရှိရပါသည်။ ထိုနေရာမှာ ယခုအခါ အိမ့်တော်ရာ ခေမာသီရိ သီလရှင်စာသင်တိုက်အဖြစ် တည်ရှိပါသည်။ စိန်တုံးမိဖုရားကြီး၏သတင်းကို ကြားသိရသောအခါ စိန်တုံးမိဖုရားကြီး ရဟန်းဒကာပြုခဲ့သော 'ပညာဘိသီရိသမ္မကဝိနမဓဇမဟာရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ ဝဇီရာရာမဆရာတော်သည် ရတနာပုံ

www.burmeseclassic.com







နေပြည်တော်မှ မော်လမြိုင်မြို့သို့ ကြွ ရောက်ခဲ့ပါတော့သည်။

မြန်မာနှစ် ၁၂၄၈ ခုနှစ်တွင် စိန် တုံးမိဖုရားအမှူးပြုသော မော်လမြိုင်မြို့ ၌ သူဌေး၊ သူကြွယ်၊ ကုန်သည် ဒါယ ကာ, ဒါယိကာမအပေါင်းတို့က ကျောင်း ဘောဂ၊ စနုဆောင် စသည်တို့ကို မုခ် ဦးပြာသာဒ် လျှံပတ်ဖြိုးမြင့် လည်နှစ်ပွင့် ဆည့်တည်လျက် ဘုံသုံးဆင့်ကျောင်း တိုက်ကြီးကို နတ်ဗိမာန်တမျှ ရွှေသား အစစ်များဖြင့် ရွှေပိန်းချကာ ရွှေရောင် တဝင်းဝင်းနှင့်တည်ထားခဲ့ပါသည်။ သာ သနာ ၅၀၀၀ တည်စေရန်အတွက် အုတ် ထုထည်ကြီးမားသော တံတိုင်းကြီးများ တည်ဆောက်ကာ အုတ်ထုထည်၊ သစ် သားထုထည် ကြီးမားသောကျောင်းဖြစ် အောင် ခိုင်ခံ့စွာ တည်ခဲ့ပါသည်။ ရတ နာပုံ နေပြည်တော်မှ ပန်းရန်ဆရာများ၊ လက်သမားများ၊ ပန်းပုကျော်၊ ပန်းချီ ကျော်များကိုခေါ် ယူကာ တည်ထား မွမ်း မံကာ ခြယ်သ,ခဲ့ကြောင်းသိရှိရပါသည်။

ကျောင်းတိုက်ကြီးကို စကြံမှလှမ်း မျှော်လိုက်လျှင် ပြိုးပြိုးပြောင်ပြောင်နှင့် အရောင်တဖိတ်ဖိတ်တောက်ပနေသည့် မှန်စီရွှေချ ပန်းပုရုပ်များ၊ ပန်းခက် ပန်း နွယ်များနှင့် တံခါးတစ်ချပ်တိုင်းတွင် အ သက်ဝင် လှုပ်ရှားတော့မည့်နှယ် ပြောင် မြောက်လှသည့် ရုပ်လုံးများ ရွှေချထား သည်ကို အံ့မခန်း တွေ့မြင်ရပါသည်။ ကျောင်းခန်းမကြီးမှ ဘုရားဆောင်အထိ ရွှေရောင်အတိ ထွန်းပြောင်နေသော နတ်,သိကြားရုပ်၊ ဗုဒ္ဓဝင်ရုပ်တုများ၊ ခမ်း နားလှသည့် ရွှေပန်းခိုင်၊ ရွှေပန်းဆိုင်း၊ လင်းနို့တောင်ပန်းချပ်ကြီးများသည် ပီတိ ယိုဖိတ် တသိမ့်သိမ့်ဖြင့် ကြည်နူးစရာ ကောင်းလှဘိ၏'

ဟုလည်း ဖတ်ရှုခဲ့ရဖူးပါသည်။

ရတနာဘုံမြင့် ကျောင်းတော်ကြီး ၏ဘုရားဆောင်ကြီးကို ရွှေသားအစစ် များနှင့် ရွှေပိန်းချထားသဖြင့် ဘုရား ဆောင်တစ်ခွင်လုံး ရွှေရောင်ဝင်းဝင်း တောက်ပနေသည်ကို ယနေ့တိုင် တွေ့ရှိ နေရပေသည်။ စိန်တုံးမိဖုရားကြီး ကိုး ကွယ်သော ရတနာပုံနေပြည်တော်မှပင့် ဆောင်လာခဲ့သည့် ကြေးဆင်းတုတော် တစ်ဆူကိုလည်း ဖူးမြော်ရပါသည်။ ဆင်း တုတော် (၂၄) ဆူ ထုလုပ်ထားသော ဆင်စွယ်ပန်းပုကြီးမှာလည်း အဖိုးမဖြတ် နိုင်သောရတနာ ဖြစ်ပါသည်။ ဆင်စွယ် ပန်းပုကြီးနှင့်အတူ ပလ္လင်ထက်၌ ရှေး ဆင်းတုတော်တစ်ဆူကိုလည်း ဖူးမြော်ရ သည်။ ဘုရားဆောင်၏တံခါးကြီးများ တွင် ပန်းပုရုပ်ကြွများကို တံခါးချပ်တိုင်း ၌တပ်ဆင်ထားပါသည်။ ဘုရားဆောင် ၏အနောက်တည့်တည့်တွင် ခြူးပန်းခြူး နွယ် လိမ်ကွေးဝေ့ဝိုက်ကာ ထုလုပ်ထား ပါသည်။ ရွှေရောင်အိဖြိုး ကွန့်မြူးနေ သော သီဟာသနပလ္လင်ပုံတူတစ်ခု ပြု လုပ်ထားသည်ကို တွေ့မြင်ရပါသည်။ မိဖုရားကြီးသည် မင်းတုန်းမင်းကြီးနှင့် ရွှေထီး ရွှေနန်းကို လွမ်းဆွတ်တ,သဖြစ် ကာ တည်ထားဟန်တူပါသည်။ နန်းစဉ် ရတနာများ မဟုတ်စေကာမူ အနုပညာ ပြောင်မြောက်လှသော အဖိုးမဖြတ်နိုင် သည့် ရှေးဟောင်းလက်ရာများပင် ဖြစ် ပါသည်။ ပလ္လင်ကြီးနောက်တွင် လေး ထောင့်ကျကျ မှန်ကွက်များပေါ်၌ ကျေး ငှက်၊ ဆင်၊ မြင်း၊ ကျားမှုက်၊ နတ်၊ သိကြား ရုပ်တုပေါင်း များစွာ ထုလုပ် တွယ်တပ် ထားသော ဆန်းပြားသည့် ရွှေချထား သော ခန်းလုံးပြည့်နံရံကြီးဖြင့် ကာရံ ထားပါသည်။ ပလ္လင်၏ဝဲ,ယာနှစ်ဖက် တွင် နတ်, သိကြား ရုပ်တုများ၊ ပန်းလိမ်



www.burmeseclassic.com

www.burmeseclassic.com











ပန်းခက်များကို အုံ့မခန်း ထုလုပ်ထား သည်။ အမိုးမျက်နှာကြက် ဒိုင်းကြီးများ ပါမကျန် မှန်စီရွှေချ ပန်းပုလက်ရာများ အပြည့်တန်ဆာဆင်ထားသည်ကို ယနေ့ တိုင် တွေ့ရပါသည်။ နိုင်ငံခြားသားများ ပင် လာရောက်လေ့လာကြည့်ရှုနေသော် လည်း မြန်မာနိုင်ငံသား ဘုရားဖူးများ အလာအရောက်နည်းသေးသည်မှာ ဝမ်း နည်းစရာကောင်းလှသည်။

စိန်တုံးမိဖုရား ကောင်းမှုတော် မဟာဗောဓိကျောက်စာတွင်-

"မြန်မာနှစ် ၁၂၅၃ ခု၊ တပို့တွဲလ ပြည့်ကျော် (၆) ရက်နေ့တွင် စွယ်တော် ဓာတ်နှစ်ဒုဝမရာဇ် ဗောဓိ ဒက္ခိဏသာခါ ကြည်ညို ကိုးကွယ်ရာ အထူးရှိသော သီ ဟိုဠ်ကျွန်းသို့ ဝဇီရာရာမဆရာတော် ဘုရားနှင့် သံဃာတော် (၄၀) ကျော်၊ စိန်တုံးမိဖုရားနှင့် သီလသည်ပေါင်း(၅၀) ကျော်၊ ဥပါသကာ၊ ဥပါသိကာ (၇၀) ကျော် ကူးသွားကြ၏။ သီဟိုဠ်ကျွန်းသို့ ရောက်လတ်သော် ဒက္ခိဏသာခါဗောဓိ ပင်တွင် နေ့ညမပြတ် ဝတ်ပြုနေသော



www.burmeseclassic.com

www.burmeseclassic.com

ာမထေရ်ထံမှ ဗောဓိပင်စစ် င် လျှောက်ထားတောင်းယူပြီး ဓော်လမြိုင်မြို့တွင် နောင်လာ သားများ အမှတ်တရ ရှိခိုးပူဇော် ကျိုက်သလ္လံစေတီတော်၏အရှေ့ ွန်း ဦးစွန်မံကျိုင်ဖြစ်သော စိန် ပိုင်သည့်မြေတွင် ၁၂၅၄ ခုနှစ်၊ ပြည့်နေ့ (၁၂) ချက်တီးတွင် ပလ္လင် ဦးထိပ်ပြင်တွင် ရွှေ ထံအောက်တွင်ခံကာ စိုက်ပျိုးခဲ့ ာ ဖော်ပြထားသည်။

ထိုကျောက်စာကို စိန်တုံးမိဖုရား သီလရှင်ဘဝဖြင့် တရားအားထုတ် အိမ်တော်ရာဇရပ်နေရာတွင် ရှိသော အိမ်တော်ရာ ခေမာသီရိ ရှင်စာသင်တိုက်တွင် ယနေ့တိုင် မြင်နိုင်ပါသည်။ ကျိုက်သလ္လံစေတီ ၏အရှေ့တောင်ဘက်ချိုင့်ဝှမ်းတွင် အိမ်တော်ရာဝင်းအတွင်းရှိ မဟာ မိပင်ကြီး၏ခြေရင်းတွင်လည်း စိန် ဖုရားကြီး၏အုတ်ဂူကို လွမ်းစဖွယ်၊ စဖွယ် တွေ့မြင်နိုင်ပါသည်။ စိန် ဖုရားကြီးမှာ ၁၂၆၆ ခုနှစ်၊ သက် (၆၆) နှစ်တွင် မော်လမြိုင်မြို့၌ ရှာစံ ကံတော်ကုန်ခဲ့ကြောင်း အုတ် သက်သေရှိနေပါသည်။ မဟာ မိကျောက်စာတွင် 'တလုတ်မြို့နှင့် မြို့ကို အပိုင်စားပေးအပ်ခြင်းခံရ သော သီရိသုပဘာရတနာဒေဝီ ဘွဲ့တံ တော်ရ ဝဇီရာရာမ ကျောင်းတိုက် မဟာမင်္ဂလာဘုံစံ ကျောင်းအမကြီး တုံးမိဖုရား' ဟု ကျောက်ထက်အက္ခ တင်ထားသည်။

စိန်တုံးမိဖုရားကြီး စိုက်ထူခဲ့သော မိပင်မှာ ဗောဓိပင်၏အင်္ဂါရပ်နှင့်အ သန့်ထွားလှသော မူလခက်ဖြာအ ကြီး (၅) ကိုင်းနှင့် နုပျိုစိုပြည်စွာ တွေ့နိုင်ပါသည်။ မိဖုရားကြီး၏အုတ် တော်ကို နေရိပ်မထိုးရန် အုပ်မိုးထား သည်။ နှစ်ပေါင်း (၁၂၂) နှစ် ရှိပြီဖြစ် သော်လည်း နုပျိုလျက်ရှိသောဗောဓိပင် အဖြစ် ရှိနေပါသည်။

ထိုသို့ ၁၂၅၃ ခုနှစ်တွင် သီဟိုဠ် ကျွန်း (ယခု သီရိလင်္ကာ)သို့ မီးသင်္ဘော ၌ သီဟာသနပလ္လင်ကြီးကို တင် ဆောင်၍ စွယ်တော်ပင့်ရန်သွားကြ၏။ ဝဇီရာရာမ ဆရာတော်ကြီးနှင့်တကွ သံ ဃာများ၊ သီလရှင်များ၊ သူဌေးသူကြွယ် ကုန်သည်အပေါင်းနှင့် ဥပါသကာ၊ ဥပါသိကာများ၏ သီလ၊ သဒ္ဓါနှင့် ကြီးမြတ်သောပညာတို့ကြောင့် သီဟိုဠ်စွယ်တော် အမတ်ကြီးမှ စွယ်တော်တိုက်အား (၇) ရက်တာဖွင့်ပြီး စွယ်တော်ကို ပွားယူခွင့် ပေးခဲ့သည်။ ထို့ကြောင့် စွယ်တော်ပုံစံတူ စွယ်တော်ပွားအား မြတ်စွာဘုရား၏ စွယ်တော်အစစ်နှင့် (၇) ရက်တာပတ်လုံး စွယ်တော်တိုက်တွင် စံပယ်တော်မူကာ ပဌာန်းဒေသနာများ ရွတ်ဖတ်၍ စွယ်တော်ကို ပွားယူခဲ့ကြသည်။ ထို့နောက် သီဟာသနပလ္လင်ပေါ်တွင် တင်မ, ပင့်ဆောင်ကာ မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်းတွင် ထားရှိ ပူဇော်ခဲ့သည်မှာလည်း (၁၂၂) နှစ် ကြာမြင့်ပြီဖြစ်ပါသည်။ ထိုစွယ်တော်ကိုလည်း မော်လမြိုင်မြို့ရှိ ရတနာဘုံမြင့်ကျောင်းတော်သို့ လာရောက်ခဲ့ပါက ဖူးမြော်ခွင့်ရကြပေမည်။ ထိုစွယ်တော်အား သီဟိုဠ်ကျွန်းမှပင့်ဆောင်ခဲ့ပုံကို ဝဇီရာရာမ ဆရာတော်ကြီး မိန့်ကြားခဲ့ကြောင်းကို-

ဒုတိယ ကျောင်းထိုင်ဆရာတော် ဦးတိက္ခ(ကျောင်းထိုင်နှစ်မမှတ်မိ)၊ တတိယ ကျောင်းထိုင်ဆရာတော် ဦးဥက္ကံသ (ကျောင်းထိုင်နှစ် ၅၀ ကျော်)၊ စတုတ္ထ ကျောင်းထိုင်ဆရာတော်၊ ယခု လက်ရှိ ကျောင်းထိုင်ဆရာတော် ဦးတေဇောဘာသ (ကျောင်းထိုင်နှစ် ၃၇ နှစ်) မှ အဆင့်ဆင့်မိန့်ကြားခဲ့ကြောင်း ပြောပြခဲ့သည်။

လက်ဝဲအောက်ခာတ် စွယ်တော်မြတ်၏ပုံသဏ္ဍာန်တော်မှာ လက်သုံးသစ်ခန့်ရှည်၍ လုံးပတ်တော်မှာ လက်မဝက်ခန့်လောက်သာ ရှိ၏။ ထုတ်သစ်စဖြစ်သော လဲဖော့ကဲ့သို့ ဖျော့ဖျော့ဖြူသောအဆင်းတော်ရှိကြောင်းကို သီဟိုဠ်ပြန် ဝဇီရာရာမဆရာတော်ဘုရားကြီး၏ သီဟဠမဂ္ဂ ပကာသနီကျမ်းတွင် ဖော်ပြထားတော်မူ၏။ ဆက်စပ်လေ့လာ ဖတ်ရှုချက်အရ ပေါင်းတည်မြို့၏ ဗုဒ္ဓမြတ်စွယ်တော်ကို သီဟိုဠ်ကျွန်းမှ ၁၂၅၉ ခုနှစ်က ပင့်ဆောင်ခဲ့ကြောင်း ဖတ်ရှုရသဖြင့် ပေါင်းတည်မြတ်စွယ်တော်နှင့် ပို၍ရှေးကျသောစွယ်တော်မှာ မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်း၌ စံပယ်လျက်ရှိပြီး မော်လမြိုင်မြို့ဝန်းကျင်ရှိ တန်ခိုးကြီးဘုရားများ၊ မော်လမြိုင်မြို့ပေါ်ရှိ ထင်ရှားလှသော ကျောင်းကန်ဘုရားများနှင့်အတူ မန္တလေးရတနာပုံနေပြည်တော်နှင့်ဆက်စပ်ကာ အထင်ကရ ရှိနေသော လွမ်းမောဖွယ်ရာ ရှေးဟောင်းလက်ရာများဖြင့် ပြည့်နှက်နေသော ရတနာဘုံမြင့်ရွှေကျောင်း၊ မဟာဗောဓိပင်၊' မဟာဗောဓိကျောက်စာ (မဟာဗောဓိကျော်စာ)၊ စိန်တုံးမိဖုရားအုတ်ဂူတို့ ဆက်စပ်လေ့လာနိုင်ပါမှသာ မော်လမြိုင်မြို့သို့ ရောက်ရကျိုးနပ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအထက်ပိုင်း ရတနာပုံနေပြည်တော်နှင့် မြန်မာနိုင်ငံအောက်ပိုင်း မော်လမြိုင်မြို့တို့၏မေတ္တာပေါင်းကူးဖြစ်သော ရတနာဘုံမြင့် ရွှေကျောင်းတော်ကြီးအား မဖြစ်မနေ လာရောက်၍ ဘုရားဖူးရင်းလေ့လာရန် စေတနာရှေ့ထား ရေးသားရပေသည်။

သမိုင်းဝင် အသွင်တင့်သည့် ရှေးဟောင်းလက်ရာကျော်များဖြင့် အနုလက်ရာတန်ဖိုးကြီးမားသော စိန်တုံးမိဖုရားကြီး၏ ရတနာဘုံမြင့်ကျောင်းတော်ကြီးမှာ ဇရာသဘောအရ တံတိုင်း၊ အမိုး၊ ကျောင်းနံရံလှေကားများ ယိုယွင်းစပြုနေပြီ ဖြစ်သည်။ ပြုပြင်ထိန်းသိမ်းရန် မြန်မာနိုင်ငံသားတိုင်းတွင် တာဝန်ရှိပါကြောင်း၊ လာရောက်လှူဒါန်းနိုင်ကြပါကြောင်းနှင့် မြန်မာပြည်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအား လာရောက်လေ့လာ ဖူးမြော်ရန် ဖိတ်ခေါ်အပ်ပါသည်။ မေတ္တာရိပ်လှိုင်ဝေနေသော မြို့ရွှေမြိုင်သို့ လာရောက်ခဲ့ပါမူ ထင်ရှားလှသော ကျောင်းကန်ဘုရား၊ တန်ခိုးကြီးဆင်းတုများအကြားမှ ရတနာပုံနေပြည်တော်နှင့် ဆက်စပ်လွမ်းဖွယ် အထင်ကရ ရှိနေသော ရတနာဘုံမြင့်ကျောင်းနှင့် သင်္ဂဇာစေတီတော်၊ မဟာဗောဓိပင်၊ စိန်တုံးမိဖုရားအုတ်ဂူတို့အား ရှေးဟောင်းအထင်ကရ လက်ရာကျော်များနှင့်အတူ ဆက်စပ် လေ့လာနိုင်မှသာ မော်လမြိုင်မြို့သို့ရောက်ရကျိုးနပ်၍ ပိုမိုပြည့်စုံနိုင်မည်ဖြစ်ပါကြောင်း စေတနာပေါ် စေတနာထပ်လောင်း၍ တင်ပြအပ်ပါသည်။

ရွှေယဉ်လှိုင်း
(စီးပွားရေးတက္ကသိုလ်)


**မှီငြမ်း**

- လုပ်သားပြည်သူ့နေ့စဉ် (၈- ၂- ၁၉၆၅)
- ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် သမိုင်း ရေးသားသူ ဘဒ္ဒန္တပါရဂူ (၂၇-၁၁-၂၀၀၂)



www.burmeseclassic.com

www.burmeseclassic.com



(ပဉ္စနိကာယ်)

# အင်္ဂုတ္တိုရ်ပါဠိ (ဝါဒ)

## နမောတဿဖြင့် ဘုရားရှိခိုးကြသူများ

မြတ်စွာဘုရားရှင်၏ အထွတ်အထိပ်ဖြစ်သော ဂုဏ်တော်တို့ကို ထည့်သွင်းဖွဲ့ဆိုထားသည့် ဘုရားရှိခိုးကို ညွှန်ပြပါဟုဆိုလျှင် 'နမောတဿ' ဘုရားရှိခိုးကိုပင် ညွှန်ပြရပါလိမ့်မည်။ ဤနမောတဿ ဘုရားရှိခိုးသည် မြတ်စွာဘုရားရှင်၏ အထွတ်အထိပ်ဖြစ်သော ဂုဏ်တော်သုံးပါးကို ထည့်သွင်းဖွဲ့ဆိုထားသည့်အတွက်ကြောင့် ရှေးရှေးသော ဘုရားရှင်တို့၏လက်ထက်မှစ၍ ယနေ့တိုင်အောင် မပျောက်မပျက် ဆင်းသက်လာခဲ့သော ရှေးဟောင်း ဘုရားရှိခိုးကြီးဟုဆိုလျှင်လည်း မမှားနိုင်ပေ။ ဗုဒ္ဓစာပေနှင့် ပတ်သက်သော စာအုပ်မှန်သမျှကို ကြည့်လိုက်လျှင်လည်း ဤနမောတဿ ဘုရားရှိခိုးကို ကျမ်းဦးပဏာမ အနေနှင့် ရှေ့ဆုံးမှာထား၍ တလေးတစား ရေးသားလာခဲ့ကြလေသည်။ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ၊ ပါဠိတော်၊ အဋ္ဌကထာ စသည်တို့တွင်လည်း ဤနမောတဿ ဘုရားရှိခိုးကိုပင် ရှေ့ဆုံးမှာထား၍ ရေးသားခဲ့ကြသည်။ တစ်ခါက ငါးရာ့ငါးဆယ်နိပါတ်ကို ဘာသာပြန်သူတစ်ဦးသည် မိမိရေးသားထားသော စာမူကြမ်းကို မင်းကွန်းဆရာတော်ဘုရားကြီးအား ပြသရာ ကျမ်းအစ၌ နမောတဿဘုရားရှိခိုးမပါသဖြင့် ဆရာတော်ဘုရားကြီးမှ ထည့်ဖို့ရန် အထူး တိုက်တွန်းလိုက်ရကြောင်း မှတ်သားရဖူးပါသည်။ ဒီပနီကျမ်းပေါင်း (၁၀၀) ကျော်ကို ပြုစုတော်မူခဲ့သော ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် နိုင်ငံခြားသားများ လျှောက်ထားတောင်းပန်သည့်အတွက်ကြောင့် ဥရောပဗုဒ္ဓဘာသာအလင်းပြကျမ်းကို ရေးသားပြုစုတော်မူရာ၌လည်း ဤနမောတဿဘုရားရှိခိုးကိုပင် ကျမ်းဦးပဏာမအဖြစ် ရှေ့ဆုံးမှာထား၍ ရေးသားတော်မူခဲ့ပါသည်။

မန္တလေးမြို့ မြတောင်ဆရာတော်ဘုရားကြီးသည်လည်း စစ်ကိုင်းဘက်သို့ တောထွက်တော်မမူခင် တပည့်သံဃာများအား 'ဦးပဉ္ဇင်းတို့၊ ကိုယ့်သီလကို မလုံခြုံ၊ မစင်ကြယ်ဟုအထင်ရှိက ဒကာ၊ ဒကာမတို့၏ရှိခိုးပူဇော်မှုကို ခံယူထိုက်အောင် နမောတဿဘုရားရှိခိုးကို စိတ်ထဲမှာ နှုတ်သွင်း၍ ရွတ်ဆိုကြရမည်' ဟု မိန့်မှာတော်မူခဲ့ပါသည်။ ဗဟန်း မဟာဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် ဆရာတော် ဘဒ္ဒန္တ ဝါသဝါဘိဝံသ မထေရ်မြတ်ကြီးကလည်း 'ဘုန်းကြီးကဖော့ ကျန်းမာသည် ဖြစ်စေ၊ မကျန်းမာသည် ဖြစ်စေ ညအိပ်ရာဝင်သောအခါ နမောတဿ ဘုရားရှိခိုးကို (၃) ခေါက်လောက်မှ မရွတ်ရလျှင် အိပ်လို့ပင်မရနိုင်' ဟု မိန့်တော်မူခဲ့ပါသည်။ ဤကဲ့သို့ သာသနာ့ထိပ်ခေါင် ဆရာတော်ကြီးများနှင့်တကွ ဗုဒ္ဓဘာသာ သာသနာတစ်ခုလုံးက အမြတ်တနိုး တန်ဖိုးထား၍ ရှိခိုးခဲ့ကြသော နမောဿဘုရားရှိခိုးသည် ဘယ်ခေတ်၊ ဘယ်ကာလ စတင်ခဲ့သည်ကို သိရှိရန် လိုပေလိမ့်ဦးမည်။ ထို့ကြောင့် နမောတဿ၏အတ္ထုပ္ပတ္တိကို လက်လှမ်းမီသမျှ တင်ပြရသော်. . .

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ ရေတွက်သည်ရှိသော် ကိုးဆယ့်နှစ်ကမ္ဘာအထက်၌ ဖုဿ အမည်ရှိသော မြတ်စွာဘုရားသည် ပွင့်တော်မူလေ၏။ ထိုမြတ်စွာဘုရားရှင်၏ခမည်းတော် မဟိန္ဒမင်းကြီးသည် ဖုဿမြတ်စွာဘုရားထံတော်သို့ သွားရောက်ပြီးလျှင် 'ငါ၏သားတော်အကြီးကား ဘုရား၊ သားတော်အငယ်ကား ပထမ အဂ္ဂသာဝက၊ ပုရောဟိတ်ပုဏ္ဏား၏သားကား ဒုတိယ အဂ္ဂသာဝက' ဟု ဝမ်းမြောက်လှသဖြင့် သားတော်ဘုရားနှင့် သားတော်အဂ္ဂသာဝကတို့ကို ကြည့်ရှု၍ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ (၃) ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ကြောင်းကို ဓမ္မပဒအဋ္ဌကထာ သာရိပုတ္တ မောဂ္ဂလာန ထေရဝတ္ထု 'အသာရေ သာရမတိနော' စသော (၂) ဂါထာအဖွင့်၌ လာရှိပါသည်။

သဂါထာဝဂ္ဂသံယုတ် ပါဠိတော် ဗြာဟ္မဏသံယုတ် အရဟန္တဝဂ်၊ ဓနဉ္ဇာနီယသုတ္တန်၌လည်း ဘာရဒွါဇအနွယ်ဖြစ်သော ပုဏ္ဏားကြီးတစ်ယောက်၏ ဇနီးဖြစ်သူ ဓနဉ္ဇာနီပုဏ္ဏေးမကြီးသည် ဘုရား၊ တရား၊ သံဃာ၌ အလွန် ကြည်ညိုလေးစား၏။ တစ်နေ့သောအခါ ထိုပုဏ္ဏေးမသည် ပုဏ္ဏားကြီးအား ထမင်းကိုဆောင်ယူပေးသောအခါ၌ ချော်လဲခြင်း၏အဖြစ်သို့ ရောက်သည်ရှိသော် 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ (၃) ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်သည်ဟု လာရှိပါသည်။ သုတ်မဟာဝါ ပါဠိတော် သက္ကပဉှာသုတ္တန်၌လည်း သိကြားမင်းသည် ဣန္ဒသာလလိုဏ်ဂူ၌ သိကြားမင်းဘဝကို အသစ်ရ၍ အရိယာ သောတာပန်ဖြစ်ပြီး နတ်ပြည်သို့ပြန်ခါနီးတွင် နှစ်သက် ရွှင်လန်းသောစိတ်ရှိသည်ဖြစ်၍ လက်ဖြင့် မြေကိုပုတ်ခတ်ပြီး 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ (၃) ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်သည်ဟု လာရှိပါသည်။ မူလပဏ္ဏာသ ပါဠိတော် ဩပမ္မဝဂ် စူဠဟတ္ထိပဒေါပမသုတ္တန်၌လည်း ဇာဏုသောဏိပုဏ္ဏားကြီးသည် ပိလောတိကပရိဗိုဇ်ထံမှ မြတ်စွာဘုရားရှင်၏ဂုဏ်ကျေးဇူးတော်တို့ကို ကြားသိရသောအခါ လွန်စွာ ကြည်ညိုလှသဖြင့် ဘုရားရှင်ရှိတော်မူရာအရပ်သို့ လက်အုပ်ချီပြီးလျှင် 'နမောတဿ' ဖြင့် (၃)ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်သည်ဟု လာရှိပါသည်။

အင်္ဂုတ္တိုရ်ပါဠိတော် ဒုကနိပါတ်၊ သမစိတ္တဝဂ်တွင်လည်း အာရာမဒဏ္ဍပုဏ္ဏားကြီးသည် မဟာကစ္စာယနမထေရ်အား 'လောက၌ ရာဂ ဒေါသ မောဟ ဒိဋ္ဌိ စသည်တို့မှ လွန်မြောက်သောသူ ရှိပါ၏လော' ဟု မေးလျှောက်သောအခါ မထေရ်မြတ်က 'ယခုအခါ သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူသော မြတ်စွာဘုရားရှင်သည် ရာဂ ဒေါသ မောဟ ဒိဋ္ဌိ စသည်တို့မှ လွန်မြောက်တော်မူကြောင်းကို အကျယ်တဝင့် ရှင်းလင်း၍မိန့်တော်မူ၏။ ထိုအခါ အာရာမဒဏ္ဍပုဏ္ဏားကြီးသည် လွန်စွာ နှစ်သက်ဝမ်းမြောက်လှသဖြင့် ဘုရားရှင်ရှိတော်မူရာအရပ်ဆီသို့ လက်အုပ်ချီပြီးလျှင် 'နမော တဿ' ဖြင့် (၃) ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်သည်ဟု လည်းကောင်း၊

ပဉ္စကနိပါတ် ဗြာဟ္မဏဝဂ်၊ ကာရဏပါလီ သုတ္တန်၌လည်း ကာရဏပါလီပုဏ္ဏားသည် အဝေးမှလာနေသော ပိင်္ဂိယာနီပုဏ္ဏားအား မြင်သည်ရှိသော်-

"အရှင် ပိင်္ဂိယာနီ၊ သင်သည် ယခု မွန်းတည့်ချိန်တွင် အဘယ်အရပ်မှလာသနည်း"

"ကျွန်ုပ်သည် အရှင် ဂေါတမထံမှ လာခဲ့၏"



www.burmeseclassic.com

www.burmeseclassic.com

"အရှင်ပိဋကယာနီ၊ သင်သည် အ(ထူး)အကျိုးထူးကို ကောင်းစွာမြင်တွေ့(၍ ဒ)ဘာန်းဝေါတမကို အလွန်ကြည်ညို(ပေ)သည်။"

ထိုအခါ ပိဋကယာနီပုဏ္ဏားက မိမိ(သိ)ရှိ ရဟန်းဂေါတမအား ကြည်ညိုရ(သည့်) အကြောင်းနှင့် မြတ်စွာဘုရားရှင်(ဟော)ကြားတော်မူသော တရားတော်(များ)၏ ဂုဏ်ကျေးဇူးတို့ကို ဥပမာအမျိုး(မျိုး)ဖြင့် ရှင်းလင်းစွာ ပြောကြားလေ၏။ (ထိုအ)ခါ ပါလိသိပုဏ္ဏားသည် ဘုရားရှင်(ဟော)ကြားတော်မူသော တရားတော်(များ၏) ဂုဏ်ကျေးဇူးတို့ကို ကြားသိရ(သော)အခါ လွန်စွာဝမ်းမြောက်လှသဖြင့် (နေရာ)ထိုင်ခုံကို မြေတွင်ထောက်လျက် (ဘုရား)ရှင်ရှိတော်မူရာအရပ်သို့ လက်(အုပ်)ချီပြီးလျှင် 'နမော တဿ' ဖြင့် (၃) (ကြိမ်)တိုင်တိုင် ဥဒါန်းကျူးရင့်သည်ဟု (ဆို)ရှိပါသည်။

မဇ္ဈိမပဏ္ဏာသ ပါဠိတော် ရာဇဝဂ်၊ (ဓမ္မ)စေတိကသုတ္တန်၌လည်း ကောသလ (မင်း)ကြီးသည် ဘုရားရှင် ဟောကြား(တော်)မူသော တရားတော်များကို မလ္လိ(ကာ)မိဘုရားကြီးထံမှတစ်ဆင့် ကြားနာ(ရ)သောအခါ လွန်စွာ ဝမ်းမြောက်လှ(သ)ဖြင့် ဘုရားရှင်ရှိတော်မူရာအရပ်သို့ (လက်)အုပ်ချီပြီးလျှင် 'နမော တဿ' ဖြင့် (၃) ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်၍ (လည်း)ကောင်း။

ဗြာဟ္မဏဝဂ် ဗြဟ္မာယုသုတ္တန်၌ (လည်း) ဗြဟ္မာယုပုဏ္ဏားကြီးသည် တပည့် (ဖြစ်)သူ ဥတ္တရလုလင်ထံမှ ဘုရားရှင်၏ (ဂုဏ်)ကျေးဇူးတို့ကို ကြားသိရသောအခါ (လွန်)စွာ ကြည်ညိုလှသဖြင့် ဘုရားရှင်ရှိ(တော်)မူရာအရပ်သို့ လက်အုပ်ချီပြီးလျှင် '(န)မော တဿ' ဖြင့် (၃) ကြိမ်တိုင်တိုင် (ဥဒါ)န်းကျူးရင့်သည်ဟု လည်းကောင်း။

သိင်္ဂါရဝသုတ္တန်၌လည်း သိင်္ဂါရဝ (လု)လင်သည် ဓနဉ္စာနီပုဏ္ဏေးမ၏ လမ်း(ညွှန်)မှုဖြင့် မြတ်စွာဘုရားအထံတော်သို့ (သွား)ရောက်၍ မိမိသိရှိလိုသော အ(ကြ)ောင်းအရာတို့ကို မေးမြန်းပြီးသော (အ)ခါ၌ လွန်စွာ ဝမ်းမြောက်လှသဖြင့် '(န)မော တဿ' ကို ရွတ်ဆို၍ ရှိခိုးသည် (ဟု) လာရှိပါသည်။

သဟမ္ပတိဗြဟ္မာ၊ ဗိမ္ဗိသာရမင်း၊ (အ)ဂ္ဂရသာတိပုဏ္ဏား စသူတို့သည် (လည်း) 'နမော တဿ' ဖြင့် မြတ်စွာ (ဘု)ရားရှင်အား ရှိခိုးကြသည်ဟု ဆရာ(တော်)တို့ မိန့်ဆိုတော်မူခဲ့ပါသည်။

ထို့အပြင် ဤ 'နမော တဿ' အကြောင်းနှင့်စပ်လျဉ်း၍ ပြဆိုထားသော ကျမ်းနက်ခေါ် သဒ္ဒါငယ်ကျမ်း၌လည်း သာတာဂီရိနတ်သည် 'နမော' ဟူ၍ လည်းကောင်း၊ အသူရိန်နတ်မင်းသည် 'တဿ' ဟု လည်းကောင်း၊ သိကြားမင်းသည် 'အရဟတော' ဟု လည်းကောင်း၊ ဗြဟ္မာမင်းသည် 'သမ္မာသမ္ဗုဒ္ဓဿ' ဟူ၍ လည်းကောင်း အသီးသီး (၁)ပုဒ်စီ ရှိခိုးကြသည်ကို-

'သာတာဂီရိ နမော ယက္ခော၊
တဿ စ အသုရိန္ဒကော။
ဘဂဝတော မဟာရာဇ
သက္ကော အရဟတော တဿ။
သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာ ဧတေ
ပဉ္စ နမဿန္တိ'

ဟု လာရှိပါသည်။

ကစ္စာယနဘေဒ ဋီကာသစ်တွင် လည်း-

'တထာဟိ သာတာဂီရိ ယက္ခော
နမော နမောတိ ဝန္ဒန် ကရောတိ'

စသည်ဖြင့် နတ် (၅) ဦး ရှိခိုးကြသည်ဟု ဆိုထားပါသည်။

လက်ဝဲနော်ရထာဆို ယိုးဒယား နိုင်မော်ကွန်း၌လည်း နတ် (၅) ဦး ရှိခိုး ကြောင်းကိုပင် ဖွဲ့ဆိုထားပါသည်။ ထိုသို့ ကျမ်းအစောင်စောင်တို့၌ ပြဆိုထားသော 'နမော တဿ' ဘုရားရှိခိုးကို သာသနာတွင် 'ဗုဒ် အစ၊ ဗုဒ် အလယ်၊ ဗုဒ် အဆုံး' ဟု ထင်ရှား ကျော်ကြားတော်မူသော ဆရာတော် ဦးဗုဒ်သည် နိယတ၊ အနိယတ၊ ဝိသေသန၊ ဝိသေသျပုဒ်တို့ဖြင့် စုံလင်စွာ တန်ဆာဆင်၍ အနက်ပြန်ဆိုတော်မူခဲ့ပါသည်။

ထိုပြန်ဆိုချက်မှာ-

**ယောဗုဒ္ဓေါ** - အကြင် မြတ်စွာဘုရားသည်၊ **ဘဂဝါ-** ဘုန်းတော်ခြောက်ပါးရှိတော်မူ၏။ **အရဟံ-** သံသရာစက်၏ အကန့်အကွက်တို့ကို ဖျက်ဆီးတော်မူတတ်၏။ **သမ္မာသမ္ဗုဒ္ဓေါ-** သစ္စာလေးပါးတရားတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် သိမြင်တော်မူတတ်၏။ **ဘဂဝတော** - ဘုန်းတော်ခြောက်ပါး ရှိတော်မူသော၊ **အရဟတော-** သံသရာစက်၏ အကန့်အကွက်တို့ကို ဖျက်ဆီးတော်မူတတ်သော၊ **သမ္မာသမ္ဗုဒ္ဓဿ-** သစ္စာလေးပါးတရားတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် သိတော်မူသော၊ **တဿဗုဒ္ဓဿ-** ထိုမြတ်စွာဘုရားအား၊ **မေ** - အကျွန်ုပ်တို့၏၊ **နမော-** ရှိခိုးခြင်းသည်၊ **အတ္ထု-** ဖြစ်စေသတည်း ဟူ၍ ဖြစ်ပါသည်။

ထို့ပြင် စစ်ကိုင်းတောင်ရိုး မဟာဝိဇောဒယချောင်၌ သီတင်းသုံး နေထိုင်တော်မူသော ဘဒ္ဒန္တ ပညာဝဏ္ဏ မထေရ်မြတ်ကြီးကလည်း 'နမော တဿ' ကို ဗုဒ္ဓဝင်အကျဉ်းချုပ် ဘုရားရှိခိုးအဖြစ်သို့ ရောက်အောင် ခွဲခြမ်းစိတ်ဖြာပြီးလျှင် **န** တစ်လုံးတည်းကို ထိပ်ဆုံးထား၍ တစ်ဂါထာ၊ **မော**-တစ်လုံးတည်းကို ထိပ်ဆုံးထား၍ တစ်ဂါထာ၊ **'တဿ'**ကို ထိပ်ဆုံးထား၍ တစ်ဂါထာ၊ **ဘ** တစ်လုံးတည်းကိုထိပ်ဆုံးထား၍ တစ်ဂါထာ၊ **ဂ** တစ်လုံးတည်းကိုထိပ်ဆုံးထား၍ တစ်ဂါထာ၊ **ဝ** တစ်လုံးတည်းကို ထိပ်ဆုံးထား၍တစ်ဂါထာ၊ **တော** တစ်လုံးတည်းကို ထိပ်ဆုံးထား၍ တစ်ဂါထာ၊ **အ** တစ်လုံးတည်းကို ထိပ်ဆုံးထား၍ တစ်ဂါထာ၊ **ရ** တစ်လုံးတည်းကို ထိပ်ဆုံးထား၍ တစ်ဂါထာ၊ **ဟ** တစ်လုံးတည်းကို ထိပ်ဆုံးထား၍ တစ်ဂါထာ၊ **တော** တစ်လုံးတည်းကို ထိပ်ဆုံးထား၍ တစ်ဂါထာ၊ **'သမ္မာ'** ကို ထိပ်ဆုံးထား၍ တစ်ဂါထာ၊ **သံ** တစ်လုံးတည်းကို ထိပ်ဆုံးထား၍ တစ်ဂါထာ၊ **'ဗုဒ္ဓဿ'** ကို ထိပ်ဆုံးထား၍ တစ်ဂါထာ ဟူ၍ (၁၄) ဂါထာတို့ဖြင့် ဖွဲ့ဆိုထားပြန်ပါသေးသည်။ ဂါထာတို့တွင် **'တော'** နှစ်ပုဒ်ပါရှိသော်လည်း တစ်ပုဒ်နှင့်တစ်ပုဒ် ပါဠိ အနက် မတူအောင် ဆရာတော်ဘုရားကြီး၏ ဉာဏ်ကွန့်မြူးထားသည်ကိုလည်း ကြည်ညိုဖွယ် တွေ့ရှိနိုင်ပါသည်။ ထိုဂါထာတို့ကို ရွတ်ဖတ်သည့်အခါတွင် အစ၌ရှိသော စာလုံးအကြီးကို နှစ်ကြိမ်ရွတ်ဖတ်ရမည် ဖြစ်ပါသည်။

ဥပမာ-

ရာသဘော၊ အနေကေသု၊ ဘဝေ
သု တိံသပါရမီ။

**န** -

မာမိ သိရသာ နိစ္စံ၊ ပူရေတွာ အာ
ဂတော ဝရံ .

ဟူသောဂါထာကို ရွတ်ဖတ်သည့် အခါ၌-

'နရာသဘော အနေကေသု၊ ဘ
ဝေသု တိံသပါရမီ။
နမာမိ သိရသာ နိစ္စံ၊ ပူရေတွာ
အာဂတော ဝရံ'

ဟူ၍ ရွတ်ဖတ်ရပါသည်။

ကြွင်းသောဂါထာများကိုလည်း ဤနည်းအတိုင်း ရွတ်ဖတ်ကြပါလေ။

၁။ သတ္တဂါတို့အကျိုးငှာ ပါရမီဖြည့်ကျင့် တော်မူခဲ့ရသော မြတ်စွာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကို ရှိခိုးကန်တော့ရန်-

ရာသဘော၊ အနေကသ့ု၊ ဘဝေ သုတိသပါရမီ။

**နံ**

မာမိ သိရသာ နိစ္စံ၊ ပူရေတွာ အာ ဂတော ဝရံ။

၂။ ဥရုဝေလတော၌ ဒုက္ကရစရိယာကျင့်တော်မူသော မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်-

ကာံ့ နာထော အတိစ္ဆန္တော၊ ဒွယံ ဟိတွာ သရဋ္ဌကံ။

**မော**

ဒံ ဝနေ သုဒုက္ကာရံ၊ နမာမိ သိရ သာ ဒရံ။

၃။ မဟာဗောဓိပင်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်-

မူလံ မဟာဉာဏော၊ ဥပေသိ ဗောဓိမဏ္ဍလေ။

**တဿ**

ဗုဒ္ဓဿ ပါဒေ စ၊ သဗောဓိယော နမာမဟံ။

၄။ ပထမ သတ္တာဟ ပလ္လင်တော်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်-

ဂဝါ အဂ္ဂမဂ္ဂေန၊ ပဉ္စမာရေ အ သေသတော။

**ဘ**

ဋ္ဌိတွာန သိခါပတ္တော၊ သပလ္လင်္ကံ နမာမိ တံ။

၅။ ဒုတိယ သတ္တာဟ အနိမိသစေတီတော်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်-

န္တာမုနိဝရော တမှာ၊ အနိမိသေ ဝရာသနေ။

**ဂ**

ဂနေ ပုဏ္ဏစန္ဒေဝ၊ သာနိမိသံ နမာမိ တံ။

၆။ တတိယ သတ္တာဟ စင်္ကြံတော်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်-

န္တာမိသော နဘော နာထော၊ ဒသေတွာ ပါဋိဟာရိယံ။

**ဝ**

သာင်္ဒါ ဝိယ စင်္ကမိ၊ သစင်္ကမံ နမာမိ တံ။

၇။ စတုတ္ထသတ္တာဟ ရတနာဃရ ရွှေအိမ်တော်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်-

ရဏင်္ဂိတ သက်ာသော၊ လော ကဂ္ဂေါ ရတနာဃရေ။

**တော**

သေသိ ဇနံ ရံသိဟိ၊ သံဃရာဟံ နမာမိ တံ။

၈။ ပဉ္စမ သတ္တာဟ အဇပါလဆိတ်ကျောင်းညောင်ပင်စေတီတော်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်-

ဂီရသော မဟာပုညော၊ အဇပါ လ မုပါဂတော။

**အ**

နုတ္တရော မဟေသက္ခော၊ သာဇ ပါလံ နမာမိ တံ။

၉။ ဆဋ္ဌမ သတ္တာဟာ မုစလိန္ဒာကျည်းပင်အိုင်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်-

သို့ဇာလေဟိ ဇောတေန္တာ၊ မုစ လိန္ဒေ မဟာသရေ။

**ရ**

ဝိရာဇာဝ ယော နာထော၊ သဍ္ဍာ နာဟံ နမာမိ တံ။

၁၀။ သတ္တမသတ္တာဟ လင်းလွန်းပင်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်-

တာဝိဋ္ဌော ဂုဏာဓာရော၊ ရာဇာ ယတနပါဒပေ။

**ဟ**

ဝေ နိသီဒိ လက္ခိယာ၊ သဍ္ဍာနာ ဟံ နာမာမိ တံ။

၁၁။ ဗောဓိမဏ္ဍိုင်မှ မိဂဒါဝုန်တောသို့ကြွတော်မူသော မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်-

မရေနအရိဟန္တာ၊ မိဂဒါယံ မဟာ ဝနံ။

**တော**

သေတွာ ဥပကံ ဂန္တွ၊ မဟာဇိနံ နမာမိ တံ။

၁၂။ ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ်ဟောတော်မူရာ မိဂဒါဝုန်တောအရပ်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်-

ပဝတ္တော မဟာတေဇော၊ ပဥ္စဝဂ္ဂိ ယ ဘိက္ခုနံ။

**သမ္မာ**

ဓမ္မံ ပဝတ္တေသိ၊ သဍ္ဍာနာဟံ နမာမိ တံ။

၁၃။ ဇေတဝန်ကျောင်းတော်နှင့်တကွ မြတ်စွာဘုရားကို ရှိခိုးကန်တော့ရန်-

ယိဿရော မဟာပညော၊ ဒတွာ မတံ မဟာဇနံ။

**သံ**

ဌိတော စိရံ ဇေတမှိ၊ သဝိဟာရံ နမာမိ တံ။

၁၄။ ကုသိနာရုံပြည်၌ နိဗ္ဗာန်ဝင်စံတော်မူသော မြတ်စွာဘုရားနှင့်တကွ ဓာတ်တော်တေဇောဓာတ်ကုန်း လျှောင်းတော်မူရုပ်ပွားတော်ကြီးတို့ကို ရှိခိုးကန်တော့ရန်-

သာလဉယျာနေ၊ နိဗ္ဗုတဿ စ တာဒိနော။

**ဗုဒ္ဓဿ**

တဿ ဓာတုယော၊ ဌာနံ ရူပံ နမာမဟံ။

ဤသို့ မြတ်စွာဘုရားရှင်၏ အထွတ်အထိပ်ဖြစ်သော ဂုဏ်တော်တို့ကို ရွတ်ဖတ် ပူဇော်ကြသောသူတို့သည် ဘုရားရှင်အပေါ်၌ ကြည်ညိုသဒ္ဓါစိတ်များ တဖြည်းဖြည်း ပွားများလာပြီးလျှင် ဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များကို လိုက်နာကျင့်သုံးကြလျက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ တည်းဟူသော အရိယာသူတော်စင်များဖြစ်ကြ၍ အထွတ်အထိပ်ဖြစ်သော အသခ်တဓာတ် နိဗ္ဗာန်မြတ်ကို ရောက်ရှိကြရမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် 'ဘုရားကိုးကွယ် တန်ခိုးကြွယ်၊ အပါယ်မကျ ချမ်းသာရ' ဟူသော အဆိုနှင့်အညီ မြတ်စွာဘုရားရှင်အား ဤ နမောတဿဘုရားရှိခိုးဖြင့် အမြဲမပြတ်ရှိခိုးကြပါဟု တိုက်တွန်းလိုက်ရပါသည်။

*စာဖတ်သူများအားလုံး ကောင်းကျိုးလိုအင်ဆန္ဒနှင့် ထာဝရပြည့်စုံနိုင်ကြပါစေ*

အသျှင်ဝါသဝ(ပဥ္စနိကာယ်)

**မှီငြမ်း**

သဗ္ဗမင်္ဂလဓမ္မဒေသနာ
သာသနဇဗဟုသုတပွကာသနီ
နမောတဿဂီတိကျမ်း



www.burmeseclassic.com

www.burmeseclassic.com

တင်နိုင်တိုး

# သုံးဆယ်မောင်းထောင်ဆရာတော် နှင့် မောင်းထောင်ဦးကျော်လှ

သုံးဆယ် မောင်းထောင်ဆရာတော်နှင့် မောင်းထောင်ဦးကျော်လှတို့သည် ဆရာတပည့်အရင်းအချာများ ဖြစ်ကြသည်၊ ဆရာတော်ရော ဦးကျော်လှပါ မောင်းထောင်ဇာတိဖြစ်ကြပြီး ဆရာတော်က ဦးကျော်လှထက် (၃) နှစ်ခန့် ကြီးသည်။

သုံးဆယ် မောင်းထောင်ဆရာတော် ရှင်ဝိမလကို ၁၇၊ ဧပြီ၊ ၁၈၄၄ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် မောင်းထောင်ရွာ မှိုင်းသာရပ်ရှိ အဖ ဦးဖိုးဂေါင်၊ အမိ ဒေါ်ပုတို့က မွေးဖွားခဲ့သည်။ လူအမည် ဦးဖလူး ဖြစ်သည်။ (၁၅) နှစ်အရွယ်တွင် သာမဏေ ဘဝရောက်ရှိကာ ရှင်ဝိမလဘွဲ့ ရခဲ့သည်။ အသက် (၂၀)တွင် မောင်းထောင်ရွာ ကုန်းသာကျောင်း၌ ရှင်ကလျာဏကို ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းတက်သောရဟန်း ဖြစ်လာခဲ့သည်။

ဆရာတော်ဦးဝိမလသည် ပထမ ကျောင်းဆရာတော် ရှင်ဇာဂရထံ နည်းခံယူလျက် လက်ထောက်စာချ၊ ပထမ စာချများ ဖြစ်လာခဲ့သည်။ မန္တလေး တောင်ခမ္မိကာရာမ ရွှေကျောင်တိုက် လေ့ ကျင်းအတွင်းဝန်ကျောင်းတွင် ပရိယတ္တိ သင်ကြားနေခိုက် ၂၁၊ ဩဂုတ်၊ ၁၈၈၄ ခုနှစ် တွင် သီပေါမင်းက ဝိမလာလင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ် တော် ဆက်ကပ်ခြင်းခံရသည်။ ၁၈၉၀ ပြည့်နှစ်တွင် ဆရာတော်သည် ရွှေကျောင် ဆရာတော်ကြီးနှင့်အတူ အောက်ပြည် အောက်ရွာသို့ ကြွသွား၏။ သာယာ ဝတီမြို့နယ် သုံးဆယ်မြို့ တရားပွဲအပြီး တွင် ဒကာသူဌေး ဦးညွန့်၊ ဒေါ်မင်းရှင်တို့က တိုးကွယ်ဆည်းကပ်ပြီး ၁၈၉၁ ဝါဆိုအ မီ ကျောင်းဆောက်လုပ်လှူဒါန်းခဲ့သည်။

မောင်းထောင်ဆရာတော် ရှင်ဝိ မလကို အစွဲပြု၍ ယင်းကျောင်းတိုက် တို 'သုံးဆယ်မောင်းထောင်တိုက်' ဟု ခေါ်ဆိုကြသည်။ ဆရာတော်သည် သုံး ဆယ်၌ ကျောင်းထိုင်စဉ်အတွင်း သီဟိုဠ် (သီရိလင်္ကာ) သို့ စွယ်တော်ဖူးကြွရောက် ခဲ့သည်။ သီဟိုဠ်မှအပြန် ဇာတိ မောင်း ထောင်ရွာသို့ ပြန်လည် ကြွလာခဲ့၏။

ဆရာတော် ဇာတိရပ်ရွာသို့ ပြန် ကြွလာမည် ကြားကတည်းကပင် တပည့် ဒါယကာ၊ ဒါယိကာမများ ပျော်ရွှင်နေကြ သည်။ ထိုအထဲတွင် မောင်းထောင်ဦး ကျော်လှလည်း ပါဝင်ပါသည်။ သာယာ ဝတီခရိုင် သုံးဆယ်မြို့ ဆင်စုရွာမှ ဆရာ တော်ကြွလာလျှင် မီးရထားနှင့်ကြွလာ မည်ဖြစ်ရာ အလုံမြို့ မီးရထားဘူတာမှ လာကြိုကြမည် ဖြစ်သည်။ ထိုခေတ် ထို အခါက မီးရထားလမ်းမှာ အလုံမြို့ စစ် ပင်ဘူတာ၌ နောက်ဆုံးရပ်နားပါသည်။

စစ်ပင်ဘူတာက မောင်းထောင် ရွာမှ (၂၃) မိုင်ခန့် ကွာဝေးပါသည်။ ဒါ ယကာ၊ ဒါယိကာမများသည် ခြေကျင် ခရီး၊ လှည်းများစီး၍ ဆရာတော်ကိုကြို ကြမည် ဖြစ်သည်။ ဆရာတော် အညာ သို့ကြွလာမည့်သတင်း မွှေးပျံ့လျက်ရှိ ပုံကို မောင်းထောင်ဦးကျော်လှက-

'မြို့သုံးဆယ်အခြေပြုတဲ့
ဆင်စုမြေ ရွှေနာဂိက
ဒေသစာရီ ရွှေညာပြောင်းမည်ဟု
ရွာမောင်းမြေ တောင်ရွှေကျေးသို့
အဝေးမြေတစ်နယ်က
မုလေးသွယ် စံပယ်နံ့ကဲ့သို့
မွှေးပျံ့လို့ထုံ'
ဟု သံချိုဖြင့် ရေးဖွဲ့ခဲ့သည်။

ဆရာတော် ကြွလာသည့်အ ကြောင်း သတင်းထွက်နေသော်လည်း ဆရာတော်ကား ကြွမလာသေး။ တစ် လပြီးတစ်လသာ ကုန်သွားသည်၊ ဆရာ တော် မောင်းထောင်သို့ ကြွမလာဖြစ် ခဲ့ပေ။ ထိုအကြောင်းကိုလည်း မောင်း ထောင်ဦးကျော်လှက သူ၏သံချိုတွင်-

'မရွာလို ဝါဆိုလဆီက
ငိုရမယောင်ယောင်ပ
လဝါခေါင်တော်သလင်းမှ
လယ်ယာကုန်ထွက်ကာနင်းနိုင်ကြ
သီတင်းကုန် ဝါတော်ဆုံးတော့
ဝလာမောင် မရွာအုံးသော်ကြောင့်
နှလုံးဝယ် ပူဗျာလောင်ကြ
မုန်းတန်ဆောင် ဆယ်ရက်စွန်းတွင်မှ
ထက်နန်းအာကာသ
ဖျန်းချတဲ့ မိုးအမှုန်
ဦးမာန်ဟုန်စွေတောင်း'
စသည်ဖြင့် ရေးဖွဲ့ထားသည်။

နောက်ဆုံး ကဆုန်လထဲတွင် ဆရာတော် မောင်းထောင်သို့ ပြန်ကြွ လာသည်။ မူလအစီအစဉ်အတိုင်း အ လုံ စစ်ပင်ဘူတာက သွားရောက် ကြိုဆို ကြသည်။ ဒါယကာ၊ ဒါယိကာမများ အားလုံး ဝမ်းမြောက်ဝမ်းသာရှိကြ၏။ မောင်းထောင် ဦးကျော်လှသည်လည်း ဝမ်းမြောက်ဝမ်းသာ ရှိနေလေသည်။ သို့ဖြင့် ဦးကျော်လှက သူ၏သံချိုကို အ ဆုံးသတ်လိုက်တော့သည်။

'တန်ခူးကုန် ကဆုန်ရောက်တော့
ဘုံပေါက်သည် ဝေဇယန်နှင့်
ကုဋေတန်ဝိဟာရမို့
ဒကာ ဒကာမတွေ အစည်ဆုံးပ
တိုက်ကုန်းသာ အောင်မြေနယ်သို့
သုံးရွှေဆယ် ငွေနာဂိက
မကြာမီ သာရထီစီးလျှင်ဖြင့်
ခရီးကြို အဟုန်နှင့်ပို့နေကြ
လုံမြို့ မြေနဂရာအထိ
ဗိုလ်ပါကုန် ကြိုလာကြပါလိမ့်
ပန်းကြာငုံ စန်းပြာခလေသို့
ဝမ်းစာလုံ ချမ်းသာလှပြီမို့
ကျမ်းစာအစုံ ရဟန်းပါသမျှတွေနှင့်
မြန်းကြွပါကြောင်း'
ဟူ၍ ဖြစ်ပါသည်။

ဆရာတော်ရှင်ဝိမလ မွေးရပ်မြေ ၌ ပြန်လည် ကျောင်းထိုင်တော့ ဒကာ၊ ဒကာမများ အားလုံး ပျော်ရွှင်ကြသည်။ ဆရာတော် မောင်းထောင်တွင် (၃) နှစ် ခန့် သီတင်းသုံးပြီး ၁၉၀၃-၀၄ ခုနှစ် လောက်တွင် သုံးဆယ် မောင်းထောင် တိုက်သို့ ပြန်ကြွသွားသည်။ ယင်းသို့ လာရောက် သီတင်းသုံးသဖြင့် တပည့် ဒါယကာ၊ ဒါယိကာမများကလည်း ကျေ နပ်ကြသည်။ ဆရာတော် ပြန်ကြွသွား ပြီး မကြာမီ အိန္ဒိယနယ် စစ်တကောင်း ပန်းဝါသို့ ကြွသွားသည်။ ထိုမှတစ်ဆင့် မဇ္ဈိမဒေသသို့ ဘုရားဖူးကြွခဲ့သည်။

၁၉၀၅ ခုနှစ်တွင် ပုသိမ်မြို့သို့ သွားရောက် သာသနာပြုခဲ့သည်။ ထို့ နောက် ၁၉၀၇ ခုနှစ်တွင် လေနာရော ဂါစွဲကပ်သဖြင့် သုံးဆယ် မောင်းထောင် တိုက်သို့ ပြန်ကြွခဲ့ပြီး ၂၈၊ ဒီဇင်ဘာ၊ ၁၉၀၈၊ သက်တော် (၆၄) နှစ်၊ ဝါတော် (၄၄) ဝါအရတွင် ပျံလွန်သွားပါသည်။ မောင်းထောင်ဦးကျော်လှက သူ၏သံ ချိုကဗျာကို 'ဆရာတော် မပြတ်ဖူးချင် လို့' ဟု ခေါင်းစဉ်တပ်ထားပါသည်။ မောင်းထောင်ဆရာတော် အရှင်ဝိမလ အား မပြတ်ဖူးမြော်လိုကြသည့် မောင်း ထောင်သားများနှင့် တပည့်ရင်းဦးကျော် လှတို့အကြောင်းကို ယင်းသံချိုကဗျာက မှတ်တမ်းတင်ထားခြင်း ဖြစ်သည်ဟု ဆို နိုင်ပါသည်။

တင်နိုင်တိုး


**ကျမ်းကိုး**

၁။ ရှင်ကျော်တစ်ရာ
မောင်ဇေယျာ

၂။ ဦးကျော်လှ သံချိုကဗျာများ
ကနီဦးလူညွန့်




www.burmeseclassic.com

www.burmeseclassic.com

ညီတော်အာနန္ဒာ အရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် စတုက္ကနိပါတ်၊ ဆဝဇာတ်တော်၌ ပြည့်ရှင်မင်းဖြစ်လျက် ဘုရားလောင်းတော် ဇာတ်နိမ့်အမျိုးသား၏ တရားပြသ ဆုံးမသည်ကို လေးစားလိုက်နာ၍ ဘုရားရှင်အား ပါရမီဖြည့်ခဲ့ပါသည်။

ထိုဇာတ်တော်တွင် ဘုရားအလောင်းတော်သည် ဇာတ်နိမ့် ဟူ၍ အသတ်မှတ်ခံရသော စဏ္ဍာလအမျိုးမှ ဖွားမြင်လာ၍ အရွယ်ရောက်သောအခါ အမျိုးတူ အနွယ်တူ အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ပြီးလျှင် အိုးအိမ်ထူထောင်၍နေ၏။ ဘုရားအလောင်းတော်ကြီးပင်ဖြစ်သော်ငြားလည်း ထိုဘဝတွင် စဏ္ဍာလအမျိုးသားတစ်ယောက်ဖြစ်နေ၍ သိမ်သိမ်နုပ်နုပ် နေထိုင်ခဲ့ရ၏။ ဇာတ်မြင့်သူတို့၏အစေအပါးကိုခံ၍ အသက်မွေးခဲ့ရ၏။ ဇာတ်မြင့်သူတို့ မလုပ်ချင်သော၊ အောက်တန်းကျသော၊ ညစ်ပတ်နံစော်သော၊ အန္တရာယ်မကင်းသော အလုပ်များကို လုပ်ကိုင်ခဲ့ရ၏။

သို့ရာတွင် အလောင်းတော်စဏ္ဍာလအမျိုးသားသည် ဘဝပေါင်း မြောက်မြားစွာ ပါရမီမျိုးစုံ ဖြည့်ကျင့်ဆည်းပူးလာခဲ့သောအရှိန်အဟုန်ကြောင့် ယုတ်ညံ့သော စိတ်သဘောထားကို မွေးမြူမထားပေ။ မိမိတို့ တစ်အိမ်ထောင်အတွက်ငဲ့ကွက်၍ မရိုးဖြောင့်သည့်အလုပ်မျိုးကို မလုပ်ပေ။ မိမိ၏ကာယအားနှင့် ဉာဏအားကိုအသုံးပြုကာ အလုပ်ရှင်တို့ပေးကမ်းသည့်လုပ်အားခနှင့် ထိုက်တန်အောင် အလုပ်လုပ်ပေးလာခဲ့လေသည်။

ဤကဲ့သို့ မရိုးဖြောင့်သောအလုပ်မျိုးကို ဝေးဝေးကရှောင်လာခဲ့သည့် စဏ္ဍာလ အမျိုးသားသည် တစ်နေ့မှာတော့ ခိုးကြောင်ခိုးဝှက်လုပ်ရမည့်အလုပ်နှင့် တိုးလာရ၏။ သူ့အမျိုးသမီးကတော့ ခိုးကြောင်ခိုးဝှက်လုပ်ပေးရမည်ဟု အရေးမဆိုပါ။ သို့ရာတွင် ကလေးရှိလာသော မိခင်လောင်းတို့၏ ဓမ္မတာအရ သရက်သီးကို ချင်ခြင်းတပ်နေ၏။ ဒီအချိန်၊ ဒီရာသီကလည်း သရက်သီးပေါ်ချိန်မဟုတ်။ သရက်သီးပေါ်ချိန်သာဆိုပါက သရက်သီးမှည့်မှည့်တစ်လုံးလောက်တော့ ချစ်လှစွာသောဇနီးသည်ကို ဝယ်ကျွေးနိုင်ပါ၏။ ယခုတော့ ဘယ့်နှယ်လုပ်ရပါ့မလဲ။

"ရှင်မရယ်၊ ဒီရာသီမျိုးမှာ သရက်သီးတွေက တုံးကုန်ပြီကွ။ ဘယ်နေရာမှာမှ ရှာမရနိုင်တော့ဘူး"

ဤသို့ ရလိုရငြား ငြင်းချက်ထုတ်ကြည့်မိပါသေး၏။ သို့ရာတွင်-

"အမောင်ရယ်၊ ဒီလ ဒီရာသီမှာ သရက်သီးတွေ တုံးနေပြီ ဆိုတာ ကျွန်မလည်း သိပါတယ်။ ဒါပေမယ့် ချင်ခြင်းဆိုတာက အသွေးအသားထဲကလာတာဆိုတော့ တားလို့မရနိုင်ဘူးပေါ့။ ခက်တာက ကျွန်မတစ်ကိုယ်တည်းဆိုရင်တော့ ချင်ခြင်းတပ်တာ မစားရလို့ သေသွားလည်း ကိစ္စမရှိပါဘူး။ ဒါပေမယ့် ဝမ်းထဲက သားလေးလား၊ သမီးလေးလား မသိရတဲ့သူကလေးအတွက် ဒဏ်သင့်မှာတော့ စိုးမိတယ်"

"အေးကွာ. . . ဒါတော့ ဟုတ်ပါတယ်"

မယားအရေးတွင် သားအရေးပါ ပါလာပြီဖြစ်၍ စဏ္ဍာလအမျိုးသားမှာ ငြင်းကွက်မရှိအောင် အချုပ်အနှောင်မိသွားရသဖြင့်-

"ကိုင်း- ဒီတော့ ရှင်မ စားချင်တဲ့ သရက်သီးကို မရရအောင် ရှာရတော့မှာပေါ့ကွာ"

ဤသို့ နှစ်သိမ့်စကားဆိုကာ အိမ်မှထွက်လာခဲ့ရ၏။ အခါမဟုတ်ဘဲ အမြဲတမ်း အသီးသီးနေသော သရက်ပင် ဆိုတာ ဘယ်မှာ ရှိမလဲ။ သည်လို သရက်ပင်မျိုးက ရှားပါးသည်လည်း ဟုတ်၏။ အဖိုးတန်တာလည်း မှန်၏။ သည်တော့

ညီတော်အာနန္ဒာ၏ပါရမီဇာတ်လမ်းများ

# စဏ္ဍာလသိရိ

## သရက်ပင်အောက်က လူသုံးယောက်





www.burmeseclassic.com

www.burmeseclassic.com

ည သူဌေး သူကြွယ်တို့၏ဥယျာဉ် မရှိနိုင်ရာ၊ ပြဟ္မဒတ်မင်း၏ ဥယျာဉ်တော်အတွင်းမှာသာ ရှိပါလိမ့်မည်။

ပြဟ္မဒတ်မင်း၏ဥယျာဉ်တော်ဆိုတော့ အရံအတားတွေ ခိုင်ခိုင်လုံလုံ ရှိနေပါလိမ့်မည်။ အစောင့်အရှောက်တွေ ရာညပါ ရှိနေပါလိမ့်မည်။ ဘယ်လောက်ပင် လုံလုံ၊ ဘယ်လောက်ပင် ရှိရှိ သရက်သီးကိုတော့ မရရအောင် ယူရပါလိမ့်မည်။

ဤသို့ စိတ်ကူးထဲက ကျိုးဝါးရင်း ကာသီမြို့တော်ထဲက ထွက်လာခဲ့ရာ မကြာမီမှာပင် ပြဟ္မဒတ်မင်း၏ ဥယျာဉ်တော်နားသို့ ရောက်လာ၏။ သွားနေကျ လာနေကျတစ်ယောက်ကဲ့သို့ ဟန်ပန်မပျက်ရအောင် ထိန်း၍ ဖြည်းဖြည်းလျှောက်ရင်း ဥယျာဉ်တော်ထဲသို့ အကဲခတ်ကြည့်လိုက်ရာ အသီးမှည့်တွေ ဝါဝါဝင်းနေသော သရက်ပင်ကို တွေ့လိုက်ရ၍ ကျေကျေနပ်နပ် ပြုံးလျက်။

'အင်း- အချိန်အခါမဲ့ အသီးသီးနေတဲ့သရက်ပင်ရှိနေတာတော့ ဟုတ်ပြီ၊ ဒါပေမယ့် နေ့ခင်းကြောင်တောင်ကြီးမှာတော့ ခြံစည်းရိုးကို ကျော်ဝင်ဖို့ မလွယ်ဘူး။ အစောင့်နဲ့ မတွေ့တောင်မှ ခရီးသွားတစ်ယောက်ယောက်နဲ့ တွေ့သွားရင်ခက်မယ်'

ဤသို့ ချင့်ချိန်စဉ်းစားကာ ဆိတ်ကွယ်သည့်တစ်နေရာသို့သွား၍ အချိန်ဖြုန်းနေရ၏။ အချိန်ဆိုသည်မှာ အိမ်မှုကိစ္စနှင့် လုပ်ငန်းများ လုပ်နေတုန်းကတော့ ကုန်လွယ်လွန်းလှ၏။ အလုပ်ပြီးချင်ဇောနှင့် ကြိုးစားပမ်းစားလုပ်နေရင်း အချိန်တွေက ကုန်မှန်းမသိ ကုန်သွားကြတော့၏။ ယခုတော့ ဘာဆိုဘာမှ လုပ်စရာမရှိဘဲ အချိန်ကုန်ဖို့စောင့်နေပါမှ အချိန်ကကုန်ခဲလှ၏။ ကုန်ခဲလှသော အချိန်ကို မကုန်ကုန်အောင် အောင့်အည်းသည်းခံ၍ စောင့်နိုင်သဖြင့် သန်းခေါင်ယံအချိန်သို့ ရောက်လာခဲ့ပါပြီ။ အကြောင်းသင့်ချင်တော့ ထိုညမှာ လဆန်းခါစ ညတစ်ညဖြစ်နေ၍ သန်းခေါင်ယံရောက်ရောက်ချင်း လမင်းကြီးက ဝင်သွားပါပြီ။





www.burmeseclassic.com

www.burmeseclassic.com

'ကိုင်း- ဒီထက်ကောင်းတဲ့ အခွင့်အရေးက ဘယ်မှာ ရှိတော့မလဲ'

စဏ္ဍာလအမျိုးသားက မိမိကိုယ့်ကိုယ် အားပေးကာ ပုန်းအောင်းရာမှ ထွက်လာပြီးလျှင် ဥယျာဉ်တော်၏စည်းရိုးနားကပ်လာခဲ့၏။ အကြားအလပ်မရှိရအောင် စေ့စေ့စပ်စပ် ကာရံထားသော စည်းရိုးကို မရအရကုတ်ကပ်၍တက်၏။ ဤသို့တက်နေရင်း-

'အင်း-တကယ်လို့ အမေ၊ အဖေတို့ကများ ဒီလိုအလုပ်မျိုး လုပ်ပေးပါဆိုရင် ငါလုပ်ပေးရဲမှာ မဟုတ်ဘူးနော်။ အခုတော့ အိမ်ကမယားလေးအတွက်ပေကိုး။ ချစ်ရခင်ရတဲ့ အသက်ဘူးလေးအတွက်ပေကိုး။ ကြိုးစားရတော့မှာပေါ့၊ စွန့်စားရတော့မှာပေါ့'

ဤသို့ မိမိကိုယ်ကို သရော်ပြုံး ပြုံးရင်း ခြံစည်းရိုးပေါ်မှ ခုန်ချလိုက်၏။ ဥယျာဉ်တော်ထဲက သစ်ရွက်ခြောက်များကို အသံမထွက်အောင် ခြေဖော့၍ နင်းလာကာ သရက်ပင်နားသို့ကပ်လာခဲ့၏။ သရက်ပင်မှာ ရေခံ မြေခံကောင်းလှသဖြင့် အကိုင်းတွေဝေဝေစည်လျက် ထီးကဲ့သို့ ပတ်ပတ်လည်မှာ ဖြာထွက်နေကြ၏။

သို့ဖြစ်၍ စဏ္ဍာလ အမျိုးသားသည် လက်လှမ်းမီရာအကိုင်းကို လှမ်းဆွဲ၍ ကိုင်းပေါ်သို့တက်၏။ အပေါ်သို့ ရောက်လာသည်နှင့်တစ်ပြိုင်နက် ဝိုးတဝါးကြယ်ရောင်ဖြင့် သရက်သီးများကို အစီအရီတွေ့လာရ၏။ သို့ရာတွင် သူက တွေ့ကရာအသီးကို မဆွတ်ယူချင်ပါ။ ဤတစ်ပင်လုံးက အသီးများတွင် ထွားပါပေ့၊ လှပါပေ့၊ မှည့်ပါပေ့ဟု ဆိုရသော ခေါင်သီးကိုမှ ဆွတ်ယူချင်၏။ အချစ်ရဆုံး ဇနီးသည်လေးအတွက် အချိုဆုံး၊ အရသာအရှိဆုံးအသီးကိုမှ ကျွေးချင်လှ၏။

ထို့ကြောင့် ကိုင်းဖျားကိုင်းနားက အသီးများကို ရှောင်ရှားကာ ပင်မကြီးဘက် တိုးလာခဲ့၏။ ပင်မကြီး၏အကိုင်းအခက်တို့ကိုတွယ်တက်ကာ ခေါင်ကိုင်းသို့ရောက်လာ၏။ သူ့လက်တစ်ကမ်းသို့ ရောက်လာသမျှအသီးများသည် ထွားထွားလှလှကြီးများ ဖြစ်ကြ၏။ မကြာမီအချိန်အတွင်းမှာ ရွှေရောင်ဝင်းဝင်းနှင့် ရင့်လာရန်၊ မှည့်လာရန် တာစူနေကြ၏။ သို့ပါလျက် သူက အစွမ်းသီးများကို မလိုချင်ပေ။ အိမ်ရောက်ရောက်ချင်း ချစ်ဇနီးသည်ကလေးကို ခွဲကျွေးနိုင်သည့် ပင်မှည့်သီးကိုမှလိုချင်နေ၏။ ဇွဲကောင်းကောင်းနှင့် ရှာနိုင်ဖွေနိုင်၊ ရွေးနိုင်ချယ်နိုင်သဖြင့် ပင်မှည့်သီးကိုကား တွေ့ရပါ၏။ သို့ပါလျက် လူမဦးခင်မှာ ငှက်များက ဦးထားနှင့်ကြပြီး နှုတ်သီးနှင့် ပေါက်၍ ပေါက်၍ စားထားနှင့်ကြပြီ။

ဤသို့ဖြင့် စိတ်တိုင်းကျ ခေါင်သီးမှည့်မှည့်ကိုရှာရင်းဖွေရင်း အချိန်တွေက ကုန်မှန်းမသိ ကုန်လာခဲ့၏။ သန်းခေါင်ယံချိန်မှ ကျော်မှန်းမသိ ကျော်လာခဲ့ရာ လက်လှမ်းမီရာ ကျေးရွာများမှ ဗာရာဏသီမြို့တော်ဈေးသို့ လာ၍ရောင်းနေကျ ကုန်လှည်းသံတွေ ကြားလာရ၏။ ကုန်လှည်းတွေ လွန်သွားပြန်တော့လည်း ခြေကျင် ခေါင်းရွက်ဈေးသည်များက စကားတပြောပြော၊ ဆေးလိပ်မီးတွေ တဖွာဖွာဖြင့် ရောက်လာကြပြန်၏။ သူတို့လွန်သွားပြန်တော့လည်း နောက်တစ်ဖွဲ့၊ နောက်တစ်ဖွဲ့ ရောက်လာကြပြန်၏။ သူတက်နေသည့်အပင်ကလည်း လှည်းလမ်းနှင့်မလှမ်းမကမ်းမှာ တည်ရှိနေ၍ သူ့ဘက်က လှုပ်လှုပ်ရှားရှား မလုပ်ရဲပါ။ ငြိမ်ငြိမ်ကလေး ကုပ်နေရာမှ လူပြတ်လောက်ပြီဟု ဆင်းရန်ပြင်လိုက်လျှင်ပင် နောက်တစ်ဖွဲ့က ရောက်လာပြန်ပြီ။

လူအပြတ်ကို စောင့်ရင်း စောင့်ရင်းနှင့်ပင် အရှေ့လောကဓာတ်မှရောင်နီသန်းလာပါပြီ။ အရုဏ်ရောင်နီတွေ တက်၍ တက်၍ လာသည်နှင့်အမျှ မြင်ကွင်းတွေက လင်း၍ရှင်း၍ လာကြပါပြီ။ သည်တော့ ချစ်မယားကလေးအတွက် သရက်သီးမှည့်မှည့် ကျွေးချင်လှသည့် လင်တော်မောင်မှာ သရက်ပင်ပေါ်မှ မဆင်းဝံ့တော့ပါပြီ။

ဤနေ့ခင်းတစ်ခုလုံးပင်လျှင် ဤသရက်ပင်ပေါ်မှာ နေရတော့မည်မို့ စဏ္ဍာလအမျိုးသားသည် အောက်ဘက်မှ ရုတ်တရက် မမြင်နိုင်သော အခွဆုံမှာ နေရာယူလိုက်ရ၏။ သူ့ဘက်က လှုပ်လှုပ်ရှားရှား မလုပ်ဝံ့သည်ကို အခွင့်ကောင်းယူကာ ပုရွက်ဆိတ်ခေါင်းနီကြီးများက သူ့အသားကို ဖင်ထောင်၍ကိုက်ကြ၏။ သူတို့တစ်တွေကို အသာကလေး ပွတ်သပ်ဖယ်ရှားရင်း ကာမဂုဏ်အချစ်၏အပြစ်ဒဏ်ကို ရှုမြင်လာမိ၏။ တစ်သက်လုံးက တော်တည့် ဖြောင့်မှန်စွာ သမ္မာအာဇီဝဖြင့် အသက်မွေးလာခဲ့ပါလျက် ယခုတော့ ကာမဂုဏ် အချစ်ဇောကြောင့် တစ်နေ့တာလုံး ဒုက္ခရောက်ရပေတော့မည်။ မလုပ်သင့်တာကို လုပ်မိပြီဆိုမှတော့ မကောင်းသည့်အပြစ်ဒဏ်ကို မလွဲသာ မရှောင်သာ ခံရပေတော့မည်။

ဤသို့ ပုရွက်ဆိတ်အကိုက်ခံရင်း၊ မိမိကိုယ်ကို အပြစ်တင်ရင်း နံနက်ခင်းအချိန်တွေ ကုန်လွန်လာကြသည်တွင် မိမိနည်းတူ အပြစ်တင်ထိုက်သောပုဂ္ဂိုလ်နှစ်ယောက်က သရက်ပင်အောက်သို့ ရောက်လာကြ၏။ တစ်ယောက်သော ပုဂ္ဂိုလ်မှာ ဗာရာဏသီမြို့တော်၌ ထီးနန်းစိုးစံလျက်ရှိသော ဗြဟ္မဒတ်မင်းဖြစ်၍ အခြားတစ်ယောက်ကတော့ သူ၏ ပုရောဟိတ်ပုဏ္ဏားကြီး ဖြစ်ပေသည်။

မွန်းတည့်ခါနီးအချိန် ဖြစ်သော်ငြားလည်း သရက်ပင်၏အကိုင်းအခက်များကြောင့် အရိပ်ကောင်းကောင်းရနေ၏။ သရက်ပင်၏ အရိပ်အောက်သို့ ရောက်လာကြ၍ မကြာမီမှာပင် သူတို့သည် ဝေဒကျမ်းစာများ သင်ကြားသည့် အလုပ်ကို စတင်ကြ၏။ ဝေဒကျမ်းစာများကို နှုတ်ရွတ်ဆို၍ ပို့ချပေးသူက ပုရောဟိတ်ပုဏ္ဏားကြီး၊ ဆရာပုဏ္ဏားကြီး ပို့ချပေးလေသမျှကို နှုတ်တိုက်ရွတ်ဆိုရင်း သင်ယူနေသူက ဗြဟ္မဒတ်မင်း။ ရှေးရှေးက ဘိုးဘွားဘီဘင် အစဉ်အဆက်မှစတင်၍ ဝေဒကျမ်းစာများကို မဇ္ဈိမဒေသတစ်ခုလုံးက အထွတ်အမြတ်ထားခဲ့ကြရာ ပို့ချပေးသည့်ဆရာသည် မြင့်သောနေရာမှာနေ၍ ပို့ချပေးရ၏။ သင်ယူရသောတပည့်သည် နိမ့်သောနေရာ၌ ရှိသေတုပ်ဝပ်စွာ ထိုင်၍ သင်ယူရ၏။ ယခုတော့ကြည့်ပါဦး- အမြင့်ရမသင့်တော်၊ ဆင်တော်နှင့်ခလောက် ဖြစ်နေပါပြီကော။

ဗြဟ္မဒတ်မင်းသည် ဝေဒကျမ်းစာများကို သင်ယူနေသည့် တပည့်တစ်ယောက် ဖြစ်ပါလျက် မြင့်သောနေရာမှာ ထိုင်လျက်၊ ပုရောဟိတ်ပုဏ္ဏားကြီးမှာမူ ပို့ချပေးသည့်ဆရာတစ်ဆူ ဖြစ်နေပါလျက် အနိမ့်ပိုင်းတစ်နေရာမှာ တုပ်ဝပ်စွာ ခစားလျက်။

စဏ္ဍာလ အမျိုးသားသည် မပြုသင့်တာကို ပြုမိသဖြင့် လက်ငင်းလက်တွေ့ အပြစ်ဒဏ်ခံနေရသည့် မိမိကိုယ်ကို ကဲ့ရဲ့ပြစ်တင်ရှုတ်ချနေရာမှ မိမိထက်ပို၍ ကဲ့ရဲ့ပြစ်တင်ထိုက်သူ၊ ရှုတ်ချထိုက်သူနှစ်ဦးကို တွေ့လိုက်ရသဖြင့် အသက်ဘေးကို မတွေးနိုင်တော့ဘဲ သရက်ပင်ပေါ်မှ အလျင်အမြန် ဆင်းလိုက်ရ၏။ မမျှော်လင့်ဘဲ ရုတ်တရက် ပေါ်ပေါက်လာသည့် ဆင်းရဲသားတစ်ယောက်အတွက် ဗြဟ္မဒတ်မင်းနှင့် ပုရောဟိတ်ပုဏ္ဏားကြီးတို့ အံ့အားသင့်နေသည်တွင်



www.burmeseclassic.com

www.burmeseclassic.com

# သက်ရှည်ကျန်းမာစေသောနည်း

ညွှန့်ဝင်း(နတ်တလင်း)

သက်ရှည်ကျန်းမာချင်ကြတာ လူတိုင်းရဲ့ဆန္ဒပဲဗျ။ ဒါပေမယ့် သက်ရှည်ကျန်းမာဖို့ကိုကျတော့ လူတိုင်းမလိုက်နာ၊ ကျင့်သုံးတတ်ကြဘူး။ 'ဥစ္စာ ကံစောင့်၊ အသက် ဉာဏ်စောင့်' ဆိုသလို ကိုယ့်အသက်ရှည်ဖို့၊ ကျန်းမာဖို့ စားသတိ၊ သွားသတိ၊ နေသတိရှိဖို့ လိုပါတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟာ သက်ရှည်ကျန်းမာဖို့လိုအပ်တဲ့ အဓိက အကြောင်းတရား (၄) ခုလို့ ဆိုထားတယ် မဟုတ်လား။ အဲဒီ (၄) ခုထဲက အာဟာရစားသောက်ခြင်းအကြောင်း ပြောလိုပါတယ်။

အာဟာရအကြောင်းဆိုလို့ ဘာဟင်းတွေ ဘယ်လိုပြည့်စုံအောင် စားရမယ်ဆိုတာတွေပြောမလို့ မဟုတ်ပါဘူး။ အခု စာရေးသူပြောမှာက ပြည်မြို့ ဆယ်ထပ်ကြီးဆရာတော်ထံမှ သိခဲ့ရတဲ့ သက်ရှည်ကျန်းမာအောင် နေထိုင်နည်းလေးပါ။

ဆရာတော်က စာရေးသူကို ဒီလို မိန့်ကြားပါတယ်။

"ဒကာကြီးက စာရေးဆရာဆိုတော့ ကျုပ်ပြောရဦးမယ်၊ ကျုပ်မှတ်သားထားတဲ့နည်းလေးပေါ့။ လူတွေဟာ ကြောင်လိုစား၊ နွားလိုသောက်၊ မျောက်လိုနေ၊ သက်ရှည်ကျန်းမာမည်တဲ့"

ဆရာတော်မိန့်ကြားတဲ့နည်းလေးက ထူးဆန်းပြီး စိတ်ဝင်စားဖွယ်ကောင်းလို့ ရှင်းလင်းမိန့်ကြားဖို့ စာရေးသူက လျှောက်တင်တော့ အဓိပ္ပာယ်ကို သိခဲ့ရပါတယ်။

အသက်ရှည်ကျန်းမာလိုလျှင်-

(၁) ကြောင်စားသကဲ့သို့ စားရမည်။

ကြောင်တစ်ကောင်စာလောက်စားဖို့ပြောတာ မဟုတ်ပါဘူး။ ကြောင်တွေဟာ သားငါးကို ပုပ်ရင်သိုးရင် ဘယ်တော့မှမစားဘူး၊ လတ်လတ်ဆတ်ဆတ်ပဲ အမြဲစားတယ်။ လူတွေလည်း သားငါးနဲ့ ဟင်းသီးဟင်းရွက်ကို လတ်လတ်ဆတ်ဆတ် ချက်ပြုတ်စားသောက်ဖို့ပြောတာပါ။

(၂) နွားရေသောက်သကဲ့သို့ သောက်ရမည်။

နွားတွေသောက်တဲ့ ရေမျိုးသောက်ဖို့ပြောတာ မဟုတ်ပါဘူး၊ နွားက အစာစားပြီးရင် ရေအဝသောက်တယ်။ ရေကိုပဲ အားရပါးရသောက်တဲ့ သတ္တဝါပါ။ အဲဒီလို လူတွေလည်း ရေဝဝသောက်ပေးဖို့ ဆိုလိုတာပါ။

(၃) မျောက်လိုနေရမည်။

မျောက်လို ဂနာမငြိမ်ဘဲ ဟိုအပင်တက်လိုက်၊ ဒီအောက်ခုန်ချလိုက် ဆော့ဖို့ပြောတာ မဟုတ်ပါဘူး။ မျောက်ဆိုတဲ့သတ္တဝါဟာ ငြိမ်ငြိမ်နေလေ့ မရှိဘူး။ အမြဲတမ်း ဆော့ကစား လှုပ်ရှားနေတယ်။ အဲဒီလိုပဲ လူတွေလည်း လှုပ်လှုပ်ရှားရှား သွားသွားလာလာ နေပါတဲ့။ ဒါမှ ဆီး၊ ဝမ်း၊ သွေး၊ လေ ညီမျှပြီး အစာလည်းကြေ၊ အညောင်းလည်းပြေလို့ သက်ရှည်ကျန်းမာမှာ မလွဲပါဘူး။

ကဲ-စာရှုသူတို့လည်း သက်ရှည်ကျန်းမာချင်ရင် အခုဖော်ပြတဲ့ နည်းလေးအတိုင်း လိုက်နာကျင့်သုံးကြဖို့ စေတနာနဲ့ တိုက်တွန်းလိုက်ရပါတယ်။

ညွှန့်ဝင်း(နတ်တလင်း)

*(ပြည်-ဆယ်ထပ်ကြီးဆရာတော်အား ကျေးဇူးတင်လျက်)*

---

စဏ္ဍာလအမျိုးသားက-

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးဟာ ဘုရားဖြစ်သူကို ကျွေးချင်ဇောနဲ့ အရှင်မင်းကြီးရဲ့ သရက်ပင်ပေါ် တက်ခဲ့မိပါတယ်၊ ဘာကြောင့်ပဲလုပ်လုပ်၊ မလုပ်သင့်တာကိုလုပ်မိတဲ့အတွက် ကျွန်တော်မျိုးမှာ အပြစ်ရှိပါတယ်။ ကျွန်တော်မျိုးကို အပြစ်တင်ထိုက်ပါတယ်။ ဒီအတူပါပဲ၊ အရှင်မင်းကြီးတို့နှစ်ဦးကလည်း မလုပ်သင့်တာကို လုပ်ခဲ့တဲ့အတွက် အပြစ်ရှိပါတယ်၊ အပြစ်တင်ထိုက်ပါတယ်"

ဤသို့ လျှောက်တင်သံ ဆုံးသွားသည်နှင့်တစ်ပြိုင်နက် ဗြဟ္မဒတ်မင်းက-

"အောင်မယ်- မောင်မင်းက ငါ့ကိုယ်တော်မြတ်ရဲ့ ဥယျာဉ်တော်ထဲကိုလည်း ခိုးဝင်လာသေးတယ်၊ ငါတို့ကိုလည်း သင်နဲ့ထပ်တူ လူယုတ်လူညံ့စာရင်းသွင်းလိုက်သေးတယ်။ ကိုင်း- ဆိုစမ်းပါဦး။ ငါ ကိုယ်တော်မြတ် ပိုင်စိုးတဲ့သရက်အောက်မှာ ဝေဒကျမ်းစာများ သင်ယူနေတာကို ဘာကြောင့် အပြစ်တင်ရမှာလဲ"

ဤသို့ နှုတ်သံပြင်းပြင်းနှင့် မိန့်ကြားလိုက်သဖြင့်-

"အရှင်မင်းကြီး၊ နားဆင်တော်မူပါ။ ဝေဒကျမ်းစာများကို သင်ကြားတဲ့အခါမှာ ရှေးရှေးပဝေသဏီကစပြီးတော့ ပို့ချပေးတဲ့ဆရာက မြင့်တဲ့နေရာမှာနေရပါတယ်။ ဒါက ဝေဒကျမ်းစာများကို အလေးအမြတ်ပြုတဲ့သဘောပါ။ အဲ့သည်လို ဆရာဖြစ်သူက အမြင့်ကနေပြီးတော့ ပို့ချပေးတာကို တပည့်ဖြစ်တဲ့သူက သင်ယူရာမှာ နိမ့်တဲ့နေရာကနေရပါတယ်။ ဒီတော့ အရှင်မင်းကြီးတို့ရဲ့အပြုအမူက ထုံးထမ်းစဉ်လာနဲ့ ဆန့်ကျင်နေပါတယ်ဘုရား"

ဤသို့ ဘုရားအလောင်းတော် စဏ္ဍာလအမျိုးသားက ထုံးတမ်းစဉ်လာနှင့်အညီ လျှောက်တင်လိုက်၏။ ထိုစကားကိုကြားနာရသော ဗြဟ္မဒတ်မင်းသည်လည်း ညီတော်အာနန္ဒာ၏အလောင်းလျာဖြစ်၍ ဘဝပေါင်းများစွာ ပါရမီဖြည့်ဖော်ဖြည့်ဖက် ဖြစ်လာခဲ့ကြသော အလေ့အထုံကြောင့် စဏ္ဍာလအမျိုးသားအပေါ် မေတ္တာသက်ဝင်လာ၍-

"အမောင်၊ အမောင့်စကားက ထုံးတမ်းစဉ်လာနဲ့ ညီညွတ်ပါပေတယ်။ မလုပ်သင့် မလုပ်ထိုက်တာကို တွေ့တဲ့အခါ လုပ်တဲ့သူရဲ့အရှိန်အဝါကိုမငဲ့ဘဲ ဟုတ်တိုင်းမှန်ရာ ပြောဝံ့ပါပေတယ်။ အဲဒါကို ငါတို့သဘောကျပါတယ်။ မင်းကို ငါတို့ ထိုက်ထိုက်တန်တန်ချီးမြှောက်ချင်ပါတယ်။ ဒီတော့ အမောင်က အဘယ်မျိုးက ဖွားမြင်လာပါသလဲ"

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးဟာ စဏ္ဍာလအမျိုးအနွယ်ဝင် ဖြစ်ပါတယ်။ ဒီမဇ္ဈိမဒေသတစ်ခွင်လုံးမှာ အယုတ်ညံ့ဆုံး၊ အောက်တန်းအကျဆုံး အမျိုးအနွယ်ထဲက ဖြစ်ပါတယ်"

"တကယ်တော့ဖြင့် အမျိုးအနွယ်ကအရေးမကြီးပါဘူးကွယ်။ အသိဉာဏ်နဲ့ အကျင့်စာရိတ္တကသာ အရေးကြီးတာပါ။ ဒီတော့ ရှေ့ကို တိုးခဲ့ပါ။ ခေါင်းကို ညွတ်လိုက်ပါ။ ဟောဒီမှာ ငါကိုယ်တော်ပန်ဆင်ထားတဲ့ပန်းကုံး၊ အဲဒီပန်းကုံးကို အမောင့်လည်တိုင်မှာ စွပ်ပေးလိုက်ပြီ။ အဲဒါက ငါတို့ ရွှေနန်းတော်ရဲ့ ထုံးတမ်းစဉ်လာအရ မြို့တော်စောင့်ရာထူးကို ပေးလိုက်တာပါပဲ"

ထို့နောက်တွင်ကား ဗြဟ္မဒတ်မင်းသည် စဏ္ဍာလအမျိုးသား တစ်ဖြစ်လဲ ဘုရားအလောင်းတော် မြို့တော်စောင့်အရာရှိကို ဆရာအရာမှာထား၍ လေးစားစွာ ဆက်ဆံခဲ့ပါပေသည်။

ဝဏ္ဏသီရိ



www.burmeseclassic.com

www.burmeseclassic.com

## အဘအောင်မင်းခေါင်ကြီး၏ကုသိုလ်တော် သာသနာ့အလင်းရောင် ဥက္ကလာဦးစေတီ


**ရွှေစိုး**



ဥက္ကလာဦးစေတီတော်၏အထွတ်နှင့် ထီးတော် စိန်ဖူးတော်

သည်နှစ် အမိမြန်မာပြည်ကို ပြန်ရောက်သည်မှာ သူတို့နိုင်ငံမှစီးပွားရေး ခရီးသည်များ မပါ။ ကိုယ့်တည်းထီးတည်းဖြစ်၍ အချိန်များစွာ ရပေတော့မည်ဟု ဝမ်းသာမိသည်က အမိမြန်မာပြည်သို့ မရောက်မီအထိ ဖြစ်၏။ အမိမြန်မာပြည်သို့ရောက်လျှင် ရောက်သည်နှင့် အလုပ်တွေက ပေါ်လာသည်။ အလုပ်တွေ မည်မျှပင်များနေစေ၊ စင်စစ်အားဖြင့် ရွှေစိုးအတွက် အလုပ်က အလုပ်ကြီးလေးခု၏ အကြောင်းအကျိုးပွားများရာ ခေါင်းစဉ်အောက်မှာသာရှိ၏။ ယင်းအလုပ်ကြီးလေးခုကား လောကကြီး ဟန်ချက်ညီရာညီကြောင်း တတ်နိုင်သမျှ ဆောင်ရွက်ခြင်း၊ မိသားစုနှင့်ဆွေမျိုးမိတ်ဆွေတို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာရေး တတ်နိုင်သမျှ ဆောင်ရွက်ခြင်း၊ ဗုဒ္ဓသာသနာတော်ကြီး တိုးတက်ပြန့်ပွားရေးအတွက် တတ်နိုင်သမျှ ဆောင်ရွက်ခြင်း၊ မိမိ၏ဘဝသည် ဗုဒ္ဓသာသနာတော်၏အာဝါသအောက်တွင် ရှိနေနိုင်ရန် တတ်နိုင်သမျှ ဆောင်ရွက်ခြင်းတို့ ဖြစ်၏။

ထုံးစံအတိုင်း အမိမြန်မာပြည်သို့ ရောက်သည်နှင့် ပထမဦးဆုံး အဝတ်အစားများလဲလှယ်ပြီးသည်နှင့် ဘုရားဆင်းတုတော်ရှိရာ ဘုရားဆောင်သို့ဝင်၍ ဘုရားနှင့်တကွ ရှိခိုးကန်တော့အပ်သောပုဂ္ဂိုလ်အားလုံးတို့အား ကန်တော့လိုက်၏။ အိမ်ကလည်း အသစ်ဖြစ်၍ ဘုရားဆောင်ကလည်း အသစ်ဖြစ်နေပြီး သဘော်တက်သွားသော သားတော်မောင် မင်းမင်းစိုး၏အပြင်အဆင် သဒ္ဓါတရားအရ အဘ ဘိုးတော်အောင်မင်းခေါင်ကြီး၏ရုပ်တုတော်က ဝတ်ပြုသူနှင့် အနီးဆုံးနေရာမှာ ရောက်နေ၍ ဝတ်ပြုပြီး ပြန်မော့လိုက်သောအခါ အဘခေါင်ကြီးက ရွှေစိုးအား ပြုံးပြုံးကြီး ငုံ့ကြည့်နေသကဲ့သို့ ထင်လိုက်၊ မြင်လိုက်ရ၏။ ရွှေစိုးတစ်ကိုယ်လုံး ဖြန်းခနဲ ကြက်သီးထသွား၏။ တစ်ဆက်တည်းမှာပင် အဘခေါင်ကြီး၏ကုသိုလ်တော် စေတီများဖြစ်သော ဥက္ကလာဦး စေတီတော်နှင့် ဆယ်တောင်ပြည့်စေတီတော် နှစ်ဆူကိုပါ ရွှေစိုး၏မျက်စိထဲတွင် ဘွားခနဲ ဖူးလိုက်ရ၏။ ထိုစေတီနှစ်ဆူကား ရွှေစိုးနေထိုင်ရာရပ်ကွက်နှင့် ကားလမ်းမျှသာခြား၏။ ထို့ကြောင့် နံနက်မိုးလင်းလျှင် ရွှေစိုး၏နေအိမ် အရှေ့အရပ်တွင် ကားလမ်းတစ်လမ်းသာခြားသည့် ဆံတော်ရှင်စေတီတော်မြတ်ကြီးဖြစ်သော ကျိုက္ကစံစေတီတော်ကြီးကို ဖူးမြော်ကန်တော့





www.burmeseclassic.com


www.burmeseclassic.com

...ဆံမြတ်မိလေသည်။

ကျိုက္ကစံ ဆံတော်ရှင် စေတီတော် ...ကြီးသည် ရွှေစိုးနေထိုင်ရာအိမ်၏ ...ဘက်တွင် ရှိ၏။ အဘခေါင်ကြီး ...ယ်တော် ဥက္ကလာဦးဓာတ်စေတီ ...နှင့် ဆယ်တောင်ပြည့်ဓာတ်စေတီ ...တို့က ရွှေစိုးနေထိုင်သောအိမ်၏ ...ဘက်တွင် ရှိ၏။ နံနက်ရောက် ...ရာမှထသည်နှင့် ရေမိုးချိုးပြီး ...သားရေနွယ်၊ စိပ်ပုတီးနှင့်ယော ...ကြီးကိုယူကာ အိမ်ကလူတွေ ...အချိန်တွင် ကျိုက္ကစံ ဆံတော်ရှင် ...တော်မြတ်ကြီးဆီသို့ အာရုံပြုကာ ...၏။

ကျိုက္ကစံ ဆံတော်ရှင်ကို သေချာ ...ယှကန်တော့ပြီး ဂုဏ်တော်ကိုး ...ပုတီးဖြင့် နုသတိ ပွားများ ...၏။ ထို့နောက် ကျိုက္ကစံ ဆံတော် ...တော်ကြီး၏ ပရိဝုဏ်အတွင်း ...သုံးတော်မူနေသော 'အဘ ...' ရသေ့ကြီး၏ဓာတ်နန်းသို့ဝင်၍ ...တော့၏။ ထို့နောက် ယက္ခညီနောင် ...ကြီးနှစ်ပါးနှင့်တကွ ဆိုင်ရာအား ... (၃၁)ဘုံသား အားလုံးတို့ကို အမျှ ...တာ အနောက်အရပ်တွင်တည် ...သော အဘခေါင်ကြီး၏ကုသိုလ် ...ဓာတ်ဘုရားနှစ်ဆူသို့ ကန်တော့ ...ထွက်ခဲ့လေသည်။


ဦးစွာ ဥက္ကလာဦးစေတီတော်သို့ ...ဝင်၏။ အဘခေါင်ကြီး၏ကုသိုလ် ...ဥက္ကလာဦးစေတီတော်သည် ယခု ...လူသိများနေသော ဥက္ကလာပမြို့ ...ဦးစေတီတစ်ဆူဖြစ်သော ဥက္ကလာ ...စေတီတော်နှင့် လူအတော်များများက ...တ်ကြ၏။ ယခုခေတ် တောင်ဥက္က ...၏ မြို့ဦးစေတီထက် အတော်အ ...စော၍ တည်ရှိသော ဥက္ကလာဦး ...တီတော် ဖြစ်၏။ အဘခေါင်ကြီး ...သည် ၁၃၃၄ ခုနှစ်အတွင်းက ထွက် ...နန်းသို့ မြန်းခဲ့ပါသည်။ အဘခေါင် ...ကြီးမရှိသည့်နောက် ရုပ်ကိန်း၊ နာမ်ကိန်း ...များအနက် ထင်ရှားသူတစ်ဦးဖြစ် ...သည့် အဘဦးရွှေအပ်ကြီးအား နာမ် ...ကိန်းက တည်ခဲ့သော ရှေးကျသည့် ...ဥက္ကလာဦးစေတီတော် ဖြစ်၏။ နိုင်ငံ ...ရေးခေတ် ကျားကူးကွက်သစ်ကြီး မီး ...လောင်ပြီးနောက် ဗိုလ်မှူးထွန်းစိန်က ...ရွှေစိုးတို့ကို ယခုနေထိုင်ရာသို့ ပြောင်း ...ပေးပါသည်။ ထိုကတည်းက ဤအရပ် ...ကို ဥက္ကလာပမြို့ဟု ခေါ်ခဲ့ပါသည်။ ထို ...က ရွှေစိုး ငယ်ငယ်ပင်ရှိသေးသည်။



သာသနာ့အလင်းရောင် မြတ်စွာဘုရား



အဘအောင်မင်းခေါင်ကြီးကုသိုလ်တော် ကမ္ဘာပေါ်သာသနာတင်ဓာတ်ဘုရား




ဥက္ကလာဦးရင်ပြင်တော်ပေါ်ရှိ ရေချမ်းအိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကလာဦး ကမ္ဘာစာတ်တိုင်စေတီတော်



အဘအောင်မင်းခေါင်ကြီး





ဘုရားရှင်ဆင်းတုတော်၏လက်ဝဲဘက်ရှိ အရှင်ဥပဂုတ္တဆင်းတုတော်



ဘုရားဆင်းတုတော်၏လက်ယာဘက်ရှိ ရှင်သီဝလိဆင်းတုတော်



ဥက္ကလာဦးရင်ပြင်တော်ရှိ သုရဿဝတီမယ်တော်ကြီးနှင့် အမိဗွာန်ရှင် ဓမ္မဝါဒီဦး

ပထမတန်းအရွယ်ပင် ဖြစ်သည်။ ဥက္ကလာပမြို့ဟူ၍ လူနေအိမ်ခြေများဖြင့် မြို့မတည်သေးခင်ကတည်းက ဤနေရာသည် ဥက္ကလာပမြို့ တွင်လိမ့်မည်၊ ဤစေတီသည် ထိုမြို့၏အဦးအထိပ်နေရာမြတ်တွင် ရှိနေလိမ့်မည်ဟု အဘခေါင်ကြီးက ကြိုတင်ကာ မိန့်ထားတော်မူခဲ့ကြောင်းနှင့် ထိုစေတီပရိဝုဏ်၏ ထွတ်မြတ်သောနေရာ တစ်နေရာတွင် ဥက္ကလာပမင်းကြီး၏ ရွှေချက်သိုရာ နေရာမြတ်ကိုလည်း ထုတ်ဖော်ညွှန်ပြခဲ့ပါ၏။ အဘခေါင်ကြီးအား ယုံကြည်အားထားကြသူ တပည့်များက ဥက္ကလာပမင်း၏ ရွှေချက်သိုရာနေရာတွင် မြေအောက်တရားဂူတစ်ဆူဖန်တီးပြီး ထိုဂူအထက်တွင် ကုလားကျောင်းပမာ အုတ်တက်ထားပါသည်။ ထိုအုတ်တက်ထားရာ၏ ထောင့်လေးထောင့်၌ တစ်ထောင့်လျှင် ကြက်ဖကြီးတစ်ကောင်ဖြင့် စုစုပေါင်း ကြက်ဖကြီး လေးကောင်၏ ရုပ်တုကိုလည်း တည်ထားကြပါသည်။ ရှေးစိုးငယ်ငယ်က ထိုကြက်ရုပ်ကြီးများသည် နံနက် အရုဏ်တက်လောက်အချိန်တွင် ထ၍ နှစ်ကြိမ်တွန်ကြောင်း ကြားဖူးပါသည်။ အတိအကျသတင်းလည်းမဟုတ်၊ ကိုယ်တိုင်ကြားရခြင်းလည်း မဟုတ်၍ တပ်အပ်သေချာ သက်သေမပြနိုင်ပါ။ သို့သော် ထိုနေ့က အဖေတို့၊ အမေတို့နှင့်အတူ ထိုစေတီသို့ မနက်စောစောရောက်ခဲ့ပါသည်။ အမေတို့ပြသော ထိုကြက်ရုပ်ကြီးများကိုလည်း မော့ကြည့်မိခဲ့သေးသည်ကိုသာ မှတ်မိပါသည်။

အဘခေါင်ကြီး၏ ကုသိုလ်တော် ဥက္ကလာဦးစေတီတော် ပရိဝုဏ်အတွင်းသို့ ဝင်မိသည်နှင့် ဖိနပ်ချွတ်ပြီး ကုန်းကောက်၍ အမော့တွင် သာသနာ့အလင်းရောင်' တန်ဆောင်းတော်ကြီးကို တည့်တည့်တန်းတန်း မြင်ရပါသည်။ ထိုသာသနာ့အလင်းရောင် တန်ဆောင်းတော်ကြီးထဲတွင် သာသနာ့အလင်းရောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဆင်းတုတော်ကြီး သီတင်းသုံးနေတော်မူပါသည်။ သာသနာ့အလင်းရောင် ဘုရားရှင်ဆင်းတုတော်ကြီး၏ ဝဲတော်၊ ယာတော် တစ်ဖက်တစ်ချက်တွင် ရှင်သီဝလိကိုယ်တော်မြတ်ကြီးနှင့် ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးများ၏ ဆင်းတုတော် ရှိပါသည်။ ရှင်သီဝလိကိုယ်တော်မြတ်ကြီးက လက်ယာဘက်၌ သီတင်းသုံးတော်မူလျက်ရှိပြီး ရှင်ဥပဂုတ္တအရှင်မြတ်ကြီးက လက်ဝဲဘက်တွင် သီတင်းသုံးတော်မူလျက်ရှိပါသည်။ သာသနာ့အလင်းရောင်ကိုယ်တော်မြတ်ကြီး၏ ခေါင်းတော်မြတ်တည့်တည့်၊ အထက်




www.burmeseclassic.com

www.burmeseclassic.com



သူတော်စင်ဗိမာန်အတွင်းမှ သူတော်စင်ကြီးများ





အဘအောင်မင်းခေါင်ကြီး သုံးတော်မူခဲ့သောအခန်း



သူတော်စင်ဗိမာန်အတွင်း
မဟာဗောဓိမြိုင်ဆရာတော်
တောထွက်ခါစပုံတော်

မျက်နှာကြက်တွင် သက်န်းရွှေဝါရောင် ဗိတာန်ကြက်ထားသည်ကို တွေ့ရသည်။ ယင်းဗိတာန်တော်သည် ဤဆင်းတုတော်ကြီးတည်ပြီး မကြာမီ စေတနာရှင်တို့၏အလှူဖြစ်ပြီး ယနေ့တိုင် ရှိနေဆဲဖြစ်ပါသည်ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးက ဆိုပါသည်။ သာသနာ့အလင်းရောင် ဆင်းတုတော်မြတ်ကြီးမှာ မင်းဝတ်တန်ဆာများနှင့်တကွ အလွန်သပ္ပာယ်သော မျက်နှာတော်၊ အလွန်ပြေပြစ်အချိုးကျလှသော ကိုယ်ကာယတော်တို့ဖြင့် ဖူး၍မဝနိုင်လောက်အောင် ကြည်ညိုဖွယ်ဖြစ်ပါသည်။ ရုံတော်မှုလျက်ရှိသော ရှင်သီဝလိ အရှင်မြတ်ကြီးနှင့် ရှင်ဥပဂုတ္တ အရှင်မြတ်ကြီးတို့မှာလည်း လူတို့၏ပင်ကိုအလုံးအရပ်အတိုင်းပင်ရှိပြီး သပ္ပာယ်လှသည်။ အရှင်မြတ်ကြီးတို့၏ကျောင်းတော်နှဖူးစီးတွင် မြန်မာ့ဂုဏ်ရောင် 'ဒေါင်း' အမှတ်အသားကြီးက ဟိုးအရင်အစဦးကတည်းက ရှိနေပါသည်။


အရှင်မြတ်ကြီးတို့ သီတင်းသုံးတော်မူသော ကျောင်းတော်၏လက်ဝဲဘက်တွင် သူတော်စင်ဗိမာန် ဟူ၍ ရှိပါသည်။ သူတော်စင်ဗိမာန်သည် ကျောင်းတော်နှင့်တစ်ဆက်တည်း ဖြစ်ပါသည်။ ရွှေစိုးတို့ ငယ်စဉ်ကတော့ 'အောင်မင်းခေါင်ကြီးဓာတ်ခန်း' ဟု ခေါ်ကြပါသည်။ ထိုဓာတ်ခန်းတွင် ထင်ရှား၊ မထင်ရှားသော သံဃာတော်များ၊ လူသူတော်စင်များ သီတင်းသုံး တည်းခိုဖူးပါသည်။ ထင်ရှားသောပုဂ္ဂိုလ်များထဲတွင် မှတ်မိသည်မှာ အဘအပ်ကြီး၊ မြစိမ်းတောင်ဆရာတော်ဘုရားကြီး၊ မဟာဗောဓိမြိုင်ဆရာတော်လောင်းလျာ ဦးညိမ်းတို့သာ ဖြစ်ပါသည်။ ကျောင်းများ၊ ဇရပ်များ၊ စေတီပုထိုးများသည် အားလုံးအတွက် ဖြစ်ပုံရပါသည်။ ကျေးဇူးရှင် ဆရာသခင်တစ်ဆူဖြစ်တော်မူသော မဟာဗောဓိမြိုင်ဆရာတော်လောင်းလျာ ဦးညိမ်းသည် သမထယာနိကာဘဝဖြင့် ပါရမီဖြည့်နေစဉ်က အဘခေါင်ကြီး၏ဓာတ်စေတီတစ်ဆူဖြစ်သော ဤဥက္ကလာဦးစေတီသည် အောင်ရာဌာနတစ်ဆူ ဖြစ်ခဲ့ပါသေးသည်။ ဥက္ကလာပမင်းကြီး၏ရွှေချက်သိုဂူ (သိကြားဂူ) သည် ဦးညိမ်း၏တရားကျင့်ရာဂူ၊ အဓိဋ္ဌာန်ဝင်ရာဂူ ဖြစ်ခဲ့ပါသည်။ ထိုဂူထဲတွင် တစ်ယောက်နေကွပ်ပျစ်လေးတစ်လုံးရှိပြီး ခေါင်းရင်းခပ်မြင့်မြင့်တစ်နေရာတွင် ဆင်းတုတော်ငယ်ငယ်တစ်ဆူ သီတင်းသုံးတော်မူသော ဂူလိုဏ်သေးသေးလေး တစ်လုံးရှိပါသည်။ ထိုဆင်းတုတော်လေးသည် ဦးညိမ်း ပူဇော်သော ဆင်းတုတော်ဟုဆိုကြပါသည်။ ထိုဂူအတွင်းသို့ အုတ်

www.burmeseclassic.com







လှေကားလေးဖြင့် လွယ်ကူစွာဆင်းပြီး တရားကျင့်နိုင်ပါသည်။ ဂူငယ်အခြား တစ်ဖက်တွင် လေဝင်လေထွက်ကောင်း ရန် ပြတင်းပေါက်ငယ်လေးတစ်ခုလည်း ရှိပါသည်။ ထိုပြတင်းမှာ တရားကျင့်သူ ၏အထက်ခပ်မြင့်မြင့်တွင်ရှိနေသဖြင့် ထို ပြတင်းပေါက်မှ အတွင်းသို့ ငုံ့ကြည့်၍ လည်း အတွင်းသို့ မမြင်နိုင်။ အတွင်းမှ တရားကျင့်သူကလည်း အပြင်သို့ကြည့် ရှုရန် မဖြစ်နိုင်။ လေဝင်, လေထွက်အ ပေါက်မျှသာ ဖြစ်ပါသည်။ အေးသော ရာသီတွင် နွေးပြီး နွေးသောရာသီတွင် အေးမြမှုကိုပေးသဖြင့် တရားကျင့်သူအ တွက် အလွန်ပင် ရာသီဥတုသပ္ပာယဖြစ် ပါသည်။ ထို့ကြောင့် ထင်ပါသည်၊ အဓိဋ္ဌာန်ရှင်များ ဝင်ရောက်အားထုတ် တတ်ကြပါသည်။ ဦးညိမ်း၏အိမ်နှင့် လည်း နီးလှပါသဖြင့် အလွန်အဆင်ပြေ ပုံရပါသည်။

သူတော်စင်ဗိမာန် အကြောင်းကို ဆက်ပါမည်။ သူတော်စင်ဗိမာန်ထဲတွင် အခန်းနှစ်ခန်း ရှိပါသည်။ တစ်ခန်းက ဘုရားရှင်နှင့် အဘခေါင်ကြီး၏ပုံတော် များရှိသည့်အခန်း ဖြစ်ပါသည်။ ဘုရား ဆောင်ဟု ခေါ်ရပါမည်။ ထိုဘုရား ဆောင်နှင့်ကပ်လျက် အခန်းတစ်ခန်း ရှိ ပါသည်။ ထိုအခန်းတွင်း၌ အဘခေါင်၏ ပုံတော်အချို့နှင့် ခုတင်တို့ ရှိပါသည်။ အဘဦးရွှေအပ်ကြီးရှိစဉ်က ကျိန်းသော အခန်းဟု ဆိုပါသည်။ နောက်ပိုင်းတွင် အဘခေါင်ကြီး၏ရုပ်နုဓာတ် ကြွလာပြီး ထိုခုတင်တွင် ကျိန်းလေ့ရှိသည်ဟု ဆို ကြပါသည်။ ထိုခုတင်ဘေးတွင် အဘ ပွား၏ပုံတော် (ဓာတ်ပုံ) ရှိပါသည်။ အဘပွားဟု ဆိုရာတွင် ဦးပွား ဟူသည် မှာ အမည်ရင်း မဟုတ်ပါ။ မန္တလေးမှ ဘွဲ့ရပုဂ္ဂိုလ် (ဦးအေးဘောဟု ထင်ပါ သည်၊ ကောင်းကောင်းမမှတ်မိ။) အား အဘခေါင်ကြီးက သူ၏ကိုယ်ပွားကိုယ် စားဟုချီးမြှင့်ကာ မဟိဒ္ဓိ သာသနာပြု လုပ်ငန်းများကို လုပ်စေသူ ဖြစ်ပါသည်။ အဘခေါင်ဓာတ်၊ အဘခေါင်နာမ်ဖြင့် မဟိဒ္ဓိ သာသနာပြုများထဲတွင် အဘပွား သည် အစစ်အမှန်တွေထဲက တစ် ယောက် ဖြစ်ပါသည်။ အဘပွား၏ပုံ တော်ဟုဆိုသော်လည်း မှန်မပါ၊ ပေါင် မပါ၊ ဓာတ်ပုံစာရွက်အလွတ်မျှသာ ဖြစ် ပါသည်။ အဘပွား၏ပုံတော်နှင့် ယှဉ် လျက် ကြီးမားသောမှန်ပေါင်ဖြင့် အ သေအချာစီရင်ထားသော ရှေးခေတ်က ထုတ်ဝေခဲ့ဖူးသည့် သတင်းစာတစ်စောင်

www.burmeseclassic.com


www.burmeseclassic.com

၏သတင်းဇာစ်စိတ်တစ်ဒေသကို အထူးဖြင့် သတင်းစာ၏စာမျက်နှာကို ဖိုတိုစတက်စ် စနစ်ဆန်းဖြင့် ပုံကြီးချဲ့ကူးကာ ချိတ်ပေါင်သွင်းထားသည့် ဓာတ်ပုံကြီးဖြစ်ပါသည်။


ထိုသတင်းစာ၏အမည်ကား 'အနေပေါ်' သတင်းစာ ဖြစ်၏။ ၁၃၁၄ ခု၊ တော်သလင်းလပြည့်ကျော် (၁၃) ရက်၊ အင်္ဂါနေ့ (၁၆-၉-၅၂) ထုတ်ဝေသော သတင်းစာ ဖြစ်၏။

ထိုသတင်းစာ၏ ပထမဆုံးစာမျက်နှာတွင် 'ဘိုးမင်းခေါင် ထွက်ရပ်ပေါက်' ဟူသော သတင်းစာမျက်နှာဖုံး ခေါင်းကြီးသတင်းကို ဖတ်လိုက်ရ၏။ စိတ်ဝင်စား၍ ဆက်ဖတ်ကြည့်ရာတွင် 'ဘုရားတောင်မြတ် တောင်ကလပ်မယ် နဂါးနတ်ရံကာချိန်ပြီး ခန္ဓာအိမ် လဲလိုက်သတဲ့။ သာသနာတစ်ဝက်အနင်းမှာ ရာဇာမင်းလာတော့မယ် ဆိုပါလား' ဟူသော သတင်းမြည်း စာကြောင်းမှသည် သတင်းအားလုံးကို ဖတ်ပါတော့သည်။ အဘခေါင်ကြီးနှင့်အတူ သီတင်းသုံးကာ ကျင့်ကြံအားထုတ်ဖူးသည် ဆိုသော အောင်ဆုပန်ဆရာတော် ဦးဉာဏိန္ဒ အရှင်မြတ်ကို သတိရမိသေးသည်။ အဘခေါင်ကြီး၏ကုသိုလ်တော် ဉက္ကလာဦး စေတီ ရှေ့တည့်တည့်ရှိ အောင်ဆုပန် ကျောင်းတိုက်တွင် အဖော်ဟူ၍ ကပ္ပိယပင် အမြဲမထားသော တစ်ပါးတည်းသာ သီတင်းသုံးတော်မူသည့်ဆရာတော် ဖြစ်၏။ ထိုဆရာတော်ကြီးထံမှ အဘခေါင်ကြီး၏အကြောင်းကို အတော်လေးကြားနာခဲ့ရဖူး၏။ ထိုအောင်ဆုပန်ကျောင်းတိုက်သည် ယခု မရှိတော့ပါ။ ဆရာတော်လည်း ပျံလွန်တော်မူပြီမှာ ကြာပါပြီ။ ထိုအဘ၏အခန်းမှ အပြင်သို့ထွက်လိုက်သောအခါ အတန်ကျယ်ဝန်းသော ဧည့်ခန်း ဖြစ်ပါသည်။

ရွှေစိုးတို့ငယ်ငယ်ကတည်းက အဆောင်ဖြစ်နေ၍ ရင်ထဲတွင် တရင်းတနှီးခံစားရပါသည်။ ထိုအခန်း (ဧည့်ခန်း) ထဲတွင် ရွှေစိုးသည် မိဘလူကြီးများနှင့်အတူ ပုတီးအဓိဋ္ဌာန်စိပ်ဖူးခဲ့ခြင်း၊ မဟာဗောဓိမြိုင်ဆရာတော်ကြီး၏တပည့်ကြီးများနှင့်အတူ အာနာပါနစခန်း ဝင်ခဲ့ဖူးခြင်းများကို ပြန်လည်သတိရမိပါသည်။



ရှေးကတည်းကရှိခဲ့သော ဗိတာန်တော်



ဉက္ကလာဦးစေတီတော်ပရဝဏ်အဝင်




www.burmeseclassic.com

www.burmeseclassic.com

အာရုံပြုရာနေရာလေးဖြစ်၍ အာရုံခံအခန်းဟုပင် ဆိုချင်ပါသေးသည်။ ထိုတစ်ဆောင်လုံးကို 'သူတော်စင်ဗိမာန်' ဟု ကမ္ပည်းတပ်ထားခြင်း ဖြစ်၏။ ခေါင်းရင်းဘက်နံရံများတွင် အဘခေါင်ကြီး၏ပုံတော်အပြင် မြစိမ်းတောင်ဆရာတော်ကြီး၏ဓာတ်ပုံတော်နှင့် မဟာဗောဓိမြိုင်ဆရာတော်အရှင်မြတ် ဝါနုစဉ်က ပုံတော်ကို ဖူးတွေ့ရပါသည်။ ထိုအခန်း၏ခေါင်းရင်း လက်ယာဘက်နံရံပေါ်၌ အဘခေါင်ကြီး၏ပုံတော်များအပြင် စမတောင်မှထွက်တော်မူကြသော အဖေနွဲ့၊ အဖေလှုတို့နှင့် ပျဉ်းမနား(နေပြည်တော်) မှ သူတော်စင်ပုဂ္ဂိုလ်ထူးကြီး ဖြစ်တော်မူသော ပျဉ်းမနားအဖေကြီး၏ဓာတ်ပုံတော်ကိုလည်း တစ်စုတစ်ဝေး ဖူးတွေ့ရပါသည်။ ထိုသူတော်စင်ဗိမာန်အခန်းထဲမှထွက်ခဲ့ပြီးသော် အဘခေါင်ကြီး၏ ကုသိုလ်တော် ဥက္ကလာဦး ဓာတ်စေတီတော်၏ပရိဝုဏ်အတွင်း မြေသားပေါ်သို့ ခြေချမိလေတော့သည်။

သူတော်စင်ဗိမာန်မှ ထွက်လျှင် ထွက်ချင်း လက်ယာဘက်သို့ကြည့်လိုက်ပါက ဗောဓိညောင်ပင်ကြီးကို ဖူးရပါသည်။ တစ်ခါက ဗောဓိညောင်ပင်ပျက်စီးမတတ်ဖြစ်ခဲ့သေးသော်လည်း ယခုအခါတွင် တင့်တယ်စွာဖူးတွေ့ရ၍ ဝမ်းသာမိပါသည်။ ဝေဘူဆရာတော်ဘုရားကြီး ပင့်လာသော ဗောဓိမျိုးစေ့ဟု ဆိုကြပါသည်။ ရွှေစိုးငယ်စဉ်ကတည်းက အရိပ်ထွက်လောက်အောင်ကြီးနေသော ဗောဓိပင်ပျို ဖြစ်၏။ ထိုဗောဓိပင်၏သောကြာထောင့်တွင် ရွှေစိုးငယ်စဉ်က အကြိမ်ပေါင်းများစွာ အဓိဋ္ဌာန်ပုတီးစိပ်ခဲ့ဖူးသည်ကို ပြန်၍အမှတ်ရမိ၏။ ဗောဓိညောင်ပင်ကြီး တင့်တယ်စွာ ရှင်သန်နေရုံမျှမက ရွှေစိုးငယ်စဉ်ကမရှိခဲ့ဘူးသော ရုက္ခစိုးဘိုးဘိုးကြီး နတ်ကွန်းဆောင်ကိုလည်း တွေ့လိုက်ရပါသည်။ ထိုရုက္ခစိုးဘိုးဘိုးကြီး၏အနီးတွင် အစစ်ပမာဏမျှကြီးသော အဘခေါင်က ဆင်စီးလျက် ဘေးမှလူငယ်တစ်ဦးက မြင်းစီးနေသော ပုံကြီးကို အမိုးအဆောင်နှင့်တကွ တွေ့ရ၏။ ထိုမှ ဥက္ကလာဦးစေတီဘက်သို့ သွားလျှင် အနည်းငယ်လမ်းလျှောက်ရပါသည်။ တစ်ဝင်းတည်းတွင်ရှိ၍ သိပ်မလျှောက်ရပါ။

ဥက္ကလာဦးစေတီတော်သို့ မရောက်မီ စေတီ၏အနီးတွင် ကမ္ဘာလုံးကြီးပေါ်၌စံပယ်နေတော်မူသော ကမ္ဘာလုံးဘုရား၊ သိကြားရုပ် (ဒေသအခေါ်


အဘခေါင်ကြီး၏ဓာတ်ခန်းရှေ့ရှိ ဗောဓိညောင်ပင်တော်

ကြက်ဘုရား) နှင့် ကမ္ဘာလုံးပေါ်တွင် ထောင်ထားသော ဓာတ်တံခွန်တိုင်ကို တွေ့ရပါသည်။ ယခင်က ထိုဓာတ်တံခွန်တိုင်အနီးနားတွင် အလွန်ကြီးမားသော ညောင်ပင်ကြီးတစ်ပင် ရှိသည်။ ယခင်က ထိုအရပ်တွင် အိမ်ခြေများ ယခုကဲ့သို့မရှိကြဘဲ တောအုပ်ကြီးသဖွယ် ဝါးရုံတောကြီးများက ကာရံနေသဖြင့် ထိုညောင်ပင်ကြီးမှာ မှောင်မှောင်ထဲတွင် မည်း၍နေလေသဖြင့် မြင်ရုံဖြင့် မကြည့်ရဲလောက်အောင် ရွှေစိုးက ကြောက်နေတတ်ပါ၏။ သို့သော် ဝါသနာက ပြင်းသဖြင့် ထိုညောင်ပင်ကြီးကိုကြည့်ပြီး ကြောက်ရွံ့ထိတ်လန့်စွာ မေတ္တာအထူးပို့မိပါသည်။ ဥက္ကလာဦးစေတီတော်တွင်ပုတီးစိပ်သည့်အခါ အရပ်မျက်နှာအဓိဋ္ဌာန်မဟုတ်လျှင် ညောင်ပင်ကြီးရှိရာဘက်ကို ရှောင်၍ ပုတီးစိပ်လေ့ရှိပါသည်။ အဓိဋ္ဌာန်ရှိ၍ ထိုဘက်၌ ပုတီးစိပ်သည့်အခါ ကျော့မလုံ၊ သမာဓိ မရပုတီးပတ်ကိုသာ ပြည့်အောင် အမြန်စိပ်လေ့ရှိပါသည်။ ယခုတော့ ထိုအပင်ကြီးမရှိတော့ပါ။ ထိုနေရာတွင် သူတော်စင်များ၏ တစ်ပါးချင်း ဓာတ်နန်းဆောင်လေးများ ဖြစ်နေပါပြီ။ ထိုဘက်၏ထောင့်တွင် အလွန်ကြီးမားသော ရေအိုးကြီး ရှိသည်။ ရေအိုးကြီးက စေတီတော်၏ရင်ပြင်တွင်တည်ထားခြင်း ဖြစ်၏။ ထိုရေအိုးကြီး၏နံဘေးပတ်လည်တွင် 'ဘုန်းတော်ကြီးလို့ သက်တော်ရှည်၊ ဒို့တစ်တွေ ရေချမ်းအိုးကြီး' ဟု ရေးထားပါသည်။ ထိုစကားစုသည် တစ်ချိန်က တဘောင်အဖြစ် အလွန် ကျော်ကြားခဲ့ပါသည်။

အဘခေါင်ကြီး၏ ကုသိုလ်တော်ဓာတ်စေတီတော်များကို ပြောကြလျှင် ထိုဥက္ကလာဦးစေတီနှင့် အနီးဝန်းကျင်ရှိ ဆယ်တောင်ပြည့်ဓာတ်စေတီတော်တို့ ချန်မထားကောင်းပါ။ အဘခေါင်ကြီး ကိုယ်တော်တိုင် တည်ထားသော ဆယ်



www.burmeseclassic.com

www.burmeseclassic.com



အဘအောင်မင်းခေါင်ကြီး၏ကုသိုလ်တော် ဘုရားရှင်တန်ဆောင်းတော်



...ပြည့်စေတီအကြောင်းကို နောင်...သင့်က သိသမျှ အစဖော်ပါဦး ... ဆောင်းပါးတွင် အဘခေါင် ...ကုသိုလ်တော် သာသနာ့အလင်း ...ဥက္ကလာဦးစေတီတော်အကြောင်း ...ပြည့်သို့ကြပါမည်။

အဘခေါင်ကြီး၏ကုသိုလ်တော် ...ဦး ဓာတ်စေတီတော်၏ပုံတော် ...ဗောဓိစေတီပုံစံမျိုး ဖြစ်၏။ ...မျက်နှာရှိပြီး စေတီ၏တစ်မျက်နှာ ... ဘုရားဆင်းတုတော် သီတင်းသုံး ...မူသည့် လိုဏ်မုခ် ခုနစ်မုခ်ပါရှိ၏။ ...င့်အားဖြင့် လေးဆင့်ရှိ၏။ အရပ် ...မျက်နှာတွင် နတ်မင်းကြီးတစ်ပါးစီ ...ည်၊ စေတီတော်၏ကိုယ်လုံးတော် ...ပင် တင်ပါးလွှဲထိုင်လျက် ဖြစ်၏။ ...တော်သည် မဟာဗောဓိပုံ မျက် ...တော်လေးဖက်ရှိပြီး အရပ်လေးမျက် ...တိုင်း ရှိသည်။ တစ်မျက်နှာလျှင် ...တော်တစ်ဆူစီ ကိန်းအောင်း သီ ...သုံးတော်မူသည့် မုခ်လေးမုခ်ရှိ၍ ...လုံး စုစုပေါင်း (၂၈) မုခ် လိုဏ် ...ရှိပြီး ဆင်းတုပေါင်းမှာ (၂၈) ဆူ ...၏။ နှစ်ကျိပ်ရှစ်ဆူကုန်သော ဗုဒ္ဓ ...တော်မြတ်တို့ကိုရည်စူးပူဇော်ဟန် ရှိ ...၏။ စေတီ၏အထက်ဆုံးပိုင်းသည် စေ ...တို့၏အစဉ်အလာအတိုင်း မဟုတ်ဘဲ ...မ်းအုပ်ကြီး တင်ထား၊ ပူဇော်ထား ...ည်ကို ဖူးတွေ့ရ၏။ တည်စအခါက ...တော်ကို ထုံးသင်္ကန်းကပ်လှူခဲ့ ...သော်လည်း နောင်ကာလတွင် ကိုယ် ...တော်ပြည့် ရွှေသင်္ကန်းကပ်လှူခဲ့ကြ ...၏။ ယခုအခါတွင် ရွှေသင်္ကန်းဖြင့် ...ကြရမည် ဖြစ်၏။

စေတီတော်၏ အနောက်အရပ် ...ပြင်တော်ပေါ်တွင် သူရဿတီနတ် ...အုတ်ကျောင်း နန်းဝိဟာ ရှိ၏။ ရှေး ...တည်းကရှိပြီး အလွန်အသက်ဝင်လှ ...၏၊ ထိုသူရဿတီနတ်ဒေဝီ မယ်တော် ...ကြီး၏နံဘေး၊ စေတီ၏ ပရဝဏ်အပြင် ...ဘက်တွင် ကပ်လျက် မယ်တော်ဆောင် ...တစ်ဆောင်ကို ရွှေစိုး နိုင်ငံခြားကပြန် ...လာမှ အသစ်အဖြစ် တွေ့မြင်ရသည်။ ...တည်ဆောက်လှူဒါန်းသူ ဒကာတို့၏ ...အဘောထားကို ရွှေစိုး မသိရ၊ သို့သော် ...အစိမ်းရောင်နန်းဝတ်နန်းစားဖြင့် တွေ့ရ ...၏၊ ရွှေစိုး နိုင်ငံခြားမှအပြန် ရောက် ...ခဲ့သော ပထမအခေါက်က သိုက်နန်းရှင် ...ဟု ဆိုကြ၏။ ကြုံခိုက်ဆုံခိုက် မေတ္တာ ...ပို့မိ၏။ ယခုအခေါက် အပြန်တွင် ထို ...ဆောင်အတွင်း ရုပ်တု၏ဘေးတွင် ဒန်းပုခက်တစ်ခုကိုပါတွေ့၏။ ဒေါ်တင်တင်ဦးဆိုသူ အဓိဋ္ဌာန်ရှင် ယောဂီသူတော်စင်ဝတ် သီလရှင်တစ်ပါးနှင့်တွေ့ရ၏။ လူတွေက ထိုရုပ်တု (မယ်တော်) ကို မယ်တော်ကြီး မြနန်းနွယ်ဟု ဆိုကြပြန်၏။ ထိုရုပ်တုကိုပင် မြနန်းနွယ်ဟု တချို့က ဆိုကြခြင်းဖြစ်၍ ရွှေစိုးလည်း ထိုရုပ်တုရှေ့တွင် မယ်တော်ကြီး မြနန်းနွယ်ဟု ရည်စူးကာ ကြုံတုန်းကြုံခိုက် မေတ္တာပို့လိုက်ပြန်၏။ မည်သူပင် ဖြစ်ဖြစ် မေတ္တာပို့သခြင်းကို လက်ခံ သာခုခေါ်မည်သာ ဖြစ်၏။

ရွှေစိုးသည် ရွှေစိုး၏ဘုရားဖူးအမြင်အတွေ့ကို ဖော်ပြခြင်းမျှသာ ဖြစ်၏။ တစ်နိုင်ငံလုံး ဟိုးဟိုးကျော်သည့် အဘအောင်မင်းခေါင်လို ပုဂ္ဂိုလ်မျိုးက တစ်ပြည်လုံး ဗုဒ္ဓဘာသာဝင်အားလုံးနီးပါးမျှ ယုံကြည်ကိုးကွယ် ပူဇော်ကြသည့် ဥက္ကလာဦးဓာတ်စေတီမျိုးကို ဓာတ်သဘော၊ ဓာတ်အဓိပ္ပာယ် အဖွင့်အဆို ရည်ရွယ်ချက်မရှိဘဲ တည်လိမ့်မည် မဟုတ်ပါ။ အဘ၏ကုသိုလ်တော်တစ်ခုဖြစ်သည့် ထိုဥက္ကလာဦးစေတီတော်နှင့် ပတ်သက်၍ အစ,အဆုံး ဖြစ်စေ၊ တစ်စွန်းတစ်စ ဖြစ်စေ၊ ကိုယ်တိုင် ဉာဏ်စွမ်းအား, လုပ်အား စသည်ဖြင့် ပါဝင်ဖူးကြသူများဖြစ်စေ စုံစုံစေ့စေ့သိနိုင်သမျှ သိကြရအောင် သူရဇ္ဇမဂ္ဂဇင်းကြီးမှတစ်ဆင့် ကမ္ဘည်းမှတ်တမ်းပြုကြရအောင် ဟူ၍ ဖိတ်မန္တကပြုအပ်ပါသည်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး အမှူးထား၍ အဘခေါင်ကြီး အပါအဝင် ခင်ပွန်းကြီးဆယ်ပါး အရှင်မြတ်တို့၏ ဂုဏ်ကျေးဇူးတော်ကို ဤဆောင်းပါးဖြင့် ပူဇော်အပ်ပါသည်။

ရွှေစိုး



www.burmeseclassic.com

www.burmeseclassic.com

စစ်ကွင်းဆရာတော်သည် မျက်စိလည်လမ်းမှားကာ ရောက်လာသော မိန်းကလေးတစ်သိုက်နှင့် ဝက်ဝံကြီး အကြားရောက်နေချိန် မိန်းကလေးတို့က ကြောက်အားလန့်အားဖြင့် ဝိုင်းဖက်ထားကြသဖြင့် ဆရာတော်၏စိတ်တွင် တစ်မျိုးတစ်မည် သာယာသောစိတ် ဖြစ်သွားမိလေ၏။

ဤသို့ဖြစ်နေချိန်တွင် ဝက်ဝံမကြီးသည် ဆရာတော်၏စိတ်ကိုသိသည့်သဘောဖြင့် စစ်ကွင်းဆရာတော်အား စူးစူးစိုက်စိုက်ကြည့်ပြီး တဂွီဂွီဖြင့် မာန်ဖီနေလေ၏။


ဆရာတော်ကလည်း ဝက်ဝံမကြီးကိုကြည့်ပြီး -

"ဟေ့ - ငါ့ကိစ္စ ငါသိတယ်၊ ငါ့အပြစ် ငါသိတယ်။ ပြီးမှ ဒီကိစ္စ မင်းနဲ့ငါ ရှင်းမယ်"

ဟု လှမ်းပြောလိုက်၏။ ထို့နောက် မိန်းကလေးများအား ဘေးလွတ်ရာဘေးကင်းရာသို့ သွားပို့ပေးလိုက်၏။ ထို့နောက် စစ်ကွင်းဆရာတော်သည် ဝက်ဝံမကြီးထံသို့ ပြန်လာခဲ့၏။

ဆရာတော်သည် ဝက်ဝံမကြီးထံ ရောက်သောအခါ သူ့လက်ကို ဝက်ဝံမကြီးဆီသို့ ထိုးပေးလိုက်၏။ ထိုအခါ ဝက်ဝံမကြီးလည်း ဆရာတော်၏ လက်ကို ဖျတ်ခနဲဖျတ်ခနဲနေအောင် ကိုက်လေတော့၏။ သို့သော် အပေါ်မှဝတ်ထားသောသင်္ကန်းကိုတော့ ပေါက်မသွားခဲ့ပေ။

စစ်ကွင်းဆရာတော်၏ လက်ကို ဝက်ဝံမကြီးကိုက်လိုက်သောအချိန်တွင် ဆရာတော်သည် သူ၏ ခံတွင်းထဲတွင် ခြင်္သေ့ဆောင်အင်းသေးသေးကို ချပြီး ထည့်ထားခဲ့၍ တစ်စုံတစ်ရာပေါက်ခြင်း ပြဲခြင်းမဖြစ်ခဲ့ခြင်း ဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com

ဤအဖြစ်အပျက်နှင့် ပတ်သက်ပြီး ဆရာတော်ကြီးက ပြန်ပြောပြရာတွင်-

"မင်းတို့လူတွေ၊ သတ္တဝါတွေကို တယ်ဆယ်တဲ့အခါမျိုးဆိုရင် သတိထားကြ၊ အဆင်မသင့်ရင် ကိုယ့်ကိုပြန်ထိတတ်တယ်။ နောက်ပြီး ခြသေ့်အင်းဆိုတာလည်း အတော့်ကို အစွမ်းထက်တယ်"

ဟု မိန့်ကြားခဲ့ပါသည်။

ထို့နောက် စစ်ကွင်းဆရာတော်က မိန့်ကြားရာတွင် -

"အဲဒီအချိန်တုန်းက ဝက်ဝံမကြီးကိုမတွက်ဘဲ တရားပဲဖိပြီးအားထုတ်ခဲ့တဲ့ ကိစ္စပွင့်တစ်ယောက် ခုအခါမှာ အကျက်ရုပ်စခန်းမြန်းသွားခဲ့ပြီလေ"

ဟု မိန့်ကြားခဲ့ပါ၏။

■



# ပထမမိဝိက္ကုစရတ္တက်ရပ်ပေါက်လောကီပညာနှင့်
# ကျေးဇူးရှင်စစ်ကွင်းဆရာတော် ဦးစန္ဒာဘာသ
(၉)

နောက် စစ်ကွင်းဆရာတော်၏ အဖြစ်အပျက်တစ်ရပ်မှာ စစ်ကွင်းမြို့၏အရှေ့ဘက်အခြမ်းတွင် ကဲ့ကော်ပင်တောင်၊ ချီပါတောင် စသည့် တောင်များ ရှိကြလေသည်။ စစ်ကွင်းဆရာတော်သည် ထိုတောင်များ၌ ဝစီပိတ် အဓိဋ္ဌာန်ဝင်ခဲ့လေ၏။

ရှေးအချိန်ကာလတစ်ရပ်တုန်းက အဆိုပါ ချီပါတောင်ကို 'ချေးပါတောင်' ဟု ခေါ်တွင်ခဲ့ကြ၏။ နောက်ပိုင်းတွင်မှ ချီပါတောင်ဟု အမည်တွင်ခဲ့၏။ အဆိုပါတောင်အား ယခင်က ချေးပါတောင်ဟု အမည်တွင်ရခြင်းအကြောင်းမှာ ထိုတောင်တွင် သိုက်များကြီးစိုးသည့်နေရာဖြစ်၏။ ထိုသိုက်တွင် ငွေချေးလျှင်ရ၏။

ထို့ကြောင့် စစ်ကွင်းဆရာတော်သည် ထိုချေးပါတောင်တွင် အဓိဋ္ဌာန်ဝင်ခဲ့၏။ အဓိဋ္ဌာန်အောင်မြင်ပြီးနောက် ဆရာတော်သည် အဆိုပါချေးပါတောင်မှ ငွေချေးရန် အစီအစဉ်လုပ်လိုက်၏။ ဆရာတော်သည် ထိုသိုက်မှ ငွေချေးရခြင်းအကြောင်းအရင်းမှာ ဘုရားတည်ရန်အတွက် ဖြစ်၏။

ထိုသို့ သိုက်မှ ငွေချေးရန် စီရင်နည်းမှာ သင်းပိုင်တစ်ထည်ကို ဖြန့်ခင်းပြီး မတ်စေ့တစ်စေ့ကို ထိုသင်းပိုင်ပေါ်၌ တင်ထားပြီး ထိုချေးပါတောင်မှ ငွေချေးဖို့အကြောင်း သွားပြောလေ၏။

အကယ်၍ ထိုသို့ ငွေချေးရန် သွားပြောသောအခါ သိုက်မှ သဘောကျလျှင် တင်ထားသည့်မတ်စေ့ကို သိမ်းသွားလေ၏။ အကယ်၍ သဘောမကျလျှင်၊ သဘောမတူလျှင် မတ်စေ့လေးသည် သိမ်းဆည်းခြင်းမခံရဘဲ သူ့အတိုင်းရှိနေလေ၏။

ဤသို့ဖြင့် တင်ထားသောစစ်ကွင်းဆရာတော်၏မတ်စေ့သည် အသိမ်းခံလိုက်ရ၏။ ထိုအခါ ဆရာတော်လည်း ငွေဒင်္ဂါးသုံးထောင်ကို ချေးယူခဲ့၏။ ချေးယူသောအခါတွင် ကတိကဝတ်ပြုခဲ့၏။ ထိုကတိမှာ ချေးယူသောငွေကို ဘယ်နှလအတွင်း ပြန်ဆပ်ပါမည် ဟူသည့် ကတိပင်ဖြစ်၏။ ထို့အပြင် သိုက်မှ ငွေဒင်္ဂါးကို ချေးယူလျှင် ပြန်ဆပ်သောအခါ၌လည်း ငွေဒင်္ဂါးဖြင့်ပင် ပြန်ဆပ်ရ၏။ အကယ်၍ သတ်မှတ်သည့်အချိန်ကာလ ချေးယူသည့် ငွေကြေးပမာဏမပြည့်မီလျှင် (ဝါ) ပြန်မဆပ်နိုင်လျှင် ထိုငွေချေးယူသူသည် ထိုသိုက်တွင် သိုက်စောင့်ဖြစ်ရလေ၏။

ဤသို့ဖြင့် စစ်ကွင်းဆရာတော်လည်း ဘုရားတည်ရန် ငွေချေးယူပြီး စစ်ကွင်းသို့ ပြန်လာခဲ့၏။ ဆရာတော်သည် ထိုငွေဒင်္ဂါးများကို သူတရားအားထုတ်သည့် အနီးအနားတွင် မြှုပ်ထားခဲ့၏။ ဝှက်ထားခဲ့၏။

တစ်နေ့တွင် အမျိုးသမီးတစ်ဦးသည် ယောက်ျားလေးကဲ့သို့ဝတ်ပြီး ဆရာတော်ကြီးဝှက်ထားသော ငွေဒင်္ဂါးသုံးထောင်ကို ခိုးယူသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com

ထိုငွေခိုးယူသော အမျိုးသမီးမှာ စစ်ကွင်းဆရာတော်၏မိတ်ဆွေများဖြစ်သည့် ရွှေတိဂုံဂေါပကလူကြီးဦးဘိုးစော၊ ဆရာကြီး ဒီးဒုတ်ဦးဘချိုတို့နှင့် အလွန်ပင် ရင်းနှီးသောသူဖြစ်နေ၏။ ဂေါပကလူကြီး ဦးဘိုးစောနှင့်ဆိုလျှင် ပို၍ခင်မင်သူ ဖြစ်၏။

ဤငွေအခိုးခံရခြင်းကိစ္စနှင့်ပတ်သက်ပြီး စစ်ကွင်းဆရာတော်သည် ငွေခိုးယူသူကို သိ၏။ သို့သော်လည်း ဆရာတော် မိတ်ဆွေတို့၏မျက်နှာအကြောင်းကြောင်းကို ထောက်ထားပြီး အခြားသူတို့ကို အသိမပေးခဲ့ပေ။ သို့ဖြင့် သိုက်မှ ချေးယူထားသောငွေများကို ပြန်ဆပ်ရမည့်အချိန်ကလည်း နီးသည်ထက်နီးလာခဲ့ပြီ ဖြစ်၏။ ထို့ကြောင့် စစ်ကွင်းဆရာတော်သည် သောကပွားလျက်ရှိလေ၏။

အကယ်၍ သိုက်မှ ချေးယူထားသောငွေ ပြန်မဆပ်နိုင်ပါက ကာယကံရှင်သည် သိုက်ထဲဝင်ရမည့်အရေးဖြစ်သဖြင့် တုန်လှုပ်ရခြင်းဖြစ်၏။ ထို့ကြောင့် စစ်ကွင်းဆရာတော်လည်း နောက်ဆုံး၌ မနေသာတော့ဘဲ ဆရာတော် ဦးဣန္ဒာသဖကိုပင့်လိုက်ပြီး အဖြစ်အပျက်အကျိုးအကြောင်း အခြေအနေတို့ကို လျှောက်တင်လိုက်လေ၏။ ထိုအခါ ဆရာတော် ဦးဣန္ဒာသဖက စစ်ကွင်းဆရာတော်အား -

လမ်းဆုံလမ်းလေးခွတွင် သင်းပိုင်ကိုခင်းပြီး ဆေးတစ်ခုကိုပေးကာ ထိုဆေးသုတ်၍ အလှူခံရန်ပြော၏။ ထို့အပြင် ဆရာတော် ဦးဣန္ဒာသဖက ဆက်၍မိန့်ကြားခဲ့သည်မှာ ကြွေးဆပ်ရန် ငွေပြည့်သည်နှင့် တစ်ပြိုင်နက် ငွေအလှူခံခြင်းကို ရပ်တန့်ရန်ပြောပြီး ဆရာတော် ဦးဣန္ဒာသဖလည်း ပြန်ကြွသွားလေတော့၏။

စစ်ကွင်းဆရာတော်လည်း ဆရာတော်ကြီး မိန့်ကြားခဲ့သည့်အတိုင်း လမ်းဆုံလမ်းခွတွင် အလှူခံလေသောအခါ လမ်းသွားလမ်းလာများရော အခြားအခြားသော အမျိုးသမီးများပါ လာပြီးလှူကြ၏။ လာသည့်အမျိုးသမီးများသည် သိုက်မှ လူယောင်ဆောင်ပြီး လာခြင်း ဖြစ်၏။ နေ့ဝက်ခန့်ကြာသောအခါ ငွေလည်း ပြည့်သွားတော့၏။ ဆရာတော်လည်း အလှူခံခြင်းကို ရပ်တန့်လိုက်တော့၏။

နောက်တစ်နေ့ရောက်သောအခါ ဆရာတော်လည်း ချိုပါတောင် (ချေးပါတောင်) သို့ သွားရောက်ပြီး ချေးယူထားသောငွေဒင်္ဂါး သုံးထောင်ကိုပြန်ဆပ်ခဲ့လေ၏။

## စစ်ကွင်းသချိုင်းမှကျတ်များ

စစ်ကွင်းဆရာတော်ကြီးသည် မြန်မာပြည်အနှံ့ သချိုင်းပေါင်း (၉၉) သချိုင်း၌ နိသဇ်ဓူတင်ကျင့်သောလုပ်ငန်း စတင်ပြီးလုပ်ခဲ့၏။ ထိုကဲ့သို့ ဓူတင်ဆောင်ရင်းကျင့်ခဲ့ရာ သချိုင်းပေါင်း(၉၉) သချိုင်း ပြည့်မြောက်ခဲ့လေ၏။ နောက်ဆုံး (၉၉) ခုမြောက် သချိုင်းအဖြစ် အောင်ခဲ့သောသချိုင်းမှာ စစ်ကွင်းမြို့ရှိ ကျွန်းတောသုသာန် ဖြစ်ခဲ့၏။

ဆရာတော်သည် စစ်ကွင်းကျွန်းတောသုသာန်၌ ဓူတင်ကျင့်ရင်း တစ်ညတွင် ကျတ်များသည် လူယောင်ဆောင်ပြီး ထွက်လာကြ၏။ ထိုကျတ်တို့သည် အဆိုပါ သုသာန်တွင် နေကြ၏။ သို့သော် စစ်ကွင်းဆရာတော် ထိုသုသာန်၌ ဓူတင်ဆောင်ပြီး နောက်ဆုံးအဓိဋ္ဌာန်ပြုနေသည်ဖြစ်၍ ကျတ်တို့သည် ထိုနေရာ၌ ဆက်လက်နေနိုင်ရန် အခက်အခဲအကျပ်အတည်းဖြစ်နေတော့၏။

ထို့ကြောင့် လူယောင်ဆောင်ထားသော ကျတ်တစ်ကောင်က ဆရာတော်ကို ဓားနှင့်ဝင်ထိုးလေ၏။ ဆရာတော်က ရှောင်လိုက်သဖြင့် လွဲသွားလေ၏။ အခြားသော ကျတ်တစ်ကောင်က ဆရာတော်ကို တုတ်နှင့်လှမ်းရိုက်ရာ ဆရာတော်၏ဦးခေါင်းကို ရှပ်ပြီးထိသွားလေ၏။ ဦးခေါင်းတွင် ပွန်းရုံလောက်တော့ ထိသွားခဲ့လေ၏။

ထိုအခါ စစ်ကွင်းဆရာတော်က ထိုအခါတွင်မှ စဉ်းစားမိသည်မှာ ငါ ယခုအားထုတ်နေသောနေရာသည် ကျတ်ကုန်းကြီးဖြစ်နေခြင်းဖြစ်ကြောင်း သတိပြုမိတော့၏။

နောက်တစ်နေ့ ညသို့ရောက်သောအခါ ဆူညံသော အသံများကို ကြားရလေတော့၏။ ဆရာတော်လည်း ထိုကြားရသောအသံဗလံများအား ဘာသံများနည်းဟု နားစိုက်ထောင်ကြည့်သောအခါ ခြူသံ၊ လှည်းသံ၊ မိန်းမသံ၊ ကလေးငိုသံများဖြစ်ကြောင်း သိရတော့၏။

ထိုအခါတွင်မှ စစ်ကွင်းဆရာတော်လည်း သိရသည်မှာ ဤကျတ်ကုန်းရှိ ကျတ်များ ပြောင်းရွှေ့သွားကြပြီ ဖြစ်ကြောင်း သိရတော့၏။

ထိုသို့ မကျေမနပ်ဖြင့် ပြောင်းရွှေ့သွားကြရသော ကျတ်တို့သည် ဆရာတော်ကြီးအား မိုးမွှန်အောင် ဆဲဆိုကြိမ်းမောင်းသံများနှင့်အတူ အခြားတစ်နေရာသို့ ပြောင်းရွှေ့သွားကြလေ၏။

## ဝိဇ္ဇာဓရပညာခန်းတစ်ရပ်

ဤကဲ့သို့ဖြင့် စစ်ကွင်းဆရာတော်ကြီးသည် စစ်ကွင်းကျွန်းတောသုသာန်၌ နောက်ဆုံး (၉၉) သချိုင်းမြောက်အဖြစ် နိသဇ်ဓူတင်ကို အောင်မြင်ခဲ့၏။ ထို့ကြောင့် စစ်ကွင်းဆရာတော်လည်း ဤနေရာသည် ငါ၏အောင်မြေပဲဟု တွေးပြီးနောက် ဤကျွန်းတောသုသာန်မှာပင် ကျောင်းဆောက်ပြီး သီတင်းသုံးနေရန် ဆုံးဖြတ်ခဲ့လေ၏။

*[နိသဇ်ဓူတင် ဆိုသည်မှာ ညနေ (၆) နာရီမှ စတင်ပြီး နံနက် (၆) နာရီအထိ မအိပ်ခြင်း၊ ကျောမခင်းခြင်း၊ မလဲလျောင်းခြင်းပင် ဖြစ်၏။ မျက်စိဖွင့်ပြီး ကမ္မဋ္ဌာန်းတစ်ခုခုကို စိတ်ထဲမှမှတ်ပြီး ကျင့်သည့် အကျင့်မြတ်တစ်ခု ဖြစ်ပေသည်။]*

ဆရာတော်လည်း အဆိုပါ စစ်ကွင်းသုသာန်၌ သီတင်းသုံးနေစဉ် ဆွမ်းကွမ်းကိစ္စနှင့် ပတ်သက်၍မူ သိပ်အဆင်မပြေလှပေ။ ထို့ကြောင့် ဆရာတော်လည်း တစ်စုံတစ်ရာကို ထူးထူးခြားခြားပြုလုပ်ရန် ဆုံးဖြတ်လိုက်၏။ အဘယ်ကြောင့်ဆိုသော် စစ်ကွင်းသားတို့သည် ခပ်ပေပေ၊ ခပ်ဆိုးဆိုးများ ဖြစ်၏။ ဘုရားမှန်းလည်းမသိ၊ တရားမှန်းလည်းမသိ၊ သံဃာတော်များကိုလည်း သံဃာမှန်းမသိပေ။ ထို့ကြောင့် သံဃာတော်တို့အား လှူဒါန်းရန်ကိစ္စကား ပို၍ဝေးတော့၏။

ထို့ကြောင့် ဆရာတော်သည် စစ်ကွင်းကျွန်းတောသုသာန်၌ သီတင်းသုံးနေတော်မူစဉ် ဆရာတော် သီတင်းသုံးနေသည့်နေရာနှင့် မလှမ်းမကမ်းတွင် ဗုဒ္ဓရုပ်ပွားတော် ကျောက်ဆင်းတုတစ်ဆူရှိလေသည်။

ထိုရုပ်ပွားတော်ကြီးသည် လမ်းမဘက်သို့ မျက်နှာမူထား၏။ ဆရာတော်လည်း ထိုရုပ်တုဆင်းတုတော်အား အင်းချ၍ လမ်းဘက်သို့ ကျောခိုင်းထားခဲ့၏။ ထိုကဲ့သို့ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးတစ်ခုလုံးကို မကြာမတင်ကာလအတွင်း ဆွဲလှည့်ထားသည်ကို ရုတ်တရက် တွေ့လိုက်ရသော နွားကျောင်းသားများ၊ ထင်းခွေသူများ၊ ရွာသားများ အလန့်တကြားဖြစ်သွားကြကုန်၏။ အုတ်အော်သောင်းနင်းဖြစ်သွားကြ၏။ တစ်ဆင့်

www.burmeseclassic.com

[illegible]စ်ဆင့်နားဖြင့် ဟိုးလေးတ[illegible]ကျော်ဖြစ်သွားခဲ့၏။

ထို့နောက်တွင် ဆရာတော်က [illegible] ဗုဒ္ဓဆင်းတုတော်ကြီးကို မူလ[illegible]ဖြစ်အောင် ပြန်ဆွဲလှည့်ထား[illegible] ဆရာတော်ကြီးအား ပို၍ ယုံ[illegible]လာကြ၏။ ဆည်းကပ်လာကြ၏။ [illegible]ကြောင့် ဆရာတော်ကြီး သီတင်းသုံး[illegible]နေရာရောက်လာပြီး ဆွမ်းများ၊ [illegible]င်းများ ကပ်ကြ၏။ ထိုအခါတွင် [illegible] ဆရာတော်၏ ဆွမ်းကိစ္စ ပြေလည်[illegible]ခဲ့၏။

**[illegible]ယူသွားသောပစ္စည်းကို ပြန်လာပို့ရ[illegible]**

တစ်နေ့တွင် ဆရာတော်သည် [illegible]ကျောင်းဆောက်ရန်အတွက် သစ်များ၊ [illegible] သွပ်များဝယ်ပြီး ကျောင်းဝင်း[illegible]တွင် စုပုံထားလိုက်၏။

တစ်ညတွင် ဆရာတော်ကျောင်း[illegible]ဆောက်ရန် စုပုံထားသော ကျောင်း[illegible]ဆောက်ပစ္စည်းများထဲမှသွပ်များကို သူခိုး[illegible]ယောက်က လှည်းဖြင့်တင်ပြီးခိုးယူ[illegible]သွားခဲ့၏။

ထို့ကြောင့် ဆရာတော်လည်း ခိုး[illegible]သွားသော သွတ်များကို ပြန်ရစေရန် [illegible]စီမံပြီးနောက် မီးထွန်းလေ၏။ ထို[illegible] အဆိုပါပစ္စည်းများ ခိုးယူသွားသူ[illegible]ည် ဝမ်းများဒလဟောသွားလေတော့[illegible] ဝမ်းသွားသည်မှ မြော့နေအောင် [illegible]ခြင်းဖြစ်၏။ ထိုအခါ ဆက်ပြီးမရပ်[illegible]ည်နိုင်တော့ပေ။ ထို့ကြောင့် ခိုးယူ[illegible]သွားသောသွပ်များကို လှည်းဖြင့်တင်ပြီး [illegible]ဆရာတော်ကြီးဆီ ပြန်ပို့ပေးခဲ့၏။

ထိုအခါ ဆရာတော်လည်း ဒေါသ[illegible]ဖြစ်ဖြင့် ထိုသူခိုးအား ကြိမ်လုံးဖြင့် '[illegible]ဟ၊ ခိုးဦးဟ' ဟု ထပ်ရိုက်ပြီး နောင်[illegible]ခြင်းအမှုကို မည်သည့်အခါတွင်မျှ [illegible]ရန်ဆုံးမလိုက်၏။ သူခိုးလည်း နောင်[illegible]တော့ပါဘူးဟု ကတိပေးပြီး ပြန်သွား[illegible]လေတော့၏။

**[illegible]လောကသို့ မကြာခဏ သွားရောက်ခဲ့[illegible]**

တစ်နေ့တွင် စစ်ကွင်းသုသာန်[illegible]ကျောင်း၌ ရေတွင်းတူးလေ၏။ ထိုအချိန်[illegible] ဦးပညောဘာသခေါ် ဆရာကြီး [illegible]ဘဟန်လည်း ဆရာတော်ကြီးနှင့်အတူ [illegible]နေပြီး ဆရာတော်ကြီးနှင့် အဓိဋ္ဌာန်ဝင်[illegible] ကူညီလုပ်ကိုင်ပေးလေ၏။ ထိုအ[illegible]ချိန် ဆရာကြီးလည်း ဆရာတော်ကြီးထံ[illegible]နေစဉ်အတွင်း ဆရာတော်ကြီး စိတ်လိုလက်ရရှိစဉ်တွင် လည်းကောင်း၊ စိတ်ကြည်သောအခါတွင် လည်းကောင်း ပြောပြသည့် ဝိဇ္ဇာဓရဆိုင်ရာအကြောင်းအရာများကို စာအုပ်တစ်အုပ်တွင် ရေးမှတ်ထားခဲ့၏။

တစ်နေ့တွင် ဦးပညောဘာသ ဆွမ်းခံကြွနေစဉ် ဆရာတော်ကြီး၏ မွေးစားသမီးဖြစ်သူက ဦးပညောဘာသ၏ မှတ်စုစာအုပ်များကို ဆွဲဖြပစ်လေ၏။ ဦးပညောဘာသလည်း ဆွမ်းခံပြန်လာသောအခါ သူ့မှတ်စုစာအုပ်များကို ဆုတ်ဖြဲပစ်တာတွေ့သောအခါ ဆရာတော်ကြီး၏ မွေးစားသမီးကို ဆူပူကြိမ်းမောင်းလေ၏။

ထိုအခါ မွေးစားသမီးက စစ်ကွင်းဆရာတော်ကြီးကို သွားတိုင်လေ၏။

ဆရာတော်ကြီးကလည်း ဘာမှ မလိုက်ဘဲ မွေးစားသမီးအား ထပ်မံဆူပူကြိမ်းမောင်းလေ၏။ ဆရာတော်ကြီးသည် ထိုမွေးစားသမီးအား သံယောဇဉ်ကြီး၏။ ရံခါ သူမအား သိုက်ထဲသို့ ခေါ်သွားတတ်၏။

သိုက်ထဲရောက်သောအခါ ဆရာတော်ကြီးက သူမအား -

"သမီး၊ သိုက်ထဲရောက်ရင် ဘာပစ္စည်းမှမယူနဲ့။ ကိုင်တောင်မကြည့်နဲ့နော်"

ဟု အသေအချာကြိုတင်မှာကြားပြီး သိုက်ထဲရောက်သောအခါ သိုက်စောင့်အမျိုးသမီးများကို မွေးစားသမီးလေးအား ဖျော်ဖြေကပြစေလေ၏။

ဤသို့ဖြင့် စစ်ကွင်းဆရာတော်ကြီးသည် သူ၏ဝိဇ္ဇာဓရပညာဖြင့် ပရလောကများသို့ မကြာခဏ သွားရောက်ခဲ့ပါသည်။

**ဝက်သားကြိုက်သည့်ဆရာတော်ကြီး**

ဆရာတော်ကြီးသည် ခန္ဓာကိုယ်တုတ်ခိုင်ဝဖြိုးသော်လည်း သွားလာလှုပ်ရှားရာတွင် လွန်စွာပင် လျင်မြန်သွက်လက်ပေါ့ပါး၏။ လမ်းလျှောက် လျင်မြန်၏။ ထိုသို့ ဆရာတော်ကြီး ပေါ့ပါးသွက်လက်ရခြင်းအကြောင်းမှာ မျောက်လေပွေ၏သည်းခြေကို ဆေးဖော်စပ်ပြီး ခြေထောက်တွင် ထိုးထားခြင်း ဖြစ်၏။ ထိုဆေးကြောင့် သွားလာရာတွင် ပေါ့ပေါ့ပါးပါးရှိလေ၏။

မျောက်လေပွေဆိုသည်မှာ လက်သီးဆုပ်လောက်သာ ရှိ၏။ လေတိုက်လျှင် အမိုက်နှင့်အတူ ဟိုဒီလွင့်ပါရောက်ရှိသွားတတ်သည့် မျောက်တစ်မျိုး ဖြစ်၏။ ထို့ကြောင့် ထိုမျောက်မျိုးသည် လွန်စွာ တေဇော၊ ဝါယောဓာတ်များအားကောင်း၍ အသုံးပြုသည့် ပုဂ္ဂိုလ်သည် ပေါ့ပါးလျင်မြန်ရခြင်းဖြစ်ပေမည်။

ထို့အပြင် ဆရာတော်ကြီးနှင့် ပတ်သက်၍ နောက်ထပ် ထူးခြားသောအချက်တစ်ရပ်မှာ ဆရာတော်ကြီးသည် ရေတစ်ကြိမ်ချိုးလျှင် စည်ပိုင်းတစ်လုံးကျော်လောက် ရေချိုးလေ၏။ ရေအလွန်ကြိုက်သည့်ပုဂ္ဂိုလ် ဖြစ်သည်ဟု ဆိုရပါမည်။

နောက်ထပ်ထူးခြားချက်မှာ ဆရာတော်ကြီးသည် လမ်းစဉ်အင်းများကို အတော်ပင် ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် သောက်ထားခြင်းပင် ဖြစ်၏။

ထို့မှမက ဆရာတော်ကြီး၏ ထူးခြားချက်မှာ ဆရာတော်ကြီးသည် အစားအသောက်နှင့် ပတ်သက်လျှင် ဝက်သားကို အလွန်ကြိုက်ခြင်းပင် ဖြစ်၏။ တစ်နေ့တွင် ဆရာတော် ဦးပညောဘာသကတစ်ဖက်၊ စစ်ကွင်းဆရာတော်ကတစ်ဖက် ဆွမ်းစားနေကြ၏။ ထိုစဉ်က ဆရာတော် ဦးပညောဘာသသည် သက်သတ်လွတ်စားနေ၏။

ထိုအချိန်တွင် ဆရာတော်ကြီးကို ကိုးကွယ် ဆည်းကပ်သူ ရန်ကုန်မြို့ထဲမှ သံထည်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ အရောင်းအဝယ်လုပ်သည့် တရုတ်ကြီးတို့ရောက်ရှိလာကြ၏။ သူတို့သည် ဆွမ်းဟင်းလာကပ်ကြခြင်း ဖြစ်၏။ သူတို့လာကပ်သည့်ဟင်းမှာ ဝက်သားဟင်းဖြစ်၏။ ထိုဝက်သားဟင်းသည် မည်မျှ များပြားသနည်းဟူမူ ဝက်သား (၅) ပိဿာကို ချက်၍ လာရောက်ကပ်ခြင်း ဖြစ်၏။

စစ်ကွင်းဆရာတော်ကြီးသည် ဝက်သားဟင်းကို အကပ်ခံပြီးသည်နှင့် စားလက်စဆွမ်းနှင့် တစ်ပါတည်း ဘုဉ်းပေးလေတော့၏။ ဤတစ်ထိုင်တည်း ဆွမ်းစားရင်း ဝက်သားဟင်းကို ဘုဉ်းပေးရာ ဆွမ်းစားပြီးသည့်အချိန်တွင် ဝက်သားဟင်းတစ်တုံးမျှမကျန်အောင်ပင် ကုန်စင်သွားလေတော့၏။ ဤမျှအထိ ဆရာတော်ကြီးသည် ဝက်သားကို ကြိုက်၏။ ဝက်သားကိုဤမျှစားသော်လည်း ဆရာတော်ကြီး၏ ကျန်းမာရေးသည် ဒေါင်ဒေါင်မြည်နေလေ၏။ ဤကား ထူးခြားချက်ပင် ဖြစ်၏။

(ရှေ့လဆက်ရန်)

ပထမံဆရာဦးအေးရွှေ



www.burmeseclassic.com

www.burmeseclassic.com



သုရဿနှင့် ကျွန်တော် [illegible]
[illegible]ကြသည်က ၂၀၀၂ ခုနှစ် [illegible]
[illegible] [illegible]သည်။ လုပ်ငန်းအ[illegible]
[illegible]ကြ[illegible]ရေးနှင့် အ[illegible]
ရှိကြသည့်[illegible] ကျွန်တော်တို့
ရှိ အာဝရစာပေ[illegible]အုပ်ဆောင်းဆိုင်မှ
၂၀၀၂ ခုနှစ် ဒီဇ[illegible]လထုတ် သုရဿ
မဂ္ဂဇင်းတစ်အုပ်ကို [illegible]ရမ်း ဖတ်ရှုခဲ့မိ
သည်။ ထိုစာအုပ်တွင် ဆရာဦးမောင်
မောင်[illegible] (ရင်ကိုဒေါ်မြ[illegible]) ၏
'သောကြာအခါအစ်အရိုင်' ကို ဖတ်ရှု
ရပါသည်။ ရေစက်တုန်း ရေတွင်းထဲ
ကျသည်လား ကယ်တင်ခြယ်မသည်
ဟု ပြောရမည်လား မသိ။ ဆရာ၏
သောကြာအခါအစ်အမံကို ဖတ်ရှုမိပြီး
ယုံကြည်မှုစွမ်းအား အပြည့်အဝဖြင့်

(လွန်ခဲ့သော)

# ဦးနေဝင်း

## ပရိတ်တန်ခိုး အကျိုးအနှစ်



www.burmeseclassic.com

www.burmeseclassic.com

...ကြားသည့်အတိုင်း လေးလေး ...ထိုက်နာဆောင်ရွက်ခဲ့ရာ မကြာ ...ကာလတွင် ကျွန်တော်၏ ငွေကြေး ...အခဲ လုပ်ငန်းအခက်အခဲများ ...ချောမွေ့လာခဲ့ပါသည်။ ထိုမှ ...နေ့အထိ အခက်အခဲပြဿနာ ...လာတိုင်း ဆရာ၏ သောကြာ ...အမံကို စီမံပူဇော်မြဲ ဖြစ်ပါ ...။

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလထုတ်မှ ...တွယ်တာခဲ့ရသော သူရဇ္ဇမဂ္ဂဇင်း ...ကျွန်တော်နှင့်မိသားစု၏အမှီအဖ ...ဖြစ်၏။ ကျွန်တော့် သားနှစ် ...၊ သမီးတစ်ယောက်တို့သည် ...ကြီးပြင်းလာခဲ့ကြပြီး လူတစ် ...တစ်လုံး ဖြစ်လာခဲ့သည်။ ဘာသာ ...နှင့် ယဉ်ကျေးမှု၊ လူမှုဆက်ဆံရေး ... တရိပ်ရိပ်မြင့်မားလာခဲ့ကြသည်။ ...အခါ သားနှင့် သမီးတို့သည် ပညာ ...ဆိုင်ရာဘွဲ့ကိုယ်စီဖြင့် လိမ္မာရေးခြား ...လူပျိုလူလွတ်ဘဝဖြင့် မိဘများကို ...တွေးနေကြပြီ ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလထုတ်မှ ...နေ့ထက်တိုင် သူရဇ္ဇကို လစဉ်ဝယ်ယူ ...သည်။ သူရဇ္ဇတွင် ကျွန်တော် စွဲမြဲဖတ် ...သည်က ဝိပဿနာကိုယ်တွေ့ဆောင်း ...များ၊ ဘာသာရေးဆောင်းပါးများ၊ ...တိ၊ ပဋ္ဌာန်းဂုဏ်တော်အကျိုးတရား ...ဆောင်းပါး၊ ဝတ္ထုများ ဖြစ်ပါသည်။ ...ရေး၊ စာဖတ်ဝါသနာကြောင့် ကျွန် ...တော် ရေးသားတင်ပြသော ဆေးမြီးတို၊ ...ဆောင်းပါး၊ ဝတ္ထုတိုများ မဂ္ဂဇင်းတွင် ...ရှိလာ၍ စာအုပ်တိုက်မှ လက်ဆောင် ...စာအုပ်ပို့ပေးစေကာမူ ကျွန်တော် လစဉ် ...ဝယ်ယူမြဲဝယ်ယူသည်။ ချမ်းသာကြွယ်ဝ ...တော့ မဟုတ်ပါ။ ကျွန်တော့်အတွက် ...လက်ဆောင်ရရှိသော စာအုပ်ကို ဘုန်း ...တော်ကြီးကျောင်းများ၊ ကျေးရွာစာကြည့် ...တိုက်များသို့ အလှည့်ကျပေးပို့ လှူဒါန်း ...လျက်ရှိပါသည်။

။

၁၃၇၄ ခုနှစ်၊ မဟာသင်္ကြန် အတက်နေ့ ညနေ (၆) နာရီမှ နှစ်ဆန်း တစ်ရက်နေ့ ညနေ(၆)နာရီအထိ အသံ ...ခဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများကို စာရေးသူနေထိုင်သည့် မြို့ပေါ် (၆)ရပ် ကွက်တွင် တစ်ပြိုင်တည်း ကျင်းပခဲ့ကြ ပါသည်။

၁၃၇၄ ခုနှစ် နှစ်ဟောင်းမှ ၁၃၇၅ ခုနှစ် နှစ်သစ်သို့ကူးပြောင်းသည့်အခါ သမယတွင် မြန်မာနိုင်ငံသူနိုင်ငံသား၊ ကမ္ဘာသူကမ္ဘာသား အနန္တဝေနေယျ သတ္တဝါအပေါင်းတို့ ကျက်သရေမင်္ဂလာ အပေါင်း ခြေသောင်းကြွစေရန်၊ ဘေးရန် အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းကြ၍ ကောင်းကျိုးအဖြာဖြာ ရရှိကြပါစေခြင်း ဟူ မွန်မြတ်သော ရည်ရွယ်ချက်များဖြင့် မြို့နယ်အတွင်း ရပ်ကွက်တိုင်း၊ ကျေးရွာ အုပ်စုတိုင်းတွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော် ပွဲများ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပ ပူဇော်ခဲ့ကြပါသည်။

စာရေးသူ နေထိုင်သည့် မြန်အောင်မြို့ အမှတ် (၁) ရပ်ကွက်တွင် လည်း အများနည်းတူ ပဋ္ဌာန်းဒေသနာ တော် ရွတ်ပွားပူဇော်ပွဲကို ကျင်းပခဲ့ကြ ပါသည်။ မဟာသင်္ကြန်ကာလဖြစ်သည် နှင့်အညီ ရပ်ကွက်တိုင်းတွင် စတုဒိသာ ကျွေးမွေးလှူဒါန်းမှုများ၊ ပရိတ်ရွတ်ဖတ် ပူဇော်ပွဲများ၊ ဆွမ်းဆန်စိမ်းလောင်းလှူ ပွဲများ၊ သက်ကြီးပူဇော်ပွဲများ၊ ဘုရား စေတီ ရေသပ္ပာယ်ခြင်း၊ ဘုရား၊ ကျောင်း၊ ကန် သာသနိက အဆောက်အအုံများ တွင် သန့်ရှင်းရေးဆောင်ရွက်ခြင်းများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကား သိုက်မြိုက် လှပါသည်။

အလှူပွဲများ များပြားလှသည့် အတွက် ဆရာတော်အရှင်သူမြတ်တို့ မှာလည်း မအားမလပ်ရအောင် မနား တမ်း ကြွရောက် ချီးမြှင့်ပေးနေရသည်။ ထိုကဲ့သို့ အလှူပွဲများနှင့် တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပသော ပဋ္ဌာန်း ပူဇော်ပွဲများသို့ မြို့ပေါ်ရပ်ကွက်ကျောင်း တိုက်များတွင် သီတင်းသုံးသည့် သံဃာ တော် အရှင်သူမြတ်များ ကြွရောက် ပူဇော်နိုင်ရေးမှာ များစွာ ခက်ခဲပင်ပန်း ကြမည် ဖြစ်ပါသည်။

ဤကဲ့သို့သော အခြေအနေနှင့် အခက်အခဲများကြောင့် ရပ်ကွက်အုပ် ချုပ်ရေးမှူးမှ စာရေးသူထံ အကူအညီ တောင်းခံချက်အရ ပဋ္ဌာန်းပွဲဖြစ်မြောက် ရေးကို စီစဉ်ရပါတော့သည်။ သံဃာ တော်အရှင်သူမြတ်များ အခက်အခဲရှိ မည်ဖြစ်၍ လူပုဂ္ဂိုလ်များဖြင့် ပူဇော်ရ မည်ဆိုပြန်တော့ ရပ်ကွက်အတွင်း ပဋ္ဌာန်းဒေသနာ ရွတ်ပွား ပူဇော်နိုင်မည့် သူများကို ရှာဖွေရပြန်ပါသည်။ ပဋ္ဌာန်း ရွတ်ပွား ပူဇော်ရန် ကြံခင်းမြို့နယ် ရှောက်ခုံကျေးရွာအုပ်စု မြင်သာကျေး ရွာနေ ဦးတင်ကို၊ မြန်အောင်မြို့နယ် ကွင်းကြီးဒေါင့်အုပ်စု ပြည့်စင်ကွင်းရွာနေ ကိုအောင်ကျော်စိုး၊ ကိုနိုင်ထွန်းလွင်၊ ကိုတင်စန်းလင်း၊ ကွင်းကြီးဒေါင့်ရွာနေ ကိုတင်ရွှေ၊ မြန်အောင်မြို့ အမှတ် (၁) ရပ်ကွက်၊ --- ရပ်နေ ဦးမြသန်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ကြပ်ကြီးစိန်ပန်းနှင့် စာရေးသူအပါအဝင် ခုနစ်ဦးဖြင့် ပဋ္ဌာန်း ဒေသနာတော်ပူဇော်ပွဲကို တစ်ညနှင့် တစ်ရက် အောင်မြင်စွာ ကျင်းပ ပူဇော် ခဲ့ကြပါသည်။

။

ပဋ္ဌာန်း ရွတ်ပွား ပူဇော်ကြသည့် အခါ တစ်ဦးလျှင် တစ်ကြိမ် မိနစ် သုံး ဆယ်စီ အလှည့်ကျ ပူဇော်ကြပါသည်။ အလှည့်ပြီးသည့်အခါ ရေနွေးကြမ်း သောက်၊ လက်ဖက်သုပ်စားရင်း စကား ဝိုင်းဖွဲ့ကြပါသည်။ စကားဝိုင်းတွင် မြင်သာရွာမှ ဦးလေး ဦးတင်ကိုသည် အသက်အကြီးဆုံး။ အသက် (၇၂) နှစ်ရှိ ပြီ ဖြစ်သော်လည်း ကျန်းမာရေးက ဒေါင်ဒေါင်မြည်အစားထဲက ဖြစ်သည်။ အသက်အရွယ်ကြီးနေသော်လည်း ခရီး သွားလာရမည်ဆိုလျှင် စက်ဘီးတစ်စီး နှင့် နယ်အနှံ့ရောက်သည်။ ကြား၊ မြင် သုတပြည့်ဝပြီး စကားပြောကောင်းသူ လည်း ဖြစ်သည်။ ပဋ္ဌာန်းရွတ်ဖတ်ပူဇော် ရန်ရှိပါက မည်သည့်အရပ်ဒေသတွင် ကျင်းပသည်ဖြစ်စေ လိုက်ပါပူဇော်မည် ဟု အဓိဋ္ဌာန်ပြုထားကြောင်းလည်း သိရှိ ရပါသည်။

ဝိုင်းဖွဲ့စကားပြောကြစဉ် အမှတ် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ဘေးတွင် ချထားသော ကြွပ်ကြွပ်အိတ်အတွင်းမှ အရွက်အပင်များကို မြင်တွေ့၍ မေးမြန်း ကြပါသည်။

"ကျွန်တော် ဆီးအောင့်၊ ဆီးကျန် ဖြစ်နေတာ လေးရက်လောက်ရှိပြီ။ မိတ် ဆွေတစ်ယောက်က ဒီကျောက်ကွဲရွက် တွေကို ရေစင်စင်ဆေး၊ သုံးခွက်တစ်ခွက် တင်ကို သောက်ပါဆိုတာနဲ့ ရှာလာခဲ့ တာ"

"ဒါလည်း ဆေးမြီးတိုနည်းတစ် နည်းပေါ့ဗျာ၊ သောက်ကြည့်ဦးပေါ့။ ဆီးရောဂါနဲ့ ပတ်သက်လာရင် ခင်ဗျား ဖြစ်တာက ဘာမှမဟုတ်သေးဘူး။ ကျွန် တော်တွေ့ဖူးခဲ့တဲ့ ချောက်မြို့ မရောက် ခင် ထိနိုင်ရွာက ဦးချစ်ထွေးဆိုတဲ့လူက တော့ တော်တော်လေးကို ဆီးဆီးဝါးဝါး ခံစားရတာ၊ သူ့အဖြစ်က ဒီလိုဗျ"

ဤသို့ အစချီ၍ ဦးလေးဦးတင်ကို ပြောပြသော ချောက်မြို့နယ် ထိနိုင် ကျေးရွာသား ဦးချစ်ထွေး၏ ဆီးသွား



www.burmeseclassic.com

www.burmeseclassic.com

မရ၍ ခွဲစိတ်ကုသမှုခံယူပြီးနောက်ပိုင်း ထူးခြားဆန်းကြယ်လှစွာ ပျောက်ကင်း ချမ်းသာရာရခဲ့ပုံ ဖြစ်ရပ်မှန်ကို ရေးသားတင်ပြခြင်းပင် ဖြစ်ပါသည်။

။

ရန်ကုန် ပြည်သူ့ဆေးရုံကြီး၏ ဆရာဝန်ကြီးရုံးခန်းထဲမှထွက်လာသော ဦးချစ်ဖြိုးတစ်ယောက် မျက်နှာမကောင်းလှ။ ညီဖြစ်သူ ဦးချစ်ထွေး၏ ဆီးသွားမရသည့်ဝေဒနာသည် ရွာမှာပင်ကောင်းနိုးရာရာဖြင့် ကုသသော်လည်း သက်သာ ပျောက်ကင်းခြင်း မရှိ။ တစ်နေ့ထက်တစ်နေ့ ပို၍သာ ဆိုးဝါးလာခဲ့သည်။ ဆီးမသွားနိုင်၍ လူးလိမ့်အော်ဟစ်နေရသည်။ ထို့ကြောင့်ပင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ ရောက်ရှိလာခဲ့ရတော့သည်။

"ခင်ဗျားညီရဲ့ ရောဂါက ခွဲစိတ်ကုသမှ ဖြစ်ပါမယ်။ ကုသပေးပြီးရင်လည်း ဆီးသွားလမ်းကြောင်းကနေ ဆီးသွားလို့ မရတော့ဘူး။ ဆီးရောဝမ်းပါ စအိုပေါက်ကပဲ သွားလို့ရတော့မယ်။ အသက်ရှင်ဖို့ကလည်း အလွန်ဆုံးကြာလှ နောက်နှစ်လပဲဗျ"

ဆရာဝန်ကြီး ပြောပြသည်တို့ကို ဝမ်းနည်းအားငယ်စွာဖြင့် နားထောင်နေရသည်။ ရင်ထဲမှာက မချိလှ။ ညီဖြစ်သူ သိလျှင်ဖြင့် ဆောက်တည်ရာရတော့မည် မထင်။ နောက်ဆုံး သတ္တုချကြည့်တော့လည်း အသက်မသေခင် သက်သာစွာဖြင့်နေထိုင်သွားရလျှင်ပင် တော်လှပေပြီ။ တတ်ကျွမ်း နားလည်သည့် ပညာရှင်ဆရာဝန်ကြီးကပင် အကောင်းဆုံးကုသချက်ပါဟု ပြောလာသည့်အခါ ရွေးချယ်စရာ မရှိတော့။ ခွဲစိတ်ကုသမှုအပေါ် သဘောတူပါကြောင်း လက်မှတ်ရေးထိုးပေးခဲ့ရသည်။

ခွဲစိတ်ကုသမှုခံယူပြီး ရက်သတ္တပတ် နှစ်ပတ်အကြာတွင် ထိန်ငံရွာသို့ ညီအစ်ကိုနှစ်ဦး ပြန်လာခဲ့ကြလေတော့သည်။ ညီဖြစ်သူ ဦးချစ်ထွေးမှာ ဆရာဝန်ကြီး ပြောကြားခဲ့သည့်အတိုင်း ဆီးလမ်းကြောင်းမှ ဆီးသွားမရတော့။ ဆီးနှင့် ဝမ်းသွားလမ်းကြောင်း ပေါင်းစပ်ပေးထားသည့်အတွက် ဆီးသွား၊ ဝမ်းသွား တစ်လမ်း မောင်းစနစ်။

"ခင်ဗျားညီက နှစ်လပဲ နေရတော့မယ်။ အကောင်းဆုံးဖြစ်အောင် ကုပေးလိုက်တာပဲ"

ဆရာဝန်ကြီး ပြောလိုက်သော စကားသံသည် ဦးချစ်ဖြိုး နားထဲက မထွက်။ ယခုတိုင် ကြားယောင်နေဆဲ။ တစ်ဦးတည်းသော ညီငယ်အတွက် လွန်စွာပင် နေ့စဉ်နှင့်အမျှ စိတ်ထိခိုက်ခံစားနေရသည်။ ဝေဒနာရှင် ညီငယ်က မသိရှာသေး။ ညီဖြစ်သူ လူ့ဘဝနေရခိုက်လေးမှာ ကုသိုလ်ကောင်းမှုများ များများ လုပ်စေသည်။ စိတ်ကိုစင်ကြယ်အောင် ထားစေသည်။ အကုသိုလ်အပြစ်ဖြစ်စေမည့်အပြုအမူ တွေးတောကြံစည်မှုတို့ကို ရှောင်ရှားစေသည်။

ရွာသို့ပြန်ရောက်ပြီး တစ်ပတ်ခန့်အကြာတွင် ရွာမှ ဆွေမျိုးနီးစပ်တော်သည့် ဘကြီး ဦးစံမောင် ဦးချစ်ဖြိုး၏ နေအိမ်သို့ ရောက်ရှိလာသည်။ ဘကြီးဦးစံမောင်က ဗေဒင်ယတြာဓာတ်ရိုက်ဓာတ်ဆင်ကောင်းသည်။ မေးမြန်းမှုများအပေါ် ဒက်ထိမှန်အောင် ဟောပြောနိုင်သဖြင့် ရပ်ဝေး၊ ရပ်နီးမှ မေးမြန်းသူ၊ အကူအညီတောင်းခံရန် လာရောက်ကြသူများ များပြားသည်။ ဦးချစ်ဖြိုးက ညီငယ် ဦးချစ်ထွေး၏ အခြေအနေကို ဘကြီး ဦးစံမောင်အား မထိမ်မချန်ပြောပြထားပြီးလည်း ဖြစ်သည်။

"မောင်ချစ်ထွေး၊ မင်းကို ဘကြီး တွက်ကြည့်ဦးမယ်။ မင်းမွေးသက္ကရာဇ် ပြောပြစမ်းပါဦးကွ"

ဘကြီးဦးစံမောင်က ဦးချစ်ထွေး၏မွေးသက္ကရာဇ် ခုနှစ်၊ လ၊ ရက်၊ အချိန်နာရီတို့ကို ရေးမှတ်၍ ကျောက်သင်ပုန်းနှင့်ကျောက်တံကိုင်ကာ တဒေါက်ဒေါက်နှင့် တွက်တော့သည်။ ရေးလိုက်တွက်လိုက်၊ စဉ်းစားလိုက်နှင့် အချိန်ကြာကြာ စစ်ဆေးတွက်ချက်သည်။ မျက်မှောင်ကြုတ်လိုက်၊ အဝေးမျှော်ကြည့်လိုက်နှင့်။

"မင်းရဲ့ဇာတာအရတော့ မင်းဟာ ဘယ်နည်းနဲ့မှ သေကိန်းမရှိဘူးကွ။ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် သေစရာအကြောင်းကိုမရှိတာ"

ညီငယ်က ဘာမှမသိရှာသေး။ ဦးချစ်ဖြိုးကသာ ဘကြီးဦးစံမောင် ဟောချက်အပေါ် ပါးစပ်အဟောင်းသားနှင့် အံ့ဩဝမ်းသာနေသည်။

"ဒီလိုလုပ်ကွာ၊ မင်းကလည်း လက်ရှိအားဖြင့် ဝေဒနာခံစားနေရတဲ့သူ သေကိန်းမရှိသော်လည်း ဝေဒနာရှိနေတယ်။ ဝေဒနာကိုလည်း တတ်နိုင်သမျှ ကုသမှုခံယူခဲ့ပြီးပြီ။ ပျောက်ပြီလား ဆိုတော့လည်း မပျောက်သေးဘူး။ ခမ္မတာအတိုင်းလည်း မဟုတ်ဘူး၊ အဲဒီတော့ . . ."

ဘကြီး ဦးစံမောင်က စဉ်းစားရင်း တွေးတောရင်း ကွမ်းအစ်ထဲက ကွမ်းတစ်ယာဝါးစားဖို့ပြင်ဆင်နေသည်။ ကွမ်းယာဝါးပြီးနောက် စကားဆက်သည်။

"ဘုရားပေးတဲ့ဆေး ဆိုပါတော့ကွာ။ ဘုရားကုနဲ့ ကုတာပေ့ါ။ ရောဂါလည်း ပျောက်မယ်၊ ကုသိုလ်လည်းရမယ်။ တို့တစ်တွေ ကိုးကွယ်တဲ့ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်တအရှင်မဟာကဿပနဲ့ အရှင်မောဂ္ဂလာန်မထေရ်အရှင်မြတ်တို့ နာမကျန်းဖြစ်တဲ့အခါ ဗောဇ္ဈင်္ဂသုတ် ရွတ်ဖတ်ပေးတဲ့အခါ ချက်ချင်းလက်ငင်း ရောဂါပျောက်ကင်းခဲ့ကြရတယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင်ပင်လျှင် နာမကျန်းဖြစ်တဲ့အခါကျတော့လည်း အရှင်စုန္ဒထေရ်ကို ဗောဇ္ဈင်္ဂသုတ် ရွတ်စေပြီး နာယူခဲ့ရာက ဝေဒနာပျောက်ကင်းချမ်းသာခဲ့တယ်ဆိုတဲ့ တကယ့်ဖြစ်ရပ်တွေတောင်ရှိခဲ့တယ်။ အခုလည်း ဘကြီးက မြတ်စွာဘုရားရှင်ရဲ့ နည်းနာနိဿယအတိုင်း မင်းကို ဆေးပေးမယ်။ မင်းက ကိုယ်တိုင်ဖော်စပ်သောက်သုံးရပဲ"

ဘကြီးဦးစံမောင် ဆက်တိုက်ပြောလိုက်ရ၍ မောသွားသည်ထင်ပါသည်။ ပလုတ်ကျင်းကာ ရေနွေးကြမ်းတစ်ခွက်မော့သောက်ပြီး စကားပြန်ဆက်သည်။

"ဒီလိုကွာ - မောင်ချစ်ထွေးက မနက်ပိုင်းမှာ တစ်ကြိမ်၊ ညပိုင်းမှာ တစ်ကြိမ် ပရိတ်ကြီး (၁၁) သုတ်ကို နေ့စဉ်ရွတ်ဆိုပူဇော်ပေးရမယ်။ အိမ်က ဘုရားကျောင်းဆောင်မှာပဲ ငါးပါးသီလခံယူ လုံခြုံအောင်ထိန်းသိမ်း၊ မြတ်စွာဘုရားရှင်ကို ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်း၊ အမွှေးနံ့သာ နေ့တိုင်း လှူပေး၊ ပရိတ်တော်ကိုမှန်ကန်ပီသ ယုံကြည်သက်ဝင်စွာ ပူဇော်ပေး၊ လုပ်နိုင်မလား"

"လုပ်နိုင်ပါတယ် ဘကြီး။ ကျွန်တော်နေ့စဉ်မပျက်မကွက်ပူဇော်ပါ့မယ်"

"အေး - ကောင်းပါလေ့။ မတည့်တာတွေလည်း မစားနဲ့။ သောက်စရာရှိတဲ့ဆေးတွေလည်း ပုံမှန်သောက်။ နေ့စဉ်မှန်မှန်သာ ပူဇော်ပေတော့။ ကုသိုလ်တွေရပြီး ကျန်းမာရေးကောင်းသွားမှာ သေချာပဲလို့ စွဲမြဲယုံကြည်ထားပြီး ရွတ်ပွား ပူဇော်ပေတော့"

"ဟုတ်ကဲ့ပါ ဘကြီး"

ညီအစ်ကိုနှစ်ဦး ဘကြီးဦးစံမောင်ကို ရှိခိုးကန်တော့ကြပြီးနောက် အိမ်အရောက် လိုက်ပို့ကြသည်။ ဦးချစ်ဖြိုး

www.burmeseclassic.com

...ညီငယ်အတွက် အချိန်မဆိုင်းနိုင်။ ...ညကပင် ဘကြီးဦးစံမောင် ညွှန်...ထားသည့်အတိုင်း ပရိတ်ကြီး (၁၁) သုတ်ပူဇော်ရေးကို စတင် စီစဉ်တော့သည်။ ညီငယ်အတွက် အားရဝမ်းသာ ...နှစ်ပီတိက ရင်နှင့်အမျှ ပြည့်လျှံနေ...။

။

ရန်ကုန်ဆေးရုံကြီးမှ ဆရာဝန်ကြီး ...ကြားသည့် နှစ်လသာနေရတော့ ...ဆိုသောကာလကို ကျော်လွန်လာ...။ ညီငယ်ကို အကဲခတ်ကြည့်တော့ ...ထူးခြားမှုမရှိ။ ရောဂါဝေဒနာတိုး ...သည့်လက္ခဏာ၊ ဖောက်လွဲဖောက် ...လက္ခဏာများ မတွေ့ရ။ သို့သော် ...စိတ်မချနိုင်သေး။ အရိပ်တကြည့် ...နှင့် စောင့်ကြည့်အကဲခတ်နေရ...။

ဘာမှမသိရှာသည့် ညီငယ်ဦးချစ်...က ပရိတ်ကြီး(၁၁)သုတ်ကို နေ့စဉ် ...နံနက်တစ်ကြိမ်။ ညတစ်ကြိမ် ပူဇော်...။ ပရိတ်တော်ပူဇော်ပြီးချိန်များတွင် ...နားကာ ဂုဏ်တော်ပုတီးစိပ်သည်။ ...သီလ်ကောင်းမှုများ နေ့စဉ်ထုံမွမ်းနေ...သည်မို့ လူရောစိတ်ပါ ကြည်လင်အေး ...တည်ငြိမ်နေသည်။ သည်လိုနှင့်ပင် ...ချစ်ထွေး ပရိတ်ကြီး (၁၁) သုတ် ရွတ်...ပူဇော်လာခဲ့သည်ပင် ကြာခဲ့ချေပြီ။ ...များစွာမှ လများစွာသို့ ရောက်ရှိ...ခဲ့သည်။

"အစ်ကိုကြီးရေ၊ အစ်ကိုကြီး၊ အစ်ကိုကြီး"

တစ်နေ့နံနက် ဦးချစ်ဖြိုး အိပ်ရာ...လဲလျောင်းနေစဉ် ညီငယ်၏ ရေးကြီး...တ်ပျာခေါ်သံကြား၍ အပြေးထွက်...ခဲ့သည်။ ညီငယ် ဦးချစ်ထွေးက အိမ်...မှ အိမ်ပေါ် အပြေးတက်လာသည်။ ...ပေါ်ရောက် အစ်ကိုဖြစ်သူနှင့် တွေ့...သည့်အခါ မောနေ၍ စကားသံထွက်...။ ညီငယ် ဘာများဖြစ်လာပါလိမ့်...ဦးရိမ်ပူပန်စွာဖြင့် ညီငယ်ကို ခြေဆုံး...ခေါင်းဆုံး အကဲခတ်ကြည့်ရသည်။ ဘာ...မှ ထူးခြားသည်ကို မတွေ့ရ။

"အစ်ကိုကြီး၊ ညီလေးဆီးသွားလို့...။ အရင်ကလို စအိုကနေ မသွားရ...ဘူး။ မိမွေးတိုင်းဖမွေးတိုင်းဖြစ်သွား... အစ်ကိုကြီးရ ဟား. . ဟား. . ဟား"

ဝမ်းသာအားရ ရယ်မောပျော်ရွှင်...ပြောလိုက်သော ညီငယ်၏စကားသံ...နားထောင်၍ ဦးချစ်ဖြိုးထံ အပျော်တွေ ကူးစက်သွားတော့သည်။ ညီငယ်ကိုသိုင်းဖက်၍ လှိုက်လှဲဝမ်းသာစွာ မျက်ရည်ဖြိုင်ဖြိုင်ကျနေမိတော့သည်။

"ဝမ်းသာလိုက်တာ ညီလေးရယ်၊ ဝမ်းသာလိုက်တာကွာ"

ညီအစ်ကိုနှစ်ဦးတို့ တစ်ယောက်ကိုတစ်ယောက်ဖက်ကာ မျက်ရည်များ တားမနိုင်ဆီးမရကျနေရင်း ဝမ်းသာပီတိခံစားနေရသည်မှာ ပြောမပြတတ်အောင်ပင်။

"ညီလေး နေ့တိုင်းရွတ်ပွားနေတဲ့ ပရိတ်ကြီး (၁၁) သုတ်ရဲ့ အကျိုးတရားတွေကွ ညီလေးရ။ ဝမ်းသာလိုက်တာ"

တစ်ယောက်စကား တစ်ယောက်နားနှင့် ဦးချစ်ဖြိုး၊ ဦးချစ်ထွေးတို့၏ အိမ်ခြံဝိုင်းအတွင်းမှာ အိမ်နီးနားချင်းများ၊ ရွာသူရွာသားများနှင့် ပြည့်ကျပ်နေပြီး ဘကြီးဦးစံမောင်လည်း ရောက်လာကာ ကွမ်းတမြုံ့မြုံ့နှင့်ပြုံးနေသည်။ ရွာသူရွာသားများစွာ စုရုံးတွေ့ခိုက်၊ အခွင့်အခါကျနေသည့်အခိုက်လည်း ဖြစ်နေသည်မို့ ဘကြီးဦးစံမောင်က အများကြားသာအောင် အသံဩဇာအပြည့်ဖြင့် အောက်ပါအတိုင်း အားပါးတရ ပြောချလိုက်ပါသည်။

"ဗုဒ္ဓမြတ်စွာသာသနာ ရောင်ဝါနေသို့ထွန်းစေသောဝ်။ အခုမောင်ချစ်ထွေးဟာ တို့ဗုဒ္ဓမြတ်စွာဘုရားရှင်ရဲ့ နည်းနိသယကျင့်သုံးမှု့ ကျန်းမာလာခဲ့တာလက်တွေ့ပဲ။ ပရိတ်ကြီး(၁၁)သုတ်ရွတ်ပွား ပူဇော်ရတဲ့ အကျိုးကျေးဇူးအနန္တပဲ။ ဘာသာ၊ သာသနာပေါ် ယုံကြည်မှုအပြည့်အဝထားကြ။ ကုသိုလ်ကောင်းမှု နေ့စဉ်ပြုကြ။ ဂုဏ်တော်၊ ပရိတ်တော်၊ ပဋ္ဌာန်းဒေသနာတော်တွေကို နေ့စဉ်ရွတ်ဖတ်ပူဇော်ကြ။ သမထဝိပဿနာအားထုတ်ကြ။ ကောင်းကျိုးချမ်းသာ ဧကန်ရကြမှာ မလွဲဘူး။ လက်ငင်းဘဝရောနောင်သံသရာမှာပါ ရအောင်ယူကြ၊ လုပ်ကြပါစို့လို့ တိုက်တွန်း နှိုးဆော်ပါတယ်"

"သာဓု၊ သာဓု၊ သာဓု"

ဘကြီးဦးစံမောင် စကားဆုံးလျှင်ပင် နားထောင်နေကြသည့် ရွာသူရွာသားများ၏ ဝမ်းမြောက်စွာ သာဓုခေါ်သံက ညီညာဖြိုဖြို ဟိန်းထွက်လာသည်မှာ လောကဓာတ်တစ်ခွင် ဖြာကျလာသော နေရောင်ခြည်နှင့်အပြိုင် ဖြစ်နေပါတော့သည်တကား။

နေဝင်းဝင်း (လွန်ဆေး)

# မြန်မာ့ရိုးရာ
# ရှောက်တစ်လုံး
# တိုင်းရင်းဆေး

ရှောက်သီးသည် မြန်မာတို့ဓလေ့ ကြက်သွန်နီ၊ ပုစွန်ခြောက်၊ ငါးပိ၊ ကုလားအော်သီးတို့နှင့်သုပ်ပြီး ကြာဆံဟင်းခါး၊ ရေနွေးကြမ်းပူပူတို့နှင့် တွဲဖက်စားသုံးလျှင် ခံတွင်းတွေ့ စားကောင်းပါသည်။ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲတို့တွင်လည်း ကြိုက်တတ်သူတို့ အရည်ညှစ်ထည့်စားလျှင် ချဉ်၊ ငန်၊ စပ် အရသာနှင့် တစ်မျိုး စားကောင်းပါသည်။ ဆေးဖက်လည်း ဝင်ပါသည်။ အထူးသဖြင့် ဓာတ်ရှောက်ဟု ခေါ်ဆိုကြသည့် အခွံထူပွ ရှောက်သီးမှည့်အနေတော်တစ်လုံး (၅၀ သားခန့်)ကို ရေစင်အောင်ဆေးပါ။ ဆေးကျိုရာတွင် မြေအိုးနှင့်ကျိုမှ ဆေးဖက်ဝင်သည်မို့ အနေတော်မြေအိုးကို ဆေးကြောသန့်စင်ပြီး ၎င်းထဲ ရှောက်သီးအလုံးလိုက်ထည့်၍ ဆားအနည်းငယ်ထည့်၊ မီးအေးအေးနှင့်ကျိုပါ။ ထန်းလျက်အညို (၂၅) ကျပ်သားခန့်ကို ကျိုပြီး ရေစစ်နှင့်စစ်ထားပါ။ ရှောက်သီးတစ်လုံးလုံး ပျော့အိနူးလာပြီဆိုလျှင် စစ်ထားသော ထန်းလျက်အရည်၊ စမုန်မျိုး ငါးပါး (၂) ကျပ်သားခန့်ထည့်ပြီး ဆက်မွှေပါ။ ညောင်စေးကျလုထိမွှေပြီး မီးဖိုပေါ်မှချ၍ အအေးခံထားပါ။ မြည်းကြည့်ပါ။ အနည်းငယ် ခါးသက်သက်၊ ချဉ်၊ ချို မွှေးပျံ့သည့် ရှောက်တစ်လုံးဆေးကို ရရှိမှာပါ။ ဖန်ပုလင်းသန့်သန့် တစ်လုံးထဲတွင် ထည့်ထားပြီး နေ့စဉ်ဟင်းစားဇွန်းနှင့် တစ်ဇွန်းခန့်သုံးဆောင်ပါ။ အစာကြေ လေနိုင်သည့် ဆေးကောင်းတစ်လက် ဖြစ်ပါတယ်။ အထူးသဖြင့် အစာအိမ်ဝေဒနာဖြစ်စပြုသူများ ဤရှောက်တစ်လုံးဆေးကို နံနက် ဟင်းစားဇွန်းနှင့်တစ်ဇွန်း၊ ညအိပ်ရာဝင် ဟင်းစားဇွန်းတစ်ဇွန်းခန့် နေ့စဉ် စားသုံးပေးပြီး မတည့်သောအစာများ ဆင်ခြင်ပေးလျှင် အစာအိမ်ဝေဒနာများ တဖြည်းဖြည်း သက်သာပျောက်ကင်းနိုင်တာမို့ စေတနာ မေတ္တာထား မျှဝေလိုက်ပါသည်။

ကြည်ကြည်ကျော်(ရင်တွင်းပုံရိပ်)
ပျဉ်းမနား



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကျိုးလျှံသည့် ခြောင်းကိုးတန်မန္တန်နှင့် ဂန္ဓာရီဝိဇ္ဇာမယပညာ

**တြိရတနာ-ဆရာဇေယျာလင်း**

ကျွန်ုပ်သည် ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်၌ ဝိဇ္ဇာမယပညာရှင်ကြီးများ အားထား ယုံကြည်ကိုးစား လက်စွဲ လက်ကိုင်ပြု အသုံးများသော အစွမ်းထက်လှသည့် ဂါထာမန္တန်တို့ကို ဤမဂ္ဂဇင်းကြီး စာဖတ်ပရိသတ်များနှင့် သုတေသီဝါသနာရှင်များ အကျိုးစီးပွား အလို့ငှာ ဆောင်ယူ သုံးစွဲနိုင်ကြစေရန် လည်းကောင်း၊ ဤဂါထာ မန္တန်များ အကြောင်းသိရှိစေရန်နှင့် ဤဂါထာ မန္တန်တို့နှင့်ပတ်သက်နှီးနွယ်နေသော မြန်မာ့ရိုးရာ ဂန္ဓာရီ ဝိဇ္ဇာမယ ပညာရပ်တို့၏ သဘောလက္ခဏာများနှင့် အနှစ်သာရတို့ကို ခံစားသိရှိနိုင်ကြစေရန်အလို့ငှာ လည်းကောင်း၊ အခြားသော ရည်ရွယ်ချက်ကောင်းများနှင့် လည်းကောင်း (မကြာခဏ ရှင်းလင်းတင်ပြခဲ့ဖူးပါ၏။) ဖော်ထုတ် တင်ပြနေခဲ့သည်မှာ ဤ 'ကောင်းကျိုးလျှံသည့် ခြောင်းကိုးတန်' မန္တန်သည် စတုတ္ထမြောက် ဂါထာမန္တန် ဖြစ်သည်ဟု ဆိုရပါချိမ့်မည်။

စင်စစ် ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများနှင့် ဂါထာ မန္တန်တို့သည် စိမ်းလှသည်တော့ မဟုတ်ပါ။ ကျွန်ုပ်တို့မြန်မာလူမျိုးများသည် ဂါထာ မန္တန် အတော်များများကို မိမိတို့ဆောင်ယူလေ့ရှိသော ဂါထာ မန္တန် မဟုတ်စေကာမူ ထိုဂါထာ မန္တန်တို့၏ အမည်များကို ယဉ်ပါး ကြားဖူးနား၀လောက်တော့ ရှိတတ်ကြပါသည်။ သို့သော် အများသိရှိ ဆောင်ယူလေ့မရှိသော ဂါထာ မန္တန်မျိုးများ၊ အထူးသဖြင့် ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှင်များသာ နှိုက်နှိုက်ချွတ်ချွတ် လေ့လာလိုက်စား အသုံးပြုဆောင်ယူလေ့ရှိကြသော ဂါထာ မန္တန် မန္တရားများကိုမူ လူတော်တော်များများ သိရှိကျွမ်း၀င်ကြခြင်း မရှိပါ။ အချို့ဆိုလျှင် ထိုဂါထာ မန္တန်များကို ကြားပင်ကြားဖူးကြမည် မထင်ပါ။ ဂုဏ်တော်ကိုးပါး၊ သဝေမပါကိုးဂါထာ ဟူသော သရဏဂုံဂါထာ၊ သမ္ဗုဒ္ဓေဂါထာဟု ဆိုလိုက်လျှင် လူ (၁၀) ယောက်မှာ (၉) ယောက်လောက် သိကြပါသည်။ (၇) ယောက်ခန့်သည် အလွတ်ရ အာဂုံဆောင်နိုင်ကြပါသည်။ သို့သော် ဥဏှာလုံမွေးရှင်တော်ဂါထာ၊ တြိသီဟောဂါထာ၊ သုကိတ္တိမာဂါထာနှင့် ယခုတင်ပြမည့် ခြောင်းကိုးတန်မန္တန်ဟု ဆိုလိုက်လျှင် သိသူအလွန်နည်းသွားပါလိမ့်မည်။ လူ (၁၀) ယောက်တွင် (၃) ယောက်ခန့်သာ သိနိုင်မည်ထင်ပါသည်။ ထို 'သိသည်' ဆိုသောသူများမှာလည်း ဂန္ဓာရီ ဝိဇ္ဇာပညာရှင်၊ သို့တည်းမဟုတ် ဤပညာကို စိတ်ဝင်စားလေ့လာနေသူ သုတေသီပညာရှင်များသာ ဖြစ်ဖို့များပါသည်။

ဤလူ့လောက၌ လူတို့သည် မသိသော၊ မမြင်ဘူးသော၊ အစိမ်းသက်သက်ဖြစ်သော သစ်သီး၊ သစ်ပင်တို့ကို မြင်သောအခါ စားရကောင်းမှန်း၊ စား၍ကောင်းမှန်း မသိသဖြင့် ထိုအစိမ်းသက်သက်ဖြစ်သော သစ်သီး၊ သစ်ပင်၊ စားသုံးဖွယ်များကို စားလေ့ စားထ မရှိကြပါ။ ထိုအခါ ထိုသစ်ပင်၊ သစ်သီး၊ စားသုံးဖွယ်ရာအကြောင်းကို ကောင်းစွာသိရှိပြီး စားသုံးဖူးသူက ရှင်းပြ၊ ပြောပြ၊ စားကြည့်ရန် အားပေးတိုက်တွန်းလိုက်သောအခါကျမှ ထိုသစ်သီး၊ သစ်ပင် စားသုံးဖွယ်များ၏ အကြောင်းခြင်းရာနှင့်အရသာကို သိရှိသွားပြီး ကောင်းမှန်းသိသွားသောအခါ စားချင်ရင်း စားချင်နေကြသည်သာ ဖြစ်လေသည်။ ထို့အတူ ကျွန်ုပ်သည်လည်း ကျွန်ုပ်လေ့လာတွေ့ရှိခဲ့သော ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာသုံး ဂါထာ မန္တန်ကောင်းများကို မိမိ၏စာဖတ်ပရိသတ်များနှင့် အများပြည်သူတို့အား ထိုဂါထာ မန္တန်တို့၏အကြောင်းခြင်းရာ၊ အကျိုးတန်ခိုးသိဒ္ဓိထူးတို့ကို သိရှိအောင် မိတ်ဆက်တင်ပြပေးခြင်းဖြင့် သိရှိနားလည် ယုံကြည်သူများ ပေါ်ပေါက်၍ ဆောင်ယူ အသုံးပြုကြလေက တစ်ယောက်သုံးလျှင် ထိုတစ်ယောက်အကျိုးရှိမည်၊ နှစ်ယောက်သုံးလျှင် နှစ်ယောက် အကျိုးရှိမည်၊ အများခံယူကျင့်သုံး ဆောင်ယူလျှင် အများအကျိုးရှိမည်။ ထိုသို့ အကျိုးရှိ၍ ထိုက်သင့်သော အကျိုးစီးပွား ဖြစ်ထွန်းပါက ဗုဒ္ဓဘာသာ မြန်မာလူမျိုးများပိုပို ဒါနပြုမည်၊ သီလဆောက်တည်မည်၊ ဘာဝနာအကျင့်တွေပိုကျင့်မည်။ ထိုအခါ အမျိုးဘာသာ သာသနာအတွက် ပိုမိုအကျိုးရှိစေလိမ့်မည်။ မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယပညာ၏ မြင့်မြတ်မှု၊ တန်ခိုးရှိမှုကို ပို၍လူတွေသိလာကြ၊ လေးစားမြတ်နိုး တန်ဖိုးထားလာကြလိမ့်မည်ဟု မျှော်လင့်သောစိတ်၊ ယုံကြည်သောစိတ်တို့ဖြင့် ဤကဲ့သို့ ဂါထာ မန္တန်ကောင်းများ အကြောင်း ဖော်ထုတ်ရေးသား တင်ပြနေခြင်း ဖြစ်ပါလေသည်။

**ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်မှ ကောင်းကျိုးလျှံသည့် ခြောင်းကိုးတန် မန္တန်များ**

ခြောင်းကိုးတန်မန္တန်ကို တချို့က 'ခြောင်းကိုးတန်ဂါထာများ' ဟု ခေါ်ကြပါသေးသည်။ သို့သော် ဂါထာ မန္တန်ဟူးရားတို့၏ သတ်မှတ်ချက်အရဆိုလျှင် ခြောင်းကိုးတန် ဟုဆိုသည့်အတိုင်း ဂါထာပါဒ ကိုးခုဖြင့် ဖွဲ့သီထားပြီး ဂါထာပါဒတိုင်း၏ထိပ်မှ 'ခြောင်း' ကိုး ခု အသီးသီး ခံထားသဖြင့် စင်စစ် ခြောင်းကိုးတန်မန္တရားဟုသာ ခေါ်သင့်



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ သို့သော် မည်သည့်အကြောင်း ရှည်မသိ၊ ရှေးဆရာတို့က ဗြောင်းကိုး တန်မန္တန်ဟုသာခေါ်ခဲ့ကြကြောင်း တွေ့ ရပါသည်။ စင်စစ် ဂါထာ မန္တန်တို့၏ အစ၌ 'ဦး' ခံလျှင် မန္တန်၊ 'ဗြောင်း' ခံ လျှင် မန္တရားဟု သတ်မှတ်ကြသော် လည်း ထို 'ဦး' နှင့် 'ဗြောင်း' တို့၏ အဓိပ္ပာယ်တို့မှာမူကား 'ကာရံ စောင့် ရှောက် ပြီးစီး အောင်မြင်စေသတည်း' ဟူသော၊ တူသောအဓိပ္ပာယ်ကို ဆောင် ကြပါသည်။ သို့ရာတွင် သက်ဆိုင်ရာ ဂါထာတို့ကို 'ဦး' ခံ၍ ရွတ်သည်ထက် 'ဗြောင်း' ခံ၍ ရွတ်ဆိုခြင်းက ဌာန်၊ ကရိုဏ်းအရ ပြောရပါမူ ဗြောင်းခံ၍ ရွတ်ခြင်းက အသံ ပို၍ မာထန်ပြင်းပြ သည်ကို တွေ့ရပါသည်။ ဥပမာပြောရ ပါလျှင် ပရိတ်ရွတ်ခြင်းနှင့် ကမ္မဝါရွတ် ခြင်းတို့ ကွာခြားသကဲ့သို့နှင့် သဏ္ဌာန်တူ သည်ဟု ဆိုရပါမည်။ ပရိတ်ရွတ်ခြင်းနှင့် ကမ္မဝါရွတ်ခြင်းတို့ နှိုင်းယှဉ် လေ့လာ ကြည့်ပါက ကမ္မဝါရွတ်ခြင်းသည် ပိုမို ဌာန်၊ ကရိုဏ်းကျန မာထန် ပြင်းပြ ကြောင်း၊ အသံမာန် ပို၍ပါကြောင်း သတိပြုမိကြပါလိမ့်မည်။ ထိုနည်းတူဖြစ် ပါသည်။

ဤနေရာ၌ 'ဗြောင်းကိုးတန်မန္တန်' ဟု မသုံးနှုန်းဘဲ 'ဗြောင်းကိုးတန် မန္တန် များ' ဟု သုံးနှုန်းလိုက်ခြင်းမှာ ကျွန်ုပ် လေ့လာတွေ့ရှိချက်အရ ဗြောင်းကိုး တန်မန္တန်မူကွဲများ ရှိနေသောကြောင့် ဖြစ်ပါသည်။ မည်သို့ ကွဲပြားခြားနားနေ ကြကြောင်းကို သိရှိနိုင်ပါရန် အောက် တွင် နှိုင်းယှဉ်ဖော်ပြလိုက်ပါသည်။

**အမှတ် (၁)**

**ဗြောင်းကိုးတန်မန္တန်တော်ကြီး**

ဗြောင်း အစိန္တိယျာ ဗုဒ္ဓဂုဏာ၊
ဗြောင်း အစိန္တိယာ ဓမ္မဂုဏာ၊
ဗြောင်း အစိန္တိယျာ သံဃဂုဏာ၊
ဗြောင်း အစိန္တိယာ ပစ္စေကဗုဒ္ဓါ ဂုဏာ၊
ဗြောင်း အစိန္တိယျာ အာစရိယ ဂုဏာ၊
ဗြောင်း အစိန္တိယာ မာတုဂုဏာ၊
ဗြောင်း အစိန္တိယျာ ပိတုဂုဏာ၊
ဗြောင်း အစိန္တိယာ သပ္ပုရိသ ဂုဏာ၊
ဗြောင်း အစိန္တိယျာ ဂုဏာ သွား ဟုံဟုံ။

*(မှတ်ချက်- ဤဗြောင်းကိုးတန် မန္တန်ကို 'ဂမုန်းပိုက်းထွက် ဗြောင်းကိုး တန်မန္တန်' ဟုလည်း ခေါ်ကြပါသည်။)*

**အမှတ် (၂)**

**ဗြောင်းကိုးတန်မန္တန်တော်ကြီး (ဝါ) ဝိဇ္ဇာမယဗြောင်းကိုးတန်မန္တန်တော်ကြီး**

- ဗြောင်း ဗုဒ္ဓဂုဏံ ဇိဝှံ ဇိဝှါ ဗုဒ္ဓ မန္တာ၊ ဣတိ ဗုဒ္ဓေဟိ သရဏံ၊ သဒါ ရာဇာ ပိယံမမ။
  ဗြောင်း ဣတိပိ သော ဘဂဝါ ဗုဒ္ဓါ ဗုဒ္ဓတေဇေန ဇေယျောမန္တာ၊ မန္တ တေဇေန သုခါဝဟာ။
  ဗြောင်း ဓဇဂ္ဂ ပရိတ္တံ မံ ရက္ခန္တု။
- ဗြောင်း ဓမ္မဂုဏံ ဇိဝှံ ဇိဝှါ ဓမ္မ မန္တာ၊ ဣတိ ဓမ္မေဟိ သရဏံ၊ သဒါ ရာဇာ ပိယံမမ။
  ဗြောင်း ဣတိပိ သော ဘဂဝါ ဓမ္မာ ဓမ္မ တေဇေန ဇေယျာမန္တာ၊ မန္တတေဇေန သုခါဝဟာ။
  ဗြောင်း ဓဇဂ္ဂ ပရိတ္တံ မံ ရက္ခန္တု။
- ဗြောင်း သံဃဂုဏံ ဇိဝှံ ဇိဝှါ သံဃမန္တာ၊ ဣတိ သံဃေဟိ သရဏံ၊ သဒါရာဇာ ပိယံမမ။
  ဗြောင်း ဣတိပိ သော ဘဂဝါ သံဃာ သံဃတေဇေန ဇေယျာ မန္တာ၊ မန္တတေဇေန သုခါဝဟာ။
  ဗြောင်း ဓဇဂ္ဂ ပရိတ္တံ မံ ရက္ခန္တု။

**အမှတ် (၃)**

**ဗြောင်းကိုးတန်မန္တန်တော်ကြီး**

*(အမှတ်-၂ ဝိဇ္ဇာမယ ဗြောင်းကိုးတန်၏ မူကွဲ)*

- ဗြောင်း ဗုဒ္ဓဂုဏံ ဇိဝှံ ဇိဝှါ ဗုဒ္ဓ မန္တာ၊ ဣတိ ဗုဒ္ဓေဟိ သရဏံ သတာ ရာဇာ ပိယံမမ၊
  ဗြောင်း ဣတိပိ သော ဘဂဝါ ဗုဒ္ဓါ ဗုဒ္ဓတေဇေန ဇေယျောမန္တာ၊ မန္တတေဇေန သုခါဝဟာ။
  ဗြောင်း ဓမ္မစက္က ပရိတ္တံ မံ ရက္ခန္တု သဗ္ဗဒါ။
- ဗြောင်း ဓမ္မဂုဏံ ဇိဝှံ ဇိဝှါ ဓမ္မ မန္တာ၊ ဣတိ ဓမ္မေဟိ သရဏံ၊ သတာ ရာဇာ ပိယံ မမ။
  ဗြောင်း ဣတိပိ သော ဘဂဝါ ဓမ္မာ ဓမ္မတေဇေန ဇေယျောမန္တာ၊ မန္တတေဇေန သုခါဝဟာ။
  ဗြောင်း ဓမ္မစက္က ပရိတ္တံ မံ ရက္ခန္တု သဗ္ဗဒါ။
- ဗြောင်း သံဃဂုဏံ ဇိဝှံ ဇိဝှါ သံ ဃမန္တာ၊ ဣတိ သံဃေဟိသရဏံ၊ သတာ ရာဇာ ပိယံမမ။
  ဗြောင်း ဣတိပိ သော ဘဂဝါ သံဃာ သံဃတေဇေန ဇေယျော မန္တာ၊ မန္တတေဇေန သုခါဝဟာ။
  ဗြောင်း ဓမ္မစက္က ပရိတ္တံ မံ ရက္ခန္တု သဗ္ဗဒါ။

**အမှတ် (၄)**

**ဗြောင်းကိုးတန်မန္တန်တော်ကြီး (မူကွဲတစ်မျိုး)**

ဗြောင်း ဟောဟော တိသျှတ္တာ၊
ဗြောင်း သဗ္ဗဓုဝံ အရံသွားဟာ၊
ဗြောင်း ဗုဒ္ဓံ သရဏံ ဂစ္ဆာ မဟော တာနော္ခွာ။
ဗြောင်း ဓမ္မံ သရဏံ ဂစ္ဆာ မဟော တာနော္ခွာ။
ဗြောင်း သံဃံ သရဏံ ဂစ္ဆာ မဟော တာနော္ခွာ။
ဗြောင်း သိဂ်ိရံ ဝါရဏံ၊ လူမေချေ စေသွားဟုံ။
ဗြောင်း ပတ္တံ နေစာ သွားဟုံ။
ဗြောင်း အဝတ္တံ ဝတ္တိ တိရိ ဟိရိ သွားဟုံ။
ဗြောင်း- ဥုံနာဗြောနာ မနိ သွား ဟုံဟုံ။

အထက်ဖော်ပြပါ မန္တန်တို့သည်ကား ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာ ကျမ်းများလာ ဗြောင်းကိုးတန် အမည်ရှိ မန္တန်များ ဖြစ်ကြပါသည်။ ထိုမန္တန်များ တွင် အမှတ်စဉ် (၁) ဂမုန်းပိုက်းထွက် ဗြောင်းကိုးတန်မန္တန်နှင့် အမှတ်စဉ် (၄) ဗြောင်းကိုးတန်မန္တန်တို့မှာ သီးခြားမန္တန် မူကွဲများ ဖြစ်ကြပါသည်။ အမှတ်စဉ် (၂) နှင့် အမှတ်စဉ် (၃) မန္တန်တို့မှာ ဆင်တူ ယိုးမှား မန္တန်မူကွဲများ ဖြစ်ကြပါသည်။ ထိုမန္တန်နှစ်ခုအား ဆင်တူယိုးမှား မန္တန် မူကွဲများဟု ပြောရခြင်းမှာ အခြား မဟုတ်၊ ထိုမန္တန်နှစ်ခုလုံး၏ တရားကိုယ် အဓိက မန္တန်စာသားများမှာ အတူတူဖြစ် သော်လည်း မျဉ်းသားပြထားသည့် စာ သားများသာ မူကွဲနေ၍ ဖြစ်ပါသည်။ အမှတ်စဉ် (၂)မန္တန်၌ ဆိုထားသည်မှာ 'ဗြောင်း ဓဇဂ္ဂ ပရိတ္တံ မံ ရက္ခန္တု' ဟု ဓဇဂ္ဂပရိတ်တော်၏ အစောင့်အရှောက် အရံအတားကို ယူထားပြီး အမှတ်စဉ် (၃) မန္တန်၌မူကား 'ဗြောင်း ဓမ္မစက္က ပရိတ္တံ မံ ရက္ခန္တု သဗ္ဗဒါ' ဟု ဓမ္မစက္က သုတ်တော်မြတ်၏ အစောင့်အရှောက် အရံအတားကို ခံယူထားကြောင်း တွေ့ ရပေသည်။

ဤနေရာ၌ ထိုမန္တန် (၂)ခု၏ အာ ဘော်ကို သေချာစိစစ် ဝေဖန်ကြည့်ရ လေသော် မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ လော ကီပညာ အစီအရင်အများစု၌ 'ဓဇဂ္ဂ



www.burmeseclassic.com

www.burmeseclassic.com

ပရိတ်တော်' ကိုသာ အသုံးပြုစီရင်သည်ကသာ အများဆုံးဖြစ်ပြီး ဓမ္မစက္က ပဝတ္တနသုတ်တော်ကို အသုံးပြု စီရင်မှု လွန်စွာ နည်းပါးပြီး အလွန်တွေ့ရခဲပါသည်။ သို့ဖြစ်ရာ ဂန္ဓာရီ ဝိဇ္ဇာမယလောကီပညာ အစီအရင်များတွင် အသုံးပြုသင့်သည့် မန္တန်မှာ အမှတ်စဉ်(၂) ဗြောင်းကိုးတန်မန္တန်တော်ကြီး (ဝါ) ဝိဇ္ဇာမယဗြောင်းကိုးတန်မန္တန်တော်ကြီးသာ ဖြစ်ပါသည်။ ဝိဇ္ဇာမယအစီအရင်၌သုံးခြင်း မဟုတ်ဘဲ တန်ခိုးကြီးသော မန္တန်တော်ကြီး အဖြစ် ဆောင်ယူရွတ်ပွားလိုသူတို့အတွက်ကား ဤဗြောင်းကိုးတန် မန္တန်တော်ကြီးလေးခုထဲမှ နှစ်သက်ရာကို ရွေးချယ်ဆောင်ယူနိုင်ပါသည်။

ဤဗြောင်းကိုးတန်မန္တန်တော်ကြီးတို့ကို စွဲမြဲစွာ ရွတ်ပွားပူဇော် ဆောင်ယူသူတို့သည် ဘုန်းတန်ခိုးကြီး၏။ ဘေးရန်အပေါင်း ကင်းလွတ်၏။ နတ်တို့ချစ်ခင်စောင့်ရှောက်၏။ စုန်း၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်၊ ယုတ်သောနတ်မိစ္ဆာတို့ ကြောက်ရွံ့၏။ ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်တို့ အမြဲ ဆောင်ယူ ရွတ်ပွားလေ့ရှိပြီး နတ်ဆေးဝါးများစီရင်ရာ၌ အသုံးပြုလေ့ရှိကြောင်း တွေ့ရပါသည်။

## ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနှင့် ဗြောင်းကိုးတန်မန္တန်

အထက်၌ အမြွက်မျှဆိုခဲ့သကဲ့သို့ ဤဗြောင်းကိုးတန်မန္တန်ကို ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်တို့ အမြဲဆောင်ယူရွတ်ပွားလေ့ရှိပြီး နတ်ဆေးဝါးများ စီရင်ရာ၌ အသုံးပြုလေ့ရှိကြပါသည်။ ဂန္ဓာရီ ဝိဇ္ဇာမယ ပညာရှင်များဟု ဆိုရာတွင်လည်း အထူးသဖြင့် ဂန္ဓာရီ ဝိဇ္ဇာမယ သိဒ္ဓိဆေးအတတ်ပညာရှင်များ (ဝါ) တစ်နည်းအားဖြင့် ဆေးဝိဇ္ဇာတို့၏အတတ်ကို လိုက်စားကြကုန်သော ဝိဇ္ဇာမယပညာရှင်များအဖို့ လက်လွှတ်၍မရသောမန္တန် တစ်ခု ဖြစ်ပါသည်။ အကြောင်းမူကား ဝိဇ္ဇာမယ သိဒ္ဓိ ဆေးအတတ်ပညာဖြင့် စီရင်အပ်သော နတ်ဆေးဝါး၊ နတ်မှော်ဝင်အစီအရင်များစွာတို့တွင် ဤဗြောင်းကိုးတန်မန္တန်ကို ထည့်သွင်းအသုံးပြုရလေ့ရှိသောကြောင့်ပင်။ ယခင်က ဖော်ပြခဲ့ဖူးသော ဧဝံ အစိန္တိယာ ဂါထာ၊ ဥဏှာလုံမွေးရှင်တော်ယန္တရား၊ တြိသီဟော ဂါထာတို့သည် အင်းအရုံဂါထာများ၊ အင်းဆန်ဂါထာများအဖြစ် အင်းပညာရှိများ အသုံးချသကဲ့သို့ ဝိဇ္ဇာမယ သိဒ္ဓိဆေးဝါးအတတ် အစီအရင်တို့၌လည်း အသုံးပြု စီရင်နိုင်သော ဂါထာမန္တန်များ ဖြစ်ကြပေသည်။ သို့သော် ဤဗြောင်းကိုးတန်မန္တန်မှာမူ ဝိဇ္ဇာမယ အင်းအစီအရင်များ၌ အသုံးပြုမှု နည်းပါးလှပြီး ယခုဆိုခဲ့သကဲ့သို့ ဝိဇ္ဇာမယ သိဒ္ဓိဆေးဝါး အတတ်ပညာရပ်ဆိုင်ရာ အစီအရင်များ၌မူ အလွန်ကျယ်ပြန့်စွာ အသုံးကျသော မန္တန် ဖြစ်ပါသည်။ သို့ဖြစ်ပေရာ ဤဗြောင်းကိုးတန်မန္တန်မြတ်ကို ဝိဇ္ဇာမယ သိဒ္ဓိဆေးဝါး အတတ်ပညာဆိုင်ရာ အထူးပြုမန္တန်ဟုပင် ခေါ်ဆိုရန်သင့်လှပေသည်။ သို့ဖြစ်ရာ ဤဗြောင်းကိုးတန်မန္တန်မြတ်ကို ဝိဇ္ဇာမယသိဒ္ဓိဆေးအတတ်ပညာရှင်များသည် မည်သည့်ဆေးဝါး၊ အစီအရင်များ၌ မည်သို့မည်ပုံ အသုံးပြု ထည့်သွင်းစီရင်သည်ကို လေ့လာကြည့်ရှုရလေသော်-

### (၁) နေစကြာ၊ လစကြာနတ်နိုင်ဆေးကြီး

ဤ နေစကြာ၊ လစကြာနတ်နိုင်ဆေးကြီးသည် ဂန္ဓာရီ ဝိဇ္ဇာမယ သိဒ္ဓိဆေးပညာရပ်တွင် ထိုဝိဇ္ဇာမယဆေးပညာရှင်များ အလွန် အလေးထား စီရင်ဆောင်ယူလေ့ရှိသော ဆေးကြီးတစ်မျိုး ဖြစ်ပါသည်။ ထိုဆေးစီရင်၍အောင်မြင်ပြီဆိုလျှင် 'နတ်နှင့်နဂါးမလှည့်စားနှင့်' ဟူသောစကားကိုပင် ဂရုပြုရန် မလိုလောက်အောင် နတ်များပေါ် ဩဇာအာဏာစက် ထက်မြက် သက်ရောက်လေသည်။ နတ်များကို ခေါ်နိုင်သည်၊ စေနိုင်သည်။ ပူးဆိုလျှင်ပူး၊ ခွာဆိုလျှင် ခွာစေနိုင်သည်။ (၃၇) မင်းနတ်တို့ကိုပင် စေပိုင်နိုင်သည်ဖြစ်၍ ကျန် စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲ၊ သင်းကွဲ၊ ပြိတ္တာတို့လောက်ကိုတော့ ဂရုပြုရန်မလိုတော့ချေ။ ဤဆေးဖော်နည်းကား ဦးစွာ အောက်ဖော်ပြပါ ဆေးအမည် (ဆေးအမယ်-ဆေးအမျိုးအစား) များကို ရယူစုဆောင်းရပါမည်။

ကျုတ်ပျံ၊ နရွဲပျံ၊ စောင်ချမ်းပျံ၊ ငှက်ပျောပျံ၊ ဝါးပျံ၊ မိုးနီပျံ၊ ထိုအပျံခြောက်ပါးကို မတည်၍ စုဆောင်း။ အညီအမျှစု။ ထို့နောက် ထိုဆေးစုထဲသို့ ပျံပေါင်းသုံးဆယ်ထည့်၊ ကြိတ်ပေါင်းသုံးဆယ်ထည့်၊ ကျီးပေါင်းသုံးဆယ်၊ သစ်တံခါးမြစ်၊ သစ်ထိပ်မြစ်၊ သစ်တံကျင်၊ မိုးကြိုးပစ်သစ်သား၊ ရထားတိုက်သည့်သစ်မြစ်၊ သိုက်ပေါင်း (၆) သိုက်၊ လူသေကိုဆွဲသည့်ကြိုး၊ သဖန်းခါးပဥ္စင်းပါး၊ စစ်တံမြစ်၊ ဇလပ်မြစ်၊ ဆိတ်ဖူး၊ လင်းလေကြီး၊ သစ်ဆွဲချမြစ်၊ လမ်းတစ်ဖက်တစ်ချက်ကူးလျက် လိမ်ယှက်၍နေသော ဖူးနှစ်ပင်အမြစ်၊ သစ်ပင်ကိုကျော်၍ပေါက်ပြီးမှ မြေတွင်ကုပ်သည့် သစ်မြစ်၊ အမိမရှိ ပကတိ ထီးထီးပေါက်နေသော နွယ်ရှင်ပင်ထီးမြစ်။

ဤဆေးအမည်များကို အညီအမျှစီစုပြီး ညက်အောင်ထောင်း၍ အမှုန့်ရအောင်ပြုပါ။ ပြီးလျှင် ဆေးမှုန့်များကို ဆေးဒန်းအနည်းငယ်ရော၍ ကြိတ်ရပါမည်။ ပြီးလျှင် ထိုဆေးများကို သုံးစုသုံးပုံ အညီအမျှခွဲ၍ တစ်ပုံစီထား။

ပထမဆေးတစ်ပုံကို ဆေးသုံးဆ၊ ဟင်္သပဒါးအရိုင်း တစ်ဆ ထည့်ကာ ဗြောင်းကိုးတန်မန္တန်ကို ကိုးအုပ် စုတ်၍ညက်အောင် ကြိတ်ပါ။ ထိုဆေးကို လက်မခန့် အပြားပြုလုပ်ပြီး 'နေမင်း' ဟု အမည်ပေးပါ။ တစ်ဖန် ထိုဆေးကိုပင် ဆရာဆောင်ရန် အပြားကြီးကြီးပြား၍ အလယ်တွင် ဒေါင်းရုပ်ပီသအောင် ရေးပါ။ ထိုဒေါင်းရုပ်၏ဘေးမှ အောက်ပါ အရုံဂါထာဖြင့် ရုံပါလေ။

အရုံဂါထာကား-

'ဥုံ သူရိယာနေမင်း အခေါင်ချင်းသည် နေမင်းငါ့ရှေ့သွားစေသော၊ ဇဟိဇဟိ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်'

တစ်ဖန် ဒုတိယဆေးပုံမှ ဆေးကိုလည်း ဆေးသုံးဆ၊ ဟင်္သပဒါးအရိုင်း တစ်ဆထည့်ပြီး ဗြောင်းကိုးတန်မန္တန် ကိုးအုပ်စုတ်၍ ညက်စွာကြိတ်ပါ။ ထိုဆေးမှ အနည်းငယ်ယူ၍ လက်မခန့်ပြားအောင်ပြုပြီး 'လမင်း' ဟူ၍ အမည်ပေးရပါမည်။ ထို့နောက် ဆရာဆောင်ရန်ဆေးကို အပြားကြီးကြီးပြု၍ အလယ်တွင် ယုန်ရုပ်ပီသစွာရေးပြီး အောက်ပါဂါထာဖြင့် ရုံရပါသည်။

'ဥုံ စန္ဒရာလမင်း ခေါင်ကချင်းသည် လမင်း ငါ့ရှေ့သွားစေသော်၊ ဇဟိဇဟိ ချဉ်းဆရာချဉ်း၊ ကပ်ဆရာကပ်'

ထို့နောက် တတိယဆေးပုံမှဆေးကိုလည်း ဆေးဒန်းနှင့်အထက်နည်းများအတိုင်း သုံးဆ တစ်ဆ ရောပါ။ ထိုဆေးကိုလည်း ဗြောင်းကိုးတန်မန္တရားနှင့် ကိုးအုပ်စုတ်ပြီး ဆေးကြိတ်ပါ။ ဆေးအနည်းငယ်ကို အတောင့်ပြုလျက် နတ်မင်းကြီး ဟူ၍ အမည်ပေးပါ။ တစ်ဖန် ကျန်ဆေးနှင့် ဆေးပြားကြီးကြီးပြုလုပ်ကာ ဆေးပြားအလယ်တွင် သိကြားမင်းခရုသင်းကိုင်ဟန် ပုံရေးဆွဲပြီး အောက်ပါဂါထာဖြင့် သိကြားရုပ်ကိုရုံပါ။

'ဥုံ ဒေဝ ဒေဝါ၊ ဒေဝတာ နတ်မင်း အခေါင်ချင်းသည် နတ်မင်း ငါ့ရှေ့


www.burmeseclassic.com

www.burmeseclassic.com

ရုပ်လေလော့၊ ဇဟိ ဇဟိ ချဉ်းဆရာချဉ်း၊ တပ်ဆရာကပ်'

ထို့နောက် ဆေးများအားလုံးကို ဗရိတ်တော်ပေါင်း (၁၁) သုတ်နှင့် (၃၇) အုပ်စုတ်။ အောင်ခြင်းရှစ်ပါး၊ ရတနာ ရွှေချိုင့်၊ ဩဗြောင်းကိုးတန်မန္တရားတို့နှင့် (၁၉) အုပ်စီ စုတ်လေ။ ပြီးလျှင် ဤဆေး ကို အနေကဇာတင်၊ ကမ္မဝါဖတ်၊ အဘိ ဓမ္မာဒေသနာကြားနာ။ ပြီးလျှင် ဆေး များကို ကေရာဇ်ကြုတ်နှင့်ထည့်ဆောင် ရမည်။ ဆေးကို အမြဲ ကိုယ်နှင့်မကွာ ဆောင်ရမည်။ အလိုရှိ၍သုံးလိုသောအ ခါ ဓားသွားအလယ်တွင် နေမင်းဆေး နှင့် နေမင်း ဟူ၍ ဆိုကာ ဝကိုရေး၊ ဓား ၏တစ်ဖက်သွားတွင် လမင်းဆေးနှင့် ဝ ကို လမင်းဟုဆို၍ရေး။ သိကြားဆေးကို ဓားသွားအလယ်တွင် သုံးတန့်သား၊ ထို့ နောက် ဓားကိုထမ်းလျက် မိမိခေါ်ချင် သော မည်သည့်နတ်မျိုးကိုမဆို ခေါ် လေ။ လာဆိုလာရ၏။ ဝင်ဆိုလျှင် ဝင် ၏၊ ထွက်ဆိုလျှင် ထွက်၏။ အလိုရှိရာ မေး၍ရသည်။ စေခိုင်း၍ရသည်။ နာမ် တိုစေနိုင်၏။ ဉာဏ်ရှိသလို့သုံး၊ အသုံး ကျယ်လှပါသည်။

အထက်ပါ နေစကြာ၊ လစကြာ နတ်နိုင်ဆေး အစီအရင်ကို လေ့လာ ကြည့်က ဩဗြောင်းကိုးတန်မန္တရားကြီးကို အကြိမ်ကြိမ် အလီလီ အထပ်ထပ် သုံး စွဲစီရင်ထားကြောင်း တွေ့ရပါလေမည်။

## (၂) သူပြုနတ်တိုက်ဆေးရိုးကြီး

ဂန္ဓာရီ ဝိဇ္ဇာမယလောကီအတတ် ပညာအမျိုးမျိုးတို့အနက် ဝိဇ္ဇာမယသိဒ္ဓိ ဆေးအတတ်ပညာတစ်မှု ဆန်းကြယ်လှ သော အတတ်ပညာမျိုးဖြစ်ပြီး ယင်းတို့ ၏ဆေးအမည်များမှာလည်း သာမန်လူ တို့နားလည်ရန် ခက်ခဲလှသလောက် စု ဆောင်းရယူရန်လည်း မလွယ်လှချေ။ သည်းခံစိတ်ရှည်၍ အချိန်ယူစုဆောင်း ရန်လိုပေသည်။ သို့သော် ဤဝိဇ္ဇာမယ သိဒ္ဓိဆေးဝါးအစီအရင်တို့ကို အင်းပညာ ရှင်တို့လည်း လက်လွှတ် ပစ်ပယ်၍မရ။ အကြောင်းအသို့နည်းဟူမူ အချို့သော အင်းစမအတတ်ဖြင့် သိဒ္ဓိမှော်ဝင်ကျင့် စဉ်များတွင် သက်ဆိုင်ရာမှော်အင်းများ တို့ သတ်မှတ်ထားသော ဝိဇ္ဇာမယသိဒ္ဓိ ဆေးများဖြင့် စီရင်ရသောကြောင့် ဖြစ် ပါသည်။ အထူးအားဖြင့် သာသနာ (၅၀၀၀)ဆေးများ၊ နတ်ချစ်ထုံသင်းဆေး များ၊ မဟာမြိုင်ဆေး စသော ဆေးမျိုး များ ဖြစ်ကြသည်။ ယခုတစ်ဖန် ဝိဇ္ဇာ မယသိဒ္ဓိဆေးဝါးများအနက်မှ ဩဗြောင်း ကိုးတန်မန္တရားကြီးကို ထည့်သွင်းအသုံး ပြု စီရင်ထားသော ဤသူပြုနတ်တိုက် ဆေးရိုးကြီးအစီအရင်တစ်ခုအကြောင်း ကို ထပ်မံဖော်လိုပါသည်။

ဤဆေးကြီးအတွက် လိုအပ် သော ဆေးအမည် (အမယ်) များမှာ ရှားပျံ၊ ကျွတ်ပျံ၊ ရှဉ့်မတက်ပျံ၊ ငှက်ပျော ပျံ၊ စောင်ချမ်းပျံ၊ မိုးနံပျံ စသည့် ဤပျံ (၆) ပျံ ဆေးအမည်များကို မပါမဖြစ် အရင်းခံထား၍ ကျန်ပျံပေါင်း (၂၄) ပျံ ရှာထည့်ပြီး ပျံသုံးဆယ်မျိုးပြည့်အောင် အညီအမျှ စုဆောင်းရပါမည်။ ပြီးလျှင် ထင်းတစ်သိုက်၊ ကျီးသိုက်၊ ချိုးသိုက်၊ ဝံ လိုသိုက်၊ ဗျိုင်းသိုက်၊ စာသိုက် စသည် ဤ (၆) သိုက် အဝင်အပါ သိုက်ပေါင်း သုံးဆယ် အညီအမျှစု။

တစ်ဖန် သပြေကြိုတ်၊ သဖန်း ကြိုတ်၊ သရက်ကြိုတ်၊ ဆီးကြိုတ်၊ မန် ကျည်းကြိုတ်၊ ချရားကြိုတ် ဤအကြိုတ် များ အဝင်အပါ ကြိုတ်မျိုးပေါင်း သုံး ဆယ်ရအောင် အညီအမျှစု။

ပန်းပေါင်းအနေဖြင့် မဟာဂီရိနတ် တင်ပန်း၊ မင်းညီနောင်ပန်း၊ မင်းဝေသူ ပန်း၊ ရွှေဝန်ပန်း၊ ရွှေလက်ပံပန်း၊ သိကြား မင်းကြီးပန်း အဝင်အပါ ပန်းပေါင်း သုံး ဆယ်ပြည့်အောင်စု။

ရွက်ပေါင်းသုံးဆယ်တွင် ကြခတ် ဝါးရွက်၊ သရက်ရွက်၊ ဇလပ်နီရွက်၊ သစ် ပင်ခွမှာတင်နေသည့် ညောင်ခုနစ်ရွက်၊ ရုံးရွက်၊ ဝါရွက်၊ ဤရွက် (၆)ပါး အဝင်အ ပါ ရွက်ပေါင်း (၃၀) စေ့အောင် အညီ အမျှစု။

အထက်ပါဆေးအမည်များစုံလျှင် နေ့ကောင်းရက်သာရွေး၍ ဓားပေါင်း (၅) ကျပ်သား၊ စစ်တုံ (၅) ကျပ်၊ လင်း လေ (၅) ကျပ်၊ လင်းလေကြီး (၅) ကျပ်၊ လင်းလေစုန်း (၅) ကျပ်၊ ဆေးဒန်း (၅) ကျပ်တို့နှင့် ရော၍ ညက်အောင်ကြိတ် ပါ။ ဆေးကြိတ်စဉ်အတွင်း ဩဗြောင်းကိုး တန်မန္တရားကို အနည်းဆုံး (၉) ခေါက် မပြတ်ရွတ်၍ ကြိတ်ရမည်။ ထို့နောက် သိဒ္ဓိတင်ရမည်။ ဤတွင် ဆေးစီရင်၍ ပြီး၏။

ဤဆေး၏အကျိုးကား စုန်း၊ ဖုတ်၊ တစ္ဆေဖမ်းစားခြင်း၊ ပူးဝင်ပူးကပ်ခြင်းပြု က ဤဆေး တစ်ရွေးသားခန့်တိုက် သို့ မဟုတ် ဆရာက ဆေးကိုဝါးပြီး သူနာ တစ်ကိုယ်လုံးထွေးက ပျောက်၏။ စုန်း တိုက်၊ နတ်တိုက်၊ သူပြု၊ ရုပ်ထား၊ နာမ် ထား၊ ဖုတ်မျိုးတစ္ဆေ၊ သူယောင်သေ ကြိတ်လိတ်၊ မျက်စောင်းရိုတ်နှင့် ခရုပိတ် ပေါင်း၊ ဆယ်ဝမိစ္ဆာ တွေ့ကြုံလာသော် ဓားလွယ်တွင် ဆေးကို သုံးတန်သား၍ 'ဩဗြောင်းကိုးတန်မန္တရား' (၇) အုပ်စုတ် လျက် နတ်ကို၊ စုန်းကိုခေါ်သော် လာ ရ၏။ တစ္ဆေ၊ ဖုတ်အပေါင်း၊ ပြုသူအ ပေါင်း လာရ၏။ လာလျှင် မေးက မေး တိုင်းပြော၏။ မိမိအမိန့်ပေးသမျှ နာခံ ကြရ၏။

ရူးသောသူကို ကုလို့က တရော် ရည်တွင် ဤဆေးကို ထည့်ပြီး ခေါင်း ဆေးစေ။ ထို့နောက် အရူးကို ဆေး ငရုတ်ကောင်းလုံးခန့် ဖျော်တိုက်၊ မျက် စဉ်းခတ်ပေး။ တောတောင်ခရီးသွားရ၍ သစ်၊ ကျား၊ တောအမှောင့်ပယောဂ၊ ဘီလူးတို့ ခန့်ညားကြောက်ရွံ့လိုပါလျှင် ဤဆေးကို သစ်ပင်မှာဆွဲ၍ထား၊ မချဉ်း ကပ်ဝံ့။ မလာမရောက်ဝံ့ကြချေ။ နတ်ကို ခေါ်၍ ချုပ်ထားလိုလျှင် ဆေးဖြင့်ထိပ် ကိုတို့၍ထား။ ကလေးသူငယ်များ ထိတ် ခြင်းလန့်ခြင်းဖြစ်လျှင် ဤဆေးနှင့်ဝါး၍ ထွေး။ အရောင်းအဝယ်ပြု၍ ကုန်စွဲလို့ ပါက ကုန်ကိုဆေးနှင့်တို့ပေးပါ။ ကုန်တွင် ဆေးအနည်းငယ် မြုပ်သွင်းထားပါက အရပ်ဆယ်မျက်နှာတို့မှ အဝယ်လာစု လေသည်။

## (၃) သာသနာ(၅၀၀၀)ဆေး

ဝိဇ္ဇာမယသိဒ္ဓိ ဆေးဝါးပညာတွင် သာသနာ (၅၀၀၀) ဆေးတော်ကြီးသည် အလွန်အသုံးဝင်သော ဆေးအစီအရင် ဖြစ်ပါသည်။ သာသနာ (၅၀၀၀) ဆေး ဖော်နည်းများလည်း အမျိုးမျိုးရှိတတ်ပါ သည်။ သို့ရာတွင် ဤဆောင်းပါး၌ ဩဗြောင်းကိုးတန်မန္တရားကို အသုံးပြု စီ ရင်ထားသော သာသနာ (၅၀၀၀) ဆေး အစီအရင်ကို ဖော်ထုတ်တင်ပြလိုက်ပါ သည်။

သာသနာ (၅၀၀၀)ဆေးနည်းမှာ-

သစ်ထိပ် သစ်တံခါး၊ သစ်နဂါး၊ တိုက်ပေါင်း၊ ပျံပေါင်း၊ ကြိတ်ပေါင်း၊ ကွာတ်ပေါင်း၊ ဆေးဒန်း၊ ကန့်၊ သဖန်းခါး၊ ပဥ္စငါးပါး၊ နန္ဒင်းစိမ်း၊ ကြိတ်မှန်၊ လင်း လေ၊ စစ်တုံ၊ ဆိပ်ဖား၊ နတ်ကဝင်ရှင်၊ သရက်ပဥ္စငါးပါး၊ သစ်တံကျင်၊ တောင် လုံးကျော်၊ ပြတ်ပေါင်း၊ သိုက်ပေါင်း စသည့် ဆေးအမည်များကို အညီအမျှ စုဆောင်းလျက် အုန်းရည်နှင့်ကြိတ်။ ဆေးကြိတ်စဉ် 'ဩဗြောင်းကိုးတန်မန္တရား' မပြတ်ရွတ်ရမည်။ ဆေး[illegible]တ်ပြီးနောက် ထိုဆေးဖြင့် ခြင်္သေ့ရုပ်လုပ်ရမည်။ ထို့



www.burmeseclassic.com

www.burmeseclassic.com

နောက် 'ဩြောင်းကိုးတန်မန္တရား' ဖြင့် (၁၀၈) အုပ် စုတ်ရမည်။ ပြီးလျှင် ထို ခြသေ့ရုပ်ဆေးကို ပြန်ကြိတ်။ ထိုဆေး ကြိတ်ဖတ်ဖြင့် ကြွက်ကို ကြောင်ချီဟန် အရုပ်လုပ်ပြီးလျှင် ဩြောင်းကိုးတန်ဖြင့် (၁၀၈)အုပ်စုတ်။ ထို့နောက်တစ်ဖန် ယင်း ကိုပြန်ကြိတ်။ ကြိတ်ပြီးထိုဆေးဖြင့်ပင် ခြသေ့ရုပ်ပြန်လုပ်။ ထို့နောက် ဩြောင်း ကိုးတန်မန္တရားဖြင့် (၁၀၀၀) စုတ်။ ပြီး လျှင် ထိုဆေးကို သိမ်သွင်းရမည်။ ပြီး က ဆေးကို လေးစုခွဲ၍ထားရပါမည်။

- ဆေးတစ်စုကို ငရုတ်ကောင်း (၇) လုံး၊ ခြေသည်း, လက်သည်း၊ ယောက်မချေး၊ မင်းချီချေး၊ လှေ ကားချေးထည့်၍ကြိတ်က တန် ပြန်ဆေး ဖြစ်၏။
- ဆေးတစ်စုကို ဆီတစ်ဘူးထည့် ၍ကြိတ်၊ နတ်နှင်ဆေး ဖြစ်၏။
- ဆေးတစ်စုကို ပန်းပေါင်း၊ ဂမုန်း ပေါင်း၊ နံ့သာငါးပါးထည့်၍ကြိတ် လေ။ ဤဆေးကား နတ်ချစ်ဆေး ဖြစ်၏။
- ဆေးတစ်စုကိုကား ရွှေထည့်၍ ဆောင်၊ နတ်ဆေး ဖြစ်၏။

ဤနတ်ဆေးဖြင့် ဆေးထိုးရဟန်ကား-

(၁) ခေါင်းထဲတွင် ဘီးကြောင်းအတိုင်း သုည (၁၀) လုံးစီထိုး။
(၂) နဖူးတွင် သုည (၃) လုံးထိုး။
(၃) နားထင်နှစ်ဖက် သုည (၃) လုံးစီ ထိုး။
(၄) လက်မောင်းနှစ်ဖက် သုည (၉) လုံးစီထိုး။
(၅) လက်မရင်းနှစ်ဖက် (က) ထိုး။
(၆) လက်ညှိုးညာဘက်၌ (က, ကာ, တ, မေ) ဟူ၍ထိုး။
(၇) ဘယ်လက်ညှိုး၌ (က, ကာ, တ, မိ) ဟုထိုး။
(၈) လက်ဝါးနှစ်ဖက်၌ သုည (၃) လုံး စီထိုး။
(၉) ရင်ဘတ်၊ ချက်အောက် သုည (၉) လုံးစီထိုး။
(၁၀) လက်ပြင်ကြား၊ ခါး၊ မြီးညောင်းရိုး (၀) (၃) လုံးစီထိုး။
(၁၁) ဒူးနှစ်ဖက် (၀) (၉) လုံးစီထိုး။
(၁၂) ခြေမျက်စိအထက်နှစ်ဖက် (၀) (၉) လုံးစီ ကန့်လန့်ထိုး။
(၁၃) ခြေဖဝါးစောင်းတွင် (ဃ) ထိုး၊ 'သာသနာ (၅၀၀၀)' ဟု ရွတ်၍ ထိုး။
(၁၄) လက်ကောက်ဝတ် နှစ်ဖက်တွင် စမ္ပာနဝအင်းကိုထိုး။
(၁၅) လက်မောင်းနှစ်ဖက်မှာ (၀) (၉) လုံးစီထိုး။
(၁၆) ရင်ဘတ်တွင် 'ရွှေတော်' ဟုဆိုကာ (၀) (၉) လုံးထိုး။
(၁၇) လက်ပြန်ကြားတွင် 'နောက်ဘ ယက်' ဟုဆိုကာ (၀) (၉) လုံးထိုး။
(၁၈) နဖူးတွင် 'သင်းကျစ်တော်' ဟုဆို ကာ (၀) (၉) လုံးထိုး။
(၁၉) နားထင်နှစ်ဖက်တွင် 'အသို' ဟု ထိုး။
(၂၀) ပါးစောင်နှစ်ဖက်တွင် 'အာဌာ ဝကစက်' ဟု ဆို၍ (၀) (၁) လုံးစီ ထိုး။
(၂၁) အထက်နှုတ်ခမ်း၊ အောက်နှုတ် ခမ်းတို့တွင် 'သိကြားစက်' ဟု ဆို ကာ (၀) (၁) လုံးစီထိုး။
(၂၂) ထို့အပြင် အထက်နှုတ်ခမ်းတွင် (သူဇံပမတိ) ဟုထိုး။
အောက်နှုတ်ခမ်းတွင် (သူဇံပမ ဂေါ) ဟုထိုး။

ဤသို့ အဆင့်ဆင့် သာသနာငါး ထောင် နတ်ဆေးနှင့် ထိုးပြီးလျှင် အောက်ဖော်ပြပါ နတ်အမိန့်ပြန်တမ်း ဖြင့် အမိန့်တော် ပြန်ရမည်။

'အို- သာသနာ ၅၀၀၀ စီးပွား ဆောင်သည် မှော်မွန်ကဝေရ နတ်မင်း ကြီးတို့၊ မဟာမဏိမေခလာ၊ မဟာဝသ ကာရော၊ တာနေဝယက္ခ ပုဏ္ဏကနှင့် ဓတရဋ္ဌ၊ ဝိရူဠက၊ ဝိရူပက္ခ၊ ကုဝေရ စသော နတ်မင်းကြီးများ သိစေသားဟု ပုပ္ပားမောင်နှမ၊ ပင်းတထဲလှိုင်းတက် ရွှေ စစ်သည် ပခန်းစေသူရှင် မင်းကျော်စွာ ပရိမ္မမင်းခေါင်ကြီး၊ ကတုံဘိုးတော်ကြီး၊ ကျောက်ဆောင်တရိုး အစိုးရသည့် နှော ရှင်မ၊ ယောမင်းကြီး ထီးဖြူဆောင်း ငါးစို့ ကတူးမ၊ ကိုးကျိုင်း ကိုးစော်ဘွား၊ ကိုး မှော်ကို အစိုးရသည့် ကိုးသိန်းရှင်၊ ထား ဝယ်နန်းရှင်၊ အမြို့မြို့အနယ်နယ်ကို အုပ်ချုပ်သည့် မြင်းဖြူရှင်၊ လက်ထုပ်ရှင် မ၊ ရမည်းသင်းမင်းနှစ်ပါး၊ တလိုင်းကိုး ရပ် အစိုးရသည့် ကိုးမြို့သခင်ကိုပညာ၊ တရုတ်ပြည်ကိုအစိုးရသည့် ကြေးစဉ်၊ ဒွါ ရဝတီသံတွဲ ဆင်ဖြူရှင်မင်းကြီး၊ ရပ် စောက်လင်းကင်းမောင်နှမ၊ အပင်းသွင်း တတ်သည့် ဘိုးတော်ကြီး သံဘိုးမင်း ကျော်ဦး၊ အရပ်ရပ်အရွာရွာ တော တောင်မြို့ရွာအုပ်ချုပ်သော အာကာသ စိုး၊ ရုက္ခစိုး၊ ဘုမ္မစိုးနတ်တို့၊ ငါအုပ်သည့် မြို့ရွာတွင် လူဆိုးလူပျက်၊ စုန်း၊ ဖုတ်၊ တစ္ဆေ ရှိသည်များကို နားလည်ကြစေ၊ သိကြစေ။ ငါ့တပည့်များတို့ ပူးဆိုလျှင် ပူး၊ ခွာဆိုလျှင်ခွာ၊ ချည်ဆိုလျှင်ချည်၊ အ မိန့်ပေးက မနှေးကြနှင့်။ နားမထောင် သော် နော်ရထာမင်းသည် ကြေးစဉ်နတ် မင်းအား ကြိမ်စကြာသွင်းသကဲ့သို့ ဆုံးမ ခြင်းခံကြရမည်။ နတ်တကာတို့ သိကြ စေ၊ ကြားကြစေ'

ဤတွင် သာသနာ (၅၀၀၀) နတ် မှော်ဆေးဝါးကြီး စီရင်နည်း ပြီးပြည့်စုံ ပြီ ဖြစ်ပါသည်။ ဆေးအကျိုးကား အ မျိုးမျိုးသော စုန်းပယောဂ၊ နတ်ပယော ဂ၊ သူပြုလူပြု ရုပ်ထားနာမ်ထား၊ ခရု ပိတ်၊ အံကြိတ်၊ မျက်စောင်း မကောင်း ပြုစား ထွေပြားများစွာ အရာရာကို နှိမ် နင်းနိုင်ပါသည်။ နတ်များကို ခေါ်နိုင် ခြင်း၊ ပူးစေနိုင်ခြင်း၊ ပူးစေ၍ လိုရာမေး နိုင်ခြင်း၊ လိုရာစေခိုင်းနိုင်ခြင်း စသည်ဖြင့် အာဏာတည်စေသည့် ဆေးတော်ကြီး ဖြစ်ပြီး အခြားသော အင်းအစီအရင်၊ ဆေးဝါးများဖြင့် တွဲဖက်၍ ဝိဇ္ဇာမယ သိဒ္ဓိမှော် ပညာတက်စဉ်များ၌ အသုံးဝင် လှပါသည်။

ဤသာသနာ (၅၀၀၀) ဆေးစီ ရင်နည်းကိုကြည့်လျှင် ဩြောင်းကိုးတန် မန္တရားကို အမာခံ အခြေပြုလျက် စီရင် ထားသည်ကို တွေ့ရပါမည်။ ဤနည်းတူ ဩြောင်းကိုးတန်မန္တရားကြီးကို အခြား သောနတ်ဆေး၊ နတ်မှော်ဝင်ဆေးအစီ အရင်များ၌ သုံးစွဲထားကြောင်း များစွာ တွေ့ရပါသေးသည်။ သို့သော် ဆောင်း ပါးလေးအံ့စိုး၍ ဤမျှသာ နမူနာဆေး ဝါးအစီအရင်များကို ကောက်နုတ်တင် ပြလိုက်ပါသည်။ ဂန္ဓာရီ ဝိဇ္ဇာမယလော ကီပညာရှင်ကြီးများအနေဖြင့် နတ်ဆေး ဝါးများ၊ နတ်အာဏာတည်ဆေးများ နတ်မှော်ဝင်အစီအရင်များတွင် ဤမျှ အလေးထားလျက် အကြိမ်များစွာ ထည့်သွင်း သုံးစွဲ စီရင်ထားသည်ကို ကြည့်ခြင်းဖြင့် ဩြောင်းကိုးတန်မန္တရား ကြီး၏အရေးပါမှုနှင့် သိဒ္ဓိတန်ခိုး အကျိုး ကြီးမားပုံကို ခန့်မှန်းသိရှိလောက်ကြပြီ ထင်ပါသည်။ သို့ဖြစ်ပါ၍ မသိသေးသူ များ သိသွားစေရန်၊ သိသူများဖော်စား နိုင်ရန် ရည်သန်လျက် 'ကောင်းကျိုးလှိုု သည့် ဩြောင်းကိုးတန်မန္တန်' အကြောင်း ကို အများအကျိုးငှာ ဖော်ထုတ် တင်ပြ လိုက်ရပါသည်။

*သိသူဖော်စား၊ မသိသူကျော်သွား*
*အနန္တစကြဝဠာ အနန္တသတ္တဝါတို့*
*ချမ်းသာကြပါစေ*

*မေတ္တာများစွာဖြင့်*
*ဘြိုဝေနာ-ဆရာဇေယျသင်း*



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် သူရဇ္ဇမဂ္ဂဇင်း အတွဲ (၁၃)၊ အမှတ် (၁)၊ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလထုတ်တွင် ပြည်မြို့ ရတနာမာန်အောင် ရွှေဗျိုင်းနားဆရာတော်ဘုရားကြီး ဦးဝိဇ္ဇာဗလ၏ မေတ္တာဘာဝနာ၊ ကမ္မဋ္ဌာန်းကျင့်ကြံသော လမ်းခရီးတစ်လျှောက်၌ ထူးဆန်းအံ့သြဖွယ်ရာ စိတ်နယ်လွန်ဖြစ်ရပ်များ မြောက်မြားစွာရှိရာမှ ရသဂမ္ဘီရ - ကျော်ဝင်းအောင်(ပြည်/ဆည်မြောင်း)မှ ရွှေဗျိုင်းနား ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူသွားသည်မှာ ကြာမြင့်ခဲ့သော်လည်း ဆရာတော်ဘုရားကြီး၏ တပည့်သာဝကများ၊ နောင်လာနောက်သားများအတွက် ရွှေဗျိုင်းနားဆရာတော်ကြီး၏ ထူးဆန်း အံ့သြဖွယ်ရာ အဖြစ်အပျက်များရှိသေးပါက ရေးသားတင်ပြရန် မေတ္တာရပ်ခံအပ်ပါသည် ဟူသော ဆောင်းပါးအား ဖတ်မိပါ၍ ဆရာတော်ဘုရားကြီး၏ မေတ္တာကရုဏာကြီးမားပုံ ဆရာတော်ဘုရားကြီးသည် သူတစ်ပါးတို့၏ စိတ်အကြံအစည်ကို သိရှိသော မနောမယစိတ်တန်ခိုးရှိပုံကို ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ခဲ့ရပါ၍ ရသမြောက်အောင် မရေးသားနိုင်သော်လည်း အကြောင်းအရာ အဖြစ်အပျက်အား ပေါ်လွင်အောင် ကြိုးကြိုးစားစား ရေးပြီး တင်ပြအပ်ပါသည်။ အမှန်အတိုင်း ဝန်ခံရလျှင် စာရေးဆရာ မဟုတ်၍ စာအရေးအသားများ လိုအပ်ချက်ရှိပါက ခွင့်လွှတ်နားလည်ပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

ဆရာတော်ဘုရားကြီး၏ အလှူပွဲများတွင် ဘုမ္မာသကခေါ် သိုက်ပိုင်းဆိုင်ရာနှင့် ဝေမာနိကအပေါင်းအတွက် လှူဒါန်းပူဇော်ပေးသော ပွဲတော်အကြောင်း



ပြည်မြို့ ရတနာမာန်အောင်တောရ

ကျောင်းနွားတော်ရှင်ကမ္ဘာ့ရွှေရင်အေး

ဆရာတော်ဘုရားကြီး ဦးဝိဇ္ဇာပလအား

ဖူးတွေ့ရစဉ်က

# ဘဦး(ရွှေတောင်)



www.burmeseclassic.com

www.burmeseclassic.com

အား မေးမြန်းစုံစမ်းခဲ့ရာ ကံအားလျော်စွာ ဆရာတော်ကြီး၏သားတပည့်ဖြစ်သူ ဦးသန်းလွင် (ရွှေတောင်) နှင့် တွေ့ဆုံခဲ့၍ ဆရာဦးသန်းလွင်မှ ဘုမ္မာသကအလှူအကြောင်း အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

ဆရာတော်ဘုရားကြီး၏ မွေးနေ့ ၁၃၃၄ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်နေ့တွင် ဦးသန်းလွင်မှ ကျောင်းတွင်းရှိ သံဃာတော်များ၊ သာမဏေများ၊ သီလရှင်များအား သက်သတ်လွတ်သီးစုံဒံပေါက်ဖြင့် ဆွမ်းကပ်၍ လှူဖွယ်ဝတ္ထုအစုစုတို့ကို လှူဒါန်းခဲ့ပါသည်။ ၁၃၃၅ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်နေ့တွင်လည်း အထက်ပါအတိုင်း လှူဒါန်းခဲ့ပါသည်။ ၁၃၃၆ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်နေ့မတိုင်မီ မွေးနေ့ပွဲကျင်းပရန် စီစဉ်နေစဉ် ဦးသန်းလွင်အား ဆရာတော်မှခေါ်၍ ယခင်နှစ်များနည်းတူ သံဃာ (၃၀၀) ပင့်၍ သိုက်နန်းရှင်များမှ ၎င်းတို့ကိုယ်စား နှစ်စဉ်လှူဒါန်းပေးပါရန် လျှောက်ထားလာ၍ လှူဒါန်းပေးနိုင်မည်လားဟူ၍အမိန့်ရှိရာ ဆရာဦးသန်းလွင်မှ ကျောင်းရှိ သံဃာများ၊ သာမဏေများ၊ သီလရှင်များနှင့် တရားစခန်းဝင်ယောဂီများပင့် ဖိတ်စာ (၃၀၀) ဖြင့် လှူဒါန်းရန်စီစဉ်ခဲ့ပြီး မြန်မာပြည်အရပ်ရပ်ရှိ သိုက်နန်းရှင်ပေါင်း (၁၁၁) ဦးများပါ ဖိတ်ကြားလျက် ၎င်းနှစ်ကပင်စတင် လှူဒါန်းရာ နှစ်ပေါင်း (၄၀) ရှိပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ယခင်နှစ်များက မထူးခြားသော်လည်း ၎င်းနှစ်မှစ၍ ပင့်ဖိတ်စာ (၃၀၀) ဖြင့် ပင့်ထားသော်လည်း အလှူခံပုဂ္ဂိုလ်များ ဖိတ်စာမပါဘဲကြွရောက်လာကြသည်မှာ (၇၀၀) ခန့်ဖြစ်ကြောင်း ထူးဆန်း စွာတွေ့ရှိခဲ့ရသည်။ လှူဒါန်းသည့် ပုဂ္ဂိုလ်များမှာလည်း ထူးဆန်းစွာ များပြားနေခဲ့သည်။

၎င်းနှစ် နံနက်အရုဏ်တက် ငါးနာရီခန့်တွင် ဆွမ်းစတင်၍လောင်းခဲ့ရာ ရုတ်တရက် မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့သည်။ မိုးမှာသဲသဲမဲမဲရွာသွန်းနေပြီး ဆွမ်းလောင်းနေသည့် ဦးသန်းလွင်၊ ဦးညိုဆိုသူတို့နှင့် သံဃာနှစ်ပါးပါ မိုးရေများ စိုရွှဲနေပြီး ချမ်းတုန်နေကြပါသည်။ ထိုအခါ ဆရာတော်မှ ကောင်းကင်သို့မော့ပြီး လက်ညှိုးထောင်လျက်-

"ကလေးတွေအေးလှပါပြီ။ တော်ရောပေါ့"

ဟု ပြောလိုက်ရာ မိုးမှာ သဲသဲမဲမဲ ရွာနေရာမှ ရုတ်တရက်ရပ်တန့်သွားပါသည်။ မိုးတိတ်သွား၍ သေချာစွာကြည့်သောအခါ မိုးမှာ တခြားနေရာများတွင် မရွာဘဲ အလှူခံနတ်လမ်းတစ်လျှောက်တွင်သာ ရွာသွန်းကြောင်း တွေ့ရှိရပြီး ၎င်းတို့မှာ မိုးရေများ စိုရွှဲနေသော်လည်း အဝတ်များကို လဲလှယ်ရန် သတိမေ့နေခဲ့ပါသည်။ သို့သော် ဆွမ်းလောင်းပြီး၍ မဏ္ဍပ်ရုံမှ တရားနာ ရေစက်ချပြီးသောအခါ အဝတ်အစားများ ခြောက်သွေ့သွားသည်ကို ထူးဆန်း အံ့သြဖွယ်ရာ တွေ့ရှိရကြောင်း ပြန်လည် ပြောပြပါသည်။

ထိုဘုမ္မာသကအလှူပွဲသို့ ကျွန်တော်၏ လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းများမှ အထူးသဖြင့် စစ်ဘက်ဆိုင်ရာမှ ပခုံးပြောင်းတာဝန်ထမ်းဆောင်လာကြသည့် ရွှေတောင်ချည်မျှင်အထည်စက်ရုံ ဝန်ထမ်းအဆင့် အလုပ်ရုံစိတ်မှူးများ ဖြစ်ကြသော တပ်ကြပ် ဦးအုန်းမောင်၊ ဦးကျော်ညွန့်၊ ဦးတင်နွယ်နှင့် အခြားဝန်ထမ်းများမှ လိုက်ခဲ့ပါရန်ခေါ်၍ ကျွန်တော့်သားနှစ်ယောက်နှင့်အတူ ၁၉၈၇ ခုနှစ်တွင် ဆရာတော်ဘုရားကြီးထံ ဖူးမြော်ခွင့်ရခဲ့ပါသည်။ ထိုအချိန်က ကျွန်တော်အသက် (၄၈) နှစ်သာ ရှိပါသေးသည်။ လူလတ်ပိုင်းအရွယ်ဖြစ်ပါသည်။ မာန်အောင်တောရကျောင်းသို့ ရောက်သောအခါ ကျွန်တော့်မှာ စိတ်များအေးချမ်းပြီး ပီတိသောမနဿများဖြစ်နေမိပါသည်။ ရွှေတောင်မြို့သို့ ဆွမ်းခံကြွလာကြသော သီလရှင်များမှလည်း ရင်းရင်းနှီးနှီးဖြင့် ၎င်းတို့နေရပ်များတွင် တည်းခိုရန် ဝမ်းသာရွှင်လန်းစွာဖြင့် ကြိုဆိုကြပါသည်။

ညဘက်သို့ ရောက်သောအခါ ဆရာတော်ဘုရားကြီးအားဖူးတွေ့ကြပြီး တရားနာသြဝါဒခံယူကြရာတွင် ဆရာတော်ကြီးမှ ကျွန်တော်အား တပည့်ရင်းသဖွယ် ရင်းရင်းနှီးနှီး ဖူးတွေ့ခွင့်ရ၍ အထူး ဝမ်းသာ သဒ္ဓါတရားပိုခဲ့ပါသည်။ အထူးသဖြင့် ဆရာတော်ကြီးမှ တပည့်ဒကာ သက်ကြီးရွယ်အိုတွေ များပြားစွာရှိသော်လည်း နံနက်အရုဏ်တက် ဆွမ်းလောင်း အလှူခံရာတွင် ဆရာတော်၏ သပိတ်အားပိုက်၍လိုက်ရန် တာဝန်ပေး၍ အံ့သြကြည်နူးမိပါသည်။ ၎င်းအပြင် ကျွန်တော်၏ သားအကြီး မောင်နေမျိုးအောင်အား ဝိသကြုံနတ်ဝတ်တန်ဆာဖြင့် ဝင်းခင်းရာတွင် လိုက်ပါရန်ပါ ညွှန်ကြားလာပါ၍ ထပ်ဆင့်ဝမ်းသာပီတိဖြစ်မိပါသည်။

ဒုတိယတစ်ခေါက်အနေနှင့် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် ဆရာတော်ဘုရားကြီး၏မွေးနေ့အလှူပွဲ ဘုမ္မာသကအလှူပွဲသို့ စက်ရုံရှိ ဝန်ထမ်းများနှင့် အတူသွားကြရန် စီစဉ်ထားသော်လည်း ကျွန်တော်နှင့် တပ်ကြပ်ကြီး ဦးတင်နွယ် အလုပ်ရုံစိတ်မှူးတို့နှစ်ဦးမှာ စက်ရုံကိစ္စဖြင့် ရန်ကုန်သို့ ရုတ်တရက်ခရီးထွက်ခဲ့ရပါသည်။ မှတ်မှတ်ရရ ထိုနေ့တွေအား မေ့ပျောက်နိုင်ခြင်းမရှိပါ။ အထူးသဖြင့် တိုက်ဆိုင်မှုများမဖြစ်နိုင်ဘဲ ဆရာတော်ကြီး၏ ထူးခြားဆန်းကြယ် သူတစ်ပါးတို့၏ စိတ်အကြံအစည်ကိုသိ၍ ကယ်သင့်ကယ်ထိုက်သောသူများအား ကယ်ဆယ်ပုံမှာ တိုက်ဆိုင်ခြင်း မဖြစ်နိုင်တော့ပါ။ ဆရာတော်ကြီး၏မနောမယစိတ်တန်ခိုးဟု လုံးဝ ယုံကြည်မိပါသည်။

အဘယ်ကြောင့်ဆိုသော် ဘုမ္မာသကအလှူမှာ ၁၈ - ၉ - ၈၈ နေ့ နံနက်အရုဏ်တက်ချိန်တွင် ဖြစ်ပါသည်။ ကျွန်တော်နှင့် တပ်ကြပ်အဆင့် ဦးတင်နွယ် စက်ရုံဝန်ထမ်းအဆင့် အလုပ်ရုံစိတ်မှူးတို့မှာ ၁၇-၉- ၈၈ နေ့ နံနက်တွင် ရန်ကုန်မြို့ သမိုင်းလမ်းဆုံ ယခုအထည်စက်ရုံ အမှတ် (၆) စက်ရုံမှူး ဗိုလ်မှူး သန်းညွန့်အိမ်တွင်ရှိနေခဲ့ပါသည်။ ၎င်းနေ့နံနက် (၆) နာရီခန့်တွင် ရွှေတောင်စက်ရုံသို့ပြန်ရန် ကျွန်တော်တို့နှစ်ဦး စက်ရုံအပြင် သမိုင်းလမ်းဆုံသို့ ထွက်ခဲ့ကြပါသည်။ စက်ရုံက အပြင်သို့ ထွက်သောအခါ လမ်းများကို ပိတ်ဆို့ထားသော သံဆူးကြိုးခုံများနှင့် လမ်းများ ပိတ်ဆို့ထားပြီး လူသွားလူလာမရှိဘဲ လူများ တိတ်ဆိတ်နေပါသည်။ ကျွန်တော်တို့နှစ်ဦးမှာ မည်သို့လုပ်ရမည်ကို မသိဘဲ ယောင်လည်လည်နှင့်ဖြစ်နေပါသည်။ ညနေ ရတနာမာန်အောင်တောရသို့ ရောက်ရန်သာ စိတ်စောနေပြီး ပူပင်သောကရောက်နေပါသည်။ ကျွန်တော်သည် ရုတ်တရက် ဆရာတော်ကြီးအား သတိရပြီး ဆရာတော်ကြီးရှိရာ ရည်မှန်း၍ လက်အုပ်ချီ ရှိခိုးလျက် -

'ဆရာတော်ဘုရား၊ တပည့်တော်တို့နှစ်ဦးမှာ ဘုမ္မာသကအလှူပွဲအမီ ရောက်ရန် ဆရာတော်ဘုရား သနားသဖြင့် မ,စ စောင့်ရှောက်တော်မူပါ ဘုရား"

ဟု ဆုတောင်း ရှိခိုးလိုက်ပါသည်။

ခဏအကြာတွင် သမိုင်းလမ်းဆုံသို့ ဒတ်ဆန်ကားလေးတစ်စီး ရုတ်တရက် လာရပ်ပြီး -

"ပြည်ကို၊ ပြည်ကို"



www.burmeseclassic.com

www.burmeseclassic.com

ဟု အော်နေပါသည်။

ကျွန်တော်တို့နှစ်ဦးမှာ ဝမ်းသာအားရနှင့် ကားလေးပေါ် ပြေးတက်လိုက်ပါသည်။ ကားစပယ်ယာမှ ကားသမားအား -

"ဆွဲဆရာရေ၊ ပြည်ကို တိုက်ရိုက်မောင်း"

ဟု အော်ပြောပြီး ကားထွက်ခဲ့ရာ ကျွန်တော်တို့နှစ်ဦးမှာ အံ့ဩဝမ်းသာလှ၍ ဆရာတော်ကြီး၏တန်ခိုး၊ ဆရာတော်ကြီး၏ သနားကရုဏာတရားတို့အား အထူးပင် ကြည်ညိုသဒ္ဓါပွားမိပါတော့သည်။ ရွှေတောင်မြို့သို့ နေ့လယ်နေခင်းရောက်ပြီး ရွှေတောင် ချည်မျှင်စက်ရုံဝန်ထမ်းများ၊ တပ်မှ ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများနှင့် ညနေခင်း ဆရာတော်ဘုရားကြီး၏ ရတနာမာန်အောင်တောရကျောင်းသို့ အချိန်မီရောက်ခဲ့ပါတော့သည်။

ဤဖြစ်ရပ်ဆန်းမှာ တိုက်ဆိုင်သည်တော့ မဖြစ်နိုင်ပါ။ ဆရာတော်ဘုရား မ,စ စောင့်ရှောက်၍သာ ယခုကဲ့သို့ အချိန်မီရောက်ရသည်ဟု အကြွင်းမဲ့ ယုံကြည်မိပါတော့သည်။

ညနေချမ်း ကျောင်းသို့ ရောက်သောအခါ ဆရာတော်ဘုရားကြီးအား သွားရောက် ဖူးမြော်ကန်တော့၍ တရားနာ ဩဝါဒခံယူကြပါသည်။ ဆရာတော်ဘုရားကြီးအား တပည့်ဒကာ၊ ဒကာမများမှ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် လှူဒါန်းခြင်း မိမိတို့၏စိပ်ပုတီးများအား ဆရာတော်ကြီးသို့ သိဒ္ဓိတင်ပေးရန် ကပ်ကြပါသည်၊ ဆရာတော်ကြီးမှ လက်ဖြင့် သုံးချက်ပုတ်၍ ပြန်ပေးပါသည်။ ကျွန်တော်ကလည်း ရန်ကုန်မြို့ မြောက်ဥက္ကလာ ဦးသိန်းရွှေထံမှ နေ့နံသားအလိုက် စမတ်များဖြင့်စီရင်ထားသော ပုတီးအား ဆရာတော်ဘုရားသို့ကပ်ရာ ဆရာတော်ကြီးမှ ပုတီးအားယူ၍ သေချာစွာကြည့်ပြီး သတ်မှတ်ထားသည့်ဘက်မှ ပုတီးတစ်ပတ်စိပ်၍ ပြုံးပြုံးကြီးကြည့်ပြီး ပြန်ပေးပါသည်။ ကျွန်တော့်ပုတီးအား ထူးထူးခြားခြား တစ်ပတ်ပြည့်စိပ်ပေးသည့်အတွက် ဝမ်းသာပီတိဖြစ်ရပြန်ပါသည်။

ထို့နောက် ကျွန်တော်သည် ဆရာတော်ဘုရားကြီး၏ ရှေ့တည့်တည့်တွင် ပုဆစ်တုပ်ထိုင်လျက် ရှိခိုးနေစဉ် ဆရာတော်ဘုရားကြီးမှာ ကုလားထိုင်တွင် ခြေတွဲလဲချ၍ သီတင်းသုံးနေပါသည်။ ကျွန်တော်သည် ဆရာတော်ဘုရားကြီး၏ ခြေတော်အား ကြည့်ပြီး နှိပ်နယ်ပေးချင်စိတ် ဖြစ်ပေါ်နေပါသည်။

ဆရာတော်ဘုရားကြီးသည် ကျွန်တော့်အား ပြုံးပြုံးကြီးကြည့်ပြီး ခြေထောက်အား နောက်သို့ရုပ်သွားပါသည်။ ကျွန်တော်သည် လန့်ပြီး စိတ်အားများပင်ငယ်သွားပါသည်။ စိတ်ထဲမှလည်း -

"ဆရာတော်ဘုရား တပည့်တော် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားမိပါက သနားကရုဏာထား၍ ခွင့်လွှတ်သည်းခံပါဘုရား။ ဘုရားတပည့်တော် ကုသိုလ်လိုချင်၍ နှိပ်ရန်ရည်ရွယ်မိပါသည် ဘုရား'

ဟု လျှောက်ထားလိုက်ရာ ဆရာတော်ဘုရားကြီးမှ ညာခြေထောက်အား ကျွန်တော်ရှေ့သို့ ထိုးပေးလိုက်ရာ ကျွန်တော့်မှာ ဆရာတော်ဘုရားကြီး၏ ကြီးမားလှသော ခြေထောက်ကြီးအား နှိပ်နယ် ကုသိုလ်ပြုရာ ဆရာတော်မှ ကျေနပ် ဝမ်းသာစွာဖြင့် ပြုံး၍ကြည့်ရှုခြင်းခံခဲ့ရသည့်အတွက် ယနေ့တိုင် မေ့မရနိုင်ဘဲ ဝမ်းသာပီတိဖြစ်ရပါတော့သည်။ ဤဖြစ်စဉ်မှာ သူတစ်ထူးထက် ထူးဆန်းဖွယ် ကြုံတွေ့ခဲ့ရသည်ဟု ယူဆမိခဲ့ပါသည်။

ငင်း (၁၇-၉-၈၈နေ့) ည ရောက်သောအခါ ပြည်မြို့တွင်းမှ သေနတ်သံများ အဆက်မပြတ် ပစ်ဖောက်လျက် '(----) အလိုမရှိ၊ (----) အလိုမရှိ' ဟု အော်ဟစ်ဆူညံနေပါတော့သည်။ တိုင်းပြည်အရေးအခင်းဖြစ်ပါတော့သည်။

ဆရာတော်ကြီးမှ -

"အေးဆေးစွာနေကြ၊ ဒီနေရာမှာ ဘာမှမဖြစ်ဘူး။ စိတ်အေးလက်အေးနေကြ"

ဟု အမိန့်ရှိရာ အားလုံးပင် စိတ်အေးလက်အေးနေကြရပါသည်။ နံနက် အရုဏ်တက်ဆွမ်းလောင်းချိန်တွင် ကျွန်တော်အား ဘုရားမြသပိတ်ပိုက်၍ အလှူခံလိုက်ခိုင်းပြန်ပါသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် နတ်လမ်းဘေး ဝဲ၊ ယာတွင် ပရိသတ်များအလွန်များပြားနေပြီး သိုက်နန်းရှင်များ လှူဒါန်းသော ကန်တော့ပွဲများမှာ သိုက်နန်းရှင်အမည်၊ သိုက်နန်းအမည် စုံလင်စွာဖြင့် ကန်တော့ပွဲ (၁၁၁) ပွဲများ လှူဒါန်းထားသည်မှာ ကြည်နူးစရာဖြစ်နေပါတော့သည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲပြီး၍ ဆရာတော်အား ကန်တော့ကာ ရွှေတောင်သို့ ကြုံရာကားဖြင့် ပြန်ခဲ့ကြရာ ပြည်မြို့မှ ရွှေတောင်အထွက် ဆရာအတတ်သင်ကျောင်းကျော်ကျော် တပ်မ (၇၅) သို့ ရောက်သောအခါ စစ်တပ်မှ အရာရှိအရာခံများမှ ဘေးမှထိုင်ပြီး တပ်ကြပ်ကြီးများမှ တောင်ဘက်၊ မြောက်ဘက် တစ်ဦးစီ ကားများရပ်တန့်စေပြီး မည်သည့်ယာဉ်မျှမဖြတ်ရန် တားထားပါသည်။ မည်သည့်ကားမျှ ဖြတ်သန်းခွင့်မပြု၍ ကျွန်တော်တို့ လိုက်ပါလာသော ကားမှာ ပြည်ဘက်သို့ ပြန်မောင်းသွားပါသည်။ ကျွန်တော်တို့အဖွဲ့မှာ မည်သို့လုပ်ရမည်ကို မသိဘဲ ထိုင်နေရပါတော့သည်။ ရပ်တန့်ခံထားရသည့် ခရီးသည်များမှာ မြောက်ဘက်နှင့် တောင်ဘက်တွင် မြောက်မြားစွာရှိနေပါသည်။

ကျွန်တော်သည် အိမ်မှာ ကလေးတွေသာကျန်ခဲ့၍ စိတ်မချ စိတ်မအေးနိုင်ဘဲဖြစ်နေသည့်အတွက် အရဲစွန့်ကာ တားဆီးနေသော တပ်ကြပ်ကြီးအား ကျွန်တော်တို့မှာ ရွှေတောင်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံမှ ဖြစ်ကြောင်း၊ ဘုမ္မာသကအလှူသွားရာ နောက်ကျနေ၍ စက်ရုံတွင် အလုပ်ချိန်မီရန်အတွက်ခွင့်ပြုပါဟု ခွင့်တောင်းရာ ၎င်းတပ်ကြပ်ကြီးမှ -

"တိုင်းပြည်ပျက်နေတာ ခင်ဗျား မသိဘူးလား။ ဘယ်စက်ရုံမှလဲမဖွင့်ဘူးသွား"

ဟု အော်ဟစ် ကြိမ်းမောင်းပါတော့သည်။

ကျွန်တော်မှာ ကြံရာမရဖြစ်နေစဉ် ဆရာတော်ဘုရားကြီးအား သတိရပြီး ခပ်ဝေးဝေးသို့သွားကာ ဆရာတော်ဘုရားကြီးအား ရည်မှန်း၍ လက်အုပ်ချီ ရှိခိုးလျက် -

"ဆရာတော်ဘုရား၊ တပည့်တော်တို့ အခက်အခဲ ကြုံတွေ့နေရပါသည် ဘုရား။ ဤနေရာမှ ဖြတ်သန်းခွင့်ရရန် မ,စပါဘုရား၊ သနားတော်မူပါ ဘုရား"

ဟု ဆုတောင်း၍ ဦးသုံးကြိမ်ချလိုက်ပြီး နေရာသို့ပြန်ထိုင်လိုက်ပါသည်။ ခဏအကြာ တားဆီးနေသော တပ်ကြပ်ကြီးမှ -

"သွားခွင့်တောင်းတာဘယ်သူလဲ"

ဟု ကျွန်တော်တို့ဘက်သို့ အော်မေးပါသည်။ ကျွန်တော်မှ ကျွန်တော်ဖြစ်ပါကြောင်း ပြောပြောဆိုဆို ၎င်းထံ လျှောက်သွားသည်။ ထိုအချိန်တွင် စစ်တပ်မှ ပခုံးပြောင်း တာဝန်ထမ်းဆောင်ခဲ့သော စက်ရုံတွင် အလုပ်ရုံစိတ်မှူး အဆင့် တပ်ကြပ်ကျော်ညွန့်မှ နောက်က လိုက်လာပြီး ၎င်းတပ်ကြပ်ကြီးအား-

"ဟော့၊ ဟော့ - စန်းလွင်ကြီး"

ဟု အော်ခေါ်၍ နှုတ်ဆက်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုအောင်(အလုပ်သမား)

# အစာအိမ်ရောဂါအတွက် ဆေးတစ်လက်

အစ်မတော်သူထံမှ တယ်လီဖုန်း ဆက်လာသည်။

"အစ်မပါ။ မင်းနေကောင်းရဲ့လား"

"အစ်မရေ- မပြောချင်တော့ဘူး၊ ဟိုတစ်လောက ဗိုက်ထဲက တစ်ပတ်လောက်အောင့်တာနဲ့ ဆရာဝန်သွားပြတယ်။ Ultrasound ရိုက်ပါဆိုတော့ အူအတက်ရောင်တယ် ပြောတယ်။ ဒါနဲ့ ခွဲစိတ်ဆရာဝန်နဲ့ထပ်ပြတယ်။ ဆရာက အူအတက်ရောင်တဲ့လက္ခဏာ မတွေ့ရဘူးတဲ့။ ဒါနဲ့ Ultrasound ပြန်ရိုက်ခိုင်းတယ်။ ဘာမှမတွေ့တာနဲ့ Endoscope ဆိုတဲ့ မှန်ပြောင်းနဲ့ အစာအိမ်နဲ့အူထဲကို ကြည့်တယ်။ အစာအိမ်ထဲမှာ ပိုးတွေ့တယ်၊ အစာအိမ်ရောင်တယ်ဆိုပြီး ဆေးတစ်ပတ်စာကျွေးထားတယ်။ လာမယ့် အင်္ဂါနေ့ ပြန်ပြရမယ်။ အစ်မကော နေကောင်းရဲ့လား"

"အေး-ကောင်းပါတယ်ကွယ်။ တို့များငယ်ငယ်က အစာအိမ်ရောင်တာတို့၊ အစာအိမ်ထဲမှာ အနာဖြစ်တာတို့ ဆိုရင် မြန်မာဆေးဆရာက ပျားရည်သောက်ခိုင်းတာပဲ။ ပျားရည်က အနာကိုနိုင်တဲ့ သဘောရှိတယ်။ အနာပေါက်ရင် ပျားရည်လေး လိမ်းထားလိုက်၊ ပြည်မှည့်ပြီး ပေါက်သွားရော။ တချို့က ဂျုံမှုန့်လေးနဲ့ရောပြီး အနာပေါ် အုပ်တာလည်း ရှိတယ်။ ပျားရည်က အစာအိမ်ရောင်တာတို့၊ ဝမ်းထဲမှာ ပိုးရှိတာတို့ ဝမ်းတွင်းမှာ ပေါက်တဲ့ အနာအတွက် အထူးသင့်တယ်။ ပျားရည် ဟင်းခပ်ဇွန်းတစ်ဇွန်းကို ရေတစ်ဖန်ခွက်ထဲမွှေပြီး မနက်တစ်ခါ၊ ညတစ်ခါ သောက်သင့်တယ်။ ပျားရည်က သိပ်မသန့်ဘူးထင်ရင် ရေနွေးလေးထဲထည့်ပြီး အအေးခံသောက်ပေါ့။ အင်္ဂလိပ်ဆေးက တချို့ မဖြစ်မနေ အရေးတကြီးခွဲစိတ်ရတဲ့အခါ အားကိုးရတာပေါ့ကွယ်။ ဒါပေမယ့် မလိုအပ်ဘဲ မခွဲမိဖို့လည်း လိုတယ်"

အစ်မက မလိုအပ်ဘဲခွဲစိတ်မှုများ၏အန္တရာယ်ကြုံတွေ့ရမှုများနှင့် ပျားရည်၏ဆေးစွမ်းထက်မှုများကို စီကာပတ်ကုံးပြောပြသည်။ စာရေးသူ၏အစ်မတော်သူမှာ စာရေးဆရာမကြီး ဒေါ်ကြွယ်ကြွယ် ဖြစ်သည်။ သူမက ဗဟုသုတလည်းပြည့်စုံ၊ စကားပြောကလည်း ကောင်း၊ စကားပြောရာ၌လည်း အချက်အလက်နှင့် ပြောတတ်သူ ဖြစ်သည်။ ပျားရည်သည် အစာအိမ်နှင့် ဝမ်းတွင်း အနာပျောက်ကင်းနိုင်ကြောင်း သိရှိရသဖြင့် ယင်း၏ဆေးဖက်ဝင်ပုံများကို စိတ်ဝင်တစား လေ့လာ၍ တင်ပြရပါသည်။

**ပျားရည်၏မူလအစ**

သိပ္ပံပညာရှင်များ၏ ယူဆချက်အရ ဤကမ္ဘာပေါ်၌ လူများပင်မရှိသေးသည့် ရှေးနှစ် (၆၅) သန်းခန့်ကပင် ပျားတို့ ကျက်စားခဲ့သည်ဟု ဆိုသည်။ ရှေးကျောက်ခေတ်လူသားများသည် ဝက်ဝံကဲ့သို့သောတိရစ္ဆာန်များက ပျားလပို့ကို ဆွတ်ယူစားသုံးသည်ကို မြင်တွေ့ရ၍ လိုက်လံစားသုံးရာမှ ပျားရည်၏ ထူးကဲသောအရသာကို စတင် သိရှိဟန်တူ၏။ ၁၈ ရာစုနှစ်အထိ ဥရောပတိုက်တွင် အချိုအရသာအတွက် ပျားရည်ကိုသာ အဓိကထား သုံးကြသည်။ ပျားရည်နှင့်ပင် အရက်ကို စိမ်၍ သောက်သုံးကြ၏။ ပျားဖယောင်းဖြင့် မီးထွန်းကြ၏။

ကမ္ဘာအနှံ့အပြားတွင် ပျားအမျိုးပေါင်း တစ်သောင်းကျော်ခန့်ရှိ၍ ရေခဲသော ဝင်ရိုးစွန်းဒေသမှ ပူပြင်းခြောက်သွေ့သော သဲကန္တာရအထိ ပျားများကို တွေ့ရ၏။ ပျားတွေ့သည်နှင့် ပျားအုံတုတ်နှင့်ထိုး ဆိုသည့်စကားအရ ပျားအုံကို ရှာဖွေမြဲ ဖြစ်သည်။ အမှန်အားဖြင့် ကမ္ဘာပေါ်ရှိ ပျားမျိုးများ၏ (၅) ရာခိုင်နှုန်းသာ သင်းဖွဲ့နေထိုင်၍ ကျန် (၉၅) ရာခိုင်နှုန်းမှာ တစ်ကောင်တည်းနေတတ်သောပျားမျိုးများ ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ဆို၏။ မြန်မာနိုင်ငံ၌ တွေ့ရသောပျားမျိုးများအနက် ပျားကြီး ယင်ပျားနှင့် သစ်ခေါင်းပျားမျိုးများမှ ပျားရည်အများအပြား ရရှိ၏။

**ပျားရည်၏ဂုဏ်သတ္တိ**

မြန်မာ့ဆေးကျမ်းတစ်ခုဖြစ်သည့် ဥတုဘောဇနကျမ်းတွင် ပျားရည်၏ဂုဏ်သတ္တိကို အခြားကျမ်းများထက် ပြည့်စုံစွာ ဖော်ပြထားသည်။ အချို့ကို ဖော်ပြရလျှင်-

ပျားရည်သည် ချို၏။ စဉ်းငယ်ဖန်၏။ အဆီမရှိ၊ ကြေလွယ်၏။ အေး၏။ ဝမ်းမီးကို မီးတောက်စေ၏။ အားကို ဖြစ်စေ၏။ အဆီကိုနိုင်၏ဟု ဖော်ပြထားသည်။ အထူးသဖြင့် ပျားရည်ထဲတွင် ဂလူးကို့(စ်)နှင့် လေဗျူးလို့(စ်) (Levulose) ခေါ် သကြားနှစ်မျိုး ပါ၏။ လေဗျူးလို့(စ်)ခေါ် သကြားသည် ဂလူးကို့(စ်)ထက် (၂) ဆမှ (၂. ၅) ဆ၊ ကြံမှ ရရှိသော သကြားထက် (၁. ၇) ဆအထိ ပို၍ချို၏။ ထို့ပြင် ပျားရည်တွင် ဒက်စတြင်း (Dextrine)၊ မဲလတို့(စ်) (Maltose) နှင့် စပ်ကရို့ (Sucrose) ကဲ့သို့သော ဘာဘာဝ၌ ရှားပါးသော်သကြားများလည်း ပါရှိသည်။ ပျားရည်၌ အင်

---

ထိုအခါ ငင်းတပ်ကြပ်ကြီးမှ -

"ဩော် - ခင်ဗျားတို့အဖွဲ့လား"

ဟု ပြောပြီး ကျွန်တော်တို့ အဖွဲ့အား လူစစ်၍ ဖြတ်သန်းခွင့်ပြုခဲ့ပါသည်။ ကျွန်တော်နှင့်ဇနီး၊ စက်ရုံမှ ဒေါ်စိန် သုံးဦးတို့သည် ရှေ့ဆုံးမှ အမြန်ဆုံး ရွှေတောင်ဘက်သို့ ပြန်ခဲ့ရာ နှစ်ဖာလုံခန့်ရောက်သောအခါ ရွှေတောင်ဘက်မှ ပြည်ဘက်သို့ မြင်းလှည်းတစ်စီး မောင်းလာပါသည်။ ငင်းမြည်းလှည်းအား -

"ဘယ်ကိုသွားမှာလဲ။ ပြည်ဘက်ကို သွားလို့မရဘူး"

ဟု မေးရာ မြင်းလှည်းဆရာမှ သူ ရွှေတောင်မှဖြစ်ကြောင်း၊ ခုတင်(၁၀၀) ဆေးရုံသို့ လူနာလာပို့ကြောင်း၊ ဤဘက်သို့ သက်သက်မဲ့ ထွက်လာမိကြောင်း သွားလို့မရ ပြန်ရုံပေါ့။ ကဲ-တက်ကြဟု ဆို၍ ကျွန်တော်တို့ (၃) ဦး မြင်းလှည်းဖြင့် ရွှေတောင်သို့ ပြန်ခဲ့ကြပါသည်။ အကယ်၍ မြင်းလှည်းမရှိက (၇) မိုင်ကျော် လမ်းလျှောက်ရမည် ဖြစ်ပါသည်။ ဤဖြစ်ရပ်သည်လည်း တိုက်ဆိုင်မှုပေလားဟု တွေးတောမိသော်လည်း အမှန်တကယ် ဆရာတော်ဘုရားကြီး၏ ကျွန်တော်တို့အပေါ် ထားရှိခဲ့သော သနားကရုဏာတရားများနှင့် ဆရာတော်ဘုရားကြီး၏စိတ်တန်ခိုးကြောင့်သာ ဖြစ်နိုင်သည်ဟု အကြွင်းမဲ့ ယုံကြည်မိပါ၍ ဤအဖြစ်အပျက်အား ဆရာတော်ကြီး အတွက် လွမ်းဆွတ်တသ သတိရမိ၍ ပူဇော်သည့်အနေနှင့် ရေးသား တင်ပြလိုက်ရပါသည်။

ဘဦး (ရွှေတောင်)

www.burmeseclassic.com

များစွာပါဝင်၍ အစာချက်အားကို ကောင်းစေ၏။

(၁) ကီလိုဂရမ်ရှိသော ပျားရည် အား ခွဲခြမ်းစိတ်ဖြာကြည့်ရာ ဗီတာမင်အမျိုး အစားများအလိုက် ဗီတာမင်ဘီ-၂ (၁.၅ မီလီဂရမ်)၊ ဘီ-၁ (၀.၁ မီလီဂရမ်)၊ ဘီ-၃ (၂ မီလီဂရမ်)၊ ဘီ-၅ (၁ မီလီ ဂရမ်) ဘီ-၆ (၅ မီလီဂရမ်) နှင့် ဗီတာ မင်စီ (၃၀ မှ ၄၅ မီလီဂရမ်) ပါဝင်၏။ ထို့ပြင် သတ္တုဓာတ် အများအပြားလည်း ပါဝင်၏။ ပျားရည်တွင် ပရိုတင်းဓာတ် များ၊ ဩဂဲနစ်အက်စစ် (Organic Acid) တို့ပါဝင်၏။ ပျားရည် (၁) ကီလိုဂရမ် တွင် ကယ်လိုရီ (၃၁၅၀) ပေးနိုင်သဖြင့် မြန်မာ့ဆေးပညာအရ တေဇောဓာတ် အား ပေးသည်ဟု ဆို၏။

ပျားရည်၏ အခြားဂုဏ်သတ္တိများ တွင် ပုပ်သိုးခြင်းကို အကာအကွယ်ပေး နိုင်ကြောင်း တွေ့ရ၏။ ရှေးခေတ် အီ ဂျစ်နှင့် ဂရိလူမျိုးများသည် လူသေအ လောင်းများမပုပ်သိုးစေရန် အလောင်း များကို ပျားရည်နှင့် စိမ်ထားကြောင်း တွေ့ရ၏။ ပျားရည်သည် ရောဂါပိုးများ ကို သေစေနိုင်ကြောင်း အမေရိကန်သု တေသီများက စမ်းသပ်ရာ ပျားရည်အ တွင်း တိုက်ဖိုက်ရောဂါပိုးများသည် (၄၈) နာရီအတွင်း၌လည်းကောင်း၊ ဝမ်းကိုက် ရောဂါပိုးများသည် (၁၀) နာရီအတွင်း၌ လည်းကောင်း၊ နမိုးနီးယား အဆုတ် ရောင်ရောဂါပိုးသည် (၄) ရက်အတွင်း၌ လည်းကောင်း အသီးသီး သေဆုံးသွား ကြောင်း တွေ့ရ၏။ မှိုကိုနိုင်နင်းသော အစွမ်းထူးများ (Antimycotic) ရှိကြောင်း တွေ့ရ၏။

## မြန်မာ့ဆေးပညာကပြောသည့် ပျားရည်

မြန်မာ့တိုင်းရင်းဆေးပညာတွင် ဆေးဝါးများဖော်စပ်ရာ၌ ပျားရည်မပါ လျှင် မပြီးသလောက် အရေးပါ၏။ မြန် မာအိမ်တိုင်းတွင် ပျားရည်တစ်ပုလင်း၊ တစ်ပုလင်းတစ်ဝက်လောက်တော့ ရှိကြ၏။ မြန်မာ့ဆေးပညာအရ ပျားရည်များကို ပျားကြီးရည်နှင့် ပျားလေးရည် ဟူ၍ခွဲ ခြားထားပြီး ပျားလေးရည် ဆိုသည်မှာ ယင်ပျားကဲ့သို့သော ပျားကလေးများမှ ရရှိသောပျားရည်ဖြစ်၍ ဆေးဖက်ဝင် သည်ဟု ဆို၏။ ပျားရည်သည် အပူ ဓာတ်ဖြစ်ပြီး အာကာသနှင့် ပထဝီဓာတ် များလည်း ပါဝင်သည်ဟု ဆို၏။ မြတ် စွာဘုရားလက်ထက်ကပင် ရဟန်းတော် များ သည်းခြေနာဝဲဒနာ သက်သာ ပျောက်ကင်းရန် အခါမလပ် သုံးစွဲခွင့် ပြုခဲ့သော စတုမဓုတွင် ပျားရည်သည် တစ်မျိုး ပါဝင်၏။

မြန်မာဆေးကျမ်းဖြစ်သည့် ဥတု ဘောဇနကျမ်း၌ ပျားရည်၏ဂုဏ်သတ္တိ များကို အခြားကျမ်းများထက် ပြည့်စုံ စွာဖော်ပြထားသည်။ အခြားဆေးကျမ်း များဖြစ်သည့် ဘေသဇ္ဇမဉ္ဇူဆေးကျမ်း၊ ဒဗ္ဗဂုဏပကာသနီဆေးကျမ်းများအပြင် ဓာတုရသ လေးစောင်တွဲဓာတ်ကျမ်းနှင့် ဓာတုဩသဓ ရာသီကျမ်းများတွင်လည်း ပျားရည်၏ဆေးစွမ်းထက်မြက်ပုံများကို ဖော်ပြထားသည်။

စာရေးသူက အစာအိမ်တွင်ဖြစ် သောအနာကို ပျားရည်သောက်ခြင်းဖြင့် ကုသသင့်ကြောင်း တင်ပြလိုသဖြင့် မြန် မာဆေးကျမ်း၊ ဓာတ်ကျမ်းနှင့် ရာသီ ကျမ်းများအရ အနာများကို ပျောက် ကင်းအောင် ကုသနိုင်ကြောင်း ဖော်ပြ ချက်များကို အောက်ပါအတိုင်း တင်ပြ လိုက်ပါသည်။

သိဂ်ရေသံဟိတာဆေးကျမ်းတွင် ပျားရည်လိမ်းကျံပေးခြင်းဖြင့် အနာဆွေး၊ အနာဟောင်းများကို စင်ကြယ်ခြင်း၊ အ သားနုတက်ခြင်းဖြစ်နိုင်ကြောင်း ဖော်ပြ ထားသည်။

ဥတုဘောဇနကျမ်းတွင် ပျားရည် သည် ပေါက်သောအမာကို သုတ်သင် တတ်၏။ နူနာ၊ မြင်းသရိုက်နာ၊ ထိခိုက် ရှနသောအနာကိုနိုင်၏ဟု ဖော်ပြထား သည်။

ဓာတုဩသဓ ရာသီကျမ်း၌ ပျား ရည်သည် အမြစ်စားခြင်းကို လည်း ကောင်း၊ အမြစ်မူလအနာကို လည်း ကောင်း၊ ပြမေဟအနာကိုလည်းကောင်း နိုင်၏ဟု ဖော်ပြထားသည်။

ဓာတုရသ လေးစောင်တွဲ ဓာတ် ကျမ်း၌ 'ပျားကြီးရည်ကား၊ ပရမေဟနာ၊ ကုတ်ဟီးနာနှင့်၊ ဝမ်းသာတနံ့စေ၊ တွေ ဝေမိန်းမော၊ ဖြစ်သောရောဂါ၊ မညာတိုး ပွား၊ နာမြစ်စား၏' ဟု ဖော်ပြထားပါ သည်။

## ပျားရည်နှင့်အစာအိမ်ရောဂါ

ကျန်းမာရေးနှင့်ပတ်သက်၍ ဝမ်း 'တစ်လုံးကောင်း ခေါင်းမခဲ' ဟု မြန်မာတို့ ဆိုစမှတ်ပြုကြသည်။ ဝမ်းဆိုရာ၌လည်း အစားအစာများကို ချက်သည့်လုပ်ငန်း လုပ်ဆောင်ရသော အစာအိမ်မှာ အထူး အရေးကြီးသည်။ အစာချက်ရန် အစာ အိမ်မှထွက်သောအရည်များတွင် အစာ ကို ကြေစေနိုင်သော ပက်စင်နှင့် ရီနင် အင်ဇိုင်းများနှင့် ဟိုက်ဒိုကလိုရစ် အက် စစ်၊ အချဉ်ပေါက်သောအက်စစ် ပါဝင် ၏။ ၎င်းတို့သည် အစာအိမ်ထဲတွင် အ စာမရှိသည့်အခါ အစာအိမ်အမြှေးပါး ကလေးများကိုစားသဖြင့် အစာအိမ်၌ အနာဖြစ်သည်ဟု ဆေးပညာရှင်များက ဆို၏။

အစာအိမ်အနာဖြစ်သူများသည် ဗိုက်နာခြင်း၊ ရင်အောင့်ခြင်း၊ လေချဉ် အန်ခြင်း၊ အစာစား၍ ဗိုက်ပြည့်သည့် အခါ ရင်အောင့်၊ ရင်နာခြင်း ဖြစ်၏။ အစာအိမ်နာ၊ အစာအိမ်ရောင်သူများ သည် အစာကို တစ်ခါတည်း များစွာ မစားသင့်ပေ။ အစာအိမ်လည်း သက် သာ၊ အာဟာရလည်းဖြစ်စေရန် အစာ ကို မကြာခဏ နည်းနည်းချင်း စားသင့် ၏။ အစာချက်ရန် ခက်ခဲသော အစာ မာများ၊ အပူအစပ်လွန်ကဲသောအစာ များ၊ အချဉ်လွန်ကဲသော အစာများ မစားသင့်ပေ။ ဆေးလိပ်နှင့် အရက် လည်း ရှောင်သင့်ပေသည်။ အထူးသ ဖြင့် သံဓာတ်ကြွယ်ဝသောအစာများကို စားသုံးသင့်ပေသည်။ အစာအိမ်သွေး ကြောများပေါက်သည့်အခါ ဝမ်းမည်း များသွားတတ်သဖြင့် မိမိဝမ်းကိုလည်း မကြာခဏ ကြည့်ရှုစစ်ဆေးသင့်သည်။ အစာအိမ်အတွင်း အချဉ်ပေါက်ခြင်း၊ အ စာအိမ်ရောင်နာ (Gastritis) နှင့် အစာ အိမ် အနာပေါက်သူများကို ပျားရည် တိုက်ကျွေးခြင်းဖြင့် ဗိုက်အောင့်ခြင်း၊ ရင်ပူခြင်း၊ ပျို့အန်ခြင်းများမှ သက်သာ ပျောက်ကင်းပြီး လူနာများ သွေးအား ကောင်းလာကြောင်း တွေ့ရ၏။

စာရေးသူသည် တစ်လခန့် ကုသ ၍ ပျောက်လိုက်၊ ပေါ်လိုက်ဖြစ်နေသော အစာအိမ်အတွင်း ပိုးတွေ့ရှိ၍ အစာ အိမ်ရောင်ရမ်းနေခြင်းအား စာရေးသူ အစ်မ ပြောကြားသည့်အတိုင်း ရေ (သို့) ရေနွေးတစ်ဖန်ခွက်တွင် ပျားရည်ကို စား ပွဲတင်ဟင်းခပ်ဇွန်းတစ်ဇွန်းထည့်၍ ရေ နွေးဖြင့် ရောမွှေပြီး မနက်တစ်ကြိမ်၊ ည တစ်ကြိမ် သောက်ရာ သိသိသာသာ သက်သာသွားသဖြင့် ပျားရည်ကို အစာ အိမ်ရောဂါအတွက် သုံးစွဲသင့်ကြောင်း နှင့် ကမ္ဘာဦးမှတိုင် ယနေ့ကာလအထိ တာဝန်မပျက် ပျားရည်ထုတ်ပေးလျက် ရှိသော ပျားကလေးများကိုလည်း အထူး ကျေးဇူးတင်လျက်။

ကိုကိုအောင်(အလုပ်သမား)



www.burmeseclassic.com

www.burmeseclassic.com

# ပဋ္ဌာန်းတရားကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်လာသူ

အောင်ရန်နိုင်(B.Sc)

တတိယအရွယ် စာရေးသူတစ်ယောက် နှစ်ပေါင်း (၆၀) ခန့် လူ့ဘဝ၌ နေထိုင်ရှင်သန်ခဲ့ရင်း မိတ်ဆွေများ ရရှိခဲ့လေသည်။ ထိုများစွာသော မိတ်ဆွေတို့အနက်တွင် ဦးသိုက်ထွန်းကို ထူးခြားသည့်မိတ်ဆွေဟု ဆိုချင်ပါသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားသည့် ဦးသိုက်ထွန်း၌ ထူးခြားသည့် အရည်အချင်း များစွာ ရှိသည့်အနက် (၃) ခုကို ထုတ်နုတ်ပြောဆိုချင်ပါသည်။

**ဦးသိုက်ထွန်း၏ ထူးခြားသည့် အရည်အချင်း (၃) ချက်**

၁။ ပဋ္ဌာန်းတရားတော်ကို နာကြားရပြီးနောက်၌ ဘာသာခြားဘဝမှ ဗုဒ္ဓဘာသာဘဝသို့ သက်ဝင်ယုံကြည်စွာဖြင့် ကူးပြောင်းလာသူ။

၂။ ဖြည်းဖြည်းမှန်မှန် ရွတ်ဆိုပါက မိနစ် (၂၀) ခန့်ကြာအောင် ရွတ်ဆို ကြည်ညိုရသည့် ပဋ္ဌာန်းမကျဉ်းမကျယ် (နိဒ္ဒေသ) ကို နေ့စဉ် (၂၄) ကြိမ် ရွတ်ဆိုကြည်ညိုသူဖြစ်ခြင်း။

၃။ ပဋ္ဌာန်းတရားတော် စာအုပ်များကို ဓမ္မဒါန အုပ်ရေ (၃၀၀၀၀) ကျော် ဖြန့်ဝေ လှူဒါန်းပေးခဲ့ပြီး အုပ်ရေအနည်းဆုံး (၁၀၀၀၀၀) ထိ ဓမ္မဒါနဖြန့်ဝေရန် ကြိုးစားနေသူ။

ဤကဲ့သို့ ထူးခြားလှသည့် တစ်နေ့ကို ပဋ္ဌာန်းတရား (၂၄) ကြိမ် ရွတ်ဆိုကြည်ညိုသူ ဦးသိုက်ထွန်းနှင့် အအေးဆိုင်တစ်ခု၌ ကြုံရည်အတူသောက်ကြရင်း စကားလက်ဆုံ ပြောမကုန် ဖြစ်ခဲ့ရလေသည်။

"ကိုအောင်ရန်နိုင်လည်း နေ့စဉ် ပဋ္ဌာန်းတရား ကြည်ညိုတယ် မဟုတ်လား"

"ဟုတ်ပါတယ် ကိုသိုက်ထွန်း၊ ပဋ္ဌာန်းအကျဉ်း (ပစ္စယုဒ္ဒေသ)နဲ့ ပဋ္ဌာန်းမကျဉ်းမကျယ် (နိဒ္ဒေသ) တို့ကို တစ်ကြိမ်စီသာ ပူဇော်နိုင်တယ်ဗျာ။ ကိုသိုက်ထွန်းလို ပဋ္ဌာန်းနိဒ္ဒေသ (မကျဉ်းမကျယ်) ကို နေ့စဉ် (၂၄) ကြိမ် မပူဇော်နိုင်သေးဘူးဗျာ"

"ကျွန်တော်က ပဋ္ဌာန်းတရား ကြည်ညိုပြီး ဗုဒ္ဓဘာသာဝင် ဖြစ်လာရသူပါ။ ပဋ္ဌာန်းအကျဉ်းအဓိပ္ပာယ်ဖွင့်တာကိုပဲ ကျွန်တော့်ရင်ထဲမှာ လေးလေးနက်နက် ခံစားမိခဲ့ပါတယ်ဗျာ။ ကျွန်တော်စတင် သိခွင့်ရခဲ့တဲ့ ပဋ္ဌာန်းအကျဉ်းရဲ့ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်ကလေးကို ပြန်ပြီးပြောချင်ပါတယ်ဗျာ"

**၂၄ ပစ္စည်းပဋ္ဌာန်းအကျဉ်းအဓိပ္ပာယ်**

၁။ **ဟေတုပစ္စယော-** ပစ္စုပ္ပန်တရားတို့အား အမြစ်သဖွယ် ကျေးဇူးပြုသောတရား။

၂။ **အာရမ္မဏပစ္စယော-** အာရုံဖြစ်၍ ကျေးဇူးပြုသောတရား။

၃။ **အဓိပတိပစ္စယော-** ကြီးကဲစိုးမိုး၍ ကျေးဇူးပြုသောတရား။

၄။ **အနန္တရပစ္စယော -** အခြားမဲ့ ဖြစ်သောနာမ်အား ကျေးဇူးပြုသောတရား။

၅။ **သမနန္တရပစ္စယော -** အခြားမဲ့ဖြစ်သောနာမ်အား ကောင်းစွာ ကျေးဇူးပြုတတ်သောတရား။

၆။ **သဟဇာတပစ္စယော -** အတူတကွ ဖြစ်၍ ကျေးဇူးပြုသောတရား။

၇။ **အညမညပစ္စယော -** အချင်းချင်း အပြန်အလှန် ကျေးဇူးပြုသောတရား။

၈။ **နိဿယပစ္စယော-** မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောတရား။

၉။ **ဥပနိဿယပစ္စယော -** အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုသောတရား။

၁၀။ **ပုရေဇာတပစ္စယော-** ရှေးဦးဖြစ်နှင့်၍ ကျေးဇူးပြုသောတရား။

၁၁။ **ပစ္ဆာဇာတပစ္စယော-** နောက်မှဖြစ်၍ ကျေးဇူးပြုသောတရား။

၁၂။ **အာသေဝနပစ္စယော -** အရှိန်အဟုန် အထုံကိုစွဲဖြစ်၍ ကျေးဇူးပြုသောတရား။

၁၃။ **ကမ္မပစ္စယော-** အမှုပြီးမြောက်ရန် နှိုးဆော်ခြင်းကိစ္စဖြင့် ကျေးဇူးပြုသောတရား။

၁၄။ **ဝိပါကပစ္စယော-** မှည့်ရင့်၍ အရှိန်အဟုန် ငြိမ်းစဲခြင်းကိစ္စဖြင့် ကျေး



**စာရေးသူနှင့် ကိုသိုက်ထွန်း၊**



**ဗုဒ္ဓဘာသာဝင်ဖြစ်လာသူ ကိုသိုက်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com



ဇ္ဇုပြုသောတရား။

၁၅။ **အာဟာရပစ္စယော** - ဆောင်မှု၊ ထောက်ပံ့မှုဖြင့် ကျေးဇူးပြုသောတရား။

၁၆။ **ဣန္ဒြိယပစ္စယော**- မိမိတို့၏ အသီးသီးကိစ္စဖြင့် အစိုးတရ ကျေးဇူးပြုသောတရား။

၁၇။ **ဈာနပစ္စယော**- ရှုစားခြင်းကိစ္စဖြင့် ကျေးဇူးပြုသောတရား။

၁၈။ **မဂ္ဂပစ္စယော** - ခရီးလမ်းကိစ္စဖြင့် ကျေးဇူးပြုသောတရား။

၁၉။ **သမ္ပယုတ္တပစ္စယော**- ယှဉ်ခြင်းကိစ္စဖြင့် ကျေးဇူးပြုသောတရား။

၂၀။ **ဝိပ္ပယုတ္တပစ္စယော** - မယှဉ်ဘဲ ကျေးဇူးပြုသောတရား။

၂၁။ **အတ္ထိပစ္စယော**- ပစ္စုပ္ပန်ထင်ရှားရှိပဲ အနေအထားဖြင့် ကျေးဇူးပြုသောတရား။

၂၂။ **နတ္ထိပစ္စယော** - ထင်ရှားမရှိဘဲ ကျေးဇူးပြုသောတရား။

၂၃။ **ဝိဂတပစ္စယော**- ကင်း၍ ကျေးဇူးပြုသောတရား။

၂၄။ **အဝိဂတပစ္စယော** - မကင်းဘဲ ပစ္စုပ္ပန်ရှိနေဆဲဖြင့် ကျေးဇူးပြုသောတရား။

"ကိုအောင်ရန်နိုင်ရေ၊ ပဋ္ဌာန်းတရားအကျိုးကို သိရတာကိုပဲ ကျေးဇူးတွန်စွာများခဲ့ပါတယ်ဗျာ။ မြတ်စွာဘုရားရှင်ရဲ့ဂုဏ်တော်ကိုလည်း မှန်းဆပြီး ဉာဏ်မီသမျှ ကြည်ညိုမိပါတယ်ဗျာ။ ဒါနဲ့ ကိုအောင်ရန်နိုင်ရေ၊ မြတ်စွာဘုရားရှင် ဘုရားဖြစ်ခါစ သတ္တသတ္တာဟစံပယ်တော်မူစဉ် ပဋ္ဌာန်း အာရုံပြု ဆင်ခြင်ပြီး ရောင်ခြည်တော်ထွက်လာပုံ၊ မြတ်စွာဘုရား၏မိခင်တော်စပ်ခဲ့ဖူးတဲ့ နတ်သားကို ပဋ္ဌာန်းတရားဟောပြီး ကျေးဇူးဆပ်ပုံတို့ကို ပြောပြပါလားဗျာ၊ ကြည်ညိုရအောင်ပေါ့ဗျာ"

"ကိုသိုက်ထွန်းက ဘာသာခြားကနေ ဗုဒ္ဓဘာသာဖြစ်လာတယ် ဆိုပေမယ့် ဗုဒ္ဓဘာသာ ပဋ္ဌာန်းအကြောင်း တော်တော်လိုက်စားထားတာပဲ။ ကိုသိုက်ထွန်း သိချင်တဲ့အကြောင်းအရာကို ကျွန်တော် မကျဉ်းမကျယ်ပြောပြပါ့မယ်။

ဒီလိုဗျ ကိုသိုက်ထွန်းရဲ့ ကျွန်တော်တို့ ဗုဒ္ဓမြတ်စွာဘုရားရှင် ဗောဓိပင်နဲ့ရွှေပလ္လင်မှာ ဘုရားဖြစ်ပြီးတာနဲ့ ဘယ်နေရာကိုမှ ကြွမသွားဘဲ ခုနစ်ရက်၊ ခုနစ်လီ (၄၉ ရက်)စံပယ်တော်မူခဲ့ပါတယ်။ သတ္တသတ္တာဟလို့ လူသိများကြတာပေါ့ဗျာ။

အဲဒီမှာ စတုတ္ထမြောက်သတ္တာဟဖြစ်လို့ ဗောဓိပင်ရဲ့ အနောက်မြောက်အရပ်မှာရှိသော ရတနာဃရစံအိမ်တော်မှာ အဘိဓမ္မာကျမ်းကို စိတ်ကောင်းဖြင့်ပင် ဆင်ခြင်၊ စိတ်ကောင်းမြင်တော်မူပါတယ်ဗျာ။

**အဘိဓမ္မာ (၇) ကျမ်း**

၁။ ဓမ္မသင်္ဂဏီကျမ်း
၂။ ဝိဘင်းကျမ်း
၃။ ဓာတုကထာကျမ်း
၄။ ပုဂ္ဂလပညတ်ကျမ်း
၅။ ကထာဝတ္ထုကျမ်း
၆။ ယမိုက်ကျမ်း
၇။ ပဋ္ဌာန်းကျမ်းတို့ ဖြစ်ပါတယ်။

'မြတ်စွာဘုရားရှင်သည် ပထမ ခန်း (၆) ကျမ်းကို နှလုံးသွင်း ဆင်ခြင်တော်မူသည့်အခါ ဘာမှထူးခြားမှု မရှိခဲ့ဘူး။ နောက်ဆုံး (၇) ကျမ်းမြောက်ဖြစ်တဲ့ ပဋ္ဌာန်းကျမ်းကိုကျင့်၊ နှလုံးသွင်းဆင်ခြင်လိုက်တဲ့အခါ ခန္ဓာကိုယ်အနှံ့အပြားမှ ရောင်ခြည်တော်ခြောက်သွယ် ပေါ်ထွက်ကွန့်မြူးလာတာပေါ့ဗျာ။ ရောင်ခြည်တော်များဟာ ထိန်လင်းတောက်ပစွာနဲ့ စကြဝဠာတိုင်အောင် ပျံ့နှံ့ရောက်ရှိတော်မူခဲ့ပါတယ်ဗျာ။ မြတ်စွာဘုရားရှင်ရဲ့ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တ ပေါ်ထွက်လာတယ်လို့ ပြောရင်လည်း ရတာပေါ့ဗျာ။

မြတ်စွာဘုရားရှင်သည် သတ္တမမြောက် ဝါဆို၊ သီတင်းသုံးနေထိုင်မှုကို တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းမှာ ဆောင်ရွက်တော်မူပါတယ် ကိုသိုက်ထွန်း၊ မိခင်ဟောင်းဖြစ်ခဲ့တဲ့ သန္တုသိတ နတ်သားကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဝါတွင်းသုံးလပတ်လုံး မယ်တော်နတ်သားအမှူးပြုတဲ့ နတ်၊ ဗြဟ္မာတွေကို အဘိဓမ္မာ (၇) ကျမ်း ဟောကြားတော်မူခဲ့ပါတယ်ဗျာ။

အဘိဓမ္မာတရားဟာ သိမ်မွေ့နက်နဲလွန်းလှတယ်။ တန်ခိုးကြီးတဲ့အပြင် မိခင်ကျေးဇူးဆပ်တရားလို့လည်း ဆိုနိုင်တာပေါ့ဗျာ။' ဝါတွင်းသုံးလ (ရက်ပေါင်း ကိုးဆယ်)၊ နတ်ပြည်မှာ အဘိဓမ္မာတရားဟောကြားစဉ် မြတ်စွာဘုရားရှင်သည် ဆွမ်းစားချိန်ရောက်တဲ့အခါမြောက်ကျွန်းကိုကြွပြီး ဆွမ်းဘုဉ်းပေးတော်မူတယ်။

ဘုရားရှင် ဆွမ်းခံကြွချိန်မှာ နတ်၊ ဗြဟ္မာတွေ တရားနာမပျက်ရအောင် နိမ္မိတဘုရားရှင် ရုပ်ပွားတော်တစ်ဆူကို တန်ခိုးတော်ဖြင့် အဓိဋ္ဌာန်ထားရှိခဲ့ပြီး ထိုနိမ္မိတရုပ်ပွားတော်က တရားဆက်ဟောနေတာ ဖြစ်ပါတယ်ဗျာ။

မြတ်စွာဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီး ဟိမဝန္တာတောင် စန္ဒကူးတောမှာ နေ့စဉ် (ခေတ္တနားနေစဉ်) ရှင်သာရိပုတ္တရာကို နတ်ပြည်မှာဟောတဲ့ အဘိဓမ္မာတရားတော်ရဲ့အကျဉ်းကို ပြန်ပြီးဟောကြားတော်မူပါတယ်။ ရှင်သာရိပုတ္တရာကလည်း ဉာဏ်ပညာ ကြီးမားသူဖြစ်၍ ဘုရားရှင်ကအကျဉ်းမျှဟောတာကို မိမိရဲ့ဉာဏ်တော်နဲ့အကျယ်ချဲ့ပြီး ကြည်ညိုနားလည်ခဲ့ပါတယ်ဗျာ။ ယနေ့ လူ့ပြည်မှာ နာကြားရတဲ့ အဘိဓမ္မာတရားတွေဟာ ရှင်သာရိပုတ္တရာ ပြန်ပြီးဟောကြားတော်မူခဲ့တဲ့ တရားတော်တွေပေါ့ဗျာ။

စကားပြန်ကောက်ပြီး ပြောရရင် မြတ်စွာဘုရားရှင် ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်မှာ အဘိဓမ္မာတရားဟောကြားခဲ့တဲ့အတွက် နတ်၊ ဗြဟ္မာပေါင်း ကုဋေရှစ်သောင်း ရဟန္တာဖြစ်ကြတယ်။ သောတာပန်၊ သဒါဂါမိ၊ အနာဂါမ်ဖြစ်သည့် နတ်၊ ဗြဟ္မာများလည်း မရေမတွက်နိုင်အောင် များပြားကြောင်းကို ဓမ္မပဒ အဋ္ဌကထာ၊ အပါဒါန် အဋ္ဌကထာတို့မှာ ရေးသား ဖော်ပြထားပါတယ်ဗျာ။ မယ်တော်ဖြစ်တဲ့ သန္တုသိတနတ်သားလည်း အရိယာပုဂ္ဂိုလ်ဖြစ်ပြီး ကျွတ်တမ်းဝင်ခဲ့တယ်ဗျာ။

ကိုသိုက်ထွန်းရေ၊ အကျဉ်းချုပ်ပြောရရင် ပဋ္ဌာန်းတရားတော်ဟာ မိခင်ကျေးဇူးဆပ်တရားလည်းဖြစ်တယ်၊ သိမ်မွေ့နက်နဲပြီး တန်ခိုးကြီးတဲ့တရားလည်းဖြစ်ပါတယ်။ ရဟန္တာ၊ အရိယာဘဝကိုရောက်စေနိုင်ခြင်းတရားလည်း ဖြစ်ပါတယ်။အန္တရာယ်အထူးကင်းစေတဲ့တရားလည်း ဖြစ်တယ်။ ဒါကြောင့် မြန်မာပြည်နေရာဒေသအသီးသီးမှာ အသံမစဲပဋ္ဌာန်းပွဲတွေကို တွေ့မြင်ကြည်ညိုနေရတာ ဖြစ်ပါတယ်ဗျာ"

"ဒီလို ထူးခြားလေးနက် တန်ခိုးကြီးတဲ့ပဋ္ဌာန်းတရားတော်ကို ကျွန်တော့်အနေနဲ့ ဘဝတစ်လျှောက်လုံး ကြည်ညိုသွားပါမယ်လို့ ဆရာအောင်ရန်နိုင်ကို ကတိပေးပါတယ်ဗျာ"

"သာဓုပါဗျာ၊ သာဓု. . . သာဓု ကိုသိုက်ထွန်းရေ"

*သဗ္ဗေသတ္တာ ဘဝန္တု သုခိတတ္တာ*

အောင်ရန်နိုင်(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

စကြာဝဠာကြီး၏ ရာသီစက်ဝန်းသည် တစ်ရာသီမှ တစ်ရာသီသို့ သွားနှုန်း ပုံမှန်စွာဖြင့် ရွေ့လျားမြဲ ဖြစ်သည်။

တပေါင်းလရာသီ၌ 'ပုန်းမကြည်' တင်မြှောက် ပူဇော်ခဲ့ကြသည့် ရှေးထုံးစဉ်လာတစ်ရပ်မှာ တည်တံ့မြဲ ဖြစ်လေသည်။ ထိုရာသီပွဲတွင် မုန့်ဆီကြော် မုန့်ဖျူ မုန့်နီတို့ဖြင့် ပူဇော်ကြပါသည်။

*(တချို့ဒေသများတွင် ချိုသွင်းမုန့်၊ လက်ခတ်ပြားမုန့်နှင့် မုန့်ခဲဖွယ်မုန့်များဖြင့် ပူဇော်ပ,သကြသည်။ စာရေးသူ)*

မိန်ရာသီ၏ သဘာဝဆေးပန်းချီကားကြောင့် သစ်ပင်များသည် ရွက်ဟောင်းများမကျန်ရစ်တော့၊ နုသစ်နေကြသော ဖူးပုရစ်များက အစီအရီ အစားထိုး နေရာယူနေကြပြီ ဖြစ်သည်။ ထိုစဉ်ကာလမှာပင် အမြဲတမ်း တစ်ကောင်တည်း တေးဆိုနေတတ်သော ဥသြငှက်ကလေးလည်း နွေ၏သရုပ်ကိုဖော်ထုတ်ပေးနေပြီ ဖြစ်ပါတော့သည်။

❂

ကျွန်ုပ်သည် အိပ်ရာထဲတွင် နိုးနေပါပြီ။ ကျွန်ုပ်တို့အိမ်နေရာ၏ (၂)ဖာလုံသာသာမှာ တည်ရှိနေသော ထေရဝါဒသာသနာတော်ကြီး၏ သာသနာ့ဝန်ထမ်း ရှင်ရဟန်းနှင့်သီလရှင်များသီတင်းသုံးရာမှာ တည်ရှိနေသော မိုးကုတ်ဝိပဿနာရိပ်သာမှ နိစ္စဘတ်အလုပ်ဖြစ်သော ဆရာတော်ကြီး၏နိဗ္ဗာန်ဆော် ဓမ္မဂီတအသံကို အရုဏ်မတက်မီ စက်နာရီ (၄) နာရီတွင် စတင်နေပြီ ဖြစ်ပါသည်။

ကျွန်ုပ်လည်း အိပ်ရာထ၊ ကိုယ်လက်သန့်စင်ပြီး ကျန်းမာရေးအရ လမ်းလျှောက်ထွက်မြဲအတိုင်း နေ့စဉ်အလုပ်တစ်ခုကို ဆောင်ရွက်ပါသည်။ လမ်းလျှောက်ပြန်လာပြီးသည်နှင့် နိစ္စဓူဝကျင့်ဝတ်နှင့်အတူ 'အရဟံမဟာသိဒ္ဓိ' အမိဋ္ဌာန်ကျင့်စဉ်ကြီးကို ပြီးမြောက်အောင် ဆောင်ခဲ့ရပါတော့သည်။

ပြုမြဲဝတ်များ ပြီးမြောက်သွားသည်နှင့် ကျွန်ုပ် ဘုရားခန်းထဲမှထွက်လာခဲ့ပါသည်။ ကျွန်ုပ် အပြင်ထွက်လာချိန်တွင် ဧည့်ခန်းထဲသို့ တန်းတန်းမတ်မတ်ဝင်လာသော တပည့်တစ်ယောက်ကို မြင်တွေ့လိုက်ရလေတော့သည်။

ကျွန်ုပ်၏တပည့်သည် အဆင့်(၅)ဆင့်ပါသော စတီးလက်ဆွဲချိုင့်ကို ဆွဲ

ဘုန်းခေါင်

# တစ်နှစ်ပတ်လုံး ဘုရားလေးဆူနှင့်စေတီကြီးလေးပါး ဆွမ်းပွဲအလှူကျင့်စဉ်





www.burmeseclassic.com

www.burmeseclassic.com

...ဖြင့် ကျွန်ုပ်ကိုမြင်လိုက်သည် ...သောစွာနှုတ်ဆက်ပါတော့သည်။

"ဆရာ၊ တပေါင်းလ အခါမုန့်လာ ...တော့တာပါ"

ဟုလည်း ပြောပြပါတော့သည်။

ကျွန်ုပ်တို့ဒေသတွင် ရှေးရိုးစဉ် ...ဖြစ်သည့်အတိုင်း တပေါင်း ...ကို ပြုလုပ်ရန် တပေါင်းလဆန်း ...နေ့တွင် မုန့်မှုန့်အဖြစ် ထောင်း ...သည်။ တပေါင်းလဆန်း (၂) ရက် ...တွင် ကြော်ကြသည်။ (၃) ရက်နေ့ ...ဥဒေါ်ပ,သ တင်မြှောက်ကြသည်။

သဒ္ဓါအားကြီးသူများကမူ ထိုတ ...၏ အခါမုန့်ဖြစ်သော မုန့်ဆီ ...ကို မြေပဲဆန်၊ နှမ်း စသည်ဖြင့် ...၍ ကြော်ပြီး ဆရာတော် သံဃာ ...အရှင်မြတ်တို့အား မွန်မွန်မြတ် ...တပ်လှူကြသလို မိမိတို့၏ဆရာ ...တို့အားလည်း ထိုမုန့်ဖြင့် အထူး ...၍ ကန်တော့ကြပါသည်။ စာရေး ...

ကျွန်ုပ်တို့ဆရာတပည့် စကား ...နေစဉ်မှာပင် တပည့်များဖြစ်သော ...စောလှမြင့်နှင့် မောင်မောင်စိုးတို့ ...ရောက်လာကြ၏။ သူတို့မှာလည်း မုန့် ...ကြော် လာကန်တော့ခြင်းပင် ဖြစ်ပါ ...သည်။


အခိဋ္ဌာန်များနှင့် ကျင့်စဉ်တို့ဆို ...၍ ဘယ်တော့မှ အားရတင်းတိမ်ခြင်း ...မရှိသော တပည့်မောင်မောင်စိုး ...က အခိဋ္ဌာန်ကျင့်စဉ်ကို အကောင်အ ...ဖော်ပေးနိုင်ရန် တောင်းခံပါတော့ ...သည်။

"ဆရာ၊ ကျွန်တော် မသိတာတစ်ခု ...ပြပေးပါ ဆရာ။ သတ္တလောကကြီး ...ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော ...သည့် ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်း ...တာကို ကျွန်တော်တို့ ထေရဝါဒ ...သနာတော်တွင် ဓာတ်တို့ကိုခွဲထား ...ခြင်းနှင့် လောကီနယ်ဖြစ်သော အာ ...ဒေဒကျမ်းများမှာလည်း ဓာတ်လေး ...ပြ ခွဲပြထားသလို နက္ခတ်ပညာမှာ ...လည်း တစ်ဆယ့်နှစ်ရာသီမှာ လအ ...လိုက် ဓာတ်လေးပါး ခွဲထားကြောင်း သိ ...ပါတယ် ဆရာ၊ သိချင်ပါတယ် ဆရာ။

နောက်တစ်ခုက လရာသီအရ ...အများသူငါတို့ လဂ်ရာသီက ဓာတ်လေး ...ပါးအရ တေဇော၊ ပထဝီ၊ အာပေါ၊ ဝါ ယောဖြစ်နေလျှင် သုံးလောကသခင်ဖြစ် သော ပွင့်ထွန်းတော်မူခဲ့ကြသည့် မရေ မတွက်နိုင်သော ဘုရားရှင်များလည်း

**တစ်နှစ်တာ လရာသီအတွင်း ဓာတ်နှင့်အကျိုးပေးဂြိုဟ်များ**

| | | | | | |
|---|---|---|---|---|---|
| ၁။ | မိဿ | တန်ခူး | တေဇောဓာတ် | ၁၅ | ဂြိုဟ် |
| ၂။ | ပြိဿ | ကဆုန် | ပထဝီဓာတ် | ၁၀ | ဂြိုဟ် |
| ၃။ | မေထုန် | နယုန် | ဝါယောဓာတ် | ၆ | ဂြိုဟ် |
| ၄။ | ကရကဋ် | ဝါဆို | အာပေါဓာတ် | ၃၅ | ဂြိုဟ် |
| ၅။ | သိဟ် | ဝါခေါင် | တေဇောဓာတ် | ၃ | ဂြိုဟ် |
| ၆။ | ကန် | တော်သလင်း | ပထဝီဓာတ် | ၆ | ဂြိုဟ် |
| ၇။ | တူ | သီတင်းကျွတ် | ဝါယောဓာတ် | ၄၆ | ဂြိုဟ် |
| ၈။ | ဗြိစ္ဆာ | တန်ဆောင်မုန်း | အာပေါဓာတ် | ၂ | ဂြိုဟ် |
| ၉။ | ဓနု | နတ်တော် | တေဇောဓာတ် | ၁၃ | ဂြိုဟ် |
| ၁၀။ | မကာရ | ပြာသို | ပထဝီဓာတ် | ၄၆ | ဂြိုဟ် |
| ၁၁။ | ကုံ | တပို့တွဲ | ဝါယောဓာတ် | ၄ | ဂြိုဟ် |
| ၁၂။ | မိန် | တပေါင်း | အာပေါဓာတ် | ၂၃ | ဂြိုဟ် |




(၁၂) ရာသီခွင်



www.burmeseclassic.com

www.burmeseclassic.com

ရှိခဲ့ကြပြီး ဖြစ်ပါသည်။

အထက်က ပွင့်ထွန်းတော်မူခဲ့ပြီးသော ဘုရားရှင်တို့ကို မပြောတော့ပါဘူး ဆရာ။ ယခုလက်ရှိ ဘဒ္ဒကမ္ဘာမှာ (၅) ဆူကုန်သောဘုရား ပွင့်မှာဖြစ်လို့ တစ်ဆူသာ ပွင့်ရန်ကျန်ရှိနေပါသည်။

သတ္တဝါအများတို့အတွက် လေးဆူသော ဘုရားရှင်တို့ကို သိရှိကြည်ညိုပြီး ပူဇော်လိုပါတယ်။ ဆရာက တတ်နိုင်သမျှ ကျွန်တော်နားလည်အောင် ရှင်းပြပေးပါ ဆရာ။ တစ်ဆက်တည်းပြောရလျှင် ကျင့်စဉ်ပါ ချီးမြှင့်ပေးပါ”

ဟု ရှည်လျားစွာ ပြောပြပြီး တောင်းခံလိုက်ပါတော့သည်။

ကျွန်ုပ်သည် ကျွန်ုပ်၏တပည့် မောင်မောင်စိုး၏ တောင်းဆိုမှုကို ဝမ်းမြောက်စွာ လက်ခံရပါသည်။ ကျွန်ုပ်သည် နှစ်ပေါင်းများစွာကပင် မြတ်စွာဘုရားရှင်အား သဒ္ဓါအားကြီးကြီးဖြင့် နည်းမျိုးစုံဖြင့်ပူဇော်ခဲ့ခြင်း၊ အဓိဋ္ဌာန်ဝင်ရောက်ခဲ့ပြီးဖြစ်သည့်အတွက် ကျွန်ုပ်ဖြတ်သန်းခဲ့ပြီးသော လမ်းကြောင်းမှ ကျင့်စဉ်တစ်ခုကို ပညာပါရမီအလိုအရ ပေးရရတော့မည်ဖြစ်၍ လွန်စွာ ဝမ်းမြောက်ရပါတော့သည်။

“မောင်မောင်စိုးနှင့် တပည့်တို့-သေသေချာချာ နားထောင်ပေတော့။ ဆရာတို့လူသားတွေမှာ ဒေသနာတော်လာအရ (၃၂) ပါးသော ပစ္စည်းအစုစုကို ဓာတ်ကြီးလေးပါးဖြင့်ထိန်းချုပ်ထား၏။ ထိုဒေသနာတော်လာသည့်အတိုင်း ဆေးပညာမှာလည်း လူတို့၏ဖွဲ့စည်းပုံအစိတ်အပိုင်းအားလုံးကို ဓာတ်လေးပါးနှင့်ပင် ထိန်းထားသည်ကို တွေ့ရ၊ သိရပါသည်။

နောက် နက္ခတ္တဗေဒ၊ ဝေဒပညာတို့တွင်လည်း တစ်နှစ်တာကာလ၏လအစဉ်ဖြင့်ဖွဲ့စည်းထားသော ဆယ့်နှစ်လရာသီတို့တွင်လည်း တေဇော၊ ပထဝီ၊ အာပေါ၊ ဝါယောဟု ဓာတ် (၄) ပါးတို့ကို တစ်လ တစ်ရာသီဖြင့် အလှည့်ကျဖွဲ့စည်းပုံကို သိရှိကြမှာ ဖြစ်တယ်ကွ။

နောက်တစ်ခုက ဤဘဒ္ဒကမ္ဘာကြီးတွင် ပွင့်ထွန်းတော်မူခဲ့ပြီးသော ဘုရားလေးဆူတို့မှာလည်း လရာသီအတိုင်း လဂ်တို့သည် ရာသီခွင်အရ ကြည့်လျှင် တေဇော၊ ပထဝီ၊ အာပေါ၊ ဝါယောဓာတ်တို့ တည်ရှိပုံတို့ကိုလည်း ရှင်းပြပါ့မယ်။

ဒေသနာတော်လာသည့် ဓာတ်လေးပါးဓာတ်အစုနှင့် တိုင်းရင်းဆေးပညာ အခြေခံသဘောတရားတို့တွင် ဓာတ်လေးပါး ဓာတ်အစုကို ဤသို့ပြထားပါသည်။

ဓာတ်တို့ကို-

၁။ ပထဝီ-မြေဓာတ် ၂၀-ပါး

၂။ တေဇော-မီးဓာတ် ၄-ပါး

၃။ အာပေါ-ရေဓာတ် ၁၂-ပါး

၄။ ဝါယော-လေဓာတ် ၆-ပါး

စုစုပေါင်း (၄၂) ပါးသော ဓာတ်အစုတို့ ဖြစ်သည်။

*(အရှင်သဃ်ရက္ခိတမထေရ် စီရင်သော သုဗောဓာလင်္ကာရကျမ်း)*

နက္ခတ္တဗေဒနှင့် ဝေဒပညာနယ်တွင် လရာသီတို့နှင့်ဓာတ်တို့ကို ပြထားသကဲ့သို့ တစ်ရာသီတွင် အကျုံးပြုသော ဂြိုဟ်တို့ကိုလည်း ဖော်ပြထားသည်ကို တွေ့ရ၊ သိရပါတော့သည်။

ဓာတ်အစုကို လတို့တွဲ၍ဖော်ပြရလျှင်-

**၁။ တေဇောဓာတ်အိမ်**

- တန်ခူးလ
- ဝါခေါင်လ
- နတ်တော်လ

**၂။ ပထဝီဓာတ်အိမ်**

- ကဆုန်လ
- တော်သလင်းလ
- ပြာသိုလ

**၃။ ဝါယောဓာတ်အိမ်**

- နယုန်လ
- သီတင်းကျွတ်လ
- တပို့တွဲလ

**၄။ အာပေါဓာတ်အိမ်**

- ဝါဆိုလ
- တန်ဆောင်မုန်းလ
- တပေါင်းလတို့ ဖြစ်သည်။

တစ်ဆက်တည်း ပြောရမည်ဆိုလျှင် ရှေးကပွင့်ထွန်းတော်မူကြပြီးသော ဘုရားရှင်တို့ကို ဝေဒပညာဖြင့် ကြည်ညိုရအောင် သေချာနားထောင်ကြ။

ယခု ဘဒ္ဒကမ္ဘာမှာ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ငါးဆူပွင့်ထွန်းမှာဖြစ်ပြီး လေးဆူ ပွင့်ခဲ့ပြီးရာ-

၁။ ကကုသံန်ဘုရားရှင်က ပြိဿလဂ်၊

၂။ ကောဏာဂုံဘုရားရှင်က မေထုန်လဂ်၊

၃။ ကဿပဘုရားရှင်က ကရကဋ်လဂ်၊

၄။ ဂေါတမဘုရားရှင်က သိဟ်လဂ်တို့ ဖြစ်သည်။

*(နှစ်ကျိပ်ရှစ်ဆူဘုရား ဗုဒ္ဓဝင်ကျမ်း)*

လေးဆူကုန်သော ဘုရားရှင်တို့၏ လဂ်ကို သိပြီဖြစ်၍ ရာသီ (၁၂) ခွင်အရ ထိုဘုရားရှင်တို့၏လဂ်တော်တို့မှာ မဟာဘူတဓာတ်အိမ်အရ မည်သည့် ဓာတ်အိမ်လဂ်ဖြစ်သည်ကို ကြည်ညိုမည်ဆိုလျှင်-

၁။ ကကုသန်ဘုရားရှင်၏လဂ်တော်သည် ပြိဿလဂ်ဖြစ်၍ ပထဝီဓာတ်အိမ် ဖြစ်သည်။

၂။ ကောဏာဂုံဘုရားရှင်၏ လဂ်တော်သည် မေထုန်လဂ်ဖြစ်၍ ဝါယောဓာတ်အိမ် ဖြစ်သည်။

၃။ ကဿပဘုရားရှင်၏ လဂ်တော်သည် ကရကဋ်လဂ်ဖြစ်၍ အာပေါဓာတ်အိမ် ဖြစ်သည်။

၄။ ဂေါတမဘုရားရှင်၏ လဂ်တော်သည် သိဟ်လဂ် ဖြစ်ခြင်းကြောင့် တေဇောဓာတ်အိမ် ဖြစ်သည်။

ဘုရားရှင်လေးဆူ၏ လဂ်တော်၊ ဓာတ်အိမ်ကို ကြည်ညိုနိုင်ပြီဖြစ်၍ တစ်နှစ်တာအတွင်း လဂ်တော်၊ ဓာတ်အိမ်ကိုက်ညီသောလများတွင် ဘုရားလေးဆူဓာတ်ကြီးလေးပါးဆွမ်းအလှူကို ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

ထိုဓာတ်ကြီးလေးပါး အစီအမံနှင့် အဓိဋ္ဌာန်ဝင်ရောက်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ တန်ခိုးတေဇော်အာနုဘော်ကြီးခြင်း၊ လာဘ်လာဘရွှင်ခြင်း၊ စီးပွားဥစ္စာတိုးပွားခြင်း၊ ရှိပြီးဥစ္စာတို့ခိုင်မြဲခြင်း၊ လျင်မြန်စွာတိုးပွားခြင်းတို့ ဖြစ်စေသည်။

ဘုရားလေးဆူ ဓာတ်ကြီးလေးပါး ကျင့်စဉ်ကို အပြည့်အစုံဖော်ပြမည်ဖြစ်၍ ပြောတာကို သေချာစွာ မှတ်သားသလို ရေးမှတ်ယူကြရန်လည်း မမေ့နဲ့”

ဟု ပြောပြရပါသည်။

**ဘုရားလေးဆူ ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူခြင်းကျင့်စဉ်**

ဓာတ်ကြီးလေးပါး ဆွမ်းအလှူကျင့်စဉ်ကိုဝင်မည်ဆိုလျှင် ဤကျင့်စဉ်ဝင်ရောက်မည့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ရမည်။

* တေဇောဓာတ်အဓိဋ္ဌာန် ဝင်မည့်သူသည်. . .

တေဇောဓာတ်လဂ် ဖြစ်သော တန်ခူး၊ ဝါခေါင်၊ နတ်တော်လဖွားများနှင့် ဇာတာခွင်တွင် ထိုလရာသီ၌ ‘လ’ သင်္ကေတပါသူများ၊



www.burmeseclassic.com

www.burmeseclassic.com

ပထဝီဓာတ်လက်ဖြစ်သော ကဆုန်, တော်သလင်း, ပြာသိုလဖွားများနှင့် ဇာတာခွင်ဘွင် ထိုလရာသီ၌ 'လ' သင်္ကေတပါသူများ၊

ဝါယောဓာတ်အိမ်လက် ဖြစ်သော ဝါဆို, သီတင်းကျွတ်, တပို့တွဲလဖွားများနှင့် ဇာတာခွင်တွင် ထိုလရာသီ၌ သင်္ကေတပါသူများ၊

အာပေါဓာတ်အိမ်လက် ဖြစ်သော ဝါဆိုလ, တန်ဆောင်မုန်း, တပေါင်းလဖွားများနှင့် ဇာတာခွင်တွင် ထိုလရာသီ၌ လသင်္ကေတပါသူများအနေဖြင့် မိမိတို့လက်ရာသီဖြစ်သောလတွင် စတင်ဆောင်ရွက်နိုင်ကြပါသည်။

ဥပမာပြဆိုရလျှင်-

တေဇောဓာတ်ကျင့်စဉ် ဝင်လိုသူသည်-

တေဇောဓာတ်လက် ဖြစ်သော ဒီဃာလက်ပိုင် ဂေါတမ မြတ်စွာဘုရားအား ပင့်ဖိတ်ပူဇော်ရန်။

အဓိဋ္ဌာန်ဝင်လိုသူသည် တန်ခူး၊ ဝါခေါင်လ၊ နတ်တော်လဖွားများနှင့် မိမိတို့ဇာတာခွင်တွင် ထိုလက်ရာသီရှိသူများအနေဖြင့် မည်သည့်လတွင်မဆို ကျင့်စဉ်ကို စတင်ဝင်ရောက်ရပါမည်။

ထိုလရာသီ(၃)ခုတွင် အကြောင်းကောင်းသော ကောင်းကျိုးပေးသည့်ဂြိုဟ်များမှာ တနင်္ဂနွေ၊ ကြာသပတေး၊ အင်္ဂါတို့ဖြစ်သဖြင့် ထိုဂြိုဟ်စဉ်များအတိုင်း မုန့်၊ ပန်း၊ သစ်သီးတို့ကို ကပ်လှူရမည်၊ ဆွမ်းဖြူတစ်ပွဲ ပါဝင်ရပါမည်။ သောက်တော်ရေ၊ အလင်းတိုင်၊ နံ့သာတိုင်တို့ဖြင့် ကပ်လှူရပါမည်။

ဂါထာ(၂)ပုဒ်ကို ရွတ်ဖတ်ပူဇော်ရန်။

*(ဂါထာများကို သီးခြား ဖော်ပြပေးထားပါသည်။)*

တေဇောဓာတ်ကို နမူနာယူပြီး ပထဝီ၊ ဝါယော၊ အာပေါဓာတ်ကြီးများကို ကောင်းစွာ သိရှိလုပ်ဆောင်နိုင်ကြမည်ဖြစ်သည်ဟု ယူဆပါသည်။

**ကျင့်စဉ်အပြည့်အစုံ**

**၁။ ကျင့်စဉ်ရက်ရွေးခြင်း**

မည်သည့် ဓာတ်၊ လက်ဖြစ်သူဖြစ်စေ မိမိတို့ဆောင်ရွက်ရန်လ၏ ပထမ မိမိမွေးနေ့မှာ စတင်ဆောင်ရွက်ရမည်။

*(လအတွင်း မိမိစတင်သောရက် ၁ ၅ ရက် ကြုံတတ်ပါသည်။)*

**၂။ ကျင့်စဉ်ကို သတ်မှတ်ခြင်း**

တစ်ကြိမ်လျှင် (၃) ရက် သတ်မှတ်ရခြင်း။

သီတင်းတစ်ပတ်လျှင် (၃) ရက် ကျင့်ရမည်။ ကျင့်စဉ်ဝင်သည့်လအတွင်း သီတင်းပတ်တိုင်း ဆောင်ရွက်ရမည်။

**၃။ ကျင့်စဉ်ကာလပြုဖွယ်များ**

ရှေးဦးစွာ ဘုရားရှင်အား ပင့်ဖိတ်ခြင်း။

သာသနာတော်စောင့် နတ်မင်းကြီးများ၊ စတုလောကပါလနတ်မင်းကြီးများ၊ ရှစ်ဆူသောဂြိုဟ်နတ်မင်းကြီးများ၊ ဝိဇ္ဇာများ၊ မဟိဒ္ဓိရှင်များ ဖိတ်ကြားရန်။

**၄။ လှူဖွယ်များ**

လအတွင်း အကျိုးပြုသော ဂြိုဟ်နံသင့် ပန်း, သစ်သီး၊ ဆွမ်းဖြူ သောက်တော်ရေ၊ နံ့သာတိုင်၊ အလင်းတိုင်တို့ ကပ်လှူရန်။

**၅။ ကန်တော့ခြင်း**

ဘုရားကန်တော့ခြင်း၊ သီလခံယူခြင်း၊ သစ္စာပြု ဆုတောင်း, မေတ္တာပို့သ, ကုသိုလ်အမျှပေးဝေခြင်း။

**၆။ ဂါထာများရွတ်ဖတ်ခြင်း**

၁။ ဉုံ အဂ္ဂေ ဗုဒ္ဓေ၊ အဂ္ဂေ ဓမ္မေ၊ အဂ္ဂေသံဃော၊ အဂ္ဂါစေဝ ဓမ္မရာဇာ၊ ဝန္ဒရသော၊ အဂ္ဂေ ဝိပါကော မေ ဟောတု၊ ယံယံ ဣစ္ဆိ၊ သမိဇ္ဈတု၊ တံတံ ဣစ္ဆိ သမိဇ္ဈတု။

၂။ ဣဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ၊ ပရစိတ္တဝိဇာနန်။

ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခုတိ ပဉ္စမာ။

ဗုဒ္ဓ ပစ္စေကဗုဒ္ဓါနံ၊ အဂ္ဂသာဝက နုဘာဝေန၊ သမိဇ္ဈတု မယံ သဒါ။

**မှတ်ချက်** - အထက်တွင် ဖော်ပြထားသော ဂါထာ (၂)ပုဒ်လုံးကို ဓာတ်ပိုင်ရှင်များ၏ဓာတ်အပါးစုများအတိုင်း-

* ပထဝီဓာတ်သမား ၂၀ ခေါက်စီ၊
* ဝါယောဓာတ်သမား ၆ ခေါက်စီ၊
* အာပေါဓာတ်သမား ၁၂ ခေါက်စီ၊
* တေဇောဓာတ်သမား ၄ ခေါက်စီ

ရွတ်ဖတ် ပူဇော်ပေးရပါမည်။

သတ်မှတ်ရက် ကာလများတွင် မိမိတို့ စတင်ဆောင်ရွက်သော အချိန်၊ နေရာဌာန တိကျရန် အထူး လိုအပ်လှပါသည်ဟု ကျွန်ုပ်၏တပည့်များကို ရှည်လျားစွာ ပြောပြလိုက်ရပါတော့သည်။

ဤနေရာတွင် အခွင့်ကြုံလာသဖြင့် ကျွန်ုပ် ဖြတ်သန်းလာခဲ့သောကာလ၏ဖြစ်စဉ်ကို ရိုးသားစွာ ရေးသားဖော်ပြလိုက်ပါသည်။ ကျွန်ုပ်သည် သက်သတ်လွတ် (၁၈) နှစ်ကာလတိုင်အောင် စားခဲ့ပြီး မဟာဂန္ဓာရီလမ်းကြောင်းကိုသွားရန် ဝိဇ္ဇာဓရ ဂမ္ဘီရပညာကို အရှုံးအမှုးဖြစ်ခဲ့စဉ်ကာလက ရှေးရှေးက သူတော်ကောင်းကြီးများနှင့် အဌကထာ ဆရာတော်ကြီးများအနေဖြင့် မြတ်စွာဘုရားရှင်၏ အာဝေနိက ဂုဏ်တော်များကို သဒ္ဓါအားကြီးစွာပူဇော်ခဲ့ကြသလို ကျွန်ုပ်မှာလည်း မြတ်စွာဘုရားရှင်၏အာဝေနိကဂုဏ်တော်များကို မိမိ၏စိတ်၊ ဆန္ဒ၊ ဝီရိယအားလျော်စွာ ပူဇော်ခဲ့သည့် ကျင့်စဉ်များထဲမှ တစ်ခုကို ရေးသား ဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်ုပ်နှင့်ဆန္ဒတူညီကြသော စာချစ်သူမိတ်ဆွေများ၊ ဝိဇ္ဇာဓရဂမ္ဘီရပညာကိုလိုက်စားကြမည့်ညီငယ်များ၊ ဝါသနာရှင်များ အကြိုက်တူလျှင် ယူနိုင်ကြရန် ရေးသား ဖော်ပြပေးလိုက်ခြင်း ဖြစ်ပါသည်။

ပစ္စက္ခ သဒ္ဓါ၊ ဝီရိယ အားကြီးစွာဖြင့် ကြိုးစားအားထုတ်ကြသော်လည်း အတိတ်ကံ ပါရမီအကျိုးပေးများကြောင့် အကျိုးပေးပုံချင်း ကွာခြားမည်က လွဲပြီးများစွာသော လောကီချမ်းသာ အကျိုးစီးပွားတို့ကို မုချ ရရှိမည် ဖြစ်ပါသည်။ သမာဓိအားကောင်း၍ ဝိပဿနာရောက်သည်အထိ အမတချမ်းသာကိုလည်းရရှိနိုင်မည် ဖြစ်ပါသည်။

ကျွန်ုပ်၏တပည့်များ ကျင့်စဉ်ရ၍ ဝမ်းမြောက်စွာ ပြန်သွားကြပါသည်။

ကျွန်ုပ်အနေဖြင့် အခွင့်အခါသင့်တိုင်း ကိုယ်တိုင်ဖြတ်သန်းခဲ့သော ဂန္ဓာရီခရီးလမ်းမှ လက်တွေ့ကျင့်စဉ်များကို ဆက်လက်ရေးသားပါဦးမည်ဟူသာ။

ကျွန်ုပ်အား ပညာပေးခဲ့ကြသော ဆရာသခင် ကျေးဇူးရှင်ကြီးများအားလုံးတို့၏ပညာဒါနကို ဖြန့်ဝေ၍ ဆရာသခင်တို့အား ဤစာစုဖြင့် ပူဇော်လိုက်ပါသည်။

*ပညာတိုးပွား၍ အကျိုးများကြပါစေ*

ဘုန်းခေါင်

**ကျမ်းကိုး**

၁။ နက္ခတ်ဗေဒင်ကျမ်းများ

၂။ အရှင်သယ်ရက္ခိတမထေရ် စီရင်သော သုတေဓိလင်္ကာရကျမ်း

၃။ ဦးစောလှဦး စီရင်သော နှစ်ကိုပ်ရှစ်ဆူ ဗုဒ္ဓဝင်ကျမ်း



www.burmeseclassic.com

# ဉာဏိန္ဒ

## သရဏဂုံတန်ခိုး အကျိုးအနှစ်



**တေသု စိတ္တပ္ပသာဒေဝိ၊**
**ဒုက္ခတော ပရိမောစယေ။**
**ပဂေဝါ နကိရိယာ တေသံ၊**
**ဓမ္မဿ အနုဓမ္မတော။**

*ရတနာသုံးပါးအပေါ်၌ ကြည်ညို စိတ်ဖြစ်ကာမျှဖြင့် ဒုက္ခအမျိုးမျိုးမှ လွတ်မြောက်နိုင်ပါပေ၏။ သူတော်ကောင်းတို့၏ တရားလမ်းစဉ်အတိုင်း အတုလိုက်၍ ကျင့်ကြံနိုင်ပါမူကား ဆိုဖွယ်ရာပင် မရှိတော့ပေ။*

*(စရိယာပဋိက)*

**။**

အချိန်ကား မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးခါစ။

ကွန်မြူနစ်၊ ရဲဘော်ဖြူ၊ ရဲဘော်ဝါ၊ ကေအင်ဒီအို၊ ပြူစောထီး စသည်ဖြင့် မြန်မာပြည်အတွင်း ရောင်စုံသူပုန်များ အကွဲကွဲအပြားပြား သူတစ်လူငါတစ်မင်း သောင်းကျန်းနေကြချိန်။

"ဘာသာရေးဆိုတာ ဘိန်းပဲ ရဲဘော်တို့။ နတ်ပြည်တွေ၊ ငရဲပြည်တွေဆိုတာ တကယ်ရှိတာမဟုတ်ဘူး။ မိဘကျေးဇူးတွေဘာတွေဘာမှမရှိဘူး။ အေး - ဖိုနဲ့မ သဘာဝအရ မျိုးဆက်ပြန့်ပွားဖို့ ဆက်ဆံကြတယ်။ တကယ်တော့ မျိုးဆက်ပြန့်ပွားဖို့ဆိုတဲ့ ရည်ရွယ်ချက်တောင်ရှိတာမဟုတ်ပါဘူး။ ကာမဂုဏ်သောင်းကျန်းကြတာပါပဲ။ သူတို့ ကာမဂုဏ်သောင်းကျန်းလို့ ကိုယ်ကလူဖြစ်လာရတာ။

လူဖြစ်လာရတော့ကော ပစ္စည်းမဲ့လူတန်းစားဆိုပြီး လာဖြစ်ကြရတယ်။ အနှိမ်ခံ အဖိနှိပ်ခံ အအုပ်စိုးခံ ဒီလိုဖြစ်နေကြရတယ်။ ဒါဘယ်သူ့ကြောင့်လဲ။ အဟောင်းဟောင်း - တို့ဗမာတွေပြောပြောနေကြတဲ့ ကျေးဇူးကြီးလှပါတယ်ဆိုတဲ့ မိဘနှစ်ပါးရဲ့ ကာမဂုဏ်သောင်းကျန်းမှုကြောင့်ပေါ့။ ဒါလား၊ မိဘကျေးဇူး. . ."

တောတွင်း ကွန်မြူနစ်သူပုန်စခန်းတစ်ခုတွင် ကွန်မြူနစ်ပစ္စည်းမဲ့တော်လှန်ရေးရဲဘော်များကို ကွန်မြူနစ်သဘောတရား ဟောပြောပို့ချနေခြင်း ဖြစ်၏။

ဘဒင်၊ ရဲဘော်ဘဒင်၊ ပစ္စည်းမဲ့တော်လှန်ရေးရဲဘော်ကြီးဘဒင် ပြောင်ပြောင်တင်းတင်း ခေါင်းမခါရဲ။ သို့သော် သူ့ရင်ထဲတွင်မူ ခေါင်းခါနေမိ၏။ ခေါင်းယမ်းနေမိ၏။

'မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး။ နတ်ပြည်ရှိတယ်။ ငရဲရှိတယ်။ မိဘကျေးဇူးဆိုတာရှိတယ်၊ ရတနာသုံးပါးရဲ့ ကျေးဇူးဟာ တကယ့်အနန္တပဲ။ ရတနာသုံးပါးနဲ့ မိဘ ဆိုတာ တကယ့်အနန္တကျေးဇူးရှင်တွေပဲ'

ဘဒင်၏ ရင်ထဲတွင် ရှေ့ကဟောပြောပို့ချနေသမျှကို ငြင်းဆိုနေမိလေ၏။

ဘဒင်ကား ရေနံချောင်းမြို့နယ် ကျွန်းထိပ်ရွာသား ဖြစ်၏။ ကွန်မြူနစ်စည်းရုံးရေးသမားတို့က ပစ္စည်းမဲ့များ၊ ကျောမွဲဆင်းရဲသားများ ချမ်းသာရေးအတွက် တော်လှန်၍ တစ်နိုင်ငံလုံးရှိ ဆင်းရဲသားများ တစ်ပြေးညီ ကြွယ်ဝလာစေရန် ပြုလုပ်ပေးမည်ဆိုသည်ကို ယုံကြည်ကာ တောတွင်းသို့ ပါလာခြင်း ဖြစ်၏။

ဘဒင်မှာ ကျွန်းထိပ်ရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဆရာတော် အရှင်ဓမ္မသာရ၏တပည့်ဖြစ်သည့်အားလျော်စွာ ရတနာသုံးပါးကို မမှိတ်မသုန် ယုံကြည်မြတ်နိုး ရိုကျိုးကိုးကွယ် အားထားဆည်းကပ်သူ ဖြစ်၏။ ရတနာသုံးပါးအတွက်ဆိုလျှင် အသက်ကိုပင်ပေးရဲသူ ဖြစ်၏။ သူ့ကို ဇွတ်တရွတ် ရတနာသုံးပါးကို အစွန့်ခိုင်းလျှင်မူ အသေခံ၍ ပြန်လည်တိုက်ခိုက်ရန် ဆုံးဖြတ်ချက်ချထားသူဖြစ်၏။

ယခုဟောပြောပို့ချနေသည်ကိုပင် ဆန့်ကျင်လိုလှပြီ။ သို့သော် 'သူမလုပ်ရဲသေး။ လုပ်ရန်အချိန်မကျသေး။ သူ့လိုပင် ရတနာသုံးပါးနှင့် မိဘတို့ကို စော်ကားဟောပြောသည်ကို မကျေနပ်သူများ ရှိနေကြ၏။ အားလုံးစုပေါင်းမှ အင်အားရှိလာပေမည်။ မဟုတ်လျှင် အကျိုးမဲ့ အချည်းအနှီးဖြစ်မည်ကို ဘဒင် စိုးရွံ့နေခြင်း ဖြစ်၏။ သူ့ကြောင့် အခြားသူများကိုလည်း အသက်အန္တရာယ်ရှိနိုင်သေး၏။

သို့သော် ထိုစဉ်က ကွန်မြူနစ်တို့က ဖြုတ်-ထုတ်-သတ်လမ်းစဉ်ကို ပြောင်ပြောင်တင်းတင်း မပြုလုပ်သေး



www.burmeseclassic.com

www.burmeseclassic.com



ောင်စုံသူပုန်များအချင်းချင်းရော
ောပ်များနှင့်ပါ ဝိုင်းကြီးပတ်ပတ်
က်နေကြရ၍ အင်အားပြုန်းတီးမည်
ယိုလားသေး၍ဖြစ်၏။

တောတွင်း ကွန်မြူနစ်စခန်းသို့
ောက်နေသော်လည်း ဘဒင် ရ

သုံးပါးကို တစ်နေ့မှမမေ့။ သရဏဂုံမြဲသူအဖြစ် အမြဲရပ်တည်နေသူဖြစ်၏။ တောတွင်း ကွန်မြူနစ်သူပုန်စခန်းအတွင်းမို့ ဘုရားရှိခိုးခွင့် မရှိ။ ထို့ကြောင့် ဘဒင်၏အိပ်ရာ တောစိမ်းရောင် ခြင်ထောင်အတွင်း၌ဖြစ်စေ၊ တောတွင်းလှုသူကင်းရာနေရာ၌ဖြစ်စေ ကာယကံမြောက်ရှိခိုးဦးချခြင်းပြုလေ့ ရှိ၏။ ကျန်အချိန်များတွင်မူ မနောကံနှင့်သာ သရဏဂုံကို ရွတ်ဆိုရှိခိုးဦးချရလေ၏။ သရဏဂုံကို ရွတ်ဆိုပူဇော်ခြင်းကို စိတ်တိုက် မနောကံနှင့်ပြုလုပ်ရခြင်းကိုအကျင့်ပါနေသော ဘဒင်အဖို့ သရဏဂုံကို စိတ်တိုက် ရွတ်ဆို ပူဇော်ရာ၌ အာရုံစူးစိုက်စွာ သမာဓိအပြည့်နှင့် ပူဇော်နေနိုင်ပြီ ဖြစ်၏။

ကျွန်းထိပ် ရွာဦးကျောင်း ဆရာတော် ဦးဓမ္မသာရက သူတပည့်များကို-

"ဘုရားရှိခိုးတယ် ဆိုတာကို လူတွေက ပေါ့ပေါ့ပဲတွေးကြတာ။ အေး -



www.burmeseclassic.com

www.burmeseclassic.com

အင်မတန် အကျိုးကြီးသကွယ်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိတော်မူစဉ်ကာလကပေါ့ကွယ်။ နေ့ချင်းညချင်း သေဘေးဆိုးကြီး ဆိုက်ဖို့ကပ်ပါလာတဲ့ ဒီယာဝုသတို့သားကြည့်ပါလား။ ဘုရားအမှူးရှိတဲ့သံဃာတော်အရှင်သူမြတ်တွေကို ရှိခိုးခွင့်ရလို့ သေဘေးကလွတ်ပြီး အသက် (၁၂၀) ရှည်ခဲ့တယ်ကွယ့်။

အသက်သိက္ခာ ဂုဏ်ဝါကြီးမားသူတွေနဲ့ ရဟန်းသံဃာ၊ ရတနာသုံးပါးကို ရိုသေမြတ်နိုးမာန်ညွှန့်ချိုးပြီး ရှိခိုးဦးခိုက်ပူဇော်လိုက်ကြတဲ့သူတိုင်း -

၁။ အာယု-အသက်ရှည်တယ်။

၂။ ဝဏ္ဏ - အဆင်းအင်္ဂါ ကြန်အင်လက္ခဏာ တင့်တယ်လှပတယ်။

၃။ သုခ - ကိုယ်ရောစိတ်ပါ ချမ်းသာမှုရတယ်။

၄။ ဗလ - ရောဂါကင်းရှင်း ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး ကာယဗလကြံ့ခိုင် အားအင် ကြီးမားတယ်။

၅။ ပဋိဘာန - အသိဉာဏ် ကြီးမားတယ်။

ရတနာသုံးပါးကို ရှိခိုးခွင့်ရတယ်ဆိုတာလည်း တို့များ ဗုဒ္ဓုပ္ပါဒဒုလ္လဘနဲ့ ကြုံတုန်းကြုံခဲ့ ကြုံရခိုက်သာ ရှိခိုးခွင့်ရတာကိုး။

အနမတဂ္ဂသံသရာမှာ ကျင်လည်ခဲ့ကြသမျှ သုညကမ္ဘာတွေကသာ များနေတာကိုး။ ဒီတော့ စဉ်းစားကြည့်စမ်း။ သံသရာနဲ့စာရင် ရတနာသုံးပါးကို ရှိခိုးခွင့် သရဏဂုံတည်ခွင့်ရတဲ့အချိန်ကလေးဟာ လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက်တောင်မရှိဘူးပေါ့ကွယ်။

အေး - ဒါကြောင့် ဗုဒ္ဓမြတ်စွာဘုရားရှင်က (၄၅) ဝါပတ်လုံး တစ်နေ့မပြတ် နေ့စဉ်နေ့တိုင်း သတ္တဝါတွေကို ကရုဏာတရား ကြီးမားစွာ ရှေ့ထားဟောကြားတော်မူခဲ့တာက -

အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ တဲ့။

ရဟန်းတို့၊ အာရုံခြောက်ပါး တွေ့ဆုံပြားတိုင်း ရှုမြဲမှတ်မြဲ သတိတရားနဲ့ ပြည့်စုံကြပါစေပေါ့။

ပြီးတော့ -

၁။ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံတဲ့။ လောကမှာ ဘုရားပွင့်ပေါ်တော်မူခြင်းဟာ ရခဲတယ်။

၂။ မနုဿသတ္တ ဘာဝေါ ဒုလ္လဘောတဲ့။ လူအဖြစ်ဖြစ်ရခြင်းဟာ ရခဲတယ်။

၃။ ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိတဲ့။ ရတနာသုံးပါးနဲ့ ကံ၊ကံ့ရဲ့အကျိုးကို ယုံကြည်ရခြင်းဟာ ရခဲတယ်။

၄။ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော တဲ့။ ရှင်ရဟန်းအဖြစ်ဟာ ရခဲတယ်။

၅။ သဒ္ဓမ္မဿဝနံ ဒုလ္လဘံတဲ့။ သူတော်ကောင်းတရားကို ကြားနာရခြင်းဟာ ရခဲတယ်။

ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒတိတဲ့။ ဒီလို (ဒီတရားတွေကိုတဲ့) နေ့စဉ်နေ့စဉ် နေ့တိုင်းနေ့တိုင်း ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရားရှင်ဟာ ကရုဏာတရားကြီးမားစွာ ရှေ့ထား၍ ဟောကြားတော်မူခဲ့ပါပေ၏တဲ့နော်။

ဒီတော့ သရဏဂုံတည်ပါ၊ မြဲပါ။ ကာယကံမြောက်ဖြစ်စေ၊ ဝစီကံမြောက်ဖြစ်စေ၊ မနောကံမြောက်ဖြစ်စေ။ အခွင့်အရေးရသလို ရတနာသုံးပါးကို ရိုသေမြတ်နိုး မာန်ညွှန့်ချိုးပြီး ရှိခိုးကြပါ။

စောစောက နေ့စဉ်မြတ်စွာဘုရားဟောကြားတော်မူခဲ့တာက အပ္ပမာဒတရားနဲ့ ဒုလ္လဘတရားငါးပါး။ ဒါကို အလေးအနက်ထားကြရမယ်။ အရေးကြီးလို့၊ ရင်ထဲမှာကိန်းနေစေချင်လို့သာ ဘုရားရှင်က နေ့စဉ်ဟောကြားတော်မူခဲ့တာကိုး။

နေ့စဉ်ဆိုတော့၊ (၄၅) ဝါပတ်လုံးဆိုတော့ အကြိမ်ပေါင်း (၁၆၄၂၅) ကြိမ်နော်။ ကဲ- ဒါအရေးကြီးလို့၊ မမေ့စေချင်လွန်းလို့၊ သတ္တဝါတွေကို သနားတော်မူလွန်းလို့ ဒီလောက်အကြိမ်အရေအတွက် ဟောကြားတော်မူခဲ့တာပေါ့"

ဟု ကျွန်းထိပ်ရွာဦးကျောင်းဆရာတော် အရှင်မေဓာသာရ မကြာခဏ ဟောကြား သတိပေးခဲ့သည်ကို ဘဒင် အမြဲကြားယောင်နေလေ၏။

॥

"ရဲဘော်ခေါင်းဆောင်ကြီး၊ ရဲဘော်ဘဒင် ငှက်ဖျားတက်နေတယ်။ သတိရတစ်ချက်မရတစ်ချက် ဖြစ်နေတယ်။ ရောဂါကျွမ်းနေပြီထင်တာပဲ"

"ရဲဘော်တပ်စုမှူး၊ ဒီကောင် ဘဒင်ကို အစွန်ဆုံးတဲမှာထားလိုက်။ နေ့တိုင်းတော့ သွားကြည့်ပေါ့။ သေရင် ဆွဲချလိုက်ပေါ့။ ဆေးမှူးမှာလည်း ဆေးကုန်နေပြီတဲ့"

"ရဲဘော် ခေါင်းဆောင်ကြီး၊ ဟိုလှမြင့်ဆိုတဲ့ရဲဘော်က ရဲဘော်ဘဒင်ကို သူစောင့်ရှောက်ပါရစေလို့ ခွင့်တောင်းနေပါတယ်"

"ကဲပါ၊ ရဲဘော်ဘဒင်ကို အစွန်ဆုံးတဲမှာ ထားလိုက်ပါ။ ရဲဘော်လှမြင့်က သူ့ကို ပြုစုစောင့်ရှောက်ချင်ပါတယ်ဆိုရင်လည်း အဲဒီတဲမှာပဲ အတူနေပေစေပေါ့။ ကဲ - သွားတော့ ရဲဘော်တပ်စုမှူး"

ပဲခူးရိုးမရှိ တောတွင်းကွန်မြူနစ်သူပုန်စခန်း၏ အစွန်ဆုံးတဲစုတ်ကလေးတွင် ငှက်ဖျားတက် သတိလစ်နေသော ရဲဘော်ဘဒင်နှင့် ရဲဘော်လှမြင့်တို့နှစ်ယောက်သာရှိ၏။

ရဲဘော်လှမြင့် ချမ်းတုန်နေသော ရဲဘော်ဘဒင်ကို သူတို့ရှိသမျှ စောင်များ၊ ခြင်ထောင်များ၊ အဝတ်အစားများအားလုံးကို ထပ်ခြုံပေးရုံမက သူကပါတက်ဖိထားပေးရလေ၏။ အတော်ကြီး ကြာလျှင် ရဲဘော်ဘဒင် အချမ်းသက်သာသွားပြီး အိပ်ပျော်သွားလေ၏။

ရဲဘော်လှမြင့် ရဲဘော်ဘဒင်အတွက် မည်သို့ ရောဂါသက်သာအောင် လုပ်ပေးရမည်ကို စဉ်းစားနေမိ၏။ သူတို့အုပ်စုအတွက်ထားပေးသော ဆေးမှူးဆိုသူမှာလည်း ဘာဆေးပညာမှ တတ်ကျွမ်းထားသည် မဟုတ်။ ဆေးပညာမတတ်သည်တတ်သည်ထား။ ယခင်စခန်းဟောင်းမှ ယခုစခန်းသစ်သို့ ပြောင်းရွှေ့လာစဉ်က ဆေးမှူး ဆိုသူ၏ ဆေးသေတ္တာမှာ မိုးရေချောင်းရေတို့နှင့် ရွှဲရွှဲစိုစိုပြီး အတွင်းမှဆေးများအားလုံး ပျက်စီးကုန်ပြီ ဖြစ်၏။ နောက်ထပ်လည်း ဆေးထပ်မံဖြည့်တင်းခြင်း မပြုရသေး။

ရဲဘော်လှမြင့်မှာ ဇရာဝတီမြစ်ဝကျွန်းပေါ်သား ဖြစ်၏။ သူနှင့် ရဲဘော်ဘဒင်တို့၏ ခင်မင်မှုမှာ တောတွင်းရောက်သည့်အချိန်မှစ၍ ဖြစ်၏။ သောင်းကျန်းသူအချင်းချင်းဖြစ်ကြသော တောတွင်းတိုက်ပွဲဝင်တစ်ခုတွင် ဘဒင်က လှမြင့်အသက်ကို ကယ်တင်ခဲ့သည်က သူတို့၏ခင်မင်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေခဲ့၏။

ထိုတောတွင်းတိုက်ပွဲတွင် ဘဒင်နှင့် လှမြင့်တို့ ရိုင်ဖယ်ကိုယ်စီနှင့် တိုက်ပွဲဝင်ခဲ့ကြ၏။ တောတွင်းရောက်ပြီး တောတွင်းလေ့ကျင့်ရေးကာလတွင် လှမြင့်သည် လက်အလွန်ဖြောင့်သူတစ်ဦးအဖြစ် သူတို့သူပုန်အုပ်စုအတွင်း ထင်ရှားကျော်ကြားခဲ့သူ ဖြစ်၏။ သို့သော် ထိုတိုက်ပွဲနေ့တွင် လှမြင့် ကိုင်ဆောင်ခဲ့ရသောရိုင်ဖယ်မှာ ဒင်ပိုင်း၊ ပြောင်းပိုင်းနောက်ချိန်ပေါက်နှင့် ချိန်တိုင်၊ ရှေ့ချိန်သီး၊ ပြောင်းကာသစ်သားပိုင်း၊ ... အိမ်၊ မောင်းခလုတ်၊ မောင်းထိန်းခလုတ်



www.burmeseclassic.com

www.burmeseclassic.com

...ည်ချိုက်တာ၊ မောင်းလက်၊ မောင်းဘု၊ ...င်းတံ အားလုံး အပြစ်ပြောစရာမရှိ ...သုံးကောင်း၏။ ထိုသေနတ် သူတို့ ...တ်တွင်းမရောက်မီက မည်မျှပစ်ခတ် ...ခဲ့သည်မသိ ပြောင်းကကျယ်နေပြီ ...၏။

မည်မျှ လက်ဖြောင့်၍ သေနတ် ...တီရိယာများ မည်မျှကောင်းနေစေ ...မှ ပြောင်းက ကျယ်နေပြီဖြစ်သဖြင့် ...ည်ဆန်က လိုရာသို့မသွားတော့။ လို ...သွားရုံသာမကသေး၊ ကျည်ဆန်က ...ချွန်ဘက်ကို ရှေ့ကထား၍ အလျား ...က်မသွားတော့။ ကျည်ဆန်က ဘေး ... တန့်လန့်ပြေးနေလေတော့၏။ ထို ... အလယ်ကလူကို ပစ်သော်လည်း ...ည်ဆန်က ဘယ် - ညာဘေးနှစ်ဖက် ... အထက် - အောက်ဖြစ်စေ မှန် ...ရာမှန်တော့၏။

ကျည်ဆန်သွားသော အသံက ... ရှိုးခနဲမမြည်တော့။ ဗွီးဗွီးနှင့်မြည် ...လေတော့၏။ ထိုကျည်ဆန်အမှန်ခံ ...ရင်လည်း ကျည်ဆန်ဝင်ပေါက်ကပင် ...၍ တစ်ဖက်သို့ ပေါက်မထွက်ဘဲ ...ကိုယ်အတွင်းမှာပင်ဝေ့နေပြီး အပြင်း ...န် ဝေဒနာခံစားနေရတတ်၏။ ပုံမှန် ...ည်ဆန်များမှာ ခန္ဓာကိုယ်အတွင်း ...တ်ခနဲဝင်ပြီး ဝင်အူရစ်လည်ပတ် ...သောကျည်ဆန်က အတွင်းကလီ ...များကို မွှေ့ပြီး တစ်ဖက်သို့ ပေါက် ...ရာတွင် ကျည်ဆန်၏ ဝင်အူရစ် ...ည်ပတ်မှုကြောင့် ကျည်ဆန်ထွက်ရာ ...ပေါက်မှာ အပေါက်ကျယ်ကြီး ဖြစ် ...ရတတ်လေ၏။ ထိုတောတွင်း ...ောင်းကျန်းသူ သူပုန်အချင်းချင်း ...ပွဲသည်ကား အတော်ပြင်းထန် ... တိုက်ပွဲတစ်ခု ဖြစ်ခဲ့၏။

ရိတ်သိမ်းပြီးစ ရိုးပြတ်တောအ ...ဖြစ်၍ ကျည်ကွယ်မှာ ကန်သင်း ...များသာရှိ၏။ မျက်ကွယ်မရှိ။ ရွာ ...ရွာသို့ သောင်းကျန်းသူအဖွဲ့နှစ်ဖွဲ့ ...ပြင်တည်း ဆက်ကြေးတောင်းရန် ...သွားမိကြသဖြင့် နယ်လုတိုက်ပွဲဖြစ် ... ဖြစ်၏။

တိုက်ပွဲတွင် တစ်ဖက်မှ သောင်း ...သူအဖွဲ့တွင် စက်ကလေးခေါ် ...န်း ပါ၏။ ဘရင်းဂန်းသမားမှာ ...န်းသမားကောင်းပီပီ တစ်ကုတ် ...တောင့်နှုန်းနှင့် ဘဒင်တို့အဖွဲ့ကို ...မဖော်နိုင်အောင် ပစ်ထားနိုင်၏။ ...ရင်းဂန်းသမားက တစ်ကုတ် သုံး ...တောင့်နှုန်းနှင့် ဘဒင်တို့အဖွဲ့ကို ခေါင်းမဖော်နိုင်အောင် ကာပစ်ပစ်ပေးနေစဉ် သူတို့အဖွဲ့မှ ရိုင်ဖယ်သမား သုံးယောက်က လယ်နှစ်ကွက်ကျော် ကန်သင်းအထိ တက်လာနိုင်၏။

ထိုသုံးယောက်က ကာပစ်ပစ်ပေးနေစဉ် ဘရင်းဂန်းသမားက နောက်မှ အပြေးတက်လာနိုင်မည် ဖြစ်၏။ ရှေ့မှ ရိုင်ဖယ်သမားသုံးယောက်ပစ်အပြီး သူတို့သုံးယောက်နေစက်မှ ဘရင်းဂန်းသမား ရိုးပြတ်တောအလယ်ရောက်သည်နှင့် သူ့လက်သူယုံကြည်သော လှမြင့်က ရုတ်တရက်ထရပ်ပြီး ဘရင်းဂန်းသမားကို ပစ်လေတော့၏။

ရဲဘော်လှမြင့်၏ ရိုင်ဖယ်ကျည်ဖူးက ဘရင်းဂန်းသမားထံ မရောက်။ သူ့ရှေ့မှ ကာပစ်ပစ်ပေးနေသော သုံးယောက်မှ ညာအစွန်လူကို ကျည်ကန့်လန့်နှင့် ဗွီးခနဲပြေးမှန်လေတော့၏။

သူ့လက်ကိုသူယုံသော လှမြင့်ကြောင်နေစဉ် ပြေးလာသော ဘရင်းဂန်းသမားက ခါးပိုက်ထားသည့် ဘရင်းဂန်းနှင့် လှမြင့်ကို ပစ်လေတော့၏။ လှမြင့် ကံကောင်း၏။ လှမြင့်သေနတ်မှ ကျည်ထွက်သံမမှန်ပုံကိုသိသော ဘဒင်က သေနတ်မှ ကျည်ထွက်ပြီးသည်နှင့် ကြောင်နေသော လှမြင့်ကို ကန်သင်းပေါင်နောက်သို့ ဆွဲလှဲချလိုက်လေ၏။ ဘရင်းဂန်းကျည်သုံးတောင့်က သူတို့ခေါင်းပေါ်မှ လေချွန်ရင်း နှုတ်ဆက်သွားကြတော့၏။ လှမြင့်က ဘဒင်ကို အလွန်ကျေးဇူးတင်သော မျက်လုံးပြူးကြီးများနှင့် ကြည့်လိုက်လေ၏။

||

ရဲဘော်ဘဒင် အဖျားကျ၍ အိမ်ပျော်နေရာမှ နိုးလာသည်နှင့် သရဏဂုံကို နှုတ်မှတိုးတိုးရွတ်နေပြီးဖြစ်တော့၏။ ဘဒင်မျက်စိဖွင့်ကြည့်လိုက်၏။ သူ့အသိတို့မှာ ကြည်လင်နေ၏။ သရဏဂုံရွတ်ရင်း ဟိုဟိုဒီဒီကြည့်လိုက်၏။ သူတို့စခန်း၏ အစွန်အဖျားရှိ တဲစုတ်ကလေးအတွင်း သူနှင့်ရဲဘော်လှမြင့်နှစ်ယောက်သာရှိကြောင်း သူသိရ၏။ အိပ်ပျော်နေပြီ ဖြစ်သော ရဲဘော်လှမြင့်ကို ကျေးဇူးတင်သော မျက်လုံးများနှင့် ဘဒင်ကြည့်လိုက်မိ၏။ ဘဒင် မျက်စိပြန်မှိတ်ပြီး သရဏဂုံကိုသာ တိုးတိုးလေး ရွတ်နေလေ၏။

ဘဒင် နောက်တစ်ခါ ပြန်အိပ်ပျော်သွားပြန်၏။ ဘဒင် အိပ်မက်ထဲတွင်ပင် သရဏဂုံကို ရွတ်နေမိ၏။

'ဟဲ့သူငယ်၊ မင်းဒီလောက်ရတနာသုံးပါးကို ယုံကြည်အားထားနေမှတော့ အကာလ မရဏနဲ့ မသေစေရဘူးကွယ့်။ တို့များမှာ ကယ်ဆယ်ရမယ့် တာဝန်ရှိသကွယ့်။ ကဲ - လာ၊ အဘနောက်လိုက်ခဲ့'

ဝတ်ဖြူစင်ကြယ်ဝတ် ဖြူဝင်းသန့်ရှင်းပြီး ဥပမိရုပ်ကောင်းလှသည့် အဘိုးတစ်ဦးက ဘဒင်ကို လက်ဆွဲခေါ်၏။

*(ဝတ်ဖြူစင်ကြယ်ဝတ် ဟူတိုင်း ဘိုးတော်ဟု မမှတ်ယူကြပါနှင့်။ ရက္ခစိုးနတ်ကြီးများလည်း ဝတ်ဖြူစင်ကြယ်ဝတ်နှင့် လူသားများကို အတွေ့ခံတတ်ကြ၏။ တချို့ ရက္ခစိုးနတ်ကြီးများမှာ သောတာပန် အရိယာပုဂ္ဂိုလ်များပင် ဖြစ်နေတတ်ကြ၏။)*

ဘဒင် လေထဲတွင်ဝဲနေရသကဲ့သို့ မြေပြင်နှင့် ခြေထောက်မထိရဘဲ ဝတ်ဖြူစင်ကြယ်ဝတ်အဘိုးကြီးနောက်သို့ ပါသွား၏။ တစ်နေရာသို့ရောက်သောအခါ ဖုဖုထစ်ထစ်နှင့် အသီးစိမ်းစိမ်းများနှင့် အပင်တစ်ပင်ကို ပြ၏။

'ဒီအသီးတွေကို စား။ မနက်သုံးလုံး၊ နေ့လယ် သုံးလုံး၊ ညနေ သုံးလုံးစား။ သရဏဂုံရွတ်ရင်းစား။ မင်းရောဂါဒီတစ်သက် ပြန်မပေါ်တော့ဘူး'

ဘဒင် အိပ်ရာမှ နိုးလာ၏။ အိပ်မက်ကို တိတိကျကျမှတ်မိနေ၏။ ဘဒင် ထိုနေရာသို့ ထမသွားနိုင်။ လောလောဆယ် အိပ်ရာမှ ထထိုင်ဖို့ပင် အားမရှိဖြစ်နေ၏။ ရဲဘော်လှမြင့် နိုးလာမှ သူ့ကို အကူအညီတောင်းရတော့မည်ဟု စဉ်းစားရင်း ဘဒင် အိပ်မက်ကို မမေ့ရန် အစမှ အဆုံး ထပ်စဉ်းစားနေလိုက်၏။ သရဏဂုံကိုကား နှုတ်တက်ရွရွရွတ်ဆဲ။

||

"ဟ - ဘဒင်ရဲ့ သေချာလှချေလား။ မင်းရောဂါပါ ဒီနေရာ ခုမှရောက်ကြတာ။ ပတ်ဝန်းကျင် အခြေအနေကို ဘာမှမမလေ့လာရသေးတာ"

"ဩော် - အသေအချာပါ လှမြင့်ရာ။ အရှေ့တည့်တည့်သွား၊ တောင်ကုန်းနှစ်ကုန်းကျော်ပြီး တတိယမြောက် တောင်ကုန်းပေါ်မှာ ရေကန်တွေ့လိမ့်မယ်။ ရေကန်က သိပ်အကြီးကြီးမဟုတ်ဘူး။ လေးပင်ပတ်လည်အိမ်လောက်ပေါ့ကွာ။ အဲဒီရေကန်ကနေ တောင်ဘက်တည့်တည့်ဆင်းသွား။အဆင်းကပြေပြေလေးပါ။ တောင်ခြေရောက်ရင် အပင်နှစ်ပင်တွေ့မယ်။ အသီးသေးတဲ့ အပင်



www.burmeseclassic.com

www.burmeseclassic.com

က အသီး(၉)လုံး ခူးလာခဲ့။ အသီးပုံစံက ဆင်တယ်။ အဖုအထစ်တွေနဲ့ ရုပ်ဆိုးဆိုးရယ်။ ဘဲဥလောက်အသီးတွေချည်း ရှိနေတဲ့အပင်က အသီး (၉) လုံးခူးခဲ့။

အရွယ်စုံပြီး အသီး သူ့ အဲ ဘဲဥအရွယ်ထက်ကြီးတဲ့ အသီးရောရှိနေတဲ့ အပင်ကအသီးတွေ မခူးနဲ့။ ဘဲဥအရွယ် ရွယ်တူတွေချည်းရှိတဲ့အပင်က အသီး (၉) လုံးပဲ ခူးခဲ့"

"ကဲ - မင်း ဒီလောက်မှ သေချာနေရင် အဲဒီအပင်နှစ်ပင်မှာ ခူးရမယ့်အပင်က ဘယ်ဘက်ကတုံး၊ မခူးရမယ့်အမင်က ဘယ်ဘက်ကတုံး"

"မခူးရမယ့် အပင်က မြောက်ဘက်က။ မင်းဆင်းသွားရင် အဲဒီအပင်ကို အရင်တွေ့မယ်။ ခူးရမယ့်အပင်က တောင်ဘက်က။ မခူးရမယ့်အပင်နဲ့ ဝါးနှစ်ရိုက်လောက်ကွာမယ်"

"အေး - တစ်ခါမှမရောက်ဘူးတဲ့ နေရာကို မင်းပြောသလို တွေ့ရရင်တော့ မင်းကိုငါ ထိုင်ကိုရှိခိုးဦးမယ်ကွာ ဟားဟား ဟား"

ရယ်ရယ်မောမော ပြောပြောဆိုဆိုနှင့် ရဲဘော်လှမြင့် တဲထဲမှထွက်သွားလေ၏။

နံနက်စောစောမို့ ရာသီဥတု အေးမြလှ၏။ ရဲဘော်ဘဒင် စောင်ကို တင်းတင်းခြုံရင်း သရဏဂုံကိုသာ အာရုံစူးစိုက် ရွတ်ဆိုပွားများနေလေ၏။

အချိန်မည်မျှကြာသွားသည်ကိုပင် ဘဒင်မသိတော့။

"ဘဒင်၊ ဘဒင်"

ဟူသော အမောတကောခေါ်သံကြောင့် ဘဒင် ခေါင်းမြီးခြုံကို လှပ်ကြည့်လိုက်၏။

ရဲဘော်လှမြင့်လက်ထဲမှာ အစိမ်းရင့်ရောင်မျက်နှာပြင်ဖုဖုထစ်ထစ်အသီးတွေနှင့်။ အသီးအရွယ်တွေက ဘဲဥခန့်တွေ။

"ရလာပြီ ဘဒင် ရလာပြီ။ မင်းပြောတဲ့အတိုင်း အကုန်တစ်ထေရာတည်းပဲကွာ။ ရေကန်ရော၊ တောင်ကုန်းတွေရော၊ အပင်တွေရော။ ဟား. . ငါတကယ်အံ့ဩတယ်ကွာ ဘဒင်"

"မင်းကတိအတိုင်း ရှိခိုးပေတော့ လှမြင့်။ ဒါပေမယ့် ငါ့ကို မဟုတ်ဘူး။ ဘုရား၊ တရား၊ သံဃာ ဆိုတဲ့ ရတနာသုံးပါးကို"

လှမြင့် သဘောပေါက်သွား၏။

"အေးအေး - ရတနာသုံးပါးကို ရှိခိုးပါ့မယ်ကွာ။ ရှိခိုးပါပြီ။ ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ"

လှမြင့် ဆောင်ကြောင့်ထိုင်ချပြီး သူတို့ ခေါင်းပြုအိပ်ရာ အရပ်မျက်နှာ အရှေ့အရပ်သို့ ဦးတည်ရှိခိုး၏။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ဆိုပြီး တစ်ကြိမ်ဦးချ။ ဓမ္မံ သရဏံ ဂစ္ဆာမိ ဆိုပြီး တစ်ကြိမ်ဦးချ။ သံဃံ သရဏံ ဂစ္ဆာမိဆိုပြီး တစ်ကြိမ်ဦးချရှိခိုးဦးကွာ"

လှမြင့် ဘဒင် ပြောသကဲ့သို့ သရဏဂုံ ရှိခိုးဦးချ၏။ လှမြင့် ဘဒင်ဘက်သို့ လှည့်၏။

"ဘဒင်၊ မင်းကိုလည်း ရှိခိုးဦးမယ်ကွာ"

"ဟာ - မလုပ်နဲ့ မလုပ်နဲ့။ ငါက ဘာကောင်မှမှ မဟုတ်တာ၊ မလုပ်ပါနဲ့"

လှမြင့်ကို ဘဒင် အကျောက်အကန်တား၏။

"ဘဒင် ဆိုတဲ့ မင်းကို ရှိခိုးတာ မဟုတ်ဘူး သူငယ်ချင်း။ သရဏဂုံနဲ့အမြဲ ထုံမွှမ်းနေတဲ့ စေတီထိုက်တဲ့ သရဏာဥပါသကာကို ရှိခိုးတာပါ သူငယ်ချင်း"

လှမြင့် ပြောလည်းပြော၊ ရှိခိုးဦးချခြင်းကိုလည်းပြုနေလေတော့၏။

॥

"ဘကြီးရောဂါက အဲဒီအသီးနဲ့ ပျောက်ရောလား"

"အေးကွ၊ မြေးရ"

ကျွန်ုပ်က မေးသည်ကို ဘကြီး ဦးဘဒင်က ဖြေ၏။ ထိုစဉ်က ကျွန်ုပ်မှာ လူပျိုပေါက်အရွယ်ဖြစ်၍ ဘကြီးက မြန်မာ့ရိုးရာလက်ဝှေ့၊ မြန်မာ့သိုင်း၊ ခြေဇောက်ထောင် မြန်မာဘာသာတို့ကို သင်ပေးရင်း ဖယောက်ျားကောင်းပီသရန် အကြမ်းခံ ရေစိမ်ခံ မြန်မာ့ရိုးရာလေ့ကျင့်မှုများကို လေ့ကျင့်ပေးနေသောကာလဖြစ်၏။

(ထိုအကြောင်းတို့ကို ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလထုတ် သိဒ္ဓိမိုးမဂ္ဂဇင်း အမှတ်(၃၇)တွင် **မေတ္တာရှင် သူတော်စင် ဘိုးမေတ္တာဝတ္ထု**၌ ဖော်ပြခဲ့ပြီး ဖြစ်၏။)

"အဲဒါဘာအသီးတွေလဲ ဘကြီး"

"တောရှောက်သီးပေါ့ကွာ"

"ချဉ်ဘူးလား"

"အတွင်းသားက လက်တစ်ဆစ်တောင် မရှိဘူး မြေးရ။ လက်သန်းလက်သည်းခွံလောက်ပါတာ။ အဲဒါလေးကျချဉ်ပြီး အခွံနဲ့ အသားတွေက ခါးသပေါ့ကွာ"

"ဟိုပုံစံတူအသီးကကော တောရှောက်သီးပဲ မဟုတ်လား"

"မဟုတ်ဘူးကွ၊ ရှောက်ဘီးလူးလို့ခေါ်တယ်။ အသီးရဲ့အခွံမှာ ဖုထစ်ပြီး ရုပ်ဆိုးတာချင်းက အတူတူပဲ မြေးရ"

"ဒါဆို ငှက်ဖျားဖြစ်ရင် တောရှောက်သီးစားရင် ပျောက်မှာပေါ့"

"ဟာ - အဲဒီလိုမဟုတ်ဘူး မြေးရ။ ဒါက သရဏဂုံတည်လို့မြဲလို့၊ မမေ့မလျော့ အမြဲရွတ်ဆို နှလုံးသွင်းပွားများနေလို့ နတ်ကောင်းနတ်မြတ်တွေက ဆေးဝါးအဖြစ်ပေးတာကွယ့်။ ဒီရောဂါအတွက် ဒါနဲ့ကုရတယ်ဆိုတဲ့ ဆေးနည်း မဟုတ်ဘူး မြေးရ"

"ဒါဆို သရဏဂုံမြဲလို့၊ တည်လို့ အမြဲရွတ်ဆိုပွားများနေလို့ မသေသင့်ဘူးဆိုရင် နတ်ကောင်းနတ်မြတ်တွေက ဆေးကုပေးတဲ့သဘောပေါ့ ဟုတ်လား ဘကြီး"

"အေးပေါ့ မြေးရ။ ဘကြီးကို တောရှောက်သီးပေးပေမယ့် တခြားတစ်ယောက်ကျတော့ တစ်ခုခုဖြစ်ကောင်းဖြစ်မှာပေါ့ ငါ့မြေးရာ"

"ဘကြီးကလည်း ဝတ်ဖြူစင်ကြယ်နဲ့ဆိုတော့ ဘိုးတော် မဟုတ်ဘူးလား"

"မဟုတ်ဘူး မြေးရ။ သူတော်ကောင်း ရုက္ခစိုးနတ်ကြီးတွေကလည်း ဝတ်ဖြူစင်ကြယ်နဲ့ပဲ တွေ့ကြရတာ မြေးရ။ အထူးသဖြင့် သရဏဂုံမြဲတဲ့သူတွေ ဂုဏ်တော်နဲ့ ဗုဒ္ဓါနုဿတိဘာဝနာအ ပွားနေတဲ့သူတွေ၊ သီလဝန္တရဟန်းတော်တွေ စသဖြင့်ပေါ့ကွာ။ အဲ့သလို ရတနာသုံးပါးနဲ့ အမြဲတွေ့ထိကျင့်ကြံပွားများအားထုတ်နေတဲ့ လူဖြစ်စေ၊ ရဟန်းဖြစ်စေ ဒုက္ခတစ်စုံတစ်ရာတွေ့လို့ ဝဋ်ကြွေးမရှိခဲ့ရင် နီးစပ်ရာ နတ်ကောင်းနတ်မြတ်တွေပေါ့ မြေးရာ။ ရုက္ခစိုး၊ ဘုမ္မစိုးနတ်တွေက ကူညီကြ၊ ကယ်တင်ကြတယ် မြေးရ။

ဒီတော့ နီးစပ်ရာ ရုက္ခစိုး၊ ဘုမ္မစိုး အာကာသစိုးနတ်တွေ၊ ရေစောင့်နတ်၊ မြေစောင့်နတ်၊ လေစောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ အိမ်စောင့်နတ်၊ ကိုယ်စောင့်နတ်တွေရဲ့ ချစ်ခင်မှုနဲ့ ကူညီမှုတွေကို စေချင်ရင် အနည်းဆုံး သရဏဂုံကိုမြဲ မယ်။ အမြဲ ဝစီနဲ့ရော စိတ်နဲ့ပါ ရွတ်ဆို နေရမယ် မြေးရေ။ ဒါဆိုရင် မင်းကို နတ်ကောင်းနတ်မြတ်တွေက အမြဲချစ်ခင် စောင့်ရှောက်ကြ၊ ကူညီကြမှာ အသေအချာပေါ့ မြေးရာ"

ချမ်းသာကြပါ

ဘဒင်



www.burmeseclassic.com

www.burmeseclassic.com

သူရဋ္ဌမဂ္ဂဇင်း ၂၀၁၃ ခုနှစ်၊ ဩဂုတ်ဝါရီလထုတ် အတွဲ (၁၃)၊ အမှတ် (၈) တွင် ပါရှိသော 'မနုဿမျက်နှာနှင့် ထူးဆန်းသစ်ပင်' ဆောင်းပါးတွင် ကျွန်တော်၏ အခမဲ့စာအုပ်အငှားဆိုင်လေးအကြောင်း အနည်းငယ်ထည့်သွင်းဖော်ပြခဲ့ပါသည်။ အဆိုပါ ကျွန်တော်၏ အခမဲ့စာအုပ်အငှားဆိုင်ကလေးစာဖတ်ပရိသတ်များထဲမှ လစဉ်ပုံမှန် ငှားလက်ကမ်းစာစောင်နှင့် ဆရာမ သန်းမြင့်အောင်၏ တွယ်ရာမဲ့ ရှင်သန်ကျန်ရစ်သူများစာစောင်ငယ်လေးကို ရရှိခဲ့ပါသည်။

ထိုစာစောင်နှင့် လိပ်စာကို ပေးအပ်ရင်း ဒေါ်ခင်ညွန့်အလုပ်ချင်လို့လဲ ဟု မေးကြည့်ရာ စေတနာပေါက်၍ မိမိပင်စင်လစာငွေမှ ခြိုးခြံကာ သွားရောက်လှူဒါန်းလိုပါကြောင်း ပြောသဖြင့် မုဒိတာပွားခဲ့ရသည်။ နောက်တစ်ရက်တွင် ဒေါ်ခင်ညွန့် (ညွန့်မှူး-ငြိမ်း)က -

"ကိုမောင်မောင်အေးရေ၊ ဆည်းဆာရိပ်ဘိုးဘွားရိပ်သာကို သွားခဲ့ပြီးပြီ။ အလှူငွေလည်း တစ်သိန်းလှူခဲ့တယ်"

ဟု သတင်းပေးရင်း နောက်နှစ်လ လောက်ကြာလျှင်လည်း သွားရောက်လှူဒါန်းမည်ဟု ဆိုပါသည်။ ဒေါ်ခင်ညွန့် ပြောသည်ကို နားထောင်ရင်း -


# ဆည်းဆာရိပ်သို့ . . . တစ်ခေါက်ရောက်ခဲ့ရာဝယ်

**စာတပ်-မောင်မောင်အေး**

ဖတ်ရှုကြသူတို့မှာ ဒေါ်ခင်ညွန့် (ညွန့်မှူး-ငြိမ်း)၊ ဦးလှကြည် (သ-တ-က-ငြိမ်း)၊ ဦးဇော်ဝင်းမြင့် + ဒေါ်ဝင်းကြည် (ဘူမိဗေဒအရာထမ်း-ငြိမ်း) တို့ ဇနီးမောင်နှံများ ဖြစ်ကြပါသည်။ ငှားရမ်းဖတ်ရှုကြရုံသက်သက်မျှမဟုတ်ဘဲ ကျွန်တော်စာရေးသားရန် ကုန်ကြမ်းပေးသူများလည်း ဖြစ်ပါသည်။

ယခုလည်း ဒေါ်ခင်ညွန့် (ညွန့်မှူး-ငြိမ်း) က သူရဋ္ဌမဂ္ဂဇင်းကြီးတွင် လစဉ်ပါရှိသော မေတ္တာရှင်(ရွှေပြည်သာ)၏ 'စာရေးဆရာနှင့် ရင်ပေါင်တန်း၍ စာဖတ်သူများအကြောင်း' လစဉ်ဆောင်းပါးများကို ဖတ်ကာ စာရေးဆရာမကြီးသန်းမြင့်အောင်၏ ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာလိပ်စာကို မေးမြန်းလာပါသည်။ အမှန်ကိုဝန်ခံရသော် ဒေါ်ခင်ညွန့် မေးလာသော ဆည်းဆာရိပ်ဘိုးဘွားရိပ်သာအကြောင်းကို မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော်၏ ဆောင်းပါးတို့တွင် ဒေါ်ခင်ညွန့် ဖတ်ရသည်ထက် ကျွန်တော်လည်း ပို၍သိသူမဟုတ်ချေ။

သို့သော် ကျွန်တော့်ကို စာရေးဆရာဆိုပြီး တလေးတစားမေးလာသောကိစ္စကို ပေါ့ပေါ့တန်တန်လုပ်၍မဖြစ်ပေ။ ထို့ကြောင့် လူမှုရေးအသင်းတစ်ခု၏ (မေတ္တာတံခွန်အသင်း) နာယကဖြစ်သူ ဦးစိန်လှိုင် (သူရဇော်)၊ ဒေါ်ခင်သန်းငွေ (တိုင်းရင်းမေခင်)တို့ စာရေးဆရာဇနီးမောင်နှံတို့ နေထိုင်ရာ (၃၆) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းသို့ စီးတော်ယာဉ်စက်ဘီးအိုလေးနင်း၍ ပြေးရပါသည်။ ဒေါ်ခင်သန်းငွေထံမှ ဆည်းဆာရိပ်



ကြည်ညိုဖွယ်ရာ ဗုဒ္ဓရုပ်ပွားတော်


www.burmeseclassic.com



ရုပ်ရှင်မင်းသမီးကြီး
အဘွားဒေါ်ခင်ကြည် (၉၄) နှစ်



တီအင်တီစေတနာရှင်မိသားစုမှ လှူဒါန်းနေပုံ



ထမင်းမစားမီ အလှူရှင်အား မေတ္တာပို့နေပုံ

'ငါလည်း စာရေးဆရာလုပ်နေပြီး တွယ်ရာမဲ့ အထီးကျန် ဂိလာနဘိုးဘွား တွေအတွက် ဒီလောက် လိုအပ်နေတဲ့ ဆည်းဆာရိပ် ဂိလာန ဘိုးဘွားရိပ်သာ အကြောင်း မသိလို့မဖြစ်ဘူး'

ဟု တွေးမိပါသည်။

ဆည်းဆာရိပ် ဂိလာန ဘိုးဘွား ရိပ်သာသည် အခြားအခြားသော မြို့ရွာ များရှိ သာမန်သက်ကြီးရွယ်အိုများအား စောင့်ရှောက်ပြုစုထားသော ရိပ်သာမျိုး မဟုတ်ချေ။ အားကိုးအားထားစရာ ဆွေ မျိုးသားချင်းမရှိ၊ ဆွေမျိုးသားချင်းပင် ရှိငြား တောင်မင်း မြောက်မင်း မကယ် နိုင်ဆိုသော အခြေအနေမျိုးဖြစ်၍ ကျွေး မွေးပြုစုသူမရှိ ဥပေက္ခာပြု စွန့်ပစ်ခံထား ရသူ ဘိုးဘွားများ၊ အသက်အရွယ်က လည်းကြီး၊ ရောဂါကလည်း ဖိစီး၊ သတိ ကလည်း မေ့တစ်ချက်လျော့တစ်ချက် ဖြစ်နေသဖြင့် အိမ်တွင် မထားလိုတော့ ဘဲ လူမသိသူမသိ လမ်းဘေး အမှိုက်ပုံ နား လာရောက်စွန့်ပစ်ထားခြင်းခံရသော ဂိလာန အဘိုးအဘွားများ၊ အကြောင်း အမျိုးမျိုးကြောင့် အားထားခိုကိုးရာမဲ့နေ ကြသော ဂိလာန ဘိုးဘွားများတို့အား ၎င်းတို့ အသက်ရှင်နေနိုင်သမျှကာလ အထိ ၎င်းတို့အပေါ် ကြင်နာစွာ၊ နွေးထွေး စွာ ယုယပြုစု စောင့်ရှောက်ပေးသော ဆည်းဆာရိပ် ဂိလာန ဘိုးဘွားရိပ်သာ ဖြစ်ပါသည်။

သို့ဖြင့် ၂၆-၂-၂၀၁၃ နေ့တွင် ကျွန်တော်နေထိုင်ရာ ဒဂုံမြို့သစ်မြောက် ပိုင်း (၄၄) ရပ်ကွက်မှ စီးတော်ယာဉ် စက်ဘီးအိုလေးနင်းကာ ဆည်းဆာရိပ် ဂိလာန ဘိုးဘွားရိပ်သာသို့ ထွက်ခွာခဲ့ ပါသည်။ ကျွန်တော်ကိုယ်တိုင်ပင်လျှင် အသက် (၇၇) နှစ် ရှိပြီ ဖြစ်၍ ဒူးနာ၊ ခါးနာဖြစ်နေသောကြောင့် စက်ဘီးကို ဖြည်းဖြည်းနင်းခဲ့ရပါသည်။ မိနစ် (၂၀) ကြာသောအခါ ဆည်းဆာရိပ်တည်ရှိရာ (၁၂) ရပ်ကွက်သို့ ရောက်ပါသည်။

တပင်ရွှေထီးလမ်းမတစ်နေရာ၌ 'ဆည်းဆာရိပ် ဘိုးဘွားရိပ်သာသို့' ဟူ သော လမ်းညွှန်ဆိုင်းဘုတ်ကို မြင်ရ သောကြောင့် ထိုလမ်းအမည်ကို ကြည့် ရာ ဗိုလ်မင်းခေါင်လမ်းဟု တွေ့ရပါ သည်။ ဗိုလ်မင်းခေါင်လမ်းအတိုင်း ပေ နှစ်ထောင်ခန့် ဝင်မိသောအခါ လက် ဖက်ရည်ဆိုင်လမ်းထောင့်တွင် လမ်းညွှ ဆိုင်းဘုတ်တစ်ခု ထပ်တွေ့ရပါသည်။ ထို လမ်းထောင့်ချိုးဆိုင်းဘုတ်နှင့် ပေလေး ရာခန့်တွင် ဆည်းဆာရိပ်ဂိလာနဘိုးဘွား ရိပ်သာသို့ ရောက်ပါတော့သည်။

ဆည်းဆာရိပ် ဂိလာန ဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးမှူးရုံးခန်းသို့ရောက် သောအခါ ကျွန်တော်၏ စာရေးဆရာ အသင်းဝင် စမတ်ကတ်ကို ထုတ်ပြကာ လာရင်းကိစ္စကို ပြော၍ မိတ်ဆက်ရပါ သည်။ အုပ်ချုပ်ရေးမှူးနှင့် အလုပ်အမှု ဆောင်အဖွဲ့တို့က ဝမ်းပန်းတသာကြို ရင်း သောက်ရေသန့်နှင့်အအေးပုလင်း လက်ဖက်ခြောက်အကောင်းစားဖြင့် န ထားသော ရေနွေးကြမ်းဓာတ်ဘူးတို့ ဧည့်ခံပါသည်။

ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိ



www.burmeseclassic.com


www.burmeseclassic.com



အဘိုးဆောင်မှ ဂိလာနအဘိုးများ



အဘွားဆောင်မှ ဂိလာနအဘွားများ



မထနိုင်သော အဘိုးအား ထမင်းကျွေးနေသော ဝန်ထမ်းတစ်ဦး

သာဖြစ်ပေါ်လာပုံအကြောင်း လက်ကမ်းစာစောင်နှင့် ဆရာမသန်းမြင့်အောင်၏ တွယ်ရာမဲ့ကျန်ရစ်သူများစာစောင်ငယ်ကို အုပ်ချုပ်ရေးမှူးက ကျွန်တော်ထံပေးအပ်ရင်း ဆည်းဆာရိပ်တွင် ပြုစု စောင့်ရှောက်ထားသော အဘိုး၊ အဘွားတို့အား သွားရောက် လေ့လာ ကြည့်ရှုခွင့်ပေးပါသည်။

။

နေ့ချင်းသဂြိုဟ်ပေးရန် အကြောင်းကြားထားသော နာရေးအိမ်သို့ ရောက်သောအခါတွင်မူ လူရိပ်ယောင်က ရှားပါးလှချေသည်။ ကျွန်မနှင့်အတူပါလာသော ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် မောင်လေး (၂) ယောက်တို့က အသုဘရုပ်ကလာပ်အား အောက်ခံကပ်ထဲသို့ ဂရုတစိုက်ထည့်ပြီးသောအခါ အပေါ်မှ အလှမီနိုယမ်ခေါင်းအဖုံး အုပ်၍ ကားရှိရာသို့ သယ်ယူရန် အကူအညီတောင်းရတော့သည်။

"ဆရာမရေ ကူညီမယ့်ယောက်ျားဆိုလို့ မြင်တဲ့အတိုင်းပဲ ဟိုမှာထိုင်နေတဲ့ မျက်စိမမြင်၊ နားမကြားတဲ့အဘိုးကြီးတစ်ယောက်ရယ်။ ဒီက ဆယ်ကျော်သက်ကလေးနှစ်ယောက်ရယ်ပဲရှိတာ။ ခုဆုံးသွားတဲ့ အသုဘက အဲဒီ မျက်စိမမြင်၊ နားမကြားတဲ့ အဘိုးအိုကို ရှာကျွေးမွေးနေတဲ့ တစ်ဦးတည်းသောသမီးပါ"

ကြားရသောစကားကြောင့် ကျွန်မစိတ်မကောင်းဖြစ်သွားသည်။

"ကဲ - ဒါဆိုလည်း ဖြစ်သလိုသယ်ကြတာပေါ့၊ သားလေးတို့လည်း ဝိုင်းကူနော်"

ဆိုကာ အသုဘခေါင်းအားသယ်မည်အပြု အနားမှ အမျိုးသမီးကြီးတစ်ယောက်က -

"ခဏလေးပါ ဆရာမရယ်၊ တစ်ခုလောက်ပြောပါရစေ"

"ဟုတ်ကဲ့၊ ပြောပါ"

ဆိုတော့ တစ်ခုခုကို ချိန်ဆနေသလို အနည်းငယ် တုံ့ဆိုင်းနေပြီးမှ -

"ဒီ. . . ဒီ မျက်မမြင်၊ နားမကြားအဘိုးကိုပါ ခေါ်သွားလို့မရဘူးဟင်"

ကျွန်မလည်း အသုဘပို့လိုက်ချင်၍ ပြောသည်ထင်သဖြင့် -

"ရပါတယ်၊ အဘိုးက သူ့သမီးအသုဘလိုက်ပို့ချင်မှာပေါ့။ ကားနောက်ခန်းက လိုက်ခဲ့ပါ"

ဆိုတော့ -

"အသုဘပို့ဖို့ မဟုတ်ဘူး။ အဘိုး



www.burmeseclassic.com

www.burmeseclassic.com

ကို ရှာဖွေကျွေးမွေးစောင့်ရှောက်နေတဲ့ သူ့သမီးက အခုလိုသေသွားတော့ သူ့ကို ဘယ်သူမှ ရှာဖွေကျွေးမွေးမယ့်သူ မရှိတော့ဘူး။ ဆွေမရှိမျိုးမရှိတော့တဲ့ အဘိုးအိုပါ။ ကျွန်မတို့က အိမ်နီးချင်းဆိုပေမယ့် ကိုယ့်ဟာကိုယ်တောင် အနိုင်နိုင်မို့ တစ်ခါတည်းသာခေါ်သွားပေးပါဆရာမရယ်"

"ရှင်၊ ကျွန်မကဘယ်ကိုခေါ်သွားရမှာလဲ"

"ဘယ်ကိုပဲဖြစ်ဖြစ်ပေါ့ ဆရာမရယ်"

ကျွန်မတို့ပြောနေကြတာတွေကို ကြားလည်းမကြား၊ မြင်လည်းမမြင်သောမျက်နှာငယ်လေးဖြင့် ထိုင်နေရှာသော အဘိုးအိုကို သနားကြင်နာခြင်းမှလွဲ၍ ကျွန်မကတော ဘာများတတ်နိုင်ပါမည်နည်း။

||

"အဲဒါက ဆုံးသွားတဲ့ (---) ရဲ့ အမေပေါ့၊ ကိုယ်တစ်ခြမ်းလေဖြတ်ပြီး အိပ်ရာထဲ လဲနေတာကြာပြီ။ ခုသူ့သားလည်း ဆုံးပြီ ဆိုတော့ ချွေးမနဲ့ ကလေးတွေက ကောင်မလေးမိဘများရှိရာတောကိုပြန်ကြတော့မယ်။ ခုငှားနေတဲ့ အိမ်လည်း ပြန်အပ်ရတော့မယ်။ အဲဒါအခု လေဖြတ်ပြီး အိပ်ရာကမထနိုင်တဲ့ အဘွားအိုကို ဘယ်သွားထားရမှန်းမသိဘူး။ ဆွေမျိုးတွေလည်း မရှိတော့ဘူး။ အဲဒါ ဆရာမများ ကူညီနိုင်မလားလို့"

"ဟိုက်၊ ဗုဒ္ဓေါ"

လို့ ဆိုရုံမှတစ်ပါး ကျွန်မကတော ဘာတတ်နိုင်ပါမည်နည်း။

||

ယခု အကျဉ်းချုံး၍ ဖော်ပြခဲ့သော တွယ်ရာမဲ့ အထီးကျန် ဂိလာန အဘိုးအို၊ အဘွားအိုဒုက္ခိတတွေအား ၎င်းတို့ အသက်ရှင်နေသမျှ အချိန်လေးအတွင်းနားလည် စာနာစိတ်ဖြင့် ဖေးမကူညီစောင့်ရှောက်ပေးမည့် ဆည်းဆာရိပ် ဂိလာန ဘိုးဘွားရိပ်သာကို ဆရာမကြီး သန်းမြင့်အောင်နှင့် စေတနာရှင်တို့က အကောင်အထည်ဖော်ခဲ့ကြပါသည်။

ဆည်းဆာရိပ်ဂိလာနဘိုးဘွားရိပ်သာသည် ယခုအခါ ဆွေမဲ့မျိုးမဲ့ အထီးကျန်ဘိုးဘွားများ၊ စွန့်ပစ်ထားခြင်းခံရသော လမ်းဘေးအမှိုက်ပုံနားမှ ဂိလာနဘိုးဘွားများတို့အား လက်ခံထိန်းသိမ်းစောင့်ရှောက်ပြုစုကျွေးမွေးထားပါသည်။

ကျွန်တော် သွားရောက်လေ့လာ ကြည့်ရှုချိန်တွင် ဂိလာန အဘိုး၊ အဘွား (၅၃) ယောက်ရှိသည်။ အဘိုး (၁၈) ယောက်၊ အဘွား (၃၅) ယောက်ဖြစ်၍ လှုပ်ရှားသွားလာနိုင်သူ အဘိုး၊ အဘွား (၁၃) ဦးသာရှိပါသည်။

ဦးစွာပထမ အဘွားများထားသောအဆောင်ကို ဝင်ရောက်ကြည့်ပါသည်။ ဂိလာနအဘွားများကို နံနက်စာကျွေးချိန်နှင့် ဆုံနေသဖြင့် အဘွားတို့ စားသောက်နေပုံကို ဓာတ်ပုံမှတ်တမ်းတင်ခဲ့ပါသည်။ အစားအသောက်မစားမီ စားသောက်ဖွယ်ရာများကို မိမိတို့ရှေ့မှာချ၍ အဆောင်အတွင်းရှိ ရုပ်မြင်သံကြားစက်မှတိုင်ပေးသည့်အသံနှင့်လိုက်၍ ယနေ့ကျွေးမွေးလှူဒါန်းသော အလှူရှင်အတွက် လက်အုပ်ချီကာ မေတ္တာပို့သကြပါသည်။ မေတ္တာပို့ပြီးမှ စားသောက်ဖွယ်ရာများကို စားသောက်ကြပါသည်။

အဘိုးများထားသော အဆောင်ဘက်သို့ရောက်သောအခါလည်း အဘိုးတို့ စားသောက်နေသည်ကို ထပ်မံဓာတ်ပုံမှတ်တမ်းတင်ပါသည်။ ဂိလာနအဘိုးတစ်ဦးဆိုလျှင် ထိုင်နိုင်စွမ်းအားမရှိတော့သဖြင့် အိပ်ရာခုတင်ထက်၌ ပက်လက်အနေအထားဖြင့် ဆည်းဆာရိပ်ဝန်ထမ်းသမီးငယ်တစ်ဦးမှ ယုယကြင်နာစွာပြုစုသည့်အလား ကျွေးမွေးနေသဖြင့် သာဓုခေါ် ရပါသည်။

အဘွားဆောင်၊ အဘိုးဆောင်၏ ခြေရင်းဘက်တွင် သန့်စင်ခန်းပါ ပူးတွဲဆောက်လုပ်ထားသဖြင့် ဘိုးဘွားများ မပင်မပန်း အလွယ်တကူသွားနိုင်သလို လမ်းမလျှောက်နိုင်သောဘိုးဘွားများအား လက်တွန်းလှည်းဖြင့် အသုံးပြုသွားလာနိုင်ပါသည်။

ကျွန်တော်တို့ငယ်စဉ် လွန်ခဲ့သော နှစ်ပေါင်း (၄၀) ခန့်က ကြည့်ခဲ့ရသည့် ရုပ်ရှင်မင်းသားကြီး ထွန်းဝေ ပါဝင်သော 'ဗိုလ်မြဒင်' ဇာတ်ကားမှ မင်းသမီးသည် မခင်ကြည် ဖြစ်ပါသည်။ ထိုဇာတ်ကားတွင် မခင်ကြည်သည် တိုက်ပွဲ၌ကျဆုံးသွားသော ဗိုလ်ကြည်လေး၏ဇနီး ကိုယ်ဝန်ဖြင့်ကျန်ရစ်ခဲ့သူ မုဆိုးမလေးအဖြစ် သရုပ်ဆောင်သည်ကို မှတ်မိနေပါသေးသည်။ ထိုမုဆိုးမလေးအား မင်းသားကြီး ထွန်းဝေ (အရာခံဗိုလ်) က ကယ်တင်သည့် ဇာတ်လမ်းဟု ထင်ပါသည်။ (မှားလျှင် သည်းခံပါ)။

ထို ဗိုလ်မြဒင် ဇာတ်ကားတွင် သရုပ်ဆောင်ခဲ့သော မင်းသမီးချော မခင်ကြည်သည် ယနေ့ လောကဓံအလှည့်အပြောင်းကြောင့် အထီးကျန်ဘဝဖြင့် (အဘွားဒေါ်ခင်ကြည် (၉၄) နှစ်) ဆည်းဆာရိပ်တွင် ကြင်နာစွာ ပြုစုယုယမှုကို ခံယူလျက်ရှိပါသည်။ ရုပ်ရှင်မင်းသမီးကြီး အဘွားဒေါ်ခင်ကြည်နှင့် တွေ့ဆုံ မေးမြန်းနေခိုက် စေတနာရှင် TNT မုန့်မျိုးစုံဖြန့်ချိရေးမိသားစုတို့မှ ဂိလာန အဘွားတို့အား တစ်ဦးချင်းစီ အလှူငွေများ လာရောက် လှူဒါန်းသည်ကို တွေ့ခဲ့ရပါသည်။

အဘိုး၊ အဘွားများအား ဘုရားဝတ်ပြုရန် ဘုရားကျောင်းဆောင်သည် စိတ်အေးချမ်းမြေ့ဖွယ်ရာကောင်းသလို ကနုတ္တဒဏ်ထီးဖြူနှစ်လက်မိုးထားသော ပလ္လင်ထက်တွင် သီတင်းသုံးနေသည့် မြတ်ဗုဒ္ဓရုပ်ပွားတော်ကလည်း ဖူးမြော်ရသူအဖို့ ကြည်ညိုသဒ္ဓါပွားတာ စိတ်ချမ်းမြေ့ရပါသည်။

ဆည်းဆာရိပ် ဘိုးဘွားရိပ်သာသည် တွယ်ရမဲ့ မှီခိုအားထားစရာမရှိ ကျွေးမွေးစောင့်ရှောက်သူမရှိ၊ ဆွေမျိုးဉာတိမရှိ ဘဝနေဝင်ချိန်မရောက်ခင် အကြား ဒုက္ခမျိုးစုံခံစား၍ ပင်ပန်းကြီးစွာ ဖြတ်ကျော်နေရရှာသော ကုသိုလ်ကံမကောင်းရှာသည့် အဘိုး၊ အဘွားတို့အား မိမိအိမ်နှင့်မခြား မိသားစုသဖွယ် ကြင်နာထွေးနွေး ပြည့်စုံစွာဖြင့် နေထိုင်ရသလို ကျန်းမာရေးအတွက်လည်း အနောက်တိုင်းဆေး/ တိုင်းရင်းဆေးတို့ဖြင့် ကုသမှုပေးလျက်ရှိပါသည်။

ယခုလည်း ဂိလာနဘိုးဘွားများ အတွက် သုံးထပ်တိုးချဲ့ဆောင် ဆောက်လုပ်လျက်ရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ အများပြည်သူ စေတနာရှင်များ၏ အကူအညီလည်း လိုအပ်လျက်ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့နှင့်အတူ ဘိုးဘွားများအား ထွေးနွေးသောလက်များဖြင့် ဖေးမကူညီ လှူဒါန်းကြပါရန် မေတ္တာရပ်ခံရင်း ဆည်းဆာရိပ် ဂိလာန ဘိုးဘွားရိပ်သာအကြောင်း တင်ပြအပ်ပါသည်။

လှူဒါန်းလိုပါက -

ဖုန်း - ၀၉-၇၃၀၁၈၀၀၇
အမှတ် (၈၀၃)၊ မဟော်သဓာလမ်း
(၁၂) ရပ်ကွက်၊ အရှေ့ဒဂုံ၊ ရန်ကုန်။

ဓာတ်ပုံ-မောင်မောင်



www.burmeseclassic.com

www.burmeseclassic.com

# အဆစ်ရောင်ရောဂါရှင်များအတွက် ဆေးစွမ်းကောင်းတစ်လက်

ရီရီဌေး



အဆစ်ရောင်ရောဂါ (Osteo arthritis) ဟာ ယနေ့ ကမ္ဘာပေါ်မှာ လူသားများကို အန္တရာယ်ပေးနေတဲ့ရောဂါများအနက် တတိယနေရာမှာရောက်နေပါတယ်။ မွေးကင်းစ ကလေးငယ်များဟာ အရိုးပေါင်း (၃၀၀)ကျော်နဲ့ ဖွဲ့စည်းထားပြီး လူကြီးဖြစ်လာတဲ့အခါမှာ အရိုးအချို့ ပူးပေါင်းသွားတဲ့အတွက် အရိုးပေါင်း (၂၀၆)ခုဖြင့် ဖွဲ့စည်းထားပါတယ်။

အရိုးတွေဟာ ခန္ဓာကိုယ်ပုံသဏ္ဌာန်ကို ခိုင်မြဲစေရန် ထောက်ပံ့ထားတဲ့ အခြေခံအရာဝတ္ထုဖြစ်ပြီး ကြွက်သားများ ရွေ့လျားစေရန် ကွေးနိုင်ဆန့်နိုင်၊ လှည့်ထနိုင်တဲ့ လှုပ်ရှားမှုစွမ်းအင်ကိုပေးပါတယ်။ အဲဒီလို ရွေ့လျားနိုင်ရန် ဆုံချက်ကတော့ 'အဆစ်' ပဲ ဖြစ်ပါတယ်။ အဆစ်ဟာပတ္တာနဲ့တူပြီး လူတစ်ယောက်သွားလာလှုပ်ရှားနိုင်ရန် အရိုး၊ အဆစ်၊ ကြွက်သား ဆိုတဲ့ အရာဝတ္ထုသုံးခုပေါ်မှာ တည်နေပါတယ်။ အဆစ်ဆိုတာဟာ အရိုးနှစ်ခု သို့မဟုတ် သုံးခုထက်ပိုများတဲ့ အရိုးထိပ်ဖျားအချင်းချင်း ထိတွေ့တဲ့ဆုံမှတ်ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ဒူးခေါင်းခွံ၊ သွား၊ မေးရိုးဆက်များ၊ လက်နဲ့ ခြေသလုံး စတာတွေမှာတော့ လှုပ်ရှားလို့မရတဲ့ဆက်ခြင်းနဲ့ ဆက်ထားတဲ့အတွက် 'အဆက်' လို့ ခေါ်ပါတယ်။

ခန္ဓာကိုယ်လှုပ်ရှားသွားလာခြင်း၊ ထိုင်ထ ပြောဆို စားသောက်ခြင်း စတာတွေမှာ အဆစ်မရှိရင် မပြုလုပ်နိုင်ပါ။ အဆစ်ရှိပေမယ့် လှုပ်ရှားခြင်းမှာအဟန့်အတားဖြစ်လာရင် ရောဂါတစ်ခုခု (ဒါမှမဟုတ်) ဒဏ်ရာတစ်ခုခု ဖြစ်နေပြီလို့ စဉ်းစားရမှာ ဖြစ်ပါတယ်။ အရိုးအဆစ်နဲ့ ပတ်သက်ရင် ရှိုးဆက် ရောင်ရမ်းနာရောဂါ သို့မဟုတ် အရိုးနဲ့အဆက်များဟာ အကြောင်းတစ်စုံတစ်ရာကြောင့် ရောင်ရမ်းတဲ့အတွက် နာကျင်ကိုက်ခဲမှုဝေဒနာကို ခံစားရမှာ ဖြစ်ပါတယ်။ အဓိကအားဖြင့် ရှိုးဆက်ရောင်ရမ်းနာ နှစ်မျိုး ရှိပါတယ်။

အဲဒါတွေကတော့-

၁။ အဆစ်ရောင်ရောဂါ (Osteo arthritis)


၂။ သွေးလေးဖက်နာ (Rheumatoid arthritis)

တို့ပဲ ဖြစ်ပါတယ်။

**အဆစ်ရောင်ရောဂါ**

အဆစ်ရောင်ရောဂါဟာ ကမ္ဘာပေါ်မှာရှိတဲ့ လူသားသန်းပေါင်းများစွာကို ဒုက္ခပေးနေတဲ့ရောဂါ ဖြစ်ပါတယ်။ အဆစ်ရောင်ရောဂါ ဖြစ်ပွားရခြင်းဟာ အရိုးအချင်းချင်း ထိပ်များပြီး အဆစ်မှာ ထိပ်အုပ်သဖွယ်ရှိနေတဲ့ အရိုးနုကလေးများ တဖြည်းဖြည်း ယိုယွင်းပျက်စီးလာခြင်းကြောင့် ဖြစ်တယ်။ အဲဒီလို ယိုယွင်းရခြင်းရဲ့ အဓိကတရားခံကတော့ ရှိုးဆက်များမှာ သဘာဝချောဆီ ထုတ်လုပ်မှု အားနည်းလာခြင်းကြောင့် ဖြစ်တယ်။ သဘာဝချောဆီ ထုတ်လုပ်မှု အားနည်းလာတဲ့အတွက် အရိုးနုလေးတွေ ပွတ်တိုက်ရာမှာ ကောင်းစွာ မဆောင်ရွက်နိုင်တဲ့အတွက် အရိုးနုကလေးတွေ တဖြည်းဖြည်း ပျက်စီးယိုယွင်းခြင်း ဖြစ်လာပါတယ်။ အထူးသဖြင့် တင်ပါး၊ ဒူး၊ လည်ပင်း၊ ကျောရိုးနဲ့ လက်ဆစ်ရိုးများမှာအဖြစ်များပြီး ရောဂါဖြစ်ခါမှာ အိပ်ရာထ မနက်ခင်း၌ တောင့်တင်းမှုဝေဒနာကို စတင် ခံစားကြရပါတယ်။ တဖြည်းဖြည်းနဲ့ အရိုးဆက်တဲ့နေရာမှာ တောင့်တင်းမှုနဲ့အတူ နာကျင်မှုဝေဒနာများကို ပိုမိုခံစားရပါတယ်။

ဒီရောဂါဟာ အများအားဖြင့် အသက်အရွယ်ကြီးရင့်သူတွေမှာ အဖြစ်များပါတယ်။ ဘာကြောင့်လဲဆိုတော့ ရောဂါဟာ တဖြည်းဖြည်း ဖြစ်ပွားရတဲ့အတွက် အသက်ကြီးသူများမှာ ပိုပြီး အဖြစ်များတာပါ။ ဒီရောဂါဟာ လူလတ်ပိုင်းအရွယ်နဲ့ အသက် (၄၅) နှစ်နှင့် အထက် အသက်ကြီးရင့်သူများမှာ ပိုမို ရောဂါဖြစ်ပွားတတ်တယ်။ အမျိုးသားများနဲ့ အမျိုးသမီးများ နှိုင်းယှဉ်ရာမှာ ရောဂါ ပိုမိုဖြစ်ပွားနှုန်းဟာ အမျိုးသမီးများမှာ ပိုပြီးအဖြစ်များတာ တွေ့ရပါတယ်။ အထူးသဖြင့် ဝဖြိုးသူများက ပိန်





www.burmeseclassic.com

www.burmeseclassic.com

သူများထက် ပိုပြီး အဖြစ်များပါတယ်။ ခန္ဓာကိုယ်အလေးချိန် များသူများနဲ့ အဝလွန်သူများဟာ အလေးချိန်ဝန်ပိတဲ့အတွက် ဒူးဆစ် (OA) အဖြစ်များပါတယ်။

အားကစား အလွန်အကျွံပြုလုပ်သူများ၊ အလုပ်ကြမ်းသမားများ (ဝန်ထုပ်ဝန်ပိုးထမ်းသူများ) နဲ့ လုပ်ငန်းသဘောအရ အလေးအပင် မ,သူများဟာ နှစ်ကြာလာတာနဲ့အမျှ ခါး၊ ဒူးဆစ်၊ လည်ဆစ်ရိုး၊ တင်ပါးဆုံရိုး စတဲ့နေရာတွေမှာ အဆစ်ရောဂါ ဖြစ်လာတတ်ပါတယ်။ အချို့ကတော့ မျိုးရိုးဗီဇကိုလိုက်ပြီး မွေးရာပါ အရိုးနု ချို့ယွင်းသူများ၊ မွေးရာပါအဆစ် အံဝင်ခွင်ကျမရှိဘဲ ချို့ယွင်းနေသူများနဲ့ ပုံမှန်ခန္ဓာကိုယ်မရှိသူများမှာလည်း ဒီရောဂါ ဖြစ်နိုင်ပါတယ်။

ဒီရောဂါဟာ အဆစ်များရဲ့အရိုးနုများမှာ ဖြစ်ပွားလေ့ရှိပြီး ဇီဝကမ္မဖြစ်စဉ်အရ အရိုးနုပျက်စီးမှုကို ခန္ဓာကိုယ်မှ အရိုးနုအစားဖြည့်ပြီး တည်ဆောက်ပေးပါတယ်။ ဒါပေမယ့် အရိုးနုပျက်စီးတဲ့နှုန်းက အစားဖြည့်တဲ့နှုန်းထက်ကျော်ပြီး အရိုးထိ ပျက်စီးကာ အရိုးနုအစား အရိုးအသစ်များ ဖြစ်လာပါတယ်။ အဲဒီလိုပြန်လည်ဖြစ်ပေါ်လာတဲ့ အရိုးသစ်ဟာ အရိုးနုလို အဆစ်များလှုပ်ရှားမှုကို ပြေပြစ်ချောမွေ့အောင် မလုပ်ပေးနိုင်တဲ့အတွက် အဆစ်နာခြင်း၊ အဆစ်ရောင်ခြင်း၊ အရိုးအတက်ထွက်ခြင်း စတဲ့ မလိုလားအပ်တဲ့ဖြစ်စဉ်တွေ ဖြစ်ပေါ်လာပြီး လူသားတို့ကို နာကျင်မှုဝေဒနာတွေ ဖြစ်ပေါ်စေပါတယ်။

## သုတေသနပညာရှင်တို့၏တွေ့ရှိချက်

ဒီရောဂါဟာ ကမ္ဘာနဲ့အဝန်း ဖြစ်ပေါ်နေတဲ့အတွက် ဆေးဘက်ဆိုင်ရာ သုတေသနပညာရှင်များ စုပေါင်းလေ့လာရှာဖွေခဲ့ပါတယ်။ ယခုအခါမှာတော့ (OA) ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်တဲ့ ဓာတ်ပေါင်းပစ္စည်းများကို တွေ့ရှိခဲ့ပါပြီ။

## (OA) ရောဂါအနေအထားကြီးပွားမှုကို ဟန့်တားပေးနိုင်တဲ့ဓာတ်ပေါင်းပစ္စည်း

(OA) ရောဂါဟာ ချက်ချင်း တစ်မှုဟုတ်ချင်း ကြီးထွား ဖြစ်ပေါ်လာတဲ့ ရောဂါမျိုးမဟုတ်ဘဲ တဖြည်းဖြည်း ကြီးထွားလာပြီးမှ ရောဂါအခြေအနေ အဆောက်အဦ ကြီးထွားလာတဲ့ ရောဂါ ဖြစ်ပါတယ်။ ကြီးထွားခြင်းကို ဟန့်တားနိုင်ရန် ဓာတ်ပေါင်းပစ္စည်းများကို စမ်းသပ်ရှာဖွေခဲ့ရာ အခုအခါမှာ ဂလူကိုစမင်းဆာဖိတ် (Glucosamine Sulphate) နဲ့ ကွန်ဒရိုရီတင်ဆာဖိတ် (Chondroitin Sulfate) ဓာတ်ပေါင်းနှစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ အစဦး စမ်းသပ်ချက်က လက်ဆစ်ရောင်ရမ်းတဲ့လူနာနဲ့ ဒူးဆစ်ရောင်ရမ်းတဲ့လူနာတို့ကို အဲဒီ ဓာတ်ပေါင်း (၂) မျိုးရဲ့ အစွမ်းသတ္တိနဲ့ ကုသနိုင်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ အဲဒီ ဓာတ်ပေါင်းကို အသုံးပြုခြင်းအားဖြင့် အဆစ်တစ်ခုနဲ့တစ်ခုကြားရှိ ကွက်လပ်နေရာများကို အဲဒီ ဓာတ်ပေါင်းက ဖြည့်ဆည်းပေးတဲ့အတွက် တဖြည်းဖြည်း ကျဉ်းမြောင်းလာပြီး ရောဂါရဲ့ကြီးထွားမှုကို ပြုပြင်ပေးနိုင်တဲ့အစွမ်းသတ္တိ ရှိတာကို တွေ့ရှိခဲ့ပါတယ်။ အဲဒီ ဓာတ်ပေါင်းနှစ်မျိုးကို 'အဆစ်အားဖြည့်ကုထုံး' လို့လည်း ခေါ်ပါတယ်။ အဆစ်များမှာရှိတဲ့ အရိုးနုဟာ သဘာဝအားဖြင့် ယိုယွင်းပျက်စီးမှုကို ကုစားနိုင်ပေမယ့်လည်း အရိုးနုများ ပြန်လည်ပြည့်စေနိုင်မယ့်ပစ္စည်း ရရှိရန် မလွယ်ကူပေ။

Glucosamine ဓာတ်ဟာ အရိုးနုများ ဖွဲ့စည်းရန်နဲ့ ပြုပြင်ရန် အသုံးပြုတဲ့ Glucosaminoglycan (ခေါ်) မော်လီကျူးရဲ့အခြေခံသတ္တိဖြစ်ပါတယ်။ chondroitin ဓာတ်ကတော့ အရိုးနုရဲ့မော်လီကျူးအတွင်းမှာ အမြောက်အမြားပါရှိပြီး အရိုးနုရဲ့ဒဏ်ကို ခံနိုင်စွမ်းရှိပါတယ်။ ဒါကြောင့် အဲဒီ ဓာတ်ပေါင်းနှစ်မျိုးနဲ့ ဖြည့်စွက်ကုသခြင်းဖြင့် အရိုးနုပြန်လည်တည်ဆောက်ရေးမှာ အရေးပါတဲ့အစွမ်းသတ္တိတွေ ရရှိလာပါတယ်။

အဲဒီ ဓာတ်ပေါင်းနှစ်မျိုးပါဝင်တဲ့ ဆေးကို ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံနဲ့ အခြားသောနိုင်ငံများရဲ့ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများမှ ထုတ်လုပ်ရောင်းချနေပြီဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အရင်က နာကျင်ကိုက်ခဲလာရင် အကိုက်အခဲပျောက်ဆေးဝါးများကိုသာ မှီဝဲနေရတဲ့အတွက် သက်သာရုံမျှသာ ဖြစ်သော်လည်း အကိုက်အခဲပျောက်ဆေးဝါးများရဲ့ ဘေးထွက်ဆိုးကျိုးဟာ အစာအိမ်ကိုထိခိုက်စေပါတယ်။ အခုအခါမှာတော့ ဓာတ်ပေါင်းနှစ်မျိုးနဲ့ ထုတ်လုပ်ထားတဲ့ဆေးများဟာ အရိုးနုရဲ့မျက်နှာပြင်ကို ကာကွယ်ပေးနိုင်ရုံသာမက အကိုက်အခဲကိုလည်း သက်သာပျောက်ကင်းစေကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ယနေ့ ဆေးဈေးကွက်မှာ အမည်အမျိုးမျိုး၊ ဆေးအာနိသင်အတိုင်းအဆအမျိုးမျိုး၊ သန့်စင်မှုအဆင့်အတန်းအမျိုးမျိုးနဲ့ ထုတ်လုပ်ရောင်းချနေကြပါတယ်။

ဩစတြေးလျနိုင်ငံထုတ် အဆင့်အတန်းမီ အဆစ်အားဖြည့်ဆေးကတော့ Nuflarn (နျူဖလန်) ဖြစ်ပြီး အမေရိကန်နိုင်ငံမှာထုတ်လုပ်တဲ့ အဆင့်အတန်းမီ အဆစ်အားဖြည့်ဆေးကတော့ Os- Flex (အော့ဖ်ဖလက်စ်)ဆေးဖြစ်ပါတယ်။ အဲဒီ ဆေးနှစ်မျိုးကတော့ ဆေးဝါးကွပ်ကဲရေးဌာနရဲ့ အသိအမှတ်ပြု အဆင့်အတန်းမီတဲ့ဆေးဝါးများ ဖြစ်တယ်။

## အဆစ်ရောင်ရခြင်းအကြောင်းရင်းများ

အဆစ်ရောင်ရောဂါရသူများကို အခြားသူများက အားကစားလှုပ်ရှားမှုပြုခြင်းကြောင့်ဖြစ်တယ်လို့ ပြောကြပါတယ်။ ပုံမှန် ကာယလေ့ကျင့်ခန်းပြုလုပ်ခြင်း၊ လမ်းလျှောက်ခြင်း၊ ရေကူးခြင်းတို့ဟာ အရိုးအဆစ်ကို ထိခိုက်မှုမဖြစ်စေပါ။ ဒါပေမယ့် တစ်ဦးကိုတစ်ဦး တွန်းထိုးထိခိုက်တာတွေများလာရင်တော့ အရိုးနုကလေးများ ပျက်စီးနိုင်ပါတယ်။ ကိုယ်လက်လှုပ်ရှားမှုကို ပုံမှန်လုပ်ဆောင်ခြင်းဟာ အရိုးအဆစ်များကို ပုံမှန်အနေအထားအတိုင်း ထိန်းသိမ်းထားနိုင်တဲ့ လှုပ်ရှားမှုများ ဖြစ်ပါတယ်။

အဲဒီ ရောဂါခံစားရသူအများစုက အက်စစ်ဓာတ် ဖြစ်ပေါ်စေတတ်တဲ့ အစားအစာများကို အလွန်အကျွံ စားသုံးခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရပါတယ်။ အက်စစ်ဓာတ်ဖြစ်ပေါ်စေတဲ့ အစားအစာများကတော့ အသား၊ နို့နဲ့ နို့ထွက်ပစ္စည်းများ၊ ဖြူဖွေးနူးညံ့အောင် ပြုလုပ်ထားတဲ့ ပေါင်မုန့်ဖြူ၊ ပီဇာမုန့်တို့ ဖြစ်ပါတယ်။


## ရောဂါရှင်များ ရှောင်ကြဉ်ရမည့် အစားအစာများ

- ကော်ဖီ၊ လက်ဖက်ရည်၊ ဘီယာအမျိုးမျိုး၊ အရက်၊ အချိုရည်ဘူးများ၊ ကိတ်မုန့်၊ ပေါင်မုန့်ဖြူနှင့် အက်စစ်ဓာတ်ကို ဖြစ်ပေါ်စေနိုင်သည့် အသားများ။ (မရှောင်နိုင်ပါက လျှော့စားပါရန်။)
- ခရမ်းချဉ်သီးသည် ရောဂါတိုးစေနိုင်သဖြင့် အထူးရှောင်ကြဉ်ရမည့် အစားအစာ ဖြစ်ပါတယ်။ ခရမ်းသီး၊ ဆီးသီး၊ မြေပဲ။
- ကြက်ဥ၊ ဘဲဥ၊ ငုံးဥ စတဲ့ ဥအမျိုးမျိုး၊ အစာကြေရန်ခက်ခဲသော အစားအစာများ။
- မလိုင်အပြည့်ပါတဲ့ အစားအစာ နွားနို့၊ အကြော်အလှော်များ။



www.burmeseclassic.com

www.burmeseclassic.com




ဝက်အူချောင်း၊ အသားနှင့်ပြုလုပ်ထားတဲ့ဘာဂါများ၊ ချောကလက်။ (မရှောင်နိုင်ပါက လျှော့စားပါ။)

**စားသုံးသင့်သောအစားအစာများ**

- ချယ်ရီသီး (ထိုအသီးထဲမှာ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်တဲ့အတွက် ယူရစ်အက်စစ်ပမာဏကို ကျဆင်းစေပါတယ်။)
- နာနတ်သီး (ဤအသီးထဲမှာ ဘရိုမယ်လိန်းလို့ခေါ်တဲ့ အရောင်ကျစေနိုင်တဲ့ ဓာတ်ပစ္စည်း ပါဝင်ပါတယ်။)
- သွပ်ဓာတ်ပါဝင်တဲ့ ကိုကိုး၊ ရွှေဖရုံစေ့၊ လိမ္မော်သီး။
- ဆာဒင်ငါး၊ ငါးကွင်းရှပ်ငါး၊ တူနာငါး၊ ဆော်လမွန်ငါး (တစ်ပတ်မှာ ၃ ကြိမ်ခန့် စားသုံးသင့်ပါတယ်။)
- အာလူးနဲ့ ကန်စွန်းဥ (ဗီတာမင်အေနဲ့ အမျှင်ဓာတ် ပါဝင်ပါတယ်။)
- လူးဆန်၊ ဆန်လုံးညို၊ ဘာလီ၊ ပေါင်မုန့်ကြမ်း၊ ပြောင်းဖူး၊ ပဲရာဇာ၊ အချိုလျှော့ထားတဲ့ကိတ်မုန့်၊ ဂျုံနဲ့ပြုလုပ်ထားတဲ့မုန့်များ (နံပြား၊ ခေါက်ဆွဲ)
- အစိမ်းရောင်ရှိတဲ့ ဟင်းသီးဟင်းရွက်များ၊ မုန်လာဥနီ၊ တရုတ်နံနံ၊ ဂေါ်ဖီထုပ်။
- သံလွင်ဆီ၊ နေကြာဆီ၊ သစ်ရွက်ဆီ၊ နှမ်းဆီ။
- နေကြာစေ့၊ ဖရုံစေ့၊ နှမ်း၊ သီဟိုဠ်စေ့၊ ဗာဒံစေ့၊ သစ်ကြားသီးစေ့၊ အယ်မွန်စေ့။
- မှိုမတက်တဲ့ ငရုတ်သီးမှုန့်၊ နနွင်းမှုန့်တို့နဲ့ ဟင်းချက်စားပါ။

**အဆစ်ရောင်ရောဂါရှင်များနဲ့ သင့်တင့်သော ဗီတာမင်အုပ်စု**

- ဗီတာမင် $B_3$ ဟုခေါ်သော Niacinamide အားဆေး။
- ဗီတာမင် B ပေါင်းစုံပါဝင်သော ဘီကွန်ပလက်(စ်) အားဆေး။
- ငါးကြီးဆီ (လက်ဖက်စားဇွန်းနဲ့ နေ့စဉ်တစ်ဇွန်း သို့မဟုတ် ညွှန်ကြားချက်အတိုင်းသောက်ပါ။)
- ဗီတာမင် D ဓာတ်ပါဝင်တဲ့ အားဆေး။
- ဗီတာမင် C ဓာတ် ပါဝင်တဲ့ အားဆေး (၁-၃) ဂရမ် နေ့စဉ်သောက်သုံးပါ။
  (ဗီတာမင်စီသည် အဆစ်ထဲရှိအရည်ကို ထုတ်လုပ်ရာတွင် အရေးပါပါတယ်။)

**အဆစ်ရောင်ရောဂါရှင်များ သတိထားရမည့်အချက်များ**

- ပထမဦးစွာ ခန္ဓာကိုယ် အလေးချိန်မတက်အောင် ဂရုစိုက်ပါ။
- မိမိရဲ့ခန္ဓာကိုယ်မှာ ပိုနေတဲ့အလေးချိန်များရှိပါက လျှော့ချပါ။ (ပိုနေတဲ့အလေးချိန်ဟာ ဒူးခေါင်းကို ဖိအားဖြစ်စေတဲ့အတွက် ရောဂါပျောက်ကင်းမှုကို နှေးကွေးစေပါတယ်။)
- စားသောက်မှုပုံစံ ပြောင်းလဲ စားသောက်ခြင်းဖြင့် ကိုယ်ခံအား မြှင့်တင်ပေးတဲ့အတွက် ကူးစက်ရောဂါများ အလွယ်တကူ ဝင်ရောက်ခြင်းကို ကာကွယ်နိုင်ပါတယ်။
- အဆစ်ရောင်ရောဂါအတွက် ဆေးဝါးများသောက်ခြင်းကြောင့် လူနာမှာ အာဟာရဓာတ်များလျော့နည်းမှုရှိ၊ မရှိ ဆရာဝန်နဲ့ပြသစစ်ဆေးပြီးနောက် အာဟာရဓာတ် လျော့နည်းနေပါက အာဟာရဖြည့်စွက် အစားအစာကို စားသုံးပါ။
- အများအားဖြင့် အဆစ်ရောင်ရောဂါရှင်များဟာ ဗီတာမင်ဘီ၊ ဗီတာမင်စီ၊ ဗီတာမင်ဒီ၊ ဗီတာမင်အီး၊ မဂ္ဂနီဆီယမ်နဲ့ သွပ်ဓာတ် ပမာဏ လျော့နည်းနေတာကို တွေ့ရှိရပါတယ်။
- ဒါကြောင့် အဆစ်ရောင်ရောဂါရှင်များဟာ ဗီတာမင်ဘီဓာတ် ကြွယ်ဝတဲ့ပေါင်မုန့်ကြမ်း၊ ဆန်လုံးညို၊ အခွံမာသီး၊ ငါး၊ ပဲပိစပ်၊ အစိမ်းရောင်ရှိတဲ့ ဟင်းသီးဟင်းရွက်များနဲ့ သွပ်ဓာတ်ပါဝင်တဲ့ ရွှေဖရုံစေ့များကို အထူး စားသုံးသင့်ပါတယ်။

**အဆစ်ရောင်ရောဂါအဖြစ်များတဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းများနဲ့ရောဂါများ**

၁။ လည်ဆစ်ရိုး
(က) ရိုးရိုးလည်ဆစ်ရိုးနာ။
(ခ) အရိုးကျိုးပေါင်းတက် လည်ဆစ်ရိုးနာ။
၂။ ခါး
(က) အဆစ်ရောင်ခါးနာ။
(ခ) အရိုးကျိုးပေါင်းတက်ခါးနာ။
၃။ ပခုံး
(က) ပခုံးအဆစ်ရောင်ရောဂါ။
၄။ ဒူးဆစ်
(က) ဒူးဆစ်ရောင်ရောဂါ။
၅။ ခြေချင်းဝတ်
(က) ခြေချင်းဝတ် အဆစ်ရောင်ရောဂါတို့ ဖြစ်ပါတယ်။

အဆစ်ရောင်ရောဂါဟာ ခန္ဓာကိုယ်အတွင်း အဆစ်ရှိတဲ့နေရာတွေမှာ ဖြစ်တာကြောင့် အဆစ်ရောင်ရောဂါခံစားရသူတွေဟာ နာကျင်ကိုက်ခဲဝေဒနာခံစားပြီး လှုပ်ရှားမှု ကောင်းစွာ မပြုလုပ်နိုင်တာတွေပါ ဖြစ်လာပါတယ်။ ရောဂါဖြစ်စမှာ မှန်ကန်တဲ့ရောဂါကုထုံး၊ မှန်ကန်တဲ့အစားအစာများ မစားသောက်ပါက မသွားနိုင်မလာနိုင်တော့ဘဲ ဒုက္ခိတအဆင့်ကို ရောက်သွားနိုင်ပါသည်။ ဒါကြောင့် အထက်ပါရောဂါလက္ခဏာများ တွေ့ရှိပါက စောစီးစွာ ဆရာဝန်နဲ့ပြသပြီး ကုသသင့်ပါတယ်။ အခုအခါမှာ ခေတ်သစ်ဆေးဝါးများ ပေါ်ပေါက်လာပြီဖြစ်လို့ ရောဂါရင့်အောင် မစောင့်ဘဲ ခေတ်မီဆေးဝါးများနဲ့ အချိန်မီကုသခြင်းဖြင့် အဆစ်ရောင်ရောဂါဆိုးကြီးအား တွန်းလှန် ဖြိုဖျက်နိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။

ခိုင်ငြိမ်း

*Ref:*
*From Internet.*
*'Osteo Arthritis'.*

www.burmeseclassic.com



## သစ်ပုတ်ချောင်းမှလွမ်းပုံပြင်

သထုံ-ငယ်ငယ်

"ဝေ့-ဖိုးဆေး၊ မင်းပြောတော့ သစ်ပုတ်ချောင်းထဲက သစ်လုံးအိမ်ကိုလိုက်ပို့ပေးမယ်ဆို"

"လိုက်ပို့ပါ့မယ်ဆရာရယ်၊ အလုပ်နားရက်ကျရင်သွားကြတာပေါ့"

ဒီမနက်က အကွက်နင်းပြီး သစ်ပုတ်ချောင်းထဲတွင် သစ်လုံးအိမ်တစ်လုံးကို တွေ့ခဲ့ခြင်း ဖြစ်သည်။ ဒီလိုတောကြီးမျက်မည်းထဲမှာတွေ့ရခြင်းကြောင့် စိတ်ဝင်စားမိခြင်း ဖြစ်သည်။ ဒီပတ်ဝန်းကျင်တစ်ခုလုံးက ဦးမောင်အတွက် စိတ်ဝင်စားစရာတွေနှင့်ပြည့်နေ၏။ ဒီအနီးအနားရှိ ချောင်းအများစုမှာ ချောင်းခြောက်များသာ ဖြစ်ကြသည်။ မိုးရွာချိန် ရေရှိ၍ မိုးတိတ်သည်နှင့် ရေစပ်စပ်သာကျန်သော ချောင်းရိုးများဖြစ်ကြ၏။ ထူးထူးခြားခြား သစ်ပုတ်ချောင်းမှာ ဆယ့်နှစ်ရာသီရေရှိသော ချောင်းဖြစ်နေခြင်းက ဦးမောင်အတွက် အံ့ဩစရာဖြစ်နေ၏။ ချောင်းရေက တသွင်သွင်စီးဆင်းနေပြီး ကျောက်ခုတင်၊ ကျောက်အိုးကြီးများကိုလည်း တွေ့ရသည်။

"ရေမခန်းဆို ဒီသစ်ပုတ်ချောင်းဖျားမှာ ရေကန်ကြီးတစ်ကန် ရှိတယ်ဆရာရဲ့။ ပြီးတော့ ဂူပေါက်ကြီးတစ်ခုလည်း ရှိသေးတယ်။ အဲဒီဂူပေါက်ကြီးကနေ ရေတွေစိမ့်ထွက်လာပြီး ရေကန်ကြီးထဲရောက်တယ်။ ရေကန်ကြီးကမှ ဒီသစ်ပုတ်ချောင်းဖြစ်လာတာ ဆရာရဲ့"

"ချောင်းဖျားကို မင်းရောက်ဖူးလား ဖိုးဆေး"

ဖိုးဆေးက ချောင်းဖျားဘက်သို့ လက်အုပ်လေးချီရင်း -

"မရောက်ဖူးပါဘူး ဆရာရယ်။ ချောင်းဖျားက ရေကန်ကြီးနဲ့ ကျောက်ဂူကြီးမှာ သိုက်နန်းတစ်ခုရှိတယ်ပြောကြတယ်။ သိုက်နန်းစောင့်တွေက လူတွေလာတာကို မကြိုက်ဘူးတဲ့"

"နင့်ဟာက ဟုတ်ကောဟုတ်ရဲ့လားကွာ"

"ကြည့်လေ ဆရာ၊ ဒါ သိုက်နန်းစောင့်ရဲ့ငါးတွေပေါ့"

ပြောပြောဆိုဆို ဖိုးဆေးက ချောင်းရိုးထဲတွင် စိမ်းပြာရောင်အမြီး...
...ဖားဖြင့် ငါးကလေးများကို လှပအံ့ဩ...
...ဖွယ် တွေ့ရ၏။ ချောင်းကမ်းပါးပေါ်တွ...
အခိုင်အမာဆောက်ထားသော သစ်လုံး...
အိမ်ကလေး၏အရှေ့တွင် ယာခင်းလေး...
တစ်ခင်းရှိနေသည်။ ယာခင်းထဲတွင် စိမ်း...
စိမ်းစိုနေသော သီးနှံပင်တို့အပြင် ...
...ရောင်အသွေး စုံလင်လှသော ပန်းခင်း...
ကလေးတစ်ခင်း ရှိ၏။ ပန်းခင်းလေး...
...တွင် ပေါင်းနုတ်နေသော အဘိုးအိုတ...
...ယောက်ကို အဝေးမှမြင်ရသည်။

"အသက်ကြီးမှ လူမနီးသူ...
တောကြီးထဲမှာ တစ်ယောက်တည်း...



www.burmeseclassic.com

www.burmeseclassic.com



# သစ်ပုတ်ချောင်းမှ လွမ်းပုံပြင်



သုရွှမဂ္ဂဇင်း
၂၀၀၃ ခုနှစ် စက်တင်ဘာလ အတွဲ (၁၃) အမှတ် (၉)

www.burmeseclassic.com

www.burmeseclassic.com

တယ်လို့ကွာ၊ သားထောက်သမီးခံတွေ မရှိဘူးလား"

"သားထောက်သမီးခံတော့မရှိဘူး ဆရာရေ၊ လူပျိုကြီးတဲ့။ တူတွေတူမတွေ တော့ရှိတယ်။ မြို့ပေါ်မှာလူချမ်းသာတွေပေါ့။ ချမ်းသာတာတော့ မပြောနဲ့ ဆရာရေ၊ ချစ်သူနဲ့လဲယူထားတဲ့စည်းစိမ်ပဲဟာ"

"ဘာ- ဘယ်လို ဖိုးဆေး၊ ချစ်သူနဲ့ လဲယူထားတဲ့စည်းစိမ်ဟုတ်လား"

"ဟားဟားဟား - ဆရာစိတ်ဝင်စားသွားပြီလား။ မနက်ဖြန် ဆင်နားရက် ဆရာရေ့၊ အဘိုးအိုကို ဆရာကိုယ်တိုင် တွေ့ရတော့မှာပါ"

॥

"ခင်မူ၊ နင်အဆင်သင့်ဖြစ်ပြီလား"

ဘကျော်က စစ်ကျောပိုးအိတ်ကို ကောက်လွယ်ရင်း ခင်မူကို မေးလိုက်၏။ ခင်မူက ဘကျော်အား ပြုံးလျက်ပြန်ကြည့်ရင်း ခေါင်းအသာဆတ်ပြသည်။

"ထွန်းစိုးတစ်ယောက် မလာသေးပါလား။ ဒီကောင်ကတော့ သွားနေ့းလာနေ့းနဲ့ သေရင် အရင်သေမယ့်ကောင်။ တောက် - ဒီလိုကောင်ကို ကြိုက်တဲ့သူကလည်းရှိသေးတယ်"

ဘကျော်စကားကြောင့် ခင်မူ၏ ညီမဖြစ်သူ အေးမူက ဘကျော်အား မျက် စောင်းထိုးရင်း-

"အို - ကိုဘကျော်ကြီးကလည်း၊ အာရုံတောင်မတက်သေးဘူး လာမှာပေါ့။ ကိုဘကျော်တို့သာ လောဘတွေတက်ပြီး ဝီရိယကောင်းနေကြတာ"

အေးမူနှင့် ထွန်းစိုးက ချစ်သူများဖြစ်ကြသလို ဘကျော်နှင့် ခင်မူတို့ကလည်း ချစ်သူစုံတွဲများဖြစ်ကြသည်။ ငယ်စဉ်ကတည်းက အတူသွား၊ အတူလာ၊ အတူကစား၊ အတူစားရင်း ကြီးပြင်းခဲ့ကြသော တစ်ယောက်အကြောင်း တစ်ယောက်သိ ငယ်ပေါင်းများ ဖြစ်ကြ၏။ ဆင်းရဲသော်လည်း ရိုးသား၍ အလုပ်ကြိုးစားသော ဘကျော်နှင့် ထွန်းစိုးအား ခင်မူတို့မိဘများကလည်း သဘောကျကြသည်။ မိဘများက မကန့်ကွက်သော်လည်း ဝါးခုတ်၊ ထင်းခုတ်၊ မီးသွေးဖုတ်ဖြင့် အသက်မွေးရသော ချစ်သူစုံတွဲများ၏ရှေ့တွင် ဆင်းရဲခြင်းတံတိုင်းကြီးက ကန့်လန့်ခံလျက် ရှိ၏။ ထင်းခုတ်၊ ဝါးခုတ်နေရုံနှင့် နီးစပ်ဖို့ မလွယ်နိုင်မှန်းသိသဖြင့် ပိုက်ဆံမျိုးမျိုးမြက်မြက်စုမိရန် လိပ်ကောက်ထွက်ဖို့ ဘကျော်က အကြံပေးလာခြင်း ဖြစ်သည်။ အခုတစ်လော လိပ်ကလည်း ဈေးကောင်းရနေ၏။ လိပ်ပျော့(အခွံ့ပျော့လိပ်)ဆို မြို့ပေါ်က လိပ်ဒိုင်တွေ တစ်ထောင်ကျော်ဈေးအထိပေးနေကြောင်းသိရသည်။ ရွာထဲကလူငယ်တွေလည်း ကိုယ်အဖွဲ့နှင့်ကိုယ် လိပ်ရှာထွက်နေကြ၏။

အစီအစဉ်ဆွဲစဉ်က ဘကျော်နှင့် ထွန်းစိုးတို့သာ သွားဖို့ဖြစ်သော်လည်း ခင်မူတို့ကပါ လိုက်ချင်တယ်ဆိုသဖြင့် ချစ်သူစုံတွဲနှစ်တွဲ အတူသွားဖို့ ဖြစ်လာခြင်း ဖြစ်သည်။

"ဟော့ - ငါ့အကြောင်း ဘာတွေပြောနေကြတာလဲ။ ငါ့နာမည်ခေါ်သံကြားတယ်နော"

စူးစူးရှရှအသံနှင့်အတူ အိမ်ပေါ် တက်လာသော ထွန်းစိုးကို တွေ့ရ၏။ ထွန်းစိုးသည် သံစူးစူးဖြင့် စကားပြောတတ်ပြီး သဘောကောင်းသူ ဖြစ်သည်။

ထွန်းစိုးကို တွေ့သည်နှင့် အေးမူက -

"ဒီမှာ ကိုဘကျော်ကြီးလေ၊ မိုးမလင်းကတည်းက လောဘတွေတက်ပြီး လောလောနေတာ"

"ငါတို့လောဘက အချစ်လောဘဟော့။ မချစ်တတ်တဲ့လူတွေကတော့ လောဘမရှိဘူးပေါ့"

ဘကျော်စကားကြောင့် ခင်မူက-

"ကဲပါ၊ သူများကိုသွားပြီးစကားနာထိုးမနေနဲ့ သွားကြစို့။ နေမြင့်သွားရင် ပင်ပန်းနေကြဦးမယ်"

ပြောပြောဆိုဆို အထုပ်အပိုးကိုယ်စီလွယ်လျက် အိမ်ပေါ်ကဆင်းလိုက်ကြသည်။

॥

အရုဏ်ဦးနေဝင်းဖန့်ဖန့်အောက်တွင် တောတောင်တစ်ခွင်လုံး သာယာလျက်ရှိ၏။ တောလမ်းတစ်လျှောက်ရှိ မြက်ပင်စိမ်းစိမ်းတို့က နှင်းရည်တို့ဖြင့် စိုစွတ်လျက်ရှိ၏။ ကျေးငှက်အပေါင်းကလည်း ကိုယ်စီတေးသီရင်း အရုဏ်ဦးကို ကြိုနေကြသည်။ ထင်းခုတ်၊ ဝါးခုတ်ရင်း နေ့စဉ်တွေ့မြင်နေကျ တောတောင်က အနားတွင် ပါလာသော ချစ်သူကြောင့် ပိုမိုလှပနေပေ၏။ ကျေးငှက်တို့၏ တေးဆိုသံကလည်း ချစ်သူ၏အလှကို သီကုံးစပ်ဆိုနေသလားဟု ဘကျော်ထင်မိသည်။ ထွန်းစိုးကလည်း အေးမူ၏ အနားတွင် စကားတွေဖောင်ဖွဲ့ရင်းတက်ကြွရွှင်မြူးနေ၏။

ဘကျော်တို့ သစ်ပုတ်ချောင်းထဲ ရောက်တော့ ကိုယ့်အစုနှင့်ကိုယ် နံနက်စာချက်ပြုတ်နေကြသော လိပ်ကောက်သမားများကို တွေ့ရသည်။ ဘကျော်တို့ရွာမှ လူတချို့လည်း ပါ၏။ ရွာနီးဝန်းကျင်မှလူများကိုလည်း တွေ့ရ၏။

"ထွန်းစိုးရေ၊ လူတွေ ဒီလောက်များတာ လိပ်ကော ရပါဦးမလားကွာ"

"စိတ်မာတ်မကျစမ်းပါနဲ့ ဘကျော်ရာ။သစ်ပုတ်ချောင်းကြီးက ချောင်းလက်ဘက်တွေ၊ မြောင်တိုတွေအများကြီးပါကွာ။ ငါတို့ ကြိုးစားရှာရမှာပေါ့"

"ကဲကဲ-ဟိုလယ်ဇပင်ကြီးအောက်မှာ စခန်းချရအောင်"

ထွန်းစိုးက ဘကျော်ကို အားပေးရင်း လယ်ဇပင်ကြီးဆီသို့ လျှောက်သွားလိုက်သည်။

အထုပ်အပိုးများကို နေရာချပြီးသည်နှင့် ဘကျော်က -

"ခင်မူ၊ နင်တို့ညီအစ်မနှစ်ယောက် ခဏနားပြီး ညစာချက်ထားလိုက်။ ကိုဘကျော်တို့ ချောင်းရိုးတစ်လျှောက် အခြေအနေလိုက်ကြည့်လိုက်ဦးမယ်"

လိပ်ကောက်သည် ဆိုသည်မှာ ကျွမ်းကျင်မှုသာမက ကြိုးစားအားထုတ်မှုလည်း အရေးကြီး၏။ နေ့လယ်ဘက်ကတည်းက လိပ်ကျင်းကို လိုက်လံကြည့်ရှု မှတ်သားထားရသည်။ လိပ်တို့က ညအခါ၌ ချောင်းစပ်ရှိ ကျောက်ကြိုကျောက်ကြား၊ ရေအိုင်ရေခွက်တို့တွင် ကျင်းယက်၍နေတတ်၏။ လိပ်ကောက်သမားတို့က ညရောက်မှ မိမိမှတ်မိထားသော လိပ်ကျင်းသို့ လိပ်လာ၊ မလာ သွားကြည့်၍ ဖမ်းဆီးရခြင်း ဖြစ်သည်။

ဘကျော်တို့ တစ်မြောင်ဝင်တစ်မြောင်ထွက် လိပ်ကျင်းလိုက်ကြည့်သော်လည်း လိပ်ကောက်သမားတို့ မရောက်သည့်နေရာက မရှိသလောက်ဖြစ်နေသည်။ လူမရောက်သေးသော မြောင်နှစ်မြောင်တွင် လိပ်ကျင်းသုံးကျင်းခန့်ကိုသာတွေ့ရသည်။ ကျင်းအနေအထားရ လိပ်ကလေးများသာ ဖြစ်ကြောင်း တွေ့ရသည်။

"ထွန်းစိုး၊ မင်းပြန်နှင့်ကွာ။ ငါ ချောင်းဖျားဘက် တက်ကြည့်လိုက်ဦးမယ်"

ဘကျော်စကားကြောင့် ထွန်းစိုးက အလန့်တကြားဖြင့်-

"မလုပ်ပါနဲ့ ဘကျော်ရာ၊ သစ်ပုတ်ချောင်းဖျားက ဘယ်လောက်အန္တရာယ်များလဲဆိုတာ မင်းလည်း မသိတာ မဟုတ်ဘဲနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"လိပ်ကျင်းဟောင်းမတွေ့ပေမယ့် ကံကောင်းရင် ညဘက်ထွက်ရှာရင်းနဲ့ ကျင်းသစ်နဲ့တွေ့ပြီး လိပ်ရရင်လည်း ရတတ်တာပဲ ဘကျော်ရာ"

"အဲဒါက ကံကောင်းမှကွ၊ ငါက သေချာပေါက် လိပ်ရချင်တာ။ လိပ်ကောင်းကောင်းရမှ ခင်မူနဲ့ငါ နီးစပ်မှာ"

"မဟုတ်သေးပါဘူး ဘကျော်ရာ။ ဘုန်းကြီးငါးပါးလောက် ဆွမ်းကပ်ပြီး သက်ထပ်ယူမယ်ဆိုလည်း ခင်မူမိဘတွေက မင်းကို ငြင်းမှာမှမဟုတ်တာ"

"ပြန်မှသာပြန်စမ်းပါကွာ။ ငါ ချောင်းဖျားဘက်သွားတာ ခင်မူ မသိစေနဲ့၊ မြောင်ပေါက်တွေထဲလိုက်ဝင်ကြည့်နေတယ်လို့ ပြောထား ကြားလား"

ခေါင်းမာလွန်းသော ဘကျော်ကို ကြည့်ရင်း ထွန်းစိုး သက်ပြင်းလေးလေး ချမိသည်။

"အေး- ဒါဆိုလည်း သိပ်ကြာမနေနဲ့၊ ငါပြန်နှင့်မယ်"

ထွန်းစိုး ထွက်သွားသည်နှင့် ဘကျော်တစ်ယောက် သစ်ပုတ်ချောင်းဖျားဘက်သို့ ဦးတည်လိုက်၏။

ချောင်းဖျားသို့ အတန်ကြာတက်လာခဲ့သော်လည်း လိပ်ကောက်သမားတို့၏ခြေရာများကို တွေ့နေရဆဲ ဖြစ်၏။ အချို့လိပ်ကျင်းများတွင် ငါးမျှားချထားသည်ကို တွေ့ရသည်။ ငါးမျှားချခြင်းဆိုသည်မှာ လိပ်ကျင်းတွင် အစာတပ်ထားသော ငါးမျှားချိတ်ကို ထောင်ထားခဲ့ခြင်းဖြစ်သည်။ ညဘက် လိပ်ထွက်ကောက်ရောမလို၊ မနက်လင်းမှ ငါးမျှားချိတ်မိနေသော လိပ်ကိုသွားဖြုတ်ယူရုံသာဖြစ်သည်။ ညဘက်မလာရဲသဖြင့် ငါးမျှားချိတ်ချခဲ့ခြင်း ဖြစ်၏။

"သင်းတို့ မလာရဲတော့လည်း လာခဲ့တဲ့သူအတွက်ပေါ့ကွာ"

ဘကျော် စိတ်ထဲမှ ကြုံးဝါးရင်း ချောင်းဖျားဘက်သို့ ဆက်တက်လိုက်၏။ ချောင်းကွေ့တစ်ခုကို ကျော်လိုက်သည်နှင့် ကျောက်ခုတင်ကြီး (ရေတံခွန်ငယ်) တစ်ခုကို တွေ့ရသည်။ ဘကျော်တစ်ယောက် ကျောက်ခုတင်ပေါ်သို့ ကျောက်တုံးကျောက်ချွန်များကို နင်း၍ တက်လာခဲ့၏။ ကျောက်ခုတင်ပေါ်သို့ ရောက်သည်နှင့် မြင်ကွင်းတစ်ခုလုံး ပြောင်းလဲသွားသည်။ ချောင်းရိုးတစ်လျှောက် ကြီးမားသော သစ်ပင်ကြီးများ ညို့ဆိုင်းနေ၏။ ကျောက်ခုတင်နှင့် မလှမ်းမကမ်းတွင် ရေကန်ကြီးတစ်ကန် တွေ့ရသည်။ သစ်ပင်ကြီးများ၏ အရိပ်ကြောင့်လားမသိ၊ ကန်ရေပြင်က နက်မှောင်နေ၏။ အေးစိမ့်သောအငွေ့ အသက်ကို ဘကျော် ခံစားရသည်။ ချောင်းထဲတွင် လိပ်ကျင်းများ၊ လိပ်ခြေရာများကို ရှုပ်ယှက်ခတ်နေအောင်တွေ့ရသည်။ ဘကျော်တစ်ယောက် ကျေနပ်စွာ ပြုံးလိုက်ပြီး ကျောက်ခုတင်ပေါ်မှ ပြန်ဆင်းလာလိုက်သည်။

॥

ဘကျော်က အကျောက်အကန် ငြင်းနေသော ထွန်းစိုးကို စိတ်ပျက်စွာ ကြည့်လိုက်ပြီး -

"မင်းမလိုက်ရဲရင် နေခဲ့ကွာ။ ညကျရင် မင်းနဲ့ ငါ အတူတူထွက်မယ်။ မင်းက မြောင်တွေထဲမှာ လိပ်ရှာရင်း ငါ့ကို စောင့်နေ။ ငါက ချောင်းဖျားဘက်တက်မယ်။ မိုးလင်းမှ ချောင်းထဲမှာ ဆုံပြီး အတူပြန်ကြတာပေါ့"

ပြောပြောဆိုဆို လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ချောင်းဖျားဘက်သို့ တက်သွားသော ဘကျော်၏ ကျောပြင်ကို ကြည့်ရင်း သက်ပြင်းချလိုက်မိသည်။

"ဘကျော်ရေ- သတိထားသွားဦးနော်။ အရုဏ်တက်တာနဲ့ ငါဒီမှာလာစောင့်နေမယ်"

ဘကျော်တစ်ယောက် ထွန်းစိုးအား လက်မထောင်ပြလိုက်ပြီး ချောင်းဖျားသို့တက်လာခဲ့လိုက်သည်။ ကျောက်ခုတင်ကို ကျော်လိုက်သည်နှင့် တစ်ပိဿာခန့်ရှိသော လိပ်တစ်လုံးရသည်။ လိပ်ကို နောက်လွယ်ခြင်းထဲ ထည့်၍ ချောင်းရိုးအတိုင်း ဆက်တက်လာခဲ့၏။ လေးထောင့်ထိုးလက်နှိပ်ဓာတ်မီးရောင်အောက်၌ ငွေရောင်တဖိတ်ဖိတ်တောက်နေသော သစ်ပုတ်ချောင်းကန်ကြီးကို တွေ့ရသည်။ ချောင်းရိုးထဲတွင် လိပ်ရှိလျှင် ကန်ထဲမှာလည်းရှိမှာပဲဟု တွေးရင်း ရေကန်ကြီးဆီသို့ လျှောက်သွားလိုက်သည်။ ဓာတ်မီးရောင်အောက်တွင် စိမ်းလဲ့လဲ့အလင်းရောင်းထွက်နေသော မျက်လုံးများကို တွေ့ရ၏။ အတွေ့အကြုံအရ လိပ်မျက်လုံးများဖြစ်ကြောင်း သိသဖြင့် ကန်စပ်သို့ အသာဆင်းလိုက်သည်။

"လူလေး၊ တော်တော်ချမ်းသာချင်နေတာလား"

ရုတ်တရက် ထွက်ပေါ်လာသော စကားသံကြောင့် ခါးတွင် ချိတ်ထားသောဓားကို ဆွဲထုတ်လိုက်ပြီး နောက်သို့ လှည့်လိုက်၏။ ကန်စပ်တွင်ရပ်နေသော အသက်ငါးဆယ်အရွယ်ခန့်ရှိ လူကြီးတစ်ယောက်ကို တွေ့ရသည်။ ဆံပင်ကို သျှောင်တစောင်းထုံးထားပြီး ပုဆိုးတိုတိုဝတ်ထားသည်။ ဗလာကျင်းနေသော အပေါ်ပိုင်းတွင် ဆေးမင်ကြောင်များဖြင့် ပြည့်နှက်နေ၏။ လူကြီးက ဘကျော်ကို အေးစက်စက်ကြည့်ရင်း -

"လောကမှာ ချမ်းသာဖို့က လွယ်ပါတယ်၊ ချမ်းသာမှုအတွက် ပေးဆပ်နိုင်ဖို့ပဲ ခက်တာပါ။

လူလေး ဘေးက ကျောက်တုံးကြီးအောက်ကို လက်နှိုက်ကြည့်စမ်း"

လူကြီးက ဘကျော်ဘေးရှိ ကျောက်တုံးကြီးဆီသို့ လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။ ဘကျော်က စပါးကြီးမြွေ အညှို့ခံထားရသောသူကဲ့သို့ သူကြီးပြောသည်အတိုင်း ကျောက်တုံးကြီးအောက်သို့ လက်နှိုက်ကြည့်လိုက်သည်။ ကျောက်တုံးအောက်တွင် ကျင်းပေါက်တစ်ပေါက်ရှိနေပြီး ဘကျော်၏ လက်တွင် အေးစက်မာကျော၍ လုံးဝန်းသော အထိအတွေ့ကို ခံစားရသည်။ ဘကျော်က ကျောက်တုံးအောက်မှ လက်ကို အသာထုတ်ယူလိုက်ပြီး လက်နှိပ်ဓာတ်မီးအလင်းရောင်အောက်တွင် ဖြန့်ကြည့်လိုက်သည်။

"လူလေးသာ ပေးဆပ်နိုင်ရင် ဒါတွေက လူလေးအတွက်ပဲ"

ဘကျော် ကြောက်စိတ်ကို အသာထိန်းချုပ်ရင်း -

"ကျုပ်က ဘာပေးဆပ်ရမှာလဲ"

ဘကျော်၏အမေးကြောင့် လူကြီးက နှစ်ခြိုက်စွာ ပြုံးလိုက်ပြီး -

"မခက်ပါဘူး၊ လူလေးတို့လိပ်လာရှာတဲ့အဖွဲ့ထဲက လူတစ်ယောက် ဒီမှာထားခဲ့ရမယ်"

"အဘက မခက်ဘူး ပြောတာ။ လိပ်လာရှာတာက ကျုပ်တို့ရွာကလူရော တခြားရွာကလူတွေရောဗျ။ ကျုပ်က မင်းဒီမှာနေခဲ့လို့ သွားပြောလို့ ဘယ်ဖြစ်မလဲ"

"ဒါက အဘအလုပ်ပါ၊ လူလေးက သဘောတူကြောင်း ခေါင်းလေးတစ်ချက်ညိတ်ပေးရင် ရပါပြီ"

လူကြီး၏စကားကြောင့် ဘကျော်တစ်ယောက် လက်သီးကို တင်းတင်းဆုပ်ရင်း အားပါးတရ ခေါင်းညိတ်လိုက်၏။ လောဘစိတ်က ဘကျော်၏စဉ်းစားဆင်ခြင်နိုင်စွမ်းနှင့် ကြောက်စိတ်တို့ကို ပျောက်ဆုံးစေ၏။

"သဘောတူတယ်ဗျာ၊ သဘော



www.burmeseclassic.com

www.burmeseclassic.com

တူတယ်"

ဟုပြောရင်း ကျောက်တုံးကြီးဘေးသို့ ထိုင်ချလိုက်၏။

"အေးအေး-ကျေးဇူးတင်ပါတယ် လူလေးရယ်။ အဘလည်း ဒီသံသရာ ခရီးကြီးက နားရတော့မှာပေါ့"

လူကြီး၏နောက်ဆက်တွဲစကားတို့ကို ဘကျော် မကြားနိုင်တော့။ ဘကျော်တစ်ယောက် ကျောက်တုံးကြီးအောက်သို့သာ တွင်တွင်နှိုက်လျက်ရှိနေတော့၏။

"ဟော့- ဘကျော်ရေ့ ဘကျော်"

ထွန်းစိုး၏အော်သံကြောင့် ချောင်းအောက်သို့ ဘကျော် ပြေးဆင်းလာလိုက်သည်။

"ဟော့ကောင် ထွန်းစိုး၊ မင်းအသံပြကြီးနဲ့ အော်မနေနဲ့။ ငါကဒီမှာပါကွ"

"ဟာ- ဘကျော်၊ ဟို - ခင်မူလေ ခင်မူ"

"ခင်မူ ဟုတ်လား။ ခင်မူဘာဖြစ်လို့လဲ၊ ငါ့ကိုပြောစမ်း ထွန်းစိုး"

ဘကျော်က ထွန်းစိုး လက်မောင်းကိုဆုပ်ကိုင်ရင်း စိုးရိမ်တကြီးမေးလိုက်၏။

"ခင်မူလေ ညက အပေါ့သွားမယ်ဆိုပြီး ချောင်းအောက်ဘက်ဆင်းသွားတာ ဝက်ပက်ခံရလို့"

"ဘာ - မင်းဘာပြောလိုက်တာလဲ ထွန်းစိုး။ အခု ခင်မူဘယ်မှာလဲ။ ခင်မူ၊ ခင်မူ ဘယ်လိုနေလဲ"

"ငါ. . . စိတ်မကောင်းပါဘူး ဘကျော်ရာ ခင်မူ ဆုံးပြီကွ၊ ခင်မူ ဆုံးသွားပြီ ဘကျော်ရာ"

ထွန်းစိုး၏လက်မောင်းကို ဆုပ်ကိုင်ထားသော ဘကျော်၏လက်များက ပြေလျော့လာ၏။ မေးကြောကြီးများထောင်လာသည်အထိ အံကြိတ်ထားသော ဘကျော်၏ မျက်ဝန်းတွင် မျက်ရည်များ စို့စွတ်လျက်ရှိနေ၏။

သစ်ပုတ်ချောင်းရေကန်တွင် တွေ့ခဲ့ရသောလူကြီး၏ 'လောကမှာ ချမ်းသာဖို့က လွယ်ပါတယ်။ ချမ်းသာမှုအတွက် ပေးဆပ်နိုင်ဖို့ပဲ ခက်တာပါ' ဟူသော စကားသံတို့က ဘကျော်၏နားထဲတွင် ပဲ့တင်ရိုက်နေတော့၏။

"အား. . ."

ဝမ်းခေါင်းသံကြီးဖြင့် အော်လိုက်သော ဘကျော်၏ အသံက သစ်ပုတ်ချောင်းတစ်လျှောက် ဖုံးလွှမ်းသွားတော့သည်။

။

အဘိုးအိုအား နှုတ်ဆက်၍ သစ်လုံးအိမ်လေးမှပြန်လာသော လမ်းတစ်လျှောက် မှုန်မှိုင်းရီဝေသော အဘိုးအိုရုပ်သွင်က ဦးမောင်မျက်လုံးတွင် တဝဲဝဲလည် မြင်ယောင်မိသည်။

"ဒါဆို အဘိုးအိုရဲ့နာမည်က ဘကျော်ပေါ့နော်"

"ဩော် - ဆရာရယ်၊ ဆရာကိုယ်တိုင်တွေ့ခဲ့ပြီးမှ ကျွန်တော့်ကို မေးနေရသေးတယ်နော်"

ဖိုးဆေးက ဦးမောင်၏ အမေးကို ပြန်ဖြေရင်း -

"ခင်မူကို ဒီသစ်ပုတ်ချောင်းကြီးဘေးမှာပဲ သင်္ဂြိုဟ်လိုက်ရတယ်။ ဘကျော်အဲ အခုတော့ ဦးဘကျော်ပေါ့။ ဦးဘကျော်တစ်ယောက်လည်း ရွာရောက်တော့ -

'သစ်ပုတ်ချောင်းဘေးမှာ ခင်မူတစ်ယောက်တည်း ကြောက်နေတော့မယ်။ ငါအဖော်သွားလုပ်ပေးရမယ်'

လို့ ကယောင်ကတမ်းတွေပြောပြီး ရွာကပျောက်သွားလိုက်တာ တစ်လလောက်ကြာမှ ဒီသစ်ပုတ်ချောင်းဘေးမှာ ပြန်တွေ့ရတယ်။ ရွာကို ဘယ်လိုမှခေါ်ပြန်လို့မရတာနဲ့ ဒီမှာပဲ သစ်လုံးအိမ်လေးဆောက်ပြီးထားခဲ့ရတယ်လေ"

"ဖိုးဆေး၊ ဒါနဲ့ သစ်ပုတ်ချောင်းဖျားကလူကြီးက ဘကျော်ကို ဘာတွေပေးလိုက်တာလဲ မင်းသိလား"

"အင်း - အဲဒါကို သိတာက ထွန်းစိုးနဲ့ အေးမူ အဲ- ဦးထွန်းစိုးနဲ့ ဒေါ်အေးမူပေါ့။ ဘကျော်ယူခဲ့တဲ့ပစ္စည်းတွေနဲ့ချမ်းသာနေကြတာလေ။ သူတို့ကလည်း ဘယ်သူတွေမေးမေး မပြောကြပါဘူး။ အင်း-သူတို့ပြောတာတစ်ခုတော့ရှိတယ်။ ဘကျော်လိုအဖြစ်မျိုး နောက်နောင် ဘယ်သူ့ကိုမှ မကြုံစေချင်ဘူးတဲ့"

သစ်ပုတ်ချောင်းကြီးက ငုပ်လျှိုးစဆည်းဆာအောက်တွင်လှပနေ၏။ လှိုင်းကြက်ခွပ်လေးတွေက သစ်ရွက်ကြွေများကို ချောင်းစပ်သို့ သယ်ဆောင်လာနေ၏။ ချောင်းစပ်တစ်လျှောက် ရောင်စုံခြယ်သထားသော လိပ်ပြာတို့က ဟိုဒီပျံဝဲရင်း ရွက်ကြွေတို့ကို ကလူကျီစယ်နေသည်။

ဒီလိုလှပလွန်းတဲ့ ညချမ်းလေး၌ သစ်လုံးအိမ်လေးထဲမှာ အဘိုးအိုတစ်ယောက် သူချစ်ရသော ခင်မူနှင့်အတူ ရှိနေနိုင်ပါစေဟု ဦးမောင်တစ်ယောက် ဆုတောင်းနေမိပါတော့သည်။

သထုံ-ငယ်ငယ်

စုစန္ဒာအောင် (ကျောက်ပုံ)

## ပိန္နဲသီးအသီးတင်စေရန်နှင့် အမြန်မှည့်စေရန်

ပိန္နဲပင်သည် မြန်မာနိုင်ငံအပူပိုင်းဒေသများတွင် စိုက်ပျိုးပင်အဖြစ် လူသိများသောအပင် ဖြစ်ပါသည်။ အပင်မှာ ပင်လတ်မျိုးဖြစ်ပြီး အသီးမှာ အကြီးဆုံးသစ်သီးအမျိုးအစား ဖြစ်ပါသည်။

စာရေးသူလည်း အိမ်ခြံဝိုင်းအတွင်းတွင် သရက်၊ ဩဇာ၊ သဘော်၊ ပိန္နဲစသည်ဖြင့် အပင်မျိုးစုံ စိုက်ပျိုးထားပါသည်။ ကျန်သောအပင်များ ရာသီအလိုက် ဝေဝေဆာဆာ ဖူးပွင့်နေကြသော်လည်း ပိန္နဲပင်ကြီးသည် များများ မသီးပါ။ သီးလျှင်လည်း ကြွေကျသွားသည်မကျန်တော့ပါ။

တစ်နေ့ စာရေးသူ၏သူငယ်ချင်းရွာမှ ဒေါ်တင်မြိုင်တစ်ယောက် စာရေးသူ၏နေအိမ်သို့ အလည်ရောက်လာရာ ပိန္နဲပင်ကြီးကို တွေ့မြင်သွားပြီး ပိန္နဲသီးများ ကြွေကျမသွားအောင် ပြုလုပ်နည်းနှင့် အမြန်မှည့်ရန် ပြုလုပ်နည်းကို ပြောပြခဲ့ပါသည်။

စာရေးသူလည်း ဒေါ်တင်မြိုင်ပြောပြသည့်နည်းအတိုင်း ပြုလုပ်ကြည့်ရာ ပိန္နဲသီးများ ကောင်းစွာတင်ရှိပြီး ရင့်ပြီဆိုလျှင်လည်း အမြန်မှည့်သည်တို့ တွေ့ရှိရသောကြောင့် ပိန္နဲပင်စိုက်သူများ ဗဟုသုတ ရရှိစေရန် ရေးသားလိုက်ပါသည်။

### အသီးတင်ရန်ပြုလုပ်နည်း

ဩဇာသားတစ်ထွာခန့်ကို ဖြတ်၍ အဖျားချွန်ပြီး ပိန္နဲပင်၏ပင်ခြေ့ အမြင့်တစ်တောင်ခန့်တွင် သပ်ရိုက်ပေးပါ။ အသီးကင်းများ ကြွေမကျတဲ့ တင်ကျန်နေသည်ကို တွေ့မြင်ရပါလိမ့်မည်။

### အမြန်မှည့်ရန်နည်းမှာ

ပိန္နဲသီး၏အညှာကို အနည်းငယ်လိမ်လိုက်ပြီး အိမ်သုံးဆား လက်တစ်ဆုပ်ခန့် ပုံပေးထားလိုက်ပါ။ နှစ်ရက်၊ သုံးရက်အတွင်း မှည့်လာပါလိမ့်မည် ဖြစ်ကြောင်း သူရဇ္ဇမဂ္ဂဇင်းမှရေးသားလိုက်ပါသည်။

စုစန္ဒာအောင်(ကျောက်ပုံ)



www.burmeseclassic.com

www.burmeseclassic.com

ပေါက်ပေါက်(နတ်မောက်)

# လေငန်း၊ လေဖြတ်မဖြစ်စေရန် ဆင်ခြင်ရှောင်ကြဉ်ရန်များ

သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ အခံရှိသူများသည် လေငန်း လေဖြတ် အဖြစ်များတတ်ပါသည်။ အများအားဖြင့် စိတ်အလိုလိုက်ကာ အစားအသောက်၊ အနေအထိုင် မဆင်ခြင်လျှင် ပိုပြီးဆိုးရွားတတ်ပါသည်။

ယခုတင်ပြမည့် ရှောင်ကြဉ်ရန်၊ ဆင်ခြင်ရန်များသည် လေငန်း၊ လေဖြတ်မဖြစ်စေရန် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုလိမ့်မည်ဟု ယူဆမိပါသဖြင့် တိုင်းရင်းဆေးပညာ ဗဟုသုတများ စုစည်းတင်ပြ ရေးသားအပ်ပါသည်။

**စိတ်အလိုလိုက်ခြင်း**

ဝက်သားမစားရန်၊ တညင်းသီးမစားရန်၊ ဆီကိုလျှော့စားရန်၊ အငန်များလျှော့ရန် ဆေးဆရာက အာပေါက်မတတ် ပြောဆို ညွှန်ပြထားပါသော်လည်း ချင်ခြင်းတပ်သောစိတ်ကို မထိန်းနိုင်။ အလိုလိုက်ကာ ဝက်သားနှင့် တညင်းသီးကို ဆီနှင့်အငန်မလျှော့ဘဲ အားရ ချက်စားသည်။ ငံပြာရည်ဆီသတ်ကာ အတို့အမြှုပ် မျှစ်နှင့် ထမင်းစားသည်။ စားပြီးသောအခါ ရေခဲရေ သောက်သည်။ နောက်တစ်နေ့တွင် ထိုသူ လေဖြတ်လေတော့သည်။

တစ်ဖန် ပူသည်၊ အိုက်သည် ဆိုကာ ညကြီးမိုးချုပ် အချိန်အခါမဟုတ် အုတ်ကန်လှောင်ရေကိုစိမ်ပြီး အချိန်အကြာကြီး ရေချိုးသည်။ ရေချိုးပြီး နွေးထွေးစွာမနေဘဲ အတန်ကြာအချိန်တွင် အိုက်သည်ဆိုကာ ပန်ကာလေခံသည်၊ လေအေးစက်ဖွင့်အိပ်သည်၊ အိမ်ရှေ့လေဟာပြင်မှာ ထွက်အိပ်သည်။ နေ့လယ်က စားထားသော ငါးသလောက်ခေါင်းက အိပ်ချင်စိတ်ကို တားမရတော့ဘဲ ပန်ကာဖွင့်လျက်၊ လေအေးစက်ဖွင့်လျက်၊ လေဟာပြင်လေတိုးခံလျက် အိပ်ပျော်သွားသည်။ အိမ်သူ အိမ်သားများကလည်း သတိမထားမိ။ နောက်နေ့မနက်တွင် ထိုသူ လေဖြတ်လေတော့သည်။

တစ်ခါ နောက်ပုဂ္ဂိုလ်တစ်ဦးမှာ ခရီးသွားများသူ။ ညရထား၊ ညကားများ စီးရသည်။ ရထားပြတင်းတံခါးကို ဖွင့်ကာ တစ်ညလုံး လေတိုးခံကာ စီးလာသည်။ ကားမှန်တံခါးကိုဖွင့်ကာ လေတိုးခံ၍ စီးသည်။ နောက်နေ့နံနက် ခရီးဆုံးရောက်သောအခါ ထိုသူမှာ မျက်နှာတစ်ခြမ်း လေဖြတ်လေတော့သည်။

နောက်တစ်ဦးမှာ သူသည် ဝက်သားပဲငါးပိကို အလွန်ကြိုက်သည်။ အရက်သောက်လျှင် ဘဲပေါင်း၊ ငါးသေတ္တာသုပ်၊ ပုစွန်ကြော်နှင့် မြည်းသည်။ အရက်ကို ရေခဲတုံးနှင့် စိမ်စပ်ပြီးမှ မော့သည်။ ကာလတစ်ခုတွင် ထိုသူမှာ သောက်ရင်း၊ စားရင်းပင် လေဖြတ်ကာ လန်လဲကျသွားခဲ့ပါတော့သည်။

နောက်တစ်ဦးမှာ ကုမ္ပဏီတစ်ခုမှ ဝန်ထမ်းအမျိုးသမီး ဖြစ်သည်။ အရွယ်ကလည်း အစိတ်,သုံးဆယ်အတွင်း။ အစွမ်းကုန် အလှအပပြင်သည်။ မိတ်ကပ်၊ ပေါင်ဒါ၊ ရေမွှေး၊ လက်သည်းနီ၊ ခြေသည်းနီ အစုံအသုံးပြုသည်။ တစ်နေ့တစ်မျိုး၊ တစ်ခါတစ်ရံ မည်သည့်အကြောင်းကိစ္စဟု မသိ၊ တစ်နေ့တည်း နှစ်မျိုး၊ သုံးမျိုး အဝတ်အစားလဲလှယ်ဝတ်သည်။ အပြင်မှ အိမ်ပြန်ရောက်လျှင် ရောက်သည့်အချိန် ရေချိုး၊ ခေါင်းလျှော်တော့သည်။ တစ်ဖန် တနင်္ဂနွေတစ်ရက်တည်းသာ အလုပ်မသွားရသဖြင့် ထိုနေ့တွင် တစ်ပတ်အတွင်း ဝတ်ခဲ့၊ အသုံးပြုခဲ့သမျှ အဝတ်အစားတွေ အားလုံးစုပုံကာ စိမ်ပြေနပြေ အအေးခံ၍ လျှော်ဖွပ်လေသည်။ အဝတ်လျှော်ငှားနိုင်သော်လည်း ထိုငှားခအတွက် အလှပစ္စည်းဝယ်မည်ဟု ဆိုသည်။ ကာလတစ်ခုတွင် ထိုအမျိုးသမီးငယ်မှာ မျက်နှာတစ်ခြမ်း လေဖြတ်ကာ ရွဲ့စောင်းသွားလေသည်။

နောက်တစ်ဦးမှာ စီးကရက်နှင့် အရက် အလွန် ကြိုက်သောသူတစ်ဦးဖြစ်သည်။ အရက်တစ်ကျိုက်၊ စီးကရက်တစ်ရှိုက်ဖြင့် ဘဝကို ယစ်မူးနေသူ။ မေထုန်မှီဝဲမှုကိုလည်း မဆင်ခြင်သူ။ ထိုအမျိုးကောင်းသားသည် နှလုံးသွေးကြောကျဉ်းရောဂါ ပထမ ဖြစ်သည်။ နောက်ဆုံး လေဖြတ်ကာ အသက်ဆုံးရှုံးသွားခဲ့သည်။

ဤသည်တို့မှာ ကျွန်ုပ်မျက်မြင် လက်လှမ်းမီရာ၊ နီးစပ်ရာများ မှတ်မိသရွေ့ တင်ပြခြင်း ဖြစ်ပါသည်။

**သတိပြုဆင်ခြင်ပါ**

ကျွန်ုပ် အထက်၌ တင်ပြခဲ့သည်များသည် တကယ်ပင် လေငန်း၊ လေဖြတ် ဖြစ်တတ်သည်ဆိုလျှင် ထိုအရာများကို ဆင်ခြင်၊ ရှောင်ကြဉ်ရန်ပင် ရှိပါတော့သည်။

စိတ်အလိုကိုမလိုက်ဘဲ ဝက်သား၊ ဘဲသား၊ ငါးသေတ္တာ၊ ငါးသလောက်၊ ငံပြာရည်၊ တညင်းသီး၊ အရက်၊ စီးကရက်၊ ပန်ကာလေ၊ လေအေးပေးစက်၊ လေဟာပြင်၌အိပ်ခြင်းများကို သတိဖြင့် ဆင်ခြင်၊ ရှောင်ကြဉ်ရပါမည်။

အချိန်အခါမဟုတ် ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ အအေးခံပြီး အဝတ်လျှော်ခြင်း၊ အုတ်ကန်လှောင်ရေများချိုးခြင်းကို ရှောင်ရပါမည်။ ရေချိုးပြီးလျှင်လည်း နွေးထွေးစွာနေထိုင်ခြင်း၊ သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှုပြုခြင်း၊ ဆီး,ဝမ်းအချုပ်မခံခြင်း၊ အလှအပထက် ကျန်းမာရေးကိုသာ အဓိက ဦးစားပေး ဆင်ခြင်နေထိုင်သင့်ပါသည်။

သို့အတွက် ကျွန်ုပ်တို့သည် 'အာရောဂျ ပရမာလာဘ' ဟူသော လာဘ်ကြီးပွင့်စေရန် ဆင်ခြင်နေထိုင် စားသောက်သွားဖို့ရန် တင်ပြရေးသားလိုက်ရပါသည်။

*ကျန်းမာ၊ ချမ်းသာကြပါစေ*

ပေါက်ပေါက်(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com

ပန်းမြိုင်လယ်စိန်ဝင်း

# တာဝန်ပေါ်မှာ ဝဲရှာရှာ



တာဝန် ဆိုတဲ့ စကားလေးဟာ နှစ်လုံးတည်း ဆိုပေမယ့် တကယ့် တကယ် နက်နက်ရှိုင်းရှိုင်း ထဲဝင်စွာ ကြည့်လျှင်တော့ လေးနက် ကျယ်ပြန့် လွန်းလှပါသည်။ ကျွန်တော်သည် ဝန်ထမ်းတစ်ယောက် ဖြစ်ပါသည်။ ဌာန၏ ပေးအပ်သော တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လာခဲ့သည်မှာ အသက် (၆၀) ပြည့် ပင်စင်ယူခါနီးနေခဲ့ပါပြီ။ တာဝန်ထမ်းဆောင်စဉ်ကာလ တစ်လျှောက်မှာ ထူးထူးခြားခြားအဖြစ် တွေနှင့်လည်း ကြုံရဆုံရဖူးပါသည်။

ဝန်ထမ်းများ ထမ်းဆောင်ရမည့် တာဝန်နှင့် ပတ်သက်ပြီး အနည်းငယ် အမိပ္ပာယ် ဖွင့်ဆိုပြပါမည်။


ဝန်ထမ်း ဟူသည် နိုင်ငံတော်၏ အကျိုးအတွက် အချိန်ပြည့်အလုပ် လုပ်ရန် တာဝန်ရှိပါသည်။ မူလ တာဝန်သာမက အခြား လိုအပ်



www.burmeseclassic.com

မှာ ဆိုထားတာပါ။

ဒီနေရာမှာ တာဝန်ဆိုတာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ငယ်ရွယ်စဉ်တုန်းက (အချိန်ကာလကိုတော့ တိတိကျကျ မမှတ်မိတော့ပါ။) တီဗီတွေ၊ အောက်စက်တွေပင် မပေါ်သေးသည့်ကာလ တစ်ခုကဟု ထင်ပါသည်။ ထိုစဉ်က လေလှိုင်းကြားက မြန်မာ့အသံရေဒီယို အသံလွှင့်ချက်ကိုစောင့်မျှော်ပြီး နားဆင်ခံစားခဲ့ကြရတုန်းကပါ။ 'လူငယ့်ကဏ္ဍ' မည်သော အစီအစဉ်တစ်ခုကနေ ထုတ်လွှင့်ခဲ့တဲ့ အသံလွှင့်ဇာတ်လမ်းလေးတစ်



ပုဒ်ကို မှတ်မှတ်ထင်ထင် ပြန်ပြီးသတိရလိုက်မိပါတယ်။

ဇာတ်လမ်းကလေးကို ကျောရိုးယူပြီး ဇာတ်အိမ်ဖွဲ့လို့ အခြေခံထားတာကတော့ ဆိုဗီယက်ပြည်ထောင်စုရဲ့ ခေတ်ကာလတစ်ခုက ပန်းခြံကြီးတစ်ခုထဲမှာ ဖြစ်ပါတယ်။ ညနေစောင်းလို့ နေအေးတဲ့ အချိန်မှာဆို ဒီပန်းခြံကြီးထဲမှာ အပန်းဖြေတဲ့သူတွေ၊ နားနေတဲ့သူတွေ၊ ဆော့ကစားကြတဲ့ကလေးတွေနဲ့ အတော်စည်ကားလို့နေပါတယ်။

ဆော့ကစားနေကြတဲ့ ကလေးတစ်သိုက်ဟာ အများပါဝင်ဆော့ကစားလို့ရတဲ့ စစ်တိုက်တမ်းကစားနေကြတာပဲ ဖြစ်ပါတယ်။ ဒီလိုကစားတဲ့နေရာမှာလည်း သူ့နေရာနှင့်သူ အခံဝင်ခွင်ကျ တာဝန်တွေကို ခွဲဝေလို့ စစ်သားလုပ်တဲ့သူ၊ စစ်ဗိုလ်လုပ်တဲ့သူ၊ လူဆိုးလုပ်တဲ့သူ စသည်ဖြင့် သရုပ်ဆောင် ကစားကြပါတယ်။ လူဆိုးသူပုန်တွေကို စစ်သားတွေက တိုက်ထုတ်ဖမ်းဆီးရတယ်။ လူဆိုးသူပုန်လုပ်တဲ့သူတွေကလည်း စစ်သားတွေရဲ့ အလစ်အငိုက်မှာ ဝင်ပစ်၊ ဝင်စီးလုပ်ဖို့ ပါးစပ်သေနတ်နဲ့ ပစ်ဆော့ကစားကြတာပါ။

ဒီနေရာမှာ စစ်သားလုပ်ရတဲ့လူငယ်ကလေးတစ်ယောက်ဟာ ကင်းတာဝန်ချပေးခံရပါတယ်။ သူနဲ့အတူ ကစားဖော် စစ်ဗိုလ်လုပ်တဲ့ ခပ်ကြီးကြီးကလေးက အမိန့်ပေးတယ်။

"ရဲဘော်၊ မင်း ဒီနေရာမှာ ရန်သူတွေ ဝင်မလာနိုင်အောင် ကင်းစောင့်ရမယ်။ ရဲဘော်ရဲ့ကင်းတာဝန်ကို ငါအမိန့်မပေးမချင်း မဖြုတ်ရဘူး။ သတိဝီရိယလည်း အပြည့်ရှိနေရမယ်။ ရန်သူလာရင် တို့ကိုအော်ပြီး အချက်ပေးရမယ်။ ကြားလား၊ ဒါ အမိန့်ပဲ"

ဆိုတဲ့ စစ်ဗိုလ်တစ်ယောက်ရဲ့ လေသံနဲ့ အမိန့်ပေးသလို အမိန့်ပေးခံရတဲ့ ကျန်ကလေးကလည်း အထက်နှင့်အောက် နာခံမှုအပြည့်နဲ့ လေးစားလိုက်နာပြီး ပြေးလွှားဆော့ကစားနေကြပါတယ်။ ပါးစပ်သေနတ်တွေနဲ့ ပစ်ကြခတ်ကြ၊ အော်ကြ၊ သေဟန်ဆောင်ကြနဲ့ တကယ့်ကို ပျော်စရာကောင်းလှပါပေတယ်။

သော တာဝန်များကိုလည်း နိုင်ငံတော်က ပေးအပ်လာလျှင် ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ထို့ပြင် ဝန်ထမ်းဆိုင်ရာဥပဒေ၊နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက် စသည်များကိုလည်း လိုက်နာရန် တာဝန်ရှိပါသည် -

ဆိုပြီး ဝန်ထမ်းကျင့်ဝတ်စာအုပ်

www.burmeseclassic.com

ဒီလိုနဲ့ နေညိုတိမ်တောက်ပြီး အမှောင်ကိုတောင် ရောက်လာခဲ့ပါပြီ။ အမှောင်ထုကို မီးရောင်တွေက ဖြိုခွင်းလိုက်တော့ ပန်းခြံတစ်ခွင်လုံး လင်းလက်လို့လာခဲ့ပါပြီ။ အချိန်တန်တော့ ဆော့ကစားနေကြတဲ့ ကလေးတစ်သိုက်ဟာ ကစားတာကို ရပ်သိမ်းပြီး အသီးသီး ကိုယ့်အိမ်ကိုယ်ပြန်ကုန်ကြပါပြီ။

ဒါပေမယ့် ကင်းစောင့်တာဝန်ချထားခံရတဲ့ ကလေးတစ်ယောက်ကတော့ အရုပ်သေနတ်တစ်လက်နဲ့ မတ်တတ်ရပ် ကျန်နေခဲ့တော့တယ်။ အဲဒီကလေးဟာ သူတို့ဆော့ကစားတဲ့ ပန်းခြံရဲ့အစွန်အဖျား အတန်အသင့်လှမ်းတဲ့ နေရာမှာ ကင်းတာဝန်ချထားခံရတဲ့ ကလေးပါပဲ။ သူဟာ ကစားဖော်တွေ ပြန်သွားကြတာကို သိနေပေမယ့်လည်း-

'ရဲဘော်ရဲ့ ကင်းတာဝန်ကို ငါ အမိန့်မပေးမချင်း မဖြုတ်ရဘူး' ဆိုတဲ့ အမိန့်နဲ့ တာဝန်ကို လေးလေးစားစား လိုက်နာလို့ပါပဲ။

အချိန်က တဖြည်းဖြည်းနဲ့ ကြာဝေးလာတော့ ရာသီဥတုကလည်း အေးစပြုလာပြီပေါ့။ အဲဒီတော့မှ ကလေးငယ်ဟာ သေနတ်ကလေးပိုက်ပြီး ဝမ်းနည်းလို့ ငိုပါလေရော။ ဒါပေမယ့် သူ မပြန်ပါဘူး။ ဒီလိုငိုနေတဲ့ ကလေးတစ်ယောက်ကို သတိထားမိတဲ့ လူကြီးတစ်ယောက် မြင်လိုက်တယ်ဆိုရင်ပဲ ကလေးအနားသွားပြီး-

"ကလေး၊ ဘာဖြစ်လို့ တစ်ယောက်တည်း ငိုနေရတာလဲကွာ"

လို့ ဆိုတော့ ကလေးက သူတို့တစ်တွေ စစ်တိုက်တမ်းကစားနေကြတဲ့အကြောင်း၊ သူ့ကို ကင်းတာဝန်ချထားလို့ ကင်းစောင့်နေရတဲ့အကြောင်း၊ ကစားဖော်ကလေးတွေအားလုံး ပြန်ကုန်ကြပေမယ့် သူ့ကို ကင်းစောင့်တာဝန်က ရပ်နားခိုင်းမယ့် ဗိုလ်ကြီးလုပ်တဲ့သူ မလာသေးတဲ့အတွက် အိမ်ကိုပြန်ချင်ပေမယ့်လည်း ဆက်ပြီး ကင်းစောင့်နေရတာကြောင့် ငိုနေမိခြင်းဖြစ်ကြောင်း ကလေးငယ်က ငိုရင်းဖြေလိုက်တာပါ။

ဒီတော့မှ မေးလိုက်မိတဲ့လူကြီးက နှစ်နှစ်ကာကာပြုံးပြီး တာဝန်ကို တကယ်လေးစားလွန်းတဲ့ ကလေးငယ်ကို ချီးကျူးလေးစား သဘောကျသွားမိပါတယ်။ ပြီးတော့ ကလေးငယ်ရဲ့အခက်အခဲကို သူကူညီပြီး ဖြေရှင်းပေးလိုက်ရတယ်။ သူဖြေရှင်းပေးလိုက်တဲ့ပုံက -

"ကင်းစောင့်နေတဲ့ ရဲဘော်၊ မင်းဟာ တကယ် တာဝန်ကျေပွန်ပါတယ်။ တကယ်တော့ ငါဟာ မင်းတို့တပ်နီတော်က ဗိုလ်မှူးကြီးတစ်ယောက်ပဲ။ ကဲ- အခုချိန်ကစပြီးတော့ ရဲဘော်ကို ကင်းစောင့်တာဝန်ကနေ ရပ်နားခွင့်ပြုလိုက်တယ်။ ရဲဘော် တန်းဖြုတ်ပြီး ကိုယ့်အိမ်ကိုယ် ပြန်နိုင်ပါပြီ"

ဆိုတဲ့ အမိန့်သံ ခပ်ပြတ်ပြတ်နဲ့ ပြောလိုက်တော့မှ ကလေးငယ်က သူ့ကို အလေးပြုတယ်။ သူကလည်း ကျကျနနပြန်အလေးပြုလိုက်တော့မှပဲ ကလေးငယ်ဟာ သူ့တာဝန် တကယ့်ကို ကျေပွန်စွာ ပြီးဆုံးခဲ့ပြီ ဆိုတဲ့အသိနဲ့ အိမ်ပြန်သွားခဲ့ပါတယ်။

လေးစားထိုက်တဲ့ ကလေးငယ်ရဲ့ အတုယူစရာ နှစ်လိုဖွယ်ရာ အလွန်ကောင်းတဲ့ ဇာတ်လမ်းကလေးပါပဲ။

ဒီတော့ကာ တာဝန် ဆိုတဲ့ Duty ကို အဓိပ္ပာယ်ဖွင့်ဆိုရရင်တော့ -

*Something that one must do.*

'လုပ်ကိုလုပ်ရမယ့်အရာ' ဆိုတာပါပဲ။

ဆိုရရင်တော့ လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ လုပ်ကိုလုပ်ရမည့်အရာဟာ တာဝန်ပါ။ တာဝန်ယူရဲတယ် ဆိုတာကလည်း အရည်အချင်းရှိတဲ့လူတွေရဲ့ တန်ဖိုးတစ်ခုပါပဲ။

▌

(--)ဌာနမှာ တာဝန်ထမ်းဆောင်ခဲ့တဲ့ ကျွန်တော်ဟာ ပင်စင်သွားဖို့ရာပင် နီးလာခဲ့ပါပြီ။ လုပ်သက်ကာလတစ်လျှောက်မှာ တာဝန်အပေါ် စွဲလမ်းမှု၊ အလုပ်ခွင်အပေါ် ခင်မင်မှု၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်းတွေအပေါ်မှာ သံယောဇဉ်တွယ်တာမှုများ အထိုက်အလျောက် ဖြစ်ပေါ်ခဲ့ရတာပါပဲ။ စိတ်တူကိုယ်တူ၊ သဘောထားချင်းတူသူတွေကို ပိုမိုခင်တွယ်မိတာလည်း အမှန်ပါပဲ။ ဝန်ထမ်းအားလုံးအပေါ် သာတူညီမျှစိတ်သဘောထားမျိုးထားရှိရမှာလို့ ဆိုပေမယ့် အလိုက်သိတတ်တဲ့ဝန်ထမ်း၊ ကိုယ့်အပေါ် ရိုကျိုးလေးစားတတ်သူတွေကိုတော့ ပိုချစ်၊ ပိုခင်တာတော့ သဘာဝကျမယ် ထင်ပါတယ်။

ဖြစ်ခြင်း၊ ပျက်ခြင်းရဲ့ နိယာမသဘောအရ သတ္တဝါမှန်သမျှတို့မှာ မွေးဖွားခြင်း ဆိုတဲ့ ဘဝအစရှိလာခဲ့ပြီ ဆိုရင်တော့ ပျက်စီးသေဆုံးခြင်း ဆိုတာကလည်း မလွဲမသွေ ရှိကိုလာရမယ့် အမှန်တရားပေပဲပေါ့။ သေခြင်းတရားဆိုတာကြီးကို ကိုယ်တိုင် မသေဘူးသေးတော့ အတွေ့အကြုံမရှိသေးပါ။ ဒါပေမယ့် လက်ပွန်းတတီး ရင်းနှီးပြီးသားတော့ ဖြစ်ပေတာပေါ့။ မိသားစု၊ ဆွေမျိုးသားချင်း၊ မိတ်ရင်းဆွေချာ တစ်ရပ်တစ်ရွာတည်းသားတွေ၊ လုပ်ဖော်ကိုင်ဖက်များရဲ့ နာရေးကိစ္စတွေနဲ့ ကြုံဆုံခဲ့ရဖူးပြီပဲလေ။

သေဆုံးသူတို့ရဲ့ နောက်ဆုံးခရီးကို တရားဓမ္မ သတိသံဝေဂရစွာဖြင့် လိုက်ပါပို့ဆောင်ခဲ့ရတာပါ။ သြော် (---) က အရင်သွားနှင့်ပေတာပေါ့လေ။ ရှေ့သွားနောက်လိုက်။ သူသေတော့ ငါလိုက်ပို့၊ ငါသေတော့ ကျန်တဲ့သူတွေ ပို့ကြပေါ့။ ရုပ်နာမ်ဓမ္မသခါရပေပဲ။ ဒီလို အသိကို သတိကပ်လိုက်တော့ သေခြင်းတရားဆိုတာ အထူးအဆန်းကြီးတော့ မဟုတ်တော့ပါဘူး ဆိုတာကိုတော့ ဆင်ခြင်လိုက်မိပါရဲ့။

အနှောင်အဖွဲ့နဲ့ ဌာနဆိုင်ရာလုပ်ငန်းတာဝန်တို့မှ ကင်းလွတ်တဲ့ သာမန်ကုန်သည်ပွဲစားတွေ၊ တောင်သူလယ်သမားတွေ၊ ရပ်သူရွာသား လက်လုပ်လက်စားတွေအဖို့မှာတော့ သာမန်အားဖြင့် သေခြင်းတရားဟာ ထူးထူးခြားခြား မရှိလှ။ ဖြစ်ရိုးဖြစ်စဉ် ဓလေ့ထုံးစံနှင့်အညီ သင်္ဂြိုဟ်လိုက်ကြခြင်းပင်။ သို့ပေမယ့် တိုင်းပြည်တာဝန်နှင့် ဌာနဆိုင်ရာ တာဝန်ဝတ္တရားများ ထမ်းဆောင်နေစဉ်ကာလ (On Duty) နဲ့ အငြိမ်းစားမယူမီစပ်ကြား သေဆုံးခဲ့ခြင်းဖြစ်ပါက လက်နက်ကိုင်အဖွဲ့အစည်းတိုင်း၊ လုပ်ငန်းဌာနတိုင်း၊ အသင်းအဖွဲ့တိုင်းမှ တာဝန်ရှိသူတို့အနေဖြင့် သေဆုံးသူကို မသင်္ဂြိုဟ်မီ အမိန့်ပြန်တမ်း ထုတ်ပြန်ကြေညာပေးကြရတဲ့ အစဉ်အလာတစ်ရပ်ရှိပါတယ်။

အမိန့်ပြန်တမ်းထုတ်ပြန်ကြေညာရခြင်းမှာလည်း သေဆုံးသူဟာ ဘဝတစ်ပါး ကူးပြောင်းသွားတာကို အသိပေးခြင်းနဲ့ လက်ရှိထမ်းဆောင်ဆဲ လုပ်ငန်းတာဝန်များမှ ရပ်ဆိုင်းပြီး ဝမ်းနည်းခြင်းများစွာဖြင့် လုပ်ငန်းတာဝန်မှ ထုတ်ပယ်လိုက်တာကိုသိစေချင်တာမို့ အသုဘပို့ဆောင်သူ ဧည့်ပရိသတ်ရှေ့မှောက်မှာ ဖတ်ကြားထုတ်ပြန်ကာ သေဆုံးသူနဲ့အတူ ခေါင်းတလားအတွင်း ထည့်သွင်းသင်္ဂြိုဟ်လိုက်ကြခြင်းပင်။

ကျွန်တော် တာဝန်ထမ်းဆောင်စဉ် လုပ်သက်တစ်လျှောက်တွင် ဖြူဖြူဖြင်းနောင်ဖြင်း တာဝန်ထမ်းဆောင်ရင်း မတော်တဆ သေဆုံးခဲ့ကြရသူများ ရှိသလို ကျန်းမာရေးချို့တဲ့မှုကြောင့် (၉၆)

www.burmeseclassic.com

www.burmeseclassic.com

သော ရောဂါဝေဒနာတစ်မျိုးမျိုးဖြင့် သေဆုံးခဲ့ကြရသူများလည်း အများအပြားရှိနေဆဲပင် ဖြစ်ပါတယ်။

ထိုထိုသောဘဝတစ်ပါးသို့ပြောင်းရွှေ့ကွယ်လွန်သွားသော်ငြား၊ မည်သို့ပင် အမိန့်ပြန်စာတွေ ဖတ်ကြားထည့်ပေးလိုက်စေကာမူ တာဝန်အပေါ်မှာ အစွဲအလမ်းကြီးလွန်းလှတဲ့ ဝန်ထမ်းကြီးများနဲ့ဘဝမှာ မကျွတ်မလွတ်နိုင်သော ပရလောကသားအဖြစ် စက်ရုံအတွင်းနဲ့ မိကျရာတာဝန်များနေရာမှာ ဝဲချာချာလည်နေကြရရှာပါတယ်။

▮

စက်ခေါင်းသန့်ရှင်းရေးလုပ်ငန်းတာဝန်ကို ထမ်းဆောင်ရင်း စက်ရုံ Pit ကျင်းမှာ DF. 1217 စက်ခေါင်းကြိတ်၍ သေဆုံးခဲ့ရသည့် ဆရာကျော်ရဲ့အဖြစ်ကို စပြောချင်ပါတယ်။ ဆရာကျော်က အောက်လက်တပည့်ငယ်သားတွေအပေါ် အလိုက်သိညာတာလွန်းတဲ့ ဆရာကောင်းတစ်ယောက်ပါ။ ရွယ်စဉ်အခါက ရုပ်ချောလူဖြောင့်၊ မယ်ဒလင်အတီးကောင်း၊ အဆိုကောင်းပြီး ပြဇာတ်မင်းသားတောင် ကခဲ့ဖူးတဲ့သူပါ။ အဲဒီတုန်းကတော့ ယမကာလေးမှီဝဲခဲ့တာ ဆိုပေမယ့် အသက်အရွယ်လေးရလာတော့ ကိုးလုံးပုတီးလေးကိုတောင် လက်ထဲကချတော့ဘဲ သတိရတဲ့အချိန်တိုင်း စိပ်နေတတ်တာပါ။ အရက်ဆိုတာကတော့ ဝေလာဝေးပေါ့။ အသက်အရွယ်လေး ကြီးလာတော့ သူမှာ အားနည်းတဲ့ရောဂါနဲ့ မူးခနဲမိုက်ခနဲဖြစ်သွားတတ်တဲ့ ရောဂါအခံလေးကလည်းရှိနေတော့ ဆေးသားဆေးသောက်တော့လုပ်နေရပါပြီ။

တစ်နေ့မှာတော့ စက်ခေါင်းတွေ သန့်ရှင်းရေး ကောင်း၊ မကောင်းကို DME ဆိုတဲ့ အင်ဂျင်နီယာမှူး (စက်မှု) အရာရှိကြီးကိုယ်တိုင် စက်ရုံကို လာစစ်ဆေးမယ့်သတင်းကိုလည်း ကြားရော စက်ခေါင်းသန့်ရှင်းရေးတပည့်တွေကို လိုက်ခေါ်ဖို့၊ လူစုဖို့အချိန်မရှိတော့ဘူး ဆိုတဲ့အသိနဲ့ ကိုယ်တိုင် စိတ်စောပြီး စက်ခေါင်း ဘိုဂီပိုင်းတွေကို သန့်ရှင်းရေးလုပ်တော့တာပါပဲ။

ဖြစ်ချင်တော့ စိတ်ဆန္ဒပဲစောနေလို့လား၊ ဖြုန်းခနဲ မူးမိုက်ပဲသွားလို့လား ဆိုတာ ဘယ်သူမှမသိလိုက်ဘဲ ရထားကြိတ်သေဆုံးနေတာကို နောက်တော့မှ သိလိုက်ကြရတာပါ။ စက်ရုံထဲမှာဆိုတာတော့ ကျိုးပြိုသလို အုတ်အာသောင်းသဲ



ဖြစ်သွားခဲ့ရပေတာပေါ့။ တာဝန်ချိန်မှာဆုံးတာဆိုတော့ ရုံးချုပ်က အရာရှိကြီးတွေတောင် သူ့အသုဘကိုလာပို့ကြပါရဲ့။ အမိန့်စာလည်းပြန်ကြတာပါပဲ။ ဒါပေမယ့် စက်ရုံထဲမှာ စက်ခေါင်းဘေးမှာ ရိုးခနဲရိပ်ခနဲ စက်ခေါင်းကို သန့်ရှင်းရေးလုပ်နေတာမျိုး အခြောက်ခံရတဲ့သူတွေတောင်ရှိနေပါတယ်။

ထူးထူးဆန်းဆန်း တစ်နေ့မှာတော့ စက်ရုံထဲက စက်ခေါင်းကို စက်ရုံအပြင်ဘက် ဝိုင်းတွန်းငြ ၁ ဘယ်လိုမှ တွန်းလို့မရဘူး။ မခိုမကပ်ဘဲ ဘယ်လိုပင် အားစိုက်တွန်းပေမယ့် စက်ခေါင်းက မရွေ့နိုင်ဘူး ဖြစ်နေတယ်။ အဲဒီမှာ အပြောင်အနောက်သန်တဲ့ ဆရာကျော်ရဲ့တပည့် စံသောင်းက ကြုံရာမရတဲ့ အဆုံး တမ်းတမ်းတတလေးနဲ့ -

"ဆရာကျော်ရေ တပည့်တွေရဲ့ အဖြစ်ကို လာကြည့်လှည့်ပါဦးဗျ။ ဟောဒီမှာ စက်ခေါင်းက တွန်းလို့ကိုမရဘူး ဖြစ်နေတယ်။ ဆရာကျော်ရဲ့ ဘော်ဒါအပေါင်းနဲ့လာပြီး ကူတွန်းပေးလှည့်ပါဦးဗျ"

ဆိုလိုက်တော့ စက်ခေါင်းကြီးဟာ သိပ်အားမစိုက်လိုက်ကြရဘဲနဲ့ သာသာထိုးထိုးပဲ လိမ့်ထွက်လာတာဟာ မမြင်ရတဲ့ အံ့ဩစရာအဖြစ်တွေပါပဲ။

နောက်တစ်ယောက်က ဒီဇယ်စက်ခေါင်းတွေ ဧရာဝတီတိုင်းဒေသကြီးကို မရောက်သေးခင်ကာလ။ STEAM ရေနွေးငွေ့စက်ခေါင်းတွေဟာ လောင်စာအဖြစ် ကျောက်မီးသွေးနဲ့ ထင်းအသုံးပြုပြီး ပြေးဆွဲရစဉ်အခါကပါ။ YB စက်ခေါင်းကြီးတွေနဲ့ လိုက်ပါရတဲ့ (မီးထိုး) ရထားလိုက်ဝန်ထမ်း ကိုမောင်သိန်း ဆိုသူပါ။ ရထားပြေးဆွဲနေတုန်း ကျောက်မီးသွေးတင်ထားတဲ့ စက်ခေါင်းတန်ဒါထဲက မီးသွေးတွေကို ရှေ့ဘက်ကိုရွှေ့ပြီး မီးသွေးအမြင့်ပေါ်တက်ပြီး နောက်ပါတွဲတွေကိုအကြည့် အချိန်ကလည်း မှောင်နေပြီဖြစ်တဲ့ ည (၈) နာရီခန့်ကျင်မှာပေါ့။ ရထားလမ်းကို ဖြတ်သွယ်ထားတဲ့ ကြေးနန်းကြိုးနဲ့ လည်ပင်းကိုချိတ်မိပြီး အောက်ပြုတ်ကျတာပါ။ ပြေးနေတဲ့ ရထားအရှိန်ရယ်၊ အောက်ကို ဇောက်ထိုးပြုတ်ကျတာရယ်ဆိုတော့ ပွဲချင်းပြီး သေဆုံးရရှာတာပါ။

အဲဒီတုန်းကလည်း ခမောက်စုဘူတာကနေ ဟင်္သာတဘူတာကို လှမ်းပြီး ကြေးနန်းသတင်းပို့တယ်။ ဘူတာကနေ စက်ရုံကို တယ်လီဖုန်းသတင်းပို့တော့ စက်ရုံမှာ ဝန်ထမ်းတွေဆိုတာ ခိုပြိုတာပါပဲ။ အားလုံး ဝိုင်းကြဝန်းကြနဲ့ အသုဘမြေကျခဲ့ရပါတယ်။ သူ့တုန်းကလည်း အမိန့်ပြန်စာတွေ ကျကျနနထုတ်ပြန် ဖတ်ကြားပေးခဲ့တာပါပဲ။ စိတ်ရဲ့ စွဲလမ်းခြင်းဟာ တာဝန်ချိန်မှာ သေဆုံးတာ ဆိုတော့ စက်ခေါင်းမှာစွဲပြီး စက်ခေါင်းကို တိုက်ချွတ်နေတာ၊ တူထုသံတွေပေးတာ၊ အရိပ်အယောင်တွေ့ရတာလည်း ခဏခဏဆိုသလိုပါပဲ။ သူလည်း တာဝန်ပေါ်မှာ ဝဲချာချာလည်နေရတာ ဆိုတဲ့ သနားစရာဘဝရောက်ခဲ့ရတာပါ။

▮

အခုပြောချင်တဲ့သူတစ်ယောက်ကတော့ စက်ရုံမှာ လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့တဲ့ အစောင့်လုပ်သားကြီး ဦးစောထီးဖြူပါပဲ။ သူလုံခြုံရေးတာဝန်ကျတာက ထင်းပုံတွေ၊ ကျောက်မီးသွေးပုံတွေကို စောင့်ကြပ်ရပါတယ်။ စည်းရိုးအကာအရံမရှိဘဲ ထင်းပုံတွေ၊ ကျောက်မီးသွေးပုံတွေပုံထားတာကြောင့် အလစ်အငိုက်မှာ ထင်းဝင်ခိုး၊ ကျောက်မီးသွေးဝင်ခိုးတဲ့သူတွေဟာ အလွန်ပဲ များပြားလှပါတယ်။

ဦးစောထီးဖြူရဲ့အစောင့်ဂျူတီမှာ အခိုးခံရတာတော့ ရှားရှားပါးပါးလို့ ဆိုရမယ်။ ဘာကြောင့်ဆို သူ့တာဝန်ကို မလစ်ဟင်းစေရအောင် အထူးဂရုစိုက်စောင့်ကြပ်တတ်လို့ပါပဲ။ သူမှာ အဝေးပစ်လက်နက်အဖြစ် လောက်လေးခွဆောင်ထားတယ်။ ခိုးတဲ့သူတွေကိုကြောက်အောင် ခြောက်လှန့်အော်ဟစ်မောင်းထုတ်တတ်သလို လေးခွနဲ့ လွဲချော်အောင် တမင်ပစ်တတ်ပြန်တယ်။ လွန်ကဲတဲ့သူတွေကိုတော့ ပေါင်တို့၊ တင်ပါးတို့ကို မှန်အောင်ပစ်ရတဲ့အထိ



www.burmeseclassic.com

www.burmeseclassic.com

ထိန်းသိမ်းရတာပါ။ သူ့ကို ထင်း၊ မီးသွေး ခိုးသူတွေက ပျူစောထီးဆိုတဲ့ နာမည်ပြောင်ကိုတောင်ပေးထားတတ်ပါတယ်။

အစောင့်ဝန်ထမ်းကြီး ဦးစောထီးဖြူက အများသိအောင် ကြေညာထားတာ တစ်ခုရှိတယ်။ အဲဒါကတော့ သူရဲ့ ညဂျူတီမှာ ထင်း၊ မီးသွေးတွေလာခိုးတဲ့သူမှန်သမျှကို လေးခွနဲ့မှန်အောင်ပစ်မယ် ဆိုတဲ့ အသိပေးထားချက်ကို ထင်းသူခိုးတွေ သိပါတယ်။

ဒါပေမယ့် တစ်ညသော ဂျူတီမှာပေါ့။ ည(၁၂)နာရီသန်းခေါင်ကိုယွန်းတဲ့အချိန်မှာ အုပ်စုလိုက် ထင်းလာခိုးကြတဲ့သူတွေကို အမှောင်ထုထဲမှာ ရိပ်ခနဲမြင်လိုက်ရတယ်။ ကုန်ရုံလမ်းက လမ်းမီးတိုင်ရဲ့အလင်းရောင်နဲ့ နောက်ခံထားပြီးကြည့်လိုက်တော့ ထင်းတွေကို သူတို့စိတ်ကြိုက်ရွေးပြီး ပုဆိုးလုံကွင်းထဲထည့်ထမ်းဖို့ လုပ်နေကြတာပါ။

လက်ဖြောင့်တဲ့ ဦးစောထီးဖြူရဲ့ လောက်လေးခွပစ်ချက်ဟာ ထင်းသူခိုးငါးယောက်ကို တစ်ယောက်တစ်ချက်မှန်အောင် ပစ်နိုင်ခဲ့ပါတယ်။

"အား- အောင်မလေးဗျ၊ တကယ်ပစ်တယ်ဗျ"

ဆိုပြီး ထင်းတွေပစ်ချလို့ ကိုယ်လွတ်ရုန်းပြေးကြရပါတယ်။ နောက်တစ်နေ့မှာတော့ ပျံကျအုပ်စုတွေထဲက ထင်းသူခိုးတွေဖြစ်နေပြီး တစ်ယောက်က မျက်လုံးကိုတည့်တည့်မှန်ပြီး မျက်လုံးအိမ်ပါ ပေါက်ထွက်ပြီး ကန်းသွားခဲ့ရတယ်ဆိုပဲ။

ဦးစောထီးဖြူ စိတ်မကောင်းပေမယ့် ဘာတတ်နိုင်တာမှတ်လို့။ သူတို့ဘက်ကလည်း တိုင်တာတောတာ၊ တရားစွဲဆိုတာမျိုးကို ဘယ်လုပ်ဝံ့မတုံး။ ပြည်သူပိုင်ပစ္စည်းခိုးယူမှုနဲ့ တရားပြန်စွဲမယ် ဆိုတဲ့ စက်ရုံအုပ်ကြီးရဲ့စကားသံကြောင့် မကျေမနပ်နဲ့ ငြိမ်နေလိုက်ကြရပါတယ်။

တာဝန်အရ ပြုလုပ်လိုက်ရတဲ့သူ ဦးစောထီးဖြူကတော့ ကာလအတန်ကြာတာနဲ့ မေ့ပျောက်ခဲ့ပါပြီ။ ခံလိုက်ရတဲ့ သူခိုးပျံကျတွေကတော့ အခဲမကျေနိုင်ကြပါဘူး။ ရေခပ်မကြုံနိုင်ပေမယ့် ထင်းခွေထင်းခိုးတဲ့အချိန်တော့ ကြုံဦးမှာပေါ့ ဆိုတဲ့ ကြုံးဝါးချက်နဲ့ အလစ်အငိုက်ကို ချောင်းနေကြပါတယ်။ လုပ်ငန်းတာဝန်နဲ့ယှဉ်လာရင် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူးဆိုတဲ့ ခံယူချက်က အပြည့်အဝရှိတဲ့ လုံခြုံရေးဝန်ထမ်းကြီးပါ။

တစ်ညမှာတော့ အကျင့်တန်အကြံရှိတဲ့ ပျံကျထင်းသူခိုးတွေဟာ လက်စားချေဖို့ အစီအစဉ်ကို ကြိုတင်အကွက်ချပြီး လူသူကင်းဆိတ်ချိန်မှာ ရောက်လာကြပါပြီ။ ထင်းပုံနားမှာ ရစ်သီရစ်သီနဲ့ လူယောင်ပြပြီး မျှားခေါ်လိုက်သလိုဖြစ်တာမို့ တာဝန်ရှိတဲ့ ဦးစောထီးဖြူက အနားရောက်အောင် သွားအကြည့်မှာ ငါးဦးလောက်ရှိနေတဲ့ ပျံကျတွေထဲကတစ်ယောက်ဟာ နောက်ကနေ အလစ်အငိုက်မှာ သံတုတ်နဲ့ ရိုက်ချလိုက်တယ်။ ငိုက်ပြီး ရှေ့ကို စိုက်လာတဲ့ ဦးစောထီးဖြူကို တစ်ယောက်က ဓားနဲ့ ဗိုက်ကို ပင့်ထိုးထိုးချလိုက်တော့ အားခနဲ တစ်ချက်သာအော်ပြီး ထင်းပုံဘေးမှာ လဲကျသွားတော့တယ်။

ညဘူတာယာဒ်ဝန်းတွဲရှေ့စက်ခေါင်းကြီး ဥဩနှစ်ချက်ဆွဲပြီး ပြန်ဝင်လာတော့မှ ထင်းပုံဘေးမှာလဲကျနေတဲ့ ဦးစောထီးဖြူကို စက်ခေါင်းဟက်လိုက်မီးရောင်အောက်မှာ တွေ့လိုက်ရတော့ ဝိုင်းဝန်း ပွေ့ချီပြီး ဆေးရုံကြီးကို ပေးပို့နိုင်ပေမယ့် ရဲမေးသမျှကို စစ်ချက်ပေးပြီးတာနဲ့ သေဆုံးသွားခဲ့ရှာတာပါပဲ။

■

တာဝန်ထမ်းဆောင်ရင်း သေဆုံးခဲ့ရတာကြောင့် အလောင်းကို စက်ရုံပြန်သယ်ပြီး ခမ်းခမ်းနားနားသင်္ဂြိုဟ်ဖြစ်ခဲ့ပါတယ်။ လိုက်လံ ပို့ဆောင်ကြတဲ့ ဝန်ထမ်းတွေ၊ ဆွေမျိုးမိတ်သင်္ဂဟတွေ ဆိုတာ ကြက်ပျံမကျ စည်ကားလိုက်တာ။ အမိန့်ပြန်စာကိုတော့ စက်ရုံအုပ်ကြီးကိုယ်စား စက်ရုံစာရေးကြီးဦးသန်းလှကို တာဝန်ပေးစေခိုင်းထားပြီးသားပါ။ စာရေးကြီးကလည်း အမိန့်ပြန်စာကို တိုက်ပုံအင်္ကျီအိတ်အတွင်း သေသေချာချာထည့်ကာ လိုက်ပါပို့ဆောင်ပေးခဲ့ပါတယ်။

ကနောင်စု သုသာန်သချိုင်းကို ရောက်ရှိပြီး မြေမြှုပ်သင်္ဂြိုဟ်ခြင်းမပြုမီမှာ မြေကျင်းဘေးမှာ ခေါင်းတလားကို ချပြီး နောက်ဆုံး နှုတ်ဆက်တဲ့အနေနဲ့ ဝိုင်းဝန်း တိုးဝှေ့ ကြည့်ရှုကြတာပေါ့။ ခေါင်းအဖုံးဖွင့်လိုက်ကတည်းက ညှီစို့ပုပ်ဟောင်နေတဲ့ အနံ့ဆိုးကြီးကြောင့် နှာခေါင်းပိတ်ပြီး ထွက်ပြေးကုန်ကြပါတယ်။ သေဆုံးသူ ဦးစောထီးဖြူရဲ့ မျက်နှာမှာ သပြေသီးမှည့်ရောင် ညိုမည်းရောင်ကိုင်းပြီး ကြောက်စရာ ပြူးတူးပြဲတဲကြီးဖြစ်နေတာရယ်၊ အနံ့ဆိုးတွေကလည်း မသတီစရာကောင်းနေတာရယ်ကြောင့် ရှုံ့အောပျို့တက်လာခဲ့တော့တယ်။ ရင်တွင်းနှလုံးခုံတတ်ခံ မကောင်းမှုကြောင့် အယောင်ယောင်အမှားမှားတွေဖြစ်လို့။ မတတ်သာတဲ့အဆုံးမှာတော့ တိုက်ပုံအင်္ကျီအိတ်အတွင်းမှ စာရွက်ခေါက်ကို အဆောတလျင်ထုတ်ပြီး ဖတ်ကြားခြင်းမပြုနိုင်တော့ဘဲ ခေါင်းအတွင်း ထည့်ပေးလိုက်ကာ မြေမြှုပ်သင်္ဂြိုဟ်လိုက်ရတော့တာပါ။

(၇) ရက်လည် ဆွမ်းသွတ် အမျှဝေပြီးသော်လည်း မီးသွေးပုံနဲ့ ထင်းပုံကြီးများမှာ အစောင့်ရဲဘော်ကြီး ဦးစောထီးဖြူမှာ မကျွတ်မလွတ်နိုင်ရှာဘဲ စောင့်ကြပ်နေဆဲပဲ ဆိုတာကို ထင်းသူခိုးတွေထံမှ အသံထွက်လာခဲ့ပါတယ်။ ရိုးတိုးရိပ်တိပ်ကိုယ်ထင်ပြတာမျိုး၊ အနံ့ပေးတာမျိုး၊ ခိုးထမ်းလာတဲ့ထင်းစည်းကို နောက်က ဆွဲချတာမျိုးတွေလုပ်နေတာဆိုတဲ့ စကားတွေဟာ တစ်ဆင့်တစ်ဆင့် ချဲ့ကားလို့သွားတာပါပဲ။မယုံဘူးမကြောက်ဘူးဆိုသူတွေပင် ဆလံပေးပြီး ပြေးကြရတယ်ဆိုပဲ။ ထင်းမီးသွေးသူခိုးတွေဟာလုံခြုံရေးထက် အစောင့်တစ္ဆေကို ပို ကြောက်ကြရတော့တယ်။

တစ်နေ့မှာတော့ စက်ရုံအုပ်ကြီးကို အိပ်မက်ပေးပါတော့တယ်။ အိပ်မက်ထဲမှာ လုံခြုံရေးယူနီဖောင်းကို အပြည့်အစုံဝတ်ထားတဲ့ ဦးစောထီးဖြူက သူ့ထံကို ရောက်လာပြီး လေးလေးစားစား ဆလုရိုက် အရိုအသေပေးပြီး -

"ဆရာတို့ ကျွန်တော့်အပေါ် အတော်ရက်စက်လွန်းရာကျတယ်ဗျာ။ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ အလုပ်ဖြုတ်တယ်ဆိုပြီး ပြောနေကြတာလဲဗျာ။ ညဘက် ဆရာလာပြီး ဆပ်ပလိုင်းချတ်လုပ်လို့ အလုပ်တက်စာရင်းခေါ်ဖို့ တန်းစီတော့ ကျွန်တော်ပါ တန်းစီပါတယ်။ ဒါပေမယ့် ကျွန်တော့်နာမည်ကျတော့ ကျော်ပြီး ခေါ်သွားတယ်။ဆရာတို့ စက်ရုံထဲလှည့်ပြီး စစ်ဆေးကြတော့ ကျွန်တော့်နားရောက်လာလို့ အရိုအသေပေးတာတောင် ဆရာတို့က မမြင်ယောင် မသိယောင်ဆောင်ပြီး ဥပေက္ခာပြုထားကြတယ်ဗျာ။ ကျွန်တော့်ကို ဘယ်သူမှ အသိအမှတ်မပြုကြတော့ဘူးလား ဆရာရယ်၊ ကျွန်တော် ဒီစက်ရုံကြီးထဲက နေ ဘယ်မှထွက်မသွားနိုင်ပါဘူး။ ကျွန်တော့်ကို ဘယ်သူမှ စာနဲ့ပေနဲ့အလုပ်က မထုတ်သေးပါဘူး။ ကျွန်တော်လည်း အလုပ်ပြုတ်တာ မဟုတ်သေးပါဘူး ဆရာရယ်။ ဟီးဟီးဟီး. . . ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ကို အသိအမှတ်လေးတော့ပြုကြပါ။ ဥပက္ခာမပြုကြပါနဲ့ဗျာ ဟီးဟီးဟီး. . . ”

ဝမ်းနည်းကြေကွဲလွန်းတဲ့ မျက်နှာထယ်နဲ့ ရှိုက်ကြီးတငင် ငိုချလိုက်တော့ စက်ရုံအုပ်ကြီးက -

“ကိုစောထီးဖြူ ခင်ဗျားက သေလို့ ဘဝတစ်ပါးပြောင်းသွားပြီလေဗျာ။ ဒါကြောင့် ခင်ဗျားရဲ့ အသုဘချတဲ့နေ့မှာပဲ ကျွန်တော်ကိုယ်တိုင် ရုံးအမိန့်စာဖြစ်တဲ့ အမိန့်ပြန်တမ်းစာကို လက်မှတ်ရေးထိုးထုတ်ပြန်ပြီးပြီလေဗျာ။ အဲဒီနေ့က စက်ရုံစာရေးကြီး ဦးသန်းလှကိုယ်တိုင် ခင်ဗျားနဲ့ခေါင်းတလားထဲထည့်ပေးလိုက်တာ ကျွန်တော့်ရှေ့တင်ပဲဗျ”

“ဆရာရယ် စာရေးကြီးထည့်ပေးလိုက်တဲ့စာက သူ့မိန်းမ ဆရာမပေးလိုက်တဲ့ စာကြီးပါ။ ဆရာမက အင်းစိန်မှာနေတာ။ သူ့ကွယ်ရာမှာ အရက်မသောက်ဖို့၊ မဟုတ်တာမလုပ်ဖို့၊ ပိုက်ဆံတွေသိပ်မသုံးဖို့ သတိပေးထားတဲ့စာကြီးပါ။ ဆရာမယုံရင် စာရေးကြီးကို ပြန်မေးကြည့်။ ကျွန်တော် ဘယ်တုံးကမှ ဆရာ့ကို လိမ်ညာပြီးမပြောခဲ့ဖူးပါဘူးဗျာ”

“နေပါဦးဗျာ၊ ခင်ဗျားသေပြီးလို့ (၇) ရက်လည်တဲ့နေ့မှာ ဆွမ်းသွတ်ပြီး အမျှဝေပြီးပြီလေ။ ခင်ဗျားသာစုမခေါ်လိုက်ဘူးလား”

“ကျွန်တော်ကြားတယ်။ ဒါပေမယ့် ဘယ်လိုလုပ်ပြီး သာဓုခေါ်လို့ရမှာလဲဗျာ။ အကြောင့် ဆိုတော့ ကျွန်တော့် လုံခြုံရေးတာဝန်ကျ ရှိနေသေးတယ်လေ။ ကျွန်တော့်အလုပ်တာဝန်ကနေ ဘယ်ကိုမှ ခွာလို့မရတော့ သာဓုလည်း ဘယ်မှာခေါ်လို့ရမှာလဲ ဆရာရယ်။ ကျွန်တော့်ကိုသတ်တဲ့ကောင်တွေကိုလည်း ကျွန်တော်ဖမ်းပေးပြီးပြီနော်။ ကျွန်တော့် အလုပ်တာဝန်ကို ကျွန်တော် တာဝန်ကျေအောင် ထမ်းဆောင်ပါ့မယ်။ ကျွန်တော့်ကို အလုပ်ကတော့ မထုတ်ပါနဲ့ ဆရာရယ်။ ဟောဟော- ထင်းပုံနားမှာ သူခိုးတွေ ကပ်နေပြီ ဆရာ၊ ကျွန်တော် စိတ်ချဘူး သွားတော့မယ် ဆရာ”

ပြောပြောဆိုဆို အလေးပြု အရိုအသေပေးကာ မြင်ကွင်းမှ ပျောက်ကွယ်သွားပါတော့တယ်။

▮

“ကဲ-စာရေးကြီး၊ ကျုပ်မေးတာကို အမှန်အတိုင်းဖြေဗျာ”

စက်ရုံအုပ်ကြီး၏ ဆိုင်းမဆင့်ဗုံမဆင့် စည်မဆော် တုံးတိုတိုမေးခွန်းကြောင့် စာရေးကြီးလည်း ကြောင်အမ်းအမ်းနဲ့ -

“ဘာများလဲ ဆရာ”

“ခင်ဗျား ဦးစောထီးဖြူရဲ့ အသုဘမှာ အမိန့်ပြန်စာထည့်မပေးလိုက်ဘူး မဟုတ်လား”

“ဗျာ- ဆရာ့ကိုဘယ်သူပြောလဲ။ ဖတ်တော့မဖတ်ဖြစ်ပါဘူး၊ ဆရာ့ရှေ့တင်ပဲ ကျွန်တော်ထည့်ပေးလိုက်တာ။ သူတို့မိသားစုရော ဘေးကဝန်ထမ်းတွေလည်း အမြင်ပါပဲ”

“ခင်ဗျားထည့်ပေးလိုက်တဲ့စာက အမိန့်ပြန်စာမဟုတ်ဘဲ ခင်ဗျား မိန်းမ ဆရာမ အင်းစိန်ကနေပေးလိုက်တဲ့စာ မဟုတ်ဘူးလား။ အမိန့်စာက ခင်ဗျားဆီမှာကျန်ပြီး စာရွက်မှားထည့်ပေးလိုက်တာ မဟုတ်လား။ ခင်ဗျားကျွန်တော့်ကို မညာပါနဲ့”

“ဗျာ”

အာမေဋိတ်သံထွက်ကျလောက်အောင်ကိုပဲ အံ့ဩသွားရပါပြီ။ ဒီကိစ္စကို ဘယ်သူ့ကိုမှ မပြောမိသလို မသိနိုင်တဲ့ ကိစ္စကို စက်ရုံအုပ်ကြီး ဘယ်လိုဘယ်ပုံ သိသွားသည်ဆိုတာကိုတော့ အံ့ဩမှုတွေ လွန်ကဲလို့။

“ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် စာမှားထည့်လိုက်မိတာပါ။ အလောင်းမြေမြှုပ်ပြီးလို့ အိမ်ရောက်တော့မှ အကျႌအိတ်ကတ်ထဲမှာ အမိန့်စာကျန်နေတာကို သိလိုက်ရပါတယ်။ သေပြီးတဲ့လူကလည်း အမိန့်စာမှ မဖတ်နိုင်တာ မဖြစ်လောက်ပါဘူးဆိုပြီ ကျွန်တော်မှိတ်ထားလိုက်တာပါ။ ဒီကိစ္စ ဆရာဘယ်လိုလုပ်ပြီးသိတာလဲဗျာ”

“ကျုပ်ကို အိပ်မက်ပေးပြောတာဗျ”

“အိပ်မက်ကလည်း ကွက်တိကျပါပဲ ဆရာရယ်”

“ကဲ- စာရေးကြီး၊ ညကျရင် အဲဒီအမိန့်စာကို စက်ရုံထဲမှာ ကြားလောက်အောင် အသံထွက်ပြန်ကြားပါ။ နောက်နေ့မနက်ကျရင် ဦးစောထီးဖြူရဲ့ မြေပုံမှာသွားပြီး အမိန့်ပြန်ပြီးတော့ မြေပုံမှာထားခဲ့ပါ”

“စိတ်ချပါဆရာ၊ ဒီတစ်ခါမမှားတော့ပါဘူး”

“စုံထောက်ကြီး ဦးရှုံးစားပြောသလိုမှားတဲ့အခါလည်း မှားပေမပေ့ါဗျာ ဆိုတာနဲ့တော့ အဆင်မပြေဘူးဗျ။ လာမယ့် တနင်္ဂနွေနေ့မှာ စက်ရုံကို ဘုန်းကြီးငါးပါးပင့်ပါ။ နေ့ဆွမ်းကပ်မယ်။ ဦးစောထီးဖြူအတွက် ဆွမ်းသွတ်ပြီး အမျှပေးဝေမယ်။ သင်္ကန်း၊ ဖိနပ်၊ ထီးယပ်အစုံ ကျွန်တော် ဝယ်မယ်။ အလှူအတွက် ကုန်ကျငွေ ကျွန်တော်ပေးမယ်။ စာရေးကြီးလုပ်ရမှာက တနင်္ဂနွေနေ့မှာ ဦးစောထီးဖြူအတွက် ဆွမ်း၊ သင်္ကန်း၊ ထီး၊ ယပ်၊ ဖိနပ် အားလုံး ရည်စူးပြီး လှူဒါန်းပေးမယ့်အကြောင်း သုသာန်မှာလည်းတစ်ခါတည်းဖိတ်ခဲ့။ စက်ရုံထဲရောက်ရင်လည်း နေ့ရောညပါဖိတ်ဗျာ။ ဒါမှ တစ်ချိန်မကြားတစ်ချိန်ကြားမှာ။ ဒီတစ်ခါတော့ အလွဲမခံနိုင်တော့ဘူးဗျာ”

▮

တာဝန်ထမ်းဆောင်ရင်း တမလွန်ဘဝကို ကူးပြောင်းသွားသူ ဝန်ထမ်းများအား ရည်စူးပြီး ပေးလှူခြင်း (ဒပတဒါန) ဟာ ကျန်ရစ်သူ ဆရာသမား၊ အလုပ်ရှင်ကြီးများ ပြုအပ်သောဝတ္တရား ဖြစ်ပါပေသည်။ လုပ်ငန်းတာဝန်အပေါ် အစွဲအလမ်းလွန်ပြီး မကျွတ်မလွတ်နိုင်သူ၊ ပေးဆပ်ရန် အလုပ်ကြွေး၊ ငွေကြွေး မကျေလို့ မကျွတ်မလွတ်နိုင်သူများအတွက် မွန်မြတ်တဲ့ လှူဒါန်းပူဇော်ခြင်းကို ပြုအပ်သည်လည်း မည်ပါတယ်။

အခုလည်း ဦးစောထီးဖြူအတွက် ရည်စူးဆွမ်းသွတ်အလှူပြီးသည်မှစ၍ ခြောက်လှန့်ခြင်း လုံးဝမရှိတော့ပါ။ သာဓုခေါ်ဆိုနိုင်ပြီး ကောင်းရာဘုံဘဝရောက်ရှိသွားပြီလို့ ယူဆရပါတယ်။

ယနေ့အချိန်အထိမှာတော့ အင်ဂျင်နီယာမှူး (စက်မှု/တိုင်း) အရာရှိကြီးမှ ဦးစီးပြီး နှစ်စဉ် ဝါဆိုသင်္ကန်း ကပ်လှူခြင်း၊ ပဌာန်းဒေသနာဖတ်ကြားကြည်ညိုခြင်း၊ စုပေါင်းရှင်ပြုဒုလ္လဘရဟန်းခံအလှူပွဲများ ကျင်းပလေတိုင်း ကွယ်လွန်သွားကုန်ပြီးသော ဝန်ထမ်းများအားလုံးကို စက်ရုံကြီးသို့ အချိန်ပေး ပင့်ဖိတ်ပြီး မေတ္တာပို့၊ အမျှအတန်း ပေးဝေပေးခဲ့သည်မှာ ကြာခဲ့ပါပြီ။ တာဝန်ချိန်မှာ ဝဲချာချာလည်နေကြရသူ ပရလောကသားဝန်ထမ်းများလည်း ကြုံဆုံရာ အလှူပွဲတစ်ခုခုမှာ သာဓုအနုမောဒနာခေါ်ဆိုနိုင်ကြမည်မှာတော့ အသေအချာပါ။

တာဝန်ကို ဦးလည်မသုန် ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းအပေါင်းအား ဦးညွှတ်လျက်။

သဗ္ဗေသတ္တာကမ္မသကာ

ပန်းမြိုင်လယ်-စိန်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



# သန့်ဇင်

(ရက္ခစိုးတို့၏အငြိုး)

ဆောင်းနံနက်ခင်းသည် မြူနှင်းတို့ကြားမှ ပိုးတဝါးအလှဖြင့် ကပိုကရို နိုင်လှသည်။ စိမ်းမြနေသော မြက်ခင်းတို့သည် နှင်းသီးဥလေးများ တွဲခိုလျက်ယိမ်းကနေကြ၏။ ယာခင်းသည် ကန်စွန်း၊ ချဉ်ပေါင်၊ ပန်းဂေါ်ဖီ၊ ဆလတ်၊ မုန်ညင်းစိုက်ခင်းများဖြင့် စိမ်းလန်းသာယာပါပေစွ။ ယာခင်းစပ်မှ အင်းရေပြင်သည် ရေခိုးများထလျက်ရှိနေသည်။ အင်းစပ်သို့ တိုးထွက်နေသော ကျွန်းစွယ်တန်းသည် ဝါးရုံပင်ကြီးများဖြင့် လှပနေသည်။ ဗီရိယကြီးလှသော ဗျိုင်းငှက်တစ်အုပ်က အင်းစပ်မြက်တောအလယ်၌ လှုပ်လှုပ်ရွရွ ရှိနေသည်။ တင်ကျီးငှက်လေးတစ်ကောင်သည် ရေခိုးတို့ဝေနေသော ရေပြင်မှာ ရေငုပ်ပြီး ငါးရှာလိုက်၊ ကမ်းစပ်ရှိ ညောင်ကိုင်းမှာနား၍ အတောင်နှစ်ဖက်အားဖြန့်ပြီး ရေစက်များခါလိုက်ဖြင့် အလုပ်ရှုပ်လျက်ရှိသည်။ ငှက်လေးတွေ ကိုယ်စီကိုယ်စီအလုပ်ရှုပ်နေကြပေမယ့် တင်ကျီးလည်း တစ်ဝမ်းပါပဲ။ ဗျိုင်းလည်း တစ်ဝမ်းပါပဲလေ။

▮

ကိုဒွေးဝင်း ပန်းဂေါ်ဖီခင်းအား ကြည့်ပြီး စိတ်ပျက်နေ၏။ ဂေါ်ဖီပွင့်တို့ ဖူးစမှာ မြေအောင်းပိုးတို့ ရွရွတက်လာပြီး အဖူးတွင်းသို့ တိုးဝင်ကြလေပြီ။ အပွင့်မှာက ထင်သလောက် မကြီးတော့။ ကုန်သည်ဆီက ဒီအခင်းအတွက် ငွေကိုကြိုယူပြီးနေ၏။ အခင်းကမကောင်း၍ သူမျက်နှာပျက်ရတော့မည်။ ပိုးမွှားတို့ ပိုးသတ်ဆေးများပြီးနေကြသလား။ အစ်မကတော့ စိတ်မာတ်မကျဘဲ စိုက်ခင်းအား ရေထမ်းပြီး တစ်ကန့်ပြီးတစ်ကန့် လောင်းလျက်။ တစ်ဖက်ရှိ ကုန်းကန်စွန်းခင်းနှင့် ဟင်းနုနယ်ခင်းတို့သည် နှင်းသောက်ထားသဖြင့် စိမ်းလန်းခြင်းအတိပြီးနေ၏။ ကိုဒွေးဝင်း စိတ်ပျက်လာ၍ စိုက်ခင်းအစပ် ညောင်ပင်ကြီးအောက်၌ ထိုင်ချလိုက်သည်။ သနပ်ဖက်ဆေးလိပ် မသောက်နိုင်၍ သတင်းစာစက္ကူပတ် ဆေးလိပ်အား မီးညှိပြီး သက်ပြင်းနှင့်အတူ မီးခိုးငွေ့တို့အား မှုတ်ထုတ်လိုက်သည်။ လေအဝှေ့မှာ ညောင်ရွက်များက တဖြုတ်ဖြုတ်ဖြင့် ဝဲလျက် ကြွေကျနေကြသည်။ ပျံလွှား၊ ဆက်ရက်ငှက်လေးများက သစ်ကိုင်းဖျား၌ နားခိုနေကြပြီး တကျီကျီဖြင့် အော်မြည် နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုဌေးဝင်းသည် ညောင်ပင်ကြီး [illegible]ကြည့်နေမိသည်။ ကြည့်ရင်း [illegible] စိတ်ထဲမှ မကျေနပ်ချက်များအား [illegible]ချင်လာ၏။ ပထမတော့ [illegible]ဘဲ မျိုသိပ်ကြည့်သေး၏။ မရပါ။ [illegible]တော့ ပြောမိပါတော့သည်။

"ဒီမယ် ရုက္ခစိုးကြီး၊ ကျုပ်စိုက်ခင်း [illegible] ပိုးကျကုန်ပြီဗျ။ ရုက္ခစိုးကြီးက [illegible]အသင်းဖြစ်နေပြီးတော့ နည်း[illegible]မှု မကူညီဘူး။ ကျုပ်ဒုက္ခ[illegible]မှာကို ကြည့်ရက်သလား။ အခု[illegible] ကုန်စိမ်းသည်တွေက ကျုပ်ကို [illegible]တော့မှာဗျ။ ကြည့်လုပ်ပေးပါဦး [illegible]"

သူ အားရအောင်ပြောပြီး ညောင်[illegible]အား မို့လျက် ခပ်လှမ်းလှမ်းရှာ[illegible] လှမ်းကြည့်မိသည်။ နှင်းအကွဲ[illegible]ခင်းနေရောင်မှာ လူတစ်စု သူ့စိုက်[illegible] လာနေသည်ကို တွေ့ရ၏။ ဘုန်း[illegible]စ်ပါးလည်း ပါသည်။ လူလုံးကွဲ[illegible] အရှေ့ကျောင်းမှ ဦးပဥ္စင်းနှင့် ရွာမ[illegible]များ ဖြစ်နေကြသည်။ သူတို့[illegible] ကိုဌေးဝင်းစိုက်ခင်းသို့ ရောက်[illegible]ကြသည်။

"ဦးပဥ္စင်းကြီး ဘာကိစ္စနဲ့ ကြွလာ[illegible]။ ဒီလူတွေမှာလည်း ရဲတင်း၊ [illegible]တ်ဓားမတွေနဲ့"

"ဒကာကြီး၊ ငါတို့ကျောင်းမှာ [illegible]ပြတ်နေပြီ။ မင်းညောင်ပင်ကို လှဲ[illegible]"

"ဟာ - မလုပ်ပါနဲ့ဗျာ။ တပည့်[illegible]စိုက်ခင်းမှာ အရိပ်ရတာ ဒီညောင်[illegible]ရှိပါတယ်"

"ကျုပ်မသိဘူး၊ ဆရာတော်အမိန့်[illegible]တယ်"

ဆရာတော်အမိန့်ဆိုသောကြောင့် [illegible]ဌေးဝင်း ပါးစပ်ပိတ်သွားရ၏။ ဆရာ[illegible]က အင်းစွမ်းသည်ဟု နာမည်ကြီး[illegible]သည် မဟုတ်လား။ တော်ကြာ သူ့ကို အင်းနှင့်ကိုင်လိုက်လျှင် သူခံသွားရမှာ ကြောက်လှပါ၏။ ကိုဌေးဝင်း စိတ်ပျက်ပျက်ဖြင့် ညောင်ပင်ကြီးကို နောက်တစ်ကြိမ် မော့ကြည့်မိပြန်ပါသည်။

အင်း- ရုက္ခစိုးကြီးရယ်၊ ခင်ဗျားနဲ့ကျုပ်နဲ့ ခုမှ ဘဝတူသွားတော့တယ်။ နတ်မှာလည်း နတ်ဒုက္ခ၊ လူမှာလည်း လူဒုက္ခနဲ့။ တော်တော်ရှုပ်ပွေတဲ့ လောကကြီးပါလား။

ဦးပဥ္စင်းက အင်းချပ်စက္ကူအား သစ်ပင်မှာကပ်၍ ရုက္ခစိုးအား နေရာပြောင်းရွှေ့ရန် အမိန့်ပေးနေသည်။ သူက နေရာသာ အတင်းပြောင်းခိုင်းနေ၏။ ရုက္ခစိုးက ဘယ်နေရာသွားနေရမှန်း မသိ။ မြက်ဖုတ်ပေါ်မှာ ကပ်နေရမှာလား၊ ဘူးစင်မှာပဲ တွဲလွဲခိုနေရမှာလား၊ ဝါးရုံပင်အခေါင်းထဲ ချောင်တိုး၍နေရမည်လား။ ကာယကံရှင် ရုက္ခစိုး မပြောနှင့်၊ ကိုဌေးဝင်းပင်လျှင် နေစရာစဉ်းစားကြည့်ပြီး ခေါင်းရှုပ်လာ၏။ ဘုန်းကြီးကပ္ပိယတွေကတော့ ထင်းခုတ်ဓားမ၊ ရဲတင်းများဖြင့် ညောင်ပင်ကြီးအား ဓားသိုင်းအစွမ်းပြနေကြပြီ ဖြစ်သည်။

"နေကြပါဦးဗျာ၊ ကျုပ် တစ်ခုလောက် တောင်းပန်ပါရစေ"

ဦးပဥ္စင်းကြီးက -

"ဘာလဲ ဒကာကြီး၊ ဘာပြောမလို့လဲ"

"ဒီလိုလုပ်ပါလား။ ခုတ်တာလည်း ခုတ်ပေါ့ဗျာ၊ အကုန်မခုတ်ဘဲ နတ်နေကိုင်းလေးတော့ ချန်ထားခဲ့ပါလား။ ပြီးတော့ လူနေဖို့ ပင်စည်ကို ပိုင်းမသွားကြပါနဲ့၊ ချန်ထားပေးခဲ့ပါလားဗျာ။ ကျွန်တော်တို့ စိုက်ခင်းသမားတွေက ထမင်းစား၊ ရေသောက်နားကြရင် ဒီညောင်ရိပ်လေးပဲ မှီခိုနေရတာ"


ကိုဌေးဝင်း၏ညောင်နာနာစကားသံသည် ဦးပဥ္စင်းကြီး၏ရင်ထဲကို ဟာတ်ထိသွားပြီ ဖြစ်၏။ ဦးပဥ္စင်းကြီးက ခေါင်းတညိတ်ညိတ်ဖြင့် ညောင်ပင်ခုတ်နေသော သူ့လူတွေအား အမိန့်ပေးလိုက်သည်။

"ပင်စည်ကြီးနဲ့ နတ်နေကိုင်းတစ်ကိုင်းချန်ထားခဲ့ပါကွာ။ ရုက္ခစိုးက တော်တော်၊ ဒကာဌေးဝင်းကိုကြည့်ပြီး ငါစိတ်ဆင်းရဲလာပြီ"

ကပ္ပိယတွေက ပင်စည်အမြင့်ပေ (၂၀) ခန့်နှင့် အကိုင်းတစ်ကိုင်းချန်ထားလိုက်ကြသည်။ နဂိုမူလက အခက်၊ အရွက်၊ အကိုင်းတို့ဖြင့် ဝေဆာနေသော ညောင်ပင်ကြီးမှာ ငုတ်စိစိအကိုင်းတစ်ကိုင်းတည်းဖြင့် ကိုရီးယားစတိုင် ခေတ်လူငယ်တစ်ယောက်၏ဆံပင်ကဲ့သို့ ဖြစ်သွားရှာလေသတည်း။သစ်ကိုင်းကြီးများအား ခုတ်ထစ်ဖြတ်တောက်၍ ထော်လာဂျီဖြင့် သယ်သွားပြီးနောက် ပူပြင်းလှသော နေ့လယ်ခင်းအခါသမယ၌ စိုက်ပျိုးရေးသမားကြီး ကိုဌေးဝင်းတစ်ယောက်မှာမူကား နေအပူအား ရှောင်လွှဲရန်အလို့ငှာ ညောင်ပင်ကြီး၏ပင်စည်အား ဝိုင်းကြီးပတ်ပတ်ဒူဝေဝေကစားသည့်နှယ် ပတ်ချာလည်၍ အရိပ်ခိုရရှာလေတော့သတည်း။

▮

အစ်မဖြစ်သူ မသန်းက ကုန်းကန်စွန်းပင်ပေါင်တန်းတစ်လျှောက် မြေဆွပြီး ကြက်ချေးမြေဩဇာများချနေသည်။ ကိုဌေးဝင်း ချဉ်ပေါင်ခင်းအားရေလောင်းပြီးသွား၍ ရွာစပ်မှ ကိုပုဂံတောင်နှင့် ဦးကရင်ကြီးအား အော်ခေါ်လိုက်သည်။



www.burmeseclassic.com

သူတို့မောင်နှမနှစ်ယောက်မှာ အလုပ်ခွင်မှ နားချိန်လေး၌ ဘယ်နေရာမှာ ခိုနားရမည် မသိပါ။ ရန်ကုန်နေကလည်း ဆောင်းတွင်းဆိုပေမယ့် နေမြင့်လာလျှင် အလွန်ပူသည်။ မသန်းသမီး အငယ်မကတော့ ပြောသည်။ သူက ဆယ်တန်းကျောင်းသူ ဆိုတော့ ဗဟုသုတရှိမည်ပေါ့။ ဘာတဲ့ - ကမ္ဘာကြီး အိုဇုန်းလွှာပေါက်နေလို့ ပိုပြီးပူလာတာတဲ့။ ဖြစ်နိုင်လျှင် ထိုအပေါက်ကြီးကို လေှအပေါက်ဖာသလို ပွဲ့လျက်ဖြင့် တက်ဖာလိုက်ချင်သည်။

ကိုပုဂံတောင်နှင့် ဦးကရင်ကြီးတို့ ရောက်ချလာသည်။

"လာကြဗျာ၊ ကျုပ်ကို ကူညီကြပါဦး။ဒီညောင်ပင်အောက်မှာ တစ်ဖက်ယပ်တဲလေးထိုးပေးကြပါ။ နေပြင်းလို့ ခိုစရာမရှိတဲ့ ကျုပ်တို့မောင်နှမနှစ်ယောက်ကို သနားကြပါဦး"

"ဟဲ့- ဌေးဝင်း၊ တစ်ဖက်ယပ်တဲလေးများ သူများသွားပြီး အပူကပ်နေတယ်။ ကိုယ့်ဟာကိုယ်ထိုးပါလား"

အစ်မဖြစ်သူက စိုက်ခင်းထဲမှ လှမ်းအော်ပြောသည်။ ကိုဌေးဝင်းအချိုးကလည်း လူသူပြောစရာဖြစ်၏။ အလုပ်က နည်းနည်း၊ အာဖျံ့ရှီးအလွန်များ၏။ ထန်းရည်လေးတစ်ခွက်လောက် ဗိုက်ထဲရောက်မသွားလိုက်နှင့်၊ ပါးစပ်မှ စကားများက စက်သေနတ်ပစ်သကဲ့သို့ တရစပ်ထွက်လာတတ်၏။ ဦးကရင်တို့ကတော့ ကိုဌေးဝင်း၏အကြောင်းသိများပီပီ ဝါးနက်လေးလုံးတိုင်စိုက်၍ တန်းထိုးပြီး ဓနိဟောင်းများဖြင့် မိုးပေးလိုက်တော့သည်။ ဘာမှမကြာလိုက်ပါ။ တစ်ဖက်ယပ်တဲလေးပြီးသွား၏။

"ဌေးဝင်း၊ မင်း ငါတို့ကို အဖြူတစ်လုံးတော့တိုက်ကွာ"

"တိုက်ပါတယ်ဗျ။ ဘဲတဲမှာသာ ကျုပ်နာမည်ပြောပြီးဝင်ယူသွား"

"ဟော့ကောင်၊ ပိုက်ဆံပေးဖြစ်အောင် ပေးလိုက်နော်"

သူတို့နှစ်ယောက် အင်းစပ်ဘဲမွေးမြူရေးတဲဘက်သို့ ထွက်သွားကြသည်။ အင်းစပ်ခြံထဲမှ ဘဲများသည် ရေထဲသို့ ဆင်းချင်ပြီဖြစ်၍ 'ဂတ် ဂတ်' ဟု အသံကုန်အော်ဟစ်ကြပြီး ဆန္ဒပြနေကြပြီ ဖြစ်သည်။ ဘဲခြံပိုင်ရှင်က ဝါးကပ်တံခါးအားဖွင့်ပေးလိုက်သောအခါ ဘဲသတ္တဝါတို့သည် ဘဲဇောင်းမှလွတ်သော ဘဲတို့၏ အော်ဟစ်ဆူပူခြင်းမျိုးဖြင့် အတောင်နှစ်ဖက်အား ဖျတ်ဖျတ်မြည်အောင်ခတ်ပြီး အင်းရေစပ်သို့ ဆင်းပြေးကြတော့သည်။

ရေပြင်မှာ ဆူညံစွာ ကူးခပ်နေသော ဘဲအုပ်ကြီးကြောင့် ရေငုပ်၍ ငါးရှာနေကြသော တင်ကျီးငှက်တချို့ လန့်ဖျပ်ပြီး ရေပေါ်တက်လာကြသည်။ ဘဲအုပ်နှင့် တင်ကျီးငှက်တို့ အစာရှာနေကြသော အင်းရေပြင်သည် ကျနေမှာ အရောင်တဖျပ်ဖျပ်ဖြင့် လက်လက်ထလျက်။ နေအစောင်းမှာ လေကြောင်းကျလာပြီဖြစ်၍ အင်းစပ်မှ ဝါးရုံပင်တို့သည် ညှင်းသဲ့သဲ့မျှ လှုပ်ခါကုန်ကြသည်။ မကြာမီ မြို့ဈေးမှ ကုန်စိမ်းသည်တို့ ခြံထွက်ဟင်းသီးဟင်းရွက်များ ဝယ်ယူရန် ရောက်လာကြတော့သည်။

▌

"ဆရာတော် ဆိုတော့ ကျုပ်တို့လည်း မပြောသာဘူးဗျာ။ ဟိုနေ့ကလည်း အောက်စွန်းက ညောင်ပင်ကြီးကို အောက်ခြေက ပိုင်းသွားကြတယ်။ ထင်းလိုလို့တဲ့ဗျာ"

ဦးကရင်ကြီးက လက်ဖက်တစ်ဖွန်းခပ်စားရင်း ပြောလိုက်သည်။ ကိုပုဂံတောင်သည် ရေနွေးကြမ်းအား တဖူးဖူးမှုတ်ရင်း ခေါင်းတညိတ်ညိတ်ရှိလေ၏။

"ဘုန်းကြီးက အင်းအားကိုးနဲ့ ညောင်ပင်တွေပဲ လိုက်ခုတ်နေတာ။ ညောင်ပင်တွေလည်း နာဂစ်မုန်တိုင်းတုန်းက မသေဘဲ ဘုန်းကြီးလက်ချက်နဲ့ ရှောဘရားသားပြကုန်ပြီ"

"မင်းတို့ မကြားမိလိုက်လို့။ ဟိုတစ်လောက ဘုန်းကြီးတပည့်တွေ ဝါးပိုးရုံကြီးနောက်က ညောင်ပင်ကြီးခုတ်သွားပြီးနောက် ဘာဖြစ်သွားလဲ သိလား"

"မသိဘူး၊ ပြောစမ်းပါဦး"

"အဲဒီညောင်ပင်ကြီးနဲ့ ငအောင့်တဲက သိပ်မလှမ်းလှတော့ ညဘက်မှာ သူ မြင်နေရတာတဲ့။ သူတစ်ယောက်တည်း မအိပ်ရဲလို့ ကုန်းပေါ်တက်လာပြီး ငါ့တဲမှာလာအိပ်ရင်းပြောသွားတာ"

"ခင်ဗျားကလည်းဗျာ၊ အစချီနေလိုက်တာ ကြာနေပြီ။ ပြောမှာသာပြောစမ်းပါ"

ဦးကရင်ကြီးက လက်ဖက်တစ်ဇွန်းအား လှမ်းနှိုက်လိုက်ပြန်၏။

"ဒီလိုကွ၊ အဲဒီညောင်ပင်က ရုက္ခစိုးရှိပုံမရဘူး။ ဒါပေမယ့် မည်းမည်းအကောင်ကြီးကွ။ ငါ့အထင် သရဲဖြစ်ပုံရတယ်။ ညောင်ပင်ခုတ်ပြီး ညဘက်လည်းရောက်ရော အဲဒီမည်းမည်းအကောင်ကြီးက ညောင်ငုတ်တိုပေါ် ခုန်တက်လိုက်၊ အောက်ကိုခုန်ဆင်းလိုက်နဲ့ တော်တော် မကျေမနပ်ဖြစ်နေပုံရတယ်။

ငအောင်လည်း အသံကြားလို့ လှမ်းကြည့်လိုက်မှ တွေ့ရတာ။ ညောင်ငုတ်တိုကလည်း မီးလောင်ထားသလို၊ မီးကျီးခဲကြီးလို ရဲနေတာပဲတဲ့။ မီးလောင်ရေအောင်ကလည်း တစ်ညနေလုံး အနီးကစိုက်ခင်းမှာ သူရှိနေတာ ဘာမှမဖြစ်ဘူးတဲ့။ ငအောင်လည်း ခပ်လှမ်းလှမ်းကတွေ့ပြီး ငါတို့ကုန်းဘက်ထွက်လာတာ၊ လှမ်းကြည့်တော့လည်း မီးခိုးလည်း မထွက်ဘူး။ မနက်ရောက်လို့ သူစိုက်ခင်းကိုအပြန် ညောင်ငုတ်တိုအနားကဖြတ်သွားတော့ မီးကျွမ်းရာလည်း မရှိဘူး"

"အင်း - ဘုန်းကြီး အင်းအစွမ်းပြချင်တာနဲ့၊ ကျောင်းမှာ ထင်းလိုတာနဲ့ ငါတို့နားက ညောင်ပင်တွေလည်းကုန်ပြီ"

ကိုဌေးဝင်းတို့ရွာသားများကတော့ ညောင်ပင်ဆိုလျှင် မထိရဲကြပါ။ ရုက္ခစိုးအား ပမာမခန့်မလုပ်ကြ။အရှေ့ကျောင်းဘုန်းကြီးက လောကီပညာများ လိုက်စားသဖြင့် တန်ခိုးရှိသည်ဟု နာမည်ထွက်နေ၏။ ဘာပဲဖြစ်ဖြစ် သူပြဿနာ သူရှင်းရမည် ဖြစ်သည်။ ကိုဌေးဝင်းတို့လို ရွာသားများနဲ့ မဆိုင်ပါ။ လသာနေသဖြင့် တာပေါင်ရိုးပေါ်မှာ ရောက်တတ်ရာရာ စကားဝိုင်းဖွဲ့နေကြခြင်း ဖြစ်ပါသည်။

ဆောင်းလေမြူးသဖြင့် အအေး... လာနေ၏။ မီးဖိုမှ မီးညွန့်လေးများက ဟိုဒီလွန့်လူးလျက်။ အနီးမှာ ငုတ်ရိုက်၍ ကြိုးချည်ထားသော နွားနှစ်ကောင်က တစ်နေ့ခင်းလုံး စားထားသမျှအား စားမြုံ့ပြန်နေကြသည်။သူငယ်အိပ်ဆိတ်... ကြက်ပင်တွန်နေပြီ။ မကြာမီ ညဉ့်နက်... လာတော့မည်။ မီးဖိုလေးသည် အငွေ့... သဲ့သဲ့မျှသာရှိတော့သည်။ စကားဝိုင်း... သိမ်းပြီး ကိုယ့်တဲကိုယ်ပြန်သွားကြတော့သည်။ ရွာလေးကား အိပ်မောကျ... နေပြီ ဖြစ်ပါတော့သည်။

▌

ဘဲတဲ၊ ဝက်ခြံမှ ဝက်တစ်ကောင်... သေသည်။ ဘဲခြံပိုင်ရှင် ကိုစိုးက ဘာ... ကြောင့်မှန်းမသိ သေသည်ဟု ပြော... သည်။ အကြောင်းပြကောင်းအောင်... ပြောတာဖြစ်မည်။ လောလောဆယ်မှာ... တော့ တစ်ပိဿာတွဲများတွဲနေပြီ ဖြစ်... သည်။ ဟိုတဲဒီတဲမှ တစ်တွဲစီလာ... သွားကြသည်။ ပိုက်ဆံကိုတော့ စိုက်ခင်း... ပေါ်မှ ပေးလို့ရသည်။ ဘဲခြံရှင် ကိုစိုး... သည် သူမွေးထားသော ဝက်များ... ဟိုကြောင့်ဒီကြောင့်အကြောင်းပြ... ဝက်...



www.burmeseclassic.com

www.burmeseclassic.com

သေပြီပြောပြီး ဝက်သားရောင်းနေကျဖြစ်သည်။ ရွာလူကြီးကလည်း တစ်တွဲဆိုတော့ မသိချင်ယောင်ဆောင်နေ၏။

အစ်မက ဝက်သားဟင်းချက်နေသည်။ ကိုဌေးဝင်း ဟင်းနုနယ်ခင်းအား ကြက်ချေးချနေသည်။ မြေဩဇာချပြီး နောက် တစ်ပတ်ဆိုလျှင် အပင်များ ထောင်လယ်ခန့်ရောက်မည်။ ကြက်ချေး ချပြီး ရေနိုင်နိုင်လောင်းမှ ဖြစ်မည်။ ကြက်ချေးက အလွန်ပူသည်။ သို့သော် တစ်လအတွင်း ဖောက်သည်ထံ အမြန် ရောက်မှ ငွေပေါ်မည် မဟုတ်လော။ ထို့အတွက် အာမို၊ မြေဆီ၊ ကြက်ချေး အား လိုင်လိုင်ကျွေး၍ ရေမပြတ်အောင် လောင်းမှ အပင်တွေဖြစ်လာမည် ဖြစ်သည်။

ဒါက ရန်ကုန်ဟင်းသီးဟင်းရွက် ဈေးထွက်သို့ပို့နေရသော ကိုဌေးဝင်းတို့ ရွာ၏ စိုက်ပျိုးရေးသမားတွေ၏ အရင်းအနှီးများဖြစ်သည်။ တချို့ကလည်း ငွေရှိသည့် အက်(စ်)တာလိုပန်းပင်များ အား အခင်းကြီးတွေဖြစ်အောင် အရင်းအနှီးထုတ်ပြီးစိုက်ကြသည်။ ကိုဌေးဝင်း ကတော့ သူတို့လောက် ငွေရင်းမတတ်နိုင်၍ ပန်းဂေါ်ဖီ၊ ချဉ်ပေါင်၊ ကန်စွန်း၊ ဟင်းနုနယ်လောက်နှင့် ကျေနပ်နေရသည်။

"ဌေးဝင်း၊ ဆွမ်းချိုင့်ပြင်ပြီးပြီ။ ကျောင်းကိုသွားပို့တော့"

"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော် တစ်ခါတက်စတည်း ပါဒကြီးကြက်ခြံတွေဘက် သွားလိုက်မယ်။ ကြက်ချေးကုန်နေပြီ အစ်မ"

"ဒါဆိုရင်လည်း ပိုက်ဆံတစ်ခါတည်းယူသွား။ လက်ငင်းရှင်းပြီးတာနဲ့ ပို့လာဂျိန့် ဘူးစင်အောက်အထိပို့ခိုင်း"

ကိုဌေးဝင်းတဲမှ ချိုင့်ကိုဆွဲ၍ထွက်လာခဲ့သည်။ သူတို့လို စိုက်ခင်းသမားတွေက နေ့စဉ် ဟင်းကောင်းမစားနိုင်ကြ။ တစ်ခါတလေ တံငါသည်တွေက ငါးနှင့် ဟင်းသီးဟင်းရွက်လဲသည့်အခါ မှသာ ငါးလေး၊ ဖားလေး စားနိုင်ရာသည်။ နေပူစပ်ခါး ပေါက်တူးတစ်လက် ကိုင်၍ ရုန်းကန်နေကြရသော်လည်း ထမင်းနပ်မှန်ရုံသာရှိ၏။ မိုးတွင်းရေ တက်လာလျှင် စိုက်ခင်းမြေကွက်များ ရေလွှမ်းကုန်သဖြင့် ကုန်းပေါ်တက်ပြီး နေကြရသည်။ ဒီအခါမှာတော့ ဖြစ်သလို ဘောက်အလုပ်ရှာလုပ်၍ ဝမ်းကျောင်းကြရုံသာရှိကြသည်။

"ဝုတ်. . . ဝုတ်. . . ဝုတ်"

ဘုန်းကြီးကျောင်းဝရောက်တော့ နေက်နှစ်ကောင်က ထိုးဟောင်သည်။ ကျောင်းသို့မရောက်တာ ကြာပြီဖြစ်၍ ခွေးများကပင် မမှတ်မိချင်တော့ပါ။ ခွေးဟောင်သံ ကြားရသဖြင့် ဆရာတော် ကျောင်းပေါ်မှ လှမ်းကြည့်သည်။

"ဌေးဝင်းပါလား။ ဟဲ့ - ကျောင်းသား၊ ခွေးတွေကို မောင်းလိုက်စမ်း"

ဆရာတော်သည် လက်ကပုတီးအား မချဘဲ သက်နှ်းရုံ၍ ပြင်ထိုင်လိုက်သည်။ ကိုဌေးဝင်း ကျောင်းပေါ်တက်ပြီး ဘုရားရှင်ရုပ်ပွားတော်အား ဦးချ၍ ဆရာတော်အား ကန်တော့၏။

"ဌေးဝင်းကြီး၊ မင်းမရောက်တာ ကြာပေါ့။ ငါတောင် မင်းကို လူလွှတ်ပြီး ခေါ်ခိုင်းတော့မလို့"

"ဘာအကြောင်းများ ရှိပါသလဲ ဘုရား။ ခိုင်းစရာရှိရင် ချက်ချင်းအခေါ်ခိုင်းလိုက်ပေါ့။ တပည့်တော် ချက်ချင်းလာမှာပေါ့။ အခုလည်း မနက်က ဝက်သားတစ်တွဲရလာလို့ အစ်မက ဆွမ်းဟင်းချက်ပြီး ကျောင်းပို့ခိုင်းလို့ပါ ဘုရား"

"တခြားကိစ္စတော့ မဟုတ်ပါဘူး ကွာ။ မင်းကွင်းထဲကကောင်တွေ ညည ဆို ငါ့ကို ဝိုင်းနေကြတယ်။ ကောင်းကောင်းကို အိပ်လို့မရပါဘူးကွာ"

"ဘယ်ကောင်တွေလဲ ဘုရား။ ရွာကအကောင်တွေဆိုရင် တပည့်တော် သွားဟောက်လိုက်ပါ့မယ်"

"ဘယ်ကရှိရမလဲ ဌေးဝင်းရာ၊ ရွာသားတွေက ငါ့လာဝိုင်းရဲပါ့မလား"

"ဒါဆိုရင် ဘယ်သူတွေလဲဘုရား"

"မင်းအပင်က ရုက္ခစိုးတွေလည်း ပါတယ်၊ အနောက်ဘက် ငအောင့်တဲ နားက မည်းမည်းအကောင်ကြီးလည်းပါ တယ်။ ရုက္ခစိုးတွေတော်တော်များတယ်။ ငါ့ကို တရားစွဲမယ်တဲ့။ ပြီးတော့ ညဘက် ရောက်တာနဲ့ ခြင်ထောင်ဘေးနားဝိုင်း လာကြတာ ငါ့ပုတီးနဲ့ရမ်းလိုက်မှ ရှဲသွား ကြတယ်။ မပြန်ကြဘူးကွ၊ ခပ်လှမ်းလှမ်း ကနေ ပတ်ချာလည်ပြေးနေကြတာ။ ပုတီးလေးချပြီး ကုဋီတက်မယ်ကြံတာနဲ့ ဝိုင်းလာကြပြန်ပါရော။ ငါ့လက်က ပုတီး ကို အမြဲစိပ်နေရတယ်။ ဒီပြင်ဆို ငါ့ကို ဘာလုပ်ကြမလဲ မသိဘူးကွ"

"အရှင်ဘုရားက မေတ္တာမပို့ဘူး လား"

"မေတ္တာပို့တော့ လက်မခံဘူးတဲ့။ သူတို့ညောင်ပင်တွေကို ခုတ်တုန်းက မေတ္တာရပ်ခံခဲ့တာ မဟုတ်ဘူးတဲ့။ အင်းပြားကပ်ပြီး အတင်းနှင်ချလို့ မကျေနပ် ဖြစ်နေကြတာ။ ဘုန်းကြီးပုတီး လက်က လွတ်တာနဲ့ သူတို့အကြောင်းသိမယ်လို့ပဲ ကြိမ်းဝါးနေကြတယ်"

"ဒါဆိုလည်း ပုတီး လက်ကမချနဲ့ ပေါ့ ဘုရား"

"ခက်တာပဲကွာ။ မင်းအခင်က အကောင်ကြီးကတော့ မင်းနဲ့ ရင်းနှီးပါ တယ်။ ဒီအပင်ကို ငါ့တပည့်က အကုန် မခုတ်ခဲ့ပါဘူးတဲ့။ မင်းပြောပေးစမ်းပါ။ ကျန်တဲ့အကောင်တွေကို ထိန်းထားပေး ပါလို့၊ ကြားလား"

ကိုဌေးဝင်း ဆရာတော်အား ဦးချကန်တော့၍ စေ့စေ့ကြည့်သော် ဆရာတော်မှာ အတော်လေး တုန်လှုပ်နေဟန် ရှိသည်။ လောကီပညာရပ်များကား အနိမ့်၊ အမြင့် အစွမ်းထက်မှုအဆင့်များ စွာရှိပါလား။ သူ့ထက်သူ လူစွမ်းကောင်း တွေ ပေါ်နေကြပါလေရဲ့။ ကိုဌေးဝင်း ပါဒကြီးကြက်ခြံဘက်အသွား စဉ်းစား လာခဲ့သည်။ သူ့ညောင်ပင်မှရုက္ခစိုးကြီး ကို ဘယ်လိုပြောရပါ့မလဲ။ အင်းပိုင်ကြီး ကို ကြက်နှင့်မြှောက်၍ပြောခိုင်းရမလား။ ဒါမှမဟုတ် ကွင်းစပ်မှာ ရုက္ခစိုးတွေကို ကုလားအချိုမုန့်တွေဆက်ပြီး ဖယောင်း တိုင်ထွန်း၍ မေတ္တာရပ်ခံရမလား။ တော်ကြာ ကျွေးသည့်မုန့်တွေစားသွားပြီး ဒေါသမပြေသေးလျှင် သူ့မုန့်ဖိုးသာဆုံး၍ သူ ကြားညပ်အဆစ်ပါမှာလည်းစိုးရသေး သည်။ ရှုပ်ပါတယ်လေ။ ညနေ ပြန် ရောက်မှ ညောင်ပင်က ရုက္ခစိုးကြီးကို မေတ္တာရပ်ခံကြည့်တာပေါ့။ မရတော့ လည်း ဘာတတ်နိုင်မှာလဲ။ ဘုန်းကြီးပဲ၊ သူတို့ ဘာမှတော့လုပ်နိုင်မှာမဟုတ်ပါ ဘူး။

▮

ညနေ အလုပ်သိမ်းပြီး၍ ရေမိုး ချိုးပြီးသော် သူ ညောင်ပင်မှာ ပန်းကန် လေးတစ်ချပ်နှင့် ထန်းလျက် (၅) ခဲတင် လိုက်သည်။ ဖယောင်းတိုင်၊ အမွှေးတိုင် များထွန်းပြီး ဘုန်းကြီးနှင့် ရုက္ခစိုးများ၏ စစ်ပြေငြိမ်းရေးအတွက် ငြိမ်းချမ်းရေး ကိုယ်စားလှယ်လုပ်ရ၏။ 'အမိုက်အမဲ လေးတွေကို ခွင့်လွှတ်ပါ အရှင်ကြီး' ဟု ပြောရအောင်ကလည်း အမိန့်ပေးပြီး ခုတ်ခိုင်းသူက ဘုန်းကြီးဖြစ်နေ၍ ကိုဌေး ဝင်း မည်သို့လျှောက်ရမှန်းမသိ။ နောက် ဆုံးတော့ တတ်သမျှ မှတ်သမျှ ရွတ်ရ တော့သည်။

"ဘုန်းကြီးကျောင်းအတွက်သုံးတာ သံဃာတော်ပဲဗျာ၊ ခွင့်လွှတ်လိုက်ကြပါ"

ဟု ပြောဆိုခဲ့ရသည်။

▮



www.burmeseclassic.com

www.burmeseclassic.com

ထိုညက ကိုဒွေးဝင်း တာရိုးပေါ်ရှိ သူ့တဲသို့ပြန်မအိပ်ပါ။ ပန်းဂေါ်ဖီခင်းက အပွင့်တွေအရမ်းဖြစ်နေသည်။ ကုန်စိမ်းပွဲစားက လာကြည့်သွားပြီး အခင်းအား ဈေးဖြတ်၍ စရန်တစ်ဝက်ပေးသွားသည်။ ဒီတော့ အခင်းအား လွှတ်ထား၍ မရတော့ပါ။ ညအိပ်စောင့်ရတော့မည်။ မတော်လို့ ပန်းပွင့်တွေ ဆွဲနုတ်သွားလျှင် သူပြန်ပြီးလျော်ရလိမ့်မည်။ ညောင်ပင်အောက် တစ်ဖက်ယပ်တဲလေးအောက်မှာ ဖျာခင်းစောင်ခြုံ၍အိပ်ရသည်။ ရေနွေးတစ်အိုးနှင့် ဆေးပေါ့လိပ်ဖွာပြီး ဟိုဟိုဒီဒီ စဉ်းစားရင်းဖြင့် သန်းခေါင်ကြက်တွန်သော် မှေးခနဲအိပ်ပျော်သွားခဲ့သည်။

'ဒွေးဝင်း၊ ဒီကိစ္စက ငါတစ်ယောက်တည်းနဲ့ မပြီးဘူး။ ငါ့အပင်ကျတော့ နတ်နေကိုင်းချန်ထားလို့ မျက်နှာလိုက်ပြီး ရှောင်နေပေမယ့် ခုဟာက အများနဲ့ဖြစ်နေတယ်။ ဘိုးဘိုးကြီးကို ဝိုင်းတိုင်လို့ ဘုန်းကြီးအင်းအစောင့်ကို မောင်းထုတ်လိုက်ကြတယ်။ မင်းသံယောဇဉ်ရှိရင် ဘုန်းကြီးကို ပုတီးလက်ကမချနဲ့လို့ သတိပေးပေါ့ကွာ။ ပုတီးလက်ကချတာနဲ့ ကိစ္စပြီးသွားလိမ့်မယ်။ ဘုန်းကြီးဆိုပြီး သတ္တဝါတွေကို အရမ်း နှိပ်စက်လို့မရဘူး။ မေတ္တာနဲ့ ဆက်ဆံပြီး သတ္တဝါတွေအတွက် မနစ်နာအောင် စဉ်းစားရတယ်။ သိက္ခာ၊ သမာဓိရှိတဲ့ သံဃာတော်တွေကို ငါတို့ရုက္ခစိုးတွေက ဘယ်လောက် ကြည်ညိုကြတယ်ဆိုတာ မင်းမသိပါဘူး၊ ဒါပါပဲကွာ။ မင်းလည်း မြို့က စာရေးဆရာတွေကိုခေါ်လာပြီး ငါ့အပင်အောက်မှာ အရက်ဝိုင်းထောင်မနေနဲ့၊ ငါမကြိုက်ဘူး။ တစ်ခါတလေလာတဲ့ ဧည့်သည်မို့လို့ ငါကြည့်နေတာ။ အမြဲတမ်းလာနေရင် အင်းထဲ ငါဆွဲနှစ်ပြီးသတ်ပစ်လိုက်ပြီကြားလား'

သူ လန့်နိုးလာ၏။ အာခေါင်တွေခြောက်ပြီး ရင်ပူနေသည်။ အနီးရှိ ရေဘူးအား ဆွဲယူပြီး မော့ချလိုက်ရသည်။ သေချာပါပြီ။ ရုက္ခစိုးကြီးလာ၍အိပ်မက်ပေးတာ။ မနက် ကျောင်းသွားပြီး ဘုန်းကြီးကိုလျှောက်ဦးမှ။ ဘုန်းကြီးကလည်း ဗေဒင်လေး၊ အင်းလေးစွမ်းတော့ ဒကာတွေ ပေါများပြီး မာနက အကြီးသား။ ငါလျှောက်ရင် လက်ခံပါ့မလား။

လင်းကြက်တွန်ပြီဖြစ်၍ ကိုဒွေးဝင်း ဆက်မအိပ်တော့ပါ။ အရုဏ်လာသည်နှင့် ဘဲတဲမှ ဘဲများအသံကို စ၍ကြားရသည်။ အလင်းရောင်ပျပျပေါ်လာတော့ ဘဲများအစာတောင်းသံသည် ဆူညံ၍လာသည်။ ဝက်ခြံထဲမှ ဝက်များကလည်း အစာတောင်းနေကြ၍ ခြံရှင်ကိုစိုးကြီး စိတ်တိုတိုဖြင့်ဆဲသံကို ကြားရ၏။ တစ်အောင့်ကြာတော့ အစ်မထမင်းကြော်နှင့် ရေနွေးကြမ်းအိုးထည့်ထားသောတောင်းရွက်၍ သူ့ဆီရောက်လာသည်။ မျက်နှာသစ်ပြီး ထမင်းကြော်စားရင်း ညကမက်သည့် အိပ်မက်အား စဉ်းစားနေမိသည်။

"ဟဲ့ - ဒွေးဝင်း၊ စားလေ။ ဘာငိုင်နေတာလဲ။ စားပြီးရင် ပန်းဂေါ်ဖီခင်းကို ရေလောင်းဦး။ ညနေကျရင် ပွဲစားလာပြီး အခင်းကိုနုတ်လိမ့်မယ်"

"ငါ ရေလောင်းပြီးရင် ဘုန်းကြီးကျောင်းဘက် ခဏသွားဦးမယ် အစ်မရာ"

"နင်ကဘာသွားလုပ်မှာလဲ။ကိုယ့်မှာလည်း ကိစ္စတွေကမပြတ်သေးဘူး"

"ကိစ္စလေးရှိနေလို့ပါ အစ်မရာ၊ ခဏလေးပါ။ အမြန်ပြန်လာမှာပါ"

"အေးပါ၊ ပြီးရင်သာ မြန်မြန်ပြန်လာခဲ့။ တကတဲတော်၊ ဘုန်းကြီးကျောင်း ခဏခဏ သွားနေရတာနဲ့ လူပျိုကြီး ဘုန်းကြီးဝတ်ချင်ရင်လည်း တစ်ခါတည်း ဝတ်သွား"

အလုပ်များရသည့်အထဲ ဘုန်းကြီးကျောင်းသွားမည်ဆို၍ အစ်မဖြစ်သူက မြည်တွန်တောက်တီးနေ၏။ သူ ဘာမှပြန်မပြောဘဲ စိုက်ခင်းအား ရေလောင်းနေမိသည်။

▮

"ဟော- ဒွေးဝင်းကြီး၊ လာကွ။ ငါလည်း မင်းကိုမျှော်နေတာ"

သူ ဆရာတော်အား ဦးချကန်တော့လိုက်သည်။ ဆရာတော်က သူ၏ သိမ်ဝင်ပုတီးအား လက်မှာ အခွေလိုက်ပတ်ထားသည်။ ဘုန်းကြီးအား ညက မက်သည့်အိပ်မက်အား လျှောက်သည်။

"မင်းပြောတာ နောက်ကျနေပြီ ဒွေးဝင်း။ ငါညက ဗိုက်အရမ်းနာတာနဲ့ ကုဋီ သုံး၊ လေးခါ တက်လိုက်ရတယ်။ မနက်က အစားမှားတာနဲ့တူတယ်ကွာ။ တစ်နေ့ခင်းလုံး ဘာမှမဖြစ်ဘဲ ညကျမှ ဗိုက်က အရမ်းရစ်လာတာ။ ညက ကျောင်းဝင်းထဲမှာ ခွေးတွေဟောင်တာကလည်း ညံနေတာပဲကွာ။ နောက်ဆုံးတစ်ခေါက် ကုဋီကိုအသွား ငါပုတီးလည်ပင်းဆွဲသွားဖို့ မေ့သွားတယ်ကွ။ ကုဋီက အဆင်းမှာ ငါ့အနောက်ကနေ ဘယ်သူတွန်းလိုက်မှန်း မသိဘူး၊ မှောက်ရက်လဲကျသွားတယ်။ လက်နဲ့ခံလိုက်လို့ မျက်နှာမထိတာ။ ဒီမှာကြည့်၊ လက်ဖဝါးမှာ ပုလင်းကွဲရှသွားတယ်။ ကျောင်းဝင်းထဲမှာ ပြောင်နေအောင် တံမြက်စည်းလှည်းထားတာ၊ ဘယ်က ပုလင်းကွဲရောက် လဲမသိဘူး။ လက်ဖဝါးမှာ လက်တ ဆစ်လောက် ကွဲသွားတယ်"

ကိုဒွေးဝင်း ကြည့်လိုက်တော ဟတ်တက်ကွဲနေသည့် ပုလင်းကွဲရှ အား တွေ့ရသည်။

"အရှင်ဘုရား၊ဆေးလေးဘာ ထည့်ဦးနော်"

ဘုန်းကြီးက ခေါင်းညိတ်ပြသည် အနာမှာကား ရောင်ကိုင်း၍နေ ပုလင်းကွဲရှရုံလောက်နှင့် ဒဏ်ရာမှာ မျှ ငန်းမန်းမလိုက်ရာ။ ခုဟာက လ ကြီးတစ်ခုလုံး ရောင်ကိုင်းနေခြင်း တည်း။ ကိုဒွေးဝင်းလည်း စိတ်မကော စွာနှင့် ကျောင်းမှပြန်လာခဲ့ရသည်။

မကြာမီ ရက်ပိုင်းအတွင်း ထိုအ ရာပြင်းလာ၍ ဘုန်းကြီး ဆေးရုံတက် ကြောင်း သတင်းကြားရ၏။ ဆေးရုံ လူနာစောင့်လိုက်သွားသော ကပ္ပိယ ပြောပြသည်မှာ ညညဆို ဘုန်းကြီး ကယောင်ကတမ်းဖြင့် အော်နေသ တဲ့။

"ငါ့နားမလာကြနဲ့၊ သွားကြ ကိုဝိုင်းနေကြပြီ၊ လုပ်ကြပါဦး"

ဟု ထထအော်နေခြင်းပင်တည်

သိပ်မကြာလိုက်ပါ။ ဘုန်းကြီး ထိုရောဂါနှင့်ပင် ပျံလွန်တော်မူသွာ တော့သည်။

▮

စာရေးသူအား ကိုဒွေးဝင်းမှ ဇာတ်လမ်းကိုပြောပြ၍ ဝတ္ထုတစ်ပုဒ် ဖြစ်ခဲ့ခြင်း ဖြစ်သည်။ ထိုအခါ စာရေး ငယ်စဉ်က နိုင်ငံတော် သံဃာ့နာယ ဆရာတော်ကြီးတစ်ပါးဖြစ်သော ဒုတိ ရွှေရင်မျှော်ဆရာတော်ကြီး '(မန္တလေ မြင်းဝန်တိုက်ဆရာတော်ကြီး) ဦးဇ အရှင်မြတ်မှ မိန့်ကြားခဲ့သော စ တစ်ခွန်းအား သွား၍သတိရမိပါ သည်။

"ညောင်ပင် ဆိုတာ မလွ နေရာမှာ မစိုက်မိစေနဲ့။ စိုက်ပြီး လည်း တစ်ထွာတစ်မိုက်ဖြစ်လာ တောင် မနုတ်နဲ့။ ကြီးတဲ့အပင်တွေ လည်း မခုတ်ကြနဲ့။ အန္တရာယ်အ ကြီးတယ်"

ဟူ၍ ဖြစ်ပါသတည်း။

သန်း



www.burmeseclassic.com

www.burmeseclassic.com

# ကြုံးပြီးသော အဘွားချစ်တင်

ဂျူးနီ(ကြို့ပင်ကောက်-လယ်တီ)

၂၀၁၂ ခုနှစ်၊ မေလ (၁၆) ရက် နံနက် (၄) နာရီအချိန်တွင် အနောက် တောင်ထောင့်မှ မိုးသက်လေပြင်းများ ချီတက်လာပြီး စေတီကုန်းကျေးရွာ အနီးရှိ ကျောက်စုကျေးရွာအုပ်စုနှင့် ကျောက်ဝကျေးရွာအုပ်စုများသို့ မိုးသက် လေပြင်းများနှင့်အတူ လျှပ်စစ်များ ဝင်း လက်ပြီး မိုးကြိုးများထစ်ချုန်းလျက် မိုး သက်လေပြင်းများ ရွာသွန်း တိုက်ခတ် သွားတော့သည်။

မိုးသက်လေပြင်းများ တိုက်ခတ် ခြင်းကြောင့် ရွာသစ် အစိုးရမူလတန်း ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများနှင့် နေအိမ်များ၊ စပါးဂိုဒေါင်များ အမိုးများ လွင့်စဉ်လန်ကျပြီး သစ်ပင်များပိ၍ ပျက် စီးကုန်ကြသည်။

စေတီကုန်းကျေးရွာအုပ်စု လယ် တီ ရွာသစ်ရွာမှ အသက် (၈၂)နှစ်ရှိ အ ဘွားဒေါ်ချစ်တင်သည် နေအိမ်ရှေ့တွင် ကုလားထိုင်ဖြင့်ထိုင်နေပြီး နှုတ်မှလည်း မြတ်စွာဘုရား၏ ဂုဏ်တော်များအား ရွတ်ဆိုပွားများနေလျက်ရှိသည်။

ထိုအချိန်တွင် ပြင်းထန်သော မိုး ကြိုးထစ်သံကြီးအား ကြားရပြီး အဘွား ဒေါ်ချစ်တင်သည် ကျောကုန်း၌ ပူခနဲ ဖြစ်သွားပြီး ကုလားထိုင်နှင့်အတူ ဘေး သို့လဲကျသွားသည်။ ထိုအချိန်တွင် သား သမီးများရောက်ရှိလာပြီး အဘွားဒေါ် ချစ်တင်အား ထူ၍ ခုတင်ပေါ်သို့ တင် ပြီး သမီးဖြစ်သူ ဒေါ်သန်းမြင့်မှ-

"အမေ ဘာဖြစ်သွားလဲ"

ဟု စိုးရိမ်တကြီးဖြင့် မေးမြန်းရာ အဘွားဒေါ်ချစ်တင်မှ-

"ဘာမှမဖြစ်ဘူး သမီး၊ ဒါပေမယ့် ကျောကုန်းမှာတော့ ပူခနဲဖြစ်သွားတယ်"

ဟု ပြောရာ သမီးဖြစ်သူ ဒေါ် သန်းမြင့်မှ ကျောကုန်းအား ကြည့်ရှုရာ အဘွားဒေါ်ချစ်တင်ဝတ်ဆင်ထားသော အကျီ၏ကျောဘက်တွင် (၃) လက်မ ပတ်လည်ခန့် မီးလောင်ကျွမ်းထားသော မီးပေါက်အားတွေ့ရှိရပြီး ညှော်နံ့များ လည်း မပျောက်သေးပေ။ သို့သော် အ ဘွားဒေါ်ချစ်တင်မှာတော့ ဘာမှမဖြစ် ပေ။

အခုလို အဘွားဒေါ်ချစ်တင် ဘေး မသီ ရန်မခ ဖြစ်ရခြင်းသည် အဘွား ဒေါ်ချစ်တင်က ငါးပါးသီလအား နေ့စဉ် ခံယူဆောက်တည်ပြီး မြတ်ဘုရားစိန္တေ ထံတွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ အလင်း တိုင်၊ နံ့သာတိုင်များအား ပူဇော်ပြီး ဂုဏ် တော်များ ရွတ်ဆိုပွားများခြင်း၊ ဂုဏ် တော်ပုတီးစိပ်ခြင်းနှင့် တရားထိုင်ခြင်း များကြောင့် ဖြစ်သည်ဟု အဘွားဒေါ် ချစ်တင်မှ ပြောပြပြီး အဘွားဒေါ်ချစ် တင်မှ-

"တရားတော်၏ တန်ခိုးကြောင့် ယခုလို ဘေးမသီ ရန်မခတာဘဲ"

ဟု ပြောပြပါသည်။

**မိုးကြိုးကွင်းဂါထာမန္တန်**

ဦ့ ဇေယျောမုနိ ဘဒြဋ္ဌ<br>
ဦ့ ဇေယျက် ဇယမေဝ<br>
က္ကမာဏိ တိဏိ လေခါနိ<br>
အာသနိ ပ့ရိဝဋ္ဋယိ။

**မြန်မာပြန်**

**ဘဒြဋ္ဌ**-လွန်စွာကောင်းသော၊ **ဇေယျောမုနိ** - အောင်ခြင်းရှိတော်မူသော မြတ်စွာဘုရားသည်၊ **ဇေယျက်-** အောင်ခြင်းနှင့် ပြည့်စုံပါစေ၏။ **ဇယမေဝ** - အောင်လည်း အောင်တော်မူပါစေ၏။ **က္ကမာဏိ တိဏိလေခါနိ-** ဤအရေးသုံး ပါးတို့သည်၊ **အာသနိ-** မိုးကြိုးလောင်မီး အစရှိသည်တို့ကို၊ **ပရိဝဋ္ဋယိ-** ရှောင်ကွင်း ပါစေသတည်း။

ဎင်းဂါထာကို ရွတ်ဆိုသော်လျှင် လည်းကောင်း၊ ရေးကပ်ထားလျှင်သော် လည်းကောင်း မိုးကြိုးကွင်း၏။

ဤဆောင်းပါးစာစုဖြင့် ယခုထိ တိုင် အသက်ရှင်လျက် ကျန်းမာစွာရှိ သော စေတီကုန်းကျေးရွာအုပ်စု လယ် တီ ရွာသစ်ရွာမှ အဘွားဒေါ်ချစ်တင် အား ဂါရဝပြုအပ်ပါသည်။

ဂျူးနီ(ကြို့ပင်ကောက်-လယ်တီ)





www.burmeseclassic.com

www.burmeseclassic.com

နှစ်များစွာ ကြာခဲ့ပြီ။

ဆရာကန်တော့ပွဲမှာ ပြန်ဆုံကြတော့ သူလည်း အဘွားကြီးဖြစ်လို့၊ ကျွန်တော်လည်း အဘိုးကြီးဖြစ်လို့။ မငွက်က ငယ်ငယ်ကလို ပိန်ရှည်ရှည်လေးမဟုတ်တော့၊ ရုပ်ရှင်ဗီဒီယိုဟာသသရုပ်ဆောင် ကြူကြူဆင်းလို ဖြစ်နေတယ်လေ။

မပြောင်းလဲတဲ့ မျက်နှာလေးကြောင့်သာ ငယ်သူငယ်ချင်း မငွက်မှန်း သိလိုက်ရတာပါ။

မငွက်က ကွယ်လွန်သွားပြီဖြစ်တဲ့ ကျွန်တော့်အစ်ကိုကို မေးတယ်၊ ရှိနေတဲ့ ညီကိုမေးတယ်။

ကျွန်တော်ကလည်း သူ့မိသားစု အကြောင်း ပြန်မေးရတယ်ပေါ့။

"ငွက်ရဲ့အစ်မကြီးနဲ့ ငွက်ပဲရှိတော့တယ်"

ကျွန်တော်က ကျွန်တော်သိထားတဲ့ သူ မပြောတဲ့တစ်ယောက်အကြောင်း မေးကြည့်လိုက်မိတယ်။

သူက မျက်လုံးပြူးသွားခဲ့တယ်။ ပြီး- ဟိုကြည့် သည်ကြည့်လုပ်ပြီး တအံ့တဩ ပြန်ပြောလာခဲ့တယ်။

"ဒါတွေကို နင်သိထားတယ် ဟုတ်လား။ အံ့ရောဟယ်"

မငွက် ကျွန်တော့်ကို အံ့ဩသည်မှာ မဆန်းပါ။ မူလပိုင်ရှင်ဖြစ်တဲ့ သူ့အဒေါ်တောင် သိတာမှမဟုတ်ဘဲ။

အမှန်က မငွက် လျှို့ဝှက်ထားတဲ့ ကိစ္စကို ကျောင်းသားဘဝကတည်းက ကျွန်တော်သိထားတာပါ။

အခုမှ ဖော်ကောင်လုပ်ရတော့မယ်။

ကျွန်တော် (၅) တန်း၊ မငွက် (၄) တန်းရောက်တဲ့နှစ်ကပေါ့။

မငွက်တို့မိသားစုတွေ အညာက ပြောင်းလာပြီး ကျွန်တော်တို့ ဘွားအေမေမေကြီး အိမ်တန်းလျားမှာ ငှားနေခဲ့ကြတယ်။

သူတို့မိသားစုက များတယ်။

မငွက်အဖေ ဦးဘမောင်၊ အမေက ဒေါ်မွေး။

မငွက်အထက်မှာ အစ်မကြီးသုံးယောက်ရှိတယ်။ ဒေါ်မွေးညီမ ဒေါ်သေးက တစ်ခုလပ်။ မငွက်တို့ အဒေါ်ပေါ့။ မငွက်တို့နဲ့ အတူနေတယ်။ ဒေါ်သေး ဘာလုပ်တယ် မသိပါဘူး၊ ခရီးမကြာခဏထွက်တတ်တာကိုတော့ သတိထားမိတယ်။

မငွက်ရဲ့အစ်မကြီးတစ်ယောက်က စက်ချုပ်တယ်၊ နှစ်ယောက်က ဆေးလိပ်ခုံမှာ ဆေးလိပ် လိပ်တယ်။

မငွက်အဖေ ဦးဘမောင်က သင်္ဘောစက်ဆရာတဲ့။ အသက်ကြီးမှ သင်္ဘောကအနားယူပြီး မိသားစုနဲ့လာနေတာဆိုပဲ။

မငွက်က ဟိုတုန်းက ယောကျ်ားလျာ။ ဂျင်ပေါက်တယ်၊ ကျောက်ဖိုး ပိုက်ဆံနဲ့ပစ်တယ်၊ သားရေကွင်း ပစ်[…]
တောက်ခုံ တောက်တယ်။

သားရေခွတစ်လက်နဲ့ ငှက်[…]
လည်းဖြောင့်လေရဲ့။ တစ်ချက်[…]
ကောင်၊ အကုသိုလ်နဲ့ အကျိုးပေ[…]
ကောင်။

ဝတ်တာကိုက ယောကျ်ားလေ[…]
အကျႌ၊ ဘောင်းဘီ၊ ပုဆိုး တစ်နေ့[…]
မျိုး မရိုးရဘူး။ အစ်မဖြစ်သူက စက်[…]
တာကိုး။

ကျွန်တော်လည်း ငယ်စဉ်[…]
သားရေကွင်းပစ်၊ ဖန်ဗိုးပစ် လက်ဖြေ[…]
တဲ့လူရယ်ပါ။

ဒါပေမယ့် မိငွက် ရောက်လာ[…]
ချန်ပီယံဘဝကို လက်လွှတ်လိုက်ရ[…]
တယ်။

ဝိုင်းတကာမှာ မငွက်ကိုယှဉ်[…]
တဲ့လူ တစ်ယောက်မှ မရှိခဲ့ဘူး။

ကြာတော့ မငွက်ကို မယှဉ်နိုင်[…]
မငွက်ပါတဲ့ဝိုင်းဆိုရင် ဝေးဝေးကပဲရှော[…]
ခဲ့တယ်။

ကျွန်တော်တို့ရွာမှာ ပညာစုံ[…]
ကျွမ်းတဲ့ ကိုရှင်ကြီးဆိုတာရှိတယ်။ […]
နေတော့ ကျွန်တော်ရယ်၊ သန်းအေး[…]
လူရွှတ်ရယ် မငွက်အကြောင်းကို ကို[…]



ကျော်မိုးလွင်(ဝါးခယ်မ)

မငွက်နှင့်လူချောက်လေး

www.burmeseclassic.com

ရွှေမှာ ပြောမိခဲ့ကြတယ်။

အဲဒီမှာပဲ ကိုရင်ကြီးက ကောက်ခင်တာပြောလေရဲ့။

"မိဂ္ဂက်တော်လို့ မဟုတ်ဘူးဟေ့၊ တော်လို့ မိဂ္ဂက်တော်နေရတာ"တဲ့။

မဂ္ဂက်က ကျွန်တော်တို့လိုကလေးသည်။ ကိုရင်ကြီးပြောတာ အဲဒီတုန်းကနားမလည်ခဲ့ပါဘူး။ သူလူဆိုတာကို ပြောတာလဲ။

တစ်ညနေ-

ကျွန်တော် ကျောင်းဆင်းပြီး အိမ်ကိုမှာ တန်းလျားဘက်က ဆူဆူညံညံသံကြားလိုက်ရတယ်။

ကျွန်တော်က အိမ်အနောက်ခန်းမှာ အိပ်တာမို့ အိမ်ခေါင်းရင်း ပြတင်းပေါက်ကနေ မဂ္ဂက်တို့ငှားနေတဲ့အခန်းကို မြင်နေခဲ့ရပါတယ်။


ဆူမှာပေါ့။

မဂ္ဂက်အဒေါ် ဒေါ်သေး ခရီးသွားရာက ပြန်ရောက်နေတာကိုး။ ဒေါ်သေးက စကားကို တိုးတိုးမပြောတတ်ဘူး၊ ကျယ်ကျယ်လောင်လောင် ပြောတတ်တာမို့ ပြန်ရောက်လာရင် သိသာတယ်။

"ပတ္တမြားမျက်ရှင်ရုံမှာ ဘာဝင်နေလဲ။ ရုပ်ရှင်မကြည့်ရတာကြာပြီ၊ ဒီညတို့အားလုံး သွားကြည့်ကြရအောင်"

ဒေါ်သေး ရုပ်ရှင်ကြိုက်တာကို ကျွန်တော် သိပါတယ်။

"ပတ္တမြားရုံမှာ ရှင်ဥပဂုတ္တရာဇဝင်





www.burmeseclassic.com

www.burmeseclassic.com

ကား ဝင်နေတယ် ဒေါ်လေး"

"အေး- အစ်ကိုကြီးရော အစ်မပါ ခေါ်ပြီး တို့အားလုံးသွားကြည့်ကြမယ်"

ကျွန်တော့်ကိုယ်တိုင်က ရုပ်ရှင်ကြိုက်သူ ဖြစ်ပါတယ်။ ဒါပေမယ့် သချာပြဆရာ ဦးလှငွေကို ကြောက်တာကြောင့် မဂွက်တို့နဲ့ ရုပ်ရှင်လိုက်ကြည့်ချင်တဲ့စိတ်ကို မနည်းမျိုသိပ်လိုက်ရပါတယ်။

သချာ အိမ်စာတွေပေးလိုက်လို့ ဖြစ်ပါတယ်။

ဒီတုန်းက ခုလို လျှပ်စစ်မီးမရှိပါဘူး။ ဖယောင်းတိုင်ထွန်းပြီး အိမ်အတွက်ပေးလိုက်တဲ့သချာကို ကျွန်တော့်အိပ်ခန်းမှာ ကျွန်တော် တွက်နေခဲ့ပါတယ်။

သချာတစ်ပုဒ် တွက်နေတုန်းမှာပဲ ဝုန်း ဒိုင်း ဆိုတဲ့ အသံကြီးဟာ ညဉ့်အမှောင်ကို ခွင်းပြီး အနီးကပ်ပေါ်ထွက်လာခဲ့ပါတယ်။ ကျွန်တော်တို့အိမ်ကလားလို့ နားစွင့်ကြည့်မိပါတယ်။ အိမ်ကမဟုတ်ပါဘူး၊ ခေါင်းရင်းဘက်ဆီက ထွက်ပေါ်လာတဲ့အသံ ဖြစ်နေပါတယ်။

ကျွန်တော့်ခုတင်ဘေးမှာက အသင့်ဆောင်ထားတဲ့ ဓာတ်ခဲသုံးတောင့်ထိုးဓာတ်မီးတစ်လက် ရှိနေပါတယ်။

ကျွန်တော် ဓာတ်မီးကို ကောက်ကိုင်၊ ခုတင်ခေါင်းရင်းက ပြတင်းပေါက်ကိုဖွင့်ပြီး မဂွက်တို့နေတဲ့ တန်းလျားဘက် ထိုးကြည့်လိုက်တယ်ပေါ့။

တန်းလျားက သုံးခန်းတွဲ ဖြစ်တာမို့ တခြားအခန်းကလူတွေကိုပါ ဓာတ်မီးကိုယ်စီနဲ့ထိုးကြည့်နေတာ တွေ့လိုက်ရတယ်။

"ဦးစိန်မောင်၊ ဘာဖြစ်တာလဲဗျ"

ကျွန်တော်က အိမ်တန်းလျား အလယ်ခန်းမှာနေတဲ့ နာရီပြင်ဆရာ ဦးစိန်မောင်ကိုတွေ့လို့ လှမ်းမေးလိုက်ပါတယ်။

"အသံကြားလို့ တို့လည်း ထွက်ကြည့်တာပဲ"

"ဘယ်သူမှ မရှိဘူးကွ၊ ရုပ်ရှင်သွားကြည့်နေကြတယ်"

ထိပ်ဆုံးအခန်းမှ ဦးသိန်းက လှမ်းပြောလိုက်တယ်။

ဒါကို ကျွန်တော်သိပြီး ဖြစ်ပါတယ်။

မသိတာက အဲဒီအခန်းက ပေါ်လာတဲ့ ဝုန်းဒိုင်းအသံတွေကိုပါ။

မေမေကြီး၊ အမေ၊ အစ်ကို ကျွန်တော့်နားရောက်လာကြတယ်။

"ဘာဖြစ်တာလဲ ငမိုး"

မေမေကြီးက ကျွန်တော့်ခေါင်းကို လှမ်းပုတ်ပြီး မေးလာတယ်။

"မဂွက်တို့အခန်းက ဝုန်းဒိုင်းနဲ့ လဲပြိုကျသံတွေ ကြားလို့ပါ"

"ဘာဖြစ်တာလဲ"

"မသိဘူး၊ မဂွက်တို့မိသားစုတွေ အားလုံး ရုပ်ရှင်သွားကြည့်နေကြတယ်"

ရွာကင်းတဲက သံချောင်း (၉)ချက်ခေါက်သံ ပေါ်ထွက်လာပြီးတဲ့နောက် မဂွက်တို့ပြန်လာသံ ကြားလိုက်ရတယ်။ ကျွန်တော်လည်း အသံတွေတိတ်မှ အိပ်ပျော်သွားခဲ့တယ်ပေါ့။

✪

ကျွီ. . ကျလီ

ကျွန်တော် အိပ်မောကျနေတုန်းမှာပါပဲ၊ ကျွန်တော့်ခုတင် ဘေးက ပေါ်ထွက်လာတဲ့ အသံ ကြောင့် လန့်နိုးသွားခဲ့ရတယ်။

ကျွန်တော့်ဇာခြင်ထောင်က ပါးတယ်၊ အပြင်က မြင်ကွင်းကို ထင်ထင်ရှားရှားတွေ့နေရတယ်ပေါ့။

မဂွက်တို့အဒေါ် ဒေါ် သေးရယ် ကျွန်တော့် ခုတင် အောက်ကို သံသေတ္တာတစ်လုံး ထိုး ထည့်နေလေရဲ့။

"ညက သောင်းကျန်းတဲ့ သားလေး။ အမေ သားကိုခေါ်ဖို့ မေ့သွားတာပါ။ ဒီည အမေတစ်ယောက်တည်း သွားကြည့်မယ်၊ လိုက်ခဲ့"

သေတ္တာကိုကြည့်ပြီး ပြောနေတဲ့ ဒေါ်သေး ရူးများနေရော့သလား။

မနက်ရောက်မှ မေမေကြီးကို ကျွန်တော် မေးကြည့်ရတယ်။

"သူ ခရီးသွားမှာမို့ သူ့သေတ္တာ ခဏလာထားတာပါ။ ဘာဖြစ်လို့လဲ မောင်မိုး" တဲ့။

ကျွန်တော် ဒေါ်သေးပြောခဲ့တဲ့ စကားတွေကို လုံးစေ့ပတ်စေ့ မပြောတတ်တာမို့ မေမေကြီးကို ဘာမှမဖြစ်ပါဘူးလို့သာ လိမ်ပြောလိုက်ရတော့တယ်။

✪

ကျွီ. . ကျလီ

သေတ္တာဖွင့်သံကြောင့် ကျွန်တော် နိုးသွားရပြန်ပါတယ်။

ကျွန်တော့်ခုတင်ဘေးကို ကြည့်လိုက်တော့ ဒေါ်သေးကို မြင်ရပြန်ပါတယ်။

ဒီတစ်ခါတော့ သေတ္တာထဲက ဘာလဲဆိုတာ သိချင်လို့ ခုတင်ဘေးအစပ်ကို လူးလိမ့်သလိုနဲ့ ရောက်အောင် သွားလိုက်တယ်။

ဒေါ်သေးကတော့ ကျွန်တော် အိပ်မောကျနေတယ်လို့ ထင်ပုံရပါတယ်။ သူ့သေတ္တာကိုဖွင့်ပြီး တစ်စုံတစ်ရာကို ထည့်နေလေရဲ့။

သေတ္တာအဖုံးက လှန်ချထားတာမို့ ကျွန်တော် အတိုင်းသားမြင်တွေ့နေရပါတော့တယ်။

ကျွန်တော် မမျှော်လင့်ဘဲ မြင်လိုက်ရတဲ့မြင်ကွင်းက အံ့သြစရာရယ်ပါ။

မှန့်သေတ္တာပုံးထဲမှာ မည်းမည်းကြုတ်ကြုတ် အရုပ်ကလေးတစ်ရုပ်ကို တွေ့လိုက်ရပါတယ်။

"အမေ ခရီးရှည်ထွက်ရဦးမယ် သားရေ။ မင်းလိုချင်တာရှိရင် ညီမမိဂွက်ကိုပြော၊ ကြားလား"

သည်တစ်ခါတော့ ကျွန်တော် အတိုင်းသား ကြားလိုက်တာရယ်ပါ။

ထူးတော့ထူးနေပြီ၊ ဘာတွေမှန်းတော့မသိ။ ဒါကို ကိုရင်ကြီးကို ပြောပြရမယ်၊ ကိုရင်ကြီးကတော့ သိမှာ အမှန်ပါပဲ။

✪

မဂွက်တို့ အိမ်တန်းလျားရှေ့မှာ ထူးထူးခြားခြား ကလေးအကျီလေးများ လှန်းထားတာကို ကျွန်တော်တွေ့လိုက်ရ တယ်။

"မဂွက်၊ နင်က (၄)တန်းပဲရောက်နေပြီ ကလေးအရုပ်လေးတွေနဲ့ ကစား တုန်းလား"

ကျောင်းမှာဆုံတော့ မဂွက်ကို ကျွန်တော်က ရယ်မောရင်း မေးကြည့် လိုက်မိတယ်။

"ငါ့ဘာသာငါ ကစားတာ နင့်အ ပူလား"

ပြောရင်း မဂွက်က ထွက်ပြေး သွားခဲ့တယ်။ ဒီအကြောင်း လှရွှတ်ထို ပြန်ပြောတော့-

"မင်းကလည်း သူ့ဘာသာကစား တာ ဘာဖြစ်လို့ သွားမေးရတာလဲ"

"မိန်းကလေးပဲကွာ၊ မိန်းမစိတ် တော့ ရှိဦးမှာပေါ့။ မင်းသာ သွားမကစား နဲ့၊ ဟိုကောင်တွေက အခြောက်ကြီးလို့ ဝိုင်းပြောပြီး ရယ်ကြလိမ့်မယ်"

လှန်းထားတဲ့ အကျီလေးတွေက ခုတင်အောက် သေတ္တာထဲကအရုပ်အ တွက်များလား။

ညနေကျောင်းဆင်းမှ သိချင်တာ လေးတွေကို ကိုရင်ကြီး မေးကြည့်လိုက် ရတယ်။

"အဲဒါ မင်းတို့ကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

စောငဝါ(ပျဉ်းမနား)

# ကျောက်ကပ်ပျက်ရောဂါအတွက် ကျောက်ဖရုံသီးညှစ်ရည်ဆေးအစွမ်း



စာရေးသူ ဒီနှစ်ထဲမှာ ကျန်းမာရေးညံ့လာ၏။ ချူချာလာ၏။ အကျိုးဆက်အဖြစ် ဆေးရုံတက်ရလေသည်။ (၂) ကြိမ်တိုင်ပါပဲ။ နေပြည်တော်ရှိ အထွန်းနာမည်ကြီးသော ခေတ်မီဆေးရုံကြီးမှ အထူးကုဆရာကြီးများနှင့် ကုသခံယူခဲ့ရပါ၏။ ဝေဒနာကြောင့်ရယ်၊ အရွယ်အရ အစားအသောက် လျှော့နည်းလာ၍ ခန္ဓာမှာလိုအပ်သမျှကို စစ်ဆေးကုသမှုခံယူခဲ့ရပါသည်။ သွေးအားအလွန်နည်းနေ၍ သွေးသွင်းရ၏။ အလှူရှင်၊ စေတနာရှင်များ၏ လှူဒါန်းသော သွေးပုလင်း (၉) ပုလင်းရရှိ သွေးသွင်းပေးခဲ့ရ၏။ သွေးအလှူရှင်များ၏ စေတနာ၊ မေတ္တာ၊ သဒ္ဓါက ချီးမွမ်းဖွယ်ပါ။ အမျိုးသားများလည်းပါ၏။ သူနာပြုဆရာမများမှလည်းလှူ၏။ စေတနာရှင်များပါ၊ ကျေးဇူးကြီးပါပေ့။

အကျိုးဆက်အဖြစ် စာရေးသူ အသက်ဆက်နိုင်ခဲ့၏။ ဒါပေမယ့် သွေးသွင်းခံရပြီး (၂) ရက်အတွင်းမှာ သွေးသွင်းမှုဒဏ် အကျိုးဆက်အဖြစ် ခိုက်ခိုက်တုန်အောင် ချမ်းခဲ့၏။ ပြီးတော့ ယားယံလာ၏။ သွေးအားက မတက်၊ စိတ်တိုင်းမကျသေးတော့ အထူးကုဆရာဝန်ကြီးက လိုအပ်လျှင် သွေးသွင်းဦးမည်တဲ့။ စာရေးသူမှာတော့ ည, ညအခါ ယားယံလိုက်တာ။ အနည်းငယ် ထိမိ၊ ခိုက်မိရုံနှင့် အဲဒီနေရာမှာ ညိုမည်းပြီး သွေးခြည်ဥအကွက်ကြီး ဖြစ်လာပါရော။ တော်တော်နှင့်မပျောက်။ အရုပ်ဆိုးလိုက်တာ။ ဝေဒနာကြောင့် ခြေလှမ်းရာမှာ ခပ်ယိုင်ယိုင်၊ ခြေမနှင့်ခလုတ်တိုက်မိတော့ ရုတ်ခြည်း သွေးခြည်ဥကြီးထွက်လာလိုက်တာ ထိတိုင်းနာကျင်လှပါ၏။ အပ်နှင့်ဖောက်၊ သွေးတွေ ညှစ်ထုတ်လိုက်တော့ အနာဖြစ်ကျန်ခဲ့ပါရော။

သွေးသွင်းပြီးတိုင်း စာရေးသူကို ဆီးဆေး၊ အကြောဆေးတွေ ထိုးပေးရာမှာ သွားလိုက်တဲ့ဆီးတွေ မကြာခဏပါပဲ။ နဂိုကမှ ခပ်ယိုင်ယိုင်၊ ဆီးသွားချင်လို့ ထထိုင်တိုင်း ဒုက္ခကြီးလိုက်တာ လွန်ပါရော။ စာရေးသူက နဂိုက ခပ်ပိန်ပိန်၊ ဆေးအာနိသင်ကြောင့် ဆီးတွေမတရားသွားလိုက်တာ အရိုးပေါ်အရေတင်ရုံ ရှိလာပါ၏။ ဒါကို ဆရာကြီးအား ပြောပြတော့ လိုအပ်လို့ပါတဲ့။ သာမန်မဟုတ်သော ဆီးသွားခြင်း၊ ညှစ်ထုတ်ရသော ဆီးသွားရခြင်းမျိုးဟု မြင်မိပါ၏။ အ

---

ဘဲ့ မမြင်ဘူးတဲ့ လူခြောက်လေးဆိုတာ ပေါ့ကွ"

ကိုရင်ကြီးက ရယ်မောရင်း လွယ်လွယ်ပဲ ပြောလိုက်တယ်။ ကျွန်တော်ကတော့ အံ့ဩမဆုံးနိုင်အောင် ရှိခဲ့ရတယ်ပေါ့။

"မင်းတို့ မဂွက်နဲ့ကစားတိုင်း ရှုံးတာ အဲဒီ လူခြောက်လေးက မဂွက်ကို ကူညီနေလို့ပေါ့ကွ။ ငါက သိနေတာကြာလှပြီ၊ မင်းတို့သာ မသိတာ"

"ဒီလိုဆို မဂွက်ကတော့ သိတယ်ပေါ့"

ကျွန်တော်က တအံ့တဩ ဝင်မေးလိုက်မိတယ်။

"သူ့အဒေါ်က မွေးတာ မသိဘဲရှိပါ့မလားကွ"

ကျွန်တော် ဒေါ်သေးပြောတဲ့ စကားကို ပြန်ကြားယောင်မိလိုက်တယ်။

'အမေ ခရီးရှည်သွားရဦးမယ် သားရေ။ မင်းလိုချင်တာရှိရင် ညီမမိဂွက်ကိုပြော၊ ကြားလား' တဲ့။

"ဟာ-ဟုတ်ပြီ၊ မှတ်မိပြီ ကိုရင်ကြီးရေ။ မိဂွက် ကျွန်တော်တို့ကို အမြဲနိုင်တာ ဒီကောင်လေးကြောင့်ကိုး။ ဟိုတစ်ညက ရုပ်ရှင်ကြည့်မခေါ်မိလို့ အိမ်မှာဝုန်းဒိုင်းကြဲတာလည်း ဒီကောင်လေးပဲဖြစ်မယ်"

"စာကလေး၊ ဒါတွေကို ဘယ်သူ့မှ ပြန်မပြောနဲ့။ တော်ကြာ မိဂွက်တို့ မိသားစု အဖမ်းခံနေရပါမယ်ကွာ"

(နောက်ပိုင်း ကိုရင်ကြီးပြောပြ၍ သိခဲ့ရသည်မှာ ထိုခေတ် ထိုအခါက လူခြောက်ကလေးများမွေးသည်ဟု ကြားလျှင် သိမ်းဆည်း အဖမ်းခံရတတ်သည်ဟုသတည်း။

ကိုရင်ကြီးက ကျွန်တော့်ကို စာကလေးလို့ ခေါ်ပါတယ်။ ကိုရင်ကြီးအပြောကြောင့်လည်း ကျွန်တော် ဒီကိစ္စကို မဂွက်တို့ ပြောင်းသွားတဲ့အထိ နှုတ်လုံခဲ့ပါတယ်။)

ယခု မိဂွက်ကို ဆရာကန်တော့ပွဲမှာ ပြန်ဆုံတော့ ကျွန်တော်က အမှတ်ရကာ မေးကြည့်လိုက်မိခြင်း ဖြစ်ပါတယ်။ ဆရာကန်တော့ပွဲမှာ မဂွက် အလှူငွေတစ်သိန်း ပါဝင်လှူဒါန်းသတဲ့။

ဝတ်ထားသည်မှာ ရွှေတွေကလည်း ညွတ်နေတယ်။ ကြည့်ရတာ အတော်လေး ချမ်းသာနေပုံပါပဲ။

"ဘာလဲ- နင်က ငါ့ကို လူခြောက်ကလေးမ,လို့ ခုလို ချမ်းသာနေတယ် ထင်သလား"

ဗုဒ္ဓေါ- ကျွန်တော့်စိတ်ထဲက မေးခွန်းကို မဂွက် အပီအပြင်ပင် သိနေခဲ့ပါလား။

"ငါ့အမျိုးသားက (---) ကုမ္ပဏီ ဖွင့်ထားတယ်။ ငါ့သား၊ ငါ့သမီးတွေကလည်း အလုပ်ကိုယ်စီနဲ့။ နင်သာ မစွံဘဲ လူပျိုကြီးစာရေးဆရာဖြစ်နေတာ။ ရော့-ဟောဒီမှာ ငါ့လိပ်စာကတ်။

ပြောဦးမယ်၊ နင်သိချင်နေတဲ့ ငါ့အဒေါ်ကမွေးတဲ့လူခြောက်လေးက သူ့အမေအုတ်ဂူထဲမှာ အတူရှိနေတယ်။ နင်တွေ့ချင်ရင်တော့ သွားဖွင့်ကြည့်ပေတော့ ဟား. . ဟား. . ဟား"

ကျွန်တော် ပြန်ပြောချိန်ပင် မရလိုက်ပါ၊ မဂွက်၏ခင်ပွန်းကားက ကျွန်တော်တို့အနီးမှာ ဝင်ထိုးကပ်လိုက်သော ကြောင့် ဖြစ်ပါတော့တယ်။

*လေးစားစွာဖြင့်*

ကျော်မိုးလွင်-ဝါးခယ်မ



www.burmeseclassic.com

www.burmeseclassic.com

လွန်နှာမည်ကြီး ထင်ရှားသော ဆရာဝန်ကြီးက နောက်ဆုံးပြောလာတာက ကျောက်ကပ်ထိနေပြီတဲ့။ သွေးတိုးလည်းရှိတယ်၊ နှလုံးလည်းရှိတယ် ဆိုတော့ ကျောက်ကပ်ပါရဂူနှင့် ပြသ တွဲညှပ်ကုသမှု ခံရပြန်ပါသည်။ သောက်လိုက်ရတဲ့ဆေးတွေ၊ အကြောဆေးများလည်း ပါ၏။

ဝေဒနာကြောင့် ခန္ဓာမှာပြောင်းလဲမှုတွေဖြစ်လာလေပြီကော။ ကျောက်ကပ်စဖြစ်တော့ ခြေဖမိုးမှာ (အိုင်း) ဖောရောင်လာ၏။ ခြေသလုံးအောက်ပိုင်းထိ ရောင်လာ၏။ မြင်ရုံနှင့်သိသာ၏။ ဆရာဝန်ကြီးနှင့်ပြသတိုင်း ဆရာဝန်ကြီးက လက်နှင့်ဖိရာ ခွက်ဝင် ချိုင့်သွား၏။ ခြေချောင်းလေးတွေက ဖောင်းဖောင်းလေးတွေ၊ တင်းရင်းနေပြီ။ အနေခက်၊ အထိုင်ခက်၊ လမ်းလျှောက်ရာမှာလည်း ပင်ပန်း ခက်ခဲလာ၏။ ရာသီကြောင့် ၄.၅ဂ်ခံရရုံမက ဆေးတွေကြောင့် နောက်ဆက်တွဲ အကျိုးဆက်ကြောင့်လည်းပါ၏။ ဆရာဝန်ကြီးက ဆီးဆေး ထိုးဆေးတော့ ရပ်လိုက်ပါပြီ။ ဒါပေမယ့် ဆီးဆေးသောက်ဆေးကို ပုံစံနှင့်ဆက်ပေးပြန်ပါ၏။ အရောင်အကိုင်းတွေ သက်သာကျသွားအောင်ဟု နားလည်သဘောပေါက်ပါ၏။

သွေးသွင်းခံရပြီး ဆီးဆေးအကြောဆေးအာနိသင်ကြောင့် သွားလိုက်ရတဲ့ဆီးတွေ ညအခါဆို (၄)၊ (၅) ကြိမ်လောက်ထိ ထ,ရ၏။ စားဆေး အစားပေးပြန်တော့လည်း ဆီးကတော့ သွားလျက်ပါပဲ။ ညအိုး တစ်ဝက်လောက်ထိ တစ်ခါတလေများ၏။ ဆီးမှာအမြှုပ်တွေတွေထ၏။ ညစ်၏။ နံ၏။ အနည်အနှစ်တွေကျ၏။ ဆေးကြောပေးရသည့် မြေးမလေးအတွက် သနားမိပြန်ရော။ ဆေးအရှိန်ကြောင့် ဆီးသွားနေရပေမယ့် ဆရာဝန်ကြီးက ရေသောက်ရာမှာ သတိနှင့်သောက်ရန် သတိပေးလိုက်သလို ဆေးရုံတက်နေရစဉ် ရေသန့်ဘူးပေါ်မှ အမှတ်အသား ကန့်သတ်ချက်အရသာ ရေသောက်ရ၏။ ကျောက်ကပ်အလုပ်တာဝန်ကို ဝန်လျှော့တာဟု သိရ၏။

ဆေးရုံမှ ဆင်းခွင့်ရလာသော်လည်း ရက်သတ်မှတ်ပေးထားသည့်အတိုင်း ဆရာဝန်ကြီးနှင့် ပြသဆေးစစ်ရ၏။ တစ်ပတ် (၂) ကြိမ်တော့ ချက်မှာဆေးထိုးခဲ့ရ၏။

ကျောက်ကပ်ပျက် ဝေဒနာအ



တွက် လေ့လာသိရှိထားသော သဘာဝဆေးနည်းကုထုံးအချို့ကိုလည်း ပြောင်းလဲသုံးချင်လာ၏။ ခြံထဲမှာက ကျောက်ကပ် အသက်ကယ်ဆေးပင် ရေဝါးမြက်များ စိုက်ပျိုးရှင်သန်၍ မျိုးပွားရယူနေပါ၏။ သုံးစွဲမှီဝဲရန် အလုံအလောက်တော့ မရသေးပါပေ။ ဒါပေမယ့် ရေဝါးမြက်အကြောင်း ဆောင်းပါးရေးဖြစ်ခဲ့တာ သုရဿမဂ္ဂဇင်းမှာ ပါလာပါ၏။

ထိုဆောင်းပါးကို ဖတ်ရ လေ့လာရသော ဝေဒနာရှင်နှင့် ဝါသနာရှင်များ၊ တိုင်းရင်းဆေးလိုက်စားသူများ၊ တိုင်းရင်းဆေးဆရာများ ခြံထဲသို့ ရောက်ရှိလာပြန်ပါသည်။ ခြံထဲသို့ရောက်လာကြသူများတွင် တာချီလိတ်မှ ဒုတိယအကြိမ်ရောက်လာသော တိုင်းရင်းဆေးဆရာကြီးတစ်ဦးက ရေဝါးမြက်မျိုးပင်ကိစ္စနှင့် ဆွေးနွေးဖြစ်ခဲ့ရာ စာရေးသူ လက်ရှိခံစားနေရပုံကိုပါ ပြောပြ အသိပေးမိပါ၏။

**ကျောက်ဖရုံသီးဆေးအစွမ်းသိရပါပြီ**

ထိုဆရာကြီးက စာရေးသူအား ကျောက်ဖရုံသီးညှစ်ရည်ဆေးအစွမ်းနှင့် သုံးစွဲမှီဝဲပုံကို ပြောလာပါ၏။ အနားမှာ သမီးစောငုဝါရှိနေပါသည်။ ဆရာကြီးပြောပြသော ဆေးနည်းနှင့် သုံးစွဲမှီဝဲပုံမှာ နံနက် (၉)နာရီ နှင့် (၁၀) နာရီကြားတစ်ဖလားသောက်ရန် ဆို၏။ တစ်လသောက်ရမည်ဟု ဆို၏။ အကျိုးသက်ရောက်နိုင်ပုံကိုပါ ပြောပြလာ၏။ ဆရာကြီးနဲ့အဖွဲ့ ရောက်လာတာက (၁၂-၃-၂၀၁၃) နံနက်ပိုင်းမှာပါ။ စာရေးသူရော သမီးကပါအာသီသပြင်းပြလာ၍ နောက်

နေ့မှာပဲ အာဟာရသုခဈေးမှာ ကျောက်ဖရုံသီးကို သမီး သွားရှာ ဝယ်ယူလာပါ တော့သည်။ အသင့်အတင့်အရွယ်ရှိ သော ကျောက်ဖရုံသီးအရင့် (၂) လုံးပါ

ကျောက်ဖရုံသီးအရင့်၏ အဖြူ ရောင်အတွင်းသားကို ရယူရတာပါ။ အ ခွံကို ဓားဖြင့်ခွာထုတ်ရပါ၏။ အတွင်းက အစေ့နှင့်အသားမျှင်များကို ဖယ်ထုတ် ရ၏။ ကျန်ခဲ့သောအသားကို ခုတ်ထစ် ၏။ သမီးကတော့ အဆင်သင့်ဖြစ် အောင် ကျောက်ဖရုံသီးအသားများကို ဓားဖြင့်ပိုင်း၍ ရေခဲသေတ္တာထဲမှာထည့် ထားပါ ၏။

**ကျောက်ဖရုံသီးညှစ်ရည်ပြုလုပ်ပုံ**

နံနက် (၉) နာရီနှင့် (၁၀) နာရီအ တွင်း အရည်ညှစ်ရယူရန်အတွက် ကြို တင်ပြင်ဆင်ထားရ၏။ အသီးက အ မာနေပြီဖြစ်၍ အရည်ညှစ်ယူရန် ကြိတ် ခြေဖို့အတွက် သမီးက လျှပ်စစ်အရည် ဖျော်စက်ကို အသုံးပြုပါ၏။ •စက်ဖြင့် ကြိတ်ခြေ၍ရသော အနှစ်များကို စစ်ထဲထည့်၍ညှစ်ယူရပါ၏။ ဖလားငယ် တစ်လုံးရအောင် ယူရပါ၏။ သကြား အနည်းငယ်မျှ ထည့်သောက်ရန် ဆို သည်။ နာရီဝက်အတွင်း ကုန်အောင် သောက်ရမှာအတွက် သမီးက အဆ သင့်လုပ်ပေးထားတာပါ။ ရေခဲသေတ္တာ ထဲထည့်ထားတော့ အနည်းငယ်အေး ၏။ ပြုလုပ်ပြီး (၁၀)၊ (၁၅) မိနစ်ခန့် ကြာမှာ သောက်ပါ၏။ (၃) ကြိမ်ခွဲ (၁၀) နာရီမထိုးမီ အပြီးသောက်ခဲ့ပါ အရသာကမဆိုးလှပါ။

www.burmeseclassic.com

www.burmeseclassic.com


**ကျောက်ဖရုံသီးညှစ်ရည်ဆေးအစွမ်း**

(၁၄-၃-၂၀၁၃) မှစ၍ သောက်သုံးခဲ့ရာ (၃) ရက်မြောက်နေ့မှာ ထူးခြားလာတာက တင်းရင်းနေသော ခြေထောက်နှစ်ဖက်စလုံး သက်သာလာရုံသာ မကပေါ့ပါးလာ၏။ အိပ်ရာထစမှာ ယခင်က အရောင်ကျသော်လည်း အိပ်ရာထပြီးနောက် တဖြည်းဖြည်း တင်းရင်းတာတတ်တာလည်း သက်သာလာ၏။ ခြေထောက် အကွေးအဆန့်လည်း ထူးခြားလာ၏။ နေထိုင်ရကောင်းလာ၏။

ဆက်၍ ချိန်ကိုက်သောက်သုံးခဲ့ရာ တစ်ရက်ထက်တစ်ရက် ခြေထောက်အရောင်များကျသွားရုံမက သွေးကြောများပေါ်လာ၏။ ခြေမျက်စိလည်းပေါ်လာ၏။ သောက်သုံးပြီး (၁၀)ရက်ခန့်မှာ အရောင်အကိုင်းများမရှိတော့။ အိပ်ရာထမှာ လုံး၀ ပုံမှန်ရှိလာ၏။ နေ့ခင်းပိုင်းမှာ တဖြည်းဖြည်း အနည်းငယ်မျှ သွေးကျ၍ တင်းလာသော်လည်း လက်နှင့်ဖိလျှင် ချိုင့်ဝင်သွားမှု မရှိတော့ပါပေ။ (၁၅) ရက်မျှ သောက်သုံးပြီးနောက် ထူးခြားမထည့်တော့ဘဲ ဆက်၍သောက်သုံးခဲ့ပါ၏။

(၁၂-၄-၂၀၁၃)မှာတော့ ကျောက်ဖရုံသီးညှစ်ရည် သောက်သုံးခြင်းကို ပုံမှန် ရက်ခြား၍ သောက်နေပါပြီ။ စာရေးသူ ရောဂါဝေဒနာနှင့် ကျောက်ဖရုံသီးညှစ်ရည် ဆေးအစွမ်းဖြင့် အဆင်ပြေခဲ့တော်ပြီဟု ယုံကြည်မိသလို လုံး၀ ပျောက်ကင်းနိုင်မှာပဲဟုလည်း မျှော်လင့်မိတာအမှန်ပါ။ သဘာဝဆေးနည်းဆေးအစွမ်းကြောင့် ဝေဒနာခံစားနေရသော ဒုက္ခဆင်းရဲမှလွတ်ကင်းတော့မည်ဟု ယုံကြည်အားထားမှု ပိုလာတာ အမှန်ပါ။

တိုင်းရင်းဆေးဆရာကြီးက 'ကျွန်တော် နေပြည်တော်ကို လာတဲ့အခါ နောက်ထပ် ဆေးဖော်စပ်ပြီး ယူလာဦးမည်' ဟုလည်း ဆိုပါသည်။ ကျေးဇူးကြီးသလို ထူးခြားလှပါ၏။ ကျောက်ဖရုံသီးဆေးအစွမ်းကို ယခင်က မကြားဘူး၊ မသိဘူးသော်လည်း ကိုယ်တိုင်ခံစားနေရသော ကြောက်မက်ဖွယ် ရောဂါဝေဒနာကို သက်သာပျောက်ကင်းနိုင်မှု ဆေးအစွမ်းကြောင့် အများသိရှိစေလို၍ ဆောင်းပါးရေးမိပါ၏။ 'မြန်မာ့ဆေးဝါးပင်များ' စာအုပ်ကို လေ့လာမိရာမှ လိုအပ်သမျှအချက်အလက်အချို့ကိုလည်း ကောက်နုတ် ဖော်ပြလိုက်ရပါသည်။ စာ



မျက်နှာ (၇၇) မှာ ဖော်ပြထားသည်က-

**ကျောက်ဖရုံ**

မျိုးရင်း ။ ။ Cacubitaceae (ဘူးမျိုးရင်း)

ရုက္ခဗေဒအခေါ် ။ ။ Benincasaceri- fera Savi

မြန်မာအမည် ။ ။ ကျောက်ဖရုံ

အင်္ဂလိပ်အမည် ။ ။ White Pumpkin

တစ်နှစ်ခံ နွယ်ပင်မျိုး ဖြစ်သည်။ အဖြူရောင် သို့မဟုတ် သံချေးရောင်အမွေးကလေးများဖြင့် ဖုံးလွှမ်းနေသည်။ ပင်စည်တောင့်တင်း၍ ထောင့်ပါသည်။ နွယ်နှာမောင်း (၃) ခု ဖြာသည်။

(အများသိ အသီးမျိုးဖြစ်၍ စိုက်ပျိုးပုံနှင့် အရွက်၊ အပွင့် စသည်တို့ကို မဖော်ပြတော့ပါ။)

**အသုံးပြုပုံ**

အပွင့်- ကျောက်ဖရုံသီးအပွင့်ကို ကြိတ်စားသော် ကာလဝမ်းရောဂါပျောက်၏။

အသီး- အသီးသည် အဆုတ်ရောဂါကြောင့် အားအင်ကုန်ခမ်းခြင်းအတွက် အာဟာရဖြစ်စေသည်။ အသီးရည်ကို သောက်ခြင်းဖြင့် သွေးယိုစီးခြင်းနှင့် သွေးအန်၊ သွေးကျရောဂါ ပျောက်၏။ အသီးရည်တွင် ရှိန်းခိုနှင့်ဂျုံပြာဆား အနည်းငယ်ထည့်သောက်က ဆီးအိမ်ရေဝင်ခြင်း ပျောက်၍ ကျောက်ကပ်၌တည်သော ကျောက်ကို အရည်ပျော်၍ ကျစေ၏။

ကျောက်ဖရုံရည်ကို ဝက်ရူးနာ၊ လေနာ၊ စိတ်ရောဂါအတွက်လည်း သုံး၏။

အစေ့- အစေ့ကို သန်ကျဆေးအဖြစ် သုံးသည်။

အမြစ်- ကျောက်ဖရုံမြစ်မှုန့်ကို ရေနွေးနှင့်သောက်လျှင် ချောင်းဆိုးရောဂါနှင့် ပန်းနာရင်ကျပ်ရောဂါပျောက်၏။

ကျောက်ဖရုံသီးသည် အလုံးဝိုင်း၊ အလုံးရှည် စသည် ရှိ၏။ အစိမ်းရောင်နှင့် အဖြူရောင် ရောနှောနေတတ်၏။ နုစဉ် အခွံပျော့၍ ရင့်သော် ကြွပ်ပြီးမာသည်။ အခွံပေါ်တွင် အမွေးကြမ်းလေးများရှိ၏။ အစေ့များ ပြားပြီး အဖြူရောင်ရှိသည်။

**အာနိသင်**

မြန်မာ့ဆေးကျမ်းများအလိုအရ ချို၍ အနည်းငယ်ငန်သောအရသာ ရှိသည်။ အားကိုပွားစေ၍ သည်းခြေကိုနိုင်၏။ မှည့်သော (ရင့်သော) အသီးသည် ဝမ်းမီးကိုတောက်စေသည်။ သွေး၊ လေရောဂါနှင့်စိတ်ဖောက်ပြန်ခြင်းကိုပျောက်စေ၍ ဆီးအိမ် သန့်ရှင်းစေတတ်၏ဟု ဖော်ပြထားပါသည်။

အရွယ်ကြောင့် ဆီး၊ ဝမ်းသွားရာမှာ ပုံမှန်မရှိတော့ပေမယ့် ကျောက်ဖရုံသီးဆေးအစွမ်းကြောင့် ဆီးများလာ၏။ ဆီးသွားရတာ အဆင်ပြေလာ၏။ ဆီးဆေးသောက်ရမှု လွတ်ခဲ့ပါပြီ။ ဆီးများလာသလို အနည်းအနှစ်၊ အမြှုပ်ထမှု နည်းလာ၏။ ယခင် ရောင်ကိုင်းမှုက တင်းရင်းနေတတ်သလို အနည်းငယ် နာကျင်၏။ ခြေမျက်စိပတ်လည်မှာ အရောင်မရှိတော့ဘဲ ခြေမျက်စိလည်းပေါ်လာ၏။ သွေးကြောများလည်း ပုံမှန်နီးပါးရှိလာပါသည်။ ကျောက်ဖရုံသီးညှစ်ရည်ကို ရက်ခြား တစ်ဖလားသုံးစွဲ၍ ဝမ်းမှန်၊ လေမှန်၊ ဆီးမှန်လာတာလည်း ထူးခြားလှပါ၏။

စာရေးသူ၏ သွေးတိုးရောဂါနှင့် နှလုံးရောဂါလည်း သက်သာလာပါပြီ။ အစားအသောက်ကို အထူးဂရုစိုက်၍ အာဟာရဖြစ်စေသော အစားအစာများကို သတိနှင့် မှီဝဲစားသုံးနေပါသည်။ ကျောက်ဖရုံသီးညှစ်ရည်ကို ရက်ခြားသောက်သုံးနေသလို အလွန် ဆေးစွမ်းထက်လှသော ကျောက်ကပ်အသက်ကယ်ဆေးပင် ရေဝါးမြက်ကိုလည်း ရေနွေးကြမ်းပြုလုပ်၍ သောက်သုံးလျက် ကျောက်ကပ်ပျက်ဝေဒနာကို ဆေး (၂) မျိုးဖြင့်ညှပ်၍ ကိုယ်တိုင်ကုသ ဖြေရှင်းနေပါကြောင်း။

စောငုဝါ(ပျဉ်းမနား)



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်နာမည်က ဒိုးကလေး။

ခုတော့ ကျုပ် သေရွာကပြန်လာလို့ ကျုပ်နာမည်ရှေ့မှာ 'သေရွာပြန်' ဆိုတဲ့ နာမဝိသေသနတစ်ခုတိုးလာတယ်။

သေရွာပြန် ဒိုးကလေးတဲ့။

✿

"လူကလေးတဲ့ ချော့စရာ၊ မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါ။ ဖားပါရင် တစ်ကောင်ပေးပ့ါ၊ မျက်လုံးရယ် ကြောင်တောင်တောင်နဲ့၊ ဖားကောင်ကသေး"

"အမေကလည်း . . . တစ်ခါလာလည်း ဒီသီချင်းပဲ၊ သားတောင် အလွတ်ရနေပေ့ါ။ တခြားသီချင်းတွေ မရှိတော့ဘူးလား။ ဟိုလေ- မိုးပေါ်မှာ ကြယ်တစ်လုံးတို့၊ လူကလေးရဲ့ငိုတို့"

ကျုပ်က အဲဒီလိုပြောလိုက်တိုင်း-

"ဟဲ့- နင့်အစ်မ စိုးကလေးတုန်းကလည်း ဒီသီချင်းနဲ့ပဲ ပုခက်လွှဲသိပ်ခဲ့တာပဲ။ တခြားသီချင်းတွေ အမေ မရပေါင်တော်။ အိပ်ချင်အိပ်၊ မအိပ်ချင်နေ။ လက်လည်း ညောင်းလှပြီ"

ကျုပ် အမေ့ဓာတ်ပြားဟောင်းကြီးကို ကြားဖူးနားဝရှိနေပြီ။ တစ်ခါလာလည်း မဲပြာပုဆိုး ဆိုတာလို ဖြစ်နေပြီ။ ကြာတော့လည်း မတတ်သာ၊ မျက်စိညောင်းပြီး အိပ်ပျော်ရတော့တယ်။

ကျုပ်တို့မိသားစုမှာ ကျုပ်အဖေ ဦးစိန်မောင်၊ အမေ ဒေါ်မြနှစ်၊ အစ်မ စိုးကလေးနဲ့ ကျုပ်၊ ပေါင်း (၄) ယောက်မျှသာ။ ကျုပ် သိတတ်တဲ့အရွယ်ကစပြီး ကျုပ်အဖေက ကျုပ်ကိုမကြောက်တရားတွေ ပြောပြတတ်တယ်။

"သားလေး-ဒိုး၊ မင်း သရဲတို့တစ္ဆေတို့ မြင်ဖူးလား"

"အဖေကလည်း၊ ဘာတွေ လာမေးနေတာလဲ။ မြင်လည်း မမြင်ဖူးဘူး၊ ကြားလည်း မကြားဖူးဘူး"

"အဖေလည်း ခုအသက်အရွယ်ထိ မမြင်ဖူးဘူး။ လူပြောသူပြောသာ ကြားဖူးတာ။ မမြင်ဘူးတော့ ကြောက်စရာလည်း မလိုဘူးပေ့ါကွာ။ သူတို့က မကောင်းဆိုးရွား နာနာဘာဝတွေပဲ။ ကောင်းကျိုးမပေးဘူး၊ ဆိုးကျိုးသာပေးတာ။ လူတွေကို ကိုယ်ထင်ပြပြီး ခြောက်လှန့်တတ်တာ။ အထူးသဖြင့် ညဘက်တွေမှာ ထွက်တတ်တာမျိုးတွေ"

"အဖေရာ- သားဘဝမှာ တစ္ဆေလည်း မကြောက်ဘူး၊ သရဲဆို သာပြီးမကြောက်သေး။ ဒီကောင်တွေနဲ့ တစ်ပွဲတစ်လမ်း အကဲစမ်းလိုက်ချင်ပ"

ကျုပ်အပြောကို အဖေ သဘောခွေ့သွားတယ်။ အဖေ့ပါးစပ်မှာခဲထားတဲ့ ဆေးပြင်းလိပ်တိုတောင် ပြုတ်ကျသွားတဲ့အထိ ဖြစ်ရတယ်။ ရယ်ရင်းနဲ့ ချောင်းဆိုးလိုက်တာကိုး။

"ဒါမှ ငါ့သားကွ။ ကြောက်စိတ်ဆိုတာ သူ့နေရာနဲ့သူထားရတယ်။ မိဘ၊ ဆရာသမားနဲ့ လူကြီးသူမများကို ကြောက်တဲ့စိတ်၊ ရိုသေလေးစားတဲ့စိတ်မျိုး ထားတတ်ရတယ်။ ဘုရားရဲ့ဆိုဆုံးမမှု၊ တရားတော်ရဲ့ ဟောဖော်ညွှန်ပြမှု၊ သံဃာတော်များအပေါ် ကြည်ညိုလေးစားမှု စတဲ့ အကြောက်တရားတွေကတော့ သေတစ်ပန် သက်တစ်ဆုံး ထားသွားရမယ်ကွယ့်"

"ဟုတ်ကဲ့ပါ အဖေ၊ သား သူငယ်ချင်းတွေနဲ့ ဘောလုံးသွားကစားလိုက်ဦးမယ်"

"သား၊ ဘောလုံးကစားရင်လည်း မကြောက်ရဘူးနော်"

ပြေးထွက်သွားတဲ့ ကျုပ်ကို မကြောက်တရား ဟောလိုက်သေးတယ်။ ကျုပ်နားထဲမှာ အဖေ့ရဲ့စကားသံက စွဲနေတယ်။ မကြောက်တရား ပြောပြောနေတဲ့အဖေ့အကြောင်းကို ပြေးရင်းလွှားရင်း စဉ်းစားမိသေးတယ်။ ည (၉) နာရီ (၁၀) နာရီလောက်မှာ အိမ်သာတက်တဲ့အခါမျိုးကျ 'မြနှစ်ရေ၊ ဓာတ်မီးလေးယူပြီး ငါနဲ့ခဏလိုက်ခဲ့ပါဦး' လို့ အမြဲခေါ်လေ့ရှိတာကို ကျုပ်အမှတ်ထားမိတယ်။ ကျုပ်ကတော့ ပြုံးလိုက်မိတယ်။ အဖေ့မကြောက်တရားက သူများတွေကိုပြောတာပဲ ဖြစ်မယ်လို့။

ကျုပ် အသက် (၂၀) လောက်ရောက်တော့ အညာကအဖေ့အမျိုးတွေ အလည်လာကြတယ်။ ကျုပ်ကတော့ အမေ့အမျိုးတွေနဲ့သာ နီးနီးစပ်စပ် နေဖူးတာ၊ အဖေ့အမျိုးတွေကို အဖေပြောပြတာကလွဲလို့ တစ်ခါမှ မမြင်ဖူးဘူး။ ကျုပ်ဦးရီးတော်သူပဲ ဖြစ်မှာပေ့ါ။

"စိန်မောင်ရေ၊ မင်းနဲ့ မတွေ့တာလည်း ကြာလှပေ့ါ။ ကလေးတွေခုန်းလည်း ရင်းနှီးရအောင် လာတာ။ ကျန်းကျန်းမာမာတွေ့ရတော့ ဝမ်းသာသဟေ့"

"ငါလည်း အညာကထွက်လာပြီးကတည်းက တစ်ခေါက်မှ ခြေဦးမလှည့်ဖြစ်ဘူး။ မင်းတို့လာလို့သာ တွေ့ရတာ။ ဒါနဲ့ ဘကြီး ဘဒွေးတို့ကော ရှိကြသေးရဲ့လား"

"အေး- ခုထိ ကျန်းမာပြီး အလုပ်လုပ်နိုင်တုန်းပဲကွ။ ငါလာတာ အဲဒီအကြောင်းလည်း ပါသပေ့ါ။ မင်းအတွက် အမွေရစရာရှိတာတွေ ပြောဖို့ရယ်



www.burmeseclassic.com

www.burmeseclassic.com

တျုပ်က အမွေဆိုလို့ ဘာများလဲ ...တယ်၊ ထန်းပင် (၃၀၀) ကျော်တဲ့။ ...ဆိုင် ထန်းတောကို ညီအစ်ကိုတွေ ...ခွဲတော့ အဖေ့အတွက် ထန်းတော ...တောရမယ်တဲ့။ ထန်းပင်များ မက် ...ကတ်စရာလို့ ကျုပ်က တွေးမိတယ်။ ... ထန်းပင်တွေကို အဖေ့အစ်ကိုက ...သူမယ်လို့ပြောတယ်။ ကျုပ်အထင် ...မြင် ပါစင်အောင် လွဲတော့တယ်။ ...တောတစ်တောကို အမ်းပြီးယူတာ ... (၅၀) လောက်ရမယ်တဲ့။

"ငါလည်း မမျှော်လင့်ပါဘူး စိန် ...အောင်ရာ။ မင်းတို့ပြောလို့သာ သိရတာ၊ ...ခေါင်းထဲမှာ မရှိဘူး။ ဒီထဲက ဘကြီး

# သေရွာပြန်နိုးကာလေးနဲ့ လှူဝင်စား ဖိုးတွေး



အဖေကတော့ ပြုံးလို့။ ငယ်ကျိုး ငယ်နာတွေပေါ်မှာစိုးလို့ ထင်တယ်။

"ဒီလိုကွယ့်။ မင်းတို့အဖေက အ သက် ဆယ့်လေး၊ ငါးနှစ်ရောက်တဲ့အထိ ညဘက်ကို တစ်ယောက်တည်း ဘယ်မှ မသွားရဲဘူး။ တစ်ခါတုန်းကပေါ့ကွာ။ တို့ ညီအစ်ကိုနှစ်ယောက် ရွာမြောက်ပိုင်းက အလှူမှာ ဆိုင်းသွားနားထောင်ကြတာ၊ ကလေးအရွယ်ဆိုတော့ ဆိုင်းနားထောင် ရတာ ဘယ်အရသာခံတတ်မလဲ။ (၁၁) နာရီလောက်မှာ ညီအစ်ကိုနှစ်ယောက် တည်း ရွာလယ်လမ်းအတိုင်း ပြန်လာ



...ခွေးတို့၊ ကြီးတော်တို့အတွက် ငါက (၁၀) သိန်းကန်တော့လိုက်တယ်လို့ပြော ...လိုက်ပါ"

ဦးရီးကတော့ ကျုပ်ဘက်လှည့် ... ပြောသေးတယ်။

"မင်းအဖေ စိန်မောင် ငယ်ငယ်က ...ကြောက်တတ်တာကွ။ ခုတော့ မသိ ...



www.burmeseclassic.com

www.burmeseclassic.com

ကြတာ"

"စိန်အောင်ရယ်၊ အဲဒီတုန်းက မင်းက အရင်ဆုံးပြေးတာပါ"

အဖေက နှိုးဖြာနေရင်း ဝင်ပြော လိုက်တယ်။ ကျုပ်ကတော့ ဦးရိုးစိန် အောင်ပြောတာကို စိတ်ဝင်တစား နား ထောင်နေမိတယ်။ အဖေကတော့ ရှက် ပြုံးပြုံးနေတဲ့ မျက်နှာမျိုး။

"တို့ပြန်လာတဲ့အချိန် လကလည်း လမိုက်ရက်မို့ မီးကလည်းမပါတော့ နှစ် ယောက်သား လက်ချင်းချိတ်ထားတာ ပေါ့ကွာ။ အဲဒီအချိန်မှာ ခွေးတစ်ကောင် ကလည်း သဲကြီးမဲကြီးဟောင်၊ တို့နှစ် ယောက်လည်း ကြက်သီးမွေးညင်းတွေ ထ၊ လမ်းမှာလည်း အဖော်တစ်ယောက် မှမရှိ။ တို့မှာ လောက်လေးခွတော့ ပါ တယ်။ ငါက ခွေးဟောင်တဲ့ဆီ မှန်းပြီး လေးခွနဲ့ပစ်ထည့်လိုက်တာ။ ဘုတ်ဆိုတဲ့ အသံ ကြားလိုက်ရတယ်။ ခွေးကလည်း ဆက်ပြီးဟောင်နေတယ်။ နောက်တစ် ခါ ပစ်လိုက်ပြန်ရော။ အဲဒီလိုပဲ ဘုတ် ဆိုတဲ့အသံ ကြားရပြန်တယ်။ အဲဒါနဲ့ ကြောက်ပြီး ခြေဦးတည့်ရာ စွတ်ပြေး တော့ လားလား-နည်းတဲ့အကောင်ကြီး မဟုတ်ဘူး၊ မင်း ဘာကောင်လို့ထင်လဲ"

ကျုပ်ဘက်လှည့်ပြီး ဦးရိုးက မေး လိုက်တယ်။ အဖေကတော့ ပြုံးမြဲ ပြုံး နေတယ်။

"ရွာထဲမှာ ဘေးမဲ့လွှတ်ထားတဲ့ နွားကြီးပေါ့ကွာ- ဟားဟားဟား"

"မင်းအကြောက်ကြီးလို့ဖြစ်ရတာ"

"မဟုတ်ပါဘူး စိန်မောင်ရာ၊ မင်း လည်း ကြောက်တာပဲ မဟုတ်လား"

အဖေတို့ညီအစ်ကို တစ်ယောက် ကိုတစ်ယောက် လွှဲချနေမှန်း ကျုပ် သိ လိုက်တယ်။ အမှန်ကတော့ အဖေ အ ကြောက်ကြီးမယ်ဆိုတာ ကျုပ်တွက်ပြီး သား။

❂

ဘာလိုလိုနဲ့ ဦးရိုးတို့ ပြန်သွားကြ တာ တစ်လပြည့်တော့မယ်။ အဖေရော ကျုပ်ပါ ရဟန်းခံပြီး ရွာထဲက ရှင်မပြု နိုင်တဲ့ ကလေးတွေကို ရှင်ပြုပေးလိုက် တယ်။ ဒီလိုနဲ့ပဲ ပြက္ခဒိန်နှစ်တွေ တစ် နှစ်ပြီးတစ်နှစ် ကုန်လွန်သွားပြန်ရော။

တန်ခူးလမို့ နေကလည်း ပြင်း လွန်းတယ်။ သင်္ကြန်လက်ဆေးမိုးက တော့ထုံးစံမပျက်။ ထင်သလောက်တော့ မရွာ။ ပိတောက်ပန်းတွေလည်း ရာသီ ခါမီ ပွင့်ကြလေရဲ့။ သူ့ထက်ငါ အပြိုင် ခူးကြ၊ ကိုင်းကိုချိုင်ကြနဲ့ ရွာထိပ်က ပိတောက်ပင်ကြီးအောက်မှာ ပိတောက် ပန်းတွေ ဖွေးဖွေးလှုပ်လို့။ သူ့ခေါင်းမှာ လည်း တဝေဝေ၊ ကိုယ့်ခေါင်းမှာလည်း တဝေဝေနဲ့။ မြင်ကွင်းကတော့ လှမှလှ။ လူတွေအတွက် သူ့တစ်ကိုယ်လုံး အသုံး ချခံရတဲ့ ပိတောက်ပင်ကြီးကို ကျုပ်ငေး ကြည့်ရင်း တရားကျမိရဲ့။

"ကိုဒိုးကလေး၊ ဘာတွေသဘော ကျပြီး ပြုံးနေတာလဲတော့"

"ဘာရယ်မဟုတ်ပါဘူး မိနှင်းရယ်၊ ပိတောက်ပင်ကြီးကိုကြည့်ပြီး တရားကျ နေတာပါ"

ကျုပ်အဖြေကို မိနှင်း သဘော ပေါက်ဟန်မတူ။ မိနှင်းက ရွာမြောက် ပိုင်းက ဦးချစ်မွေး၊ ဒေါ်အေးမြင့်တို့ရဲ့ တစ်ဦးတည်းသောသမီး။ အချောအလှ ပိုင်ရှင်။ ကွမ်းတောင်ကိုင် ဆိုရင်လည်း မမှားဘူး။ သူ့အမေ ဒေါ်အေးမြင့်က ရွာထဲက ဘယ်ယောက်ျားလေးနဲ့မှ တူ တန်တယ်လို့ သဘောမထား။ မျက်စိ အောက်က အပျောက်မခံ။ မြို့ကသူဌေး သားနဲ့ သဘောတူပြီးသား ဆိုလား။ ဒါ ပေမယ့် မိနှင်းက ကျုပ်ကို အရေးပေး တယ်။ ခုလည်း ကြည့်လေ၊ ကျုပ်ကို အရေးတယူလုပ်ပြီး စကားလာပြောနေ တာ။ ကျုပ်ကလည်း အရွယ်ရောက်သူ မို့ နောကျေပြီးသား။ ကျုပ်အတွေးဆုံး တော့ ပြုံးလိုက်မိတယ်။ ပြီး- သက်ပြင်း ချလိုက်တယ်။

"ကိုဒိုး၊ မိနှင်းကို ပိတောက်ပန်း တစ်ခိုင်လောက်တက်ပြီးချိုင်ပေးပါလား"

အောင်မယ်- ကိုဒိုးတဲ့။ မိနှင်းရဲ့ ချိုသာတဲ့အသံ၊ စွဲမက်ဖွယ် အပြုံးတို့ ကြောင့် ဒိုးကလေး ရင်ထဲမှာ ထိရှသွား တယ်။

ဒါပေမယ့်-

"ဟင်း- ပိတောက်တစ်ခိုင်မပြော နဲ့၊ ပိတောက်တစ်ခက်တောင် မခူးရက် ဘူး"

"တကယ်"

"သူ့ခမျာ လူတွေရဲ့ရက်စက်ခြင်း ကို တစ်နှစ်တစ်ခါခံရတယ်။ တော်ပါ သေးရဲ့၊ ရာသီမရွေး ပွင့်နေရင်တော့ တွေးတောင် မတွေးရဲဘူး။ သွားသွား၊ သူများကိုခူးခိုင်း"

"နေလေ၊ ဟိုမှာ ကိုချက်ကြီးကို ခူးခိုင်းမယ်"

ကျုပ် ဘာမှ ကန့်ကွက်စရာ မရှိ။ အိမ်ကို ပြန်ခဲ့တယ်။

❂

ကျုပ်အသက် (၄၀) ပြည့်ပြီ။ ဟို စဉ်က အကြောင်းတွေကို ပြန်တွေးမိ တိုင်း အဖေ့ကိုသတိရတယ်။ ဘာလိုလိုနဲ့ အဖေဆုံးတာ (၇) နှစ်ပြည့်တော့မယ်။ အမေကတော့ ကျန်းကျန်းမာမာနဲ့ မြေး တစ်ယောက်ကို ထိန်းကောင်းတုန်း။ ကျုပ်အစ်မ စိုးကလေးကတော့ တစ် ကိုယ်တည်းအပျိုကြီးပေါ့။

"မိနှင်းရေ သားလေးကို ရေမိုး ချိုးပေးလိုက်ပါဦး။ တစ်ကိုယ်လုံးလည်း ပေကျံနေတာပဲ"

"ဟုတ်ကဲ့ ကိုဒိုးရေ၊ ခဏလေး စောင့်ခိုင်းဦး၊ ထမင်းရည်ငှဲ့နေလို့"

မိနှင်းနဲ့ ကျုပ် အကြောင်းပါပုံက လေး ပြောပြဦးမယ်။

ရွာဦးကျောင်းမှာ ကျုပ်တို့ အလှူ တစ်ခုထပ်လုပ်တယ်။ အဲဒီမှာ မိနှင်းတို့ သားအမိလည်း လာတာပေါ့။ ဘုန်းကြီး ကျောင်းမှာလှူတယ်ဆိုတော့ သိတဲ့အ တိုင်း ရွာလုံးကျွတ်ပေါ့။ ဆရာတော် ဘုရားက မာဂလမြို့ မဒ္ဒရာမင်းရဲ့သမီး တော် ခေမာမင်းသမီးလေးအကြောင်း ဟောတယ်။ မင်းသမီးလေးက အလှ မာန်ယစ်ပြီး မာနတံခွန်ထူနေတယ်။ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရနဲ့ လက်ထပ်ထိမ်းမြားခဲ့တယ်။ ပစ္စည်းလေး ပါးဒါယကာ ဗိမ္ဗိသာရမင်းရဲ့ မိဖုရား ခေါင်ကြီးဖြစ်ပေမယ့် ဘုရားရှင်ကို တစ် ခါမှ သွားရောက်ဖူးမြော်ခြင်း မရှိဘူး။

ဘုရင်ကြီးကလည်း ဘုရားရှင်ကို ခေမာမိဖုရား ဖူးမြော်ခွင့်ရအောင် စီစဉ် တယ်။ မိဖုရားကြီးကို ဝေဠုဝန်ဥယျာဉ် တော်အတွင်း မရောက်ရောက်အောင် ဆွဲဆောင်စေတယ်။ ဘုရားရှင်လည်း ဆွမ်းခံမကြွဘဲ ဂန္ဓကုဋိကျောင်းတော် မှာ ခေမာမိဖုရားထက် အဆသာလွန် လှပတဲ့ မိန်းမငယ်တစ်ဦးကို ဖန်ဆင်းပြီး ထိုမိန်းမငယ်က ဘုရားရှင်ကို ယပ်ခတ် ပေးနေဟန် ဖန်ဆင်းလျက် နေတော်မူ တယ်။

ခေမာမိဖုရားလည်း မိမိထက် ချောမောလှပ တင့်တယ်တဲ့ မိန်းမငယ် ကိုမြင်တဲ့အခါ တစိမ့်စိမ့် စူးစိုက်ကြည့် နေမိတယ်။ အဲဒီအချိန်မှာ ဘုရားရှင်က ထိုသူငယ်မကို ရွတ်တွအိုမင်း အဆင်း ဖောက်ပြန် ဆံဖြူသွားကျိုး ညှဉ်းဆဲ မှည့်စွဲလျက် တွဲရရွဲကျသော သားမြတ် ကြီးစွာသောအပိုင်း အကြောပြိုင်းရှိ နဲ့ ကုပ်ကိုင်းသောကိုယ်ကိုရှိလျက် သက်ရှူရှိုက် တုန်တုန်ခိုက်ခိုက် ...

❂



www.burmeseclassic.com

www.burmeseclassic.com

# သီးပင်၊ စားပင်၊ အရိပ်ရပင် သစ်ပင်စိုက်လျှင် ပြုလုပ်စေချင်

သီးပင်စားပင်၊အရိပ်ရပင် စသည် ဖြင့် သစ်ပင်စိုက်ခြင်းသည် လူ့လောက ကမ္ဘာကြီးတစ်ခုလုံးအတွက် လက်တွေ့ ကောင်းကျိုးချမ်းသာကို ရရှိစေပါသည်။ သစ်တစ်ပင်ခုတ်မည် ဆိုလျှင် နောက် ထပ် သစ်ပင်ပေါက် ဆယ်ပင်စိုက်ပြီးမှ ခုတ်ပါ ဟု ရှေးဘိုးဘွားတို့ ဆိုဆုံးမ မှာ ကြားခဲ့သည်လည်း ရှိပါသည်။

သို့သော် သီးပင်စားပင်၊ အရိပ်ရ ပင် သစ်ပင်များ စိုက်ပျိုးတိုင်း အောင် မြင်ဖြစ်ထွန်းပါသလား။ (၁၀) ပင်စိုက်၍ တစ်ပင်ဖြစ်ထွန်းလျှင် အလွန်ပင် အောင် မြင်သည်ဟုဆိုရပါမည်။ သဘာဝဘေး ဒဏ် ပိုးမွှားအန္တရာယ်၊ ရာသီဥတုအပူ၊ အအေး စသည်တို့လည်း ပြည့်စုံဖို့လို အပ်သည် မဟုတ်ပါလား။ သို့အတွက် သစ်ပင် (၁၀၀) စိုက်လျှင် (၇၅) ရာခိုင်နှုန်း အောင်မြင်ဖြစ်ထွန်းစေရန်အတွက် အောက်ပါအတိုင်း အဓိဋ္ဌာန်ပြု စိုက်ရမည်ဟု ကျွန်ုပ်၏အဘိုး ဦးမင်းသန့်၊ ဦးမင်းခန့်တို့မှ မှာကြား ဆုံးမသွားခဲ့ဖူးသဖြင့် တင်ပြအပ်ပါသည်။

သီးပင်စားပင်များစိုက်လျှင် 'ယခု စိုက်ပျိုးသော သီးပင်စားပင်များသည် ဘုရားလှူရန်၊ သံဃာလှူရန်၊ လူအများ၊ သတ္တဝါ ဝေနေယျ စားသုံးရန် ရည်စူး စိုက်ပျိုးပါသည်' ဟု ရည်မှန်းအဓိဋ္ဌာန်ပြုပါ။ ထို့နောက် 'သတ္တဝါဝေနေယျ ပိုးမွှား ကျေးငှက်များအနေဖြင့် ဤအသီးအနှံများ၏ (၆) ပုံ (၁) ပုံကို စားသုံးကြပါ။ ကျန် (၅) ပုံမှာ အနန္တောအနန္တငါးပါးအတွက် ဖြစ်ပါသည့်' ဟု သစ္စာပြုပါ။

အရိပ်ရပင်စိုက်လျှင် 'ဤသစ်ပင်သည် အများဝေနေယျ အရိပ်ခိုရန်၊ အရှည်လေးမြင့် ကျေးငှက်သတ္တဝါတို့ နားခိုရန်၊ ခြေလေးချောင်း၊ ခြေနှစ်ချောင်း အယုတ်၊ အလတ်၊ အမြတ်မရွေး နားခိုအသုံးပြုနိုင်ရန် ရည်ရွယ်စိုက်ပျိုးပါသည်။ ဤသစ်ပင်စိုက်ပျိုးရခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း အထောက်အပံ့ကောင်းဖြစ်ပါစေသော်' ဟု ဆုပန်၍ စိုက်ပျိုးကြပါ။

ထိုသို့ စိုက်ပျိုးပေးခြင်းဖြင့် သီးပင်စားပင်၊ အရိပ်ရပင် သစ်ပင်များ အထူးပင် ပိုမိုဖြစ်ထွန်းပြီး လောကကမ္ဘာကြီးကို ကောင်းကျိုးပြုစေပါသည်။

နတ်မောက်မင်းချစ်နော်

---

ကြပြီး ပိုင်းခန် လဲကျသေဆုံးသွားတာ ကို ဆင်းပြတော်မူတယ်။

ခေမာမိဖုရားလည်း သတိသံဝေဂ ရကာ ထက်သန်စွာဖြစ်ပေါ်မိလို့ ဘုရား ရှင်ကို တောင်းပန်တော်မူပြီး ရှင်ရဟန်းမ အဖြစ်ကို ရောက်တော်မူတယ်။ အလှ အပကိုနှိမ့်ချ၍ ဘဝမှန်ရောက်ခဲ့ရသော ခေမာမိဖုရား ချမ်းသာစစ်စစ်ရပုံကို အ တုယူကြစေလိုကြောင်းကို ဟောတော် မူတယ်။

ဒါပေမယ့် မိနှင်းအမေက သူ့သမီး ကို ဒီရွာက ဘယ်သူနဲ့မှ သဘောမတူ ဘူး။ မြို့က သူဌေးသားနဲ့ပေးစားဖို့ ဇွတ် အတင်းစီစဉ်တယ်။ သူ့သမီး မိနှင်းက တော့ တရားရပြီး တရားကျနေတယ်။ ဘာမှ မက်မော တွယ်တာစရာမရှိတဲ့ အလှအပတွေကို မာနမရှိဘဲ ခဝါချမိ တယ်။ နောက်ဆုံးမှာ ကျုပ်နဲ့ခိုးရာလိုက် ပြေးကြတယ်။ ဝေးဝေးတော့ မပြေးပါ ဘူး။

ကျုပ်နဲ့မိနှင်းကို လိုက်ရှာလို့တွေ့ တဲ့နေရာမှာပဲ အတင်းအဓမ္မခွဲကြတယ်။ ကျုပ်ကလည်း ဘယ်ရမလဲ၊ မိနှင်းကို အ တင်းဆွဲတာပေါ့။ နောက်ဆုံး မိနှင်းရဲ့ ဆွေဝမ်းကွဲတွေက ကျုပ်ကို ထိုးနှက် ရိုက်နှက်ကျောက်ပြီး ထားခဲ့ကြတယ်။ နှစ် ရက်လုံးလုံး ကျုပ် သတိမေ့နေတယ်။ သတိမေ့နေတုန်း ကျုပ် ဘာဖြစ်တယ် ထင်လဲ။

ကျုပ်တို့ရွာ ချောင်းထဲမှာ ကျုပ် အဖော်တွေနဲ့ ရေချိုးရင်း ကျုပ်ရေနစ်သွားတယ်။ ရေကလည်း နက်တယ်။ အောက်ခြေရောက်တော့ ဘုရားဆင်းတုတော် (၃) ဆူကို တွေ့ရတယ်။ ဒါနဲ့ ကျုပ်လည်း ဘုရား (၃) ဆူကိုယူပြီး အဓိဋ္ဌာန်ပြုလိုက်တာ ရေပေါ်ပြန်တက်လာနိုင်ခဲ့တယ်။ သူငယ်ချင်းတွေက ကျုပ်သေပြီမှတ်လို့ ကုန်းပေါ်ကကြည့်နေကြတုန်း ကျုပ်ပြန်ပေါ်လာတာတွေ့တော့မှ ဆင်းဆယ်ကြတယ်။ ကျုပ်လက်ထဲမှာ ဘုရား (၃) ဆူတွေ့တော့ သူတို့လည်း အံ့သြနေကြတာပေါ့။

ဘုရားဆင်းတု (၃) ဆူနဲ့အတူ ကျုပ် အိမ်ပြန်ရောက်တော့ ကျုပ်က ဘုရားအနေကဇာတင်လိုက်တယ်။ ဘုန်းကြီးငါးပါးပင့်ပြီး အနေကဇာတင်လိုက်တော့မှ ကျုပ်လည်း သတိရလာတော့တယ်။ ကျုပ်ပါးစပ်ကလည်း-

"ဗုဒ္ဓါနုဿတိဘာဝနာ၊ မေတ္တာဘာဝနာ"

ဆိုပြီး ရွတ်လိုက်သေးတယ်။ အဲဒီရွတ်တဲ့အသံက ပီပီသသထွက်လာတယ်တဲ့။

ကျုပ်အဖေနဲ့ အမေကတော့ ကျုပ်ကို သေပြီလို့တွက်ထားတာ။ ဆေးရုံလည်း မပို့တော့ဘူး။ ကျုပ်သေမယ့် အချိန်ကိုပဲစောင့်ပြီး နေကြတာ။ အမှန်ကတော့ ကျုပ်ကို သေပြီအထင်နဲ့ထားခဲ့ကြတာ။ ကျုပ်တို့တည်းတဲ့အိမ်ရှင်တွေက ကျုပ်မသေသေးဘူးဆိုတာ သိတာနဲ့ ကျုပ်အိမ်ကို လာပို့ကြတာ။ အဖြစ်အပျက်တွေကိုလည်း ပြောပြကြတယ်။

ကျုပ်ကလည်း မေ့မြောနေတုန်းက ကျုပ်အဖြစ်တွေကို ပြန်ပြောပြလို့ ကြားတဲ့လူတိုင်းက အံ့သြနေကြတယ်။ မိနှင်းအမေကလည်း သူမှားကြောင်းဝန်ခံတယ်။ ကျုပ်နဲ့ ကျုပ်မိဘတွေက သူတို့အပေါ် ကျေအေးလိုက်ပါတယ်။

ခုတော့ မိနှင်းနဲ့ ကျုပ်က ကလေး တစ်ယောက်တောင် ရနေပြီပဲ။ ကျုပ် သား့နာမည်က ဖိုးထွေးတဲ့။

သားယောက်ျားလေးမို့ အမေက လည်း သူ့မြေးကို သိပ်ချစ်၊ မိနှင်းအဖေ၊ အမေတွေကလည်း သူတို့မြေးမှမြေး။ ဒီအထဲမှာ အမေက ပိုချစ်မှာပေါ့။ ဘာဖြစ်လို့လဲ ဆိုတော့ မြေးကလေးက ဦးစိန်မောင် ဝင်စားတာ သေချာတယ်။ အဖေဦးစိန်မောင်ရဲ့နဖူးမှာ အမာရွတ်ရှိသလို သားလေးရဲ့နဖူးမှာလည်း အမာရွတ်နဲ့ပဲ။

ပိုပြီး သေချာတာက စကားပီပီ သသပြောတတ်တဲ့အရွယ်မှာ အမေ့ကို 'မြနှစ်' လို့ ခေါ်တယ်။ မိနှင်းကိုတော့ 'ဟဲ့- ငါ့ချွေးမ' တဲ့။ ကျုပ် ဒိုးတလေးကိုတော့ 'ငါ့သား' လို့ ခေါ်တဲ့အပြင် ကျုပ်အစ်မ စိုးတလေးကို 'ငါ့သမီး' တဲ့။

အဲဒါ ကျုပ် သေရွာပြန်ဒိုးတလေးနဲ့ လူဝင်စား ဖိုးထွေးတို့ရဲ့ဇာတ်လမ်းပါပဲဗျာ။

လင်းလုံကြယ်



www.burmeseclassic.com

www.burmeseclassic.com

# ဝိဇ္ဇာဓိုရ်ရှိဆရာတော်များနှင့် အဝေးဆုံးခရီးသည့် အမေမြနန်းနွယ်

စိုးထွန်း(ဥပဒေ)

*(ယခင်လမှအဆက်)*

"မယ်ဘော့ကုန်းက ပြန်ထွက်တော့ မရိပ်မိသေးဘူး။ ရထားထဲမှာ ကျွန်တော့်ရဲ့ အိတ်ဆောင်ရေဒီယိုလေး ဖွင့်နားထောင်လို့ နာရီဝက်လောက်ကြာမှ သတိထားမိတာဗျ။ အဲဒါကတော့ ရေဒီယိုဖွင့်ရင် ကျွန်တော်က နားကြပ်တပ်ရတယ်။ အခု နားကြပ်မပါဘဲ နားထောင်နေပါလားလို့သိလိုက်မှ နားလေးတဲ့ ရောဂါပျောက်နေပါလားလို့ သိလိုက်တာမျိုးပေါ့။

နောက်တစ်ချက်က ဘေးလူရဲ့ သတင်းစာကိုဖတ်မိတဲ့ကိစ္စပဲ။ ဒါကိုတော့ ချက်ချင်း သတိထားမိတယ်။ ကျွန်တော်က စာဖတ်ရင် မျက်မှန်တပ်ရတယ်လေ။ အခု မျက်မှန်မပါဘဲဖတ်နိုင်လာတော့မှ ငါမျက်မှန်လွတ်သွားပါလားလို့ သိလိုက်တာပါ။ ဒါဆိုရင် ဆရာတော်ကြီးဟာ ငါ့ရဲ့ရောဂါနှစ်ခုကို ပျောက်ကင်းအောင် ကုပေးလိုက်တာပါလို့ ရထားပေါ်ရောက်မှ သိတာပါ။

ဒီတော့မှ ကျေးဇူးကြီးမားလှတဲ့ ဆရာတော်ကြီးကို ရထားပေါ်ကနေ ဦးချရတာ အကြိမ်ကြိမ်ပါပဲ။ ဒါကြောင့် ကျွန်တော့်အတွေ့အကြုံကို အချုပ်ပြောရမယ်ဆိုရင် ဝိဇ္ဇာဆိုတာ တချို့လူတွေ ဝေဖန်သလို ဥစ္စာစောင့်လည်း မဟုတ်ဘူး။ မျက်လှည့်ပညာလည်း မဟုတ်ဘူး။ မှော်ပညာလည်း မဟုတ်ဘူး။ လောကကြီးမှာ တကယ်ရှိတဲ့ ပညာရပ်ပဲ။ လိုတိုင်းတော့ ကျွန်တော့်လိုကြုံဖို့ မလွယ်ဘူး။ ရှေးရေးဘဝက ဆရာတွေကြီးနဲ့ ဆက်နွယ်ဖူးတာမျိုး ဖြစ်လိမ့်မယ်။ ဒါကြောင့် တွေ့ဆုံခွင့်ပေးလိုက်တာပါ။

ခင်ဗျားက ကျေးဇူးရှင်တွေဖြစ်လို့ ကမ္ဘည်းတင်တာလို့ ဆိုတယ် မဟုတ်လား။ ဒါကြောင့် ခင်ဗျားရဲ့ ကျေးဇူးရှင်အကြောင်းကို ကျွန်တော် သိသလောက် ပြောပြတာပါ။ ကိုယ်နဲ့ ဒီလောက် နီးစပ်တယ်ဆိုရင် မျက်မြင်ကိုယ်တွေ့ ဖူးရပါလိမ့်၏လို့ ဆုတောင်းကြည့်ပါလား။ ခင်ဗျား ဆုတောင်းရင် ပြည့်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်"

ဤအကြောင်းအရာများသည် ဆရာတော်ကြီး ဦးကောဝိဒအား ကိုယ်တိုင် သက်န်းကပ်ခွင့်ကြုံမှ ကမ္ဘည်းရေးနေစဉ်ကကိစ္စကို ပြန်၍ သတိရလာခြင်းဖြစ်ပါ၏။ တကယ်ပင် တောင်းသောဆုတွေပြည့်နေပါလားဟု သူကိုယ်သူ စမ်းစစ်ကြည့်နေ၏။ တစ်ဆက်တည်း ထပ်ဆင့်၍ တွေးမိသည့်ကိစ္စမှာ -

'သင်္ကန်းသာ ကိုယ်တိုင်ကပ်ဖြစ်လို့ကတော့ အမေမြနန်းနွယ်ဟာ နောက်ကွယ်က အပြည့်အဝအကူအညီပေးနေတယ်'



လို့ မိမိက အဓိဋ္ဌာန်ပြုထားသည့်ကိစ္စအား ပြန်၍သတိရလာသည်။ လက်ရှိအချိန်တွင် မိမိသည် ကိုယ်တိုင်လည်း မြင်ရသည်။ သင်္ကန်းလည်း ကပ်ခွင့်ရ... လိုက်သောကြောင့် အဓိဋ္ဌာန်ပြုထား... သည့်အတိုင်း အမေမြနန်းနွယ်သည် နောက်ကွယ်မှ အကူအညီပေးနေခြင်း... ယုံကြည်စွာ လက်ခံလိုက်ရတော့သည်။

ထိုသို့ ပီတိအတွေးနှင့်ငေးနေ... နောက်ထပ် တိမ်တိုက်လိုလိုမြူနှင်းလို... က လူပုံသဏ္ဍာန်သို့ပြောင်းလဲလာသော... ကြောင့် မျက်တောင်မခတ်ကြည့်နေ... သည်။ တဖြည်းဖြည်း မသဲမကွဲမြင်ရ... သဲသဲကွဲကွဲဖြစ်လာသည်။ ဒီတော့... ဓာတ်ပုံထဲတွင်တွေ့ဖူးသည့် ဆရာတော်... ဦးပဏ္ဍိတဖြစ်မှန်းသိသွားသည်။

ကြည့်ကောင်းကောင်းနှင့် ကြည့်... နေ၍ တဒင်္ဂ မှင်တက်မိသလိုဖြစ်နေ... ဖနီးသည်မှ 'ရှင်သင်္ကန်းကပ်လေ' ဟု ... တိုးလေးသတိပေးတော့မှ သင်္ကန်းတ... စုံယူ၍ ဆရာတော် ဦးပဏ္ဍိတအား ... လိုက်သည်။ဆရာတော်မှ သာဓုသုံးကြိ... ခေါ်၍ သင်္ကန်းအလှူအား လက်ခံ... ၎င်းနောက် ဆရာတော်ကြီး ဦးကောဝိ... တင်ခဲ့သည့်သံဃာစင်တွင် သင်္ကန်းတော်... အားတင်၍ နားနေခန်းထဲသို့ ဝင်သွ... ပြန်သည်။ ထိုအချိန်တွင် ဆရာတော်... ကြီး ဦးကောဝိဒမှ မိမိအား တံခါးပေါ်... မှ လက်ယပ်ခေါ်နေသည်ကို မြင်လိုက်... ၏။ ဦးအောင်မြင့်သိန်းက သံပတ်... ထားသည့်စက်ရုပ်လို သံဃာများ... နေခန်းသို့ ဝင်လိုက်သည်။ ဘာကြော... မှန်းမသိ သူ့လက်ထဲတွင် သင်္ကန်းတစ်... ပါပါလာသည်။

"ဟိုမှာထိုင်နေတာ ရှင်ဥတ္တ... ကျော်ပဲ။ ဒကာ့ဆန္ဒတွေပြည့်သွ... အောင် သင်္ကန်းကပ်လိုက်လေ"

ဟု ဆရာတော်ကြီး ဦးကော... မိန့်ကြားမှ သင်္ကန်းတစ်စုံယူလာခြင်း... သဘာတရားကို သိသွားသည်။ ... တော့ ဝိဇ္ဇာဓိုရ်တစ်ပါးချင်းအား သင်္... ကပ်ပါရစေ ဟူသော ဆုတောင်းသ... တစ်နေ့တည်းနှင့် ပြည့်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ပြီးချိန်တွင် ဆရာတော်ကြီး ဦးကောဝိဒမှ လက်ယပ်ခေါ် နေပြန်၍ အနားသို့ သွား၍ လက်အုပ်ချီလိုက်သည်။

အနီးသို့ရောက်ရာ သူမမျှော်လင့်သည့်ပစ္စည်းများကို ဆရာတော်ကြီးမှ ချီးမြှင့်လိုက်လေသည်။ ပထမပေးသည့် ပစ္စည်းမှာ ဆေးသောက်ရန် မိမိလက်ဝါးဖြန့်ခိုင်း၏။ မြင့်မြတ်သောပုဂ္ဂိုလ်များ ဆေးပေးလျှင် ပုလင်းနှင့် ကော်ဘူးတို့အား သုံးလေ့ မရှိ။ ဆေးကို လက်ဝါးထဲသို့ တိုက်ရိုက်ထည့်၍ ပေးတတ်သည်။ ဦးအောင်မြင့်သိန်းက ဝိဇ္ဇာဓာတ်ခန်းသို့ အကြိမ်ရောက်ခဲ့ပြီးဖြစ်၍ ဤဓလေ့နှင့် သူက မစိမ်း။ လက်ဝါးထဲရောက်လာသည့် ဆေးတို့အား ရေရှာမနေတော့ဘဲ ခံတွင်းထဲရောက်အောင် မျိုချလိုက်တော့သည်။

ဝမ်းတွင်းသို့ ဆေးတို့ရောက်သည်နှင့် တစ်ကိုယ်လုံး ဖိန်းတိန်းရှိန်းတိန်းဖြစ်သွားသည်က ဆေး၏ အစွမ်းပြခြင်းပင်။ ထို့အပြင် ဆေး၏အစွမ်းကြောင့် တစ်ကိုယ်လုံးရှိအကြောများအား အေးစိမ့်ဖြစ်သွားသည်ကိုလည်း ထူးခြားစွာ ခံစားလိုက်ရသည်။ သူကိုယ်တိုင် ဒီဆေးအား ငါ့ခန္ဓာကိုယ်ထဲက ခုနစ်ဆွေးရှစ်ဆွေးရောဂါဟောင်းတွေ အကုန်ပျောက်ကင်းမယ် ထင်တယ်ဟု ရင်ထဲကအလိုလိုသိနေသည်။

နောက်ထပ်ပေးသည့်ပစ္စည်းများမှာ ကြက်ပုံဆေးချွန်ချွန်လေး (၁၀) လုံး၊ သင်္ကန်းနက်သားနှင့် ထုထားသည့် ရှင်သီဝလိရုပ်ပွားတော်တစ်ဆူ၊ ပုတီးတစ်ကုံးနှင့် ဓာတ်လုံးတစ်လုံးလည်း ပါသေးသည်။ အခြားပေးအပ်သည့်ပစ္စည်းများကိုမူ မည်သည့် ညွှန်ကြားချက်မျှ မပေးသော်လည်း ဓာတ်လုံးကိုတော့ သီးခြားညွှန်ကြားချက်နှင့် ပေးခဲ့သည်။ ဤဓာတ်လုံးအား မိမိနေရပ်ရောက်သည်နှင့် ငွေလက်စွပ်ကွင်း၍ဝတ်ရမည် ဆိုသော ညွှန်ကြားချက်ပင် ဖြစ်ပါသည်။

ထို့နောက် မျက်နှာနှင့် ဦးခေါင်းအား ဓာတ်လုံးနှင့်ပွတ်၍ပေးပါသည်။ ထိုအား ဓာတ်လုံးနှင့်ပွတ်မှု ကမ္ဘည်းရေးထားသည့် ဓမ္မမိတ်ဆွေကြီးအား ဓာတ်လုံးနှင့်ပွတ်၍ ရောဂါပျောက်ရန် ကုပေးသည်ကို သတိရလာသည်။ ဓာတ်လုံးပွတ်သည့်ကိစ္စပြီးမှသာ 'လက်ဝါးဖြန့်'ဟု ဆရာတော်ကြီးမှမိန့်၍ -

"ဒကာကြီးရောဂါဟောင်းတွေကို ဒီလို့ဒေသရောက်ရင် (၃) ရက် ဆက်သောက်"

ဟု သွေးဆေး မှုန့်များကို လက်ဝါးထဲသို့ ထည့်၍ပေးခဲ့သည်။ မည်သည့် ထည့်စရာမှုမရှိ၍ မိမိတွင်ပါသည့် ငွေစက္ကူများအား ကန်တော့လုပ်၍ သိမ်းလိုက်ရသည်။

ဆရာတော်ကြီးမှ ငွေနှင့်ကွင်း၍ ဝတ်ဟု မိန့်ကြားသည်ကို ဦးအောင်မြင့်သိန်းက 'မှန်ပါဘုရား' ဟုမပြော။ နှုတ်ဆိတ်၍ ငြိမ်နေသည်။ မှန်ပါဘုရားဟု မပြောရခြင်းကလည်း သူ့ဘဝတွင် ထူးခြားသည့် အကြောင်းတရားတစ်ခုရှိပါသည်။ သူ့ခန္ဓာကိုယ်က ငွေနှင့် လုံးဝမတည့်။ ငွေလက်စွပ်ဝတ်လိုက်လျှင် နှစ်ရက်ကျော်သည်နှင့် မည်းတော့သည်။ အခြားဆရာများပေးသည့် ဓာတ်လုံးအား ငွေနှင့်ကွင်း၍ဝတ်ဖူးပါသည်။ မည်းပြီဆိုလျှင် ငွေသာမက ဓာတ်လုံးပါ မည်းတော့သည်။ ဤမျှ ငွေနှင့် မတည့်သူအား ငွေနှင့် လက်စွပ်ကွင်း၍ဝတ်ဟု ဘာကြောင့်မိန့်ကြားရသနည်း။ ဘာပဲဖြစ်ဖြစ် ပုသိမ်ရောက်ရင်တော့ မည်းကာမှမည်းရော ငွေနှင့်ကွင်း၍ ဝတ်ကြည့်ရမည်ဟု သူက ဆုံးဖြတ်ထားပါသည်။

လက်ရှိအချိန်တွင် ဓာတ်လုံးလက်စွပ်ကို မစဉ်းစားနိုင်သေး။ သင်္ကန်းကပ်လှူပြီးပြီဖြစ်၍ ဦးအောင်မြင့်သိန်းက အခန်းအပြင်သို့ ပြန်ထွက်လာသည်။ အပြင်ရောက်သည်နှင့် သံဃာစင်အား ကြည့်လိုက်ရာ စနေသားဆရာတော် ရောက်နေ၍ အသင့်ရှိသော သင်္ကန်းတစ်စုံကို ကပ်လိုက်၏။ ယခုဆိုလျှင် သူသည် ဆရာတော်ကြီး ဦးကောဝိဒ၊ ဆရာတော်ဦးပဏ္ဍိတ၊ ရှင်ဥတ္တမကျော်နှင့် စနေသားဆရာတော်တို့ကို ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ သင်္ကန်းကပ်၍ ပြီးခဲ့လေပြီ။

ယခု သင်္ကန်းကပ်ရန် တစ်စုံတည်းသာ ကျန်တော့သည်။ ထိုသင်္ကန်းမှာ အဘဘိုးထွန်းအောင်အတွက် သူက ယူလာသည့်သင်္ကန်း။ အဝတ်ဖြူကိုသာ ဝတ်သော အဘဘိုးထွန်းအောင်အား သင်္ကန်းကပ်လှူလို့ ဖြစ်မဖြစ်၊ သင့်တော်သလား၊ မသင့်တော်ဘူးလား မစဉ်းစားတော့။ ဝယ်လာပြီးမှတော့ တွေ့လျှင်ကပ်လိုက်မည်ဟု ဆုံးဖြတ်ထားစဉ် အဘဘိုးထွန်းအောင်ကပေါ် လာသည်။ ရဟန်းတော်များပြီးမှ အဘဘိုးထွန်းအောင်က ပေါ် လာခြင်းသည် ရဟန်းတော်များအား သင်္ကန်းအရင်ကပ်ရန် ဂါရဝထားတာပဲဖြစ်မည်ဟု သူက သုံးသပ်ကြည့်ပါသည်။ မဝံ့မရဲနှင့် သင်္ကန်းအားကပ်လိုက်ရာ အဘဘိုးထွန်းအောင်က ဝမ်းမြောက်ဝမ်းသာလက်ခံသည့်အပြင် -

"အေးအေး- သာဓု၊ သာဓု၊ သာဓု။ ငါလည်း ဒီဝါတွင်းမှာပဋ္ဌင်းတက်ဖို့ရှိတယ်။ မင်းက ပထမဆုံးအနေနဲ့ အမြတ်ဆုံးအလှူကို လှူလိုက်တာပါပဲ"

ဟု အဘဘိုးတော်ကြီး၏ စကားကိုကြားမှသာ အဘဘိုးထွန်းအောင်အတွက် သင်္ကန်းယူလာခြင်းသည် မှန်ကြောင်း သိရတော့သည်။ ယခုဆိုလျှင် ဝိဇ္ဇာဓိုရ်ဆရာတော်ကြီး (၃) ပါး၊ စနေသားဆရာတော်နှင့် အဘဘိုးထွန်းအောင်ပါ ကိုယ်ထိလက်ရောက် သင်္ကန်းကပ်၍ပြီးခဲ့လေပြီ။ အဘဘိုးထွန်းအောင်က သံဃာစင်ပေါ်တွင် သင်္ကန်းအား ရိုရိုသေသေတင်ပြီးနောက် -

"မင်းလည်း မင်းအမေကို မတွေ့ရလို့ စိတ်မကောင်းဖြစ်နေတယ် မဟုတ်လား။ မင်းယူလာတဲ့ အညိုရောင်ပိတ်အုပ်ကို ငါ့ကိုပေးမလား။ ပြီးရင် ငါစီမံတာကို နာခံနိုင်မလား။ အဲဒါ မင်းစဉ်းစားပြီးဆုံးဖြတ်"

ဟု ဦးအောင်မြင့်သိန်းအား ကြည့်၍ ပြောလိုက်သည်။

လက်ရှိအချိန်တွင် ဦးအောင်မြင့်သိန်းအနေနှင့် ဘယ်နေ့ကဆုံးမှန်းလဲ မသိ။ ဘယ်သင်္ချိုင်းမှာ သဂြိုဟ်မှန်းလဲ မသိ။ ဂူသွင်းသလား၊ မြေပုံမှာ ကမ္ဘည်းရေးထားလား ဒါလည်းမသိ။ သင်္ချိုင်းလောက်ပြောပါဆိုသည့်အမေးကိုလည်း ဘယ်သူမှ တည့်တည့်ကျကျမဖြေ။ ဤသို့သော အခြေအနေများကြောင့် အဘဘိုးထွန်းအောင် စီမံသည့်ကိစ္စအား သူ့အနေနှင့် နာခံခြင်းသာလျှင် အကောင်းဆုံးဖြစ်၍ -

"အဘကို ဒီပိတ်အုပ်အပ်ပါတယ်၊ အဘစီမံတာကိုလည်း နာခံပါတယ်"

ဟု နှုတ်မှပြော၍ ပစ္စည်းကိုလည်း လက်နှစ်ဖက်နှင့်အပ်လိုက်သည်။ အဘဘိုးထွန်းအောင်လက်သို့ အညိုရောင်ပိတ်အုပ်ရောက်ရှိရာ -

"ဒီမှာအရင်နေသွားတဲ့ ဒေါ်မြနန်းနွယ်ကို သိကြလား။ အခုမြနန်းနွယ်ရဲ့ အမျိုးတွေရောက်နေတယ်။ ဒီကိစ္စကို ငါစီမံပေးမယ်။ ဟိုနားက သီလရှင်ဆရာလေး၊ ရှေ့ကိုထွက်ခဲ့ပါဦး။ ဒါက ဆရာလေးနဲ့ဆိုင်တယ်"

ဟု ပြော၍ အညိုရောင်ပိတ်အုပ်အား ဆရာလေးကို ပေးလိုက်သည်။ ဦးအောင်မြင့်သိန်းက စိတ်ထဲတွင် သိပ်



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်မကျလှ။ 'ဒီဆရာလေးနဲ့ ယောဂီ ပိတ်အုပ်က ဘာဆိုင်လို့လဲ' ဟု စိတ်ထဲမှ မကျနပ်ဖြစ်ခဲ့သော်လည်း အဘဘိုးထွန်းအောင်သည် အကြောင်းတစ်ခုခုရှိထားလို့ ဒီလို စီမံတာဖြစ်မည်ဟု စိတ်ကိုဖြေ၍ တွေးလိုက်ရတော့သည်။

သူ့စိတ်ထဲတွင် အဘဘိုးထွန်းအောင်ကိုသာ အငံမြေနန်းနွယ်ရဲ့ အကြောင်းမေးလျှင် ကျိန်းသေ အမှန်ကို သိပေမည်ဟု တွေးထားသော်လည်း လူအုပ်ကြားထဲတွင် ဘာသာရေးကိစ္စမှလွဲ၍ အခြားအကြောင်းအရာကို မလျှောက်ထားရဲ။ လက်ရှိအနေအထားမှာလည်း 'ငါစီမံတာ နာခံမလား' ဟု စကားပလ္လင်ခံ၍ ဆောင်ရွက်ခဲ့ပြီဖြစ်၍ ကိစ္စက ဇာတ်လမ်းဆုံးနေသည်။

မဆုံးသေးသည့်ကိစ္စမှာ အမေမြနန်းနွယ်၏ အထိမ်းအမှတ် မှတ်တိုင်လည်း မတွေ့၊ ဂူလည်း မမြင်ရ၊ သင်္ဂြိုဟ်သည့်သင်္ချိုင်းပင် မသိရ၍ သေတယ် ဆိုတာ ဟုတ်ကောဟုတ်ရဲ့လားဟု သူက တွေးနေသည်။ ဝိဇ္ဇာမာတ်ရှိသူ အမေသည် သေသွားပြီဟု ပြောကြဆိုကြသည်မှာ 'အသေထွက်ထွက်သွားတာများလား' ဟု စဉ်းစားခန်း ဝင်နေသည်။

ဦးအောင်မြင့်သိန်း၏အသေထွက်ဆိုသည့်စကားအား အထောက်အကူပြုသည့် မိတ်ဆွေတစ်ဦးကို မယ်ဘော့ကုန်းတွင် တွေ့ခဲ့သည်။ ထိုသူ့အမည်က ကိုကျော်သိန်း။ နေရပ်က နေပြည်တော် လယ်ဝေးသား။ သူ့ကြီးအဆက်ဆက် မျိုးရိုးက ဆင်းသက်လာသည့်သူ ဖြစ်ကြောင်း သူ့ကိုယ်သူ ဂုဏ်ယူဝင့်ကြွားစွာ ပြောတတ်သည်။ သူ့အမြင်ကို ဦးအောင်မြင့်သိန်းအား ပြောပြသည်မှာ -

**ဝိဇ္ဇာဓိုရ်ဆရာတော်ရှင်ဥတ္တမကျော်**

"ရှင်ဥတ္တမကျော်က ကျုပ်တို့လယ်ဝေးသားဗျ။ ပထမ ရှင်ဥတ္တမပဲ ဘွဲ့တော်ရှိတာပါ။ ခုံတော်မောင်ကျဘမ်းနဲ့ စကားစစ်ထိုးလိုက်တာ နေပြည်တော်တစ်လွှားမှာ အလွန် ကျော်ကြားသွားတယ်။ ဒါကြောင့် နောက်ပိုင်း တောင်းတွင်းဆရာတော် ရှင်ဥတ္တမကျော် ဆိုပြီး 'ကျော်' တစ်လုံး ပိုလာတာဗျ။

ရွှေအင်းဝကို ရှင်ဥတ္တမ ရောက်တုန်းက ခုံတော်မောင်ကျဘမ်းကို ဓမ္မာရုံဘုရားမှာပန်းလျှုနေရင်း တွေ့ကြတယ်လေ။

ဆရာတော်က-

"ဆွမ်းဘုဉ်းပေးဖို့ အချိန်ကလည်း နီးချေပြီ။ ဒီအရပ်မှာ ဘုန်းကြီးတစ်ပါး စာလောက် ဆွမ်းဖိတ်ကြားလျှင် ရနိုင်ပါ သလား ဒကာ"

လို့ ရှင်ဥတ္တမက မေးလိုက်တာ။

မောင်ကျဘမ်းကလည်း ဘုန်းကြီးကို ကြည့်လိုက်တော့ တောရပုဂ္ဂိုလ်အသွင် ညစ်နွမ်းတဲ့သင်္ကန်းရုံထားတာ တွေ့ရတော့ အလွန်အထင်သေးပြီး -

"ဆွမ်းတစ်အုပ်စာများ ဘယ်အိမ်မှာမဆို ပါးရိုက်ဖိတ်တောင်ရနိုင်ပါတယ်"

လို့ မောက်မောက်မာမာ ပြောလိုက်တာဗျ။ဆရာတော်က ဘာမှမပြောတော့ဘဲ မြို့ထဲထွက်သွားပြီး ခုံတော် မောင်ကျဘမ်းအိမ် မေးစမ်းပြီး သွားလိုက်တယ်။ ရောက်တာနဲ့ -

"ဒါယိကာမ၊ ဘုန်းကြီးကို ရေတစ်ခွက်ကပ်ပါ"

လို့ မိန့်ကြားလိုက်တယ်။

ဟိုကလည်း ရေတစ်ခွက်ကပ်ပါတယ်။ ဒီအထိ အဆင်ပြေပြေပဲ။ ဘာမှ မဖြစ်သေးဘူး။ ရေခွက်ကိုပြန်ပြီးပေးလို့ ဟိုက ရေခွက်ယူပြီးချိန်မှာ ပါးကိုချပြီး-

"ဟဲ့- ဒါယိကာမ၊ ဆွမ်းတစ်အုပ် အမြန်ဆုံးချက်ပြီး ကပ်စမ်း"

လို့ ဟောက်လိုက်တော့ မောင်ကျဘမ်းမိန်းမ ဆိုတာ လန့်သွားတာပေါ့။ အင်းဝနေပြည်တော် ဆိုတာ အင်မတန် သာသနာထွန်းကားတဲ့ဒေသ။ မောင်ကျဘမ်းမိန်းတ ကြောက်လည်းကြောက်၊ ဆွမ်းကို မချက်ဘဲလည်းမနေရဲတော့ဘဲ မျက်ရည်တစ်ဖက်နဲ့ ဆွမ်းချက်နေတာ ပေါ့။

ဒီသတင်းက ဓမ္မာရုံဘုရားမှာ ပန်းကပ်နေတဲ့ မောင်ကျဘမ်းနား ရောက်သွားတယ်လေ။ ဒီသတင်းကြားတာနဲ့ ယမ်းပုံမီးကျသလို ဒေါသတွေ ငယ်ထိပ် ရောက်ပြီး သူ့အိမ်ကို အပြေးကလေး ပြန်လာတာပေါ့။

အိမ်ရောက်တော့ မယားဖြစ်သူက ငိုယိုပြီးတိုင်တယ်လေ။

ဒီတော့ မောင်ကျဘမ်းက -

"ရှင်ရဟန်း၊ အဘယ်ကြောင့် ကျွန်ုပ်ရဲ့မယားကို ပိုင်စိုးပိုင်နင်း ပါးရိုက် ခိုင်းရတာလဲ"

လို့ မေးလိုက်တော့ ရှင်ဥတ္တမက ခပ်အေးအေးပဲ ပြန်ဖြေတယ်။

"မင်းပဲ ဒီနေပြည်တော်ကြီးမှာ ဆွမ်းတစ်အုပ်စာများ ဘယ်အိမ်ဖြစ်ဖြစ် ပါးရိုက်ချက်ခိုင်းတောင်ရတယ်လို့ ပြော ခဲ့တယ်လေ။ မင်းပြောတဲ့အချိန်မှာ မင်း ဘေးမှာ သက်သေတစ်ယောက်ရှိနေ တယ်။ အဲဒီသက်သေ ကြားလောက်တဲ့ နေရာမှာ မင်းပြောခဲ့လို့ မင်းစကား အတိုင်း ငါဆောင်ရွက်ခြင်းပဲ ဖြစ်တယ်။ ဒါကြောင့် မင်းမယားကို ငါရိုက်သည် မမည်ဘူး၊ မင်းရိုက်သည်ပဲ မည်တယ် ကွ"

လို့ ချက်ကျကျ ပြန်ပြောလိုက် တော့ အသည်းကွဲခတ်ခံရသလို အ ခက်သွားတယ်။ ဒေါသတွေထွက်ပြီး ထွက်ပြန်တာပေါ့။ ဒီလို ဒေါပွတော့ အများတစ်ခုကနေ နောက်တစ်ခု ထပ်ပြီး ကျူးလွန်ပြန်တယ်။ ဒါကတော့ မောင်ကျဘမ်းကိုယ်တိုင် ဘုန်းကြီး ဘာပြန်ပြောရမှန်း မသိတာနဲ့ အိမ် ဝင်သွားပြီး သူ့မိန်းမကို မဲပြီး-

"ဟဲ့- မကျက်သေးဘူးလား၊ မြ မြန်ချက်ပြီး နင့်လင်ကို မြန်မြန် လိုက်။ ငါ့အိမ်ဦးခန်းမှာထိုင်နေတာ မ ချင်ဘူး။ နင့်လင်ကို မြန်မြန်စားခိုင်း မြန်မြန်သွားခိုင်းဟဲ့"

လို့ ခုနစ်သံချီနဲ့ပြောတာဗျ။ ဥတ္တမကတော့ စကျွဲခြေချပြီး မသိ ယောင်ဆောင်နေတယ်။ မောင်ကျဘ မိန်းမဆိုတာ ဟိုဘက်လည်းကြော ဒီဘက်လည်းကြောက်ပြီး ချက်တဲ့ ကို မစောင့်တော့ဘဲ ထမင်းကျ



www.burmeseclassic.com

www.burmeseclassic.com

ကျန်ကို ခူးခပ်ပြီး ခပ်မြန်မြန် ဆွမ်းကပ်လိုက်တယ်။ ရှင်ဥတ္တမက ကုန္ဒြေရရ ဘုဉ်းပေးပြီး ဆွမ်းပွဲလည်း သိမ်းပြီးရော-

"ဟဲ့ - မာတုဂါမ လာခဲ့စမ်း၊ နင့်အင်တာ ငါနဲ့ ပေးစားပြီးပြီ။ ငါ့နောက်လိုက်ခဲ့"

ခုံတော်မောင်ကျဘမ်း ဆိုတာ စကားလည်းကြားရော အသားတွေ ဆတ်ဆတ်တုန်အောင် ဒေါသတွေ ထွက်ပါလေရော။ ဘေးကကြည့်နေတဲ့ ပရိသတ်တွေက ရှင်ဥတ္တမကို အပြင်ပင့်ထုတ်သွားမှ ပွဲက ပြီးသွားတာ။ ဒီပွဲပြီးပေမယ့် ဘယ်လာ ဒီမီးကငြိမ်းပါ့မလဲ။ အပွဲလာတဲ့ မောင်ကျဘမ်းက ခုံရုံးအထိ တက်ပြီးတိုင်လိုက်တာပေါ့။ အဲဒီခုံရုံးမှာ အမှာဆရာတော်ကြီးတွေက အမှုသွား အမှုလာတွေ စစ်ဆေးပြီး အမိန့်ချမှတ်လိုက်တဲ့အခါ မောင်ကျဘမ်းလည်း ခွက်ခွက်လန်ရှုံးတော့တာပါပဲ။ - ဒီပွဲက ဒီလောက်နဲ့ ပြီးမသွားသေးဘူး။

ရဟန်းသံဃာတော်တို့ရဲ့ဂုဏ်ကို ချိုးဖျက်ဆီး၍ ကျေးဇူးမဲ့ပြုခြင်းကို ငကျဘမ်းသည် ကျူးလွန်သူဖြစ်၍ သပိတ်မှောက်ကံကိုပြုကြစေလို့ ဂိုဏ်းချုပ်ဂိုဏ်းအင်အသီးသီးနဲ့ အသိပေးကြေညာလိုက်တာဗျ။

မောင်ကျဘမ်းဆိုတာ ဆံပင်တွေကို အလျားချပြီး ရေဆွတ်၊ ကျောလယ်က စဖို့ပြာသုတ်ပြီး ဖွတ်မွဲတိရစ္ဆာန်လိုက်မဲခဲ့ကြောင်း ဝန်ခံရတယ်လေ။ ပြီးမှ သံဃာတော်တွေရှေ့မှာ ထိခြင်းငါးပါးနဲ့ ကန်တော့ရတာပေါ့။

အဲဒီပွဲကြီးပြီးသွားမှ 'ကျော်' တစ်လုံးတိုးပြီး ရှင်ဥတ္တမကျော်လို့ ဘွဲ့တော်က အခုအထိ အမည်တွင်သွားတာ။ ပြောရင် ဆုံးမှာမဟုတ်ဘူး။ တကယ်ထက်မြက်တဲ့ရဟန်းတော်ပဲ။ ကျုပ်တို့ နယ်သားဗျ။ ကျုပ်တို့ရပ်ရွာက ဆရာတော်ကို ဘယ်သူလို့မဆုံးဘူး။ ပေလေးပင်ရှင်လေးမှာ ရှင်ဥတ္တမကျော်က တစ်ပါးပါဝင်ပါတယ်"

ယခု တင်ပြတဲ့ဇာတ်လမ်းအပြီးမှာ ဦးအောင်မြင့်သိန်းက ကိုကျော်သိန်းကို-

"အခု ခင်ဗျားပြောတဲ့ဇာတ်လမ်းနဲ့ အခု မင်းဘူး မယ်ဘော့ကုန်းကို ခင်ဗျားလာတာနဲ့ ဘယ်လိုဆက်စပ်နေတာလဲ"

လို့ မေးလိုက်တော့ ကိုကျော်သိန်းက ဒီလို ဆက်ပြီးရှင်းပြပါတယ်။

"ကျုပ်တို့ အဘိုး၊ အဘွား၊ အဘင်တွေ စကားလက်ဆင့်ကမ်းသယ်လာတဲ့ အကြောင်းတစ်ခုရှိတယ်။ ဒါက ဘာလဲဆိုရင် ရှင်ဥတ္တမကျော်က မင်းနေပြည်တော်မှာ မပျော်ဘူး။ တောအရပ်မှာပဲ ပျော်တယ်ဗျ။ ဒါကြောင့် ဘုရင်ကပင့်ပေမယ့် လက်မခံဘူး။ နောက်ဆုံး တောအရပ်မှာပဲ ပျံလွန်တော်မူတယ်။ ဆရာတော်အမှာစကားအရ ဂူသွင်းပြီးသင်္ဂြိုဟ်လိုက်ရတယ်။

နောက်ပိုင်း ဂူဖောက်ပြီး စစ်ဆေးလိုက်တော့ ရုပ်ကလာပ်တော် မရှိတော့ဘူး။ ဒါဆိုရင် အသေထွက်ထွက်တာဖြစ်မယ်လို့ ဂူဖောက်စစ်ဆေးတဲ့လူတွေက ပြောတယ်ဗျ။ အခု မင်းဘူး မယ်ဘော့ကုန်းမှာ ဝိဇ္ဇာဓိုရ်ဆရာတော် ရှင်ဥတ္တမကျော် ပေါ်နေတယ်လို့ ရွာမှာ သတင်းတွေကြားရတယ်လေ။ ဒါကြောင့် ဒေသခံတွေက ကျုပ်ကို ဟုတ်၊ မဟုတ်သွားပြီး အသေအချာစစ်ခဲ့လို့ လွှတ်တာနဲ့ရောက်လာတာပေါ့။

ပြီးတော့ မှာလိုက်သေးတယ်။ ရှင်ဥတ္တမကျော်ရဲ့ရုပ်လက္ခဏာက မေးသွယ်တယ်။ နှာတံပေါ်တယ်။ ဦးခေါင်းတော်လုံးတယ်။ မျက်တွင်းချိုင့်ပြီး မျက်ခုံးကောင်းတယ်။ အသားလတ်တယ်။ ဒီအချက်တွေနဲ့ ကိုက်ညီမှုရှိ၊ မရှိ ကြည့်ခဲ့လို့ မှာလိုက်တာပါ။ အခု ဖူးတွေ့ရတဲ့ ရဟန်းတော်ဟာ ရှင်ဥတ္တမကျော်အစစ်ပဲ၊ သေချာသွားပြီ။ ကျုပ်တို့နယ်သားဗျ"

ထိုအချက်များအား ကိုကျော်သိန်းက အာပေါင်အာရင်းသန်သန်နှင့် ပြောပြခဲ့ခြင်း ဖြစ်ပါသည်။ ဦးအောင်မြင့်သိန်းက ထိုလူ၏ ပြောပြချက်အရ 'အသေထွက်ထွက်တယ်' ဆိုသည့် ဖြစ်ရပ်အား ယခု ကြုံတွေ့မှုနှင့် နှိုင်းယှဉ်ကြည့်နေ၏။ အမေမြနန်းနွယ်သည် မယ်ဘော့ကုန်းပြောစကားအရ သေဆုံးခဲ့ပြီတဲ့။ သို့သော် အုတ်ဂူလည်း မတွေ့ရ။ မြေပုံလည်း ရှာမရ။ ကမ္ပည်းမှတ်တိုင်လည်း ကြည့်လို့မရ။ နောက်ဆုံး သချိုင်းအမည်တောင်မပြောနိုင်ဘဲ သေသည်ဟုသာ ပြောနေကြသည့်အတွက် ဦးအောင်မြင့်သိန်းက 'အမေဟာ အသေထွက်ထွက်သွားတာဖြစ်မည်ဟု ဆုံးဖြတ်ထားလိုက်ပါတော့သည်။

## ဝိဇ္ဇာဓိုရ်ဆရာတော် ဆွမ်းပွဲကပ်ခွင့်ရခြင်း

သူ့အနေနှင့် ယောဂီပိတ်အုပ်ကိစ္စနှင့် သင်္ကန်းကပ်လှူသည့်ကိစ္စပြီးခဲ့သော်လည်း အရှုဏ်ဆွမ်းကပ်ရန် တာဝန်ကကျန်နေသည်။ မယ်ဘော့ကုန်းဓာတ်ခန်းတွင် ဆွမ်းကပ်လိုလျှင် အလှူရှင်က ဝင်ရောက် ချက်ပြုတ်စရာ မလို။ လိုအပ်



သည့် ဆွမ်းစရိတ်အား ဝေယျာဝစ္စတာဝန်ခံသို့ ပေးလိုက်ရုံသာ။ ကပ်လှူလိုသည့် ဟင်းအမျိုးအစားကိုသာ မိမိက ပြောရန်လိုအပ်သည်။

ဝိဇ္ဇာဓိုရ်ဆရာတော်ကြီးများ ဆွမ်းပွဲအား သံဃာစင်ထက်မြင့်သော သီးခြားအခန်းလေးတွင် ဆွမ်းပွဲများကို ပြင်ရသည်။ အားလုံးပြီးမှ ဦးအောင်မြင့်သိန်း၊ ဇနီးသည် နန်းမြင့်မြင့်စန်း၊ သားစိုင်းမြတ်ကောင်းထက်၊ မေဆရာဦးလှဝင်းရွှေ၊ သာပေါင်းသား ကိုချိုလေးတို့ ဆွမ်းပွဲအားကပ်ကြသည်။ ထိုကိစ္စများ ပြီးမှသာ အောက်ဘက်မှ သံဃာဝိုင်းများအား ဦးအောင်မြင့်သိန်းအဖွဲ့နှင့် ဝေယျာဝစ္စအဖွဲ့ကပါ ကူညီ၍ ဆွမ်းပွဲများ ပြင်ကြ၏။ ဦးအောင်မြင့်သိန်းတို့အဖွဲ့မှ ဝိဇ္ဇာဓိုရ်ဆရာတော်ကြီးများ ဘုဉ်းပေးသည်ကိုမြင်လို၍ သီးသန့်အခန်းလေးအား လှမ်းလှမ်းကြည့်နေသဖြင့် စနေသားဆရာတော်မှ တွေ့မြင်နေ၍ အနားသို့ခေါ်ပြီး -

"ဝိဇ္ဇာဓိုရ်ဆရာတော်တွေဆိုတာ မနေ့နဲ့ပဲဘုဉ်းပေးတယ် ဒကာရဲ့။ စောင့်ကြည့်လို့မြင်မှာမဟုတ်ဘူး။ သံဃာတွေအားလုံး ဆွမ်းကိစ္စပြီးမှ အပေါ်ကပွဲတွေကို စွန့် ကြားလား၊ ဒကာရဲ့အလှူ ဒါန

www.burmeseclassic.com

မြောက်ပါတယ်"

ဟု ရှင်းပြမှ ဦးအောင်မြင့်သိန်းက ရှင်းသွားသည်။ ယခုဆိုလျှင် မိမိသည် အမေမြနန်းနွယ်အား ယောဂီပိတ်အုပ် မကာန်တော့ဖြစ်သည်မှလွဲ၍ မျက်မြင် ကိုယ်တွေ့ ဝိဇ္ဇာမိုရ်ဆရာတော်များအား သက်န်းကပ်၍ပြီးခဲ့ပြီ။ ယခုလည်း ဝိဇ္ဇာ မိုရ်ဆရာတော်ကြီးများအား မနေ့ဆွမ်း လည်းကပ်ခွင့်ရခဲ့ပြီ။ ဝိဇ္ဇာမိုရ်ဆရာတော် ကြီး ဦးကောဝိဒကိုယ်တိုင် လက်ဆောင် ပစ္စည်းများအား ချီးမြှင့်ပေးခဲ့သည်။ မိမိ ၏ ရည်ရွယ်ချက်များ အောင်မြင်စွာ ပြည့်စုံသွားခြင်းကြောင့် အမေမြနန်းနွယ် သည် တစ်နေရာရာမှ အပြည့်အဝ အ ကူအညီပေးနေသည်မှာ ယုံမှားသံသယ ဖြစ်စရာမလိုတော့။ တစ်နေရာရာတွင် အမေနှင့်ပတ်သက်၍ ဇာပြည့်အစုံ သိ လိမ့်မည်ဟု ဦးအောင်မြင့်သိန်း အကြွင်း မဲ့ ယုံကြည်နေပါသည်။

**နာတာရှည်ရောဂါအား**
**အဘဘိုးထွန်းအောင်ကုပေးခြင်း**

ဆွမ်းပွဲသိမ်းပြီးချိန်တွင် ကျောင်း သားလေးတစ်ယောက်ရောက်လာသည်။ ကျောင်းသားလေးမှ ဦးအောင်မြင့်သိန်း ကိုကြည့်၍ -

"ဦးဦးနဲ့ပါလာတဲ့ သာပေါင်းသား ကိုချိုလေးကို ဘဘဘိုးထွန်းအောင်က အခုလာခဲ့ပါ"

ဟု အခေါ်တော်ရှိသဖြင့် ဦး အောင်မြင့်သိန်းက ကိုချိုလေးအားခေါ် ၍ ဓာတ်ခန်းသို့လာလိုက်သည်။ ဓာတ် ခန်းတွင် အဘဘိုးထွန်းအောင်က မတ် တတ်ရပ်၍စောင့်နေသည်။

"မောင်ချိုလေး၊ ငါ့ရှေ့ကို လာကွ။ မင်းက ရောဂါသည်ဖြစ်လို့ ငါ့ဆီလာခဲ့ ဖို့ မှာခဲ့တာ။ မင်းရဲ့ရောဂါအခြေအနေ ကို ငါကုသပေးဖို့ အချိန်တန်နေပြီ။ သင်္ကန်းလှူတုန်းက မင်းပါတယ် မဟုတ် လား။ မင်းက ဘာစကားမှမဟလို့ အခု ငါကထပ်ခေါ်လိုက်ရတာကွ"

ဟု ပြောလိုက်ရာ ကိုချိုလေးမှ -

"မနေ့ညပိုင်းမှာ သင်္ကန်းတွေ ကပ်နေတော့ ကျွန်တော်က ရောဂါ အကြောင်းပြောရင် သူများအလှူဒါန လုပ်နေချိန်မှာ နားပူနားဆာလုပ်မိရင် အရိပ်သုံးပါးနားမလည်တဲ့သူဖြစ်မှာစိုး လို့ပါ။ ဒါကြောင့်ဘာမှမပြောဖြစ်တာပါ အဘ"

"အေး - မင်းအလျှောက်ကောင်း တယ်၊ လာဟေ့ - ငါ့ရှေ့ရောက်အောင်



တိုးကွ"

ဟု အဘဘိုးထွန်းအောင်က ခေါင်းတညိတ်ညိတ်နှင့်ပြောလိုက်သည်။ အနီးသို့ ကိုချိုလေးရောက်ရာ အဘဘိုး ထွန်းအောင်မှ ဓာတ်လုံးနှင့် ပွတ်သလို ဦးခေါင်းနှင့် မျက်နှာကိုလည်း ပွတ်ပေး

သည်။ ကျောကိုလည်း (၃)ချက်လောက် ပုတ်၍ပေးလိုက်၏။

"မင်းပုသိမ်ပြန်ရောက်ရင် မင်း မိတ်ဆွေဆီမှာ သွေးဆေးရှိတယ်။ သွေး လေညီညွတ်သွားအောင် တောင်းပြီး သောက်၊ ကြားလား။ မင်းရောဂါတွေ ပျောက်ပြီလို့သဘောထားလိုက်။ ကဲကဲ- ကျန်းမာ၊ ချမ်းသာ။ သွားကြတော့"

ဟု ပြောဆို၍အပြီး အဘဘိုး ထွန်းအောင်က မျက်စိရှေ့၌ပင် ပျောက် ၍သွားတော့သည်။ အဘဘိုးထွန်း အောင်ပြောမှသာ ဦးအောင်မြင့်သိန်းမှ သိခဲ့၍ -

"ခင်ဗျားမှာဘာရောဂါရှိလို့လဲ"

ဟု မေးလိုက်သည်။

ကိုချိုလေးမှ -

"ဘရင်ဂျိုနာပါဗျာ၊ ဆေးသောက် ဆေးထည့်လုပ်လည်း ခဏပဲ။ ပျောက် သလိုလိုနဲ့ နောက်တော့ ပြန်ဖြစ်တာပါ ပဲ။ ဒါကြောင့် ကျွန်တော် သာပေါင်းမှာ ရှိနေတုန်း မင်းရောဂါပျောက်ချင်ရင် မယ်ဘော့ကုန်းလာခဲ့လို့ အိပ်မက်နဲ့ ခေါ် တုန်းက အဘဘိုးထွန်းအောင်လို့ မသိ ခဲ့ပါဘူး။ မယ်ဘော့ကုန်းက သူတော်စင် တစ်ပါးပါးဖြစ်မယ်လို့သာ သိတာပါ။ ဒီ ရောက်တော့မှ အိပ်မက်ထဲကအဘဟာ ဘိုးထွန်းအောင်ဖြစ်နေတာဗျ။ အဘ ကိုယ်တိုင် ကုပေးတာဆိုရင် ကျွန်တော့် ရောဂါ ပျောက်ပြီပေါ့နော်။ ဒီကိုရောက် လာတာ ခင်ဗျားကျေးဇူးကြောင့်ပါ။ကျွန် တော်က ခင်ဗျားကို ကျေးဇူးရှင်စာရင်း မှာ ထည့်ထားလိုက်ပြီဗျ"

ကိုချိုလေး၏ရင်တွင်းစကားကြား မှသာ ဦးအောင်မြင့်သိန်းက လူသား တစ်ဦး၏နာတာရှည်ရောဂါအား အမှတ် မထင် ကူညီပြီး ပျောက်ကင်းအောင် ကုသပေးသလိုပါလားဟု ဝမ်းသာလို့ မဆုံးတော့။ အဘဘိုးထွန်းအောင် ဆေး ကုသပေးပြီးချိန်မှစ၍ သူက သာပေါင်း မြို့သို့ ပြန်ချင်နေသည်။ ကိုချိုလေး ပြန် ချင်ရသည့်အကြောင်းတရားတစ်ခုလည်း ရှိပါသည်။ သာပေါင်းတွင်ရှိနေစဉ် သူ က အိပ်မက်နှင့် ဘိုးတော်တစ်ဦးမှ ဆေး ကုရန်လာခဲ့ဟု ခေါ်ကြောင်း အမှတ်မ ထင် အပေါင်းအသင်းများအား ပြော မိ၏။

'အိပ်မက်ဆိုတာ သွေးလေချောက် ချားလို့မက်တာကွ။ ဒီခေတ်မှာ အိပ်မက် နဲ့ ဆေးကုပေးမယ်လို့ ခေါ်တာမျိုး မ ပါဘူးကွာ။ မင်းသွားလည်း ဘိုးတော် အတုနဲ့တော့ တွေ့နိုင်ပါတယ်။ ဘိုးတော်



www.burmeseclassic.com

www.burmeseclassic.com

...စ်တ လူကြားထဲမှာ မနေဘူးကွ။ ...- ပျောက်စေဆိုတာမျိုးက ပုံပြင်ထဲ ...ရှိပါတယ်'

ဆိုသည့် ထိုးနှက်ချက်များအား ...တွေ့ ပြောပြနိုင်သည့်အကြောင်း ...များရှိနေပြီဖြစ်၍ အမြန်ဆုံး ပြန် ...နေခြင်းပင်။ အတူတူပြန်ကြရအောင် ...သည့်စကားကိုပင် မစောင့်နိုင်တော့။ ...နေ့တွင် မှီရာယာဉ်နှင့် ကိုချိုလေးက ...သွားသည်။

တကယ်ဆိုလျှင် အတူသွားအတူ ...သင့်သည့်ခရီးသွားဖော်များသာ ဖြစ် ...သည်။ ဦးအောင်မြင့်သိန်းတို့ မပြန် ...သေးသည့်အကြောင်းမှာ စနေသား ...ရာတော်မှ ဒီမှာ တစ်ရက်နေဦးဟု ...၍ မပြန်ဖြစ်ခြင်းပင်။ မည်သည့် ...တွက် တစ်ရက်တိုး၍နေခိုင်းသည်ကို ...ချင်သော်လည်း စနေသားဆရာ ...ကို မမေးရဲသောကြောင့် မမေးဖြစ် ... အကြောင်းတစ်ခုခုရှိ၍သာ နေခိုင်း ...ဖြစ်သည်ဟုမှတ်ယူထားလိုက်သည်။

**...ောင်မှတ်သောဘုရားဖူးခရီးစဉ်**

တစ်ရက်တိုး၍ နေခိုင်းခြင်းကို ...အောင်မြင့်သိန်းမသိသော်လည်း စနေ ...ဆရာတော်က သိနေသည်။ သာ ...င်း ကိုချိုလေးမှာ ချက်ချင်းပြန်ချင်နေ ... သူ့ကိုတော့ မတားခဲ့။ နောက်တစ် ...တွင် ဖြစ်ပေါ်မည့်ကိစ္စများကား ဦး ...အောင်မြင့်သန်းနှင့်သာ တိုက်ရိုက်သက် ...င်နေ၏။ ၎င်းမှာ ဒေါ်မြနန်းနွယ်၏ ...ယ်ပွားမှ ဘုရားဖူးခရီးစဉ်လေး ပို့ပေး ...၍ တစ်ရက်တိုးပြီးနေခိုင်းခြင်းသာ ...ပါသည်။

ပုသိမ်ပြန်ရန်အတွက် မကွေးကား ...ကြီးတွင် ကားလက်မှတ်များကြို၍ ...မှသာ အဆင်ပြေနိုင်သည်။ ကိုချို ...ကဲ့သို့ တစ်ဦးတည်းပြန်မည့်သူက ...ရာနေရာ၊ ကြုံရာကားနှင့် လိုက်လို့ ...င်သည်။ ဦးအောင်မြင့်သိန်းတို့မှာ ထို ...ဟုတ်။ မိသားစုလိုက်ကြီးဖြစ်၍ ထိုင် ...နေရာရှိပါမှ စိတ်အေးရပေမည်။ ထိုသို့ ...လက်မှတ်ဝယ်ရန်ထွက်အလာ ထူး ...ခြားခြား မယ်သီလရှင်တစ်ပါးနှင့် တိုး ...သည်။

"သားတို့က ဘယ်ကားလက်မှတ် ...ဲ့လဲ"

ဟု သီလရှင်မှစ၍ မေးလာသည်။

ကိုအောင်မြင့်သိန်းမှ ပုသိမ်ပြန် ...အတွက် ကားလက်မှတ်လာဝယ် ...ကြောင်း ရှင်းပြသည်။

ဆရာလေးမှ -

"သားတို့ ပုသိမ်မှာ ဘာကိစ္စတွေ ရှိသေးလဲ"

ဟု မေးရာ ထူးထူးထွေထွေတော့ မရှိကြောင်း၊ ရောက်နေတာကြာနေလို့ ပြန်ချင်ကြောင်းလောက် အကျဉ်းချုံး၍ ဖြေလိုက်သည်။

ဤအဖြေကြားမှ ဆရာလေးက -

"သားတို့လည်း ပုသိမ်မှာ အရေးကြီးတဲ့ကိစ္စမှ မရှိတာ။ အထက်ပိုင်း ရောက်တုန်း ပုဂံ - ညောင်ဦး - ပုပ္ပားကို ဘုရားဖူးလိုက်ခဲ့ကြပါလား"

"မလိုက်တော့ပါဘူး အမေ၊ ခရီးဆက်ရင် ငွေကကုန်လိမ့်ဦးမယ်"

"မကုန်ပါဘူး သားတို့ရဲ့။ အမေက ကြုံကြိုက်တုန်း သာသနာပြုတဲ့အနေနဲ့ ဘုရားဖူးကုသိုလ်ပြုချင်လို့ပါ။ အမေ့ဆန္ဒကို ပါရမီဖြည့်ပေးကြပါ"

ဟု ငြင်းလို့မရနိုင်သောစကားဖြင့် ပြောလိုက်၍ ဦးအောင်မြင့်သိန်းက ငြင်းဖို့ အတော် ခက်သွားသည်။ ကားဂိတ်ရောက်မှတွေ့ရသော ခရီးသွားမိတ်ဆွေဖြစ်သော်လည်း မည်သည့်ဘဝက ရေစက်မှန်းမသိ။ ဦးအောင်မြင့်သိန်းကို သားတစ်ယောက်လို ခင်တွယ်နေခဲ့သည်။ သူကလည်း မိခင်တစ်ဦးလို မြင်မြင်ချင်း သံယောဇဉ်ဖြစ်နေ၏။ ဤသံယောဇဉ်ကြောင့် ဆရာလေး၏ဘုရားဖူးခရီးစဉ်ကို ဦးအောင်မြင့်သိန်းက လက်ခံလိုက်ခြင်း ဖြစ်လေသည်။

ခရီးမထွက်ခင်ကလေးမှစ၍ ထူးခြားမှုက စ,လာသည်။ ဆရာလေးသည် ဘုရားဖူးခရီးစဉ်အား သဘောတူလိုက်ချိန်မှစ၍ ပုဂံ၊ ပုပ္ပားအတွက် ကားတစ်စီး သီးခြားငှားလိုက်သည်။ ဦးအောင်မြင့်သိန်းတို့ ရောက်လေရာ ဘုရားတွင် ကြိုက်သလို လှူနိုင်ရန် ငွေကိုလည်း အလုံအလောက်ပေးထားသည်။ ဆရာလေးတွင် ဓမ္မမိတ်ဆွေ (၃) ဦးပါသော်လည်း ဆရာလေး၏ တစ်ဩဇာပင်။ ဆရာလေး၏ စီမံမှုအားလုံးကို နာခံသူများဖြစ်၍ ဦးအောင်မြင့်သိန်းတို့က မျက်နှာငယ်စရာမရှိတော့။

ရောက်လေရာနေရာတွင် အစားအသောက်လည်း ဆရာလေးက ရှင်းခဲ့သည်။ ညဘက်အတွက် တည်းခိုခန်းအတွက်လည်း ဆရာလေးပင် ငှားပေးသည်။ ပုပ္ပားတစ်ခွင်လည်း နှံ့ခဲ့ပြီ။ ပုဂံဘုရားမှန်သမျှ မရောက်တဲ့နေရာ မရှိတော့။ ဦးအောင်မြင့်သိန်းတို့ ဘုရားဖူးအဖွဲ့သည် နိုင်ငံတော်ဧည့်သည်များလို အစစပြည့်စုံနေ၏။

ဤကဲ့သို့ ဘုရားဖူးခရီးစဉ်သည် သူ့ဘဝတွင် တစ်ကြိမ်မှမကြုံဘူးခဲ့။ ဤခရီးကို စရိတ်ငြိမ်းတာဝန်ယူ၍ လိုက်ပို့သော ဆရာလေးအားလည်း မကွေးမြို့ရောက်မှ မြင်ဖူးခြင်း ဖြစ်ပါသည်။ ယခင်ကလည်းမသိခဲ့၊သိဟောင်းကျွမ်းဟောင်းလည်း မဟုတ်။ သို့သော် မိခင်တစ်ဦးမှ သားသမီးအရင်းအား အရိပ်တကြည့်ကြည့်နှင့် ဆက်ဆံသလို ကြုံနေရ၍ ဤဆရာလေးသည် အမေမြနန်းနွယ်နှင့် တစ်နည်းနည်းနှင့်ပတ်သက်နေသည်ဟု သူက သတိထားမိလိုက်ပါသည်။

ပုဂံ၊ ပုပ္ပားခရီးစဉ်ပြီးဆုံးရာ မန္တလေးနှင့် စစ်ကိုင်းအား လိုက်ခဲ့ပါဦးဟု ဆရာလေးက တစ်ဆက်တည်း ခေါ်နေသည်။ ဦးအောင်မြင့်သိန်းမှ လက်ရှိအချိန်တွင် အစားဆိုလည်း ဆရာလေးက ရှင်းပြီးသား။ တည်းခိုခန်းလည်း ကိုယ်ထုတ်စရာမလို၊ ကားကလည်း လိုရာခရီး အဆင်သင့်။ အလကားတွေများအားကြီးနေ၍ ဦးအောင်မြင့်သိန်းက ကိုယ့်ကိုယ်ကိုယ်စိတ်မလုံတော့။ အဖွဲ့လိုက်အား တာဝန်ယူနေသူဖြစ်၍ ဆရာလေးအား ဒုက္ခပေးသလိုဖြစ်မည်စိုးသောကြောင့် ဒုတိယခရီးစဉ်ကို ငြင်းလိုက်ရတော့သည်။

တကယ်မလိုက်တော့ဟု သိလိုက်ရသည့်အချိန်မှစ၍ ဆရာလေးမျက်နှာ တစ်ခုလုံး တိမ်ညိုတို့အုံ့ဆိုင်းသလိုမှိုင်း၍သွားခဲ့သည်။ မျက်ရည်ဝဲသည့် မျက်စိအား လက်ကိုင်ပဝါနှင့်သုတ်နေစဉ် ဦးအောင်မြင့်သိန်းမှ စကားလမ်းကြောင်းပြောင်း၍ -

"အမေ ပုသိမ်ကိုတစ်လှည့်လာပါဦး။ သားတို့က မော်တင်ဘုရားလိုက်ပို့ပေးပါ့မယ်"

ပြောမှ အပြုံးရိပ်တို့ ပြန်၍သန်းလာသည်။ ဆရာလေးနှင့် ဦးအောင်မြင့်သိန်းတို့အဖွဲ့သည် တစ်ဦးက မန္တလေးရထား၊ တစ်ဦးက ရန်ကုန်ရထားစီး၍ လမ်းခွဲထွက်လာသည်။ စစ်သားလူထွက်ဖြစ်သည့် ဦးအောင်မြင့်သိန်းပင် ယခုကဲ့သို့ ခွဲခွာရသည့်အချိန်တွင် မနည်းလေး စိတ်ထိခိုက်သွားခဲ့သည်။ ရင်ထဲမှ ဟာလာဟင်းလင်းကြီးအား မနည်းတောင့်ခံ၍နေရ၏။ မိန်းမသားဖြစ်သည့် ဆရာလေးမှာ သူ့ထက် ပိုချင်သာ ပိုမည် လုံးဝမလျော့နိုင်ဟု သူက ရင်ထဲတွင် အလိုလိုသိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

**ဗိုလ်တထောင်မှ အဘအောင်နှင့်တွေ့ဆုံခြင်း**

'မင်းရဲ့မိခင်အကြောင်း သိချင်ရင် ရန်ကုန်ရောက်တာနဲ့ ဗိုလ်တထောင်ဘုရားဝင်လိုက်'

ဟု အဘဘိုးထွန်းအောင် လမ်းညွှန်လိုက်သည်ကို မမေ့။ ထို့ကြောင့် ပုသိမ်သို့ တိုက်ရိုက်ပြန်ရေးထက် ဗိုလ်တထောင်ဘုရားဝင်ရန် အဓိကထားလိုက်သည်။ ရောက်လျှင်ရောက်ချင်း အမေမြနန်းနွယ်အား ရုပ်တုအဖြစ် ဦးစွာတွေ့လိုက်သည်။ ဝါတွင်းကာလရောက်နေ၍ ဝါမထွက်မချင်း သီလရှင်ဝတ်စုံနှင့် တွေ့ရနေသည်။

အဘဘိုးထွန်းအောင်မှ -

'ဒီပိတ်အုပ်ကို ငါစီမံပေးမယ်၊ ဟိုနားက သီလရှင်ဆရာလေး ဒီကို ထွက်ခဲ့ပါဦး'

ဟု သီလရှင်ဆရာလေးအား ယောဂီပိတ်အုပ်အပ်စဉ်က အဓိပ္ပာယ်မသိခဲ့။ အခုတော့ အမေမြနန်းနွယ်အား ရုပ်တုအဖြစ်နှင့်တွေ့ရပြီး ရောက်ရှိနေသည့် ဝါတွင်းကာလတွင် ဆံကေသာပင်မထား။ ခေါင်းတုံးနှင့် သီလရှင်ဝတ်စုံနှင့်ဖြစ်နေ၍ သီလရှင်ဆရာလေးအား ယောဂီပိတ်အုပ် အပ်လိုက်ခြင်းသည် အဓိပ္ပာယ်ရှိလာသည်။ ဟိုတွေးဒီတွေးနှင့် စဉ်းစားနေစဉ် -

"ဦးဦးသိချင်တာရှိရင် ဟိုနေရာမှာ အမိဋ္ဌာန်ဝင်နေတဲ့ ဘဘအောင်ကို မေး၊ ဘဘအောင်က အကုန်သိပါတယ်"

ဟု ကလေးမတစ်ယောက်က ဘုမသိဘမသိ သတင်းပေးသွားသည်။ မိမိဘဝတွင် မယ်ဘော့ကုန်းရောက်စဉ်ကလည်း 'အမေမြနန်းနွယ်နဲ့ တွေ့ချင်ရင် နှစ်ထပ်ကျောင်းဆောင် အလယ်ခန်းမှာရှိတယ်' ဟု မမေးဘဲ သတင်းပေးခဲ့သည့် အဖြေကို သူက ကြုံဖူးခဲ့တာကိုး။ ထို့ကြောင့် လှမ်းကြည့်လျှင် မြင်နေရသည့် အဘအောင်ရှိရာသို့ သွားရောက်၍ ပါလာသည့် ထိုးမုန့်တစ်ထုပ်ကို လက်ဆောင်အဖြစ်ပေးလိုက်၏။

အဘအောင်မှ သာမုသုံးကြိမ်ခေါ်၍ -

"မယ်ဘော့ကုန်းက ပြန်လာကြပြီပေါ့။ မင်းတို့အလာကို အဘက စောင့်နေတာကွ"

"အဘက ကျွန်တော်တို့ကို မယ်ဘော့ကုန်းက ပြန်လာမှန်း ဘယ်လိုလုပ်ပြီး သိတာလဲ"

"သိဆို မင်းရဲ့အမေမြနန်းနွယ်က သူလာရင် မန္တလေးက ထိုးမုန့်ကို လက်ဆောင်အဖြစ်လာပြီးပေးလိမ့်မယ်။ အဲဒါဆိုရင် သူဖြစ်တာ သေချာသွားပြီလို့ ကြိုတင်ပြောထားလို့ သိတာပေါ့ကွ"

ဟု ရှင်းပြလိုက်မှ အဖြေက ရှင်းသွားသည်။ အဘအောင်မှ-

"အင်း- မင်းအမေအစီအစဉ်နဲ့ ဖုဂံ၊ ညောင်ဦး၊ ပုပ္ပားခရီးစဉ်မှာ ဘုရားတွေရော စုံအောင် ဖူးဖြစ်ရဲ့လား"

ဟု အမေးကို 'ဟာ' တစ်လုံးသာ ပြန်၍ပြောနိုင်ပြီး ပါးစပ်အဟောင်းသားဖြစ်သွားသည်။ မိမိနှင့်တစ်ကြိမ်တစ်ခါမှ မဆုံဘူးသည့် ဆရာလေးမှ သားသမီးအရင်းပမာ လိုလေသေးမရှိ စောင့်ရှောက်ခဲ့သည့်ဖြစ်ရပ်ကို မိမိကကြုံခဲ့ရသူကိုး။ ဝါးတွင်းကာလတွင် အမေသည် သီလရှင်ဝတ်စုံဝတ်၍ ရုပ်တုမှ ဆံပင်ကို ပင်ပယ်၍ ထားသောကြောင့် ဘုရားဖူးပို့ပေးသည်။ သီလရှင်ဆရာလေးနှင့် သူကြုံခဲ့သည့်ကိစ္စက ရှင်းသလိုလိုရှိလာသည်။

ဦးအောင်မြင့်သိန်းမှ-

"အဘရယ်၊ အမေရဲ့ဘဝဖြစ်စဉ်လေးကို ကျွန်တော် သိပါရစေ။ ကျွန်တော်က အမေ့အတွက် ပုသိမ်မြို့မှာ 'လေးသစ္စာအမွှထလစေတီတော်' ကို တည်ပေးခဲ့တဲ့သူပါ။ မယ်ဘော့ကုန်းရောက်တော့လည်း သေပြီလို့ ပြောကြပြန်တယ်။ ဘယ်နေ့ကသေလဲလို့ မေးတာလည်းမရ၊ ဘယ်သင်္ချိုင်းမှန်းလဲ မေးလို့မသိ၊ ကမ္ပည်းလည်း မတွေ့ရ၊ အုတ်ဂူလည်းမတွေ့ရဖြစ်ခဲ့ပါတယ်။ အမေက အခုလိုထွက်မယ်ဆိုရင်လည်း ကျွန်တော့်ကို သတင်းလောက်တော့ အသိပေးသင့်တာပေါ့။ အခုတော့ ဘာမှမသိရလို့ မေးတာပါ အဘ"

ဤအမေးကြောင့် အဘအောင်မှ အောက်ပါအတိုင်း မကျဉ်းမကျယ် ရှင်းပြခဲ့ပါသည်။

**အမေမြနန်းနွယ်၏ဘဝဖြစ်စဉ်**

"မင်းက အမေမြနန်းနွယ်၊ အမေမြနန်းနွယ်လို့ ခေါ်ပေမယ့် အထွေးဆုံးမောင်တော်ခဲ့လို့ ချစ်စနိုးနဲ့သားလို့ ခေါ်တာ မဟုတ်လား။ မင်းကိုယ်တိုင် ကျောက်စာကမ္ပည်းရေးတော့ အစ်မတော် မြနန်းနွယ်လို့ ရေးခဲ့တယ်လေ။ မင်းရဲ့ အစ်မတော်က ရှမ်းစော်ဘွားမျိုးရိုး ဖြစ်သလို ကျောက်တွင်းပိုင်တဲ့သူဌေးပဲ။ ဒေါ်မြနန်းနွယ်ရဲ့မိခင်က ဒေါ်နန်းခမ်း။ သူ့မိဘတွေက ငယ်ငယ်ကတည်းက ကွယ်လွန်ခဲ့လို့ ဦးရီးတော် မိုင်းပွန်စော်ဘွားကြီးစောခွန်တီနဲ့ အတူနေရတယ်။

စောခွန်တီက မျိုးချစ်တော်လှန်ရေးသမားကြီး။ မြန်မာပြည်ကြီးလွတ်လပ်ရေးရစေဖို့ ကြိုးစားနေလို့ တူမတော်ကို နေရာတိုင်း ခေါ်သွားလို့မဖြစ်ဘူး။ ဒါကြောင့် မိုးကုတ်မြို့ ဦးအောင်ဖဆီမှာ အပ်ထားခဲ့ရတယ်။ အဲဒီမိုးကုတ်မြို့က သူဌေးကြီး ဦးဘကောင်းရဲ့သား ကိုချမ်းသာနဲ့ ဒေါ်မြနန်းနွယ်မိခင် ဒေါ်နန်းခမ်းဟာ သီပေါမင်းပါတော်မူပြီး (၁၂) နှစ်ခုနှစ်အားဖြင့် ၁၈၉၇ ခုနှစ်မှာ အိမ်ထောင်ကျပါတယ်။ ၁၉၀၆ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်မှာ မနန်းလို့ခေါ်တဲ့ မြနန်းနွယ်ကို မွေးဖွားခဲ့တယ်ကွ။

ဒေါ်မြနန်းနွယ်ရဲ့ ပညာရေးကိုပြောရရင် မိုးကုတ်မြို့မှာ မူလတန်းအောင်တယ်။ အသက် (၁၅) နှစ်မှာ တက္ကသိုလ်ပညာတွေဆည်းပူးဖို့ အိန္ဒိယနိုင်ငံမှာ ကျောင်းဆက်တက်တယ်လေ။ ၁၉၂၆ ခုနှစ်မှာ အိန္ဒိယပြည်ကပေးတဲ့ ဝိဇ္ဇာဘွဲ့ရရှိခဲ့တယ်။ ဒေါ်မြနန်းနွယ်က အလွန်ဉာဏ်ပညာထက်မြက်တဲ့ မိန်းကလေးပဲ ဖြစ်ပါတယ်။

ဒါကြောင့် သူ့ဦးလေးတော်တဲ့ ဦးကံသာဆီက တရုတ်ရှေးဟောင်းရိုးရာဖြစ်တဲ့ လက်ဆစ်ချိုးပညာနဲ့ စိတ်ဝိညာဉ်လွှင့်ပညာကို သင်ယူတတ်မြောက်ခဲ့တယ်။ အခြားလောကီပညာတွေလည်း ရလိုက်သေးတယ်ကွ။ နောက် ငါးထပ်ကြီး အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းမှာနေတဲ့ ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်ကြီးဆီက လောကီ၊ လောကုတ္တရာပညာရပ်တွေ၊ ဥပမိရုပ်နဲ့စပ်ဆိုင်တဲ့ အင်္ဂဝိဇ္ဇာအတတ်နဲ့ အခြားလောကီပညာတွေ ရလိုက်ပါတယ်။ ဒါပေမယ့် မလိုအပ်ဘဲ ဘယ်တော့မှ သူတတ်တဲ့ပညာတွေ ထုတ်ပြီး မသုံးခဲ့ပါဘူး။

ထုတ်ပြီးသုံးတာဆိုလို့ သူ့ဘဝ တစ်ကြိမ်ပဲရှိပါတယ်။ အဲဒီအချိန် ဗိုလ်တထောင်ဘုရားကို ရထားလုံးစီး ညနေ (၄) နာရီလောက်မှာ လာတာ ဒီအချိန်က ဗိုလ်တထောင်ဘုရားမှာ ဖြတ်တဲ့အချိန်ပါပဲ။ အသက်(၂၀)အရွယ် လူငယ်(၃)ဦးက ရှေ့ဆက်သွားမရအောင် လမ်းပိတ်ပြီး ချစ်ရေးဆိုကြတယ် လမ်းဖယ်ပေးဖို့ အကြိမ်ကြိမ်သတိ တာကို မနာခံဘူး။

ဘယ်လိုမှပြောဆိုမရနိုင်တော့ သူတတ်ကျွမ်းထားတဲ့ လောကီပ



www.burmeseclassic.com

www.burmeseclassic.com

အာရုံစိုက်ပြီး လူရွယ်(၃)ယောက်ဆီ ပို့လွှတ်လိုက်တယ်။ ဒီအချိန်လေးမှာ လူရွယ် (၃) ယောက်ရဲ့အမြင်မှာ အထိန်းတော်ကြီး နန်းစောနဲ့ မြနန်းနွယ်လို့ မမြင်တော့ဘဲ အစိမ်းရောင် မြွေနဂါးကြီးနှစ်ကောင် ပါးပျဉ်းထောင်နေတာကို တွေ့လိုက်ရလို့ လိပ်ပြာလွင့်မတတ် ငယ်သံပါအောင်အော်ပြီးထွက်ပြေးခဲ့ရတယ်။

အဲဒီအချိန်က ဒေါ်မြနန်းနွယ် အသက်က (၃၅) နှစ်လောက်ရှိနေပါပြီ။ ဒါပေမယ့် အရွယ်တင်လွန်းလို့ (၂၅)နှစ်လောက်ပဲထင်ရပါတယ်။ အခုလို လူရွယ် (၃) ဦး ကြုံလိုက်ကတည်းက ဘယ်သူမှ မ,စရဲတော့ပါဘူး။ အဲဒီတော့မှ ဒေါ်မြနန်းနွယ်ဟာ ဘုရားကိုလွတ်လွတ်[illegible]လပ်သွားလို့ရသွားတယ်။ အစိမ်းရောင်အဝတ်များလို့ 'မြစိမ်းရောင်မင်းသမီး' လို့ နာမည်ကြီးသွားတာပေါ့။

ဒုတိယကမ္ဘာစစ်ကြီး ပြီးချိန်မှာ ဒေါ်မြနန်းနွယ်ရဲ့ မိဘနှစ်ပါးဖြစ်တဲ့ ဦးချမ်းသာနဲ့ ဒေါ်နန်းခမ်းတို့ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ကြတယ်။ သူမှာ ကြီးမားတဲ့ သစ္စာအဓိဋ္ဌာန်ရှိတယ်။ ဘယ်လိုဓိဋ္ဌာန်ထားသလဲဆိုရင် -

ကျွန်မဟာ မကြာမီ အချိန်အတောအတွင်း မြန်မာပြည်အနှံ့ ရှေးဟောင်းဘုရားတွေကို လွန်ခဲ့တဲ့ ဘဝအဆင့်အဆက်ဆက်က မိဘတော်သူ၊ ဆွေမျိုးတော်သူ၊ ညီအစ်ကိုမောင်နှမတော်စပ်သူတွေနဲ့ ကျွန်မနဲ့အတူတကွ အမျှဒါန်း ကူညီဆောင်ရွက်ကြပါရန် နှိုးဆော်ပါတယ်လို့ သစ္စာအဓိဋ္ဌာန်ပြုတယ်ကွ။

ဒါကြောင့် သာသနာပြုလုပ်ငန်းမှာ သူ့ရဲ့ ညီအစ်ကိုမောင်နှမတွေနဲ့ အလှူအတန်းလုပ်တာ များပါတယ်။ ၁၉၅၇ ခုနှစ်မှာ မိုးကုတ်မြို့ကို ပြန်သွားတယ်။ သူ့မှာ ပန်းနာရင်ကျပ်ရောဂါရှိတယ်လေ။ ဒါကြောင့် ၁၉၅၇ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ကွယ်လွန်သွားပါတယ်။ သူ့ရဲ့သစ္စာပြုချက်ကြောင့် မင်းတို့ ရာဇဝတီတိုင်းဒေသကြီး ကုံကော်တစ်ထောင်မှာလှူတုန်းကလည်း နှစ်ယောက်လာတယ်ဆိုတာ မင်းသိပြီးသားပါ။ ပေါက်ကုန်းစေတီတော်မှာတော့ ညီအစ်မ သုံးယောက်။ မင်းတည်တဲ့ စေတီမှာလည်း နှစ်ယောက်ပဲ မဟုတ်လား။ အေးစွန်ပါစေတီမှာဆိုရင် သူ့ရဲ့ညီအစ်မတော်တွေ (၇)ယောက်တောင်ရှိပါတယ်။ ဒါကြောင့် အလှူအတန်းလုပ်တိုင်း သာသနိကအဆောက်အအုံနဲ့ ပဋ္ဌာန်းဆက်အရှိဆုံးညီမကို ခေါ်ခေါ်သွားတဲ့သဘောပါပဲ။

မင်း နှိုင်းယှဉ်တတ်အောင် ပြောဦးမယ်။ မင်း စနေသားဆရာတော်အကြောင်းတော့ သိမှာပါ။ လူနာမည်က ကိုထွန်းရင်။ သူ့ကို ဆရာတော် ဦးပဏ္ဍိတက ဝိဇ္ဇာဓာတ်စီးပြီး တရားဟောတာကိုတော့ မင်းသိမှာပေ့ါ။ ဒါဆိုရင် စိတ်ဝိညာဉ်လွှင့်ပညာကို တတ်မြောက်ထားတဲ့ မင်းရဲ့မိခင်ဟာ အဘွားအိုတစ်ယောက်ကို ဓာတ်စီးလို့ မရနိုင်ဘူးလား။ မင်းဟာမင်း ဆုံးဖြတ်ကြည့်ပေါ့။

မင်း မယ်ဘော့ကုန်း တက်လာချိန်မှာ အမေမြနန်းနွယ်ကို မတွေ့ရဘူးလို့ဆိုတယ်။ ကမ္ဘည်းမှတ်တိုင်လည်း မတွေ့၊ အုတ်ဂူလည်းမတွေ့ရဘူးလို့ မင်းက ပြောခဲ့တယ် မဟုတ်လား။ ဒီလို စဉ်းစားကြည့်လိုက်။ စိတ်ဝိညာဉ်လွှင့်ပညာကို တတ်မြောက်သူတစ်ယောက်အနေနဲ့ မင်းနဲ့တွေ့ဆုံပြီး တွဲဖက်သာသနာပြုရမယ့်ကိစ္စရှိလာတော့ အဘွားအိုကို ဓာတ်စီးပြီး အမေမြနန်းနွယ်လို့ မင်းကို ပြောရင် မရနိုင်ဘူးလား။ မင်းပဲ ပုသိမ်က ဘိုးတော်လေးကို အမေမြနန်းနွယ် မနောရသူဆိုပြီး လက်ခံထားတယ်လေ။

ကဲ - မင်းရဲ့ စေတီတော်လေး တည်ပြီးချိန်မှာ ဒေါ်မြနန်းနွယ်က ဝါတွင်းရောက်လာလို့ ဉပုသ်ဆောင် ဝင်သွားပြီ။ ဘယ်သူ့ကိုမှ စကားပြောမှာမဟုတ်ဘူး။ ဒီတော့ မင်းက မေးစရာတစ်ခုရှိလိမ့်မယ်။ ပုသိမ်က" ဘိုးတော်လေးဆိုရင် အခုမလာခင်အထိ အမေမြနန်းနွယ် ဓာတ်စီးပြီး စကားပြောနေတုန်းပဲလို့ မင်းက ပြောချင်မှာပဲ။ ကာယကံရှင်မရှိရင် လမိုင်း ဆိုတာ လာတတ်တဲ့ကိစ္စပဲ။ မင်းကိုယ်တိုင် ဘိုးတော်လေးနဲ့ စကားပြောနေရင် ဒါဟာ အမေ မနောအစစ်လား၊ အတုလားလို့ ခွဲခြားဖို့ သတိမရခဲ့ဘူး မဟုတ်လား။

အေး - ဒါပေမယ့် မင်း မယ်ဘော့ကုန်းထွက်လာတာတော့ သူက သိပါတယ်။ ဒါကြောင့် တွေ့ဆုံဖို့ထက် ဝိဇ္ဇာမိုရ်ဆရာတော်ကြီးတွေ သက်န်းကပ်ဖြစ်အောင်၊ ဆွမ်းကပ်ဖြစ်အောင် သူက ကြိုတင်ပြီး ဆရာတော်တွေကို လျှောက်ထားပေးတာပါ။ ဒါကြောင့် တစ်နေ့တည်းမှာ မင်း သုံးဝါးစလုံးသက်န်းကပ်ဖြစ်တာပေ့ါ။ ဒီလို မျက်မြင်ကိုယ်တွေ့ သုံးပါးစလုံးကပ်ခွင့်ရဖို့ဆိုတာ ဘယ်ကလာလွယ်ပါ့မလဲ။ မင်းကသက်န်းကပ်ရုံတင်မဟုတ်ပါဘူး။ ဝိဇ္ဇာမိုရ်ဆရာတော်ကြီးဦးကောဝိဒ ချီးမြှင့်တဲ့ ပစ္စည်းတွေ၊ ဓာတ်လုံးတွေပါ ရခဲ့တယ်မဟုတ်လား။

နောက် မင်းယူလာတဲ့ ယောဂီပိတ်အုပ်ကို သီလရှင်ကိုပေးလိုက်တယ်။ ဝါတွင်းရောက်ရင် သူ့ရဲ့ရုပ်တုကိုတောင် သူ့မောင်လေးက သီလရှင်ဝတ်စုံပြောင်းပေးတယ်။ ဒီအကြောင်းကို သိနေတဲ့ အဘဘိုးထွန်းအောင်က လိုက်လျောညီထွေဖြစ်အောင် သီလရှင်ကို ပေးလိုက်တာ။ သီလရှင်ကိုပေးမှ မင်းအမေ ရရှိသလို အကျိုးခံစားရမှာပေ့ါ။ ဘယ့်နှယ် ရှင်းရဲ့လား။

ပြီးတော့ သီလရှင်တစ်ပါးက မင်းတို့တစ်ဖွဲ့လုံးကို ပုဂံ-ညောင်ဦး-ပုပ္ပားဘုရားဖူးခရီးစဉ်ကို ဖန်တီးပေးခဲ့တယ်လေ။ သီလရှင်ဆရာလေးက မိခင်ရဲ့မနောနဲ့ ဘုရားတွေမှန်သမျှ လိုက်ပြလိုက်၊ လှူလိုက်၊ ဖူးလိုက်ရတာတွေဟာ မင်းအမေ မနောမပါရင် ဘယ်လာအသက်ဝင်ပါ့မလဲ။ အခုလို မင်းရောက်ခဲ့သွားခဲ့ရတာဟာ မင်းအမေက ဘုရားတည်ပေးတာကို ကျေးဇူးတင်လွန်းလို့ မင်းတို့တစ်ဖွဲ့လုံးကို ပြုစုလိုက်တာပါပဲ။

ငါက ဒီကိစ္စတွေ ရှင်းပြနေတော့ မင်းက မေးချင်တဲ့ မေးခွန်းလေးတစ်ခုတော့ ရှိနိုင်တယ်။ မင်းမေးနိုင်မယ့် မေးခွန်းကို ငါဘာသာပဲ ဖြေလိုက်ပါမယ်။ ဒါကဘာလဲဆိုရင် ဉပုသ်ဆောင်ဝင်လို့ စကားမပြောဘူးလည်း ပြောတယ်။ ဒီကိစ္စတွေကျတော့ ငါ့ကိုပြောသလားလို့ မေးနိုင်ပါတယ်။ ငါ့ကိုတော့ တိုက်ရိုက်မပြောပါဘူး။ ငါက သမထကို အားသန်တယ်။ သမထထိုင်တာနဲ့ သိချင်တာတွေ တော်တော်များများ သိရတယ်။ နောက်ဆုံး ထိုးမုန့်လာပေးရင် မင်းပဲဆိုတဲ့ကိစ္စကို မင်းအမေက ပြောတာမဟုတ်ဘူး။ သူ့ညီမတစ်ဦးက ကိုယ်စားပြောပေးတာပါ။ ကဲ- အားလုံးရှင်းပြီလား"

"အားလုံးရှင်းသွားပါပြီ။ ကျွန်တော် မယ်ဘော့ကုန်းက ပြန်လာပေမယ့် ဝိဇ္ဇာမိုရ်ဆရာတော် ဦးပဏ္ဍိတနဲ့ အဘဘိုးထွန်းအောင်သမိုင်းကြောင်းကို မသိသေးပါဘူး။ အဲဒါလေးကို သိချင်လို့ပါအဘ"

ဤတွင် အဘအောင်မှ ဆရာတော် ဦးပဏ္ဍိတနှင့် အဘဘိုးထွန်းအောင်အကြောင်းကို ဦးအောင်မြင့်သိန်းအား အောက်ပါအတိုင်း ရှင်းပြခဲ့ပါသည်။

**ဝိဇ္ဇာမိုရ်ဆရာတော် ဦးပဏ္ဍိတ**



www.burmeseclassic.com

www.burmeseclassic.com

"အင်း - မင်းတို့က မယ်ဘော့ကုန်း ကလာပြီး မယ်ဘော့ကုန်းမှာ ရေးထားတဲ့ ဆရာတော် ဦးပဏ္ဍိတအကြောင်း မဖတ်ဖြစ်ဘူးထင်တယ်။ ဆရာတော်ဦးပဏ္ဍိတ အကြောင်းပြောရင် အဘဘိုးထွန်းအောင် မပါရင် မပြီးဘူး။ အခုတော့ ဝိဇ္ဇာဓိုရ် ဆရာတော်ဦးပဏ္ဍိတအကြောင်း အရင်ပြောပါမယ်။

ဟိုးလွန်ခဲ့တဲ့ နှစ်(၅၀၀)ကျော်က မယ်ဘော့ကုန်းကျေးရွာနေရာမှာ ရွှေကျင်ကုန်းကျေးရွာလို့ ရှိခဲ့တယ်။ အချိန်က ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက်ပေါ့။ ဒါတွေက မာတ်ခန်းနားမှာ မှတ်တမ်းတင်ထားလို့သိတာပါ။ အဲဒီရွှေကျင်ကုန်းရွာမှာ ဦးဘိုးသူနဲ့ ဒေါ်ငွေ ဆိုတာ ရှိခဲ့တယ်။ ပထမမွေးတဲ့သားက မောင်မြတ်စံဖြစ်ပြီး နောင်အခါမှာ ဦးပဏ္ဍိတလို့ နာမည်ကြီးမယ့် ကလေးပါပဲ။ နောက် ဒုတိယသားက မောင်ဘိုးရွှေ။ ကလေးနှစ်ယောက် စရိုက်မတူဘူး။ မောင်ဘိုးရွှေက ပျင်းတယ်။ မောင်မြတ်စံက ဉာဏ်ပညာထက်မြက်တယ်။

မောင်မြတ်စံ (၁၃) နှစ်သားလောက်မှာ ရွှေကျင်ကုန်းရွာ ရတနာဘုမ္မိကျောင်းမှာ ကျောင်းအိပ်ကျောင်းစားအဖြစ်နေခဲ့တယ်ကွ။ အသက် (၁၇) နှစ်သားရောက်မှ ရှင်သာမဏေဖြစ်ပြီး ရှင်ပဏ္ဍိတလို့ ဘွဲ့မည်ကို ဥပဇ္ဈာယ်ဆရာတော် ဦးကောဝိဒက ပေးလိုက်တယ်။ ရတနာဘုမ္မိကျောင်းက ဦးကောဝိဒလည်း ဝိဇ္ဇာလမ်းကိုလိုက်ခဲ့တာပါပဲ။ ဒါပေမယ့် ကြိုးစားသလောက် မအောင်မြင်ခဲ့ဘူး။ ဆရာတော် ဦးကောဝိဒရဲ့ ဖိုရုံမှာ ကိုရင်ပဏ္ဍိတက ဖိုဆွဲပေးရင်းက ဝိဇ္ဇာလမ်းနဲ့ နီးနီးစပ်စပ်သိတဲ့သဘောပဲ။

ဆရာတော် ပျံလွန်တော်မူတော့ ဦးပဏ္ဍိတက ပဉ္စင်းဖြစ်နေပြီး ကျောင်းထိုင်ဆရာတော်ဖြစ်လာတယ်။ ကျောင်းထိုင်ဆရာတော်ထားခဲ့တဲ့ မာတ်လုံးကို ဆက်ပြီး ထိုးကြည့်တယ်။ ဒါပေမယ့် ဘာမှထူးခြားမလာဘူး။ ဒီကြားထဲမှာ သူ့ညီလေး မောင်ဘိုးရွှေက အလုပ်ကို ဟုတ်တိပတ်တိမလုပ်တော့ ယောင်ခြောက်ဆယ်ဖြစ်နေတယ်။ နောက်ပိုင်း နရသီဟပတေ့မင်းရဲ့ လက်ရုံးတစ်ဆူဖြစ်တဲ့ အသင်္ခယာလှေတော်နဲ့ ရွှေဒေါင်းကြီးမြို့ကိုရောက်လာတယ်။ ဆရာတော် ဦးပဏ္ဍိတက ဆင်းတော်စီးလာတဲ့ အသင်္ခယာရှေ့မှာ ရပ်တော်မူလိုက်တယ်။

ရဟန်းတော်ကို ကြည်ညို လေးစားတဲ့ အသင်္ခယာက ဆင်ထက်က ဆင်းလာပြီး အကျိုးအကြောင်းမေးတော့မှ ညီတော်အတွက် အလုပ်အကိုင်တောင်းကြောင်း သိရတယ်။ နောက်တော့ မြို့တော်ဝန် ဦးစောအောင်က ဘဏ္ဍာစိုးနေရာလစ်လပ်နေလို့ မောင်ဘိုးရွှေတစ်ယောက် ဘဏ္ဍာစိုးဖြစ်လာတယ်။ အရှင်မွေးတော့ နေ့ချင်းညချင်းကြီး ဆိုတာ ဒါမျိုးကို ပြောတာကွ။

မြို့တော်ဝန် ဦးစောအောင်သားတင်ဆောင်က ထန်းရည်သမား။ ဖြစ်ချင်တော့ မောင်တင်အောင်ကြိုက်တဲ့ မိန်းကလေးနဲ့ မောင်ဘိုးရွှေကြိုက်တဲ့ မိန်းကလေးက သွားတူနေတယ်။ ကလေးမနာမည်က နန်းမေ။ မိဘတွေက ဦးသူရနဲ့ ဒေါ်နန်းမွှန်ပဲ။ နောက်ပိုင်းမှာ မောင်ဘိုးရွှေနဲ့ နန်းမေက ခိုးပြေးတယ်လေ။ ဟိုကောင်လေးကကျန်ခဲ့တာပေါ့။ အဲဒီကိစ္စမှာ မြို့တော်ဝန်က မောင်ဘိုးရွှေကို ရင်ထဲက တေးထားတယ်။ အငြိုးအတေးကြီးခဲ့တယ်ပေါ့ကွာ။

ဒီလိုနဲ့ တစ်နေ့မှာ အစ်ကိုတော်က မီးသွေးကုန်နေလို့ ဝယ်စရာမရှိတာကို မောင်ဘိုးရွှေက သိသွားတယ်။ ဒါနဲ့ အစ်ကိုတော်ဘုန်းကြီးကို အကူအညီပေးချင်လို့ ဘဏ္ဍာတိုက်ထဲက ငွေသုံးဆယ်သားထုတ်ယူပြီးတော့ အစ်ကိုတော်ကို ထောက်ပံ့ခဲ့တယ်လေ။ သူ့စိတ်ထဲမှာတော့ လကုန်ရင်ပြန်ထည့်လိုက်မယ်ပေါ့။ ဒါပေမယ့် လမကုန်ခင်မှာ အသင်္ခယာရောက်လာတယ်။ အရေးပေါ်စစ်လိုက်တော့ ဘဏ္ဍာတိုက်မှာ ငွေ (၃၀) သားလျော့နေတယ်။

လူငယ်လည်း ဖြစ်တာကြောင့် အနည်းအကျဉ်း ဆုံးမလိုက်ပါ ဆိုတဲ့ စကားကို အခွင့်ကောင်းယူပြီး မြို့တော်ဝန်က သူ့လူတွေကို ဖမ်းခိုင်းလိုက်တယ်။ သူသာန်လည်းရောက်ရော သူ့ကိုယ်တိုင်လှံနဲ့ထိုးပြီး သတ်လိုက်ပါလေရော။ နောက်ပိုင်း ကျူပင်ခုတ် ကျူငုတ်ကျန်လို့ မဖြစ်ဘူးဆိုပြီး ကျန်တဲ့ မောင်ဘိုးရွှေသား မောင်တင့်ဆောင်၊ သမီး မတင်မြင့်နဲ့ ဆရာတော်ကိုပါ အပြတ်ရှင်းဖို့ ညဘက်မှာ သတ်မယ်လို့ စီစဉ်တယ်လေ။ တံခါးမှူးလှမြင့်က ကြိုတင်သတင်းပေးနိုင်လို့ အသက်ဘေးက (၃) ဦးစလုံး လွတ်ခဲ့ပါတယ်။

ဆရာတော့် ဦးပဏ္ဍိတနဲ့ သူ့တူလေး တင့်ဆောင်က လူသူမရောက်နိုင်တဲ့ စွယ်တော်ကုတ်တောကို ရောက်ကြတယ်။ ဆရာတော့် တူမလေးကတော့ ကဿပရွာက ဒေါ်သာယာဆီမှာ ထားခဲ့ရတယ်။ တူမလေး မတင်မြင့်က မွေးပြီးတာ (၂) ရက်ပဲ ရှိသေးတာကိုး။ ဒါကြောင့် လွတ်ရာလွတ်ကြောင်း ပြေးလွှားနေရချိန်မှာ သိပ်နုနယ်လွန်းလို့ ထားခဲ့ရတာပါ။

အဲဒီစွယ်တော်ကုတ်တောကြီးထဲမှာ လိုဏ်ဂူတူးပြီးနေရတယ်။ ကိုယ်တိုင် သစ်သီးသစ်ဖုရှာဖွေစားရတယ်။ ဒီတောကြီးမှာ (၆) နှစ်ကြာ နေထိုင်ခဲ့တယ်ကွ။ ဆရာတော်ဆိုတာ ဆံနဲ့ မုတ်ဆိတ်ကို မသုတ်သင်ဖြစ်တော့ အရှည်ကြီးဖြစ်နေတာပေါ့။ အခုဖြစ်ခဲ့တဲ့ဖြစ်ရပ်မှာ မြို့တော်ဝန် မတရားလုပ်မှုန်း ဒေသခံတွေက သိကြတယ်။ ဒါကြောင့် နရသီဟပတေ့ လွှန်တော့ သူ့သားတော် ကျော်စွာလက်ထက်မှာတိုင်ဖြစ်တယ်။

ဘုရင် ကျော်စွာမင်းက အသင်္ခယာကို စုံစမ်းဖို့ တာဝန်ပေးပြန်တယ်။ အသင်္ခယာက ဆရာတော်ဦးပဏ္ဍိတရဲ့ ကျေးဇူးသိက္ခာကို ဟိုအရင်ကတည်းက လေးစားမြဲသား။ ဒါကြောင့် ရွှေဒေါင်းကြီးမြို့ ရောက်တာနဲ့ မြို့တော်ဝန်ကို အကျဉ်းချထားပြီးမှ ရွာသားတွေကို စစ်ဆေးလိုက်တော့ အမှန်တရားပေါ်ပါလေရော။ ဒီကိစ္စတွေဖြစ်ပြီးတော့ ဆရာတော်ကို အတော်လေး အရှာခက်နေပါတယ်။ ဘယ်မှစုံစမ်းလို့မရဘူး။

ရှေးခေတ်က လူပျောက်ရှာရင် ဘယ်လိုရှာသလဲဆိုတော့ ဆရာတော်အား မင်းပြစ်မင်းဒဏ်မရှိကြောင်း၊ မိမိနေရပ်သို့ ပြန်လာခဲ့ပါရန် နာမည်နဲ့ ရွာနဲ့ အကြောင်းစုံရေးပြီး တောတောင်အနှံ့ စာတွေလိုက်ကပ်တယ်။ မြို့ရွာအနှံ့ ကပ်မိတော့ စွယ်တော်ကုတ်တောကိုလည်း ရောက်တယ်လေ။ ဒါကြောင့် ဒီစာကို ဆရာတော်က ဖတ်မိပြီး ရွှေကျောင်းကုန်းကျောင်းကြီးကို ပြန်ဖြစ်ခဲ့တာပါပဲ။

ကျောင်းတော်ကြီးမှာ ကျောင်းထိုင်ဆရာတော်ပြန်လည်းဖြစ်ရော မျက်စိက ငယ်ငယ်ရွယ်ရွယ်နဲ့ မှုန်လာတယ်။ အဲဒီမျက်စိမှုန်တဲ့ရောဂါကို ကုပေးတာက ရှမ်းဆရာကြီး ဦးလူတုတ်ပဲ။ ဦးလူတုတ်က မနက်ပိုင်းမှာ မျက်စဉ်းခတ်ပေးတယ်။ နေ့လယ်မှာ နှာချရတယ်။ ညပိုင်းမှာ မျက်စိကို ဆေးကွင်းပေးတယ်။ ဒီနည်းနဲ့ (၇) ရက် ကုလိုက်တာ မူလအတိုင်း ပြန်ကောင်းသွားတယ်ကွ။ အဲဒီ မျက်စိကုပေးတဲ့ဆရာကြီး ဦးလူတုတ် ဆိုတာ နောက်တစ်ချိန်မှာ ... အောင်လို့ ကျော်ကြားလာ...



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ဦးပဏ္ဍိတက ကျောင်း ပြန်ရောက်ချိန်မှာ တူနဲ့တူမလေးကို လုပ်ကိုင်တတ်အောင် တူလေးကို ကျည်းသီးခူးခိုင်းပြီး တူမလေးကို ဈေး ရောင်းခိုင်းထားတယ်။ တစ်ခါတလေ ကျည်းရွက်နုခူးပြီးလည်း ရောင်းခိုင်း တယ်။ ဈေးရောင်းဈေးဝယ်ကို အခြေခံ ကပြီး သင်ပေးတဲ့သဘောမျိုးပေါ့။

တစ်နေ့ မန်ကျည်းသီးခူးအပြီး အင်ပေါ်ကပြန်ဆင်းမယ်အလုပ်မှာ လူ တစ်ယောက်က ငွေအိုးလာပြီး မြှုပ်နေ တာကို အပင်ပေါ်က မောင်တင့်ဆောင် မြင်နေရတာပေါ့။ မြှုပ်တဲ့လူပြန်ထွက် သွားတော့ အလွယ်တကူပဲ ငွေအိုးဖော် ပြီး ကျောင်းပေါ်ပြန်လာခဲ့တယ်။

ဆရာတော်က -

"နင့်အဖေလည်း ဒီငွေကြောင့်သေ ရတာ နင်ကလာပြန်ပြီ။ ဒီငွေတွေဘယ် ကရလဲ ငါ့ကိုပြောစမ်း"

လို့ တုတ်မိုးပြီး မေးတော့တယ် ။ အလျှောက်မကောင်းရင် အရိုက် ခံရမှာ အသေအချာဖြစ်နေလို့ ကြောက် ကြောက်လန့်လန့်နဲ့ -

"အဝတ်ဖြူနဲ့လူကြီးက ဒီငွေအိုး ကို ဆရာတော်ကိုပေးလိုက်၊ အဲဒီငွေနဲ့ ကိုရတ်ထိုးရင် ဝိဇ္ဇာဖြစ်လိမ့်မယ်"

လို့ ပါးစပ်ထဲ ပေါ်လာတာတွေ ပြောလိုက်တယ်။ အလျှောက်ကောင်းတဲ့ အတွက် အထောင်းသက်သာသွားတာ ပေါ့။ အခုလိုပြောချိန်မှာ ဆရာတော်က မထိုးတာ ကြာပါပြီ။ မထိုးတာဆိုရင် (၁) နှစ်လောက်ရှိပါလိမ့်မယ်။ တူလေး ပြောတော့မှ ပြန်ပြီးသတိရလာတာမျိုး ပေါ့။ နောက်မျက်စိကောင်းကောင်းနဲ့ ကိုရတ်ကျမ်းတွေဖတ်တဲ့အခါ ကျမ်း တစ်စောင်က ရွှေဖြူကြီးကျွေးရန် ညွှန်း ထားတယ်။ ဒီတော့မှ စွယ်တော်ကုတ် တောကြီးထဲက ရွှေဖြူပင်ကို သွားပြီး သတိရလာတယ်။

ဒါကြောင့် လူလွှတ်ပြီး ရွှေဖြူပင် ကို ယူခိုင်းလိုက်တယ်။ ရောက်လာတော့ ရွှေဖြူကြီးကျွေးပြီးထိုးလိုက်တာ ပြဒါး ခဲဓာတ်လုံးအဖြစ် လုံပေါ်ကို တစ်ထွာ လောက်တက်ပြီး ချာချာလည်နေတယ်။ ပြဒါးတစ်ခုလုံးလည်း ဓာတ်လုံးအရောင်နဲ့ လင်းနေတာပဲ။ ဆရာတော် ဆိုတာ အုံ့ အားသင့်ပြီး ဖိုကြိုးကိုလက်ကလွှတ်လိုက် တယ်။ မီးအရှိန်လျော့သွားမှ တဖြည်း ဖြည်း ဓာတ်လုံးက လုံထဲပြန်ဆင်းလာ တယ်ကွ။

ဒီလို ဓာတ်လုံးအောင်မြင်တာကို ဆရာတော်က အောင်မြင်သွားတယ်လို့ မသိသေးပါဘူး။ ထူးထူးဆန်းဆန်းတွေ ဖြစ်ပေါ်တယ်ပဲထင်တာပါ။ နောက်ပိုင်း ဆက်ပြီးမထိုးတော့ဘဲ သလဲရွက်နဲ့စိမ်ပြီး သောက်ကြည့်တယ်။ ပြီးတော့ ဓာတ်လုံး ကို အမှတ်မဲ့ငုံကြည့်မိတယ်။ ဒီလို ငုံမိ တုန်းဘာတွေမိသလဲဆိုရင် ဟိုငယ်ငယ် တုန်းကရောက်ခဲ့တဲ့ ရေနံ့သာစနေနဲ့ ဘုရားကို သတိရပြီး ရောက်ချင်တဲ့ ဆန္ဒ ပေါ်လာတာနဲ့ ရုတ်တရက် ဘုရားပေါ် ကို ရောက်သွားတယ်။ ဘုရားရောက်ပေ မယ့် ဓာတ်လုံးကြောင့် ရောက်သွား တယ်လို့ မသိသေးပါဘူး။

ဘုရားကအပြန်မှာလည်း ဓာတ် လုံးငုံပြီး လိုရာတလိုက်လို့ ရောက်မှန်း မသိခဲ့ပြန်ဘူး။ ဒါကြောင့် ငါ့ကျောင်းကို ပြန်မှသင့်မယ်ဆိုပြီး ညောင်းလှကူးတို့ ဆိပ်ကို ခြေကျင်လျှောက်လာခဲ့တာကွ။ ကမ်းနားရောက်တော့ လှေတစ်စင်းကို လိုက်ပါရစေလို့ ခွင့်တောင်းပြန်တယ်။ ဟိုကလည်း လှေထွက်မလို့ပါဘဲ။ ကိစ္စ လေးတွေရှိသေးလို့ ဒီလက်ဖက်ရည် ကြမ်းလေး ဘုဉ်းပေးတော်မူပါ ဘုရား။ ခုပြန်လာပါ့မယ်လို့ ကပ်လိုက်တယ်။ အမှတ်မထင် လက်ဖက်ရည်ပန်းကန်မှာ ဓာတ်လုံးစိမ်သောက်ပြီး ငုံလိုက်တာ ကျောင်းပေါ် ပြန်ရောက်ပါလေရော။ ဒီ တော့မှ အောင်မြင်တဲ့ ဓာတ်လုံး ဆိုတာ အသေအချာ သိတော့တာပေါ့။

ဒီလိုနဲ့ ဘုရားဆောင်မှာ တင် ထားတဲ့ ငွေအိုးလေးကို ပိုင်ရှင်ဖြစ်တဲ့ ဦးသာဦးကို ပြန်ပေးတယ်။ ဦးသာဦးက လည်း မောင်တင့်ဆောင် ရှင်ပြုရာမှာ အသုံးပြုဖို့ ပြန်ပြီးလှူပါတယ်။ ဦးသာဦး ရဲ့ ငွေအိုးကို အကြောင်းပြုပြီး ဖိုပြန်ပြီး ထိုးဖြစ်တာဖြစ်လို့ ကျေးဇူးဆပ်တဲ့အနေ နဲ့ ရွှေခွက် (၃၂) ခွက်ပြန်ပြီး ချီးမြှင့် လိုက်ပါတယ်။ နောက်တော့ ဝိဇ္ဇာတို့ ပျော်စံရာ နဂါးမတောင်တော်ကို ဓာတ် လုံးနဲ့ ကြွသွားပါတယ်။

ဒီလောက်ဆိုရင် မင်းတို့ ဝိဇ္ဇာဗိုလ် ဆရာတော် ဦးပဏ္ဍိတအကြောင်းကို သိ လောက်ကြမယ်ထင်တယ်။ နောက်ဝိဇ္ဇာ မှာသက်တမ်းတွေခွဲခြားထားသေးတယ်။

အောင်မြင်တဲ့ ဝိဇ္ဇာဗိုလ်ဖြစ်ရင် သက်တမ်း (၁၀၀၀) နေရတယ်။ မီးထိုး ကူးပြီးရင်တော့ သက်တမ်းက (၅၀၀၀) ဖြစ်သွားမယ်။ နောက် ရေထိုးကူးပြီးရင် သက်တမ်း (၂၅၀၀) ဖြစ်သွားမယ်။ မီး ထိုးကူးတာထက် (၅) ဆပိုသွားတယ်ပေါ့။ အမြင့်ဆုံးကတော့ မြေထိုးကူးတာပါပဲ။ မြေထိုးကူးပြီးရင် ဝိမလဝိဇ္ဇာကြီးဖြစ်ပြီး ကမ္ဘာတည်အောင်အသက်ရှည်ပါတယ် လို့ လောကီကျမ်းတွေက အဆိုရှိတယ် ကွ။

အခုခေတ်ထဲမှာ ဆရာတော် ဦးပဏ္ဍိတသက်တော်က (၇၀၀) ကျော် ပဲ ရှိပါသေးတယ်။ နေမယ်ဆိုရင် အနှစ် (၃၀၀) နေလို့ရပါသေးတယ်။ ဒါပေမယ့် အချိန်အခါရယ်၊ သစ္စာရှိတပည့်တွေရယ် ရှိချိန်မှာ ထိုကူးဖို့ အကောင်းဆုံးအချိန် အဖြစ် ဆရာတော်က ရွေးချယ်လိုက် တယ်လေ။ အဲဒါကြောင့် ဆရာတော့် အောင်မြေဖြစ်ခဲ့တဲ့ ယခင်က ရွှေကျင် ကုန်းရွာ၊ ဒီဘက်ခေတ်မှာ မယ်ဘော့ကုန်း ရွာအနီးမှာ မီးထိုကူးဖို့ ရွေးချယ်လိုက် တာပါပဲ။

အခု ဘုရားရှင်က သာသနာ တော်ကို နှစ် (၅၀၀၀) ထားခဲ့တယ် မဟုတ်လား။ နှစ် (၅၀၀၀) ပြည့်သွားရင် ဓာတုပရိနိဗ္ဗာန် ရောင်တော်ပြန်ပွဲတော် ကြီးမှာ ကျွတ်တမ်းဝင်ဖို့ ရည်ရွယ်ပြီး မီး ထိုကူးလိုက်တာပါ။ ဒီလို မီးထိုကူးတယ် ဆိုတဲ့ နှစ်လောက်ကို သိအောင် မှတ် ထားကြ။ ၁၃၃၇ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၅ ရက်မှာ မီးထိုကူး တယ်။ ဝိဇ္ဇာဗိုလ်ဆရာတော် ရှင်ဥတ္တမ ကျော်က ၁၃၅၀၊ တပို့တွဲလမှာ ထိုကူးပါ တယ်။ ကဲ- မင်းသိချင်တဲ့ အဘဘိုးထွန်း အောင်အကြောင်းဆက်ကြမယ်။

**အဘဘိုးထွန်းအောင်**

အဘဘိုးထွန်းအောင်နာမည်က စောထွန်းအောင်လို့ခေါ်တယ်။ သူ့ဖခင် က ဦးကျောက်စောင်း။ တရုတ်ပြည်က နေ မြန်မာပြည်ကို ရောက်လာတာ။ ကျိုက်လတ်ရွာကနေ ဘယ်မှမသွား တော့ဘဲ အဲဒီရွာမှာ သင့်သလို လုပ်ကိုင် စားသောက်တယ်ပေါ့။ နောက် တစ်ရွာ တည်းနေတဲ့ 'ရှုဟုန်' ဆိုတဲ့ တရုတ်ကပြား မလေးနဲ့ အိမ်ထောင်ကျတယ်။ ဒီမိဘ နှစ်ပါးက မြန်မာနှစ် ၁၁၇၂ ခုနှစ် လောက်မှာ သားယောက်ျားလေး မွေး တယ်။ ငယ်နာမည်က 'ဆင့်စော' လည်း ခေါ်တယ်။ ကြီးလာတော့ 'စောထွန်း အောင်' ပေါ့။

စောထွန်းအောင် (၆) နှစ်သားမှာ မိုးပေါ်ကကျလာသလို ကျိုက်လတ်ရွာ မှာ ဝမ်းရောဂါကပ်ဆိုက်လာတယ်။ နေ့ မြင် ညပျောက်နဲ့ အလောင်းချင်းထပ် အောင် သေကြတယ်ဗျ။ ဘယ်ကိုမှမ သွားဘဲ စောထွန်းအောင်မိသားစုက နေ



www.burmeseclassic.com

www.burmeseclassic.com

ကြတယ်။ ဒါကြောင့် ဝမ်းရောဂါနဲ့ မိဘနှစ်ပါးစလုံး သေပါလေရော။ ဒီတော့ အိမ်နီးနားချင်း ဦးကင်းတင်က ခေါ်ပြီး တစ်မြို့တစ်ရွာပြေးကြရတယ်။ ဒီလိုပြေးလို့ မသေတာပေါ့။

ဦးကင်းတင်က စောထွန်းအောင်ကို သားသမီးလို ဆက်လက် စောင့်ရှောက်ပါတယ်။ အသက် (၁၈) နှစ်ရောက်မှ ရှမ်းပြည်နယ်မှာ ကုန်ကူးတဲ့ပညာ သင်ပေးတယ်။ စောထွန်းအောင်က ဉာဏ်ပါးတယ်။ အတတ်မြန်တယ်။ အဲဒါကြောင့် နောက်အခေါက်တွေမှာ ဦးကင်းတင်မပါဘဲ သွားတတ်လာတတ် ရောင်းတတ်ဝယ်တတ်လာတယ်။နောက်တော့ တစ်ရွာတည်းနေတဲ့ ဦးစောဦး၊ ဒေါ်နှင်းမြိုင်သမီး မြသန်းရီနဲ့အိမ်ထောင်ကျတယ်ကွ။

သားဦးမိန်းကလေးမွေးပြီး နာမည်ကို အမေ့နာမည်ပါအောင် မြမြသန်းလို့ မှည့်လိုက်တယ်။ မြမြသန်း (၄) နှစ်သမီးအရွယ်မှာ နောက်ကိုယ်ဝန် ရလာပြန်တယ်။ ဒီတော့မှ မိသားစုစားဝတ်နေရေးအတွက် ရှမ်းပြည်နယ်ကို တစ်ခေါက်တစ်ကျင်း ကုန်ကူးထွက်တယ်လေ။ သူ့ဇနီး မြသန်းရီက မသွားစေချင်ဘူး။ အိမ်တွင်းစီးပွားရေးအရသာ ခွင့်ပြုလိုက်ရတာပါ။

အလုပ်ကိစ္စကို အလျင်အမြန်ဆောင်ရွက်ပြီး ပြန်ရောက်လာချိန်မှာ ဇနီးသည်ကို စောထွန်းအောင်က လှမ်းခေါ်လိုက်တယ်။ အဲဒီမှာ မြသန်းရီက ဝမ်းသာပြီး အိမ်လှေကားထစ်က ဆင်းလိုက်တာ အကျမတော်တော့ တစ်ခါတည်း သေပါလေရော။ တစ်သက်သေတာ ဗိုက်ထဲကကလေးပါ ပါလေတော့ နှစ်သက်ဆုံးရှုံးသွားတာပေါ့။

မြမြသန်း (၁၉) နှစ်သမီးမှာ မိတ်ဆွေတစ်ဦးသားနဲ့ နေရာချဖို့ စီစဉ်တာကို ကလေးမက အဖေနဲ့ပဲ အတူနေချင်ပါတယ်လို့ ငိုယိုပြောတာကြောင့် လက်လျှော့လိုက်ရတယ်။ လိမ္မာတဲ့သမီးလေးနေ့ဒက်ရေးအတွက် ရှမ်းပြည်နယ်ကို တစ်ကြိမ်တက်သွားတယ်ကွ။ သူ့သမီးကိုတော့ အမျိုးတွေနဲ့ အပ်ခဲ့တာပေါ့။ အဖေကို ချစ်တယ်လို့ ယုံတာကိုး။

စောထွန်းအောင်လည်း ခရီးထွက်သွားရော ဦးရွှေအောင်သား မောင်စံတင်နဲ့ ခိုးရာလိုက်ပြေးတော့တာပဲ။ စောထွန်းအောင်က ဘယ်လာသိလိမ့်ဦးမလဲ။ ခရီးကလည်း ပြန်လာရော သူ့သမီးမတွေ့တော့ ယမ်းပုံမီးကျသလို ပေါက်ကွဲတော့တာပါပဲ။ ဟိုစုံစမ်းဒီစုံစမ်းတော့မှ ဦးရွှေအောင်သားနဲ့ လိုက်ပြေးတာ သိသွားတယ်။

အဲဒါနဲ့ ငှက်ကြီးတောင်ဓားလွယ်ပြီး ဦးရွှေအောင်ခြံဝကနေ သမီးသောကနဲ့ ဒေါသတွေမွှန်ပြီး ပြောဆိုကြိမ်းမောင်းတာတွေ ပြောလိုက်မိတယ်။ ဟိုဘက်ကလည်း အလျှော့မပေးဘူး။ ဦးရွှေအောင်က ဓားကိုဆွဲသလို မောင်စံတင်က လှံကိုင်ပြီး အသင့်ရပ်နေကြတယ်။ ပြီးတော့မှ ဦးရွှေအောင်က -

'ဟေ့ - ရိုင်းရိုင်းစိုင်းစိုင်းတော့ မပြောနဲ့ကွ၊ ဇက်ပြုတ်သွားမယ်။ သူကြိုက်လို့ သူလိုက်လာတာ ဓမ္မတာအတိုင်းပေါ့'

လို့ ပြန်ပြီး ရန်တွေ့လိုက်တယ်။ သမီးမြမြသန်းကိုယ်တိုင် ပြတင်းပေါက်ကနေ ခါးထောက်ကြည့်နေတာ မြင်လိုက်တော့ အရမ်းဝမ်းနည်းသွားတာပေါ့။ သမီးက သူ့ဘက်က မပါတာကို သိသွားတာကိုး။ ဒီလိုနဲ့ အရှုံးနဲ့ရင်ဆိုင်ပြီး အိမ်ကိုပြန်လာခဲ့ရတယ်။ အခုလို ဝမ်းနည်းကြေကွဲ စိတ်ဓာတ်တွေကျပြီး ခုတင်ပေါ်မှာ ငူငူငိုင်ငိုင်ဖြစ်နေချိန်မှာ ဆရာတော်ဦးပဏ္ဍိတက ရောက်လာတာကွ။

ဆရာတော်ဦးပဏ္ဍိတကို မြင်စမှာ တော်တော်အံ့ဩသွားတယ်။ စောထွန်းအောင်က ဘာသာခြား။ ဘုန်းကြီးနဲ့ဘာမှမဆိုင်ဘူး။ စောထွန်းအောင် ကိုယ်တိုင်-

'ကိုယ်တော်ထွက်သွားပါ။ ဒီအိမ်က ဗုဒ္ဓဘာသာအိမ်မဟုတ်ဘူး။ စိတ်ရှုပ်ရတဲ့အထဲ ဒီဘုန်းကြီးကတစ်မျိုး'

လို့ပြောပြီး အပြင်းအထန် မောင်းပြီးထုတ်ခဲ့တာပေါ့။ ဘုန်းတော်ကြီးကနေရာက မလှုပ်ဘူး။ ထွက်လည်းမသွားဘူး။ ဒီတော့ စောထွန်းအောင်က ငှက်ကြီးတောင်ဓားကိုယူပြီး ပိုင်းမယ်လည်းလုပ်ရော နေရာက ပျောက်သွားတယ်။ ဒါနဲ့ အိပ်ခန်းထဲကနေ အိမ်ရှေ့ထွက်ရှာ၊ ဟိုရှာဒီရှာပြီး အခန်းထဲလည်း ပြန်ရောက်ရော ခုတင်ပေါ်မှာ ရောက်နေတာကို မြင်လိုက်ရပြန်တယ်။

အခုတော့ ဘုန်းတော်ကြီးရဲ့ အစွမ်းအစကို သိရပြီဖြစ်လို့ နှင်လည်း မထုတ်ရဲတော့ပါဘူး။ ဆရာတော်က သူ့ကိုကြည့်ပြီး -

"ဟဲ့ - ထွန်းအောင်၊ မင်းမပိုင်တဲ့လူတွေအတွက် ဘာဖြစ်လို့ စိတ်ဆင်းရဲခံနေရတာလဲ။ မင်းမိန်းမလည်း မင်းမပိုင်လို့ မင်းဘဝကထွက်သွားခဲ့ပြီ။ မင်းသမီးလည်း မင်းမပိုင်လို့ မင်းထက်ချစ်တဲ့လူနောက်ကိုလိုက်သွားပြီ။ ဒါကြောင့် မင်းကိုယ်မင်းတောင် မပိုင်ပါဘူးကွာ။ မင်းပိုင်ရင် မင်းထားသလို နေကြရမှာပေါ့။ အခုတော့ မင်းဖြစ်စေချင်သလို မဖြစ်ဘဲ သူတို့ဖြစ်ချင်သလို ဖြစ်နေတာကို မင်းလက်တွေ့ကြုံနေရပြီ မဟုတ်လား"

လို့ တရားဟောတာကွ။ ဒီတော့မှ နည်းနည်းလေး သဘောပေါက်သွားတယ်။ ဒီလိုသဘောပေါက်တော့မှ ဘာကြောင့် ဒီနေရာကို လာခဲ့ရကြောင်း ဆရာတော်က ရှင်းပြတယ်။ ဟိုလွန်ခဲ့တဲ့ အနှစ် (၅၆၈) နှစ်ကျော်လောက်က စောထွန်းအောင်က ရှမ်းဆရာကြီး ဦးလူတုတ်ဖြစ်ခဲ့ကြောင်း၊ ဆရာတော်ရဲ့မျက်စိကို အဖိုးအခမယူဘဲ (၇) ရက်အတွင်း ပျောက်အောင် ကုသပေးခဲ့ကြောင်း၊ ဒါကြောင့် ကျေးဇူးကိုမမေ့နိုင်လို့ အခုလိုသည်။ မရှင်းမရှင်းဖြစ်ခဲ့သည့်ကိစ္စများမှာ အဘအောင်နှင့်တွေ့မှ အားလုံးရှင်းလင်း၍သွားတော့သည်။

■

ဤခရီးမှ ပြန်ရောက်ရာ ဆရာတော်ကြီး ဦးတောဝိဒ အမိန့်ရှိလိုက်သည့်အတိုင်း ဓာတ်လုံးအား ငွေနှင့်လက်စွပ်ကွင်း၍ ဝတ်ကြည့်ရာ လုံး[illegible] မမည်းတော့။ သည်လိုမမည်းမှ ဆရာတော်ကြီးဦးကောဝိဒသည် နေရာဒေသ[illegible] အချိန်ကာလ၊ ဓာတ်သဘာဝတွေကို[illegible] တကယ်နိုင်ပါလားဟု သိသွားသည်[illegible] သူ၏ နာတာရှည်ရောဂါဟောင်းများမှာ[illegible] လည်း ဆရာတော်ကြီးဆေးကြောင့် ယ[illegible] တော့ ပိန်းကြာဖက်တွင် ရေမတင်သ[illegible] သို့ ပျောက်ခဲ့လေပြီ။ သို့ဖြစ်ပါ၍ ဆ[illegible] တော်သည် မိမိ၏ကျန်းမာရေးကိုလည်[illegible] အပြည့်အဝ စောင့်ရှောက်ခဲ့ပါလား[illegible] ဝမ်းသာလို့မဆုံးတော့။ ထို့ကြော[illegible] မယ်ဘော့ကုန်း ဒုတိယခရီးစဉ်သ[illegible] ဦးအောင်မြင့်သိန်းအတွက် မမေ့[illegible] သောခရီးတစ်ခုဟု သူကတော့ ရင်ထဲ[illegible] မှတ်တမ်းတင်ထားလိုက်ပါသည်။

စိုးထွန်း (ဥပဒေ[illegible]

ကျမ်းကိုးစာရင်း -


၁။ ဘဒ္ဒန္တပဏ္ဍိတထေရုပ္ပတ္တိ (ဆရာဦးဖေမြင့်)
၂။ ပါရမီရှင်မလေးမြနန်းနွယ် (အောင်ဆုရှင်-သာကီဝင်)
၃။ ခုံတော်မောင်ကျဘမ်းအ[illegible]




www.burmeseclassic.com

www.burmeseclassic.com




ဇာတိဂုဏ်-မျိုးမြင့်အောင်

# သဘာဝသိဒ္ဓိဝင် သစ်ဝင်ပင်

မြန်မာနိုင်ငံသည် ဇမ္ဗူဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ် ထွန်းသောနိုင်ငံဟု ဆိုစမှတ်ပြုရသော မြင့်မြတ်မြေအဖြစ် ရှေးပညာရှိများက သတ်မှတ်ခဲ့ပေသည်။ ကမ္ဘာ့မြေပေါ်ဝယ် သယံဇာတရင်းမြစ်များနှင့် အဖိုးတန် သောအရာဝတ္ထုများ၊ ရတနာများ ပေါ ကြွယ်ဝသောမြေကို ညွှန်ပြပါဟုဆိုလျှင် မြန်မာ့မြေကိုသာလျှင် ဦးစားပေး ညွှန်ပြ မည်ကို မည်သူမျှငြင်းဆိုနိုင်မည်မထင် ပါ။ ကမ္ဘာ့အလယ်၌ တင့်တယ်မြင့်မြတ် သော ရတနာမြေဟုသာဆိုချင်ပါသည်။ ကျွန်းကြီးလေးကျွန်းတို့တွင် အမြတ်ဆုံး ကျွန်းကို လက်ယာတောင်ကျွန်းဟု ရှေး ဟောင်းစာပေကျမ်းဂန်များတွင် သတ် မှတ်ပေးထားခြင်းခံခဲ့ရသည်မှာ ကျွန်ုပ် တို့၏ မြန်မာ့မြေပင် မဟုတ်ပါလား။

ဤမြေပေါ်၌ အဖိုးတန်ရေ၊ မြေ၊ တော၊ တောင်၊ သယံဇာတရင်းမြစ်များ သာမက အံ့ဩဖွယ်ရာ ဂမ္ဘီရစွမ်းအား များရှိနေကြသော အရာဝတ္ထုပစ္စည်းများ သည်း တည်ရှိနေကြသေးသည်ကို လေ့ လာတွေ့ရှိကြရပါမည်။ ထိုအရာများမှာ သည်း များပြားပေစွ။ အရာဝတ္ထု၊ ပစ္စည်း အမျိုးအစားများအပေါ်တွင် မူတည်၍ အံ့ဩဖွယ်ရာ ထူးခြားသော ဂမ္ဘီရစွမ်း အားများတည်ရှိနေကြသည်ကို လေ့လာ တွေ့ရှိကြရပေမည်။ ဤသို့ ဂမ္ဘီရစွမ်းအင် များ များပြားစွာ တည်ရှိနေကြရခြင်း သည် 'လက်ယာတောင်ကျွန်း' ဖြစ်၍ သာဟု ဆိုချင်ပါသည်။

ကျွန်ုပ်သည် မြန်မာ့မြေပေါ်တွင် ပေါက်ရောက်လေ့ရှိသော နွယ်ပင်အမျိုး အစားများစွာကို သေချာစွာ လေ့လာခဲ့ ဖူးပါသည်။ မည်သည့်နွယ်ပင်အမျိုးအ စားပင် ဖြစ်စေကာမူ လက်ယာရစ်သာ လျှင် ပေါက်ရောက်လျက်ရှိကြသည်ကို တွေ့မြင်ရပြီး လက်ဝဲရစ်ပေါက်ရောက် သောနွယ်ပင် ဟူ၍ မတွေ့ခဲ့ရပါ။ မြန်မာ နိုင်ငံရှိ တန်ခိုးကြီးဘုရားများတွင် 'လက် ယာရစ် ပူဇော်ပါ' ဟု ရေးသားထားလေ့ ရှိ၏။ အလိုက်သင့်ခြင်းသည် အောင်မြင် ခြင်း ဖြစ်သည်ဟု ဆိုသောကြောင့် ယုံ ကြည်စွာ လိုက်နာသင့်ပေသည်။

နွယ်ပင်မျိုးစုကို လေ့လာရင်းဖြင့် အခြားသောသစ်ပင်ကြီးမျိုးစုတို့မှ အံ့ဩ ဖွယ်ရာကောင်းသော ဂမ္ဘီရစွမ်းအားများ တည်ရှိနေကြသည့်သစ်ပင်များကိုလည်း လေ့လာတွေ့ရှိခဲ့ပါသည်။ယခင်ကလည်း လပြည့်ဝန်းမဂ္ဂဇင်းနှင့် သူရဇ္ဇမဂ္ဂဇင်းတို့ တွင် မည်သည့် စီရင်မှုမျှ မပါဝင်ဘဲ ဂမ္ဘီရစွမ်းအားများဖြင့် ပြည့်စုံနေသော သစ်ဖောက်ပင်နှင့် သစ်တံခါးပင်တို့၏ အကြောင်းကို ရေးသားတင်ပြပြီးခဲ့ပေပြီ။

ယခု ထပ်မံ တွေ့ရှိရသော စွမ်း အားကြီးသစ်ဝင်ပင်ကို ရေးသား ဖော်ပြ ပါမည်။ သစ်ဝင်ပင်အကြောင်းကို လွန် ခဲ့သော နှစ်ပေါင်း (၄၀) ကျော်ကပင် လျှင် ကြားနာမှတ်သိခဲ့ပါသည်။ ထိုစဉ် က ကျွန်ုပ်၏အသက်မှာ (၂၀) ကျော်မျှ သာရှိသေး၏။ တိုင်းရင်းဆေးဆရာကြီး ဦးဟံရထံမှ ကြားသိခဲ့ရခြင်း ဖြစ်ပါသည်။ ဆရာကြီးဦးဟံရသည် မကွေးတိုင်းဒေသ ကြီးတစ်ခွင်လှည့်လည်၍ ဆေးကုသနေ သူတစ်ဦးဖြစ်ပြီး ဗဟုသုတ လွန်စွာ ကြွယ်ဝသည့်အပြင် ဂမ္ဘီရပညာရပ်များ တွင်လည်း ကျွမ်းကျင်လိမ္မာသူအဖြစ် ကျော်ကြားသည်။ ထိုဆရာကြီးထံမှ လေ့လာ ဆည်းပူးခဲ့ရသည့် 'သစ်ဝင်' အကြောင်းကို ရေးသား တင်ပြပါမည်။

သစ်ဝင် ဆိုသည်မှာ သစ်ပင်၏ ကိုင်းဖျားတစ်နေရာမှ ခွဲထွက်လာသော သစ်ကိုင်းနှစ်ကိုင်းသည် တစ်နေရာ၌ ပြန် လည် ပူးပေါင်းကြပြီး တစ်ကိုင်းတည်း ဖြစ်သွားသည်ကို သတ်မှတ်ခြင်း ဖြစ်၏။ ထို့ကြောင့် သစ်ဝင်အမျိုးအစားတွင် ပေါင်းဆုံကြသော သစ်ကိုင်းနှစ်ကိုင်းမှာ အရွယ်အစား ကွာခြားလေ့ရှိ၏။ သစ် တံခါးမှာ ပင်စည်နှစ်ခု ခွဲထွက်လာပြီး ပေါင်းဆုံကြရသဖြင့် အရွယ်အစားချင်း တူညီလုနီးနီးရှိတတ်သည်။ သစ်ဝင်တွင် ရိုးရိုးသစ်ဝင်နှင့် စွမ်းအားကြီး သစ်ဝင် ဟူ၍ နှစ်မျိုး ကွဲပြားပြန်ပါသည်။ ရိုးရိုး သစ်ဝင်ကို ဈေးဆိုင်များ၊ အိမ်များနှင့်



www.burmeseclassic.com

www.burmeseclassic.com

အရေးပါသောနေရာများတွင် ရွေးချယ်၍ အဆောင်ပြုလုပ်ကာ ချိတ်ဆွဲထားကြသည်ကို တွေ့မြင်ဖူးကြပါလိမ့်မည်။ ထိုသို့ ယုံကြည်စွာ အဆောင် ပြုလုပ်၍ ချိတ်ဆွဲထားကြသူများကို လေ့လာကြည့်သောအခါ ကြီးပွားတိုးတက် အောင်မြင်နေကြသည်ကို တွေ့ရှိရပါသည်။

စွမ်းအားကြီး သစ်ဝင်အမျိုးအစားကိုကား အလွန် တွေ့မြင်ရခဲသည်ဟု ဆိုပါသည်။ ဆရာကြီးဦးဟံရပင်လျှင် တစ်ကြိမ်သာ တွေ့ခဲ့ရဖူးသည်ဟု ပြောပါသည်။ ဆရာကြီးတွေ့ခဲ့ရသော စွမ်းအားကြီးသစ်ဝင်ကို ဆောင်ထားသူ၏ ကြီးပွားတိုးတက်ပုံမှာ အံ့မခန်းဖြစ်သည်ဟု ဆိုပါသည်။

ညောင်ဦးမြို့တွင် ဆေးလိပ်ဖင်အစီခံလုံး ပြုလုပ်ရောင်းချ၍ ဆင်းရဲနွမ်းပါးစွာ အသက်မွေးရသူတစ်ဦးသည် အဆိုပါ စွမ်းအားကြီး သစ်ဝင်ကို ရရှိပြီးနောက် ယုံကြည်စွာ အဆောင်ပြုသည့်နေ့မှစ၍ အံ့သြဖွယ် ကြီးပွားတိုးတက်ခဲ့ပေ၏။ တစ်နှစ်အတွင်း ဆေးလိပ်ခုံပိုင်ရှင်ဖြစ်လာခြင်း၊ ထီဆုကြီးပေါက်ခြင်း၊ သုံးနှစ်အတွင်း ခြံ၊ မြေ၊ တိုက်၊ ကားစသည်တို့ဖြင့် ပြည့်စုံသွားကြောင်း သိရှိရ၏။ ထိုသစ်ဝင်ကို ကိလေသာအတွက် အဆောင်ပြုပါက လွန်စွာ ဒုက္ခရောက်စေနိုင်ကြောင်းကိုပါ အဘဆရာမှ ပြောပြခဲ့ပါသည်။

စွမ်းအားကြီးသစ်ဝင်၏ တည်နေပုံကို ရေးသားပါမည်။ ပင်စည်မှ အလှမ်းကွာသောနေရာတွင် ဖြစ်တည်ရပါမည်။ အောက်ဘက်မှတည်နေသော သစ်ကိုင်းတစ်ကိုင်းမှ (---) ပုံသဏ္ဌာန်ရှိသော အဖိုအတက်တစ်ခုသည် အထက်သို့ ထွက်နေရပါမည်။ အခြားသော သစ်ကိုင်းတစ်ကိုင်းသည် အပေါ်ဘက်မှာဖြစ်တည်၍ (---) ပုံသဏ္ဌာန်ရှိသော သစ်ခွက်တစ်ခုသည် အောက်ဘက်သို့လှည့်၍ တည်ရှိနေရပါမည်။ ထိုသစ်တက်နှင့် သစ်ခွက်တို့သည် တစ်သားတည်းဖြစ်အောင် ပေါင်းဆုံနေကြရပါမည်။ ဆိုခဲ့ပြီးသော အခြေအနေမျိုးများဖြင့် ပြည့်စုံမှုရှိမှသာလျှင် စွမ်းအားကြီး သစ်ဝင်ဟု သတ်မှတ်ရပါမည်။ သစ်ပင်အမျိုးအစား ရွေးချယ်စရာ မလိုပါ။ ဆိုခဲ့ပြီးသော အချက်အလက်များနှင့်ပြည့်စုံနေသောသစ်ပင်ဖြစ်ပါက ထိုသစ်ပင်သည် စွမ်းအားကြီး သစ်ဝင်ပင် ဖြစ်တော့၏။ အလွန်ဖြစ်နိုင်ခဲလွန်းသော ဖြစ်တည်မှုတစ်မျိုးဟု ဆိုပါက လွန်အံ့မထင်ပါ။



သစ်ဝင်ပင်ဖြစ်တည်မှုကို မြင်တွေ့ရပုံ



သစ်ဝင်ပင်ဖြစ်တည်ပုံကို ရှေ့တည့်တည့်မှ အနီးကပ် မြင်တွေ့ရပုံ

အသက် (၇၀) ကျော်နေသော အဘဆရာသည်ပင်လျှင် တစ်ကြိမ်သာတွေ့ခဲ့ရဖူး၏။ ကျွန်ုပ်လည်း အခွင့်သင့်တိုင်း လေ့လာခဲ့ရာတွင် ယခုအသက် (၆၀) ကျော်မှသာ တွေ့ခဲ့ရသည် ဖြစ်ပါသည်။

အဆောင်ပြုလုပ်ပုံကို ဆက်လက်ရေးသားပါမည်။ အောက်ဘက်မှ ကိုင်းသည် အဖိုကိုင်းဖြစ်ပြီး အပေါ်ဘက်မှ ကိုင်းသည် အမကိုင်း ဖြစ်၏။ ဖြစ်တည်နေသော အဖိုသစ်တက်၏ အရင်းမှ တစ်ထွာ (၉) လက်မအကွာ တိုင်း၍ အရင်းဘက်နှင့် အဖျားဘက်တို့ကို ဖြတ်ပါ။ အမသစ်ခွက်ရှိသော အပေါ်သစ်ကိုင်းကိုလည်း သစ်ခွက်ပုံသဏ္ဌာန်မှ ကိုင်းဖျားဘက်သို့ တစ်ထွာ၊ ကိုင်းရင်းဘက်သို့တစ်ထွာ တိုင်း၍ဖြတ်ပါ။အပေါ်ကိုင်း၊ အောက်ကိုင်းတို့နှင့် ဆက်သွယ်ပစ္စည်းတို့ကို ရပြီဖြစ်၏။ သစ်ကိုင်းနှစ်ကိုင်းတို့၏ အဖျားဘက်တို့ကို အပေါ်ဘက်မှထား၍ ကြိုးဖြင့် မိမိတို့အဆောင်ပြုလိုသောနေရာတွင်ချိတ်ဆွဲ၍ အဆောင်ပြုပါ။ ရွေးချယ်၍ဆောင်ရပါမည်။ အင်္ဂလိပ်စာလုံး (H) သဏ္ဌာန် တည်နေမည် ဖြစ်၏။ စွမ်းအားကြီးသစ်ဝင် ဖြစ်သဖြင့် တစ်နှစ်တစ်ကြိမ် ရွှေချပေးပါဟု အဘဆရာက ပြောကြားခဲ့ပါသည်။ ကျွန်ုပ် တွေ့ရှိခဲ့သော ထိုသစ်ဝင်ပင်မှာ အရပ်အခေါ် အားဖြင့် ဗံဒါပင်၊ စာအားဖြင့် ဗာဒံပင်ဟု ခေါ်ကြပါသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ်၊ အမှတ် (၅/၆)ရပ်ကွက်ရှိ ကြံတိုင်းအောင်စေတီ အတွင်း၌ ရှစ်မျက်နှာဘုရားအနီး ရာဇာထောင့်(အနောက်မြောက်)တွင် တည်ရှိနေပါသည်။ ဗဟုသုတရှာဖွေလိုသူများနှင့် ဂမ္ဘီရပညာအား ယုံကြည် လက်လိုက်စားသူများ လေ့လာနိုင်ကြစေရန် ဓာတ်ပုံနှင့်တကွ ရေးသား တင်ပြလိုက်ပါသည်။

*သိဒ္ဓိပြီးမြောက်*
*ထင်တိုင်းပေါက်ကြပါစေ*

ဇာတိဂုဏ်-မျိုးမြင့်အောင်



www.burmeseclassic.com

www.burmeseclassic.com

# ဘာကယ့်အလန်ကွာတာမိန်း

## လျှမ်းထက်

၁၉၄၂ ခုနှစ်၊ မတ်လနောက်ဆုံး ရက်သတ္တပတ်ဟု ထင်ပါသည်။ နေ့ရက်ကိုမူ ကောင်းစွာ မမှတ်မိတော့။ ကျွန်တော်တို့နေအိမ်သို့ ဖခင်၏ ငယ်ဆရာကြီး ဆရာသင်နှင့် တပည့်သုံးယောက်တို့သည် စစ်ပြေးဒုက္ခသည်များအဖြစ် ရောက်ရှိလာကြသည်။ ဆရာကြီး ဆရာသင်မှာ မန္တလေးဆရာအတတ်သင် ကျောင်းတွင် ကျောင်းအုပ်ဆရာကြီး အဖြစ် အမှုထမ်းနေရာမှ ဒုတိယကမ္ဘာစစ်ကြီး ကျွန်တော်တို့မြန်မာနိုင်ငံသို့ ကူးစက်လာသဖြင့် သူ့ဇာတိ ပေါင်းတည်သို့ ပြန်တွင် ကျွန်တော်တို့အိမ်၌ သောင်တင်နေခြင်း ဖြစ်သည်။

ဆရာကြီး ဦးသင်နှင့်အတူပါလာသူ ဆရာကိုမြတ်စံမှာ စာဖတ်ဝါသနာပါသူတစ်ဦးဖြစ်ပြီး ထိုစဉ်ကာလက ဒဂုန်မဂ္ဂဇင်းတွင် ဆောင်းပါးများ၊ ကဗျာများ ရေးသားနေသူတစ်ဦး ဖြစ်သည်။ ဆရာကိုမြတ်စံသည် စစ်ပြေးလာခဲ့ရာတွင်ပင် နှစ်နှစ်အလလ သူလက်လှမ်းမီသလောက် စုဆောင်းထားသော ဒဂုန်မဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းနှင့် မြန်မာဝတ္ထုများကို ကျွန်တော့်အား ဖတ်ရှုစေခဲ့ပါသည်။ အလယ်တန်းကျောင်းသားတစ်ယောက်ပြီး ဆရာဝန်ကြီး ဒေါက်တာရာမန်၏ သိပုံပြင်ဝတ္ထု (တစ်ထောင့်တစ်ညပါရသော အာရေဗျပုံပြင်များ) ကို အတစ်ရာတေအောင်ဖတ်၍ စာဖတ်ဝါသနာပါစပြုနေသော ကျွန်တော့်အဖို့ ရတနာသိုက်ကြီးတစ်သိုက်ကို တွေ့ရခြင်း ဖြစ်သည်။

တစ်နေ့တွင် ဆရာကြီးရွှေဥဒေါင်း မြန်မာဘာသာပြန်ဆိုသော 'စောလမုန်သိုက်' ဘာသာပြန်ဝတ္ထုကို ဖတ်ရှုမိရာမှ ဝတ္ထုမှ ဇာတ်ပို့၊ ဇာတ်ဆောင်တစ်ဦးဖြစ်သော ဆင်ပစ်မုဆိုးကြီး အလန်ကွာတာမိန်း၏စရိုက်ကို သဘောကျခဲ့သည်။ ဘာသာပြန်ဝတ္ထုကြီးကို ဖတ်ရှုခဲ့ရာ ဆင်ပစ်မုဆိုးများ ဇာတ်ဆောင်အဖြစ် ပါဝင်သော ဝတ္ထုများ၊ စွန့်စားခန်းဝတ္ထုများကို ရှာမိခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံး၍ ဗဟန်းသိုလ်ပရဝဏ်သို့ ရောက်ရှိခဲ့ရသော ကျွန်တော်သည် အင်္ဂလိပ်ဘာသာကို လူလူသူသူဖတ်နိုင်လာသည်နှင့် ငယ်စဉ်က တသသဖြစ်ခဲ့ရသော စောလမုန်သိုက်ဝတ္ထုမူရင်းနှင့် ယင်းဝတ္ထု၏ နောက်ဆက်တွဲဟုဆိုရမည် ဖြစ်သော Allan Quartermain (အလန်ကွာတာမိန်း) (ယင်းဝတ္ထုကို ကွယ်လွန်သူ စာရေးဆရာကြီး ဒဂုန်ရွှေမျှားက 'လူဖြူဘုရင်မ' အမည်ဖြင့် ဘာသာပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်။) ဝတ္ထုများကို ဖတ်ရှုရာမှ ထိုဝတ္ထုများကို ရေးသားခဲ့သူ ဗြိတိသျှအမျိုးသားစာရေးဆရာကြီး ဆာရိုက်ဒါဟတ်ဂတ် ရေးသားသည့် စာအုပ်များကို လက်လှမ်းမီသလောက် ရှာဖွေငှားရမ်းဖတ်ခဲ့မိသည်။ ထိုဝတ္ထုများကို ရေးသားသူ ဆာရိုက်ဒါဟတ်ဂတ်၏ အတ္ထုပ္ပတ္တိစာအုပ်ကိုပင် ရှာဖွေစုဆောင်းထားခဲ့မိသည်။

*(ဆာရိုက်ဒါဟတ်ဂတ်၏ဝတ္ထုများ အားလုံးနီးပါးအား စာရေးဆရာကြီး ဒဂုန်ရွှေမျှား၊ ဆရာကြီး ရွှေဥဒေါင်း၊ ဆရာအောင်ခန့်နှင့် အခြား ကျွန်တော်တို့ လေးစားရသော စာရေးဆရာကြီးများက မြန်မာဘာသာ ပြန်ဆိုထုတ်ဝေပြီး ဖြစ်ပါသည်။)*

ကျွန်တော် လေးစားသည့် ဝတ္ထုဇာတ်ဆောင်များတွင် အလန်ကွာတာမိန်းသည် ရှေ့ဆုံးမှ နေရာယူထားသော ဇာတ်ဆောင်တစ်ဦးဖြစ်ရာ ကျွန်တော်သည် စိတ်ပျော်ရွှင်နေသည့်အချိန်တွင်လည်း ဇာတ်ဆောင်ကြီး အလန်ကွာတာမိန်း ပါဝင်သည့် ဝတ္ထုများကို ပြန်ဖတ်လေ့ရှိသည်သာမက စိတ်ညစ်ညူးသည့် အခါများတွင်လည်း သူ့ဇာတ်ဆောင်အဖြစ် ပါဝင်သော ဝတ္ထုများကို ဆွဲယူဖတ်ရှုလေ့ရှိရာ ကျွန်တော့်စာအုပ်စင်တွင် ဆာရိုက်ဒါဟတ်ဂတ် ရေးသော အလန် ကွာတာမိန်း ဇာတ်ဆောင်အဖြစ် ပါဝင်သော ဝတ္ထုများသည် ထာဝစဉ် နေရာယူထားခဲ့၏။ မိတ်ဆွေတစ်ယောက် ထိုဝတ္ထုများအား ငှားရမ်းသွားပြီး ပြန်မရသည်နှင့် ထိုဝတ္ထုအသစ်တစ်အုပ်ကို ရှာဖွေဝယ်ယူထားခဲ့မိသည်။ ကျွန်တော်ကြိုက်နေသည်မှာ အလန်ကွာတာမိန်း၏ အနိုင်မခံအရှုံးမပေးလိုသော စိတ်ဓာတ်နှင့် လာမည့်ဘေးပြေးတွေ့လိုသောအကျင့် ဖြစ်သည်။

အမှန်အားဖြင့် စာရေးဆရာတစ်ယောက်အဖို့ ဇာတ်ဆောင်တစ်ယောက်သည် ရုတ်တရက် မိုးပေါ်မှကျလာလေ့မရှိပါ။ စာရေးဆရာတစ်ယောက် မွေးထုတ်သော ဇာတ်ဆောင်သည် စာရေးသူ၏ပတ်ဝန်းကျင်မှ သူတွေ့မြင်ကြုံတွေ့ရသူတစ်ယောက်၏စရိုက်နှင့် သူ၏ပင်ကိုစရိုက်တို့ကို ပေါင်းစပ်ထားလေ့ရှိပါသည်။ ကမ္ဘာကျော် ဆင်ပစ်မုဆိုးကြီး အလန်ကွာတာမိန်း၏ စရိုက်လက္ခဏာများမှာ ကမ္ဘာကျော် စာရေးဆရာကြီး



ဆာရိုက်ဒါဟတ်ဂတ်၏ စရိုက်လက္ခဏာများဖြစ်သည်ဟု စာပေအကဲဖြတ်သူတို့က တညီတညွတ်တည်းဆိုခဲ့ကြသည်။

ဆာရိုက်ဒါဟတ်ကိုယ်တိုင် အာဖရိကတိုက် နေတာယ်(လ်)ပြည်နယ်တွင် ဗြိတိသျှအုပ်ချုပ်ရေးအရာရှိကြီးတစ်ဦး၏ အတွင်းရေးမှူးအဖြစ် အမှုထမ်းခဲ့သူဖြစ်ပြီး အာဖရိကတိုက်လူမျိုးနွယ်များ၏



www.burmeseclassic.com

www.burmeseclassic.com

ဓလေ့ထုံးစံများကို လက်တစ်ဆုံးနှိုက် လေ့လာခဲ့သူတစ်ဦး ဖြစ်သည်သာမက နာမည်ကျော် မုဆိုးတစ်ဦးလည်း ဖြစ်ခဲ့သည်။ ခေတ်မီစိုက်ပျိုးရေးကို ဝါသနာပါသူ၊ အာဖရိကလူမျိုးနွယ်များ၏ ဘာသာစကားများကို တတ်ကျွမ်းသူ လူစွန့်စားတစ်ဦးလည်းဖြစ်ပြီး သူ့ဇာတ်ဆောင်ကြီး အလန်ကွာတာမိန်းမှာ ဆာရိုက်ဒါဟတ်ဂတ်၏ ကိုယ်ပွားသာလျှင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်တော့၏။

ယခုရေးသားဖော်ပြမည့် ၂၀ ရာစု၏ တကယ့် အလန်ကွာတာမိန်းမှာ အာဖရိကတိုက် ကင်ညာနိုင်ငံ (Kenya) တွင် နှစ်ပေါင်း (၃၀) နီးပါးမျှ မုဆိုးအဖြစ် နေထိုင်ခဲ့သော ဗြိတိသျှအမျိုးသား မစ္စတာဂျေအေဟန်တား၏စွန့်စားခန်း ဖြစ်၏။ သူရေးသော သူ့အတ္ထုပ္ပတ္တိမှ ထူးခြားစိတ်ဝင်စားဖွယ်ကောင်းသောဖြစ်ရပ်ကို မြန်မာဘာသာ ပြန်ဆိုရေးသားထားခြင်း ဖြစ်ပါသည်။

ကင်ညာနိုင်ငံမှာ အာဖရိကတိုက်ကမ်းခြေ၌ရှိသော ဗြိတိသျှဓနသဟာယအဖွဲ့ဝင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အနောက်ဘက်တွင် ယူဂန္ဓာနိုင်ငံ၊ တောင်ဘက်တွင် တန်ဇန်နီးယားနိုင်ငံ၊ အရှေ့ဘက်၌ ဆိုမာလီယားနိုင်ငံ၊ မြောက်ဘက်၌ ဆူဒန်နိုင်ငံတို့ တည်ရှိသည်။ အထူးသဖြင့် ပြောင်း၊ ကော်ဖီ၊ လက်ဖက်ခြောက်နှင့် တိရစ္ဆာန်တို့၏ သားရေများ တင်ပို့ရောင်းချမှုအပေါ် မှီခိုရသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ကင်ညာနိုင်ငံသို့ ခရစ်နှစ် ၁၄၉၈ ခုနှစ်တွင် ပေါ်တူဂီလူမျိုး နယ်သစ်ရှာစွန့်စားသွားလာသူများ ရောက်ရှိလာခဲ့ပြီး ကူးသန်းရောင်းဝယ်ရေးစခန်းများ တည်ဆောက်ခဲ့သည်။ ခရစ်နှစ် ၁၇၂၉ ခုနှစ်တွင် အာရပ်လူမျိုးများ ဝင်ရောက်လာခဲ့ပြီး ပေါ်တူဂီတို့၏ ကူးသန်းရောင်းဝယ်ရေးစခန်းများကို ဝင်ရောက် စီးနင်း၍ ပေါ်တူဂီများအား ကင်ညာနိုင်ငံမှမောင်းနှင်ထုတ်ခဲ့ပြီး အာရပ်အမျိုးသားများက အုပ်ချုပ်ခဲ့ကြသည်။

ခရစ်နှစ် ၁၈၉၅ ခုနှစ်မှစ၍ ဗြိတိသျှတို့က အာရပ်တို့အား ကင်ညာနိုင်ငံမှ မောင်းနှင်ထုတ်ခဲ့ပြီး ဗြိတိသျှအစိုးရ အစောင့်အရှောက်ခံ နယ်တစ်နယ် ဖြစ်လာသည်။ ဗြိတိသျှတို့သည် ကင်ညာနိုင်ငံအား ခေတ်မီလာစေရန် ကြိုးစားဆောင်ရွက်ခဲ့ကြသည်။ ကင်ညာနိုင်ငံတွင် နေထိုင်သော လူမျိုးနွယ်များတွင် ကီယူလူမျိုးနွယ်များက အများဆုံးဖြစ်၏။ ကင်ညာနိုင်ငံ၏သမိုင်းမှာ အစဉ်အဆက်အားဖြင့် ဝမ်းနည်းကြေကွဲဖွယ်ရာများဖြင့် မကြာခဏကြုံခဲ့ကြရသည်။ လယ်ယာစိုက်ပျိုးရေးကိုအားထားရသော နိုင်ငံတစ်နိုင်ငံဖြစ်ရာ မကြာခဏမိုးခေါင်မှုဖြင့်ကြုံတွေ့ရပြီး အငတ်ဘေးပြဿနာဖြင့်လည်း မကြာခဏ ကြုံခဲ့ကြရသည်။

ဆင်ရိုင်းများ၊ ခြင်္သေ့များ၊ အခြားတောရိုင်းတိရစ္ဆာန်များအား ခိုးယူပစ်ခတ်၍ မှောင်ခိုရောင်းချခြင်းဖြင့် အသက်မွေးသူများလည်း ရှိသည်။ နိုင်ငံတကာမှ တောရိုင်းတိရစ္ဆာန်များ၏သားရေ၊ ဆင်စွယ်၊ ကြံ့ဦးချို စသည်တို့ကို မှောင်ခိုရောင်းချသည့်မှောင်ခိုကုန်သည်များ၏ကျက်စားရာ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။ ကြံ့ဦးချိုသည် အရှေ့တောင်အာရှနိုင်ငံများတွင် ဆေးဖက်ဝင်သည်ဟု ယုံကြည်ကြရကာ မှောင်ခိုကုန်သည်တို့၏ သည်းခြေကြိုက်ဖြစ်သည့် ဆင်စွယ်များမှာလည်း ဟောင်ကောင်တွင်ဈေးအများဆုံးပေး၍ဝယ်ယူခဲ့ရရာ ကင်ညာနိုင်ငံသည် သားရိုင်းတိရစ္ဆာန်တို့၏ အရေ၊ ဦးချို၊ ဆင်စွယ်မှောင်ခိုသမားများ ခြေရှုပ်သည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်သည်။

၂၀၁၂ခုနှစ် အင်တာနက်သတင်းများနှင့် နိုင်ငံတကာမှ ထုတ်လွှင့်သော ရုပ်သံလွှင့်အစီအစဉ်များတွင် ကင်ညာနိုင်ငံအစိုးရမှတာဝန်ရှိသူများသည် သားရိုင်းတိရစ္ဆာန်အရှင်နှင့် အသေ၊ မှောင်ခိုမုဆိုးအဖွဲ့သားများထံမှ ဒေါ်လာသန်းပေါင်းများစွာတန်သော သားရိုင်းတိရစ္ဆာန်တို့၏ သားရေများနှင့် အခြားပစ္စည်းများ ဖမ်းဆီးရမိသည့် သတင်းများကို မကြာခဏ ဖော်ပြခဲ့ကြသည်။ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လအတွင်းထုတ်လွှင့်သော စီအင်အင်ရုပ်သံလွှင့်အစီအစဉ်တွင် ကင်ညာနိုင်ငံမှ ရဲတပ်ဖွဲ့ဝင်များသည် မှောင်ခိုကုန်သည်များထံမှ ဆင်စွယ် တန် (၂၀၀) ဖမ်းဆီးရမိသည့်သတင်း ဖော်ပြခဲ့၏။

ယခုရေးသားဖော်ပြမည့် ဗြိတိသျှအမျိုးသား လိုင်စင်ရ မုဆိုးကျော် မစ္စတာဟန်တားမှာ ကင်ညာနိုင်ငံလွတ်လပ်ရေးမရမီကပင် ဟိုးဟိုးကျော်ခဲ့သော မုဆိုးကြီးဖြစ်ပြီး ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ ဆင်ခြေဖုံးတွင် သူ့မိသားစုနှင့်အတူ နှစ်ပေါင်း (၃၀) ကျော် နေထိုင်ခဲ့သည်။ မစ္စတာဟန်တား၏ တောကျွမ်းမှု၊ မုဆိုးပညာ ရင့်ကျက်မှုတို့အား ကင်ညာအာဏာပိုင်သာမက ကင်ညာနိုင်ငံ တစ်နံတစ်လျားတွင် နေထိုင်ကြသော လူမျိုးနွယ်အများကပင် တကယ့်မုဆိုးကျော်ကြီးဟု အသိအမှတ်ပြုခဲ့ကြ၏။

ကင်ညာနိုင်ငံ တောရပ်မြိုင်ခွင်တွင် နေထိုင်ကြသော ဝကင်ဘာလူမျိုးနွယ်များနှင့် ကီယူကူလူမျိုးနွယ်များကမူ သူတို့တောင်ယာပဲခင်းများ၊ ခြံမြေများ၊ ကျေးရွာများ၊ ကော်ဖီစိုက်ခင်းများအား ဆင်ရိုင်းအုပ်များ ဝင်ရောက် ဖျက်ဆီးကြသောအခါတိုင်း မုဆိုးကျော် မစ္စတာဟန်တားအား အကူအညီတောင်းကြသည်။ ဒေသခံ လူမျိုးနွယ်များ၏ ကျေးရွာများ၊ ပြောင်းခင်းများအား ဝင်ရောက်ဖျက်ဆီးလေ့ရှိသော ဆင်ရိုင်းအုပ်များအား ဖြိုခွင်းမောင်းထုတ်ရန် ကင်ညာအာဏာပိုင်များက မုဆိုးကျော် မစ္စတာဟန်တားကိုပင် အကူအညီတောင်းခံလေ့ရှိသည်ဟု ဆိုသည်။ သို့ဖြစ်၍ နိုင်ရိုဘီမြို့မှ ထုတ်ဝေသော ဒေသခံသတင်းစာကြီးများကမူ မစ္စတာဟန်တားအား ၂၀ ရာစု အလန်ကွာတာမိန်းဟု ကင်ပွန်းတပ်ခဲ့ကြ၏။

ကင်ညာနိုင်ငံ လွတ်လပ်ရေးရ သောအခါ ကင်ညာနိုင်ငံအစိုးရက ကျ လှည့်ခရီးသည်များကို ဆွဲဆောင်နိုင် ခြင်္သေ့များ၊ ဆင်များ၊ ကြံ့များ၊ ကျားသ များနှင့် အခြား သားရိုင်းတိရစ္ဆာန်မျာ ထားရှိသော ဘေးမဲ့အမျိုးသားဥယျာ တည်ထောင်ခဲ့ရာ ၂၀ ရာစု မုဆိုးကြ အလန်ကွာတာမိန်းဟု ကင်ပွန်းတပ် ထားရသောမစ္စတာဟန်တားအား အ အညီတောင်းခံခဲ့ရာ မစ္စတာဟန်တာ ကလည်း ဝမ်းပန်းတသာ ကူညီပေ သည်။

အောက်တွင် ဖော်ပြမည့် စွန့်စား ခန်းမှာ ၂၀ ရာစု မုဆိုးကျော် အလ ကွာတာမိန်းလက်သစ် မစ္စတာဟန်တာ ၏ သည်းထိတ်ရင်ဖိုဖွယ်ရာ စွန့်စားခ ဖြစ်ပါသည်။စာဖတ်သူများအဖို့ အ အသင့် စိတ်ဝင်စားမည်ဟု ယူဆသ မြန်မာဘာသာ ပြန်ဆိုရေးသား ကြောင်း။

၁၉၄၉ ခု၊ မေလ။

မုဆိုးကျော် ဂျေအေဟန် သည် သူစခန်းချနေသောနေရာခပ် လှမ်းရှိ လျှိုတစ်ခုအတွင်းမှ ခြင်္သေ့ တစ်ကောင်၏ ဟောက်သံကြောင့် နှစ်ခြိုက်ခြိုက် အိပ်မောကျရာမှ ရု ရက် နိုးလာခဲ့သည်။ အပြင်တွင် ပိတ်အောင်မှောင်နေသည်။ အ



www.burmeseclassic.com

www.burmeseclassic.com

ဘက်ကောင်းကင်တွင်မူ ကြယ်ကလေးများသည် မှိတ်တုတ်မှိတ်တုတ်နှင့်လင်းနေသည်။ သူ့ရွက်ဖျင်တဲအတွင်း ချိတ်ထားသော တောတွင်းခရီးဆောင် ဟာရီကိန်းမီးအိမ်မှာလည်း ငြိမ်းလျက်ရှိနေသည်။ မည်သည့်အချိန်က ငြိမ်းသွားသည်ကိုလည်း သူမသိ။ ရေနံဆီကုန်သွားဟန်ရှိ၏။ သူ၏ဝဲဘက်ခရီးဆောင်ရွက်ဖျင်ခုတင်ပေါ်တွင်မူ သူ့မိတ်ဆွေကမ္ဘာလှည့်ခရီးသည် ကနေဒါနိုင်ငံသား [illegible] မောမောပန်းပန်း ဟောက်လျက်အိပ်မောကျနေဆဲ ဖြစ်၏။

သူ့ရွက်ဖျင်တဲပေါ်သို့ တည်ပင်ကြီး၏အရွက်များ တဖြောက်ဖြောက်ကြွေကျလျက်ရှိရာ အပ်ကျသံပင်ကြားရလောက်အောင် ငြိမ်သက်သွားသောတောရပ်မြိုင်ခွင်တွင် ထိုအသံမှာ သည်းထိတ်ရင်ဖိုရုပ်ရှင်ကားများထဲမှ နောက်ခံတီးလုံးသံကဲ့သို့ဖြစ်နေသည်။ အပြင်မှ ရွက်ဖျင်တဲအတွင်း တိုးခွေ့ဝင်ရောက်လာသောလေတွင် ယမန်နေ့နံနက်ပိုင်းက ရွာထားသောမိုးကြောင့် သစ်ရွက်ဆွေးနံ့များလိုင်နေသည်။

ခြင်္သေ့ကြီး၏ ဟောက်သံကြောင့် အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေသောမြိုင်ရပ်ခွင်သည် ညှို့ငှက်တစ်ကောင်၊ နှစ်ကောင်၏အသံကြောင့် ဆူဝေသွားသည်ဟု ထင်မိ၏။ ထိုအခိုက် ထူးထူးခြားခြား စူးရှသောအသံကို ကြားလိုက်ရသည်ဟု ထင်မိသည်။ မောမောပန်းပန်းနှင့် အိပ်စက်ခဲ့သောကြောင့် နားမှလေထွက်လာသလောဟု စဉ်းစားကြည့်မိပြန်သည်။ [illegible] နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်ခဲ့ပြီးဖြစ်၍ [illegible]၍ လေထွက်ခြင်းလည်း မဖြစ်နိုင်။

စဉ်းစားရင်း နားစိုက်ထောင်မိပြန်သည်။ ထိုစဉ်က ဂျက်လေယာဉ်ပျံမှာ [illegible]သပ်စပင်ဖြစ်၍ ကင်ညာနိုင်ငံကဲ့သို့ [illegible]များပေါ်သို့ ပျံသန်းလာစရာ အကြောင်းမရှိ။ ကြားလိုက်ရသည့်အသံမှာ ဂျက်လေယာဉ်တစ်စီးပျံသွားသည့်အသံနှင့် တူနေသည်။ သေသေချာချာ နားစိုက်ထောင်မှ ပုစဉ်းရင်ကွဲအသံများ ဖြစ်နေတော့၏။

ဂျေအေဟန်တားသည် ယမန်နေ့ [illegible]နေ့က သူ့မိတ်ဆွေ ဝကင်ဘာအမျိုးသားနွယ်စုများ၏ အကြီးအကဲဖြစ်သူ [illegible] ကျေးရွာသားများ သူစခန်းချနေသည့်နေရာသို့လာ၍ အကူအညီတောင်းသည်ကို သွားသတိရလာသည်။ အာရပ်အမျိုးသား ဆင်စွယ်မှောင်ခိုသမားတစ်ဦး ပစ်ခတ်ခဲ့သဖြင့် သေနတ်ဒဏ်ရာရထားသည့် အလွန်ကြီးမားသောဆင်ရိုင်းကြီးတစ်ကောင်သည် ဝကင်ဘာလူမျိုးနွယ်များ နေထိုင်သည့် ကျေးရွာများကို ဝင်ရောက် ဖျက်ဆီး၍ လူအများအားနင်းသတ်ခဲ့သည့်ပြင် ပြောင်းခင်းစောင့်သူများ၊ လက်ဖက်ခူးသူများအားလည်း ရက်ရက်စက်စက် နင်း၍ သတ်ဖြတ်ခဲ့သည်ဟု ဆိုသည်။ သို့ဖြစ်၍ ထိုဆင်ဆိုးကြီးအား ပစ်ခတ်နှိမ်နင်းပေးရန် မေတ္တာရပ်ခံခဲ့၏။

ထိုစဉ်က ဂျေအေဟန်တားမှာ သူ့မိတ်ဆွေ ကနေဒါနိုင်ငံသား ကမ္ဘာလှည့်ခရီးသည်နှင့်အတူ တောဆိတ်များအားလိုက်လံ ပစ်ခတ်နေသည့်အချိန် ဖြစ်၏။ သို့ဖြစ်၍ ထိုနေ့နံနက်စောစောတွင် သူ့မိတ်ဆွေအား ဤစခန်းတွင် ခေတ္တစောင့်ခိုင်းပြီး သူနှင့် သူ့တပည့် ဝကင်ဘာအမျိုးသား သေနတ်ထမ်းနှင့်အတူ ဆင်ရိုင်းကြီးနောက်သို့ ခြေရာခံလိုက်ရန် ဆုံးဖြတ်ထား၏။ သို့ဖြစ်၍ ကိုယ်လက်သုတ်သင်ရန် ရွက်ဖျင်တဲအတွင်းမှ ထွက်ခဲ့သည်။ လဆုတ်လသည် တိမ်တိုက်အတွင်းမှ ထွက်ပြူစပြုလာသဖြင့် ငွေချည်မျှင်များကို ပစ်လွှတ်ရင်း တောရိပ်ညိုညိုမှ တဖြည်းဖြည်းတက်လာသည်။

ဟန်တားသည် သူ့တပည့်ကျော်အား အမဲပစ်သေနတ်ကြီးကို သယ်ယူစေ၍ သူကိုယ်တိုင်မူ ရိုင်ဖယ်သေနတ်ကိုထမ်းကာ အခင်းဖြစ်ပွားသည့်ကျေးရွာဘက်သို့ ထွက်လာခဲ့၏။ ပြောင်းခင်းများကို ဖြတ်ကျော်လာခဲ့ကြ၏။ ယမန်နေ့က သဲသဲမဲမဲရွာထားသောမိုးကြောင့် ပြောင်းခင်းများအတွင်း အချို့နေရာများ၌ ရေမှာ ဒူးဆစ်အထိ နက်နေသည်။ သို့ဖြစ်၍ ပြောင်းခင်းဘေးရှိ လယ်ကန်သင်းကလေးများအတိုင်း သူတို့နှစ်ဦးသည် အတွေးကိုယ်စီနှင့် လျှောက်လာခဲ့ကြသည်။ လယ်ကန်သင်းကလေးများမှာ သေးလှသဖြင့် မကြာခဏ အောက်သို့ ချော်လဲကျသဖြင့် ရွှံ့အလူးလူးနှင့်သွားခဲ့ကြရ၏။

ဆင်ဆိုးကြီး ဖျက်ဆီးထားသဖြင့် ပျက်စီးနေသော ပြောင်းခင်းများ၊ ကော်ဖီခြံများကို ကျော်ခဲ့သည်နှင့် တောထူထပ်လာသည်။ သစ်ပင်များ ထူထပ်စွာပေါက်နေသဖြင့် တိုးဝှေ့သွားရန်မလွယ်။ ရှေ့မှ တပည့်ကျော်က ဓားတစ်လက်ဖြင့်ရှင်းသွားရ၏။ ထိုတောကလေးကိုကျော်သည်နှင့် တောင်ကြောကလေးပေါ်သို့ရောက်လာသည်။ ဆင်ခြေရာကွက်များ၊ လတ်လတ်ဆတ်ဆတ် စွန့်ထားသော ဆင်ကြီး၏မစင်များကို တွေ့ရ၏။

မိုးရွာထားသဖြင့် ဖက်ဆွတ်ရေနံ့သင်းနေသော လေပြည်သည် ဆင်ကြီးလျှောက်သွားသောတောင်ဘက်မှတိုက်ခတ်နေသောလေ ဖြစ်သည်။ မစ္စတာဟန်တားနှင့် တပည့်တို့မှ လေအောက်တွင် ရောက်နေကြ၏။ ထိုအခိုက် ဆင်ကြီးတစ်ကောင်၏နှာမောင်းရိုက်သံကြားရသဖြင့် ဂျေအေဟန်တားနှင့် တပည့်ဖြစ်သူတို့သည် ကိုယ်ရှိန်ကိုသတ်၍ အမျိုးအမည်မသိရသော ချုံပင်ကြီးများ၏အခြေမှ ချိုင့်ဝှမ်းအတွင်း ဆင်းခဲ့ကြ၏။

သူတို့နှင့် မလှမ်းမကမ်းရှိ တောရိုင်းလက်ဖက်ပင်အုပ်များဘေးတွင် အလွန်ကြီးမားသော ဆင်ကြီးကို နောက်ဘက်မှ တွေ့ကြရသည်။ သူ့အစွယ်ကိုမူ ကောင်းစွာ မမြင်ရ။ သို့သော် ခေါင်းကြီးတစ်ချက်ငဲ့လိုက်သည်နှင့် ရှည်လျားဖြူဖွေးသောအစွယ်ကို မြင်ရတော့၏။ ဟန်တားသည် သူ့တပည့်ထံမှ ဆင်ပစ်သေနတ်ကိုယူ၍ ချုံကြီး၏ဘေးမှကွင်းကာ ဆင်ကြီးရှိရာသို့ ပန်းတက်ခဲ့ကြ၏။ ဆင်ကြီးမှာ သူတို့နှစ်ယောက်နှင့် ကိုက် (၅၀) ခန့်အကွာအဝေးတွင် ရှိနေ၏။ ဆင်ကြီးသည် အတွေ့အကြုံများ၍ ပါးနပ်ဟန်ရှိသည်။ ဂျေအေဟန်တားတို့၏အနံ့ကိုရနေပြီး တစ်စုံတစ်ရာကို သင်္ကာမကင်းဖြစ်နေပုံရ၏။ သူ့အဖို့ လူပေါင်းများစွာကို သတ်ခဲ့ရပြီးဖြစ်၍ အတွေ့အကြုံရနေသည်။ ဂျေအေဟန်တားမှာလည်း အတွေ့အကြုံများသော မုဆိုးကျော် ဖြစ်၏။ ဆင်ဆိုးတစ်ကောင်ကို ပစ်ရာတွင် သေကွင်းကိုရမှ ပစ်လိုသည်။

ဆင်ကြီးသည် နောက်သို့လှည့်၍ စူးစူးဝါးဝါး ကုန်းအော်လိုက်တော့၏။ သစ်ကိုင်းများကို တိုးဝှေ့ပြီး ဂျေအေဟန်တားတို့ရှိရာသို့ ပြေးလာသည်။ ဂျေအေဟန်တားသည် သူ့လက်ထဲမှ သေနတ်ကို ဆင်ကြီး၏ ဦးခေါင်းတည့်တည့်ချိန်၍ သေနတ်မောင်းကို ဖြုတ်လိုက်သည့်အချိန်တွင် သူ့တပည့်ကလည်း ရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်လိုက်တော့၏။ ဆင်ကြီးမှာ သူတို့နှစ်ယောက်နှင့် ကိုက် (၂၀) ခန့်တွင် အရုပ်ကြီးပြတ်သကဲ့သို့ မြေပြင်သို့ လဲကျသွားတော့၏။

လျှမ်းထက်

*Ref: Rogue Elephant.*
*By-J.A.Hunter*

www.burmeseclassic.com

### မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့

# သုံးမြို့ရှင်မောင်နှမ

မောင်သန့်ဇော်(ထားဝယ်)

သက္ကရာဇ် ၈၆၃ ခုနှစ်တွင် ဘုရင်မင်းခေါင် နတ်ရွာစံ၍ သားတော် ရွှေနန်းကြော့ရှင်မင်း နန်းတက်၏။ ထိုမင်းလက်ထက် 'ဂ-ငယ်သုံးခု၊ အုတ်သျှစ်ထု' ဟူသော ဂ-ငယ်သုံးခု ဖြစ်သည့် သက္ကရာဇ် ၈၈၈ ခုတွင် မောရှမ်းတို့ ဝင်ရောက် ဖျက်ဆီးသိမ်းပိုက်ခဲ့သည်။ သိုဟန်ဘွားလုပ်ကြံ၍ စစ်ပွဲတွင် ရွှေနန်းကြော့ရှင် ကျဆုံးတော်မူရလေသည်။ ထိုစဉ်က ပုဂံမြို့တွင် မဟာရာဇာဘွဲ့ခံ၍ မြို့စားဘုရင်ခံ ရှိသည်။ သိုဟန်ဘွားလည်း ပုဂံမြို့သို့ ချီတက်တိုက်ခိုက်ရာ ပုဂံမြို့စားဘုရင်ခံက ခုခံတိုက်ခိုက်သည်။ သို့သော် တိုက်ပွဲတွင်ကျဆုံးသွားသဖြင့် သားတော် မောင်ကြီး၊ မောင်လတ်၊ မောင်ငယ်နှင့် သမီးတော် မယ်စောလှ၊ မယ်စောမှန်တို့ မောင်နှမ (၅) ဦးသည် ဧရာဝတီမြစ်ရိုးအတိုင်း ထွက်ခွာခဲ့ပြီး အောက်ပြည်အောက်ရွာသို့ဆင်းခဲ့လေရာ ယခု ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ အရှေ့ (၈) မိုင်ကွာအရပ်သို့ ရောက်လေသည်။ ထိုအရပ်တွင် သစ်ပင်အမျိုးမျိုးတို့သည် စည်းရိုးခေါင်းရမ်းသဖွယ်ရံကာ ပေါက်ရောက်သည်ကို အစွဲပြု၍ သာယာဝတီဟုအမည်သမုတ်၍ မြို့တည်လေသည်။ သက္ကရာဇ် ၈၈၉ ခုနှစ်တွင် ဖြစ်သည်။

မောင်ကြီးသည် သတိုးနော်ရထာ ဟူသောဘွဲ့ကို ခံယူလျက် ထီးနန်းစိုက်တော်မူသည်။ ညီတော်မောင်လတ်ကို သတိုးမင်းလတ်၊ မောင်ငယ်ကို သတိုးမင်းငယ် ဟူသော ဘွဲ့အမည်များဖြင့် မင်းသားတို့၏အစီးအနင်း အဆောင်အရွက်များကို ပေး၏။ သာယာဝတီမင်း သတိုးနော်ရထာသည် သိုဟန်ဘွား၏ရန်ကို တွန်းလှန်စိမ့်သောငှာ၊ ညီတော်သတိုးမင်းလတ်အား ခံတပ်မြို့ ပြုစေသည်။ သမုဒ္ဒရာဇ်မင်း စိုးစံခဲ့ဖူးသော တောင်ညိုမြို့ဟောင်းကိုပင် ခံတပ်မြို့အဖြစ် တည်ထောင်ကာ တောင်ညိုမြို့ဟု သမုတ်၏။ ဆင်ပမာဏရှိ ဝက်တစ်ကောင်သည် မြည်ဟည်းအော်ဟစ်ကာ လက်ယာလှည့်လျက် ပြေးသော အခြင်းအရာကိုကြုံရသဖြင့် ၎င်းနေရာကို 'ဝက်လှမြို့' ဟူသော အမည်သမုတ်၍ ခံတပ်မြို့တည်၏။ ထို့နောက် ပုဂံမှပါလာသော ကျောက်စောင်းရွာသား လက်နက်ကိုင် (၅၀၀၀) တို့ကိုလည်း နေရာချထား၍ မြို့တည်ရာ ထိုမြို့ကို 'ကျောက်စောင်းမြို့' ဟု သမုတ်၏။ ထိုသို့ ခံတပ်မြို့ (၃) မြို့ကို တည်ထောင် ပြီးစီးသည်မှစ၍





www.burmeseclassic.com

www.burmeseclassic.com

သာယာဝတီမင်း သတိုးအနော်ရထာကို (၂) မြို့ရှင်မင်းဟု ခေါ်ကြလေသည်။

ညီလတ်ကို တောင်ညိုမင်း၊ ညီငယ်ကို ကျောက်စောင်းမင်းဟု ခေါ်စေသည်၊ ထိုခံတပ်မြို့များကိုလည်း အပိုင်စားပေးခဲ့သည်။ နှမတော်ကြီး မယ်စောအား ဝက်လှမြို့ကို အပိုင်စားစေ၍ ဝက်လှထိပ်ထားကြီး (ဝါ) ဝက်လှ ထိပ်တော်ဟု တွင်သည်။ သုံးမြို့ရှင်သည် သာယာဝတီမြို့ကိုတည်ရာ၌ မြို့ရိုးတိုင် ထူမရသောကြောင့် ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့အား မေးမြန်းရာ 'အောင်' အမည်ပါသော တနင်္ဂနွေသမီးကို စတေးရမည်ဟု ဟောထားသည်။ သုံးမြို့ရှင်၏ မိဖုရားတော် ပညာဗလအမတ်သည် မြို့ဝန်မင်းကိုမယူဘဲ ဝိုင်းရွာသူကြီး၏သမီး မအောင်ဖြူကိုယူလိုက်သဖြင့် မြို့ဝန်မင်းသည် ပညာဗလအမတ်ပေါ် အငြိုးထားလေသည်။ မြို့ဝန်က ပညာဗလအမတ် တိုင်းပြည်ကို လုပ်ကြံပါလိမ့်မည်ဟု သုံးမြို့ရှင်ဘုရင်အား ကုန်းချောရာ ပညာဗလအမတ်ကို ဖမ်းဆီးအကျဉ်းချထားလေသည်။ မအောင်ဖြူသည် ၎င်း၏ ယောကျ်ား ရာဇဝတ်သင့်၍ ယောကျ်ား ထံလိုက်လာရာ ချက်ပြုတ်စားသောက်ရန်အတွက် ဒယ်အိုးကိုရွက်၍ ဖျာလိပ်ပိုက်ကာ လိုက်လာလေသည်။ သာယာဝတီမြို့တည်နေရာသို့ ရောက်လာရာ မင်းအမှုထမ်းတို့က လာပုံဆန်း၍ စစ်ဆေးရာ 'အောင်'အမည်ပါသော တနင်္ဂနွေသမီးဖြစ်နေသဖြင့် မြို့ရိုးတိုင်ထူမည့် တွင်းထဲထည့်ပြီး စတေးလိုက်ကြလေသည်။

ပညာဗလအမတ်မှာ အချုပ်မှ လွတ်သော်လည်း သုံးမြို့ရှင်မင်းက မယုံကြည်နိုင်တော့သဖြင့် အရှေ့တောင်ရိုးသို့ နှင်လိုက်လေသည်။ အမတ်သည် ဇနီးဖြစ်သူ မအောင်ဖြူနှင့် စပ်လျဉ်း၍ ပူဆွေးသောကရောက်နေရသည်ကတစ်မျိုး၊ အရှေ့တောင်ရိုးသို့ နယ်နှင်ခံရသည်က တစ်သွယ်တို့ကြောင့် ဦးရီးတော် သုံးမြို့ရှင်မင်းအပေါ် နာကြည်းလျက် အရှေ့တောင်ရိုးအရပ်သို့ ထွက်ခွာခဲ့၏။ ထိုအရပ်တွင် ပန်းစားဘီလူးမနှင့်တွေ့ဆုံကာ ပေါင်းသင်းခဲ့ပြန်သည်။ မည်းနက်သော အသားအရေရှိသည့် သားတစ်ယောက် ပေါက်ဖွားလာသည်။ ထိုသားသည် ဘီလူးမနှင့်လူ ညား၍ ပေါက်ဖွားသောကြောင့် ခွန်အားဗလကြီးမားကာ အရွယ်ရောက်သောအခါ ခြေဖဝါးသည် တစ်တောင်ရှိ၏။ ဆင်ကိုပင်ဖမ်း၍ အစွယ်ချိုးနိုင်သော ခွန်အားသတ္တိနှင့် ပြည့်စုံ၏။ ထို့ကြောင့် ၎င်းကို 'ခြေရာတစ်





www.burmeseclassic.com

www.burmeseclassic.com





ထောင်မောင်မဲခေါင်' ဟု ခေါ်လေသည်။ မောင်မဲခေါင်သည် ဖခင်၏ပြောပြချက်အရ သုံးမြို့ရှင်ဘုရင်ကို စိတ်နာနေလေသည်။ တူတော် ပညာဗလအမတ်အပေါ် အမျက်ပြေသဖြင့် သုံးမြို့ရှင်ဘုရင်က ပြန်ခေါ်ရာ သားအဖနှစ်ယောက် သုံးမြို့ရှင်ဘုရင်လက်အောက်တွင် အမှုတော်ထမ်းကြသည်။ သုံးမြို့ရှင်မင်းသည် ကြက်တိုက်ဝါသနာပါ၏။ ပြည်ဘုရင်နှင့်အချိန်းအချက်ပြု၍ ကြက်တိုက်လေ့ရှိသည်။ တစ်ခါသော် မောင်မဲခေါင် ဖမ်းပေးသည့် ဆင်တော်ကိုစီး၍ ကြက်တိုက်ပွဲသို့သွား၏။ အကြံသမား မောင်မဲခေါင်သည် သူ၏ဆင်အကြောင်းကို နားလည်သဖြင့် အသံပေးလှန့်လိုက်ရာ ဆင်တော်လန့်ပြေးစဉ် သုံးမြို့ရှင်ကို မောင်မဲခေါင်က လှံနှင့်ထိုးသတ်သဖြင့် ကံကုန်ပြီး နတ်ဖြစ်သည်။ သုံးမြို့ရှင်နတ်ဟု ခေါ်၏။ ကြက်တိုက်သမားများ သုံးမြို့ရှင်နတ်ကို ကြက်တိုက်ရာတွင် ပ,သတင်မြှောက်လေ့ရှိရာ ကြက်သမားနတ်ဟူ၍လည်း ခေါ်ကြသည်။

ခြေရာတစ်ထောင်မောင်မဲခေါင်သည် သုံးမြို့ရှင်မင်းအား သတ်ပြီးသည်နှင့် နှမအကြီး ဝက်လှမြို့ကို အပိုင်စားရသော ဝက်လှကတော်အား သွားရောက် အဆုံးစီရင်လေသည်။ ဝက်လှကတော် လွန်တော်မူပြီး နတ်ဖြစ်ရာ ရွှေဝက်လှသခင်မဟု တွင်သည်။ နောင်တော် သုံးမြို့ရှင်နတ်နှင့်အတူ နတ်ဖြစ်ကြ၍ ထိုနတ်နှစ်ပါးအား သုံးမြို့ရှင်မောင်နှမနတ်ဟု ခေါ်တွင်သည်။ အကြောင်းစုံကိုသိရသော တောင်ညိုမင်းသည် လွန်စွာကြေကွဲတော်မူ၍ နောင်တော်နှင့် နှမတော် သုံးမြို့ရှင်နတ်မောင်နှမအား နတ်ကွန်း၊ နတ်ကနားများ ဆောက်ပေး၍ လူအများ၏ ပ,သ အပူဇော်ခံစေလေသည်။ သာယာဝတီနယ်သူ နယ်သားတို့သည် သုံးမြို့ရှင်နတ်မောင်နှမကို ပူဇော်ပ,သကြ၏။

ထိုနတ်မောင်နှမအား ပ,သတင်မြှောက်ရာတွင် ကြက်နှင့်ပတ်သက်သောအရာမှန်သမျှ မပါစေရပါ။ ငှက်ပျောသုံးဖီးဆိုင်၊ အုန်းတစ်လုံးနှင့် ကန်တော့ပွဲပြင်၍ ဆီမီးသုံးတိုင်၊ ပန်းသုံးမျိုး၊ ကွမ်းသုံးယာ၊ လက်ဖက်သုံးပုံနှင့် တင်မြှောက်ကြသည်။ နတ်ကနားများတွင် သီးခြားချော့ခြင်းမရှိဘဲ နတ်လမ်းပြုရာ၌ အခြားနတ်များ နတ်လမ်းခင်းရာတွင် သုံးမြို့ရှင်နှင့် ရွှေဝက်လှသခင်မတို့အား ထွက်စည်သံနှင့် ချော့ရသည်။ ဘယ်လက်တွင် ဓားဆုပ်၍ ခါး၌ထောက်ထား အခြားတစ်ဖက်တွင် သပြေစည်းကိုကိုင် မြှောက်၍ နောင်တော် သုံးမြို့ရှင်က အ ရှေ့မှကြွ၊ နှမတော်ရွှေဝက်လှသခင်မ နောက်မှလိုက်ကာ ကနားအတွင်း တ ပတ်ဝိုင်းပတ်ပြီး ဟန်မျှ ချော့ရပါသည်။

မောင်သန်းဆွေ(ထားဝယ်)

**ကိုးကားချက်**

၁။ သူရိယမဂ္ဂဇင်း ၁၉၂၉ ခု၊ ဩ ဂုတ်လ ရာဇဝင်သမိုင်းက နေရှင်နယ် မောင်ဖိုးအေး ( ကုန်)ရေးသော သာယာဝတီ မြို့ဟောင်းနေရာနှင့် စပ်လျ ခြင်းအကြောင်းမှ ကောက်နု ချက်။

၂။ သူရိယမဂ္ဂဇင်း ၁၉၂၉ ခု၊ စ တင်ဘာလ ရာဇဝင်သမိုင်းက မှ ကြို့ပင်ကောက်မြို့ အာရ်စီ ထွန်းအိမ် အမည်နှင့် ရေး ပေးပို့လိုက်သော သာယာဝ ရာဇဝင်ပန္နက်တည်းမှ ကော နုတ်ချက်။



www.burmeseclassic.com


www.burmeseclassic.com

# သင့်စွမ်းအင်၊ သင့်ကိုယ်ခံအားကောင်းစေမည့် ဖုန်းရွှေဗေဒင်(ဖုန်းရှွေဗျူဟာ) – ၁၆၈ နည်း

ဦးအောင်လှိုင်(သုဝဏ္ဏ)

**၂။ အရောင်မှိန်သော သို့မဟုတ် နိမိတ် ...ကောင်းသော ရုပ်ပုံကားချပ်များကြောင့် ...ကောင်းသောချီဓာတ်များဝင်ရောက်လာ...**







အိမ်ရှိ နံရံများပေါ်၌ စိတ်ပျက် ...ဖွယ်၍ မှိုင်တွေစွာထိုင်နေသည့် လူ...ပုံများ၊ ရန်လိုသော (သို့) စစ်မက်ဖြစ် ...သည့် နိမိတ်ပုံဆောင်ပန်းချီကားများ၊ ...အရောင်မှိန်သော ပန်းချီ၊ ဓာတ်ပုံများ ...ချိတ်ဆွဲထားမိခြင်းဖြင့် အိမ်အတွက် ...ကောင်းသောချီဓာတ်များ ဝင်ရောက် ...ခြင်းလာစေပါသည်။ ချိတ်ဆွဲထား ...သည့် ပန်းချီ (သို့) ဓာတ်ပုံများတွင် ရက် ...ကြမ်းကြုတ်သည့် သားရဲတိရစ္ဆာန် ...ပုံများ၊ ဝမ်းနည်းကြေကွဲဖွယ်မျက် ...နှာအမူအရာများ မပါဝင်စေရန်နှင့် ခက် ...ထန်သောအကြည့်ဖြင့်ကြည့်နေပုံ (သို့) ...ပြုံးနေပုံတို့ မပါဝင်စေရန် အထူး ...ဂရုပြုသင့်ပါသည်။

**...ကောင်းသောချီဓာတ် ဖြစ်စေသော ရုပ်ပုံ ...များအား ရွေးချယ် ချိတ်ဆွဲခြင်း**



ကောင်းသောချီဓာတ် ဖြစ်စေရန် ရုပ်ပုံများကို ရွေးချယ်ရာ၌ ကားချပ်၏ လင်းခြင်း၊ မှောင်ခြင်း၊ အရောင်တောက်ခြင်း၊ မှိန်ခြင်း၊ သုံးစွဲထားသည့်အရောင် အမျိုးအစားနှင့် အဆိုပါ ပန်းချီ၊ ဓာတ်ပုံ ကားချပ်၏ ဆိုလိုရင်းအဓိပ္ပာယ်အရ ကောင်းခြင်း၊ ဆိုးခြင်းသဘောများကိုပါ သေချာစွာ ခွဲခြားစစ်ဆေးရန်လိုပါသည်။ နမူနာပုံအရ သဘာဝရှုခင်းကားချပ်အား လေ့လာရာတွင် အပြာရောင်မိုးကောင်းကင်၏လွတ်လပ်ကျယ်ပြန့်သည့်သဘော၊ ကောင်းကင်၏အရောင်က အောက်တွင်ရှိ မြစ်ပြင်ကျယ်အား အရောင်ထင်ဟပ်စေသည့်သဘော၊ ငြိမ်းချမ်း တည်ငြိမ်နေသည့်သဘောဆောင်နေသည်ကို တွေ့ရပါသည်။ အိမ်အတွက် ကောင်းသောချီဓာတ်များဖြစ်စေရန် ဖော်ပြပါ ကျက်သရေ မင်္ဂလာရှိစေမည့် သဘာဝရှုခင်း ပန်းချီကားများကိုသာ ရွေးချယ်ချိတ်ဆွဲသင့်သည်။

**၂၉။ အတိတ်တလန့်ဖြစ်စေသော ဓာတ်ပုံ၊ ပန်းချီများ ချိတ်ဆွဲမိခြင်း**

အိမ်နံရံ၌ ချိတ်ဆွဲလေ့ ရှိတတ်သော ပန်းချီ၊ ဓာတ်ပုံကားချပ်များတွင် သမိုင်းဝင် ထင်ပေါ် ကျော်ကြားသည့် ပုဂ္ဂိုလ်များ၊ ဘိုးဘွားများ၏ ရုပ်ပုံများလည်း ပါဝင်တတ်သည်။ မည်သည့်ရုပ်ပုံကားချပ်မဆို စွမ်းအင်တစ်မျိုးစီ ပိုင်ဆိုင်ပါရှိပြီးသား ဖြစ်သည်။ ၎င်းကားချပ်များ၌ စွမ်းအင်အကောင်း၊ အဆိုး နှစ်မျိုးစလုံး ပါဝင်နေတတ်သည်။ ချိတ်ဆွဲသော ရုပ်ပုံကားချပ်များတွင် အားရပျော်ရွှင်နေသော၊ အပြုံးပန်းဆင်နေသောမျက်နှာများ၊ စိတ်ဓာတ်ရွှင်လန်းတက်ကြွစေသော နိမိတ်ဆောင်ပုံပန်းချီများ ပါဝင်စေရပါမည်။ အတိတ်တလန့်ဖြစ်စေသော၊ နိမိတ်မကောင်းသောရုပ်ပုံကားချပ်များ ချိတ်ဆွဲမိပါက မကောင်းသောစွမ်းအင်များ၏ ဝင်ရောက်စိုးမိုးခြယ်လှယ်ခြင်း ခံရပါမည်။

**၃၀။ မြေအိုး၊ မြေခွက်နှင့် ကြွေထည်ပစ္စည်း အကျိုးအပဲ့များကြောင့် မကောင်းသော နိမိတ် (စွမ်းအင်) များ ဖြစ်စေခြင်း**

အိမ်၏ မီးဖိုချောင်ပစ္စည်းအသုံးအဆောင်များတွင် မြေထည် အိုး၊ ကြွေထည်ပစ္စည်း ပန်းကန်ခွက်ယောက်များ ကျိုးခြင်း၊ ပဲ့ခြင်း၊ အက်ကွဲခြင်းရှိနေလျှင် မကောင်းသော အတိတ်နိမိတ်များနှင့် မကောင်းသောစွမ်းအင်များ၏ ဩဇာသက်ရောက်ခြင်းခံရပါမည်။ နှုတ်ခမ်းပဲ့နေသော ပန်းကန်ခွက်ယောက်များနှင့် စားသောက်မိခြင်း လုံးဝ မပြုသင့်ပါ။



www.burmeseclassic.com


www.burmeseclassic.com



အိမ်အတွင်း အသုံးအဆောင်ပစ္စည်းများ ဖြစ်သည့် ကြောင်အိမ်၊ ဗီရို၊ ဖန်ခွက်များ၌ ဆံခြည်မျှင်မျှသာရှိသော အက်ကြောင်းရာကလေးပင်ဖြစ်စေ ကြီးကျယ်သောဒုက္ခဝေဒနာများကိုဖြစ်စေကြောင်း အထူးဂရုပြုသင့်ပါသည်။ ကောင်းသောစွမ်းအင်များ စီးဆင်းနိုင်ခြင်းရှိနေစရန် အက်ရာ၊ ပဲ့ရာမရှိသော ဗီရို၊ ကြောင်အိမ်များကိုလည်း ဖုန်မှုန့်ကင်းစင်နေအောင် အမြဲသန့်ရှင်းထားပေးရပါမည်။

**၃၁။ ရှေးဟောင်းပစ္စည်း၊ ပရိဘောဂများမှ ယင်စွမ်းအင်ကို ဖယ်ထုတ်ခြင်း**

ရှေးကျသော ပရိဘောဂပစ္စည်းနှင့် အသုံးအဆောင်များအား မိမိအိမ်အတွင်းသွင်း၍ နေရာမချမီ (အထူးသဖြင့်) အိပ်ခန်းအတွင်း မထားရှိမီ သေချာစွာ စဉ်းစားရန် လိုအပ်ပါသည်။ အကယ်၍ ယင်စွမ်းအင် လွန်ကဲသော ရှေးဟောင်းပရိဘောဂများအား အိပ်ခန်းအတွင်း ထားရှိ၊ အသုံးပြုမိပါက အိပ်နေစဉ်အတွင်း ယခင်က ၎င်းပစ္စည်းများအား သုံးစွဲခဲ့သူတို့၏ ယင်စွမ်းအင်များက ဒုက္ခပေးနိုင်ပါသည်။ ရှေးဟောင်း



ပရိဘောဂများဖြစ်သည့်ခုတင်နှင့် ကက်ဘိနက် (ဗီရို) များအား အသုံးမပြုမီ ဆားကြမ်းဖြင့် ပွတ်တိုက်၍ ယခင်က ရှိနေခဲ့သည့် အညစ်အကြေးနှင့် မကောင်းသောဓာတ်များ ပြောင်စင်အောင် သန့်စင်ဆေးကြောရပါမည်။ ပရိဘောဂတွင်သုံးထားသည့် သစ်သားထု ကြီးမား မာကျောလေလေ၊ ဖုန်မှုန့်နှင့် အခြား အညစ်အကြေးများ ထူထဲလေလေ ရှိတတ်သည်။ အချို့သော ရှေးဟောင်း ပရိဘောဂပစ္စည်းတို့မှာ နှစ်ရာချီသက်တမ်းဝင်ပစ္စည်းများဖြစ်ခြင်းကြောင့် သေချာစွာ သန့်စင်မှုပြုလုပ်ပေးသင့်သည်။ ရှေးဟောင်း ပရိဘောဂများတွင် ကောင်းသောစွမ်းအင်များ ရှိတတ်သော်လည်း အများအားဖြင့် ယင်ဓာတ်လွန်ကဲစွာပါဝင်နေတတ်သည်။ ယင်ဓာတ် လွန်ကဲသော ၎င်းရှေးဟောင်းပစ္စည်းများအား အထက်ပါအတိုင်း ဆားကြမ်းဖြင့် ဆေးကြောသုတ်သင်ပြီးပါက ယန်စွမ်းအင်အသစ်များ ပေါ်လာအောင် ဖန်တီးပေးနိုင်ပါသည်။ ဆေးကြောသန့်စင်ပြီးသော ပရိဘောဂများအား နေရောင်ခြည်တိုက်ရိုက်မကျရောက်စေဘဲ အပြင်ဘက်လင်းသောနေရာ၌ ယန်စွမ်းအင် စုပ်ယူနိုင်အောင် (၃) ရက်ခန့် ထားပေးခြင်းက အကောင်းဆုံး ဖြစ်သည်။



ဆားကြမ်းကိုအသုံးပြု၍ သန့်စင်ဆေးကြောမှု လုပ်ရာတွင် မိမိစိတ်အတွင်းမှ ယခု ဆေးကြောနေသော ပရိဘောဂများ၏ မကောင်းသောစွမ်းအင်နှင့် မကောင်းသော အတိတ်နိမိတ်များအားလုံး ဆေးကြောပြီးချိန်မှစ၍ ချုပ်ငြိမ်းပျောက်ကွယ်ပါစေ ဟု ဆုတောင်းပေးရပါမည်။ ထိုင်ခုံ (သို့) စားပွဲတို့၏ သစ်သားမျက်နှာပြင်များအား ဆားဖြင့်တစ်ကြိမ်ဆေးကြောပြီးတိုင်း မိမိစိတ်အတွင်း မွန်းကျပ်ခံစားနေရသည့်ဝေဒနာများ သိသာစွာ လျော့ကျ ပျောက်ပါးသွားသည်ကို သတိပြုမိပါမည်။

## Chapter Two

**လျှို့ဝှက်နက်နဲသော ဖုန်းရွှေစွမ်းအင်များ**

ဖုန်းရွှေပညာအရ လျှို့ဝှက်နက်နဲသောစွမ်းအင်များသည် ယင်နှင့် ယန် စွမ်းအင်ပါဝင်မှု အနည်း,အများအပေါ် မူတည်၍ ကောင်းခြင်း၊ ဆိုးခြင်းအဖြစ် အကျိုးသက်ရောက်မှု ရှိကြပါသည်။ ကောင်းသောစွမ်းအင်များကို မပျောက်ပျက်အောင် ရေရှည်ထိန်းသိမ်းပြီး ဆိုးသောစွမ်းအင်များအား အတတ်နိုင်ဆုံး ဖယ်ရှားရှင်းလင်းတတ်ရန်သာ အရေးကြီးပါသည်။

**၃၂။ ကောင်းသောစွမ်းအင်များရှိရာ အိမ် အတွင်းမှ ကောင်းသောစွမ်းအင်ကိုယ် ပိုင်ဆိုင်ထားကြသည့် မိသားစုဝင်များ**



မိမိနေထိုင်ရာအိမ်နှင့် အိမ်သား (မိသားစုဝင်)များအတွက် ကောင်းသော စွမ်းအင်ရှိနေခြင်းမှာ ယင်ဓာတ်နှင့်ယန် ဓာတ် တစ်ခုခုမှ တစ်ဖက်စောင်းနင်း (လွန်ကဲမှု) မရှိဘဲ စွမ်းအင်မျှတနေသော ကြောင့်ပင် ဖြစ်သည်။ ဖိုဓာတ်ကိုယ်စား ပြု ယန် (Yang) ဓာတ်နှင့် မဓာတ်ကိုယ် စားပြု ယင် (Yin) ဓာတ်တို့ သဟဇာတ ဖြစ်နေသမျှကာလပတ်လုံး ကောင်း သောချီဓာတ်များသာ ဩဇာသက် ရောက်နေပါမည်။





www.burmeseclassic.com

www.burmeseclassic.com


**အိမ်အတွင်း ယင်ဓာတ်လွန်ကဲခြင်း**

အိမ်တွင်းအသုံးအဆောင်ပစ္စည်းများနှင့် အခန်းဖွဲ့စည်းပုံ၌ အနက်ရောင်သို့မဟုတ် အညိုရောင်မှိုင်းမှိုင်းအရောင်များ လွှမ်းမိုးထားပါက ယင်ဓာတ်လွန်ကဲပြီး စိတ်ညှိုးငယ်အားလျော့ခြင်း၊ အေးစက်စက်နိုင်ခြင်း ဖြစ်နေပါမည်။ ယင်ဓာတ်သည် နိုးကြားတက်ကြွခြင်း၊ ဖွံ့ဖြိုးရှင်သန်ခြင်း ကိုယ်စားပြု ယန်ဓာတ်နှင့်ဆန့်ကျင်နေပါသည်။ ထို့ကြောင့် အိမ်အတွင်း အရောင်မှိန်သောဆေးများသုတ်ခြင်း၊ မီးရောင်မှိန်မှိန်ထွန်းထားခြင်း၊ နံရံပေါ်၌ မှုန်ဝါးသော, အလင်းရောင်နည်းသော ပန်းချီ, ဓာတ်ပုံများ ချိတ်ဆွဲခြင်းကို အထူးရှောင်ကြဉ်ရပါမည်။ အိမ်အတွင်းရှိ မည်သည့်အခန်းများ၌မဆို မှောင်မည်းတိတ်ဆိတ် ငြိမ်သက်နေခြင်း မရှိသင့်ပါ။ မ-ဓာတ်လွှမ်းမိုးနေသည့် ယင်စွမ်းအင်အား ဖိုဓာတ်ကိုယ်စားပြုသည့်(Yang)ယန်စွမ်းအင်ဖြင့် ချေဖျက်ပစ်ရပါမည်။ ယန်ဓာတ်မရှိသလောက်အားနည်း၍ ယင်ဓာတ်လွန်ကဲနေသောအိမ်၌နေထိုင်သူသည် အိမ်ထောင်သည်များဖြစ်ပါက ၎င်းတို့၏အိမ်ထောင်ရေးသာယာ မဖြောင့်ဖြူးဘဲ ရှိတတ်ပါသည်။ ယင်ဓာတ်လွန်ကဲနေမှု အချိန်ကြာမြင့်လာသည်နှင့်အမျှ ဘဝ၏အောင်မြင်မှုနှင့် အခွင့်အရေးကောင်းများကိုလည်း လက်လွှတ်ဆုံးရှုံးရတတ်ပါသည်။

မိမိအပါအဝင် အိမ်ရှိ မိသားစုဝင်အားလုံး ကျန်းမာပျော်ရွှင် တက်ကြွနေစေရန် ပုံပါအတိုင်း ယန်ဓာတ်ကိုယ်စားပြုသည့်အရောင်၊ ယန်ဓာတ်ကိုယ်စားပြုပျော်ရွှင်တက်ကြွဖွယ် ဂီတသံစဉ်သီချင်းများဖြင့် လွှမ်းခြုံထားသင့်ပါသည်။

**ဓာတ်ကြီး(၅)ပါး၏လျှို့ဝှက်ချက်များ**

ဓာတ်ကြီး (၅) ပါးဖြစ်သော မီး၊ ရေ၊ မြေ၊ သစ်သား၊ သတ္တုတို့က ဖုန်းရွှေဆိုင်ရာ စွမ်းအင်တစ်မျိုးစီကို ပိုင်ဆိုင်ထားပြီး တရုတ်ရိုးရာ ကိုယ်လုံပညာဖြစ်သည့် ထိုက်ချိ၊ ကွန်ဖူးပညာရပ်များနှင့် ရိုးရာဆေးပညာရပ်တို့၌ မပါမဖြစ်သော (ဒြပ်) ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သော သဘာဝအင်အားစုများဖြစ်သည်။ ၎င်းအပြင် အနံ့၊ အရသာ၊ အရောင်အဆင်း၊ သင်္ကေတနာ်၊ ကိန်းဂဏန်းအရေအတွက်၊ ဂီတသင်္ကေတ၊ အမှတ်သင်္ကေတ၊ ရာသီဥတု၊ ဦးတည်ရာအရပ်ထောင့်နှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများကိုလည်း ဓာတ်ကြီး (၅) ပါး၏ဓာတ်တစ်ခုချင်းစီက သူ့နေရာနှင့်သူ ပိုင်စိုးထားကြသည်။




**ဓာတ်ကြီး (၅) ပါး၏ မွေးဖွားဖြစ်တည်မှုနှင့် ပျက်စီး ချုပ်ငြိမ်းမှုပြစက်ဝိုင်း**

အပြင်စက်ဝိုင်း (သို့) အပြင်မြားသည်-


သတ္တုမှ ရေကို၊
ရေမှ သစ်သားကို၊
သစ်သားမှ မီးကို၊
မီးမှ မြေကို၊
မြေမှ သတ္တုကို မွေးဖွားဖြစ်တည်စေခြင်း (သို့) အဆင့်ဆင့်အားပေးခြင်းကိုပြသည်။

အတွင်းစက်ဝိုင်း (သို့) အတွင်းမြားသည်-

မီးမှ သတ္တုကို၊
သတ္တုမှ သစ်သားကို၊
သစ်သားမှ မြေကို၊
မြေမှ ရေကို၊
ရေမှ မီးကို ပျက်စီးချုပ်ငြိမ်းစေခြင်း (သို့) အဆင့်ဆင့် အနိုင်ယူနိုင်ခြင်းကို ပြသည်။

**အိမ်အတွင်း ဓာတ်ကြီး (၅) ပါးကိုယ်စားပြု စွမ်းအင်တစ်ခုနှင့်တစ်ခု သဟဇာတဖြစ်စေခြင်း**

အိမ်အတွင်း အသုံးအဆောင်ပစ္စည်းများ၌ မည်သည့်ဓာတ် (စွမ်းအင်)







www.burmeseclassic.com

www.burmeseclassic.com

ကာ အမိက လွှမ်းမိုးနေပြီး မည်သည့်ဓာတ်က လျော့နည်း လိုအပ်နေကြောင်း သေချာစွာ စစ်ဆေးလျက် လိုအပ်သလို စွမ်းအင်ညှိပေးနိုင်ပါသည်။ ထိုသို့ညှိပေးရာ၌ အထက်ပါ မွေးဖွား ဖြစ်တည်မှုစက်ဝိုင်းနှင့် ပျက်စီး ချုပ်ငြိမ်းခြင်းစက်ဝိုင်းသဘောများအား လက်တွေ့အသုံးပြုနိုင်ရပါမည်။

နမူနာဓာတ်ပုံတွင် ကြမ်းခင်းတွင်ရှိ ကော်ဇောက အညိုရောင်ဖြစ်သောကြောင့် မြေဓာတ်ကိုယ်စားပြုပြီး စတီးဒယ်အိုးက သတ္တုဓာတ်ကိုယ်စားပြုကာ အလှမွေးငါးကန်အတွင်းရှိ ရေမှော်ကျောက်ခက်ပင်များက သစ်သားဓာတ်ကို ကိုယ်စားပြုနေကြောင်း တွေ့ရမည်။




**၃၄။ အရေးကြီးသောအခန်းများအတွက် ၎င်း၏ကိုယ်စားပြုဓာတ်နှင့် သင့်လျော်ကိုက်ညီသောအရောင် သုံးစွဲစေခြင်း**

မိမိအတွက် ရုံးခန်း၊ အိမ်ခန်း၊ ဧည့်ခန်း၊ အိပ်ခန်းတို့အနက် အရေးကြီးအခန်းအဖြစ် သတ်မှတ်သုံးစွဲမည့်အခန်းအား ၎င်း၏ကိုယ်စားပြုဓာတ်နှင့် ကိုက်ညီအောင် မှန်ကန်သောအရောင် ရွေးချယ်သုံးစွဲရပါမည်။

အရောင်များသည် သက်ဆိုင်ရာ အရပ်ထောင့်အသီးသီးအလိုက် ကိုယ်စားပြုကြသည်။ အရပ်ထောင့်များတိုင်းတာရန်အတွက် ဖုန်းရွှေအိမ်မြှောင်စက်ဝိုင်းကို အသုံးပြုဖါ။

အိမ်၏အလယ်ဗဟိုနေရာ၌ ဖုန်းရွှေအိမ်မြှောင်ကို တည်ထားပြီး မိမိ၏အိမ်က မည်သည့်အရပ်သို့မျက်နှာလှည့်ထားကြောင်း၊ အိပ်ခန်း၊ ဧည့်ခန်း စသည်တို့က မည်သည့် အရပ်ထောင့်တွင် ရှိကြောင်း တိကျစွာ ခွဲခြား၍ ယင်နှင့်ယန်ဓာတ်ကြီး (၅) ပါးတို့အား တစ်မျိုးစီကိုယ်စားပြုထားသည့် အရောင်များကို သူ့နေရာနှင့်သူ ရွေးချယ်သုံးစွဲရပါမည်။ အဖြူရောင် ပိုမို များပြားပါက Yan ဓာတ်ကို ပိုမိုအားကောင်းစေပြီး မည်မှောင်သောအရောင် များနေပါက Yi ဓာတ်ကို ပိုမို အားပေးပါမည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)

အခန်းတည်နေရာအမျိုးမျိုးအလိုက် အရောင်များ ကိုယ်စားပြုပုံ

| အခန်းတည်နေရာ အရပ် | ကိုယ်စားပြုဓာတ် | ယင် (သို့) ယန် | အရောင် အနု/အရင့် | တိုးတက် အောင်မြင်မှုပြ အရောင် | အကြံအစည် အောင်စေသည့် အရောင် | ဆိုးကျိုးပေးသည့် အရောင် | ပင်ပန်း နွမ်းနယ်မှု ဖြစ်စေသည့် အရောင် |
|---|---|---|---|---|---|---|---|
| မြောက် | ရေ | ယန် | ရင့်ရင့် | အဖြူ | အပြာ | အဝါ | အစိမ်း |
| တောင် | မီး | ယင် | ဖျော့ဖျော့ | အညို | အနီ | အဖြူ | မြေကြီးရော |
| အရှေ့ | သစ်သား | ယန် | ရင့်ရင့် | အပြာ | အစိမ်း | အဖြူ | အနီ |
| အနောက် | သတ္တု | ယင် | ဖျော့ဖျော့ | အဝါ | အဖြူ | အနီ | အဝါ |
| အလယ်ဗဟို | မြေ | ယန်၊ယင် | ရင့်/ဖျော့ | အနီ | အဝါ | အစိမ်း | အဖြူ |
| အရှေ့တောင် | သစ်သား | ယင် | ဖျော့ဖျော့ | အပြာ | အစိမ်း | အဖြူ | အနီ |
| အနောက်မြောက် | သတ္တု | ယန် | ရင့်ရင့် | အဝါ | အဖြူ | အနီ | အဝါ |
| အနောက်တောင် | မြေ | ယင် | ဖျော့ဖျော့ | အနီ | အဝါ | အစိမ်း | အဖြူ |
| အရှေ့မြောက် | မြေ | ယန် | ရင့်ရင့် | အနီ | အဝါ | အစိမ်း | အဖြူ |



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသော အမြင်အာရုံဖြင့် ရာ ...ဆက်မှုများကို ဖြေရှင်းပေးနေသော ...လန်ပြည်မှ ကရာဇက်ရဲ့သတင်း ... ဥရောပ၊ အမေရိကနဲ့ အာရှတစ် ...မှာ မွှေးနေပါတယ်။

တရုတ်လူမျိုးရှေ့နေကြီး မစ္စတာ ...တာ လန်ဒန်မြို့ကနေပြီး ၁၉၅၄ ...ဖေဖော်ဝါရီလ (၄) ရက်နေ့မှာ ဟော် ...ပြည်ကို လေကြောင်းနဲ့ရောက်လာ ...။ ဟော်လန်မှာ နာမည်ကျော် စိတ် ...အင်ရှင်ကြီး ကရာဇက်ရှိတယ်ဆိုတာ ...ားတော့ စင်ကာပူမှာနေတဲ့ သူ့ရဲ့ ...ဆွေ တရုတ်တစ်ဦး အသတ်ခံရမှုနဲ့ ...သက်ပြီး ကရာဇက်ကိုမေးဖို့ ရောက် ...တာပါ။

မစ္စတာပီတာရောက်လာတဲ့ အဲဒီ ... ညနေမှာပဲ ပရစိတ်ပညာဌာနမှ ...ကွ တင်ဟက်ရယ်၊ သူ့လက် ...ာက်ရယ်၊ ကရာဇက်တို့နဲ့ မစ္စတာ ... တွေ့ဆုံရတယ်။ ဒီလို ရာဇဝတ်မှု ...ကို အမြင်အာရုံထူးနဲ့ကြည့်တဲ့အခါ ... ပရစိတ်ပညာဌာနမှာတွေ့ဆုံကြည့်ခဲ့တာ ဖြစ်တယ်။ ဒီလို အမြင်အာရုံနဲ့ မြင်တဲ့အချက်တွေကို တိပ်ခွေနဲ့သွင်းယူ မှတ်တမ်းတင်ထားတယ်။ အမှုပြီးသွား တဲ့အခါမှာ အမြင်အာရုံတွေဟာ ဘယ် လောက်မှန်သလဲ၊ ဘယ်လောက်မှားသ လဲ ဆိုတာကို ပါမောက္ခတင်ဟက် မှတ် တမ်းတင်တယ်၊ အကဲဖြတ်တယ်။ ဒီလို အမြင်အာရုံတွေကို မှတ်တမ်းတင်တာ ဟာ သူ့ရဲ့ပရစိတ်ပညာသုတေသနလုပ် ငန်းအဖြစ် သဘောထားတယ်။

ဒီလို မှတ်တမ်းတင်ထားတာကို စာအုပ်စာတမ်းအဖြစ် ပုံနှိပ်ထုတ်ဝေပြီး အခြားနိုင်ငံများမှာရှိတဲ့ ပရစိတ်ပညာ ဌာနတွေ၊ စိတ်ပညာရှင်တွေဆီ ပို့ပေး တယ်။ ဝေဖန်ချက်၊ မှတ်ချက်တွေကို လည်း တောင်းခံတယ်။ ကရာဇက်က လည်း သူ့အာရုံအမြင်တွေနဲ့ စီးပွားရှာ စားနေသူမဟုတ်ဘူး။ ဒီတော့ ပါမောက္ခ တင်ဟက်နဲ့ ကရာဇက်တို့ဟာ အတွဲညီ တယ်။

ဒါကြောင့်လည်း ကရာဇက်ဟာ ကမ္ဘာကျော်သည်ထက် ကျော်ကြားလာ တာ ဖြစ်တယ်။ သူတို့ ပညာရှင်(၂)ဦး အတွဲကလေးဟာ သူတို့ ကွယ်လွန်သွား သည်အထိ လက်တွဲမဖြုတ်ကြဘူး။ ပရ စိတ်ပညာ ခိုင်မာတိုးတက်ရေးအတွက် သူတို့ဘဝတစ်ခုလုံးကို မြှုပ်နှံသွားကြသူ များ ဖြစ်တယ်။

ဘာအကြောင်းမှ ပဏာမ မခံဘဲ နဲ့ မစ္စတာပီတာက ဓာတ်ပုံ (၁) ပုံကို ကရာဇက်ကို ပြလိုက်တယ်။ ကရာဇက် က ဓာတ်ပုံမြင်လိုက်တာနဲ့ ဒီဓာတ်ပုံရှင် ဟာ မရှိတော့ဘူး၊ သေသွားပြီလို့ တန်း ဖြေလိုက်တယ်။



## မရှောသုတေသီ
## စိတ်ရှုမ်းအောင်ဖုံတောက်များ



www.burmeseclassic.com

www.burmeseclassic.com

မစ္စတာပီတာက သူ ဘယ်လိုသေရတာလဲလို့ မေးလိုက်တယ်။ ကရာဇက်က ဓာတ်ပုံကို လက်နဲ့စမ်းသပ်ရင်း ပေါ်ပေါက်လာတဲ့ သူ့အာရုံအမြင်တွေကို ပြောပြလိုက်တယ်။

"ဒီဓာတ်ပုံထဲကလူဟာ ဗြိတိသျှ ဩဇာခံနေရာကို ရောက်သွားတယ်။ ပင်လယ်ထဲက ကျွန်းပဲ။ အိန္ဒိယလား၊ အင်ဒိုနီးရှားလား၊ မလက္ကာလားပဲ။ သူ့ခေါင်းမှာ ကျည်ဆန်ထိသွားတယ်။ ဒီခေါင်းက ဒဏ်ရာကြောင့် သူသေသွားတာ။ သူ ပက်လက်လန်လဲကျသွားတယ်၊ ပါးစပ်ဟောင်းလောင်းကြီးပွင့်လို့။

(အမှန်မှာ စင်ကာပူကျွန်းမှာ ဖြစ်သည်။)

ဒီလူဟာ နိုင်ငံရေးနဲ့ပတ်သက်နေတယ်။ သူ့နိုင်ငံရေးပါတီကို သစ္စာဖောက်မယ်ထင်လို့ ကိုယ့်ပါတီကလူတွေက သတ်ပစ်တာ။

(သူသည် နိုင်ငံရေးတွင် ပါဝင်နေပြီး ပြိုင်ဘက်များက သတ်ပစ်ကြောင်း နောင်အခါမှသိရ၏။)

ဒီလူဟာ အရပ်ရှည်တယ်။ သူဟာ တရုတ်အစစ်ဖြစ်မယ် မထင်ဘူး၊ တရုတ်ကပြား ဖြစ်မယ်။ ဒီလူဟာ လူသတ်သမားပဲ။ ဒ်ပြင် တရုတ်အမျိုးသားတစ်ဦးကခိုင်းလို့ သတ်တာ ဖြစ်တယ်။ ဒီလူသတ်သမားဟာ အသတ်ခံရတဲ့သူရဲ့ရုံးခန်းထဲကိုဝင်လာပြီး ပစ်သတ်သွားတာ။ သူ့အလုပ်လုပ်နေတုန်း အပြင်ကဝင်လာပြီး ပစ်သတ်သွားတာပဲ။ ဒီလူသတ်မှုကို စေခိုင်းသူဟာ စတိုးပိုင်ရှင်ပဲ။ အသက်က (၅၆) နှစ်လောက် ရှိမယ်။ သူ့အပြင်ထွက်ရင် ဘိုလိုဝတ်ပြီး ထွက်တတ်တယ်။ ဒါပေမယ့် အိမ်မှာနေရင်တော့ တရုတ်အဝတ်အစားပဲဝတ်တယ်။

လူသတ်ခိုင်းတဲ့ စတိုးဆိုင်ရှင်ရဲ့ စတိုးဆိုင်ထဲမှာ အမျိုးသမီးတစ်ဦးကို တွေ့ရတယ်။ စတိုးဆိုင်ထဲမှာ အလုပ်လုပ်နေတဲ့ အသက် (၁၆) နှစ်အရွယ် လူငယ်တစ်ဦးလည်း ရှိတယ်။ စတိုးဆိုင်ရှင်ရဲ့ အတွင်းခန်းထဲမှာ လူသတ်ခိုင်းတဲ့ သူ ထိုင်နေတယ်။ သူက စတိုးဆိုင်ထဲကိုတော့ မထွက်လာဘူး၊ အတွင်းဘက်မှာနေပြီး အစီအစဉ်တွေလုပ်နေတာ ဖြစ်တယ်။

ဓာတ်ပုံထဲကလူကို ဒီစတိုးဆိုင်ရှင်တရုတ်စပိုင်က သတ်ဖို့ အမိန့်ပေးတာဖြစ်တယ်။ သူတို့ပါတီက ဘယ်လိုစည်းကမ်းချက်ကိုလိုက်နာရမယ်ဆိုတဲ့ စည်းကမ်းချက်တွေရှိတယ်။ ဒီစည်းကမ်းချက်တွေဟာ သူ့မှုနဲ့မကိုက်ညီဘူး။ ဒါကြောင့် မလိုက်နာနိုင်ဘူးလို့ အသတ်ခံရသူက ယူဆတယ်။ ဒီစည်းကမ်းချက်တွေကို မလိုက်နာလို့ အသတ်ခံရတာ ဖြစ်တယ်။ ဒီလူဟာ စည်းကမ်းချက်တွေကို လက်မခံဘူး၊ ငြင်းပယ်တယ်ဆိုရင် ဒီစည်းကမ်းချက်တွေကို အင်္ဂလိပ်တွေကိုသွားပြမှာစိုးရတယ်။ ဒီအချိန်က စင်ကာပူကျွန်းဟာ အင်္ဂလိပ်လက်အောက်မှာရှိနေဆဲ ဖြစ်တယ်။ ဒီလို အင်္ဂလိပ်အစိုးရက သိသွားရင် သူတို့ပါတီရဲ့လုံခြုံရေးကို ထိခိုက်မှာစိုးလို့ နှုတ်ပိတ်တဲ့အနေနဲ့ သတ်ပစ်တာ ဖြစ်တယ်။ အင်္ဂလိပ်အစိုးရ ချမှတ်ထားတဲ့ဝါဒကို ဆန့်ကျင်တဲ့ သူတို့ပါတီ စည်းမျဉ်း စည်းကမ်းချက်တွေကို ဒီလူက သစ္စာဖောက်ပြီး အင်္ဂလိပ်ကို မပြခင် လက်ဦးအောင် သတ်ပစ်လိုက်တာ ဖြစ်တယ်"

ကရာဇက်က ဆက်ပြောတယ်။

"အသတ်ခံရသူဟာ ဒီမြို့ဇာတိ မဟုတ်ဘူး၊ တခြားမြို့ကလာတာ။ စတိုးဆိုင်ရှင်အမိန့်အရ သတ်တာဖြစ်တယ်။ ဒီလူသတ်မှုဟာ ပုဂ္ဂိုလ်ရေးအရ လူချင်းမသင့်မြတ်လို့ သတ်တာ မဟုတ်ဘူး၊ နိုင်ငံရေးအရ သတ်တဲ့ နိုင်ငံရေးလုပ်ကြံမှုသာ ဖြစ်တယ်။ စောစောပိုင်းကတော့ ပုဂ္ဂိုလ်အရ မသင့်မြတ်လို့ သတ်တာလို့ ထင်မိတယ်။ လူသတ်သမားကိုအာရုံပြုကြည့်တော့မှ ပုဂ္ဂိုလ်ရေးမုန်းတီးမှုကြောင့်မဟုတ်ဘဲ နိုင်ငံရေးအရ သူတစ်ပါးကခိုင်းလို့ သတ်ရတာ၊ ဘာမှ ပုဂ္ဂိုလ်ရေး မကျေနပ်ချက်တွေ၊ ဒေါသတွေရှိတာ မဟုတ်ဘူး ဆိုတာ သိရတယ်။

မြစ်ဆိပ်ဘက်ဆင်းသွားတဲ့ လမ်းတစ်လမ်းကို တွေ့ရတယ်။ မြစ်ကူးတံတားလည်း ရှိတယ်။ တံတားနဲ့မီတာ (၃၀၀) အကွာမှာ ပန်းခြံတစ်ခုရှိတယ်။ ပန်းခြံက ခပ်ဝိုင်းဝိုင်းသဏ္ဍာန်ပဲ။ ဒီပန်းခြံဘေးမှာ လမ်းတစ်ခု ရှိတယ်။ အနောက်ဘက်ကို မျက်နှာမူလိုက်ရင် အဲဒီလမ်းရဲ့ညာဘက်မှာ လမ်းတစ်လမ်း ရှိတယ်။ အဲဒီလမ်းကိုဆုံးအောင်လျှောက်သွားရင် လမ်းထိပ်မှာ လူသတ်ခိုင်းတဲ့လူရဲ့ စတိုးဆိုင် ရှိတယ်။ လမ်းမကြီးရဲ့ညာဘက်ဘေးမှာ လမ်းနှစ်သွယ်ရှိတယ်။ ဒီဘေးလမ်းအတိုင်း ဆက်လျှောက်သွားရင် တိုက်ကြီးတစ်လုံးရှေ့ ရောက်သွားတယ်။ ဒီတိုက်ကြီးရဲ့ဘေးမှာ ပန်းခြံတစ်ခု ရှိတယ်"

ကရာဇက်ပြောသည့်အတိုင်း ရဲများက လိုက်လံရှာဖွေ စုံစမ်းကြည့်ရာ စတိုးဆိုင်ရှင် လူသတ်သမားနေရာကို နောင်အခါ တွေ့ရှိရသဖြင့် ကရာဇက် အမြင်အာရုံမှာ တိကျသေချာကြောင်း သိရတယ်။ အနီးအနားရှိ လမ်းမကြီးနှင့် လမ်းသွယ်များ၊ ပန်းခြံများကို ပုံသဏ္ဍာန် ဖော်ကြည့်တဲ့အခါ လူသတ်သမားနေရာကို အတိအကျရှာဖွေနိုင်ကြောင်း ရဲများက ပြောပြတယ်။ ကရာဇက်က လူသတ်သမားရဲ့အိမ်ကို သိရှိရှာဖွေဖို့အတွက် ဘေးပတ်ဝန်းကျင်အနေအထား၊ လမ်းနဲ့ အဆောက်အအုံတို့ကို ထုတ်ဖော်ပြောပြခြင်းသာ ဖြစ်တယ်။

ကရာဇက်က သူ့အမြင်အာရုံကို ရှင်းလင်းအောင်သိဖို့ရာအတွက် စာရွက်နဲ့ ခဲတံတောင်းပြီး မြေပုံအကြမ်းကို ဆွဲ တောင်ပြသေးတယ်။ ကရာဇက်ဆွဲပြတဲ့ နေရာဟာ အတိအကျ မှန်ပါတယ်လို့ မစ္စတာပီတာက ဝန်ခံရတယ်။

မစ္စတာပီတာဟာ ကရာဇက်နဲ့ တွေ့ဆုံပြီး ကရာဇက်ရဲ့အမြင်အာရုံမှတ်တမ်းကို သယ်ဆောင်ပြီး လန်ဒန်ကိုပြန် သွားတယ်။ နောက်နှစ်လကြာတော့ မစ္စတာပီတာက ပါမောက္ခတင်ဟက်ဆီကို စာတစ်စောင်ရေးလိုက်တယ်။ ကရာဇက်ရဲ့အမြင်အာရုံတွေဟာ တိကျမှန်ကန်ကြောင်း တွေ့ရပါတယ်။ ဒါကြောင့် စင်ကာပူက ကျွန်တော့်မိတ်ဆွေနှစ်ဦးက ပါမောက္ခတင်ဟက်နဲ့ ကရာဇက်ကို ကျေးဇူးတင်လျက်ရှိပါတယ်လို့ ရေးထား ပါတယ်။

ကရာဇက်ရဲ့အမြင်အာရုံတွေဟာ ဒက်ထိမှန်ကန်လို့ စင်ကာပူရဲတွေ အံ့ဩသွားကြပေမယ့် တရားခံကို မဖမ်းနိုင်ခဲ့ ပါဘူး။ နောက်မှ အခြား ပြစ်မှုတစ်ခုနဲ့ တရားခံကို ဖမ်းဆီးလိုက်ရတာ ဖြစ် တယ်။

ရာဇဝတ်မှု ဆိုတာဟာ အမှန်ဖြစ် ကြောင်း သိနေရုံနဲ့ စွဲချက်မတင်နိုင်ပါ ဘူး။ သက်သေအထောက်အထားတွေနဲ့ ပြည့်စုံအောင် တင်ပြနိုင်မှသာ ဖမ်းဆီး အရေးယူနိုင်တာ ဖြစ်တယ် ဆိုတာကို အားလုံးသိကြပြီးသားပါ။ ဒါပေမယ့် ရာ ဇဝတ်မှုဟာ ဆိတ်ကွယ်ရာမရှိ ဆိုတဲ့ စကားအတိုင်း အခြား အမှုတစ်ခုခုနဲ့ တော့ ရဲလက်ထဲရောက်ရတာပါပဲ။

မနော့သုတေသီ

Ref;

CROISET

THE CLAIRVOYANT




www.burmeseclassic.com


www.burmeseclassic.com

ယခင်ဆောင်းပါး၌ အင်းကောင်းတစ်ကွက်၏ပထမဆုံးဂုဏ်အင်္ဂါတစ်ရပ်ဖြစ်သော စက်များအကြောင်းကို ဖော်ပြခဲ့ပါသည်။ ယခုဆက်ပြီး စက်မဖွဲ့နိုင်သော အင်းဆန်ဂါထာများအတွက် အရှိန်ထက်မြက်သော စကြာပုံဆောင်အင်းအသွားများကို ဖော်ပြပါမည်။






ပုံ (၁) (B) နှင့် (C) ကို မျဉ်းဖြောင့်တစ်ကြောင်းဖြင့် ဆက်သွယ်ကြည့်ပါ။ အင်းကွက်၏ ထောင့်စွန်းများဆီမှ အလယ်ဗဟိုများဆီသို့ အရွက် (၄) ရွက်ပါသော စကြာပုံကို တွေ့မြင်ရပါမည်။ လက်ဝဲရစ်များ လုံးဝ ကင်းသော စကြာ အဆုံးဖြစ်ကာ မြားခေါင်းများသည် (B) မှ (A) သို့ မြင်းသွား ပြန်လည်ဖြစ်သည်ကို ပြပါသည်။




ပုံ (၂) (B) မှ (A) သို့ မြင်းသေမြင်းကိုက်ပြန်ဖြစ်သည်။ ထို့ကြောင့် မည်သည့်ပဆစ်ကွက်မှမဆို အင်းဆန်စတင်နိုင်၏။ အင်းဆန် စတင်နိုင်သောနေရာအား ကန့်သတ်မှုမရှိ၊ အရှင် ဖြစ်သည်။ ပီပြင်သော လေးရွက်စကြာပုံကိုလည်း ဆောင်၏။ ပုံ (၂) မှ စ၍ ဆက်လက်ဖော်ပြသမျှတို့သည် ကံအားလျော်စွာ ရရှိလာသော အသွားမျိုးများ မဟုတ်ကြပါ။ သမာဓိအား၊ ပညာအားများဖြင့် ဖော်ထုတ်ယူမှုရရှိနိုင်သော အသွားများ

## ဆရာစော-အင်းတစ်ထောင် (၂)

# အင်းကောင်းတစ်ကွက်နှင့် စကြာပုံဆောင်အင်းများ

အင်းကွက်၏ထောင့်စွန်း (၄) နေရာမှ ဗဟိုများဆီသို့ စကြာတစ်ခု၏ပုံသဏ္ဌာန်ဖြစ်ပေါ်လာစေရန် အသွားများဖြင့် ဖွဲ့စည်းထားသော အင်းကွက်များကို စကြာပုံဆောင်အင်းကွက်များဟု ခေါ်ပါသည်။ ယခု ဖော်ပြမည့် စကြာပုံဆောင် အင်းကွက်များ အားလုံးသည် လက်ယာရစ်အင်းများဖြစ်ကြပြီး လက်ဝဲအနည်းဆုံးဖြစ်အောင် ကြိုးစားဖော်ထုတ်ထားသည်ကို တွေ့ရပါမည်။ ၃၂ ကွက် နန်းချီးအင်းများ၌ အသွားအားလုံးကို လက်ယာရစ်ဖြင့် မြင်းသေမြင်းကိုက်သွား၍မရပါ။ အနည်းဆုံး လက်ဝဲ (၂) ကြိမ်တော့ ရှိပါသည်။

ဖော်ပြထားသော အသွားသရုပ်ပုံများ၌ (A) များသည် အင်းဆန်အစများဖြစ်ကြပြီး (B) များသည် အင်းဆန် ပုံဆောင်အင်းကွက်တစ်ခု ဖြစ်ပါသည်။ သို့သော် (B) မှ (A)သို့ မြင်းသွား ပြန်လည်၍မရ၊ မြင်းသေမြင်းကိုက် မဖြစ်။ ဤအသွားသည် အရှင် မဟုတ်၊ အသေဖြစ်သည်။ အင်းဆန်များကို (A) မှစတင်ပြီး လက်ယာရစ် သွားခြင်းနှင့် (B) မှ စတင်ကာ လက်ဝဲရစ် သွားခြင်း ဟူ၍ နှစ်မျိုးသာ ရပါသည်။ ကျန်သော ပဆစ်ကွက်များမှ စတင်၍ အင်းဆန်သွင်းလို့မရပါ။ (B)နှင့် (A) သည် အဆက်ပြတ်နေသောကြောင့် ဖြစ်၏။ အကန့်အသတ်တစ်ခုအတွင်း၌သာရှိသဖြင့် 'အသေ' ဟုခေါ်ပါသည်။ ထို့ကြောင့်လည်း ဗားမဲ့၊ တ-တွဲ၊ စာ-၉၁ ၌ ဖူရှသသအခံအင်းအဖြစ်သာ ဖော်ပြထားသည်။ အဝင်အင်းလည်း မဟုတ်၊ အထွက်အင်းလည်း မဟုတ်၊ အခံအင်းအဖြစ်သာ။ စွမ်းအားဖြည့်ဖို့ နောက်ထပ် အအုပ်အင်းတစ်ကွက် လိုသေးသည့်သဘောဖြစ်ပါသည်။


သာ ဖြစ်ကြ၏။ ဤအသွားကို ဗားမဲ့၊ ဒု-တွဲ၊ စာ-၇၈ ၌ (A) မှစတင်၍ လက်ယာရစ် ဖူရှသသအဝင်အင်း၊ စာ-၇၉ ၌ (B) မှ စတင်၍ လက်ဝဲရစ် ဖူရှသသအထွက်အင်းအဖြစ် ဖော်ပြထားပါသည်။ အင်းဆန်ဂါထာမှာ မင်္ဂလသုတ် ပရိတ်တော် ဂါထာအပိုဒ် ၁၅ ဖြစ်သည်။

အထွက်အင်း ဆိုသည်မှာ ထွက်စေလို၍သုံးသောအင်း မဟုတ်ပါ။ လက်ယာရစ် အဝင်အင်းနှင့် လက်ဝဲရစ် အထွက်အင်းတို့သည် အဖို၊ အမတို့၏သဘောကိုဆောင်ပါသည်။ အဖို-အမ၊ အဝင်-အထွက်၊ အခံ-အအုပ်တို့ ဖြစ်ကြသည်။ အင်းတစ်ကွက်ကို အင်းတစ်ကွက်က အစွမ်းသတ္တိများ အစွန်းမရောက်စေရန် ထိန်းချုပ်ပေးကြပြီး အစွမ်းသတ္တိ၏နယ်ပယ်ကို ကျယ်ပြန့်စေပါသည်။ ကြည့်တတ်မှ မြင်ပါမည်။




www.burmeseclassic.com

www.burmeseclassic.com





ပုံ (၃) (B) မှ (A)သို့ မြင်းသေမြင်းကိုက် ဖြစ်သည်။ အရှင်၊ (၄) ရွက်စကြာပင် ဖြစ်သည်။ ဗားမဲ့၊ တ-တွဲ၊ စာ ၈၉ ၌ ဗာဟုဒေဝါအခံအင်းဟု အမည်ပေးပြီး ဖော်ပြထား၏။ မင်္ဂလသုတ်ပရိတ်တော်မှ အမှတ်- ၅ ဂါထာကို အင်းဆန်အဖြစ်အသုံးပြုထား၏။ ဤမျှကောင်းမွန်သော အသွားတစ်ခုကို အခံအင်းဟူ၍ အမည်ပေးထားသည်မှာ နောက်ထပ် အအုပ်အင်းတစ်ကွက် လိုသေးသည်ဟုပြောနေခြင်း ဖြစ်ပါသည်။




ပုံ (၄) (B) မှ (A)သို့ မြင်းသေမြင်းကိုက် အရှင်၊ (၄) ရွက်စကြာ ဖြစ်သည်။ ဗားမဲ့၊ တ-တွဲ၊ စာ ၄၅ တွင် ဖုဿသသည်းခြေ (၄) ဂါထာကို (A) မှစ၍ လက်ယာရစ်ဖြင့် အဝင်အင်း (၄) အင်းအား ဖော်ပြထားပြီး ၎င်းအတွဲ စာ- ၉၀ ၌ ဖုဿသဂါထာကို (A) မှစ၍ လက်ယာရစ် အဝင်အင်း၊ (B) မှစ၍ လက်ဝဲရစ် အထွက်အင်းများဖြင့် အထွက်၊ အဝင် ခွဲ၍ဖော်ပြထားပေသည်။

ဖုဿသ သည်းခြေဂါထာ ဆိုသည်မှာ ဣတိပိသော ဂုဏ်တော်သည်းခြေကဲ့သို့ပင် ၇ လုံးတွင် ၁ လုံး ကောက်၍ (၄) ဆင့်ကွန်ချာ ဖွဲ့ထားသော ဂါထာတော်များ ဖြစ်ပါသည်။

ပုံ (၅) မြင်းသေ မြင်းကိုက်၊ အရှင်၊ (၄) ရွက်စကြာတို့ ဖြစ်၏။ ဗားမဲ့၊ ၃-တွဲ၊ စာ-၆၉ ၌ မာဒဂ်မှော်သွင်းနည်း ဖော်ပြထားသည်။ ဂါထာ (၆) ဂါထာ ပါရှိပြီး အင်းကွက် (၆) ကွက် စီရင်ရသည်။ အင်းကွက်တိုင်း၏အသွားသည်




ယခုဖော်ပြထားသော အသွားအတိုင်း ဖြစ်ပါသည်။ အင်းမှော်၊ ရွှေမှော်၊ ရုပ်တုမှော်၊ ထမင်းမှော် ဆိုသော မှော် (၄) မှော် မှန်ပါက ပီယသိဒ္ဓိအရာမှာ ကမ်းတစ်ဖက်ရောက်မည်ဟု ဖော်ပြ ပါရှိသည်။ အင်းအသွားများကိုသာ ဇောင်းပေးကာ တင်ပြနေသောကြောင့် ထိုမှော်များအကြောင်း အခွင့်သင့်မှရေးပါမည်။ ထို့ပြင် စာ - ၈၁ ၌ ဂါထာ (၁၀) ဂါထာ၊ အင်းကွက် (၁၀) ကွက်၊ ဤအသွားဖြင့်ပင် စီရင်သော ကာယသိဒ္ဓိ၊ မနသိဒ္ဓိအစီအရင်ကိုလည်း ဖော်ပြထားပေသည်။

မျက်မှောက်ခေတ်၌ မကြာသေးမီကာလအတွင်း ဘဝနတ်ထံပျံတော်မူခဲ့သော မဟာဗောဓိတစ်ထောင် ဆရာတော်ဘုရားကြီးသည်လည်း ဤအသွားကိုသုံးခဲ့သည်။ ဆရာတော်ကြီး၏အင်းမှမီးတောက်သည်ကို မြင်တွေ့ခဲ့ကြသူများ သက်ရှိထင်ရှားရှိနေကြသေးသည်။ ဤအကြောင်းကို သူရဿ အတွဲ- (၁၂)၊ အမှတ်- (၇) ၌ ဆရာသုဓေယျက ဖော်ပြခဲ့ပါသည်။

ကျောက်ဆည်တောင်၌ တရားအားထုတ်စဉ် တောင်ပေါ်ရှိ လောကီဆရာနှစ်ဦး၏အနှောင့်အယှက်ကို အင်းပညာဖြင့် ဆုံးမခဲ့မှုများ၊ အခြား အခြားသောဒေသများမှ ရောဂါသည်များကို အင်းဖြင့် ကုသခဲ့ပုံများ ဖော်ပြထားပါသည်။ မဟာဗောဓိတစ်ထောင်ဆရာတော်၏ဂုဏ်ပုဒ်များကို ပို၍ ပြည့်ပြည့်စုံစုံဖြစ်အောင် ဖြည့်စွက် ဖော်ပြထားသော ဆရာသုဓေယျ၏ဆောင်းပါး၌ ဓာတ်ပုံများပါရှိသည်။ ထိုဓာတ်ပုံများထဲတွင် ဆရာတော်၏လက်ရေးမူဖြင့် 'နာညတြ' အင်းကွက် ဓာတ်ပုံတစ်ပုံလည်း ပါသည်။ ထိုအင်းကွက်၏အသွားသည် ပုံ (၅) အတိုင်းဖြစ်သည်ကို တွေ့ရပါမည်။ မဟာဗောဓိတစ်ထောင် ဆရာတော်ကြီးနှင့်တကွ အင်းဖြင့် ပေါက်မြောက်ခဲ့သူ ပုဂ္ဂိုလ်အပေါင်းတို့သည် အမှတ် (၁) အသွားမှလွဲ၍ ကျန်အသွား

လေးမျိုးကို ထုံးလိုခြေ၊ ရေလိုနှောက် သွန်လိုသွန်၊ မှောက်လိုမှောက် ချောက်ချားနိုင်ခဲ့ကြပေမည်။

✿

စကြာပုံဆောင်အသွားများသည် ယခုမှ တွေးတောကြံဆထားသော အသွားများ မဟုတ်၊ နှစ်ပေါင်းများစွာအကြာကပင် တည်ရှိနေခဲ့ကြပြီး ဖြစ်ပါသည်။ တစ်ကွက်တလေ စကြာပုံနှင့်ကံအားလျော်စွာ တူနေကြခြင်း မဟုတ်ဘဲ တမင် ကြိုးပမ်းဖော်ထုတ်ခဲ့ကြခြင်း ဖြစ်ကြောင်း ထင်ရှားစေရန် စကြာပုံဆောင်အင်း (၄) ကွက်အထိ ဖော်ပြလိုက်ပါသည်။ ကျမ်းအမည်၊ စာမျက်နှာနံပါတ်၊ အသုံးပြုထားသော ဂါထာအင်းဆန်များကို ညွှန်ပြလျက် ခိုင်ခိုင်လုံလုံ ဖော်ပြလိုက်ပါ၏။

စာဖတ်သူများအား အသွားများကို ကွက်ကွက်ကွင်းကွင်းသိစေလိုသော စေတနာကြောင့်လည်း အစီအရင်များ မပါ၊ အသုံးနှင့် အကျိုးရလဒ်များ မပါ အသွားမြင်ကွင်းတစ်ခုတည်းကိုသာ သန့်သန့်လေးဖော်ပြပေးလိုက်သည်။ အလွ ရှားပါးနေပြီဖြစ်သော ဗားမဲ့လက်တွေ ကျမ်း လက်ဝယ်မရှိသေးသူများအတွက် လည်း ယခုတစ်ထိုင်တည်းဖြင့်ပင် ဤ အသွားများကို သိသွားနိုင်ပါပြီ။ များစွာ အထောက်အကူ ဖြစ်စေပါလိမ့်မည်။

စက်ဖွဲ့နိုင်သည်ဖြစ်စေ၊ စက်မ နိုင်သည်ဖြစ်စေ အင်းဆန်ဂါထာအာ လုံးအတွက် စကြာပုံဆောင်အသွားမျ သည် ပွဲတိုင်းကျော်များ ဖြစ်ကြသည် အစွမ်းထက်မြက်မှုကိုကား သံသယမ စေလို၊ အပွေးမြင်လျှင် အပင်သိနိုင် သည်။ ယခင်ဆောင်းပါး၌ဖော်ပြခဲ့သေ အသွားနှင့် ယခုအသွားများ ဘာမှမဆို တော့သည်ကိုလည်း စာဖတ်သူမျ တွေ့မြင်လောက်ပါပြီ။

ဗားမဲ့ဆရာတော်ကြီး ချထား သော ပညာထုပ်ထစ်ထုပ်ကို အထ ဖြေကြည့်ရင်း ဆန္ဒအဓိပတိ တပ်လျ တစ်စထက် တစ်စ သိမြင်လာရသေ အသိများကို တစ်ကန့်စီ၊ တစ်က စနစ်တကျ ဆက်လက် ဖော်ပြပေ မည်။ ယခုအထိ စက်အသိသညာ စကြာပုံဆောင်ခြင်း အသိသညာများ ဖော်ထုတ်ခဲ့ပြီးပါပြီ။ စကြာအသွားမျ ကို နောက်ဆောင်းပါး၌ ဖော်ပြပေ မည်။

စာဖတ်သူများကို သဘော



www.burmeseclassic.com

www.burmeseclassic.com

# ရောဂါဝေဒနာပျောက်ရန် ခါတ်ရိုက်နည်း

တြိရန်းနှင့် စတုရန်းကိုဆောင်၊ တ်နှင့် ဆပွတ်ကိုရှောင်၊ ကောင်း င်- တိုင်းမသိ။

၁။ တနင်္ဂနွေသား/သမီး နာဖျားမှု၊ အနာပေါက်မှု-

တြိရန်းအင်္ဂါအခါ၌ စတုရန်း ဗုဒ္ဓ - ဝက်သားစား၊ ပန်းနှင့် ပျောက်စေ ရိုက်ချ။ မွန်းတည့်သည့်အခါ ထို သောပန်းကို တနင်္ဂနွေ၏ ဘုမ္မိ- ောင်အရပ်မှာ စွန့်ပစ်ပါ။ (၃) ရက်ပြု ပါ။ ရောဂါပျောက်၏။

၂။ တနင်္လာသား/သမီး နာဖျားမှု၊ အနာပေါက်မှု-

တြိရန်း ဗုဒ္ဓဟူးအခါတွင် စတုရန်း သပတေးနံ-မြေပဲ သို့မဟုတ် ပေါက် ်စား။ သရက်ရွက်နှင့် ရောဂါများ ောက်စေဟု ဆို၍ (၃) ချက်ရိုက်ချ။ ချက်တီးအချိန် တနင်္လာ ဘုမ္မိအရပ် ထောင့် အနောက်တောင်ထောင့် စွန့်ပစ်ပါ။

၃။ အင်္ဂါသား/သမီး နာဖျားမှု၊ အနာပေါက်မှု-

တြိရန်း ကြာသပတေးအခါမှာ စတုရန်း သောကြာနံ သီးသီး သို့မဟုတ် သီဟိုဠ်စေ့စား။ ထန်းရွက်၊ မနိရွက် ရရာနှင့်ရိုက်ချ။ နေတက် (၃) နာရီမှာ အင်္ဂါ၏ဘုမ္မိ ကြာသပတေးထောင့် အနောက်အရပ်မှာစွန့်ပစ်ပါ။

၄။ ဗုဒ္ဓဟူးသား/သမီး နာဖျားမှု၊ အနာပေါက်မှု-

တြိရန်း သောကြာအခါ၌ စတုရန်း စနေနံ နာနတ်သီး၊ ထန်းသီး ရရာစား။ ညောင်ရွက်နှင့်ရိုက်ချ။ နေထွက်၊ နေဝင်ချိန်မှာ ဗုဒ္ဓဟူး၏ဘုမ္မိအရပ် ရာဟုထောင့် အနောက်မြောက်ဘက်အရပ်မှာ စွန့်ပစ်ပါ။

၅။ ကြာသပတေးသား/သမီး နာဖျားမှု၊ အနာပေါက်မှု-

တြိရန်း စနေအခါမှာ စတုရန်း တနင်္ဂနွေနံ အုန်းသီးစားပြီး ကံ့ကော်ညွန့်နှင့် ရိုက်ချ။ နေတက် (၃) ချက်တီး၌ ကြာသပတေး၏ ဘုမ္မိအရပ် အရှေ့မြောက် တနင်္ဂနွေထောင့်မှာ စွန့်ပစ်ပါ။

၆။ သောကြာနေ့သား/သမီး နာဖျားမှု၊ အနာပေါက်မှု-

တြိရန်း တနင်္ဂနွေအခါမှာ စတုရန်း တနင်္လာနံ ကြံစားပြီး ဆီးခက်နှင့် ရိုက်ချ။ နေမွန်းတည့်ချိန်မှာ အင်္ဂါထောင့် အရှေ့တောင်သို့ စွန့်ပစ်ပါ။

၇။ စနေနေ့သား/သမီးများ နာဖျားမှု၊ အနာပေါက်မှု-

တြိရန်း တနင်္လာအခါ၌ စတုရန်း အင်္ဂါနံ ဆီးသီးစား၍ ဝါးရွက်နှင့်ရိုက်ချပါ။ နေထွက်၊ နေဝင်အချိန်မှာ စနေ၏ ဘုမ္မိအရပ်ဖြစ်သော မြောက်ဘက်သို့ စွန့်ပစ်ပါ။

ခုနစ်နေ့သား/သမီးများ အားလုံး (၃) ချက်စီရိုက်၍ စွန့်ပစ်ပါ၊ ပျောက်၏။ အခက်အလက်များနှင့် ရိုက်သည့်အခါ 'ရောဂါများ ပျောက်စေ' ဟု ပြောရိုက်ပါ။

*(၇) နေ့သားသမီးများ အားလုံး (၉၆) ဖြာရောဂါဝေဒနာ ကင်းစင်ကြပါစေ၊ စိတ်အေးချမ်းသာယာကြပါစေ*

မုဒိတာ(ကျိုက်လတ်)

---

င်ခုပေးလျက် ဆောင်းပါးကို ခဏနား ည်။ အောက်မှာဖော်ပြထားတဲ့ အ (၅) ဆင့်ကို သေသေချာချာ ဖတ် ည့်ပါရန်။

(၃၂)ကွက် နန်းချိုးအင်းမှာပဲ ဆို သင့်အား-

**ဆင့် ၁**

မြင်းသွားဖြင့် အင်းဆန်ဖြည့်ပါဆို လွယ်လွယ်ကူကူဖြည့်လို့ရပါမည်။ င်းကွက်ပြည့်ပြည့်၊ မပြည့်ပြည့် လွတ် ်စွာဖြည့်မည်။

**ဆင့် ၂**

မပြည့်လို့မရဘူး၊ အင်းကွက်ပြည့် အောင်ဖြည့်ပါဟု ဆိုလာလျှင် နည်းနည်း ော့ ဂရုစိုက်လာရပြီ။

**ဆင့် ၃**

အင်းကွက်ပြည့်ရုံနှင့်တော့ မရ ဘူး၊ အစနဲ့အဆုံး ပြန်ပြီး မြင်းသွား အောင်ဖြည့်ဟု ဆိုလာလျှင် ပိုပြီး ော့ အားထုတ်လာရပြီ။

*(မြင်းသေ မြင်းကိုက်၊ ရှင်သန်ခြင်း အစ)*

**ဆင့် ၄**

မြင်းသေမြင်းကိုက် ရတာတော့ ဟုတ်ပါပြီ။ လက်ဝဲရစ်တွေ များလွန်းနေတယ်၊ နည်းအောင်လုပ်ဆိုလျှင် ခေါင်းကုတ်သွားကြမှာ သေချာသည်။

*(လက်ဝဲ-လက်ယာစည်းမျဉ်း)*

**အဆင့် ၅**

လက်ဝဲရစ်တွေ နည်းသွားတာတော့ ဟုတ်ပါပြီ၊ အသွားလေးတွေကို စကြာပုံပေါ်အောင်လုပ်ဟု ဆိုလျှင်တော့ ဘုကြည့် ကြည့်လာမည် ထင်၏။

*(စကြာပုံဆောင် အသိပညာ)*

ပညာအပိုင်းနှင့် သမာဓိအပိုင်းများကို ပေါ်လွင်စေချင်လို့ ဤအဆင့် (၅) ဆင့်ကို ဖော်ပြတာ ဖြစ်ပါ၏။ တစ်ဆင့်ထက်တစ်ဆင့် ပို၍ ပို၍ ပညာအား၊ သမာဓိအားများအား သုံးရ၏။ အဆင့် (၅) သို့ရောက်သောအခါ သင်ဖော်ထုတ်လိုက်သော အင်းကွက်သည် အင်းကောင်းတစ်ကွက်၏ဂုဏ်အင်္ဂါ (၃)ချက်ပြည့်စုံနေပြီး ဖြစ်ပါလိမ့်မည်။

ထို့အပြင် သင်ဖော်ထုတ်မိသော အင်းကွက်သည် ဗားမဲ့ကျမ်းလာ စကြာပုံဆောင်အင်းကွက် (၄)ကွက်ထဲမှ တစ်ခုခုသာ ဖြစ်နေလိမ့်မည်၊ အသစ်မဟုတ်တော့။ သင် အသစ်တွေ့ရှိသည်ဟု ယူဆလျှင် သင့်အင်းကွက်ကို (၉၀) ဒီဂရီ လှည့်ကြည့် သို့မဟုတ် မှန်ထောင်ကြည့်၊ ဗားမဲ့ကျမ်းထွက် အင်းကွက် (၄)ကွက်မှ လွတ်ရဲ့လားလို့။ ဗားမဲ့ဆရာတော်သည် ပညာရပ်၏အနှစ်သာရများကို စုံစုံစေ့စေ့ ချန်ထားခဲ့ပါသည်။ ထိုက်သူများ ရကြပါမည်။

ထိုမှတစ်ဆင့်တက်ပြီး. . .

**အဆင့် ၆**

စကြာပုံပေါ်တာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် စကြာရဲ့အနှစ်သာရ မပေါ်လွင်သေး။ စကြာတစ်ခု၏အနှစ်သာရ အပြည့်အဝပါသော အင်းကွက်တစ်ခု တည်ဆောက်ပါဟု ဆိုလာလျှင် ဖြစ်နိုင်ပါ့မလားဟု မတွေးကြစေလို။ ဖြစ်နိုင်ရုံမျှသာမက ရှိကိုရှိနေတာ ဖြစ်၏။ ဗားမဲ့ကျမ်းထဲမှာပဲ ရှိနေ၏။ ထိုအင်းကွက်နှင့် နောက်လာမည့်ဆောင်းပါး၌ ဆုံကြစို့။

*စာဖတ်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် တစ်လုံးတစ်ဝတည်း ထာဝရ ပြည့်စုံနိုင်ကြပါစေ။*

အနန္တငါးပါးနှင့်တကွ အင်းပညာရှင်တို့၏ဖခင်ကြီး ဗားမဲ့ဆရာတော်အား ဦးထိပ်ထားလျက်

ဆရာစော(အင်းတစ်ထောင်)



www.burmeseclassic.com

www.burmeseclassic.com

ဟန်မြင့်မိုရ်ရွာသို့ အရောင်းအဝယ်ကိစ္စနှင့်ကတော့ မကြာခဏရောက်ရှိနေကျ ဖြစ်သည်။ အသင့်ခုတ်ပြီး ငှက်ပျောများဝယ်ရန် ရောက်ခဲ့ဖူးခြင်း ဖြစ်သည်။ ယခုတစ်ခေါက်က အရေးပေါ် ငှက်ပျောဖီးများ လိုအပ်၍ ရောက်ရှိခဲ့ခြင်း ဖြစ်သည်။

ငှက်ပျောခုတ်အလုပ်သမား အဆင်သင့်မရှိသည့်အတွက် ကိုယ်တိုင်ပင် ငှက်ပျောခုတ်ယူရန် ငှက်ပျောခြံသို့ အဖော်ဖြစ်သူ တာတီးနှင့်အတူ ရောက်ရှိလာရခြင်း ဖြစ်သည်။

ငှက်ပျောခြံထဲရောက်လာသည်နှင့် တာတီးနှင့် တစ်ယောက် တစ်ခြံ ခုတ်ရန် လူခွဲလိုက်သည်။ ခြံထဲ စ၍ ရောက်ရောက်ချင်း နယ်စောင့်နတ် ပယ်စောင့်နတ်၊ ခြံစောင့်နတ်နှင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်များအား မေတ္တာ ပို့ အမျှပေးဝေလိုက်သည်။


မြတ်စွာဘုရားနှင့် ကျေးဇူးရှင် ရွှေပေါ်ကျွန်း စေတော်ဝင်ကျောင်းမှ ဆရာတော်ဘုရားကြီးအား အာရုံစူးစိုက် ဖူးမြော်ကြည်ညို၍ မိမိခန္ဓာကိုယ်အား လှူဒါန်းလိုက်သည်။ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းစေရန် ကူညီစောင့်ရှောက်ပေးပါဟု ဆရာတော်ဘုရားကြီးအား စိတ်မနှောဖြင့် လျှောက်ထားလိုက်ပါသည်။ မျက်စိမှိတ်၍ အာရုံပြုနေစဉ်မှာ ကိုဝိတာ၏အာရုံထဲတွင် သွေးသံရဲရဲ့တို့အား မြင်တွေ့လိုက်ရသည်။

ကိုဝိတာ ဘုရားတ,လိုက်မိသည်။ မျက်စိနှစ်လုံးအား အမြန်ဖွင့်၍ 'ဆရာတော်ဘုရား ကယ်တော်မူပါ။ ဘုရားတပည့်တော်နှင့်တကွ (၇) ရက်သားသမီးအပေါင်း ဘေးရန်ခပ်သိမ်း ကင်းငြိမ်းရပါစေ၊ ရောဂါခပ်သိမ်း ကင်းငြိမ်းရပါစေ' ဟု အသံထွက်၍ ဆုတောင်းမိလိုက်သည်။

တစ်စုံတစ်ရာဖြစ်မည့် အတိတ်နိမိတ် ဆိုသည်ကိုတော့ ကိုဝိတာ သိသည်။ မည်သူမည်ဝါ မည်ကဲ့သို့ ဖြစ်မည်ကိုတော့ ကိုဝိတာ အတိအကျ မသိ။

ကိုဝိတာက ရေငံရွာသားတစ်ယောက် ဖြစ်သည်။ (၆) နှစ်သားအရွယ်ကတည်းက ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီး၏ စေတော်ဝင်ကျောင်းတွင် ကျောင်းနေခဲ့သူ ဖြစ်သည်။ ဆရာတော်ကြီး၏လက်ရင်းတပည့်ပင် ဖြစ်၏။ ဝိတာ ဆိုသည့်နာမည်ကို ဆရာတော်ကြီး ကိုယ်တိုင် မှည့်ခေါ်ခဲ့ခြင်း ဖြစ်သည်။

ရှင်သာမဏေဝတ်စဉ်ကတည်းက ဆရာတော်ဘုရားကြီး၏ စရဏကျင့်စဉ်များအားပြုလုပ်ခဲ့သူ ဖြစ်၏။ ထို့ကြောင့်ပင် ထင်ပါ၏။ အတိတ်နိမိတ်ကို ရိုးတိုးရိပ်တိပ်တော့ ကြိုတင်မြင်နေတတ်၏။



ကိုဝိတာက မေတ္တာသုတ် ပရိတ်တော်အား ရွတ်ဖတ်လိုက်သည်။ ဘာလုပ်သင့်သလဲဟု စဉ်းစားလိုက်သည်။ တစ်ဖက်ငှက်ပျောခြံထဲရောက်နေသည့် တာတီးအား လှမ်း၍ခေါ်လိုက်သည်။

"တာတီးရေ ဟေ့- တာတီး. . ဒီဘက် ခဏလာခဲ့ပါဦးကွာ"

"ဟေ- လာပြီ လာပြီ ဝိတာရေ ဘာဖြစ်လို့လဲဟ"

"ဘာမှမဖြစ်ပါဘူး၊ ဖြည်းဖြည်းသက်သာလာပါ။ ခြေခင်းလက်ခင်းကြည့်ပြီးလာဟေ့၊ ပြောစရာရှိလို့ ခေါ်တာပါ"

"အေးအေး- လာပြီ၊ လာပြီ"

တာတီးက ငှက်ပျောခုတ်ဓားကို ကိုင်လျက် အမောတကော ရောက်လာသည်။

"ဘာဖြစ်လို့လဲ ဝိတာ၊ ငှက်ပျော မကြိုက်လို့လား"

"မဟုတ်ပါဘူးကွာ၊ ငါ့မျက်စိထဲမှာ သွေးသံရဲရဲတွေ မြင်နေလို့ကွ။ အဲဒီတော့ တို့နှစ်ယောက် ငှက်ပျောခုတ်မနေနဲ့တော့ကွာ၊ ရွာပြန်ရအောင်။ ငှက်ပျောခြံပိုင်ရှင်ကိုပြောပြီး အလုပ်သမားရှ[ာ]အောင် ရှာခိုင်းပြီး ရတဲ့နေ့မှ ပို့ပေးခိုင်းမယ်"

"မင်းသဘောပါဗျာ၊ စိတ်လေးနေရင် ပြန်ကြတာပေါ့"

ကိုဝိတာနှင့် တာတီး တိုင်ပင်ပြီး သဘောတူ ရွာပြန်ခဲ့ကြသည်။ ဟန်မြင့်မိုရ်နှင့် ရွှေပေါ်ကျွန်းမှာ ကားအသွားအလာပေါ်များသည်။ ထို့ကြောင့် ချက်ချင်း ပြန်ခဲ့ကြသည်။

ရွှေပေါ်ကျွန်း စေတော်ဝင်ကျောင်းရှိ ကိုဝိတာ၏ ငှက်ပျောဆိုင် ရောက်သည်နှင့် သားဖြစ်သူ ကျော်[...] ကျော်စိုး၏မေးတွင် ပတ်တီးအ[...] သားနှင့် မြင်တွေ့လိုက်ရသည်။

ကျော်ကျော်စိုးမှာ (၃) နှစ်[...] သာ ရှိသေးသည်။ ကိုဝိတာနှင့်မ[...] မြိုင်တို့၏ တစ်ဦးတည်းသောသား [...] သည်။ ဈေးတန်းတစ်တန်းလုံးက ချ[...] ကြသည်။ ကျော်ကျော်စိုးက စကားတ[...] သည်။ ချစ်ခင်အောင် ပြောတတ်သ[...] အားလုံးက အလိုလိုက်ထားသည်[...] တွက် ဆော့တော့ အတော်ဆော့သ[...]

ယခုလည်း ပက်လက်ကုလား[...] နောက်မှတက်လိုက်သဖြင့် ကုလား[...] ဒေါက်ပြုတ်ပြီး မေးစေ့အား ရိုက်[...]



www.burmeseclassic.com

သည်။ ဒဏ်ရာက မပြင်းထန်သော်လည်း (၂) ချက်ချုပ်လိုက်ရသည်။ ကိုဝါတာက သားငယ်အား ရင်ခွင်ထဲထည့်၍ တော်ပါသေးရဲ့ဟု ဖြေသိမ့်ခဲ့ရသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ဆရာတော်ဘုရားကြီးခေါ်သဖြင့် ကိုဝါတာနှင့် မကြင်မြိုင် အမြန်သွားကြရသည်။

"မင်းတို့နှစ်ယောက် ခါတ်ပေါင်း

(မြင်းခြံ)
# ဝင်းထွန်းအောင်





www.burmeseclassic.com

www.burmeseclassic.com

စေတီမှာ အဓိဋ္ဌာန်ဝင်ရမယ်။ (၉) ရက် တိတိ မပျက်မကွက် အချိန်မှန်ပြုလုပ်ရမယ်။ ဘယ်လိုအကြောင်းနဲ့မှပျက်ကွက်လို့မရဘူးနော်။ နံနက် (၄)နာရီမှာ ဂုဏ်တော်ကိုးပါး ပုတီး (၉) ပတ်စိပ်ပါ။ ဝေနေယျသတ္တဝါတွေကို မေတ္တာပို့ အမျှပေးဝေပါ။ ကဲ- သွားကြတော့"

ထူးတော့ ထူးသည်၊ ဆရာတော်ဘုရားကြီးမှာ မည်သည့်အခါကမျှ (၂) ယောက်တည်း သီးသန့် အဓိဋ္ဌာန်မဝင်ခိုင်းဘူးခဲ့။ ထို့ကြောင့် ကိုဝါတာနှင့် မကြင်မြိုင် အဓိဋ္ဌာန်ဝင်ခဲ့ကြသည်။

အဓိဋ္ဌာန်ဝင်၍ (၅) ရက်မြောက်နေ့ခင်းပိုင်းတွင် ကျော်ကျော်စိုး အနာဝင်ပြီး အပြင်းဖျားတော့သည်။ ကျန်းမာရေးဆေးပေးခန်းသို့ ရောက်ရှိချိန်တွင် ကျော်ကျော်စိုး ပါးစပ်ဟ၍ မရတော့။ သူနာပြုဆရာမမှာ အစွမ်းကုန် ကြိုးစား၍ကုသသည်။ ဆေးရုံပို့ရန် စီစဉ်နေစဉ် ကျော်ကျော်စိုး ဆုံးပါးသွားရှာလေတော့သည်။

ကိုဝါတာနှင့်မကြင်မြိုင် မယ်ပင္လာမြေလူး၊ အရှူးအမူး ပူဆွေးသောကခံစားရရှာသည်။ မကြင်မြိုင်က ဆရာတော်ဘုရားကြီးထံ ငို၍ ဖွင့်အတင်းလျှောက်ထားတော့သည်။

"ဆရာတော်ဘုရား၊ တပည့်တော်မတို့ကို ကယ်ပါဦးဘုရား။ တပည့်တော်မသားလေး အသက်ပြန်ရှင်အောင် လုပ်ပေးပါဦးဘုရား။ သားလေးကို တပည့်တော်မတို့နဲ့ အတူနေနိုင်အောင် လုပ်ပေးပါဦး ဘုရား"

"ဟုတ်ပါတယ် ဘုရား၊ တပည့်တော်တို့ကို ကယ်ပါဦးဘုရား"

"အေးအေး - မင်းတို့သားလေး မင်းတို့နဲ့အတူနေချင်တယ်ဆို အဓိဋ္ဌာန်မပျက်စေနဲ့၊ ဆက်ပြီးမပျက်မကွက်လုပ်ကြ။ (၃၁) ဘုံ ဝေနေယျသတ္တဝါတွေကို မေတ္တာပို့၊ အမျှပေးဝေပြီး မင်းတို့လိုရာဆုကို တောင်းကြ။ ကဲကဲ- ပြန်ကြ၊ ပြန်ကြ"

ဆရာတော်ဘုရားမှ တိတိုအမိန့်ရှိပြီး အတွင်းခန်း ဝင်သွားသဖြင့် ပြန်ခဲ့ကြရသည်။ ဆရာတော်အမိန့်ရှိသည့်အတိုင်း အဓိဋ္ဌာန်ပြီးဆုံးအောင်အထိ ဝင်ခဲ့ကြသည်။ ဆရာတော်က အဓိဋ္ဌာန်အမျိုးမျိုး ဆက်၍ ဆက်၍ ခိုင်းသည်။ ကိုဝါတာနှင့်မကြင်မြိုင်ကလည်း မညည်းမညူ ဆက်၍ လုပ်ခဲ့ကြပါတော့သည်။

❂

ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာလျှင်မေ့ ဆိုသည့်အတိုင်း ကိုဝါတာနှင့်မကြင်မြိုင်တို့ ကျော်ကျော်စိုးလေးအား မေ့ပျောက်ခဲ့ကြပြီဖြစ်သည်။ အရောင်းအဝယ်တစ်ဖက်၊ ဆရာတော်၏ ကျင့်စဉ်များ ဆက်တိုက်ခိုင်းစေမှုကြောင့် မေ့ကြခြင်းပင် ဖြစ်ပေသည်။

ပြန်လည်၍ သတိရစရာကြုံလာရသည်မှာ ကိုဝါတာနှင့် မကြင်မြိုင်တို့တွင် ဒုတိယသားလေး မွေးဖွားချိန်မှာဖြစ်သည်။ ကျော်ကျော်စိုးလေးများ ဖြစ်လေမလားဟု ပြောဆိုမိခဲ့ကြသည်။

ဒုတိယသားလေး အမည်အား မင်းမင်းဟု ပေးခဲ့ကြသည်။ မင်းမင်း (၃) နှစ်သားခန့်တွင် စကားကြွယ်ကြွယ်ပြောတတ်ပြီ ဖြစ်သည်။

မိုးဖွဲဖွဲလေး ရွာနေသည့် နေ့တစ်နေ့၊ မိုးဖွဲဖွဲကျနေသဖြင့် ဈေးအရောင်းအဝယ် ပါးနေသည်။ မကြင်မြိုင်က မင်းမင်းလေးနှင့်စကားပြောနေသည်။ ကိုဝါတာက မင်းမင်းအား လှမ်းခေါ်လိုက်သည်။

"မင်းမင်းရေ- ဒီလာပါဦးကွ"

"အဖေကလည်း သားသားကို မင်းမင်းလို့ မခေါ်ပါနဲ့"

"ဟ- ငါ့သားနာမည်က မင်းမင်းပဲ၊ မင်းမင်းလို့ခေါ်ရမှာပေါ့"

"သားနာမည်က မင်းမင်း မဟုတ်ပါဘူး"

"ဟေ- ဒါဖြင့် ဘယ်သူလဲကွာ"

"ကျော်ကျော်စိုးပါ"

"ဩော်- အဲဒါက သားသားအစ်ကိုကွ။ ဟ-နေပါဦး၊ ဘယ်လို ဘယ်လို"

"သားနာမည်က ကျော်ကျော်စိုးလေ"

"ဟင်- ကြင်မြိုင်ရေ၊ မင်းမင်းက သူ့ကိုယ်သူ ကျော်ကျော်စိုးလို့ ပြောနေတယ်"

"ကျုပ်တို့က သားကျော်ကျော်စိုးအကြောင်းပြောတာ ကြားနေလို့ ပြောတာနေမှာပေါ့"

"မဟုတ်ဘူး၊ သားနာမည်က ကျော်ကျော်စိုး။ အခုမှ မင်းမင်း ဖြစ်သွားတာ"

"ဟေ- ဒါဆိုရင် ကျော်ကျော်စိုး ဝင်စားတာများလား။ မေးစမ်း မေးစမ်း ကြင်မြိုင်"

"သားက ကျော်ကျော်စိုးဆိုရင် ဘာတွေမှတ်မိလဲပြောစမ်းပါဦး"

"အဖေ မရှိတုန်း သားက ဟိုကုလားထိုင်နဲ့ခိုက်မိလို့ မေးကွဲသွားတာလေ"

"အေး ဟုတ်သဟ။ ကဲ- ပြောပါဦး၊ ဘာတွေ မှတ်မိသေးလဲ"

"အဲ. . ."

မင်းမင်းက မေးကလေးပေါ်သို့ လက်ညှိုးထောက်၍ စဉ်းစားနေသည်။ ပြီးမှ-

"သားသား မာဃကျောင်းပြတင်းပေါက်က လိမ့်ကျတော့ အောက်က ဦးဗလကြီး ဖမ်းထားတာလေ"

"အေး- ဟုတ်သဟေ့။ ငါ့သား ကျော်ကျော်စိုးက ငါ့သား မင်းမင်းဝင်စားတယ်ကွ။ သူ့ပစ္စည်းတွေယူပြီး ဆရာတော်ဆီ လိုက်ခဲ့ ကြင်မြိုင်ရေ၊ မင်းမင်းကို ဆရာတော်ဆီ ခေါ်သွားပြီဟေ့"

ကိုဝါတာက ဝမ်းသာအားရနှင့် မင်းမင်းအား ပွေ့ချီ၍ ဆရာတော်၏ ကျောင်းသို့ ပြေးလေသည်။ မကြင်မြိုင်က ကျော်ကျော်စိုး၏အဝတ်စားများယူ၍ နောက်မှလိုက်သွားသည်။

မင်းမင်းက အားလုံး ရွေးချယ်ပြသနိုင်ခဲ့သည်။ သူ ဘဝဟောင်းက စကားစရာအရုပ်များကိုပင် ပြောပြနိုင်ခဲ့သည်။ ထို့ကြောင့် ဆရာတော်က-

"အေးအေး- မင်းတို့ဖြစ်စေချင်တဲ့ ဆန္ဒ ပြည့်ပြီမဟုတ်လား။ ကြင်မြိုင်၊ နင့်သား နင့်ဆီ ပြန်ရောက်ပြီနော်။ အဲဒီတော့ ဒီနေ့ကစပြီး မင်းမင်းစိုးလို့ ခေါ်ကြပေတော့"

ကိုဝါတာနှင့် မကြင်မြိုင်မှာ ပီတိများ ဖုံးလွှမ်း၍ အပျော်ကြီးပျော်ကြရ လေတော့သည်။

❂

လူ့လောကကြီးတွင် ထူးခြားဆန်းကြယ်သော တကယ့်ဖြစ်ရပ်ဆန်းများ စိတ်ကူးယဉ် စာရေးဆရာများ ဖန်တီးသော ဇာတ်လမ်း၊ ဇာတ်ကွက်များထက်ပင် ပို၍ ထူးခြား ဆန်းကြယ်တတ်သည်ကို လူအများ လက်ခံလာကြပြီ ဖြစ်သည်။

ကိုဝါတာနှင့် မကြင်မြိုင်တို့၏သား ကျော်ကျော်စိုး မိခင်၊ ဖခင်အရင်းများထံ ပြန်၍ လူဝင်စားဖြစ်ခဲ့သည်ကို ဆန်းကြယ်သည်ဟု ထင်မြင်ယူဆနိုင်ဖွယ်ရှိသည်။

ရွှေပေါ်ကျွန်း ဆရာတော်ဘုရားကြီး၏ စေတနာ၊ မေတ္တာအရင်းခံ၍ မေတ္တာပို့ခြင်း၊ အမျှဝေခြင်းကို ကိုဝါတာနှင့် မကြင်မြိုင်တို့ကိုယ်တိုင် ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီးလမ်းညွှန်စေခိုင်းသည့်အတိုင်း အတိအကျ လိုက်နာဆောင်ရွက် ဆုတောင်း မေတ္တာပို့သမှုများကြောင့် ဆန္ဒပြည့်ဝသည်ဟု စွဲမြဲစွာ မှတ်ယူခဲ့ကြသည်၊ ယုံကြည်ခဲ့ကြသည်။

ထို့ကြောင့် ဆရာတော်ဘုရားကြီးကို ပိုမို ကြည်ညိုကိုင်းရှိုင်းကြပြီး ဆရာတော်၏ကျင့်စဉ်များနှင့် ဆရာတော်၏ လမ်းညွှန်စေခိုင်းမှုများအား ပိုမိုအလေးအား လုပ်ကိုင်ခဲ့ကြသည်။

ရွှေပေါ်ကျွန်း စေတော်ဝင် ကျောင်းကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပေါင်းပွဲသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်သည်၊ မြန်မာပြည်ရှိ နယ်နယ်အရပ်ရပ်မှ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၏ တပည့်သာဝကများ အထူးစုဝေးလာရောက်ကြသည့်ပွဲတော်ကြီး ဖြစ်၏။ မြိမ့်မြိမ့်သဲ စည်ကားသိုက်မြိုက်စွာ ကျင်းပသော ကျင်းပမြဲ ပွဲတော်ကြီးတွင် ကိုဝိတာနှင့် မကြင်မြိုင်တို့ အုန်း၊ ငှက်ပျော အရောင်းရဆုံးအချိန်ပင် ဖြစ်သည်။

ကိုဝိတာ၏ဆွေမျိုးသားချင်း (၄)၊ (၅) ယောက်ခန့် ကူညီရောင်းချကြရသည်၊ ဈေးဝယ်များရှုပ်ထွေးနေစဉ် (၃) နှစ်အရွယ် ကလေးတစ်ယောက် ဆိုင်ထဲ ပြေးဝင်လာသည်။

"အဖေ၊ အမေ"

ကလေးက ကိုဝိတာ၏လက်ဆွဲ၍ 'အဖေ' ဟု ခေါ်ပြီး မကြင်မြိုင်အား 'အမေ' ဟုခေါ်၍ ပြေးဖက်လိုက်သည်။

"ဟ- ကလေး လူမှားနေပြီ၊ မိဘတွေနဲ့ကွဲလာတဲ့ ကလေးလား မသိဘူး"

"အမေ ကျုပ်ပါဗျ၊ အဖေ ကျုပ်ကျော်ကျော်စိုးလေ"

"ဟေ"

"ဟောတော်- မင်းက ကျော်ကျော်စိုး ဟုတ်လား"

"ဟုတ်တယ်လေ အမေရဲ့ ကျုပ်က အမေ့သားပါ"

"ဟာ- ဘယ်လိုလဲဟ ကြင်မြိုင်"

"ဟဲ့သား ဘိုဘို။ ဟို. . . ဟိုလေ၊ တော်တို့က ကိုဝိတာနဲ့မကြင်မြိုင်ဆိုတာလား"

"ဟုတ်ပါတယ်။ ဒါနဲ့ ခင်ဗျားက. ."

"ကျုပ်က ရေနံ့သာရွာကပါတော်၊ ဒီက ကျုပ်သားလေး ဘိုဘိုပါ။ သူ စကားပြောတတ်ကတည်းက ရွှေပေါ်ကျွန်းရွာက ကျော်ကျော်စိုး ဝင်စားတာလို့ပြောပြီး သူ့အမေ အဖေတွေက ကိုဝိတာနဲ့ မကြင်မြိုင်လို့ ပြောပါတယ်"

"ဟာ- ဟုတ်လား။ ကြင်မြိုင်ရေ ဘယ်လိုလဲဟ"

"ဟုတ်ပါရဲ့တော်၊ အံ့သြပါရဲ့။ ကျုပ်တို့သား ကျော်ကျော်စိုးက ဟောတိုက ကျုပ်သား မင်းမင်းစိုး ဝင်စားပြီး နေပြီတော့"

"ဟောတော်- ဒုက္ခပါပဲ၊ ကျုပ်သားဘိုဘိုကလည်း သူ့ကိုယ်သူ ကျော်ကျော်စိုးလို့ ပြောပါတယ်။ ကျုပ် မညာပါဘူးတော်၊ ဒီရွာလည်း မရောက်ဖူးပါဘူး။ တော်တို့ ဒီရွာမှာရှိတာလည်း မသိပါဘူး။ ယုံပါ"

"ဟာ- မဟုတ်ပါဘူး။ ကျုပ်တို့က ခင်ဗျားကို လိမ်တယ်၊ ညာတယ်မပြောပါဘူး။ ဒါနဲ့ ဒီကသားလေးကို မေးပါရစေ၊ ကျော်ကျော်စိုးက ဘာလို့သေခဲ့ရတာလဲကွ"

"အဖေမရှိတုန်း ဟိုပက်လက်တုလားထိုင်ရဲ့နောက်ကနေ တက်ပြီးဆော့လို့ မေးကွဲသွားတယ်လေ။ အဲဒါ ဖျားပြီး သေရတာလေ။ အဖေက ကျုပ်ကို ပွေ့ပြီး တော်ပါသေးရဲ့လို့တောင် ပြောသေးတယ်လေ"

"ဟာ- ဟုတ်လိုက်လေကွာ။ ကြင်မြိုင်ရေ ဆိုင်ကိုထားခဲ့တော့ဟေ့။ ဆရာတော်ဆီသွားပြီး လျှောက်ကြရအောင်။ ဟေဟေ့- တို့တော့ ကျော်ကျော်စိုးတစ်ယောက်ဆုံးတာ. ကျော်ကျော်စိုး နှစ်ယောက်ပြန်ရပြီ ထင်တယ်ဟေ့။ သူ့အဝတ်အစားဟောင်းတွေနဲ့ ကစားစရာတွေယူခဲ့ဟေ့"

ကိုဝိတာမှာ အံ့သြခြင်း၊ ဝမ်းသာခြင်းများနှင့်အတူ ကလေးနှစ်ယောက်အား လက်ဆွဲလျက် ဆရာတော်ထံသို့ အပြေးသွားလေတော့သည်။ ကိုဝိတာတို့အတွက် မဆုံးဖြတ်နိုင်သောကိစ္စမှာ ဆရာတော်သာလျှင် ဖြေရှင်းပေးနိုင်မည်ကိုသိသည်။ ကိုဝိတာတို့အတွက် ဆရာတော်သာလျှင် အားကိုးအားထားရာ၊ ဆရာတော်သာလျှင် ကိုးကွယ်ကြည်ညိုရာ မဟုတ်ပါလား။

ဆရာတော်ထံရောက်ရှိသည့်အခါ ဘိုဘိုက မာဃကျောင်းပေါ် မှလိမ့်ကျခဲ့ပုံ၊ ဦးဗလမှကယ်တင်ခဲ့ပုံနှင့် သူ၏အဝတ်အစားများ၊ ကစားစရာကိုပါ ရွေးချယ် ပြသနိုင်ခဲ့ပြန်သည်။ ပတ်ဝန်းကျင်ဆိုင်နီးနားချင်းများ၏ နာမည်များကိုလည်း ပြောပြနိုင်ခဲ့လေသည်။

ထိုအချိန်မှ ဆရာတော်ဘုရားကြီးက ကိုဝိတာအား စတင်မေးမြန်းတော့သည်။

"ကဲကဲ- ဝိတာ၊ မင်းရဲ့သားကျော်ကျော်စိုး ကွယ်လွန်ပြီးစက ဓာတ်ပေါင်းစေတီအမိဋ္ဌာန်ဝင်ရင်း ကျော်ကျော်စိုးအတွက် ဘယ်လိုဆုတောင်းခဲ့သလဲ ဆိုတာ သေသေချာချာ စဉ်းစားပြီး ပြောစမ်းကွာ"

"ဘုရားတပည့်တော်၏သား ကျော်ကျော်စိုး လူ့ဘဝ အမြန်ပြန်ရောက်ပြီး ဘုရားတပည့်တော်တို့နှင့် အမြန်ပြန်တွေ့ဆုံရပါလို၏လို့ ဆုတောင်းခဲ့ပါတယ် ဘုရား"

"ကဲ - မကြင်မြိုင်ကကော ဘယ်လိုဆုတောင်းပြီး ဘယ်လိုအဓိဋ္ဌာန်ခဲ့သလဲ၊ သေချာစဉ်းစားပြီး ပြောပြစမ်း"

"ဘုရား တပည့်တော်မ၏သား ကျော်ကျော်စိုး၊ ဘုရားတပည့်တော်၏ ရင်ခွင်မှာ အမြန်ပြန်၍ ရောက်ရှိပါရစေလို့ ဆုတောင်းခဲ့ပါတယ် ဘုရား"

ဆရာတော်ဘုရားကြီးက ကိုဝိတာနှင့် မကြင်မြိုင်တို့၏ ဆုတောင်းစကားအား အသေအချာနားထောင်ပြီး ပရိသတ်ကိုကြည့်လိုက်သည်။ ပရိသတ်မှာ မျှော်ရုံအပြည့်နီးပါးရှိနေသဖြင့်-

"ကဲကဲ- ဒကာ၊ ဒကာမအားလုံး သေသေချာချာ နားထောင်ကြပါ။ အခုလိုကြုံကြိုက်တုန်းမှာ အားလုံး ဒကာ၊ ဒကာမတွေ သိရှိအောင် ပြောပြချင်ပါတယ်။ ဒကာ မောင်ဝိတာနဲ့ ဒကာမ မကြင်မြိုင်တို့ရဲ့ အဖြစ်အပျက် အစကနေ ပြောပြပါ့မယ်။ မောင်ဝိတာနဲ့မကြင်မြိုင်တို့ တွေ့ကြုံရမယ့် ပူဆွေးသောကတွေရဲ့နိမိတ်တွေကို ကြိုတင်တားဆီးဖို့ သူတို့နှစ်ယောက်တည်း သီးသန့် အလုပ်စခန်းလုပ်စေခဲ့တယ်။ ဒီနေရာမှာ ပြောချင်တာတစ်ခုကတော့ မရဏဆိုတဲ့ သေခြင်းတရားကိုတော့ တို့ရဲ့ မြတ်စွာဘုရားတောင်မှ မတားဆီး၊ မရှောင်လွှဲနိုင်တာကို ဂရုပြုကြပါ။ ဒါကြောင့် ကျော်ကျော်စိုးရဲ့မရဏဘေးကို မတားဆီးနိုင်ခဲ့ဘူး။ ပူဆွေးသောက လောင်မြိုက်ရတော့မယ့် မိဘနှစ်ပါးကို ကြိုတင်ပြီး တရားရေအေး တိုက်ကျွေးပေးခဲ့တာပေါ့။ ပူဆွေးသောကကို ဖြေသိမ့်နိုင်အောင် အဓိဋ္ဌာန်မပျက် ဆက်ပြီးဆောင်ရွက်ဖို့ အမိန့်ဆန်ဆန် ပြောခဲ့၊ခိုင်းခဲ့တာပေါ့။ ဒါနဲ့ ကျော်ကျော်စိုး ကွယ်လွန်ခဲ့ပြီး သူတို့မိဘနှစ်ပါးဖြစ်စေချင်တဲ့ဆန္ဒကို ဖွင့်ဟ ဆုတောင်းခဲ့ကြတာ ကြားတဲ့အတိုင်းပါပဲ။ ဒကာ မောင်ဝိတာက သူ့သား လူ့ဘဝ ရောက်ပြီး သူတို့နဲ့ ပြန်ပြီး ဆုံတွေ့ပါရစေလို့ပဲ ဆုတောင်းခဲ့တယ်။ ဒါကြောင့်



www.burmeseclassic.com


www.burmeseclassic.com

# ဆေးပေါင်းဆီပြုလုပ်နည်း

## နတ်မောက်မင်းချစ်နော်

ပညာရပ်တစ်ခုသည် သေးငယ်မဟူ မသိလျှင် အလွန်ခက်ပါသည်။ ခတ်ရာ တခြား၊ ရှုရာ တခြား ဖြစ်တတ်ပါသည်။ 'ဆရာ မပြ နည်းမကျ' ဆိုသလို သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဟူသည် လိုအပ်မြဲ ဖြစ်ပါသည်။

လွန်ခဲ့သော (၁၅) နှစ်ခန့်က ကျွန်တော်ရရှိခဲ့သောပညာရပ်တစ်ခုဖြစ်သည့် ဆေးပေါင်းဆီပြုလုပ်နည်းကို တင်ပြလိုပါသည်။




ကျွန်တော့်ဇာတိ ရွှေပုံရွာတွင် မြန်မာဆေးဆရာကြီး ဦးညိုထွန်း ရှိပါသည်။ ဦးညိုလူ ဆိုသော ဆရာကြီးတစ်ယောက်လည်းရှိရာ 'ထွန်းညိုလား၊ လူညိုလား' ဟု ခွဲခြားပြောရာမှ ဦးထွန်းညို၊

ဒီကနေ့ရောက်ရှိလာတဲ့ မောင်ဘိုဘို ဖြစ်လာခဲ့တာပေါ့။ ပြီးတော့ မိခင်ရင်း မကြင်မြိုင်က သူ့သား သူ့ရဲ့ရင်ခွင်ထဲ အမြန်ပြန်ရောက်ရှိရပါလို၏လို့ ဆုတောင်းတဲ့အတွက် သူ့ဆုတောင်းပြည့်ဖို့ မင်းမင်းစိုးအဖြစ်နဲ့ ရောက်ရှိလာခဲ့တာပဲ ဖြစ်တယ်။ အဲဒီတော့ တို့ဒကာ၊ ဒကာမတွေ ဘာဝနာတွေပွားပြီး တီတီကျကျ မှန်မှန်ကန်ကန်ပြုလုပ်ခဲ့တဲ့ ကုသိုလ်ဒါနတွေနဲ့ တကယ့်ကိုစစ်မှန်တဲ့ မေတ္တာတရား ရှေ့ထားပြီး မေတ္တာပို့၊ အမျှဝေ၊ ဆုတောင်းရင် ဆုတောင်းချက်တွေ ပြည့်ဝတယ်ဆိုတာ သိရှိစေချင်တယ်။ သေသေချာချာ မှတ်သားထားကြပါလို့ ပြောချင်တယ်။

တစ်ဆက်တည်း ပြောချင်တာက တော့ ဆုတောင်းမှားတတ်ကြတာတွေပဲ ဖြစ်တယ်။ အချို့ အချို့သော ဒကာ၊ ဒကာမတွေဟာ ရှေးဘဝရေစက်တွေကြောင့် ယခုလက်ရှိဘဝမှာ အကြင်လင်မယားအဖြစ် ပေါင်းသင်းကြရတယ်။ တစ်ယောက်နဲ့တစ်ယောက် ကိလေသာကာမစိတ်တွေနဲ့ အစွဲလမ်းကြီးစွဲလမ်းပြီး မခွဲနိုင်မခွာရက် ချစ်ခင်စုံမက်ကြတယ်။ ဘယ်လောက်အထိ ကိလေသာ မကုန်ခန်းသလဲဆိုရင် နောင်ဘဝဆက်တိုင်း ဆက်တိုင်း ငှက်ဖြစ်ရင်လည်း တစ်ကိုင်း

တည်းနား၍၊ ဆင်ဖြစ်လျှင်လည်း တစ်ကျွန်းထဲနေပြီး ပေါင်းဖက် ဆုံတွေ့ရပါလို၏လို့တောင် ဆုတောင်းတတ်ကြတယ်။ အဲဒီလို ဆုတောင်းတဲ့အတွက် လက်ရှိ လူ့ဘဝက ဒါန၊ သီလ၊ ကုသိုလ်ကောင်းမှုကြောင့် လူ့ဘဝကို ပြန်လည်ဆုံတွေ့ကြတဲ့အခါ ယောက်ျားဖြစ်သူက မိန်းမဘဝကို၊ မိန်းမဖြစ်သူက ယောက်ျားဘဝနဲ့ ပြောင်းပြန်ဆုံတွေ့ကြတာတွေ၊ နှစ်ယောက်စလုံး မိန်းမဘဝရကြ၊ နှစ်ယောက်စလုံး ယောက်ျားဘဝရကြတဲ့ ဆုပန်ရှင်တွေဟာ ယောက်ျားအချင်းချင်း၊ မိန်းမအချင်းချင်း လင်မယားဘဝ ပေါင်းသင်းကြရတာတွေ တွေ့ဖူး၊ ကြုံဖူးကြလိမ့်မယ်လို့ ထင်ပါတယ်။ အဲဒီထက် ပိုပြီးဆိုးတာက ဆုပန်ရှင်တွေဟာ မောင်နှမအရင်း၊ သားအဖအရင်းဘဝနဲ့ ပြန်ပြီးဆုံခဲ့ကြလို့ ရှေးဘဝက ဆုတောင်းကြောင့် လင်မယားအဖြစ် ပေါင်းသင်းကြရတဲ့ ရင်နာစရာအဖြစ်ဆိုးနဲ့ ကြုံတွေ့ရတတ်ပါတယ်။ ဒါကြောင့် တို့ဒကာ၊ ဒကာမတွေ ပြုလုပ်တဲ့ ဒါန၊ သီလ၊ ဘာဝနာတို့အတွက် စစ်မှန်တဲ့ မေတ္တာပို့သခြင်းများကြောင့် ဆုတောင်းပြည့်တယ် ဆိုတာ အကြွင်းမဲ့လက်ခံ ယုံကြည်ကြပါ။ အဲ- ဒီနေရာမှာ

တို့ရွှေပေါ်ကျွန်း စေတော်ဝင်ကျောင်း... တော့ မေတ္တာသမားရော သစ္စာသ... ပါ ရှိတယ်ဆိုတာ ပြောဖူးတယ်နော်။ ... ကြောင့် ဒီနေ့ မင်းမင်းစိုးနဲ့ ဘိုဘို၊ အဲ... ဘိုဘိုစိုးလို့ပဲ ခေါ်ကြပါစို့။ သူတို့... ယောက် လူ့ဘဝပြန်ပြီးရောက်လာခဲ့... ဟာ မိဘနှစ်ပါးရဲ့ ဆုတောင်း မေ... ပို့သမှုကြောင့် နှစ်ယောက်တစ်ဘဝ ... ခဲ့တဲ့အကြောင်း သင်ခန်းစာယူပြီး ... တောင်းမှန်မှန် ဆုတောင်းနိုင်ကြပါ... လို့ မှာကြားလိုက်ပါရစေတော့"

"သာဓု၊ သာဓု၊ သာဓုပါ ဘု...

ဆရာတော်ဘုရားကြီး အ... ပြီးချိန်တွင် ပရိသတ်ကြီးမှာ တရား... ဆုံးသည့်ပမာ သာဓုအနုမောဒနာ ... ဆိုလိုက်ကြပါတော့သည်။

ရွှေပေါ်ကျွန်း စေတော်... ကျောင်းမှ ဇေယျသိဒ္ဓိ မွေ့ညာ... ဆရာတော်ဘုရားကြီးအား ထာ... ဦးထိပ်ပန်ဆင်၍ လေးစားကြည်... ဖြင့် ဂုဏ်ပြုရေးသားလိုက်ပါသည်...

*စခန်းမှန်၊ လမ်းမှန်၊ အကျင့်...*
*ဆုတောင်းမှန်ကြစေရန် ရှေးရှု...*

ဝင်းထွန်းအောင်(...



www.burmeseclassic.com

www.burmeseclassic.com

ဦးသူညိုဟု အမည်တွင်နေကြပါသည်။ အားပါတော့။

ဆရာကြီး ဦးညိုထွန်း (ခ) ဦးထွန်းညို၏ နာမည်ကြီး လိမ်းဆေးဆီ ရှိပါသည်။ ထိုဆေးမှာ ယခုတင်ပြမည့်ဆေးပေါင်းဆီပင် ဖြစ်ပါသည်။

ဆရာကြီး၏ဆေးပေါင်းဆီသည် အလွန်ပင် ဆေးစွမ်းထက်လှပါသည်။ ဆရာကြီးမှာ အခကြေးငွေ ဆေးဖိုးဝါးခ ကို တောင်းလေ့၊ ယူလေ့ ရှိသူမဟုတ်ပါ။ ရောဂါတစ်ခု လာပြော ဆွေးနွေးလျှင် လူနာရှင်တို့အား လိုအပ်သော ပရဆေးဖက်များ သူ့အလေးချိန်နှင့်သူ ရေးပြီး ကိုယ်တိုင်သွားရောက်ဝယ်ခိုင်းပြီး သူ့ဆီ ပို့စေပါသည်။ မနက်ဖြန်လာခဲ့၊ သန်ဘက်ခါလာခဲ့ဟု ရက်ချိန်းပေးလိုက်ပြီး ပေးပို့လာသော ပရဆေးဖက်များကို သူ့ပညာ ထုသင့်သည်ထု၊ ထောင်းသင့်သည်ထောင်း၊ ပေါင်းသင့်သည်ပေါင်း၊ ကျိုသင့်သည်ကျို စသည်ဖြင့် ပြီးမြင့် လူနာရှင် လိုအင်ဆန္ဒပြည့်ဝ ရောဂါပျောက်စေရအောင် (ဆေးဖြစ်အောင်) ကိုယ်တိုင်ဖော်စပ်ပေးပါသည်။ အခြား မည်သူ့ကိုမျှ အကူအပါး မခေါ်ပါ။ ယုတ်စွအဆုံး သူ့ဇနီးနှင့်သားသမီးများကိုပင် သူ့အနား အလာမခံပါ။ သူ့ပညာကို လေးနက်စွာ တန်ဖိုးထားပါသည်။ စေတနာလည်း အလွန်ကောင်းသောဆရာကြီး ဖြစ်ပါသည်။ ရပ်ဝေးမှ လာရသော လူနာဆိုလျှင် ဆရာကြီးကပင် စားဖို့သောက်ဖို့ လမ်းစရိတ်ထောက်ပံ့လိုက်တတ်ပါသေးသည်။

ခြွင်းချက်အနေဖြင့် ကျွန်တော်သည် ဆရာကြီးနှင့် လေပေးတည့်သူ၊ စကားပြောဖြောင့်သူ ဖြစ်ပါသည်။ နေ့စဉ်လို ဆရာကြီးထံသို့ တစ်ခေါက် အနည်းဆုံး ရောက်ဖြစ်ပြီး တစ်ခါတလေ တစ်နေ့တည်း နှစ်ခေါက်၊ သုံးခေါက်အထိ ရောက်ဖြစ်ပါသည်။ ဆရာကြီး ဆေးပေါင်းဖော်စပ်သည့် မီးကျင်းတင်းကုပ် သုံးပင်ပတ်လည် အဆောက်အအုံထဲသို့ မည်သူ့မျှအဝင်မခံသော်လည်း စာရေးသူ ကျွန်တော့်ကို အဝင်ခံပါသည်။ သူလိုအပ်လျှင် ကျွန်တော့်အား 'မနက်ဖြန်သာဆေးဖော်စရာရှိတယ်၊ မင်းအားရင် စောစောလာခဲ့' စသည်ဖြင့် ပြောတတ်ပါသည်။ ထိုနေ့မျိုးတွင် ကျွန်တော့်အဖို့ သန်းထီပေါက်သလို ဝမ်းမြောက်ရပြီး အိမ်အလုပ်များပစ်ကာ ဆရာကြီးထံ စောစောစီးစီး ဝီရိယကောင်းစွာ ရောက်ဖြစ်သွားမြဲပင်။

ရက်မှလ၊ လမှနှစ် လေး၊ ငါး၊ ဆယ်နှစ် ဆရာကြီးနှင့် လက်ပွန်းတတီး ခင်မင်ကျွမ်းဝင်သော်လည်း ဆရာကြီးမှ ၎င်း၏ဆေးပညာကို ကျွန်တော့်အား အရိပ်အမြွက်မျှသာ ပြောပြပေးပါသည်။ သေချာ ဂဃနဏ သင်ပေးခြင်း မရှိခဲ့သေးပါ။ တစ်နေ့တွင် ကျွန်တော်သည် ဘယ်လိုမှ မအောင့်အည်းနိုင်တော့ဘဲ ဆရာကြီးထံ ဆေးပေါင်းဆီ ဖော်စပ်သည့်ပညာကိုပေးပါရန် ဖွင့်ပြောတောင်းခံမိပါတော့သည်။ ဆရာကြီးမှ နှုတ်ခမ်းတွန့်ရုံပြုံးပြီး-

"ပညာတစ်ခုကို ပေးလိုက်၊ ပြောပြလိုက်ရင် လူတွေက ဒါများ လွယ်လွယ်လေးပါကွာလို့ ထင်တတ်ကြတယ်ကွ။ အမှန်လည်း လွယ်ပါတယ်။ ဒါပေမယ့် သိဖို့ အသိတရား၊ ပညာဉာဏ်မျက်စိပွင့်ဖို့ လိုတယ်လေကွာ။ မင်းကို အခြေခံပြောလိုက်မယ်။ ဆေးပေါင်းဆီမှာ နှမ်းနက်ဆီ၊ ဆေးပရုတ်၊ လေးညှင်းပွင့် ဒီသုံးမျိုးပဲ ပါဝင်တာပါကွာ"

ဟု ပြောပြီး ဆက်မပြောတော့ပါ။

နောက်တစ်နေ့မှစ၍ ကျွန်တော်သည် ဆရာကြီးထံမသွားတော့ဘဲ တစ်ပတ်၊ ဆယ်ရက်ခန့် နေအိမ်မှာပင် ဆရာကြီးပြောလိုက်သော နှမ်းနက်ဆီ၊ ဆေးပရုတ်ခဲ၊ လေးညှင်းပွင့်များ ဖိုးပေါလအောဝယ်ပြီးသကာလ ကျွန်တော်ဉာဏ်မီသလောက် နည်းမျိုးစုံဖြင့် ဆေးပေါင်းဆီဖြစ်အောင် ဖော်စပ်ပါသည်။ သို့သော် (၁၀) ရက်ကျော်သည်အထိ ဖြစ်မလာသောအခါ 'အင်း - ဆရာ မပြနည်းမကျဖြစ်နေပြီ ထင်ပါရဲ့' ဟု ဆုံးဖြတ်ကာ ဆရာကြီးထံသို့ တစ်ဖန်သွားရောက်ခဲ့ပါသည်။

ဆရာကြီးမှ ကျွန်တော့်အား ပြုံးပြုံးကြီး ဆီးကြိုပြီး-

"ဘယ့်နှယ်လဲကွ၊ ငွေကုန် သံပြာဖြစ်နေပြီလား။ ပရဆေးဖက်တွေ ဘယ်လောက်ပျက်စီးကုန်ပြီလဲ၊ ဘယ်လောက်များ အလဟဿ ဖြစ်ကုန်ပြီလဲကွ။ မင်း ဆေးပေါင်းဆီလုပ်နေလို့ မလာတာ ဆိုတာ သိပါတယ်ကွာ။ ဆရာမပြရင် ငါးပိဖုတ်တာတောင် နည်းမကျဘူး၊ မလွယ်ဘူး ဆိုတာ သိပြီလား။ အေးအေးအေး- မနက်ဖြန် မင်းရဲ့ပရဆေးဖက်တွေယူပြီး လာခဲ့။ မင်းဟာ အမှန်တကယ် ပညာလိုလားပြီး ဖွဲ့ရှိတဲ့လူ၊ ပညာကို တန်ဖိုးထားသူလို့ သတ်မှတ်ပြီး ဆေးပေါင်းဆီပညာ သင်ပေးမယ်"

ဟု ပြောလိုက်ရာ ကျွန်တော့်မှာ ဝမ်းသာလွန်းလို့ ထခုန်ချင်၊ ကျွမ်းထိုးချင်စိတ်ပင် ပေါက်သွားခဲ့ရပါသည်။

နောက်နေ့တွင် နှမ်းနက်ဆီ၊ ဆေးပရုတ်ခဲ၊ လေးညှင်းပွင့်များ ယူပြီး ဆရာကြီးထံ သွားရောက်ခဲ့ကာ ဆရာကြီးနှင့်အတူ ဆေးပေါင်းဆီပြုလုပ်နည်း လက်တွေ့ ဆောင်ရွက်ခဲ့ရပြီး ပညာရခဲ့ရပါသည်။

ဆေးပေါင်းဆီပြုလုပ်နည်း စနစ်အမှန်မှာ အောက်ပါအတိုင်း ဖြစ်ပါလေသည်။

* ရေနွေး အပူခံ ကျင့်ပြီးသော ငှက်ပျောဖူးပုလင်းတစ်လုံး လိုပါသည်။ ပုလင်းမှာ ရေနွေးပူမကျင့်ရသေးလျှင် ကွဲထွက်သွားတတ်ပါသည်။

* လိုအပ်သော ဆေးအချိုးအဆမှာ-

နှမ်းနက်ဆီ (၁၀) ကျပ်သား၊
ဆေးပရုတ်ခဲ (၅) ကျပ်သား၊
လေးညှင်းပွင့် (၂) ကျပ်သားတို့ ဖြစ်ပါသည်။

ဦးစွာပထမ ဆေးပရုတ်ခဲ၊ လေးညှင်းပွင့်တို့ကို ညက်မှုန့်အောင်ထောင်းပြီး ပုလင်းထဲထည့်ပါ။ ထို့နောက် နှမ်းနက်ဆီကို လောင်းထည့်ပါ။ ပုလင်းကို ဘူးဖော့ဆို့ဖြင့် လေလုံအောင် ဆို့ပိတ်ပါ။ ထို့နောက် ဒန်အိုးတစ်လုံးအလယ်တွင် ဆေးပုလင်းကို ထောင်ပြီး ပုလင်းလည်ပင်းဖော်ကာ ဒန်အိုးထဲ ရေထည့်ပြီးပြုတ်ပါ။ (၁) နာရီမှ (၂) နာရီအထိ ပြုတ်ပြီး ပရုတ်ခဲကလေးများကြေလျှင် ဆေးဖြစ်ပြီ ဖြစ်ပါသည်။ လေလုံအောင် ထားရပါမည်။ လေမလုံလျှင် ဆေးငွေ့များထွက်ပြီး ဆေးသတ္တိပြယ်သွားတတ်ပါသည်။ ဆေးပေါင်းဆီပြုလုပ်နည်း နမူနာပုံကြမ်း ဖော်ပြလိုက်ပါသည်။

၎င်းဆေးပေါင်းဆီသည် အကြော၊ အရိုး၊ အသားတို့၏ ထုံနာကျဉ်နာ၊ လေးကန်ဖင့်နွဲ့ဖြစ်နေခြင်းကို ဆေးဆီစိမ့်အောင် ဖိပွတ်ဆွဲလိမ်းပေးပါ။ တစ်နေ့ (၂) ကြိမ်သာ လိမ်းရပါသည်။ (၃) ရက်လိမ်းမိလျှင်ပင် သက်သာပျောက်ကင်းအောင် အစွမ်းထက်လှပါသည်။

ပညာရပ်တစ်ခုသည် တကယ်ပင် တန်ဖိုးမဖြတ်နိုင်ပါတကားဟုသာ။

နတ်မောက်မင်းချစ်နော်



www.burmeseclassic.com

www.burmeseclassic.com

ကြည်ကြည်ကျော် (ရှင်တွင်းပုံရိပ်)

ပုံနှိပ်ပါ

# ကျွန်မတို့အိမ်၏လာဘ်ကောင်

(၁)

## နဂျီ(နကျယ်)အိမ်လေးများ၏နိမိတ်ကောင်းများ

ကျွန်မ၏ခင်ပွန်းသည် ကုသိုလ်လည်းရ ဝမ်းလည်းဝသော တိ/မွေးကု ဆရာဝန်ဘဝမို့ အလုပ်ဝင်စ ၁၉၆၉ ခု ကာလမှာ လခက (၁၈၅) ကျပ်နဲ့ ဘဝ တည်ဆောက်ခဲ့ရပါတယ်။ ရတနာသုံးပါး ဦးထိပ်မှာထားလျက် လှူနိုင်သမျှလှူ ကုသိုလ်ပြုခဲ့ရင်းနဲ့ သားသမီးတွေကို ပညာအမွေပေးနိုင်ဖို့ ရုန်းကန်ရတဲ့ကာလတစ်ခုပါ။ အလှူတွေလည်းလှူချင်၊ ဘုရားတွေလည်း လှည့်လည်ဖူးချင်စိတ်က အမြဲရှိနေခဲ့ပါတယ်။ လိမ္မာသိတတ်ပြီး ပညာကြိုးစားတဲ့ သားသမီးတွေ အမှတ်ကောင်းကောင်း၊ ဂုဏ်ထူးတွေနဲ့ အောင်ကြတော့ တက္ကသိုလ်များကို ခက်ခက်ခဲခဲပို့ခဲ့ရလို့ ပင်ပန်းခဲ့ရပါတယ်။

ဘုရားကျောင်းတန်တွေမှာ အမည်နာမတွေ ကမ္ပည်းထိုး လှူဒါန်းထားတဲ့ အုတ်တံတိုင်းတွေ တွေ့ရတိုင်း မုဒိတာပွားပါတယ်။ လှူချင်လှသော်လည်း အုတ်တံတိုင်းတစ်ခန်းလှူနိုင်ဖို့ကို မလွယ်တဲ့အနေအထားပါ။ ဒါပေမယ့် လှူချင်စိတ် သဒ္ဓါ ထက်သန်မို့ တစ်ချိန်ချိန်မှာ လှူနိုင်ပါစေ၊ အလှူငွေရပါစေ တုရား ရှိခိုးတိုင်း ဆုတောင်းခဲ့ပါတယ်။

ညနေတိုင်း ဘုရားပန်းလဲ၊ ရေချမ်းကပ်စဉ် တစ်နေ့မှာ ဘုရားမီးပူဇော်ထားတဲ့ မီးသီးရဲ့မီးကြိုးမှာ နဂျီ(နကျယ်)အိမ်လေး ဆောက်ထားတာ တွေ့ရပါတယ်။ လူကြီးမိဘတွေရဲ့ ကြားဖူးနားဝစကားနဲ့ နကျယ်လေးတွေ အိမ်ဆောက်လျှင် လာဘ်ကောင်းကြောင်း သိထားမို့ လွန်စွာ ပျော်ရပါတယ်။ ကျွန်မလှူချင်တဲ့ အုတ်တံတိုင်းသာမက သား (၄)ယောက် ရဟန်းခံ၊ သမီး (၂) ယောက် သီလရှင်ဝတ်ပေးချင်တဲ့အလှူကလည်း ရင်ထဲအမြဲကိန်းတည်မို့ ဤအလှူလည်း လှူနိုင်ပါစေ၊ ကောင်းသောအလှူငွေတွေ တိုးပါစေ၊ ရရှိပါစေလို့ ဆုတောင်းခဲ့ပါတယ်။

သားသမီးတွေ တစ်ယောက်ပြီး တစ်ယောက် တက္ကသိုလ်ပို့ ကျောင်းထားရမို့ ခက်ခဲပင်ပန်းကာလတွေကို မိဘရောသားသမီးပါ ကြံ့ကြံ့ခံ ကျော်ဖြတ်ရချိန်မှာ R.I.T (ရန်ကုန်စက်မှုတက္ကသိုလ်) မှ B.E (Civil) နှင့်ကျောင်းပြီးခဲ့တဲ့ ကျွန်မသားကြီးက ကုမ္ပဏီတစ်ခုမှာ စရိတ်ငြိမ်းဝင်လုပ်ပြီး F.E.C နဲ့ ရတဲ့လခကို ကျွန်မတို့ကိုလွှဲပေးမို့ တက္ကသိုလ်ဆက်တက်နေတဲ့ အငယ်တွေအတွက် အသက်ရှူချောင်ပြီး ကြွေးတွေလည်း ဖဲ့ဆပ်နိုင်ခဲ့ပါတယ်။ ခက်ခက်ခဲခဲ ရုန်းကန်ရတဲ့ ဘဝခရီးကြမ်းတွေမှာ ခြတွေစား၊ ယိုင်နဲ့ရွဲ့စောင်းနေတဲ့အိမ်ကိုလည်း ပြင်ဖို့ အားယူနေဆဲမှာ ကျွန်မတို့ မိဘများလက်ထက်ကတည်းက ကိုးကွယ်ခဲ့တဲ့ မစိုးရိမ်ကျောင်းတိုက်ကြီးရဲ့ ရှေးရှေးက အုတ်တံတိုင်းအတွင်းမှာ နှစ်ရှည်သက်ရင့်မန်ကျည်းပင်ကြီး၊ တစ်ခုသော မိုးရာသီမှာ အုတ်တံတိုင်းပေါ် ပြိုကျပြီး အုတ်တံတိုင်း (၄) ခန်း ပျက်စီးသွားပါတယ်။ ပြင်ဖို့အားယူထားတဲ့ အိမ်ကိုမပြင်တော့ဘဲ ထားလိုက်ပါပြီ။ ချက်ချင်းပဲ ပျက်စီးသွားသည့်အုတ်တံတိုင်းကို ပြ… ပြင်ခွင့်ပေးပါလို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ဦးကဝိန်ကို လျှောက်တင်ပါတယ်။ ဆရာတော်ကလည်း အုတ်တံ… တိုင်းအလှူရှင်ရှာရတော့မယ် ထင်ထား… တာ အတော်ပေါ့ ဒကာမကြီး၊ ဝမ်းသာ… ပါတယ်။ လှူပါလို့ ခွင့်ပြုတာနဲ့ ကျွန်မ… နှစ်ဖက်မိဘများအမည်နဲ့ (၁) ခန်း၊ သား… (၄) ယောက်အမည်နှင့် (၂) ခန်း၊ သမီး… (၂) ယောက်အမည်နှင့် (၁) ခန်း ကမ္ပည်း…



www.burmeseclassic.com

www.burmeseclassic.com

နိုင်ခဲ့လို့ ကြည်နူးပီတိတွေ ဖြစ်ရ
တွေ ပြောမပြနိုင်အောင်ပါ။

နှစ်ရှည်လများ လှူချင်တဲ့ အလှူ
င်မြင်ခဲ့လို့ မြတ်ဘုရားကို ကျေးဇူး
အနန္တပါ။ သိတတ်လိမ္မာ ကျွန်မ
ကြီး ဩရသကိုလည်း လွန်စွာ
တွေတင်ရပါတယ်ရှင်။ လာဘ်
င်နကျယ်လေးတွေရဲ့နိမိတ်ကောင်း

ဒီလိုနဲ့ ကျွန်မအိမ်အိုလေးရဲ့ဖရုံ
ထည့် ထင်းရှူးသေတ္တာ၊ အိမ်
ထပ် (၄) ပေမီးချောင်းတွေမှာ
ယ်အိမ်လေးတွေ တိုးလာပါတယ်။
ကောင်းအရ ကျောင်းပြီးထားတဲ့
သားလတ်ရဲ့ ကုသိုလ်လည်းရ ဝမ်း
ကျူရှင်လုပ်ငန်းလေးကလည်း
အကျိုးပေးကြောင့် အောင်မြင်
ယ်။ ကျွန်မရဲ့အလှူရည်ရွယ်ထားပြီ
ပါတယ်။ နှစ်အနည်းငယ်အတွင်း
ခင်ပွန်းသည်၊ သားကြီး၊ သားလတ်၊
ယ်တို့ရဲ့ သန့်စင်သောငွေလေး
သားရဟန်းခံ၊ သမီးသီလရှင်ဝတ်
င့်အတူ လှူထား မဟာရံအုတ်
င်းအလှူပါ ရေစက်ချ လှူနိုင်ခဲ့မို့
ကို ပီတိတွေဖြစ်ရ၊ ပျော်ခဲ့ရပါ
။ သန့်စင်သော ကျွန်မတို့မိသားစု
လေး အောင်မြင်ခဲ့မို့ ကျေးဇူးရှင်
န်းသည်၊ သားတို့ကို ကျေးဇူးတင်ရ
ယ်။ နကျယ်အိမ်လေးရဲ့နိမိတ်ပုံပါ။
နည်းငယ်အတွင်းမှာပဲ သားကြီးကို
ခံ၊ ထပ်မံလှူထား မစိုးရိမ်ကျောင်း
မ်ဦး၊ သံပန်းတံခါးတို့ကို ရေစက်ချ
င်ခဲ့လို့ ကြည်နူးပီတိတွေ ဖြစ်ရပါ
ရှင်။

ကျွန်မတို့ခြံ မကျယ်ပါ။ ခြလည်း
န်ပေါမို့ ဂရုစိုက်တဲ့ကြားက ခြတွေ
တာ အများကြီးပါ။ ခင်ပွန်းသည်
တတ်နိုင်အားနဲ့ ဆောက်ထားရအိမ်
သစ်မာ မပါ၊ မြေစိုက်ထရံကာမို့ နှစ်
တော့ ခြတွေစားလွန်းလို့ အိမ်ကနိမ့်
ယိုင်ထိုးစောင်းနေပေမယ့် မပြင်နိုင်
တော့ မြတ်ဘုရားထံပဲ ဘုရား
င်းဆောင် သပ်သပ်ရပ်ရပ်လေးနဲ့
ကို ပြင်နိုင်ပါရစေ ဆုတောင်းခဲ့ပါ
။ သားကြီးက အိမ်ထောင်ကျသွား
မိဘကိုလုပ်ကိုင်ကျွေးဖို့ အလှည့်ကျ
ကျူရှင်ဆရာသားလတ်ပါ။ အိမ်
သင်ရငွေကို ကျွန်မလက်အပ်ပြီး အ
င်းတွေသင်ရငွေကို စုကြေးလိုက်ပါ
။ ကျွန်မလည်း လစဉ်စုနဲ့ အားယူ
န်း ကျွန်မဗီရိုတံခါးမှာ နကျယ်အိမ်



(၂) ပေမီးချောင်းမီးကြိုးမှ နကျီအိမ်
(နကျယ်အိမ်)

တွေ အရှည်လိုက် တည်ဆောက်ထား
တာတွေ့ရပါပြီ။ လာပါပြီ၊ ကောင်းသော
နိမိတ်။ ဒီလိုနဲ့ ၂၀၁၀ မှာ အိမ်ကို
မြှောက်၊ အုတ်ဖိနပ်ခံ ပြင်နိုင်ခဲ့ပါတယ်။
နှစ်ရှည်လများပြင်ချင်တဲ့အိမ် ပြင်နိုင်ခဲ့မို့
စိတ်ချမ်းသာရပါတယ်။ ကျောင်းပြီးတာ
နဲ့မိဘကိုလုပ်ကိုင်ကျွေး၊ အိမ်ပြင်ပေးတဲ့
သားလတ်ကို ကျေးဇူးတင်ရပါတယ်ရှင်။

သားသမီးတွေ ကျောင်းတွေပြီး၊
ဘွဲ့တွေယူ၊ လုပ်ငန်းကိုယ်စီနဲ့ ဘဝအ
မောတွေပြေချိန်မှာ နိုင်ငံသမ္ဘာလှူ ပြည်
တွင်းဘုရားတွေလည်း လှည့်လည်ဖူးနိုင်
ပါပြီ။ ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
ကုမ္ပဏီတွေ ပေါ်ထွန်းလာပါပြီ။ တတ်
နိုင်သူတွေဖူးကြ၊ တီဗီမှာလည်း ဖူးရ၊ ဖူး
ပြီးပြန်လာသူတွေ ရင်တွင်းပီတိတွေ မျှ
ဝေနဲ့ ဖူးချင်လှပါတယ်။ ဘုရားသွား
ကျောင်းတက် ဘဝလက်တွဲဖော်နဲ့အတူ
ဖူးရဖို့ ဘုရားဖူးခရီးစရိတ် များပြားလှမို့
မတတ်နိုင်ပါ။ ဘုရားဖူးအလှူငွေရပါစေ
ထီထိုးဆုတောင်းရပါတယ်။ လာပါပြီရှင်၊
လာဘ်ကောင်လေးတွေ။ အိမ်အောက်
ထပ် (၂)ပေမီးချောင်းရဲ့ကြိုးမှာ (၂)အိမ်
ဆောက်ထားတာ တွေ့ရတော့ ပျော်
သွားပါတယ်။ ပေးစမ်းပါကွယ်၊ ဗုဒ္ဓဂယာ
ဘုရားဖူးအလှူငွေလို့ ပြောမိပါတယ်။

ကောင်းသောနိမိတ်ပုံအရ မကြာ
လိုက်ပါ၊ မိဘတွေ ဗုဒ္ဓဂယာဘုရားဖူး
ချင်တာ သိထားတဲ့ ကျွန်မသားကြီးက
ဖေဖေနဲ့မေမေ ဝန်ဆောင်မှုကောင်း
ကောင်းကုမ္ပဏီစုံစမ်းပြီး ဗုဒ္ဓဂယာဘုရား
ဖူးသွားပါဆိုပြီး ဖုန်းဆက်ပါတယ်။ အံ့ဩ
ဝမ်းသာသွားတာ မပြောမဖြစ်ပါ။ သို့



အဝတ်ဗီရိုမှ နကျီအိမ် (နကျယ်အိမ်)


သော်လည်း နှစ်ယောက်စရိတ် အားတွေ
နာမို့ နောက်မှပဲ ဖူးပါ့မယ်သားကြီးရယ်
လို့ ငြင်းလိုက်ပေမယ့် ဖေဖေ၊ မေမေတို့
ဒီထက် အသက်ရရင် မသွားနိုင်ဘူးနော်။
ဘာမှအားမနာပါနဲ့၊ သားပို့နိုင်တုန်းသွား
ဖူးပါမေမေလို့ ပြောပြီး ငွေပို့ပေးပါတယ်။
ကျွန်မတို့ လက်ရှိအနေအထားနဲ့ မဖူး
နိုင်။ ဗုဒ္ဓဂယာသို့ (၁၄) ညအိပ်၊ (၁၅)
ရက်ခရီးစဉ်နဲ့ ဖူးခဲ့ရ၊ လှူခဲ့ရမို့ ပြောမပြ
နိုင်လောက်အောင်ကို ဝမ်းသာပီတိတွေ
ဖြစ်ရပါတယ်။ တစ်သက်နဲ့တစ်ကိုယ်
ရောက်ရမယ်၊ ဖူးရမယ်ထင်မထား၊ မြတ်
ဘုရား၏ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနီ
ယ လေးဌာနနှင့် ဘုရားရှင်တိုင်း မစွန့်
အပ်သော အဝိဇဟိတဌာနတို့ကိုရောက်
ခဲ့၊ ဖူးခဲ့၊ လှူခဲ့ရမို့ မြတ်ဗုဒ္ဓအပေါ် သဒ္ဓါ
တရားတွေ တိုးခဲ့ရပါတယ်။ ကျေးဇူး
တော်အနန္တပါ။ ဘုရားဖူးပို့ပေးတဲ့သား
ကြီးနှင့် နိုင်သည့်အားဖြင့် ကူဖြည့်ပေးတဲ့
သားသမီးများကို ကျေးဇူးတွေတင်ရပါ
တယ်။ သာဓုခေါ်ပါတယ်။ စာရေးသူတို့
ဘုရားဖူးအဖွဲ့သားများကို ခရီးစဉ်တစ်
လျှောက် ကောင်းမွန်စွာ စောင့်ရှောက်ခဲ့
သည့် ဝန်ဆောင်မှုကောင်း 'ရွှေတော်
ဝင်' ဘုရားဖူးကုမ္ပဏီနှင့် ဘုရားဖူးမိတ်
ဆွေများ၊ ကျေးဇူးတင်ထိုက်သူအားလုံး
ကို ကျေးဇူးတင်ရှိပါတယ်။ စာဖတ်ပရိ
သတ်မိတ်ဆွေများလည်း သွားရောက်
ဖူးနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်
ရှင်။ စာရေးသူဘဝမှာ လက်တွေ့နိမိတ်
ကောင်းဆောင် နကျယ်အိမ်လေးများအ
ကြောင်း မျှဝေခံစားလိုက်ပါတယ်ရှင်။

ကြည်ကြည်ကျော်
(ရင်တွင်းပုံရိပ်)-ပျဉ်းမနား



www.burmeseclassic.com

www.burmeseclassic.com



Mars, the god of war, represents our active or reactive response to the events in our lives.

ဆရာသိန်းသန်းအောင်

# ချစ်ခြင်းတရားနှင့် လက္ခဏာ

**အင်္ဂါဂြိုဟ် (ဖျက်ဆီးခြင်းနှင့် အသစ်ပြန်လည်မွေးဖွားတည်ဆောက်ခြင်း)**

အင်္ဂါဂြိုဟ်အား လက္ခဏာပညာရပ်အရ စစ်မက်ဖန်တီးခြင်းနှင့် ဖျက်ဆီးခြင်းကိုယ်စားပြုဂြိုဟ်အဖြစ် သတ်မှတ်ထားသည်။ သို့သော်လည်း အင်္ဂါဂြိုဟ်အနေဖြင့် စစ်မက်ဖြစ်ပွားစေသည့်နည်းဖြင့် ငြိမ်းချမ်းရေးကိုထိန်းသိမ်းပေးခြင်း၊ အားနည်း ချို့တဲ့သူကို ကူညီထောက်ပံ့ခြင်း၊ တည်ငြိမ်အေးဆေးမှုကို လိုလားခြင်းသဘောဆောင်ပါသည်။ ထို့ကြောင့် အင်္ဂါဂြိုဟ်သည် လက္ခဏာရှင်အားလုံးအတွက် မရှိမဖြစ်အားကိုးလောက်သည့် မဟာမိတ်ဂြိုဟ်တစ်ခု ဖြစ်သည်။

အင်္ဂါဂြိုဟ်ခုံအဖို Mars positive (+) နှင့် အင်္ဂါဂြိုဟ်ခုံအမ Mars negative (-) တို့ပေါင်းစပ်၍ Mars galaxyကို ဖြစ်ပေါ်စေပြီး လက္ခဏာရှင်တို့၏ဘဝတစ်သက်တာခရီးအတွင်း လောကဓံရိုက်ချက်မျိုးစုံအပေါ် ခံနိုင်ရည်ဖွဲ့ရှိမှုအဆင့်အတန်းကို ကိုယ်စားပြုနေပါသည်။

အင်္ဂါဂြိုဟ်ခုံ (အဖို) သည် စိတ်ပိုင်းဆိုင်ရာစွမ်းအင်ကို ကိုယ်စားပြုပြီး အင်္ဂါဂြိုဟ်ခုံ(အမ)က ရုပ်ပိုင်းဆိုင်ရာစွမ်းရည်သတ္တိများအား ထောက်ပံ့ပေးပါသည်။ လက္ခဏာရှင်အများစု၌ အင်္ဂါဂြိုဟ်ခုံ (အဖို) မှုတစွာပါရှိတတ်သည်။ သို့သော် အင်္ဂါဂြိုဟ်ခုံ (အမ) မှုတစွာ ပါရှိခြင်းကို တွေ့ရခဲသည်။

**အင်္ဂါဂြိုဟ်ခုံ (အဖို) ဖွံ့ဖြိုးမှုလွန်ကဲခြင်း**

အင်္ဂါဂြိုဟ်ခုံ (အဖို) အားကောင်းလွန်းသောကြောင့် မိမိအရေးကိစ္စကိုသာ ရှေ့တန်းတင်စဉ်းစားသူ၊ ကိုယ်ကျိုးကြည့်သူ (အတ္တဝါဒီ) ဖြစ်တတ်ပါသည်။ မိမိနှင့် မိမိပတ်ဝန်းကျင်အတွက် ငြိမ်းချမ်းရေးရရှိရန် စစ်မက်ဖန်တီး၍ (သို့) အကြမ်းနည်းသုံး၍ ဖြေရှင်းပေးတတ်သည်။ အင်္ဂါဂြိုဟ်ခုံ (အဖို)၏ သဘာဝအရ အခိုင်အမာ တောင်းဆိုတတ်ခြင်း၊ ခေါင်းမာခြင်း၊ ပိုင်ဆိုင်လိုစိတ်များခြင်း ရှိတတ်ပါသည်။ ထို့ကြောင့် လက္ခဏာရှင်အနေဖြင့် အားနည်းချက်ကို ကာကွယ်ဖြည့်စွက်ရာ၌ အင်္ဂါဂြိုဟ်ခုံ (အဖို)၏ဖွံ့ဖြိုးမှုလွန်ကဲခြင်းအတိုင်း တစ်ဖက်သတ်မဖြစ်ရန် သတိပြုဆင်ခြင်နေထိုင်သင့်ပါသည်။ အထူးသဖြင့် မိမိချစ်သူ၏ အလိုဆန္ဒများကို လိုက်လျောဖြည့်ဆည်းပေးရာ၌ မိမိကြောင့် တစ်ပါးသူ မထိခိုက်စေအောင် ဂရုပြုရပါမည်။

**အင်္ဂါဂြိုဟ်ခုံ (အဖို) ဖွံ့ဖြိုးမှုအားနည်းခြင်း**


အင်္ဂါဂြိုဟ်ခုံ(အဖို)အားနည်းခြင်းကြောင့် ကြောက်လန့်တတ်ခြင်း၊ အ... တစေ ကိုယ်စိတ်နှစ်ပါး နွမ်းနယ်သည... ခံစားရခြင်း၊ စိတ်ဖိစီးမှုများနေသောအ... ခြေအနေကြောင့် အရာရာ အားမထုတ်... လိုဘဲ အလွယ်တကူ လက်လျှော့ပ... တတ်ပါသည်။ လက္ခဏာရှင်အနေဖြင့် မိမိကိုယ်မိမိ ယုံကြည်စိတ်မြင့်တက်လာ... အောင်မြှင့်တင်၍ အောင်မြင်မှုပန်းတိုင်... မရောက်ရောက်အောင် ကြိုးစားလျှော့... လှမ်းရပါမည်။

**အင်္ဂါဂြိုဟ်ခုံ (အမ) ဖွံ့ဖြိုးမှုလွန်ကဲခြင်း**


အင်္ဂါဂြိုဟ်ခုံ (အမ) ဖွံ့ဖြိုးမှုလွ... ကဲပါက အရာရာ၌ လိုသည်ထက်ပို... (အကဲပိုသူ) သို့မဟုတ် အဖြစ်သည်း... ဖြစ်တတ်ပါသည်။ ၎င်းအပြင် တစ်... တစ်ရံ၌ ကျူးကျော် ရန်စတတ်ခြင်း... လှောင်ပြောင်သရော်တတ်ခြင်း၊ ... ဖက်သားကြောက်ရွံ့အောင် (အပိုပြေ... ၍) ခြောက်လှန့်တတ်ခြင်း ရှိပါမည်။ ... လက္ခဏာရှင်အဖို့ ချစ်သူနှင့် ထိတွေ့... ဆက်ဆံရာ၌ ပြဿနာများတတ်ပါမည်...

**အင်္ဂါဂြိုဟ်ခုံ (အမ) ဖွံ့ဖြိုးမှုအားနည်းခြင်း**


အင်္ဂါဂြိုဟ်ခုံ (အမ) အားနည်း... ခြင်းကြောင့် စိတ်ထိခိုက်လွယ်ခြင်း၊ ... ပိုင်းဆိုင်ရာ၌ ခွန်အားချို့တဲ့ခြင်း၊ ...




ဖွံ့ဖြိုးမှုမှုတသော အင်္ဂါဂြိုဟ်ခုံ အဖို-အမ




ဖွံ့ဖြိုးမှုလွန်ကဲသော အင်္ဂါဂြိုဟ်ခုံ အဖို-အမ




ဖွံ့ဖြိုးမှုအားနည်းသော အင်္ဂါဂြိုဟ်ခုံ ...



www.burmeseclassic.com

www.burmeseclassic.com



Paula




Donald

နိုင်ရည်မရှိခြင်း၊ အဆိုးမြင်နေတတ်ခြင်း၊ ချစ်သူလက်တွဲဖော်အား ဆွဲဆောင်စည်းရုံးရာ၌ အခက်အခဲရှိနေခြင်း၊ တစ်ဖက်သားအပေါ် သံသယများခြင်း ရှိနေပါသည်။ လက္ခဏာရှင်အနေဖြင့် အစွန်းမဲ့ဝါးမှ လွတ်ကင်းအောင် လိုအပ်သလို ပြုပြင်ဆင်ခြင်ပေးရပါမည်။

**Paula နှင့် Donald တို့၏ လက်ဝါးပုံစံများ**

Paula ၏ ထင်ရှားသန်မာသော ဦးခေါင်းလမ်းကြောင်းက သူမ၏ဉာဏ်ရည်ထက်မြက်မှုကို တိုက်ရိုက်ညွှန်ပြနေပါသည်။ သို့သော် သူမ၏ဖွံ့ဖြိုးမှုအားနည်းသော အင်္ဂါဂြိုဟ်ခုံ အဖိုနှင့်အမတို့က ရုပ်ပိုင်းဆိုင်ရာခွန်အားဖြစ်သော ခွဲ့ခံနိုင်ရည်အားနည်းနေကြောင်း ဖော်ပြပါသည်။ ဆန့်ကျင်ဘက်အနေဖြင့် Donald ၏ အင်္ဂါဂြိုဟ်ခုံ အဖိုနှင့်အမတို့က များစွာ ဖွံ့ဖြိုးလျက်ရှိနေခြင်းကြောင့် ပျော်ပျော်နေတတ်ပြီး မိမိကိုယ်မိမိ ယုံကြည်မှုရှိသူဖြစ်ကြောင်း ဖော်ပြနေပါသည်။ Donald အနေဖြင့် လုပ်ငန်းခွင်အတွင်း Paula ၏ လိုအပ်ချက်မှန်သမျှအား ကူညီပံ့ပိုးပေးခဲ့ရသည်။

**Andrea ၏ လက်ဝါးပြင်**




**Andrea's underdeveloped Mars negative indicates her lack of endurance and stamina.**

Andrea သည် မွေးစားသမီးဖြစ်ပြီး သူမ၏ဖခင်အရင်းဖြစ်သူအား နှစ်ပေါင်းများစွာ စိတ်ကူးဖြင့် တမ်းတရှာဖွေနေသူ ဖြစ်သည်။ Andrea သည် အောင်မြင်သော ရုပ်ရှင်မင်းသမီးဖြစ်လာခဲ့သော်လည်း သူမ၏ဖွံ့ဖြိုးမှုအားနည်းသော အင်္ဂါဂြိုဟ်ခုံ (အမ) ကြောင့် ခွဲ့ခံနိုင်ရည် မရှိခြင်း၊ လက်တွေ့ဘဝဆိုင်ရာစိမ်ခေါ်မှုအချို့၌ အားနည်းခြင်းတို့ကို ဖော်ပြနေပါသည်။

**အင်္ဂါဂြိုဟ်ခုံ (အမ) ပေါ်၌ Ball ပါရှိခြင်း**

အင်္ဂါဂြိုဟ်ခုံ (အမ) ပေါ်၌ Ball ပါရှိခြင်းကို လက်ဝါးပြင် အတော်များများ၌ တွေ့ရှိရသည်။ ယင်းမှာ ဘဝခရီးလမ်း၌ အခက်အခဲများစွာ တွေ့ရှိရခြင်း၊ နားလည်မှုလွဲခြင်း၊ ထိခိုက်နာကျင်စွာခံစားရခြင်းတို့ကို ကိုယ်စားပြုသည်။



**A ball on the mount of Mars negative indicates difficulty in letting go of hurt and misunderstandings.**

**အင်္ဂါဂြိုဟ်ခုံအမပေါ်၌ ကြယ်ပွင့်ပါရှိခြင်း**



**A star on Mars negative suggests a hot temper.**

အင်္ဂါဂြိုဟ်ခုံအမပေါ်၌ ကြယ်ပွင့်ပါရှိပါက စိတ်ဆိုးလွယ်သူ၊ ဒေါသအိုးပေါက်ကွဲတတ်သူ၊ မျှော်လင့်ထားသလိုဖြစ်မလာ၍ ထင်ရာစိုင်းတတ်သူ ဖြစ်ကြောင်း ကိုယ်စားပြုပါသည်။ လက္ခဏာရှင်အနေဖြင့် မိမိကိုယ်မိမိ ထိခိုက်နာကျင်မှုမရှိစေရန် အထက်ပါ စိတ်ပိုင်းဆိုင်ရာအခြေအနေအရပ်ရပ်ကို ထိန်းချုပ်ပေးရပါမည်။

**အင်္ဂါဂြိုဟ်ခုံ အမပေါ်၌ အဖျက်လမ်းကြောင်းများပါရှိခြင်း**



**Interference lines on the mount of Mars negative indicate unresolved incidents from the past.**

အင်္ဂါဂြိုဟ်ခုံအမပေါ်မှ ရေပြင်ညီလိုင်းပုံစံဖြင့် အဖျက်လမ်းကြောင်းများ ပါရှိနေပါက အတိတ်ကာလက ရှိနေခဲ့သော ပြဿနာ အတားအဆီးများက လက်ရှိကာလထိ အကျိုးသက်ရောက်လာနိုင်ဖွယ်ရှိကြောင်း ဖော်ပြပါသည်။ လက္ခဏာရှင်အနေဖြင့် လက်ရှိကာလ၌ သိစိတ်ကို မှန်ကန်စွာ အသုံးချ၍ အပြုသဘောဖြင့် သင့်တင့်အောင် သည်းခံဖြေရှင်းပေးမှသာ အဆိုပါ အဖျက်လမ်းကြောင်းများ လျော့ကျပျောက်ဖျက်သွား



www.burmeseclassic.com

www.burmeseclassic.com

ပါမည်။

**အင်္ဂါဂြိုဟ်ခုံအဖိုပေါ်၌ ပါရှိနေသော Love Signs များ**

ဟိန္ဒူဘာသာအရ Poorva Punya ကို good fortune (အတိတ်ဘဝကောင်းမှုကုသိုလ်ကြောင့် ထံအကျိုးပေးကောင်းခြင်း) ဟူ၍ ဘာသာပြန်ဆိုပါသည်။



A capillary pattern on Mars negative indicates a fiery nature.

poorva punya သည် အင်္ဂါဂြိုဟ်ခုံ(အဖို)ပေါ်၌အစပြုပါက အတိတ်ဘဝကစီစဉ်ထားရှိခဲ့သည့် မပြီးမြောက်သေးသောရည်ရွယ်ချက်များအား ဆက်လက်အကောင်အထည်ဖော်မည့် သဘောသို့မဟုတ် အတိတ်ကာလမှ ကောင်းမှုကုသိုလ်များ၏အကျိုးပေးက ယခုဘဝတိုင် ဆက်လက် အကျိုးသက်ရောက်နေသည့်သဘော ဖော်ပြပါသည်။

poorva punya လမ်းကြောင်းသည် နှလုံးလမ်းကြောင်းကိုဖြတ်၍ အောင်မြင်မှုခရီးလမ်းကြောင်း ကိုယ်စား




The Poorva Punya line is an indication of good fortune.

ပြု တနင်္ဂနွေဂြိုဟ်ခုံပေါ် သို့ ရောက်ရှိနေပါက ရည်မှန်းချက်များအား အောင်မြင်စွာ (သို့) ထံကောင်းစွာဖြင့် အကောင်အထည်ဖော်နိုင်မည်ဟု ညွှန်ပြနေပါသည်။ အချစ်ရေးအနေဖြင့် မိမိဘဝအတွင်း ဝင်ရောက်လာသူ ချစ်သူ၊ အိမ်ထောင်ဖက်အပေါ် သစ္စာစောင့်သိသူ ဖြစ်ပါမည်။

**အင်္ဂါဂြိုဟ်ခုံအမပေါ်မှ Love Signs များ**

**အင်္ဂါဂြိုဟ်လမ်းကြောင်း (အကူ)**




The Mars assistant line shows an ability to attract and develop positive and supportive relationships.

အင်္ဂါဂြိုဟ် (အကူ) လမ်းကြောင်းသည် အင်္ဂါဂြိုဟ်ခုံ (အမ) အနီး အစပြုပြီး သောကြာဂြိုဟ်ခုံပေါ် သို့ ကွေးဆင်းသွားကာ အသက်လမ်းကြောင်းနှင့်မျဉ်းပြိုင်သဖွယ် ရှိနေတတ်သည်။ အင်္ဂါဂြိုဟ်အကူလမ်းကြောင်းအနေဖြင့် အသက်လမ်းကြောင်းနှင့် နီးကပ်စွာ ယှဉ်လျက် (သို့) ထိလျက် ရှိမနေသင့်ပါ။ ၎င်းအကူလမ်းကြောင်းသည် ဒုတိယမြောက် အသက်လမ်းကြောင်းအဖြစ် ရပ်တည်ပေးပြီး လက္ခဏာရှင်၏ ဖွဲ့၊ ခံနိုင်ရည်၊ ခွန်အားတို့အား လိုအပ်သလို ထောက်ပံ့မြှင့်တင်ပေးသည်။ အင်္ဂါဂြိုဟ် အကူလမ်းကြောင်း တည်ဆောက်ဖွဲ့စည်းပုံအရ သက်ဆိုင်ရာ လက္ခဏာရှင်၏ စိတ်နေစိတ်ထားနှင့် ဆက်ဆံရေးပုံစံကို ရိပ်စားမိနိုင်ပါသည်။

**အင်္ဂါဂြိုဟ် အကူလမ်းကြောင်း တည်ဆောက်ပုံ မထင်ရှားခြင်း**

အင်္ဂါဂြိုဟ် အကူလမ်းကြောင်း တည်ဆောက်ပုံ ထင်ရှား ရှင်းလင်းခြင်း မရှိသောကြောင့် စိတ်နေစိတ်ထား တစ်




Irregularities in the Mars assista[nt] line show a tendency to attract individuals with conflicting attitudes.

ဖြောင့်တည်း (မှန်ကန်မျှတစွာ) မရှိ... ပါ။ လက္ခဏာရှင်အနေဖြင့် အဆို... လမ်းကြောင်း မှန်ကန်ကျနစွာ ရှိလာ... ရန် ဘဝအပေါ် ရှုမြင်သုံးသပ်မှုကာ... အရာရာ လိုသလိုပြုပြင်ပေးရန် လို... ပါသည်။

**အင်္ဂါဂြိုဟ်အကူလမ်းကြောင်းက အသ... လမ်းကြောင်းမှ စတင်နေခြင်း**




A Mars assistant line origina[tes] from the life indicates that y[our] energy is being exhausted.

အသက်လမ်းကြောင်းမှ ... နေသည့် အင်္ဂါဂြိုဟ်အကူလမ်းကြော... သည် မိမိဘဝအတွင်းဝင်ရောက်လာ... မှ မိမိ၏ ဖွဲ့၊ ခံနိုင်ရည်ခွန်အားတို့... အကူအညီမပေးသည့်အပြင် ပင်ပန်း... နယ်စွာဖြင့် ကျရှုံးအောင် ဒုက္ခပေး... ကြောင်း ဖော်ပြပါသည်။ ထိုအခါ ... ၏ကိုယ်ပိုင်စွမ်းဆောင်ရည်များ ... လျက် သူတစ်ပါးအပေါ် မှီခိုနေ... သူတစ်ပါး၏ဩဇာခံ၊ အလွှမ်းမိုး... သို့ရောက်ရခြင်းသဘောကို ကိုယ်... နေပါသည်။

ဆရာသိန်းသ...



www.burmeseclassic.com

www.burmeseclassic.com

# သနပ်ခါးကို ဆေးအဖြစ်အသုံးချနည်းများ

သဒ္ဒါ(ဥပဒေ)

BURMESE CLASSIC .com

မြန်မာ့သနပ်ခါးသည် ကမ္ဘာ့နိုင်ငံများကပင် အသိမှတ်ပြု လက်ခံကြရသော မြန်မာနိုင်ငံ၏သဘာဝမှရရှိသော လက်ဆောင်တစ်ခု ဖြစ်ပါသည်။ သနပ်ခါးဟု ဆိုလိုက်သည်နှင့် မြန်မာအမျိုးသမီးများ (ဝါ) မြန်မာနိုင်ငံကို ကိုယ်စားပြုသော ဂုဏ်ဆောင်အမှတ်သားတစ်ခု ဖြစ်တာ အားလုံးလည်း သိကြပါသည်။

သနပ်ခါးပင်သည် မြန်မာပြည် အနှံ့အပြားရှိ တောတောင်များတွင် သဘာဝအလျောက် ပေါက်ရောက်ခြင်း၊ စိုက်ပျိုးခြင်းများ ပြုကြပါသော်လည်း သနပ်ခါးပင် အများအပြား ပေါက်ရောက်ပြီး စီးပွားဖြစ်ပါ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းသည်ကတော့ မြန်မာပြည် အလယ်ပိုင်းဒေသများပဲ ဖြစ်ပါသည်။

အပူပိုင်းဒေသများ ဖြစ်ကြသည့် [illegible] မြင်းခြံ၊ ပေါက်၊ မြိုင်၊ ရွှေဘို၊ [illegible] စစ်ကိုင်း၊ တောင်သာ စသည့် မြို့နယ်များတွင် သနပ်ခါးခြံများ အများပြားတွေ့ရပြီး သနပ်ခါးအပွေးရင့်ခြင်း၊ မွှေးကြိုင်ခြင်းတို့ကြောင့် ထိုဒေသမှ သနပ်ခါးများ မြန်မာနိုင်ငံအရပ်ရပ်သို့ တင်ပို့ရောင်းချရကာ အမည်လည်း ထင်ရှားကျော်ကြားပါသည်။

သနပ်ခါးတုံးများထဲတွင် ရှင်မတောင်သနပ်ခါး၊ ရွှေဘိုသနပ်ခါးများကတော့ သနပ်ခါးအရောင် ဝါညက်ပြီး လိမ်းထားသူကိုသာမက ဘေးဝန်းကျင်ရှိသူများထိအောင်ပါ ရနံ့မွှေးကြိုင်စေတာကြောင့် လူကြိုက်များပြီး ထင်ရှားပါသည်။ ရွှေဘိုသနပ်ခါးဆိုလျှင် သီချင်းထဲတွင် ထည့်သွင်း၍စပ်သည်ထိပင် အမည်ထင်ရှားပါသည်။

သနပ်ခါးတွင် အတုံးကို လိမ်းရသည့်သနပ်ခါး အတုံးပင်၊ အမြစ်ကိုလိမ်းခြင်း၊ ဆေးအဖြစ်အသုံးပြုခြင်းများ ပြုသည့် သနပ်ခါးအမြစ်ပင်၊ ဘုရားပန်းအဖြစ်တင်လှူကြခြင်း၊ အမျိုးသမီးတို့ ဆံပေါသာတွင် ပန်ဆင်ခြင်းများပြုသည့် အပွင့်ဝါဝါအလုံးလေးများ အခက်လိုက်ပွင့်ကြသည့် သနပ်ခါးပန်းပင် ဟူ၍ ရှိကြပါသည်။ ဤသုံးမျိုးစလုံး အမျိုးသမီးများ အလှအပအတွက်ရော မြန်မာ့တိုင်းရင်းဆေးဖက်အဖြစ်ပါ အသုံးဝင်ပါ၏။

ကျား,မ မရွေး သနပ်ခါးကိုသွေး၍လိမ်းပေးကြခြင်းဖြင့် အသားအရေကို အေးမြစေပြီး နေပူဒဏ်၊ နေလောင်ဒဏ်များကို ကာကွယ်စေပါသည်။ သနပ်ခါးစစ်စစ်ကိုသာ နေ့စဉ် အသားအရေမှာ လူးပေးပါ၊ မည်သည့် Cream, Lotion မှမလိုဘဲ သဘာဝအတိုင်း စိုပြည်လှပစေပါသည်။

သနပ်ခါးကို သွေး၍ရရှိသော သနပ်ခါးရည်ကို မကြာခဏ တဝကြီးရှူရှိုက်ပေးခြင်းအားဖြင့် ခေါင်းအုံ၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ နှာခေါင်းပိတ်ခြင်းများကို ပျောက်ကင်းစေပါသည်။

သွားနာ၊ သွားကိုက် စသော သွားဝေဒနာများအတွက် သနပ်ခါးအရွက် (သို့) သနပ်ခါးအသီး ရရာလက်တစ်ဆုပ်ခန့်ကို ရေနဲ့ပြုတ်ပြီး ခပ်နွေးနွေး ငုံပေးပါက သက်သာပျောက်ကင်းစေပါသည်။

ကလေး၊ လူကြီးမရွေး နွေရာသီတွင် ပူပြင်းမှုဒဏ်ကြောင့် မိတ်ဖုများထွက်ပါက သနပ်ခါးသွေး၍ သောက်ပေးခြင်း၊ လိမ်းပေးခြင်းများ ပြုလုပ်ပါ။ အပူငြိမ်းပြီး မိတ်ဖုများကို ပျောက်ကင်းစေပါသည်။

ကလေးငယ်များ သွားရင်းလာရင်း ညှော်မိ၊ ညှော်ဝင်ခံရသည့်အခါ သနပ်ခါးအနည်းငယ်ကို ခွံ့ပေးခြင်းဖြင့် အညှော်ထွက်စေပါသည်။

ကလေးငယ်များ ချောင်းဆိုးရင်ကျပ်သည့်အခါ သနပ်ခါးအမြစ်ကို သွေး၍ရသော အရည်နှင့် ကွမ်းရွက်သတ္တုရည် ဆတူစပ်၍ ကလေးအရွယ်ကြည့်၍ ချင့်တိုက်ပေးပါ။

အမျိုးသမီးများ နေ့စဉ် သနပ်ခါးလိမ်းခြင်းသည် ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်ပေါက်ခြင်းများကို ကင်းဝေးစေပါသည်။

အမျိုးသမီးများ သနပ်ခါးအမြစ်ကို နန္ဒင်းနှင့် ရောစပ်လိမ်းပေးခြင်းဖြင့် သွေးသားမှန်ကန်၍ အသားလှပစေပါသည်။

သနပ်ခါးအမြစ်အား နံ့သာဖြူ လက်ချားမီးဖောက်တို့ ရောစပ်သွေး၍ လိမ်းပေးခြင်းဖြင့် အမျိုးသမီးများ ဓမ္မတာမမှန်ကန်ခြင်းကြောင့် ဖြစ်တတ်သည့် မီးယပ်ကွက်များ၊ ထုံကျဉ်ကိုက်ခဲခြင်းများ၊ အသားအရေညစ်ထေးခြင်းများကို ပျောက်ကင်းစေပါသည်။

စာဖတ်သူများ သတိပြုရမည်မှာ သနပ်ခါးကို မည်သည့်အတွက် မည်သည့်နေရာမှာပဲ အသုံးပြုသည်ဖြစ်ပါစေ၊ သနပ်ခါးစစ်ဖို့ကို အထူးဂရုပြုပါ။ သနပ်ခါးသည် လူကြိုက်များပြီး ရောင်းအားကောင်းသော ဈေးကွက်ဝင် ကုန်ပစ္စည်းတစ်ခုဖြစ်တာကြောင့် သနပ်ခါးအတုပြုလုပ်ရောင်းသူ အများပြားပဲ ရှိပါသည်။

သနပ်ခါးတုံး အစစ်များကြားတွင် သနပ်ခါးတုံးနှင့် ခွဲမရအောင် ဆင်တူသည့် ဆူးပလွေတုံးများ ရောနှောခြင်း၊ သနပ်ခါးတုံးအတုများကို သနပ်ခါးအစစ်၏ရနံ့အတိုင်း ရရှိအောင် အငွေ့ဖြင့် ပေါင်းခံထားခြင်းများ၊ သနပ်ခါးတုံးအတုတွင် သနပ်ခါးအစစ်၏ သွေးရည်များ လူးထားခြင်း စသည့် နည်းမျိုးစုံနှင့် ရောနှောရောင်းချတတ်ပါသည်။

အတုလား၊ အစစ်လား သာမန်ခွဲခြားဖို့ ခက်ခဲတာကြောင့် သနပ်ခါးတုံးဝယ်လျှင် နာမည်ပျက်မရှိသော ပင်ရင်းရောင်းချသည့်ဆိုင်များ၊ ပင်ရင်းခြံများ၊ ယုံကြည်စိတ်ချရသည့်သူများဆီကသာ ဝယ်ပါ။ မိမိအသုံးပြုသည့် သနပ်ခါးတုံးသည် အတုဖြစ်နေပါက အကျိုးရဖို့နေနေသာသာ၊ အခြား မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးများ ရရှိလာနိုင်တာကြောင့် ဂရုပြုရှောင်ရှားပါ။

သဒ္ဒါ(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

ကျော်စွာဆိုလျှင် သက်န်းရွာ၊ ခရုချောင်းရွာ၊ ရွာပိုင်းကြီးရွာ၊ ချောင်းခွစသော ကျေးရွာများ၌ မသိသူမရှိ။ အသားဖြူဖြူ အရပ်မြင့်မြင့်၊ ဗလကောင်းကောင်း၊ မျက်ခုံး၊ မျက်လုံးချောချောနှင့် သူ့ပုံစံက လူတိုင်း ခင်မင်စရာကောင်းသည်။ ကျော်စွာက သဘောကောင်းသည်။ အပြောအဆို ယဉ်ကျေးသည်။ သည်းခံတတ်သည်။ သိမ်မွေ့နူးညံ့သည်။

ကျော်စွာကို ပတ်ဝန်းကျင်ကျေးရွာတွေက မသိသူမရှိသည်က အထက်



နေဝန်းနီ

ဝတိံသာနန်းဆီသို့

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းများကြောင့်ဖြစ်သလို ဘ အဖေ၊ အမေတို့ကို အသက်(၄၀) လာသည့်တိုင် အိုးအိမ်ထောင် ကျိုးကျိုးနွံနွံဖြင့် မငြိုမငြင် လုပ် ကျွေးမွေးနေသောကြောင့်လည်း ၏။

ကျော်စွာ၏အဖေနှင့်အမေသည် အသက် (၈၀) ကျော်တွေ ဖြစ်နေကြချေ ပြီ။

ကျော်စွာ့အဖေက ကျော်စွာ ခပ် ငယ် တောတက်ထင်းခုတ်ရင်း သစ် သဖြင့် ခါးဆစ်ရိုးကျိုးသွားသည်။ ကောင်းကောင်းမသန်တော့။ အလုပ် နိုင်ခြင်း မရှိတော့။ ယုတ်စွအဆုံး ပင်မလျှောက်နိုင်ရှာတော့။ အမေ ည်း လွန်ခဲ့သော အနှစ် နှစ်ဆယ် ကာစပြီး မီးယပ်မျက်စိစွဲခဲ့ရာမှ တော်လိမ်တစ်ယောက်၏ ကုသမှုခံ ဥဖွလုပ်ရာမှ မျက်လုံးများပေါက် ပြီး မျက်စိလုံးဝကွယ်၍ ဒုက္ခိတ ခဲ့ရသည်။

ကျော်စွာ၌ ညီအစ်ကိုမောင်နှမ ၍ မူးလို့ရှူစရာပင်မရှိ။ ကျော်စွာ၏ နှင့် အမေသည် ကျော်စွာတစ် ယောက်တည်းကိုသာ ရှားရှားပါးပါးမွေး သည်။ သည်တော့ ဒုက္ခိတမိဘနှစ် အတွက် တာဝန်တွေက ကျော်စွာ ယောက်တည်းအပေါ် သာ ပုံကျလာ တော့၏။

ကျော်စွာကလည်း လိမ္မာသည်။ လက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်မှ စ၍ ဝါးဖတ်တော်ကစီနှစ်နှင့် လူဖြစ် အောင် မွေးမြူခဲ့ကြသည့် မိဘတွေ၏ ဂုဏ်ကျေးဇူးကို သိသည်။ မှက်၊ ခြင်၊ ယင်မသန်းရအောင် စောင့်ရှောက်ခဲ့ကြ သော အဖေနှင့် အမေ၏မေတ္တာကို နား လည်သည်။ သို့ကြောင့် ဒုက္ခိတ အဖေ နှင့် အမေကို ကျိုးနွံရိုသေစွာ လုပ်ကျွေး နေခြင်းလည်း ဖြစ်လေသည်။

ကျော်စွာသည် အဖေနှင့်အမေ၏ အငြိုအငြင်ကိုမခံ။ အဖေတို့၊ အမေတို့ အလိုက်အထိုက်ကို နားလည်သည်။ သို့ ကြောင့်ပင် မိဘနှစ်ပါးအား ရေအဆင် သင့်၊ မီးအဆင်သင့်၊ အစားအဆင်သင့်၊ အဝတ်အဆင်သင့်ထားပေးသည်။ လို လေသေးမရှိအောင် ပြုစုသည်။

ကျော်စွာတို့က ဆင်းရဲ၏။ လယ် မရှိ၊ ယာမရှိ၊ မြေမရှိ၊ လုပ်ခင်းမရှိ၊ ကျွဲ မရှိ၊ နွားမရှိ။ သည်တော့ သူတစ်ပါး၏ အိမ်၌ ရေခပ်၊ ထင်းပေါက်၊ မြက်ရိတ်က အစ ခိုင်းသမျှလုပ်ရ၏။ ကြုံရာကျပန်း အလုပ်တွေလုပ်ရသည်။

ကျော်စွာ အလုပ်သွားတော့မည် ဆိုလျှင် ကျော်စွာသည် အဖေနှင့် အမေ အတွက် ထမင်းချက်ပြီး၊ ဟင်းချက်ပြီး လက်ဆေးရေကစလို့ ခူးပြီးခပ်ပြီးလုပ် ထားခဲ့သည်။ ဆာသည့်အချိန်၌ စားနိုင် ရန် အဆင်သင့်လုပ်ထားခဲ့သည်။ ဘယ် လမ်းသွားသွား၊ ဘယ်ခရီးထွက်ထွက် အဖေ၊ အမေကို ရှိခိုးကန်တော့ပြီးမှ ထွက်သည်။

အဖေနှင့် အမေကလည်း လိမ္မာ ရေးခြားရှိ၍ မိဘတို့ အလိုက်အထိုက် နားလည်သော၊ မိဘတို့၏ ဂုဏ်ကျေးဇူး ကို သိတတ်သော ကျော်စွာကို သနား ကြသည်၊ ကြင်နာကြသည်။

"ငါတို့နှစ်ယောက်အတွက် ငါ့သား ပင်ပန်းနေပြီကော။ သားရယ်၊ အဖေနဲ့ အမေအတွက် တော်ရုံတန်ရုံရှိ တော် လောက်ပါတယ်။ အရမ်းကြီးကြောင့်ကြ မစိုက်ပါနဲ့ကွယ်"

ဟု သား ပင်ပန်းဆင်းရဲသည်ကို အမြဲတမ်း တွေ့မြင်နေရသည့်အတွက် သနားကြင်နာစွာဖြင့် ဆိုကြ၏။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ကျော်စွာက -

"ဟာဗျာ၊ အဖေနဲ့အမေကလည်း ကျုပ်မပင်ပန်းပါဘူးဗျာ။ ခုလောက် ပြုစုနေရတာလောက်ကို ပင်ပန်းတယ်လည်း မထင်ပါဘူး။ ကျုပ်က အဖေနဲ့ အမေ့ကို လုပ်ကျွေးနေရတာကိုပဲ ဝမ်းသာနေတာဗျ။ ရွာဦးက ဆရာတော် ဘုန်းဘုန်းက ကျော်စွာ၊ မင်း ခုလို မိဘတွေကို လုပ်ကျွေးသမှုပြုနေရတာဟာ သိပ်မွန်မြတ်တယ်ကွာတဲ့။ မိဘ ဆိုတာ ကျေးဇူးဆပ်ရခဲတယ်တဲ့။ စုန်ရေသာရှိတာ၊ ဆန်ရေဆိုတာ ဖြစ်တောင့်ဖြစ်ခဲပဲတဲ့။ ဗြဟ္မာ့ဂုဏ်၊ ဝိသုဒ္ဓိနတ်ဂုဏ်၊ ဒက္ခိဏေယျဂုဏ်၊ အာဟုဏေယျဂုဏ်၊ ပါဟုဏေယျဂုဏ်၊ ပုဗ္ဗစရိယဂုဏ် စတဲ့ ဂုဏ်(၆)ပါးနဲ့ မိဘဆိုတာ ပြည့်စုံတယ်တဲ့။ အဲဒီဂုဏ်တွေနဲ့ ပြည့်စုံနေတဲ့မိဘတွေကို ကျိုးနွံရိုသေစွာ လုပ်ကျွေးနေတဲ့ သားသမီးဟာ ကပ်သုံးပါးကိုလည်း ကျော်နင်းနိုင်တယ်။ ဘီလူးယက္ခတို့လည်း ရန်မပြုနိုင်ဘူး။ ဥပဒ္ဒေဒကာကံနဲ့လည်း မသေနိုင်ဘူး။ လူကောင်းနတ်ကောင်းလည်းဖြစ်နိုင်တယ်။ ဆုတောင်းတိုင်းလည်းပြည့်စုံစေနိုင်တယ်။ မဂ်ဖိုလ်နိဗ္ဗာန်နဲ့လည်းနီးတယ်' တဲ့ ဘုန်းဘုန်းက အဲဒီလို မိန့်ကြားတယ်။ ကျုပ်ကတော့ ဘာပဲဖြစ်ဖြစ် ခုလို အဖေနဲ့ အမေ့ကို လုပ်ကျွေးနေရတဲ့အတွက် ဝမ်းသာနေတာဗျ"

ဟု ပြန်ပြောလေ၏။

ကျော်စွာ၏စကားများကို ကြားရသော ဒုက္ခိတမိခင်အိုကြီးသည် မြင်နိုင်စွမ်းမရှိနိုင်တော့သော်လည်း သား၏ရုပ်သွင်အား အာရုံမှာ ထင်ဟပ်ပေါ်လွင်နေသည့် ဟောက်ပက်ဖြစ်နေသောမျက်လုံးများနှင့် စိုက်ကြည့်ကာ ကျော်စွာ၏ ဆီမတွေ့ရသော ဆံပင်လေးများကို လက်ဖြင့် ကြင်နာစွာပွတ်လျက် -

"မွေးကျေးဇူးနပ်တဲ့သားလေးရယ်"

ဟု ပြောဆိုရင်း မျက်ရည်များစီးကျလာကြ၏။

သည်နေ့ ကျော်စွာ မြေပိုင်ရှင် ဦးစု၏စာရင်းငှားများနှင့် ဝါးတောလိုက်ရန် ဦးစုက ငှားသည့်အတွက် နံနက် (၃)နာရီလောက်ကတည်းက အဖေနှင့် အမေ့အတွက် ထမင်းဟင်းချက်၍ သူ့အတွက် ဝါးတော၌စားရန် ထမင်းထုပ် တစ်ထုပ်ထုပ်ကာ မိုးမလင်းတလင်း၌ အဖေနှင့် အမေ့ကို ကန်တော့လေ၏။

"လူကလေး၊ ဒီနေ့စောစောစီးစီး ဘာအလုပ်ရှိလို့လဲကွယ့်။ ဘယ်သွားမှာမို့လဲ"

ဟု အဖေက ကျော်စွာကို ကြည့်၍ မေးလေသည်။

"ဦးကြီးမောင်စုက သူ့စာရင်းငှားတွေနဲ့ ဝါးတောလိုက်ဖို့ထည့်လို့ပါအဖေ"

"အေးအေး- ဒါပေမယ့် ဝါးတောဆိုတာ ဝါးခုတ်တဲ့နေရာမှာ ကြည့်တော့ခုတ်ရတယ်။ ဝါးက မခုတ်တတ်ရင် လူကိုထိုးမိတတ်တယ်။ နောက်ပြီး ဝါးတောတက်တဲ့လမ်းကလည်း တောင်ဆင်း၊ တောင်တက်တွေဆိုတော့ အန္တရာယ်များတယ်နော်လူလေး။ သတိဝီရိယနဲ့သွား"

"ဟုတ်ကဲ့ပါ အဖေ၊ စိတ်ချပါ။ ထမင်းဟင်းတွေ ကျုပ်ခူးခပ်ပြီးထားခဲ့ပြီးပြီ။ ဆာတဲ့အချိန်စားကြပေါ့။ အဆာခံစားဖို့လည်းလုပ်ထားပြီးသား။ အားလုံးအဆင်သင့်ပဲ"

ဟု ကျော်စွာက ထမင်းဟင်းပန်းကန်များကို အဖေနှင့်အမေအနား ယူချရင်း ပြောလိုက်၏။ အားလုံးပြီးသည်နှင့် သူ့ ဝါးတော၌စားရန် ထမင်းထုပ်ထည့်ထားသော ချင်းလွယ်အိတ်နွမ်းနွမ်းလေးကို လွယ်ကာ -

"ကျုပ်သွားတော့မယ်နော်"

ဟု နှုတ်ဆက်လိုက်၏။

"ငါ့သားလေး သွားလေရာလာလေရာ ခလုတ်မထိဆူးမငြိပါစေနဲ့ကွယ်။ အန္တရာယ်ခပ်သိမ်းကင်းငြိမ်းပါစေ၊ ဘေးခပ်သိမ်းကင်းငြိမ်းပါစေ။ လူချစ်လူခင်တွေလည်း ပေါပါစေ။ နတ်ကောင်းနတ်မြတ်တွေ သားလေးကို စောင့်ရှောက်ကြပါစေ"

ဟု အမေက မေတ္တာပို့သည်။

ထိုစဉ်ပင် ကျော်စွာလည်း ရွာလယ်ပိုင်းရှိ ဦးစုတို့အိမ်ကြီးဆီသို့ ထွက်ခဲ့၏။ အိမ်ရှေ့၌ ဝါးတောတက်ရန် လှည်းသုံးစီးကို အဆင်သင့်တွေ့ရလေသည်။ ဝါးတောတက်ရန်လှည်းတွေဖြစ်သဖြင့် လှည်းတွေက တက်အိမ်မပါ။ ဝက်စွယ်တပ်လှည်းငုံးတွေ ဖြစ်သည်။

"လာဟေ့ - ကျော်စွာ၊ မင်း ငါ့လှည်းတက်"

အလယ်လှည်းမှ ဖိုးထင်က ကျော်စွာ့ကိုမြင်တော့ လှမ်းခေါ်သည်။ ရှေ့လှည်း၊ နောက်လှည်းမှာ လူနှစ်ယောက်စီပြည့်နေပြီ။ အလယ်က ဖိုးထင်လှည်းသာ တစ်ယောက်တည်းဖြစ်သည်။ ဒါဆို အလယ်လှည်းမှာ သူလိုက်ရမည် ဆိုတာ ဖိုးထင်မခေါ်လည်း သူသိနေပြီ။ ဝါးတောတက်လှည်းဆိုတာက လှည်းတစ်

စီးတွင် လှည်းဦးစီး (လှည်းမောင်းသမား)
တစ်ယောက်နှင့် နောက်လိုက်တစ်
ယောက်ပါရသည်။ ဒါမှ လှည်းတစ်ခု
ဖြစ်လျှင် နောက်လိုက်က လှည်းကျ
တုံး ခံသင့်ခံ၊ လှဝိုင်းဆွဲသင့်ဆွဲဖြင့်
လုပ်ရသည်။

ကျော်စွာလည်း ဖိုးထင်လှည်းပေါ်
တန်းတက်လိုက်၏။

"ဝါးခုတ်ဓားမတို့၊ ဝါးတုပ်ဖို့ တုပ်
ကြိုးတို့ကော အဆင်သင့်ပါကြလား
ဟေ့"

ဦးစုက လှေကားရင်းမှ လှမ်းမေး
လိုက်သည်။

"ဟုတ်ကဲ့- အားလုံးပါ,ပါတယ်"

ရှေ့လှည်းမှ ဝင်းမြင့်ကဖြေလိုက်
သည်။ ထို့နောက် ကျော်စွာတို့လှည်းများ
သည် များစွာ မဝေးလှသော အရှေ့
ဘက်၌ လှမ်းမြင်နေရသည့် အလယ်
ရိုးမခေါ် ပဲခူးရိုးမကြီးသို့ စတင်ထွက်
ခဲ့ကြလေတော့၏။

ဝါး ဆိုသည်က တောင်ခြေ
ပေါက်ခဲသည်။ တောင်ခြေမှာ ပေါ
သောဝါးက တင်းဝါးတို့၊ ဝါးကြပ်
လောက်ရှိသည့် မျှစ်ဝါးလောက်
ပေါက်ကြသည်။ တောင်ပေါ်
အတော်လေးတက်နိုင်မှ ကြသောင်း
လို၊ ဝါးဖြူလို၊ မျှင်ဝါးလို ဝါးချော
တွေ တွေ့ကြရသည်။ သည်တော့
လည်း ဝါးချောဝါးသန့်တွေ ရကြသ
ဒါပေမယ့် တောင်ပေါ်တက်ရသည်
မလွယ်။ လမ်းတွေက မဖြောင့်ဖြူး
မြွေလိမ်ငါးရှဉ့်လိမ်တွေ၊ ဆစ်ချိုး
ကြီးတွေ၊ မော့တက်ကြီးတွေ၊ နောက်
လမ်းဘေးတစ်ဖက်တစ်ချက်၌ အ
နက်ရှိုင်းလှသော ချောက်ကြီးတွေ
အတော်သတိထားရသည်။

တောင်ဆင်းဝလွန်သည်နှင့်
စွာက လှည်းကို သူကိုယ်တိုင် ဝင်မော
သည်။ ကျော်စွာက လှည်းမောင်း
သည်။ သည်လမ်းက သူ့အတွက်
စားဖြင့် ထင်းတောတက်၊ ဝါးတော
လိုက်ခဲ့ရသည်မှာ ဖန်တောထနေ

တောင်ဆင်းဝမှ ခွေးလေးမြေ
ဆင်အိပ်၊ လေသာတောင် စသည့်
တွေကို ကျော်ပြီး (၉) နာရီလော
ဝါးခုတ်နိုင်သည့် ကြသောင်းဝါး
ကြီးရှိရာ မြိုင်သာကို ရောက်သည်

ရောက်သည်နှင့် နွားတွေကို
ပိုးမှဖြုတ်ချပြီး အသင့်ပါလ



www.burmeseclassic.com

www.burmeseclassic.com

အောက်ရိုးများကိုကျွေးကာ ခေတ္တနားရ၍ ဒါးခုတ်ကြသည်။ ဟီးတိုက်နေအောင် ပေါက်သော ဝါးတောကြီး ဖြစ်သဖြင့် သောဆိုသည့်ဝါးများကို စိတ်ကြိုက် ရွေး ခုတ်ကြသည်။ နှစ်နာရီလောက်သာ ခုတ် လိုက်ရသည်။ မားတွေက လှည်းတစ်စီး စာ အသာလေးရသည်။ ရသောဝါးများ ကို လှည်းပေါ် တစ်ခါတည်းတင်ကြ၏။

ဝါးတင်ပြီးသည်နှင့် နံနက်စာစား ကာ ခဏတစ်ဖြုတ်နေ၍ ရွာဆီသို့ လှည်းတွေ ပြန်မောင်းခဲ့ကြလေ၏။

အပြန်လမ်းက တောင်ပေါ် တက် ဆိုက်တထက် ပိုသတိထားရသည်။အဆင်း ချေမို့ လှည်းက အတိမ်းအစောင်းမခံ၊ အိမ်းခနဲဆိုလို့ကတော့ မလွယ်။

ကျော်စွာက လှည်းကို ရှေ့ဆုံးမှ သူကိုယ်တိုင်ပင် မောင်းခဲ့သည်။ သူ့ နောက်က ဝင်းမြင့်၊ ဝင်းမြင့်နောက်က ထွန်းဝင်း။

"ဖြည်းဖြည်း သတိဝီရိယနဲ့မောင်း ကြဟေ့"

ကျော်စွာကလှမ်းသတိပေးသည်။ သူကိုယ်တိုင်လည်း ဖြည်းဖြည်းမောင်း သည်။ သည်သို့နှင့် လေသာဆောင်နှင့် ဆင်အိပ်ကျော်လာခဲ့၏။ ထိုအချိန်တွင် ပင် မမျှော်လင့်သည့် အဖြစ်တစ်ခုကို ရှတ်တရက် ကြုံတွေ့လိုက်ကြရ၏။

အကြောင်းက သစ်ဆွဲနေကြသော ဆင်များကို နွားများမြင်ပြီး လန့်သွား ကြခြင်း ဖြစ်၏။

နွားတွေက ဆင်တွေကိုမြင်တော့ ဆွဲမရလွဲမရဖြစ်သွားကြသည်။ စုတ် သတ်မရ၊ ချော့မရနှင့် နားရွက်တွေစူပြီး အဆုန်စိုင်းကုန်ကြသည်။ အတင်းခုန် ပေါက်ပြေးကြသည်။ ထို့နောက် တဝုန်း ဝုန်းတဒိုင်းဒိုင်းအသံများနှင့်အတူ လှည်း တွေရော နွားတွေပါ ချောက်ထဲပြုတ်ကျ ကုန်တော့၏။

▌

လှည်းတွေ ချောက်ထဲပြုတ်ကျ သွားသည်ကို ကျော်စွာကောင်းကောင်း သတိထားလိုက်မိသည်။

သူ့လှည်းနောက်မှ ဝင်းမြင့်လှည်း နှင့် ထွန်းဝင်းလှည်းက ဝင်တိုးပြီး လှည်း တစ်စီးအပေါ် တစ်စီးထပ်ပိကာ ကျသွား ကြသဖြင့် သူ့လှည်းက ပိုအထိနာ၏။ သူ့ လှည်းက ရှေ့ဆုံးမှဖြစ်သဖြင့် ချောက်ထဲ သို့ တွန်းချခံလိုက်ရသလိုလည်းဖြစ်သွား သည်။

ချောက်တွေကလည်း အနက်ကြီး တွေ။

ကျော်စွာသည် တစ်ခါတော့ ငါ သေပြီဟု တထစ်ချ တွေးလိုက်သည်။ ဒုက္ခိတအဖေနှင့် အမေကို ပြေး၍ မြင် ယောင်လိုက်မိသည်။ သားပြန်အလာကို လည်တဆံ့ဆံ့ ခေါင်းတမော့မော့နှင့် အဖေနှင့်အမေ စောင့်နေမည်။ သို့သော် အဖေနှင့်အမေ့ထံပြန်လာနိုင်တော့မည် မဟုတ်သည့် သူ့အဖြစ်ကို အဖေနှင့် အမေကတော့ မသိရှာ။ သိများသိခဲ့ လျှင် . . .။ သည့်ထက်ဆိုးသည်က ငါမရှိလျှင် ငါ့အဖေနှင့် အမေကို မည်သူ လုပ်ကျွေးတော့မည်နည်း။ ငါမှတစ်ပါး လုပ်ကျွေးမည့်သားသမီးမရှိသော အဖေ နှင့်အမေ ဒုက္ခအကြီးအကျယ်တွေ့ရရှာ တော့မည်။ စသည့်စသည့် အတွေးများ ကလည်း အတောမသတ်ပေါ် လာကြ ၏။ သေမှာကို ကြောက်လှသည်မဟုတ် ပေမယ့် အဖေနှင့် အမေ့ကို တွေးမိတော့ ကျော်စွာ ဝမ်းနည်းပက်လက်ဖြစ်လာ၏။ သို့ကြောင့် မျက်ရည်များအလိုလို စီးကျ လာသည်။

လှည်းကလည်း ချောက်ထဲ၌ ပေါက်နေကြသော သစ်ပင်ကြီးငယ်များ ကိုတိုးကာ တစ်စစီဖြစ်သွားသည်။ ကိုင် ရိုက်ခံလိုက်ရသလိုဖြစ်သွားသည်။

ထိုအချိန်မှာပင် သူ့အား တစ်စုံ တစ်ယောက်က ဆီးပွေ့ထားလိုက်သလို ကျော်စွာ ခံစားလိုက်ရ၏။ သတိထား ကြည့်လိုက်မိတော့ အလွန် လှပချော မော့ပြီး ကျော်စွာကြည့်ဖူးသည့်ပွဲထဲက နတ်သမီးလေးလို ဝတ်ဆင်ထားသော (၁၈) နှစ်ခန့် အမျိုးသမီးလေးတစ် ယောက်ကို တွေ့လိုက်ရသည်။

အမျိုးသမီးလေးက ကျော်စွာ့ကို ဆီးပွေ့ထားရာမှ -

"မောင်ဘုရား၊ ဘာမှမဖြစ်စေရ ပါဘူး။ အားငယ်တော်မမူပါနဲ့ မောင် တော်"

ဟု ကြည်မြ ချိုလွင်သောအသံ လေးနှင့် ပြောလိုက်၏။

"မင်းကဘယ်သူလဲ"

ကျော်စွာက နားမလည်နိုင်စွာ မေးလိုက်သည်။

"နှမတော်ရဲ့နာမည်က ရမ္ဘာဒေဝီ လို့ခေါ် ပါတယ်။ နတ်ပြည်ခြောက်ထပ် ကို အစိုးရတဲ့ အဖဘိုးသက္ကရဲ့သမီးတော် တစ်ပါးပါ မောင်တော်။ အဖက မောင် တော့်ကို သွားကယ်ချေလို့ မိန့်တော်မူ တဲ့အတွက် လာကယ်တာပါ"

"ကျေးဇူးတင်ပါတယ် ရမ္ဘာဒေဝီ နတ်သမီးလေးရယ်၊ နို့မဟုတ်ရင် ကျုပ် သေမှာဗျ၊ ကျုပ်မသေချင်ဘူး နတ်သမီး လေးရယ်"

"ဘာဖြစ်လို့လဲ မောင်တော်"

"ကျုပ်သေသွားရင် ကျုပ်ကို အား ထားနေရတဲ့ ကျုပ်အဖေနဲ့ အမေ ဒုက္ခ ရောက်ကုန်ကြမှာဗျ။ ကျုပ်က အဖေနဲ့ အမေကို လုပ်ကျွေးနေရတဲ့သူ၊ ကျုပ်မရှိ ရင် ကျုပ်အဖေနဲ့အမေကို ဘယ်သူလုပ် ကျွေးတော့မှာလဲ"

"သာဓု သာဓုပါ မောင်တော်၊ အဲဒီလို မောင်တော်ဟာ မိဘကို လုပ် ကျွေးနေတဲ့သားဖြစ်လို့လည်း အဖ ဘိုး သက္ကက ကယ်ခိုင်းခဲ့တာပါ။ အဖက မိန့်ပါတယ်။ မိဘနှစ်ပါးကို ရိုသေစွာ လုပ်ကျွေးသမှုပြုတဲ့သူဟာ ငါသိကြား မင်းထက် မြတ်တယ်။ အဲဒီ ပုဂ္ဂိုလ်မျိုး ကို ငါကိုယ်တိုင် ရှိခိုးပူဇော်ရတယ်တဲ့။ အဲဒီမိဘလုပ်ကျွေးတဲ့သားသမီးအတွက် မသေခင်ကပင် တာဝတိံသာနတ်ပြည် မှာ ဗိမာန်ကြီးတွေ ကြိုပေါက်ထားကြပါ တယ်။

စုလစ်မွမ်းချွန်တွေနဲ့ ရတနာခုနစ် ပါးနဲ့ ပြီးစေတဲ့ အံ့ဘနန်းဘုံဗိမာန်ကြီး တွေဟာ ခု မောင်တော့်အတွက် တာ ဝတိံသာမှာ ရှိနေပါပြီ။ မောင်တော် ရောက်လာရင် မောင်တော့်ကို အလုပ် အကျွေးပြုဖို့အတွက် နှမတော် အပါအ ဝင် နတ်သမီး တစ်ဖက် ငါးရာလည်း အဆင်သင့်စောင့်နေကြပါပြီ။ လာ - မောင်တော်၊ နှမတော် မောင်တော့် အတွက် ဗိမာန်ကြီးကို လိုက်ပြမယ်"

ရမ္ဘာဒေဝီ နတ်သမီးကလေးက ကျော်စွာ့လက်ဆွဲ၍ တာဝတိံသာနတ် ပြည်သို့တက်ခဲ့သည်။ တာဝတိံသာဆို သည်က အဇ္ဈာထဲမှာပဲရှိသည်။ စာ တွေထဲမှာ၊ ပုံပြင်တွေထဲမှာ ကျော်စွာ ဖတ်ဖူး၊ ကြားဖူးသည်။ အခုတော့ သူ လက်တွေ့မြင်ရချေပြီ။

တိမ်တိုက်တိမ်တိုက်တွေကြား၌ ရွှေရောင်တဝင်းဝင်း၊ ငွေရောင်တဝင်း ဝင်း နီလာရောင်၊ စိန်ရောင်၊ မြရောင်၊ ပတ္တမြားရောင်အဆင်းအမျိုးမျိုးတွေနှင့် စုလစ်မွန်းချွန်တွေနှင့် ဗိမာန်ကြီးတွေ၊ ပြာသာဒ်ကြီးတွေကို ကျော်စွာမြင်ရသည်။ အားလုံးတိုကြည့်ပြီး သူ့ရင်သပ်ရှုမောရ လေသည်။

တစ်နေရာ၌ သူ့အတွက် ဗိမာန် ကြီးကိုလည်း တွေ့လိုက်ရ၏။ အဆောင် ဆောင်အနန်းနန်းတွေနှင့် ရတနာပန်း ဆိုင်ပန်းခက်တွေချိတ်ဆွဲထားသည့် စိန်



www.burmeseclassic.com

www.burmeseclassic.com

မြရောင် ရွှေလရောင် တောက်ပလျက်ရှိသော ယူဇနာ (၃၀) ကျယ်ဝန်းသည့် အံ့ဘနန်း ဗိမာန်ကြီး။ သူ့ကို အလုပ်အကျွေးပြုကြမည့် နတ်သမီးတွေ၊ နတ်သားတွေကလည်း အဆင်သင့်။ ကျော်စွာ့ကို တွေ့တော့ အားလုံးက ဗိမာန်ရှင်ကြီးအဖြစ် လာရောက် ဂါရဝပြုကြသည်။ နှုတ်ဆက်ကြသည်။

နောက်တစ်နေ့ရာ၌ ကျေးငှက်သာရကာတို့ ပျော်မြူးနေကြသည့် သစ်ပင်ပန်းမန်အပေါင်းတို့နှင့် စိမ်းလန်းစိုပြည်နေသော ဥယျာဉ်ကြီးကို ကျော်စွာတွေ့ရသည်။ နတ်မင်းတိုင်း ပိုင်ဆိုင်လေ့ရှိကြသော နန္ဒဝန်ဥယျာဉ်ကြီးအဖြစ် ရမ္ဘာဒေဝီက ကျော်စွာ့ကို ရှင်းပြသည်။ နတ်မင်းတစ်ပါးလျှင် ထိုကဲ့သို့ နှလုံးချမ်းမြေ့ကြည်မွေ့ဖွယ်ကောင်းသော ဥယျာဉ်ကြီးတစ်ခုစီ ပိုင်ဆိုင်ကြောင်းလည်း ပြောပြပါသည်။ ရမ္ဘာဒေဝီက နတ်ပြည်တစ်လျှောက် လိုက်လံ ပြသသည်။ အားလုံးမြင်တွေ့ရသမျှ စွဲမက်စရာတွေချည်း။

"ကျုပ်ကို ခုလို တာဝတိံသာနတ်ပြည်ကို လိုက်ပြတာ ကျေးဇူးတင်ပါတယ်။ ကျုပ်ကိုလည်း ပြန်ခွင့်ပြုပါဦး။ ဒီလောက်ဆို အဖေနဲ့အမေမျှော်လောက်နေပြီ"

ကျော်စွာက ရမ္ဘာဒေဝီကို ကျေးဇူးတင်စကားဆိုရင်း အဖေ၊အမေဆီပြန်ရန် ခွင့်တောင်းလိုက်၏။ ထိုအခါ ရမ္ဘာဒေဝီက ကျော်စွာကို နားလည်သဘောပေါက်သည့်အကြည့်နှင့်ကြည့်ရင်း ခေါင်းလေးကို အသာညိတ်ပြလိုက်လေ၏။ ထို့နောက် လက်အုပ်လေးချီ၍ -

"ကောင်းပါပြီ၊ မောင်တော်ဘုရား"

ဟု ပြောလိုက်လေသည်။

BURMESE CLASSIC .com

"ဟော - သူသတိရလာပြီ။ မျက်လုံးတွေဖွင့်၊ ပါးစပ်လှုပ်လာတယ်"

ကျော်စွာ့နားထဲ အသံတွေက ဗလုံးဗထွေး ပိုးတိုးဝါးတား။ ကျော်စွာ ငါဘာဖြစ်တာလဲ၊ ဘယ်ရောက်နေတာလဲ စဉ်းစားကြည့်သည်။ ပထမတော့ စဉ်းစားမရ၊ စိတ်တွေကဝေနေသည်။ ဦးနှောက်ထဲ ရီးတိုးရီတီဖြစ်နေသည်။ သို့သော် ခဏကြာတော့ တောင်ပေါ်တက် ဝါးခုတ်တာ၊ အပြန် ဆင်တွေနှင့်တိုးပြီး နွားတွေလန့်ပြေးကြတာ၊ နောက် လှည်းတွေ ချောက်ထဲထိုးကြကုန်ကြတာ စသည်တို့ကို တရိပ်ရိပ်ပြန်မြင်ယောင်လာသည်။

"ဘုရား. . . ဘုရား"

ကျော်စွာ ဘုရား,တလိုက်မိသည်။

"ကျုပ်. . .ကျုပ် ခုဘယ်ရောက်နေတာလဲဗျ"

ကျော်စွာက အသံကိုမြှင့်၍မေးလိုက်သည်။ သူ့အသံကယဲ့ယဲ့ထွက်လာ၏။ ပါးစပ်ပွင့်ရုံသာသာဖြစ်သည်။ သို့သော် တစ်ဖက်က နားလည်သည်။ သူ့အမေးကို ကရုဏာသက်စွာပြန်ဖြေ၍-

"မင်း ဆင်တဲရောက်နေတာ၊ မင်းတို့လှည်းတွေ ချောက်ထဲထိုးကျကုန်လို့ တို့ကယ်ဖို့ ချောက်ထဲပြေးဆင်းတော့ လှည်းတွေလည်း ရစရာမရှိအောင် ကျိုးကြေကုန်ကြတယ်။ မင်းတစ်ယောက်က လွဲပြီး နွားတွေရော လူတွေပါ သေကုန်ကြတယ်။ မင်းကတော့ တောစံပယ်ပန်းချုံကြီးပေါ် တင်နေတာတွေ့တာနဲ့ ဆင်တဲခေါ်လာပြီး ဆင်ဆရာဝန်နဲ့ အရေးပေါ် ကုပြီး ခု ဆေးရုံကြီးကို ဆင်နဲ့ပို့ဖို့ လုပ်နေကြတာ"

"ဗျာ"

"ဟုတ်တယ်၊ ပုံပန်းကတော့ လှည်းတွေ ချောက်ထဲ ပြုတ်အကျမှာ မင်းက လှည်းပေါ်ကနေ လွင့်ထွက်သွားပြီး တောစံပယ်ချုံကြီးပေါ် သွားတင်နေတာ ဖြစ်မယ်။ ဒါကြောင့် ဘာမှမဖြစ်တာနေမယ်။ တောစံပယ်ချုံ ဆိုတာကလည်း မင်းသိတဲ့အတိုင်းပဲလေ လူနှစ်ယောက်၊ သုံးယောက်တောင် တက်အိပ်လို့ရတဲ့ တကယ့်ချုံကြီးတွေပဲ"

အဖြစ်မှန်တွေ သိလိုက်ရသည့်အတွက် ကျော်စွာ သူ့ကိုယ်သူ အံ့ဩသွားသည်။

ဒါဆို စောစောက ရမ္ဘာဒေဝီနတ်သမီးလေး ကယ်ခဲ့သည်ဆိုတာက သူ မေ့မြောသွားစဉ် ကြုံရသည့်အဖြစ် ဖြစ်သည်။ တကယ်ပဲ ရမ္ဘာဒေဝီနတ်သမီးလေး ကယ်ခဲ့တာလား။ ဒါမှမဟုတ် အိပ်မက်တစ်ခုကိုပင် ထူးထူးခြားခြား ဆန်းကြယ်စွာမြင်မက်မိတာလား သူဝေခွဲမရ။ သူ စံပယ်ချုံကြီးပေါ် ရောက်နေရသည်ကတော့ အမှန်ပဲ ထူးခြားနေ၏။ လူကြီးသူမများ ပြောသလို 'သူတော်ကောင်းနတ်ကောင်းမတာပဲလား' ဟုလည်းတွေးလိုက်မိသည်။

ထို့အတူ -

'မောင်တော်က မိဘကို လုပ်ကျွေးနေတဲ့သားဖြစ်တဲ့အတွက် အဖဘိုးသက္ကကယ်ခိုင်းတာပါ။ အဖကမိန့်ပါတယ်။ မိဘနှစ်ပါးကို ရိုသေစွာလုပ်ကျွေးသမှုပြုတဲ့သူဟာ ငါသိကြားမင်းထက် မြတ်တယ်။ အဲဒီပုဂ္ဂိုလ်မျိုးကို ငါကိုယ်တိုင် ရှိခိုးပူဇော်ရတယ်။ မိဘလုပ်ကျွေးတဲ့ သားသမီးအတွက် မသေခင်ကပင် နတ်ပြည်မှာ ဗိမာန်ကြီးတွေကြိုပေါက်ထားကြတယ်'

ဟု ရမ္ဘာဒေဝီနတ်သမီးလေး ပြောကြားခဲ့သောစကားများနှင့် -

'မိဘ ဆိုတာ ဗြဟ္မာ့ဂုဏ်၊ ဝိသုဒ္ဓိနတ်ဂုဏ်၊ ဒက္ခိဏေယျဂုဏ်၊ အာဟုဏေယျဂုဏ်၊ ပါဟုဏေယျဂုဏ်၊ ပုဗ္ဗစရိယဂုဏ် စတဲ့ ဂုဏ် (၆) ပါးနဲ့ ပြည့်စုံတယ်။ အဲဒီဂုဏ်တွေနဲ့ ပြည့်စုံတဲ့ မိဘကိုကျေးဇူးရှိသေစွာ လုပ်ကျွေးနေတဲ့ သားသမီးဟာ ကပ်သုံးပါးကိုလည်း ကျော်နင်းနိုင်တယ်။ ဘီလူး၊ ယက္ခိုဏ်တို့လည်း ရန်မပြုနိုင်ဘူး။ ဥပဒ္ဒေဒကကံလည်း မထိုက်နိုင်ဘူး။ လူကောင်းနတ်ကောင်းလည်းဖြစ်နိုင်တယ်။ ဆုတောင်းတိုင်းလည်း ပြည့်စုံနိုင်တယ်။ မဂ်ဖိုလ်နိဗ္ဗာန်နဲ့လည်း နီးတယ်'

ဟု ရွာဦးကျောင်းဆရာဘုန်းတော်ကြီး၏ အထပ်ထပ် မိန့်ကြားခဲ့သော မ... စကားများ စသည့် အသံများကို ပဲ့တင်ထပ်စွာ သူပြန်လည်ကြားယောင်လိုက်မိပေတော့၏။

ထို့အတူ ကျော်စွာသည် သူယ... ကဲ့သို့ သေဘေးမှလွတ်မြောက်ခဲ့ရသည်မှာ မိဘကို ရိုသေစွာ လုပ်ကျွေးသမှု... သဖြင့် အမှန်တကယ် လွတ်မြောက်... ခြင်းဖြစ်ကြောင်းလည်း ယုံကြည်လက်... ခဲ့လေသည်။

ဆရာဘုန်းကြီးကတော့ ကျော်စွာ... အား ကြုံခဲ့ရတဲ့အဖြစ်မှာ ရမ္ဘာဝတီနတ်... သမီးလေးနှင့်တွေ့ခဲ့သည်။ ရမ္ဘာဒေဝီနတ်... သမီးလေးက ကျော်စွာ့ကိုကယ်ပြီး နတ်... ပြည်ကိုခေါ်သွားကာ ကျော်စွာ့အတွက်... ပေါ်ပေါက်နေသော ဗိမာန်ကြီးကိုပြ... သည် ဆိုသည်မှာ အိပ်မက်မဟုတ်... ကြောင်း၊ တကယ်ဖြစ်နိုင်ကြောင်း၊ မိဘ... ကို ရိုသေစွာ လုပ်ကျွေးသူများအတွက်... အမှန်တကယ်လည်း နတ်ပြည်၌ ... ဗိမာန်ကြီးတွေ ကြိုတင်ပေါ်ပေါက်နေ... တတ်ကြောင်း၊ ဘုရားဟောရှိကြောင်း... ဖြည့်စွက်မိန့်ကြားတော်မူလေ၏တကား...

မိဘရှိကြသော...

သားသမီးတိုင်းအတွက် ရည်ရွ...

မေတ္တာများစွာဖြင့်...

နေဝ...



www.burmeseclassic.com

www.burmeseclassic.com

# ရာသီခွင်အလိုက် ဘ၀ဖြစ်စဉ်များ

ဦးအောင်လှိုင်(သုဝဏ္ဏ)



**Virgo (the Virgin)**

**ကန်ရာသီ (ကညာပျို)**

**ဩဂုတ်လ (၂၄) ရက်မှ စက်တင်ဘာလ (၂၃) ရက်အတွင်း မွေးဖွားသူများ**

ကညာပျိုရာသီရုပ်အဖြစ် အမည်တွင်သည်။ ကျန်းမာရေး၊ လက်အောက်ငယ်သား၊ အလုပ်သမားတို့ကို ကိုယ်စားပြုသည်။ ဖြူစင်ရိုးသားမှု၊ စစ်မှန်မှုရှိသည့် ရာသီခွင်၌မွေးဖွားလာသူ ဖြစ်သည်။ အရာရာကို အလိုလို သိမြင်နိုင်စွမ်းရှိတတ်သည်။ အသိဉာဏ်ပညာရပ်အတွက် ရှေ့ဆောင်လမ်းပြပေးနိုင်သော မီးအိမ်ရှင်များ ဖြစ်သည်။ ဘ၀တစ်သက်တာအတွင်း မြင့်မြတ်သောအရာများကိုသာပိုင်ဆိုင်လိုကြသည်။ ကန်ရာသီဖွားအများစုသည် လူပျိုကြီး၊ အပျိုကြီးများအဖြစ်ရှိတတ်သော်လည်း စာနာထောက်ထားမှု သနားကြင်နာတတ်မှုများကို ပေးစွမ်းနိုင်ကြသည်။ ကန်ရာသီဖွားတို့သည် ရာသီခွင်သဘာဝအရ အိမ်ထောင်ပြု ထိမ်းမြားခြင်းအမှုကိစ္စများနှင့် လုံးဝ မသက်ဆိုင်တတ်ပေ။

ကန်ရာသီဖွားတို့သည် အခြေခံအားဖြင့် လူအုပ်စုများအကြား နေထိုင်ပြောဆိုရခြင်း၌ အဆင်မပြေတတ်ကြပေ။ အခြေခံစရိုက်လက္ခဏာအရ စိုးရိမ်ပူပန်မှု ကြီးမားတတ်ကြသည်။ သို့သော်လည်း ၎င်းတို့မျက်နှာပေါ်မှ သက်ဝင်သောအပြုံးများက ၎င်းတို့၏ ကြီးမားသော ဒုက္ခ၊ သောကများအား မမြင်နိုင်အောင် ဖုံးကွယ်ထားနိုင်ကြသည်။ ကန်ရာသီဖွား အများစုသည် ရုပ်ရည်ချောမော လှပတတ်ကြသည်။ ဖြောင့်စင်းသော နှာတံ၊ ညွတ်ကွေးနေသော နှုတ်ခမ်းနှစ်လွှာနှင့် နားရွက်တို့သည် ၎င်းတို့ မျက်နှာပေါက်နှင့် တင့်တယ် လိုက်ဖက်လျက်ရှိနေကြသည်။ နှစ်လိုဖွယ်ဖြစ်သော၊ ချစ်သရေရှိသော မျက်နှာများပင် ဖြစ်သည်။

ကန်ရာသီဖွားတို့ ခန္ဓာကိုယ်သည် သာမန်အားဖြင့် သေးသွယ်တတ်ကြပါသည်။ အတိအကျဆိုပါက ကြီးထွား အရပ်ရှည်သူ ဟူ၍ လုံးဝမတွေ့ရတတ်ပေ။ သို့သော်လည်း သန်မာတတ်ကြသည်။ တစ်ခါတစ်ရံ မိမိထက် အရွယ်ကြီးထွား (ဗလတောင့်) သူများထက်ပင် အချိန်ကာလ အတော်ကြာကြာ အလုပ်(ဆက်တိုက်) လုပ်နိုင်ကြသည်ကို အံ့ဩဖွယ် တွေ့ရှိရသည်။ ၎င်းတို့၏ဝမ်းအတွင်း အစာခြေအင်္ဂါအဖွဲ့နှင့် စိတ်ခံစားမှုဆိုင်ရာတို့ ညီညွတ် မျှတနေခြင်းကြောင့်လည်း သာမန်လူများထက် ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်တတ်ကြသည်။

သို့သော်လည်း ကန်ရာသီဖွားတို့သည် ၎င်းတို့မသွားချင်သောနေရာ၊ မပြုလုပ်လိုသော အကြောင်းရင်းကိစ္စ တစ်ခုခုရှိပါက နေမကောင်းချင်ယောင်ဆောင်တတ်ကြသည်။ ကျန်းမာရေးပိုင်းနှင့်ပတ်သက်၍ အသိပညာ ဗဟုသုတ ပြည့်စုံကြွယ်ဝသူများ ဖြစ်သည်။ ကန်ရာသီဖွား၏မိတ်ဆွေဖြစ်သော သင်မှ နေထိုင်မကောင်းဖြစ်ခဲ့သော် သင့်အတွက် (မည်မျှဝေးသောနေရာ၌ပင်ဖြစ်စေ) ဆေးတစ်ခုခုရအောင် ဝယ်ပေးတတ်ပါသည်။ ၎င်းနေရာ၌သာ သင်ရှိမည်ဆိုလျှင် ဤမျှဝေးသောနေရာသို့ သွားဝယ်နိုင်မည်မဟုတ်ပေ။ ဆေးဝါးသောက်သုံးရာ၌လည်း ၎င်းဆေးဝါး၏ အကျိုး၊ အပြစ် (ဘေးထွက်ဆိုးကျိုးများနှင့်) ပါဝင်သောပစ္စည်းအချိုးအစားအား မသိရဘဲ လုံးဝသောက်သုံးခြင်းမရှိတတ်ပေ။ ထို့ကြောင့်လည်း ကန်ရာသီဖွားတို့နှင့် သိကျွမ်းမိတ်ဆွေဖြစ်ရသောသူများအဖို့ ခေါင်းကိုက်၊ ဖျားနာနှင့် အခြား ရောဂါအမျိုးမျိုးတို့အား သက်သာပျောက်ကင်းရန် မည်သည့်ဆေးဝါးကိုသောက်သင့်၊ မသောက်သင့် အကြံဉာဏ်ကောင်းများရယူနိုင်ပါသည်။

ကန်ရာသီဖွားများသည် ငွေကြေးသုံးစွဲမှု၌ စိတ်ရှိသလို (လွတ်လပ်စွာ) ဖြုန်းတီးတတ်ကြသည်။ မိမိကိုယ်တိုင်အတွက် သုံးဖြုန်းတတ်သလို မရှိဆင်းရဲသား(နွမ်းပါး)သူများအားလုံးအားလည်း ရက်ရောစွာ ပေးကမ်း စွန့်ကြဲတတ်ကြသည်။ မိတ်ဆွေအပေါင်းအသင်း တစ်ယောက်ယောက် ဒုက္ခရောက်ချိန်၌ အချိန်အခါမရွေး (မပျက်မကွက်) ကူညီတတ်ကြသည်။ သို့သော် အပျင်းကြီးသူများနှင့် အချိန်ဖြုန်း (အလေလိုက်) နေသူများကိုမူ စေတနာမထားတတ်ပေ။ ကန်ရာသီဖွားတို့သည် အမှားတစ်စုံတစ်ရာပြုရန် ခဲယဉ်းတတ်ကြသည်။ ထူးထူးခြားခြား ကျန်းမာရေးကောင်းသူများ ဖြစ်ကြသည်။ ကန်ရာသီဖွားအများစုမှာ သက်သတ်လွတ်စားတတ်ကြသည်။ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့်ပတ်သက်၍ ပြောစရာမလိုအောင် သန့်ရှင်းတတ်ကြသည်။ အစာမစားမီနှင့်စားပြီးအချိန်များ၌ လက်ကိုပြောင်သန့်နေအောင် ဆေးလေ့ရှိ၏။

အမှန်တရားကို လေးစားတန်ဖိုးထားခြင်း၊ အချိန်တိကျခြင်း၊ စကားတည်ခြင်း၊ ခြိုးခြံချွေတာခြင်း၊ ဆင်ခြင်ဉာဏ်ရှိခြင်း၊ အပြောအဆို လိမ္မာသိုသိပ်ခြင်းတို့သည် ကန်ရာသီဖွားတို့၏ အခြေခံလက္ခဏာများပင် ဖြစ်သည်။

**ကန်ရာသီဖွား (အမျိုးသား)**

၎င်းရာသီဖွား အမျိုးသားတို့သည် ကလေးဘ၀ကပင် နက်ရှိုင်းသော သံယောဇဉ် မေတ္တာဇာတ်လမ်းများ ရှိတတ်ကြသည်။ကန်ရာသီဖွားတို့သည် မေတ္တာရေးအဖြစ် အရာရာ၌ ပမာဏထက် အရည်အသွေးကိုဦးစားပေးတတ်ကြသည်။ အများအားဖြင့် လူမှုအသိုင်းအဝန်းနှင့် ဆက်ဆံပြောဆိုခြင်း မရှိဘဲ (ခပ်ကင်းကင်း) နေတတ်ကြသည်။ ကိုယ်ပိုင်အားလပ်ချိန်များ၌ (အချိန်ကို တန်ဖိုးရှိစွာအသုံးချသည့်အနေဖြင့်) အချစ် ဟူသော အရာကို ရှာဖွေတတ်ကြသည်။

ကန်ရာသီဖွားတို့သည် စိတ်ခံစားမှုဖြစ်စေသည့် အရာမှန်သမျှအပေါ်တွင် ရှောင်ရှားနိုင်ကြသည်။ အချစ်ရေးနှင့်ပတ်သက်၍ ခံစားမှုမရှိဘဲ၊ အဖော်မလိုဘဲ ကာလအတန်ကြာ နေထိုင်တတ်ကြသည်။ ကန်ရာသီဖွားတို့၏ အချစ်မီးသည် ရုတ်တရက် မီးတောက်သဖွယ် ထတောက်ခြင်း မဟုတ်ဘဲ တငွေ့ငွေ့နှင့် (ဖြည်းဖြည်းပုံမှန်)လောင်နေတတ်သည်။ ၎င်းကန်ရာသီဖွား အမျိုးသားတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ဥပေက္ခာပြုခြင်း၊ ရှူးမိုက်ခြင်း၊ ညစ်ညမ်းခြင်း၊ အရှက်ကင်းမဲ့ခြင်း၊ အောက်တန်းကျခြင်းတို့အပေါ်, မုန်းတီးတတ်သူများဖြစ်သည်။ ကန်ရာသီဖွား အမျိုးသားတို့ ရှာဖွေလိုသော အမျိုးသမီးသည် ခန္ဓာကိုယ် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် စိတ်ထားဖြူစင်ခြင်းရှိသူ၊ သပ်ရပ်စွာဝတ်စားဆင်ယင်တတ်သူ၊ ဖက်ရှင်အလွန်အမင်းမဆန်သူများသာ ဖြစ်ပါသည်။

ကန်ရာသီဖွား မိဘများအနေဖြင့် ၎င်းတို့သားသမီးများအပေါ် များစွာသောစည်းမျဉ်းများဖြင့် ထိန်းချုပ်ထားတတ်ကြသည်။ ထို့အတွက် ကန်ရာသီဖွားဖခင်နှင့် ၎င်း၏သားသမီးတို့အကြားအပြန်အလှန် မေတ္တာသက်ရောက်မှုအခြေအနေ မယိမ်းမယိုင်ရန် သတိပြုရပါမည်။

အမျိုးသမီး အများစုအနေဖြင့် ငယ်ရွယ်နုပျိုပြီး သန့်ရှင်းသပ်ရပ်စွာဝတ်ဆင်နေထိုင်တတ်သော၊ မိမိနေအိမ်အားအမြဲ သန့်ရှင်းအောင် ထားတတ်သော အမျိုးသားများကိုသာ လက်ထပ်ရန် ရွေးချယ်တတ်ပါသည်။

**ကန်ရာသီဖွား (အမျိုးသမီး)**

၎င်းရာသီဖွားအမျိုးသမီးတို့သည် သန့်ရှင်းစင်ကြယ်သော အပျိုစင်လက္ခဏာများအား အခြေခံ၍ ကိုယ်စားပြုထားပါသည်။ သူမတို့ထံတွင် မရှိမဖြစ်သော အရည်အချင်းလက္ခဏာများ ရှိပါသည်။ လောကခံနှင့်ပတ်သက်၍ အမြင့်မားဆုံးသော တောင်ထွတ်တောင်တန်းများ၊ ကျယ်ပြန့်လွန်းလှသော ပင်လယ်သမုဒ္ဒရာများကိုပင် ဖြတ်ကျော်ရဲကြသည့်သတ္တိ ရှိကြသည်။ အရာရာကို လက်တွေ့ကျကျ ရင်ဆိုင်ဖြေရှင်းရဲကြသည်။

ကန်ရာသီဖွားအမျိုးသမီးတို့သည် တွေ့ကရာလူနှင့် မပေါင်းသင်းတတ်ဘဲ ရွေးချယ်ပေါင်းသင်းတတ်သည်။ ခွဲခြားဆက်ဆံတတ်ခြင်းသည် ကန်ရာသီဖွားအမျိုးသမီးတို့၏ စရိုက်လက္ခဏာအရ အဓိကသော့ချက်ပင် ဖြစ်သည်။ သူမတို့နှင့် ပတ်သက် မိတ်ဖွဲ့ (သို့) ချစ်ခင်လိုပါက အရမ်းကာရော ချဉ်းကပ်ခြင်းဖြင့် မအောင်မြင်နိုင်ပါ။

၎င်းအမျိုးသမီးများသည် စိတ်ခံစားမှုနှင့်ပတ်သက်၍ ထိန်းချုပ်နိုင်စွမ်းရှိကြသည်။ သူမတို့၏ မိမိကိုယ်ကိုနှိမ့်ချလျက် နူးညံ့ညင်သာစွာ ပြောဆိုဆက်ဆံတတ်ခြင်းနှင့် အမြင်ကြည်လင်တတ်ခြင်းတို့က သူမတို့ လုပ်ကိုင်မှုမှန်သမျှ၌ အဆင်ပြေ ချောမွေ့စေပါသည်။ အတွင်းသဘော၌ သူတကာထက် လုပ်ရဲကိုင်ရဲသောသတ္တိအပြည့်ရှိကြသည်၊ ကန်ရာသီဖွား အမျိုးသမီးများသည် သားသမီး တစ်ဦး၊ နှစ်ဦးထက် ပိုသည်ကို တွေ့ရခဲသည်။ မိမိရင်သွေးများအပေါ်၌ တာဝန်ကျေပွန်စွာဖြင့် ပညာရေး၊ ကျန်းမာရေးမှအစ လိုလေသေးမရှိရအောင် ပြုစုပျိုးထောင် ပံ့ပိုးပေးတတ်ကြသည်။

အဆိုပါ ရာသီဖွားအမျိုးသမီးများနှင့်လက်တွဲခွင့်ရသော သင့်အတွက် အတိတ်မှ မကောင်းသောအခြေအနေ အရပ်ရပ်ကို သူမက နှလုံးသားထဲ လျှို့ဝှက်စွာထားရှိလျက် ဖုံးကွယ်ပေးထားမည်။ ကန်ရာသီဖွား အမျိုးသမီးနှင့် ဘဝလက်တွဲဖော်ဖြစ်ရသူ သင့်အတွက် ကံကောင်းသည်ဟု ဆိုနိုင်ပါသည်။

**ကန်ရာသီဖွား (ကလေး သားသမီး)**

၎င်းရာသီဖွား ကလေးများသည် နိုးကြားတက်ကြွ လျင်မြန်သူများ ဖြစ်ကြသည်။ အခြားသောကလေးများထက် အေးဆေး တည်ငြိမ်သောဘဝကို ပိုင်ဆိုင်ထားကြ၏။ ဤရာသီဖွား ကလေးတို့၏ဘဝ၌ နှစ်လိုဖွယ်အဖြစ်အပျက်များနှင့်သာ ကြုံတွေ့ရတတ်ပါသည်။ နို့စို့ကလေးအရွယ်မှ စကားပြောတတ်သည့်အရွယ်သည် အလွန်လျင်မြန်လှသည်ဟုထင်ရသည်။ စောစီးစွာစကားပြောတတ်ကြသည်။ သွက်လက်ချက်ချာကြသည်။ ၎င်းကလေးများအဖို့ မိဘအပေါ် ဒုက္ခပေးသည်ဟူ၍မရှိလှပေ။ မိခင်(သို့)ဖခင်တို့အတွက် အိမ်မှုကိစ္စများ၌ အဖော်[illegible] ကြသည်။ မဆူမငေါက်လျှင်မဖြစ်သည်[illegible] ကိစ္စများ၌သာ ၎င်းတို့အား ဆူပူကြိ[illegible] မောင်း (ဆုံးမ) ရပါသည်။

ကျောင်းနေစဉ်ကာလအတွင်[illegible] ဆရာ၊ ဆရာမတို့၏ ချစ်ခင်၊ မျက်[illegible] သာပေးခြင်းခံရလောက်အောင် လိမ္[illegible] ပါးနပ် သွက်လက်ကြသည်။ ဆရာမ[illegible] ချမှတ်ထားသောစည်းကမ်းကို လိုက်[illegible] လျက် ကျောင်းသင်ခန်းစာများကိုလ[illegible] မပျက်မကွက် လေ့လာသင်အံနိုင်ကြ[illegible] မိဘတို့အနေဖြင့် လည်းကောင်း၊ ဆ[illegible] တို့အနေဖြင့်လည်းကောင်း စိတ်ချမ်း[illegible] မှုရသည့် ကလေးများပင် ဖြစ်၏။ ထ[illegible] မြက်သော ကန်ရာသီဖွား ကလေး[illegible] ဖြစ်သည့်အလျောက် အပြုအမူပိုင်း[illegible] နူးညံ့ညင်သာ လိမ္မာယဉ်ကျေးမှု အ[illegible] ရှိကြသည်။ သို့သော်လည်း တစ်ခါ[illegible] ရံ၌ ၎င်းတို့အား ဖိအားပေးခြင်း၊ စ[illegible] ဖိစီးမှုများစေခြင်းတို့ကြောင့် ပူပင်သော[illegible] ကနှင့် အမှားများလုပ်မိစေခြင်းဖြစ်တ[illegible] ပါသည်။ စိတ်ခံစားမှုကြောင့် [illegible] သည်အထိပင် ဖြစ်တတ်သည့်ကို သ[illegible] ပြုသင့်ပါသည်။

ဤကန်ရာသီဖွား ကလေးမ[illegible] ထူးခြားချက်မှာ ယုံတမ်းစကားနှင့် [illegible] များအား လုံးဝ အယုံအကြည်မရှိ[illegible] ပင် ဖြစ်သည်။

**ကန်ရာသီဖွား (သူဌေး)**

တန်ရာသီဖွား (သူဌေး) ဖြစ်[illegible] သည့်သူများအား တစ်ဖက်သားအ[illegible] နိုင့်ထက်စီးနင်းပြုရန်၊ အာဏ[illegible]

www.burmeseclassic.com

www.burmeseclassic.com

...ခိုင်ရန် လုပ်ပိုင်ခွင့်အာဏာများ ...ရေးအတွက် မွေးဖွားလာခြင်း မဟုတ်ပေ။ အခြေခံသဘာဝအရ ၎င်းတို့သည်များသည် ရိုးသားဖြူစင်မှုကို ...မြတ်နိုးသူများ ဖြစ်သည်။ မိမိ ...တိုင် မြင့်မြတ်သော၊ ဂုဏ်သရေရှိသော ရာထူးကြီးကြီးနေရာများကို မရအောင် ကြိုးစားယူခြင်းထက် အများ ... လိုလားနှစ်သက်စွာ တင်မြှောက်မှု ...သော ခံယူတတ်ကြသည်။ တစ်နည်းအားဖြင့် မိမိကိုယ်တိုင်ရှေ့ထွက်၍ စီမံ ...ကဲခြင်းထက် ရှင်ဘုရင်တို့၏ပလ္လင် ...တက်တွယ်မှ အကြံဉာဏ်ကောင်းပေး ...သည့် စီမံအုပ်ချုပ်ရေးကို ကြိုးကိုင် ...နိုင်စွမ်းရှိသည့် ပညာရှိအမတ်တစ်ဦး၏ အရည်အချင်းမျိုးကို ပိုင်ဆိုင်ထားသူများ ... ဖြစ်ပါသည်။ ဘဝတစ်သက်တာအ ...တွင်း မိမိအကျိုးအတွက်သာမက အ ...များအကျိုးအတွက်ပါ အလုပ်များနေ ...တတ်သော (အားလပ်ချိန်မရှိသော) သူ ... ဖြစ်သည်။

ကန်ရာသီဖွားတို့အနေဖြင့် မနှစ် ...သက်သုံးသော (မုန်းတီးလွန်းသော) ကိစ္စ ... သူတော်ကောင်းယောင်ဆောင်တတ် ...ကြသည့် ကြောင်သူတော်များကိုပင် ဖြစ် ...သည်။

၎င်းရာသီဖွား (သူဌေး) များသည် ...အပြည့်ပါရှိသော ကုန်တင်သင်္ဘော ...အား ရှေ့မှဦးဆောင်ဆွဲငင်ယူသွားသည့် ...သင်္ဘော၏ ကပ္ပတိန်တစ်ဦးအဖြစ် ...လည်း ရပ်တည်နိုင်ကြသည်။ ဖြစ်လာနိုင် ...ချေရှိသော အန္တရာယ်ဟူသမျှအား အ ...အေးစိတ်နိုးပါး ခန့်မှန်း တွက်ချက်နိုင် ...ကြသည်။

အထက်ပါ အရည်အချင်းများနှင့် ...ပြည့်စုံသော ကန်ရာသီဖွားများသည် ...ကုမ္ပဏီလုပ်ငန်းကြီးများ၌ အောင်မြင်သူ...များ ဖြစ်ကြပါသည်။

၎င်းရာသီဖွား သူဌေးများသည် အတွင်းရေးမှူးတို့၏ ဖြစ်ကတတ်ဆန်း ...လုပ်သောအမှားများ၊ စာလုံးပေါင်းအ ...မှားများအား သတိမမူ(လျစ်လျူရှု)တတ် ...ကြသည်။ တစ်ခါတစ်ရံ၌ သူဌေးကိုယ် ...တိုင်ပင် ထိုသို့သောအမှားမျိုးကိုပြုလုပ် ...တတ်ကြသည်။ သို့သော်လည်း မှူတမူ ...နှင့် သနားစာနာတတ်သည့် သဘော ...အား ရှိကြသည်။ ကန်ရာသီဖွား သူဌေး ...တို့လက်အောက်၌ အလုပ်လုပ်ရသူများ ...အနေဖြင့် မျိုးမတူသော ပြဿနာအ ...မျိုးမျိုးနှင့်ရင်ဆိုင်ရတတ်ပါသည်။ အမျိုး ...သား ဖြစ်စေ၊ အမျိုးသမီး ဖြစ်စေ ၎င်း ...ရာသီဖွားတို့အား အလွယ်တကူမိတ်ဖွဲ့ရန် မဖြစ်နိုင်ပေ။

**ကန်ရာသီဖွား (အလုပ်သမား)**

၎င်းရာသီဖွား အလုပ်သမားများကို စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးပါက တစ်ချိန်ချိန်၌ သင့် အားကိုးအားထားပြုနိုင်လောက်သည့် လက်ထောက်အကူ အတွင်းရေးမှူးအဆင့်ထိ ခန့်အပ်နိုင်ပါလိမ့်မည်။ အလုပ်သမားချင်းအတူတူ တစ်မူထူးခြားသော အရည်အသွေးများပါရှိခြင်း၊ ရိုးသားဖြောင့်မတ်ခြင်းနှင့် ကြိုးစားခြင်းများကြောင့် မူလနေရာမှ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာပါမည်။ ငွေကြေးဟူသည် လူတိုင်းအတွက် လိုအပ်သည် မှန်သော်လည်း ၎င်းကန်ရာသီဖွားတို့အနေဖြင့် ငွေရရှိရေးသက်သက်မျှလောက်ဖြင့် အလုပ်ကြိုးစားနေကြခြင်း မဟုတ်ပေ။ ငွေကြေး၏နောက်မှ တန်ဖိုးမဖြတ်နိုင်သည့် အရည်အချင်းများအတွက်ပါ ကြိုးစားအားထုတ်နေကြခြင်း ဖြစ်သည်။

၎င်းအပြင် စိတ်နေစိတ်ထား အပြောင်းအလဲမမြန်ဘဲ တည်ငြိမ်မှုရှိခြင်း၊ သစ္စာစောင့်သိတတ်ခြင်း၊ အကျိုးအကြောင်း ညီညွတ်စွာ စဉ်းစားဆင်ခြင်နိုင်ခြင်း သဘောလက္ခဏာများ ရှိကြသည်။ မိမိအားထုတ်ကြိုးစားလုပ်လိုက်သော လုပ်အားနှင့်ညီမျှသည့် ရပိုင်ခွင့်ငွေကြေးမှအပ အခြား အပိုဆုကို မျှော်လင့် တောင့်တခြင်း မရှိပေ။ သို့သော်လည်း ၎င်းတို့ အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်းဖြစ်လာချိန်၌ တစ်ဖက်သားအပေါ် မှီခိုရမည့် (လွတ်လပ်မှုမရှိသည့်) အခြေအနေအတွက် မွေးရာပါ စိုးရိမ်ပူပန်စိတ်ရှိနေတတ်သည်။ အနာဂတ်ကာလတွင်ရင်ဆိုင်ရမည့် ငွေကြေးပြဿနာများအတွက် လည်းကောင်း၊ မိမိ၏ ကျန်းမာရေးအခြေအနေအတွက် လည်းကောင်း တိတ်တဆိတ် စိုးရိမ်ပူပန်နေရတတ်၏။ ထို့အတွက်ကြောင့်ပင် အလုပ်သမားဘဝကတည်းက သူမတူအောင် ကြိုးစားကြခြင်း ဖြစ်သည်။ ယနေ့လုပ်သမျှအလုပ်သည် နက်ဖြန်တိုင်းအတွက် အခြေအနေတိုးတက်မှုရှိရန် မျှော်လင့်နေတတ်သည်။ အနားယူခွင့်ရသည့် အခြေအနေ၌ပင် အနားမယူတတ်ဘဲ မိမိဘဝ တိုးတက်ရာတိုးတက်ကြောင်း တစ်ခုခု လုပ်နေတတ်ကြသည်။

ကန်ရာသီဖွား အလုပ်သမားများသည် အလုပ်ရေယာခိုလုပ်ခြင်း၊ ပျင်းရိခြင်း၊ အလုပ်ရှောင်တိမ်းခြင်းအပြုအမူများ မရှိကြပါ။ အလုပ်ရှင်အများစုအနေဖြင့် မိမိ ယုံကြည်စိတ်ချရသူ ကန်ရာသီဖွား အလုပ်သမားအား လုပ်ပိုင်ခွင့်ပေး၍လုပ်စေပါက လုံးဝ လုံခြုံစိတ်ချရမှု ရှိနေပါမည်။ လုပ်ငန်းဆိုင်ရာ၏ အတွင်းပိုင်းတွင် မှုက်နှာလွှဲထားနိုင်သော်လည်း ဖြင်ပပုဂ္ဂိုလ်များဖြစ်သည့် အဝယ်တော်၊ ဖောက်သည်များနှင့် စကားပြောဆိုရာ၌ ရိုးသားပွင့်လင်း ဖြောင့်မတ်စွာ (အရှိကိုအရှိအတိုင်း မကွယ်မဝှက်) ပြောင်ကျကျ ပြောတတ်ခြင်းကြောင့် အဆင်မပြေမှုများ တွေ့ရတတ်သည်။ ထို့အတွက် ကန်ရာသီဖွားများကို လူထုပရိသတ်နှင့် ထိတွေ့ရသော အရောင်းစျေးသည်၊ အရောင်းကိုယ်စားလှယ်များတွင် တွေ့ရခဲခြင်း ဖြစ်သည်။

မိမိနေအိမ်၌ ဖြစ်စေ၊ အလုပ်ခွင်အတွင်း၌ ဖြစ်စေ သန့်ရှင်းသပ်ရပ်စွာ နေထိုင်တတ်သော ကန်ရာသီဖွားတို့တွင် မသပ်မရပ်အနေအထားနှင့် တွေ့ရှိရပါက ၎င်းတွင် စိတ်ခံစားမှုတစ်ခုခု ပြင်းထန်စွာ ရှိက်ခတ်နေကြောင်း သိသာနိုင်ပါသည်။

ကန်ရာသီဖွား အလုပ်သမားတို့အား ဘယ်သောအခါမှ အင်အားသုံး၍ ရိုင်းစိုင်းစွာ ပြောဆိုဆက်ဆံ၍ မခိုင်းသင့်ပေ။ ၎င်းရာသီဖွားတို့၏ အတွင်းသဘောဖြူစင်ရိုးသားမှုအပေါ် အရောင်ဆိုးပေးရာရောက်တတ်ပါသည်။ အခြေခံစိတ်ဓာတ် ကောင်းမွန်ပြီးသူများ ဖြစ်သည့်အလျောက် စိတ်ဓာတ် ယိမ်းယိုင်ပျက်စီးသွားစေနိုင်သည့် အပြုအမူမျိုးကို ရှောင်ကြဉ်ရပါမည်။ ၎င်းရာသီဖွား အလုပ်သမားတို့သည် ခေါင်းရှုပ် (စိတ်ရှုပ်) မခံနိုင်ကြခြင်း၊ နားပူနားဆာလုပ်ခြင်းကို မနှစ်သက်တတ်ခြင်း စသည့် သဘောတရားများကို အလုပ်ရှင်ဘက်မှ ကြိုတင်သိထားရပါမည်။

စိတ်ကူးစိတ်သန်း အမျိုးမျိုးဖြင့် ပုံဆောင် (ပုံဖော်) လုပ်ရသော ကိစ္စများ၌ ကန်ရာသီဖွားများသည် နက္ခတ္တဗေဒ ပညာရှင်ဖြစ်ပါက တိကျသော ဟောစာတမ်းထုတ်နိုင်ခြင်း၊ ကဗျာဆရာဖြစ်ပါက အနုအရွ အလှအပ စကားလုံးများဖြင့် တန်ဆာဆင်ရေးဖွဲ့နိုင်ခြင်း၊ ပန်းချီဆရာဖြစ်ပါက အာရုံစုစည်း၍ အသေးစိတ်အချက်အလက်များ ပါဝင်အောင် ရေးဆွဲနိုင်ခြင်း၊ ရုပ်ရှင်သရုပ်ဆောင် မင်းသား၊ မင်းသမီးဖြစ်ပါက အများနှင့်မတူအောင် ထူးခြားစွာ သရုပ်ဆောင်နိုင်ခြင်း စသည့် အရည်အသွေးများနှင့် ပြည့်ဝနေပါမည်။

ဦးအောင်လှိုင်(သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

ရှေးအခါသမယကပင် လူသာမန်တို့ပြုနိုင်စွမ်းမရှိသည့် ကိစ္စတို့ကို ပြီးမြောက်အောင် စွမ်းဆောင်နိုင်ခဲ့ပါလျှင် ထိုယောက်ျားကောင်းအား အာဇာနည်ယောက်ျားဟု ဆိုရိုးရှိခဲ့ကြပါ၏။ မြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ၊ မဟာသာဝက၊ ရဟန္တာအပေါင်းတို့သည် အာဇာနည်ယောက်ျားကောင်း ယောက်ျားမြတ်များဖြစ်တော်မူခဲ့ကြသည်။ ဘုရားရှင်လက်ထက်တော်မှစ၍ စည်းစိမ်ချမ်းသာတွင် တွယ်တာမက်မောမှုမရှိ သာသနာတော်ကို သက်ဝင်ယုံကြည်ပြီး ပါရမီအလျောက် ရဟန္တာဖြစ်ကြသည့် ထေရီရဟန္တာမ တို့ကိုလည်း အာဇာနည်များဟုပြောရမည်သာ ဖြစ်ပါသည်။ တိုက်ပွဲဝင် အသက်စွန့်ရဲသည့် ယောက်ျား၊ သခင်အလိုသိ၍ သခင်နှင့်အတူ တိုက်ပွဲဝင်သည့် ဆင်ရတနာ၊ မြင်းရတနာတို့သည်လည်း အာဇာနည်စာရင်းဝင်ခဲ့ကြပါသည်။ ထိုထိုသောအာဇာနည်တို့တွင် ဘုရားရှင်နုစဉ်က ခန္ဓာဝန်ချခဲ့ရာ ဇေယျဘုမ္မိ ရွှေပေါ်ကျွန်းမြတ်၌ စရဏကျင့်ကြံကာ သာသနာပြုသွားခဲ့သော သီလရှင်ဆရာကြီးတစ်ပါးအကြောင်း စာဖတ်သူများ ကြည်ညိုသဒ္ဓါ ပွားနိုင်ရန် တင်ပြလိုက်ရပါသည်။

မြန်မာ ဗုဒ္ဓဘာသာဝင်တိုင်း ရတနာသုံးပါးကို ကြည်ညိုပြီး ဒါန၊ သီလ၊ ဘာဝနာတရား ပွားများအားထုတ်ခဲ့ကြပါသည်။ ရှမ်းပြည်နယ် (---)မြို့မှ သီလရှင်ဆရာကြီးတစ်ပါးသည် ရွှေပေါ်ကျွန်းမြတ်၌ တရားအားထုတ်ရင်း သာသနာပြုနေခဲ့ပါသည်။ ပျံလွန်တော်မူသည်အထိ သက်သတ်လွတ်ဆွမ်းကိုသာ စားသုံးပြီး ရွှေပေါ်ကျွန်းစေတီတော်သို့ တက်ရောက်နိုင်ရန် စောင်းတန်းကြီးဆောက်လုပ်နိုင်ခဲ့သည်။ အသားကဖြူဖြူ စကားသံဝဲဝဲနှင့် ဆွမ်းခံကြွလာတိုင်း စာရေးသူတို့အဒေါ်အိမ်၌ စတည်းချတတ်သည်။

ကြီးတော်က ဆရာကြီး ကြွလာကြောင်း ရပ်ကွက်ထဲက လူတစ်ယောက်ကို မှာလိုက်သည်နှင့် ရပ်ကွက်များက ဆရာကြီးကိုကြည်ညိုသူတို့သည် ဆန်၊ ဆီ၊ ပဲ၊ ဖယောင်းတိုင်များ လာလှူကြပါတော့သည်။ အိမ်စဉ်လည်၍ ဆွမ်းမခံရ၊ တစ်ယောက်စကား တစ်ယောက်ကြားပြီး တတ်နိုင်တာ လာလှူကြခြင်းပါ။

ဆွမ်းစားတော့လည်း အသီးအရွက်ဟင်း၊ စားတော်ပဲပြုတ်၊ အကြော်ကြံ့ရာနှင့် တင်းတိမ်တော်မူပါသည်။ ဟင်းကြေးမများ၊ ချို၏၊ ငန်၏ မဆို၊ 'ကျန်းမာကြပါစေ' ဟု မေတ္တာအထပ်ထပ်ပြုရင်းရှိနေပါသည်။ လောဘလည်းမရှိ၊ ကျောင်း၌ ခြုံဝတ် ခြုံစားအပြင် အပိုပစ္စည်း မရှိ။ ကျောင်းကြမ်းပြင်သည် ချောမွေ့ပြောင်လက်လျက်။ ဘုရားစင်၌မူ သောက်တော်ရေ၊ ဆွမ်း၊ ဆီမီး၊ သစ်သီး၊ ပန်းပေါင်းစုံဖြင့် ဝေဆာကာ ကြည်ညိုဖွယ် ဖြစ်နေခဲ့ပါသည်။

လူအများလှူဒါန်းကြသည့် တစ်မူး၊ တစ်မတ်၊ တစ်ပဲ ငွေကြေးများ စုဆောင်းကာ ဘုရားဖူးလာသူများ စိတ်ချမ်းသာစေရန် စောင်းတန်းကြီးတစ်စင်း ဆောက်လုပ်ခဲ့ပါသည်။ သူ့အလှူ မဟုတ်၊ အများအလှူဟုပြောတတ်သည်။ ငွေကြေးတတ်နိုင်သူတို့ စောင်းတန်း၊ တစ်ခန်း၊ နှစ်ခန်းလှူကြသည်။ ကျောင်း၌ ဟင်းသီးဟင်းရွက်များစိုက်ပျိုးထားပြီး

ဆား၊ ပဲငါးပိ၊ ခရမ်းချဉ်သီးတို့နှင့် ဟင်းချက်ပါသည်။ ညှို့သည်လာလျှင်လည်း သက်သတ်လွတ်ဟင်းဖြင့်သာ ကျွေးမွေးပါ၏။ ဆွမ်းလှူပုံမှာ စံပြုလောက်ပါသည်။ ရွှေပေါ်ကျွန်း စေတီမြတ်အား ဆွမ်းတစ်ထောင်လှူခြင်းပါ။ ဘုရားရှင်သည် ထန်းသီးလုံးပမာဏ ဆွမ်းလုတ်ကို ဘုဉ်းပေးတော်မူ၍ ဆွမ်းကို ထန်းသီးလုံးပမာ ကျစ်လျစ်အောင်လုံး၍ တစ်ထောင်အပြည့် လှူဒါန်းပါသည်။ ငှက်ပျောသီး ငှက်ပျောခိုင်၊ ဖရဲသီး၊ နာနတ်သီး၊ လိမ္မော်သီး၊ ကမ္ဘလာသီး၊ ကွဲကောသီးကိုလည်း တစ်ထောင်အပြည့်သာလှူဒါန်းပါသည်။ ယုတ်စွအဆုံး၊ ဘဲဥပြုတ်ပင်လျှင် အလုံးတစ်ထောင်ပါပဲ။ လှူဒါန်းပြီး ရေစက်ချကာ လည်ပြန်မကြည့်တော့။ ရချင်သူယူကြ၊ 'နိဗ္ဗာန ပစ္စယော ဟောတု' ရွတ်ဆိုကာ ထားပစ်ခဲ့ပါတော့သည်။

ကလေးများသည် လုယက်မယူကြရ၊ လူကြီးများက သင့်တော်သလိုမျှဝေပေးပါသည်။ ဆရာကြီးကမူ ကျောင်းပြန် ဆွမ်းစားပြီး တူးရွင်းငယ်တစ်ခုလက်ကဆွဲ၊ ခမောက်တစ်ချပ်ဆောင်းကာ ဘုရားပရဝဏ်အတွင်း မြက်ထိုးပါတော့သည်။ လူတွေသိပြီးလာကူကြလျှင် စောစောမြန်မြန် ပြီးစီးသော်လည်း ဆရာကြီးတစ်ပါးတည်းဆိုပါက ရေပင်မသောက်တော့ဘဲ နား၍ မြက်ထိုးပါတော့သည်။ ဘုရားဝင်းအတွင်း မြက်တစ်ပင်၊ သစ်ရွက်တစ်ရွက်မရှိရအောင် တံမြက်စည်းလှည်းခြင်း၊ မြက်ရှင်းခြင်းအလုပ်ကို တစ်ပါးတည်း လုပ်ဆောင်တော်မူပါသည်။ တစ်ခါမျှ ထိုင်နေသည် မတွေ့ရ၊ ညှို



ရတနာဒေဝီ

အာဇာနည်မိန်းမ

www.burmeseclassic.com

www.burmeseclassic.com

ည်ရှိလျှင်စကားပြောပြီး ဇည့်ရှင်းလျှင် ရားရှိခိုး တရားထိုင်ပါတော့သည်။ န်းကြီးကျောင်း၊ ဘုရားဝင်းလှည့်လည် အမှိုက်လှည်း၊ မြက်ထိုးပါသည်။ ရားမှ ဆရာကြီး ဇရပ်သွားရာလမ်းရှိ ပင်များကို ခုတ်ထွင်၍ လမ်းရှင်းထား ာ်မူပါ၏။

လပြည့်ရက်တို့၌ ရွာမှယောကျ်ား ထင်းဖြတ် ထင်းခွဲထားပေးကြရာ ငယ်များက ထင်းတွေထောင်ပြီး နေ ခြောက်လျှင် ဇရပ်အောက်ရှိ ထင်း စီ၍ထားပေးကြပါသည်။ ထမင်း မုန့်ကျွေးပြီး သာမုခေါ်ကာ ဆု ပေး၍မဆုံးတော့ပါ။

ဆရာကြီး၏လူအမည်ကို မသိကြ သီလရှင်ဘွဲ့မှာ ဒေါ်စာရီ ဖြစ်ပါ၏။ ရေးသူစပ်စု၍ ဒေါ်ကြီးက ဆရာကြီး အကြောင်းကိုပြောပြဖူးပါသည်။ လွန် စိတ်ဝင်စားဖွယ်ပါပဲ။ ရှမ်းပြည်နယ် ဘွားကြီး၏ သမီးတော်တစ်ပါးဖြစ် နယ်တစ်နယ်၏ နယ်စားကြီးသား ာ်နှင့်လက်ဆက်ပေးခဲ့ပါသည်။ သား ာ်တစ်ပါးဖွားမြင်လာရာ သားတော်

ကို ကိုယ်တိုင်ထိန်းခွင့်မရ၊ နို့ထိန်းအချော တော်, အချီတော်များလက်ပေါ်မှာ ကြီး ပြင်းခဲ့ရပါသည်။ အဖ၊ အမိများ ရောက် လာလျှင်လည်း ခမည်းတော်ဆောင်၊ မယ်တော်ဆောင်မှာသာတွေ့ခွင့်ရသည်။ တခြားဧည့်သည်ကိုမူ ဧည့်ဆောင်၌တွေ့ ရပါသည်။ လွတ်လပ်စွာစကားပြောနေ ၍ မရ။ ခင်ပွန်းကလည်း နယ်မြေကိစ္စ ဖြင့် ခရီးသွား၊ ပြန်လာလျှင် တောလိုက်၊ ဧည့်သည်စော်ဘွားများနှင့် စားပွဲကျင်းပ နေ၍ ချစ်ခင်ကြင်နာစွာနေရသည့်အ ချိန်ဟူ၍မရှိ။ ဘုရားကျောင်းသွားလည်း ကိုယ်ရံတော်၊ အထိန်းတော်များကြောင့် စိတ်ကျဉ်းကျပ်စွာနေခဲ့ရပါသည်။

ပါရမီအခံရှိခဲ့၍ ရွှေတွေ,စိန်တွေ မမက်မော၊ ရာထူးစည်းစိမ်ကိုမခင်တွယ် ပဲ စိတ်ဒုက္ခရောက်ရသည်။ ဒုက္ခတွေသာ ဖြစ်သည်ဟု စိတ်မှာစွဲမြဲစွာခံစားခဲ့ပါ၏။ စိတ်ရှည်ပြီး ရိုးသားသည့် နို့ထိန်းအား မိခင်များဆင်ခဲ့သည့် ရတနာများ၊ ခင် ပွန်းတင်တောင်းသည့် ရတနာများပေး အပ်ပါတော့သည်။ လည်ပင်းပေါ်မှာ တင်ပြီး သားတော်ကို အသက်ထက်ဆုံး စောင့်ရှောက်ပါမည်ဟု သစ္စာပြုစေကာ ဆရာကြီးက ခြံအလုပ်သမားဝတ်စုံဖြင့် နေဝင်ရီတရော ဟော်နန်းမှ ထွက်ခွာခဲ့





www.burmeseclassic.com

www.burmeseclassic.com

ပါတော့သည်။ နောက်တစ်နေ့ နံနက်မျက်နှာသစ်၊ အလှူပြင်ရန် အထိန်းတော်များရောက်လာတော့ မဟာဒေဝီက မရှိတော့။ နို့ထိန်းကလည်း သစ္စာရှိစွာ'မသိ'ငြင်း၍ အစ်ကိုစော်ဘွားကြီးနှင့် ခင်ပွန်းတို့ လူစုခွဲကာ မဟာဒေဝီကို ရှာကြပါတော့သည်။ ညဉ့်အမှောင်မှ တောတွေဖြတ်၊ တောင်တွေကျော်ကာ နေ့လယ်ဘက် လူမရှိသည့်ဂူအတွင်း ဝင်နေခဲ့ရပါ၏။ တောင့်ကပ်ပျောသီးစား၊ စမ်းရေသောက်ကာ နေ့အချိန် ကုန်လွန်စေပြီး ညဉ့်နက်ဘက်မှ ခရီးနှင်ခဲ့ပါသည်။

"ညီမတော်၊ နင်ပုန်းနေတာ သိတယ်။ ထွက်လာခဲ့နော်၊ မဟုတ်ရင်တော့ နင့်ခေါင်းပြတ်ပြီသာမှတ်"

အစ်ကိုစော်ဘွားကြီးက စိတ်မြန်သူ၊ မိခဲ့လျှင် ပြောသည့်အတိုင်း ခေါင်းဖြတ်ခံရမှာ သေချာနေပါသည်။ အသက်ပင်ပြင်းပြင်းမရှူရဲဘဲ ငြိမ်သက်စွာနေရပါသည်။ ညဉ့်မှောင်တော့မှ ပုန်းခိုရာမှထွက်ကာ တောလမ်းအတိုင်း မြန်မာပြည်ဘက်မှန်းဆ၍ လျှောက်လှမ်းခဲ့ရပါ၏။ ဖိနပ်မပါ၊ ကျောက်တွေရှ၍ဖဝါးတွေကွဲ၊ ဆူးစူး၍သွေးစက်စက်ကျ နေသော်လည်း သည်းခံကာ ရွှေ...ပါ ကျွန်းမြတ်ကို ရောက်လာနိုင်ခဲ့ပါသည်။ ကျွန်းတော်ဆရာတော်ဘုရားကြီးထံ သီလရှင်ဝတ်လိုကြောင်း လျှောက်ထားတော်မူသည်အထိ ရတနာသုံးပါးဝတ်၊ သာသနာတော်ဝတ်ကို ပြုခဲ့ရှာပါ၏။ လက်ညှိုးညွှန်ရာရေဖြစ်၊ စကားထွက်လိုက်သည်နှင့် မရမရှိစေရဘဝ၊ တော်ဝင်မဟာဒေဝီဘဝကိုစွန့်လွှတ်ကာ သာသနာတော်၌ ယုံကြည်စိတ်အတိုင်း ကြိုးစားအားထုတ်ခဲ့ပါ၏။

ဇေယျဘူမိ ရွှေပေါ်ကျွန်းဘုရားပွဲတော်သည် နှစ်စဉ် တပေါင်းလဆန်း (၈) ရက်မှ လပြည့်နေ့အထိ ကျင်းပခဲ့ပါသည်။ ပွဲတော်လာ ရွာခံလူများတွေ့ရှိသွားပြီး အစ်ကိုဖြစ်သူထံလျှောက်ထားကြပါတော့သည်။ အမတ်ချုပ်နှင့်လူယုံဆယ်ယောက် ရောက်ရှိလာကာ အစ်ကို၏အမိန့်စာကို ပေးအပ်ကြပါသည်။ အဒေါ်အား ယုံကြည်ပြီး အခေါ်လွှတ်၍ တိုင်ပင်ပါတော့သည်။ ထိုအခါမှ မဟာဒေဝီမှန်း သိရကာ လူမထွက်လိုသည့်ဆရာကြီးအား အကြံကောင်းပေးနိုင်ခဲ့ပါသည်။ ရွှေပေါ်ကျွန်းဘုရားကြီး၏ စောင်းတန်းတစ်ခု တည်ဆောက်နေပါသည်၊ အများပြည်သူ၏ငွေများ ပါဝင်၍ စောင်းတန်းပြီးစီးသည်နှင့် ငွေစာရင်းရှင်းကာ ပြန်လာပါမည်ဟု ပြန်ကြားလိုက်ပါတော့သည်။ လူယုံများ ပြန်သွားတော့မှ အစ်ကို စော်ဘွားကြီး၏ အမိန့်စာကို ထုတ်ပြပါ၏။

'ညီမတော်- အခေါ်တော်လွှတ်လိုက်သည့်အမတ်ချုပ်နှင့်အတူ ဟော်နန်းကို ပြန်လာမည်လော၊ ညီမတော်၏ခေါင်းကို ဆက်သလိုက်မည်လော' ဟု မလိုက်ခဲ့လျှင် ခေါင်းဖြတ်ခံရန် အမိန့်တော်တစ်ခု ဖြစ်နေခဲ့ပါသည်။ ဆရာကြီး၏သက်တော်မှာ (၈၀) ကျော်ပါပြီ။ ယခုမှ ဟော်နန်းက သတင်းရရှိသွားခြင်းပါ။ ဆရာကြီးအား လူသူတော်တစ်ဦးမှ ဆေးတောင့်တစ်ခုလာလှူကာ ကန်တော့ပြီး ပြန်သွားခဲ့ရာ ဆရာကြီးက အမှတ်တမဲ့ပင် ဆေးတောင့်ကို ကွမ်းအစ်ထဲထည့်ထားလိုက်ပါသည်။ သတိမရတော့ပါ။ ကွမ်းစား၊ ကွမ်းငုံခြင်းကြောင့် ပါးပေါက်ပြီး အနာကြီးဖြစ်လာတော့မှ သတိရကာ ဆေးတောင့်ကို ရှာပါသော်လည်း မတွေ့တော့ပါ။

'မသီလ-ပုဂ္ဂိုလ်တွေက အနာဖြစ်မှာသိလို့ ဆေးလှူလာတာ၊ ဆရာကြီးက မယုံမကြည်မို့ သိမ်းမထားမိဘူး။ တရားနဲ့တွေးရင်တော့ ဆရာကြီးကံက ကုန်ခါနီးပြီကိုး။ ဒီတောင်ကမကျော်နိုင်တော့ပါဘူး' ဟု မိန့်ကြားတော်မူပါ၏။ ပါးစောင်များ၊ ပါးပြင်မှ သွေးများ, ပြည်များကျနေသော်လည်း အနံ့အသက်မရှိပါ။ ရွှေပေါ်ကျွန်း သောင်ပြင်ပေါ်တွင် မီးသဂြိုဟ်ခဲ့ကြပါသည်။ လေများတိုက်နေသော်လည်း မီးခိုးများက ဘယ်ဘက်မှ မလွင့်ပါးကြ၊ ကောင်းကင်ယံကိုသာ ဖြူဖွေးသောမီးခိုးငွေ့တန်းကြီး ထိုးတက်၍ရှိပါတော့သည်။

မွေးဖွားလာစဉ်ကပင် ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် ဘုရားအထူးခံကာ လိုတရဘဝမှာနေခဲ့ရသော်လည်း စည်းစိမ်ချမ်းသာတို့ကို ဒုက္ခဟုသာမြင်မှတ်လာပါသည်။ အဖ၊ အမိ၊ ခင်ပွန်း၊ အစ်ကို၊ သားကိုပင် မတွယ်တာ၊ ပြတ်တောက်စွာ သံယောဇဉ်ကြိုးဖြတ်၍ သာသနာ့ဘောင်ဝင်ခဲ့ပါသည်။ ချမ်းသာခြင်းကို သုခဟုမထင်၊ ဒုက္ခသာမြင်ပြီး ဒုက္ခမှလွတ်မြောက်ရာလမ်းကို ရဲဝံ့စွာ လျှောက်လှမ်းတော်မူခဲ့ပါ၏။ တရားနှလုံးသွင်းနိုင်၍ တစ်ဆယ့်တစ်ပါးသော မီးတောက်ကိုငြိမ်းသတ်ကာ မီးပုံကြီးနှင့်တူလှသည့်လူ့ဘဝက ရုန်းထွက်သွားနိုင်ခဲ့ပါသည်။ ကျွန်မတို့မိန်းမတွေ အတုယူထိုက်လှပါသည်။

ကျွန်မတို့မှာ ငါ့အိုး၊ ငါ့အိမ်၊ ငါ့... ခင်ပွန်း၊ ငါ့သားသမီးဆိုပြီး သံယော... ကြိုးကို ကိုယ့်ခါးကိုယ်ချည်ထားလို... တာ ခင်ပွန်းဆုံးပါးသွားသော်လည်း 'ငါ့... ကလေးတွေ ဖခင်မရှိတော့ဘူး၊ ငါထား... ခဲ့လို့မသင့်ချေဘူး' ဟု ကိုယ်လိုရာကို... ဆွဲပြီး သားသမီးကိုဖက်တွယ်ခဲ့ပါသည်... ကျွန်မတို့က ဒုက္ခဘုံကို သုခထင်မှတ်... ပျော်မွေ့နေခဲ့ကြတာ၊ ဆရာကြီးက အ... ကိုအရှိအတိုင်းမြင်ခဲ့တာ။ အတွေးအ... ချင်း ကွာခြားလိုက်ပုံများ။ ဘဝ၏လွတ်... မြောက်ရာလမ်း၊ နိဗ္ဗာန်ရောက်ကြောင်း... အကျင့်ကိုသာ ရှာဖွေခဲ့တာကိုး။ လူချင်း... တူပါ၏။ မိန်းမချင်းတူပါ၏။ ဆရာကြီး... သည် တော်ဝင်မိန်းမတစ်ဦးပါ။ ရာထူး... စည်းစိမ်တွေကို အဆိပ်အတောက်... မှတ်ယူနိုင်တာ နည်းသည့်ပါရမီပေလာ... မီးတွေငြိမ်းသတ်ပြီး ကုသိုလ်တရား... သာ တစိုက်မတ်မတ် ရှာဖွေတွေ့ရှိ... ခဲ့တာပါ။ ဆရာကြီးအား အာဇာနည်... မိန်းမတစ်ဦးအဖြစ် ဦးအထပ်ထပ်ညွှ... လက်စုံမိုး၍ ကန်တော့ခဲ့ရပါသည်... ဆရာကြီးကို အတုယူရမည်ဟု သ... သော်လည်း အသိသည် ရင်ထဲမှာ... အိပ်မောကျလျက်ရှိနေခဲ့ပါ၏။ ဆုံလ... နွားပမာ ဒုက္ခကိုခံစားရင်း သိသိကြီး... 'နင့်အပြင် နင့်လောက်မိုက်တဲ့သူ ရှိ... တော့မလား' ဟု ရေရွတ်ရင်းသာ ... ခဲ့ပါသည်။

အမိုက်တိုက်ကို ကျော်ဖြတ်... လင်းဓာတ်ရအောင် ရှာနိုင်ခဲ့သူ... အာဇာနည် ဆရာကြီး ဒေါ်စာ... မိန်းမမျိုး ရှိပါဦးမလား။ ဒုက္ခကို... တွယ်၊ သောကကိုပွားများရင်း 'ငါ... တွေမှာ ယစ်မူးသာယာနေဆဲ။ သံ... ဇဉ်ဟာ ပါးစပ်က ပြောရုံသာ။ ... ဘာသာကိုယ်ချည်တဲ့ကြိုး၊ ဖြတ်... ပါဘဲ ရုန်းနေတာ၊ ချည်တိုင်တာလွှ... မလား။ သောကဘုံမှာ 'အမေ' လို့... ကြတဲ့အသံ သာယာပြီး သိလျက်နှ... ဒုက္ခသောင်ယံမှာ ကြည်နူး နစ်မြော... ပါပဲ။ မီးအပူမှန်းသိသိနှင့် ပိုးဖ... ပီသစွာ မီးရောင်ကို ရွှေရောင်မှ... ကိုယ်ကျိုးနည်းမှာ မကြောက်ပါဘဲ ... ရှင်စွာ တိုးဝင်ဆဲမို့ မီးသည် ပူ၏... ပြောနိုင်တော့။ မီးအရောင်၊ မီးအ... အောက်မှာ လူးလွန့်ရင်း ဆက်မို... သူ စာရေးသူသည် ဘယ်တော့မှာ... တော်ကောင်းတို့လျှောက်ရာ လ... အရောက်လှမ်းနိုင်ပါ့မလဲနော်။

ရေး...



www.burmeseclassic.com

www.burmeseclassic.com

# သရက်မားထစ်

'သရက် မားထစ်၊ ပိန္နဲ တုတ်ပစ်' ဆိုသော စကားမှာ ရှေးလူကြီးသူမများ၏စကား ဖြစ်ပါသည်။ ထိုစကားအရ သရက်ပင်များ အသီးသီးအောင် သရက်ပင်စည်ကို မားထစ်ပေးကြရပါသည်။ မားထစ်ခြင်းအားဖြင့် သရက်ဖူးပွင့်ချိန်တွင် အစေးပြန်နည်းကာ အသီးတင်သည်ဟု ထင်မြင်မိပါသည်။

စာရေးသူက ယခင်တစ်ပတ်က ပင်လျှင် သရက်ပင်များ အသီးမသီးမှုနှင့် စပ်လျဉ်း၍ 'မန္တလေးရင်ကွဲများ သစ္စာဖောက်ပြီ' ဆိုသော စာကို ရေးသားခဲ့ပါသည်။ ထိုစာနှင့်ဆန့်ကျင်၍မဟုတ်ပါ၊ စာရေးသူ၏ အနှစ် (၄၀) ကျော် သရက်ပင်စိုက်ပျိုး အတွေ့အကြုံများမှ အနည်းငယ်ကို တင်ပြမည် ဖြစ်ပါသည်။

စာရေးသူက 'သရက်ပင်များကို ခုံးသုတ်ပါ၊ သရက်စေ့အမြန်ပျိုးထောင်နည်း၊ သရက်ပင် ပိုးမဝင်အောင် ကာကွယ်နည်း၊ သရက်သီး ခူးဆွတ်နည်း' စသည်ဖြင့် စိုက်ပျိုးရေးသုတဆောင်းပါးများ ရေးခဲ့ပါသည်။ ယခု သရက်ပင်များ အသီးတင်အောင် ပြုလုပ်ပုံတစ်နည်းကို တင်ပြသွားပါမည်။

နည်းကတော့-

စာရေးသူ၏သရက်စိုက်ပျိုးသက်တမ်းတစ်လျှောက်တွင် သရက်ပင်များကို တစ်နှစ်တစ်ခါ မားထစ်ပေးပါသည်။ မားထစ်ရာတွင်လည်း သရက်တစ်ပင်ကို လေး,ငါးချက်ထက် မများပါ။ များပါက သရက်ပင်နာသွားမည်စိုး၍ ဖြစ်ပါသည်။ သို့သော် သရက်ပင်ကို မားနှင့်ခုတ်ကနည်းက သရက်ပင်နာသွားအောင် ပြုလုပ်ခြင်းဟု တဖြည်းဖြည်းနားလည်ခဲ့ပါသည်။ သို့သော်လည်း သရက်ပင် အလွန်နာသွားစေခြင်းကလည်း သရက်အသီးအမ်းသွားပါသည်။ ဟိုးတစ်နှစ်ကပါ စာရေးသူက သရက်ပင်စည် မားထစ်ရုံမှုတင်ဘဲ အလွန်မြင့်သော ကိုင်းများနှင့် ယှက်အပ်သော ကိုင်းများကို ချိုင်ခဲ့ပါသည်။ ဒါလည်း မားထစ်ခြင်းနှင့်အတူတူပါ၊ အနည်းငယ် သရက်ပင်ကို နာစေ၍ အသီးပိုသီးခဲ့ပါသည်။

တစ်နှစ်သောအခါတွင်မတော့ စာရေးသူမှာ အုတ်ထင်းလိုသဖြင့် အကြီးသရက်ပင်ကြီးနှစ်ပင်ကို ခွဆုံအထက်နားနေ၍ ငုံးတိကိုချိုင်ခဲ့ပါသည်။ ထိုအပင်ကြီးများမှာ နာလွန်းသွား၍ (၃) နှစ်ခန့် ထိုးနိုင်ဘဲ အပင်သစ်၊ အကိုင်းသစ်များ ပြန်ဆင်နေခဲ့ရဖူးပါသည်။ ထို့ကြောင့် သရက်ပင်များကို အသင့်အတင့်သာ နာစေသင့်ပါသည်ဟု ဆိုချင်ပါသည်။

**သရက်နာများ**

ယခုအခါတွင် စိန်တစ်လုံးသရက်မျိုးများကို မြန်မာနိုင်ငံအနှံ့အပြား စီးပွားဖြစ် စိုက်ပျိုးနေပြီဖြစ်၍ ဤသရက် သီးအောင် ပြုလုပ်နည်းမှာလည်း အနည်းငယ်တော့ အသုံးဝင်မည် ထင်ပါသည်။ စာရေးသူကတော့ မန္တလေးရင်ကွဲမျိုးများ၍ ထိုမျိုးကိုသာ ပို၍သီးစေရန် ပြုလုပ်နေပါသည်။

ဟိုးတစ်နှစ်က စာရေးသူနှင့်ကပ်လျက် သရက်ခြံမှ ဦးအောင်ခင် ဆိုသူက ခြံစည်းရိုးနှင့်ကပ်လျက်ရှိသော ဘင်္ဂလားမျိုး သရက်ပင်ကို မလိုလားဟုဆိုကာ ပင်စည်အား မြေကြီးအနီးမှကပ်၍ ရစ်သတ်ပါသည်။ သရက်ပင်အပေါ်ယံအခွံနှင့် သရက်အသားထိ ရစ်ခြင်းပါ။ အချိန်ကတော့ မိုးတွင်းကာလ ဖြစ်ပါသည်။ ပုံ (၁) တွင် ပြထားသည့်အတိုင်း မားနှင့်ထစ်၍ ရစ်ခြင်းပါ။



ပုံ (၁)



ပုံ (၂)

စာရေးသူကတော့ သရက်ပင် ပင်စည်ကို ပုံ (၂) တွင် ပြထားသည့်အတိုင်း ထစ်ထားပါသည်။ ထိုဦးအောင်ခင် မားထစ်ကာ သတ်ထားသော သရက်ပင်မှာ အရွက်အချို့သာ ကြွေကျ၍ လုံးဝမသေပါ။ ပြာသို၊ တပို့တွဲ သီးပွင့်ချိန်ကျတော့ ထိုအပင်လည်း အခြားအပင်များနည်းတူဖူးပွင့်၍ အသီးများ ပို၍တင်နေသည်ကို တွေ့ရပါသည်။ စာရေးသူက 'အင်း-ဒီနည်းလည်း သရက်သီးကို ပိုတင်စေတာပါလား' ဟု မှတ်ထားပါသည်။ စာရေးသူက သရက်ပင်ကို ထိုကဲ့သို့ မားနှင့် ရစ်မသတ်ရဲပါ။ မတော်၊ သေသွားမှဖြင့် ဟု မဝံ့ရဲပါ။

**ထပ်၍တွေ့ပြန်ပါပြီ**

အထက်ပါကဲ့သို့ တွေ့ကြုံပြီး (၃) နှစ်ခန့်အကြာ ယခုနှစ် (၁၃၇၄ ခုနှစ်) ပြာသိုလကပါ၊ စာရေးသူ၏အိမ်ဝိုင်းထဲတွင် မြကျောက်သရက်ပျိုးတစ်ပင် စိုက်ထားပါသည်။ (၃) နှစ်ခန့်တော့ ရှိပါပြီ။ ပင်စည်က တစ်ထွာ (လက်ခလယ်နှင့် လက်မကွေးအထိအဝိုင်း) ခန့် ရှိပါပြီ။ ထိုပြာသိုလကတော့ အမှတ်မထင်ကြည့်မိရာ တစ်ပင်လုံး အဖူးအပွင့်များဖြင့် ဝေနေပါသည်။

စာရေးသူမြင်တွေ့ရတော့ အလွန်ဝမ်းသာမိပါသည်။ စာရေးသူ အတွေ့အကြုံအရ အစဦးဆုံး ပန်းပြသောနှစ်မှာ တစ်ဖူး၊ နှစ်ဖူးသာ ဖူးတာကို တွေ့ဖူးပါသည်။ ယခု ဒီအပင်ကတော့ ပန်းပြတာများလှချေလားပေါ့။

ထိုအပင်က ဝက်မလွတ်ငှက်ပျောပင်များနှင့် မာလကာပင်များအကြားမှာပါ။ အပင်က ကိုင်း၍ မာလကာပင်ပေါ်မှီနေသည်။ စာရေးသူလည်း ထိုသရက်ပင်ကို သေချာ ဆွဲကြည့်သောအခါ ပင်စည် မြေပြင်ရဲ့အထက်၊ တစ်တောင့်ထွာခန့်အကွာ၌ ပင်စည်ခေါက်များ ခြောက်အက်ကွဲ၍ နာနေပါသည်။ သရက်ပင် ပင်စည်ပိုးဝင်သည်ထင်ပါသည်၊ ထိုအနာသိမ်နေရာအောက်မှပင် ကိုင်းအသစ်များထွက်နေပါပြီ။ ခဲတံလုံးခန့် တုတ်နေပါပြီ။ စာရေးသူ စဉ်းစားမိပါသည်။

အထက်တွင် ဖော်ပြခဲ့သော ဦးအောင်ခင်ရဲ့ သရက်ပင်လိုပါပဲ။ ပင်စည်မှာရစ်ထားသကဲ့သို့ ဖြစ်နေခြင်းကြောင့်၊ နာနေခြင်းကြောင့် အဖူးအပွင့်များဖြင့် လှိုင်နေခြင်း ဖြစ်ပါသည်။ စာရေးသူက အပင်ကိုင်းနေခြင်းကို ခွထောက်ပေးထားပါသည်။ ယခုအခါ ပန်းတစ်ခိုင်လျှင် အသီး သုံး,လေးလုံး တင်နေပါပြီ။

ကိုင်း-စာရှုသူများ ဘယ်လိုမှတ်ချက်ပေးကြပါမည်နည်း။ စာရေးသူလည်း လာမည့်မိုးတွင်းမှာ သရက်ပင်နှစ်ပင်,သုံးပင်တော့ ပင်စည်အခေါက်ခွာကြည့်မည်ဟူ၍ စိတ်ကူးထားပါသည်။ သရက်စိုက်ပျိုးဝါသနာရှင်များလည်း ဤနည်းကို စမ်းသပ်ကြည့်ပါလို့သာ။

*အားလုံးကျန်းမာ၊ ချမ်းသာကြပါစေ*

ဦးသန်းစိုး(ချောင်းနက်)



www.burmeseclassic.com

www.burmeseclassic.com



သရဲအခြောက်ခံရဖူးသူ၊ တစ္ဆေအခြောက်ခံရဖူးသူ၊ ကျွတ်တို့၏လှည့်စားမှုခံရဖူးသူများအကြောင်းကို များစွာဖတ်ဖူး၊ ကြားဖူးခဲ့ရပါသည်။ ကျွန်ုပ်ကိုယ်တိုင်လည်း အသက်နှစ်ဆယ်အရွယ်က မီးလုံးလိုက်ခြင်း၊ မီးလုံးပြခြင်းခံခဲ့ရဖူးပါသည်။

ကျွန်ုပ်ကိုယ်တိုင် ကြုံတွေ့ခဲ့ပုံမှာ ကျွန်ုပ်တစ်ဦးတည်းမဟုတ်ပါ။ သူငယ်ချင်း ဦးအောင်ငွေသိန်း (ကျောင်းအုပ်ဆရာကြီး)၊ ဦးအောင်နိုင်ဝင်း (ယခု ရဲအုပ်)တို့ ကျောင်းသားဘဝမှာဖြစ်သည်။

နတ်မောက်မြို့၏မြောက်ဘက်၌ ဈေးသာရွာလေးရှိသည်။ နတ်မောက်မြို့နှင့် ဈေးသာရွာမှာ နှစ်မိုင်သာသာသာဝေးပါသည်။ ထိုနေ့က ဈေးသာရွာတွင် ဆိုင်းအငြိမ့်ပွဲရှိရာ ကျွန်ုပ်တို့သူငယ်ချင်းသုံးယောက်သည် ဗေထိအသံကြားလျှင် မသွားရမနေနိုင်သူများပီပီ အထူးတိုင်ပင်ညှိနှိုင်းမနေရဘဲ ဈေးသာရွာဆိုင်းအငြိမ့်ပွဲသို့ ချီတက်ခဲ့ပါသည်။ အချိန်မှာ ည(၇) နာရီခန့်ဖြစ်ပြီး ဒီဇင်ဘာဆောင်းညချမ်းဖြစ်ပါသည်။

ဈေးသာရွာသို့ သွားရာ၌ ထိုစဉ်ကာလက လမ်းခရီးတွင် မြန်မာသချိုင်းတစ်ခု၊ တရုတ်သချိုင်းတစ်ခုတို့ကို ဖြတ်ကျော်ပြီးမှရောက်ပါသည်။ သုံးဦးစလုံး ကြောက်သည် မှန်သော်လည်း ထိုကြောက်ခြင်းကို မြိုထားကြပြီး အငြိမ့်ပွဲဆီသို့ ရောက်ချင်ဇောနှင့်လှမ်းသွားခဲ့ကြသည်။ အသွားခရီးတွင် ဘာမှမတွေ့၊ ဘာမှမဖြစ်ပါ။ ဈေးသာရွာအငြိမ့်ပွဲဆီ ချောချောမောမောရောက်ရှိပြီး တဝကြီးကြည့်ရှုပျော်ပါးခဲ့ကြသည်။

ညဉ့် (၁၂) နာရီခန့်တွင် အအေးဓာတ်ကလည်းကဲလာပြီး အိပ်ချင်စိတ်ကလည်း လွှမ်းမိုးလာသဖြင့် ကျွန်ုပ်တို့သူငယ်ချင်းသုံးဦး သဘောတူပင် မြို့ဆီသို့ ပြန်ခဲ့ကြသည်။ ဝါးခုတ်ချောင်းလေးကို ဖြတ်သန်းပြီး တရုတ်သချိုင်းကုန်းအတက်တွင် ကျွန်ုပ်တစ်ကိုယ်လုံးမှာ စိမ့်ခနဲ ကြက်သီးမွေးညင်းထသွားပါသည်။ သူငယ်ချင်း အောင်ငွေသိန်းနှင့် အောင်နိုင်ဝင်းတို့ လန့်ကြောက်သွားမည်စိုးသဖြင့် ကြိတ်၍အတူလမ်းလျှောက်ခဲ့ကြသည်။ ကုန်းထိပ်ပေါ်ရောက်ပြီးနောက် ကျွန်ုပ်မှာ ကျောမလုံသလို ဖြစ်လာပြီး နောက်မှ လူတစ်ယောက် ဟပ်လိုက်လာသလို ထင်မိသဖြင့် မသိမသာစောင်းငဲ့ကြည့်လိုက်ရာ လက်သီးဆုပ်ခန့်မီးလုံးသည် ကျွန်ုပ်နောက်ကျောနှင့် တစ်တောင်သာသာခန့်အကွာမှ ကပ်လိုက်နေသည်ကို မြင်လိုက်ရသဖြင့် ဟန်မဆောင်နိုင်တော့ဘဲ -


"ဟာ - မီးလုံး၊ မီးလုံး ပြေးပြေး"



www.burmeseclassic.com

www.burmeseclassic.com

# နာနာဘာဝနှင့် တွေ့ကြုံဖူးသူများ



ဟု ကယောင်ကတမ်း ပြောပြော ဆိုဆို ကျွန်ုပ်ပြေးရာ ကျန်သူငယ်ချင်းနှစ်ယောက်လည်း နောက်ကျတဲ့ ဖနောင့်သစ္စာဖောက် ဆိုသည့်နှယ် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ထွက်



www.burmeseclassic.com

www.burmeseclassic.com

ပြေးခဲ့ကြပါသည်။

ကြောက်အားလန့်အားနှင့်ပြေးခဲ့ကြရာ မြန်မာသချိုင်းကိုပင် မည်သို့ဖြတ်သန်းခဲ့သည်မသိ။ မြို့အစဝ ဦးစံ၏ရေချမ်းစင်ကွပ်ပျစ်သို့ရောက်မှ အမောပြေထိုင်နား၊ ရေသောက်ကြပါတော့သည်။

ဤသည်မှာ ကျွန်ုပ် အသက် နှစ်ဆယ်အရွယ်က အမှန်တွေ့ကြုံဖူးသော သရဲမီးလုံးအတွေ့အကြုံပင် ဖြစ်ပါလေသည်။

*

ညောင်ပင်အိုင်မှခြောက်လှန့်ပုံကို လာရောက် ပြောပြသူမှာ ဦးဒွေးဘို ဖြစ်ပါသည်။ ဦးဒွေးဘိုသည် အသက် (၆၅) နှစ်ရှိပြီဖြစ်ပြီး ကျေးရွာကောင်စီဥက္ကဋ္ဌဟောင်းတစ်ဦး ဖြစ်ပါသည်။

သူ (၁၅) နှစ်သားအရွယ် ကာလသားပေါက်တွင် သူငယ်ချင်းဖြစ်သူ ကိုဝင်းနှင့်အတူ ခြောက်လှန့်ခံခဲ့ရပုံ ဖြစ်သည်။

ကိုဒွေးဘို နေထိုင်သော ယင်းချောင်းမြောင်ရွာ၏ မြောက်ဘက်တွင် သဲချောင်းရှိပြီး သဲချောင်းစီးဆင်းရာ အောက်ဘက်တွင် ကျောက်စွန်းကျောက်ဆွယ်ကြီးတစ်ခုရှိသည်။ ထိုကျောက်စွန်းဆွယ်ကြီးတွင် မိုးတွင်းအခါ ရေစီးဖြတ်သန်းပြီးနောက် လူတစ်ရပ်ခန့်နစ်မြုပ်နိုင်သည့်ရေအိုင်ကြီး ထွန်းပေါ်လေ့ရှိသည်။ ကျောက်စွန်းဆွယ်ကြီးနှင့် မနီးမဝေးတွင် ဇရာမညောင်မုတ်ဆိတ်ပင်ကြီးရှိပြီး ရေအိုင်ပေါ်သို့ ညောင်မုတ်ဆိတ်ကိုင်းအချို့ထိုးကျနေသဖြင့် ညောင်ပင်အိုင်ဟု နာမည်တွင်ခဲ့သည်။

ညောင်ပင်အိုင်ထဲတွင် ရှေးက မိန်းမပျိုတစ်ယောက် ရေနစ်သေဆုံးဖူးသည်။ ထို့အတူပင် ၎င်းမိန်းမပျို၏ ချစ်သူမှာ ညောင်မုတ်ဆိတ်ပင်တွင် ကြိုးဆွဲချသေခဲ့၍ ညောင်ပင်အိုင်နှင့် ညောင်မုတ်ဆိတ်တွင် ၎င်းတို့ချစ်သူနှစ်ဦး မကျွတ်မလွတ် နာနာဘာဝတစ္ဆေသရဲအဖြစ်ရှိနေသည်ဟု တစ်ရွာလုံးယုံကြည်နေခဲ့ကြသည်။

သို့သော် နေ့အခါတွင် တစ်ရွာလုံး ကလေး၊ လူကြီးမကျန် ညောင်ပင်အိုင်ကြီးတွင် ရေချိုးကြ၊ အဝတ်လျှော်ကြ၊ ရေကူးကြ၊ ငါးဖမ်းသူဖမ်းလုပ်ကြသည်။ လုံးဝ မကြောက်ပေ။ ညနေ (၅) နာရီ၊ (၆) နာရီခန့် နေဝင်ဖျိုးဖျဆိုလျှင်တော့ ညောင်ပင်အိုင်သို့ မည်သူမျှမသွားရဲပေ။ ကြောက်လန့်အောင် အရိပ်ပြခြောက်သည်။ အရိပ်ပြ၍မရလျှင် အကောင်အထည်ပြ၍ ထွက်ပြေးသည်အထိ ခြောက်လှန့်သည်ဟုနာမည်ကြီးခဲ့သည်။

ကိုဒွေးဘိုနှင့် သူငယ်ချင်း ကိုဝင်းတို့မှာ ရှစ်တန်းကျောင်းသား ခေတ်လူငယ်များပီပီ မယုံကြည် မကြောက်ရွံ့ကြပေ။ သို့ပေမယ့် လက်တွေ့တော့ ညနေ (၅) နာရီ၊ (၆) နာရီ မှောင်ရီပျိုးစဆိုလျှင် ညောင်ပင်အိုင်သို့ မသွားရဲကြပေ။

တစ်နေ့ ဘာပဲဖြစ်ဖြစ် ဖြစ်ချင်တာဖြစ်စမ်းဟု စိတ်တုံးတုံးချကာ ကိုဒွေးဘိုနှင့် ကိုဝင်းတို့ သူငယ်ချင်းနှစ်ဦး ညနေ (၅)နာရီခန့်အချိန် လောက်လေးလောက်စာခဲများနှင့်အတူ ညောင်ပင်အိုင်ကြီးဆီသို့ တကယ်ခြောက်လှန့်ခြင်းရှိ၊မရှိ သိနိုင်ရန် စွန့်စားသွားရောက်ခဲ့ကြသည်။

ညောင်မုတ်ဆိတ်ပင်ကြီးအောက်မှ ဖြတ်သန်းရသည်နှင့်ပင် ကြောက်စိတ်လွှမ်းခြုံလာပြီး နှစ်ယောက်စလုံး ကတုန်ကယင်ဖြစ်လာသလိုရှိသည်။ သို့သော် ရှက်စိတ်ဖြင့် တစ်ဦးကိုတစ်ဦး မပြောဘဲ အတွင်းကြိတ် ကြောက်စိတ်ကို မျိုသိပ်ရေအိုင်ကြီးထိပ်အထိ ရောက်အောင်သွားခဲ့ကြသည်။

သူငယ်ချင်းနှစ်ယောက် ရေအိုင်ကြီးထိပ် ကျောက်အငူစွန်းတွင် ပခုံးချင်းယှဉ်၍ ခြေစုံရပ်ကာ ရေမျက်နှာပြင်ကို ငုံ့ကြည့်လိုက်သောအခါ စိတ်ထဲမှ ဘုရား၊ ဘုရား၊ ဘုရားနှင့် ဘုရားတရင်းကြက်သီးမွေးညင်းများထောင်ထလာကြသည်။ ရေအိုင်ထဲတွင် သူတို့နှစ်ယောက်အပြင် သူတို့နှစ်ယောက်ကြားမှ ဆံပင်ဖားလျား မျက်နှာအုပ်လျက် မိန်းမပျိုတစ်ယောက်၏အရိပ်ပါ မြင်နေရခြင်းကြောင့်ပင်။ ရေမျက်နှာပြင်မှာလည်း ငြိမ်သက်လျက်ရှိသည်။ သူငယ်ချင်းနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ‘မရဲသော်လည်း ပြေးခဲစေ’ ဆိုသလို စိတ်ကိုတင်းကာ ရေထဲမှ အရိပ်ဆီသို့ လောက်လေးလောက်စာခဲဖြင့် တစ်ချက်စီ ပစ်ချလိုက်သည်။ ‘ပလုံ’၊ ‘ဗွမ်း’ခနဲ ရေပြင်ပေါ် လောက်စာခဲနှစ်ခဲကျသွားပြီးနောက် လှိုင်းထကာ ရေမျက်နှာပြင်လှုပ်ရှားသွားသည်။

ထိုအခါမှာ ပိုဆိုးသွားရပါတော့သည်။ ရေထဲမှာ သူတို့နှစ်ဦး၏နောက်ကျောဘက်မှ သူတို့ထက် လေး၊ ငါးပေခန့် ပိုမိုမြင့်မားသော အရပ်ရှည်ကြီးများနှင့်အုပ်မိုးကာ သူတို့နှစ်ဦးကို ရေထဲတွန်းချတော့မည့်ဟန်အရိပ်များ ရေထဲတွင် မြင်လိုက်ရရာ ဟန်မဆောင်နိုင်၊ စိတ်မတင်းနိုင်တော့ဘဲ ကိုဒွေးဘိုနှင့် ကိုဝင်း ရွာဘက်ဆီသို့ တအားကုန် တစ်ဟုန်ထိုး ထွက်ပြေးခဲ့ကြရတော့သည်။

“အဲဒီနေ့ညနေ အိမ်ပြန်ရောက်ကြတော့ အသားတွေတဆတ်ဆတ်တုန်၊ ရင်တွေတဒိုင်းဒိုင်းခုန်ပြီး ကတုန်ကယင် ကယောင်ကတမ်း ကြောက်လန့်နေလို့ ကျွန်တော်တို့နှစ်ယောက်စလုံးကို ရွာဦးကျောင်းဆရာတော် ဦးတိလောကဆီ ခေါ်သွားရတယ်။ ဆရာတော်က ပရိတ်ရွတ်ပေး၊ ပရိတ်ရေတိုက်လိုက်တော့မှ အကြောက်အလန့်ပြေသွားရတယ်။ ဒါပေမယ့် ထမင်းတော့ ကောင်းကောင်းစားမရဘူးဗျ။ ကြောက်စိတ်လန့်စိတ်က လွှမ်းနေတုန်းပဲ။ ဆရာတော့်အနီးအနားမှာပဲ ကျောင်းပေါ် အိပ်ခဲ့ရတယ်။ တစ်ပတ်၊ ဆယ်ရက်လောက်ရှိမှ ကြောက်စိတ်ပြေ၊ ထမင်းစား၊ ကျောင်းသွားနိုင်ခဲ့ရတယ်ဗျာ”

“ဒါအမှန်တကယ်ပဲလား ဦးဒွေးဘို”

“အမှန်တကယ်ပါ စာရေးဆရာ မယုံမရှိပါနဲ့။ ကျုပ်သူငယ်ချင်း ဝင်း လည်း သက်ရှိထင်ရှားရှိပါသေးတယ် ကျုပ်ကြုံတဲ့အခါ ဆရာလေးဆီခေါ်လာ ပေးပါဦးမယ်။ မေးကြည့်ပါ၊ ကျုပ်ပြော တာနဲ့တစ်ထပ်တည်းပြောပြပါလိမ့်မယ်”

“ဟုတ်ပါပြီ ဦးဒွေးဘို၊ ဒါနဲ့ အဲ ညောင်ပင်အိုင် အခုကော ရှိသေးလား ဗျ။ ကျွန်တော်ကိုယ်တိုင် လိုက်ကြည့်ချင် ပါတယ်ဗျာ။ သိရတာပေါ့”

“စိတ်လျှော့လိုက်ပါ ဆရာလေး ရာ။ ညောင်ပင်အိုင်လည်း မရှိတော့ဘူး ကျုပ်တို့ရွာလည်း မရှိတော့ဘူး။ ရွာ ပေးရတယ်လေ”

“ဘယ်လို၊ ဘယ်လိုဖြစ်လို့လဲ”

“ဟောဗျာ၊ ဆရာလေးကလည်း စာရေးဆရာလုပ်နေပြီး မသိဘူးလား နတ်မောက်ရေလှောင်တမံဆည် လိုက်တော့ ကျုပ်တို့ရွာတွေ၊ ညောင် အိုင်တွေ ရေအောက် စုံးစုံးမြုပ်သွား လေဗျာ။ အခုရွာနေရာအသစ်က အိမ်ရွာရဲ့ အရှေ့မြောက်ဘက် မိုင်လောက်ပဲ ဝေးတယ်။ ကြုံရင် ခဲ့ပေါ့ ဆရာလေးရာ။ ကျုပ်သူငယ် ဝင်းနဲ့လည်း တွေ့ရတာပေါ့”

“ကောင်းပါပြီဗျာ၊ ကောင်း တိုက်ဆိုင်ရင် လမ်းကြုံဝင်ခဲ့ပါဦးမယ်”

ယင်းချောင်းမြောင်ရွာမှ ကောင်စီဥက္ကဋ္ဌဟောင်း ဦးဒွေးဘို ရပ်မှန် ပြောပြချက်ကို အသံဖမ်း ပြီး ရေးသား တင်ပြနိုင်ရခြင်း သည်။

*

လက်မည်းကြီးသရက်ပင်မှ လှန့်ပုံကို စည်အေးရွာမှ ဦးအေး



www.burmeseclassic.com

www.burmeseclassic.com

ဘ ပြောပြပါသည်။ လက်မည်းကြီး သရက်ပင်မှာ စည်အေးရွာ၏ အနောက်မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင်တည်ရှိသည်။ စည်အေးရွာ၏ မြောက်ဘက်ဘည့်တည့် တစ်မိုင်ခန့်တွင် သဲချောင်းရှိပြီး သဲချောင်းကိုဖြတ်လျှင် မြောက်ဘက်၌ စမ်းတောအေးရွာရှိသည်။ စည်အေးရွာမှ စမ်းတောအေးရွာသို့သွားလျှင် လက်မည်းကြီးသရက်ပင်ကို လှမ်းမြင်နိုင်သည်။ ထိုသရက်ပင်မသီးမပွင့်သည်မှာ (၁၅) နှစ်နီးပါးရှိပြီဟု သိရသည်။

လက်မည်းကြီးသရက်ပင်တွင် လွန်ခဲ့သည့် အနှစ် (၃၀) ခန့်က လူတစ်ယောက် ဆွဲကြိုးချသေခဲ့ဖူးပြီး ထိုသူကျွတ်မလွတ်ဘဲ နာနာဘာဝအဖြစ် သရက်ပင်တွင် မှီတွယ်နေပြီး ရုပ်ကိုယ်ထောင်မပြသော်လည်း သရက်ပင်ပေါ်မှ လက်မည်းကြီး အောက်သို့ထိုးဆင်းလာသော အမဲသား၊ ငါး ခြောက်၊ ကြက်သား၊ ဝက်သား စသည်ဖြင့် သားငါးပါလာလျှင် ဆုတ်ပြီးသားဟင်းဖြစ်စေ၊ အသားစိမ်းဖြစ်စေ လုယူ၊ နှိုက်ယူ ခြောက်လှန့်လေ့ရှိသည်ဟု နာမည်ကြီးလှသည်။ သို့အတွက် မှောင်ရိပ်သန်းလျှင် ထိုသရက်ပင်အောက်မှ အသား၊ ငါးများ မည်သူမျှ သူမသွားရဲပေ။ အသားငါးမပါဘဲ ဖြတ်သန်းသွားလျှင်တော့ ခြောက်လှန့်လုယူမှုမရှိဟု ပြောပါသည်။

ဦးအောင်ဒွေးမှာ စည်အေးရွာဇာတိမဟုတ်ပါ။ စမ်းတောအေးရွာမှဖြစ်ပြီး စည်အေးရွာသူ ဒေါ်မယ်မြနှင့် အိမ်ထောင်ကျပြီး ဒေါ်မယ်မြမှ တစ်ဦးတည်းသောသမီးဖြစ်သဖြင့် စည်အေးရွာတွင် လိုက်ပါပေါင်းသင်းနေထိုင်ရင်း ရွာသားစာရင်းဝင် အိမ်ထောင်ဦးစီးဖြစ်ခဲ့ရခြင်း ဖြစ်သည်။

စည်အေးရွာ၊ စမ်းတောအေးရွာ၊ ရွှေမရိုးရွာ၊ ရွှေအိုင်ကြီးရွာတို့တွင် ဦးအောင်ဒွေးမှာ တစ္ဆေသရဲ နာနာဘာဝမကြောက်သူအဖြစ် နာမည်ကြီးသူ ဖြစ်သည်။ ကြမ်းသည်၊ ခြောက်သည် ဆိုသော သင်္ချိုင်း၊ သစ်ပင် စသည်များသို့ အလောင်းအစားလုပ်၍ပင် ညအခါသွားပြသူ၊ သီချင်းအော်ဆိုပြရဲသူ၊ အိပ်ရဲသူဖြစ်သည်။ သူကို ခြောက်သလိုလို လှန့်သလိုလို အရိပ်အယောင်ပြလျှင် 'ဘာတွေတုံး၊ ဘာကောင်မတွေတုံး။ လာစမ်း၊ အကုန်လုံး အစိမ်းလိုက် အမှန့်ကြိတ်ပြီး လျက်ဆားလုပ်လျက်ပစ်မယ်။ ကော်ရည်ကျိုပြီး ခွေးကျွေးပစ်မယ်။ ငါ ဘယ်လိုကောင်မှတ်လဲ' စသည့်အပြင် ဇရသဝါစာဆဲဆိုကြိမ်းမောင်းအော်ဟစ်ဒေါက်ငမ်းပစ်တတ်သည်။

"လူကြမ်းရင် သရဲကြမ်းမခံနိုင်ဘူး စာရေးဆရာရဲ့"

ဟု တဟဲဟဲရယ်ရင်းပြောပြသည်။

"ဒါပေမယ့် လက်မည်းသရက်ပင် ခြောက်လှန့်ခံရတာတော့ ကျုပ်နည်းနည်း ဖြုံသွားတယ်ဗျ"

"ဟုတ်လား၊ ဘယ်လိုခြောက်လှန့်လိုက်လို့လဲ။ ပြောစမ်းပါဦးဗျ"

"ဒီလိုဗျ၊ ဒီလို"

တစ်နေ့သော ညနေပိုင်း နေအိမ်မှ ခိုင်းနွားကြီး ငညိုနှင့် ငနီကို ဝလင်အောင်ကျွေးအပြီး ဇနီးသည်ထံ ခွင့်ပန်ကာ ချောင်းတစ်ဖက်ကမ်း စမ်းတောအေးရွာရှိ မိခင်ကြီးဖျားနာနေသည်ကို သတင်းမေးရန်၊ မုန့်ထုပ်၊ နို့ဆီဘူးတို့နှင့် ကန်တော့ရန် သွားရောက်ခဲ့သည်။ ညတွင်းချင်းပြန်ခဲ့မည်ဟုလည်း ဇနီးကို ပြောခဲ့သည်။

သူ့ဇနီး ဒေါ်မယ်မြမှ ဦးအောင်ဒွေးကို ညတွင်းချင်း ပြန်လာလျှင် မည်သည့်အသားငါးမှယူမလာရန်၊ လက်မည်းသရက်ပင်ကို ရှောင်ကွင်းပြန်ခဲ့ရန်ပြောရာ ဦးအောင်ဒွေးစိတ်မှာ ထောင်းခနဲ ဒေါသဖြစ်သွားပြီး -

"မယ်မြရာ၊ နင်နဲ့ငါပေါင်းလာတာ အနှစ်(၂၀)တောင် မကတော့ဘူး။ နင့်ယောကျ်ားသတ္တိသိရဲ့နဲ့ မှာစရာမရှိ စကားလုပ်မှာနေသေးတယ်။ ငါဘာမှ မကြောက်ဘူး။ ပူမနေနဲ့၊ ပူမနေနဲ့။ သွားမယ်"

ဟု ဆိုကာ စမ်းတောအေးရွာ မိခင်ကြီးထံသို့သွားရောက်ခဲ့သည်။မိခင်ကြီးထံရောက်သောအခါ နေသာထိုင်သာ ကျန်းမာစပြုနေပြီဖြစ်ပြီး သားအမိနှစ်ယောက် လွမ်းမပြေ စကားတွေလက်ဆုံကျပြောရင်းနှင့် ည (၉) နာရီခန့်ထိုးမှပင် အိမ်ပြန်ရန် ဦးအောင်ဒွေး သတိပြုမိလိုက်သည်။ နံနက်ဖြန်မနက် ယာထွန်စရာအလုပ်လည်းရှိနေပြီး သူ့ဇနီးကိုလည်း ညတွင်းချင်းပြန်ခဲ့မည်ဟု ကတိပေးပြောခဲ့သဖြင့် မိခင်ကြီးထံ ပြန်ခွင့်ပြုရန် တောင်းပန်တိုးလျှိုး၍ ထပြန်ရန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ဦးအောင်ဒွေး၏နှမငယ် မိခင်ကြီးနှင့်အတူနေသူမှ မီးဖိုခန်းမှထွက်လာကာ -

"မောင်ကြီး၊ ဒီကြက်မကြီးကို ယူသွားစမ်းပါ။ အိမ်မှာ ကြက်တွေ အနာကျကုန်တာ ဒီကြက်မကြီးတစ်ကောင်ပဲ ကြက်နာကပ်ဘေးကလွတ်ပြီး ကျန်နေတာ။ ကပ်ကျော်ကြက်မကြီးမို့ ရောင်းလည်းမစားချင်ဘူး။ မောင်ကြီးအိမ်မှာ ဒီပြင်ကြက်အဖော်တွေရှိမှာပါ။ ယူသွားပါ။ ဒီမီးဖိုထဲချည်း လာလာအိပ်တန်းတက်တာ။ မနက်တိုင်း ကြက်ချေးဆေးရတာ တစ်ဒုက္ခမို့ပါ။ ရော့ပါ ယူသွားပါ"

ဟု ဖွတ်ရော အတင်းပါပေးနေသဖြင့်-

"အေးအေး - ဒါဆိုလည်း ယူသွားရတာပေါ့။ အိမ်က ကြက်တွေနဲ့အတူမွေးထားရမှာပေါ့ဟာ"

ကြက်မကြီးကို ပွေ့ပိုက်ပြီး ဦးအောင်ဒွေးတစ်ယောက် စမ်းတောအေးရွာမှ စည်အေးရွာဆီသို့ ပြန်ခဲ့သည်။ အချိန်မှာ ညကိုးနာရီခွဲ၊ ဆယ်နာရီခန့်ရှိလောက်ပြီ။ လဆန်းငါးရက်လသည် ခပ်မှိန်မှိန်သာလျက်ရှိသည်။ သဲချောင်းကိုဖြတ်၍ စည်အေးရွာဘက် ကုန်းပေါ်တက်သောအခါ ဘွားခနဲ လက်မည်းသရက်ပင်လမ်းဘက်ရောက်နေသည်ကို သိလိုက်ရပြီး ကျောထဲမှ စိမ့်ခနဲ၊ အေးခနဲ ဖြစ်သွားရသည်။ 'အောင်ဒွေးပဲကွာ၊ ရာဇဝင်အရှိုင်းမခံဘူး။ ဘာမှကြောက်စရာမလိုဘူး။ ဘယ်ကောင်မှ ငါ့ထက်မပိုဘူး' ဟု စိတ်တင်းလိုက်ကာ လက်မည်းသရက်ပင်အောက်ရှိ လမ်းသို့ ဖြတ်သန်းသွားရန် ပြင်လိုက်သည်။

လက်မည်းသရက်ပင်မှာ လူသုံးယောက် လက်ဆန့်တန်းဖက်ထားနိုင်သလောက် ပင်စည်တုတ်ခိုင်ပြီး အပင်အမြင့် (၁၀)တောင်ကျော်ကာ အုပ်အုပ်ဆိုင်းဆိုင်းကြီး ဖြစ်သည်။ ဆန်းစငါးရက်လရောင်သည် လက်မည်းသရက်ပင်အောက်သို့ လရောင်ပေါက်အောင် အလင်းမဖြာနိုင်သေးပေ။

လက်မည်းသရက်ပင်အောက်သို့ ဦးအောင်ဒွေး ဝင်လိုက်သည်နှင့်ပင် သရက်ပင်ပေါ်မှ ရှဲရှဲရှဲရှဲဖြောဖြောနှင့် သလဲမှုန်မွှားများ ကျလာလေသည်။ သရက်ပင်များတွင် ခြကောင်များ၊ ခါချဉ်ကောင်များ အုံဖွဲ့တတ်သဖြင့် ခြနှင့် ခါချဉ်များဖြစ်မည်ဟုပင် ဦးအောင်ဒွေး ထင်လိုက်မိသည်။ မရှေးမနှောင်းပင် ဖြင်းဖြင်းဖြစ်ဖြစ် . . . နှင့် သရက်ကိုင်းကျိုးကျသလို အသံမြည်လာပြီး မည်းမည်းအရိပ်ကြီးသည် ဦးအောင်ဒွေးခေါင်းပေါ်မှ အုပ်မိုးလျက် ဦးအောင်ဒွေးပွေ့ပိုက်ထားသော ကြက်မကြီးကို ဖွတ်ဆွဲလုယူလေတော့သည်။

"ဟေ့ - လက်မည်း၊ မရဘူးကွ။ ဒါမျိုးမရဘူး။ အောင်ဒွေးကို ဒီလိုလုပ်လို့မရဘူး။ ဒါ ငါ့အမေ့အိမ်က ပေးလိုက်တဲ့ ကြက်ကွ။ မင်းနဲ့ မဆိုင်ဘူး၊ မဆိုင်ဘူး"

ဦးအောင်ဒွေးမှာ ပြောလည်းပြော၊ ပြန်လည်းလုရင်း လက်မည်းကြီး

www.burmeseclassic.com

ကို ဆွဲမိသွားသည်။ အမှန်မှာ လက်မည်းကြီးက သူ့လက်ကိုဆွဲကာ သရက်ပင်ပေါ် မြှောက်မ,သွားပြီး လေး၊ ငါးတောင်အမြင့်တွင် လွှတ်ချလိုက်ရာ မြေပြင်ပေါ် အွတ်ခနဲ ပြန်ကျခဲ့ရသည်။ ဦးအောင်ဒွေးမှာ သတိလက်လွတ်မဖြစ်ဘဲ ပုဆိုးစလွယ်သိုင်းကာ ကြက်မကြီးကို တင်းတင်းပွေ့ပြီး လက်မည်းသရက်ပင်အောက်မှ အမြန်ဆုံး ပြေးထွက်ခဲ့လိုက်ပြီး ရွာဆီသို့ ခပ်သုတ်သုတ်ပြန်ခဲ့တော့သည်။

အိမ်သို့ပြန်ရောက်သောအခါ သူ့ဇနီးဒေါ်မယ်မြကို လက်မည်းသရက်ပင်အောက်၌ ဖြစ်ပျက်တွေ့ကြုံခဲ့ရပုံကို ပြောမပြတော့ဘဲ -

"အမေက ကပ်ကျော်ကြက်မကြီး တစ်ကောင်တည်းကျန်နေလို့ ပေးလိုက်တယ်ဟေ့"

ဟု ဆိုကာ ကြက်မကြီးကို နေအိမ်အောက် မြေပြင်ပေါ်၌ ခြင်းကြားတောင်းနှင့်မှောက်ကာ တောင်းပေါ်မှ ခဲဖိထားလိုက်လေတော့သည်။

ဒေသစိမ်း၊ အိပ်တန်းနေရာစိမ်းဖြစ်၍လား မသိ။ ကြက်မကြီးမှာ တစ်ညလုံးလင်းသည်အထိ ကောင်းကောင်းမအိပ်ဘဲ တကွတ်ကွတ်နှင့် အော်မြည်နေလေသည်။

နောက်နေ့နံနက်လင်း၍ ကြက်မကြီးကို အစာကျွေးရန်အတွက် ခြင်းကြားတောင်းကို လှပ်လိုက်သောအခါ ကြက်မကြီးမှာ ဦးခေါင်းကြီးမည်း၍ သေနေသည်ကို တွေ့လိုက်ရလေသည်။

"အင်း - ညက လက်မည်းကြီးနဲ့ ငါနဲ့ လုရင်း ကြက်မကြီး အထိနာသွားတယ်ထင်တယ်။ ဟယ် - တတ်နိုင်ပါဘူး၊ ပုံသကူသားပေါ့။ ကြက်သားဟင်းချက်ပြီး အရမ့်ကိုလည်းပို့၊ ငါ့မိသားစုလည်း စားရတာပေါ့"

ဦးအောင်ဒွေး တွေးတောဆုံးဖြတ်လိုက်ပြီး ကြက်မကြီးကို ချက်ပြုတ်ရန်အတွက် ရေနွေးဖြော၊ အမွေးများပြောင်စင်အောင်နုတ်၍ ဝမ်းခွဲလိုက်သောအခါ ဟာခနဲဖြစ်သွားကာ ကြက်သီးမွေးညင်းများထောင်ထသွားအောင်ပင် ကြောက်လန့်သွားမိရလေသည်။ ညက လက်မည်းကြီးနှင့် သရက်ပင်အောက်တွင် သူတစ်ပြန်ကိုယ်တစ်ပြန် ကြက်မကြီးကို လုရစဉ်က ကြောက်လန့်မှုမရှိခဲ့ဘဲ ယခုကြက်မကြီး၏ဝမ်းကိုခွဲလိုက်မှ မြင်လိုက်ရသောမြင်ကွင်းကြောင့် လန့်ထိတ်သွားရလေသည်။ အဘယ်ကြောင့်ဆိုသော် ကြက်မကြီး၏ ဝမ်းအတွင်း၌ အသည်းအမြစ်၊ အူသိမ်၊ အူမ ကလီစာတွေဘာတွေ တစ်မျှင်မှမတွေ့ရဘဲ ဟာလာဟင်းလင်းကြီးဖြစ်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့်ပင် ဖြစ်သည်။

ဦးအောင်ဒွေး ကတုန်ကယင်နှင့် လက်များပင် တဆတ်ဆတ်တုန်လာသည်။ ကြက်မကြီးကိုလည်း ဆက်လက်ခုတ်ထစ် ချက်ပြုတ် မစားရဲတော့ဘဲ -

"ကြက်မကြီးက ပုပ်နေပြီ၊ မကောင်းတော့ဘူး မယ်မြရေ"

ဟူ၍ ပြောကာ နေအိမ်ဝိုင်းအနောက်မြောက်အစပ်တွင် မြေတွင်းနက်နက်တူး၍ မြေမြှုပ်ပစ်လိုက်လေတော့သည်။

"အခု ကျုပ်ပြောခဲ့တာတွေဟာ မုသားတစ်လုံးမှ မပါပါဘူးဗျာ။ ကျုပ်ကိုယ်တိုင် လက်တွေ့ တွေ့ကြုံခဲ့ရတဲ့ အဖြစ်မှန်ပါပဲ"

ဟု စည်းအေးရွာမှ ဦးအောင်ဒွေးက ပြောပြသဖြင့် အသံဖမ်းယူခဲ့ပြီး ရေးသား တင်ပြရပါသည်။

*

ငါးစိမ်းတောင်းစားရာမှ လုစားခိုးစားသော နာနာဘာဝအကြောင်းပြောပြသူမှာ နတ်မောက်မြို့နယ်၊ ဆည်ဖျားရွာတဲတိုက်မှ ဦးဘခွေး ဆိုသူ ဖြစ်ပါသည်။

ဦးဘခွေးသည် တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြီး အရှင်ကြီးနတ်များကို ကိုးစားသူ၊ ယုံကြည်လွန်းသူလည်း ဖြစ်သည်။ ဆည်ဖျားတွင် ပိုက်ထား ကွန်ပစ် ငါးဖမ်းလုပ်ငန်းဖြင့် မိသားစုဝမ်းဝအောင် စိုစိုပြည်ပြည် စားနိုင်အောင်စွမ်းပါသည်။

တစ်ခုသော ညနေနေဝင်ရိုးရီတွင် တားပိုက်မှ သုံးဆယ်သား၊ လေးဆယ်သားခန့် ငါးအကောင်နှစ်ဆယ်မျှ ဖြုတ်ယူပြီး ပြန်လည် ပိုက်တားနေရာရွှေ့ပြီး နောက် တဲဝိုင်းဆီသို့ ပြန်လာရာ ယာခင်းမြေတစ်ခုအတွင်းရှိ ယာတဲအထဲမှ 'ကိုခွေး၊ ကိုဘခွေး' ဟု ခေါ်သံကြားသယောင်ရှိ၍ ထိုထန်းရွက်မိုး၊ ထန်းရွက်ကာ ယာစောင့်တဲလေးထဲဝင်ကြည့်ရာ စောင်စုတ်ကို ခေါင်းမြီးခြုံအိပ်နေသော လူတစ်ယောက်ကို တွေ့မြင်ရလေသည်။

"ဒီက ကျုပ်ကိုခေါ် သလား၊ ကျုပ်ကို သိလို့လား"

"ရမ်းသန်းခေါ် လိုက်တာပါကွယ်။ အဒေါ် ဆာလွန်းလို့ ငါးတစ်ကောင်၊ နှစ်ကောင်လောက်ပေးခဲ့စမ်းပါ။ မင်းကျေးဇူးမမေ့ပါဘူး၊ ပြန်ကူညီပါ့မယ်"

"ရပါတယ်ဗျာ၊ ဒီကြမ်းခင်းပေါ် နှစ်ကောင်ထားခဲ့ပါ့မယ်"

"ကျေးဇူးပါကွယ်၊ ကျေးဇူးပါ"

ထို့နောက် ကိုဘခွေး ရွာတဲဝိုင်းဆီ ပြန်ခဲ့လေသည်။ တဲဝိုင်းအနီးရောက်မှ ဖျတ်ခနဲသတိဝင်လာသည်။ သူသွားနေကျ ဤဆည်ဖျားယာခင်းတွင် ဘယ်တုံးကမှ ယာစောင့်တဲမရှိ။ သူခပ်စောစောကတွေ့ခဲ့သော ထန်းရွက်တဲသည် ဟုတ်မှဟုတ်ပါလေစ။ သူ့ထံ ငါးစိမ်းများကို စောင်ခေါင်းမြီးခြုံနှင့်တောင်းသူသည် သွေးရိုးသားရိုး လူစင်စစ်ဟုတ်ပါရဲ့လား တွေးမိရင်း ကျောထဲမှစိမ့်ကာ ကြက်သီးမွေးညင်းထသွားလေသည်။

သူ့မိသားစုတဲသို့ ပြန်ရောက်ပြီး ပလိုင်းထဲမှ ငါးများသွန်ချလိုက်သောအခါ ဟာခနဲဖြစ်သွားရလေသည်။ အကြောင်းမှာ ငါးများ တစ်ကောင်မျှ မရှိတော့ချေ။ သွားပြီ၊ သူ့ထံ ငါးတောင်းသူသည် ပရလောကသားဖြစ်ရမည်ဟု သိလိုက်ပြီး မိသားစုကိုဘာမှပြောပြမနေတော့ဘဲ ဆေးလိပ်တိုကို မီးညှိကာ ငိုင်တွေတွေ ဖွာရှိုက်နေလိုက်တော့သည်။

ထိုညတွင်ပင် ကိုဘခွေးကို အိပ်မက်ပေးလေသည်။

"ကျေးဇူးကြီးပါပေတယ် မောင်မင်းကြီးသားရယ်။ အဒေါ်မှာ ဒီလို ဝဝလင်လင် မစားရတာ (၁၀) နှစ်လောက်ရှိပါပြီ။ အိမ်ကို ငါးတွေ တစ်ကောင်မပါတော့လို့ စိတ်ဆိုးဒေါသဖြစ်နေမယ် ကျိန်ဆဲမယ်ထင်ခဲ့တာ မောင်မင်းကြီးသားက မိသားစုကိုတောင် ပြောပြမ…ဘဲ ဆေးလိပ်တိုင်ဖွာနေလိုက်တာ ကျ…သရေရှိလိုက်တာကွယ်။ မောင်မင်းအ…တွက် အဒေါ် တုတ်စွမ်းသရွေ့ ကူညီ…ထားပါတယ်"

ဟု လာပြောလေသည်။

အကယ်ပင် နောက်နေ့မနက်…ကိုဘခွေးထားခဲ့သောပိုက်မှ ငါးမျ…ပိဿာချိန် (၃၀) ကျော်ရသဖြင့် …မိသားစုလုံး ဖတ်ဖတ်မောအောင် မြ…ယူကြရသည်။

တစ်မိသားစုလုံးက သတိမထား…သော်လည်း ကိုဘခွေးကတော့ သိနေ…သည်။ ဤသို့ ငါးများ ပိဿာချိန် (၃…ကျော်ရခြင်းသည် ပါရလောကသား…မှ ကမ္မဇိဒ္ဓိတန်ခိုးဖြင့် ကူညီသွားခြင်း…ရမည်ဟု။ အဘယ်ကြောင့်ဆိုသော်…၏ငါးတားပိုက်သည် ငါးပိဿာချိန်…ဆယ်အထိမိနိုင်သော ခံနိုင်ဝန်းအား…သောပိုက်ဖြစ်နေသောကြောင့်ပါတည်း။

"ကျုပ်ဘဝမှာ ကြောက်လန့်ထိ…လန့်အောင် ခြောက်လှန့်မခံခဲ့ရပေ…ပရလောကသားနဲ့ အဲဒီလို အတွေ့…ကြုံ ရှိခဲ့ဖူးပါတယ်ဗျာ"

နတ်မောက်မင်းသ…



www.burmeseclassic.com

www.burmeseclassic.com

# မြင်ကွင်းထဲမှ အမြင်များ

(ရှင်ကိုအေးမြစေသား)

ဆရာဦးမောင်မောင်သန်း

တစ်ခါက-

သားသမီးက အထက်၊ မိဘက အောက်မှာနေကြတဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ဆောင်းပါးပေါင်းများစွာ ရေးခဲ့ပါတယ်။ ကိုယ်တိုင် မြင်နေ၊ တွေ့နေရတဲ့ ကိုယ်တွေ့မျက်မြင်တွေနဲ့ ယှဉ်ပြီး ဗဟုသုတတွေ အများကြီး ဖြစ်စေခဲ့ပါတယ်။

တချို့ သိကြသူတွေ ရှိကြပေမယ့် အချို့ မသိကြပါဘူး။

အဲဒီ ဗဟုသုတပေးတဲ့ဆောင်းပါးတွေကိုဖတ်ဖို့ အကြောင်းမတိုက်ဆိုင်တာတို့၊ မအားမလပ်တာတို့ကြောင့် ဖြစ်မှာပါ။

ဘာလို့လဲဆိုတော့-

ခုတစ်လော မိဘကအောက်၊ သားသမီးက အထက်မှာနေပြီး ဘာမှလုပ်မရကိုင်မရဖြစ်နေသူတွေ၊ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေသူတွေ အဖွဲ့ဖွဲ့ရောက်လာနေကြလို့ပါပဲ။

မှန်ပါတယ်။

မိဘက အောက်၊ သားသမီးက အထက်မှာနေနေရတာဟာ ရိုးရိုးသားသားနဲ့ ပြောပြရရင် မနေအပ်ပါဘူး။ ဒါဟာ ကိန်းဖောက်ထိုးတွေထက် ပိုပြီး ကြောက်စရာကောင်းတဲ့ ဖောက်ထိုးပါ။

အများကြီး တွေ့နေရပါတယ်။

လုပ်ရင်းကိုင်ရင်း တကယ်ကြိုးစားရင်းက ဘာဖြစ်လို့ ဘာဖြစ်မှန်းမသိဘဲ အရင်းတွေ တဖြည်းဖြည်းပြုတ်လာပြီး လုပ်ငန်းတွေရပ်သွားကြသူတွေ အများကြီးပါ။

တစ်ဦးဆို နိုင်ငံခြားထွက်ဖို့ ကြိုးစားနေတဲ့သူ၊ သွားရင်လည်း ဟိုမှာအလုပ်ရဖို့ အဆင်ပြေတယ်။ ဒါပေမယ့် အကြောင်းတွေအမျိုးမျိုးနဲ့ကို မထွက်ဖြစ်ဘူး။ သူများတကာတွေထက်ကို ပိုပြီးကြာတယ်။

သူဟာ မိဘရဲ့အထက်မှာနေတဲ့သူ။

မိဘက နှစ်ထပ်ပိုင်တယ်။ အပေါ်တစ်ထပ်ကို လူငှားထားပြီး အောက်ထပ်မှာမိသားစုနေဖို့ စီစဉ်တယ်။ ဒါပေမယ့် အဲဒီလူရဲ့မိသားစုက အေးအေးလူလူပဲ ကိုယ့်အိမ်နဲ့ကိုယ် သီးသန့်နေချင်ကြတယ်။ ဒါကြောင့် အပေါ်ထပ်မှာ လွတ်လွတ်လပ်လပ်နေတယ်။

ကောင်းပါတယ်၊ သီးသန့်။

မကောင်းတာက မိဘရဲ့အထက်ကိုရောက်သွားတဲ့အတွက် ဘာမှလုပ်ကိုင်လို့ မရတော့တာပါဘဲ။

အဲဒီမှာ ထိတာပါပဲ။

စီးပွားရေး အဆင်မပြေရင် လူမှုရေးဆိုတာ အဆင်ပြေဖို့ တော်တော်စဉ်းစားရပြီလေ။

အဲဒီမှာ အိမ်ထောင်ရေးလည်း မသာယာတော့ဘူး။

သူနဲ့ဆုံတော့ သူ့ကို နားဝင်အောင် အေးချာရှင်းပြပေမယ့် မရဘူး။





www.burmeseclassic.com

www.burmeseclassic.com

မရတာက သူ့မိသားစု။

သူ့မိသားစုက လုံးဝလက်မခံဘူး။ နေ့နေ့ကျဖြစ်နေပြီ၊ အောက်ပြန်မဆင်းချင်ဘူး။

နောက်ဆုံးတော့ ဟိုတစ်ယောက်က အောက်ထပ်မှာလိုလိုပဲနေပြီး ညပါဆင်းအိပ်တယ်။ သူ့မိသားစုကတော့ လုံးဝ မကျေနပ်ကြဘူးပေါ့။

ဒါပေမယ့် သူစိစဉ်တာ လေး၊ ငါး၊ ခြောက်လကြာပြီး ဘာမှအသံမကြားရသေးတဲ့ ခရီးထွက်ဖို့ကိစ္စကြီးဟာ တစ်လအတွင်းမှာ ဘယ်လို ဘယ်လို အဆင်ပြေသွားတယ်မသိဘူး၊ ထွက်သွားရော။

ဒီတော့မှ သူ့မိသားစုပါလိုက်လာပြီး ကျေးဇူးတင်စကားဆိုတယ်။ ဆရာလက်သံပြောင်တယ်ပေါ့။ ဘာလက်သံမှ မပြောင်ဘူး၊ ဘာဓာတ်မှလည်း ရိုက်မပေးခဲ့ဘူး။ ထက်၊ အောက် မှားနေတာကြီးကို မှန်အောင် အကြံပေးလိုက်တာပဲရှိတယ်။

ဒီလိုလူမျိုးတွေ တော်တော်များတယ်၊ ကြုံရတာ။

တချို့ကပြောလို့ရပေမယ့် တချို့ဆို လက်မခံတဲ့သူတွေလည်း ရှိတယ်။

ဒီလိုမျိုး လက်မခံရင်တော့ ဘာမှလုပ်ပေးလို့ မရဘူး။ ဘာမှလည်း လုပ်မပေးတတ်ဘူး။ ဘာလို့လဲဆိုတော့ မိဘအထက်ရောက်နေလို့။

တချို့ ဆိုင်အရောင်းအဝယ်တွေ တဖြည်းဖြည်း အ, သွားတာတွေလည်း မနည်းဘူး။ ဆိုင်ကြီးတွေရှိပါလျက်၊ ပစ္စည်းတွေ စုံပါလျက်နဲ့ တဖြည်းဖြည်း ဘာဖြစ်မှန်းမသိ ရောင်းအားတွေကျကျသွားတာ။

တချို့များ သူများက ဟိုပညာနဲ့လုပ်ထားလား၊ ဒီပညာနဲ့လုပ်ထားလား ဆိုပြီး ဟိုပြော ဒီပြော ပြောကြသူတွေလည်းရှိပဲ့။

ဒါပေမယ့် တကယ်ထိနေတဲ့အကြောင်းဖြစ်တဲ့ မိဘရဲ့အပေါ်ကိုရောက်နေတာကျတော့ မသိတော့ဘူး။

လတ်တလော လက်ငင်းချေတဲ့ ယတြာနည်းမျိုးစုံကိုသာ ချေနေတာ၊

ခပ်လွယ်လွယ် ယတြာတွေသာ ချေနေတာ-

မထူးခြားဘူး။ မထူးခြားတော့ ပညာတွေကို အပြစ်ပြောချင်လာကြတယ်။ ပြက်ရယ်ပြုချင်လာကြတယ်။

အမှန်က မူလပြုပြင်ရမယ့်ကိစ္စကို မပြုပြင်ဘဲ ပြင်ပယတြာတွေ လုပ်နေလို့ ဘယ်လိုလုပ်ရမလဲ၊ ဒါကို မေ့နေပုံရတယ်။

ဒီတော့ ဘာဖြစ်လဲ၊ ရေမချိုးဘဲ သနပ်ခါးလိမ်းနေတဲ့လူလိုပဲ။

တချို့ဆို ချူချာလိုက်တာမှအရွယ်နဲ့မလိုက်ဘူး။

ကြည့်လိုက်တော့ မိဘရဲ့အထက်က။

ဘယ်လိုတွေကုကု၊ မထူးဘူး။တစ်ခုပြီးတစ်ခု ဖြစ်နေလိုက်တာမှ။

အဲဒီလိုလည်းဖြစ်ရော ထုံးစံအတိုင်း ဘယ်ဘဝကလာလို့ ချူချာတာတို့၊ ညာဘဝကလာလို့ချူချာတာတို့၊ သူများလုပ်ထားတာတို့၊ အသေကိုလုပ်ထားတာတို့ ဖြစ်လာပြန်ရော။

အနီးဆုံးဖြစ်နေရတာကို မမြင်ဘူး။

မြင်အောင် မကြည့်ဘူး။

မိဘတွေကလည်း သားသမီးကိုချစ်တဲ့ဇောနဲ့ ဒါဟာ လွဲနေပါတယ်လို့ မပြောဘူး။

တချို့ဆို-

'အလတ်ကောင်က အပေါ်ထပ်မှာလေ။ ဒီကောင်ကြီးက မိဘကို တော်တော်ချစ်တာ။ သူ့မှာ ဘာလိုနေတယ် မသိဘူး၊ ဘာမှကို အဆင်မပြေဘူး ဖြစ်နေတယ်'

ဆိုတာမျိုးတွေလည်း ရှိပဲ့။

ထက်၊ အောက် လွဲနေပါတယ်ဆိုတာကို မပြောဖြစ်ကြဘူး။

ဒီတော့ သားသမီးတွေခမျာ ဘုမသိ ဘမသိပေါ့။

လူငယ်လေးတွေဆိုတာ ပြောပြရမှာလေ။ ပြောပြမှလည်း သူတို့သိကြမှာပေါ့။ ဒါမှလည်း သူတို့ ဘာလုပ်သင့်တယ် ဆိုတာ သိတော့မပေါ့။

မိဘရဲ့ခေါင်းရင်းမှာ ပြန်ရောင်းတဲ့မြေကွက်ကိုဝယ်ပြီး အိမ်ကျကျနနဆောက်နေနေတဲ့ သားသမီးတွေ ဘာဖြစ်လို့ဖြစ်မှန်းမသိကြတာတွေ အများကြီး။

ပြောတာကတော့ လွယ်တယ်လေ-

ဟိုဘက်ခြံ၊ ဒီဘက်ခြံပေါ့။

ဒါပေမယ့် မိဘရဲ့ခေါင်းရင်းရောက်နေတော့ ခမျာများမှာ စိတ်တွေဆင်းရဲလိုက်ကြတာမှ လူရုပ်တောင်မပေါ်ချင်ဘူး။ ဒီကြားထဲ သားသမီးတွေကလည်း ပြောမရ ဆိုမရတွေဖြစ်။

လုပ်ငန်းတွေ လုပ်နေပေမယ့် ငွေတွေကမပေါ်။

တောင်းမရ ပြုမရ၊ ပြဿနာတွေဖြစ်တော့ ငွေကြေးဆုံးရှုံးမှုတွေ များလာဆိုတာတွေ အများကြီးပဲ။

ဒါကြောင့်-

မိဘရဲ့အထက်မှာ နေ့နေကြသူတွေ၊ မိဘရဲ့ခေါင်းရင်းမှာ နေ့နေကြသူတွေ တော်တော်လေးတော့ သတိထားရပါလိမ့်မယ်။

တချို့ နေရာပြောင်းလိုက်တာနဲ့ ဘဝတစ်ဆစ်ချိုး ပြောင်းလဲ တိုးတက်သွားကြသူတွေလည်း ရှိကြပါရဲ့။

ခက်တော့ခက်သားလား။

တချို့ သားသမီးတွေ တိုက်ဆောက်တယ်။ နှစ်ထပ်၊ သုံးထပ်ပေါ့။ မိဘတွေ အသက်ကြီးလာတော့ ပြုစုချင်တာရယ်၊ မိဘတွေ အခက်အခဲမရှိအောင်ရယ်၊ မိဘတွေကို အိမ်ဦးခန်းမှာထားပြီး ပြုစုချင်လို့ အိမ်မှာခေါ်ထားရော။ မိဘတွေက ဒူးနာတတ်ကြတော့ အပေါ်မတက်ချင်တော့ဘူး၊ အောက်ထပ်မှာပဲ နေချင်ရော။

အဲဒီမှာ ပြဿနာစတော့တာပဲ။

တချို့ကျ အိမ်လေး သေးသေးလေး။

သားလုပ်တဲ့သူက သဘောလိုက်၊ ငွေလေးစု၊ မိဘတွေရဲ့အိမ်အသေးလေးကို လှလှပပနဲ့ အကြီးဆောက်ပေးရော။

အိမ်လည်းပြီးရော မအေက ငါ့ဒူးမကောင်းလို့ အောက်ထပ်မှာပဲနေမယ်ဖြစ်ကရော။ မင်းတို့ အပေါ်ထပ်မှာလွတ်လွတ်လပ်လပ်နေကြဆိုတော့. . .

ဒီလို အခက်အခဲကလေးတွေကလည်း အများကြီး ရှိနေပါတယ်။

ဒါ စဉ်းစားပေးတာပါ။

ပြုပြင်လို့ရအောင်ပါ။

ဘယ်လိုမှ အောက်ထပ်မဆင်းနိုင်သေးခင်ကလေးမှာတော့ ရွတ်တာ ဖတ်တာတွေ၊ ပုတီးစိပ်တာတွေ၊ တရားထိုင်တာတွေ၊ အမိဋ္ဌာန် မကြာခဏဝင်တာတွေ မမေ့ပါနဲ့။

ကိုယ့်အိမ်က ထမင်းဟင်းကို မိဘဆီ ဦးဦးဖျားဖျား ပို့ပေးတာ၊

မိဘအဝတ်အစားတွေကို မကြာခဏ လျှော်ပေးတာတွေ မမေ့ပါနဲ့။

ဒါက-

နေတာထိုင်တာနဲ့ ပတ်သက်တဲ့လိုအပ်ချက်လေးတွေများရှိခဲ့ရင် ဘာလုပ်သင့်သလဲဆိုတာစဉ်းစားလို့ရအောင်။

နောက်တစ်မျိုးက ဘာလဲဆိုတော့-

မိဘကို စကားမပြောခြင်းအဲ

ဒါဟာ တော်တော်လေး တွေ့ရပါ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်။

တစ်ဦးဆို လုပ်ငန်းတွေ အဆင်မပြေလွန်းလို့ ရောက်လာတယ်။ သူ့ကို ဒိဝါတပတိဂါထာ ပုတီးစိပ်ခိုင်းမလို့ ဘာရွတ်တတ်လဲဆိုပြီး မေးလည်းမေးလိုက်ရော ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသနဲ့ ဓမ္မစကြာကို မနက်ပိုင်းရွတ်တယ်တဲ့။ ညကျတော့ ပရိတ်ကြီး (၁၁) သုတ်ကို ရွတ်တယ်တဲ့။

သူပြောတာနဲ့ ဒိဝါတပတိဂါထာ ရွတ်ခိုင်းဖို့တောင် တွန့်သွားတယ်။

မထင်မှတ်လောက်အောင် ရွတ်ဖတ်သရဇ္ဈာယ် ပူဇော်အားတွေ ကောင်းနေတာကိုး။

သူပြောတာနဲ့ တွေဝေသွားတယ်၊ ဘာဆက်ပြောရမှန်းမသိဘူး။

ဒါပေမယ့် အတွေ့အကြုံများလာပြီဆိုတော့ သူ့မိဘအကြောင်း စကားရလိုက်တယ်။

သူ့အမေကို စကားမပြောတာ ကြာပြီတဲ့၊ တစ်နှစ်ပြည့်တော့မယ်တဲ့။

ဟာ- ဘာဖြစ်လို့လဲဆိုတော့ သူ ရည်းစားထားတာကို လိုက်ချုပ်ချယ်လို့တဲ့။ အပြစ်ချည်းပဲ ပြောလို့တဲ့။

သိလိုက်ပြီ။

သူဟာ ဒါလောက် ရွတ်အားဖတ်အားတွေကောင်းပါလျက်နဲ့ ဘာလို့ အဆင်မပြေဖြစ်နေပါလိမ့်ဆိုတာကို တွက်နေစရာမလိုတော့ဘူး။

ရှင်းသွားပြီ။

သူလိုလူတွေ များသား။

အကြောင်းအမျိုးမျိုးနဲ့ မိဘကို စကားမပြောကြသူတွေ တွေ့ဖူးပါရဲ့။

သူတို့လည်း အကြောင်းအမျိုးမျိုးနဲ့ကို ဘာလုပ်လုပ်အဆင်မပြေကြဘူး။

မိဘကို စကားမပြောတာ ဂုဏ်မှ မဟုတ်ဘဲ။

ဒါကို ဂုဏ်ယူပြီး ပြောနေကြတဲ့ သူတွေရှိပ။

တစ်ယောက်များဆို ပညာတတ်၊ သူလျှောက်တဲ့အလုပ်တွေ တော့လွဲ၊ တော့လွဲတွေ လွဲနေတယ်။

ယတြာပေးတာ နှစ်ခါရှိလည်း မထူးဘူး။

တစ်ရက် သူ့အမေပါ ပါလာတယ်။ ဆရာရယ် ပြောပြပါဦး၊ မအေကို စကားမပြောဘူးတဲ့။

ဟယ်- ဘာလို့ မပြောတာလဲ ဆိုတော့ ဘာမှမဖြစ်ပါဘူးတဲ့။ အဆင်မပြေတာတွေများတော့ ကိုယ့်ဘဝကိုယ် စဉ်းစားပြီး ဘယ်သူနဲ့မှစကားမပြောချင်လို့တဲ့။ ခပ်ပြုံးပြုံးပဲ။

ဒီတော့ သူ့ကို စကားတွေ အများကြီး ပြောဖြစ်ခဲ့ရပါတယ်။

နောက်တော့ မိခင်ကို စကားပြန်ပြောတယ်။ အဲဒီနောက်ပိုင်း သူ့သူငယ်ချင်းတွေ ဟိုကပြော၊ ဒီကပြောနဲ့ အလုပ် (၂)မျိုး (၃)မျိုး လျှောက်ဖြစ်သွားတယ်။ တစ်နေရာမှာ အလုပ်အစမ်းခန့်ခံရတယ်။

အဲဒီတော့မှ သူ့အမေနဲ့အတူ နောက်တစ်ခေါက်လာတွေ့တယ်။

ဒီလိုမှန်းသိရင် မေမေ့ကို စကားမပြောဘဲ မနေပါဘူး ဆိုပြီး သူ့အမေကို ကြည့်ပြီး ရယ်နေတယ်။ သူ့အမေက လည်း ပြုံးနေတယ်။

တကယ် ကြည်နူးစရာပါ။

ဒီလို မသိကြတဲ့ လူငယ်လေးတွေ ရှိနေဦးမှာပါ။

သိအောင်ပြောပြရင် ကလေးတွေ ကလက်ခံပြီး ပြုပြင်ကြပါတယ်။ အဆင်လည်း ပြေသွားကြပါရဲ့။

မိဘကိုစကားမပြောဘဲနေကြသူတွေကို ကြည့်လိုက်ရင် အကြောင်းတွေ အမျိုးမျိုးနဲ့ကို အဆင်မပြေကြသူတွေ မနည်းပါဘူး။

တချို့ ပညာရေး၊ တချို့ ကျန်းမာရေး၊ တချို့ စီးပွားရေး။

အမျိုးမျိုးပေါ့လေ။

ဒါပေမယ့် သူတို့ဟာ မိဘကို ဒီလို စကားမပြောလို့ သူတို့မှာ မဖြစ်သင့်တာလေးတွေ ဖြစ်နေမှန်း မသိကြဘူး။

တချို့ကျ သိသိနဲ့ ကတ်ဖဲ့တစ်ဦး၊ နှစ်ဦး တွေ့ဖူးတယ်။

ဒါဆို ကျွန်တော် အမေ့ကို စကားပြန်ပြောရင် ကျွန်တော်တကယ်သဘော်တက်ရမှာလားတဲ့။

သူ့စကားမှာ အပေးအယူလေးတွေ ပါနေတယ်။

ဒီတော့ ပြောလိုက်တယ်၊

ရေကြောင့်ဖြစ်တဲ့ ရွံ့နွံဟာ ရေနဲ့ပဲပြန်ဆေးရသလို. . .

စိတ်ကြောင့်ဖြစ်တဲ့အညစ်အကြေးကိုလည်း စိတ်နဲ့ပဲ ပြန်ဆေးမှရမယ်လို့ ပြောလိုက်ရတယ်။

မင်းစိတ်ကို မင်းပြင်မှရမယ်၊ အလောင်းအစားသဘောနဲ့ဆိုရင်တော့ အစကတည်းက ဘာမှမလုပ်တာ ကောင်းတယ်လို့ ပြောလိုက်ရတယ်။

မင်းကို ညစ်နွမ်းနေစေတဲ့၊ အကုသိုလ်ဖြစ်စေမယ့် စိတ်ကလေးကို ငါက သတိပဲပေးလို့ရမှာ။ ပြင်ရမှာက မင်း။ အဲဒီလို ညစ်နွမ်းစေမယ့်၊ အကုသိုလ်ဖြစ်စေမယ့် အကြောင်းလေးတစ်ခုကို မင်း ပိတ်လိုက်နိုင်ပြီဆိုရင် မင်းမှာ ကုသိုလ်ဖြစ်လာစေမယ့်ကံတွေ ဖြစ်လာနိုင်ပြီ။ ကောင်းကံတွေ ဖြစ်လာနိုင်ပြီ။ ကောင်းကံတွေကို ဆောက်တည်လာနိုင်ပြီ။ ဒီအခါမှာ ကောင်းကံဆိုတာ အကျိုးပေးတော့တာပဲလို့ ရိုးစင်းစွာပဲ ပြောပြလိုက်ရပါတယ်။

ဟုတ်တယ်လေ၊

ဒီလို ညစ်နွမ်းစေတဲ့စိတ်တွေ ရှိနေရင် ဘာဓာတ်မှရိုက်လို့မရဘူး၊ ဘာယတြာမှချေလို့ မရဘူး။ ဒါကို သိမှဖြစ်မှာ။

ခုဆို-

အဲဒီ လူငယ်လေးဟာ တဖြည်းဖြည်းနဲ့ သဘော်အရာရှိတစ်ယောက်တောင် ဖြစ်နေပါပြီ။ သူ တကယ်ပြင်သွားတာပါ။

အိမ်လာရင်တောင် သူ့အဖေကြီးပါ လိုက်လိုက်လာလေရဲ့။

အဲဒီလိုမျိုးကိစ္စတွေ တော်တော်လေး တွေ့နေ၊ မြင်နေ၊ ကြားနေရပါတယ်။

သတိထားစရာလေးတွေပေါ့။

ဘာပဲဖြစ်ဖြစ်၊ မိဘကို စကားမပြောနိုင်၊ မခေါ်နိုင်ဖြစ်နေပြီဆိုရင် ဦးဆုံး ကိုယ့်ကိုယ်ကိုယ် ပြန်သတိထားရတော့မှာလေ။

အူဝဲဆိုပြီး အနီးလေးနဲ့ ဘဝစခဲ့ချိန်ကတည်းက ခြင်တွေမကိုက်အောင်၊ ယင်မနားအောင်၊ ပိုးကောင် မွှားကောင် မကိုက်အောင်၊ ငါ့သားလေး ဗိုက်နာလို့များ ငိုတာလားဟဲ့၊ ငါ့သမီးလေး ခေါင်းမူးလို့များ ငိုတာလားဟဲ့ ဆိုပြီး အရိပ်တကြည့်ကြည့်နဲ့ မထိခိုက်အောင် စောင့်ရှောက်ခဲ့ကြရတာ ဒီမိဘတွေပါ။ လက်ကလေးတွေ၊ ခြေကလေးတွေက အစ မထိခိုက်အောင်၊ အနာတရမဖြစ်အောင် စောင့်ရှောက်ခဲ့ကြတာပါ။

လူလားမြောက်လာတဲ့ထိ ကျွေးမွေးပြုစုစောင့်ရှောက်ပြီး အရွယ်လေးတွေရလာတဲ့အထိ စောင့်ရှောက်လာခဲ့ကြတာ ဒီမိဘတွေပါ။

မိဘဆိုတာ သားသမီးကို အရိပ်တကြည့်ကြည့်နဲ့ ပီတိဖြစ်နေကြရတဲ့သူတွေပါ။

အဲဒီလို မိဘတွေကို မခေါ်နိုင်၊ မပြောနိုင် ဖြစ်ရတယ် ဆိုတော့-

မိဘတွေရဲ့ဂုဏ်ကျေးဇူးတွေကို နိုးလွန်းတော့ မမြင် ဖြစ်သွားသလိုပါပဲ။

ဒါ- မြင်အောင်ကြည့်သင့်တဲ့ အကြောင်းလေးတွေပါ။



www.burmeseclassic.com

www.burmeseclassic.com

တွေ့ဖူးပါတယ်-

မိဘကို မခေါ်နိုင်၊ မပြောနိုင် ဖြစ်နေကြသူတွေရဲ့ဘဝလေးတွေဟာ အောင်မြင်မလိုလိုနဲ့ အဖျားရှူးသွားကြရတာတွေ၊ လုပ်သာလုပ်နေရတယ် အောင်မြင်မှုဆိုတာ ဘာမှန်းမသိ ဖြစ်နေရသူတွေ၊ လုပ်ငန်းကို ဘယ်လိုမှစ,လို့မရတဲ့သူတွေ၊ ဒုက္ခပင်လယ်ဝေနေကြရသူတွေ၊ ကျန်းမာရေး အရွယ်နဲ့မလိုက်အောင်ထိနေကြသူတွေ အများကြီး တွေ့နေရပါတယ်။

တချို့ပြင်သွားကြပါတယ်။ ကောင်းပါတယ်၊ မြင်ရတာ။

မုဒိတာ ပွားရပါတယ်။ မိဘတွေလည်း စိတ်ချမ်းသာ၊ သူတို့လေးတွေလည်း စိတ်ချမ်းသာပေါ့။

တချို့ကျတော့လည်း ပြုပြင်နိုင်အောင် ကြိုးစားနေကြပါတယ်။

ဒါလည်း ကောင်းပါတယ်။ ပြုပြင်ဖို့စဉ်းစားပြီ ဆိုကတည်းက တစ်ဝက်တော့ စိတ်ပြောင်းသွားပြီပေါ့။

မိဘကို မခေါ်နိုင်၊ မပြောနိုင် ဖြစ်ရတာဟာ ပုံစံအမျိုးမျိုးရှိပါတယ်။ တချို့ကျတော့လည်း စကားလုံးလေးတွေရဲ့ထိခတ်မှု၊ ရိုက်ခတ်မှုအားတွေကြောင့် ဒီအကုသိုလ်စိတ်ဆီကို တွန်းပို့ပေးလိုက်သလို ဖြစ်သွားရတာတွေလည်း ရှိပါတယ်။

'ရှင့်အမေကလည်းနော်၊ နားအရမ်းပူတာပဲ' တို့။

'မင်းအဖေကလည်းကွာ-သွား,သွားပြန်ပြီ၊ စား,စားပြန်ပြီနဲ့။ အိမ်ထောင်သည်တွေပဲဖြစ်နေပြီပဲ'

ဆိုတဲ့ စကားလုံးမျိုးကလေးတွေကြားရတဲ့အခါမျိုးမှာ စိတ်ဟာ အရောင်ပြောင်းသွားတတ်ပါတယ်။

ဒီနေရာမှာ အရည်အချင်း စကားပြောပါပြီ။

ကိုယ့်မိဘအကြောင်း ကိုယ်အသိဆုံးမို့ တစ်ဖက်ကိုလည်း အမြင်ရှင်းတဲ့အထိ၊ ကျေနပ်တဲ့အထိ ကိုယ့်မိဘတွေကိုအပြစ်မမြင်အောင်ကြိုးစားရမှာ ကိုယ့်အရည်အချင်းပါပဲ။

ဒီလို အရည်အချင်းကောင်းရှိတဲ့လူငယ်တွေ အများကြီး တွေ့ရပါတယ်။ တော်ကြပါပေတယ်။

တစ်ဖက်လည်းကျေနပ်၊ မိဘတွေနဲ့လည်း အဆင်ပြေဆိုတော့ သူတို့မိသားစုတွေရဲ့ဘဝလေးတွေဟာ တကယ့်သီရိဂေဟာပါပဲ။

ဒါကြောင့်-

မိဘကို မခေါ်နိုင် မပြောနိုင် ဖြစ်နေကြသူတွေရဲ့ရင်ထဲမှာ. . .

ကိုယ်ထင်မထားတဲ့၊ တွေးမထားတဲ့ စိတ်အခုအခံလေးတွေများရှိနေရင် ကိုယ့်ကိုယ်ကိုယ် ပြန်စဉ်းစားပြီး ပြင်သင့်တာလေးတွေ ပြင်လိုက်ပါလို့ အကြံပြုလိုက်ပါတယ်။

ဒါက ဦးဆုံး ပြင်သင့်တာပါ။

ဒီလို ပြင်သင့်တာကို ပြုပြင်ပြီးမှ လာဘ်ပွင့်အောင်ဓာတ်ရိုက်တာ၊ ယတြာချေတာ၊ ဘုန်းကံတက်အောင်ရွတ်တာဖတ်တာ၊ ပုတီးစိပ်တာ၊ အဓိဋ္ဌာန်ဝင်တာ၊ တရားထိုင်တာ ဆိုတဲ့ ကောင်းခြင်းတွေ မှန်သမျှ ပြုလုပ်ရင် အဆပေါင်းများစွာ အစွမ်းထက်ပါပြီ။

လွတ်လွတ်ကျွတ်ကျွတ်အောင်မြင်လာပါပြီ။

စိတ်အခုအခံလေးတွေ ရှိနေသမျှတော့ ကိုယ့်ရဲ့ဘုန်းကံ၊ ကိုယ့်ရဲ့စီးပွားလာဘ်လာဘတွေဟာ ပိတ်ဆို့နေသလို ကြုံနေရတတ်ပါတယ်။

တချို့ကျတော့ တစ်မျိုး။

ကိုယ်အိမ်ထောင်ကျလို့ သားသမီးလေးတွေရလာတဲ့အခါ အဲဒီ သားသမီးတွေက ကိုယ့်ကို မခေါ်နိုင်မပြောနိုင် ဖြစ်တော့တာပဲ။

ဒီလိုလူမျိုးတွေဟာ ကိုယ့်သားသမီးဖြစ်ခဲ့စဉ်က ကိုယ့်မိဘကို မခေါ်နိုင်၊ မပြောနိုင် ဖြစ်ခဲ့တဲ့သူတွေ များပါတယ်။ သူတို့ကိုယ်တိုင် ပြောပြတာပါ။

ဝဋ်ဆိုတာ နောင်ဘဝတောင်မကူးပါဘူး၊

အခုဘဝမှာတင် ချက်ချင်း ဝဋ်လည်တတ်ပါတယ်။

'အလှည့်' ဆိုတာ အဲဒါပါပဲ။

ကိုယ့်အလှည့်လည်းကျရော ခံစားရတဲ့စိတ်တွေ များလွန်းပြီး ရင်ထဲမှာ ဘယ်လိုမှမခံစားနိုင်တော့ပါဘူး။

ဒါ သဘာဝပါ။

ဒါကြောင့် မိဘကို မခေါ်နိုင် မပြောနိုင်ဖြစ်နေတဲ့စိတ်များရှိခဲ့ရင် အဲဒီစိတ်ကို ချိုးနှိမ်ပစ်လိုက်ပါ။

စိတ်ကြောင့်ဖြစ်တဲ့အညစ်အကြေးကို စိတ်နဲ့ပဲ ဆေးကြောလိုက်ပါ။

ပိတ်ဆို့နေတဲ့ အောင်မြင်မှုတွေ မှန်သမျှ ပွင့်သွားပါလိမ့်မယ်။

နောက်တစ်ခုက-

ထမင်းစားတုန်း စကားပြောတာ။

အများကြီး ကြားနေရလို့ အကြံပေးလိုက်ပါ့မယ်။

ထမင်းစားတုန်းကို အနိဋ္ဌစကားတွေ မပြောမိပါစေနဲ့။

ဖြစ်နိုင်ရင် လုံးဝကို မပြောဖြစ်အောင် ရှောင်ပါ။

တချို့ တော်တော် ပြောတတ်ပါတယ်။ ထမင်းစားနေရင်း စီးပွားတွေပျက်ကြတဲ့အကြောင်း၊ ရှုတ်တရက် ထိခိုက်တဲ့အကြောင်း၊ အိမ်ထောင်ရေးတွေကြတဲ့အကြောင်းတွေ အများကြီး ပြောတတ်ကြပါတယ်။

ဒါ မကောင်းပါဘူး။

ခပ်ငယ်ငယ်က-

မိသားစု သုံး,လေးစုလောက် မြင်ဖူးပါရဲ့။

ထမင်းစုစားကြပြီဆိုရင် ပြောပြီ။ ဘယ်သူက ဘယ်သူ့ကိုပါးရိုက်လို့၊ ဘယ်သူက ဆွဲထိုးလို့၊ ဘယ်သူက တုတ်နဲ့ရိုက်လိုက်တာ ဘာဖြစ်သွားတာတို့။

တစ်စုကဆို အဲဒီလို ထမင်းစားကြပြီဆိုတာနဲ့ ဘယ်ရုပ်ရှင်ကားထဲမှာ ဘယ်လိုပစ်တာခတ်တာ၊ ဘယ်လို သတ်တာဖြတ်တာတွေချည်း ပြောတော့တာပဲ။

တစ်စုက ထမင်းစားရင် အချင်းချင်းစကားများတာ၊ ရန်ဖြစ်တာ။ တစ်ခါတစ်ခါ လက်ပါတယ်။

အဲဒီလိုတွေချည်း များနေလို့လားမသိဘူး၊ သူတို့ခမျာ အလုပ်နဲ့လက်နဲ့မပြတ်အောင်လုပ်နေလည်း တော်တော်လေး ရုန်းကန်ကြရတယ်။ တစ်စုဆိုရင် ကျန်းမာရေးတွေ မကောင်းကြဘူး။

ထမင်းစားတယ်ဆိုရင်-

ရှေးရှေးက ပညာရှိတွေ ဆိုဆုံးမကြတာတွေ ရှိပါရဲ့။

ထမင်းပန်းကန်ပြားကို လက်နဲ့အသာလေးမြှောက်, သရဏဂုံ (၃)ပါးကိုအာရုံပြုပြီး ရွတ်ဆိုပြီးမှ စားရတာတို့ ဂုဏ်တော်ပွားပြီးမှ စားရတာတို့ ရှိပါတယ်။ တချို့ဆိုရင် ပန်းကန်ဦးမှာ ဆွမ်းတော်ကပ်သလိုလေးတွေ ဦးဖယ်ပြီးမှ စားကြသူတွေ ရှိပါတယ်။

တချို့ ဂါထာ မန္တန်တွေမှာ ထမင်းစားရင် မန်းစားဖို့တောင် အညွှန်းတွေရှိပါတယ်။

ထင်ရှား ကျော်ကြားတဲ့ ဂါထာကို ပြရရင် သမ္ဗုဒ္ဓေဂါထာပါပဲ။ ထမင်းစားရင် (၃) ခေါက် ရွတ်ဆိုရမယ်ဆိုတာ ပါပါတယ်။

တကယ်လည်း ချမ်းချာလွန်းတဲ့သူတွေအိမ်လာရင် ထမင်းစားတိုင်း သမ္ဗုဒ္ဓေဂါထာ (၃) ခေါက် ရွတ်ဆိုစားခိုင်းခဲ့တာ ထူးထူးခြားခြား နေကောင်းသွားကြတာ



www.burmeseclassic.com

www.burmeseclassic.com

တွေ့၊ ရောဂါတွေကုနေရင်း သောက်နေတဲ့ဆေးနဲ့ပဲ ဆေးတိုးသွားကြသူတွေ အများကြီး လက်တွေ့ရှိနေပါတယ်။

ဒါတွေကို သတိထားမိရင်-

ထမင်းစားတဲ့အခါ အနိဋ္ဌစကားတွေ မပြောဖြစ်စေတဲ့သဘောတွေကို သတိထားမိပါလိမ့်မယ်။

ရှေးပညာရှိတွေ၊ လူကြီးသူမတွေက ထမင်းစားရင် ကုသိုလ်ပွားစေတာမျိုးတွေပဲ တွေ့ရမှာပါ။ အကုသိုလ်ကို သွယ်ဝိုက်ပြီး ရှောင်ခိုင်းသလိုပါပဲ။

တရားကျင့်ကြံ အားထုတ်ကြတဲ့ ကျောင်းတွေ၊ ရိပ်သာတွေမှာဆိုရင် ထမင်းစားခါနီးရင် မေတ္တာတွေ ပို့ရုံမက ဘဲ စားနေရင်းတောင် အသိတွေ၊ သတိတွေနဲ့ရှုမှတ်ပွားများပြီး စားကြတာတွေ တွေ့ဖူးကြမှာပါ။ သိကြမှာပါ။

ဒါတွေကို သတိထားမိရင် ထမင်းစားတဲ့အခါ ကုသိုလ်တရား ပွားများပြီး စားဖို့ဆိုတာ ရှင်းနေပါပြီ။

အကုသိုလ်ကင်းကင်းနဲ့ ထမင်းစားခြင်းပါပဲ။

တရားကျင့်ကြံပွားများအားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေဆိုရင် ထမင်းစားနေဆဲအချိန်မှာတောင် တရားနဲ့ဆင်ခြင်ရှုမှတ်ပြီး စားကြတာတွေ ရှိပါတယ်။

သာမန်ရိုးရိုးလေးကြည့်လိုက်ရင် ကိုယ့်ခန္ဓာကိုယ်ကြီးကို အထောက်အကူပြုစေမယ့် အာဟာရ စားခြင်းပါပဲ။ ဒါကို ဆင်ခြင်သတိထားရပါလိမ့်မယ်။

ထမင်းစားတုန်းမှာ ငြူစူစောင်းမြောင်းခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ အမျက်ဒေါသကြီးခြင်းတွေ ရှောင်ရမယ်လို့ ရှေးကျမ်းတွေမှာလည်း ပြထားပါတယ်။ မုန်းနေတဲ့သူနဲ့တောင် အတူမစားရဘူးလို့ ဆိုပါတယ်။

ဒါတွေဟာ အလကားထားရစ်ခဲ့ကြတာတွေ မဟုတ်ပါဘူး။

တကယ့်ကို မှန်လွန်းပါတယ်။

အဲဒီလိုမျိုးတွေ ထမင်းဝိုင်းမှာ ကြောခဏ ထ,ထဖြစ်ကြတဲ့သူတွေကို လေ့လာလိုက်ရင် သူတို့ရဲ့မိသားစုအရေးတွေလည်း မကောင်းပါဘူး။ လူမှုရေး အတိုက်အခံတွေဆိုလည်း များပေါ့။ စီးပွားရေးဆိုရင် တော်တော့ကို ရုန်းရကန်ရ လှုပ်ရှားရတာ များပါတယ်။

ဒီလိုတွေရှိတတ်တာကို သိထားပြီဆိုတာနဲ့-

ထမင်းစားရင် ဘယ်သူက ဘယ်သူကိုသတ်လို့တဲ့၊ ဘယ်သူ, ဘယ်နေရာမှာ ဘာဖြစ်သွားလို့တဲ့ ဆိုတာမျိုးတွေ မပြောမိပါစေနဲ့။

သွေးသံရဲရဲစကားတွေ တုတ်တစ်ပြက် ဓားတစ်ပြက်စကားတွေ မပြောမိအောင် ရှောင်ပါ။

ဆဲရေးတိုင်းထွာမှုတွေ မဖြစ်မိအောင် ရှောင်ပါ။

သိမ်ဖျင်းတဲ့စကား၊ ကုန်းချောတဲ့စကားတွေ ပြောခြင်းက ရှောင်ပါ။

အင်မတန်မှ ကောင်းမွန်လှတဲ့ အာဟာရကို တန်ဖိုးရှိရှိနဲ့စားပါ။

နူးညံ့သိမ်မွေ့စွာ စားပါ။

အဲဒီအခါကျမှ ကြီးပွားချမ်းသာခြင်း၊ ဘုန်းကြီးခြင်း၊ လာဘ်ပေါများခြင်းဆိုတာ ဒီလိုပါလားဆိုပြီး ကိုယ်တိုင်ပီတိများစွာနဲ့ ကြုံရပါလိမ့်မယ်။

လက်တွေ့ဟာ အကောင်းဆုံးပါပဲ။

ဘဝအဆင့်ဆင့် မြင့်တက်သွားတာကို ကိုယ်တိုင် ရယူ ခံစားတာ အကောင်းဆုံးပါပဲ။

နောက်တစ်ခုကတော့-

ထမင်းစားခြင်းကို သိမ်မွေ့နူးညံ့စွာ စားသောက်ဖို့ အကြံပြုတာနဲ့ တစ်ဆက်တည်း ပြောစရာရှိတာက. . .

ထမင်းစားတဲ့နေရာလို့ ပြောလို့ရတဲ့ ထမင်းစားခန်းမှာ ကလေးကို ကျင်ကြီးသွားစေခြင်းပါပဲ။

စားနေရင်းတန်းလန်း ကလေးက မစင်ထွက်ကျရော၊ အဲဒီအခါမှာ ကလေးကို ခပ်ဝေးဝေးခေါ်သွားပြီး ကျင်ကြီးမစွန့်စေဘဲ ထမင်းစားတဲ့နားတင် ပြီးပြီးရော ဆက်သွားခိုင်းတာမျိုးကို ဆိုလိုတာပါ။

ဒါမျိုးဆိုတာ မကောင်းပါဘူး။

ဒီလိုမျိုး ခပ်လွယ်လွယ်ပြုကြတဲ့သူတွေဟာ တော်တော်လေးကို ရှာရဖွေရ ကျပ်လှပါတယ်။ တော်တော်လေး လက္ခဏာ ရှားပါးလှကြပါတယ်။

တချို့ ကျဉ်းတဲ့အိမ်လေးတွေမှာ နေနေကြသူတွေက ပြောမှာပေါ့၊ ဒီနေရာပဲ စားနေရတာကိုးလို့။

မှန်ပါတယ်။

ဒါပေမယ့် ကလေးကိုမ,ချီသွားပြီး သင့်တော်ရာမှာ သွားစွန့်စေတာဟာ သဘာဝကျပါတယ်။

ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ်၊ အကျင့်ဆိုတာ လုပ်ယူရင်ရပါတယ်။ လင်မယားရန်ထဖြစ်လို့လည်း ထမင်းပန်းကန်,ဟင်းပန်းကန်တွေကို ဆောင့်ချတာမျိုး၊ အိုးတွေဆောင့်ချတာမျိုး။

ညီအစ်ကိုမောင်နှမချင်း မသင့်မြတ်လို့၊ စကားအဆီအငေါ်မတည့်လို့ အိုးတွေ, ပန်းကန်တွေဆောင့်ချတာမျိုးကအစ ရှောင်ပါ။

အဲဒါမျိုးဟာ တော်တော့်ကို ချုချာတတ်ပါတယ်။

ဘာဖြစ်လို့ဖြစ်နေမှန်းမသိဘဲ ချုချာနေတတ်ပါတယ်။

ထမင်းစားခန်း၊ ထမင်းစားတဲ့နေရာ သိပ်အရေးကြီးပါတယ်။

အဲဒီလို နေရာမျိုးတွေဟာ အနံ့အသက်ကအစ သိပ်သတိထားရတဲ့နေရာတွေပါ။ ဣဋ္ဌဖြစ်ရမယ့်နေရာတွေပါ။ အနံ့ဆိုးတွေ မရှိသင့်ပါဘူး။

ထမင်းစားခန်း တစ်မျိုးကြီးဖြစ်နေတာနဲ့ တစ်အိမ်လုံးရဲ့ကျန်းမာရေး ဆက်နွယ်နေတာတွေ အများကြီး တွေ့ရပါလိမ့်မယ်။

ဒါကြောင့်-

ထမင်းစားရင် အကုသိုလ်စကား၊ အနိဋ္ဌစကားတွေ မပြောမိပါစေနဲ့။ ပလုတ်ပလောင်းကြီးနဲ့ ဝူးဝါးဝူးဝါး မပြောမိပါစေနဲ့။ ဒေါသတွေမကြီးမိပါစေနဲ့လို့ မေတ္တာစကားတွေ အများကြီးပြောရင်း အကြံပြုလိုက်ပါတယ်။

ဒီအကြောင်းအရာကလေးတွေနဲ့ ပတ်သက်ပြီး အခုပေးလိုက်တဲ့ဗဟုသုတလေးတွေ၊ ဆင်ခြင်စရာလေးတွေ၊ သတိထားစရာလေးတွေနဲ့ ဖြည့်ချင်တဲ့ကွက်လပ်လေးတွေများရှိရင် ဖြည့်ပါ။

လိုအပ်ရင် အကြံဉာဏ်ယူပါ။

လက်တွေ့လည်း သတိထားပြီး လေ့လာကြည့်ပါ။

ဘယ်အချိန်မှာပဲ ဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲ ဖြစ်ဖြစ် လိုအပ်ရင် လိုအပ်သလို ကွက်လပ်လေးတွေဖြည့်ပါ။

သိပြီးသားသူတွေအတွက် မလိုလောက်ပေမယ့် မသိသေးတဲ့သူများ ရှိနေသေးရင်. . .

ဆိုတဲ့ မေတ္တာစိတ်နဲ့အကြံပြုလိုက်တာ ဖြစ်ပါတယ်။

ကျန်းမာ ချမ်းသာကြပါစေ။

ဘေးကင်းရန်ကင်း အန္တရာယ်ကင်းကြပါစေ။

စီးပွားဥစ္စာများ တိုးပွားကြပါစေ။

တရားဘာဝနာများ ပွားများအားထုတ်နိုင်ကြပါစေ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

www.burmeseclassic.com



# မြန်မာ့ ဘုန်းတော်ကြီးကျောင်းများမှ ဂမ္ဘီရဆန်သောအုန်းမောင်းခေါက်နည်းနှင့် အုန်းမောင်းပြုလုပ်ပုံများ

ရသဂမ္ဘီရ-ကျော်ဝင်းအောင်(ပြည်-ဆည်မြောင်း)

မြန်မာလူမျိုးများ၏ဘုန်းတော်ကြီးကျောင်းများအကြောင်းပြောရရင် ဟိုးယခင် ပဒေသရာဇ်ခေတ် ရှင်ဘုရင်များလက်ထက်ကစပြီး ပြောရမှာ ဖြစ်ပါတယ်။ ရှေးခေတ်တုန်းက ဘုရင့်သားတော်၊ သမီးတော်တွေဟာ မြန်မာ့ဘုန်းတော်ကြီးကျောင်းတွေမှာ စာသင်ကြားခဲ့ရတယ်လို့ မှတ်သားသိရှိခဲ့ဖူးပါတယ်။ အချို့သော ဘုရင်တွေ၊ မင်းသားတွေဟာ ယနေ့ခေတ် သံဃာတော်များကဲ့သို့ အကြီးတန်း (ပထမကြီးတန်း) နီးပါး သင်ယူတတ်မြောက်တယ်လို့ ဆိုပါတယ်။ ရာဇဝင်ထဲမှာ သံပျင်မင်းသမီးဟာ ရဟန်းသံဃာတော်တွေကို စာချပေးရတဲ့သူတစ်ယောက်ပါ။ သံပျင်မင်းသမီးလေးဟာ အလွန်ချောမောလှပတာကြောင့် ရဟန်း သာမဏေတွေကို ကန့်လန့်ကာခုနစ်ထပ်ကာရံပြီး စာချပေးရပါတယ်။ ယနေ့ခေတ်အလိုအရဆိုရင် ဓမ္မာစရိယစာချတန်း အောင်မြင်ထားသူတစ်ဦးလိုပါပဲ။ ဒါတွေဟာ မြန်မာတို့ရဲ့ ဘုန်းတော်ကြီးကျောင်းပညာရေး အရေးပါပုံတွေပါ။ ဒီလိုပဲ နိုင်ငံတကာမှပညာရှင်တွေက မြန်မာဘုန်းတော်ကြီးတွေဟာ ဘယ်တက္ကသိုလ်မှ မတက်ရောက်ဘူးပေမယ့် ပညာမျိုးစုံ၊ ဘာသာမျိုးစုံ တတ်မြောက်တာကို ယနေ့တိုင် ချီးကျူး အံ့သြနေဆဲပါ။ ဒါတွေက အများအမြင်ပါ။

ဒီအထဲမှာ မြန်မာ့ဘုန်းတော်ကြီးကျောင်းတွေမှာ အများမမြင်နိုင်တဲ့ ဂမ္ဘီရဆန်တဲ့ ပညာရပ်သဖွယ် တောနေတောင်သား ကျေးလက်လူထုကို မြန်မာ့ဆက်သွယ်ရေး မူလပထမဖြစ်တဲ့ အသံနဲ့အချက်ပေးပြီး ဆွမ်းချက်၊ ဆွမ်းစား၊ အလုပ်ဆင်း၊ အလုပ်တက်ပုံတွေကို စာရေးသူ လေ့လာမိသမျှ တင်ပြသွားပါမယ်။ အဲဒါကတော့ အုန်းမောင်းခေါက်သံပါပဲ။ အုန်းမောင်းခေါက်သံဟာ နံနက်မိုးမလင်းတလင်းအချိန်မှာ မြန်မာတို့ရဲ့ ကျက်သရေအရှိဆုံးအသံဆိုလည်း မမှားပါဘူး။ မင်္ဂလာအရှိဆုံးအသံလို့လည်း တင်စားလို့ရပါတယ်။ ဘာကြောင့်လဲဆိုရင် မြတ်စွာဘုရားရှင်ရဲ့ရွှေရင်တော်ဖွားသားရဟန်း သာမဏေများ မကြောင့်မကြမတောင့်မတဘဲ အရုဏ်ဆွမ်းဘုဉ်းပေးနိုင်ရန် အရုဏ်ဆွမ်းချက်ဖို့ အချက်ပေးသံဆိုလည်း မမှားပါဘူး။ ဒီနေရာမှာ တစ်ခုပြောပြချင်ပါတယ်။ နေ့စဉ် ရှာဖွေစားသောက်ရတာ ခက်ခဲသူတွေဆိုရင် သံဃာတော်များကို ဆွမ်းမလောင်းနိုင်ရင်တောင် အုန်းမောင်းခေါက်သံကြားပြီး ရှိတာလေးနဲ့ အရုဏ်ဆွမ်းချက်ကာ အိမ်မှာရှိတဲ့ဘုရားကို သက်ရှိဘုရားရှင်ကဲ့သို့ ဆွမ်းပွဲပြင်ပြီး သကြား ဖြစ်စေ၊ ထန်းလျက်ဖြစ်စေ ပုံမှန်ကပ်လှူသွားရင် ရှာဖွေ လုပ်ကိုင်စားသောက်ရတာ အဆင်ပြေတယ်လို့ အညာက အဘိုး၊ အဘွားတွေ ပြောသံ ကြားဖူးပါတယ်။

အုန်းမောင်းခေါက်သံက ကုသိုလ်ရေးအတွက်သာမကဘဲ တောနေ ကျေးလက်ရှိ ဒကာ၊ ဒကာမတွေရဲ့ အကျိုးစီးပွားရေး လုပ်ငန်းကိုပါ အကျိုးပြုစေပါတယ်။ များသောအားဖြင့် ကျေးလက်တောရွာများဟာ အိမ်တိုင်း နာရီထားလေ့မရှိဘူး။ ဓလေ့ထုံးစံလို ဖြစ်နေတာပါ။ ဘုန်းတော်ကြီးကျောင်းက အုန်းမောင်းခေါက်သံကို နားထောင်ပြီး လယ်ထဲ၊ ယာထဲ၊ ချောင်းထဲ သွားရတဲ့သူတွေပါ။ အိမ်တိုင်းနီးပါး ပြက္ခဒိန်မထားလို့ နေ့ကိုမသိပေမယ့် အုန်းမောင်းခေါက်သံကြားရင် ဒီနေ့ဘာနေ့ဆိုတာ ကျေးလက်တောရွာနေသူတိုင်း များသောအားဖြင့် သိကြပါတယ်။ ဒီဟာတွေဟာ အုန်းမောင်းခေါက်သံရဲ့ အကျိုးကျေးဇူးတွေပါ။ ထို့အတူ နေ့ဆွမ်းဘုဉ်းပေးခါနီး ဘုရားရှင်ကို ဆွမ်းတော်ကပ်တဲ့အခါ ကျေးလက်တောရွာ ဘုန်းတော်ကြီးကျောင်းတွေဟာ ဖားစည်ထိုးပြီး စည်တော်တီးကာ ကြေးစည်ရိုက်လေ့ ရှိပါတယ်။ ဒီအသံကိုကြားရင် ဒေသခံလယ်သမား၊ ယာသမား၊ ချောင်းသမားတွေဟာ နံနက် (၁၁) နာရီထိုးပြီလို့ သတ်မှတ်ပါတယ်။ ဒါကြောင့် လယ်ထွန်၊ ကောက်စိုက်၊ ပျိုးနုတ်၊ ကောက်ရိတ်သမားတွေဟာ လုပ်ငန်းခေတ္တရပ်နားပြီး ထမင်းစားဖြုတ်လေ့ရှိပါတယ်။ ချစ်စရာကောင်းတဲ့ မြန်မာ့ဓလေ့တစ်ခုပါ။


ဖားစည် ဆိုတာဟာ ကြေးနဲ့ပြုလုပ်ထားတဲ့ အလယ်မှာအဖုပါပြီး အဝိုင်းပုံသဏ္ဌာန်ပါ။ စည်တော်ကတော့ အရှည် (၆) ပေခန့်ရှိပြီး ခါးလယ်ပိုင်းတယောက်ဖက်ကြီးတစ်ဖက် မမီပါဘူး။ ထိပ်ဝနှစ်ဖက်ကတော့ (၂) ပေခန့်အကျယ်ရှိတဲ့ သားရေနဲ့ကြက်ထားတဲ့ ပုံရှည်ကြီးတစ်ခုပါ။ ကြေးစည်ကတော့ လူတိုင်းနီးပါးသိကြပါတယ်။ ဘုရားဆွမ်းတော်ကပ်မှသာ တီးတာပါ။ ဖားစည်ကို ခေါင်းလောင်းထိုးတံနဲ့ ထုရပါတယ်။ ဘယ်လိုအသံမြည်လဲဆိုရင် ဖားစည်က 'နောင်' လို့မြည်ပြီး သက်နှံကြီးခေါက် စည်တော်တီးသံက 'ဒိုင်း' လို့ အသံထွက်ပါတယ်။ ကြေးစည်ကတော့ 'ဒူဝေဝေ' လို့ မြည်ပါတယ်။ သုံးကြိမ် တီးရပါတယ်။ အဲဒီလိုတီးရင် ဘုန်းတော်ကြီးကျောင်းမှာရှိတဲ့ ခွေးသေးသေးလေးကနေ ခွေးအကြီးဆုံးထိ သာခုခေါ် အူသံဟာ အ



www.burmeseclassic.com

www.burmeseclassic.com

လက်ာနည်းအရ အုန်းမောင်းပြုလုပ်ပုံ




ကြားရင် ပီတိဖြစ်စရာပါ။

နောက်တစ်ခုက အဖိတ်နေ့ ရောက်ရင် ညနေစောင်းမှာ ဘုန်းတော်ကြီးကျောင်းက မောင်းထုအချက်ပေးပါတယ်။ မနက်ဖြန် ဥပုသ်နေ့ဆိုတဲ့အကြောင်း ကျေးလက်ပြည်သူတွေကို အသိပေးတာပါ။ အဲဒါဆိုရင် သက်ကြီးရွယ်အိုတွေဟာ ဥပုသ်စောင့်ဖို့အတွက် နက်ဖြန်မရောက်ခင် ကြိုတင်ပြင်ဆင်ကြပါတယ်။ ဒီနေရာမှာ ရွှေဘို လှတောသားတွေရဲ့ ရယ်စရာစကားကို တင်ပြပါဦးမည်။ ဘုန်းတော်ကြီးတွေ ဆွမ်းဘုဉ်းပေးရင် ဖားစည်ထိုး၊ စည်တီး၊ ကြေးစည်ခေါက်တာကို ဘုန်းကြီးတွေက 'အေးအေးသူလူ ဆွမ်းဘုဉ်းပေးတာတောင် ဆူညံနေတာပဲ။ ထမင်းပူပူ၊ ဟင်းပူပူနဲ့ဆွမ်းဘုဉ်းပေးရင် ဆိုင်းဝိုင်းတီးပြီး ဘုဉ်းပေးလားမသိဘူး' တဲ့။ စကားအလက်ာမြောက်တဲ့ ရွှေဘို လှတောသားတွေကတော့ ကြံကြံဖန်ဖန် စဉ်းစားတတ်ပါရဲ့လို့ စာရေးသူ မှတ်ချက်ချမိတယ်။

အခု ဆက်လက် တင်ပြမှာက မြန်မာ့ဘုန်းတော်ကြီးကျောင်းများရဲ့ ဂမ္ဘီရဆန်တဲ့ အုန်းမောင်းခေါက်ပုံခေါက်နည်းပါ။ အုန်းမောင်းကို လူတိုင်းမခေါက်တတ်ပါဘူး။ ရှေးဘုန်းတော်ကြီးကျောင်းထွက်တွေနဲ့ အနွယ်တော်တွေသာ ခေါက်တတ်တာပါ။ မျှားသောအားဖြင့် အုန်းမောင်းကို ပထမဆုံး ခပ်ဆတ်ဆတ်လေးခေါက်ပြီး ပဉ္စာန်းတစ်ခေါက်ရွတ်၊ တစ်ချက်ခေါက်ပြီး ပဉ္စာန်း (၂၄) ပစ္စည်း ပြီးသွားပါက ခပ်လေးလေးခေါက်ကာ-

တနင်္ဂနွေနေ့ဆို (၁) ချက်ခေါက်၊
တနင်္လာနေ့ဆို (၂) ချက်ခေါက်၊
အင်္ဂါနေ့ဆို (၃) ချက်ခေါက်၊
ဗုဒ္ဓဟူးနေ့ဆို (၄) ချက်ခေါက်၊
ကြာသပတေးနေ့ (၅)ချက်ခေါက်၊
သောကြာနေ့ (၆) ချက်ခေါက်၊
စနေနေ့ဆို (၇) ချက်ခေါက်ပြီး-
(၄) နာရီကို (၄) ချက် ခေါက်ရပါတယ်။

ဒါဟာ ရှေးမြန်မာ့ဘုန်းတော်ကြီးကျောင်းများရဲ့ အုန်းမောင်းခေါက်နည်းတွေပါ။ ယနေ့ခေတ်မှာ မကြားရသလောက် ကွယ်ပျောက်လုနီးပါး ဖြစ်နေပါပြီ။ အညာကျေးလက် တောရွာတွေမှာဆိုရင် လော်စပီကာကို အော်ဂင်နာရီနဲ့ တွဲပြီးဖွင့်ကာ ရွာသူ၊ ရွာသားတွေကို ကြားသိစေပါတယ်။ ဒီဓလေ့ကို မြန်မာ့ကျေးလက်ဘုန်းတော်ကြီးကျောင်းတွေက မြန်မာ့ရိုးရာမပျက်မပျောက်အောင် ထိန်းသိမ်းထားဖို့ လိုအပ်လှပါတယ်။

ဒီလိုပဲ အုန်းမောင်းခေါက်တာ စည်းစနစ်ရှိသလို အုန်းမောင်းပြုလုပ်နည်းဟာလည်း ဂမ္ဘီရဆန်ပြီး စနစ်ကျလှပါတယ်။ အုန်းမောင်းကို လွယ်လွယ်နဲ့လုပ်မရပါ။ အုန်းမောင်းလုပ်နည်း လက်ာရှိပါတယ်၊ အဲဒါကတော့-

**ထိပ်ဝတစ်ပြန်**
**အနားချန်**
**လေးပြန်အဝထား**
**ထိပ်ထူခေါင်ပါး**
**အဝေးကြား. . .** လို့ ဆိုပါတယ်။

အဲဒီလက်ာအရ (၁) ပေပတ်လည် အခွံလွတ် သစ်ကြမ်းလုံး (၇) ပေလောက်အရှည်ဆိုရင် အုန်းမောင်းလုပ်လို့ရပါပြီ။

ဒါတွေဟာ အုန်းမောင်းပြုလုပ်ပုံတွေပါ။ အုန်းမောင်းကို မျှားသောအားဖြင့် ပိန္နဲသား၊ ပိတောက်သားတွေနဲ့သာ ပြုလုပ်လေ့၊ ပြုလုပ်ထ ရှိပါတယ်။ ဒါပေမယ့် အုန်းမောင်းပြုလုပ်လို့ အကောင်းဆုံးအသားကတော့ ဘုမ္မဲဇာအသား ဖြစ်ပါတယ်။ ဒါကြောင့် အုန်းမောင်းဖြစ်ရင်ပြီးရောဆိုပြီး ပြုလုပ်လို့မရပါဘူး။ ဘယ်လက်သမားမှလည်း မလုပ်တတ်ပါဘူး။ လက်ာရမှသာ ပြုလုပ်နိုင်တာပါ။ ရှေးမြန်မာ့ဘုန်းတော်ကြီးကျောင်းထွက်တွေ၊ သိမှီလိုက်သူတွေကတော့ ပြုလုပ်တတ်ပါတယ်။ ဒီအထဲမှာ အုန်းမောင်း မလုပ်ကောင်းတဲ့အသားဆိုတာ ရှိပါတယ်။ ဘုန်းကြီးလည်း မေ့နေလို့ စာရေးသူ ထည့်မရေးတာပါ။ ခွင့်လွှတ်ပါ။ မလုပ်ကောင်းတဲ့အသားကို အုန်းမောင်းလုပ်ပြီး ခေါက်မိရင် အုန်းမောင်းသံကြားတဲ့ ရွာတိုင်းဟာ ဆင်းရဲကျပ်တည်းပြီး လုပ်ကိုင်စားသောက်ရေး အဆင်မပြေဘူးလို့ ဆိုပါတယ်။ ဒါကြောင့် ရှေးမြန်မာ့ရိုးရာ ဂမ္ဘီရဆန်တဲ့ အုန်းမောင်းပြုလုပ်ပုံနှင့် အုန်းမောင်းခေါက်နည်းပါ ကွယ်ပျောက်သွားမှာစိုး၍ ရေးသားတင်ပြရခြင်းပါ။ ဆန်းကြယ်နက်နဲသော မြန်မာတို့ရဲ့ဂမ္ဘီရအလေ့အထများကိုလည်း ဆက်လက်ရေးသားတင်ဆက်ပါဦးမည်ဟု မင်္ဂလာစကားဆိုလိုက်ပါတယ်။

ရသဂမ္ဘီရ-ကျော်ဝင်းအောင်
(ပြည့်-ဆည်မြောင်း)

*(ပြည်မြို့ ခေတ္တရာမြို့သစ် အောင်မြေသာယာရပ် အောင်စေမွှာရုံ အသံမစဲ ပဉ္စာန်းရွတ်ဖတ်ပူဇော်ပွဲတွင် အုန်းမောင်းအတွေ့အကြုံပြောပြသော သုဇနဝံသကျောင်းမှ ဦးပညာဗလအား ဦးခိုက်လျက်)*



www.burmeseclassic.com

www.burmeseclassic.com

စွယ်စုံအနုပညာရှင် စာရေးဆရာ ဒါရိုက်တာ ဆရာကြီး ဦးသုခရဲ့ ဖခင်ဟာ ကျိုက်လတ်မြို့အပိုင် ငပွေးတန်းတိုက်နယ်က စာဖြူရွာသူကြီး ဦးစံခိုင်ဖြစ်ပါတယ်။ ဦးစံခိုင်ဟာ ဥပမိရုပ်ကလည်း အသားဖြူဖြူ ဖြောင့်မတ်တည်ကြည်ပြီး သတ္တိဗျတ္တိက ကောင်းကောင်းဆိုတော့ ကျိုက်လတ်မြို့ပေါ်အထိ ကျော်စောသတင်းကြီးခဲ့ပါတယ်။ ဒီအခါမယ်မြို့ကရွာက လူကြီးသူမရပ်မိရပ်ဖများရဲ့ ဆက်သွယ် ညှိနှိုင်း ဆောင်ရွက် စေ့စပ်မှုနဲ့ ကျိုက်လတ်မြို့က မုဆိုးမကြီးဒေါ်ငြိမ်းရဲ့သမီး မမျှင်နဲ့ အကြောင်းဖက်လို့ လက်ဆက်ခဲ့ကြပါတော့တယ်။

ဒါပေမယ့် ဦးစံခိုင်တစ်ယောက်ခြေမငြိမ် ဗွေဖောက်လို့ နောက်တစ်ယောက်ထားတဲ့အခါမှာတော့ မမျှင်ဟာကိုယ်လေးလက်ဝန်ကြီးနဲ့ စာဖြူစုကနေကျိုက်လတ်ကိုပြန်ခဲ့ပါတော့သည်။ဆရာကြီး ဦးသုခ အလောင်းအလျာ မောင်သိန်းမောင်လေးကို ဖွားမြင်ပြီးတဲ့အခါမှာတော့ နောက်မယားနဲ့ရတဲ့သားသမီးတွေထက် သာစေရမယ်ဆိုတဲ့အားမာန်နဲ့မိန်းမတန်မဲ့ စီးပွားရှာလိုက်တာ ကံကမ,စန်းကထလို့ လုပ်ငန်းကိုင်ငန်းတွေ ဟန်ကျပြီး စီးပွားဥစ္စာတွေ ဒီရေအလားတရိပ်ရိပ်တက်လာပါတော့တယ်။ ဆေးစက်ကျရာ အရုပ်ထင်၊ လုပ်သမျှ တင့်တယ်နေတဲ့ မမျှင်ဟာ အရှိန်အဝါအဖြစ်ဝန်းရံနေကြသူများကို လက်ခံခဲ့ပေမယ့်ဘုရားခန်းမှာ အိမ်ဦးနတ်လုပ်ချင်တဲ့သူများကိုတော့ သားမျက်နှာနဲ့ပဲ ပယ်ချလို့နေပါတော့တယ်။

ဦးစံခိုင်နဲ့ ဒေါ်မျှင်တို့က ကိုယ့်စိတ်နဲ့ကိုယ့်ကိုယ် အလိုကျရွေးချယ်ခဲ့ကြတာလည်း မဟုတ်။ သူ့ဂုဏ်နဲ့ကိုယ့်ဂုဏ် သူ့မာနနဲ့ကိုယ့်မာန သဟဇာတမမျှတဲ့လွန်ပွဲကလည်း အပြိုင်အဆိုင်မို့ ဆယ်စုနှစ်တာ ရှည်ကြာခဲ့ပါတယ်။ ဖခင်ကို အလိုမကျသမျှ တစ်ဦးတည်းသားပေါ် သာအချစ်တွေပုံခဲ့တဲ့ ဒေါ်မျှင်ဟာ ကျိုက်လတ်မြို့ပေါ်မှာ ရွှေစာလုံးဖိတ်စာကြီးတွေဝေ၊ မဏ္ဍပ်ကြီးကိုထိုး၊ အကာမ်းအလှမ်းတွေနဲ့ အလှူကြီးကို ဝှဲချီးဆင်ယင်လိုက်ပါတယ်။ အလှူ့ဒါယကာမလို၊ အလှူ့အမတစ်ဦးတည်းနဲ့ စိန်နားကပ်ကြီး တဝင်းဝင်းတဖျပ်ဖျပ်ခါနေအောင် အရှေ့၊ အနောက် လူးလာတုံ့ခေါက်လျှောက်လို့လှမ်းလို့ ညွှန်ခံလိုက်ပါတယ်။

ဇွဲဝီရိယလုံ့လဥဿဟတွေကြောင့် စီးပွားရေးတွေတက်နေခဲ့တဲ့ ဒေါ်မျှင်ဟာ အမိလိုတစ်မျိုး၊ အဖလိုတစ်နည်း အချစ်ကြီးချစ်ခဲ့ရတဲ့သားကို ကိုယ်တိုင်သာမကဝန်းကျင်ကပါ ဝိုင်းလို့ဝန်းလို့ အရေးတယူ မြှောက်စားပါမှ ကျေနပ်တာပါ။ ကိုယ့်ဘာသာ ကြီးပွားလာတာကိုတောင် မွေးလာတဲ့သားက 'သိုက်' ဖွားမို့ စီးပွားတက်တာလို့ ဆိုနေပြန်ပါသေးတယ်။ အမေဆိုတော့လည်း အလိုလိုက်တာမို့ မောင်သိန်းမောင်လေးခမျာ အဖေမရှိတဲ့အလစ်အဟာဆိုတာ ဘာမှန်းမသိခဲ့ပါဘူး။

ကျိုက်လတ်မြို့ပေါ်ကို ရုံးပြင်ကနားကိစ္စနဲ့လာတဲ့ ဦးစံခိုင်ဟာ ဒေါ်မျှင်ရဲ့ မိန်းမတန်မဲ့ အကူအဖေးမလို ကိုယ်စွမ်းကိုယ်စနဲ့ စီးပွားရေးမှာ ထွန်းပေါက်နေတာမို့ အထင်မသေးဘဲ အလေးဂရုပြုရပါတော့သည်။ နောက် အောင်သွယ်တော်များနဲ့ မယားဟောင်းကို ရွှေလမ်းငွေလမ်းဖောက်ပါတော့တယ်။ ဦးစံခိုင်ဟာ အကြောင်းပါစဉ်က မုဆိုးဖို၊ အခုစာဖြူစုရွာမှာလည်း နောက်မယားနဲ့သားသမီးတွေနဲ့ဖြစ်ပေမယ့် ဒေါ်မျှင်ခမျာမှာတော့ အပျိုစင်ဘဝမှာ ရခဲ့တဲ့အချစ်ဦး၊ မိန်းမသားတစ်ယောက်ထဲဘယ်လောက် ရှုပ်ရှုပ်ချုံချုံရှိပေမယ့်ယောက်ျားသားရှိတယ်ဆိုတဲ့ ဂုဏ်ဟိတ်



မောင်အောင်ဝင်းမန်း

**ဆရာကြီးဦးသုခ၏ သေနတ်ပြီးတဲ့အမေ**

www.burmeseclassic.com

www.burmeseclassic.com

တာ အင်မတန် ကြီးမားတာကြောင့် 'ခွန်မလွှား၊ ရထားမတင့်' လို့ မြန်မာ စကားရှိခဲ့တာကို ကောင်းကောင်း ကြီး သိထားသူမို့ တစ်ခုလပ်ဘဝကို စွန့် တ်ပြီး အဖေဘွဲ့ကို ဦးစံခိုင်ထံ ပြန်ပြီး အပ်နှင်းခဲ့ပါတယ်။

ဒါကြောင့် မောင်သိန်းမောင်လေး တာ အလျှံပယ် အလိုလိုက်ခံထားရတဲ့ ဘဝမှာ အဖေဆိုတာ လိုအပ်သလား၊ လိုအပ်ဘူးလားဆိုတာ သုံးသပ်ဝေဖန် စားနေစရာမလိုဘဲ၊ မရှိဘဲ ကလေး ယ်တို့ ဘာသာဘာဝ အပျော်တွေနဲ့ ထွေးနေချိန်မှာပဲ ဖခင်ဟာ အိမ်ဦး ခန်းမှာရောက်လာတာမို့ စိတ်နာရမယ့် အချိန် စိတ်ကွက်ရမယ့်ကာလတွေ မရှိ ခဲ့ပါဘူး။

စာရေးဆရာ၊ ဒါရိုက်တာ ဆရာ ကြီး ဦးသုခ လောင်းလျာ မောင်သိန်း မောင်ဟာ ပဉ္စမတန်းကတည်းက ဇာတ် ကြီးဆယ်ဘွဲ့၊ ငါးရာ့ငါးဆယ်နိပါတ်တော် များကို စုံရေမက်ရေ ရှာဖွေ ဖတ်လာပါ တယ်။ ပျို့ကဗျာလင်္ကာတွေကို အလွတ် ကျက်လာပါတယ်။ အဘိုးလေးဖြစ်သူ စောင်းဆရာကြီးဦးတုတ်ပေါ်ကို စည်းဝါး လိုက်ပေးရင်း ပတ်ပျိုး၊ ယိုးဒယား၊ သီချင်းများကိုလည်း ဆိုနေရပါတယ်။ ဆိုင်းဆင့်တို့၊ လေပြေတို့ကစပြီး အလ င်္ကာတို့၊ ပရိတ်အမွှန်းတို့လည်း ရွတ်ပါ တော့တယ်။ အိမ်ဦးခန်းမှာရောက်လာ တဲ့ ဖခင်ကြီးက ကျိုက်လတ်တစ်ဝိုက်



စာဖြူစုတစ်ကြောမှာ နှစ်တိုင်း ဖိုးစိန်တို့၊ စိန်ကတုံးတို့ဇာတ်ကြီးတွေကို လေလံဆွဲ ရုံသွင်းနေတာမို့ မောင်သိန်းမောင်လေး ကတော့ အချိုရှာသကာတွေ့လို့နေ တော့တာပေါ့။ လောကဓာတ်ကျောင်း သားလေး မောင်သိန်းမောင်ကို မြို့အုပ် ဝန်ထောက်ဖြစ်စေချင်တဲ့ အမေဖြစ်သူ က သည်လိုနေရာမှာ ကြိမ်းမောင်း တား မြစ်တတ်ပေမယ့် ပွဲကံထရိုက်အာဏာရ သူကြီးမင်းဖခင်ကတော့ အသောက်အ စားမရှိတဲ့သားကို ခွင့်ပြုပေးထားခဲ့ပါ တယ်။ ဒီတော့ အဖေ ဆိုတာ ငြိုငြင်လို့ အပြစ်တင်စရာ ဘာများရှိမှာလဲ။

ဒါ့ပြင် ဦးစံခိုင်ဟာ ဘေးက မြှောက်ပေးကြလို့ ကိုယ်တိုင်ကလည်း ဝါသနာမပါ၊ ပုံနှိပ်ပညာ၊ သတင်းဂျာ နယ်ပညာလည်းမတတ်ဘဲ ရန်ကုန်တက် ပြီး 'အာဇာနည်ဂျာနယ်' ကို ထုတ်ပါ တော့တယ်။ ဒီတစ်ခါမှာတော့ ကိုးတန်း ကျောင်းသား မောင်သိန်းမောင်ဟာ မိခင် တားတဲ့ကြားက တိတ်တဆိတ် ကျောင်းထွက်ပြီး ဖခင်ရဲ့ဂျာနယ်တိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com

လေ့လာဆည်းပူးတော့တာပါပဲ။ ရေငတ်တဲ့သူ ရေတွင်းထဲကျတာမျိုးဆိုတော့ မောင်သိန်းမောင်အဖို့ အာဇာနည်ဂျာနယ်တိုက်က စက္ကူထုပ်တွေဟာ နတ်နန်းဗိမာန်၊ ပုံနှိပ်စက်သံတဂျောင်းဂျောင်းကလည်း ပဥ္စသိင်္ခနတ်သားရဲ့ ဗေလုဝစောင်းသံပါပဲ။

ဒီအထဲမှာ အာဇာနည်ဂျာနယ်တိုက်နဲ့ မျက်နှာချင်းဆိုင်က ဝိဇယဂျာနယ်တိုက်က လယ်တီပဏ္ဍိတဦးမောင်ကြီးရဲ့သား ကိုတင်ဦး တည်ထောင်ထုတ်ဝေတာမို့ ဆရာကြီးလယ်တီပဏ္ဍိတဟာ ဝိဇယဘက်က အာဇာနည်တိုက်ဘက်ကူးလာကာ ဖခင်ဖြစ်သူ ဦးစံခိုင်နဲ့ စကားလက်ဆုံကျလေ့ရှိပါတယ်။ ဒီအခါမှာတော့ မောင်သိန်းမောင် ကြားနာရသမျှဟာ မှတ်သားစရာချည်းမို့ 'အဟောဝတ- အဟောဝတ' နဲ့ နတ်သဒ္ဒါတွေမှိုချနေရသလို နားခံတွင်းကနေ ဦးနှောက်အတွင်း စိမ့်ပျော်လျက်နေပါတော့တယ်။ ဂျာနယ်တိုက်ပိုင်ရှင်ရဲ့သား ဆိုတော့လည်း စာရေးဆရာတစ်ယောက် ဖြစ်ဖို့က မြေကြီးလက်ခတ်မလွဲမို့ အနာဂတ်ရောင်ခြည်တွေကလည်း လင်းလက်လို့ပေါ့။

ဒါပေမယ့် 'ကရောင်းကိုလိုနီ' ကိစ္စကို ရေးသားမိလို့ အာဇာနည်ဂျာနယ်က အစိုးရတောင်းတဲ့ အာမခံငွေကို အာခံကာ မပေးဘဲ ဂျာနယ်တိုက်ပိတ်ပြီး ကျိုက်လတ်ကို တပ်ခေါက်ခဲ့ကြပါတော့တယ်။ သူကြီးဦးစံခိုင်ကတော့ ပိုနေမြဲ ကျားနေမြဲ ဆိုပေမယ့် မောင်သိန်းမောင်ခမျာ မဟာအခွင့်အရေးကြီးလက်လွတ်ဆုံးရှုံးခဲ့ရတာပေါ့။ အနုပညာပိုး ဝင်နေပြီဆိုတော့ ကျိုက်လတ်ကနေ ဒီးဒုတ်ဂျာနယ်တို့၊ ကဝိမျက်မှန်မဂ္ဂဇင်းတို့ကို ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ရတုတွေ ရေးသားပေးပို့လို့ ဖော်ပြခံရတဲ့ အခါတိုင်း ဖခင် ဦးစံခိုင်ကို ပြသပြီး ဝင့်ကြွား ဂုဏ်ယူခဲ့ပါတယ်။ ကျောင်းကထွက်လိုက်ပြီဖြစ်လို့ ဦးစံခိုင်သွင်းတဲ့ ဇာတ်ပွဲတွေမှာ တံခါးမရှိဓားမရှိ လွတ်လပ်စွာ ဝင်ထွက်သွားလာနေပြီး ဇာတ်စာဇာတ်အထာတွေကို လေ့လာနိုင်ပါတော့တယ်။ ကိုယ်တိုင်ကလည်း ကျိုက်လတ်က ကျောင်းကပွဲ၊ ဦးရှင်ကြီးပွဲတွေမှာ ဇာတ်ညွှန်းရေး၊ ပြဇာတ်ရေး၊ ဒါရိုက်တာလုပ်၊ သရုပ်ဆောင်လုပ်နဲ့ ဖိုးကျိုင်းတုတ်ဖြစ်နေတော့တာပေါ့။

အဲဒီအခါမှာပဲ ဖခင်ကြီးဦးစံခိုင်နဲ့ မိခင်ကြီး ဒေါ်မျှင်တို့ဟာ မောင်သိန်းမောင်အတွက် ညီနှစ်ယောက်နဲ့ ညီမငယ်တစ်ယောက် မွေးဖွားပေးနိုင်ပေမယ့် နဂိုဓာတ်ခံ မာနပြိုင်ကရှိနေတာမို့ သဘောထားကွဲလွဲကြပြန်ပြီး ကိုယ့်နိုင်ငံကိုယ့်နန်းမှာပဲ ကိုယ့်ဘာသာ စံမြန်းနေကြပြန်ပါတော့တယ်။ မောင်သိန်းမောင်ကလည်း အချစ်ဒီန်းဒလိန်းနတ်ဖမ်းစားလို့ မယားနောက်ကောက်ကောက်ပါအောင်လိုက်သွားပြီး သားကျွေးမှုမယားကျွေးမှုကို လုံးပမ်းနေတာမို့ ကိုယ်အရေးကို ရှေ့တန်းတင်နေရတာပါ။ စာပေအနုပညာဝါသနာကလည်း တွယ်ကပ်နေချိန်မှာပဲ 'ရန်ကုန်ရွှင်ပျော်ပျော်တိုက်'က ရေးပို့လိုက်တဲ့ 'မိန်းမသား' ဝတ္ထုကို ရွေးချယ်ရိုက်နှိပ်လိုက်တော့ စာပေလောကထဲ ဇွတ်ပစ်ဝင်လိုက်တော့တာပါပဲ။ တစ်မူးတန်ဝတ္ထုလောကမှာ နာမည်ရအောင်မြင်ပေမယ့် ရန်ကုန်မြို့ပေါ်မှာ တစ်ယောက် တစ်ဝမ်းရေးကိုတောင် မနည်းကြီး ရုန်းကန်နေရတာမို့ သားမယားကိုယောက်မထံ ဝကွက်အပ်၊ အမေဆိုတာ လှည့်မကြည့်နိုင်၊ အဖေဆိုတာ သာလို့ဝေးပေါ့။

ဦးစံခိုင်နဲ့ မောင်သိန်းမောင် တစ်ဖြစ်လဲ စာရေးဆရာ သုခတို့ဟာ ယောက်ျားချင်းလည်းဖြစ်လို့ ခပ်ကင်းကင်းရှိနေပေမယ့် ဖခင်ကြီးရဲ့ နောက်မယားကမွေးတဲ့ ညီတွေကတော့ တွေ့ကြဆုံကြတဲ့အခါ အမျှင်မပြတ်ဘဲ ဖအေတူ ညီအစ်ကိုတွေပဲရယ်လို့ အသိအမှတ်ပြုလို့ ခေါ်ဟယ်ပြောဟယ်နဲ့ပါပဲ။ ဝင်လို့ထွက်လို့ပါပဲ။ စာရေးဆရာသုခအဖြစ်အောင်မြင်လာတဲ့အပြင် အေဝမ်းဖလင်ဆိုတဲ့ ရုပ်ရှင်ကုမ္ပဏီကြီးက လခစားဇာတ်ညွှန်းရေးဆရာအဖြစ် ခန့်အပ်လာလို့ ကိုယ့်အိမ်ကိုယ့်ရာ ပုံမှန်ဝင်ငွေလေးဖြစ်လာလို့ ရန်ကုန်မှာ အခြေချတဲ့အခါ ကျိုက်လတ်နဲ့ ကင်းကွာခဲ့ရပါတယ်။ ဖခင်ကြီးက စာဖြူစုရွာ၊ မိခင်ကြီးက ညီမငယ် အိမ်ထောင်ပြုရာ ပုသိမ်မြို့မှာမို့ အတွေ့အဆုံ ပိုနည်းသွားပါတော့တယ်။

အချိန်တွေကုန်လို့ ကာလတွေ ညောင်းလာခဲ့တာနဲ့အမျှ စာရေးဆရာသုခဟာ ရုပ်ရှင်၊ ဇာတ်ညွှန်းအပြင် ရုပ်ရှင်ဒါရိုက်တာအဖြစ်လည်း အောင်မြင်နေပါတော့တယ်။ ကျွေးနိုင်မွေးနိုင်ပြုစုနိုင်လို့ 'အမေစားရတဲ့ ထမင်းတစ်နပ်' အတွက် မကျေနပ်နိုင်ဘဲ အတူခေါ်ထားချင်ပေမယ့် ညီမငယ်နဲ့ အနီးကပ်စောင့်ရှောက်နေခဲ့ပြီး မီးစာကုန်ဆီခန်းမှ ရန်ကုန်ကို တက်လာတဲ့ မိခင်ကြီးဟာ ဂလူးကို့စ်လေးနဲ့ လိမ္မော်ရည်လေးသာ သောက်နိုင်ပြီး စာရေးဆရာသုခ လက်ပေါ်မှာ ကွယ်လွန်ခဲ့ရရှာပါတယ်။ ဖခင်ကြီးကတော့ ၁၉၅၀ ခုနှစ်လောက်မှာမှ မြန်မာနိုင်ငံမငြိမ်မသက်ချိန် တောကြောင်ဓားပြများလက်ချက်နဲ့ သေနတ်မှန်ပြီး သေဆုံးခဲ့ရပါတယ်။

စာရေးဆရာ ဒါရိုက်တာ ဦးသုခရဲ့ဖခင် စာဖြူစုရွာသူကြီး ဦးစံခိုင်ဟာ အနီးအနား ကျေးရွာအုပ်စုတစ်ဝိုက်ဩဇာတိက္ကမကြီးပြီး ခန့်ညားရှိသေကြရတဲ့ စိတ်နေသဘောထား၊ ရုပ်ရည်သွင်ပြင်နဲ့ ရဲစွမ်းသတ္တိတွေကြောင့် ကျိုက်လတ်က အုပ်ချုပ်သူ အရာရှိများနားအထိ ပေါက်ရောက်သူ ဖြစ်ပါတယ်။ ဌာနချုပ်၊ မြို့ပိုင်တို့လောက်သာမကအရေးပိုင်အထိ သတင်းပြန့်လောက်အောင်လည်း ဦးစံခိုင်ရဲ့ ကျော်စောသတင်း အဖြစ်အပျက်တို့က အထင်အရှားရှိခဲ့ပါတယ်။ စာဖြူစုနဲ့ ငါးမိုင်လောက်ကွာတဲ့ မင်းလှစုရွာမှာ အဲဒီခေတ်က ရှားရှားပါးပါး နှစ်လုံးပြူးကိုင်နိုင်တဲ့ ဓားပြအဖွဲ့က ရွာကိုစီးပြီး စိမ်ပြေနပြေ တောင်းယူ တိုက်ခိုင်နေတာ ကြားတဲ့အခါ ဦးစံခိုင်က တိတ်တဆိတ်သွားဝိုင်းတာမဟုတ်ဘဲ လူစုကို ခေါင်းဆောင်ပြီး မောင်းတဒူဒူထုလို့ မီးတုတ်တွေ ထိန်ထိန်ငြီးအောင် ကိုင်ဆောင်စေပြီး ရှေ့ဆုံးကတက်တော့တာပါပဲ။ ဓားပြတွေလည်း မောင်းသံကြားတာနဲ့ စာဖြူစုသူကြီးလာနေပြီဆိုပြီး ရသမျှနဲ့ ထွက်ပြေးကြပါတော့တယ်။ ဒီလို ဦးစံခိုင်ရဲ့ ဂုဏ်သတင်းတွေကြီးနေတော့ 'စာဖြူစုသူကြီး သေနတ်ပြီးတယ်' တို့၊ 'ဆေးစီရင်ထားတဲ့ အောင်မောင်းတို့' ဆိုတဲ့ တွင်ဖက်ထင်မြင်ချက်တွေကိုလည်း အရာရှိများက စိတ်ဝင်စားကြပါတယ်။

ဒီတော့ ဖျာပုံအရေးပိုင် မစ္စတာဘောင်းက ခေါ်မေးတော့တာပါပဲ။ မစ္စတာဘောင်းဟာ အင်္ဂလန်ပြည်သားအင်္ဂလိပ်စစ်စစ်ဖြစ်ပေမယ့် မြန်မာရည်ဝမြန်မာစကားကြွယ်ပြီး မြန်မာ့ယဉ်ကျေးမှုကစ ဓလေ့ထုံးတမ်းတွေကို နှိုက်နှိုက်ချွတ်ချွတ် ထဲထဲဝင်ဝင်လေ့လာသိရှိထားသူဖြစ်တော့ ဦးစံခိုင်မှာ ဌာနအုပ်တို့ရာဇဝတ်ဝန်ထောက်တို့ကလို ပြုံးဖြီးခေါင်းယမ်းပြလို့ မရတော့ပါဘူး။ ဒါကြောင့် အမှန်တွေကို အစီရင်ခံရတော့တာပါ။

တွံ့တေးတောကြီးတန်းက မောင်



www.burmeseclassic.com

www.burmeseclassic.com

ခောင်ငယ်တို့ရဲ့ မားပြဂိုဏ်းကို ဝိုင်း ဖြိုခွင်းခဲ့စဉ်က ကျိုက်လတ်ကနေ သူကြီး ဦးစံခိုင် ပါခဲ့ပါတယ်။ နက်စကြာသခင် ဗြိတိသျှနေမဝင် ယာ အရှင်တို့ကို ပုန်ကန်ကြတဲ့ ဂိုဏ်းဆိုတာကလည်း ယှဉ်ပြိုင်ရဲ လက်နက်ခဲယမ်းမီးကျောက် တာလည်း အာခံနိုင်လောက်အောင် နေကြတာကိုး။ ဒါကြောင့် တွဲတေး ကြီးတန်းကို ဝိုင်းဝန်းချေမှုန်းကြ ကျိုက်လတ်၊ ဒေးဒရဲ ကျော်ဇံ ပါရတော့တာပေါ့။ အဲဒီပွဲမှာ စာ ရှာသူကြီး ဦးစံခိုင်ဟာ နာမည်ရခဲ့ပါ ။ ဓားပြတွေကိုယ်တိုင် ပြောစမှတ် ရပါတယ်။ ဒီကျော်စောသတင်း အရေးပိုင်မစ္စတာဘောင်းက သူ မေးမြန်းခဲ့တာပါ။ မငြင်းသာငြင်း တဲ့အနေအထားကြောင့် အရေးပိုင် ကို ကိုယ်မှာထိုးထားတဲ့ အင်းများကို ပါတယ်။ မို့မောက်တဲ့ရင်ဘတ် တဆေးနီအင်းများကိုပေးမရကြောင်း အရေးပိုင်ကသိတာမို့ သေနတ်နဲ့ပစ်စမ်း အခါမှာတော့ ကျည်ဆန်မထွက်ဘဲ နေရာကို လွဲပစ်မှ ကျည်ဆန်က သွားပါတယ်။ လက်တွေ့ဆိုတော့ အရေးပိုင်မင်း ယုံရတာပဲပေါ့။

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့ တဲ့ မြန်မာဂမ္ဘီရအစွမ်းတွေအပြင် ဦးစံ ဟာ ဆယ်စောင်တွဲထဲက 'ရတနာရွှေ ' ကို အမြဲရွတ်ဖတ်သရဇ္ဈာယ်လေ့ တယ်။ မြန်မာ့ပညာရေး ဘုန်းတော် ကျောင်းများရဲ့ အခြေခံသင်ရိုးမှာ မားစဉ် သင်ကြားပို့ချတဲ့ ဘုရားရှိခိုး ည်း ဖြစ်ပါတယ်။ ရှေးမြန်မာကြီးများ သက်ခုံမင်စွာ အမြဲရွတ်ဖတ်သရ ယ်တဲ့ ဂါထာလည်း ဖြစ်ပါတယ်။ တ်စွာဘုရားရှင်များရဲ့ ပညာအရာ၊ န်ခိုးအရာ၊ ဝိနည်းအရာ၊ အစစမှာ င်ရှားတော်မူတဲ့ ဇတဒဂ်ရ ရဟန္တာများ တကွ အရိယာသံဃာတော်များ၊ ဂုဏ် ပါးနဲ့ပြည့်စုံသော ပရိတ်တရားတော် ။ ပရိတ်ကြီး ၁၁ သုတ်တို့ကို မိမိရဲ့ တ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းနဲ့ အထက်အောက် ဝဲ, ယာ အရပ်လေး က်နှာပင့်ထားတည်နေတော်မူစေပြီး အတွင်းရန်၊ အပြင်ရန် ရောဂါကပ်ဘေး တို့က ကင်းဝေးစေရေး တိုင်တည် ဆု တောင်းတဲ့ဂါထာ ဖြစ်ပါတယ်။ ဂမ္ဘီရ ဆေးမင် အင်းအိုင်၊ ခါးလှည့်တို့အပြင် တနာသုံးပါးရဲ့ ရွှေချိုင့်အတွင်းမှာ အမြဲ နေနေတဲ့ဦးစံခိုင်ဟာ စရဏအားကောင်း တာကြောင့် သေနတ်ပြီး ကျည်မထွက် တာဟာ ရင်သပ်အံ့ဩစရာဖြစ်ပေမယ့် ထူးထူးထွေထွေတော့ မဟုတ်ပါဘူး။

အဲဒီဦးစံခိုင်ဟာ ဗြိတိသျှအင်္ဂလိပ် တို့ အုပ်စိုးစဉ်ကာလမှာသာ မဟုတ်ပါ ဘူး။ ဂျပန်တော်လှန်ရေးကာလမှာ တော် လှန်ရေးတပ်သားတွေဘက်က ပါဝင် ဆင်နွှဲခဲ့ရပါသေးတယ်။ ဖျာပုံရယ်၊ ဘို ကလေးရယ်၊ စာဖြူစုရယ် သုံးပွင့်ဆိုင် မြစ်ဆုံနေရာမှာ အပြင်းအထန်ချကြရ တာမို့ စာဖြူ-ဂွကြီး တိုက်ပွဲဟာ သဲသဲ မဲမဲ ပြင်ပြင်းထန်ထန် အကြိတ်အနယ်ပဲ ပေါ့။ အဲဒီတော်လှန်ရေးမှာကတည်းက လူလုံးမလှ မျက်နှာမပြဝံ့တဲ့ ဂျပန်အလို တော်ရိ စကားပြန်တွေဟာ ဦးစံခိုင်အ ပေါ် အငြိုးအတေးထားခဲ့ကြပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့ပေ မယ့် ဗိုလ်ချုပ်အောင်ဆန်းမရှိတော့တာနဲ့ ဝါးအစည်းပြေသလို ဝရုန်းသုန်းကား တကွဲတပြားစီဖြစ်ကုန်တဲ့အခါ သောင်း ကျန်းသူများက စင်ပြိုင်တွေလုပ်လာကြ ပါတယ်။ အဲဒီအခါမှာ လက်နက်ပုန်း တွေကလည်း ပေါတာမို့ တောကြောင် တွေက ခိုကိုးရာမဲ့နေတဲ့ ပြည်သူတွေကို နိုင်ထက်ကလူပြုကြပါတော့တယ်။ အ သက်အရွယ်ကရ ဩဇာအာဏာလည်း မရှိတော့တဲ့ ဦးစံခိုင်အပေါ် အငြိုးထားခဲ့ တဲ့သူတွေက စာဖြူစုရွာကို ဝင်စီးပြီး သေနတ်နဲ့ တေ့ပစ်ခဲ့ပါတော့တယ်။ သေနတ်ပြီးတဲ့ သူကြီးဘဝခရီးအဆုံး သတ်သွားရှာပါတယ်။

ဆရာကြီး ဦးသုခဟာ ဖတူမိကွဲ ညီဖြစ်သူ အကြောင်းကြားလို့ ရန်ကုန် ကနေ စာဖြူစုက ဖခင်ကြီးရဲ့ ရွာပနကို သွားရောက်ခဲ့ပါတယ်။ အဖြစ်အပျက် အကြောင်းစုံကို အကုန်ကြားသိရတဲ့ အခါ ယူကျုံးမရဖြစ်ရပါတယ်။ သေနတ် ကျည်ဆန်နှစ်ချက်နဲ့ ပက်လက်ကလေး လဲလျောင်းနေတဲ့ ဖခင်ကြီးဟာ အားလုံး ကို စွန့်ခွာသွားပါပြီ။ အရေးပိုင်မင်း မစ္စ တာဘောင်းကို သေနတ်ပြီးကြောင်း လက်တွေ့ပြလို့ စရဏအားကောင်းခဲ့တဲ့ ဆရာကြီးဦးသုခရဲ့ဖခင်ကြီးဖြစ်သူ စာဖြူ စုသူကြီး ဦးစံခိုင်ဟာ သေနတ်ဒဏ်ရာ နဲ့ပဲ ကွယ်လွန်ခဲ့ရပါတယ်။

အဲဒီတုန်းက 'မိမိသေနတ်နဲ့ ဘယ် သူ့ကိုမှမသေစေရ။ ယုတ်စွအဆုံး ကြက် ကုလေး၊ ငှက်လေး တွေကိုတောင် မပစ် ရ၊ မသေရ' လို့ သစ္စာပြု အဓိဋ္ဌာန်ထား ကြောင်း အရေးပိုင်ကို ပြောပြခဲ့ပါတယ်။ ဒါပေမယ့် ဦးစံခိုင်ရဲ့သား ဆရာကြီး ဦးသုခရဲ့ ဖအေတူမအေကွဲညီဟာ အဲဒီ သေနတ်နဲ့ ကလေးငယ်တစ်ယောက်ကို နောက်ပြောင်ကျီစယ် ချိန်ရွယ်ရာက ကျည်ဆန်ထွက်ပြီး သေဆုံးသွားခဲ့ပါ တယ်။ ဒါကြောင့် ဦးစံခိုင်ရဲ့ သစ္စာစကား ဟာ ပျက်ပြယ်ခဲ့ပြီး ဦးစံခိုင် သေနတ်နဲ့ပဲ ကွယ်လွန်ခဲ့ရပါတယ်။

ဦးစံခိုင်ဟာ ပထမအချက် အပစ် ခံရစဉ်က ပေါင်ကနေ တင်ပါးဆုံကို ဖောက်ထွက်သွားတာပါ။ ဒီအခါမှာ ဦး စံခိုင်က လက်ကာဟန့်တားလိုက်တော့ ကြောက်အားလန့်အား ပစ်လိုက်တဲ့ ဒုတိ ယအချက်မှာ ရင်ပွင့်ပြီး သေပွဲဝင်ခဲ့ရတာ မို့ ဆရာကြီး ဦးသုခက မချိတင်ကဲနဲ့-

'အကယ်၍များ ကျွန်တော့်မျက် မှောက်ဝယ် ဖခင်ကြီးအား ဤသို့ ရက် စက်ကြပြီးအံ့။ ဒုတိယသေနတ်ကျည် ဆန်ရင်ဝယ်ပိုက်လိုက်မည်မှာ ကျွန်တော် မှ ကျွန်တော် ဖြစ်ချိမ့်မည်။ မည်သူမျှ ကျွန်တော့်နေရာကို လူစားဝင်ခွင့်ပေး မည် မဟုတ်' လို့ ဖွင့်ဟလို့ဆိုခဲ့ပါတယ်။

စွယ်စုံအနုပညာရှင် စာရေးဆရာ ဒါရိုက်တာ ဦးသုခဟာ အများက ကင် ပွန်းတပ်သလို အမေဝါဒီတစ်ယောက်ဆို တာ ကိုယ်တိုင်ကလည်း ဝန်ခံခဲ့ပါတယ်။ ဒါဖေမယ့် အချို့သူများ ထင်မြင်ယူဆ သလို ဆရာကြီး ဦးသုခဟာ အဖေကို စိတ်နာဟန်ရှိတယ်၊ ဆရာကြီး ဦးသုခ ဟာ အဖေအကြောင်း တိတိကျကျ မရေးဖွဲ့ခဲ့ဘူးလို့ အမှတ်လွဲနေကြပေမယ့် အဖေ (ဖခင်) များကို ပစ်ပယ် ချန်လှပ် မျက်ကွယ်မပြုခဲ့ပါဘူး။ အဖေ့မေတ္တာ၊ အဖေ့အကြောင်းတွေကို ဝတ္ထုတွေနဲ့ လည်း ရေးဖွဲ့ပါတယ်။ ဆောင်းပါးတွေနဲ့ လည်း တင်ပြခဲ့ပါတယ်။

၂၀၀၂ ခုနှစ် ဆဋ္ဌမအကြိမ် အမေ နေ့ မဏ္ဍလေးမှာ ဟောပြောတဲ့အခါ -

'အဖေများကို မှာလိုက်ချင်တာ ကတော့ ကျွန်တော်တို့အတွက် မျက် မွေးတစ်ဆုံးမကြည့်ကြပါနဲ့။ အဖေလည်း ပါမှ ဖြစ်ပါတယ်။ *ဖေဖေမပါရင်လေ×× ကျွန်တော်တို့ လူမဖြစ်လောက်ပါဘူး×× ဇမ္ဗူ့ခေတ်တစ်လျှောက်မှာတော့××× အ များတကာအသိပါ×××ဘုရားဒကာကြီး ဟာ×××*"

လို့ စိန်ပေဒါကြီးရဲ့သီချင်းနဲ့ ဆိုပြ ခဲ့ပါတယ်။

ဆရာကြီး ဦးသုခရဲ့ ရင်ထဲမှာ ဖခင်ဦးစံခိုင် ရှိလျက်ပါပဲခင်ဗျား။

မောင်အောင်ဝင်းမန်း



www.burmeseclassic.com

www.burmeseclassic.com

**ဘာဒိုအနေအထား၊ သချိုင်းမြေပုံမှသည် ပုခက်သို့**

*အတိတ်အခြေအနေမှာ ဖြစ်ပြီးခါစဖြစ်ပြီး အနာဂတ်အခြေအနေမှာ အကောင်အထည်မပေါ်သေးသောကြောင့် နှစ်ခုကြားတွင် လစ်ဟာနေသည်။ အခြေခံအားဖြင့် ဤသည် ဘာဒို အတွေ့အကြုံပင် ဖြစ်သည်။*

ချိုဂရမ်ထရုပ် Rinpoche

*ဝိညာဉ်သည် အိပ်မက်လောကတွင်းသို့ ပျံသန်းဝင်ရောက်သွားသည်။*

မာဒမ်အိပ်ချ်ပီဘလာဗက်စကီ

*

သေခြင်း၏ တံစက်မြိတ်အလွန်တွင် ကျွန်တော်တို့ သိစိတ်ဖြင့် နားမလည်နိုင်သောလောကတစ်ခု တည်ရှိသည်။ ယင်းသည် ခန္ဓာကိုယ်၏ အချုပ်အနှောင်မှ လွတ်ကင်းသွားသော လူ့ဝိညာဉ်က ရှင်းသန့်လှသော အနေအထားဖြင့် ကိန်းဝပ်နေရာ ဝိညာဉ်တို့၏ စတုတ္ထဘုံတစ်ခုပင် ဖြစ်သည်။

ရှေးတိဗက်လူမျိုးတို့သည် လွန်စွာ လျှို့ဝှက် ဆန်းပြားလှသော အခြေအနေကို ဘာဒိုဟု ခေါ်ဆိုခဲ့ကြသည်။ ဘဝနှစ်ခုကြား သိစိတ်ဘုံဟု ခေါ်ဆိုသည်။ ၈ ရာစု တိဗက်စာပေပညာရှင်များသည် ခေတ်အဆက်ဆက် ခန္ဓာကိုယ်ခွာခရီးနှင့် အတွေ့အကြုံများကို စုစည်းအနှစ်ချုပ်၍ ခန္ဓာကိုယ်၊ ရုပ် ပျက်သုဉ်းသွားလျှင် နာမ်ကျင်လည်ကျက်စားရမည့်နယ်ပယ်တို့ကို လမ်းညွှန်စာအုပ် ရေးသား ပြုစုခဲ့သည်။ ရာစုနှစ်ပေါင်းများစွာပင် ဘာဒိုသိုဒေါလ် (Bardo Tho dol) အနောက်တိုင်းသားများက 'The Tibetan Book of the Dead' (တိဗက်တို့၏ သေလွန်သူများ၏စာအုပ်) မှ စာပိုဒ်များကို သေခါနီးနှင့် သေလွန်သူတို့၏ နားထဲသို့ တတွတ်တွတ် ရွတ်ဖတ်လေ့ရှိခဲ့သည်။ ဤသို့ ရွတ်ဖတ်သည့်အကြောင်းမှာ ခန္ဓာကိုယ်မှ လွတ်ကင်းသွားသော ဝိညာဉ်အား ပြန်လည် မွေးဖွားရန် လိုအပ်ချက်မှ ကင်းလွတ်စွာ အန္တရာယ်ချုံခိုနေရာ ဘာဒို (တိုက်ရိုက်ပြန်ဆိုပါလျှင်) bar=ကြားနှင့် do=ကျွန်းကို ကျော်လွှားနိုင်အောင် လမ်းညွှန်ရန် ရည်ရွယ်ရင်း ဖြစ်သည်။

The Tibetan Book of the Dead အဆိုအရ သေဆုံးသောအခါတွင် ကြုံတွေ့ရသောအဖြစ်တို့သည် (၄၉) ရက်ကာလအတွင်း ပျံ့နှံ့နေပြီး ယင်းတို့ ကြည်လင်သော အလင်းရောင်၏ လွှမ်းခြုံမှုကြောင့် ကြုံရသည့် ပီတိမှသည် ကြောက်လန့်စရာအကောင်းဆုံး အနိဋ္ဌာရုံရုပ်များကို မြင်တွေ့ရသည်အထိ ဖြစ်သည်။ ဘာဒိုခရီးသည်သည် အကြွင်းမဲ့လုပမှုနှင့် ကြည်လင်သောအလင်းရောင်၏ အမှန်တရားကိုသာလျှင် လက်ခံနိုင်လျှင် သို့မတည်းမဟုတ် ဤအချက်ကို မပြုနိုင်ဖြစ်ပြီး တကယ်တမ်းတွင် ကိုယ့်အစွဲကြောင့်ဖြစ်သော မကောင်းဆိုးဝါးအသွင်တို့ကို တုန်လှုပ်ချောက်ချားမှုမရှိပါလျှင် ဘုရားသခင်နှင့် ပေါင်းစည်းပြီး သံသရာနွံထဲမှ လွတ်ကင်းနိုင်ပေမည်။ သို့သော် ဝိညာဉ်အများစုမှာ ဤကိစ္စကို ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် ယင်းတို့ သေဆုံးချိန်တွင် ကြုံဆိုသော တောက်ဖြာလှသည့် အလင်းရောင်မှ နေ၍ ဥပါဒါန်အစွဲ မိစ္ဆာကောင်တို့နှင့် တွေ့ဆုံသည့်အဆင့်သို့ တဖြည်းဖြည်းနိမ့်ဆင်းသွားပြီး နောက်ဆုံး နောက်ထပ် ခန္ဓာကိုယ်တစ်ခုသို့ ဝင်စားရပြန်သည်။ နာမ်နှင့် နာမ်တွေ့ကြုံသော အဆင့်ယုတ်ဆင့်စေသော ဘာဒိုကြားအဆင့်သုံးဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

ချီကေဘာဒို(Chikhai Bardo)-

ဤဘဝများကြားတွင် အထွတ်အထိပ်အေးချမ်းတည်ငြိမ်မှုအဆင့်ကို စကနဦးတွင် ရောက်ရှိသည်။ သေခြင်းသည် ဤကြည်လင်သော အလင်းရောင်ထဲ ဝင်ရောက်သွားစေသည်။ ဤကြည်လင်သော အလင်းရောင်သည်လည်း မိမိ၏ပင်ကိုသဘာဝအစစ်အမှန်သာ ဖြစ်၏။ ထိုအလင်းရောင်သည် နွေဦးပေါက်ကာလတွင် တစ်သမတ်တည်းသော တုန်ခါမှုစီးကြောင်းတစ်ခုဖြင့် မြေသားမျက်နှာပြင်တစ်ခုပေါ် ဖြတ်သန်းသွားနေသော တံလျှပ်နှင့်တူသည်ဟု စာအုပ်တွင် ဖော်ပြထားသည်။ အရာအားလုံး တောက်ဝရွန်းလဲ့ အကန့်အသတ်ကင်းမဲ့ပုံရသည်။

ထိုစာအုပ်ကိုပင် ထပ်ဆင့်ညွှန်းရပါလျှင် အရာရာတိုင်းသည် လေဟာပြင်၊ တိမ်တိုက်ကင်းစင်သော ကောင်း





www.burmeseclassic.com

www.burmeseclassic.com

...နှင့်တူသည်။ ဗလာဟင်းလင်းအစွန်းအဆုံးမရှိသော အသိဉာဏ်သည် အ...သော် လည်းကောင်း၊ ဗဟိုသော်...ကောင်းမရှိသော တိုးလျှိုပေါက်...ရသော လေဟာနယ်နှင့် တူသည်ဟု ဆိုထားသည်။ ဤတိုးလျှိုးပေါက်...လင်သောအနေသည် နှစ်လိုဖွယ်...ကောင်းသလောက် အလင်းရောင်သည်...ကွယ်သော၊ အပြစ်မိုးနေသော လူ...ဓါကိုလွှမ်းမိုး၍ သိစိတ်တို့သည် Chonyid Bardo အဆင့်သို့ နိမ့်ဆင်း...သည်။

ချွန်ရစ်ဘာဒို (Chonyid Bardo)-...ဆုံးသူ၏ သက်ရှိအသိစိတ်သည် ...၏ စွန့်ပစ်လိုက်ပြီဖြစ်သော ခန္ဓာ...ကိုယ်ကိုမြင်ပြီး မိတ်ဆွေများနှင့် ဆွေ...သားချင်းတို့၏ ပူဆွေးမှုကြား၍ သူတို့ကိုဆက်သွယ်ရန် အချည်းနှီး ကြိုးစားသည်။ ခန္ဓာမှလွတ်ကင်းသောဝိညာဉ်သည် အသံများ၊ အလင်းရောင်များနှင့် အလင်းတန်းများကို တွေ့ကြုံရသည်။ ထိုအသံ၊ အလင်းရောင်၊ အလင်းတန်းတို့သည် တုန်လှုပ် ချောက်ချားစေပြီး ခန္ဓာကိုယ်အသွင်ပြောင်းမှုကြောင့် တအံ့တသြဖြစ်နေသော ဝိညာဉ်အသစ်အား နွမ်းနယ်စေသည်။ ထို့နောက်တွင်မှု ငြိမ်းချမ်းသော နတ်ဒေဝတာများ၊ အမျက်ဒေါသဖြစ်နေသော နတ်ဒေဝတာများနှင့် ကြုံဆုံမှုရှိလာသည်။ ရုပ်ဝတ္ထုလောကတွင် ကျူးလွန်ခဲ့သော ကံပြုရပ်တို့ကို တုံ့ပြန်သော ခန္ဓာပျက်လွန်ကာလအိပ်မက်များ ဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် မည်သည့်အရာမျှပြောင်းလဲခြင်းမရှိချေ။

ဘာဒိုစာအုပ်က အောက်ပါအတိုင်း ဆက်လက် ဆိုညွှန်းမှုပြုသည်။ လူတို့ တွေးထင်သည်ကဲ့သို့ပင် သူတို့သည် ယခုဘဝရော နောင်ဘဝမှာလည်း ဖြစ်သည်။ မနောသည် အရာဖြစ်စေရာ ဝစီအမှုဖြင့် ပြုသမျှ အကောင်းနှင့် အဆိုး၏ မိဘပင် ဖြစ်သည်။ ပျိုးကြဲခဲ့သည့်အတိုင်းပင်လျှင် ကောက်ရိတ်သိမ်းမှုပြုရပေမည်။ တစ်နည်းပြောရလျှင် ယခင်ဘဝသည် ချစ်မြတ်နိုးစရာနှင့် ရိုးသားသောဘဝဖြစ်ခဲ့ပါလျှင် ထင်ယောင်မြင်ရချက်တို့သည်လည်း လိုက်လျောညီထွေပင် ပဒသာရဖြစ်စရာဖြစ်ပေမည်။ ဆိုးဝါးပြီး အကောက်အကျစ်များခဲ့ပါလျှင် လိုက်လျောညီထွေပင် ချောက်ချားစရာအသွင်များကို ပေါ်ပေါက်ပေမည်။ လူအများစု၏ဘဝမှာ အကောင်း၊ အဆိုးဒွန်တွဲနေပေမည်။ ထို့ကြောင့် စာအုပ်များတွင် ပုံပေါ်မှု နှစ်မျိုးနှစ်စားကို ဖော်ပြထားသည်။ အငြိုးအမျက်ကြီးသော နတ်ဒေဝတာတို့ကား ဆိုးဝါးကြသည်မှာ အမှန်ပင်။ သူတို့သည် အလောင်းကောင်များ၏ ဦးခေါင်းများကို ဆွဲဖြတ်လျက်လာကြသည်။ သွေးသောက်ကြသည်။ အမျိုးမျိုးအဖုံဖုံ ရန်သတ္တပြုမည့်ပုံလုပ်ကြသည်။ ထိုမှသည် Sidpa Bardo သို့ ရောက်သည်။





www.burmeseclassic.com

www.burmeseclassic.com

ဆစ်ပါဘာဒို (Sidpa Bardo) တွင် ဝိညာဉ်နာမ်သည် ကျောက်ထု၊ တောင်များ သို့မဟုတ် အိမ်များကို ဖောက်ထွင်း၍ မည်သည့်နေရာမဆို ချက်ချင်းလက်ငင်း အရောက်ခရီးနှင်နိုင်ကြောင်း သိလာရသည်။ သို့သော်လည်း ဤထင်ယောင်ထင်မှားစွမ်းရည်များကို မတပ်မက်စေရန်သော် လည်းကောင်း၊ ခန္ဓာကိုယ်ဆုံးရှုံးသွားသည့်အတွက် ကြေကွဲမနေပါရန် သတိပေးထားသည်။ မည်သို့ပင်ဆိုစေ နောက်ဘဝ တဖြည်းဖြည်းနီးလာသည်နှင့်အမျှ ကျန်ခဲ့သော ဘဝပုံရိပ်များလည်း တဖြည်းဖြည်း မှေးမှိန်သွားနေခဲ့သည်။ အသံနှင့်ရုပ်သွင်အမျိုးမျိုး၏ လိုက်လံမှုကြောင့် မရဏမင်းနှင့်တွေ့ကြုံရမြန်သည်။ ဤသည်မှာလည်း စိတ်အာရုံပုံရိပ်တစ်ခုမျှသာဖြစ်ပြီး မိမိပြုခဲ့သော ကောင်းမှု၊ ဆိုးမှုတို့ကို ပီပြင်စွာ ရောင်ပြန်ဟပ်သော ကံကြေးမုံပြင်သာဖြစ်သည်။ ပို၍ရှင်းလင်းသော ခေတ်စကားနှင့်ပြောရပါလျှင် လူပုဂ္ဂိုလ်တစ်ဦးချင်း အတိတ်ဘဝက အတွေးအခေါ်၊ လုပ်ရပ်တို့ကို ပြန်လည် ဆန်းစစ် အကဲဖြတ်သောနေရာ ဖြစ်သည်။ နောက်ဆုံးပြန်လည် မွေးဖွားရန် အချိန်ကာလ နီးလာသည်နှင့်အမျှ မိန်းမနှင့် ယောကျ်ားမေထုန်အမှုပြုနေသည့်အသွင်များကို မြင်ယောင်မှုရှိသည်။ ယင်းကား ထိုဝိညာဉ်နာမ်၏လာမည့်ဘဝမိဘများပင်ဖြစ်သည်။ အဖိုအဖြစ် မွေးဖွားရမည်ဆိုပါလျှင် ဝိညာဉ်နာမ်သည် ဖခင်ကိုပြင်းထန်စွာ မနာလိုဖြစ်ပြီး မိခင်ကို တပ်မက်မှု ဖြစ်သည်။ အမဖြစ်ပါလျှင် ထိုစိတ်ဆန္ဒပြောင်းပြန်ဖြစ်သည်။ ဤအဖြစ်သည် တစ်ဖန် နာမ်ဝိညာဉ်ကို သားအိမ်ဆီသို့ ဦးတည်သောလမ်းသို့ တွန်းပို့လိုက်ပြီး သုက်ပိုးများတွေ့ဆုံမှု တည်းဟူသောပဋိသန္ဓေကို ခံစားမိစေသည်။ ပြန်လည်မွေးဖွားမည့် လူသားအဖြစ်သို့ သားအိမ်အတွင်းမှ သန္ဓေသားလောင်းကကြီးထွားလာသည်နှင့်အမျှ အသိစိတ်ကို မေ့ပျောက်မှုက လွှမ်းရစ်ခြုံလာသည်။

၁၉၇၅ ခုနှစ်ကာလအထိမှ The Tibetan Book of the Dead အား လမ်းညွှန်လက်စွဲစာအုပ်တစ်အုပ် ဖြစ်သည့်တိုင်အောင် ဂရင်းညီနောင်၏ ဒဏ္ဍာရီပုံပြင်များတမျှ ဆန်းပြားသော စာရိတ္တပြုပြင်ရေးဆန်သော ရှေးခေတ် စာအုပ်တစ်အုပ်အဖြစ်သာ သတ်မှတ်ခဲ့ကြ၏။ သို့သော် သေခါနီးဖြစ်ရပ်များနှင့် ခန္ဓာကိုယ်ဝိညာဉ်ခွာအတွေ့အကြုံများသည် ဘာဒိုသို့ဒေါလ်တွင် ဆိုညွှန်းချက်များနှင့် ပို၍တူသယောင်ရှိလာခဲ့သည်။ အထူးသဖြင့် မတော်တဆ ယာဉ်တိုက်ခိုက်မှု လူနာများနှင့် သေရွာပြန်လူနာများသည် ဘာဒိုတွင်ဖော်ညွှန်းထားသည့်အနေကို ကြုံခဲ့ကြောင်း သက်သေထူနိုင်ခဲ့ကြသည်။

ဒေါက်တာ အဲလစ်စဘက်ကပ်ဖ်လာရော့စ်၊ ဒေါက်တာရေးမွန်မူဒီ၊ ဒေါက်တာ ကက်နက်ရင်းနှင့် အခြားသူတို့သည် သေပြီးနောက်ဖြစ်စဉ်များတွင် လင်းထိန်သော ကြိုဆိုရေးမီးရောင်၊ အေးချမ်းငြိမ်သက်မှု၊ အချိန်ကာလကင်းမဲ့မှု၊ လူပ်ရှားမှု လွတ်လပ်ခြင်းနှင့် ရုပ်ဝတ္ထုများကိုဖောက်၍ သွားလာနိုင်ခြင်း၊ အသိအမြင်အဆင့်ပို၍အားကောင်းခြင်း၊ ခန္ဓာကိုယ်ပြင်ပရောက်နေသည်ကို အံ့သြမိရသလို အနီးရှိလူတို့ကို မြင်နေ၊ ကြားနေနိုင်ခြင်း၊ ထူးဆန်းသောအသံများကြားရခြင်း၊ ဖြတ်သန်းခဲ့ရသောဘဝကို လျှပ်တစ်ပြက် ပြန်လည်မြင်ရခြင်း၊ သေခြင်းကို ကြောက်လန့်စိတ်ပျောက်ကွယ်ခြင်းနှင့်အတူ ရည်မှန်းချက်အားပြင်းလာခြင်းနှင့် ဖြစ်ရပ်တစ်ခုလုံးကို မြှင့်ပြောပြရန် လုံလောက်သော စကားလုံး ရှာမတွေ့ခြင်းတို့ကို တွေ့ကြုံခဲ့ကြရသည်။ မျက်မှောက်ကာလမှတွေ့ရှိချက်များကို လွန်ခဲ့သော နှစ်ပေါင်း (၁၁၀၀) ကျော်ကပင် တိဗက်တို့က ပေထက်စာတင် မှတ်တမ်းရေးခဲ့ကြောင်း သဘောပေါက်ရခြင်းသည် ဤခေတ်ပေါ်သိပ္ပံပညာရှင်များအတွက် မည်မျှမျက်နှာငယ်စရာဖြစ်ပါမည်နည်း။

The Tibetan Book of the Dead တွင်ဖော်ပြထားသော စောစောပိုင်းကာလ သေဆုံးမှုအဆင့်များနှင့် သူ့လူနာများ ပြောပြချက်များ တိုက်ဆိုင်မှုက အံ့ချီးဖွယ်ရာပင်ဖြစ်သည်ဟု ဒေါက်တာရေးမွန်မူဒီက သူ၏ Life after life စာအုပ်တွင် တအံ့တသြ ထောမနာပြုထားခဲ့သည်။ ဤအချက်မှ ကောက်ချက်ချစရာကား ခန္ဓာကိုယ်မှ ဝိညာဉ်ခွာသည့်အတွေ့အကြုံခံစားဖူးသောသူတို့သည် ဘာဒိုတွင် ဖော်ပြထားသော ဘဝကြားအဆင့်သို့ ဖြတ်ဝင်ခဲ့သည့်လူများဖြစ်နေသည်ဟူ၍ပင် ဖြစ်သည်။

"သေဆုံးခါစနောက်ပိုင်းမှာ ဖြစ်ပျက်မယ့်ကိစ္စတွေဟာ ခုထိ အဖြေမရှိသေးတဲ့ မေးခွန်းတွေပါပဲ"

ဟု ဒေါက်တာရင်းက ဆိုသည်။

သို့တိုင်အောင် သက်သေအများစုသည် ပြန်လည်ဝင်စားသည့်ဖြစ်စဉ်ကို သိလောက်အောင်ပင် ထဲထဲဝင်ဝင် ခရီးနှင်ခဲ့ကြပုံရသည်။ ပြင်းထန်သောယာဉ်တိုက်မှုတစ်ခုမှ အသက်ရှင်လွတ်မြောက်လာခဲ့သော လူနာတစ်ဦးက အောက်ပါ အတိုင်း ဆိုခဲ့သည်။

"အခြေခံအားဖြင့်တော့ ကျွန်တော့်ဘဝဖြစ်နေတဲ့ ရုပ်ရှင်ဇာတ်ကားတစ်ကားကို ကျွန်တော် ကြည့်လိုက်ရ သလိုပဲ။ ဖြစ်ပျက်ခဲ့တာ၊ ဖြစ်ပျက်နေတာ တွေပေ့ါ။ ကျွန်တော် ဒီမှာတာဝန်တစ်ခု ထမ်းဆောင်စရာရှိနေသလိုပဲ။ အဲဒီမှာ ဒီရုပ်ခန္ဓာကိုယ်နဲ့ဆက်သွားမလား၊ ဒါမှ မဟုတ် ရုပ်ခန္ဓာအသစ်တစ်ခုနဲ့ ပြန်အ ပြုမလားဆိုတာ ရွေးချယ်ခွင့်ရှိနေသလို ပဲ"

ယင်း၏ဇယားအတိုင်းအတာအ အပြင်းထန်ဆုံး သေခါနီးအတွေ့အကြုံ ခံစားခဲ့ရသောအမျိုးသမီးသည် အောက် ပါအတိုင်း တင်ပြမှုပြုခဲ့သည်။

"ကျွန်မတော့ သေခြင်းကို အမှ မပြတ်တဲ့စက်ဝိုင်းရဲ့တစ်စိတ်တစ်ပိုင်း မှတ်တယ်။ အဆုံးသတ်မှုတစ်ခုမဟု ဘူး။ ကျွန်မ မြေးတစ်ယောက်ရတိုင်း ကိုကြည့်ပြီး တွေးမိလေ့ရှိတယ်။ မင်း ဖေဖေလား၊ မေမေလား။ မင်းဘယ် ဖြစ်နိုင်မလဲ။ အတော်စိတ်လှုပ်ရှားစ ကိစ္စပါပဲ"

နယူးရော့မြို့မှ ရုပ်ရှင်ထုတ်လု ရေးလုပ်ငန်းရှင် ဗစ်တာဆိုလိုသ နှလုံးလေဖြတ်ပြီးနောက် (၂၃)မိနစ်ကြ မျှ (ဆေးပညာအရ) သေဆုံးနေခဲ့သည် ဆေးကုသရေးအဖွဲ့တစ်ခု၏ နောက် အသည်းအသန် ကြိုးပမ်းမှုကြောင့် ပြန်လည် သတိရလာခဲ့သည်။ ယခင် တမလွန်ဘဝမှန်သမျှကို သံသယ သော ဆိုလိုသည် သူ၏ ဘာဒိုအတွေ့ အကြုံကို Reader's Digest (Octob 1974) မဂ္ဂဇင်းတွင် အောက်ပါအတို တင်ပြခဲ့သည်။

ကြောက်စရာ၊ နာကျင်စရာ မှမဟုတ် စဉ်းစားစရာအချိန် မရှိခဲ့ ကျွန်တော်သည် အင်မတန် လင်းထိ နေသော ပိုက်ကွန်ကြီးတစ်ခုဆီသို့ တ ဟုန်ထိုး ရွေ့လျားနေခဲ့သည်။ ပိုက်ကွ ကို ကျွန်တော် ထိမိသည်နှင့် ထိန်လ နေသော အလင်းနှုန်းသည် မျက်စိကို မတတ် ပို၍ပြင်းထန်လာပြီး ကျွန်တော ကို တစ်ချိန်တည်းမှာ အားကုန်ခ အောင် စုပ်ယူနိုင်သည့်အသွင်ပြော သွားသည်။ မည်သည့်ဝေဒနာမျှ မ ချေ။ ခံစားချက်မှာ သာတောင့်သာယ မဟုတ်သလို မသာမယာလည်း မတ ခဲ့ချေ။ သို့သော် လုံးဝဥဿုံ အာ



www.burmeseclassic.com

www.burmeseclassic.com

ကုန်ခန်းစရာဖြစ်နေခဲ့သည်။ ကွန်ရက်ကြီးက ဓာတ်အားပေးစက်ကဲ့သို့ ဖြစ်နေခဲ့သည်။ ကျွန်တော့်ကို အချိန်ကာလနှင့် အာကာသလွန်သဏ္ဌာန်ကနေ သဏ္ဌာန်မဲ့ကို ပို့ဆောင်နေခဲ့သည်။ ဒီနာမ်အသစ်ဟာ ကျွန်တော်သိနေတဲ့နာမ် မဟုတ်ခဲ့။ အနည်းငယ်အရည်စစ်ထားသည့် အနှစ်သာရကဲ့သို့ ဖြစ်နေခဲ့သည့်တိုင်အောင် ဝေဝေဝါးဝါး ရင်းနှီးသယောင်ရှိနေခဲ့ပြန်သည်။ ကိုယ်ရေးကြောက်လန့်မှု၊ မျှော်လင့်မှု၊ လိုလားမှု၊ လိုအပ်မှုများအောက်တွင် ကျွန်တော် မြုပ်ကွယ်ချက်များ ဖြစ်နေခဲ့သည်။ ဤနာမ်သည် အတ္တနှင့် မည်သို့မျှ ဆက်စပ်မှု မရှိခဲ့ချေ။ အမြဲသတ်အသွင်ဖြစ်သည်။ မပြောင်းလဲနိုင်သော၊ မစိတ်ပိုင်းနိုင်သော၊ မဖျက်ဆီးနိုင်သော ဝိညာဉ်သက်သက်ဖြစ်နေခဲ့သည်။ လက်ဗွေရာတစ်ခုကဲ့သို့ ထူးခြား တသီတခြား ဖြစ်တည်နေခဲ့သော ဤနာမ်သည် တစ်ချိန်တည်းမှာပင် သဟဇာတကျသော အနတ္တအရာတစ်ခု၊ စည်းစနစ်တစ်ရပ်လုံး၏ တစ်စိတ်တစ်ပိုင်းဖြစ်နေခဲ့ပုံရခဲ့၏။ ထိုနေရာသို့ ကျွန်တော် ရောက်ဖူးသည်။

သေလွန်ပြီးနောက်အတွေ့အကြုံ ဆေးဝါးမှတ်တမ်းများက ဘာဒိုဖြစ်စဉ်ကိုသာလျှင် အတည်ပြု ညွှန်ပြနေသည် မဟုတ်ချေ။ Life Time စာအုပ်တွင် ဖော်ပြထားသော အတိတ်ဘဝပြန်ပြောင်း အမှတ်ရမှု (၁၂) မှုကို လေ့လာရာတွင် သူတို့အတွေ့အကြုံအဆင့်ဆင့်တို့သည် The Tibetan Book of the Dead တွင် ဖော်ပြထားသည့်အဆင့်ဆင့်နှင့် အလားသဏ္ဌာန်တူသည်ဟု နယူးရော့ပါမောက္ခ ဒရက်ဒရစ်လန့်ဇလာက မှတ်ချက်ချခဲ့သည်။

ရှေးဟောင်းယဉ်ကျေးမှုထွန်းကားရာကမ္ဘာတွင် သေခြင်းနှင့် ပြန်လည်မွေးဖွားခြင်း ဓလေ့ထုံးစံနှင့်ပတ်သက်သော လျှို့ဝှက်ချက်များ များပြောင်လှခဲ့သည်။ ကမ္ဘာတစ်ဝန်းမှ ဒဏ္ဍာရီပုံပြင်များတွင် လူသားဝိညာဉ်က ကမ္ဘာလောက၏ အတွေးအမြင်နှင့်ရသကို စွန့်မပယ်နိုင်သေးသော်လည်း ရုပ်ခန္ဓာကိုယ်သာ ခံစားရရှိနေနိုင်သည့် ကျေနပ်မှုမျိုးကင်းမဲ့နေရချိန်တွင် သေလွန်ပြီးနောက် လွတ်လပ်စွာ လွင့်မြောနေမှုအကြောင်း ဇာတ်လမ်းများစွာရှိသည်။ ဥပမာ စကင်ဒီနေဗီးယားဒေသ၏ဒဏ္ဍာရီ (Song of Olef Ostesen) သည် ခန္ဓာကိုယ်နှင့် ကင်းကွာနေသော ဝိညာဉ်ပုံရိပ်များကို ဖွဲ့ဆိုထားသည်ကို တွေ့ရသည်။

စိစိရိုနှင့် ဗာဂဲလ်တို့ အပါအဝင် သမိုင်းဝင် ထင်ရှားသော ပုဂ္ဂိုလ်အတော်များများသည် ခန္ဓာကိုယ်ပြင်ပအတွေ့အကြုံများအကြောင်း အမွှမ်းတင်ရေးသားမှုများပြုခဲ့ကြသည်။ ခန္ဓာကိုယ်နှင့် ပြန်လည် ပေါင်းစပ်ပြီး ခွန်အားပြည့်ဝလန်းဆန်းနေသော စိစိရိုက အောက်ပါအတိုင်း ရေးသားခဲ့သည်။

"ကျွန်တော်တို့သည် ကျွန်တော်တို့ အသက်ရှင်သင့်သည့်အကြောင်းများကို ယခုမှသိရှိကြချေပြီ။ ကျွန်တော်တို့သည် အသက်ရှင်နေထိုင်ရန် ထက်သန်သည်သာ မဟုတ်ချေ။ သေခြင်းတရားတွင် ပို၍ကောင်းသော မျှော်လင့်ခြင်းကို မြတ်နိုးသည်"

ပလေတိုကမူ သူ၏ Republic သူ၏ ဒသမထဲတွင် တိုက်ပွဲတွင်ကျပြီး (၁၂) ရက်အကြာတွင် မီးသင်္ဂြိုဟ်မည့် မီးပုံထက်တွင် အသက်ပြန်ဝင်လာခဲ့ပြီး တမလွန်အတွေ့အကြုံများအကြောင်း ပြန်ပြောင်းပြောပြခဲ့သောအာအကြောင်းကို မှတ်တမ်းတင်ထားသည်။ စီရင်ခြင်းခံရပြီးနောက်တွင် ဝိညာဉ်တိုင်းသည် နောက်ဝင်စားရမည့်အသွင်ကို ရွေးချယ်ခွင့်ရကြောင်း အာက တွေ့ရှိခဲ့သည်။ ထိုဘဝကောင်းရွေးချယ်မိခြင်း၊ ဘဝဆိုးရွေးချယ်မိခြင်းသည် ထိုသူ၏ကိုယ်ပိုင်အသိဉာဏ် အတွေးအခေါ်အဆင့်ပေါ် မူတည်သည်။

ပလေတိုက အောက်ပါအတိုင်း ဆက်လက် ရေးသားခဲ့သည်။

"ပို၍စိတ်ဝင်စားဖွယ်ရာကောင်းသောအရာမှာ အံ့မခန်းမြင်ကွင်းပင်ဖြစ်သည်။ ဝမ်းနည်းစဖွယ်၊ ရယ်သွမ်းသွေးစဖွယ်နှင့် ဆန်းကြယ်သော ဖြစ်ရပ်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဝိညာဉ်တို့၏ ရွေးချယ်မှုသည် ယခင်ဘဝက သူတို့ကိုယ်တိုင်၏ အတွေ့အကြုံပေါ် မူတည်နေသည်"

စိတ်ကြိုက်ရွေးချယ်မှုပြုပြီးနောက်တွင် ဝိညာဉ်တို့သည် နောက်တစ်ကြိမ်လူဝင်စားမှုကို အသင့်စောင့်ဆိုင်းသည့်အနေဖြင့် သိစိတ်မှတ်ဉာဏ်အားလုံး ချေဖျက်ပစ်သည်။ (ခေါ်မဘာသာစကားဖြင့် 'မေ့လျော့ခြင်း'ဟု အနက်အဓိပ္ပာယ်ရှိသော လက်သ်မြစ်ရေကို သောက်ကြရသည်။) ထိုသို့သော အတင်းအကျပ် မေ့လျော့စေခြင်းကိစ္စရပ်များကို ဘဝကြားကာလဖြစ်ရပ်များတွင် အခါခါ တွေ့မြင်ရသည်။

Pistis Sophia တွင် ယေရှုခရစ်သည် မေ့ပျောက်ခြင်း ရေဖြင့်ဖြည့်ထားသောခွက်မှ သေဆုံးသော ဝိညာဉ်အကြောင်း ပြောဆိုသည်။ တရုတ်ဘာသာတွင် မြေအောက်ကမ္ဘာ၏ အကြီးအကဲ နတ်ဘုရားမ မန်ပိုသည် ဝိညာဉ်များအား ကမ္ဘာလောကကိုမပြန်ခင် သူတို့၏ ယခင်ဘဝက မှတ်ဉာဏ်အားလုံး နစ်မြုပ်ပစ်သည့် ချိုခါးရသာရှိအရည်ကို သောက်သုံးခိုင်းသည်။ ခေါ်မဒဿနပညာရှင် ပလိုတီအက်(စ်)ကမူ အောက်ပါအတိုင်း ဆိုညွှန်းခဲ့သည်။

"ခန္ဓာကိုယ်သည် လက်(သ်)မြစ် အစစ်အမှန်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းမြစ်ထဲသို့ ခုန်ချသော ဝိညာဉ်များသည် အရာအားလုံးကို မေ့ပျောက်သွားသည်"

ခေတ်သစ်ဆေးဝါးပညာရပ်တွင်လည်း မေ့လျော့ခြင်းအကြောင်းရင်းမြစ်မှာ ကိုယ်ဝန်ဆောင်မိခင်၏ မီးဖွားစဉ် ခံစားမှုကြောင့် ဖြစ်ပေါ်သော အောက်ဆီတိုဆင်းဟုခေါ် ဆိုသော ဟိုမုန်းများက ဖြစ်စေသည်ဟု ဆိုသည်။ အောက်ဆီတိုဆင်းပမာဏ များစွာထုတ်လုပ်လျှင် သတိမေ့ကြောင်း ဓာတ်ခွဲခန်းတွင် တိရစ္ဆာန်များအား စမ်းသပ်ချက်များက အတည်ပြုနိုင်ခဲ့ပြီး ပီပြင်စွာလေ့ကျင့်ထားသော တိရစ္ဆာန်များပင် သူတို့ကိုသင်ကြားပေးထားသည့်အတတ်များ မေ့ပျောက်သွားစေလေ့ရှိသည်ဟု သုတေသနပြုချက်များက တွေ့ရှိခဲ့သည်။ မိခင်တစ်ဦး၏ အောက်ဆီတိုဆင်းက သူမကလေး၏စနစ်ကို လွှမ်းမိုးသောကြောင့် ဤသဘာဝဓာတ်ပစ္စည်းသည် မီးနေအတွေ့အကြုံနှင့် ပတ်သက်၍ သိစိတ်နှင့်အတူ ယခင်ဘဝက လူဝင်စားခဲ့မှုမှတ်ဉာဏ်များကိုပါ မေ့လျော့စေသည်ဟု ယူဆသည်ကား အကြောင်းအကျိုး ညီညွတ်သည်။ မှတ်ဉာဏ်သင်ပုန်းကိုဖျက်သည့်ကိစ္စသည် သားအိမ်ပြင်ပဘဝတွင် မဖြစ်ထွန်းသည်တော့ မဟုတ်ချေ။ ဉာဏ်ထက်မြက်သူတို့ပင်လျှင် သူတို့ဘဝစောစောပိုင်းနှစ်ကာလများကို မှတ်မိနိုင်စွမ်းကင်းခြင်းနှင့် အသက်ကြီးသူတို့ မှတ်ဉာဏ်လျော့သွားခြင်းတို့သည် သိစိတ်မှတ်ဉာဏ်၏အရေးမပါမှုကို ဖော်ကျူးသည့် သဘာဝ၏ နည်းလမ်းတစ်ရပ်ပင် ဖြစ်နိုင်ကောင်းသည်။

**အမန်သီ (Amenthe) မှ ဂတ်ရှုဟို (Gusho) သို့**

ဘဝကြားကာလ သို့မဟုတ် တမလွန်ကို အမည်အမျိုးမျိုးဖြင့် ညွှန်းဆိုကြသကဲ့သို့ တမလွန်အခြေအနေကို အမျိုး



www.burmeseclassic.com

www.burmeseclassic.com

မျိုး ပြောဆိုကြသည်။ အဓိကအားဖြင့် ယဉ်ကျေးမှုနှင့် မလှေ့ထုံးစံပေါ် အခြေခံသောအမြင်များရှိကြသည်။ ရှေးအီဂျစ်တို့သည် နတ်ဘုရားများ၏ ဂိတ်တံခါးဝများမှနေ၍ Amentha (အမန်သီ) ဘုံသို့ ရောက်ရှိပြီး ထိုဘုံတွင် အစဉ်တစိုက် စည်းစိမ် ခံစားပြီးနောက် အခြားခန္ဓာတစ်ခုတွင် ဝင်ရောက်ရန် ဆင်းသက်ရသည်။

အလားတူပင် ရှေးဟီဘရူးတို့သည် Pardish သို့မဟုတ် Paradise (သုခဘုံ) တွင် ခေတ္တနေထိုင်ရသည်ကို စိတ်ကူးဖြစ်ခဲ့ကြသည်။ သုခဘုံမှာ အသီးအပွင့်များ ပွင့်လန်းနေရာ သို့မဟုတ် လောကလူဝင်စားအဖြစ်ကြခဲ့သောမျိုးစေ့များ၊ ဝိညာဉ်တို့ ရင့်သန်ရာဟု ယူဆခဲ့ကြသည်။ Pardish တွင် သက်တမ်းကုန်ခါနီး ဝိညာဉ်များအား နောက်ဘဝတွင်ဝင်စားရန်ညွှန်ကြားသည်ဟု Zoher တွင် ဆိုထားခဲ့သည်။ ယင်းတွင် နောက်ဘဝသို့ စေလွှတ်ခြင်းအား နယ်နှင်ခံရသည်ကို သောကဖြစ်လျက် ထွက်ခွာရသည်ဟု ဆိုထားခဲ့သည်။ ဤသည်မှာ ဘုရားသခင်၏ရှေ့မှောက်တွင်သာ စစ်မှန်သောပျော်ရွှင်မှုကို ရရှိနိုင်၍ဖြစ်သည်။

ကွင်း(စ်)လန်ဒေသ ပင်နီဖဲသာမြစ်အရပ်မှ ဩစတြေးလျတိုင်းရင်းသားများသည် လူဝင်စားသဘာဝကြားကာလတွင် ဝိညာဉ်များသည် အန်ဂျေ၏အရပ်တွင် နေထိုင်သည်ဟု ယုံကြည်ခဲ့ကြသည်။ အန်ဂျေသည်ကား မိန်းမများ၏ ခန္ဓာကိုယ်တွင်းသို့ ရွှံ့ရုပ်ကလေးများ ထည့်သွင်းပေးခြင်းဖြင့် သန္ဓေရစေသည့် ဒဏ္ဍာရီသတ္တဝါပင် ဖြစ်သည်။

တောင်ပစိဖိတ်ဒေသမှ အိုကီနာဝါကျွန်းသားများကမူ တမလွန်ဒေသမှာ gusho (ဂူရှို) ဖြစ်ပြီး ဝိညာဉ်များသည် ထိုဂူရှိုဘုံသို့ သေလွန်ပြီးနောက် (၄၉) ရက်အကြာတွင် ရောက်ရှိသည်ဟု ယူဆကြသည်။ ဝိညာဉ်တို့သည် ယင်းတို့ ရုပ်အလောင်းများကို သေသေချင်းတွင် စွန့်လွှတ်ပါသော်လည်း သူတို့၏အိမ်တွင် ထို (၄၉) ရက်ကြာမျှအထိ ဆက်လက်နေထိုင်သည်ဟု ယုံကြည်ကြ၏။ ဤနေရာတွင် ဘာဒိုတမလွန်တွင် ဖော်ပြထားသည့် (၄၉)ဌာနနှင့် ဆင်တူချက်ကို တွေ့ရသည်။ မည်သို့ပင်ဆိုစေ ထိုဝိညာဉ်သည် မျိုးဆက်(၇)ဆက်အတွင်းမှာပင် ယခင်ဘဝကအသွင်နှင့်အတော်တူသောအသွင်ဖြင့် ပြန်လည်ဝင်စားလေ့ရှိသည်ဟု ယုံကြည်ကြသည်။ စိတ်မဟုတ်၊ ဝိညာဉ်ကသာ ပြန်လည်ဝင်စားလေ့ရှိပြီး စိတ်ကိုမူ ဘိုးဘေးထဲမှ အမွေခံရယူသည်။ မည်သို့ပင်ဆိုစေ အချို့ဝိညာဉ်တို့သည် အသစ်ရောက်လာသည့် ဝိညာဉ်တို့အား ဧည့်ကြို သို့မဟုတ် လမ်းပြအဖြစ် ဆောင်ရွက်ရန် ဂူရှိုဘုံတွင် ကာလအကန့်အသတ်မရှိ နေထိုင်ကြရသည်။

လွန်ခဲ့သော နှစ်ပေါင်း (၁၀၀) ကျော်လောက်က ရုရှားပဒေသရာဇ်အမျိုးသမီးကြီး မာဒမ်ဟယ်လင်ပက်တြိုဗ်နာဘလာဗစ်စကီ၏ သီအိုဆိုဖီလှုပ်ရှားမှုသည် တမလွန်ဘဝကို ရည်ညွှန်းသည့် အသုံးအနှုန်းနှစ်ခုအတွက် အရှေ့တိုင်းဂမ္ဘီရအတတ်ပညာထဲသို့ မွှေနှောက် ရှာဖွေခဲ့သည်။ တစ်ခုသော စကားလုံးမှာ (ကာမလောက-Kamal Loka) ကံလောကဖြစ်ပြီး နောက်တစ်ခုမှာ တိဗက်စကား ဒီဗာချန် (devachen) ဖြစ်သည်။ သီအိုဆိုဖီ၏ အဆိုအရ (ကာမလောက) ကံလောကသည် ကမ္ဘာကြီးကို ထွင်းဖောက် ဝိုင်းပတ်ထားသောတရား ဖြစ်သည်။ ယင်းတွင် ဝိညာဉ်များ၏ မသန့်စင်မှုကို ဆေးကြောပြီးနောက် အဆက်အစပ်ကင်းမဲ့သော ဝိညာဉ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုကို ဖြစ်ထွန်းစေသော devachen သို့ မြှင့်တင်ခံရသည်။ ထိုဘုံတွင် နှစ်ပေါင်း (၁၅၀၀) ကြာမျှ နားနေရပြီး (မာဒမ်ဘလာဗာစကီ၏အဆို) နောက်လောက၏ ကံတရားအလိုကျ လောကသားအဖြစ်သို့ ပြန်လည် ရောက်ရှိလာရသည်။

ထိုတမလွန်ဘဝသည် ဝိညာဉ်အတွက် အေးချမ်းစေသည့် နားနေခွင့်ပြည့်ဝ အကျိုးပြုကာလ ဖြစ်သည်။ လူသားတို့ အိပ်စက်နားနေမှုပြုသည်ကဲ့သို့ပင် ဝိညာဉ်များအတွက် နားနေခွင့်ရသည့်ကာလ ဖြစ်သည်ဟု သီအိုဆိုဖီများကဆိုသည်။ သေဆုံးပြီးနောက် နောက်တစ်ခန္ဓာကိုချက်ချင်းယူရပါလျှင် ဝိညာဉ်သည် လိုအပ်သော ပြန်လည် ဆန်းသစ်မှုပြုရန် အခွင့်အရေးနှင့် ပို၍ မြင့်မားသောသဘာဝသို့ ဆက်စပ်ဖွံ့ဖြိုးရန် အခွင့်အရေးချို့တဲ့ရန် မကြာမတင်ကာလမှာပင် အကြွင်းမဲ့ ခြေကုန်လက်ပန်းကျပေမည်။

**ဘာဒိုကာလ**

တမလွန်တွင် ကြာမြင့်သည့် ကာလသည် ဘဝ၏အတို၊ အရှည် မည်သမျှပင်လျှင် ကွဲပြားခြားနားဟန် ရှိသည်။ တစ်အောင့်တစ်နားမှသည် နာရီပေါင်းများစွာနှင့် နှစ်ရာပေါင်းများစွာအထိ ကြာမြင့်မှုများ ကွာခြားသည်။ အကြမ်းဖက်သေဆုံးသူများ သို့မဟုတ် အချိန်မတိုင် သေဆုံးသူများသည် အသက်အရွယ်ပြည့်သေဆုံးသူများထက် အပြန်မြန်ဆန်ပုံရသည်။ ထိုနာမ်ဝိညာဉ်လောကတွင် ကြာရှည်နေရေး၊ မနေရေးသည် ကာယကံရှင်ကိုယ်တိုင်၏ရွေးချယ်မှုပေါ် တည်မှီသည်။ စာရေးဆရာမ ဂျိမ်း(စ်)ရောဘတ်(စ်)ကို ကြားခံအဖြစ် အသုံးပြု၍ ဆက်သွယ်မှုပြုခဲ့သော နာမည်ကြီးဝိညာဉ်လမ်းပြ ဆက်(သ်)အား လူဝင်စားမှုကြားကာလအချိန်ကို မည်သူက ဆုံးဖြတ်ကြောင်းပြောပြရန် သင်းအုပ်ဆရာတစ်ဦးက တောင်းဆိုသောအခါတွင် သူသည် အောက်ပါအတိုင်း တုံ့ပြန်ပြောကြားခဲ့သည်။

'သင်ကိုယ်တိုင် ဆုံးဖြတ်တာပဲ။ သင်သိပ်ပင်ပန်းနေရင် သင်အနားယူတယ်။ သင်ပညာရှိရင် သင့်အသိပညာကို ဆန်းစစ်ရန် သင်အချိန်ယူပြီး စာရေးဆရာတစ်ဦးက သူ၏နောက်စာအုပ်ကို စီစဉ်သလို သင့်နောက်တစ်ဘဝကို စီစဉ်တယ်။ သင့်မှာ လက်တွေ့သဘာဝနှင့် အတွယ်အတာတွေ သိပ်များနေရင်၊ ဒါမှမဟုတ် သိပ်စိတ်မရှည်ဖြစ်နေရင်၊ အတတ်ပညာ မပြည့်စုံမလုံလောက်ခဲ့သေးရင်လည်း သင်အလျင်စလိုဖြစ်မိနိုင်တယ်။ ဒါကာယကံရှင်အပေါ် မှာ မူတည်တဲ့ကိစ္စပဲ။ ကြိုတင်သတ်မှတ်ချက်မရှိဘူး။ အဲဒီအခါမှာလည်း အဖြေတွေက သင့်ဆီမှာပဲ။ အခုလည်း အဖြေတွေက သင့်ဆီမှာပဲ'

ကြောက်စရာကောင်းသည့်အသွင်အပြင်ရှိသည့်တိုင်အောင် ဘာဒို (တမလွန်)၏အနေအထားသည် အတော်ပင် တပ်မက်စရာကောင်းသောဘုံ ဖြစ်ပုံရသည်။ လူများစွာတို့သည် ခန္ဓာကိုယ်မှ လွတ်လပ်စွာ လွင့်မျောနိုင်ခဲ့ပြီဖြစ်သောကြောင့် ရုပ်ဝတ္ထုဘဝသို့ပြန်ရန် ဆန့်ကျင်တတ်ကြသည်ဟု ဒေါက်တာရေးမွန်မူဒီက ဆိုသည်။ ပြိုင်ကားမောင်းသမားတစ်ယောက်ကမူ ရေနွေးချိုးကန်နှင့် အနှိပ်ခန်းတွင် ခံစားရသည့် ရသထက် အဆတစ်ထောင်သာသော အရသာရှိသည်ဟု ထက်သန်စွာ ဆိုခဲ့သည်။ ငြိမ်ညောင်းလှသည့်ဘဝကို စွန့်ခွာခဲ့ရမည့် အရေးကား အမှန်ပင် အသည်းနာစရာ ဖြစ်သည်။

တိုးထက်

*The Case For Reincarnation by Joe Fisher* ကို ပြန်ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညွှန့်ရွှေစေတီ

သာဝက (စစ်တော်ဝင်)

တစ်ညသ၌ ကျွန်ုပ်သည် အိပ်ရာမှ အချိန်မတော် နိုးလာလေ၏။ ကျွန်ုပ်သီတင်းသုံးသော နေရာမှာ ပဲခူးမြို့ ရွှေမော်ဓော ဆံတော်ရှင် စေတီတော်မြတ်ကြီး၏အရှေ့ဘက်မုခ်ဦးမှ ဟင်္သာကုန်းဘက်သို့သွားရသော တန်ဆောင်းဘေးတွင်တည်ရှိသည့် ဘုန်းတော်ကြီးကျောင်းဖြစ်သည်။ ကျွန်ုပ်သည် ထိုကျောင်း၌ ပရိယတ္တိစာပေများကို မိမိကိုယ်တိုင်လည်းသင်ယူ၍ ရဟန်းသာမဏေများကိုလည်း စာဝါများပို့ချပေးနေသော ရဟန်းတော်တစ်ပါး ဖြစ်လေသည်။ အိပ်ရာက နိုး၍နာရီကိုကြည့်လိုက်သော် နာရီသည် ညဉ့် (၁၂) နာရီတိတိကို ပြလျက်ရှိ၏။ ညဉ့်နက်သန်းခေါင်ယံ အချိန်ပေတည်း။ ကျွန်ုပ်၏စိတ်တွင် ရွှေမော်ဓောစေတီတော်မြတ်ကြီးကို ဖူးမြော်လိုသောစိတ်သည် တားမရဆီးမနိုင်ပေါ်လာလေ၏။

ကျောင်းပြတင်းပေါက်ကိုဖွင့်၍ အပြင်ဘက်သို့ ကြည့်လိုက်ရာ လမင်းကြီး သာနေသည်။ မြူတိမ်ကင်းသော ကောင်းကင်ပြင်တွင် ကြယ်တာရာများသည် လမင်းကြီးကို ဝန်းရံခစားနေကြ၏။ အလွန် လှပသာယာသော ညကာလတွင် ကျောင်းဝင်းအတွင်းရှိ စံကားဝါပန်းများသည် ချိုအီမွှေးပျံ့စွာဖြင့် ည၏အလှကို ဖြည့်စွက်တန်ဆာဆင်ထားကြပြန်သည်။

ကျွန်ုပ်သည် ရသေ့ကြီး ဦးခန္တီ၏ ကောင်းမှုတော် သံတန်ဆောင်းတော်ကြီး၏အုတ်လှေကားများကို တစ်ထစ်ချင်းနင်း၍ ရွှေမော်ဓောကုန်းတော်ပေါ်သို့ တက်ခဲ့လေ၏။ ညဉ့်နက်ပိုင်းကာလများတွင် ဘုရားအဝင် သံဘာဂျာတံခါး



www.burmeseclassic.com

www.burmeseclassic.com

တို့ကို သော့ခတ်ထားလေ့ရှိပါသည်။ သို့ပါသော်လည်း ကျွန်ုပ်သည် တံခါးစောင့်ဒါယကာကြီးနှင့် ရင်းနှီးသိကျွမ်းသူဖြစ်သောကြောင့် မလွယ်ပေါက် တံခါးငယ်မှအလွယ်တကူ ဝင်ခွင့်ရခဲ့လေသည်။ ရွှေမော်ဓော စေတီတော်မြတ်ကြီးကို ကျောပေးလျက် တည်ထားသော ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓဆင်းတုတော်ကြီးကိုပူဇော်ရန် ဝင်မည်ပြုပြီးမှ မဝင်ဖြစ်သေးဘဲ စေတီတော်မြတ်ကြီးကို မော်၍ဖူးမြော် ကြည်ညိုနေမိ၏။

ညသည် တိတ်ဆိတ်နေ၏။ လေပြည်လေညင်းက ဆော့မြူးလျက်ရှိ၏။ ရွှေမော်ဓော စေတီတော်မြတ်ကြီးကို နှင်းမှုန်ပဝါပါးတို့ လွှမ်းခြုံထားသည်။ လရောင်ဆမ်းသော ငွေသားဇာခြည်ပဝါပါးတို့ဖြင့် သဘာဝလောကကြီးက တန်ဆာဆင် ပူဇော်နေ၏။ မီးမော်င်းကြီးများ၏လျှပ်စစ်အလင်းရောင်တွင် သဘာဝငွေလရောင်က ဖြည့်စွက်ထားသောမြင်ကွင်းမှာ ကြည်နူးဖွယ်ရာ ဖူးမဝအောင်ရှိလေ၏။ လေအဝှေ့တွင် ရွှေထီးတော်မှဆည်းလည်းသံများသည် ကောင်းကင်လေကိုခိုစီးရင်း သာယာစွာဖြင့် တလွင်လွင် လွင့်မျောနေသည်။ ဝမ်းသာပီတိစိတ်နှင့် စေတီတော်ကြီးကို ဖူးပြီးသော်အရှေ့ဘက်မုခ်ဦးရှိ ဂန္ဓကုဋိတိုက်သို့ဝင်လိုက်သည်။

ထိုစဉ်တွင် ယခင်ကမဖူးဘူးသောထူးခြားသည့် ရုပ်ပွားတော်တစ်ဆူကို ဖူးရလေ၏။

ရုပ်ပွားတော်သည် ရုပ်ရှင်တော်ဖြစ်၏။ နှုတ်ခမ်းတော်မှာ ပတ္တမြား ခေါင်ရန်း နှင်းဆီပန်းကဲ့သို့ နီမြန်းနေ၏။ မျက်လုံးတော်များမှာ သက်ရှိထင်ရှား ဘုရားတစ်ဆူကဲ့သို့ ကြည်လင်တောက်ပနေ၏။ မျက်ဝန်းအိမ်အတွင်းရှိ တောက်ပသောမျက်လုံးတော်များမှာ သော့က်ရှုကြွယ်ညီနောင်အလား ထင်မှတ်ရ၏။ ရှည်လျားသော နားရွက်တော်နှင့် အချိုးကျ၍ ခြင်္သေ့မင်း၏မေးကဲ့သို့ လုံးဝန်းသောမေးတော်တို့သည် ကျွန်ုပ်၏အာရုံကိုကောင်းစွာ ဖမ်းစားနေတော့၏။ ထိုရုပ်ပွားတော်ကို အံ့ဩစွာဖူးနေစဉ် ကျွန်ုပ်၏တစ်ကိုယ်လုံးတွင် ကြက်သီးများသည်နေရာမလပ်အောင် ထ၍နေတော့၏။ ကြက်သီးမွေးညင်းနှင့်အတူ ပီတိစိတ်များမှာ တဖွားဖွားပေါ်နေသည်။ ထိုရုပ်ပွားတော်မှာ ဉာဏ်တော် (၂) ပေခန့်သာရှိမည်ဟု ခန့်မှန်းရသည်။ ထိုသို့ကြည့်နေစဉ် ရုပ်ပွားတော်၏ညာလက်ရုံးတော်သည် အပေါ်သို့ မြောက်ကြွလာပြီး ဗျာဒိတ်ပေးဟန်ဖြင့် တစ်နေရာသို့ လက်ညှိုးထိုးပြလေ၏။

"ရော်- ခက်ကပြီ"

အံ့ဩထိတ်လန့်စွာ ရေရွတ်မိတော့သည်။

သေသေချာချာ အာရုံစူးစိုက်၍ကြည့်လိုက်သောအခါ ထိုရုပ်ပွားတော်မြတ်အား တစ်စုံတစ်ယောက်သည် ရင်ခွင်၌ ပွေ့ချီထားသည်ကို တွေ့ရတော့၏။ ဤမျှ ဆန်းကြယ်သော အဖြစ်များကို ယခင်အခါများက တွေ့ကြုံခဲ့ဖူးသူမဟုတ်ပါ။ ရုပ်ပွားတော်ကို ရင်ခွင်၌ပွေ့ထားသူကို အာရုံစူးစိုက်ကြည့်မိသည်။ ထိုပုဂ္ဂိုလ်ကြီးကလည်း ပြန်ကြည့်နေသည်ကို တွေ့ရသည်။ ထိုသူ၏ဆံပင်မှာ ရှည်လျား၏။ မျက်နှာလေးထောင့်ကျ၏။ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်း၏။ ပုဆိုးကွက်ထောက်ကိုဝတ်၍ ကိုယ်ပေါ်၌ ဖျင်ကြမ်း တိုက်ပုံအကျႌကို ဝတ်ထား၏။ အတွင်းခံအကျႌ လုံးဝမပါပေ။

"ဩော်. . . အဘဘိုးမင်းခေါင်ကြီးကိုး"

ကျွန်ုပ်သည် အဘဘိုးမင်းခေါင်ကို မသိပါ။ ဘုရားစေတီများနှင့် သာသနာပြုစခန်းများတွင် ထုလုပ်ကိုးကွယ်ထားသောရုပ်တုများကိုသာ ခြင်ဖူးခဲ့သည်။ ရဟန်းတော်တစ်ပါးဖြစ်နေသောကြောင့် အဘဘိုးမင်းခေါင်ကို စိတ်မဝင်စားမိသည်မှာလည်း အမှန် ဖြစ်သည်။ အဘဘိုးမင်းခေါင် ဆိုသူမှာ ဂန္ဓာရီအတတ်ပညာ၌ အစွမ်းထက်မြက်သော မြန်မာလူမျိုးတို့ကိုးကွယ်အားထားကြရာ ဘိုးတော်ကြီး ဟူ၍တော့ သိရှိမှတ်သားခဲ့ဖူးသည်။

'အဘ ဘိုးမင်းခေါင်က ဂန္ဓာရီအတတ်ပညာနဲ့ ငါ့ကို မျက်လှည့်ဆရာကြီးလုပ်နေတာကိုး' ဟူ၍ ကျွန်ုပ် တွေးမိလေသည်။

"မောင်ပဥ္စင်း"

အဘဘိုးမင်းခေါင်က အသံထွက်၍ ခေါ်လိုက်သည်။ ထိုအချိန်တွင် အဘဘိုးမင်းခေါင်၏ရင်ခွင်၌ ပိုက်ထားသောမြတ်ဗုဒ္ဓရုပ်ပွားတော်မှာ ပျောက်ကွယ်သွားခဲ့သည်။ အဘဘိုးမင်းခေါင်ကိုသာ တောင်ဝှေးတစ်ချောင်းကို ထောက်ရင်း ရပ်လျက်သားတွေ့ရသည်။ စူးရဲတောက်ပြောင်သော မျက်လုံးအစုံနှင့် ကြည့်နေရာမှ 'မောင်ပဥ္စင်း' ဟု ခေါ်လိုက်ခြင်းဖြစ်သည်။ ပြီးမှ-

"မောင်ပဥ္စင်းထင်သလို တပည့်တော်က ကိုယ်တော်လေးကို မျက်လှည့်ပြနေတာ မဟုတ်ပါဘူး"

ဟု ဆိုလိုက်လေသည်။ ကျွန်ုပ်သည် လွန်မင်းစွာအံ့ဩငေးမော၍ မှင်တက်မိနေရာ ဘာမှပြန်မပြောမိတော့ပေ။

"ကိုယ်တော်လေးဟာ ကျုပ်နဲ့ ပဋ္ဌာန်းဆက်ရှိနေတဲ့ပုဂ္ဂိုလ်မို့ အရေးကြီးတဲ့ ဂမ္ဘီရနယ်မြေတစ်ခုဆီကို လမ်းညွှန်ဖို့ရောက်လာရခြင်းပါ။ ကိုယ်တော်လေး အဲဒီကို ကြွချင်ပါသလား"

ဟု အဘက ညင်သာအေးဆေးစွာ ပြောဆိုလိုက်သည်။

ကျွန်ုပ်လည်း ဘာမှထွေရာလေးပါး တွေးမနေတော့ဘဲ-

"သွားတာပေါ့ ဒကာကြီးရာ"

ဟု ပြောလိုက်မိလေသည်။

အဘဘိုးမင်းခေါင်သည် ကျွန်ုပ်ကို မည်သို့မျှ ပြောဆိုခြင်းမပြုဘဲ ကျွန်ုပ်၏ဘယ်ဘက်လက်ကို သူ၏ညာလက်နှင့်ဆုပ်ကိုင်လိုက်လေတော့သည်။

သတိလစ်သလို ငိုက်ခနဲ ဖြစ်သွားခဲ့သည်။

၀

ခဏကြာသော် ကျွန်ုပ်သည် စိမ်း... လန်းသော မြစိမ်းရောင်တောင်ကုန်း... အခြေသို့ ရောက်လျက်ရှိသည်ကို ... ခြား ဆန်းကြယ်စွာ တွေ့ရလေ... သည်။ ထိုတောင်ကြီးပေါ်တွင် ရွှေ... စေတီတော်မြတ်ကြီး၏ ပုံတော်အတိုင်း... တည်ထားပြီး ရွှေတိဂုံစေတီတော်မြတ်... ကြီးလောက်ပင် ဉာဏ်တော် မြင့်မား... သည့် ရွှေတုံးရွှေခဲကြီးပမာ ရွှေစေ... တော်ကြီးတစ်ဆူကို ရင်သပ်ရှုမောဖွယ်... ဖူးတွေ့ရလေတော့သည်။ ပတ်ဝန်းကျင်... တွင် ဒါယကာကြီး ဘိုးမင်းခေါင်ကို ... ကြည့်မိသည်၊ မတွေ့ရတော့ပါ။

စေတီတော်ကြီးဆီသို့ တက်... လမ်းမကြီးသည် အလွန်ပင် ခမ်း... ထည်ဝါလှပါသည်။ အတက်လမ်း... ကို အလွန် ကြီးမားကျယ်ပြန့်သော ... သားကော်ဇောကြီး ခင်းထားလေသ... မိမိရှေ့၌ ဘုရားဖူးများ သွားလာနေ... ပါ၏။ ရဟန်းတော်များလည်း ပါသ... လူသူပရိသတ်များလည်း ပါကြသည်... ထိုကော်ဇောကြီးပေါ်သို့ လှမ်းလျှောက်... ရင်း စေတီတော်မြတ်ကြီးကို အာရုံညွှတ်... ၍တက်ခဲ့ပါ၏။ ရွှေကော်ဇောကြီးပေါ်... သို့ နင်းရသည်မှာ အလွန်ထူးဆန်း... သော အတွေ့တစ်မျိုးကို ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com

လေတွင် လွင့်နေသလိုလို၊ ဂွမ်းစိုင်တိမ်သားများပေါ်၌ လွင့်မျောနေရသလိုလို ဖြစ်နေ၏။

ရှေ့မှရဟန်းတော်တစ်ပါးက နှုတ်ဆက်လေသည်။

"ပညာဒီပပါလား"

ကျွန်ုပ်ဘွဲ့ကို ခေါ်လိုက်သော ထိုကိုယ်တော်မှာ မန္တလေးဘုရားကြီးတိုက်၌ စာသင်ဖက် ရဟန်းတော်ဦးစက္က ဖြစ်လေသည်။ ဦးစက္ကသည် ပအိုဝ်တိုင်းရင်းသားဖြစ်ပြီး ဂမ္ဘီရပညာရပ်များ၊ ဂန္ဓာရီထွက်ရပ်ပေါက်ဝိဇ္ဇာကြီးများကို လုံးဝယုံကြည်သူ မဟုတ်ပါလေ။ သူ့ကိုတွေ့ရသောကြောင့် အံ့ဩမိလေသည်။

"ဩ-ကိုယ်တော်တစ်ပါးတည်းသား၊ ဘာလာလုပ်တာလဲ။ ဒီနေရာက ဘာလဲ ကိုယ်တော်

ဟူ၍ သိချင်သည်များကို စူးစမ်းမေးမြန်းနေမိသည်။

"ကိုယ်တော်ကလည်း မေးလှချေသား။ ဒီနေရာက အလွန် ထူးဆန်းတဲ့ ထွက်တော်မူ ရွှေပေါ်ကျွန်း ဇေယျသိဒ္ဓိ ဓမ္မဉာဏကဆရာတော်ကြီးရဲ့ ဂမ္ဘီရနယ်မြေ ရွှေရောင်လွှမ်းတဲ့ ရွှေတောင်တန်းကြီးပေါ်က ရွှေစေတီနဲ့ ရွှေပေါ်ကျွန်း စခန်းသစ်ကြီးပေါ့"

ဟု ပြောဆိုလိုက်လေသည်။

ကျွန်ုပ်တို့နှစ်ပါးသည် စကားပြောရင်းဖြင့်တက်လာခဲ့ကြရာ စေတီတော်ကြီး၏ရင်ပြင်ပေါ်သို့ ရောက်ခဲ့ကြလေသည်။ အလွန် သပ္ပာယ်ကြည်ညိုဖွယ်ရုပ်ပွားဆင်းတု အဆူဆူနှင့် ရှေးနန်းစဉ်နန်းဆက်ဘုရားများအား ဖူးတွေ့ရလေသည်။ ထိုဘုရားရုပ်တုတော်များ၏ အောက်ခြေတွင် သရေခေတ္တရာ ပျူဘုရင်မင်းမြတ်တို့မှစ၍ မန္တလေးခေတ်တိုင်အောင် ဘုရင်မင်းမြတ်များ မိဖုရား၊ သားတော်၊ သမီးတော်၊ စစ်သူကြီးစသောသူတို့၏ ကမ္ပည်းကျောက်စာများကို တွေ့ရလေသည်။ ကျွန်ုပ်နှင့် ဦးစက္ကတို့နှစ်ပါးလုံး မိမိတို့အာရုံကျသလို ဖူးမြော်နေကြ၏။

ရွှေစေတီတော်ကြီးကို ဖူးမြော်ကြပြီးသော် လက်ယာရစ် သုံးပတ်မျှလှည့်လည် ကြည်ညိုကြပြန်သည်။ ထိုစဉ်တွင် ခပ်လှမ်းလှမ်းရှိ ဓမ္မာရုံကြီးဆီမှ မေတ္တာပို့သံများကို ကြားနေကြရသည်။ ကျွန်ုပ်နှင့် ဦးစက္ကတို့လည်း ထိုနေရာသို့ထွက်ခွာခဲ့ကြသည်။ ဓမ္မာရုံကြီးအဝင်တွင် 'ရွှေပေါ်ကျွန်းသစ် ဓမ္မသာလာ' ဆိုသော ရွှေစာလုံးကြီးများကို ထွင်းထားသည်။

အဆောက်အအုံကြီးမှာ အလွန်ခမ်းနားထည်ဝါသည်။ တစ်ကြိမ်မျှ မမြင်ဘူးသေးသော အနုပညာလက်ရာများနှင့် အဆန်းတကြယ် ခြယ်မှုန်းထုဆစ်ထားသည်။ ရတနာမျိုးစုံတို့လည်း ဖိတ်ဖိတ်လက်နေသည်။ ကျွန်ုပ်တို့ ရဟန်းတော်နှစ်ပါးနှင့်အတူ အခြားသော ရဟန်းတော်တစ်စုကလည်း ဆရာတော်ကြီးတရားဟောတော်မူရာ ပလ္လင်တော်အနီးသို့ တိုးဝှေ့ဝင်ကြသည်။ လူဥပါသကာ၊ ဥပါသိကာမများသည် ရဟန်းတော်များကို ရိုသေစွာ နေရာဖယ်ပေးကြသည်။

ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးသည် ကဒေါင်းရုပ်ကြီးနောက်ခံနှင့် တန်ဆာဆင်ထားသော ဓမ္မသာလာဆောင်တော်၏ ရွှေပလ္လင်ထက်တွင် ထိုင်တော်မူလျက်ရှိသည်။ သက်တော်အားဖြင့် ခြောက်ဆယ်ကျော်အရွယ်ခန့်ဟု ထင်ရသည်။ ကြည်လင်သော ဥပမိရုပ်တော်ကို ဖူးတွေ့ရသည်။ အသားတော်ညို၍ မျက်ခုံးတော်များမှာ ရှေးယခင်ကကဲ့သို့ ဆွတ်ဆွတ်ဖြူလျက်ပင် ရှိသည်။ မျက်လုံးတော်များမှာ စူးရှတောက်ပြောင်ပြီး ကြည်လင် တည်ငြိမ်လှသည်။ ဆရာတော်ကြီး၏အကြည့်တွင် မေတ္တာဓာတ်များ အပြည့်လွှမ်းနေသည်ဟု ခံစားမိသည်။ ဆရာတော်ကြီးက အေးမြကြည်လင်သောအသံတော်ဖြင့် များပြားလှသော ဝေနေယျများကို မေတ္တာပို့ တိုင်ပေးတော်မူလေသည်။

ကျွန်ုပ်တို့ ရဟန်းတော်များလည်း ဆရာတော်ကြီးတိုင်ပေးသည့် မေတ္တာပို့ကို အများနည်းတူ လိုက်ဆိုခဲ့ကြသည်။

'ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့သည် ဘေးဆိုးရန်ဆိုး အန္တရာယ်ဆိုး ကပ်ဆိုးအပေါင်းတို့မှ ကင်းလွတ်ကြပါစေ။ လွတ်ငြိမ်းကြပါစေ။ ဘေးဆိုး ရန်ဆိုး အန္တရာယ်ဆိုး ကပ်ဆိုးအပေါင်းတို့မှ လွတ်မြောက်ကြစေရန် ဗုဒ္ဓဓာတ်များ ရရှိကြပါစေ။

ကမ္ဘာသူ ကမ္ဘာသား အပေါင်းတို့သည် အစာအာဟာရအပေါ်၌ တောင့်တရသော၊ ကြောင့်ကြရသော ဒုက္ခအပေါင်းတို့မှ လွတ်ကင်းကြပါစေ။ လွတ်ငြိမ်းကြပါစေ'

စသည်ဖြင့် တိုင်ပေးတော်မူ၍ တပည့်ဝေနေယျအပေါင်းက လိုက်လိုက်လှဲလှဲမေတ္တာသံပေး၍ ဟစ်ကြွေးသီကျူးခဲ့ကြသည်။

ဆရာတော်ဘုရားကြီးက-

"မေတ္တာပို့ရာ ကိုယ်ချင်းစာကြ။ ဒေါသမပါ ချမ်းမြေ့စွာဖြင့် သူ့မှာ ငါ့လို ချမ်းသာလိုစိတ်၊ ယိုဖိတ်သဒ္ဓါ၊ ပညာမျက်စိ၊ မမေ့သတိ၊ အသိမလပ်၊ စိတ်ထားမြတ်စွာ ပို့သကြရမည်"

ဟု မိန့်တော်မူသည်။

ဆရာတော်ကြီး၏ တရားပွဲအဆုံးတွင် အမျှဝေသံ၊ သာဓုခေါ်သံတို့သည် ဘဝဂ်လျှံမျှ သောသောညံညံ ရှိနေသည်။

တရားပွဲအပြီးတွင် ကြေးစည်သံနှင့် ခေါင်းလောင်းထိုးသံများကို ကြားရသည်။

အမှန်ပင် ကျွန်ုပ်၏နား၌ ကြေးစည်သံ၊ ခေါင်းလောင်းထိုးသံများကို ကြားရသည်။ ရုတ်တရက်ဆိုသလိုပင် ခေါင်းလောင်းသံ၊ ကြေးစည်သံများကြောင့် အိပ်ပျော်ရာမှလန့်နိုးခဲ့ရသည်။ အလွန်ပင် အံ့ဩနေမိသည်။

ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ရင်ပြင်တွင် နံနက်ခင်းကာလ ဘုရားဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူသူများရောက်နေခဲ့ကြသည်။ ထိုသူတို့၏ဘုရားရှိခိုးသံ၊ အမျှဝေသံ၊ သာဓုခေါ်သံများနှင့် ခေါင်းလောင်းသံ၊ ကြေးစည်သံများသည် အိပ်ပျော်နေသူကို လှုပ်နှိုးလိုက်ခြင်းပင် ဖြစ်သည်။

ကျွန်ုပ်သည် ရွှေမော်ဓောစေတီတော်၏အရှေ့ဘက်မုခ်ဦး ဂန္ဓကုဋိတိုက်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ရှေ့၌ တင်ပျဉ်ခွေထိုင်လျက်သား အိပ်ပျော်နေရာမှ နိုးလာခဲ့ခြင်း ဖြစ်ပါ၏။ ဂမ္ဘီရရွှေစေတီတော်နှင့် ရွှေပေါ်ကျွန်းဆရာတော်ကြီး၏တရားပွဲကြီးသည် မေ့ပျောက်မသွားနိုင်သော ပုံရိပ်များအဖြစ် ယနေ့တိုင် လွှမ်းမိုးလျက် ရှိနေပါတော့သည်။

✿

ရဟန်းတော်သည် ထူးခြားလှသည့် ဂမ္ဘီရရွှေစေတီတော်နှင့် ရွှေပေါ်ကျွန်းဆရာတော်ကြီး၏ ရွှေပေါ်ကျွန်းစခန်းသစ်ကြီးအကြောင်းကို စာရေးသူအား ပြောပြခဲ့လေသည်။ အိပ်မက်တို့မှ စေ့ဆွန်းသောဖြစ်ရပ်တို့သည် ထူးခြားဆန်းကြယ်လှ၏။ မဖြစ်နိုင်ဟု ယူဆစရာရှိသော်လည်း ကြောင်းကျိုးဆက်နွှယ်မှုရှိလေသောကြောင့် စာရေးသူသည် တအံ့တဩ ရေးသားဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။

*မေတ္တာရည်လျက်*

သာဝက(စေတော်ဝင်)

*(ရဟန်းတော်တစ်ပါးပြောပြချက်ကို ခံစားရေးဖွဲ့ပါသည်။)*



www.burmeseclassic.com

www.burmeseclassic.com

သတ္တလောကကြီးအတွင်းမှာ အသက်ရှင်နေထိုင်ရင်း မည်သူမဆို သံသရာဘဝကူးအချိန်မှာ မိမိ၏သေငယ်ဇော (၇)ကြိမ်အတွင်းမှာ အာရုံစေစားရာဘဝမှာစွဲကာ ဘဝတည်ကြရသည်။ ဘာသာမရွေး၊ လူမျိုးမရွေး ထိုအဖြစ်ကို ရုပ်, နာမ်မသိ၊ အတ္တ,အနတ္တမသိ၊ ဒိဋ္ဌိ,တဏှာမပါယ်ခွာတတ်လျှင် မိမိ မက်မောသော ဥစ္စာပစ္စည်းပေါ်မှာ အစွဲကြီးစွာ ဒုဂ္ဂတိဘုံသားအဖြစ် နေ၊ စားကြရပေသည်။

ယနေ့ခေတ် မော်တော်ကားများ စိတ်ကြိုက်ဝယ်သွင်းခွင့်ရသဖြင့် လူလတ်တန်းစားပင် ကားစီးနိုင်ကြပေပြီ။ ယခုစာရေးသူ၏ကိုယ်တွေ့ ကားတင်သွင်းခဲ့သော ဖြစ်ရပ်အမှန်ကို ဖွင့်ပြောပါရစေ။

၁၉၈၇ ကာလဆီက ကျွန်မ၏ယောကျ်ား ပြည်ပသင်္ဘောတာဝန်ထမ်းဆောင်ရန် ထွက်ခွာသွားပါသည်။ ထိုအချိန်က သင်္ဘောသားများ တစ်ခေါက်လျှင် ကားတစ်စီးတင်သွင်းခွင့်ရပါသည်။ သည်လိုနှင့် ကားဝယ်ရန် လစာပြည့်မီလာပြီဖြစ်၍ စင်ကာပူနိုင်ငံအေးဂျင့်မှ တစ်ဆင့် ကားတစ်စီးဝယ်ရန် ငွေသွင်းခဲ့ပါသည်။

ကားဖိုးငွေသွင်းပြီး နောက်နှစ်လကြာလျှင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်လာပါမည်။ ထိုအချိန်မှာ ၁၉၈၈ ခုနှစ် အရေးတော်ပုံကြီး စတင်နေသဖြင့် ကားမပို့ရန်လှမ်းအကြောင်းကြားရာ ငွေသွင်းထားပြီးခြင်း၊ သင်္ဘောတင်ရက်မှာလည်း ရက်ချိတ်ထားပြီး၍ တားဆီး၍မရတော့ပါ။ တိုင်းပြည်မအေးချမ်းသောအချိန်မှာ ယောကျ်ားဖြစ်သူက ကားရော သွပ်ပါ ဈေးကိုက်သည်ဆိုပြီး ငွေပိုနည်းနည်းပဲ ချန်ကာ ပစ္စည်းတင်သွင်းတော့သည်။ ထို့ကြောင့် တိုင်းပြည်ရေးရာမအေးချမ်း၍ ပူပင်ရတာတစ်မျိုး၊ ပြည်ပမှရောက်လာမည့်ပစ္စည်းတွေ ဆိပ်ကမ်းမှာ လုယက်ကြ, ဂိုဒေါင်ဖောက်ကြနှင့် ကိုယ့်ပစ္စည်းအရောက် ရှိစုမဲ့စုလေးဆုံးရှုံးမှာအတွက် စိုးရိမ်သောကပိုရ၊ မိမိတို့နေရေးထိုင်ရေး နေ့နေ့ညည ကျိုးလန့်စာစား စိတ်မချမ်းသာရနှင့် နောက်ဆုံး အိပ်ချိန်၊ စားချိန်၊ ရေချိုးချိန်၊ သီးသန့်ခန်းဝင်ချိန်ကလွဲ၍ ဘုရားရှင်ရှေ့မှာ ပုတီးစိပ်ခြင်း၊ ပရိတ်, ပဌာန်းရွတ်ခြင်းများ ဆောင်ရွက်နေတော့သည်။

ထူးခြားသည်မှာ အရေးအခင်းကာလတွင် တယ်လီဖုန်း Box များ ဖျက်ဆီးခံကြရသည်။ တယ်လီဖုန်းများ သုံးစွဲမရကြပါ။ ကံအားလျော်စွာ ကျွန်မအိမ်၏ဖုန်းလိုင်းသည် ပျက်စီးမှုထဲမပါသဖြင့် အရေးအကြောင်းရှိက ပြည်တွင်း၊ ပြည်ပ ဆက်သွယ်ခွင့်ရသေးသည်။

ပုဒ်မ (၁၄၄) ထုတ်ထားသည်က





www.burmeseclassic.com

www.burmeseclassic.com

ရှေ့၌ အားလုံး ပုံမှန် သွားလာ လှုပ်ရှား လုပ်ကိုင်နေကြပေပြီ။ နိုဝင်ဘာလကုန်တွင် စင်ကာပူဆိပ်ကမ်းမှ တင်ပို့လိုက်သည့် မော်တော်ကား ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသည်။

ကားမှာ ဂျပန်ပြည်လုပ် ဆန်နီပစ်အပ်၊ ၁၉၈၀ ပြည့်နှစ်ထုတ် နံ့သာရောင်ကား ဖြစ်ပါသည်။ စင်ကာပူနိုင်ငံမှာ သုံးခဲ့သောကား ဖြစ်ပါသည်။ ကားပါမစ်တိုင်၌ အကောက်ခွန်ဌာနမှရွေးထုတ်ပြီး (အ. ည. န) မှာ မှတ်ပုံတင်ပြီး ကားနံပါတ်ထွက်လာပါသည်။ (န/၅၈---) ဖြစ်ပါ သည်။

မော်တော်ကား ရောက်မလာမီကတော့ ကားကိုရောင်းပစ်မည်ဟု၊ တကယ်ရောက်လာသောအခါ မရောင်းပါနှင့်ဟု ငြင်းတားကြသဖြင့် ကားကိုမရောင်းဖြစ်ခဲ့၊ ထုံးစံအတိုင်း ကားရှိလာသဖြင့် ဟိုသွားချင်, ဒီသွားချင်၊ သူမောင်းချင်, ငါမောင်းချင်နှင့် ကားလေးမှာ နားရသည်မရှိခဲ့။

တစ်ရက်မှာတော့ ကျွန်မနှင့်လုံးဝမသိကျွမ်းဖူးဘူးသော လူမျိုးခြားတစ်ဦးမျက်နှာမှာ ပါးသိုင်းမွေး၊ မုတ်ဆိတ်မွေးများလည်း ရှိသည်။ ကားပေါ်မှာထိုင်နေသည်။ ကျွန်မ ကားဦးခန်းမှာ ဘုရားပန်းလာကပ်လှူခြင်းကို မကြိုက်သည့်ပုံနှင့်ကြည့်ရင်း ကားပေါ်ကဆင်းပြေးသည်။ ကျွန်မ ကားထဲမှထွက်ပြီး အိမ်ထဲပြန်ဝင်လျှင် ကားနောက်ခန်းမှာ ထိုင်နေတော့သည်။

ထိုအိပ်မက်အား ကျွန်မသည် ကားရောက်ခါစမို့ ကားအပေါ်စိတ်စွဲ၍ မက်သည်ဟုပဲထင်ပါသည်။ ထို့နောက်မှာ ကျွန်မ၏သမီးကြီး စတုတ္ထတန်းကျောင်းသူအရွယ်က ကျောင်းမသွားခင်မုန့်စားရင်း-

"မေမေ၊ ညက အိပ်မက်ထဲမှာ သမီးတို့ကားပေါ်မှာ ကုလားအဘိုးကြီးထိုင်နေတယ် သိလား။ သူက သမီးတို့ကားစီးတာကို မကြိုက်တဲ့ပုံနဲ့ ကြည့်နေတယ် သိလား"

"ကားရောက်ခါစ စိတ်စွဲလို့နေမှာပါကွယ်"

ကျွန်မတို့ကလည်း ဘုရားသာရှိခိုးကြသည်၊ ထိုကဲ့သို့ အိပ်မက်နိမိတ်တွေလည်း နားမလည်ပါ။ ကားလေးနှင့်သွားမြဲ လာမြဲပင်။

နောက်တစ်ကြိမ်မှာတော့ ဒုတိယတန်းကျောင်းသား သားငယ်ထံမှ-

"မေကြီး၊ သားလေ ညတုန်းက ကားပေါ်တက်မလို့လုပ်တာကို မုတ်ဆိတ်မွေးကြီးနဲ့ကုလားကြီးက ကားပေါ်မှာထိုင်နေတယ်။ သားကို ကားပေါ်တက်လာမှာစိုးလို့ လက်ကြီးနဲ့အတင်းကာထားတယ် သိလား"

"ဘယ်တုံးကလဲ"

"ညတုန်းက။ ဒါပေမယ့် သားနိုးတော့ သားက အိပ်ရာထဲမှာရှိနေတယ်၊ ကားပေါ်မှာ ထင်နေတာ"

"သားလေး အိပ်မက်မက်တာထင်တယ်"

သည့်နောက်ပိုင်းမှာ ကျွန်မ တွေးစရာဖြစ်လာသည်။ ကျွန်မ သမီးနှင့်သား အိပ်မက်က ခပ်ဆင်ဆင် မဟုတ်လား။ ယောကျ်ားကလည်း သင်္ဘောက ပြန်ရောက်နေပြီမို့-

"ရှင် ဒီကားကို ကိုယ်တိုင်သွား

မြနန်းရှင်





www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပြီး ဝယ်တာလား"

"မင်းနှယ့်ကွာ-သင်္ဘောပေါ်မှာအလုပ်လုပ်နေရတာ၊ ရန်ကုန်မှာလို ကိုယ်ကြိုက်တဲ့ကား ရွေးဝယ်ဖို့ အချိန်မှမရတာ။ အေးဂျင့်ကိုလှမ်းမှာပြီး သူတို့ဝယ်ပို့ပေးလိုက်တာပဲ၊ ဘာဖြစ်လို့လဲ"

ထိုအချိန်က ကျွန်မ၏ခင်ပွန်းမှာ တိုမို (၁၁၁) သင်္ဘောမှ ပြန်ရောက်လာခြင်း ဖြစ်ပါသည်။ ကျွန်မက သားအမိတွေ အိပ်မက်တူနေပုံကို ပြောပြလိုက်သည်။

"ဒါဆိုလည်း မင်းရဲ့ဆရာနဲ့တိုင်ပင်ပြီး ဆောင်ရွက်ကြည့်ပေါ့"

ကျွန်မအား ဗေဒင်ပညာ သင်ကြားပေးသည့် သုဝဏ္ဏ မီးဒုံးလမ်းရှိ ဆရာဦးတင်အေးထံ ရောက်သွားခဲ့၏။ ကျွန်မက အိပ်မက်အကြောင်း မပြောပြပါ၊ ကားဝင်ထားသဖြင့် ကောင်း၊ မကောင်း တွက်ချက်ပေးစေရာ-

"ဒီကားမှာ မူလပိုင်ရှင်က မကျွတ်မလွတ်ဘဲပါလာတယ်။ လူမျိုးခြား၊ ဘာသာခြား ဖြစ်နေတဲ့အတွက် သူ မကြိုက်တဲ့ အသားတွေ၊ စားစရာတွေ ကားပေါ်မတင်ကြနဲ့နော်။ ရွှေညောင်ပင်ဘိုးဘိုးရော အပ်ပြီးပြီလား။ ကားပေါ်မှာ ဘုန်းကြီးပင့်ပြီး ပရိတ်, ပဋ္ဌာန်း ပူဇော်ပြီး ကုသိုလ်ပြုပေးလိုက်၊ ပြီးရင် ဆရာ့ဆီက သိမ်ဝင်ပုတီးတစ်ကုံး ယူသွားပြီး ချိတ်ထားပေါ့"

ဆရာ့ဟောကွက်ပြီးဆုံးမှ ကျွန်မက အိပ်မက်အကြောင်း ပြောပြလိုက်သည်။ ဆရာကလည်း ကားမှာ ခိုက်နေရာမှာရှိသဖြင့် သတိထားရန် ပြောပါသည်။ ထို့ကြောင့် ကျွန်မကားကိုရောင်းချင်လာသည်၊ အိမ်သားတွေက ညှိနှိုင်းမရပါ။ အဖေ့အိမ်မှာအလှူကိစ္စရှိသဖြင့် ကားကို ရွှေညောင်ပင်အပ်ရန်၊ ဘုန်းကြီးပင့် ပရိတ်ရွတ်ရန် တစ်နေ့တည်းဆောင်ရွက်ကြမည်ဟု ပြောပါသည်။

ဆရာနှင့်တွက်ချက်ပြီး ကားကိစ္စမဆောင်ရွက်မီ တစ်နေ့မှာ အဖေက ဖုန်းဆက်လာပါသည်။ လမ်းမတော် သံဈေးမှာ ဝက်အူချောင်းများ အစ်ကိုကြီးဖွင့်သောဆိုင်အတွက် သွားယူပေးရန် ပြောပါသည်။ ဗေဒင်က ကားပေါ် ဝက်နှင့်ပတ်သက်တာ မတင်ရန် သတိပေးသည်။ ကျွန်မမှာ အဖေ့ကိုလည်း မပြောရဲပါ။ နို့ညှာမောင်အလတ် ချစ်ကိုနှင့် အငယ်ဆုံး စည်သူတို့နှစ်ယောက်တည်း ကားနှင့်လွှတ်ရန် စိတ်မချ၍ ကျွန်မကို လိုက်ပါခိုင်းခြင်း ဖြစ်သည်။

စစ်အုပ်ချုပ်ရေးကာလဖြစ်သဖြင့် မနက် (၆) နာရီထိုးမှ အပြင်ထွက်ကြရပါသည်။ ကျွန်မက လိုက်မသွားချင်ပါ။ ရင်ထဲမှာ လေးလံနေပါသည်၊ ဘာမှန်းတော့ မသိပါ။ ကျွန်မ၏မောင်အလတ်ချစ်ကို ကားမောင်းမှာကိုမြင်မှ ရင်ထဲမှာ လေးလံနေတာ ပိုသိသာတယ်။ အဖေက ခိုင်းသဖြင့် ကျွန်မ မငြင်းဆန်ရဲပါ။ အငယ်ကောင် စည်သူက ကားမောင်းကျွမ်းကျင်သဖြင့် သူ့ကိုမောင်းခိုင်းရာ-

"ဒီကောင်က သူ မောင်းချင်တယ်ပြောတယ်။ ရန်ကုန်ရောက်တုန်း မောင်းပါစေဟာ၊ မနက်စောစော ကားရှင်းပါတယ်"

ဟု ပြောပြီး သူက ကားအနောက်ခန်းသို့ ပြောင်းကာ ခေါင်းခန်းနှင့်ကပ်၍ထိုင်သည်။ ဒီဇင်ဘာလ မနက်စောစောကြီးဖြစ်၍ ချမ်းအေးလှပါသည်။ ကျွန်မလည်း ကားရှေ့ခန်းမှာထိုင်ရင်း ယောက်ျားကို လှမ်းမှာမိသည်။

"ရှင် ဒီနေ့ သင်္ဘောရုံးကို ကျွန်မ ပြန်လာမှသွားပါနော်။ ကျွန်မ မြို့ထဲရောက်တာနဲ့ ဖုန်းဆက်မယ်။ ကျွန်မ ရင်တွေလေးနေလို့ပါ"

ဟု သုံး၊ လေးခါ မှာကြားမိသည်။ ရာသီဥတုအေးချမ်းသောဖီလင်ကို မခံစားနိုင်ပါ။ ဘာရယ်မှန်းမသိ၊ စိုးရိမ်ပူပန်မှု သောကမီးကြောင့် ဇောချွေးများပြန်ရင်း သရဏဂုံနှင့်သမ္ဗုဒ္ဓေကိုမပြတ်တမ်းရွတ်ရင်း လမ်းဘေးဝဲ,ယာကြည့်ကာ-

သုဝဏ္ဏတော့ ကျော်လာပြီ၊ အာသောက,တာမွေရောက်ပြီ. . သက်ပြင်းတစ်လုံးချ၊ ရွှေဂုံတိုင်ကျော်လာပြီ. . ရင်တမမ။ ရွှေဂုံတိုင်လမ်းအတိုင်း ရွှေတိဂုံဘုရားအနီး သွေးဆေးကန်နှင့် ဗဟန်းမြို့နယ် အမှတ် (၈) အားကစားကွင်းအနီးရှိ ကားလမ်းအတိုင်း ဦးတည်လာရင်း တော်လှန်ရေးပန်းခြံရှေ့ ဦးဝိစာရလမ်းပေါ်သို့ ဂငယ်ကွေ့ ကွေ့ပြီး မြို့မကျောင်းလမ်းမှ သံဈေးသို့သွားရပါမည်။

အမှတ်(၈) အားကစားကွင်းဘေးမှဖြတ်မောင်းစဉ် ဦးဝိစာရလမ်းထောင့်ဘက် ကုက္ကိုပင်ကြီးအား လှမ်းမြင်ရင်း ကျွန်မ အမြင်အာရုံထဲမှာ လွန်ခဲ့သော (၆)လခန့်က ထိုကုက္ကိုပင်ကြီးအား ကားဝင်တိုက်ကာ သေဆုံးခဲ့ရသည့် ကျောင်းနေဖက်သူငယ်ချင်း ဝင်းဝင်းကို မြင်ယောင်မိသဖြင့် မေတ္တာပို့ပေးနေမိ၏။ ကျွန်မတို့ကားမှာလည်း မြို့ထဲမှ ဟံသာဝတီအဝိုင်းသို့သွားသည့် ဦးဝိစာရလမ်းယာဉ်ကြောပေါ်မှာ ဂငယ်ကွေ့ရန် အလျားလိုက်ရောက်ရှိနေပါသည်။ ကျွန်မကလည်း ဝဲဘက်ယာဉ်ကြောလှမ်းကြည့်မိရာ ကုန်းကမူပမာလမ်းကြော ဖြစ်နေရာ ကုန်းပေါ်ကကားဆင်းလာမှ မြင်ရပါသည်။

"ဟာ- စက်ရပ်သွားပြီ"

"နိုးပါဟ၊ လမ်းလယ်ကောင်ကြီးမှာ"

ချစ်ကိုလည်း ကြိုးစား၍နိုးရှာပါသည်၊ စက်က နိုးမရ။ ထိုအချိန်တွင် လေးဘီး မာဇဒါပစ်ကပ်တစ်စီး အရှိန်နှင့်မောင်းနှင်လို့လာသည်။

ကျွန်မတို့ကား ဆက်လက်ရှေ့တိုး မောင်းနှင်သွားမည်ထင်ပြီး အရှိန်နှင့် တည့်တည့်ကြီး မောင်းချလာပါသည်။ ကျွန်မထိုင်နေသည့်ဘက်မှဖြစ်၍ ကျွန်မ ကားတံခါးဖွင့် ဆင်းပြေးမည်ဟု လုစ်ခနဲ အတွေးပေါ်မိသည်။ တံခါးဖွင့် ဆင်းတာနှင့် ကျွန်မ အရှင်လတ်လတ် ပက်ပက်စက်စက် ကားနှစ်စီးကြား ညပ်သေမှာ သေချာတယ်။ ထို့ကြောင့် လျှပ်တစ်ပြက် စဉ်းစားဆုံးဖြတ်လိုက်သည်။ ကားထဲမှာက ကားဘော်ဒီခံထားသည်၊ မသကာ ကျိုးရုံ ပဲ့ရုံပင်။ ဦးခေါင်းပိုင်းတော့ ထိ၍မဖြစ်။ ထို့ကြောင့် စလင်းဘက်ကြီးကို ခေါင်းပေါ်အုပ်ကာ ယာဘက် ကားမောင်းသူဘက်သို့ ကိုယ်တစ်ပိုင်းရောက်အောင် ဝပ်ချလိုက်သည်။

"ဝုန်း. . ဝုန်း. . . ဒိုင်း. . . ဒိုင်း"

"အား. ."

"အီး. ."

ဖော်မပြနိုင်လောက်သော ဆူညံသံကြီးက ကျယ်လောင်စွာ ထွက်ပေါ်လာတော့သည်။

"ဝီ. . ဝီ. . . ရှဲ. . . ရှဲ"

အသံကြီးက ကြောက်မက်ဖွယ်မြည်နေဆဲပင်။ ကျွန်မ အသာ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ကျွန်မ မသေသေးပါ။ ကျွန်မ ခန္ဓာကိုယ်အနှံ့ ကြည့်လိုက်သည်။ သွေးထွက်သံယိုမရှိပေမယ့် ဝဲဘက်နံရိုးတွေ နာကျင်လှသည်။ ခန္ဓာကိုယ်အောက်ပိုင်း လှုပ်ရှားမရတော့၊ ခြေကျိုးနေလား။ မဟုတ်ပါ၊ လန့်ပြီးနာ့(ဗ်)ကြောများ တုံ့ဆိုင်းသွားတာ ဖြစ်မည်။ အပြင်သို့ မျက်လုံးဝေ့ကြည့်ရာ ကျွန်မထိုင်နေရာ ကားပြတင်းဝမှာ လေးဘီးကား၏ ဝဲဘက်အရှေ့ကားဘီးကြီးက အရှိန်နှင့်လည်နေဆဲ။ ကျွန်မသာ ကြောက်ပြီး သည်အတိုင်းနေလျှင် မျက်နှာ၊ ဦးခေါင်း စုတ်ပြတ်သွားနိုင်သည်။

ငယ်စဉ်ကတည်းက အဘိုးနှင့်

www.burmeseclassic.com

...ခေတ အသက်ကို ဉာဏ်နှင့်စောင့် ...ှောက်တတ်ရန်သင်ကြားပေးထားသည့် ...ရှင်။ ဘုရား, တရား ရှိသေကိုင်း ...ကြောင့် သေကံမရောက်၊ ဒုက္ခိတ ...ရခြင်း ဖြစ်ပေမည်။

ကားမောင်းသူ ချစ်ကိုသည် ကား ...ခါးပွင့်ထွက်ပြီး ကတ္တရာလမ်းပေါ် လွင့် ...ထွက်ကျပြီး ဘာနှင့်ထိမိသည်မသိ၊ ...ထောက်နှင့် လက်မှာ ကွဲပြီး သွေး ...ထွက်နေ၏။ ကားနောက်ခန်းက စည်သူ ...ည်း ကားအမိုး၊ သံတိုင်အကာပါလျက် ... လမ်းပေါ် လွင့်စဉ်ထွက်ပြီး အကျ ...ော်၍သာ ချိုစောင်းနည်းနည်းထိ, ...ွားစို့၊ လက်တွေ ပွန်းပဲ့ရုံပင်။ ကျွန်မ ...တော့ မလှုပ်နိုင်တော့သဖြင့် ကား ...ခေါင်မိုးပေါ် ကျော်တက်နေသည့် လေး ...ီးကားကို စက်သတ်ခိုင်းပြီး တော်လှန် ...ပန်းခြံထဲရှိ စစ်သားကြီးကြီး,ငယ်ငယ် ...ထွက်လာကာ အသာမ,ချရသည်။ ဒါမှ ...ကျွန်မကို ဆွဲထုတ်လို့ ရပါမည်။ ကျွန်မ ...အား ဆေးတပ်သုံး လူနာတင်ကတ်နှင့် ...ခန်းကာ တော်လှန်ရေးပန်းခြံမှုခံဝအနီး ...ာဝန်ကျသူများထိုင်သည့် ခုံတန်းလျား ...ာ တင်ပေးထားပြီး ဆေးတပ်သားမှ ...ရေနွေးအိတ်ကပ်ပေးခြင်း ဆေးလိမ်းစေ ...း ဆေးပေးပါသည်။ ရင်တွေတုန်ကာ ...တ်လျှော့ကာထားလျှင် သတိလစ် မေ့ ...ျောမတတ်ပင်။ သတိမေ့ပါက ဆေးရုံ ...မည်၊ ထိုအခါ ဆေးစစ်ချက်များယူ၍ ...အမှုကိစ္စများ ရှုပ်ထွေးကာ ချစ်ကိုတစ် ...ယောက် အချုပ်ထဲဝင်၊ အလုပ်ပြုတ် ...တော့မည်ဟု တွေးကာ 'ကျွန်မ ဘာမှ ...ဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး' ဟုပြောကာ ...လက်တွေအတင်းလှုပ်ကြည့်၊ နည်း ...ည်းရတာနဲ့ ထထိုင်နေလိုက်သည်။

ကျွန်မ အမြင်အာရုံထဲမှာ လေး ...ီးကားမောင်းသူ လူကြီး၏ ကြောက် ...န့်တကြား မျက်လုံးပြူးပြီး စတီယာရင် ...ကို လက်နှစ်လက်ဖြင့် ဆုပ်ကိုင်၊ သတိ ...ရားလက်လွှတ်ကာ ကျွန်မတို့ကား ...အား တည့်တည့်ကြီး ဝင်တိုးလာပုံကို ...တစ်လ၊ နှစ်လ အိပ်ရာဝင်တိုင်း လန့် ...အော်မိသည်အထိ ကြောက်စိတ်ဝင်စွာ ...ငြိခဲ့သည်။

အမှန်တကယ်ဆိုလျှင် ထိုလေး ...ီး မာဇဒါကားနေရာမှာ ဟိုင်းလတ် ...ား၊ မာဇဒါဂျစ်ကားမျိုးသာဆိုလျှင် ...ကျွန်မတို့စီးလာသောကားသည် ကားပဲ ...ကြက်ပိုင်းပြတ်မလား။ ထိုကားအောက် ...မှာပိပြားသွားမှာသေချာသည်။ ခုတော့ ...လေးဘီးကားတိုက်သည့်ဒဏ်ကြောင့် ကားအလယ်တည့်တည့် ဝဲဘက်ဘော်ဒီကြီး ချိုင့်ဝင်ကာ ယာဘက် ဘော်ဒီကြီး ဆုထွက်သွားသည်။ ကားဖရိန်ကြီး မှန့်ကြီးလိမ်ပမာ လိမ်ကောက်သွားခဲ့သည်။

လေးဘီး မာဇဒါကားလည်း မှန်အက် ခေါင်းကြေပြီး ကျွန်မတို့ကားခေါင်မိုးပေါ် ထောင်တက် ချိတ်နေသည်၊ စက်ကမရပ်သေး။ မီးထမလောင်တာ ကျေးဇူးတင်ရပေမည်။ မာဇဒါကားမှလူကြီးလည်း ပွန်းရုံမျှသာ။ မိန်းမကြီးရော ကလေးပါ ဘာမှမဖြစ်ကြ၍ ကံကောင်းလှသည်ဟုဆိုရမည်။သူတို့က လေယာဉ်ကွင်းပို့ရန် အချိန်မီဖို့ အရှိန်ကုန်မောင်းလာခြင်း ဖြစ်သည်။

စစ်အုပ်ချုပ်ရေးကာလဖြစ်၍ ဆူပူမှုမဖြစ်စေရန် စစ်ဒေသမှူးထံ အစီရင်ခံရမည်ဟု ဆိုသည်။ တပ်ဘက်မှ စစ်ဗိုလ်ကလည်း စစ်ဆေး အချက်အလက်ယူသည်၊ ယာဉ်ထိန်းရဲကလည်း ချက်ချင်း ဆောင်ရွက်နေတာ လှမ်းမြင်ရသည်။ကျွန်မမှာ ကိုယ့်မောင်လေး ပြဿနာတက်၊ ဒုက္ခရောက်မှာ ပူပန်ရသည်။ တပ်ရေးဗိုလ်ကြီးအားပြောပြီး အဖေ့ထံ အကြောင်းကြားခိုင်းရသည်။ ယာဉ်ထိန်းရဲအား ခေါ်ယူကာ နှစ်ဦးနှစ်ဖက် ကျေအေးပြီး ညှိနှိုင်းပြောပေးပါရန် ကျွန်မက တောင်းပန်သောအခါ-

"ဟိုဘက်က ယာဉ်မောင်းသူက လက်ရှိတာဝန်ထမ်းနေတဲ့ ဗိုလ်မှူးဖြစ်နေတော့ ပြောရမှာခက်နေတယ်ခင်ဗျ"

ဟု ပြောလေသည်။

ဆက်လက်၍ တိုင်းထွာစစ်ဆေးမှတ်တမ်းယူနေဆဲ ဖြစ်သည်။ ခဏအကြာမှာ ဗိုလ်ကြီးတစ်ဦးရောက်လာပြီး-

"အစ်မတို့အဖေက အာမီ (တပ်) ကလား"

"ဟုတ်ကဲ့၊ ခုတော့ အရပ်ဘက်ပြောင်း တာဝန်ထမ်းနေပါတယ်"

"စောစောကတည်းက ပြောရောပေါ့ဗျာ"

ဟု ယာဉ်ထိန်းရဲက ဆိုသည်။

အဖေရောက်လာပြီမို့ ကျွန်မစိတ်အေးသွားရသည်။ ဘုရားစာဆိုရင်း ရွှေတိဂုံဘုရားကြီးကို အာရုံပြုနေလိုက်ပါသည်။ တစ်နာရီခန့်အကြာမှာ အဖေရောက်လာပြီး-

"သမီး၊ ဘယ်လိုနေသေးလဲ"

ဟု မေးပြီး ကျွန်မ ဒဏ်ရာ ရ,မရ ကြည့်ရှုသည်။

"သက်သာပါတယ် အဖေ၊ ကားတိုက်တဲ့အမှု အခြေအနေကော"

"ဘာမှမဖြစ်ဘူး၊ စိတ်အေးအေးထား။ အချင်းချင်းဆိုတော့ အမှုကျေအေး ညှိနှိုင်းပြီး ကိုယ့်ကားကိုယ်ပြင်ဖို့ သဘောတူကြတယ်"

"ဟင်း. . . တော်ပါသေးရဲ့"

ထို့နောက် ကူညီစောင့်ရှောက်ပေးသော အရာရှိ အရာခံ၊ အကြပ်၊ တပ်သားများကို ကျေးဇူးတင်စကားပြောပြီး နှုတ်ဆက် ထွက်လာခဲ့သည်။ အဖေကတော့ ကားပျက်ကိုလာဆွဲယူမည့် ကရိန်းကားကိုစောင့်ရန် နေခဲ့သည်။

ကျွန်မဘဝမှာ ယခုလို သေဘေးကြီးက လွတ်မြောက်လာရခြင်းသည် ဘုရား,တရား,သံဃာအား မမေ့မလျော့ ပူဇော်ခြင်း၊ မိဘများအပေါ် ကြည့်ရှုခဲ့ခြင်း အထောက်အပံ့ကောင်း၍ ဖြစ်ပါသည်။

ကံကြမ္မာသည် အစပိုင်းမှာ ကျွန်မတို့ဘက်က အားနည်းနေသည်။ ကားချင်းတိုက်မိပြီးချိန်မှာ တစ်ဖက်ကလူမှာ လက်ရှိတာဝန်ထမ်းနေသောသူ။ အမှုဖြစ်လျှင် ကျွန်မတို့က အရှုံးဖြစ်တော့မည်။ အဖေရောက်လာပြီး မကြာခင်မှာ စစ်ဖယ်ရီကားကြီးတစ်စီး စစ်သားတွေအပြည့်သယ်ဆောင်ကာ မောင်းလာပါသည်။ ပြီးတော့ လမ်းဘေးထိုးရပ်ကာ ကားမောင်းသော တပ်ကြပ်ကြီးမှဆင်းလာသည်။ ကားပေါ်ပါ အရာခံဗိုလ်ကြီးနှင့် တပ်ကြပ် အချို့ ဆင်းလာပြီး အဖေ့ရှေ့မှာခြေစုံရပ်ကာ စလုဒ်ရိုက် (အလေးပြု) ကြပြီး-

"ကျွန်တော်တို့ ဘာကူညီပေးရမလဲ ခင်ဗျာ"

"လိုအပ်တာ ပြောပါ"

နှင့် ပြောလာကြသည်။

အဖေနှင့် ရှမ်းပြည်နယ်မှာ တာဝန်ထမ်းခဲ့စဉ် ရဲဘော်ဘဝနှင့်လူက ရာထူးရာခံရကာ ရန်ကုန်မှာ တာဝန်ကျနေသည်။ အဖေ အရပ်ဘက်မပြောင်းခင် ရန်ကုန်မှာ အဖေ့လက်အောက် တာဝန်ထမ်းခဲ့ဖူးသူတို့က အဖေ့ကိုမြင်၍ ကားရပ်ကာ ကူညီရန်လာခြင်း ဖြစ်သည်။ သူတို့ တပ်မော်တော်ယာဉ်ဌာနမှ ကရိန်းကားကို ဖုန်းဆက်ကာ မှာပေးကြသည်။ တိုက်တိုက်ဆိုင်ဆိုင် မိုးနတ်မင်းက ဖန်ဆင်းလွှတ်လိုက်သည့်နှယ်ပင်။

ဤသို့သောအခြေနေကို မြင်တွေ့ရသောအခါမှာ စောစောက အမှုလုပ်မည်ဘာညာ မကျေလည်သော စကားဝါကျများ ပြောင်းလဲသွားကြသည်။

ကျွန်မ ဤသို့ ပြောပြရခြင်းမှာ



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ပါဝါ၊ ကြွားဝါချင်၍ မဟုတ်ပါ။ ဘာသာတရားအပေါ် ကြည်ညိုသဒ္ဓါမှု အမြဲရှိသူသည် အခက်အခဲ မည်မျှကြုံပါစေ အောင်မြင်စွာဖြတ်ကျော်ခွင့်ဆိုသည့် အခွင့်အလမ်းရရှိနိုင်ခြင်း သာဓကကို ပြဆိုခြင်း ဖြစ်ပါသည်။

ကျွန်မ၏အဖေသည် စစ်သားဖြစ်၍ ဘာကိုမှအယုံအကြည်ရှိခဲ့သူမဟုတ်ပါ။ သို့သော် ရွှေတိဂုံဘုရားမှာ (၄၅) ရက်၊ ကျွန်မ အမိဋ္ဌာန်ကြီးဝင်စဉ်ကာလ အဖေကိုယ်တိုင် နေ့စဉ် ဘုရားလိုက်ပို့စဉ်က ဘိုးမင်းခေါင်နှင့်ကြုံတွေ့ခဲ့ဖူးပြီး နောက်နေ့စဉ် နံနက်, ည ဘုရားဝတ်တက်ခြင်း အာစိဏ္ဏကံပြုနေသူမို့ ထင်ပါသည်၊ ထိုအချိန်ကစ၍ ငါးပါးသီလကို အဖေဆောက်တည်ခဲ့တာလည်း ကံအထောက်အပံ့ ဖြစ်ပေမည်။

ကျွန်မတို့ကားမှာ ထိုအချိန်က ကားတစ်စီး တစ်သိန်းကျော်မျှသာ ရှိပါမည်။ ကားပြင်ဆင်ခ တစ်သိန်းကျော် ကုန်သွားသည်။ ကားရောင်းရန် သတင်းစာထဲသို့ ကြော်ငြာထည့်လိုက်သည်။ တောင်ကြီးမြို့မှ လာဝယ်သွားသည်။ ဝယ်သူများမှာ မူလကားပိုင်ရှင်ကဲ့သို့ ဘာသာခြားဖြစ်နေတာ အံ့ဩစရာပင်။

မော်တော်ကားနှင့်ကြုံဆုံခဲ့ရသမျှ ခြုံငုံကြည့်မိလျှင် မူလပိုင်ရှင်၏ ကားပေါ်မှာစွဲ၍ မကျွတ်မလွတ်သော ဝိညာဉ်ခန္ဓာနှင့်အတူ ပါလာသည်။ ကျွန်မတို့ကလည်း ဘုရားကို ဦးစွာဦးတိုက်ခဲ့ပါသည်။ ရွှေညောင်ပင်ဘိုးဘိုးကြီး မအပ်နှံမိခဲ့။ အိပ်မက်ပေးလာသော ကားပေါ်မှနာမ်လောကသားကို ကားပေါ်မှထွက်ခွာသွားရန် လုပ်ဆောင်တော့မည်တစ်ကြောင်း၊ သူတို့မနှစ်သက်သော အသားကို ဝယ်ယူတင်ဆောင်တော့မည်ဆိုတာ သိ၍လည်း အကြောင်းပေါင်းစုံကာ သူ့ဘက်က အားသာချိန်မှာ အနိဋ္ဌာရုံ ဖြစ်စေခဲ့သည်။

ကိုယ့်ဘက်က ကံအနေအထား မြင့်၍သာ သေကံမရောက် သက်မပျောက်ခဲ့ရခြင်း ဖြစ်တော့သည်။

ထို့ကြောင့် ကားအသစ်လေးတွေ ဝယ်စီးကြသူများ သူစည်းနှင့်သူ ဆိုင်ရာ အပ်နှံကြဖို့ မမေ့မလျော့ကြစေရန် ဖွင့်ဖော်ပြရခြင်း ဖြစ်ပါသည်။

မြနန်းရှင်

*(၁၉၈၈ ခု၊ ဒီဇင်ဘာလ) ကိုယ်တိုင်ကြုံခဲ့ရသော အဖြစ်အပျက် ဖြစ်ပါသည်။*

ကိုယ်ခံစွမ်းအား မြှင့်တင်ပေးနိုင်သည့်


# ဆေးဖက်ဝင် ရဲယိုဖျော်ရည်

**စွမ်းထက်နောင်**

ရဲယိုပင်သည် မြန်မာပြည်အနှံ့ အပြားတွင် သဘာဝအလျောက်သော်လည်းကောင်း၊ စိုက်ပျိုးပင်အဖြစ်သော်လည်းကောင်း ပေါက်ရောက် စိုက်ပျိုးကြ၍ ဆေးဖက်ဝင်သောအပင် ဖြစ်ပါသည်။ ရဲယိုသည် မြန်မာဆေးကျမ်းများ အလိုအရ သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကိုနိုင်၏။ အစာမကြေ၊ လေနာ၊ သည်းခြေနာတို့ကိုနိုင်၏။ အသက်ကိုရှည်စေ၏။ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ချောင်းဆိုးပန်းနာ၊ မီးယပ်နာ၊ ဝမ်းချုပ်ခြင်းကို ပျောက်ကင်းစေ၏။

လက်တွေ့ သုတေသနပြုမှုအရ ရဲယိုသည် ခန္ဓာကိုယ်အစိတ်အပိုင်းများ၏ လုပ်ငန်းဆောင်ရွက်မှုစွမ်းရည်ကို တိုးတက်စေ၍ သွေးလည်ပတ်မှုကောင်းစေပြီး ကျန်းမာရေးကို ကောင်းမွန်စေပါသည်။ အစာခြေမှုစနစ်ကို တောင်းမွန်စေပြီး ခန္ဓာကိုယ်မှ လိုအပ်သော အာဟာရစွမ်းအင်များကို ပိုမို စုပ်ယူစေပါသည်။ ကျား၊ မ နှစ်ဦးစလုံး၏ ကာမစွမ်းရည်ကို တိုးတက်စေ၍ အသက်ကြီးသော်လည်း ကျန်းမာရေး မချို့ယွင်း မပျက်စီးစေနိုင်ဟု သိရှိရပြီး အသက်ကိုရှည်စေပါသည်။ ခန္ဓာကိုယ်ဝဖြိုးခြင်း၊ အလေးချိန်များနေခြင်းနှင့် အဆီများ လျော့ကျစေပြီး ခန္ဓာကိုယ်အတွက် လိ အပ်သော အာဟာရစွမ်းအင်များကို ဖြည့်စွမ်းပေးနိုင်ကြောင်း သိရှိရပါသည်။

ကင်ဆာရောဂါ၊ အဆစ်အမြ ကိုက်ခဲခြင်း၊ ဆီးချို၊ ပန်းနာ၊ သွေးတိုး နှလုံး၊ စိတ်ဖိစီးမှု၊ စိတ်ကျရောဂ သွေးအားနည်း၊ မျက်စိရောဂါများကိုပ ပျောက်ကင်းစေသည့်အပြင် ခန္ဓာကိုယ် ၏ ရောဂါခုခံနိုင်သော ပင်ကိုခုခံအာ စနစ် (Immune system) ကို တိုးတ စေသဖြင့် အေအိုင်ဒီအက်(စ်) ခုခံအာ ကျဆင်းမှုရောဂါကိုပင် ပျောက်ကင်းစေ နိုင်ကြောင်း လေ့လာမှုအများအရ သိရှိ ပါသည်။ ကျောက်ကပ်ရောဂါ၊ ပန်းသေ ပန်းညှိုး၊ အရေပြားရောဂါများ ဖြစ် သော နှင်းခူ၊ ဝဲ၊ ပွေး၊ ခရုသင်းရော များ ပျောက်ကင်းနိုင်ကြောင်းနှင့် ဆံပ ကျွတ်ခြင်း၊ ဆံပင်မပေါက်ခြင်း၊ အသာ အရေဖြူလွန်းခြင်းများအတွက် အလွ ကောင်းမွန်သည်ဟု သိရပြန်ပါသည် ထို့ပြင် ဖျော်ရည်ကိုသောက်သုံးဖြင့် သွေ သားမတည့်၍အရေပြားနာဖြစ်ပေါ်ခြ သွေးတိုး၊ အဆစ်အမြစ်များကိုက်ခဲခြ နှလုံး၊ ဆီးချို၊ အသည်းရောဂါမျ ပျောက်ကင်းစေပြီး ကိုယ်ခံစွမ်းအားတ မြှင့်စေကာ ကင်ဆာရောဂါကို ကာကွ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း သိရှိရပါသည်။

သုတေသန စမ်းသပ်မှုများအရ ဆေးဖက်ဝင်အပင်ငါးရာတို့၏ အဆီအနှစ် (Extract)များကို စမ်းသပ်သုတေသနပြုခဲ့ရာတွင် ရဲယိုအမြစ်၏အဆီအနှစ်သည် အသည်းကင်ဆာ၊ ပန်ကရိယကင်ဆာ၊ ရင်သားကင်ဆာ၊ သွေးကင်ဆာများကို ပျောက်ကင်းစေနိုင်ကြောင်း တွေ့ရှိခဲ့ရပါသည်။ ရဲယိုရွက်၏ အဆီအနှစ်သည် ဝမ်းတွင်းရှိ သန်ကောင်၊ ကပ်ပါးကောင်များကို တစ်ရက်အတွင်း သေစေနိုင်ကြောင်း သိရှိရကာ အသီး၏ အဆီအနှစ်သည် အကျိတ်ကင်ဆာများကြီးထွားမှုကို ရပ်တန့်စေကြောင်း တွေ့ရှိရပါသည်။ ရဲယိုကို တိုင်းရင်းဆေးများအဖြစ် ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေကြပါသည်။ ဂျပန်၊ တရုတ်၊ ဩစတြေးလျ စသည့် နိုင်ငံများ၌ ရဲယို၏ အရွက်၊ ပန်းပွင့်၊ အသီး၊ အခေါက်၊ အမြစ်များကို အားတိုးဆေးရည် (Tonic) အဖြစ် အသုံးပြုနေကြပါသည်။ နိုနိဖျော်ရည် (NONI JUICE) အဖြစ် ထင်ရှားပါသည်။ ရဲယိုသီး၏ ဓာတ်တိုးဆန့်ကျင်မှုအာနိသင် (Antioxidant) သည် ဗီတာမင်စီထက် (၂. ၈) ဆ သာလွန်ကြောင်း သိရှိရပါသည်။ ရဲယိုသီးတွင်ပါဝင်သော အာဟာရများမှာ ဗီတာမင်စီ၊ နိုင်ယာယာစင် (NIACIN) သံဓာတ်၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ ဆိုဒီယမ်ဓာတ်များဖြစ်၍ ဆေးဝါးများကဲ့သို့ လူ၏ ခန္ဓာကိုယ်ကို အကျိုးပြုနိုင်ပါသည်။

သုတေသနပြုမှုအရ ရဲယိုသီးဖျော်ရည်သည် ကင်ဆာရောဂါကုသနိုင်သည့် အကောင်းဆုံးဆေးဝါး ဆယ်မျိုးအတွင်း တစ်ခုပါဝင်ပါသည်။ ရဲယိုသီးဖျော်ရည်သည် အနံ့၊ အရသာမကောင်းသဖြင့် တချို့ ထုတ်လုပ်သူများမှ အနံ့အရသာကောင်းစေရန် အခြားဖျော်ရည်များဖြင့် ရောစပ်ထုတ်လုပ်ကြ၏။ ပန်းသီးဖျော်ရည်၊ သစ်တော်သီးဖျော်ရည်တို့နှင့် ရောစပ်ကြပါသည်။

သကြားထည့်ခြင်းဖြင့် ရဲယိုဖျော်ရည်၏ အာနိသင် လျော့နည်းစေတတ်ပါသည်။ ရဲယိုသီးဖျော်ရည်စစ်စစ်သည် အရည်များ၏ PHအဆင့် (၃. ၅) ရှိပါသည်။ ထိုထက်မြင့်နေပါက အခြားအရည်များဖြင့် ရောစပ်ထားခြင်း ဖြစ်ပါသည်။

ရဲယိုသီးဖျော်ရည်စစ်စစ်ကို နေ့စဉ်သောက်သုံးလိုသူများအတွက် ရဲယိုသီးဖျော်ရည် (NONI JUICE) ကို မိမိကိုယ်တိုင် ပြုလုပ်နိုင်သည့်နည်းကို ဖော်ပြလိုပါသည်။





ပြုလုပ်နည်းမှာ ရဲယိုသီးအရင့်အမှည့်များကို စုဆောင်းပြီး အညစ်အကြေးများကို သွားပွတ်တံဖြင့် ရေဆေးသန့်စင်ဖယ်ရှားပါ။ အသီးများကို ရေထဲတွင် တာရှည်စွာ စိမ်မထားဘဲ လေဝင်လေထွက်ကောင်းသည့်နေရာတွင် လေသလပ်အခြောက်ခံပါ၊ နေမလှန်းရပါ။ အပေါ်ယံအခွံ ပျော့ပျောင်းလာပြီး အနံ့ထွက်လာသောအခါ အလင်းရောင်မဝင်နိုင်သည့်အနက်ရောင် သို့မဟုတ် အစိမ်းရောင်အဝကျယ်ဖန်ပုလင်းထဲသို့ထည့်ပြီး အဖုံးကို လေလုံအောင်ပိတ်၍ အခန်းတွင်းအပူချိန်၌ ရေငွေ့မရှိသောနေရာတွင်ထားပါ။ စိုစွတ်ထိုင်းမှိုင်းသောနေရာ မဖြစ်စေရပါ။ စတီး၊ ကြွေရည်သုတ်အိုးများကိုလည်း အသုံးပြုနိုင်ပါသည်။

စတင်ထည့်သည့်နေ့မှ ခြောက်ပတ်မှ ရှစ်ပတ်အထိထားပါ။ ထို့နောက် အရည်များကို စကာဖြင့် စစ်ယူ၍ ပိုးသတ် ပေါင်းတင်ထားသည့် ပုလင်းတွင်ထည့်ပြီး အသုံးပြုနိုင်ပါသည်။ အပူချိန်များစွာပေး၍ ရဲယိုသီးကို မကျိုချက်ရပါ။ ယင်းသို့ ပြုလုပ်ခြင်းသည် သဘာဝအာဟာရများကို ပျက်စီးစေနိုင်ပါသည်။ ဂျပန်၊ တရုတ်နိုင်ငံများ၌ ရဲယိုသီးအမှည့်များကို အရက်ပါဝင်မှု (၅၀) ရာခိုင်နှုန်းရှိသော (Ethernol 50%) အရက်ဖြင့် ခြောက်ပတ်ခန့် စိမ်ထား၍ အရည်များကို စကာဖြင့် စစ်ယူကာ သန့်ရှင်းသည့်ပုလင်းတွင်ထည့်ပြီး အားတိုးဆေးအဖြစ် မှီဝဲ သောက်သုံးကြပါသည်။ ရဲယိုဖျော်ရည်ကို ရေဖြင့်သော် လည်းကောင်း၊ သစ်သီးဖျော်ရည် တစ်မျိုးမျိုးဖြင့်သော် လည်းကောင်း ရောစပ်သောက်သုံးနိုင်ပါသည်။ လူကြီး တစ်နေ့ စားပွဲတင်ဇွန်း (၂) ဇွန်း၊ ကလေး တစ်နေ့(၁)ဇွန်း နေ့စဉ် အစာမစားမီ မိနစ်သုံးဆယ်အလိုတွင် သောက်နိုင်ပါသည်။ အရေပြားရောဂါများနှင့် အသားအရေ လှပရန်အတွက် ဖျော်ရည်ကိုလိမ်းကျံ၍ အရည်ကို သောက်နိုင်ပါသည်။ ဘေးထွက်ဆိုးကျိုး မရှိပါ။

ရဲယိုကို ရိုးရာတိုင်းရင်းဆေးများအဖြစ်မှ ခေတ်မီ သိပ္ပံနည်းကျ ထုတ်လုပ်၍ ကမ္ဘာတစ်ဝန်းတွင် အသုံးပြုနေကြပါသည်။ နိုင်ငံတကာတွင် ရိုးရာအစဉ်မပျက် သုံးစွဲခဲ့ကြသော ဆေးဖက်ဝင်အပင်များကောင်းကျိုးရလဒ်ကို သိရှိလိုကြသဖြင့် မိမိရိုးရာတိုင်းရင်းဆေးများ၏ ရောဂါပျောက်ကင်းမှုရလဒ်များကို တိုးတက်လာသော ခေတ်မီနည်းပညာများဖြင့်သုတေသနပြုပြီး လေ့လာဖော်ထုတ်သုံးစွဲနေကြပါသည်။ အတွေ့အကြုံအရသုံးစွဲခဲ့သော ဆေးဝါး (Experience based medicine)အဆင့်မှ သိပ္ပံနည်းကျသက်သေအထောက်အထားဖြင့်သုံးနိုင်သောဆေးဝါးများ (Evidence based medicine) အဆင့်သို့ သုံးစွဲနိုင်ရန် ဖော်ထုတ်လုပ်ဆောင်နေကြပါသည်။

မိမိတို့ မြန်မာနိုင်ငံတွင်လည်း ရှေးရိုးရာသုံးစွဲခဲ့သော ဆေးဝါးပင်များ များစွာရှိပါသည်။ ထိုဆေးဝါးအပင်များ၏ လက်တွေ့ရောဂါပျောက်ကင်းမှုကို အတွေ့အကြုံ အထောက်အထားမှ တစ်ဆင့် ခိုင်လုံသော သက်သေအထောက်အထားဖြင့် စမ်းသပ်သုတေသနပြု၍ အများပြည်သူများ မြန်မာ့ဆေးဝါးပင်များကို ယုံကြည်စိတ်ချစွာဖြင့် သုံးစွဲနိုင်ရန် သုတေသနပြုမှုများ ပြုလုပ်သင့်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

စွမ်းထက်နောင်

**ကိုးကား -**

*လက်တွေ့အသုံးချ ဆေးဖက်ဝင်*
*အပင်များပေါင်းချုပ်*
*အရှင်နာဂသိန်၏*
*လက်စွဲဆေးအဘိဓာန်*
*အင်တာနက်တွေ့ရှိချက်များ*



www.burmeseclassic.com

www.burmeseclassic.com



(စိတ်ပညာ) ဝေမင်းဦး

# တိဗက်တို့၏ ထူးထွေဆန်းပြားရိုးရာဓလေ့များ

တရုတ်တို့က ဇီချွမ်ဟု ခေါ်သော ယခု တိဗက်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ ဖြစ်သည့် တိဗက်ကုန်းပြင်မြင့်ဒေသကြီးသည် ဟိမဝန္တာတောင်တန်းကြီး၏ တောင်စွယ်တောင်ကြောတို့ကို ကျော ရိုးပြုလျက် ဧရိယာစတုရန်းမိုင် (၇)သိန်းခန့် ကျယ်ဝန်းပြီး ပင်လယ်ရေမျက်နှာပြင်ထက် ပေတစ်သောင်းသုံးထောင်ကျော် မြင့်မားရကား မိုးထိတိုင်းပြည်၊ တိမ်ညွန့်ကြားက မင်းရွှေပြည်၊ ကမ္ဘာ့ခေါင်မိုးနိုင်ငံဟု တင်စားခေါ်ဝေါ်ခဲ့ကြသည်ပင် ဖြစ်၏။ မြန်မာနိုင်ငံထက် သုံးဆကျော် ကျယ်ဝန်းသော်လည်း လူဦးရေမှာမူ မြန်မာနိုင်ငံ၏ (၁၅)ပုံ (၁)ပုံမျှ မရှိသောကြောင့် လူဦးရေအလွန်ကျဲပါးကာ တောတောင်ကန္တာရ၊ မြစ်ဝှမ်းချိုင့်ဝှမ်း၊ လျှိုမြောင်ချောက်ကမ်းပါး စသည်တို့နှင့်အတိပြီးနေသည့်အတွက် ခရီးလမ်းပန်းဆက်သွယ်ရေး အလွန်အမင်းခဲယဉ်းနေလျက် ဆီးနှင်းတဖွေးဖွေးနှင့် အအေးဓာတ်လွန်ကဲနေသောကြောင့် လူမျိုးခြား၊ ဘာသာခြား တိုင်းတစ်ပါးသားများအဖို့ မသိနိုင်မဏပ်နိုင်သလို ဖြစ်နေခဲ့သည် ဖြစ်၏။

ထို့အပြင် တိဗက်ဒေသသားများအဖို့လည်း တိုင်းတစ်ပါးသားတို့အား မယုံမကြည်ဖြစ်ရုံသာမက အယူကြီးလွန်း၊ အယူသီးလွန်း၍ သမိုင်းစဉ်တစ်လျှောက်လုံး၌ တံခါးပိတ်ဝါဒကျင့်သုံးသလို လျှို့ဝှက် သိုသိပ်စွာ တစ်သန္တာန်လုံး နေထိုင်ခဲ့ကြသည်။ သူတို့ လာဆာမြို့တော်ကိုလည်း နိုင်ငံခြားသားတို့လုံးဝမဝင်ရောက်မလာရောက်နိုင်အောင် ကာကွယ်တားဆီးထားခဲ့ကြသဖြင့် လာဆာမြို့တော်သည် ပိတ်ပင်တားမြစ်ထားသော မြို့တော်အဖြစ် လူသိများခဲ့ကြသည်။

တိဗက်ဇာတ်မြင့်မျိုးနွယ်စုတို့သည် အရပ်ရှည်ရှည်၊ မျက်နှာရှည်ရှည်နှင့် ထွားကျိုင်းကာ မြောက်ပိုင်း၊ အရှေ့ပိုင်းတွင် အနေများကြပြီး လယ်သမားမျိုးနွယ်စုများမှာမူ အရပ်ပုပု၊ ခေါင်းလုံးလုံး၊ ပါးရိုးမြင့်မြင့်၊ နှာခေါင်းပြားရှိလျက် တောင်ဘက်ဒေသတွင် ပိုအနေများကြသည်။ သိုးကျောင်းမျိုးနွယ်စုမှာကား အိမ်ရာအတည်အကျမရှိ အရပ်တကာကို လှည့်လည်သွားလာနေတတ်သည် ဖြစ်၏။ ယေဘုယျအားဖြင့် တိဗက်များသည် ရှည်လျား သန်မာသော ဆံပင်၊ နက်မှောင်တောက်ပြောင်သောမျက်ဝန်း၊ ဝါနုရောင်အသားအရေတို့ ရှိကြသည် ဖြစ်၏။

တကယ်ဆန်းစစ်တော့ တိဗက်တို့၏ သမိုင်းစဉ်သည် ရှည်လျားထွေပြ… ဒဏ္ဍာရီများ၊ ဂန္ဓာရီများဖြင့် ရှုပ်ထွေ… လီနေသည် ဟူ၏။ သို့တစေ တိ… ဘုရင် ရှိပူယီမင်းမှစ၍ ဒလိုင်းလား… ရဟန်းမင်းကြီးများခေတ်တိုင် အ… အလာ ကြီးကြီးမားမား သမိုင်းမှတ်… ခိုင်ခိုင်မာမာတို့ကို ဖန်ဆောင်နိုင်ခဲ့သ… ၁၅ ရာစုတွင် တိဗက်ဒေသသည် … ပြိုင်တရုတ်ဘုရင်များ၊ မွန်ဂိုဘုရ…



www.burmeseclassic.com

www.burmeseclassic.com

အကူအညီဖြင့် ဒလိုင်းလားမားရဟန်းမင်းကြီးအုပ်ချုပ်ရေးစနစ်ကို ထူထောင်နိုင်ခဲ့သည်။ တစ်နည်းပြောရလျှင် ရှေးတိဗက်ဒေသသည် ဒလိုင်းလားမားရဟန်းမင်းကြီး အုပ်ချုပ်သော ဘုန်းကြီးနိုင်ငံပင် ဖြစ်သည်။ ထူးခြားချက်ပင်။

လူဦးရေနည်းပါးလှသော တိဗက်ဒေသတွင် သာမန်တိုင်းသူပြည်သားလူဝတ်ကြောင်များထက် ဘုန်းကြီးရဟန်းများက ပိုမို များပြားနေတတ်သည် ဟူ၏။ ဘုန်းကြီးရဟန်းများကို တိဗက်တို့က လားမားဟု ခေါ်ကြသည်။ တိဗက်မိသားစုတိုင်းမှ လားမားဘုန်းကြီးတစ်ပါးလောက်တော့ ပေါ်ထွက်မှ ဖြစ်သည်။

သိထားစရာ ကောင်းသည်က တိဗက်တို့က ဘုန်းကြီးကျောင်းသားများ





www.burmeseclassic.com

www.burmeseclassic.com

ကို (ဝါ) ကပ္ပိယများကို ဆေလ၊ ပဋ္ဌင်းပျို့များကို ထရက်ပါ၊ ပဋ္ဌင်းကြီးများကို ရမ်ပိုချီ၊ ဝါတော်ရတိုက်အုပ်၊ တိုက်ကြပ်၊ ကျောင်းထိန်း၊ ကျောင်းထိုင်များကို လားမား၊ သာသနာပိုင်ဂိုဏ်းချုပ်ရဟန်းမင်းကြီးကို ဒလိုင်းလားမားဟု ခေါ်ဝေါ်ကြသည် ဟူ၏ ဆိုခဲ့သလိုပင် ဒလိုင်းလားမားရဟန်းမင်းကြီးတို့သည် သာသနာအုပ်ချုပ်ရေးကိုသာမက တိုင်းပြည်အုပ်ချုပ်ရေးကိုပါ ကိုင်တွယ်အုပ်ချုပ်ရသည်ဖြစ်၏။

စင်စစ် တိဗက်တို့၏ လားမားဘုန်းကြီး သာသနာတော်သည် မဟာယာန ဗုဒ္ဓသာသနာတစ်မျိုးဖြစ်သော တန္တရဗုဒ္ဓသာသနာပင် ဖြစ်ပါသည်။ တိဗက်တန္တရဗုဒ္ဓသာသနာဟူသည်မှာ မူရင်း ဗုဒ္ဓဘာသာကို ပြုပြင်၍ ဟိန္ဒူဝါဒ၊ နတ်၊ တစ္ဆေသရဲကို ကိုးကွယ်ယုံကြည်သော တိဗက်ရိုးရာ ဘွန်ဘာသာ၊ လောကီပညာ၊ ဂန္ဓာရီပညာများကို ရောသမမွှေထားသော ဘာသာသာသနာပင်ဖြစ်သည်။ အိန္ဒိယ တန္တရဗုဒ္ဓဝါဒီအထိ ဆာခေါ် ဒီပင်္ကရာဉာဏမထေရ် ထူထောင်သော ကာဒမ္ဗဂိုဏ်း၊ ကသျှိရသားသကျပဏ္ဍိတမထေရ် ထူထောင်သော သကျဂိုဏ်းမှ ဆွန်ခပမထေရ်က ဗုဒ္ဓစာပေနှင့် အညီညွတ်ဆုံး ပြုပြင်ကာ ဂျီလပဂိုဏ်းကို ထူထောင်လိုက်သည်။ ဤဂျီလပဂိုဏ်းသည် နောင်တွင် ဒေါက်ရှာဝါဂိုဏ်းဟု ထင်ရှားလာပြီး ဒလိုင်းလားမား အကြီးအမှူးပြုသော သာသနာ့ဂိုဏ်းကြီးအဖြစ် ရောက်ရှိခဲ့သည်။ ဒေါက်ရှာနီဂိုဏ်းဟူ၍လည်း ရှိသေးသည်။ တိဗက်ဒေသတွင် ကနဦးဆုံး တန္တရဗုဒ္ဓသာသနာကို စတင်ဖြန့်ဖြူးသော အိန္ဒိယတန္တရဝါဒီ ပဒမသမ္ဘဝမထေရ်နှင့် သူ၏တပည့်သာဝကတို့ ထူထောင်သော ညိန်မပဂိုဏ်းကို ဒေါက်ရှာနီဂိုဏ်းဟုလည်း ခေါ်ဆိုခြင်း ဖြစ်သည်။ အလေးဂရုပြုဖွယ်ရာက ဒေါက်ရှာဝါဂိုဏ်းကို အထက်လမ်းဂိုဏ်းဟူ၍ လည်းကောင်း၊ ဒေါက်ရှာနီဂိုဏ်းကို အောက်လမ်းဂိုဏ်းဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြသေးသည်။ သို့လိုပင် ဘွန်ဘာသာဂိုဏ်းဟူ၍လည်း ရှိသေးသည်။ တိဗက်တို့၏ မူလရိုးရာယုံကြည်မှုဘာသာဖြစ်ပြီး တစ္ဆေ၊ သရဲ၊ နတ်၊ ကဝေ၊ စုန်းမိစ္ဆာတို့နှင့် ကိုးကွယ်မှုဆိုင်ရာတို့ ဆက်နွှယ်နေသော ဘာသာအယူပင် ဖြစ်သည်။

တစ်ခါ တိဗက်တို့က ဒလိုင်းလားမားရဟန်းမင်းကြီးကို အဝလောကိတေသရအမည်ရှိသော ဘုရားလောင်းဝင်စားသူဟု အကြွင်းမဲ့ ယုံကြည်ကြသည့်အလျောက် ထိုဒလိုင်းလားမားရဟန်းမင်းကြီး ပျံလွန်သွားခဲ့လျှင် သူသည် ဒလိုင်းလားမားရဟန်းမင်းကြီးတာဝန်ကို အသစ်တစ်ဖန် ပြန်လည် ထမ်းဆောင်ရန်အလို့ငှာ နောက်ထပ်မံ၍ လူ့ဘဝကို ပြန်လည် ဝင်စားလျက်ရှိလာသည်ဟု လုံးဝဥဿုံ ယုံစွဲကြသည်။ သို့ဖြစ်သောကြောင့် ထိုအခြေအနေမျိုး ကြုံကြိုက်လျှင် တာဝန်ကျ လားမားကြီးတို့သည် ဒလိုင်းလားမားလူဝင်စားကလေးငယ်ကို တိဗက်ဒေသတစ်ခွင်တစ်ပြင်တွင် ပိုက်စိပ်တိုက်ရှာဖွေပြီး တိဗက်ရွှေကိုယ်တော်လေးဟုသမုတ်ကာ ပေါတာလနန်းတော်သို့ ယူဆောင်ကာ မွေးမြူစောင့်ရှောက်ပြီး အရွယ်အလိုက် သင်ကြားပို့ချမှုများအဆင့်ဆင့်ပြုလုပ်ပြီး အရွယ်ရောက်လျှင် ဒလိုင်းလားမားရဟန်းမင်းကြီးတာဝန်ကို ပေးနှင်းလေ့ရှိသည်။ ထိုရွှေကိုယ်တော်လေး အရွယ်မရောက်မီတွင် ပန်ချာလားမားက ရင်ခွင်ပိုက်အုပ်ချုပ်ရေးတာဝန် (ဒလိုင်းလားမားရဟန်းမင်းကြီးတာဝန်) ကို ဆောင်ရွက်ပေးရသည်။

ထို့ပြင်တစ်ဝ ဒလိုင်းလားမားရဟန်းမင်းကြီး ပျံလွန်တော်မူပြီးနောက် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို တိဗက်နည်းတိဗက်ဟန်ဖြင့် မပုပ်မသိုးရအောင် မမီရုပ်ပြုလုပ်ပြီး ရွှေပိန်းချကာ ရွှေစင်ရုပ်တုအဖြစ် ဖန်တီးလျက် ဂျိုကန်ကျောင်းတိုက်ကြီးတွင် ကိန်းဝပ်စံပယ်စေလျက် ပူဇော်သက္ကာရပြုကြခြင်းပင် ဖြစ်သည်။ ထိုသို့ မမီရုပ်ပြု ရွှေပိန်းချ ရွှေစင်ရုပ်တုများကို တိဗက်ဘဝရှင်ရွှေစင်ရုပ်တုဟူ၍ ခေါ်ကြသေးသည်။ တကယ်တော့ ဒလိုင်းလားမားရဟန်းမင်းကြီး၏ အသက်မဲ့ ရုပ်ကလာပ်ကို ထိုသို့ဘဝရှင်ရုပ်တုပြုလုပ်ရုံမျှသာမကသေး၊ ရံဖန်ရံခါ၌ သိက္ခာတော်ရ ဝါတော်ကြီး လားမားရဟန်းကြီးတချို့၏ ရုပ်ကလာပ်များကိုလည်း ထိုသို့ မမီရုပ်ပြု ရွှေပိန်းချရွှေစင်ရုပ်တုများအဖြစ်ပြုလုပ်ကြပါသေးသည်။ ဒလိုင်းလားမားရဟန်းမင်းကြီးနှင့် လားမားရဟန်းကြီးတချို့၏ဘဝရှင်ရွှေစင်ရုပ်တုများကို ထိုသို့ဖန်တီးရခြင်းမှာ လူဝင်စားယုံကြည်မှုကို အကြောင်းပြု၍ ပေါ်ထွန်းလာရသည်ဟု ဆို၏။

တစ်ဖန် တိဗက်တို့သည် မိမိတို့ ကိုးကွယ်သော ဘာသာတရားတော်အပေါ်၌ ကြည်ညိုသဒ္ဓါစိတ် အလွန်အမင်းကြီးမားစွာဖြင့် ပူဇော်သက္ကာရပြုကြပါသည်။ သူတို့၏ သဒ္ဓါကြည်ညိုစိတ်ကြီးမားပုံကို ဟိန္ဒူသက္ကတယောဂီကျမ်းများထဲက ‘ဘတ်(က်)တိ’ ဆိုသော ဝေါဟာရအနက်ဖြင့် ခိုင်းနှိုင်းပုံဖော်ရလိမ့်မည်ထင်သည်။ ထိုကျမ်းဂန်များ၌ ‘ဘတ်(က်)တိ’ ဝေါဟာရအနက်ကို ချစ်ခင်ခြင်း၊ အားကိုးခြင်း၊ ကြောက်ရွံ့ခြင်း၊ မြတ်နိုးခြင်း၊ ရိုသေခြင်း စသည်များဖြင့် ရောပြွမ်းနေသော သဒ္ဓါကြည်ညိုစိတ်ဟု ဖွင့်ဆိုပေးထားသည်ကို တွေ့ရှိရပေသည်။

ဥဒါဟရုဏ်ဆိုရလျှင် တိဗက်တို့ ဘုရားဝတ်ပြုရှိခိုးပူဇော်သောအခါတွင် မတ်ရပ်အနေအထားမှနေ၍ ဝမ်းလျားမှောက်အနေအထားသို့ လျှပ်တစ်ပြက်အတွင်း ပြောင်းလဲကာ တရှိုက်သေအတိုင်းရပ်ပြုခြင်းကို ထပ်တလဲလဲ အကြိမ်ကြိမ်အခါခါ ပြုလုပ်ကြသည်ပင်ဖြစ်၏။ ထိုနည်းတူပင် ဆုတောင်းပတ္ထနာပြုခြင်း၊ ပရိတ်စာ ဘုရားရှိခိုးစာများ ရွတ်ဆိုခြင်း၊ ဂါထာမန္တန်များအား ရွတ်ဖတ် သရဇ္ဈာယ်ခြင်းများ ပြုလုပ်သောအခါမျိုးတွင် ဆုတောင်းဘီးဝိုင်းကြီးများ၊ ဆုတောင်းထုလုံးရှည်ကြီးများကို အဖန်တလဲလဲ လှည့်ပတ်ပေးခြင်းဖြင့် လည်ပတ်နေစေသည်ဟူ၏။ ထိုဆုတောင်းဘီးဝိုင်းကြီးများ၊ ဆုတောင်းထုလုံးရှည်များ တစ်ကြိမ်လည်ပတ်မိတိုင်း ဆုတောင်းစာ ပရိတ်စာ၊ ဘုရားရှိခိုးစာ၊ ဂါထာမန္တန်များ၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းတစ်ကြိမ်နှင့် ညီမျှသည်ဟုယူကြသည်။ ၎င်းဘီးဝိုင်းကြီးများ၊ ထုလုံးရှည်ကြီးများ ရာထောင်ချီ၍ လည်ပတ်ခဲ့လျှင် ရွတ်ဖတ်သရဇ္ဈာယ်ခြင်း အကြိမ်ရာထောင်ချီပြုလုပ်ရာရောက်သည်ဟု ယုံစွဲကြသည်။ တိဗက်တို့၏ ဓလေ့ဆန်းတစ်ခုပင်။

နောက်စိတ်ဝင်စားစရာတစ်ခုကတော့ ဆုတောင်းဘီးဝိုင်းကြီးများ၊ ဆုတောင်းထုလုံးရှည်တို့အပြင် လောင်ဒဟုခေါ်သော ဆုတောင်းအလံများပင် ဖြစ်သည်။ ထိုလောင်ဒအလံများကို ပိတ်ဖြူပါးပါးဖြင့် ပြုလုပ်လေ့ရှိသည်။ ထိုလောင်ဒအလံသည် ကြီးကြီးငယ်ငယ်၊ ရှည်ရှည်လတ်လတ် အရွယ်အစားအမျိုးမျိုးရှိသည်။ ထိုလောင်ဒအလံပိတ်ဖြူများအပေါ်တွင် ဆုတောင်းစာ၊ ပရိတ်စာ၊ ဘုရားရှိခိုးစာ၊ ဂါထာမန္တန်များအပြင် အင်းအိုင်၊ ခါးလှည့်၊ စမပုံများတို့နှင့် တကွ ဗောဓိညောင်ရွက်ပုံ၊ ခြင်္သေ့ပုံ၊ ကျားပုံ၊ နဂါးပုံ၊ ဂဠုန်ပုံ၊ မီးအိမ်သယ်လာသော မြင်းပုံ စသော လောကီသင်္ကေတပုံများကို လက်ဖြင့်ရေးဆွဲလျက် ဖြစ်စေ၊



www.burmeseclassic.com

www.burmeseclassic.com

ဘလောက်တုံးဒီဇိုင်း ရေးထွင်းရိုက်နှိပ်လျက်ဖြစ်စေ ပြုလုပ်အသုံးပြုကြမြဲ ဖြစ်ပေသည်။ ပြီး-ထိုလောင်ဒအလံများတွင် အဖြူ၊ အဝါ၊ အနီ၊ အစိမ်း၊ အပြာဆိုသည့်အရောင်ငါးမျိုးသာ ရွေးချယ်အသုံးပြုလေ့ရှိကြပေသည်။ ဖြူ၊ ဝါ၊ နီ၊ စိမ်း အရောင်လေးမျိုးတို့သည် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာကို ညွှန်းဆိုခြင်းဖြစ်ပြီး အပြာမှာ အထက်အရပ်ကို ရည်ညွှန်းသည် ဆို၏။ တချို့ကမူ အပြာမှာ မိုးကောင်းကင်၊ အစိမ်းမှာ မြစ်ချောင်းအင်းအိုင်၊ အဝါမှာ မြေကြီးမြေလွှာ၊ အနီမှာ မီး၊ အဖြူမှာ သန့်စင်သော ဝိညာဉ်ဟု အဓိပ္ပာယ်ဖော်ဆောင်ကြသည်ဟူ၏။

တိဗက်တို့သည် ဤလောင်ဒအလံများကို လောကုတ္တရာဘာသာရေးအခမ်းအနားများ၊ လောကီမင်္ဂလာအခမ်းအနားတို့တွင် မင်္ဂလာအဆောင်အဖြစ်အသုံးပြုကြလေ့ရှိသည်။ ယုတ်စွအဆုံး တဲတစ်လုံးဆောက်လုပ်ပြီးသည်နှင့် မင်္ဂလာခေါင်ဦးတိုင်တွင် လောင်ဒအလံကို ချည်နှောင်ဆွဲထားလေ့ရှိ၏။ တိဗက်ဘုရားဖူးခရီးသည်များသည် လောင်ဒအလံများကို ပခုံးပေါ် လွှားတင်ပြီး ခရီးသွားသည့် အစဉ်အလာရှိသည် ဟူ၏။ မြစ်ကမ်းနဖူး၌ နေထိုင်သူတို့သည် မြစ်စောင့်နတ်အား ပူဇော်သောအနေဖြင့်လည်းကောင်း၊ တောင်ခြေတောင်စောင်း၌ နေထိုင်သူတို့သည် တောင်စောင့်နတ်ကို ပူဇော်သောအနေဖြင့်လည်းကောင်း လောင်ဒအလံများကို စိုက်ထူထားလေ့ ရှိကြသည် ဆို၏။

ထိုလောင်ဒအလံများကို တစ်ခုချင်း သီးခြား လွှင့်ထူကြသကဲ့သို့ပင် ရောင်စုံအတန်းလိုက်ကြိုးတန်းရှည်ကြီးတစ်ခုမှာ တွဲသီလျက် ဘုရား၊ သစ်ပင်၊ တိုင်မြင့်၊ တံတားတို့မှာ ချည်နှောင်သွယ်တန်းထားကြပါသေးသည်။ နမူနာဆိုရလျှင် လာဆာမြို့တော် ပေါတာလနန်းတော်မှ ဆေးနတ်ဘုရားတောင်သို့ ဆက်သွယ်တန်းထားသော မီတာငါးရာခန့်ရှည်သောကြိုးတန်းရှည်မှာ တဖျတ်ဖျတ်လူးလွင့်နေသော လောင်ဒအလံများကို တွေ့မြင်ရနိုင်သည်ပင် ဖြစ်သည်။ ထိုလောင်ဒအလံ လေထဲတွင် တစ်ကြိမ်လူးလွန့်လိုက်တိုင်း ဆုတောင်းစာ၊ ပရိတ်စာ၊ ဘုရားရှိခိုးစာ၊ ဂါထာမန္တန်စာ တစ်ကြိမ်ရွတ်ဖတ် သရဇ္ဈာယ်လိုက်သည်နှင့် ညီသည်ဟု ယုံကြသည်။ ထိုလောင်ဒအလံလူးလွန့်လှုပ်ခတ်သော ကြိမ်ရေအတိုင်း ရွတ်ဖတ်သရဇ္ဈာယ်မှုများသည်လည်း ထိုမျှလောက်ရသည်ဟုယူကြသည် ဖြစ်၏။

ယင်းသို့ပင် အင်းအိုင်၊ ခါးလှည့်၊ စမသရှပ်ပုံပါလောင်ဒအလံတို့မှာလည်း ထိုနည်းတူ အကျိုးသက်ရောက်မှု ရရှိခံစားရသည်ဟူ၏။ ပြီး လောင်ဒအလံတို့နှင့်အတူ ဦးထုပ်၊ လည်ဆွဲ၊ ပဝါ၊ ဆံပင်စသည်တို့ကို ချိတ်ဆွဲပေးထားခြင်းဖြင့် ကာယကံရှင်များထံသို့ ထိုက်သင့်သောကုသိုလ်အဖို့ဘာဂများ ရောက်ရှိလာစေသည်ဟု ယူစွဲမှုများလည်း ရှိကြပေသေးသာ။

တစ်ခါ တိဗက်ဒေသတွင် နှစ်စဉ်နှစ်တိုင်း နွေဦးပေါက်ရာသီရောက်တိုင်း လာဆာမြစ်တွင်း၌ ရေချိုးပွဲတော်ကို တခုတ်တရ တလေးတနက် ပြုလုပ်ကျင်းပပါဝင်ဆင်နွှဲကြမြဲဟု ဆိုသည်။ တိဗက်ကုန်းပြင်မြင့်ဒေသမှာ လာဆာမြစ်၊ ကလင်ချူမြစ်၊ ကြည်ချူမြစ်၊ ဆန်ပိုမြစ်တို့သည် အလွန်ထင်ရှားသည်။ ထိုအထဲတွင် လာဆာမြစ်သည် အထင်ရှားဆုံး ဖြစ်သည်။ ဟိန္ဒူဘာသာဝင်တို့က ဂင်္ဂါမြစ်ကို အထွတ်မြတ်ဆုံး၊ အမြင့်မြတ်ဆုံးဟု သတ်မှတ်ကြသလို တိဗက်တို့ကလည်း လာဆာမြစ်ကို အထွတ်မြတ်ဆုံး အမြင့်မြတ်ဆုံးဟု သတ်မှတ်ထားကြသည် ဖြစ်၏။

တိဗက်တို့က လာဆာမြစ်ရေချိုးပွဲတော်ကို တိဗက်ပြက္ခဒိန် နှစ်ခုနစ်လမြောက်၏ နောက်ဆုံး သီတင်းပတ်ကာလတွင် တစ်ပတ်ကြာပြုလုပ်ကျင်းပလေ့ရှိကြသည်။ ထိုအချိန်အခါဝယ် လာဆာမြစ်ရေသည်လည်း နွေဦးပေါက်ရာသီဖြစ်သည့်အလျောက် ကြည်လင်အေးမြသန့်ရှင်းလျက် ရေစီးလည်း နူးညံ့ညင်သာနေသည် ဟူ၏။ ထိုရေချိုးပွဲတော်အခါတွင် တိဗက်လူမျိုး ကြီးကြီး၊ ငယ်ငယ်၊ ရွယ်ရွယ်လတ်လတ်၊ ပျိုပျို၊ အိုအို မရွေး အားလုံးသောသူတို့သည် လာဆာမြစ်ကမ်းအရောက်၌ ဝတ်ဆင်လာသော အဝတ်အစားအားလုံးကို ချွတ်၍ မိမွေးတိုင်းဖမွေးတိုင်း ဗလာကိုယ်စီဖြင့် သဘာဝလေ၊ သဘာဝရေကို ပကတိအတိုင်း တိုက်ရိုက် ထိတွေ့ခံစားလျက် လာဆာမြစ်ရေထဲ ရေချိုးသဘင်ကို စိတ်နှစ်ကိုယ်နှစ် တပျော်တပါး စုံပေါင်းပါဝင်ဆင်နွှဲကြလေ့ရှိသည် ဆို၏။ အနီးစပ်ဆုံးပြောရလျှင် မြန်မာ့သင်္ကြန်ရေသဘင်ပွဲတော်နှင့်ဆင်တူသလိုလို ဖြစ်မည်ထင်သည်။ ဤပွဲတော်ကို ပါဝင်ဆင်နွှဲခြင်းဖြင့် မကောင်းသော အညစ်အကြေးအဆုတ်အယုတ်များ ကွယ်ပျောက်လျက် ဘေးဥပဒ်ရောဂါဘယအမျိုးမျိုးမှ ကင်းဝေးကာ ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေသည်ဟု ယုံကြည်သည်ဟူ၏။

နောက်စိတ်စားစရာတစ်ခုက ဘုန်းကြီးအုပ်ချုပ်သောနိုင်ငံ၊ လူဝတ်ကြောင်ထက် ဘုန်းကြီးပိုများသောနိုင်ငံဟု မြွက်ဆိုသော တိဗက်ဒေသသည် ကမ္ဘာပေါ်၌ မိန်းမအရှားပါးဆုံး၊ မိန်းမကို တန်ဖိုးအထားဆုံးဟုဆိုလျှင် အံ့ဩကုန်နိုင်ဖွယ်ဟု ဆိုကြမည်ထင်သည်။ ဥသျှစ်တစ်တင်း၊ နှမ်းတစ်တင်းဟုဆိုလျှင်တောင် မလုံလောက်သေး၍ အုန်းသီးတစ်တင်း၊ နှမ်းတစ်တင်းဟု ဆိုရလောက်အောင် တိဗက်ဒေသ၌ ယောကျ်ားဦးရေနှင့် မိန်းမဦးရေ ကွာခြားလှသည် ဆို၏။ သို့အတွက်ကြောင့် တိဗက်တို့ကြားမှာ မိန်းမမွေးမှ မြတ်သည်ဟူသောအယူသည် ပေါ်ထွန်းလာရသည်ဟု ပြောရမည် ဖြစ်သည်။

ထို့ကြောင့် မိသားစုတစ်ခု၌ သမီးမိန်းကလေးတစ်ဦး မွေးဖွားသည်ဟု သတင်းစကားကြားရလျှင် ထိုမိသားစုဝင်တို့နှင့်ရင်းနှီးသည်ဖြစ်စေ၊ မရင်းနှီးသည်ဖြစ်စေ၊ သိကျွမ်းသူဖြစ်စေ၊ မသိကျွမ်းသူဖြစ်စေ သွားရောက်ပြီး သတင်းမေးစကား၊ ဂုဏ်ပြုစကားဆိုရသည်။ လက်ဆောင်ပဏ္ဏာကောင်းများပေးကြရသည်။ တတ်နိုင်သလောက် နှုတ်၏စောင်မမှု၊ လက်၏စောင်မမှုများအားပြုပေးရသည်။ အကယ်၍ အဆိုပါကိစ္စအား မသိကျိုးကျွံပြုနေသူ၊ လျစ်လျူရှုနေသူဆိုပါက လူကျင့်ဝတ်ဖောက်ဖျက်သူအဖြစ်၊ လူကတ်ဖဲ့၊ လူခွစာ၊ လူယုတ်မာအဖြစ် ရှုတ်ချလေ့ရှိကြသည်ဟူ၏။

သို့ကလို မိန်းကလေးရှားပါးမှုကြောင့် (ဝါ) မိန်းကလေးကို တန်ဖိုးထားမှုကြောင့် လက်ထပ်ထိမ်းမြားလို၍ စကားကြောင်းလမ်း နားဖောက်သောအခါတွင် တန်ဖိုးကြီးမားသော ရွှေ၊ ငွေ၊ ကျောက်မျက်လက်ဝတ်ရတနာများ၊ တန်ဖိုးကြီးမား ရှားပါးသည့် အဖိုးထိုက်အဖိုးတန်ပစ္စည်းများကို အသွင်းပစ္စည်းအဖြစ် မဖြစ်မနေပေးနှင့်ရသည်မှာ သူ့အလိုလိုဖြစ်ပေါ်လာသော သံမဏိစည်းကမ်းဖြစ်သည်။ အမြင့်ဆုံးအမြတ်ဆုံး၊ အကောင်းဆုံးအသွင်းပစ္စည်းတို့မှာ ကျောက်စိမ်း၊ ကျောက်စိမ်းရုပ်တု၊ ကျောက်စိမ်းမယ်တော်ရုပ်တု၊ ကျောက်စိမ်းကွမ်ရင်မယ်တော်ရုပ်တု၊ ကျောက်စိမ်းအန်းကုန်းဘိုး



www.burmeseclassic.com

www.burmeseclassic.com

## ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

၂၉၆ ကြိမ်မြောက်-
ထီဖွင့်ပွဲကြီး နီးလာပြန်ပါပြီ။

ချမ်းသာခြင်းများစွာကို ဖြစ်လာစေတော့မည့် ဂဏန်းလုံးလေးများနှင့် ပါရမီဖြည့်လိုက်ရမည်ရှိသော်. . .

**တနင်္ဂနွေသားသမီးများ**

ဩဂုတ်လ ၁၃- ၁၇- ၂၁ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား သစ်သီး (၆) မျိုးနှင့် မကြာ မကြာ ဆွမ်းတော်ကပ်လှူပါ။ မည်သည့်ဝေဝင်ဂါထာကိုမဆို အမိဋ္ဌာန်နှင့် နေ့စဉ် (၁၅) မိနစ် အသံထွက်ရွတ်၍ ဘုရားပူဇော်ပါ။

စက်တင်ဘာလမှာ ၆-၅-၄-၂-၉ ဂဏန်းများ ကံစပ်နေပါသည်။

**တနင်္လာသားသမီးများ**

ဩဂုတ်လ ၁၄-၂၂-၂၈ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ဆွမ်း (၃) ပွဲနှင့် တစ်လလုံး ကပ်လှူပူဇော်ပါ။ သကြား၊ ထန်းလျက်၊ ပေါက်ပေါက်၊ သစ်သီး နှစ်သက်ရာများနှင့် ပူဇော်ပါ။

စက်တင်ဘာလမှာ ၄- ၈- ၆- ၇ ဂဏန်းများ ကံစပ်နေပါသည်။

**အင်္ဂါသားသမီးများ**

ဩဂုတ်လ ၁၅- ၂၃- ၂၉ ရက်များမှာ ထီထိုးပါ။

ရွှေဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွားပြီး သရဏဂုံ (၃၀) ကို အနည်းဆုံး တစ်နာရီခန့် ရွတ်၍ ဘုရားပူဇော်ပါ။ အပြန်မှာ ထီထိုးပါ။

စက်တင်ဘာလမှာ ၄- ၈- ၆- ၅- ၂- ၉ ဂဏန်းများ ကံစပ်နေပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

ဩဂုတ်လ ၁၆- ၂၄- ၃၀ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ယခုတစ်လလုံး မုန့်လုံးရေပေါ်နှင့် ဆွမ်းတော်ကပ်ပါ။

စက်တင်ဘာလမှာ ၄- ၈- ၆- ၇ ဂဏန်းများ ကံစပ်နေပါသည်။

**ကြာသပတေးသားသမီးများ**

ဩဂုတ်လ ၁၇- ၂၅- ၂၈ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ယခုတစ်လလုံး သရဏဂုံ (၃၀) နှင့် မပြတ်ပူဇော်ပါ။

စက်တင်ဘာလမှာ ၄- ၈- ၅- ၂- ၉ ဂဏန်းများ ကံစပ်နေပါသည်။

**သောကြာသားသမီးများ**

ဩဂုတ်လ ၁၁- ၁၈- ၁၉- ၂၉ ရက်များမှာ ထီထိုးပါ။

ဘုရားရှင်အား ယခုတစ်လလုံး ပဋ္ဌာန်း ဥဒ္ဒေသ နိဒ္ဒေသတော်နှင့် ပူဇော်ပါ။

စက်တင်ဘာလမှာ ၆- ၂- ၉- ၇ ဂဏန်းများနှင့်ကံစပ်ပါသည်။

**စနေသားသမီးများ**

ဩဂုတ်လ ၉- ၁၂- ၂၀- ၂၇ ရက်များမှာထီထိုးပါ။

တစ်နေ့ မြို့တွင်းရှိဘုရားများသို့ ဘုရားဖူးထွက်လိုက်ပါ။ အပြန်မှာ ထီထိုးပါ။

စက်တင်ဘာလမှာ ၄- ၈- ၅- ၇ ဂဏန်းများနှင့် ကံစပ်နေပါသည်။

ကိုယ်မွေးသည့်နေ့ ရက်စွဲဂဏန်းကိုတစ်လုံးတည်းဖြစ်အောင်ပေါင်း၍ ထီထည့်ထည့်ထိုးပါ။

ဥပမာ- (၁၆) ရက်နေ့ မွေးရင် ၁ + ၆ = ၇ ဂဏန်း ထည့်ထည့်ထိုးပေးပါ။

ဩဂုတ်လတွင် (၁၃) ရက်နေ့မှာ မည်သည့်နေ့သားမဆို ထီထိုးပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

---

တော်ရုပ်တု၊ ကျောက်စိမ်းဘုရားလောင်းရုပ်တု၊ ကျောက်စိမ်းဗုဒ္ဓရုပ်တုတို့ ဖြစ်သည်ဟု ဆို၏။

နောက် တိဗက်တို့၏ စိတ်ဝင်စားစရာဓလေ့တစ်ခုမှာ လူကြီးသူမများကို (ဝါ) လာမားဘုန်းကြီးများကို တစ်စုံတစ်ခုအား ပေးကပ်မည်ဆိုပါက လက်ချည်းသက်သက်နှင့်ကိုင်တွယ်ပေးမည်ဆိုလျှင် အလွန်ယုတ်မာရိုင်းစိုင်းသည်ဟု ယူကြပြီး တုတ်ချောင်းပေါ်တင်၍ဖြစ်စေ၊ တခြားတင်စရာတစ်ခုတွင်တင်၍ဖြစ်စေ ပေးနှင်းမည်ဆိုပါက အလွန်ယဉ်ကျေးမှုရှိရာ ရောက်သည်ဟုဆို၏။

နောက်ဓလေ့ဆန်းတစ်ခုကတော့ ကလေးချင်းဖြစ်စေ၊ လူကြီးချင်းဖြစ်စေ ရန်ဖြစ်ကြ၍ ထွေးလုံးရစ်ပတ်သတ်ပုတ်ကြသောအခါတွင် နိုင်သူဖြစ်စေ၊ ရှုံးသူဖြစ်စေ ကိုယ်ခန္ဓာ၊ အင်္ကျီများတွင် သဲများ၊ ဖုန်များပေကျံနေလျှင် လက်ဖြင့်ခါတွတ်ခြင်းမပြုရဲကြပေ။ အဘယ်ကြောင့်ဆိုသော် ထိုသို့ သဲဖုန်များခါတွတ်မိလျှင် နိုင်သူပင် ရှုံးနိမ့်သည်ဟု သတ်မှတ်ခံရခြင်းကြောင့် ဖြစ်သည်။

ထို့ထက် ထူးဆန်းသော တိဗက်ဓလေ့တစ်ခုမှာ လူတစ်ယောက်သေဆုံးအသုဘဖြစ်လျှင် မီးသင်္ဂြိုဟ်ခြင်း၊ မြေမြှုပ်ခြင်း၊ ဂူသွင်းခြင်း၊ မြစ်ရေချောင်းရေထဲမျှောခြင်း မပြုကြရပေ။ အသုဘဖြစ်လျှင် လူသေကောင်ကို အိမ်၌ သုံးရက်ထားရလေ့ရှိသည်။ ထိုစဉ်အတွင်း လာမားဘုန်းကြီးတစ်ပါးပါးက တယ်လီပသီ စိတ်ချင်းဆက်သွယ်လျက် သေသူ၏ ဝိညာဉ်အား ဘဝကူးကောင်းအောင် တရားဓမ္မဟောကြားပေးရသည် ဟူ၏။ လေးရက်မြောက်နေ့တွင် သုဘရာဇာက အလောင်းကို လာယူသည်။ သုဘရာဇာသည် လူသေအလောင်းကို စက်ဝိုင်းသဏ္ဌာန်ခွေလျက် အဝတ်ဖျင်အိတ်ထဲထည့်ကာ ယက်နွားကျောပေါ်တင်၍ သင်္ချိုင်းကုန်းဆီယူသွားလေ့ရှိသည်။ ထိုသို့သွားစဉ် မိသားစုဝင်၊ ဆွေမျိုးသားချင်း၊ မိတ်သဟာများက အသုဘလိုက်ပို့လေ့မရှိကြပေ။ သင်္ချိုင်းသို့ရောက်သော် သုဘရာဇာက အလောင်းကောင်ကိုခုတ်ထစ်လှီးဖြတ်ပြီး နေ့ချင်းပြီး အကုန်အစင်ငှက်စာကျွေးလေ့ရှိကြသည်။ ထိုသို့ တစ်နေ့တည်းနှင့်ပြီးပါမှ သေသူအဖို့ အလျင်အမြန် ဘဝကူးကောင်းနိုင်သည်ဟု ယုံကြည်ကြသည်။

ဝေမင်းဦး (စိတ်ပညာ)

**ကျမ်းကိုး -**

၁။ ဆရာဦးညွန့်တင်၏ တိဗက်ရိုးရာဓလေ့၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၅/၉၂)
၂။ ဆရာဦးညွန့်တင်၏ တိဗက်ဘဝရှင်ရွှေရုပ်တု၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း (၃/၉၃)
၃။ ရှာဖွေစုဆောင်းမှုများ



www.burmeseclassic.com

www.burmeseclassic.com

ဆီးဝမ်းသွေးလေမှန်၍ ကျန်းမာလိုသူတိုင်း မရှိမဖြစ် သုံးစွဲသင့်တဲ့ . . .

# ကြယ်စင်ထွန်း ဆီးဝမ်းသွေးလေညီညွတ်ဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၀၁၁ ၄ ၀၀၉၃၇၃ (ကြော်ငြာခွင့်ပြုချက်အမှတ် - တဆဝက - ၅၈/၀၅၁၃)




"မင်္ဂလာပါဆရာကြီး"ဟူသော နှုတ်ခွန်းဆက် စကားကြောင့် အသံလာရာသို့ ကြည့်မိသည် "ဟော့ ဘယ်သူတုန်းကွယ့်"။ "ကျွန်တော် ဆရာကြီးရဲ့ တပည့် ထွန်းကျော်လေ"ဆိုမှ သယ်တပည့် မောင်ထွန်းကျော် ဆိုတာ မှတ်မိတော့တယ်။ "သြော် မောင်ထွန်းကျော် ကိုး" "ဟုတ်ကဲ့ခင်ဗျာ၊ ဆရာကြီး ကျောင်းက ပြန်လာတာလားခင်ဗျ" "အေးလေကွယ်၊ ဒါနဲ့မင်းကြည့်ရတာ အဖိုးကြီးအိုပေါက်စ ကျနေတာပဲ။ ရှည့်နဲ့နဲ့ ဘယ်လို ဖြစ်တာတုန်း" "မသိပါဘူးဆရာကြီး ချယ် ကိုယ်ရော စိတ်ပါ လေးလံ ထိုင်းမှိုင်းပြီး စားမကောင်း၊ အိပ်မပျော်၊ အားအင်ကုန်ခမ်းသလိုနဲ့ မူးဝေနောက်ကျိ မှတ်ဉာဏ် သတိတွေ လဲ မကောင်းဘူး" "ဟော့ . . ဒါဆိုမပေါ့နဲ့လေ ဆေးခန်းလေး ဘာလေးမပြဘူးလား" "ပြပါတယ် ဆရာကြီး။ ဆေးစစ်ဆေးမှုတွေလဲ လုပ်တာစုံနေတာပဲ။ ဒါပေမယ့် ဘာရောဂါမှ ရှာမတွေ့ဘူးတဲ့" "ဟုတ်လား မင်း ဆီးတွေ ဝမ်းတွေရော မှန်ရဲ့လား" "ကျွန်တော်ရဲ့ ဝင်ကိုယ်က ဝမ်းချုပ်တတ်တော့ ဝမ်းပျော့ဆေး၊ ဝမ်းမှန်ဆေးတွေ စုံအောင် သုံးစွဲပါတယ်။ ဒါပေမယ့် ဝမ်းသာသွားတယ် ကျွန်တော် ခံစားနေရတာ တော့ ဒီအတိုင်းပါပဲ ဆရာကြီး" "ဝမ်းပျော့ဆေး ဝမ်းမှန်ဆေးဆိုတိုင်း ရောဂါသက်သာပျောက်ကင်းတာ မဟုတ်ဘူးကွယ့်၊ အချို့ဆေးက ဝမ်းသွားရုံပဲ အကျိုးပြုတာလေ၊ ဝမ်းသွားရုံလောက်ကတော့ ငါ့တပည့် ချယ် ဆေးသောက်ဖို့ မလိုပါဘူး၊ ငှက်ပျောသီး၊ သဘော်သီး မှည့်စတဲ့ အသီးအနှံတွေစားပေး၊ ရေများများ သောက်ရင် ရတာပဲ" "ကျွန်တော်က ဝမ်းလဲမှန်ပြီး ဘာရယ်မှန်မသိ ခံစားနေရတဲ့ ရောဂါလဲ ပျောက်ချင်လို့ပါ ဆရာကြီး" "အင်းဟုတ်တာပေါ့။ ကျန်းမာခြင်းက လာဘ်တစ်ပါးပဲ လေကွယ်" "ဟုတ်ပါတယ် ဆရာကြီး ကျန်းမာခြင်းရဲ့ ဆုလာဒ်ကို မကျန်းမမာပါမှ ပိုပြီးတန်ဖိုးရှိမှန်း သိရပါတယ်။ "ဒါပေါ့လေ ပုထုဇဉ်ရဲ့စရိုက်ကိုက သတိလက်လွတ် နေတတ်ကြတာကိုး" "ဆရာကြီး ကို ကြည့်ရတာ ကျွန်တော်တို့ ငယ်ငယ်တည်းက အခုထိ အမြဲတမ်းကျန်းမာ လန်းဆန်းပြီး တပည့်တွေကို ပညာသင်ကြားပေးရာမှ နီးကြားတက်ကြွနေတာ ဘာဆေးကောင်းတွေများ သုံးစွဲလို့ပါသလဲ ဆရာကြီး" "ဒီလို ငါ့တပည့်ရဲ့ လူ့ရဲ့ခန္ဓာကိုယ်မှာ အဓိကမဏ္ဍိုင်ဖြစ်တဲ့ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ မလ. ဓာတ်ကြီး (၄)ပါးဟာ ညီညွတ်မျှတ နေပါမှ ကျန်းမာမယ်၊ အရွယ်တင်နုပျိုမယ်၊ ရောဂါကင်း၍ အသက်ရှည် မယ်ကွယ့်၊ ဒီ ဆီး၊ ဝမ်း၊ သွေး (ချွေး)၊ လေဆိုတဲ့ ကျန်းမာခြင်း၏ ပြယုဂ် လက္ခဏာဖြစ်တဲ့ ဒီမဏ္ဍိုင် လေးပါးမှ တစ်ပါးပါးဖောက်ပြန်လာရင် သာမန် ရောဂါလေးမှစပြီး ဆိုးဝါးတဲ့ ရောဂါကြီးတွေ အထိ ဖြစ်ပေါ်ခံစားရတတ် တယ်လေ၊ ဒီ (၄)မျိုး မညီမညွတ်တော့ဘူးဆိုရင် ရောဂါကြီးတစ်ခု မဟုတ် တစ်ခုတော့ဖြစ်တော့ မယ်ဆိုတဲ့ ရှေးပြေးအချက်ပေး ခေါင်းလောင်းသံ ပဲကွယ့်၊ ဒီတော့ မောင်ထွန်းကျော်ရေ . . . ဆီး၊ ဝမ်း၊ သွေး (အမျိုးသားများ ဆိုရင် ချွေး) လေ၊ ဒီလေးထွေကို ညီညွတ်မျှတအောင် အမြဲဂရုတစိုက်နဲ့ ပြုပြင် ပေးနေရင် ဆရာ့လို အသက်ကြီးသော်လဲ ကျန်းမာသွက်လက် ဉာဏ်ရည်ထက်ပြီး လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေးတွေ ကောင်းကောင်း ဦးဆောင်ဦးရွက်ပြု၍ ကျန်းမာ ပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေး တည်ဆောက် နိုင်တာ ပေါ့" "ဆီး၊ ဝမ်း၊ သွေး (ချွေး)လေ ညီညွတ်ပြီး ကျန်းမာအောင် ဆရာကြီးရဲ့ လက်သုံးဆေး များရှိရင် ညွှန်ပြပေးပါဦး" "ဆရာကြီး အမြဲသုံးတဲ့ ဆေးကတော့ . . . ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် ဆေးပဲကွယ့်၊ ဒီဆေးဟာ ဆိုရင် ဝမ်းနုတ်ဆေး မဟုတ်လို့ ခန္ဓာကိုယ်ရဲ့ ပင်မ. ဓာတ်တွေကို ညီညွတ်အောင် ထိန်းညှိပေးတဲ့အတွက် ရောဂါတွေ ကြိုတင် ကာကွယ်နိုင်မယ်၊ ကျန်းမာစေမယ်၊ အသားအရည် ကြည်လင်ပြီး အရွယ်တင်နုပျိုစေတယ်၊ အကြောပြေပြီး ပေါ့ပါးလန်းဆန်းစေတယ်လေ၊ အဲဒါကြောင့် ဆရာတို့ တစ်မိသားစုလုံး "ကြယ်စင်ထွန်း ဆီး ဝမ်း သွေး လေ ညီညွတ်ဆေး" ပဲ အမြဲ သုံးစွဲကြတယ်" "ဆရာကြီးနဲ့ တွေ့ရတာ သမားတော် တစ်ဦးနဲ့တွေ့ လိုက်ရသလိုပါဘဲ၊ ဒီနေ့ကစပြီး ကျွန်တော်လဲ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" ကိုပဲ သုံးစွဲတော့မယ် "" ကျန်းမာချမ်းသာ ပါစေကွယ်"

ကြယ်စင်ထွန်း အမှတ်တံဆိပ် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်ဆေး အစွမ်းကတော့ ဓာတ် (၄)ပါး ညီညွတ်မျှတစေပြီး၊ အပူ၊ အပုပ် ကင်းစင်ခြင်း၊ ခေါင်းမူး၊ ခေါင်းကိုက်၊ နောက်ကျောတက်၊ ဇက်ကြော ထိုးခြင်း၊ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ၍ လေးလံ ထိုင်းမှိုင်း နေခြင်း၊ သွေးမသန့်ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ ဒူလာလိပ်ခေါင်း သွေးကျခြင်း၊ ဆီးချုပ်၊ ဆီးကျန်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အစားပျက်၊ အအိပ် ပျက်၊ သွေးတက်၊ သွေးတိုးခြင်း စတဲ့ရောဂါ များအတွက် သုံးစွဲနိုင်ပြီး၊ ရောဂါများကို ကြိုတင် ကာကွယ်နိုင်၍ အကြောပြေ ပေါ့ပါးလန်းဆန်း စေတဲ့ဆေး ဖြစ်ပါတယ်။

"မင်္ဂလာပါ ဆရာကြီး" "ဟော့ မောင်ထွန်းကျော် ကျန်းမာစိုပြည် လို့ပါလားကွယ်" "ဆရာကြီး ညွှန်ပြတဲ့ "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေးလေ ညီညွတ်ဆေး" အစွမ်းကြောင့် ပါခင်ဗျ၊ အဲဒါကြောင့် ဆရာကြီးကို လာကန်တော့တာပါ" "သာဓုကွယ် . . . သာဓု . . . သာဓု"

တက်ကြွလန်းဆန်းပြီး ဘဝအတွက် အကောင်းဆုံး စွမ်းဆောင်မှု များနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုကမ္ဘာလေးကို ပိုင်ဆိုင်ချင်ကြတယ် ဆိုရင်တော့ . . . ကျန်းမာလိုသူတိုင်း "ကြယ်စင်ထွန်း ဆီး၊ ဝမ်း၊ သွေး လေ ညီညွတ်ဆေး "ကို သုံးစွဲမှ ဖြစ်မယ်နော် . . .

ထွန်းကျော် (ပညာရေး)

**ပင်ရင်း: - ကြယ်စင်ထွန်း** (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
အမှတ် (၂၉၁)၊ နှင်းဆီလမ်းမ၊ (၄)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၉၆၈၂၊ ၀၉ ၄၃၀ ၃၁၀၅၄။

www.burmeseclassic.com

www.burmeseclassic.com



တင်နိုင်ဝင်း(ထမင်းရေးမြို့)

## စိုင်မသင်သော မုဆိုးများ

ဘီအိုင်အေတော်လှန်ရေးတပ်ဖွဲ့ဝင်များ ဂျပန်နှင့်အတူ ပင်လယ်ကိုဖြတ်၍ ဖျာပုံခရိုင်ဘက်သို့ ချီတက်လာပြီ ဆိုသည့်သတင်းကို ကြားလိုက်ရသည်နှင့် သူကြီးဦးဘမောင် အတော် တုန်လှုပ်သွားခဲ့လေသည်။

လောလောဆယ်တွင် သူသည် အင်္ဂလိပ်အစိုးရ ခန့်အပ်ထားသော ရွာသူကြီးတစ်ယောက် ဖြစ်သည်။ ဘီအိုင်အေနှင့် ဂျပန်တပ်ဖွဲ့ဝင်များသာ မိမိကို

www.burmeseclassic.com


www.burmeseclassic.com



မ်းမိသွားပါက အင်္ဂလိပ်အလိုတော်ရိ ဟု ဆိုကာ သတ်ပစ်နိုင်သည်ကို ဦးဘ မောင် တထစ်ချ ယုံကြည်ထားသည်။

ယခုအခါ အင်္ဂလိပ်အစိုးရသည် ၎င်းတို့၏စစ်တပ်များကို ခေါ်ယူလျက် အိန္ဒိယဘက်သို့ ဆုတ်ခွာကုန်ကြလေပြီ။ ထို့ကြောင့် သူကြီးဦးဘမောင်အဖို့ ဘာ တို့ အားကိုးရမှန်းမသိတော့ဘဲ အလွန် ကြောက်လန့် တုန်လှုပ်ခဲ့ရလေသည်။ ရွာသူရွာသားများကလည်း ဦးဘမောင် တို့မိသားစုအား အချိန်မရွေး လာရောက် ဒုက္ခပေးနိုင်သေးသည်။

ထို့ကြောင့် သူကြီး ဦးဘမောင် သည် တပည့်များနှင့် တိုင်ပင်ကာ သူ၏ ဇနီးနှင့် သားသမီးများကို ဘိုကလေး အောက်ပိုင်း ဘော်တူတောတွင်းရှိ ရွာ သိမ်ကလေးတစ်ရွာသို့ ပို့လွှတ်လိုက်ပြီး မိမိက တပည့်အချို့နှင့်အတူ ညအချိန် ကင်းဝန်ချောင်းအတိုင်းစုန်ဆင်းကာ ရွှေ ထီးတောထဲတွင် ယာယီတဲများ ဆောက် ပြီး တံငါနှင့် မုဆိုးများအဖြစ် ဟန်ဆောင် ကာ နေထိုင်ကြလေသည်။ ဤသို့ဖြင့်ပင်



တော်လှန်ရေးကာလတစ်လျှောက် ဦးဘ မောင်နှင့်တပည့်များသည် ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းဖြင့်သာ ဘဝကို ဖာတ်မြှုပ် ထားကြလေသည်။

❑

သူကြီးဟောင်း ဦးဘမောင်သည် သူကြီးဘဝက နှစ်လုံးပြူးသေနတ်တစ် လက်ကို ပိုင်ဆိုင်ခဲ့သည့် အားလျော်စွာ ယခုမုဆိုးဘဝသို့ရောက်လာသောအခါ တွင်လည်း ၎င်းနှစ်လုံးပြူးသေနတ်ကိုပင် ကောင်းစွာ အသုံးချရလေသည်။ သမင်၊ ဒရယ်၊ တောဝက် စသည့် တောတွင်း သတ္တဝါအမျိုးမျိုးကို လိုက်လံပစ်ခတ်ဖမ်း ယူရင်း အမဲလိုက်ပညာများလည်း အလို လိုတတ်မြောက်လာခဲ့သည်ဟု ဆိုရပေ မည်။

သူ၏တပည့်များတွင်လည်း အင်္ဂ လိပ်စစ်ပုလိပ်အရာရှိများထံမှ ရရှိခဲ့ သော ရိုင်ဖယ်သေနတ်သုံးလက် ရှိနေ



www.burmeseclassic.com

www.burmeseclassic.com

လေသည်။

ထို့ကြောင့် ဦးဘမောင်နှင့် သူ၏ တပည့်များသည် နေ့စဉ် တောအတွင်း အနှံ့သွား၍ သားကောင်များကို လိုက်လံရှာဖွေနေကြရသဖြင့် တစ်စတစ်စ တောတွင်းပညာများလည်း တတ်မြောက်လာခဲ့ကြမည်မှာ မလွဲပေ။

သို့သော် သူတို့သည် အခြားကျွမ်းကျင်သော မုဆိုးအတတ်ပညာရှင်တစ်ဦးတစ်ယောက်ထံတွင် တောတွင်းအမဲလိုက်ပညာကို သင်ယူနိုင်ရန် အခွင့်အရေးမရကြပါ။ သူတို့သည် တော်လှန်ရေးသမားများရန်ကို ကြောက်ရွံ့၍ တောပုန်းခဲ့ရသူများပီပီ အခြားမုဆိုးများကိုလည်း အယုံအကြည်မရှိကြပေ။ ဦးဘမောင်သည် သူ၏နာမည်ကို ဦးသိုက်ထွန်းဟု ပြောင်းလဲမှည့်ခေါ်ထားပြီး သူ၏တပည့်များကိုလည်း ထိုနည်းလည်းကောင်း နာမည်များ ပြောင်းလဲထားရသည်။ ရုပ်လည်းဖျက်ထားကြရသည်။

တစ်နေ့တွင် ဦးသိုက်ထွန်းနှင့် တပည့်များထံတွင်သတင်းတစ်ခုရောက်ရှိလာလေသည်။ ဒေါ်ညိမ်းကုန်းတန်းဘက်တွင် စိုင်ကြီးတစ်ကောင် သောင်းကျန်းနေသည့်သတင်း ဖြစ်သည်။ ထိုအခါ ဦးသိုက်ထွန်းက-

"ဟေ့ကောင် ငနဲ၊ စိုင်ဆိုတာဘယ်လိုကောင်မျိုးလဲကွ"

"ဟုတ်ကဲ့သူကြီး၊ အဲ - ဟုတ်ကဲ့ ဆရာကြီး။ စိုင်ဆိုတာ ကျွဲလိုအကောင်မျိုးပါ ဆရာကြီး"

"မင်းမြင်ဖူးလား"

"မြင်တော့ဘယ်မြင်ဖူးမလဲ၊ လူကြီးသူမတွေပြောတာ ကြားဖူးတာ"

"ဒါလောက်တော့ မင်းပြောမှလားလကွာ"

"ဟိုလေ၊ စိုင်ကကျွဲပေါက်လောက်တောင်ရှိတာတဲ့ ဆရာကြီး"

"ကျွဲပေါက်လောက်ရှိတာများ ငနဲရာ၊ ဆင်လောက်ရှိတော့ကော ဘာဖြစ်လဲ။ တို့မှာလက်နက်ကောင်းကောင်းရှိနေတာပဲ"

"သိပ်ဟုတ်တာပေါ့ ဆရာကြီး၊ အဲဒီကိုသွားကြမလား"

"မနက်ဖြန်သွားကြမယ်၊ အဆင်သင့်ပြင်ထားကြ။ စိုင်သားစားဖူးတယ်ရှိအောင်"

သည်လိုနှင့် သူတို့သည် ရွှေထီးတောလယ်မှဖြတ်ကာ ဒေါ်ညိမ်းချောင်းကိုကူး၍ ဆက်လက်လျှောက်သွားသောအခါ သဲများဖြင့်မို့မောက်နေသောကုန်းတန်းတစ်ခုပေါ်သို့ ရောက်ရှိသွားကြလေသည်။ ထိုအခါ ဦးသိုက်ထွန်းနှင့် တပည့်များသည် မိုးကာတဲနန်းများ ထိုးကာ ချက်ပြုတ် စားသောက်ရင်း ခေတ္တအနားယူကြလေသည်။ ညအိပ်စခန်းချရန်အတွက်လည်း ထိုနေရာကိုပင် ရွေးချယ်ခဲ့ကြလေသည်။

နောက်တစ်နေ့နံနက်မိုးလင်းသောအခါ ဦးသိုက်ထွန်းနှင့်တပည့်များသည် ဒေါ်ညိမ်းကုန်းတန်းရွာလေးဆီသို့ ဆက်လက် ထွက်ခွာလာခဲ့ကြလေသည်။ ထိုရွာသို့ရောက်သွားသောအခါ တောလိုက်မုဆိုးများဖြစ်ကြောင်း ရှင်းပြသဖြင့် ရွာသူရွာသားများက လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုခဲ့ကြလေသည်။

ဦးသိုက်ထွန်းတို့လူစုအား အိမ်တစ်အိမ်သို့ ခေါ်ဆောင်ဧည့်ခံရင်း ရွာခေါင်းများက သောင်းကျန်းခဲ့သော စိုင်ကြီး၏ အခြေအနေအရပ်ရပ်ကို ပြောပြကြလေသည်။

"စောစောပိုင်းကတော့ အေးကုန်းဘက်မှာ သောင်းကျန်းနေတယ် ကြားနေရင်းက လွန်ခဲ့တဲ့သုံးရက်လောက်ကမှ ဒီရွာကိုရောက်လာပြီး သောင်းကျန်းတာ"

"ဘယ်လို သောင်းကျန်းတာလဲ၊ အစအဆုံးပြောပြပါဦး"

"ပထမတော့ နေ့ခင်းကြောင်တောင်ကြီး အနံ့ရလို့ထင်ရဲ့ ခွေးတွေအူတယ်။ ဘာဖြစ်တာပါလိမ့်ဆိုပြီး ကင်းသမားတွေကလှမ်းမျှော်ကြည့်လိုက်တော့ ရွာအနောက်ဘက်လယ်ကွင်းစပ်မှာ အဲဒီစိုင်ကြီး မြက်စားနေတာကို တွေ့ရတယ်။ အဲဒါကို လယ်သမားဦးဖိုးငွေသား မောင်ကျောက်မဲက တခြားရွာက ကျွဲတစ်ကောင်လွတ်လာတယ်အထင်နဲ့ သွားဆွဲမလို့လုပ်တော့ အနားတောင်မရောက်သေးဘူး အဲဒီအကောင်ကြီးက အတင်းပြေးလိုက်တာတဲ့။

ဒီမှာတင် ကျောက်မဲလည်း အမြန်ပြန်ပြေးလာပြီး ရွာထဲဝင်တာပေါ့။ အဲဒါကို တံခါးစောင့်တွေမြင်သွားတော့ မောင်ကျောက်မဲကို ကျွဲလိုက်ခတ်တယ်အထင်နဲ့ ရွာတံခါးပေါက်ကနေဝင်ပြီးတာနဲ့တစ်ပြိုင်နက် ခြံစည်းရိုးတံခါးကို ဆွဲပိတ်ပြီး မင်းတုပ်ထိုးထားလိုက်တယ်။

ဒါပေမယ့် အဲဒီစိုင်ကြီးက တံခါးနားရောက်တော့ တန့်မသွားဘူး။ ပထမတံခါးကို ခေါင်းနဲ့ ပြေးဆောင့်တယ်။ ပြီးတော့ သူ့ဦးချိုနဲ့ တံခါးကိုခတ်ပြီး ဖျက်နေတယ်။ အဲဒါကို တံခါးစောင့်တွေက 'ကျွဲရိုင်းကြီး၊ ကျွဲရိုင်းကြီး အရှေ့တံခါးကို ဖျက်နေပြီ' လို့ အော်ရင်း တုံးမောင်းခေါက်လိုက်ကြတယ်။

ရွာထဲကလူတွေလည်း တုံးမောင်းသံကြားတော့ ရွာအနောက်တံခါးဆီ ဓားတွေ၊ လှံတွေဆွဲပြီး ပြေးလာကြတာပေါ့။ ဟိုလည်းရောက်ရော စိုင်ကြီးက တံခါးဖျက်ပြီး ရွာထဲဝင်သောင်းကျန်းနေပြီ။ တွေ့ရာကို အကုန်လျှောက်ခတ်တော့တာပဲ။ အိမ်တွေလည်းလဲ၊ အိမ်ခြံစည်းရိုးတွေလည်း ပျက်ကုန်တယ်။ ဦးဖိုးလှ ကျွဲတင်းကုတ်ထဲဝင်ခတ်သွားတာ ကျွဲတစ်ကောင်သေတယ်။ လေးငါးကောင်လောက် ဒဏ်ရာရသွားတယ်။

ကံကောင်းချင်တော့ ခွေးတွေ အုပ်စုလိုက်ရောက်လာပြီး ဝိုင်းဟောင်တော့ ခွေးတွေကိုလိုက်ခတ်တယ်လေ။ ခွေးတွေက လျင်ပြီးသားဆိုတော့ မထိဘူးပေါ့။ အဲဒီမှာတင် လူတွေရောက်လာပြီး ဓားတွေ၊ လှံတွေ၊ ဒူးလေးတွေနဲ့ ဝိုင်းတိုက်ကြတာ ချက်ကောင်းမထိတော့ မ[illegible]ဘူး။ ချက်ကောင်းမထိဆို ဒီစိုင်ကြီးက လည်း ယမ်းခါပြေးလွှားနေတာကိုး။

နောက်တော့မှ မင်းရာဇာ ခေါင်းဆောင်တဲ့ ကာလသားအဖွဲ့က ဝါးချွန်မီးတုတ်တွေနဲ့ ရောက်လာပြီး တိုက်ခိုက်တော့မှပဲ ဒီစိုင်ကြီးမီးအပူထိသွားတယ် ထင်တယ်။ လာရာလမ်းအတိုင်း တစ်ချိုးတည်း ပြေးတော့တာပဲ။ အဲဒီနောက်ပိုင်းတော့ ဒီစိုင်ကြီးအကြောင်းဘာမှမကြားရတော့ဘူး"

ဦးသိုက်ထွန်းတို့သည် ရွာခေါင်းများကပြောပြသော စိုင်ကြီးအကြောင်းကို ပြီးဆုံးသည်အထိ ငြိမ်သက်စွာ နားထောင်နေကြသည်။ထို့နောက် ရွာခေါင်းအချို့က ထမင်းစားရန် ဖိတ်ခေါ်သဖြင့် ထမင်းကျွေးရာ အခြားအိမ်တစ်အိမ်သို့ ဦးသိုက်ထွန်းတို့ လိုက်ပါလာခဲ့ကြလေသည်။

❑

နောက်တစ်နေ့ နံနက်တွင်တော့ ဦးသိုက်ထွန်းသည် သူ၏ တပည့်နှစ်ဦးကို ဦးဆောင်စေလျက် ရွာသားအချို့နှင့်အတူ စိုင်ကြီးအကြောင်းစုံစမ်းရန် ရွာအနောက်ဘက်တောထဲသို့ စေလွှတ်လိုက်လေသည်။ သူတို့လည်း လက်နက်ကိုယ်စီ ကိုင်ဆောင်လျက် ရွာအနောက်တံခါးမှ ထွက်ခွာသွားကြလေသည်။ ညနေစောင်းအချိန်၌ သူတို့ပြန်ရောက်လာကြပြီး စိုင်ကြီးသတင်းလည်း ရခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ဆိုပါသည်။

"ဒီစိုင်ကြီး အေးကုန်းဟိုဘက်က ကမာတာကိုရောက်နေတယ်လို့ သတင်းကြားရတယ် ဆရာကြီး"

"အေး- ဟုတ်လား၊ အဲဒီရွာက အဝေးကြီးလား"

"သိပ်အဝေးကြီးတော့ မဟုတ်ဘူး၊ ဒီကနေ ငါးမိုင်လောက်ပဲ ဝေးမယ် ထင်တယ် ဆရာကြီး"

"ကဲ - ဒါဆိုလည်း ဒီအထိတောင် ရောက်လာကြပြီးမှ မထူးတော့ပါဘူး။ အဲဒီကမာတာအထိ ဒီစိုင်ကြီးနဲ့ တွေ့ရအောင်လိုက်ကြသေးတာပေါ့"

"ဟုတ်၊ ဟုတ်ကဲ့ ဆရာကြီး"

ဦးသိုက်ထွန်းတို့ဆရာတပည့်များသည် ရွာသူရွာသားများ ထည့်ပေးလိုက်သော ရိက္ခာများကိုထမ်းလျက် ခရီးထွက်ခဲ့ပြန်လေသည်။ သူတို့သည် အနောက်ဘက်ယွန်းယွန်းသို့ သဲကုန်းတန်းအတိုင်း ခြေကျင်လျှောက်သွားကြပြီးနောက် ရွံ့ညွန်များထူထပ်သော ဒီရေရောက်တောအုပ်တစ်ခုကို ထပ်မံ ဖြတ်သန်းခဲ့ရလေသည်။

သူတို့ ဤသို့ ဖြတ်သန်းလာရာ ခရီးလမ်းတစ်လျှောက်တွင် ကုန်းတန်းရွာကလေးများ၊ ချောင်းဘေးရွာကလေးများကို တွေ့ခဲ့ရသည်။ ရွာများအားလုံးနီးစည်းရိုးအလုံကာရံထားပြီး အချို့ရွာများတွင် တံခါးပေါက်အနီး ကင်းမျှော်စင်များ ဆောက်လုပ်ထားသည်ကိုလည်း တွေ့မြင်ခဲ့ရလေသည်။

သူတို့လူစုသည် ထိုရွာများအနီးအပါးသို့ရောက်သွားတိုင်း ရွာသားအချို့က ကင်းစောင့်ဟန်ဖြင့် ဓားလှံများကိုင်ဆောင်ထားကြပြီး သူတို့ကို မသင်္ကာသလို လှမ်းကြည့်နေတတ်ကြသည်။ သူတို့လူစုက စိုင်ကြီးအကြောင်း လှမ်းမေးသောအခါမှ မုဆိုးများဟုသဘောပေါက်သွားပြီး စိုင်ကြီးရှိနိုင်မည့် ကမာတာဘက်သို့ လမ်းညွှန်ပေးကြလေသည်။

ဤသို့ဖြင့် ဦးသိုက်ထွန်းနှင့်တပည့်များသည် ညနေစောင်းအချိန်၌ ချောင်းကွင်းအမည်ရှိ ချောင်းကမ်းစပ်ရွာလေးတစ်ရွာသို့ ရောက်ရှိသွားပြီး ရွာခေါင်းများကို အကျိုးအကြောင်းရှင်းပြကာ ညအိပ်တည်းခိုရန် ခွင့်ပန်ကြလေသည်။ ဤသို့ဖြင့် သူတို့သည် ချောင်းကွင်းရွာတွင် ညအိပ်တည်းခိုခွင့် ရရှိခဲ့ပြီး ညဦးပိုင်းတွင် ရွာသူရွာသားများနှင့် ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်နိုင်ခဲ့ကြပါသည်။

ရွာသားတစ်ဦးက-

"ဒီစိုင်ကြီး ခုနေဆို ကမာတာဘုရားကြီးရဲ့တောင်ဘက် တောအုပ်ထဲမှာ ကျက်စားနေမှာ အမှန်ပဲဗျ။ ဘာဖြစ်လို့လဲဆိုတော့ ထင်းခုတ်သမားတွေရဲ့ အပြောအရတော့ အဲဒီတောအုပ်ပေါ်မှာ ငှက်အုပ်တွေ ခဏခဏလန့်လန့်ပျံနေတာ တွေ့ရပြီး မျောက်တွေလည်း ကြောက်အားလန့်အားနဲ့ အခြားကိုပြောင်းပြေးကုန်ကြပြီတဲ့။ ပြီးတော့ ဒီစိုင်ကြီးရဲ့ခြေရာတွေလည်း တွေ့ခဲ့ရသေးတယ်တဲ့"

ဟု ပြောပြလေသည်။

ထိုအခါ ဦးသိုက်ထွန်းက-

"အင်း - ဒါဆိုဒီစိုင်ကြီးအဲဒီနေရာမှာရှိနေတာ သေချာပြီပဲ။ ဪ- ဒါနဲ့၊ အဲဒီနေရာနဲ့ ဒီနေရာ ဘယ်လောက်ဝေးသလဲ"

ဟု ပြောဆို ပြန်မေးလေသည်။

"သိပ်မဝေးလှဘူးဗျ၊ အလွန်ဆုံးရှိမှ တစ်မိုင်ခွဲလောက်ပဲရှိမယ်။ ပြီးတော့ ဒီစိုင်ကြီးက အရမ်းလျှင်တာ ဆိုတော့ လွတ်ထွက်မသွားရအောင် ကျွန်တော်တို့လည်း ဝိုင်းပြီး ဖမ်းချင်တယ်ဗျာ။ ဒီစိုင်ကြီး မြန်မြန်မိမှဖြစ်မှာ။ ဒီတော့ မုဆိုးကြီးတို့နဲ့အတူ ကျွန်တော်တို့ ရွာသားတွေ လိုက်လို့ရမလား"

"သိပ်ရတာပေါ့ဗျာ၊ ကျွန်တော်တို့လည်း လူအင်အားလိုနေတာနဲ့ အတော်ပဲ"

ဦးသိုက်ထွန်းတို့သည် ရွာသားများနှင့် ညဥ့်အတော်နက်သည်အထိ တိုင်ပင် ဆွေးနွေးကြပြီးနောက် အိပ်ရန်ပြင်ဆင်လိုက်ကြလေသည်။

*

နံနက်မိုးလင်းသောအခါ ဦးသိုက်ထွန်းတို့ ဆရာတပည့်များသည် ချောင်းကွင်းရွာသားများနှင့်အတူ ကမာတာဘုရားကြီးတောင်ဘက်ရှိ တောအုပ်တစ်နေရာသို့ ခရီးထွက်ခဲ့ကြလေသည်။

မြေပြင်သည် ထိုတောအုပ်နေရာသို့ရောက်ခါနီးလေ ရွံ့ညွန်များ ထူထပ်လေဖြစ်သည်။ သစ်ပင်များက စိပ်သထက်စိပ်လာပြီး သစ်ပင်ရှည်ကြီးများကိုလည်း ပိုမို တွေ့ရှိလာရလေသည်။ စိုင်ကြီး ခိုအောင်း ကျက်စားသည့်နေရာကို ရောက်ရှိပြီဟု ယူဆရသောနေရာတွင်ကား သစ်ပင်များအလွန်အုပ်ဆိုင်းနေပြီး တောကြီးမျက်မည်းသဖွယ် ဖြစ်နေလေသည်။

ထိုအခိုက် ရွာသားတစ်ဦးက အချက်ပေးသည့်အနေဖြင့် မြေပြင်သို့ လက်ညှိုးထိုးပြလေသည်။ လှမ်းကြည့်လိုက်သောအခါ အလွန်နက်ရှိုင်းသော ခြေရာကြီးများကို ရွံ့ညွန်မြေပြင်ပေါ်တွင် အထင်းသား တွေ့လိုက်ကြရသည်။ ထိုအခါ ဦးသိုက်ထွန်းသည် ထိုခြေရာကြီးများကိုကြည့်၍ စဉ်းစားတွက်ချက်နေသည်။

'အင်း၊ ညက မိုးတွေရွာတာ မနက်မိုးလင်းခါနီးမှတိတ်သွားတာပဲ။ ဒီမိုးကြောင့် ညက ခြေရာဆိုရင် ပျက်သွားလောက်ပြီ။ ဒါ ဒီမနက်မှ နင်းသွားတဲ့ ခြေရာတွေပဲ'

ဦးသိုက်ထွန်းသည် ခြေရာအတိုင်း ရှေ့ဆက်သွားရန် လက်ဖြင့် အချက်ပြညွှန်ကြားလိုက်လေသည်။ ၎င်းတို့အားလုံးသည် စိုင်ကြီးသွားရာခြေရာအတိုင်း ဗွက်တောကို နင်း၍ လိုက်သွားကြလေသည်။

"ဗွပ် ဗွပ် ဗွပ်၊ ဖြုတ် ဖြုတ် ဖြုတ်"

တစ်နေရာအရောက်တွင်တော့ သူတို့ခြေသံများထဲသို့ အခြားအသံဗလံများ ဝင်ရောက် ရောနှောလာသည်ကို ဦးသိုက်ထွန်း ခပ်သဲ့သဲ့ကြားလိုက်ရသဖြင့် အခြားလူများကို ခေတ္တရပ်တန့်ငြိမ်သက်ရန် ရှေ့မှလက်ဟန်ဖြင့်အချက်ပြလိုက်လေသည်။

ထိုအခါ အားလုံးရပ်တန့်ငြိမ်သက်၍ နားစွင့်နေကြလေသည်။

"ဖြုတ် ဖြုတ် ဖြုတ်"

ထိုအခါ သူတို့၏ရှေ့တည့်တည့်ဆီမှ အသံဗလံများကို ပီသစွာကြားရတော့သည်။

"ကြားလား၊ အဲဒါ စိုင်ကြီးဗွက်တောနင်းရင်း သစ်ရွက်စားနေတာဖြစ်ရမယ်။ ဒီတော့ ရွာသားတွေက ညာဘက်ကနေ အသာဝိုင်းထားလိုက်ကြ။ ငါတို့က ဘယ်ဘက်ကနေဝိုင်းမယ်။ တွေ့လို့ကတော့ အသေသာပစ်။ အဲ - ရွာသားတွေက သေနတ်မပါတော့ ငနဲ့က ရွာသားတွေနဲ့လိုက်သွား၊ ခြေသံတော့ သွားမပေးနဲ့နော်။ လွတ်ထွက်သွားရင် ပြန်လိုက်လို့ လွယ်မယ်မထင်ဘူး"

ဦးသိုက်ထွန်း ညွှန်ကြားသည့်အတိုင်း အားလုံး စိုင်ကြီးကို ဝိုင်းရန် အားထုတ်ကြလေသည်။ မကြာမီ သူတို့သည် စိုင်ကြီးကို အဝေးမှ ဝိုင်းမိကြလေသည်။ ထို့နောက် စိုင်ကြီးကို တဖြည်းဖြည်းချင်း ခြေသံလုံစွာ အနီးကပ် ဝိုင်းရပြန်လေသည်။

ထိုစဉ် စိုင်ကြီးသည် သူ့အဝိုင်းခံ



www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသည်ကို ရိပ်မိသွားသဖြင့် လျှပ်တစ်ပြက်ထွက်ပြေးလေရာ ဦးသိုက်ထွန်း ခေါင်းဆောင်သည့်ဘက်သို့ ရုတ်တရက်ရောက်ရှိလာလေသည်။ ထိုအခါ ဦးသိုက်ထွန်း၏တပည့်တစ်ဦးက လန့်ဖျပ်ပြီး သေနတ်ဖြင့် ဆီးပစ်လေသည်။

"ဒိုင်း . . ဒိုင်း"

ကြောက်အားလန့်အားဖြင့် ပစ်လိုက်ရသဖြင့် ကျည်ဆန်များသည် စိုင်ကြီးနှင့်လွဲချော်သွားပြီး ငနဲ့တို့ရှိသည့် ရွာသားများဘက်သို့ ဝဲပျံလာလေသည်။ ထိုအခါ ရွာသားများမှာ ကျည်ဆန်ထိမှန်မည်စိုး၍ မြေပြင်၌ ထိုင်ချလိုက်ကြလေသည်။

ထိုစဉ် စိုင်ကြီးသည် သေနတ်ဖြင့် ပစ်လိုက်သည်ကို ကြောက်လန့်ပြီး ရွာသားများဘက်သို့ လှည့်ထွက်ပြေးလေသည်။ ထိုအခါ ငနဲ့ရော ရွာသားများပါ ကြောက်လန့်တကြားဖြစ်လာပြီး တပေါးပေါးအော်ဟစ်ကာ လက်ထဲရှိ လှံများ၊ ဒူးလေးများဖြင့် ပစ်ခတ်ကြလေသည်။ ငနဲ့ကလည်း သေနတ်ဖြင့် ဆီးပစ်ပြန်လေသည်။

ထို့ကြောင့် စိုင်ကြီးသည် ကြောက်လန့်သည်ထက် ကြောက်လန့်လာပြီး နောက်ဘက်သို့ တစ်ဖန် လှည့်ပြေးပြန်လေသည်။ ထိုစဉ် ဦးသိုက်ထွန်းသည် သစ်ပင်ကွယ်ရာမှထွက်လာပြီး နှစ်လုံးပြူးသေနတ်ဖြင့် စိုင်ကြီးရှိရာဘက်သို့ ချိန်ရွယ်ထားလိုက်လေသည်။ စိုင်ကြီးသည်လည်း ပြေးမိပြေးရာပြေးရင်း ဦးသိုက်ထွန်းရှိရာဘက်သို့ ပြေးမိလေသည်။

ထိုအခါ စိုင်ကြီးမှာ သေနတ်ဖြင့် ချိန်ရွယ်နေသော ဦးသိုက်ထွန်းနှင့် မျက်နှာချင်းဆိုင် တည့်တည့်ကြီးဖြစ်သွား၏။ ဦးသိုက်ထွန်းလည်း ဘာမှစဉ်းစားမနေတော့ဘဲ သေနတ်ခလုတ်ကို အသာညှစ်ဆွဲလိုက်လေသည်။

"ဒိုင်း"

နှစ်လုံးပြူးသေနတ် ညာဘက်ပြောင်းဝမှ ကျည်မွှားများက အလျှင်အမြန် ပျံသန်းလာသော ပျားကောင်များပမာ လေထဲ ဝီခေါ်ပြီး စိုင်ကြီးဆီသို့ ရွေ့လျားသွားလေသည်။ နှစ်လုံးပြူးကျည်မွှားတို့၏သဘောမှာ သေနတ်ပြောင်းဝမှထွက်ခါစတွင် ကျည်တစ်တောင့်နှင့်တစ်တောင့် ပူးကပ်နေသော်လည်း ပြောင်းဝနှင့် ဝေးသွားသည်နှင့်အမျှ တစ်တောင့်နှင့် တစ်တောင့် ရုတ်တရက်ကွာခြားသည်ထက် ကွာခြားသွားတော့သည်။ ဝေးသောပစ်မှတ်ဆိုလျှင် ကျည်မွှားများ ဖွာထွက်သည့်သဘော ဖြစ်သည်။

ယခုလည်း ဦးသိုက်ထွန်းပစ်လိုက်သော ကျည်မွှားများမှာ ဝေးကွာနေသေးသော စိုင်ကြီးအတွက် ကျည်မွှားများစွာထွက်သွားသည့်အတွက် အေးချော်ကုန်သည့် ကျည်မွှားများကများပြီး ထိမှန်သော ကျည်မွှားမှာ နှစ်တောင့်၊ သုံးတောင့်ထက်ပင် မပိုချေ။

ထိုအခါမှ ဦးသိုက်ထွန်းသည် သူ တစ်ခုခု မှားယွင်းခဲ့သည်ကို ရုတ်တရက်ပြန်လည် သတိရလာလေ၏။ သူသည် ရွာမှထွက်လာစဉ်က လမ်းမှာငှက်ပစ်ရန် ရည်ရွယ်၍ နှစ်လုံးပြူး ညာဘက်ကျည်ပေါက်ထဲသို့ ကျည်မကြီးမထည့်မိဘဲ ကိုးလုံးကျည်ခေါ် ခဲပျော့ကျည်မွှားကိုးခုပါသည့်ကျည်ဆန်ကို ထိုးထည့်လာခဲ့မိလေသည်။ ထိုကျည်မွှားများသည် အလွန်သေးငယ်ပြီး ခဲပျော့ဖြင့်ပြုလုပ်ထားသည့်အတွက် ပစ်ခတ်သည့်အခါ ယမ်းမီးအပူရှိန်ဖြင့် ပျော့လည်းပျော့ထွက်သွားတတ်သည်။

ထို့ကြောင့် ကျည်မွှားနှစ်တောင့်၊ သုံးတောင့်မှန်သော်ငြားလည်း စိုင်ကြီးမှာ ဘာမှမဖြစ်သလိုဖြင့် အရှိန်မပျက် ဆက်လက် ပြေးလွှားလာနိုင်ပါသည်။ ထိုသို့ ပြေးလွှားလာနိုင်ခြင်းကြောင့် ရုတ်တရက်ဆိုသလို စိုင်ကြီးသည် စဉ်းစားချိန်ယူနေသော ဦးသိုက်ထွန်း၏ရှေ့တည့်တည့် ဆယ်လံခန့်အကွာနေရာသို့ ရောက်ရှိလာလေသည်။

စိုင်ကြီးသည် ကျည်မွှားများ ထိမှန်သွားသည့်အတွက် ကြောက်လန့်နေရာမှ ဒေါသထွက်လာပြီး ဦးသိုက်ထွန်းကို မြင်သွားသည်နှင့် ကျူးကော်ပစ်ရန် သူ၏ဦးခေါင်းကိုငုံ့၍ ဦးချိုနှစ်ချောင်းကို လှံများပမာ ရှေ့သို့ချိန်ရွယ်၍ ပြေးဝင်လာလေသည်။

ထိုအခါမှ ဦးသိုက်ထွန်းသည် သတိပြန်ဝင်လာပြီး သူ၏နှစ်လုံးပြူးသေနတ်ဘယ်ဘက်ပြောင်းထဲရှိ ကျည်ဆန်ဖြင့်ဆက်လက်ပစ်ခတ်ရန် ထပ်မံချိန်ရွယ်လိုက်ရပြန်သည်။ ထိုဘယ်ဘက်ပြောင်းထဲရှိ ကျည်ဆန်မှာ ခုနကပစ်ထုတ်လိုက်သော ကျည်မွှားအိမ်မျိုး မဟုတ်ပေ။

ယခုကျည်ဆန်မှာ ကျည်မခေါ် ခဲမာအတောင့်ကြီးတစ်တောင့်တည်းကိုသာ ယမ်းပြင်းသွတ်ထားသော ကျည်ခွံထဲတွင် ထည့်သိုထားခြင်း ဖြစ်သည်။ ထို့ကြောင့် ကျည်ထိပ်ဖူးမှာ မာပြီး အတောင့်ကြီးသည်။

ထိုကျည်ထိပ်ဖူးမျိုး ငယ်ထိပ်သာ ထိမှန်လိုက်လျှင် ဆင်တောင်ဖင်ထိုင်လဲကျသွားနိုင်သည်။

ထို့ကြောင့် ဦးသိုက်ထွန်းသည် ဘာကိုမှ ဆက်လက် မစဉ်းစားတော့ဘဲ သေနတ်ခလုတ်ကို လျှပ်တစ်ပြက် ဆွဲညှစ်လိုက်လေသည်။

"ဒိုင်း . . , ဝုန်း . . ."

ကျည်ထိပ်ဖူးသည် ပေါက်ကွဲမှုနှင့်အတူ သေနတ်ပြောင်းထဲမှ လျှောတိုက်၍ လေထဲ ဝှီးခနဲ ထွက်သွားလေသည်။ ထို့နောက် စိုင်ကြီး၏အရေပြားတစ်နေရာကို ထိုးခွဲသွားပြီး သွေးစအချို့လည်း လေထဲဖြာထွက်သွားသည်။

သို့သော်လည်း စိုင်ကြီးအား ချက်ကောင်းကို မထိမှန်ခဲ့ပေ။ ဦးသိုက်ထွန်းအနေဖြင့် စိုင်ကြီး၏ ဦးခေါင်းငယ်ထိပ်ကို အသေအချာ ချိန်ရွယ်ပစ်ခတ်လိုက်သော်လည်း စိုင်ကြီးက ဦးချိုဖြင့် ကော်တင်ရန် ခေါင်းငုံ့ခိုက်နှင့် ကြုံသွားသဖြင့် ငယ်ထိပ်ကို မထိမှန်ဘဲ နက်ပြောင်နေသော ကျောကုန်းအရေပြားကို ရှပ်မှန်သွားလေသည်။ ထို့ကြောင့် စိုင်ကြီးသည် ပိုမိုဒေါသထွက်လာပြီး အရှိန်အဟုန်မပျက် ဆက်လက်ပြေးဝင်လာလေသည်။

ဦးသိုက်ထွန်းအနေဖြင့်လည်း ကျည်ဆန်ကုန်သွားပြီ ဖြစ်သည်။ ကျည်ထပ်ထည့်ရန်လည်း အချိန်မရတော့ပါ။ ပြေးဝင်လာသော စိုင်ကြီး၏ဦးချိုရန်မှ လွတ်မြောက်ရန် ရှောင်တိမ်းဖို့သာ ရှိတော့သည်။ ထို့ကြောင့် ဦးသိုက်ထွန်းသည် သစ်ပင်ကွယ်ရာသို့ ခုန်ရှောင်ရန် ခြေထောက်များကို ပင့်ယူလိုက်သည်။ သို့သော် သူ၏ ခြေထောက်များက ဘာ နွံထဲတွင်ကျွံနေသဖြင့် ရုတ်တရက် မ,တင်၍မရဖြစ်နေလေသည်။

ထိုအခိုက် စိုင်ကြီး၏ ဦးချိုတစ်ချောင်းသည် ဦးသိုက်ထွန်း၏ပေါင်ကြားထဲဝင်လာပြီး အခြားတစ်ချောင်းကား ဘယ်ပေါင်အပြင်ဘက်သို့ ချော်ထွက်သွားလေသည်။

"ဖြောင်း"

"အား"

ဘယ်လိုကဘယ်လိုဖြစ်သွားသည်မသိ။ လက်ရှိအခြေအနေတွင် ဦးသိုက်ထွန်းမှာ သစ်ပင်ခွကြားတွင် တင်နေလျက် သစ်ကိုင်းရင်းတစ်ခုကို အတင်းအကျပ်ဖက်ထားရင်း တအားအားအော်နေပြီး ၎င်းသစ်ပင်ရင်းတွင်ကား ဒေါသပြင်းထန်နေသော စိုင်ကြီးက ခွာမြစ်များကို ကော်ထုတ်နေလေသည်။ ထို

www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်ကြီးမှာလည်း ယိုင်စပြုနေပြီး ဖြည်းဖြည်း လဲကျနေလေပြီ။

"အမလေး- လာကြပါဦး"

ဦးသိုက်ထွန်း၏အော်သံကြောင့် ပြေးကြည့်ကြရာ လူတစ်ဖက်ခန့်ရှိသော သစ်ပင်ကြီးအား စိုင်ကြီးက သဲသဲမဲမဲ ကော်ထုတ်ပစ်နေသည်ကို တွေ့ရှိရလေသည်။ ထိုစဉ် တပည့်ဖြစ်သူ ငနဲ့သည် ရွာသားတစ်ယောက်နှင့်အတူ စိုင်ကြီး၏ ဘင်ပါးဘက်ခပ်ကွာကွာနေရာသို့ရောက်ရှိလာလေသည်။

"ဒိုင်း"

"ဖြောင်း"

ရောက်လျှင်ရောက်ချင်း ငနဲ့သည် မိမိ၏ရိုင်ဖယ်သေနတ်ဖြင့် အမြန်ပစ်ခတ်လိုက်လေသည်။ သို့သော် ငနဲ့ပစ်လိုက်သော ကျည်ဆန်သည် စိုင်ကြီးကိုမထိဘဲ စိုင်ကြီးကော်ထုတ်နေသောသစ်ပင်စည်ကိုထိကာ ဖြောင်းခနဲအသံကျယ်လောင်စွာ ထွက်ပေါ်သွားလေသည်။ ထိုအပြင် ကျည်မှန်သောနေရာမှ သစ်ခေါက်များ ထွက်လွင့်စဉ်သွားသည်။ ဤသည်ကို စိုင်ကြီး ရုတ်တရက် ကြားမြင်လိုက်ရသည့်အတွက် ကြောက်လန့်ပြီး သစ်ပင်ကော်ခြင်းကို ရပ်တန့်ကာ အခြားတစ်ဖက်သို့ ထွက်ပြေးသွားလေသည်။

"ပြေးပြီ၊ ပြေးပြီ"

"ပစ်"

"ဒိုင်း၊ ဒိုင်း"

စိုင်ကြီးထွက်ပြေးသည်နှင့် ဝိုင်းပစ်ခတ်ကြသော်လည်း အလျင်အမြန် ပြေးလွှားနေသော စိုင်ကြီးအား ချက်ကောင်းမှန်အောင် မပစ်နိုင်ကြပေ။ ထို့ကြောင့် စိုင်ကြီးသည် ဝိုင်းပစ်နေသည့်ကြားမှ လွတ်ထွက်သွားခဲ့လေသည်။

ဦးသိုက်ထွန်းသာ စိုင်ကော်ခံလိုက်ရသည့်အတွက် ပေါင်ကျိုးကာ သစ်ပင်နှင့်ခေါင်းဆောင့်မိသည့်အတွက်ကြောင့်လည်း နဖူးပါကွဲလေသည်။

ထို့နောက် ရွာသားများက ဦးသိုက်ထွန်းအား သစ်ပင်ပေါ်မှချကာ အဝတ်များဖြင့် ပတ်တီးစည်းပေးပြီး ပါလာသော မြင်းစောင်ဖြင့် ပုခက်ဆိုင်းဆင်ကာ ရွာသို့ ထမ်းပိုးသယ်ဆောင်လာခဲ့ကြလေသည်။

❑

မကြာမီ ဦးသိုက်ထွန်းတို့အဖွဲ့သည် ချောင်းကွင်းရွာသို့ ပြန်လည်ရောက်ရှိလာကြ၏။

ရောက်လျှင်ရောက်ချင်း ရွာထဲရှိ တိုင်းရင်းဆေးသမားတော်ကြီးအား ပင့်ဆောင်၍ ဦးသိုက်ထွန်း၏ ဒဏ်ရာအနာတရများကို ကုသပေးကြပါသည်။ ထို့ကြောင့် ရက်အနည်းငယ်တွင် ဒဏ်ရာများလည်း အတော်အတန် သက်သာလာခဲ့ပါသည်။

ထိုစဉ် ချောင်းကွင်းရွာ လှေဆိပ်တံခါးတွင် လူစိမ်းနှစ်ယောက် လှေဖြင့် ရောက်ရှိနေကြလေသည်။ ထိုလူစိမ်းများက အကျိုးအကြောင်းရှင်းပြပြီး ရွာထဲသို့ဝင်ရန် ခွင့်တောင်းကြသည်။ ထို့ကြောင့် တံခါးစောင့်များက ဦးသိုက်ထွန်းဆေးကုရာ သူကြီးအိမ်သို့ လာပြောကြလေသည်။

"တော်လှန်ရေး ရဲဘော်တွေလို့လည်း ပြောတယ်။ ပြီးတော့ မဆိုးကြီး ဦးသိုက်ထွန်းရဲ့သားလို့လည်းပြောတယ် သူကြီး။ အဲဒါ ဝင်ခွင့်ပေးသင့်၊ မပေးသင့် သူကြီးဆီ လာအကြံတောင်းတာပါ"

လဲလျောင်းနေသော ဦးသိုက်ထွန်းမှာ တော်လှန်ရေးရဲဘော်တွေ ဟူသော စကားကြောင့် ခေါင်းထောင်ထလာပြီး သူ၏ သား ဟူသော သတင်းကြားရမှုကြောင့်လည်း တုန်လှုပ်သွားပြန်သည်။ ထိုစဉ် သူကြီးက-

"ဒါဆိုလည်း ဦးသိုက်ထွန်းနဲ့ တိုင်ပင်ရမှာပဲ။ ဦးသိုက်ထွန်းအနေနဲ့ကော ဘယ်လိုသဘောရသလဲ"

ဦးသိုက်ထွန်းမှာ ထိုမေးခွန်းအမေးခံလိုက်ရသည့်အတွက် ပိုမိုတုန်လှုပ်သွားပြန်သည်။ ထိုတော်လှန်ရေးရဲဘော်များနှင့် မိမိတို့အဖွဲ့ ပြဿနာတစ်စုံတစ်ရာဖြစ်လာလျှင် ဦးသိုက်ထွန်းအပေါ် တာဝန်ပုံကျလာမည်မဟုတ်လား။ ထို့ကြောင့် ဦးသိုက်ထွန်းက-

"ဒီကောင်တွေကိုပြောလိုက်ကွာ၊ ငါ့မှာလည်း ဒဏ်ရာအကြီးအကျယ်ရထားတယ်လို့၊ ဘာဒုက္ခမှမပေးဘူးဆိုရင် ဝင်ခဲ့။ ဒုက္ခပေးမယ်ဆိုရင်တော့ နောက်ပြန်လှည့်သွားကြလို့"

ဦးသိုက်ထွန်း ပြောဆိုလွှတ်လိုက်သောကြောင့် တံခါးစောင့်များ နောက်လှည့်ပြန်သွားကြလေသည်။ မကြာမီတွင်တော့ ထိုတံခါးစောင့်များနှင့်အတူ လူစိမ်းနှစ်ယောက် ပါလာသည်။

"အဖေရယ်၊ ဘယ်လိုဖြစ်ရတာလဲ။ အသက်ကြီးမှအမဲလိုက်ရတယ်လို့"

သားဖြစ်သူ၏အဖေခေါ်သံကြောင့် ဦးသိုက်ထွန်း ရုတ်တရက် ဝမ်းသာသွားမိသော်လည်း သူတို့လွယ်ထားသော သေနတ်များကိုမြင်သွားသဖြင့် အတော်ထိတ်လန့်သွားရပြန်လေသည်။ သူတို့သည် မိမိအား ဖမ်းဆီးရန် စေလွှတ်လိုက်တာများလားဟု ဦးသိုက်ထွန်း သံသယဝင်နေသည်။ သူတို့သည် အင်္ဂလိပ်အစိုးရကို တော်လှန်နေသူများဖြစ်ပြီး မိမိတို့သည် တစ်ချိန်က ၎င်းအင်္ဂလိပ်အစိုးရ၏ လက်အောက်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည် မဟုတ်ပါလော။

"ဒါနဲ့ နေစမ်းပါဦးကွ၊ မင်းကဘယ်လိုကဘယ်လို တော်လှန်ရေးအဖွဲ့ထဲကို ရောက်သွားရတာလဲ။ ပြီးတော့ မင်းတို့ ဒီကို ဘာကိစ္စနဲ့ရောက်လာရတာလဲ"

ဦးသိုက်ထွန်းသည် ခုတင်ခေါင်းတားကို ခေါင်းအုံးခုမှီရင်း သားဖြစ်သူအား ခပ်မာမာပင် မေးမြန်းလိုက်လေသည်။

"အဖေရယ်၊ မြို့ပေါ်ကလူတွေ လာစည်းရုံးတာနဲ့ပဲ ဒီအဖွဲ့ထဲ ရောက်သွားခဲ့တာပါ။ အခုတော့ တော်လှန်ရေးကိစ္စတွေက ပြီးဆုံးသလောက်ဖြစ်နေပြီး လူကြီးတွေ လွတ်လပ်ရေးယူဖို့လုပ်နေတဲ့ အချိန်ပေါ့။ ဒါကြောင့်မို့ တော်လှန်ရေးကိစ္စတွေ အားလပ်နေတဲ့အတွက် ကိုယ့်ဇာတိကိုယ် ပြန်ခွင့်ရတယ်လေ။ သားလည်း အဖေတို့၊ အမေတို့နဲ့တွေ့ချင်တာနဲ့ ရွာကို ပြန်လာခဲ့တာ အဖေတို့ ဒီဘက်မှာရှိတယ်ကြားလို့ ဒီကိုလိုက်လာခဲ့တာပါ"

သားဖြစ်သူက ဦးသိုက်ထွန်းအား အသေအချာ ရှင်းပြနေစဉ် ရွာသူကြီးက သူတို့အနားသို့ ရောက်လာလေသည်။ ထို့ကြောင့် ဦးသိုက်ထွန်းက သူကြီးအား-

"ဪ- သူကြီး၊ ဒါ ကျွန်တော့်သားလေ။ နာမည်က မင်းရန်အောင်တဲ့"

"ဟုတ်ကဲ့- တွေ့ရတာ ဝမ်းသာပါတယ်။ ထန်းလျက်နဲ့ လက်ဖက်ရည်ကြမ်းလည်း သုံးဆောင်ကြပါဦး"

ထို့နောက် သူကြီးကတော်က ဧည့်သည်များအား ရေမိုးချိုးစေပြီး ထမင်းကျွေးသည်။ မင်းရန်အောင်တို့လည်း ထမင်းစားပြီး ခရီးပန်းလာကြသဖြင့် ခေတ္တမျှတုံးလုံးလှဲအနားယူကြလေသည်။ ညနေပိုင်းရောက်မှသာ အားလုံး စကားဝိုင်းဖွဲ့မိကြ၏။ ထိုအခါမှ ဦးသိုက်ထွန်းတို့အဖွဲ့ စိုင်လိုက်ရင်း ဒဏ်ရာရရှိခဲ့ပုံကို အမိကထား ပြောဆိုကြလေသည်။

"ဖြစ်မှဖြစ်ရလေ အဖေရာ၊ ဒါနဲ့ အဲဒီစိုင်ကြီးကောရှိသေးလား"

သားဖြစ်သူ၏ အမေးကြောင့် ဦးသိုက်ထွန်း၏မျက်လုံးများ ပြူးကျယ်



www.burmeseclassic.com

www.burmeseclassic.com

လာပြီး -

"ဟေ - မင်းတို့ကဘာလုပ်ကြဦး မလို့လဲ။ ဒီစိုင်ကြီးက သာမန်မဟုတ် ဘူး။ အတွေ့အကြုံရင့်ပြီး အတော်ပါးနပ် တဲ့ တောကောင်ကြီးကွ။ ရိုင်းလည်း အ တော်ရိုင်းတယ်"

"အဖေရာ၊ ဘာမှမပူပါနဲ့။ ဟောဒီ မှာ-သားနဲ့အတူပါလာတဲ့ ဖထီးကြီးစော လွယ်ထူး ဆိုတာ ကရင်ပြည်နယ်မှာနေ တုန်းက နာမည်ကျော်မုဆိုးကြီးပေါ့။ သူ အမြဲတမ်းပြောပြလို့ သားတောင်မှ မုဆိုး ပညာတွေ အတော်အတန်သိနေပါပြီ။ ဒါကြောင့်မို့ ဒီစိုင်ကြီးကို သားတို့သွား ပစ်ချင်တယ်"

ထိုအခါ ဦးသိုက်ထွန်းက ခေါင်း ကိုတွင်တွင်ခါ၍-

"မဖြစ်ဘူး၊ မဖြစ်ဘူး သား။ အောက်မှာ ရွှံ့နွံတွေကလည်းထူ၊ ဒီစိုင် ကြီးကလည်း အတော်ရိုင်းတာ။ တော် ကြာ အသက်အန္တရာယ်တွေဘာတွေဖြစ် နေပါဦးမယ်"

"ကိစ္စမရှိပါဘူး အဖေရာ၊ သား လည်း တော်လှန်ရေးစစ်ပွဲတွေ ဆင်နွှဲ လာခဲ့တဲ့လူပဲ။ မုဆိုးပညာဆိုတာ စစ် ပရိယာယ်လောက်တော့ ခက်မယ်မထင် ဘူး။ ခပ်ဝေးဝေးက ခွာပြီး လှမ်းပစ်ရင် ရပါတယ်။ သားက လက်ဖြောင့်တပ် သားအဖြစ်နဲ့ တာဝန်ထမ်းဆောင်ခဲ့သူ ပါ"

"အေးလေ- ဒါဆိုလည်း သွားချင် သွားပေါ့။ သတိဝီရိယတော့ရှိပါစေ၊ ဖထီးကြီးကိုလည်း ခေါ်သွားပေါ့"

"ရပါတယ် အဖေ၊ ဖထီးကြီးက လည်း အဖေတို့လိုအသက်ကလည်းကြီး နေပါပြီ။ ပြီးတော့ ဖထီးက တောင်ပေါ် မြေမှာပဲ ကြီးပြင်းလာခဲ့တာ ဆိုတော့ နွံတော၊ ဗွက်တောထဲဆို လမ်းတောင် လျှောက်တတ်မှာ မဟုတ်ဘူး။ တော် ကြာ နွံကျွံနေလို့ ဒုက္ခရောက်နေဦးမယ်"

"တဲ - ဒါဆိုလည်း မင်းပါလာတဲ့ ကာဘိုင်သေနတ်ကလေးနဲ့တော့ ဘာမှ လုပ်လို့ရမှာမဟုတ်ဘူး။ ငါ့နှစ်လုံးပြူးကို ပဲ ယူသွား။ ပြီးတော့ ကျည်ဆန်တွေကို လည်း အသေအချာ စစ်ဆေးဦး။ ကျည် မွှားကျည်ဆန်တွေ လုံးဝယူမသွားကြနဲ့။ ကျည်မတွေကိုပဲရွေးယူ၊ တော်ကြာ ငါလို ဖြစ်နေဦးမယ်"

"ဟုတ်ကဲ့ အဖေ"

ဤသို့ဖြင့် နောက်တစ်နေ့ နံနက် မိုးလင်းသောအခါ ချောင်းကွင်းရွာသား အချို့နှင့်အတူ ယခင်စိုင်ကြီးနှင့်ရင်ဆိုင် တွေ့ဆုံခဲ့သည့် ကမာတာဘုရားတောင် ဘက်တောအုပ်ထဲသို့ဦးတည်၍ မင်းရန် အောင်တို့ ခရီးထွက်လာခဲ့လေသည်။ ထိုတောအုပ်ထဲသို့ ရောက်သောအခါ စိုင်ကြီးအား လှည့်လည် ရှာဖွေကြရပြန် သည်။

ညနေ မှောင်ရီပျိုးစအချိန်တွင် ချောင်းရိုးကလေးတစ်ခုကို တွေ့သဖြင့် ထိုအတိုင်း စုန်ဆင်းသွားရာ သစ်လုံးများ အပြည့်တင်ထားသော ဘောက်တူလှေ ကြီးငါးစင်းကို ချောင်းကမ်းစပ်တွင် တွေ့ ရှိရလေသည်။ အသေအချာ အနီးကပ် သွားရောက်ကြည့်ရှုသောအခါ သစ်ခုတ် သမားများဖြစ်နေပြီး လှေပေါ်တွင် အနားယူရင်း ထမင်းဟင်းချက်ပြုတ်နေ ကြသည်ကို တွေ့ရ၏။ မင်းရန်အောင်တို့ အဖွဲ့လည်း ၎င်းတို့အား အကြောင်းစုံ ရှင်းပြကာ လှေပေါ်တွင် တစ်ညတာ တည်းခိုခွင့် တောင်းခံကြသည်။ သစ်ခုတ် သမားများက ကြည်ဖြူစွာ အိပ်ခွင့်ပေး သဖြင့် ညဦးယံတွင် စကားစမြည်ပြော ဖြစ်ကြလေသည်။

"ကျွန်တော်တို့က ဘယ့်နှယ် ကြောင့် တောထဲကျွံတစ်ကောင်တည်း ရောက်လာရတာလဲလို့ အောက်မေ့နေ တာ၊ ဆရာတို့ပြောမှပဲ စိုင်ကြီးဆိုတာသိ ရတော့တယ်"

ထိုစဉ် အခြားလှေတစ်စင်းမှ လူ တစ်ယောက်ရောက်ရှိလာပြီး-

"စိုင်ကြီးဟုတ်လား၊ ကိုညွန့်အေး"

"အေး - ဟုတ်တယ်၊ ဒီကနေ့ တို့ တွေ့ခဲ့တဲ့ ခြေရာတန်းကြီးက ဒီက ဆရာ တွေ လိုက်နေတဲ့ တောကောင်ကြီးပေါ့။ ဩော်-ဒါနဲ့ အဲဒီတောကောင်ကြီး ဘယ် ဘက်ကို ဦးတည်သွားနေတယ်ထင်သလဲ လို့ ဒီဆရာတွေက မေးနေတယ်ကွ။ မင်း က နယ်မြေကျွမ်းတော့သိမှာပေါ့။ အဲဒါ မောင်မိုးအေး ပြောပြနိုင်မလား"

ထိုအခါ မောင်မိုးအေးသည် စကားဝိုင်းတွင်အသာဝင်ထိုင်လိုက်ပြီး-

"ဒီတောကောင်ကြီးရဲ့ ခြေရာတွေ ကိုကြည့်လိုက်တော့ အနောက်မြောက် ဘက်ကို ထောင်တက်သွားပုံရတယ်။ ပြီး တော့ သူဖြတ်သွားတဲ့ သစ်ခက်သစ် ရွက်တွေမှာလည်း သွေးတွေစွန်းကျန်ခဲ့ တယ်ဆိုတော့ ဒီတောကောင်ကြီးဒဏ် ရာအတော်ရထားတယ်ထင်တယ်ဆရာ"

"ဟာ - သိပ်ဟုတ်တာပေါ့ဗျာ၊ ဒီ စိုင်ကြီးနဲ့ ကျွန်တော့်အဖေတို့အဖွဲ့ ရင် ဆိုင်တွေ့ခဲ့တုန်းက သေနတ်နဲ့ပစ်ထား တာ ဒဏ်ရာအတော်ရသွားတယ်ဗျ"

မင်းရန်အောင်က ယခင်ဖြစ်ပျက် ခဲ့ပုံအလုံးစုံကို စိတ်ရှည်လက်ရှည်ဖြင့် ရှင်းပြနေလေသည်။

"အင်း - ဒါဆို ဒီတောကောင်ကြီး ကိုးလတာတောကြီးထဲလောက်မှာ ရှိနေ မှာအမှန်ပဲဆရာ"

"ဟေ - ဟုတ်လား၊ ကိုးလတာ တောကြီးဆိုတာ ဘယ်နားမှာလဲ"

"ကျွန်တော် သိပါတယ် ဆရာ ဒီကနေဆို အနောက်မြောက်ဘက် တ မိုင်ခွဲလောက်တော့ သွားရလိမ့်မယ် ဆရာ"

မင်းရန်အောင်တို့နှင့် ပါလာသော ချောင်းကွင်းရွာသားတစ်ဦးက ဝ ရောက် ပြောဆိုလိုက်လေသည်။

"အင်း - တို့လူတစ်ယောက်သ နေပြီဆိုတော့ ဒီကိစ္စဘာပြဿနာမှမ တော့ပါဘူး။ မနက်ကျရင် ခပ်စောစော လေးသွားကြရုံပေါ့"

ထိုအခါ သစ်ခုတ်သမားတ ယောက်က -

"အေးဗျာ၊ ကျွန်တော်တို့တော ဒိပြင့်ဆိုရင် လိုက်ခဲ့တယ်။ ခုတော့ သ တွေက လှေပြည့်နေပြီ ဆိုတော့ ပြ တော့မှာ"

"ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော် ကို ဒီလှေပေါ်မှာတည်းခိုခွင့်ပေးတာ ပဲ အထူးကျေးဇူးတင်ပါတယ်"

ညဉ့်နက်လာသောအခါ အား အိပ်ကြပြီး မိုးလင်းသည်နှင့် ထင်းခု သမားများက မင်းရန်အောင်တို့အဖွဲ့ တွက် ရိက္ခာများပြင်ဆင်ပေးကြသည် ထို့နောက် မင်းရန်အောင်တို့အဖွဲ့ ထ ခုတ်သမားများကို နှုတ်ဆက်၍ ထွ လာခဲ့ကြလေသည်။

မင်းရန်အောင်တို့အဖွဲ့ ချော ကွင်းရွာသားတစ်ဦး၏ လမ်းညွှန်မှု ဒီရေတောကြီးတစ်လျှောက် ရွှံ့နွံ တောများ၊ ရေအိုင်များ၊ သဲကုန်း များကို ဖြတ်သန်းလျက် လျှောက် လာခဲ့ကြလေသည်။ (၃) နာရီခန့် သောအခါ သစ်ခုတ်သမားများ သော ကိုးလတာတောကြီးထဲသို့ ရော ရှိခဲ့ကြပါသည်။ ထိုတောကြီးသည် ပင်၊ ကနစိုပင်၊ သမဲ့ပင် စသည့် ရောက်သစ်ပင်ကြီးများဖြင့် အုပ်ဆိုင် ပြီး ချုံပုတ်များလည်း အလွန်ပေါ သည်။

မင်းရန်အောင်တို့အဖွဲ့သည် တောကြီးထဲသို့ ရောက်ကတည်းက ကြီးကို ရှာဖွေနေကြသည်မှာ အ



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် နေ့လယ် (၁၁) နာရီကျော်၍ (၁၂) နာရီ မွန်းတည့်ခါနီးခဲ့လေပြီ။ ထိုစဉ် သူတို့အဖွဲ့သည် သဲကုန်းမို့မို့ကလေးတစ်ခုကို တွေ့သွားပြီး ထိုနေရာ၌ ခေတ္တစခန်းချနားနေရန် ဆုံးဖြတ်ကြလေသည်။ ထို့နောက် ရွာသားအချို့က ၎င်းသဲကုန်းကလေးပေါ်တွင် သစ်ခက်တဲထိုးကြသည်။ ပြီးလျှင် ပါလာသော ရိက္ခာများကိုဖွင့်ကာ သစ်ရွက်ခင်းထားသော မြေပြင်တွင်ချ၍ စားသောက်ရန် ပြင်ဆင်ကြလေသည်။

သူတို့စားသောက်နေစဉ် ပါလာသော ထမင်းဟင်းနံ့များကြောင့် တစ်တောလုံးမွှေးကြိုင်သွားပြီး အနံ့ရသဖြင့် ဘေးပတ်လည် သစ်ပင်များအပေါ်တွင် မျောက်များရောက်ရှိဝိုင်းအုံလာကြလေသည်။ မင်းရန်အောင်လည်း တကွဲကွဲဆူညံလာသော မျောက်များကို တစ်ချက်မော့ကြည့်မိလေသည်။ မျောက်များသည် မိမိတို့၏ထမင်းဝိုင်းကို လုစားရန် သဲကြီးမဲကြီးဖြစ်နေကြသည်ကို မြင်လိုက်ရသဖြင့် မင်းရန်အောင်သည် အပိုဆောင်လာသော သူ၏ကာဘိုင်သေနတ်ကို မိုးပေါ်ထောင်၍ ပစ်ဖောက်လိုက်လေသည်။ ထိုအခါ မျောက်များသည် ကြောက်လန့်တကြား ထွက်ပြေးသွားရာ တောကြီးတစ်ခုလုံး တအုန်းအုန်းဆူညံပြီး ငြိမ်ကျသွားလေသည်။

သို့သော် ခေတ္တမျှသာ ငြိမ်သက်သည်ရှိသေး အနောက်တောင်ခပ်လှမ်းလှမ်းဆီတွင် ငှက်သံများဆူညံလာပြန်သည်။

"ဟာ- ဒါထူးခြားတဲ့ ဖြစ်ရပ်တစ်ခုပဲ။ ကျွန်တော် သစ်ပင်ပေါ်ကနေ တက်ကြည့်လိုက်မယ် ဆရာ"

ပြောပြောဆိုဆိုနှင့် ရွာသားတစ်ဦးက ခပ်မြင့်မြင့်သစ်ပင်ကြီးတစ်ပင်ပေါ်တက်၍ ငှက်သံကြားရာဘက်သို့ လှမ်းမျှော်ကြည့်လေသည်။

ထို့နောက် သူက-

"ဟာ - ဟောဟိုနားမှာ တစ်ခုခုတော့ ထူးခြားနေပြီဆရာ၊ ငှက်တွေက ပတ်ချာလည်ဝဲပျံပြီး အော်နေတာ၊ ကေနတ္တ - ဟိုစိုင်ကြီးများလား မသိဘူး"

"အေးအေးသာစားပါဆရာ၊ ဒီစိုင်ကြီး ကျွန်တော်တို့လက်ထဲက ဘယ်မှ ထွက်မပြေးနိုင်ပါဘူး"

ထမင်းစားနေသော ရွာသားတစ်ဦးက ဖျောင်းဖျ ပြောဆိုမှသာ မင်းရန်အောင် ပြန်ထိုင်၍ ထမင်းကုန်အောင် စားနိုင်တော့သည်။ ထမင်းစားပြီးသော အခါ သူတို့အဖွဲ့ စိုင်ကြီးရှိနိုင်သည်ဟု ခန့်မှန်းရသောနေရာသို့ သွားကြလေသည်။ တစ်နေရာအရောက်တွင်တော့ ချိုးချိုးချွတ်ချွတ်အသံများ ကြားလိုက်ရသဖြင့် အသာရပ်ကာနားထောင်နေကြလေသည်။ ထိုအခါ ရွှံ့တောထဲတစ်လှမ်းချင်းလျှောက်ကာ သစ်ရွက်ခူးစားနေသည်ဟု ယူဆရသော အသံများက သိသာစွာ ထင်ရှားလာလေသည်။

ထိုအခါ မင်းရန်အောင်သည် ရွာသားများကို နေရစ်ခဲ့ရန် လက်ဟန်ဖြင့် အချက်ပြ၍ ၎င်းက ရှေ့ကို စူးစိုက်စွာကြည့်ရင်း တစ်လှမ်းချင်း ခြေသံလုံအောင် လျှောက်သွားလေသည်။ ရွာသားများနှင့်မျက်ခြည်ပြတ်လုလုနေရာသို့ ရောက်ရှိသောအခါ အမှန်တကယ်ပင် သစ်ရွက်စားနေသော စိုင်ကြီး၏တင်ပါးကို မင်းရန်အောင် ခပ်ဝေးဝေးမှ တွေ့ရတော့၏။ ထို့နောက် မင်းရန်အောင် ရွာသားများရှိရာသို့ ဖြည်းညင်းစွာ ပြန်လည် ဆုတ်ခွာလာခဲ့လေသည်။

ထို့နောက် စိုင်ကြီးကို ဝိုင်းရန် ရွာသားများနှင့် တိုင်ပင်လေသည်။

"ခင်ဗျားတို့က ခပ်ဝေးဝေးကပဲ ဝိုင်းထားကြ။ ကျွန်တော်က နောက်ကနေ သွားပစ်မယ်။ ခင်ဗျားတို့ဘက်ကို ပြေးလာရင် ကျွန်တော့်ဘက်ပြန်မောင်းထုတ်လိုက်၊ တကယ်လို့ ချက်ကောင်းထိနိုင်မယ်ဆိုရင်တော့ လှံနဲ့သာ ထိုးချလိုက်၊ ပိုင်မှလည်းလုပ်။ မပိုင်ရင် ကျွန်တော့်ဘက်သာ မောင်းထုတ်လိုက်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ရွာသားတို့သည် တိုင်ပင်ထားကြသည့်အတိုင်း စိုင်ကြီးကို အဝေးမှခွာ၍ ဝိုင်းထားပေးကြသည်။ ထိုအခါ မင်းရန်အောင်သည် စိုင်ကြီး၏နောက်ဘက်သို့ ဖြည်းညင်းစွာ တိုးကပ်သွားလေသည်။ သို့သော် အကင်းပါးသောစိုင်ကြီးသည် သူ့အနားသို့ တစ်စုံတစ်ယောက် ကပ်လာသည်ကို မသကာဟန်ဖြင့် သူ၏ ဦးခေါင်းကို သမင်လည်ပြန်ပြု၍ ဟိုဟိုသည်သည်ကြည့်ရှုလေသည်။ ထိုအခိုက် စိုင်ကြီးသည် အနားတိုးကပ်လာသော မင်းရန်အောင်အား လှမ်းမြင်သွားဟန်ရှိသည်။ အခြားတစ်ဖက်သို့ တစ်ချိုးတည်း လစ်ထွက်ပြေးလေသည်။ မင်းရန်အောင်အတွက် ပစ်ဖို့နေနေသာသာ သေနတ်ချိန်,ချိန်ပင် မရလိုက်ချေ။

ထို့ကြောင့် မင်းရန်အောင်သည် စိုင်ကြီးနောက်သို့ ဒေါသမွှန်စွာဖြင့် ခပ်သွက်သွက်ပြေးလိုက်ရလေသည်။ သို့သော် နွံတွေက နတ်သောကြောင့် နွံကျွံသဖြင့် မင်းရန်အောင်ခမျာ ခြေလှမ်းမသွက်ဖြစ်ကာ စိုင်ကြီးနှင့် မျက်ခြည်ပြတ်သွားသည်။

ထိုစဉ် စိုင်ကြီးသည် အခြားတစ်ဖက်ရှိ ရွာသားတစ်ဦး၏ရှေ့သို့ ရောက်ရှိလာရာ ထိုရွာသားက ခြောက်လှန့်လိုက်သဖြင့် အခြားရွာသားတစ်ဦးထံ ရောက်ရှိသွားပြန်သည်။ ထိုအခါ စိုင်ကြီးသည် အလွန်ဒေါသထွက်လာပြီး တစ်ဖက်ဖက်မှ ထိုးဖောက်ရန် သူ၏ခြေထောက်များကို အကုန်မြှောက်၍ကဆုန်ပေါက်ထွက်ပြေးရန် ဟန်ပြင်လေသည်။

သို့သော် ရွာသားတစ်ဦးက စိုင်ကြီး သူ့ရှေ့ရောက်လာသည်ကို မြင်သဖြင့် လှံနှင့်ထိုးရာ ချော်သွားအခိုက် စိုင်ကြီးက သူ၏ဦးချိုဖြင့် ရုတ်တရက် ဆတ်၍ခတ်လိုက်ရာ နံစောင်းနှင့်ချိုရင်းထိကာ ထိုရွာသားခမျာ ချုံပုတ်ထဲ လဲကျသွားလေသည်။ စိုင်ကြီးမှာလည်း အရှိန်လွန်၍ ဦးခေါင်းနှင့် သစ်ပင်တစ်ပင်အား ဝင်တိုက်မိရာ ထိုနေရာ၌ပင် ခြေချော်လဲကျသွားလေသည်။ သို့သော် စိုင်ကြီးသည် အလျင်အမြန်ထကာ အခြားတစ်ဖက်သို့ ထွက်ပြေးပြန်လေသည်။

ထိုစဉ် စိုင်ကြီးသည် ထွက်ပေါက်ရှာရင်း နောက်ဆုံး၌ မင်းရန်အောင်ရှိရာဘက်သို့ ရောက်ရှိလာပြန်လေသည်။ မင်းရန်အောင်လည်း စိုင်ကြီး၏ဦးခေါင်းပေါ်လာသည်နှင့် သေနတ်ကိုအမြန်ချိန်ရွယ်ကာ ပစ်ထည့်လိုက်လေသည်။ သို့သော် အလျင်အမြန်ရွေ့လျားလာသော စိုင်ကြီးအား ချက်ကောင်းကိုထိအောင် မပစ်နိုင်ခဲ့ချေ။ သူ၏နံဘေးကိုသာ ရှပ်၍ထိမှန်လေသည်။

ထို့ကြောင့် စိုင်ကြီးသည် အလွန်နာကျင်စိတ်ဆိုးလာပြီး မင်းရန်အောင်အား ဦးချိုဖြင့်ခတ်ပစ်ရန် အပြေးဝင်လာလေသည်။

ထိုအခါ မင်းရန်အောင်သည် သည်အတိုင်း ရပ်တည်နေ၍ လွတ်ပုံမပေါ်မှန်း သဘောပေါက်သဖြင့် အခြားတစ်ဖက်သို့ ရှောင်တိမ်းရန် အားထုတ်မိလေသည်။ သို့သော် သူ၏ ခြေထောက်တစ်ဖက်က မဓမငုတ်ကို ခလုတ်တိုက်မိပြီး သစ်မြစ်ဆုံတစ်ခုပေါ်သို့ လဲကျလုဖြစ်သွားလေသည်။

ထိုစဉ် စိုင်ကြီးသည် အရှိန်လွန်သွားရာမှ ကိုယ်ရှိန်သတ်၍ မင်းရန်အောင်ဘက်သို့ ဦးလှည့်လာပြန်သည်။ ထိုအခိုက် မင်းရန်အောင်၏ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com

သည် သစ်မြစ်ဆုံနှင့် အပ်ကျမလိုဖြစ်သွားသဖြင့် သေနတ်ဒင်ဖြင့် လှမ်းထောက်မိလေသည်။ ထိုအခါ မင်းရန်အောင်လက်ညှိုးသည် သေနတ်ခလုတ်ကို နှိပ်မိလျက်သားဖြစ်သွားပြီး ကျန်ရှိနေသောကျည်ဆန်တစ်တောင့်က ဖောင်းခနဲထွက်သွားပြီး သစ်ကိုင်းတစ်ခုကို ဖြောင်းခနဲသွားမှန်လေသည်။

စိုင်ကြီးလည်း သေနတ်သံ၊ သစ်ကိုင်းကျိုးသံနှင့် သေနတ်ပြောင်းထဲ မီးခိုးတန်းကြီးထွက်သွားပုံတို့ကို ရုတ်တရက် ကြားမြင်လိုက်ရသည့်အတွက် အလွန်ထိတ်လန့်ပြီး အခြားတစ်ဖက်သို့ ထွက်ပြေးသွားပြန်လေသည်။

ထို့ကြောင့် မင်းရန်အောင်သည် ကန်းရှန်းထကာ အော်ဟစ်အချက်ပေးရင်း စိုင်ကြီးနောက်သို့ ပြေးလိုက်ရလေသည်။

"ဟေ့ - စိုင်ကြီး ဒီဘက်ကနေ ထွက်ပြေးသွားပြီဟေ့ လိုက်ကြ"

ရွာသားများလည်းအသံကြားရာဘက်သို့ အပြေးရောက်လာပြီး စိုင်ကြီးထွက်ပြေးရာ ခြေရာအတိုင်း စွတ်လိုက်ကြလေသည်။

သို့သော် စိုင်ကြီးကိုကား ခြေရာမှအပ ဘာအရိပ်အယောင်မျှ မတွေ့ရတော့ပေ။ သူတို့အားလုံးသည် လက်လျှော့ရမလိုဖြစ်သွားလေသည်။ သူတို့သည် ခေတ္တမျှ အရှိန်လျှော့၍ အသက်ပြင်းပြင်းရှူကာ အမောဖြေရင်း ခြေရာအတိုင်း လမ်းလျှောက်လာခဲ့ကြသည်။ သူတို့၏အမူအရာတို့သည်လည်း အလွန်စိတ်ဓာတ်ကျဆင်းသွားဟန် ပြနေလေသည်။ ထိုစဉ်-

"ဒိုင်း ဒိုင်း"

"ပုန်း"

ထိုသို့ သူတို့ ခြေလေးလက်လေးဖြင့် လမ်းလျှောက်လာစဉ် သူတို့၏ရှေ့တူရှူဘက်မှ သေနတ်သံများနှင့်အတူ တစ်ခုခုလဲကျသွားသောအသံတစ်ခုကို ကြားလိုက်ကြရလေသည်။

"ဟေ့ - ဟိုရှေ့မှာ သေနတ်သံကြားတယ်၊ တစ်ခုခုဖြစ်နေပြီထင်တယ်။ သတိနဲ့သွားကြဟေ့"

ရွာသားတစ်ဦးက သတိပေးလိုက်သဖြင့် အားလုံး သတိဝီရိယပြုကာ စိုင်ကြီး၏ ခြေရာအတိုင်း ဆက်လက်လျှောက်လှမ်းလာကြလေသည်။ သူတို့သည် စိုင်ကြီး၏ခြေရာဆုံးခါနီးနားသို့ ရောက်သောအခါ သူတို့လုံးဝထင်မှတ်မထားသော အံ့ဩစရာမြင်ကွင်းက ဆီးကြိုနေလေသည်။

"ဟာ- ဖထီး၊ ဘယ်လိုကဘယ်လို ဒီကို ရောက်လာတာလဲ"

မင်းရန်အောင်သည် အံ့အားသင့်စွာ လှမ်းမေးမိလေသည်။ သူတို့၏မြင်ကွင်းထဲတွင်ကား ကရင်အမျိုးသား ဖထီးကြီး စောလွယ်ထူးသည် သွေးသံရဲရဲဖြင့် လဲကျနေသော စိုင်ကြီး၏နံဘေးနားတွင် ရိုင်ဖယ်သေနတ်ကို ပခုံးပေါ်တင်လျက် တောင့်တောင့်ကြီးရပ်နေသည်ကို တွေ့ကြရလေသည်။

"မင်းတို့ကို စိတ်မချလို့ ငါလိုက်လာတာကွ။ ကဲ- ပြောနေကြတယ်။ ဒီတောကောင်ကြီးကို တုတ်လျှိုထမ်းဖို့ လေး‚ ငါးပိုင်း ပိုင်းကွာ။ ဒီကောင်မျိုးက လတ်လတ်ဆတ်ဆတ်ချက်စားမှ အရသာရှိတာကွ"

မင်းရန်အောင်တို့အဖွဲ့လည်း ဖထီးကြီးစောကွယ်ထူးပြောသည့်အတိုင်း စိုင်ကြီးအား လေး၊ ငါး ပိုင်းပိုင်း၍ ရွာသားအချို့က တုတ်လျှိုထမ်းရန် မဝမဲ့မျောတိုင်များနှင့် မျောက်ကြိမ်နွယ်များကိုခုတ်ယူကြသည်။

ထို့နောက် လေး၊ ငါးပိုင်းပိုင်းထားသော စိုင်ကြီးအား အသားတစ်ပိုင်းလျှင် လူနှစ်ယောက်ကျစီ တုတ်လျှိုထမ်း၍ ချောင်းကွင်းရွာသို့ ပြန်လာခဲ့ကြလေသည်။

❑

ရွာသို့ရောက်သောအခါ အားချင်းဆိုသလို စိုင်သားပိုင်းများကို ရွာသူရွာသားများက ခုတ်ထစ် ချက်ပြုတ်ကြော်လှော်ကြသည်။ ပိုသောအသားများကို မီးကင်ကျပ်တိုက်ကြ၏။

ညချမ်းသို့ ရောက်သောအခါ ဦးသိက်ထွန်း၏ရှေ့တွင် သူကြီးနှင့် အမဲလိုက်အဖွဲ့သားများ စကားစမြည်ပြောဖြစ်ကြလေသည်။

"ဖထီးကို ကျွန်တော် ဒီလောက်တောင် အမဲပစ်တတ်လိမ့်မယ်လို့ မထင်မိခဲ့ဘူး၊ ကျွန်တော်တို့လူအများနဲ့ဝိုင်းပြီး ပစ်တာတောင်မရခဲ့တဲ့စိုင်ကြီးကို ဖထီးက တစ်ယောက်တည်းနဲ့ရအောင်ပစ်နိုင်တာ အတော် အံ့ဩစရာပဲ"

"ဒါဘာအံ့ဩစရာလဲကွာ၊ မုဆိုးစိုင်သင် ဆိုတဲ့စကားတောင်ရှိသေးတယ် မဟုတ်လား။ စိုင်တွေက မုဆိုးတွေကို အမြဲသင်ကြားပေးနေတာပဲ။ စိုင်သင်လို့ တတ်လာတဲ့ မုဆိုးတစ်ယောက်အတွက်ကတော့ စိုင်တစ်ကောင်လောက် ပစ်နိုင်တာ ဘာမှအံ့ဩစရာမရှိဘူး"

"ဗျာ - စိုင်က မုဆိုးတွေကို သင်ပေးတယ် ဟုတ်လား"

ရွာသားတစ်ဦးက ဝင်မေးသည်။

"အေး- ဟုတ်တယ်၊ ဒါပေမယ့် လူတိုင်းကိုတော့ သင်မပေးဘူး"

"အဲ- လုပ်စမ်းပါဦး ဖထီးရာ၊ စိုင်က ဘယ်လိုသင်ပေးတာလဲ၊ ဘယ်လိုလူမျိုးတွေကို သင်မပေးဘူးလဲ"

"အေး- စိုင်တွေရဲ့ လှုပ်ရှားသွားလာမှုကို စူးစူးစိုက်စိုက်ကြည့်ရှုလေ့လာနေတဲ့လူတွေကိုပဲ စိုင်ကသင်ပေးတာကွ။ သဘောတစ်ခုပြောရရင် စိုင်တွေဟာ လူကိုမြင်ပြီး ဒေါသထွက်လာပြီဆိုရင် ကျုံးကော်ပစ်ဖို့ လူဆီကို အဝေးကနေ တန်းတန်းမတ်မတ်လာတတ်ကြတယ်။ ပြီးတော့ လူဆီမရောက်သေးဘူး။ သူ့ရဲ့ ဦးချိုနဲ့လူကို ချိန်ရွယ်ထိုးသတ်ဖို့ အဝေးကနေ ရုတ်တရက် ခေါင်းကိုငုံ့ပြီး ဝင်လာတတ်ကြတယ်။

စိုင်က အမူအရာကို အဲသလို အဝေးကြီးကနေလုပ်လာတော့ အသေအချာ စူးစိုက်ပြီးကြည့်နေသူအတွက် ဘယ်လိုပစ်ခတ်ရမယ် ဒါမှမဟုတ် ဘယ်လိုရှောင်တိမ်းရမယ်ဆိုတာကို လူက အလိုလိုတတ်သွားပြီပေါ့ကွ

အဲ- ဒါပေမယ့် မင်းတို့လို စိုင်ကို လူတွေနဲ့ဝိုင်းပြီး ခြောက်လှန့်ပစ်ခတ်လို့ကတော့ စိုင်က မင်းတို့ကို ဘယ်တော့မှ သင်မပေးဘူး။ ကြောက်အားလန့်အားနဲ့ အတင်းရုန်းထွက်ပြီး ရမ်းကားသွားတတ်တယ်။ အခန့်မသင့်ရင် အခုလို လူပါ အန္တရာယ်ဖြစ်တော့တာပေါ့။

အဓိက ပြောချင်တာကတော့ မုဆိုးတစ်ယောက်ဟာ စိုင်ရဲ့ပင်ကိုဟန်ကို ဘယ်တော့မှ မဖျက်ဆီးရဘူး၊ ဖျက်စီးသွားလို့ကတော့ အဲဒီစိုင်ကိုရဖို့ မလွယ်တော့ဘူးမှတ်"

ဖထီးကြီး စောလွယ်ထူးက သူ့အတွေ့အကြုံများအပေါ် အခြေခံ၍ စိုင်အကြောင်းကို စိတ်ရှည်စွာ ရှင်းပြပေးလေသည်။ မင်းရန်အောင်တို့ စိုင်လိုက်စဉ်က သူအိုကြီးတစ်ယောက်ဟု အထင်သေးကာ ထားရစ်ခဲ့ကြသော ဖထီးကြီးကား တော်လှန်ရေးတပ်ဖွဲ့ထဲ မဝင်ရောက်မီက ကော့ကရိတ်နယ်တစ်ဝိုက်တွင် ကျွမ်းကျင်သော တောလိုက်မုဆိုးကြီးအဖြစ် ရပ်တည်ခဲ့ဖူးလေသည်။

တင်နိုင်ဝင်း (ထမင်းကျိုမြို့)



www.burmeseclassic.com

www.burmeseclassic.com

မိုးကုတ်ကျော်ကျော်ရိုး

# မြွေပွေးသား နှင့် အရေပြားရောဂါ

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှာ ရွှေကြာပင်ရပ်ကွက် ဆိုတာ ကျယ်ကျယ်ဝန်းဝန်းတည်ရှိနေပါတယ်။ ရွှေကြာပင်ဆိုတာ ရှေးတုန်းကတော့ ကြာပင်ရွာလို့ ခေါ်ကြပါတယ်။ ရပ်ကွက်အဖြစ်ပြောင်းလဲတော့ကာ ရွှေကြာပင်ရပ်ကွက်ကြီးဖြစ်လာပါတယ်။ ကျွန်တော်တို့ငယ်ငယ်က ဒေသအခေါ် ကြာပင်ရွာကို 'ဂျဘင်ရွာ' လို့ ခေါ်ကြပါတယ်။ ရှေ့မှာ 'ရွှေ' တစ်လုံးထည့်လိုက်တော့ 'ရွှေဂျဘင်' လို့ ခေါ်လို့ခက်သွားပါပြီ။ ဒီတော့ ခေါ်ရမှာ လျှာမပျင်းတော့ဘဲ 'ရွှေကြာပင်'ရပ်ကွက်လို့ ပီပီသသ ခေါ်နေကြပါပြီ။

နေပြည်တော်မှာ လမ်းမကြီးတွေ ကွန်ရက်သဖွယ် ဖောက်လုပ်ထားတာကြောင့် ရွှေကြာပင်ရပ်ကွက်ရဲ့တောင်ဘက်မှာလည်း အရှေ့ - အနောက် ကွန်တရစ်လမ်းမကြီး ရှိပါတယ်။

အဲဒီ လမ်းမကြီးရဲ့တောင်ဘက်မှာ အရပ်အခေါ် ဧဝိတကွက်သစ်လို့ ခေါ်တဲ့ရပ်ကွက် တည်ရှိပါတယ်။ အချို့က ရွှေကြာပင်ကွက်သစ်လို့ ခေါ်တယ်။ အဲဒီရပ်ကွက်မှာ ကျွန်တော့်ညီ မောင်မောင်ရဲ့အိမ်ရှိတော့ကာ ကျယ်ကျယ်ဝန်းဝန်း အဲဒီမှာ ကျွန်တော် ခေတ္တသွားနေပါတယ်။ အေးချမ်းတိတ်ဆိတ်ပြီး နေထိုင်လို့ ကောင်းပါတယ်။ လေကောင်းလေသန့်လည်း ရပါတယ်။ လယ်ကွက်တွေနဲ့တစ်ဆက်တည်းလို ဖြစ်နေတော့ မျက်စိပသာဒတစ်မျိုး ရပါတယ်။

၂၀၁၂ ရဲ့ နှစ်ကုန်ပိုင်းမှာ ကွန်တရစ်လမ်းမကြီးရဲ့ ကျယ်ဝန်းတဲ့မြောက်ဘက်ခြမ်း အချို့နေရာတွေမှာ မြက်ခင်းခြောက်တွေကို မီးရှို့ထားတာ တွေ့ရတာကြောင့် မီးလောင်ပြင်ကြီးဖြစ်ပြီး ကြည့်မကောင်းအောင် ရှိရပါတယ်။ ဒါဟာ လက်ဆော့တတ်တဲ့လူတွေပဲနေမှာလို့တွေးပြီး စိမ်းလန်းစိုပြည်မှုကို ဖျက်ဆီးပစ်တာကြောင့် စိတ်ထဲမှာမကောင်းပါဘူး။ ဘယ်အချိန် ရှို့လိုက်မှန်းတောင် မသိဘူးဗျ။

ဒါနဲ့ ရင်းနှီးတဲ့လူတစ်ယောက်ကို မေးကြည့်တော့ အလကားရှို့တာမဟုတ်ဘူးတဲ့၊ မြွေရှာသူတွေက ရှို့တာလို့ သိရတယ်။ ကွင်းပြင်ကြီး ရှင်းသွားတဲ့အခါ တွင်းတွေထဲမှာ မြွေ ရှိ၊မရှိ နားထောင်ပြီး မြွေတူးကြတာဆိုပဲ။ မြွေဟာ တွင်းထဲမှာ အိပ်ပျော်နေရင် မြွေရဲ့အသက်ရှူသံပြင်းတာကြောင့် ကြားရတယ်လို့ သိရတယ်။ မြွေရှိတယ်ဆိုရင် အဲဒီတွင်းကိုတူးတော့တာပါပဲ။ မြွေပွေးကြီးသုံးကောင်နဲ့ လင်းမြွေကြီးတစ်ကောင်ရသွားကြောင်း၊ မြွေပွေး သုံးကောင်ကိုတော့ မြွေဝယ်သူထံရောင်းစားပြီး လင်းမြွေကတော့ ရှားပါးတာမို့ ချက်စားလိုက်ကြတယ်လို့ပြောပြပါတယ်။ အဲဒီကျမှ မြက်ခင်းကြီးကိုမီးရှို့တာ လက်ဆော့ပြီး ရှို့တာမဟုတ်ကြောင်း သိရပါတော့တယ်။

ကျွန်တော်တို့ငယ်စဉ်က နေပြည်တော်ဒေသမှာ မြွေပွေး လုံးဝ မရှိခဲ့ဘူး။ အဲဒီတော့ ဘယ်ကိုသွားသွား မြွေပွေး အန္တရာယ်ကင်းကြတယ်။ သစ်တော၊ ဝါးတောကြီးတွေ ပျက်သုဉ်းသွားပြီး နောက်ပိုင်း ရာသီဥတုဟာ အညာဒေသဖြစ်တဲ့ မြင်းခြံ၊ ပခုက္ကူ၊ မုံရွာ စတဲ့ ဒေသတွေနဲ့တူသွားပြီး မိုးခေါင်ကာ အလွန်ပူတာကြောင့် အညာကမြွေပွေးတွေ တပ်ထောင်ကာ ဗိုလ်ထုနဲ့ အကောင်စုပြီး ချီတက်လာဟန် ရှိတယ်။ ပျဉ်းမနား (နေပြည်တော်)ဒေသမှာ မြွေပွေးတွေရောက်နေပြီလို့ သတင်းကြားရတာပါပဲ။ မြင်တော့ မမြင်ဖူးပါဘူး။

ကျွန်တော်က အလွန်အေးတဲ့ အမြဲစိမ်းသစ်တောရှိရာဒေသမှာ နေတာဆိုတော့ မိုးကုတ်ဆိုတာ မြွေပွေးမရှိဘူး၊ မြွေဟောက်တို့ဘာတို့ ဆိုတာလည်း တွေ့ခဲ့တယ်၊ ယုတ်စွအဆုံး အဆိပ်ရှိသတ္တဝါဆိုလို့ ခွေးရူးကိုက်တာတောင် ခွေးရူးဆိပ်မသင့်ဘဲ သာမန်ခွေးကိုက်သလိုမျိုးနဲ့ ပြီးသွားတာ။ ကျွန်တော် ကျောက်ဖျာမှာ ကြုံခဲ့ရတယ်။ ခွေးရူးကိုတော့ မလွဲသာလို့ လူငယ်တွေက ရိုက်သတ်လိုက်ကြတယ်။ ခွေးတွေ၊ လူတွေ အတော်အကိုက်ခံလိုက်ရတယ်။ အဲဒီမှာ ခွေးရူးဆိပ်သင့်တာ မတွေ့ရဘူး။ ဒါက သစ်တော, ဝါးတောကြီးတွေကြောင့် ရာသီဥတုအေးပြီး အဆိပ်မပြင်းတာ၊ အဆိပ်ရှိသတ္တဝါတွေ မနေနိုင်တာကို ဆိုလိုတာပါ။ အဲဒါကြောင့် အသက် (၆၀) ကျော်ခဲ့တယ်၊ မြွေပွေး ဆိုတာ ကြားသာကြားဖူးတာ မမြင်ဖူးခဲ့ပါဘူး။

၂၀၁၁ ခုနှစ်၊ နေပြည်တော်ကို ပြန်ပြောင်းလာတော့ နံနက်စောစော လမ်းလျှောက်ရာမှာ မြွေပွေး ဆိုတဲ့ လှပတဲ့အကွက်လေးတွေနဲ့ မြွေတွေကို စတင် မြင်တွေ့တော့တာပါပဲ။ မြွေပွေးတွေကားလမ်းပေါ် တက်လို့ ကားကြိတ်ထားတာတွေ၊ တစ်ခါတစ်ရံ အစာမျိုပြီး လမ်းမလျှောက်နိုင်တော့လို့ လမ်းဘေးမှာ ဒီအတိုင်းငြိမ်နေတဲ့ အကောင်တွေ အသေအရှင် မြင်ရပါတယ်။ အကွက်မျိုးစုံ၊ အရောင်မျိုးစုံ မြင်တွေ့ရပါတယ်။ ဒါပေမယ့် အကောင်ကြီးကြီးတွေမဟုတ်ကြဘူး၊ လက်မ, ခြေမ အရွယ်တွေပါ။ စားလောက်တဲ့ လက်မောင်းလောက်အကောင်ဆိုရင်တော့ မြင်ရဖို့ ခပ်ခက်ခက်ရယ်ပါ။ ဘာလို့လဲဆိုတော့ နေပြည်တော် ဒေသခံလူအများစုဟာ မြွေသားစားနေကြလို့ပါပဲ။ အမှန်တော့ မစားလောက်တဲ့အကောင်တွေမို့ မြင်တွေ့နေရခြင်းပါ။

မောင်မောင့်အိမ်ကို မကြာမကြာ ရောက်ပါတယ်။ အဲဒီအခါ လမ်းဘေးမှာ မြွေတူးတဲ့လူတွေအကြောင်း ပြောပြမိပါတယ်။ ဒီတော့ မောင်မောင်က သူကိုယ်တွေ့ မြွေသားစားခြင်းအကြောင်းကို ပြောပြပါတော့တယ်။

"အစ်ကိုကြီးရဲ့၊ မြွေသားက အရမ်းစားကောင်းတာ။ နူးညံ့ပြီး ချိုနေတာပဲ။ မြွေပွေးနဲ့ လင်းမြွေ အရသာချင်းသိပ်မထူးဘူး။ ဒါပေမယ့် လင်းမြွေက နည်းနည်းညှီတယ်၊ မြွေပွေးက လုံးဝ မညှီဘူး။ ကျွန်တော်ကျတော့ မြွေပွေးကို ပိုကြိုက်တယ်။ ဘာအနံ့မှမရှိဘဲ အရမ်းစားကောင်းလို့ပဲဗျ။

လင်းမြွေကျတော့ သူငယ်နာရောဂါအတွက် ကောင်းတယ်လို့ လူပြောများကြတယ်။ ကျွန်တော့်ကိုယ်တွေ့ မကြုံဘူးတော့ မသိဘူးပေါ့လေ။ မြွေပွေးကျတော့ ကျွန်တော်ကိုယ်တိုင် ကြုံတွေ့ဖူးလို့ ဆေးဖက်ဝင်မှန်းသိရတာ။

အစ်ကိုကြီး တစ်တိုင်းပြည်လုံး ဝဲခြောက်တွေပေါက်တဲ့ခေတ်ကို မှတ်မိနေဦးမှာပါ။ ဒစ္စကိုဝဲလို့ ခေါ်ကြတယ်။ ဝဲတောင်မှခေတ်မီအောင် အမည်ပေးထားကြတာဗျ။ အဲဒီဝဲကလည်း ကူးစက်လိုက်တာ လူအတော်များများ ခံစားကြရတယ်။ ကုတ်လို့လည်း အရမ်းကောင်း



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ပေါင်တွေ၊ ပေါင်ကြားတွေမှာဆို ကုတ်ရလွန်းလို့ မည်းပြီး ချပ်ကြီးတွေဖြစ်နေတာ ရွံ့စရာကြီးပါဗျာ၊ ဘာနဲ့ကုကု ပျောက်ကို မပျောက်နိုင်ဘူး။ လူနဲ့အတော်တည့်ပုံရတဲ့ ဝဲခြောက်ဗျ။ ကြာလာတော့လည်း အရေးအရာလုပ်ပြီး ကုမနေတော့ဘဲ ဒီအတိုင်းထားလိုက်တော့တာပဲ။ လူဆိုတာ အလုပ်နဲ့လက်နဲ့ ပြတ်တယ် သိပ်မရှိဘူးလေ။ ဒီတော့ ယားတုန်း တပြင်းပြင်းနဲ့ ကုတ်လိုက်တာပဲ။

ဒီလိုနဲ့ တစ်နေ့မှာ လက်မောင်းလောက်ရှိတဲ့ မြွေပွေးကြီးတစ်ကောင် ကျွန်တော် ရတယ်။ လယ်တဲထဲမှာပဲ ခေါင်းဖြတ်၊ အရေခွံဆုတ်ပြီး ချက်တယ်။ မြွေသားနဲ့အရက်ဆိုတာက အလွန်လိုက်ဖက်တာကိုးဗျ။ ကျွန်တော့်သူငယ်ချင်းနဲ့ ကျွန်တော် အရက်တစ်လုံးနဲ့ မြွေသားတစ်အိုး ပြောင်ထွက်သွားတယ်။

မြွေပွေးခေါင်းဖြတ်ရင် လင်းမြွေလို အရင်းကကပ်ဖြတ်လို့မရဘူး။ ခေါင်းကနေ လက်တစ်အုပ်လောက်ခွာပြီးဖြတ်ရတယ်။ ပြီးမှ အရေခွံဆုတ်ရတယ်။ ချက်တဲ့အခါ အဖုံးဖွင့်ပြီး ချက်ရတယ်၊ မအုပ်ထားရဘူး။ ချက်လို့ပွက်နေရင် ငုံ့မကြည့်ရဘူး၊ နောက်နည်းနည်းဆုတ်ပြီးမှ မွှေရ၊ မြည်းရတယ်။ ငုံ့ကြည့်ရင် မျက်စိမှုန်တတ်တယ်လို့ ပြောကြတာပဲ။ ဟုတ်၊ မဟုတ်တော့ ကျွန်တော် မသိဘူး။

မြွေပွေးသားနဲ့ အရက်နဲ့ တွယ်လို့လည်းပြီးကရော ဝဲကိုမေ့နေတော့တာပဲဗျ၊ နောက်မှ သတိထားမိတာက ဝဲမကုတ်ရတော့ဘဲ ဝဲတွေငြိမ်ချက်သားကောင်းသွားတာပါပဲ။ မကြာလိုက်ဘူးဆိုရမှာပါပဲ၊ လေး၊ ငါးရက်အရမှာ ကုတ်ထားလို့ မည်းနေတဲ့အကွက်တွေဟာ အလွှာတွေကွာပြီး နဂိုအသားရောင် ပြန်ဖြစ်လာတာပါပဲ။ အတော်လေးကို ဝမ်းသာသွားတာပါ။ ရက်ရှည်လများ ခန္ဓာကိုယ်မှာ ကျောက်ချပြီး စွဲကပ်နေတဲ့ ဝဲတွေ အရက်နဲ့မြွေပွေးသား အဝတွယ်လိုက်မှပဲ ပျောက်သွားလို့ပါ။

ဒါနဲ့ ကျွန်တော်တွေးမိတယ်။ မြွေပွေးသားဟာ အရေပြားရောဂါတွေ ပျောက်တယ်ဆိုတော့ ကျန်တဲ့ ဝဲစို၊ နှင်းခူ၊ ဆင်ပွေး ဆိုတဲ့ အရေပြားရောဂါတွေလည်း ပျောက်နိုင်မယ်လို့ ကျွန်တော် ထင်တယ်။ ကျွန်တော်တို့ငယ်ငယ်က ကြားဖူးတာ ဆိုရင် ကိုယ်ရေပြားရောဂါလို့ခေါ်ကြတဲ့ နူနာတောင်ပျောက်တယ် ဆိုပဲ။ ဟုတ်၊ မဟုတ်တော့ အတိအကျ မသိဘူးပေါ့လေ"

လို့ ပြောပြပါတယ်။

အဲဒီမှာ သူ့နောက်က အမြဲပါလာတတ်တဲ့ မောင်တင့်ဆန်းကလည်း မြွေပွေးအတွေ့အကြုံကို ဆက်ပြောပြပြန်တယ်။ မောင်တင့်ဆန်းက မောင်မောင်ရဲ့တပည့်ပါ။

"မြွေပွေးဟာ ခုချိန်မှာ ကြံခေတ်လောက်မပေါ်တော့ဘူး ဦးလေးရဲ့။ ကြံတွေစိုက်တဲ့ခေတ်ကတော့ ကြံခင်းတွေမှာ မြွေပွေးတွေ အရမ်းပေါ်တယ်။ ကြံခင်းမှာ ကြွက်တွေပေါ်တော့ ကြွက်ကိုဖမ်းစားတဲ့မြွေပွေးတွေလည်း အတော်ပေါ်ပါတယ်။ ဒီမြွေပွေးတွေက ဣန္ဒြေရတယ်။ အသံကြားရုံနဲ့ အတော်အတန်မပြေးဘူး၊ အခွေမပျက်ဘူး။ သူကိုက်ရင်လည်း မချောင်ဘူးလေ။ ဒီတော့ အလွတ်မပေးဘဲ ကျွန်တော်တို့က ကြီးကြီး၊ ငယ်ငယ် အကုန်သတ်ကြတာ ဓလေ့လိုဖြစ်နေပါပြီ။

စားလောက်တဲ့အကောင်မှန်သမျှ ကျွန်တော် အကုန်ယူပြီးချက်စားတာပဲ။ ကိုမောင်ပြောသလိုပါပဲ၊ အရမ်းစားလို့ကောင်းတယ်။ ကျွန်တော်လည်း ဒစ္စကိုဝဲ ခေတ်မှာ ကိုမောင်တို့လိုပဲ ခေတ်နောက်မကျရအောင် ဝဲပေါက်ပါတယ်။ ကုတ်လိုက်ရတာလည်း အမည်းကွက်တွေဖြစ်နေပါတယ်။ မြွေပွေးသားစားလိုက်ရမှ အဲဒီ ဒစ္စကိုဝဲ ပျောက်သွားတာပါ။ သိသိသာသာကြီးကို ပျောက်ပါတယ်။

ကျွန်တော်ဆိုရင် မြွေပွေးအရေခွံတွေကို နှမြောလွန်းလို့ လွှင့်မပစ်ဘဲ အခြောက်လှန်းပြီး သိမ်းသိမ်းထားတယ်။ ရွာတုန်းကတော့ နွားပခုံးပေါက်ရင် မြွေပွေးခွံကိုပြာချပြီး အုန်းဆီနဲ့လိမ်းပေးကြတယ်။ အဲဒီလို နွားပခုံးပေါက်တာ မကြုံတော့ မြွေပွေးအရေခွံတွေကို ဟင်းချက်ပြီး အရက်နဲ့မြည်းပစ်လိုက်တာပဲ"

လို့ ပြောပြပါတယ်။

"မင်းဟာက အရေခွံတောင် အလွတ်မပေးဘဲစားတဲ့အကောင်ပဲ။ အဲဒီ မြွေပွေးအရေခွံဟာ အနာအို၊ အနာဆွေးတွေဖြစ်ခဲ့ရင် မြွေပွေးအရေခွံခြောက်ကို နူးသွားအောင် ရေစိမ်ရတယ်။ ပြီးရင် ပတ်တီးနဲ့စည်းထားရတယ်။ ပတ်တီးစည်းခက်ရင် ပလာစတာနဲ့ကပ်ပေါ့ကွာ။ နှစ်ခါ၊ သုံးခါကပ်လိုက်ရင် အနာအို၊ အနာဆွေးဟာ အသားနုတက်ပြီး ပျောက်ကြောင်း စာထဲမှာဖတ်ဖူးတယ်ကွ"

"အဲဒီနည်းမှ ကျွန်တော်မသိတာ၊ သိရင် တစ်ခုတလေသိမ်းထားပါရဲ့ဗျာ"

လို့ ပြောပြပါတယ်။

မြွေပွေး ဆိုတာ သစ်တောတွေ ပြုန်းတီးကုန်တဲ့ ခုခေတ်မှာ စိမ်းစိုနေတဲ့ တောင်တန်းဒေသတွေကလွဲရင် အကုန်နေထိုင်ကျက်စားပါတယ်။ မြန်မာနိုင်ငံမှာ မြွေတွေဘယ်လောက်ပေါသလဲ ဆိုရင် နယ်စပ်ကုန်သွယ်ရေးမှာ တရားမဝင်ဖမ်းဆီးမိတဲ့ မြွေတွေအကြောင်း ဂျာနယ်တွေမှာ မကြာမကြာ တွေ့ကြရမှာပါ။

၂၈-၂-၂၀၁၃ ထုတ် ပြည်မြန်မာ ဂျာနယ်မှာ မြန်မာနိုင်ငံက မြွေတန်ချိန် (၄) တန်နီးပါးတင်လာတဲ့ ကားတစ်စီးကို ယူနန်အာဏာပိုင်အဖွဲ့က တရုတ်နိုင်ငံ ယူနန်ပြည်နယ် ရွှေလီမြို့မှာ ဖမ်းဆီးရမိကြောင်း ဖတ်ရပါတယ်။ ဖမ်းမိတဲ့နေ့က ၂၅-၂-၂၀၁၃ ပါ။ အဲဒီမြွေ (၄) တန်နီးပါးမှာ မြွေဟောက် (၂၀၀၀)၊ မြွေပွေး (၂၃၀) နဲ့ အခြား မြွေ (၂၀၀၀) ကျော်ကျော်၊ စုစုပေါင်း မြွေကောင်ရေ (၄၈၀၀) ကျော်ရှိကြောင်း သိရပါတယ်။ မြွေတင်မကပါဘူး၊ ဒီလိုပဲ တောရိုင်းသတ္တဝါမျိုးစုံကို တရုတ်ကိုတင်ပို့နေကြတာပါ။ ဒါတွေလည်း ဂျာနယ်တွေမှာ တွေ့နေရပါတယ်။

လောကမှာ ဟန်ချက် ဆိုတာရှိတယ်။ ဆိုရရင် အညမည သဘောတရား ဆိုပါတော့။ တောထဲက လယ်တွေ၊ စိုက်ခင်းတွေမှာ ကြွက်တွေဖျက်ဆီးရင် လူတွေမကာကွယ်နိုင်ပါဘူး။ အဲဒီ ကြွက်တွေကို အမြဲဖမ်းစားနေတဲ့ မြွေတွေရှိမှ ကြွက်တွေ ဖျက်ဆီးခြင်းက သက်သာနိုင်တာပါ။ ကြွက်တွေကို ဟန့်တားဖျက်ဆီးနိုင်တာ မြွေတွေပဲ ရှိတာပါ။ မြွေတွေကို စည်းမဲ့ကမ်းမဲ့ ဖမ်းဆီးသတ်ဖြတ် ရောင်းစားနေခဲ့ရင်၊ တွေ့သမျှ မြွေတွေကို ရိုက်သတ်နေခဲ့ရင် ဒါဟာ ကောင်းတဲ့အလားအလာ မဟုတ်ပါဘူး။ ဂေဟာစနစ်လို့ခေါ်နေကြတဲ့ အချင်းချင်း ကျေးဇူးပြုတဲ့ အညမညသဘောတရား ပျက်စီးသွားခဲ့ရင် ကြွက်တွေ ဆောင်းကျန်းမှုကြောင့် သီးနှံတွေ ထွက်နှုန်းကျဆင်းနိုင်ပါတယ်။ အဲဒါကြောင့် တန်ဆေး လွန်ဘေးလို့ ဆိုလိုက်ပါရစေ။

အရေပြားရောဂါသည်များ မြွေပွေးသား စားကြည့်ခြင်းဖြင့် ဝေဒနာကင်းဝေးစေကြောင်း ဆန္ဒကောင်းဖြင့် ချမ်းမြေ့ပါစေ

မိုးကုတ်ကျော်ကျော်

(ဇမ္ဗူသီရိမြို့နယ် အောင်ဇေ အရှေ့ပိုင်းမှ ညီဖြစ်သူ မောင်ဇော ကျေးဇူးတင်လျက်)




www.burmeseclassic.com

www.burmeseclassic.com



**ဆရာချမ်းမင်းရဲ့** ၁၉၇၀ ခုနှစ်မှစတင်၍ လက္ခဏာဗေဒင် ဟောပြောခဲ့သူ **ချမ်းမင်းမှ**

အတွဲ-၂၉၊ အမှတ်-၃၊ ၁၉၇၅-ဇူလိုင်လတွင် ထုတ်ဝေသော ရှုမဝမဂ္ဂဇင်း၏ စာမျက်နှာ (၉၉)၌

မိမိဓာတ်ပုံနှင့်အတူ ကြော်ငြာထည့်သွင်း၍ ယနေ့တိုင် လက္ခဏာဗေဒင်ဟောပြောခဲ့သူ၊

ထိုင်းနိုင်ငံ၊ ဘန်ကောက်၊ ချင်းမိုင်၊ လန်ပန်း၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူ၊ ပီနန်၊ စင်္ကာပူ၊

ဂျပန်နိုင်ငံ၊ အိုစကာ၊ တိုကျိုမြို့တို့တွင် (၉)နှစ်ကြာ လက္ခဏာဗေဒင်ဟောပြောခဲ့သူ

သမြေ ဇောတိသဝေ၊ နက္ခတ္တရောင်ခြည်၊ ဖုံရှင်အမြုတေ၊ ပေဖူးလွှာ၊ သုတသဘင်၊ ဖုံရှင်သရဖူ၊
သုရဿ၊ Wellness မဂ္ဂဇင်းတို့တွင် လက္ခဏာဗေဒင်ဆောင်းပါးများကို ရေးသားလျက်ရှိသူ။

ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား? "မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ"ရဲ့ ...ာ ပုံတော်ကို နှိပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာအဓိဋ္ဌာန်ဝင်ပြီးမှ ...တ်ရဲ့ ဖောင်းရစ်ပေါ်တင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်၊ လအထိ ...ခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည် ၁၉၉၉-၃၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၅) ဆရာတော်ဘုရားသက်တော် (၈၂)ထိသာ ...ရှည်နိုင် မည်၊ မည်သည့်ရောဂါဝေဒနာခံစားရမည်ကို (၇)နှစ်ကြိုတင်၍ ၁၉၈၆၊ နိုဝင်ဘာလထုတ် ဇောတိသဝေ မဂ္ဂဇင်း အမှတ် ...စာမျက်နှာ ၁၄-၁၅-၁၆-၁၇-၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

"ဂျပန်နိုင်ငံမှာ (၈)နှစ်ကြာ လက္ခဏာဗေဒင်သွားဟောခဲ့တဲ့ ဆရာချမ်းမင်း အခုမြန်မာပြည် ပြန်ရောက်တာ (၁) လလောက်ပဲ ရှိသေးတယ်။ ...ဉာဏ်ကို သတင်းစာထဲမှာတွေ့လို့ချက်ချင်းသွားမေးတာ ကွက်တိမှန်တယ် ဆရာရေ။ နိုင်ငံခြားမထွက်ခင်က သူ့ဆီမှာ တစ်ခါသွားမေးဖူးတယ်။ ...က ကျွန်တော်ဟာ သာမန်အရောင်းအဝယ်သမားလေးတစ်ယောက်ပဲ။ အိုးအိမ်-မြေယာ ဘာမှ ကိုယ်ပိုင်မရှိသေးဘူး။ ဆရာချမ်းမင်းက ၁၉၉၀ ... နောက်ပိုင်းမှာ သန်းကြွယ်သူဌေးဖြစ်လာမယ်လို့ ဟောလိုက်စဉ်က ကျွန်တော် မယုံခဲ့ပါဘူး။ အခုတော့ သူပြောသလို ဖြစ်လာခဲ့တယ်။ ဆရာ ...တ်လောက်သွားမေးကြည့်ပါလား" နေလနှစ်ပါး သိဒ္ဓိရတနာဆိုင် ပိုင်ရှင် ဦးသန်းမောင် (မိုးကုတ်)မှ သတင်းစကားပါးခြင်း ဖြစ်ပေသည်။ ...ခြင်း - နက္ခတ္တရောင်ခြည် ၁၉၉၉၊ ဇန်နဝါရီလ၊ စာမျက်နှာ-၁၅၃)

**အမှတ်တရရဲ့အမှတ်တရ** - ကမ္ဘာ့ကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး တကရှိအိတိုစံကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာ လာရောက် ...သွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း အမှတ် (၅၇) ဇူလိုင်၊ ၂၀၀၂၊ စာမျက်နှာ - ၁၃၂-၁၃၃-၁၃၄-၁၃၅)

"ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်ကထိုင်းလူမျိုး (ITTI BALANOORA) ဆိုတဲ့ နာမည်ကြီးအဆိုတော်သီချင်းရေးဆရာပရိုဂျူဆာ ကို ...ပြောခဲ့ခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြုပ်ထားတဲ့အကြောင်း၊ သူတို့မိုးရိုးမှာ လေဖြတ်ဝေဒနာခံစားရသူ အစဉ်အဆက်ရှိကြောင်း၊ ...ာလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာခံစားရမယ့်အကြောင်း၊ သူကိုယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူဖြစ်ကြောင်း ...ကန်တဲ့ဟောချက်တွေကြောင့် ကျွန်တော့်ကို အထူးလေးစားသွားခဲ့ပါတယ်။ ဂျပန်ကိုထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော် ...ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ သူပိုင်ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာ့ပွဲ (၂၇)ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ "(တွေ့ဆုံခြင်း ...ရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ-၁၅၅) (သပြေတေးမဂ္ဂဇင်း ၁၉၉၉၊ အမှတ်-၂၈၈၊ စာမျက်နှာ-၂၃-၂၄-၂၅-၂၆-၂၇-၂၈)"

...နှ် - ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁-၁၁၊ စံပယ်လမ်း (တတိယမြောက် ဘယ်ဘက်လမ်းသွယ်-ရွှေခတ္တာလမ်း)

ဝန်ထမ်းကြီးရိပ်သာ (VIP) ရွှေပြည်သာမြို့။ (ဥပုသ်နေ့မှအပ နံနက် (၇) နာရီ မှ ညနေ (၃) နာရီအတွင်း)

www.burmeseclassic.com

www.burmeseclassic.com

ဘိုးတော်အောင်ခင်

ချိန်းဆိုထားသော စနေနေ့ နံနက် (၈) နာရီခန့်တွင် ကျွန်ုပ်နေအိမ်သို့ ဦးဘာဘာတစ်ယောက် လက်ကိုင်အိတ်ကြီးဖြင့် ရောက်ရှိလာတော့သည်။

အကျီလည်ကတုံးအဖြူ လက်ဆွဲအိတ်အမည်း၊ ရွှေကိုင်းမျက်မှန်တို့သည် ဦးဘာဘာအား အတိတ်က ညွှန်ကြားရေးမှူးဘဝကို ပြန်လည်သတိရစေပါသည်။

"ဒါမျိုးတော့ တယ်ဝီရိယကောင်းပါလား"

"ကျွန်တော်က အခုမှ မဟုတ်ပါဘူး၊ အရင် ဝန်ထမ်းဘဝကတည်းက အချိန်ကို အမြဲလေးစားပါတယ်ဗျာ"

"ဟုတ်ပါပြီ- အခုသွားရမယ့်နေရာက နည်းနည်းတော့လှမ်းတယ်။ ဟိုရောက်ရင် ခင်ဗျားထင်ရာတော့မမေးနဲ့နော်။ သူနဲ့ကျွန်တော်တို့က ငယ်သူငယ်ချင်းတွေဆိုပေမယ့် သူ့မှာလည်း သူ့ပရိသတ်နဲ့သူ ရှိနေတတ်တယ်"

ကျွန်ုပ်တို့သည် တက္ကစီတစ်စီးဖြင့် ရန်ကုန်မြို့ပြင်သို့ ထွက်ခဲ့ကြရာ လမ်းတွင် ဦးဘာဘာက မေးမြန်းသဖြင့် ဦးအောင်ခင် (ဘိုးတော်အောင်ခင်) ၏ ကိုယ်ရေးကိုယ်တာ အကြောင်းအရာ အနည်းငယ်ကို ပြောပြရလေသည်။

"သူနဲ့ကျွန်တော်နဲ့က ဆယ်တန်းမှာ အတူတက်ခဲ့ကြတာ။ နောက် သူစစ်ထဲကို ဝင်သွားတယ်။ ဒီအကြားမှာ ဘာအဆက်အသွယ်မှမရှိဘူး။ နောက် (၁၅) နှစ်လောက်ကြာတော့ ပန်းဆိုးတန်းမှာ စာအုပ်အဟောင်းတွေ ရောင်းနေတာ တွေ့ရတယ်။ ဒီနောက် (၂) နှစ်လောက် အဆက်ပြတ်သွားတယ်။ နောက်တော့ မြို့ထဲက လူစည်ကားတဲ့လမ်းမှာ တိုက်ခန်းတစ်ခန်းငှားပြီး ဗေဒင်ဟောနေတယ်လို့သိရတယ်။ ဧည့်သည်ကလည်း မပြတ်ဘူးဆိုပဲ။

နောက်တော့ ကျွန်တော်လည်း အစိုးရတာဝန်နဲ့ ပြည်နယ်အနှံ့ တာဝန်ထမ်းဆောင်နေရတော့ ကိုအောင်ခင်နဲ့ မတွေ့ဖြစ်တော့ဘူး။ (၁၀) နှစ်လောက်ကြာပြီး ပင်စင်ယူတော့ ကျွန်တော်လည်း ရန်ကုန်ကိုပြန်ရောက်လာတယ်။ သူ့ကို ရန်ကုန်မြို့လယ် လမ်းမပေါ်မှာ သွားတွေ့တယ်။

သူ ဗေဒင်ဟောတဲ့ တိုက်ခန်းကို ပြန်အပ်ပြီး အခုတော့ နည်းနည်းပါးပါး သူ့အိမ်မှာ ဟောနေတယ်တဲ့။ သူ့ဘဝ ဟောင်းက အဖေက သူ့ကိုစောင့်ရှောက်နေတယ်လို့ပြောတယ်။ လူတိုင်းကတော့ သူ့ကို အကြားအမြင်ရတဲ့ ဘိုးတော်လို့ ပြောကြတဲ့အကြောင်း ပြောပြတယ်။

ဟုတ်,မဟုတ် အခု ခင်ဗျားကိုလိုက်ပို့ရင်း ကျွန်တော်ပါ လေ့လာမယ်လေ"

ဦးဘာဘာသည် ကျွန်ုပ် ပြောပြသည်ကို စိတ်ဝင်စားစွာနားထောင်လျက်ရှိ၏။

ဘိုးတော်အောင်ခင်သည် အိမ်ထောင်မရှိ၊ လူပျိုကြီး ဖြစ်သည်။ တူ,တူမများက ကျွေးမွေးထား၏။ သူ ဗေဒင်ဟောခ မြိုးမြိုးမြက်မြက်ရသည့်အခါ တူ,တူမများအား ခွဲဝေပေးလေသည်။

ထိုနေ့က သူနေထိုင်ရာ ရန်ကုန်မြို့စွန်ရပ်ကွက်တစ်ခုသို့ ရောက်ရှိသွား၏။ သူ၏နေအိမ်မှာ ခပ်ကျဉ်းကျဉ်းဖြစ်သော်လည်း ဘုရားခန်းကို သပ်သပ်ရပ်ရပ် ပြုလုပ်ထား၏။

ဘုရားခန်းရှေ့တွင် ဧည့်သည် သုံးဦးနှင့် စကားပြောနေ၏။ ကျွန်ုပ်တို့ကို

# ညွန့်ဇေယျာ

## ဘိုးတော်အောင်ခင်၊ မိုးကြိုးသွားမယ်တော်နှင့် နှစ်ဆတိုးကိုယ်တော်ကြီး





www.burmeseclassic.com

www.burmeseclassic.com

သူတပြုံးပြုံး နေရာလွတ်တွင်ဝင်ထိုင်၍ အချက်ပြလိုက်လေသည်။

အသက် (၅၀) ခန့် အမျိုးသမီး ညှို့သည်က လက်အုပ်ချီလျက် ဘိုးတော်အောင်ခင် (မူလအမည် ဦးအောင်ခင်) အား-

"ဆရာရယ် ဖြစ်နိုင်ပါ့မလားရှင်၊ အဲဒီနာမည်က ကျွန်မရဲ့မောင်ငယ်ပါရှင်။ ဆရာပြောတဲ့ပုံသဏ္ဍာန်ကလည်း သူမှ သူ ဖြစ်နေတယ်။ ဒါပေမယ့် ကျွန်မရဲ့ မောင်ငယ်ဟာ ခုလို မရိုးသားတဲ့အလုပ်ကို ဟိုးငယ်ငယ်ကတည်းက တစ်ခါမှ မလုပ်တတ်ပါဘူး၊ ကျွန်မ အသိဆုံးပါ။ အခု ဆရာပြောလိုက်တော့ ကျွန်မ အသွန် အံ့ဩသွားတယ်"

ထိုသို့ပြောလိုက်သော ကျွန်ုပ်၏ မိတ်ဆွေ ဘိုးတော်အောင်ခင်သည် ထို အမျိုးသမီးကြီး၏မျက်နှာကို စေ့စေ့ကြည့်၍-

"အဲဒါကတော့ ကျုပ်လည်း မသိဘူး၊ ခင်ဗျား ရေချိုးခန်းမှာ ကျန်ခဲ့တာလေ၊ သူ အဲဒီနေရာက ယူသွားတာ"

ထိုမျှ တိတိကျကျပြောနေသဖြင့် ညှို့သည်အမျိုးသမီးကြီးမှာ မည်သို့မျှ မပြောတော့ဘဲ ဦးခေါင်းငိုက်ဆိုက်ဖြင့် အကြံအိုက်နေလေသည်။

ကျွန်ုပ်နှင့် မိတ်ဆွေကြီး ဦးဘာဘာတို့မှာ စကား လုံးဝ မပြောကြဘဲ နောက်ထပ်ထွက်ပေါ်လာမည့်စကားသံကို နားစွင့်နေကြလေသည်။

ထို့နောက် ညှို့သည်အမျိုးသမီးကြီးထံမှ ခပ်တိုးတိုးလေသံဖြင့် ပြောလိုက်သည်မှာ-

"ကျွန်မ ဒီကိစ္စကို ဘယ်လိုပဲ ကျွန်မမောင်နဲ့ ရှင်းရှင်း၊ သူ ဘူးခံငြင်းမှာသေချာပါတယ်။ သူ အမှန်ယူတယ်ပဲထားဦး၊ ဝန်ခံမှာမဟုတ်တဲ့အပြင် မောင်နှမအချင်းချင်း စိတ်ဝမ်းကွဲရမှာ သေချာပါတယ် ဆရာ။ မောင်နှမအချင်းချင်း အမုန်းမပွားဖို့ ကျွန်မပစ္စည်းကို အဆုံးထားရတော့မလို ဖြစ်နေပါပြီ။ ဆရာ တခြား နည်းကောင်း၊ အကြံဉာဏ်များ ရှိရင် မ,စပါရှင်"

ပုထုဇဉ်တို့ သဘာဝအတိုင်း ပစ္စည်းဥစ္စာအပေါ် တပ်မက် စွဲလမ်းမှုကြောင့် အမျိုးသမီးကြီးမှာ ရူးမတတ် ခံစားနေရရှာလေသည်။

ဦးဘာဘာနှင့် ကျွန်ုပ်မှာ စကား လုံးဝ မပြောကြဘဲ မည်သည့်ပစ္စည်း၊ မည်သို့ဆောင်ရွက်ကြမည်ကို သိလိုဇောဖြင့် စောင့်စားလျက် ရှိ၏။

အခန်းအတွင်းရှိ ဘိုးတော် အပါအဝင် လူ (၆) ဦးစလုံး (၅) မိနစ်ခန့်ငြိမ်သက်သွား၏။ တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းသူကား ဦးအောင်ခင် (ခေါ်) ဘိုးတော်အောင်ခင်ပင်တည်း။

"ကဲ- ဘယ်လိုလုပ်ချင်လဲ၊ မောင်နှမအချင်းချင်း စိတ်ဝမ်းမကွဲချင်ရင်တော့ ပစ္စည်းကို အဆုံးခံလိုက်ပေါ့"

ညှို့သည်အမျိုးသမီးကြီး၏မျက်လုံးအစုံတွင် မျက်ရည်များ ပြည့်လျက်ရှိနေ၏။

"ဆရာရယ်၊ အဲဒီ လက်ကောက်ဟာ ကျွန်မအမေ မသေခင်က ပေးထားတဲ့ အမွေလက်ကောက်မို့ နှမြောတာပါ ဆရာရယ်"

ထိုအခါ ဘိုးတောင်အောင်ခင်သည် ဦးခေါင်းကို တစ်ချက်ညိတ်လိုက်ပြီးနောက်-

"ခင်ဗျား လက်ကောက် ဘယ်လောက်သားရှိလဲ"

"နှစ်ကျပ်သားပါ ဆရာ"

"ကျွန်တော် ပြန်ယူပေးရမလား"

လုံးဝမမျှော်လင့်သော စကားကို ကြားလိုက်သဖြင့် ညှို့သည်အမျိုးသမီးကြီးမှာ ပါးစပ်အဟောင်းသားနှင့် ငိုင်နေလေသည်။

"ဘယ်လိုလဲ ပြောလေ၊ ကျွန်တော် ပြန်ယူပေးရမလား"

"ဆရာက သူနဲ့သိလို့လား၊ ပြန်တောင်းပေးမှာလားဟင်"

"အဲဒါ မမေးပါနဲ့။ ပြန်ယူပေးရမလား၊ ပြောပါ"

"ဟုတ်ကဲ့ပါ ဆရာရယ်၊ ကျွန်မပစ္စည်း ဆရာတောင်းပေးလို့ရရင် ဆရာ့ကျေးဇူးကို မမေ့ပါဘူး။ ဆရာလိုသလောက် ကန်တော့ပါ့မယ်"

"ကျွန်တော်လိုတာ ပစ္စည်းတန်ဖိုး ထက်ဝက်ပဲလိုပါတယ်၊ ပေးနိုင်မလား"

အစဦးတွင် အမျိုးသမီးကြီးသည် မယုံတစ်ဝက်၊ ယုံတစ်ဝက် ဖြစ်နေပြီး မူလ အဆုံးထားသောပစ္စည်း ပြန်ရရင်လည်း ထက်ဝက်ကျန်သေးသည် ဟူသောသဘောဖြင့် သဘောတူလိုက်လေသည်။

"ဆရာပြန်တောင်းလို့ရရင် ကျွန်မ ရွှေတစ်ကျပ်သားတိတိ ပေးပါ့မယ်။ ဘယ်တော့လောက် ဆရာတောင်းပေးမှာပါလဲရှင်"

"အားလုံးကြားတယ်နော်။ ကတိပျက်ရင် သစ္စာပျက်တယ်၊ သစ္စာပျက်ရင် ခင်ဗျားဒုက္ခရောက်သွားမယ်"

ထိုသို့ပြောဆိုနေစဉ် ဘိုးတော်၏ အသံမှာ အနည်းငယ်မာကျောနေသည်ကို သတိထားလိုက်မိ၏။

ထို့နောက် ဘိုးတော်သည် သေချာအောင် ထပ်၍ မေးနေပြန်၏။

"ခင်ဗျား အခုဝတ်ထားတဲ့လက်ကောက်က ဘယ်လောက်သားရှိလဲ"

ညှို့သည်အမျိုးသမီးကြီး၏လက်ဝဲလက်တွင် ဝတ်ဆင်ထားသော ရွှေလက်ကောက်ကို လက်ညှိုးညွှန်လျက် မေးလိုက်လေသည်။

"ဒါက တစ်ကျပ်သားတည်းပါရှင်"





www.burmeseclassic.com

www.burmeseclassic.com

"ပျောက်သွားတဲ့လက်ကောက်ပြန်ရရင် အဲဒီလက်ကောက်ကို ကျွန်တော့်ကို ပေးရလိမ့်မယ်နော်"

"ရပါတယ်ရှင် ရပါတယ်၊ ဟိုလက်ကောက်က အမေ့ရဲ့လက်ကောက်ကလေးမို့ အမြတ်တနိုး တန်ဖိုးထားတာပါရှင်။ ဆရာ တကယ်တောင်းပေးမှာလား"

ထိုကဲ့သို့ ပြောနေခိုက်မှာပင် ဦးအောင်ခင် (ခေါ်) ဘိုးတော်အောင်ခင်သည် သူ၏လက်ယာလက်ကို လေထဲတွင်ဝှေ့ယမ်း၍ တစ်စုံတစ်ခုကိုရွတ်ဆိုဟန်ပြုနေ၏။ မိနစ်ဝက်မျှအကြာတွင် ဦးအောင်ခင်သည် သူ၏လက်ယာလက်ကို အောက်သို့ တဖြည်းဖြည်းနိမ့်ချ၍ လက်သီးဆုပ်ကို ဖြေလိုက်ပြီး ဧည့်သည်အမျိုးသမီးကြီး၏ရှေ့သို့ ခွပ်ခနဲအသံမြည်အောင် ပစ်ချလိုက်လေသည်။

"ဟာ. . ."

"ဟင်. . ."

"ဟယ်. . ."

အာမေဍိတ်အသံများ ဧည့်သည်အမျိုးသမီးကြီးနှင့် သူ့အဖော်များထံမှ ထွက်ပေါ်လာသကဲ့သို့ 'အို' ဟူသော ခပ်တိုးတိုးအသံသည် မိတ်ဆွေကြီး ဦးဘာဘာထံမှ ထွက်လာလေသည်။

အဝါရောင်ကွင်းတစ်ခု။ သေချာစွာကြည့်လိုက်မှ လက်ကောက်တစ်ကွင်းကို ဝိုဝိုးလျှက် တွေ့ရ၏။

အမျိုးသမီးကြီးသည် ရုတ်တရက်ကိုင်၍မကြည့်သေးဘဲ ဦးအောင်ခင်သို့ တစ်လှည့်၊ သူနှင့်အတူပါလာသော အဖော်များကိုတစ်ခါ ကြည့်နေရှာသည်။

"ကဲ - ဘယ်လိုလဲ၊ စိတ်ပြောင်းသွားပြီလား"

ဘိုးတော်အောင်ခင်၏အသံ။

"မပြောင်းပါဘူးရှင်၊ မပြောင်းပါဘူး"

ထိုသို့ပြောဆိုလျက် သူ၏ရှေ့တွင်ရှိနေသော လက်ကောက်ကိုယူ၍ သေချာစွာ စစ်ဆေးနေလေသည်။

"ဒါ ကျွန်မအမေရဲ့လက်ကောက် အစစ်ပါပဲ။ ဟောဒီနားမှာ တစ်ခါက ရေကန်ပေါင်နဲ့တိုက်မိလို့ ဒီမှာ နည်းနည်းတောင် ပိန်နေသေးတယ်"

"ကဲကဲ- ဟိုမှာ နောက်ထပ်ဧည့်သည်တွေရှိသေးတယ်၊ ခင်ဗျားကတိအတိုင်း ရွှေတစ်ကျပ်သားပေးခဲ့"

ဘိုးတော်အောင်ခင်က ထိုသို့ ပြောလိုက်ရာ ဧည့်သည်အမျိုးသမီးကြီးမှာ ပျာပျာသလဲ သူ၏လက်ကောက်ကို ချွတ်၍ ဘိုးတော်အောင်ခင်၏လက်ထဲသို့ ထည့်လိုက်လေ၏။

ထို့နောက် ဘိုးတော်အောင်ခင်နှင့် ကျွန်ုပ်တို့ အာဂါပသလ္လာပစကားများပြောဆိုကြပြီး တက္ကတစ်စီးဖြင့် အိမ်သို့ ပြန်ခဲ့ကြလေသည်။ လမ်းတွင် ဦးဘာဘာသည် သူသိလိုသမျှကို ကရားရေလွှတ် မေးမြန်းလေတော့သည်။

"ဆရာညွန့်၊ ခင်ဗျားရဲ့မိတ်ဆွေက အတော်စွမ်းတာပဲနော်။ အိန္ဒိယက ယောဂီထက်တောင် သာတယ်လို့ ဆိုနိုင်တယ်။ ဟုတ်တယ်နော်၊ ဘယ်လိုအကျင့်တွေကျင့်တာလဲ ခင်ဗျားသိရင် ပြောပြစမ်းပါဗျာ"

"ဒီမယ် ကိုဘာဘာ၊ ခင်ဗျားကို ဒီကိုခေါ်လာတာ ဒီလိုအစွမ်းတွေကို အထင်ကြီးဖို့ မဟုတ်ဘူးနော်၊ ဒီလိုပညာရပ် ခေါ်မလား၊ အတတ်ပညာ ခေါ်မလား အဲဒါတွေရှိတယ်။ သို့သော် သူတော်ကောင်း၊ သူတော်စင် အကျင့်သိက္ခာနဲ့ပြည့်စုံတယ်လို့ မဆိုနိုင်ဘူးဆိုတာ သိစေချင်လို့ ခေါ်လာတာ"

"သူက ဘယ်လိုအကျင့်တွေပျက်လို့လဲဗျာ။ ကျွန်တော့်အမြင်ကို ပြောရရင် သူများအကျိုးဆောင်လို့ ကိုယ့်အကျိုးအောင်တာ မဟုတ်လား"

"အေး- ဒီနေရာမှာ ခင်ဗျားနဲ့မတူတာက လက်ကောက်ဟာ သူခိုးလက်ထဲရောက်သွားပြီ။ သူက သူ့နည်းနဲ့သူ ပြန်ယူပေးတာတော့ ဟုတ်တယ်။ ဒါပေမယ့် သူခိုးလက်က သူဝှက်လု ဆိုတာမျိုးပါပဲ။ သမ္မာအာဇီဝ မဖြစ်တာကတော့ သေချာတယ်"

"သူစွမ်းလို့ သူ့တန်ခိုးနဲ့ယူလိုက်တာ အပြစ်ရှိလို့လား"

"သူ့မှာ တန်ခိုးဣဒ္ဓိပါဒ် ရှိတယ်လို့ ခင်ဗျားထင်တာကိုး။ အမှန်က သူ့မှာ အတိတ်ကသွေးသားတော်စပ်ဖူးသူ သို့မဟုတ် သံယောဇဉ်မကင်းတဲ့ ပရပုဂ္ဂိုလ်က အကူအညီပေးတာ ဖြစ်နိုင်တယ်"

"ဒါဆို သူ မီလျံနာတောင်ဖြစ်နိုင်တယ်နော်"

"အဲဒီလိုတော့လည်း မဖြစ်နိုင်ပါဘူး။ စည်းကမ်းသတ်မှတ်ချက်တော့ ရှိမယ်။ ဥပဒေကြောင်းနဲ့မလွတ်ရင် သူလည်း အဖမ်းခံရနိုင်တယ်။ အဲဒီအခါ သူ့ကိုယ်သူတောင် မကယ်နိုင်ဘူး။ ခင်ဗျား လေ့လာစရာတွေ အများကြီးရှိသေးတယ်။ ကျွန်တော် အခါအခွင့်သင့်ရင် ခင်ဗျားကိုပြောပါ့မယ်"

အခါအခွင့်ဆင့်သည်ဟု ဆိုရပေမည်။ ရန်ကုန်မြို့ (၁၂) လမ်းရှိ မိတ်ဆွေထံမှ အကူအညီတောင်းခံလာလေသည်။ သူ၏အိမ်တွင်တည်းခိုနေသော မြိတ်မြို့မှ မိတ်ဆွေ ဦးဝင်းဆွေအား ဆေးခန်းသို့ ပို့ပေးရန် ထူးထူးခြားခြား အကူအညီတောင်းခြင်း ဖြစ်၏။

ရောဂါမှာထွေထွေထူးထူးမဟုတ်၊ မျက်လုံးတွင်စွဲနေသော တိမ်အား ဖယ်ရှားပေးရန် ဖြစ်၏။

(၁၂) လမ်းရှိ မိတ်ဆွေအိမ်သို့ ရောက်သည်နှင့် ဆန်းဆန်းပြားပြား သတင်းများကို ကြားရလေတော့သည်။

ရန်ကုန်မြို့ ရပ်ကွက်တစ်ခုတွင် မျက်စိမှတိမ်ကို ချက်ချင်းလက်ငင်းထုတ်ပေးနေကြောင်း သတင်းကောင်းကြောင့် ဦးဝင်းဆွေ ရောက်ရှိလာခြင်း ဖြစ်လေသည်။ မျက်စိမှတိမ်ကိုထုတ်ယူခြင်းမှာ မိနစ် (၂၀) ခန့်သာ ကြာ၏။ မျက်စိကုဆရာဝန်ကြီးများက ကျွမ်းကျင် ပိုင်နိုင်စွာ ခွဲစိတ်ပေးနိုင်ပြီ ဖြစ်သည်။

သို့သော် ဦးဝင်းဆွေက ထိုကဲ့သို့မဟုတ်၊ ဆရာမကြီးတစ်ဦး (ဆရာဝန်မဟုတ်) က သူ့တွင်ရှိသော မိုးကြိုးသွားဖြင့် တစ်မိနစ်အတွင်း ဖယ်ရှားပေးနေသဖြင့် ထိုနေရာအား လိုက်ပို့ပေးရန်အကူအညီတောင်းခြင်း ဖြစ်လေသည်။

ဤတွင် အခက်ကြုံရလေသည်။ ရန်ကုန်တွင်နေထိုင်သော ကျွန်ုပ်ကိုယ်တိုင် မကြားမိကြောင်း ဝန်ခံရလေသည်။ သို့သော် ဦးဝင်းဆွေမှာ လိပ်စာအပြည့်အစုံပါရှိသဖြင့် ကျွန်ုပ်နေထိုင်ရာနှင့် မဝေးကြောင်း သိရလေသည်။

"ဘယ်မှာလဲဗျ၊ ခင်ဗျားရဲ့တိမ် မတွေ့ပါလား"

"ရှိပါတယ်၊ ဘယ်ဘက်မှာပါ။ သေးလို့ ရုတ်တရက် မတွေ့တာပါ"

ဦးဝင်းဆွေပြောသည့် မျက်စိတွင် တိမ်ကို မတွေ့ရချေ။ ထို့ကြောင့် ကျွန်ုပ်က မျက်စိကုဆရာဝန်နှင့် ပထမပြကြည့်မယ်၊ နောက်တော့မှ သူသွားလိုရာသို့ လိုက်ပို့ပေးမည်ဖြစ်ကြောင်း ပြောလိုက်ရာ သဘောတူသဖြင့် ကျွန်ုပ်နှင့်ဆွေမျိုးစပ်သူ မျက်စိကုသမားတော်ကြီးထံ ရောက်သွားလေတော့သည်။

မျက်စိကုဆရာဝန်ကြီးက အသေအချာ စစ်ဆေးပြီး တိမ်က နှမ်းစေ့လောက်သာရှိပြီး မျက်လုံးသူငယ်အိမ်နှင့်လည်းလွတ်ကြောင်း၊ ဘာအန္တရာယ်မှမရှိကြောင်း၊ ခွဲစိတ်ဖို့မလိုကြောင်း စိတ်ရှည်ရှည် ရှင်းပြလေသည်။

သို့သော် ဦးဝင်းဆွေသည် မိုးကြိုးသွားကိုင် မယ်တော်ကြီးကိုသာ အာရုံရောက်နေသဖြင့် ကျွန်ုပ်မှာ မနေ



www.burmeseclassic.com

ဘဲ သွားလိုရာသို့ အရောက်ပို့ပေး စီစဉ်ရလေတော့သည်။

ကြီးသွားမယ်တော်ကြီး

အခါအခွင့်သင့်ရင် ပြောဝံ့မယ် နှုတ်တတိပေးထားမိသဖြင့် မိတ်ဆွေ ဦးဘာဘာအား အကြောင်းကြား ယူလိုက်ရလေသည်။ ကျွန်ုပ်တို့သုံး ရမည့်နေရာသို့ ဦးဘာဘာသည် တ်ဆွဲအိတ်ကို ဆွဲလျက် ရောက်လာ သည်။

"ဘယ်ကို သွားမှာလဲ၊ ဘယ်က တော်လဲ။ တော်တော်စွမ်းလား"

"ခင်ဗျားမေးတာ ကျွန်တော်မဖြေ ဘူး။ ခင်ဗျားကိုယ်တိုင် လေ့လာနိုင် အောင်လို့ တမင်ခေါ်လိုက်တာ၊ မလိုက် ချင်ဘူးလား"

"ဟာ- မလိုက်ဘဲ နေပါ့မလား၊ လိုက်မှာပေါ့"

ထို့နောက် ကျွန်ုပ်၏မိတ်ဆွေကြီး ဘာဘာ၊ ဦးဝင်းဆွေတို့နှင့်အတူ တက္က စီတစ်စီးဖြင့် ရန်ကုန်မြို့ပြင်ရပ်ကွက် တစ်ခုသို့ ထွက်လာခဲ့ကြလေသည်။

❂

ပေ (၄၀)၊ (၆၀) ဝင်းအတွင်း ပျဉ် ထောင်အိမ် နှစ်ထပ်အဆောက်အအုံ။ အိမ်အပေါ်ထပ်တွင် လူ (၂၀) ခန့် ရောက်နေနှင့်ကြသည်။ အပေါ်ထပ် ကြမ်းခင်းတွင် လူနာများ အသီးသီးနေ ရာယူလျက် ရှိ၏။

လူနာအများစုမှာ တိမ်စွဲနေသော မျက်လုံးများဖြင့် ကုသမှုခံမည့်အချိန်ကို စောင့်နေကြရာသည်။ တချို့မှာ မျက် လုံး အပြင်သို့ စူထွက်နေ၏။ အချို့မှာ ကောင်းစွာမမြင်ရသဖြင့် အဖော်ဖြင့်တွဲ လာကြရသည်။ မည်သို့ဖြစ်စေ၊ မကြာ ခင် ဤဒုက္ခမှလွတ်မြောက်ရတော့မည် ဖြစ်သဖြင့် အပြုံးမျက်နှာများဖြင့် ရွှင် လန်းနေကြသည်။

ဆရာမကြီး၏ လက်ထောက်ဟု ယူဆရသော လူတစ်ယောက်က-

"ညည့်သည်များ ခင်ဗျား၊ ဆရာမ ကြီးကို (---) ရုံး ညွှန်ချုပ် လာပင့်သွား လို့ ကျေးဇူးပြုပြီး သည်းခံစောင့်ပေးပါ ခင်ဗျာ"

ဟု ပြောလိုက်သဖြင့် လူနာများမှာ လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။ မိနစ် (၂၀) ခန့်အကြာတွင် ဂျစ်ကားတစ်စီး ဖြင့် အမျိုးသမီးကြီး ရောက်ရှိလာလေ သည်။

"လူနာများ ကိုယ့်နေရာကိုယ်ထိုင် ကြပါ၊ အမည်စာရင်းအရ ခေါ်ပါ့မယ်"

လက်ထောက်လုပ်သူက ကြေ ညာလိုက်၏။ ထို့နောက် ဆရာမကြီး သည် ခေါင်းရင်းဘက်တွင် နေရာယူ လိုက်၏။ အသားညိုညို၊ ခပ်တုတ်တုတ်၊ အညာသူကြီးနှင့်တူ၏။

ကြမ်းပေါ်တွင် တင်ပျဉ်ခွေထိုင် လိုက်ပြီး အနားတွင်အသင့်ထည့်ထား သော ကြွေဇလုံနှင့် ကွမ်းရွက်ကြမ်းတို့ ကို အားပါးတရ လက်ဖြင့်ဆုပ်နယ်နေ လေသည်။ ကြွေဇလုံတွင် ကွမ်းရွက်အ ရည်များ အနည်းငယ် ရရှိလာ၏။ ထို့ နောက် စာရင်းအတိုင်း တစ်ဦးချင်းကို ခေါ်လိုက်လေသည်။

ကျွန်ုပ်အနီးတွင်ထိုင်နေသော ဦး ဘာဘာသည် ဂနာမငြိမ် ဖြစ်နေ၏။ လူ နာသည် ဆရာမကြီးရှေ့တွင် ထိုင်လိုက် သည်နှင့် စောစောက စုဆောင်းထား သော ကွမ်းရွက်စိမ်းအရည်တို့ကို ကွမ်း ရွက်ဖတ်များနှင့်အတူ လူနာ၏မျက်လုံး အထဲသို့ ညှစ်ထည့်လေတော့သည်။ လူ နာသည် တော်တော်စပ်ပုံရသည်။ ကိုယ် က တစ်ချက်တွန့်သွား၏။ သို့သော် ပျောက်ချင်သည့်ဇောကြောင့် အောင့် အည်းသည်းခံနေလိုက်သည်။

ထိုမှတစ်ဆင့် သူ၏လက်တွင်ဝတ် ဆင်ထားသော ကျောက်နီလက်စွပ်ကို ချွတ်လိုက်သည်။ ထိုလက်စွပ်ဖြင့် လူနာ ၏မျက်လုံးအနီးသို့ ဖယ်ရှားဟန်ပြုနေ ၏။ မျက်လုံးကိုမူ မထိချေ။ သုံးကြိမ်မျှ ထိုလက်စွပ်ဖြင့် ဖယ်ရှားဟန်ပြုလိုက်ရာ လူနာ၏မျက်လုံးအတွင်းမှ ဖြူပျော့ပျော့ အရာတစ်ခု ထွက်လာလေတော့သည်။ ထိုအရာကို ကွမ်းရွက်ဖြင့်ကော်ယူလိုက် လေသည်။ ထိုမှတစ်ဖန် ထိုဖြူပျော့ပျော့ အရာအား လူနာရှင်ကို ပြလိုက်လေ သည်။

တစ်ယောက်ပြီးတစ်ယောက် လူ နာများအား တိမ်များကို ထုတ်ပေးလေ သည်။ လူနာအချင်းချင်း မေးမြန်းရာ တွင် ကောင်းပါတယ်၊ ခပ့်သွားတယ် စသည်ဖြင့် ဖြေကြ၏။

ဒီနေရာတွင် ကျွန်ုပ်ရော ဦးဘာ ဘာတို့ သတိထားမိသည်မှာ မျက်လုံး တစ်ခုလုံး ဖုံးလုနီးပါးရှိနေပြီး အပြင်သို့ စူထွက်နေသော တိမ်များမှာ မူလက အတိုင်း ရှိမြဲရှိ ၊ စူမြဲစူလျက် တွေ့နေရ သည်။ စမ်းတဝါးဝါးဖြင့် လမ်းသွားကာ ရောက်လာသော လူနာမှာလည်း တိမ်ကို အခဲလိုက်ထုတ်ပြီးဖြစ်သော်လည်း စမ်း မြဲစမ်းလျက်၊ ဝါးမြဲဝါးလျက်ပင်တည်း။ တစ်ခုခုတော့ လွဲနေပြီဟု ကျွန်ုပ် မှတ် ချက်ချလိုက်၏။ ထို့ကြောင့် ကိုယ့်လူနာ ဦးဝင်းဆွေ၏အလှည့်တွင် ဆရာမကြီး ၏ နောက်ကျောဘက်သို့ နေရာယူလိုက် ၏။

ဦးဝင်းဆွေနှင့် (၄) တောင်အကွာ တွင် ဖြစ်လေသည်။ ဦးဝင်းဆွေ၏ရှေ့ တည့်တည့်တွင်ဖြစ်ရာ မည်သို့မည်ပုံ မျက်စိမှ တိမ်ခွာသည်ကို အနီးကပ်လေ့ လာနိုင်မည် ဖြစ်လေသည်။

ဦးဝင်းဆွေသည် ဆရာမကြီး၏ ရှေ့တွင် ထိုင်လိုက်သည်။ ပုံမှန်အတိုင်း ကွမ်းရွက်စိမ်းအရည်များကို ဦးဝင်းဆွေ ၏မျက်လုံးအတွင်းသို့ ညှစ်ထည့်မည်ဟု ထင်ထားသည်။ သို့သော် ဆရာမကြီး မေ့သွားဟန်တူ၏။ သူ၏ညစ်ထပ်ထပ် လက်တွင်ကိုင်ထားသော ကျောက်နီ လက်စွပ်ဖြင့် မျက်လုံးအနီးမှကော်ထုတ် ဟန်ပြု၏။

ကျွန်ုပ် မူလကထင်ထားသည်မှာ ကွမ်းရွက်ကြမ်းအရည်တွင် ခတ်ပြုနိုင် သောပစ္စည်း ထည့်ထားပြီး မျက်လုံးအ ထဲမှ ဖြူဖြူပျော့ပျော့အရာများအဖြစ် ထွက်လာခြင်း ဖြစ်သည်ဟု ယုံထား သည်။ ယခုအခါ ဦးဝင်းဆွေအား တိမ် ထုတ်ရန်ပြင်ဆင်နေသည်။ ထို့ကြောင့် ဆရာမကြီး၏လက်ကိုသာ မျက်ခြည်မ ပြတ် စိုက်၍ကြည့်နေ၏။ လက်လှည့် ပညာဖြင့် လက်ထဲတွင် တိမ်ရောက်မည် လား၊ မည်သည့်လက်ဖြင့် မျက်လုံးအ တွင်း တစ်စုံတစ်ခုထည့်လိုက်မည်လား စသည်ဖြင့် လှုပ်ရှားမှုအားလုံးကို သေ ချာစွာ ကြည့်နေလိုက်သည်။

ဤနေရာတွင် သူကိုင်ထားသော ကျောက်နီလက်စွပ်သည် (မိုးကြိုးသွား) ဟု ဆိုလိုဟန်ရှိသည်။ ရွှေများတွင်ကြေး နီရောထားလျှင် ရွှေအရောင်မှာ နီကြင် ကြင်အရောင် ဖြစ်သွား၏။ ထိုရွှေကို အင်္ဂရတ်သမား၊ ရွှေပန်းတိမ်ဆရာအများ က မိုးကြိုးဟု ခေါ်ကြ၏။ ကောင်းကင် က လျှပ်စီးနှင့်အတူပါသော မိုးကြိုး လည်း မဟုတ်ပါ။

ဆရာမကြီးသည် ညာလက်ဖြင့် ကျောက်နီလက်စွပ်ကို ကိုင်ထားပြီး အ ခြား မည်သည့်လက်ဖြင့်မျှ ဦးဝင်းဆွေ အား ကိုင်တွယ်ခြင်း မရှိပါ။ အချုပ်အား ဖြင့်ဆိုရသော် ကျောက်နီလက်စွပ်ဖြင့် မျက်စိအနီးမှ လှုပ်ရှားနေလေသည်။ အချိန်သည် စက္ကန့်ပိုင်းမျှသာ ဖြစ်၏။ ဦးဝင်းဆွေ၏မျက်စိထောင့်မှ အဖြူ ရောင် အရာတစ်ခု ပေါ်ထွက်လာ၏။ ထိုအခါမှ ကွမ်းရွက်အပိုင်းဖြင့် ယူထုတ် လိုက်လေသည်။

ကျွန်ုပ်က ထိုဖြူဖြူအရာအား

www.burmeseclassic.com

တောင်းယူလိုက်သည်။ ဆရာမကြီးက ကြာကြာကိုင်မထားရန်နှင့် ပိုးမွှားများပါသဖြင့် အလွန်အန္တရာယ်ကြီးကြောင်း ပြောပါသည်။ ခပ်ဝေးဝေးသို့စွန့်ပစ်ရန်လည်း တဖွဖွပြောပါသည်။

ကျွန်ုပ်သည် စူးစမ်းလိုလှသဖြင့် စက္ကူဖြင့် သေချာထုပ်သိမ်းထားလိုက်၏။ ဦးဝင်းဆွေ၏မျက်လုံးမှ ထွက်လာသောတိမ်မှာ မုန့်လက်ဆောင်း မုန့်ဖတ်ခန့် ရှိ၏။ ခပ်ပျော့ပျော့နှင့် တကယ့်မုန့်လက်ဆောင်းဖတ်ဟု ထင်ရလေသည်။ တိမ်ထုတ်ခအဖြစ် တစ်ဦးလျှင် (၄၀၀၀) ကျပ် ကြိုတင်ပေးထားရလေသည်။ ထိုသို့ဆိုပါက လူ (၂၀) ခန့်ကုသခဲ့ရာ ထိုနေ့က ဆရာမကြီး၏ဝင်ငွေမှာ ကျပ် (၈၀၀၀၀) ခန့် ရှိနိုင်၏။

အပြန်ခရီးတွင် ဦးဝင်းဆွေအား သူနေထိုင်ရာ (၁၂) လမ်းသို့ မပို့သေးဘဲ ကျွန်ုပ်၏ မျက်စိအထူးကုဆရာဝန်ကြီးထံ ထပ်မံပြသပေးလိုက်ပါသည်။

"ဘာဖြစ်လို့ ထပ်စမ်းတာလဲဗျ၊ ဟိုတစ်နေ့ကပဲ စမ်းပြီးပြီလေ"

မျက်စိအထူးကု ဆရာဝန်ကြီးမှာ ဆွေမျိုးတော်စပ်သူဖြစ်သဖြင့် 'သေချာအောင်လို့ပါ' ဟု အဖြေကို လွယ်လွယ်ပေးလိုက်ပါတော့သည်။ ဆရာဝန်ကြီးပေးသော ဒုတိယအဖြေမှာ ပထမအဖြေအတိုင်းပင် 'နှမ်းစေ့ခန့်ရှိပြီး မျက်စိသူငယ်အိမ်နှင့်လည်း လွတ်သဖြင့် ဘာမှလုပ်ရန်မလိုသေး' ကြောင်း ပြောလိုက်၏။

ကျွန်ုပ်ရော ဦးဘာဘာတို့ပါ သိလိုသည်မှာ တိမ်အား ထုတ်ယူပြီး ဖြစ်သဖြင့် 'လုံးဝမရှိတော့' ဟူသော အဖြေကို ဆရာဝန်ကြီးထံမှ မျှော်လင့်ထားသည်။ သို့သော် ဦးဝင်းဆွေ၏မျက်လုံးတွင် တိမ်ကားရှိမြဲရှိနေသည်။

ထို့အတူ မျက်လုံးအပြင်သို့ အထင်းသားတွေ့နေရသော တိမ်များမှာလည်း တိမ်ထုတ်အပြီးတွင် မူလအရွယ်အတိုင်း ရှိနေသည်ကို တွေ့မြင်ခဲ့ကြရာ ထွက်လာသော တိမ်သည် အမှန်ဖြစ်ပါက မူလမျက်စိမှတိမ်သည် ပျောက်သွားရပေမည်။ အကယ်တန္တ မပျောက်သည့်တိုင်အောင် သေးငယ်သွားခြင်း၊ မှေးမှိန်သွားခြင်း စသော လက္ခဏာတို့ ပေါ်လွင်နေရပေမည်။

ထို့ကြောင့် ဦးဘာဘာအား ထင်မြင်ချက်ပေးရန် မေးလိုက်၏။

"ဘယ်လိုထင်သလဲဗျ။ ခင်ဗျား မြင်တယ် မဟုတ်လား၊ အချို့ မျက်စိဝေဒနာရှင်တွေရဲ့တိမ်ဟာ မျက်လုံးတစ်ခုလုံး လုံးဝနီးပါးဖုံးနေလို့ အတွဲအကူအညီနဲ့လာရတယ်။ အပြန်မှာလည်း အတွဲလက်မလွှတ်ရဘူးဗျ"

"ဟုတ်တယ်၊ အဲဒါတော့ ကျွန်တော်သတိထားမိတယ်။ ဘာမှမထူးခြားဘူး၊ ကျွန်တော်တို့အမြင်ပဲ။ ပိုသေချာတာက ဦးဝင်းဆွေရဲ့တိမ်ပဲ။ အရင်ကလည်း နှမ်းစေ့လောက်၊ တိမ်ထုတ်ပြီးတော့လည်း နှမ်းစေ့လောက် ဆိုတော့ ခင်ဗျားသိမ်းထားတဲ့ တိမ်က ဘယ်ကရတာလဲ၊ မှန်တယ်နော်"

"ကျွန်တော် အစိကပြောချင်တာက အဲဒါပဲဗျ။ တစ်စုံတစ်ခု အထူးအဆန်းကြောင့် ဟောဒါ တိမ်ပါလို့ ပြောတာကို မယုံနိုင်ဘူး။ ကျွန်တော်သိမ်းထားတဲ့ ဦးဝင်းဆွေရဲ့တိမ်ဟာ မုန့်လက်ဆောင်းအဖတ်ပဲ ဖြစ်ရမယ်။ သို့သော် ဘယ်ပုံဘယ်နည်းနဲ့ ဦးဝင်းဆွေရဲ့မျက်စိထဲက ထွက်လာတာယ် ဆိုတာ အဖြေမသိနိုင်ဘူးလေ။ အဲဒီလို ထူးပေ့ဆန်းပေ့ဆိုတာတွေ လုပ်ပြပြီး လိမ်စားကြတဲ့သူတွေ လောကမှာ အများကြီးပဲ"

*(မှတ်ချက်။ ။ ဦးဝင်းဆွေ၏မျက်လုံးမှတိမ်ဆိုသောအရာမှာ လေး၊ ငါးရက်ခန့်အကြာတွင် မုန့်လက်ဆောင်းဖတ်များကဲ့သို့ မာခြောက်သွားလေသည်။ ထိုအချိန်မှ ခြောက်လခန့်အကြာတွင် ထိုဆရာမကြီးအား သက်ဆိုင်ရာမှထိန်းသိမ်းသွားသည်ဟု ကြားသိရလေသည်။)*

ဦးဘာဘာနှင့်ကျွန်ုပ်တို့ ထိုနေ့အကြောင်းကို ဆွေးနွေးကြပြီးနောက် သူသိလိုသည့် ပုဂ္ဂိုလ်များ၏တန်ခိုးဣဒ္ဓိပါဒ်နှင့် အကျင့်စရဏ ကွဲကွဲပြားပြားသိသွားလေသည်။

ဤကဲ့သို့ တန်ခိုးပြလှည့်စားနေသူများကို ဦးဘာဘာအား ထင်ရှားစေပြီးနောက်နှစ်လခန့်အကြာတွင် ဦးဘာဘာသည် ကျွန်ုပ်ထံသို့ ရောက်လာပြန်၏။

ထို့နောက် သူမိတ်ဆွေတစ်ဦး၏ အတွေ့အကြုံများကို အောက်ပါအတိုင်းပြောပြသဖြင့် စာဖတ်သူများ သတိပြုနိုင်ရန် တင်ပြလိုက်ပါသည်။

ထုံးစံအတိုင်း လက်ဆွဲအိတ်ကို ဆွဲလျက် ငိုက်ဆိုက်ငိုက်ဆိုက်ဖြင့် နံနက်ခင်းတွင် ဦးဘာဘာ ရောက်ရှိလာလေသည်။

"ဆရာညွန့်ရေ နောက်ထပ် အတွေ့အကြုံတစ်ခု သိလာရပြန်ပြီ။ ခင်ဗျား စာရေးနိုင်အောင် ပြောပြမယ်။ နားထောင်မှာလား"

ကျွန်ုပ်က မည်သို့မျှမပြောဘဲ သူ့အား ပြုံးလျက်ကြည့်နေလိုက်လေသည်။

ဦးဘာဘာပြောပြသည့်အတိုင်း ပြန်လည်တင်ပြပေးလိုက်ရပါသည်။

❂

ဦးဘာဘာသည် အိမ်အနီးရှိ လက်ဖက်ရည်ဆိုင်တွင် နံနက်စာ ပဲပြုတ်နှင့်နံပြားကို စားနေခိုက် အသားဖြူဖြူ ပိန်ပိန်ပါးပါး လူတစ်ယောက်က လာရောက် နှုတ်ဆက်လေသည်။

"ဆရာဦးဘာဘာ ထင်ပါရဲ့၊ ဟုတ်တယ်နော်"

ဦးဘာဘာက ထိုသူအား ကြည့်လိုက်ပြီးနောက်-

"ဦးငြိမ်း မဟုတ်လား။ နည်းနည်းပိန်သွားတယ်နော်၊ ရုတ်တရက် မမှတ်မိဘူးခင်ဗျ"

"ဟုတ်ပါတယ် ဆရာရယ်၊ ကျွန်တော်တို့မတွေ့ကြတာ (၁၅)နှစ်လောက်ရှိမယ်"

ဦးငြိမ်းသည် လယ်အလုပ်ဖြင့် လုပ်ကိုင်စားသောက်နေထိုင်သူ ဖြစ်၏။ လယ်သမားဟု ဆိုရသော်လည်း ကျွဲနွားများစွာနှင့် ချမ်းသာသည့်လယ်သမားဖြစ်ရာ ထိုရွာပတ်ဝန်းကျင်တွင် လယ်သမားကြီး ဦးငြိမ်းဆိုလျှင် မသိသူမရှိသလောက်ပင်။

"ကျွန်တော် ဒီမှာထိုင်မယ်နော်"

ဦးငြိမ်းသည် အနီးရှိခုံအလွတ်၌ ဝင်လိုက်သည်။ တစ်စုံတစ်ခုကို ပြောချင်ဟန်တူသဖြင့် ဦးဘာဘာက စကားစ လိုက်လေသည်။

"အားလုံးအဆင်ပြေတယ် မဟုတ်လား၊ စီးပွားရေးကော အရင်လိုပဲ မဟုတ်လား"

ဦးငြိမ်းသည် ခေတ္တ ဦးခေါင်းကို ငိုက်လျက်နေပြီးမှ မသိမသာသက်ပြင်းချလိုက်သည်။

"စီးပွားရေးကတော့ မတက်တဲ့အပြင် ပျက်တယ်လို့ ပြောပါရစေတော့ခင်ဗျာ၊ ကျွန်တော် အခု လက်လုပ်လက်စားဘဝ ရောက်နေပါပြီ။ ကျွဲတွေ၊ နွားတွေလည်းကုန်ပြီ"

ဦးဘာဘာသည် ဦးငြိမ်းပြောပြနေသည်ကို မယုံနိုင်သဖြင့် ဦးငြိမ်း၏ မျက်နှာကိုသာ တစ်ချက်ကြည့်လိုက်ပြီး-

"တကယ်ပြောတာလား ဦးငြိမ်းရယ်။ ခင်ဗျားတို့မှာ သားသမီးလည်း မရှိ၊ ကုန်ကျစရိတ်လည်း ဒါလောက်မရှိဘဲနဲ့ ဘယ်လို ဘယ်လို ပစ္စည်းဥစ္စာတွေ ပျက်ကုန်ရတာလဲ"

"ကျွန်တော်တို့ လင်မယားနှစ်

www.burmeseclassic.com

ယောက်မှာ ငိုစားရယ်စားလည်း မရှိ၊ မြန်းတီးမယ့် တူတွေ၊ တူမတွေလည်း မရှိပါဘူး။ နောက်ဆုံးတော့ တရားခံ သက်သည်က လောဘပါပဲ ဆရာရယ်။ လောဘ. . . လောဘ။ ရှက်လည်းရှက် ပါရဲ့။ တခြားသူတွေကိုတော့ ပြောမပြ တော့ပါဘူး၊ ဆရာကတော့ ကိုယ့် မိသားစုလိုဖြစ်နေတာကြောင့် ရင်ဖွင့် ချင်လွန်းလွန်းလို့ပါ"

"ဟုတ်ကဲ့၊ ပြောပါဦးခင်ဗျာ။ စိတ် ကောင်းစရာပါလား"

"ဆရာ ပဲခူးမြို့ကနေပြောင်းသွား တဲ့နောက်မှာ ကျွန်တော့်ရဲ့စီးပွားရေး ဟာ အကောင်းဆုံးအချိန်ပါခင်ဗျာ။ ငြိမ်း ချမ်းခြင်းနဲ့စုဆောင်းလိုက်တာ ရွှေအစိတ် သားလောက်စုမိတယ် ဆရာ"

ဦးငြိမ်းသည် ခေတ္တမျှရပ်နားလိုက် ပြီး ဆက်၍ပြောပြန်၏။

"ဆရာ သိတဲ့အတိုင်းပဲ၊ ကျွန် တော်တို့မှာ သားသမီးမရှိတော့ ကုန်ကျ စရိတ်တော့ သက်သာပါရဲ့။ ရှင်ပြုဖို့က တော့ သားသမီး လိုပြန်ရောလေ။ ဒါ ကြောင့် အရပ်ထဲက မိဘမဲ့ကလေးတစ် ဦးကို ရှင်ပြုဖို့ စီစဉ်ခဲ့ပါတယ်။ ကျွန် တော့်မိန်းမဆိုရင် ရှင်လောင်းလှည့်ရင် မောင်ရင်လောင်းကို မြင်းနဲ့လှည့်မယ်၊ ရွာထဲမှာ ခုနစ်ရက် ခုနစ်သီ မီးခိုးတိတ် အမင်းကျွေးမယ်ပေါ့လေ"

"အလှူက မလှူဖြစ်ဘူးလား၊ ဘာဖြစ်လို့လဲ ပြောပါဦး"

"လှူဖြစ်ပါတယ်။ ကျွန်တော့်ဇနီး က ရွှေထည်ပစ္စည်းကို ဒီအတိုင်းထားပါ၊ ကျွဲလေးကောင်လောက်ရောင်းပြီး လှူ ကြတာပေါ့ဆိုလို့ ရွှေထည်တွေကိုလက် ရာမပျက် ထားလိုက်ပြီး လှူပါတယ်။ နောက်တော့ ဒါတွေလည်း အနိစ္စသ ဘောနဲ့ကိစ္စချောသွားတာပါပဲဗျာ"

ဦးငြိမ်းသည် ခေါင်းတဆတ်ဆတ် ဖြင့် ပြောလိုက်လေသည်။ နောက်ထပ် သူ့ထံမှကြားရမည့်စကားကို ဦးဘာဘာ က နားစွင့်လျက် ရှိနေသည်။

"ကြမ္မာဆောင် ဂြိုဟ်ကောင်က သားကောင်ဖြစ် ဆိုသလို တစ်နေ့တော့ ကျွန်တော့်အိမ်ကို ယောဂီဝတ်လူတစ် ယောက် ရောက်လာတယ်၊ အသက် (၅၀) လောက် ရှိမယ်။ ကျွန်တော်တို့ ဘုသိုလ်အဟုန်မြင့်နေလို့ လာပြီး ကူညီ တာပါလို့ ပြောတယ်။

ကျွန်တော့်ရဲ့အိမ်မှာထိုင်နေရင်း ငွေဘယ်လောက်ရှိလဲလို့ မေးပါတယ်။ နောက် ရှိတဲ့ငွေကို မျက်နှာသုတ်ပဝါနဲ့ ထုပ်ပြီး ဘုရားဆောင်ပေါ်မှာတင်ထားဖို့ ပြောပါတယ်။ ကျွန်တော်လည်း ဘုမသိ ဘမသိနဲ့ ငွေနှစ်ရာကို မျက်နှာသုတ်ပဝါ နဲ့ထုပ်ပြီး သူပြောသလို ဘုရားဆောင် ပေါ်မှာ ထားလိုက်တယ်။ တစ်အောင့် လောက်ကြာတော့ ဘုရားဆောင်ပေါ် က မျက်နှာသုတ်ပဝါကို ယူခိုင်းပြီး ငွေ ဘယ်လောက်လဲဆိုတာကြည့်ခိုင်းတယ်။

အံ့ဩဖို့ကောင်းလိုက်တာ။ မူလ ငွေနှစ်ရာက လေးရာ ဖြစ်နေတယ်ခင် ဗျ။ နောက်တစ်ခါ ကျွန်တော့်ရဲ့မိန်းမ လက်မှာဝတ်ထားတဲ့ လက်စွပ်ကိုချွတ်ပြီး စောစောကလို မျက်နှာသုတ်ပဝါနဲ့ထုပ် ပြီး ဘုရားဆောင်ပေါ် တင်ခိုင်းပြန်တယ်။ နောက်မကြာခင် သွားကြည့်တော့ လက် စွပ်က နှစ်ကွင်း ဖြစ်နေတယ်ခင်ဗျ။ အ မိပ္ပာယ်က နှစ်ဆတိုးတဲ့ သဘောပေါ့ ခင်ဗျာ။ ဒီမှာတင် ကျွန်တော့်မိန်းမက နောက်ထပ် လုပ်ပေးလို့ ရဦးမလားလို့ မေးတော့ 'အေး - ဒါ နောက်ဆုံး မုစ ခြင်းပဲ။ ကျုပ်လည်း ခရီးဆက်ရဦးမှာမို့ ရှိတာယူခဲ့' ဆိုတော့ ဇနီးသည်က သူ သိမ်းထားတဲ့ ရွှေထည်အားလုံး ထုတ် လာတော့တာပဲ။ သို့ပေမယ့် အဲဒီပုဂ္ဂိုလ် က သူ မကိုင်ဘူးနော်၊ မြေအိုးလေးတစ် လုံးထဲမှာထည့်ပြီး အဝတ်အထပ်ထပ် ပတ်ပြီးတော့ ဘုရားဆောင်ပေါ်မှာ တင် ခိုင်းတယ်။ ပစ္စည်းကများတော့ ချက် ချင်း မဖြစ်ဘူး၊ မနက်ဖြန် (၉) နာရီ လောက်မှ ဖွင့်ပါလို့ မှာတယ်။ သူလည်း ခရီးဆက်စရာရှိနေလို့ ခွင့်ပြုပါဆိုပြီး ထွက်သွားတယ်။

ကျွန်တော့်ဇနီးဆိုရင် အဲဒီညက ကောင်းကောင်း အိပ်မပျော်ဘူး။ မိုးမြန် မြန်လင်း၊ (၉) နာရီ မြန်မြန်ထိုးဖို့ စိတ် စောနေတယ်။

နောက်နေ့ (၉) နာရီလည်းထိုး ရော ကျွန်တော်တို့ လင်မယားနှစ် ယောက် ဘုရားဆောင်နား အပြေးအ လွှားသွား၊ အဝတ်နဲ့ထုပ်ထားတဲ့အိုးကို မ,ကြည့်တယ်။ တော်တော်လေးတယ်။ မူချ (၂) ဆတိုးနေပြီပေါ့။

အဲ- ဖွင့်လည်းကြည့်လိုက်ရော ကျွန်တော့်မိန်းမဟာ မေ့လဲမိတတ် ဖြစ် သွားတယ်။ အထဲမှာ ဘာရွှေထည်မှမရှိ တော့ဘူးဗျာ။ ရွှေထည်တွေအစား အုတ် ခဲကျိုးတွေပဲ ရှိတယ်။ ကိုယ့်အဖြစ်ကိုယ် မယုံနိုင်စရာပါဘဲ။ တခြားသူတွေကို ပြောပြရင်လည်း ကိုယ့်ပေါင်ကိုယ်လှန် ထောင်းသလိုဖြစ်မှာမို့လို့ လူသိတော့ မခံတော့ပါဘူး။ လောဘ. . . လောဘ"

ဦးငြိမ်းသည် ပြောရင်း မောသွား ဟန်တူ၏။ အနီးမှရေနွေးခွက်အားလှမ်း ယူလိုက်ပြီး ကျိုက်ခနဲ မော့လိုက်သည်။

❂

ဦးဘာဘာသည် သူ၏မိတ်ဆွေ လယ်သမားကြီးအကြောင်း ပြောပြရင်း ကျွန်ုပ်အား ထပ်ဆင့်မေးခွန်းထုတ်ပြန် လေသည်။

"ဒီလို အစွမ်းတွေ ပြနိုင်လောက် တဲ့ တန်ခိုးရှင်ဖြစ်ပါလျက်နဲ့ အခုလို လိမ်ညာတာ အံ့စရာပါလားနော်။ ဆရာ ညွှန့် ဘယ်လိုပြောချင်လဲ လုပ်စမ်းပါဦး"

"ခင်ဗျားက တန်ခိုးနဲ့ အကျင့်စရ ဏကို တစ်ပြိုင်နက်ရှိမယ်လို့ မှတ်ထား တာကိုး။ ဒီလို သာမန်တန်ခိုးမပြောနဲ့ လောကီအဘိညာဉ်နဲ့ ပြည့်စုံနေတဲ့ ရှင် ဒေဝဒတ်တောင် အဘိညာဉ်က သတ် သတ်၊ အတွင်းအဖျတ္တ သန္တာန်ကသတ် သတ်ပဲလေ။ နောက်ဆုံး မြတ်စွာဘုရား ကိုသတ်ဖို့တောင် ကြံရွယ်သေးတာပဲ မဟုတ်လား။ တန်ခိုးပြနိုင်တာနဲ့ သူ တော်ကောင်းစိတ်ဓာတ်၊ သူတော်ကောင်း စရိုက်ရှိတယ်လို့ မပြောနိုင်ဘူးဗျ။ ဘာ တန်ခိုးမှမပြတဲ့ သူတော်ကောင်းတွေ လောကမှာ အများကြီး ရှိပါတယ်"

ထိုကဲ့သို့ ကျွန်ုပ်က ရှင်းပြလိုက် သဖြင့် ဦးဘာဘာသည် အနည်းငယ် ကျေနပ်သွားဟန် ရှိသည်။

"ဒါဆို အခုလို အစွမ်းပြနိုင်တာ ဘယ်လို ဘယ်လို ပညာရပ်လဲ ဆိုတာ ခင်ဗျားသိလား၊ သိရင်ပြောပြစမ်းပါဦး"

"အဲဒါကတော့ ကျွန်တော် ဉာဏ် မမီသေးပါဘူး။ ဖြစ်နိုင်တာတစ်ခုက တော့ အဲဒီလိုလူတွေမှာ နောက်ကပံ့ပိုး ပေးနိုင်တဲ့သူ ရှိတယ်လို့ ပြောချင်တယ်။ ပံ့ပိုးပေးတဲ့သူ ဆိုတာ ပရလောကမှ ပုဂ္ဂိုလ် ဖြစ်နိုင်ပါတယ်။ သို့ပေမယ့် စဉ်း စဉ်းစားစားနဲ့ ဆက်ဆံဖို့လိုတယ်။ အခု ပြောတဲ့အဖြစ်အပျက်က တကယ်ဖြစ် နေတာဆိုတော့ စာဖတ်သူများ ဝေဖန်၊ သင်ခန်းစာယူနိုင်အောင် ကျွန်တော် စာ ရေးမှာပါ"

"ရေးပါဗျာ၊ ရေးပါ။ ကျွန်တော် လည်း နောက်တစ်ပတ်မှာ ရိပ်သာဝင်ပြီး တရားအားထုတ်ရဦးမယ်"

ထိုနေ့က လူချင်းခွဲခဲ့ပြီးနောက် ဦးဘာဘာသည် ရိပ်သာတစ်ခုတွင် တရားအားထုတ်လျက်ရှိကြောင်း သိရပါ သည်။

*လူအချင်းချင်း လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ*

ညွှန့်ဇေယျာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အား တောင်လုံးလှကျောင်း ဆောက်လုပ်ပေးရန် အဘမှတာဝန်ပေးပါသည်။ ပြိုလဲတော့မည့်ကျောင်းတိုက်အားဖျက်သိမ်း၍ ၎င်းနေရာတွင် ကျောင်းအသစ်ဆောက်လုပ်ပေးရန် ဖြစ်ပါသည်။ တိုက်ဖျက်နေစဉ် အသစ်ဆောက်လုပ်၍ မပြီးခင် ဆရာတော် သီတင်းသုံးရန် အတွက် လတ်ရှိတိုက်၏ အရှေ့ဘက်တွင် တစ်ပါးနေကျောင်း ဆောက်လုပ်ရသည်။ ဆရာတော်အား ရွှေ့ပြောင်း သီတင်းသုံးပြီးမှ လက်ရှိကျောင်းအားဖျက်ခြင်း၊ အသစ်ဆောက်လုပ်ခြင်းများကို ဆောင်ရွက်ပေးခဲ့ပါသည်။ တစ်ပြိုင်တည်း ကျောင်း(၂)ကျောင်း ဆောက်လုပ် လျှဒါန်းသလိုဖြစ်ပါတော့သည်။

ကျောင်းဆောက်လုပ်ရေးအလုပ်ဖြင့် တောင်လုံးလှကျောင်းသို့ နေ့စဉ်ရောက်ရှိပါသည်။ ဆရာတော်ကြီး၏ ဝတ်ကြီးဝတ်ငယ်ကိုပြုစုရင်း အဘအောင်မင်းခေါင်၏ အကြောင်း၊ ဝိဇ္ဇာတို့၏ အကြောင်းများကို လျှောက်ထားရင်း မှတ်တမ်းပြုစုရပါသည်။

တစ်နေ့သော ညတစ်ညဝယ် ဘဘုန်းနှင့်စကားစပ်မိရာမှ ဝိဇ္ဇာတို့ဌာနီ အလုံပြည်အကြောင်းကို သိချင်လာပါသည်။

"ဘဘုန်း၊ ဟိုနေ့က အဘအောင်မင်းခေါင်နဲ့ စကားပြောတော့ ဝိဇ္ဇာဌာနီ အလုံပြည် ဆိုတာ ပါတယ်။ ဒါကိုသိချင်တယ်ဘုရား။ အလုံမြို့ဆိုတာရှိသလား။ ရှိရင်လည်း မြန်မာပြည်ဘယ်နားမှာလဲ။ ဘဘုန်းသိရင် ပြောပေးပါဘုရား"


"အလုံ ဆိုတာ ရှိတယ်။ လူတွေတော့ မရောက်နိုင်ကြဘူး။ ဝိဇ္ဇာတွေစုနေကြတာ။ သံဝိဇ္ဇာက တစ်ရပ်ကွက်၊ အင်းဝိဇ္ဇာက တစ်ရပ်ကွက်၊ မန္တန်ဝိဇ္ဇာက တစ်ရပ်ကွက်၊ ပြဒါးဝိဇ္ဇာက တစ်ရပ်ကွက် အဲဒီလိုတူရာတူရာစုနေကြတာ။ ဒီမြို့မှာလည်း သူ့အဆင့်နဲ့သူရှိကြပြန်တယ်။

"အလုံမှာ ဝိဇ္ဇာတွေဘာလုပ်ကြတာလဲ"

"သူတို့က ဝိဇ္ဇာစခန်းအဆင့်ဆင့်စာမေးပွဲဖြေရတာ။ ဥပမာ မူလတန်းအဆင့်လောက်ဆိုရင် အလုံမရောက်နိုင်သေးဘူး။ မြို့ရွာလူတွေကြားမှာပဲနေလို့ရသေးတယ်။ အလယ်တန်းအဆင့်ရောက်ရင်တော့ မြို့တက်ကျောင်းတက်ရသလို အလုံမြို့နားကိုအိပ်မက်နဲ့ရောက်တယ်။ အာရုံနဲ့ရောက်တယ်။ အထက်တန်းအဆင့်ရောက်ရင်တော့ လူတွေကြားမှာ နေလို့မရတော့ဘူး။ အလုံမြို့ကိုရောက်ပြီ။ ဒါပေမယ့် တက္ကသိုလ်အဆင့်ကျန်သေးတယ်၊ ဘွဲ့မရသေးဘူး။ အလုံရောက်တဲ့ဝိဇ္ဇာတွေဟာ တက္ကသိုလ်တက်နေရသလို သူတို့အလုပ်စခန်းတွေ ကျန်နေသေးလို့ အလုပ်ဆက်လုပ်နေကြတာ။ အင်းဝိဇ္ဇာက အင်းအတတ်ကိုဆက်ကစားတာ။ ပြဒါးဝိဇ္ဇာက ပြဒါးကိုသေအောင်ထိုးရတာ။ သံဝိဇ္ဇာကလည်း သံသေအောင် ဆက်လုပ်ရတာ။ အလုံက ဆုံးပြီဆိုတာမရှိဘူး။ ဘွဲ့ရမှဆုံးတာ

# ဝိဇ္ဇာဌာနီ အလုံပြည်

အဏ္ဏဝါလှိုင်း





www.burmeseclassic.com

www.burmeseclassic.com

"အလုံမှာ ဘာလုပ်စားသလဲ။ ပေါ်စိုက်စရာရှိသလား"

"အလုံ ဆိုတာ ဝိဇ္ဇာမြို့တော်ဖြစ်လို့ ဘာမှလုပ်စားစရာမလိုဘူး။ စိတ်ထဲက တောင့်တလိုက်တာနဲ့ အစားအသောက်တွေ အလိုလိုရောက်လာတာ။ သိဒ္ဓိရှိတဲ့ အစားအသောက်တွေမို့ တစ်ခါစားပြီးရင် နှစ်ပေါင်းကြာအောင် မစားဘဲ အာဟာရသိဒ္ဓိပြီးနေတာ"

"အလုံမှာ မြို့တော်စည်ပင်တို့၊ အုပ်ချုပ်ရေးမှူးရုံးတို့ကောရှိသလား"

"အလုံ ဆိုတာ လူတွေလို ညစ်ပတ်ကြတာ မဟုတ်ဘူး။ ကျင်ကြီးကျင်ငယ် မစွန့်ကြဘူး။ သိဒ္ဓိရှိတဲ့ အစားအသောက်တွေကြောင့် ခန္ဓာကိုယ်ဟာ အမြဲသန့်ရှင်းနေတယ်။ လူ့ခန္ဓာကိုယ်ဟာ အပုပ်ကောင်ပဲ။ အမြဲယိုစီးနေတာ။ လူနဲ့ ဝိဇ္ဇာနဲ့က အများကြီးကွာတာ။ စည်ပင်တော့မရှိဘူး။ ဒါပေမယ့် အုပ်ချုပ်ရေးအဖွဲ့တော့ရှိတယ်။ ခုန ဘွဲ့ရတဲ့ဗုဒ္ဓိုလ်တွေက တာဝန်ယူအုပ်ချုပ်ရတာပေါ့"

"အလုံမြို့ဟာ မြန်မာပြည်မှာ ရှိတာလား"

"ဟုတ်တယ်၊ မြန်မာပြည်မှာရှိတယ်။ တချို့ကပြောတာတော့ ဧရာဝတီတိုင်းဒေသကြီး အနောက်ရိုးမမှာ အလုံမြို့ရှိတယ်လို့ ပြောတယ်။ တချို့ကျတော့ အလောင်းတော်ကဿပရှိရာ မုံရွာဘက်မှာရှိတယ်လို့ ပြောကြပြန်တယ်။ အတိအကျတော့ မသိဘူး"

"အလုံနဲ့ ပတ်သက်လို့ ရောက်ဖူးတဲ့သူ ရှိသလား။ ဘဘုန်းသိရင် ပြောပြပါလား ဘုရား"

"လူသားထဲက ရောက်ဖူးတဲ့သူ နှစ်ယောက်တော့ ရှိတယ်"

"သူတို့ကဘယ်သူတွေလဲဘုရား"

"ဧရာဝတီတိုင်းဒေသကြီးက ပုသိမ်ကနေ မော်တင်စွန်းသွားတဲ့လမ်းမှာ ရွှေတွင်းတူး ဒီပါရုံဘုရားဆိုတာ ရှိတယ်"

"ဒီပါရုံဆိုတာတော့ ကြားဖူးတယ်ဘုရား"


"ရွှေတွင်းတူးဒီပါရုံက တစ်ဆူ၊ ပျဉ်းမချောင်းဒီပါရုံကတစ်ဆူ၊ မော်တင်စွန်းဒီပါရုံကတစ်ဆူ၊ သာပေါင်းမြို့က အပြင်ဒီပါရုံကတစ်ဆူ ပေါင်း (၄) ဆူရှိတယ်။ ဒီဘုရား (၄) ဆူဟာ အနောက်ရိုးမမှာတည်ရှိပြီး ဧရာဝတီတိုင်းဒေသကြီးမှာပဲ ရှိကြတာ။ တည်နေရာထူးခြားမှုကတော့ တောနက်တောင်ဆွယ်မှာ တည်ထားကြတာရယ်၊ အတွင်းဒီပါ၊ အပြင်ဒီပါခေါ်ပုံတွေဟာ ထူးခြားနေတယ်"

"မှန်ပါ့ဘုရား"

"ဒီပါဆိုတာ အရပ်ဒေသလို့ အနက်ထွက်တယ်။ အတွင်း၊အပြင်အရပ်ဒေသဆိုတာ အလုံရှိရာကိုညွှန်တဲ့ အဓိပ္ပာယ်ပဲ။ အတွင်းဒီပါရုံဘုရားနှစ်ဆူက ဝိဇ္ဇာတွေဖူးဖို့ရည်ရွယ်ပြီး အပြင်ဒီပါရုံဘုရားကလူတွေဖူးဖို့ ရည်ရွယ်တယ်လို့ ထင်တယ်။ ဒီတော့ ဒီပါရုံ (၄) ဆူရဲ့ အလယ်ဗဟိုချက်ဟာ ဝိဇ္ဇာဌာနီ အလုံပြည်ရှိတယ်လို့ ယူဆရတယ်"

"မှန်ပါ့ဘုရား၊ ဆက်ပြီးမိန့်ပါဦးဘုရား"

"လူသားထဲက အလုံရောက်ဖူးတာကတော့ ရွှေတွင်းတူး ဒီပါရုံဘုရား





www.burmeseclassic.com

www.burmeseclassic.com

နားကပဲ။ ရွှေတွင်းတူးရွာက ဦးဖိုးစိန်နဲ့ ဒေါ်ခင်ကြည်တို့လင်မယားစုံတွဲပဲ။အဘိုးကြီး၊ အဘွားကြီးတွေဖြစ်လို့ အသက် (၅၅) နှစ်ကျော်ပြီပေါ့။ သားသမီး (၅) ယောက်ရှိတယ်။ အကုန်အိမ်ထောင်ကျ သွားလို့အိမ်မှာ အဘိုးကြီး၊ အဘွားကြီးပဲ ကျန်တော့တာ။ ဘာသာရေး ကိုင်းရှိုင်းတယ်။ ငါးပါးသီလလုံခြုံတယ်။ ထူးခြားတာက သူတို့လင်မယားဟာ ငယ်ငယ်ကတည်းက သူများအသက်မသတ်ဘူး၊သူများအသားမစားဘူး၊ အမြဲသက်သတ်လွတ်စားကြတယ်"

"ဘယ်လိုရောက်ကြတာလဲ ဘုန်းဘုန်း"

"အေး - ဇာတ်လမ်းက ခုမှ ပြည့်စုံတယ်တုန်းရှိသေးတယ်။ အစပဲပျိုးရသေးတာ။ ရွှေတွင်းတူးဒီပါရဲ့ဘုရားကို သွားတယ်။ အဓိဋ္ဌာန်ဝင်တယ်။ တစ်နေ့တော့ ဘုရားမှာ လူရှင်းနေတုန်း သူတို့လင်မယားနှစ်ယောက် ပုတီးစိပ်ကြတယ်။ အဓိဋ္ဌာန်ပြည့်လို့ မျက်စိဖွင့်ကြည့်လိုက်တော့ သူတို့နားမှာ ရသေ့တစ်ပါး ရပ်စောင့်နေတာ တွေ့တယ်။ 'ဒကာကြီးနဲ့ ဒကာမကြီးတို့ ပုတီးစိပ်တာလား'လို့ နှုတ်ဆက်တယ်။ အဓိဋ္ဌာန်ပုတီးစိပ်ကြောင်း လျှောက်ထားတယ်။ ရသေ့ကြီးက သူ့လက်ထဲကပုတီးကိုပေးခဲ့တယ်။ 'ဒီပုတီးကိုစိပ်ပါ။ အကြောင်းရှိရင် တ,လိုက်။ ရသေ့လေး ရောက်လာမယ်' ဆိုပြီး ပြောသွားတယ်။ 'အရှင်ရသေ့ ဘယ်ကြွမှာလဲ' လို့ လျှောက်တော့ 'အလုံကြွမလို့' ဆိုပြီး တောင်ပေါ်က ဆင်းသွားတယ်"

"ဒါဆို ဒီရသေ့ကြီးက ဝိဇ္ဇာပဲဖြစ်ရမယ်"

"သူတို့လင်မယားက ဝိဇ္ဇာအဆက်ပါတယ်။ သူတို့ဒုက္ခရောက်မှာကိုမြင်လို့ ဝိဇ္ဇာက ပုတီးပေးခဲ့တာ။ ဒီပုတီးကို အဘွားကြီးကယူထားပြီး ရွှေတွင်းတူးရွာကို ပြန်လာကြတယ်။ ဒီလိုနဲ့ တစ်နေ့တော့ တောထဲကို မှျစ်ချိုးသွားကြတယ်။ မှျစ်ဆိုတာ ဝါးပင်မဖြစ်မီ အစို့ပေါက်လေးကို ခေါ်တာပေါ့"

"ရှင်းပါပြီ ဘုရား"

"အဘိုးကြီး၊ အဘွားကြီး နှစ်ယောက် တောကြီးမျက်မည်းထဲရောက်သွားတယ်။ရွှေတွင်းတူးဘုရားက တောင်ကလပ်ပေါ်မှာတည်ထားတာ။ ဘုရားရဲ့ ဘယ်ဘက်မှာ ရွှေဘုံသာတောင်၊ ညာဘက်မှာ ငွေပုံသာတောင်၊ အနောက်ဘက်မှာ ရုပ်စုံတောင်ရှိတယ်။ လူကြီးသူမတွေ ပြောစကားအရတော့ ဒီဘုရားတည်ခဲ့တဲ့မင်းက တစ်ချိန်ချိန် ဘုရားပျက်လို့ မပြုပြင်နိုင်မှာစိုးလို့ ရွှေကို ပုံပြီး အဓိဋ္ဌာန်နဲ့မြှုပ်ခဲ့တဲ့တောင်ကို ရွှေပုံသာတောင်လို့ ခေါ်တယ်။ ဒီလိုပဲ ငွေကိုပုံပြီး အဓိဋ္ဌာန်နဲ့ မြှုပ်ခဲ့တဲ့တောင်ကို ငွေပုံသာတောင်လို့ခေါ်တယ်"

"ဒါဖြင့်ရင် ရုပ်စုံတောင် ဆိုတာကော"

"ရုပ်စုံတောင် ဆိုတာကတော့ ဒီတောင်ပေါ်က ကျောက်တုံးကျောက်ခဲတွေက အရုပ်တွေမျိုးစုံဖြစ်နေတယ်။ ကလေးကစားစရာ အရုပ်မျိုးစုံပဲ။ ဒီအရုပ်တွေအပြင် ရွှေနဲ့လုပ်တဲ့ လက်ဝတ်ရတနာ၊ ငွေနဲ့လုပ်တဲ့ လက်ဝတ်ရတနာ၊ ကျောက်သံပတ္တမြားတွေ၊ အသုံးအဆောင်ပစ္စည်းတွေ ဒီတောင်မှာ အများကြီးရှိတယ်။ ရှေးလူကြီးတွေလက်ထက်က လူတွေ သီလရှိကြတော့ လက်ဝတ်ရတနာတွေ ငှားလို့ရတယ်လို့ ပြောကြတယ်"

"စိတ်ဝင်စားစရာကောင်းပါတယ် ဘုရား"

"ဒီထက် ထူးဆန်းတာရှိသေးတယ်။ ဆင်ကြီးလည်ပြတ်တဲ့ကျောက်တုံးကြီးပဲ။ ဒီတောင်တွေရဲ့အောက်ခြေမှာ ချောင်းတစ်ချောင်းရှိတယ်။ ဒီချောင်းထဲမှာ ထူးဆန်းတဲ့ ကျောက်ဆောင်ကြီးတစ်ခုရှိတယ်။ ဆင်တစ်ကောင် တုံးလုံးလှဲနေသလိုပဲ။ ဒါပေမယ့် ဆင်ခေါင်းနဲ့ ကိုယ်က ပြတ်နေတယ်၊ ကွာနေတယ်"

"ဘယ်လောက်ကွာလဲ ဘဘုန်း"

"အစက (၁)တောင်လောက်ကွာတယ်။ ခုတော့ တဖြည်းဖြည်းနီးလာတာ (၆) လက်မလောက်ပဲ ကွာတော့တယ်"

"ဒါဆိုရင် တစ်ချိန်ချိန်မှာ ဆက်သွားမယ့်သဘောရှိတာပေါ့ ဘုရား"

"ဟုတ်တယ်၊ 'ဆင်ကြီးလည်ပြတ် ကိုယ်နှင့်အပ် ကွက်လပ်ကလေး ပြည့်တော့မည်'ဆိုပြီး တဘောင်ရှိတယ်။ ဘာအဓိပ္ပာယ်လဲတော့ မသိဘူး။ ကောင်းမယ့်လက္ခဏာပါပဲ"

"ဟိုလင်မယား နှစ်ယောက်အကြောင်း ဆက်မိန့်ပါဦး ဘုရား"

"ပြောရင်းနဲ့ ချော်ထွက်သွားတာ။ သူတို့နှစ်ယောက် တောထဲရောက်ပြီလား"

"တောထဲ မှျစ်ချိုးဖို့ ရောက်ပြီ ဘုရား"

"တောနက်ထဲသွားရင်းသွားရင်းနဲ့ မျက်စိလည် လမ်းပျောက်တော့တာပဲ။ ဘယ်သွားသွား နဂိုနေရာပဲ ပြန်ရောက်နေတယ်။ ညနေစောင်းရောက်တော့ အိမ်ပြန်မရောက်ကြဘူးပေါ့။ ဘယ်သွားလိုက်၊ ညာသွားလိုက်။ သွားချင်တာသွား ဒီနေရာပဲပြန်ရောက်နေတော့ တစ်ခုခုမှားနေပြီ ဆိုတာ သိလိုက်ရတယ်"

"တောခြောက်တာလား ဘုရား"

"အဘွားကြီး၊ ငါတို့ တောခြောက်တာနဲ့တူတယ်။ ငါတို့ကို လှည့်စားခံနေရတယ်။ ငါတို့ ရွှေတွင်းတူးမှာ မွေးပြီးနေလာတာ၊ တစ်ခါမှ ဒီလိုအဖြစ်မျိုး မကြုံဖူးဘူးလို့ အဘိုးကြီးကပြောတယ်။ ဒီတော့ အဘွားကြီးက 'ဟုတ်တယ် အဘိုးကြီး။ ကျုပ်တို့ငယ်ငယ်ကတည်းက ဒီတောဒီတောင်မှာ သွားလာလှုပ်ရှားနေတာ မျက်စိလည်တယ် ဆိုတာ မရှိဘူး' လို့ပြောတယ်။ ဒါနဲ့ အဘွားကြီးက ရွှေတွင်းတူးဘုရားမှာ ရသေ့တစ်ပါးပေးခဲ့တဲ့ပုတီးကိုထုတ်ပြီး ပုတီးစိပ်တာပေါ့။ အဘိုးကြီးကလည်း သူတို့စောင့်ထိန်းလာတဲ့သီလကို အာရုံပြုပြီး သစ္စာဆိုတာပေါ့။သိပ်မကြာပါဘူး၊ ပုတီးပေးခဲ့တဲ့ရသေ့ကြီး ကြွလာတယ်။ ဒကာကြီးနဲ့ ဒကာမကြီးနှစ်ယောက်ကို ရှေ့က ဦးဆောင်ပြီး ခေါ်သွားတယ်။ အချိန်ကတော့ ညနေဆည်းဆာချိန်ပေါ့ကွယ်"

"ဘယ်ကိုခေါ်သွားတာလဲဘုရား"

"ရသေ့လေး ခေါ်ရာနောက်ကို လိုက်သွားတော့ ဘွားဆို မန္တလေးနန်းမြို့ကို တွေ့လိုက်မြင်လိုက်ရတယ်။ ရေပတ်လည်ဝိုင်းနေတဲ့ကျုံးကြီးနဲ့ မြို့ရိုးကြီးကလည်း ပေ(၃၀)လောက် အမြင့်ရှိပြီး စုလစ်မွှမ်းချွန်တွေနဲ့ ရှေးဟောင်းအနုပညာမြောက်စွာ တည်ဆောက်ထားတဲ့မြို့ရိုးကြီး။ တံခါးတွေ၊ လမ်းတွေကလည်း ပန်းတွေဝေဆာပွင့်နေပြီး ပန်းနံ့တွေ၊အရောင်မျိုးစုံတွေနဲ့ လမ်းဘေးဝဲယာမှာ အစီအစီ အလှဆင်နေတာ။ မြို့တံခါးကြီးတွေက ယိုးဒယားပန်းခက်ပန်းနွယ်တွေနဲ့။ ကျွန်းတံခါးကြီးတွေက အရောင်တဖိတ်ဖိတ်နဲ့။ ကျွန်းတံခါးက ရတနာ(၉)ပါးကို သူ့နေရာနဲ့သူ စီခြယ်ထားတာ။

'အဘိုးကြီး ကြည့်ပါဦး။ ကျုပ်တို့မြင်ရတာ မန္တလေးနန်းမြို့တော့ မဟုတ်ဘူး။ ဒါအိပ်မက်လား' လို့ မေးတယ်။ 'ငါလည်း မြင်ရတာပဲ။ မန္တလေးမင်းနေပြည်တော်လိုပဲ။ ဒါပေမယ့် ခုမြင်ရတာက အဆပေါင်းများစွာသာတယ်။ တယ်ထူးဆန်းတာပဲ' လို့ တစ်ယောက်တစ်ခွန်း ပြောကြတယ်။ ညနေ (၆) နာရီ ကျော်တော့ မှောင်နေပြီပေါ့"

"ရှေ့ဆက်ပါဦး ဘုရား"



www.burmeseclassic.com

www.burmeseclassic.com

"ရှေ့က ရသေ့လေးက မေးတယ်။ 'တောထဲမှာ မျက်စိလည်နေတာနဲ့တူတယ်။ လာ လာ - ဒီကျောင်းတိုက်မှာ ခဏနားခိုကြ'လို့ လက်ညှိုးညွှန်ပြတယ်။ ရသေ့လေး ညွှန်ပြတာက ဝါးကျောင်းလေးပါ။ တစ်ပါးနေကျောင်းလေး။ ဘုရားခန်းတော့ရှိတယ်။ ဒါပေမယ့် ဘာပစ္စည်းအသုံးအဆောင်မှမရှိဘူး"

"ကျောင်းကမြို့ထဲမှာလား"

"ခုနတွေ့ရတဲ့ မြို့ရိုးတွေ၊ ကျုံးတွေနဲ့ ခမ်းခမ်းနားနား ထည်ထည်ဝါဝါရှိတဲ့မြို့ကတော့ ဝိဇ္ဇာဌာနီ ဝိဇ္ဇာမြို့တော် 'အလုံ' ပေါ့"

"ဒါဆိုရင် ရွှေတွင်းတူးနားမှာ ရှိတာပေါ့"

"ဟုတ်မယ်ထင်တာပဲ။ အဘိုးကြီး၊ အဘွားကြီးတို့က မြို့ထဲကိုဝင်လို့မရဘူး။ အဝေးကပဲ မြင်ရတာ။ မြို့ရိုးရဲ့ဘေးပတ်ချာလည်မှာ ဒီလိုကျောင်းတွေ အများကြီးပေါ့"

"မှန်ပါ့ဘုရား၊ ကောင်းခန်းရောက်နေပြီ ဆက်အမိန့်ရှိပါဦး။ ရေနွေးကြမ်းလည်း ဘုဉ်းပေးပါဦး ဘုရား"

"ဒီက ဒကာကြီးနဲ့ ဒကာမကြီးတို့ ဒီည ဒီမှာပဲနေပါ။ မနက်မိုးလင်းရင် ရွာပြန်ပို့ပေးမယ်လို့ပြောပြီး ရသေ့လည်း ပျောက်သွားတယ်။ ဒီလိုနဲ့ အဘိုးကြီး၊ အဘွားကြီးလင်မယား ယောင်ချာချာနဲ့ ကျောင်းထဲဝင်တာပေါ့။ ခဏနားပြီး ဘုရားကျောင်းဆောင်မှာ ထွန်းညှိထားတဲ့ ဖယောင်းတိုင်မီးရောင်နဲ့ ဘုရားကိုကန်တော့ကြတာပေါ့။ ဘုရားရှိခိုးတယ်၊ အမျှဝေတယ်၊ မေတ္တာပို့တယ်။အတော်လေး စိတ်ကြည်လင်လာတယ်။ အမောပြေသွားပြီး သက်သောင့်သက်သာဖြစ်လာကြတယ်။ ဘုရားကျောင်းဆောင်မှာ ထွန်းထားတဲ့ ဖယောင်းတိုင်ကလည်း ရိုးရိုးဖယောင်းတိုင် မဟုတ်ဘူး"

"ဒါဖြင့် ဘာဖယောင်းတိုင်လဲ ဘုရား"

"ဖယောင်းစက်လည်း မကျဘူး။ မီးခိုးမှိုင်းလည်းမထွက်ဘူး။ ဘယ်တော့မှလဲ တိုမသွားဘူး၊ ကုန်မသွားဘူး။ ကျောက်ဖယောင်းတိုင်ပဲ"

"တော်တော်ထူးဆန်းတာပဲ"

"ဘုရားရှိခိုးပြီးတော့ အဘွားကြီးကပြောတယ်။ 'မောလိုက်တာအဘိုးကြီးရာ။ တစ်ညနေလုံး လမ်းရှာရတာ-ရေကြည်တစ်ပေါက်လောက်သောက်ရရင်ကောင်းမှာပဲ'လို့ နှုတ်ကပြောနေတယ်။ အဘိုးကြီးကတော့ ဘာမှမပြောဘူး။ ကျောင်းသင်္ခမ်းလေးကတော့ သပ်သပ်ရပ်ရပ်ရှိပါတယ်။ မီးဖိုခန်းမရှိ၊ ပန်းကန်စင်မရှိ၊ အဝတ်သေတ္တာမရှိ၊ ဘာဆိုဘာမှမရှိ။ အိပ်စရာ ခုတင်မရှိ၊ စောင်မရှိ၊ ခြင်ထောင်မရှိ ပကတိအတိုင်းဖြစ်နေလို့ ရေဆာသော်လည်း ရေအိုးစင်မရှိဘူး။ ဟော - သိပ်မကြာပါဘူး၊ အနောက်ဘက်နံရံမှာ-ဘူးခါးသီးရေဘူးလေး၊ ရေအပြည့်နဲ့။ အပြင်မှာ ဝါးနှီးနဲ့ကွပ်တောင်ထားသေး။ လည်ပင်းမှာ ကြိုးချည်ပြီး နံရံမှာချိတ်ထားတယ်။ ဖယောင်းတိုင်မီးဝိုးတိုးဝါးတားမှာ အရင်ကတည်းက ချိတ်ထားတာကို မမြင်တာလား၊ ခုမှပေါ်လာတာလား မသိ။ 'အဘိုးကြီး၊ ဟိုနံရံမှာ ရေဘူးလေးချိတ်ထားတယ်။ တွေ့လား'ဆိုပြီး လက်ညှိုးထိုးပြတယ်။ 'အေး-ဟုတ်ပ့ါ၊ ရေဘူးလေး။ မင်းရေဆာနေတာနဲ့ အတော်ပဲ။ ငါယူပေးမယ်' ဆိုပြီး အဘိုးကြီးက ထယူပေးတယ်။ အဘွားကြီး ရေကို အားရပါးရသောက်လိုက်တယ်။ ပြီးမှ အဘိုးကြီးကသောက်တယ်။ ခုတော့ ရေဆာတာကို ရေသောက်လိုက်ရတော့ အမောပြေသွားတာပေါ့"

"တော်တော် စိတ်ဝင်စားစရာကောင်းတယ် ဘုရား"

"သိပ်မကြာပါဘူး။ အဘွားကြီးကပဲ ရေဆာတာကတော့ ရေသောက်ရလို့ အဆာပြေသွားပြီ။ 'အဘိုးကြီးရေ၊ ဗိုက်ဆာလာပြန်ပြီ၊ စားစရာလေးဘာလေးရှာပါဦး'လို့ ပြောပြန်တယ်။ အဘိုးကြီးကလည်း ပြောင်နေအောင်ရှင်းနေတဲ့ တစ်ပါးနေကျောင်းလေးမှာ လိုက်ရှာသော်လည်း စားစရာဘာမှမတွေ့ပါဘူး။ ဟော - သိပ်မကြာပါဘူး။ ခုန ရေဘူးထားတဲ့နေရာနဲ့ မနီးမဝေးမှာ ဝါးလုံးကိုချိတ်ပြီးဆွဲထားတဲ့ ငှက်ပျောသီး (၁) ဖီးကို တွေ့ရတော့တယ်။ အဘွားကြီးက အရင်မြင်တာ။'ဟိုမှာ အဘိုးကြီး၊ ကြည့်စမ်းပါဦး။ ငှက်ပျောဖီးကြီး ကြိုးနဲ့ချိတ်လို့' လို့ပြောတယ်။ အဘိုးကြီးကလည်း အဘွားကြီး လက်ညှိုးညွှန်ရာကို ကြည့်လိုက်တော့ 'အေး- ဟုတ်ပ့ါ။ ငှက်ပျောဖီးကြီးပဲ။ ငါယူပေးမယ်' လို့ဆိုပြီးထသွားပြီး ယူလာတယ်။ အဘိုးကြီးအဘွားကြီးတို့လည်း ဗိုက်ဆာဆာနဲ့ ငှက်ပျောဖီးကြမ်းကို အားရပါးရစားကြတယ်ကွယ့်။

'ကဲ - ဆာတာလည်းပြေသွားပြီ၊ အမောလည်းပြေသွားပြီ။ ခဏလောက်နားကြရအောင်' လို့ အဘိုးကြီးက ပြောတယ်။ ခေါင်းအုံးမရှိဘူး။ ဝါးပိုးဝါးအဆစ်တိုတစ်ပိုင်းကိုတွေ့ရလို့ တစ်ယောက်တစ်ပိုင်းစီ ခေါင်းအုံးလုပ်ပြီး တစ်ရေးတစ်မော အိပ်ကြတယ်။ စောင်မပါ၊ ခေါင်းပေါင်းအဝတ်ကိုခြုံပြီး အိပ်လိုက်တာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ နံနက်မိုးလင်းတော့ ရသေ့ငယ်လေး ရောက်လာတယ်။

'ဒကာကြီးနဲ့ ဒကာမကြီးတို့ လာလာ၊ လိုက်ခဲ့ကြ။ အိမ်ပြန်ပို့မယ်' ဆိုပြီး လာခေါ်တယ်။ တောထဲတောင်ထဲ လူသွားလမ်းလေးအတိုင်း ဆင်းလိုက်၊တက်လိုက်နဲ့ ရုပ်စုံတောင်ရောက်လာတယ်။ နောက် တောင်ကြောအနေ ဆင်းတော့ ဆင်ကြီးလည်ပြတ်ရောက်တယ်။

'ကဲ- ဒကာကြီးနဲ့ ဒကာမကြီးတို့၊ ဘဝတစ်ခုက ကျေးဇူးရှိခဲ့ဖူးတယ်။ ကြုံလို့ ကျေးဇူးဆပ်ခွင့်ရလိုက်တယ်။ ကဲ-ပြန်တော့' ဆိုပြီး ပြန်သွားတယ်။

ရွှေတွင်းတူးရွာကို ရောက်တော့ မိုးလင်းနေပြီ။

'ဦးလေးဖိုးစိန်ကြီးတို့၊ ပြန်လာပြီဟေ့။ အမေကြီး ဒေါ်ခင်ကြည်တို့ ပြန်လာကြပြီ' လို့ အော်ဟစ်ပြောဆိုကြနဲ့ တစ်ရွာလုံး စုဝေးရောက်လာကြတာပေါ့။ အသက်အရွယ်တူ သူငယ်ချင်း ထွန်းမြင့်ကြီးက 'ဟေ့ကောင် မောင်စိန်၊ မင်းဘယ်သွားနေတာလဲ။ (၅) ရက်တောင်ရှိပြီ။ တို့တစ်ရွာလုံး ဖြန့်ရှာကြတာ။ စိတ်ပူလို့' ဟု ပြောကြတယ်။

'မဟုတ်သေးပါဘူး။ မနေ့တတောထဲ မျှစ်ချိုးသွားတာ။ မျက်စိလည်လမ်းမှားပြီးပြန်လာလို့မရလို့ ရသေ့လေးနဲ့တွေ့လို့ ရသေ့လေးကျောင်းမှာ တစ်ညအိပ်ခဲ့တယ်။ ခုမနက် ထပြန်လာတယ်' လို့ ပြန်ပြောတော့တယ်။

'မဟုတ်ဘူး မောင်စိန်၊ မင်းတို့လင်မယား ပြာသိုလပြည့်နေ့ကပျောက်သွားတာ။ ဒီနေ့ လပြည့်ကျော် ၅ ရက် ဆိုတော့ (၅) ရက်ရှိပြီ မောင်ရာ' လို့ ပြောတယ်။ ဒုတိယမွှ အံ့ဩနေတာပေါ့။ လင်မယားနှစ်ယောက် တစ်ညတာ တစ်ရေးတစ်မောအိပ်လိုက်တာ (၅) ညလောက်ကြာသွားတာ မသိလိုက်ဘူး။

'ဒါဆိုရင် မောင်စိန်၊ ထူးတော့ထူးနေပြီ။ မင်းတို့လင်မယား နတ်ဖွက်ထားတာလား' လို့ စူးစမ်းမေးမြန်းကြတာပေါ့။ နတ်ဖွက်တာတော့ မဟုတ်ဘူးကွ။ ငါတို့လင်မယား တောကြီးမျက်မည်းထဲ မျက်စိလည်နေတော့ ငါတို့ ဒီပါရုံဘုရားမှာ ပုတီးပေးခဲ့တဲ့ ရသေ့လေးနဲ့တွေ့တယ်။ သူခေါ်သွားလို့ ကျုံးရေတွေပတ်လည်ဝိုင်းပြီး မန္တလေးမင်းနေပြည်



www.burmeseclassic.com

www.burmeseclassic.com

တော်က နန်းမြို့ရိုးကြီးကိုတွေ့ခဲ့ရတယ်' လို့ သူတို့အဖြစ်အပျက်ကို ပြန်ပြောတာပေါ့။

'ဒါဆိုရင် မင်းတို့လင်မယားတွေ့ခဲ့တာက အလုံမြို့ပဲ။ ဝိဇ္ဇာဌာနီ မင်းနေပြည်တော် အလုံမြို့ပဲ။ မြို့ထဲရောက်ခဲ့သေးလား' လို့ မေးကြတာပေါ့။

'မြို့ထဲတော့မရောက်ပါဘူး၊ မြို့ရိုးဘေး ဝါးကျောင်းလေးမှာ တစ်ညအိပ်ပြီး နံနက်လင်းတော့ ငါတို့ကို ပြန်ပို့တာပဲ'

'တစ်ညမဟုတ်ပါဘူး၊ ငါးညကွ' လို့ ပြောပြန်တယ်။

'ဒါဆို ငါတို့ အတွင်းဒီပါရဲ့ဘုရားနားမှာ အလုံမြို့ရှိတယ်ဆိုတာ သေချာပြီ' လို့ တညီတညွတ်တည်း ပြောကြတယ်။ အလုံသွားရာလမ်း၊ အပြန်လမ်းတို့ကို မေးမြန်းစုံစမ်းရင်းနဲ့ သတင်းပျံ့နှံ့ပါလေရော"

"မှန်လှပါ ဘုရား၊ ဆက်လက်အမိန့်ရှိပါဦး ဘုရား"

"အလုံမြို့ကိုရောက်ဖူးတဲ့ မနုဿလူသားထဲမှာ ဦးစိန်ကြီး၊ ဒေါ်ခင်ကြည်လင်မယားတို့ ထူးခြားမှုက အာဟာရသိဒ္ဓိပြီးမြောက်ခြင်းပဲကွယ့်။ ဘာမှစားချင်စိတ်မရှိဘူး။ ရေကိုသာသောက်ပြီး နေနိုင်ကြတယ်။ အဘိုးကြီးကတော့ အသက်(၁၁၆)နှစ်မှာဆုံးပြီး အဘွားကြီးက အသက်(၁၂၀)ထိနေပြီးမှ သေဆုံးတယ်။

ဝိဇ္ဇာဌာနီ အလုံမြို့ကို ရောက်ဖူးကြောင်း သတင်းကောင်းဟာ ပုသိမ်မြို့တစ်မြို့လုံးကို တောမီးလောင်သလို ပျံ့နှံ့သွားတော့တယ်။ ဝိဇ္ဇာဂန္ဓာရီ လိုက်စားတဲ့သူတို့ဟာ အလုံမြို့ကိုသွားရန် အဖွဲ့လိုက် အသုတ်လိုက် ရွှေတွင်းတူးဒီပါရဲ့ဘုရားကို ရောက်လာကြတာပေါ့ကွယ်။ တောကြီးမျက်မည်းထဲမှာ အဖွဲ့လိုက်ရှာဖွေပါသော်လည်း အလုံမြို့ကို မတွေ့ရဘဲ ဒုက္ခပင်လယ်ဝေပြီး ပြန်ရောက်လာကြတယ်။ နောက်တော့ သွားမယ့်သူ၊ ရှာမယ့်သူမရှိတော့ဘဲ အလုံဆိုတာ ပုံပြင်လေးလို ဖြစ်သွားတာပေါ့ကွယ်။

ကဲ- စာရေးဆရာရေ၊ ဒီညတော့ ဒီလောက်နဲ့ နားကြရအောင်။ ဆရာတော်လည်း လုပ်စရာအလုပ်တလေးတွေ လုပ်လိုက်ဦးမယ်"

"မှန်ပါ့ဘုရား"

အဏ္ဏဝါလှိုင်း


မဟာနွယ်(မန်းတက္ကသိုလ်)

# အောင်သပြေပင်နှင့် တူးဆန်းသောမိုး

မိုးသည် သည်းထန်စွာ ရွာသွန်းဖြိုးတော့မည် ဆိုပါလျှင် မိုးသားတိမ်တိုက်တို့သည် တရိပ်ရိပ် ပြေးတက်လာတတ်ကြ၏။ လျှပ်စစ် လျှပ်ပန်းလျှပ်နွယ်တို့ကလည်း တဝင်းဝင်း၊ တပြောင်ပြောင်ထွက်ပေါ်၍လာကြ၏။ အနည်းနှင့်အများဆိုသလို မိုးချုန်းသံတို့ကလည်းထွက်ပေါ်၍လာရမြဲပင် ဖြစ်ပါ၏။ လေပြင်း၊ လေပြည်လေညင်းတို့ကလည်း တသုန်သုန်တိုက်ခတ်၍ လာရပါ၏။

အထက်ဖော်ပြပါ လက္ခဏာတို့ကိုမြင်လျှင် မိုးရွာတော့မည်ဟု လူသားတို့က သိရှိကြ၏။ ယခု ရွာသွန်းသောမိုးသည်ကား ဖော်ပြပါလက္ခဏာတို့ကို မပြမူဘဲ မိုးရေများသာ ရွာသွန်းဖြိုး၍ ရေများက ကျရောက်လာကြလေ၏။

တစ်ဖန် မိုးရွာသွန်းဖြိုးသည်ဆိုလျှင် နေရာအနှံ့အပြားသို့ ဖြန့်ဝေကာ





www.burmeseclassic.com

www.burmeseclassic.com

ရွာသွန်းဖြိုးလာပါ၏။ ယခုမူကား ယင်းသို့ မဟုတ်ပါချေ။ မိုးသည် အောင်သပြေပင်တစ်ပင်တည်းကိုသာ ကွက်၍ရွာသွန်းဖြိုးလာခဲ့၏။

အဆိုပါ မိုးသည် ၁၃၇၄ ခု၊ တပို့တွဲလပြည့်နေ့ နံနက် (၇)နာရီအချိန်မှာ စတင်ပြီးရွာသွန်းဖြိုးလာ၏။ မိုးရေသည် အောင်သပြေပင်မှတစ်ပါး အခြားသောနေရာ မြေကွက်လပ်တို့ထဲသို့ တစ်စက်ကလေးမှမရောက်ပါချေ။ ဤအရာသည်လည်း ထူးခြားသော၊ ထူးဆန်းသော မိုးရွာသွန်းခြင်းမျှသာ ဖြစ်ပါ၏။

မိုးသည် တပို့တွဲလပြည့်နေ့မှ တပို့တွဲလပြည့်ကျော် (၆) ရက်နေ့ထိ (၇) ရက်တိုင်တိုင် ရွာသွန်းဖြိုးလျက် ရှိ၏။ ရွာနီးချုပ်စပ်မှလူအများက လာရောက်ပြီး ထူးဆန်းအံ့ဩဖွယ်ကောင်းသော မိုးရွာသွန်းမှုတို့ကို လေ့လာကြလေ၏။

ဤကဲ့သို့ မည်သည့်နှစ်ကမျှလည်း တစ်ကြိမ်တစ်ခါ မိုးရွာသွန်းဖြိုးခြင်း မရှိခဲ့ပါ။ ဤနှစ်သည် ထူးခြားသောနှစ်ဟု မှတ်ချက်ချကြလေ၏။ မိုးမရွာမီက သူတော်စင်တစ်ဦး ညဉ့်အချိန်၌ရောက်ရှိလာခဲ့၏။ သူသည် ဖြူစင်သန့်ရှင်းသော အဝတ်တို့ကို ဝတ်ဆင်ထား၏။ ထိုသူသည် ထိုသစ်ပင်အောက်၌ ခေတ္တမျှ ရပ်နားခဲ့၏။ ထိုပုဂ္ဂိုလ်သည် မည်သည့်နေရာမှလာ၍ မည်သည့်နေရာသို့ ပြန်ကြွသွားသည်ကိုမူ မည်သူမျှလည်း သတိမထားမိခဲ့ကြပါချေ။

ထိုသူတော်စင်ရောက်ပြီး နောက်တစ်နေ့မှာ နံနက် (၇) နာရီအချိန်တွင် မိုးစတင်ရွာသွန်းစပြုလာလေ၏။ ဤသို့ဖြင့် မိုးသည် (၇) ရက်တိုင်တိုင် ရွာသွန်းလာလေ၏။

ရွာနီးချုပ်စပ်မှလူများသည် မိုးရွာသွန်းနေသော အောင်သပြေပင်ရင်းသို့ စုဝေးရောက်ရှိလာကြ၏။ သူတို့၌ ပါလာကြသော ရေအိုး၊ ရေခွက်၊ ဇလုံ၊ လင်ပန်း၊ အိုး စသည်တို့နှင့် ရွာကျလာသော မိုးရေများကို ခံယူခဲ့ကြ၏။

ရောက်ရှိလာသောလူတို့သည် မိုးရွာသွန်းနေသော အောင်သပြေပင်၏အကိုင်းအခက်တို့ကို အမြတ်တနိုးချိုးကာ ယူဆောင်သွားကြလေ၏။

အချို့သောလူတို့သည် အောင်သပြေပင်၏အတိုင်းအခက်တို့ကို ချိုးမယူတော့ဘဲ အောင်သပြေပင်မှ ကြွေကျသော အောင်သပြေရွက်တို့ကိုသာ အမြတ်တနိုး ကောက်ကာ ယူဆောင်သွားခဲ့ကြလေ၏။



နောက်ပိုင်းမှာ ဘုန်းတိုးတန်းတင်ဓာတ်ဘုရား ဂေါပကအဖွဲ့ဝင်လူကြီးမင်းတို့က အောင်သပြေပင်၏ အကိုင်းအခက်တို့ကို ချိုးယူရန် ခွင့်မပြုကြတော့ပါချေ။ မချိုးရ တားမြစ်ထားလေ၏။

အစတွင် လူတို့သည် မိုးရွာသွန်းနေသော အောင်သပြေပင်၏ အကိုင်းအခက်တို့ကို သူထက်ငါ ဦးအောင်ချိုးယူကြ၏။ နေအိမ်သို့ရောက်လျှင် အောင်သပြေပင်၏ အကိုင်းအခက်ကလေးကို ရေချမ်းအိုး၌စိုက်ထိုး၍ ဘုရားရှင်အား ပူဇော်ကြ၏။

အောင်သပြေညွန့်သည် ကျက်သရေကိုဆောင်သော အညွန့်မျိုး ဖြစ်၏။ ထိုအညွန့်သည် အောင်မင်္ဂလာကို ဖြစ်ပေါ်စေ၏။ ယင်းကြောင့်လည်း အောင်သပြေညွန့်ကို လူတို့က အမြတ်တနိုး ဆောင်ထားတတ်ကြ၏။

မိုးနှစ်ရက်ရွာသွန်းပြီးနောက် ထိုအောင်သပြေပင် ပတ်ဝန်းကျင်သို့ နွားထီးတစ်ကောင်နှင့် နွားမတစ်ကောင်တို့ ရောက်ရှိလာကြ၏။ ထိုနွားသတ္တဝါနှစ်ကောင်သည် မည်သည့်ကျေးရွာမှ မည်သူ၏နွားများ ဖြစ်ကြကြောင်းကိုလည်း မည်သူမျှ မပြောပြနိုင်ကြပါချေ။ ထိုနွားသတ္တဝါနှစ်ကောင်ကို မည်သူကမျှ အနှောင့်အယှက်မပေးကြပါ။ ဘေးမဲ့လွှတ်ထားကြ၏။

မိုးရွာသွန်းပြီး (၄) ရက်မြောက်သောနေ့မှာ နွားထီးသတ္တဝါသည် ထိုနေရာမှထွက်ခွာသွားလေ၏။ မည်သည့်အရပ်ဒေသသို့ ထွက်ခွာသွားသည်ကိုမူ မည်သူမျှ သတိမထားမိကြပါ။

နွားထီး ထွက်ခွာသွားပြီးနောက် နွားမတစ်ကောင်တည်းသာ ကျန်နေပါတော့၏။ အဆိုပါ နွားမကြီးကိုလည်း ဘေးမဲ့လွှတ်ထားခဲ့ကြ၏။

မိုးစတင်ရွာသွန်းသောနေ့မှာ အမျိုးသမီးတစ်ဦး ရောက်ရှိလာ၏။ ထိုအမျိုးသမီးကြီးက အောင်သပြေပင်၏ခြေရင်းသို့ချဉ်းကပ်ကာ ရှိခိုးဦးတိုက်၍ မိုးကို (၇)ရက်တိုင်တိုင်ရွာသွန်းဖြိုးရန် အဓိဋ္ဌာန်ပြုခဲ့လေ၏။ သူမက မိုးသည် (၇) ရက်တိုင်တိုင်ရွာသွန်းဖြိုးပါလိမ့်မည်ဟုလည်း နှုတ်တော်က ထုတ်ဖော်ပြောဆိုခဲ့သေး၏။ သူမ ပြောဆိုသည့်အတိုင်းပင် မိုးမှာ (၇) ရက်တိုင်တိုင် ရွာသွန်းဖြိုးလာ၏။

ဤအောင်သပြေပင်ကို ကွက်၍ မိုးရွာသွန်းဖြိုးခြင်းသည် နိုင်ငံသူ နိုင်ငံသားများ အေးချမ်းသာယာပြီး ဘေးဘယာကင်းဝေးကာ အကျိုးစီးပွား လာဘ်လာဘပေါကြွယ်ဝလျက် ကျန်းမာချမ်းသာကြစေရန်ဖြစ်သည်ဟုလည်း သူမက ဆက်လက်ပြောကြားခဲ့လေ၏။

အောင်သပြေပင်သည် ရခိုင်ပြည်နယ် အမ်းမြို့နယ် ဘုန်းတိုးတန်းတင်ဓာတ်တော်ဘုရား၏ အနောက်မုခ်ပေါက်အနီးတွင် တည်ရှိ၏။ ရောက်ရှိလာကြသောသူတို့သည် အောင်သပြေပင်၏ခြေရင်းတွင် အောင်မြေနင်းကြ၏။

'အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ'

ဟု ပါးစပ်မှ သံပြိုင်ရွတ်ဆိုကာ အောင်မြေနင်းကြ၏။ တစ်ကြိမ်တစ်ခါမှ မကြုံစဖူးသော ဤမိုးရွာသွန်းခြင်းသည် လူသားတို့အတွက် အကျိုးတစ်စုံတစ်ရာဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ကြ၏။ လူတို့သည် ပျော်ရွှင်ကြ၏။ အားတက်ကြ၏။ မြူးကြ၏။ မိမိတို့အလိုရှိအပ်သော ဆုအမျိုးမျိုးကိုလည်းတောင်းကြ၏။ ဆုတောင်းတိုင်း ပြည့်စုံကုံလုံလိမ့်မည်ဟုလည်း စွဲမြဲစွာ လက်ခံယုံကြည်ကြ၏။

ဤသို့ဖြင့် အောင်သပြေပင်နှင့် ထူးဆန်းသောမိုးကား ပြော၍မယုံ၊ လက်တွေ့ကြုံရမှသာ ယုံကြည်ကြပေလိမ့်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

*အားလုံးကျန်းမာချမ်းသာကြပါစေ*

မဟာနွယ်(မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

ခုတင်ပေါ်တွင် ဘုရားဒကာမ၊ ကျောင်းဒကာမ၊ ရဟန်းဒါယကာမကြီး ဒေါ်စိုးမယ်တစ်ယောက် မရဏာရှင်သေမင်းနှင့် စစ်ခင်းနေလေပြီ။ ဒေါ်စိုးမယ်၏ ရင်ဘတ်အစုံသည် ဖားဖိုကြီးပမာ လှုပ်ရှားနေသည်။ ဒေါ်စိုးမယ်၏ နံဘေးတွင် သားသမီးများ၊ သမက်နှင့် ချွေးမများ၊ မြေးများ ဝိုင်းနေကြသည်။

"အင်း အင်း၊ ရှူး၊ ဂလူး၊ ဂလူး"

ဒေါ်စိုးမယ်၏ အသက်ရှူသံမှာ ပိုမိုပြင်းထန်လာသည်။ အမောဖောက်လာသည်။ ချွဲသလိပ်သံဆိုက်လာသည်။ အကြောများဆွဲနေသော ဒေါ်စိုးမယ်ကို ကြည့်ရင်း သမီးကြီး မေဦးက ငိုချင်စိတ်ကို ထိန်းချုပ်လျက် လက်ဝါးကာပြသည်။ မရနိုင်တော့ဘူးဟူသောသဘော ဖြစ်သည်။

"ဟီး. . . အမေရဲ့ မသေပါနဲ့ဦး။ အမေသေရင် နုထွေး ကျောင်းဘယ်လို ဆက်တက်ရမှာလဲ ဟီး အီး"

အငယ်ဆုံးသမီး နုထွေးက အေးစက်သွေးဆုတ်စပြုပြီ ဖြစ်သော ဒေါ်စိုးမယ်၏ခြေဖဝါးကို ဆုပ်နယ်၍ အော်ဟစ်ငိုယိုလိုက်သည်။ စိုးမင်းဦးက သူ့ညီမကို ဟန့်တားသည်။

"ဟဲ့- နုထွေး၊ ဘာလို့အော်ငိုတာလဲ။ နင့်ငိုသံကြားပြီး အမေအသက်ထွက်ခါနီး အသေဖြောင့်မှာမဟုတ်ဘူး"

စိုးမင်းဦးက ဒေါ်စိုးမယ်၏ ခြေထောက်များကို ဆုပ်နယ်နေသော နုထွေး၏လက်ကို ဆွဲဖြုတ်ရင်း သူ့မိန်းမ မိသက်ကို ပြောသည်။

"နုထွေး၊ ဘာလို့အမေ့ခြေထောက်ကို ဆုပ်နယ်နေရတာလဲ"

"အမေ့ခြေဖျားတွေသွေးမလျှောက်ဘဲ ရေခဲတုံးလို အေးစက်နေလို့ နွေးလာအောင် ဆုပ်ပေးနေတာ"

"မိသက်၊ နုထွေးကိုခေါ်သွားစမ်း၊ သေခါနီးလူဆိုတာ ယင်ကောင်နားရင်တောင် အထိမခံနိုင်အောင်နာတယ်"

မိသက်က နုထွေးကို ချော့ခေါ်သည်။

"လာ- နုထွေး၊ မီးဖိုချောင်ထဲသွားရအောင်"

ဆွဲခေါ်မှ နုထွေးက ပိုဆိုးလာသည်။

"မသွားဘူး၊ အမေ့နားမှာပဲနေမယ်။ မသက်က နုထွေးလောက် ဘယ်ခံစားရမလဲ။ အမေရေ့ မသေပါနဲ့ အမေရဲ့"

စိုးမင်းဦးနှင့် စိုးမင်းလတ်တို့ နှစ်ယောက်ညှပ်ကာ နုထွေးပါးစပ်ကို ပိတ်၊ လက်နှစ်ဖက်ကို ခပ်ကြမ်းကြမ်း ဆွဲခေါ်သွားသည်။

"အမေရေ့ အကြီးတွေက နုထွေးကို နှိပ်စက်နေပြီ။ အမေသေလို့ မဖြစ်ဘူး"

ကင်ဆာဝေဒနာဆိုးကြီးသည်



သန္တာမြတ်သောင်း

အကြွင်းမဲ့သော ချစ်ခြင်းမေတ္တာ

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စိုးမယ်၏နောက်ဆုံးထွက်သက်ကို အမြစ်ဖြတ်လုလုဖြစ်ပြီ။ ခံစားနေရသော ဝေဒနာကြောင့် စိတ်ကိုလျှော့ချမည့်ဆဲဆဲ နုထွေး၏အော်သံက ဒေါ်စိုးမယ် အားထဲဝင်လာသည်။

ဒေါ်စိုးမယ်တွင် သားသမီး (၄) ယောက်ရှိသည့်အနက် မေဦး၊ စိုးမင်းဦးနှင့်စိုးမင်းလတ်တို့က ပညာရေးတွင်မထူးချွန်။ (၅)တန်း၊ (၆)တန်းနှင့် ကျောင်းထွက်ပြီး အိမ်ထောင်များကျကုန်ပြီ။ အငယ်ဆုံး နုထွေးသာ ဒီနှစ် (၁၀) တန်း နှစ်ချင်းပေါက်အောင်ထားသည်။ နုထွေးက တက္ကသိုလ်တက်ချင်သလို ဒေါ်စိုးမယ်ကိုယ်တိုင်ကလည်း သမီးလေးကို မြို့မှ တက္ကသိုလ်ကျောင်းသူကြီး ဖြစ်ရမည်ဟု အားခဲထားသည်။

ဒီနှစ်ထဲ ဒေါ်စိုးမယ်ကျန်းမာရေး ညံ့သည်။ ဗိုက်ထဲမှ မခံမရပ်နိုင်အောင် အောင့်သည်။ ဒေါ်စိုးမယ်သည် ဗမာဆေးကိုသာ အားသန်သူ ဖြစ်သည်။ သားသမီး လေးယောက် ကျောပူခေါင်းပူထသမျှ ဗမာဆေးနှင့် ပျောက်သည်။ ဆေးရုံ၊ ဆေးခန်းပြလျှင် ငွေကုန်မှာကိုလည်း နှမြောသည်။ မိမိဝေဒနာကို လျက်ဆားလျက်ရုံ၊ လေဆေးသောက်ရုံဖြင့် ပျောက်မည်ဟု ထင်ခဲ့သည်။ လေးလအတွင်း ဒေါ်စိုးမယ်မှာ ယူပစ်သလို ပိန်ကျသွားသည်။ မေဦးတို့မောင်နှမ တိုင်ပင်ကြရပြီ။

"အမေ့ကို တောင်ငူ ကေတု သွားပြရင်ကောင်းမယ်"

"ငါတို့မှာရှိတဲ့ငွေနဲ့ လောက်ပါ့မလား။ ငါ့မှာ ပဲရောင်းထားတာ သုံးသိန်းရှိတယ်"

"ငါ့မှာက နှစ်သိန်းရှိတယ်"

"လောလောဆယ် ငါးသိန်းနဲ့ပဲ တောင်ငူ သွားကြတာပေါ့။ နောက်မှ ပိုက်ဆံထပ်လိုရင်လိုသလို ငါတို့ရှိတာ ပေါင်ကြရောင်းကြမယ်"

"အမေ့ရွှေထုပ်လည်း နုထွေးမှာရှိတာပဲ။ ရှိတန်ဆာ မရှိဝမ်းစာပေါ့။ ငွေက ပြန်ရှာလို့ရတယ်။ ကျန်းမာရေးက အရေးကြီးတယ်"

ဒေါ်စိုးမယ်အား မေဦးနှင့် စိုးမင်းဦးတို့နှစ်ယောက် တောင်ငူမြို့ ကေတု အထူးဆေးခန်းသို့ လိုက်ပို့သည်။ အူမကြီးကင်ဆာ နောက်ဆုံးအဆင့်ဟု အမည်တပ်ထားသော ဒေါ်စိုးမယ်၏ ရောဂါကို ဆရာဝန်ကြီးက လက်လျှော့သည်။

"အပွင့်လင်းဆုံးပြောရရင် ဒါလူနာရဲ့နောက်ဆုံးချိန်ပါ။ လူနာစားချင်တာ ကျွေးပါ။ ဖြစ်ချင်တာလုပ်ပေးပါ။ စိတ်ချမ်းသာအောင်ထားပါ။ ကြာလှရင် လပိုင်းပါပဲ"

အိမ်ပြန်ခေါ်လာပြီး ဒေါ်စိုးမယ်မှာ တစ်နေ့ထက်တစ်နေ့ပိုဆိုးလာသည်။ ယနေ့ ဒေါ်စိုးမယ်၏နောက်ဆုံးအချိန်။ ဘဝဟောင်းကိုစွန့်ခွာ၍ ဘဝသစ်သို့ ကူးရတော့မည်။ နုထွေး၏ ငိုသံအော်သံကြောင့် ဒေါ်စိုးမယ်မှာ နုထွေးကို စိတ်မချဖြစ်သွားသည်။ စိတ်ကိုတင်း၍ ခန္ဓာကို တွယ်ကပ်သော်လည်း ဝေဒနာက နာမ်ဝိညာဉ်ကိုခွာစေသည်။ ငါသေလို့ မဖြစ်ဘူး။ ကျန်တဲ့သုံးယောက်က သူတို့ မိသားစုတွေနဲ့ အခြေကျလို့။ နုထွေးအတွက် ငါရှိနေမှဖြစ်မှာ။ ငါ့မှာရှိတဲ့ ရွှေတွေလည်း နုထွေးကို မပေးရသေးဘူး ဟူသော ဇောများကြောင့် ဝေဒနာကြားမှ ဒေါ်စိုးမယ် ဝူးဝူးဝါးဝါးဖြစ်လာသည်။

"အမေ- သတိထားပါ"

မေဦးက သူ့အမေကို သတိပေးသည်။ ထိုစဉ် ဒေါ်စိုးမယ်၏အချစ်တော် ကြောင်မကြီး ရွှေဝါက မေဦး၏ ခြေထောက်ကို ပွတ်ရင်းအစာတောင်းသည်။

"ညောင် ညောင်"

"ဒီကြောင်မက တစ်မျိုး"

ဒေါ်စိုးမယ်သည် မေဦးတို့ကို ရွှေဝါအား အစာကျွေးရန် ပြောချင်သည်။ မှာချင်သည်များမမှာနိုင်။ ပြောချင်သည်များမပြောရသော ဒေါ်စိုးမယ်မှာ ကျွတ်တစ်ချက်ထောက် မေးထိုးပြီး ဇက်လည်ကျသွားသည်။ ချွေးမ သက်သက်က ဒေါ်စိုးမယ်၏ နှာဝသို့ လက်ညှိုးကပ်ကြည့်သည်။

"အမေအသက်မရှူတော့ဘူး"

သားသမီးမြေးများ၏ အော်ဟစ်ငိုယိုသံပွက်ပွက်ညံသွားသည်။ အခံစားရဆုံးမှာ နုထွေး ဖြစ်သည်။ ကျန်သုံးယောက်က သူတို့မိသားစုနှင့်သူတို့ ဆိုတော့ ခဏသာငိုပြီး မေ့သွားသည်။ နုထွေးမှာ အမေ့အလောင်းဘေး တစ်စိမ့်စိမ့်ကြည့်ရင်း ငိုရသည်။





www.burmeseclassic.com

www.burmeseclassic.com

"အမေရေ၊ နုထွေးကိုပါ ခေါ်သွားပါ။ နုထွေးလည်း သေချင်တယ်"

ဒေါ်စိုးမယ်အလောင်းမြေကျသော နေ့တွင် နုထွေးသောင်းကျန်းနေသဖြင့် ဝိုင်းဖျောင်းဖျရသည်။

"ငါ့အမေအင်္ကျီ၊ ထဘီတွေ၊ အသုံးအဆောင်ပစ္စည်းတွေ အကုန် အမေနဲ့ထည့်ပေးလိုက်။ အမေ ဝတ်စရာမရှိဘဲ နေမယ်"

"နုထွေး၊ အဲဒီလို မလုပ်ရဘူး။ လူသေကြီးထဲ အဝတ်တွေထည့်ပေးလိုက်တော့ ရိကုန်၊ ပုပ်ကုန်၊ ဆွေးကုန်မှာပေါ့"

"ဘာလူသေလဲ။ ဒါ အမေ၊ ငါ့အမေ။ နင်တို့ရဲ့ အမေ။ နင်တို့က အမေသေသွားပြီဆိုပြီး လူပါးလာမဝနဲ့"

"နုထွေးနဲ့လည်း ခက်ပါဘိ။ ကဲ- ဒီလိုလုပ်၊ အမေ အမြဲဝတ်နေကျ မျက်မှန်လေး အလောင်းမှာ တပ်ပေးလိုက်။ ကျေနပ်ပြီလား နုထွေး။ ဘုန်းကြီးတွေ ကြွလာတော့မယ် ငြိမ်ငြိမ်နေတော့"

မေဦး ဆုံးဖြတ်ပေးမှ နုထွေး ငြိမ်ကျသွားသည်။ သို့ဖြင့် ဒေါ်စိုးမယ်၏ နောက်ဆုံးခရီးမှာ ချောမောစွာ ပြီးဆုံးသွားခဲ့ပြီ။

အသုဘကိစ္စ ပြီးသွားသောအခါ မောင်နှမ လေးယောက် ခေါင်းချင်းဆိုင် တိုင်ပင်ရပြီ။

"အမေဟာ သူနောက်ဆုံးအချိန်မှာ နုထွေးကို စိတ်မချဘူး။ ဒါကြောင့် ငါတို့တစ်တွေက နုထွေးကို ဂရုစိုက်ကြမယ်။ အထူးသဖြင့် အတူနေဖြစ်တဲ့ ကိုဦးနဲ့မိသက်က ဂရုစိုက်ကြင်နာကြ"

"စိတ်ချ၊ နုထွေး ကျောင်းတက်ဖို့ ကိစ္စလည်း ရှိသေးတယ်။ ငါတို့လည်း အမေ့ကိုဆေးကုတာနဲ့ သင်္ဂြိုဟ်စရိတ်နဲ့ ငွေကျပ်တယ်။ မိုးဝင်လို့ လယ်ထဲဆင်းရင် ပိုဆိုးပြီ"

"နုထွေးဆီက အမေ့ပစ္စည်းထဲက တချို့ ထုခွဲရောင်းလိုက်ရင်ကောင်းမယ်"

"နုထွေး မသိဘူး"

ဒေါ်စိုးမယ်သည် ခင်ပွန်း ဦးဖိုးစောရှိစဉ်ကတည်းက စေ့စေ့ကုပ်ကုပ်စွာ သုံးစွဲ၍ စုဆောင်းခဲ့သည်။ငွေလုံးခနဲဖြစ်လာလျှင် ရွှေဝယ်ပြီး ကျစ်အောင်ထုပ်ထားတတ်သည်။ ဒေါ်စိုးမယ်ကိုယ်တိုင် အနေစုတ်ပြီး ရွှေဝတ်လေ့မရှိ။ မေဦး အိမ်ထောင်ကျသောအခါ ရွှေတစ်ကျပ်သားနှင့် လယ်သုံးဧက၊ စိုးမင်းဦး အိမ်ထောင်ကျသောအခါ ရွှေတစ်ကျပ်သားနှင့် လယ်လေးဧက၊ စိုးမင်းလတ်ကို ရွှေတစ်ကျပ်သားနှင့် လယ်သုံးဧကပေးစဉ်က သူတို့အမေ့အထုပ်ကို မြင်ဖူးခဲ့သည်။

"ဟဲ့ - နင်ကျောင်းစရိတ်အတွက် မေးတာ၊ ငါတို့ မယူပါဘူး"

"နုထွေး တကယ်မသိဘူး။ အမေဆင်ပေးတဲ့ ဒီကြိုးပဲ နုထွေးမှာရှိတယ်"

"ငါတို့ တစ်အိမ်လုံးအနှံ့ရှာကြတာပေါ့။ တစ်နေရာရာမှာတော့ တွေ့ပါလိမ့်မယ်"

မေဦးတို့တစ်အိမ်လုံးအနှံ့ရှာသော်လည်း ဒေါ်စိုးမယ်၏အထုပ်ကို မတွေ့ပါ။ နောက်ဆုံး အားလုံး လက်လျှော့လိုက်ရပြီ။

❏

ညတိုင်း နုထွေး ငိုရသည်။ နုထွေးက အမေနှင့် အတူအိပ်သူ။ နုထွေးတို့ အိပ်ရာတွင် အမေ့ကိုယ်သင်းနံ့လေးစွဲနေသည်။ အငယ်ဆုံးသမီးပီပီ နုထွေးက အမေ့ရင်ခွင်ထဲ ခေါင်းဝင်တိုး၍ အမေ့ရင်ငွေ့ကိုလှုံကာအိပ်တတ်သည်။ အမေက နုထွေး အိပ်မပျော်မချင်း ဦးခေါင်းကို ပွတ်သပ်ချော့မြူသိပ်တတ်သည်။

"အမေရေ အမေ၊ နုထွေးတစ်ယောက်တည်း ကြောက်တယ်။ ပြန်လာပါ အမေရဲ့"

ထိုညက အမေ့ကို နုထွေးအိပ်မက်မက်သည်။ အမေသည် ခြံဝတွင် ရပ်နေသည်။ အမေ့ပုံစံက ခရီးသွားကပြန်လာသူလို နွမ်းနယ်နေသည်။ အမေ့ခန္ဓာကိုယ်မှ အဝတ်အစားများမှာ အမေ့ကို မြှုပ်စဉ်က ဝတ်ပေးလိုက်သော စီဝိုင်စီ အဝါ၊ ပါတိတ်အဝါ၊ မျက်မှန်လေးနှင့်ဖြစ်သည်။ အမေ့ကို တွေ့တွေ့ချင်း နုထွေး ဝမ်းပန်းတနည်းငိုရသည်။

"အမေ ရက်စက်တယ်၊ နုထွေးကို ထားခဲ့တယ်"

အမေက နွမ်းနယ်စွာ ပြုံးသည်။

"အမေ၊ အခု သမီးဆီ ပြန်လာတာ၊ နုထွေးနဲ့လာပြန်နေတာ"

အိပ်ရာမှ လန့်နိုးလာသောအခါ အပြင်ဘက်တွင် အမေ တကယ်ရှိနေမလားဟု နုထွေး ရှာမိသည်။ အမေသည် ချိုးချိုးချွတ်ချွတ်အသံပင်မပေး။ နုထွေးတို့ကို မစွဲလမ်းဘဲ တကယ်ပဲ ဘဝသစ်ကို ထွက်သွားပြီလား။ အိပ်မက်ထဲကလို ပြန်ရောက်လာမလားတွေးရင်း မိုးလင်းသည်အထိ နုထွေး အိပ်မပျော်ပါ။ နုထွေးသည် မိမိအိပ်မက်ကို အစ်ကို၊ အစ်မများအား ပြောပြသည်။

"အမေ ပြန်လာမယ်တဲ့ သိလား။ မဦး၊ ဗိုက်ကြီးနော်။ ကိုကြီးနဲ့ ကိုလတ်တို့ မိန်းမတွေကို ဗိုက်ကြီးခိုင်း၊ အမေပြန်ဝင်စားလို့ရအောင်"

"ဒီကောင်မလေး၊ တောက်တီးတောက်တဲ့"

ညီမထွေးလေး ခံစားနေရမှန်းသိ၍ မဆူရက်မပြောရက်။ မေဦးတို့ကိုယ်တိုင်လည်း မိမိတို့ဗိုက်ထဲတွင် အမေပြန်ဝင်စာမည်လောဟု မျှော်မိကြပါသည်။ မျှော်ကာမှ သားသမီးရတနာကရမလား။

လအနည်းငယ်အကြာ -

"မေမေရေ၊ ရွှေဝါကြီးပေါက်နေပြီ သုံးကောင်"

စိုးမင်းဦးသား တုံတုံက သူ့အမေ မိသက်ကို သတင်းပို့သည်။

"ဒါဆို စောင်ပိုင်းလေးခင်းပေးဦးမှ"

မိသက်က ရွှေဝါနှင့်ကြောင်ပေါက်လေးများကို စောင်ပိုင်းခင်းပေးသည်။ ကြောင်ချစ်တတ်သော တုံတုံက ခုန်ဆွခုန်ဆွ ပျော်နေသည်။

"မေမေ၊ မည်းမည်းလေး တစ်ကောင်၊ ဝါဝါလေးတစ်ကောင်၊ ဖြူဖြူလေးတစ်ကောင် ရွှေဝါပေါက်တာ အရောင်သုံးမျိုး"

"ဟဲ့သား၊ လက်ပူလိုက်ပြီး ကြောင်လေးတွေသေတတ်တယ်၊ မကိုင်ရဘူး"

နုထွေး စိတ်မဝင်စားပါ။ ကြောင်လေးများကို တစ်ခါမှ သွားမကြည့်ဖြစ်ပါ။

တစ်ရက် -

"မေမေရေ၊ ကြောင်လေးတွေ မျက်လုံးပွင့်နေပြီ။ အမည်းလေးက ဝတိုနေတာပဲ။ သူ့ကို ဝတိုလို့ပေးမယ်။ အဝါလေးက နို့တပြွတ်ပြွတ်နဲ့ မလွှတ်ဘူး၊ သူ့ကို ချိုခုတ်။ အဖြူလေးက မျက်လုံးနှစ်ဖက်မှာ မျက်ရစ်ဝိုင်းလေးနဲ့။ လူ့ဘဝတုန်းက ဘွားဘွားလိုပဲ မျက်မှန်တပ်ရတယ်နဲ့ တူတယ်"

"ဟဲ့ - တုံတုံ၊ ဘာတွေလျှောက်ပြောနေတာလဲ"

မိသက်က ဟန့်သည်။ အခန်းထဲမှ နုထွေး ဝုန်းခနဲ ပြေးထွက်လာသည်။

"တုံတုံ၊ ကြောင်လေး ပြပါဦး"

"ဒီမှာ အန်တီထွေး"

ကြောင်ဖြူလေးကို နုထွေးရင်ခွင်ထဲပွေ့လိုက်သည်။ မျက်ရစ်ဝိုင်းလေးနှင့် ဖြူဆွတ်ဆွတ်ကြောင်လေးက နုထွေးမျက်နှာမော့ကြည့်ရင်း ညောင်ခနဲ အသံပြုသည်။ ကြောင်လေး၏ မျက်လုံးများသည် နုထွေးရင်းနှီးနေသော အမေ့မျက်လုံးများ။ ကြောင်လေး၏ အော်သံကို နုထွေးနားထဲ သမီးလေးဟု ကြားသည်။

www.burmeseclassic.com

"ကိုကြီးရေ၊ မသက်ရေ။ အမေ မြန်ရောက်နေပြီ"

"ဘယ်မှာလဲ နုထွေး"

"ဒီမှာလေ"

နုထွေးလက်မှ ကြောင်ဖြူလေးကို မြင်သောအခါ စိုးမင်းဦး မျက်နှာပျက်သွားသည်။

"ဘာလဲ နုထွေး၊ နင်က အမေ့ကို တိရစ္ဆာန်ဖြစ်သွားတယ်လို့ သိက္ခာချတာလား"

"နုထွေး မညာဘူး ကိုကြီး၊ ဒါ အမေပဲ"

မိသက်က စိုးမင်းဦးကို နုထွေးနှင့် ပြိုင်မငြင်းရန် မျက်ရိပ်ပြသည်။

"နုထွေးနဲ့ ပြိုင်မငြင်းပါနဲ့ အစ်ကိုရယ်။ သူ့ဘာသာ စိတ်ချမ်းသာသလို ပြောပါစေ"

"မိသက်ရဲ့၊ သူပြောပုံက ငါတို့အမေ တိရစ္ဆာန်ဖြစ်နေပြီဟ"

ထိုအကြောင်းကို မေဦးနှင့် စိုးမင်းလတ်ပါသိသွားသည်။ မေဦးက ကြောင်ဖြူလေးကို ပွေ့ကြည့်ရင်း တွေးတွေးဆဆ ပြောသည်။

"ကြောင်လေးကိုကြည့်ပြီး ငါ့စိတ်ထဲမှာ တစ်မျိုးပဲ။ နုထွေးပြောတာ ဟုတ်နေမလားဘဲ။ အမေဟာ သေခါနီး နုထွေးကို စိတ်ချခဲ့ပုံမရဘူး။ ဒီကြားထဲ ငါတို့တစ်တွေက အမေ့နားမှာ ဘုရားစာရွတ်ပေးဖို့၊ ကြေးစည်ထုပေးဖို့၊ အမေ့ရဲ့ ကောင်းမှုတွေကို သတိရအောင် ပြောပြပေးဖို့ မလုပ်ခဲ့မိဘူး။

မှတ်မှတ်ရရ ရွှေဝါကြီး ငါ့ခြေထောက်ကို ပွတ်ပြီး အော်နေ၊ အစာတောင်းနေတုန်း အမေမေးထိုးဇက်လည်ပြီးအသက်ထွက်သွားတာ။ ကြောင်လေးဟာ အမေဝင်စားတာ ဆိုရင်တော့ ဘဝကူးမကောင်းတဲ့ အမေ့အတွက် တာဝန်မကျေတဲ့ ငါတို့ ရှက်စရာပဲ"

အစ်ကိုများက ဆုံးဖြတ်သည်။

"ဒီကိစ္စ အပြင်ကို မပေါက်ကြားစေနဲ့။ နုထွေးကလည်း လူရှေ့သူရှေ့မှာ ကြောင်ကို အမေလို့ မခေါ်မိစေနဲ့"

သို့ဖြင့် ကြောင်ဖြူလေးသည် နုထွေး၏လက်ပေါ်တွင်သာ အချိန်ပြည့်ရှိနေသည်။ ကြောင်ဖြူလေးကလည်း နုထွေးကိုအလွန်ချစ်သည်။ နုထွေးနှင့်သာ အိပ်တတ်သည်။ နုထွေး၏ ပါးပြင်ကို လျှာနှင့် လျက်ပေးတတ်သည်။ သို့ဖြင့် ကြောင်ဖြူလေးပင် လေးလကျော်ခဲ့ပြီ။ တက္ကသိုလ်များဖွင့်တော့မည်ပြော၍ နုထွေးသည် ကြောင်ဖြူလေးကို ရင်ခွင်တွင် ပွေ့ဖက်ပွတ်သပ်ပေးရင်း တတွတ်တွတ် ပြောပြ မျက်ရည်ကျမိသည်။

"အမေ၊ အမေပြောတော့ နုထွေးကို တက္ကသိုလ်ထားမယ်ဆို"

"ညောင်"

"အခုတက္ကသိုလ်ကျောင်းတွေဖွင့်တော့မယ်။ နုထွေးကျောင်းမအပ်ရသေးဘူး"

"ညောင်"

"မဦးနဲ့ ကိုလတ်က ကျောင်းဖြစ်အောင်ထားမယ်တဲ့။ ကိုကြီးနဲ့ မသက်က စိတ်ပုပ်ကြီး။ နုထွေးကို အဝေးသင်တက်တဲ့"

"ညောင်"

"သူတို့က နုထွေးကို အမေ့ရွှေထုပ်ကောတဲ့။ နုထွေးမှမသိတာ။ ဘယ်လိုရှာပေးရမှာလဲ"

"ညောင်"

ဝို၍ မှောသောအခါ နုထွေး အိပ်ပျော်သွားသည်။ အိပ်မက်ထဲသို့ အမေ ရောက်လာသည်။ အမေသည် အိမ်ဘေးမှ ဘူးစင်အောက်တွင်ရပ်ရင်း နုထွေးကို လှမ်းခေါ်သည်။

"သမီးလေး၊ ဒီဘူးစင်အောက်ကို လာခဲ့။ ငါ့သမီး ကျောင်းတက်ဖို့ အမေ့အမွေ ရွှေထုပ်ပေးရဦးမယ်။ ဘယ်သူမှ မသိစေနဲ့"

အိပ်မက်မှ နုထွေး လန့်နိုးလာသည်။

"ညောင်၊ ညောင်"

ကြောင်ဖြူလေးက နုထွေး အင်္ကျီစကို ကိုက်ဆွဲရင်း တညောင်ညောင်အော်နေသည်။ နုထွေးသည် ထူးဆန်းသော အိပ်မက်နှင့် ထူးဆန်းနေသော ကြောင်ဖြူလေးပုံစံကြောင့် အိပ်ရာမှထလိုက်သည်။ စိုးမင်းဦးတို့လင်မယားကို နှိုးရန် သတိရသော်လည်း အိပ်မက်ထဲမှ ဘယ်သူမှမသိစေနဲ့ ဟူသော အမေ့စကားကို သတိရသဖြင့် မနှိုးတော့ပါ။ ကြောင်ဖြူလေးသည် နုထွေးဘက်လှည့်ကြည့်ကာ အော်သံပြုလျက် ဖွင့်ထားသော ပြတင်းပေါက်မှ ခုန်ဆင်းသွားသည်။

နုထွေးသည် အိမ်နောက်ဖေးတံခါးကို အသံမမြည်အောင်ဖွင့်၍ ခြံထဲဆင်းခဲ့သည်။ ခြံထဲရောက်မှ မှောင်နေသဖြင့် ဓာတ်မီးမယူခဲ့မိခြင်းကို သတိရသည်။ အိမ်ဘေး ဘူးစင်အောက် ဘူးပင်ရင်းတွင် ကြောင်လေးက လက်သည်းနှင့် ကုတ်ခြစ်တူးဆွနေသည်။ အမှောင်ထဲတွင် အိမ်ဘေးဘက်သို့ပတ်ကာ စမ်းတဝါးဝါး လျှောက်လာသော နုထွေးမှာ ဘူးစင်နားရောက်ခါနီး အသင်များကြား မှာ ရှူးခနဲ အသံပြုကာ ထွေ့ထွက်လာသော အကောင်ရှည်ကြီးကြောင့် ကြောက်လန့်တကြား အော်ဟစ်လိုက်မိသည်။

"အမလေး၊ အမေရေ ကယ်ပါဦး"

ကြောင်ဖြူလေးသည် မြွေနှင့် နုထွေးအကြား ခုန်ဝင်လာသည်။ မြွေက ကြောင်လေးကို ပေါက်သည်။ ကြောင်လေးက မြွေ၏လည်ပင်းကို မလွှတ်တမ်း အမိအရကိုက်သည်။ နုထွေး အော်ဟစ်လိုက်မိသည်။

"ကိုကြီးရေ မသက်ရှေ့ရေ လာကြပါဦး။ ဒီမှာ အမေ့ကို မြွေပေါက်နေပြီ"

နုထွေးအော်သံကြောင့် စိုးမင်းဦးတို့လင်မယား အိမ်ပေါ်မှ ပြေးဆင်းလာသည်။ အိမ်နီးချင်းများလည်း ရောက်လာသည်။ မြွေနှင့် ကြောင် လုံးထွေးနေသည်ကိုကြည့်၍ အံ့သြကြသည်။

"လုပ်ပါဦး အစ်ကိုကြီးရဲ့၊ အမေ သေတော့မှာပဲ"

စိုးမင်းဦးက ဝါးလုံးရှည်ရှည်နှင့် မြွေနှင့်ကြောင်အကြားသို့ ထိုး၍ မြွေကို ကော်ထုတ်ကာ ရိုက်သတ်ပစ်လိုက်သည်။ ကြောင်ဖြူလေးမှာ မြွေဆိပ်တက်နေပြီး နုထွေး ကြောင်လေးကို ပွေ့ပိုက်ငိုကြွေးမိသည်။

"အမေ ဒီလိုဖြစ်ရတာ နုထွေးကြောင့်၊ ဟီး ဟီး"

အိမ်နီးချင်းများက တအံ့တသြ မေးကြသည်။

"စိုးမင်းဦးရေ စိတ်တော့မရှိနဲ့ကွာ။ နုထွေးက ကြောင်ကို အမေဆိုပြီးငိုနေတာ။ အဲဒါ မင်းတို့အမေ ဒေါ်စိုးမယ်ဝင်စားတာလား"

စိုးမင်းဦးက ရှက်ရွံ့စွာဖြေသည်။

"ကြံကြံဖန်ဖန် ဒီကောင်မလေး အရူးထတာ။ ကျွန်တော်တို့က သူစိတ်ချမ်းသာရင်ပြီးရောဆိုပြီး လွှတ်ထားတာ"

ကျားနာမလေးသဖွယ် နုထွေး အော်ပစ်လိုက်သည်။

"ဘာကြောင်လဲ၊ ဒါအမေ။ နင်နဲ့လည်းအမေပဲဟဲ့။ အမေက နုထွေးကို ကျောင်းစရိတ်ပေးဖို့ ဘူးစင်အောက်ခေါ်လာတာ။ အဲဒီ ဘူးပင်ရင်းမှာ နင်တို့တမေးတည်းမေးနေတဲ့ အမေ့ရွှေထုပ်ရှိတယ်ဟဲ့။ ငါ့ကိုမြွေပေါက်မှာစိုးလို့ အမေက အသေခံကာကွယ်တာ။ နင်တို့ ကိုယ့်အမေကို အမေလို့ဝန်မခံချင်ဘူး"

စိုးမင်းဦးက စိတ်မြန်လက်မြန် ဘူးစင်အောက်ကို တူးသည်။



www.burmeseclassic.com

www.burmeseclassic.com

# တက်တက်သည့်သူအတွက် ခွေးတောက်ရွက်

မကြာခဏတက်သူ၊ တချို့ ဝက်ရူးပြန်မှု ခေါ်ကြသူများကို တွေ့ဖူးပါသည်။ အကောင်းပကတိမှတက်တော့မည်ဆိုလျှင် ထိုသူများသည် လက်နှင့်ခန္ဓာကိုယ်များ ကတုန်ကယင်ဖြစ်လာပြီး ဆန့်ငင်ဆန့်ငင်နှင့် နတ်ပူးသကဲ့သို့ ယိမ်းထိုးပြီး ဗုန်းခနဲ ပစ်လဲသွားပြီး လူမှန်းသူမှန်းမသိအောင် အကြောဆွဲမျက်ဖြူလန်၍ သွားရည်အမြှုပ်များ တစီစီထွက်ကာ တက်နေသည်မှာ အနီးတွင် လူရှိပါမှ၊ မရှိလျှင် အသက်ပါပါသွားနိုင်သည်။

ထိုတက်နေသူကို အလွယ်တကူ တက်နင်းနှိပ်နယ်ကြပြီး အတက်ကျသွားမှ ဝိုင်းပြုစုနေကြသူများ ဟင်းချနိုင်ပါသည်။ တချို့က ကြောင်ပန်းရွက်ကို ခြေ၍ရှူခိုင်းပါသည်။ တချို့က လက်နှီးစုတ်ကိုယူ၍ ခြေချင်းဝတ်ကို စတီချည်ပြီး 'နင်တက်တတ်ရင် ဆင်းတတ်ရမယ်' ဟုပြောကာ လက်နှီးစုတ်ကို ဖြေလိုက်လျှင် အတက်သက်သာပါ၏။

စာရေးသူ၏မိတ်ဆွေတစ်ယောက်က တက်တတ်သူများကို အောက်ပါနည်းအတိုင်းပြုလုပ်ပြီး သက်သာပျောက်ကင်းကြောင်းဆိုသဖြင့် စာရေးသူ နည်းတောင်း၍ ခုနစ်ရက်သားသမီးများအတွက် မေတ္တာနှင့်ဝေမျှလိုက်ပါသည်။

အတက်ရောဂါရှင်အား တက်နေချိန်တွင် နားရွက်ကိုခြေ၍အပ်ဖြင့်အသာဖောက်ပေးပါ။ ခွေးတောက်ရွက်ကိုခြေ၍ နားကိုပွတ်ခြေပေးပြီး ခွေးတောက်ရွက်ကို အရည်ညှစ်ပြီး တိုက်ကျွေးပါ။ အတက်ရောဂါ သက်သာ ပျောက်ကင်းပါသည်။

အဘယ်ကြောင့်ဆိုသော် ခွေးတောက်ရွက်ကို ကြက်ခြေထောက်၊ ခေါင်းများဖြင့် ဟင်းချိုချက်သောက်ပါက နှစ်ရှည်လများကအရက်ချိုးများတောင် ကွာကျပျောက်ကင်းစေသည့် အစွမ်းသတ္တိရှိပါသောကြောင့် ခွေးတောက်ရွက်နှင့် အတက်ရောဂါပါ သက်သာပျောက်ကင်းပါကြောင်း ထပ်လောင်းဆေးနည်းတစ်မည်အဖြစ် တင်ပြရခြင်းဖြစ်ပါသည်။

စာရေးသူ၏ မိတ်ဆွေမှာ တက်တတ်သူများကို ထိုနည်းဖြင့်သာ ကုသပါသည်။ နားရွက်ကို အသာအယာခြေ၍ အပ်ဖြင့်ဖောက်ခြင်းမှာလည်း ဝက်ရူးပြန်ခြင်း၊ အတက်သမားများအတွက် စတီလုပ်ပေးရခြင်းမှ ခွေးရူးပြန်နေပါက ခွေးနားရွက်ကို ဓားဖြင့် အနည်းငယ်လှီးဖြတ်ရသကဲ့သို့ ဝက်ရူးပြန်ခြင်းအတက်ရောဂါဖြစ်နေသူကိုလည်း နားရွက်ကို အသာခြေ၍ အပ်ဖြင့်ဖောက်ထုတ်ရခြင်း သဘောပင်ဖြစ်ကြောင်း ရှင်းပြပါသည်။

သို့ပါ၍ တက်တတ်သူများအတွက် ခွေးတောက်ရွက်ကို ဆောင်ထားပြီး အထက်ပါအတိုင်း ပြုလုပ်ပါက ပျောက်ကင်းသက်သာရကြောင်း မေတ္တာနှင့် ရေးသား တင်ပြလိုက်ရပါသည်။

ဖျာပုံ-မျိုးသူ

"အေး - နင် အရှုးထပြီး ပြောချင်တာတွေပြောနေတာကို ငါကခွင့်လွှတ်ထားတာ။ ရွှေထုပ်တွေ့ရင်တွေ့၊ မတွေ့ရင် လယ်ထဲမှာ နဖားကြိုးထိုးပြီး ခိုင်းပစ်မယ်"

တစ်တောင်ခန့် တူးမိသောအခါ ကျွတ်ကျွတ်အိတ်အထပ်ထပ်နှင့် ထုပ်ထားသောအထုပ် ထွက်လာသည်။ အားလုံးအံ့ဩသွားသည်။ စိုးမင်းဦးက အထုပ်ကို ဖြေရန်အလုပ် ကြောင်ဖြူလေးထံမှ မာန်သံထွက်လာသည်။

"ရှူး"

အိမ်နီးချင်းများက ပြောသည်။

"ဟော့ကောင်- နုထွေးလက်ထဲပေးလိုက်လေ။ ဟိုမှာ မင်းကို စိတ်မချလို့ ဝေဒနာကြားက လှမ်းမာန်နေတာ"

စိုးမင်းဦးသည် အထုပ်လေးကို နုထွေးလက်သို့ပေးလိုက်သည်။ ထိုအခါမှ ကြောင်ဖြူလေးက စိတ်ချသလို မျက်လုံးလေးမှိတ် အကြောနှစ်ချက်၊ သုံးချက်ဆွဲကာ အသက်ထွက်သွားသည်။အော်ဟစ်ငိုယိုလိုက်သည်သော နုထွေး၏အသံမှာ တစ်ခြံလုံးညံသွားသည်။

"အမေရေ နုထွေးကို နောက်တစ်ကြိမ်ထားခဲ့ပြန်ပြီလား။ နုထွေးကို အမေ့ရဲ့ အသက်ပေးပြီး ကာကွယ်သွားတာလား အမေရဲ့"

စိုးမင်းဦးရော မိသက်ပါ မျက်ရည်ကျသည်။

"နုထွေးပြောတုန်းက ငါတို့မယုံခဲ့ဘူး။ သူ့ဘာသာသူ စိတ်စွဲပြီးပြောချင်ရာပြောနေတာလို့ ထင်ထားခဲ့တာ။ အမေရယ်၊ အမေဘဝကူးခါနီး သားသမီးတွေက ဝတ္တရားမကျေခဲ့လို့ အမေ တိရစ္ဆာန်ဘဝရောက်ခဲ့တာ။ ဒါတောင် နုထွေးကျောင်းတက်နိုင်အောင် သူဖွက်ထားခဲ့တဲ့ပစ္စည်းထုပ် ပြသွားသေးတယ်။ အမေ့ရဲ့မေတ္တာ၊ စေတနာကို သားသမီးတွေ သဘောပေါက်ပါပြီ။နုထွေးကိုလည်း ဂရုစိုက် ကြင်နာပါ့မယ် အမေရယ်"

အိမ်နီးချင်းဦးသာညာကလည်း ပြောသည်။

"မင်းတို့ရဲ့ အမေဟာ သေခါနီးမှာ မကောင်းတဲ့ မရဏာသန္နနိမိတ်ကြောင့် တိရစ္ဆာန်ဘဝရောက်သွားတာတောင် သူစွဲလမ်းတဲ့၊ စိတ်မချနိုင်တဲ့ သမီးလေးကို စောင့်ရှောက် ကာကွယ်ခဲ့တယ်။ မင်းတို့တစ်တွေက မနက်လင်းတာနဲ့ သံဃာတော်တွေပင့်ပြီး ဆွမ်းကပ်လှူဖွယ်ပစ္စည်းတွေကပ်ပြီး မင်းတို့အမေဘဝကူးကောင်းအောင် အမျှဝေပေးကြပါ"

"ဟုတ်ကဲ့ပါ ဦးလေးရယ်။ မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းဆိုတဲ့ မိဘဝတ္တရား ကျေခဲ့တဲ့အမေ။ ဘဝခြားခဲ့တာတောင် မိဘဝတ္တရားကျေခဲ့တဲ့အမေ့အတွက် ကျွန်မတို့ဘက်ကလည်း သားသမီးဝတ်တွေ ကျေပွန်အောင်ဆောင်ရွက်ပေးကြဖို့ ဆုံးဖြတ်ထားပါတယ်ရှင်"

နုထွေးလက်ထဲမှ ကြောင်ဖြူလေးအလောင်းကို စိုးမင်းဦးက ပွေ့ယူ၍ ဆပ်ပြာဖာခွံလေးထဲထည့်သည်။

"ညီမလေး၊ အမေဟာ သူ့တာဝန်သူကျေခဲ့တယ်။ ငါတို့လည်း အမေ့ကိုကောင်းကောင်းမွန်မွန် သဂြိုဟ်ပေးဖို့တာဝန်ရှိတယ်။ ညီမလေးအပေါ်လည်း အစ်ကိုအစ်မတွေအားလုံးက မိဘနဲ့ထပ်တူကျတဲ့ မေတ္တာမျိုးကို ပေးပါ့မယ်လို့ အမေ့အလောင်းရှေ့မှာ ကတိပေးပါတယ်ကွယ်"

တကယ်တော့ ဘဝကူးခါနီး မကောင်းသောနိမိတ်ကို စွဲလမ်းမိသဖြင့် တိရစ္ဆာန်ဖြစ်ခဲ့သော်လည်း ဒေါ်စိုးမယ်သည် မိဘတို့၏အကြွင်းမဲ့သော ချစ်ခြင်းမေတ္တာကို အသက်စွန့်ပြနိုင်ခဲ့သည် မဟုတ်ပါလား။

သဉ္ဇာမြင့်သောင်း




www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့အသုံးဝင် နည်းသစ်ဂဏန်းဗေဒင်

ဆရာဒလမင်းခေါင်



*(ယခင်လမှအဆက်)*

ကိုယ်ပိုင် (၇) ဂဏန်းနှစ်- ယခုနှစ်မှာ အသိဉာဏ်ဘက် ဦးစားပေးရမည်။ နာမ်ပိုင်းဆိုင်ရာ သန့်ရှင်းရမည်။ တစ်ယောက်တည်းနေပြီး တရားအားထုတ်၍ စိတ်ပိုင်း၊ ဉာဏ်ပိုင်း တိုးတက်အောင်လုပ်သင့်သည်။ စီးပွားတိုးချဲ့ကာ လုပ်ငန်းသစ်တွေကို တိုးချဲ့လုပ်ရမည့်နှစ် မဟုတ်ပါ။ သို့ရာတွင် ယခင်က စတင်ပြီး လုပ်ငန်းတွေ အဆုံးသတ်ရမည့်ကာလ ဖြစ်သည်။ ငွေကြေးကို အတင်းအဓမ္မ မရှာခဲ့ရင် ငွေကြေးကောင်းသောနှစ် ဖြစ်သည်။ ဘဝမှာ ထိုးထွင်းဉာဏ်က အရေးကြီးသည်။ ၎င်းထိုးထွင်းဉာဏ်က မိမိကိုယ်ကိုနားလည်ပြီး ကောင်းသထက်ကောင်းအောင် အထောက်အကူပြုပါသည်။ အရာရာကို အကျိုးအကြောင်းရှိရှိ သုံးသပ်နိုင်ပါမှ အသိအမှတ်ပြုခံရပါမည်။

ကိုယ်ပိုင် (၈)ဂဏန်းနှစ်- ယခုနှစ်သည် တစ်နှစ်အတွင်း စိုက်ပျိုးခဲ့မှုကို ရိတ်သိမ်းသည့်ကာလရောက်ပြီ ဖြစ်သည်။ အလုပ်ကိုကြိုးစားလုပ်ခဲ့လျှင် အဆုံးမှာ ကြီးမားသော တိုးတက်မှုအခွင့်အလမ်း ရရှိလာမည့်ကာလ ဖြစ်သည်။ အဆုံးအဖြတ်ကောင်းခြင်း၊ စွမ်းဆောင်နိုင်ခြင်းမှာ စီးပွားရေး၏လိုအပ်ချက် ဖြစ်သည်။ ယခုနှစ်သည် လှုပ်ရှားဆောင်ရွက်ရမည့်ကာလ ဖြစ်သည်။ စိတ်လှုပ်ရှားမှုကို အတတ်နိုင်ဆုံးရှောင်ပါ။ အချို့သောအရာများ စွန့်လွှတ်ခြင်းဖြင့် အရှည်မှာ ကောင်းနိုင်ပါသည်။

ကိုယ်ပိုင် (၉) ဂဏန်းနှစ်- အဟောင်းစွန့်၍ အဆုံးသတ်ကာလရောက်ခဲ့ပြီ။ (၉) နှစ်တာလည်ခဲ့သော စက်ဝန်းတစ်ပတ်လည် ကုန်ဆုံးတော့မည်။ တွေ့ကြုံရမည့် အသစ်တွေအတွက် အသင့်ပြင်ဆင်ထားရတော့သည်။ ပုဂ္ဂိုလ်စွဲမရှိက မမျှော်လင့်ဘဲ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေးမှာ ဆုံးရှုံးမှုများ ဖြစ်ရတတ်သည်။ ဤကာလမှာ သည်းခံခြင်း၊ ကရုဏာထားခြင်း၊ ခွင့်လွှတ်ခြင်းများ ပြုရသည်။ သို့မှသာ ဉာဏ်ပညာ၊ ချစ်ခင်မှုနှင့် နားလည်မှု ရရှိမှာ ဖြစ်သည်။ ယခုနှစ်မှာ ကျန်းမာရေး အထူးဂရုစိုက်ပါ။

ကိုယ်ပိုင်ဂဏန်း (၁၁) နှစ်- ၎င်းသည် အထူးဂဏန်းနှစ် ဖြစ်သည်။ ကိုယ်ပိုင်နှစ် (၂) ဂဏန်းနှင့် တူသည်။ စိတ်ကူးဉာဏ်နှင့် စိတ်စွမ်းရည်ဘက် ပိုထူးခြားသည်။ အမည်ထွန်းတောက်မှု ရှိသည်။ ထိုးဖောက်သိမြင်နိုင်မှု စွမ်းအားနှင့် စိတ်ထဲဖြစ်ပေါ်သည့်အတိုင်း လုပ်ဆောင်ပါ။ အောင်မြင်မှုအကျိုး ခံစားရမည်။

ကိုယ်ပိုင်ဂဏန်း (၂၂) နှစ် - ၎င်းဂဏန်းသည် အခြား ဂဏန်းများထက် ထူးခြားသည်။ တတ်နိုင်သမျှ မလုပ်နိုင်က (၄) ဂဏန်းအတိုင်း ဖြစ်သည်။ အလုပ်ကို ကြိုးကြိုးစားစားလုပ်မှု အကန့်အသတ်ရှိသည်။ (၂၂) ဖြစ်သော ကိုယ်ပိုင်ဂဏန်းသည် မိုးကောင်းတောင် အကန့်အသတ် ရှိသည်။ လက်တွေ့ရော စိတ်ပိုင်းပါ ပေါင်းစပ်လုပ်ရသောကာလ ဖြစ်သည်။ ပတ်ဝန်းကျင်ကျဉ်းကျဉ်းလေးမှာ အများအကျိုး၊ လောကအကျိုးကို ဆောင်ရွက်နိုင်အောင် ကြိုးစားပါ။

**ကိုယ်ပိုင်လဂဏန်း ရှာယူနည်း**

ကိုယ်ပိုင်နှစ်ဂဏန်းထဲတွင် တွက်ယူလိုသော ရောက်ဆဲ လ၏ဂဏန်းကို ပေါင်းယူပါက ကိုယ်ပိုင်လဂဏန်း ရရှိပါမည်။ ကိုယ်ပိုင်နှစ်ဂဏန်းရှာယူစဉ်က ရောက်ဆဲသက္ကရာဇ်တွင် မွေးရက်၊ မွေးလ ပေါင်းခဲ့သည်ကို သတိရပါ။ ၁၉၇၁ ခုနှစ်သည် အများဆိုင်ပြက္ခဒိန်နှစ် (၉) ဖြစ်သည်။ အကယ်၍ ဇွန် (၉) ရက်နေ့ ဤနှစ်မှာ မွေးခဲ့ပါက ဇွန်လမှ (၆) ကို (၉) ပေါင်းပါက ကိုယ်ပိုင်နှစ် (၆) ရသည်။ (၆+၉+၉=၂၄= ၆)။ ယခုပြက္ခဒိန်လကို ကိုယ်ပိုင်နှစ်ပေါင်းရမည်။ ၁၉၇၁၊ ဧပြီလ၏ ကိုယ်ပိုင်လကို အလိုရှိပါက-

ဧပြီလ၏ လဂဏန်း (၄) + ကိုယ်ပိုင်နှစ် (၆)= (၁၀)ကိုယ်ပိုင်လ ဖြစ်သည်။

အများဆိုင်လဖြစ်တဲ့ ပြက္ခဒိန်လက ဧပြီလ (၄) ဖြစ်ပြီး ကိုယ်ပိုင်လဂဏန်းက (၁၀) ဖြစ်သည်။

**ကိုယ်ပိုင် လဂဏန်းများ၏ အဟောအဓိပ္ပာယ်များ**

**(Table of vibrations of personal months)**

ကိုယ်ပိုင်လ (၁) ဂဏန်း- လှုပ်ရှားတီထွင်၍ ပင်ကိုအရည်အသွေးကို ဖော်ထုတ်ပါ။

ကိုယ်ပိုင်လ (၂)ဂဏန်း- ညီညွတ်ပြေပြစ်၍ ငြိမ်ငြိမ်လေး တိတ်တိတ်နေပါ။

ကိုယ်ပိုင်လ (၃) ဂဏန်း- ဧည့်ခံခြင်း၊ ဖျော်ဖြေခြင်း၊ ပျော်ရွှင်မှုကိုရှာ။ ပေါ့လွင်အောင်နေပါ။

ကိုယ်ပိုင်လ (၄) ဂဏန်း- လက်တွေ့ကျကျ လုပ်ဆောင်၍ အခြေခံကောင်းများ တည်ဆောက်ပြီး အလုပ်ကြိုးစားပါ။

ကိုယ်ပိုင်လ (၅) ဂဏန်း - အပြောင်းအလဲလုပ်၊ အသစ်ကို စိတ်ဝင်စားပါ။

ကိုယ်ပိုင်လ (၆) ဂဏန်း- တာဝန်ယူရဲ၍ အများအကျိုးဆောင်၊ ကျန်းမာရေးဂရုစိုက်၊ မိသားစုကို ချစ်ချစ်ခင်ခင်ဆက်ဆံပါ။

ကိုယ်ပိုင်လ (၇) ဂဏန်း- ပြည့်စုံအောင်ကြိုးစား၊ ခွဲခြမ်းစိတ်ဖြာ၊ တရားနည်းလမ်းကျကျလုပ်၊ တရားထိုင်ခြင်းဖြင့် နာမ်ပိုင်းဆိုင်ရာ နားလည်အောင်လုပ်ပါ။

ကိုယ်ပိုင်လ (၈) ဂဏန်း- အမြင်အားကောင်း၍ စွမ်းအားထက်သန်သည်။ ဆုံးဖြတ်မှုကောင်းသည်။

ကိုယ်ပိုင်လ (၉) ဂဏန်း- လူသားအကျိုးလုပ်ဆောင်၊ ကိုယ်ကျိုးမကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com

နှင့်၊ အများအကျိုးလုပ်ဆောင်ပါ။

ကိုယ်ပိုင်လ (၁၁) ဂဏန်း- ထွန်းတောက်၍ အတွေးအကြံကောင်းပေါ်ထွက်၊ ဘာသာရေးဘက် စိတ်အားထက်သန်သည်။

ကိုယ်ပိုင်လ (၂၂) ဂဏန်း- ရုပ်ပိုင်း၊ နာမ်ပိုင်းပေါင်း၍လုပ်ဆောင်၊ စီမံကိန်းကြီးကြီးကို တည်ဆောက်ပါ။

**ကိုယ်ပိုင်ရက်ဂဏန်းရှာနည်း**

**(How to analyze personal days)**

ကိုယ်ပိုင်ဂဏန်းထဲတွင် မိမိတွက်လိုသော ရောက်ဆဲ ရက်၊ လ (ပြက္ခဒိန်ရက်၊ လ) တို့ကိုပေါင်း၍ ကိုယ်ပိုင်ရက်ဂဏန်းကိုရှာပါ။

ဥပမာ- ကိုယ်ပိုင်နှစ် (၆) ရ၍ ပြက္ခဒိန် ရက်နှင့်လ ဇန်နဝါရီ (၄) ရက်အတွက် ကိုယ်ပိုင်ရက်သည် အောက်ပါအတိုင်း ဖြစ်သည်။

ပြက္ခဒိန်လ - ဇန်နဝါရီ = ၁
ပြက္ခဒိန်ရက် = ၄
ကိုယ်ပိုင်နှစ် = ၆

ဇန်နဝါရီလ (၄) ရက်အတွက် ကိုယ်ပိုင်ရက် (၁၁) ဖြစ်သည်။

အဲ(လ်)ဘတ်ဂျူ(ဒ်)၏ မွေးသက္ကရာဇ်မှာ ၁၉၃၃ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်။ တွက်လိုသောနှစ်မှာ ၁၉၇၂၊ ဇန်နဝါရီလ (၁၅) ရက် ဖြစ်ပါသည်။

ဇန်နဝါရီ ၁၅ ၁၉၇၂
၁ + ၆ + ၁= ၈

အများဆိုင်ပြက္ခဒိန်နှစ်က (၈)။ နိုဝင်ဘာ (၁၁)၊ ရက်က (၃)၊ ပြက္ခဒိန်က (၁) = (၆)။ ၎င်း၏ကိုယ်ပိုင်ရက်မှာ-

ဇန်နဝါရီ ၁ + ရက် ၁၅ = ၆ + ကိုယ်ပိုင်နှစ် ၆ ရ၍ (၄) ရပြီး ပြက္ခဒိန်နှစ်က (၈) ဖြစ်သည်။ ပြက္ခဒိန်နှစ်သည် ၎င်းကိုအကျိုးပြုသကဲ့သို့ အခြားသူများကိုလည်းအကျိုးပြုသည်။ ကိုယ်ပိုင်ရက်က မိမိနှင့်သာ ဆိုင်သည်။ ကိုယ်ပိုင် (၄) ရသောရက်မှာ အလုပ်ထဲ၌ စိတ်တည်ငြိမ်စွာထားရမည်။ အနာဂတ်အတွက် အစီအစဉ်ချ၍ လုပ်ဆောင်ရမည်။ ချွေတာ၍ လက်တွေ့ကျကျလုပ်ဆောင်ခြင်းဖြင့် ရလဒ်ကောင်း ရမည်။

**ကိုယ်ပိုင်ရက်ဂဏန်း၏အဟောအဓိပ္ပာယ်များ**

**(Table of personal days)**

ကိုယ်ပိုင်ရက်ဂဏန်း (၁)- အတွေးအကြံများမြင့်၍ အသစ်တီထွင်ပါ။ အသစ်အဆန်း စတင်ပါ။ ဇွတ်လုပ်ပါ။

ကိုယ်ပိုင်ရက်ဂဏန်း (၂) - စုပေါင်းလုပ်ကိုင်၍ ငြိမ်းငြိမ်းအေးအေးနေပါ။ ခံယူတတ်၍ အသေးစိတ်စုဆောင်း၊ ခွဲခြားလေ့လာ သုံးသပ်၍ သူတစ်ပါး၏အကြံဉာဏ်ကိုရယူပါ။

ကိုယ်ပိုင်ရက်ဂဏန်း (၃)- ဧည့်ခံမှုပြု၍ ပျော်ပျော်ဟာသနှော၍ ပြောဆိုဆက်ဆံပါ၊ ပျော်ပျော်နေပါ။ ပေါ့လွင်ဖော့အောင်နေပါ။ လူတွေနှင့် ရောရောနှောနှောနေပါ။ မိမိလုပ်ဆောင်ချက်က နမူနာဖြစ်ပါစေ။

ကိုယ်ပိုင်ရက်ဂဏန်း (၄)- ချွေတာမှုရှိ၍ အလုပ်ကို စုစုစည်းစည်း စနစ်တကျ ကြိုးစား၍ အလုပ်တွင် အာရုံစိုက်၊ ကိုယ့်ကိုယ်ကိုယ် တင်းတင်းကြပ်ကြပ်ထိန်းပါ။

ကိုယ်ပိုင်ရက်ဂဏန်း (၅)- စိတ်အားထက်သန်၍ ခရီးထွက်၊ အရောင်းအဝယ်လုပ်၊ အတွေးအကြံမြင့်တင်၊ ဖွဲ့ရှိနည်းလမ်းအဆန်းများ ကျင့်သုံးပါ။

ကိုယ်ပိုင်ရက်ဂဏန်း (၆)- မိသားစုနှင့် အသိုင်းအဝိုင်းအတွက် တာဝန်ကျေပါ။ အများအတွက် ဆောင်ရွက်။ မငြင်းခုံပါနှင့်။ သူတစ်ပါးကို အကြံကောင်းပေး။ အဆောက်အအုံဆောက်ခြင်း၊ အိမ်ငှားစာချုပ်ချုပ်ခြင်း ကောင်းသည်။ လက်ထပ်ရန်အတွက်လည်း ကောင်းသည်။

ကိုယ်ပိုင်ရက်ဂဏန်း (၇) - အတွေးပေါက်သလိုလုပ်၊ အနားယူ။ လုပ်ဆောင်မှု ပြီးပြည့်စုံအောင်လုပ်ပါ။ အာရုံစူးစိုက်၍ တရားအားထုတ်ပါ။ နက်နဲသောဂန္ထာရီပညာရပ်များ လေ့လာ၍ ကောင်းသည်။

ကိုယ်ပိုင်ရက်ဂဏန်း (၈)- ကန့်ထရိုက်လုပ်ငန်း လက်မှတ်ထိုး၊ ပရိယာယ်ကြွယ်ဝပါ။ အာမခံချက်ရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်၊ စီးပွားနယ်ချဲ့၊ စနစ်တကျရှိပါစေ။

ကိုယ်ပိုင်ရက်ဂဏန်း (၉)- ကိုယ်ကျိုးမကြည့်သင့်။ ပင်ကိုစွမ်းရည်ပေါ်ပါစေ။ အများအပေါ် မေတ္တာစိတ်ထား၊ ခိုက်ရန်ဒေါသ မဖြစ်စေနှင့်။ ခရီးထွက်ခြင်း၊ ကျယ်ပြန့်စွာ ဆက်ဆံသင့်သည်။

ကိုယ်ပိုင်ရက်ဂဏန်း(၁၁)-ခေါင်းဆောင်ကောင်း အရည်အသွေးပြ၊ လုပ်ကိုင်မှုမြှင့်တင်။ အများအတွက်တောက်ပြောင်မှုရှိပါ။ စိတ်ထဲပေါ်သည့်အတိုင်းလုပ်ပါ။ ကြော်ငြာလုပ်ငန်း ကောင်းကျိုးပြုသည်။

ကိုယ်ပိုင်ရက်ဂဏန်း(၂၂)-စီးပွားရေးမှာ ပါရဂူမြောက်သည်။ ပူးပေါင်း၍လုပ်ပါ။ အပြည်ပြည်ဆိုင်ရာစီမံကိန်းတိုးမြှင့်လုပ်ဆောင်ပါ။ စိတ်ကူးကို လက်တွေ့ အကောင်အထည်ဖော်ပါ။

**အခန်း (၁၆)**

**ဂဏန်းဗေဒင်ပညာရပ်ထဲက အကြောင်းအကျိုးဆိုင်ရာ ကမ္မသဘောတရား ဥပဒေသ**

**(The Karmic Law of Cause and Effect in Numerology)**

အကျိုးအကြောင်းနှင့်ပတ်သက်၍ ကမ္မဥပဒေသက ဖော်ပြသည်။ ဖြစ်လာသောအကျိုးကျေးဇူးသည် အတိတ်ဖြစ်ပျက်ခဲ့သောအကြောင်းတရားကို အခြေပြု၍ ဖြစ်ပေါ်သည်။ ၎င်းအကြောင်းကြောင့် အကျိုးတရား ဖြစ်စေသည်မှာ ကံကြမ္မာဥပဒေသဖြင့် ဖော်ပြနိုင်သည်။

**အောင်မြင်မှု၏အတားအဆီး**

**(How to know your barrier to success)**

မအောင်မြင်ခြင်း၊ အနှောင့်အယှက်များသည် ကံကြမ္မာဥပဒေသ၏ အကျိုးသက်ရောက်မှု ဖြစ်သည်။ ကံကြမ္မာသင်ခန်းစာများက အတိတ်ကကံကြမ္မာများကို လွတ်မြောက်ရန် ကြိုးပမ်းခဲ့ပုံများဖော်ပြပြီး လက်ရှိ အတားအဆီး အနှောင့်အယှက်များ ဖယ်ရှားပုံကိုလည်း ကံကြမ္မာသင်ခန်းစာများက ဖော်ပြသည်။

**အမည်တွင်မပါသော ကမ္မဂဏန်းရှာခြင်း**

**(How to find your Karinic Missing Numbers)**

ကမ္မသင်ခန်းစာများတွက်ရန်မှာ နာမည်ရင်းကို အရင်ဆုံး ရေးရမည်။ အမည်ထဲတွင် မပါသော ဂဏန်းသည် သင် ရင်ဆိုင်တွေ့ကြုံရမည့် အတွေ့အကြုံ သတိပြုရမည့် အဓိကဂဏန်း ဖြစ်သည်။ နာမည်ပြောင်းသောအခါ တစ်ခါတစ်ရံ အခက်အခဲ ကျော်လွှားရမည့် အချက်အလက် အထောက်အပံ့များ ရှာမရ ဖြစ်တတ်သည်။ အားနည်းချက်ကိုသိရပါက ၎င်းကိုကျော်ရမည့် လိုအပ်ချက်ကို နားလည်မည်။ ဂဏန်းအချို့ မပါခြင်းကို ထင်ရှားသောနေရာဖြစ်သော ဘဝလမ်းကြောင်းဂဏန်း၊ ဝိညာဉ်တွန်းအားဂဏန်း၊ ကံကြမ္မာဂဏန်း ဘဝပန်းတိုင်များတွင် တွေ့ရမည်ကို သိရပါက ကမ္မသဘောတရား၏ဆိုးကျိုးသက်သာမှု ရနိုင်ပါသည်။ သို့ရာတွင် ကမ္မ



www.burmeseclassic.com

www.burmeseclassic.com

သဘောတရားအရ ဆပ်စရာရှိသော အကြွေးကိုတော့ ပေးဆပ်ရပါမည်။

ဥပမာ-

M A R T I N
4 1 9 2 9 5
L U T H E R
3 3 2 8 5 9
K I N G
2 9 5 7

အထက်ပါအမည်ကို ဆန်းစစ်ပါက အမည်တွင်-

(၁) ဂဏန်း (၁) လုံးပါသည်။
(၂) ဂဏန်း (၃) လုံးပါသည်။
(၃) ဂဏန်း (၂) လုံးပါသည်။
(၄) ဂဏန်း (၁) လုံးပါသည်။
(၅) ဂဏန်း (၃) လုံးပါသည်။
(၆) ဂဏန်း (၀) လုံး။
(လုံး၀ မပါပါ။)
(၇) ဂဏန်း (၁) လုံးပါသည်။
(၈) ဂဏန်း (၁) လုံးပါသည်။
(၉) ဂဏန်း (၄) လုံးပါရှိသည်ကို တွေ့ရသည်။

မာတင်လူသာကင်း (Martin Luther King) အမည်၌ (၆) ဂဏန်းလုံး၀ မပါသည်ကို တွေ့ရသည်။ ထို့ကြောင့် ၎င်းသည် တာဝန်ကို ဝတ္တရားအနေဖြင့် ဆောင်ရမည်ကို သိသူ ဖြစ်သည်။ မာတင်လူသာကင်းသည် အရင်ဘဝက ဆန္ဒပြည့်ဝမှုမရှိဘဲ လူ့လောကထဲသို့ ရောက်လာရသူ ဖြစ်သည်။ ထို့ကြောင့်လည်း သူသည် အလုအပတိုင်း အလေးထားရမှန်းမသိသူ ဖြစ်သည်။ ၎င်းအမည်တွင် (၉) ဂဏန်း (၄) ခု ပါရှိသည်။ ထူးခြားသောစွမ်းရည်တစ်ရပ် ဖြစ်၏။ (၉) ဂဏန်း များစွာ ပါရှိခြင်းကြောင့် မာတင်လူသာကင်းသည် လူသားများ၏ အကျိုးကို ဆောင်ရွက်သော ငြိမ်းချမ်းရေးသမား ဖြစ်သည်။ ၎င်းအမည်တွင် (၂) ဂဏန်း (၃) ခုနှင့် (၅) ဂဏန်း (၃) ခု ပါသည်။ (၅) ဂဏန်း များခြင်းသည် ဝန်ထုပ်ဝန်ပိုးပိသော်လည်း (၅) ဂဏန်းထဲမှ (၂) ဂဏန်းနုတ်ခြင်းဖြင့် ချိန်ခွင်လျှာညီသွားသည်။ ကမ္မသဘောတရားနှင့်ပတ်သက်၍ လမ်းညွှန်ချက်အား အောက်ပါအတိုင်း ဖော်ပြပါမည်။

**ကမ္မသဘာတရား သင်ခန်းစာအတွက် ဂဏန်းဇယားလမ်းညွှန်**
**(Numerology Table of Karmic Lessons for Guidance)**

(၁) **ဂဏန်း-** (၁) ဂဏန်း အပါနည်းခြင်း၊ လုံး၀မပါခြင်းရှိပါက စတင်မလုပ်တတ်ခြင်း၊ ရည်မှန်းချက်မရှိ၊ ပြီးခဲ့သောဘဝက လွတ်လပ်မှုမရှိခြင်း၊ ကိုယ်တိုင်လည်း စတင် မပြုလုပ်တတ်ခြင်း၊ မိမိကိုယ်ကိုယုံကြည်မှုမရှိခြင်း၊ ကြောက်ခြင်း၊ ကိုယ်စွမ်းကိုယ်စမရှိခြင်း။

(၂) **ဂဏန်း-** (၂) ဂဏန်း အပါနည်း၊ လုံး၀ မပါပါက အတိတ်က ပူးပေါင်းမှုမရှိခြင်း၊ နည်းပရိယာယ်ကင်းမဲ့ခြင်း၊ အချိန်ဖြုန်းတီးခြင်း၊ ငွေမချွေတာတတ်ခြင်း၊ မိတ်ဆွေများကို ရှက်တတ်ခြင်း။ သို့ရာတွင် အခြားသူနှင့် အတူတကွ ဆောင်ရွက်ခြင်း၊ သည်းခံခြင်းနှင့် အသေးစိတ်လုပ်ရမည်။

(၃) **ဂဏန်း-** (၃) ဂဏန်း အပါနည်းခြင်း၊ လုံး၀ ပါခြင်းမရှိပါက ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်တည်နိုင်သလို မိမိကိုယ်ကို မယုံကြည်၊ လူကိုရှောင်ပုန်းတတ်၊ စိတ်ကူးမရှိ၊ စိတ်မြန်၍ ပင်ကိုအရည်အသွေးနည်းသူ ဖြစ်သည်။

(၄) **ဂဏန်း-** (၄) ဂဏန်း အပါနည်းခြင်း၊ လုံး၀ပါခြင်း မရှိပါက အသေးစိတ်မလုပ်တတ်၊ ဝီရိယအားနည်း၊ အစီအစဉ်တကျ မလုပ်တတ်။ ၎င်းတို့သည် အလုပ်တွေကိုခေါင်းမရှောင်ဘဲ အလုပ်အပေါ် စိတ်ဝင်စားပြီး အကန့်အသတ်မထားဘဲ လုပ်တတ်ရမည်။

(၅) **ဂဏန်း-** (၅) ဂဏန်း အပါနည်းခြင်း၊ လုံး၀မပါခြင်းရှိက ပြောင်းလဲမှုနှင့် အသစ်အဆန်းလုပ်ရမှာ ကြောက်ကြသည်။ မိမိ၏အပေါင်းအဖော် မိတ်ဆွေများအပေါ် နားလည်မှုမရှိခြင်း၊ စိတ်ဝင်စားမှုနည်းသည်။ (၅) ဂဏန်းမပါတာ နည်းသည်။ အနည်းနှင့်အများမဆို ပါတတ်သည်။ ၎င်းတို့အနေနှင့် ပြောင်းလဲမှု ရင်ဆိုင်နိုင်အောင် သင်ယူရမည်။

(၆) **ဂဏန်း-** (၆) ဂဏန်း အပါနည်းခြင်း၊ လုံး၀မပါခြင်းသည် အတိတ်က တာဝန်ယူခြင်းမရှိသူ ဖြစ်သည်။ အိမ်နှင့် မိသားစုအပေါ် သံယောဇဉ်ကြီးထားရမှာ စိုးရိမ်တတ်သူ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့အနေဖြင့် အခြားသူများနှင့် အိမ်တွင်းရေးအပါအဝင် လိုအပ်ပါက ညှိနှိုင်းမှုများ၊ မိဘနှင့် အိမ်ထောင်ဖက်နှင့်ပါ နားလည်မှုရှိဖို့ လိုအပ်သည်။

(၇) **ဂဏန်း-** (၇) ဂဏန်း အပါနည်းခြင်း၊ လုံး၀မပါခြင်းသည် ယခင်က ရုပ်ပိုင်းဆိုင်ရာနှင့် နာမ်ပိုင်းဆိုင်ရာ နားလည်မှုမရှိခြင်း၊ ကူညီသူများမရှိခြင်း။ ဘုရား ယုံကြည်မှုမရှိခြင်း၏ အကျိုးဆက်ဖြစ်မည်။ အဆုံးမသတ်မီ စစ်ဆေးခြင်း၊ သုံးသပ်ခြင်းမရှိသောသူ ဖြစ်သည်။

(၈) **ဂဏန်း-** (၈) ဂဏန်း အနည်းငယ်သာပါရှိခြင်း၊ လုံး၀မပါရှိက စီးပွားရေးနှင့် ရုပ်ဝတ္ထုပစ္စည်းကိုင်တွယ်ရာတွင် လုံလုံလောက်လောက် စွမ်းရည်မရှိသူ ဖြစ်သည်။ ထို့ကြောင့် ငွေတန်ဖိုးနှင့်စီမံခန့်ခွဲမှုသင်ယူပါမှ ကမ္မတရားက ကိုယ်ပိုင်စီးပွားရေး တွန်းအားပေးမည်။

(၉) **ဂဏန်း-** (၉) ဂဏန်း အနည်းငယ်သာပါရှိခြင်း၊ လုံး၀ မပါခြင်းရှိက နားလည်ခံစားခြင်း မရှိသူ ဖြစ်သည်။ ၎င်းတို့သည် အခြားသူများအပေါ် စိတ်ဝင်စားခြင်း၊ ချစ်တတ်ခြင်း၊ ရက်ရောမှုနှင့် သနားကရုဏာထားတတ်သည့်တိုင်အောင် စိတ်ပျက်မှုကိုခံစားရတတ်သည်။

**သဘာဝစွမ်းအားနှင့်ပုဂ္ဂိုလ်ရေးရာချို့တဲ့မှု**
**(Table of Natural Talents and Personal Deficiencies)**

**ဂဏန်းအကြိမ်ကြိမ်ပါခြင်း**
**(Most frequent numbers)**

(၁) **ဂဏန်း-** (၁) ဂဏန်းများများပါက ရည်မှန်းချက်ရှိခြင်း၊ လွတ်လွတ်လပ်လပ်နေလိုခြင်း။ ၎င်းတို့သည် အတ္တကြီး၍ အပေါ်စီးက ဆက်ဆံတတ်သူ ဖြစ်သည်။

(၂) **ဂဏန်း-** (၂)ဂဏန်းများများပါရှိက ဆက်ဆံရေးနည်းပညာ ကျွမ်းကျင်သူ ဖြစ်သည်။ ၎င်းတို့သည် ဂီတ၊ အက၊ သဟဇာတနှင့် အရောင်ကို မြတ်နိုးသူများ ဖြစ်သည်။

(၃) **ဂဏန်း-** (၃) ဂဏန်းများများပါက ထင်ပေါ်လိုသူ၊ အတွေးကောင်း၍ ဟာသဉာဏ်ရွှင်သူ၊ ဖော်ရွေသူ ဖြစ်သည်။ ၎င်းတို့သည် တာဝန်ယူတတ်မှု၊ သည်းခံမှု ရှိသင့်သည်။

(၄) **ဂဏန်း-** (၄) ဂဏန်းများများပါက ရိုးသား၍ ချွေတာစုဆောင်းတတ်ခြင်း၊ သိပ်သည်းကျစ်လျစ်ခြင်း၊ အလုပ်ကြိုးစားခြင်း၊ အသေးစိတ်လုပ်တတ်ခြင်း၊ စွဲမြဲခြင်း၊ စည်းကမ်းစနစ်ရှိခြင်း၊ အဆုံးအဖြတ်နှင့် သမာဓိကောင်းခြင်း။ သို့ရာတွင် ခေါင်းမာမှု မလွန်ကဲစေနှင့်။

(၅) **ဂဏန်း-** (၅) ဂဏန်းများများပါရှိပါက ဆန့်ကျင်ဘက်လိင်တို့အား စိတ်ဝင်စားခြင်း၊ အချစ်ခံရခြင်း၊ ပျော်ပါးမြူးခုန်တတ်ခြင်း၊ အပြောင်းအလဲကြိုက်ခြင်း၊ ခရီးသွားလာခြင်း၊ ပျော်ပျော်ရွှင်ရွှင်နေခြင်း၊ လွတ်လပ်မှုကိုသဘော



www.burmeseclassic.com

www.burmeseclassic.com

ကျခြင်း၊ ဉာဏ်ကောင်းခြင်း၊ ဆန်းသစ်သောအရာရာကိုစိတ်ဝင်စားခြင်း၊ အာရုံကြောအားနည်း, စိတ်တုန်လှုပ်ချောက်ချားလွယ်ခြင်း၊ စိတ်မြန်ခြင်း။

**(၆) ဂဏန်း-** (၆) ဂဏန်း အပါများပါက ခိုင်မြဲမှုရှိ၍ မိသားစုစိတ်ဓာတ်ရှိခြင်း၊ တာဝန်ကျေပွန်ခြင်း၊ ဆရာကောင်း, မိဘကောင်းဖြစ်ခြင်း၊ မိမိသားချင်း, တိုင်းပြည်နှင့်လူမျိုးချစ်ခြင်း။ သို့ရာတွင် ငြင်းခုံရန်ဖြစ်ခြင်းကိုရှောင်ပါ။

**(၇) ဂဏန်း-** (၇) ဂဏန်းများများပါက ပြီးပြည့်စုံခြင်း၊ သုံးသပ်ဝေဖန်ခြင်း၊ သုတေသနပြုတတ်ခြင်း၊ နည်းစနစ်ကျ၍နာမ်ပိုင်းဆန်ခြင်း၊ နက်နဲစူးရှသောစိတ်ဓာတ်ရှိ၍ အတွင်းကျကျ လိုက်တတ်ခြင်း။ ၎င်းတို့သည် လျှို့ဝှက်လွန်ကဲမှုကို ထိန်းပါ။ နာမ်ပိုင်းဆိုင်ရာ အကြောင်းအရာများ စိတ်ဝင်စားသည်။

**(၈) ဂဏန်း-** (၈) ဂဏန်းများများပါက စီးပွားရေး စွမ်းဆောင်အောင်မြင်ခြင်း၊ အုပ်ချုပ်မှုစွမ်းရည်, ခေါင်းဆောင်စွမ်းရည်ရှိခြင်း၊ နည်းပရိယာယ်ကြွယ်ဝခြင်းတို့ ဖြစ်သည်။

**(၉) ဂဏန်း-** (၉) ဂဏန်းများများပါက လောကအမြင်ရှိခြင်း၊ အနုပညာဆန်၍ တီထွင်မှုစွမ်းရည်, စာပေစွမ်းရည်ရှိခြင်း၊ ခရီးသွားလာမှုကို နှစ်သက်သူများ ဖြစ်သည်။

မိမိအမည်ကို တွက်ချက်ပြီး အားနည်းမှုကိုပြုပြင်၊ ကောင်းသော ပင်ကိုစွမ်းရည်ကို ရွေးချယ်နိုင်ပါသည်။

**မကောင်းသော ကမ္မဂဏန်းများ**
**(Malific or Karmic Numbers)**

**ဆိုးကျိုးပယ်ဖျက်နည်း**
**(How you can cancel their effects)**

ယခု သင်ခန်းစာ အစပိုင်းတွင် ဖော်ပြခဲ့သော ကမ္မသင်ခန်းစာသဘောတရားနှင့် ကမ္မဂဏန်းများ မတူသည်ကို သတိပြုပါ။ ကမ္မဂဏန်းများကို လူတိုင်း တွေ့ရသည်မဟုတ်၊ အတိတ်ဘဝက သဘာဝကပြဋ္ဌာန်းထားသော ဥပဒေသကို အလွဲသုံးစားပြုခဲ့ပါက ယခုဘဝမှာ သင့်အဖို့ ပေးဆပ်ရပါမည်။

ကမ္မအဆိုးဂဏန်းများမှာ (၁၄)၊ (၁၆)၊ (၁၉) နှင့် တစ်ခါတစ်ရံ (၁၃) ဂဏန်းကို ဆိုးကျိုးပေးသောဂဏန်းအဖြစ် ယူဆတတ်သည်။ သို့ရာတွင် ၎င်းဂဏန်းများသည် ပြန်လည်တည်ဆောက်၍ အတွေ့အကြုံများ ရယူနိုင်သည်။ အသည်းနှလုံး နာကျင်မှုဖြစ်ရသောဘဝကို




ညှိနှိုင်းနိုင်ရန် ထိုဂဏန်းများက အသိပေးတတ်သည်။

**ဝင့်ကြွေးရှိက ပြန်ဆပ်ရစမြဲ**
**(You must pay the karmic debt)**

ဘဝတို ကောင်းကျိုးရရှိဖို့ ကြိုးစားပြီး တည်ငြိမ်အောင် တည်ဆောက်စဉ်ကာလမှာ ရိုက်ခတ်မှု တုန်ခါမှုများ ပြောင်းလဲသွားတတ်၏။ ကမ္မသဘောတရားထဲက cosmic ဥပဒေသတစ်ခုက ယခုဘဝမှာ ဖြစ်ဖြစ်၊ ပြီးခဲ့သောဘဝအဆက်ဆက်က ဖြစ်ဖြစ် အပြစ်ကျူးလွန်ခဲ့ပါက ထိုဥပဒေသ ချိုးဖောက်မှုအတွက် ပေးဆပ်ရမည် ဖြစ်သည်ဟု ဖော်ပြထားသည်။

တစ်ဖက်ကကြည့်ပါက ကျူးလွန်ခဲ့သောကံကြွေးများပေးဆပ်မှ ဆိုးကြွေးများ တဖြည်းဖြည်း ပပျောက်သွားမည်။

**ကမ္မဂဏန်းများ**
**(What the karmic Numbers are)**

ကမ္မဂဏန်းများမှာ ၁၃၊ ၁၄၊ ၁၆ နှင့် ၁၉ တို့ ဖြစ်သည်။ ၎င်းတို့သည် ဝိညာဉ်ဆန္ဒအားဂဏန်းများ၊ ဘဝကံကြမ္မာဂဏန်းများ၊ ဘဝလမ်းကြောင်းဂဏန်းများ ပေါင်းလဒ် ဖြစ်သည်။ ရှင်းလင်းချက်များက အောက်ပါအတိုင်း ဖြစ်သည်။

**မကောင်းကျိုးပေးသော ကမ္မဂဏန်း (၁၃)**
**(Malific or Karmic Number Thirteen)**

တားရော့ကတ်အရ သေမင်းဟုခေါ်သည်။ သေမင်းကို တင်စား၍ အရိုးစုပုံနှင့်ပြထားသည်။ အဓိကအားဖြင့် သေခြင်းတရားကို ကြောက်သည်။ ဤ (၁၃) တားရော့ကတ်၏ စစ်မှန်သော ဟောကွက်က ဘဝအဆုံး သေခြင်းကို မဆိုလိုပါ။ အမှန်မှာ ပြောင်းလဲခြင်း၊ ပြောင်းရွှေ့တည်ဆောက်မှုသာ ဖြစ်၏။ တစ်နည်းအားဖြင့် ပြန်လည်မွေးဖွားခြင်း၊ ပြန်လည်ဆန်းသစ်ခြင်း၊ စိတ်ကူးစိတ်သန်းအသစ်များ ပေါ်ပေါက်လာခြင်းကို ဆိုလိုသည်။ (၁၃) တားရော့ကတ်၊ တစ်နည်း ကမ္မဂဏန်းသည် အသစ်ပြောင်းလဲ၍ အဟောင်းချုပ်ငြိမ်းခြင်းလက္ခဏာသာ ဖြစ်သည်။

အယူသီးသောသူများက (၁၃) ဂဏန်းကို မကောင်းသောဂဏန်းအဖြစ် ထင်မြင်ယူဆသည်မှာ ခေတ်အဆက်ဆက်ဖြစ်သည်။ (၁၃) ဂဏန်း၏အဓိကသော့ချက်က ရုပ်ဝတ္ထုပိုင်းကို ကိုယ်စားပြုသည်။ ၎င်း (၁၃) ဂဏန်းသည် ပျင်းရိခြင်း၊ အနုတ်လက္ခဏာ၊ မပြည့်စုံသည့် ယုတ်လျော့ခြင်းကို သတိပေးထားသည်။ ထို (၁၃) ဂဏန်းက ကြိုးစားအားထုတ်မှုကိုပြု၍ ပြဿနာများ ဖြေရှင်းသည်။ ထို (၁၃) ဂဏန်းသည် မတူညီ, သဘောမကျခြင်း၊ ရှိုင်းစိုင်းသော အမူအရာကို ဖော်ပြသည်။

**မကောင်းကျိုးပေးသောကမ္မဂဏန်း (၁၄)**
**(Malific or Karmic Number Fourteen)**

(၁၄) ဂဏန်းသည် ရုပ်ပိုင်းဆိုင်ရာပိုင်ဆိုင်မှုကို ပြသည်။ ၎င်းဂဏန်းက စီးပွားရေး၊ ဥစ္စာပစ္စည်းဆုံးရှုံးမှုကို ဖော်ပြသည်။ (၁၄) ဂဏန်း၏သင်ကြားချက်များ သဘောပေါက်ရန် ခက်သည်။ အဖျက်သဘောက လွတ်လွတ်လပ်လပ်ခွင့်ပြုသည်။ ၎င်းဂဏန်းများ ရုပ်ပိုင်းထိတွေ့မှုအာရုံကိုပေးသည်။ အကယ်၍ ပေါင်းရခြင်းဂဏန်း (၁၄) သည် သရအက္ခရာများပေါင်းရခြင်းဖြစ်ပါက စိတ်လှုပ်ရှားမှု ကပြောင်းကပြန်၊ နှောင့်နှေးမှုများ ကြုံရမည်။ (၁၄) ဂဏန်းကို အတွေ့အကြုံဂဏန်းဟု ခေါ်သည်။

အကယ်၍ (၁၄) ဂဏန်းသည် ဘဝကံကြမ္မာဂဏန်း စုစုပေါင်းဖြစ်ပါက မမျှော်လင့်ဘဲ စိတ်ပျက်စရာများ၊ ဆုံးရှုံးမှုများ ကြုံရမည်။

အကယ်၍ (၁၄) ဂဏန်းသည် ဘဝလမ်းကြောင်းဂဏန်း၏ စုစုပေါင်းဂဏန်းဖြစ်ပါက ခွဲခွာခြင်းဟုဆိုလိုသည်။

(၁၄) ဂဏန်း၏ အခြေခံအချက်က နားလည်မှုမရှိဟုဆိုလိုသည်။ တခြားသူများ၏စေတနာကို နားမလည်ခြင်းဖြစ်သည်။ ထို့ကြောင့် လူသားဆန်ခြင်း သနားကရုဏာ မေတ္တာဖြင့် နားလည်ပေးပြီး အစွန်းရောက်ခြင်းကို ရှောင်ရှားရမည်။ အပြောအဆို၊ အနေအထိုင်ကို ထိန်းသိမ်းရမည်။

(ဆက်ရန်)

ဆရာဒလမင်းခေါင်



www.burmeseclassic.com

www.burmeseclassic.com

'သားတို့ရုပ်ရည် သီတာမည်သား၊
ရေကြည်ချမ်းမြ တစ်ပေါက်ကျကား၊
မိဘတို့ဝမ်း ငြိမ်းစတမ်း'

ဟူသည့် မိဘတို့၏ မေတ္တာကို ဖော်ကျူး ရေးသားထားသည့် ကြည်နူးဆွတ်ပျံ့ဖွယ်ရာ စာဆိုလေးတစ်ခုအဖြစ် ဥဒါန်းတွင်နေခဲ့ပါသည်။

ဤစာဆိုအဖွဲ့အနွဲ့လေးကို မိဘဖြစ်ဖူးသူတိုင်း မည်သူမဆို အနည်းဆုံးတစ်ကြိမ်မက မြည်တမ်း ရွတ်ဆိုကြည့်ခဲ့ကြဖူးမည်ဟု ယုံကြည်ပါသည်။ ကိုးလလွယ်ဆယ်လဖွား မိမိတို့၏ရင်နှစ်သည်းချာသားသမီးရတနာလေးများသည် အိမ်ထောင်စု မိသားစုတစ်စု၏ အိမ်၏ဆည်းလည်းကလေးများပင် မဟုတ်ပါလား ခင်ဗျား။

အမိဝမ်းတွင်းမှ ကျွတ်လာကတည်းက ရင်သွေးရတနာလေးများကို ဆင်းရဲချမ်းသာမရွေး မိဘတိုင်းက အရိပ်တကြည့်ကြည့် ချစ်မဝ၊ ရှုမဝဖြစ်ခဲ့ရပါသည်။ မှက်၊ ခြင်၊ ယင်မသန်းအောင်၊ ဥတု အပူ၊ အအေး မျှတအောင်၊ အစာအာဟာရနို့ချိုဝလင်အောင်၊ ကျန်းမာပြီး ဖွံ့ဖြိုး ကြီးထွားအောင် စသည့် စသည့်တာဝန်များကို မိဘတို့က မလစ်ဟင်းရစေအောင် ဂရုတစိုက် ကြည့်ရှု မွေးမြူစောင့်ရှောက်ခဲ့ကြသည်မှာ ဗြဟ္မာကြီးများနှင့်ပင် အလားတူသည်ဟု တင်စားခဲ့ကြသည် မဟုတ်ပါလား ခင်ဗျား။

မိမိတို့၏ ရင်သွေးငယ် သားသား၊ မီးမီးလေးများ ကျန်းမာ ဖွံ့ထွားလာပြီး အသက် (၁) နှစ်သားဝန်းကျင်အရွယ်လောက်တွင် ဝူးဝူးဝါးဝါး၊ ပါးပါး၊ မားမား စသည့် တစ်စွန်းစ၊ နှစ်စွန်းစ မပီကလာ ပီကလာ စကားသံလေးများသည် မိဘတို့၏ နားဝင်ပီယံမှာ ကမ္ဘာပေါ်တွင် အသာယာဆုံး သံစဉ်တေးသွားတစ်ပုဒ်ထက်ပင် ပို၍နားဝင်ပီယံချိုမြလှပါသည်။

ယနေ့ခေတ် သားသား၊ မီးမီးလေးများသည် ခေတ်မီတိုးတက်သည့်ကာလတွင် ဖြစ်တည် မွေးဖွားလာကြသည်ဖြစ်၍ ခေတ်ကာလ၏ နှိုးဆော်မှုအရှိန်ကြောင့်ပင် မိဘများခေတ်ကာလကထက် ပို၍ဆောလျင်စွာ ဉာဏ်ရည်ဖွံ့ဖြိုးမှု မြန်ဆန်လာကြပါသည်။

မီးမီးလေးများ ဆိုလျှင် အသက် (၁) နှစ်ဝန်းကျင်လောက်တွင် စကားကိုစ၍ စမ်းပြီးပြောဆိုလာတတ်ပေသည်။

သားသားလေးများသည်လည်း အများအားဖြင့် အသက် (၁) နှစ်ခွဲဝန်းကျင်လောက်တွင် စကားစတင် စမ်းပြီးပြောဆိုလာတတ်ကြပါသည်။ သို့သော် အချို့အချို့သော သားသား၊ မီးမီးလေးများသည် အကြောင်းကြောင်းကြောင့် စကားပြောနောက်ကျတတ်သည်ကိုလည်းတွေ့ရတတ်ပါသည်။ ထိုသို့ စကားပြောနောက်ကျသော ရင်သွေးရတနာ

# သာလိကာက "အဘ" ခေါ်ရမည့်

ဦးမင်းဇင်(ရွှေနဝင်း)





www.burmeseclassic.com

www.burmeseclassic.com

လေးများ၏ ဖေဖေ၊ မေမေ၊ အဘိုး၊ အဘွားများ စိုးရိမ်သောကဖြစ်လာကြသည်။

ဘာလုပ်ရမှန်းမသိ။ စမ်းတဝါးဝါးဖြင့် အချို့က ဗေဒင်မေး၊ နတ်မေးဖြင့် ခမည်းပေး၊ သိုက်ကြိုးဖြတ် စသည်အားဖြင့် လမ်းလွဲကုန်ပြီး အနာတလွဲ၊ ဆေးတလွဲဖြစ်နေကြသည်ကို ယနေ့အချိန်မှာ များစွာ တွေ့မြင်နေရပါသည်။

ဤသို့ အခက်အခဲကြုံတွေ့ပြီး စိုးရိမ်သောကဖိစီးမှုများကို ခံစားနေကြရသည့် မိဘများအတွက် အခက်အခဲကို နည်းမှန်လမ်းမှန်နှင့် ဖြေရှင်းနိုင်ရန် မိဘချင်း ကိုယ်ချင်းစာ စိတ်စေတနာဖြင့် ဤဆောင်းပါးကို ရေးသား တင်ပြလိုက်ပါသည်။

စကားပြောနောက်ကျသော ရင်သွေးရတနာလေးများအတွက် မှန်ကန်သောလုပ်ဆောင်မှုနှင့် သဘောတရားများကို ရေးသား တင်ပြပါမည်။

စကားပြော နောက်ကျသည့် ကလေးငယ်များသည် အများအားဖြင့် သလိပ်ဖွဲ့စည်းမှုအား များနေကြသည်ကို အတွေ့ရများပါသည်။

(က) သလိပ်ဖွဲ့စည်းမှုအား များခြင်း ဆိုသည်မှာ -

၁။ သွားရည်အကျများခြင်း၊ သွားရည်ယိုခြင်း၊
၂။ လျှာဝါးခြင်း၊ လျှာဖြူခြင်း၊
၃။ ငိုခြင်း၊ ရယ်ခြင်း စသည်တို့တွင် အသံအင်အားနည်းပါး၍ အသံဝင်နေခြင်း၊
၄။ အစာချက်အားနည်း၍ နှိုအန်ခြင်း၊ အစာမကြေခြင်း မကြာခဏဖြစ်တတ်သည်၊
၅။ ရာသီဥတု အပူ,အအေးဒဏ်မခံနိုင်ခြင်း၊ မကြာခဏချူချာခြင်း၊
၆။ ကိုယ်သားကိုယ်ရေပူနွေးနေခြင်း၊
၇။ အသက်ရှူလျှင် ချွဲသံရှိခြင်း၊ ချွဲကျပ်သံကြားရခြင်း၊

စသည့် အချက်များကို တွေ့မြင်ရပါမည်။

(ခ) ကလေးကို ကိုယ်ဝန်ဆောင်နေစဉ် မိခင်တွင် ဂျိုက်သိုးပေါက်ခဲ့ဖူးခြင်း၊ အသည်းရောင်အသားဝါဖြစ်ခဲ့ဖူးခြင်း၊ စိတ်ကျရောဂါ၊ စိတ်နှင့်ပတ်သက်၍ စိတ်ခံစားမှု ပြင်းထန်ဖိစီးမှုသောကများ ကြုံတွေ့ခဲ့ရခြင်း စသည် အခြေအနေများ။

ရှင်းချက် -

မိခင်တွင် ကိုယ်ဝန်လနုစဉ် ဂျိုက်သိုး (ခေါ်) ဂျာမန်ဝက်သက်ပေါက်ခဲ့ဖူးလျှင် ကိုယ်ဝန်သန္ဓေသားတွင် ကိုယ်လက်အင်္ဂါ ချို့ယွင်းမှုဖြစ်တတ်ခြင်း၊ နားအကြားအာရုံ ချို့ယွင်း၍ နားလေးနားပင်းခြင်းဖြစ်တတ်ကြသည်။

အကယ်၍ ကလေးတွင် အထက်ပါ ချို့ယွင်းချက်ကြောင့် နားလေးနားပင်းနေပါက တော်ရုံနှင့်သတိမထားမိကြပါ။ ကလေးအတော်ကြီးပြီးလာမှသာ သိနိုင်ကြသည်။

ထိုသို့သော ကလေးမျိုးတွင် စကားပြောခြင်း နှောင့်နှေးစေသည်။ စကားအသံကို မှတ်သားနိုင်ရန် သောတအာရုံ ချို့တဲ့နေသည့်အတွက်ကြောင့် တုံ့ပြန်၍ စကားသံကို ပြောဆိုရန် မဖြစ်နိုင်ခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မိခင်လောင်းများ ကလေးကိုယ်ဝန်လနုစဉ် ဂျိုက်သိုးမပေါက်စေရန် အထူး ဂရုစိုက်ရန် လိုအပ်ပါသည်။ အကယ်၍ ဂျိုက်သိုးပေါက်ခဲ့လျှင်လည်း ကျွမ်းကျင်နားလည်သော သမားတော်များနှင့် ကုသမှု ခံယူရန် လိုအပ်ပါသည်။

ထိုသို့သောကလေးများကို အရပ်ထဲတွင် သိုက်ကလာသည် ဘာဘာညာညာပြောဆိုမှုများကြောင့် ကုသမှုလမ်းလွဲတတ်သည်ကို အထူးသတိထားရန် လိုပါသည်။

(ဂ) ကလေးမွေးဖွားစဉ် ပေါင်မပြည့်၊ လမစေ့မွေးဖွားခဲ့ခြင်း၊ ကလေးမွေးကင်းစတွင် အသားဝါဓာတ်အဆင့်မြင့်မားစွာ ခံစားခဲ့ရခြင်း၊ မိဘနှစ်ပါး၏ သွေးချင်းဓာတ်မတည့်မှုကြောင့် ကလေးတွင် ထိခိုက်မှုရှိခြင်း။

(ဃ) မိဘနှစ်ပါးသည် အသက်ကြီးအရွယ်လွန်မှ သားသမီးမွေးဖွားခဲ့ခြင်း၊ အသက် (၄၀) ဝန်းကျင်တွင် သားသမီးရခြင်း။



(င) ကလေးမွေးဖွားစဉ် ညှပ်စွဲ၍ မွေးခဲ့ရခြင်း၊ အရပ်လက်သည်နှင့် မွေးဖွားစဉ် မီးဖွားရခက်ပြီး အင်နှင့်အားနှင့် ကလေးကို တွန်းချ၍မွေးခဲ့ခြင်း။

(စ) မိခင်ဘက်မှသော် လည်းကောင်း၊ ဖခင်ဘက်မှသော် လည်းကောင်း ဉာဏ်ရည်ချို့ယွင်းမှု မျိုးရိုးဗီဇပါလာခြင်း -

စသည့် ဖော်ပြပါ အကြောင်းအချက်များတစ်ခုခုနှင့် တိုက်ဆိုင် ကြုံတွေ့ခဲ့ရခြင်း အခြေအနေတို့ကြောင့် စကားပြောနောက်ကျသော ရင်သွေးရတနာလေးများကို တွေ့ရတတ်ပါသည်။

မိမိ၏ ရင်သွေးရတနာလေးများ အကြောင်းအမျိုးမျိုးကြောင့် ထိုကဲ့သို့ တွေ့ကြုံပြီး စကားပြောနောက်ကျနေပါက အမြန်ဆုံးစကားပြောလာပြီး မိဘများ စိတ်နှလုံး ရွှင်ပြုံးလာနိုင်စေရန် နည်းလမ်းကောင်းလေးများကို တင်ပြလိုက်ပါမည်။

(၁) စကားပြောနောက်ကျသော ကလေးငယ်ကို စကားပြောလာစေရန် ပထမဦးဆုံးလုပ်ရမည်မှာ ကလေးငယ်၏ အသံဖြစ်ပေါ်ရာ လည်ချောင်းအတွင်းရှိ အသံအိုးနှင့် အသံကြိုးလေးများ အားရှိသန်မာလှုပ်ရှားလာစေရန်အတွက် မိဘတို့က ပြုပြင်လေ့ကျင့်ပေးရမည်။

ကလေးငယ်ကို အခြေခံ အသံတစ်ခု ဖြစ်သည့် 'အား' ဟူသော အသံကို မိဘတို့က ကလေးကို မကြာခဏ အော်မြည်အောင် လုပ်ဆောင်လေ့ကျင့်ပေးရမည်။

ထို 'အား' ဟူသော အသံသည် အခြေခံ အာမေဍိတ်အသံဖြစ်၍ မည်သူမဆို အော်မြည်နိုင်သည့် အခြေခံအသံဖြစ်သည်။

ထိုအခြေခံအသံဖြင့် စတင်၍ ကလေးငယ်၏ အသံကြိုးလေးများ လှုပ်ရှားမှုကို စတင်၍ ကလေးငယ်၏အသံကြိုးလေးများ လှုပ်ရှားမှုကို စတင်၍ မိဘတို့က ဖွဖွရှိရှိ နှိုးဆော်လေ့ကျင့်ပေးပါ။ အကျိုးဖြစ်ထွန်းလာပါလိမ့်မည်။

၎င်းအသံနှိုးဆော်လေ့ကျင့်သားအတော်ရလာလျှင် 'အီး၊ အဲ၊ အေး၊ အော' ဟူ၍ အဆင့်ဆင့်ပြောင်း၍ အသံလေ့ကျင့်နှိုးဆော်ပေးပါ။

၎င်းမှတစ်ဆင့်တက်၍ ဖေဖေ/ပါးပါး၊ မေမေ/မားမား စသည့် ကလေး အသံထွက်ရ လွယ်ကူသော စကားလုံး



www.burmeseclassic.com

www.burmeseclassic.com

များကို သင်ပေးပါ။ တဖြည်းဖြည်း လျှာသွက်၍ အသံအားရှိလာပြီး ကလေးနားရည်ဝ ပြောရလွယ်ကူသော စကားလုံးတွေကို ပြောဆိုလာပါမည်။

တစ်ဖန် ကလေးငယ်ကို အသံလေ့ကျင့် နှီးဆော်နေစဉ်အတွင်း နံ့သာ[illegible] ဇာသီး၊ ကရမက် (၃) မျိုး ရောသွေး၍ နံနက်၊ ည တစ်နေ့ (၂) ကြိမ် ကလေးငယ်၏မေးစေ့အောက်နှင့် လည်ပင်း၊ လည်ချောင်းတစ်ပြင်လုံးကို ဆေးရည်ဖြင့် သေချာစွာပွတ်၍ လိမ်းပေးပါ။ ၎င်းဆေးရည်လိမ်းပေးရခြင်း၏အကျိုးအာနိသင်မှာ ကလေး၏ အသံအိုးနှင့် အသံကြိုးလေးများ သွက်လက်အားရှိပြီး လှုပ်ရှားသွားလာမှုကို ကူညီပံ့ပိုးပေးပါသည်။

ပြီးလျှင် ကလေးငယ်၏လျှာပေါ်တွင် ရှောက်ရည်ကို (၂) စက်၊ (၃) စက်ခန့် တို့ပေးပါ။ တစ်နေ့ (၂) ကြိမ်ခန့် တို့ပေးပါ။

(ကလေးကို ရှောက်ရည်တိုက်ခိုင်းခြင်း မဟုတ်ပါ။ ရှောက်ရည်ကို လျှာပေါ်တင်၍တို့ခိုင်းခြင်းသာ ဖြစ်သည်။)

မိဘများ နားလည် သဘောပေါက်အောင် ဆောင်းပါးကို သေချာစွာ ဖတ်ပြီးမှ လုပ်ပါ။

အချဉ်ဓာတ် အမျိုးမျိုးရှိရာ ရှောက်ရည်သည် ဝါယောအာကာသဓာတ်ကို ဖြစ်ပေါ်စေသည့်အတွက် ရှောက်ရည်ကိုသုံးရခြင်း ဖြစ်သည်။

ကလေးငယ်၏ လျှာပေါ်တွင် ရှိနေသော အာရုံကြောငယ်လေးများကို ရှောက်ရည်၏ ပင်ကိုအစွမ်းသတ္တိဖြစ်သော ဝါယောအာကာသဓာတ်နှင့် နှိုးဆော်၍ အာရုံကြောပွင့်အောင်ဖွင့်ပေးခြင်း ဖြစ်ပါသည်။

ရှောက်သီး၏ရနံ့ကိုလည်း ကလေးငယ် အနံ့ရအောင် အနံ့ပေး၍ ရှူခိုင်းပါ။ ရှောက်သီး၏ရနံ့ဓာတ်သည်လည်း လျှာ၊ ပါးစောင်၊ ခံတွင်းတို့ရှိ အာရုံကြောလေးများကို နှိုးဆော်သောဓာတ်ရှိပြီး အနံ့ရရုံဖြင့် သွားရည်စိမ့်ထွက်လာပြီး ပါးကြော၊ နားကြောများ အကြောလှုပ်လာသည်ကို လူတိုင်း သိမြင်ခံစားနိုင်ပါသည်။

သဘာဝတရားကြီးထဲတွင် ရှိနှင့်ပြီးသော အစွမ်းသတ္တိများကို သင့်တော်သည့်နေရာတွင် အကျိုးရှိစွာ အသုံးချတတ်ဖို့မှာ တွေးတောဆင်ခြင်ဉာဏ်ထက်မြက်ပြီး ကြည့်မြင်တတ်ဖို့သာလိုပါသည်။



(၂) စကားပြောနောက်ကျသည့် ကလေးငယ်အား ပဒဲကောကြီးဥကို ကျောက်ပျဉ်သန့်သန့်တွင်သွေး၍ ဆားအနည်းငယ်ထည့်ပြီး ကလေးငယ်၏ လျှာကို တစ်နေ့ (၂) ကြိမ် ပွတ်ပေးပါ။ ခွံ့ပေးပါ။

(၃) ကြက်ဆီဘူး (မွေးမြူရေးအသားတိုး ကြက်ဆီဘူးကို မသုံးရပါ။) အိမ်ကြက်ဆီဘူးကိုသာ သုံးပါ။ ချင်းအရည်သင့်တော်ရုံနှင့်နယ်၍ ဆားသင့်ရုံထည့်ပြီး မီးကင်၍ကျွေးပါ။

(၄) ငခွေးလျှာငါးကိုလည်း ချင်းရည်သင့်ရုံနယ်၍ ဆားသင့်ရုံထည့်ကာ မီးကင်၍ကျွေးပါ။

(၅) နန်းတွင်းလျှာပွတ်ဆေးတောင့်ကို ငရုတ်ကောင်းစေ့ (၃)စေ့ခန့် ကလေးကို နေ့စဉ် (၁) ကြိမ် လျှာပွတ်ပေးပါ။

အထက်ဖော်ပြနည်းတို့မှ မိမိတို့လက်လှမ်းမှီရာ နည်းတစ်မျိုးမျိုးကို မိဘများ လုပ်ကိုင်ဆောင်ရွက်ပေးမည် ဆိုလျှင် မိဘများဘဝင်အေးအောင် ရင်သွေးရတနာလေးများ စကားတီတီတာတာပြောလာကြပါမည်။

(၆) အကယ်၍ စကားပြောနောက်ကျသော ရင်သွေးငယ်လေးများ၏ မိဘများသည် မြန်မာ့ရိုးရာ စတီနည်းလမ်းများကို လက်ခံယုံကြည်ပါသည်ဆိုလျှင် ထိရောက် ထက်မြက်သော စတီနည်းကောင်းလေးများကို ထပ်ပြီး တင်ပြပေးပါမည်။

(က) ဆီးသားကို ယောက်မလုပ်ပြီး မိမိတို့အိမ်တွင် ထိုဆီးသားယောက်မနှင့် ထမင်း၊ ဟင်းကို (၇) ရက်ပြည့်အောင် ချက်ပါ။ (ဓာတ်သက်ဝင်စေရန်ဖြစ်သည်။) (၇) ရက်စေ့လျှင် ထိုဆီးသားယောက်မနှင့် စကားပြောနှေးသည့် ကလေးငယ်၏ ပါးစပ်ကို ဟခိုင်းပြီး ဆီးသားယောက်မဖြင့် (၇) ချက် အသက်အောင့်ပြီး ကလေးငယ်၏ မိခင် (သို့) ဖခင်မှ စတီမွေပေးပါ။

ပြီးလျှင် ရင်းနှီးသော ဘုန်းတော်ကြီးကျောင်းသို့ မိခင် (သို့) ဖခင်က ယောက်မကို ယူသွားပြီး 'စကားတောင်စား မောင်/မ xxx (ကလေးနာမည်ကို ထည့်) က ဆီးသားယောက်မကို စကားပေါက်ပေါက်ဖောက်ရန် လှူဒါန်းပါတယ် ဘုရား' ဟု ပြောဆို၍ လှူခဲ့ပါ။

ဒါဆို စတီ ယတြာ အောင်မြင်ပါပြီ။ ဆရာတော်မှ 'အေး၊ စကားတောင်းစား မောင်/မxxx လှူဒါန်းတဲ့ ဆီးသားယောက်မနဲ့ စကားပေါက်ပေါက်ဖောက်ပြီး ခုံတော်မောင်ကျဘန်းကို ကျွေးလိုက်မယ်ဟေ့' ဟု မာန်ပါပါ ပြန်၍ စကားမိန့်ကြားပေးလိုက်ပါလျှင် အတိုင်းထက်အလွန် ပို၍ပြည့်စုံသွားပါပြီ။

(ခ) ဆိုင်းဝိုင်း၊ ဒိုးပတ်ဝိုင်းများတွင် တီးမှုတ်သော အသုံးပြုပြီးသားနှဲ၏အခင်(နှဲအခင်)ကို ကလေးငယ်၏ မိခင် (သို့) ဖခင်မှ 'နှဲဆရာကြီး၊ (xxx) နေ့သား/သမီးကလေး စကားတီတီတာတာပြောဆိုစေရန် အိမ်သို့ကြွပါ'ဟု နှုတ်မှ ပြောဆိုပြီး တောင်းယူလာ၍ ကလေးငယ်၏လည်ပင်းတွင် ချည်မန်းကြိုး (သို့) ပရိတ်ကြိုးဖြင့်ချည်၍ စတီဆွဲထားပေးပါ။

(xxx) နေရာတွင် ကလေး၏ နေ့နံကို ထည့်၍ပြောဆိုပါ။ ဥပမာ တနင်္ဂနွေသား/သမီး စသည့် နေ့နံအလိုက် ထည့်ပြောပါ။

အထက်ဖော်ပြပါ မြန်မာ့ရိုးရာ စတီနည်းလမ်းများသည် စကားပြောနှေးသည့် မိမိတို့၏ရင်သွေးရတနာလေးများအတွက် အခက်တွေ့ပြီး စိုးရိမ်သောကရောက်နေကြသည့် မိဘများအတွက် လွယ်ကူ မှန်ကန်ပြီး လက်လှမ်းတမီလုပ်ကိုင် ဆောင်ရွက်နိုင်စေရန် မိဘများစာနာသော စိတ်စေတနာရင်းဖြင့် ရေးသား ဖော်ပြလိုက်ပါသည်။

ယုံကြည်ချက်ပြင်းပြစွာ လုပ်ကိုင်ဆောင်ရွက်ကြမည်ဆိုလျှင် စကားပြောနှေးသော ရင်သွေးရတနာလေးများသည် 'သာလိကာက အဘခေါ်ရ လောက်အောင်' ပင် စကားကြွယ်လာပါလိမ့်မည်။

*အနာဂတ်၏*
*သားသမီးရတနာလေးများ*
*ပန်းကလေးများလို*
*ရှင်လန်းကျန်းမာကြပါစေ*

ဦးမင်းဇင် (ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com

လူရှိန်အောင်

သိုက်ကြီးပြတ်တဲ့ဖူးစာ

ကံနက်ကျော်ဟာ လက်ပံတောရွာမှာမွေးတယ် ဆိုပေမယ့် အဲဒီရွာဟာ သူနဲ့ လုံးဝ မပတ်သက်သလိုမျိုး။

ရွာနှင့်တော်တော်လေးဝေးသည့်တောထဲမှာ တဲထိုးနေပါတယ်။ အမဲလိုက်ခွေးကြီး ရန်လုံနဲ့ပေါ့။ အရက်ကိုကိုယ်တိုင်ချက်သောက်သည့် ကံနက်ကျော်သည် ဘယ်တော့မှ အင်္ကျီမဝတ်။ ပုဆိုးခါးတောင်းကျိုက်နှင့်၊ သျှောင်တစောင်းနှင့် ဖြစ်၏။

ရင်ဘတ်နှင့်ကျောတွင် ထိုးထားသည့် ဆေးမင်ကြောင်အရုပ်များသည် တကာယ်ကိုအသက်ဝင်နေသည့်အလား။

ဆံပင်ကိုဖားလျားချကာ ငှက်ကြီးတောင်ဓားတစ်လက်၊ ခွေးတစ်ကောင်နှင့် အမဲလိုက်လျှင် ထိုသားကောင်သည် ကံနက်ကျော်လက်ထဲက လွတ်ရိုးထုံးစံမရှိချေ။

ကံနက်ကျော်ဟာ မူဆိုးစစ်စစ်ကြီးလည်း မဟုတ်ပါဘူး။ စိတ်ထဲထင်ရာလျှောက်လုပ်နေတာဆိုပါတော့။ ကံနက်ကျော်ကို တစ်ကောင်ကြွက်၊ အထီးကျန်လို့ထင်ရင် အမှားကြီးမှားသွားမှာပေါ့။

ကံနက်ကျော်ရဲ့မိဘတွေဟာ ဘိုးစဉ်ဘောင်ဆက် ချမ်းသာခဲ့ကြတဲ့ ရွာမျက်နှာဖုံးသူဌေးတွေလေ။ ကံနက်ကျော်ရဲ့ ညီအစ်ကိုမောင်နှမတွေအားလုံးဟာ အိမ်ထောင်ကျကုန်ကြပြီ။ သူတို့စီးပွားနဲ့ သူတို့ အဆင်ကိုပြေလို့။

တစ်မိပေါက် တစ်ယောက်ထွန်း ကံနက်ကျော်ဟာ မိဘတွေရဲ့လယ်ယာလုပ်ငန်းတွေကို လုံးဝ စိတ်မဝင်စားဘူး။ စိတ်ထဲရှိသမျှ ထင်တိုင်းကြဲနေတဲ့ သားတော်မောင်ကို မိဘတွေက မတတ်သာလို့ လွှတ်ထားရတဲ့သဘော။

ကံနက်ကျော်ဟာ သူစိတ်ပါရင် မိဘတွေရှိရာကို ပြန်လာတတ်တယ်။ အစ်ကို၊ အစ်မတွေအိမ်မှာ ထမင်းဝင်စားတတ်တယ်။ ပိုပြီး ထူးခြားတာကတော့ ကံနက်ကျော်ဟာ (၁၅)နှစ်သားကတည်းက ရွာမှာ မအိပ်တော့တာပါဘဲ။

တောထဲမှာပဲ ပြန်အိပ်တတ်တယ်။

ရွာထဲကလူကြီးသူမတွေ ပြောကြတာပဲ။ ကံနက်ကျော်နေနေတဲ့ တဲဟာ သချိုင်းမြေဟောင်း၊ မြေကြမ်းဆိုပဲ။ အဲဒီနေရာမှာ တစ်ယောက်တည်းနေခဲ့တဲ့ ကံနက်ကျော်ရဲ့သတ္တိကို ချီးကျူးကြတယ်။ လက်ဖျားခါကြတယ်လေ။

ကံနက်ကျော်ဟာ အရက်ကို ကိုယ်တိုင်ချက်သောက်ပေမယ့် ဘယ်သူ့ကိုမှ မစော်ကားဘူး၊ ရန်မရှာဘူး၊ ပြဿနာမရှာတတ်ပါဘူး။ သူ့ဟာသူ အေးရာအေးကြောင်းနေတာ။ တောထဲမှာ အနေများတာမို့ ရွာကလူတွေနဲ့ သိပ်ပြီးအဆက်အဆံမရှိဘူး။ အသိရခက်တဲ့ လူစားတစ်မျိုးပေါ့။

ရွာရဲ့အကျိုးကို မသယ်ပိုးသလို ရွာကိုအကျိုးယုတ်အောင်လည်း မလုပ်ပါဘူး။ ကံနက်ကျော်ဟာ ရွာထဲကို ညဘက်ဝင်တာများပါတယ်။

အထူးသဖြင့် သားကောင်ရရင်ပေါ့။

၀

ရွာလယ်လမ်းမကြီးတစ်လျှောက်





www.burmeseclassic.com

www.burmeseclassic.com

တွင် လရောင်သည် ကပိုကရိုဖြာကျနေလေ၏။ နှင်းမှုန်နှင်းဖတ်တို့သည် ဖွဲဖွဲနှင့်လျက်ရှိချေပြန်၏။

ခုနစ်စင်ကြယ်ပြောင်ကား အမြီးထောင်လျက်ရှိချေပြီ။ လရောင်နှင်းစက်တို့၏အောက်တွင် လက်ပံတောရွာကလေးသည် အိပ်မောကျလျက်။

သုသာန်တစပြင်မှ တောခွေးတစ်ကောင်၏အူသံသည် လက်ပံတောရွာအတွင်းသို့ ကသောကမျော ဝင်ရောက်လာလေ၏။ ဘာရယ်လို့တော့ မဟုတ်၊ ရွာအတွင်း၌ရှိသော ခွေးတို့သည်လည်း တစ်ကောင်ပြီးတစ်ကောင် လိုက်အူကုန်ကြလေ၏။

ခွေးအူသံတို့က အတောမသတ်။ လရောင်ပြာသောညသည် ထိတ်လန့်တုန်လှုပ်ဖွယ်ရာအသွင်သို့ ချက်ချင်းပြောင်းသွားလေပြီ။ ပိတ်ရန်မေ့လျော့နေကြသော ခြံတံခါး၊ အိမ်တံခါးတို့ကို ကြောက်လန့်တကြား ထပိတ်ကြလေ၏။ ကလေးငယ်တို့၏ငိုသံတို့သည် စီခနဲ၊ ညံခနဲ။

မီးခွက်များကို မှုတ်ကြလေ၏။ ရသမျှ ဘုရားစာတို့ကို ရွတ်ကြလေ၏။ ခွေးအူသံများအဆုံးဝယ် ရွာလယ်လမ်းတစ်လျှောက်တွင် ထွက်ပေါ်လာချေ၏။

တစ်ယောက်သောသူသည် ထရံ





www.burmeseclassic.com

www.burmeseclassic.com

အပေါက်မှနေ၍ မရဲတရဲချောင်းကြည့်မည်ဆိုပါက အောက်ပါမြင်ကွင်းကို တွေ့နိုင်ပါလိမ့်မည်။

တွေ့ကရာ ပါးစပ်သီချင်းတို့ကို အသံဝါဝါကြီးနှင့် အော်ဆိုနေသောလူတစ်ယောက်။ ထိုသူသည် ခါးတောင်းကို မြှောင်နေအောင် ကျိုက်ထား၏။ ဆံပင်ကို ဖားလျားချထား၏။ ညာဘက်လက်တွင် ငှက်ကြီးတောင်ဓားတစ်ချောင်းကို ကိုင်လို့။ ဓားသွားသည် လရောင်တွင် ပြိုးခနဲ၊ လက်ခနဲ။

ဘယ်ဘက်လက်ထဲတွင် တစ်စုံတစ်ရာကို တရွတ်တိုက်ဆွဲလာဟန် တူလေ၏။ သူ့နောက်မှာတော့ ခွေးကြီးတစ်ကောင်က ကောက်ကောက်ပါအောင် လိုက်လာချေ၏။

ထိုသူကား အခြား မဟုတ်၊ ကံနက်ကျော်ပင်တည်း။ သန်းခေါင်ကို နေ့မှတ်နေသော ကံနက်ကျော်။

ပုတီးကိုစိပ်၊ ဘုရားစာရွတ်နေသော အိုကြီးအိုမများက-

"သူကျတော့ မြွေကမကိုက်-ဟွန်း"

အိမ်ထဲမှာ တုတ်တုတ်မလှုပ်ရဲဘဲ ငုတ်တုတ်ထိုင်ကာ အပြစ်တင်၊ မေတ္တာပို့နေကြ၏။ တစ်ယောက်မှလည်း ထွက်မပြောရဲကြ။ ကံနက်ကျော်ရဲ့လက်ထဲမှာ ငှက်ကြီးတောင်ဓားကြီးနဲ့လေ။ ဓားသွားက လရောင်မှာ မြလို့။

သူကြီးမင်း ဦးစိန်နဘဲ၏ခြံဝိုင်းအရှေ့သို့ရောက်သည်နှင့်-

"ဗျို့- သူကြီး၊ သူကြီး"

ခွေးအူသံတွေကြားထဲက သူကြီးမင်းတို့မိသားစု နိုးနေကြပြီ။ မီးတုတ်တွေ၊ အောက်လင်းမီးတွေ ထွန်းပြီးသွားပြီ။ ခြံဝိုင်းထဲမှာ ထိန်လို့၊ လင်းလို့။

ဆရာ့ဆရာတွေက သိုက်ကလာသည်ဟု ပြောသော၊ ပုံမှန်စိတ်မရှိရှာသော၊ လှသော၊ ချောသော သူကြီးသမီး မြင့်စန်းရီသည် မျက်ဝန်းညိုတို့ဖြင့် ခြံအပြင်ကို ငေးကြည့်ကာ-

"ဦးကံနက်ကျော်ကြီးတော့. . . ဖေဖေ"

"အသာနေစမ်းသမီးလေး၊ အပြင်ထွက်မလာနဲ့။ ဟဲ့- စိန်သုံး"

သူကြီးကတော် ဒေါ်စိန်သုံးက-

"ဘာလဲတော့"

"သမီးလေးကိုကြည့်ထား၊ အပြင်ထွက်မလာနဲ့"

"ဟုတ်ကဲ့ပါတော်"

မီးတုတ်ကိုင် တပည့်နှစ်ယောက်ကို ခြံရံကာ သူကြီးမင်းသည် ခြံအပြင်သို့ ထွက်လာခဲ့လေ၏။

"သူကြီး၊ သူကြီး"

ကံနက်ကျော်၏ စိတ်မရှည်သော ခေါ်သံတို့သည် တိတ်ဆိတ်သောညတွင် ဟိန်းဟိန်းညံနေလေ၏။

"ဟေ့ကောင် - အသံပြဲကြီးနဲ့ အော်မနေနဲ့၊ လာပြီကွ"

ဟော- တွေ့ပါပြီ။ လရောင်နှင့် စက်နှင့် မီးရောင်တို့တွင် ပြက်ပြက်ထင်ထင်ကြီး၊ မားမားကြီးကို ရပ်နေတာ။

"အို"

မိခင်တားထားတဲ့ကြားမှ ခြံဝသို့ လိုက်ထွက်လာသော သူကြီး၏သမီးချော လှတပတလေး မြင့်စန်းရီ၏ရွှေရင်အစုံသည် ဆတ်ဆတ်ကယ်ခုန်လေပြီ။

ခါးတောင်းကိုမြှောင်အောင်ကျိုက်ထားကာ ဆံပင်ကို ဖားလျားချထားပြီး ငှက်ကြီးတောင်ဓားကို ကိုင်ထားသော ကံနက်ကျော်၏ ယောကျာ်းပီသလွန်းသောရုပ်သွင်သည် ရာဇဝင်ထဲက သူရဲကောင်းတစ်ယောက်အလား။

သိုက်ကလာသည်ဆိုသော မိန်းမချောလေး မြင့်စန်းရီသည် စိတ်လွတ်ကိုယ်လွတ် ငေးမောနေဆဲ။

သူကြီးမင်းက အာဏာသံကြီးဖြင့်-

"ဘာလဲ ငကံ၊ သားကောင်ရလာပြန်ပြီလား"

ကံနက်ကျော်၏မျက်လုံးတို့သည် သူကြီးမင်းဆီမှာမရှိ၊ ဖခင်သူကြီးမင်း၏နောက်တွင် ကပိုကရိုလေး ရပ်နေသော မိန်းမချောလေး မြင့်စန်းရီဆီရောက်နေတာ။

"မှန်တာပေါ့ သူကြီးရာ ဟားဟား"

"မမှန်ဘူး ငကံ၊ မင်းမှားနေတာကြာပြီဟ။ ညကြီးအချိန်မတော် ရွာထဲကို မင်းဝင်လာရင် အားလုံး အထိတ်တလန့် ဖြစ်တယ်ကွ"

"သူကြီးပဲ သားကောင်ရရင် အချိန်မရွေး လာခဲ့ဆို၊ လတ်လတ်ဆတ်ဆတ်စားချင်တယ်ဆို"

သူကြီးမင်းကလည်း သူကြီးမင်း။ ပါဏာတိပါတာ မပါဘူး ဆိုလျှင် စားရသောက်ရတာ ဟာတာတီတာတာ ဖြစ်နေတာ။ ခုတွင်မတွေ့ဘူး။ သားကောင်ရလျှင် သူ့ကို အချိန်မရွေးလာပို့ပါလို့ စကားကျွံထားတာလေ။ ခု သားကောင်လာပို့နေပြီ။

သူကြီးမင်းသည် သူ့စကားနဲ့သူဆိုတော့ လေသံကိုလျှော့ကာ-

"ဒါတော့ဒါပေါ့ ငကံရာ၊ ရွာထဲဝင်ရင် တိုးတိုးတိတ်တိတ်လာပါလားဟ။ ခွေးတစီစီနဲ့။ ရွာထဲကလူတွေက ဘာပြောမှတ်လဲ"

ကံနက်ကျော်က လှချင်တိုင်းလှနေသော မြင့်စန်းရီကို မျက်လုံးရိုင်းကြီးတွေဖြင့် လှမ်းကြည့်လိုက်၏။ မြင့်စန်းရီသည် ရင်တုန်ပန်းတုန်ဖြင့် မျက်လွှာကို ကပျာကယာချလိုက်၏။

ကံနက်ကျော်က-

"ကံနက်ကျော် ရွာထဲဝင်လာရင် ရွာနာတယ်၊ ရွာကလူတွေ ဖျားတယ်၊ နာတယ်၊ အခန့်မသင့်ရင် သေတယ်လို့ ပြောချင်တာလား။ အယူမသီးစမ်းပါနဲ့ သူကြီးရာ၊ တိုက်ဆိုင်မှုတွေပါဗျ ဟားဟား"

သူကြီးမင်းသည် ဆေးတံတိုကြီးထဲသို့ ဆေးသားများထည့်ကာ မီးညှိဖွာရှိုက်လေ၏။ အခိုးအငွေ့တို့သည် လေထုထဲတွင် ယောက်ယက်ခတ်ကုန်တော့၏။

"သားကောင်လာပို့တာဆို၊ ဘယ်မှာလဲဟ"

"မနိုင်လို့ ရွာထိပ်မှာထားခဲ့တာ၊ ပြီးရင် သူကြီးမင်းရဲ့တပည့်ကို လိုက်ယူခိုင်း"

ကံနက်ကျော်သည် ဘယ်ဘက်လက်တွင် တရွတ်တိုက်ဆွဲလာသော အရာကို အခဲမကျေစွာ ငုံ့ကြည့်ကာ-

"ရွာအဝင် ညောင်ပင်အောက်ကိုလည်းရောက်ရော နာနာဘာဝတစ်ကောင်က အတင်းဝင်လုတာဗျ။ ကံနက်ကျော်ကို ဒီလိုလာစမ်းလို့မရဘူးလေ။ ကျုပ်နဲ့နာနာဘာဝ နပန်းသတ်ကြတာဗျ။ ဓားစာကျွေးလိုက်မှ ကိစ္စပြတ်တာ"

ဓားကိုဝင့်ပြသည်။ ဟုတ်တယ်၊ ဓားမှာသွေးစေးတွေနဲ့။ ခြောက်ဇတောင်မခြောက်သေးဘူး။

သူကြီးမင်းနှင့်တပည့်နှစ်ယောက်မှာ ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ထားရတာ။ ကံနက်ကျော်သည် မသန်သည့်နေရာတွင် တဲထိုးနေသည်။ အရက်သောက်ထားလေသည်။ အရက်ကြောင်ကြောင်ကာ ပြောချင်ရာပြောနေတာဟု သူကြီးမင်းက သဘောပေါက်လိုက်၏။

သူကြီးမင်းက ရယ်သံဖြင့်-

"ဘယ်မှာလဲ မင်းပြောတဲ့ နာနာဘာဝ"

"ဒီမှာလေ"

ကံနက်ကျော် ပြသည့် နာနာ



www.burmeseclassic.com

www.burmeseclassic.com

ဘာဝကို ကြည့်လိုက်သည်။ သစ်ကိုင်းခြောက်ကြီး။ သူကြီးမင်း ရယ်သည်။ ခွက်ထိုးခွက်လန် ရယ်သည်။ သူကြီးမင်း ရယ်တော့ တပည့်တွေပါ လိုက်ရယ်ကြသည်။

ရယ်သံတွေကြောင့် သစ်ပင်ထက်တွင်ရှိသော ညဉ့်ငှက်တို့သည် အလန့်တကြားဖြစ်ကာ အဝေးဆီသို့ ထပျံပြေးကုန်ပြီ။

"ငကံ"

"ဘာလဲ သူကြီး"

"မင်း- အရက်ကြောင် ကြောင်နေပြီကွ။ အဲဒါ သစ်ကိုင်းခြောက်ကြီးလေ"

မြင့်စန်းရီသည် သစ်ကိုင်းခြောက်ဆိုသော အရာကို မံရဲတရဲကြည့်ကာ-

"သစ်ကိုင်းခြောက် မဟုတ်ဘူး ဖေဖေရဲ့။ ဘာကောင်ကြီးလဲ မသိဘူး၊ လှုပ်တုပ်လှုပ်တုပ်နဲ့"

ခက်တော့ခက်နေပြီ ဆိုသလိုပါပဲ။ ဖခင်သူကြီးမင်းက သစ်ကိုင်းခြောက်တဲ့၊ မြင့်စန်းရီက သစ်ကိုင်းခြောက် မဟုတ်ဘူးတဲ့။ ဘာကောင်ကြီးလဲ မသိ၊ လှုပ်တုပ်လှုပ်တုပ်နဲ့တဲ့။

"ဟေ့- စိန်သုံ"

"တော်"

"အပြင်မှာ ဒါလောက်အေးနေတာ၊ သမီးကိုခေါ်သွား"

"လာ- သမီးလေး"

မြင့်စန်းရီက သစ်ကိုင်းခြောက်ကို ကြည့်ကာ-

"လျှာကြီးထွက်နေတယ်တော့"

"လာစမ်းပါ သမီးလေးရယ်"

မြင့်စန်းရီသည် မိခင်ကြီးခေါ်ရာ နောက်သို့ ယက်ကန်ယက်ကန်နှင့် ပါသွားလေ၏။

မြင့်စန်းရီ၏ညို့မျက်ဝန်းတို့သည် ကံနက်ကျော်ကို ကြည့်ဖြစ်အောင်ကြည့်သွားသေးတာ။

"နာနာဘာဝ ဆိုတာ သူကြီးက မယုံဘူးဗျ"

"ယုံစရာလား၊ သစ်ကိုင်းခြောက်ကြီးကို"

ကံနက်ကျော် ဒေါသထွက်သွား၏။

"လက်တွေ့ပြရတာပေါ့။ ရေနံဆီရှိလား"

"ရှိပါ့ကွ။ ဟော့ကောင် ပါပု၊ ယူပေးလိုက်စမ်း"

သူကြီးမင်းကိုယ်တိုင်လည်း စိတ်မရှည်တော့ပါဘူး။ အပြင်မှာ အရမ်းအေးနေပြီကိုး။ သားကောင်လာပို့သည်ဆိုသော ကံနက်ကျော်ဆီမှာ သားကောင်ကိုမတွေ့ရ။ တောင်ပြောမြောက်ပြောနဲ့ လေကုန်တာပဲအဖတ်တင်သည်။

"ရော့"

ကံနက်ကျော်က ရေနံဆီပုလင်းကို လှမ်းယူကာ သူကြီးမင်းတို့အမြင် သစ်ကိုင်းခြောက်၊ သူ့အမြင် နာနာဘာဝကောင်ပေါ်သို့ လောင်းချလိုက်သည်။

ပြီးနောက် မီးတုတ်ကို လှမ်းယူကာ. . .။

မီးကား ဟုန်းဟုန်းတောက်ကာ လောင်လေပြီ။ သူကြီးမင်းနှင့် တပည့်နှစ်ယောက်တို့သည် မီးလောင်မြင်ကွင်းအား မမှိတ်မသုန် စိုက်ကြည့်နေကြ၏။

မကြာပါချေ၊ အလွန်ကြီးသော ပုတ်သင်ညိုကြီးတစ်ကောင်သည် သစ်ခေါင်းပေါက်အတွင်းမှ ပြေးထွက်လာကာ ကြောက်မက်ဖွယ်အသံကြီးဖြင့် အော်ဟစ်ပြီး အနီးရှိ သရက်ပင်အိုကြီးပေါ်သို့ ပြေးတက်သွားချေ၏တကား။

တော်တော်လေးကို ထူးဆန်းတာလို့ ပြောရင်ရတယ်။

သူကြီးသမီး မြင့်စန်းရီသည် အသက် (၇) နှစ်ကျော်မှ စကားပြော၏။ ဘယ်သူနဲ့မှ ရောရောနှောနှောမရှိ၊ တစ်ယောက်တည်း ငေးချင်ရာ ငေးကာ စကားပြောနေတတ်၏။ ဆရာဆရာတွေပြောတာကတော့ မြင့်စန်းရီသည် သိုက်ကလာတာဆိုပဲ။

ယောကျ်ားယူလို့ မရဘူးတဲ့။ ယောကျ်ားယူတာနဲ့ သိုက်ကပြန်ခေါ်မှာဆိုပဲ။ သူကြီးသမီး မြင့်စန်းရီ လှချက်၊ ချောချက်က မွတ်ထွတ်ညက်နေပေမယ့် ရွာမှာရှိတဲ့အလုလသားတွေခမျာ အဝေးကနေ သွားရည်ကျနေတာ။ ဘယ်သူမှ အနားမကပ်ရဲဘူး။ သူတို့ပါရောပြီး သိုက်ကခေါ်မှာကြောက်လို့တဲ့။

သူကြီးသမီး မြင့်စန်းရီကတော့ ယနေ့ထက်တိုင် ဘာဆိုဘာမှမပြောင်းလဲသေးဘူး။ တစ်ယောက်တည်းစကားပြောဆဲ၊ ငိုလိုက်,ရယ်လိုက်လုပ်ဆဲပေါ့။

ဟုတ်၊ မဟုတ်တော့ မသိဘူး။ ရွာထဲမှာ အသံတွေထွက်နေတာ ကြာပြီ။ ဘာလဲဆိုတော့ ဒီလိုပါ။

သိုက်ကလာသည်ဟု နာမည်ကြီးနေသော မြင့်စန်းရီနှင့် ကံနက်ကျော်တို့သည် ရွာထိပ်က ရေကန်ကြီးမှာ၊ ဇရပ်မှာ၊ တောတန်းတွေမှာ မကြာခဏ ချိန်းတွေ့နေကြတယ်ဆိုပဲ။ အကြောင်းတော့ ရှိမှာပေါ့နော်။

သေချာတာတစ်ခုတော့ ရှိခဲ့ပါတယ်။ အခြားမဟုတ်ပါဘူး သေခြင်းတရားပါ။ သေခြင်းတရားဆိုတာကြီးက ဘယ်သူ့ကိုမှ အထားမထားပါဘူး။

အာစရိက ဘောစိကြီး၊ မသေလိုက်နဲ့ဦး။ နေသာသလိုနေ။ နင်ကတော့ လူငမွဲ မြန်မြန်သေပေးလိုက်ဆိုပြီး မျက်နှာမလိုက်ပါဘူး။

ဆိုကြပါတော့။ သူကြီးမင်းခမျာ မပြောမဆိုနဲ့ တကယ်ကို သေပစ်လိုက်တာ။ ဘယ်သူမှမယုံကြဘူး။ အလတ်ကြီး ရှိသေးတာလေ။ ဒါပေမယ့် နေ့မြင်ညပျောက် ဆိုတဲ့စကားပုံကို ဘယ်သွားထားမလဲနော့။

အဲ-သေနည်းက နည်းနည်းတော့ ဆန်းတယ်။

ဓမ္မာရုံမှာပေါ့၊ သူကြီးမင်း ဦးဆောင်ပြီး အစည်းအဝေးလုပ်နေကြတယ်။ သူကြီးမင်းက ရပ်မိရပ်ဖတွေ ပြောသမျှကို နားထောင်ရင်း ကွမ်းသီးညှပ်နေတာ။ သူကြီးမင်းကွမ်းစားပုံက တစ်မျိုး။ အရင်ဆုံး ကွမ်းရွက်ကို ထုံးတို့ကာ ပါးစောင်မှာ ငုံထားလိုက်တယ်။

ပြောပြီးပါပကော၊ အစားအသောက်နဲ့ပတ်သက်လာရင် သူကြီးမင်းက လောဘကြီးတယ်ဆိုတာလေ။ ကွမ်းသီးစိပ်လေးတွေ မဟုတ်ဘူး၊ ကွမ်းသီးတစ်ခြမ်းကို ပါးစပ်ထဲ ထည့်ပစ်လိုက်တာ။ တိုက်ဆိုင်ချင်တော့ပေါ့နော်။

ရပ်မိရပ်ဖတစ်ယောက်က လှမ်းအမေး၊ သူကြီးမင်းက ဖြေဖို့အားအယူ၊ စုပ်သလို ဖြစ်သွားတာကိုး။ လွတ်လွတ်ကျွတ်ကျွတ်ဖြစ်နေတဲ့ ကွမ်းသီးခြမ်းက လည်ချောင်းဆီသို့ ဂလောက်ခနဲ ကျသွားတာ။

အဲဒီမှာပဲ ကြမ္မာငင်တော့တာလေ။

သူကြီးမင်းခမျာ ခြေမကိုင်မိလက်မကိုင်မိနဲ့ ပက်လက်လန် လဲကျသွားတယ်။ မျက်လုံးကြီးတွေပြူးအစ်လို့။ ရုန်းရင်းဆန်ခတ်နဲ့ဖြစ်ကုန်ရော။ တတ်သမျှမှတ်သမျှ ကုထုံးတွေနဲ့ ဝိုင်းဝန်းပြုစုကြပေမယ့် လုံးဝကို မရတော့တာ။

အသက်ရှူရပ်သွားတာ။ ဆေးဆရာကို ပြေးပင့်ကြပေမယ့် အခါက နှောင်းသွားလေပြီ။ သေပြီ၊ ဆုံးပြီတဲ့။ သူကြီးကတော်ခမျာ ထွန့်ထွန့်ကိုလူးခံ



www.burmeseclassic.com

www.burmeseclassic.com

နေတာ။ မြင့်စန်းရီက ဖခင်သေတာကို ဘာမှမခံစားရသလိုမျိုး ငေးကြည့်နေ တယ်။ ငိုရမှန်းလည်း သိဟန်မတူပါဘူး။

အစိမ်းသေတဲ့။

ရွာရဲ့ထုံးစံရိုးရာဆိုပဲ၊ သူကြီးမင်း ရဲ့အလောင်းကို ချက်ချင်းလက်ငင်း ဂူ သွင်းလိုက်ရတာပေါ့။

အဲ့ဒါပဲလေ၊ နေ့မြင့် ညပျောက် ဆိုတာ။ သူကြီးမင်းခမျာ သေလို့သေမှန်း တောင် သိဟန်မတူပါဘူး။ ကောက်ကာ ငင်ကာကြီးကိုး။

❂

သူကြီးမင်းရဲ့ခြံဝိုင်းထဲမှာ အောက် လင်းမီးတွေလင်းထိန်လို့။ ကောက်ကာ ငင်ကာဖြစ်သွားတဲ့ မသာ ဆိုပေမယ့် အသုဘအိမ်က ဝမ်းနည်းမှုတွေနဲ့ တိတ် ဆိတ်မနေပါဘူး၊ တော်တော်လေးကို စည်တာ။ ဘာမှတ်လို့လဲ၊ မသာရှင်ကိုယ် တိုင်က သူကြီးမင်းလေ။ စည်တာပေါ့ နော်။

သတင်းက ဘယ်လိုပြန့်သွားတယ် မသိဘူး၊ ရွာနီးချုပ်စပ်မှာရှိတဲ့ ဖဲသမား တွေစုပြုံပြီး ရောက်လာတယ်။ ကြေးကြီး ဝိုင်းတွေလည်းရှိသလို ဘိုင်ပွတ် ပွတ်တဲ့ ဝိုင်းတွေလည်း ပါတာပေါ့။

အမဲလိုက်တာရယ်၊ ဖဲရိုက်တာ ရယ်၊ အရက်သောက်တာရယ် ဝါသနာ ပါသော ကံနက်ကျော်သည်လည်း ဖဲဝိုင်း ထဲ ရောက်နေပြီ။ ဒီနေ့သည် ကံနက် ကျော်အတွက်တော့ ရက်ရာဇာမဟုတ်၊ ပြဿဒါးဖြစ်ဖို့ သေချာနေ၏။

ဖဲက သေသလားမမေးနဲ့၊ ခွက် ခွက်လန်အောင်ရှုံးတာ။ ကံနက်ကျော် သည် ထိုင်ရာမှ ထရပ်လိုက်၏။ ဒိုင်ဖြစ် သူ ကြွက်ကတိုးက-

"ဟေ့ကောင်ကြီး၊ တော်ပြီလား ဟ"

"ပါသမျှကုန်ပြီလေ ကြွက်ကတိုး ရဲ့"

ကံနက်ကျော်က ပုဆိုးကို ဖြန့်ခါ ကာ ခါးတောင်းကို မြှောင်နေအောင် ကျိုက်လိုက်၏။ ကြွက်ကတိုးက-

"ပိုက်ဆံလိုရင် ငါ့ဆီကဆွဲပါလား ဟ၊ ကြိုက်သလောက်ယူ"

ကံနက်ကျော်က သျှောင်ကိုဖြေ ချကာ-

"အားနာပါတယ်ကွာ၊ အိမ်ပြန်ယူ လိုက်မယ်"

ကံနက်ကျော်သည် ဖဲဝိုင်းမှထွက် လာခဲ့၏။ အပြင်မှာ လရောင်သည် ဖွာ ကျနေ၏။ မိုးက ဖွဲဖွဲလေးစွေနေ၏။ ခြံ အဝ မှောင်ရိပ်ကျသော ရေတွင်းဘက် ဆီမှ-

"အစ်ကိုကံ"

ခေါ်သံသည် တိုးတိုးလေး ထွက် လာ၏။

"မြင့်"

ကံနက်ကျော်သည် ရေတွင်းဆီ ပြေးသွားကာ မြင့်စန်းရီ၏ခန္ဓာကိုယ်လေး အား တင်းကျပ်စွာ ပွေ့ဖက်ထားလိုက် လေ၏။ မြင့်စန်းရီသည် လူးလွန့်ကာ-

"အစ်ကိုကံ"

"မြင့်- ပြောလေ"

"ဖေဖေကြီးရဲ့လည်ပင်းမှာ ဆွဲကြိုး ရှိတယ် အစ်ကိုကံ"

"ဆွဲကြိုး၊ ဟုတ်လား"

"မြန်မြန်သွားပါ အစ်ကိုကံ၊ တော် ကြာ သူများတွေဦးသွားမယ်"

မြင့်စန်းရီက စိုးရိမ်စိတ်ဖြင့်ပြော နေ၏။ ကံနက်ကျော်သည် မြင့်စန်းရီကို နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့၏။ မိုးက ဖွဲဖွဲရွာနေဆဲ။

ကံနက်ကျော်၏ ခြေလှမ်းများ သည် သုသာန်ဘက်သို့ ဦးတည်လိုက် စဉ် . . .

"အု . . အူ . . အူး"

တုန်လှုပ်ချောက်ချားဖွယ်ကောင်း သော ခွေးအူသံတို့သည် ဆက်တိုက် ထွက်ပေါ်လာလေတော့၏တကား။

❂

ဆံပင်ကို ဖားလျားချ၊ ခါးတောင်း ကို မြှောင်အောင်ကျိုက်ထားသော ကံ နက်ကျော်၏ခန္ဓာကိုယ်တစ်ခုလုံးသည် မိုးရေတို့ဖြင့် ရွှဲရွှဲစိုနေလေ၏။

သုသာန်ထဲသို့ ဝင်ရောက်လာ သော ကံနက်ကျော်ကို နာနာဘာဝတစ် ကောင်ဟု ထင်မှတ်ကာ တောကြောင် တစ်ကောင်သည် ခွီးခနဲအော်ကာ ချုံ ပုတ်တွေကြားထဲသို့ ဝင်ပြေးလေ၏။

လရောင်ပျပျအောက်တွင်ရှိသော အုတ်ဂူ၊ မြေပုံတို့သည် မိုးရေတို့နှင့် စို စွတ်နေလေပြီ။ ကံနက်ကျော်သည် သူ ကြီးမင်း၏အုတ်ဂူကို လှည့်ပတ်ရှာ၏။ တော်တော်နှင့်မတွေ့ ဖြစ်နေ၏။

"ဂွီး"

ဇရပ်ပျက်အနီး သစ်ပင်အိုကြီးအ ထက်မှ ငှက်ဆိုးတစ်ကောင်သည် အော် ဟစ်ကာ အဝေးသို့ ပျံပြေးလေသည်။ ကံနက်ကျော်သည် အသံကြားရာဘက် သို့ လျှောက်လာခဲ့၏။ ရွှံ့ဗွက်တို့သည် ခြေမျက်စိပင် မြုပ်လုမတတ်ရှိနေ၏။

"ဟာ"

ကံနက်ကျော် ချော်လဲလေပြီ။ မျက်လုံးထဲသို့ ရွှံ့ဗွက်များဝင်ကုန်၏။ ရွှံ့ ဗွက်တို့ကို သုတ်သင်ကာ မျက်လုံးကိုဖွင့် ကြည့်လိုက်သည်။

"ဟာ"

သူကြီးမင်း၏မြေပုံကို တန်းတွေ့ လေပြီတကား။ လရောင်၏ပိုးတဝါးအ လင်းရောင်ကြောင့် သူကြီးမင်း၏နာမည် အသက်တို့ကို ဝေဝါးစွာတွေ့လိုက်ရ၏။ ကံနက်ကျော်သည် အချိန်မဆွဲနေတော့ လဲကျရာမှ လူးလဲထသည်။ သူ့တစ်ကိုယ် လုံးလည်း ဗွက်တွေနှင့်ညစ်ပတ်နေလေ ပြီ။

အုတ်ဂူကို လက်နှင့်ဖွဲကြည့်၏။ မသေသပ်သော၊ စိတ်မရှည်သော ပန်း ရန်သမားတို့၏လက်ရာကြောင့် အုတ် ဆက်များသည် ဟ,ကာ လေဝင်ပေါက် သဖွယ် ဖြစ်နေကြ၏။ အုတ်ဂူသည် လွယ်လွယ်နှင့်ပင် ဖွင့်လို့ရ၏။ အထဲသို့ လက်နှိုက်လို့ ရချေပြီတကား။ ကံနက် ကျော်သည် ပတ်ဝန်းကျင်ကို အကဲခတ် လိုက်၏။

မိုးသံ၊ လေသံတို့မှအပ သုသာန် တစပြင်သည် တိတ်ဆိတ်ငြိမ်သက်နေ လေ၏။ ကံနက်ကျော်သည် လည်ပင်း ရှိရာသို့မှန်းကာ လက်ကိုထိုးထည့်လိုက် ၏။ ဆွဲကြိုးကို လိုက်စမ်း၏။ ကံနက် ကျော် ဝမ်းသာသွား၏။

ဆွဲကြိုးကို အသာအယာ ဆွဲဖြုတ် ၏။ မပြုတ်။ အားထည့်ကာ ဖြုတ်ကြည့် ၏။ မပြုတ်။ ကံနက်ကျော် စိတ်မရှည် တော့၊ အုတ်ခဲအချို့ကို ထပ်ဖယ်၏၊ အုတ်ဂူသည် လူတစ်ကိုယ်စာဝင်ပေါက် ဖြစ်သွား၏။

လျှပ်စီးလက်ကာ မိုးကြိုးသည် ဂျိန်းခနဲပစ်၏။ ဘာကြောင့်မှန်း မသိ ကံနက်ကျော်သည် အုတ်ဂူထဲသို့ လုံးဝ မကြည့်။ ခြေထောက်ကို အုတ်ဂူထဲထိုး ထည့်ကာ သူကြီးမင်း၏လည်မျိုကို ထောက်ထားလိုက်၏။

ခန္ဓာကိုယ်ကို ကိုင်းညွတ်လိုက် သည်။ မျက်နှာကိုအပေါ်မော့ကာ ညာ ဘက်လက်က ဆွဲကြိုးကို ဖြုတ်စဉ် အ တွင်းမှ အလောင်းကောင်သည် ကံနက် ကျော်အား ရုတ်တရက် ထဖက်ပါလေ ရော။

"အောင်မလေးဗျ"

ကံနက်ကျော်သည် ငယ်သံ အောင်အော်ကာ ရွာဘက်ဆီသို့ပြေး



www.burmeseclassic.com

www.burmeseclassic.com

# ကျောက်ကပ်၌ ကျောက်တည်သောဝေဒနာ နည်းသိလျှင် မခက်ပါ

အောင်နိုင်စိုး(ဟသ်ာတ)

**ဆောင်းပါးရေးရန် အကြောင်းဖန်**

စာရေးသူသည် ပရိယတ္တိ(ဓမ္မာစရိယ) စာပေများကို သင်ကြားဆည်းပူးရန်အတွက် ၁၃၇၄ ခုနှစ်၊ ကဆုန်လတွင် မြန်ပြည်နယ် မုဒုံမြို့ ဂျိုးဂျိုးကျတောရ ပရိယတ္တိစာသင်တိုက်သို့ စတင်ရောက်ရှိခဲ့လေသည်။ ဂျိုးဂျိုးကျတောရကျောင်းတော်ကြီးတွင် ပညာသင်ကြားနေစဉ်အတွင်း စာရေးသူနှင့် တိုင်းဒေသချင်းတူသော ဦးပဥ္စင်းတစ်ပါးနှင့် ရင်းနှီးခင်မင်ခဲ့လေသည်။ စာရေးသူက ဟသ်ာတမြို့နယ်၊ သူက ဘိုကလေးမြို့က ဆိုပေမယ့် ဧရာဝတီတိုင်းသားချင်းမို့ ပိုမိုရင်းနှီးခဲ့လေသည်။

စာရေးသူနှင့် ခင်မင်ရင်းနှီးခဲ့သော ဦးပဥ္စင်းမှာ အခြားသူ မဟုတ်ပေ၊ သူရဇ္ဇမဂ္ဂဇင်းတွင် ဆေးနည်းဆောင်းပါးများ ရေးနေသော မိုးစက်အဏ္ဏဝါ (ဧရာဝတီ) ပင် ဖြစ်လေသည်။ စာရေးသူသည် ယခင်က ကျောက်ကပ်၌ ကျောက်တည်သောရောဂါကို အလူးအလဲခံစားခဲ့ရပြီး မြန်မာ့တိုင်းရင်းဆေးနည်းကောင်း တစ်လက်ဖြင့် လက်တွေ့ ပျောက်ကင်းသက်သာခဲ့ရလေသည်။ စာရေးသူလိုပဲ ကျောက်ကပ်ဝေဒနာရှင်များ ရှိရင် ပျောက်ကင်းသက်သာအောင် ဆောင်းပါးရေးပြီး မဂ္ဂဇင်းတိုက်ကိုပို့မည်ဟု ရည်ရွယ်ချက်ရှိပေမယ့် အကောင်အထည်မဖော်ဖြစ်ခဲ့ပေ။

"ဦးအဂ္ဂဓမ္မ၊ အရှင်ဘုရားရဲ့ ကျောက်ကပ်ရောဂါ ပျောက်ကင်းခဲ့တဲ့ ဆေးနည်းလေးကို ဆောင်းပါးရေးဖြစ်အောင်ရေးပါ။ တိုက်ဆိုင်မှုရှိလို့ ပျောက်ကင်းသွားခဲ့ရင် ကိုယ်လည်း ကုသိုလ်ရတာပေ့ါ။ ခေတ်မီဆေးဝါးတွေနဲ့မပျောက်ကင်းနိုင်တဲ့ရောဂါတွေကို တိုင်းရင်းဆေးနည်းတွေနဲ့ ပျောက်ကင်းကြတာတွေ ရှိတယ်ဆိုတာ မဂ္ဂဇင်းစာအုပ်တွေထဲမှာ အမြဲတွေ့နေရသလို ကိုယ့်ပတ်ဝန်းကျင်မှာလည်း မကြာခဏ ကြားနေရတာပဲ မဟုတ်လား။ အရှင်ဘုရားကသာ ဆောင်းပါးရေးဖြစ်အောင်ရေး၊ မဂ္ဂဇင်းတိုက်ကို စာပို့ဖို့ကိစ္စတွေ အားလုံးကို တပည့်တော် ကူညီပါ့မယ်ဘုရား"

ဟု မိုးစက်အဏ္ဏဝါ (ဧရာဝတီ) မှ စာရေးသူကို ယခုကဲ့သို့ တိုက်တွန်းခဲ့မှုကြောင့် ဤဆောင်းပါးလေးသည် အကောင်အထည် ပေါ်လာခဲ့ရခြင်း ဖြစ်လေသည်။

**ဝေဒနာအစ ခါးနာက**

စာရေးသူသည် အသက် (၂၉) နှစ်အရွယ်မှ သာသနာ့ဘောင်သို့ စတင်ဝင်ရောက်ခဲ့ခြင်း ဖြစ်လေသည်။ သာသနာ့ဘောင်သို့မရောက်မီကာလများတွင် စာရေးသူသည် မိရိုးဖလာလုပ်ငန်းဖြစ်သော လယ်ယာအလုပ်ကို လုပ်ကိုင်ခဲ့၏။

တစ်ခုသော နွေရာသီတွင် ပဲများကို နယ် (ခြွေ) ရင်း နေ့လယ် (၁) နာရီလောက်တွင် ဆီးခုံအောင့်၍ ခါးနာလာသည်။ ရိုးရိုးခါးနာသည်ထင်၍ ရွာမှ အနှိပ်သည်နှင့် နင်းနှိပ်သော်လည်း မပျောက်ကင်းဘဲ ပိုမို ဆိုးရွားလာလေ

---

လေတော့၏။ နောက်ကို လှည့်မကြည့်ဘဲ။ အလောင်းကောင်ကြီးက ပြေးလိုက်လာတာကိုး။

❂

သေရွာပြန်သူကြီးမင်းသည် သူ၏ ကျေးရူးရှင် အသက်သခင်ကံနက်ကျော်ကို သူ၏သမီးဖြစ်သူ မြင့်စန်းရီနှင့်လက်ထပ်ပေးခဲ့ပါသည်။ ကြီးကြီးကျယ်ကျယ်ကို လက်ထပ်ပေးခဲ့တာ ဖြစ်လေ၏။

သူကြီးမင်း၏လုပ်ရပ်ကို ရွာသူရွာသားတွေ နားမလည်နိုင်ကြ။ ကောက်ကာငင်ကာကြီးကို လက်ထပ်ပေးလိုက်တာကိုး။

ဖြစ်စဉ်အမှန်က ဒီလိုပါ။

"ဟော့ကောင်- ငကံ"

"ခင်ဗျာ- သူကြီး"

ကံနက်ကျော် တက်နင်းခဲ့သော လည်ပင်းသည် ယခုထက်တိုင်နာနေဆဲ။ သူကြီးမင်းသည် လည်ပင်းကိုပွတ်သပ်ကာ-

"ခွေးကောင်-လုပ်လိုက်ရင်အရမ်း"

ကံနက်ကျော်က မျက်နှာငယ်လေးဖြင့်-

"ဟို. . . ဟိုလေ၊ ဒါက ဒီလိုပါ သူကြီး"

သူကြီးမင်းက လက်ကာ့ပြကာ-

"တော်ပြီ မပြောနဲ့တော့၊ ငါ အရှက်ပိုကွဲမှာ"

"အဲဒီလို မရည်ရွယ်ပါဘူး သူကြီးရယ်"

သူကြီးမင်း၏မျက်နှာသွင်ပြင်က စိတ်ဆိုးဟန်မပေါ်ပေ။ ကံနက်ကျော်ကြောင့် အသက်ရှင်ခွင့်ရခဲ့တာကိုး။

"ဘာပဲပြောပြော မင်းဟာ ငါ့ရဲ့အသက်သခင် ကျေးဇူးရှင်ကွ။ တစ်ခုတော့ရှိတယ်ကွ၊ ဒီအကြောင်းတွေကို ဘယ်သူ့မှမပြောရဘူး။ ကတိပေးလား"

"ကတိပေးပါတယ်၊ ယောကျ်ားကတိပါ သူကြီး"

ကံနက်ကျော်သည် သူကြီးမင်း၏ လည်မျိုကို တက်နင်းကာ ဆွဲကြိုးကို ဖြုတ်ခဲ့၏။ သူဖြုတ်ခဲ့သောအရာသည် ဆွဲကြိုးမဟုတ်၊ အဆောင်လက်ဖွဲ့ကြိုးပင် ဖြစ်၏။

လည်ပင်းကို တက်နင်းစဉ် လည်ချောင်းဝတွင် တစ်နေသော ကွမ်းသီးခြမ်းသည် အန်ထွက်သွားခဲ့လေ၏။ အသက်ရှူလမ်းကြောင်းပိတ်၍ သတိလစ်မြောနေသော သူကြီးမင်းသည် ကံကောင်းထောက်မစွာဖြင့် အသက်ရှင်ခွင့်ရခဲ့ခြင်းပင်တည်း။

❂

သိုက်ကလာသည် ဆိုသော မြင့်စန်းရီသည် ကံနက်ကျော်နှင့်ညားကာ ကလေး (၃) ယောက် အဖတ်တင်ခဲ့လေ၏။

သိုက်ဆရာတွေ သိုက်ကြိုးဖြတ်ဖို့ သတိမေ့နေကြသလား မသိ။ သူကြီးမင်းသည် လူ့လောကတွင် နောက်ထပ်(၁၅) နှစ်ခန့်ပျော်ပျော်ကြီးနေသွားကာ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့၏။

သူကြီးသေလျှင် သူကြီးသား သူကြီးဖြစ်တဲ့ခေတ်ကြီးမှာ. . .

သူကြီးသမက် ကံနက်ကျော် သူကြီးဖြစ်တာ ဆန်းသလားနော့။

သူရိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ရွာမှဆရာဝန်နှင့် ဆေးထိုးသော်လည်း မသက်သာပေ။

ဆရာဝန်ကပင် 'အဲဒီလောက် ခါးနာ၊ ခါးအောင့်ဖြစ်နေရင်တော့ ကျောက်ကပ်တစ်ခုခုဖြစ်နေပြီ ထင်တယ်။ သေချာအောင် မြို့ပေါ်မှာ ဓာတ်မှန်ရိုက်ကြည့်တာ အကောင်းဆုံးပါပဲ' ဟု လမ်းညွှန်သဖြင့် မြို့ပေါ်တက်၍ ဓာတ်မှန်ရိုက်ရာ အဖြေမှန်ထွက်လာခဲ့လေသည်။

ဆေးစစ်ချက်အဖြေမှာ စာရေးသူ၏ကျောက်ကပ်တွင် ကျောက်ငယ်လေးများ (ပြုပ်ထ) တည်နေသည်ဟု ဖြစ်သည်။ ဤရောဂါအား ရန်ကုန်မြို့ အဆင့်မြင့်ဆေးရုံကြီးများတွင် ကျောက်ခြေစက်များဖြင့် ကျောက်ကပ်တွင် တည်နေသော ကျောက်စက်ငယ်လေးများကို ခြေရမည်ဟု ဆိုလေသည်။

စာရေးသူတို့မိသားစုသည် နွမ်းပါးလှသော တောင်သူလယ်သမားများမို့ ဆေးရုံ၊ ဆေးဖိုး မတတ်နိုင်ပေ။ သို့ဖြင့် မြို့နယ်ဆရာဝန်ပေးသော သောက်ဆေးများကိုသာယူပြီး ရွာသို့သာ ပြန်ခဲ့ရလေသည်။

ဆရာဝန် ညွှန်ကြားချက်ဖြင့် ဆီမပါသော အစားအစာများကိုသာ စားရလေသည်။ ရေများများသောက်ခိုင်းပေမယ့် ရေအနည်းငယ်ကိုပင် မနည်းမျက်စိမှိတ်ပြီး သောက်နေရ၏။ ခါးအောင့်၊ ခါးနာဝေဒနာသည် ပိုမိုပြင်းထန်လာသဖြင့် လူးလှိမ့်အော်ဟစ်နေရ၏။ ဆေးထိုး၊ ဆေးသောက်လုပ်သော်လည်း (၁) နာရီခွဲလောက်သာ သက်သာသလိုရှိ၏။ ဆေးအရှိန်ပြတ်သွားချိန်တွင်မူ ရောဂါပြန်ဖောက်လာလေသည်။

စာရေးသူသည် အစာလည်းမဝင်၊ ရောဂါလည်းမသက်သာ၊ ဝေဒနာလည်း တာရှည်လာသဖြင့် ခန္ဓာကိုယ်မှာ ယဲ့ယဲ့သာကျန်တော့၏။ ဤသို့ဖြင့် ကျောက်ကပ်ဝေဒနာကို ပြင်းထန်စွာ ခံစားရင်း တစ်လခွဲခန့်အကြာတွင် လမ်းကိုပင် ကောင်းစွာ မလျှောက်နိုင်တော့ပေ။ ဆေးထိုးဖို့ ဆရာ့အိမ်ကို ထမ်းခေါ်သွားရ၏။ တစ်ခါတစ်ရံ ဘေးမှတွဲခေါ်သွားရ၏။ မိသားစုနှင့် ရွာသားတွေအားလုံးက စာရေးသူကို သေလူလို့ပဲ သတ်မှတ်ထားသလို စာရေးသူလည်း မိမိကိုယ်ကို ဒီတောင်ကိုတော့ ငါ မကျော်နိုင်တော့ဟု တွေးထင်နေမိတော့သည်။

**သေကံမရောက် သက်မပျောက်**

ဤသို့ဖြင့် တန်ခူးလသင်္ကြန်အခါသို့ပင် ရောက်ခဲ့လေပြီ။ စာရေးသူသည် သင်္ကြန်တွင်း ဥပုသ်သီလ ဆောက်တည်လို၍ မိသားစုများမှ ရွာဦးကျောင်းသို့ ပို့ပေးကြ၏။ အခါတွင်း ဥပုသ်ရက်မို့ သီတင်းသီလဆောက်တည်ကြမည့် ရွာသားများမှာ စည်ကား များပြားလေသည်။ ကျေးရွာ၏အနီးအနားရွာများမှလည်း လာကြလေသည်။

ထိုရွာသားများထဲတွင် ဦးပိုး ဟူသော ဘကြီးတစ်ယောက်က စာရေးသူရဲ့ရောဂါအခြေအနေ အကြောင်းစုံကို သိရတဲ့အခါ ကျောက်ကပ်ရောဂါအတွက် မြန်မာ့တိုင်းရင်းဆေးနည်းတစ်လက်အား ပေးခဲ့လေသည်။ စာရေးသူရဲ့ မိသားစုများသည် ဆေးနည်းအား ချက်ချင်းပင် စီစဉ်ပေးလေသည်။ ရေနစ်နေသူအတွက် ကောက်ရိုးတစ်မျှင်သည်ပင် အားကိုးရာ မဟုတ်ပါလော။

ဆေးသောက်ပြီးနောက် ခါးနာဝေဒနာ သက်သာသလို ရှိလာ၏။ စာရေးသူလည်း ခါးနာသက်သာသည်နှင့် တတ်နိုင်သလောက် တရားမှတ်နေလိုက်သည်။ ထိုနေ့တစ်နေ့လုံး ခါးနာဝေဒနာသည် နေသာထိုင်သာရှိ၏။ စာရေးသူလည်း အိမ်မပြန်တော့ဟု ဆုံးဖြတ်ကာ ညနေပိုင်းတွင် ရွာဦးကျောင်းဆရာတော်ထံတွင် ကိုရင်ကြီးဝတ်ခဲ့သည်။ ဆေးကိုလည်း ပုံမှန်သောက်သုံးခဲ့ရာ (၅) ရက်အတွင်းမှာပင် ကျောက်ကပ်ကြောင့်ဖြစ်သော ခါးနာဝေဒနာသည် သက်သာပျောက်ကင်းသွား၏။ 'သေကံမရောက် သက်မပျောက်' ဟုဆိုရမည်လား၊ 'အနာနဲ့ဆေး တည့်အောင်ပေး ပျောက်ရေးမခက်ပါ' ဆိုသကဲ့သို့ အနာနဲ့ဆေးတည့်သွား၍လားမသိ။ ကျောက်ကပ်ရောဂါသည် ယနေ့အချိန်အထိ ပြန်ပေါ်မလာတော့ဘဲ ပျောက်ကင်းသွားခဲ့ပြီ ဖြစ်သည်။ ထိုအချိန်မှစ၍ သာသနာ့ဘောင်၌ မွေ့လျော်လာခဲ့ရာ ယခုဆိုလျှင် ဓမ္မာစရိယ (စာချတန်း) ပညာ ပရိယတ္တိစာပေများပင် လေ့လာသင်ယူလျက်ရှိ၏။

**အစွမ်းထက်မြက် ဆေးတစ်လက်**

စာရေးသူသည် ချွေးထွက်များသော ကာယလုပ်သားဖြစ်သော်လည်း ရေသောက်အလွန်နည်း၏။ ထိုသို့ဖြင့် ချွေးထွက်များပြီး ဆီးခန်းရာမှ ကျောက်ကပ်ရောဂါ စတင်ခဲ့ခြင်း ဖြစ်လေသည်။ ကျောက်ကပ်ဝေဒနာရှင်များသည် ခါးကို မနင်းမနှိပ်မိရင် အထူးဂရုစိုက်ဖို့ လိုလေသည်။

တစ်လခွဲကျော်မျှ သေလောက်အောင် အလူးအလဲ ခံစားခဲ့ရသော ကျောက်ကပ်ဝေဒနာကို ပျောက်ကင်းစေခဲ့သောဆေးနည်းမှာ ရှာရလွယ်ကူ၍ တန်ဖိုးလည်းမများ၊ အပန်းလည်းမကြီးပေ။ ဆေးရဲ့အစွမ်းကိုတော့ စာရေးသူရဲ့ ကိုယ်တွေ့ ပျောက်ကင်းခဲ့သောနည်းမို့ အထင်မသေးစေချင်ပါ။

**ဆေးနည်းမှာ**

၁။ သံမနိုင်ကျောက်မနိုင်ပင် (ပဥ္စင်းပါး) အား သင့်တော်ရုံ (၃) ခွက် (၁) ခွက်တင်ကျိုပါ။
၂။ ဂုံတမာရွက် (ခေါ်) အိမ်လုံးချမ်းသာရွက်ကို သင့်တော်ရုံ (၃)ခွက် (၁) ခွက်တင်ကျိုပါ။
၃။ သံပရာရည်အား သကြားအနည်းငယ်ထည့်၍ ဖျော်ပါ။

၎င်းဆေးအမည် (၃) မျိုးအား တစ်နေ့ (၃) ကြိမ်၊ (၁) ကြိမ်လျှင် တစ်မျိုးစီသောက်ပါ။ သံမနိုင်ကျောက်မနိုင်ပြုတ်ရည်အား တစ်ကြိမ်၊ ဂုံတမာရွက်ပြုတ်ရည်အား တစ်ကြိမ်၊ သံပရာရည်အား တစ်ကြိမ် မိမိအဆင်ပြေသလို သောက်သုံးနိုင်ပါသည်။ ရောဂါအခြေအနေပေါ်မူတည်၍ သက်သာပျောက်ကင်းသည်အထိ ချင့်ချိန်သောက်သုံးသွားပါ။ တိုက်ဆိုင်မှုရှိ၍ ပျောက်ကင်းနိုင်ကြပါစေဟု ဆုတောင်းဆန္ဒပြုရင်း ကျောက်ကပ်ဝေဒနာရှင်များအတွက် ကိုယ်တွေ့သက်သာ ပျောက်ကင်းခဲ့သော ဆေးနည်းတစ်လက်အား မေတ္တာရှေ့ထားရေးသား တင်ပြလိုက်ရပါသည်။

*ကျန်းမာခြင်းလာဘ်နှင့် ပြည့်စုံနိုင်ကြပါစေ*

အောင်နိုင်စိုး(ဟသ္တာတ)

*ဤဆောင်းပါးဖြင့် စာရေးသူ၏ အသက်သခင် ကျေးဇူးရှင်ဖြစ်သော ဆေးနည်းပေးခဲ့သူ ဟင်္သာတမြို့နယ် သရက်ပင်ကွင်းကျေးရွာမှ ဦးပိုးအားလည်းကောင်း၊ ဤဆောင်းပါးကို ရေး ဖြစ်အောင် တိုက်တွန်းကူညီခဲ့သော ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ပြူးစခန်းကျေးရွာ သီရိမင်္ဂလာစံကျောင်းမှ မိုးစက်အဋ္ဌဝါ (ဧရာဝတီ) နှင့် ဆောင်းပါးကို ထည့်သွင်း ဖော်ပြပေးသော မဂ္ဂဇင်းတာဝန်ရှိသူများအား ထူးပင် ကျေးဇူးတင်ရှိပါသည်။*



www.burmeseclassic.com

www.burmeseclassic.com

# သက်လုံ

## ကမ္ဘာ့လျှို့ဝှက်ဆန်းကြယ် မှတ်တမ်း(၃)

■ ဆန်းကြယ်သောတစ္ဆေ
■ ပန်းသီးခြံမှတစ္ဆေမ

မြန်မာပြည် ဝိညာဉ်လောက အကြောင်းအရာများတွင် တစ္ဆေများနှင့် ပတ်သက်၍ ဖုတ်၊ ပြိတ္တာ၊ သရဲ၊ သဘက်၊ အစိမ်း၊ ရွာသူ၊ တစ္ဆေ၊ မှင်စာ၊ ကျတ် စသည်ဖြင့် အမျိုးမျိုးသော ဝေါဟာရရှိပါသော်လည်း သူတို့၏ အဆင့်အတန်း အမျိုးအစားများနှင့် စပ်လျဉ်း၍ မည်သို့မည်ပုံ ခွဲခြားမှတ်သားရမည်ကို ခိုင်မာလုံလောက်သောကျမ်းဂန်စကားများ မရှိပါချေ။ ဥပမာ တစ္ဆေနှင့် သဘက်တို့၏ တူညီချက်များ၊ ကွာခြားချက်များ၊ သရဲနှင့် ဖုတ်တို့၏ တူညီချက်များ၊ ကွာခြားချက်များကို ခိုင်လုံစွာ ကာလနှားကန့်၍ သတ်မှတ်ခြင်းများ မမြင်ဘူး၊ မဖတ်ဘူးမိသေးပေ။ အချို့သောအာစရိယဝါဒများနှင့် စိတ်ကူးယဉ်





www.burmeseclassic.com

www.burmeseclassic.com

ဝတ္ထုများ ရေးသားနေသော ဆရာများ၏ အတ္တနော၁မတီသတ်မှတ်ချက်များကိုသာ မရေမရာ တွေ့ရ၊ ဖတ်ရချေသည်။

ရှေးယခင်က မရှိခဲ့ဘူးသော်လည်း ယခုအခါတွင် သတ်မှတ်ကြမည်ဆိုလျှင် မြန်မာပယောဂဆရာများသည် လမ်းကြိုလမ်းကြားတွင်သာ နေထိုင်ပြီး မသိနားမလည်သူတို့နှင့်သာ ဆက်ဆံနေခြင်းမှ ရပ်စဲပြီး လူပုံအလယ်သို့ ရဲရင့်စွာသော်လည်း တက်လာရပေမည်။ သို့မဟုတ်ပါကလည်း ခေတ်ပညာတတ်အခေါ်ခံသူတို့သည် မစမ်းသပ် မလေ့လာဘဲနှင့် မယုံကြည်ဘူးဟုပြောခြင်းကိုသော်လည်းကောင်း၊ စတန့်ထွင်၍ (ဝါ) ခေတ်မမီဟု အထင်ခံရမှာစိုး၍ မျက်စိမှိတ်ပြီး ဇွတ်ငြင်းပယ်နေခြင်းကိုသော်လည်းကောင်း ရှောင်ရှားကြ၍ စနစ်တကျ လေ့လာဆည်းပူးကြကာ အသင်းအပင်းများဖွဲ့စည်းခြင်း၊ ဆောင်းပါးဖြင့် အချက်အလက် မှတ်တမ်းတင်ခြင်းများကို ခေတ်မီစွာသော်လည်း ပြုကြရပေမည်။

အနောက်နိုင်ငံတွင်လည်း GHOST, GHOULFLENO, DEVIL, SPIRIT, SPECTRE, SPECTRE, ZOMBIE, POLTERGEIST(ပေါ်လ်တာဂိုက်စ်ဟုဖတ်ပါ) စသည်ဖြင့် များပြားလှစွာသော ဝိညာဉ်လောကသားများအနက်မှ ASTRAL PROJECTION ဟုခေါ်သော တစ္ဆေများကို ကျွန်ုပ်က ဆန်းကြယ်သောတစ္ဆေများဟု မှတ်တမ်းတင်၍ ဖော်ပြပါတော့အံ့။

**ဆန်းကြယ်သောတစ္ဆေ**

ဤကဲ့သို့သောတစ္ဆေမျိုးကို မြန်မာပြည်တွင် ခြောက်သည်ဟု ကျွန်ုပ်အနေဖြင့် မကြားဘူးသေးပေ။ ရှိကောင်းမှ ရှိပါမည်လောဟု တွေးထင်မိလျက်ရှိရကား ပက်ဂီပီယာဆင် ဆိုသူ အမေရိကန်အမျိုးသမီး၏အဖြစ်ကို မှတ်တမ်းတင်လိုက်မိပေသည်။

ပက်ဂီနှင့်သူ့ယောကျ်ားအလင်(န်)တို့သည် တက္ကဆပ်နယ် ဘလင်ကိုအရပ်၏ အရှေ့တောင်ပိုင်းဆီတွင် မြေဝယ်လိုက်ကြပြီး အိမ်တစ်လုံးဆောက်၏။ မူလက ထိုမြေသည် သချိုင်းဟောင်းဖြစ်၊ မဖြစ်ကို သေချာစွာ စူးစမ်းလေ့လာပြီးမှ ဝယ်ယူခြင်း ဖြစ်သည်ဟု ဆို၏။ အိမ်ဟောင်းများတွင်မှ တစ္ဆေများ ခြောက်လှန့်လေ့ရှိကြောင်း ကြားဖူးခဲ့ရာက ယခုအိမ်သစ်နှင့်တစ္ဆေအတွဲပွတ်သည် ပက်ဂီအဖို့ အံ့ဩစရာဖြစ်ခဲ့လေသည်။

သူ့အဖြစ်ကား ဤသို့တည်း။

၁၉၅၂ ခုနှစ်တွင် အလင်(န်)၏ အသက်ရှင်လျက်ရှိနေသေးသည့်တစ်ဦးတည်းသော ဆွေမျိုးဖြစ်သူ ဦးလေးက သူနှင့်အတူလာနေစေချင်သဖြင့် သူတို့နေထိုင်လျက်ရှိသော အိမ်သစ်ကလေးကို ငှားရမ်းထားခဲ့ရကာ ဦးလေးရှိရာ ကယ်လီဖိုးနီးယားသို့ လာနေကြရတော့သည်။

ပက်ဂီ၏ သူငယ်ချင်း ဂရေစီက တစ်ဆင့် ဆက်သွယ်ပေး၍ သူ့အသိမက်ဖို့(ဒ်)တို့လင်မယားကို အိမ်ငှားဖြစ်လေသည်။ မက်ဖို့(ဒ်)တို့လင်မယားတွင် သားကလေးနှစ်ယောက် ရှိ၏။ ဤတွင် ပက်ဂီတို့နေထိုင်ခဲ့စဉ်က ဘာသံမှမကြားခဲ့ရသော တစ္ဆေပုံပြင်သည် ပေါ်ပေါက်လာလေတော့၏။ ဂရေစီက ပက်ဂီထံ ရေးသောစာအရ ဂရေစီနှင့်သူ့ယောကျ်ားရှိုင်းတို့သည် မက်ဖို့(ဒ်)တို့ဆီသို့ သွားရောက် လည်ပတ်ကြသည့် ညတစ်ည၏ သန်းခေါင်ယံအချိန်ခန့်တွင် ဖြစ်သည်။ မီးလင်းဖိုရှေ့တွင် အိပ်နေသော ဖရစ် အမည်ရှိခွေးကြီးမှာ အိပ်နေရာမှအလန့်တကြားထ‌ဟောင်ပြီး ဂရေစီ့ယောကျ်ားရှိုင်း၏ ကုလားထိုင်အောက်သို့ ဝင်ပြေးလေ၏။ ထိုခွေးကြီး စိုက်ကြည့်လျက်ရှိသော အိပ်ခန်းကြီးထဲသို့ အားလုံးက လိုက်၍လှည့်ကြည့်လိုက်ရာ မှန်တင်ခုံရှေ့တွင် ရပ်လျက်ရှိသည့် မိန်းမတစ်ယောက်ကို ခပ်ဝါးဝါးတွေ့ကြရလေတော့သည်။ အားလုံး အခန်းတွင်းသို့ ဝင်ရောက်မိကြသောအခါ မည်သူတစ်စုံတစ်ယောက်ကိုမျှမတွေ့ကြရပေ။ ပက်ဂီတို့လင်မယား နေထိုင်ခဲ့ကြသော ငါးနှစ်ကာလအတောအတွင်း ဤသို့သော အဖြစ်မျိုး တစ်ကြိမ်မျှမကြုံခဲ့ရချေ။

ထို့နောက်တွင် အဖြစ်ဆန်းတစ်ခု ကြုံရပြန်လေသည်။ ပက်ဂီတို့လင်မယားသည် ဦးလေးမှတစ်ဆင့်သိကြရသော မိတ်ဆွေတစ်ဦးအိမ်သို့ သွားရောက်လည်ပတ်ရင်း ဖဲကစားကြစဉ်အချိန်က ဖြစ်၏။ ပက်ဂီသည် ဖဲကစားနေရင်း အသက်ရှူကျပ်လာသလိုလို ဖြစ်လာ၍ မျက်စိကို စုံပိတ်လိုက်မိသည် ဆို၏။ ကြောက်ဖက်ဖွယ်သော အာရုံတစ်ခုကို သူတွေ့ရချေတော့သည်။ တက္ကဆပ်နယ်ရှိ သူတို့၏အိမ်အပေါ်ထပ်မှ နောက်ဖေးမီးဖိုချောင်ဆီသို့ဆင်းသော လှေကားထိပ်မှာ အဝါရောင်ညအိပ်ဝတ်စုံကို ဝတ်ထားသော ယောကျ်ားကလေးတစ်ဦးသည် ကျွမ်းပြန်ကျသွားပြီး လှေကားရင်း မီးဖိုခန်းထဲရှိ တစ်စုံတစ်ခုအပုံပေါ်သို့ ကျ၍ ငြိမ်သက်နေသည်ကို အာရုံထဲတွင် တွေ့မြင်ရ၏။

ပက်ဂီနှင့်အတူ ဖဲကစားနေသော အဖော်က -

"ပက်ဂီ နေမကောင်းဘူးလား မျက်နှာက ဖြူဖပ်ဖြူရော်နဲ့"

ဟုဆိုလိုက်ရာ ပက်ဂီ၏ယောကျ်ား သည် အနားသို့ ပြေးကပ်လာသည်တွင် အာရုံနိမိတ်သည် မှေးမှိန်ပျောက်ကွယ် သွားလေတော့၏။ အိမ်ပြန်ရောက်ကြ သောအခါ သူ့ယောကျ်ားအား အလုံး ပြန်ပြောပြ၏။ သူ့ယောကျ်ား အလင်(န်) က စိတ္တဗေဒဆရာထံသွားရန်ပြောကြ သော်လည်း ပက်ဂီသည် ဤအဖြစ် မည်သူ့မျှ ပြန်မပြောလိုသဖြင့် မသွား ရောက်ဖြစ်ခဲ့ကြပေ။ များမကြာမီ ဂရေစီ့ထံမှ စာတစ်စောင် ရောက် လေ၏။ စာထဲတွင် မစ္စတာမက်ဖို့(ဒ်)၏ လေးနှစ်သားကလေး တော်မီသည် ကားပေါ်မှ လိမ့်ကျရာ ပခုံးရိုးလွဲသွား သော်လည်း ယခု သက်သာလာပြီ ကြောင်းနှင့် ပါရှိလာလေသည်။

အချိန်အတန်ကြာမျှ ထပ်မံ ဘာမှမတွေ့ကြုံဘဲနေခဲ့ကြရာ တစ် ပက်ဂီသည် အိပ်မက်တစ်ခုကိုမက် လေသည်။ အိပ်မက်ထဲ၌ ပက်ဂီသ တက္ကဆပ်နယ်ရှိ သူတို့အိမ်သစ်က သို့ ရောက်ရှိနေ၍ မီးဖိုရှေ့တွင် ရပ် ရာမှ ခြံထဲသို့ထွက်ပြီး အိမ်ခေါင်မိုးထ ရှိ တလက်လက်တောက်ပြောင်နေသော နှင်းများကိုကြည့်နေလေသည်။ ပတ် ကျင်မှာ ဆိတ်ငြိမ်လှ၏။ အိပ်မက် အိပ်မက်နှင့်မတူဘဲ တကယ်ပင် သည့်ပမာရှိပြီး အိပ်ရာမှနိုးလာသော အခါ ပက်ဂီ၏ ခြေထောက်များမှာ စက်၍ စိုထိုင်းနေသည်။ ညဝတ်အ ရှည်ကြီး၏အဖျားနားမှာပင် ထိုင်း တိုင်းဖြစ်နေသလို ထင်ရသည် ဆို

လကုန်သွား၍ အိမ်လခပေး ချက်လက်မှတ်နှင့်အတူ စာတစ်စော ရောက်ရှိလာ၏။ စာလွှာထဲတွင် တ ကို လွှန်ခဲ့သော လေးညခန့်က တစ် တွေ့ရပြန်ပြီ။ တွေ့ရစဉ်က သူသည် ထဲ၌ ရပ်လျက်ရှိနေသည်' ဟူသတ

ဤစာရပြီး တစ်ပတ်ခန့် သောအခါတွင် ပက်ဂီ အိပ်မက်ဆိုး ခုမက်ပြန်လေသည်။ ပက်ဂီ၏ သေ ခဲ့လေပြီဖြစ်သော ချာကို အမည်ရှိ ကြီးကို ပက်ဂီသည် တက္ကဆပ်



www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့ဝင်းဝတွင် ရောက်လာသည်ကို တွေ့ရပြီး ဤခွေးကြီးနှင့်အတူပင် ပက်ဂီသည် ပန်းသွားခူး၏။ အိပ်မက်ထဲ၌ ပက်ဂီသည် ဖိနပ်မပါဘဲသွားသည်ဖြစ်ရာ ခြေထောက်တွင် ဆူးစူးသဖြင့် ရှေ့ဆက်မလျှောက်နိုင်တော့ဘဲ ငှက်လေးများ ရေချိုးရန်ပြုလုပ်ထားသော မတ်တတ်စင်ကလေးကို မှီပြီး ဆူးနုတ်ရ၏။ ဆူးထွက်သွားသောအခါတွင် ပက်ဂီလည်း အိပ်ရာနိုးလာလေတော့သည်။

သူ့ယောကျ်ားကား သူ့ကို လှုပ်နှိုးလျက်ရှိပြီး ဘာကြောင့် ငိုနေကြောင်း မေးမြန်း၏။ ပက်ဂီက ချာကိုအား အိပ်မက်မက်မြင်၍ ငိုရခြင်းဖြစ်သည်ဟု ပြန်ဖြေရာ ချာကိုမှာ ပက်ဂီ အလွန်ချစ်မြတ်နိုးသော ခွေးကြီးဖြစ်၍ သူ့ယောကျ်ားမှာ စိတ်ကျေနပ်သွားပုံရလေသည်။ အိပ်မက်ထဲတွင် ဆူးစူး၍ငိုသည်ဟု ပက်ဂီဖြေရမှာရှက်၍ လုံးချလိုက်ခြင်း ဖြစ်လေသည်။

တစ်ပတ်ခန့်ကြာသောအခါ ဂရေစီထံမှ စာတစ်စောင် ရောက်လာလေသည်။ သူ့မိတ်ဆွေများ ဖြစ်ကြသော မက်ဖို့(ဒ်)တို့ လင်မယား ပြောင်းရွှေ့ကြတော့မည်ဟု စာထဲတွင် ပါဝင်လာလေသည်။ တစ်ညတွင် သူတို့သည် ခွေးအူသံကြား၍ အိပ်ပျော်ရာမှ လန့်နိုးလာကြပြီး ခြံထဲသို့ လှမ်းမျှော်ကြည့်ရာ ခွေးတစ်ကောင်နှင့်အတူ တစ္ဆေမသည် ငှက်ရေချိုးစင်ကိုမှီလျက်ရှိသည်ကို လရောင်ဖြင့် ကောင်းစွာ မြင်တွေ့လိုက်ကြရသည်ဟု ဆိုသည်။ သူတို့အပြင်ထွက်၍ကြည့်ကြသောအခါ ဘာကိုမှမတွေ့ကြရချေ။ ခြေရာတစ်စုံတစ်ခုသော်မျှ မတွေ့ရဟု ဆို၏။

ယခု ကျွန်ုပ် မှတ်တမ်းတင်လိုက်သော ပက်ဂီ၏အတွေ့အကြုံကို မည်သို့ဖြေရှင်းမည်နည်း။ ဝိညာဉ်ကောင် (ဝါ) အတ္တ (ဝါ) လိပ်ပြာကောင် ဟူသည်ကို လက်မခံသော ဗုဒ္ဓဝါဒအရ ဖြေရှင်းရမည်ဆိုသော် ပက်ဂီသည် ယောကျ်ားဘက်မှ တော်စပ်သော ဦးလေး၏ အိမ်တွင်မပျော်ဘဲနှင့် မကောင်းတတ်၍နေရ၏။ သူ့စိတ်စွဲလမ်းရာကား တက္ကဆပ်နယ်က သူ့အိမ်သစ်လေးကိုပင်ဖြစ်တော့သည်။ ထိုသို့ ပြင်းထန်စွာ စွဲလမ်းသော စိတ်သည် ကာယကံရှင်၏ကိုယ်ပွားပုံတူကို အရိပ်အငွေ့ဖြင့် ဖန်တီးတတ်ဟန်ရှိလေသည်။ အဆင်သင့်က အခြားသူများပင် တွေ့နိုင်သည်ဟု ဆိုရပေမည်။ ထိုသို့ ပြင်းထန်စွာ စွဲလမ်းသောစိတ် (ဝါ) ဇောသည် ပုံသဏ္ဌာန်အရိပ်အယောင်ကိုပင်မဆိုထားဘိ။ ကိုယ်ခန္ဓာကြီးတစ်ခုလုံးကိုပင် သယ်ဆောင်နိုင်လေသည်။ တစ်ခါက မိန်းမကြီးတစ်ဦးသည် သီဟိုဠ်(သီရိလင်္ကာ) သို့ ရုတ်ခြည်း ရောက်ရှိသွားကြောင်းဖြင့် လူကြီးမိဘများထံမှ ကြားသိမှတ်သားခဲ့ရဖူးသည်။ ဇောသန်လျှင် ချာန်ဖြစ်သည် ဟူသော မြန်မာစကားပုံသည်လည်း ဇောစိတ်၏ ဆန်းကြယ်သော တန်ခိုးသတ္တိထူးကို ဖော်ပြလေသည်။

**ပန်းသီးခြံမှတစ္ဆေမ**

ဤသို့သောဇောကြောင့် တွေ့ကြုံကြောက်လန့်ကြရသည့်ဆန်းကြယ်သော တစ္ဆေမျိုးကို မြန်မာနိုင်ငံ၌ မကြားရသေးသော်လည်း သူတို့ဆီ၌ကား အတွေ့အကြုံနည်းလှသည် မဆိုနိုင်ချေ။ ယခုဖော်ပြလတ္တံ့သော မားဂရက်စီဝီလ်ဆင်၏ဖြစ်ရပ်မှာလည်း ဤသို့သော တစ္ဆေမျိုးပင်ဖြစ်လေသည်။

၁၉၄၉ ခုနှစ်တွင် မားဂရက်သည် သူ့ရည်းစား ရေး(RAY)နှင့် စကားအချေတင်များကြတော့သည်။ မားဂရက်သည် ကျောင်းဆရာမလေးဖြစ်၍ ရေးသည် ကျောင်းနှင့် မိုင်ပေါင်းများစွာ ဝေးလံသော ပန်းသီးခြံတွင် အလုပ်လုပ်ကိုင်သူဖြစ်ရာ သူတို့နှစ်ယောက်မှာ ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်ခန့်မျှသာ တွေ့ဆုံကြရသည်။ ကတောက်ကဆဖြစ်ကြရသည့် ပထမဆုံးအကြိမ်မှာ ရေးက မားဂရက်အား အခြားသူတစ်ဦးနှင့် စွပ်စွဲသောကြောင့် ဖြစ်၏။ ရေးပြန်သွားသောအခါ သူ့ကို နှုတ်ပင်မဆက်သွားခဲ့ချေ။ တစ်ယောက်တည်း ကျန်ရစ်သောအခါ မားဂရက်၏ ဒေါသများသည် တဖြည်းဖြည်း ငြိမ်သက်ခဲ့သော်လည်း ထိုညက ငိုရှိုက်ရင်းနှင့် အိပ်ပျော်ခဲ့ရလေသည်။

အိပ်ပျော်သွားသည်နှင့် အိပ်မက်တစ်ခုကို မြင်မက်လေရာ အိပ်မက်ထဲ၌ မားဂရက်သည် ပန်းသီးခြံထဲရှိ ပန်းသီးပင်တို့အောက်၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။ လမ်းလျှောက်နေရင်းကလည်း အော်ဟစ်ငိုကြွေးနေမိ၏။ ညဉ့်၏အအေးဒဏ်ကို မနောဝိညာဉ်ဖြင့်သာသိရသည်ဟု သူထင်၏။ လောကကြီးတစ်ခုလုံးတွင် သူတစ်ယောက်တည်းသာရှိသည်ဟု မှတ်စွဲလျက်ရှိလေ၏။ ပတ်ဝန်းကျင်သည် မှောင်မိုက်လျက်ရှိသော်လည်း ထူးဆန်းစွာပင် ပန်းသီးပင်များကို သူမြင်တွေ့နေရသည်။ ပန်းသီးပင်များသည် ငွေရောင်အဆင်းရှိကြ၍ ပင်စည်လုံး၌ အရိပ်ကျသည့်အပိုင်းတစ်ပိုင်းမျှမရှိဘဲ သစ်ကိုင်းများတွင်လည်း သစ်ရွက်တစ်ရွက်မျှ မမြင်တွေ့ရပေ။

ဤအခိုက်တွင် နာရီမှနှိုးစက်သံကြောင့်နိုးလာခဲ့သော်လည်း တော်တော်နှင့်ထ၍မရ။ များစွာကြိုးစားအားယူပြီး အိပ်ရာမှ ထခဲ့ရလေသည်။ အိပ်မက်သည် တကယ်ဖြစ်ပျက်နေသည်နှင့်တူပြီး နိုးနေခြင်းကပင် အိပ်မက်နှင့်တူနေပြန်သည်ဟု ထင်မိ၏။

ရက်သတ္တပတ်များစွာ ကြာမြင့်သွားသောအခါ ပန်းသီးများ ခူးဆွတ်ပြီးချိန်ဖြစ်၍ ရေးသည် ဟိုတယ်တစ်ခုတွင် ပန်းကန်ဆေးရသည့်အလုပ်ကိုလုပ်နေရပြီး သူတို့နှစ်ယောက်လည်း များစွာသော သမီးရည်းစားတို့ထုံးစံအတိုင်း ပြန်တည့်သွားကြပြီး ချိန်းတွေ့ကြပြန်ရာ နောက်တစ်ကြိမ် လျှာနှင့်သွားတို့ကိုက်မိကြပြန်လေ၏။ ဘာအကြောင်းကစတင်၍ဖြစ်ရသည်ကိုတော့ သူမမှတ်မိတော့ချေ။ ရန်ဖြစ်ပြီးမှ မားဂရက်သည် နောင်တကြီးစွာရ၍ နောက်တစ်ကြိမ် ရန်မဖြစ်အောင် ရှောင်ကြဉ်မည်ဟု စိတ်ပိုင်းဖြတ်မိတော့သည်။

ထိုညတွင် စိတ်ညစ်စွာနှင့်ပင် အိပ်ရာဝင်လေရာ အိပ်မက်တစ်ခု ထူးခြားစွာ မက်လေ၏။ မည်းမှောင်၍ အေးချမ်းလှသောညတွင် ပန်းသီးခြံသည် ဘော်ငွေရောင်ဖြင့် တောက်ပနေလေသည်။ ခြံထဲ၌တစ်ယောက်ထီးတည်း မကျေနပ်စွာဖြင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိရာက နာရီနှိုးစက်သံကြောင့် နိုးလာရပြန်လေ၏။ ထိုဆောင်းတွင်းအချိန်ထဲ မကြာခဏ အိပ်မက်မက်ခဲ့၏။ သို့သော် ရန်ဖြစ်ပြီးတိုင်း အိပ်မက်မက်သည်တော့ မဟုတ်ချေ။ သူ၏အိပ်မက်များကား ပန်းသီးခြံထဲတွင်ပင် ကျက်စားလျက်ရှိ၏။

တစ်ညသ၌ အိပ်မက်သည် ပြောင်းလဲလာ၏။ အိပ်မက်ထဲတွင် သူသည် ခါတိုင်းကဲ့သို့ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာ သစ်ပင်တစ်ပင်ဘေးတွင် လူတစ်ယောက် မက်တပ်ရပ်လျက် ရှိနေသည်ကို တွေ့ရလေသည်။ ထိုသူသည် အရိပ်ပမာ မည်းမှောင်လျက်ရှိသော်လည်း သူ့မျက်လုံးမှ အလင်းရောင်များ ထွက်ပေါ်နေပြီး မားဂရက်ကို သူ့ထံသို့ ညှို့ငင်ခေါ်ယူနေသကဲ့သို့ရှိ၏။ လေးနက်၍ နှလုံးသားကို ဂယက်ရိုက်စေသော သူ့အသံကို မားဂရက်ကြားရလေ

www.burmeseclassic.com

၏။

'ဘုရားသခင်ရဲ့အာဏာနဲ့ သင့်ကို ကျွန်ုပ်အမိန့်ပေးနေတယ်။ အို - ဝိညာဉ် ဤခြံကို စွန့်ခွာထွက်သွားလော့၊ တစ်ဖန် ပြန်၍မလာလင့်'

မားဂရက်သည် အသက်ကိုညှစ်ထုတ်လိုက်သလိုဖြစ်သွားပြီး လန့်နိုးလာလေတော့၏။ ပတ်ဝန်းကျင်သည် မှောင်မည်းလျက်ပင်ရှိ၍ အချိန်မှာ ညသန်းခေါင်နှင့် အရုဏ်တက်ချိန်ကြားတွင်ရှိမည်ဟု ခန့်မှန်းရလေ၏။ ထိုနေ့မှစ၍ အိပ်မက်များ မက်တော့ချေ။ သို့ရာတွင် တစ်ချက်မျှ သက်သာခွင့်မရသော ခေါင်းကိုက်ဝေဒနာသည် မားဂရက်၌ စွဲကပ်လာလေတော့သည်။ နောက်ဆုံး၌ အလုပ်ကို ထိခိုက်လာကာ ကျောင်းအုပ်ကြီး၏သတိပေးခြင်းကို ခံရလေတော့၏။ ဆရာကြီးအား မခံမရပ်နိုင်အောင် ခေါင်းကိုက်ကြောင်း ပြောပြလျှင်လည်း ဆရာဝန်ထံသို့သာသွားခိုင်းမည်ဖြစ်၍ ဘာမှမပြောတော့ဘဲ မားဂရက်သည် စိတ်ပညာဆရာ(ဆိုင်ကော်လော်ဂျစ်)ထံသွားရန် ဆုံးဖြတ်လိုက်၏။

ဧပြီလ ၁ ရက်၊ စနေနေ့တွင် မားဂရက်သည် အနီးအနား၌ရှိသော စိတ်ပညာဆရာ၏ ဧည့်ခန်းသို့ရောက်ရှိသွားလေတော့၏။ မကြာမီပင် သူ့အလှည့်ရောက်လာ၍ ဆရာနှင့်တွေ့ဆုံခွင့်ရလေသည်။ စိတ်ပညာဆရာကား လူရွယ်လူလတ်ဖြစ်၍ မျက်နှာထားချိုသာသည်ကို တွေ့ရလေသည်။

မားဂရက်၏ရောဂါအကြောင်းကို မေးမြန်းသောအခါတွင် မားဂရက်သည် ဤဆရာ၏အသံကို ကြားဖူးသလိုလိုရှိသည်ဟု ထင်မိလေ၏။ သူ၏အိပ်မက်များအကြောင်းပြောပြသောအခါ ဆရာက -

"အိပ်မက်မက်တိုင်း ဒီပန်းခြံတစ်ခုတည်းမှာပဲမက်တယ်ဆိုတာ သေချာရဲ့လား"

ဟု မေးမြန်း၏။

မားဂရက်က ခေါင်းညိတ်ပြလိုက်သောအခါ -

"အခုကော ဒီအိပ်မက်မျိုး မက်သေးလား"

ဟု မေးပြန်လေသည်။

မားဂရက်က မမက်တော့ကြောင်း ပြောပြီး သူ့ကို လူတစ်ယောက်က နှင်ထုတ်လိုက်သော နောက်ဆုံးအိပ်မက်ကို ပြောပြလိုက်လေ၏။

"မဖြစ်နိုင်ပါဘူး၊ ကျုပ်မယုံနိုင်ဘူး"

ဆရာသည် ရုတ်တရက်ထသွားကာ ပြတင်းပေါက်မှ အပြင်ဘက်ဆီသို့ ငေးစိုက်၍ ကြည့်နေလေသည်။

မားဂရက်က လှမ်း၍ -

"ကျွန်မပြောတာကို ဆရာမယုံဘူးလား"

ဟု မေးလိုက်၏။

ဆရာက သူ့ဘက်လှည့်၍ ပြုံးလိုက်ကာ -

"ခင်ဗျားကိုယုံပါတယ်။ ခက်တာက ကျုပ်ကိုယ်ကျုပ်မယုံတာ"

ဟု ပြောလိုက်လေသည်။

"ဘာကိုဆိုလိုတာပါလဲ ဆရာ"

"မကြာသေးခင်က ကျုပ်ဆီကို စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်နေတဲ့ မိန်းမကြီးတစ်ယောက်ရောက်လာတယ်။ သူက သူ့ကိုယ်သူ ရူးသွားမှာ ကြောက်နေတယ်လေ၊ သူ့ယောကျ်ားပိုင်ဆိုင်တဲ့ ပန်းသီးခြံတစ်ခြံရှိတယ်။ အဲဒီခြံဟာ ခင်ဗျားစာသင်နေတဲ့ကျောင်းနားမှာရှိတယ်။ အဲဒီမိန်းမကြီးက အဲဒီခြံထဲမှာ တစ္ဆေမတစ်ယောက်လာလာပြီးခြောက်လှန့်တယ်လို့ ပြောတယ်။ ခက်တာက အဲဒီတစ္ဆေမဟာလည်း တစ်ခါတစ်ခါမှ သာပေါ်လာသတဲ့။ အဲဒီမိန်းမကြီးဟာ ပြဿနာတစ်ခုခုနဲ့ ပတ်သက်ပြီး စိတ်ရှုပ်ထွေးနေတဲ့အချိန်ကျရင် တစ္ဆေမကိုမြင်ရတော့တာပဲလို့ ပြောတယ်။ ခြောက်လှန့်ပုံကတော့ ညသန်းခေါင်လောက်ဆို ငိုသံကြားရတယ်ဆိုပဲ။ ငိုသံဟာ အရုဏ်တက်ချိန်လောက်မှပျောက်သွားသတဲ့။ အဲဒီမိန်းမကြီးကို ကြည့်ရတာလည်း ကျန်းကျန်းမာမာပါပဲ။ ဒါနဲ့ ကျုပ်လေ့လာထားဖူးတဲ့ နည်းလမ်းတချို့ပေးလိုက်တယ်။ ဒါပေမယ့် ငိုသံဟာ ပျောက်မသွားဘူး။ ဒါနဲ့ သူက သူတို့ပန်းသီးခြံထဲကအိမ်မှာ လာစောင့်ကြည့်ဖို့ ဖိတ်ခေါ်တယ်။ ကျုပ်ကြားလိုကြားငြားပေါ့လေ။

သူ့အကြံတော့ မကြိုက်ပါဘူး။ ဒါပေမယ့် သူ့ကျေနပ်အောင် နှစ်သိမ့်ဖို့က ဒီတစ်နည်းပဲရှိလေတော့ ကျုပ်ဟာ ညတိုင်း သူ့အိမ်မှာ သွားသွားအိပ်ပေးရတယ်။ နောက်ဆုံးညမှာ ကျုပ်ကိုယ်တိုင် ငိုသံကို သေချာကြားရပြီး ကြောက်လန့်တုန်လှုပ်စရာကောင်းတယ်ဆိုတာ သိလိုက်ရတာပဲ။ ကျုပ်ဟာ စိတ်လောကကို လေ့လာခဲ့တာ တော်တော်ကြာခဲ့လေတော့ အဲဒါဟာ တကယ့်အဖြစ်အပျက်ဆိုတာကို ကျုပ်သံသယမရှိခဲ့ဘူး။ အခုမှပဲ ဇာတ်ရည်လည်ပြီး သိလိုက်ရပြီ။ ကျုပ်ဟာ ခင်ဗျားကို မောင်းထုတ်လိုက်တော့ ခင်ဗျားရဲ့စိတ်ဟာ ဒီလိုနည်းနဲ့ သက်သာလာပြီး ကျုပ်က ပိတ်ပင်လိုက်တော့ ခေါင်းကိုက်ဝေဒနာ စွဲကပ်လာတော့တာပါပဲ"

မားဂရက် နားလည် သဘောပေါက်သွားပေပြီ။ စိတ်ဝိညာဉ် (မနောလွင့်ခြင်း) ကြောင့် သူ့အိပ်မက်မက်သလိုဖြစ်ရခြင်းကိုပါ သိလိုက်ရသည်။ စိတ်ပညာဆရာဆီက ပြန်လာခဲ့ပြီးနောက် မားဂရက်၏ ခေါင်းကိုက်ဝေဒနာသည် တစတစနှင့် ပျောက်ကင်းသွားလေ၏။ ရေ၏ ချစ်သဝန်ကြောင်မှုများကိုလည်း တဖြည်းဖြည်းနှင့် သည်းခံလာနိုင်လေတော့သည်။ ဤကိစ္စရပ်တွင်လည်း ဆောင်းပါးအစတွင်ဖော်ပြခဲ့သော ပက်ဂီ၏ကိစ္စရပ်မှာကဲ့သို့ပင် ဖြေရှင်းနိုင်လေသည်။ သို့ရာတွင် စိတ္တဗေဒကိုလည်း အနည်းငယ်ထည့်သွင်း၍ ဖြေရှင်းရမည်ဖြစ်သည်။

ရေးသည် ပန်းသီးခြံ၌အလုပ်လုပ်ခဲ့ဖူးသည်ဖြစ်၍ ရေးမှတစ်ဆင့် ပန်းသီးခြံသည် မားဂရက်၏ ဦးနှောက်ထဲ၌ စွဲလမ်းမိရာမှ တစ်ဖန် စိတ်ကမစွဲသော်လည်း အာရုံကစွဲနေသည့်ကျောင်းနားက ပန်းသီးခြံကို ရောက်ရတော့သည်။ ထို့ကြောင့် မားဂရက်အတွက် ရေးကို စိတ်ရောက်တိုင်း အာရုံတွင် ပန်းသီးခြံကြီး ပေါ်ပေါက်စွဲမြဲလာသည်။ ရေးထံ (ဝါ) ပန်းသီးခြံထံသို့ လူမရောက်နိုင်သောအခြေအနေတွင် အာရုံက ကျက်စားလေတော့၏။ အာရုံကဇော၊ ဇောမှ သဏ္ဍာန် ဖြစ်ပေါ်ခဲ့ဟန်တူလေသည်။ ဤသည်ကို သုတေသီပညာရှင်တို့က အက်စထရယ်ပရိုဂျက်ရှင်း (ASTRAL PROJECTION) ဟုခေါ်ဆိုကြ၏။ အရပ်စကားဖြင့်မူ လိပ်ပြာလွင့်ခြင်းဟု ဆိုရပေတော့မည်။

သို့ရာတွင် မားဂရက်၏ ဖြစ်ထွေတွင် ကျွန်ုပ်အဖို့ ရှင်းလင်းရန် ကြံဆစရာကား ကျန်သေး၏။ မားဂရက်သည် စိတ်ညစ်မှသာ စိတ်သက်သာခွင့်ကို တောင့်တလိုလားသည်။ ထို့ကြောင့် စိတ်ညစ်မှသာ အာရုံရုပ် (ဝါ) ရုပ်ခွဲထွက်သည်ကို အထူးကြံဆရန် မလိုပါသော်လည်း တစ္ဆေခြောက်ခံရပါသည် ဆိုသော မိန်းမကြီးသည် အဘယ်ကြောင့် စိတ်ရှုပ်ထွေးသောညမျိုးကျမှ တစ္ဆေ၏ အသံကို ကြားရပါသနည်း။

သက်ငြိ



www.burmeseclassic.com

www.burmeseclassic.com




"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမြင့်၊ လာ တစ်ခါထဲဝင်စား လိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမြင့်ရေ့၊ မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲစားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ဝါပြီအေမစားရဲပါဘူး" "မမြင့်ကလဲ ရောဂါရှိရင်ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက်ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်း သလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမြင့်ကို ဘေးဖြစ်အောင်တော့မလုပ်ပါဘူး" "စိတ်ချလက်ချ သာစားပါ မမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီး တာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရော မယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်းဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထားသင့်တဲ့ဆေးကတော့ **ဆရာမြင့်**ရဲ့ **စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်**ရဲ့ **စကြာမင်းသွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့ အခြားဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့. . . သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲယူသွားအုန်း မှပဲ" "ဒီမှာ မမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး**၊ ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်းဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့. . . **စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့လိုလိမ့်မယ်. . ."

**ကိုရဲ**

---


ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၆၉၁၀၉၁၊ ၇၂၂၅၄၁။

---

www.burmeseclassic.com

www.burmeseclassic.com



## ပီတာမြဦး

လူ့ဘဝသည် အငိုနှင့် စ,၍ အငိုနှင့်ဆုံးရသည်ဟုဆိုကြ၏။ အမိဝမ်းကြာတိုက်မှထွက်ထွက်ချင်းငိုရခြင်းမှာ ပြင်ပမှ အေးခဲမှုဘုတ်ခံစားလိုက်ရသော လေစိမ်းဒဏ်ကို ကြောက်လန့် တုန်လှုပ်မိ၍ ဖြစ်၏။ မိမိသေရတော့မည်ကို သိချိန်၌ မျက်ရည်သွင်သွင်ကျရခြင်းမှာ ကိုယ်ရောက်ရှိမည့် တမလွန်ဘဝကို တွေးကြောက်မိ၍ ဖြစ်၏။ သို့မို့ကြောင့်လည်း လူတို့သည် ဘဝတစ်လျှောက်လုံးကြောက်စိတ်ဖြင့် အသက်ရှင်နေရခြင်းပေလော။

ကြည့်လေ၊

ကမ္ဘာဦး လူတို့သည် နေလုံးကွယ်ပျောက် ညမှောင်လျှင်လည်း ကြောက်ကြ၏။ မိုးကြိုးပစ်သံ၊ လျှပ်စစ်ပြက်၊ မြေတုန်ဟည်းလည်းကြောက်ကြ၏။ သူတို့အသိဝယ် ဤအရာများကို အလိုအလျောက်ဖြစ်ပေါ်တတ်သော သဘာဝဘေးအန္တရာယ်များဟု မမြင်။ ရေ၊ မြေ၊ တောတောင်ကို အစိုးရသည့် မကောင်းနတ်ဆိုးကြီးများ၏ ပြုစား ဖန်တီးထားချက်များအဖြစ် ယူဆ တွေးထင်ကြ၏။

ထိုမှ မိုးနတ်မင်း၊ နေနတ်မင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်များကို ကြောက်စိတ်ဖြင့် ပူဇော်ပ,သသော ဓလေ့ ပေါ်လာသည်။ သူတို့အား ဒုက္ခမပေးကြရန် အစာရေစာများဖြင့် တောင်းပန် ကန်တော့သော အလေ့အကျင့်များ ပေါ်လာသည်။

ဤသည်မှာ မမြင်စွမ်းနိုင်သော တန်ခိုးရှင်များကို ယုံကြည်ကိုးကွယ်သော စနစ် လူတို့စိတ်ဝယ် သန္ဓေတည်လာခဲ့ခြင်း ဖြစ်၏။ ထိုမှတစ်ဆင့် လူ့ယဉ်ကျေးမှု တရွေ့ရွေ့ တိုးတက်လာသည့်အလျောက် နတ်ဆိုးများကိုးကွယ်သည့် ဓလေ့ တစ်စ တစ်စ လျော့ပါးလာကာ သူ့နေရာတွင် ဟိန္ဒူ၊ ဗုဒ္ဓ၊ ခရစ်ယာန်နှင့် အစ္စလာမ် စသော ဘာသာကြီးလေးရပ်က အစားထိုး ဝင်ရောက်လာသည်။

သို့ဖြစ်ရာ လူမှန်လျှင် တသီးတခြားနေ၍မရ၊ အားကိုးအားထားပြုရာ ဘာသာကြီးတစ်ရပ်ရပ်တော့ ကိုးကွယ်



www.burmeseclassic.com

www.burmeseclassic.com

ကြရသည်။ သို့မှသာ လူမှုရေး၊ စီးပွားရေး စသော လူမှုဆက်ဆံရေးကိစ္စများ အစဉ် ချောမွေ့အောင်မြင်နိုင်မည်။ ထိုသို့ အောင်မြင်နိုင်ရန်လည်း မိမိကိုးကွယ်သော ဘာသာကြီးများက လမ်းညွှန်မှု ပြုကြပေလိမ့်မည်။

ဘာသာကြီးတိုင်းကလည်း တူညီသောလမ်းညွှန်မှုကိုသာ ပြုကြသည်။ ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်မည်၊ လူတို့အား ကောင်းတာလုပ်ရန်ကို အားပေးတိုက်တွန်းထားသည်။မကောင်းမှုမှန်သမျှကိုလည်း တားမြစ်ထားသည်။ ဒီတော့ လူမှန်လျှင် ဘာသာတစ်ခုခုတော့ ကိုးကွယ်မှုရှိရမည်မဟုတ်ပါလား။

သို့တစေ ဤလောက၌ ဘာသာကြီးများကိုသာမက မည်သည့်အရာကိုမျှ မကိုးကွယ်သူတချို့ ရှိနေသည်ဆိုလျှင်ကား ယုံကြည်နိုင်ကြပါမည်လား။ ထိုသူတို့ ပြင်ပလောကတွင် ရှိနေချိန်၌ လူ့ပတ်ဝန်းကျင်အတွက် အနှောင့်အယှက်တစ်စုံတစ်ရာ မဖြစ်တန်ကောင်းပါချေ။

သို့ရာတွင် အကျဉ်းထောင်ထဲ၌ကား ပြင်ပကမ္ဘာနှင့်မတူ၊ ယုံကြည်ကိုးကွယ်မှုနှင့်ပတ်သက်၍ သီးခြားအခွင့်အရေးများ ရှိ၏။ တစ်ခါက မည်သည့်ဘာသာမျှ မကိုးကွယ်သူ အကျဉ်းသားတစ်ဦးနှင့် အကျဉ်းထောင်လက်စွဲဥပဒေပါ ဘာသာရေးပြဋ္ဌာန်းချက်များ ထိပ်တိုက် ရင်ဆိုင်တွေ့ခဲ့ကြလေရာ. . .။

၀

"ဒီနေ့ လူသစ်ကြည့်ရမယ့်နေ့ပါ ဆရာ"

"ဟုတ်လား၊ လာခဲ့မယ်လေ ကိုဆန်းထွန်း"

"ဟုတ်ကဲ့ ဆရာ၊ အသင့်စောင့်နေပါ့မယ်"

တစ်နေ့ နံနက်စောစော ထောင်ဖွင့်ပြီးချိန်တွင် ထောင်ကျရုံး ထောင်မှူးဦးဆန်းထွန်း လာသတင်းပို့သည်။ ကျွန်ုပ်က ယနေ့ နံနက်ပိုင်း တခြားအရေးကြီးအစီအစဉ်မရှိသဖြင့် လာခဲ့မည်ဟု ကတိပေးလိုက်သည်။

များပြားလှစွာသော တာဝန်ခံအရာရှိ (ထောင်ပိုင်) တစ်ဦး၏တာဝန်ဝတ္တရားများတွင် လူသစ်ကြည့်ခြင်းမှာလည်း တစ်ခု အပါအဝင် ဖြစ်၏။ လူသစ်ကြည့်ခြင်း ဆိုသည်မှာ သက်ဆိုင်ရာ တရားရုံးများမှ ပြစ်ဒဏ်အသီးသီး ချမှတ်ခံရ၍ အကျဉ်းထောင်သို့ ရောက်လာသော အကျဉ်းသားများကို ထောင်ပိုင်ကိုယ်တိုင် အင်တာဗျူးလုပ်ခြင်းပင် ဖြစ်၏။

ယင်းသို့ စစ်ဆေးရာ၌ ထောင်ကျရုံးထောင်မှူးက ထောင်ပုံစံ (၂၁) ခေါ် အကျဉ်းသားမှတ်ပုံတင်စာအုပ်ကြီးတွင် ကြိုတင်ရေးမှတ်ထားသော အကျဉ်းသားဆိုင်ရာ အချက်အလက်များဖြင့် တိုက်ဆိုင်စစ်ဆေး ဆောင်ရွက်ရမည် ဖြစ်လေသည်။

အကျဉ်းသားဆိုင်ရာ အချက်အလက်များတွင် အဓိကအားဖြင့် အကျဉ်းသား၏အမည်၊ အဘအမည်၊ အသက်၊ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်း၊ အရပ်အမောင်း၊ အသားအရောင်၊ ကိုယ်တွင် ထင်ရှားသည့် အမှတ်အသား၊ အပြစ်ပေးပုဒ်မ၊ ချမှတ်သည့်ပြစ်ဒဏ်၊ အပြစ်ပေးတရားရုံး၊ ထောင်ဝင်နံပါတ် စသည့်အချက်များ ပါဝင်ပေသည်။

အဆိုပါ အချက်အလက်များဖြင့် တိုက်ဆိုင် စစ်မေးခြင်းအားဖြင့် အကျဉ်းသား၏ကိုယ်ရေးရာဇဝင်ကို ရုပ်လုံးပေါ်လွင်လာစေပြီး တစ်ချိန်တည်းတွင် အကျဉ်းသား၏ ဥပဓိရုပ်၊ အသံ၊ အပြောအဆို၊ အမူအရာကိုပါ လေ့လာအကဲခတ်ပြီး ဖြစ်ပေမည်။ လိုအပ်ပါက သူ၏ အမှုဖြစ်စဉ် အသေးစိတ်ကိုပါ ဖြည့်စွက်မေးမြန်းကြည့်နိုင်သေး၏။

ကျွန်ုပ်သည် ထိုနေ့တွင် သတ်မှတ်ပြစ်ဒဏ်စေ့၍ လွတ်မြောက်သည့် အကျဉ်းသားတစ်ဦးချင်း စစ်ဆေးလွှတ်ပေးကာ ထောင်လွတ်လက်မှတ်များကိုပါ လက်မှတ်ထိုး ထုတ်ပေးလိုက်သည်။ ထောင်လွတ်အကျဉ်းသားများကို အစိုးရရုံးဖွင့်ရက်နေ့တိုင်း နံနက်စောနိုင်သမျှစောစော ထောင်မှလွှတ်ပေးရလေရာ ထောင်ပိုင်များသည် နေ့ကြီးရက်ကြီးတွင် ငါး၊ ငှက် စသော သတ္တဝါများလွှတ်ပေးကြသည်ထက် အဆများစွာ အလိုအလျောက် ကုသိုလ်ရနေကြလေသည်။ အဘယ်ကြောင့်ဆိုသော် အကျဉ်းသားများမှာ လူသတ္တဝါများ ဖြစ်နေ၍ပင်။

အကျဉ်းသားလွှတ်ခြင်းကိစ္စ ပြီးစီးသည်နှင့် အကျဉ်းထောင်ထဲ ဝင်ရောက်ကာ ထောင်ကျရုံးခန်းတွင် တန်းစီစောင့်နေသော အကျဉ်းသား လူသစ်များကို တစ်ယောက်ပြီး တစ်ယောက် ကြည့်ရှုစစ်ဆေးကာ ပြီးစီးကြောင်းလက်မှတ်ကို ထိုးပေးလျက်ရှိသည်။

အမှုများမှာသာ သာမန်ဖြစ်ရိုးဖြစ်စဉ်ပြစ်မှုများဖြစ်ကာ အကျဉ်းသားများမှာလည်း ယခင်ယခင်က မြင်တွေ့နေကျ သမားရိုးကျရုပ်ရည်များသာ ဖြစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com

တစ်မနက်လုံး စိတ်ဝင်စားဖွယ်မကောင်းသည့်အပြင် တစ်ချက် တစ်ချက် သန်း၍ပင် နေလိုက်မိပါသေးသည်။

သို့တစေ. . .

နောက်ဆုံး လူသစ်တစ်ယောက်အလှည့်အရောက်တွင်ကား ထောင်မှူးက ရှေ့ကမေး၍ အကျဉ်းသားက လိုက်ဖြေသည်ကို လိုက်မှတ်နေသော ကျွန်ုပ်၏ လက် ရုတ်တရက် ရပ်တန့်သွားတော့၏။

"ဘာ- ဘယ်လိုကွယ့်၊ အဲဒီအပိုဒ် ပြန်မေးစမ်း"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ် အမိန့်ပေးလိုက်၍ ထောင်မှူးက ရှေ့က ပြန်မေးပေးသည်။ အကျဉ်းသားက လိုက်ဖြေသည်။

"လူမျိုး"

"ဗမာ"

"ကိုးကွယ်တဲ့ဘာသာ"

"မရှိ"

ကျွန်ုပ်ကလက်ကာပြ၍ မေးလိုက်သည်။

"နေပါဦးကွယ့်၊ မရှိ ဆိုတာက ဘာလဲ"

"ကိုးကွယ်တဲ့ဘာသာ မရှိဘူးလို့ ဆိုလိုတာပါ"

"ဒါဆို မင်းကဘာသာမဲ့ပေါ့ကွယ့်"

"မှန်ပါတယ်"

"ဩော်-ဒီလို ဘယ်တုံးက စ,ဖြစ်သွားတာလဲ"

"ကျွန်တော် ငယ်ငယ်ကတည်းက ပါ ဆရာ"

"မိဘတွေကကော"

"မရှိကြတော့ပါဘူး"

"ဒါနဲ့ မင်းက အပြင်မှာ ဘာလုပ်ကိုင်စားသောက်လဲ"

"ကြုံရာကျပန်းပါပဲ ဆရာ"

ထိုအခိုက် ထောင်မှူးကြီး ဦးစိုးလှိုင် ရုံးခန်းထဲ ဝင်ရောက်လာကာ အလေးပြုလိုက်သည်။

"ဆရာ၊ ရုံးချုပ်မှာ အထူးအစည်းအဝေးရှိလို့ အခုလာခဲ့ပါတဲ့။ ခုန ဖုန်းလာတယ် ဆရာ"

"ဟုတ်လား"

ကျွန်ုပ်မှာ ဤရှားရှားပါးပါးတွေ့ရသော ဘာသာမဲ့အကျဉ်းသား မောင်မောင်နွေ ဆိုသူအား ဆက်လက် မေးမြန်းလိုသေးသော်လည်း အခြေအနေက မပေး။

"ကဲ- ဒါဆို ကိုစိုးလှိုင်ပဲ ဆက်လုပ်လိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်က မပြီးပြတ်သေးသော လူသစ်ကြည့်ခြင်းကို ထောင်မှူးကြီး ဦးစိုးလှိုင်အား တာဝန်ပေးကာ ရုံးချုပ်သို့ အမြန်ထွက်လာခဲ့ရ၏။ အစည်းအဝေးမှာ လူစုံတက်ရောက်ရပြီး လုံခြုံရေးကိစ္စဖြစ်နေ၍ အချိန်အတော်ကြာသည်။ ကျွန်ုပ်အကျဉ်းထောင်သို့ ပြန်ရောက်လာချိန် ဝယ် ညနေထောင်ပိတ်ပြီးဖြစ်နေသဖြင့် အထဲသို့မဝင်တော့ဘဲ ထောင်ဘူးဝပေါ်ရှိ နေအိမ်ဆီသို့ တက်ခဲ့၏။

✿

"ဆရာ၊ ထောင်ကျဆောင်ထောင်မှူးက မေးနေတယ်"

နောက်တစ်နေ့နံနက် ရုံးတက်ချိန်ဝယ် ထောင်မှူးကြီးဦးစိုးလှိုင်က သတင်းပို့သည်။

"အကျဉ်းသားလူသစ် မောင်မောင်နွေကို ပုံစံခန်းမှာရက်စေ့ရင် ဘယ်အခန်းမှာ နေရာချပေးရမလဲတဲ့"

"ဘာဖြစ်လို့တဲ့လဲ"

"သူက ဘာသာမဲ့ဆိုပြီး ညကျရင် ဘုရားမရှိခိုးဘူးတဲ့။ အဲဒါ အောက် (၁) ခန်းက ဗုဒ္ဓဘာသာအများစု ထားတာဆိုတော့ အခန်းလူကြီးက လက်မခံချင်ဘူး။ (၂) တို့၊ (၃) တို့လည်း ဒီလိုပဲ။ အောက် (၄) ခန်းကျတော့ မွတ်စလင်အကျဉ်းသား သီးသန့်ထားတဲ့အခန်းပါ။ ဘာလို့ဆို အခု အစ္စလာမ်ဘာသာဝင်တွေရဲ့ ဥပုသ်လ ဖြစ်နေတော့ သူတို့ ဘုရားဝတ်ပြုလွယ်အောင်လို့ပါ။ မနက် အရုဏ်တက်ချိန် စားသောက်ဖို့လည်း ဖိုကြီးက သီးခြားစီစဉ်ပေးထားပါတယ်"

အကျဉ်းထောင်လက်စွဲဥပဒေတွင် ဗုဒ္ဓဘာသာဝင်များအတွက်သာမကဘဲ ဘာသာခြားများအတွက်ကိုပါ သီးသန့်ပြဋ္ဌာန်းပေးထားသည်။

"အင်း- ဒါဆို သူ့ကို အောက်(၄) ခန်းလည်း ပို့လို့မဖြစ်ဘူး။ အပေါ်ခန်းတွေကော. . ."

"အပေါ်ထပ်မှာကလည်း နှစ်ကြီးအကျဉ်းသား ပုတီးသမားတွေများတယ် ဆရာ။ မောင်မောင်နွေ အဆင်မပြေလောက်ဘူး။ ပြီးတော့ သူက ရိုက်မှုနဲ့ (၂) နှစ်လောက်ပဲကျတာဆိုတော့လေ"

မှန်ပါသည်။ မောင်မောင်နွေမှာ နှစ်ငယ်သမားဖြစ်နေသဖြင့် အဆောင်အောက်ထပ်အခန်းများမှာသာ ထားရှိသင့်သည်။ သို့ပေမယ့် သူက ထူးထူးခြားခြား ဘာသာမဲ့ လာဖြစ်နေသည်ကခက်၏။

"လောလောဆယ်တော့ မောင်မောင်နွေကို ပုံစံခန်းထဲမှာပဲ ဆက်ထိန်းထားဖို့ ပြောလိုက်ပါ ကိုစိုးလှိုင်"

"ဟုတ်ကဲ့ ဆရာ"

"ဒါနဲ့ ခင်ဗျား မနေ့က မောင်မောင်နွေကို ဆက်မေးကြည့်ခဲ့သေးလားဗျ"

"ဘာကိုလဲ ဆရာ"

"သူ ဘာလို့ ဘာသာမဲ့ ဖြစ်ခဲ့ရတယ် ဆိုတာကိုပါ"

"ဟင့်အင်း- မမေးမိခဲ့သေးဘူး"

"အင်း- တစ်နေ့တော့ မေးကြည့်ရသေးတာပေါ့"

ထိုတစ်နေ့ကား တော်တော်နှင့်ရောက်မလာခဲ့။ ဒီကြားထဲ ဌာနဆိုင်ရာ စစ်ဆေးရေးကိစ္စများဖြင့် နယ်ဘက်ခရီးထွက်နေရ၍ ဖြစ်၏။ ပြန်ရောက်လာတော့ အလုပ်ကြွေးများဆပ်နေရခြင်း တခြား ရုံးကိစ္စများ ဆောင်ရွက်နေရခြင်းတို့ကြောင့် အချိန်အတော်လေးကြာမြင့်သွားသည်။

✿

"ကဲ-ဆိုစမ်းပါဦး မောင်မောင်နွေ မင်း ဘာလို့ သူများတွေလို ကိုးကွယ်ယုံကြည်တာမရှိဘဲ ဘာသာမဲ့ဖြစ်နေရတာလဲကွယ့်"

တစ်နေ့ နေ့ခင်းဘက် အချိန်ရ၍ မောင်မောင်နွေကို အကျဉ်းထောင်ဘူးဝရှိ ကျွန်ုပ်၏ရုံးခန်းတွင်ခေါ်ယူ၍ မေးမြန်းစူးစမ်းကြည့်မိသည်။

"ဟုတ်ကဲ့၊ အဲဒါကို ဘယ်ကစပြီး ဘယ်လိုပြောရမယ် မသိတော့ပါဘူး ဆရာ"

မောင်မောင်နွေက စိတ်ရှုပ်သွားဟန် ခေါင်းကုတ်၍ပြောသည်။

"အေး-ဘယ်ကစ,ပြောရမှန်းမသိရင် အစကနေသာ ပြောပေတော့ကွာ"

မောင်မောင်နွေက အနည်းငယ်စဉ်းစားဟန်ပြုပြီးမှ-

"အမှန်တော့ ကျွန်တော်တကျောက်ကွင်းမျိုးဆက်ပါ ဆရာ"

"ကျောက်ကွင်း ဆိုတာက ဘာကိုပြောတာလဲ"

"အဲဒါက ပြည်ခရိုင် ဝက်ထီးကန်အရှေ့ဘက် (၄) မိုင်အကွာမှာရှိတဲ့ ရွာကလေးပါ ဆရာ"

"ဟင်- ဒါဆို လွန်ခဲ့တဲ့ နှစ်ပေါင်း (၅၀) ကျော်လောက်က ဗုဒ္ဓဘာသာနဲ့ ခရစ်ယာန်ဝါဒပြိုင်ပွဲလုပ်ခဲ့တဲ့ နာမည်



www.burmeseclassic.com

www.burmeseclassic.com

ကျော် ကျောက်ကွင်းရွာကို ပြောတာလား"

"အစစ်ပေါ့ ဆရာ။ အဲဒီအချိန်က ရှိခဲ့တဲ့ ကျောက်ကွင်းရွာသူကြီးဦးလျှောင်ဆိုတာ ကျွန်တော့်အဖေရဲ့ အဘိုးပေါ့။ ကျွန်တော်က စတုတ္ထမျိုးဆက် ဆိုပါတော့"

"ဟုတ်လား၊ ဒါဆို မင်းလည်း ကျောက်ကွင်းရွာသားပဲလား"

"မှန်ပါတယ် ဆရာ"

"ဒါနဲ့ မိဘတွေ ဘာလုပ်ကိုင်စားသောက်ကြလဲ"

"မိရိုးဖလာ တောင်သူတွေပါပဲ"

"ဘယ်ဘာသာ ကိုးကွယ်ကြသလဲကွယ့်"

"အဖေက ခရစ်ယာန်၊ အမေက ဗုဒ္ဓဘာသာပါ ဆရာ"

"အို- မိဘတွေကိုယ်တိုင် ယုံကြည်ကိုးကွယ်တဲ့ဘာသာတွေရှိရဲ့သားနဲ့ မင်းကျမှ ဘာလို့ ဘာသာမဲ့ဖြစ်ရတာလဲကွယ့်"

"ဒါက ဒီလိုပါ ဆရာ။ မိဘတွေက ပထမတော့ လူငယ်တို့ဘာဝ အချစ်ကိုပဲ ဦးစားပေးပြီး လက်ထပ်ခဲ့ကြတာပါ။ နောက်ပိုင်း ကျွန်တော်မွေးလာတဲ့အချိန်ကစပြီး . သူတို့ကြားမှာ ဘာသာရေးအားပြိုင်မှုတွေ မသိမသာပေါ်လာတယ်။ ကျွန်တော် လေး၊ ငါး၊ ခြောက်နှစ်လောက်မှာ ဖေဖေက တနင်္ဂနွေနေ့တိုင်း ခရစ်ယာန်ဘုရားကျောင်းမှာဝတ်ပြုဖို့ ခေါ်သွားတယ်။ ဓမ္မသီချင်းတွေကို သိုက်ဆိုစေတယ်။မေမေကလည်း ဥပုသ်နေ့တိုင်း ကျွန်တော့်ကို ဆရာတော် ဦးသောဘိတကျောင်းခေါ်သွားပြီး ငါးပါးသီလခံစေတယ်။ ဩကာသ၊ ဂုဏ်တော်ကိုးပါးနဲ့ ပဋ္ဌာန်းပါဠိတော်တွေ သင်ပေးတယ်။ ကျွန်တော့်မှာတော့ ဒီတစ်ပတ် ခရစ်ယာန်ဖြစ်လိုက်၊ နောက်တစ်ပတ် ဗုဒ္ဓဘာသာဖြစ်လိုက်နဲ့ပေါ့လေ။ မိဘနှစ်ပါးရဲ့အားပြိုင်မှုအလယ်မှာ ဘာသာရေးသားကောင်လို ဖြစ်နေရတာပေါ့ ဆရာ"

"အင်း"

"တနင်္ဂနွေနေ့ကျရင် ဖေဖေက-

'သခင်ယေရှုသည် အပြစ်ရှိသူတို့ကို ကယ်တင်ခြင်းအလို့ငှာ ဤလောကသို့ကြွလာတော်မူသည့်တဲ့သားရဲ့။ဖေဖေတို့လူသားတွေအားလုံးဟာ အပြစ်သားတွေချည်းပဲကွယ့်။ ဒါကြောင့် ဒီအပြစ်သားဘဝက ရှင်သန် လွတ်မြောက်ဖို့ဆိုရင် ခရစ်ယာန်ဘာသာကို ကိုးကွယ်မှဖြစ်မှာကွယ့်' လို့ ရှင်းပြတယ်။

ဥပုသ်နေ့ရောက်ပြီဆိုရင် မေမေကလည်း-

'သား၊ ဆရာတော်ဟောတာကြားတယ် မဟုတ်လား။ အဝိဇ္ဇာဆိုတဲ့တဏှာကြောင့် လူတွေဟာ ဘဝအဖန်ဖန်ဖြစ်ပြီး ဒုက္ခသံသရာကြောမှာ မျောနေကြရတာတဲ့။ အဲဒီ ဒုက္ခတွေ ချုပ်ငြိမ်းကင်းစင်တဲ့နိဗ္ဗာန်ရောက်ဖို့ဆိုရင် ဗုဒ္ဓရဲ့တရားတွေကပဲ စွမ်းဆောင်နိုင်တာကွယ့်။ အဲဒါကြောင့် သား ဗုဒ္ဓဘာသာ ကိုးကွယ်ရလိမ့်မယ်'

လို့ ဖျောင်းဖျတယ်။

အမှန်အတိုင်းပြောရရင် ကျွန်တော့်ဦးနှောက်ထဲကို ဘယ်ဘာသာတရားရဲ့ အဆိုအမိန့်မှ ဝင်မလာဘူး။ ခေါင်းထဲမှာ ရှုပ်ထွေးပြီး ဘာကိုမှစိတ်မဝင်စားနိုင်အောင် ဖြစ်လာတယ်။ ကြာတော့ တနင်္ဂနွေနေ့ ဘုရားကျောင်းသွားရတာကိုရော ဥပုသ်နေ့ဘုန်းကြီးကျောင်းလိုက်ရတာတွေကိုပါ ငြီးငွေ့ပြီး မုန်းတီးစိတ် ဝင်လာတယ်။ ပိုဆိုးသွားတာက ပဲခူးမှာနေတဲ့ ကျွန်တော့်အမေရဲ့မောင်၊ လေးလေးကျော် ကျောက်ကွင်းကို အလည်ရောက်လာတာပါပဲ"

"သူက ဘာဖြစ်လို့လဲ"

"သူက လူပျိုကြီးလေ။ ပဲခူးမှာ တစ်ယောက်တည်းနေတယ်။ လက်ဖက်ရည်ဆိုင်ဖွင့်ထားလို့ စီးပွားရေးလည်း ကောင်းတယ်။ သူက ကျွန်တော့်ကို သူနဲ့ ပဲခူးထည့်လိုက်ဖို့ ပြောတယ်။ ဟိုမှာ ကျောင်းလည်းထားပေးမယ် ပြောတယ်။ အဲဒီအချိန်မှာ ကျွန်တော်က မူလတန်းအောင်လို့ အလယ်တန်းကျောင်းပြောင်းရမှာနဲ့ တိုက်ဆိုင်နေတယ်။ မိဘတွေကလည်း ကျွန်တော် မြို့ကျောင်းမှာတက်ပြီး ပညာတတ်ကြီး ဖြစ်စေချင်တာနဲ့ လေးလေးကျော်နဲ့ ပဲခူးကို ထည့်လိုက်တယ် ဆရာ"

"ဩော်- ဒါနဲ့ ဘယ်လိုပိုဆိုးသွားတာလဲ"

"ပဲခူးရောက်မှသိတာ၊ လေးလေးကျော်က အရက်သမားကြီး ဖြစ်နေတာပဲ။ လက်ဖက်ရည်ဆိုင်ကို သူ့ညီနဲ့လွှဲထားပြီး သူက တစ်ချိန်လုံး မူးနေတာလေ။ ဆိုးတာက သူ့အိမ်မှာ ဘာဘုရားဆောင်မှ မရှိတာဘဲ။ သူ့ကြည့်ရတာ ကွန်မြူနစ်လိုလို၊ ဘုရားမဲ့ဝါဒီလိုလိုနဲ့။ ဘာသာရေးနဲ့ပတ်သက်ပြီး နဂိုမူလကတည်းက ကြောင်လိုလို၊ ကျားယောင်ယောင် ဖြစ်နေတဲ့ ကျွန်တော်ဟာ လေးလေးကျော်အိမ်ရောက်ပြီး မကြာခင်မှာ ဘာသာမဲ့လုံးလုံး ဖြစ်သွားပါတော့တယ် ဆရာ"

"အင်း- ဒါနဲ့ ကျောင်းတော့တက်ရမှာပေါ့"

"ဟုတ်ကဲ့၊ ကျောင်းတော့ထားပေးပါရဲ့။ ဒါပေမယ့် ကျောင်းကပြန်လာရင် လက်ဖက်ရည်ဆိုင်မှာ ဝင်ကူလုပ်နေရတာ ညမိုးချုပ် ဆိုင်သိမ်းတဲ့အထိ ဆိုပါတော့။ အဲဒါနဲ့ စာကြည့်၊ စာဖတ်ချိန်မရတာနဲ့ ကျောင်းနေရတာလည်း စိတ်မပျော်ခဲ့ဘူး။ တိုတိုပြောရရင် ကျွန်တော် (၇)တန်းတက်တဲ့နှစ်မှာ လေးလေးကျော် အသည်းခြောက်ရောဂါနဲ့ ဆုံးပါတယ်။ အဲဒီကတည်းက ကျောင်းလည်းဆက်မတက်ဖြစ်၊ ဦးလေးအငယ်နဲ့ လက်ဖက်ရည်ဆိုင်မှာပဲ အချိန်ကုန်လာပါတယ်။ ဘမျိုးဘိုးတူ ဆိုသလို ဦးလေးအငယ်ကလည်း ခွက်ပုန်းချနေရာကနေ နောက်ပိုင်းတော့ သူ့အစ်ကို လေးလေးကျော်လို အရက်သမားလုံးလုံး ဖြစ်လာပါလေရော။ သူကလည်း လူပျိုကြီးပဲဆိုတော့ လက်ဖက်ရည်ဆိုင် လုပ်ငန်းကိစ္စဟာ ကျွန်တော့်ခေါင်းပေါ် ကျလာရော ဆိုပါတော့ ဆရာ"

"ဟုတ်လား၊ မင်းလက်ထက်မှာတော့ ကောင်းကောင်းလုပ်နိုင်မှာပေါ့"

"ဟင့်အင်း- ကျွန်တော် ဒီလိုမနက် အရုဏ်မတက်ခင်ကတည်းက အိပ်ရာက ထရပြီး မိုးစုံးစုံးချုပ်တဲ့အထိ လုပ်ရတဲ့ လက်ဖက်ရည်ဆိုင်အလုပ်မျိုးကိုစိတ်မဝင်စားဘူး။ ကျွန်တော်က အိမ်ခြံမြေအကျိုးဆောင် ဖြစ်ချင်တာ။ ဒါပေမယ့် ဦးစီးမယ့်သူ မရှိတာနဲ့ ဒီအလုပ်ကိုပဲ အောင့်အည်းသည်းခံပြီး လုပ်လာခဲ့ရတာ ဦးလေးငယ် ဆုံးပါးတဲ့အထိ ဆိုပါတော့။ ဒီတော့မှ ကျွန်တော် လက်ဖက်ရည်ဆိုင်ကို ရောင်းပစ်ပြီး ရန်ကုန်မှာ အိမ်ခြံမြေအရောင်းအဝယ် စ,လုပ်ဖြစ်ခဲ့တာ အမှုမဖြစ်ခင်အထိ ဆိုပါတော့ ဆရာ"

"ဒါနဲ့ အမှုက ဘယ်လိုဖြစ်တာလဲ"

"အမှုက လုပ်ဖော်ကိုင်ဖက် အိမ်ပွဲစားချင်း ဖြစ်တာပါ။ ကျွန်တော်နဲ့ အလုပ်တွဲလုပ်တဲ့ ပွဲစားတွေထဲမှာ ဘာသာပေါင်းစုံ ကိုးကွယ်တဲ့လူတွေ ပါတယ်။ ဒီထဲမှာ ကျွန်တော်တစ်ယောက်တည်း ဘာသာမဲ့ဖြစ်နေတာပေါ့။ အဲဒါ ညနေအရက်ဝိုင်းမှာ ဘာသာရေးကိစ္စ စကားစပ်မိကြတုန်း ဘာသာခြားတစ်ယောက်က မူးရူးပြီး ကျွန်တော့်ကို ဝေဖန်ရှုတ်ချလာတယ်။

'လူမှန်ရင် မိရိုးဖလာယုံကြည်ကိုး



www.burmeseclassic.com

www.burmeseclassic.com

အရှင်ပညာသီဟာဘိဝံသ
(ပဉ္စနိကာယ်)

# ခေဆ်းမြီးတို ၆



ဘုရားမြတ်စွာထံသို့ ထိုထိုမြို့ရွာများမှ ဘုရားဖူး၊ တရားနာ ရောက်လာကြတဲ့ သံဃာများကို ဘုရားမြတ်စွာက-

'ကစ္စိ ဘိက္ခဝေ ခမနီယံ၊ ကစ္စိ ယာပနီယံ'

(ရဟန်းတို့- ဘယ်လိုလဲ၊ သင်တို့ရဲ့ ခန္ဓာဆိုတဲ့ယန္တရားကြီး ခန့်ကျန်းကြပါရဲ့လား။ မျှကော မျှတကြပါရဲ့လား)

ဟု ရဟန်းတို့က ရှိခိုးဦးချကြပြီးတာနဲ့ ထိုစကားနဲ့ အမြဲတမ်း အဦးဆုံး နှုတ်ဆက်တော်မူလေ့ရှိပါတယ်။ ပြီးမှ တရားထူးကိစ္စ၊ တရားဟောဖို့ကိစ္စ၊ သိက္ခာပုဒ် ပညတ်ဖို့ကိစ္စ စတာတွေကို ကွယ်တဲ့ဘာသာ ရှိရတယ်ကွ။ ဒါမှ ကိုယ့်ဘုရားက မပြီး ကြီးပွားချမ်းသာမှာပေါ့။ မင်းကြည့်ရတာ လူယဉ်ကျေးမှုအဆင့်နိမ့်တဲ့ အရိုင်းအစိုင်းမျိုးရိုးက ဆင်းသက်လာတာထင်ပါရဲ့၊ ဟားဟားဟား'

ကျွန်တော် ဘယ်မှပါတ်မထိန်းနိုင်တော့ဘဲ အဲဒီကောင်ကို အရက်ပုလင်းနဲ့ ကောက်ရိုက်ပစ်လိုက်တာ ခေါင်းမှာ နှစ်ချက်ချုပ်လိုက်ရလို့ ကျွန်တော်လည်း ရိုက်မှုနဲ့ ထောင် (၂) နှစ်ကျလာတာပါ ဆရာ"

"အင်း၊ အင်း- သိပြီ"

ကျွန်တော် ထောင်ကျဆောင် ထောင်မှူးကိုခေါ်၍ အကျဉ်းသားမောင်မောင်နွေအား ပုံစံခန်းတွင် ရက်စေ့လျှင် အောက် (၃) အခန်းသို့ ပြောင်းရွှေ့ထားရန် ပြောလိုက်သည်။ ထိုအခန်းဝယ် အကျဉ်းသား အများစုမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်သော်လည်း အခြားဘာသာဝင်များကိုပါ စုပေါင်း နေထိုင်စေသောအခန်း ဖြစ်၏။

ဤသို့ဖြင့် အချိန်တစ်နှစ်ခွဲကျော်ခန့်ကြာမြင့်ပြီးနောက် တစ်နေ့၌ ထောင်မှူးကြီးဦးစိုးလှိုင်မှ အကျဉ်းသား မောင်မောင်နွေက ကျွန်ုပ်အား တွေ့ဆုံခွင့်တောင်းကြောင်း သတင်းပို့လာလေ၏။

ကျွန်ုပ်က ခေါ်ယူတွေ့ဆုံခဲ့ရာ-

"ဆရာ၊ ကျွန်တော် လွတ်ရက်နီးနေပြီ မဟုတ်လား"

"အင်း- နောက်လထဲ လွတ်လိမ့်မယ်"

"ကျွန်တော်လွတ်တဲ့နေ့မှာ ဘုန်းကြီးဝတ်ချင်တယ် ဆရာ"

"ဟေ- ဘုန်းကြီးဝတ်မယ်၊ ဘာဘုန်းကြီးလဲကွယ့်"

ကျွန်ုပ်က တအံ့တဩ ငေးကြည့်နေမိသည်။ သို့သော် သေချာအောင်တော့ မေးလိုက်သည်။

"ဟိုလေ. . . ဗုဒ္ဓဘာသာဘုန်းကြီး ရဟန်းဝတ်မှာကို ပြောတာပါ ဆရာ"

"သြော်- ထောင်နဲ့ကင်းစင်သွားအောင် ဒုလ္လဘဝတ်တဲ့သဘောပေါ့"

"မဟုတ်ဘူး ဆရာ၊ တစ်သက်လုံး ဝတ်သွားတော့မှာပါ"

"ဟေ"

ကျွန်ုပ် ဒုတိယအကြိမ် အံ့ဩသွားမိသည်။ ကျွန်ုပ်က သူ့ကို ပြောင်းရွှေ့ခဲ့သော အောက်(၃)အခန်းမှာ ဘာသာမဲ့ချုတ်ခန်းများ ဖြစ်လေသလား။

"ဒါက ဘယ်လိုဖြစ်ရတာလဲ မောင်မောင်နွေရဲ့။ ဘာသာမဲ့ဘဝနဲ့ ဒီလောက်ကြာအောင် နေလာပြီးမှ ဝင်မယ့်ဝင်တော့ ဘာ့လို့ ဗုဒ္ဓဘာသာဖြစ်ရတာလဲ။ ပြီးတော့ ခဏတစ်ဖြုတ်ဒုလ္လဘ မဟုတ်ဘဲ တစ်သက်လုံးဝတ်သွားမယ်တဲ့လား။ ဆရာတော့ နားမလည်နိုင်အောင်ပါဘဲ။ အဲဒါ ဘယ်လိုဖြစ်ရတာလဲကွယ့်"

"ကျွန်တော်လည်း ဘယ်လိုပြောရမှန်းတော့ မသိဘူး။ ကြည့်ရတာ ဘဝဘဝက ပါလာတဲ့ အထုံပါရမီကြောင့်ပဲလား၊ ကျွန်တော့်စိတ်ထဲ ညထောင်ပိတ်ပြီးတိုင်း အခန်းလူကြီးတိုင်ပေးတဲ့ ဘုရားရှိခိုးသံကိုလိုက်ရွတ်နေမိတယ်။ ပြီးတော့ အခန်းလူကြီးကိုအတုယူပြီး ညတစ်ညမှာ ဘုရားဆောင်ရှေ့မှာတရားထိုင်ကြည့်မိတယ်။ အဲဒီမှာ ကျွန်တော့်အမေပြောခဲ့တဲ့ အဝိဇ္ဇာတွေကင်းစင်တဲ့ နိဗ္ဗာန်ရဲ့အေးချမ်းမှုအရိပ်နိမိတ်တွေကို ခံစားနားလည်လာမိတယ်။ ခုဆို ကျွန်တော့်အသက်က (၅၀) နားနီးနေပြီ။ လူ့ဘဝအတွေ့အကြုံတွေကိုလည်း ခါးသီး မုန်းတီးနေပြီ။ အဲဒါကြောင့် ကျန်တဲ့ဘဝကို ရဟန်းဘဝနဲ့ သာသနာ့အကျိုးဆောင်ရွက်ဖို့ ဆုံးဖြတ်လိုက်တာပါ။ အဲဒါ ဖြစ်နိုင်ရင် ဆရာ ကူညီပေးပါလား ခင်ဗျား"

"ကောင်းပြီ မောင်မောင်နွေ- ဒါသာသနာ့အကျိုးပဲ၊ ဆရာကူညီရမှာပေါ့"

ကျွန်ုပ်က ဝမ်းမြောက်ဝမ်းသာစွာ လက်ခံလိုက်မိသည်။

မောင်မောင်နွေ ထောင်မှလွတ်သောနေ့ဝယ် မြို့ဦးကျောင်းဆရာတော်ရှေ့၌ ပစ္စည်းလေးပါးဒါယကာအဖြစ် ခံယူပြီး မောင်မောင်နွေအား သာသနာ့ဘောင်တွင်း သွတ်သွင်းပေးလိုက်တော့၏။

နတ်လူ သာဓုခေါ်ကြပါလေကုန်သော်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"

"ဓမ္မံ သရဏံ ဂစ္ဆာမိ"

"သံဃံ သရဏံ ဂစ္ဆာမိ"

ပီတိမြိုင်



www.burmeseclassic.com

www.burmeseclassic.com

မေးမြန်းတော်မူပါတယ်။

ဘုရားမြတ်စွာက သာဝကတွေရဲ့ ကျန်းမာရေးကို ထိုမျှ အလေးထားတော်မူပါတယ်။ ဒါ့ကြောင့် ရှင်သန်ကြရတဲ့ လူနေမှုဘဝမှာ ကျန်းမာစွာနေတတ်ဖို့ အရေးကြီးပါတယ်။ 'ခန္ဓာဆိုတဲ့ ယန္တရားကြီး ခန့်ကျန်းကြပါရဲ့လား' ဆိုတာ ယနေ့ခေတ်အသုံးနဲ့ဆို 'ကိုယ်ခံအားတွေ ကောင်းကြရဲ့လား' လို့ မေးလိုရင်း ဖြစ်ပါတယ်။ ကိုယ်ခံအား နည်းနေရင် ရောဂါပိုးတွေဝင်၊ ရောဂါဒဏ်မခံနိုင်။ ရောဂါရ ကျန်းမာရေးပျက်ရင် သံဃာတော်များ ပရိယတ်(စာသင်၊စာချ)၊ ပဋိပတ်(တရားအားထုတ်) ဆိုတဲ့ ရဟန်းအလုပ် မလုပ်နိုင်သလို လူများမှာလည်း စီးပွားရေး၊ ကြီးပွားရေး၊ မိသားစုအရေး စတဲ့ ကိစ္စတွေ လစ်ဟင်းမှာ ဖြစ်ပါတယ်။ ငွေကုန်ကြေးကျလည်း ရှိဦးမယ်။ သို့အတွက် လူတိုင်း ကျန်းမာချင်ရင်၊ ရောဂါမဖြစ်ချင်ရင် ကိုယ်ခံအားကောင်းအောင် စားသောက်နေထိုင်တတ်ဖို့ လိုပါတယ်။ ကိုယ်ခံအား ကောင်းပါမှ ရောဂါပိုးများ အလွယ်တကူမဝင်ရောက်နိုင်ခြင်း၊ ရာသီဥတုဒဏ်ခံနိုင်ခြင်းဆိုတဲ့ ဒီကနေ့ခေတ် ဆေးပညာရှင် ဆရာဝန်များရဲ့စကားနဲ့လည်း တစ်ထပ်တည်း ကျပါတယ်။

ကူးစက်ရောဂါ မဟုတ်တဲ့ ကင်ဆာ၊ ဆီးချို့၊ သွေးချို၊ နှလုံးသွေးကြောဆိုင်ရာရောဂါနဲ့ အဆုတ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလေးမျိုး အဖြစ်များလာကြောင်း၊ ထိုရောဂါများကြောင့် အသက်(၆၀)နှစ်အောက် သေဆုံးနေကြကြောင်း၊ ထိုရောဂါများသည် တခြား ကူးစက်ရောဂါများထက် အဖြစ်များနေကြောင်း၊ နေ့စဉ် လူနေဘဝရဲ့စားသောက်နေထိုင်မှု ဘဝပုံသဏ္ဌာန်တွေ ပြောင်းဖို့လိုအပ်ကြောင်းကို စာနယ်ဇင်းတွေမှာ ဆေးပညာရှင်များက သတိပေး၊ အသိပေး ရေးသားနေကြပါတယ်။ ဘဝနေထိုင်စားသောက်ခြင်း ပုံသဏ္ဌာန်ကို ကျန်းမာသက်ရှည်အောင် ပြုပြင်နေထိုင် စားသောက်တတ်ဖို့ပါ။

မကြာသေးခင်က ငါးပိ၊ ငရုတ်သီးမှုန့် ပဲတို့တွင် ဆိုးဆေးများပါနေသည်ကို နေပြည်တော်ဈေးကြီးအတွင်း စစ်ဆေးတွေ့ရှိရကြောင်း၊ ထိုဆိုးဆေးများကို ကြာရှည်စားသုံးနေပါက ကင်ဆာ စတဲ့ ရောဂါကြီးများ ဖြစ်နိုင်ကြောင်းကိုလည်း ဖတ်လိုက်ရ၍ စိတ်မကောင်း ဖြစ်ရပါတယ်။ ယခင်က မသိလို့၊ အခု သိကြပြီဆိုတော့ လူများစွာရောဂါရစေတဲ့ စားသောက်ဖွယ်ရာတွေကို ရောင်းသူများ ကမရောင်းချကြဖို့ပါ။ ကိုယ့်လူမျိုးကိုယ် သတ်နေသလိုမျိုး ဖြစ်နေတယ် မဟုတ်လား။

အရင်ကတော့ မလှူတတ် ဈေးရောင်းတဲ့ ခုတော့ လူကို ဥပါဒ်ဖြစ်စေတဲ့ စားသောက်ကုန်ရောင်းချသူ အချို့ဟာ လူများစွာကိုသတ်မိနေသလိုမျိုး ဖြစ်နေရင် အင်မတန်ကြီးလေးတဲ့ ပါဏာတိပါတ အမှုကြီးကို နေ့စဉ် လွန်ကျူးနေခြင်း ဖြစ်နေတာကို နားလည်ကြရပါမယ်။

၂၀၀၀ ပြည့်နှစ်ကနေပြီး ၂၀၁၂ ခုနှစ်အတွင်း နိုင်ငံမှာ ကင်ဆာရောဂါ ဖြစ်ပွားနှုန်း (၃၀) ရာခိုင်နှုန်း တိုးလာသတဲ့။ အူမကြီးကင်ဆာ၊ အသည်းကင်ဆာနဲ့ အစာအိမ်ကင်ဆာများ အဖြစ်များလာသတဲ့။ ထိုကင်ဆာရောဂါများက အစားသောက်နဲ့ပတ်သက်ပြီး ဖြစ်ကြတာလို့ ဆိုကြတယ်။

*(အခု မြန်မာနိုင်ငံက ဒုတိယ ကင်ဆာရောဂါ အဖြစ်အများဆုံးတဲ့။)*

'အရှင်ဘုရား၊ အိမ်နီးချင်းနိုင်ငံက တပည့်တော်တို့နိုင်ငံထဲသာ အချိုမှုန့်တွေ သွင်းနေတာ၊ သူတို့နိုင်ငံသားတွေကိုတော့ အဲဒီအချိုမှုန့်တွေကိုမစားကြရဘူးဘုရား' လို့ ရင်းနှီးတဲ့ဒကာ လျှောက်ထားဖူးတာကို အမှတ်ရမိတယ်။ အလှူအတန်း၊ အကျွေးအမွေး ပေါပြီး အိုးကြီးချက်တဲ့ ကျုပ်တို့နိုင်ငံမှာ ရဟန်းရှင်လူအားလုံးရဲ့ဝမ်းထဲမှာ အချိုမှုန့်တွေ ဝင်ရောက်နေတာ ကြာလှပေါ့။ ဒါ့ကြောင့် ဆေးပညာရှင်များသတိပေးတဲ့ အထက်ပါ ရောဂါလေးမျိုး အဖြစ်များလာဟန်တူပါရဲ့။ ကျုပ်တို့ ကျောင်းစာရေးရွာမှာဆို အသက် (၄၀)ဝန်းကျင် လူလတ်ပိုင်း အမျိုးသမီး တော်တော်များများမှာ ဆီးချို့၊ သွေးချို အဖြစ်များနေကြတယ်။ သူတို့က အိမ်မှာအိုးသူကြီးတွေဆိုတော့ ဟင်းပဲချက်ချက်၊ ငါးခြောက်ပဲဖုတ်ဖုတ်၊ လက်ဖက်ပဲသုပ်သုပ် အချိုမှုန့် လက်ဆကဲသူတွေ မဟုတ်လား။ အခုတစ်ခါ အမျိုးသမီးရောဂါ အလုံးဆိုလား အဖြစ်များနေကြပြန်သတဲ့။ ဆိုးဆေးခေတ်မို့သာ မမြင်ကြတာ၊ ကျုပ်တို့ ကျောင်းစာရေးရွာမှာ အများစုအမျိုးသမီးများ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆံပင်တွေလည်းဖြူနေကြပြီ။

ကျုပ်မှာ မိုးဦးကျ ဝါဆိုဦးဆို တုပ်ကွေးက ဖြစ်နေကျ၊ အသိဆရာဝန်များက ကိုယ်ခံအားနည်းနေတဲ့အချိန် လူတောထဲ အသွားများလို့ကူးတာလို့ အမြဲပြောကြတယ်။ တုပ်ကွေးပိုးလို့လည်း ဆိုကြတယ်။ ကိုယ်ခံအားကောင်းအောင် လတ်ဆတ်တဲ့အသီးအနှံတွေ များများစားဖို့ပြောကြတယ်။ ရေဆူဆေးပြားဆိုတာလည်း ကပ်ကြပါတယ်။ ဒါပေမယ့် အဲဒီအချိန်ရောက်ရင် နှစ်စဉ် တုပ်ကွေးကဖြစ်မြဲ။

တရားဟောတဲ့ဘုန်းကြီး၊ စာချတဲ့ဘုန်းကြီးမို့ ဝါဆိုဦးဆို ဝါဆိုသင်္ကန်းကပ်ပွဲတွေ၊ ဥပုသ်နေ့တွေဆို တရားပွဲတွေ၊ စာလိုက်သံဃာနှစ်ရာကျော်ကို နေ့စဉ်စာချနဲ့ဆိုတော့ ပရိသတ်ထဲ မဝင်လို့မှ မရတာ။ ဆရာဝန်တွေပြောကြတဲ့ တုပ်ကွေးပိုးက ကူးလို့ကို မဆုံးတော့။ တုပ်ကွေးက (၃) ရက်လောက် ဆေးထိုး၊ ဆေးသောက်ဆို အဖျားက ပျောက်သွားတာ များပါတယ်။ ဒါပေမယ့် ချောင်းဆိုးက အချိန်ကြာကြာ မပျောက်တတ်တာမို့ အသံအသုံးပြုရတဲ့ ဘုန်းကြီးအဖို့ အလွန်စိတ်ညစ်ရပါတယ်။

လည်ချောင်းယားပြီး ဆိုးတာမို့ ခန္ဓာကိုယ် ယိမ်းထိုးနေတယ်။ သင်္ကန်းရုံကြီးနဲ့ တရားဟောရခြင်း၊ စာလိုက်သံဃာများစွာ စာချရခြင်းမို့ လူနဲ့တွေနဲ့ ချွေးကစို၊ အအေးပတ်၊ ချောင်းဆိုးက မပျောက်နိုင် ဖြစ်နေလို့ တပည့်ဖြစ်သူ မောင်ဝိမလက သူ့မှာရှိနေတဲ့ လောက်သေရွက် အခြောက်ကို ရေနွေးနဲ့ခတ်ပြီး တစ်ပတ်လောက် သောက်ကြည့်ဖို့ အကြံပေးလို့ (၂) ရက်လောက် သောက်ကြည့်တော့ လည်ချောင်းယားတာ ပျောက်သွားတယ်။ သလိပ်ဟပ်လို့ရတယ်။ ပင်ပင်ပန်းပန်း မဆိုးတော့ဘူး။

မောင်ဝိမလက အရင် တီဘီရောဂါဖြစ်ဖူးလို့ (၆) လ ဆေးသောက်ခဲ့ရတယ်။ ဒါပေမယ့် ပန်ကာလေ၊ အဲယားကွန်းလေ၊ အမွှေးတိုင်၊ ခြင်ဆေးခွေ အနံ့ရှူမိရင်နဲ့ အပူ-အအေး မမျှရင် သူ့ချောင်းက ဆိုးမြဲ။ ချောင်းခြောက်က ဒီအတိုင်းနေရင် မဆိုး၊ အသံထုတ်ပြီး စကားပြော၊ တရားဟောရင် ချောင်းက ဆိုးပြီ။ အာရုံပျက်တာပေါ့။ အခုတော့ လောက်သေရွက်ကို လက်ဖက်ခြောက်လို ရေနွေးထဲမှာ ထည့်သောက်လို့ သက်သာသတဲ့။

ရှေးက တောကျောင်းဘုန်းကြီးများဆို လောက်သေရွက်ကို ဓားနဲ့နုပ်နုပ်စဉ်း၊ အခြောက်လှန်းပြီး နှစ်ပေါက် လက်ဖက်ခြောက်လို ရေနွေးထဲ ထည့်သောက်လေ့ ရှိကြတယ်။ ရောဂါကင်းကြတယ်။ လောက်သေရွက်က ပိုးသေတယ်လို့ ဆိုကြတယ်။ ယနေ့ခေတ် တုပ်



www.burmeseclassic.com

www.burmeseclassic.com

ကျွေးရာသီနဲ့ တီဘီရောဂါသည်များ သောက်ကြည့်သင့်ပါတယ်။ ကျေးလက်တောရွာတွေမှာ အလွန်ပေါတဲ့အရွက်ပါ။ ကျုပ်တို့ညောင်စာရေးရွာမှာ အရွက်အစိမ်းဆို သုပ်လည်းစားကြသည်။

ဟိုတစ်နေ့ လမ်းမတော်က ဒကာဦးစိန်ဝင်းနဲ့စကားစပ်မိလို့ လောက်သေ ရွက်အကြောင်း ပြောဖြစ်တော့ သူက လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးလေးဆယ်က သူ့ဦးလေး တီဘီရောဂါဖြစ်တော့ ထိုစဉ်က အခုလို (၆) လသောက် တီဘီဆေးက လည်း မပေါ်သေး၊ ဆေးရုံတက်တော့ လည်း အခြားသူတွေကို ကူးမှာစိုးလို့ ချောင်ကျကျမှောင်ထဲမှာ တစ်ယောက်တည်းထားသတဲ့။ လူမှာအရိုးပေါ် အရေတင်ပြီး ပိန်ခြောက်နေတယ်။

နောက်ဆုံး မပျောက်နိုင်လို့ ရွာပြန်သယ်ကြရတယ်။ ရွာရောက်တော့ လောက်သေရွက်အစိုကို နေ့စဉ် ကျိုပြီး သောက်လိုက်တာ တီဘီရောဂါပျောက်ကင်းသွားတယ်လို့ ပြောပြပါတယ်။

ကျုပ်ငယ်စဉ်က ရွှေမန္တလေးဆရာတော် ဘုန်းကြီးဝကြီးလည်း တစ်ခါတစ်ခါ လောက်သေရွက်နဲ့ ပျဉ်းတော်သိမ်ရွက်များကို အစိမ်း တို့စားလေ့ရှိတာကို မှတ်မိတယ်။ ငယ်ငယ်ကတော့ ဘာလို့စားတယ်ဆိုတာ မသိရဘူး၊ စအိုယားယံတဲ့အခါ လောက်သေရွက် စားရတယ်ဆိုတာကို အခုမှသိရတယ်။

ဒီနှစ် တုပ်ကွေးက တစ်ခါမျှမဖြစ်ဘူးသေးတဲ့ရောဂါနဲ့ ပူးတွဲဖြစ်တာမို့ ရောဂါနှစ်မျိုး တစ်ပေါင်းတည်း ခံစားရတယ်။ တပည့်များက ကန်စွန်းရွက်နဲ့မို့ မကြာမကြာ ကြော်ကပ်ကြတယ်။ တစ်နေ့ အိပ်ရာထ ကုဋီတက်၊ ဝမ်းသွားပြီးနောက် စအိုအောင့်လျက် နာသလို၊ ယားသလို ခံစားလိုက်ရတယ်။ ခဏနဲ့ ပျောက်မယ်ထင်တာ မပျောက်ဘဲဖြစ်နေလို့ အထိုင်များလို့ လိပ်ခေါင်းများဖြစ်ပြီလားပေါ့။ တွေးပြီး စိုးရိမ်မိတယ်။

အသိဆရာဝန်များကို ပြောပြတော့ ဒေါက်တာဦးတင်ထွန်းက ဇလုံတွင် ရေနွေးနဲ့ဆား အနည်းငယ်ထည့်၊ ထိုင်နိုင်တဲ့အနေတော်အပူမှာ စအိုကို စိမ်ပေးရန်နဲ့ ပိုးသတ်ဆေးများသောက်စေပါတယ်။ ဒေါက်တာမေရီစိုးအောင်က ဂြိုဟ်တုလို့ခေါ်တဲ့ ဆေးတောင့်လေးကို တစ်နေ့တစ်တောင့်၊ (၄) ရက် ဆက်တိုက် စအိုထဲထည့်ရန်ပြောပြီး ဆေးတောင့်လေးများနဲ့ ရေဆူဆေးပြားများ ကပ်ပါတယ်။ ရွာမှ ဆေးမှူးရဲ့တပည့်မစန်းမြင့်ကတော့ မက်ထရို၊ အမောက်စလင်၊ ပါရာစီတာမော့ သုံးမျိုးပေါင်းပြီး သောက်ရန် ပြောပါတယ်။ ကိုသောင်းနိုင်ဦးလည်းရောက်နေလို့ သူကလည်း ဆေးမှူးဆိုတော့ အလားတူ ပိုးသတ်ဆေးတွေပေးပါတယ်။ စအိုယားယံခြင်းက ခံစားရမပြင်းထန်ပေမယ့် စိတ်က အဲဒီ ယားတဲ့နေရာရောက်နေလို့ စိတ်မဖြောင့်ဘူး။ ဘယ်ဆေးနဲ့ ပျောက်သွားမှန်း မသိလိုက်ရဘူး။ ပျောက်တော့သွားတယ်။ ဒီဆေးလေးများက လက်လှမ်းမီတဲ့ဆေးများမို့ ဆေးမြီးတိုလို့ပဲ ပြောရမှာပါ။

ဆရာဝန်များက သတိပေးပါတယ်။ မိုးတွင်းမှာ သန့်စင်ခန်းဝင်ပြီးရင် ရေခြောက်အောင် သုတ်ရမယ်။ စအိုယားခြင်းဟာ မှိုနဲ့ပိုးကြောင့် ဖြစ်တာတဲ့။ ယားသလိုမျိုးခံစားရရင် အခု ကျုပ်က ကာပေါ်လစ်ဆပ်ပြာနဲ့ စအိုကိုသန့်ရှင်းရေးလုပ်ကြည့်လိုက်တော့ ယားယံခြင်းက သက်သာတာကို သတိပြုမိတယ်။ ဒါကြောင့် အဖိုးတန်ဆပ်ပြာများ မသုံးနိုင်ခဲ့ရင် ဝမ်းသွားပြီးလို့ သန့်ရှင်းရေးကို ကာပေါ်လစ်ဆပ်ပြာနဲ့လုပ်ပါ။ စအိုယားယံခြင်း ပျောက်ပါတယ်။ ကာပေါ်လစ်ဆပ်ပြာဟာ ဆေးမြီးတိုပါပဲ။ လက်တွေ့ပျောက်ခြင်း၊ အလွယ်ရရှိနိုင်ခြင်းဟာ ဆေးမြီးတိုရဲ့ဂုဏ်သတ္တိ ဖြစ်ပါတယ်။

စအိုမှာဖြစ်နေတော့ ဂရင်ဂျီနာများ ဖြစ်သလား၊ လိပ်ခေါင်းများလား ပူပန်မိတယ်။ အင်တာနက်မှာ ကျန်းမာရေးဆိုက်တစ်ခုကိုတွေ့လို့ ဖတ်လိုက်ရပါတယ်။ အဲဒါကတော့ ဂရင်ဂျီနာ ပျောက်ဆေး ဖြစ်ပါတယ်။ ဂရင်ဂျီနာဆိုတာ စအိုဝန်းကျင်မှာ သွေးစုနာလို အဖုသေးသေးလေးတွေဖြစ်ပြီး သွေးစိမ့်ခြင်း၊ စပ်ဖျဉ်းဖျဉ်းနဲ့ နာကျင်နေခြင်း၊ ထိုင်ရခက်တဲ့ရောဂါဖြစ်တယ်။ ပျောက်ဖို့ အတော်ခဲယဉ်းဟန်တူပါတယ်။ အရင်က ဝထ္ထုကန်မှ ဒကာတစ်ဦးဖြစ်နေလို့ သူခံစားရတာကိုပြောပြလို့ သိရတာပါ။ ဘုရားလက်ထက်မှာကတည်းက ရှိခဲ့တဲ့ရောဂါ ဖြစ်တာကို ပိဋကတ်တော်မှာ တွေ့ရပါတယ်။

အင်တာနက်ပါ ဆေးမြီးတိုကတော့ အမျိုးသားမှာဖြစ်ရင် အမျိုးသမီးကျင်ငယ်၊ အမျိုးသမီးမှာဖြစ်ရင်တော့ အမျိုးသားကျင်ငယ် လိုအပ်ပါတယ်။ အုတ်ခဲကို မီးဖုတ်ပြီးတဲ့အခါ ကျင်ငယ်လောင်း၊ ထွက်လာတဲ့ အခိုးအငွေ့မှာ အပေါ်ကနေ အပူခံပေးရပါမယ်။ ဒါဆို ဂရင်ဂျီနာမှ သားနံ့ရည်များ ကျလာပြီး ပျောက်ကင်းကြောင်း ဖတ်ရပါတယ်။

ဒါ့အပြင် အမျိုးသားများ ကစ်ပယ်အိတ်မှာ တစ်ခါတစ်ရံ ဖွတ်တတ်တတ်ပါတယ်။ ယားယံပါတယ်၊ ကုတ်နေရတတ်ပါတယ်။ ဒါကြောင့် ပိုးဝင်ပြီး အနာဖြစ်တတ်တယ်။ အုတ်ခဲကို မီးဖုတ်ပြီးရင် အဲဒီအုတ်ခဲပေါ် ကျင်ငယ်စွန့်ချလိုက်ပါ သို့မဟုတ် ရေနဲ့လောင်းချလိုက်ပါ။ ထွက်လာတဲ့အခိုးမှာ အပေါ်ကနေ အပူခံ၊ အငွေ့ခံပေးလိုက်ရင် သက်သာပျောက်ကင်းပါတယ်။ ကိုယ့်ကျင်ငယ် သို့မဟုတ် ရေနဲ့မို့ တသီးတသန့် မရှာရတဲ့ ဆေးမြီးတိုပါ။

ဒီနှစ် ဝါဆိုဦးမှာပဲ ညောင်စာရေးမှ မိုးမိုးက မနက် (၉) နာရီ နံနက်စာ ထမင်းဟင်းချက်ချိန်ဆို နေ့စဉ် ခေါင်းကိုက်ကြောင်း လှမ်းဖုန်းဆက်ပြီး ဆေးမြီးတို မေးပါတယ်။ တချို့က သူရဲ့မွေ ဇင်းမှာ ရုံဖန်ရံခါ ဆေးမြီးတိုဆောင်းပါးများရေးနေလို့ ဆေးဘုန်းကြီး ထင်ဟန်တူတယ်။ ရောဂါသည်တွေ ရောဂါအကြောင်းနဲ့ ဆေးအကြောင်း လာမေးကြတယ်။ ဆေးဘုန်းကြီးမဟုတ်ပါကြောင်း ကြုံတွေ့ရတဲ့လူတွေက သူတို့ကိုယ်တွေ့ ပျောက်တဲ့ ဆေးမြီးတိုလေးတွေ ပြောပြလို့ တစ်ဆင့်ဖောက်သယ်ချခြင်း၊ စာရေးခြင်းသာဖြစ်ကြောင်းကို ပြောပြရတယ်။

မိုးမိုးမေးတဲ့အချိန်ဟာ ကိုယ်တိုင်လည်း မဟာသိမ်တော်ကြီးဆရာတော် စုစည်းရေးသားထားတဲ့ 'မှတ်စုမှတ်ရာ ဆေးနည်းတိုထွာ' စာအုပ်ကို ဖတ်နေချိန်မို့ စာအုပ်မှာဖော်ပြတဲ့အတိုင်း သံပရာသီးအစေ့ကိုသွေးပြီး ကိုက်တဲ့နားထင်ကို လိမ်းပေးဖို့ ပြောလိုက်မိတယ်။

မိုးမိုးက သံပရာသီးအစေ့ကို သွေးမရလို့ ထုထောင်းပြီး ထွက်လာတဲ့ အစေးကို ကိုက်တဲ့နားထင်မှာ လိမ်းပေးလိုက်ပါတယ်။ တစ်ခဏလေးမှာလည်း သက်သာလာတယ်။ ခံစားနိုင်တဲ့ နာကျင်ခြင်းလောက်ပဲ ခံစားရပြီး (၃) ရက်လောက် ဆက်တိုက် သံပရာအစေ့ကို ထုထောင်းပြီး ထွက်လာတဲ့အစေးကို လိမ်းလိုက်တာ သက်သာပျောက်ကင်း သွားကြောင်း ပြန်ပြောပြပါတယ်။ ကြက်သွန်ဖြူကို အဲလိုထုထောင်းပြီး ကိုက်နေတဲ့နားထင်ကို လိမ်းပေးရင်လည်း နားထင်ကိုက်တာ ပျောက်ကင်းနိုင် သတဲ့။

အခန့်မသင့်လို့ နားထင်ကိုက်



www.burmeseclassic.com

www.burmeseclassic.com

နှီးလောက်ဖြစ်တာနေမှာ။ ဦးနှောက်အမြှေးရောင်တာတို့၊ အခြားအာရုံကြောနဲ့ပတ်သက်တဲ့ ခေါင်းကိုက်မှုမျိုးတို့ဆို ပျောက်မယ်မထင်ဘူး။ အဲလို သုံး,လေးရက်လောက် လိမ်းလို့မှ မပျောက်ရင်တော့ ဆရာဝန်နဲ့ပြပါ။ ဘာလို့လဲဆိုတော့ ကျောင်းတိုက်သို့ နယ်က ရောဂါသည်အမျိုးသားတစ်ဦး ရောက်လာပါတယ်။ မျက်နှာကြီးကလည်း ရောင်တိုင်းနေတယ်။ ခေါင်းလည်းကိုက်တာမပျောက်လို့ ဆရာဝန်ကုံ့ လာပြတာ။ ဆရာဝန်က ပြောပါတယ်၊ 'ဆံပင်ဆိုးဆေးနဲ့ မတည့်လို့ပါ' တဲ့။ မျက်နှာမှာလိမ်းကြတဲ့ ခရင်(မ်)က ကိုယ့်အသားအရေနဲ့မတည့်တတ်တာမျိုး ရှိကြောင်းကိုကိုယ်တွေ့ကြုံသူ အမျိုးသမီးများ ပြန်ပြောကြတာတွေကို ဂျာနယ်တွေမှာဖတ်ရပါတယ်။ ဆံပင်ဆိုးဆေးနဲ့ ဦးရေပြားမတည့်တာကတော့ ခုမှတွေ့ရတယ်။

ခန္ဓာကိုယ်မှာ အသေးအမွှားရောဂါလေးပင်ဖြစ်ပါစေ၊ နေရထိုင်ရတာ အဆင်မပြေပါဘူး။ နှာခေါင်းပိတ်ဖူးကြမှာပါ။ တချို့ နှာခေါင်းပိတ်တာကတော့ ဟပ်ချိုးလို့ ချေတတ်တဲ့ နှာပွင့်အမှုန့်လေး နှာခေါင်းထဲထည့်လို့ဖြစ်စေ၊ ရှူလို့ဖြစ်စေ၊ ရှောက်သီးသုပ်စပ်စပ်လေးနဲ့ဟင်းခါးလေး သောက်လိုက်ရလို့ ပွင့်သွားတတ်တာမျိုးလည်း ရှိတတ်တယ်။

တချို့ကျတော့ အမြဲကို နှာခေါင်းပိတ်နေတာ၊ အနံ့မရဘူး ဆိုကြတယ်။ ဒါနဲ့ပတ်သက်လို့ ကျုပ်ရဲ့သိရိဂုဏ်ဝေမြေမာန်ကျောင်း [စိုက်/မွေး (၁) ရပ်ကွက်၊ လေးဒေါင့်ကန်၊ ဒဂုံမြို့သစ်တောင်ပိုင်း] ကျောင်းတိုက် တည်ကတည်းက သဲနဲ့ကျောက်စရစ် အမြဲလှူနေတဲ့ မမြင့်မြင့်အေးနဲ့ စကားစပ်မိတော့-

"တပည့်တော်မ လက်တွေ့ဘုရား၊ ခံတက်ခေါက်ကိုသွေးပြီး နှာတံပေါ်နဲ့မျက်ခုံးအပေါ်လေးမှာ လိမ်းပေးဘုရား၊ ပိတ်နေတဲ့ နှပ်အခဲတွေ ပျော်ပြီးကျလာပါလိမ့်မယ်"

လို့ သူ့ကိုယ်တွေ့ဆေးနည်းကို ပြောပါတယ်။

အဲဒါနဲ့ ဒီနှစ် ကဆုန်လ ညောင်စာရေးရွာ ရွှေမဉ္ဇူကျောင်းတရားစခန်းမှာ တရားဟောရင်းနဲ့ ပြောပြဖြစ်တယ်။ အမြဲ နှာပိတ်နေတဲ့ ဒကာမတစ်ဦး ခံတက်ခေါက်သွေးလိမ်းကြည့်တော့ သက်သာတာပဲရှိတယ်၊ ရှင်းရှင်းကြီးမပျောက်ဘူးလို့ ဆိုပါတယ်။ ကြာရှည် စွဲလိမ်းကြည့်ရင် မမြင့်မြင့်အေးပြောသလို ပိတ်နေတဲ့ နှပ်အခဲတွေ ပျော်ကျလာရင် ပျောက်သွားမလားဘဲ ဆိုတာကို တွေးမိပါတယ်။ မခက်ခဲတဲ့အတွက် နှာအမြဲပိတ်နေသူများ စမ်းကြည့်သင့်တယ်။ အပြင်လိမ်းရတာမို့ အန္တရာယ်မရှိနိုင်ပါ။

ဆွမ်းဝိုင်းမှာ ထုံးဘိုမြို့ မြောင်ဆရာတော်ကိုတွေ့လို့ 'ရန်ကုန်ကို ဘာကိစ္စနဲ့ ကြွလာပါသလဲ ဘုရား' လို့ မေးလျှောက်တော့ ကျောက်ကပ်မှာကျောက်တည်လို့ ဆရာဝန်နဲ့ပြရန်လာကြောင်းပြောပြပါတယ်။

လူပုံတော်ပတ္တမြား ဦးအောင်မြင့် (၇) နှစ်ပြည့် နှစ်ပတ်လည်ဆွမ်းကပ်မို့ နှယ်ရာချည့်သည်များကိုလည်း ဖိတ်ထားလို့ ဆွမ်းဝိုင်းအနီးမှာရှိနေတဲ့ ဒကာ ဦးရဲထွန်းဆိုသူက သွေးထဲမှာအဆီ (ကိုလက်စထရောလ်) များလို့ ကျောက်တည်တာ၊ နွားနို့အစိမ်းကို ယမကာနဲ့စပ်သောက်တဲ့ ဆော်ဒါအရည်နဲ့ ဆတူ တစ်ဖန်ခွက်ကို တစ်နေ့ (၃) ကြိမ် ရောသောက်ရင် (၃) ရက်ဆို ကျောက်ကပ်တို့၊ ဆီးလမ်းကြောင်းတို့မှာ တည်တဲ့ကျောက်သာမက သည်းခြေမှာတည်တဲ့ကျောက်ပါ ဆီးနဲ့အတူကျကြောင်းကိုပြောပြပါတယ်။

နွားနို့နဲ့ဆော်ဒါ ရောစပ်သောက်ပါက သွေးထဲမှအဆီ (ကိုလက်စထရော) ကျကြောင်းနဲ့ ကျောက်ကပ်လုပ်အားပါကောင်းကြောင်းကို ပြောပြပါတယ်။ သူလက်တွေ့လို့လည်း ဆိုပါတယ်။ ကားမောင်းသူဖြစ်လို့ ကြုံသမျှ ပါဝင်ဂျာ ဆီးရောဂါသည် အမျိုးသားမှန်သမျှကို သတင်းပေးနေပါသတဲ့။ ဆေးမြီးတိုလေးပါပဲ။ ကျောက်ကပ်လုပ်အားကောင်း၍နောင် ကျောက်မတည်နိုင်ပါတဲ့။

သူက ဆက်ပြောပါသေးတယ်။ အစာအိမ်အနာဖြစ်လို့ အစားစားရင်အောင့်တတ်ပါတယ်။ ထိုအခါမျိုးမှာ ကြက်ဥအစိမ်းကိုဖောက်၊ အနှစ်ကိုဖယ်ပြီး အကာအရည်ကြည်ကို သောက်ပေးရင် အစာအိမ်အနာ သက်သာကြောင်းကိုလည်း အဆစ်အနေနဲ့ပြောပြပါတယ်။ အင်တာနက်မှာလည်း အဲဒီဆေးနည်းကို ဖတ်လိုက်ရပါတယ်။

အင်တာနက်သုံးတဲ့ခေတ်မို့ Face book မှာ ကိုယ်တွေ့ဆေးမြီးတိုလေးများဖြန့်ဝေကြတာကိုလည်း တွေ့ရတတ်ပါတယ်။ သင်္ဘောရွက်ကို အရည်ညှစ်သောက်ရင် ကင်ဆာရောဂါ ပျောက်ကင်းကြောင်းကို ယခင်က ဖတ်လိုက်ရပါတယ်။ လက်ကမ်းစာစောင်များလည်း ဝေငှကြပါတယ်။ ဒီရက်မှာတော့ အာလူးကို ပါးပါးလှီးပြီး ထုထောင်း၊ ဝိတ်ပါးဖြင့် အုန်းနို့ညှစ်သလိုမျိုး အရည်ကိုညှစ်ယူပြီး လက်ဖက်ရည်ပန်းကန်တစ်လုံးစာ သောက်ပေးရင် ကင်ဆာ၊ သွေးတိုး၊ ဆီးချိုရောဂါများ ပျောက်ကင်းကြောင်းနဲ့ ကိုယ်ခံအားကောင်းကြောင်း ဂျပန်ဘုန်းတော်ကြီးတစ်ပါးရဲ့ကိုယ်တွေ့ ဆိုတာကိုလည်း ဖတ်ရပါတယ်။ အာလူးဆိုတော့ နေ့စဉ်စားသောက်ကြတဲ့ အစားအစာမို့ ဘေးထွက်ဆိုးကျိုး မရှိလောက်ပါဘူး။ ရောဂါဖြစ်သူများအတွက် စွဲကိုင်စရာကောက်ရိုးတစ်မျှင်၊ မြက်ပင်တစ်ပင် ဖြစ်နိုင်ပါတယ်။

မနက်အိပ်ရာထ မျက်နှာသစ်လို့ ရေနဲ့ထိတွေ့လိုက်တဲ့အခါ အခန့်မသင့်ရင် အအေးပတ်ပြီး နှာစေး နှာချေ ဖြစ်တတ်ပါတယ်။ ထိုအခါမျိုးမှာ ပရုတ်ဆီတို့လို ဒဏ်ကျေလိမ်းဆေးတစ်မျိုးနဲ့ နှာခေါင်းအတွင်းကို ပွတ်ပေးလိုက်ရင် သက်သာပျောက်ကင်းပါတယ်။

မောင်ပညာတို့အရပ်မှာ အိမ်တိုင်းလိုလို ဆီးဖြူသီးခြောက်များ ဆောင်ထားလေ့ရှိပါတယ်။ အမျိုးသားများ ဝမ်းသွားလို့သွေးပါရင် သွေးဒူလာဟုဆိုကာ ဆီးဖြူသီးခြောက်နဲ့ ငါးရှဉ့်ကို ရောပြီး ချက်စားကြရပါတယ်။

အမျိုးသမီးများ ဓမ္မတာဆင်းနေချိန်မှာ သွေးအဆင်းများရင် ဆီးဖြူသီးခြောက်ကို အမှုန့်ထောင်း၊ အမှုန့်နဲ့ပျားရည်ရောပြီး အနည်းငယ် လျက်ပေးရုံနဲ့ သွေးများများဆင်းတာ လျော့ပါးသွားပြီး ပျောက်ကင်းပါတယ်။ ရှေးကတည်းက မောင်ပညာတို့ ညောင်စာရေးရွာမှာ အမေများက သမီးများကို လက်ဆင့်ကမ်းခဲ့တဲ့ဆေးပါ။ ဓမ္မတာသွေးအဆင်းများတတ်တဲ့ အမျိုးသမီးများ ဆီးဖြူသီးအခြောက်ကို အိမ်မှာအမြဲဆောင်ထားလေ့ ရှိပါတယ်။ မြို့မှာလို ဆရာဝန်နဲ့ဆေးဝါးက ကျေးလက်တောရွာတွေမှာ ယခုတိုင် ပြည့်ပြည့်စုံစုံ မရှိကြသေးတာမို့ ဘိုး,ဘွားစဉ်ဆက် ကျေးလက်ဆေးမြီးတိုကလေးတွေကတော့ ဆောင်ထားရမြဲပါ။

အကောင်းဆုံးကတော့ ကိုယ်ခံအားကောင်းအောင် နေထိုင်စားသောက်ဖို့နဲ့ ရောဂါမဖြစ်အောင် နေတတ်ဖို့က ပိုပြီး အရေးကြီးပါကြောင်း။

အရှင်ပညာသီဟာဘိဝံသ

(ပဥ္စနိကာယ်)



www.burmeseclassic.com

www.burmeseclassic.com

# ကုဿန္တောဂါထာနှင့် ဘိုးအောင်မင်းခေါင်မေတ္တာပို့

တစ်နေ့သ၌. . .

ကျွန်ုပ်ထံသို့ ဧည့်သည် (၅) ယောက်တို့ ရောက်လာခဲ့ကြပါသည်။ ရောက်လာကြသည့် ဧည့်သည်များမှာ သူစိမ်းတစ်ရံဆန်များ မဟုတ်ကြပါ၊ ကျွန်ုပ်၏ငယ်ပေါင်းသူငယ်ချင်းများ ဖြစ်ကြပါသည်။ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းအတူနေခဲ့ကြရပြီး ဘဝပေးအခြေအနေအရ အဆင့်မြင့်ပညာရေးကို ဆက်လက်သင်ခဲ့ကြသလို တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် လုပ်ငန်းခွင်တို့တွင် ဝင်ရောက်ခဲ့ရသဖြင့် ကွဲကွာနေခဲ့ကြရခြင်း ဖြစ်ပါသည်။

ယခုအချိန်တွင် အရွယ်များအနေအရလည်း ဆယ်စုနှစ် ခြောက်လီကျော်လွန်နေကြပြီ ဖြစ်၍လည်း နဂိုအခါကာလက ဇနီးမယား၊ သမီး,သားတို့အတွက် ဘဝကိုပုံပေးခဲ့ကြရသူများပီပီ လွတ်လပ်ပြီဟု အခွင့်ရနေတော့ မိမိတို့အတွက် ဆန္ဒရှိရာ ကိုယ်စီ ရှာကြံနေကြသူများ ဖြစ်ပါသည်။

စာရေးသူ ကျွန်ုပ် အပါအဝင် သူငယ်ချင်း (၅) ယောက်တို့မှာ ငယ်ဂုဏ်၊ ငယ်မာန်ထက်စဉ်က သတိမမူခဲ့ကြသော အကြောင်း အခုတော့ ဇရာဟုဆိုသော အိုမင်းခြင်း၏သွန်သင်ပြသခြင်းကို ခံနေကြပြီ ဖြစ်တော့သည်။ စိတ်ထင်တိုင်း ကိုယ်မပါလေလေ၊ ငယ်စဉ်က သတိမမူခဲ့မိသော သိဒ္ဓိ၊ မဟိဒ္ဓိတို့ကို လိုချင်လာကြပါပြီ။

မျက်လှည့်ပွဲတွင် ကျွမ်းကျင်သော မျက်လှည့်ဆရာက 'ကြက်မ နက်မ- ဥစမ်း' လို့ အမိန့်ပေးလိုက်ပြီး ကြက်ဥကို ပရိသတ်အား ပြသနိုင်သလို မဖြစ်မှန်းသိရတော့မှ ပိုပြီးလိုလားတောင့်တခဲ့ကြပါတော့သည်။

သမထအားကောင်းလျှင် ဖြစ်နိုင်ပါသည်။ တစ်နည်းဆိုလျှင် ဝိဇ္ဇာမရေ ဂမ္ဘီရပညာအရ ထဲထဲဝင်ဝင် ဖြစ်ဖို့လည်း အမှန်လိုလားနေပြန်ပါတော့သည်။ အခုတော့ ဆရာရှာရမှာကလည်းခက်၊ အရှက်ကလည်း ရှိနေတော့ တရားကိုယ်အရပြောရလျှင် အနုဒေါသသင့်နေကြသူများ ဖြစ်လေသည်။

ကျွန်ုပ်ကျတော့ ကျောင်းနေဖက်ငယ်ပေါင်းသူငယ်ချင်းဖြစ်၍ အားနာရမှန်း မသိ၊ ရှက်စရာဟုလည်း မမှတ်။ ကိုယ်ရည်တူ ပြောရဆိုရသည်ကိုပင် သူတို့မှာ ခွန်အားတိုးနေလေတော့သည်။ သို့အတွက် သူတို့ကိုကူညီနိုင်မည့် မိတ်ဆွေကောင်းကို ရှာကြခြင်းလည်း ဖြစ်ပါသည်။

နှစ်အတော်ကြာ ကွဲကွာခဲ့ကြရသော သူငယ်ချင်းများဖြစ်သည့်အတွက် တွေ့ဆုံလိုက်သည်နှင့် အားပါးတရပြောကြဆိုကြနှင့် စိတ္တဇရုပ်အနေဖြင့် (၄၀) ကျော်၊ (၅၀) နီးပါး ပြန်ငယ်သွားခဲ့သလိုပင် ခံစားကြပါသည်။

သူငယ်ချင်းတစ်ယောက်က-

"သူငယ်ချင်းအောင်ကြီးရေ-မင်း ဝိဇ္ဇာမရေ ဂမ္ဘီရပညာကို အရှုးအမူးဖြစ်ခဲ့တုန်းက တို့က ဝိုင်းပြီးနောက်ခဲ့မိတာကို အခု တောင်းပန်ချင်ပါတယ်ကွာ။

သူငယ်ချင်း ပြောစဉ်က ကိုယ်တို့ သတိမထားခဲ့မိတာ အမှန်ပါပဲကွာ၊ သူများကိုကူညီချင်တယ်ဆိုရင် ပထမဆုံး မိမိကိုယ်တိုင် ခွန်အားသတ္တိ မဟုတ်ရင် အစွမ်းသတ္တိရှိဖို့ လိုတာကို အခု ကိုယ်တွေ့ကြုံရပြီ သူငယ်ချင်း။

တို့တစ်တွေက ထေရဝါဒ ဗုဒ္ဓဘာသာဝင်တွေမို့ သရဏဂုံတော့ အပျက်မခံကြပါဘူးကွာ။ ဒါပေမယ်လို့ ကိုယ့်မိသားစုထဲက ကိုယ်လုပ်ချင်တာကိုသုံးစွဲဖို့ မနုတ်ချင်ဘူး သူငယ်ချင်း။ ကုဿာသယလွယ်အိတ်လို၊ တစ်နည်း သိဒ္ဓိကြီးဆယ်ပါးထဲက ကိုယ့်ပါရမီနဲ့ကိုက်ညီတဲ့ သိဒ္ဓိကိုတော့ တကယ်ကို လိုချင်လာလို့ အခု သူငယ်ချင်းဆီက အကြံဉာဏ်နဲ့ ကျင့်စဉ်တစ်ခု တောင်းဖို့လာခဲ့တာ"

ဟု ပွင့်လင်းစွာပြောလေတော့၏။ ကျန်လေးယောက်က ဟုတ်မှန်ကြောင်း ဝိုင်း၍ ပြောကြပါတော့သည်။

ကျွန်ုပ်မှာ လွန်စွာ ဝမ်းသာသွားပါသည်။ မတောင်းခင်ကပင် ပေးချင်နေသော စေတနာမွန်ကြောင်း ဖြစ်ပါသည်။ ကျွန်ုပ် အမှန်တကယ်လျှောက်နေသော ကျင့်စဉ်ကပင်လျှင် မေတ္တာ+သစ္စာကျင့်စဉ်ဖြစ်နေသောကြောင့် ပါရမီဖြည့်ခြင်းဟုပင် ခံယူပြီး ဝမ်းမြောက်ခြင်းပင် ဖြစ်ပါသည်။

"သူငယ်ချင်းတို့ကို ကိုယ်ပြောပြမယ်။ မင်းတို့လည်း ဖြတ်သန်းကာလရင့်ရော်ခဲ့ပြီဖြစ်၍ သုတစုံကြ၊ အတွေ့အကြုံများကြပြီး ဖြစ်နေတာ အထူးပြောဖို့မလိုတော့ဘူးပေါ့။

ဝိဇ္ဇာမရေ ဂမ္ဘီရပညာနယ်မှာ အခြေခံသဘောတရားတွေပေါ်မှာ ထားရှိကြတဲ့သဘောထားတွေက တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် မတူကြဘူးကွ။ ဒါန, သီလ, ဘာဝနာ စသည် အကြိုက်မတူညီတာကို အခု ကိုယ်ပြောပြမည့်ကျင့်စဉ်ကိုတော့ သူငယ်ချင်းတို့ ကြိုက်ရင်လည်းလုပ်၊ မကြိုက်ရင်လည်း လုပ်စေချင်ပါတယ်။ မင်းတို့ကိုယ်တိုင် ထိတွေ့ကြရပြီးတော့မှ ကိုယ်နဲ့ကိုက်ညီအောင်ပြုပြင်တာ၊ ကျင့်ကြံတာလုပ်စေချင်ပါတယ်။

သူငယ်ချင်းတို့နဲ့ အနေစိမ်းနေတဲ့ ဘာသာရပ်ဖြစ်လေတော့ ကိုယ်နည်းနည်းရှင်းပြချင်သေးတယ် သူငယ်ချင်း၊ ယခု ဝါခေါင်လမှာ ဝိဇ္ဇာလမ်းလျှောက်နေကြသူ အများစုလို့တောင် ပြောချင်ပါတယ်။ ခေါင်ငါးခေါင်ပွဲ တည်ပြီး မိမိတို့လက်လှမ်းမီရာ အကျင့်တစ်ခုကို အဓိဋ္ဌာန်ပြုလုပ်ကြ၊ အဓိဋ္ဌာန်ဝင်ကြတယ်ကွ။

**ခေါင်ငါးခေါင်ကို**

၁။ အင်းဝမင်းခေါင်
၂။ မင်းခေါင်ကြီး
၃။ မမွေစေတီမင်းခေါင်
၄။ စကြာမင်းခေါင်
၅။ အောင်မင်းခေါင်

ဆိုပြီး မဟိဒ္ဓိပွဲ ကပ်လှူကြတယ်။ တချို့ကကျတော့ ခေါင် (၅) ခေါင်ကို ထွဋ်ခေါင်ဆရာတော်ကြီးကိုအမှူးပြုပြီးတော့ အာဏာတိက္ကမ မဟိဒ္ဓိ၊ သိဒ္ဓိပွဲ လှူကြတယ် သူငယ်ချင်း။

အခု သူငယ်ချင်းတို့ကို ကိုယ်ပေးမယ့်ဂါထာနဲ့ မေတ္တာပို့ကို သေသေချာချာ ရေးမှတ်ယူကြပါ သူငယ်ချင်း"

ဟု ပြောပြီး စာရွက်နှင့်ဘော(လ်)ပင်များ ထုတ်ပေးလိုက်ရပါတော့သည်။

ကျွန်ုပ်ပေးသော ဂါထာနှင့်မေတ္တာပို့တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ကုဿန္တောဂါထာ**

- ကုဿန္တော သာသပ ဂမ္ဘော၊ စက် မတိ ကွတော စိတော၊
- ကုဿန္တော လောကဓာတုမို၊ အတ္တ ဘာဝေန ဆာဒယေ။

**မြန်မာပြန်**

**ဘဂဝါ**- ရွှေဘုန်းတော်သည် မှ...



www.burmeseclassic.com

www.burmeseclassic.com

တော်မြတ်ဘုရား၊ **ဣန္ဒဝိဟာ**- သေးငယ် လေဟာန် ပုံသဏ္ဌာန်သွင် ဖန်ဆင်းတော်မူလိုသည်ရှိသော်၊ **သာသပဂန္ဓော** - သေးငယ်သိမ်မွေ့ မှုန်ညင်းစေ့အတွင်း၌၊ **ဣက္ကတောစိတော**- တုံ့ပြန် ထိုဤ လှည့်လည်တော်မူလျက်လည်း၊ **စက်မတိ**-ပရိက္ခရာ ချွတ်တန် ကိုယ်လုံးရံ၍ စကြာကြွသွားတော်မူနိုင်ပါပေ၏။ **ဣန္ဒဝိဟာ**- ကြီးမားလေဟာန် ပုံသဏ္ဌာန်သွင် ဖန်ဆင်းလိုတော်မူသည်ရှိသော်၊ **လောကဓါတုမှိ**- စကြဝဠာတမ္ဘာစ,ဆုံး တစ်ခုလုံး၌၊ **ဧတ္တာဘာဝေန**- ကြီးမားမြင့်မော် ရွှေကိုယ်ဖ,တော်ဖြင့်၊ **ဆာဒယေ**- အကုန်သိမ်းကျုံး ပွမ်းဖုံးတော်မူနိုင်ပါပေ၏။

**မေတ္တာပို့**

အောင်ထူးဆန်း မန်းသိုက်ဝင်
ထင်ကျော်သောင်း ဆောင်းထီးဖြူ
လူ့ထိပ်မိုး ဟိုးဟိုးကျော်
ကျော်ရန်တက် ဘက်မရှောင်
ခေါင်ဘုန်းကြီး ထီးရွှေနန်း
မှန်း ဣန္ဒရာဇာ။

ဟေ့. . . ဟေ
ငါတို့ရှိရာ စီးပွားလာဟု
ငါတို့ရှိရာ ကြီးပွားလာဟု
ငါတို့ရှိရာ ပညာလာဟု
ငါတို့မှန်း
တစ်ရာ့တစ်ပါး လူမျိုးခြားတို့
ကျော့ရန်နှိမ်နင်း စောရန်ခွင်း၍
မငြင်းမဆန် မခံမဝံ့ လွန်ကြောက်ရွံ့ကာ
တစ်စကြဝဠာလုံး
တစ်သာသနာလုံး
တစ်ပြည်လုံး
တစ်တိုင်းလုံး
တစ်မြို့လုံး
တစ်ရွာလုံး
တစ်မိသားစုလုံး လက်ရုံးတန်းကာ
အောင်ပါစေသော်
အောင်ပါစေသော်
အောင်ပါစေသော်
အောင်ဇေယျတု
အောင်ဇေယျတု
အောင်ဇေယျတု
အောင်ဆုသြဘာ အောင်မင်္ဂလာဖြင့်
အောင်ချာပေါ်ထွန်း အောင်ဘုန်းကျွန်းတက်
အောင်ပန္နက်ဖြင့် အောင်ပန်းပန်ပြီ
အောင်စည်တီး၍ အောင်ချီးရန်ပ
အောင်ပန္နက်ချကာ
အောင်ပါစေသော်
အောင်ပါစေသော်
အောင်ပါစေသော်
(အောင်ပါစေသတည်း၊ အောင်ပါစေသတည်း၊ အောင်ပါစေသတည်း)
(အောင်ရမည် အရဟံ၊ အောင်ရမည် အရဟံ၊ အောင်ရမည် အရဟံ)
(အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ)

ဂါထာတော်နဲ့ အောင်သိဒ္ဓိမေတ္တာပို့ ရေးပြီးပြီဆိုရင် အဓိဋ္ဌာန်ကျင့်ကို ဆက်ပြောပြမယ် သူငယ်ချင်း။

**အဓိဋ္ဌာန်ဝင်ပုံ**

၁။ အဓိဋ္ဌာန်ကို ဝါခေါင်လဆန်း (၁) ရက်နေ့မှာ စတင်ပါ။

(က) ၁၃၇၅ ခုနှစ်၊ ဝါခေါင်လ၏ဝိသေသလက္ခဏာများကို ရှင်းပြပါမယ်။ ဝါခေါင်လဆန်း (၁)ရက်မှာ ဗုဒ္ဓဟူးနေ့ဖြစ်ခြင်း၊ လပြည့်နေ့မှာလည်း ဗုဒ္ဓဟူးနေ့ဖြစ်ခြင်း၊ လကွယ်ရက်မှာလည်း ဗုဒ္ဓဟူးနေ့ဖြစ်နေ၍ အစ, အလယ်, အဆုံး အင်္ဂါသုံးပါးညီညွတ်ခြင်း။

(ခ) မေတ္တာအခါတော်နေ့နှင့် ကြုံခြင်း။

(ဂ) ဗုဒ္ဓဟူးကိုဆန်းစစ်ရာတွင် အဋ္ဌလင်္ဂါခွင်နှင့်စိစစ်ကြည့်ပါ။ ဂြိုဟ်အားလုံး၏ အဝင်ဖြစ်ခြင်း၊ ဗုဒ္ဓဟူးမှ ဂြိုဟ်အားလုံးတို့အတွက်ဖြစ်ခြင်းက ထူးခြားမှု ဖြစ်သည်။ (ဂြိုဟ်အားလုံးကို မိမိတို့ဂြိုဟ်သက်အရ အဋ္ဌလင်္ဂါခွင်တွင် စ,ချင်သောဂြိုဟ်ခွင်မှ လက်ဝဲရစ်လှည့်က ဂြိုဟ်သက်ပြည့်သောခွင်မှာ ဗုဒ္ဓဟူး ဖြစ်နေခြင်း၊ ဗုဒ္ဓဟူးဂြိုဟ်ခွင်မှလက်ယာရစ်လှည့်လျှင် မူလစ,ခဲ့သော ဂြိုဟ်ခွင်တွင် ဂြိုဟ်သက်အတိုင်း ပြန်လည်ရောက်နေခြင်းတို့ကြောင့် ဂြိုဟ်အားလုံးတို့၏သိမ်းရာ ဗုဒ္ဓဟူးဖြစ်၍ ထူးခြားမှုရှိခြင်းတို့ကြောင့် ယခု ဝါခေါင်လသည် ထူးမှထူး ဖြစ်နေပါသည်။ စာရေးသူ)

(ဃ) ဝါခေါင်လတစ်လလုံး အဓိဋ္ဌာန်ဝင်ရပါမည်။

၂။ အောက်ပါ ပုဂ္ဂိုလ်များ ပင့်ဖိတ်ပါ။

သာသနာတော်စောင့်နတ်မင်းကြီးများ၊ စတုလောကပါလနတ်မင်းကြီးများ၊ ရှစ်ဆူသော ဂြိုဟ်နတ်မင်းကြီးများ၊ ဝိဇ္ဇာလေးပါး၊ ဟိမဝန္တာနှင့်မဟာမြိုင်မှာ သီတင်းသုံးတော်မူကြသော ဆရာသခင်များ။

၃။ ဒါနမှု- ပန်း၊ ရေချမ်း၊ နံ့သာတိုင်၊ အလင်းတိုင်။

၄။ အဓိဋ္ဌာန်ကာလရက်များတွင်-

(က) ဘုရားကန်တော့၊ သီလခံယူ၊ ဆုတောင်း မေတ္တာပို့သရန်။

(ခ) ဂါထာတော်ကို (၁၀၈)လုံးဂုဏ်တော်ပုတီးဖြင့် ပုတီးစိပ်ရန်။ (ဂါထာတစ်ပုဒ် ပုတီးတစ်လုံးချပြီး ပုတီးတစ်ပတ်စိပ်ရန် ဖြစ်ပါသည်။ ထိထိမိမိ၊ ပိုင်ပိုင်နိုင်နိုင်ဖြစ်အောင် ဂါထာတော်ကိုရွတ်ဖတ်ပူဇော်ပြီးမှ ပုတီးလုံးချပါရန်။)

(ဂ) အောင်သိဒ္ဓိ မေတ္တာပို့ကို စိတ်နှလုံးကို နှစ်မြှုပ်ထားပြီး ပို့သပါ။

(ဃ) ကုသိုလ်အမျှပေးဝေပါ။

(င) ဖိတ်ကြားထားသူများ အားလုံး အရပ်ဌာနသို့ ပြန်ပို့ပေးပါ။

အထူးပြောလိုတာက စိတ်တန်ခိုးစွမ်းအင်သည် ရာနှုန်းဖြင့်ပြောရလျှင် (၆၀) ရာနှုန်းပြီးသည်ဖြစ်၍ စိတ်ဆန္ဒသဒ္ဓါအားကြီးစွာဖြင့် ဆောင်ရွက်ကြရန်ဖြစ်ပါသည်"

*(ကျွန်ုပ်ကိုယ်တိုင် ဖြတ်သန်းခဲ့ပြီးသော အဓိဋ္ဌာန်နှင့် ကျင့်စဉ်တို့ကိုသာ ရေးသားတင်ပြခြင်း ဖြစ်သည့်အတွက် မည်သည့်အကျိုးအာနိသင် အစွမ်းသိဒ္ဓိတို့ရသည်ကိုမဖော်ပြတော့။ မိတ်ဆွေတို့၏ကိုယ်တွေ့ဖြင့်သာ ဝမ်းမြောက်စွာခံယူနိုင်ကြရန် ဖြစ်ပါသည်။ စာရေးသူ)*

ကျွန်ုပ်သည် သူငယ်ချင်းများအား ပုတီးစိပ်ဂါထာနှင့် အောင်သိဒ္ဓိ မေတ္တာပို့တို့ကို မျှဝေလိုက်ရသဖြင့် ဝမ်းမြောက်ရသလို သူငယ်ချင်းများလည်း မနောပီတိ ဂွမ်းဆီထိသလို ပျော်ရွှင်သွားကြပါတော့သည်။

ဆန္ဒတူညီ၍ ယူလိုသော စာချစ်သူမိတ်ဆွေများ၊ ညီငယ်၊ ညီမငယ်များအတွက် အခွင့်အခါကြုံလျှင် အဓိဋ္ဌာန်နှင့်ကျင့်စဉ်များကို ဆက်လက်ရေးသားပါဦးမည်။

*ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တိုင်း ရရှိပြည့်စုံကြပါစေ*

အောင်(သိဒ္ဓိရာဇာ)
နဝင်းမြို့တော်



www.burmeseclassic.com

www.burmeseclassic.com

## မဟာစက်ရှင် (လှိုင်လင်)

# သစ္စာလေးနက် ဆေးတစ်ခွက်

ကျွန်ုပ်၏ကျေးဇူးသခင် ဖခင်ကြီး ကွယ်လွန်ခဲ့သည်မှာ နှစ်အားဖြင့် (၈) နှစ်ပင် မကတော့သော်လည်း တသသ တော့ ရှိနေဆဲ ဖြစ်ပါသည်။ ဖခင်ကြီးရှိ စဉ်ကာလအချိန်များတွင်ကား ဖခင်ကြီး ၏ဂုဏ်ကျေးဇူးကို မအောက်မေ့မိ၊ ဖခင်ကြီး၏တန်ဖိုးကို အလေးမထားမိ၊ ဖခင်ကြီး၏အေးရိပ်ကို ဂရုမပြုခဲ့မိသော ကျွန်ုပ်အဖို့ ယခု ဖခင်ကြီးမရှိတော့သည့် အချိန်တွင် ဖခင်ကြီး၏အေးရိပ်ကို တမ်း တမိလာ၏။ ဖခင်ကြီး၏ကျေးဇူးဂုဏ်တို့ ကို အောက်မေ့မိတတ်လာ၏။ အခါ ကား နှောင်းခဲ့လေပြီ။ နှောင်းမှရသော နောင်တတရားတို့ကား ကျွန်ုပ်အပေါ် ကြီးစိုးလေပြီ။

သို့သော် ဖြေသာစရာတစ်ခုရှိနေ သေး၍တော်သေးသည်ဟု ဆိုရပေမည်။ အကြောင်းကား ကျေးဇူးရှင် မိခင်အိုကြီး က သက်ရှိထင်ရှားရှိနေသောကြောင့် တည်း။ ဖခင်ကြီးအပေါ် တာဝန်မသိ၊ ဂုဏ်ရှိန်ကိုမအောက်မေ့မိသော ကျွန်ုပ် သည် ဖခင်ကြီး၏ကိုယ်စားလည်းဖြစ်၊ မိခင်ကြီး၏ ဆပ်၍မကုန်နိုင်သော ဂုဏ် တို့ကိုလည်း အောက်မေ့သောအားဖြင့် အတိုးချကာ မိခင်ကြီးကို ဂရုပြုရတော့ မည်။ ဖခင်ကြီး မရှိမှ မိခင်အိုကြီး၏ ကျေးဇူးဂုဏ်ကို ဦးထိပ်ပန်မိတော့သည့် ငမိုက်သားကား ကျွန်ုပ်ပင် ဖြစ်ပါတော့ ၏။ မိခင်အိုကြီး၏ကျေးဇူးတရားတို့ကို ကျွန်ုပ် မည်ကဲ့သို့ တုံ့ပြန်ရမည်နည်း။ အစစအရာရာ အဆင်မပြေလွန်းသော ကျွန်ုပ်၏ ဘဝအခြေအနေကြောင့် တောင်ကြီးကိုဖြိုမည်ကြံသော ခါချဉ် ကောင်အဖြစ်မျိုးကြောင့် အားမတန် မာန်လျှော့ရမည့်ကိန်းပင်။ သို့သော် ကျွန်ုပ်၏အစ်မကြီး (ကွယ်လွန်)၊ အစ်မ ငယ်နှင့် ညီဖြစ်သူတို့၏ ထောက်ပံ့နိုင် သောကုသိုလ်ကံကရှိနေသဖြင့် မိခင်အို ကြီးမှ စိတ်တိုင်းကျ လှူနိုင်တန်းနိုင်သဖြင့် တစ်ခုတော့ စိတ်အေးရပါသည်။ ကျွန်ုပ် ကား မိခင်ကြီးကို အမှီပြု၍ အဘယ် ကုသိုလ်ကို အရယူရမည်နည်း။

တစ်မနက်တွင် ဖြစ်၏။ ကျွန်ုပ်မှာ နံနက် (၄) နာရီလောက်တွင် နိုးနေ၏။ ဇနီးသည်ကား အိပ်ကောင်းတုန်း။ အိပ် ရာထဲတွင် တောင်စဉ်းစား မြောက်စဉ်း စားဖြစ်နေချိန်တွင် ကျွန်ုပ်တို့ရပ်ကွက် တစ်နေရာမှ (အလှူတစ်ခုမှဖြစ်မည်ထင် ၏) လော်စပီကာဖြင့် ဖွင့်ထားသော တရားတစ်ပုဒ်ကို ဂရုစိုက်မိ၍နားထောင် ကြည့်မိရာ မည်သည့်ဆရာတော်မှန်း တော့ မသိရပေ၊ မိဘကျေးဇူးနှင့်ပတ် သက်သောတရားကို ဟောနေသည်။ တရားသားတစ်ခုကား ကျွန်ုပ်၏ နှလုံး အိမ်ဝယ် စွဲမြဲစွာ စူးဝင်သွား၏။

'မိဘကျေးဇူးကိုဆပ်ချင်တယ် ဆို တဲ့သူတွေ၊ အထူးသဖြင့် ဒကာကြီးတွေ၊ ကိုယ် ငယ်စဉ်ကလေးဘဝက ကိုယ့်အ ညစ်အကြေးတွေကို မရွံ့မရှာ သုတ်သင် ပေးခဲ့တဲ့ကျေးဇူးကအစ ကျေးဇူးကြီးလှ တဲ့ မိခင်ကျေးဇူးကို ဆပ်တာထားဦး၊ ကိုယ့်အမေရဲ့ထဘီလေးကိုတောင် တစ် ခါလောက် လျှော်ပေးခဲ့ဖူးကြရဲ့လား"

ဆရာတော်၏ဟောချက်ကား ထိ မိလှပါ၏။ သံဃာတော်တို့၏ဂုဏ်ကျေး ဇူးတို့ကား ကြီးမားလှပါ၏။ အိပ်မောကျ နေသော ကျွန်ုပ်၏အသိကို နိုးထစေပါ ၏။ ကျွန်ုပ် ဆုံးဖြတ်လိုက်ပါပြီ။

'ဒီနေ့ကစပြီး ငါ့အမေအိုကြီးရဲ့ ထဘီကို ငါလျှော်ပေးတော့မယ်။ ကျေး ဇူးဂုဏ်ကို အောက်မေ့သောအားဖြင့် ငါ နှလုံးပြုပြီး မြတ်သောဆောင်ရွက်ခြင်း မျိုးကို ငါစပြုတော့မယ်'

အမေသည် အသက်ကြီးသော် လည်း ဘာမဆို ကိုယ်တိုင်လုပ်ရမှ စိတ် တိုင်းကျသောအမေ ဖြစ်သည်။ ထဘီ၊ အင်္ကျီတို့ကိုလည်း ကိုယ်တိုင်လျှော်ဖွပ် ရမှ ကျေနပ်၏။ အမေသည် လျှော်မည့် ထဘီကို ထဘီလျှော်သည့်ဇလုံကြီးထဲ ဆပ်ပြာမှုန့်နှင့် စိမ်ထားတတ်သည့်အ လေ့လည်း ရှိ၏။ ကျွန်ုပ်လည်း အမေ့ ထဘီအား တောင်းလျှော်၏။ အမေကား ပေးမလျှော်။ အကြောင်းမှာ သား ယောကျာ်း ဘုန်းကံနိမ့်မည်စိုးသော ကြောင့်ဟု အကြောင်းပြ၏။ ကျွန်ုပ် လည်း စာတစ်တန် ပေတစ်တန်ဖြင့် ရဟန်းသံဃာတို့သည်ပင် မိမိ၏ကျေးဇူး ရှင် မိခင်၏ထဘီကို လျှော်ပေးသည့်သာ ဓကေတွေရှိကြောင်း အတော်ပြောဆိုပါမှ ကျွန်ုပ်လည်း အမေ့ထဘီကို လျှော်ဖြစ် သွားရပါသည်။ ဤသို့ဖြင့် အမေ့ထဘီ လျှော်ပေးရသည့်ကုသိုလ်ကို လမှန်နှစ် အလီလီသို့ရောက်အောင် ကုသိုလ်ယူ မိလေတော့သည်။ ကုသိုလ်၏အကျိုး ဆက်ဖြစ်သော ထူးခြားမှုတစ်ခုကိုလည်း တွေ့ကြုံရပါသည်။

တစ်နေ့တွင် ဖြစ်ပါသည်။ ကျွန်ုပ် သည် လှိုင်လင်မြို့မှ တောင်ကြီးမြို့သို့ ကိစ္စတစ်ခုကြောင့် ခရီးထွက်ဖြစ်၏။ ကျွန်ုပ်စီးသွားသောကားမှာ မှန်လုံကား ကြီး ဖြစ်၏။ လှိုင်လင်-တောင်ကြီးမှန် လုံလိုင်းမှ ချမ်းမြေ့ကားလား၊ ကိုမြင့်ဆွေ ကားလား၊ ဖူကျိကားလား မမှတ်မိတော့ ပါ။ ခရီးစဉ်ကား လှိုင်လင်ပြီး မိုင်းပွန် မိုင်းပွန်ပြီး ဟိုပုံး၊ ဟိုပုံးပြီးမှ တောင်ကြီး မြို့သို့ ရောက်ပါသည်။ ခရီးမိုင်မှာ (၇၈) မိုင် ဝေး၏။ ခရီးသွားတို့ထုံးစံအတိုင်း ကားမှာ ခရီးသည်တို့၏ အပေါ့၊ အလေး ကိစ္စအတွက် မြို့ (သို့) တောလမ်းတစ် နေရာတွင် ရပ်ပေးလေ့ရှိသည်။ ကျွန်ုပ် လိုက်ပါသည့်အခေါက်တွင် မှန်လုံမှာ မိုင်းပွန်မြို့ထဲ စားသောက်ဆိုင်ရှေ့တွင် ရပ်၏။ ကျွန်ုပ်လည်း အပေါ့မသွားလို၍ မဆင်းမိ။ ကားဆက်ထွက်ပြီး ခဏအ ကြာတွင် တောလမ်းတစ်နေရာ၌ ထပ် ၍ ရပ်ပေးပြန်သည်။ ကျွန်ုပ်လည်း မဆင်းမိ။ ကားသည် ဆက်ထွက်၏၊ ထပ်၍ ရပ်ပေးတော့မည် မဟုတ်တော့ ပေ။ ခရီးသည်အားလုံးလည်း မိမိတို့ကိစ္စ အတွက် အဆင်ပြေကြကုန်ပြီ။ ကျွန်ုပ်၏ ပြဿနာက ဤတွင် စ,ပါ၏။ ရုတ်တ ရက် အပေါ့ အလွန်သွားချင်လာ၏၊ (ရိုင်းပျသည်ထင်က နားနှင့်မနာ၊ ဖဝါး နှင့်နာတော်မူကြပါ။) ကားက ရပ်ပေး ထားရသည်မှာ မကြာသေး၊ ကားဆရာ အား ပြော၍ ရပ်ခိုင်းပြန်လျှင်လည်း တစ်ကားလုံး ကျွန်ုပ်အား အပြစ်တင်ကြ တော့မည်။ ကျွန်ုပ် ကြံရာမရဖြစ်နေပါ ပြီ။ အသက်ကိစ္စမဟုတ်သော်လည်း အ ရှက်ကိစ္စ ဖြစ်နေပါသည်။ ထိုအချိန် ကျွန်ုပ်သည် အမေ့ထဘီလျှော်ပေးရ သည့်ကုသိုလ်ကို သတိရမိလိုက်၏။ ငါ

www.burmeseclassic.com

သစ္စာဆိုမှ ဖြစ်တော့မယ်။ မဟုတ်ရင် ကားပေါ်မှာ ငါအရှက်ကွဲရတော့မယ်' ဟူသည့်အသိက ကြီးစိုးနေ၍ ကြံရာမရ ဖြစ်ပြီး ဤသို့ စိတ်ဖြင့် သစ္စာဆိုမိပါတော့သည်။

'ဘုန်းတော်ခြောက်စုံ တန်ခိုးတော်ဂုဏ်နှင့်ပြည့်စုံတော်မူသော အရှင်မြတ်ဘုရား။ နားနှင့်မနာ၊ ဖဝါးနှင့်နာတော်မူပါ ဘုရား။ ဘုရားတပည့်တော်သည် ကျေးဇူးရှင် မိခင်ကြီး၏ထဘီကို အမှန်တကယ် လျှော်ပေးခဲ့ဖူးပါသည် ဘုရား။ ဤစကားသည် မှန်ကန်သော သစ္စာစကား ဖြစ်ပါသည်။ ဤမှန်သောသစ္စာကို ဆိုရသောကြောင့် တပည့်တော်စီးထားသည့်ကားသည် ချက်ချင်းရပ်ပါစေသား'

ကြံရာမရ လုပ်လိုက်ရသော်လည်း အံ့သြစွာ ကားသည် ရုတ်တရက် ထိုးရပ်သွားသည်။ ခရီးသည်များမှာ တစ်ယောက်မှ အောက်ကိုမဆင်းကြသော်လည်း အောက်ဆင်း၍ အပေါ့သွားသူမှာ ကားဆရာကိုယ်တိုင် ဖြစ်နေသောကြောင့်တည်း။ ကျွန်ုပ်လည်း အခွင့်အရေးကို လက်လွှတ်မခံ။ ကားပေါ်မှဆင်း၍ တောစပ်တွင် ကိစ္စကိုဖြေရှင်းကာ ခရီးကို ချမ်းသာစွာ ဆက်ထွက်ဖြစ်ပါသည်။ ဤကား ပထမဆုံး သစ္စာဆိုမိခြင်းပင်။ မိခင်အိုကြီး၏ထဘီကို လျှော်ပေးရသည့်ကုသိုလ်ကား သစ္စာဆိုထိုက်လောက်သည့်ကုသိုလ်မှန်း ကျွန်ုပ် နားလည်လိုက်ရပါသည်။

ဒုတိယအကြိမ် ဤကုသိုလ်အား သစ္စာဆိုလိုက်ရသည့် အကြောင်းတစ်ခုကို ထပ်မံဖော်ပြပါဦးမည်။

တစ်နေ့တွင် ကျွန်ုပ်၏မိခင်ကြီးကိုယ်တိုင် မည်သို့သောအကြောင်းကြောင့်မှန်းမသိ၊ တစ်ကိုယ်လုံး အဖုအပိမ့်များထွက်၍ ယားယံသောရောဂါတစ်ခု ဖြစ်ပါသည်။ ယားယံလွန်း၍ အလွန်အနေရခက်သောဝေဒနာ ဖြစ်သဖြင့် မိခင်ကြီးကို ကျွန်ုပ် မကြည့်ရက်ခဲ့ပါ။ ဆေးမှာလည်း လိမ်းဆေး၊ သောက်ဆေး တိုင်းရင်းဆေး၊ အနောက်တိုင်းဆေး၊ ဆေးများ စုံနေ၏။ ဆရာမကိုခေါ်၍ ဆေးထိုးလည်း လုံးဝ မသက်သာ၊ ထူးမလာ။ ဆေးကလည်း စုံပြီ၊ ယတြာများလည်း ဟုံပြီ၊ ကျွန်ုပ်အကြံလည်း ကုန်ပြီ။ ထိုအခိုက် ကျွန်ုပ်သည် တစ်ခါက ဆိုခဲ့ဖူးသည့်သစ္စာကို သတိရလာသည်။ ယခုတစ်ခေါက်တွင် ကျွန်ုပ်သည် သစ္စာတစ်ခုတည်းကို အားမကိုးတော့။ ကျွန်ုပ်ဦးနှောက်မှ တွေးလိုက်မိသောနည်းကို ပြုလုပ်ကြည့်ရန် ဆုံးဖြတ်လိုက်ပါသည်။ မန္တလေး မဟာမြတ်မုနိဘုရားမျက်နှာသစ်တော်ရေမှကျလာသော နံ့သာရည်မှ အခဲပြုလုပ်ထားသော အမွှေးနံ့သာခဲလေး(အလုံးသေးလေးများလုံး၍ ပလတ်စတစ်နှင့်ထုပ်ထားပြီး မဟာမြတ်မုနိသင်္ကန်းစလေးလည်း ထည့်ထား၏။) ဤသနပ်ခါးခဲလေးကို ရေသန့်သန့်ဖြင့်သွေး၍ အကြမ်းပန်းကန်လုံးထဲထည့်ပြီး ရေအနည်းငယ်ကို ထပ်ထည့်ကာ ကျွန်ုပ်သည် ခွက်လေးကို ဘုရားဆောင်ရှေ့သို့ ယူဆောင်၍ ဘုရားအား ဦးချ ပြီးလျှင် ဤသို့ သစ္စာကိုဆိုလိုက်၏။

“ဘုန်းတော်ခြောက်စုံ တန်ခိုးတော်ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်သည် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်နှင့်တကွ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာမြတ်သုံးပါးကို ဦးထိပ်ထား၍ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ၊ မဟိဒ္ဓိရှင်၊ သိဒ္ဓိရှင်များကို သက်သေထား၍ မှန်သောသစ္စာကို သစ္စာဆိုပါမည်။ တပည့်တော်သည် တပည့်တော်၏ကျေးဇူးရှင် မိခင်ကြီး၏ထဘီကို အမှန်တကယ် လျှော်ပေးခဲ့ဖူးပါသည်။ ဤစကားသည် မှန်သောသစ္စာစကား ဖြစ်ပါသည်။ ဤမှန်သောသစ္စာစကားကိုဆိုရသောကြောင့် ဘုရားတပည့်တော်၏ လက်ထဲမှ ဤမဟာမြတ်မုနိသနပ်ခါးရေစင်သည် ဆေးအတိဖြစ်ပါစေသား။ ဤဆေးကို အသုံးပြုရသော မိခင်ကြီးသည်လည်း ခံစားနေရသော ယားယံသည့်ဝေဒနာမှ လွတ်ကင်း၍ ရောဂါသည် ချက်ချင်း ဒိဋ္ဌမမှ သက်သာပျောက်ကင်းချမ်းသာပါစေသား”

ဤသို့ သစ္စာဆို၍ မိခင်ကြီးအား လိမ်းလည်းလိမ်း၊ အနည်းငယ်လည်း သောက်စေပါသည်။ မကြာပါ၊ အံ့သြဖွယ်ကောင်းလောက်အောင် ဆေးစွမ်းကားထက်လှ၏။ မိခင်ကြီးပင်လျှင် အလွန်အံ့သြသွားရပါသည်။ ယားယံသောရောဂါသည် မိနစ်ပိုင်းအနည်းငယ်အတွင်း ယူပစ်လိုက်သကဲ့သို့ ပျောက်ကင်း၍ လူကောင်းပကတိ ဖြစ်သွားပါသည်။ မဟာမြတ်မုနိ မြတ်စွာဘုရား၏ တန်ခိုးကား ကြီးမားလှပေစွ။ မိခင်ထဘီကို လျှော်ပေးရသောကုသိုလ်၏ သစ္စာသည် ထက်လှပေစွ။ မိခင်ကြီးမှာလည်း ကြုံသမျှလူတို့ကို မဟာမြတ်မုနိသနပ်ခါးခဲလေးအကြောင်း မမောနိုင်မပန်းနိုင် ပြောဆိုဖြစ်သည့်အကြောင်းလေးလည်း ဖြစ်ခဲ့ပါသည်။

ဤနေရာတွင် ပြောစရာရှိပါသေး၏။ ကျွန်ုပ် ထဘီလျှော်ကုသိုလ်ယူသည့်အလုပ်သည် အခေါက်တိုင်း အဆင်ပြေခဲ့သည်တော့ မဟုတ်ပေ။ ယောကျ်ားလေး ထဘီလျှော်လျှင် ဘုန်းကံနိမ့်တတ်တယ်ဟူသောအလေ့က စွဲမြဲနေ၍လားမသိ၊ မိခင်ကြီးသည် သူ၏ထဘီစိမ်ထားသည့်ဇလုံကို ကျွန်ုပ် မတွေ့နိုင်သည့်နေရာတွင် ပုန်းကွယ်ထားပြီး ကိုယ်တိုင်တိတ်တဆိတ် လျှော်ဖွပ်တတ်သေး၏။ မိခင်၏အထာကိုသိသွားသော ကျွန်ုပ်မှာလည်း ထဘီဇလုံကို ကိုယ်တိုင်မယူတော့၊ ဇနီးသည်အား မိခင်ကြီးအလစ်၌ တိတ်တဆိတ်ယူခိုင်းပြီး မိခင်ကြီးကွယ်ရာတွင် ကုသိုလ်ယူ လျှော်ဖွပ်ရပါတော့သည်။ နောင်တွင် ကျွန်ုပ်မှာ မိခင်ကြီး၏ ကျွန်ုပ်ကြောင့် ဝန်ထုပ်ဝန်ပိုးမဖြစ်စေလိုသော စိတ်စေတနာကြောင့် မိခင်နှင့်ပတ်သက်၍ အခြားကုသိုလ်ရနိုင်မည့်နည်းကို စဉ်းစားဆောင်ရွက် ကုသိုလ်ယူဖြစ်လိုက်ပါသည်။

မိခင်ကြီးအတွက် ရည်စူး၍ ခြေအိတ်တစ်စုံဝယ်ပြီး မိခင်ကြီးဝတ်နေဆဲခြေအိတ်အဟောင်းတစ်စုံနှင့် လဲလှယ်၍ယူလိုက်သည်။ ထိုခြေအိတ်အဟောင်းအား(ရေမလျှော်ဘဲ)ပလတ်စတစ်အိတ်ထဲ သပ်သပ်ရပ်ရပ်ခေါက်ထည့်ပြီး ကျွန်ုပ်အိပ်သော ခေါင်းအုံးအောက်တွင်ထားကာ ညစဉ်ညတိုင်း မိခင်ကြီး၏ခြေရာဖြစ်သော ခြေအိတ်အစုံကို (ခြေအစုံကို) ဦးခေါင်းဖြင့် ကန်တော့အိပ်ဖြစ်ပါသည်။ ဤသို့ ကုသိုလ်ယူလိုက်သော ကျွန်ုပ်၏အကြံအစည်ကို ကျွန်ုပ်၏ဇနီးမှာလည်း သဘောကျသွားကာ သူမ၏ဖခင်စွပ်နေကျ ခြေအိတ်ဟောင်း၊ မိခင်စွပ်နေကျခြေအိတ်ဟောင်းတို့ကို အရယူ၍ သူမအိပ်သော ခေါင်းအုံးအောက်တွင်ထားကာ မိဘတို့၏ဂုဏ်ကိုအောက်မေ့၍ မိဘတို့၏ခြေအစုံကို ဦးခေါင်းဖြင့်ကန်တော့ ကုသိုလ်ယူဖြစ်နေပါတော့သည်။

ဤကုသိုလ်သည်လည်း သစ္စာဆိုထိုက်သောကုသိုလ်ဖြစ်မည်မှာကား မြေကြီးလက်ခတ်လွဲတော့မည် မဟုတ်ပါ။

မေတ္တာရည်၍

မဟာစကော်ရှင်(လှိုင်သင်)

*(ဤစာစုဖြင့် ကွယ်လွန်သွားပြီဖြစ်သော ကျေးဇူးရှင် ဖခင်ကြီးအား ကန်တော့ပါ၏။)*



www.burmeseclassic.com

www.burmeseclassic.com



စာစု (၁)

၁၉၄၅ ခုနှစ် နှစ်ဦးပိုင်း။ မြန်မာတစ်နိုင်ငံလုံး ဖက်ဆစ်ဂျပန်တို့၏ သံဖနောင့်အောက်မှ ရုန်းထွက်ရန် ကြိုးပမ်းနေချိန်။ နေရာက မော်ဘီမြို့နယ်အပိုင် ပိန္နဲကုန်းရွာကလေး။ ထိုအခါသမယ ဒေသ၌ ဤဇာတ်လမ်းကလေး စ,ခဲ့သည်ဟု ဆိုပါလျှင်. . . ။

စာစု (၂)

ဆောင်းကာလ၏နေ့ရက်များဖြစ်၍ နှင်းမှုန်များက ဖွေးဖွေးလှုပ် ကျနေသည်။ အရုဏ်လာ၍ ရောင်နီပျို့လာသည့်တိုင် နှင်းထုတို့ကစိုးမိုးနေလျက်ရှိနေဆဲ။ နေရောင်ခြည်မှာ ပီပီလင်းလင်း မလာနိုင်သေး။ တစ်ချက် တစ်ချက် ဝေ့ကာဝိုက်ကာ တိုးဝှေ့ တိုက်လာသော ဆောင်းလေအေးကြောင့် တောင်ယာခင်းအတွင်း ပေါင်းမြက်နုတ်နေသော နန်းရွှေကျင်တစ်ယောက် တခိုက်ခိုက် တုန်လာသည်။ ခြေ,လက်အစုံသည်ပင် နှင်းရည်ဝနေသော ပေါင်းမြက်များနှင့် ထိတွေ့နေရသောကြောင့် ပဲကြီးခွံတွန့်နေချေပြီ။ မတတ်နိုင်၊ ဝမ်းရေးအတွက် ဆောင်းလေအေးကို အန်တုရပေဦးမည်။ ဤတောင်ယာခင်းသည် မိမိ၏ထမင်းအိုးဆိုလျှင် မမှား။ ထို့ကြောင့်လည်း အများတကာလို စောင်ခြုံမကွေးနိုင်ဘဲ ဝမ်းရေးအတွက် လုံ့လပြုနေရခြင်း ဖြစ်၏။ မှန်သည်။ နန်းရွှေကျင်ဘဝက ပြေးကြည့်မှ ဒီလင်နှင့် ဒီမယား နှစ်ယောက်တည်း။ ယခု ယောကျ်ားဖြစ်သူ ဦးပိုတစ်ယောက် ဇရာထောက်၍ ရောဂါဖောက်ပြီး အိပ်ရာထဲ လဲနေပြန်တော့ မောင်မထမ်းနိုင်တော့သည့်တာဝန်ကို မယ်တစ်ရွက်အနေဖြင့် ဝင်ရောက် တာဝန်ယူနေရခြင်း ဖြစ်၏။ တောသူတောင်သားများအဖို့ မိရိုးဖလာအလုပ်ဖြစ်သည့် တောင်ယာအလုပ်ကိုပဲ နန်းရွှေကျင် လုပ်တတ်သည်။ ယခင် သားဖြစ်သူ မောင်ညိုရှိစဉ်က မိမိတို့လင်မယား ဤလောက် ဒုက္ခမရောက်ခဲ့။ နေရေးထိုင်ရေး၊ စားရေးသောက်ရေးကအစ ကျန်းမာရေးအဆုံး မောင်ညို့ခြေ၊ မောင်ညို့လက်။ ဤမျှ မိမိသားက အားကိုးရ၏။ ခုတော့ သားချစ် မောင်ညိုတစ်ယောက် ခေတ်စနစ်ဆိုး၏ ဝါးမျိုမှုကြောင့် ရေတိမ်နစ်ရရှာခဲ့ပြီ။ မှန်သည်။ မောင်ညို၏အဖြစ်ဆိုးပုံက ဖက်ဆစ်ငပုတို့၏ချွေးတပ်စခန်းကိုပို့ဆောင်ခံရပြီး မပြန်လမ်းကိုမြန်းခဲ့ရသည်။ အခုလိုပင် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေရတိုင်း နန်းရွှေကျင်တစ်ယောက် သားဖြစ်သူကို တမ်းတကာ မျက်ရည်မဆည်နိုင် ဖြစ်နေဆဲ။ ဖခင်ဖြစ်သူ ဦးပိုလည်း သားစိတ်ကြောင့် ထိုအချိန်မှစ၍ တရှောင်ရှောင်။ စိ ထောင်းလို့ ကိုယ်ကြေတာ ဖြစ်မည်၊

"အမေနန်းကျင်၊ အမေနန်းကျင်"

ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် နန်းရွှေကျင်တစ်ယော အတွေးကမ္ဘာမှ နိုးထသွားသည်။

"ဟေး- ဘယ်သူတွေတုံးဟေ့"

ပြန်၍သာ အသံပြုရသည်၊ မည် သူမည်ဝါဆိုသည်ကို နန်းရွှေကျင် သဲ ကွဲကွဲ မသိသေး။

"ကျွန်တော် အောင်ဖေပါ အမေ နန်းကျင်"

အသံလာရာဆီသို့ နန်းရွှေကျ လှမ်းလိုက်သည်။ မှုန်ပျပျ များကြားတွင် လူနှစ်ယောက် မတ်တ ရပ်နေသည်။

"ဟဲ့- အောင်ဖေ၊ စောစော ဘာဖြစ်လာတာတုံး"

တိုင်းရေးပြည်ရွာ မငြိမ်မသက် နေသည့်ကာလမို့ လူစိမ်းသူစိမ်းမြင်လျှ ပင် နန်းရွှေကျင် ကြောက်လန့်နေမိ အခုလည်း ကြည့်ဦးတော့၊ အောင် တစ်ယောက် ခေါင်းငိုက်စိုက်ကျ ယိုင်နဲ့နဲ့ဖြစ်နေသည့် ဂျပန်စစ်သား ယောက်ကို တွဲပိုးထားလျက်။ နန် ကျင် မျက်နှာ ကွက်ခနဲပျက်သွားသ မှန်သည်၊ မိမိသားကိုသေတွင်းပို့ခဲ့ ဂျပန်ငပုများကို နန်းရွှေကျင်အဖို့ မမြင်ချင်။

"ကျွန်တော့်ကို ကူညီပါဦး အ နန်းကျင်၊ ဟောဒီက မာစတာကြီး ဖျားတက်နေလို့ အမေ့တဲမှာ နား ပေးဖို့ ခွင့်လာတောင်းတာပါ"

အောင်ဖေက ထိန်စွန်



www.burmeseclassic.com

www.burmeseclassic.com

ငွေစိုး

(ရွှေကြာနီမြေ)

သူ၏မိဘများက ပိန္နဲကုန်းရွာတွင် နေကြသည်။ ရန်ကုန်မြို့ အင်္ဂလိပ်-မြန်မာကျောင်းတွင် (၅) တန်းအောင်သည်အထိ နေဖူးသောကြောင့် ဤရွာနီးချုပ်စပ်တွင် အနူတောမှ လူချော်ဖြစ်ပြီး လူရည်သည်သူ ဖြစ်သည်။ အောင်ဖေ၏ဦးလေးသည် ဂျပန်ရိက္ခာစခန်းများသို့ စွည်းသွင်းနေသော ကုန်သည် ဖြစ်သည်။ ဂျပန်ခေတ်အတွင်း အလုပ်အကိုင်မဲ့နေသော အောင်ဖေကို ဦးလေးဖြစ်သူက ခေါ်ယူခိုင်းစေထားရာမှ ဂျပန်စကား ရေလည်စွာပြောတတ်လာရပြီး ဂျပန်စကားပြန်အဖြစ်သို့ ရောက်လာခဲ့သူဖြစ်သည်။ အောင်ဖေတား ဂျပန်စကားပြန် ဖြစ်သော်လည်း နာမည်ဆိုး ရှိသူမဟုတ်။ အောင်ဖေ၏ကျေးဇူးကြောင့် ဂျပန်ကင်ပေတိုင်စစ်ပုလိပ်၏ လက်တွင်းမှ နယ်ခံရွာသားများစွာ လွတ်မြောက်ခဲ့ဖူးသည်။ မှန်သည်။ နန်းရွှေကျင်၏ တောင်ယာခင်းမှထွက်သော ဘူး၊ ဖရုံ၊ သခွား၊ ခရမ်းသီး၊ ငရုတ် စသောပစ္စည်းများအား အောင်ဖေ၏ကျေးဇူးကြောင့် အချိန်တန်လျှင် ဂျပန်အဝယ်တော်များက လာရောက် ဝယ်ယူကြစမြဲ။ နန်းရွှေကျင်၏အဖြစ်က ဂျပန်များကို မချစ်သော်လည်း အောင့်ကာ နမ်းနေရသည့်ဘဝ။ အခုလည်း အောင်ဖေ၏မျက်နှာကြောင့် အနှိုင်ပုကို မိမိယာတဲတွင် နားခိုခွင့် ပေးရန်မှတစ်ပါး အခြား မရှိတော့။



စာစု (၃)

နန်းရွှေကျင်၏တောင်ယာတဲက တဲဟုဆိုသော်လည်း အိမ်ငယ်တစ်လုံး နှင့်မခြား။ ဓနိမိုး၊ ထရံကာ၊ ဝါးကြမ်းခင်းနှင့် ကြီးမားလှသည့် ဝါးပိုးဝါးတိုင်ကြီးများဖြင့် ဆောက်လုပ်ထားသောကြောင့် တကယ့်တောင့်တောင့်တင်းတင်း။ အိပ်ခန်းတစ်ခန်းနှင့် မီးဖိုချောင်ပါ ပါရှိသောကြောင့် ကျယ်ကျယ်ဝန်းဝန်းလည်းရှိလှသည်။ ပိန္နဲကုန်းရွာ၌ အိမ်ရှိသည့်တိုင် အနေများသည်က ဤတောင်ယာတဲတွင်သာ။ ဒီလို အခြေအနေကြောင့်လည်း အောင်ဖေတစ်ယောက် မိမိထံသို့လာရောက်၍ အကူအညီတောင်းရခြင်း ဖြစ်သည်။ ဂျပန်ကိုမုန်းသည့်တိုင် ဒုက္ခသည်ဆိုသည့်အသိကြောင့် နန်းရွှေကျင်တစ် ယောက် မတင်းမာနိုင်တော့။ ကိုရွှေဂျပန်ကို အောင်ဖေအား တဲအတွင်းသို့ သွင်းစေကာ ဝါးကြမ်းခင်းပေါ်တွင် နေရာပေးလိုက်ပြီး ရှိုစုမဲ့စု စောင်၊ ခေါင်းအုံး တို့ကို ထုတ်ပေးလိုက်သည်။ ဂျပန်



www.burmeseclassic.com

www.burmeseclassic.com

ခေတ်အတွင်း အရှားပါးဆုံးအရာက အဝတ်အထည်နှင့် ဆေးဝါး။ မတတ်နိုင်၊ ဒုက္ခရောက်သူကို ကူညီရမယ့်တာဝန်က မြန်မာလူမျိုးတို့၏မွေးရာပါဗီဇ။ ကိုရွှေဂျပန်ကလည်း မည်မျှ အဖျားကြီးလာသည်မသိ၊ တညည်းတညူညူဖြင့် ခန္ဓာတစ်ကိုယ်လုံး တဆတ်ဆတ် တုန်နေလျက်။ ကိုရွှေဂျပန်ကိုကြည့်ကာ နန်းရွှေကျင် စိတ်မသက်မသာ ဖြစ်သွားသည်။

"ဟဲ့ - မောင့်ရဲ့မာစတာကြီးက ဘယ့်နှယ်ဖြစ်လာတာတုံး။ တို့များဒေသမှာ ဒီလောက်ဆိုးတဲ့ငှက်ဖျား မရှိပါဘူး"

"ဒီကမိတဲ့ ငှက်ဖျား မဟုတ်ပါဘူး၊ ရခိုင်က မိလာတဲ့ ငှက်ဖျားပါ အမေနန်းကျင်"

"ဘာရယ်၊ ရခိုင်က မိလာတဲ့ ငှက်ဖျား- ဟုတ်စ"

"ဟုတ်တယ် အမေ၊ ဒီမာစတာကြီးက အရင် ရခိုင်မှာ တာဝန်ကျခဲ့တာလေ။ ဒီကို ပြောင်းလာတာ လပိုင်းလောက်ပဲ ရှိသေးတယ်"

အောင်ဖေကသာ မာစတာကြီးဟု နာမ်စားပြုနေသည်၊ အရွယ်က ခပ်ငယ်ငယ်။ ရှိလှမှ သွားလေသူ မောင်ညိုနှင့် သက်တူရွယ်တူခန့်။ သားအရွယ်ဆိုတော့လည်း မိခင်တစ်ယောက်အဖို့ ကရုဏာသက်မိလာသည်။ ကိုရွှေဂျပန်ကားညည်းညူနေဆဲ။

"အင်း- မောင်တို့မာစတာကြီးကို ဒီအတိုင်းထားလို့တော့ မဖြစ်သေးပါဘူး"

"ဟုတ်တယ် အမေနန်းကျင်၊ ကျွန်တော်လည်း ဘာမှ မလုပ်တတ်မကိုင်တတ်ဘူး။ အမေ့မှာဆေးမြီးတိုလေးများ ရှိရင် ကျွန်တော့်မာစတာကြီးကို အဖျားကျအောင် လုပ်ပေးပါဦးဗျာ"

အောင်ဖေ၏လေသံက ကိုရွှေဂျပန်အတွက် စိတ်ပူနေသည့်ဟန်။ ကိုယ့်တိုင်းပြည်ကို သိမ်းပိုက်ထားသော ဂျပန်ငပုအတွက် ဤလောက်စိတ်ပူရကောင်းလားဟု နန်းရွှေကျင်တွေးမိကာ အောင်ဖေကို မြင်ပြင်းကတ်သွားသည်။

"အောင်ဖေရယ်၊ ကိုယ်နဲ့ သွေးမတော်သားမစပ်တဲ့သူကို ဒီလောက်တောင် စိတ်ပူနေရလား"

နန်းရွှေကျင် စိတ်ခုသွားသည်ကို အောင်ဖေက ရိပ်မိဟန်တူသည်။

"အမေနန်းကျင်ပြောတဲ့စကားကို ကျွန်တော် သဘောပေါက်ပါတယ်။ ဒီမာစတာကြီးက ငပုတွေထဲမှာ ဗမာတွေအပေါ် တော်တော်ကိုကောင်းရှာတဲ့သူပါ။ ဒါကြောင့် သူ့အတွက် ကျွန်တော် စိတ်ပူနေတာပါ။ နောက်ကျမှ သူ့အကြောင်းကို ကျွန်တော်ပြောပြမယ်၊ အခုတော့ အမေ တတ်သရွေ့မှတ်သရွေ့နဲ့ ပြုစုပေးပါဦး"

ဒီလိုဆိုတော့လည်း နန်းရွှေကျင် မနေသာတော့။ အိပ်ခန်းအတွင်းသို့ဝင်ကာ ခနိုကြားတွင်ထိုးထားသော တောင်မုရိုးအခေါက်ကို ယူလိုက်သည်။ ဒါက လိုရမည်ရ ဆောင်ထားသည့် ဒေသသုံး မိရိုးဖလာ ငှက်ဖျားပြတ်ဆေးကြီး။ နန်းရွှေကျင်တို့မိဘများလက်ထက်ကတည်းက ငှက်ဖျားပေ့ဆိုလျှင် ဤတောင်မုရိုးခေါက်ကိုပဲ ဆေးဝါးအဖြစ် သုံးစွဲပျောက်ကင်းခဲ့ရဖူးသည်။ တချို့က သူ့ကို ဆေးခါးကြီးဟုလည်း ခေါ်သည်။ တချို့ကမူ လက်ထုတ်ဟု နာမပြု၍ တချို့က သင်ပုန်းဟု သညာပြုသည်။ မည်သို့ပင်ခေါ်ခေါ်၊ ငှက်ဖျားကို အနိုင်ယူနိုင်စွမ်းရှိသည်ကတော့ နန်းရွှေကျင် ကိုယ်တွေ့ပင်။ မှန်သည်၊ သူ၏အခေါက်ကို ဆေးဖက်ဝင်ပစ္စည်းအဖြစ် အသုံးပြုရန်အတွက် ဦးစွာ အခြောက်လှန်းရသည်။ ခြောက်သွားသောအခါ မည်းသွားပြီး ခါးသောအစေးဖြူထွက်၍ ထိုအစေးနှင့် အခေါက် နှစ်ခုစလုံး ဆေးဖက်ဝင်လေသည်။ သုံးစွဲနည်းကလည်း အပန်းမကြီးလှ။ ထိုအစေးနှင့်အခေါက်ကို သုံးခွက်တစ်ခွက်တင်ပြုတ်၍ တစ်ကြိမ်သောက်ရုံမျှနှင့် အဖျားကျကာ တစ်နေ့ သုံးကြိမ်ခန့်သောက်လျှင်ပင် နာလန်ထူသည့်အခြေအနေသို့ ရောက်ရှိနိုင်သည်။

အချိန်ဆိုင်းမနေတော့၊ ဆေးကျိုရန်အတွက် နန်းရွှေကျင် မီးကို အားချင်းမွေးသည်။ ထင်းနိုင်နိုင်ထိုးသည်။ မီးအားကောင်းသောကြောင့် အချိန်မလင့်မီမှာပင် ဆေးကျိုခြင်းအမှု ပြီးစီးသွားသည်။

"ကဲ - မောင့်ရဲ့မာစတာကို ထူပါဦး၊ ဆေးသောက်ရအောင်။ ဆေးသောက်မယ်ဆိုတာကိုလည်း ရှင်းပြထားဦးနော်"

နန်းရွှေကျင်တစ်ယောက် အငွေ့တထောင်းထောင်းနေသည့် ဆေးခွက်ကြီးကိုကိုင်ကာ အောင်ဖေအား ဆော်သြလိုက်သည်။ အောင်ဖေက မာစတာကြီးကိုထူကာ ဂျပန်စကားခပ်သွက်သွက်ဖြင့် ရှင်းပြသည်။ မာစတာကြီးကလည်း တဟိုက်ဟိုက်ဖြင့် ခေါင်းတညိတ်ညိတ်။ ပြီးနောက် နန်းရွှေကျင်ထံမှဆေးခွက်ကို ယူကာ အောင်ဖေတစ်ယောက် မာစတာကြီးကို ဆေးစတင်တိုက်သည်။ မာစတာကြီးက တွန့်ဆုတ်မှုကင်းစွာဖြင့် တစ်ကျိုက်တည်းမော့သည်။ မျက်နှာပင် တစ်ချက်မပျက်။ မာစတာကြီးကိုကြည့်ကာ နန်းရွှေကျင် ပြုံးလိုက်မိသည်။ မှန်သည်၊ မြန်မာဆေးနှင့်ဂျပန်သွေး တွေ့လေပြီ မဟုတ်ပါလား။

## စာစု (၄)

ထိုနေ့က နန်းရွှေကျင်အတွက် အလုပ်အရှုပ်ဆုံးနေ့ ဖြစ်သွားသည်။ လူမမာအတွက် ဆေးကျိုပေးရုံနှင့် မပြီးသေး၊ သိုမှီးထားသည့် ငါးရံ့ခြောက်ကို ထုတ်၍ဖုတ်ပြီး ငါးရံ့ခြောက်ဆန်ပြုတ် လုပ်ရသေးသည်။ နောက် အောင်ဖေအတွက် ထမင်းဝိုင်း ပြင်ရပြန်သည်။ အိမ်ရှင်ကောင်းဆိုသည်မှာ ဧည့်သည်မျက်နှာညိုမည်ကို မလိုလား။ တစ်ဖန် ရွာသို့ပြန်ရပြန်သည်။ ယောက်ျားဖြစ်သူ ဦးပိုကို ဝေယျာဝစ္စကိစ္စများဆောင်ရွက်ပေးကာ ကြုံတွေ့သမျှသောဖြစ်ရပ်တို့ကို အသိပေးပြီး တောင်ယာခင်းသို့ပြန်၍မြန်းခဲ့လေသည်။ ရွာနှင့် တောင်ယာခင်းက တစ်မိုင်ခန့်သာဝေးသည်။ နေ့စဉ် သွားနေကျခရီးဖြစ်သောကြောင့် နန်းရွှေကျင်တစ်ယောက် အပန်းမကြီးလှ။ တောင်ယာခင်းသို့ နန်းရွှေကျင် ပြန်ရောက်တော့ လူမမာသည်ပင် ထ၍ ငုတ်တုတ်ထိုင်နေချေပြီ။ အနီးတွင်ကား ဗလာဖြစ်နေသော ဆန်ပြုတ်ပန်းကန်ကိုလည်း တွေ့ရသောကြောင့် နန်းရွှေကျင် ပီတိဖြစ်သွားသည်။

"အခုပဲ အမေနန်းကျင်အကြောင်းကို မာစတာကြီးကို ပြောပြနေတာ။ မာစတာကြီးက အမေ့ကို အတော်ကျေးဇူးတင်နေရဲ့။ နောက်ပြီး အမေ့ရဲ့ဆေးကိုလည်း ချီးကျူးနေတယ်။ ကျွန်တော်တို့မြန်မာ့မြေမှာ ဒီလောက်အစွမ်းထက်တဲ့ ဆေးပင်တွေ ရှိနေတာကို မာစတာကြီးက တအံ့တသြဖြစ်နေတယ်"

အောင်ဖေ၏စကားကို နန်းရွှေကျင် ကျေနပ်အားရသွားသည်။

မှန်သည်။ မိမိပြုခဲ့သောကောင်းမှုအတွက် မောရကျိုးလည်းနပ်၊ ဂုဏ်လည်းယူမိသွားသည်။

"ဒုက္ခရောက်နေသူကို ကူညီတတ်တဲ့ဓလေ့ဟာ တို့လူမျိုးတွေရဲ့ယဉ်ကျေးမှုပဲလို့ မောင့်ရဲ့မာစတာကြီးကို ပြောပြလိုက်ပါကွယ်"

အောင်ဖေက မာစတာကြီးကို ဂျပန်စကားဖြင့် တတွတ်တွတ်ပြောနေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ နောက် ဘာတိုသဘောကျသည် ... နှစ်ယောက်သား တဟားဟားနှင့် ...ကြသည်။ နန်းရွှေကျင် ကြောင် ...တောင်ဖြစ်သွားသည်။

"ကဲ- အမေနန်းကျင်ရေ တာဝန် ...တွေရှိသေးတော့ အချိန်ရှိတုန်းပြန် ...ဦးမယ်။ ဒီနေ့ အမေ့ရဲ့ကူညီမှုအ ...တ် ကျေးဇူးတင်ပါတယ်"

အောင်ဖေက ကျေးဇူးတင်စကား ...သည်။ မာစတာကြီးကလည်း အောင် ...ည်းတူ သူ့စကားဖြင့် စကားဆို၏။

"အာရိဂတ်တိုး ဂိုဇိုင်းမတ်(စ်)"

ဘာဆိုလိုသည်ကို နန်းရွှေကျင် ... သူ့စကားကို အပြုံးဖြင့် အသိအ ...ပြုလိုက်သည်။ အောင်ဖေတို့ ပြန် ...တော့ နေပင်ကျနေပြီ ဖြစ်သည်။ ...စေ နန်းရွှေကျင် မနားနိုင်သေး၊ ...င်းအတွင်းသို့ဝင်ကာ တကုပ်ကုပ် ...ပြန်၏။ နေလုံးပျောက်၍ မှောင် ...ချိန်ရောက်လာမှ အလုပ်သိမ်း ...သည်။ သို့သော် အလုပ်တို့ကမပြီး ...သေး။ တဲအတွင်းသို့ဝင်ကာ သန့်ရှင်း ...လုပ်ရပြန်သည်။ မာစတာကြီးအိပ် ...ခဲ့သည့် စောင်၊ ခေါင်းအုံးတို့ကို နန်း ...ကျင် ပြန်သိမ်းသည်။ ဤမှာပင် ...င်းအုံးအောက်မှ ထောင်မလဲ သဲ ...ဂျပန်ပိုက်ဆံများကို နန်းရွှေကျင် ...တွေ့လိုက်သည်။ ပိုက်ဆံများနှင့်အတူ ...ကျေးဇူးတင်ပါတယ်၊ လိုရာသုံးပါ' ဟု ...သော့သော့လက်ရေးဖြင့် ရေးထား ...သည့် စက္ကူပိုင်းလေးတစ်ရွက်။ သို့မှ ...အောင်ဖေနှင့် မာစတာကြီးတို့နှစ်ဦး ...သဘောကျစွာရယ်မောရခြင်းအကြောင်း ... နန်းရွှေကျင် နားလည်သွားတော့ ...သည်၊ ပိုက်ဆံများကိုကိုင်ကာ နန်းရွှေ ...ကျင် တိုးတိုးလေး ရေရွတ်လိုက်သည်။

"တို့များတိုင်းပြည်ရဲ့အကြွယ်ဝဆုံး ...ရာတာ အကြင်နာတရားပဲ မာစတာ"

## စာစု (၅)

တစ်ပတ်ခန့်ကြာသော် နန်းရွှေ ...ကျင်၏တောင်ယာတဲသို့ အောင်ဖေနှင့် ...မာစတာကြီး ပြန်ရောက်လာသည်။ သူ ...တို့နှင့်အတူ အထုပ်ကြီးတစ်ထုပ်ပါလာ ...သည်။

"ဘယ့်နှယ်ဖြစ်လာပြန်တာတုံး ...အောင်ဖေရဲ့"

"မာစတာကြီးက အမေ့ကို ကန် ...တော့ချင်လို့တဲ့"

နန်းရွှေကျင်၏အမေးကို အောင် ...ဖေက အဖြေပြန်ပေးသည်။

"တော်ပါတော့ကွယ်။ ဟိုတစ်နေ့က မောင်တို့ထားခဲ့တဲ့ပိုက်ဆံတွေကို တို့များက ပြန်ပေးဖို့ စောင့်နေတာ"

မုန်သည်၊ နန်းရွှေကျင်တစ်ယောက် သူ၏စေတနာကို ပိုက်ဆံဖြင့် အလဲမခံနိုင်။

"အမေ့ရဲ့စေတနာရောင်ပြန်ဟပ်တယ်လို့ပဲ သဘောထားလိုက်ပါ။ ငြင်းမနေပါနဲ့တော့။ ကန်တော့ပြီးရင် ဒီမာစတာရဲ့အကြောင်းကို ကျွန်တော်ပြောပြမယ်"

နန်းရွှေကျင် မငြင်းသာတော့။ အောင်ဖေက သူထမ်းလာသည့်အထုပ်ကြီးကိုဖွင့်ပြီး ပါလာသည့်ပစ္စည်းများကို ဖြန့်ခင်းသည်။ ပစ္စည်းအမည်က စုံလှသည်။ သကြား၊ နို့ဆီ၊ ငါးသေတ္တာ၊ ဒိန်ခဲဘူး၊ ကော်ဖီမှုန့်၊ ပိတ်စနှင့် အားဆေးဘူးများ။ သို့နှယ် ခေတ်ဆိုးကြီးတွင် မြင်ရခဲသည့်ပစ္စည်းများဖြစ်သည်။ မာစတာကြီးကလည်း ခေသူမဟုတ်၊ သူကန်တော့သည့်ဟန်က မြန်မာတစ်ယောက်နှင့်မခြား။ တကယ့်ရိုရိုသေသေ။ နန်းရွှေကျင် ဆုသာတွင်တွင်ပေးနေသည်၊ ဘာတွေပေးလို့ပေးမှန်းမသိတော့။ ကန်တော့ပြီးသည်နှင့် အသင့်ရှိနေသည့် ရေနွေးကြမ်း၊ ထန်းလျက်ခဲတို့ဖြင့် အောင်ဖေတို့ကို ဧည့်ခံလိုက်၏။ အချိုကြိုက်သည့် ကိုရွှေဂျပန်က ထန်းလျက်ခဲလေးကိုက်လိုက်၊ ရေနွေးကြမ်းလေးမော့လိုက်ဖြင့် အတော်သဘောခွေ့နေသည်။ ဤမှာပင် အောင်ဖေက သူ့မာစတာကြီးအကြောင်း ဇာတ်စုံခင်းပြသည်။

"ရှင်းရှင်းပြောရရင် အမေနန်းကျင်ရာ၊ ကင်ပေတိုင် စစ်ပုလိပ်တွေထဲမှာ ကျွန်တော့်ရဲ့မာစတာက စိတ်ရင်းအကောင်းဆုံးပဲ။ သူ့စိတ်ဓာတ်နဲ့သူလုပ်နေရတဲ့နေရာဟာ ဘယ်လိုမှမအပ်စပ်ဘူးလို့တောင် ဆိုရမယ်"

'ကင်ပေတိုင်' ဟူသော စကားကြောင့် နန်းရွှေကျင် ကျောချမ်းသွားသည်။ ကင်ပေတိုင် စစ်ပုလိပ်များ၏ ပယောဂကြောင့် ရွာခံလူအများ အသက်ပျောက်ပေါင်းများခဲ့ပြီ။ ဂျပန်ကိုမုန်းပါတယ်ဆိုမှ ပို၍ဆိုးသော ကင်ပေတိုင်နှင့် နန်းရွှေကျင် တွေ့နေရသည်။ ခက်တော့နေပြီ။

"ဒီမာစတာရဲ့နာမည်က ကာဝါကူးမားလို့ ခေါ်တယ်။ အဆင့်ကတော့ တပ်ကြပ်ကြီးပေါ့"

အောင်ဖေ၏စကားကြောင့် နန်းရွှေကျင် မာစတာကြီးတစ်ဖြစ်လဲ ကာဝါကူးမားထံသို့ မျက်စိရောက်သွားသည်။ ကာကီရောင်စစ်အကျီ၏ကော်လံပေါ်တွင် ထင်ရှားစွာရှိနေသည့် သုံးလိုင်းကြယ်သုံးပွင့်တံဆိပ်က တပ်ကြပ်ကြီးဖြစ်ကြောင်း သက်သေပြနေသည်။ ခါးတွင်ကား ၈-မမ ဂျပန်ပစ္စတိုကို ချိတ်ထားသည်။ ပြောမယ့်သာပြောရသည်၊ ကင်ပေတိုင်စစ်ပုလိပ်အတော်များများ၏ဥပမိရုပ်များက ရှုသိုးသိုး၊ ဂင်တိုတိုနှင့် နှစ်လိုဖွယ် လုံးလုံးမရှိ။ ကာဝါကူးမားကတော့ ဒီလိုမဟုတ်။ အချိုးအဆစ်ပြေပြစ်သည့် ခန္ဓာကိုယ်၊ ပေါ်လွင်သည့် နဖူး၊ မျက်ခုံး၊ ဖြောင့်တန်းသည့်နှာတံ၊ ပါးလွှာသည့် နှုတ်ခမ်းပိုင်ရှင်ဖြစ်သော ကြောင့် ငပုထဲက လူချောဟု ဆိုနိုင်သည်။

"မာစတာက သူ့အကြောင်း ကျွန်တော့်ကို ခဏခဏ ပြောပြတယ်။ သူနိပွန်တပ်မတော်ထဲကိုဝင်ခဲ့ရတဲ့ အဓိကရည်ရွယ်ချက်က သူတို့ပြည်နဲ့လူမျိုးကို ကာကွယ်ဖို့ပဲတဲ့။ အခုလို သူများတိုင်းပြည်တွေကို ကျူးကျော်ဖို့ မဟုတ်ဘူးတဲ့။ နောက်ပြီး ဖက်ဆစ်ဝါဒကိုလည်း သူလက်မခံဘူးတဲ့၊ မုန်းလည်းမုန်းတယ်တဲ့"

အောင်ဖေ၏စကားများကြောင့် နန်းရွှေကျင်တစ်ယောက် ကာဝါကူးမားအပေါ် အမြင်အတွေးများလျော့လာ၏။

ကာဝါကူးမား တက္ကသိုလ်သို့တက်စဉ်ကာလမှာပင် ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားလာသဖြင့် နိပွန်တပ်မတော်သို့ ဝင်ခဲ့ရသည်။ ပညာရေးအခြေခံရှိသောကြောင့် ဗိုလ်လောင်းသင်တန်းတက်ခွင့်ရပြီး သင်တန်းဆင်းသောအခါ ဒု-ဗိုလ်အဖြစ် ခန့်အပ်ခြင်းခံရပြီး အင်ဒိုချိုင်းနားစစ်မြေပြင်တွင် တာဝန်စတင်ထမ်းဆောင်ခဲ့သည်။ ကာဝါကူးမား ဒု-ဗိုလ်မှ ဗိုလ်အဆင့်ရာထူးတိုးမြှင့်ခံရချိန်နီးတွင် မမျှော်လင့်ထားသည့်ပြဿနာတစ်ခု ပေါ်ပေါက်လာသည်။ ထိုပြဿနာက ကာဝါကူးမားဘဝကို ပြောင်းလဲသွားစေသည်။

"မာစတာရဲ့ဘဝကစိတ်မကောင်းစရာပါ အမေနန်းကျင်။ သူ့အဖေဟာ မောဂျီမြို့ကလယ်သမားတစ်ဦးပါ။ လယ်သမားတွေရသင့်တဲ့အခွင့်အရေးတွေကို ဦးဆောင်တောင်းဆိုမှုကြောင့် နိပွန်အစိုးရက မာစတာရဲ့အဖေကို ကွန်မြူနစ်လို့ စွပ်စွဲပြီး ဖမ်းခဲ့တယ်။ မာစတာရဲ့အမေဟာ ကင်ပေတိုင်စစ်ပုလိပ်တွေရဲ့ အဖမ်းခံရပြီး သေရွာကိုရောက်ခဲ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါတောင် ကင်ပေတိုင်တွေက အားမရသေးဘဲ မာစတာရဲ့ညီမလေးကို အပြစ်အမျိုးမျိုးရှာပြီး ကိုရီးယားစစ်မြေပြင်ကို ဇိမ်မယ်အဖြစ် ပို့လိုက်တယ်။ အဲဒီတည်းက သေလား၊ ရှင်လားတောင်မသိတော့ပါဘူး။ မာစတာရဲ့အမေလည်း လင်နဲ့ သမီးဖြစ်သူရဲ့စိတ်နဲ့ပဲ စိတ်ဝေဒနာဖြစ်ပြီး သေပြန်တယ်။ မာစတာကိုတော့ ကွန်မြူနစ်နဲ့ပတ်သက်သူရဲ့သား ဆိုပြီး တပ်ကြပ်ကြီးအဆင့်ကို ရာထူးချလိုက်ပြီး ရခိုင်စစ်မြေပြင်ကို နယ်ပြောင်းပေးလိုက်တယ်။ နောက်တော့ ဒီကို ကင်ပေတိုင်စစ်ပုလိပ်အဖြစ် ပို့လိုက်တာပါပဲ။ တကယ်တော့ မာစတာရဲ့ဘဝဟာ သနားစရာပါ။ ဖက်ဆစ်စနစ်ဆိုးကြောင့် သူ့မှာ မိသားစုဆိုတာလည်း မရှိတော့ဘူး။ သူ မလုပ်ချင်တဲ့အလုပ်ကိုလည်း လုပ်နေရတယ်။ မာစတာဟာ ရှင်လျက်နဲ့ ဘဝသေနေသူလို့လည်း ပြောလို့ရတယ်။ နောက်ပြီး အမေ့သားအကြောင်းကိုလည်း ကျွန်တော် မာစတာကို ပြောပြထားတယ်။ ဘဝတူဆိုပြီး မာစတာက အမေနန်းကျင်တို့ လင်မယားကို ကရုဏာသက်နေလေရဲ့။ အဲဒါကြောင့်မို့ သူကန်တော့တဲ့ပစ္စည်းတွေကို လက်ခံလိုက်ပါလို့ ကျွန်တော်က တိုက်တွန်းရတာပါ"

ဒီလိုဆိုတော့လည်း ကာဝါကူးမားအပေါ် နန်းရွှေကျင် ကရုဏာသက်ရပြန်သည်။ မှန်သည်၊ နန်းရွှေကျင် အမြင်ရှင်းသွားပြီ မဟုတ်ပါလား။

## တစ (၆)

ထိုနောက်ပိုင်း နန်းရွှေကျင်၏ တောင်ယာတဲသို့ ကာဝါကူးမားတစ်ယောက် မကြာခဏ ရောက်လာလေသည်။ သူတစ်ယောက်တည်းလည်း လာသည်။ အောင်ဖေနှင့်လည်း လာတတ်သည်။ ကာဝါကူးမားလာတိုင်း နန်းရွှေကျင်အတွက် တစ်စုံတစ်ခု ပါလာစမြဲ။ လကလေးအတော်ကြာလာတော့ နန်းရွှေကျင်၏တောင်ယာတဲသည် ကာဝါကူးမား၏စားအိမ်သောက်အိမ် ဖြစ်လာသည်။ ကာဝါကူးမား ပေးသော ဆေးဝါးများကြောင့် ဦးပိုသည်လည်း နာလန်ပြန်ထူလာသည်။ တောင်ယာခင်းသို့ပြန်ဝင်လာနိုင်သည်။ နန်းရွှေကျင်တို့လင်မယားအပေါ် ကာဝါကူးမားဆက်ဆံပုံက တကယ့်ရင်းရင်းနှီးနှီး။ မိသားစုများပမာ။ ကာဝါကူးမားတစ်ယောက် နန်းရွှေကျင်တို့လင်မယားနှင့်အတူ တောင်ယာခင်းသို့ အတူဝင်သည်။ အတူစားသည်။ နီပွန်လူမျိုးတို့ ခံတွင်းတွေ့သည့် အရသာက အချိုရဲရဲ။ ကြံနေသည်က အငန်လေးလေး၊ အစပ်ကဲကဲ ဖြစ်နေသည့် မြန်မာ့ထမင်းဟင်းများ။ ဒါကို ကာဝါကူးမားက လက်ခံစားသုံးသည်။ သို့သာမက လက်ဖက်ရည်ကြမ်းနှင့်လက်ဖက်သုပ် ယှဉ်တွဲစားသုံးသည့် အရသာကိုလည်း သူ နှစ်သက်နေပြီ ဖြစ်သည်။ ကာဝါကူးမား၏အပြုအမူတွေကိုကြည့်ပြီး နန်းရွှေကျင် စိတ်မကောင်းဖြစ်လာသည်။ တစ်ခါတစ်ရံ သားဖြစ်သူ မောင်ညိုကိုပင် သတိရလာသည်။ ရပ်ရွာက နန်းရွှေကျင်ထံသို့ ကာဝါကူးမား ဝင်ထွက်နေသည်ကို မနှစ်မြို့ကြ။ မှန်သည်၊ ကာဝါကူးမား၏တာဝန်က ဖက်ဆစ်တော်လှန်ရေးသမားကို စုံစမ်းထောက်လှမ်းဖော်ထုတ်ရန်။ ခေတ်ကာလအခြေအနေကလည်း ဂျပန်တို့ကို ပြန်လည်တော်လှန်ရန် စိုင်းပြင်းနေသောကာလ။ ဖက်ဆစ်တို့၏ ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်မှုကြောင့် မြန်မာအမျိုးသားထုတစ်ရပ်လုံး ရတက်ပွေနေခဲ့ရသည်။ အားမတန်၍သာ ငြိမ်နေရသည်၊ ပြန်လည်တွန်းလှန်ချင်သည့်ဆန္ဒကတော့ ပြည်သူတိုင်း၏ရင်တွင် ကိန်းအောင်းနေလျက်။ သို့နှယ် အခြေအနေမျိုးဆိုတော့လည်း ရပ်ရွာက မျက်စောင်းထိုးကြသည်မှာ အဆိုးတော့မဆိုသာ။ ကာဝါကူးမားနှင့် နန်းရွှေကျင်တို့လင်မယားကလည်း သံယောဇဉ်များက တစ်စ တစ်စ တင်းလာသည်။ တိုင်းရေးပြည်ရေးအခြေအနေကလည်း စစ်ရိပ်စစ်ငွေ့ကလေးများ သန်းလာသည်။ ပေါက်ကွဲစပြုတော့မည့် မီးတောင်တစ်လုံးနှင့်မခြား။ ဂျပန်တို့၏စစ်ရေးအခြေအနေကလည်း ရခိုင်စစ်မျက်နှာပြင်တွင် မဟာမိတ်တို့ကို ခွက်ခွက်လန်အောင် ရှုံးသွားပြီးကတည်းက စစ်ရေး တစ်စ တစ်စ နိမ့်ပါးလာသည်။ ထိုအတောအတွင်း ကင်ပေတိုင်များကလည်း မသင်္ကာသူမှန်သမျှကို တော်လှန်ရေးရဲဘော်ဟု စွဲချက်တင် ဖမ်းဆီးချုပ်နှောင်နေသည်။ တစ်ပြည်လုံး ကျီးလန့်စာစား။ အောင်ဖေသည်ပင် ပြောင်းလဲလာသော အခြေအနေများကြောင့် ပုန်းအောင်းနေရပြီ ဖြစ်၏။ ကာဝါကူးမားလည်း ပျောက်ချက်သားကောင်းနေသည်။ မလာတော့လည်း မျှော်မိနေသည်က နန်းရွှေကျင်။

"ကိုဖိုးပိုရေ၊ ကာဝါကူးမား မလာတာ ကြာပုံထောက်တော့ သူတို့တွေလည်း ပြင်ဆင်မှုတွေလုပ်နေပြီ ထင်တယ်။ ဒါဆိုရင် ငပုတွေနဲ့ စစ်ဖြစ်ဖို့က သေချာသလောက်ဖြစ်နေပြီ။ ဒုက္ခပါပဲ တော်၊ သေကြကျေကြဦးမှာပဲ"

"ဘာတတ်နိုင်မှာလဲ နန်းကျင်ရ၊ ငပုကောင်တွေကို ဒီလိုပြန်ခံတိုက်မှတ် ဖြစ်မှာ။ ဒီကောင်တွေက တို့မြေက ချင်တာ မဟုတ်ဘူး။ ငါတောင် အသက်ကြီးနေလို့၊ ဖြစ်နိုင်ရင် တော်လှန်ရေး ဘော်တွေနဲ့အတူ ဒီကောင်တွေကို သားအတွက် လက်စားပြန်ချေချင်နေတာ။ ကာဝါကူးမားတောင် ကိုယ့်သား သမီးလိုဖြစ်နေလို့၊ နို့မို့ဆို ငါ့ဓားဖျား အသက်ပါသွားပြီ"

နန်းရွှေကျင် နှုတ်ဆွံ့သွားသည်။ ဦးပိုက လူပုံစိတ်တို့၊ တစ်ချိန်လုံး သွေးနေသောသူ။ မောင်ညိုအတွက် ကျူးမဖြစ်ကာ ငပုများကို အလွန်မု တီးနေသူလည်း ဖြစ်သည်။ ကာဝါကူးမား၏ ယဉ်ကျေးလိမ္မာမှုကြောင့် မာန်လျှော့နေရခြင်း ဖြစ်သည်။ မည် ဆိုစေ ကာဝါကူးမားကိုတော့ နန်း ကျင်တို့နှစ်ယောက်စလုံး သံယော တင်းမိတာကတော့ အမှန်ပင်။

## တစ (၇)

မဟာမိတ်တို့၏ထိုးစစ်က ထန်လာသည်။ ရခိုင်နှင့် မြစ်ကြီး ဘက်တွင် ဂျပန်များ လွန်စွာ အ နေသည်။ သို့သာမက ရန်ကုန်၊ မန္တ ပဲခူး စသော မြို့ကြီးများကို မဟာ ဗုံးကြဲလေယာဉ်ကြီးများက နေ့ည ဗုံးမိုးရွာနေသည်။ အဆိုးဆုံးက တနင်း (Lightning) ဟုခေါ်သော ညီနောင်လေယာဉ်ဖြင့် ပိုက်စိပ်တိုက် ဗုံးကြဲ၊ စက်သေနတ်ဖြင့်ပစ်နေခြင်း ညရေးညတာများတွင် မီးမထွန်းပံ့ နှယ်အခြေအနေ။ တစ်ခုသော ခင်း၌ ပျောက်ချက်သားကောင်း သော ကာဝါကူးမားတစ်ယောက် ရွှေကျင်တဲသို့ ရောက်လာသည်။ ဒီ ခါ ကာဝါကူးမား၏ပုံစံက စစ်ဝတ် စားအပြည့်အစုံ။

မှန်သည်။ အစိမ်းပုပ်ရောင် လက်စက၊ ဒူးဆစ်အထိရှည်လျား သားရေလက်ကင်ဖိနပ်ရှည်၊ ခါးတွင် ရော်ဘာခါးပတ်ပြားကြီးပေါ်တွင် ထားသည့် လုံ့စွပ်အိတ်၊ ကျည်ဆန် နှင့် ရေဘူး။ ပခုံးတစ်ဖက်တွင်မူ လွယ်အိတ်ကို လွယ်ထားလျက်၊ တွင်ကား စစ်ကျောပိုးအိတ်ကိုပိုး ဂျပန်ရိုင်ဖယ်ရှည်ကို ကိုင်ဆော



www.burmeseclassic.com

www.burmeseclassic.com

ခေါမောက်ကိုဆောင်းထားသည်။ ကာဝါကူးမားတစ်ယောက် ဂျပန်နှင့်မြန်မာ ရောယှက်နေသောစကားများဖြင့် နန်းရွှေကျင်တို့လင်မယားကို နှုတ်ဆက်ကာ သူပြောလိုသည့်အဓိပ္ပာယ်ကို ခြေဟန်လက်ဟန်ဖြင့်ပြသည်။ အနေမစိမ်းသောကြောင့် နန်းရွှေကျင်တို့နှစ်ယောက် ကာဝါကူးမားပြောလိုသည့် စကားအဓိပ္ပာယ်ကို သဘောပေါက်လိုက်မိတော့သည်။ ဆိုလိုသည့်အဓိပ္ပာယ်က သူကိုယ်တိုင်ချက်ပြုတ်ကျွေးမည်ဆိုသည့်သဘော။ နန်းရွှေကျင်တို့နှစ်ယောက် လက်ခံကာ ကာဝါကူးမားသဘောကျ လုပ်စေလိုက်သည်။ ကာဝါကူးမားတစ်ယောက် ကြိုတင်စီစဉ်ထားဟန်တူသည်။ သူ၏စစ်ကျောပိုးအိတ်ထဲမှ ပစ္စည်းအမည်များကို တစ်ခုချင်းထုတ်ကာ ချက်ပြုတ်မှုကို စတင်သည်။ မှောင်စပျိုးချိန်တွင်တော့ ကာဝါကူးမား၏ချက်ပြုတ်မှုများ ပြီးဆုံးသွားသည်။ အခင်းအဖြစ် လေထီးစပေါ်တွင် ခင်းကျင်းထားသည့် ဟင်းအမည်များက စုံလှသည်။ စစ်အတွင်းမို့ နန်းရွှေကျင်တို့လင်မယား အစားအသောက်ကောင်းများနှင့်ဝေးခဲ့သည်မှာ ကြာလှပြီဖြစ်သည်။ ကာဝါကူးမားက အတူလက်ဆုံရန် နန်းရွှေကျင်တို့ကို ဖိတ်ခေါ်သည်။ ကြော်လှော် ချက်ပြုတ်နေကတည်းက အနံ့တသင်းသင်းမို့ နန်းရွှေကျင်အဖို့ နှုတ်ခမ်းတပြင်ပြင်။ ထမင်းဝိုင်းတွင် နန်းရွှေကျင်တို့လင်မယား ဝင်ထိုင်လိုက်ကြသည်။ ထမင်းတစ်ဝက်, ဂျုံတစ်ဝက် ရောနှော ချက်ထားသည့် ထမင်း၊ နို့ပွန်နည်းဖြင့် ကြော်ထားသည့် ငါးကြော်၊ အာလူးဟင်းချို၊ သကြား, ငံပြာရည်တို့ဖြင့် ရောကျိုထားသည့် ရွှေဖရုံသီးဟင်းတစ်ခွက်၊ ဖရုံ, ကင်းပုံ, ဘူး အညွန့်များဖြင့် ရောပွမ်းနေသည့် ဟင်းချိုတစ်ခွက်၊ ရာရှင်ရရှိထားဟန်တူသည့် အမဲသားဟင်း၊ ဝက်အူချောင်းများဖြင့် ဟင်းလျာများက မြိုင်နေသည်။ ထို့ပြင် သောက်စရာအဖြစ် ဂျပန်ဆာကေးတစ်ပုလင်းကလည်း အသင့်အနေအထား။ မှန်သည်၊ ဦးပို၏မျက်စိက ဆာကေးပုလင်းဆီမှမခွာ။ ထမင်းဝိုင်းကို ဦးပိုနှင့် ကာဝါကူးမားတို့နှစ်ယောက်က ဆာကေး တစ်ယောက်တစ်ခွက်နှင့်ဖွင့်ကာ မြိန်ရေရှက်ရေ စားကြတော့သည်။

နို့ပွန်ဟင်းလျာကို နန်းရွှေကျင် တစ်ခါမျှ မစားဘူး။ သို့သော် ဟင်းလျာများ၏အရသာထက် မိသားစုထမင်းဝိုင်းသဘော စားသုံးနေရသောကြောင့် ထိုပီတိကပင် အရသာပိုထူးနေသလို ဖြစ်နေသည်။ မှန်သည်၊ သားဖြစ်သူ မောင်ညိုရှိစဉ်က မိသားစုသုံးယောက် ယခုလို ထမင်းလက်ဆုံစားကြစမြဲ။ ကာဝါကူးမားကိုကြည့်ပြီး နန်းရွှေကျင် မျက်ရည်စို့လာသည်။ ဦးပိုနှင့် ကာဝါကူးမားကတော့ ဆာကေးအရှိန်ကြောင့် ခပ်ထွေထွေဖြစ်ကာ သောသောညံ ရယ်မော၍ လောကကြီးကိုမေ့နေသည်။ မီးခွက်ထွန်းချိန်ရောက်မှသာ ထမင်းဝိုင်းသိမ်းလေတော့သည်။ လက်တွင်ပတ်ထားသည့်နာရီကို တစ်ချက်ကြည့်ကာ စစ်ဝတ်စစ်စားများနှင့် ကျောပိုးအိတ်ကို ကာဝါကူးမား ပြင်ဆင်သည်။ ထို့နောက် နန်းရွှေကျင်နှင့်ဦးပိုကို ရိုရိုသေသေကန်တော့သည်။ နန်းရွှေကျင်က တတ်သမျှမှတ်သမျှဆုများပေးနိုင်သော်လည်း ဦးပိုကမူ နှုတ်ဆိတ်ကာ မျက်ရည်တွေတွေကျနေသည်။ ကန်တော့ပြီးနောက် ကာဝါကူးမားတစ်ယောက် စစ်သုံးပေါက်တူးလေးကိုကိုင်ကာ ခြံထောင့်တစ်နေရာသို့ ထွက်သွားသည်။ တပိုတပါးသွားဟန်တူသည်။ အတန်ငယ်ကြာတော့ ကာဝါကူးမား ပြန်ရောက်လာသည်။ ထို့နောက် နန်းရွှေကျင်တို့လင်မယားကို ခြေဟန်လက်ဟန်ဖြင့် နှုတ်ဆက်ကာ အမှောင်ထုအတွင်းသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

## တာစု (၈)

အဘွားကြင်က သူ့စကားကို ခေတ္တရပ်ကာ အနီးတွင်ရှိနေသည့် ဆီအိုးနေအောင်စိမ်ထားသော လက်ဖက်ပန်းကန်ထဲမှ လက်ဖက်တစ်ကော်ကို ပါးစောင်တွင်းသို့သွင်း၍မြုံ့လိုက်သည်။ ထို့မျှသာမက အငွေ့ တထောင်းထောင်း ထနေသည့် လက်ဖက်ရည်ကြမ်းတစ်ခွက်ကို တရှိုးရှိုးမှုတ်ကာ တစိမ့်စိမ့် သောက်နေပြန်သည်။ အဘွားကြင်ကိုကြည့်ပြီး ကျွန်တော် စိတ်မရှည် ဖြစ်လာသည်။ မှန်သည်၊ အဘွားပြောသည့်ဇာတ်လမ်းက တိုးလိုးတန်းလန်းဖြစ်နေဆဲ။

"လုပ်ပါ အဘွားရ၊ နောက်တော့ ဘာဖြစ်သွားလဲ"

"နေပါဦး ငကျော်ရဲ့၊ ပြောမှာပါဟဲ့။ နင်က အမေးအမြန်းထူတဲ့သူ ဆိုတော့ ငါမှာ အတော့်ကိုစဉ်းစားပြီးပြောနေရတာ။ ကြာလည်းကြာပြီဆိုတော့ ငါကိုယ်တိုင်လည်း မေ့တော့တော့ရယ်။ အဲ- ဟုတ်ပြီ၊ ဟုတ်ပြီ။ ဒီလိုလေ. . . ဒီလို"

ကျွန်တော့်ဆော်ဩမှုကို အဘွားကြင်က စကားနာပြန်ထိုးကာ သူ့ဇာတ်လမ်းကို ပြန်ဆက်သည်။

"နန်းကျင်နဲ့ ငါနဲ့က တစ်ရွာတည်းနေ တစ်ရေတည်းသောက်တွေလေ။ အင်္ဂလိပ်ခေတ်တုန်းကဆို ရွာတကာလှည့်ပြီး ဈေးအတူရောင်းခဲ့ကြတာပေါ့။ ထင်းခုတ်အတူတူ၊ သက်ငယ်ပျစ်အတူတူပေါ့။ နောက် သူအိမ်ထောင်ကျပြီး ဦးပိုရဲ့ရွာ ပိန္နဲကုန်းမှာ လိုက်နေတယ်။ ဂျပန်ခေတ်ရောက်တော့ သူနဲ့ငါ အဆက်အသွယ်ပြတ်သွားတယ်။ ပြတ်ဆို ဂျပန်တွေလက်လှမ်းမမီနိုင်တဲ့ရွာတွေကိုလှည့်ပြီး ပြောင်းနေရတာကိုး။ ဂျပန်ပြေးပြီး နောက်တစ်နှစ်မှာ ငါနဲ့ မင်းအဘိုးနဲ့ လယ်ယာသုံးပစ္စည်းတွေလိုလို့ တိုက်ကြီးကို ဈေးတက်ဝယ်တယ်။ အဲဒီမှာ နန်းကျင်နဲ့ ပြန်တွေ့တာပဲ။ အဲဒီအချိန်မှာ သူက လယ်ယာသုံးပစ္စည်းအမျိုးမျိုးရောင်းတဲ့ ကုန်စုံဆိုင်ပိုင်ရှင်ကြီး ဖြစ်နေပြီ။ သားထောက်သမီးခံမရှိတော့ ဦးပိုဘက်ကတူမတစ်ယောက်ကို ခေါ်မွေးစားပြီး ဆိုင်ကြီးကို ဦးစီးစေတယ်ပေါ့။ မွေးစားသမီးလေးကလည်း အတော့်ကိုတော်ရှာပါတယ်၊ နန်းကျင်တို့လင်မယားကို မိဘအရင်းနဲ့မခြား ပြုစုရှာတယ်။ နောက်ပြီး နန်းကျင်တို့လင်မယားက လှူရေးတန်းရေးမှာ ရက်ရောလွန်းလို့ မြို့မျက်နှာဖုံးတွေတောင်ဖြစ်နေပြီ။ မှတ်မိပါသေးတယ်၊ သူတို့ဆိုင်ရဲ့နာမည်က 'ကျေးဇူးရှင်' တဲ့။ ဒါပေမယ့် ဘယ်သူမှ ကျေးဇူးရှင်လို့မခေါ်ဘူး၊ တစ်မြို့လုံးခေါ်တဲ့နာမည်က ဂျပန်လေးတဲ့"

ကျွန်တော် စိတ်မရှည် ထပ်ဖြစ်ရပြန်သည်။ အဘွားကြင်၏စကားက ဟိုကွေ့ ဒီကွေ့ဖြင့် လိုရင်းမရောက်ဖြစ်နေသည်။

"အဘွား၊ ကျွန်တော်နားထောင်ချင်တာ ဇာတ်သိမ်းပိုင်းကိုနော်။ ဒေါ်နန်းကျင်အကြောင်းကို မဟုတ်ဘူး"

"အေးလေ- ငါလည်း ဇာတ်သိမ်းကိုပြောနေတာပဲ၊ နင်အသာနားထောင်စမ်းပါဟဲ့"

'စောင့်နိုင်လျှင် အကျိုးရှိ' ထုံးကိုမူကာ ကျွန်တော် ဆက်ငြိမ်နေရပြန်သည်။

"ဂျပန်လေးလို့ ခေါ်ရတာလည်း အကြောင်းမဲ့တော့ မဟုတ်ဘူးဟဲ့။ နန်းကျင်တို့ဆိုင်မှာ ဂျပန်စစ်ဝတ်စစ်စားအပြည့်အစုံနဲ့ရေးဆွဲထားတဲ့ ဂျပန်စစ်သားတစ်ယောက်ရဲ့ပန်းချီကားတစ်ချပ် ချိတ်ဆွဲထားတယ်။ အဲဒီ ပန်းချီကားကြီးကို ဆိုင်ထဲမှာ ထည်ထည်ဝါဝါ ချိတ်ဆွဲထား



www.burmeseclassic.com

www.burmeseclassic.com

တော့ လူတိုင်းအမှတ်သညာပြုပြီး ဂျပန်လေးဆိုင်လို့ပဲ ခေါ်ကြတော့တာပေါ့။ ငါလည်း အဲဒီပန်းချီကားအကြောင်း နန်းကျင်ကို စပ်စုကြည့်မိတယ်။ အဲဒီမှာတင် ငါ အခု နင့်ကိုပြောပြနေတဲ့ ဇာတ်လမ်းကို သိရတော့တာပဲ။ ငါလည်း သူရှင်းပြမှပဲ သူတို့ ဒီအခြေအနေကို ဘယ်လိုရောက်ခဲ့တယ်ဆိုတာကို သိရတော့တာပဲ"

"လိုရင်းကို ပြောပါတော့ အဘွားရာ၊ ကျွန်တော်လည်း အိပ်ချင်လှပါပြီ"

မြေးများစွာရှိသည့်အနက် ကျွန်တော့်ကိုမှ ခင်တွယ်သော အဘွားကြင်။ ကျွန်တော် အိမ်ထောင်ကျပြီးနောက်ပိုင်း သမီးဖြစ်သူ (ကျွန်တော်၏မိခင်ကြီး) နှင့် မနေဘဲ ကျွန်တော်နှင့် အတူလာရောက်နေထိုင်ခဲ့သည်။ အသက် (၁၀၀) နီးနေပြီမို့ ချိတဲ့လာသည့်ကျန်းမာရေးကို ဆေးပေးမီးယူပြုရန်အတွက် အဘွားနှင့်ကျွန်တော် အတူအိပ်ရသည်။ အိပ်ရာဝင်ခါနီးတိုင်း ကျွန်တော်က အဘွားကြင်၏ ရှေးဟောင်းနှောင်းဖြစ်များကို စပ်စုတတ်စမြဲ။ အဘွားကလည်း အကြောင်းအရာ မထပ်အောင် စေ့စေ့စပ်စပ် ပြန်ပြောနိုင်သည်။ ထို့ကြောင့်လည်း အဘွားပြောသည့်ဇာတ်လမ်းများကို မဂ္ဂဇင်းစာမျက်နှာများပေါ် သို့ ကျွန်တော် ပေးပို့နိုင်ခြင်းဖြစ်သည်။ ယခုလည်း အဘွားပြောသည့် ဇာတ်လမ်းတစ်ပုဒ်ကို နိဂုံးချုပ်အောင် ကျွန်တော် ကြိုးစားနေခြင်းပင်။

## စာစု (၉)

"ဒီလိုဟဲ့- ဇာတ်ကိုပြန်ပေါင်းရရင် . . . တိုတိုပဲပြောမယ်ဟယ်"

အဘွားကြင်၏ 'ဒီလိုဟဲ့၊ တိုတိုပဲ ပြောမယ်' ဟူ၍ စကားစ,လျှင် ကျွန်တော် အလွန်ကြောက်ရပါသည်။ တစ်ထောင့်တစ်ညပုံပြင်ကဲ့သို့ ဖြစ်သွားတတ်သောကြောင့်ပင်။

"ကာဝါကူးမား ပြန်ပြီး နှစ်လလောက်ကြာတော့ တစ်ညမှာ နန်းကျင် အိပ်မက် မက်တယ်။ အိပ်မက်ထဲမှာ ကာဝါကူးမားပုံစံက မျက်နှာညှိုးညှိုးငယ်ငယ်နဲ့ တစ်ကိုယ်လုံးမှာလည်း သေနတ်ဒဏ်ရာတွေ ဗရပွနဲ့ သွေးတွေကလည်း ခြင်းခြင်းနီနေတယ်တဲ့။ အဲဒီမှာ နန်းကျင်ကို ကာဝါကူးမားက တောင်ယာခင်းထောင့်မှာရှိတဲ့ ပျဉ်းမပင်အောက်ကို ခေါ်သွားတယ်။ နောက် အပင်ခြေမှာရှိတဲ့နေရာတစ်ခုကို လက်ညှိုးနဲ့ အသေအချာထိုးပြပြီး ပျောက်သွားတယ်ဆိုပဲ။ နန်းကျင်လည်း ဘာကြောင့် ကာဝါကူးမားကို အိပ်မက် မက်ရသလဲဆိုတာ နားမလည်ဘူးတဲ့။ အိပ်မက်ကလည်း တစ်လကို တစ်ခါလောက် ပုံမှန်မက်နေတာတဲ့။ ဒီလိုနဲ့ စစ်ကြီးပြီးသွားတော့ အင်္ဂလိပ်တွေ ပြန်ဝင်လာတယ်။ အဲဒီမှာ ပျောက်ချက်သားကောင်းနေတဲ့ အောင်ဖေတစ်ယောက် နန်းကျင်ဆီရောက်လာပြီး ကာဝါကူးမား စစ်တောင်းမြစ်တိုက်ပွဲမှာ ကျဆုံးသွားပြီဆိုတဲ့အကြောင်း၊ နန်းကျင်တို့ကို ဘာပစ္စည်းတွေပေးထားခဲ့တာရှိသေးလဲဆိုတာကို မေးသတဲ့"

"ကျွန်တော့်အထင် စကားပြန် အောင်ဖေ မေးတာ အကြောင်းတစ်ခု ရှိရမယ်"

အဘွားကြင်၏စကားကို ကျွန်တော်က ဖြတ်၍ မှန်းချက်ပေးလိုက်၏။

"အေးဟဲ့-နင်ပြောသလိုပဲ။ အောင်ဖေက ကာဝါကူးမားနဲ့ အနီးကပ်နေခဲ့တဲ့သူဆိုတော့ ကာဝါကူးမားအကြောင်းကို အတွင်းသိ အစဉ်းသိပေါ့။ ဒီလိုဟဲ့- ကာဝါကူးမားဆီမှာ ကျောက်မျက်ရတနာ အပြည့်ရှိတဲ့ သေတ္တာဘူးလေးတစ်ခု ရှိတယ်တဲ့။ သူ ကင်ပေတိုင်စခန်းမှာရှိစဉ်တုန်းက ရှမ်းပြည်နယ်က ကုန်သည်တစ်ယောက်ကို ကင်ပေတိုင်တွေက တော်လှန်ရေးရဲဘော်လို့ စွပ်စွဲပြီး ဖမ်းဆီးစစ်ဆေးခဲ့တယ်တဲ့။ ကာဝါကူးမားကတော့ ကုန်သည်ကို အခြားကင်ပေတိုင်တွေလို မနှိပ်စက်ဘဲ ကြင်ကြင်နာနာ ဆက်ဆံခဲ့တယ်တဲ့။ အဲဒီ ကျေးဇူးကိုထောက်ပြီး ကုန်သည်က ကင်ပေတိုင်တွေ နှိပ်စက်လို့ရထားတဲ့ ဒဏ်ရာတွေနဲ့ သေလုဆဲဆဲမှာ သူပိုင်တဲ့ရတနာတွေ သိမ်းထားတဲ့နေရာကို ကာဝါကူးမားကို ပြောထားခဲ့တယ် ဆိုတယ်။ တကယ်တော့ ကင်ပေတိုင်အဖွဲ့ဟာ အဲဒီကုန်သည်ကြီးမှာရှိတဲ့ ရတနာတွေကိုလိုချင်လို့ အကွက်ဆင်ပြီး ဖမ်းခဲ့တာပဲ"

အဘွားကြင်၏ ဇာတ်လမ်းက ပြောရင်းဖြင့် မျောမျောလာသည်၊ ဘယ်သောင်ကမ်းကိုရောက်မှ ဆုံးမည်မသိ။

"အဲဒီတော့ ဒေါ်နန်းကျင်ကို ကာဝါကူးမားက ရတနာသေတ္တာအပ်သွားတယ်ထင်လို့ အောင်ဖေမေးတယ်ဆိုပါတော့"

"အေးပေါ့ဟဲ့။ နန်းကျင်ကလည်း သူ့ကို ကာဝါကူးမားက ဘာမှမအပ်ဘူးဆိုတော့ သူလည်း မသိဘူးပေါ့။ ဒါနဲ့ အောင်ဖေလည်း ပြန်သွားတယ်။ အောင်ဖေ ပြန်သွားတော့မှ နန်းကျင်လည်း သူ့ကိုပေးတဲ့အိပ်မက်ကို ပြန်သတိရသွား... ကာဝါကူးမား သူ့ကို အိပ်မက်ထဲမှာ ... ပြောချင်နေတယ်ဆိုတာ သဘောပေါ... သွားတယ်"

ဇာတ်ရည်က အခုမှ အမှန်လ... သွားပြီ ဖြစ်သည်။

"နောက်တော့ နန်းကျင်က ... ကို အသေအချာပြောပြီး ကာဝ... မားပြတဲ့နေရာကို တူးကြည့်တယ်။ ... မှာ တွေ့တော့တာပဲတဲ့။ လက်တစ်... လောက်ရှိတဲ့ ထင်းရှူးသေတ္တာဘူးလေး... လေထီးစနဲ့ ကျကျနနထုပ်ပြီး မြှုပ်ထ... တာ။ သေတ္တာထဲမှာ စိန်ကောင်းကျော... ကောင်းတွေအပြည့်ဆိုပဲ။ နန်းကျ... ဒီအကြောင်းတွေကို ဘယ်သူ့မှ မ... ပြောဖို့ ငါ့ကို နှုတ်ပိတ်ထားလေရဲ့။ ... သူတို့လင်မယားလည်း သေရှာပါ... ဒီတော့မှ သူ့ဆိုင်မှာချိတ်ထားတဲ့ ပ... ကားဟာ ဘယ်လိုအဓိပ္ပာယ်နဲ့ချိတ်ထ... သလဲဆိုတာ သဘောပေါက်သွားတယ်... သူတို့အပြောအရဆိုလျှင် ကာဝါကူ... ကို ရည်စူးပြီး ဇရပ်၊ တန်ဆောင်း ... ကျောင်းတွေ ဆောက်လုပ်လှူဒါန်း... ရေစက်ချ အမျှဝေပေးလိုက်တယ်။ ... နောက်ပိုင်း ကာဝါကူးမားကို တစ်... အိပ်မက်မမက်တော့ဘူးတဲ့။ မှတ်မိ... သေးတယ်။ ငါတို့သွားဝယ်တဲ့ လယ်... သုံးပစ္စည်းတွေကို နန်းကျင်က ငွေ... တဲ့အပြင် လက်ဆောင်ပစ္စည်းတွေ... အများကြီး ဝယ်ပေးလိုက်သေးတ... ကဲ- ပြီးပြီဟေ့၊ ဒါ ငါမှတ်မိတာအ... ပဲ"

အချိန်က သက်ကြီးခေါင်း... ကိုပင် ကျော်နေပြီ ဖြစ်သည်။ ... ဘွားနှစ်ယောက် ရှေးဟောင်းနှောင်... သံသရာတွင် လည်နေ၍သာ မအိပ်... သေးသော်လည်း ရပ်ကွက်တစ်ခု... တိတ်ဆိတ်စွာ အိပ်မောကျနေပြီ ... သည်။ ကျွန်တော်နှင့်အဘွား အိပ်ရာ... ခဲ့ကြ၏။ မကြာမီ အဘွားထံမှ ဟော... သံများ စတင်ထွက်ပေါ်လာ၏။ အ... နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီ ဖြစ်သ... ကျွန်တော်ကား အိပ်မရသေး။ မှန်... ကာဝါကူးမားနှင့် နန်းရွှေကျင်တို့၏... လမ်းလေးက ရုပ်ရှင်ပြနေသကဲ့သို့ ... တော်၏အတွေးပုံရိပ်တွင် တရိပ်ရိပ်... နေသောကြောင့် ဖြစ်လေတော့သတည်...

သဒိသံ ပါက် ...

ငွေစိုး(ရွှေကြ...



www.burmeseclassic.com

www.burmeseclassic.com

△ ဗိုရတနာ-ဆရာငွေလျှပ်လင်း

# ကြိုသိဟောသတ္တနာဂေါ

## ဝိဇ္ဇာမယပညာနယ်အလုံး အသုံးမကျယ်သလော



ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာတို့မှာ လိုက်၍ မဆုံး၊ လေ့လာ၍ မကုန်၊ သင်ယူတိုင်းလည်းမရ၊ အားထုတ်တိုင်းလည်းမပြီးနိုင်လောက်အောင် ပညာရပ်၏နယ်မှာ ကျယ်ဝန်းနက်ရှိုင်း ခက်ခဲလှပြီး သာမန်လူတို့ ခရီးမပေါက် အပြီးမရောက်နိုင်ဘဲ ပါရမီရှင်များသာ သိဒ္ဓိပြီးမြောက် ထွက်ရပ်ပေါက်လမ်းဆုံးသို့ ထွက်မြန်းလှမ်းတက်နိုင်ကြပါသည်။ သို့ဆိုသည့်အတိုင်း ဤဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာတို့၏ လမ်းအဆုံးသည် သိဒ္ဓိပြီးမြောက် ထွက်ရပ်ပေါက်စခန်းဖြစ်သည့်အတွက် ဤပညာရပ်တို့ဖြင့် ကြံဆပြုလုပ်အပ်သော အစီအရင်တို့မှာလည်း ဆိုင်ရာသိဒ္ဓိတန်ခိုး အမျိုးမျိုးတို့ကို ဖော်ထုတ်ပေးစွမ်းနိုင်ကြသည်သာ ဖြစ်ပေသည်။ 'နည်းကမခက်၊ လုပ်ရန်ခက်သည်' ဆိုသော ဆိုရိုးစကားအတိုင်း သိဒ္ဓိတန်ခိုး အကျိုးများစွာ ပေးစွမ်းနိုင်သော အစီအရင်များဖြစ်သည် ဆိုသော်လည်း နည်းလမ်းကျနစနစ်ကျစွာ လုပ်ဆောင်သည့်တိုင် ဆောက်တည်သည့် သီလ၊ အကျင့်စရဏနှင့် သစ္စာကတိတည်ရှိနိုင်မှု အကြောင်းစုတို့ကလည်း ဆောင်ရွက်လုပ်ကိုင်သည့် အစီအရင်များ ပြီးမြောက်သည်၊ မပြီးမြောက်သည်၊ ခရီးရောက်သည်၊ မရောက်သည်တို့၏ အကြောင်းရင်းခံတရားအစုများ ဖြစ်သဖြင့် ဤဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာတို့ကို လေ့လာလိုက်စား ကျင့်ကြံအားထုတ်သူတို့တွင် သီလ၊ သမာဓိ (အကျင့်စရဏအား)၊ ပညာသုံးရပ် ပြည့်စုံအားကောင်းပါလေမှ စီရင်သည့်အစီအရင်၊ အားထုတ်သည့်ကျင့်စဉ်များ အောင်မြင်ပြီးမြောက် ခရီးရောက်မည် ဖြစ်ပေသည်။ ထို သီလ၊ သမာဓိ၊ ပညာသုံးရပ်အနက် သီလ၊ သမာဓိသည် မိမိဘာသာ စောင့်ထိန်းအားထုတ်နိုင်သော တရားများဖြစ်သော်လည်း 'ပညာ' ဟူသောအရာကား မိမိဘာသာ တတ်သိနိုင်သောအရာမျိုး မဟုတ်။ အပတ်တကုတ် ကြိုးစားလေ့လာသင်ယူ မှတ်သားနိုင်ပါမှ ပြည့်စုံနိုင်ရာသောအရာမျိုး ဖြစ်ပေသည်။

သို့ သိမြင် သဘောပေါက် နားလည်လာသည့်အားလျော်စွာ ကျွန်ုပ်ကိုယ်တိုင်လည်း အလျဉ်းသင့်သလို ဆိုခဲ့ပြီးသည့်အတိုင်း ငယ်စဉ်ကလေးဘဝ သာသာမှ ယခု အရွယ်ရောက်သည်ထိ ဤဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာများကို အပတ်တကုတ် ကြိုးစားလေ့လာဆည်းပူခဲ့၊ ဆည်းပူးနေဆဲ ဖြစ်ပါသည်။ သို့သော်လည်း အထက်တွင် ဆိုခဲ့သည့်အတိုင်း ပညာရပ်နယ်မှာ ကျယ်လည်းကျယ်ပြန့်၊ နက်လည်းနက်ရှိုင်းလွန်းလေရကား သမုဒ္ဒရာကိုလက်ပစ်ကူးနေရသကဲ့သို့ လည်းကောင်း၊ မြင်းမိုရ်တောင်ကို ခြေကျင်လျှောက် ရှာဖွေနေရသကဲ့သို့ လည်းကောင်း ထင်သလောက် ခရီးမပေါက်လှပါချေ။ ကျမ်းတွေလည်းစုံ၊ ဆရာတွေလည်းစုံသော်လည်း ဉာဏ်နုံဉာဏ်နည်း၊ ပါရမီပဲ မွဲ၍ပေလား မသိ၊ ယခုထိ ကိုယ့်ကိုယ်ကိုယ်အားရခြင်းမရှိ။ ကျေနပ်မိခြင်း မရှိ။ ဤသို့ အကြောင်းရင်းခံ အမှန်တရားအချို့ကို ရေးပြနေရခြင်းမှာ အခြားမဟုတ်၊ ဤသုရဿမဂ္ဂဇင်းကြီးကို မဏ္ဍိုင်ပြုလျက် ဂန္ဓာရီ ဝိဇ္ဇာမယ ပညာရပ်ဆိုင်ရာများကို ဖော်ထုတ်နေခြင်းမှာ ငါနှင့်ငါသာနှိုင်းစရာဟု ငါသာတတ်သိ၊ ပညာရှိဟု၊ အတိမာန၊ ဂုဏ်မောက်ပြလျက် ရေးသားနေခြင်းမဟုတ်။ ကိုယ်တိုင် အခက်အခဲ ကြုံတွေ့ခဲ့သလို နောင်းလူငယ်တို့၊ ပါရမီရှင်တို့၊ သုတေသီဝါသနာရှင်အပေါင်းတို့၊ ပညာ၏အကျိုးခံစားရယူလိုသူတို့အတွက် အတိုင်းအတာတစ်ခုအထိ အထောက်အကူပြုပါစေခြင်း၊ အကျိုးပြုပါစေခြင်းအလို့ငှာ ကိုယ်ချင်းစာနာစိတ်ဖြင့် သိသမျှ၊ လေ့လာထားသမျှလေးများကို မျှဝေဖော်ထုတ် တင်ပြနေမိခြင်းသာ ဖြစ်ပါသည်။

တောင်၏အမြင့်ကို အဝေးမှကြည့်သည်ထက် တောင်ခြေရောက်သည်အထိ အနီးကပ် သွားရောက်ကြည့်ရှုနိုင်ပါမှသိရသည်ကဲ့သို့ လည်းကောင်း၊ တော၏နက်ရှိုင်းခြင်းကိုလည်း အဝေးမှုန်ပျပျနေရာမှ ကြည့်သည်ထက် တောကို အရောက် ချဉ်းကပ် ဝင်ရောက်ကြည့်မှ သိမြင်နိုင်သကဲ့သို့ လည်းကောင်း၊ ဂန္ဓာရီ ဝိဇ္ဇာမယပညာရပ်၏ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဂါထာ၊ မန္တန်၊ မန္တရား၊ ဆေးဝါးတို့ကိုလည်း သာမန်ကြည့်မြင်ရုံဖြင့် ယင်းတို့၏ အခြေခံသဘော အကြောင်းရင်းခံများ၊ အနှစ်သာရများ၊ အကျိုးရလဒ်များကို ကောင်းစွာ သိရှိနိုင်မည် မဟုတ်ပါ။ အကယ်စင်စစ်၌မူ ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာအစီအရင်များကို ခြေခြေမြစ်မြစ် သိမှသာ၊ နှစ်နှစ်ကာကာ ဘဝင်ကျ နှစ်ခြိုက်မှသာ ထိုသက်ဆိုင်ရာ ပညာအစီအရင်တို့အပေါ် ပိုမို ယုံကြည်လေးစား အားထားစွာ စီရင်ဆောင်ယူလိုစိတ်ရှိမည်ဖြစ်ပြီး ထိုသို့ ယုံကြည်စွာ စီရင်ဆောင်ယူလေပါမှလည်း ထိုသက်ဆိုင်ရာ ပညာရပ် အစီအရင်တို့၏အကျိုး တန်ခိုးသိဒ္ဓိတို့ကို အပြည့်အဝ ရရှိခံစားနိုင်ကြမည် ဖြစ်ပေသည်။

သို့အားလျော်စွာ ကျွန်ုပ်သည်-

၁။ သက်ဆိုင်ရာဂါထာ၊ မန္တန်၊ မန္တရား၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါးတို့၏ ဂန္ဓာရီ ဝိဇ္ဇာပညာရပ်နယ်၌ အရေးပါမှုကို သိရှိစေရန် လည်းကောင်း၊

၂။ ထိုပညာရပ် အစီအရင်တို့၏ နောက်ခံသမိုင်းကို သိရှိစေရန် လည်းကောင်း၊

၃။ ထိုပညာရပ် အစီအရင်တို့၏ အသုံးကျယ်၊ အသုံးကြွယ်မှုကို သိရှိစေရန် လည်းကောင်း၊

၄။ စီရင်ဆောင်ယူပုံ အဆင့်ဆင့်တို့ကို စနစ်တကျသိရှိစေရန် လည်းကောင်း၊

၅။ ပညာရပ်ကိုလေ့လာလိုက်စားသူများ၊ သုတေသီများ၊ ဝါသနာရှင်များ၊ အသုံးပြုလိုသူများအား အထောက်အကူပြုစေရန် လည်း



www.burmeseclassic.com

www.burmeseclassic.com

ကောင်း၊

၆။ ပညာရပ်များ မပျောက်ပျက်၊ မတိမ်ကောစေရန်, စုစည်းမှတ်တမ်းတင်နိုင်ရန် အလို့ငှာ လည်းကောင်း. . .

စသော ရည်ရွယ်ချက်များဖြင့် ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်တွင် ပညာရှင်ကြီးများ၊ မဟိဒ္ဓိ သိဒ္ဓိရှင်ကြီးများ ထည်လဲသုံး၍ လက်စွဲလက်ကိုင်ပြုအသုံးများခဲ့သော ဂါထာ၊ မန္တရား၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး အစီအရင်များကို ရွေးချယ်ကောက်နုတ် တင်ပြနေခြင်း ဖြစ်ပါသည်။ သို့အားလျော်စွာ ဂန္ဓာရီ ဝိဇ္ဇာမယ ပညာရှင်ကြီးများ လက်ကသုံးတောင်ဝှေးသဖွယ် လက်စွဲလက်ကိုင်ပြု စီရင်ဆောင်ယူ အသုံးပြုခဲ့သော ဂါထာ၊ မန္တန်၊ မန္တရားများကို အထူးပြု၍ ဖော်ထုတ်တင်ပြနေခဲ့ရာ ဧဝံအစိန္တိယာ ဂါထာနှင့် ဥဏှာလုံမွေးရှင်တော် မန္တရားတို့၏အကြောင်းများကို ဖော်ထုတ်တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ မြန်မာ့ရှေးစာဆိုများတွင် 'လော' ကျမ်း ဟူ၍ ရှိခဲ့ပါသည်။ ထိုလောကျမ်းမှ အချို့ကို ဖော်ပြရပါလေသော်-

'ခေါင်းခဲသော်အခံမခက်သလော၊ မန်ကျည်းမှည့်ကို ဆားနှင့်ဖျော်၍ ရှူသော် မပျောက်လော။

ရင်ဘတ်နာသော်အခံမခက်လော၊ ကောက်ညှင်းစား၍ရေချိုးသော်မပျောက်လော'

စသဖြင့် အနာရောဂါ ဝေဒနာ အသီးသီးတို့အတွက် မြန်မာ့ဆေးမြီးတိုနည်းကလေးများကို 'လော' ဟူသော ဖမေးမေးဖြေဖြေ လင်္ကာဆန်ဆန် စကားလုံးလေးများဖြင့် ရေးသားထားပါသည်။ အားလုံး ဆေးမြီးတိုနည်းပေါင်း (၄၀) ကျော်ကျော်ခန့် ထိုလောကျမ်းထဲတွင်ပါဝင်ပါသည်။ ထိုနည်းအတူ ကျွန်ုပ်လည်း ထိုလောကျမ်း၏ စာဟန် စာသွားကို သဘောကျသည့်အားလျော်စွာ မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်တွင် ပညာရှင်တို့ လက်စွဲလက်ကိုင်ပြု အားထားသုံးစွဲနေသော ဂါထာ မန္တန်တစ်ခုဖြစ်သည့် 'တြိသီဟောသတ္တနာဂေါ' အစချီ ဂါထာမြတ်၏ဂုဏ်ကို သိသာထင်ရှားစေရန်အလို့ငှာ ဤဆောင်းပါးခေါင်းစဉ်ကိုလည်း 'တြိသီဟောသတ္တနာဂေါ, ဝိဇ္ဇာမယပညာနယ်အလုံး အသုံးမကျယ်သလော' ဟူ၍ လောကျမ်း၏ဟန်ကို အတုယူ မှီငြမ်းလျက် အမည်ပေးလိုက်မိခြင်း ဖြစ်ပါတော့သည်။

ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်တွင် အသုံးပြုနေသော ဂါထာ မန္တန်များမှာ ဘုရားဟောကျမ်းဂန်လာ ဂါထာမန္တန်များ၊ ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်တို့ သီကုံးစီရင်ခဲ့သော ရတနာသုံးပါးဆိုင်ရာ ဂါထာ မန္တန်များ၊ ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာသက်သက် ဂါထာ မန္တန်များ ဟူ၍ အကြမ်းအားဖြင့် ခွဲခြားခဲ့ပါလျှင် ဤ 'တြိသီဟော' အစချီ ဂါထာသည်ကား ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှင်များ စီရင်ဖွဲ့သီခဲ့သည့် ရတနာသုံးပါးနှင့် နှီးနွယ် ဆက်စပ်သော လောကီပညာ ဂါထာ မန္တန်တစ်ပုဒ်ဟု ဆိုရအံ့ ထင်ပါသည်။ ဤဂါထာကို ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာနယ်၌ 'တြိသီဟ' (ဝါ)တြိသီဟောဂါထာဟု လည်းကောင်း၊ ဥတ္တမသင်္ချာဂါထာဟု လည်းကောင်း ခေါ်ကြပါသည်။

တြိသီဟောဂါထာကား အောက်ပါအတိုင်း ဖြစ်ပါလေသည်။

**တြိသီဟောဂါထာ**

တြိသီဟော၊ သတ္တနာဂေါ၊ ပဉ္စပိသာနု မေ ဝစ၊ စတုဒေဝါ၊ ဆဝသ ဝရောရာဇာ၊ ပဉ္စက္ကန္ဓာ၊ ဧကရက္ခာ၊ နဝက္ကသိ၊ ပဉ္စသဟံ ပတိရာဇာ (ပဉ္စ စ ဖြဟ္မာ-မူကွဲ)၊ ဒွေ စက္က ဝတ္တိရာဇာ (ဒွေစက္ကရာဇာ-မူကွဲ)၊ အဋ္ဌအရဟန္တာ၊ ပဉ္စဗုဒ္ဓ မဟာမုနိ။

ဤတြိသီဟာဂါထာ မူကွဲ များစွာ ရှိပါသည်။ မူကွဲ များသလောက် ဂါထာ၏ အက္ခရာဝလိ စာသားအစဉ်မှာလည်း များစွာ မှားယွင်းမှုများရှိကြောင်း တွေ့ရပါသည်။ ထိုသို့ အက္ခရာဝလိ စာသားအစဉ်မှားသော ဂါထာများကို အင်းဆန်အဖြစ် အင်းကွက်၌ ရေးသွင်းသောအခါ လုံးဝ မကိုက်ညီကြောင်း စိစစ်တွေ့ရှိရသည်က များပါသည်။ ယခု ဖော်ပြထားသော တြိသီဟောဂါထာမှာမူကား ဂါထာစာသားအစဉ် မှန်ကန်ပါသည်။ ထိုသို့ စာသားအစဉ်အမှန်ရရန် အင်းကွက်အတွင်း အင်းသွားနှင့်ကိုက်ညီမည်ကို စိစစ်နိုင်မှ ဂါထာ အက္ခရာဝလိ စာသားအသွား အမှန်ကိုရနိုင်မည် ဖြစ်ပါသည်။

ဤ တြိသီဟောဂါထာ၏ ဂါထာအနက်အဓိပ္ပာယ်ကို ကြည့်ပါလျှင် သတ္တလောကအတွင်း ဘုန်းတန်ခိုး ကြီးမားသောသတ္တလောကသားများမှသည် ဗုဒ္ဓဘုရားရှင်ထိ အားလုံး၏အကာအကွယ်ကို ခံယူထားသောဂါထာ ဖြစ်ပါသည်။ နောက်တစ်နည်းကား တြိသီဟောအင်း၏ အင်းဆန်ဂဏန်းအညွှန်းများလည်း ဖြစ်ပါသည်။

| | | |
|---|---|---|
| တြိသီဟော | - ၃ | (သီဟ-ခြင်္သေ့) |
| သတ္တနာဂေါ | - ၇ | (နဂါးမင်း) |
| ပဉ္စပိသာနု | - ၅ | (ဗိသာနိုးနတ်မင်း) |
| စတုဒေဝါ | - ၄ | (စတုလောကပါလ နတ်မင်းကြီးလေးပါး) |
| ဆဝသ ဝရောရာဇ | - ၆ | (ဝသဝရောနတ်) |
| ပဉ္စက္ကန္ဓာ | - ၅ | (သိကြားနတ်မင်း) |
| ဧကရက္ခာ | - ၁ | (ရက္ခနတ်ဘီလူး) |
| နဝက္ကသိ | - ၉ | (က္ကသိမည်သောနတ်) (နဝက္ကသရိယ မူကွဲလည်းရှိ) |
| ပဉ္စသဃံ ပတိရာဇာ | - ၅ | (သဟံပတိဗြဟ္မာမင်း) |
| ဒွေစက္ကရာဇာ | - ၂ | (စကြဝတေးမင်းတ်မင်း) |
| အဋ္ဌရဟန္တာ | - ၈ | (ရဟန္တာ) |
| ပဉ္စဗုဒ္ဓါ မဟာမုနိ | - ၅ | (ဗုဒ္ဓဘုရား) |

သို့ဖြစ်ရာ အထက်ပါ တြိသီဟောဂါထာကို လက်ဆစ်ပုံ (၁၂) ကွက်အင်းအဖြစ် ရေးသွင်းပါက အောက်ပါ အင်းကွက်အတိုင်း ဖြစ်ရပါမည်။

| | | | |
|---|---|---|---|
| | ၁ | ၄ | |
| ၁၁ | ၆ | ၉ | ၂ |
| ၈ | ၃ | ၁၂ | ၅ |
| | ၁၀ | ၇ | |

အင်းသွားပြနမ္မူနာဂဏန်းများ

| | | | |
|---|---|---|---|
| | ၃ | ၄ | |
| ၈ | ၅ | ၅ | ၇ |
| ၉ | ၅ | ၅ | ၆ |
| | ၂ | ၁ | |

တြိသီဟောအင်း



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်ရာ မည်သည့် တြိသီဟောဂါထာမူကွဲပင် ဖြစ်ပါစေ၊ အထက်ဖော်ပြပါ အင်းကွက်များနှင့်မကိုက်ညီပါက ထိုဂါထာစာသား အက္ခရာဝလီများ အစဉ်မှားသည်ဟုသာ မှတ်ယူပါလေ။ ဤသို့ရှင်းပြနေရခြင်းမှာ အကြောင်းမဲ့ မဟုတ်ပါ။ ဂန္ဓာရီ ဝိဇ္ဇာမယပညာရပ်ဆိုင်ရာ စာအုပ်အတော်များများ၌ ဤတြိသီဟောဂါထာနှင့်ပတ်သက်၍ မူကွဲရှိမှုမက ဂါထာ၏ အက္ခရာဝလီ စာသားအစဉ်များသည်း မှားယွင်းမှုများရှိနေကြကြောင်း တွေ့ရ၍ဖြစ်ပါသည်။ အချို့ တြိသီဟောဂါထာများ၌ စာသားများပင် ကျကျန်နေကြကြောင်း မကြာခဏ တွေ့ရှိနေရ၍ ဖြစ်ပါသည်။ သို့ဖြစ်ပေရာ နောင်အခါ နောင်လာနောက်သားပညာရှာမှီးသူ၊ ဝါသနာရှင်များ၊ အသုံးချလိုသူများအတွက် ရှင်းရှင်းလင်းလင်း ကျနသေချာစွာ သိရှိနိုင်ကြစေရန် စံပြုသုံးစွဲ လေ့လာနိုင်ကြစေရေးအတွက် ရှင်းလင်းရေးသား တင်ပြနေခြင်း ဖြစ်သည်။

ဤဂါထာသည် ဆိုခဲ့သည့်အတိုင်း ဤ သတ္တလောကကြီးအတွင်းရှိ ဘုန်းတန်ခိုးကြီးမားသော သတ္တဝေဟကသားများဖြစ်ကြသည့် တောသုံးထောင်ကို အစိုးရသော ကေသရာဇာခြင်္သေ့မင်း၊ အာခံတွင်း ဝင်းဝင်းတောက်သည့် စက်တန်ခိုးရှင်နဂါးမင်း၊ တစ်ဖန် နတ်ဒေဝတာများဖြစ်ကြသော တန်ခိုးကြီးမားသည့် စတုလောကပါလနတ်၊ သိကြား၊ ဗြဟ္မာတို့အပြင် အရိယာသူတော်စင် ရဟန္တာအရှင်မြတ်တို့နှင့် ကိုးပါးဂုဏ်ရှင် သုံးလောကထွတ်တင် ဗုဒ္ဓဘုရားရှင်တို့၏ ဘုန်းတန်ခိုးတေဇော် အာနုဘော်တော်တို့ကို ခံယူခိုလှုံ အကာအကွယ်ပြုထားသည့် ထူးမြတ်သော အနက်အဓိပ္ပာယ်တို့ကိုဆောင်သော ဂါထာမြတ်ဖြစ်ရာ အလွန် တန်ခိုးကြီး ထက်မြက်လှသောကြောင့် ဤသို့ ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှင်၊ သိဒ္ဓိ မဟိဒ္ဓိရှင်ကြီးများ လက်စွဲလက်ကိုင်ပြု သုံးစွဲသည့် ဂါထာမြတ်တစ်ခု ဖြစ်ရပေသည်။ သတိထားနှိုင်းယှဉ် လေ့လာကြည့်ပါက ဤတြိသီဟော ဂါထာမြတ်သည် စက်ကြီးတစ်ဆယ့်သုံးပါး ဂါထာတော်နှင့် လည်းကောင်း၊ ရှင်သူငယ်ပရိတ်ဖြင့် သိရသို့ ဂါထာနှင့် လည်းကောင်း သဘောသဘာဝချင်းဆင်တူကြောင်း တွေ့ရှိရပါသည်။

## တြိသီဟောဂါထာနှင့် ဂန္ဓာရီ ဝိဇ္ဇာမယ ပညာအစီအရင် အသုံးအမျိုးမျိုး

### ဂါထာမန္တန်အဖြစ်သုံးပုံ

ဤတြိသီဟောဂါထာကို ဂါထာမန္တန်အဖြစ် ဆောင်ယူအသုံးပြုသူ အလွန် နည်းပြီး ရှားပါးလှပါလိမ့်မည်။ အကြောင်းမူ ဤဂါထာသည် ဂန္ဓာရီ ဝိဇ္ဇာမယ လောကီပညာရှင်များသာ သိရှိကျွမ်းဝင် အသုံးချလေ့ရှိသော သီးခြားဂါထာတစ်မျိုး ဖြစ်နေသောကြောင့်ပါပေ။ သို့တိုင်အောင် ဂန္ဓာရီ ဝိဇ္ဇာမယပညာများကို သာမန်မျှ လေ့လာသူများပင် ဤဂါထာမြတ်ကို ကောင်းစွာမသိကြပါချေ။ ဂန္ဓာရီ ဝိဇ္ဇာမယပညာများကို ထဲထဲဝင်ဝင်၊ နိုက်နိုက်ချွတ်ချွတ် လေ့လာလိုက်စားကြကုန်သောသုတေသီများ၊ ပညာရှာမှီးသူများသာ ဤဂါထာအား ကောင်းစွာ ကျွမ်းဝင် သိရှိကြပါသည်။ ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်များတွင် ဤဂါထာမြတ် ဆောင်ယူလေ့ရှိသူများကား ဤဂါထာရှေ့မှ 'ဩောင်း' ခံပြီး မန္တရားအဖြစ် ရွတ်ပွား ဆောင်ယူလေ့ရှိကြပါသည်။ ဘုန်းတန်ခိုးကြီးစေသည်၊ ဘေးရန်ကင်းသည်၊ ကိုယ်လုံသည်ဟု ဆိုပါသည်။

### အဆောင်အင်းအဖြစ် အသုံးပြုပုံ

ဤ တြိသီဟောဂါထာကို အင်းဆန်အဖြစ်သုံး၍ အင်းစီရင်မည်ဆိုပါက အထက်တွင် နမူနာပြခဲ့သည့်အတိုင်း (၁၂) ကွက် ပုဆစ်အိမ်အင်းကွက်၌ ရေးသွင်း စီရင်ရပါမည်။ အင်းဆန်များကို ရေးသွင်းသောအခါ အထက်တွင်ပြထားသည့်အတိုင်း ဂါထာကိုရွတ်လျက် သက်ဆိုင်သည့်အင်းဆန်ဂဏန်းများကို မြင်းသေမြင်းကိုက် ရေးသွင်း စီရင်ရပါမည်။ စီရင်သောအခါ ရတနာသုံးပါးကန်တော့ပွဲ (၃) ပွဲ၊ နတ်မင်းကြီးများအတွက် ကန်တော့ပွဲ (၁) ပွဲ၊ ပန်း၊ ဆီမီး၊ ရေချမ်း၊ ဆွမ်းများ တတ်အားသရွေ့ ကပ်လှူပူဇော်ပြီး ခပါဒ်နက္ခတ် ကြံ့ကြိုက်သော ကာလ၌ စီရင်ရပါမည်။ ဤတြိသီဟော အင်းကိုစီရင်ရာတွင် ရွှေ၊ ငွေ၊ ကြေးပြား၊ ကမ္ဗဝါကြေးပြားတို့တွင် ရေးသွင်းစီရင်ရပါမည် သို့မဟုတ် မိမိ၏သက်ဆိုင်ရာနံသင့် သတ္တုပြားများတွင် စီရင်ရပါမည်။

အင်းကို ရေးသွင်းပြီးပါက အင်းအပတ်နှင့်ဂါထာများအဖြစ်-

၁။ တြိသီဟောဂါထာနှင့် တစ်ထောင်စုတ်။

(ဩောင်းခံ၍ စုတ်ပါရန်)

၂။ ဩောင်း ဇေသံ စိ ဓာယုကမယ, မယကာ၊ ပုစ္စာပီသံဇ နှင့် (၁၀၀၀) စုတ်။

ထို့နောက် ဤအင်းကို ကောင်းစွာလိပ်ပြီး လက်ဖွဲ့အဖြစ် ဆောင်ပါလေ။ မူကား တုတ်၊ အုပ်၊ တံတောင်၊ ဓား၊ လှံ၊ သေနတ် မီးမပေါက်၊ မီးမကူး။ အပါး (၃၀) ပြီး၏။ ကာယသိဒ္ဓိအရာ၌ အတုမဲ့အစီရင်ကောင်းတစ်ခုဖြစ်သည်ဟု ရှေးဆရာရသေ့တို့ချီးကျူးသော အစီအရင်တစ်ခု ဖြစ်ပေသည်။ ဤတြိသီဟောအင်းကို 'ဥတ္တမသချာအင်း' ဟုလည်း ခေါ်တတ်ကြောင်း မှတ်ထားသင့်ပါ၏။

### အင်းအရံဂါထာအသုံးအမျိုးမျိုး

#### (၁) တြိသီဟောဂါထာနှင့်အငှမုခ်အင်း

ဤဆောင်းပါး၏ခေါင်းစဉ်ပါအတိုင်း ဂန္ဓာရီ ဝိဇ္ဇာမယပညာရှင်များသည် ဤ တြိသီဟောဂါထာကို လက်စွဲပြုဂါထာအဖြစ် အသုံးပြုသည် ဆိုသည့်အတိုင်း ဂါထာ မန္တန်အဖြစ်နှင့် လည်းကောင်း၊ အဆောင်လက်ဖွဲ့အဖြစ် လည်းကောင်း အသုံးပြုသည်သာမက အခြားသော အင်းအစီအရင်များ၌လည်း ဤ တြိသီဟော ဂါထာမြတ်ကို အင်းအရံဂါထာအဖြစ် အသုံးပြုခဲ့ကြကြောင်းကိုလည်း တွေ့ရှိရပါသည်။ ဦးစွာ ကုန်းဘောင်မင်းဆက်ကို တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျခေတ်၌ တွင်ကျယ်စွာ အသုံးပြုခဲ့သော နဝင်းဓာတ်အလီလီထပ်သည့် အငှမုခ်အင်းအစီအရင်၌ အင်းအရံဂါထာအဖြစ် အသုံးပြုပုံကို ဖော်ပြပါမည်။ မြန်မာအင်းပညာတွင် ဤအငှမုခ်အင်းများသည် အလွန်ထက်မြက်သော အင်းအုပ်စုများ ဖြစ်ကြပါသည်။ ဤအငှမုခ်အင်းများအကြောင်း ကျွန်ုပ် ပြောပေါင်းများခဲ့၍ ဤနေရာ၌ ထပ်မံ မပြောလိုတော့ပါ။ ထိုအငှမုခ်အင်းများအကြောင်း အစုံအလင်သိလိုမူ ဤမဂ္ဂဇင်းကြီး၌ပင် ကျွန်ုပ် ရေးသားခဲ့သော 'မြန်မာ့အင်းပညာအကြောင်း တစေ့တစောင်း လေ့လာခြင်း' ဟူသော အင်းပညာပေး အခန်းဆက်ဆောင်းပါးရှည်များ၌ လေ့လာဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဤနေရာ၌ကား ဆောင်းပါးလေးအံ့စိုး၍ မဖော်ပြနိုင်တော့ပါ။

အငှမုခ်အင်း အုပ်စုတွင် ပဌမအင်းမှ ဒွါဒသမအင်းအထိ အင်းကြီး (၁၂) အင်း၊ အင်းကြီးတစ်ကွက်တွင် အင်းကွက်ခွဲ (၉) ကွက်စီပါသဖြင့် စုစုပေါင်း အင်းကွက်ခွဲ (၁၀၈) ကွက် ရှိပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအင်းကြီး (၁၂) အင်းအနက်မှ ဒုတိယအင်းကြီးတွင် တြိသီဟောဂါထာကို အင်းအရံအဖြစ် သုံးရပါသည်။

ထိုဒုတိယအဋ္ဌမုခ်အင်းကား-

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၂ | ၂၃ | ၃၄ | ၁၃ | ၂၄ | ၃၅ | ၁၄ | ၂၅ | ၃၆ |
| ၈၉ | ၁၀၀ | ၄၅ | ၉၀ | ၁၀၁ | ၄၆ | ၉၁ | ၁၀၂ | ၄၇ |
| ၇၈ | ၆၇ | ၅၆ | ၇၉ | ၆၈ | ၅၇ | ၈၀ | ၆၉ | ၅၈ |
| ၁၉ | ၃၀ | ၄၁ | ၂၀ | ၃၁ | ၄၂ | ၁၅ | ၂၆ | ၃၇ |
| ၉၆ | ၁၀၇ | ၅၂ | ၉၇ | ၁၀၈ | ၅၃ | ၉၂ | ၁၀၃ | ၄၈ |
| ၈၅ | ၇၄ | ၆၃ | ၈၆ | ၇၅ | ၆၄ | ၈၁ | ၇၀ | ၅၉ |
| ၁၈ | ၂၉ | ၄၀ | ၁၇ | ၂၈ | ၃၉ | ၁၆ | ၂၇ | ၃၈ |
| ၉၅ | ၁၀၆ | ၅၁ | ၉၄ | ၁၀၅ | ၅၀ | ၉၃ | ၁၀၄ | ၄၉ |
| ၈၄ | ၇၃ | ၆၂ | ၈၃ | ၇၂ | ၆၁ | ၈၂ | ၇၁ | ၆၀ |

**အဋ္ဌမုခ်ဒုတိယအင်း**

အဆိုပါ အဋ္ဌမုခ် ဒုတိယအင်းကြီးကို တြိသီဟောဂါထာဖြင့် လက်ယာရစ် သုံးထပ်ရံ၍ ရေးသွင်းစီရင်သော် စီးပွားဥစ္စာ၊ ရွှေငွေရတနာများ အထူးတိုးပွားစေ၏။ ဤတြိသီဟောဂါထာဖြင့်ပင် ဤအဋ္ဌမုခ် ဒုတိယအင်းကို လက်ဝဲရစ် သုံးထပ်ရံလျက် ရေးသွင်းစီရင်မှုကား ဘေးဥပဒ် အန္တရာယ်အသွယ်သွယ်တို့ ကင်းစင်၊ ဘေးကင်း၏။ ရန်လုံ၏။

**(၂) တြိသီဟောဂါထာနှင့်စမ္ပာနဝအင်းများ**

မြန်မာ့အင်းပညာတွင် စမ္ပာ (၂)၊ နဝင်း (၉)၊ ဇာလင်း (၄)၊ သတ္တ (၇)၊ ပဥ္စ (၅)၊ တြိ (၃)၊ ဆ (၆)၊ ဧက (၁)၊ အဋ္ဌ (၈) ဟူသော အင်းဆန်အသွားလက်ာအတိုင်း အင်းဆန်ဂဏန်းများကို အစဉ်လိုက် ရေးသွင်းစီရင်ရသော စမ္ပာနဝင်းအင်းအုပ်စုဝင် အင်းမျိုးပေါင်း များစွာ ရှိပါသည်။ မြန်မာ့အင်းပညာနယ်၌ အလွန် အသုံးများသော၊ အသုံးများသလောက် လူသိများသော အင်းမျိုးများ ဖြစ်ကြပါသည်။ ဤအင်းများအကြောင်း ရေးရပါကလည်း လွန်စွာကျယ်ပြန့်လွန်းသောကြောင့် ဤဆောင်းပါးနှင့် ဖော်ပြရှင်းလင်းခြင်းငှာ မစွမ်းသာပါချေ။ အကျယ်ကို အထက်ပါအတိုင်း ကျွန်ုပ်ရေးသားခဲ့သော 'မြန်မာ့အင်းပညာအကြောင်း တစေ့တစောင်း လေ့လာခြင်း' ဟူသော အခန်းဆက်ဆောင်းပါးများ၌သာ လေ့လာကြပါလေကုန်။

ထိုစမ္ပာန်ဝအင်းများတွင် သမားရိုးကျ စမ္ပာနဝအင်းများမှ ခွဲထွက်လျှင် အင်းထောင့်လေးထောင့် ဤအင်းဆန်ဂဏန်းတစ်မျိုးတည်းကို တည်စေသည့် စတုဝီသခေါ် စမ္ပာနာဝထောင့်ထုတ်အင်း (၂၄) အင်း ဟူ၍ ထွက်ပေါ်လာခဲ့ပါသည်။ ထိုစတုဝီသခေါ် စမ္ပာနဝထောင့်ထုတ်အင်း (၂၄)ကွက်ကို ကျွမ်းကျင်ပိုင်နိုင်စွာ စီရင်အသုံးချခဲ့သည့် ဂန္ဓာရီ ဝိဇ္ဇာ မယပညာရှင်ကြီးသည်ကား ဟံသာဝတီခေတ်က ထင်ရှားခဲ့သော ဓမ္မစေတီမင်းကြီးပင် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဤစတုဝီသထောင့်ထုတ် (၂၄) အင်းအစုကို 'ဓမ္မစေတီအင်းသိုက်' ဟုပင် ခေါ်တွင်ခဲ့ကြပါသည်။ ဓမ္မစေတီမင်းကြီးသည် ထိုစတုဝီသထောင့်ထုတ် (၂၄) အင်း အနက်မှ အချို့သောအင်းများနှင့် ဤတြိသီဟောဂါထာကို တွဲဖက်လျက် စီရင်အသုံးပြုခဲ့ပါသည်။

အသုံးပြုခဲ့ပုံမှာ-

(၁) စမ္ပာနဝ စတုဝီသထောင့်ထုတ်အင်းများအနက်မှ (၇)ထောင့်ထုတ် စမ္ပာနဝအင်းကို တြိသီဟောဂါထာနှင့် လက်ယာရစ်ရံ၍ စီရင်အသုံးပြုပါမူကား စည်းစိမ်ချမ်းသာ တိုးစေ၏။ စက္ကူတွင် ချ၍ ကုန်ပစ္စည်းများနှင့်အတူထားပါက ကုန်ရောင်းစွံ၏။ အရပ်ရှစ်မျက်နှာက လာ၍ ကုန်ကိုဝယ်အံ့ဟု ဆိုပါသည်။

(၂) ထိုစတုဝီသ (၇)ထောင့်ထုတ် စမ္ပာနဝအင်းကိုပင် ခေါင်လံတွင်လည်းကောင်း၊ ငွေပြားတွင်လည်းကောင်း တြိသီဟောဂါထာနှင့် လက်ယာရစ် စီရင်ဆောင်ယူပါက အမြောက်၊ သေနတ် လွဲ၏။ လှေတွင် ထိုအင်းလက်ဖွဲ့ကို ဆောင်ထားပါက လှေနှင့်တကွ အားလုံး အမြောက်၊ သေနတ်၊ လက်နက် ကျည်လွဲ၏။ အကွယ်အကာကောင်းလှပါ၏။

ထို စတုဝီသ (၇) ထောင့်ထုတ် စမ္ပာနဝအင်း နမူနာကို အောက်တွင် ဖော်ပြလိုက်ပါသည်။

| | | | | |
|---|---|---|---|---|
| ၇ | ၁၄ | ၉ | ၁၄ | ၇ |
| ၁၂ | ၁၀ | ၈ | ၁၀ | ၁၂ |
| ၁၁ | ၆ | ၁၃ | ၆ | ၁၁ |
| ၁၂ | ၁၀ | ၈ | ၁၀ | ၁၂ |
| ၇ | ၁၄ | ၉ | ၁၄ | ၇ |

**စတုဝီသ (၇) ထောင့်ထုတ်အင်း**

(၃) ယခုတစ်ဖန် စတုဝီသထောင့်ထုတ်အင်းများအနက်မှ (၇) အတွင်းဝင် (ဤနေရာတွင် ထောင့်လေးထောင့်၌ ၇ ထွက်နေသောအင်း မဟုတ်ကြောင်း သတိပြုကြရန် လိုပါသည်။) စမ္ပာနဝအင်းကို ကြေးနီပြားတွင် ရေးသွင်းစီရင်ပြီး ဤတြိသီဟောဂါထာကိုရံပါက နေအိမ်တွင်ထားလျှင် သူတစ်ထူးကို မိုက်မဲတွေဝေစေ၏။ အကြံအစည် မပြည့်စုံ ဖျက်ပြားစေနိုင်၏။ ဤအင်းနမူနာကို အောက်တွင် ဖော်ပြလိုက်ပါသည်။

(၇ အတွင်းဝင်အင်းသည် ၂ ထောင့်ထုတ်အင်း ဖြစ်ပါသည်။)

| | | | | |
|---|---|---|---|---|
| ၂ | ၉ | ၄ | ၉ | ၂ |
| ၇ | ၅ | ၃ | ၅ | ၇ |
| ၆ | ၁ | ၈ | ၁ | ၆ |
| ၇ | ၅ | ၃ | ၅ | ၇ |
| ၂ | ၉ | ၄ | ၉ | ၂ |

**စတုဝီသ (၂) ထောင့်ထုတ်**
**စမ္ပာနဝအင်း**
**(၇ အတွင်းဝင်အင်း)**

(၄) စတုဝီသ ၂၄ အင်း အနက်မှ (၅) ထောင့်ထုတ်သော စမ္ပာနဝအင်းကို တြိသီဟောဂါထာနှင့် ဥဏှာမုနိ ဂါထာတို့ကို တစ်ထပ်စီရံပြီး ဥစ္စာပစ္စည်း၏ ထောင့် (၄) ထောင့်တွင် မြှုပ်ထားပါက နှစ်လည်လျှင် ဥစ္စာကိုယူရန် ကြိုးစားသော မျက်လုံးနှစ်ဖက်ပြူးနှင့်ဘီလူး ထွက်၍ လိုက်ပေလိမ့်မည်။

(၅) စတုဝီသအင်းများမှ ရှစ်ခု ထောင့်ထုတ် စမ္ပာနဝအင်းကို ကျောက် တွင်ချပြီး လိပ်ရုပ်ရေး၍ ထိုလိပ်က အင်း ထောင့်ကိုကိုက်နေဟန်ပြုစေပြီး 'တြိသီ ဟော' ဂါထာနှင့်ရံပါ။ ထို့နောက် လိပ် ခြေလေးဖက်တွင် 'သိဒ္ဓိနာမ' ဟူ၍ရေး လိပ်ခေါင်းတွင် 'ဥဒ္ဓံနာသော' ဟုရေး ပြီး လျှင် ရေမှာထား။ (၃)နှစ်လည်လျှင် အ သက်ဝင်၏။ ထိုအင်းလိပ် ရေတွင်ကူး ရေတွင် ငုပ်လေ၏။

(၆) စတုဝီသ (၁၁) ထောင့်ထုတ် စမ္ပာနဝအင်းကို ကျောက်တွင်ချပြီး ဆင် ရုပ်ခံပြီးလျှင် ဤတြိသီဟောဂါထာကိုရံ ပြီး တောတွင် ဥစ္စာနှင့်အတူ မြှုပ်ထား က ဥစ္စာကိုထိလျှင် ဆင်ထွက်၍လိုက် ထိုး၊ လိုက်နင်းသောဟူ၏။

(၇) စတုဝီသ (၂၂)ခုထောင့်ထုတ် စမ္ပာနဝအင်းကို တံခွန်တွင်ချ၍ အင်း ထောင့်ကို သိကြားမင်း မ,နေဟန် ပြု တြိသီဟော ဂါထာကိုရံ၍ စီရင်လျှက်



www.burmeseclassic.com

www.burmeseclassic.com

| | | | | |
|---|---|---|---|---|
| ၅ | ၁၂ | ၇ | ၁၂ | ၅ |
| ၁၀ | ၈ | ၆ | ၈ | ၁၀ |
| ၉ | ၄ | ၁၁ | ၄ | ၉ |
| ၁၀ | ၈ | ၆ | ၈ | ၁၀ |
| ၅ | ၁၂ | ၇ | ၁၂ | ၅ |

**(၅) ထောင့်ထုတ်စမွာနဝအင်း**

| | | | | |
|---|---|---|---|---|
| ၁၁ | ၁၈ | ၁၃ | ၁၈ | ၁၁ |
| ၁၆ | ၁၄ | ၁၂ | ၁၄ | ၁၆ |
| ၁၅ | ၁၀ | ၁၇ | ၁၀ | ၁၅ |
| ၁၆ | ၁၄ | ၁၂ | ၁၄ | ၁၆ |
| ၁၁ | ၁၈ | ၁၃ | ၁၈ | ၁၁ |

**(၁၁) ထောင့်ထုတ်စမွာနဝအင်း**

| | | | | |
|---|---|---|---|---|
| ၂၂ | ၂၉ | ၂၄ | ၂၉ | ၂၂ |
| ၂၇ | ၂၅ | ၂၃ | ၂၅ | ၂၇ |
| ၂၆ | ၂၁ | ၂၈ | ၂၁ | ၂၆ |
| ၂၇ | ၂၅ | ၂၃ | ၂၅ | ၂၇ |
| ၂၂ | ၂၉ | ၂၄ | ၂၉ | ၂၂ |

**(၂၂) ထောင့်ထုတ်စမွာနဝအင်း**

| | | | | |
|---|---|---|---|---|
| ၈ | ၁၅ | ၁၀ | ၁၅ | ၈ |
| ၁၃ | ၁၁ | ၉ | ၁၁ | ၁၃ |
| ၁၂ | ၇ | ၁၄ | ၇ | ၁၂ |
| ၁၃ | ၁၁ | ၉ | ၁၁ | ၁၃ |
| ၈ | ၁၅ | ၁၀ | ၁၅ | ၈ |

**(၈) ထောင့်ထုတ်စမွာနဝအင်း**

အိမ်ချိတ်ဆွဲ၍ဆောင်ထားပါက ဘုန်းတန်ခိုးကြီး၏။ ခပ်သိမ်းသောသူအပေါင်းတို့ ရိုသေခန့်ညား၏။ စုန်း၊ တစ္ဆေ၊ ဖုတ်၊ သရဲ နတ်ဆိုးတို့ မချဉ်းကပ်ဝံ့။

ယခု နမူနာအဖြစ် ဖော်ထုတ်တင်ပြထားသော စတုဝီသ (၅)ထောင့်ထုတ်၊ (၈) ထောင့်ထုတ်၊ (၁၁) ထောင့်ထုတ်၊ (၂၂) ထောင့်ထုတ် စမွာနဝအင်းများမှာ အပိုဒ် (၄)၊ (၅)၊ (၆)၊ (၇) ၌ ဖော်ပြထားသည့် အညွှန်းများအတိုင်း 'တြိသီဟောဂါထာ' နှင့်ရံလျက်စီရင်ရသည့် အင်းအစီအရင်များ ဖြစ်ကြပါသည်။ သို့ဖြစ်ရာ ဤတြိသီဟောဂါထာမြတ်သည် ဂန္ဓာရီဝိဇ္ဇာမယလောကီပညာနယ်၌ ရှေးဆရာမြတ်တို့ အလေးထား ယုံကြည်ကိုးစားစွာဖြင့် အင်းအစီအရင်, အင်းလက်ဖွဲ့အစီအရင်များအနေဖြင့်လည်းကောင်း၊ ဂန္ဓာရီဝိဇ္ဇာမယ သိဒ္ဓိမြောက် အင်းအစီအရင်ကြီးများနှင့်တွဲဖက်လျက် အင်းအရံဂါထာအနေဖြင့် လည်းကောင်း၊ ဆောင်ယူရွတ်ပွားအပ်သော ဂါထာ မန္တန်အနေဖြင့်လည်းကောင်း အမျိုးမျိုးအဖုံဖုံ ထည်လဲသုံး၍ စီရင်ဆောင်ယူခဲ့ကြကြောင်း သိမြင်လောက်ကြပြီဟု ထင်ပါသည်။ ရှေးဆရာမြတ်တို့သည် အကျိုးအကြောင်း၊ အဆိုး,အကောင်း အကြောင်းရင်းခံများကို အတန်တန် တွေးဆပြီးမှ ဂန္ဓာရီဝိဇ္ဇာမယ လောကီပညာ ဂါထာ၊ မန္တန်၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တရားတို့ကို စီရင်ဆောင်ယူလေ့ရှိကြပါသည်။ ထိုသို့ စေ့စပ်သေချာ ကျနစွာ ကြံဆစီရင် လုပ်ကိုင်ခဲ့ကြသောကြောင့်လည်း ပြဒါးလမ်း၊ သံလမ်း၊ အင်းစမ၊ ဆေးဝါးအတတ်ပညာရပ်တို့ဖြင့် အောင်မြင်ပြီးမြောက် သိဒ္ဓိပေါက်၍ ထွက်ရပ်လမ်းသို့ မြန်းသွားလေသည်မှာ ရှေးတကောင်း၊ သရေခေတ္တရာ၊ ပုဂံခေတ်မှသည် ခေတ်အဆက်ဆက်တွင် ပေါက်ဆရာကြီး(၆၄)ပါး၊ (၆၉) ပါးတို့မှသည် ဝိဇ္ဇာရှစ်သောင်းထိ ပြီးမြောက်ခဲ့ကြပြီး၊ ပြီးမြောက်ကြဆဲပါပေ။ ထိုသို့သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တို့၏ဉာဏ်စေစားလျက် လက်စွဲလက်ကိုင်ပြု အမျိုးမျိုးအသုံးချသော၊ အသုံးကျယ်၍အသုံးကြွယ်လှသော ဂါထာမန္တန်တစ်ခုဖြစ်သည့် ဤ 'တြိသီဟောဂါထာမြတ်' ၏အကျိုး တန်ခိုးသိဒ္ဓိကားနှယ်နှယ်ရရ မဟုတ်လေရကား ဤမဂ္ဂဇင်းကြီး၏စာဖတ်ပရိသတ်နှင့် သုတေသီများ၊ ပညာရှာမှီးသူများသိရှိ၍ ဖော်စားနိုင်ကြပါစေခြင်းအလို့ငှာ တတ်သိသမျှ ပညာဝေမျှ ထုတ်ဖော် တင်ပြလိုက်ပါသည်။

*သိသူဖော်စား၊ မသိသူကျော်သွား*

*အနန္တစကြဝဠာ အနန္တသတ္တဝါတို့ ချမ်းသာကြပါစေ*

*မေတ္တာများဖြင့်*

တြိရတနာ-ဆရာဇေယျာလင်း

## နနွင်းမှုန့်နှင့် ကြက်ဥတစ်လုံး ပူးတွဲသုံး

**နေဝင်းဝင်း(လွန်ဆေး)**

ကျွန်တော်၏မိတ်ဆွေတစ်ဦး အစာအိမ်သွေးကြောပေါက်၍ ဆေးရုံ အရေးပေါ် တင်ရသည်။ ယခင်ကာလများက အရက်အလွန်အကျွံသောက်ခဲ့သည့် ဒဏ်တွေလည်း ပါ,ပါလိမ့်မည်။ သွေးတစ်ခါအန်လျှင် ထွေးခံတစ်လုံးစာမျှ ရှိသည်။ သက်သာ၍ ဆေးရုံဆင်းခွင့်ရသည်နှင့် ဆင်းလာသည်။ နောက်ရက်တစ်ခါ သွေးအန်ပြန်သည်။ ဆေးရုံပြန်တက် ကုသမှုခံယူရပြန်သည်။

ဒုတိယအကြိမ် ဆေးရုံဆင်းပြီး မကြာခင် ထပ်မံသွေးအန်သည်ဟုကြားရပြန်သည်။ ဆေးရုံမတင်တော့ဟု သိရသဖြင့် စိုးရိမ်ပူပန်စွာ သူ၏နေအိမ်သို့အရောက် လူနာမေး သွားရောက်ခဲ့ပါသည်။ မိတ်ဆွေကား သူ၏နေအိမ်ရှေ့ ပက်လက်ကုလားထိုင်ပေါ်တွင် စတိုင်ကျကျထိုင်၍ ဂျာနယ်တစ်စောင်ကို စိတ်ဝင်တစားဖတ်နေတာ တွေ့ရပါသည်။ ကျန်းမာရေးအခြေအနေ မေးမြန်းသည့်အခါ ပြုံးရွှင်စွာဖြင့် ဆေးမြီးတိုနည်းတစ်ခုဖြင့် သွေးအန်ဝေဒနာ ပျောက်ကင်းသက်သာနေ၍ ယခင်ကကဲ့သို့ ဆေးရုံတက်ရန်မလို၊ ကျန်းမာနေကြောင်း ရှင်းလင်းပြောပြပါသည်။

ကျွန်တော့်မိတ်ဆွေ၏ဆေးနည်းကား ရှင်းလင်းလွယ်ကူပါသည်။ သွေးအန်ပြီး ရပ်နေသည့်အချိန်တွင် ဆန်မပါသော နနွင်းမှုန့် လက်ဖက်ရည်တစ်ဇွန်းခန့်ကို ကြက်ဥတစ်လုံးနှင့် ရောမွှေ၍ သောက်သည်။ စဖြစ်သည့်နေ့တွင် တစ်နေ့ (၃) ကြိမ် သောက်သည်။ ထိုကဲ့သို့ သောက်ပြီး နောက်ပိုင်း သွေးအန်ရပ်သွားခဲ့သော်လည်း တစ်နေ့ (၂) ကြိမ်ခန့် ဆက်သောက်သည်။ ထိုမှနောက်ပိုင်း တစ်နေ့ (၁)ကြိမ် ပုံမှန်စွဲမြဲသောက်လျက်ရှိသည်။ သွေးအန်ခြင်း ထပ်မံဖြစ်ပွားမှု မရှိတော့ကြောင်း နနွင်းမှုန့်နှင့် ကြက်ဥတစ်လုံး ပူးတွဲသုံး အကြောင်း ရေးသားတင်ပြအပ်ပါသည်။

နေဝင်းဝင်း(လွန်ဆေး)



www.burmeseclassic.com

အဆောင် (၇)

ရွှေပြည်စိုး (မိုးကုတ်)



## ရဟန်းရှင်လူ

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ မင်္ဂလာတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ် ဆယ်ပါးသော တရားတော်မြတ်တွေဟာ လောကုတ္တရာတရားနဲ့ လျော်သောတရားများ ဖြစ်ကြပါတယ်။

လောကုတ္တရာတရား (၉) ပါးဆိုတာ မဂ်လေးတန်၊ ဖိုလ်လေးတန်နဲ့ နိဗ္ဗာန်ဆိုတဲ့တရားပါ။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ပရိယတ်လို့ ခေါ်တဲ့ တရားဓမ္မတွေကိုနှုတ်ငုံဆောင်ခြင်း၊ ရွတ်ဖတ်ခြင်း၊ သင်အံခြင်း၊ နှလုံးသွင်းခြင်း၊ ပို့ချခြင်း၊ ဟောပြောခြင်း၊ နာကြားခြင်း၊ ရှုမှတ် ပွားများခြင်း ဆိုတဲ့ အလုပ်တွေဟာ လောကုတ္တရာတရား(၉)ပါးနဲ့လျော်တဲ့ အလုပ်တွေဖြစ်တာမို့ လူတွေက လောကုတ္တရာအလုပ်လို့ ခေါ်ဝေါ်သုံးစွဲကြပါတယ်။

စာသင်တိုက်ကြီးတွေမှာ နေ့နေ့ညည စာဝါတွေပို့ချနေတဲ့ ရဟန်းတော်တွေ၊ သီလရှင်တွေ၊ စာဝါလိုက်နေကြတဲ့ ရဟန်းရှင်သာမဏေတွေ၊ သီလရှင်တွေ ဆိုတာ သူတို့ရဲ့အာရုံထဲမှာ တရားဓမ္မလို့ ခေါ်တဲ့ ပရိယတ်စာပေတွေ အမြဲဆောင်ထားကြရပါတယ်။ ဒါက သာသနာ့ဘောင်ရဲ့ စာချစာသင်တွေရဲ့ အဓိကကျတဲ့အဆောင်ပါ။

မိမိတို့ရဲ့အတန်းအလိုက် ဘာသာစုံပါဠိတွေ အာဂုံဆောင်ရတယ်။ အဲဒီပါဠိရဲ့အနက်ကိုလည်း ဆောင်ရတယ်။ အဲဒီ အနက်ရဲ့ ခက်ဆစ်အဓိပ္ပာယ်ကိုလည်း အသိစိတ်မှာ ဆောင်ထားကြရပြန်ပါတယ်။

အဲဒီလို အကျအန ပီပီပြင်ပြင် ဆောင်နိုင်မှသာ မိမိတို့ရဲ့ အတန်းတင်စာမေးပွဲကြီးမှာ အောင်ပန်းဆွတ်ခူးနိုင်ကြမှာပါ။ လောကုတ္တရာဘောင်ရဲ့ စာပေသင်ကြားရာမှာ 'အာဂုံရမှ အာဂလှ' ဆိုတဲ့စကားရှိတယ်။ အာဂုံဆောင်နိုင်အောင် ကြိုးစားကြရတာပါ။ အဲဒီတော့ စာသင်သားတွေရဲ့အဆောင် ဆိုတာ 'အာဂုံဆောင်'ထားခြင်းသာဖြစ်ပါတယ်။

အဲဒီအာဂုံဆောင်ထားခြင်းတွေဟာ အလကားမဖြစ်ပါဘူး။ အရွယ်ရောက်လာလို့ တရားဓမ္မဟောပြရမယ်ဆိုရင် အဲဒီအာဂုံတွေဟာ တရားဟောရမှာ အများကြီး အထောက်အကူပြုပါတယ်။ 'တရားတရားဟောပါများ တရားထဲ ပါဠိရ' ဆိုတဲ့ ဦးနုစကားပုံလိုပါပဲ။ ဟောရင်းဟောရင်း ပါဠိတွေ ဒက်ခနဲ၊ ဒက်ခနဲ အချက်ကျကျ ဝင်တိုးလာလေ့ရှိပါတယ်။ နာရသူတွေမှာ အင်မတန်ကြည်ညိုသဒ္ဓါစိတ်ဖြစ်ရပါတယ်။

တရားဟောဓမ္မကထိကတွေကလည်း တရားပွဲတစ်ပွဲနဲ့တစ်ပွဲ မထပ်အောင် သုတ်ပေါင်းများစွာ အာဂုံဆောင်ပြီး ဟောကြရပါတယ်။ လွယ်တဲ့အလုပ်တော့ မဟုတ်ပါဘူး။

ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်ကြတဲ့ ရဟန်းတော်တွေဆိုရင် အံ့ဖွယ်ကောင်းလောက်အောင်ဆောင်နိုင်စွမ်းရှိတဲ့ ရဟန်းတော်များပါပဲ။ ဆရာတော်ဦးဝိစိတ္တ (မင်းကွန်းဆရာတော်ကြီး) ဆိုရင် ကျန်းမာရေးမကောင်းတဲ့နောက်ဆုံးအချိန်အထိ သတိဘယ်လောက်ကော သလဲဆိုရင် မေးသမျှကို မမှားမယွ ပြန်လည် ဖြေဆိုနိုင်စွမ်းရှိကြောင်း ပါတယ်။ ပိဋကတ်သုံးပုံကို နောက် အချိန်အထိ ဆောင်သွားခြင်းပါ အလွန်ကြည်ညိုဖွယ်ကောင်းတဲ့ ဆ တော်ကြီးပါ။

ရဟန်းတွေ၊ သာမဏေတွေ၊ သီ ရှင်တွေသာမက လူတွေမှာလည်း မြတ်ဓမ္မတွေကို ဆောင်ထားသူ အပြားရှိကြပါတယ်။ လူတွေကျ ရဟန်းသာမဏေတွေနဲ့ မတူပါ အကာအကွယ်အရံအတားအဖြစ် ကြီး(၁၁)သုတ် စတာတွေ ဆောင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အချို့လည်း ဂါထာအမျိုးမျိုးတွေ ဆောင်ကြပါတယ်။

ကျွန်တော်ကျတော့ အဆောင်အဖြစ် နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်တာကတော့ ပရိတ်ကြီး (၁၁) သုတ်၊ ဓမ္မစကြာ၊ အနတ္တလက္ခဏ၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ၊ အဘိဏှသုတ်၊ ပရိမိတ္တဇာလသုတ်၊ ဓာရဏပရိတ် စတဲ့ အတိုအထွာများစွာကို ဆောင်ထားခြင်းပါပဲ။

ဒါတွေကိုဆောင်ပြီး ရွတ်ဖတ်နေတော့ကာ စိတ်ကြည်လင်တယ်။ ဘေးဒုက္ခမကြုံနိုင်ဘူးဆိုတာ ယုံကြည်တယ်။ ကျွန်တော် မိုးကုတ်မှာ တွင်းလုပ်စဉ်ကာလ အသက်ဘေးက သီသီလေးလွတ်ခဲ့တာ အကြိမ်ကြိမ်ပါ။

ပြီးတော့ သမီး နေခြည်နဲ့ သားငယ်လေး အာကာတို့ ကလေးဘဝက မြို့လယ် ရိပ်သာထဲမှာ ပေါက်နေတဲ့ ကျိတ်သီးတွေခူးပြီး သီကုံးပေးထားတဲ့ ကျိတ်ပုတီးလေးလည်း အမြဲဆောင်ထားပြီး အရုဟံ ဂုဏ်တော်ပုတီးစိပ်ပါ



www.burmeseclassic.com

www.burmeseclassic.com

တယ်။

အဲဒီလို လောကုတ္တရာအဆောင်လို့ခေါ်လို့ရနိုင်တဲ့ ဂုဏ်တော်အဆောင်များ၊ ဘုရားဟောနှုတ်ကပါဠိအဆောင်များကိုဆောင်တဲ့ပုဂ္ဂိုလ်တွေဆိုတာလည်း အများအပြားရှိမယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။

ရဟန်းတော်တွေဆောင်နိုင်ခဲ့တဲ့ ဓူတင် (၁၃) ပါးကို ဆောင်တာတွေ ရှိတယ်။ ပြီးတော့ သမထဝိပဿနာ ဆောင်တာတွေရှိတယ်။ ဒီအဆောင်တွေကျတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ အဆောင်တွေပါ။

**အိတ်ကပ်ထဲကအဆောင်**

လောကီအဆောင်အနေနဲ့ ကျွန်တော့်ကိုယ်မှာ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တရားဆိုတာ ဘာမှမရှိပါဘူး။ ဒါပေမယ့် အိတ်ကပ်ထဲမှာ အမြဲဆောင်ထားတဲ့ အဆောင်လေးတွေတော့ ပါပါတယ်။ အဲဒါကတော့ စာရွက်တိုလေးနဲ့ ဘော(လ်)ပင်တစ်ချောင်းပါ။

ကျွန်တော် အသက်(၄၀)ကျော်ကစပြီး စာရေးတော့ကာ သွားရင်းလာရင်း လုပ်ရင်းကိုင်ရင်း ရေးစရာလေးတွေပေါ်လာရင် ချက်ချင်း စာရွက်တိုမှာ ခေါင်းစီးရေးမှတ်ထားလိုက်ပါတယ်။ အဲဒီလို ရေးမှတ်မထားရင် မေ့သွားတတ်ပါတယ်။ နှုတ်တစ်ရာ စာတစ်လုံး ဆိုတာလိုပါပဲ။ စာနဲ့ ရေးမှတ်လိုက်ရင် ဝတ္ထုတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ် ပြီးသွားသလိုပါပဲ။

ခေါင်းစီးရပြီးပြီဆိုရင် နိဒါန်း၊ စာကိုယ်၊ နိဂုံး ဆိုတာ ရေးဖို့အခက်အခဲမရှိတော့ပါဘူး။ ပေါ့ပေါ့ပါးပါး ရေးသွားလိုက်ရုံပါပဲ။ ဒါကြောင့် ကျွန်တော် စာအတော်များများရေးနိုင်တာပါ။ လက်ရေးတော့မလှဘူးပေါ့လေ။

အဲဒီလို ရေးနိုင်တာဟာ အိတ်ကပ်ထဲက စာရွက်တိုနဲ့ ဘော(လ်)ပင်ဆိုတဲ့ အဆောင်ကောင်းလေးတွေကြောင့်ပါ။ တစ်ခါတစ်ရံ စကားဝိုင်းတွေမှာ ဝတ္ထုလေးတွေ၊ ဆောင်းပါးလေးတွေပါတယ်။ အဲဒါကို ချက်ချင်း ကောက်မှတ်နိုင်ရပါတယ်။ ခေါင်းစီးလောက်ဆိုပါတော့။ ကျန်တဲ့ အကြောင်းအရာတွေကျတော့ ဦးနှောက်ထဲမှာ သိုလှောင်ပြီး ဆောင်ထားလိုက်ရပါတယ်။ ရေးတဲ့အခါကျမှ ဦးနှောက်ထဲက ဆွဲထုတ်ယူရပါတယ်။ ကိုယ့်အသိနဲ့ ပေါင်းစပ်ရပါတယ်။ ဒါဆို ဝတ္ထုတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ်ဖြစ်လာတာပါပဲ။

စာရေးဆရာကြီးတွေကျတော့ ကင်မရာ၊ အသံဖမ်းစက်၊ မှတ်စုစာအုပ်ဆိုတာတွေ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ပြီးမှခရီးသွားကြမှာပါ။ ဒီအခါမှာ တန်ဖိုးရှိတဲ့ ခါတ်ပုံဆောင်းပါးတွေ၊ ဝတ္ထုတွေ ထွက်လာမှာမလွဲပါဘူး။

ပန်းချီဆရာကျပြန်တော့လည်း ကောက်ကြောင်းပုံကြမ်းလေးတွေကူးဖို့ ပုံဆွဲစာရွက်နဲ့ ပုံဆွဲခဲတံ ဆောင်သွားရမှာပါ။ အဲဒီလိုပါပဲ။ လက်သမားကလည်း သူ့ရဲ့ အသုံးအဆောင်ဖြစ်တဲ့ တူ၊ လွှ၊ ဆောက်၊ ပေတံ စတာတွေ ဆောင်ရသလို ပန်းရန်လုပ်သူတွေကလည်း သန်လျက်၊ ပေါက်ပြား၊ ဂေါ်ပြား၊ တူ ဆိုတာတွေ ဆောင်သွားရပါတယ်။

ဆောင်တယ်ဆိုရာမှာ အဆောင်ဆိုတဲ့စကားဟာ အများကြီးကျယ်ပြန့်ပြီး ရေးလို့ကုန်နိုင်ဖွယ်မရှိပါဘူး။

**လူနေသောအဆောင်**

ကျွန်တော် အဆောင်ကို နိဒါန်းပျိုးခဲ့ရာမှာ လူနာမည် အဆောင်၊ လူတို့ဆောင်တဲ့ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ မန္တရား စတဲ့ အဆောင်၊ လူတွေနေတဲ့ အဆောင်ဆိုပြီး အဆောင် ဆိုတဲ့ အသံတူပေမယ့် အကြောင်းကွဲထွက်တဲ့ အရာတွေကို အနည်းငယ်မျှ ရေးပြခဲ့ပြီးပါပြီ။ နောက်ဆုံး ရေးပြမှာက လူတွေနေတဲ့ အဆောင်အကြောင်းပါ။

ကျွန်တော် မြင်းခြံမြို့ ကိုးဆောင်တိုက် မဟာဝိသုတာရာမ်ကပါဠိတက္ကသိုလ်မှာနေစဉ်က ပရမတ္ထမဥ္ဇူကျောင်းဆောင်မှာနေပါတယ်။ အတိုခေါ်ရရင် အဆောင်မှာနေတာပါ။

တက္ကသိုလ်တွေ၊ ကျောင်းတွေမှာ အဆောင်တွေ ရှိတယ်။ တပ်ရင်းတပ်မတွေမှာ အဆောင်တွေရှိတယ်။ မြို့ပြကြီးတွေမှာ ဘော်ဒါဆောင်လို့ ခေါ်ကြတဲ့ အဆောင်တွေရှိတယ်။ ဖက်စပ်ကြီးတွေမှာ လုပ်သားတွေနေတဲ့ အဆောင်တွေရှိတယ်။ အဲဒီ လူတွေစုဝေးနေကြတဲ့ အဆောက်အအုံကြီးတွေကို အဆောင်လို့ ခေါ်ကြပါတယ်။

ကျွန်တော် မိုင်းရှူးရောက်တော့ အသက်(၅၀)ကျော် ကျွန်တော်ရယ်၊ (၄၀)ကျော် ဦးထူးကိုရယ်၊ (၄၀) ကျော် ဆေးမှူး ဦးသိန်းစိန် (တောင်တွင်းကြီး) ရယ် (၃) ယောက်ကို ဖက်စပ်ထဲရှိတဲ့ အဆောင်သေးသေးလေးမှာ ပို့ထားပါတယ်။ လူကြီးတွေရွေးပြီး တစ်ဆောင်ထားခြင်းပါ။

အဲဒီအဆောင်လေးမှာနေတော့ ထူးခြားမှုတစ်ခုတွေ့ရပါတယ်။ အဲဒါ ကျွန်တော်နေတဲ့ ဘေင်ဘက်မျက် ပြတင်းပေါက်ကနေ တစ်လံမရှိတ အောက်ခံမြေအိတ်စီထားတဲ့ ဖောင်း ခုံမှာ ငုံ့ကြည့်လိုက်ရင် တွင်းထဲကနေ ပါကလေး ထွက်ထွက်လာတာ တွေ့ တာပါပဲ။

မြွေပါဟာ ရှဉ့်နဲ့ ဆင်ဆင်တူ မယ့် မြွေပါက အမွေးတိုတယ်။ ခါးလ ရှည်တယ်။ ရှဉ့်လို အမြီးမဖွာပါဘူး။ ရှ က အသီးစားသတ္တဝါ၊ မြွေပါက အသာ စားသတ္တဝါပါ။ မြွေနဲ့မတူဘဲ ရှဉ့်နဲ့တူ သတ္တဝါဖြစ်ပေမယ့် မြွေပါလို့ မှည့်ထား တာကလည်း အထူးအဆန်းပါပဲ။

ဆိုရရင်တော့ မြွေပါဟာ ရှဉ့်မျိုး နွယ်စုပါ။ ရှဉ့်မျိုးနွယ်စုဖြစ်တဲ့အကောင် ကို မြွေပွေးတို့၊ မြွေဟောက်တို့လို မြွေ ဆိုပြီး နာမည်ပေးတာဟာ အဓိပ္ပာယ် တော့ ဟုတ်ဟန်မတူပါဘူး။ ကြောင် တွေရဲ့ အဓိက အကြိုက်ဆုံး အစား စာဟာ ကြွက်ဖြစ်သလို မြွေပါရဲ့ အဓိ အကြိုက်ဆုံးအစားအစာဟာလည်း ဖြစ်ပါတယ်။

မြွေပါဟာ သူ့အကြိုက်ဆုံးအစ အစာဖြစ်တဲ့ မြွေကို တွေ့ပြီဆိုရင် ဘယ်လောက်ပဲပြေးပြေး အဲဒီမြွေကို လာအောင် အမိအရ ယူဆောင်လာ တာမို့ မြွေပါလို့ ရှေးလူတွေ အမည် ဟန်ရှိပါတယ်။ အဲဒါကြောင့် မြွေပါ နေရာဆိုရင် မြွေတွေ လုံးဝမနေရဲပါဘူ မြွေအန္တရာယ်ကင်းပါတယ်။ မြွေမရှိ အခါ ကျွန်တော်တို့ ဖက်စပ်မီးဖိုချော မှာ သောင်းကျန်းနေတဲ့ ကြွက်တွေ အဲဒီမြွေပါလေးက ဖမ်းစားနေတာပါ တကယ်ဆို ကြွက်ဆိုတာ မြွေပါနဲ့ အုပ်စုတည်းပါ။

မြွေပါလေးနဲ့ ကျွန်တော်ဟာ ဖန်များစွာ မြင်ဖူးနေတာမို့ ကြာတော့ ယဉ်လာပါတယ်။ ကျွန်တော် ပြတင်း နေ ငုံ့ကြည့်နေတာတွေ့ရင် သူကလည် တွင်းဝမှာထိုင်ပြီး ကျွန်တော့်ကို ကြည့်နေပါတယ်။ လန့်ပြီးမပြေးပါဘူ

အဲဒီလို မော့ကြည့်နေရင် ကျွ တော်ဟာ တိရစ္ဆာန်လေးတွေ ချစ်တ သူမို့ မြွေပါလေးကို ပြုံးပြပြပြ၊ လျှာထု ပြနဲ့ အမျိုးမျိုးလုပ်ပြပြီး စ,တတ်ပါတ မြွေပါလေးဟာ ကျွန်တော် အမျိုးမျိုး ပြနေတာကြည့်လို့ဝမှ အခြားတစ်နေ ကို ခုန်ပေါက် ပြေးလွှားသွားလေ တယ်။ မြွေပါလေးနဲ့ ကျွန်တော်မ



www.burmeseclassic.com

www.burmeseclassic.com

င်း တူးလူးနေပုံကတော့ မမေ့နိုင်စရာပါပဲ။ ကျွန်တော် မြွေပါကလေးကို သံယောဇဉ်ရှိသလို မြွေပါလေးကလည်း ကျွန်တော့်ကို သံယောဇဉ်ရှိနေပါပြီ။

ချစ်ခင်ပေါင်းသင်းဆက်ဆံခြင်းအား ကွေကွင်းနောက်ဆုံးရှိချေ၏ ဆိုသလိုပါပဲ။ ကျွန်တော်နဲ့မြွေပါ သံယောဇဉ်ကြီးနေကာမှ ဖလ/၇၉ ဖက်စပ်ရဲ့ မန်နေဂျင်းဒါရိုက်တာ ကိုတာက ကျွန်တော်တို့ကို အခြားတစ်ဆောင်ပြောင်း ခိုင်းလိုက်ပြန်တာမို့ ကျွန်တော်နဲ့ မြွေပါလေး အပြီးတိုင် ဝေးကွာသွားပါတော့တယ်။ ဒါက (၇၉) ဖက်စပ်ကအဆောင်မှာ ကြုံခဲ့ရတာလေးပါ။

## အင်ချတ်မများအဆောင်

မိုင်းရှူး ရတနာမြေတစ်ခုမှာပဲ အင်ချတ်မဆိုတာ ပေါ်ပေါက်ဖူးတာပါ။ ဘယ်ရတနာမြေမှာမှ အင်ချတ်မ ဆိုတာ မကြားဖူးပါဘူး။ ဖားကန့်မှာလည်း မရှိပါဘူး။ မိုးကုတ်မှာလည်းမရှိဘူး။ မိုင်းရှူးမှာမှ ကြားဖူး၊ မြင်ဖူး၊ တွေ့ဖူး၊ ကြုံဖူးပါတော့တယ်။

လူးတွင်း၊ မြေတွင်း၊ မျှောတွင်းတွေမှာ အင်ချက်မ ဆိုတာ မလိုအပ်ပေမယ့် ခဲတွင်းတွေကျတော့ အင်ချတ်မဆိုတာ မရှိမဖြစ် အနေအထားပါ။

ယောကျ်ားလေးအင်ချတ်တွေက တွင်းအောက်ထဲ ခဲခွဲတဲ့နေရာမှာ တွင်းဆရာတွေ၊ တွင်းသားတွေ ကျောက်မခိုးအောင် စောင့်ရတယ်။ အင်ချတ်မတွေက အောက်ကတင်လာတဲ့ခဲတွေ စက်နဲ့ကြိတ်ပြီးရွေးတဲ့အခါ အပြင်က နေ့စားသမားရွေးတဲ့ ခဲရွေးမတွေ ကျောက်မခိုးအောင် စောင့်ပေးရတယ်။

အင်ချတ်မတွေဟာ သနပ်ခါးကို ခြဆုံးခေါင်းဆုံးလိမ်းပြီး အလှပြင်ကာ နံနက် (၆) နာရီကနေပြီး ညနေ (၄) နာရီအထိ ခဲရွေးခုံတွေမှာ တစ်နေကုန်ထိုင်ပြီး ကျောက်မခိုးအောင် စောင့်ကြပ်ရပါတယ်။သူတို့နေရာဟာ ကျောက်ရွေးတဲ့နေရာမို့ အလွန် အဓိကကျပါတယ်။

အဲဒါကြောင့် ဘယ်ခဲတွင်းဖက်စပ်ဆို အင်ချတ်မတွေ မရှိမဖြစ်မွေးရတာမို့ အင်ချတ်မတွေ နေတဲ့ အဆောင်ကို မဖြစ်မနေ ဆောက်ပေးကြရပါတယ်။ အဲဒါကို အင်ချတ်မဆောင်လို့ ခေါ်ပါတယ်။ မီးဖိုဆောင်၊ ထမင်းစားဆောင်၊ အင်ချတ်ဆောင်၊ တွင်းဆောင်၊ တွင်းသားဆောင်၊ မန်နေဂျာဆောင်၊ ခဲရွေးဆောင် စသဖြင့်ပေါ့လေ။ အဆောင်ပေါင်းများစွာ ပြည့်ညပ်နေအောင် ဆောက်ပေးရပါတယ်။ လူအင်အားအများကြီးနဲ့ လုပ်ကိုင်ကြရတာပါ။

ကျွန်တော် မန်နေဂျာတာဝန်ယူထားရတဲ့ (၇၉) ကနေပြီး ဝ,ရိုးမကုမ္ပဏီကို ကူးပြောင်းတဲ့အခါ (၃၈၃) မှာ မန်နေဂျာတာဝန်ယူရပါတယ်။ ခဲတွင်းဆိုတော့ အင်ချတ်မတွေ စတင်အုပ်ချုပ်ရတော့တာပါပဲ။ အဲဒီကပြီးတော့ လုပ်ပေါ့နားက (၂၅)မှာ မန်နေဂျာတာဝန်နဲ့ လုပ်ကိုင်ရပြန်ပါတယ်။ ကာလအတန်ကြာပါတယ်။

အဲဒီမှာ အနောက်အုပ်စုရဲ့ မြန်မာနိုင်ငံတော်အပေါ် စီးပွားရေးပိတ်ဆို့မှုမှာ ကျောက်မျက်ရတနာလည်း ပါဝင်လာတော့ ကျောက်ဈေးတွေ များစွာကျဆင်းခဲ့ပြီး ဖက်စပ်ကြီးတွေ အတော်များများ နားကုန်ကြတဲ့အခါ ကျွန်တော်တို့ဖက်စပ်လည်း တောင့်မခံနိုင်ဘဲ အများနည်းတူ နားလိုက်ရပါတယ်။

တွင်းတွေ နားတဲ့အခါ အလုပ်လက်မဲ့ ယောကျ်ား၊ မိန်းမပေါင်းများစွာဟာ မိမိတို့ဒေသကို ပြန်ကုန်ကြရတာ လွမ်းစရာအဖြစ်တွေပါပဲ။ အားလုံး မိုင်းရှူးကို ခင်တွယ်နေကြပြီလေ။

ဒါပေမယ့် ကျွန်တော်ကတော့ မပြန်ဖြစ်သေးပါဘူး။ လူနည်းနည်းနဲ့ ကျဲကျဲဝိုင်းပြီး ဆက်လက် လုပ်ကိုင်နေတဲ့ ကိုအားတင်၊ မရွှေအိမ်စံတို့ရဲ့ ဖက်စပ်မှာ ရွှေ့ပြောင်းခဲ့ပါတယ်။ သူတို့ဟာ ကျွန်တော်နဲ့ နှစ်ပေါင်းများစွာ ရင်းနှီးခဲ့သူတွေဖြစ်ပြီး ကျွန်တော့်စိတ်ရင်းစိတ်ဓာတ်ကို သိနေသူတွေဖြစ်ပါတယ်။ အစောကတည်းကခေါ်နေပေမယ့် ဒီဘက်ကကိစ္စတွေ မပြတ်သေးတာနဲ့ ခုလို နောက်ကျနေရခြင်းပါ။

ဒါနဲ့ ကျွန်တော့်ကို ကြီးကြပ်တဲ့ အင်ချတ်နဲ့ အဆောင်မှူးဆိုပြီး ထားပေးပါတယ်။ လူနေဆောင်အဖြစ် သူတို့ လုပ်နေတဲ့နေရာမှာ တစ်ဆောင်ရှိတယ်။ အဲဒီမှာ အင်ချတ်မတွေနဲ့ မန်နေဂျာအင်ချတ်တွေနေကြတယ်။

ကျွန်တော့်ကို ပို့တဲ့ အဆောင်ကျတော့ အောက်ဘက်မှာရှိတဲ့ (၁၂) ပေ၊ (၂) ခန်းတွဲ (၆) ခန်း ဆောက်ထား (၂) ထပ် အဆောက်အအုံကြီးပါ။ (၂၄×၂၇) ကျယ်ဝန်းတဲ့ အဆောက်အအုံကြီးပါပဲ။ တောင်နဲ့ မြောက် ဆောက်ထားပြီး ဝင်ပေါက်က တောင်တစ်ပေါက်၊ မြောက်တစ်ပေါက် ရှိတယ်။ အောက်ထပ် အနောက်တောင်ထောင့်မှာ ရေလောင်းအိမ်သာ (၂) လုံး ပူးတွဲဆောက်ထားတယ်။

အပေါ်ထပ်တက်တဲ့ လှေကားကတော့ မြောက်ဘက်မှာ တစ်စင်းပဲ ရှိတယ်။ အရင်ဖက်စပ်ကြီးလည်ပတ်တုန်းက ဒီအဆောင်က အမျိုးသမီးဆောင်ပါ။ ဖက်စပ်ဟာ အရင်က လူ (၁၀၀၀) နီးပါးနဲ့ လည်ပတ်တဲ့ ဖက်စပ်ကြီးဖြစ်ပြီး အခြေအနေအရ နားလိုက်ခြင်း ဖြစ်ပါတယ်။

ကျွန်တော့်ကို လှေကားအတက်နားမှာ သီးခြားလုပ်ထားတဲ့ အရင်တုန်းက အင်ချတ်ချုပ်မ နေသွားတဲ့ နီပြာမိုးကာနဲ့လုပ်ထားတဲ့ အခန်းထဲမှာ နေစေပါတယ်။ အဲဒီအခန်းထဲမှာ ပလောင်ကြီးနဲ့ ပလောင်လေးတို့လည်း နေကြပါတယ်။ ကျယ်ဝန်းတဲ့အဆောင်ကြီးပေါ်မှာ တွင်းသားစုစုပေါင်းမှ (၁၅) ယောက်လောက်ပဲရှိပါတယ်။ အရင်က အင်ချတ်မတွေ ရာချီပြီးနေသွားခဲ့ကြတာပါ။

## ညရောက်ခဲ့ပြီ

စာရေးတဲ့ ကျွန်တော်ဟာ ညမှာ စာရေးလို့ရအောင် (၆၀) ဝပ်မီးသီးကို အောက်နား နှိမ့်ချပြီး သေတ္တာကို ခုံလုပ်ကာ စာရေးပါတယ်။ မိုးစချုပ်တယ် ဆိုတာနဲ့ရှိသမျှ တွင်းသားအားလုံးဟာ ဟိုးအပေါ် လုပ်ကွက်ထဲမှာရှိတဲ့ မန်နေဂျာနဲ့ အင်ချတ်တွေနေတဲ့အဆောင်မှာ ဗီဒီယိုသွားကြည့်ကြတာပါပဲ။ အင်ချတ် ကျွန်တော်နဲ့မှ (၆) ယောက်၊ အင်ချတ်မ (၆) ယောက်ပဲ ရှိတာပါ။ ပြင်ပနေ့စား၊ ပြင်ပခဲရွေးမတွေနဲ့ပေါင်းမှ လူ (၆၀) လောက်ပဲရှိပါတယ်။ တကယ့်နည်းနည်းနဲ့ ကျဲကျဲဝိုင်းခြင်းပါ။

ဒီဖက်စပ်တွေကျတော့ ခဲတောင်ကြီးရဲ့ အနောက်ဘက်ခြမ်း တောင်စောင်းမှာရှိနေပြီး ပတ္တမြားတို့တည်နေရာအစ ဖြစ်ပါတယ်။ အဲဒါကြောင့် အောက်ကို ဖောက်စရာမလိုဘဲ တောင်နံရံထဲ ခေါင်းဝင်ပြီး လက်ဆင့်ကမ်းထုတ်ရတာပါ။

ပတ္တမြားကြောဟာ အဲဒီအနောက်ခြမ်းနေရာတွေကစပြီး အရှေ့ဘက်ကို (၄၅) ဒီဂရီစောင်းဆင်းသွားပါတယ်။ သံလွင်မြစ်ရှိရာကို စီးဆင်းသွားတဲ့သဘောပါ။ မိုးကုတ်တဲတွင်းက ပတ္တမြားကြောတွေကျတော့ ဧရာဝတီမြစ်ရှိရာ အနောက်ဘက်ဆီ စီးဆင်းပါတယ်။ ဒါက ကျောက်ကြောတည်နေရာတွေရဲ့သဘောသဘာဝပါ။



www.burmeseclassic.com

www.burmeseclassic.com

အဆောင်ကြီးက ကျွန်တော်တစ်ယောက်တည်းကျန်နေတဲ့အတွက် တိတ်ဆိတ်သွားပါပြီ။ အဲဒီမှာ ကျွန်တော် စာစရေးတာပါပဲ။ ကြီးမားတဲ့ အဆောင်ကြီးမှာ တစ်ယောက်တည်းဆိုတော့ လိပ်ပြာမလုံသလို ခံစားနေရပါတယ်။

သိပ်မကြာလိုက်ပါဘူး။ အဆောင်ကြီးရဲ့သွပ်နံရံကို တဝုန်းဝုန်းထုသံကြားရပါတယ်။ အဆောင်ဟာ သွပ်မိုးသွပ်ကာ အဆောင်ကြီး ဆိုတော့ ထုသံဟာ ဟိန်းထွက်သွားပါတယ်။ တောင်ဘက်အပေါ် နံရံကို ထုခြင်းပါ။ တိတ်ဆိတ်နေမှုကို ဝုန်းဆိုတဲ့ ထုသံက ဖြိုခွင်းတဲ့အခါ ဆတ်ခနဲ လန့်ပြီး ကြက်သီးမွေးညင်းတွေ ထလာပါတယ်။ ဒါပေမယ့် ကျွန်တော် စာရေးမပျက်ပါဘူး။ လေး၊ ငါးချက် ထုပြီး ငြိမ်သွားပါတယ်။ ကြောက်စိတ်ကလည်း ခဏတာပါပဲ။

ကျွန်တော်ဟာ ကြောက်ပေမယ့် အလွန်ကြီးတော့ မကြောက်တတ်ပါဘူး။ ကွန်ရှေ့ရရ စာရေးလို့ကောင်းနေတုန်းမှာပဲ ခေါင်းမိုးပေါ်မှာ တောင်ဘက်က ခြေဆောင့်ပြီး လျှောက်လာတဲ့အသံ ကြားရပြန်ပါတယ်။

"ဒုန်း ဒုန်း ဒုန်း ဒုန်း"

ဆိုတဲ့ သွပ်မိုးပေါ် လျှောက်တဲ့ အသံဟာ အတော်ပြင်းပါတယ်။ တောင်ကနေ မြောက်၊ မြောက်ကနေ တောင်၊ တဒုန်းဒုန်းလျှောက်နေပြန်ပါတယ်။ ဒီတစ်ခါတော့ မလန့်တော့ပါဘူး။ သူ့ဟာသူ ဘာလုပ်လုပ်ဆိုပြီး စာကိုပဲ ရှာန်သွင်းပြီးရေးနေတာပါ။

ဒီဖက်စပ်ကြီးဟာ နားခဲ့တာ အတော် ကြာသွားခဲ့ပါပြီ။ ကြီးမားတဲ့ အဆောင်ကြီးတွေ များစွာနဲ့ပါ။ အစောင့် (၅) ဦးလောက်ပဲ ကျန်တော့တာပါ။ အဲဒီမှာ လောပန်ကြီးဆီကတောင်းပြီး တူဖြစ်တဲ့ ကိုအားတင်က တစ်နိုင်တစ်ပိုင် ဝင်ရောက် လုပ်ကိုင်နေခြင်းပါပဲ။

ကိုအားတင် မလုပ်ကိုင်မီ ကြားကာလမှာ ဒီအဆောင်ကြီးတွေမှာ လူရယ်လို့ မရှိတော့ပါဘူး။ လူမနေရင် ပရလောကသားပြိတ္တာတွေ ဝင်နေတတ်ကြတာ ထုံးစံပါ။ ခုလည်း သူတို့နေတဲ့နေရာမှာ လူတွေလာနေတော့ သဘောကျဟန်မရှိပါဘူး။ အခြေအနေကိုကြည့်ပြီး ကျွန်တော် အလိုလိုသိနေခြင်းပါ။

မိုင်းရှူးရတနာမြေမှာ လူတွေ စီးပွားရှာရင်း အကြောင်းအမျိုးမျိုးနဲ့ သေဆုံးကုန်ကြတာ များစွာပါပဲ။ အဲဒီအခါ အချို့ ပြိတ္တာခေါ် ပရလောကသားဖြစ်ခဲ့ရင် ဒီလို လူသူမနေတဲ့ အဆောက်အအုံတွေမှာ ခိုလှုံကြမှာ မလွဲပါဘဲ။ ဒါကြောင့် သိပြီးဖြစ်တဲ့ ကျွန်တော်ဟာ ဒီအဆောင်ကြီးတွေမှာ ပရလောကသားတွေရှိနေမှာပဲလို့ အလိုလိုသိနေခြင်းပါ။

**အဝင်တံခါးပိတ်မိခြင်း**

ကျွန်တော်နေတာ အဆောင်ကြီးရဲ့ အနောက်မြောက်ထောင့်မှာပါ။ နောက်နေ့ အဆောင်ကို လှည့်လည်ကြည့်ရှုရာမှာ ကျွန်တော့်အခန်းအောက်တည့်တည့်မှာ အဝင်တံခါးရှိနေပါတယ်။ တောင်ဘက်ဝင်ပေါက်ကတော့ တံခါးပြုတ်နေလို့ မရှိတော့ပါဘူး။

ညပိုင်း အဆောင်မှာ လှည့်လည်ကြည့်ရှုတဲ့အခါ လူစုံနေပြီ ဖြစ်တာကြောင့် အောက်ထပ်ကိုဆင်းပြီး မြောက်ဘက်အဝင်တံခါးကို ချက်ထိုးပြီး ပိတ်ထားလိုက်ပါတယ်။ ညရေးညတာ အဟန့်အတား နည်းနည်းပဲရရ ဆိုပြီး ပိတ်ထားလိုက်ခြင်းပါ။ ဝင်မယ်ဆိုရင် တောင်ဘက်ကဝင်လို့ရတဲ့ အနေအထားပါ။

တွင်းသားတွေဟာ ဗီဒီယိုပြီးတာနဲ့ ည (၉) နာရီကျော်ကျော်မှာ ပြန်ဆင်းလာကြတာပါ။ မကြာမီမှာပဲ မီးစက်ပိတ်တာကြောင့် မှောင်အတိဖြစ်သွားခဲ့တာပါ။ ညဆိုင်းမဆင်းဘဲ နေ့ဆိုင်းတစ်ဆိုင်းသာဆင်းတာကြောင့်မို့ အလင်းမီးစက်မခုတ်ပါဘူး။

ခေါင်းချလိုက်တာနဲ့ အိပ်ပျော်တတ်တဲ့ ကျွန်တော်ဟာ ခဏချင်းအိပ်ပျော်သွားပါတယ်။ အိပ်ပျော်လို့ ဘယ်လောက်ကြာသွားတယ်တောင် မသိပါဘူး။ အောက်ဘက်က သွပ်အဝင်တံခါးမကြီးကို တဗုန်းဗုန်းဆက်တိုက်ထုနေသံ



ကြားရပါတယ်။

တံခါးဆင်းပိတ်တာ ကျွန်တေ
ပါ။ တွင်းသားများ အပြင်ခိုးထွက်တာ
လို့ ပြန်လာတာလား ဒါမှမဟုတ်
ကွက်စောင့်တဲ့လူတွေကများ လာနိုး
တာလား ဆိုတဲ့ ဒွိဟစိတ်ဖြစ်နေ
တယ်။ ခဏနေတော့ ထုသံတိတ်သွ
တယ်။ အိပ်ရာဝင်တုန်းက တွင်း
တွေကို လိုက်စစ်ပြီးသားပါ။ အားလုံ
စေ့ပါတယ်။ လူဆိုရင်လည်း တံခါ
ပေးပါဦးလို့ အော်မှာပါ။ ခုတော့
ဟုတ်ဟန်မတူဘူးဆိုပြီး ပေပြီးပြန်
ပါတယ်။

အိပ်လို့ပျော်ကာရှိသေး
တွေ ပြန်ကြားရပြန်ပါတယ်။ ညဆို
တိတ်ဆိတ်တာတစ်ကြောင်း၊ အဆော
က ကြီးတာတစ်ကြောင်း၊ ထုတာ
တံခါး ဆိုတော့ အသံမြည်တာ
ကြောင်းကြောင့် ထုသံဟာ ဟိန်း
နေတာပါ။ အတန်ကြာထုနေပြီး
တိတ်သွားပြန်တယ်။

အနီးနားမှာ အိပ်နေ
ပလောင်ကြီးနဲ့ ပလောင်လေး
တော့ တခေါခေါနဲ့ အိပ်မောကျ
ပါပြီ။ ပလောင်ကြီးက တွင်း
ပလောင်လေးက တွင်းသားပါ။
တော်တို့ အင်ချတ်တွေလို ထိုင်ကြ
ရတာမှ မဟုတ်တာ။ လုပ်ရတာ
တော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်
ပေါ့။

အိပ်ပျော်သွားလိုက် ပြန်ထု
နိုးလာလိုက်နဲ့ အဲဒီညမှာ
ကောင်းကို မအိပ်လိုက်ရပါဘူး။
တော် သိသွားတာက ဒီတံခါးဟာ
ထဲကလာရင် ဝင်တဲ့တံခါးပါ။ ဒီ
အဝင်၊ အထွက်များတာ ဒီတံ
တောင်ဘက်တံခါးက လုပ်ငန်း
သွားတဲ့တံခါးပါ။ ဒီတော့ ဒီတံခါးကို
ထားလို့မရဘူး။ ပရလောကသား
အတွက် ဖွင့်ထားပေးမှရမယ့်တံခါ
တာ ကျွန်တော်သိသွားပြီး အဲဒီတံ
ပိတ်လို့မရအောင် သွပ်နန်းကြိုးနဲ့ အ
တုပ်ချည်ထားလိုက်ပါတော့တယ်။
နောက်မှာတော့ ညမှာ တံခါး
ပြဿနာမကြုံရတော့ပါဘူး။

**ကြောက်လိုဒိုတဲ့ပလောင်လေး**

လောပန်နဲ့ လောပန်မက
တော့်ကို ချစ်ကြတော့ကာ အ
လေးကို ဂရုစိုက်ကြပါတယ်။ အ
ရက်တွေမှာ အပြင်က နာမည်ကြ

www.burmeseclassic.com

www.burmeseclassic.com

စားသောက်ဆိုင်မှာ မကြာမကြာလိုက်ကျွေးပါတယ်။ ဖက်စပ်မှာလည်း အစားအစုံကျွေးလေ့ရှိတယ်။ အားရှိအောင်ဆိုပြီး ကြက်ဥကစော်၊ ရေညှိသုပ် စတဲ့ အစားအစာတွေလည်း မကြာမကြာလုပ်ကျွေးပါတယ်။

အဲဒီဖက်စပ်ကိုရောက်ပြီး တစ်လ ကောင်မပြည့်လိုက်ရပါဘူး။ ပလောင်လေး တွင်းခိုက်မိပြီး ခြေထောက်ကျိုးပါတော့တယ်။ အမှားတစ်ခုကို ပြုမိတာကြောင့် ခံလိုက်ရခြင်းပါ။

*(ဒါကို 'ရတနာမြေတို့၏ အရှင်သခင်များ' မှာ အကျယ်တဝင့် ရေးပြပါမယ်။)*

ဒါနဲ့ ဒေါက်တာ ကျော်သူရနဲ့ ကျော်ဆေးခန်းမှာတင်ပြီး ကုရပါတယ်။ ဒေါက်တာ ကျော်သူရက ကျွန်တော့်ကို မြင်တော့ -

"အစ်ကိုကြီးနဲ့ ကျွန်တော်က ရေစက်မကုန်ဘူး"

ဆိုပြီး တဟဲဟဲ ရယ်မောနေပါတယ်။

ကျွန်တော် မန်နေဂျာဘဝနဲ့ ကာသအကြာကြီး သူ့ဆေးခန်းမှာ ကျွန်တော့်လူနာတွေ ကုခဲ့ရတာပါ။ သူက မိုင်းရှူးရတနာမြေရဲ့ ဆေးရုံအုပ်ကြီးဆိုတော့ ကောင်းနိုင်ဘူးလေ။ ထိခိုက်ရှနာဆိုရင် သူ့ဆီပြေးရတာကိုး။

ဒီလိုနဲ့ ပလောင်လေး ဆေးခန်းမှာ (၁၂) ရက်လောက်နေပြီး ဖက်စပ်ကို ပြန်ရောက်ပါတယ်။ လမ်းမလျှောက်နိုင်သေးပါဘူး။ ချိုင်းထောက်နဲ့ တဖြည်းဖြည်း လေ့ကျင့်နေရပါတယ်။ သူ့ကို အောက်ထပ်တံခါးဝနားမှာ အခန်းလေးဖွဲ့ပြီး ထားပါတယ်။ အပေါ်ကို မတက်နိုင်သေးလို့ပါ။ အစောင့်အဖြစ် ပလောင်ကြီးကို ထားပါတယ်။

ဒါပေမယ့် ရမည်းသင်းရွှေတောက တတ်ကျွမ်းသူ လာခေါ်တာကြောင့် သွားရေးအရ ပလောင်ကြီး ရွှေတောပါသွားပါတယ်။ တွင်းသား စုစုပေါင်း (၄) ဦး ရွှေတောကို သွားခြင်းပါ။ ဒါနဲ့ ကျောက်ပန်းတောင်းသား အောင်ထွန်းလေးက ညစောင့်အိပ်ပေးပါတယ်။ ဒီအထိ ပလောင်လေး ပြဿနာမတက်သေးပါဘူး။

မကြာမီမှာပဲ အောင်ထွန်းလေးလည်း ကျောက်ပန်းတောင်းကို ပြန်သွားတဲ့အတွက် ပလောင်လေးကို ညအိပ်စောင့်ပေးမယ့်သူ မရှိတော့ပါဘူး။ အဲဒီညကစပြီး ပလောင်လေး အိပ်မရအောင် အမျိုးမျိုးနှောင့်ယှက်နေတယ်လို့ သိရပါတယ်။ ပလောင်လေးဟာ ချိုင်းထောက်အားကိုးနဲ့ အပေါ်အလေးတောင်မှမနည်းသွားနေရတာပါ။ သူ့ခမျာ အများနဲ့ အပေါ်ထပ် တက်အိပ်ချင်ပေမယ့် လှေကားမတက်နိုင်တာမို့ အောက်မှာပဲ နေနေရတာပါ။

ဒါနဲ့ မိုးချုပ်ပြီးဆိုရင် ပလောင်လေးက သူ့သူငယ်ချင်းတွေကို -

"ငါ ညအိပ်ပျော်အောင် အရက်ဝယ်ပေးကြပါကွာ"

ဆိုပြီး ငိုပါတော့တယ်။

ဒီတော့ ဝယ်ပေးကြပါတယ်။ မူးမူးနဲ့ အိပ်ပျော်ပြီး ကြောက်ဖွယ်ညတွေကို ပလောင်လေး ဖြတ်သန်းရပါတယ်။

**အဆောင်၏ကိုယ်တွေ့များ**

ကျွန်တော်ကတော့ တွင်းတက်တာနဲ့ ရေချိုးပါတယ်။ ရေချိုးပြီး ကျွန်တော်တို့ အင်ချက်တွေနဲ့ မန်နေဂျာ ထမင်းစားကြပါတယ်။ ပြီးရင် အဆောင်ရှိရာအောက်ကိုဆင်းခဲ့ပြီး ဖက်စပ်ကြီးက မွေးထားတဲ့ ခွေးအုပ်ကြီးနဲ့ ကစားပါတယ်။ မိုးချုပ်စမှာ အဆောင်ပေါ် တက်ပါတယ်။

အဆောင်မှာ နေ့စဉ်တစ်ဦးတည်း စောင့်ပြီး စာရေးတဲ့ ကျွန်တော်ကတော့ အဲဒီပရလောကသားတွေရဲ့ ခြောက်လှန့်မှုဒဏ်ကို နေ့စဉ် ခံစားနေရပါတယ်။ မိုးနည်းနည်းချုပ်တာနဲ့ တဝုန်းဝုန်းနဲ့ အဆောင်ကြီး သိမ့်သိမ့်ခါသွားအောင် စ,ထုတော့တာပါပဲ။ တစ်ခါတစ်ရံ ကျွန်တော်နေတဲ့နံရံကို ရုတ်တရက် ထုရင် တစ်ကိုယ်လုံး ပူထူသွားပြီး ကြက်သီးမွေးညင်းတွေထလေ့ရှိတယ်။ ဒါပေမယ့် သတိနဲ့ထိန်းချုပ်ပြီး စာရေးမြဲရေးတယ်။ ခေါင်မိုးပေါ် ပြေးသွားတာကလည်း နေ့စဉ်ပါပဲ။ ခေါက်တုံ့ခေါက်ပြန်ကို ပြေးနေခြင်းပါ။ တစ်ခါတစ်ရံ လှေကားက ခြေဆောင့်ပြီးတက်လာသံပေးတတ်တယ်။ ကျွန်တော်ကတော့ အရေးစိုက်မနေဘဲ ကိုယ့်စာကိုယ် ကုန်းရေးနေတာပါ။ ကျွန်တော့်အခန်းမှာလည်း ကျွန်တော်တစ်ယောက်တည်း ကျန်တော့တာပါ။ ကျန်တဲ့ တွင်းသားတွေနဲ့ တခြားစီပါ။

ဒီအဖြစ်တွေဟာ လေတိုက်လို့ သဘာဝတရားကြောင့် ဖြစ်ပေါ်နေခြင်း မဟုတ်ပါဘူး။ လေတိုက်ရင် အဆောင်ရဲ့တောင်ဘက်ခြမ်းမှာ သံချက်အနည်းငယ်ပြုတ်နေတဲ့ သွပ်ချပ်က တဖြည်းဖြည်း ရိုက်ခတ်နေလေ့ရှိတယ်။ ဒါက လေမတိုက ဘာမတိုက်နဲ့ နေ့စဉ် တဝုန်းဝုန်းတဒိုင်းဒိုင်းလုပ်နေခြင်းပါ။ အရှင်းဆိုရရင် ကျွန်တော်တို့ မနေရဲအောင် အမျိုးမျိုးခြောက်လှန့်နေခြင်းပါ။ မရဲသော်လည်း ပြေးခဲ ဆိုတာလို လူတိုင်းက ဒီအဆောင်ကြီး ခြောက်မှန်းသိပေမယ့် သူ့ဆန်စားတော့ ရဲနေကြရခြင်းပါ။ ဒီလိုနဲ့ တွင်းဆင်းရင်း စကားစပ်မိကြတဲ့အခါ တွင်းသားတစ်ဦးက သူ့အတွေ့အကြုံကို ပြောပြပါတယ်။

"အဖိတ်နေ့တို့၊ ဥပုသ်နေ့တို့ ဆိုရင် အပြင်မှာထွက်ခွင့်ရကြတော့ အပြင်မှာ အိပ်ကြပါတယ်။ ကျွန်တော်ကတော့ အပြင်မှာ မအိပ်ချင်တာနဲ့ အဆောင်မှာ တစ်ယောက်ယောက်တော့ရှိမှာပါဆိုပြီး ပြန်ခဲ့တဲ့အခါ ဘယ်သူမှမရှိဘဲ ကျွန်တော်တစ်ဦးတည်းဖြစ်နေပါတယ်။

ဒါနဲ့ပဲ ရောက်မှတော့အိပ်ရမှာပဲ ဆိုပြီး အိပ်တဲ့အခါ တဝုန်းဝုန်းအသံတွေကြားနေရပါတယ်။ ကြာကြာတစ်ခါ ဟိုနားဒီနားက မြည်နေခြင်းပါ။ ကြောက်စိတ်ဝင်နေတော့ အိပ်မပျော်ပါဘူး။

ည (၁၂) နာရီလောက်မှာ လှေကားက တဒုန်းဒုန်းတက်လာသံကြားရပြီး ဖိနပ်သံတရှပ်ရှပ်ကြားရပြီး အခန်းတစ်ခန်းထဲဝင်ကာ အိပ်ရာဝင်သံကြားရပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ငါလိုကောင်တစ်ကောင်တော့ ပြန်ရောက်လာပြီ ဆိုပြီး အားတက်သွားကာ စိတ်ချလက်ချအိပ်တော့ အိပ်ပျော်သွားပါတော့တယ်။

အခန်းလေးတွေဖွဲ့ပြီးနေကြတော့ ကျွန်တော်က တောင်ဘက်ဆုံးအခန်းမှာပါ။ ကျွန်တော် အိပ်ရာနိုးချိန်မှာ ဦးပိုင်ဖက်စပ်က (၄) နာရီသံချောင်းခေါက်သံကြားရပါတယ်။ အပေါ့သွားချင်တာနဲ့ ဓာတ်မီးနဲ့ အပေါ့သွားပြီး အပြန်မှာ ညက ဘယ်ကောင်များပြန်လာတာပါလိမ့် ဆိုပြီး မြောက်ဘက်က အခန်းတွေထဲ ဓာတ်မီးနဲ့ထိုးကြည့်တော့ တစ်ယောက်မှ ပြန်လာတာ မတွေ့ရပါဘူး။

ဒါနဲ့ ကျွန်တော် ခေါင်းနားပန်းကြီးသွားခဲ့ပါတယ်။ တက်လာသံလုပ်ပြတာဟာ ကျွန်တော့်ကို ခြောက်တာလား၊ အားရှိအောင်လုပ်ပြတာလားတော့ ကျွန်တော် မခွဲခြားတတ်ပါဘူး။ အဲဒီနောက်ပိုင်းမှာတော့ ကျွန်တော် ဥပုသ်ရက်တွေမှာ ပြန်မအိပ်ရဲတော့ပါဘူး။ သူငယ်ချင်းတွေနဲ့ ကြုံသလို အပြင်မှာပဲအိပ်ပါတော့တယ်"

လို့ ပြောပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ အဲဒီတွင်းသားဟာ တစ္ဆေကို ကိုယ့်လူမှတ်လိုက်ခြင်းပါပဲ။ ဘာပဲဖြစ်ဖြစ် အားတက်ပြီး အိပ်ပျော်သွားတာကိုတော့ အဲဒီတစ္ဆေကို ကျေးဇူးတင်သင့်ပါတယ်။

**မလွှမ်းရဲသေးဘူး မောင်ရယ်**

အင်ချတ်လင်းကိုက မန်နေဂျာနေတဲ့ ဟိုးထိပ်ကအဆောင်မှာ အိပ်တာပါ။ အပေါ်ဆောင်ကျတော့ • စားဖိုဆောင်၊ အင်ချတ်မဆောင်တွေနဲ့ တွဲထားတော့ လူမပြတ်ပါဘူး။ မန်နေဂျာကိုအောင်ထွန်း(ရေစကြို)ဆိုရင် အမြဲရှိနေတာပါ။ ကျွန်တော်တို့အဆောင်ကျတော့ အများနည်းတူ ကျွန်တော်လည်း ဉပုသ်၊ အဖိတ် အပြင်မှာ အိပ်တာပါ။

ကျွန်တော့်အဆောင်မှာ စောဘွဲ့မှူး ဆိုတဲ့ ကရင်ဓာတ်ယောက်ရှိတယ်။ ခပ်တောင့်တောင့် ခပ်ချောချောပါ။ သူက တွင်းသားပါပဲ။ သူ့မှာ ဂစ်တာတစ်လက်ရှိတယ်။ ငယ်စဉ်က ချပ်(ရှ်)ကျောင်းတက်ကတည်းက ဂစ်တာကျွမ်းခဲ့တယ်လို့ ဆိုပါတယ်။

သူအမြဲတမ်းတီးနေတတ်တာက အဲဒီအချိန်က ခေတ်စားနေတဲ့ 'မလွှမ်းရဲသေးဘူးမောင်ရယ်' ဆိုတဲ့ သီချင်းပါ။ ဆိုတာက အယ်(လ်)ဆိုင်းဇီပါ။ အဲဒီသီချင်းကို အဆောင်ပေါ်မှာ အားတိုင်းတီးနေတတ်ပါတယ်။

ဉပုသ်နေ့ မှောင်ရိုးမှောင်ရီမှာ ဖက်စပ်ထဲပြန်လာတဲ့ အင်ချတ်လင်းကိုဟာ အိမ်သာတက်ချင်တာနဲ့ အပေါ်ခပ်လှမ်းလှမ်းကို တက်ရမယ့် အပေါ်ဆောင်ရဲ့ အိမ်သာဆီ အရောက်မသွားတော့ဘဲ ကျွန်တော်တို့ အဆောင်က အိမ်သာမှာ ဝင်တက်နေပါတယ်။ သူ့မှာ ဓာတ်မီးသေးသေးလေးပါတော့ အဆင်ပြေပါတယ်။

အဲဒီလို အိမ်သာတက်နေတုန်း အပေါ်ထက်က စောဘွဲ့မှူးရဲ့ 'မလွှမ်းရဲသေးဘူးမောင်ရယ်' ဆိုတဲ့ သီချင်းရဲ့တီးလုံး ဂစ်တာသံထွက်လာပါတယ်။ အဲဒီမှာ လင်းကို အတော်ဝမ်းသာသွားပါတယ်။ စောဘွဲ့မှူးလည်း ငါလိုပြန်အိပ်တာပဲလို့ တွေးနေမိပြီး စိမ်ပြေနပြေ အိမ်သာတက်နေပါတယ်။ လက်သံကတော့ အပီအပြင်ကြားနေရတာပါ။

ဒါနဲ့အိမ်သာလည်းတက်ပြီးရော စောဘွဲ့မှူးဆီ ဝင်လည်ဦးမယ်ဆိုပြီး လှေကားရှိရာ လျှောက်ခဲ့ပါတယ်။ လှေ



ကားလည်း စ,တက်ရော ဂစ်တာသံ ပျောက်သွားပါတယ်။ ဒီကောင် ဘာလို့ ဆက်မတီးတာပါလိမ့် ဆိုပြီး အပေါ်တက်တော့ကာ အပေါ်ရောက်တာနဲ့ အဆောင်ဟာ တိတ်ဆိတ်နေပါတယ်။

စောဘွဲ့မှူးနေတဲ့ အခန်းလည်း ရောက်လာရော တစ်ဦးတစ်ယောက်မှ မရှိဘဲ ဂစ်တာလေးက နံရံမှာထောင်လျက် တွေ့ရပါတယ်။ သူတို့နေတဲ့ (၃) ခန်းစလုံး သေသေချာချာ လိုက်ကြည့်ပြန်ပါတယ်။ တစ်ယောက်မှ မတွေ့ရပါဘူး။ ဒါနဲ့ လှေကားအတက်ရဲ့အနောက်က ကျွန်တော့်အခန်းကို ကြည့်ပြန်ပါတယ်။ လူရယ်လို့ တစ်ယောက်မှ ရှိတာမတွေ့ရတဲ့အခါ လင်းကိုဟာ ခပ်သုတ်သုတ်ဆင်းပြီး ဟိုးအပေါ်ဆောင်မှာရှိတဲ့ သူ့အဆောင်ကို ပြန်သွားပါတော့တယ်။ အပေါ်ဆောင်မှာတော့ ကိုအောင်ထွန်းတို့က ဗီဒီယိုကြည့်နေကြပါတယ်။ သူ့အတွေ့အကြုံကို ပြောပြပါတယ်။ ကျွန်တော်တို့ ပြန်ရောက်တော့ ထူးထူးဆန်းဆန်း သီချင်းတီးလုံးနဲ့ ခြောက်တာကို တွင်းထဲမှာ ပြောပြပါတယ်။ ရှားရှားပါးပါးခြောက်လှန့်ခြင်းပါပဲ။

**ကိုယ့်လူမှတ်လို့**

ဖက်စပ်ဝင်းကြီးဟာ မြို့ထဲကလာတဲ့လမ်းအဝင်မှာ တံခါးရှိပေမယ့် နောက်ကျောဘက်ကျတော့ ခဲသွန်လမ်းဖြစ်ပြီး ဟာလာဟင်းလင်းပါ။ ခဲသွန်လမ်းကြောင်းဟာ မြင့်မားပေမယ့် အဲဒီလမ်းကြောင်းအတိုင်း ခက်ခက်ခဲခဲတက်လာလို့ရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ အပြင်ရောက်နေတဲ့ အချိန်တွေမှာ ကိုအောင်ထွန်းဟာ ကျွန်တော်တို့ အဆောင်ဘက် လှည့်လည် ကြည့်ရှုတတ်ပါတယ်။

ကျွန်တော်တို့မရှိခိုက် မှောင်ရီ… ချိန်မှာ ကျွန်တော်တို့ အဆောင်ဘ… ကြည့်ဖို့ ကိုအောင်ထွန်း ဆင်းလာ… တယ်။ အဲဒီအချိန်မှာပဲ လူတစ်ယော… ဟာ ကျွန်တော်တို့အဆောင်ထဲက ထွ… လာပြီး လုပ်ငန်းခွင်တွေလုပ်ခဲ့တဲ့ ခဲ… ဆောင်ကြီးဆီကို ဦးတည်ပြီး သွား… တယ်။ ခဲရွှေဆောင်က အကြီးကြီး… အထဲမှာ မီးပေးမထားတော့ မှောင်နေ… ပြီ။

ကိုအောင်ထွန်းလည်း ဒီကော… ဘာကိုစ္စ ခဲရွှေဆောင်ထဲသွားပါလိမ့်… ပြီး သူ့နောက်က လိုက်ကြည့်ပါတ… အဆောင်ထဲလည်းရောက်ကရော အ… လူ ပျောက်သွားပါတယ်။ကိုအောင်ထွ… လည်း ဓာတ်မီးနဲ့လိုက်ထိုးပြီး ရှာကြ… ပါတယ်။ ချက်ချင်းပဲ မျက်စိရှေ့… အသေအချာမြင်လိုက်ရတာမို့ ပုန်းမှ… နေသလားဆိုပြီး အဆောင်ထဲဝင်… ဓာတ်မီးနဲ့ လိုက်ရှာပြန်ပါတယ်။ ဘာ… ဘာမှမတွေ့ရတော့မှ ဒီကောင် … မဟုတ်ဘူး ဆိုတာ သိရပါတော့တယ်… ကိုအောင်ထွန်းကို အလုပ်ရှုပ်အော… စ,လိုက်တာဖြစ်မှာပါပဲ။

**အမြွှာညီအစ်ကို**

ပလောင်လေးအကြောင်း နည်… နည်း ပြောပါရစေဦး။ ပလောင်လေး… ချိုင်းထောက်နှစ်ခုနဲ့သွားရာကနေ ချိုင်း… ထောက်တစ်ခုကို လက်လွှတ်ပြီး တစ်… သွားနိုင်တာနဲ့ ကျွန်တော်တို့အပေါ်ထ… ကို ချိုင်းထောက်နဲ့ မရ,ရအောင် တ… ပြီး တွင်းသားတွေနဲ့ နေပါတယ်။ ကျွ… တော့်အခန်းထဲ မနေတော့ပါဘူး။ နေ… ကြောက်နေရတဲ့ ဝေဒနာ လျော့ပါးသွ… ပါတယ်။

တစ်လကျော်ကျော်မှာ အကော… ပကတိဖြစ်သွားတဲ့အခါ သက်သာတဲ့… ရာမှာ ထားသင့်တယ်ဆိုပြီး အင်ချ… ရာထူးကို တိုးမြှင့်ပေးလိုက်ပါတ… အင်ချတ်ဖြစ်တာနဲ့ အပေါ်ဆောင်… ကိုအောင်ထွန်းတို့နေတဲ့ အဆောင်… ပြောင်းပြေးတော့တာပါပဲ။ပလောင်… က စိတ်ရင်းကောင်းပြီး ရိုးသားကာ … စရာအလွန်ကောင်းပါတယ်။ သူ့ဝါသ… ပါတာက ဖဲပါပဲ။ အပျော်တမ်း ဖဲရိုက်… ရရင် သူ့အတွက် ပြီးပြည့်စုံသလိုပါ…

ကျွန်တော် ရွှေအိမ်စံတို့ရဲ့ ဖက်… ကို ရောက်ပြီး (၆) လလောက် အ… မှာ ကျွန်တော့် ဇာတ်လိုက်ကျော်…



www.burmeseclassic.com

www.burmeseclassic.com

တော့တပည့် ကုလား ကျွန်တော့်ဆီ ရောက်လာပါတယ်။ စုံစမ်းပြီး လိုက်လာခြင်းပါ။ ဒါနဲ့ လောပန်ကိုပြောပြီး လက်ခံလိုက်ပါတယ်။ အဖော်ရအောင်ဆိုပြီး ကုလားကို ကျွန်တော့်အခန်းထဲ ခေါ်ထားလိုက်ပါတယ်။

မိုးချုပ်ရင် အခြားတွင်းသားတွေနဲ့ အပေါ်ဆောင်ဘက်မှာ တီဗီသွားကြည့်နဲ့ ကုလား အထာကျလာပါပြီ။ တစ်ညမှာ ဥပုသ်နေ့မဟုတ်သော်လည်း ကျွန်တော် မြို့ထဲက အိမ်ကိုပြန်အိပ်ပါတယ်။ ကျွန်တော်ပြန်လာတော့ ကုလားအိပ်ရာသိမ်မရှိတော့ပါဘူး။ အခြားတွင်းသားတွေရှိရာ ရွှေ့ပြောင်းသွားပါပြီ။ ဒါနဲ့ ကျွန်တော်က ကုလားကိုမေးတယ်။

"ကုလား၊ မင်းက ဘာလို့ ရွှေ့သွားတာလဲ"

"ဦးလေးရာ၊ ကျွန်တော် မနေ့ညက ကောင်းကောင်းမအိပ်ရဘူးဗျ။ မှေးခနဲ အိပ်ပျော်မယ်လုပ်လိုက် ကလေးနှစ်ယောက်က ကျွန်တော်တို့လည်း အိပ်ချင်တယ်ဆိုပြီး လာပြောလိုက်နဲ့လုပ်နေတော့ ကျွန်တော်လည်း ဦးလေးအိပ်ရာကို လက်ညှိုးထိုးပြပြီး အိပ်ချင်ရင် အဲဒီမှာအိပ်လို့ ပြောတာနဲ့ အဲဒီကလေးနှစ်ယောက် ဦးလေးအိပ်ရာမှာ ဝင်အိပ်ကြတယ်။ အဲဒီလိုလည်းဖြစ်ပြီးရော ပြန်နိုးလာပြီး အတော်ကြောက်နေမိတယ်။ ကျွန်တော်ဆို သိပ်ကြောက်တတ်တဲ့ အကောင်မဟုတ်ဘူး။ ညက အတော်ကြောက်နေတယ်။ ဒါနဲ့ မထူးပါဘူးဆိုပြီး ကောင်းကောင်း အိပ်ရအောင် ဟိုကောင်တွေနေတဲ့ဆီ ပြောင်းပြေးတော့တာပါပဲ။ အဲဒီကလေးနှစ်ယောက်နဲ့အတူ မိန်းမကြီးတစ်ယောက်လည်း ပါသေးတယ်ဗျ။ ကလေးနှစ်ယောက်က ရှစ်နှစ်အရွယ်လောက်ရှိတယ်။ မျက်နှာဝိုင်းဝိုင်းကလေးတွေနဲ့ အမွှာညီအစ်ကိုနေမှာ"

လို့ ပြောပြပါတယ်။

ကျွန်တော် ထင်ပြီးသားပါ။ တစ်ယောက်တည်းဆိုရင် အနှောင့်ခံရတော့မယ် ဆိုတာ။ ခုတော့ ကုလား ခံလိုက်ရပါပြီ။ ကျွန်တော်ကတော့ ရိုးအီနေပါပြီ။ ဒါပေမယ့် အဲဒီအမွှာညီနောင်ကိုတော့ မကြုံသေးပါဘူး။ အမှန်ဆို သူတို့နေနေကျနေရာ ဖြစ်နိုင်ပါတယ်။

**အမွှာကိုမြင်ဖူးပြီ**

ကုလား ပြောင်းသွားတော့ ကျွန်တော် တစ်ကိုယ်တည်းဖြစ်ပြန်ပါတယ်။ သူတို့တွေ အပေါ်ဆောင် ဗီဒီယိုသွားကြည့်နေချိန်မှာတော့ သွပ်နံရံကို ထုသံ (၂) ချက်လောက်သာ ကြားရပြီး ငြိမ်ချက်သားကောင်းနေပါတယ်။ အဲဒီမှာ စာရေးရင်း ညောင်းတာနဲ့ ခဏတာ အိပ်ရာမှာ မှိန်းလိုက်ပါတယ်။

အိပ်ပျော်သွားဟန်တူပါရဲ့။ ကျွန်တော့်ခြေရင်းမှာ မျက်နှာဝိုင်းဝိုင်းနဲ့ ကလေး (၂) ယောက်ရပ်နေတာ အထင်အရှား မြင်တွေ့နေရပါတယ်။ ဘယ်ကကလေးတွေပါလိမ့်ဆိုပြီး တွေးနေတုန်းမှာပဲ ကုလားပြောတဲ့ အမွှာညီအစ်ကိုကို ပြေးပြီး သတိရမိပါတယ်။ သူတို့နဲ့အတူ မိန်းမကြီးတစ်ယောက်တော့ မပါပါဘူး။ အတော်လှတဲ့ ချစ်စရာ ကလေး (၂) ယောက်ပါ။ ဒါနဲ့ ကျွန်တော် ချက်ချင်း ပြန်နိုးလာပါတယ်။

စိတ်စွဲလို့ ဒီကလေး (၂) ယောက်ကိုမြင်တာလားဆိုတော့ မဟုတ်ပါဘူး။ စိတ်မစွဲမိပါဘူး။ အမှန်တော့ ကျွန်တော်အိပ်တဲ့နေရာဟာ ကျွန်တော်တို့မရောက်မီ အဆောင်ကြီးလွတ်နေစဉ်က သူတို့ (၂)ယောက်အိပ်တဲ့နေရာဖြစ်ပါလိမ့်မယ်။ အဲဒါကြောင့် သူတို့နေရာလေးကို ပြန်ရချင်လို့ ခုလို ဆက်သွယ်အသိပေးခြင်း ဖြစ်ပါလိမ့်မယ်။ ဒါပေမယ့် ကျွန်တော်တို့ဆိုတာက လူတွေလေ။ တာဝန်ဝတ္တရားအရ ဒီလုပ်ငန်းလေးမှာ လောပန်ကြီးရဲ့ အကျိုးလည်းပါတော့ ကျွန်တော်တို့ မနားမချင်း နေနေကြဦးမှာပါ။

ညဘက် အိပ်ရာကနိုးတဲ့အချိန်တွေမှာ သတိထားမိရင် လှေကားအတိုင်း ခြေသံပြင်းပြင်းနဲ့ တက်လိုက်၊ ဆင်းလိုက်လုပ်တာတွေ၊ ခြေသံဖွဖွနဲ့ တက်လိုက်၊ ဆင်းလိုက်လုပ်တာတွေ မကြာမကြာ ကြားနေရတတ်ပါတယ်။ ခွေးတက်တာလို ခြေသံတချောက်ချောက်နဲ့ တက်တာ၊ ဆင်းတာတွေလည်း ကြားရတတ်ပါတယ်။ တွင်းသားတွေ ဆိုတာက လူငယ်တွေ ဆိုတော့ အိပ်လိုက်ရင် တစ်ချိုးတည်းပါပဲ။ ညဘက်မှာ အလေးအပေါ့သွားတာရှိခဲပါတယ်။ ကြီးမားတဲ့ အဆောင်ကြီးမှာ ပရလောကသားတွေနဲ့ စုပေါင်းရောယှက်နေရတာကလည်း အတွေ့အကြုံတစ်ခုပါပဲ။ ဒါပေမယ့် မျက်စိနဲ့တော့ တစ်ခါမှ မမြင်ဖူးပါဘူး။ ကလေးအမွှာကိုသာ အိပ်မက်ထဲမှာ တစ်ခါမြင်ဖူးလိုက်ခြင်းပါ။

ဒီလိုနဲ့ အချိန်တန်တဲ့အခါ ဖက်စပ်သိမ်းတာနဲ့ ကျွန်တော်တို့ အိမ်ပြန်ခဲ့ကြပါတော့တယ်။ ပရလောကသားတွေ ပျော်သွားလောက်ပါပြီ။

**အဆောင်**

ကြီးလည်း ကြီးမား၊ ထူးလည်းထူးခြားတဲ့ အဲဒီအဆောင်ကြီးမှာ နေစဉ်ကာလ ဒီအဆောင်ကြီး ဆန်းကြယ်တယ်၊ ဒီအဆောင်ကြီးကို အခြေပြုပြီး အဆောင်အကြောင်း ရေးဦးမှပဲ ဆိုပြီး အဆောင် (၃) မျိုးအကြောင်းကို လက်လှမ်းမီသမျှ တင်ပြလိုက်ရခြင်းပါ။ ပြီးပြည့်စုံဖို့ဆိုတာတော့ ကျယ်ဝန်းလွန်းလို့ ပြီးပြည့်စုံဖို့မလွယ်ပါဘူး။

ဘုန်းရှိလာရောက်၊ ဘုန်းမဲ့ပျောက် ဆိုတဲ့စကားရှိပါတယ်။ အကယ်၍သာ လူတွေအများကြီးနဲ့လုပ်တဲ့ အဲဒီဖက်စပ်ကြီး ပြန်လည် လည်ပတ် လုပ်ကိုင်ရင် ဘုန်းရှိတဲ့လူတွေ ရောက်လာတာနဲ့ ဘုန်းမဲ့တဲ့ပရလောကသားတွေ ဝေးရာကိုပြေးခွာရဦးမှာပါပဲ။ တွယ်ရာမဲ့သူတို့ဘဝဟာ သနားဖို့ သိပ်ကောင်းလှပါတယ်။

ကျွန်တော်တို့က အချိန်တန်ရင် အိမ်ပြန်စရာရှိတယ်။ သူတို့တွေကျတော့ ပြန်စရာမရှိတဲ့ဘဝတွေပါ။ အဲဒီဝန်းကျင်မှာပဲ ဝဲလည်ခတ်ပြီး ကျန်နေကြရမယ့် ဘဝတွေပါ။ သူတို့ရဲ့ ကိုယ်ပိုင်ခိုကိုးရာ ဆိုတာ လွန်စွာမှ ခက်ခဲကြပါတယ်။ ဝင်ကစွပ်ကောင်တွေကို လူသူမနေတဲ့ အဆောက်အအုံတွေ၊ အဆောင်တွေမှာ ရှာပြီးနေထိုင်ကြရဦးမှာပါပဲ။

မိုင်းရှူးရတနာမြေမှာ ကြုံခဲ့ရတဲ့ အဲဒီအဆောင်ကြီးမှာ (၁၅) လမျှ နေထိုင်တဲ့အခါ အကောင်အထည်မမြင်ရပေမယ့် အသံမျိုးစုံပေးပြီး ခြောက်လှန့်မှုတွေခံခဲ့ရပါတယ်။ ပြုသမျှကုသိုလ်ကိုလည်း သူတို့ကို အမျှဝေလေ့ရှိပါတယ်။

နံနက် (၅) နာရီ ပုံမှန်ထပြီး မျက်နှာသစ်ကာ အနောက်ဘက်ပြတင်းဖွင့်လိုက်ရင် မီးတွေနဲ့ထိန်နေတဲ့ သက္ကမုနိစေတီတော်ကြီးကို ဖူးတွေ့ရပါတယ်။ အဲဒီစေတီတော်ကြီးဆီ အာရုံပြုပြီး နာရီဝက်ခန့်ဘုရားရှိခိုးကာ အဆောင်နေ ပရလောကသားတွေကို အမျှပေးဝေလေ့ရှိပါတယ်။ အဲဒီလိုအဖြစ်တွေ ကြုံတွေ့နေရတဲ့အခါ ဗုဒ္ဓဘာသာ မြန်မာတို့ရဲ့ အစဉ်အလာစကားလေးတစ်ခု အဆောင်အဖြစ်ပါးလိုက်ချင်တယ်။ 'ရေဘူးနဲ့ ဖိနပ် မပါရင် နွေခါမှသိမယ်၊ ဒါနနဲ့ သီလမပါရင် သေခါမှသိမယ် ဆိုတဲ့ စကားလေးပါပဲ။

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ ဝန်ထမ်းဘဝက ရက်တစ်ရက်မှာ မျှော်လင့်မထားသည့် စကားတစ်ခွန်းကို ကြားခဲ့ရပါသည်။ စာရေးသူကို ပြောကြားခဲ့သည့် သူက စာရေးသူနှင့် တစ်ဌာနတည်း အတူ တာဝန် ထမ်းဆောင်နေသူ ကိုခင်မောင်သိန်း ဖြစ်ပါ၏။ ရက်တစ်ရက်မှာ သူ ဆေးရုံတစ်ရုံသို့ လူနာ သွားရောက်ကြည့်ရှုခဲ့ရာမှ ထိုဖြစ်ရပ်ကို ကြားသိခဲ့ရခြင်း ဖြစ်ပါ၏။

မိတ်ဆွေ သွားရောက် ကြည့်ရှုသည့် လူနာ၏ အေးခုတင်ဝေါ်၌ လဲလျောင်းနေသည့် လူနာဖြစ်သူ အမျိုးသားသည် အလွန် ဆင်းရဲနွမ်းပါးသော သူတစ်ယောက်ဖြစ်သလို သူ့အား မှီခိုနေကြသည့် မိသားစုမှာလည်း မကျန်းမာနေသည့် အိမ်ထောင်ဦးစီးဖြစ်သူကို မှီခိုနေကြရသဖြင့် ငွေကြေးအရ အလွန်နွမ်းပါးကြပါသည်။ ရက်တစ်ရက်မှာ အိမ်ထောင်ဦးစီးဖြစ်သူ ကျန်းမာရေးဖောက်ပြန်ခဲ့၍ ဆေးရုံသို့ ပို့ဆောင်ခဲ့ပါသည်။ မလွဲမရှောင်သာ၍ ဆေးရုံသို့ တက်ရောက်ကုသခဲ့ရသော်လည်း သူတို့မိသားစုမှာ ငွေရေးကြေးရေးအတွက် အလွန်ချို့တဲ့နေသည့်ကာလလည်း ဖြစ်ပါ၏။

ဇနီးဖြစ်သူမှာ ရပ်ကွက်လမ်းဘေးတစ်နေရာတွင် ပျံကျဈေးသည်တစ်ဦးဖြစ်ပြီး ဈေးရင်းနှီးရန် ငွေကြေးမလုံလောက်သဖြင့် လမ်းဘေးတွင် အလေ့ကျ ပေါက်ရောက်နေကြသော ကန်စွန်းရွက်များကို ခူးဆွတ်၍ သူတို့မိသားစု၏ စားဝတ်နေရေးကို ဆင်းရဲချို့တဲ့စွာဖြင့် ဖြည့်ဆည်းပေးနေရသူလည်း ဖြစ်ပါ၏။ စားဝတ်နေရေးမပြေလည်သည့်ကာလ၌ ခင်ပွန်းဖြစ်သူမှာ ကျန်းမာရေးဖောက်ပြန်လာခဲ့သဖြင့် ဆေးရုံသို့ အရေးပေါ်တင်လိုက်ရခြင်းလည်း ဖြစ်ပါ၏။ ခင်ပွန်းဖြစ်သူ ဆေးရုံသို့ တက်ရောက်နေစဉ်ကာလ၌ ဆေးကုသစရိတ် ငွေကြေးမှာလည်း အထူးလိုအပ်လျက်ရှိခဲ့ပါသည်။ ဇနီးဖြစ်သူမှာလည်း ပေါင်နှံစရာရွှေနှင့် တန်ဖိုးကြီးမားသောပစ္စည်းတို့ မရှိသဖြင့် ဆေးကုသစရိတ်အတွက် အခက်အခဲတွေ့နေရပါသည်။

သူတို့မိသားစု ဆင်းရဲနွမ်းပါးကြသည်မှာ ရှင်းပြရလျှင် ယုံနိုင်စရာတောင်ရှိမည် မဟုတ်ပါ။ တစ်အိမ်လုံး၌ ငွေငါးရာကျပ်တန်သည့်ပစ္စည်းဆို၍ တစ်ခုမျှ မရှိပါ။ သူတို့ပိုင်ဆိုင်သမျှ ပစ္စည်းများမှာ အနားများဖွာလန်ကြနေသော ဖျာဟောင်းတစ်ချပ်နှင့် အရောင်အဆင်းကင်းမဲ့နေသည့် ခေါင်းအုံးလေးနှစ်လုံးသာရှိပါသည်။ ထမင်းစားသည့် ဝန်းကန်ပြား နှစ်ချပ်မှာလည်း နှုတ်ခမ်းများပဲ့နေကြ၍ အရောင်အဆင်းများဝင်မပေါ်ကြတော့ပါ။ နေထိုင်ကြသည့်အိမ်မှာလည်း ဓနိမိုး၊ ကျူထရံကာဖြစ်၏။



ရှင်သူမှာ အသက်ရှူကျပ်လျက်၊
သေသူမှာ အသက်ရှူရပ်လျက်

---

တင်ထွန်း (စက်မှု ၂ ပြီး)

www.burmeseclassic.com

www.burmeseclassic.com

သူတို့၏ အိမ်ရှင်ဖြစ်သူမှာ ကြင်နာသနားတတ်သူတစ်ဦးဖြစ်၍ သူရဲ့ ခြံဝင်းထဲ၌ တဲထိုး၍ နေထိုင်စေခဲ့ပါသည်။ အိမ်ရှင်ဖြစ်သူကိုယ်တိုင်မှာလည်း ငွေကြေးအရ ချမ်းသာသူတစ်ဦးမဟုတ်ဘဲ သာမန်အငြိမ်းစားဝန်ထမ်းတစ်ဦးသာ ဖြစ်ပါ၏။

ဆေးရုံတက်ရောက်သည့် ပထမဦးဆုံးသောနေ့ရက်မှာပင် ဆေးကုသစရိတ်အခက်အခဲကို စတင် တွေ့ကြုံခဲ့ရပါ၏။ ဆေးရုံပေါ်၌ အခြားလူနာတစ်ဦးအား လာရောက်ကြည့်ရှုခဲ့သည့် ညှို့သည် စေတနာရှင်တစ်ဦးက သူတို့မိသားစုအား ကရုဏာသက်မိရာမှ ငွေကြေးအချို့ကို လှူဒါန်းသွားခဲ့သဖြင့် ယာယီအားဖြင့် ဆေးကုသစရိတ်အတွက် ရတက်အေးခဲ့ရပါသည်။ သို့ပေမယ့် ရက်အနည်းငယ် ကြာညောင်းလာသည့်အခါ လှူဒါန်းခဲ့သည့် ငွေကြေးမှာလည်း ဆေးကုသစရိတ်ကြောင့် မကြာမီကာလမှာ ကုန်ခန်းသွားခဲ့ပါသည်။ ဇနီးဖြစ်သူမှာလည်း လိုအပ်နေသည့် ငွေကြေးကို ပြင်ပသို့ ထွက်ရှာခဲ့သော်လည်း မရခဲ့သဖြင့် ဆေးရုံသို့ လက်မှိုင်ချကာ ရောက်ရှိလာပါသည်။ သူ့မိသားစုရဲ့ ငွေကြေးအခြေအနေကို သိရှိနေသည့် ခင်ပွန်းဖြစ်သူ လူနာမှာလည်း ရတက်မေးတောက်လောင်ကာ သက်ပြင်းကိုကြိမ်ဖန်များစွာ ချနေခဲ့ပါ၏။

ဆေးရုံသို့ တက်ရောက်လာကြသည့် လူနာအများစုတွင် လူနည်းစုသာ ငွေကြေးတတ်နိုင်၍ ဆေးကုသစရိတ်များကို ပေးချေနိုင်ကြသော်လည်း လူနာရှင်အများစုမှာ ခက်ခဲစွာဖြင့် ဆေးကုသစရိတ်များကို ရှာဖွေနေကြရပါ၏။ စားစရာမရှိကြသော်လည်း လျော်စရာကရှိနေကြ၍ ဆေးကုသစရိတ် ငွေကြေးကို ရရှိနိုင်ရန်အတွက် မိမိတို့မှာရှိကြသည့် ပစ္စည်းများကို ပေါင်နှံနေကြရသလို ငွေကြေးတတ်နိုင်ကြသည့် ဆွေမျိုးများထံမှသော် လည်းကောင်း၊ မိတ်ဆွေများထံမှသော် လည်းကောင်း ချေးငှားယူခဲ့ကြရပြီး ဆေးကုသစရိတ်ကို ဆေးရုံ၌ ပေးချေကြရပါသည်။ သို့သော်လည်း သူတို့၏မိသားစုဖြစ်ရပ်က ပေးစရာလည်း ငွေမရှိ၊ ပြေးစရာလည်း မြေမရှိကြသလို





www.burmeseclassic.com

www.burmeseclassic.com

ခံစားကြရပြီး ဆင်းရဲချို့တဲ့ကြသည့်အတွက်ကြောင့် ပြန်လမ်းမရှိသော ချေးငွေကို မည်သူမျှ မချေးငှားကြသဖြင့် ဆေးကုသစရိတ်အတွက် ကြီးမားသောအခက်အခဲကို သူတို့မိသားစု ရင်ဆိုင်နေကြရပါသည်။

ဇနီးဖြစ်သူ ဆေးကုစရိတ်ငွေကြေးရှာဖွေမရခဲ့သဖြင့် မျက်နှာညှိုးနွမ်းနေသည်ကို မြင်တွေ့လိုက်ရသည့် ခင်ပွန်းဖြစ်သူ လူနာက နောက်ဆုံးစကားအနေဖြင့် ဇနီးဖြစ်သူအား -

"ငါအသက်ရှင်နေသမျှ ကာလပတ်လုံး နင်တို့လည်း ငါ့အတွက်ကြောင့် ဒုက္ခရောက်နေကြမှာပဲ။ အကောင်းဆုံးနည်းလမ်းကတော့ ငါသေသွားတာပဲကောင်းတယ်"

ဟု ပြောကြားခဲ့ရာ ဇနီးဖြစ်သူ၏ ထင်မြင်ယူဆချက်က ခင်ပွန်းဖြစ်သူ စိတ်မကြည်လင်၍ ပြောဆိုခြင်းသာဖြစ်လိမ့်မည်ဟု ထင်မြင်ယူဆမိရာ လူနာကြည့်ရှုချိန် ကုန်ဆုံးသွားခဲ့သည့် အချိန်ကာလ၌ နေအိမ်သို့ ပြန်သွားခဲ့ရပါသည်။

နောက်တစ်နေ့ ဇနီးဖြစ်သူ ဆေးရုံသို့ နံနက်စောစောရောက်ရှိသွားသည့်အခါမှာ သူမလုံးဝမျှော်လင့်မထားသည့် သတင်းဆိုးကြီးကို ဆေးရုံအပေါက်ဝ၌ ကြားသိလိုက်ရပါသည်။ ဇနီးဖြစ်သူမှာလည်း ထိုသတင်းဆိုးကြောင့် သောကပရိဒေဝမီးတောက်လောင်ကာ အရှူးမီးဝိုင်းပမာဖြစ်ခဲ့ရပါသည်။ ခင်ပွန်းဖြစ်သူက သူ့ရဲ့ဇနီးအား နောက်ဆုံးစကားပြောခဲ့သည့် ညမှာပင် ဇနီးဖြစ်သူ နေအိမ်သို့ ရောက်ရှိနေစဉ်ကာလမှာ ဆေးရုံပြတင်းပေါက်မှ မြေပြင်ပေါ်သို့ ခုန်ချ၍ သူ့ကိုယ်သူ အဆုံးစီရင်ခဲ့ပါသည်။

စာရေးသူအနေဖြင့် ထိုဖြစ်ရပ်ကို ထောက်ရှုခြင်းအားဖြင့် အမှန်တကယ်ဆင်းရဲနွမ်းပါးကြသည့် လူနာများအား ပြည်သူ့ဆေးရုံများအနေဖြင့် သက်သာသောနှုန်းထားဖြင့် ဆေးကုသခြင်းများကိုလည်းကောင်း၊ ပြည်သူများလှူဒါန်းထားသည့် ငွေကြေးများဖြင့် အမှန်တကယ်ဆင်းရဲချို့တဲ့ကြသော လူနာများအားအခမဲ့ ဆေးကုသခွင့်ကို ပြုလုပ်ပေးကြမည်ဆိုပါက ဆင်းရဲချို့တဲ့ကြသော လူနာများအနေဖြင့် ဆေးကုသစရိတ်အတွက် ကြီးလေးသော ဝန်ထုပ်ဝန်ပိုးများ မဖြစ်ကြတော့ဘဲ စိတ်သောကများကင်းဝေးစွာဖြင့် သူတို့ရဲ့ လူနာများအားပြုစုစောင့်ရှောက်နိုင်ကြမည် ဖြစ်ပါ၏။

ဆေးရုံသို့ တက်ရောက်၍ ကုသခြင်းကို ခံယူနေကြသည့် လူနာများတွင် ငွေကြေးဥစ္စာ ချမ်းသာကြသော လူနာများရှိကြသလို ငွေကြေးချို့တဲ့ကြသော သူများလည်း ရှိကြပါ၏။ ငွေကြေးချမ်းသာကြသော လူနာရှင်များအနေဖြင့် သူတို့၏ လူနာများအား စိတ်အားထက်သန်စွာဖြင့် ကုသနိုင်ခွင့်ရှိကြသော်လည်း ငွေကြေးချို့တဲ့ကြသည့် လူနာရှင်များအနေဖြင့် လူမှုဒုက္ခများပင်လယ်ဝေကြရပါသည်။

လူနာများ သေဆုံးခဲ့ကြသည့် ကာလတွင်လည်း ငွေကြေးတတ်နိုင်ကြသည့်သူများအနေဖြင့်လည်း နာရေးအတွက် လူမှုဒုက္ခများမရောက်ရှိကြဘဲ ငွေကြေးချို့တဲ့ကြသည့် ဆင်းရဲသားပြည်သူများအနေဖြင့် လူမှုဒုက္ခများကို ကြီးမားစွာ ခံစားကြရသည်။ ထို့အတွက်ကြောင့် ဆင်းရဲသားပြည်သူတို့အား အမိက အကူအညီပေးနေသူ ရုပ်ရှင်သရုပ်ဆောင် ဆရာဦးကျော်သူတို့ ဇနီးမောင်နှံနှင့် စာရေးဆရာမကြီး ဒေါ်သန်းမြင့်အောင်တို့အား စာရေးသူအနေဖြင့် သာဓုအကြိမ်ကြိမ်ခေါ် ဆိုမိပါ၏။

ဆရာဦးကျော်သူ ဦးစီးသည့် နာရေးကူညီမှုအသင်း မပေါ်ပေါက်မီက အခြေခံလူတန်းစားများ ဖြစ်ကြသည့် ဆင်းရဲချို့တဲ့သူများ သေဆုံးကြသည့် ကာလ၌ နာရေးရှင်များရဲ့ ကြီးမားကြသော လူမှုဒုက္ခများကို စာရေးသူအနေဖြင့် ဝမ်းနည်းဖွယ်ရာဖြင့် တွေ့မြင်ခဲ့ရပါ၏။ အချို့မှာ မည်မျှဆင်းရဲဒုက္ခရောက်ကြသည်ကို ရေးသား ဖော်ပြရပါလျှင် ကွယ်လွန်သွားသော သူတို့၏ မိသားစုဝင်တစ်ဦးကို ဖျာဖြင့်ပတ်၍ သင်္ဂြိုဟ်ခဲ့ရသည်ကို စာရေးသူ တစ်ချိန်က ကိုယ်တိုင် တွေ့ကြုံခဲ့ရ၍ သူတို့ရဲ့ ဘဝကံကြမ္မာသည် ဆိုးရွားလေစွဟု စိတ်ထဲ၌ မှတ်ယူမိခဲ့ပါ၏။ 'သတ္တဝါတစ်ခု၊ ကံတစ်ခု' ဆိုသည့် ဆောင်ပုဒ်အတိုင်း အတိတ်ကဖန်လာခဲ့ကြသည့် ကံတရားအတိုင်း လူတွေဟာ နာခံနေကြရပါလားဟု ထင်မြင်ယူဆမိပါ၏။ သေဆုံးခဲ့သော မိခင်ဖြစ်သူကို ဖျာဖြင့်ပတ်၍ သင်္ဂြိုဟ်ခဲ့ရသည့် သမီးဖြစ်သူ၏ မချိတင်ကဲပြောကြားခဲ့သည့်စကားများက-

"အမေရယ်၊ အမေ့ကို လူတစ်ယောက်လို မသင်္ဂြိုဟ်လိုက်ရတာ သမီးဘဝမှာ ဖြေဖျောက်လို့မရနိုင်တဲ့ အမည်းစက်ကြီးစွန်းထင်းကျန်ရစ်ခဲ့ရသလို ခံစားရပါတယ်"

ဟု ငိုကြွေးရင်း မေ့မြောသွားခဲ့သည်ကို တွေ့ကြုံခဲ့ရ၍ စာရေးသူ ရင်ထဲ၌ ဖော်ပြ၍ မရနိုင်သော ဝမ်းနည်းကြေကွဲရသည့် မြင်ကွင်းတစ်ရပ်ကို တစ်ချိန်က သုသာန်တစ်ခု၌ ကြုံတွေ့ခဲ့ရပါ၏။

ထိုအချိန်က စာရေးသူသည် လူပျိုလူလွတ်တစ်ဦးဖြစ်၍ ထိုအမျိုးသမီး၏နေအိမ်ကို စုံစမ်းမေးမြန်းခဲ့ပြီးနောက် သွားရောက်ခဲ့ပြီး ငွေကြေးအကူအညီများကို ပေးအပ်ခဲ့ပါ၏။ စာရေးသူလည်း တစ်နေ့နေ့တစ်ချိန်ချိန်မှာ မုချ သေဆုံးရမည်သာ ဖြစ်ပါ၏။ စာရေးသူရဲ့ တမလွန်ဘဝသို့ အမှန်တကယ် လိုက်ပါလာကြမည်က စာရေးသူ မသေဆုံးမီ ကာလမှာပြုခဲ့သည့် ကောင်းမှုကုသိုလ်များနှင့် မကောင်းမှုများ ဖြစ်ကြသည့် အကုသိုလ်တရားများပင် ဖြစ်ကြပါ၏။ မိမိခန္ဓာကိုယ် အပါအဝင် ငွေကြေးအ[illegible] မည်မျှပင် တန်ဖိုးရှိကြသည့်ပစ္စည်းများ ဖြစ်ပါစေ တမလွန်ဘဝသို့ လိုက်ပါလာကြမည် မဟုတ်ကြပါ။ ထို့အတွက်ကြောင့် စာရေးသူအနေဖြင့် နေ့စဉ်အသားလွတ်စားခြင်း၊ ကောင်းမှုကုသိုလ်များပြုခြင်းနှင့် ပရဟိတအကျိုးတို့ကို ရှေးရှုလျက် နေ့စဉ် ပြုမူဆောင်ရွက်လျက်ရှိပါ၏။

လုံ့ထမ်းလာသည်ကို မြင်ရ[illegible] မယ့် ကံထမ်းလာသည်ကို မမြင်ရပါ[illegible] သည့် ဆောင်ပုဒ်အတိုင်း စာရေးသူ [illegible] ဒါန်းခဲ့သည့် ဆင်းရဲနွမ်းပါးသူ နာရေး[illegible] အမျိုးသမီးဖြစ်သူမှာ ယခုမျက်မှော[illegible] ကာလ၌ လင်ကောင်းသားကောင်း [illegible] ခဲ့၍ တင့်တောင့်တင့်တယ်ဖြင့် ဘဝ[illegible] လမ်းကို လျှောက်လှမ်းနေပါသည်။ [illegible] နှင့် အိမ်ထောင်ကျသည့် ခင်ပွန်းဖြစ[illegible] မှာလည်း ကြင်နာသနားတတ်သူတ[illegible] ဖြစ်သလို သူမအလုပ်ရှင်၏ သား[illegible] ဦးလည်းဖြစ်ပါ၏။ ယောက္ခမနှင့် ခင်[illegible] ဖြစ်သူတို့မှာလည်း လူသားဆန်ကြ[illegible] သူများဖြစ်ကြ၍ သူမ၏ ဘဝ[illegible] ကြောင်းသည် မျက်လှည့်ပြလိုက်သ[illegible] အလား ဘဝတစ်ဆစ်ချိုး ပြောင်း[illegible] လာပါသည်။

တစ်ချိန်က အနောက်တိုင်းမှ [illegible] ရေးဆရာကြီးတစ်ဦး ရေးသားခဲ့သ[illegible]

"အသက်ရှင်နေသမျှ ကာလ[illegible] လုံး မျှော်လင့်ချက် ဆိုတာ ရှိပါတ[illegible] သေဆုံးပြီးမှသာ မျှော်လင့်ချက်ကုန်[illegible] တတ်ပါတယ်"

ဟူ၍ ဖြစ်ပါ၏။

တင်ထွန်း (စက်မှု-၂၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com


# လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ လာစေလိုသော် အပြင်ဓာတ်ရိုက်နည်း(မီးဓာတ်)



သတိပြုရန် *

မိမိလာစေလိုသူ၏အမည်ကို အဖျားမှစ၍ အရင်းရောက်အောင် ပြောင်းပြန်ရေးပါ။

၁။ တနင်္ဂနွေသား/သမီး လာစေလိုသော် အုန်းသား လက် (၆) သစ်ယူ၍ သရက်ပင်၊ သီးပင်၊ သင်ပင်၊ သီဟိုဠ်ပင် တစ်ပင်ပင်မှာ ဇောက်ထိုးစိုက်၊ သရက်သား၊ သီးသား တစ်ခုခုကို တံညှပ်လုပ်၍ အုန်းသားကိုညှပ်ပြီး မီးမှာကင်။ မကြာမီ လာ၏။




အမည်- အေးအေးခိုင်ကို အဖျားမှအရင်းရောက်အောင် ရေးထား၏

၂။ တနင်္လာသား/သမီး လာစေလိုက ကံ့ကော်သား လက်(၁၅)သစ်ယူ၍ အမည်ကို အဖျားကစ၍ အရင်းအထိရောက်အောင်ရေး၊ ဝါးယား ဖြစ်စေ၊ ရှောက်သားနှင့် ဖြစ်စေ တံညှပ်လုပ်၍ မီးကင်ပါ။

၃။ အင်္ဂါသား/သမီး လာစေလိုလျှင် ညောင်သား လက် (၈) သစ်ယူ ဖြတ်ပြီး လာစေလိုသူ၏အမည်ကို အဖျားမှအရင်းထိ ရောက်အောင် ရေးလျက် ပေါက်ပန်းဖြူ ပျဉ်းမသား ရရာနှင့် တံညှပ်လုပ်၍ မီးကင်ပါ။

၄။ ဗုဒ္ဓဟူးသား/သမီး လာစေလိုသော် လဲလူသား၊ ရွက်လှသား၊ ဝါးယားသား တစ်ခုခုကို လက် (၁၇) သစ်၊ တိုင်းဖြတ်၍ အမည်ကို အဖျားကစပြီး အရင်းရောက်အောင် ပြန်ရေးပါ။ ထန်းသား သို့မဟုတ် ခနိသားနှင့်ညှပ်၍ မီးကင်ပါ။

၅။ ကြာသပတေးသား/သမီး လာစေလိုသော် ပေါက်ပန်းဖြူသား သို့မဟုတ် ပျဉ်းမသား လက် (၁၉)သစ်ယူ၍ လာစေလိုသူ၏အမည်ကို အဖျားကစ၍ အရင်းရောက်အောင် ပြန်ရေးပြီးလျှင် ဆီးသားနှင့်ညှပ်၍ မီးကင်ပါ။

၆။ သောကြာသား/သမီး လာစေလိုလျှင် သီးသား သို့မဟုတ် သီဟိုဠ်သား လက် (၂၁) သစ် တိုင်းဖြတ်ယူ၍ အမည်ကို အဖျားကစ၍ အရင်းရောက်အောင် ပြန်ရေးပါ။ အုန်းလက်တံညှပ်လုပ်ပြီး မီးကင်ပါ။ လာ၏။

၇။ စနေသား/သမီး လာစေလိုပါက ထန်း၊ ထနောင်း၊ ခနိသားတစ်ခုခုကို လက် (၁၀)သစ် ဖြတ်ယူ၊ လာစေလိုသူ၏အမည်ကို အဖျားမှစ၍ အရင်းရောက်သည်အထိ ပြန်ရေး၊ ဝါးတံညှပ်နှင့် ညှပ်ပြီး မီးကင်ပါ။

**ခုနစ်နေ့သားသမီးလာစေလိုသော် (အတွင်းဓာတ်ရိုက်ပုံ)**

၁။ တနင်္ဂနွေသား/သမီး လာစေလိုသော် အုန်းပင်အောက်မှာ သီးသီးမြှုပ် သို့မဟုတ် သီဟိုဠ်သရက်သီးမြှုပ်ပြီး ရေ (၆) ခွက်လောင်း၊ တနင်္ဂနွေသား/သမီး အမြန်ပြန်လာစေရန် ဆုတောင်း။ အုန်းသီးစား၊ အုန်းသီးဆန်နှင့် သီးရွက်၊ သီဟိုဠ်သရက်ရွက် ရောစား။ လာ၏။

၂။ တနင်္လာနေ့သား/သမီး လာစေလိုလျှင် ကံ့ကော်ညွန့်ကို ဘုရားပလ္လင်ပေါ်တွင်တင်ပြီးမှ ပလ္လင်အောက်မှာထား၊ ရေ (၁၅) ခွက်လောင်း၍ လိုရာကို ဆုတောင်းပါ။

၃။ အင်္ဂါနေ့သား/သမီး လာစေလိုပါက ညောင်ညွန့်ကို အိမ်အတွင်းမြေမှာမြှုပ်၍ ရေ(၈)ခွက်လောင်းပါ။ လိုရာဆုတောင်းကာ ဆီးပေါင်းစားပါ။

၄။ ဗုဒ္ဓဟူးနေ့သား/သမီး လာစေလိုလျှင် ဘုရားမှာရွှေ (၇) ချပ်ချပြီး (ဗုဒ္ဓဟူးနံ၊ စနေနံ) ဒူးရင်းယိုစားပါ။ နာနတ်ယို စားပါ။

၅။ ကြာသပတေးနေ့သား / သမီး လာစေလိုပါက ကြွက်ကို ထမင်း(၃)ဆုပ်ကျွေးပြီး ကြာသပတေးနံနှင့် အင်္ဂါနံ ပေါက်စီ သို့မဟုတ် မုန့်စိမ်းပေါင်း စား၍ ဆုတောင်း။ လာ၏။

၆။ သောကြာနေ့သား/သမီး လာစေလိုပါက သီးကိုင်း ဖြစ်စေ၊ သီဟိုဠ်ကိုင်း ဖြစ်စေကို အုန်းပင်အောက်တွင် ဖြစ်စေ၊ အုန်းသီးအောက်မှာ ဖြစ်စေ မြှုပ်၍ ရေ (၆) ခွက်လောင်းကာ လိုရာဆုတောင်းပါလေ။

၇။ စနေနေ့သား/သမီး လာစေလိုသော် ထန်းပင် သို့မဟုတ် ခနိပင်၊ ထနောင်းပင် ရရာအပင်ကို ဓားနှင့် (၇)ထစ် ထစ်၍ ရေ (၇)ခွက်လောင်း၊ ဒူးရင်းယိုစား၊ ဆုတောင်းပါ။

*ခုနစ်နေ့သားသမီးများ အားလုံး စိတ်အေးချမ်းသာယာကြပါစေ*

မုဒိတာ(ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

(မိတ္ထီလာ)

# ကိုတင်လှိုင်

၁၉၉၇ ခုနှစ်က ဖြစ်သည်။

ထိုနှစ်က အညာဒေသတွင် မိုးခေါင်သည်။ ၁၉၉၅ မှ ၉၆၊ ၉၇ ခုနှစ်အထိ (၃)နှစ်ဆက်တိုက် မိုးခေါင်သည်။ (၃)နှစ်ဆက်တိုက်မိုးခေါင်သဖြင့် တောင်သူလယ်သမားများ အတိဒုက္ခရောက်ကြသည်။ စိုက်ပျိုးရေး မအောင်မြင်သဖြင့် ဆင်းရဲကျပ်တည်းကြသည်။ တောင်သူလယ်သမားများမှာ ဝမ်းစာအတွက် အခက်အခဲဖြစ်ကြသည်။ လူစာထက် နွားစာမှာ ရရာသစ်ရွက်သစ်ကိုင်းများကို ခုတ်ကျွေးကြရသည်။ နွားများမှာ ပြောင်းရိုး၊ မြက်အစား ရရာသစ်ရွက်ကို စားကြရသည်မှာ သနားစရာအ
ကောင်းသည်။

ဤကဲ့သို့ မိုးခေါင်သဖြင့် စို
သီးနှံများ မအောင်မြင်ဘဲဖြစ်ခဲ့ရသ
ကျွန်ုပ်တို့ မိတ္ထီလာမြို့နယ်တွင်
အခြားမြို့နယ်များနည်းတူ တော
လယ်သမားများမှာ စိုက်ပျိုးထား



www.burmeseclassic.com

မျှော်၍ စိုက်ပျိုးကြရာ ထင်သလောက် မိုးမရွာသဖြင့် နှစ်ခါပြန်၊ သုံးခါပြန် စိုက်ပျိုးခဲ့ကြရသည်။ ဤကဲ့သို့ (၃) နှစ်ဆက်တိုက် မိုးခေါင်၍ ရွာများရှိ ကန်များ ခန်းခြောက်ကုန်သည်။ တောင်သူလယ်သမားများအဖို့ သောက်သုံးရေ အခက်အခဲတွေ့ကြရသည်။ လူစာ၊ နွားစာအတွက် ဆင်းရဲကျပ်တည်းကြသည်။

မိုးခေါင်သဖြင့် စိုက်ပျိုးသီးနှံများမှာ မှန်းချက်နှင့်နှမ်းထွက်မကိုက်ဘဲဖြစ်နေသည်။ ဤတွင် မြို့နယ်မှ တိုင်းဒေသကြီးသို့ တင်ထားသော စိုက်ပျိုးသီးနှံ ရာထားချက်မှာ မကိုက်ဘဲဖြစ်ကုန်၏။ တောင်သူလယ်သမားများထွက်ရှိမည့် စိုက်ပျိုးသီးနှံ အောင်မြင်သည့် စာရင်းဇယား အတိအကျ လိုလာသည်။ စိုက်၊ အောင်၊ ထွက်စာရင်းကို တိုင်းဒေသကြီးသို့ အတိအကျပို့ ရန် ကျေးရွာများသို့ ကွင်းဆင်းစာရင်းကောက်ယူရန် အဖွဲ့များဖွဲ့၍ စာရင်းကောက်ယူစေသည်။ ကျေးရွာအရောက် စိုက်ပျိုးသီးနှံ စိုက်၊ အောင်၊ ထွက်စာရင်း အတိအကျ သိရှိရန်အတွက် စိုက်ပျိုးရေး၊ မြေစာရင်း၊ စိုက်ကြပ်အဖွဲ့၊ ကျေးရွာရယက၊ ကျေးရွာကွင်းနင်းစာရေး၊ ကျေးရွာရယကစာရေး၊ မြို့နယ်မယကအဖွဲ့ဝင်များ ပါဝင်သော စာရင်းကောက်ယူရေးအဖွဲ့များသည် ကျေးရွာများသို့အရောက် သွားရောက် ကွင်းဆင်းစာရင်းကောက်ယူရန် တာဝန်ကျလာသည်။

ဤတွင် ကျွန်ုပ်လည်း စိုက်ပျိုးရေးအဖွဲ့ဝင်အဖြစ် ကျေးရွာများသို့ ကွင်းဆင်းစာရင်းကောက်ယူရန် တာဝန်ယူရသည်။ ကျွန်ုပ်တို့အဖွဲ့ ကောက်ယူရမည့် ကျေးရွာများမှာ မိတ္ထီလာမြို့အနောက်ဘက်ရှိ ရှမ်းမငယ်နယ်မြေ ဖြစ်သည်။ ရှမ်းမငယ်နယ်မြေအတွင်းရှိ ကျေးရွာအုပ်စု (၁၅) အုပ်စုမှ ကျေးရွာပေါင်း (၄၅) ရွာအရောက် စာရင်းကောက်ယူရမည် ဖြစ်သည်။

ကျွန်ုပ်တို့ စာရင်းကောက်ယူရေးအဖွဲ့တွင် ပါဝင်သည့် မယကအဖွဲ့ဝင်၊ မြေစာရင်း၊ စိုက်ပျိုးရေး၊ စိုက်ကြပ်အဖွဲ့၊ ကျေးရွာရယကအဖွဲ့ဝင်များ၊ ကျေးရွာရယကစာရေးများ ပါဝင်သည့် စိုက်၊ အောင်၊ ထွက်စာရင်း ကောက်ယူရေးအဖွဲ့ဝင်များသည် ချောကားဟိုင်းလတ်တစ်စီးဖြင့် မိတ္ထီလာမြို့အနောက်ဘက် ရှမ်းမငယ်နယ်မြေအတွင်းရှိကျေးရွာများသို့ တစ်ရွာဝင်တစ်ရွာထွက် တပျော်တပါး ထွက်ခဲ့ကြသည်။

မိတ္ထီလာမြို့အနောက်ဘက် ရှမ်းမငယ်နယ်မြေအတွင်း ပါဝင်သည့် ကျေးရွာများမှာ လမ်းပန်းဆက်သွယ်ရေးခက်ခဲလှသည်။ အဓိက မုန်တိုင်ချောင်း၊ ဥယျာဉ်ချောင်းများကို ဖြတ်ကျော်ရ၏။ ရွာများမှာ ကုန်းများ၊ ချောက်များ၊ ချောက်ကမ်းပါးများ၊ ကမူများကို ဖြတ်၍ ဖောက်ထားသော လှည်းလမ်းကြမ်းဖြစ်သည်။ ကျွန်ုပ်တို့စီးလာသော ချောကားဟိုင်းလတ်မှာ မကြာခဏ အိတ်ဇောနှင့် လှည်းလမ်းမလွတ်သဖြင့် ဆင်း၍ မြေဖို့မောင်းယူရသည်။ လှည်းလမ်းကိုခွ၍မောင်းရသည်။ လှည်းလမ်းကြမ်းရသည့်အထဲ အတက်၊အဆင်းကလည်းများလှသည်။ ထို့ပြင် လှည်းလမ်းမှာ ကျဉ်းမြောင်းသဖြင့် လှည်းလမ်းဘေးရှိ သစ်ပင်၊ သစ်ကိုင်းများက ကားမိုးကာနှင့် လူများကို ဒုက္ခပေးလှသည်။ ချောကားသမား ကိုလှအောင်မှာ ချူသံပါအောင် ညည်းညူသည်။ ကားပေါ်ပါလူများ သစ်ပင်၊ သစ်ကိုင်းများ ပျက်စီးမထိခိုက်စေရန် မနည်းရှောင်ယူရသည်။

ဤကဲ့သို့ ကျွန်ုပ်တို့ စိုက်၊ အောင်၊



www.burmeseclassic.com

ထွက်စာရင်း ကောက်ယူရေးအဖွဲ့ဝင်များသည် ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ တစ်ရွာဝင်တစ်ရွာထွက် စာရင်းကောက်ယူလာကြရာ နောက်ဆုံး ညောင်ပင်လျှိုကျေးရွာအုပ်စုတွင် ပါဝင်သည့် ကတ္တူကန်ကျေးရွာသို့ ရောက်လာကြ သည်။ ကတ္တူကန်ကျေးရွာမှ စာရင်းကောက်ယူပြီး အိုမတွေ့ကျေးရွာသို့ စာရင်းကောက်ယူန် ခရီးဆက်ခဲ့ကြသည်။

ကတ္တူကန်ရွာနှင့် အိုမတွေ့ကျေးရွာအသွား ကားလမ်းမှာ အဆင်း, အတက် ကုန်းများ၊ ကမူများ၊ ချောက်များကို ဖြတ်ကျော်အပြီး ကွင်းပြင်အရောက်တွင် တောင်သူလယ်သမားများ စိုက်မျိုးထားသော စပါးခင်းများ၊ လယ်ကွင်းများ၊ ပဲစင်းငုံခင်းများကို ဖြတ်ကျော်ကာ ကားကို ဖြည်းဖြည်းမောင်းလာသည်။ အိုမတွေ့ကျေးရွာမရောက်မီ ပဲစင်းငုံခင်းအစပ် ကားလမ်းဘေးတွင် မမျှော်လင့်ဘဲ လှည်းဘီးခန့် ကျောက်ဖျာကြီးတစ်ချပ်ကို တွေ့လိုက်ရသည်။ ဤတွင် ကားရှေ့ခန်းမှလိုက်ပါလာသူကျွန်ုပ်က ယာဉ်မောင်း ကိုလှအောင်အား ကားရပ်ခိုင်းကာ ကားလမ်းဘေး ပဲစင်းငုံခင်းအစပ်ရှိ ကျောက်ဖျာကြီးကို ဆင်း၍ကြည့်ရှုသည်။

ကားရပ်ပြီး ကျွန်ုပ်က ပဲစင်းငုံခင်းအစပ်ရှိ ကျောက်ဖျာကြီးကို ကြည့်နေစဉ် ကားပေါ်ပါ လူအများလည်း ကားပေါ်မှဆင်း၍ ဝိုင်းအုံကြည့်ကြသည်။ ပဲစင်းငုံခင်းအစပ်ရှိ ကျောက်ဖျာကြီးမှာလည်း ဘီးအရွယ်ခန့်ရှိသည်။ ညီညာဝိုင်းစက်ပြီး ထုမှာ (၆)လက်မခန့်ရှိသည်။ ကျွန်ုပ်သည် လူအင်အားကလည်း ကောင်းလှသဖြင့် ဝိုင်းမ,၍ ကားပေါ်တင် သယ်ယူလာရန် အကြံပေါ်လာသည်။ ထို့ကြောင့် ကျွန်ုပ်က ကွင်းဆင်းအဖွဲ့ဝင်များအား -

"ကဲ - ဒီကျောက်ဖျာကြီးကို ကားပေါ်တင်ဖို့ ဝိုင်းကူကြပါ"

ဟု မေတ္တာရပ်ခံကာ ကျောက်ဖျာကြီး ကားပေါ်တင်ရန်အတွက် ပြင်ဆင်နေစဉ် ကတ္တူကန်ကျေးရွာမှ လမ်းပြလိုက်ပါလာသူ ရယကအဖွဲ့ဝင် ဦးသိန်းမောင်က ကပျာကယာ -

"ဆရာ၊ ဒါဘာလုပ်မလို့တုံး။ မသယ်ပါနဲ့ ဆရာ။ အားလုံးဒုက္ခရောက်ကုန်မယ်။ အိုမတွေ့ကျမှ ကျောက်ဖျာဇာတ်လမ်းပြောပြမယ်။ မသယ်နဲ့ ဆရာ၊ အားလုံး ကားပေါ်ပြန်တက်ကြပါ"

ဟူ ပြူးပြူးပျာပျာနှင့် ပြောပြောဆိုဆို ကြောက်လန့်တကြား ကားပေါ်ပြန်တက်သည်ကို တွေ့လိုက်ရာ ကျွန်ုပ်လည်း ဘုမသိဘမသိဘဲ ကားပေါ်ပြန်တက်လိုက်ရသည်။ ကားပေါ် လူစုံအရောက်တွင် ကားဆရာ ကိုလှအောင်က အိုမတွေ့ကျေးရွာသို့ ဆက်လက်မောင်းနှင်လာခဲ့သည်။

အိုမတွေ့ရွာ ရယကဥက္ကဋ္ဌ ဦးမြသန်းအိမ်ရှေ့ ကားရပ်လိုက်သည်။ ဦးမြသန်းအိမ်ရှေ့၌ တန်းလျားများ၊ ကုလားထိုင်များ၊ စားပွဲများ အရန်သင့်ထားရှိပြီး စားပွဲများပေါ်တွင် မြေပဲလှော်၊ လက်ဖက်၊ ထန်းလျက်၊ ရေနွေးကရား၊ ကြက်ဥကြော် စသည်ဖြင့် စားစရာဖွယ်ဖွယ်ရာရာများ ပြင်ဆင်ထားသည်။ ကျွန်ုပ်တို့စာရင်းကောက်အဖွဲ့လည်း စားပွဲဝိုင်းတွင်ထိုင်ပြီး စားစရာသောက်စရာများကို စားသောက်ရင်း ခေတ္တအနားယူနေကြသည်။

ထိုစဉ် ကျွန်ုပ်က ကတ္တူကန်ကျေးရွာမှ လမ်းပြဦးသိန်းမောင်အား ခေါ်ယူပြီး လမ်းဘေး၌တွေ့ခဲ့ရသော ကျောက်ဖျာဇာတ်လမ်းအား မေးမြန်းသည်။

ဦးသိန်းမောင်က -

"ဒီကျောက်ဖျာကြီးကို ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀) လောက်က ကတ္တူတန်ကျေးရွာက ဆေးဆရာကြီး ဦးစိန်မောင်က ကတ္တူတန်သိမ် အနောက်မြောက်ဘက်မှာရှိတဲ့ ကျောက်ဖျာကြီး (၇) ချပ်ထဲက အပေါ်ဆုံးကျောက်ဖျာတစ်ချပ်ကို ရွာတစ်ရွာက ဆေးကုအပြန် လှည်းသမား ကိုထွန်းလှနဲ့ ရွာသားများ အကူအညီနဲ့ အဝတ်ဖွပ်ဖို့အတွက် လှည်းနဲ့တိုက်ခဲ့တယ်။ ရွာရောက်ပြီး အိမ်ဝိုင်းထဲလည်း လှည်းဝင်ရော ဆေးဆရာဦးစိန်မောင်မိန်းမ ဒေါ်ဂွက်ထော် သွေးတက်သေတာပဲ ဆရာ။ ရွာသားတွေနဲ့ ရွာဦးဘုန်းကြီးက ဒီကျောက်ဖျာကြီးကြောင့် သေတာလို့ ဝိုင်းပြောကြပေမယ့် ဆေးဆရာ ဦးစိန်မောင်က တစ်ယူသန်သမားဖြစ်တယ်။ မယုံဘဲ သူ့မိန်းမ သူ့ရောဂါနဲ့သူသေတာလို့ ပြောတယ်။ ကျောက်ဖျာကြီးကို အိမ်ဝိုင်းထဲမှာ ချထားတယ်။

ဆေးဆရာဦးစိန်မောင်မိန်းမသေပြီး နောက်တစ်နေ့မှာပဲ ကျန်းကျန်းမာမာနဲ့ အမေ့အသုဘ ဝိုင်းဝန်း လုပ်ကိုင်နေတဲ့ ဆေးဆရာ ဦးစိန်မောင်သမီး မိဝိုင်းကြည်လည်း ရုတ်တရက်သေသွားတယ်ဆရာ။ ဒီမှာ လူတွေက ကျောက်ဖျာကြီးခိုက်လို့သေတာလို့ ယုံကြည်သွားတယ်။ ဒါနဲ့ ဆေးဆရာ ဦးစိန်မောင်ကို ကျောက်ဖျာကြီး ပြန်ပို့ဖို့ ဝိုင်းပြောကြတာပေါ့။ ဒါပေမယ့် ဦးစိန်မောင်က တစ်ယူသန်သမားပီပီ သူ့သမီး သေနေ့စွဲလို့သေတာ၊ ကျောက်ဖျာနဲ့ ဘာမှ မဆိုင်ဘူးဆိုပြီး ကျောက်ဖျာကြီးကို ဒီအတိုင်း အိမ်ဝိုင်းထဲဆက်ထားတယ်။

အဲ- ဆေးဆရာ ဦးစိန်မောင်မိန်းမနဲ့ သမီး သေပြီး နောက်တစ်နေ့မှာ ဆေးဆရာ ဦးစိန်မောင်လည်း အကောင်းပကတိက သေသွားတယ် ဆရာ။ သုံးရက်ဆက်တိုက် အကောင်းပကတိက လူတွေ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်သေသွားတာဟာ တိုက်ဆိုင်မှုမဟုတ်ဘူး။ ကျောက်ဖျာကြီးခိုက်တာလို့ လူတိုင်းက ယုံကြည်သွားတယ်။ ဒါနဲ့ ရွာသားတွေနဲ့ ရွာဦးဘုန်းတော်ကြီးက ဒီကျောက်ဖျာကြီး ရွာထဲမှာမထားဖို့နဲ့ လှည်းနဲ့တိုက်ခဲ့တဲ့ လှည်းသမား လှထွန်းကိုလည်း မင်းယူလာတဲ့နေရာသွားထား မထားရင် မင်းလည်း ဆက်သေမှာ ပြောပြီး ရွာသားတွေက ကျောက်ဖျာကြီးကို ဝိုင်းပြီးလှည်းပေါ်တင်ပေးလိုက်တယ်။ လှည်းသမား လှထွန်းလည်း ကြောက်ကြောက်လန့်လန့်နဲ့ ကျောက်ဖျာကြီးတင်လာပြီး အိုမတွေ့ရွာနဲ့ ကတ္တူကန်ရွာကြား သိမ်ကုန်းကျောင်းဘုန်းကြီးကျောင်းထဲထားမယ်လို့ ဘုန်းကြီးကျောင်းထဲလည်း လှည်းဝင်ရော ဆရာတော်က 'ဟေ့ကောင်- ငါ့ကျောင်းထဲ သုံးလောင်းပြိုင်ကျောက်ဖျာကြီး လာမထားနဲ့၊ ထွက်သွား' လို့ ဒေါပွပွနဲ့ အော်လွှတ်တော့ လှည်းသမားလှထွန်းလည်း ဘုန်းကြီးကျောင်းထဲက လှည်းပြန်ထွက်ပြီး ကြောက်ကြောက်ရွံ့ရွံ့နဲ့ ကျောက်ဖျာကြီးယူလာတဲ့နေရာ ပြန်မထားရဲဘဲ နေရာ လှည်းလမ်းဘေး ယာခင်းဘေးမှာ လှည်းနောက်မြီးလှန်ပြီးပစ်ထားခဲ့တာ ဒီနေ့ထိ ဘယ်သူမှမရွှေ့ရဲဘူး ဆရာ။ ဒါကြောင့် ဒီကျောက်ဖျာကြီးကို သုံးလောင်းပြိုင်ကျောက်ဖျာကြီးလို့ လူတိုင်းက ပြောနေကြတယ်။ အဲဒီကျောက်ဖျာကြီးကို ဒီနယ်တစ်ဝိုက်က လူတိုင်းသိကြတယ်။ ဒါကြောင့် ဆရာ့ကို ဒီကျောက်ဖျာကြီးမယူဖို့နဲ့ သယ်ခဲ့ရင် အားလုံးဒုက္ခရောက်မှာကြောက်လို့ တားရတာပါ ဆရာ"

ဟု ရှင်းပြသည်။

ကျွန်ုပ်လည်း ဦးသိန်းမောင် ရှင်းပြသည့် သုံးလောင်းပြိုင်ကျောက်ဖျာကြီး အကြောင်း ကြားသိရသဖြင့် ကြောက်လန့်သွားမိသည်။ အကယ်၍ လ



www.burmeseclassic.com

www.burmeseclassic.com

# မောင်စိမ်းဝေ
(ဘားအံ)

# ရှားပါးအစားအစာ ရေခူ

**…ခူဆိုသည်မှာ**

ရေခူကို ရခိုင်နှင့်တနင်္သာရီကမ်း …တန်းတစ်လျှောက်တွင် တွေ့ရသည်။ … ငဖန်ခွက်၊ ပင်လယ်ခူ စသည်ဖြင့် …သအခေါ်ကွဲပြားသည်။ တစ်ကောင် …း သို့မဟုတ် အုပ်လိုက်နေတတ်ကြ… ပင်လယ်ရေတွင် ငြိမ်သက်စွာ ပေါ် …ပေါ်လျက် နွေးကွေး လေးလံစွာ …ခပ်လေ့ရှိကြသည်။ ရေကူးရာတွင် …း ခေါင်းလောင်းပုံကိုယ်ခန္ဓာကို ရှုံ့ …ပွချည်ပြု၍ ကူးခြင်း ဖြစ်သော် …း အများအားဖြင့် ရေစီးကြောင်း … လှိုင်းသယ်ဆောင်ရာနောက်သို့ ရွေ့ …းမျောပါနေတတ်ကြသည်။


အချင်း (၁) လက်မမှ (၇) ပေအ… အကောင်များကို တွေ့ရသည်။ ခန္ဓာ …ယ်တစ်ခုလုံးသည် ဂျဲ(လ်)တင်ဖြင့် ပြီး …သည့်အလွှာကြောင့် ကျောက်ကျောတုံး …ကာန်ရှိသည်။ အဖြူ၊ အဝါ၊ အပြာ၊ …စိမ်း၊ အညိုနက်၊ ပန်းရောင် အမျိုးမျိုး …သည်။ ရေခူ တချို့မှာ ထိလျှင်ယားပြီး …ချို့မှာ မီးစနှင့်ထိုးသလို ပူလောင် …စားရသည်။ ရေခူထိ၍ ယားယံခြင်း၊ …လောင်ခြင်းကို ဒေသအခေါ် ပအုံး …ည် (အချဉ်ဖောက်ထားသော မနီရည်) …င့်စိမ်လျှင် ချက်ချင်းပျောက်ကင်းသည်။

**ရေခူသဘာဝ**

ရေခူကောင်၏ ကိုယ်ထည်တွင် ရေ (၉၀) ရာခိုင်နှုန်း၊ အသား (၁၀) ရာခိုင်နှုန်းရှိ၍ (၄) ပိဿာမှ (၁၀) ပိဿာနီးပါး အလေးချိန်စီးသည်။ ရေခူတို့၏ခြေထောက် (စမ်းလက်တံ) ကို ဖြတ်တောက်၍ ပင်လယ်ရေထဲ ပြန်ချပါက (၆) နာရီအတွင်း ရေခူကောင် အသစ်ဖြစ်သည်။ ထို့ပြင် ပင်လယ်ပြင်၌ မုန်တိုင်းကျရောက်မည်ကို (၁၀) နာရီမှ (၁၂) နာရီအတွင်း ကြိုတင်သိခြင်းသည်လည်း အလွန်ထူးခြားနေသည်။ အသံကို ကြိုတင်ထောက်လှမ်းနိုင်စွမ်းရှိသော ရေခူ၏အာရုံကြော စူးရှထက်မြက်မှုမှာ အံ့သြဖွယ် ဖြစ်သည်။

ရာသီဥတုသာယာလျှင် ကမ်းခြေတစ်ဝိုက် စုဝေးနေတတ်ကြပြီး မုန်တိုင်းလာတော့မည်ဆိုလျှင် ရေထဲသို့ သက်ဆင်း ငုပ်လျှိုးပျောက်ကွယ်သွားတတ်ကြသည်။ ရေခူ၏အာရုံခံအင်္ဂါတို့သည် အလင်းရောင်နှင့်မြေဆွဲအားကို တုံ့ပြန်ပြီး အကောင်တိမ်းစောင်းသွားလျှင် ပြန်၍ တည့်မတ်နိုင်သည်။

ဆောင်းနှင့်နွေရာသီ၏ ဇန်နဝါရီလနှင့် မေလ ရေသေရက်များ(ရေစစ်နှင့် ရေပြည့်အချိန်) ၌ ရေခူ အများဆုံးပေါ်တတ်ပြီး မိုးရာသီတွင် ရေအောက်၌အနေများသဖြင့် လုံးဝ မတွေ့ရပေ။ တစ်



နွေးသောပင်လယ်၌ ဤရေခူမျိုးစိတ်ကို ပေါ်များစွာ တွေ့ရသည်

…းသိန်းမောင်သာမပါက ကျွန်ုပ်သည် ဤကျောက်ဖျာကြီးကို သယ်မိမည်မှာ အမှန်ပင် ဖြစ်သည်။ သုံးလောင်းပြိုင် ကျောက်ဖျာကြီး သယ်မိပါက ကျွန်ုပ်နှင့် ကျွန်ုပ်မိသားစုအတွက် မစဉ်းစားဝံ့ဘဲ ကြက်သီးမွေးညင်းထမိသွားသည်။ ကတ္တူကန်ရွာမှ လမ်းပြ ဦးသိန်းမောင်အား အထူးကျေးဇူးတင်မိပါသည်။

ကတ္တူကန်ရွာနှင့် အိုမတွေ့ရွာအကြား သိမ်ကုန်းဘုန်းတော်ကြီးကျောင်း …င်းအတွင်းရှိ ကတ္တူကန်သိမ်မှာ မိတ္ထီလာမြို့၏ ရှင်အရဟံ သမုတ်တော်မူသော သမိုင်းဝင်သိမ် (၉) သိမ်တွင် ကန် အထက်လေးသိမ်အနက် တစ်သိမ် အပါအဝင်ဖြစ်သည်။ ရှင်အရဟံ အမှူးပြု၍ မထေရ်ကြီး(၉)ပါးနှင့် မထေရ်ငယ် (၁၆) ပါးတို့ အမှူးပြု၍ ပုဂံခေတ် မြန်မာနှစ် ၄၁၆ ခုနှစ် အနော်ရထာမင်းလက်ထက်က သမုတ်ခဲ့သော သမိုင်းဝင် သိမ် (၉) သိမ်တွင် တစ်သိမ် အပါအဝင်ဖြစ်သည်။ ထိုကတ္တူကန်သိမ်ကို 'ကပ်ကျော်ကပ်ပြန် ကတ္တူကန်သိမ်' ဟု သမုတ်ကြသည်။ ထိုသိမ်အတွင်းရှိ ကျောက်ဖျာကြီး (၇) ချပ်အနက် တစ်ချပ်ကို ဆေးဆရာကြီး ဦးစိန်မောင်က သယ်ယူခဲ့ခြင်း ဖြစ်သည်။ ဤကျောက်ဖျာကြီး (၇) ချပ်မှာ ပုဂံခေတ်ကတည်းက ရှိခဲ့သော ကျောက်ဖျာကြီးများဖြစ်နိုင်သည်။ ထို့အပြင် ဤကျောက်ဖျာကြီးများတွင် မမြင်နိုင်သော လျှို့ဝှက်ဆန်းကြယ်သည့်လက္ခဏာ ကိန်းစာတိုက်သည့်သတ္တိထူးများရှိနိုင်သည်။

ထိုကျောက်ဖျာကြီးများမှာ ယနေ့ထက်တိုင် ကတ္တူကန်သိမ်ကုန်းကျောင်း ဘုန်းတော်ကြီးကျောင်းအတွင်းနှင့် လယ်ကွင်းစပ်တွင် ရှိနေသေးသည်။ ယခုအဖြစ်အပျက်သည် တကယ့် ဖြစ်ရပ်မှန်ဖြစ်သည်။ လူနာမည်များလွှဲပြောင်းထားပါသည်။

ကိုတင်လှိုင်(မိတ္ထီလာ)



www.burmeseclassic.com


www.burmeseclassic.com



ပင်လယ်ရေထဲ ကူးခပ်နေသော
ရေခူတစ်ကောင်
(ခြေထောက်( စမ်းလက်တံ) များ
ရှည်လျားသည်)



ခူယား
(ထိလျှင် ယားယံသည်၊
ဖက်ယားကောင်ဟု ခေါ်သည်)



ခူမီး
(ထိလျှင် မီးစနှင့်ထိုးသလို
ပူလောင်ခံစားရသည်)

နေရာတွင် (၃) နှစ်လျှင် တစ်ကြိမ် ပေါ များစွာ ပေါ်တတ်သော ရေခူ၏ဓလေ့ သည်လည်း စိတ်ဝင်စားစရာ ဖြစ်သည်။ ရေခူတို့သည် ရေမျောကောင်အဖြစ် ဘဝသက်တမ်းတစ်ခုလုံးကို ကုန်လွန်စေသည်။

**ရေခူလုပ်ငန်း**

ရေခူလုပ်ငန်းတွင် ကူနီးလူနှင့် ရေလူဟူ၍ ခွဲခြားလုပ်ကိုင်သည်။ ရေခူဖမ်းဆီးခြင်းအတွက် စရိတ်စက နည်းပါးပြီး အလွယ်ကူဆုံးနှင့် အန္တရာယ်အကင်းဆုံးလည်း ဖြစ်သည်။ ရေခူဖမ်းကွက်သို့ လှေငယ်ကလေးများတွဲချိတ်ထားသော စက်လှေဖြင့် ထွက်ခွာကြပြီး လှေငယ်တို့က ရေခူဖမ်းကြသည်။ လှေငယ်တစ်စီးလျှင် ခူဖမ်းသမား (၂) ဦး သို့မဟုတ် (၃) ဦးပါသည်။ ရိုးတံရှည်သံချိတ်နှင့် ခူကောင်ကို လှေအနီးချိတ်ဆွဲသွင်းကာ ခြင်းကြားသဏ္ဌာန်ပြုလုပ်ထားသော သံတွင်းများဖြင့် လှေပေါ်သို့ ကော်ခပ်သဲ့ယူ ဆယ်မ, ရသည်။ ပျော့စိစိ ခူကောင် တစ်စစီ ပဲ့မထွက်အောင်၊ ပုံပန်းမပျက် ခူကောင်အလုံးလိုက်ရအောင် ဂရုစိုက်ရသည်။ ယားယံစေတတ်ပြီး အသုံးမလိုသော ခြေထောက် (စမ်းလက်တံ) တွဲလောင်းအပိုင်းတို လှေနံတွင် အသင့်တပ်ဆင်ထားသော သစ်သားစွန်းထက်ထက်၌ အကြမ်းထည် ဖြတ်တောက်၍ ပင်လယ်ထဲ ပစ်ချသည်။

ဆား၊ ကျောက်ချဉ်၊ ထုံး၊ ချွတ်ဆေးကို သုံး၍ ရေခူဆေးခြင်း၊ ရေခူလှန်းခြင်း အဓိကလုပ်ရသည်။ အရိပ်အောက်တွင် ကန်သုံးကန် တစ်ဆက်တည်းရှိရာ ပထမကန်၌ ရေခူစိုတစ်ထပ်၊ ဆားကြမ်းတစ်ထပ် ပက်ပေးရသည်။ (ဆားကြမ်းကို ဆားတစ်ပုံးနှင့် ကျောက်ချဉ် လက်တစ်ဆုပ် ရောနှော၏။) (၂၄) နာရီကြာလျှင် ရေခူအစို အကျိအချွဲများသန့်စင်စေရန် ထုံးသုံးပြီး ဘာရပ်(ရှ်)နှင့် ပွတ်တိုက်ခြင်း၊ အတက်အလက် အဖုအထစ်များကို ဖြတ်တောက် အနားညှိခြင်းပြု၍ ဒုတိယကန်သို့ ပြောင်းသည်။ ယခင်အတိုင်း ချွတ်ဆေးရောဆားကြမ်းဖြူးကာ အထပ်လိုက် ညီညီစီထည့်သည်။

(၄၈) နာရီကြာလျှင် အရည်စစ်ပြားချပ်လာသောရေခူကို တတိယတန်သို့ ပြောင်းပေးသည်။ ဤအဆင့်တွင် ဆားရည်သက်သက် ခပ်များများနှင့် ရေခူတစ်ထပ်၊ ဆားတစ်ထပ် နှံ့အောင်လိုက်ပေးခြင်းဖြင့် (၇၂) နာရီကြာက သဘာဝကုန်ကြမ်းရေခူခြောက် ရရှိသည်။ ရေခူအစို (၆) ပိဿာလျှင် အခြောက် (၁၀) ကျပ်သားခန့် ရရှိ၏။ ပန်းနုရောင် ရေခူအစိုမျိုးက အခြောက်ပြုလုပ်ရန် အကောင်းဆုံး ဖြစ်သည်။

**ရေခူစားလျှင်**

ရေခူခြောက်ကို ရေနွေးဖြော၊ ပွတက်လာလျှင် ခပ်ပါးပါးလှီးပြီး ဆီချက် ကျက်၊ ကြက်သွန်ကြော်၊ ပုစွန်ခြောက်၊ ဟင်းခတ်မှုန့်၊ ငံပြာရည်၊ မြေပဲဆ... ခရမ်းချဉ်သီး၊ ရှောက်ရွက်အုပ်၍ ... ရာရည်ညှစ် သုပ်စားလျှင် အရသာ ... လွန်ကောင်းပါသည်။ တထုတ်ထုတ်... ဝါးစားရသော ရေခူအရသာက ခံတွ... မြိန်စေပါသည်။ ရေခူသုပ်ကို ဈေး... ကြီးပေး ဝယ်စားရသည်။

ရေခူတွင် ပရိုတင်း၊ ဗီတာ... သတ္တုဓာတ်နှင့် အခြားဖြပ်ပေါင်းပ... များ စသော အာဟာရဓာတ်တို့ပေါ... ပါဝင်သဖြင့် သွေး၊ လေ၊ သလိပ်... သင့်သည်။ အစာကြေလွယ်သည်။ ... တိုးရောဂါ ပျောက်ကင်းစေပြီး ... ရောဂါဖြစ်ရန် အလားအလာနည်း... သည်ဟုဆိုပါသည်။ အရိုးအဆစ်... ကိုက်ခဲခြင်းမှ သက်သာစေပြီး အရိုး... အရိုးပွကို တာကွယ်သည်။ အရိုးတို... ထွားသန်မာစေသည်။ လိင်အား... သည့် ဟော်မုန်းဓာတ်လည်း ပါဝင်မှု... မြင့်မားသည်။

ထိုင်း၊ စင်ကာပူ၊ ဟောင်ကော... တရုတ်၊ ဂျပန်နှင့် အနောက်နိုင်ငံ... တွင် ရေခူကို မက်မောစွာ စားသုံး... သည်။

ရေခူ (JELLY FLSH) သည် ... ကြိုက်များသော ရှားပါးအစားအစာ... မျိုးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်...

မောင်စိမ်းထွေး(ထားဝယ်...



www.burmeseclassic.com

www.burmeseclassic.com



ဝေဿဝဏ်၏
လျှို့ဝှက်နက်ရှိုင်းစွာသော

းအောင်(ဂမ္ဘီရ)

ဝေဿဝဏ် ဆိုသည်မှာ တခြား ဟုတ်၊ ဝေဿဝဏ်နတ်မင်းကြီး (ခေါ်) ဝေဿဝဏ်နတ်မင်းကြီးပင် ဖြစ်သည်။ ဤဝေဿဝဏ်နတ်မင်းကြီး၏တခြားအမည်နာမတော်တစ်ခုမှာ ကုဝေရ ဖြစ်၏။ ဒ္ဓစာပေထဲတွင် ကုဝေရ အမည်ဖြင့် ပို၍ ထင်ရှား၏။ ဤကုဝေရနတ်မင်းကြီးသည် ဓတရဋ္ဌနတ်မင်းကြီး၊ ဝိရူပက္ခ၊ ဝိရုဠ္ဟကနတ်မင်းကြီးတို့နှင့် အတူ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးအဖြစ် အကျော်တစော ရှိ၏။ ဤစတုမဟာရာဇ်နတ်မင်းကြီးတို့သည် စတုလောကပါလနတ်မင်းကြီးများ၊ လောကပါလနတ်မင်းကြီးများဟု ခေါ်ဝေါ်ခြင်းကိုလည်း ခံယူထားရပေသေးသည်။ တစ်နည်းပြောရလျှင် ဤကုဝေရနတ်မင်းကြီး အပါအဝင် စတုမဟာရာဇ်နတ်မင်းကြီးတို့သည် စတုမဟာရာဇ်နတ်ပြည်ကို အစိုးရသူများ ဖြစ်သည်ဟု ဆို၏။

ပရနိမ္မိတ ဝသဝတ္တီ၊ နိမ္မာနရတိ၊ တုသိတာ၊ ယာမာ၊ တာဝတိံသာ၊ စတုမဟာရာဇ် ဟူသော နတ်ပြည်ခြောက်ထပ်တို့သည် အစဉ်တစိုက် ထက်-အောက် အဆင့်ဆင့်ရှိပြီး စတုမဟာရာဇ်သည် အောက်ဆုံးအဆင့်တွင် တည်ရှိသည်။ ယူဇနာ (၈၄၀၀၀) အမြင့်ဆောင်သော မြင်းမိုရ်တောင်၏တစ်ဝက်ကို ယုဂန္ဓိုရ်တောင်ထိပ်တွင် စတုမဟာရာဇ် နတ်ပြည်သည် တည်ရှိပြီး တာဝတိံသာနတ်ပြည်သည် မြင်းမိုရ်တောင်ထိပ်၌တည်ရှိကာ ကျန်နတ်ပြည်များသည် အာကာသ မိုးကောင်းကင်ပေါ်တွင် တည်ရှိသည်ဟု ဆို၏။

သာရတ္ထဒီပနီ ဋီကာကျမ်းထဲတွင် မြင်းမိုရ်တောင်၏အရှေ့ဘက်သည် ငွေရောင်၊ တောင်ဘက်သည် ပတ္တမြားညိုရောင်၊ အနောက်ဘက်သည် ဖန်ရောင်၊ မြောက်ဘက်သည် ရွှေရောင်အဆင်းတို့ရှိသည်ဟုဖော်ပြထားသည်။ ဆက်လက်ပြီး ဓတရဋ္ဌနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏အရှေ့ဘက်ကို၊ ဝိရုဠ္ဟကနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏တောင်ဘက်ကို၊ ဝိရူပက္ခနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏အနောက်ဘက်ကို၊ ကုဝေရနတ်မင်းကြီးသည် မြင်းမိုရ်တောင်၏ မြောက်ဘက်ကို အုပ်စိုးခွင့်ရရှိပြီးလျှင် ဓတရဋ္ဌနတ်မင်းကြီးသည် ဂန္ဓဗ္ဗနတ်တို့ကို၊ ဝိရုဠ္ဟကနတ်မင်းကြီးသည် ကုမ္ဘဏ်တို့ကို၊ ဝိရူပက္ခနတ်မင်းကြီးသည် နဂါးတို့ကို၊ ကုဝေရနတ်မင်းကြီးသည် ဘီလူးတို့ကို အုပ်ချုပ်ခွင့်ရရှိထားသည်ဟု ဆို၏။

ဤနေရာ၌ ကုဝေရနတ်မင်းကြီး (ခေါ်) ဝေဿဝဏ် နတ်မင်းကြီးနှင့်စိန္ဓယ်သမျှကို အထူးတလည်မီးမောင်းထိုးတင်ပြချင်ပါသည်။ ကုဝေရနတ်မင်းကြီးသည် ယခု နတ်မင်းကြီးဘဝကို မရမီ တစ်ဘဝက ကုဝေရမည်သော ပုဏ္ဏားဖြစ်ခဲ့လေသည်။ ထိုကုဝေရပုဏ္ဏားသည် ကြံစိုက်ခင်းပိုင်ရှင်ဖြစ်ပြီးလျှင် ကြံကြိတ်ယန္တရားစက် ခုနစ်လုံးကိုလည်း ပိုင်ဆိုင်လေသည်။ ကြံကြိတ်ယန္တရားခြောက်လုံးမှရသော ကြံရည်ကို အသက်မွေးဝမ်းကျောင်းအတွက် ရောင်းချစားသောက်ပြီးလျှင် နောက်တစ်လုံးမှရသောကြံရည်ကို လာလာသမျှ လူသူလေးပါးတို့အားလှူဒါန်းပေးဝေခဲ့သည်မှာ လူ့သက်တမ်းတစ်လျှောက်လုံး ဖြစ်သည်။ ထိုစဉ်က လူ့သက်တမ်းမှာ အနှစ်နှစ်သောင်းဖြစ်သည် ဟူ၏။ ကုဝေရပုဏ္ဏားသည် ထိုဘဝမှ သေလွန်လျှင် ထိုကုသိုလ်ကောင်းမှုကြောင့် ကုဝေရနတ်မင်းကြီးအဖြစ်ကို ရောက်ရှိရသည် ဆို၏။ ကုဝေရ ဟူသော အမည်နာမသည် ကုဝေရပုဏ္ဏားဘဝကအမည်ကို နတ်မင်းကြီးကဆက်ခံခဲ့သည် ဖြစ်၏။ ကုဝေရနတ်မင်းကြီးသည် နတ်တို့သနင်း သိကြားမင်းကဝိသာလာ အမည်ရှိသော နတ်မြို့တော်ကို အုပ်ချုပ်ရန် ပေးနှင်းခံရသောအခါဝယ် ဝေဿဝဏ္ဏ ဆိုသော အမည်သစ်ကို ရရှိခဲ့သည် ဟူ၏။ နောက်ပိုင်းတွင် ဝေဿဝဏ်ဟု ပြောင်းလဲခေါ်ဝေါ်လာကြသည်။ ဤသို့ဖြင့် ကုဝေရနတ်မင်းကြီးတွင် ဝေဿဝဏ္ဏ၊ ဝေဿဝဏ်ဟုနာမည်သညာများ ရရှိလာခဲ့ခြင်းဖြစ်၏။

တစ်ခါ မဟာအာဋာနာဋိယသုတ်၊ မဟာသမယသုတ်၊ ဥပ္ပာတသန္တိပရိတ်ကြီးတို့အလိုအရ ကုဝေရနတ်မင်းကြီးသည် မြောက်အရပ်၌နေကြကုန်သော နတ်တို့ကို ဆုံးမစီရင်တော်မူ၏။ ကုဋေတစ်သိန်းမျှသော ဗိုလ်ပါအခြံအရံ ရှိတော်မူ၏။ ထိုကုဝေရနတ်မင်းကြီးသည် အရပ်လေးမျက်နှာ၌ နေကြကုန်သော ဘီလူးတို့ကို အုပ်စိုးသောမင်း ဖြစ်၏။ ကုဝေရ နတ်မင်းကြီး၏ သားတော်တို့သည် ဣန္ဒ အမည်ချည်း ရှိကြကုန်၏။ ကိုးကျိပ်တစ်ပါး များကြကုန်၏။ ကြီးမားသော ခွန်အား၊ များပြားသော ဗိုလ်ပါရှိကြကုန်၏ဟု ဖော်ပြထားသည်ကိုတွေ့ရှိရပါသည်။

အဘိဓာန်ကျမ်းထဲမှာကား-

'ဝေဿဝဏ္ဏ၏သားတော်ဖြစ်ကာ လူယာဉ်ကိုစီးနင်းတော်မူသော ကုဝေရနတ်မင်းသည် ဘီလူးတို့ကို အစိုးရ၏။ ထိုနတ်မင်း၏ပြည်ကား အာဠကမည်၏။ အာဠကမန္ဒလည်း မည်၏။ လက်နက်ကား ချွန်းတောင်းတည်း'

ဟု ပြဆိုထားသည်ကို တွေ့ရှိရပေသေးသည်။

အမရကောသ အဘိဓာန်ထဲမှာမူကား-

'ကုဝေရနတ်မင်းကြီးသည် (၁)



www.burmeseclassic.com

www.burmeseclassic.com

စက်ဆုတ်ဖွယ်ကောင်းသောကိုယ်ခန္ဓာရှိသူ၊ (၂) မဟေသူရနတ်မင်း၏ အဆွေခင်ပွန်းဖြစ်သူ၊ (၃) ဘီလူးတို့၏မင်းဖြစ်သူ၊ (၄) ဥစ္စာစောင့်နတ်တို့ကို အစိုးရသူ၊ (၅) လူတို့အကျင့်တရားမျိုးရှိသူ၊ (၆) ဥစ္စာပေးတတ်သူ၊ (၇) ဥစ္စာစောင့်တတ်သူ၊ (၈) ရက္ခိုသ်တို့၏မင်းဖြစ်သူ၊ (၉) ပစ္စည်းဥစ္စာတို့၏ပိုင်ရှင်ဖြစ်သူ၊ (၁၀) ဝိသာကာမည်သောနတ်ပြည်ကို အစိုးရသူ၊ (၁၁) ပေါလိတ္တိနတ်၏မြေးဖြစ်သူ၊ (၁၂) လူနှင့်ယှဉ်သော ထမ်းစင်ရှိသူ၊ (၁၃) အရုပ်အစောင့်အဖြစ် ပူဇော်အပ်သောသူ၊ (၁၄) မျက်စိတစ်ဖက်ကြောင်သောသူ၊ (၁၅) ဖလဝိလအမည်ရှိသောနတ်သမီး၏မြေးဖြစ်သူ၊ (၁၆) ကျက်သရေတို့ကိုပေးတတ်သူ၊ (၁၇) ဘုန်းတန်ခိုးရှိသောဘီလူးတို့၏အရှင်သခင်ဖြစ်သူ'

ဟု ပရိယာယ် (၁၇) မျိုးဖြင့် ဖွင့်ဆိုထားသည်ကို တစ်မူထူးခြားစွာတွေ့သိရပြန်သေးသည်။

ထို့အပြင် အဘိဓာန်ဋီကာထဲမှာကား-

'တိစရဏဌာဒိ ဘယာနက မတ္တိတာယ-ခြေသုံးဖက် အစွယ်ရှစ်ချောင်းဖြင့် ကြောက်မက်ဖွယ်ရှိသည့်အဖြစ်ကြောင့်၊ အဿ- ထိုနတ်မင်းအား၊ ကုစ္ဆိတံ- စက်ဆုတ်ဖွယ်ကောင်းသော၊ ဝေရောသရီရ-ခန္ဓာကိုယ်သည်၊ အတ္ထိ-ရှိ၏၊ ဣတိတသ္မာ-. ထို့ကြောင့်၊ ကုဝေရော- ကုဝေရ မည်၏'

ဟု ဝိဂြိုဟ်ပြုထားသည်ကို တွေ့ရှိရပေသည်။ ဤသည်ကို ပညာရှင်တချို့က ဤဋီကာဆရာကား သာသနာကျမ်းကိုယ်ဖြစ်လျက် အဋ္ဌကထာကို မလိုက်၊ လောကီဘက်လိုက်လွန်းသည်ဟု မှတ်ချက်ပေးကြသည် ဖြစ်၏။

ထိုအဘိဓာန်ဋီကာထဲ၌ပင်-

'ကုဝေရနတ်မင်း၏ဥယျာဉ်သည် ဆန်းကြယ်သော ရထားဖြင့် သွားအပ်သောခရီး၌ တည်ရှိသောကြောင့် စိတြရထ မည်၏။ ထိုနတ်၏သားသည် ကျူတော၌ကစားတတ်သောကြောင့် နလကုဝေရဟု မည်၏။ နေရာအရပ်ကား ကစားမြူးထူးသူတို့နေရာ ဖြစ်သောကြောင့် ကေလာသ မည်၏။ ရေဖြင့်တင့်တယ်ခြင်းရှိသောကြောင့်လည်း ကေလာသ မည်၏'

ဟု ဖော်ပြထားသည်ကို တွေ့ရှိရပြန်သေးသည်။

တစ်ခုသော ဟိန္ဒူကျမ်းမှာကား-

'ကုဝေရနတ်မင်းသည် ဝိသဝသ ရ ရသေ့၏သားဖြစ်သောကြောင့် ဝိသဝဏ, ဝိသရဝဏဟုတွင်ကြောင်း၊ ကုဝေရသည် နှစ်ပေါင်းတစ်ထောင်မျှငြိမ်ခြံကျင့်ကြံအားထုတ်သောကြောင့် ဗြဟ္မာကြီးက အသက် အတိုင်းမသိရှိသောဆုကို ချီးမြှင့်ပြီးလျှင် ပစ္စည်းဥစ္စာတို့၏ အရှင်သခင်အဖြစ် ခန့်အပ်ထားကြောင်း၊ ကမ္ဘာမြေပေါ်ရှိ ရတနာဥစ္စာအားလုံးကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရန် အပ်နှံထားကြောင်း၊ ထိုက်သူတန်သူများပေါ်ပေါက်လာပါက ထိုရတနာပစ္စည်းဥစ္စာများကို သင့်သလို ထုတ်ပေးရန်လည်း လွှဲအပ်ထားကြောင်း၊ ကုဝေရနတ်မင်း၏ဘုံဗိမာန်မှာ ကေလာသတောင်ဖြစ်ကြောင်း၊ သို့ရာတွင် ကမ္ဘာပေါ်ရှိ ရတနာပစ္စည်းဥစ္စာ အားလုံးကို ထိန်းသိမ်းစောင့်ရှောက်ရန် လွှဲအပ်သောအခါဝယ် လင်္ကာကျွန်းကို အပိုင်စားပေးလိုက်ကြောင်း'

စသည်ဖြင့် ပြဆိုထားသည့်ကို တွေ့ရပေသေးသည်။

တစ်ဖန် သုတ္တနိပါတ် အဋ္ဌကထာကို ကိုးကားလျက် ရှေးပညာရှိတို့က-

'ဝေဿဝဏ္ဏော၊ ယမောသက္ကော၊ အာဠဝကတို့၊ နိစ္စကိုင်စွဲ၊ ရန်ထိပ်စွဲသား၊ တွေ့ခဲသံချောင်း၊ ငွဲစောင်းမျက်ရှိန်၊ ဝရဇိန်မိုးကြိုး၊ ပုဆိုးနှင့်သော်၊ လေးပါးကျော်သို့ . . .

ဟု စပ်ဆိုချက်အရ (၁) ကုဝေရ (ဝေဿဝဏ်) နတ်မင်းကြီး၏ ဂဒါခေါ် တင်းပုတ်သံချောင်းလက်နက်၊ (၂) ယမမင်း (သေမင်း) ၏ မျက်စောင်းလက်နက်၊ (၃) သိကြားမင်း၏ဝရဇိန်မိုးကြိုးလက်နက်၊ (၄) အာဠဝကဘီလူးမင်း၏ ဘွဲ့ဖြူလက်နက်သည် အလွန်ထင်ရှားလှသည့် စွမ်းအားပြင်း လက်နက်ကြီးလေးပါးဟု ဖော်ပြကြလေ့ရှိပါသည်။

ထိုအထဲတွင် ကုဝေရ (ဝေဿဝဏ်) နတ်မင်းကြီး၏ ဂဒါ (တင်းပုတ်သံချောင်း) လက်နက်ကို ပိုမို အသိများပုံပေါ်သည်။ ထိုကုဝေရနတ်မင်းကြီးသည် ယမ်းပုံမီးကျဒေါသတကြီးနှင့် သူ၏ ဂဒါလက်နက်ကို ပစ်လွှတ်လိုက်လျှင် ဘီလူးတစ်ထောင်၏ဦးခေါင်းကိုပြတ်ကျစေပြီးမှ ထိုလက်နက်သည် ကုဝေရနတ်မင်းကြီးထံ ပြန်ရောက်လာသည် ဟူ၏။ ယခုခေတ် ဘူးမရင်း (Boomerang) လက်နက်မျိုး ဖြစ်ဟန်တူသည်။ ဘီလူးတို့သည် ထိုဂဒါလက်နက်မှရှောင်တိမ်းရန် မလွယ်သဖြင့် အလွန်ကြောက်ရွံ့ကြသည် ဟူ၏။

ကုဝေရ (ဝေဿဝဏ်) နတ်မင်းကြီးသည် သူ့လက်အောက်ခံ ဘီလူးများကို ဆုပေး ဒဏ်ပေးစနစ်ဖြင့် အုပ်ချုပ်ခဲ့ဟန်တူသည်။ ကုဝေရနတ်မင်းကြီးသည် အကြောင်းအမျိုးမျိုးကြောင့် ဘီလူးများကို နေရာဒေသသတ်မှတ်ပေး၍ ဖြစ်စေ၊ အချိန်ကာလသတ်မှတ်ပေး၍ ဖြစ်စေ လူသား အပါအဝင် သတ္တဝါများအား သတ်ဖြတ်စားသောက်ခွင့်ကို ရံဖန်ရံခါ ပေးနှင်းလေ့ရှိပုံပေါ်သည်။

ဥဒါဟရဏ် ဆိုရသော် ပဒကုသလဇာတ်တော် အလိုအရ အဿမုခီ ဘီလူးမသည် ဝေဿဝဏ်နတ်မင်းကြီး (ကုဝေရ) ၏ခွင့်ပြုချက်အရ သူမ အပိုင်စားရသော တောအုပ်ကို ဖြတ်သန်းသွားလာခိုလှုံသော လူ၊ တိရစ္ဆာန် သတ္တဝါအပေါင်းတို့ကို ဖမ်းဆီးစားသောက်လေ့ရှိသည် ဖြစ်၏။ တစ်နေ့ ရုပ်ရည်ကောင်းသော ပုဏ္ဏားလုလင်ပျိုကိုဖမ်းဆီးရသော် သတ်ဖြတ်စားသောက်ခြင်း မပြုတော့ဘဲ လင်ပြု၍နေလေ၏။ အချိန်တန်သော် သူတို့တွင် ပဒကုသလသတို့သားကို မွေးဖွားခဲ့လေသည်။ နောင်တွင် ပဒကုသလ သတို့သား သားအဖသည် အဿမုခီဘီလူးမကို စွန့်ခွာပြီး လူတို့နေရာ မြို့ပြပြည်ရွာကို ပြေးလေသော် မိခင်ဘီလူးမက ပဒကုသလ သတို့သားအား စိန္တာမဏိဂါထာကိုပေးလိုက်သည် ဆို၏။ ထိုဂါထာ၏အစွမ်းသည် (၁၂) နှစ်က သူခိုးကို ရှာဖွေဖမ်းဆီးနိုင်သည် ဟူ၏။

ထို့နောက်တစ်ဖန် အာယုဝဍ္ဍန... အလိုအရလည်း ဒီဃလင်္ဂိကမြို့သား ပုဏ္ဏားလင်မယား၏မွေးကင်းစကလေးငယ်ကို ဝေဿဝဏ်နတ်မင်းကြီး (ကုဝေရ) ၏ခွင့်ပြုချက်အရ အဝရုဒ္ဓကဘီလူး... က ခုနစ်ရက်အတွင်း စားသောက်... လာမည်ဖြစ်ကြောင်းကို ထိုလင်မယား၏မိတ်ဆွေ တက္ကတွန်းက ကြိုတင်သ... ပေး အကြံပေးသဖြင့် ထိုကလေးငယ်... မိဘ ပုဏ္ဏားလင်မယားတို့ သူတို့အိမ်... တွင် မဏ္ဍပ်ဆောက်လုပ်ကာ ဘုရားနှင့် ရဟန္တာများပင့်ဖိတ်လျက် ပရိသတ်များအား ဖိတ်ခေါ်ကာ ခုနစ်ရက်... တိုင် တရားနာပွဲ ကျင်းပလေသည်။ ... ကလေးငယ်၏မိဘများသည် ထိုကလေးငယ်ကို ပရိသတ်နှင့်ရဟန္တာများအလယ်... တွင် ထားကာ တရားဒေသနာကို ... ကြားလေသည်။ အဝရုဒ္ဓကဘီလူးသည် သတ်မှတ်ရက်အတွင်း ထိုကလေး... ကို ဖမ်းဆီးစားသောက်ရန် ကြိုးစား... သော်လည်း သီလ၊ သမာဓိ၊ ပည... ဘုန်းသမ္ဘာကြီးမားသူတို့၏ အလယ်... ထိုကလေးငယ်ကိုထားရှိကာ တရား... ကြားကြသည့်အတွက် ထိုဘီလူးသည်... အနားကိုပင်မသီနိုင်ဘဲဖြစ်နေရာ အ... အရေးကို စောင့်ဆိုင်းနေရင်းဖြင့် သ... မှတ်ပေးသော ခုနစ်ရက်စေ့ရောက်... သောကြောင့် ထိုဘီလူးသည် ထိုက... ငယ်အားစားသောက်ခွင့် လက်... ရှုံးခဲ့ရလေသည်။ ထိုကလေးငယ်သည်



www.burmeseclassic.com

www.burmeseclassic.com

အသက် (၁၂၀) ပြည့် ရှင်သန်နေထိုင်ခဲ့ရလေသည် ဟူ၏။

ကုဝေရနတ်မင်းသည် ဘီလူးများကို ထိုကဲ့သို့ စားသောက်ခွင့်ကိုသာ ပေးခဲ့သည်မဟုတ်၊ ဘေးဒုက္ခအန္တရာယ်ကြုံနေသောသူများကိုလည်း ကယ်တင်ပေးရန် စေခိုင်းခဲ့သည်ကိုလည်း တွေ့ရှိရပေသေးသည်။ ပါယာသိရာဇည ဇာတ်တော်ထဲတွင် သဲကန္တာရအလယ်တွင် လမ်းပျောက်၍ တဝဲလည်လည်ဖြစ်နေသော လှည်းကုန်သည်ဝတ်ထောင်တို့အား ကုဝေရနတ်မင်းကြီး၏တာဝန်ပေးချက်အရ ပါယာသိရာဇညနတ်သားကသူ၏တန်ခိုးဖြင့် ကယ်တင်စောင်မ,ပေးခဲ့ရသည် ဖြစ်၏။ ပြီး-အဠဋ္ဌနရဇာတ်တော်ထဲတွင်လည်း ဝေဿဝဏ် (ကုဝေရ) နတ်မင်းကြီး၏ တာဝန်ပေးချက်အရ အဠဋ္ဌနရသရက်ပင်ကို သံကွန်ချာခုနစ်ထပ်အုပ်လျက် ဘီလူးတစ်ထောင်က စောင့်ကြပ်ပေးရသည် ဆို၏။

ဤသည်တို့ကို အခြေခံလျက် ပညာရှင်တချို့က ဝေဿဝဏ် (ကုဝေရ) နတ်မင်းကြီးသည် ဘီလူးတို့ကို အုပ်စိုးသည်ဆိုရာ၌ နတ်ဘီလူးကိုသာမက ပိဋကတ်ဘီလူးတို့ကိုပါ အစိုးရသည်ဟု ဝိတ္တာရချဲ့ကြသည်။ ၎င်းမှဆက်နွယ်လျက် တစ္ဆေ၊ သရဲ၊ သဘက်၊ ကျတ်၊ ဥစ္စာစောင့်၊ မှင်စာ၊ နတ်ဆိုး၊ နတ်စိမ်းစသည်တို့ကိုပါ စိုးမိုးခွင့်ရှိသည်ဟု ဆိုကြပြန်သည်။ ယင်းအပြင် စူဠဂန္ဓာရီပညာအလိုအရ ဖုတ်ကြီး (၄၀)၊ ကဝေ (၉၉)၊ (၃၇) မင်း၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗစသော အောက်နတ်ပုဂ္ဂိုလ်များ၊ မဟာဂန္ဓာရီပညာအလိုအရ သူရဿတီ အပါအဝင် ဒေဝီ (၁၂) ပါး၊ သာသနာစောင့်နတ်မင်းကြီးငါးပါး၊ စတုလောကပါလနတ်မင်းကြီး (၄) ပါး၊ ဘိုးတော်သိကြားမင်း စသော အထက်နတ်ပုဂ္ဂိုလ်များတို့သည် ကုဝေရ (ဝေဿဝဏ်) နတ်မင်းကြီးနှင့် တစ်နည်းမဟုတ်တစ်နည်း ပတ်သက်ရာပတ်သက်ကြောင်း ရှိနေသည်ဟု ဆိုကြပြန်သည်။

ထို့ပြင်တစ်ဝ စိတ်ဝင်စားစရာတစ်ခုက မြန်မာ့ရိုးရာ နတ်ယုံကြည်မှုဓလေ့တစ်ခုအရ အပြင် (၃၇) မင်းနတ်စာရင်းထဲတွင် မတေရဋ္ဌနတ်၊ ဝိရုဠှကနတ်၊ ဝိရူပက္ခနတ်၊ ကုဝေရနတ် ဟူ၍ အမည်စာရင်းတည့်သွင်းထားသည်ကို ထူးထူးခြားခြားတွေ့ရှိရသည်။ ပြီး- မတေရဋ္ဌနတ်ကို ပြသမသင်္ကနတ်၊ ဝိရုဠှကနတ်ကို ရွှေပြည်စင်နတ်၊ ဝိရူပက္ခနတ်ကို ဘုံသကြီးနတ်၊ ကုဝေရနတ်ကို ဆွေသင်နတ်ဟု နာမည်သစ်ပေးထားသည်ကိုလည်း တွေ့ရှိရပေသေးသည်။ နောက်ပုဂံပြည့်ရှင် အနော်ရထာမင်း၏စီမံခန့်ခွဲမှုဖြင့် ထားရှိသောရွှေစည်းခုံစေတီတော် အတွင်းပရိဝုဏ်ထဲရှိ အပြင် (၃၇) မင်းတို့ထဲတွင် ကုဝေရနတ်မင်းကို ဆူးတပ်တင်းပုတ်ကိုစွဲကိုင်ထားသော နတ်ဘီလူးအသွင်ဖြင့် ဖော်ပြထားသည်ကို တွေ့ရှိရသည်။ မှတ်သားစရာ နောက်တစ်ခုကတော့ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် ဖောင်စကြာစီးနင်းလျက် ဇမ္ဗုဒီပကျွန်းသို့ဆန်တက်စဉ်က စစ်ကိုင်းပြာသာဒ်မော်အရောက်တွင် ဘီလူး ဝေက်တောင်း ရုတ်တရက်ပေါ်လာပြီး ပြာသာဒ်ထိပ်ကို ရေထဲသို့ကန်ချလျက် ပျောက်ကွယ်သွားလေသည်။ ဤသည်ကို မှူးမတ်တို့က ဤနေရာမှာ ဘုရားတည်စေလိုသဖြင့် ပြသသည်ဟု လျှောက်ထားကြသဖြင့် မင်းကြီးသည် ထိုနေရာ၌ ဘုရားတစ်ဆူ တည်ထားခဲ့သည် ဖြစ်၏။ ထိုဘီလူး ဝေက်တောင်းသည် တခြား မဟုတ်၊ ကုဝေရနတ်မင်းဖြစ်သည်ဟု မဟာရာဇဝင်တော်ကြီး၌ ထူးထူးခြားခြားဖော်ပြထားသည်ကိုလည်း တွေ့ရှိရပါသေးသည်။

တစ်ခါ စိတ်ဝင်စားစရာ နောက်တစ်ခုမှာ ရှေးရခိုင်၊ မြန်မာတို့ မြို့တည်နန်းတည်သောအခါတွင် (၈) မင်းနေပြည်တော်နှင့် ရွှေနန်းတော်တို့ကို တည်ဆောက်သောအခါတွင် အရပ်ရှစ်မျက်နှာ၊ ဒိသာပါလ အရပ်ဆယ်မျက်နှာတို့တွင် နတ်ကြီးရှစ်ပါး၊ နတ်ကြီး (၁၀) ပါး၊ တို့ကို နေရာချ ပူဇော် ပ,သလေ့ရှိကြသည် ဟူ၏။ ထိုအထဲတွင် ကုဝေရ (ဝေဿဝဏ်) နတ်မင်းကြီးက ပါဝင်ပတ်သက်နေမှုကို တွေ့ရှိရပြန်သည်။ ယင်းကို ပြဆိုပါမည်။

အမရကောသကျမ်းထဲ၌ အဆိုပါ နတ်ကြီး (၈) ပါးတို့ကို ဤသို့ ဖော်ပြထားသည်။ ယင်းမှာ -

၁။ ဣန္ဒြေသိကြားနတ်
၂။ ဝဟိန္ဒမီးနတ်
၃။ ပိတဉ္စပိတ ယမနတ်
၄။ နေရိတောရေရက္ခိုသ်နတ်
၅။ ဝရုဏော-ဝရုဏနတ်
၆။ ဝါယုလေနတ်
၇။ ကုဝေရမည်သော ဝေဿဝဏ်နတ်
၈။ ဤသနပရမေသွရနတ် ဟူ၍ ဖြစ်၏။

ဝေါဟာရလိနတ္ထဒီပနီကျမ်း၌-

၁။ အရှေ့အရပ်ကို ဣန္ဒနတ်
၂။ အရှေ့တောင်အရပ်ကို အဂ္ဂိနတ်
၃။ တောင်အရပ်ကို ယမမင်းနတ်
၄။ အနောက်တောင်အရပ်ကို နရတိရေစောင့်ရက္ခိုသ်နတ်
၅။ အနောက်အရပ်ကို ဝရုဏနတ်
၆။ အနောက်မြောက်ထောင့် အရပ်ကို ပါယပ် (ခေါ်) ဝါယုလေနတ်
၇။ မြောက်အရပ်ကို ကုဝေရ ခေါ် ဝေဿဝဏ်နတ်
၈။ အရှေ့မြောက်အရပ်ကို ဤသန (ဧသန်) နတ်တို့ စောင့်ရှောက်ကြသည်ဟု ဖော်ပြထားပြန်သည်။

ပြီး-ရှေးရခိုင်ရာဇဝတီသေကကျမ်းမှာကား-

၁။ သိကြားနတ်
၂။ မီးနတ်
၃။ ယမမင်းနတ်
၄။ ရေစောင့်ရက္ခိုသ်နတ်
၅။ ဝရုဏနတ်
၆။ ဝါယုလေနတ်
၇။ ကုဝေရ (ဝေဿဝဏ်) နတ်
၈။ ဗြဟ္မာနတ်
၉။ ဝိဿနိုးနတ်
၁၀။ မဟေသွာရ (သိဝ) နတ်တို့ ဟု နတ်ကြီး (၁၀) ပါးစာရင်းကို ပြဆိုထားသည်ကို တွေ့ရှိရပြန်သည်။

လေ့လာ သုတေသနပြုစရာ ဖြစ်နေသည်ကတော့ အမှန်ပင်။

ထို့နောက်တစ်ဖန် မဟာယန ဗုဒ္ဓဘာသာဝင်တို့၊ အထူးသဖြင့် တိဗက်ဒေသသားတို့က ကုဝေရနတ်မင်းကို ရည်ရွယ်ချက်တစ်မျိုးဖြင့် ချဉ်းကပ်ပူဇော်ကြသည်ကို တွေ့ရပြန်ပါသည်။ ၎င်းမှာ ဥစ္စာဓန ပေါကြွယ်ဝရေးအတွက် ကုဝေရနတ်မင်းနှင့် ဇမ္ဘာလနတ်မင်းကို ပူဇော်ကြခြင်းပင် ဖြစ်သည်။ ထို့ထက်ပိုမိုစိတ်ဝင်စားစရာက ကုဝေရနတ်မင်းကို ဥစ္စာဓနအတွက် ပူဇော်ကြသလို စစ်အောင်နိုင်ရေးအတွက်ပူဇော်ကြသေးသည် ဟူခြင်းပင် ဖြစ်၏။ မှတ်သားစရာတစ်ခုက ဒုတိယကမ္ဘာစစ်မဖြစ်မီ သီသီကလေးက ဂျာမန်နာဇီတို့သည် အနှစ်တစ်သောင်း ဥက္ကာခဲဖြင့် ပြုလုပ်ထားသော ကုဝေရ (ဝေဿဝဏ်) နတ်မင်းရုပ်တု တစ်ခုကို တိဗက်ဒေသမှ ဂျာမနီပြည်သို့ ယူဆောင်သွားနိုင်ခဲ့သည်ဟူ၏။ ၎င်းကို နာဇီဂျာမန်ခေါင်းဆောင် ဟစ်တလာက စစ်အောင်ရေးအဆောင်အဖြစ် ဆောင်ကာ ဒုတိယကမ္ဘာစစ်ကို ဆင်နွှဲခဲ့သလားဟု မေးစရာ တွေးစရာ ဖြစ်သွားသည်ကတော့ ဧကန်မုချ ဖြစ်ပါတော့သည်။

ဤသို့သော ကုဝေရ (ဝေဿဝဏ်) နတ်မင်း၏ လျှို့ဝှက်ချက်များကို ရှာဖွေဖော်ထုတ်နေမည် ဆိုပါလျှင် ရှာဖွေလေ၊ တွေ့ရှိလေ ဖြစ်နေမှာကတော့ အသေအချာဖြစ်၏တည်း။

ရှိန်းအောင်(ကျိုး)



www.burmeseclassic.com

www.burmeseclassic.com

# အစားမတော်တစ်လုတ် အဆိပ်ဖြစ်

# ရာသီချိန်ခါမို့ သို့မဟုတ်

# သတိပေးတင်ပြချက်

ဦးမင်းဇင်(ရွှေနဝင်း)

လောကတွင် အစားအသောက်နှင့် ပတ်သက်၍ 'အစားမတော်တစ်လုတ်' ဆိုသည့် စကားပုံလေးသည် အင်မတန် ထိရောက်လှသည့်အဓိပ္ပာယ် ရှိပါသည်။

သက်ရှိသတ္တဝါတိုင်း အစာအာဟာရနှင့်မကင်းနိုင်ကြပါ။

'သဗ္ဗေသတ္တာ အာဟာရ ဒိဋ္ဌိတ္တာ' ဆိုသကဲ့သို့ သတ္တဝါများသည် အာဟာရအပေါ်တွင်တည်မှီနေသည်မှာ သဘာဝတရားကြီးတစ်ခု ဖြစ်ပါသည်။ ထိုအစာအာဟာရကို မှီဝဲစားသုံးသူတိုင်း မိမိတို့စားသုံးသည့် အစာအာဟာရသည် မိမိခန္ဓာကိုယ် ကျန်းမာ အသက်ရှည်ရေးအတွက် အထောက်အကူပေးနိုင်သည့် အစာအာဟာရ ဖြစ်, မဖြစ် သိနိုင်သည့် ဆင်ခြင်တုံတရား အမြဲလက်ကိုင်ထားရန် အလွန် အရေးကြီးပါသည်။

တစ်နည်းဆိုရသော် သေစာ-ရှင်စာ ခွဲခြားသိမြင်နိုင်စေရန် လွန်စွာ လိုအပ်ပါသည်။ လူတို့ နေ့စဉ် စားသုံးနေသော အစာအာဟာရများထဲမှ လူကို အန္တရာယ်ရှိသော အဆိပ်ဓာတ်များ ပါဝင်နေပြီး လူအများကလည်း စွဲမက်စွာ စားသုံးနေသည့် အစာအာဟာရတစ်မျိုး အကြောင်းကို သတိပြု ဆင်ခြင်နိုင်စေရန် ရည်ရွယ်၍ ရေးသားတင်ပြလိုက်ပါသည်။

၎င်းအစာမှာ မြန်မာများအကြိုက် Favourite အစားအစာ တညင်းသီးပင် ဖြစ်ပါသည်။ တညင်းသီးကို ကျွန်တော်တို့ မြန်မာလူမျိုးများ လွန်စွာ ကြိုက်နှစ်သက်ကြသည်။ တညင်းသီးကို နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးဖြင့် စီမံ၍ စားသုံးကြသည်။

ဤသို့ စွဲမက်စွာစားသုံးမှုများကြခြင်းကြောင့် နှစ်စဉ် တညင်းသီးပေါ်သည့် ရာသီချိန်ကာလများတွင် တညင်းသီးအဆိပ်ဖြစ် (တညင်းသီးတောက်) ၍ ဆေးရုံ၊ ဆေးခန်းသို့ရောက်ကြရသူများမှာ အတော်များပါသည်။ အချို့ အသက်ဆုံးရှုံးရပေသည်။

တကယ်တော့ တညင်းသီးတွင် လူကို အန္တရာယ်ပေးတတ်သော အဆိပ်ဓာတ် (Djenkolic acid) ဒီဂျင်ကိုလစ်အက်စစ်ဓာတ် ပါဝင်နေပါသည်။

ဤ အဆိပ်ဓာတ် ဒီဂျင်ကိုလစ်အက်စစ်ကို စားသုံးမှု များပြားပါက ကျောက်ကပ်နှစ်ခုစလုံး တစ်ပြိုင်နက် ပျက်စီးပြီး အသက်ဆုံးရှုံးရတဲ့အထိ ဒုက္ခပေးနိုင်ပါသည်။ ၎င်းဓာတ်ကြောင့်လည်း ကျောက်ကပ်မှာ ကျောက်တည်နိုင်ပါသည်။

ထို့ကြောင့် အရှေ့တောင်အာရှဝင် အချို့သောနိုင်ငံများတွင် တညင်းသီးကို အဆိပ်တစ်မျိုးရှိသည်ဟု မှတ်ယူကာ စားသုံးခြင်းမပြုကြပါ၊ ရှောင်ကြဉ်ကြပါသည်။

*(မြန်မာတွေကတော့ မြိန်ရေရှက်ရေစားသုံးကြပါသည်။ သတိပြုကြပါ။)*

တညင်းသီးကို အင်္ဂလိပ်လို (Djenkol bean) ဟုခေါ်ပါသည်။ သူ့အထဲတွင် Djenkolic acid (ဒီဂျင်ကိုလစ်အက်စစ်ဓာတ်) ခေါ်သည့် အဆိပ်ဓာတ်တွေ ပါဝင်နေပါသည်။

တညင်းသီး အဆိပ်သင့်ခြင်းကို Djenkolism ဟု ခေါ်ပါသည်။ အဓိကကတော့ ကျောက်ကပ်ပျက်စီးပြီး အသက်အန္တရာယ်ပေးနိုင်ခြင်းနှင့် ကျောက်ကပ်တွင် ကျောက်တည်နိုင်စေပါသည်။

ဒီဂျင်ကိုးလစ် အက်စစ်အဆိပ်ရဲ့ မော်လီကျူးတွေဟာ ကျောက်ကပ်မှာရှိတဲ့ ဆီးပြွန်ငယ် စကာလေးတွေကို ပိတ်ဆို့စေပြီး Acute Renal failure ဟုခေါ်သည့် ရုတ်တရက် ကျောက်ကပ်ပျက်စီးခြင်းကို ဖြစ်ပေါ်လာစေပါသည်။ အသက်အန္တရာယ်ရှိပါသည်။

တညင်းသီးတွင် လူကို အန္တရာယ်ပေးသည့်အဆိပ်ဓာတ်ပါရှိနေသလို လူကို စွဲမက်စွာ စားသုံးစေသည့်ဓာတ်များကလည်း တညင်းသီးတွင် ပေါများစွာ ပါဝင်ဖွဲ့စည်းထားပါသည်။


တညင်းသီးတွင် လူအများကြိုက်နှစ်သက်ရသည့် အဓိကအကြောင်းရင်းမှာ စားသုံးလိုက်လျှင် နူးညံ့၍ ချိုပြီး ပျော့ပျောင်း စေးထန်း၍ အရသာရှိပြီး သားငါးများတွင် ပါဝင်လေ့ရှိသည့် (Amino acid) အမိုင်နိုအက်စစ်ဟု ခေါ်သည့် (Protein) အသားဓာတ်များ ထူးထူးခြားခြား ပါဝင်ဖွဲ့စည်းနေသည်။





www.burmeseclassic.com

www.burmeseclassic.com



ကြိုက်နှစ်သက်သူများအတွက် မွှေးသည်ဟု ထင်ရသည့် (Sulphur) ဆာလဖာဓာတ်ပေါင်းအနံ့ ပါဝင်နေသည့်အတွက် မီးဖုတ်လိုက်လျှင် အသားများကင်သကဲ့သို့ ထွက်ပေါ်လာသည့် ဆွဲဆောင်မှုရှိတဲ့အနံ့ကလည်း လူကို စွဲမက်စေပါသည်။ (အချို့ ၎င်းအနံ့ကို မခံနိုင်သူများလည်း ရှိပါသည်။) ထို့အပြင် မဂ္ဂနီး (Manganese) ဓာတ်များစွာ ပါဝင်နေပါသည်။ သည့်မဂ္ဂနီးများက သွေးထဲမှာရှိတဲ့ သကြားဓာတ်ကို ကျစေနိုင်ပါသည်။

၎င်းအပြင် (Iodine) အိုင်အိုဒင်း ဓာတ်လည်း အသင့်အတင့် ပါဝင်ပါသည်။ (Vitamin) ဗီတာမင်ဓာတ်အနေဖြင့် လုံးဝ ပါဝင်ခြင်း မတွေ့ရပါ။

တညင်းသီး စားသုံးရာ၌ တညင်းသီးအဆိပ်တက် (တညင်းသီးတောက်) စေနိုင်သည်။ အတိုင်းအရှည် အချိန်အဆကို သိရှိထားရန် လိုအပ်ပါသည်။

WHO က တညင်းသီးအဆိပ်နှင့် ပတ်သက်ပြီး ၁၉၇၀ ပြည့်နှစ်က ထုတ်ပြန်ချက်အရ ခန္ဓာကိုယ်အလေးချိန် (1) kg ရှိတဲ့လူတစ်ယောက်အတွက် တညင်းသီး (10) g စားသုံးလျှင် အဆိပ်သင့်စေနိုင်သည်ဟု 'စံ' ချမှတ်ပေးထားပါသည်။

ထို့ကြောင့် ပုံမှန်ကိုယ်အလေးချိန်ရှိသည့် လူကြီးတစ်ယောက်တွင် တစ်ချိန်တည်း တညင်းသီး အလုံးကြီး (၁၅) လုံး၊ အလုံး (၂၀) ခန့် စားသုံးမိလျှင် တညင်းသီးအဆိပ်တက်ပြီး တောက်နိုင်ပါသည်။ ဒါဟာ မည်သည့်ရောဂါအခံမျှ မရှိသည့်သူအတွက်ပြောတာ ဖြစ်သည်။ ရောဂါအခံရှိသူများဆိုလျှင် တညင်းသီး (၃)၊ (၄) လုံးစားရုံဖြင့် အန္တရာယ်ပေးနိုင်သည်ဆိုတာကို သတိပြုစေချင်ပါသည်။

တညင်းသီး၏ အဆိပ်အာနိသင်သည် တညင်းသီးတိုင်း တစ်ပြေးညီ အဆိပ်ပါဝင်သည်ဟုမဆိုနိုင်ပါ။ အကြောင်းမှာ တညင်းသီးထွက်ရှိရာ အရပ်ဒေသနှင့် အယဉ်၊ အရိုင်း စိုက်ပျိုးမှုတို့အပေါ်တွင် မူတည်ပါသည်။

ဥပမာ ။ ။ (၁) တောတညင်း (အရိုင်းမျိုး)
(၂) ခြံစိုက်တညင်း (အယဉ်မျိုး)

၎င်းနှစ်မျိုးတွင် တောတညင်း (အရိုင်းမျိုး) က အဆိပ်ဓာတ် ပို၍ ပါဝင်တတ်သည်။

(၃) တညင်းသီး ထွက်ရှိရာ အရပ်ဒေသ ကွဲပြားခြားနားမှုကြောင့်လည်း အဆိပ်ပါဝင်မှု ကွာခြားတတ်ပါသည်။

ဥပမာ ။ ။ (၁) ရခိုင်တညင်း
(၂) ရွှေကျင် တညင်းတို့သည် အဆိပ်ဓာတ်ပါဝင်မှု လျော့နည်းသော်လည်း-
(၃) မြိတ်ဒေသထွက် တညင်းသည် အဆိပ်ဓာတ်ပါဝင်မှု မြင့်မားသည်ကို တွေ့ရသည်။

အထက်ပါ တင်ပြချက်များသည် တညင်းသီးကို သိပ္ပံနည်းကျ လေ့လာတွေ့ရှိချက်များကို တတ်နိုင်သရွေ့ ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

ယခု မြန်မာ့တိုင်းရင်းဆေးကျမ်းများမှ လေ့လာတွေ့ရှိချက်များကို ဖော်ပြပါမည်။

**တညင်းသီး၏ဂုဏ်နှင့်အကျိုး အပြစ်များ**

တညင်းသီးသည် လူကို အကျိုးပြုခြင်းထက် အပြစ်ပြုခြင်းက ပို၍များပါသည်။ အကြောင်းမူ တညင်းသီးသည် ကြေကျက်ခဲသည်။ သွေးလေး၍ လေ၏လှုပ်ရှားသွားလာမှုကို တားမြစ်ပိတ်ပင်လေ၏။ တညင်းသီး၌ တည်ရှိသော အနံ့တစ်မျိုးသည် ပျောက်ပျက်၍ မသွားဘဲ ဆီး၊ ဝမ်းနှင့် ပါးစပ်ခံတွင်းတို့မှ အနံ့ပြန်၍ ပြင်းစွာ ထွက်တတ်သည်။ အဆိပ်အနံ့မျိုး ဖြစ်သည်။

ထို့ကြောင့် အထက်သို့ တက်စေသည်။ သမ်းဝေခြင်း၊ ဖက်ကြောလေးလံခြင်း၊ သွေးလေး၍ ထိုင်းမှိုင်းခြင်း စသည်ဖြင့် လူကိုများစွာ အပြစ်ပြုသောကြောင့် ငယ်ရွယ်၍ ဝမ်းမီးကောင်းသူများမှတစ်ပါး တညင်းသီးကို များစွာ မစားသုံးသင့်ပါ။

သို့သော် မြန်မာနိုင်ငံတွင် လူအများ နှစ်သက်ခုံမင်စွာ စားသုံးကြသည်။ ဝက်သားနှင့်ရောက်ချက်၍တစ်ဖုံ၊ အုန်းနို့၊ အုန်းဆီနှင့်နှပ်၍တစ်မျိုး၊ အရသာကောင်းအောင် စီမံ၍ စွဲမက်စွာစားသုံးကြသည်။ တချို့ တစ်ချိန်တည်း တညင်းသီးကို တစ်ခွက်၊ တစ်ပြည်ခန့် လွန်ကြူးစွာ စားသောက်ကြသဖြင့် တစ်ခါတည်း တညင်းသီးတောက် အဆိပ်သင့်၍ အသက်အန္တရာယ်ဖြစ်သည်အထိ ဖြစ်ကြသည်ကို များစွာ တွေ့မြင်နေရသည်။

တညင်းသီးသည် တောက်တတ်သည့် အဆိပ်ငယ်တစ်မျိုးရှိသည် ဖြစ်၍ အထူးသတိပြု၍ စားသုံးကြပါဟု သတိပေးပါသည်။

ထို့ကြောင့် တညင်းသီးကို ကြိုက်နှစ်သက်ကြသည့် ပြည်သူလူထုအတွက် တညင်းသီးနှင့် ပတ်သက်သော ဆောင်ရန်၊ ရှောင်ရန် သိမှတ်စရာများကို အထူးအလေးထားပြီး တင်ပြပါမည်။

**(က) တညင်းသီးနှင့်တွဲဖက်၍မစားသင့်သည့်အစာများ**

တညင်းသီးသည် အဆိပ်ဓာတ်ပါဝင်ပြီး လူကို သွေးတက်၊ သွေးလေးစေသောကြောင့် သွေးနှင့်လေကို တက်စေတတ်သည့် အစားအစာများနှင့် တွဲဖက်၍စားသုံးခြင်းကို အထူးသတိပြု၍ရှောင်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ပါ။

ရင်းတို့မှာ-

၁။ မှို

၂။ ရွှေဖရုံသီး

၃။ ဆူးပုပ်ရွက်

၄။ အီကုတ် (ခေါ်) နွားချေးပိုး

၅။ ဖား၊ ကြွက် စသည့် မြေတွင်းအောင်းသားများ

၆။ ပျားတူကောင် (ပတူကောင်)

၇။ ငါးသလောက်

၈။ ကြက်ဟင်းခါးသီး

၉။ မျှစ်၊ မျှစ်ချဉ်

၁၀။ ပုစွန်ချဉ်၊ ငါးချဉ်

၁၁။ ပဲငါးပိ၊ ပဲပုပ်

၁၂။ ဒူးရင်းသီး

၁၃။ ကိုင်းဥ၊ အင်ဥ

၁၄။ ပီလောပီနံဥ

၁၅။ လိပ်သား

၁၆။ အုန်းနို့

စသည်တို့နှင့် တွဲဖက်၍ တညင်းသီးကို စားသုံးလျှင် အန္တရာယ်ဖြစ်နိုင်ခြေ (၇၀) ရာခိုင်နှုန်း ရှိပါသည်။ သတိပြု၍ ဆင်ခြင်စားသုံးကြပါ။

**(ခ) တညင်းသီးနှင့်တိုက်ရိုက်မတည့်သည့် ရောဂါများ**

၁။ သွေးတိုးရောဂါ

၂။ ကျောက်ကပ်ရောဂါ

၃။ နှလုံးရောဂါ

၄။ သွေးချို၊ ဆီးချိုရောဂါ

၅။ သွေးပျစ်သည့်ရောဂါ

၆။ သွေးကြောပိတ်ရောဂါ

၇။ အာရုံကြောရောဂါ

၈။ လေငန်းရောဂါ

၉။ သိုင်းရိုက်ရောဂါများ

၁၀။ ပန်းနာရင်ကျပ်ရောဂါ

၁၁။ ဆီးကျိတ်ရောင်ရောဂါ

၁၂။ မီးယပ်ရောဂါ၊ သားအိမ်ရောဂါ

၁၃။ ကိုယ်ဝန်ဆောင်မိခင်များ

၁၄။ မီးဖွားပြီးစ သွေးနုသားနုမိခင်များ

၁၅။ ကင်ဆာရောဂါ ခံစားနေရသူများ

၁၆။ အဆစ်ရောင်ရောဂါ အမျိုးမျိုးရှိသူ (လေးဖက်နာ)

၁၇။ ဂေါက်ရောဂါ

၁၈။ ဆီးနှင့်ပတ်သက်သည့် ရောဂါများ. . .

စသည့် ရောဂါများ အခံရှိသူများအတွက် တညင်းသီးသည် သေမင်းတမန်အသီး ဖြစ်ပေတော့သည်။

**(ဂ) တညင်းသီး အဆိပ်သင့်ခြင်း၏ တောက်ခြင်းလက္ခဏာများ**

တညင်းသီးစားသုံးမှု လွန်ကဲခြင်းကြောင့် တညင်းသီးဆိပ်သင့်၍ တောက်ခဲ့လျှင် တွေ့ရမယ့် လက္ခဏာများမှာ-

၁။ ဇက်လေးခြင်း၊ ဇက်ကြောတင်းတောင့်ခြင်း၊

၂။ ခါးကြောတင်း၊ ခါးနာ၍ သပ်လျှိုထားသလို ခါးတောင့်ခြင်း၊

၃။ ဗိုက်အောင့်ခြင်း၊ ဗိုက်ရစ်သလိုနာခြင်း၊

၄။ အော်ဂလီဆန်၍ ပျို့အန်ခြင်း၊

၅။ ခေါင်းအုံ၊ ခေါင်းမူး၍ အမြင်မကြည်လင်ခြင်း၊

၆။ ပါးစပ်၊ ခံတွင်းတွင် တညင်းသီးအနံ့ပြင်းစွာထွက်နေခြင်း၊

၇။ ဆီးနည်း၊ ဆီးကျဉ်၊ ဆီးသွေးပါ၊ ဆီးသွားမရခြင်း၊

၈။ သတိလစ်၍တက်တတ်ခြင်း၊

၉။ သွေးပေါင်ချိန် မြင့်တက်ခြင်း၊

၁၀။ မျက်ခွံ၊ မျက်နှာအန်းခြင်း၊

၁၁။ ခြေထောက်၊ ခြေခုံရောင်ခြင်း၊

၁၂။ တံတွေးပျစ်ချွဲလာခြင်း၊ တံတွေးထုတ်ခြင်း၊

၁၃။ အစာစားလိုစိတ်မရှိခြင်း၊

၁၄။ အာရုံခံစား၍မရ၊ ဝေဝါးနေခြင်း၊

၁၅။ ဝမ်းချုပ်၍ စမြင်းခံခြင်း၊

၁၆။ ယခင် ရောဂါအခံများရှိက ထိုရောဂါများ ပိုဆိုးလာခြင်း၊

၁၇။ ဆီးချုပ်၊ ဝမ်းချုပ်၍ စည်ကြီးပိတ်နာကဲ့သို့ ဖြစ်ခြင်း၊

၁၈။ ကျောက်ကပ်ရောင်ခြင်း၊ ကျောက်ကပ်အလုပ်မလုပ်ခြင်း၊

၁၉။ အခန့်မသင့်လျှင် လေငန်း၊ ကိုယ်တစ်ခြမ်းသေခြင်း. . .

စသည့် ရောဂါလက္ခဏာများကို တညင်းသီး အဆိပ်သင့်မှု အနည်း၊ အများပေါ် မူတည်၍ တွေ့ကြုံခံစားရစေပါသည်။

**(ဃ) တညင်းသီးအဆိပ်ဖြေခြင်း**

အထက်ပါ ရောဂါလက္ခဏာများကိုခံစားနေရပြီး လူနာသည် သတိလစ်၍တက်နေခဲ့လျှင် အမြန်ဆုံး ဆေးရုံတင်ကုသနိုင်ရန် ပြင်ဆင်ပါ။ အကယ်၍ အထက်ပါ ရောဂါလက္ခဏာ တချို့တစ်ဝက်ကို ခံစားနေရပြီး သတိရှိနေပါက လက်လှမ်းတမီ ကုသနိုင်သည်များကို ဖော်ပြပါမည်။

၁။ ဟင်းငုတ်(သခွတ်)အခေါက် (သို့) အမြစ်ကိုသွေး၍ လက်ဖက်ရည်ပန်းကန်တစ်ဝက်ခန့် (၃)၊ (၄) ကြိမ် တိုက်ပေးပါ။


၂။ နံပါတ် (၃၂) နန်းတွင်းလျှာပွတ်ဆေးကို ထိထိမိမိ (၃)၊ (၄) ကြိမ် တိုက်ပေးပါ။

၃။ နံပါတ်(၂၁) ဆီးဆေးဖြူ+သံပရာရည်နှင့်ဖျော်၍ တစ်နေ့ (၂) ကြိမ် တိုက်ပေးပါ။

၄။ ဝမ်းဗိုက်နှင့်ခါးတစ်ဝိုက်ကို လိမ်းဆေးလိမ်း၍ ရေနွေးအိတ်ကပ်ပေးပါ။

၅။ ညပိုင်းတွင် လူနာကို ဆီးရှင် ဝမ်းနုတ်ဆေး နံပါတ်(၉)ကို ရေအေးနှင့်တိုက်ပေးပါ။

၆။ လူနာသွေးလေး၍ သတိလစ်ပြီး





www.burmeseclassic.com

www.burmeseclassic.com

တက်ချင်လျှင် နန္နင်းမှုန့်ကို မီးခဲပေါ်တင်၍ အငွေ့ပေးပြီး မှိုင်းရှူခိုင်းပါ။

ဃ။ အငန်ဓာတ်များသည့် ဆေးအစာများ ရှောင်ပါ။

င။ ဖရဲသီး (သခွားသီး+ထန်းလျက်နှင့်စားပါ။)၊ မြင်းခွာရည် + သံပရာ + သကြား ဖျော်တိုက်ပါ။

စ။ တန်စွန်းရိုးနီ + မန်ကျည်းမှည့် + ထန်းလျက်ကို ကျို၍ လက်ဖက်ရည်ပန်းကန် (၁) လုံးခန့် တစ်နေ့ (၃) ကြိမ် တိုက်ပေးပါ။

ဆ။ ဗီနီကာ စားပွဲ (၁) ဇွန်း + ပျားရည် (၁) ဇွန်းစပ်၍ တစ်နေ့ (၂) ကြိမ် တိုက်ပါ။

အထက်ဖော်ပြပါ ကုနည်းစနစ်များသည် မိမိတို့နှင့် လက်လှမ်းတမီအတွင်း အရေးပေါ်ကုသနိုင်သည့်နည်းများ ဖြစ်ပါသည်။ ဖော်ပြပါနည်းများထဲမှ လက်လှမ်းမီရာ၊ အလျဉ်းသင့်ရာ တစ်နည်းနည်းဖြင့် လူနာကို ကုသပေးပါ။


**(င) တည်င်းသီးကို မစားဘဲ မနေနိုင်သူများအတွက် တည်င်းသီးမှ အဆိပ်ဓာတ်ကို တတ်နိုင်သမျှဖယ်ရှားနည်းများ**

တည်င်းသီးကို 'မစားရ မနေနိုင်အေး တမှိုင်မှိုင်' ဆိုသူများအတွက် နည်းလမ်းကောင်းလေးများကို ကုသိုလ်ဖြစ် ဖော်ပြရေးသားလိုက်ပါသည်။

၁။ တည်င်းသီးကို အစိမ်းစားခြင်း၊ မီးဖုတ်၍စားခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။ ၎င်းအနေအထားအတိုင်း စားသုံးပါက တည်င်းသီးတွင် ပါဝင်သော အဆိပ်ဓာတ်ပြင်းအားသည် အများဆုံးအနေအထားတွင် ရှိပါသည်။ သတိပြုပါ။

၂။ တည်င်းသီးကို ပြုတ်၍စားပါ။

တည်င်းသီးကို ပြုတ်ရာတွင်လည်း နည်းစနစ်တကျ ပြုတ်ပါ။ ရေများများထည့်၍ တစ်ရေဆူလျှင် တစ်ရေအသစ်လဲထည့်၍ အနည်းဆုံး (၃) ကြိမ်မှ (၅) ကြိမ်အထိ ပြုတ်ပြီးမှစားသုံးပါ။ နောက်ဆုံးပြုတ်သည့်ရေတွင် တည်င်းသီး အနည်း၊ အများပေါ် မူတည်၍ ထန်းလျက်ခဲ (၂)၊ (၃) ခဲခန့် ထည့်ပြုတ်ပြီးမှ စားသုံးပါက အဆိပ်အတောက်ကိုထိုက်သင့်သလောက် ပြေစေပါတယ်။ မြိတ်သူ၊ မြိတ်သားများကတော့ ထန်းလျက်အစား မျှင်ငါးပိကိုထည့်၍ (၃)၊ (၄) ရေ ပြုတ်ပြီးမှ စားသုံးကြသည်။



၃။ ဆားရည်စိမ်၍ စားသုံးခြင်း။

တည်င်းသီး၏အဆိပ်ဓာတ်သည် ဆားရည်တွင် အလွယ်တကူ ပျော်ဝင်ပါသည်။ ဆားရည်ပြင်းအားများလေ၊ အဆိပ်ဓာတ်ပျော်ဝင်မှု များလေ ဖြစ်ပါသည်။ ထို့ကြောင့် စနစ်တကျ ဆားရည်စိမ်နည်းကို ဖော်ပြပါမည်။

တည်င်းသီးကို ဆားရည်မစိမ်မီ (၃) ရက်ခန့်ကြိုတင်၍ ရေများများထည့်ပြီးစိမ်ထားပါ။ တစ်နေ့ တစ်ရေလဲပေးပြီးစိမ်ပါ။ (၃)ရက်ရေစိမ်ပြီးလျှင် တည်င်းသီးသည် အခွံဟလာပြီး အာတာတာလေး ဖြစ်လာမည်။ ထိုအချိန်တွင် ဆားရည်ကို စိမ်လိုက်ပါ။ တစ်ပတ်၊ (၁၀) ရက်ခန့် ဆားရည်စိမ်ပြီးလျှင် စားသုံးနိုင်ပါပြီ။

ဆားရည်မှာ ကြာကြာစိမ်လေ၊ အဆိပ်ဓာတ်လျော့နည်းလေ ဖြစ်ပါသည်။ တည်င်းသီး အနုထက် အရင့်မှာ အဆိပ်ဓာတ်ပါဝင်မှု များပါသည်။ ထို့ကြောင့် တည်င်းသီးသည် တတ်နိုင်လျှင် မစားဘဲနေတာ အကောင်းဆုံး ဖြစ်သည်။ အကယ်၍ မစားဘဲမနေနိုင်ရင်တော့ အထက်ဖော်ပြပါ နည်းများအတိုင်း စနစ်တကျ ပြုလုပ်စီမံ၍ ချင့်ချိန်ကာစားသုံးကြပါဟု အကြံပြုလိုက်ပါသည်။

မိမိမှာ တည်င်းသီးနှင့်မသင့်သည့် ရောဂါအခံရှိသူများကတော့ ယောင်လို့တောင် သွားမစားလိုက်ပါနဲ့ဟု သတိပေးချင်ပါသည်။

တည်င်းသီးနှင့် ပတ်သက်၍ ကျွန်တော်တို့ငယ်စဉ်က အဖွားပြောပြခဲ့သော အကြောင်းအရာလေးကို အမြဲအမှတ်ရနေပါသည်။

အိမ်နီးနားချင်း တိုင်းရင်းသားမိသားစုတစ်စု ရှိပါသည်။ သူတို့ခြံထွက် တည်င်းသီးများကို သီးနှံရာသီပေါ် ချိန်တွင်ဆွတ်ခူး၍ ရာဝင်စဉ့်အိုးကြီးများဖြင့် ဆားရည်စိမ်ထားပြီး နှစ်ပေါက်ခံထားကာ စားသုံးကြပါသည်။

ထိုမိသားစုသည် တစ်နေ့ ထမင်း (၄)နပ် စားကြသည်။ ထမင်းစားတိုင်းလည်း ငါးပိ၊ တို့စရာအဖြစ် တည်င်းသီးဆားစိမ်ကို အဓိကထားပြီး စားသောက်ကြသည်။ အဲသည်လောက် တည်င်းသီးကို စွဲမက် ကြိုက်နှစ်သက်ကြသည်။

သို့သော် ထိုမိသားစုဝင် အတော်များများသည် လူ့သက်တမ်းစေ့ မနေခဲ့ကြရပါ။ သွေးတိုးရောဂါ၊ လေငန်းရောဂါ၊ ကျောက်ကပ်ရောဂါများ စွဲကပ်၍ လူလတ်ပိုင်းအရွယ်များတွင် လူ့လောကမှ စောစီးစွာထွက်ခွာသွားကြရပါသည်။

အကယ်၍သာ သူတို့မိသားစုသည် ကျန်းမာရေးအသိရှိပြီး အန္တရာယ်ပေးနိုင်သည့် အဆိပ်ဓာတ်ရှိသော တည်င်းသီးကို သတိပြုဆင်ခြင်ပြီး စားသုံးခဲ့မည်ဆိုလျှင် ထိုမိသားစုသည် သက်တမ်းစေ့နေနိုင်ကြမည့်သူများ မလွဲဧကန် ဖြစ်ကြပေမည်။

မြန်မာနိုင်ငံတွင် တည်င်းသီးသည် မတ်လမှ စတင်၍ ဧပြီ၊ ဇူလိုင်လများထိ အသီးလှိုင်လှိုင်ပေါ်ကြပါသည်။

ထိုအချိန်အခါမျိုးတွင် တည်င်းသီးကြိုက် ပရိသတ်များသည် အတို့၊ အမြုပ်အနေဖြင့် လည်းကောင်း၊ သရေစာအဖြစ် လည်းကောင်း၊ ယမကာသမားများကလည်း တည်င်းသီးပြုတ် ဆီဆမ်းလေးဖြင့် နှစ်ခြိုက်စွာမြည်းကြပေသည်။ တည်င်းသီးကို ကောင်းအောင်စီမံပြီး သဘောရှိ များပြားစွာ စားသောက်ကြပါသည်။ တည်င်းသီး အဆိပ်တက်၊ အဆိပ်တောက်ပြီး ဆေးရုံရောက်ကြသည်မှာ သည်လရာသီချိန်ပင် ဖြစ်ပါသည်။

ထို့ကြောင့် မိဘပြည်သူများ သေစာ၊ ရှင်စာ ခွဲခြားသိမြင်နိုင်ပြီး အန္တရာယ်ကင်း၍ ကျန်းမာရေးအတွက် သတိပြုဆင်ခြင် စားသုံးနိုင်စေရန် ရာသီချိန်ခါမီ သတိပေး ရေးသားတင်ပြလိုက်ပါသည်။

*မိသားစုတိုင်း ကျန်းမာရေး အသိပညာ မြင့်မား၍ ကျန်းမာပျော်ရွှင်သည့် မိသားစုဘဝများ တည်ဆောက်နိုင်ကြပါစေ*

ဦးမင်းဇင်(ရွှေနဝင်း)



www.burmeseclassic.com

www.burmeseclassic.com



# မောင်မောင်သန်းထွန်း

## ကာလုံတား

ငါ့အမေနဲ့ ငါက ဘယ်အချိန်မှာ သူစိမ်းတွေဆန်သွားတာလဲ။ ငါတော့ သိပ်မမှတ်မိပါဘူး။ အင်း- ငါသိတာတော့ရှိတယ်၊ အမေ့ကို ငါက ပွတ်သီးပွတ်သပ်လုပ်ရင် အမေက ကိုက်မယ့်ဟန်တွေ၊ ကုတ်မယ့်ဟန်တွေ လုပ်ပြတော့ ဘယ်လာအနားကိုကပ်ရဲပါတော့မလဲ။ ဒီလိုနဲ့ အမေ့ကို စပ်စွာစွာနေရင်းက တစ်ကိုယ်တည်းနေရတဲ့ အကျင့်လေးတစ်ခုရလာတယ်။

ဒါပေမယ့် ငါက အမေ့ကို ကျေးဇူးတင်ပါတယ်။ သူသင်ပေးလို့ သစ်ပင်တက်တတ်၊ ဆင်းတတ်လာတယ်။ အခုန်အပျံလည်းကျွမ်းကျင်တယ်။ အမေလက်ထဲမှာရှိတဲ့ [illegible] မစားရမယ့်အသီး၊ မစားရမယ့်အသီးတွေလည်း သိနေပြီ။ ငါ့အသားရှာဖွေစားတတ်တော့ အမေ အနားမှာ မရှိလည်း သိပ်ပြီး ဒုက္ခမရောက်တော့ပါဘူး။ အခုတော့ အမေက ဟိုအပင်ဆို ရင် ငါက ဒီအပင်မှာ၊ အိပ်တော့လည်း တစ်ကိုယ်တည်း။

ဒီလို တစ်ကိုယ်တည်းနေချိန်မှာ သူ ရောက်လာတယ်။ ငါ့ထက်တော့ အရွယ်ကြီးပါလိမ့်မယ်။ သူ့ကို မြင်တော့မှ ငါ့ရင်တွေက ခုန်လိုက်တာ။ သူ့ကိုလည်း [illegible] မကြည့်ရဲဘူး။ ဒါပေမယ့် မကြည့်ဘဲလည်း မနေနိုင်ဘူး။ သူက ငါ့ဆီ [illegible] ငါ့အနားကိုအလိုလိုရောက်လာတယ်။ [illegible] အချစ်ဆိုတဲ့အရာကို ငါက စတွေ့လိုက်တာပါပဲ။ ဒီလိုနဲ့ သူနဲ့ငါ ချစ်သူတွေ ဖြစ်သွားကြတယ်လေ။

အမေက ငါ့အဝကို ငါ့အသား

ရပ်တည်ရမယ့် အရွယ်ရောက်လာလို့အနားကို အကပ်မခံကြောင်း အခုမှ ငါက သဘောပေါက်လာတယ်။ အခုဆိုရင် ငါ့ဘဝမှာ သူ့ရဲ့ဖြစ်ပုံယုယမှုကို ငါက ဘယ်အရာနဲ့မှ မလဲနိုင်ပါဘူး။ အခုတော့ သူနဲ့ငါက ကျောက်ဂူကြီးတစ်လုံးမှာ အတူနေကြတယ်။ သိပ်ပြီးမှကြာလိုက်ပါဘူး။ ငါ့ဗိုက်ထဲမှာ ငါ့ရင်သွေးလေးတွေ ရောက်နေတာကို သိလိုက်တယ်။ ဒါကြောင့် သစ်ပင်တွေကို ခုန်ပြီး မကူးနိုင်တော့ဘူး။ ကလေးရှိတော့ လေးသွားတော့ ဖြစ်လိမ့်မယ်။

ဒီလိုနဲ့ ငါ့ဗိုက်ကြီးက တစ်နေ့တစ်ခြား ကြီးကြီးလာတယ်။ သစ်ကိုင်းကိုဆွဲတာတွေ ခုန်တာတွေ မလုပ်နိုင်လို့ အစာတောင်ရှာလို့ မစားနိုင်ပါဘူး။ ဒါပေမယ့် ငါ မငတ်ပါဘူး။ သူက ငါ့အတွက် ယူလာပေးတယ်လေ။ တစ်နေ့မှာတော့ ငါ့အဖြစ်ချင်ဆုံး ငါ့ကလေးတွေကို တွေ့လိုက်ရပါပြီ။ အထီးတစ်ကောင်၊ အမတစ်ကောင်။ သူကတော့ ငါ့ကိုရှာဖွေတဲ့ နေရာမှာ ဘယ်မှမသွားဘူး။ အစာအတွက်သွားရင်တောင် မကြာခင်ပြန်လာတယ်။ သူက ငါ့ကို အားပေးနေပြီး ငါ့အနားမှာပဲ အမြဲနေပေးတယ်လေ။

ငါ့သားနဲ့သမီး ရှိုရှိုကောင်းနေချိန်မှာ သူကလည်း သစ်သီးတွေကိုလာအတူတူ [illegible] ကောင်းနေတုန်း။ တစ်ခေါက်ပြီးတော့ နောက်တစ်ခေါက်။

ပြန်ထွက်သွား
ပြန်ပြီ။

သိပ်မကြာလိုက်-
"ဗြိုင်း"

ဆိုတဲ့ အသံကြီးကို နားကွဲမတတ် ကြားလိုက်ရတယ်။ ငါ လှမ်းကြည့်လိုက်တော့ အို... သူ့ကို [illegible] ပါလား။ သူက ငါ့ဆီအတက်ကို [illegible] မလာဘူး။ ဆန့်ကျင်ဘက်ကို [illegible] တယ်။ နောက်တစ်ကြိမ် 'ဗြိုင်း' [illegible] အသံကို ထပ်ပြီး ကြားလိုက်ရတယ်။ [illegible] လှန် နားကြည့်တဲ့ အသံနဲ့ 'ဗျိုးမေ' [illegible] ဆိုတဲ့အသံအကောင်ကို နောက်ဆုံး [illegible] ပြောရင်း၊ သူကတော့ မြေပြင်ကို [illegible] သွားပါပြီ။ ဒီမြင်ကွင်းကို ငါက မြင် [illegible] တယ်လေ။

ဒါကြောင့် ရွှေနားသားနဲ့ [illegible] ကို မနည်းကြီး ဖိထားရတယ်။ [illegible] အသံအပြစ်ရှိလို့ ဒီလို မဖိလိုက်ရ [illegible] နောက်ဆုံးကြားရတဲ့အသံဆိုရင် [illegible] အသက်ရှင်ရှိမှာမှုမရှိနိုင်တော့ပါဘူး။ [illegible] ထဲ့အကဲကို မြင်မလာတော့တာပဲ [illegible] ထဲ့နေရာကို ဒီလူတွေသိမှာစိုးလို့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

ကျင်ဘက်ကိုပြေးကြောင်း အခုမှ ငါက အလိုလိုသဘောပေါက်လာတယ်။

ငါ့ကလေးတွေ နှီဝတော့ ငါက သစ်ပင်အုပ်ကို အကာအကွယ်ယူပြီး နောက်ဆုံးကြားလိုက်ရတဲ့နေရာ လှမ်းကြည့်လိုက်တယ်။

အို- လူတွေ. . . လူတွေ၊ သူ့ကို မားနဲ့ခုတ်လိုက်တာ ခေါင်းတခြား ကိုယ်တခြားပါလား။ ခြေတွေ၊ လက်တွေက ဟိုတစ်ပုံ ဒီတစ်ပုံ။ ဒီလူတွေဟာ သူ့ရဲ့ အသားကို ပျော်ပျော်ပါးပါး ဟင်းချက်စားနေကြတာကိုး။

အသီးစားတဲ့ ငါတို့လိုတိရစ္ဆာန်တွေကို ဘာကြောင့်များ ဒီလူတွေက ဒီလောက် ရက်ရက်စက်စက် သတ်ပြီးမှ စားကြရတာလဲ။ လူတွေဟာ တို့ထက် အကျင့်နာတရား ရှိတယ်ဆို။ ဒီလို သတ်ဖြတ်ပြီး တို့အသားကို စားတာကိုပဲ ကျင့်နာတယ်လို့ခေါ်မှာလား။ ငါတို့လည်း ဒီနေရာက မြန်မြန်ပြေးမှဖြစ်မယ်။ မပြေးလို့ တတော့ နောက်ထပ် သေနတ်သံတွေဆိုရင် ငါတို့ကိုပစ်တာပဲ ဖြစ်ပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

ငါ့ရင်ထဲမှာ မချိတာက ငါနဲ့ ငါ့ သားသမီးတွေစားဖို့ သူက ဖခင်တစ်ဦး အနေနဲ့ ကြိုးစားပမ်းစား ရှာဖွေပေး တယ်။ မောရပန်းရမှန်းလည်း မသိဘဲ သားသမီးဖေနဲ့ သစ်သီးတွေရှာနေရလို့ အောက်က ရန်သူချောင်းမြောင်းပစ်ခတ် တာကို မသိလိုက်ဖြစ်သွားတာပါ။ ငါ့မြင် ကွင်းမှာ သူ့ကို ခုတ်ထစ်သတ်ဖြတ်နေ တာကိုတွေ့ခဲ့ရတော့ ဘယ်လိုလုပ်ပြီးမေ့ ပျောက်လို့ရမှာလဲ။ ရက်စက်လိုက်ကြတဲ့ လူသားတွေ၊ အဲဒီအချိန်ကစပြီး လူသား ကို ငါက တော်တော်မုန်းသွားတယ်။

အခုတော့ ငါက မုဆိုးမ။ ကလေး တွေကတော့ အဖေမဲ့သားနဲ့သမီး။

ဩော်. . . အခုမှ သတိရတယ်၊ ငါ့အမေလည်း ငါ့ကိုမွေးပြီးကတည်းက အမေလည်း တစ်ဦးတည်း။ ဒါဆိုရင် ငါ့ အဖေလည်း ငါ့လင်လိုကျည်သင့်ပြီးသေ တာလား။ ငါသိတတ်စအရွယ်ကစပြီး ငါ လည်း ငါ့အဖေကို တစ်ခါမှ မမြင်ဖူးခဲ့ ဘူး။ ငါတို့မျောက်တွေဟာ ဒီလိုပဲ လူ တွေသတ်ဖြတ်စားသောက်တာကို ခံနေ ရတဲ့တိရစ္ဆာန်တွေပဲလား။

ဘာပဲဖြစ်ဖြစ် သူ နောက်ဆုံး အ သက်နဲ့လဲပြီး မှာသွားတဲ့စကားအရ ငါ တို့သားသမီးတွေ ဒီမှာမနေသင့်တော့ ဘူး၊ ဒီနေရာကို လူတွေရောက်လာပြီဆို ရင် ငါ့လင်လိုပဲ ငါလည်း အချိန်မရွေး သေနိုင်တာပါပဲ။ ဒါပေမယ့် မြန်မြန် တော့သွားလို့မဖြစ်ဘူး။ ကလေးတွေက ငယ်သေးတာကိုး။ သူတို့လေးတွေ သစ် ကိုင်းကိုခုန်ကူးဖို့ လက်မမြဲသေးဘူး။ သူ တို့ကို ချီပိုးသွားရမယ်ဆိုရင်လည်း လူမ မြင်တဲ့ညဘက်ကိုပြောင်းမှ အဆင်ပြေ နိုင်တယ်။ လရိပ်ကို အဖော်လုပ်ရဦးမှာ ပေါ့။

အင်း- ငါအခုရောက်တဲ့နေရာကို တော့ လူတွေသိမှာ မဟုတ်ပါဘူး။ တောင်စောင်းက သဘာဝမြေလိုဏ်ဂူ လေးပဲ။ ကလေးတွေလည်း လုံခြုံတယ်၊ ငါတစ်ကောင်တည်း သစ်သီးရှာရတာ အဆင်ပြေတာပေါ့။ ဒီသားနဲ့သမီးကို ငါ့ အမေမွေးမြူရသလို ငါလည်း သူတို့အ တွက် အစာရှာဖွေကျွေးရမယ်။ ဒါဟာ သဘာဝတရားရဲ့တာဝန်တွေပဲ ဖြစ်လိမ့် မယ်။

သစ်ပင်တွေခုန်ကူးလို့ အဆင်ပြေ ခါမှ ငါ့သမီးက ဒုက္ခတွေ့တော့တယ်။ သူခုန်ကူးတဲ့သစ်ကိုင်းက ပိုးစားနေတဲ့ အကိုင်း၊ အောက်မှာ သစ်ကိုင်းသစ်ခက် မရှိဘူး။ ကျပြီဆိုတော့လည်း ဒါရိုက်ပါပဲ။ ပိုပြီး ကံဆိုးသွားတာက သစ်ပင်ကြီး အောက်မှာ လူတွေ။ ငါ အမီလိုက်ပြီးဆွဲ ပါသေးတယ်၊ ဒါပေမယ့် မမီလိုက်ဘူး။ ငါ့အော်သံကြောင့် အောက်ကလူတွေ ကသေနတ်ကြီးနဲ့ပစ်တယ်လေ။ ငါ့ခေါင်း ပေါ်က ဖြတ်သွားတယ်။ ထိလိုက်လို့က တော့ ငါ့လင်သေသလို သေဖို့ပါပဲ။

နောက်ထပ်ကျည်တစ်တောင့် မ လာခင် ငါလည်း ပြေးရတာပေါ့။ ဒါ တောင် အောက်လူတွေက ဟိုမျောက် ကြီးရမှ တို့ မနက်စာ၊ ညစာလောက် မယ်။ ပစ်မယ်ကွလို့ ပြောသံတွေကြား နေရတယ်။ ငါလည်း သေမယ့်ဘေး ဆို တော့ ပြေးရတာပေါ့။ ကံအားလျော်စွာ ပစ်လိုက်တဲ့ကျည်တွေက ငါ့ခေါင်းပေါ် က ကျော်ကျော်သွားတယ်။ ငါ မသေ ပေမယ့် ငါ့သမီးလေးကတော့ လူတွေ သတ်လို့ သေသွားပါပြီ။ အို-လူတွေဟာ ကလေးအရွယ်လည်း မညှာမတာသတ် တာပါပဲလား။ ဒုတိယအကြိမ် လူတွေကို ပိုမုန်းလာပါတယ်။

ငါ့လင်နဲ့ ငါ့သမီးသေတဲ့အချိန်က စပြီး ငါ့သားကို တစ်ကောင်တည်း ဘယ် တော့မှ မသွားခိုင်းဘူး။ သွားရင်လည်း ငါက ဘေးနားက ပါလေစမြဲပဲ။ ငါ့သား ကြီးလာတော့ သူ့အဖေ မျက်နှာပေါက် မျိုး။ အမွေးလေးတွေက ရွှေရောင်လို ဝင်းလို့။ ဒီကောင်ရဲ့ ဆော့ဖော်က ငါ့ပါ ပဲ။ ငါ့သားဘဝမှာ အမေ မရှိရင် မဖြစ် သလို ငါ့ဘဝမှာလည်း ဒီသားမရှိရင် မဖြစ်ပါဘူး။ အိပ်အတူတူ၊ စားအတူတူ၊ သွားအတူတူနေတဲ့ သားအမိပေါ့။

တစ်နေ့မှာတော့ ငါ့သားနဲ့ ငါနဲ့ နွယ်ကြိုးစီးရင်း ကစားနေကြတယ်။ ငါ့ သားဟာ အတော်ကဲတဲ့ကောင်ပါလား။ ငါတောင်မျက်စိနောက်လာတယ်။ ဒီလို ဆော့တတ်လို့ 'မျောက်ရှုံးအောင်ဆော့ တဲ့ ကလေး' လို့ လူတွေ စကားပုံထွင် တာဖြစ်မယ်။ ငါ့သားက နွယ်ကြိုးစီးရင်း (၁၀) ပေလောက်ဝေးနိုင်တဲ့ ငါ့ဆီကို ခုန် ကူးနေတယ်၊ ငါ့ဆီရောက်ရင် ဖက်လျက် သားပေါ့။ ဒါကို သဘောကျပြီး အကြိမ် ကြိမ်လုပ်နေတာ။

ဒီတစ်ကြိမ် ရင်ဘတ်ပြေးအကပ် မှာ ဖြောင်းဆိုတဲ့အသံ၊ ဒုတ်ဆိုတဲ့ အသံ၊ ငါ့သား အော်လိုက်တဲ့အသံတွေ သုံးသံ ရောပြီး ငါ ကြားလိုက်ရတယ်။ ပြီးတော့ ငါ့သားဟာ ငါ့ရင်ဘတ်ကို မဖက်နိုင်ဘဲ အောက်ကို ပြုတ်ကျပါလေရော။ ငါ ဆွဲ ပြီး ဖမ်းလိုက်ပါသေးတယ်၊ ဒါပေမယ့် မမီဘူး။ ဒီတော့ သူပြုတ်ကျတဲ့နေရာကို ငါလည်း ဘာအကိုင်းမှမကိုင်ဘဲ ခုန်ချ လိုက်တယ်။ မြေပြင်ပေါ်ရောက်တော့ ဘုတ်ဆိုတဲ့အသံနှစ်သံက မရှေးမနှောင်း ထွက်ပေါ်လာခဲ့မှာပေါ့။ ငါက သင် ထားလို့ အထိမနာပါဘူး၊ ငါ့သား တော့ မြားဒဏ်ကြောင့် သူ့ကိုယ်သူ မထိန်းနိုင်တာ။ မြေပြင်မှာကိုင်ပြီး ရိုက်ခံလိုက်ရသလို ဗုန်းခနဲ ကြားလိုက် ရတယ်။

ငါ ဆွဲပြီးခေါ်တော့ ဒီကောင် လိုက်နိုင်ဘူး။ ထိလိုက်တဲ့မြားက အဆိပ် တက်တာ ဖြစ်လိမ့်မယ်။ ငါတို့ဘေး လူသားနှစ်ဦး၊ ငါတို့အဖြစ်ကိုကြည့်ပြီး ကြက်သေသေနေတယ်။ ရှင်တဲ့မျောက် က လူအနားရောက်လာတယ်ဆိုတာ ကြုံမှမကြုံဘူးတာ။ အခုတော့ ငါက အ တင်းဆွဲခေါ်နေတော့ တဒင်္ဂ ဘာလုပ် မှန်းမသိ ဖြစ်နေပုံပဲ။ နောက်မှ ဒီကောင် ကြီးကို မလွှတ်စေနဲ့ ဆိုပြီး တုတ်တွေ ဓားတွေဆွဲကြပါလေရော။

ဒီနေရာမှာ ဓားနဲ့လူကို ငါ ယှဉ်ပြိုင်သတ်ပုတ်ပါပြီတဲ့၊ ငါနိုင် မလွယ်ပါဘူး။ သူသတ်ရင်သာ ငါသေ များပါတယ်။ ဘာဖြစ်လို့လဲဆိုရင် လက်ထဲမှာဓားကြီးရှိတယ်လေ။ ငါ့လက် ထဲမှာ ဘာမှမရှိဘူး။ အကျိုးမဲ့သေ ကိုတော့ ငါမကြိုက်ပါဘူး။ အခုတော့ ရှိစေဦးတော့လို့ ငါက ကြွေးကြော်ပြီး ပြေးခဲ့တယ်။ အပြေးမြန်လို့ သေဘေး လက်မတင်ကလေးမှာ လွတ်သွားတယ်။ ငါ့အသက်ရှင်မှ ငါ့လင်၊ ငါ့သမီး၊ ငါ့သား အတွက် ကလဲ့စားချေရမယ်ဆိုတဲ့ အ တွေးဟာ ငါ့ခေါင်းထဲမှာ နေရာအပြည့် ယူထားတယ်။

ငါဝေးဝေးမပြေးပါဘူး၊ ငါ့သား ဒီလူတွေ ဘယ်လိုလုပ်ကြမှာလဲ ဆိုတာ ကို သိချင်နေတာပါ။ အဆိပ်လူးမြား အပစ်ခံရတယ်ဆိုရင် သူ့အသားမှာ အဆိပ်မပျံ့ဘူးလို့ ဘယ်လာပြောလို့ မလဲ။ ဒါပေမယ့် ဒီလူတွေက အဆိပ် ဂရုမစိုက်ဘူး။ ငါ့လင်ခုတ်သလို ငါ့သား ကို ခေါင်းနဲ့ကိုယ်ခွဲပြီးထုတ်လိုက်တယ် ပြီးတော့ အသားတုံးဘဝနဲ့ ဟင်းအိုး ကို ရောက်တော့တာပါပဲ။ ဒီလိုလုပ် လူတွေကို ကိုယ်ချင်းစာစိတ်ရှိတဲ့လူ ငါ ဘယ်လိုသတ်မှတ်ရမှာလဲ။

အခု ငါက လူတွေကို တော် စိတ်နာနေပါပြီ။ ငါ့လင်လည်း လူ သတ်လို့ သေရတယ်၊ ငါ့သမီးကိုသ တာလည်း ဒီလူတွေပါပဲ။ ငါ့သားလည်း ဒီလူတွေပဲသတ်ခဲ့တယ် မဟုတ်လား၊ ဘဝမှာ သံယောဇဉ်ရှိတဲ့သူတွေ သွားပြီ။ ငါ့ရဲ့ပျော်ရွှင်တဲ့ဘဝကို အ ကျန်ဖြစ်အောင်လုပ်တာလည်း ဒီ



www.burmeseclassic.com

www.burmeseclassic.com

။ ဒီတော့ ငါ ကလဲ့စားချေရမယ်။ ယ်လိုချေရမလဲ၊ အကောင်းဆုံး ကလဲ့ ချေဖို့ကောင်းတာက ဒီလူဟာ လက် က်လုံးမအားတဲ့အချိန်မှာ ငါ ကလဲ့ ချေရမယ်။ ဘယ်အချိန်ဟာ လက် တ်မအားသလဲ။ ငါသိသလောက် တော့ မော်တော်ဆိုင်ကယ်စီးနေရင် ယ်သူမှ လက်ကိုမလွှတ်ရဲတော့ဘူး။

ဟုတ်ပြီ၊ လက်နှစ်ဖက် မအားတဲ့ အချိန်ဟာ ဆိုင်ကယ်မောင်းချိန်ပဲ။ ဒါ ကြောင့် ချောင်းသာကားလမ်းက နေရာ ကောင်းကို ငါ အရင်ဆုံးရှာရမယ်။ ငါ့ င်၊ ငါ့သား၊ ငါ့သမီးကိုသတ်တဲ့လူတွေ က ဘောင်းဘီနက်ပြာရောင်၊ အကျႌက ပြာရောင်လက်ရှည်။ ရှုပ်ပါတယ်၊ ဒီ အဝတ်အစား, ဒီအရောင်ဝတ်တဲ့လူမှန် သမျှ ငါ့ရန်သူပဲ။

အလို- တော်တော်ကြီးတဲ့ အပင် ကြီး။ အပင်အောက်မှာ ကားလမ်း။ အ ပင်ပေါ်က ခုန်ချရင် လမ်းပေါ်တိုက်ရိုက် ။ ငါ ကလဲ့စားချေရမယ့် အရောင်နဲ့ အဝတ်အစားကို ရွေးရမယ်။ ဟော-ဟို မှာ လူနှစ်ယောက်၊ ဆိုက်ကယ်တစ်စီး။ တောင်ကွေ့ကို အရှိန်နဲ့ဆင်းလာတာပါ လား။ အရောင်နဲ့အဝတ်အစားတော့ တူ သွားပြီ။ ဒင်းကို ငါ့လင်၊ ငါ့သား၊ ငါ့သမီး အတွက် ကလဲ့စားချေရမယ်။

❂

"ခင်ဗျားက ချောင်းသာ၊ ငွေ ဆောင်ကားမှန်သမျှမောင်းနေတော့ အ ခုလို မျောက်မကြီးရဲ့ စွန့်စွန့်စားစား ကလဲ့စားချေတာကို မျက်ဝါးထင်ထင် တွေ့ဖူးမှာပေါ့နော်"

"တွေ့ဖူးပါတယ်။ နှစ်ကြိမ်က မျက် မြင်ကိုယ်တွေ့ပဲ။ တစ်ကြိမ်ကတော့ ကား လမ်းမှာ မှောက်လဲနေတဲ့လူကို ထူပြီး ဆိုင်ကယ်ရောလူပါ တင်ခေါ်လာရ တယ်။ အင်း-နောက်ဆုံးအကြိမ်ကတော့ မမြင်လိုက်ပါဘူး၊ ကိုသိန်းဇော် ပြန်ပြော တာကိုပဲ သိခဲ့ရတာပါ"

"ဘာပဲဖြစ်ဖြစ်၊ ခင်ဗျား သိသမျှ တွေ ပြောပါဦး။ ကျွန်တော်ကြားတာက ဆိုင်ကယ်လည်း စီးလာမယ်၊ ဘောင်းဘီ ရှည်လည်းဝတ်ထားမယ်၊ အကျႌက အ ပြာရောင်ဖြစ်ရင် သစ်ပင်ကခုန်ချပြီး ဒုက္ခ ပေးတော့တာပဲတဲ့။ ဟုတ်သလားဗျ"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ သိ သလောက် သူ့ရဲ့သားသေကို လူကြား ထဲမှာ ဝင်ဆွဲပြီး ကယ်တာဗျ။ ဟိုက အ ဆိပ်တက်နေတော့ သူ့သားကိုယ်လုံးကို မနိုင်ဘူး။ လူတွေက ဓားနဲ့လိုက်ခုတ် တော့မှ ထွက်ပြေးတာ။ ဒါကြောင့် သား ဇောနဲ့ ကလဲ့စားချေတာအမှန်ပါပဲ။

တစ်နေ့မှာ ကျုပ်တို့ကားက ချောင်းသာကိုအသွား၊ ချောက်အကွေ့ ကနေ ဆိုင်ကယ်တစ်စီးမောင်းပြီး ဆင်း လာတာ မြင်နေတယ်။ ချောက်ရဲ့အ လယ်လောက်မှာ မိုးမခပင်ကြီးရှိတယ်။ အဲဒီ မိုးမခပင်ကြီးကနေ မျောက်ကြီးက မောင်းနေတဲ့ ဆိုင်ကယ်ပေါ်ကို ခုန်ဆင်း တာ။ ဆိုင်ကယ်ရော၊ လူနှစ်ယောက် ရော မျောက်ကြီးပါ ချောက်ထဲကိုကျ သွားတယ်။ မျောက်ကြီးက လျင်တယ်၊ လူတွေကို ကုတ်ဖဲ့ပြီး ချောက်ထဲကသစ် ပင်တစ်ပင်ကို ခုန်ထွက်သွားတယ်ဗျ။

ဒီလူနှစ်ယောက် တော်တော်ကံ ကောင်းတယ်လို့ ဆိုရမယ်။ ချောက် အောက်ခြေကို တိုက်ရိုက်ရောက်မသွား ဘူး။ တောင်စောင်းမှာ ပေါက်နေတဲ့ သစ်ပင်ကြီးပေါ်မှာ ဆိုင်ကယ်ရော လူ ပါ တင်နေတာဗျ။ ကျုပ်တို့ကားက ကူ ညီလိုက်လို့ ဒီလူနှစ်ယောက် အပေါ်ပြန် ရောက်တာပါ။ မျောက်ကုတ်တဲ့ဒဏ်နဲ့ သစ်ကိုင်းရိုက်မိလို့ အကွဲအပြဲတော့ရှိတာ ပေါ့။ လူမသေတာဘဲ ကံကောင်းလို့ဆိုရ မယ်။

နောက်တစ်စီးကတော့ အထိနာ တယ်။ ကားလမ်းဘေးက ကျောက်နံရံ ပေါ်ကနေ ဆိုင်ကယ်ပေါ်ကို ခုန်ချတာ။ ခုန်ချလိုက်တာ တိုင်ပင်ကိုက်ပဲ။ ကျွန် တော်တို့ကားက တောင်ပေါ်က မည်း မည်းကြီး ပြုတ်ကျလာတာ မြင်လိုက်လို့ ရုတ်ထရက် ဘရိတ်အုပ်လိုက်တာ ဆိုင် ကယ်မောင်းတဲ့လူတွေရဲ့ လည်ကုပ်ပေါ် ရောက်မှ မျောက်ကြီးဆိုတာ သိတာဗျ။ မျောက်ကြီးက လည်ကုပ်ပေါ် ရောက် တာနဲ့ တောင်နံရံကို ခုန်ပျံပြီးထွက်သွား တာများ မြန်လိုက်တာဗျာ။ ဆိုင်ကယ် ပေါ်က လွင့်ထွက်သွားတယ်။ ဆိုင်ကယ် ကတော့ တောင်နံရံနဲ့ထိပြီး ရပ်သွား တယ်။ ကျွန်တော်တို့အနားရောက်တော့ တစ်ယောက်က လက်ကျိုးသွားတယ်။ တစ်ယောက်ကတော့ ဒူးဆစ်တွေ ဘာ ဖြစ်သွားသလဲ မသိဘူး၊ လုံးဝမထောက် နိုင်တော့ဘူး။ ဆိုင်ကယ်က ရှေ့ဖောက် ကောက်သွားတယ်။ ကျွန်တော်တို့ကား က ချောင်းသာအသွားဆိုတော့ ချောင်း သာဆေးရုံကို ပို့ပေးလိုက်တယ်လေ။ နောက်ပိုင်း ရန်ကုန်ဆေးရုံကို သွားကြ တယ်လို့ ပြောတယ်ဗျ။

နောက်တစ်ကြိမ်ကတော့ ကိုသိန်း ဇော်က ပြောပြတာပါ။ ကျွန်တော်တို့က ညနေ (၆) နာရီလောက်မှာ တောင်ပေါ် က ဆင်းလာတယ်။ တောင်ကွေ့တစ်ခု ရောက်တော့ ဆိုင်ကယ်တစ်စီး၊ လူတစ် ယောက်ကို တွေ့ရတယ်။ ဒီလူ့ကိုယ်ပေါ် မှာ သွေးတွေဆိုတာ မြင်မကောင်းဘူး။ အကျႌလည်း စုတ်ပြဲနေတယ်။ သတိ တော့ မလစ်သေးဘူး။ သူကဘာပြောပြ သလဲဆိုရင်. . ."

'ကျွန်တော် ဆိုင်ကယ် စီးလာ တော့ စိတ်ထင့်နေတယ်။ ကလဲ့စားချေ တဲ့ မျောက်မကြီးတစ်ကောင်ရှိတယ်၊ အထူးသဖြင့် နက်ပြာရောင်ဘောင်းဘီ ဝတ်မသွားနဲ့လို့ သူငယ်ချင်းတွေက မှာ လိုက်သား။ ကျွန်တော်က အဲဒီဘောင်း ဘီကို ရွေးဝတ်သွားမယ်ကွာ၊ ဒါမှစတား လုံးမျောက်နဲ့ ဆုံရမှာ။ ဆုံတော့လည်း တစ်ပွဲလောက် အားစမ်းကြည့်မှာပေါ့လို့ ကျွန်တော်က ပြောပြီး ဂျင်းနက်ပြာကို ရွေးဝတ်တယ်လေ။ ကိုယ်က ဆိုင်ကယ် ဂိုက်ကိုကိုင်ထားရလို့ တကယ် မျောက် လာရင် ဘာမှကို ပြန်မလုပ်နိုင်ပါဘူး။ ဆိုင်ကယ်ကို မှန်တန်းလေးမောင်းသလို သတိလည်း ထားလိုက်လို့ ကျွန်တော် မသေတာပါ။

ထင်တဲ့အတိုင်းပါပဲ၊ မြေကမ်းပါး ယံကိုပတ်လည်းမောင်းရော မျောက်ကြီး က ကျွန်တော့်ကုပ်ပေါ် ခုန်ချတော့တာ ပဲ။ ကျွန်တော်က သတိထားမောင်းနေ တဲ့လူဆိုတော့ ဆိုင်ကယ်သွားတဲ့နောက် ကို မလိုက်ဘဲ ခုန်ပြီးထွက်လိုက်တယ်။ ဒီကောင်ကြီးက ကျွန်တော့်ကုပ်ပေါ်က မခွာဘူး၊ သဲကြီးမဲကြီး ကုတ်ဖဲ့နေသည်။ မြေပေါ်ကို တလိမ့်ခေါက်ခွေးကျတဲ့အ ထိ ဒီကောင်ကြီးကပါလာတယ်။ နောက် ကျွန်တော် ဖမ်းလျားမှောက်ချိန်မှာ ဒီ ကောင်ကြီး ခုန်ထွက်သွားတယ်။

ချောက်ထဲမကျတာ ကံကောင်း တယ်လို့ ဆိုရမယ်ဗျ။ ဆိုက်ကယ်လည်း ချောက်ထဲ မကျဘူး။ လဲတာနဲ့ ခြေနင်း တံက ထောက်မ,သလို ဖြစ်ပြီး ကား လမ်းမှာချာလပတ်လည်နေတယ်။ ကျွန် တော်လည်း ကျိုးပဲ့မသွားဘူးလို့ ထင် တာပါပဲ။ သူငယ်ချင်းတွေ တားတဲ့ကြား ကဝတ်မိတဲ့ ကျွန်တော့်အမှားလို့ဆိုရမှာ ပေါ့နော်'

❂

ထိုကဲ့သို့ ဆိုင်ကယ်သုံးစီးအား ကလဲ့စားချေပြီးနောက်ပိုင်း ချောင်းသာ- ငွေဆောင် ကားလမ်းတွင် အဆိုပါ မျောက်မကြီးအား လုံးဝ မတွေ့ရတော့ သည်မှာ တစ်နှစ်ပင် ကျော်ခဲ့လေပြီ။


မောင်မောင်သန်းထွန်း



www.burmeseclassic.com

www.burmeseclassic.com

<u>အပြုံးကြီးပိုညာဉ်ကလဲစား</u>
သုခစုံ



**ကျွန်ုပ်နှင့်ကပ္ပိယကြီး**

ကျွန်ုပ်တို့ ကျိုက်လတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ကညင်ချောင်းကျေးရွာ မူလွန်စာသင်ကျောင်း ဆိပ်ခံတံတားသို့ ပွဲထောင်ဆိုက်ကပ်သောနံနက် (၇)နာရီခွဲကျော်ကျော်ပင် ရှိသေးသည်။ မူလွန်ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်နှင့် ဆရာ၊ ဆရာမများက လှိုက်လှိုက်လှဲလှဲ ပျူပျူငှာငှာဖြင့် တံတားပေါ်မှ ဆီးကြိုကြပါသည်။ ကျောင်းသို့သွားသော အုတ်လမ်းလေး၏ဘေး တစ်ဖက်တစ်ချက်စီတွင် တူညီဝတ်စုံဝတ်ဆင်ထားသော ကျောင်းသား၊ ကျောင်းသူများက အပြုံးကိုယ်စီဖြင့် လက်အုပ်လေးများချီကာ ဦးညွှတ်၍ ခရီးဦးကြိုဆိုကြပါသည်။ ထိုမြင်ကွင်းလေးက ကျွန်ုပ်တို့အဖွဲ့သားအားလုံးကို ကြက်သီးမွေးညင်းထအောင်ပင် ကြည်နူးဝမ်းသာပီတိဖြစ်ရပါသည်။

ထို့နောက် ကျွန်ုပ်တို့အဖွဲ့အား ကျောင်းအုပ်ကြီးက ဧည့်ခန်းဆောင်သို့ခေါ်သွားကာ လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်မျိုးစုံတို့ဖြင့် ဧည့်ဝတ်ပြုကြပါသည်။ ကော်ဖီသောက်နေရင်း အနောက်နားဆီမှ ကျွန်ုပ်၏နာမည်ကို လှမ်းခေါ်လိုက်သံကြားရသဖြင့် လှည့်ကြည့်လိုက်ရာ ဧည့်ခန်းဆောင်အတွင်းသို့ ဝင်လာသော အထက်တန်းကျောင်းသားဘဝက တစ်ခန်းတည်းဖြစ်ခဲ့ဖူးသည့် ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးဖြစ်သူ မစန္ဒာကို လှမ်းတွေ့လိုက်ရသဖြင့် အံ့အားသင့်သွား၏။

"ဟာ-စန္ဒာ၊ နင်က ဒီရွာကလား"

စန္ဒာက ခုံလွတ်တစ်ခုတွင် ဝင်ထိုင်လိုက်ရင်း-

"အေး-ဟုတ်တယ်လေဟာ၊ ငါက ဒီရွာကလေ။ နင် မဂ္ဂဇင်းတွေမှာစာတွေရေးနေတယ်ဆိုတာ ငါကြားပါတယ်။ အ

"ဪ. . . အေး- စာရေးဆရာကြီးတော့ မဖြစ်သေးပါဘူးဟာ၊ ချောက်ချီးချောက်ချက်ရေးနေတာပါ"

"အောင်မယ်- မလျှို့နဲ့၊ လတိုင်းလိုလို နင့်စာမူတွေပါတယ်လို့ ဟိုတစ်လောက ကျိုက်လတ်ရောက်တုန်း သော်တာဆွေစာအုပ်ဆိုင်မှာ ကြားခဲ့ရသေးတယ်။ အခု ငါလာတာကလည်း နင့်ကိုစာရေးဖို့ ကုန်ကြမ်းတစ်ခု ပေးမလို့လာတာဟ"

"ဟေ-ဟုတ်လား၊ ဒါဆို ပြောလေ သူငယ်ချင်း"

"ငါ ပြောမှာ မဟုတ်ဘူး။ နင်တို့ ဟောပြောပွဲက (၁၁) နာရီလောက်မှ ဟောမှာမဟုတ်လား၊ အဲဒီတော့ အချိန်ရပါသေးတယ်။ နင် ဒီကနေ အုတ်လမ်းလေးအတိုင်း ရွာအရှေ့ဘက်ကိုလျှောက်သွားလိုက်၊ သိပ်မဝေးပါဘူးဟာ။ ညာဘက်ခြမ်းမှာ ဘုန်းကြီးကျောင်းဝင်းကြီးတွေ့လိမ့်မယ်၊ ဝင်သွားလိုက်။ အဲဒီမှာ ငါ့ရဲ့ဦးလေး ဦးကျော်ကြီးဆိုတာရှိတယ်။ သူက အခု ဘုန်းကြီးကျောင်းမှာ ကပ္ပိယကြီးလုပ်နေတာ၊ သူနဲ့သွားတွေ့လိုက်။ ငါက လွှတ်လိုက်တာပါလို့။ ဦးကျော်ကြီးအခုလို ဘုန်းကြီးကျောင်းမှာလာနေပြီးခုလည်း ငါတို့ရွာကိုလာပြီး စာပေဟောပြောပွဲလုပ်မယ်လို့ သတင်းကြားတော့၊ နင်လည်းပါလာမယ်ဆိုတာ သိရတော့ ငါ အခု နင့်ကိုလာတွေ့တာ။ နေ့ခင်းကျရင်လည်း ဟောပြောပွဲကိုလာနားထောင်ဦးမှာပါ။ ကိုယ့်ဆရာကြီး ဘာတွေများဟောမလဲလို့-ဟဲဟဲ"

ကပ္ပိယကြီးလုပ်နေရတဲ့ အကြောင်းတွေ ... ကို ပြောပြပေးပါ၊ ကျွန်တော် စာရေးချင် ... လို့ပါဆိုပြီး သွားတွေ့လိုက်။ ငါ့သူငယ် ... ချင်းလို့သာ ပြောလိုက်ဟာ၊ နင့်ကို သေ ... သေချာချာပြောပြပေးလိမ့်မယ်။ နင် စာ ... ရေးနေတဲ့အကြောင်းကို ဟိုတစ်လောက ... စကားကြုံတုန်း ငါပြောပြထားပါတယ် ... သွားသာတွေ့လိုက်၊ ငါက အခု ဟိုဘက် ... ရွာကိုသွားစရာကိစ္စတစ်ခုရှိလို့ လိုက် ...

ပို့ပေးတော့ဘူးဟာ"

"အေးအေး၊ ဒါဆို ငါသွားတွေ ... လိုက်ပါ့မယ်။ အချိန်က အများကြီး ... တယ်"

ထို့နောက် စန္ဒာသည် ကျွန်ုပ်အ ... နှုတ်ဆက်ကာ ပြန်သွားပါသည်။ ကျွ ... လည်း စားသောက်အပြီး အဖွဲ့ခေ ... ဆောင် ဥက္ကဋ္ဌ ဆရာဦးစိန်လှိုင်ကို ... တောင်းကာ စန္ဒာ၏ဦးလေး ကပ္ပိယ ... ရှိရာဘုန်းကြီးကျောင်းသို့ တစ်ဦးတည်း ... လျှောက်သွားပါတော့တယ်။

သိပ်ဝေးဝေးပင် မလျှောက်ရ ... လမ်း၏ ညာဘက်အခြမ်းတွင် အုတ် ... တိုင်းခတ်ထားသော ဘုန်းကြီးကျော ... ဝင်းကြီးကို တွေ့လိုက်ရသည်။ ကျော ... အဝသို့ ရောက်သောအခါ ဖိနပ် ...

www.burmeseclassic.com

www.burmeseclassic.com

ထိုက်ပြီး သံပန်းမုခ်ဦးအောက်သို့ ချိုးဝင်လိုက်ကာ ဘုန်းကြီးကျောင်းပရိဝုဏ်အတွင်းသို့ ဝင်လိုက်မိသည်နှင့် အရိပ်အာဝါသ ကောင်းလွန်းလှသော သစ်ရိပ်၊ ဝါးနှီးတို့၏ အေးမြသော အထိအတွေ့အထုံးကို ရုတ်ခြည်း ခံစားလိုက်ရသဖြင့် ကိုယ်,စိတ်,နှလုံး ကြည်လင်လန်းဆန်းသွားကာ ရင်ထဲအေးမြသွား၏။ ဘေးဘက်များတွင် ရေညှိတက်နေသော အနေပါသည့် နတ်လမ်းလေးအတိုင်းဆက်လျှောက်သွားရာ ရှေ့တည့်တည့်၌ ရေနံချေးဝနေသော ခြေတံရှည် ဘုန်းကြီးကျောင်းကြီးကို သစ်ပင်၊ ဝါးပင်တွေအကြား ခပ်လှမ်းလှမ်းမှ လှမ်းတွေ့လိုက်ရသည်။ လမ်း၏ဝဲ,ယာတစ်ဖက်တစ်ချက်တွင် အရောင်အသွေးစုံလင်လှ၍ အလွန် လှပသော ရွက်လှပန်းမျိုးစုံကို စီတန်းကာ စိုက်ထား၏။

နတ်လမ်းလေး၏ တစ်ဖက်တွင် အလွန် ကြီးမားလှသော ပိတောက်ပင်ကြီးတစ်ပင် ရှိ၏။ ထိုအပင်ကြီး၏အောက်တွင် မတ်တတ်အုန်းတံမြက်စည်းဖြင့် တံမြက်စည်းလှည်းနေသော ကော်လာကတုံးအဖြူရောင် အင်္ကျီလက်တိုကို ဝတ်ဆင်ထားသည့် အသားဖြူဖြူဆံပင်ကလည်း ဖွေးဖွေးဖြူ ခန္ဓာကိုယ်ခပ်သွယ်သွယ်ပါးပါး၊ ခါးအနည်းငယ်ကိုင်းလျက်ရှိသော အသက် (၇၀) နီးပါးလူကြီးတစ်ဦးကို တွေ့လိုက်ရ၍ ဒါ စန္ဒာရဲ့ဦးလေးနဲ့တူတယ်ဟု ယူဆကာ နတ်လမ်းပေါ် မှဆင်းလိုက်ပြီး ပိတောက်ပင်အောက်သို့လျှောက်သွားလိုက်၏။ တိုက်



# အငြိုးကြီးဝိညာဉ်ကလဲ့စား



www.burmeseclassic.com

www.burmeseclassic.com

ပုံအဖြူနှင့်ကချင်လုံချည်အနက်ကို ဝတ်ဆင်ထားပြီး တစ်လှမ်းချင်း လျှောက်လာနေသော ကျွန်ုပ်ကို တွေ့လိုက်ရ၍ ထိုလူကြီးက တံမြက်စည်းလှည်းနေသည်ကို ခေတ္တရပ်ကာ နဖူးပေါ် ညာလက်ခုံကိုတင်လိုက်ပြီး မျက်မှောင်ကြီးကြုတ်၍ မျက်လုံးကိုအားစိုက်ကာ ကျွန်ုပ်ကို လှမ်းကြည့်နေပါသည်။

"ဦးလေး၊ ဦးလေးက ဦးကျော်ကြီးလား"

"အေး- ဟုတ်တယ်ကွ၊ ငါ့တူက ဘယ်ကတုံး"

"ကျွန်တော်က စန္ဒာရဲ့သူငယ်ချင်းပါ၊ ကျိုက်လတ်ကပါ။ စန္ဒာက ဦးလေးဆီသွားပြီး ဦးလေး ဒီဘုန်းကြီးကျောင်းမှာ ကပ္ပိယကြီးဖြစ်လာရပုံ ဘဝတစ်စိတ်တစ်ဒေသကို သွားမေး၊ ဦးလေးကပြောပြလိမ့်မယ်ဆိုပြီး လွှတ်လိုက်လို့ ကျွန်တော်လာတာပါ"

"ဩော်- ကျိုက်လတ်က စာရေးဆရာလေးနဲ့တူတယ်၊ ဟိုတစ်လောက စန္ဒာ ဦးလေးကို ပြောပြထားဖူးတယ်။ ကဲ-လာလာ၊ ထိုင်"

ပိတောက်ပင် ပင်စည်ကြီးကိုပတ်ပတ်လည်ရိုက်ထားသော သစ်သားခုံတန်းကို ညွှန်ပြလိုက်သဖြင့် ကျွန်ုပ်က ဝင်ထိုင်လိုက်၏။ ဦးကျော်ကြီးက တံမြက်စည်းအား ခုံကိုမှီပြီး လှဲထားလိုက်ကာ ကျွန်ုပ်၏ဘေးတွင်ဝင်ထိုင်လိုက်ပြီး-

"အင်း. . ဇာတ်လမ်းက ဒီလိုကွ"

ဟု အစချီကာ ရီဝေသော မျက်လုံးများဖြင့် ခြံကြီး၏တစ်နေရာကို စိုက်ကြည့်နေပြီး သူ့ဘဝဇာတ်ကြောင်းကို ပြန်ပြောင်းပြောပြနေပါတော့သည်။

**စေတနာနှင့်ဝေဒနာ**

ဦးကျော်ကြီး။

ကညင်ချောင်းကျေးရွာတွင် လူပျိုကြီး ဦးကျော်ကြီးဆိုလျှင် တစ်ရွာလုံးသိပါသည်။ မောင်နှမ နှစ်ယောက်သာရှိကာ အစ်မဖြစ်သူ မမြနွယ်က အိမ်ထောင်ကျပြီး သူ့မိသားစုနှင့်သူ အိမ်ခွဲ၍နေထိုင်၏။ လက်ရှိဖြစ်သော ဦးကျော်ကြီးက မိဘပိုင်နှစ်ထပ်အိမ်ကြီး၌ တစ်ဦးတည်း ဆက်လက်နေထိုင်၏။ မိဘနှစ်ပါးလုံး တိမ်းပါးသွားပြီးနောက် ကျန်ရစ်ခဲ့သောလယ်မြေများ၊ ခြံမြေများကို မောင်နှမနှစ်ဦး အညီအမျှခွဲဝေကာ အေးအေးချမ်းချမ်း လုပ်ကိုင်စားသောက်နေကြ၏။ ဦးကျော်ကြီးကတော့ ကိုယ်တိုင်မလုပ်ဘဲ လူငှားများစွာနှင့် ခြံနှင့်လယ်ကို လုပ်ကိုင်လျက်ရှိ၏။

ဦးကျော်ကြီးက စိတ်ကောင်းရှိသည်။ ပျော်ပျော်ရွှင်ရွှင်နေတတ်သည်။ ထို့ကြောင့် လူချစ်လူခင်ပေါသည်။ အရက်မသောက်၊ မိန်းမ မရှုပ်။ သို့သော်လည်း သူ့ကိုလူကောင်းတစ်ယောက်ဟုလည်း ပိုင်ပိုင်နိုင်နိုင်ပြော၍မရ။ အဘယ့်ကြောင့်ဆိုသော် သူသည် ဖဲကစားခြင်းကိုမူ အလွန်အမင်းဝါသနာကြီးသောသူတစ်ဦး ဖြစ်သောကြောင့် ဖြစ်၏။

ဘယ်ရွာမှာ နာရေးရှိပြီလဲ၊ ဘယ်လောက်ဝေးဝေး ဦးကျော်ကြီးတို့က အရောက်သွားပြီးသား။ နာရေးအိမ်များမရှိလျှင် ချိန်းဝိုင်းများလုပ်၍ ရိုက်ကြသည်။ နာရေးနှင့်ချိန်းဝိုင်းများမရှိသောရက်များဆိုလျှင် ဦးကျော်ကြီးတစ်ယောက် အိမ်ထဲတွင် တစ်ဦးတည်း ဖဲထုပ်ကို နှစ်ပုံပုံကာ ဘယ်လက်နှင့်ညာလက် နှစ်အိမ်ခွဲ၍ ဟိုဘက်အပုံကြည့်လိုက်၊ ဒီဘက်အပုံကို ကြည့်လိုက်ဖြင့် ဝိုက်၊ ဘူကြီး၊ တွမ်တီဝမ်း. . အစရှိသည့် ဖဲကစားနည်းများကို တစ်ယောက်တည်း ကစားနေတတ်သည်။ ဒါမှမဟုတ် ဖဲချပ်များကို တဖြန်းဖြန်းကုလားဖန်ထိုးကာ ထိတွေ့ ပွတ်သပ် ကိုင်တွယ်နေတတ်သည်။ သူက အဲဒီလောက် ဖဲချပ်များကို ချစ်သည်။ ဖဲချပ်နှင့်လက် မထိမိသောနေ့ သူ၏ဘဝတွင် တစ်ရက်မှမရှိစေရဘဲ ဖဲကစားခြင်းကို ထမင်းမေ့၊ ဟင်းမေ့ ဝါသနာကြီးသူ ဖြစ်သည်။

သို့သော် သူသည် ကစားရာတွင် စည်းလေးထားကာ ပါးပါးနပ်နပ်ရှိသဖြင့် စီးပွားရေး ထိခိုက်အောင်တော့ ဘယ်တော့မှ သူ မကစား။ ထို့ကြောင့် သူ ယခုအသက် (၆၀) ကျော်သည်အထိ ဘဝတွင် ဖဲကြောင့် ဘဝမပျက်၊ ဖဲကြောင့် အထိနာခဲ့ခြင်းများ လုံးဝ မရှိခဲ့။

ကိုသောင်းထွန်း။

သူက ဦးကျော်ကြီး၏တူမ မစန္ဒာ၏ခင်ပွန်း ဖြစ်၏။ အသက်က (၃၀) ကျော်၊ မေးက လေးထောင့်၊ နှုတ်ခမ်းမွေးစစ၊ အသားကညိုညို၊ ခန္ဓာကိုယ်ပြည့်ပြည့်ဖြိုးဖြိုးဖြင့် အရုပ်အဖမောင်းဒေါင်ကောင်း၏။ သူတို့လင်မယားက ကလေး မရှိသေး။ ယောက္ခမအိမ်တွင် အတူနေပြီး ဝိုင်းလုပ်ဝိုင်းစားဖြစ်၏။ မိဘများက မစန္ဒာကို အထက်တန်းအဆင့်ထိ မြို့ပေါ်မှာကျောင်းထားပြီး ရည်ရည်မွန်မွန်ရှိပြီး ပိုက်ဆံချမ်းသာသော မြို့သားတစ်ဦးဦးနှင့် နီးစပ်အကြောင်းပါစေချင်သော်လည်း သမီးဖြစ်သူ မစန္ဒာက

တစ်ရွာတည်းသား ငယ်ချစ် ကစော်
သမား ကိုသောင်းထွန်းကို မေတ္တာ
ကြိုးမပျက်ဘဲ အချစ်များပုံအပ်လို
သည်။ ထို့ကြောင့် မိဘနှစ်ပါးမှာ
စွာ ရင်ထုမနာ ဖြစ်ကြရသည်။ ဦးကျော်
ကြီးကလည်း ကစော်သမားမယား
ရသော တူမဖြစ်သူအတွက် စိတ်
ကောင်း ဖြစ်ခဲ့ရသည်။

ကိုသောင်းထွန်းသည် ကစော်
သမားတစ်ဦးဖြစ်သည်မှာ ဇကန်အ
ပင်။ အရက်မသောက်သောနေ့ သူ
ဘဝတွင် တစ်ရက်မှမရှိစေရဟုသ
များချထားလေရော့ မသိ၊ သူသည်
ရက်ကို နေ့စဉ် သောက်သည်။ စွဲစွဲ
သောက်သည်။ အလွန်စွဲလမ်းစွာ နှ
မြိုက်မြိုက်သောက်သူတစ်ဦး ဖြစ်သ
သို့သော် သူ့အား လူဆိုးတစ်ယော
လည်း တထစ်ချပြောဆို၍ မရပြန်၊
ဘယ်ကြောင့်ဆိုသော် သူသည် လူ
လူအေး၊ လူမှန်တစ်ဦး ဖြစ်နေသေ
ကြောင့် ဖြစ်သည်။

သူသည် အရက်သောက်ရာ
လုပ်ငန်းကိုင်ငန်းများအားလုံး ပြီးစီး
မှသောက်သည်။ အရက်ကြောင့် အ
ကို လုံးဝ မပျက်စေရ၊ မထိခိုက်စေ
အရက်မူးလာလျှင်လည်း သူများ
ကို ရစ်ခြင်း၊ ရမ်းကားခြင်း လုံးဝ မ
သူက မူးလေလေ၊ ငြိမ်လေလေ လူ
မျိုး ဖြစ်သည်။ ဘယ်သူ့ကိုမှလည်း
နှောင့်အယှက်, ဒုက္ခမပေးတတ်၊
ကြောင့်ပင် ယောက္ခမများက သမ
ပေါ် ကြံဖန်ပြီး အတော်အတန်
အေးနေကြရသည်။

တစ်နေ့သ၌ ထိုလူကောင်း
မကျ၊ လူဆိုးလည်း မမည်သော ထိ
ဦးသည် ရွာထဲတစ်နေရာတွင် ထိပ်
တွေ့ကြလေသည်။

"ဦးကျော်ကြီး၊ ရွာထဲလား"

"အေးကွ၊ မင်း အလုပ်သိမ်း
ပြီလား"

"ဟုတ်ကဲ့၊ သိမ်းလာပြီ"

ကိုသောင်းထွန်းက မျက်နှာ
ဖြီးဖြီးဖြစ်သွားပြီး-

"ဦးကျော်ကြီး၊ ကျွန်တော့်တို့
(၅၀၀) လောက် ချေးပါလား၊ ချေး
(၄)၊ (၅) ရက်ဆို ကျွန်တော် ပြန်
မယ်"

"မင်း ဘာလုပ်မလို့လဲကွ"

"ဟဲဟဲ. . . ကျွန်တော် အ
သောက်ချင်လို့၊ ဒီနေ့ ဦးလေးတူမ
ပြတ်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . အရက်ဖိုးဆိုရင်တော့ မချေးဘူးကွာ၊ ငါ အားမပေးဘူး"

"လုပ်ပါ ဦးကျော်ကြီးရဲ့ တစ်ခါတလေ ချေးတာပဲဥစ္စာ"

"ဟေ့အေး-မချေးနိုင်ဘူး။ တခြားမုန့်တွေဘာတွေ ဝယ်စားဖို့၊ တစ်ခုခု အသုံးလိုလို့ ဆိုရင်တော့ ချေးမယ်။ အရက်ဖိုးကတော့ လုံးဝ မချေးနိုင်ဘူးကွာ။ အဆိပ်ပင် ရေမလောင်းနိုင်ဘူးဟေ့။ မင်း တခြားကိစ္စသုံးဖို့ဆိုရင် ငါ မချေးဘူး။ ငွေ (၅၀၀) အလကားပေးလိုက်မယ်"

"ဟင့်အင်း- ကျွန်တော်ကလည်း ညာမပြောတတ်ဘူးဗျ၊ အရက်သောက်ဖို့ပဲ တောင်းမှာ။ ဦးလေး မပေးချင်လည်း နေလေ၊ ရပါတယ်"

ဦးကျော်ကြီးက အရက်ကို အနံ့တောင် မခံနိုင်သူ၊ အရက်ကို အလွန်မုန်းသူ ဖြစ်သည်။ ကိုသောင်းထွန်းကလည်း အရက်ဖိုးကို လိမ်ညာမတောင်း၊ အမှန်အတိုင်းသာပြောဆိုတောင်းသည်။ တစ်ဦးကလည်း အရက်ဖိုးဆိုလျှင် လုံးဝ မပေးရေးချမပေး။ ဤသို့ဖြင့် သူတို့နှစ်ဦးသည် ပဋိပက္ခများဖြစ်လာကြပြီး မျက်နှာပြင်တွင် အနည်းငယ်တင်းမာမှုအရိပ်အယောင်များ ပေါ်လာကြသည်။

"ဦးကျော်ကြီး၊ တကယ် မချေးဘူးနော်"

"အေး၊ မချေးနိုင်ဘူးကွာ"

"ရတယ်၊ ဦးကျော်ကြီးမှတ်ထား။ ကျွန်တော်သေရင် ဦးကျော်ကြီး ကျွန်တော့်အိမ်လာပြီး ဖဲချရဲချကြည့်၊ ဦးကျော်ကြီး ကျွန်တော့်အကြောင်း ကောင်းကောင်းသိရမယ်။ ရတယ်"

ဟု ဆိုကာ ကိုသောင်းထွန်းသည် စိတ်ဆိုးမာန်ဆိုးဖြင့် ဦးကျော်ကြီးအား ကြိမ်းကာ ချာခနဲ လှည့်ထွက်သွားပါတော့သည်။ ဦးကျော်ကြီးက-

"ဒီကောင် နိမိတ်မရှိနမာမရှိ ဘာတွေပြောသွားမှန်းမသိဘူး။ ဩော်- စေတနာက ဝေဒနာဖြစ်ရတယ်နော်"

ဟု ရေရွတ်လိုက်ပြီး ကိုသောင်းထွန်း၏ကျောပြင်အား ငေးကြည့်နေမိပါတော့သည်။

**အမုန်းနှင့်အာဃာတ**

ဝစီဘေဒ ထိတိုင်းရှု။

ပညတ်သွားရာ မာတ်သက်ပါ။

စကားနောက် တရားပါသည်။

ကိုသောင်းထွန်း၏ စိတ်လိုက်မာန်ပါ နိမိတ်မရှိနမာမရှိပြောခဲ့သော စကားများက အံ့ဩဖွယ်ရာကောင်းလောက်အောင်ပင် အသက်ဝင် လှုပ်ရှားလာခဲ့ပြီဖြစ်သည်။ သူသည် ဦးကျော်ကြီးအား စိတ်ဆိုးမာန်ဆိုးပြောဆိုခဲ့ပြီး (၂) လတောင် မပြည့်တတ်သေး၊ အရက်ချီးကိုသောင်းထွန်းတစ်ယောက် နှစ်ပေါင်းများစွာ သောက်လာခဲ့သော အရက်ကြောင့်ပင် အသည်းထိကာ ငယ်ငယ်ရွယ်ရွယ်နှင့် ကောက်ကာငင်ကာ သေဆုံးသွားခဲ့ပါသည်။ ကိုသောင်းထွန်း သေဆုံးသွားသည့်သတင်းကြားလိုက်ရတော့ ဦးကျော်ကြီးတစ်ယောက် သူ့နားကိုပင် သူ မယုံကြည်နိုင်လောက်အောင်၊ ဖြစ်ကာ အလွန်အမင်းအံ့အားသင့်ပြီး ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။ ထို့ပြင် သူနှင့်နောက်ဆုံးတွေ့ခဲ့စဉ် ကိုသောင်းထွန်းပြောခဲ့သော စကားများကို ပြန်လည်ကြားယောင်မိပြီး များစွာစိတ်မကောင်းလည်း ဖြစ်ခဲ့ရပါသည်။

သို့ပါသော်လည်း ကိုသောင်းထွန်းတစ်ယောက် သေဆုံးသွားခြင်းသည် ဦးကျော်ကြီးအတွက်တော့ အခွင့်ကောင်းတစ်ခု ဖြစ်သွားသည်။ ဦးကျော်ကြီးသည် ရရှိသောအခွင့်အရေးကို လက်လွှတ်မခံဘဲ မြို့ပေါ်ရှိ ဖဲအမိပတိဆရာကြီးများကို လှမ်းအကြောင်းကြား ဆက်သွယ်ကာ မိမိ၏ဆွေမျိုး နာရေးအိမ်တွင် ဝိုင်းကြီးဝိုင်းကောင်းများကို ဖန်တီးဖြစ်ပေါ်စေခဲ့ပါသည်။ ကစားနည်းက ရှမ်းကိုးမီးဖြစ်ပြီး သူတို့ဝိုင်းကြီးအနားသို့ တော်ရုံတန်ရုံလူများကပ်၍မရ၊ ထိုဝိုင်းကြီးတွင် ဦးကျော်ကြီးနှင့် နောက်တစ်ဦး အပါအဝင်ရွာခံနှစ်ဦးသာ ဝင်ကစားနိုင်သည်။

ပထမညတွင် ဦးကျော်ကြီးသည် အိမ်မှ ငွေ (၇) သိန်း ယူလာပြီး ကစားသည်။ ညဉ့်သန်းခေါင်ကျော်တွင် ကစားဝိုင်းသိမ်းသွားသည်။ ထိုညက ဦးကျော်ကြီးတစ်ယောက် ပါလာသော ငွေကျပ် (၇) သိန်းစလုံး တက်တက်ပြောင်သွားသည်။ နောက်တစ်နေ့ ဆက်ကစားကြသည်။ ဒုတိယညတွင်လည်း ဦးကျော်ကြီးက ငွေ (၇) သိန်းပင် ယူလာခဲ့သည်။ ထိုညတွင်လည်း ဦးကျော်ကြီးမှာ အစပိုင်းတွင် နိုင်ခါနီး၊ နိုင်ခါနီးနှင့် အပွင့်ကောင်းနေသော်လည်း နောက်ပိုင်းတွင် တခြား ကစားဖက်များက သူ့အပေါ် နှာတစ်ဖျားသာ,သာသွားကာ အနိုင်ရ,ရသွားကြသည်။ ထို့ကြောင့် ဦးကျော်ကြီး၏ ငွေ (၇)သိန်းသည် ထိုဒုတိယညတွင်လည်း အံ့ဩဖွယ်ရာပင် တက်တက်ပြောင်သွားပါသည်။

တတိယနေ့။

ထိုနေ့က ဦးကျော်ကြီး နည်းနည်းတုန်လှုပ်နေပြီ ဖြစ်သည်။ နှစ်ရက်ဆက်တိုက် (၁၄) သိန်း ရှုံးသွားခဲ့သည်က သူ့အား သတိပေးခေါင်းလောင်းထိုးသံကို ကြားယောင်နေမိသလိုဖြစ်နေသည်။ သူ အထိနာနေသည်ကိုး။ သို့သော် သူ့ကိုယ်သူ အားပေးလိုက်သည်။ ဒီတစ်ညတော့ ငါ့အလှည့်ဖြစ်ပါပြီ။ ငွေမျှော ငွေနှင့် လိုက်ရမည်ပေါ့။ ဒီတစ်ညတော့ အပိုင်ကစားရမယ်။ လိုလိုမည်မည် ထိုညက ဦးကျော်ကြီးတစ်ယောက် လက်ခပ်တုန်တုန်ဖြင့် ငွေ (၁၀) သိန်းတိတိ ပါလာခဲ့သည်။

တတိယမြောက်ည။

ကစားကြပါပြီ။ အညွန့်ကိုဆောင်လျှင် အောင်ရမည်ဟု ကြားဖူးသဖြင့် ဦးကျော်ကြီးသည် တနင်္လာသားတို့၏ အညွန့်ဂြိုဟ် နံသင့်ပန်းဖြစ်သော ဆီးညွန့်တစ်ညွန့်ကိုပင် အိပ်ကပ်ထဲထည့်ကာ ဆောင်လာခဲ့သေးသည်။ သို့ပါသော်လည်း အရင်ညများအတိုင်းပါပင်။ အစပိုင်းဟုတ်တော့မလိုလို၊ နိုင်တော့မလိုလိုနှင့် နောက်ပိုင်း အဖျားရှူးရှူးသွား၏။ ဦးကျော်ကြီးတစ်ယောက် ချွေးတွေနစ်နေအောင်ပြန်နေ၏။ စိတ်တွေယောက်ယက်ခတ်ဖြစ်ကာ တုန်လှုပ် ချောက်ချားနေပြီး ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေသည်။ ဘယ်လိုဖြစ်နေရပါသနည်း။ တစ်ပွဲတလေတောင် အနိုင်မရှိ၊ ဆက်ကာ ဆက်ကာ တစ်ပွဲပြီးတစ်ပွဲ အရှုံးကြီးရှုံးနေသည်။ များများနိုင်ချင်၍ များများရင်းလိုက်ပါသော်လည်း ကံက ကိုယ့်ဘက်မပါ၍ ထိုညကလည်း ဦးကျော်ကြီးတစ်ဖော်က် (၁၀) သိန်းတိတိကို ဝိုင်းထဲရှိ မြို့ပေါ်မှ ဖဲအမိပတိများအား ထိုးအပ်လိုက်ရပါတော့သည်။

နောက်တစ်နေ့ အိပ်ရာကနိုးတော့ ဦးကျော်ကြီးတစ်ယောက် အိပ်ရာမှချက်ချင်း မထနိုင်သေး။ ညက အိပ်ရာဝင်တော့ တော်တော်နှင့် သူ အိမ်မပျော်ခဲ့သည်ကိုး။ သူ၏တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းနေသည်။ စိတ်တွေလည်း မတည်ငြိမ်၊ ယောက်ယက်ခတ်နေပြီး မွန်းကျပ်နေသည်။ သက်ပြင်းတွေလည်း အကြိမ်ကြိမ်ချနေမိသည်။ နဖူးပေါ်လက်နှစ်ဖက်ကိုထပ်တင်ထားကာ တစ်သက်လုံး ရှာဖွေ စုဆောင်းလာခဲ့သော ငွေ (၂၄) သိန်းတိတိကို (၃) ညဆက်တိုက် နိုင်ပွဲမရှိ အရှုံးကြီးရှုံးခဲ့ရသော သူ၏အဖြစ်အပျက်ကို အလွန်အမင်း အံ့ဩသင့်ခဲ့ရသည်။ တုန်လှုပ်ချောက်ချားကာ အ



www.burmeseclassic.com

www.burmeseclassic.com

ထိတ်တလန့် ဖြစ်သွားရ၏။ ဘာကြောင့်နည်း။ ဘဝတွင် ဒီလိုမျိုး တစ်ခါမှ ကံမဆိုးဘူးခဲ့၊ အထိမနာဘူးခဲ့။ လက်ရှိအနေအထားအရ နောက်တစ်ညဆက်တစားဖို့ကိုလည်း သူ မစွန့်စားရဲတော့။ သူ လန့်နေပြီ၊ လက်တွန့်နေပြီ။ သူ့တွင် ရှိသမျှလက်ကျန်ငွေကလည်း သောင်းဂဏန်းမျှသာရှိနေတော့သည်ကို သူသည် နဖူးကြောကြီးရှုံ့နေအောင်ပင် အကြိတ်အနယ်စဉ်းစားခန်းဖွင့်ကာ အဖြေရှာနေမိသည်။

"ဟာ"

ဦးကျော်ကြီး နှုတ်မှ အာမေဋိတ်သံထွက်သွားပြီး ကောက်ကာငင်ကာဆတ်ခနဲ ထထိုင်လိုက်သည်။

"သောင်းထွန်း။ ဟုတ်ပြီ၊ ဟုတ်ပါပြီ။ ဒီကောင့်လက်ချက်နဲ့ တူတယ်။ ဒီကောင် ငါနဲ့ နောက်ဆုံးတွေ့သွားတုန်းက ငါ့ကို စိတ်ဆိုးမာန်ဆိုးနဲ့ ကြိမ်းသွားတယ်လေ။ ဘာတဲ့- ဦးကျော်ကြီး၊ ကျွန်တော်သေရင် ကျွန်တော့်အသုဘမှာ ဖဲလာချရဲချကြည့်။ ကျွန်တော့်အကြောင်း ဦးကျော်ကြီး ကောင်းကောင်းသိရမယ်တဲ့။ ဟုတ်တယ်၊ သူ ငါ့ကို အဲဒီလို ကြိမ်းသွားတာပဲ။ ဟာ-လက်စသတ်တော့ သူ့လက်ချက်ကိုး။ ဒါကြောင့် ဘဝမှာ တစ်ခါမှ မကြုံစဖူး ဘဝပျက်အောင်ကို ဆက်တိုက်ရှုံးခဲ့ရတာ။ ဩော်-ဒီကောင့်နှယ်ကွာ၊ တယ်အငြိုးအာဃာတကြီးလှချေလား။ နောင်တမလွန်ဘဝအထိတောင် အငြိုးအတေး တယ်ကြီးလှပါလားကွာ"

ဦးကျော်ကြီးသည် တစ်ကိုယ်တည်း တီးတိုးရေရွတ်နေရင်း အိပ်ရာမှ ထ မျက်နှာသစ်ပြီး တံခါးမကြီးကို သော့ခတ်ကာ ကိုသောင်းထွန်း၏ဈာပနရှိရာ အစ်မဖြစ်သူ၏အိမ်ဘက်သို့ ခပ်သွက်သွက်လေး လျှောက်လာခဲ့တော့သည်။

ဦးကျော်ကြီးသည် ခြံထောင့်ရှိ ရုပ်ကလာပ်ရှိရာသို့ တန်းလျှောက်သွားကာ အနားသို့ရောက်သောအခါ ခေါင်းရင်းဘက်အခြမ်း အခေါင်းအဖုံးအပေါ်ကို ညာလက်ဖြင့် တစ်ချက်ပုတ်လိုက်ပြီး-

"သောင်းထွန်းရာ၊ မင်း အတော်ကို ရက်စက်တယ်ကွာ။ ငါက အရက်ကို လုံးဝမုန်းတဲ့သူပါ။ အရက်ဟာမကောင်းလို့၊ အရက်ကိုမသောက်စေချင်လို့ မင်းကို စေတနာနဲ့ ငါ ပိုက်ဆံမပေးခဲ့တာပါကွာ။ ငါက မင်းကိုစေတနာထားခဲ့တာပါ၊ သက်သက်ညစ်တာ မဟုတ်ပါဘူး။ မင်း အဲဒီတုန်းက ငါ့ကိုကြိမ်းခဲ့တဲ့အတိုင်း အခု မင်း ငါ့ကို လုပ်လိုက်ပြီပေါ့လေ၊ ပညာပေးလိုက်ပြီပေါ့လေ။ တယ်အငြိုးအတေးကြီးလှချေလားကွာ၊ မင်း တော်တော်ရက်စက်တယ်။ ငါ့မှာ အခု ပိုက်ဆံဘာမှမရှိတော့ဘူးကွ။ ဘဝပျက်ပြီကွ၊ ငါ့ဘဝ တော်တော် အထိနာသွားပြီကွ သောင်းထွန်းရေ၊ လုပ်ရက်ပါ့ကွ"

ခပ်တိုးတိုး အသံထွက်ကာ တစ်ကိုယ်တည်း ရင်ဖွင့်နေသော ဦးကျော်ကြီးတစ်ယောက် ပြောနေရင်း အသံတိမ်ဝင်သွားကာ ငိုသံများပင် ရောစွက်လာပြီး ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာပါသည်။ ငိုသံပါပါကြီးဖြင့် စိတ်ကျေနပ်အောင် ရင်ဖွင့်ပြောဆိုပြီးသောအခါ သူသည် အစ်မအိမ်သို့ပင် ဆက်မသွားတော့ဘဲ သူ့အိမ်ဆီသို့ ခေါင်းငိုက်စိုက်ဖြင့် လေးတွဲ့စွာ တစ်လှမ်းချင်းလှမ်း၍ ပြန်လာခဲ့ပါတော့သည်။

တစ်လမ်းလုံး သူတွေးလာခဲ့သည်များက စေတနာသည် ဝေဒနာဖြစ်ကြောင်း၊ ပညတ်သွားရာ ဓာတ်သက်ပါ၊ စကားနောက် တရားပါတတ်ကြောင်း၊ ကြောက်စရာကောင်းသော အမုန်းတရားနှင့် အငြိုး အာဃာတတို့၏အကြောင်း၊ လောင်းကစားခြင်း၏ဆိုးကျိုးဆိုးပြစ်နှင့် ဒုက္ခကြီးစွာ ရောက်တတ်ကြောင်းတို့ပင် ဖြစ်ပါတော့သည်။

## (၆၄) သိန်းနှင့်ချမ်းသာစစ်

"အင်း-အဖြစ်ကတော့ ဒါပါပဲ ငါ့တူရယ်၊ အဲဒီနောက်ပိုင်း ဦးလေး သံဝေဂတွေ တော်တော်ရပြီး ဘဝကို တန်ဖိုးရှိရှိ နေထိုင်သွားဖို့ကို လေးလေးနက်နက် စဉ်းစားပြီး အသိတရားတွေ အများကြီးရခဲ့တယ်။ အဲဒီမှာတင် ဦးလေးနေတဲ့ အမွေဆိုင်အိမ်ကြီးကိုရောင်းပြီး မောင်နှမနှစ်ယောက် အညီအမျှခွဲယူကြတယ်။ ဦးလေးပိုင်တဲ့လယ်တွေကိုလည်း အစ်မဖြစ်သူကို ရောင်းလိုက်တယ်။ အိမ်ရောင်းလို့ရတဲ့ပိုက်ဆံနဲ့ လယ်ရောင်းလို့ရတဲ့ပိုက်ဆံ အားလုံးပေါင်း သိန်း (၄၀) လုံးကို ဒီကျောင်းက ဆရာတော်ကြီးဆီ အကုန်လှူဒါန်းလိုက်တယ်။ ဒီတစ်သက် ဘုရားတပည့်တော် ဒီကျောင်းမှာပဲ ကပ္ပိယကြီးဘဝနဲ့ နေသွားပါရစေ ဆိုပြီးတော့လည်း ခွင့်တောင်းရတာပေါ့။ အဲဒါနဲ့ပဲ ဦးလေး ဒီဘုန်းကြီးကျောင်းမှာ သောင်တင်နေတာ (၁၀) နှစ်တောင်ပြည့်တော့မယ် ငါ့တူရေ။ ကျောင်းရဲ့ဝေယျာဝစ္စ ကိုယ်လုပ်နိုင်တာတွေကို တစ်နိုင်တစ်ပိုင် လုပ်တယ်၊ ဒီကျောင်းမှာ တရားစခန်းက လည်း တစ်နှစ်ကို (၃)ခါလောက်ရှိတော့ တရားစခန်းရှိရင် တရားစခန်းဝင်ပြီး တရားအားထုတ်တာပေါ့ ငါ့တူရ"

ဦးကျော်ကြီးက စကားကိုခေတ္တ ရပ်လိုက်ပြီး မျက်နှာတွင် ပြုံးယောင် သန်းလာကာ-

"တစ်ခါ တစ်ခါတော့လည်း ကိုယ့် ဘဝကိုယ် စဉ်းစားပြီး သဘောကျပြီး ရယ်မိသေးတယ်ကွ။ ဘာဖြစ်လို့လဲဆို တော့ အခုလို လွတ်လပ်ပေါ့ပါးပြီး ငြိမ်းချမ်းအေးမြတဲ့ ဘဝလေးကို ရောက် ကို ဖဲရှုံးတဲ့ (၂၄) သိန်းရယ်၊ အခု ဆ တော်ကို လှူလိုက်တဲ့ သိန်း (၄၀)ရ နှစ်ခုပေါင်းလိုက်ရင် (၆၄) သိန်းတောင် ရင်းပြီး ဒီလို ကပ္ပိယကြီးဘဝကို ရော အောင်လုပ်ခဲ့ရတာပါလားလို့ ကြံဖြ ဖန်တွေးမိပြီး သဘောကျပြီး ရယ်မိသေး တယ်ကွာ-ဟားဟားဟား။ ဒါပါပဲ၊ ဦး လေးရဲ့ဇာတ်ကြောင်းက။ ကဲ- ဦးလေး လည်း ဆရာတော်တွေကို ဆွမ်းကပ် သွားပြင်ဆင်လိုက်ဦးမယ်၊ ငါ့တူကျော ပေါ်လိုက်ဦးမလား"

"မလိုက်တော့ပါဘူး ဦးလေးရယ် ကျွန်တော်လည်း စာသင်ကျောင်းမှာ အ လုပ်ရှိသေးလို့ပါ။ ကဲ-ကျွန်တော်လည်း ပြန်လိုက်ဦးမယ်နော် ဦးလေး။ ကျိုက် လတ်ရောက်ရင်တော့ ဦးလေးရဲ့အ ကြောင်းကို စာရေးပြီး မဂ္ဂဇင်းတစ်ခုခု ပို့လိုက်မယ်၊ ရေးခွင့်ပေးနော် ဦးလေး"

"ရေးပါကွာ. . . ရေးပါ၊ ရေးပါ ဦးလေးရဲ့ဘဝဇာတ်ကြောင်းက ဗဟုသု တရစရာ၊ သံဝေဂရစရာ၊ အသိတရား ရစရာတွေ အများကြီး ပါ,ပါတယ်။ စာ ဖတ်ပရိသတ်အတွက် အများကြီးအကျိုး ရှိမှာပါကွာ။ ရေး၊ ရေး- ဦးလေး ခွင့်ပြုပါ တယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ရေးဖြစ် အောင်ရေးပြီး ပို့လိုက်ပါ့မယ်။ သွားပြီ နော် ဦးလေး"

ဘုန်းကြီးကျောင်းမှ အပြန်လမ်း တွင် စာပေဟောပြောပွဲကျင်းပမည့် စာ သင်ကျောင်းမှ အသံချဲ့စက်ဖြင့်ဖွင့်ထား သော 'နဂါးနီ' သီချင်းက တောက်ပ သောနေရောင်ခြည်အောက်တွင် ပျံ့လွင့် လျက်ရှိနေပါတော့သည်။

*ကောင်းမှု အကြောင်းပြု တောင်း ဆုပြည့်ပါစေ*

သုခ



www.burmeseclassic.com

www.burmeseclassic.com

အနောက်တိုင်းလက်နက်နိုင်ငံကြီးများက အာရှနဲ့ အာဖရိကတိုင်းပြည်တွေကို ဝင်ရောက် လုယက်တိုက်ခိုက်သိမ်းပိုက်ပြီး ရတနာတွေယူသွားကြတာဟာ မဆန်းတော့ပါဘူး။

ဒါပေမယ့် တောင်အမေရိကတိုက်ကို စပိန်လက်နက်နိုင်ငံကြီးက ဝင်ရောက်လုယက် သိမ်းပိုက်ခဲ့တာကိုတော့ လူသိနည်းနေသေးတယ်။

အာရှနဲ့ အာဖရိကတိုက်ကို အင်္ဂလိပ်၊ ပြင်သစ်နဲ့ ပေါ်တူဂီတို့ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ပြီး လိုချင်တာတွေ ယူသွားကြတာကိုတော့ စာနယ်ဇင်းတွေနဲ့ စာအုပ်တွေရေးထားလို့ လူသိများပေမယ့် တောင်အမေရိကတိုက်ကို စပိန်တွေ ဝင်ရောက် သိုက်တူးလုယက်တာကိုတော့ သိပ်မသိကြဘူး။ ၂၀ ရာစု နောက်ပိုင်းလောက်မှ အနည်းအကျဉ်း ရေးလာကြတာ ဖြစ်တယ်။

အမေရိကတိုက်ဆိုရင် မြောက်အမေရိကတိုက်လောက်သာ သိကြတယ်။ တောင်အမေရိကကို မြောက်အမေရိကက အရိပ်ထိုးသွားလို့လည်း လူသိနည်းတာ ဖြစ်တယ်။ တောင်အမေရိကတိုက်ကြီးဟာ အာရှတိုက်လိုပါပဲ။ မဖွံ့ဖြိုးသေးတဲ့နိုင်ငံတွေသာများတယ်။ ဆင်းရဲကြပါတယ်။

တောင်အမေရိကတိုက်နဲ့ မြောက်အမေရိကတိုက်နှစ်ခုကို မက်ဆီကိုနိုင်ငံက အလယ်မှာ ဆက်ထားတယ်။ ဒါကြောင့် မက်ဆီကိုနိုင်ငံကို အလယ်အမေရိကန်လို့ ခေါ်ကြတယ်။ တောင်အမေရိကတိုက်ကြီးကို မက်ဆီကိုနိုင်ငံက ယဉ်ကျေးမှုနဲ့ သမိုင်းအရ လွှမ်းမိုးထားတာ ဖြစ်တယ်။မာယာယဉ်ကျေးမှုကြီးဟာ မက်ဆီကိုကနေပြီး တောင်ဘက်ရှိ ဟွန်ဒူရပ်၊ အယ်(လ်)ဆာဗေးဒိုး၊ အရှေ့ဘက်မှာ ဂွါတီမာလာနဲ့ ယူဂန္ဒာအထိ လွှမ်းခြုံသွားတယ်။

မာယာယဉ်ကျေးမှုကြီးရဲ့ ရှေ့တော်ပြေးယဉ်ကျေးမှုဟာ အဇ္ဇတက်လူမျိုးတွေရဲ့ယဉ်ကျေးမှုက စတင်ခဲ့တာဖြစ်တယ်။ အတ္တလန္တိတ်နိုင်ငံတော်ကြီး ရေအောက်မနစ်မြုပ်ခင်က အတ္တလန္တိတ်ယဉ်ကျေးမှုဟာ တော်(လ်)တက်လူမျိုးတွေရဲ့ ယဉ်ကျေးမှုကြီး လွှမ်းမိုးခဲ့တယ်။ အတ္တလန္တိတ်မှာ လူမျိုးနွယ် (၇) မျိုးအနက် အကြီးအကျယ်ဆုံးနဲ့ အတိုးတက်ဆုံးဟာ တော်(လ်)တက်လူမျိုးနွယ်ယဉ်ကျေးမှု ဖြစ်တယ်။ တော်(လ်)တက်တွေဟာ မက်ဆီကိုရှိ တူလာမြို့ကို အခြေပြုပြီးတော့ တိုးတက်ထွန်းကားလာတာဖြစ်ပါတယ်။

အဲဒီတော်(လ်)တက်လူမျိုးတွေရဲ့ အခြေခံလူမျိုးစုဟာ အဇ္ဇတက်လူမျိုးနွယ်စုဖြစ်တယ်။ ဒါကြောင့် တော်(လ်)တက်ရဲ့ပထမယဉ်ကျေးမှုခေတ်ကို အဇ္ဇတက်ယဉ်ကျေးမှုလို့ခေါ်တယ်။

## အဇ္ဈတာရတနာသိုက်





www.burmeseclassic.com

www.burmeseclassic.com

အဲဒီခေတ်က အဇ္ဇတက်တွေဟာ *ကမ္ဘာမှာလည်း အတိုးတက်ဆုံးဖြစ်တယ်။* ဒါကြောင့် နောင်အခါမှာ ရှမ်ပဲလားသူတော်စင်အဖွဲ့လို့ ခေါ်တဲ့ ပုဂ္ဂိုလ်တွေဟာ ပထမဆုံး အတ္တလန္တိတ်တိုက်ကြီးမှာခြေချစဉ်က အဇ္ဇတက်ယဉ်ကျေးမှုခေတ်၊ အဇ္ဇတက်နိုင်ငံမှာ ဖြစ်တယ်။ အတ္တလန္တိတ်တိုက်ကြီးရေမြုပ်သွားတော့မှ ရိုဘီသဲကန္တာရရှိ ရှမ်ပဲလားကို ရွှေ့ပြောင်းသွားတာ ဖြစ်တယ်။

အဇ္ဇတက်ဈာန်ပုဂ္ဂိုလ်ကြီးတွေရဲ့ နည်းပေးလမ်းညွှန်မှုအရ အဇ္ဇတက်လူမျိုးတွေဟာ ကျောက်ခေတ်ကတည်းက စိုက်ပျိုးရေးကို တတ်ကျွမ်းနေကြပြီး သင်္ချာပညာ၊ နက္ခတ်ပညာတွေကို ကျွမ်းကျင်သလို ပြက္ခဒိန်တွေရှိနေပြီဖြစ်တယ်။ ကျောက်တုံးပေါ် ထွင်းထားတဲ့ပြက္ခဒိန်ပေါ့။ တစ်လမှာ (၂၄) ရက်၊ တစ်နှစ်မှာ လပေါင်း (၂၀) နဲ့ ထပ်တိုးရက် (၄) ရက် ဖြစ်တယ်။ ဒီလို သင်္ချာပညာတွေ ကျွမ်းကျင်လို့ ပိရမစ်တွေ၊ နန်းတော်တွေကို စနစ်တကျ တည်ဆောက်နိုင်တာ ဖြစ်တယ်။ အကြီးမားဆုံး နေမင်းပိရမစ်ဟာ ပေ(၂၀၀)ကျော်မြင့်ပြီး အောက်ခြေမှာ (၇၂၀ × ၇၆၀) ပေ ကျယ်တယ်။ အီဂျစ်ပိရမစ်နဲ့ နှိုင်းယှဉ်နိုင်လောက်တဲ့ ပိရမစ်တွေဖြစ်တယ်။

ပန်းပုပညာ၊ ပန်းတဉ်းပညာ၊ ဓာတုဗေဒပညာတွေလည်း တတ်ကျွမ်းနေလို့ ပန်းပုပညာလက်ရာ၊ ပန်းတဉ်းပညာလက်ရာတွေကို ယနေ့အထိ တွေ့နိုင်တယ်။ ရွှေတွင်း၊ ငွေတွင်း၊ သတ္တုတွင်းတွေ တူးတယ်။ ရွှေ ငွေတွေကို အရည်ကျိုနိုင်တယ်။ ရွှေပန်းထိမ်ပညာတွေ ထွန်းကားတယ်။ ဒါကြောင့် ဘုရားကျောင်းတွေ၊ နန်းတော်တွေမှာ ရွှေရုပ်တုတွေ၊ ရတနာတွေကို ဆင်ယင်အသုံးပြုနိုင်တာဖြစ်တယ်။ ဒီရွှေတွေကို စပိန်နယ်ချဲ့တွေက သွားရည်ကျတာဖြစ်တယ်။ အဲဒီခေတ်က ရွှေ ငွေ၊ ကျောက်စိမ်းစတဲ့ ရတနာတွေဟာ အလွန်ပေါကြွယ်ဝခဲ့တယ်။

ဒီလို ရွှေ ငွေ ရတနာတွေ ပေါကြွယ်ပေမယ့်လို့ ရွှေတန်ဖိုးကို ထိပ်တန်းမထားဘူး။ ရွှေကိုမမက်ကြဘူး။ တွင်းထွက်သတ္တုပစ္စည်းတစ်ခုလောက်သာ သဘောထားတယ်။ အလေးအမြတ်ပြုပြီး တန်ဖိုးထားတာကတော့ အနုပညာလက်ရာတွေ၊ သင်္ချာပညာ၊ ဗိသုကာပညာတွေ၊ နက္ခတ်ပညာတွေသာ ဖြစ်တယ်။ ဒီပညာရပ်တွေဟာ ပျောက်ကွယ်သွားပြီးတော့ ခေတ်သစ်ယဉ်ကျေးမှု *ထွန်းကားလာမှ တစ်ဖန်ပေါ်ထွက်လာတာ ဖြစ်တယ်။*

ဒါပေမယ့် ကျောက်ခေတ်ကပေါ်ခဲ့တဲ့ အတ္တလန္တိတ်ယဉ်ကျေးမှုမှာ ဒီလိုပညာရပ်တွေ ထွန်းကားနေခဲ့တာဟာ သာမန်အားဖြင့် မယုံနိုင်စရာပါဘဲ။ အဇ္ဇတက်လူမျိုးတွေ၊ မာယာခေတ်လူသားတွေကတော့ ကောင်းကင်ကလာတဲ့ မိုးနတ်မင်းကြီးက သူတို့ကို ဒီပညာတွေ သင်ကြားပေးခဲ့တာဖြစ်တယ်။ ဒါကြောင့် အာကာသက လာရောက်တဲ့ မိုးနတ်မင်းကို ကွီဇာကုတ်ဘုရားလို့ ခေါ်တယ်။ ကွီဇာကုတ်ဘုရားကို ကိုးကွယ်ကြတယ်။ ခေတ်သစ်ဝါဒီတွေနဲ့ ပရစိတ်ပညာရှင်တွေကတော့ ကွီဇာကုတ်ဘုရားဟာ အခြားဂြိုဟ်ကမ္ဘာက ဒီကမ္ဘာကို အာကာသယာဉ်ပျံနဲ့ လာရောက်တဲ့ ဂြိုဟ်သား အီးတီတွေဖြစ်တယ်။ ဒီဂြိုဟ်သား အီးတီတွေဟာ ဉာဏ်အရာမှာ အလွန်အဆင့်မြင့်တဲ့ဂြိုဟ်ကလာတဲ့ အီးတီတွေဖြစ်တယ်လို့ ဆိုကြတယ်။

အဇ္ဇတက်လူမျိုးတွေဟာ မြို့ပြနိုင်ငံတည်ထောင်ပြီးတော့ ဘုရင်တစ်ပါးတင်မြှောက်တယ်။ နန်းတော်ဆောက်တယ်။ ဘုရားကျောင်းတွေ ဆောက်တယ်။ အလွန် ခမ်းနားကြီးကျယ်တဲ့ မြို့တော်ကြီးကို တည်ဆောက်တယ်။ အခုအခါမှာ လူလာမြို့လို့ ခေါ်တဲ့နေရာမှာ တူလန်ဆိုတဲ့ မြို့တော်ကို စနစ်တကျ အကွက်ရိုက်ဆောက်တယ်။ မြို့တော်မှာ လမ်းမကြီး (၂) ခုရှိတယ်။ တစ်လမ်းကို တစ်လမ်းက ကန့်လန့်ဖြတ် ကြက်ခြေခတ်ပုံ ဖြတ်သန်းနေတယ်။ တစ်လမ်းက အရှေ့-အနောက်၊ တစ်လမ်းက တောင်-မြောက်တန်းနေတယ်။ အရှေ့အနောက်ဖောက်ထားတဲ့လမ်းမကြီးကို မရဏလမ်းမကြီးလို့ ခေါ်တယ်။ သင်္ချိုင်းကိုသွားရာလမ်းဖြစ်လို့ မရဏလမ်းလို့ခေါ်တာ ဖြစ်တယ်။ ဒီမရဏလမ်းမကြီးရဲ့အနောက်ဘက်ထိပ်မှာသင်္ချိုင်းရှိပြီး အရှေ့ဘက်ထိပ်မှာ နေမင်းပိရမစ်ရှိတယ်။ နေမင်းကိုပူဇော်တဲ့အနေနဲ့ဆောက်ထားတဲ့ အကြီးဆုံးပိရမစ်ကြီးပါပဲ။ ဒါကြောင့် အဇ္ဇတက်တွေဟာ နေကိုကိုးကွယ်ကြသူတွေ ဖြစ်တယ်လို့ ခေတ်ပညာရှင်တွေက ယူဆတာ ဖြစ်တယ်။ တောင်-မြောက်လမ်းမကြီးရဲ့ မြောက်ဘက်ထိပ်မှာ စန္ဒာပိရမစ်ရှိတယ်။ စန္ဒာပိရမစ်ဟာ နေမင်းပိရမစ်နဲ့ ပုံတူပါပဲ။ မြို့တော်တောင်ဘက်ထိပ်မှာ ကွီဇာကုတ်ဘုရားကျောင်းရှိတယ်။ ဒီပိရမစ်တွေနဲ့ ဘုရားကျောင်းတွေမှာ *ပန်းပုရုပ်တုတွေ၊ အနုပညာလက်ရာတွေ*နဲ့ ရွှေငွေရတနာတွေအပြည့်ရှိနေတယ်။

အဇ္ဇတက်လူမျိုးတွေဟာ ဈာန်ပုဂ္ဂိုလ်တွေက သင်ကြားပေးတဲ့ ဘုန်းကြီးတွေဆီက ဘာသာရေး၊ ဒဿနပညာနဲ့ သင်္ချာပညာ၊ နက္ခတ်ပညာ၊ အနုပညာတွေကို သင်ကြားခဲ့ကြတယ်။ ဘာသာရေးသင်ကြားချက်တွေဟာ ကိုးကွယ်မှု၊ ကိုယ်ကျင့်တရား တည်ဆောက်မှု သီလတွေ မဟုတ်ဘဲ သဘာဝစွမ်းအင်တွေအကြောင်း၊ သဘာဝနိယာမတွေအကြောင်းနဲ့ ဒီသဘာဝနိယာမတွေကို အသုံးပြုပြီး သဘာဝစွမ်းအင်တွေကို လူသားတွေအကျိုးအတွက် အသုံးချတာသာ ဖြစ်တယ်။ ကိုယ်ကျင့်သီလကို ဟောပြောမှုမပြုပေမယ့် ရှေ့ဆောင်ဘုန်းကြီးတွေရဲ့ လက်တွေ့နမူနာပြနေထိုင်ဆက်ဆံမှုကို အလေးထား လိုက်နာကြလို့ လူတိုင်းလိုလို ကိုယ်ကျင့်တရားရှိတယ်။ ရာဇဝတ်မှုတွေ၊ မကောင်းမှုတွေဟာ မရှိသလောက် ရှားတယ်။ ဘာသာရေးပစ္စည်းတွေကို အလွဲသုံးစား လုပ်ရင်၊ သူတစ်ပါးသားမယားကို ကျူးလွန်ရင်၊ လူသတ်မှုကျူးလွန်ရင်၊ စုန်းကဝေပညာကိုအသုံးပြုရင် သေဒဏ်ပေးတယ်။ သေဒဏ်ပေးတဲ့အခါမှာ ကြိုးပေးကွပ်မျက်တယ်။ စုန်း၊ ကဝေ၊ မှော်ဆရာတွေကိုတော့ လူမြင်သာတဲ့နေရာမှာ ကားစင်တင်ပြီး ကွပ်မျက်တယ်။

ဘာသာရေးပွဲ၊ အခမ်းအနားတွေမှာ တီးမှုတ်သီဆိုတဲ့ ဂီတတွေဟာ ရစ်သမ်ခေါ် အသံစီးဆင်းမှုနရီကို အဓိကထားလို့အစွမ်းထက်တယ်။ ယနေ့ခေတ် ကျောင်းသားတွေ စုပေါင်းပြီး ပုံသဏ္ဌာန်တစ်ခုကို သရုပ်ဖော်သလို အကမျိုးကို ဓာပြနိုင်တယ်။ မဏ္ဍလတစ်ခုကို လူအများက လှုပ်ရှားပြီး စိတ်ရောကိုယ်ပါ သရုပ်ဖော်တာကို နရိယသမဏ္ဍလလို့ ခေါ်တယ်။ တိဗက်ယနေ့ခေတ်ထိ ဒီလိုလှုပ်ရှားမဏ္ဍလတွေ ခင်းကျင်းနေကြတယ်။

ဒီလို အဘက်ဘက်က အဆင့်မြင့်မြင့် တိုးတက်နေတဲ့ အဇ္ဇတက်တိုင်းပြည်ဟာ ရွှေ ငွေ၊ ကျောက်သံပတ္တမြား တွေကို လောဘရမ္မက်တက်နေတဲ့ စပိန် တွေရဲ့ ကျူးကျော်မှုကြောင့် အေဒီ ၁၄၄၀ မှာ ပျက်သုဉ်းခဲ့ရတယ်။

မောင်ကျော်...

*Ref: Unsolved Mysteries.*



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာလူမျိုးများ ရေကို ဂမ္ဘီရဆန်စွာ အသုံးပြုပုံ

## ရသဂမ္ဘီရ-ကျော်ဝင်းအောင်(ပြည်၊ ဆည်မြောင်း)

လောကကြီးတွင် ရေသည် သက်ရှိသတ္တဝါတိုင်း၏ မရှိမဖြစ်သုံးစွဲရသော အရာဝတ္ထုပစ္စည်းတစ်မျိုး ဖြစ်သည်။ ထို့အတူ ကမ္ဘာကြီးရှိ နိုင်ငံ၊ တိုင်းပြည်များတွင် ရေသည် မရှိမဖြစ် နေရာတိုင်းတွင် လိုအပ်လျက်ရှိသည်။

မြန်မာလူမျိုးတို့သည် ရေကို ရိုးရာအစဉ်အလာအရ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် အသုံးပြုနေဆဲပင် ဖြစ်သည်။ သို့သော်လည်း ရှေးက ဘိုးဘွား မြန်မာလူမျိုးများမှာ ဘာသာရေးဘက်တွင် ဗုဒ္ဓဂုဏ်တော်၊ ပရိတ်တော်များ တန်ခိုးအာနိသင် ပိုမိုထက်မြက်စေရန် ရေကို ဂမ္ဘီရဆန်သောနည်းပေါင်းများစွာဖြင့် အသုံးပြုခဲ့ကြသည်။ ထိုဂမ္ဘီရဆန်သော နည်းပေါင်းများစွာထဲမှ သက်ကြီးစကား သက်ငယ်ကြားဆိုသလို အဘိုး၊ အဘွားများ ပြောကြား၍ မှတ်သားမိသောနည်းများကို စာရေးသူက ရေးသားတင်ပြသွားပါမည်။

ရှေးက ဘိုးဘွား မြန်မာလူမျိုးတို့သည် ရေကို ဂမ္ဘီရဆန်သောနည်းများဖြင့် စုန်ရေ (မြောက်မှတောင်သို့ စီးဆင်းမြဲဖြစ်သောရေ) ကိုလည်းကောင်း၊ ဆန်ရေ (ပုံမှန်စီးဆင်းမြဲဖြစ်သောရေကို ပြောင်းပြန်ခပ်ယူသောရေ) ကို လည်းကောင်း၊ တွင်း (၉) တွင်း, ရေကန် (၉) ကန်ရေ၊ တံစက်လက်ပြန်ရေ၊ သီလလုံခြုံသူ ခင်ပွန်းသည်၏ ဒူးအထက်မှ လောင်းချသောရေ၊ ပရိတ်ရေ ဟူ၍ အမျိုးအစားများစွာ ရှိပါသည်။ စုန်ရေ၊ ဆန်ရေ၊ တွင်း (၉) တွင်း၊ ရေကန် (၉) ကန်ရေကို များသောအားဖြင့် ဘာသာရေးဘက်တွင်အသုံးများပါသည်။ မြန်မာလူမျိုးတို့တွင် မမြင်ရသောနာမ်လောကနှင့်ပတ်သက်သည့် ဝေဒနာရှင်များကို ဆေးဝါးကုသသောအခါ စုန်ရေ၊ ဆန်ရေ၊ တံစက်လက်ပြန်ရေများကို အသုံးပြုလေ့ ရှိကြသည်။ စုန်ရေ၊ ဆန်ရေအကြောင်းမှာ ကျယ်ဝန်းနက်ရှိုင်းလှသဖြင့် စာရေးသူ အတွေးဖြင့် လိုက်မမီသောကြောင့် လည်းကောင်း၊ လေ့လာမှုနည်းပါးသောကြောင့် လည်းကောင်း ချန်ထားရသည်ကို ခွင့်လွှတ်ပေးပါ။ စာဖတ်သူများသိရှိပါက ဆက်လက်ဖော်ထုတ်ပေးပါရန် မေတ္တာရပ်ခံပါသည်။ ယခုရေးသားမည့်ရေမှာ တွင်း (၉) တွင်းရေ၊ ကန် (၉)ကန်ရေ၊ သီလလုံခြုံသူ ခင်ပွန်းယောကျ်ား၏ ဒူးအထက်မှ လောင်းချသောရေ ဖြစ်ပါသည်။ တံစက်လက်ပြန်ရေမှာ သူရဇ္ဇမဂ္ဂဇင်း အတွဲ(၁၂)၊ အမှတ် (၉)၊ ၂၀၁၂ တွင် ဖော်ပြပါရှိပြီး ဖြစ်ပါသည်။

ယနေ့ခေတ်ကာလ စက်ဖြင့်စုပ်သော အဝီစိတွင်းများမှရေကို (၉) တွင်း (၉) နေရာပြည့်အောင် ရေသန့်ဘူးတစ်ဘူးခန့် အညီအမျှယူရပါမည်။ ထိုသို့ရရှိလာသောရေကို ရေစစ်ဖြင့် အကြိမ်ကြိမ်အခါခါစစ်ပြီး ပရိတ်ရွတ်ပွားရာနေရာ၊ ပဋ္ဌာန်းရွတ်ပွားရာ နေရာများတွင် ပရိတ်ရေ၊ ပဋ္ဌာန်းရေအဖြစ်သုံးစွဲရန် ဖြစ်သည်။ ထိုသို့အသုံးပြုထားသော ပရိတ်ရေ၊ ပဋ္ဌာန်းရေသည် ရိုးရိုးပရိတ်ရေ၊ ပဋ္ဌာန်းရေထက် တန်ခိုးအာနိသင် ထက်မြက်လှပါသည်။ မကောင်းသောပညာများဖြင့်ပြုလုပ်ခံရသော် အထက်ပါ တွင်း (၉) တွင်း၊ ကန်(၉)ကန်မှ ယူထားသော ပရိတ်ရေ၊ ပဋ္ဌာန်းရေဖြင့် မျက်စဉ်းခတ်ခြင်း၊ သောက်ခြင်း၊ လိမ်းခြင်း၊ သပ်ချခြင်းများပြုလုပ်ပေးပါက မိမွေးတိုင်း ဖမွေးတိုင်း ပြန်လည်ကောင်းမွန်သည်ဟု မှတ်သားနာယူခဲ့ရပါသည်။ ထိုပရိတ်ရေ၊ ပဋ္ဌာန်းရေများကို အထက်အညာဒေသရှိ အဘိုး၊ အဘွားများသည် ရွှေထက် တန်ဖိုးထားကာ ဘုရားကျောင်းဆောင်ထဲတွင် ထည့်သွင်း သိမ်းဆည်းထားကြသည်။ အရေးကြုံ၍လိုသောအခါမှသာ ထုတ်ယူသုံးစွဲလေ့ရှိကြသည်။ ထို့ကြောင့် ရေသည် သုံးစွဲတတ်လျှင် မိတ်ဆွေဖြစ်ပြီး မဆင်ခြင်ပါက ရေနစ်သေဆုံးခြင်းဖြစ်ပေါ်ကာ ရန်သူ ဖြစ်ရသည်။ ထို့ကြောင့် ရန်သူမျိုးငါးပါးတွင် ရေသည် ပါဝင်လျက် ရှိသည်။

ထို့ပြင် ငါးပါးသီလလုံခြုံသူ ခင်ပွန်းယောကျ်ား၏ဒူးအထက်မှ လောင်းချသောရေကို အသုံးပြုနည်းမှာ အသုံးပြုသူသည် ဇနီးမယားဖြစ်ပြီး သီလလုံခြုံသူ ခင်ပွန်းကို ယုတ်မာရိုင်းပျစွာ ဆဲဆိုဆက်ဆံခြင်းရှိပါက ကိုယ်ဝန်အရင့်အမာဖြင့် ကလေးမျက်နှာမြင်သော် မီးမဖွားနိုင်သဖြင့် အထက်ဖော်ပြပါရေကို မျက်နှာသစ်ခြင်း၊ သောက်ခြင်း ပြုလုပ်မှသာ လွယ်ကူချောမွေ့စွာ ကလေးမီးဖွားနိုင်သည်ဟု ပြောကြားကြသည်။

ထို့အတူ အန္တရာယ်ရှိသောရေများမှာ သစ်တောအလုပ်သမားများနှင့် သစ်ထုတ်လုပ်ရေး အလုပ်သမားများအတွက် လောင်မီးရေ (တောမီးလောင်ထားသောနေရာမှာ မိုးရွာသွန်းပြီး ဆင်းလာသောရေ)၊ ဖက်ပုပ်ရေ (သစ်ရွက်များ ဆွေးမြည့်ပြီး ကြည်လင်သောရေအိုင်)များမှာ ငှက်ဖျားရောဂါ ဖြစ်တတ်သောကြောင့် အသုံးပြုမှု နည်းပါးပါသည်။ ကန့်ဘလူမြို့နယ် ဇင်းကျေးရွာတစ်ဝိုက်နှင့် ကြာညှပ်ဘက်ကမ်း တောတောင်ထဲမှ သဘာဝကျောက်အိုးများတွင် ကြည်လင်သော သဘာဝမိုးရေများ ရှိကြသည်။ အန္တရာယ်ကင်း၍ တောလိုက်မုဆိုးများ၊ သစ်,ဝါးခုတ်သူများ သုံးစွဲကြသည်။ အချို့ ကျောက်အိုးများမှာ အနက်ကို မခန့်မှန်းနိုင်အောင် နက်ရှိုင်းပြီး နတ်လည်း အလွန် ကြီးပါသည်။

ထို့ကြောင့် မြန်မာလူမျိုးတို့သည် ရေကို ဆေးဝါးအဖြစ် ဂမ္ဘီရဆန်စွာသုံးစွဲလျက်ရှိသောနေရာများမှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ဖျား၊ ဧရာဝတီမြစ်ကမ်းနီး ကျေးရွာတချို့တို့ ဖြစ်ပါသည်။ ယခုအခါ ကွယ်ပျောက်လုနီးပင်ဖြစ်သည်ဟု စာရေးသူ ထင်ပါသည်။ ယခုအခါ ဂမ္ဘီရဆန်စွာ ရေကို သုံးစွဲရာတွင် အထင်အရှားဆုံးမှာ တံစက်လက်ပြန်ရေ၊ စုန်ရေ၊ ဆန်ရေ၊ တွင်း (၉) တွင်းရေ၊ ကန် (၉) ကန်ရေ၊ သီလလုံခြုံသူ ခင်ပွန်း၏ဒူးအထက်က လောင်းချသောရေတို့ကို ယနေ့တိုင် အသုံးပြုသူများ မြန်မာနိုင်ငံ အနှံ့အပြား ရှိနေပါသည်။ မြန်မာတို့၏ ရှေးဟောင်း ဂမ္ဘီရဆန်စွာ ရေကိုအသုံးပြုပုံအား ဗဟုသုတ ရရှိစေရန် သူရဇ္ဇမဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးကို ရေးသား တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

ရသဂမ္ဘီရ-ကျော်ဝင်းအောင်
(ပြည်၊ ဆည်မြောင်း)

*(ပုတီးဖြူရွာ၊ ကြာညှပ်ရွာမှ ရှေးမီနောက်မီ အဘိုး, အဘွား ပြောပြချက်များ)*



www.burmeseclassic.com

www.burmeseclassic.com

'ပင်စင်' ဆိုသော စကားရပ်သည် တာဝန်ကျေပွန်သော ဝန်ထမ်းတို့အတွက် ဂရယ်ဂျူတီ၊ ဆုကြေးနှင့် အလုပ်ခွင်မှအနားယူစေပြီး သူ ရသင့်ရပိုင်ခွင့်ရှိသော လစာ (ဝါ) အငြိမ်းစားလစာရရှိခြင်းကို ဆိုလိုသည်။ ကျွန်ုပ်သည် အငြိမ်းစားဆိုသောစကားရပ်ကို မူလရာထူး၏ ရှေ့မှတပ်လျက် အငြိမ်းစားဝန်ထောက်မင်း ဟူသော စကားရပ်ကို အလှူအတန်း၊ ရှင်ပြုနားထွင်း၊ မင်္ဂလာဆောင်စသည့် ဖိတ်ကြားစာများတွင် တန်ဆာဆင်၍ ဖိတ်ကြားခံရခြင်းကို နှစ်သက်လှပါသည်။ ကျွန်ုပ်ထက် အာသီသပြင်းသူကား အငြိမ်းစားရာဇဝတ်အုပ်မင်း ဦးလှမောင်မှာ နံနက်စောစော (၇) နာရီခန့်ဆိုလျှင် သူ့အိမ်မှထ၍ ဆမ်ဘရောင်း



www.burmeseclassic.com

www.burmeseclassic.com

ဘယ့်(လ်) (Sam Brown Belts) ခေါ် ဆာဇဝတ်ဌာနမှပုလိပ်အရာရှိတို့၏ မင်း ခမ္မာက်တန်ဆာငါးပါးတို့တွင် တစ်ပါး အပါအဝင် သားရေစလွယ်သိုင်းမှ ခါး ပတ်နီညိုရောင်ကိုပတ်လျက် ကြိမ်လုံးအ ဖျား၌ ခဲသီးပေါ်တွင် ဘီပီ (Burma Police) ဟု ရိုက်နှိပ်ထားသော ငွေပြားဖြင့် ခွံထားသည့် ပရိတ်(ဒ်)စတစ် (Parade Stick) ကို ဟန်ပါစွာကိုင်လျက် မြို့ လယ်ရှိ ပေါ်ကဲ လက်ဖက်ရည်ဆိုင်တွင် ထိုင်ကာ အဘယ်မည်သော တပည့် ရဲ သားသည် ပေါ်လာ၍ သူတို့မသိသော အချက်အလက်ဥပဒေတို့ကို မေးမြန်းအံ့ နည်းဟုငံ့လင့်၏။ ပင်စင်အငြိမ်းစားဖြစ် ပြီဆိုသည်နှင့် လေးထောင့်ကမ္ဘာ (The World of four corners) ကို ပိုင်မှုသည် ချုပ်ငြိမ်းပြီကို သိကြသည်။ မိမိရှေ့ရှိ စားပွဲလေးဖက်၏နယ်နိမိတ်အတွင်းသည် သူပိုင်ဆိုင်သော လုပ်ပိုင်ခွင့်၊ ဆုံးဖြတ်ခွင့် ရှိသောကမ္ဘာ ဖြစ်သည်။ ပင်စင်ယူသည့် နေ့မှစ၍ ဤကမ္ဘာမှထွက်ခွာကြရသည်။ သတိမူရမည့်အချက်ကား မိမိအား ဤ လုပ်ပိုင်ခွင့်ပေးပြီး ချည်နှောင်ထားသော နှောင်ကြိုးများဖြစ်သော ဝန်ထမ်းစည်း မျဉ်း၊ ဂျီဆာကြူလာတို့မှ ကင်းလွတ်ပြီး လွတ်လပ်စွာ အခွန်ထမ်းဆောင်သော (Tax payer) အဖြစ် ရောက်ရှိပြီး မိမိတို့ က ထမ်းဆောင်သော အခွန်ငွေကို အ ကျိုးရှိစွာ သုံးသည်၊ မသုံးသည်ကို ဝေဖန် နိုင်သည်အထိ လွတ်လပ်ခြင်းကို ခံစား လာတတ်ခြင်းပင် ဖြစ်ပါ၏။ ကျွန်ုပ်မှာ ကား နွားကြန်စုံနှစ်ရှင်းနှင့် တပည့်ကျော် မောင်ခင်မောင်၊ မောင်ထွန်းစိန်တို့နှင့် တောထွင်မှ ကိုဘဒင်အေး လယ်အနီးရှိ ကင်းလွတ်ခွင့်ရ၊ မိဘဘိုးဘွားပိုင်လယ်ကို လုပ်၊ ကျွန်ုပ်ဘိုးအေ သူကောင်းဦးလူကြီး နှင့် မယ်ကောင်းတို့လှူဒါန်းသော မြို့ တောင်ကျောင်းအနီး လယ်တွင်လည်း လုပ်ပိုင်ခွင့်ရလေသောကြောင့် အငြိမ်း စားဝန်ထောက် လယ်သမားဘဝတွင် စလင်းမြို့၌ အေးချမ်းသာယာစွာ နေ ထိုင်ရပါသည်။

တစ်နေ့သော ၁၉၅၈ ခု ဆောင်း ဦးပေါက်တွင် ကျွန်ုပ်ညီ ဘိုးထွန်းအင်၊ မြေစာရင်းအင်စပိတ်တော် ဦးသာဒွန်းဦး၊

ကို လို နီ ခေ တ် မြို့ အု ပ် ကြီး တ စ် ဦး မှ တ် တ မ်း

# အနောက်တံခါးမှူးမောင်မှူး


လောင်းရှည်-စေတုတ္တရာ-ကျင်ဒွဲ-မြောက်ဦးနှင့် ဘူးရွက်မညိုးလမ်း





www.burmeseclassic.com

www.burmeseclassic.com



ငဘဲမှခွင့်ဖြင့်လာသူ ရဲအုပ်လေး မောင်နိုင်ဦး၊ ကျောင်းဒကာ ဦးဘိုးရွှေတို့သည် အိမ်ရှေ့ရှိ မန်ကျည်းပင်အောက်ရှိ ဝါးကွပ်ပျစ်ပေါ်တွင်ထိုင်လျက် စကားပြောနေကြစဉ် ဦးလှိုင်နှင့်အတူ လေးလွှားစပ်အနီစောင်ခြုံထားသော လူငယ်နှစ်ဦးနှင့်အတူ ရောက်လာပါသည်။ သူလာလျှင်တော့ မှတ်သားစရာတစ်ခုတွေ့ရပြီ။ ထိုအသိနှင့်အတူ အင်စပိတ်တော်ကြီး၏ ဆပ်(ချ်) သက္ကလတ်အင်္ကျီအတွင်း၌ ပါလာသော ဆီဗယ်(လ်)ဆပ္ပလိုင်း (Civil Supply) မှ ထုတ်ပေးသည့် ဆွမ်(Swan)ဖောင်တိန်ကြီးသည် ကျွန်ုပ်အား မစ္စတာဆွမ် အသုံးတော်ခံရန်အသင့် (Mr.Swan at your service) ဟု ဆိုဘိအလား မြင်မိလေသည်။ တိုင်းရက်သည့်ပက္ကလာ မိုးရွာသည်နှင့်အခန့်သင့် ဆိုသည့်အလား။

ဦးလှိုင်ဟုမည်သော ကျောက်ဖြူသား ရခိုင်အမျိုးသားသည် စလင်းမြို့ ရွှေစေတီကျောင်းတွင်ရှိ ရေချိုတွင်းမှ စလင်းရေချိုကို သောက်သုံးရာမှ ရွှေလင်းသူနှင့်အိမ်ထောင်ပြုရာ တစ်ရပ်လုံးရှိ ကာလသားတို့က 'ဘေးရှေ' ဟု ခေါ်ကြလျက် စလင်းမြို့၏ သာမှု၊ နာမှုတို့တွင် ဘေးရှေမပါလျှင် မပြီးသလောက် ဩဇာရှိလျက် စိမ်ခန့်ခဲ့ပြီး ရပ်မိရပ်ဖအနေနှင့် ထင်ရှားသူတစ်ဦး ဖြစ်၏။ ရပ်ရွာရှိသူများက 'ဘေးရှေ'ဟု ဦးလှိုင်အကြိုက် လိုက်၍ခေါ်ကြရ၏။ အခြားသူတို့က ဘေးရှေ ဟူသော စကား၏ ရခိုင်လို အဓိပ္ပာယ်ကို မသိကြသော်လည်း ကျွန်ုပ်၏အမိ ဒေါ်ဆင့်ထံနေ၍ စလင်းမြို့ အထက်တန်းကျောင်းမှာနေပြီး တရားမ ဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်သူ မောင်အောင်ကိုးခေါ် အောင်ထွန်းခိုင်ကမူ ဘေးရှေ ဟူသော ဝေါဟာရမှာ ဝတီလေးရပ်ဖြင့် ဖွဲ့စည်းထားသော ရခိုင်ဒေသအလိုအားဖြင့်မူ အဖေ့ညီ၊ ဘထွေးဖြစ်၏ဟု ကျွန်ုပ်အား ပြောပြ၏။ 'အခဲ' ဟူသော ဝေါဟာရမှာလည်း ဦးလေး၊ အမေ့မောင်ဟု အဓိပ္ပာယ်ရသော်လည်း 'ယောက္ခမကြီး' ဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုရာ အောက်ပြည်အောက်ရွာမှ မြန်မာအရာရှိများ ဝတီလေးရပ်ရောက်ပါလျှင် မိမိက ရိုသေသမှုအရ သက်ကြီးဝါကြီးတို့ကို 'အခဲ' ဟု ခေါ်ခဲ့သော် သမီးပျိုရှင်တို့မှာ အနေခက်လှသည်။ 'ဘေးရှေ' ဟုခေါ်လျှင် သင့်တင့်လျောက်ပတ်ပါပေသည်ဟု ဆိုလေသည်။

ပွင့်ဖြူမြို့သား ဆွေကောင်းမျိုးကောင်း မောင်အောင်ကိုးမှ အောင်ထွန်းခိုင်ဘဝရောက်ရပုံမှာ-

မန္တလေးမြို့တွင် တရားမ ဝန်ထောက်အဖြစ် တာဝန်ထမ်းဆောင်စဉ် တရားစီရင်ရာတွင် ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ အဂတိတရား လေးပါးနောက် မလိုက်ဘဲ တရားစီရင်ရာ မင်းခ, ယောက်ျား ကမ်းနားသစ်ပင်သို့ပမာ အထက်အလိုမကျသောကြောင့် ရခိုင်သို့ ပြောင်းရွှေ့ခြင်းခံရာ၌ ဌာနေရခိုင်များနှင့် သွေးသောက်ညီရင်းဖြစ်ခဲ့ပြီး ဦးမောင်အောင်ထွန်းခိုင် အမည်နှင့် ထင်ရှားသော တရားသူကြီးဘဝနှင့် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်၏။ ရောက်ရာတွင် ဗဟုသုတစုံလေ့လာ၍ သမာသမတ်ကျစွာ တရားစီရင်သည်ဟု နာမည်ရလေသည်။ ကျွန်ုပ်ကလည်း ကျွန်ုပ်မိခင်အနားတွင်နေ၍ စလင်းကျောင်းနေခဲ့သည်ကိုအစွဲပြုပြီး ကျွန်ုပ်မိခင်၏စိတ်ဓာတ်၊ စလင်းကျောင်းသားတို့၏သတ္တိ၊ အမျိုးဂုဏ်ကိုဆောင်ပါပေသည်ဟု မောင်အောင်ကိုးကို ညီရင်းတမျှ လေးစားချစ်ခင်ရ၏။ ယခုမူ တစ်မြို့လုံးက သူ့နာမည်ရင်းမခေါ်၊ သူ့ထက်အသက်ကြီးသူများကပါ 'ဘေးရှေ' ဟု ရင်းနှီးစွာခေါ်သော ဦးလှိုင်သည် ကျွန်ုပ်ထံသို့ သူဆောင်းနေကျ သက္ကလတ်ဦးထုပ်ခိုရောင်နှင့် ရခိုင်အမျိုးသားတို့ဓလေ့အရ ဗယားအိတ်ခေါ် ပိုက်ဆံအိတ်ကို လက်လေးလုံးမျှရှိသော ခါးပတ်နက်ဖြင့် ပုဆိုးကိုပတ်ထား စည်းပြီး ရောက်လေပြီ။

ကျွန်ုပ်က-

"ကိုင်း- ထိုင်ပါဦး ဦးလှိုင်၊ ခုညီ ထမင်းစားချိန်ကြီး ဘယ်လိုများအကြောင်းရှိလို့"

ဟု သင့်တင့် လျောက်ပတ်သော စကားဖြင့် သူ့အလိုကို စူးစမ်းလိုက်ရာ-

"ဒေါက်တာ ဂျေဆင်းကားဆီက ပြန်လာတာပါ ခင်ဗျာ။ ဒီသူငယ်က တိမ်ညိုရွာက မောင်သာပန်းညိုပါ။ မင်းပြားဘက်ကနေပြီး ကျင်ဒွဲလမ်းအတိုင်းလာကြတာ၊ လမ်းမှာဖျားတော့ သူ့ရှိ့ဆီမှာ အမ်ဘီဆေးပြားက အသင့်ဆောင်ပြီးသားဆိုတော့ အမ်ဘီဆေးပြားကိုသောက်လာတာ အဖျားကမကျ။ သူ့အချိန်ကျရင်ဖျား၊ ငယ်သူဖြစ်တော့ အစားကတော့ မပျက်ဘူးပေါ့ခင်ဗျာ။ စေတုရွာရာကနေပြီး စလင်းရောက်တော့ ရေစကြိုကိုဆက်သွားဖို့ နားပြီး ဒေါက်တာဆီ ပြရပါတယ်။ ဆရာ ရေဆေးငါးကတော့ ထုံးစံအတိုင်း ကျွန်တော့်ပါ ကြိမ်းတော့တာပဲ။ အအေးမိတာ မဟုတ်ဘူးတဲ့ ငှက်ဖျားပါတဲ့ဗျာ။ သူက ပြောလိုက်သေးတယ်၊ အမ်ဘီဆေးက ကာလသား ရောဂါသည်ရဲ့ဆေးတဲ့ခင်ဗျ"

ဟု ပြောလေသည်။

ဘိုးထွန်းအင်-

"ရေစကြိုကို ဘာအတွက်သွားရမှာလဲခင်ဗျ"

မေးရာ ဦးလှိုင်က-

"ကျွန်တော်တို့ ရခိုင်မှာက ရေငွေများပါတယ်။ အခြားသော ထန်းလျက်များကို ရခိုင်သို့ ယူဆောင်သွားသော် အောက်ပြည် အောက်ရွာကို လွှမ်းမိုး မျက်ရည်ကျသလား မသိ၊ အကုန်



www.burmeseclassic.com

www.burmeseclassic.com

…တာပေါ့ဗျာ။ အဲ-ရေစကြိုက ထန်း…ကတော့ ရခိုင်ဘက်သယ်တာကို …ခဲ့ပါတယ်။ ထန်းလျက်က အသား…သည်းတော့ ရခိုင်သယ်ရမယ်ဆို… ရေစကြိုထန်းလျက်က နံပါတ် (၁)…ဗျာ။ အဲဒါအပြင် သနပ်ခါးကလည်း …တယ်လေ"

ဟု ဆိုလေသည်။

အမ်ဘီ ဆိုသော စာလုံးသည် မေ…ဘေယာ (May & Bayer) ဆိုသော …ကုမ္ပဏီမှထုတ်သည့် ဆေးပြား ဖြစ်…။ ဆေးပြားပေါ်တွင် အမ်ဘီဟု တံ…ရိုက်ထားသည်။ ဒုတိယကမ္ဘာစစ်အ…ရှိသောအနာရောဂါများကို ကုသ…တွင် အသုံးပြုလေ့ရှိသည်။ အိန္ဒိယ…မှ နည်းမျိုးစုံဖြင့်မြန်မာပြည်အတွင်း …ရောက်လာပြီး အကောင်းစားဆေးအ…သုံးကြရသောဆေး ဖြစ်သည်။ ဆရာ… မရှိသောရွာများ၌ ဒေါက်တိုရမ်းတို့ …လည်း သုံးကြသည်။ သူတို့ကလည်း ပညာဖြန့်ရာတွင် ခရီးဆောင်ဆေးအဖြစ်လည်း သုံးကြသည်။ ဆာလဖာ(ကန့်)နှင့် မတည့်သူများစားမိလျှင် ဘဝဆုံးပါလေရော။ ဆေးပြားသည် ပဲလှော်စားသကဲ့သို့ အန္တရာယ်မရှိသည် မဟုတ်၊ သေတတ်၏။

နေမကောင်းသော သူငယ်များကို ကျွန်ုပ်၏မာတ်လုံးကိုစိမ်၍တိုက်ရင်း နွားနို့များ တိုက်ရ၏။ စကားနည်းသော ကျောင်းဒကာရွှေသည် ပြောင်းဖူးဆေးလိပ်ကိုဖွာပြီး ကလေးတွေက ဘယ်အရပ်ကပါလိမ့်ဟု စူးစမ်း၏။

ဦးလှိုင်က-

"သူက မြောက်ဦးအနီး တိမ်ညိုရွာကပါ။ သူ့အမည်က သာပန်းညိုပါ။ သူကတော့ မောင်တောဘက်က တမန်သားရွာသား ဒိုင်းနက်တိုင်းရင်းသား မောင်ရဲအောင်ပါ"

ဟု ပြော၏။

ဘိုးထွန်းအင်-

"ဘာတွေပါလာတာလဲကွ"

ဟု မေး၏။

မောင်ရဲအောင်-

"ကျွန်တော်တို့ အနောက်ပြည်က ခယုချောင်း ငါးပိ၊ ငါးခြောက်များ ပါတယ် ခင်ဗျ။ နောက် ဖလောင်းချိတ် Cox Bazaar က ရခိုင်လုံချည်၊ ပလေကပ်လုံချည်၊ ထဘီများလည်းပါတယ်"

ဟု ပြောသည်။

ဦးလှိုင်က-

"အဝကျွန်း၊ ဖလောင်းချိတ်၊ ပန်းဝါ၊ နီလာ၊ ခယုချောင်း၊ နတ်မြို့၊ ရှင်မဖြူ၊ ရှင်မညို၊ စစ်တကောင်း စတဲ့ မြို့ပေါင်း (၁၂)မြို့ဟာ ရခိုင်မြို့များပါ။ ဘင်္ဂါ (၁၂) မြို့လို့ ခေါ်ကြပါတယ်။ မောင်ရဲအောင်နေတဲ့တမန်သားရွာက ပန်းဝါနဲ့မဝေးလှပါဘူး။ ကျွန်တော်ငယ်စဉ်က ဖလောင်းချိတ်ကိုရောက်ခဲ့ဖူးတယ်။ ရခိုင်သူဌေးကြေးရတတ်တို့ ရှိပါတယ်။ စက်ရက်ကန်းရုံများနှင့်လယ်ပိုင်ရှင်များ စုဝေးနေကြတာပေါ့ဗျာ။ အခု မောင်ရဲအောင်လည်း သူ့အဆက်အသွယ်နှင့်သူ လာမှာပေါ့"

ဟု ဆိုသည်။

"နတ်မြို့ကို အခုတော့ တက်(ခ်)နပ်(ဖ်)၊ နီလာမြို့ကို နီလာ, ခယုချောင်းတို့က နတ်မြစ်ရဲ့အနောက်ဘက်ကမ်း ယခု အရှေ့ပါကစ္စတန် (ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံ) ပေါ့ ခင်ဗျ။ ခရုချောင်းက ငါးပိ၊ ငါးခြောက် ထွက်ပါတယ်"

ဟု ဆိုသည်။

တစ်ချိန်လုံး နားထောင်နေသော မြေစာရင်းအင်စပိတ်တော်ကြီး ဦးသာဒွန်းကမူ-

"ဝန်ထောက်မင်းခင်ဗျား၊ အရင်ကုန်းဘောင်ခေတ် အင်းဝနေပြည်က ကုန်သည်ဦးနူဆိုသူတစ်ဦး စလင်းမြို့ကိုဖြတ်ပြီး ဘားအိုင်းသွား၊ ဘားအိုင်းမှာလမ်းပြအဖြစ် ဒိုင်းနက် ဆိုသူ ငှားပြီး တောင်ကျော်လမ်းက ရခိုင်သွားပြီး မဇ္ဈိမဒေသသို့သွားရောက်ကြောင်း ခရီးသွားမှတ်တမ်းအကြောင်းကို ကျောင်းဆရာ၊ မင်းတိုင်ပင်အမတ် ဦးထွန်းရှိန်က လူပြန်တော်ပညာရှိ ဦးဘရှိန်းတို့ပြောသော စကားဝိုင်းတွင် ကြားခဲ့ဖူးပါ၍ ယခုလို တောင်ကျော်လမ်းကျွမ်းသူများ ရှိခိုက် မှတ်တမ်းပြုသင့်ကြောင်းပါ ခင်ဗျား"

ဟု ဆော်ဩလာသဖြင့် စကားဝိုင်းအသွင်မှ ခရီးသွားတောင်ကျော်လမ်းမှတ်တမ်းအဖြစ် ကူးပြောင်းသွားပါတော့သည်။



လက်ထက်တော်ကြီးများလက်ထက်ကသုံးသော အနောက်ဒေသသွားရာပြဆိုသောမြေပုံ



www.burmeseclassic.com

www.burmeseclassic.com

ဦးလှိုင်က-

"ကျွန်တော် ကြားသိသမျှ ပြောရမည်ဆိုလျှင် ဦးနုက လမ်းပြအဖြစ်ငှားသည့် ဒိုင်းနက်ခေါ် ဆိုသူမှာ လူနာမည်မဟုတ်ပါ၊ ရခိုင်တွင် မြို၊ ခမီ၊ ဒိုင်းနက်၊ သက်၊ ချောင်းသား စသည့် တိုင်းရင်းသားလူမျိုးစုများလည်း ရှိပါသည်။ အခု ဦးထွန်းအင်ပြောတဲ့ ဦးနုခရီးသွားမှတ်တမ်းက ဒိုင်းနက်ဆိုတာက လူနာမည်ဟု မှတ်ယူခြင်းထက် သူ၏မျိုးနွယ်ကို အစွဲပြုခေါ် ဆိုခြင်း ဖြစ်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ဒီခရီးသွားမှတ်တမ်းကို သူကောင်းမ ဒေါ်ခိုင်၏ခင်ပွန်း၊ ကျွန်ုပ်၏ရောင်းရင်း တရားမဝန်ထောက် ဦးဘိုးလှ၏မှတ်တမ်းစာစုမှာလည်း ဖတ်ခဲ့ရပါတယ်။ ဦးနုက အိန္ဒိယကိုကူးရာမှာ မောင်တောမြို့နယ် အင်ဒင်ရွာအနီး သဘော်ကွဲရွာ ကျောက်ပန္နု (ကျောက်ဆေးတဲ) အနီးကနေပြီး ရှင်မဖြူဘက်ကိုကူးခဲ့ကြောင်း တွေ့ရပါတယ် ခင်ဗျ"

ဟု ဆိုသည်။ ဦးလှိုင်သည် ဒေသခံ၊ နယ်ကျွမ်းသူဖြစ်သဖြင့် လက်ခံရမည် ဖြစ်ပါသည်။

"ကဲ-ဦးလှိုင်ရေ ကြုံသခိုက် ခင်ဗျား ကလေးများလာတဲ့ ခရီးစဉ်တောက်ကလေးများကို မှတ်တမ်းတင်လိုပါသဗျ"

ဟု ကျွန်ုပ်က ဆိုရသည်။


ဦးလှိုင်-

"ဝေး-မောင်ချေတို့၊ မန်းတို့ ခဇာ လမ်းကလာတယ်ဆိုကေ။ ပြောပြလိုက်ပါကေ"

ဟု ပြောလေသည်။ လူငယ်နှစ်ဦးက ဘေးရှေ့ ဦးလှိုင်က ရခိုင်လိုပြောရာ သံနေသံထားကို ပြုံးလိုက်လေသည်။ ဘေးရှေ့ ဦးလှိုင်၏ဇာတိမှာ ကျောက်ဖြူက ဖြစ်လေသည်။ မဉ္ဇဝတီ၊ ရမ္မာဝတီ၊ မေဃဝတီ၊ ဒွါရာဝတီဟု ဝတီလေးရပ်ရှိရာတွင် ဒေသအလိုက် လေယူလေသိမ်း ကွာခြားသည်။ ဘေးရှေ့ပြောသောအသံတို့မှာ ကျောက်ဖြူဘက်မှ စကားအသုံးအနှုန်းဖြစ်၍ ရွှေလင်းသူ မယ်စောနှင့် မေတ္တာမျှနေပြီးသည့်နောက် ပြည်မတွင် အနေကြာပြီဖြစ်၍ ရခိုင်တို့ပြောလေ့ရှိသော သံနေသံထားပျက်ပြယ်နေသဖြင့် ရယ်သွေးခြင်းအမူကိုပြုသည်ကို ကျွန်ုပ်သည် သတိပြုမိ၏။

မောင်သာပန်းညို-

"ကျွန်တော်က တိမ်ညိုရွာကပါ။ ကျွန်တော်တို့ မိဘဘိုးဘွားများလက်ထက်ကပင် လောင်းရှည်၊ စေတုတ္တရာ စတဲ့ မြို့များကို ကူးသန်းသွားလာခဲ့ကြ



မြေပုံကို အတွင်းဝန် ဦးလှမောင်၏တူ ဦးစိန်တိုး (ထောင်းရှည်) တိုင်းလက်ထောက်ပညာဝန် (ပင်းစီ)မှ ကူးယူပြသည်

တာပါ။ ဦးလေးတို့ကို လမ်းပြောလည်း ဦးလေးတို့ကို ကျွန်တော်ပြောတဲ့နေရာတွေသွားရ မှတ်ရခက်မှာပါ။ ချင်းတိုင်းရင်းသားများ နေထိုင်တဲ့ ရွာတွေက တောင်ပေါ်ရွာတွေဆိုတော့ အလွန်ဆုံးရှိလှ (၁၀) အိမ်လောက်ပေါ့။ တောင်ယာဆိုတာကလည်း နှစ်ကြာရင် ပြောင်းတတ်တာမို့ ဒီတစ်ခေါက် ဒီတောင်ပေါ်မှာဆိုပေမယ့် နောက်တစ်ခါ ဒီနာမည်နဲ့ ရွာက နောက်တစ်တောင်ရောက်တော့ သွားနေကျသူမှ သွားနိုင်မှာ"

ဟု ဆိုလေသည်။

ကျောင်းဒကာရွှေ-

"ငါတို့ဘိုးများပြောတဲ့ ဘူးရွက်မညိုးလမ်းဆိုတာ မင်းတို့သိသလားကွယ့်"

ဟု မေးတော့သည်။

မောင်ရဲအောင်-

"ဦးလေးတို့ပြောတဲ့ ဘူးရွက်မညိုးလမ်းဆိုတာတော့ မသိပါဘူး၊ ဘူးရွက်မညိုးရွာဆိုတာတော့ တိမ်ညိုနားမှာ ရှိပါတယ်။ ကျွန်တော်တို့သွားတော့ ဘူးရွက်မညိုးရွာကိုဖြတ်ရပါတယ်။ ခရီးစဉ်ကို ပြောရမယ်ဆိုရင်. . ."

အင်စပိတ်တော်ကြီး ဦးသာဒွန်းဦးက-

"ဖြည်းဖြည်းပြောကွယ့်၊ မင်းအသံကို ငါက ဘာသာပြန်ပြီး မှတ်ရသကွ"

ဟု သတိပေးရလေသည်။

မောင်ရဲအောင် ပြောပြသော စခန်းထောက်များမှာ-

**ဘူးရွက်မညိုးလမ်း**

၁။ မြောက်ဦး (၁၀ မိုင်ကွာ) တိမ်ညိုရွာ။

ရဲချောင်းကူးပြီးသော် **ဘူးရွက်မညိုးရွာ** ရောက်၏။

ဘူးရွက်မညိုးရွာမှကူးသော်-

**လက်ကားရွာ** ရောက်၏။

ထိုမှ ဝေသာလိတောင်ကို ဘ[illegible] (ပါးကွက်အာဏာသား) ကျော်လမ်းမှဖြတ်၍-

**ကြပ်စင်ရွာ** ရောက်သည်။

ကြပ်စင်ရွာမှ လေးညှင်းတောင်ကို ဘုရားကြီးကျော်လမ်းမှကျော်ပြီး **ဘုရားကြီးရွာ** (လေးမြို့ကမ်း) မြောက်ဦးခေတ် တတိယမင်းဆက် သီရိသုဓမ္မ ဥက္ကါဗလသုဓမ္မရာဇာ တည်တော်မူသော လေးမြို့ချောင်းဖျား မြိတ်ချောင်းတည် မြိတ်ချောင်းစေတီတော် ဘုရားကြီးရှိ။

ထိုရွာမှ လေးမြို့မြစ်ကူးပြီးသော် **မော့်ရွာ** ရောက်သည်။

မော့်ရွာမှ ဂန့်လာအင်း၊

ထိုမှတက်သော် **ရွှေကျွန်းရွာ** ရောက်သည်။

(ကျိုးကန်းတောင် ရောက်ပြီးနောက် ဖိုးခေါင်တောင်ခြေရင်း ရောက်သည်။)

ဖိုးခေါင်တောင်ကျော်သော် **စေတုတ္တရာ** ရောက်သည်။

အင်စပိတ်တော်ကြီး ဦးသာဒွန်းဦးက-

"ဖိုးခေါင်ကျော်သော် စေတုတ္တရာ ရောက်၏ဟု ဆိုရာ စေတုတ္တရာလို့ဆိုတော့ အမောင်တို့စကားထဲမှာ စေတုတ္တရာမရောက်မီ ဘယ်ရွာတွေရောက်ရတယ်ဆိုတာ လင်းစမ်းပါဦး"

မေး၏။



www.burmeseclassic.com

www.burmeseclassic.com

"စေတုတ္တရာဘက်ကိုတော့ ချီချောင်း၊ ရွှေချောင်းတို့ကတက်ပြီး နတ်ကြီးရွာ၊ ဘူးရွာတို့ဘက်ကနေပြီး စေတုတ္တရာ ဝင်တာလည်း ရှိပါတယ်။ ကုန်ခါလာပြီး နွားဝန်တင်နဲ့ဆိုရင်တော့ ကျင်ခွဲ့ရွာဘက်ကနေပြီး မုန်းချောင်းအတိုင်း ဆင်းလာရင် စေတုတ္တရာရောက်တာပါ"

ဟု ရဲအုပ်ကလေးဖိုးနိုင်ဦးက ပြောလေသည်။ ဖိုးနိုင်ဦး စေတုတ္တရာမြို့နယ်အတွင်း ရဲစခန်းတွင် တာဝန်ကျခဲ့ရာ ကောင်းစွာနယ်မြေလမ်းများကို သိလေသည်။ ထို့ကြောင့် မြေစာရင်းအင်စပိတ်တော်ကြီး ဦးသာဒွန်းဦးသည် ဖိုးနိုင်ဦးထံမှ မှတ်တမ်းတင်ချက်မှာ--

အောင်းရွာ
ရွှေတောရွာ
ချင်ရွာ၊ ဘူးရွာ
မန်ကျီး-
တပွင့်ရွာ
နတ်ကြီး
အာရော
လက်ပန်ကျင်း
ဘုရားကြီး (ခြိတ်ချောင်းစေတီတော်)
ဘူးရွက်မည်းရွာ
မြောက်ဦး

ဖိုးနိုင်ဦးက ဆက်၍ စေတုတ္တရာမှာ မုန်းချောင်း၊ ထီးချောင်းရှိရွာတို့အကြောင်းပြောပြ၏။ ငဘဲမှအမ်းမြို့ဘက်သို့ဆင်းသောလမ်းများထဲမှ သူပြောပြချက်ပါ ရွာစဉ်တို့မှာ-

ငဘဲမှ-

| | | |
|---|---|---|
| ၁။ မင်းလွင်ရွာ | ၄ မိုင် | ၄ ဖာလုံ |
| ၂။ ချောချင် | ၁၂ မိုင် | |
| ၃။ သစ်စခန်း (သာယာစခန်း) | ၆ မိုင် | ၄ ဖာလုံ |
| ၄။ အန်းတောင်ကြားလမ်း ထိပ်- နတ်ရေကန်တောင် | ၅ မိုင် | |
| ၅။ ဝါးတပ် | ၅ မိုင် | ၄ ဖာလုံ |
| ၆။ ချောမြေ | ၄ မိုင် | |
| ၇။ ဘဲဝက် | ၈ မိုင် | |
| ၈။ အန်း | ၁၃ မိုင် | |
| ၉။ မောင်ဥဆင် | ၈ မိုင် | |
| ၁၀။ ခြောခြေ | ၃ မိုင် | |
| ၁၁။ ကုန်းဝ | ၈ မိုင် | ၄ ဖာလုံ |
| ၁၂။ ဒလက် | ၆ မိုင် | |
| ၁၃။ စွတ်ဇော | ၁၁ မိုင် | |
| ၁၄။ စကျင် | ၁၀ မိုင် | |
| ၁၅။ တုတ် | ၈ မိုင် | |
| ၁၆။ ပလွှင် | ၈ မိုင် | |
| ၁၇။ ရေး | ၁၇ မိုင် | |
| ၁၈။ ပင်းဂတ် | ၆ မိုင် | |
| ၁၉။ မဲတုန်း/ မလွန်း | ၈ မိုင် | |
| ၂၀။ ငပယ | ၅ မိုင် | |
| ၂၁။ မင်းပြား | ၁၁ မိုင် | |
| ၂၂။ မောင်ဘဲ (မြောင်ဘွေ) | ၉ မိုင် | |
| ၂၃။ မြို့ဟောင်း (မြောက်ဦး) | ၉ မိုင် | |
| ၂၄။ စစ်တွေ | ၄၄ မိုင် | |

တစ်ချိန်လုံး ဆေးတံခဲ၍ ပြုံးလျက်နားထောင်နေသော ဦးလှိုင်သည် ဦးသာဒွန်းဦးနှင့်ဖိုးနိုင်ဦးတို့ မှတ်တမ်းပြုပြီးသည့်အဆုံး ဆေးထဲအတွင်းမှ ဘလူးစတား ဆေးတံသောက်ဆေးကျန်များကို ခါထုတ်ပြီးနောက်-

"အဝေ- အမောင်တို့ မန်းတို့ မှတ်မိမလားကော။ ဂျပန်ခေတ်က တို့ပေါင်းပင်းဇင်းရပ်ထဲမှာ တရားမ ဝန်ထောက်မင်း ဦးအိမ်တို့မှ တိလား"

ဟု စကားစလာသည်။ သူပြောပြချက်အရ မန္တလေးမှ တရားသူကြီး ဦးလှညွန့်သည် ဂျပန်ကင်ပေတိုင်များက ဖမ်းဆီးတော့မည်ကို အချိန်မီသိရှိ၍ စလင်းရှိ ဦးအိမ်ထံ လာရောက်တည်းခိုပြီးနောက် ကင်ပေတိုင်များရန်ကို စိုးရိမ်ရသဖြင့် စေတုတ္တရာသို့သွားလျက် စေတုတ္တရာမှ မြို့ပိုင်ကြီး ဦးလှမောင်နှင့် တောအုပ်ဦးလှမောင်တို့ အကူအညီကို ယူပြီး ရခိုင်ဒေသမှ အိန္ဒိယသို့သွားရာ စေတုတ္တရာ-တပွင့်-ကျင်ဒွေး-မြောက်ဦးလမ်းသုံးကြောင်း၊ မြောင်းဘွေရောက်သောအခါ ဘင်္ဂါလီများနှင့်ရခိုင်တို့ လူမျိုးရေး မငြိမ်မသက်ဖြစ်နေရာ ဆက်သွားရန်မဖြစ်သဖြင့် ပြန်လှည့်ခဲ့ရပြီး ဦးလှမောင်တို့၏ဇာတိ လောင်းရှည် (ဆောမြို့နယ်) တွင် စစ်ကြီးပြီးဆုံးသည်အထိ နေထိုင်သွားခဲ့သည်ဟုပြောပြီး ထိုစဉ်က ဦးလှညွန့်ကိုလိုက်ပို့သော စေတုတ္တရာ-ကျင်ဒွေး-မြောက်ဦးခရီးစဉ်ကို လည်းကောင်း၊ ကျင်ဒွေး-လောင်းရှည်ခရီးစဉ်ကို လည်းကောင်း ပြောပြရာ အောက်ပါအတိုင်း မှတ်တမ်းတင်ပါသည်။



**ဂျပန်ခေတ်က တောအုပ် ဦးလှမောင်က မန္တလေးမှ တရားသူကြီးဦးလှညွန့်ကို ရခိုင်ဘက်သို့လိုက်ပို့သောလမ်း**

စေတုတ္တရာမှ
|
ကျင်ဒွေး
|
ကျင်ဒွေးမှ
|
မြောက်ဦး

*(ထိုလမ်းမှာ ယခုထိ အသုံးပြုလျက် ရှိပါသည်။)*

ကျင်ဒွေးမှ လောင်းရှည်

လောင်းရှည်မှာ စလင်းချောင်း ညာတွင် ရှိသည်။

*(ဆောမြို့နယ် ဈေးမြို့ကလေး)*

လောင်းရှည်မှ (၂၅) မိုင်သွားလျှင် မုန်းချောင်းဘေးရှိ ကျင်ဒွေး (ရခိုင်) သို့ ရောက်၊

ကျင်ဒွေးမှ-စဘောကိုင်း-မြောက်ဦး။

အနောက်တံခါးမှုးမောင်မှုး မှတ်ချက်


° တတိယ မြောက်ဦးခေတ် တတိယမင်း စန္ဒသုဓမ္မရာဇာမင်း လွန်သော် ခရစ်နှစ် ၁၆၇၃ တွင် သားတော် ဥဂ္ဂါဗလမင်းသည် သီရိသူရိယ ဥဂ္ဂါဗလ သုဓမ္မရာဇာ ဘွဲ့ဖြင့် နန်းတက်သည်။ ထိုမင်းသည် လေးမြို့ချောင်းဖျားတွင် ခြိတ်ချောင်းစေတီတော်ကို မြောက်ဦးရှိ မင်္ဂလမာန်အောင်စေတီတော်တို့ကို တစ်ပြိုင်နက်တည်း တည်တော်မူသည်။ ခြိတ်ချောင်းဘုရား ပြီးစီး၍ ဘုရားဖူးကြွလာတော်မူရာ ကိုယ်ရံတော် (သီဟ) က လုပ်ကြံ သတ်ဖြစ်၍ ကံတော်ကုန်လေသည်။ ထိုဘုရားကိုအစွဲပြု၍ ဘုရားကြီးရွာဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com





မနက် ဆယ်နာရီခန့် ရှိနေပြီ။ တောင်ထိပ်ကြောတန်းအတိုင်းလျှောက်လာကြ၍ ခရီးတွင်သည်။ ရိုးနက်ထဲသို့ ရောက်လာသဖြင့် အပူမာတ်သိပ်ပြီးမကဲတော့ပေ။ သွား၍လာ၍ကောင်းသည်။ တောင်ထိပ်ကြောတန်း ဟူသည်က လူသွားလမ်းမကဲ့သို့ တွင်လျက်မရှိသော်လည်း သွားဖြစ်ရုံ အဆင်ပြေသည်။

ရေနှင့်ပတ်သက်၍တော့ အခက်ရှိသည်။ ကြိုတင်ပြီး ဆောင်ယူ၍သာ မလာလျှင် ရေပြဿနာကို အရှင်းရခက်နိုင်သည်။ တောင်ကြောအနိမ့်ပိုင်းကို သွားနေရသောအခါတွင် ချောက်နှင့်နီး၍ ရေနှင့်လည်း နီးတတ်သော်လည်း တောင်မြင့်မောက်ကြောဝန်းကြီးကိုသာ လျှောက်၍သွားနေရသောအခါမျိုးမှာမူ ဒုက္ခရောက်နိုင်သည်။

ယခုပင် ကိုထွန်းမြအောင်နှင့် ဘိုးသြဘာတို့သည် နေ့လယ်စာချက်စားရန်အတွက် ရေရရှိရေးကို စူးစမ်းကြရလေသည်။ သောက်ရေအတွက်မူကား ဝါးလုံးကျည်တောက်ဖြင့် ဆောင်ယူလာ၍ အဆင်ပြေခဲ့သည်။ ချက်ပြုတ်စားသောက်ရေးအတွက်မှာ ဝါးလုံးကျည်တောက်လေးဖြင့်ထည့်ယူလာသော ရေမျှဖြင့် အဆင်မပြေတော့။

"ရှေ့မှာ တောင်ကြောတန်းနိမ့်ဆင်းသွားတာတော့ တွေ့တယ်ကွ။ အဲဒီအနိမ့်ပိုင်းကိုရောက်ရင် ရေနဲ့နီးလောက်တယ်"

ဟု ဘိုးသြဘာက ပြောသည်။

ဟုတ်သည်။ တောင်ကြောအနိမ့်ပိုင်းကိုရောက်လာသောအခါ တောငှက်ပျောပင်များပေါက်နေသည်ကိုပါ တွေ့ရ၍ ရေလိုက်ရှာကြရာ စမ်းပေါက်တစ်ခုကို တွေ့ကြရလေသည်။

ထိုနေရာမှာပင် အထုပ်များကို ချထားပြီး နေ့လယ်စာ ချက်ပြုတ်စားသောက်ရန် ပြင်ဆင်ကြရသည်။ တောငှက်ပျောတောမှာဖြစ်၍ ငှက်ပျောဖူးနှင့် ငှက်ပျောအူများပေါ်သောကြောင့် ဟင်းအတွက် အဆင်ပြေသည်။ အခြားကြိမ်ဖူး၊ ဂုပ်ဖူး၊ နဘက်ဖူးနှင့် ခြံနုများလည်း အနီးအနားမှာပင်ရှိသည်။ တောထဲ၌ ဟင်းကောင်းများချည်းသာ ဖြစ်သည်။

ထင်းဆွဲသူဆွဲ၊ မီးမွှေးသူမွှေးနှင့် ချက်ပြုတ်လိုက်ကြရာ နာရီဝက်ခန့်အကြာမှာပင် ချက်ပြုတ်ရေးကိစ္စပြီးသွား၏။ ထို့နောက် ဘုရားဆွမ်းတော်တင်၊ နတ်စာကျွေးပြီး စားသောက်ကြသည်။ စားသောက်ပြီးနောက် အိုးခွက်များကို သိမ်းနေဆဲတွင် တစ်စုံတစ်ခုကို အမှတ်ရ၍ ကိုထွန်းမြအောင် မျက်လုံးပြူးသွားလေသည်။ ထို့နောက် ဘိုးသြဘာအား ပြောလိုက်သည်။

"ဘိုး - ငကြောင် မပါတော့ဘူးဗျ"

"အေ - အေး၊ ဟုတ်သားပဲ။ မင်း ငကြောင် ဘယ်မှာကျန်နေခဲ့တုံး"

"မနက်စာထမင်းချက်စားခဲ့ကြတဲ့ နေရာမှာများ ကျန်နေခဲ့သလား မှတ်တယ်"

"ဟ - ခွေးပဲဥစ္စာ၊ လူသွားရင် မလိုက်ဘဲကျန်နေခဲ့မလားကွ"

အတော်လေးပင် နားလည်ရခက်သွားကြသည်။ ဟုတ်သည်။ ခွေးဟူသည်မှာ သခင်နှင့် မကွဲမကွာ လိုက်ပါနေတတ်သောအကောင်မျိုးသာ ဖြစ်သည်။ သခင်ထက်ပင် ရှေ့မှကျော်တက်သွားတတ်သည်။ ယခုမူ ထိုသို့ မဟုတ်ဘဲ အဘယ်အကြောင်းကြောင့်မှန်းမသိ ငကြောင် ပါမလာတော့ပေ။ ထို့ကြောင့် ကိုထွန်းမြအောင်လည်း အတော်လေးပင် မျက်နှာမကောင်းဖြစ်သွားလေသည်။

"ကဲ- ဒီတော့ မင်းဘယ်လိုလုပ်မလဲ။ မင်းခွေးကိုပြန်သွားပြီးရှာကြည့်ချင်သလား၊ ဒီအတိုင်းပဲ ထားပစ်ခဲ့မလား"

ကိုထွန်းမြအောင် တစ်အောင့်စဉ်းစားလိုက်ပြီး -

"ညအိပ်ပြီး မနက်စာချက်ပြုတ်စားသောက်ခဲ့ကြတဲ့နေရာကိုတော့ ကြည့်ချင်တယ်ဘိုး။ ခွေးတစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com

ဘန့်ဖိုးအားဖြင့် ဘာမှမပြောလောက်သေမယ့် အသက်တစ်ချောင်းကို သနားတဲ့အနေနဲ့ ပြန်သွားကြည့်ချင်တာပါ။ ဒီအတိုင်းသာထားခဲ့ရင်တော့ ငကြောင်ဘာ သေဖို့တစ်လမ်းရှိမယ်"

ဘိုးသြဘာ၏စိတ်ထဲတွင် အတော်လေးပင် ကသိကအောက်ဖြစ်သွားရလေသည်။ သတ္တဝါများကိုတော့ ဘိုးသြဘာလည်း သနားတတ်သည်။ သို့သော်သွားနေဆဲခရီးသည် တောနက်ရိုးနက်ကြီးထဲတွင် ဖြစ်နေ၏။ အစစအရာရာကို အချိန်မလင့် ခရီးမဖင့်အောင် သွားနေရသောအခါ ဖြစ်သည်။

သည်အထဲ နောက်ကြောင်းကို ပြန်ခေါက်ပြီး ခွေးသွားရှာရမည့်ကိစ္စက ပေါ်ပေါက်၍လာရပြန်သည်။ ဤနေရာမှ နောက်ကြောင်းပြန်ခေါက်ပြီး ခွေးပျောက်ကိုသာလိုက်ရှာနေရလျှင် အနည်းဆုံး တစ်ရက်တော့ ကြာသွားပေလိမ့်မည်။ ကိုထွန်းမြအောင်ကို ကြည့်မိပြန်လျှင်လည်း အတော်လေးပင် မျက်နှာပျက်၍နေသည်ကို တွေ့ရသည်။



## ဘိုးသြဘာနှင့် ခေါင်းပေါင်းရှာထွက်ခြင်း



www.burmeseclassic.com

www.burmeseclassic.com

"အစဦးကပင် မင်းကို ငါ ပြောတယ်မဟုတ်လား။ ခွေးပါလာခြင်းဟာ အနှောင့်အယှက်တစ်မျိုးပဲလို့။ ဒါ အမဲလိုက်ဖို့သွားတာလည်း မဟုတ်ဘူးလေ ခွေးမလိုဘူး။ စိတ်ကောင်းထားပြီး မေတ္တာစိတ်နဲ့သာ ဆေးပေါင်းရှာဖို့သွားနေတာ။ ဒီအထဲ ခွေးပါလာတော့ တစ်စုံတစ်ရာအကျိုးမဖြစ်စေဘဲ ခရီးဖင့်ရုံပဲ အဖတ်တင်တာ"

ကိုထွန်းမြအောင် ဘာမှမပြောပေ။ မျက်နှာကြီးရှုံ့မဲ့လျက်သာနေ၏။

"ကဲ - သွားသွား။ မင်းခွေးသေသလား၊ ပျောက်သလား လိုက်ရှာရအောင်။ ဒါပေမယ့် လူဝံသိုက်ကြီးကိုတော့ ရှောင်ကွင်းပြီးသွားမှ ဖြစ်မယ်။ အစကပင် တို့ကို ရန်လိုချင်နေတဲ့ လူဝံတွေဟာ နောက်တစ်ခေါက်သာ သူတို့အသိုက်နားကို တို့ရောက်သွားရင် ပိုဒေါသထွက်ပြီး တို့ကိုမတိုက်ခိုက်ဘူးလို့ မပြောနိုင်ဘူးကွ"

လူဝံများ၏ရန်ကို ရှောင်ဖယ်သည့် သဘောဖြင့် တောင်ကမ်းယံကချည်းသာသွားကြရသည်။ ကမ်းပါးယံမှချည်း ကုတ်ကတ်သွားနေကြရ၍ ပိုပင်ပန်းပြီး ခရီးလည်းမတွင်ပေ။ သို့သော်လည်း ပေါက်သည့်နဖူး မထူးတော့။ သည်အတိုင်းပင် လိုရာခရီးကိုရောက်အောင် နောက်ကြောင်းပြန်ကြရမည်ဖြစ်၏။

ညအိပ်ခဲ့ကြသည့်နေရာကို သည်နေ့ မိုးမချုပ်မီရောက်လို၍သာ အပင်ပန်းခံပြီး သွားနေကြရသည်။ ခွေးငကြောင်သည်သာ အကြောင်းအမျိုးမျိုးကြောင့် ထိုနေရာတွင် ကျန်နေခဲ့ရိုးမှန်လျှင်လည်း ညကျော်သွား၍ အဆင်ပြေဖွယ်မရှိပေ။ လူတည်းခိုသွားသောနေရာဖြစ်၍ ကျားများရောက်လာပြီး လေ့လာကြမည်မှာ မလွဲပေ။

ထိုအခါ ငကြောင်နှင့် တန်းတိုးပြီး ငကြောင် ကျားစာဖြစ်သွားနိုင်သည်။ ဤသည်ကို ထည့်တွက်မိသောကြောင့်သာ မိုးမချုပ်မီ ထိုနေရာကို ကြိုးစားပြီး အရောက်လှမ်းနေကြရသည်။ တောင်ကမ်းယံဖြစ်၍ မကြာခဏ ခြေချော်ပြီး လဲကျသည်။ ကိုထွန်းမြအောင်က လူရွယ်၊ လူလတ်ဖြစ်၍ ဆင်းရဲပင်ပန်းဒဏ်ကို ခံနိုင်သော်လည်း လူအိုဖြစ်သော ဘိုးဩဘာမှာကား မသက်သာလှပေ။

ဆင်းရဲပင်ပန်းခံပြီး လာခဲ့ကြရာ ညနေလေးနာရီခွဲအချိန်တွင် ကုန်ခဲ့သည့်ညက တည်းခိုညအိပ်ခဲ့ကြသော စခန်းဟောင်းလေးနားကို ရောက်ရှိလာကြသည်။ သို့မှ ငကြောင်သည် ချောင်းအကူးတွင် ရေစီးသန်သည်ကို ကြောက်၍ မကူးရဲဘဲ ကျောက်တုံးကြီးပေါ်မှာတက်ပြီး ကျန်နေခဲ့သည်ကို တွေ့ကြရသည်။

အစက ကြိုးစားပြီး ကူးကြည့်ပေလိမ့်မည်။ ကူးရင်းက ရေစီးသန်သောကြောင့် မျောသွားရင်းက ကျောက်တုံးပေါ်သို့ ရောက်သွားပေလိမ့်မည်။ ထို့နောက် အော်သော်လည်း ရေစီးသံများဆူညံနေ၍ သခင်များကမကြားဘဲထားခဲ့ကြသောကြောင့် ငကြောင် ကျန်နေခဲ့ရခြင်း ဖြစ်ပေမည်။

နေလည်း အတော်လေးပင်စောင်းသွားလေပြီ။ ထို့ကြောင့် ဤစခန်းလေးမှာပင် တစ်ညပြန်အိပ်ရမည့်ကိန်းဆိုက်လေသည်။ စခန်းဟောင်းဖြစ်၍ စခန်းနှင့်ပတ်သက်ပြီး ဘာမှပြုပြင်စရာမလိုဘဲ ချက်ပြုတ်စားသောက်ပြီး အားယူအိပ်စက်ရုံသာရှိတော့သည်။

॥

မနက်စာစားသောက်ပြီးသည်နှင့် စခန်းဟောင်းလေးမှထွက်လာကြသည်။ တည်းခိုခဲ့ကြသည်က စခန်းဟောင်းလေးဖြစ်၍ ဘာမှပြုပြင်စရာမလိုဘဲ သက်သက်သာသာဖြင့်ပင် တည်းခိုညအိပ်ခဲ့ကြရသလို ယခုမနက်ပိုင်းထွက်လာကြရာတွင်လည်း မနေ့ကသွားထားကြသောလမ်းဟောင်းလေးဖြစ်၍ ဘာမှခုတ်ထွင်းရှင်းလင်းစရာမလိုဘဲ သက်သက်သာသာဖြင့် လျှောက်သွားနေကြရသည်။

ကိုထွန်းမြအောင်သည် လူဝံသိုက်ကြီး၏အနားကိုရောက်လျှင် ရှေ့ကိုတိုးပြီးမသွားရဲဘဲ ရပ်ကာ လူဝံသိုက်ကြီးကို သာဒေးကြည့်နေ၏။ ငကြောင်ကိုလည်း အနားသို့ခေါ်ထားသည်။

"သွားစမ်းပါကွာ၊ ဒီအချိန် လူဝံတွေ အစာရှာထွက်နေကြပါတယ်ဆိုမှ ကြောက်နေရသလား"

ဟု ဘိုးဩဘာက အော်ပြောလိုက်မှ ရှေ့ကိုဆက်သွားရဲသည်။

"လူသက်သက်ဆို အဲ့လောက်အရေးမကြီးဘူးဘိုးရဲ့။ ခွေးပါလာလို့ ပိုပြီး သတိထားတာပါ"

"မင်းမလည်း အဲဒီခွေးပဲ။ ငါစိတ်ပျက်လာပြီ"

ကိုထွန်းမြအောင် ဘာမှမပြောဘဲ လူဝံသိုက်ကြီးကို ကွက်ကြည့်ကွက်ကြည့်ကြည့်ရင်းကသာ လျှောက်သွားသည်။ ငကြောင်က လူဝံများ၏အနံ့ကိုရသွား[illegible] ထင်သည်။ သူ့သခင်များကိုကြည့်လို[illegible] အနံ့ရှူလိုက်လုပ်နေသည်။ လူဝံများဆင်[illegible] သွားသည်ဟု ထင်ရသော တောထဲ[illegible] လည်း အနည်းငယ်မျှ လျှောက်လို[illegible] ကြည့်သေးသည်။ ထို့နောက် တောင်[illegible] ကြည့်မြောက်ကြည့်ဖြင့် အနားကို ပြ[illegible] ရောက်လာသည်။

"တော်ကြော လူဝံတွေအစာရှာ[illegible] ပြန်ရောက်လာလို့ သူတို့အသိုက်နား[illegible] ခွေးနံ့ကိုရရင် တို့နောက်ကို အနံ့ခံ[illegible] လိုက်မလာဘူးလို့ မပြောနိုင်ဘူးကွ။ ဒါ[illegible] လည်း သတိထားရဦးမယ်"

ဟု ဘိုးဩဘာက ပြောသည်။

"လူဝံက ခွေးကို မကြောက်ဘူး[illegible] လား ဘိုး"

"လူဝံက ခွေးကို ကြောက်မလား[illegible] ကွ။ မင်းခွေးကိုမပြောနဲ့၊ ကျားကိုတောင် ကြောက်တဲ့အကောင်မျိုးမဟုတ်ဘူး"

ကိုထွန်းမြအောင်က တစ်ချက်[illegible] နှစ်ချက် ခေါင်းညိတ်လိုက်၏။

"လူဝံက ခွေးကိုနိုင်ပါ့မလား ဘိုး[illegible] ခွေးက ဆတ်ကြီးတွေကိုတောင် လှဲတာလေ"

"မင်းအဲဒါခက်တာပဲ။ လူဝံက လူ[illegible] ထက် အရပ်မြင့်ပြီး ဗလကောင်းတယ်[illegible] အားလည်းရှိတယ်ကွ။ ပြီးတော့ ကြွက်[illegible] သားတွေ အားကောင်းတဲ့အတွက် ဖမ်း[illegible] တဲ့အကောင်ဟာလည်း လွတ်လမ်းမရှိ[illegible] ဘူး။ ဒါ့အပြင် သား၊ ငါးရော အသီးအ[illegible] ရွက်ပါစားတဲ့အကောင်မျိုးဖြစ်လို့ သွား[illegible] တွေဟာ လူတွေလိုပြားတဲ့အပြင် အစွယ်[illegible] လည်း ပါသေးတယ်။ ကိုက်တဲ့အခါ[illegible] အတော်ကြီး ထိရောက်မှုရှိတယ်။ ဒါ[illegible] ကြောင့် လူဝံကိုယှဉ်ပြီး တိုက်နိုင့်ရဲတဲ့ အကောင်မျိုး မရှိဘူး။ မင်းခွေးလို အကောင်မျိုးကတော့ လူဝံနဲ့တွေ့ရင် တစ်[illegible] စီတောင်ဖြစ်သွားမှာပဲ"

ကိုထွန်းမြအောင် ဘာမှမပြောတော့ပေ။ ရှေ့ခရီးကိုသာ သွက်သွက်မှန်မှန် ဆက်လှမ်းနေလေ၏။ မနေ့က လူဝံသိုက်ကြီးပေါ် တက်ပြီး ဆေးမြစ်ယူနေကြ၍ လမ်းမှာကြာခဲ့ကြသော်လည်း သည်နေ့ လမ်းဟောင်းကို လျှောက်ကာ ဖြောင့်ဖြောင့်သွားနေကြ၍ ပိုသွက်ပြီး ခရီးလည်းတွင်လေသည်။

ထို့ကြောင့် ခရီးပိုတွင်၍ မနေ့က မနက်စာထမင်းချက်စားခဲ့ကြသော နေရာထက် ရှေ့ကိုအတော်လေးပင်ရောက်[illegible] သွားကြသည်။ ကိုထွန်းမြအောင် [illegible] မော့ကြည့်သည်။ မနက်ဆယ်နာရီကျော်



www.burmeseclassic.com

www.burmeseclassic.com

ခန့်ရှိနေပြီ။ အနီးအနားတွင် သမ်းပေါက် တစ်ခုရှိနေသည်ကိုလည်း တွေ့ရသည်။

"ဘိုး၊ ဒီနေရာလေးမှာ နေ့လယ် စာချက်စားရရင်ကောင်းမယ်ထင်တယ်"

ဘိုးသြဘာ နေကိုမော့ကြည့် သည်။ စမ်းပေါက်ကိုလည်းကြည့်သည်။

"ကောင်းတာပေါ့ကွာ၊ နေလည်း မြင့်ပြီ။ အနီးအနားမှာ စမ်းပေါက်လည်း ရှိနေတော့ အဆင်ပြေတာပေါ့"

ကိုထွန်းမြအောင် အထုပ်ကို ကျောက်တုံးတွင် တင်လိုက်သည်။ ထို့နောက် ဓားကိုဆွဲပြီး တောင့်ကျပ်ပျောပင် များရှိသည့်နေရာတွင် ငှက်ပျောပင်နှင့် ငှက်ပျောဖူးများသွားခုတ်သည်။ မြှုံနှင့် ဒန့်ဒလောက်များလည်း ခူးသည်။ ကျောက်ချဉ်ပင်လေးများကို တွေ့၍ လည်း ခူးလာခဲ့သည်။

သစ်တုံးကြီးတစ်တုံးကို တွေ့၍ တုံးအောက်ကို ငုံ့ကြည့်လိုက်ရာ တောင် လိပ်တစ်ကောင်ဝပ်နေသည်ကို တွေ့ရ၏။ ကိုထွန်းမြအောင် ဝမ်းသာသွား၏။ ဘိုးသြဘာကို လှမ်းကြည့်သည်။ ဘိုးသြ ဘာသည် ကျောက်တုံးပေါ်တွင် တက် ထိုင်ပြီး ပုတီးစိပ်နေသည်။ ကိုထွန်းမြ အောင် တုံးအောက်ကို ငုံ့ကြည့်ပြန် သည်။ လိပ်ကကုပ်နေတုန်း။

လိပ်ကို တုံးအောက်မှ ဆွဲထုတ်ပြီး ကိစ္စချောလိုက်သည်။ ငကြောင် ပြေး လိုက်လာ၍ တုတ်ကိုမြှောက်ပြလိုက်ရာ အမြီးကုပ်ပြီးပြန်ပြေးသွား၏။ ငကြောင် ရောက်လာလျှင် လိပ်ကို မြင်သည်နှင့် ထိုးဟောင်ပေလိမ့်မည်။ ထိုအခါ ဘိုးသြ ဘာ လှည့်ကြည့်မည်ဖြစ်၍ မြင်သွား လျှင် မကောင်းပေ။ ထို့ကြောင့် သိခြင်း သိလျှင် နောက်မှသိစေတော့။

ကိုထွန်းမြအောင် မီးဖိုပြီး လိပ်ကို မီးမြှိုက်သည်။ ထို့နောက် ထမ်းအိုးတည် ရင်း လိပ်ကိုအသားဖွင့်သည်။ ထမင်း အိုး ခွင်ပေါ်မှကျသည်နှင့် လိပ်သားအိုး တည်သည်။ ထို့နောက် ဒန့်ဒလောက် ချဉ်ဟင်း၊ တောငှက်ပျောအူနှင့် တော ငှက်ပျောဖူးပြုတ်၊ ငရုတ်သီးထောင်းတို့ နှင့် ဟင်းက အတော်လေးမြိုင်သွား သည်။

ဘိုးသြဘာသည် နေ့လယ်စာစား ရာတွင်လည်း ဘာမှမပြောသည့်တိုင် အောင် နှာခေါင်းရှုံ့သည်။ ဟင်းဦးများ ၍လည်း ဖြစ်မည်။ လိပ်သားဟင်းကို မြင်၍လည်း ဖြစ်နိုင်သည်။ မည်သည့် အကြောင်းဟု မသိနိုင်သော်လည်း ဘိုး သြဘာနှာခေါင်းရှုံ့သည်ကအမှန်။

ကိုထွန်းမြအောင်ကလည်း ဟင်း နှင့်သက်သက်၊ ဟင်းဦးမည်မှုအထိပင် များများစားရသော်လည်း အာသာမပြေ တတ်ပေ။ သား၊ ငါးလေး တစ်ခုခုပါမှမြိန် သည်။

နေ့လယ်စာစားသောက်ပြီးနောက် ရေနွေးတစ်ယောက်တစ်ခွက်သောက်ပြီး ဆက်လျှောက်ကြသည်။ တောက နက် သည်ထက်နက်လာ၍ အအေးလည်း ပို၍ပို၍လာသောကြောင့် ပူအိုက်ချွေး ထွက်ခြင်း မရှိတော့ပေ။ ခရီးရှည်သွား ခြင်း၌ ပင်ပန်းခြင်း တစ်ဝက်သက်သာ သည်ဟု ဆိုနိုင်သည်။

"ဝုန်း၊ ရွှန်း"

"ဂိန်"

"အောင်မယ်လေးဗျ"

ကျောက်တုံးကြီးအောက်မှ ဝါး လုံးထိုးထွက်သော စပါးကြီးမြွေကြီးတစ် ကောင်သည် ငကြောင်ကို ဖမ်းလုံးလိုက် လေသည်။ အခွေကြီးနှင့်လုံးပတ်ဖိထား ၍ ငကြောင်မှာ တစ်ချက်မျှသာ အော် နိုင်ခဲ့ပြီး မြွေလုံးကြီးသဖွယ် ဖြစ်သွားရ လေသည်။

ကိုထွန်းမြအောင်လည်း လန့်လန့် ဖြင့် တစ်ချက်သာ အော်နိုင်ပြီး နောက် သို့ လန်ကျသွား၏။ ဘိုးသြဘာက တောင်ဝှေးကို ဦးစောက်လုပ်လိုက်ပြီး မြွေကြီးအား သွားတောက်လိုက်ရာ မြွေကြီး၏အခွေများ ပြေလျော့သွား၍ ငကြောင်လည်း အတင်းရုန်းထွက်ပြီး ပြေးလေသည်။

"ဟိုက်ကောင်၊ မင်းခွေးကို လိုက် ခေါ်ဦး။ တော်ကြာ ကြောက်လန့်ထွက် ပြေးရင်း သေနေဦးမယ်"

ဟု ပြောလိုက်မှ ကိုထွန်းမြအောင် လည်း သတိပြန်ဝင်လာပြီး ထထိုင်ကာ ဟိုကြည့်သည်ကြည့်သည်။ မြွေကြီးသည် ကား ခွေးကို လိမ်ထားစဉ်ကအတိုင်း အလိပ်အခွေ အနည်းငယ်ပြေလျော့ရုံမျှ သာရှိသည်။ ဘိုးသြဘာက မြွေကြီး၏ အနားတွင် ကပ်ပြီးရပ်နေသည်။

"မင်းခွေးကို သွားခေါ်ဦးလေ"

ဘိုးသြဘာကထပ်ပြောမှ ကိုထွန်း မြအောင်လည်း ကပျာကယာထလိုက် သွားပြီး ငကြောင်ကို ရှာရလေသည်။ ငကြောင်ကား အတော်ကြီးကြောက်လန့် သွားဟန်ရှိသည်။ တစ်နာရီနီးပါးခန့် လိုက်ရှာမှ သစ်ပင်ကြီးတစ်ပင်နားတွင် တွေတွေကြီးရပ်နေသည်ကိုတွေ့ရသည်။

ငကြောင် တစ်ကိုယ်လုံး တုန်နေ သည်။ တစ်သက်တစ်ခါ မကြုံဘူးဘဲ စပါးကြီးမြွေကြီး၏အစမ်းကို ခံလိုက်ရ သောကြောင့် အကြောက်လွန်ပြီး တုန် နေခြင်း ဖြစ်လေသည်။ ဘိုးသြဘာသည် ငကြောင့်ကိုယ်တွင် ဒဏ်ရာ မတွေ့ရ ပေ။ မြွေကြီးပါးစပ်နှင့်ဆော်ထိခြင်း မဟုတ် လုံးကြီးနှင့်သာ ရစ်ပတ်ခံခြင်း ဖြစ်လေ မည်။

ကိုထွန်းမြအောင်လည်း ငကြောင် ကြောက်စိတ်ဝင်နေ၍ ချက်ချင်း အနား သို့ မကပ်ရဲဘဲ တစ်အောင်ကြာ လှမ်း ခေါ်ပြောဆိုနေပြီးမှ ငကြောင်၏အနား သို့ ကပ်ရဲသည်။ ထိုအချိန်၌ ငကြောင် ၏ မျက်လုံးများလည်း အနည်းငယ်မျှ ကြည်လင်နေပေပြီ။ ငကြောင် အထိုက် အလျောက် အကြောက်ပြေသွားမှ ချော့ ခေါ်ပြီး ပြန်လာခဲ့သည်။

ငကြောင်နှင့် ကိုထွန်းမြအောင် ပြန်ရောက်လာကြရာ ဘိုးသြဘာသည် မြွေကြီး၏အနားတွင် မတ်တပ်ရပ်လျက် သာရှိနေသေးသည်။ မြွေကြီးကို ကြည့် လိုက်၊ ကောင်းကင်ကို ကြည့်လိုက်လည်း လုပ်နေသည်။

"ဟ-ဘိုး၊ မြွေကြီးအနားမှာ ဘာ လို့ရပ်နေတာလဲ။ မြွေကြီးက သေသွား ပြီလား"

ဘိုးသြဘာက ခေါင်းခါပြ၏။

"ဒါဆို အန္တရာယ်များတယ် ဘိုး၊ ရပ်မနေပါနဲ့"

"မင်းခွေးခေါ်သွားပြီးနေ၊ ဒီမြွေကို ဒီအတိုင်းထားခဲ့ရင် သေမှာ။ ဒါကြောင့် မင်းတို့ အဝေးမှာသွားနေကြဦး။ ပြီးမှ ငါ လာခဲ့မယ်"

ဘိုးသြဘာသည် ကိုထွန်းမြ အောင်ကို အတင်းနှင်လွှတ်နေသည်။ မြွေကြီးကို အဘယ်သို့လုပ်ဦးမည်မသိ။ မြွေကြီးကလည်း အသေကဲ့သို့ငြိမ်နေ သည်။ ထို့ကြောင့် ဘိုးသြဘာသည် မြွေ ကြီးအား တစ်စုံတစ်ခုလုပ်ဦးမည်ဟု ထင် ၍ ကိုထွန်းမြအောင် (အဝေးတစ်နေရာ မှ) ထိုင်ပြီး ကြည့်နေသည်။

ဘိုးသြဘာသည် မြွေကြီးကို ကြည့်လိုက်၊ ကောင်းကင်ကို မော့ကြည့် လိုက်လုပ်နေ၏။ ကိုထွန်းမြအောင်က ဘိုးသြဘာ၏ အရိပ်အခြည်ကို စောင့် ကြည့်ရင်း ခွေးကြီးငကြောင်ကိုလည်း ကြည့်ပြန်သည်။ ငကြောင်သည် အစက ထက် အနည်းငယ်မျှ လန်းလာသည်ဟု ထင်ရသော်လည်း ကြောက်စိတ်ကား အလုံးစုံပြယ်ဟန်မရှိသေး။ မျက်လုံးများ ပြူးကြောင်ကြောင်အနေအထားမှာသာ ရှိနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

## ကိုဦး(မြေခြား)

# မျက်စိဒဏ်တိမ်အတွက် ဆေးတစ်လက်

မျက်စိဟု ဆိုလိုက်သည်နှင့် စာဖတ် သူများ အနေနှင့် 'မျက်စိအဆုံး၊ နားအရှုံး' ဆိုတဲ့ ရှေးလူကြီးသူမများ ပြောကြားကြတဲ့ စကားဥပမာကို သတိပြုမိလိမ့်မည်ဟု စာရေးသူ ထင်မိပါသည်။ ဤစကားဥပမာကို ရှေးပညာရှိ လူကြီးမိဘများက မျက်စိ၊ နားကျန်းမာရေးနှင့် ပတ်သက်၍ ပေါ့ဆ၍မနေဘဲ ဂရုစိုက်ဖို့ ဆုံးမထားသည့် စကားဥပမာဖြစ်သည်ဟု စာရေးသူ ယူဆမိပါသည်။

ရနိုင်ခဲသော လူ့ဘဝ၌ ရရှိခဲ့သော လူ့ဘဝတစ်ခု ရှင်သန်ရပ်တည်နိုင်ဖို့ လူ့ခန္ဓာကိုယ်တစ်ခုလုံးတွင် ဆံဖျားမှအစ ခြေဖဝါးအထိ အားလုံး အရေးပါအရာရောက်သည်မှန်သော်လည်း မွေးရာပါ အကောင်းပကတိပါရှိခဲ့သော မျက်စိနှင့်နားသည် ရရှိပိုင်ဆိုင်ခဲ့သော လူ့ဘဝတစ်ခု၏ အဓိကအချက်အချာကျပြီး အရေးပါအရာရောက်သည်ဟုဆိုပါလျှင် လွဲနိုင်လိမ့်မည် မဟုတ်ပါ။

မျက်စိနှင့် ပတ်သက်၍ အပူ၊ အအေး မမျှတသည်မှစ၍ သဘာဝအားလျော်စွာ လူအတော်များများ ဖြစ်လေ့ဖြစ်ထရှိသော မျက်စိနာခြင်းနှင့် တစ်ခါတစ်ရံ မတော်တဆ ထိခိုက်ဒဏ်ရာရခဲ့သည်မှစ၍ အနာတရဖြစ်ခဲ့ခြင်းတို့အတွက် စနစ်တကျ ကုသတတ်လျှင် ပျောက်သင့် ပျောက်ခွင့်ရှိပါလျက်နှင့် ပျောက်ချင်သောဆန္ဒစောလွန်း၍ ချင့်ချိန်မှုမရှိဘဲ ဆေးသုံးစွဲမှု မှားယွင်းပြီး မျက်စိပျက်စီးဆုံးရှုံးခဲ့ကြသော မျက်စိဝေဒနာရှင်များကို စာရေးသူကိုယ်တွေ့ ကြုံခဲ့ဖူးသလို စာဖတ်သူများထဲမှလည်း ကြုံဖူးသူများရှိကောင်းရှိကြလိမ့်မယ်လို့ တွေးထင်ပါသည်။

စာရေးသူ၊ စာဖတ်သူတို့ နေ့စဉ်တွေ့မြင်နေရသော မိမိခြံဝင်းအတွင်းမှစ၍ သဘာဝပတ်ဝန်းကျင်တွင် ပေါက်ရောက်၍နေကြသော သစ်ပင်ဝါးပင် နွယ်ပင်စသော အပင်များသည်ပင်လျှင် ဆေးဖက်မဝင်သည့်အပင် ဟူ၍ မည်သည့်အပင်မျှ မရှိပါ။ ထိုအပင်များ၏ အမြစ်၊ အနှစ်၊ အခွံ၊ အခေါက်၊ အပွေး၊ အကာ၊ အရွက်၊ အဖူး၊ အပွင့်၊ အသီး၊ အစေး၊ အစေ့ စသည်တို့သည်ပင်လျှင် သူ့နေရာနှင့်သူ စနစ်တကျ နားလည်စွာ သုံးစွဲတတ်လျှင် အရာအားလုံး ဆေးဖက်ဝင်ကြပါသည်။ ဆေးဖက်ဝင်သည့်အား လျော်စွာ ရှေးပညာရှိ သုံ့တော်ကောင်းကြီးများကလည်း 'ကတိသစ္စာတည်သောအခါဝယ် ဩဇာလေးနက် ပေါ်ဆီတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏' လို့ ရေးဖွဲ့သီကုံးခဲ့ကြပါသည်။

ထိုကဲ့သို့ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်များစွာအနက်မှ စာရေးသူ လေ့လာသိရှိသမျှ အစာအိမ်၏အစာအဆိပ်အတောက်အတွက် ပဲပျောက်မှုသာမက ပဲ မျက်စိဒဏ်တိမ်အတွက်ပါ ဆေးဖက်ဝင်သော ဆေးပင်တစ်ပင်၏အကြောင်းကို လက်တွေ့သုံးစွဲခဲ့ဖူး၍ မျက်စိဒဏ်တိမ် ပျောက်ကင်းခဲ့ဖူးသော ဦးအောင်မြင့်နှင့် ဦးအောင်မြင့်၏ဖခင် ဦးထွန်းရွှေ တို့၏ မျက်စိဒဏ်တိမ်နှင့်ပတ်သက်၍ ပျောက်ကင်းသက်သာခဲ့ပုံကို ရေးသားတင်ပြလိုက်ပါသည်။

ကြောင် မြွေပတ်ခံရသော်လည်း ဒဏ်ရာမရခြင်းမှာ အကိုက်မခံရဘဲ ပတ်ရုံပတ်မိခြင်းကြောင့်ပင် ဖြစ်မည်ထင်သည်။ပတ်စတွင် ဘိုးသြဘာက တောင်ဝှေးဖြင့် ထောက်လိုက်၍လည်း နာနာပတ်ခွင့်မရလိုက်သောကြောင့် ဒဏ်ရာမရ အသက်မသေခြင်း ဖြစ်ပေမည်။

ဘိုးသြဘာသည် မြွေကြီးကိုကြည့်လိုက်၊ ကောင်းကင်ကိုကြည့်လိုက်နှင့် နာရီဝက်ခန့်နေလိုက်ပြီးနောက် ပါးစပ်ကတိုးတိုးရွတ်၍ တောင်ဝှေးကို ဦးစောက်၊ ပြောင်းပြန် (၇) ကြိမ်မျှ ပွတ်သပ်ကာ မြွေကြီး၏ခါးလယ်ကောင် (ကျောကုန်း) ကို တောင်ဝှေးဖြင့်ထောက်လိုက်ရာ သေသလို စင်းစင်းကြီးဖြစ်နေသော မြွေကြီးသည် ထိုနေရာမှ အဝေးသို့ ဝါးလုံးထိုးပြေးထွက်သွားလေသည်။ ပတ်ဝန်းကျင်တောတောင်များလည်း တဝေါဝေါဖြင့် ဆူညံသွားလေသည်။ ချေဟောက်သံ၊ တောကြက်များလန့်ပျံသံ၊ ငှက်ကလေးများအော်ကြသံ၊ ရှဉ့်တွတ်သံများမှာလည်း တောလုံးဟိန်းသွားသည်။ ထိုအခါတွင်လည်း ခွေးကြီးငကြောင်သည် 'ဂိန်' ဟု အော်ပြီး ထပြေး၍ မနည်းဖမ်းချုပ်ထားလိုက်ရသည်။

ထို့နောက် ဘိုးသြဘာအနားသို့ ရောက်လာပြီး ကျောက်တုံးကြီးပေါ်တွင် ထိုင်၏။ ငကြောင်ကိုလည်း စိုက်၍ကြည့်နေသည်။ ထို့နောက် တစ်ချက်ပြုံးပြီးပြောသည်။

"မင်းခွေး နည်းနည်းတော့အသွားတယ်ထင်တယ်ကွ"

"မြွေပတ်ခံရတာ နည်းနည်းအရပြီလား ဘိုးရယ်။ မသေလို့ အသက်တစ်ချောင်းပဲ"

ဘိုးသြဘာက သဘောကျပြီး တဟားဟားဖြင့် ရယ်၏။

"ဘိုး၊ မြွေကြီး ခွေးကို ဆက်မပတ်နိုင်အောင် ဘယ်လိုများလုပ်လိုက်တာလဲ"

"အဲဒါတော့ မင်းတို့ကို ပြောလို့ ဘယ်သိနိုင်ပါ့မလဲ။ သက်ဆိုင်ရာ သိဒ္ဓိပိုင်းနဲ့ဆိုင်တယ်။ ဒါကြောင့် သူ့ကိုယ်က အကွက်တစ်ကွက်ကို တောင်ဝှေးနဲ့ ထောက်ထားလိုက်လို့ ခွေးကို ဆက်မပတ်နိုင်ဖြစ်သွားတာပေါ့"

"ပြီးတော့ ဘိုး မြွေကြီးအနားမှာ အကြာကြီးရပ်နေပြီး ကောင်းကင်ကိုမော့ကြည့်လိုက်၊ မြွေကြီးကိုကြည့်လိုက်နဲ့။ ခုတင်ကမှ မြွေကြီးကို တောင်ဝှေးနဲ့ ထောက်လို့ ထွက်ပြေးသွားတာ အဲဒါလည်း သိဒ္ဓိပိုင်းနဲ့ဆိုင်သလား"

"ဟ - ဆိုင်တာပေါ့ကွ။ ဒီအတိုင်းထားခဲ့ရင်လည်း မြွေကြီးသေမယ်။ တောင်ဝှေးနဲ့အထောက်မမှန်ရင်လည်း ဘာမှဖြစ်လာမှာမဟုတ်ဘူး။ ဒါကြောင့် နက္ခတ်ကိုကြည့်ပြီး နက္ခတ်နဲ့ယှဉ်တဲ့ အကွက်ကို တောင်ဝှေးနဲ့ထောက်လိုက်လို့သာ မြွေကြီးသန်သန်မာပြန်ဖြစ်သွားတာပေါ့"

ဘိုးသြဘာက ရှင်းပြသော်လည်း ကိုထွန်းမြအောင်ကား သိဒ္ဓိနှင့်စပ်ဆိုင်သည့်အကြောင်းကို နားမလည်ပေ။

မင်းဟိန်း[illegible]



www.burmeseclassic.com

www.burmeseclassic.com

ယခု ဆရာစံလမ်း စည်တော်မင်သာရပ် ရွာဘဲရပ်ကွက် ပြည်မြို့ ပဲခူးတိုင်းအနောက်ပိုင်းဒေသကြီးတွင် နေထိုင်လျက်ရှိသော ဦးအောင်မြင့်သည် ယခင်ပဲခူးတိုင်းအနောက်ပိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အနောက်စည်သာ ရပ်ကွက်တွင် မှီတင်းနေထိုင်ပြီး အသက်မွေးကျောင်းအတွက် ကိုင်းလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်ခဲ့ရာမှ တစ်နေ့တွင် ဦးအောင်မြင့်၏ မျက်စိအား ကိုင်းပင်နှင့် ထိုးမိထိခိုက်မိပါတော့သည်။ ထိုသို့ ထိခိုက်မိစဉ်က ဖခင်၏ ကိုယ်တွေ့အရ မျက်စိဒဏ်အတွက် ဆေးမြီးတိုဆေးနည်းကိုသိသော်လည်းမသုံးစွဲခဲ့ဘဲ ဘာမှမဖြစ်လောက်ပါဘူးဟု ခပ်ပေါ့ပေါ့နေလာခဲ့ရာမှထိခိုက်မိပြီး တစ်ပတ်လောက်အကြာတွင် မျက်စိနာကျင်ကိုက်ခဲလာပါတော့သည်။

ဦးအောင်မြင့်သည် မိမိ၏မိသားစုအား နာကျင်ကိုက်ခဲနေသော မျက်စိကို အကြည့်ခိုင်းရာမှ မျက်လုံးအိမ်ထဲတွင် ဒဏ်တိမ်ခေါ် လောက်သော အနာအစက်သေးသေးလေးတွေ့၍ ဖခင်ရှိစဉ်က သုံးစွဲခဲ့ဖူးသော ဆေးမြီးတိုဆေးနည်းကို သုံးစွဲလိုက်ရာမှ မျက်လုံးအိမ်ထဲတွင်ထိခိုက်မိ၍ ဖြစ်ပေါ်နေသော ဒဏ်တိမ်ခေါ် အနာပျောက်ကင်းသွားပြီး ယနေ့အထိ မျက်စိနာခြင်း၊ ကိုက်ခဲခြင်း အလျှင်းမရှိတော့ဘဲ အကောင်းပကတိ တည်ရှိခဲ့ပါသည်။

ကွယ်လွန်သွားပြီ ဖြစ်သော ဦးအောင်မြင့်၏ ဖခင် ဦးထွန်းရွှေသည် အသက်ထင်ထင်ရှိခဲ့စဉ်က တစ်နေ့မှာ အသိမိတ်ဆွေတစ်ဦး၏ စက်လှေခေါ် ပဲ့ထောင်ကို လွန်းတင်လိုသည့်အတွက် တုတ်ကြိုးဖြင့် ကုန်းပေါ်သို့ ဦးထွန်းရွှေ အပါအဝင် လူသုံးဆယ်ခန့်လောက် ဆွဲတင်ခဲ့ရာမှ မထင်မှတ်ဘဲ ကြိုးပြတ်ပြီး ဦးထွန်းရွှေ၏ မျက်စိကို ထိခိုက်ရိုက်မိခဲ့ရာမှ မျက်စိနာပြီး ဒဏ်တိမ်ဖြစ်သည်အထိ ခံစားခဲ့ရပါတော့သည်။

ထိုစဉ်က ဦးအောင်မြင့်၏ ဖခင် ဦးထွန်းရွှေသည် မျက်စိဒဏ်တိမ်အတွက် ဆေးမြီးတိုဆေးနည်းကို မသိရှိခဲ့သောကြောင့် ဒဏ်တိမ်ဖြစ်၍ နာကျင်ကိုက်ခဲသော မျက်စိဝေဒနာအား ကျွမ်းကျင်ရာဆရာများနှင့်ပြ၍ ကုသခဲ့သော်လည်း သက်သာပျောက်ကင်းမှုမရှိဘဲ တစ်နေ့တခြား ပိုမို ဆိုးရွားလာသည့် အခြေအနေသို့ ရောက်ရှိခံစားခဲ့ရသည်။ နှစ်လ၊ သုံးလလောက်အရောက်တွင် မထင်မှတ်ဘဲ မျက်စိဝေဒနာဒဏ်တိမ်နှင့်ပတ်သက်သော ဆေးမြီးတိုဆေးနည်းကို ရလိုက်၍ မျက်စိဝေဒနာအတွက် ဆိုးရွားစွာ ခံစားနေရသောဦးထွန်းရွှေသည် တွေဝေမနေဘဲ ဆေးမြီးတိုဆေးနည်းကို သုံးစွဲကြည့်ရာမှ ပျောက်ကင်း သက်သာခဲ့ပါတော့သည်။

ဦးအောင်မြင့် အပါအဝင် ဦးအောင်မြင့်၏ဖခင် ဦးထွန်းရွှေတို့ သုံးစွဲခဲ့ကြသောမျက်စိဒဏ်တိမ်အတွက် ဆေးတစ်လက်မှာ -

ကျွဲနွားခေါင်းချိတ်မြစ်ခေါ် ဓားမြစ်ကို ရေပြောင်အောင်ဆေးပြီး ဆားအနည်းငယ်ထည့်၍ ရေဖြင့် ကြိတ်သွေးပါ။ ထိုကြိတ်သွေးပြီးဆေးအနှစ်ကို ရေအနည်းငယ်ထပ်ရော၍ သမအောင်မွှေပြီး ရေကြည်ခံထားပါ။ ဆေးအနှစ်အနည်ထိုင်သောအခါမှ ထိုရေကြည်ကို တစ်နေ့ (၄) ကြိမ် မျက်စဉ်းခတ်ပေးပါက မျက်စိအား ထိခိုက်မိ၍ဖြစ်ပေါ်နေသော ဒဏ်တိမ်မှာ သုံးရက်၊ လေးရက် သို့မဟုတ် တစ်ပတ်အတွင်း ပျောက်ကင်းသက်သာပါလိမ့်မည်။

ဆေးကိုသွေး၍ လေလုံစွာထားပြီး တစ်နှစ်အတွင်း သုံးစွဲနိုင်ပါသည်။ ဖော်စပ်ထားသောဆေးကို သုံးစွဲရာတွင် မျက်စဉ်းပုလင်းကိုလှုပ်၍ ပြန်လည်အနည်ထိုင်မှသာ မျက်စဉ်းခတ်ပါ။

မှတ်ချက် ။ ။ မျက်စိဒဏ်ဖြစ်သူများအတွက်သာ ဖြစ်ပါသည်။

ဤဆေးမြီးတိုဆေးနည်းနှင့်ပတ်သက်၍ မရှင်းလင်းသော အချက်အလက်ရှိပါက စာရေးသူ အပါအဝင် ဆေးနည်းပြောပြသော ကာယကံရှင် ဦးအောင်မြင့်ထံသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

*သဗ္ဗေဘဒြာနိ ပဿန္တု*

ကိုဦး (မြေခြား)





www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်၏ အတွေ့အကြုံအရဆိုရလျှင် မှတ်ဉာဏ်မကောင်းလျှင် ထင်ရှားသော စာရေးဆရာကောင်းဖြစ်ဖို့ မလွယ်ဟူသောအချက်ပင် ဖြစ်သည်။ မှတ်ဉာဏ်အရေးကြီးပုံကို ပညာရှိကြီးနှစ်ဦးက ယခုလို ပြောခဲ့ဖူးသည်။

*ကျွန်ုပ်တို့ ရှာဖွေ သိုမှီးထားသော အသိပညာနှင့် ဗဟုသုတမှန်သမျှတို့ကို သတ္တုချလိုက်သော် စွဲမြဲ မှတ်မိခြင်းပင် ဖြစ်သည်။*

(ဂရိပညာရှိ ပလေတို)

*မှတ်ဉာဏ်သည် ကျွန်ုပ်တို့၏ ပညာဗဟုသုတများသိုမှီးထားရာ ဘဏ္ဍာတိုက်ကြီးလည်း ဖြစ်၏။ ပညာဗဟုသုတများကိုစောင့်ထိန်းပေးသော ဘဏ္ဍာစိုးကြီးလည်းဖြစ်၏။*

(ရောမပညာရှိ ဆီဆရို)

ကျွန်ုပ်သည် [illegible] တရားဟောကြွရင်း စာ[illegible] ရာ တခြားစာရေးဆရာများ[illegible] ပင်ပန်းသည်။ စာရေးဆရာ[illegible] ပင် တအံ့တဩဖြစ်ပြီး ကျွန်ုပ်[illegible] တတ်ကြသောမေးခွန်းမှာ ဆရာတော် [illegible]

မှတ်မိနေတတ်သည်။ စာမျက်နှာအတိအကျ မမှတ်မိပါ။ သို့သော် စာအုပ်၏ သုံးပုံတစ်ပုံလောက်မှာ ဘယ်ဘက်ခြမ်းမှာ ဆိုတာလောက်တော့ မှတ်မိနေသည်။ ပြောရလျှင် မျက်စိထဲမှာပင် မြင်နေသည်။

စာဖတ်အားကောင်းပါလျက် စာရေးဆရာ မဖြစ်ကြသူများမှာ မှတ်ဉာဏ်အားမကောင်းကြသည်ကို တွေ့ရသည်။ ကျွန်ုပ်မှတ်ဉာဏ်ကောင်းခြင်းအကြောင်းကို ကျွန်ုပ် တွေးမိသမျှ ပြောပါမည်။ မှတ်ဉာဏ်ကောင်းသည်ဆိုသော်လည်း နေရာတကာကောင်းသည်မဟုတ်။ ကျွန်ုပ်သည် စာအုပ်စာပေနှင့် ပတ်သက်သော နေရာတွင်သာ မှတ်ဉာဏ်ကောင်းခြင်း ဖြစ်သည်။ အခြားနေရာတွင် မှတ်ဉာဏ်မကောင်းပေ။ ဥပမာ နာမည်၊ အိမ်လိပ်စာ၊ လမ်း၊ ရပ်ကွက် စသော အချက်များကို မမှတ်မိပါ။

ဤတွင် အရေးကြီးသောအချက်ပေါ်လာပါပြီ။ ကျွန်ုပ်စာပေနှင့်ပတ်သက်ပြီး မှတ်ဉာဏ်ကောင်းခြင်းမှာ စိတ်ဝင်[illegible]ဖြစ်ကြောင်း သွားတွေ့ရသည်။

သောအခါ အဘယ်ကြောင့် မေ့တတ်[illegible] သနည်းဟူသော မေးခွန်းပေါ်လာသည်။ အဖြေကား အသက်ကြီးလာသောအခါ မှတ်စရာတွေ များလွန်းအားကြီးလာသောကြောင့် မနိုင်မနင်းဖြစ်သွားခြင်းကြောင့်သာ မေ့တတ်ခြင်း ဖြစ်သည် ဟူသောအဖြေပေါ်လာသည်။ ကလေးဘဝ မှတ်ဉာဏ်ကောင်းသည်မှာ မှတ်စရာနည်းသောကြောင့် ဖြစ်သည်။


ကျွန်ုပ်တို့ ငယ်ငယ်က အမရပူရမြို့ နန်းတော်ရာ စံပြကွက်သစ်ရပ်ကွက်သည် သူဆင်းရဲရပ်ကွက် ဖြစ်သည်။ [illegible] လေးမြို့ပေါ်က ရုပ်ရှင်ရုံများသို့ [illegible] မကြည့်နိုင်ကြ။ ရပ်ကွက်တောင်ဘက်[illegible] တွင် လက်နက်ပြုပြင်ရေးစစ်တပ်ရှိသည်။ ထိုစစ်တပ်က တစ်လလေးကြိမ် [illegible] နေ့တိုင်းရုပ်ရှင်ပြသည်။ အမေ့ကို [illegible] လိုက်ပြဖို့ပြောလျှင် အမေက [illegible] နှင့် ခင်သန်းနုကား လာမှပြမယ်ဟု [illegible] သည်။ အမေက [illegible] [illegible]



[illegible]

www.burmeseclassic.com

www.burmeseclassic.com



သည်း ညွှန့်ဝင်းနှင့် ခင်သန်းနု တစ်မျိုး
တည်းကိုသာ မှတ်သောကြောင့် ကျွန်ုပ်
တ မမေ့ခြင်းပါတည်း။

ကျွန်ုပ်သည် စားလည်းစာ၊ အိပ်
သည်းစာ၊ ထိုင်လည်းစာ၊ ဘယ်သွားသွား
စာတစ်ခုကိုသာ သတိရသည်။ ကျွန်ုပ်
တည်ထောင်ထားသော ရိပ်သာ...
...ရော၊ ဒကာ၊ ဒကာမတွေရော ...
...တွေ့ပါ စိတ်ထဲတွင် ဘာမှမရှိ။ ...
ခါတစ်ရံ အိပ်မက်ထဲမှာပင် စာရေး...
လိုက်သေးသည်။ ထိုသို့ စာအာရုံတ...
တည်းထားသောကြောင့် စာတွေကို
ကျွန်ုပ်မှတ်မိနေခြင်းမဟုတ်။ မှတ်စရာ
က စာပေတစ်ခုတည်းသာရှိသောကြောင့်
မှတ်မိနေခြင်း ...သည်။

www.burmeseclassic.com

www.burmeseclassic.com

မှတ်ဉာဏ်ကောင်းလိုသူသည် မိမိခေါင်းကို ဘုရားခန်းလို ထားသင့်သည်။

ဘုရားခန်းသည် အခန်းတကာ အခန်းအားလုံးတို့တွင် အသန့်ရှင်းဆုံးဖြစ်သည်။ ပန်း၊ ရေးချမ်း၊ ဆွမ်းတော်မှ တစ်ပါး တခြားဘာမှမထားပေ။ ထို့အတူ အနှစ်ပြည့်စာကိုရေးချင်သောသူသည် မိမိ၏ခေါင်းကို ဘုရားခန်းလိုထားရမည်။ စာအကြောင်းပေအကြောင်းမှတစ်ပါး အခြားဘာအကြောင်းမှထည့်မထားသင့်ပေ။ အမှိုက်တောင်းလိုထားသောခေါင်းမှ စာကောင်းပေမွန်များ ထွက်လာရန် မလွယ်ကူပါ။

ဤစတုတ္ထအချက်သည် ဘုရားဟောနှင့် ကိုက်ညီနေသည်ကို တွေ့ရသည်။ တစ်ခါတွင် ဗေဒင်ကျမ်းဂန်ကို ကျက်မှတ်ကြရသော ပုဏ္ဏားငယ်များက မြတ်စွာဘုရားကို လျှောက်ထားကြသည်။

"မြတ်စွာဘုရား၊ တပည့်တော်တို့ဟာ တစ်ခါတစ်ရံ ကျက်ပြီးသားစာများကို မမေ့လျော့ပါ။ ဆိုချင်တဲ့အချိန် ကောက်ဆိုလို့ရပါသည်။ တစ်ခါတစ်ရံ ကျက်ထားသောစာများကို မေ့ကုန်ပါသည်။ ထိုကဲ့သို့ အဘယ်ကြောင့်ဖြစ်ရပါသလဲ ဘုရား"

"ချစ်သားတို့၊ နီဝရဏခြောက်ပါးဖုံးအုပ်ခံရသောစိတ်သည် မှတ်ဉာဏ်မကောင်းအောင်ပြုလုပ်သည်။ ထိုအချိန်တွင် စာအားလုံး မေ့မည်။ နီဝရဏခြောက်ပါး ကင်းလွတ်အောင်နေလျှင် စိတ်ကြည်လင်မည်။ ထိုအခါမျိုးတွင် မှတ်ဉာဏ်ကောင်းသည်။ ကျက်မှတ်ပြီးသားစာအားလုံး အမှတ်ရသည်"

ဖော်ပြပါ ဒေသနာအရ မိမိစိတ်တွင် ဈာန်မဂ်ဖိုလ်မရအောင် ပိတ်ပင်တားဆီးကြောင်း နီဝရဏခြောက်ပါးကင်းအောင်နေရမည်။ ထိုအခါ စိတ်ကြည်လင်ပြီး ကြည့်ထားသမျှ စာများကို အမှတ်ရမည် ဖြစ်သည်။ နီဝရဏခြောက်ပါး ဟူသည် -

ကာမစ္ဆန္ဒနီဝရဏ - ကာမဂုဏ်ကို ခံစားချင်သောတဏှာ၊

ဗျာပါဒနီဝရဏ - သူတစ်ပါးကို ပျက်စီးစေလိုသောဒေါသ၊

ထိနမိဒ္ဓနီဝရဏ-အိပ်ချင်ငိုက်မျဉ်းခြင်း၊

ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ-စိတ်ပျံ့လွင့်ခြင်း၊ ကုသိုလ်မလုပ်မိခြင်း၊ အကုသိုလ်ကိုပြုလုပ်မိခြင်းအပေါ် နောင်တတစ်ဖန်ပူပန်ခြင်း။

ဝိစိကိစ္ဆာနီဝရဏ - ဘုရား၊တရား သံဃာ၊ ကိုယ်ကျင့်သီလ စသည်တို့အပေါ် ယုံမှားခြင်း။

အဝိဇ္ဇာနီဝရဏ - သစ္စာလေးပါးကို မသိခြင်း မောဟ။

ငါသိသလို စာဖတ်သူအားလုံးလည်း ငါလို သေချာသိစေရမည်ဟု စေတနာထားလိုက်သည်နှင့် နီဝရဏခြောက်ပါးလုံး ကင်းပြီးသားဖြစ်သွားပါသည်။

ငယ်ငယ်က ပုံပြင်လေးတစ်ပုဒ်ဖတ်ဖူးသည်။ ဒီသာပါမောက္ခဆရာကြီးထံတွင် တပည့်တစ်ယောက်သည် အသက်မွေးဝမ်းကျောင်းအတွက် ပညာသင်ရာတွင် တစ်ခုတည်း စူးစူးစိုက်စိုက် ပညာမသင်ဘဲ သူများကောင်းသည့်ပြောသည့်ပညာတိုင်းကို လိုက်သင်နေသည်။ အများကြီး လျှောက်သင်သော ကြောင့် တတ်သာတတ်ပြီးမတော်သောသူ ဖြစ်နေသည်။

တစ်ခါတွင် ထိုတပည့်ကို ဆရာက သစ်ပင်တစ်ပင်ပေါ် တက်ပြီး အသီးခူးခိုင်းသည်။ အပေါ်ရောက်သည်နှင့် ဆရာက သစ်ပင်ကိုလှုပ်ချသည်။ တပည့်သည် ကြောက်လန့်တကြားဖြင့် သစ်ကိုင်းတစ်ကိုင်းကို သေချာစွာကိုင်ထားရသည်။ ဆရာက အားရအောင်လှုပ်ပြီးမှ သစ်ပင်ကိုလွှတ်ပေးလိုက်သည်။ ထိုအခါကျမှ တပည့်သည် ချွေးပြန်၍ဆင်းလာသည်။

အောက်သို့ရောက်သည်နှင့် ဆရာက -

"တပည့်၊ အခုလို သစ်ကိုင်းကို လှုပ်ချတဲ့အခါ တပည့်ဟာ ကိုင်းတစ်ကိုင်းကို သေချာကိုင်ရတော့တယ်။ ဟိုကိုင်းလိုလိုဒီကိုင်းလိုလို လုပ်လို့မရတော့ဘူး။ ဒီအတိုင်းပဲ၊ အသက်မွေးဝမ်းကျောင်းပညာသင်တဲ့အခါ တစ်ခုကိုပဲ သေချာကျွမ်းကျင်တတ်မြောက်အောင်၊ သူတစ်ပါးထက်သာအောင် ကြိုးစားရတယ်။

ဒါမှ ဘဝမှာ အောင်မြင်မှုရမှာ။ သစ်ကိုင်းကို ဘယ်ကိုင်းမှသေချာမကိုင်ဘူးဆိုရင် လှုပ်ချတဲ့အခါ ငါ့တပည့်ပြုတ်ကျမှာပဲ။ ဒီလိုပဲ ဘယ်ပညာမှကျွမ်းကျင်အောင်မတတ်ဘူးဆိုရင် လောကဓံလေမုန်တိုင်းနှင့်ကြုံရင် ငါ့တပည့်ပြုတ်ကျမှာပဲ"

ဟု ဩဝါဒပေး၏။

ထို့အတူ စာရေးဆရာဖြစ်ချင်သူသည် စာပေနှင့်ပတ်သက်တာတစ်ခုကိုသာ အမြဲစွဲရသည်။

ဆရာကြီး ပီမိုးနင်း ရေးသော စာအုပ်များကိုဖတ်ပြီး ကြီးပွားချမ်းသာသွားသူများ မနည်းပါ။ သို့သော် ဆရာကြီးက မွဲပြီးသေရသည်။ ထိုအကြောင်းကို စာဖတ်ပရိသတ်တစ်ဦးက ဆရာကြီးကိုလာဝေဖန်သည်။ ထိုအခါ ဆရာကြီး ပြန်ပြောလိုက်သော စကားကရှင်းသည်။

"ငါက အောင်မြင်တဲ့စာရေးဆရာပဲဖြစ်ချင်တာ၊ သူဌေးဖြစ်ချင်တာမဟုတ်ပါဘူး"

ဟူ၏။

ပိုက်ဆံချမ်းသာချင်သောစိတ်ထက် စာရေးဆရာဖြစ်ချင်သောစိတ်က အားကောင်းမှသာ တကယ့် စာရေးဆရာကောင်းဖြစ်မည်ဟု သိစေလိုရင်း ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ နိုင်ငံကျော်ကျမ်းပြုဆရာကြီးအကြောင်းကို ဖတ်ခဲ့ ဖူးသည်။ ထိုဆရာကြီးသည် သူတို့နိုင်ငံအတွက် တကယ်အကျိုးများသည့်စာအုပ်ကြီးကို နေ့မအား၊ ညမအား ရေးသားနေရာ တခြားမည်သည့်စီးပွားရေးကိုမှ မလုပ်နိုင်တော့ပေ။

ထို့ကြောင့် သူတို့မိသားစုသည် အတော်ဆင်းရဲသွားကြသည်။ သူ့ဇနီး အဝတ်လျှော်၊ ကြမ်းတိုက်ရသည့်ငွေလေးဖြင့်သာ ဖြစ်သလိုစားသောက်နေကြသည်။ ထိုသို့ စာချည်းရေးနေပြီး စားဖို့ငွေမရှာသည့်အတွက် ပတ်ဝန်းကျင်က ဝိုင်းဝေဖန်ကြသော်လည်း စာရေးဆရာကြီးက ဂရုမစိုက်ပေ။ ထိုသတင်းကို ဘုရင်ကြီး ကြားသိသွားရာ စာရေးဆရာကြီးရှိရာ အိမ်စုတ်လေးသို့ လိုက်လာပြီး အားပေးသည်။

"စာရေးဆရာကြီး၊ ကျွန်ုပ်သည်ကား ဤအိန္ဒိယအင်ပါယာကြီးကို အုပ်ချုပ်နေသော ဧကရာဇ်မင်းကြီးတစ်ပါးတည်း။ သင်သည် ဤနိုင်ငံအတွက် အလွန်ကျေးဇူးများမည့် ကျမ်းစာအုပ်ကြီးကို ဆင်းရဲပင်ပန်းစွာ ရေးသားနေကြောင်း ကြားသိရတဲ့အတွက် ယခုလာရောက် အားပေးခြင်း ဖြစ်ပါတယ်။ ကဲ - အသင်စာရေးဆရာကြီး အလိုရှိသောအရာကို တောင်းဆိုပါလော့"

"အသင်မင်းကြီးက ကျွန်ုပ်တောင်းသောအရာကို တကယ်ပေးမှာ သေချာပါသလား"

"ဘာမှ မပေးနိုင်စရာ မရှိဘူး၊ ကျွန်ုပ်က ဘုရင်တစ်ပါးပဲ။ ကဲ - အသင်လိုရာကိုသာပြောပါ"

"ကျွန်ုပ်လိုချင်ဆုံးကတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com

နေ့ကစပြီး အသင်မင်းကြီး ကျွန်ုပ်ထံကို ဘယ်တော့မှ မလာတာကို အလိုရှိပါတယ်။ ဘယ်ဧည့်သည်လာလာ စာရေးဆရာအတွက် အလုပ်ပျက်ပါတယ်။ ရှင်မရှေ့ မနက်ဖြန်ကစပြီး တို့ဒီနေရာတနေ ဧည့်သည်မလာနိုင်တဲ့နေရာကို ထပ်ပြောင်းကြမယ်"

သင်သည် မည်သည့်ကာလမဆို၊ မည်သည့်ဒေသမဆို၊ မည်သည့်လူမျိုးမဆို၊ မည်သည့်ဘာသာမဆို အမြဲအသုံးတည့်နေသည့် စာအုပ်ကောင်းများကို ရေးနိုင်သည့် ဂန္ထဝင်စာရေးဆရာကြီးဖြစ်လိုပါက အထက်ပါ အိန္ဒိယစာရေးဆရာကြီးစိတ်မျိုးမွေးနိုင်ရပါမည်။ ကျွန်ုပ်စာအုပ်များ ဝယ်လိုအား တအားကောင်းစပြုနေချိန်ပင် ဖြစ်၏။ အရင်တုန်းက စာအုပ်ထုတ်ဖို့ ကျွန်ုပ်က လိုက်စပ်ရသည်။ ယခုအခါတွင်ကား ထုတ်ဝေရေးသမားတွေက လာစပ်ကြသည်။

ကျွန်ုပ်သည် ထိုအချိန်က တရားဟောလည်း အောင်မြင်စပြုနေပြီဖြစ်၍ စာရေးဖို့နှင့် တရားဟောဖို့မှတစ်ပါး တခြားဘာမှစိတ်မဝင်စား၊ ဤအချိန်တွင် စာအုပ်များကို သေချာထုတ်ဝေမည်ဆိုလျှင် သိန်းပေါင်းများစွာ မြတ်တော့မည့်အချိန်ကို ကျွန်ုပ်သိသည်။ သို့သော် ထုတ်ဝေရေးကို ကိုယ်တိုင်မလုပ်ချင်။ စာကြည့်ပျက်သည်၊ စာရေးပျက်သည်ဟု ယူဆသည်။

မည်သည့်စာချုပ်မျှမပါဘဲ ကျွန်ုပ်ရေးသမျှ စာအုပ်များကို ထုတ်ဝေသူတစ်ဦးအား ပေးတော့မည်ဟု ကျွန်ုပ်ဆုံးဖြတ်ပြီး ထုတ်ဝေသူတစ်ယောက်ကို ကျောင်းသို့ ခေါ်လိုက်သည်။ ထိုအချိန်တွင် ကျွန်ုပ်ညီ မောင်စိုးတင့်လည်း ကျောင်းသို့ရောက်လာပါသည်။ ရောက်လာသော်လည်း စာအုပ်ထုတ်ဝေရေးကို လက်သမားတစ်ယောက်က လုပ်တတ်မည်ဟုမထင်၊ တော်ပါသေးသည်။ ထိုထုတ်ဝေသူနှင့် စကားပြောနေချိန်မှာပင် မောင်စိုးတင့်က သူတာဝန်ယူမည်ဟု တောင်းဆိုလာသည်။ ထိုထုတ်ဝေသူကလည်း လောဘသမားတစ်ယောက်သာ ဖြစ်သည်။

ကျွန်ုပ်က စာမူခပေးစရာမလို။ စာအုပ်ကို စာရွက်ကောင်းနှင့် ရိုက်ရမည်။ စျေးသက်သာရမည်။ ဤနှစ်ချက်နှင့် ပြည့်စုံအောင်လုပ်ပေးဖို့ပြောတာပင် အင်တင်တင်လုပ်သေးသည်။ ထိုအချိန်မှာပင် ညီတော်မောင်က ဝင်၍ တာဝန်ယူလိုက်သောကြောင့် ယခုလို အများအကျိုးအတွက် လုပ်ဆောင်နိုင်သော 'ရွှေပြည်သာစာပေ' ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုအချိန်ကသာ သူတစ်ပါးကို ထုတ်ခွင့်ပေးလိုက်မည်ဆိုလျှင် စာအုပ်က အမြတ်ငွေမှန်သမျှ ထုတ်ဝေသူ၏ ကိုယ်ကျိုးတစ်ခုသာ ရှိမည် ဖြစ်သည်။

ယခုသော် စာအုပ်အမြတ်ငွေများသည် မျက်မမြင်များဆေးကုဖို့၊ နွမ်းပါးတက္ကသိုလ်ကျောင်းသားများကိုထောက်ပံ့ဖို့ ရန်ပုံငွေများ ဖြစ်သွားကြလေပြီ။ ယခုအခါတွင် စာအုပ်မှရသော အမြတ်ငွေများဖြင့် နွမ်းပါးသူ ငါးထောင်ကျော်ကို မျက်စိမြင်အောင် ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီ။ နွမ်းပါးသော တက္ကသိုလ်ကျောင်းသား နှစ်ရာငါးဆယ်ကျော်ကိုလည်း လစဉ် ပညာသင်စရိတ်များ ထောက်ပံ့နိုင်ခဲ့ပြီ ဖြစ်သည်။

မှတ်ဉာဏ်ကောင်းရန်အတွက် မည်သည့်စာအုပ်ကိုဖတ်ဖတ် သိပ်ကောင်းသောအချက်လေးများကိုတွေ့လျှင် မှတ်သားသည့်အခါ သာမန်မမှတ်သားဘဲ မည်ကဲ့သို့ အကြောင်းအရာမျိုးကို ရေးလျှင် သည်အချက်ကို အသုံးပြုရမည်ဟု သတ်မှတ်ချက်ဖြင့် သေချာမှတ်သားဖို့ ရှေ့တွင်ရေးခဲ့သည်။ ယခု ယင်းကဲ့သို့ မှတ်သားရခြင်း၏ ကောင်းကျိုးကို လက်တွေ့ပြချင်သည်။

ကျွန်ုပ် မကြာခဏပြောဖူးသည်။ ခေတ်စာရေးဆရာအများစုသည် ဘာသာရေးစာရေးဆရာများကို အထင်မကြီးတတ်ကြောင်းပင်။ အကြောင်းရှာကြည့်သောအခါ သူတို့လို ခေတ်ပေါ်စာပေများကို မနှံ့စပ်သောကြောင့်ဟု ထင်သည်။ ကျွန်ုပ်ကား ဘာသာရေးရော ခေတ်ပေါ်စာပေပါ နှစ်မျိုးလုံး ဖတ်သည်။ ထို့ကြောင့် ကျွန်ုပ်စာအုပ်များကို ခေတ်စာရေးဆရာများပါ ဖတ်ကြသည်ကို တွေ့ရသည်။

ပခုက္ကူမြို့သို့ တရားပွဲရောက်သောအခါ စာလည်းရေးသလို စာဖတ်အားလည်း ကောင်းသော ဒကာကြီးတစ်ယောက်က ကျွန်ုပ်ကို ပင့်ဖိတ်ပြီး သူ့အိမ်မှစာအုပ်များကို ပြသည်။ အဖိုးတန် ရှေးဟောင်းစာအုပ် လေးအုပ်လောက်ကိုလည်း လှူလိုက်သေးသည်။ ထိုသို့ ဗီရိုထဲမှစာအုပ်များကို ဆွဲထုတ်ပြရင်းဖြင့် ကျွန်ုပ် ရေးသော 'သင်လူတစ်ယောက်ဖြစ်ပြီလား' ဟူသော စာမျက်နှာလေးရာကျော် မဂ္ဂဇင်းဆိုက်စာအုပ်ကြီး ထွက်လာသည်။

စာရေးဆရာကြီးသည် ထိုစာအုပ်ကြီးကို အမြတ်တနိုးကိုင်ပြီး -

"တပည့်တော်တို့စာရေးဆရာတွေ အကြိုက်ဆုံး၊ ခံတွင်းအတွေ့ဆုံး စာအုပ်ကြီးပေါ့ဘုရား"

ဟု အားပါးတရလျှောက်သည်။

ကျွန်ုပ်ပီတိဖြစ်မိပါသည်။ မိမိ၏ ဝီရိယနှင့် အနုပညာကို အသိအမှတ်ပြုခံရသောကြောင့်ပင် ဖြစ်သည်။ အစာရေစာပြတ်လုပ်နေသော အီသီယိုးပီးယားလို၊ ဆိုမာလီလိုနိုင်ငံများမှလူများကို ဆန်ကွဲထမင်းနှင့် ပုံးရည်ဟင်းကို ကျွေးသော်လည်း စားကောင်းကြမည်သာဖြစ်သည်။ သို့သော် အင်္ဂလန်လို၊ အမေရိကန်လိုနိုင်ငံမှ လူများကား ဆန်ကွဲထမင်းနှင့် ပုံးရည်ဟင်းကို လှည့်တောင်ကြည့်မည် မဟုတ်ပေ။

ထို့အတူ စာဖတ်အားမကောင်းသူတစ်ယောက်အတွက် အဖြစ်လောက်ရေးထားသော စာအုပ်တစ်အုပ်ကို ကောင်းသည်ဟု ထင်ကောင်းထင်မည် ဖြစ်သော်လည်း စာဖတ်အားကောင်းသူတစ်ယောက်အတွက်ကား လေးမျက်နှာလောက် ဖတ်ပြီးသည်နှင့် ပစ်ချထားလိုက်မည်သာ ဖြစ်သည်။ ထို့ကြောင့် စာဖတ်အားမရှိသူများ၏ မြောက်ပင့်ချီးမွမ်းမှုကို သာယာမနေဘဲ စာဖတ်အားကောင်းသူများ လက်ခံလာအောင် အမြဲမပြတ် ကြိုးစားအားထုတ်သင့်ပေသည်။

မြန်မာပြည်အတွက် အလိုအပ်ဆုံး စာအုပ်များမှာ စာရိတ္တနှင့် ပတ်သက်သောစာအုပ်များသာ ဖြစ်သည်။ မြန်မာပြည်ဆင်းရဲရခြင်း၏ အဓိကအကြောင်းတရားသည် စာရိတ္တမကောင်းခြင်းကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်သည် သီလအစွမ်း၊ စာရိတ္တသတ္တိ စာအုပ်တို့ကို ရေးသား ထုတ်ဝေခဲ့သည်။ သို့သော် အားမရသေး။ ဗုဒ္ဓဘာသာတရားပွဲတစ်ပွဲ ကျင်းပနိုင်ဖို့ ရပ်ကွက်၊ မြို့နယ်၊ တိုင်း၊ စစ်ရုံးထိ ပါမစ်တင်ရသောအချိန်တွင် ဘီယာဆိုင်တစ်ဆိုင်ဖွင့်ဖို့အတွက် မြို့အဆင့်လောက်နှင့်ပြီးသည်။

အရက်ကုမ္ပဏီတစ်ခုဆိုလျှင် တစ်ရက်ကို အနည်းဆုံး သိန်းပေါင်းတစ်သောင်းဖိုးရောင်းရသည်ဟု သိရသည်။ အရက်တံဆိပ်တစ်မျိုးတည်းပင် ထိုမျှရောင်းရလျှင် ကျန်တံဆိပ်ပေါင်းများစွာပါ ထည့်တွက်လျှင် မြန်မာလူထု၏ လုပ်အားခငွေသည် အရည်ဖျော်ပစ်သည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ကုန်သွားလေပြီ။ ထိုအရက်ကြော်ငြာစာရွက်များတွင် စိတ်ထကြွစရာ မိန်းကလေးပုံ မပေါ့တပေါ်များကို ထည့်ကြသည်။ ထို့ကြောင့်လည်း ပြစ်မှုဂျာနယ်များကို ကြည့်လိုက်လျှင် မုဒိမ်းမှုက အများဆုံးဖြစ်နေသည်။

ထိုမုဒိမ်းမှုများတွင် ဆယ်နှစ်သမီးအောက် ကလေးငယ်များကို ကျူးလွန်သောပြစ်မှုက အများဆုံးဖြစ်နေသည်ကို တွေ့ရသည်။ ရွှေပြည်သာတွင် အထည်ချုပ်စက်ရုံအများကြီးရှိသည်။ စက်ရုံတစ်ရုံသို့ ပရိတ်ရွတ်ကြရသည်။ စက်ရုံဆင်းချိန်နှင့် ကြုံနေသည်။ အလုပ်သမားများကို စက်ရုံအပြင်သို့ တန်းထွက်ခွင့်မပြုဘဲ အခန်းလေးထဲများသို့ အရင်ဝင်ရသည်။ ထိုအခန်းလေးထဲဝင်ပြီးမှ စက်ရုံအပြင်သို့ ထွက်ခွင့်ပေးသည်။

မေးကြည့်သောအခါ အလုပ်သမားများ၏အဝတ်အစားများကို ချွတ်ပြီး စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။ အချို့သော အလုပ်သမားများသည် အထည်စများကို ပေါင်တွင် ရစ်ပတ်ပြီး ခိုးထွက်ဖူးကြောင်း၊ ထို့ကြောင့် စစ်ဆေးရခြင်းဖြစ်ကြောင်း မန်နေဂျာက ရှင်းပြသည်။ ရှေ့ဆောင်နွားလား ကောက်ကောက်သွားသောအခါ နောက်နွားတစ်သိုက် ကောက်ကောက်လိုက်သွားသည်မှာ သေချာလှပေသည်။ ထိုအချက်များကို မြင်ရသောကြောင့် လူငယ်ရောလူကြီးပါ ဆွဲဆောင်နိုင်မည့် စာရိတ္တပညာပေး တတိယမြောက်စာအုပ်ကို ဆက်ရေးဖြစ်သည်။

သင့် လူတစ်ယောက်ဖြစ်ပြီလား ဤစာအုပ်တွင် ပိဋကတ်ထဲမှဝတ္ထုအပြင် ခေတ်ဝတ္ထုများကိုပါ ထည့်ချင်သည်။ အရင်ကဖတ်ထားသောဝတ္ထုပေါင်းချုပ်စာအုပ်များမှ ငါးပါးသီလနှင့် ဆက်စပ်သော ဝတ္ထုတိုများကို ပြန်ဆွဲထုတ်သည်။ ဝတ္ထုပေါင်းချုပ်များကို အလေးပေးပြီး ထပ်ဖတ်ရသည်။ သော်တာဆွေ၏ 'မုန်ကန်ခြင်းနှင့် ရဲရင့်ခြင်း'ဝတ္ထုတိုကို ဖော်ပြနိုင်ဖို့အတွက် သူ၏ဝတ္ထုပေါင်းချုပ်များကို အကုန်နီးပါးရှာဖတ်ရသည်။ မြနှောင်းညို၏ 'လှုပြည်မှအပ်တစ်စင်းနှင့် ငရဲပြည်မှ အပ်တစ်စင်း' ဝတ္ထုတိုကို ရဖို့အတွက် စာရေးဆရာတစ်ရာ၊ ဝတ္ထုတိုတစ်ရာ စာအုပ်ကြီးကို အစ၊ အဆုံးဖတ်ရသည်။

'ခြေရာအဆိပ်' ဟူသော ဝတ္ထုတိုလေးရဖို့အတွက် လွန်းထားထား၏ ဝတ္ထုတစ်ရာပေါင်းချုပ်ကို အကုန်ဖတ်ရသည်။ သူတစ်ပါး မတွေ့ဘူး၊ မကြားဘူးသော ကျွန်ုပ်၏ကိုယ်တွေ့ဖြစ်ရပ်များကိုလည်း ဝတ္ထုပုံစံဆင်၍ ပြန်ရေးရသည်။ အနုပညာလောကတွင် အောင်မြင်ဖို့အတွက် သူတစ်ပါးထက် အပင်ပန်းခံပြီး ကြိုးစားသောလမ်းဟောင်းမှတစ်ပါး အခြားဖြတ်လမ်းနည်းမရှိကြောင်း တိကျစွာ တင်ပြဖို့အတွက် သရုပ်ဆောင် ဦးကျော်ဟိန်း ကိုယ်တိုင်ရေးစာအုပ်ကြီးကို တစ်သောင်းကျော်ပေးပြီး ဝယ်ရသည်။

သို့သော် ကျွန်ုပ် ပြန်ရေးပြသောအခါ တစ်မျက်နှာပင် မပြည့်ပါ။ ဆိုလိုသည်မှာ ကျွန်ုပ်စာအုပ်တစ်မျက်နှာရရန် ငွေတစ်သောင်းကျော်နှင့် အချိန်ရှစ်နာရီခန့်ပေးခဲ့ရသည်။ ဦးအောင်သင်းက အောင်မြင်သောစာအုပ်ဖြစ်ဖို့အတွက် ချွေးနံ့စာများများပါအောင်ရေးရမည်ဟု ပြောဖူးသည်။ ချွေးနံ့စာ ဆိုသည်မှာ သူတစ်ပါးမတွေးဘူးသောအတွေး၊ သူတစ်ပါးမရေးဘူးသောအရေးတို့ကို ဆိုလိုသည်။ ထိုချွေးနံ့စာသည် ရေကန်ထဲမှ ရေနှင့်မတူ။ ပြည့်ပြီးလျှံကြလာသောရေနှင့်တူသည်။

ရေလျှံကျဖို့အတွက် ပထမဆုံး လိုအပ်ချက်မှာ ကန်ထဲမှာ ရေပြည့်နေဖို့ပင်။ ကန်ထဲရေမပြည့်လျှင် လျှံကျဖို့ မည်သို့မျှ မဖြစ်နိုင်ပေ။ ထို့အတူ ထိုစာရေးဆရာတွင် စာပေအတွေ့အကြုံ၊ ဘဝအတွေ့အကြုံတွေပြည့်လာသောအခါတွင်မှ မည်သူမျှ မတွေးဘူး၊ မရေးဘူးသော အတွေးများ၊ အရေးများ လျှံကျလာနိုင်သည်။ ထိုစာအုပ်ထဲမှ ချွေးနံ့စာလေးခုလောက် နမူနာထုတ်ပြပါမည်။ လောလောဆယ် ကျွန်ုပ်ဘေးတွင် ထိုစာအုပ်ကြီးရှိနေသောကြောင့် ထိုစာအုပ်ကြီးထဲမှသာ ထုတ်ပြလိုက်ရခြင်း ဖြစ်သည်။

*မေတ္တာ၊ ကရုဏာ ဦးဆောင်လျှင် လူသားသည် လောကတွင် အမြတ်ဆုံးဖြစ်သကဲ့သို့ လောဘ၊ ဒေါသ ဦးဆောင်လျှင် လူသားသည် လောကတွင် အယုတ်ညံ့ဆုံးဖြစ်ရပြန်သည်။ ဘုရားရှင်ကို အမြတ်ဆုံးဘဝသို့ ပို့ဆောင်ပေးသည်မှာ မေတ္တာ၊ ကရုဏာဖြစ်သည်။ အရှင်ဒေဝဒတ်ကို အယုတ်ညံ့ဆုံးဘဝသို့ ပို့ဆောင်ပေးသည်မှာ လောဘ၊ ဒေါသ ဖြစ်သည်။*

*သဘာဝတရားသည် ကာလ ဒေသ ပုဂ္ဂလမရွေး အမြဲမှန်ကန်သည်။ ဥပမာအားဖြင့် သံပရာသီးကို မည်သည့်ဘာသာဝင်စားစား ချဉ်၏။ ဘာသာပြောင်းသည့်အတွက် ချဉ်သောသဘာဝ ပြောင်းမသွား။ ထို့အတူ မည်သည့်ဘာသာဝင်၊ မည်သည့် လူမျိုးဖြစ်စေ သူ့အသက်ကို သတ်လျှင် ဖြစ်ရာဘဝတွင် အနာရောဂါများခြင်း အသက်တိုခြင်း ဟူသော ဆိုးကျိုးတို့ကို ခံစားရမည်သာ ဖြစ်သည်။*

*ထန်းလျက်ကို မည်သည့်ဘာသာဝင် မည်သည့်လူမျိုးမဆို မည်သည့်ကာလတွင်စားစား ချိုသည်။ ဘာသာပြောင်းသည့်အတွက် ကာလ (အချိန်) ပြောင်းသည့်အတွက် ချို သောသဘာဝ ပြောင်းမသွားပေ ထို့အတူ မည်သည့်လူမျိုးက ဖြစ်စေ၊ မည်သည့်ဘာသာဝင်ကဖြစ်စေ၊ မည်သည့်အချိန်ကာလတွင် ဖြစ်စေ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်လိုက်မည်ဟု ဆိုလျှင် ဖြစ်ရာဘဝတွင် အနာရောဂါကင်းခြင်း၊ အသက်ရှည်ခြင်း ဟူသော ကောင်းကျိုးတို့ကို ခံစားရမည်သာ ဖြစ်၏။*

***ကိုယ်ပိုင်ပစ္စည်းနှင့်ဘုံဆိုင်ပစ္စည်း***

*လှူပြီးသမျှ ဥစ္စာပစ္စည်းအားလုံးသည် ကိုယ်ပိုင်ပစ္စည်းဖြစ်၍ မလှူရသေးသော ဥစ္စာပစ္စည်း ခြံ၊ မြေ အားလုံးသည် ဘုံဆိုင်ပစ္စည်း ဖြစ်၏။ ဘုံဆိုင် ဟူသည် မိသားစု ဆွေမျိုးသားချင်းအများပိုင်ဟု ဆိုလို ခြင်း ဖြစ်၏။ ကိုယ်ပိုင်ပစ္စည်းဆိုလျှင် မီး၊ ရေ၊ မင်း၊ ခိုးသူ၊ အမွေ ဆိုး ဟူသော ရန်သူမျိုးငါးပါး ဖျက် ဆီး၍မရ။ သေလျှင်လည်း မိမိ နောက်က အရိပ်ပမာ ကောင်းကျိုး ပေးရန် အမြဲလိုက်၏။*

*ဘုံဆိုင်ပစ္စည်းဆိုလျှင် ရန်သူမျိုး ငါးပါး အမြဲတမ်း ဖျက်ဆီးခံနိုင် သလို သေလျှင်လည်း မိမိနောက် သို့ လိုက်ပါခြင်းမရှိချေ။ လှူခြင်း ဟူသည် မိမိအတွက် ယူခြင်း ... နားလည်နိုင်ရန်အတွက် သဒ္ဓါအပြင် ပညာပါ လိုအပ်၏။ ထို ပညာ ... သည် ဘီအေ၊ အမ်အေ၊ ပီအိတ်ချ် ဒီ (ဒေါက်တာဘွဲ့) တို့ကို ဆိုလိုခြင်း မဟုတ်။*

*အလှူဒါနပြုခြင်း ဟူသည် ဗြိတ္တာ ဘုံသို့ပို့ဆောင်တတ်သော လော ... ကိလေသာကိုသတ်ခြင်း ဖြစ် ...*



www.burmeseclassic.com

www.burmeseclassic.com

အလှူဒါနပြုခြင်းဖြင့် လောကသားများ ချမ်းသာသုခရသလို အလှူရှင်ကိုယ်တိုင်လည်း ဘဝအဆက်ဆက် ချမ်းသာသုခရသည်။

ဒါနတော တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ ဟူသော သင်္ဂဟကျမ်းအဖွင့်အရ တဏှာလောဘမှ ထွက်မြောက်ခြင်း တဏှာလောဘကုန်ခြင်းကိုပင် နိဗ္ဗာန်ဟုဆိုထားရာ လောဘကို သတ်ရာရောက်သော ဒါနပြုခြင်းသည် နိဗ္ဗာန်သွားရာ လမ်းကြောင်းပေါ်တွင် မှန်မှန်လျှောက်နေခြင်းပင် ဖြစ်သည်။

စိတ္တေန နီယတေလောကော - စိတ်နောက်သို့ လောကခေါ် ရုပ်တရားက လိုက်ရသည်ဖြစ်ရာ ရယူခြင်း၌ ပျော်မွေ့သူများ၊ သူတစ်ပါးထံမှ ရယူရန်သာ အားထုတ်ခဲ့သူများသည် ဘဝဆက်တိုင်း ရယူရသောဘဝ (ဆင်းရဲသောဘဝ) သို့ သာရောက်ကြရပြီး ပေးဆပ်ခြင်း၌ ပျော်မွေ့သောသူများ၊ သူတစ်ပါးကို ပေးဆပ်ရန်သာ အားထုတ်ခဲ့သူများသည် ဘဝဆက်တိုင်း ပေးရသော (ချမ်းသာသောဘဝ)သို့သာရောက်ကြရသည်။

ယူရသောဘဝနှင့် ပေးရသောဘဝတွင် ဘဝအဆက်ဆက် ယူရသောဘဝတွင်သာပျော်မွေ့ခဲ့သောကြောင့် ဂေါ်ဝိဋ္ဌသဲစုမက ဘုရားအဆူဆူပွင့်ခဲ့ပြီး ဖြစ်သော်လည်း မည်သည့်မဂ်၊ မည်သည့်ဖိုလ်မျှ မရဘဲ ယခုအချိန်တိုင်အောင် ပုထုဇဉ်ဘဝနှင့် ရှိနေသေးခြင်း ဖြစ်၏။ ယူချည်းနေလျှင် ဘဝအဆက်ဆက် ဆင်းရဲမည်။ လှူချည်းနေလျှင် လှူစရာလည်း ကြံဖန်ရောက်လာသလို ဘဝအဆက်ဆက်ချမ်းသာမည်ဆိုတာသိပါလျက် လူ(၁၀၀)တွင် (၉၉) ယောက်က ယူသည့်ဘက်မှချည်း နေကြသည်မှာ အဘယ်ကြောင့်နည်း. . . ။

အဖြေကား လူသားတစ်ယောက်၏ မရေမတွက်နိုင်အောင် ကျင်လည်ခဲ့ရသည့် ဘဝများစွာတွင် ကိုယ်က လှူပြီး ချမ်းသာခဲ့သောဘဝထက် ကိုယ်က ယူပြီး ဆင်းရဲခဲ့သောဘဝက (၉၉) ရာခိုင်နှုန်းရှိခဲ့သောကြောင့် အကျင့်ပါနေခြင်းပင် ဖြစ်၏။

**အာဟာရနှစ်မျိုး**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် နံ့သာမြိုင်အမည်ရှိ အနာကြီးရောဂါသည်ရွာကြီးတစ်ရွာ ရှိသည်။ ထိုရွာတွင် သပ်ရပ် ခံ့ညားသော မူလတန်းကျောင်းဆောင်ကြီး တစ်ဆောင်ရှိသည်။ ထိုကျောင်းရှိခန်းမတွင် စာရေးသူသည် အနာကြီးရောဂါသည်များကိုယ်တိုင် ချက်ပြုတ်လှူဒါန်းဆက်ကပ်သည့် ဆွမ်းကို မြိန်မြိန်ရှက်ရှက် ဘုဉ်းပေးခဲ့ဖူးသည်။

၂၀၀၇ ခုနှစ်၊ ငါးလပိုင်းက စာရေးသူ ဦးဆောင်၍ နံ့သာမြိုင်ရွာရှိ အနာကြီးရောဂါသည် မိသားစုများနှင့် ရေနံ့သာအနာကြီးရောဂါဆေးရုံရှိ လူအများအား (၅၈) သိန်းခန့် တန်ဖိုးရှိသည့်ငွေနှင့် ပစ္စည်းများကို လှူဒါန်းခဲ့သည့် ညတရားပွဲမှ ရရှိသော ဓမ္မပူဇာငွေများကိုလည်း နွမ်းပါးသော မိသားစုများအား ခွဲဝေလှူဒါန်းခဲ့သည်။

စာရေးသူက တရားဟောကြွမည့် ထိုရွာမှာပင် ဆွမ်းစားမည် ဆိုသည်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာမြတ်သီတာက ဆွမ်းကို သူတို့ဆေးရုံဝန်ထမ်းတွေ ဆက်ကပ်မည့်အကြောင်း လျှောက်ထားသည်။ စာရေးသူကလက်မခံ။ နံ့သာမြိုင်ရွာမှ အနာကြီးရောဂါသည်များကိုယ်တိုင်ချက်ပြီး ကိုယ်တိုင်ကပ်သော ဆွမ်းကိုသာစားမည်ဟု ပြောလိုက်ရာ ဒေါက်တာ မြတ်သီတာက အတော်အံ့ဩသွားသည်။

စာရေးသူကား ရောဂါသည်မိသားစုများအား ရုပ်ဓာတ်ပိုင်းဆိုင်ရာကိုသာ အဆင့်မြင့်အောင် ထောက်ပံ့ကူညီလိုသည်။ ထိုရောဂါသည်များ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာကိုပါ မြှင့်တင်ကူညီလိုသူ ဖြစ်သည်။ အများစုက သူတို့ကို လူစာရင်းမှ ထုတ်ပယ်ပြီး လူတို့နှင့်ဝေးရာတောကြီးထဲ ပစ်ထားချိန်တွင် နာမည်ကြီးဆရာတော်တစ်ပါးက သူတို့ဆီ တရားလာဟောပေးပြီး သူတို့ကပ်သောဆွမ်းကို မြိန်ရှက်စွာ ဘုဉ်းပေးသည်ကို မြင်ရသောအခါ ဆွမ်းကပ်ခွင့်ရသော ရောဂါသည်မိသားစုများမှာ မျက်ရည်ကျအောင် ဝမ်းသာနေသည်ကို တွေ့ရသည်။

စာရေးသူသည် သူတို့အား ရုပ်အာဟာရသာမက နာမ်အာဟာရပါ ကျွေးလိုက်သည်ဟု ဆိုလျှင် မမှားပေ။ (၅၈) သိန်းသောငွေကို ရသော ဝမ်းသာမှုထက် သူတို့ကျွေးသောဆွမ်းကို စာရေးသူနှင့် သံဃာငါးပါးအပါအဝင် ဝရိသတ်ပေါင်း တစ်ရာကျော်တို့ မြိန်ရှက်စွာ စားသောက်နေသည်ကိုမြင်ရသော ဝမ်းသာမှုက အဆပေါင်းများစွာ သာလွန်ကြောင်းကို သူတို့၏ မျက်ရည်ဝဲနေသော ပီတိမျက်နှာများက အထင်အရှား ဖော်ပြနေသည်။

ရန်ကုန်ဘဆွေ၏ စာအုပ်များကို တစ်ပြည်လုံး အသည်းစွဲဖြစ်ခဲ့ကြဖူးသည်။ သို့သော် ရန်ကုန်ဘဆွေသည် ဘွဲ့ရဖို့ဝေး။ တန်ကျောင်းပင်မနေခဲ့ရဘူးပေ။ လမ်းဘေးက ကလေကချေကလေးများထံမှ ကကြီး၊ ခခွေးသင်ရင်း ဝတ္ထုတွေ တအားဖတ်ပြီး နိုင်ငံကျော် စာရေးဆရာကြီးဖြစ်လာခြင်းပင်။ တက္ကသိုလ်ရှေ့က ခံထားသော စာရေးဆရာအများစု အောင်မြင်တာများသောကြောင့် ဘွဲ့မရလျှင်၊ တက္ကသိုလ်မရောက်လျှင် စာရေးဆရာမဖြစ်နိုင်ဟု အားလျှော့တတ်သောကြောင့် ယခုလို အသိပေးရခြင်းဖြစ်သည်။

ကျွန်ုပ်ဆိုလျှင် လောကီအတန်းအနေနှင့် သုံးတန်းသာ အောင်သည်။ လောကုတ္တရာစာပေအနေနှင့် ပထမကြီးတန်းသာ အောင်သည်။ သို့သော် ပညာတတ် စာရေးဆရာအများစုက ကျွန်ုပ်ကို အင်္ဂလိပ်စာနှင့် ကျောင်းပြီးသည်ဟုချည်း ထင်တတ်သည်။ သူတို့မဖတ်ဘူးသော နိုင်ငံတကာမှအကြောင်းအရာများကို ကျွန်ုပ်စာအုပ်ထဲတွင် ဖတ်ရသောကြောင့် ယခုလို အထင်ကြီးကြခြင်း ဖြစ်သည်။

စာပေဒေါက်တာဘွဲ့ရသူများကလည်း ကျွန်ုပ်၏စာများကို တလေးတစားဖတ်ကြသည်။ ရန်ကုန်မှ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးသည် ကျွန်ုပ်စာဖတ်ပရိသတ်တစ်ဦး ဖြစ်သည်။ ခရစ်ယာန်ဘုန်းတော်ကြီး ဖြစ်တော်လည်း ဗုဒ္ဓကို အလွန်ကြည်ညိုသည်။ ကျွန်ုပ်ရိပ်သာတွင် တရားလာအားထုတ်သည်မှာ နှစ်ကြိမ်ရှိခဲ့လေပြီ။ ကျွန်ုပ်ကိုလည်း အလွန်ကြည်ညိုသည်။ သူ၏ခေါင်းရင်းတွင် ခရစ်တော်ပုံနှင့် ကျွန်ုပ်ပုံကို အတူတူချိတ်ထားသူ ဖြစ်သည်။

သူသည် ရောမမှ စာပေဒေါက်တာဘွဲ့ကိုယူခဲ့သူ ဖြစ်သည်။ သူလည်း စာအုပ်အတော်များများ ရေးသားထုတ်ဝေခဲ့သူ ဖြစ်သည်။ တခြားဒေါက်တာဘွဲ့ရသူများထက် သာလွန်မွန်မြတ်သော အရည်အချင်းတစ်ခု သူတွင်ရှိသည်။ ထိုအရည်အချင်းကား မိမိထက်သာသူ



www.burmeseclassic.com

www.burmeseclassic.com

တော်သူများကို လှိုက်လှဲ ဝမ်းသာစွာ ချီးမွမ်းစကားပြောရဲခြင်းပင် ဖြစ်ပေသည်။

"တပည့်တော်က စာပေဆိုင်ရာ ဒေါက်တာဘွဲ့သာရတာ ဆရာတော်လောက် စာရေးမကောင်းဘူးဘုရား။ ဆရာတော်ရဲ့ စာအုပ်က စဖတ်လိုက်ရရင် မပြီးသေးဘဲ ချလို့မရတော့ဘူး"

ကျွန်ုပ်စာကိုဖတ်ဖူးသူတိုင်း ကျွန်ုပ်နှင့်တွေ့လျှင် ထိုစကားမျိုးပြောတတ်ကြသည်။ စိတ်ဝင်စားအောင်ရေးနိုင်ခြင်း၏ စွမ်းအားပင် ဖြစ်၏။ စိတ်ဝင်စားအောင်ရေးတတ်ဖို့အတွက် စိတ်ဝင်စားအောင်ရေးထားသောစာအုပ်များကို ဖတ်ဖို့မှတစ်ပါး တခြားဖြတ်လမ်းနည်းမရှိပေ။

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ဖန်ခါးကုန်းရွာကျောင်း ဆရာတော်ကြီးဆိုလျှင် 'သညာသိနှင့် ပညာသိ' စာအုပ်ကြီးကို မနက်စောစောမှ စ၍ ဖတ်လိုက်ရာ ညမိုးချုပ်မှ ပြီးသည်ဆို၏။ ညနေရောက်မှ ထိုနေ့အတွက် နေ့ဆွမ်းမစားမိမှန်း သတိရသည်ဟု ဆရာတော်ကြီးကိုယ်တိုင် ကျွန်ုပ်ကိုအမိန့်ရှိပါသည်။

သမ္မတကြီး ဦးသိန်းစိန်၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ်များတွင် စီးပွားရေး၊ တတ်ကျွမ်းစာပေပညာရှင် ဒေါက်တာနေဇင်လတ်တစ်ယောက်လည်းပါသည်။ ထိုစာရေးဆရာ ဒေါက်တာတွင်လည်း ဖြူစင်သော နှလုံးသားများသာ ကိန်းအောင်းတတ်သည့် မုဒိတာတရားကို ဒုတိယအကြိမ် ထပ်တွေ့ရသည်။

တစ်ရက်တွင် ဒေါက်တာနေဇင်လတ်အမျိုးသမီး ဒေါ်ခင်စန်းက ကျွန်ုပ်ဆီသို့လာဖို့ အထုပ်အပိုးတွေပြင်နေသည်။

ဒေါ်ခင်စန်းသည် ကျွန်ုပ်ရိပ်သာ၌ ယောဂီဆောင်တစ်ဆောင်လှူထားသည့် အလှူရှင် ဖြစ်သည်။ အလှူရှင်ထဲမှာ ဒကာလည်းပါသည်။ သို့သော် ဒကာကြီးက အလုပ်များတာကတစ်ပိုင်း၊ ကျွန်ုပ်၏စာအုပ်များကို မဖတ်ဘူးတာကတစ်ပိုင်းတို့ကြောင့် ကျောင်းကို တစ်ခါမျှမလာဘူးပေ။ ထိုအခေါက်တွင်တော့ ဒကာက ဒကာမထက် သာသွားသည်။

ဒကာမက ကျွန်ုပ်ကို နဝကမ္မ သုံးသိန်း လှူဒါန်းမည်ဟု ပြောသောအခါ ဒကာက သူစာမူရေးထားသော ခုနစ်သိန်းစလုံးကို ထုတ်ပေးသည်။ စုစုပေါင်း ဆယ်သိန်းလာလှူကြသည်။

"ဆရာတော့်လက်ထဲရောက်တဲ့ငွေဟာ အကျိုးရှိတဲ့နေရာအကုန်ရောက်မှာ။ များများလှူရမယ်"

ဤကား ဒေါက်တာနေဇင်လတ်၏ သဒ္ဓါကြွပ်ထားသော ပညာစကား။ သူ အဘယ်ကြောင့် သဒ္ဓါပေါက်သွားရသနည်း။ ကျောင်းရောက်တော့ အဖြေပေါ်ပါပြီ။ သူသေချာလျှောက်သည်။

"တပည့်တော် အရင်က ဆရာတော်ရဲ့ စာအုပ်တွေကို မဖတ်ဖြစ်ဘူး။ တစ်နေ့ သမီးကို ဆေးရုံမှာစောင့်ရင်း တခြားဖတ်စရာမရှိတာနဲ့ သမီးဘေးက ဆရာတော်ရေးတဲ့ 'လူဖြစ်ရခြင်းရဲ့အဓိကရည်ရွယ်ချက်' စာအုပ်လေးကို အပျင်းပြေကောက်ဖတ်မိတယ်ဘုရား။ စာအုပ်ဆုံးမှပဲ လက်ကချနိုင်တော့တယ်။ ဒီစာအုပ်ဖတ်ပြီးတာနဲ့ တပည့်တော်သေချာသိလိုက်တယ်။ ငါ ဆရာတော်ရေးသမျှ စာအုပ်တွေ အကုန်ဖတ်မှဖြစ်တော့မယ်လို့။ အခု ဆရာတော်ရဲ့ စာအုပ်တွေ တပည့်တော်ဖတ်နေတာ အကုန်ပြီးတော့မယ်ဘုရား"

မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြီးကို ရပ်ဆိုင်းပေးလိုက်ခြင်း၊ နှစ်သောင်းကျော်သော နိုင်ငံရေးအကျဉ်းသားများကို ထောင်မှလွှတ်ပေးခြင်း၊ ဒီမိုကရေစီမိခင်ကြီး နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည် ရွေးကောက်ပွဲဝင်နိုင်အောင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ပေးခြင်းဟူသောအကြောင်းများကြောင့် သမ္မတကြီး ဦးသိန်းစိန်ကို မြန်မာကရော ကမ္ဘာကပါ လေးစားနေကြသည်။

ထိုကဲ့သို့ မည်သည့်တပ်ထွက်မျှ မလုပ်ရဲသော အလုပ်ကြီးများကို ဦးသိန်းစိန် လုပ်ရဲခြင်းတွင် အကြောင်းများစွာ ရှိပါလိမ့်မည်။ ထိုအကြောင်းများစွာထဲတွင် ကျွန်ုပ် ရေးသားသော 'လူဖြစ်ရခြင်းရဲ့အဓိက ရည်ရွယ်ချက်'၊ 'မေတ္တာဖြင့် စီးပွားရှာခြင်း' စာအုပ်နှစ်အုပ်ကို ဖတ်မိခြင်းသည်လည်း အကြောင်းတစ်ခုအနေနှင့် ပါဝင်မည်ဟု ကျွန်ုပ် ယုံကြည်သည်။

ဦးသိန်းစိန် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်ခါစအချိန်လောက်က ငပုတောမြို့တွင် ကျွန်ုပ်၏တရားပွဲ ကျင်းပသည်။ တရားပွဲ ကျင်းပသော နွေးနွေးဆိုသော ကလေးမလေးက ဦးသိန်းစိန်၏တူမ ဖြစ်သည်။ တရားပွဲတွင် ဦးသိန်းစိန်၏ အစ်ကို ဦးမြင့်ထွန်း လာသည်။ ဆိုက်ကားနှင့်ပဲ လာဟန်တူသည်။ ကားတွေဘာတွေ မတွေ့ရပါ။ ထိုအချက်ကို ကြည့်လိုက်ကတည်းက ဦးသိန်းစိန်သည် ဆွေမျိုးကောင်းစားရေးထက် နိုင်ငံကောင်းစားရေးကို အဓိကထားကြောင်း သတိထားမိသည်။ ဦးမြင့်ထွန်းက တပည့်တော်၏ ညီဆီကို မှာချင်တာ မှာနိုင်ကြောင်း ပြောသည်။

ကျွန်ုပ်က အထက်က စာအုပ်လေးနှစ်အုပ် လက်မှတ်ထိုးပြီးပေးလိုက်သည်။ သူလက်ထဲ ရောက်သွားသော စာအုပ်လေးနှစ်အုပ်ကို ဦးသိန်းစိန် ဖတ်မည်ဟု ကျွန်ုပ်ယုံကြည်သည်။ ထိုစာအုပ်နှစ်အုပ်ထဲမှ ချွေးနဲ့စာအနည်းငယ်ကို ထုတ်ပြပါမည်။

*လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို သိသူများသည်။ မိမိကိုယ်ကို လောကအတွက် အသုံးချကြသည်။ လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို မသိသူများသည် လောကကို မိမိအတွက်အသုံးချကြသည်။ နိုင်ငံတော်လုပ်ကြံမှုတရားခံ ဂဠုန်ဦးစောကား လူဖြစ်ရခြင်းရဲ့ အဓိကရည်ရွယ်ချက်ကို မသိသူဖြစ်သည်။ သူ နန်းရင်းဝန်ရာထူးကို ရအောင်ယူခဲ့ခြင်းသည် နိုင်ငံကောင်းကျိုးကို ဆောင်ရွက်ဖို့မဟုတ်၊ သူ့ကောင်းကျိုးကို ဆောင်ရွက်ရန်အတွက်သာ ဖြစ်သည်။*

**(လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက် -၁၆၇)**

*လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကိုမသိသော ပညာမဲ့သည် လူ့ဘဝကို ကာမဂုဏ်ခံစားဖို့အတွက် အသုံးချ၍ အပါယ်လေးပါးသို့သွားသည်။ လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို သိသော ပညာရှိသည် လူ့ဘဝကို ကုသိုလ်ရဖို့အတွက် အသုံးချ၍ နိဗ္ဗာန်သို့သွားသည်။*

**(လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကျောဖုံးမှ)**

*မသူတော်သည် သောက်စားသုံးဖြုန်းခြင်းဖြင့် ဥစ္စာစည်းစိမ်ကို မိမိအတွက် အရယူသည်။ သူတော်ကောင်းသည် ဒါနပြုခြင်းဖြင့် ဥစ္စာစည်းစိမ်ကို မိမိအတွက် အရယူသည်။*

**(လူဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက်-၁၅၁)**

*ပုထုဇဉ်တွေရဲ့ သဘာဝက စိတ်ချမ်းသာစရာ၊ ကုသိုလ်ဖြစ်စရာ ဆယ်ခုရှိတယ်။ စိတ်ဆင်းရဲစရာ၊*



www.burmeseclassic.com

www.burmeseclassic.com

အကုသိုလ်ဖြစ်စရာကတစ်ခုရှိတယ်ဆိုရင်တောင် စိတ်ချမ်းသာစရာဆယ်ခုကို မတွေ့ဘူး၊ စိတ်ဆင်းရဲစရာတစ်ခုကိုပဲတွေ့ပြီး အမြဲတမ်းစိတ်ဆင်းရဲနေတတ်တယ်။ ဒါကြောင့်လည်း ရောဂါများတဲ့သူ၊ အသက်တိုတဲ့သူ၊ အပါယ်ကျတဲ့သူတွေက များတာပေါ့။ စိတ်ဆင်းရဲရင် ကိုယ်ဆင်းရဲတာပဲ။ စိတ်ချမ်းသာရင် ကိုယ်ချမ်းသာတယ်။ ကိုယ်ဆင်းရဲရင် ရောဂါများပြီး အသက်တိုတယ်။ ကိုယ်ချမ်းသာရင် ရောဂါကင်းပြီး အသက်ရှည်တာပဲ။ ကမ္ဘာ့ဘိုးသက်ရှည်၊ ဘွားသက်ရှည်ကြီးတွေရဲ့ ဘဝနောက်ကြောင်းကို လေ့လာကြည့်တဲ့အခါ စိတ်ချမ်းသာအောင်နေခြင်းဟာ အသက်ရှည်ခြင်းရဲ့ အဓိကအကြောင်းဖြစ်နေတာကို တွေ့ရတယ်။

(လူ့ဖြစ်ရခြင်း၏ အဓိကရည်ရွယ်ချက် - ၁၂၄)

## ငွေနှင့်အရိပ်

*လူသည် အရိပ်နောက်သို့ လိုက်လျှင် ဘယ်သောအခါမှမမီ။ အရိပ်က လိုက်လေပြေးလေ ဖြစ်၏။ အရိပ်နောက်မလိုက်တော့ဘဲ ကိုယ့်လမ်းကိုသွားလျှင် အရိပ်က နောက်မှ ပြန်လိုက်၏။ ထို့အတူ မေတ္တာ၊ စေတနာမထားဘဲ ငွေနောက်သို့ တရကြမ်းလိုက်ကာ စီးပွားရှာလျှင် ဘယ်သောအခါမှ မအောင်မြင်။ ငွေနောက်မလိုက်ဘဲ မေတ္တာ၊စေတနာနောက်လိုက်ကာ အလုပ်ကို အာရုံစိုက်ကြိုးစားလျှင် ငွေက နောက်မှ တကောက်ကောက်လိုက်ကာ အလုပ်ကို အာရုံစိုက် ကြိုးစားလျှင် ငွေက နောက်မှတကောက်ကောက်ပြန်လိုက်၏။*

(မေတ္တာဖြင့်စီးပွားရှာခြင်းကျောဖုံးမှ)

## စိတ်သခင်နှင့် စိတ်ကျွန်

*ကမ္ဘာတွင် လူဦးရေ သန်းပေါင်းခုနစ်ထောင်ကျော် ရှိသော်လည်း အမျိုးအစားခွဲလိုက်လျှင် စိတ်ကို ကျွန်ခံသူ (စိတ်ခိုင်းတာလုပ်ရသူ) စိတ်ကို သခင်လုပ်သူ (စိတ်ကိုပြန်ခိုင်းသူ) ဟု နှစ်မျိုးသာရှိ၏။ ပါပသို့ ရမတိမနော ဟူသော ဓမ္မပဒဒေသနာတော်အရ စိတ်သည် မကောင်းမှု အကုသိုလ်အလုပ်၌သာ ပျော်ပိုက်သောကြောင့် စိတ်ကိုကျွန်ခံရသော လူသားသည် မကောင်းမှုမှန်သမျှအားလုံး ပြုလုပ်တော့မည်သာ ဖြစ်သည်။*

*ထိုအခါ စိတ်ကို ကျွန်ခံရသော လူသားသည် ပစ္စက္ခမှာလည်း မွဲ၏။ အောက်တန်းကျ၏။ ထောင်တန်းကျကာ ဘဝပျက်ရ၏။ သံသရာတွင်လည်း အပါယ်ငရဲ၌ နစ်မွန်းရ၏။ စိတ်ကို သခင်လုပ်သောလူသားကား လောကီရေးရာမှာလည်း ကြီးပွား တိုးတက် အောင်မြင်၏။ လောကုတ္တရာမှာလည်း မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရပြီး နိဗ္ဗာန်သို့ ရောက်၏။*

(မေတ္တာဖြင့်စီးပွားရှာခြင်း-၁၀၆)

## ပင်လယ်ရေနှင့်မြစ်ရေ

*ပင်လယ်ရေသည် များ၏။ သို့သော် ငန်သည့်အတွက်ကြောင့် မည်သူမျှ သောက်သုံး၍ မရ။ မြစ်ရေသည် နည်း၏။ သို့သော် ချိုသည့်အတွက်ကြောင့် သတ္တဝါတိုင်း သောက်သုံး၍ ရ၏။ ထို့အတူ မသူတော်လက်ထဲ ရောက်သွားသော ဥစ္စာငွေကြေးများသည် ပင်လယ်ရေကဲ့သို့ မည်သူ့အတွက်မျှအကျိုးမရှိ။ သူတော်ကောင်းလက်ထဲ ရောက်သွားသော ဥစ္စာငွေကြေးများသည် မြစ်ရေနှင့် တူ၏။ အားလုံးအတွက် အကျိုးရှိ၏။ ထို့ကြောင့် သူတော်ကောင်းဖြစ်သော ဗုဒ္ဓဘာသာဝင်များသည် သူတစ်ပါးထက်ပို၍ စီးပွားဥစ္စာကို ရှာဖွေသင့်သည်။*

*ဗုဒ္ဓဘာသာဝင်များ ချမ်းသာလျှင် အခြားဘာသာဝင်များလည်း ချမ်းသာမည် ဖြစ်၏။ အကြောင်းကား ဗုဒ္ဓဘာသာဝင်များသည် ဘာသာမရွေး၊ လူမျိုးမရွေး၊ ထောက်ပံ့ပေးကမ်းတတ်သောကြောင့်ပင်တည်း။*

*မင်းတုန်းမင်းကြီးသည် ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့ အစ္စလာမ်ဘုရားဖူးဧည့်သည်များ တည်းခိုနိုင်ရန်အတွက် ဇရပ်ကြီးတစ်ဆောင်ဆောက်လုပ် လှူဒါန်းဖူး၏။*

(မေတ္တာဖြင့်စီးပွားရှာခြင်း - ၁၂၆)

ဘုရင်နေရာ၊ သမ္မတနေရာကို လက်ခံခြင်းသည် နိုင်ငံတိုးတက်ကြီးပွားရန် ကြီးပွားကြောင်းအလုပ်များကို လုပ်ဖို့ တာဝန်ကြီးတစ်ခုကို ရယူလိုက်ခြင်းသာ ဖြစ်သည်။ လူ့ဘဝတွင် အကြီးဆုံး စည်းစိမ်ချမ်းသာကြီးတစ်ခုကို ရယူလိုက်ခြင်းဟု သဘောမထားသင့်ပေ။ တာဝန်သည် အဓိကပင်။ စည်းစိမ်ချမ်းသာသည် သာမညသာ။ ထိုကဲ့သို့ မှန်ကန်သော အယူအဆမရှိဘဲ မင်းစည်းစိမ်ခံစားဖို့သည် အဓိကတာဝန်သည်သာမည်နေရာ ရောက်သွားသောကြောင့် ဗုဒ္ဓဘာသာဝင်များဖြစ်ပါလျက် မြန်မာ့သမိုင်းတွင် ဖခင်ကိုသတ်၍ မင်းအဖြစ်ကို ရယူသောသားမိုက်များ ပေါ်ထွန်းခဲ့ခြင်း ဖြစ်သည်။ မင်းကိုသတ်၍ မင်းအဖြစ်ကိုရယူနေကြသောခေတ်ကြီးတွင် ပေးအပ်လာသော ဘုရင်ရာထူးကို ငြင်းပယ်ရဲသော မြို့စားမင်းသားအချို့လည်း ပေါ်ထွန်းခဲ့ဖူးသည်။

အင်းဝဘုရင် သတိုးမင်းဖျား နယ်စွန်နယ်ဖျားတွင် နတ်ရွာစံသောအခါ ဘုရင်၏ နောင်တော်ဖြစ်သော ရမည်းသင်းမြို့စား သီလဝကို ဘုရင်ရာထူးလက်ခံရန် မှူးကြီးမတ်ရာ သေနာပတိတို့က လာရောက် လျှောက်ထားကြ၏။

ထိုအခါ သီလဝက -

"ငါနှင့် မင်းနေရာ မသင့်တော်။ စော်ကဲကိုသာ.မင်းမြှောက်လေ"

.ဟု ပြတ်သားစွာ မိန့်ကြားခဲ့၏။

သီလဝံသည် ပေါင်းသင်းဆက်ဆံရေးမတတ်။ တစ်သက်လုံးနေမှ သုံးခါသာ ပြုံးပြဖူး၏။ စစ်တိုက်ကား ကောင်းပါ၏။ အင်းဝ၏အန္တရာယ်ရန်စွယ်များကို မကြာခဏ ပိုင်နိုင်စွာ တိုက်ခိုက်နှိမ်နင်း ကာကွယ်ပေးဖူး၏။

သို့သော် ဘုရင်နေရာသည် တိုက်ခိုက်ရေးတစ်ခုနှင့် မလုံလောက်။ စီးပွားရေး၊ လူမှုဆက်ဆံရေးပါ များစွာ လိုအပ်၏။ သူအုပ်ချုပ်သည့်ထက် စော်ကဲမင်း အုပ်ချုပ်သည်က တိုင်းပြည်ပိုမိုတိုးတက်နိုင်သည်ကို သီလဝက သိ၏။ ထို့ကြောင့် သူကိုယ်တိုင် စော်ကဲအား မင်းအဖြစ်တင်ရန် အကြံပြုခဲ့ခြင်း ဖြစ်၏။ သူထင်သည့်အတိုင်းပင် မင်းကြီးစော်ကဲသည် အင်းဝပြည်ကြီး သာယာဝပြောအောင် အုပ်ချုပ်နိုင်ခဲ့၏။ သီဝလက ဘုရင်အဖြစ်ကို အမြင့်ဆုံးစည်းစိမ်ချမ်းသာခံစားသောနေရာဟု မသတ်မှတ်ဘဲ အကြီးဆုံးတာဝန် ထမ်းဆောင်သောနေရာဟု ယူဆခဲ့၏။ တစ်နည်းအားဖြင့် မင်းအာဏာထက် နိုင်ငံကို ပိုချစ်ခဲ့ခြင်းပင် ဖြစ်သည်။ (ဆက်ရန်)

မေတ္တာရှင် (ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

မောင်သင်းထုံ (ကျောက်မဲ)

## အာဋ္ဌာဝကအစွဲကို ရေးထုတ်ပေးရှုကြည်ခြင်း

၂၀၁၃ ခု၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှာတော့ ထုံးစံအတိုင်း ကိုမြင့်ဝေတို့ လေးဦးဟာ မေတ္တာသစ်ဆိုင်မှာ လက်ဖက်ရည်သောက်ကြရင်း လွန်ခဲ့တဲ့ နှစ် (၃၀) လောက်က တွေ့ကြုံဖြစ်ပျက်ခဲ့တဲ့ ဆင်စွယ်ရိုးတပ် ဓားမြှောင်တစ်ချောင်းကြောင့် လူတွေမနည်းစိတ်ဒုက္ခဖြစ်ရတဲ့ အကြောင်းတွေ ဆွေးနွေးပြောဆိုနေကြပြန်ပါတယ်။ အဲဒီတုန်းမှာပဲ ဆရာကြီးဦးကိတ်က စကားစ,လိုက်တယ်။

"လူတွေကလည်း ခက်ပါတယ်ဗျာ။ လောကမှာ သားဆိုးသားမိုက်ကိုတော့ ဘယ်လိုဘယ်ပုံဆုံးမပဲ့ပြင်ရမယ် ဆိုတာသိကြပြီး ဓားဆိုးဓားမိုက်ကျတော့ အန္တရာယ်မပြုအောင် ဘယ်လိုထိန်းသိမ်းကြရမှန်း မသိကြပါလားဗျ ဟေ"

ဓားတစ်ချောင်းဟာ ဓားပိုင်ရှင်နဲ့ အနီးနားတစ်ဝိုက်က လူတွေကို လှည့်ပတ်ဒုက္ခပေးနေပြီဆိုရင်တော့ အဲဒီဓားကိုယူ၊ သွပ်နန်းကြိုးနဲ့ပတ်၊ နောက်သမ္ဗုဒ္ဓေဂါထာကို (၉) ခေါက်ရွတ်ပေးသာပေးလိုက်။ ဘယ်လောက်ဆိုးတဲ့ဓားဖြစ်နေပလေ့စေ ငြိမ်ကိုငြိမ်စေရမယ်လို့ ဦးကိတ်ကတော့ အဲဒီလိုပြောပါတယ်။

*(ဓားမြှောင်ရဲ့ ဒုက္ခပေးပုံများကို 'အနီးဆုံးဓားဟာ အချွန်မြဆုံးဖြစ်တယ်' ဝတ္ထုမှာတုန်းက ဖော်ပြရေးသားခဲ့ပြီးဖြစ်ပါတယ်။)*

၁၉၅၅ ခုနှစ်လောက်က ကိုမြင့်ဝေရဲ့ဖခင်ကြီးဟာ အိမ်ထောင်မကျခင် မန္တလေးမြို့ မြောက်ပြင် ထားဝယ်ရပ် (ဓားလယ်) မှာ လက်သမားအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုခဲ့ရပါတယ်။ ကိုမြင့်ဝေအဖေနဲ့ ဆွေမျိုးတော်စပ်တဲ့ ဦးကြီးတစ်ယောက်ကတော့ အဲဒီတုန်းက လိုင်စင်နဲ့ကိုင်ဆောင်ရတဲ့ နှစ်လုံးပြူး သေနတ်တစ်လက်နဲ့ မန္တလေးတောင်ခြေတစ်ဝိုက် အမဲလိုက်လေ့ရှိပါတယ်။ အဲဒီဦးကြီးဟာ တောပစ်သွားတိုင်း ကိုမြင့်ဝေအဖေ အလုပ်လုပ်တဲ့ လက်သမားစခန်းမှာ တစ်ထောက်နားပြီးမှ သူ့ရဲ့ အမဲလိုက်တောပစ်တဲ့အကြောင်းတွေကို ပြောပြလေ့ရှိပါတယ်။


ကိုမြင့်ဝေအဖေနဲ့ အလုပ်အတူလုပ်နေကြတဲ့ လက်သမားတွေထဲမှာ တစ်ယောက်ကတော့ ကျောနဲ့ရင်ဘတ်တွေမှာ အာဋ္ဌာဝကရုပ်နဲ့ အင်းကွက်တွေ ဆေးမင်ကြောင်ထိုးထားတာမှ စိမ်းနေတာပါပဲ။ မန္တလေးရဲ့အပူ၊အလုပ်ကြောင့်ပူတော့ လက်သမားတွေဟာ အကျႌချွတ်ပြီး အလုပ်လုပ်တတ်ကြတာမို့ အဲဒီလက်သမားရဲ့ကိုယ်ပေါ်ကအရုပ်တွေကို မြင်နေရတာပါ။ လက်သမားဆရာက ကိုယ်ခန္ဓာကလည်းလှုပ်နေ၊ ဆေးမင်ကြောင်ဆရာကလည်း လက်ရာမြောက်လှတော့ ကိုယ်ပေါ်က အာဋ္ဌာဝကဘီလူးရုပ်ဟာ အသက်ဝင်နေသယောင်ထင်ရပါတယ်။ အဲဒီအချိန်မှာပဲ အာဋ္ဌာဝကရုပ်ထိုးထားတဲ့ လက်သမားဆရာဟာ ဘာစိတ်ကူးပေါက်လာတယ် မဆိုနိုင်ဘူး၊ နံရံမှာထောင်ထားတဲ့ ဦးကြီးရဲ့ နှစ်လုံးပြူးသေနတ်ကိုယူ ဆတ်ခနဲ ဦးကြီးကိုထိုးချိန်လိုက်ပါတယ်။

"ဟာ - ဟေ့. . . . ဟေ့ကောင်၊ မလုပ်နဲ့၊ မချိန်နဲ့ဟ။ အထဲမှာ ကျည်ဆန်ထည့်ထားတယ်၊ သေနတ်မောင်းတင်ထားတယ်"

လို့ အလန့်တကြား ကတုန်ကယင်နဲ့ အော်ပြောပါသေးတယ်။ ဒါပေမယ့် မရတော့ပါဘူး။ အာဋ္ဌာဝကရုပ်ထိုးထားတဲ့ လက်သမားဆရာဟာ တစ်ခါတည်း သေနတ်မောင်းခလုတ်ကို ဆွဲချလိုက်ပါတော့တယ်။ သားကောင်တိရစ္ဆာန်တွေကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့ မုဆိုးကြီးဟာ သူ့အလှည့်ရောက်တော့ သူကိုယ်တိုင် သားကောင်ဘဝမှာ ဒူးတုန်အောင် ထိတ်လန့် ကြောက်ရွံ့နေတာတွေ့ရပါတယ်။ ဒါပေမယ့် ကံကောင်းချင်တော့ လက်သမားကြီးက မုဆိုးကိုသေချာအမိအရတော့ ချိန်ပစ်လိုက်တာပါပဲ။ ဖြစ်ချင်တော့ အဲဒီနေ့ကမှ နှစ်လုံးပြူးကျည်ဆန်က ကျည်အ ဖြစ်နေပြီးမှ မီးမကူးတဲ့အတွက် မုဆိုးကြီးမှာ အသက်ချမ်းသာရခဲ့ပါတယ်။

အဲဒီတော့မှ မုဆိုးလည်း ချွေးတွေ တဒီးဒီးကျ အကြောက်ပြေ သတိရလာပြီးမှ လက်သမားဆရာရဲ့လက်ထဲက နှစ်လုံးပြူးသေနတ်ကို ပြန်လုယူလိုက်ရပါတယ်။ ဒီမုဆိုးရဲ့အတွေ့အကြုံအရဆိုရင် နှစ်လုံးပြူးသေနတ်နဲ့ အမဲလိုက်ခဲ့တဲ့ နှစ်တွေ မနည်းတော့ဘူး။ ခုလို ကျည်အဖြစ်တာ၊ မီးမကူးတာမျိုး တစ်ခါဆိုတစ်ခါမှ မကြုံခဲ့တာပါ။ မုဆိုးကြီး အသက်မသေတာ ဒီကျည်အ,ကြောင့်မို့လို့။ နိုင်ငံခြားကုမ္ပဏီတွေက ထုတ်လုပ်လိုက်တဲ့







www.burmeseclassic.com

www.burmeseclassic.com

ဒီကျည်အ,ကပင်လျှင် မုဆိုးကြီးရဲ့ အသက်သခင် ကျေးဇူးရှင်လို့ပင် ယူဆရတော့မလိုလိုဖြစ်ရကြောင်းကို ကိုမြင့်ဝေ အဖေက သူ့ကိုပြန်ပြောပြခဲ့ဖူးပါတယ်။

၁၃-၇-၁၉၇၈ ခုနှစ်လောက်က ဗတပများ အင်အားကြီးထွားနေချိန်လောက်က ဗမာ့တပ်မတော်တပ်ရင်းတစ်ရင်းမှာ ဂျာမနီနိုင်ငံက ထုတ်လုပ်တဲ့ ဂျီသရီး (7 point 6.2) ရိုင်ဖယ်သေနတ်တစ်လက်ကတော့ ပစ်ခတ်မည့်သူမရှိပါဘဲ သေနတ်ထဲက သူ့အလိုလို ကျည်တွေထထွက်နေတာနဲ့ အဲဒီသေနတ်ကို လူတစ်ယောက်လိုပဲ တပ်တွင်းအချုပ်ခန်းထဲမှာ သံကြိုးနဲ့တုပ်နှောင် အချုပ်ချထားရတဲ့အကြောင်း အံ့သြစရာဖြစ်ရပ်ကိုလည်း ကိုမြင့်ဝေ ကြားခဲ့ဖူးပါတယ်။

၁၉၈၅ ခု၊ မေလ ၁၀ ရက်နေ့မှာ ကိုမြင့်ဝေဟာ သူ့ရဲ့ ဆရာကြီးဖြစ်တဲ့ အဘဦးအုန်းမောင်နဲ့ မဟာဂန္ဓာရီခရီး လှည့်လည်စဉ်မှာ ရွှေကြက်ယက်၊ ရွှေကြက်ကျကို ရောက်ခဲ့ကြပါတယ်။ အဲဒီမှာတော့ ရွာသားတစ်ယောက် ဆိုတာ ကျောနဲ့ရင်ဘတ်မှာ အာဠာဝကဘီလူးရုပ်တွေ, အင်းကွက်တွေ ထိုးထားပြီးမှ သူ့အိမ်က ဇနီးမယား၊ သမီး၊ သားတွေနဲ့ မကြာခဏ စကားများ ရန်ဖြစ်လေ့ရှိကြောင်း သိရပါတယ်။ အဲဒီလို စကားများတိုင်း အင်းတွေထိုးထားတဲ့လူဟာ ဘီလူးတစ်ကောင်လိုပဲ ကြမ်းတမ်းစွာပြုမူတတ်ပြီး တစ်ခါမှာတော့ ဇနီးနဲ့စကားများတာနဲ့ စိတ်ဆိုးဒေါသထွက်ပြီး ထိုင်နေရာကနေ ထခုန်လိုက်တဲ့အခါ အထက်ကို (၁၀) ပေလောက် မြောက်တက်သွားပြီးမှ အိမ်ခေါင်မိုးတွေတောင် ပွင့်ထွက်ကုန်တယ်လို့ ဆိုပါတယ်။ အဲဒီလို မကြာခဏဖြစ်ဖြစ်နေတော့ အိမ်သားတွေလည်း စိတ်မချမ်းသာ၊ မိသားစုတွေမှာ ထိတ်လန့်ကြောက်ရွံ့နေရ၊ စီးပွားကလည်းမဖြစ်တာမို့ အဲဒီရွာသားရဲ့ကိုယ်ပေါ်က အာဠာဝကဘီလူးအစွဲကို အဘက ချွတ်ပေး၊ ကယ်ပေးပါလို့ ငိုယိုပြီး အဘဦးအုန်းမောင်နဲ့ ကိုမြင့်ဝေတို့ရှိရာ လင်မယားနှစ်ယောက် ရောက်လာခဲ့ကြပါတယ်။

'အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်နောင်ပြင်ရန် ခက်သည့်အမျိုး'လို့ အဘဦးအုန်းမောင်က ပြောပြပါတယ်။ မလုပ်ခင်က ဆင်ခြင်ကြ။ လုပ်ပြီးမှတော့ ဘယ်သူမှ မပြင်နိုင်ကြတော့ပါဘူးလို့လည်း





www.burmeseclassic.com

www.burmeseclassic.com

ဆိုပါတယ်။ ဒါကြောင့် ခန္ဓာကိုယ်ပေါ်က အာဋ္ဌာဝကဘီလူးရုပ်ရယ်၊ အင်းကွက်တွေရဲ့ပုံတွေရယ်ကိုတော့ အဘက ဖျက်နိုင်စွမ်းမရှိပါဘူး။ ဒါပေမယ့် ဒီရွာသားရဲ့ကိုယ်ထဲမှာရှိနေတဲ့ အာဋ္ဌာဝကရဲ့ဆေးစွမ်း နောင်မပြတော့အောင်တော့ အဘလုပ်ပေးခဲ့ပါ့မယ် ဆိုတော့ လင်မယားနှစ်ယောက် ဝမ်းသာကုန်ကြတာပေါ့။

အဘဦးအုန်းမောင်က ပထမ ရွာသားကို အာဋ္ဌာဝကဘီလူး ဝင်အစီးခိုင်းပါတယ်။ အဲဒီလို သူ့ခန္ဓာထဲ အာဋ္ဌာဝက ဝင်နေတုန်း အဘအမိန့်ပေးခိုင်းတာက အဲဒီရွာသားကို ဧရာဝတီမြစ်ထဲကနေ ရေတွေထမ်းခိုင်းပါတယ်။ ထမ်းခိုင်းပြီးတော့မှ ရွှေကြက်ယက်ရွာထဲမှာရှိတဲ့ အိမ်တိုင်းအိမ်တိုင်းမှာရှိကြတဲ့ ရေပုံး၊ စဉ့်အိုး၊ ပီပါထဲကို ရေခပ်ထည့်ဖို့ အမိန့်ပေးပါတယ်။ အဲဒီအိမ်တွေက စဉ့်အိုးထဲ ရေတွေခပ်ပြီးသားရှိနေရင်လည်း မလိုချင်ဘူး၊ သွန်ပစ်ပြီးမှ အသစ်ခပ်ခိုင်းတာပါ။ အဲဒီလို ရေဖြည့်ရတာကလည်း တစ်အိမ်တည်း၊ တစ်ရပ်တည်း မဟုတ်ဘူးနော်။ ရွှေကြက်ယက်တစ်ရွာလုံးမှာရှိတဲ့ နေအိမ်တိုင်းကို ရေခပ်ဖြည့်ပေးရတာရယ်။ နောက်တော့မှ ဆရာကြီးက အဲဒီရွာသားကိုအာဋ္ဌာဝက ဝင်မပူးနိုင်အောင် 'အရဟံ ဗုဒ္ဓေါ သိဒ္ဓိ' ရွတ်၊ ငှက်ပျောညွှန့်၊ အုန်းညွှန့်၊ ပျားရည်၊ အင်းကွက်များနဲ့ စီရင်ထားတဲ့ ဆေးလုံးကိုလည်း တိုက်ကျွေးတော့ နောင်တစ်ခါမှကို အဲဒီရွာသားကို အာဋ္ဌာဝကမဝင်တော့ကြောင်း ကိုမြင့်ဝေ ကြားရပါတယ်။ ကောင်းပါလေရဲ့ဗျာ။

ကိုမြင့်ဝေတို့ ဂန္ဓာရီလှည့်ကြတဲ့ အဖွဲ့ထဲမှာ ဆရာအေး၊ ဆရာကိုတိုး၊ ဦးပြား၊ ဒေါ်ခင်ခင်၊ ဒေါ်ချန်ဒရားတို့လည်း ပါပါတယ်။ ဖြစ်ချင်တော့ ရွှေကြက်ယက်မှာတုန်းက ဆရာကြီး အဘဦးအုန်းမောင်နဲ့ ပြိုင်ခဲ့တဲ့ အာဋ္ဌာဝကဘီလူးဟာ ကြွက်မနိုင်ကျီမီးနဲ့ရှို့ ဆိုတာလိုပါပဲ။ အဲဒီတုန်းက ကိုမြင့်ဝေတို့အဖွဲ့ဝင် ဓာတ်တော်ချိုင့်က အဂ္ဂိရတ်ဆရာ ဦးပြားကို ဝင်ပူး၊ ဝင်စီးပြီးမှ ဒုက္ခပေးပြန်ပါတော့တယ်။ အဲဒါကြောင့်မို့ ကိုမြင့်ဝေတို့ဟာ ဦးပြားကို ၁၂-၅-၈၅ ရက်နေ့မှာ မုံရွာဆေးရုံကြီးမှာတင်ရပါတယ်။ ၁၃-၅-၈၅ ရက်နေ့မှာတော့ ဦးပြား ဆေးရုံကြီးပေါ်မှာ ကွယ်လွန်ခဲ့တဲ့အတွက် ဆေးရုံကြီးရဲ့အစီအစဉ်နဲ့ သင်္ဂြိုဟ်၊ ကျန်တဲ့သူ့ဆွေမျိုးတွေကို ကိုမြင့်ဝေ အကြောင်းကြား သံကြိုးရိုက်ပေးရပါတယ်။

အာဋ္ဌာဝကရဲ့အစွဲကို ရွှေကြက်ယက်မှာ ချွတ်ခဲ့ပြီးမှ ကိုမြင့်ဝေတို့ရဲ့ မဟာဂန္ဓာရီခရီးစဉ်မှာပါတဲ့ အဖွဲ့ဝင်တွေဟာ စိတ်ဝမ်းတွေကွဲကုန်ကြပါတယ်။ ဦးလှထွန်းက မလိုက်တော့ဘူး၊ ပြန်မယ်ဆိုတာနဲ့ ကိုမြင့်ဝေက စရိတ်ထုတ်ပေးရတယ်။ နောက်တော့ ဒေါ်ခင်ခင်နှင့် ဒေါ်ချန်ဒရား၊ ဆရာကိုတိုးပါ ခွဲထွက်ကုန်တဲ့အတွက် သူတို့အပြန်စရိတ်တွေလည်းထုတ်ပေးရပြန်ပါတယ်။ ကျန်တဲ့ဆရာကြီး အဘဦးအုန်းမောင်နဲ့ ကိုမြင့်ဝေတို့ မဟာဂန္ဓာရီအဖွဲ့ဟာ ၁၅-၅-၈၆ ရက်နေ့ကျမှပဲ နေထိုင်ရာ ပြင်ဦးလွင်ကို ပြန်ရောက်ခဲ့ကြပါတော့တယ်။

ဘူ၊ စံ၊ ဒါ၊ ဝိ၊ ဝေ ဆိုတဲ့ ဇာတ်ကြီးဆယ်ဘွဲ့ထဲမှာ ဝိဒူရဇာတ်ကလည်း တစ်ဇာတ်အပါအဝင်ပါ။ အဲဒီဇာတ်ထဲမှာ ပုဏ္ဏက ဆိုတဲ့နာမည်နဲ့ နတ်ဘီလူးတစ်ပါးရှိပါတယ်။ ဒီနေ့အရပ်ထဲမှာ အိမ်တစ်အိမ်ပေါ် ခဲတွေကျ၊ တုန်လှုပ်ချောက်ချားစရာကောင်းနေရင် အဲဒါ ပုဏ္ဏကတိုက်တယ်လို့ပြောပြောနေကြတာရော။ ပုဏ္ဏကဘီလူးက အလကားနေရင်း ဒုက္ခပေးနေတဲ့သဘောပါ။

ပုဏ္ဏက ဆိုတဲ့ နတ်ဘီလူးဟာ စတုမဟာရာဇ်နတ်ပြည်ကို အုပ်စိုးရတဲ့ ကုဝေရနတ်မင်းကြီးရဲ့တူတော်ပါတယ်။ ပုဏ္ဏကဟာ တန်ခိုးအရာမှာ အစွမ်းထက်တဲ့ နတ်စစ်သူကြီးတစ်ပါးလည်း ဖြစ်ပါတယ်။ တစ်နေ့မှာတော့ အဲဒီ ပုဏ္ဏကဘီလူးဟာ ကောရဗျ ဆိုတဲ့ လူသားဘုရင်တစ်ပါးနဲ့ ကြွေအန်ကစားကြပါတယ်။ လောင်းကြေးကတော့ ပုဏ္ဏကဘီလူးသာရှုံးခဲ့ရင် လောကမှာ အလွန်အဖိုးတန်လှတဲ့ မနောမယပတ္တမြားနဲ့ နတ်မြင်းပျံကို ပေးရမှာ ဖြစ်ပါတယ်။ တကယ်လို့ ကောရဗျမင်းဘက်ကသာ ရှုံးခဲ့မယ်ဆိုရင်တော့ ကောရဗျမင်းက သူ့ရယ်၊ သူ့မိဖုရားရယ်၊ သူ့ထီးနန်းရယ် ကလွဲလို့ ကျန်တာ ကြိုက်တဲ့ဟာ ပုဏ္ဏကယူနိုင်တယ်လို့ လောင်းကြေးနဲ့ကစားကြတဲ့ပွဲပါ။

ဖြစ်ချင်တော့ အဲဒီလို ကြွေအန်ကစားကြတဲ့ပွဲမှာ ကောရဗျဘုရင် ရှုံးတယ်။ ဒီတော့ နိုင်တဲ့ ပုဏ္ဏကဘီလူးက ကောရဗျနားမှာ ခစားတဲ့ ပညာရှိအမတ် ဝိဓူရသုခမိန်ကိုပေးဖို့တောင်းဆိုပါတယ်။ တကယ်တော့ ပုဏ္ဏကဟာ နဂါးမကို တင်တောင်းနိုင်ဖို့ နဂါးမ လိုတဲ့ ဝိဓူရအမတ်ရဲ့နှလုံးသားကို လိုနေခြင်း ဖြစ်ပါတယ်။ နဂါးပြည်က နဂါးမင်းကြီးဟာ ဝိဓူရအမတ်ဟောတဲ့တရားကို နာကြားဖူးတော့ ဒီအကြောင်းကို သူ့နဂါးမိဖုရားကြီးကို ပြန်ပြောပြတာပေါ့။ အဲဒါကို ကြားလိုက်ရတဲ့ နဂါးမယ်ကလည်း ဝိဓူရအမတ်ရဲ့အသည်းနှလုံးနဲ့တူတဲ့ တရားတော်ကိုနာချင်တာကိုး။ ဝိဓူရရဲ့အသည်းနှလုံးလို့ တင်စားပြီး ပုဏ္ဏကကို စေခိုင်းလိုက်တော့တာပါ။

ဒါကြောင့်မို့ ဝိဓူရအမတ်ကြီးရဲ့နှလုံးသားကိုသာ ရအောင်ယူပေးနိုင်ပါက နဂါးမင်းရဲ့သမီး နဂါးမယ်လေးနဲ့ ထိမ်းမြားလက်ထပ်ပေးပါမယ်လို့ ပုဏ္ဏကကို ပြောခဲ့လို့ ဘုမသိဘမသိ ဝိဓူရရဲ့အသည်းကိုမှ ရက်စက်စွာ ယူချင်နေတဲ့သူပါ။ ဒီတော့ ပုဏ္ဏက ကြွေအန်နိုင်လို့ သူ့ရလာတဲ့ ဝိဓူရအမတ်ကို နဂါးမယ်က လူအရှင်ထက် အသည်းနှလုံးကိုသာ ယူချင်တာကြောင့် လမ်းခရီးတစ်လျှောက် ကြမ်းတမ်းစွာပဲ ခေါ်လာပါတယ်။ ခေါ်ပုံကိုလည်း ကြည့်ပါဦး။ ဝိဓူရအမတ်ကို မြင်းရဲ့အမြီးမှာချည်၊ ပုဏ္ဏကက နတ်ဘီလူးမို့ တန်ခိုးရှိတော့ ကောင်းကင်ယံက ပျံ၊ ဝိဓူရ ဒဏ်ရာရအောင် ကျောက်တောင်, ကျောက်ကမ်းပါးတွေနဲ့ ထိခိုက်ပွန်းပဲ့အောင် တမင်နှိပ်စက်၊ ပုံသဏ္ဌာန်အမျိုးမျိုးနဲ့ တမင်နှိပ်စက်ခဲ့တာပါရောလား။ နောက်တော့ ဘုရားလောင်းဝိဓူရအမတ်ဟာ အသက်မသေဘဲ ပုဏ္ဏကဘီလူးရဲ့အစွဲကိုတောင် ချွတ်ပေးနိုင်ခဲ့ပါရောလား။ နဂါးပြည်ကိုရောက်သွားပြီး တရားဟောခဲ့ပြီးမှ ဝိဓူရအမတ်နေတဲ့ တိုင်းပြည်ကို ချောချောမောမော ပြန်ရောက်ခဲ့တဲ့သာဓကတောင်ရှိခဲ့ပါတယ်။

အဲဒါကတော့ ဇာတ်တော်ကြီးဆယ်ဘွဲ့ဖြစ်တဲ့ 'တေ၊ ဇ၊ သု၊ နေ၊ မ ဘူ၊ စံ၊ ဒါ၊ ဝိ၊ ဝေ' ထဲက ဝိဓူရဇာတ်ထဲက ပုဏ္ဏကနတ်ဘီလူးအကြောင်းပဲ ဖြစ်ပါတယ်။ တစ်ခါတလေ ရပ်ထဲရွာထဲမှာ အိမ်တစ်အိမ်မှာ ပူဆွေးဒုက္ခတွေကျနေတယ်၊ အသံတွေလည်း ကြားနေရပြီဆိုရင် ဒါပုဏ္ဏကတိုက်တာလို့ အရပ်စကားနဲ့ပြောပြောနေကြတာရော။


အာဋ္ဌာဝက ဘီလူးကြီးလိုပါပဲ၊ ပုဏ္ဏကနတ်ဘီလူးကလည်း လူတွေကို အတော့်ကိုဒုက္ခပေးခဲ့ပုံပါ။ ကိုမြင့်ဝေကတော့ အာဋ္ဌာဝကရဲ့ ကြမ်းတမ်းပုံတွေ ပြောရင်းက သူနဲ့ဆင်တဲ့ ပုဏ္ဏကဘီလူးအကြောင်း ဆက်စပ် တွေးတောနေမိတော့တာပါ။

မောင်သင်းထုံ (ပျော်ဘွယ်မဲ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

(ယခင်လမှအဆက်)

ထို့နောက် ထွေရာလေးပါး ခွေးမျိုးတွေအကြောင်း မေးကြစမ်းကြပြီးမှာတော့ အဘွားကြီး ပဂ္ဂိမြတ်ထွန်းက ဘာပြောလိုက်သည်မသိ။ အိမ်ရှင် ကိုကျော်သာလှမိန်းမ မနုဇံဝေက -

"မောင်ဇေယျာတို့ ညီအစ်ကို အောက်ချိုင့်က ခွေးမျိုးတွေကိုလည်း သွားနှုတ်ဆက်လိုက်ကြပါဦးလား။ ကိုငယ်တို့ မောင်နှမတွေလည်း လိုက်သွားကြ။ စစ်တကောင်းကအမျိုးတွေ ဒီမှာ တစ်ရက်၊ နှစ်ရက်နေကြမယ်ဆိုတာ သိအောင်ပေါ့။ မရှိတော့ မင်းတို့ကို ဘာမှ မကျွေးတော့ဘူး။ အောက်ချိုင့်ရောက်ရင် ခွေးမျိုးတွေ ကျွေးကြပါလိမ့်မယ်။ သူတို့မကျွေးလည်း မြို့ပိုင်လေး ပါသားပဲ။ အောင်ကျော်ဇေယျပြောတဲ့ ညောင်ပင်ကြီးအောက်က ဂူတာဂျာရာမှာတစ်ခုခုဝင်စားလာကြ"

ဟု ပြောသည်။

မနုဇံဝေက 'စစ်တကောင်းက ခွေးမျိုးတွေ ဒီမှာ တစ်ရက်၊ နှစ်ရက်နေကြမယ်ဆိုတာ သိအောင်ပေါ့' ဟု ပြောလိုက်ခြင်းမှာ ပညာပါသည်။ ရဇပါရာ အောက်ချိုင့်က ခွေးမျိုးအဖျားအနားများမှာ တောင်သူများ ဖြစ်ကြသည်။ စစ်တကောင်းက ခွေးကြီးမျိုးကြီးတွေကို ထမင်းဖိတ်ကျွေးနိုင်သူတွေရှိသလို သီးသန့်ထမင်းဖိတ်မကျွေးဘဲ ဟင်းခွက်လာပို့သူများလည်းရှိသည်။ ဤသည်ကို သိထားသော အိမ်ရှင် ကျော်သာလှဇနီးအလည်မက တစ်ချက်ခုတ်နှစ်ချက်ပြတ် ပြောလိုက်ပုံရသည်။

ယခု သူတို့အိမ်ပေါ်ကို ရောက်နေကြသော စစ်တကောင်းမှအမျိုးများမှာ ဧည့ဝတီမှအမျိုးများကို တွေ့လိုရေးနှင့် စိန်မြောင်ဘုရားပွဲလာရင်း ဘုရားလည်းဖူး၊ လိပ်ဥလည်းတူး ဆိုသလို ဇေယျာကျော်ထွန်းနှင့် သဇင်ဖြူတို့ကိစ္စလည်း ပါသည်။ ယောကျ်ားရင့်မာကြီးတွေ တစ်ယောက်မှပါမလာကြဘဲ မိန်းမသူများနှင့် ကလေးများကိုသာ လွှတ်လိုက်ကြခြင်းမှာ ဦးစွာပထမ သံခင်းတမန်ခင်းအနေဆိုသည်ကိုတော့ အားလုံးသိပြီးသားပင်။ ထို့ကြောင့်လည်း ဇေယျာထွန်းတို့ညီအစ်ကိုနှင့် ထွန်းကျော်လင်းတို့ မောင်နှမ အောက်ချိုင့်ကို ဆင်းသွားကြသည်နှင့် အဘွားကြီး ပဂ္ဂိမြတ်ထွန်းက -

"မြေးကြီးဇေယျာက ယောက်မကြီးတို့ကို ဖလောင်းချိတ်မှာ စတွေ့ပြီး ပြန်လာကတည်းက ဧည့ဝတီက အရှိရှင်သမီး သဇင်ဖြူဆိုတာ တွေ့ခဲ့ရတယ် ဘွားဘွား၊ဘယ်လိုလှမှန်းမသိဘူး။ အဆတော်တာပဲ၊ ကျွန်တော့်ကို ပြောပေးရမယ်လို့ အကျွန်နဲ့ ထရီဇာဗီကို တဖွဖွ ပြောနေတယ်။ အဲဒါ အကျွန်တို့က ဟဲ့-ငါတို့က တစိမ်းပဲ။ နင်ဒီလောက်လိုချင်နေရင် နင့်အဘိုးနဲ့ နင့်အဖေကိုပြောခိုင်းပေါ့ဆိုတော့ သူ့အဘိုးကို ဆိုပေးပါ။ပြောပေးပါလို့ ဂျီလာတိုက်နေတယ်။ အဲဒါ သူ့အဘိုးက ငါ့မိတ်ဆွေကြီး ရှေ့နေ ဦးအောင်ဇံဝေမြေးကိုကျတော့ အမျိုးလည်း မတော်ဘူး၊ ကုလားမနဲ့တူတယ် ဘာရယ်ညာရယ်နဲ့ အရိုးများသလေး ချေးခါးသလေးလုပ်နေတာ။ ခုဧည့ဝတီက အစ်မကြာဦးမြေးမက ဘယ်လောက်လှ၊ ဘယ်လောက်ချောနေလို့လဲ။ ဘိုးဘိုးသိပါတယ်ကွာ၊ ရှမ်းကြိုက်နွားချောနေမှာပါဆိုတော့ ဘိုးဘိုးမမြင်ဖူးသေးလို့ပါ



# ဖိုးကျော့

## ဤလမ်းခရီး လွှမ်းမပြီးနိုင်

သုရဇ္ဇမဂ္ဂဇင်း၊ အခန်းဆက်ဝတ္ထုရှည်



www.burmeseclassic.com

www.burmeseclassic.com

ညောဝတီက အရိုးရှင်သမီးလောက် ချော ဘာလှတာ အဘိုးတို့ ရာဇဌာနီမှာ တစ်ယောက်မှမရှိဘူးလို့ ဇေယျာကြီးပြောတာ အကျွန်လည်း မယုံဘူး။ တကယ်ပြောတာနော် ယောက်မ ကြာဦး။ ခုမြင်လိုက်ရတော့ ဇေယျာကြီးပြောတာ ဒါ့ကြောင့်ကိုး။ သူ့ဘိုးဘိုးရော သူ့ပါပါပါမြင်ရင် ဘယ်သဘောမကျဘဲနေမှာလဲ။ သန္တာသမီးလေးက ရွှေရည်ပန်းစက်ပဲ"

ဟု သံခင်းတမန်ခင်းကို ချီးကျူးစကားနှင့်စသည်။

အမှန်လည်းဟုတ်သည်။ သဇင်ဖြူမှာ ပြစ်မျိုးမဲ့မထင်ဆိုသလို မိန်းမချောမိန်းမလှလေးတစ်ယောက် ဖြစ်သည်။ ထို့ကြောင့်လည်း သူ့မြေး ဇေယျာကျော်ထွန်းကို ဦးကြာပန်းမောင်က -

"မင်းဒီလောက်ဖြစ်နေရင် ဘိုးဘိုးပြောပေးရမှာကတော့ ဟုတ်ပါပြီ။ အစ်မကြာဦးတို့က ညောဝတီမှာ ကြောင်းလမ်းစေ့စပ်ထားတာတွေဘာတွေရှိနေရင်ကော"

"ဘိုးဘိုးကလည်းဗျာ၊ ကြောင်းလမ်းစေ့စပ်ထားတယ်ဆိုတာ လက်ထပ်ထားတာမှမဟုတ်တာ။ လင်မယားတောင် သဘောချင်းမတိုက်ဆိုင်ရင် ကွဲကြကွာကြသေးတာပဲ။ ဘာပဲဖြစ်ဖြစ်ပြောပေးစမ်းပါ ဘိုးဘိုးရာ။ ကျွန်တော်ကိုယ့်အမျိုးထဲက အဆတော်တာပဲ အိမ်ထောင်ဖက်လိုချင်တယ်"





www.burmeseclassic.com

www.burmeseclassic.com

"မင်းက လိုချင်တာပဲ ပြောနေတယ်။ သူ့သဘောကလည်း မင်းကို ကြိုက်ဦးမှကိုး"

"ပန်းဝါကို ကျွန်တော်လိုက်ပို့ရင်းက မေးပြီးပြီ။ ဖြူဖြူက ပါပါ၊ မေမေတို့သဘောပါတဲ့"

"ဖြူဖြူဆိုတာ"

"ဟာ- ဘိုးဘိုးကလည်း၊ သဇင်ဖြူကို ပြောတာ။ သဇင်ဖြူကို အားလုံးက ဖြူဖြူပဲခေါ်ကြတာ"

ဇေယျာကျော်ထွန်းစကားကို သူ့အဘိုးကရယ်သည်။

"မိဘသဘောတူလို့ ပေးစားတယ်ထားတော့။ မင်းဖြူဖြူက မင်းကိုတကယ်နှစ်နှစ်ကာကာ မချစ်မနှစ်သက်ရင် ငါ့မြေးအပေါ် ဘယ်ကြင်ကြင်နာနာရှိပါ့မလဲ။ မိဘစကားကြောင့် အဲ - မင်းကိုအလိမ္မာနဲ့ ဓညဝတီမှာ ရည်းစားချစ်သူရှိပေမယ့် မိဘသဘောပါလို့ပြောလားမှမသိတာ။ ဓညဝတီမှာ ရည်းစား ချစ်သူရှိနေခဲ့ရင်ကော"

"ရှိရှိဗျာ၊ ဘိုးဘိုးတို့ ပြောမပေးလည်း ကျွန်တော်တော့ အရီးရှင်သမီးကိုကားတင်ခိုးပြေးမှာပဲ"

"ဟေး- မြို့အုပ်မင်းကရာထူးပြုတ်ပြီး ထောင်ကျခံနိုင်လို့လား"

"ကျကျပြုတ်ပြုတ်ဗျာ၊ ကျွန်တော်အရီးရှင်သမီးကို ရအောင်ယူမှာပဲ။ အချစ်မှာရယူပိုင်ဆိုင်ဖို့၊ စစ်မှာနိုင်ဖို့ဆို"

သူ့မြေးစကားကို ဦးကြာပန်းမောင်က ခွက်ထိုးခွက်လန်တဟားဟားကြည့်ရယ်ပြီး -

"ဟိုက် - ငါ့မှာလည်း ခုမှ ဥပကလက်သစ်နဲ့တွေ့နေပါလား။ ငါ့မြေး ဒီလောက် အသည်းအသန်ဖြစ်နေတော့လည်း ပြောတော့ပြောကြည့်ကြတာပေါ့မြေးရယ်။ ဒါဆို ဘိုးဘိုးပြောမယ်"

"ဟုတ်ကဲ့ပါ"

"ခု စိန်မြှောင်ဘုရားပွဲလည်း နီးပြီ ဆိုတော့ မင်းအဘွားနဲ့ မင်းအမေကို ဘိုးဘိုးကြို့လွှတ်လိုက်မယ်၊ ဘိုးဘိုးကတော့ ငါ့မြေးမြင်တဲ့အတိုင်းပဲ။ ကျန်းမာရေးက တစ်နေ့ရွှေ တစ်နေ့ငွေဆိုတော့ လိုက်မသွားနိုင်ဘူး။ မင်းပါပါလည်း ခုအခေါ်ရာရောက်နေတော့ သူတို့ပဲသွားကြပါစေ။ ငါ့မြေးလိုက်ပို့လိုက်၊ ပြီးတော့ ငါ့မြေးလည်း မင်းနတ်သမီးလေးကို ဘုရားပွဲလိုက်ပို့ရင်း နီးနီးကပ်ကပ်အကျွမ်းတဝင်နေပြီး လေ့လာကြည့်ပေါ့။ သူ တကယ် ငါ့မြေးကို နှစ်နှစ်ကာကာ ချစ်၊မချစ်ပေါ့နော်။ ဒါတော့ ငါတို့ မင်းယောက်ျားအမျိုးကောင်းသားတိုင်း သင်စရာတောင် လိုမယ်မထင်ပါဘူး၊ ဟုတ်လား ဟား. . . ဟား"

"ဟား. . . ဟား - အဲ့ဒါကြောင့် ဘိုးဘိုးကြီးကို ကျွန်တော်အားကိုးတာ"

"ဟ - ခု ငါ့အားမကိုးနဲ့၊ မင်းဘွားဘွားကြီးနဲ့ မင်းအမေပဲ အားကိုး။ သူတို့ ဒစ်ပလိုမေစီကောင်းမှ ငါ့မြေး မိန်းမရမှာ"

"ဘွားဘွားနဲ့ မေမေက အမျိုးမတော်ဘူး၊ ဘိုးဘိုးတို့အမျိုးလို့ ပြောနေလို့"

"ငါ့မြေးလည်း လူကြီးလုပ်နေတာပဲ။ ကိစ္စတစ်ခုကို အာဏာပိုင်တွေက တိုက်ရိုက်မဝင်ရဘူးလေ။ သံခင်းတမန်ခင်းနဲ့ စပြီးစနည်းနာရဦးမှာပေါ့။ ဘုရားပွဲပြီးရင် စစ်တကောင်းကို အစ်မကြာဦးတို့မိသားစုကို ခေါ်လာခဲ့၊ ဘိုးဘိုးပြောမှာပေါ့"

"ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ"

ဤသို့ဖြင့် စစ်တကောင်းမှ မိသားစုသည် ရဇပါရာက ဦးအောင်တိုင်တို့မိသားစုဆီ ဘုရားဖူးရင်း လိပ်ဥတူးရန် ရောက်လာကြခြင်း ဖြစ်သည်။

॥

ဇေယျာကျော်ထွန်းတို့ ညီအစ်ကိုနှင့် ထွန်းကျော်လင်းတို့ မောင်နှမ အောက်ချိုင့်အမျိုးတွေဆီက ပြန်လာကြသောအခါ မြေအိုးလေးတွေနှင့် ဒိန်ချဉ်တွေ ပါလာသည်။ သူ့အဘွား ပဂ္ဂိမြတ်ထွန်းအတွက်မူ သီးသန့်ဆိတ်နို့လည်း ပါလာ၏။ သူ့အဘွား ကြိုက်တတ်မှန်းသိ၍ ဝယ်လာပုံရသည်။ သူ့အဘွားက ဘာလို့ဝယ်လာလဲဟု ပြောသောအခါ-

"ဘိုးဘိုးကြီးတို့ ရဇပါရာက ဆိတ်နို့စစ်တယ်ဘွားဘွား။ စစ်တကောင်းမှာလို ပါနီအာဒါဒူးအာဒါ မဟုတ်ဘူး"

ဟု တေဇာကျော်ထွန်းက ပြော၏။

ဆိုလိုသည်မှာ နို့တစ်ဝက်ရေတစ်ဝက်မဟုတ်ဟု ဆိုလိုခြင်း ဖြစ်သည်။

ညနေကျတော့ ကျော်သာလှ၏ မိန်းမ မနုဇံဝေ၏ တွက်ကိန်းက မှန်နေ၏။ ဓညဝတီက ဆွေမျိုးတွေမက စစ်တကောင်းက ဆွေမျိုးတွေပါ ရဇပါရာကို ရောက်နေကြသည်ကို သိသွားသဖြင့် ဟင်းခွက်တွေလာပို့ကြသည်။ ဆွေမျိုးမဟုတ်သော အသိမိတ်ဆွေများ၏ဟင်းခွက်ပင်ပါသည်။ ဟင်းခွက်တွေမှာ ဘုန်းကြီးပွဲကျနေ၏။ ဟင်းခွက်လာပို့ရင်း စကားဖောင်ဖွဲ့ကြသည်။

အောက်ချိုင့်ဆွေမျိုးတစ်ယော[က်]
ကမူ နောက်တစ်နေ့ညနေ ထမင်းစား[...]
ပင် ဓညဝတီကမိသားစုနှင့် စစ်တကော[င်း]
ကမိသားစုတို့ကို ကြိုဖိတ်သွားလေသည်။
မနုဇံဝေ၏အစီအမံမှာ ချက်ချင်းအကွ[...]
ပေါ်လာလေသည်။ ဇေယျာကျော်ထွ[န်း]
ကမူ ညနေစာမစားခဲ့။ ဖလောင်းချိ[...]
မြို့က မြို့ပိုင်နှင့်ချိန်းထားသည်ဟု ပြော[...]
ပြီး ဖလောင်းချိတ်ကို ပြန်သွားသည်။

ဇေယျာကျော်ထွန်းသည် စိန်
မြှောင်ဘုရားပွဲမတိုင်မီ ဖလောင်းချိတ်[...]
လည်း သူတို့မိသားစုနှင့် ဓညဝတီ[...]
မိသားစု ပိုပြီးရင်းနှီးကျွမ်းဝင်သွားကြ[...]
အောင် ဖလောင်းချိတ်မြို့၌ သူတို့[...]
ပိုင် ဘန်ဂလိုတစ်လုံးကိုလည်း မိသား[...]
နှစ်စု အတူနေနိုင်ရန် စီစဉ်ထားသည်။

စိန်မြှောင်ဘုရားပွဲရက်မှာ တ[...]
ပတ်နီးပါးလိုသေးသဖြင့် ရဇပါရာတွ[င်]
သူ့အဘွားတို့မိသားစု နှစ်ညအိပ်ပြီးသော
အခါ သူ့မိသားစုအပြင် ဓညဝတီ[...]
မိသားစုကိုပါ ကားနှစ်စီးနှင့် လာခေါ်[...]
ဖလောင်းချိတ်မြို့က ဘန်ဂလိုမှာ အ[...]
ထားပေးသည်။ ထိုမိသားစုနှစ်စု၏ [...]
သောက်ရေးကိုလည်း ဇေယျာထွန်း[...]
ပင် စီစဉ်ပေးသည်။

ဆွေမျိုးနှစ်စုမှာ နေ့ခင်းကျလျှ[င်]
ဖလောင်းချိတ်မြို့ရှိ ဆွေမျိုးများအိ[မ်]
သွား၍ ညနေကျလျှင် ဘန်ဂလိုပေါ်[...]
မအိပ်မချင်း စကားထိုင်ပြောကြသည်။
ဇေယျာကျော်ထွန်းကမူ အလုပ်ကိစ္စ[...]
ထွက်သွားလိုက်၊ ခဏတစ်ဖြုတ်ဝင်လာ
လိုက်လုပ်နေရာ နေ့ခင်းနေ့လယ်ဆိုလျှ[င်]
မြို့ထဲက ဆွေမျိုးတွေဆီရောက်နေကြ
သဖြင့် ညကျမှရောက်လာပြီး ဦးအောင်
တိုင်နှင့် သူတို့မိသားစုစကားဝိုင်းထဲ လာ
ထိုင်တတ်သည်။ သို့သော် ညရှစ်နာ[ရီ]
ကျော်လျှင်တော့ သူ့လူတွေရှိရာပြန်သွား
၏။

ဓညဝတီမှ မိသားစုနှင့် စစ်တ
ကောင်းမှ မိသားစုတို့မှာ ဘန်ဂလို[...]
တစ်နပ်မှ ဇေယျာကျော်ထွန်း စီစဉ်ပေး
သောထမင်းကို မစားကြရ။ ဖလောင်း
ချိတ်မြို့ထဲက ဆွေမျိုးများအိမ်၌သာ
လှည့်စားနေကြရသည်။ သို့သော် ယခ[ု]
တစ်လလောက်က ဖလောင်းချိတ်[...]
စစ်ပြေးဒုက္ခသည်များအဖြစ် ရောက်[...]
ကလို ညနေထမင်းဖိတ်ခေါ်ကျွေးသော
အိမ်မှာလောက်ပင် ကိုးနာရီ၊ ဆယ်နာ[ရီ]
ထိ ထိုအိမ်တွင် စကားဖောင်ဖွဲ့မ[...]
ဘဲ ရှစ်နာရီကျော်သည်နှင့် ဘန်ဂလိုသို့

www.burmeseclassic.com

ကြရသည်။ အကြောင်းမှာ ဖလောင်းချိတ်၌ ညမထွက်ရအမိန့်ထုတ်မထားသော်လည်း အခြေအနေကတစ်မျိုး ဖြစ်နေသည်။

ဦးအောင်တိုင်တို့မိသားစု ရောက်လာနှင့်စာလျှင် အင်္ဂလိပ်စစ်သား၊ ကုလားစစ်သားနှင့် သံချပ်ကာကား၊ တင့်ကား၊ မော်တော်ကားများမှာ ယခုပိုများလာသည်။ အင်ဖာအခြေအနေကြောင့် အင်္ဂလိပ်များသည် အရှေ့ဘက်စမ်းမျက်နှာကိုသာမဟုတ်၊ ဓညဝတီကို ဂျပန်သိမ်းထားသဖြင့် စစ်ပြေးဒုက္ခသည်များလာလမ်းအတိုင်း ဂျပန်များ ဝင်လာလေမလား ဟူသော စိုးရိမ်စိတ်နှင့် စစ်အင်အားဖြည့်ထားကြပုံရသည်။

ထို့ကြောင့်လည်း ညနက်သန်းခေါင်မနေရဲကြခြင်းဖြစ်သည်။ ဦးအောင်တိုင်တို့မိသားစုကတော့ အင်္ဂလိပ်စစ်သား၊ ကုလားစစ်သားများကို မြင်ရတိုင်း အောင်ကျော်ဇေယျာ၏စကားကို သွားသွားသတိရနေကြသည်။ အင်ဖာကျသွားလျှင် မဏိပူရအသံကို ဂျပန်ရောက်လာနိုင်သည်ဆို မဟုတ်ပါလား။ အောင်ကျော်ဇေယျပင် ယခု ဂျပန်များနှင့်အတူ ဒေလီကိုပင်လိုက်ပါသွားလေပလား။

မြို့အုပ်လေး ဇေယျာကျော်ထွန်းကို ထိုကိစ္စမေးလျှင် ‘ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ အရုံထားတာပါ၊ စိုးရိမ်စရာမရှိပါဘူး။ ဂျပန်တွေ မဏိပူရအသံကို သိမ်းသွားတောင် ဒီဘက်ကို မလာပါဘူး’ ဟု ပေါ့ပေါ့ပင် ရယ်ရယ်မောမောပြောသည်။

ဘန်ဂလိုမှာ မိသားစုနှစ်ခု သုံးညအိပ်ပြီးသည်နှင့် စိန်မြှောင်ဘုရားပွဲကျသည်။ စိန်မြှောင်ဘုရားပွဲမှာ အလွန်စည်သည်။ ဗုဒ္ဓဘာသာဝင်များ အများဆုံးရှိကြသောဒေသဖြစ်သဖြင့် ရိုးရာအစဉ်အလာအတိုင်း ကျင်းပကြခြင်း ဖြစ်သည်။ ဟီလီတရိုက်တောင်တန်းဒေသက ဗုဒ္ဓဘာသာဝင်များအပြင် စစ်တကောင်း၊ ဟာလပင်း၊ ချက်ကာရီယာ၊ ဒိုဝါဇာရီ၊ ဂွါဇာနီယာ၊ အူချာ၊ မဟာစိုး၊ စကော်ရီယာ၊ ကဒ္ဒုဒီယာက လူများနှင့် ကြိတ်ကြိတ်တိုး စည်ကားသည်။ ဒေသသားတို့၏ ဟန်၊ ဇာတ်၊ ပင့်ကူအကစသော ဒေသ၏ ရိုးရာအကများလည်း ပါဝင်သည်။ ထို့အပြင် နာဂရီတို့၏ မြွေပြမွေအကလည်း ပါသည်။

ဇေယျာကျော်ထွန်းတို့ ညီအစ်ကိုနှင့် ထွန်းကျော်လင်းမောင်နှမတို့က ပွဲဈေးတန်းလျှောက်ကြသည်။ ဈေးတန်းတစ်နေရာအရောက်တွင် ကိုအောင်ကျော်ဦး၊ လှဒါသူ၊ မြဒါသူတို့ မောင်နှမတို့နှင့် အသွားအပြန်တွင် ရှေ့ဆိုင်ဆုံမိကြသည်။ ထိုအခါ ဖလောင်းချိတ်တွင် စစ်ပြေးရင်း သောင်တင်နေခဲ့ကြသော ဘဝတူ ကမ်းသာသားများ ဖြစ်ကြသဖြင့် ကိုအောင်ကျော်ဦးနှင့် ထွန်းကျော်လင်းတို့ စတင်နှုတ်ဆက်ကြပြီး ဇေယျာကျော်ထွန်း၊ တေဇာကျော်ထွန်းတို့ကိုလည်း ထွန်းကျော်လင်းက မိတ်ဆက်ပေးသည်။

“အရင်ကပင် ကိုယ်ပြောပြထားလို့ သိနေပါတယ်”

ဟု လှဒါသူက ဇေယျာကျော်ထွန်းမျက်နှာကို စိုက်ကြည့်၍ဆိုသည်။ ကိုအောင်ကျော်ဦးကမူ သဇင်ဖြူနှင့် ဇေယျာကျော်ထွန်းတို့ကိုသာ အကဲခတ်သလို မသိမသာကြည့်နေ၏။ နှုတ်ဆက်ပြီး ကျော်ခိုင်းကြသည်ထိ လှည့်ကြည့်လှည့်ကြည့်နှင့် သဇင်ဖြူနှင့် ဇေယျာကျော်ထွန်းတို့၏ အခြေအနေကို အကဲခတ်သွားသေးသည်။

အမှန်မှာ ဇေယျာကျော်ထွန်းနှင့် သဇင်ဖြူတို့ ဘယ်ထိခရီးရောက်နေကြသည်ကို ထွန်းကျော်လင်းက သူ့နှမ လှဒါသူကို ပြောပြ၍ သူ့နှမဆီက တစ်ဆင့်စကားကြားထားနေပုံရသည်။ထို့ကြောင့်လည်း ဟုတ်၊ မဟုတ် အကဲခတ်သွားပုံရ၏။

ဇေယျာကျော်ထွန်းကလည်း ဘာကြောင့်မှန်းမသိ -

“ကိုယ်၊ သူတို့က ကမ်းသာကဆိုတော့ အိမ်နီးချင်းတွေလား”

ဟု မေး၏။

“မဟုတ်ပါဘူး၊ သူတို့က တံတားကြီးဟိုဘက်ကမ်းကပါ”

ထွန်းကျော်လင်းက အမှန်အတိုင်းပြောသည်။

“ကြည့်ရတာတစ်မျိုးပဲ၊ ကိုယ်တို့နဲ့က. . .

“ဘိုးဘိုးတို့ငယ်ငယ်ကတော့ သူ့အဘိုးအဘွားတွေနဲ့ လယ်ယာမြေကိစ္စ ရုံးရောက်ဂါတ်ရောက်ဖြစ်ဖူးကြတယ်ပြောတယ်။ ကျွန်တော်တို့နဲ့တော့ တွေ့ရင် ခေါ်ခေါ်ပြောပြောတော့ရှိပါတယ်”

ဇေယျာကျော်ထွန်း အမေးစကား မဆုံးမီပင် ပြောလိုက်သော ထွန်းကျော်လင်း၏စကားကို သဇင်ဖြူက-

“ပါပါနဲ့ သူ့အဖေကတော့ မြို့မှာ ဒိုင်အာခီလူကြီးအတူလုပ်ကြတယ်လေ ခအို”



ဟု ဝင်ပြောလိုက်သည်။ ထွန်းကျော်လင်းကတော့ အောင်ကျော်ဦးညီမ လှဒါသူနှင့် သူတို့ချစ်ကြိုက်နေကြသည်ကို သူ့နှမ သဇင်ဖြူရိပ်မိသွားမှာစိုး၍ ခပ်စိမ်းစိမ်းစကားကို ဖော့ပြောသည်။

“ဪ၊ ဪ - သူတို့က ဖြူဖြူတို့နဲ့ အတူလာကြတာလား”

“မဟုတ်ဘူး ခအို၊ သူတို့က သင်္ဘောတစ်ပတ်စောတယ်”

“ဟုတ်လား၊ ငါဒီလူကိုဈေးထဲမှာ ကုလီကုလားတွေနဲ့ဈေးဝယ်နေတာ တစ်ခါ၊ နှစ်ခါတွေ့ဖူးတယ်”

“ဟုတ်မယ်၊ သူတို့မိသားစုက ဖလောင်းချိတ်ဈေးထဲမှာ ကုန်ခြောက်ဆိုင်ဖွင့်ထားတယ်”

“ကုလားတွေနဲ့ သူဝယ်နေတာကတော့ ကုန်ခြောက်တွေမဟုတ်ဘူး။ဟင်းသီးဟင်းရွက်တွေနဲ့ သားငါးတွေပဲ”

“အဲဒါက နောက်ရောက်လာတဲ့ စစ်တပ်ကိုသွင်းဖို့ထင်တယ်။ ဟိုတစ်နေ့က သူတို့ဈေးဆိုင်ကို ဖြူဖြူသွားကြည့်တော့ သူ့အမေက မောင်မောင် (အောင်ကျော်ဦး) စစ်တပ်အဝယ်တော်လုပ်နေတယ်ပြောတယ်။ ခအိုမြင်တာ စစ်တပ်အတွက် ဝယ်တာဖြစ်မှာပါ”

“ဟုတ်လား၊ ဖလောင်းချိတ်ကို ရောက်တာ ဘယ်လောက်မှ မကြာသေးဘူး။ ဈေးထဲမှာလည်း ကုန်ခြောက်ဆိုင်ဖွင့်တယ်၊ စစ်တပ်ရိက္ခာအဝယ်တော်လည်းရတယ်ဆိုတော့ ရာဇဌာနီက လူတွေထက်တောင် တော်တယ်ပြောရမှာပဲ”

“နည်းနာခံပြီး ဖလောင်းချိတ်ဈေးမှာ ဆိုင်ထွက်ရကောင်းမလားလို့ ပါပါက ညည်းမိတာနဲ့ မေမေက ရှင့်က ဘာ



www.burmeseclassic.com

www.burmeseclassic.com

လဲ၊ ဈေးဆိုင်ရောင်းပြီး ရာဇဌာနီက သန္တာတို့အမျိုးတွေကို သိက္ခာချမလို့ လားဆိုပြီး စကားများကြသေးတယ်။ မေမေကတော့ သူတို့နဲ့မပတ်သက်ချင် ဘူးလေ"

"ဘာဖြစ်လို့လဲ ဖြူဖြူ။ တစ်မြို့ တည်းသားတွေပဲဆို"

"အို - ခအိုကလည်း၊ ဘိုးဘိုးတို့ နဲ့ ရုံးရောက်ဂါတ်ရောက်ဖြစ်ဖူးကြပါ တယ်ဆို"

သဇင်ဖြူက ဧယျာကျော်ထွန်း လက်ကို ပုတ်လိုက်ပြီး ပြော၏။

"အေး-ဟုတ်သားပဲ၊ ခအိုမေ့သွား လို့ ဟဲ ဟဲ"

"မေ့ပဲမေ့တတ်တယ်၊ စောစော မှ. . ."

"သြော်-ကျောင်းတော်ကရန်စလို့ ပြောရမှာပေါ့နော်"

"ဟုတ်မှာပေါ့၊ သူတို့က မတရား ဘိုးဘိုးတို့လယ်ကိုလုတယ်ပြောတာပဲ"

"ဒါနဲ့ သူက. . ."

"သူကဆိုတာ ဘယ်သူ့ကို ပြော တာလဲ"

"စောစောက တွေ့လိုက်တဲ့ ကိုအောင်ကျော်ဦးကိုပါ။ အင်္ဂလိပ် ကုလားကပြားတစ်ယောက်နဲ့လည်း အင်္ဂလိပ်လိုပြောနေကြတာမြင်ဖူးလို့၊ သူ က ဘွဲ့ရပြီးသားလား"

"အဲဒါတော့ ဖြူဖြူမပြောတတ် ဘူး၊ ကိုယ့်မေးကြည့်ပါလား"

သဇင်ဖြူ့စကားပင် မဆုံးလိုက် ထွန်းကျော်လင်းက -

"ဂြယ်ကျူးဝိတ်တော့ မဟုတ်ဘူး ယောက်ဖ။ သူက အရှေ့ပြည် ရန်ကုန် ကောလိပ်မှာ ကိုကြီးတို့နဲ့ ကျောင်းအတူ နေတာ၊ ဘီအေပထမနှစ်ကျောင်းသား၊ စစ်ဖြစ်လို့ ကိုယ့်အရပ် ပြန်ရောက်လာ တာ"

"ဒါဆို ယောက်ဖကြီး ထွန်းကျော် မင်းတို့နဲ့အတူတူပေါ့"

"ဟုတ်ပါတယ်"

"ကိုယ်နဲ့လည်း ကာလကတ္တား မှာ ကျောင်းဆက်နေဖို့ လျှောက်လွှာ တင်ထားကြတယ်ဆို"

သဇင်ဖြူက ဝင်ပြောပြန်၏။

"ဟုတ်ပါတယ်"

လှဒါသူနှင့် သူ့အစ်ကိုအကြောင်း ကို မသိသေးသော သဇင်ဖြူက သူတို့ မိသားစုအကြောင်းကိုပြောလျှင် ကိုယ် ထွန်းကျော်လင်း ဘာကြောင့်နှုတ်နည်း သွားသည်ကိုတော့ သဇင်ဖြူ သတိ မထားမိလိုက်ပေ။

"မည်ပဝတီက အတန်းကြီးကျောင်း သားတွေကို ကာလကတ္တားကျောင်းတွေ က အစစ်အဆေးတော့ များတယ်။ ကျောင်းဆရာ၊ ဆရာမတစ်ယောက် ယောက် ခံဝန်နဲ့မှ ရမယ်ထင်တယ်"

"ဒါဆို ကျွန်တော်ကော ရပါ့ မလား ယောက်ဖ"

"ကာလကတ္တားမှာ ငါတို့အမျိုး တက္ကသိုလ်ဆရာ၊ ဆရာမတွေရှိပါတယ် မပူပါနဲ့။ အဖိုးကြီးစာလည်းပါတယ်ဆို။ ယောက်ဖအတွက်ကတော့ တို့လည်း ရှိတာပဲ"

"ကို. . . အဲ - ကိုအောင်ကျော်ဦး အတွက်လည်း ယောက်ဖလိုက်လုပ်ပေး ရင် ရနိုင်တာပေါ့နော်"

"ဒါကတော့ ရန်ကုန်ကောလိပ် မှာ အာရုလူငယ်တို့၊ သခင်အဖွဲ့တို့ဘာ တို့ညာတို့ဆိုတာရှိတယ် ကြားတယ်။ နိုင်ငံရေးကင်းရှင်းရင်ရပါတယ်"

"ကိုယ်ကရှည်ပြန်ပြီ၊ သူတို့မှာ လည်း အမျိုးတွေရှိတာပဲ၊ သူတို့ဘာသာ သူတို့လိုက်လုပ်ကြလိမ့်မပေါ့၊ ဟင်း. . . တကတဲ၊ သူ့ယောက်ဖကျနေတာပဲ"

သဇင်ဖြူက ဝင်ပြောသည်။ သူ့ ယောက်ဖကျနေတာပဲ ဆိုသော စကား ကတော့ လှဒါသူနှင့် ထွန်းကျော်လင်းတို့ အကြောင်းကို သိ၍မဟုတ်။ စကား အလျှင်းသင့်၍သာပြောလိုက်ခြင်း ဖြစ် သည်။

ဤသည်ကို ဧယျာကျော်ထွန်း ကတော့ -

"ဘယ်ဟုတ်မလဲ ဖြူဖြူရယ်၊ ပညာရေးဆိုတာ ကူညီကောင်းပါတယ်။ ဘီအေပထမနှစ်တောင်ရောက်နေပြီဆို တော့ ကျောင်းဆက်နေခွင့်မရရင် သူ့ မိဘမောင်နှမဆွေမျိုးတွေက ဘယ်စိတ် ကောင်းကြတော့မလဲ။ သူကျောင်းဆက် နေခွင့်မရဘူးဆိုရင်ပြောပါ ကိုယ်။ ယောက်ဖကူညီပေးပါ့မယ်၊ ကုသိုလ်ရတဲ့ အလုပ်ပဲ"

"ခအို - လှဒါသူတို့၊ မြဒါသူတို့ကို တော့ သေသေချာချာမြင်ခဲ့ပါတယ် နော်"

"ခအိုမှာ အမျိုးထဲက ယောက်ဖ ရှိပြီးသားပါ ဖြူဖြူရယ် ဟဲဟဲ"

သဇင်ဖြူ နောက်မှန်း သိသဖြင့် ဧယျာကျော်ထွန်းက ရယ်ပြီးပြန်ပြော လိုက်၏။

သည်လိုနှင့် စိန်မြှောင်ဘုရားပွဲကြီး ဧယျာကျော်ထွန်းတို့ မိသားစုနှင့်အတူ စစ်တကောင်းကိုလိုက်လာကြသည်။ ဤ သည်မှာ စစ်တကောင်းက ဆွေမျိုးစုံထံ တွေ့ကြရအောင်အပြင် သဇင်ဖြူနှင့် ဧ ယျာကျော်ထွန်းတို့ကို နှစ်ဖက်ကြောင်း လှမ်းထားရေးလည်းပါလေသည်။

॥

စစ်တကောင်းမြို့အမည်မှာ 'စစ် စဲကောင်း' ဟူသော စကားမှ ရွေ့လျော လာသောအမည် ဖြစ်၏။

ရှေးရခိုင်မင်းများသည် ခရစ်နှစ် ၁၀ ရာစုလောက်မှစ၍ စစ်တကောင်း နယ်ကို ဩဇာလွှမ်းမိုးသကဲ့သို့ စစ်တ ကောင်းအိန္ဒိယရှိ ဘုရင်များကလည်း ရခိုင်တို့အပေါ် ဩဇာလွှမ်းမိုးသည့်အခါ လွှမ်းခဲ့သည်။ စစ်တကောင်းဘင်္ဂလား နယ်များတွင် စစ်ပွဲပေါင်းများစွာကို တိုက် ခိုက်ခဲ့ကြ၍ ပြည်သူပြည်သားအများ သေကျေပျက်စီးကြသည့်အတွက် ရခိုင် ဘုရင်များ စစ်တကောင်းနယ်ကို သိမ်း ပိုက်စဉ်က ကျောက်စာတိုင်တစ်တိုင်တို ထူ၍ ထိုကျောက်စာတိုင်တွင် 'စစ်စဲ ကောင်းသည်' (စစ်မတိုက်စကောင်း) ဟူ သော ကမ္ပည်းကျောက်စာရေးထိုးခဲ့ရာ မှ စစ်တကောင်းဟု ခေါ်လာခဲ့ကြ ခြင်း ဖြစ်၏။

စစ်တကောင်းမြို့သည် ရှေးနှစ် ပေါင်းများစွာကပင် စည်ကားခဲ့သော မြို့ ဖြစ်၏။ အိန္ဒိယနိုင်ငံ (ယခု-ဘင်္ဂလား ဒေ့ရှ်) ၏ အရှေ့တောင်ယွန်းယွန်း ဘင် လားပင်လယ်အော်သို့ ထွက်ရာအနီး တွင်တည်ရှိ၍ အင်္ဂလိပ်၊ပြင်သစ်၊ဂျာမနီ အီတလီ၊ ဒပ်ချ်၊ အမေရိကန်၊ ပေါ်တူဂီ နှင့် အာရပ်နိုင်ငံများမှ အရှေ့တိုင်းနိုင်ငံ များသို့ ကူးသန်းသွားလာကြသော ကုန် သင်္ဘောများဆိုက်ကပ်သည့် သင်္ဘော ဆိပ်မြို့ ဖြစ်၏။ လူမျိုးစုံ၊ ပစ္စည်းမျိုးစုံ စုဝေးရာအရပ်ဖြစ်၍ အလွန်စည်းကား သောမြို့ ဖြစ်၏။ နိုင်ငံခြားသားအင်္ဂလိပ်၊ ပေါ်တူဂီ၊ ဒပ်ချ်၊ ပြင်သစ်၊ ဂျာမန်နှင့် အာရပ်လူမျိုးများနေထိုင်ပြီး စီးပွားရှာ သောမြို့လည်း ဖြစ်၏။

စစ်တကောင်းမြို့ကို ပေါ်တူဂီများ က Porto Gtande - ခံ့ညားကြီးကျယ် သောမြို့ဟု ခေါ်သည်။ ဘင်္ဂလားနယ်၏ နက်နဲရှုပ်ထွေးသောမြို့အဖြစ်လည်း ရှေး သား ဖော်ပြကြသည်။

စစ်တကောင်းမြို့တည်ရှိရာ မြစ် ကမ်း၏အရှေ့ တစ်ဖက်မြစ်ကမ်းတွင် ဒီယင်္ဂါးမြို့ဟုထင်ရှားခဲ့သော မြို့တစ်မြို့ ရှိ၏။ ရခိုင်ဘုရင်များလက်ထက် ငှင်း



www.burmeseclassic.com

www.burmeseclassic.com

ဘုရင်များ သိမ်းယူထားခဲ့သော စစ်တကောင်းနယ်ကို စောင့်ရှောက်ရန် နယ်စောင့်တပ်များအဖြစ် ဒီယင်္ဂါးမြို့တွင် မြို့တည်၍ ပေါ်တူဂီများကို ထားရှိခဲ့သော မြို့ ဖြစ်သည်။

ဒီယင်္ဂါး ဆိုသော စကားမှာ 'ဒင်္ဂါ' ဆိုသောစကားမှ ဆင်းသက်လာသော စကား ဖြစ်သည်။ မြေ သို့မဟုတ် မြေမြင့် (ကုန်းမြင့်) ဟု အဓိပ္ပာယ်ရှိသည်။ ဒီယင်္ဂါးမြို့ကို ပေါ်တူဂီများက ဖရင်ဂီ (ဘုရင်ဂျီ) ဘင်ဒါဟု ခေါ်ကြသည်။ ဘရင်ဂီမှာ ပေါ်တူဂီဖြစ်၏။ ဘင်ဒါမှာ မြို့ဖြစ်သည်။

ဘင်္ဂလားတစ်နယ်လုံးသည် ဗုဒ္ဓဘာသာ ထွန်းကားခဲ့သောအရပ်ဖြစ်ခဲ့ဖူး၏။ ရေတွက်၍မရလောက်အောင် များပြားသော ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးများဖြင့် ဗုဒ္ဓဘာသာစည်ပင်ခဲ့သော အရပ် ဖြစ်၏။ မည်သည့်အချိန်ကစ၍ ထွန်းကားခဲ့သည်ကို အတိအကျမပြောနိုင်သေးသော်လည်း အိန္ဒိယနိုင်ငံတွင် ထင်ရှားခဲ့သော အာသောကမင်းလက်ထက်မတိုင်မီကပင် ထွန်းကားခဲ့သည်ဟု ယူဆကြသည်။ အာသောကမင်းလက်ထက်တွင်လည်း ဤအရပ်ဒေသသည် ယင်းမင်း၏ ပိုင်နက်နယ်မြေအတွင်း ပါဝင်ခဲ့၍ ယင်းမင်း၏အားပေးချီးမြှောက်မှုကြောင့် ဗုဒ္ဓဘာသာ ပို၍ စည်ကားခဲ့ခြင်း ဖြစ်သည်။

ဗုဒ္ဓ၏တရားတော်များသည် ဘီစီ ၂ ရာစုမှစ၍စည်ပင်ခဲ့ကြောင်းကို ဆန်ချီ (Sanhi) တွင် ရေးထိုးခဲ့သော ကျောက်စာများအရ သိရသည်။ ဘင်္ဂလားနယ်ကို ဘုရားဖူးရောက်ခဲ့သော တရုတ်လူမျိုး ယွန်ချင်း (Yuan Chwang) ၏ မှတ်တမ်းများတွင်လည်း တွေ့ရ၏။ တရုတ်ဘုရားဖူး ဖာဟိယန် (Fa-hein) ကလည်း အေဒီ ၅ ရာစုတွင် ဘင်္ဂလားနယ်သို့ ရောက်ရှိပြီး ထိုအရပ်တွင် နှစ်နှစ်တာမျှ နေထိုင်ကာ သုတ္တန်များ၊ ဘုရားပုထိုးပုံတော်များကို ရေးကူးခြင်းများကို ပြုလုပ်ခဲ့သည်။ ထိုပုဂ္ဂိုလ်၏မှတ်တမ်းအရလည်း အေဒီ ၅၀၆-၅၀၇ တွင် ဂုပတား (Gupta) မင်းများက ဗုဒ္ဓအဘိပါတက သံဃာတော်များအား မြေနေရာများလှူဒါန်းခဲ့ကြောင်းနှင့် ဗုဒ္ဓမြတ်စွာဘုရားပင် ဤအရပ်သို့ ကြွရောက်ခဲ့ဖူးကြောင်း သိရသည်။

ပါလမင်းများ (Pala) (၈ ရာစုမှ ၁၂ ရာစု) လက်ထက်တွင်လည်း ဤအရပ်ဒေသတွင် ဗုဒ္ဓဘာသာစည်ပင်စေရန် ချီးမြှင့်အားပေးခဲ့ကြ၏။ ဗုဒ္ဓဘာသာဝင်တို့နှင့် ပတ်သက်သော ရှေးဟောင်းပစ္စည်းများကို ဒက္ကာလာ (Decca) မြို့ပြတိုက်တွင် ထိန်းသိမ်းထားရှိသည်ဟု သိရသည်။

စစ်တကောင်းနယ်တွင် ဘုရားကျောင်းကန် (၃၀၀) ခန့်အနက်မှ (၂၄၅) ခုမှာ စစ်တကောင်းမြို့တွင်ရှိပြီး ကျန်သော ဘုရားကျောင်းကန်များမှာ တိပိရ-နိုဝါခါလီ၊ဘာကာဂန့်(ဂျ်)တွင်ရှိသည်။

စစ်တကောင်းတောင်တန်းတစ်လျှောက်ရှိ ဗိုလ်မင်းတောင်၊ သက်တောင်၊ မြိုတောင်၊ ဖိုလန်တောင်များတွင်ပင် ဘုရားကျောင်းကန် ၃၂၀ ရှိသည်။

ခရစ်နှစ် ၁၈၆၈ ခုတွင် ထေရဝါဒကို ကိုးကွယ်သော ရခိုင်ပြည် သံဃရာဇာစရ မေတ္တာရှင် ဦးဆောင်သော သာသနာပြုအဖွဲ့တစ်ဖွဲ့သည် ဗုဒ္ဓသာသနာ သန့်စင်စည်ပင်ရေးအတွက် စစ်တကောင်းမြို့သို့ သွားရောက်ခဲ့ဖူး၏။ ဤအရပ်ဒေသတွင် နှစ်ပေါင်း သုံးဆယ်ခန့် သီတင်းသုံး နေထိုင်ခဲ့ပြီး ဝိဇနကျမ်းများအတိုင်း ဗုဒ္ဓဘာသာကို သန့်စင်စေခဲ့သည်။

သူတို့ စစ်တကောင်းမြို့သို့ရောက်ချိန်က ဘင်္ဂလားနယ်တွင် ဗုဒ္ဓဘာသာဝင်သုံးသိန်းကျော်ရှိသည်။ ယင်းတို့အနက်မှ သက်(Chakma)လူမျိုး တစ်သိန်းကျော်၊ ရခိုင်တစ်သိန်းကျော်နှင့် တခြားဗမာနှင့် ဘင်္ဂလားနယ်သား ဗုဒ္ဓဘာသာဝင် ခုနှစ်သောင်းကျော်ရှိသည်။

တိပိရတောင်တန်းများသည် စစ်တကောင်းနယ်စပ်မှစ၍ ကိုမိလာမြို့အလွန်ထိ မိုင်ပေါင်းများစွာ ရှည်လျားသည်။ ဤတောင်ခြေတောင်တန်းတစ်လျှောက်တွင် သက်(Chakma)၊ မြို (Mong)၊ ဗိုလ်မင်း (Bohmong) လူမျိုးအများအပြား နေထိုင်ကြ၏။ ဤလူမျိုးများမှာ ရခိုင်အမျိုးအနွယ်များ ဖြစ်၏။ ရခိုင်ဘာသာစကားကိုပင်ပြောဆိုကြ၏။ သို့သော် ဒေသကိုစွဲ၍ သံနေသံထားအနည်းငယ် ကွဲလွဲနေသည်။

ရခိုင်(ချင်းပျံ) သည် ဤတောင်တန်းကြီးများတွင် နေထိုင်ခဲ့ဖူး၏။ ချင်းပျံမှာ မြို့သူကြီးဦးသံဒယ်၏သား ဖြစ်၏။ ဖခင် ဦးသံဒယ် ကွယ်လွန်ခဲ့ပြီးနောက် မောင်းတောမြို့အနီးရှိ မြေကိစ္စနှင့် မကျေနပ်၍ ခရစ်နှစ် ၁၈၈၁ တွင် ပန်းဝါနှင့် ဟာဗလင်မှ များစွာ ဝေးလှသော သလူတောင်တောင်တန်းတွင် နေထိုင်ခဲ့သည်။ ဖလောင်းချိတ်မြို့ကိုပင် တိုက်ခိုက် သိမ်းယူပြီး တပ်စခန်းချခဲ့ဖူး၏။ နောက်ဆုံးတွင် သက်အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျခဲ့သည်။

တိပိရတောင်တန်းသည် ဟိမဝန္တာတောင်တန်းနှင့် ဆက်၍နေသော တောင်တန်းဖြစ်၍ ဤတောင်တန်းတွင် သစ်ဝါးများပေါများသလောက် ကျားဆင်စသော သားရဲတိရစ္ဆာန်များလည်း ပေါများသည်။

ဦးအောင်တိုင်တို့ မိသားစုသည် စစ်တကောင်းတွင် တစ်လခန့်နေကြသည်။ ထိုတစ်လအတွင်းတွင် ဆွေမျိုးအရင်းအဖျားတို့နှင့် တွေ့ကြ၏။ သွားတုန်းကပင် အစီအစဉ်ရှိသော ကျော်ထွန်းနှင့် သဇင်ဖြူတို့ ကိစ္စတို့တွင် ကိစ္စကိုလည်း နှစ်ဖက်ဘိုးဘွားမိဘများ စုံစုံညီညီနှင့် ကြောင်းလမ်းထားကြသည်။ သူတို့ကိစ္စကို ကြောင်းလမ်းပြီးသည်နှင့် ဇေယျာကျော်ထွန်းက အလုပ်ကိစ္စနှင့် ဟီလီတရိုက်ကို ပြန်သွားသည်။ တစ်လခန့်ကြာမှ ပြန်လာခေါ်၏။

ဦးအောင်တိုင်တို့မိသားစု စစ်တကောင်းကပြန်ကြသောအခါ ထွန်းကျော်လင်းက စစ်တကောင်းတွင်ကျန်ခဲ့သည်။ ကာလကတ္တားတွင် ကျောင်းသွားနေရမည့်သူဖြစ်သဖြင့် ဇေယျာကျော်ထွန်းတို့ အဘိုးနှင့် အဖေ၊ အမေတို့ကလည်း မြို့ရည်ဝအောင်ဟု အတင်းခေါ်ထားလိုက်ကြ၏။ အထူးသဖြင့် ထွန်းကျော်လင်းမှာ အပေါင်းအသင်းများတတ်သူဖြစ်ရာ တစ်ပတ်၊ နှစ်ပတ်အကြာမှာပင် ညီအစ်တော်တွေနှင့်ရင်းနှီးပြီး စစ်တကောင်းတွင် နာမည်ကြီး ဟိန္ဒူဘုရားပွဲသွားရန် ကျန်နေခဲ့လေသည်။

ဇေယျာကျော်ထွန်းက ဦးအောင်တိုင်တို့ မိသားစုအား ရာဇပါရာမှာ နေကြမည့်အစား ဖလောင်းချိတ်တွင် နေကြရန် စီစဉ်ပေးသည်။ ဖလောင်းချိတ်တွင် သူတို့မိသားစုရှိနေလျှင် သူလည်း တစ်ပတ်တစ်ခါ၊ နှစ်ပတ်တစ်ခါဆိုသလို အလုပ်ကိစ္စနှင့် သွားရင်းလာရင်းရောက်နိုင်သည်။ ဖလောင်းချိတ်နှင့်စာလျှင် ရဇပါရာမှာ တောင်ပေါ်ကျ၍ ခေါင်သည်။ သူလည်း သီးသန့်လာနေရသဖြင့် တစ်လတစ်ခါလောက်သာ ရောက်နိုင်မည်။ ပြီးတော့ တစ်မြို့တည်းသား ဦးကျော်ခေါင်၊ ဒေါ်ရွှေအိမ်သူတို့ မိသားစုလည်း ရှိနေသဖြင့် အဖော်ရသည်။

အကယ်၍ ရဇပါရာရှိ ဉယျာဉ်ခြံမြေကို လုပ်ကိုင်လိုပါက ဦးသခါကျော်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဖြစ်၊ ဦးအောင်တိုင်ဖြစ်ဖြစ် တစ်လ တစ်ခါလောက်သွားပြီးစီစဉ်ရုံနှင့် ပြီးနိုင်သည်။ သူတို့မသွားနိုင်လျှင်လည်း ဦးကြာပန်းအောင်တို့ အိမ်ကလူတွေများ စီစဉ်ရုံသာရှိသည်။ စစ်ကြီးဖြစ်နေ၍ ယခင်က မြန်မာပြည်ကိုတင်ပို့ရသော ပရဆေးမှာလည်း ယခုအခါ မရေမရာဖြစ်နေသဖြင့် ဦးအောင်တိုင်တို့ မိသားစုမှာ ဖလောင်းချိတ်၌သာ ဇေယျာကျော်ထွန်း စီစဉ်ပေးသလို နေနေကြရလေသည်။

॥

"အမေ၊ ကိုယ်ယ့်ကို သူသူတို့ဆိုင်မှာ မြင်ခဲ့တယ်"

"ဟင် - စစ်တကောင်းမှာ နေနေတာ၊ ဘယ်လိုလုပ်ပြီး ဖလောင်းချိတ်က ဟိုဟာမတွေ့ဆိုင်ရောက်နေတာလဲ"

အိမ်ပေါ်တက်လာလာချင်း ပြောလိုက်သော သဇင်ဖြူစကားကို အံ့ဩတကြီးနှင့် ဒေါ်သန္တာဖြူက ပြန်မေးလိုက်သည်။

"မသိဘူးလေ၊ သူသူတို့ဆိုင်မှာ ကိုယ်ယ့်ကို မြင်ခဲ့တာတော့ အမှန်ပဲ"

"အဲဒီဆိုင်မှာ ကိုယ်ယ်ဘာလုပ်နေလဲ"

"သူသူတို့နဲ့ ဟီလာတိုက်နေကြတာ"

"သမီးကို သူတို့ကမြင်လား"

"မြင်ပုံမရဘူး၊ သမီးက အထည်တန်းဘက်က မြင်တာ"

"ဟုတ်လား၊ လာ လာ - ခုအမေ လိုက်ကြည့်မယ်"

"သမီးပါလိုက်ရမှာလား"

"သမီးလိုက်မှ သမီးအတွက် အထည်ကြည့်ရင်း ဝင်လာကြတာဆိုပြီး ပြောလို့ကောင်းမှာပေါ့၊ ပြီးတော့ နင့်အဘိုးအဘွားတို့ ရဇပါရာက ပြန်ရောက်လာရင်လည်း ဒီကိစ္စမပြောနဲ့နော်။ နင့်အဘွားသိသွားရင် အဲဒီဟာမလေးတွေဆီ ခု နင်တို့ပါ အဝင်၊ အထွက်လုပ်နေကြတာလားဆိုပြီး အဆူခံရလိမ့်မယ်နော် သမီး"

"ဟုတ်ကဲ့ပါ အမေ"

သူတို့မိသားစုအား ဇေယျာကျော်ထွန်းက သူတို့ဌာနပိုင် သီးသန့်ဘန်ဂလိုတစ်လုံး၌ နေရာချထားပေးထားသည်။ ဦးအောင်တိုင်၊ ဒေါ်ကြာဦးဖြူ၊ ဦးသူ၏ ကျော်တို့မှာ ရဇပါရာကို သွားနေကြ၏။ ဤကိစ္စ ဒေါ်ကြာဦးဖြူသာသိလျှင် မီးမီးလောင်မည့်ကိစ္စ ဖြစ်၏။

ဖလောင်းချိတ်ဈေးနှင့် သူတို့ဘန်ဂလိုမှာ နည်းနည်းလှမ်းသဖြင့် ခပ်သုတ်သုတ်ပင် လျှောက်လာကြသည်။ ဈေးထဲရောက်၍ သူသူတို့ဆိုင်ကို ဝင်ကြသောအခါ ထွန်းကျော်လင်းကိုမတွေ့ရတော့။ မြဒါသူတစ်ယောက်တည်းကိုသာ ဆိုင်ပေါ်တွင်တွေ့ရ၏။

မလာစဖူး ရောက်လာသော ဒေါ်သန္တာဖြူတို့သမီးအမိနှစ်ယောက်ကို မြဒါသူကလည်း အံ့ဩတကြီး ပျာပျာသလဲနှင့် -

"လာ - အရီးရှင်၊ ထိုင်ကြပါဦး။ ဖြူဖြူထိုင်ဇလ"

"အေးကွယ့်-မြဒါသူတစ်ယောက်တည်းလား၊ လှဒါသူကော"

ဆိုင်၏ အတွင်းအပြင်ကို မသိမသာ အကဲခတ်ရင်း ဒေါ်သန္တာဖြူက မေးလိုက်၏။

"စောစောကတင်ပဲ ခေါင်းကိုက်လို့ဆိုပြီး အိမ်ပြန်သွားပါတယ်၊ အရီးရှင်တို့ အစိုးရအိမ်ရတယ်ဆိုတာ ကြားပါတယ်။ အကျွန်က ရဇပါရာမှာ နေကြလိမ့်မယ်ထင်နေတာ"

"ကိုယ်ယ်နဲ့ သမီးတို့က ရဇပါရာမှာ မနေချင်ကြဘူးလေ။ ပျင်းဖို့ကောင်းတယ်ဆိုတာနဲ့ ဖလောင်းချိတ်ပြောင်းနေကြတယ်။ ဖလောင်းချိတ်မှာတော့ ရုပ်ရှင်လည်းကြည့်လို့ရတယ် ဟုတ်လား"

"ဖြူဖြူရုပ်ရှင်ကြည့်ချင်ရင် သူသူတို့နဲ့အတူ သွားကြည့်လို့ရတယ်လေ။ အပြန်မှာ သူသူတို့နဲ့ အိမ်မှာလိုက်အိပ်လို့လည်း ရပါတယ်။ ခု သဲတန်းကုန်းမှာ အိမ်တစ်လုံးလည်းဝယ်ထားတယ်။ လွတ်လွတ်လပ်လပ်နေလို့ရပါတယ်"

"ဟုတ်လား- သူသူတို့ ဈေးရောင်းကြတာ တော်တော်စီးပွားဖြစ်တာပဲ။ အိမ်တောင်ဝယ်နိုင်တယ်ဆိုတော့ သိပ် . . ."

"ဈေးရောင်းတာက စားဖို့လောက်ရတာပါ အရီးရှင်။ အိမ်ဝယ်တာက အစ်ကိုကြီး စစ်တပ်အဝယ်တော်လုပ်လို့ ဝယ်နိုင်တာပါ"

"ဟယ် - တယ်ဟုတ်ပါလား။ ခု အောင်ကျော်ဦးက စစ်တပ်အဝယ်တော်လား"

"ဟုတ်ကဲ့- အလုပ်တော့ ပင်ပန်းပုံရတယ်၊ အိမ်သိပ်မကပ်ဘူး။ စစ်တပ်ထဲပဲ အနေများတယ်။ အဲဒါ ပါပါကတော်င်မင်း ကလာကတ္တားမှာ ကျောင်းဆက်နေဖို့ စီစဉ်ထားတယ်ဆို၊ အတော်ကြာ ကျောင်းဖွင့်တော့မယ် ဘယ်လိုလဲမေးတော့ အခြေအနေအရလို့ ပြောလိုက်သံကြားပါတယ် အရီးရှင်"

"အေးလေ၊ ရွှေအိမ်တို့၊ သူသူတို့ ဈေးဆိုင်ထိုင်ကြတော့ ကိုကျော်ခေါင်ကတော့ အိမ်စောင့်ပေါ့"

"ခုတော့ ပါပါမရှိဘူး၊ ဖလောင်းချိတ်ကတစ်ဆင့် ဝယ်ရောင်းတာနဲ့စာရင် စစ်တကောင်းက လက်ကားယူပြီးရောင်းတာက ပိုအမြတ်အစွန်းရလို့ စစ်တကောင်းကပဲ ဝယ်ရောင်းပါတယ်။ ဒီတစ်ခေါက်ကတော့ စစ်တကောင်းကို မရောက်ဘူးလို့မေမေပါလိုက်သွားတယ်"

"ဪ- ဟုတ်လား၊ အရီးရှင်တို့က သဲတန်းမှာ အမျိုးတွေရှိပါတယ် အမျိုးတွေဆီလာရင်ဝင်ရတာပေါ့။ ဘယ်လိုမေးရင်ရမလဲ၊ အမိက. . ."

"လွယ်ပါတယ် အရီးရှင်၊ သူဌေးကြီး ဦးကျော်ဇံသာတို့အပိုင်း၊ ဧည့်တတိက လူတွေဝယ်တဲ့အိမ်လို့ မေးရင်ရပါတယ်။ အရီးရှင်တို့ ခု သဲတန်းက အမျိုးတွေဆီ သွားကြမလို့လား"

"ဒီနေ့တော့ မသွားတော့ပါဘူးကွယ်။ အစိုးရဝင်းထဲမှာနေရတာ မိုးချုပ်ရင် အမေးအမြန်းခံရမယ်လေ၊ အရီးရှင်တို့က ညေ့်သည့်ကိုး"

"ဟုတ်ကဲ့ - ဖြူဖြူ ဟိုမှာအဝင်အထွက်ခက်ရင် သူသူတို့အိမ်က ရုပ်ရှင်ကြည့်လေ။ မိုးလင်းမှပြန်ရင်လည်းရတာပဲ။ နောက်လာခဲ့နော် ဖြူဖြူ"

"အေးပါ၊ ဟိုမှာ စစ်တပ်ထဲကလူတွေတော့ မြို့ထဲကို ရုပ်ရှင်ကြည့်ရယ်လို့ သူတို့မိသားစုတွေသွားကြရင် ဂိတ်ပတ်ဆိုလားလုပ်ရတယ်။ ဘယ်နှယောက်သွားမယ်ဘာညာနေမှာပေါ့ဟာ။ ငါတို့တော့ စစ်တပ်အပြင်မှာမို့ လုပ်စရာမယ်ပါဘူး။ ခုနေနေကြတာက ခအိုမြို့ပိုင်တို့ဌာနက ဘန်ဂလိုပါ"

"ကြည့်ချင်လာခဲ့ပါ၊ အရီးရှင်လည်း ပျင်းနေမှာပေါ့။ အိမ်လည်းသိအောင် တစ်နေ့လောက် လာခဲ့ကြပါလား"

"အေးကွယ်၊ နောက်တော့လာခဲ့တာပေါ့။ ခုအရီးရှင်တို့ပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ၊ နောက်တော့လာဖြစ်အောင်လာခဲ့ကြပါနော် အရီးရှင်။ ကိုယ့်အရပ်ကဆိုလို့ အရီးရှင်တို့ အကျွန်တို့ပဲရှိတာ လာခဲ့ကြပါ"

မြဒါသူက သူတို့ကို ရွှန်းရွှန်းဝေအောင်ပြောသည်ကို ဒေါ်သန္တာဖြူစိတ်ထဲက "ဒီကောင်မတွေရဲ့ ဒီလိုအပြောတွေကို ငါ့သားကျနေတာနေမှာပါ" ဟု တွေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

ဈေးဝတွင် ဒေါက်ကတ်ဂိတ်ရှိသဖြင့် ဒေါက်ကတ်တစ်စီးပေါ် တက်ကာ သဲတန်းသို့ ထွက်လာကြသည်။ မြဒါသူ ညွှန်လိုက်သလိုပင် သူဌေးကြီး ဦးကျော်ခံသာတို့ အိမ်နားကို ရောက်လာကြ၏။ မြဒါသူ မှာလိုက်သည့်အတိုင်း အိမ်တစ်အိမ်ရှေ့က လူတစ်ယောက်ကိုမေးသောအခါ ထိုသူက လှမ်းပြ၏။ သို့သော် အိမ်ရှေ့ကို သော့ခတ်ပိတ်ထားသည်ကိုသာ တွေ့ရသည်။

"အမေက မြဒါသူကို ကိုငယ် လာလားလို့ တစ်ခါတည်းမေးလိုက်ဖို့ကောင်းတယ်"

"နင်ကလည်း၊ လိုလာ့းနေလို့ မေးတယ်ထင်သွားတော့မှာပေါ့။ ငါအကြံရပြီ၊ စောသာဦးတို့အိမ်ကို သွားကြမယ်။ သူတို့အိမ်က အမျိုးရင်းတော့ ကိုငယ် သူတို့အိမ်မှာ ရှိချင်ရှိမယ်"

ကုန်းပိုင်းက စောသာဦးတို့အိမ်ကို ရောက်၍ ထွန်းကျော်လင်း လာသွားသေးလားဟု မေးကြည့်သောအခါ စောသာဦးအမေ ဒေါ်ရွှေသာမက -

"မနက်. ဈေးထဲမှာ တွေ့မိလိုက်သလိုပဲ။ ညနေ အိမ်လာလိမ့်မယ်ထင်လို့ ထမင်းတောင်ချက်ထားတာ၊ ခုထိတော့ ပေါ်မလာသေးဘူး။ သန္တာတို့ထမင်းစားသွားကြပါလား"

ဟုဆိုသည်။

"မစားတော့ဘူး အရီးရှင်၊ ဈေးထဲလာရင်း ဒီခဏဝင်လာတာ။ ကိုငယ်များ အရီးတို့အိမ်မှာရှိမယ်ထင်လို့"

"ခုထိတော့ မရောက်သေးဘူးလေ လာမှာပေါ့။ သန္တာတို့ ခုဖလောင်းချိတ်မှာ အိမ်ရထားတယ် ကြားတယ်။ ကိုငယ်လာရင် ပြောလိုက်မယ်။ စစ်တကောင်းမှာကျန်ခဲ့တယ်ဆိုတော့ အိမ်ရမှန်းမသိလို့ ရဇပါရာက သူ့အဘိုးတို့ဆီတက်သွားလားမှမသိ. . ."

"အရီးရှင်တို့အိမ်ကို လာရင်သာ အကျွန်တို့ ဖလောင်းချိတ်က အစိုးရဘန်ဂလိုမှာနေနေကြကြောင်း ပြောလိုက်ပါ။ အကျွန်တို့ပြန်ပါဦးမယ်"

"နင့်ဟာကလည်း၊ ချက်ချင်းပဲလား"

"အစိုးရဝင်းထဲနေနေရတာ၊ မိုးချုပ်မှာစိုးလို့"

"ငါအစကပင်ပြောသားပဲ။ သန္တာတို့ ဖလောင်းချိတ်နေချင်ရင် ငါ့သမက်အိမ်လည်းနေလို့ရပါတယ်ဆို။ သမီးက မပေါ့မပါးဆိုတော့ ငါခေါ်ထားရင် သူတို့အိမ်ကလပ်နေမှာပဲ၊ နေကြမလား။ အစိုးရအိမ်ဝင်းထဲနေနေရတာ မကောင်းပါဘူးဟာ။မဆိုကောင်းဆိုကောင်း ဂျပန်ဗုံးလာကြရင် အစိုးရဝင်းကို အရင်ကြဲမှာပဲ။ ခု စစ်သားတွေကလည်း တစ်နေ့ထက်တစ်နေ့ တိုးတိုးလာနေတာ၊ လာနေကြပါဟာ"

"ဟုတ်ကဲ့ပါ၊ နောက်တော့ အခြေအနေကြည့်ပါဦးမယ်"

"အေးပါ၊ အေးပါ - နောက်တော့ လာနေကြဟာ"

"ဟုတ်ကဲ့ပါ"

ဟု ဒေါ်ရွှေသာမကို ပြောထားခဲ့ပြီး ဒေါက်ကတ်(ရိုးရှား)တစ်စီးခေါ်ကာ အစိုးရဝင်းဘက်ပြေးခိုင်းလိုက်သည်။

ဒေါ်သန္တာဖြူတို့သားအမိ ဘန်ဂလိုထဲကို ပြန်ရောက်လာကြပြီး နာရီပိုင်းအကြာမှာပင် ထွန်းကျော်လင်း ရောက်လာသည်။ ဒေါ်သန္တာဖြူက မသိယောင်ဆောင်ပြီး -

"ဟင် - ကိုငယ်၊ စစ်တကောင်းက ကာလကတ္တား သွားရမယ်ဆို။ ကျောင်းဖွင့်ခါနီးပြီ၊ ကျောင်းဝင်ခွင့်ကိစ္စများကြောင့် ပြန်လာရတာလား သားရယ်"

ဟု မေးလိုက်သည်။

"မဟုတ်ပါဘူး အမေရာ၊ ကျောင်းကိစ္စအားလုံးအဆင်ပြေပါတယ်"

"ဒါဆို ကာလကတ္တားမသွားဘဲ ဘာလို့ဒီပြန်လာတာလဲ"

"ကျောင်းဖွင့်တော့ ကာလကတ္တားမှာ အကြာကြီးနေနေရမှာ၊ အမေတို့ကို လွမ်းလို့ပေါ့ ဟဲဟဲ။ ဒီမှာအမေတို့နေကြမှန်း အဘောင်ရှင်ရွှေသာပြောမှ သိရတာ။ သားက အမေတို့ ဘိုးဘိုးကြီးရှိတဲ့ ရဇပါရာမှာပဲ နေနေကြလိမ့်မယ်ထင်လို့ မနက်မှ ရဇပါရာကို လိုက်လာမလို့၊ အဘောင်ရှင်က ပြောတော့မှ ဖလောင်းချိတ်က အစိုးရဘင်ကလိုဝင်းထဲနေနေကြမှန်းသိတာ"

"သားဖလောင်းချိတ်ကိုဘယ်နေ့ကရောက်လဲ"

ဒေါ်သန္တာဖြူက သူ့သားမျက်နှာကို ပဟေဋ္ဌိတစ်ခုခုရှာသလို စူးစိုက်ကြည့်၍မေး၏။

"ဒီ. . နေ့ပါ"

"ဘယ်သူနဲ့လာလဲ၊ သားတစ်ယောက်တည်းလား"

"ယောက်ဖကြီး ဇေယျာနဲ့ စစ်တကောင်းကဝင်လိုက်လာတာ။ ယောက်ဖတို့က ခုစစ်အခြေအနေကို ကယုချောင်းနီးလာဘက်ထိ သတင်းယူလူလွှတ်ဖို့ ပြောလာကြသံကြားတယ်။ ယောက်ဖဇေယျာတို့နဲ့ စစ်ထောက်လှမ်းရေးလည်း ပါလာတယ်"

စစ် ဆိုသောအသံကို ကြားရသဖြင့် ဒေါ်သန္တာဖြူမှာ ရင်တုန်သွားပြန်သည်။ ထို့ကြောင့် သူမေးလိုသောစကားကိုပင် ခဏမေ့သွားစဉ် သမီး သဇင်ဖြူက -

"ခအိုတို့က ခုဖလောင်းချိတ်မှာ ရှိသေးလား"

ဟု မေးလိုက်၏။

"ဘယ်ရှိတော့မလဲ။ သူတို့စစ်ရေးစစ်ရာကိစ္စအရေးကြီးမှာပေါ့"

"သားတို့ ဖလောင်းချိတ်ကို ဘယ်အချိန်ရောက်ကြလဲ"

"နေ့. . . နေ့လယ်လောက်ကပါ"

ဒေါ်သန္တာဖြူ မသိမသာအံကြိတ်လိုက်သည်။

"နေ့လယ်လောက်ကပင် ရောက်တာ ဒီတော့ ချက်ချင်းမလာဘူး၊ ဘယ်တွေဝင်နေခဲ့သေးလဲ"

"အမေကလည်း၊ ကုလားမကြီးတို့ အမျိုးအကြောင်း သိသားနဲ့။ လူမြင်တာနဲ့ 'ဟဲ့-ဝင်ခဲ့ပါဦး၊ လာစမ်းပါဦး၊ ခုဘယ်ကလာတာလဲ၊ ကာလကတ္တားမှာကျောင်းဆက်နေမယ်ဆို၊ အဘိုးတို့၊ အဘွားတို့ အရီးရှင်တို့ အဘောင်တို့ကနဲ့ မြင်တဲ့အိမ်တိုင်းက လှမ်းခေါ်ကြတာ ခဏတော့ ဝင်ရတာပေါ့။ ပြီးတော့ ဖေဖေတို့ အစိုးရဝင်းထဲပြောင်းနေကြတယ်ဆိုတာ အဘောင်ရှင်ရွှေသာပြောမှ သိရတာ။ စောသာဦးတို့အိမ် မေမေနဲ့ သဇင်တို့ ရောက်ပြီး ခုလေးတင် ပြန်သွားကြတယ် ပြောလို့ လိုက်လာတာ"

"ကိုငယ်ဈေးထဲရောက်သေးလား"

သဇင်ဖြူက သူ့အစ်ကိုမျက်နှာကို မကြည့်ဘဲ အမှတ်တမဲ့လို ဝင်မေးလိုက်၏။

"ယောက်ဖတို့က ဈေးထိပ်တင်ငါ့ကိုချပေးထားခဲ့ကြတာ။ အဘောင်ရှင်တို့၊ အရီးရှင်စောသာတို့အိမ်ကိုသွားရင် ဈေးထဲကဖြတ်မသွားလို့ ငါဘယ်ကသွားရမှာလဲ"

ထွန်းကျော်လင်းက သူ့နှမကို မာန်သလိုပြောလိုက်သည်။

"ထမင်းစားတော့မလား သား"

ထမင်းဝိုင်းတွင် စကားနှိုက်ရန် အကြံနှင့် ဒေါ်သန္တာဖြူက မေးသည်။

"ကျွန်တော် အရီးရှင်စောသာတို့ အိမ်ကစားလာခဲ့ပြီ၊ ပါပါတို့ကော"

"ပရဆေးခင်းကြည့်မလို့ ရဇပါရာကို ဒီနေ့မနက်ပဲ ထွက်သွားကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဟိုမှာတစ်ည၊ နှစ်ညကြာချင်ကြာမယ်တဲ့။ ဟီလီတရိုက်က ဆေးခင်းတွေအထိရောက်ချင်လည်းရောက်မယ် ပြောသွားကြတာပဲ သားရယ်။ စစ်တကောင်းကကော ခုဘယ်လိုအခြေအနေရှိလဲ။ဂျပန်လေယာဉ်ပျံတွေလာလာဝဲသေးလား"

"မဝဲပါဘူး၊ စစ်တကောင်းကလူတွေ ပြောနေကြတာကတော့ ယောက်ဖကြီး အောင်ကျော်ဇေယျ ပြောသလို အင်ဖာက ရက်ပိုင်းအတွင်းကျတော့မယ်ဆိုတာ မဟုတ်ပါဘူးတဲ့။ အင်္ဂလိပ်က အင်ဖာကို ကာကွယ်ထားနိုင်သေးပါတယ်တဲ့။ ဂျပန်က အင်ဖာတင်မကဘူး ကိုဟီးမားကိုပါ ထိုးစစ်ဆင်နေတယ် ကြားခဲ့တာပဲ အမေ"

"အေးကွယ်၊ ဒီစစ်ကြီးကလည်း ဘယ်တော့ပြီးမယ်မှန်းမသိဘူး။ ထွန်းမြဦးတို့၊ သားကြီးတို့ ဓညဝတီတောင် ရောက်လာကြတယ်ကြားတော့ ကိုယ့်အရပ်ကို သတိရလိုက်တာ။ မြသက်စောတို့မိသားစုကလည်း စစ်တကောင်းမှာပဲလား။ ဒင်နာဂျ်ပူထိများ လိုက်သွားကြလေသလား။ ကိုယ် စစ်တကောင်းမှာ ကြာနေခဲ့တာပဲ၊ ဟိုသွားဒီသွားရင်း ဆွေမျိုးတွေကို နည်းနည်းပါးပါး မေးစမ်းမကြည့်မိဘူးလား သားရယ်"

"အမေကလည်း ခက်လိုက်တာ၊ စစ်တကောင်းက ကမ်းသာ မဟုတ်ဘူး၊ ဓညဝတီမဟုတ်ဘူး အမေရဲ့။ ဖလောင်းချိတ်က သင်္ဘောနဲ့တင်လာတဲ့ စစ်ပြေးတွေကို ချက်ချင်း ရထားနဲ့ တင်ခေါ်သွားပြီး မြို့တွေ၊ မြစ်တွေ၊ တောတောင်တွေကိုဖြတ်ပြီး တစ်ည၊ နှစ်ညအိပ်ပြီးမှ ဒင်နာဂျ်ပူကို ရောက်မယ်ပြောတာပဲ။ ဒင်နာဂျ်ပူကို စစ်တကောင်းကတောင် လူတိုင်း မရောက်ဖူးကြဘူးပြောတာဘဲ မေမေ"

ထွန်းကျော်လင်း ပြောသည်မှာ အမှန်ပင်ဖြစ်သည်။

စစ်တကောင်းမှ ဒင်နာဂျ်ပူကို သွားမည်ဆိုလျှင် ဆီတာကွန်၊ လက်(ခ်)ချမ်း၊ ဖီနီ၊ ကိုမီလာ၊ အခေါ်ရာ၊ ဘာမန်ဘာရီယာ၊ အာရှုဂန်(ဂျ်)၊ မက်ဂနာမြစ်၊ တိုင်ရာဗ်ဘဇာ၊ ဂိုရီပူ၊ မိုင်ဆန်းဆင်း၊ ဂျမား(လ်)ဖူ၊ ဘဟာဒူးရယ်ဘတ်ဂါတ်(လ်)၊ ဂင်္ဂါမြစ် (ဗာဟီရနဒီ) ဖူး(လ်)ချာရီ၊ ကောနီယာ၊ ဂေဘင်ဒါ၊ ရောင်ဖြူ ပါရ်ဘာတီပူ၊ ယမုံနာ စသည့်မြို့ရွာများ၊ မြစ်များကို ဖြတ်ကျော်ပြီးမှ ဓညဝတီက စစ်ပြေးများကို နေရာချပေးထားသည့် ဒင်နာဂျ်ပူစစ်ပြေးစခန်းမြို့သို့ ရောက်ကြရပေလိမ့်မည်။

သူ့သားငယ် ထွန်းကျော်လင်းတစ်ဆင့်ပြောပြသော မြို့၊ ရွာ၊ မြစ်များကို ဖြတ်ကျော်ကာ မတော်ရသေးသော ခွေးမမြသက်စောတို့မိသားစုအကြောင်းကိုတွေးကာ ဒေါ်သန္တာဖြူမှာ နှလုံးစိတ်ဝမ်း မချမ်းမမြေ့ဖြစ်နေရသည်မှာတော့ အမှန်ပင်။

ထို့ကြောင့်လည်း သူ့သားငယ်နှင့်သူသူတို့ ပြဿနာကို ဆက်မမေးဖြစ်တော့။

॥

"နောက်တစ်ရက်၊ နှစ်ရက်မှာ ရှင်ကိုငယ်ခေါ်ပြီး ကာလကတ္တားကို သွားကြတော့။ ကျောင်းဖွင့်ခါလည်းနီးပြီပဲ။ အမျိုးတွေကိုလည်း မှာထားခဲ့၊ စစ်တကောင်းနဲ့ ဖလောင်းချိတ်ကို လုံးဝမပြန်ခိုင်းလိုက်ကြနဲ့လို့နော်"

"ဘာဖြစ်လို့လဲ"

"ရှင်မသိပါဘူး၊ စစ်တကောင်းမှာကျန်နေခဲ့တာ ခု ဖလောင်းချိတ်ကို ခိုးလာပြီး ဟိုကောင်မတွေဆိုင်မှာ ဟီလာတိုက်နေတယ်တဲ့။ အကျွန်နဲ့ ဖြူဖြူ လိုက်သွားတော့ မတွေ့ဘူး။ နောက်မှ ဒီကိုရောက်လာတယ်။ ဇေယျာနဲ့ စစ်တကောင်းက လိုက်လာတာတဲ့။ ရှင့်သားကိုရှင်ထိန်းဦး။ ဒီကောင်မတွေနဲ့ နောက်လုံးဝမပတ်သက်ဖို့ပြောထား။ ဒီကိစ္စအမေသာသိရင် မိုးမီးလောင်မှာ"

ဒေါ်သန္တာဖြူက ခင်ပွန်းသည် ဦးသဉ္ဇါကျော်ကို ရဇပါရာက ပြန်ရောက်လာကြသည့်ညမှာပင် နှစ်ကိုယ်ကြားအိပ်ရာထဲမှာပြော၏။

"အေးပါ၊ ဒီအပတ်မှာပဲ သွားပို့လိုက်ပါ့မယ်"

"ဘယ်ပို့ရမှာလဲ ရှင်က"

"စစ်တကောင်းကိုလေ"

"ရှင်ကလည်း နားဝေးလိုက်တာ။ စစ်တကောင်း မဟုတ်ဘူးတော်ရေ တစ်ခါတည်း ကာလကတ္တားကိုပို့လိုက်။ ဒါမှ ဒီကောင်မတွေနဲ့ အဆက်ပြတ်မှာ။ ရှင်ပါ ကာလကတ္တားကို လိုက်သွားပြီး ဟိုက အမျိုးတွေဆီ သေသေချာချာအပ်ပြီးမှ ပြန်လာခဲ့"

"အေးပါ၊ အေးပါ"

ထွန်းကျော်လင်းအား ဦးသဉ္ဇါကျော်က ကာလကတ္တားသွားပို့နေချိန်မှာပင် ဇေယျာကျော်ထွန်း ဖလောင်းချိတ်ဘန်ဂလိုဆီ ရောက်လာသည်။

ယခင် နှစ်ပတ်လောက်က ထွန်းကျော်လင်းနှင့်အတူ စစ်တကောင်းက လာကြတာလားဟု ဒေါ်သန္တာဖြူက ဇေယျာကျော်ထွန်းကို မေးကြည့်သောအခါ ဇေယျာကျော်ထွန်းက အံ့ဩသွားသည်။ သူဟီတီတရိုက်မှာပင်ရှိသည်၊ ဘယ်မှမသွား၊ စစ်တကောင်းလည်း မရောက်ပါလားဟု ပြောသောအခါ သူ့သားက သူ့ကိုလိမ်သွားကြောင်းသိရလေသည်။

"ဘာဖြစ်လို့လဲ အရီးရှင်"

"ဘာမှမဟုတ်ပါဘူး၊ ဇေယျာ စစ်တကောင်းကိုများရောက်လားလို့ မေးကြည့်တာပါ"

ဒေါ်သန္တာဖြူက စကားကို လွှဲချလိုက်သည်။

ဤသည်ကို မရိပ်မိသော ဇေယျာကျော်ထွန်းက သဘောရိုးနှင့် -

"အရီးရှင် စစ်တကောင်းကို မှာစရာရှိလို့လား။ မှာစရာရှိရင် ရပါတယ် ကျွန်တော့်ရုံးက တစ်ယောက်ယောက်ကို လွှတ်လိုက်မယ်လေ"

"မရှိပါဘူးကွယ်၊ ဩော်-ဒါနဲ့ တိုင်းရေးပြည်ရေးကော ဘာကြားသေးလဲ၊ ရဇပါရာမှာ အောင်ကျော်ဇေယျ ပြောသွားတာတော့ အင်ဖာကို ဂျပန်တွေ ဝိုင်းထားပြီးသိမ်းတော့မယ် ပြောသွား[illegible]ပါ"

ဒေါ်သန္တာဖြူက စကားလွှဲလိုက်သည်။

"ကိုအောင်ကျော်ဇေယျလာသေးလား"

"ဒီကိုမရောက်ပါဘူး။ အရင်ရဇပါရာမှာတွေ့တုန်းက သူပြောသွားတာ[illegible] သတိရလို့ မေးကြည့်တာပါ"

"အင်ဖာကို ဂျပန်တွေ ဘယ်လို[illegible] မသိမ်းနိုင်တော့ပါဘူး။ အင်ဖာရဲ့အ[illegible] နန်ရှိဂမ်မှာ ကျွန်တော် သိရသလော[illegible] ဂျပန်တွေက တပ်လန်သွားပါပြီ၊ အ[illegible] လိပ်နဲ့ မဟာမိတ်တပ်တွေက ခု ဂျပန်[illegible] ပြန်ထိုးစစ်ကြီးဆင်နေကြပါပြီ။ မြန်[illegible] ပြည်မှာလည်း ဂျပန်တွေကို ပြန်မော[illegible] ထုတ်ဖို့ တော်လှန်ရေးတပ်သားတွေ [illegible] ဆောင်းနေတယ်တဲ့။ အရီးရှင် ဘာ[illegible] မပူပါနဲ့၊ ဂျပန်တွေစစ်ရှုံးမှာပါပဲ"

ဇေယျာကျော်ထွန်းပြောသည်မှာ အမှန်ပင် ဖြစ်လေသည်။

(ဆက်[illegible]

ဗိုလ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

### ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလအတွက်

# ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

ဓနသိဒ္ဓိနက္ခတ် စန်းယှဉ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် လက်ဖြတ်ချိန်၊ ဓနသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်ကြီး အပါအဝင် ဓနလာဘ်ဆိုင်ရာ ဂါထာမန္တန်များကို ရွတ်ဖတ်ကျင့်ပွားပူဇော်ပါလျှင် ထူးကဲသော ကောင်းကျိုးချမ်းသာများကို ရရှိခံစားရမည်မှာ မလွဲဧကန်ဖြစ်သည်။ ယခု စက်တင်ဘာလ၌ ဓနသိဒ္ဓိနက္ခတ်သည် ၁၆-၉-၂၀၁၃ နေ့ည (၁၀း၃၀) နာရီမှ ၁၇-၉-၂၀၁၃ နေ့ည (၁၀း၀၅) နာရီတွင် စန်းယှဉ်နေမည်ဖြစ်ပြီး (၁၆၊ ၉၊ ၂၀၁၃) နေ့ည (၂၂း ၁၂း ၂၆) နာရီမှ (၂၃း ၃၂း ၅၈) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်လက်ဖြတ်ကျော်မည်ဖြစ်ကာ ၁၆-၉-၂၀၁၃ ညနေ့ ည (၂၂း ၅၃း ၂၆) နာရီမှ (၂၃း ၄၉း ၃၉) နာရီအတွင်း ဓနသိဒ္ဓိနက္ခတ်သည် မွန်းတည့်မျဉ်းကို ဖြတ်ကျော်မည် ဖြစ်ပါသည်။

| လက်ဖြတ်ကျော်ချိန်ဇယား | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန်ဇယား | | |
|---|---|---|---|---|---|
| ရက် | စဝင်ချိန် | ထွက်ခွာချိန် | ရက် | စဝင်ချိန် | ထွက်ခွာချိန် |
| ၁ | ၂၁း ၀၆း ၃၀ | ၂၂း ၂၉း ၀၂ | ၁ | ၂၁း ၄၉း ၃၂ | ၂၂း ၄၆း ၃၆ |
| ၂ | ၂၁း ၀၂း ၃၄ | ၂၂း ၂၅း ၀၆ | ၂ | ၂၁း ၄၅း ၃၆ | ၂၂း ၄၂း ၄၀ |
| ၃ | ၂၀း ၅၈း ၃၈ | ၂၂း ၂၁း ၁၀ | ၃ | ၂၁း ၄၁း ၄၀ | ၂၂း ၃၈း ၄၄ |
| ၄ | ၂၀း ၅၄း ၄၄ | ၂၂း ၁၇း ၁၄ | ၄ | ၂၁း ၃၇း ၄၄ | ၂၂း ၃၄း ၄၈ |
| ၅ | ၂၀း ၅၀း ၄၈ | ၂၂း ၁၃း ၁၈ | ၅ | ၂၁း ၃၃း ၄၈ | ၂၂း ၃၀း ၅၂ |
| ၆ | ၂၀း ၄၆း ၅၂ | ၂၂း ၀၉း ၂၂ | ၆ | ၂၁း ၂၉း ၅၂ | ၂၂း ၂၆း ၅၆ |
| ၇ | ၂၀း ၄၂း ၅၆ | ၂၂း ၀၅း ၂၆ | ၇ | ၂၁း ၂၅း ၅၆ | ၂၂း ၂၃း ၀၀ |
| ၈ | ၂၀း ၃၈း ၀၀ | ၂၂း ၀၁း ၃၀ | ၈ | ၂၁း ၂၂း ၀၀ | ၂၂း ၁၉း ၀၄ |
| ၉ | ၂၀း ၃၄း ၀၄ | ၂၁း ၅၇း ၃၄ | ၉ | ၂၁း ၁၈း ၀၄ | ၂၂း ၁၅း ၀၈ |
| ၁၀ | ၂၀း ၃၀း ၀၈ | ၂၁း ၅၃း ၃၈ | ၁၀ | ၂၁း ၁၄း ၀၈ | ၂၂း ၁၁း ၂၂ |
| ၁၁ | ၂၀း ၂၆း ၁၂ | ၂၁း ၅၀း ၄၂ | ၁၁ | ၂၁း ၁၀း ၁၂ | ၂၂း ၇း ၄၆ |
| ၁၂ | ၂၀း ၂၂း ၁၆ | ၂၁း ၄၆း ၄၆ | ၁၂ | ၂၁း ၀၆း ၁၆ | ၂၂း ၀၃း ၅၀ |
| ၁၃ | ၂၀း ၁၈း ၂၀ | ၂၁း ၄၂း ၅၀ | ၁၃ | ၂၁း ၀၂း ၂၀ | ၂၁း ၅၉း ၅၄ |
| ၁၄ | ၂၀း ၁၄း ၂၄ | ၂၁း ၃၈း ၅၄ | ၁၄ | ၂၀း ၅၈း ၂၄ | ၂၁း ၅၅း ၅၈ |
| ၁၅ | ၂၀း ၁၀း ၂၈ | ၂၁း ၃၄း ၅၈ | ၁၅ | ၂၀း ၅၄း ၂၈ | ၂၁း ၅၂း ၀၂ |
| ၁၆ | ၂၀း ၀၆း ၃၂ | ၂၁း ၃၀း ၀၂ | ၁၆ | ၂၀း ၅၀း ၃၂ | ၂၁း ၄၈း ၀၆ |
| ၁၇ | ၂၀း ၀၂း ၃၆ | ၂၁း ၂၆း ၀၆ | ၁၇ | ၂၀း ၄၆း ၃၆ | ၂၁း ၄၄း ၁၀ |
| ၁၈ | ၁၉း ၅၈း ၄၀ | ၂၁း ၂၂း ၁၀ | ၁၈ | ၂၀း ၄၂း ၄၀ | ၂၁း ၄၀း ၁၄ |
| ၁၉ | ၁၉း ၅၄း ၄၄ | ၂၁း ၁၈း ၁၄ | ၁၉ | ၂၀း ၃၈း ၄၄ | ၂၁း ၃၆း ၁၈ |
| ၂၀ | ၁၉း ၅၀း ၄၈ | ၂၁း ၁၄း ၁၈ | ၂၀ | ၂၀း ၃၄း ၄၈ | ၂၁း ၃၂း ၂၂ |
| ၂၁ | ၁၉း ၄၆း ၅၂ | ၂၁း ၁၀း ၂၂ | ၂၁ | ၂၀း ၃၀း ၅၂ | ၂၁း ၂၈း ၂၆ |
| ၂၂ | ၁၉း ၄၂း ၅၆ | ၂၁း ၀၆း ၂၆ | ၂၂ | ၂၀း ၂၆း ၅၆ | ၂၁း ၂၄း ၃၀ |
| ၂၃ | ၁၉း ၃၈း ၀၀ | ၂၁း ၀၂း ၃၀ | ၂၃ | ၂၀း ၂၃း ၀၀ | ၂၁း ၂၀း ၃၄ |
| ၂၄ | ၁၉း ၃၄း ၀၄ | ၂၀း ၅၈း ၃၄ | ၂၄ | ၂၀း ၁၉း ၀၄ | ၂၁း ၁၆း ၃၈ |
| ၂၅ | ၁၉း ၃၀း ၀၈ | ၂၀း ၅၄း ၃၈ | ၂၅ | ၂၀း ၁၅း ၀၈ | ၂၁း ၁၂း ၄၂ |
| ၂၆ | ၁၉း ၂၆း ၁၂ | ၂၀း ၅၀း ၄၂ | ၂၆ | ၂၀း ၁၁း ၁၂ | ၂၁း ၀၈း ၄၆ |
| ၂၇ | ၁၉း ၂၂း ၁၆ | ၂၀း ၄၆း ၄၆ | ၂၇ | ၂၀း ၀၇း ၁၆ | ၂၁း ၀၄း ၅၀ |
| ၂၈ | ၁၉း ၁၈း ၂၀ | ၂၀း ၄၂း ၅၀ | ၂၈ | ၂၀း ၀၃း ၂၀ | ၂၁း ၀၀း ၅၄ |
| ၂၉ | ၁၉း ၁၄း ၂၄ | ၂၀း ၃၈း ၅၄ | ၂၉ | ၁၉း ၅၉း ၂၄ | ၂၀း ၅၆း ၅၈ |
| ၃၀ | ၁၉း ၁၀း ၂၈ | ၂၀း ၃၇း ၅၈ | ၃၀ | ၁၉း ၅၅း ၂၈ | ၂၀း ၅၃း ၀၂ |



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီး၏စစ်ရိပ်စစ်ငွေ့များ ယှက်သန်းလာသည်နှင့် သူလျှို သို့မဟုတ် အင်္ဂလိပ်ဘာသာအားဖြင့် Spy (စပိုင်) ဟူသော ဝေါဟာရကို လူတိုင်း ကြားဖူးနားဝရှိကြသည်။ စစ်ကြိုခေတ်၌ လူလူသူသူ ဖြစ်လာကြရသော ကျွန်တော်တို့အဖို့ နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေသော 'ဂျပန်သူလျှို' ဟူသော စာအုပ်နှင့် ပထမကမ္ဘာစစ်ကြီးအတွင်းက ဟိုးဟိုးကျော်ခဲ့သော အမျိုးသမီး သူလျှို 'မာတာဟာရီ' ၏အတ္ထုပ္ပတ္တိကိုလည်း ဖတ်ရှုခဲ့ကြရ၏။

*(ထိုဝတ္ထုကို ဆရာတက်တိုးက မြန်မာဘာသာပြန်ဆို၍ နဂါးနီစာအုပ်တိုက်မှ ထုတ်ဝေခဲ့ပါသည်။)*

သို့ဖြစ်၍ စပိုင် ဆိုသည်မှာ သူလျှို၊ သူလျှို ဆိုသည်မှာ စပိုင်နှင့်တူညီသောဝေါဟာရ ဖြစ်သည်ဟု နားလည်ထားခဲ့ကြသည်။ စပိုင် ဟူသော အင်္ဂလိပ်ဝေါဟာရကို ကျွန်တော်တို့က မွေးစားခဲ့ကြပြီး အင်္ဂလိပ်စပိုင်၊ ဂျပန်စပိုင် ဟူ၍ လူတိုင်းပြောကြဆိုကြရာမှ ထိုဝေါဟာရမှ ကျွန်တော်တို့ မီးဖိုချောင်သုံး ဝေါဟာရ ဖြစ်လာခဲ့၏။

အမှန်အားဖြင့် သူလျှို ဆိုသော ပုဂ္ဂိုလ်သည် ယနေ့ သိပ္ပံပညာ အံ့မခန်း တိုးတက်နေသောခေတ်မှ ပေါ်ပေါက်လာသော ရွှေကြာပင် မဟုတ်ပါ။ ကမ္ဘာ့သမိုင်းတင်ရသည့်ကာလကပင် စတင်ပေါ်ပေါက်ခဲ့သည်ဟု သုတေသီများက ဆိုကြသည်။ ကျွန်တော်တို့ ဇာတ်ဝတ္ထု ဘာသာရေးကျမ်းဂန်များတွင်သာမက ခရစ်ယာန်ဘာသာဝင်တို့၏ သမ္မာကျမ်းစာလာ ဝတ္ထုများတွင် ဤ အထောက်တော် သို့မဟုတ် သူလျှိုများအကြောင်း ပါဝင်ပါသည်။ သူတို့သည် မင်းရေးမင်းတာ တိုင်းရေးပြည်ရာများ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ကြပါသည်။ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်မက်ဖြစ်ပွားလာသောအခါများတွင် သူတို့သည် ထူးထူးခြားခြား ထင်ပေါ်ကြပါသည်။ သူတို့၏ ထက်မြက်သောအရည်အချင်းကြောင့် ကမ္ဘာ့သမိုင်းတွင် ဖြစ်ပွားခဲ့ပြီးသောစစ်ပွဲများသည် မမျှော်လင့်ဘဲ ပြောင်းလဲမှုများ၊ အကျိုးသက်ရောက်မှုများ၊ နိုင်ငံရေးပြောင်းလဲမှုကြီးများ ကြုံတွေ့ကြရပါသည်။

မျက်မှောက်ခေတ်တွင်မူ သူလျှို သို့မဟုတ် စပိုင် ဟူသော ဝေါဟာရအစား Agent ဟူ၍ လည်းကောင်း၊ Intelligent ဟူ၍ လည်းကောင်း ခေတ်သုံးစကားပြောင်းလဲ၍ အသုံးပြုခဲ့ကြသည်။ စစ်ရေး၊ နိုင်ငံရေးသာမက နည်းပညာ အတတ်ပညာများတွင် တစ်ဦး၏ဗျူဟာထွင်ချက်ကို တစ်ဦးက လက်ဦးအောင် သူလျှိုများ သုံးစွဲလာသည်ကို စာဖတ်သူများ သိရှိကြမည်ဟု ထင်ပါသည်။ ယခု ရေးသားဖော်ပြမည့်ဆောင်းပါးမှာ သက်ရှိစပိုင် သို့မဟုတ် သူလျှိုတစ်ယောက် ဆောင်ရွက်ခဲ့သည့် သည်းထိတ်ရင်ဖိုဖွယ် စွန့်စားခန်း မဟုတ်ပါ။ သက်မဲ့သူလျှိုတ ကင်ပွန်းတပ်ရမည့် စစ်ဆင်ရေးစီမံချက် စာရွက်စာတမ်းအတုများဖြင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ဂျပန်ဘုရင့်တပ်မတော်မှ အရာရှိကြီးများအား လှည့်စားရန် စီမံခဲ့ကြသော ဗြိတိသျှတပ်မှူးကြီးများ၏ သက်မဲ့သူလျှိုအကြောင်း ဖြစ်ပါသည်။ ထိုထူးခြားဖြစ်စဉ်မှာ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့ခြင်း ဖြစ်သော်လည်း စစ်ရေးလျှို့ဝှက်ချက်ဖြစ်သဖြင့် ဗြိတိသျှစစ်ဘက်ဆိုင်ရာတို့က ထိပ်တန်းလျှို့ဝှက်အဆင့် သတ်မှတ်ထားခဲ့၍ လူအများသိရှိခြင်းမရှိခဲ့။ သို့သော် ယခုအခါ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့သည်မှာ နှစ်ပေါင်း (၇၀) နီးပါးရှိခဲ့ရကား ကာလစည်းကမ်းကန့်သတ်ချက်များ ကုန်ဆုံးခဲ့သဖြင့် ပြည်သူအများ သိခွင့်ရခဲ့သော မြန်မာနိုင်ငံစစ်မျက်နှာမှ 'မှားတဲ့အခါလည်းမှားပေမပေါ့' ဟု ဆိုရမည့် ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။ ထိုဖြစ်ရပ်အား သက်ရှိသူလျှိုတစ်ဦးတစ်ယောက်မှ ပါဝင်ခြင်းမရှိ

# သက်မဲ့သူလျှို

**လှမိုး(ပညာရေး)**





www.burmeseclassic.com


www.burmeseclassic.com

စေဘဲ ဗြိတိသျှတပ်မှူးကြီးများက ပိပိရိရိ စီမံခဲ့သော တိုက်ပွဲလှည့်စားခြင်း စစ်ဆင်မှု ဟူ၍လည်း ခေါ် ဆိုနိုင်ပါသည်။

စစ်ရေးအရ မိမိတို့တပ်များသည် ရည်မှန်းချက်တစ်နေရာကို တိုက်ခိုက်ရန် စီမံထားသည်။ ထိုသို့ စီမံထားသည်ကို ရန်သူတို့က သိထား၏။ ဤကဲ့သို့ အခြေအနေမျိုးတွင် မိမိရန်သူ အထင်မှား အမြင်မှားဖြစ်အောင် သက်မဲ့သူလျှိုစာရွက်စာတမ်းများဖြင့် စစ်ဆင်ရေးအတု ပြုလုပ်ခြင်း ဖြစ်သည်။ ဤနည်းကို ကျွန်တော်တို့မြန်မာဘုရင်များခေတ်ကလည်း သုံးစွဲခဲ့ဖူးပါသည်။ သာဓကအားဖြင့် ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းတွင် လာရှိသည့် သံတွဲတိုက်ပွဲတွင် ပြိုင်ဘက်ရန်သူ အထင်လွဲစေရန် အစီအစဉ်တစ်ခုအား စီမံခဲ့သည်ကို ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရ၏။ မင်းရဲကျော်စွာ၏တပ်များသည် သံတွဲကို ရက်သတ္တပတ်ပေါင်း များစွာ ဝိုင်းရံထားရာ ရိက္ခာပြတ်လပ်ခြင်းနှင့်ကြုံရသည်။ ထိုစဉ်က သံတွဲအား ရာဇာဓိရာဇ်၏တပ်မင်း ဗြပိုက်က သိမ်းပိုက်ထား၏။ ဤတွင် ဗြပိုက်က မင်းရဲကျော်စွာ တပ်များ သံတွဲမှ ခွာစစ်ပြုသွားစေရန် လှည့်စားမှုစစ်ဆင်ရေးတစ်ခု ပြုလုပ်ရန် စီမံတော့သည်။ ထိုလှည့်စားချက်အရ သဝဏ်လွှာနှင့် မုန့်များ၊ အမွှေးအကြိုင်များထည့်ထားသော ရိက္ခာဘူးတစ်ခုကို ပဲခူးမြို့ဘက်မှလာသော ဆက်သားများအဖြစ် ဟန်ဆောင်ထားသူများက အခြားဝန်စည်စလယ်များဖြင့် သယ်ဆောင်လာဟန်ပြု၍ မင်းရဲကျော်စွာ၏တပ်များ မြင်နိုင်လောက်သောနေရာတွင် အဆိုပါ သဝဏ်လွှာပါသော ရိက္ခာဘူးနှင့် ဝန်စည်စလယ်များကိုချထားပြီး ထွက်ပြေးတိမ်းရှောင်သွားဟန်ပြုကြ၏။ ထိုရိက္ခာဘူးတွင်ပါသော သဝဏ်လွှာတွင် ရာဇာဓိရာဇ်၏ တပ်မကြီးများသည် ရိက္ခာပစ္စည်းများနှင့်တကွ ကြည်းကြောင်း၊ ရေကြောင်း ချီတက်လာခဲ့ပြီဖြစ်ရာ ရက်အနည်းငယ်အတွင်း သံတွဲသို့ ရောက်ရှိလာမည်ဟုရေးသားထား၏။ ဤသဝဏ်လွှာကို ဖတ်ရှုရသော မင်းရဲကျော်စွာသည် သူ့တပ်များအား ရာဇာဓိရာဇ်၏တပ်များသည် နှစ်ဖက်ညှပ်၍တိုက်လိမ့်မည်ဟု ယူဆကာ သံတွဲကို ဝိုင်းရံထားသည်မှ ခွာစစ်ပြုသွားခဲ့သည်။ သို့ဖြစ်၍ ဤကဲ့သို့ လှည့်စားကွက်စစ်ဆင်ရေးမှာ စစ်သမိုင်းတွင် အထူး အရေးပါ အရာရောက်ခဲ့သည်။

ပထမကမ္ဘာစစ်အတွင်းကလည်း ဂါဇာကမ်းမြောင်ဒေသတွင် တူရကီတို့နှင့် ဗြိတိသျှတို့သည် အပြင်းအထန် ကျားကုတ်ကျားခဲ တိုက်ခဲ့ကြ၏။ ဗြိတိသျှတို့ဘက်မှ အကျအဆုံးများခဲ့သည်။ ဒေသခံ တူရကီများအဖို့ နယ်မြေဒေသ ကျွမ်းခဲ့ရကား ဗြိတိသျှတပ်များမှာ အထိနာခဲ့သည်။ ဤတွင် ဗြိတိသျှတပ်မှူး ဖြစ်သူသည် တူရကီတပ်တို့အား လှည့်စားကွက် စစ်ဆင်ရေးပြုလုပ်ရန် စီမံရတော့၏။

ဤဒေသတွင် ဗြိတိသျှစစ်သေနာပတိဖြစ်သူမှာ ဗိုလ်ချုပ်ကြီးအယ်လင်ဗီ ဖြစ်သည်။ ဂါဇာကမ်းမြောင်တပ်မှူး မိန်နက်ဇေဂင်သည် တပ်မှူးကြီး အယ်လင်ဗီ၏သဘောတူညီချက်နှင့် စစ်ဆင်




ရေးစီမံချက်အတုတစ်ခုကို ပြုလုပ်ခဲ့သည်။ ဗိုလ်ချုပ် အယ်လင်ဗီ၏ လက်မှတ်အတုကိုလည်း စနစ်တကျတူအောင် ပြုလုပ်ပြီး သော့ခတ်ထားသည့် သံမဏိသေတ္တာငယ်တစ်လုံးဖြင့် ထည့်၏။ ထိုသက်မဲ့သူလျှို အတုအယောင်စာရွက်စာတမ်းများအား ဗြိတိသျှတပ်မှ ဆက်သားများက တူရကီတပ်သားများ စခန်းချထားသည့်နေရာနှင့် မလှမ်းမကမ်းသို့ ချဉ်းကပ်သွားစေသည်။


တူရကီတပ်သားများသည် ဗြိတိသျှဆက်သားများကို မြင်သည်နှင့် သေနတ်များဖြင့် လှမ်း၍ပစ်ခတ်ခဲ့သည်တွင် ဆက်သားဟန်ဆောင်ထားသော ဗြိတိသျှတပ်သားများက စစ်ဆင်ရေးအတုပြုလုပ်ထားသောစာရွက်စာတမ်းများထည့်ထားသည့် သံမဏိသေတ္တာငယ်အား တူရကီတပ်သားများမြင်သာလောက်သည့်နေရာတွင် ပစ်ချထားခဲ့ပြီး ကိုယ်လွတ်ရုန်း၍ ထွက်ပြေးသည့်ဟန်ဆောင်ကြသည်။ တူရကီစစ်သားများကလည်း စစ်ဆင်ရေးအတုအယောင် သက်မဲ့သူလျှိုများပါသော သံမဏိသေတ္တာကို တူရကီစစ်ဦးစီးချုပ်ထံ ပေးပို့ကြသည်။ တူရကီစစ်အာဏာပိုင်များကမူ သူတို့ဖမ်းဆီးရသော စစ်ဆင်ရေးအတု စာရွက်စာတမ်းများကို စစ်ဆင်ရေး အစစ်အမှန်ထင်ကြသဖြင့် ဂါဇာကမ်းမြောင်ဒေသတွင် ချထားခဲ့သည့် တူရကီတပ်ရင်းများကို ရွှေ့ပြောင်းခဲ့ကြသောကြောင့် ဗြိတိသျှတို့က အောင်ပွဲခံလိုက်ရသည်။ ဤကဲ့သို့ စစ်ဆင်ရေးအတုများကို စနစ်တကျပြုလုပ်၍ ဂျပန်ဘုရင့်တပ်မတော်မှတပ်မှူးကြီးများအား လှည့်စားရန် ဗြိတိသျှတပ်မှူးကြီးများက မြန်မာနိုင်ငံ စစ်မျက်နှာတွင် ပြုလုပ်ခဲ့ကြသည်ဟုဆိုလျှင် စာဖတ်သူများ တအံ့တသြဖြစ်ကြမည် ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းကိစ္စကို ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီးနောက် ဗြိတိသျှတပ်မှူးကြီးများ ရေးသားထုတ်ဝေသော ကိုယ်ရေးအတ္ထုပ္ပတ္တိများတွင် ဖော်ထုတ် ရေးသားခြင်းမပြုဘဲ ရေငုံနှုတ်ပိတ်နေခဲ့ကြသောကြောင့် ဖြစ်သည်။ နောင်အခါ ထိပ်တန်းလျှို့ဝှက်ချက်များကို သတ်မှတ်ထားသည့် ကာလစည်းကမ်းချက်များ ကုန်ဆုံးခဲ့ပြီးမှ ရေးသားထုတ်ဝေသော မြန်မာနိုင်ငံ တိုက်ပွဲစဉ်များတွင် ဗြိတိသျှတပ်မှူးငယ်များက ဝန်ခံရေးသားခဲ့ကြသဖြင့် ကျွန်တော်တို့ သိခွင့်ရခဲ့သည်။ ဤထူးခြားဖြစ်စဉ်ကား အောက်ပါအတိုင်း ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်သည် အရှေ့တောင်အာရှသို့ ၁၉၄၁ ခု၊ ဒီဇင်ဘာလ (၇) ရက်နေ့တွင် ကူးစက်လာခဲ့သည်။ မှန်ပါသည်။ ဂျပန်ဘုရင့်ရေတပ်မတော်မှ လေယာဉ်ပျံများသည် အမေရိကန်ပြည်ထောင်စု၏ ရေတပ်စခန်းတစ်ခုဖြစ်သော ပုလဲဆိပ်ကမ်းအား စစ်ကြေညာခြင်းမရှိဘဲ အလစ်ဝင်ရောက် တိုက်ခိုက်ဗုံးကြဲခြင်းဖြင့် ဒုတိယကမ္ဘာစစ်မီးသည် ကျွန်တော်တို့ မြန်မာနိုင်ငံ အပါအဝင် အရှေ့တောင်အာရှနိုင်ငံများသို့ ကူးစက်လာခဲ့ကြသည်။ ထိုစဉ်က အိန္ဒိယရှိ ဗြိတိသျှ စစ်သေနာပတိကြီး ဝေဗယ်နှင့် စစ်ဌာနချုပ်ရှိ ဗိုလ်ချုပ်များက ဂျပန်ဘုရင့်တပ်မတော်သည် ခပ်ညံ့ညံ့တပ်မတော်ဟု မှတ်ယူထားသည်။ သူတို့သည် ဂျပန်ဘုရင့်တပ်မတော်သားများနှင့်တပ်မှူးကြီးတို့၏အစဉ်အလာ၊ သူရသတ္တိ



www.burmeseclassic.com

www.burmeseclassic.com



ရှိမှု၊ နိုင်ငံအတွက် အသက်စွန့်ရန် ဝန်လေးခြင်းမရှိမှုနှင့် တရုတ်နိုင်ငံတွင် နှစ်ပေါင်းများစွာ စစ်ကြေညာခြင်း မရှိဘဲ တိုက်ခိုက်နေခဲ့သည့် အတွေ့အကြုံများကို လျှော့ပေါ့ တွက်ဆထားကြသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ကာကွယ်ရေးမှာ အားပျော့လျက်ရှိသည်။

ဗြိတိသျှဘုရင့်တပ်မတော်မှ တပ်မှူးကြီးများက ဂျပန်တို့သည် မြန်မာနိုင်ငံကို ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိမ့်မည်မဟုတ် ဟူ၍လည်း လျှော့ပေါ့တွက်ဆသည်။ ထိုစဉ်က စင်ကာပူတွင် တည်ဆောက်ထားသော ဗြိတိသျှအစိုးရ၏ခံတပ်ကြီးသည် အရှေ့တောင်အာရှရှိ မဟာမိတ်နိုင်ငံများကိုပါ အကာအကွယ်ပေးနိုင်သည်ဟုလည်း မှတ်ယူထားကြသည်။ စင်ကာပူရှိ ဗြိတိသျှအင်ပါယာကြီးမှ တပ်သားပေါင်း(၁၀၀,၀၀၀) ကျော်နှင့် ဗြိတိသျှဘုရင့်ရေတပ်မတော်မှ တိုက်သင်္ဘောကြီးများ၊ စင်ကာပူခံတပ်ကြီးမှ (၁၆) လက်မရှိသော အမြောက်ကြီးများ၏စွမ်းအင်ကြောင့် အကယ်၍ ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်အတွင်း ဝင်ရောက်လာပါက လပိုင်း၊ ရက်ပိုင်းအတွင်း လက်မြှောက်အရှုံးပေးသွားရပေလိမ့်မည် ဟူ၍လည်း မဟာမိတ်စစ်ဦးစီးအဖွဲ့က ခံယူထားသည်။

သို့သော် ဂျပန်တို့သည် ကာလအတော်အသင့်အကြာကပင် မြန်မာနိုင်ငံ၏ နိုင်ငံရေးခေါင်းဆောင်ပိုင်းအတွင်း ထိုးဖောက် စည်းရုံးနိုင်ခဲ့သည်သာမက ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာ၍ အင်္ဂလိပ်တို့အခက် ဗမာ့အချက်ဟု ယူဆထားသော မြန်မာလူငယ်မျိုးချစ်တို့အဲတွင်းသို့လည်း စိမ့်ဝင်စည်းရုံးထားပြီး ဖြစ်သည်။ ၁၉၄၂ ခုနှစ် နှစ်ဆန်းစကပင် ဂျပန်ဘုရင့်တပ်မတော်မှ တပ်မကြီး အမှတ် (၅၅) သည် ယိုးဒယား-မြန်မာနယ်စပ်တွင် အခွင့်သာသည့်နေ့၌ မြန်မာနိုင်ငံအတွင်း ထိုးဖောက်တိုက်ခိုက်ရန် အသင့်ပြင်ထားပြီး ဖြစ်၏။ ထိုစဉ်က ယိုးဒယားနိုင်ငံသည် ကြားနေနိုင်ငံ ဖြစ်သဖြင့် ဗြိတိသျှတို့သည် ယိုးဒယားနိုင်ငံကို လေးစားသည့်အနေဖြင့် သူလျှိုများထားရှိခဲ့ခြင်းမရှိသဖြင့် ယိုးဒယားရှိ ဂျပန်တပ်များ၏လှုပ်ရှားမှု၊ မြန်မာ့လွတ်လပ်ရေးတပ်မတော်ဖွဲ့စည်းမှု၊ စစ်ကြောင်းများအသင့်ပြင်ဆင်မှု သတင်းအချက်အလက်များ မရခဲ့။ မှတ်တမ်းများအရ ထိုစဉ်က ယိုးဒယားတပ်မတော်မှ အရာရှိများသည် ဂျပန်ဘုရင့်တပ်များအတွက် လိုအပ်သောအကူအညီများ ပေးခဲ့ကြသည်။ ဂျပန်တပ်မကြီးမှ တပ်မှူးကြီးတာကေဥချိ ခေါင်းဆောင်သော ဂျပန်ဘုရင့်တပ်များနှင့် မြန်မာ့လွတ်လပ်ရေးတပ်မတော်မှ စစ်ကြောင်းများသည် တနင်္သာရီတိုင်းရှိ တောတောင်အထပ်ထပ်ကို ဖြတ်ကျော်၍ မြန်မာနိုင်ငံနယ်စပ်သို့ ချီတက်လာခဲ့ကြသည်။ ထိုအချိန်ထိ ဗြိတိသျှတပ်မှူးကြီးများနှင့် နယ်ဘက်မှ အုပ်ချုပ်ရေးအရာရှိအများကမူ မြန်မာလူထုသည် ဂျပန်ဘုရင့်တပ်များ မြန်မာနိုင်ငံအတွင်း ထိုးဖောက်ချီတက်လာပါက အုံကြွ၍ ဗြိတိသျှတို့အား အကူအညီပေးကြလိမ့်မည်ဟု လွဲမှားစွာ မျှော်လင့်ထားခဲ့ကြ၏။

ဂျပန်ဘုရင့်တပ်မတော်နှင့် မြန်မာ့လွတ်လပ်ရေးတပ်မတော်တို့ ထိုးစစ်စတင်ခဲ့သည့် ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်ပိုင်းတွင်းမှာပင် တနင်္သာရီတောင်ပိုင်းရှိ အရေးပါ အရာရောက်သော ထားဝယ်၊ မြိတ်၊ ကော့သောင်းလေယာဉ်ပျံကွင်း (၃) ကွင်းမှာ ဂျပန်တို့လက်အောက်သို့ ကျရောက်ခဲ့ရတော့၏။ ဂျပန်တပ်တို့အတွက် မြန်မာ့လွတ်လပ်ရေးတပ်မတော်၏အကူအညီ၊ ပြည်သူလူထု၏ပံ့ပိုးမှုကြောင့် မြန်မာနိုင်ငံကို သိမ်းပိုက်နိုင်ရန် သေချာသလောက်ဖြစ်သွားပြီး ဗြိတိသျှတို့အဖို့ အောင်မြင်စွာ ဆုတ်ခွာစပြုခဲ့ရတော့၏။

ဤကဲ့သို့ ဗြိတိသျှတို့နှင့် ဂျပန်ဘုရင့်တပ်မတော်မှ စစ်ကြောင်းများ၊ မြန်မာ့လွတ်လပ်ရေးတပ်မတော်မှ စစ်ကြောင်းများ ကျားကုတ်ကျားခဲ တိုက်ခိုက်နေစဉ် ချန်ကေရှိတ်၏တရုတ်တပ်များလည်း မြန်မာပြည်တိုက်ပွဲစဉ်တွင် ပါဝင်ပါမည်ဟု ချန်ကေရှိတ်က ဗြိတိသျှစစ်သေနာပတိအား ကမ်းလှမ်းခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ချန်ကေရှိတ်အစိုးရအား အနောက်နိုင်ငံတို့သည် စစ်လက်နက်ခဲယမ်း မီးကျောက်များ အပါအဝင် စစ်ရေးအကူများကို ရန်ကုန်မှတစ်ဆင့် ထောက်ပံ့နေသောကြောင့် ဖြစ်သည်။ ဗြိတိသျှစစ်သေနာပတိ ဝေဗယ်ကမူ ချန်ကေရှိတ်၏ အမှတ် (၆) တပ်မတော်ကို မြန်မာနိုင်ငံတိုက်ပွဲစဉ်များတွင် ပါဝင်လာစေသည်။ ထိုစဉ်က မြန်မာနိုင်ငံ တိုက်ပွဲစဉ်များတွင် အဓိကတာဝန်ယူနေကြရသူများမှာ ဝါရင့်ဗိုလ်ချုပ်ကြီးများဖြစ်သော အလက်ဇန္ဒားနှင့် ဗိုလ်ချုပ်ကြီးစလင်းတို့ ဖြစ်ကြသည်။ သူတို့သည် ဝါရင့် အတွေ့အကြုံများသော ဗိုလ်ချုပ်ကြီးများ ဖြစ်ကြသည်။ သို့သော် ဂျပန်ဘုရင့်တပ်မတော်မှတပ်များသည် မြန်မာ့လွတ်လပ်ရေးတပ်မတော်နှင့် မြန်မာပြည်သူလူထု၏ အကူအညီကြောင့် သံလွင်မြစ်နှင့် စစ်တောင်းမြစ်ကူးတိုက်ပွဲများ ပြီးဆုံးသည်နှင့် မြန်မာနိုင်ငံရှိ မဟာဗျူဟာမြောက်နေရာများကို ဗြိတိသျှတို့သည် တစ်နေရာပြီး တစ်နေရာ လက်လွှတ်ခဲ့ရတော့၏။

၁၉၄၂ ခု၊ မတ်လ (၈) ရက်နေ့တွင် ဂျပန်တပ်များနှင့် မြန်မာ့လွတ်လပ်ရေးတပ်မတော်သည် ရန်ကုန်ကို သိမ်းပိုက်နိုင်ခဲ့ကြပြီး မတ်လ (၃၀) ရက်နေ့တွင် တောင်ငူမြို့ ကျခဲ့ရ၏။ ဧပြီလ (၂) ရက်နေ့တွင် ဗြိတိသျှတို့သည် ပြည်မြို့မှ အောင်မြင်စွာ ဆုတ်ခွာခဲ့ကြရသည်။ ဧပြီလ (၁၆) ရက်နေ့တွင် မကွေးမြို့ကို လက်လွှတ်ခဲ့ရပြန်သည်။

မဟာမိတ်တို့သည် ရေနံမြေကို လက်လွှတ်ခဲ့ရပြီး မန္တလေးသို့ ဆုတ်ခွာလာခဲ့ကြရသည်။ တရုတ်တပ်များလည်း



www.burmeseclassic.com

www.burmeseclassic.com




ဂျပန်တပ်များကို အထိုက်အလျောက် ခုခံကာကွယ်ကြသော်လည်း စိမ့်ဝင်လာသော ဂျပန်စစ်ကြောင်းများကြောင့် ဧပြီလ၏ နောက်ဆုံး ရက်သတ္တပတ်တွင်မူ မဟာမိတ်စစ်ကြောင်းများသည် ဧရာဝတီမြစ်ကို စစ်ကိုင်းတံတားမှ ဖြတ်ကူးနိုင်ရန် ဆုတ်ခွာလာခဲ့ကြသည်။ ဂျပန်တပ်တို့မှာ မဟာမိတ်စစ်ကြောင်းများကို အနီးကပ်လိုက်နေသည့်အခြေအနေ မရှိသော်လည်း ဂျပန်လေတပ်မတော်မှလေယာဉ်များသည် မဟာမိတ် စစ်ကြောင်းများကို နေ့ရော ညပါ အချိန်ပြည့်နီးပါး ဗုံးကြဲတိုက်ခိုက်ခဲ့ကြသဖြင့် မဟာမိတ်တပ်များအားလုံး တရုတ်တပ်များအပါအဝင် စစ်ကိုင်းတံတား (အင်းဝတံတား) မှ ဧပြီလ (၃၀) ရက်နေ့တွင် အပြီးသတ်ဆုတ်ခွာကြပြီး တံတားကြီးကို ဖောက်ခွဲဖျက်ဆီးမည်ဟု စီမံခဲ့ရသည်။

ဤတွင် မဟာမိတ်တပ်မှူးကြီးများသည် ဂျပန်ဘုရင့်တပ်မတော်မှ တပ်မှူးများကို လှည့်စားရန် စစ်ဆင်ရေးအတုအယောင်များပြုလုပ်၍ စနစ်တကျ စီမံခဲ့ကြသည်။ စစ်ဆင်ရေးစာရွက်စာတမ်း အတုအယောင်များကို ရေးသားရသူမှာ ဗြိတိသျှတပ်မှ ဒုတိယဗိုလ်မှူးကြီး ပီတာဖလင်းမင်း ဖြစ်သည်။ ပီတာဖလင်းမင်းမှာ ဒုတိယစစ်ကြီးကာလက အောင်မြင်ပေါက်ရောက်သော စာရေးဆရာတစ်ဦး ဖြစ်ပါသည်။

ဒုတိယဗိုလ်မှူးကြီး ဖလင်းမင်းနှင့်အဖွဲ့သည် ထိုစဉ်က မဟာမိတ်စစ်သေနာပတိ ဝေဗယ်ထံမှ လျှို့ဝှက်ပေးပို့သော စီမံချက်စာရွက်စာတမ်း အတုအယောင်များကို ဗိုလ်ချုပ်ကြီး အလက်ဇန္ဒားထံလိပ်မူ၍ ရေးသည့်အတိုင်း ရေးသားကြသည်။ ထိုစီမံချက်တွင် မြန်မာနိုင်ငံစစ်မျက်နှာသို့ အိန္ဒိယမှ အလျင်အမြန်ပေးပို့မည့်တပ်များ၊ သံချပ်ကာတပ်များ စသည်တို့ကို ဗိုလ်ချုပ်ကြီးဝေဗယ်၏တံဆိပ်ပါသည့် စာဘူးတစ်ခုတွင် စနစ်တကျ ထည့်သွင်းပြီး ထိုစာဘူးကို မော်တော်ကားတစ်စင်းပေါ်တွင် အသင့်တင်ထားခဲ့သည်။ ထိုစာများတွင် မြန်မာနိုင်ငံသို့ ရက်ပိုင်းအတွင်းပို့မည့် စစ်အင်အားကို ချဲ့ထွင်လုပ်ကြံရေးထားခဲ့၏။ ဤစာဘူးတင်ထားသော မော်တော်ကားကိုလည်း ပတ်ဝန်းကျင်ရှိ မြန်မာလူထုသိစေရန် စီစဉ်ထားခဲ့၏။

ဧပြီလ (၃၀) ရက်နေ့တွင် အင်းဝတံတားကြီးအား ဖောက်ခွဲပြီးသည်နှင့် ထိုစစ်ဆင်ရေး အတုအယောင်များပါသော စာဘူးတင်ထားသည့် မော်တော်ကားကို ချောက်ကမ်းပါးတစ်ခုအတွင်း တွန်းချထားခဲ့ပြီး မဟာမိတ်တို့ ဆုတ်ခွာခဲ့ကြသည်။ စစ်သေနာပတိဝေဗယ်နှင့် မဟာမိတ်ဗိုလ်ချုပ်ကြီးများကမူ ဤစစ်ဆင်ရေးအတုများကို ဂျပန်စစ်ဘက်အာဏာပိုင်များရရှိသွားသဖြင့် ၁၉၄၂ ခုနှစ်တွင် အိန္ဒိယနိုင်ငံအတွင်း ဂျပန်ဘုရင့်တပ်များ ဆက်လက် ထိုးစစ်ဆင်ခြင်း မပြုခဲ့ဟု ယူဆခဲ့သည်။ သို့သော် ၁၉၄၅ ခုနှစ်တွင် စစ်သုံ့ပန်းဘဝသို့ ရောက်ရှိခဲ့သော ဤစစ်မျက်နှာမှ ဂျပန်ဘုရင့်တပ်မတော်မှ ဗိုလ်ချုပ်အားလုံးကမူ ယင်းစစ်ဆင်ရေးအတုအကြောင်း လုံးဝကြားသိခြင်းမရှိခဲ့ဟု ဆိုကြသည်။ စစ်သုတေသီများကမူ ရက်အနည်းငယ်အတွင်း မုတ်သုံမိုး ဝင်ရောက်တော့မည်ဖြစ်၍ ဂျပန်ဘုရင့်တပ်မတော်မှ စစ်ကြောင်းများ ဆက်လက် ထိုးစစ်ဆင် တိုက်ခိုက်ခြင်းမရှိဟု ဆိုကြပါကြောင်း။

လှမိုး(ပညာရေး)

Ref;
1. The Longest War (1941-1945)
2. The Emperor's Codes.
By M.Smith.



www.burmeseclassic.com

www.burmeseclassic.com



# ဆေးစွမ်းထက်သော သဘာဝကျောက်သွေး

(ကျောင်းဆရာ)
အောင်ဘုန်းမြင့်

**ဆေးဝါးအမျိုးမျိုး**

ရှေးမဆွက လူသားတို့သည် ဆေးပင်၊ ဆေးမြစ်၊ ဆေးရွက်များကို သဘာဝအတိုင်း အသုံးပြုခဲ့ကြ၏။ မီးကို တွေ့ရှိလာပြီးနောက် ချက်ပြုတ်၍ စားသုံး သောက်သုံးကြပြန်၏။ ထို့နောက် ပိုမိုအစွမ်းထက်မြက်လာအောင် အမျိုးမျိုးအဖုံဖုံ ဖော်စပ်အသုံးပြုရသော နည်းနိဿယများ ထွန်းကားလာခဲ့သည်။

သဘာဝအတိုင်း စားသုံးမှီဝဲလျှင် အစွမ်းအာနိသင် ထက်မြက်သော ဆေးများတွင် ပျားရည်နှင့်သဘာဝကျောက်သွေးသည် လွန်စွာ လူသိများ၊ အသုံးများကြ၏။ ပျားရည်သည် ပျားသတ္တဝါများမှ ဓာတ်ပြောင်းလာသော ပန်းစုံ ဇီဝဓာတ်ခံဆေးမျိုးဖြစ်ပြီး ကျောက်သွေးသည် သဘာဝဓာတ်ပစ္စည်းများ စုပေါင်းဖွဲ့တည်၍ ဖြစ်ပေါ်လာရသော သဘာဝဆေးစစ်စစ် ဖြစ်သည်။ ပျားရည်ကို ပျားမွေးမြူ၍ ပွားယူနိုင်သော်လည်း သဘာဝကျောက်သွေးကိုမူ ဖန်တီးယူနိုင်မည် မဟုတ်ပါ။ သို့ဖြစ်၍ သဘာဝကျောက်သွေးသည် လွန်စွာရှားပါး၍ တန်ဖိုးကြီးမြင့်ပါသည်။

သဘာဝဆေးများတွင် ဆေးစွမ်းအာနိသင် အမျိုးမျိုး ရှိသည်။ ရောဂါများကို ကုသ ပျောက်ကင်းစေနိုင်သော တိုက်ဆေး၊ အထူးသဖြင့် အနောက်တိုင်းဆေးဝါးများကို ဆိုလိုသည်။ ရောဂါဘယများကို သက်သာ ကောင်းလာအောင် ကာကွယ်ပေးနိုင်သော ကာဆေး၊ ကြိုတင် သောက်သုံးမှီဝဲခြင်းဖြင့် ရောဂါအပေါင်း မဝင်ရောက်နိုင်အောင် ခုခံပေးသော ခံဆေး၊ အစဉ်အမြဲ မှီဝဲခြင်းဖြင့် ကျန်းမာအသက်ရှည်စေနိုင်သော မှီဆေး ဟူ၍ ဆေးအကျိုးသွားအမျိုးမျိုးရှိရာ၌ ယခုတင်ပြမည့်သဘာဝကျောက်သွေးဆေးသည် တိုက်ဆေး၊ ကာဆေး၊ ခံဆေး၊ မှီဆေးအဖြစ် အမျိုးမျိုး ဖော်စပ်အသုံးပြုနိုင်သော ဘက်စုံထည်လဲအသုံးပြုနိုင်သည့် သဘာဝဆေးမျိုး ဖြစ်ပါသည်။

**သဘာဝကျောက်ဆေး**

သွေးသားကို အထူးအားကောင်းစေသော ဆေးမျိုးတွင် ပါဝင်လေ၏။ သံဓာတ်ပြည့်ဝသော သဘာဝကျောက်သွေးဆေးများသည် အလွန် တောတောင်ထူထပ်သည့် တောနက် လျှိုမြောင် ကျောက်ကမ်းပါး၊ ကျောက်တောင် ကျောက်စွယ်များနှင့် သွားလာရန် ခက်ခဲသော ကျောက်ဆောင်ကြီးများတွင် အလိုအလျောက် ယိုကျစီးဆင်းနေတတ်သော လွန်စွာရှားပါးသည့် သဘာဝဆေးအဆီတစ်ပါး ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း သဘာဝကျောက်သွေး ရှာဖွေရရှိနိုင်သောဒေသများမှာ ကချင်ပြည်နယ် ပူတာအို၊ မြစ်ကြီးနား၊ ဗန်းမော်၊ ဝိုင်းမော်မြို့နယ်များဖြစ်သည်။ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများတွင် အနည်းအကျဉ်း ရှာဖွေရရှိနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းဒေသများ၌လည်း တွေ့ရှိရတတ်ပါသည်။ တောတောင်နက်လေ၊ တွေ့ရှိနိုင်လေ ဖြစ်သည်။

သဘာဝကျောက်သွေးများသည် ရှေးနှစ်ပေါင်းထောင်ချီ၍ တည်ရှိလာခဲ့သော ကျောက်တောင်၊ ကျောက်ဆောင်ကြီးများတွင် ဓာတ်ပစ္စည်းတစ်မျိုးနှင့်တစ်မျိုး ပေါင်းစပ်ဓာတ်ပြုပြီး ရေဓာတ်၊ လေဓာတ်၊ မြေဓာတ်၊ နေဓာတ်၊ အာကာသဓာတ် တည်းဟူသော ဓာတ်ကြီးငါးပါးတို့နှင့် ထိတွေ့ကာ အစွမ်းအာနိသင်ထက်မြက်သော သဘာဝဆေးဝါးအဖြစ် ဓာတ်ပြောင်းလဲ၍ တဖြည်းဖြည်း ယိုစီးဆင်းလာသော နတ်ပေးဆေးဖြစ်သည်။

ကျောက်သွေးဆေးသည် သွေးသားနှင့်ပတ်သက်သော ရောဂါဝေဒနာများအတွက် အစွမ်းထက် အားထားရမည့် ဆေးတစ်လက်ဖြစ်သဖြင့် တိုင်းရင်းဆေးသမားတော်ကြီးများက တန်ဖိုးထားသုံးစွဲကြရလေ၏။ သွေးဆေးအမျိုးမျိုး ဖော်စပ်ရာ၌ ကျောက်သွေးသည် မပါမဖြစ် အနည်းနှင့်အများ ပါရစမြဲ ဖြစ်လေသည်။

ကျောက်သွေးသည် လူသားတို့ကသာ အားကိုးရသောဆေးမျိုး မဟုတ်ဘဲ တောနေသတ္တဝါများကပါ အားထားကြရသောဆေး ဖြစ်ပါသည်။ တောတိရစ္ဆာန်များဖြစ်ကြသော ချေ၊ သမင်၊ စိုင်၊ ဆတ်၊ ကျား၊ မျောက်များနှင့် မျောက်သတ္တဝါ၊ ကျေးငှက်သာရကာများကပါ ဆေးအာဟာရအဖြစ် နှစ်သက်စွာ စားသုံးတတ်ကြသည်။

သို့ဖြစ်၍ ကျောက်သွေးထွက်သော တောနက်ကြီးများတွင် တောမှိုင်းတိရစ္ဆာန်များ စုံလင်စွာ ကျက်စားနေတတ်သဖြင့် ကျောက်သွေးရှာဖွေသူများအတွက် အန္တရာယ်ကြီးမားလှ၏။ အသက်နှင့်လဲ၍ စွန့်စားရသည်။ ကျောက်သွေးများကို၊ အထူးသဖြင့် တောလိုက်မုဆိုးများကသာ ရှာဖွေတွေ့ရှိတတ်ပြီး ဈေးကြီးပေး၍ ဝယ်ယူသုံးစွဲကြရသည်။

ကျောက်သွေးများကို ရှာဖွေ



www.burmeseclassic.com

www.burmeseclassic.com

ရှိလျှင်လည်း လွယ်လွယ်နှင့်မရနိုင်ပါ။ အလွန် မတ်စောက် မြင့်မားလှသော ကျောက်ကမ်းပါး၊ ကျောက်နံရံကြီးများ၌ တစိမ့်စိမ့်ယိုဆင်းနေကြသည့် ကျောက်သွေးများကို တောင်တက်သမားများမှာ သက်စွန့်ဆံဖျား သံစို့တက်များရိုက်၍ ခဲရာခဲဆစ်တွယ်တက်ပြီး ဝါးကျည်တောက်များဖြင့် အချိန်ယူစောင့်ဆိုင်း၍ ခံယူကြရသည်။ အချို့နေရာများတွင် သဘာဝကျောက်ခွက်ပေါက်များထဲ အလိုအလျောက် စိမ့်ဝင် အိုင်နေသည့်အတွက် ကျောက်သွေးကို တောတိရစ္ဆာန်များထက်စောအောင် အချိန်လု ခပ်ယူရသည်လည်း ရှိတတ်သည်။ တစ်ခါတစ်ရံ ကံဆိုးမိုးမှောင်ကျ၍ တောမုဆိုးကျားကောင်များနှင့် ဆုံရသဖြင့် တောလိုက်မုဆိုး အရှုံးပေးသွားရသည့်အခါမျိုးလည်း ရှိတတ်ပါသည်။

**ကျောက်သွေးဆေးအာနိသင်**

ကျောက်သွေးသည် ချို၊ ဖန်အရသာရှိ၏။ အေး၏။ သွေးနုံ့ကဲ့သို့ ညှီ၏။ သွေးကဲ့သို့ အနီရောင်ရှိပြီး အနည်းငယ်ခါးသက်သက်ရှိ၏။ အစာကို ကြေစေတတ်၏။ အသက်ကို ရှည်စေ၏။ ဖျဉ်းစွဲနာ၊ သွေးငုပ်နာ၊ သွေးမစင်ကြယ်၍ ဖြစ်တတ်သောရောဂါ၊ အသွေးအသားဆုတ်ယုတ်၍ ဖြစ်တတ်သောရောဂါ၊ ဆီးရောဂါ၊ လေနှင့်ယှဉ်၍ ဖြစ်တတ်သောဝေဒနာ၊ သွေးပျက်နာ၊ သုက်ကုန်ခန်းတတ်သောရောဂါ၊ သွေးကဲ့သို့ သုက်ယိုထွက်တတ်သောရောဂါ၊ ဓာတ်မီးပျက်သော ဒူလာနာ၊ ပဋိသန္ဓေပျက်တတ်သော သွေးပူနာ၊ သားအိမ်အားနည်း၍ ပဋိသန္ဓေ မတည်နိုင်သော ပိုးနာ၊ သွေးလေဓာတ်လေးပါးငုပ်၍ အနာဝင်သောရောဂါ၊ သွေး၊ လေ၊ သလိပ်၊ သည်းခြေ မညီညွတ်၍ ဖြစ်တတ်သောရောဂါ၊ အနာစိမ်း အရေပြားရောဂါအမျိုးမျိုး၊ အကြောင်းအမျိုးမျိုးကြောင့် ခန္ဓာကိုယ်တွင်း၌ ဒဏ်ဖြစ်သော ရောဂါများကို ကုသပျောက်ကင်းစေနိုင်သည်။

ကျောက်သွေးသည် သံဓာတ်ကြွယ်ဝသောကြောင့် သွေးနှင့်ပတ်သက်သောရောဂါများကို အထူးနိုင်၏။ ဆေးအာနိသင်တွင် အသံကို ကောင်းစေနိုင်သည်။ ကျန်းမာနုပျိုစေပြီး မျက်စိအလင်းကို ကြည်လင်စေနိုင်သည်။ သွေးအားကို ကောင်းစေပြီး သွေးဖြူဥများကို အကျိုးပြုသည်။ သွေး၊ လေ မညီညွတ်၍ ဖြစ်တတ်သောရောဂါ၊ သွေးအားနည်း၍ ဖြစ်တတ်သောရောဂါများကို လျင်မြန်စွာ ဖြည့်ဆည်းပေးနိုင်သောကြောင့် တစ်လတစ်ကြိမ် ရာသီအမှုပြုရသော အမျိုးသမီးများအတွက် လွန်စွာ သင့်မြတ်လှသော အားထားသင့်သည့် ဆေး ဖြစ်သည်။

**ကျောက်သွေးချက်ယူနည်း**

တောတောင် လျှိုမြောင်များမှ ရှာဖွေရရှိလာသော ကျောက်သွေးများကို ပြန်လည်သန့်စင်ယူရ၏။ ကျောက်သွေးအရိုင်းများကို ဒယ်အိုးကြီးများတွင် ထည့်၍ အနည်ထိုင်သွားအောင် နှပ်ထားရ၏။ အနည်ထိုင်သွားသောအခါ အခြားဒယ်အိုးသို့ ပြောင်းထည့်အနည်ထိုင်စေရ၏။ ထိုသို့ သုံးကြိမ်ပြုလုပ်ပြီးလျှင် ပထမနှင့် ဒုတိယ ဒယ်အိုးများတွင် ကပ်ကျန်ရစ်ခဲ့သော ကျောက်သွေးအကပ်များကို ရေနှင့်ကျင်း စစ်ယူ၍ မီးအေးအေးနှင့် မတူးမခြစ်အောင် ဖြည်းဖြည်းချင်း အချိန်ပေး၍ ကျိုရသည်။ ကျောက်သွေးများ စေး၍ ကြွက်မြီးတန်းလာသည့်အခါ မီးဖိုပေါ်မှချ၍ အအေးခံထားရမည်။ မအေးမီ အလိုရှိသော ပုံစံခွက်ထဲ ထည့်ထားနိုင်သည်။

ကျောက်သွေးရည်များ အေးစက်သွားလျှင် ရှားစေးတောင့် (သို့) ချိပ်တောင့် အခဲများကဲ့သို့ မာခဲသွားပါလိမ့်မည်။ မာခဲသွားသော ကျောက်သွေးခဲများကို လေမဝင်အောင်လုံလုံခြုံခြုံသိမ်းဆည်းထားရပါမည်။ လေသလပ်ခံထားလျှင် (သို့) လေထိဖန်များလျှင် ထန်းလျက်ကဲ့သို့ အရည်ပျော် ပျော့သွားတတ်ပါသည်။

ကျောက်သွေးစစ်,မစစ်သိလိုလျှင် ကျောက်သွေးအနည်းငယ်ကို ရေထည့်ထားသော ဖန်ခွက်ထဲ ထည့်ကြည့် စမ်းသပ်ရမည်။ ကျောက်သွေးစစ်လျှင် သွေးကဲ့သို့သော အနီရောင် အမျှင်တန်းများ ဖန်ခွက်ပေါ်သို့ ကြွတက်လာပါလိမ့်မည်။ အကယ်၍ ကျောက်သွေးမစစ်ပါက အနီရောင်များ ဖန်ခွက်အောက်ခြေ၌ ပုံ၍ ဝပ်စင်း ပျံ့နှံ့နေပါလိမ့်မည်။ လူလုပ်ကျောက်သွေးအတုများသည် ဆေးစွမ်းအာနိသင် အလျှင်းမရှိပါ။ အသုံးလည်း မပြုသင့်ပါ။

**ရိုးရာဆေးနည်းများ**

အရိုးကျိုးအက်၍ ဆေးစည်းခံထားသူများ ကျောက်သွေး ရွေးငယ်အရွယ်ပမာဏကို နေ့စဉ် ရေဖျော်သောက်ပေးပါက အရိုးဆက် မြန်စေနိုင်သည်။ အမျိုးသမီးများ သွေးသွန်၊ သွေးအန်၊ သွေးဝမ်းသွားလျှင် ကျောက်သွေး ရွေးကြီးအရွယ်ပမာဏခန့်ကို သကြားနှင့် တစ်နေ့သုံးကြိမ် နံနက်၊ နေ့လယ်၊ ည သောက်သုံးပေးက ပျောက်ကင်းစေနိုင်သည်။

ကျောက်သွေး ရွေးကြီးပမာဏခန့်ကို သကြားရည် (သို့) ဆန်ဆေးရည်နှင့်ဖျော်၍ နံနက်၊ နေ့လယ်၊ ည သောက်သုံးပေးလျှင် အသည်းရောင် အသားဝါရောဂါကို ပျောက်ကင်းစေနိုင်သည်။ ကျောက်သွေးအနည်းငယ်ကို သကြားရည် (သို့) ကြံရည်နှင့်ဖျော်၍ တစ်နေ့သုံးကြိမ် တိုက်ကျွေးပေးသော် အမျိုးသမီးများ သွေးသားဖောက်ပြန်ခြင်းကို ကောင်းစေနိုင်သည်။ သွေးသားမမှန်၍ ဖြစ်တတ်သော စိတ်ဝေဒနာများကို သက်သာစေနိုင်ပါသည်။

ကျောက်သွေး ရွေးကြီးပမာဏခန့်ကို နွားနို့စစ်စစ်နှင့် နေ့စဉ် မှီဝဲပေးပါက ပန်းသေ၊ ပန်းညှိုးရောဂါကို ကင်းပစေနိုင်သည်။ ထို့ပြင် စိတ်ဝေဒနာကိုလည်း တဖြည်းဖြည်း ကောင်းလာစေနိုင်သည်။ ကျောက်သွေး မန်ကျည်းစေ့ခန့်ပမာဏကို ရေနွေးနှင့်ဖျော်၍ နှစ်နာရီခြားတစ်ကြိမ် တိုက်ပေးလျှင် ကာလဝမ်းရောဂါ သက်သာပျောက်ကင်းနိုင်သည်။ ပူပြင်းသောနေရာသီ၌ သောက်ရေအိုးတွင် ကျောက်သွေး ဆီးစေ့ပမာဏခန့် စိမ်သောက်လျှင် တစ်အိမ်သားလုံး ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိစေနိုင်သည်။

ကျောက်သွေးအနည်းငယ်ကို ရေအေးနှင့်ဖြစ်စေ၊ ကြံရည်နှင့်ဖြစ်စေ၊ နွားနို့နှင့်ဖြစ်စေ နေ့စဉ် ဖျော်သောက်ပေးသည်ရှိသော် မျက်စိအမြင်ကို ကြည်လင်ကောင်းစေနိုင်၏။ ရင်ခုန် နှလုံးတုန်ခြင်းကို သက်သာစေပြီး အားအင်ပြည့်ဖြိုး နုပျိုကျန်းမာ အသက်ရှည်စေနိုင်၏။ ဝမ်းပျက်ဝမ်းလျှောရောဂါ ကင်းစေပြီး ယောကျ်ား ဒူလာညောင်းညာ၊ မိန်းမမီးယပ်ကိုင်ခြင်းတို့မှ ကင်းဝေးလွတ်ငြိမ်းစေ၍ စိတ်လန်းဆန်းကာ ကိုယ်ကျန်းမာ ပေါ့ပါးချမ်းသာရစေနိုင်သည်။ ကျောက်သွေးသည် ဤမျှ ဆေးစွမ်းအာနိသင် ထက်မြက်လှသော သဘာဝဆေးကောင်းတစ်လက်ဖြစ်ပါကြောင်း တိုင်းရင်းဆေး ရိုးရာဆေးဝါသနာရှင်များ သုတပွားများ အကျိုးတိုးပွားစေရန် တင်ပြရပါသည်။

*ဝန်းလို စမ်းလို လမင်းလို သာယာ ချမ်းမြေ့ကြပါစေ*

အောင်ဘုန်းမြင့်(ကချင်မြေ)



www.burmeseclassic.com

www.burmeseclassic.com

## နားချမ်းသာ

အောင်ကျော်

(ယခင်လမှအဆက်)

ဆရာမာပါက သူ့ပါးပြင်ပေါ်မှ မျက်ရည်တို့ကို လက်ဖမိုးဖြင့် သပ်ပြီး သုတ်လိုက်သည်။ ထို့နောက် ဇနီးသည်ဆီသို့လှည့်ကြည့်ပြီး စကားဆက်သည်။

"အမေကြီး၊ မင်းရဲ့သားတော် မီလာရီပက မနက်ဖြန်ကျ ငါတို့ဆီက ထွက်သွားတော့မယ်။ ဒီတော့ လမ်းခရီးအတွက် လိုမယ်ထင်တာလေးတွေ စီစဉ်ပေးလိုက်ပါ။ သူ့ကို ရွာအပြင်အထိ ငါလိုက်ပို့ပေးမယ်။ ငါ့ကို ကျောခိုင်းပြီး ထွက်သွားတာကို မျက်စိတစ်ဆုံး ငါကြည့်ချင်တယ်။ ငါ့ရင်ထဲ ဆို့နင့်ကြေကွဲရင်း အပြင်းအထန်ခံစားရမှာ သေချာပေမယ့် သူ့ကျောပြင်ကိုကြည့်ရင်း ငါကျန်ရစ်ခဲ့ချင်တယ်၊ ငါနေရစ်ခဲ့ချင်တယ်။ ငါ့ကိုထားပြီး သူထွက်သွားတာကို ငါရင်ဆိုင်ကြည့်ချင်တယ်။ ဒီအခွင့်အရေးကို ငါတို့နှစ်ယောက် နောက်တစ်ခေါက် ထပ်မရနိုင်တော့ဘူး"

ထို့နောက် ဆရာမာပါက ကျွန်ုပ်ဆီသို့ လှည့်ကြည့်ပြီး ပြောပြန်သည်။

"ဒီည ငါနဲ့အတူ လာအိပ်ပါ။ သားအဖနှစ်ယောက် အတူနေကြတဲ့ နောက်ဆုံးညမှာ သားကိုအနားမှာထားပြီး ငါအိပ်ချင်တယ်"

ဆရာထတော်သည် ချုံးပွဲချ ငိုကြွေးရာ ဆရာမာပါက-

"မင်းရဲ့သားက လွတ်မြောက်ခြင်းဆီကိုရောက်နိုင်ဖို့ ဒီခရီးကို သူသွားရတာဖြစ်လို့ ရှိုက်ကြီးတငင် ငိုမနေပါနဲ့"

ဟု ငေါက်ငမ်းလိုက်သည်။

ဆရာကတော်က-

"ရှင်ပြောတာကို ကျွန်မ သဘောပေါက်ပါတယ်။ ဒါပေမယ့် ငိုချင်တာကို တားလို့မရဘူး"

ဟု ငိုယိုရင်း ပြန်ပြောလိုက်သည်။

သူသည် သားအရင်းကို သေကွဲကွဲခဲ့ရသည်၊ ယခု သားအရင်းနှင့်မခြားရှိသော ကျွန်ုပ်ကို ရှင်ကွဲကွဲရတော့မည်။ ပြန်လည်ဆုံစည်းရန်မရှိဟု ဆရာမာပါက ဆိုထားသဖြင့် ရှင်ကွဲကွဲခြင်း ဖြစ်သော်လည်း သေကွဲကွဲရသကဲ့သို့ ဖြစ်နေသဖြင့် စိတ်ထိခိုက်ရင်း ငိုကြွေးနေခြင်း ဖြစ်တော့သည်။

မိခင်တစ်ဦးအဖို့ သားတစ်ဦးကို လက်လွှတ်ဆုံးရှုံးရသောအခါ ဤသို့ ငိုကြွေးသည်မှာ သဘာဝကျလှပေသည်။ ဆရာကတော်သည် တစ်ညလုံး ငိုကြွေးနေသည်မှာ နံနက်မိုးသောက်သည်အထိ ငိုကြွေးနေဆဲရှိသည်။



နံနက်မိုးသောက်ချိန်တွင် ကျွန်ုပ်၏မိဘနှစ်ပါးသဖွယ်ရှိကြသော ဆရာမာပါတို့လင်မယားကို ကန်တော့သည်။ ထို့နောက် အိမ်အပြန်ခရီးကို စတင်သည်။ ဆရာမာပါက ရွာပြင်အထိလိုက်ပို့မည်ဟု ဆိုခဲ့သော်လည်း လေး၊ ငါးမိုင်ခရီးအထိ ဆက်လိုက်လာသည်။ အိမ်တွင်ရှိသောသူများလည်း အတူလိုက်ပို့ကြရာ ကျွန်ုပ်အပါအဝင် စုစုပေါင်း လူ (၁၃) ယောက်သည် ကွေကွင်းခြင်း၏ ဆို့နင့်သောအရသာကို ရင်၌ခံစားရင်း နှုတ်ဆိတ်နေမိကြသည်။

လူသွားလမ်းသည် တောင်ကုန်းတစ်ခုပေါ်သို့ တက်သွားသည်။ လမ်းအတိုင်း တောင်ကုန်းထိပ်သို့တက်လိုက်ကြသည်။ တောင်ကုန်းထိပ်သို့ ရောက်ကြသောအခါ ခရီးတစ်ထောက်နားကြသည်။ နံနက်စာ စားသုံးလိုက်ကြသည်။

စားသောက်ပြီးချိန်တွင် ကျွန်ုပ်သည် ခရီးဆက်ရန် ဟန်ပြင်လိုက်သည်။ ဆရာမာပါက ကျွန်ုပ်၏ယာဘက်လက်ဖျားပိုင်းကို သူ၏လက်နှစ်ဖက်ဖြင့်ညှပ်ကာ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်လိုက်သည်။

"ငါ့သားကို တစ်ယောက်တည်း အဖော်မပါဘဲ လွှတ်လိုက်ရမှာ စိတ်မချ ဘူး။ ဒါပေမယ့် တစ်ယောက်တည်းသွားရမယ့်အချိန်ကာလကို စတင်ချိန်းနင်းဝင်ရောက်နေပြီဆိုတော့ ဒီက ရှေ့လျှောက်မင်းတစ်ယောက်တည်း ခရီးနှင်ရတော့မယ်။ ခရီးဆုံးကိုရောက်သည့်တိုင် ဂူတွေထဲ အလှည့်ကျ နေထိုင်ရင်း ခရီးနှင်ရတော့မယ်။ သတိဆိုတဲ့အသိ အမြဲရှိပါစေ။ လမ်းခရီးမှာ ဓားပြတွေ ပေါ တယ်၊ သတိထားပါ။ သိုးထိန်းတွေ၊ နွား



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းသားတွေက အုပ်စုဖွဲ့ပြီးလုယက်တတ်ကြတယ်။ မားပြအလုပ်ကို အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်နေကြသူတွေလည်းရှိတယ်။ မားပြဂိုဏ်းတွေလည်း ရှိတယ်။ သတိထားပြီး သွား







www.burmeseclassic.com

www.burmeseclassic.com

လာပါ။ အဲဒီ လူဆိုးဓားပြတွေထက် ပို သတိထားရမှာတွေလည်း တစ်ပုံတစ်ပင် ရှိနေတယ်။ မိမိစိတ်မှာ လာရောက်ဒုက္ခပေးတဲ့ လောဘ၊ ဒေါသ စတဲ့ မနောဓားပြတွေလည်း ရှိတယ်။ မင်းရဲ့စိတ်ဓာတ်ခွန်အားကို ချုံးချုံးကျအောင် လုယက်ပစ်တတ်ကြတယ်။ သတိထားပါ။ မင်းနဲ့အတူ ငါလိုက်မလာနိုင်ပေမယ့် ဘေးကင်းရန်ကွာဖြစ်စေဖို့ ငါဆုတောင်းပေးနေပါ့မယ်။ ငါ ရွတ်ဖတ်သရဇ္ဈာယ်ပေးနေမယ်"

ဟု မှာကြားသည်။

ထို့နောက် ဆရာမာပါက-

"အိမ်ကို အသွားမှာ ငိုဒမ်ဆီကို တစ်ချက်ဝင်ပါ။ သူ့ဆီမှာ မင်းကို သင်ပေးစရာတွေရှိနေတာကို တစ်ခါတည်းဝင်သင်သွားပါ။ အခု မသင်ဖြစ်ရင် နောက်နောင် သင်ဖြစ်တော့မှာ မဟုတ်ဘူး။နောင်တစ်ချိန်ကျ လိုအပ်လာတော့မှ မသင်ခဲ့ရတာ နာသက္ကာလို့ တောက်တခေါက်ခေါက် မဖြစ်ရလေအောင် ဝင်သင်လိုက်ပါ။ သင်လို့ပြီးမှ အိမ်ကို ခရီးဆက်ပါ။ အိမ်ပြန်ရောက်တဲ့အခါ တစ်ပတ်ထက် ပိုကြာသည်အထိ မနေပါနဲ့။ ငါလမ်းညွှန်ထားတဲ့ဂူစဉ်အတိုင်း ဂန္ဓာရီခရီးလှည့်လည်ပါ"

ဟု ပြောလိုက်သည်။

ထို့နောက် ဆုပ်ကိုင်ထားသော လက်ကို လွှတ်လိုက်သည်။ ကျွန်ုပ်သည် လိုက်ပို့သူများကို တောင်ကုန်းထိပ်တွင် ထားရစ်ခဲ့ပြီး ခရီးဆက်သည်။ ဆရာမာပါသည် တောင်ခြေသို့ ဆင်းသွားသော ကျွန်ုပ်၏ကျောပြင်ကို ငေးစိုက်ကြည့်နေမှာ သေချာသည်။ သူနှင့်အကြည့်ချင်းဆုံရန် ခွန်အားသတ္တိ ကျွန်ုပ်တွင် မရှိသဖြင့် သမင်လည်ပြန် မကြည့်စတမ်း ရှေ့ဆက် ခရီးနှင်လိုက်သည်။

ကျွန်ုပ်သည် ဆရာကတော်ဆင်ပေးထားသည့် ဝတ်ဖြူစင်ကြယ်ကို ကိုယ်ခန္ဓာ၌ ဝတ်ဆင်ထားသည်။ ဆရာမာပါ ဆေးကြောပေးလိုက်သည့် စင်ကြယ်သောစိတ်ထားကိုလည်း မနောခန္ဓာ၌ ဆင်မြန်းထားသည်။ ကျွန်ုပ်သည် ဆရာကတော်ပေးထားသည့်ဆူးငြောင့်ခလုတ်တို့ကို ထိမိသောအခါ အကာအကွယ်ပေးမည့် လည်ရှည်ဖိနပ်ကို ခြေ၌ဆင်မြန်းထားသည်။ ဆရာမာပါ သင်ပြပေးထားသည့်ပညာရပ်နှင့် ကျင့်စဉ်တို့သည် ဂန္ဓာရီခရီးမှ ဆူးငြောင့် ခလုတ်တို့ကို သုတ်သင်ပေးကြပါလိမ့်မည်။ ဆရာကတော် ထည့်ပေးလိုက်သည့် ရိက္ခာထုပ်သည် လမ်းခရီးအတွက် အာဟာရအဖြစ် ထောက်ပံ့ပေးမည် ဖြစ်သည်။ ဆရာမာပါ ထည့်ပေးလိုက်သည့် တရားမမွတို့သည် ကျွန်ုပ်လျှောက်လှမ်းနေသည့် ဂန္ဓာရီခရီးအတွက် အာဟာရအဖြစ် အထောက်အပံ့ပြုကြမည်။ ထို့ကြောင့် ကျွန်ုပ်အနေဖြင့် တစ်ကိုယ်တော်ခရီးကို နှင်နေရသော်လည်း စိတ်အားငယ်မိခြင်း အလျှင်းမရှိပေ။ အဖော်မပါသော်လည်း အထီးကျန်ဆန်နေခြင်း အလျှင်းမရှိပေ။ သတိဖြင့် အသိကိုမှတ်ရင်း ခရီးမပြတ်အောင်သွားနိုင်မှာ သေချာနေပေသည်။ ပန်းတိုင်ကို ဆိုက်ရောက်သွားမည်ဟု ခိုင်ခိုင်မာမာ ယုံကြည်ထားပေသည်။

ယခု ကျောခိုင်းထွက်ခွာခြင်းသည် နောင်တစ်ချိန်တွင် အမြင့်တစ်နေရာ၌ ဆရာမာပါနှင့် ပြန်လည်ဆုံစည်းရန်အတွက် ဖြစ်စေရမည်ဟုလည်း ယတိပြတ် သန္နိဋ္ဌာန်ချထားပေသည်။ ယာယီအားဖြင့် ကွေကွင်းခြင်းသာဖြစ်သည်ဟု ယုံကြည်ထားပေသည်။

ကျွန်ုပ်သည် သန္နိဋ္ဌာန်နှင့်ယုံကြည်ချက်တို့ကို ရင်မှာပိုက်ရင်း ဆရာငိုဒမ်ထံသို့ ရောက်ရှိသွားသည်။

သူသည် ကျမ်းကျေသူ ဖြစ်သည်။ ကျမ်းအဖတ်တွင် နှံ့စပ်သည်။ ကျွန်ုပ်သည် ဖတ်အား၌နည်းပါးသည်။ကျမ်းပိုင်းဆိုင်ရာတွင် ဆရာငိုဒမ်သည် ကျွန်ုပ်ထက် အပြတ်အသတ်သာသည်။ လက်တွေ့ကျင့်ကြံမှုအတွေ့အကြုံတွင် ကျွန်ုပ်သည် ဆရာငိုဒမ်ကို မီလုမီခင်အခြေအနေတွင် ရှိသည်။ ကျွန်ုပ်က ပါဝါပါးသည်၊ သူက ပါဝါထူသည်သာ ကွာပါသည်။ သူက သမာဓိထူထောင်ပြီး ဖျောက်ခနဲ လက်ဖျစ်တစ်ချက်တီးရုံဖြင့် အများသူငါ မစွမ်းသာသောကိစ္စတို့ကို လုပ်ပြနိုင်စွမ်းရှိသူ ဖြစ်သည်။

ဆရာငိုဒမ်သည် ကျွန်ုပ်၏ စာတွေ့၊ လက်တွေ့တို့ကို ဆန်းစစ်ပေးပြီးသောအခါ အားရကျေနပ်မှုရှိကြောင်း ထုတ်ဖော်ပြောကြားသည်။ ထို့နောက် အဆင့်မြင့်ပညာရပ်တစ်ခုကို နှုတ်တိုက်ချ၍ သင်ပေးသည်။ ထို့နောက် ကျင့်စဉ်ကိုချပေးသည်။ ကျင့်ကြံနိုင်ရန်အတွက် သိဒ္ဓိလည်းတင်ပေးသည်။

ထို့နောက် ကျွန်ုပ်ကို ခရီးဆက်ခွင့်ပေးလိုက်သည်။ ကျွန်ုပ်သည် မွေးရပ်မြေဖြစ်သော ကျွမ်ဆာရွာသို့ ခရီးဆက်သည်။ ထိုသို့သွားရင်း နည်းလမ်းတစ်ခုကို ရုတ်တရက် သတိရမိသည်။ ကျွန်ုပ်သည် တစ်လှမ်းချင်း လျှောက်နေရာမှ အသက်ရှူခြင်းကို လိုသလို ရအောင် ထိန်းကျောင်းလိုက်သည်။ သမာဓိထူထောင်လိုက်သည်။ တင်ပေးထားသောသိဒ္ဓိဖြင့် မြေကြောရှုံ့လိုက်သည်။ တစ်လနီးပါးသွားရမည့်ခရီးကို သုံးရက်ဖြင့် ရောက်သွားသည်။ ရှေ့တူရူတွင် ကျွမ်ဆာရွာကို မြင်နေရသည်။

ကျွန်ုပ် မြင်မက်ခဲ့သော အိပ်မက်အတိုင်း ဖြစ်ပျက်နေခြင်း ရှိ၊ မရှိကို ကျွန်ုပ် မကြာခင် သိရတော့မည်ဟု အတွေးပေါ်သည်။

ကျွန်ုပ်သည် သာမန်ခရီးသွားအဖြစ်သို့ ပြန်ရောက်အောင် လျှော့ချလိုက်သည်။ ရွာကို အပေါ်စီးမှကြည့်လိုသဖြင့် အနီးရှိ တောင်ကုန်းတစ်ခုပေါ် သို့ တက်လိုက်သည်။ တောင်ကုန်းထိပ်တွင် မတ်မတ်ရပ်ပြီး ရွာဆီသို့ ကြည့်လိုက်သည်။

ရွာအဝင်ရှိ မြက်ခင်းစားကျက်၌ သိုးကျောင်းသားတစ်သိုက်ကို သိုးအုပ်များနှင့်အတူ တွေ့ရသည်။ ရွာကို ပျပျမှုံသာ မြင်ရသည်။ ကျွန်ုပ်သည် တောင်ခြေသို့ ဆင်းလိုက်သည်။ စားကျက်ထိဖြတ်လျှောက်လိုက်သည်။ သိုးကျောင်းသားတို့ကို သူစိမ်းဘုရားဖူးခရီးသည်တစ်ဦးအဖြစ် ချဉ်းကပ်မေးမြန်းလိုက်သည်။

ကျွန်ုပ် နေထိုင်ခဲ့သော အိမ်ကြီးကို လက်ညှိုးညွှန်ပြပြီး မေးမြန်းလိုက်ရာ သိုးထိန်းတစ်ဦးက-

"အဲဒီအိမ်မှာ လူမနေဘူး၊ သရဲတွေ, တစ္ဆေတွေပဲ ရှိတယ်"

ဟု ရယ်ရယ်မောမော အရွှန်းဖောက်၍ ပြောသည်။

"ဟုတ်လား၊ အရင်အိမ်ရှင်တွေ မရှိကြတော့ဘူးလား"

"အရင်တုန်းက သူဌေးလင်မယားက မိသားစုနဲ့တကွ နေထိုင်ခဲ့ကြတယ် အဖေလုပ်တဲ့သူက အရွယ်ကောင်းတုန်း သေသွားတယ်။ သူ့သားက ချာတိတ်အရွယ်ဆိုတော့ အမွေမရဘူး။ သူ့အဖေ ညီက ရသွားတယ်။ ချာတိတ်က အရွယ် ရောက်တော့ မအေလုပ်တဲ့သူက အမွေ ပြန်တောင်းပေမယ့် မရပါဘူး။ ဒီတော့ သားလုပ်တဲ့သူက လောကီပညာတွေ သင်ပြီး တတ်ထားတဲ့ပညာစွမ်းဖြင့် ဦးလေးကို နှိပ်စက်တော့တာပဲ။ ဦးလေး တင်ဘယ်ကမလဲ၊ ရွာကိုပါ ဆော်တယ် ဒီတော့ သင်လက်ညှိုးထိုးပြတဲ့အိမ်ကြီး ဟာ ကျိန်စာသင့်နေတယ်လို့ အားလုံး ယူဆယုံကြည်ထားကြတယ်။ ဘယ်သူမှ မနေဝံ့ဘူး။ လောဘအလျောက်



www.burmeseclassic.com

www.burmeseclassic.com

လုံကြရာက ဒေါသတွေ၊ နာကြည်းမှုတွေထွက်ကုန်ပြီး မဖြစ်သင့်တာတွေ ဖြစ်ကုန်တာလို့ ဆိုရမယ် ထင်ပါတယ်"

"အဲဒီလောကီပညာတတ်တယ်ဆိုတဲ့ သားဖြစ်သူဟာ အခု ရွာမှာ ရှိသေးသလား"

"မရှိဘူး။ သေသလား၊ ရှင်သလားတောင် မသိပါဘူး။ ရွာကထွက်သွားပြီး ကတည်းက တစ်ခါမှပြန်မလာဖူးပါဘူး။ ဒါနဲ့ နေပါဦး၊ သင်က ဘာလို့ ဒီအိမ်ကြီးကို စိတ်ဝင်စားနေရတာလဲ။ အိမ်ထဲမှာ ကျမ်းစာအုပ်တွေကလွဲရင် တခြား ဘာမှမရှိဘူး"

"အိမ်က လူလည်းမနေဘူး၊ ကျိန်စာလည်းသင့်နေတယ်ဆိုရင် ဖျက်ပစ်လိုက်ပါလား။ ဘာလို့ ဆက်ပြီးထားရတာလဲ"

"ဘုမသိဘမသိနဲ့ ဘုလာတောနေပါလား။ ကိုယ့်လူ ဖျက်ချင်ရင် သွားဖျက်လေ၊ တားမယ့်သူ မရှိပါဘူး။ ရွာကလူတွေကတော့ ဖျက်ဖို့နေနေသာသာ ထိတောင်မထိဝံ့ကြဘူး။ ထိဖို့နေနေသာသာ အိမ်အရိပ်တောင် မနင်းဝံ့ကြဘူး။ အိမ်အရိပ်နင်းဖို့နေနေသာသာ ခိုက်လွန်းလို့ အိမ့်ကြီးကို ကြာကြာတောင် မကြည့်ဝံ့ကြဘူး"

"အဲဒီလိုဖြစ်နေတာ ကြာပြီလား"

"မေးလို့သာ ဖြေနေရတယ်၊ ဒီအိမ်ကြီးအကြောင်း ပြောရတာတောင် တွန့်မိပါရဲ့။ ဖွဟဲ့- လွဲစေ ပယ်စေ။ ဖြေသူမဆိုင်၊ မေးသူသာ ဆိုင်စေ။ အမေးအမြန်းထူတဲ့ ဘုရားဖူးခရီးသည်ကြီးရေ၊ ဒီအိမ်ကြီးမှာ လူသူကင်းမဲ့နေတာ တော်တော်ကြာပြီ။ အောက်လမ်းဆရာရဲ့မိခင် မသေခင်ကတည်းက ဒီလိုဖြစ်နေတာပါ။ သူ့မိခင်သေတာ (၈) နှစ်၊ (၉) နှစ်လောက်ရှိပြီဆိုတော့ သင့်ဘာသာသင် လူမနေတာ ဘယ်လောက်ကြာနေပြီလဲဆိုတာ မှန်းဆကြည့်ပါတော့"

ကျွန်ုပ်သည် မိခင်သေသွားပြီဟု သိလိုက်ရသောအခါ ဆွံ့အ,သွားသည်။ သိုးကျောင်းသားက စကားကို ဆက်သည်။

"ကျွန်တော်ငယ်ငယ်တုန်းက မရွာစဖူး အရွာထူးတဲ့ မိုးသီးမုန်တိုင်းကျလို့ တစ်ရွာလုံး ဒုက္ခရောက်ကုန်ကြတာကို အခု ပြန်စဉ်းစားရင် ရေးတေးတေးတော့ မှတ်မိပါသေးတယ်"

ကျွန်ုပ်သည် သိုးကျောင်းသားကို ယခုလို ပြောပြသည့်အတွက် ကျေးဇူးတင်ကြောင်းပြောပြီး ခရီးဆက်ခဲ့သည်။

ကျွန်ုပ်သည် ရွာနှင့် အလှမ်းမကွာလှသောနေရာတွင်တည်ရှိသည့် ဂူအတွင်း စတည်းချလိုက်သည်။

ငယ်ရွယ်စဉ်က ကြုံခဲ့သော သိုးကျောင်းသားကတောင် မှတ်မိနေသေးလျှင် ရွာမှသက်ကြီးပိုင်းအနေဖြင့် ကျွန်ုပ်၏ပညာစွမ်း ထက်ရှပုံကို ကောင်းစွာမှတ်မိနေကြမှာ သေချာသည်။ ကျွန်ုပ်ကိုတွေ့လျှင် ရန်သတ္တုရှုပြုဝံ့မည် မဟုတ်ချေ။ သို့သော် ဖက်လှဲတကင်းဖြင့် ကြိုဆိုလက်ခံကြမည် မဟုတ်ချေ။ တည်းခိုခွင့်ကို ပေးကြမည် မဟုတ်ချေ။ ထို့ကြောင့် ကျွန်ုပ်သည် သဘာဝအလျောက် တည်ရှိနေသော ဂူအတွင်း စတည်းချရခြင်း ဖြစ်သည်။

ကျွန်ုပ်အနေဖြင့် စုံစမ်းစရာတစ်ခု ကျန်ရှိနေသေးသည်။ မိခင် သေဆုံးခဲ့ပြီဖြစ်ကြောင်း သိပြီးပြီဖြစ်သော်လည်း ညီမလေးပီတ ဘယ်ရောက်၍ ဘယ်ပေါက်နေသည်ကိုသိဖို့ လိုနေပေသေးသည်။

**ကြွေးဟောင်းဆပ်ဖို့ ပြန်ရောက်ရသည့် ဇာတိရပ်မြေ**

ကျွန်ုပ် ရီချန်သည် မေးမြန်းမှတ်သားထားသည်တို့ကို ပြန်ရေးပြခဲ့သည်မှာ ယခုအခါ ဆရာသခင် မီလာရီပ၏ ဘဝဇာတ်ကြောင်းကို အတော်ကလေး ပြောပြ၍ ပြီးခဲ့ပေပြီ။

ဇာတိမြေသို့ သူပြန်ခါနီး ဆရာမာပါနှင့် ခွဲခွာရပုံကို ပြောပြသောအခါ နားထောင်နေကြသူအားလုံး မျက်ရည်ကျမိကြသည်။

သူ့စကားအဆုံး၌ ကျွန်ုပ်က-

"ဆရာမာပါ ချပေးခဲ့တဲ့ ဂူစဉ်မှာ ပါဝင်တဲ့ ဂူတွေက ဒီမှာရှိတဲ့ဂူတွေချည်းပဲလား"

ဟု မေးမြန်းမိသည်။

"အများစုက ဒီမှာ၊ တချို့က နီပေါမှာ။ အရေးကြီးတဲ့ဂူတစ်ခုက နီပေါမှာ။ ငါတို့သတ်မှတ်ပုံအရတော့ လူသိများတဲ့ဂူတွေကို အပြင်ဂူလို့ ခေါ်တယ်။ လူမသိသူမသိဂူတွေကိုတော့ အတွင်းဂူလို့ ခေါ်ကြတယ်။ ပြီးတော့ သက်ဆိုင်သူသာလျှင် ရှာဖွေလို့ တွေ့နိုင်တဲ့ဂူမျိုးတွေလည်း ရှိသေးတယ်။ အဲဒီဂူတွေကိုတော့ ဝှက်ဂူလို့ ခေါ်ကြတယ်၊ ဂန္ဓာရီလှည့်ပြီး ကျင့်ကြံအားထုတ်ရာမှာ အပြင် (၆) ဂူ၊ အတွင်း (၆) ဂူ၊ ဝှက်ဂူ (၆) ဂူ အပြင် အပြီးသတ်အတွက် ဂူ (၂) ခု၊ စုစုပေါင်း ဂူပေါင်း (၂၀) ပါဝင်တယ်။ အဲဒီ ဂူ (၂၀) ကို ရဲတိုက်နှစ်ဆယ်လို့ခေါ်တယ်။ အဲဒီ ရဲတိုက် (၂၀) ကို လှည့်လည်ပြီး အလုပ်စခန်းဝင်ရတယ်၊ အဲဒီလိုထိုင်ရင်း တရားထိုင်တဲ့အလုပ်နဲ့တရားထိုင်တဲ့သူ ဆိုပြီး ကွဲပြားနေတာမျိုး ပျောက်သွားပြီး လူနဲ့အလုပ်၊ အလုပ်နဲ့လူ တစ်သားတည်းဖြစ်သည်အထိ ရောနှောပေါင်းစပ်သွားပြီး တရားထိုင်တယ်ဆိုတာ ဘယ်လိုလုပ်ရတယ် ဆိုတာ ခေါင်းထဲ မသိတော့တဲ့အထိ ကျင့်ကြံအားထုတ်ရတယ်"

ထိုသို့ ပြောပြသောအခါ ကျွန်ုပ်က ဂူရှိရာနေရာများကို မေးမြန်းရာ မီလာရီပက တည်နေရာတို့ကို တစ်ခုချင်း အသေးစိတ် ပြောပြပေးသည်။ သူက လူအပါအဝင် သတ္တဝါမဟုတ်သောအရာများ လာရောက်တတ်ကြောင်း၊ အချို့မှာ ရန်လိုသည့်သဘောရှိသဖြင့် မိမိမှာရင်ဆိုင်နိုင်သောအစွမ်းအစရှိမှ သွားရောက်သင့်သောဂူများ ဖြစ်ကြောင်းကိုလည်း သတိပေးသည်။

မီလာရီပက ကျွန်ုပ် မေးသမျှ မကြွင်းမကျန် အကုန်ပြောပြပေးနေသည်မှာ ကျွန်ုပ်ကို သူ၏လက်ရင်းတပည့်ဟု သတ်မှတ်သောကြောင့် ဖြစ်သည်။

ယခု သူ့ဘဝဇာတ်ကြောင်းကို ဆက်ပါဦးမည်။

. . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . .

ကျွန်ုပ်သည် ညချမ်းချိန်ခါရောက်သည်အထိ စောင့်ဆိုင်းသည်။ ညရောက်သောအခါ ညအမှောင်ကို အကာအကွယ်ပြုပြီး ကျွန်ုပ်ဆာရွာကို ချဉ်းကပ်ဝင်ရောက်သည်။ ကျွန်ုပ်ငယ်စဉ်က နေထိုင်ခဲ့သည့်အိမ်ကြီးဆီသို့သွားသည်။ အိမ်ကြီးသည် ကြီးမားသည် ဟူသော ဂုဏ်ဒြပ်ကို ပိုင်ဆိုင်နေဆဲ ရှိသည်။ သို့သော် ခမ်းနားထည်ဝါမှုမရှိတော့ချေ။ လူမနေသည့် အိမ်ပြိုအိမ်ပျက်အဖြစ်သို့ ဆိုက်ရောက်နေသည်။

အိပ်မက်ထဲ၌ မြင်တွေ့ခဲ့ရသည့်အတိုင်း တစ်ထပ်တည်းကျနေသည့်မြင်ကွင်းကို ကျွန်ုပ် မြင်တွေ့ရသည်။ ထိုအခါ ကျွန်ုပ်စိတ်ထဲတွင် အတွေးတစ်ခု ဖျတ်ခနဲ ဝင်သည်။

ကျွန်ုပ်ကို မွေးဖွားစဉ်က ငိုသံသည် သာသာယာယာရှိလှသဖြင့် ဖခင်က အမည်မှည့်ရာ၌ သောတနှင့် စပ်လျဉ်းသောအမည်ကို ပေးခဲ့သည်။ 'နားချမ်းသာ' ဟု အဓိပ္ပာယ်ရသော 'သိုးပါဂ'



www.burmeseclassic.com

www.burmeseclassic.com

ဟူသည့် အမည်နာမကို ပေးခဲ့သည်။ ကျွန်ုပ်သည် သိုးပါဂ ဟူသောအမည်ဖြင့် ဤအိမ်ကြီးတွင် ကြီးပြင်းခဲ့သည်။ ယခု ဤအိမ်ကြီးသည် နေသူမရှိ၍ ယိုယွင်းပျက်စီးနေပေပြီ။ ကျွန်ုပ်သည်လည်း သိုးပါဂ ဟူသောအမည်ဖြင့် နေထိုင်ရသော ဘဝ ချုပ်ငြိမ်းခဲ့ပေပြီ။ ယခု ဤခရီးကို ထွက်ခွာခါနီးတွင် ကျွန်ုပ်၏ ဥပဇ္ဈာယ် ဆရာဖြစ်သူ ဆရာမာပါက 'မီလာရီပ' ဟူသည့် အမည်ဖြင့် ခေါ်ဝေါ်ခဲ့သည်ကို အမှတ်ရမိသည်။ ကျွန်ုပ်သည် 'ပိတ်ဖြူဝတ်ထားသောလူ' ဟု အဓိပ္ပာယ်ရသည့် 'မီလာရီပ' ဟူသောအမည်ဖြင့် ဆက်လက်ရှင်သန်ရတော့မည်ဟု စိတ်ထဲ အတွေးပေါ်မိသည်။ သောကနှင့်စပ်လျဉ်းသောအမည်ဖြစ်သည့် သိုးပါဂကို သေသူတစ်ဦးသဖွယ် ဇာတ်မြှုပ်ပစ်ပြီး သကာလ ရုပ်အဆင်းနှင့်ပတ်သက်သော အမည်ဖြစ်သည့် 'မီလာရီပ' ဟူသော အမည်သစ်ဖြင့် ဘဝသစ်တစ်ခုကို စတင်ရတော့မည် ဖြစ်သည်။

ကျွန်ုပ်သည် အိမ်အပေါ်ထပ်သို့ တက်လိုက်သည်။ စာအုပ်များထားသော အခန်းထဲသို့ ဝင်လိုက်သည်။ စာအုပ်တို့သည် မိုးရေစွတ်စိုနေကြသည်။ မျက်နှာကြက်မှမိုးရေစက်တို့ စိမ့်ဝင်ကျရောက်ထားပုံရပေသည်။ အချို့စာအုပ်တို့သည် အစိမ်းရောင် ရေညှိများ တက်နေကြသည်။ အချို့စာအုပ်တို့မှာ ပိုးပေါက်များနှင့် အတိပြီးနေသည်။ စာအုပ်စင်တွင် ကြွက်သိုက်တို့ကိုလည်း တွေ့ရသည်၊ ငှက်သိုက်တို့ကိုလည်း တွေ့ရသည်။

လရောင်သည် အမိုးပေါက်များမှ တစ်ဆင့် အခန်းများထဲသို့ ပက်ဖျန်းနေသည်။ ကျွန်ုပ်သည် တစ်ခန်းဝင် တစ်ခန်းထွက် လှည့်ပတ်ကြည့်ရှုသည်။ အမိုးတို့သည် စကာကျနေသည်အထိ ယိုယွင်းနေကြသည်။ ကြမ်းပြင်တို့သည်လည်း စုတ်ပြတ်နေသည်။ အချို့နေရာတို့တွင် မြက်များပေါက်ရောက်နေသည်ကိုတွေ့ရသည်။ ကြမ်းပေါက်များလည်း ရှိနေသည်။ ထိန်းသိမ်းပြုပြင်မှုကင်းသဖြင့် ပျက်ချင်တိုင်းပျက်နေပေပြီ။

ကျွန်ုပ်သည် အခန်းတစ်ခုအတွင်းသို့အရောက်တွင် အရိုးများကိုတက်နင်းမိသည်။ ကျွန်ုပ်စိတ်ထဲ၌ မိခင်၏အရိုးဟု တန်းသိလိုက်သည်။

"အမေ"

ကျွန်ုပ်သည် နှုတ်မှ အသံထွက်သည်အထိ တမ်းတမ်းတတ ခေါ်လိုက်သည်။ စိတ်ထိခိုက်လွန်းသဖြင့် မူးမေ့မတတ် ဖြစ်သွား၏။ အရိုးတို့ကို စုပုံပေးထားရာ၌ တောင်ပို့ငယ်တစ်ခုသဖွယ် ဖြစ်နေသည်။ အပုံအပြင်ဘက်သို့ ထွက်ကျနေသောအရိုးများလည်း ရှိသည်။

ကျွန်ုပ်သည် တွေ့သမျှအရိုးတို့ကို လိုက်ကောက်သည်။ တစ်နေရာတည်းတွင် စုပုံလိုက်သည်။ ထို့နောက် အရိုးတို့အပေါ်တွင် အကျီတစ်ထည်ကို ခင်းသည်။ ခေါင်းအုံးသဖွယ် အသုံးပြုပြီး အိပ်စက်လိုက်သည်။

အိပ်မက်ထဲတွင် အမေနှင့် အဆက်အသွယ်ပြုသည်။ အမေက ကျွန်ုပ်လျှောက်လှမ်းနေသော ဂန္ဓာရီခရီးတွင် လိုက်ပါစောင့်ရှောက်ပေးမည်ဟု ပြောသည်။ ကျွန်ုပ်၏ဖခင်ကိုလည်း အိပ်မက်ထဲတွင် တွေ့ရသည်။ သူကလည်း ကူညီစောင့်ရှောက်ပေးနေကြောင်း ပြောပြသည်။ ကျွန်ုပ်သည် အိပ်မက်ထဲ၌ မျောပါနေသည်မှာ အတော်ကြာသည်။ တစ်ပတ်ကျော်ကြာပြီးမှ ပြန်နိုးလာသည်။

ကျွန်ုပ်သည် မမြဲသောသဘောကို သံဝေဂရမိသည်။ ကျွန်ုပ်၏ သိုးပါဂအဖြစ် နေထိုင်ခဲ့စဉ်က မိဘတို့ သက်ရှိထင်ရှားရှိနေကြသည်ကို အဟုတ်ထင်ခဲ့မိသည်။ အကယ်စင်စစ် သူတို့သည် ယာယီအားဖြင့်သာ တည်ရှိနေကြခြင်းဖြစ်သည်။ မမြဲသောသဘောကို မလွန်ဆန်နိုင်ကြသဖြင့် ဘဝကူးသွားကြရ၏။ ရောက်သောဘဝ၌လည်း မမြဲကြချေ။ ထပ်ပြီး ဘဝကူးကြရပေဦးမည်။

သို့ဖြစ်ရာ ဤလို ဘဝအဖန်ဖန်ကူးနေရသည့်အဖြစ်မှ လွတ်အောင် အချိန်ရှိခိုက် လုံ့လစိုက်မှ တန်ကာကျမည်ဟု သတိပြုမိသည်။ ထို့အပြင် ဆရာမာပါက ရွာတွင် တစ်ပတ်ထက်ပိုကြာအောင်မနေဖို့ ပြောခဲ့သည်ကိုလည်း ပြန်အမှတ်ရမိသည်။ ထို့ကြောင့် ဆရာမာပါ ညွှန်ကြားထားသည့် ဂူစဉ်အတိုင်း တစ်ဂူပြီးတစ်ဂူ သွားရောက်ကျင့်ကြံရန် ဆုံးဖြတ်လိုက်သည်။ ညီမလေးပီတာကို ရှာဖွေရန်ကိစ္စအား ဘေးချိတ်ထားလိုက်သည်။

ကျွန်ုပ်သည် ကျမ်းဆာရွာမှ ထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။ ကျင့်ကြံအားထုတ်ရမည့်ဂူတို့အနက် ပထမဆုံး အလှည့်ကျသောဂူဆီသို့ ခရီးနှင်ရန်အတွက် အထုပ်ပြင်သည်။

ကျွန်ုပ်သည် စာအုပ်စင်မှ လိုချင်သောကျမ်းအချို့ကို ယူသည်။ အနှောင့်နှင့်ချုပ်သားတို့ ပျက်ယွင်းနေကြသော်လည်း စာရွက်တို့မှာ ဖတ်၍ရနေဆဲ ရှိသည်။ စာအုပ်တို့ကို အဝတ်ဖြင့် အထုပ်ထုပ်သည်။ ကျောဌ်ပိုး၍ လွယ်လိုက်သည်။

မိခင်၏အကြွင်းအကျန်ဖြစ်သော အရိုးတို့ကိုလည်း အထုပ်တစ်ခုထုပ်၍ ယူသည်။ အထုပ်ကို ခေါင်းပေါ်တွင် ရွက်၍ သယ်သည်။ ထို့နောက် ကျွန်ုပ်တို့မိသားစု၏ကျေးဇူးမကင်းသော သူဆင်းရဲတစ်ဦးလက်ထဲအပ်နှံပြီး ကောင်းမွန်စွာ မြှုပ်နှံပေးပါရန် ပန်ကြားမည်ဟု အကြံရှိသည်။ အကယ်၍ သူက လုပ်အားခတောင်းခံပါက စာအုပ်စင်မှကျမ်းစာအုပ်အဟောင်းအချို့ကို ပေးအပ်မည်ဟု စိတ်ကူးထားပေသည်။

သူဆင်းရဲ၏အိမ်သို့ရောက်သောအခါ ကျွန်ုပ်တွေ့လိုသောသူသည် ကွယ်လွန်ခဲ့ပြီဖြစ်ကြောင်း သိရသည်။ ထိုသူ၏သားကိုသာ တွေ့ရသည်။

သူက အရိုးတို့ကို မြှုပ်နှံပေးရန် တာဝန်ယူသည်။ အဖိုးအခအဖြစ် စာအုပ်တို့ကိုယူရန်အတွက် အင်တင်တင်ဖြစ်နေသည်။ ကျွန်ုပ်က ရှင်းပြရသည်။ ကျွန်ုပ်တွင် ပိုင်ဆိုင်မှု ဟူ၍ နတ္ထိဖြစ်နေသဖြင့် ပေးစရာမရှိကြောင်း၊ ယခု စာအုပ်များကို ပေးစရာအဖြစ် ရှာကြံပြီး ပေးရခြင်းဖြစ်ကြောင်း ရှင်းပြ၍ အသနားခံလိုက်သည်။ ထိုအခါ လူငယ်က ခေါင်းခါပြသည်။

"ရှင်ရသေ့၊ အထင်လွဲနေပြီ။ ဘာမှမပေးလည်း ကျွန်တော်က ရှင်ရသေ့ခိုင်းတာကို လုပ်ပေးမှာပါ။ စာအုပ်တွေကို မလိုချင်တာက ကျိန်စာသင့်နေတဲ့ အိမ်ကြီးထဲက ယူလာတာဖြစ်နေလို့ ယူမိရင် ကျွန်တော်နဲ့ ကျွန်တော့်မိသားစုကို ခိုက်မှာစိုးလို့ပါ။ ဆရာတိုက်ထားတဲ့ ကျိန်စာကို ပြယ်အောင် အရင်လုပ်ပြီးမှ ပေးပါ"

ကျွန်ုပ်က ကျိန်စာကို ပျက်ပြယ်အောင်လုပ်ဟန်ပြုပြပြီးမှ စာအုပ်တို့ကို ပေးလိုက်သည်။ ထို့နောက် မိခင်၏အရိုးတို့ကို မြေ၌ မြှုပ်နှံလိုက်ကြသည်။

မြှုပ်နှံပြီးစီးချိန်တွင် ခရီးဆက်ရန် အချိန်လင့်နေပြီ ဖြစ်သည်။ မကြာခင် အမှောင်လွှမ်းတော့မည်ဖြစ်ပေရာ လူငယ်က သူ့အိမ်တွင် တစ်ညတာတည်းခိုရန်ပြောသဖြင့် တစ်ညတာတည်းခိုလိုက်သည်။

ကျွန်ုပ်နှင့် ညစာအတူစားရင်း သူက ကျွန်ုပ်ကိုအကဲခတ်နေသည်။ ကျွန်ုပ်တို့သည် ညစာစားနေစဉ် ရောက်တတ်ရာရာကို ပြောဖြစ်ကြသည်။ စကားပြီးချိန်



www.burmeseclassic.com

www.burmeseclassic.com

တွင် တရင်းတနှီး ဖြစ်သွားကြသည်။ ကျွန်ုပ်ကို တွေ့ခါစကလို ကြောက်ရွံ့ခြင်း မရှိတော့ချေ။

ကျွန်ုပ်က မိမိသည် ယခင်ကလို အောက်လမ်းမှော်ဆရာ မဟုတ်တော့ကြောင်း ပြောပြလိုက်သည်။ လမ်းမှန်ပေါ်သို့ရောက်နေပြီဖြစ်ကြောင်း ပြောပြလိုက်သည်။ ဘာသာပြန်ကျမ်းပြုဆရာမာပါထံတွင် ပညာဆည်းပူးခဲ့ကြောင်း၊ ယခု ဂန္ဓာရီခရီး လှည့်လည်တော့မည်ဖြစ်ကြောင်းတို့ကို ပြောပြလိုက်ရာ သူက ကျွန်ုပ်ကိုကြည့်ပြီး အံ့သြနေသည်။ ယခုလို ပြောင်းပြန် ပြောင်းလဲသွားသည့်အတွက်လည်း ချီးမွမ်းစကားပြောသည်။

ထို့နောက် သူက ကျွန်ုပ်နှင့်လက်ထပ်ပေးထားသော ဇီစေးနှင့် အတူနေဖို့ အကြံပေးသည်။

"အိမ်အိုကြီးကို ပြန်မြင်ပြီး ဇီစေးနဲ့ အတူနေပါလား။ ပညာသင်ချင်တဲ့ တပည့်တွေကို ဉာဏ်ပူဇော်ခယူပြီး သင်ပေးရင် ချောင်ချောင်လည်လည် နေနိုင်မှာပါ။ သင်တို့မျိုးရိုးက လောကီပညာနဲ့ ပတ်သက်တဲ့ နာမည်ကောင်းတစ်လုံးကို ရထားပြီးသား ဆိုတော့ အနယ်နယ်အရပ်ရပ်က တပည့်တွေ အများအပြား ရောက်လာကြမှာ သေချာတယ်"

"ခင်ဗျားအကြံက မဆိုးပါဘူး၊ ကောင်းပါတယ်။ ဒါပေမယ့် ဆရာဆိုတာ ရေပြည့်တဲ့အိုးလိုဖြစ်နေမှ တပည့်တွေက ပညာရေကို ခပ်သောက်နိုင်ကြမယ်။ ကျွန်တော်က ဆရာလုပ်စားလောက်အောင် ကျင့်ကြံအားထုတ်မှုကို မလုပ်ရသေးဘူး။ ဆရာမာပါလို ပညာပြည့်လျှံနေတဲ့ဆရာမျိုးဖြစ်အောင် အရင်လုပ်ရဦးမယ်။ ပြီးမှ ခင်ဗျားပြောသလို ဆရာလုပ်သင့်၊ မလုပ်သင့် ဆိုတာကို စဉ်းစားမယ်"

ထို့နောက် ကျွန်ုပ်လျှောက်လှမ်းမည့်လမ်းကြောင်းကိုဖော်ပြသည့် ကဗျာတစ်ပုဒ်ကို လက်တန်းစပ်ဆိုလိုက်သည်။ အိမ်ရှင်ဇနီးမောင်နှံသည် ကဗျာကို နှစ်သက်ကြသည်။ တစ်ထိုင်တည်းမှာပင် ထိုင်ကျက်လိုက်ကြရာ အလွတ်ရသွားကြသည်။

ကျွန်ုပ်အနေဖြင့် လောကီစည်းစိမ်ကို တပ်မက်မိလျှင် သွားရမည့်လမ်းပေါ်မှ ဘေးသို့ ချော်ဆင်းသွားဖို့သာ ရှိသည်။ ယခုအချိန်တွင် ကျင့်ကြံအားထုတ်ခြင်းမှတစ်ပါး အခြားမရှိစေရဟု မိမိကိုယ်မိမိ တားမြစ်ထားလိုက်သည်။

နောက်တစ်နေ့ နံနက်တွင် အိမ်ရှင်လင်မယားက ကျွန်ုပ် စားသုံးရန်အတွက် ရိက္ခာကို ပြင်ဆင်ထုပ်ပိုးပေးကြသည်။ ဒိန်ခဲများ၊ ထောပတ်များ အပါအဝင် စားနပ်ရိက္ခာထုပ်ကို အသင့်ပြင်ပေးကြသည်။

ကျွန်ုပ်သည် ရွာနှင့်မလှမ်းမကမ်းတွင်ရှိသော တောတောင်အတွင်းသို့ဝင်သည်။ ကျွန်ုပ် တရားကျင့်ကြံရမည့်ဂူကို ရှာဖွေသည်။ ကျွန်ုပ်သည် ပါလာသော ရိက္ခာကို ခြိုးခြိုးခြံခြံ စားသောက်သည်။ လအတန်ကြာပြီးချိန်တွင် ပါလာသော ရိက္ခာ ကုန်သွားသည်။ သို့ဖြစ်ရာ အစာရေစာတောင်းခံဖို့ ဂူပြင်သို့ ထွက်သည်။

အာဟာရကို မဖြစ်စလောက်သာ စားသုံးခဲ့သဖြင့် ကျွန်ုပ်သည် အားအင်ချည့်နဲ့နေသည်။ သို့ဖြစ်ရာ တုတ်တစ်ချောင်းကို တောင်ဝှေးအဖြစ် အားပြုကာ လမ်းလျှောက်ရသည်။ လက်တစ်ဖက်တွင် တောင်ဝှေးကိုကိုင်ထားပြီး အခြားလက်ထဲတွင် အစာရေစာတောင်းခံရန် ခွက်ကြီးတစ်ခုကိုကိုင်ပြီး လူသူရှိရာအရပ်သို့ မှန်းဆပြီး သွားသည်။ ထိုအခါ နွားကျောင်းသားတို့ စခန်းချနေသည့် ရွက်ဖျင်တဲများရှိသည့် နေရာတစ်ခုသို့ ရောက်သွားသည်။

ကျွန်ုပ်သည် ရွက်ဖျင်တဲတစ်ခုအနီးသို့ ချဉ်းကပ်လိုက်သည်။ ဝင်ပေါက်မှ အထဲသို့ခေါင်းပြူကြည့်လိုက်သည်။ တဲရှင်ကိုတွေ့သောအခါ ကျွန်ုပ် တအံ့တသြ ဖြစ်သွားသည်။ တဲရှင်သည် ကျွန်ုပ်ရမည့်အမွေတို့ကို လုယူသိမ်းပိုက်ခဲ့သည့် ဦးလေး၏ဇနီး ဖြစ်နေသည်။

ကျွန်ုပ်သည် အံ့သြ မှင်တက်နေမိရာမှ ဒေါ်လေးကို ပြုံးပြလိုက်သည်။ ဒေါ်လေးက ကျွန်ုပ်ကို မှတ်မိသွားသည်။ မှတ်မိမိချင်းမှာပင် ကြိုးချည်ထားသော ခွေးနီနီတို့ကို ကြိုးဖြေလွှတ်ပေးပြီး ရှူးတိုက်တော့သည်။

ကျွန်ုပ်တို့နေထိုင်သော ဟိမဝန္တာသည် အလွန်အေးသောရာသီဥတုလွှမ်းမိုးနေပေရာ ခွေးတို့သည် အအေးဒဏ်ခံနိုင်ရန်အတွက် အမွေးရှည်များ ရှိကြသည်။ ထိုအမွေးတို့ကို ခွေးပိုင်ရှင်တို့က အနီရောင် ဆေးဆိုးပေးထားကြသည်။ အနီရောင်သည် စိတ်ဓာတ်တက်ကြွစေပြီး ခွေးကို ရန်လိုနေစေသည့်အရောင်ဖြစ်သည်။

ခွေးနီနီတို့သည် ကျွန်ုပ်ကို ဝိုင်းကိုက်ကြသည်။ ထိုးဟောင်သည့်ခွေးကဟောင်သည်။ ကျွန်ုပ်သည် ကသောကမျော ရှောင်ရတိမ်းရသည်။ လက်ထဲပါသောတောင်ဝှေးဖြင့် ခတ်ထုတ်ရသည်။ ခွက်ဖြင့်လည်း ကာရ ခေါက်ရသည်။

ထိုသို့ပြုရင်း ခွေးတို့၏ရန်မှလွတ်အောင် ခပ်လှမ်းလှမ်းသို့ ထွက်ပြေးရသည်။ ဖွဲကောင်းကောင်းဖြင့် လိုက်လာသောခွေးကို ခဲဖြင့်ပေါက်ကာ ခြောက်လှန့်ထုတ်ရသည်။ ထိုစဉ်မှာပင် ဒေါ်လေးသည် ရွက်ဖျင်တဲထူထောင်ရာတွင် သုံးသည့်တုတ်ကို ဖြုတ်ယူလာပြီး ကျွန်ုပ်ရှိရာသို့ အပြေးအလွှားရောက်လာ၏။

ကျွန်ုပ်ကို လိုက်ကိုက်နေသော ခွေးကို တုတ်ဖြင့် ခြောက်လှန့် မောင်းထုတ်ရန်အတွက် ပြေးလာသည်ဟု ထင်မိသည်။ အနားသို့ ရောက်သောအခါ ခွေးကို မရိုက်၊ ကျွန်ုပ်ကိုသာ တုတ်ဖြင့် ရိုက်လေတော့သည်။

"အဖေ့နာမည် ဖျက်တဲ့ကောင်၊ ကိုယ့်ဆွေမျိုးတွေကို ကိုယ်ပြန်သတ်တဲ့ကောင်၊ ကိုယ်နေတဲ့ရွာကို အငတ်ဘေးကျအောင်လုပ်တဲ့ကောင်၊ စီးပွားပျက်အောင်လုပ်တဲ့ကောင်၊ နင်ဘာလာလုပ်ချင်လို့ ရောက်လာရပြန်တာလဲ"

ကျွန်ုပ်သည် တုတ်ရန်မှ လွတ်အောင် ပြေးရတော့သည်။ သို့သော် ချည့်နဲ့နေသဖြင့် မြန်မြန်လည်း မပြေးနိုင်၊ ဝေးဝေးရောက်အောင်လည်း မပြေးနိုင်ချေ။

ဒေါ်လေးက တုတ်ရှည် တယမ်းယမ်းဖြင့် လိုက်ရိုက်သည်။ လွတ်သည့်ရိုက်ချက်ရှိသလို ထိသည့်ရိုက်ချက်လည်း ရှိသည်။ ပြေးရင်းမှ အမောဆို့လာသည်။ ဆက်မပြေးနိုင်တော့သဖြင့် ရပ်လိုက်သည်။ တောင်ဝှေးကို အားပြုပြီး လဲကျမသွားအောင် အနိုင်နိုင်ပင် ထိန်းထားရသည်။

ဒေါ်လေး၏ ရိုက်ချက်တို့သည် ကျွန်ုပ်ကိုယ်ပေါ်သို့ အဆက်မပြတ်ကျသည်။ ကော်ဇောအခင်းကို ဖုန်ခါလျှင် တဖုန်းဖုန်းရိုက်သည့်နှယ် ရိုက်နေတော့သည်။ အဆက်မပြတ်ကျနေသောရိုက်ချက်တို့ကို ကြံ့ကြံ့ခံရင်း ကျွန်ုပ်အဖြစ်ကို ကဗျာတစ်ပုဒ် ကောက်တာငင်ကာ စပ်ဆိုလိုက်သည်။ ကျွန်ုပ်၏ကဗျာသည် သီချင်းတစ်ပုဒ်သဖွယ် နားထောင်ကောင်းသည်မှာ သေချာသည်။ ဒေါ်လေး၏ တဖုန်းဖုန်းရိုက်ချက်တို့သည် စည်းချက်လိုက်ပေးနေသည့်သဖွယ်ရှိ၏။ ကဗျာအစတွင် စည်းချက်စိပ်ရာမှ ခဏအကြာတွင် စည်းချက်တို့ကျဲလာသည်။ နောက်ဆုံး၌ လုံးဝ ရပ်သွားသည်။ ဒေါ်လေးသည် တုတ်ကို လက်ထဲကိုင်ထားရင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ရွတ်ဆိုနေသည်ကို ရပ်နားထောင်နေတော့သည်။

ကျွန်ုပ်သည် အသံကို မြှင့်တင်လိုက်သည်။ နားချမ်းသာဟု အမည်တွင်သည့်သူဖြစ်ပေရာ ကျွန်ုပ်၏ကဗျာရွတ်သံကို ကြားရသူတို့သည် လုပ်လက်စအလုပ်ကို ရပ်ထားလိုက်ကြပြီး ကဗျာရွတ်ဆိုသံကို နားထောင်နေကြသည်။

ကျွန်ုပ်၏ကဗျာရှည်သည် သူတို့လင်မယားကြောင့် ကျွန်ုပ်တို့မိသားစု အတိဒုက္ခရောက်ခဲ့ကြရပုံဖြင့် စတင်သည်။ မုဆိုးမမိခင်၊ ညီမလေးပီတနှင့် ကျွန်ုပ်တို့သုံးယောက် ဒုက္ခမျိုးစုံ အဖုံဖုံ ကြုံခဲ့ရပုံများကို စပ်ဆိုသည်။ ထို့နောက် သားဖြစ်သူသည် တစ်နယ်တစ်ကျေးတွင် တရားခရီးအတွက် ပညာတော်သင်သွားနေစဉ် မိခင် သေဆုံးသွားပုံကို စပ်ဆိုသည်။ ဆင်းဆင်းရဲရဲဖြင့် သေဆုံးခဲ့ရပုံ၊ အရိုးတို့ကို မြှုပ်နှံပေးမည့်သူမရှိပုံတို့ကို စပ်ဆိုသည်။ သမီးဖြစ်သူမှာ ယခုအခါ ဘယ်ဆီဘယ်ဝယ် ရောက်နေသည်ကို မသိနိုင်ပုံ၊ မိသားစု တကွဲတပြားဖြစ်နေကြပေရာ မသေခင် ပြန်ဆုံရန်ပင်လျှင် မဖြစ်နိုင်သလောက်ရှိနေပုံတို့ကို စာဖွဲ့သည်။ ကျွန်ုပ်သည် ဂန္ဓာရီခရီးကို စတင်ခဲ့ရာ၌ ရိက္ခာပြတ်လပ်သွားသဖြင့် တောင်းရမ်းရယူဖို့ လူသူရှိရာသို့ လာခဲ့ရာတွင် ဒေါ်လေးနှင့် ပြန်တွေ့သည့်အကြောင်းကို ဆက်လက် စပ်ဆိုသည်။ ထို့နောက် ခွေးတွေက လိုက်ကိုက်၊ ဒေါ်လေးက တုတ်နှင့်လိုက်ရိုက်၊ ဘဝ၏ဒုက္ခပင်လယ်ထဲ၌ တဝဲလည်လည်ရှိနေဆဲဖြစ်ပုံကို သံဝေဂရမိကြောင်း စပ်ဆိုလိုက်သည်။

ဒေါ်လေးသည် ကဗျာ်အဆုံးတွင် အရှက်ကြီးရှက်သွားသည်။ သူနေထိုင်သည့် ရွက်ဖျင်တဲထဲသို့ ပြန်ဝင်သွား၏။ ထို့နောက် အစေခံမိန်းကလေးကို ထောပတ်၊ ဒိန်ခဲ၊ ဂျုံမှုန့် အစရှိသည်တို့ကိုပေးပြီး ကျွန်ုပ်အား လှူခိုင်းသည်။

ကျွန်ုပ်သည် ကျန်ရှိနေသည့် ရွက်ဖျင်တဲများထံသို့ သွားပြီး တောင်းရမ်းသည်။ တဲရှင်တို့သည် ကျွန်ုပ်ကို ရန်လိုသောအကြည့်ဖြင့် ကြည့်ကြသည်။ သို့သော် အနည်းနှင့်အများဆိုသလို လှူဒါန်းလိုက်ကြသည်။ သူတို့အဖို့ ကျွန်ုပ်သည် အောက်လမ်းဆရာ သိုးပါဂ ဖြစ်နေဆဲရှိသည်။ ကျွန်ုပ်ကို သူတော်စင်ဖြစ်ဖို့ ကြိုးစားနေသော မိလာရိပအဖြစ် မသိကြသေးချေ။ သို့ဖြစ်ရာ အောက်လမ်းဆရာ သိုးပါဂကို အကြောက်ကြီးကြောက်သဖြင့် လှူသောအလှူသာဖြစ်သည်။ သဒ္ဓါကြည်လင်၍ လှူလိုက်ခြင်းမဟုတ်တန်ရာဟု ကျွန်ုပ်သဘောပေါက်မိသည်။ ထို့ကြောင့် ကျွန်ုပ်ကို ရန်လိုသောအကြည့်ဖြင့် ကြည့်သူက ကြည့်သည်၊ ရွံရှာမုန်းတီးသောအကြည့်ဖြင့် ကြည့်သူက ကြည့်သည်။ ထိုအကြည့်တို့ကို ကျွန်ုပ် အမှုမထားပေ။ တစ်စုံတစ်ရာ တုံ့ပြန်ဖို့လည်း စိတ်မဝင်စားပေ။

ကျွန်ုပ်သည် လက်ရှိနေထိုင်နေသည့် ဂူအတွင်းသို့ စားနပ်ရိက္ခာတို့နှင့်အတူ ပြန်လည်ရောက်ရှိခဲ့သည်။ ကျွန်ုပ်သည် ခြိုးခြံချွေတာ၍ စားသောက်ကာ ကျင့်ကြံအားထုတ်သည်။ တစ်လမပြည့်ခင်မှာပင် ရိက္ခာပြတ်သည်ကို ကြုံရပြန်သည်။

ကျွန်ုပ်အနေဖြင့် ထမ်းပိုးနိုင်စွမ်းနည်းပါးနေသဖြင့် တောင်းရမ်းရယူရာတွင် များများစားစား မသယ်နိုင်သောကြောင့် ယခုလို တစ်လမပြည့်ခင် ကုန်သွားရခြင်း ဖြစ်သည်။

ဤတစ်ကြိမ်၌ ကျွန်ုပ်သည် ကျွမ်ဆာရွာအတွင်းသို့ အရဲစွန့်ပြီး ဝင်လိုက်သည်။ အိမ်ပေါက်ဝတွင်ရပ်၍ တောင်းရမ်း၏။ ထိုသို့ တစ်အိမ်ပြီးလျှင် နောက်တစ်အိမ်၊ အိမ်ပေါက်စေ့ တောင်းရမ်းရင်း ဦးလေးအိမ်အလှည့်သို့ ရောက်သောအခါ အလှည့်ကျော်လိုက်သည်။ ဦးလေးသည်လည်း ဒေါ်လေးလိုပင် ကျွန်ုပ်အပေါ် အငြိုးအတေးရှိနေမှာ သေချာသည်။ ကျွန်ုပ်ကိုတွေ့လျှင် ရန်သတ္တရုပြုမှာ သေချာနေသည်။ ထို့ကြောင့် သူ့အိမ်ကို ကျော်လိုက်ခြင်း ဖြစ်သည်။

သို့သော် ရေးရေစက်ရှိကြသူများဖြစ်ကြပေရာ ရှောင်ပါသော်လည်း ဦးလေးနေထိုင်သောအိမ်သို့ တောင်းရမ်းရန်အတွက် ကျွန်ုပ်ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားခဲ့ရသည်။ ဦးလေးသည် အိမ်ဟောင်းကို ရောင်းချပြီး အိမ်သစ်ဆောက်ကာ နေသည်။ ထိုအိမ်သစ်တွင် ကျွန်ုပ်က သွားရောက် တောင်းရမ်းမိခြင်း ဖြစ်သည်။

ဦးလေးနှင့် တည့်တည့်တိုးသောအခါ ကျွန်ုပ်သည် ချာခနဲ လှည့်ပြေးလိုက်သည်။ တောင်းရမ်းရရှိသမျှကို စုထည့်ထားသောအိတ်ကို ကျောဌ်ထမ်းပိုးကာ ပြေးသည်။ ဦးလေးက အယုတ္တအနတ္တ ဆဲဆိုရင်း နောက်မှလိုက်သည်။ တွေ့ရာခဲတို့ဖြင့် ကောက်ပေါက်သည်။

"နင်ရောက်နေတယ်ကြားကတည်းက စောင့်နေရတာ၊ အခုမှ ပက်ပင်းတိုး... တယ်။ အမျိုးယုတ်- ခွေးသား"

ဦးလေးသည် အိမ်ထဲသို့ပြန်လှည့်... ပြေးဝင်သွားသည်ကို တွေ့ရသည်။ သူ... လက်ထဲတွင် လေးနှင့်မြားတို့ ပါလာ... သည်ကို လှမ်းတွေ့လိုက်သောအခါ... ကျွန်ုပ် ထိတ်ခနဲ ရင်ဖိုသွားသည်။ ပစ်ချ... ထားသောအထုပ်ကို ကျောထက်တွင် ထမ်းပိုးရင်း ပြေးရပြန်သည်။

ဦးလေးက မြားဖြင့် ရမ်းသန်းပစ်... သည်။ ပစ်လိုဇောက များနေသည်၊ ချိန်... ရွယ်ရန် အချိန်မပေးနိုင်အောင် လော... ကြီးနေသည်။ အိမ်နီးချင်းတို့ကိုလည်း... ကျွန်ုပ်နောက်သို့ လိုက်ကြရန် ဆော်ြ... လိုက်သေးသည်။ 'ရွာကို ဒုက္ခပေးသည့်... ကောင်ကို ဝိုင်းဖမ်းကြ' ဟု သူက အော်... ဟစ်ပြောဆိုသည်။ ဦးလေး၏အော်ဟစ်... သံကြောင့် အိမ်နားနီးချင်းတို့သည် အိမ်... ပြင်သို့ ထွက်လာကြသည်။ အူယားဖား... ယားပြေးလွှားနေသော ကျွန်ုပ်ကို တွေ့... ကြသောအခါ သူခိုးနောက်ကို လိုက်... သည့်နှယ် ညာသံပေး၍ လိုက်ကြသည်။

ထိုသို့ရှိရာမှ တစ်ယောက်က ရပ်... တန်းကရပ်ကြရန် ဟန့်တားလိုက်သည်။ ကျွန်ုပ်သည် အောက်လမ်းလောကီပညာကို ဆရာအဆင့်အထိ တတ်ထားသူဖြစ်သည်၊ အောက်လမ်းပညာဖြင့် ရွာကို ဒုက္ခပေးသော် မခက်လောဟု သူက ပြောလိုက်သည်။ ထိုအခါ နောက်မှ လိုက်နေကြသူများ ခြေလှမ်းတုံ့သွားကြသည်။ ဒေါသတကြီးဖြစ်နေဆဲရှိသော ဦးလေးကို ဝိုင်းဆွဲကြသည်။ အိမ်ထဲသို့ ပြန်ခေါ်သွားကြသည်။

ထိုအခါမှ ကျွန်ုပ်လည်း အထုပ်ကိုပြန်ပစ်ချပြီး စိတ်အေးလက်အေးဖြင့် နားဝံ့သည်။ ဆပ်ရသည့်ကြွေးဟောင်းတို့သည် အတိုးတက်နေကြသဖြင့် ကြီးမားနေကြပေသည်။

နေထိုင်ရာဂူသို့ ကျွန်ုပ်ပြန်ရောက်သောအခါ လူမောစိတ်မော ဖြစ်နေ၏။ နောက်တစ်နေ့နံနက် နေအထွက်တွင် ဤနေရာမှ ထွက်ခွာရန် ဆုံးဖြတ်လိုက်သည်။ သို့သော် ဂူပြောင်းရွှေ့မည့်အစီအစဉ် ပျက်သွားရန် အကြောင်းပေါ်ပေါက်ခဲ့လေသည်။

ကျွန်ုပ်သည် လူမောစိတ်မောဖြစ်နေသဖြင့် ခေတ္တ အပန်းဖြေရာမှ အိပ်ပျော်သွားသည်။ ထိုအခါ အိပ်မက်မြင်မက်သည်။ အိပ်မက်ထဲတွင် အမျိုးသမီး ဝိညာဉ်နှင့် တွေ့သည်။ သူက ဤ... ထွက်ခွာရန် အချိန်မတန်သေးကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ပြောသည်။

အိပ်ပျော်ရာမှ ပြန်နိုးသောအခါ ကျွန်ုပ်ကို ဆရာမာပါက ပြောလိုက်သည့် စကားကို ပြန်လည် အမှတ်ရမိသည်။

'အခု မင်း ဘာလို့ အိမ်ပြန်ချင်ရသလဲ ဆိုတာကို ငါသဘောပေါက်ပါတယ်။ မင်းမှာ ဆပ်စရာကြွေးတွေ ကျန်နေတယ်၊ ဒီကြွေးတွေကို ဆပ်လိုက်မှ ကြွေးကျေပြီး မင်းရောက်ချင်တဲ့ဆီကို ရောက်သွားနိုင်မှာမို့ မင်းမှာ အိမ်ပြန်ချင်စိတ်တွေ ပေါက်နေရခြင်း ဖြစ်တယ်။ ဆပ်ပါ၊ ကျေအောင်ဆပ်ပါ။ သတိထားရမှာက အကြွေးထပ်မတင်စေနဲ့'

နောက်တစ်နေ့တွင် ကျွန်ုပ်နှင့် လက်ထပ်ပေးထားသည့် ဇီစေး ရောက်လာသည်။ ဦးလေးက ကျွန်ုပ်ကို မြေးဖြင့် ပစ်သည့်သတင်းက တစ်ရွာလုံးတွင် ဟိုးလေးတကျော်ဖြစ်သွားရာမှ ဇီစေးသည် ကျွန်ုပ်ရောက်ရှိနေကြောင်း သိသွား၏။ ရွာအနီးဝန်းကျင်တွင်ရှိသော ဂူတို့တွင် ကျွန်ုပ် ရှိလိုရှိငြား လိုက်လံရှာဖွေသည်။ ထိုသို့ ရှာဖွေရင်း ကျွန်ုပ်ရှိသောဂူသို့ ရောက်ရှိလာခြင်း ဖြစ်သည်။

ကျွန်ုပ်ကို တွေ့သောအခါ လက်ထဲမှခြင်းတောင်းကိုချပြီး ကျွန်ုပ်ကိုပြေးဖက်သည်။ ထို့နောက် ဝမ်းနည်းဝမ်းသာ ဖြစ်ရင်း ငိုကြွေးလေသည်။ အတန်ကြာဖက်ထားပြီးမှ သူက လူချင်းပြန်ခွာလိုက်သည်။

ထို့နောက် သူက-

"စားသောက်ဖွယ်ရာတွေကို ခြင်းနဲ့ထည့်ယူလာပြီး မနက်ကတည်းက ဒီနားတစ်ဝိုက်က ဂူတွေမှာ လိုက်ရှာနေတာ အခုမှ တွေ့ရတော့တယ်"

ဟု ပြောသည်။

ထို့နောက် ကျွန်ုပ်၏မိခင်သေဆုံးစဉ်ကအကြောင်းကို အသေးစိတ်ပြောပြသည်။ ကျွန်ုပ်၏ညီမလေး ပီတသည် ခြေသလုံးအိမ်တိုင်ဘဝဖြင့် ရောက်တတ်ရာရာကို သွားလာနေကြောင်း၊ တောင်းရမ်းစားသောက်နေရကြောင်း ပြောပြသည်။ ထို့နောက် သူသည် ယခုအထိ အိမ်ထောင် ထပ်မပြုရသေးကြောင်းလည်း ပြောပြသည်။

ထိုအခါ ကျွန်ုပ်က-

"ကာလရှည်ကြာတဲ့အထိ ငါ့အပေါ်မှာ အခုလို သစ္စာစောင့်သိပေးတာ ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်သည်။

ထိုအခါ ဇီစေးက-

"လူတွေက ရှင့်ကို အခုထိ ဖိမ့်ဖိမ့်တုန်အောင် ကြောက်နေကြတုန်းပဲ။ ဒီတော့ ရှင်နဲ့ လက်ထပ်ထားတဲ့ ကျွန်မကို လက်ထပ်ဖို့ ကမ်းလှမ်းရဲတဲ့သူဆိုလို့ တစ်ယောက်မှမရှိဘူး။ တကယ်လို့ တစ်ယောက်ယောက်က လက်ထပ်ဖို့ ကမ်းလှမ်းလာရင်လည်း ညီမက ငြင်းမှာပါ"

ဟု ပြောသည်။

ကျွန်ုပ်က မိမိသည် ယခင်ကလို အောက်လမ်းဆရာမဟုတ်တော့ကြောင်း၊ လမ်းမှန်ပေါ် ရောက်နေပြီ ဖြစ်ကြောင်း ပြောပြလိုက်သည်။ ထိုအခါ ဇီစေးက-

"ကောင်းလိုက်တာ။ တရားကျင့်ကြံပြီးနေတော့မယ်ဆိုတော့ ရှင့်ရဲ့အိမ်နဲ့ မြေတွေကို ဘယ်လိုလုပ်မှာလဲ"

ဟု ပြောသည်။

ထိုအခါကျမှ သူ၏လာရင်းကိစ္စကို ကျွန်ုပ် ရိပ်စားမိသည်။ ကျွန်ုပ်အနေဖြင့် လောကီစည်းစိမ်ကိုစွန့်ဖို့ ဆုံးဖြတ်ထားသူ ဖြစ်သည်။ သံယောဇဉ်တွယ်စရာမှန်သမျှကို အပြီးအပိုင် စွန့်လွှတ်ရမည့်သူ ဖြစ်သည်။ သို့ဖြစ်ရာ ကျွန်ုပ်က-

"ညီမလေးပီတကို တွေ့ခဲ့ရင် ငါပိုင်ဆိုင်သမျှအားလုံး သူ့ကိုပေးတယ်လို့ ပြောပေးပါ။ သူနဲ့မတွေ့ရခင်စပ်ကြားမှာ နင်သုံးချင်သလို သုံးနိုင်ပါတယ်။ နင့်လက်ထဲကို အပ်ပါတယ်။ တကယ်လို့ ပီတက သေသွားပြီဆိုရင်လည်း နင်ပဲ အကုန်လုံးယူလိုက်ပါ"

"ရှင့်အတွက် ဘာတစ်ခုမှ မလိုချင်ဘူးလား။ အကုန်လုံး ပေးပစ်တော့မှာလား"

"တစ်ခုမှ ငါယူလို့မရဘူး။ အကုန်လုံးကို အပြီးအပြတ်စွန့်မှဖြစ်မယ်။ ငါ့အတွက် လိုတာဆိုလို့ စားစရာတစ်ခုပဲ ရှိတယ်။ အဲဒါလည်း တောင်းရမ်း စားသောက်လို့ ရပါတယ်။ မရတော့လည်း အငတ်နေရုံပဲ ရှိတယ်။ ဂူတွေဟာ ငါ့ရဲ့အိမ်ပဲ။ တောင်တွေဟာ ငါ့ရဲ့မြေယာပဲ။ ဒီတော့ အိမ်တွေ၊ မြေတွေ ငါ့မှာရှိနေဖို့ မလိုဘူး။ ကမ္ဘာကြီးတစ်ခုလုံးကို ငါပိုင်ရင်တောင် ငါသေတဲ့အခါ ယူသွားလို့မရဘူး ဆိုတာ ငါသိနေပြီ။ ဒီတော့ အဲဒါတွေကို ငါမမက်တော့ဘူး။ ငါလုပ်ပုံက အများသူငါလုပ်ပုံနဲ့ ပြောင်းပြန်ဖြစ်နေပေမယ့် ငါ့အတွက်တော့ အဲဒီလိုလုပ်မှ အဆင်ပြေမယ်။ ငါတွေးပုံကလည်း အများသူငါ တွေးပုံနဲ့ ထော်လော်ကန့်လန့်ဖြစ်နေပေမယ့် ငါ့အတွက်တော့ အဲဒီလိုတွေးမှ အဆင်ပြေမယ်"

"ဒါဆို ရှင်က ဆရာတစ်ဆူအဖြစ် တပည့်တွေကို ပညာသင်ပေးပြီး ချမ်းချမ်းသာသာဖြင့်နေဖို့ စိတ်ကူးမရှိဘူးလား"

"ပညာသင်ပေးရင်တောင် အလကားသင်ပေးဖို့ပဲ ရှိတယ်။ ငါ့အနေဖြင့် ကျော်ကြားမှုကိုလည်း မလိုချင်ဘူး၊ ကြွယ်ဝမှုကိုလည်း မလိုချင်ဘူး။ ငါသေရင် ဘာယူသွားလို့ရသလဲ၊ ငါနဲ့အတူ ဘာပါသွားမလဲ။ အကုန်ထားရစ်ခဲ့ရမယ့် ဟာတွေအတွက် ငါလိုချင်တပ်မက်နေလို့ အလကားပဲ"

"ဒါဆို ရှင်က သူဖုန်းစားလို ဆင်းရဲမွဲတေနေမှာပေါ့။ အဲဒီလို ဆင်းရဲမွဲတေဖို့အတွက်များ အပင်ပန်းခံပြီး ကျင့်ကြံအားထုတ်နေရသေးတယ်။ ကျွန်မတော့ နားမလည်နိုင်အောင် ဖြစ်နေရပြီ"

ကျွန်ုပ်သည် နောင်ဘဝ ဆိုတာ မရှိအောင် လုပ်နိုင်ဖို့ ကျင့်ကြံနေခြင်း ဖြစ်ကြောင်း ပြောပြလိုက်သည်။

ထိုအခါ ဇီစေးက-

"ကျွန်မ ဉာဏ်မမီတော့ပါဘူး။ ကျွန်မ ထင်ထားတာနဲ့ ရှင်ပြောတာက မီးနဲ့ ရေလို ကွာနေတယ်။ သူဖုန်းစားထက်နိမ့်ကျအောင်လုပ်ဖို့က လွယ်လွယ်လေးပါ။ အဲဒါကို အခက်လုပ်နေတယ်"

ဟု ပြောသည်။

ကျွန်ုပ်က အရိုးစင်းဆုံးနည်းလမ်းဖြင့် ရှင်းပြလိုက်သည်။

"ရုပ်အားဖြင့် သူဆင်းရဲဖြစ်နေပေမယ့် စိတ်မှာ ဒုက္ခကင်းဝေးနေတာမျိုးကိုရအောင်လုပ်နေတာပါ။ ဒီတော့ ရုပ်၏ဆင်းရဲခြင်း၊ ချမ်းသာခြင်းတွေကိုထည့်ပြောစရာ မလိုဘူး။ သံယောဇဉ် တွယ်ငြိနေသရွေ့ စိတ်မှာ ဒုက္ခမကင်းနိုင်ဘူး။ ပိုင်ဆိုင်ခြင်းဟာ ကြောင့်ကြခြင်းကိုလက်ချင်းချိတ်ထားတယ်။ ကြောင့်ကြခြင်းဟာ စိတ်ဒုက္ခတစ်မျိုးဖြစ်တာကြောင့် ကြောင့်ကြခြင်းကင်းဝေးအောင် နဂိုကတည်းက ပိုင်ဆိုင်ခြင်းကို ပယ်ထားဖို့လိုတယ်။ ဒီတော့ ငါပိုင်ဆိုင်သမျှကို စွန့်တယ်၊ နင်ယူသာယူလိုက်ပါ"

"ယူလို့ မဖြစ်ပါဘူး။ ရှင့်ညီမသာ ရထိုက်တဲ့ အိမ်နဲ့မြေကို ကျွန်မက ဘာလို့ယူရမှာလဲ။ မယူချင်ပါဘူး"

ထို့နောက် ဇီစေးက ယူဆောင်လာသော စားသောက်ဖွယ်ရာများကို တည်ခင်းသည်။ ကျွန်ုပ်တို့နှစ်ဦးသည် ငယ်စဉ်တလေးဘဝ ရှေးဟောင်းနှောင်းဖြစ်များကို ပြောဆိုကြရင်း စားသောက်ကြသည်။ ထိုသို့ ပြောဆိုကြရာ၌ ပျော်စရာဖြစ်ရပ်များက နည်းပါးနေပြီး ရင်



www.burmeseclassic.com

www.burmeseclassic.com

နာစရာဖြစ်ရပ်တို့က များနေရာ ပြောလက်စ စကားကို တုံးတိရပ်လိုက်ကြရသည်က များနေသည်။ အတိတ်သည် အရိပ်မည်းမည်းဖြင့် ကျွန်ုပ်တို့ကိုခြောက်လှန့်နိုင်နေဆဲ ရှိသည်။ အတိတ်၏အချွန်အတက်တို့သည် ဆူးခက်ပမာ ရှိနေဆဲ ဖြစ်နေသည်။

အကယ်စင်စစ် ဗီစေးသည် ရွာ၏ကိုယ်စားလှယ် သံတမန်တော်အဖြစ် ကျွန်ုပ်ထံ ရောက်လာခြင်း ဖြစ်သည်။ ကျွန်ုပ်၏သဘောထားကို လာရောက်တီးခေါက်ခြင်း ဖြစ်သည်။ ကျွန်ုပ် မည်မျှအထိ ပြောင်းလဲပစ်လိုက်ပြီဆိုသည်ကို မျက်ဝါးထင်ထင် သိမြင်သွားသည်။ သူ့ထံမှသတင်းကောင်းသည် ဒေါ်လေး၏နားသို့ ရောက်သွားသည်။ ဒေါ်လေးသည် ကျွန်ုပ်အကြောင်းကို ကြားသိရသောအခါ အံ့ဩသည်။ ကျွန်ုပ်သည် ပိုင်ဆိုင်သမျှကို စွန့်ကြောင်း သေချာသောအခါ သူ၏စိတ်ထား ပြောင်းလဲသွားသည်။ ကျွန်ုပ်သည် ဆရာသခင်၏လမ်းညွှန်မှုအတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်သွားရန်အတွက် သန္နိဋ္ဌာန်ခိုင်ခိုင်မာမာချထားကြောင်း သိသောအခါ ကျွန်ုပ်ကို တလေးတစားဖြစ်သွားသည်။ ကျွန်ုပ်အပေါ် အော့နှလုံးနာနေခြင်း ကွယ်ပျောက်သွားသည်။ ကျွန်ုပ်တို့မိသားစု၏ပိုင်ဆိုင်မှုတို့ကို မတရားသဖြင့် ရယူထားသလိုဖြစ်နေရာမှ ယခုအခါ ကျွန်ုပ်က ကြည်ကြည်ဖြူဖြူဖြင့် စွန့်လွှတ်လိုက်သဖြင့် သူ့အနေနှင့် လိပ်ပြာမလုံမလဲဖြစ်နေစရာ မလိုတော့ပေ။

ဒေါ်လေးသည် ကျွန်ုပ်ထံရောက်လာသည်။ စားသောက်စရာများကို ကပ်လှူသည်။ ကျွန်ုပ်ကို သူတော်စင်တစ်ဦးပမာ ဆက်ဆံသည်။ သူ၏အမူအရာတို့သည် ရိုကျိုးနေသည်။

"ငါရှိနေတဲ့ရွက်ဖျင်တဲမှာ နင်လာတောင်းရမ်းတော့ ငါ့အပြုအမူက ရုန့်ရင်းကြမ်းတမ်းသွားတယ်။ နင်က အခုလို ပြောင်းလဲနေမှန်း ငါလုံးဝမသိခဲ့လို့ လိုက်ရိုက်မိခဲ့တာပါ။ ဒီအတွက် ခွင့်လွှတ်ပေးပါ။ နင်ပိုင်တဲ့လယ်မြေကို ငါ တာဝန်ယူပါရစေ။ နင့်ကို စားနပ်ရိက္ခာထောက်ပံ့ဖို့ ငါတာဝန်ယူပေးမယ်။ ဒီတော့ အစာအတွက် ပူပန်သောကရောက်စရာ မလိုတော့ဘူး၊ တရားကို စိတ်ဖြောင့်ဖြောင့်နဲ့ ကျင့်လို့ရသွားမယ်။ တောင်းရမ်းနေရလို့ ကုန်မယ့်အချိန်တွေကိုလည်း တရားကျင့်ဖို့အတွက် နင်သုံးလို့ရသွားမယ်"

"ကောင်းတယ်၊ ဒီအကြံကောင်းတယ်။ တစ်လကို ဘာလီတစ်တင်းရရင်တော်ပြီ၊ လယ်က ထွက်သမျှ ဒေါ်လေး အကုန်ယူလိုက်ပါ"

နောက်တစ်လအကြာတွင် ဘာလီတစ်တင်း လာပို့ပေးသည်။ ထို့နောက်ပိုင်းတွင် လစဉ် မပျက်မကွက် လာပို့ပေးသည်။ သို့ဖြစ်ရာ ကျွန်ုပ်အနေဖြင့် စားနပ်ရိက္ခာအတွက် မပူပန်ရတော့ပေ။ အချိန်လည်း မကုန်တော့ပေ။

ထိုသို့ ပုံမှန်လာပို့ရာ၌ တစ်ကြိမ်တွင် ဒေါ်လေးက သူ့စိတ်ထဲ ဒွိဟဖြစ်နေသည့်အချက်ကို ဖွင့်မေးသည်။

"လူတွေက ပြောနေကြတယ်။ နင့်လယ်ကို ငါစိုက်ပျိုးတဲ့အတွက် ကျိန်စာသင့်လိမ့်မယ်တဲ့၊ ခိုက်လိမ့်မယ်တဲ့။ အဲဒါ ဟုတ်၊ မဟုတ် ငါ့ကိုပြောပြစမ်းပါဦး။ ကျိန်စာသင့်မှာကြောက်လို့ ဘယ်သူမှ မစိုက်ပျိုးဝံ့လို့ မြက်ရိုင်းတွေတောထနေကြတာကို ရှင်းနေတုန်းကတော့ ဒီလိုမပြောကြဘူး။ အခု ဘာလီတွေစိုက်လို့ အတော်ကလေးဖြစ်ထွန်းနေတော့မှ ဒီလိုပြောလာကြတယ်"

"ဒီအတွက် စိတ်မပူပါနဲ့။ ကျွန်တော်က အောက်လမ်းလောကီပညာကို စွန့်ထားတာ ကြာပါပြီ။ ခိုက်စရာအကြောင်း လုံးဝမရှိပါဘူး။ ကျွန်တော့်ကို စားနပ်ရိက္ခာ ထောက်ပံ့နေတဲ့အတွက် ကုသိုလ်ရဖို့ပဲ ရှိပါတယ်"

"ဒါဆို ငါ့ကို ခိုက်အောင်မလုပ်ပါဘူးလို့ နင်ကျိန်ပေးပါလား။ ငါ စိတ်ချလက်ချ ဖြစ်ချင်လို့ပါ"

ကျွန်ုပ်က ကျိန်ပြလိုက်သည်။ ဒေါ်လေးသည် ရွှင်ရွှင်ပျပျ ဖြစ်သွားသည်။ ထို့နောက် သူက-

"လူတွေက မနာလိုလို့ ပြောကြတာ ဖြစ်ပါလိမ့်မယ်။ ငါ့တူက ငါ့အပေါ်မှာ အာဃာတ မထားပါဘူး"

ဟု မှတ်ချက်ချသည်။

ကျွန်ုပ်သည် မပြုံးဘဲ ဗိုက်လှုပ်အောင် ရယ်မောမိရလေသည်။

ကျွန်ုပ်သည် ဂူတွင် ဆက်လက်နေထိုင်ရင်း ဆပ်စရာရှိသည့်ကြွေးများ ကျေလောက်ပြီဟု ယူဆမိသည်။ စာရင်းရှင်းစရာတို့ကို ရှင်းလင်းနိုင်ခဲ့ပြီဟုလည်း ယူဆသည်။ တရားကို စိတ်လက်ချမ်းသာစွာဖြင့် ကျင့်ကြံသည်။ သို့သော် ထူးခြားသည့်လက္ခဏာမပြသဖြင့် မိမိကိုယ်မိမိ အားမလိုအားမရဖြစ်မိသည်။ ဒီတစ်သက် ငါလိုချင်တဲ့တရားကို ရမှရပါ့မလားဟုလည်း တွေးမိသည်။

ထိုသို့ရှိရာမှ တစ်ညတွင် အိပ်မက်တစ်ခုကို မြင်မက်သည်။ အိပ်မက်ထဲတွင် ကျွန်ုပ်သည် လယ်ထွန်နေသည်။ မြေသားသည် ကျောက်သားပမာ မာကျောနေသည်။ ထွန်သမျှ အရာမထင် အချည်းနှီးဖြစ်နေသည်။ စိတ်ပျက်လက်ပျက်ဖြစ်နေစဉ် လယ်ကွင်းထဲသို့ ဆရာမာပါ ရောက်လာသည်။

သူက နွားတစ်ရှဉ်းဖြင့် လယ်ကို ထွန်ပြသည်။ ကျစ်စာများ အတုံးလိုက်ထွက်သည်။ ကျွန်ုပ်ကို ဆက်သာထွန်ပါ၊ စိတ်မပျက်ရဘူး၊ ဇွဲရှိပါစေဟု သူကပြောသည်။

ကျွန်ုပ်အနေဖြင့် စိတ်စွဲပြီး မြင်မက်သောအိပ်မက်ဟု မယူဆပေ။ ဆရာမာပါ အိပ်မက်လာပေးခြင်းဟုသာ ယူဆသည်။ သူသည် ဆရာမာပါဟု နာမည်ကျော်ကြားသူ ဖြစ်လာခဲ့သည်မှာ ကျွန်ုပ်အတွက် ဤသို့ ဆရာတစ်ဆူဖြစ်လာဖို့ အကြောင်းရှိနေ၍ ဖြစ်သည်။

ကျွန်ုပ်သည် နောင်တစ်ချိန်တွင် သူတော်စင်အဖြစ်သို့ ရောက်ရှိရန်အတွက် မွေးကတည်းက ကံဇာတာပါလာသူ ဖြစ်သည်။ ကျွန်ုပ်လျှောက်ရမည့်ဘဝခရီးလမ်းကို နဂိုကတည်းကရေးဆွဲထားပြီးသား ဖြစ်သည်။ ဘဝခရီးလမ်း၏ အချိုးအကွေ့တစ်ခုတွင် ကျွန်ုပ်ကို တရားပြပေးမည့် ဆရာကောင်းတစ်ဦးရှိဖို့ လိုနေသည်။ ထိုအတွက် ဆရာမာပါကို အသင့်ရှိနေစေသည်။ ကျွန်ုပ်ကို နိုင်နိုင်နင်းနင်းဖြင့် ကိုင်တွယ်နိုင်မည့်သူအဖြစ် သူ့ကို နေရာချပေးထားသည်။ ထိုအချက်ကို ဆရာမာပါ ကောင်းစွာ သိသည်။ ထို့ကြောင့် အချိန်ကျလေသောအခါ သူ တပည့်အားလုံးကို ရှင်းထုတ်ပြီး ကျွန်ုပ်တစ်ဦးတည်းကိုသာ ဖောက်ချပြီး သင်ပြပေးခဲ့သည်။ မီလာရီပ ဖြစ်လာမည့် သိုးပါဂအတွက် သူ လူလာဖြစ်ရသည်။ ဆရာတစ်ဆူ လာဖြစ်ရသည်။ ကျွန်ုပ်ကို အနီးကပ် စောင့်ကြည့်နေသည့်သူ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ် စိတ်ပျက်စပြုလာသောအခါ အိပ်မက်လာပေးခြင်း ဖြစ်သည်ဟု ကျွန်ုပ် ယူဆသည်။

ကျွန်ုပ်သည် ကဗျာကဝိအဖြစ် မွေးရာပါ ပါရမီထူးရှိသူဖြစ်ပေရာ ကဗျာတစ်ပုဒ်ကို ကောက်ကာငင်ကာ စပ်ပြီး သီဆိုလိုက်သည်။ စိတ်ထဲ ပေါ့ပါးသွားသည်။ ရင်ထဲ လေးလံနေသည်တို့ကွယ်ပျောက်သွားတော့သည်။

ကျွန်ုပ်သည် နေလက်စရှိသည့်ဂူတွင် ဆက်နေလျှင် တိုးတက်မှုရမည်



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ဟု တွေးဆမိသည်။ ဆပ်စရာကြွေးများလည်း စာရင်းရှင်းပြီးနေပေပြီ။ ရန်ငြိုးများလည်း မှေးမှိန်ကွယ်ပျောက်ခဲ့ပေပြီ။ သို့ဖြစ်ရာ ဆရာမာပါ ချပေးထားသည့်ဂူစဉ်တွင် ဒုတိယမြောက်ဖြစ်သည့် ဂူဆီသို့ ရွှေ့ပြောင်း နေထိုင်အံ့ဟု ဆုံးဖြတ်လိုက်သည်။

ကျွန်ုပ်သည် ဂူထဲမှ အပြင်သို့ ထွက်လိုက်သည်။ ခရီးစတင်ရန်အတွက် ခြေလှမ်းများကို စတင်လိုက်သည်။ ထိုစဉ်မှာပင် တောင်ခြေမှ ဒေါ်လေးတက်လာနေသည်ကို လှမ်းမြင်သည်။ သူက ဘာလီအိတ်ကို ခေါင်း၌ရွက်လာသည်။

သူရောက်အလာကို ကျွန်ုပ်စောင့်ဆိုင်းပေးလိုက်သည်။ အနီးသို့ ရောက်သောအခါ အထုပ်ကြီးကိုမြေသို့ချပြီး-

"ငါ့တူအတွက် ဘာလီတွေ အများကြီး ယူလာတယ်။ စုစုပေါင်း (၆) တင်းကျော်တယ်။ နင့်ရဲ့လယ်ကို လုပ်ခွင့်ပေးတဲ့အတွက် အဖိုးအခအဖြစ် ငါ ပေးတာပါ။ နင့်လယ်က တစ်လ တစ်တင်းစာမက တန်တယ်။ ဒီတော့ (၆) တင်းကျော်ကျော် ထည့်ယူလာလိုက်တယ်။ နင့်မှာ အဝတ်အစားကောင်းကောင်းမရှိလို့ အဝတ်သစ်တွေလည်း ငါကိုယ်တိုင်ချုပ်ပြီး ယူလာတယ်။ ဆောင်းတွင်းကျဝတ်ဖို့ သားရေထည် အနွေးအင်္ကျီလည်း ယူလာတယ်။ ထောပတ်ခဲတွေလည်း ပါတယ်၊ ဒိန်ခဲတွေလည်း ပါတယ်"

သူက အထုပ်ကြီးကိုဖြေပြီး တစ်ခုပြီးတစ်ခု ထုတ်ပြသည်။ ထို့နောက် အိတ်အတွင်းသို့ အကုန်လုံးကို ပြန်ထည့်သည်။ အိတ်အဝကို ကြိုးဖြင့်စည်းသည်။

"ငါ့တူ၊ ဒီကနေ ဝေးရာကို ပြေးပေတော့။ ရွာမှာ တိုင်ပင်နေကြတာကို ငါ သိခဲ့ရတယ်။ နင် ဒီမှာရှိနေသရွေ့ ရန်မအေးဘူးတဲ့။ ဒီတော့ အလစ်အငိုက်ဖမ်းပြီး နင့်ကိုသတ်ဖို့ ကြံစည်တိုင်ပင်နေကြတယ်။ ငါ့ကိုလည်း သတ်မယ်တဲ့။ ငါက နင်နဲ့ကြံရာပါဖြစ်နေလို့ သတ်ပစ်မှ အေးမယ်တဲ့။ လူတွေက ဘီလူးစိတ်တွေ ပေါက်နေကြတယ်။ သူတို့က ရန်လုပ်ရင် နင်က စိတ်မထိန်းနိုင်ဘဲ နင်တတ်တဲ့ အောက်လမ်းပညာကို ထုတ်သုံးမိခဲ့ရင် နင့်မှာ အကုသိုလ်တွေ ဖြစ်ရလိမ့်မယ်။ ဒီတော့ လွတ်ရာကိုပြေးပါ"

ကျွမ်ဆာ့ရွာမှ လူများသည် သူပြောသလို ဆိုးသွမ်းမည့်သဘော မရှိကြောင်း ကျွန်ုပ်သိသည်။ ဒေါ်လေးအနေဖြင့် ကျွန်ုပ်ကို ဥပါယ်တံမျဉ်ဖြင့် ဝေးရာသို့ နှင်ထုတ်လို၍ လီဆယ်ပြောဆိုနေခြင်း ဖြစ်သည်။ ကျွန်ုပ်မိသားစုပိုင်လယ်မြေကို အပိုင်စီးလို၍ ဖြစ်သည်။ ထိုသို့အပိုင်စီးပါက ကျွန်ုပ် မကျေမချမ်းဖြစ်ပြီး အောက်လမ်းလောကီပညာဖြင့် သူ့ကို နှိပ်စက်ကလူပြုမည်ကို ကြောက်သည်။ ထို့ကြောင့် ကျွန်ုပ်ကို ပ,ထုတ်ခြင်းဖြစ်သည်။

ကျွန်ုပ်က ပြောင်ပြောင်တင်းတင်း ဖွင့်ပြောလိုက်သည်။

"ဒေါ်လေးအနေဖြင့် ကျွန်ုပ် ရန်ရှာမှာကို စိတ်မပူပါနဲ့။ အောက်လမ်းလောကီပညာကို ရာသက်ပန် စွန့်လွှတ်ထားပြီးသားပါ။ ဒေါ်လေး စိတ်ချလက်ချရှိရအောင်လည်း ကျိန်ပြပေးပြီးပါပြီ။ ကျွန်တော့်အဖို့ စိတ်ရှည်သည်းခံခြင်းသည်သာ အကောင်းဆုံးလို့ ခံယူထားပါတယ်။ ခန္တီတရားဟာ ကျွန်တော့်အတွက် အသင့်တော်ဆုံးပါ။ အထူးသဖြင့် ကျွန်တော့်ကို ဒုက္ခပေးတဲ့သူ၊ ရန်သတ္တရုပြုတဲ့သူအပေါ်မှာ သည်းခံနိုင်မှ ဖြစ်မယ်။ ကျွန်တော်တို့မိသားစု ပိုင်ဆိုင်တဲ့လယ်ကိုလည်း ကျွန်တော် မမက်ပါဘူး။ ဒီကနေ့ ကျွန်တော် သေသွားခဲ့ရင် ဒီလယ်ကို ကျွန်တော်ထားခဲ့ရမှာပါ။ ဒီတော့ တန်းတန်းစွဲဖြစ်နေဖို့ အကြောင်းမရှိပါဘူး။ ပြီးတော့ ပြန်စဉ်းစားကြည့်ရင် ဦးလေးနဲ့ဒေါ်လေးတို့က ကျွန်တော်တို့မိသားစုရဲ့အမွေကို သိမ်းယူလိုက်လို့ ကျွန်တော်ဟာ ဒီကနေ့မှာ တရားခရီးပေါ်ရောက်နေရတာ ဖြစ်နေတယ်။ ဒီအတွက် ဦးလေးနဲ့ ဒေါ်လေးကို ကျေးဇူးတင်ဖို့ပဲရှိပါတယ်၊ ရန်ငြိုးဖွဲ့စရာ အကြောင်းမရှိပါဘူး။ ဒေါ်လေးတို့ကို မေတ္တာပို့ဖို့ပဲ ရှိပါတယ်။ လယ်ကိုသာမက အိမ်ကိုပါ ယူလိုက်ပါ။ ကျွန်တော် တကယ်ပေးပါတယ်၊ ကြည်ကြည်ဖြူဖြူ ပေးပါတယ်"

ကျွန်ုပ်သည် ကိစ္စတစ်ခုကို စာရင်းရှင်းခွင့်ရလိုက်သောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည်။ ကျွန်ုပ်၌ ကိန်းအောင်းနေသော ကဗျာပါရမီသည် နိုးကြားလာသည်။ ကဗျာတစ်ပုဒ်ကို လက်တန်းစပ်ကာ သီဆိုလိုက်သည်။ လောကီစည်းစိမ်ကို အဟုတ်မှတ်လျှင် များမည့်အကြောင်း၊ ပိုင်ဆိုင်မှုနောက်တွင် ကြောင့်ကြမှုရှိလာတတ်ကြောင်းတို့ကို စပ်ဆိုလိုက်သည်။

ဒေါ်လေးက-

"ငါ့တူရင်ထဲမှာ ခမ္မရှိနေပြီ"

ဟု•မှတ်ချက်ချသည်။

သူ့ကို ရန်မူရန် အကြောင်းမရှိကြောင်း သေချာသွားသဖြင့် စိတ်လက်ချမ်းသာသွားသည်။ ပျော်ရွှင်မှုအပြည့်ဖြင့် ရွာသို့ပြန်သွားတော့သည်။

ကျွန်ုပ်သည် ဒေါ်လေးကို မငြိုငြင်ပါ။ လယ်နှင့်အိမ်တို့ကို ပိုင်ဆိုင်သူအဖြစ်မှ အိမ်မဲ့ယာမဲ့ဖြစ်အောင် စွန့်ခွင့်ရစေရန် ဖန်တီးပေးသည့်အတွက် ဒေါ်လေးကို ကျေးဇူးတင်မိသည်။ သူသည် ကျွန်ုပ်၏ဆန္ဒကို ဖြည့်ဆည်းပေးသူသာ ဖြစ်တော့သည်။

ဒေါ်လေး ထွက်ခွာသွားသောအခါ ကျွန်ုပ်သည် ဒုတိယမြောက်ဂူဆီသို့ ခရီးနှင်ရန် ကြံရွယ်ထားသည်ကို ရက်ရွှေ့ဆိုင်းလိုက်သည်။ ယနေ့အဖို့ အချိန်လင့်သွားပြီဖြစ်သဖြင့် နောက်တစ်နေ့နံနက်တွင် ခရီးစတင်ရန် ဆုံးဖြတ်လိုက်၏။ ဆုံးဖြတ်ထားသည့်အတိုင်း နောက်တစ်နေ့နံနက် နေထွက်ခါနီးတွင် ကျွန်ုပ်သည် ဒေါ်လေး လာပို့ပေးထားသည့်အထုပ်ကို ထမ်းပြီး ခရီးစတင်လိုက်သည်။ ရက်အတန်ကြာတွင် သွားရမည့်ဂူသို့ ဆိုက်ရောက်သည်။ ဂူထဲတွင် ရှင်းလင်းနေသည်။ ကျွန်ုပ်အရင် နေထိုင်ခဲ့ဖူးသည့်လက္ခဏာတို့ကိုလည်း တွေ့ရ၏။ ပြာများရှိနေဆဲဖြစ်သည့် မီးဖိုအဟောင်းတစ်ခုကို တွေ့ရသည်။ အိပ်စရာနေရာတစ်ခုကိုလည်း တွေ့ရသည်။ ၎င်းနေရာတွင် ကျွန်ုပ်သည် စာမရီသားရေချပ်ကို အိပ်ရာအဖြစ် ခင်းလိုက်သည်။

ထို့နောက် ကျွန်ုပ် ထပ်တက်ရမည့်အဆင့်ကိုမရမချင်း ဤဂူမှ မထွက်ခွာ၊ လူတွေကြားသို့ လုံးဝ မသွား၊ စားနပ်ရိက္ခာ တောင်းရမ်းခြင်းကဲ့သို့သော အကြောင်းပြချက်ဖြင့်လည်း မသွားပါဟု သစ္စာဆိုလိုက်သည်။

ထို့နောက် ကိုယ်စောင့်နတ်တာဝန်ကို ယူထားကြသော ကောင်းကင်တမန်များကို ကူညီပေးကြဖို့ တိုင်တည်ပန်ကြားလိုက်သည်။

ထို့အပြင် ကျွန်ုပ်သည် ပြုထားသော ကတိသစ္စာကို ဖောက်ဖျက်ပါက ချက်ချင်း သွေးပွက်ပွက်အန်၍ သေပါစေဟုလည်း ကျိန်လိုက်ပေသေးသည်။

(ဆက်ရန်)

အောင်ကျော်



www.burmeseclassic.com

www.burmeseclassic.com



# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်ဝံ့ရှု (B.Sc)



BURMESE CLASSIC .com

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ

**စက်တင်ဘာလ (၁) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၅)၊ စိုးမိုးဂဏန်း (၂)၊ (၄)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဝါ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ ကြာသပတေး။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၂)ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂)၊ (၆)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အဖြူ၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၃) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁)၊ (၃)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အနက်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၄) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂)၊ (၈)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် အစိမ်း၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ။ တစ်နေ့တာအောင်မြင်မှုရရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၅) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၅)၊ (၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အနီ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၆)ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၁)၊ (၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဓမ္မံ ပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၇) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂)၊ (၄)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အပြာ၊ အညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၈) ရက်၊ တနင်္ဂနွေနေ့-** လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁)၊ (၃)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူ၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၉)ရက်၊ တနင်္လာနေ့-** လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃)၊ (၄)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သံဃာပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၁၀) ရက်၊ အင်္ဂါနေ့-** လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၂)၊ (၅)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အညို၊ အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' ဟု (၉)ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၁၁) ရက်၊ ဗုဒ္ဓဟူးနေ့-** လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂)၊ (၅)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင် နက်ပြာ၊ ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံအောင်သိဒ္ဓိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၁၂) ရက်၊ ကြာသပတေးနေ့-** လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅)၊ (၇)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူ၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၁၃) ရက်၊ သောကြာနေ့-** လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၃)၊ (၆)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီ၊ အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၁၄) ရက်၊ စနေနေ့-** လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁)၊ (၅)။ လာဘ်နေအရပ်က အနောက်

www.burmeseclassic.com

www.burmeseclassic.com

တောင်။ လာဘ်အရောင်က ဗေဒါရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သားက တနင်္လာ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၁၅) ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂)၊ (၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အပြာ၊ မီးခိုး။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ(၁၆)ရက်၊တနင်္လာနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁)၊ (၃)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အနက်၊ အနီရောင်။ အကျိုးပေးနေ့သားက ကြာသပတေး၊ သောကြာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၁၇) ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၅)၊ (၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အစိမ်း၊ အပြာရောင်။အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၁၈) ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁)၊ (၈)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အနုတ္တရော ပုရိသဒမ္မသာရထိ' ဟု (၉)ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၁၉) ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၅)၊ (၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အဖြူ၊ အပြာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃံပူဇေမိ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၂၀) ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂)၊ (၆)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၂၁) ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁)၊ (၅)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အညို၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'အရဟံဇိနော' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၂၂) ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၄)၊ (၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်၊ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ နမော' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ(၂၃)ရက်၊တနင်္လာနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁)၊ (၂)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အဖြူ၊ ဗေဒါရောင်။ အကျိုးပေးနေ့သား စနေ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၂၄) ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅)၊ (၈)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အပြာ၊ မီးခိုး။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၂၅) ရက်၊ ဗုဒ္ဓဟူးနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၄)၊ (၆)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၂၆) ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၃)၊ (၆)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် လိမ္မော်ရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား သောကြာ၊ တနင်္လာ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၂၇) ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၁)၊ (၆)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အညိုရောင်၊ နံ့သာရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၂၈) ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၅)။ စိုးမိုးဂဏန်း (၄)၊ (၉)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ အင်္ဂါ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ (၂၉) ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၆)၊ (၈)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အညို၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါဘဂဝါ' ဟု (၉) ခါ ရွတ်ဆိုပါ။

**စက်တင်ဘာလ(၃၀)ရက်၊တနင်္လာနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၃)၊ (၆)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင်က အနီ၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအောင်မြင်စေရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္ထာ ဒေဝမနုဿာနံ' ဟု (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စံသူ(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

မိဘကို ပြုစုလုပ်ကျွေးဖို့ပဲ ဖြစ်ဖြစ်၊ မိသားစုကိုရှာဖွေကျွေးဖို့ပဲ ဖြစ်ဖြစ် ရပ်ဝေးမှာ အလုပ်သွားလုပ်ကြသူတွေ ရှိနေကြပါတယ်။

ရွာခြားမြေခြား ရပ်ဝေးမြေခြား တိုင်းတစ်ပါးမှာသွားပြီး အလုပ်လုပ်ကြသူတွေအတွက်-

ဘုန်းတွေ ကံတွေပွင့်၊ လာဘ်တွေပွင့်ပြီး အန္တရာယ်ကင်းကင်းနဲ့ ကျန်းမာနေစေဖို့ မိသားစုဝင်တွေမှာ တာဝန်ရှိပါတယ်။

သူတို့ အေးအေးချမ်းချမ်းနဲ့ အဆင်ပြေမှ သူတို့တွေရဲ့ မိသားစုတွေလည်း အဆင်ပြေမှာပါ။

ဒါကြောင့်-

မိသားစုဝင်တွေအတွက် အကြံပြုလိုက်ပါတယ်။

အလုပ်သွားလုပ်သူဟာ အိမ်ထောင်ဦးစီးဖြစ်နေရင်-

ညီအစ်ကို မောင်နှမတွေထဲမှာ အစ်ကိုကြီးဖြစ်နေရင်-

သူ့ရဲ့အင်္ကျီကို ပခုံးပေါ်တင်ပြီး ဘုရားရှိခိုးရပါလိမ့်မယ်-

ငယ်ရွယ်သူဖြစ်နေရင် အင်္ကျီကို ရင်ဘတ်မှာထိထားပြီး လက်အုပ်ချီပြီး ဘုရားရှိခိုးရပါမယ်။

သားသမီးဖြစ်နေရင် သားသမီးရဲ့ အင်္ကျီကို ပေါင်ပေါ်ဖြန့်ခင်းပြီး ပုတီးစိပ်၊ တရားထိုင်၊ ရွတ်ဖတ်ပေးတာတွေ ပြုလုပ်ရပါမယ်။

ဘယ်နေ့မှာ ဘာစ,လုပ်ရမလဲ ဆိုရင်-

သူ့မွေးနေ့မှာ စ,ပါ။ ဥပမာ-အင်္ဂါသားဖြစ်နေရင် အင်္ဂါနေ့မှာ စပြီးပြုလုပ်ပါ။

ပြုလုပ်ရမှာက (၉) ရက်စီပါ။

(၉) ရက် ပြည့်ရင် တစ်ကဏ္ဍ အောင်ပါပြီ။

နောက်နေ့ရက်ရွေး၊ မွေးနေ့ကစပြီးနောက် (၉)ရက် အဓိဋ္ဌာန်ဝင်ပေးပါ။

အဲဒီလိုမျိုး (၉) ရက်၊ (၉) ရက် ဆက်တိုက် အဓိဋ္ဌာန်ဝင်သွားပါ။

ရက်ရှည်ကြီးဆိုရင် အကြောင်းအမျိုးမျိုးကြောင့် အဓိဋ္ဌာန်ပျက်တဲ့အခါ မကောင်းပါဘူး။ စိတ်ထဲမှာ ထင့်ကုန်တတ်ပါတယ်။ မလိုတာတွေ တွေးတတ်ကြပါတယ်။

ဒါကြောင့် (၉) ရက်စီသာ ပိုင်းပြီး အဓိဋ္ဌာန်ဝင်ပါ။

အဓိဋ္ဌာန်ဝင်ပြီ ဆိုတာနဲ့-

စတဲ့နေ့မှာ ဘုရားကို ပန်းအသစ် စတင်ပါ။

ပြီးရင် ၂၄ ပစ္စည်းကို သက်စေ့ ရွတ်ပေးလိုက်ပါ။

ရွတ်ပြီဆိုရင် အင်္ကျီတွေက ခုနအတိုင်း ပခုံးပေါ်တင်သင့်တင်၊ ရင်ခွင်မှာ ထားသင့်တာထားပေါ့။

သက်စေ့ဆိုတာ အိမ်ထောင်ဦးစီးက အသက် (၄၅) နှစ်ဆိုရင် ၂၄ ပစ္စည်းကို (၄၅) ခေါက် ရွတ်ရမှာ ဖြစ်ပါတယ်။

အသက် (၂၃) နှစ် ဆိုရင် (၂၃) ခေါက် ရွတ်ပေးရမှာ ဖြစ်ပါတယ်။

ဒါပေမယ့်. . .

ပိုကောင်းတာကတော့ အသက် (၂၄)နှစ်အောက်ဆိုရင်လည်း ၂၄ ပစ္စည်းကို (၂၄) ခေါက်သာ ရွတ်ပါ။ ပိုကောင်းပါတယ်။

ဒီလို ရွတ်နေချိန်မှာ အကောင်းဆုံးကတော့ နဝင်္ဂသီလကို တစ်ထိုင်ယူပြီးရွတ်ပါ။ ဘယ်လိုမှမဖြစ်နိုင်ရင်တော့ ငါးပါးသီလခံယူပြီး ရွတ်ပါ။ သီလနဲ့ရွတ်တာဆိုတော့ အစွမ်းထက်တဲ့နေရာမှာ မတူတော့ပါဘူး။

ပြီးရင် သစ္စာဆိုပါ။

'ဤနေ့သည် ခင်ပွန်းသည် (ဘယ်သူ၏)မွေးနေ့ ဖြစ်ပါသည်ဘုရား။ ဘုရားတပည့်တော်သည် ဘုရားကို ယုံပါ၏ဘုရား၊ တရားကိုယုံပါ၏ဘုရား၊ သံဃာကိုယုံပါ၏ဘုရား။ ဤသို့ ရတနာမြတ် (၃)သုံးပါးကို ယုံကြည်သောစိတ်ဖြင့် ဤနေရာမှနေ၍ ဘုရားရှင်အား ထိုင်ရာမထ ၂၄ ပစ္စည်း (ဥပမာ-အခေါက် ၅၀ ဆို ၅၀၊ ၃၉ ခေါက်ဆို ၃၉ ခေါက်ပြော) ရွတ်ဖတ်ပူဇော်ခဲ့ပြီးပါပြီ ဘုရား။ ဤသို့ ပူဇော်စဉ်အချိန်အတွင်း ဘုရားတပည့်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

တော်သည် ခြေ (၄) ချောင်းသတ္တဝါတို့၏အသက်ကိုလည်းမသတ်ပါဘူးဘုရား။ ခြေ (၄) ချောင်းသတ္တဝါတို့ရဲ့ အသားကိုလည်း မစားပါ ဘုရား။

ဤမှန်သောသစ္စာစကားကြောင့်-

ရပ်ဝေးမြေခြား တိုင်းတစ်ပါး (နိုင်ငံထည့်ပြော) မှာ အလုပ်လုပ်နေသူ ဘုရားတပည့်တော်၏ ခင်ပွန်းသည် (ဘာနေ့သား၊ နာမည်ဘယ်သူ) သည် ဘေးကင်း ရန်ကင်း အန္တရာယ်ကင်းစွာ ကျန်းမာချမ်းသာပါစေ။

ဘုန်းကောင်း၊ လာဘ်လာဘတွေ ပွင့်ပါစေ'

ဆိုပြီး အာရုံပြုပါ။

ပြီးရင် ဝင်လေကို ဖြည်းဖြည်းရှူပါ။ ဗိုက်ထဲမှာလေပြည့်လာရင် ပထမဦးဆုံး-

ခင်ပွန်းသည်၏မျက်လုံးကို ကိုယ့်မျက်စိထဲမှာ မြင်အောင်ကြည့်ပြီး. . .

'(ဘယ်နေ့သား ဘယ်သူ၏) စက္ခုဝိညာဉ်သည် ဘေးတွေ ရန်တွေ ကင်းပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ'

ဆိုပြီး စိတ်ထဲက မေတ္တာပို့ရင်း ထွက်လေကို ဖြည်းဖြည်း ချင်း ပြန်ထုတ်။ ထွက်လေနဲ့အတူ ထွက်နေတဲ့ မေတ္တာဓာတ်ဟာ သူ့မျက်လုံးကို ဒါရိုက်ထိ ရောက်နေပြီဆိုတာ ယုံကြည်ချက်အပြည့်နဲ့ မေတ္တာပို့။

ပြီးရင် ဝင်လေကို ဖြည်းဖြည်းချင်း ပြန်ရှူ ပြီးတာနဲ့-

'ခင်ပွန်းသည်၏ သောတဝိညာဉ်သည် ဘေးတွေရန်တွေ ကင်းပါစေ၊ ကျန်းမာချမ်းသာပါစေ'

ဆိုပြီး ခင်ပွန်းသည်ရဲ့နားကို မြင်အောင် အာရုံပြုပြီး ထွက်လေနဲ့ ဖြည်းဖြည်းချင်းမေတ္တာပို့။

ပြီးရင် ဝင်လေပြန်ရှူ ပြီးတာနဲ့ ခင်ပွန်းသည်ရဲ့နှာခေါင်းကို မြင်အောင် အာရုံပြုကြည့်၊ သူ့ဟာ ဒီနှာခေါင်းနဲ့ပဲ အနံ့ရတာလေ။ ဒါကြောင့်-

'ခင်ပွန်းသည်ရဲ့ဃာနဝိညာဉ်သည်



# ရေခြားမြေခြားတွင် အလုပ်လုပ်နေကြသူများ အန္တရာယ်ကင်းစေဖို့ သူ့ရင်လက်ဆောင်

(ရင်ကိုဆေး၊ မြေဆေးသား)

ဆရာဦးမောင်မောင်သန်း

www.burmeseclassic.com

www.burmeseclassic.com

ဘေးတွေ ရန်တွေ ကင်းပါစေ၊ ကျန်းမာချမ်းသာပါစေ'

ဆိုပြီး ထွက်လေနဲ့ ဖြည်းဖြည်းချင်း မေတ္တာပို့၊ ပြီးရင် ဝင်လေပြန်ရှူ။ ပြီးတာနဲ့ ခင်ပွန်းသည်ရဲ့လျှာကို အာရုံပြု၊ စိတ်ကို စူးစိုက်လိုက်။ သူစကားပြောရင် ဒီလျှာနဲ့ပြောရတာ၊ သူ အာဟာရစားသုံးလို့ အရသာသိဖို့လည်း ဒီလျှာပဲ။ ဒါကြောင့်-

'ခင်ပွန်းသည်ရဲ့ ဇိဝှါဝိညာဉ်သည် ဘေးတွေ ရန်တွေ ကင်းပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ'

ဆိုပြီး ထွက်လေ ပြန်ထုတ်ရင်း ဖြည်းဖြည်းချင်း မေတ္တာပို့။

ပြီးရင် ဝင်လေပြန်ရှူ။ ပြီးတာနဲ့ ခင်ပွန်းသည်ရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို မျက်လုံးထဲမှာပုံဖော်ပြီး မြင်အောင်ကြည့်၊ ပြီးတာနဲ့-

'ခင်ပွန်းသည်ရဲ့ ကာယဝိညာဉ်သည် ဘေးတွေရန်တွေကင်းပါစေ၊ ကျန်းမာချမ်းသာပါစေ'

ဆိုပြီး ထွက်လေပြန်ထုတ်ရင်း ဖြည်းဖြည်းချင်း မေတ္တာပို့-

အဲဒီလို အာရုံ (၅) ပါးကို စူးစိုက်ပြီး မေတ္တာပို့လွှတ်ပြီးပြီ ဆိုတာနဲ့ ကိုယ်ကိုယ်တိုင်ရော ငြိမ်သက်အေးချမ်းလာတာ ကိုယ်တွေ့ ကြုံရပါလိမ့်မယ်။

ဒါဟာ အကောင်းဆုံးမေတ္တာပို့သ,နည်းပါပဲ။

အင်မတန်မှ ဂုဏ်ကျေးဇူးကြီးမားလှတဲ့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့မေတ္တာပို့နည်းပါပဲ။

ဒီနည်းဟာ တကယ့်ကိုထိရောက်လွန်းလှပါတယ်။

ကိုယ်ပို့လိုက်တဲ့ မေတ္တာကိုလည်း တစ်ဖက်က သိသိသာသာရတဲ့ မေတ္တာပို့နည်းပါပဲ။

ဒီအထိ ပြီးသွားပြီဆိုရင် တစ်နေ့တာအတွက် ပြီးမြောက်အောင်မြင်သွားပါပြီ။ ဒါမျိုး (၉) ရက် ဆက်တိုက်ပြုလုပ်ရမှာ ဖြစ်ပါတယ်။

ခင်ပွန်းသည် မဟုတ်ဘဲ သားသမီးလေးတွေအတွက်ဆိုရင်လည်း ဒီအတိုင်းပဲ မေတ္တာပို့ပါ။

ပန်းပေါ်တင်တဲ့ အင်္ကျီတို့၊ ရင်ခွင်ထားတဲ့အင်္ကျီတို့၊ ပေါင်ပေါ်ဖြန့်ခင်းတဲ့ အင်္ကျီတို့ကို ရွှတ်ဖတ်ပြီးရင် သူနေရာသူ ပြန်ထားပါ။ နောက်နေ့မှ ပြန်ယူပြီးရွှတ်ပါ။

ဘုရားပန်းအသစ် ပူဇော်တိုင်း အန္တရာယ်ကင်းစေဖို့ ပြုလုပ်ပေးနေတဲ့ ခင်ပွန်းသည်၊ ဒါမှမဟုတ် သားသမီးတွေရဲ့နေ့မှာ ပန်းအသစ်လဲလှယ် ပူဇော်ပါ။ 'ဘယ်နေ့သား၊ ဘယ်သူ့အတွက်ကုသိုလ်ဆက်ပါတယ်ဘုရား' ဆိုပြီး ရိုရိုသေသေ ရှိခိုးပူဇော်ပါ။

အားတဲ့ရက်ကို ရွေးပါ။

တနင်္ဂနွေနိုင်ကြီး ဘုရားစေတီတစ်ဆူဆူသို့သွားပါ။

ခင်ပွန်းသည်၊ ဒါမှမဟုတ် သားသမီးများရဲ့ ဂြိုဟ်တိုင်ထောင့်ကနေပြီး ဆီမီးထွန်းပေးပါ။ ဂြိုဟ်သက်အလိုက် ပူဇော်ပေးပါ။

ဥပမာ- ခင်ပွန်းသည်ဟာ ဗုဒ္ဓဟူးသားဖြစ်နေရင် ဖယောင်းတိုင် (၁၇)တိုင် ထွန်းပြီး ဘုရားပူဇော်ပေးပါ။

ပြီးရင် ဘုရားကို ရေသပ္ပာယ်ပါ။ ရေသပ္ပာယ်ရင်တော့ သက်စေ့ သပ္ပာယ်ပေးလိုက်ပါ။

ဥပမာ- (၅၂)နှစ် ဆိုရင် (၅၂)ခွက်လောင်းပြီး ရေသပ္ပာယ် ပူဇော်ပေးပါ။

(မကြာ မကြာ သွားပြီး ပူဇော်ပေးပါ။)

ပူဇော်ပြီးတာနဲ့ သူ့ရဲ့ဂြိုဟ်တိုင်ထောင့်ကနေပြီး ဘုရားရှိခိုးပါ။ သက်ဆိုင်သူကို မေတ္တာလှမ်းပို့ပါ။

နေ့/ည၊ ရက်၊ အချိန် မရွေးပါနဲ့။

ဖယောင်းတိုင်ထွန်းရင် အနီတွေ မထွန်းပါနဲ့၊ ရိုးရိုးအဖြူပဲထွန်းပါ။

ပန်းပေါ်တင် ရွှတ်ဖတ်သရဇ္ဈာယ်၊ မေတ္တာပို့ထားတဲ့ ခင်ပွန်းသည်ရဲ့အင်္ကျီကို သေချာခေါက်ပြီး ခေါင်းအုံးဘေးနားမှာ ရိုရိုသေသေထားပါ။ ဒီအင်္ကျီကိုမြင်တာနဲ့ ကိုယ့်ရဲ့ခင်ပွန်းသည် ကျန်းမာစေကြောင်း မေတ္တာက ပို့ဖြစ်နေမှာပါ၊ မေတ္တာရောက်နေမှာပါ။

(၉)ရက်အဓိဋ္ဌာန်ပြည့်ပြီးမှ ဒီအင်္ကျီလေးကို သူ့နေရာသူပြန်ထားပါ။ နောက်ထပ် (၉)ရက်အတွင်း တစ်ထည်ပေါ့။

အရေးကြီးတာက-

ခင်ပွန်းသည်အတွက်ပဲ ဖြစ်ဖြစ်၊ သားသမီးအတွက်ပဲ ဖြစ်ဖြစ် အခု ပြထားတဲ့အဓိဋ္ဌာန်ဝင်ပြီ ဆိုတာနဲ့. . .

အဲဒီ အဓိဋ္ဌာန်ရက်တွေမှာ-

နိမိတ်မကောင်းတဲ့စကားဆိုးတွေ မပြောမိပါစေနဲ့။

သေတာကျေတာတွေ၊ ပျက်ပြုန်းတာတွေ၊ ဒုက္ခရောက်တာတွေနဲ့ဆိုင်တဲ့ စကားဆိုးတွေ မပြောမိပါစေနဲ့။ ဗန်းစကားတွေ မပြောပါနဲ့။ ဝတ်တဲ့အင်္ကျီတွေမှာလည်း လူအရိုးခေါင်းတွေ၊ လူသတ်နေတဲ့ပုံတွေ၊ လျှာတန်းလန်း, မားတန်းလန်းနဲ့အသတ်ခံနေရတဲ့ လူသေပုံတွေ၊ သွေးသံရဲရဲပုံတွေ မဝတ်မိအောင် ဂရုစိုက်ပါ။ ဒါတွေဝတ်ပြီး အဓိဋ္ဌာန်ဝင်လို့လည်း မရပါဘူး။

ကိုယ်က အိမ်ထောင်ဦးစီးအန္တရာယ်ကင်းဖို့ လုပ်နေတယ်။

ဝတ်ထားတာက လူသေနိမိတ်၊ လူအရိုးခေါင်း၊ လူသတ်တဲ့ပုံတွေဆိုရင် ဣဋ္ဌနဲ့အနိဋ္ဌ ဖြစ်နေပါတယ်။

လုံးဝရှောင်ပါ။

မင်္ဂလာမရှိတဲ့စကားတွေဆို လုံးဝရှောင်ပါ။

ဖြစ်နိုင်ရင် အတတ်နိုင်ဆုံး ရှောင်သင့်တာတွေလည်း ရှိပါတယ်။

ထမင်းစားပန်းကန်တွေ ဘာတွေကိုယ့်ကြောင့် ကျမကွဲပါစေနဲ့။ အဲဒီ ရက်ထဲမှာ၊ အဓိဋ္ဌာန်ရက်ထဲမှာ ထမင်းစားတဲ့ သောက်တဲ့ ပန်းကန်တွေ ကျမကွဲအောင် ဂရုစိုက်ပါ။

ရပ်ဝေးမြေခြားမှာသွားပြီး အလုပ်လုပ်နေတဲ့သူကြောင့် ကိုယ့်မှာ ဒီထမင်းဟင်း မပူမပင်ရတာ ဖြစ်နေပါတယ်၊ အေးချမ်းစွာ စားသောက်နေရပါတယ်၊ ဒါကြောင့် ထမင်းဟင်းထည့်စားတဲ့ ပန်းကန်တွေ မကွဲအောင် ဂရုစိုက်ပါ။

ထမင်းစားနေတုန်းမှာ-

သတ်တဲ့ဖြတ်တဲ့ အကြောင်းတွေ၊ သေတဲ့အကြောင်းတွေ၊ ကျက်သရေမင်္ဂလာမဲ့တဲ့စကားတွေ လုံးဝ မပြောမိပါစေနဲ့။

ထမင်းစ,စားပြီဆိုတာနဲ့ အနန္တောအနန္တ(၅)ပါးကို အာရုံပြု ဦးထိပ်ထားပြီး ကိုယ့်ရဲ့ထမင်းရှင်ဖြစ်တဲ့ ခင်ပွန်းသည်ကို လှမ်းမေတ္တာပို့ပါ။ သူ့ကြောင့် အေးအေးလူလူစားနေရတာပါလားဆိုတဲ့ မေတ္တာစိတ်တွေနဲ့ မေတ္တာပို့ပြီး စားပါ။

သားသမီးတွေက ပို့ပေးနေရင်လည်း ဒီလိုပဲ၊ သားသမီးတွေကိုမေတ္တာပို့ပြီး စားပါ။

နောက်ပြီး-

အရေးကြီးတာ တစ်ခုက. . .

တခြား သူစိမ်းတစ်ရံဆန် တစ်ဦးဦး စောစောစီးစီး ကိုယ့်အိမ်လာပြီး ငိုတာယိုတာတွေ မလုပ်ပါစေနဲ့။ ဒုက္ခရောက်တဲ့အကြောင်းတွေ လာမညည်းပါစေနဲ့။ အဲဒါ သတိထားပါ။ မလိုရင်းဖြစ်တတ်ပါတယ်။

(၉)ရက်၊ (၉)ရက်စီ ပိုင်းပြီး ဝင်တဲ့ အဓိဋ္ဌာန်များဟာ အရေးကြီးပါတယ်။

ကိုယ်တိုင်လည်း စောစောစီးစီး မင်္ဂလာမရှိတဲ့ဇာတ်ကားတွေ မကြည့်



www.burmeseclassic.com

www.burmeseclassic.com

နဲ့ မင်္ဂလာမရှိတဲ့သီချင်းတွေနားမထောင်ပါနဲ့။

ကိုယ်က ကိုယ့်အိမ်ထောင်ဦးစီး အန္တရာယ်ကင်းအောင် အမိဋ္ဌာန်ဝင်နေချိန်မှာ ဟီးချပြီးငိုယိုတာမျိုးတွေ မကြည့်ပါနဲ့။

အရေးကြီးပါတယ်။

ကောင်းတာလုပ်နေတဲ့ရက်တွေ၊

ကောင်းအောင် ကောင်းခြင်းတွေပွားများနေတဲ့ ရက်တွေမှာ-

မကောင်းတာရှောင်ရတာ ရိုးရိုးလေးပါ။

ဒါလည်း လူတိုင်းသိတဲ့ကိစ္စပါ။

ကောင်းခြင်းနဲ့မကောင်းခြင်း သွားရောလို့ မရပါဘူး။

BURMESE CLASSIC .com

ပြီးတော့-

လူဝင်၊ လူထွက်ကိစ္စ။

ဒါကတော့ လက်ခံတဲ့သူတွေကိုပဲ ဆိုလိုတာပါ။

လက်မခံတဲ့သူတွေအတွက်တော့ အကြံမပြုတော့ပါဘူး။

ဒီအယူအဆတွေကို လက်ခံတဲ့သူတွေဆိုရင်တော့ အကြံပြုချင်ပါတယ်။

လူဝင်၊ လူထွက် မတော်တာ၊ တော်တာနဲ့ ပတ်သက်ပြီး ရှေးရှေးက ပညာရှိတွေထားရစ်ခဲ့ကြတဲ့ ရှေးပညာတွေမှာ ရှိနေပါတယ်။

တကယ်လည်း လက်တွေ့မှန်ကန်လွန်းတဲ့ပညာတွေပါ။

လူအဝင်မတော်လို့ဖြစ်ရတဲ့ ကိစ္စတွေဆို အများကြီးပါ။

အပူဆိုတာကူးတတ်ပါတယ်၊ ကူးတဲ့သဘော ရှိပါတယ်။

တစ်ခါက-

အိမ်ထောင်ဦးစီးက ရပ်ဝေးမြေခြားမှာ အလုပ်သွားလုပ်တယ်။ နောက်ပိုင်းမှာကျန်ခဲ့တဲ့ မိသားစုဆီကို အိမ်ထောင်ကွဲတဲ့သူ ရောက်လာတယ်။ လူအဝင်မတော်တဲ့နှစ် ဖြစ်တဲ့အပြင် စိတ်သောကအပူနဲ့ရောက်လာလို့လား မသိပါဘူး၊ ဟိုမှာအလုပ်လုပ်နေတဲ့ အိမ်ထောင်ဦးစီးဟာ အကောင်းကြီးကနေ ခါးရိုးထိခိုက်သွားလို့ အလုပ်မလုပ်နိုင်တော့ဘဲ ပြန်ရောက်လာရတယ်။

ဒီလို ပြန်ရောက်လာတော့ သူတို့မိသားစုကို ဘယ်သူမှမကူညီနိုင်တော့ဘူးလေ။

ဒါ နမူနာတစ်ခု ပြောပြတာပါ။

လူမှာ အတွင်းစည်းဆိုတာ ရှိပါတယ်။ မိသားစုရဲ့အတွင်းစည်းဟာ သိပ်အရေးကြီးပါတယ်။ ဒါ လွယ်လွယ်ပြောလိုက်တာပါ။

ရပ်ဝေးမြေခြားမှာ အလုပ်လုပ်နေရရှာတဲ့သူ အန္တရာယ်ကင်းဖို့က အရေးအကြီးဆုံး ဦးစားပေး (၁) ပါ။ ဒါလေးကိုတော့ သတိလေးမမေ့ဖို့ပါ။

ကိုယ်နဲ့ အတူနေနေတဲ့အချိန်မှာ လူဝင်တာမျိုးက ပြဿနာ မရှိပေမယ့် ကိုယ်နဲ့အတူမနေဘဲ ရပ်ဝေးမြေခြားမှာ သွားအလုပ်လုပ်နေရရှာတဲ့ အချိန်မှာတော့ သူ့ကို ထိခိုက်သွားစေနိုင်တာ မှန်သမျှ ရှောင်ရှားပေးဖို့ အရေးကြီးပါတယ်။

ဒါလောက်ဆိုရင်တော့-

ရပ်ဝေးမြေခြားမှာသွားပြီး အလုပ်လုပ်နေသူအတွက်. . .

အန္တရာယ်ကင်းဖို့ ဗဟုသုတတွေအများကြီး ရသွားလောက်ပါပြီ။

ဘယ်လောက်မှ မခဲယဉ်းပေမယ့် အချိန်လေးနည်းနည်းပေးရတဲ့ အမိဋ္ဌာန်နဲ့ အန္တရာယ်ကင်းခြင်းတွေကို စတင်လိုက်ပါ။

ဒီအမိဋ္ဌာန်မှာ သစ္စာဆိုလိုက်တာလည်း အမှန်တရားတွေချည်းပါပဲ။

သူ့ရဲ့မွေးနေ့မှာ စတင်တာဖြစ်တဲ့အတွက် ဒီနေ့ဟာ သူ့ရဲ့မွေးနေ့ဖြစ်ပါတယ်ဆိုတာလည်း အမှန်တရားပါပဲ။

ဘုရားကို ၂၄ ပစ္စည်းနဲ့ ပူဇော်နေချိန်မှာ ဘယ်ခြေ (၄) ချောင်းရဲ့အသက်ကိုမှ မသတ်တာ၊ ဘယ်ခြေ (၄) ချောင်းရဲ့အသားကိုမှ မစားတာလည်း တကယ့်သစ္စာပါပဲ။ အမှန်တရားပါပဲ။

ဘုရားရှိခိုးနေတာမို့ သတ်လို့လည်း မရဘူး၊ စားလို့လည်းမရဘူးလေ။

ဒီထက်မှန်တာတော့ မရှိတော့ဘူး။

ဒါကြောင့်လည်း 'ဤမှန်သောသစ္စာစကားကြောင့်' ဆိုပြီး သစ္စာဆိုတာပါလာတာ ဖြစ်ပါတယ်။

ပြီးတော့-

အရေးကြီးတာကလေးတစ်ခု ရှိပါသေးတယ်။

အဲဒါကတော့ ကိုယ့်ရဲ့အိမ်ထောင်ဦးစီး၊ ဒါမှမဟုတ် ကိုယ့်ရဲ့သားသမီး သွားပြီးအလုပ်လုပ်နေတဲ့နေရာမှာရှိတဲ့ အဆောက်အအုံအတွင်းတွေမှာ ရှိနေကြတဲ့ မမြင်ရတဲ့ပုဂ္ဂိုလ်တွေပါပဲ။

သူတို့ကို အာရုံစူးစိုက်ပြီး စိတ်နဲ့မေတ္တာပို့၊ အမျှဝေပေးပါ။

ကိုယ် ဒီလိုပို့လို့ သိပ့်ါမလားတို့၊ ဘာတို့ဆိုတဲ့ တွေဝေတာတွေကို ဘေးဖယ်ထားပါ။

ယုံပါ။

မေတ္တာတန်ခိုးကိုယုံပါ။

အဲဒီ အဆောက်အအုံတွေဆီ မရောက်ဘူးပေမယ့် စူးစူးစိုက်စိုက် မေတ္တာပို့ပေးပါ။ ထူးခြားတာတွေ ကြုံလာ၊ ကြားလာရပါလိမ့်မယ်။

ဒီလိုနည်းနဲ့ မေတ္တာပို့တဲ့သူတစ်ယောက် ပြောဖူးပါတယ်။

'ဆရာခိုင်းတဲ့အတိုင်း ကျွန်မ စူးစူးစိုက်စိုက် မေတ္တာပို့ရင်း ဆံပင်တိုတိုနဲ့ အသားဖြူဖြူ အဖွားကြီးတစ်ယောက် တွေ့တွေ့နေလို့ ကျွန်မ ထပ်ထပ်ပြီး မေတ္တာပဲပို့တယ်' လို့ ပြောပါတယ်။

သူ့ခင်ပွန်းပြန်လာတော့ သူတို့နေတဲ့အိမ်ရှင်ရဲ့အမေဟာ အဲဒီအိမ်မှာဆုံးသွားတာကြာပြီ ဆိုပြီး သူမြင်ခဲ့ရတဲ့ ဓာတ်ပုံထဲက ပုံပန်းသဏ္ဌာန်ကို ပြောပြပါတယ်။ ဒီမှာ သူ့ဇနီးမြင်မြင်နေတဲ့ ပုံပါပဲ။

အဲဒီနောက်ပိုင်း သူ့ခင်ပွန်းဟာ ဘာအထစ်အငေါ့၊ ဘာကိစ္စမှမရှိဘဲ အဆင်ပြေပြေနဲ့ အဲဒီအိမ်မှာပဲဆက်နေနေရတယ်လို့ ပြောပြပါတယ်။

ခုထိပါပဲ။

ဒါကြောင့်. . .

ရောက်ဖူးသည်ဖြစ်စေ၊ မရောက်ဘူးသည် ဖြစ်စေ မေတ္တာတန်ခိုးကို ယုံပါ။ စူးစူးစိုက်စိုက်သာ မေတ္တာပို့ပါ၊ အမျှဝေပါ။

ထင်မထားလောက်အောင်ကို အဆင်တွေပြေနေပါလိမ့်မယ်။

ဒီလို ရွှတ်ဖတ်ရတာ၊ လိုက်နာရတာ၊ ဆင်ခြင်ရတာလေးတွေနဲ့ပတ်သက်ပြီး သိပြီးသားသူများက မသိသေးတဲ့သူတွေကို လက်ဆင့်ကမ်းပေးပါ။

သူတို့လည်း ကိုယ်တွေလိုပဲ သူတို့ရဲ့အိမ်ထောင်ဦးစီး၊ သူတို့ရဲ့သားသမီးတွေကို အန္တရာယ်ကင်းစေချင်တဲ့သူချည်းပါပဲ။

ပြောပြပါ၊ လက်ဆင့်ကမ်းပါလို့ မေတ္တာစကားဆိုရင်း-

ဖြစ်နိုင်တာတွေကိုသာ ပေးလေ့ရှိတဲ့ သူရဇ္ဇရဲ့ထုံးစံအတိုင်း. . .

ရပ်ဝေးမြေခြား တိုင်းတစ်ပါးမှာ သွားပြီး အလုပ်လုပ်နေကြသူတွေ အားလုံး-

ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူးတော်ကြောင့် ဘေးကင်း ရန်ကင်း အန္တရာယ်ကင်းကြပါစေ။


ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com



# ကံပြောင်းကံမြှင့် အစီအရင်

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** -ဘုရားရှင်အား ယခုတစ်လလုံး သောကြာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသော သံဃာတော်များကို တန်းဆွမ်းလောင်းလှူပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကိုခါတ်မရိုက်ပါနှင့်၊ သောကြာနာမည်ရှင် အကျိုးဆောင်များနှင့် စပ်ပြီးရောင်းပါ။

**ကားရောင်းလိုသူများ** - ကားကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အင်္ဂါနံ' ဘွဲ့အမည်ရှိသော ဘုရားစေတီများ၏တနင်္ဂနွေထောင့်တွင် ပန်းပေါင်းစုံ ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ပဋ္ဌာန်းရွတ်ဖတ်သရဇ္ဈာယ်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - စက်ပစ္စည်း အဟောင်း၊ အပျက်များကို ပြင်ပါ။ ပြင်မရသည့်ပစ္စည်းများဖြစ်ပါက စွန့်ပစ်လိုက်ပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများ၏ရင်ပြင်တော်၊ စောင်းတန်းတော်များအား သန့်ရှင်းရေးအတွက် တံမြက်စည်းလှည်းခြင်း၊ အမှိုက်ကောက်ခြင်းပြုပါ။

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။

**ကျန်းမာရေး** - နွမ်းပါးသူများကို ဆေးဝါး၊ ခါတ်စာများ တတ်အားသရွေ့လှူပါ။

**ထီကံကောင်းလိုသူများ** - သောကြာနေ့တွင် ဈေးမြောက်ဘက်က ထီဆိုင်မှာ (၆) ဂဏန်း များစွာပါအောင် ရွေးချယ်ကံစမ်းပါ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရား ရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးသုံးပတ် နေ့စဉ်စိပ်ပါ။

**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။

**နိုင်ငံခြားသွားလိုသူများ** - ယခုလ ဘုရား (၃) ဆူ လှည့်၍ အမိဋ္ဌာန်ပုတီးများစိပ်ပါ။

**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာ မကြာ စတိရိုက်ပါ။

**ကားရောင်းလိုသူများ** - ကားစက်ဖုံးကိုလက်နှင့်ထိ၍ ဒိဝါတပတိဂါထာ မကြာခဏ ရွတ်ပါ။

**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူသို့သွား၍ တနင်္ဂနွေထောင့်တွင် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။

**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ဖြင့် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။

**လူမှုရေးအတိုက်အခံများသူများ** - ဘုရားစေတီများသို့ရောက်တိုင်း ရင်ပြင်တော် တံမြက်စည်းလှည်းခြင်း၊ ပန်းခြောက်များစွန့်ပေးခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့် အနိုင်ယူခြင်းများ ရှောင်ပါ။ ကိုယ်က လျှော့ပေးပါ။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာ (၇) ခေါက် ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - လှည်းဖြင့်ရောင်းသော ထီသည်များထံမှာ (၄၊ ၈၊ ၇၊ ၀၊ ၁) ဂဏန်းများဖြင့် ပြည့်နေသော ထီလက်မှတ်လေးများနှင့် ကံစပ်နေပါသည်။

## အင်္ဂါသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီ တဟီ အစချီသောဂါထာကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို မြောက်အရပ်ကအကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -သောကြာနံဘွဲ့အမည်ရှိသော ဘုရားစေတီတစ်ဆူ၏တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့်ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမလိုတော့သည့် စက်ပစ္စည်းအဟောင်းအပျက်များကို ရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်းမရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုစာကျွေးပါ။
**ကျန်းမာရေး** - မျက်မမြင်များကို ဒါနပြုပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲ ချက်ချင်းထိုးလိုက်ပါ။

BURMESE CLASSIC .com

## ဗုဒ္ဓဟူးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၃၊ ၄) မျိုးနှင့် ဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - အင်္ဂါနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို ဆေးလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမ လက်တစ်ဆုပ်ဖြင့် မကြာမကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'ရွှေ' ဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူသို့ မကြာ မကြာသွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ဖြင့် ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို တစ်လှည့်စီအစာကျွေးပါ။
**ကျန်းမာရေး** - ဦးခေါင်းတွင် အနာများပေါက်နေသော ကလေးတစ်ဦးအား မုန့်ဝယ်ကျွေးပါ။
**ထီကံကောင်းလိုသူများ**-ခရီးသွားမည့်လူကြုံနှင့်မှာ၍ထိုးပါ။ ဂဏန်းရွေးမနေပါနှင့်၊ ကြိုက်ရာထိုးလာပါစေ။

## ကြာသပတေးသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများဖြင့်ကပ်လှူထားပြီး ဒိဝါတပတိဂါထာကို ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစော အရုဏ်ဆွမ်းခံကြွလာသောသံဃာတော်များကို ဆွမ်းလောင်းပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာ မကြာ စတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'အောင်' ဘွဲ့အမည်ပါရှိသော ဘုရားစေတီများ၏တနင်္ဂနွေထောင့်တွင် 'အရဟံသိဒ္ဓိ' အား မပြောင်းမချင်းပုတီးစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - စက်ပစ္စည်းများပျက်နေပါက မြန်မြန်ပြင်ပါ။ ပြင်မရသောစက်များ



www.burmeseclassic.com

www.burmeseclassic.com

အား စွန့်ပစ်လိုက်ပါ။
**လုပ်ငန်းရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေ (၁၀၈) ခေါက် နေ့စဉ်ရွတ်ပါ။ တစ်ဆက်တည်း မရွတ်နိုင်သူများ မှတ်ပြီးရွတ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အင်္ကျီအနက်ရောင် မဝတ်ပါနှင့်။
**ကျန်းမာရေး** - ထမင်းစားတိုင်း ဖုဋ္ဌသဂါထာ (၇) ခေါက် ရွတ်မန်းပြီးမှစားပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသော ထီကားလေးများ အိမ်နားလာရပ်ပါက နှစ်စောင်တွဲလေးများ နိုင်သလောက်ထိုးထားပါ။ ဂဏန်းရွေးမနေပါနှင့်။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများကို ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ် စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆွမ်းဆန်လောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့် လက်တစ်ဆုပ်ဖြင့် မကြာခဏ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတိပက်ဖျန်းပြီးမှ စနေနာမည်ရှင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - 'စနေနံ' ဘွဲ့အမည်ရှိသော ဘုရားစေတီသို့သွား၍ ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။ မကြာ မကြာ သွားပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - ဂြိုဟ်ရှစ်ခွင်လှည့်၍ ရေသပ္ပာယ်ပါ။ ဆီမီးပူဇော်ပါ။
**လုပ်ငန်းရေးအတိုက်အခံများသူများ** - မေတ္တသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်း လက်ဆောင်မပေးပါနှင့်။
**ကျန်းမာရေး** - ဘုရားရှင်အား သောက်တော်ရေ နံနက် တစ်ကြိမ်၊ ည တစ်ကြိမ် ကပ်ပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် နိုင်သလောက်ထိုးထားပါ။

BURMESE CLASSIC .com

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ကြာသပတေးနံ အသီး၊ အညွန့်၊ ပန်း၊ အာဟာရများ ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှအကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမ လက်တစ်ဆုပ်ဖြင့် မကြာခဏ စတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** -ယခုလ ဘုရားငါးဆူလှည့်၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများကို အိုးတစ်လုံးသတ်သတ်ဖြင့် ဘုရားရှင်အား ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လုပ်ငန်းရေးအတိုက်အခံများသူများ** - ဘုန်းတော်ကြီးကျောင်းရှိ ကုဋီများကို ရေဆေးခြင်း၊ ရေဖြည့်ခြင်းများ ဆောင်ရွက်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုစာကျွေးပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ကြာသပတေးနေ့တွင် (၅) ဂဏန်း များစွာပါသော ထီ (၅) စောင် ရွေးချယ်စမ်းထားပါ။

> ယခုလတွင်-
> အင်္ဂါအစ၊ တနင်္ဂနွေ ပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဆိုသရဇ္ဈာယ် ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများစွာကို ရယူပါ။
> ဥပမာ- စန်းအိ၊ ဆွေအေး၊ ညဏ်ဦး၊ ညိုအောင်။

မိမိကောင်းမှု အကြောင်း
ဆုမတောင်းဘဲ ပြည့်ဝ

ပြည်သိန်း



www.burmeseclassic.com

www.burmeseclassic.com



# ခုနစ်ရက်သားသမီး ၉ ဟောစာတမ်း

## ဆရာဦးမောင်မောင်သန်း

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို သောကြာ၊ တနင်္လာအမည်ရှိသူများနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အတူအညီများ တောင်းပြီး ပြုလုပ်ပါ။ (၇) ဂဏန်း ရှောင်ပြီး အလုပ်လုပ်ပါ။ အကြံအစည်ပြုရန် ကိစ္စရှိတိုင်း အနီရဲရဲနှင့် အနက်ပြောင်အကျီ တွေ ဝတ်မသွားပါနှင့်။ သီလဆောက်တည်ခြင်း၊ အဓိဋ္ဌာန်မကြာခဏဝင်ခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများဖြင့် ဆင့်ကဲ တိုးတက် ပြောင်းလဲလာပါလိမ့်မည်။ အပျော်အပါးများလွန်းသူများ၊ ပြဿနာဟောင်းတွေရင်ဆိုင်ရတတ်၍ ကိုယ့်ကိုယ်ကိုယ် သတိထား ပေးပါ။ ကျန်းမာရေးအတွက် ဦးခေါင်းမူးဝေသွားစေသော၊ ဗိုက်အောင့်စေတတ်သောဝေဒနာများ မဖြစ်အောင် နေထိုင် စားသောက်ပါ။ လာဘ်လာဘ၊ အရောင်းအဝယ်ကိစ္စများ ထစ်ငေါ့နေပါက ဒိဗ္ဗတပတိဂါထာ၊ ရှင်သီဝလိဂါထာများကို ရွတ်ဖတ် သရဇ္ဈာယ်ပါ။ အလုပ်အကိုင်အကြံအစည်များ၊ ရာထူးကိစ္စများခက်ခဲနေပါက ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသတော်ကို အဓိဋ္ဌာန်ဖြင့် ရွတ်ဖတ်ပူဇော်ပါ။ ပညာရေးကံများ ကောင်းနေပါသည်။ အပျော်အပါးကိစ္စများလျှော့ပါ။ သူငယ်ချင်းများနှင့်အတူ စုပေါင်း လေ့ကျင့် ကျက်မှတ်မှုများပြုလုပ်ပါက အချိန်မဖြုန်းပါနှင့်၊ အောင်မြင်မှု ရရှိပါမည်။ နှလုံးသားရေးရာကိစ္စများ စိတ်ချမ်းသာမှု ရှိစေရန် ခိုလေးများကို အစာကျွေးပါ။ စက်ပစ္စည်းဝင်ပါက ငွေကုန်ကျစရာကိစ္စပေါ် လာတတ်သည်။ လူမှုကွဲနှင့်အကျိုးမပေး သောကာလ ဖြစ်ပါသည်။ ထီထိုးမည်ဟုစဉ်းစားထားပါက ဈေးလမ်းဆုံတွင်ရောင်းသော ထီဆိုင်မှ (၆) ဂဏန်းနှင့် စ,သော ထီလက်မှတ်လေးများကို ရွေးချယ်ကံစမ်းနိုင်ပါသည်။

**ယတြာ ။ ။ *လည်ပတ်စေသော ပန်းကာအပျက်များရှိရင် ထုတ်စွန့်လိုက်ပါ။***

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကြံဉာဏ်များ ရယူပါ။ အောင်မြင်ပါလိမ့်မည်။ (၅) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ တရားဥပဒေနှင့်ဆန့်ကျင်သောကိစ္စမှန်သမျှ ရှောင်ပါ။ အမှုအခင်းဖြစ်နေသူများကို အာမခံပေးမယ်ဆိုရင် စဉ်းစားပါ။ အရှုပ်အရှင်းဖြစ်နေတတ်သောစက်များ၊ အပူနှင့်ဝင်လာသောစက်များ လက်မခံပါနှင့်။ ကျင့်ကြံကြိုးကုတ်အားထုတ်သူများ၊ ရွတ်ဖတ်သရဇ္ဈာယ်အားသန်သူများအတွက် အခက်အခဲများကြားက ရာထူးတက်သွားခြင်း၊ လုပ်ငန်းကြီးကြီးမှာတာဝန်ယူရခြင်းများကြုံရပါလိမ့်မည်။ မိသားစုတွင်းမှာ အိမ်ဆူ၊ အိမ်ပူ မဖြစ်အောင်နေပါ။ အကျိုးပေးမည့် အနုပညာလုပ်ငန်းများ လုပ်ကိုင်လိုပါက အမိဋ္ဌာန်ဝင်၍ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ကျင့်ကြံအားထုတ်ခြင်းများစွာ ပြုလုပ်ပေးပါ။ ကျန်းမာရေးကောင်းနေစေရန်အတွက် ဆီးရောဂါဝေဒနာရှင်များ၊ ဗိုက်ဝေဒနာရှင်များကို ကြုံရင်ကြုံသလို ဆေး၊ အာဟာရ၊ ငွေလှူပါ။ မောရဏပရိတ်တော်ကို နေ့စဉ် ရွတ်ပါ။ အိပ်ရေးပျက်မခံပါနှင့်။ ပညာရေးကံများကောင်းလာစေရန် ဆော့ကစားတာ မလွန်ပါစေနှင့်။ အကြမ်းပတမ်း မကစားမိပါစေနှင့်။ ခုချက်ချင်း ကျက်လို့ရလိုက်၊ ပြန်မေ့သွားလိုက်မဖြစ်ဖို့ ဂရုစိုက်ပြီးကြိုးစားပါ။ ချစ်ရေးချစ်ရာကိစ္စများတွင် အပြစ်မမြင်ဘဲ ချစ်ချစ်ခင်ခင်နေလိုက်ပါ၊ အဆင်ပြေနေပါလိမ့်မည်။ နေရာတကာဝင်ပါပြီး စကားများများပြောတတ်သူ မဖြစ်ပါစေနှင့်၊ စကားမှားတတ်ပါသည်။ လက်ဝတ်ရတနာဝင်လာခြင်း၊ ရွှေရောင်ပစ္စည်းများဝင်လာခြင်း ကောင်းပါသည်။ လုပ်ငန်းမှာလာဘ်ပိတ်နေခြင်း၊ အရောင်းအဝယ်ထိုင်းနေခြင်းများဖြစ်နေပါက တစ်နေ့တည်း ဘုရားခုနစ်ဆူသွားပြီး ဖယောင်းတိုင် (၇) တိုင်စီ ပူဇော်၊ ဒိဝါတပတိဂါထာ ပုတီး (၁)ပတ်စီ စိပ်ခဲ့ပါ။ အံ့သြစရာကောင်းလောက်အောင် လာဘ်လာဘများ ပြန်ပွင့်သွားပါလိမ့်မည်။ ထီထိုးရန်အတွက် ဗုဒ္ဓဟူးနံထီဆိုင်တွင် (၄) ဂဏန်းနှင့်စ,သော ထီလက်မှတ်လေးများ နိုင်သလောက်ကံစမ်းထားပါ။

ယတြာ ။ ။ *စက်ပစ္စည်းအစုတ်အဟောင်းများ စွန့်ထုတ်ပစ်ပါ။*

## အင်္ဂါသားသမီးများ

အောင်မြင်လိုသောကိစ္စမှန်သမျှ သောကြာနာမည်ရှင်များ၊ တနင်္လာနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ အကြံဉာဏ်များ ရယူပါ။ (၇) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အပူသော့က အရှုပ်အရှင်းများနှင့်ဝင်လာသော စက်များ၊ အမှုဖြစ်နေသောသူများကို အာမခံပေးခြင်းများ ရှောင်ရပါမည်။ ကိုယ့်သဘောနဲ့ကိုယ် အလုပ်နေရာပြောင်းချင်ရင်လည်း စဉ်းစားပါ။ ကျင့်ကြံအားထုတ်သူများ၊ သီလဆောက်တည်သူများဆိုရင်တော့ အောင်မြင်မှုရရှိပါလိမ့်မည်။ အိမ်ထောင်ရေး စိတ်ချမ်းသာမှုရှိစေရန် စကားအငြင်းအခုံပြုခြင်းများ ရှောင်လိုက်ပါ။ လူမျိုးကွဲနှင့်အဆင်မပြေဖြစ်တတ်သောကာလ ဖြစ်ပါသည်။ ကျန်းမာရေးအတွက် ဆီး၊ ဝမ်း၊ လေ ဂရုစိုက်ပါ။ အိပ်ရေးပျက်လည်း မခံပါနှင့်။ ဆီး၊ မျက်စိ၊ အစာအိမ်နဲ့ဆိုင်တဲ့ ဝေဒနာရှင်တွေကို ဆေး၊ ငွေ၊ အာဟာရ ကြုံတိုင်း၊ ဆုံတိုင်း လှူပေးပါ။ ပညာရေးကံများကောင်းနေပါသည်။ လုပ်ငန်းခွင်စာမေးပွဲဖြေမည့်သူများ အောင်မြင်ပါလိမ့်မည်။ ငယ်ရွယ်သူတို့၏နှလုံးရေးရာများ အဆင်ပြေနေစေရန်အတွက် ဘုရားရောက်တိုင်း ဂြိုဟ် (၈) ခွင်လုံးကိုလှည့်ပြီး ဘုရားရေသပ္ပာယ်ခြင်းအား မကြာ မကြာ ပြုပါ။ လာဘ်လာဘများဝင်လာစေရန်အတွက် မဟာဝေဒဗ္ဗမန္တန်နှင့် ဒိဝါတပတိဂါထာကို ရွတ်ဖတ်ပူဇော်ပါ။ မိတ်ဆွေကောင်းများတွေ့ရပြီး ကူညီပံ့ပိုးမှုများရရှိမည်။ ယခုလ ကျင့်ကြံအားထုတ်ခြင်း၊ သီလဆောက်တည်ခြင်းများဖြင့် လုပ်ငန်းကိုင်ငန်းများလည်း အဆင်ပြေလာပြီး ရာထူးတိုးတက်မှုများ လမ်းစပေါ်လာမည်။ လုပ်ငန်းစတင်မည့်သူများ သောကြာနေ့ မနက် (၆) နာရီမှ (၇) နာရီခွဲအတွင်း စတင်လိုက်ပါ။ ထီထိုးရန်စဉ်းစားမိပါက ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်မှာ (၆၊ ၅၊ ၄၊ ၂၊ ၉) ဂဏန်းများဖြင့် ပြည့်နေအောင်ထိုးပါ။

ယတြာ ။ ။ *ဘုရားဝတ်ပြုပြီးတိုင်း သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များကို အမျှဝေပါ။*

## ဗုဒ္ဓဟူးသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနာမည်ရှင်၊ စနေနာမည်ရှင်များနှင့် တိုင်ပင်ပါ။ အကြံဉာဏ်များတောင်းပါ။ အကောင်းဆုံးအကျိုးပေးပါလိမ့်မည်။ (၁) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ အပူသော့ကနှင့်ဝင်လာတတ်တဲ့ အိမ်ဟောင်း မြေဟောင်းများ ရှောင်လိုက်ပါ။ အမှုဖြစ်နေသူကို ညအိပ်လက်မခံပါနှင့်။ ငွေအာမခံပေးခြင်းလည်း ရှောင်ပါ။ ရာထူးကိစ္စများအဆင်ပြေလိုပါက ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသကို ရွတ်ဖတ်သရဇ္ဈာယ်ရပါမည်။ လူမှုရေးအတိုက်အခံဖြစ်လာပါက သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ် နေ့စဉ်စိပ်ပါ။ ကျန်းမာရေးကောင်းစေရန် ဦးခေါင်းမကောင်းသူများ၊ ခြေထောက်မကောင်းသူများနှင့် မျက်စိဝေဒနာရှင်များကို တတ်အားသရွေ့ ဆေး၊ ငွေ၊ အာဟာရများ လှူဒါန်းပါ။ ပညာရေးကံတွေ ကောင်းနေသော်လည်း သူငယ်ချင်း အပေါင်းအသင်းများနှင့် အချိန်ကုန်မခံပါနှင့်။ အိပ်ရေးပျက်လည်း မခံပါနှင့်။ ဝီရိယ၊ ဇွဲ၊ လုံ့လဖြင့် ကြိုးစားလေ့လာသင်ယူပါ။ အောင်မြင်မှုပန်းတိုင်ရောက်သွားပါမည်။ လူငယ်တို့၏ချစ်ရေးချစ်ရာများ စိတ်ချမ်းသာမှုရှိလာစေရန် အချေအတင်၊ အငြင်းအခုံများမလုပ်ဘဲ ကိုယ့်ဘက်က လျှော့ပေးပါ။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သစ္စာရှိရန် လိုပါသည်။ အပြောင်းအလဲမများပါနှင့်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေးများ သာယာပါမည်။ လူမျိုးကွဲနှင့်ဆိုင်သောကိစ္စများ အကျိုးပေးပါလိမ့်မည်။ လက်ဝတ်ရတနာဝင်လာတတ်သည်။ လာဘ်လာဘကောင်းလာစေရန် ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးများ စိပ်ပါ။ ထီထိုးရန်အတွက် အိမ်နှင့်ဝေးဝေးမှာရှိနေသော စနေနံ၊ ဗုဒ္ဓဟူးနံ ထီဆိုင်များတွင် (၆၊ ၄၊ ၇၊ ၈) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားပါ။

ယတြာ ။ ။ *ဘုရားတစ်ဆူဆူ၏ဗုဒ္ဓဟူးထောင့် တန်ဆောင်းထဲမှာထိုင်၍ ဘုရားရုပ်ပွားတော်အား ကြာရှည်စွာကြည့်ရင်း ဂုဏ်တော်များ ပွားများပါ။ နာရီဝက်ခန့်ပြုပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ဗုဒ္ဓဟူးနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များနှင့် တိုင်ပင်ဆောင်ရွက်ပါ။ မိတ်ဆွေပေါင်းများထဲမှ တနင်္ဂနွေနာမည်ရှင်များလည်း မမျှော်လင့်ဘဲ အကျိုးပေးတတ်ပါသည်။ လူမျိုးကွဲနှင့်ဆိုင်သော ကိစ္စများ မကြာခဏ စိတ်ညစ်ရတတ်ပါသည်။ ငွေနံကောင်းသောကာလ ဖြစ်သည်။ လက်ဝတ်ရတနာဝင်ကိန်းရှိသည်။ စကားပြောဆင်ခြင်ရမည့်ကာလ ဖြစ်သည်။ စကားတစ်ခွန်းကို အပ်ကြောင်းထပ်အောင်မပြောပါနှင့်။ အိမ်တွင်းရေးစိတ်ချမ်းသာမှုရှိစေရန် စကားတစ်ခွန်းကို ထပ်ကာထပ်ကာ မပြောမိပါစေနှင့်။ ကျန်းမာရေးအတွက် အစားမမှားအောင် ဂရုစိုက်ပါ။ အစာအိမ်ဝေဒနာရှင်၊ ဆီးဝေဒနာရှင်များကို ကြုံရင်ကြုံသလို ဆေးလှူပါ။ ငွေကြေးလှူပါ။ စာကလေး မကြာခဏ လွှတ်ပေးပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း လိမ္မော်ရောင်အင်္ကျီများ မဝတ်မိပါစေနှင့်။ ပညာရေးကံများ အလွန်ကောင်းနေပါသည်။ သူများကတောင် ကိုယ့်ကိုအတုယူရပါလိမ့်မည်။ စံပြဖြစ်အောင် ကြိုးစားပါ။ လုပ်ငန်းခွင်ထဲမှာ ရာထူးတိုးချင်သူများ တိုးပါတော့မည်။ ပူးတွဲတာဝန်ယူရပြီးမှ တက်ပါလိမ့်မည်။ လုပ်ငန်းနေရာ အပြောင်းအလဲရှိနေပါကလည်း ကောင်းလာပါလိမ့်မည်။ လူငယ်တို့သဘာဝ ချစ်တတ်သူများအဖို့ သစ္စာတည်ဖို့လိုပါသည်။ မျက်နှာမများပါနှင့်။ အကြောင်းကြီးငယ်ကိစ္စရှိတိုင်း ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီတစ်ဆူဆူမှာရှိသော ရုပ်ပွားတော်တစ်ဆူရှေ့တွင် ဖယောင်းတိုင် (၅) တိုင် ထွန်းညှိပူဇော်ပြီးမှသွားပါ။ ထီထိုးရန်အတွက် လှည်းနှင့်ရောင်းသောထီဆိုင်တွင် (၄၊ ၈၊ ၅၊ ၆) ဂဏန်းတွေချည်း ပြည့်နေအောင် ထိုးထားလိုက်ပါ။

*ယတြာ ။ ။ ရေသတ္တဝါလေးများကို မကြာခဏ အစာကျွေးပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသောမည်သည့်ကိစ္စမဆို ကိုယ့်ကို အကူအညီ၊ အကြံဉာဏ်ပေးနိုင်သူများကတော့ သောကြာနာမည်ရှင်၊ စနေနာမည်ရှင်များ ဖြစ်ပါသည်။ (၁) ဂဏန်းကိုရှောင်ပြီး အလုပ်လုပ်ပါ။ အကြံအစည်ပြုရန်ကိစ္စရှိတိုင်း အနီရောင်အင်္ကျီမဝတ်ပါနှင့်။ အမှုအခင်းဖြစ်နေသူများကို ညအိပ်လက်မခံပါနှင့်။ အမွေကိစ္စများ၊ မြေကိစ္စများဆောင်ရွက်တော့မည်ဆိုလျှင် စဉ်းစားပါ။ အာမခံ မရဲပါနှင့်။ လုပ်ငန်းသစ် စမည့်သူများ သောကြာနေ့ နံနက် (၉) နာရီတိတိမှာ စတင်ပါ။ အရေးတကြီးကိစ္စတစ်ခုခုပြုတော့မည်ဆိုလျှင် ဘုရားစေတီတစ်ဆူဆူကို ဦးဆုံးသွားပါ။ ရုပ်ပွားတော်တစ်ဆူဆူရှေ့တွင် ဖယောင်းတိုင် (၆) တိုင် ထွန်းညှိပူဇော်ပြီးမှသွားပါ။ ပညာရေးကံတွေ ကောင်းနေသော်လည်း အပျော်အပါး၊ အသွားအလာ ဆင်ခြင်ရပါမည်။ စာကို အချိန်နှင့်ကျက်ပါ၊ အောင်မြင်မှုများ ရရှိပါလိမ့်မည်။ ကျန်းမာရေးကောင်းနေစေရန် လွန်စွာ အိပ်ရေးပျက်မခံပါနှင့်။ ဦးခေါင်းမကောင်းတဲ့ဝေဒနာရှင်တွေကို တွေ့ရင်၊ ကြုံရင် ဆေး၊ ငွေကြေး၊ အာဟာရများ တတ်အားသရွေ့လှူပါ။ ချစ်သူတွေအနေနှင့် ကိုယ့်ချစ်သူကို အလုပ်ကိစ္စအကြောင်း သွားမပြောမိပါစေနှင့်၊ ပြောမိပါက မီးခိုးမဆုံး မိုးမဆုံး ဖြစ်သွားတတ်ပါသည်။ ထီထိုးမည်ဆိုပါက သောကြာနံထီဆိုင်တွင် (၆၊ ၄၊ ၈၊ ၂၊ ၉) ဂဏန်းများများပါအောင် ထိုးထားပါ။ ဘယ်ကိစ္စမဆို ကိုယ့်သဘောနှင့်ကိုယ် မဆုံးဖြတ်ပါနှင့်။ နားလည်တတ်ကျွမ်းသူများနှင့်တိုင်ပင်ပါ။ အမှားအယွင်းနည်းသွားပါလိမ့်မည်။

*ယတြာ ။ ။ ကိုရင်လေးများကို ဝတ္ထုငွေ၊ အာဟာရဒါန လောင်းလှူပေးပါ။*

BURMESE CLASSIC .com

## စနေသားသမီးများ

အောင်မြင်လိုသော မည်သည့်ကိစ္စမဆို ကိုယ့်ကို အကူအညီ၊ အကြံဉာဏ်ပေးနိုင်သူများမှာ ဗုဒ္ဓဟူးနာမည်ရှင်များ၊ ကြာသပတေးနာမည်ရှင်များ ဖြစ်ပါသည်။ (၂) ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ပြဿနာဖြစ်ထားတဲ့ စက်ဟောင်း၊ ဆိုင်ကယ်အဟောင်း၊ စက်ရုံအဟောင်းများ မဝင်ပါစေနှင့်။ ကိုယ်မသောက်ဘူးသောဆေးကို သူများအပြောနှင့် မသောက်ပါနှင့်။ တတ်ကျွမ်းနားလည်သော ဆေးပညာရှင်များနှင့်မတိုင်ပင်ဘဲ မလုပ်ပါနှင့်။ စာကလေး မကြာခဏ လွှတ်ပေးပါ။ ငါးအရှင်လေးတွေလည်း မကြာခဏ လွှတ်ပေးပါ။ အကြောင်းကြီးငယ်ရှိရင် ရွှေဘွဲ့အမည်ပါရှိသော ဘုရားတစ်ဆူဆူသို့သွား၍ ဂြိုဟ် (၈) ခွင်လုံးကနေ ဘုရားရှင်ကိုရေသပ္ပာယ်ပါ။ ပြီးမှ သွားပါ။ လုပ်ငန်းသစ်စတင်မည့်သူများ သောကြာနေ့ မနက် (၇) နာရီမှာ စတင်ပါ။ လုပ်ငန်းခွင်ထဲမှာ ရာထူးတိုးစာမေးပွဲဖြေဖို့ရှိရင်ဖြေပါ၊ ရာထူးတက်ပါပြီ။ ကောင်းသောပြောင်းလဲခြင်းများ တိုးတက်ပြောင်းလဲလာပါတော့မည်။ အိမ်ထောင်ရှင်များအနေနှင့် စကားပြောတော့မည်ဆိုလျှင် ရှုထောင့်အမျိုးမျိုးကကြည့်ပြီးမှ စဉ်းစဉ်းစားစားပြောပါ။ ပညာရေးနှင့်ဆိုင်သောကံတွေ ကောင်းနေပါတယ်။ ဝီရိယဖြင့် ဆက်ကြိုးစားပါ။ ငယ်ရွယ်သူ ချစ်သူများက ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။ ငါးလွှတ်ပေးပါ။ စိတ်ချမ်းသာမှုရှိလာမည်။ ထီထိုးရန်အတွက် ဗုဒ္ဓဟူးနံထီဆိုင်တွင် (၆၊ ၄၊ ၈၊ ၅) ဂဏန်းတွေနှင့်ကံစပ်နေပါသည်။ ခရီးသွားရန်စီစဉ်ထားသူများ ထစ်ငေါ့ပြီးမှထွက်ခွာရတတ်ပါသည်။

*ယတြာ ။ ။ ပဌာန်း ဥဒ္ဒေသ နိဒ္ဒေသတော် ရွတ်ဖတ်၍ ဘုရားရှင်အား နေ့စဉ် ပူဇော်ပါ။*

ရ င် ကို ေ အ း မြ ေ စ သ ၁ း

**ဆရာဦးမောင်မောင်သန်း**

အမှတ် (၇၅၂) ၊ ကုန်းဘောင်(၁၀)လမ်း ၊ (၆)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com